
www.burmeseclassic.com




www.burmeseclassic.com

**အခန်း (၁)**
**အခြားသော ဝန်ကြီး**

သန်းခေါင်းယံ ရောက်တော့မယ်။ နီးနေပြီ။

သူ့ရုံးခန်းထဲမှာ တစ်ယောက်တည်း ဇရာမမှတ်တမ်းစာရှည်ကြီးတစ်စောင်ကို ဖတ်နေတဲ့ ဝန်ကြီးချုပ်ဟာ ဖတ်ပြီးသွားသမျှတွေ သူ့မျက်လုံးထဲကနေ တစ်ဆင့် ဦးနှောက်ကိုဖြတ်ပြီး လျှောခနဲ လျှောခနဲ ပြန်သာထွက်သွားရော ခေါင်းထဲမှာ အသေးဆုံး အကွေးဆုံး အဓိပ္ပာယ် အစအနလေးတောင် တင်မကျန်ခဲ့ဘဲ ဖြစ်နေတယ်။

အမှန်တော့ သူက ခပ်ဝေးဝေး နိုင်ငံတစ်နိုင်ငံက သမ္မတတစ်ဦး ဆက်သွယ်လာမယ့် တယ်လီဖုန်းကို စောင့်နေတာပါ။ ဒုက္ခရောက်နေမယ့် အဲဒီလူရဲ့ ဖုန်းဆက်လာမယ့်အချိန်ကို အံ့သြရင်း၊ ရှည်လျားပင်ပန်းခက်ခဲတဲ့ သီတင်းတစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သမျှတွေကို မနှစ်မြို့စရာ ပြန်လည် အမှတ်ရနေတဲ့ သူ့စိတ်ကိုလည်း မျိုသိပ်ချုပ်တည်းရင်း၊ စောင့်ဆိုင်းနေတဲ့ ဝန်ကြီးချုပ်ရဲ့ ခေါင်းထဲမှာ နောက်ထပ် တစ်စုံတစ်ခု အတွက် နေရာကွက်လပ် များများစားစား မကျန်တော့ဘူး။

ဒီမှာတင် သူ့ရှေ့မှာရှိနေတဲ့ စာမျက်နှာပေါ်မှာ ရိုက်နှိပ်ထားတာတွေကို ပိုသဘောပေါက် သိရှိအောင် ထပ်အာရုံစူးစိုက်လိုက်တဲ့ ဝန်ကြီးချုပ်ရဲ့ မျက်လုံးထဲမှာ သူ့ရဲ့ နိုင်ငံရေး ပြိုင်ဘက်တွေထဲက အဓိကပြိုင်ဘက်တစ်ဦးရဲ့ မစ္ဆရိယစိတ်တွေနဲ့ ဝင့်ကြွားမာန်တက်နေတဲ့ မျက်နှာကြီးတစ်ခု ပေါ်လာပါတယ်။

တခြားသူတွေနဲ့ မတူတဲ့ ဒီပြိုင်ဘက်ဟာ အဲဒီနေ့က သတင်းတွေမှာ ပေါ်ထွက်လာပြီး လွန်ခဲ့တဲ့ သီတင်းပတ်က ဖြစ်သွားတဲ့ ထိတ်လန့်တုန်လှုပ်စရာ အဖြစ်အပျက်တွေနဲ့ အရာအားလုံးကို တစ်ခုချင်း စာရင်းနဲ့ ထောက်ပြသွားခဲ့တယ်။ ဒါတင်မကဘဲ ဘယ်သူကမှ ဒီလိုမျိုး သတိပေးစရာမလိုပါဘဲနဲ့ အဲဒီချို့ယွင်းချက် ဖြစ်ရပ်တစ်ခုချင်းရော၊ ဖြစ်ရပ်အားလုံးပါ အစိုးရရဲ့ အပြစ်တွေချည်းပါပဲလို့ ရှင်းပြပြောဆိုသွားသူ ဖြစ်နေလို့ပဲ။

ဝန်ကြီးချုပ်ရဲ့ လက်ကောက်ဝတ်က သွေးခုန်နှုန်းတွေ မြင့်တက်လာတယ်။ ဒီ စွပ်စွဲချက်တွေအားလုံး တစ်ခုမှမမှန်သလို တရားမျှတမှုလည်း မရှိဘူးလို့ သူက အတိအကျ မှတ်ယူထားတယ်။ ကမ္ဘာပေါ်မှာ သူ့အစိုးရကိုမှ အဲဒီက တံတားကြီးကို မပြိုအောင် တားဆီးနိုင်ရမယ်လို့ ဘယ်လိုကြောင့်များ ထင်ကြေးပေး ယူဆထားကြပါလိမ့်။ ပြီးတော့ ဘယ်သူပြောတာပဲဖြစ်ဖြစ် သူတို့အနေနဲ့ တံတားတွေကို အချိန်ပြည့် ငွေကြေးလုံလုံလောက်လောက်သုံးစွဲပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့မှု မရှိဘူးလို့ ပြောတာကလည်း တရားလွန်လွန်းတယ်။ မခံချင်စရာ သိပ်ကောင်းတာပဲ။ တံတားက သက်တမ်း ဆယ်နှစ်နီးပါးပဲရှိသေးတယ်။ လူတွေ မျက်စိအောက်မှာ ထင်းထင်းကြီး 'ဖြောင်း'ဆို ဘာကြောင့် နှစ်ပိုင်းကျိုးထွက်သွားပြီး ကားအစီး တစ်ဒါဇင်လောက် အောက်က မြစ်ရေအနက်ထဲ ထိုးကျသွားရတယ်ဆိုတာကို အတော်ဆုံး၊ အတတ်ဆုံး ကျွမ်းကျင်သူတွေလည်း ပြောမပြနိုင်ကြပါဘူး။ နောက် ရဲတွေစောင့်ကြပ်မှု အားနည်းလို့၊ တာဝန်မဲ့လို့သာ မနှစ်မြို့စရာကောင်းတဲ့ ရက်ရက်စက်စက်

www.burmeseclassic.com

www.burmeseclassic.com

လူသတ်မှုကြီးနှစ်ခု ဖြစ်ပွားခဲ့ရတာလို့ တစ်ယောက်ယောက်က ဘာလို့ ပြောခဲ့တာလဲ။ တစ်ခါ အနောက်ဘက်နိုင်ငံမှာ ဟာရီကိန်းမုန်တိုင်းကျရောက်ပြီး လူတွေရော ပစ္စည်းတွေပါ ဖြောင်းဆန်အောင် အကြီးအကျယ် ပျက်စီးခဲ့တာနဲ့ ပတ်သက်ပြီးတော့လည်း အစိုးရဟာ တစ်နည်းနည်းနဲ့ ကြိုတင်သိနိုင်စွမ်းရှိရမယ်လို့ ဆိုပြန်တယ်။

ဒီကြားထဲမှာ သူ့ရဲ့ အငယ်တန်းဝန်ကြီးတွေထဲက တစ်ယောက်ဖြစ်တဲ့ ဟားဘတ်ကော်လီကလည်း ဘယ်လိုပြောရမှန်းမသိအောင် ထူးထူးဆန်းဆန်း သူ့မိသားစုနဲ့အတူ အချိန်တွေအကြာကြီးဖြုန်းဖို့ ဒီသတင်းပတ်ကိုမှ ရွေးလိုက်တာကကော သူ့အပြစ်ပဲလား။

"လူတွေအကုန်လုံး စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတဲ့ဒေါသကြောင့် တင်းကျပ်နေတဲ့ ခံစားမှုကြီးတစ်ခုက တိုင်းပြည်ကို ဆုပ်ညှစ်ထားသလို ခံစားရပါတယ်" လို့ နိုင်ငံရေး ပြိုင်ဘက်က သူ့ အကျေနပ်ကြီး ကျေနပ်ပြီး ပြုံးဖြီးဖြီးဖြစ်နေတာကို အသာလေး ဖုံးကွယ်ရင်း သူ့စကားကို နိဂုံးချုပ်ထားတယ်။

ကံမကောင်းစွာနဲ့ပဲ အဲဒါဟာ လုံးဝဥဿုံ အမှန်တွေ ဖြစ်နေခဲ့တယ်။ လူတွေဟာ တကယ်ပဲ စိတ်မချမ်းမြေ့တဲ့ပုံစံမျိုး ခါတိုင်းနဲ့မတူဘဲ မသက်မသာ ဖြစ်နေကြတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် ရာသီဥတုကတောင် ရောယောင်ပြီး မကောင်းတော့ဘဲ ဇူလိုင်လလယ်မှာကို အေးစိမ့်စိမ့်နဲ့ မြူတွေဝေနေတယ်။ မဟုတ်တော့ဘူး။ ဒါ ရိုးရိုးပုံမှန် မဟုတ်တော့ဘူး။

ဝန်ကြီးချုပ်ဟာ မှတ်တမ်းရှည်ကြီးရဲ့ ဒုတိယစာမျက်နှာကို ကျော်လှန်ပြီး ဘယ်လောက်ရှည်ဦးမယ်ဆိုတာ မြင်လိုက်ရတဲ့အခါမှာတော့ ဆိုးဝါးလှတဲ့ အဲဒီစာဖတ်နေရတဲ့အလုပ်ကို လက်မြှောက်အရှုံးပေးလိုက်ပါတယ်။ သူဟာ လက်နှစ်ဖက်ကို သူ့ခေါင်းအပေါ်ဘက် မြှောက်ဆန့် အညောင်းဖြေရင်း ဝမ်းနည်း ပက်လက်နဲ့ ခေါင်းကို ရုံးခန်းထဲ လှည့်ပတ်ကြည့်နေတယ်။

အခန်းက တော်တော်လှပါတယ်။ မှန်လျှောတံခါး ပြတင်းတွေနဲ့ မျက်နှာချင်းဆိုင်မှာ အကောင်းစား စကျင်ကျောက် မီးလင်းဖိုတစ်ခု ရှိနေတယ်။ အချိန်အခါမဟုတ်ဘဲ အေးစက်နေတဲ့ရာသီဥတုကို ကာကွယ်ဖို့ ပြတင်းတွေကို ချပ်ချပ်ရပ်ရပ် ပိတ်ထားတယ်။ မဆိုစလောက် ချမ်းတုန်ရင်း ဝန်ကြီးချုပ်ဟာ နေရာကနေ ပြတင်းတစ်ခုဆီ ရွှေ့သွားပြီး အပြင်ဘက်ပြတင်းမှန်မှာ ကပ်နေတဲ့ နှင်းခိုးမြူငွေ့ ပါးလွှာလွှာကို ငေးကြည့်နေမိပါတယ်။ အခန်းထဲကို ကျောပေးပြီး အပြင်ဘက်ကို သူ ဒီလိုရပ်ကြည့်နေခိုက်မှာပဲ သူ့နောက်ကျောဘက်က ချောင်းသံသဲ့သဲ့တစ်ချက်ကို ဝန်ကြီးချုပ် ကြားလိုက်ရတယ်။ မှိုင်းနေတဲ့မှန်ထဲမှာ ပေါ်နေတဲ့ လန့်ဖျပ်သလို ဖြစ်သွားတဲ့ သူ့ပုံကို မျက်နှာချင်းဆိုင်တည့်တည့် စိုက်ကြည့်ရင်း သူ အံ့အားသင့် မှင်တက်မိနေတယ်။ ဒီချောင်းသံကို သူမှတ်မိတယ်။ အရင်ကတည်းက သူကြားဖူးပြီးသား။ ဘာမှရှိမနေတဲ့ ပြောင်တလင်းအခန်းကို ရင်ဆိုင်ဖို့ သူ ဖြည်းဖြည်းကလေး ကိုယ်ကို လှည့်လိုက်တယ်။

"ဟယ်လို"

www.burmeseclassic.com

သူ့ရင်ထဲမှာ တကယ်ရှိနေတဲ့ သတ္တိထက် ပိုပြီးရဲစိတ်ဝင်လာအောင် အသံပေးတဲ့အနေနဲ့ သူက စပြောလိုက်တာဖြစ်ပါတယ်။

သူ့ကို ဘယ်သူကမှ ဖြေမှာ မဟုတ်ဘူးဆိုတဲ့ မဖြစ်နိုင်မှန်း သိနေတဲ့ မျှော်လင့်ချက်ကလေးထားဖို့ သူ့ကိုယ်သူ ခဏတစ်ဖြုတ် ခွင့်ပြုထားလိုက်တယ်။ သို့ပေမဲ့ ချက်ချင်းပဲ တုံ့ပြန်တဲ့အသံတစ်သံ ပေါ်ထွက်လာတယ်။ တိုတိုပြတ်ပြတ်နဲ့ အဆုံးအဖြတ်ပေးတဲ့ အသံမျိုး။ ပြီးတော့ အဲဒီအသံဟာ ပြင်ဆင်ထားပြီးတဲ့ ကြေညာချက်တစ်ရပ်ကို ဖတ်ပြနေသလိုမျိုး ကြားနေရတယ်။

ဝန်ကြီးချုပ်အနေနဲ့ ပထမဆုံးအကြိမ် ချောင်းသံကြားကတည်းက အဲဒီအသံကို သိနေတယ်။ အခန်းရဲ့ ခပ်လှမ်းလှမ်း ထောင့်တစ်ထောင့်မှာရှိတဲ့ ဆီဆေးပန်းချီကား သေးသေးလေးထဲမှာ ရေးဆွဲထားတဲ့ ငွေရောင်ဆံပင်အတုနဲ့ ဖားကလေးလို လူကောင်သေးသေးတစ်ယောက်ဆီက ထွက်လာနေတာပဲ။

**"မတ်ဂဲလ်စ်ဝန်ကြီးချုပ်ထံသို့ ........ ကျွန်တော်တို့ အရေးပေါ်တွေ့ဆုံရန် ဖြစ်ပါသည်။ ကျေးဇူးပြု၍ တုံ့ပြန်ပြောကြားပါရန်။ မှန်ကန်ရိုးသားစွာဖြင့်......ဖတ်ချ်"**တဲ့။

ပန်းချီကားထဲကလူက ဝန်ကြီးချုပ်ကို စူးစမ်းတဲ့အကြည့်နဲ့ ကြည့်လိုက်ပါတယ်။

"အဲ....." ဝန်ကြီးချုပ်က ပြောလိုက်တယ်။ "နားထောင်စမ်းပါဦးကွာ၊ ဒီအချိန်က ငါ့အတွက် စကားပြောဖို့ သိပ်မသင့်တော်တော့ဘူးလေ။ မင်းမြင်တဲ့အတိုင်းပဲ ငါတယ်လီဖုန်းစောင့်နေတာ။ ဟိုတစ်နိုင်ငံက သမ္မတဆီက လာမယ့်ဖုန်းကွ"

"ဒါက ပြန်စီစဉ်လို့ ရနိုင်တာပဲဗျာ"

ပန်းချီကားထဲက ပုံတူကလည်း ခွန်းတုံ့မခံ ချက်ချင်းပြန်ပြောတယ်။ ဒီမှာတင်ပဲ ဝန်ကြီးချုပ်ရဲ့စိတ်ထဲမှာ အခြေအနေ မဟန်တော့ဘူးဆိုတာ သဘောပေါက်လာပြီး ထိတ်ခနဲ ဖြစ်သွားတယ်။ သူ ကြောက်စိတ်လည်း ဝင်လာတယ်။

"အေးပါ၊ ငါကလည်း စကားပြောဖို့ တကယ်ပိုလိုလားနေပါတယ်ကွာ" လို့ သူက ပြောတော့-

"ကဲဗျာ အဲဒီသမ္မတ တယ်လီဖုန်းခေါ်ဖို့ မေ့သွားအောင် ကျွန်တော်တို့ စီစဉ်ကြတာပေါ့ ဟုတ်လား။ သူ အခုဆက်မယ့်အစား နက်ဖြန်ညကျမှ တယ်လီဖုန်းဆက်ပါလိမ့်မယ်။ ကျေးဇူးပြုပြီး စိတ်ကောင်းထားတဲ့အနေနဲ့ မစ္စတာဖတ်ချ်ဆီကိုသာ ချက်ချင်းတုံ့ပြန် အဖြေပေးလိုက်ပါဗျာ"လို့ လူသေးသေးကလေးက ပြောပြန်ပါတယ်။

"ငါ ......... အိုကွာ၊ အဲဒါပဲ ကောင်းပါတယ်။ ဟုတ်ပါပြီ၊ ငါ ဖတ်ချ်နဲ့ပဲ တွေ့တော့မယ်"

သူ အရှုံးပေးလိုက်ရပြီ။ ဝန်ကြီးချုပ်ဟာ သူ့ စားပွဲထိုင်ခုံဆီကို ကမန်းကတန်း ပြန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

သွားနေရင်းနဲ့ သူ့လည်ပင်းမှာ ဆွဲထားတဲ့ ရင်ဘတ်ပေါ်က လည်စည်းနက်ခတိုင်ကို ပြန့်ပြန့်ရန့်ရန့်ဖြစ်အောင် ဆွဲဆန့်လိုက်သေးတယ်။ သူ့နေရာမှာ သူပြန်ထိုင်လိုက်စဉ်မှာပဲ သူ့မျက်နှာကို မူလ သူမျှော်လင့်ထားတဲ့အတိုင်း ဘာမှ မဖြစ်သလို အေးအေးသက်သာနဲ့ မတုန်မလှုပ် ချောက်ချားမှုကင်းမဲ့တဲ့ပုံမျိုး ပေါ်လွင်နေအောင် သူပြင်ထားတယ်။ ဒီအချိန်မှာပဲ သူ့ရဲ့ စကျင်ကျောက် မီးလင်းဖိုအောက်ဘက် မီးခံသံပေါင်ထဲမှာ တလက်လက်လင်းပြီး အစိမ်းရောင် မီးတောက် မီးညွန့်တွေ ထတောက်လာတယ်။ ပြီးတော့ ဝဝဖိုင့်ဖိုင့် လူတစ်ယောက် မီးလင်းဖိုထဲက မီးတောက်ထဲမှာ ပေါ်ထွက်လာပြီး ဂျင်တစ်လုံးလိုလည်နေတာကို မြင်လိုက်ရတဲ့အတွက် ဖျတ်ခနဲဖြစ်ပေါ်လာတဲ့ အံ့အားသင့်မှုနဲ့ ထိတ်ခနဲ အလန့်တကြားဖြစ်သွားတဲ့ ဓာတိရုပ်ကို မပေါ်အောင် ကြိုးစားရင်း သူ စောင့်ကြည့်နေတယ်။

နောက် စက္ကန့်အနည်းငယ်ကြာတော့ သူဟာ နေရာကထပြီး တော်တော်လေးကို ကောင်းမွန်တန်ဖိုးကြီးမယ့် ရှေးဟောင်း ကော်ဇောခင်းကြီးတစ်ချပ်ပေါ်ကို တက်ရပ်ပြီးမှ အဖြူစင်း သေးသေးမျှင်မျှင်လေးတွေပါတဲ့ သူ့ဝတ်ရုံရှည်ကြီးရဲ့ လက်တွေနဲ့ သူ့လက်ထဲက သံပရာစိမ်းရောင် အနားကော့ ဦးထုပ်တစ်လုံးမှာ ကပ်နေတဲ့ ပြာတွေကို သပ်ခါချနေပြန်ပါရော။

ဒီအချိန်မှာ သူ့လက်တွေကို ဘေးကို ဆန့်ကားထားရင်း ရှေ့ကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာတဲ့ ကော်နဲလ်လီ းယပ်စ် ဖတ်ချ်က–

“ဟာ ဝန်ကြီးချုပ်၊ ခင်ဗျားကို ခုလိုတစ်ကြိမ် ထပ်တွေ့ရတာ သိပ်ကောင်းတယ်ဗျာ”လို့ ပြောလာတယ်။ ဒါပေမဲ့ ရိုးရိုးသားသား ပြောရရင် ဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ သူလုပ်သလို လိုက်လုပ်လို့မဖြစ်ဘူး။ ဒီတော့ သူက ဘာမှမပြောဘဲနေတယ်။ အမှန်အတိုင်းပြောရရင် တစ်ခါတစ်ရံမျိုးကျမှသာ ပေါ်လာပြီး တွေ့လိုက်ရင်လည်း သူ့ဆီက သတင်းဆိုးတွေသာ ကြားရမယ့် ဖတ်ချ်နဲ့ တွေ့ဆုံရတဲ့ အတွက် ဝန်ကြီးချုပ်မှာ စိတ်ကျေနပ်နှစ်သိမ့်မှု စိုးစဉ်းတောင် မဖြစ်မိပါဘူး။

ဒါတင်မကဘူး။ ဖတ်ချ်ကို ကြည့်ရတာ စိုးရိမ်သောကကြောင့် အတော်ကြီးကို ထူးထူးခြားခြား ပင်ပန်းနွမ်းနယ်နေသလိုပဲ။ သူဟာ ပိုပြီးပိန်၊ ပိုပြီး ထိပ်ပြောင်လာပြီး အသားအရေတွေ ညိုညစ်ညစ်နဲ့ မျက်နှာကလည်း ရှုံ့မဲ့နေတယ်လို့ ထင်ရတယ်။ ဝန်ကြီးချုပ်အနေနဲ့ ဒီလိုဖြစ်နေတဲ့ပုံစံမျိုးကို အရင်ကလည်း နိုင်ငံရေးသမားတွေဆီမှာ တွေ့ခဲ့ဖူးတာပဲ။ မြင်ရတာ ဘယ်လိုမှ မသက်သာတဲ့ လက္ခဏာပုံစံမျိုး ဖြစ်တယ်။

“ကဲ– ခင်ဗျားကို ကျွန်တော် ဘယ်လိုကူညီရမလဲ”

ဖတ်ချ်ရဲ့လက်ကို ဆတ်ခနဲ တစ်ချက်လောက်ပဲ ဝတ်ကျေတန်းကျေ မည်ကာမတ္တ လက်ဆွဲနှုတ်ဆက်လိုက်ပြီး စားပွဲရှေ့မှာရှိတဲ့ ကုလားထိုင်တွေထဲက မနိပ်ဆုံးကုလားထိုင်တစ်လုံးဆီကို လက်ဇော့ယမ်း ညွှန်ပြလိုက်ရင်း ဖတ်ချ်ကို သူ ပြောလိုက်တယ်။

“အင်း ဘယ်က စပြောရမှန်းကို မသိဘူး။ တော်တော်ဆိုးတဲ့ သီတင်းပတ်၊ တော်တော်ဆိုးတဲ့

www.burmeseclassic.com

သီတင်းပတ်”

ကုထားထိုင်ကို ဆွဲယူထိုင်ချ၊ နောက် သူ့ရဲ့ အစိမ်းရောင်ဦးထုပ်လုံးကို သူ့ပေါင်ပေါ်မှာ တင်ထားလိုက်ရင်း ဖတ်ချ်ကလည်း အဲဒီစကားကိုပဲ ထပ်တလဲလဲ ပွစိပွစိ ပြောနေပါတယ်။

“ခင်ဗျားလည်း ဒီလိုဆိုးတဲ့ သီတင်းပတ်နဲ့ ကြုံခဲ့တာပဲလား”

ဝန်ကြီးချုပ်က ခပ်ဆတ်ဆတ်မေးလိုက်တယ်။ စိတ်ထဲမှာလည်း ဒီမေးခွန်းဟာ သူ တစ်ချိန်လုံးသိဖို့ ကြိုးစားနေတဲ့အချက်ကို ဖတ်ချ်ထံက အပိုလိုက်ပွဲ ဘာတစ်ခုမှ ယူစရာမလိုဘဲနဲ့ သိပြီးသားဖြစ်သွားနိုင်မယ်လို့ မျှော်လင့်ထားတယ်။

“ဟုတ်တယ်ဗျာ၊ သိပ်ကိုသေချာတာပေါ့”။ ဖတ်ချ်ဟာ သူ့မျက်လုံးတွေကို စိတ်ပန်းကိုယ်ပန်း အမူအရာနဲ့ ပွတ်သပ်နေရင်းက ဝန်ကြီးချုပ်ကို ရှုသိုးသိုးမျက်နှာထားနဲ့ ကြည့်ပြီးပြောလိုက်ပါတယ်။ “ကျွန်တော်လည်း ခင်ဗျား နဖူးတွေ့ ဒူးတွေ့တွေ့လိုက်တဲ့ အဲဒီသီတင်းပတ်နဲ့ သွားတိုးနေတယ် ဝန်ကြီးချုပ်၊ ဘရော့ခ်ဒေးလ်တံတား၊ ဘုန်းစ်နဲ့ ဗင့်စ်တို့ အသတ်ခံရတဲ့ လူသတ်မှုတွေ၊ နောက် နိုင်ငံမှာ ဖော်ပြဖို့မသင့်တဲ့ ရှုတ်ရှုတ်ရှုတ်ရှုတ် ဖြစ်မှုတွေပါပဲ”

ဒီမှာတင်ပဲ ဝန်ကြီးချုပ်က “ခင်ဗျား ....... အဲ........ ခင်ဗျားရဲ့။ အဲအဲ...... ကျွန်တော် ဆိုလိုချင်တာကဗျာ ခင်ဗျားလူတွေတချို့၊ တချို့ပေါ့နော်၊ အဲဒီပြဿနာတွေနဲ့များ ငြိစွန်းပတ်သက်နေမလားလို့၊ သူတို့မပါဘူးလား”လို့ ဆိုလိုက်တော့ ဖတ်ချ်ဟာ ဝန်ကြီးချုပ်ကို စိမ်းစိမ်းဝါးဝါး မျက်နှာကြောတင်းတင်းနဲ့ စိုက်ကြည့်ပြီး “ဟုတ်တယ်၊ သူတို့ ပါတယ်။ အဲဒါတွေက ဘာတွေဆက်ဖြစ်လာမယ်ဆိုတာ ခင်ဗျားလည်း သိပြီးဖြစ်မှာ သေချာပါတယ်နော်” လို့ ပြောထည့်လိုက်ပါတော့တယ်။

“ကျွန်တော်” လို့ ဆိုလိုက်ပြီးမှ ဝန်ကြီးချုပ်ဟာ ဆက်မပြောဘဲ တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။

ဒီအပြုအမူဟာ ဖတ်ချ်ရဲ့ သူနဲ့ လာရောက်တွေ့ဆုံမှုအပေါ် သူ မနှစ်မြို့ဘူးဆိုတာ အတိအကျပြလိုက်တာပဲ။ ဘာပဲဖြစ်ဖြစ် အဆုံးမှာ သူဟာ ဝန်ကြီးချုပ်ဖြစ်နေတာမို့ မသိနားမလည်တဲ့ ကျောင်းသားလေးတစ်ယောက်လို ခံစားမနေသင့်ဘူးလို့ သဘောပေါက်သွားပြန်တယ်။ ဒါပေမဲ့ ခုဟာက သူ့ရဲ့ ဝန်ကြီးချုပ်တစ်ယောက်အဖြစ်နဲ့ ပထမဆုံးသော ညနေခင်းမှာ ဖတ်ချ်နဲ့ ပထမဆုံးအကြိမ် တွေ့ဆုံရတာလည်း ဖြစ်နေတယ်။ ဒီအဖြစ်ကို မနေ့က ဖြစ်ခဲ့သလိုပဲ သူ သဘောထားလိုက်တယ်။ သို့ပေမဲ့ ဒီအဖြစ်အပျက်က သူ့ကို နောက်ဆုံး သူသေတဲ့နေ့အထိ ရာသက်ပန် သေရာပါအောင် ခြောက်လှန့်နေတော့မယ်ဆိုတာကိုလည်း သူ သိလိုက်ပါတယ်။

ဝန်ကြီးချုပ်ဟာ သူ နှစ်ပေါင်းများစွာ မျှော်လင့်တွေးတော ကြံစည်ကြိုးပမ်းခဲ့ပြီးမှ ရရှိလိုက်တဲ့ အောင်ပွဲရဲ့ အရသာကို တစိမ့်စိမ့်ခံစားရင်း မူလ သူ့ရုံးခန်းထဲမှာ တစ်ဦးတည်း ထီးထီးကြီး ရပ်နေပါတယ်။ ဒီအချိန်မှာပဲ ညကအတိုင်း သူ့နောက်ဘက်ကနေ ချောင်းဟန့်သံတစ်ချက် သူကြားလိုက်ရလို့

www.burmeseclassic.com

www.burmeseclassic.com

လှည့်ကြည့်လိုက်တော့ ပန်းချီကားထဲက ပုံတူက သူ့ကို စကားပြောနေတာ တွေ့ရတယ်။ ပန်းချီပုံတူက သူနဲ့ တွေ့ဆုံမိတ်ဆက်ဖို့ မှော်ပညာဝန်ကြီး ရောက်ရှိလာတော့မှာဖြစ်ကြောင်း ကြေညာလိုက်တယ်။

ရက်ပေါင်း ကြာမြင့်စွာ မဲဆွယ်စည်းရုံး တိုက်ပွဲဝင်ခဲ့ရမှုနဲ့ ရွေးကောက်ပွဲအတွက် အာရုံစိုက်ရလွန်းလို့ စိတ်ပန်းလူပန်းဖြစ်ခဲ့ရတဲ့ ဒဏ်တွေက သဘာဝအလျောက် သူ့ကို ဒရောသောပါး ကယောင်ချောက်ချားနဲ့ ရူးကြောင်ကြောင်ဖြစ်ကျန်ခဲ့စေတာကို သူတွေးမိတယ်။ သူ့ကိုယ်သူ မှော်ဆရာပါလို့ ပြောတဲ့ စုန်းထီးတစ်ယောက် မီးလင်းဖိုထဲက ခုန်ထွက်လာပြီး သူ့ကို လက်ဆွဲနှုတ်ဆက်ချိန်က သူ ဘယ်လိုမှ မခံစားရပေမဲ့ ခု သူ့ကို စကားလှမ်းပြောနေတဲ့ ပုံတူနဲ့တွေ့ရမှာကိုတော့ ဝန်ကြီးချုပ်က ကြောက်နေတယ်။

စုန်းနဲ့ စုန်းမတွေ၊ မှော်ဆရာ ဆရာမတွေ ကမ္ဘာအနှံ့အပြားမှာ လျှို့ဝှက်နေထိုင်နေဆဲဖြစ်ကြောင်း မှော်လောကကြီးတစ်ခုလုံးကိုရော၊ မှော်လောကနဲ့ မပတ်သက်တဲ့သူတွေဆီကို သတင်းတွေပြန့်မသွားအောင်ပါ မှော်ပညာဝန်ကြီးဌာနက တာဝန်ယူထားချိန်အတောအတွင်းမှာ သူ့အနေနဲ့ ကိုယ့်အကြီးအကဲကို စိတ်အနှောင့်အယှက်ဖြစ်အောင် သူ လုပ်မှာမဟုတ်ဘူးဆိုတာ ယုံကြည်ဖို့ အာမခံချက်ပေးကြောင်း ဖတ်ချ်က သူ့ကို ပြောပြနေချိန်တစ်လျှောက်လုံး ဝန်ကြီးချုပ်ဟာ စကားတစ်ခွန်းတောင်မဟပဲ ငြိမ်နေလိုက်မိတယ်။

ဒီတော့ ဖတ်ချ်ကပြောတယ်။ "နဂါးဦးရေကို ထိန်းချုပ်မှုအောက်မှာ ရှိနေအောင် စုန်းတွေစီးပြီး လေထဲမှာ ပျံဝဲတဲ့ တံမြက်စည်းရိုးတွေကို တာဝန်သိသိ စနစ်တကျ အသုံးချရေး အပါအဝင် စည်းမျဉ်းတွေထဲက အရာအားလုံး အကျုံးဝင်တဲ့ ဒီအလုပ်ဟာ တကယ့်ကို ခက်ခဲတဲ့အလုပ်တစ်ခုပါပဲ"တဲ့။ ဝန်ကြီးချုပ်က အဲဒီအချက်ကို သူထောက်ခံတဲ့အနေနဲ့ စာရေးစားပွဲကို ဖမ်းဆုပ်ထားမိတာကို သူ့ဘာသာ သတိထားမိတယ်။ အဲဒီမှာ ဖတ်ချ်က ကြက်သေသေပြီး ကြောင်တက်တက်ဖြစ်နေဆဲဖြစ်တဲ့ ဝန်ကြီးချုပ်ရဲ့ပခုံးကို ဖခင်တစ်ယောက်ပုံစံမျိုးနဲ့ ပုတ်လိုက်ပါတယ်။

"စိုးရိမ်စရာမဟုတ်ပါဘူးဗျာ"လို့ ဆိုပြီးမှ "ခင်ဗျား ကျွန်တော့်ကို နောက်ထပ်ဘယ်တော့မှ တွေ့ရမှာမဟုတ်တာ သေချာသလောက်ပဲ။ ဒါက တချို့ကိစ္စတွေက စုန်းကဝေပညာနဲ့ မသက်ဆိုင်တဲ့လူတွေဖြစ်တဲ့ မတ်ဂဲလ်တွေကို လာပြီးထိခိုက်မလိုဖြစ်လာတဲ့ တချို့ တကယ်ကို ဆိုးဆိုးဝါးဝါး ဖြစ်တော့မယ့် နောက်ဆုံးအခြေအနေမျိုးကျမှသာ ကျွန်တော်က ခင်ဗျားကို နှောင့်ယှက်သလိုမျိုး ဝင်ပါရတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာပေါ့ဗျာ။ နောက် ပြောရဦးမယ်။ ခင်ဗျားဟာ ခင်ဗျားရှေ့က တာဝန်ယူသွားသူနဲ့ စာရင်တော့ အများကြီး သက်သာပါတယ်။ သူက ကျွန်တော့်ကို ပြတင်းပေါက်ကနေ အပြင်ကို လွှင့်ပစ်ဖို့ ကြိုးစားခဲ့သေးတာ။ ကျွန်တော်က သူ့ကို ဆန့်ကျင်ဘက်တွေနဲ့ပေါင်းပြီး ကလိမ်ကျတယ်ထင်လို့လေ" လို့ ဖတ်ချ်က ဆက်ပြောနေတယ်။

အဲဒီမှာပဲ ဝန်ကြီးချုပ်ဟာ သူ့အသံကို နောက်ဆုံးကြားလိုက်ရတာ ဖြစ်နေတယ်။

"ခင်ဗျား .......... ခင်ဗျားကရော အဲဒီအချိန်မှာ တကယ်ကလိမ်ကျတာ မဟုတ်ပါလို့လား"

www.burmeseclassic.com

"မဟုတ်ဘူး ....... မဟုတ်ဘူး ကျွန်တော် ကြောက်နေတယ် ထင်လို့လား၊ ကျွန်တော် မကြောက်ပါဘူး။ ဒီမှာကြည့်"

ဖတ်ချ်က ပြောပြောဆိုဆို ဝန်ကြီးချုပ်ရဲ့ လက်ဖက်ရည်ခွက်ကို လှစ်ခနဲ ကိုင်လှည့်လိုက်တယ်။

ဒါဟာ သူ့ရဲ့ နောက်ဆုံးနဲ့ သွေးရူးသွေးတန်း မျှော်လင့်ချက်ပါပဲ။

"ဒါပေမဲ့" ဝန်ကြီးချုပ်ဟာ အသက်တောင် ရှူဖို့ မေ့နေရင်းက နောက်ထပ် ဘာဆက်ပြောရမလဲလို့ စဉ်းစားရင်း သူ့ရဲ့ လက်ဖက်ရည်ခွက်ကို စောင့်ကြည့်နေတယ်။ "ဒါပေမဲ့ ဘာကြောင့်များ ဘယ်သူကမှ ကျွန်တော့်ကို မပြောခဲ့တာလဲ"

"မော်ပညာဝန်ကြီးကသာ သူ့ကိုပြန်ပြောပြတယ်" အဲဒီနေ့က မတ်ဂဲလ်စ်ဝန်ကြီးချုပ်ကို သူမကိုယ်တိုင် ပြောပြခဲ့တာပဲ။ ပြီးတော့ ဆေးကြိမ်လုံးကို သူ့ရဲ့ အပေါ်ဂျာကင်အင်္ကျီထဲ ထိုးထည့်လိုက်တယ်။ "လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားဖို့ ဒါဟာ အကောင်းဆုံးနည်းလမ်းပဲ"

"ဒါပေမဲ့ အဲဒီနောက်မှာ ဝန်ကြီးချုပ်ဟောင်းတစ်ယောက်က ကျွန်တော့်ကို ဘာလို့သတိမပေးခဲ့တာလဲဗျာ"

ဝန်ကြီးချုပ်က မပွင့်တပွင့် ညည်းညူလိုက်တယ်။ ဒီတော့ ဖတ်ချ်က တကယ့်ကို ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပါရော။ ပြီးတော့မှ–

"ခင်မင်စရာကောင်းတဲ့ ဝန်ကြီးချုပ်ကြီး၊ ခင်ဗျား သူများတွေကို အမြဲတမ်း ဒီလိုပဲ လျှောက်ပြောနေတာပဲလား"ဆိုပြီး မေးတယ်။

နောက် အားရပါးရ ရယ်နေရင်းနဲ့ပဲ ဖတ်ချ်ဟာ အမှုန့်တွေတချို့ကို မီးလင်းဖိုထဲ ထည့်ပစ်လိုက်တယ်။ ဒီနောက် သူဟာ မြရောင်တောက်နေတဲ့ မီးတောက်တွေထဲကို တစ်လှမ်းချင်းလှမ်းဝင်သွားပြီး ဝှီးခနဲမြည်လိုက်တဲ့အသံနဲ့အတူ ပျောက်ကွယ်သွားပါတယ်။

ဝန်ကြီးချုပ်ဟာ သူရှိနေရာမှာပဲ လုံးဝ မလှုပ်မယှက်ရပ်မြဲ ရပ်နေတယ်။ ပြီးတော့ သူအသက်ရှင်နေသမျှ အပြောကျယ်တဲ့ ဒီကမ္ဘာလောကကြီးထဲမှာ သူတွေ့ကြုံရတဲ့ ဒီအဖြစ်အပျက်ကို ယုံအောင်လို့ ဘယ်သူ့ကိုမှ၊ ဘယ်တော့မှ ပြန်ပြောပြတော့မှာ မဟုတ်ဘူးဆိုတာလည်း သူ့ကိုယ်သူ သိသွားပါတယ်။

ဝန်ကြီးချုပ်ရဲ့ အထိတ်တလန့်ဖြစ် တုန်လှုပ်သွားမှုဟာ တစ်ခဏလေးသာ ကြာပြီး ပြေလျော့သွားတယ်။ သို့ပေမဲ့ တစ်အောင့်ကြာအောင် ဖတ်ချ်လာရောက်သွားမှုဟာ သူ့ရဲ့ ခက်ခဲပင်ပန်းတဲ့ မဲဆွယ်စည်းရုံးရေးကာလအတွင်း အိပ်ပျက်တာတွေများလွန်းလို့ ပေါ်ပေါက်လာတဲ့ စိတ်ကယောင်ချောက်ချားဖြစ်မှု တစ်ခုသာပါပဲလို့ သူ့ကိုယ်သူ ယုံကြည်အောင် သူကြိုးစားခဲ့မှုနဲ့ ဒီအနေရခက်တဲ့ ကသိကအောက်ဖြစ်နေမှုကြီးကို ဖယ်ရှားပစ်ဖို့ သူကြိုးစားသမျှတွေ အချည်းနှီး အလကားပါပဲ။ နောက်တော့ သူဟာ အပျော်မွေး ကန္တာရကြွက်မျိုးဝင် သတ္တဝါလေးတစ်ကောင်ကို

www.burmeseclassic.com

www.burmeseclassic.com

သူအချစ်ဆုံး တူမတစ်ယောက်ကို ပေးပစ်လိုက်ပြီး ဖတ်ချ် လာရောက်လည်ပတ်မှုကို ကြေညာပေးခဲ့တဲ့ နံရံပေါ်က အရုပ်ဆိုးဆုံး လူကောင်သေးသေးတစ်ယောက်ရဲ့ ပုံတူကို ဖြုတ်ချပစ်ဖို့လည်း သူ့ ကိုယ်ရေးလက်ထောက်ကို ညွှန်ကြားလိုက်တယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်ရဲ့ တုန်လှုပ်ချောက်ချားမှု လျော့ပါး ပပျောက်အောင် ပုံတူကားဖယ်ရှားရေးဟာ ဘယ်လိုလုပ်လုပ် မရနိုင်ကြောင်း ထင်ရှားလာတယ်။

လက်သမားပေါင်းများစွာနဲ့ အဆောက်အအုံ ဆောက်လုပ်သူ တစ်ယောက်နှစ်ယောက်အပြင် ပန်းချီသမိုင်းပညာရှင်တစ်ဦးရော၊ ဘဏ္ဍာရေးဝန်ကြီးကိုယ်တိုင်ပါဝင်ပြီး နံရံပေါ်က ပုံတူပန်းချီကားကို ကလော်ထုတ်ယူမှုဟာ မအောင်မမြင် ဖြစ်သွားခဲ့ရလို့ပဲ။ ဒါ့ကြောင့် ဝန်ကြီးချုပ်လည်း သူကြိုးစားနေသမျှတွေကို စွန့်လွှတ်ပြီး နံရံပေါ်က ပုံတူကို ကျန်တဲ့ သူ့ရာထူးသက်တမ်းကာလအတွင်း မလှုပ်မရှား သူ့ဘာသာသူ ရှိနေရင်ပြီးရောဆိုတဲ့ မျှော်လင့်ချက်နဲ့ အလွယ်နည်းသုံးပြီး ဒီအတိုင်းပဲ ထားလိုက်ပါတော့တယ်။ ဒီတော့ တစ်ခါတစ်ခါ ပန်းချီကားထဲမှာနေတဲ့ ငနဲ သမ်းဝေနေတာ၊ တစ်ခါတစ်လေလည်း သူ့နှာခေါင်းကို သူကုတ်နေတာ တစ်ခါမက နှစ်ခါမက တွေ့ခဲ့ရလို့ သူ ဆဲဆိုမိတာလည်း ရှိတယ်။ ပုံတူပန်းချီကားထဲက လူဟာ သူ့ကားပေါင်ထဲကထွက်လာပြီး လမ်းလျှောက်ရင်း သူ့နောက်ဘက်မှာ ရွှံ့ရောင်ထနေတဲ့ ညိုညစ်ညစ် ပတ္တူစပြန့်ပြန့်ရန့်ရန့်တစ်ချပ်သာ ချန်ထားခဲ့တာမျိုးတောင် သူ ကြုံရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပန်းချီကားပုံကို သိပ်များများစားစား မကြည့်မိအောင် သူ့ကိုယ်သူ အလေ့အကျင့်လုပ်ထားပြီး စောစောကပြောသလို တွေ့ရရင်လည်း ကိုယ့်ကိုယ်ကိုယ် ဒါဟာ ငါ့မျက်စိတွေက ငါ့ကိုလှည့်စားနေတာပါလို့ အခိုင်အမာပြောပြီး ဖြေဖျောက်ပစ်ရတယ်။

ပြီးတော့ လွန်ခဲ့တဲ့ သုံးနှစ်က ဒီလိုမျိုးညတစ်ညမှာလည်း ဝန်ကြီးချုပ်တစ်ယောက်တည်း သူ့ရုံးခန်းမှာရှိနေတုန်း ပုံတူကားက ဖတ်ချ် ရောက်ရှိလာတော့မယ့်အကြောင်း တစ်ကြိမ် ထပ်ကြေညာခဲ့ပြန်တယ်။ ဖတ်ချ်ဟာ မီးလင်းဖိုထဲက တိုးထွက်လာပြီး သူ့ကိုယ်ပေါ်ကစိုနေတာတွေကို သုတ်ပစ်ရင်း အကြီးအကျယ် အထိတ်တလန့် အခြေအနေမျိုးဖြစ်အောင် လုပ်တော့တာပဲ။ ဝန်ကြီးချုပ်က သူ ဘာကြောင့် ပန်းချီကားထဲက ထွက်ကျလာပြီး အိတ်စ်မင်စတာရုံး အဆောက်အအုံတစ်ခုလုံး ရွှဲရွှဲစိုအောင်လုပ်တာလဲလို့ မမေးရခင် ဖတ်ချ်က စတင်ပြီး ဝန်ကြီးချုပ် တစ်ခါမှ မကြားဖူးတဲ့ အကျဉ်းထောင်ကြီးတစ်ခုအကြောင်းနဲ့ "အသည်းအသန် မဟုတ်ရာ" ဆိုတဲ့ လူတစ်ယောက်နဲ့ ဟယ်ရီပေါ်တာဆိုတဲ့ လူငယ်ကောင်လေးတစ်ယောက်အကြောင်း ကို အာပေါင်အာရင်းသန်သန်နဲ့ ပြောပြနေပါတယ်။ ဒါပေမဲ့ သူပြောသမျှ တစ်ခုကိုမှ ဝန်ကြီးချုပ်က အဓိပ္ပာယ်ရေးရေးတောင် သဘောမပေါက် မခံစားနိုင်ဘဲ ဖြစ်နေတယ်။

"ကျွန်တော် အက်ဇ်ကာဘန်က ခုပဲ ရောက်လာတာပါ။ မြောက်ပင်လယ်ရဲ့ အလယ်ပိုင်းကို ခင်ဗျားသိပါတယ်။ အန္တရာယ်ရှိတဲ့ လေယာဉ်ခရီးပဲ။ အဲဒီမှာ ဝရုန်းသုန်းကားတွေ ဖြစ်နေတယ်။ ဘယ်တုန်းကမှ ဒီလိုမဖြစ်ခဲ့ဘူး။ ကျွန်တော်ကတော့ ခင်ဗျားဆီကိုပဲ လာစရာရှိပါတယ် ဝန်ကြီးချုပ်"

ဖတ်ချ်ဟာ သူ့ဦးထုပ်လုံးနူတ်ခမ်းထဲက ရေတွေ တစ်ပုံတစ်ခေါင်းကြီးကို သွန်ချရင်း အမောတကောပြောနေပါတယ်။ သူဟာ ခိုက်ခိုက်လည်းတုန်နေတယ်။ ပြီးတော့ "နာမည်ကြီး မတ်ဂဲလ်လူသတ်သမား မဟုတ်ရာဟာ ယူနိုးဟူးနဲ့ ပြန်ပေါင်းသွားတယ်။ ဒါပေမဲ့ အမှန်တော့ ယူနိုးဟူးဟာ

www.burmeseclassic.com

ဘယ်သူလဲဆိုတာ ခင်ဗျားလည်း မသိပါဘူး" လို့ ဆက်ပြောရင်း မျှော်လင့်ချက်ကင်းမဲ့စွာနဲ့ ဝန်ကြီးချုပ်ကို တစ်ခဏငေးကြည့်နေတယ်။ ပြီးတော့မှ "ထိုင်ပါ ထိုင်ပါ၊ ကျွန်တော် လိုအပ်တာ ပြောပြီးပါပြီ၊ ဝီစကီတစ်ခွက်လောက် သောက်လိုက်ပါလား"တဲ့။

ဝန်ကြီးချုပ်ဟာ သူ့ရုံးခန်းကိုလာတဲ့ အပြင်လူက သူ့ကို ပြန်ထိုင်ခိုင်းနေပြီး သူ့ကိုယ်ပိုင် ဝီစကီနဲ့ သူ့ကို "သောက်ပါဦးလား" လို့ အပြောခံလိုက်ရတာကြောင့် မကျေမချမ်းဖြစ်သွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူထိုင်လိုက်တယ်။ ဒီမှာတင် ဖတ်ချ်က သူ့ရဲ့ မျက်လှည့်ပြတဲ့ တုတ်တံလို ပဋ္ဌလက်ဆေးကြိမ်လုံးကို ဆွဲထုတ်ပြီး မှော်အတတ်နဲ့ ပယင်းရောင်အရက်တွေအပြည့်ပါတဲ့ ဖန်ခွက်နှစ်ခွက်ကို လေထဲကထွက်လာအောင် လုပ်လိုက်ပါတယ်။ တစ်ခွက်ကို ဝန်ကြီးချုပ်ရဲ့ လက်ထဲကို ထည့်ပေးပြီး ကုလားထိုင်တစ်လုံးကို ဆွဲယူလိုက်တယ်။

ဖတ်ချ်ဟာ တစ်နာရီကျော်ကြာအောင် စကားပြောသွားပါတယ်။ တစ်နေရာမှာတော့ နာမည်တစ်လုံးကို အတိအကျအသံထွက်ပြောဆိုဖို့ သူ ငြင်းပယ်ပြီး အဲဒီအစား သားရေပုရပိုက်တစ်ချပ်ပေါ်မှာသာ ရေးပေးတယ်။ ပြီးတော့ ပုရပိုက်ကို ဝန်ကြီးချုပ်ရဲ့ ဝီစကီခွက် ကိုင်မထားတဲ့လက်ထဲ ထိုးထည့်လိုက်တယ်။ နောက်ဆုံးဖတ်ချ် ပြန်ဖို့ထလိုက်ချိန်မှာ ဝန်ကြီးချုပ်ကလည်း လိုက်ထလိုက်တယ်။

"ဒီလိုဆို ခင်ဗျားက ဒါလို့ ထင်တာပေါ့" ဝန်ကြီးချုပ်က အဲဒီလိုပြောပြီး သူ့ဘယ်ဘက်လက်ထဲမှာရှိနေတဲ့ နာမည် 'လော့ဒ်ဗော်'ဆိုတဲ့ စာလုံးတွေကို မျက်စိမေး စိုက်ကြည့်ပြီး ပြလိုက်တော့ ဖတ်ချ်က "ဟီ-ဟူး-မတ်စ်-နော့-ဘီ-နိမ်းဒ်' (He-Who-Must-Not-Be-Named"လို့ အော်ဟောက်ပြီး ပြန်ပြောတယ်။ အဓိပ္ပာယ်က အဲဒီလူရဲ့ နာမည်ကိုက 'နာမည်မပေးရမည့်သူ"လို့ ပြောချင်တာပဲ။

"ဆောရီးဗျာ၊ အဲဒီ ဟူးမတ်စ်နော့ဘီနိမ်းဒ်က သက်ရှိ ထင်ရှားရှိနေတုန်းလား၊ ပြီးတော့ရော" ဝန်ကြီးချုပ်က မရှင်းမလင်းတဲ့အမူအရာနဲ့ စောဒကတက်လိုက်ပြန်တယ်။

"ဟုတ်တယ်၊ ဒမ်ဘဲလ်ဒိုး ပြောတာကတော့ သူ အသက်ရှင်နေတုန်းပဲ" ဖတ်ဂ်က သူ့ရဲ့ဝတ်ရုံကို မေးစေ့အောက် လည်ပင်းမှာ ပတ်လိုက်ပြီးမှ ဖြေတယ်။ "ဒါပေမဲ့ ကျွန်တော်တို့ သူ့ကို ဘယ်တုန်းကမှ မတွေ့ခဲ့ပါဘူး။ ခင်ဗျားမေးရင် သူဟာ ထောက်ခံအားပေးမှုမပြုရင်တောင် အန္တရာယ်တော့ မပေးပါဘူးလို့ ပြောရမှာပဲ။ ဒါ့ကြောင့် ကျွန်တော်တို့ တကယ်စိုးရိမ်ပူပန်ရမှာက မဟုတ်ရာပဲ။ ဒီအတွက် နောက်ပိုင်းမှာ ခင်ဗျား သတိပေးချက် ထုတ်မလို့လား။ အကောင်းဆုံးပေါ့။ ကောင်းပြီဗျာ၊ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် နောက်ထပ်တွေ့ဖို့ မရှိတော့ဘူးလို့ ကျွန်တော် မျှော်လင့်ထားတယ် ဝန်ကြီးချုပ်။ ကဲ- ကောင်းသောညပါပဲဗျာ"လို့ ပြောပြောဆိုဆို ဖတ်ချ် ပြန်သွားတယ်။

ဒါပေမဲ့ နောက်တစ်နှစ်မပြည့်ခင်မှာပဲ ဗျာပါသောကရောက်နေတဲ့ ပုံပေါက်နေသူ ဖတ်ချ်ဟာ အစိုးရအဖွဲ့ရုံးခန်းထဲမှာ လေထဲကနေထွက်လာပြီး ဝန်ကြီးချုပ်ကို သတင်းပို့ဖို့ ရောက်လာပြန်တယ်။ သူက ကွစ်ဒစ်ချ်မှာ အတော့်ကို ကရိကထများတဲ့ တံခွန်စိုက်ပြိုင်ပွဲကျင်းပသွားတယ်။ သို့ပေမဲ့ ဝန်ကြီးချုပ်အနေနဲ့ စိုးရိမ်စရာ စိတ်အနှောင့်အယှက် ဖြစ်စရာ မလိုဘူး။ 'ယူနိုးဟူး' ပြန်ပေါ်လာတဲ့ လက္ခဏာကို တွေ့ရပေမဲ့ ပြဿနာမရှိဘူးလို့ ဆိုတယ်။ ဖတ်ချ်က ဒါဟာ သီးခြားဖြစ်ရပ်တစ်ခုသာ

www.burmeseclassic.com

ဖြစ်တယ်။ မတ်ဂဲလ် ဆက်ဆံရေးအရာရှိက သူတို့ ပြောထားသလို မှတ်တမ်းပြုပြင်မွမ်းမံမှုအားလုံးကို လုပ်နေပါပြီ ပြောလာပါတယ်။ ပြီးတော့–

“ဟာ–ကျွန်တော် မေ့သွားတော့မလို့” ဆိုပြီး ဖတ်ချ်က ထပ်ပြောတယ်။ “အဲဒီ သုံးပွင့်ဆိုင် မှော်စွမ်းရည် တံခွန်စိုက်ပြိုင်ပွဲအတွက် ကျွန်တော်တို့ နိုင်ငံခြားနဂါး သုံးကောင်နဲ့ လူခေါင်းနဲ့ ခြသေ့ကိုယ်လူခြသေ့တစ်ကောင် မှာယူတင်သွင်းနေတယ်။ လမ်းမှာ ရောက်နေပါပြီ။ ဒါပေမဲ့ မှော်ကဝေများ ထိန်းသိမ်းရေးနဲ့ ကြီးကြပ်ရေးဌာနက ကျွန်တော့်ကို ပြောထားတယ်။ တကယ်လို့ ကျွန်တော်တို့ အန္တရာယ်သိပ်ကြီးမားတဲ့ သတ္တဝါတွေ တိုင်းပြည်ထဲ တင်သွင်းပြီဆိုရင်တော့ ခင်ဗျားကို ကျွန်တော်တို့ ထုတ်ဖော်ကြေညာ အသိပေးရမယ်လို့ စည်းမျဉ်းဥပဒေစာအုပ်ထဲမှာ ထည့်သွင်းပြဋ္ဌာန်းထားတယ်တဲ့”

“ဗျာ– ဘယ်လို ဘယ်လို၊ နဂါးတွေ ဟုတ်လား” ဝန်ကြီးချုပ်က အထစ်ထစ်အငေါ့ငေါ့ မေးလိုက်ပါတယ်။ ဖတ်ချ်က ပြန်ပြောတယ်။

“ဟုတ်ပါတယ် သုံးကောင်ပါ၊ လူခြသေ့တစ်ကောင်လည်း ပါတယ်။ ကဲ–ကောင်းသောနေ့ ဖြစ်ပါစေဗျာ”

ဖတ်ချ် ပြန်သွားပြန်တယ်။

ဝန်ကြီးချုပ်ကတော့ နဂါးတွေနဲ့ လူခြသေ့ဟာ အဆိုးဆုံးပဲလို့ သူမျှော်လင့်ထားတာထက်ကို ပိုပြီး စိုးရိမ်ပူပန်နေတယ်။ ဒါပေမဲ့ အဲဒီလို ဖြစ်မလာပါဘူး။ နောက် နှစ်နှစ်မပြည့်တပြည့်အကြာမှာ မီးထဲကနေ ဖတ်ချ် ထွက်လာပြန်တယ်။ ဒီတစ်ကြိမ် သူယူလာတဲ့ သတင်းကတော့ အက်ဇ်ကာဘန်မှာ ထောင်ဖောက်ထွက်ပြေးလွတ်မြောက်မှု တစ်ပြုံတစ်ခေါင်း ဖြစ်သွားတယ် ဆိုတာပါပဲ။

“ဘာ တစ်ပြုံတစ်ခေါင်းကြီး ဟုတ်လား၊ တစ်ပြုံတစ်ခေါင်းကြီးလား” ဝန်ကြီးချုပ်က ထပ်တလဲလဲ မေးနေတယ်။

“စိုးရိမ်စရာ မလိုဘူး၊ စိုးရိမ်စရာကို မလိုဘူး” မီးတောက်ထဲကို ခြေတစ်လှမ်း နင်းထားပြီးဖြစ်တဲ့ ဖတ်ချ်က အော်ပြောလိုက်တယ်။ “ခင်ဗျားသိသင့်တယ်လို့ ခုတွေးလိုက်ချိန်မှာပဲ ကျွန်တော်တို့ သူတို့ကို ချက်ချင်း စုထားလိုက်မှာပါ”

“ခု ဟုတ်လား၊ ခဏလေးနေပါဦး” လို့ ဝန်ကြီးချုပ်က မအော်လိုက်နိုင်ခင်မှာပဲ အစိမ်းရောင် မီးတောက် မီးပွားတွေထဲမှာ ဖတ်ချ် ပျောက်သွားပါတယ်။

သတင်းစာတွေနဲ့ အတိုက်အခံတွေက ဘာပဲပြောနေနေ ဝန်ကြီးချုပ်ဟာ မိုက်မဲတုံးအသူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဖတ်ချ်နဲ့ သူ ပထမအကြိမ် တွေ့ကြစဉ်က ဖတ်ချ်ပေးခဲ့တဲ့ အာမခံချက်တွေအစား အခြေအနေတွေက သူ သတိပေးခဲ့တဲ့အတိုင်း ဖြစ်လာတယ်။ သူတို့ ခု တစ်ယောက်နဲ့တစ်ယောက် အကြိမ်ပေါင်းများစွာ တွေ့နေရရုံမက ဖတ်ချ်ဟာ တွေ့တဲ့အကြိမ်တိုင်းမှာ ပိုပြီးပျာယာခတ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

မော်ပညာဝန်ကြီး (ဒါမှမဟုတ် သူ့စိတ်ထဲက အခြားသောဝန်ကြီးလို့ ခေါ်နေတဲ့ ဖတ်ချ်)ရဲ့ အကြောင်းကို စဉ်းစားချင်စိတ် မဆိုစလောက် နည်းနည်းလေးသာ ရှိပြီး ဝန်ကြီးချုပ်အနေနဲ့ သူ့ကို မကူညီတော့ပေမဲ့ နောက်တစ်ကြိမ် ဖတ်ချ် ထပ်ပေါ်လာချိန်အထိတိုင်အောင် ပိုပြီး အခြေအနေဆိုးလာတဲ့ သတင်းတွေပဲ ကြားရဦးမှာကို သူကြောက်နေတယ်။ ဒါ့ကြောင့် နောက်ထပ်တစ်ကြိမ် ဖတ်ချ် မီးထဲက အလောတကြီး ဖိုသီဖတ်သီ မျက်နှာထားတင်းတင်းနဲ့ အံ့အားသင့်စရာ လှမ်းခုန်ထွက်လာတော့ ဝန်ကြီးချုပ်ဟာ တကယ့်ကို စိတ်ဓာတ်ကျစရာတွေနဲ့ မှုန်ရီမှိုင်းနေတဲ့ သီတင်းပတ်အတွင်းက အဆိုးဆုံးအဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး သူဘာကြောင့် အဲဒီနေရာမှာ ရှိနေရတယ်ဆိုတာကိုပဲ တိတိကျကျမသိဘဲ ဖြစ်နေပါတယ်။

"ကျွန်တော် အဲ–အဲဒီ စုန်းကဝေ မော်လောကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဘယ်လောက်သိဖို့ ကောင်းလဲ"ခုတစ်ကြိမ်မှာ ဝန်ကြီးချုပ်က မာမာဆတ်ဆတ် ပြောချလိုက်တယ်။ "တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်နေရတဲ့ ကျွန်တော်ဟာ အဲဒီအချိန်အတွင်းမှာ ဘာမှမသိရဘဲ ခုလို ဘာကြောင့် စိုးရိမ်သောကအပြည့် ဖြစ်နေရတာလဲ"

"ကျွန်တော်တို့လည်း အဲဒီအတိုင်း ထပ်တူထပ်မျှ စိုးရိမ်တာပါပဲ"ဖတ်ချ်က ကြားဖြတ်ပြီး ပြောလိုက်တယ်။ "ဘာရွတ်ခ်ဒေးလ် တံတားဟာ ခံနိုင်ရည်ကုန်သွားတာ မဟုတ်ဘူး။ ပြီးတော့ ဒါဟာ တကယ့် ဟာရီကိန်းမုန်တိုင်းလည်း မဟုတ်ဘူး။ အဲဒီ လူသတ်မှုတွေကလည်း မတ်ဂဲလ်တွေရဲ့ လက်ချက်မဟုတ်ဘူး။ နောက် ဟားဘတ်ကော်လီရဲ့ မိသားစုဟာ သူမရှိဘဲနဲ့လည်း ပိုပြီးလုံခြုံမှုရှိမှာပါ။ ခု လတ်တလော သူ့ကို စိန့်မန်ဂိုး မော်ဆိုင်ရာရောဂါဝေဒနာတွေနဲ့ ဒဏ်ရာများကုသရေး ဆေးရုံကြီးကို ပြောင်းပေးဖို့ အစီအစဉ်တွေ လုပ်နေပါပြီ။ ရွှေ့ပြောင်းတာကို ဒီညပဲ စလုပ်ပါ့မယ်" လို့ သူက ဆက်ပြောခဲ့တယ်။

"ခင်ဗျားရော ဘယ်လိုလဲ၊ ကျွန်တော်တော့ ကြောက်နေတယ်။ ကျွန်တော်–အို ဘာမှန်းကို မသိတော့ပါဘူး" ဝန်ကြီးချုပ်က သူ့စကား ဘာမှ မထိရောက်ဘဲ စက္ကူကျားလို အသားလွတ် ဟိန်းဟောက်နေပါတယ်။

ဖတ်ချ်က အသက်ပြင်းပြင်း တဝကြီးရှူလိုက်ပြီးမှ "ဒီမှာ ဝန်ကြီးချုပ်၊ သူ ပြန်ရောက်နေပြီလို့ ခင်ဗျားကို ပြောရမှာ ကျွန်တော် တကယ်ပဲ အကြီးအကျယ် စိတ်မကောင်းပါဘူးဗျာ။ ဟီ–ဟူး–မတ်စ်–နော့–ဘီ– နိမ်းဒ်ဆိုတဲ့လူ ပြန်ရောက်နေပြီ" ပြောပြန်ပါရော။

"ပြန်ရောက်တယ်၊ ပြန်ရောက်တယ်လို့ ခင်ဗျား ဘယ်တုန်းက ကျွန်တော့်ကို ပြောတာလဲ။ ဒါဆို သူ အသက်ရှင်နေတုန်းပေါ့။ ကျွန်တော် ဆိုလိုတာက ........."

ဝန်ကြီးချုပ်ဟာ လွန်ခဲ့တဲ့ သုံးနှစ်က ထိတ်လန့်စရာတွေ၊ ပြောကြဆိုကြတာတွေရဲ့ အသေးစိတ်ကို သူ့ခေါင်း မှတ်ဉာဏ်ထဲမှာ စမ်းတဝါးဝါး လိုက်ရှာနေတယ်။ လွန်ခဲ့တဲ့ ၁၅နှစ်က သူ ပျောက်မသွားခင်မှာ ကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုပေါင်း တစ်ထောင်ကို ကျူးလွန်ခဲ့တဲ့ မော်ဆရာ၊ တခြားလူအားလုံးက ကြောက်နေရတဲ့ မော်ဆရာအကြောင်း ဖတ်ချ်က အဲဒီအချိန်မှာ သူ့ကို ပြောပြခဲ့တာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်တယ်၊ မသေသေးဘူး၊ ရှင်နေတုန်းပဲ” ဖတ်ချ်က ပြောလိုက်တယ်။ “ဒါက ကျွန်တော်လည်း မသိဘူး။ လူတစ်ယောက်ယောက်က သူ့ကို မသတ်နိုင်ခဲ့သေးဘူးဆိုရင် သူရှင်နေမှာပဲ။ ကျွန်တော် တကယ်နားမလည်တာပါ။ ပြီးတော့ ဒမ်းဘဲလ်ဒိုးကလည်း အကျအန ရှင်းမပြခဲ့လို့ ဖြစ်မယ်။ ဒါပေမဲ့ တစ်နည်းနည်းနဲ့တော့ သူဟာ ခန္ဓာကိုယ်တစ်ခု ရရှိထားပြီး သွားလာနိုင်နေတာ၊ စကားပြောနေတာ၊ သတ်ဖြတ်တာပဲ ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချရမယ့် အလုပ်က၊ ဟုတ်တယ်၊ သူ အသက်ရှင်နေတယ်လို့ပဲ ဖြစ်ရမယ်လို့ ကျွန်တော် ယူဆပါတယ်”

ဝန်ကြီးချုပ်ကလည်း အဲဒီအတွက် ဘာပြန်ပြောရမှန်းကို မသိတော့ဘူး။ ဒါပေမဲ့ ဘယ်ကိစ္စရပ်အပေါ်မှာမဆို သတင်းအချက်အလက် အပြည့်အစုံရရှိဖို့ သိလိုတဲ့အချက် ပေါ်လာအောင် မဖြစ်မနေ ဖွဲ့ကောင်းကောင်းနဲ့ လုပ်တတ်တဲ့ သူ့ရဲ့အကျင့်ကြောင့် အသေးစိတ်အချက်တွေကို သူပြန်ဖော်နိုင်ပြီး သူတို့ရဲ့ ပြီးခဲ့တဲ့စကားဝိုင်းက အကြောင်းတွေကို သူ ပြန်သတိရလာနိုင်ခဲ့ပါတယ်။

“မဟူရာကရော ကြောက်စရာကောင်းလား၊ ဟို ဟီဟူးမတ်စ်နော့ဘီနိမ်းဒ်ဆိုတဲ့ လူနဲ့ ပေါင်းသွားတဲ့လူလေ”

“မဟူရာ မဟူရာ” ဖတ်ချ်က အာရုံရှုပ်ထွေးစွာနဲ့ ရေရွတ်လိုက်တယ်။ သူ့လက်ချောင်းလေးတွေထဲက သူ့ရဲ့ ဦးထုပ်လုံးကိုလည်း ခပ်သွက်သွက် လှည့်နေတယ်။ “ကြောက်စရာကောင်းတဲ့၊ တော်တော်ဆိုးဝါးတဲ့ မဟူရာလို့ ခင်ဗျား ဆိုလိုတာပေါ့။ မာလင်သိမ်းငှက်ရဲ့ မုတ်ဆိတ်နဲ့လူ၊ ဒါပေမဲ့ အန္တရာယ်မရှိဘူးဗျ။ မဟူရာက သေပြီလေ။ လက်စသတ်တော့ ကျွန်တော်တို့က မဟူရာအကြောင်း မှားတွက်နေတာကိုး။ ခြုံပြောရရင် သူ့မှာ အပြစ်မရှိပါဘူး။ ပြီးတော့ သူဟာ ဟီဟူးမတ်စ်နော့ဘီနိမ်းဒ်နဲ့ တစ်ဖွဲ့တည်းမကျဘူး။ ကျွန်တော်ဆိုလိုတာက ကျွန်တော်တို့မှာ မျက်မြင်သက်သေ ၅၀ကျော်ရှိပြီး သက်သေခံအားလုံးက အဲဒီအတိုင်း ညွှန်ပြနေတာ မဟုတ်လား။ ဒါပေမဲ့ တစ်နည်းနည်းနဲ့ သူကတော့ သေသွားပြီးသားပါ။ အမှန်တော့ အသတ်ခံရတာပဲ။ မှော်ပညာဝန်ကြီးဌာနက အဲဒီအတိုင်း ဆိုထားတယ်။ တကယ့် တကယ် စုံစမ်းစစ်ဆေးမှုတစ်ခုတော့ လုပ်ရဦးမှာပေါ့”လို့ ကိုယ့်ကိုယ်ကိုယ် အကာအကွယ်ယူပြီး ဖတ်ချ်က ဖြည့်စွက်ပြောတယ်။ လက်ထဲမှာ လည်နေတဲ့ ဦးထုပ်ကလည်း မြန်သည်ထက် မြန်နေတုန်းပဲ။

သူ့ကိုယ်သူသူ အကြီးအကျယ် အံ့အားသင့်သွားတာက ဝန်ကြီးချုပ်ဟာ ဒီနေရာမှာ ဖတ်ချ်အပေါ် တဒင်္ခဏတစ်ဖြုတ် သနားစိတ်ဝင်သွားမိတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ သူကိုယ်တိုင် မီးလင်းဖိုအပြင်ဘက်နေရာမှာ ရောက်နေတဲ့ အခိုက် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီအထင်နဲ့ ဘဝင်ခိုက်နေမှုကြောင့် သူ့ရဲ့ အရှိန်အဝါ မှေးမှိန်ကျဆင်းသွားခြင်းရဲ့ မပြည့်ဝမှုမျှသာ ဖြစ်ပါတယ်။ သူ အုပ်ချုပ်တာဝန်ယူထားစဉ် ကာလအတွင်း ဘယ်အစိုးရဌာနတစ်ခုမှာမှ လူသတ်မှုဆိုတာ မဖြစ်ခဲ့ပါဘူး။ ဘယ်နည်း ဘယ်အကြောင်းတစ်ခုခုနဲ့မှ မဖြစ်ခဲ့ဘူး။

စိတ်လှုပ်ရှားလွန်းနေတဲ့ ဝန်ကြီးချုပ်က ခိုးကြောင်ခိုးဝှက်နဲ့ သူ့သစ်သားစားပွဲကို အသာထိကိုင်ထားစဉ်မှာပဲ ဖတ်ချ်က ဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ အခု မဟူရာကလည်း တစ်မှောင့်ဖြစ်နေတယ်လေ။ အခိကအချက်ကတော့ ကျွန်တော်တို့ဟာ စစ်ဖြစ်နေတာပဲမဟုတ်လား ဝန်ကြီးချုပ်၊ ဒီတော့ ရှေ့တိုးပြီး ခြေလှမ်းလှမ်းဖို့ပဲ ရှိပါတယ်"

"ဘာ–စစ်ဖြစ်နေတယ် ဟုတ်လား၊ ဒါ ပုံကြီးချဲ့တာ၊ ခင်ဗျား တစ်ဆိတ်ကို တစ်အိတ်လုပ်နေတာ သေချာတယ်" အထိတ်တလန့် ဖြစ်နေတဲ့ ဝန်ကြီးချုပ်က အဲဒီ စကားကိုပဲ ထပ်တလဲလဲ ပြောနေပြန်တယ်။

"ဟီဟူးမတ်စ်နော့ဘီနိမ်းဒ်ဟာ ခုဆိုရင် ဇန်နဝါရီလတုန်းက ထောင်ဖောက်လွတ်မြောက်သွားတဲ့ သူ့နောက်လိုက်တွေနဲ့ ပေါင်းမိသွားရောပေါ့" ဖတ်ချ်က ပြောလိုက်တယ်။ စကားပြောနေရင်း သံပရာစိမ်းရောင်ဖျော့ဖျော့ သူ့ဦးထုပ်လုံးကိုလည်း မြန်သည်ထက်မြန်အောင် လှည့်နေတယ်။ "သူတို့ အပြင်ဘက်ကို ရောက်သွားကတည်းက အကြီးအကျယ် ပေါက်ကွဲပြီး ကသောင်းကနင်းနဲ့ ဖြောင်းဆန်နေတာ မဟုတ်လား။ ဘရော့ခ်ဒေး တံတား၊ အဲဒါ သူ့လက်ချက်ပဲ ဝန်ကြီးချုပ်၊ ကျွန်တော် သူ့ဘက်က မရပ်ရင် မတ်ဂဲလ်ပေါင်းများစွာကို သူ တသောသော သတ်ပစ်နေမယ်လို့ သူ ခြိမ်းခြောက်ထားတယ်"

"အမယ်လေးဗျာ–ဒါဆို ဟိုလူတွေအသတ်ခံရတာ ခင်ဗျားရဲ့ ပြစ်ချက်ပေါ့။ သံချေးတက် သုံးမရတဲ့ အကြံအဖန်တွေနဲ့ ယိုယွင်းနေတဲ့ ချဲ့ထွင်မှုတွေရဲ့ ကွင်းဆက်တွေအကြောင်း မေးခွန်းတွေကို ကျွန်တော် ဖြေကြားရမလို ဖြစ်နေတယ်။ ဒါ့ထက် ပိုပြီး ကျွန်တော် ဘာမှမသိဘူးဗျာ"

ဝန်ကြီးချုပ်က ဒေါသတကြီးပြောလိုက်တာ ဖြစ်တယ်။

"ကျွန်တော့်အပြစ်ဟုတ်လား" ရှက်သွားတဲ့ ဖတ်ချ်က တအံ့တသြ ထအော်တယ်။ ခင်ဗျားက ခြိမ်းခြောက်အကျပ်ကိုင် ငွေညှစ်မှုတွေကိုလည်း ခင်ဗျား ဒီလိုပဲ အလျှော့ပေးတော့မယ်လို့ ပြောနေတာလား"

"မဟုတ်သေးဘူး"ပြောရင်း ဝန်ကြီးချုပ်ဟာ နေရာကထပြီး အခန်းထဲမှာ ခြေလှမ်းကျဲကြီးတွေနဲ့ ဟိုလျှောက်ဒီလျှောက် လျှောက်နေပါတယ်။ "ကျွန်တော်ကတော့ သူ ရက်စက်ယုတ်မာတဲ့ ပြစ်မှုတွေ မကျူးလွန်နိုင်ခင် ခြိမ်းခြောက်အကျပ်ကိုင် ငွေညှစ်မှု ကျူးလွန်သူကို ဖမ်းဆီးဖို့ ကျွန်တော် လုပ်နိုင်သမျှ အစွမ်းကုန် ကြိုးပမ်းမှာပဲ"လို့ သူကဆိုတော့–

"ကျွန်တော်ကတော့ ကျွန်တော် အစွမ်းရှိသလောက် အားထုတ်မလုပ်ခဲ့သေးဘူးလို့ ခင်ဗျား စိတ်ထဲမှာ တကယ်ထင်နေသလား"ဆိုပြီး ဖတ်ချ်က ဒေါသတကြီး အရေးဆိုလိုက်တယ်။ "ဝန်ကြီးဌာနထဲမှာ ရှိသမျှ အော်ရာလုံခြုံရေးအဖွဲ့ဝင်တိုင်းဟာ သူ့ကိုရှာတွေ့ဖို့၊ သူ့နောက်လိုက်တွေကို သိမ်းကျုံးဖမ်းဆီး ကြိုးစားခဲ့သလို ခုလည်း ကြိုးစားနေတုန်းပဲ။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ပေါ်ပေါက်ခဲ့သမျှ မှော်ဆရာအားလုံးထဲမှာ တန်းခိုးသြဇာအထက်မြက်ဆုံး မှော်ဆရာတစ်ယောက်အကြောင်း ပြောဖို့လိုလာတယ်။ ဆယ်စုနှစ် သုံးခုလုံးလုံး အဖမ်းမခံရဘဲ လွတ်မြောက်အောင် ရှောင်တိမ်းနေနိုင်တဲ့ မှော်ဆရာတစ်ယောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုတော့ အနောက်ဘက်နိုင်ငံမှာ ဟာရီကိန်းမုန်တိုင်း ဖြစ်ပေါ်အောင် သူပဲလုပ်ခဲ့တာလို့ ခင်ဗျား ကျွန်တော့်ကို ပြောတော့မယ်လို့ ကျွန်တော် ယူဆတယ်"

ဝန်ကြီးချုပ်ဟာ ပြောရင်း ဆိုရင်း ဒေါသတွေ တလိပ်လိပ်တက်လာတယ်။ ဒါဟာ ဒီကြောက်မက်ဖွယ်ကောင်းတဲ့ ဘေးအန္တရာယ် ကျရောက်မှုတွေအတွက် အကြောင်းရင်း အချက်အလက်ကို ရှာဖွေရေးမှာ ဒေါသဖြစ်စရာတွေပဲ။ ဒါပေမဲ့ ဒါတွေကို လူသိရှင်ကြား ထုတ်ပြန်အသိပေးဖို့တော့ မဖြစ်နိုင်ဘူး။ ဒါတွေဟာ နောက်ဆုံးအားလုံးမှာ အစိုးရအပြစ် ဖြစ်နေတယ်လို့ ဆိုတာထက် ပိုဆိုးတဲ့ကိစ္စတွေ ဖြစ်နေတယ်။

"အဲဒီမှာ ဟာရီကိန်းမရှိပါဘူးဗျာ"ဖတ်ချ်က စိတ်မသက်မသာနဲ့ ပြောလိုက်တယ်။

"တစ်ဆိတ်လောက် ကျုပ်ပြောစမ်းပါရစေ" ဝန်ကြီးချုပ်ဟာ နင်းချက်ပြင်းပြင်းနဲ့ အခန်းတစ်ခုလုံး ခေါက်တုံ့ခေါက်ပြန် ဆောင့်ကြီးအောင့်ကြီး လျှောက်နေရင်းက ပြောလိုက်တယ်။ "သစ်ပင်တွေ အမြစ်ပြုတ်ထွက်၊ အမိုးတွေ စုတ်ပြတ်လန်ပြန်၊ လမ်းဓာတ်မီးတိုင်တွေ ကွေးကောက်၊ ကြောက်စရာကောင်းအောင် ဒဏ်ရာတွေရကြတာကရော"

"အဲဒါ မရဏစားစုန်းကောင်တွေ ဟီဟူးမတ်စ်နော့ဘီနိမ်းဒ်ရဲ့ နောက်လိုက်တွေ၊ နောက်ပြီး ဧရာမကြီးမားတဲ့ ဘီလူးနဲ့ ပတ်သက်မှုကြီးလို့ ကျွန်တော်တို့ သံသယ ဖြစ်မိတယ်"

သူ့စကားကြောင့် ဝန်ကြီးချုပ်ဟာ မမြင်ရတဲ့ နံရံကြီးတစ်ခုနဲ့ ဝင်တိုက်မိသလို လျှောက်နေရင်း တုံ့ခနဲ ရပ်သွားတယ်။

"ဘာ–ဘာ ပတ်သက်မှု"

ဖတ်ချ်ရဲ့ မျက်နှာ ရှုံ့မဲ့သွားတယ်။ "သူက နောက်ဆုံးမှာ ဘီလူးတွေကို ထုတ်သုံးခဲ့တာပဲ။ အကြီးအကျယ် ထိခိုက်အောင်လို့ အဲဒီလိုလုပ်တာ" လို့ သူက ပြန်ပြောတယ်။ "သတင်းမှား ထုတ်ပြန်ရေးရုံးဟာ ၂၄နာရီပတ်လုံး အလုပ်လုပ်နေပါတယ်။ သတ္တဝါတွေ သတိလက်လွတ်ဖြစ်အောင်၊ အသိစိတ်ကင်းကွာအောင်လုပ်တဲ့ အဖွဲ့တွေ ကျွန်တော်တို့မှာ ရှိတယ်။ သူတို့က အဖြစ်မှန်ကိုမြင်တဲ့ မတ်ဂဲလ်တွေရဲ့ အသိဉာဏ်ကို တစ်မျိုးတစ်ဖုံဖြစ်အောင် ပြုပြင်မွမ်းမံဖို့ ကြိုးစားကြတယ်။ ကျွန်တော်တို့မှာ ဆိုမာဆက်တစ်ဝိုက်မှာ လှုပ်ရှားနေတဲ့ မှော်ဝင်သတ္တဝါတွေကို ထိန်းသိမ်းကြီးကြပ်ဖို့အတွက် ဌာနအတော်များများ ရှိနေပြီ။ ဒါပေမဲ့ ဘီလူးတွေကိုတော့ ရှာလို့မတွေ့နိုင်ဘူး။ အဲဒါဟာ အန္တရာယ်ကြီးတစ်ခု ဖြစ်နေတယ်"

"ခင်ဗျား ဒီလိုမပြောပါနဲ့" ဝန်ကြီးချုပ်က အမျက်ချောင်းချောင်း ထွက်ပြီး အော်ပြောလိုက်တယ်။

"စိတ်ဓာတ်တွေ ယုတ်မာအောက်တန်းကျနေတာ ကျွန်တော် မငြင်းပါဘူး။ ဒါတွေအားလုံး

www.burmeseclassic.com

ဘာကြောင့်ဖြစ်ရလဲ။ ဒါ အဲဒီအချိန်က အမေလီယာဘုန်းစ်ကို လက်လွတ်ဆုံးရှုံးလိုက်ရလို့ပဲ"

"ဘယ်သူဆုံးရှုံးတာလဲ"

"အမေလီယာဘုန်းစ်လေ၊ သူမဟာ မှော်ပညာဆိုင်ရာ ဥပဒေထိန်းသိမ်းစောင့်ရှောက်ရေးဌာန အကြီးအကဲပဲ။ ကျွန်တော်တို့ကတော့ ဟီဟူးမတ်စ်နော့ဘီနိမ်းဒ်ဟာ သူမကို ပုဂ္ဂိုလ်ရေးအရ သတ်ဖြတ်ပစ်လိုက်တယ်လို့ ထင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ အမေလီယာဘုန်းစ်ဟာ ပင်ကိုစွမ်းရည်ထက်မြက်ပြီး အထုံပါရမီ အားကောင်းတဲ့ စုန်းမတစ်ယောက်ဖြစ်နေလို့ပဲ။ ပြီးတော့ သက်သေအထောက်အထားတွေအရ သူမဟာ တကယ့်တိုက်ပွဲကြီးတစ်ပွဲ ဆင်နွှဲဖို့ ပြင်ဆင်အဆိုတင်သွင်းခဲ့တာ တွေ့ရတယ်"

ဖတ်ချ်က လည်ချောင်းရှင်းလိုက်ပြီး အားထုတ်မှုတစ်ချက်နဲ့လည်း လည်နေတဲ့ သူ့ဦးထုပ်လုံးကို ရပ်ပစ်လိုက်ပုံရတယ်။

"ဒါပေမဲ့ အဲဒီလူသတ်မှု သတင်းစာတွေထဲမှာ ပါတယ်လေ" ဝန်ကြီးချုပ်က ပြောလိုက်တယ်။ သူ ဒေါသဖြစ်နေရာက ခဏတစ်ဖြုတ် စိတ်ပြောင်းသွားတယ်။ "ကျွန်တော်တို့ သတင်းစာတွေက အမေလီယာဘုန်းစ်ဟာ သက်လတ်ပိုင်းအရွယ်ပဲရှိသေးတဲ့ အမျိုးသမီးတစ်ဦးဖြစ်တယ်။ တစ်ယောက်တည်းနေတယ်။ မနုစ်မြို့စရာကောင်းအောင် ရိုင်းစိုင်းရက်စက်စွာ သတ်ဖြတ်လိုက်တဲ့ လူသတ်မှုလည်း ဖြစ်တယ်။ ဒီလိုဆိုထားတယ် မဟုတ်ဘူးလား။ လူထုက တအားစိတ်ဝင်စားသွားသလို ရဲတွေ ခေါင်းခဲရတဲ့ အမှုတစ်မှုပဲ၊ ခင်ဗျား ဖတ်လိုက်ရမှာပေါ့"

ဖတ်ချ်က သက်ပြင်းချပြီး "ဟုတ်ပါတယ်ဗျာ၊ အဲဒီအတိုင်းပါပဲ" ထောက်ခံလိုက်ပေမဲ့ "သူမကို အတွင်းကနေ သော့ခတ်ထားတဲ့ အခန်းတစ်ခန်းထဲမှာ သတ်ခဲ့ကြတာ၊ ဟုတ်တယ်နော်။ ကျွန်တော်တို့က လက်သည်လူသတ်တရားခံကို အတိအကျသိနေပါတယ်။ ဒါပေမဲ့ အဲဒီအချက်က လူသတ်ကောင်ကို ဖမ်းဖို့တော့ မစွမ်းဆောင်နိုင်ဘူး။ နောက် ခင်ဗျားကြားလိုက်မယ် မဟုတ်လား၊ တစ်ယောက် ရှိသေးတယ်။ အင်းမလင်းဗန့်စ်ဆိုတာလေ" လို့ ထပ်ဖြည့်ပြောတယ်။

"အို–ဟုတ်တာပေါ့၊ ကျွန်တော်ကြားပါတယ်ဗျ၊ ကောင်းကောင်းကြီးကို သိနေတယ်။ အမှန်တော့ အဲဒီလူသတ်မှုဟာ ဒီအနီးအနားလေးတင် ဖြစ်သွားတာ။ သတင်းစာတွေအကြိုက် ပွဲတော်ကြီးဖြစ်သွားတဲ့အမှု၊ ဝန်ကြီးချုပ်ရှိရာနဲ့ မလှမ်းမကမ်းမှာတင် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် လုပ်ခဲ့တဲ့အမှုပေါ့"

"အဲဒါနဲ့တောင် မလုံလောက်သေးသလိုပဲ" ဝန်ကြီးချုပ်ရဲ့အပြောကို နားထောင်ရုံ သက်သက်လို နေနေရာက ဖတ်ချ်က ခွန်းတုံ့ထောက်လိုက်ပြန်တယ်။ "အဲဒီနေရာတစ်ခုလုံးမှာ မှော်ရူးတွေ စုအုံလာပြီး လူတွေကို ဘယ်ကရော ညာကရော အလယ်ကပါ တိုက်ခိုက်ကြတာကို ကျွန်တော်တို့ ကြုံခဲ့ရသေးတယ်"

ဟို ပျော်ပျော်ရွှင်ရွှင် ရှိနေတဲ့တစ်ချိန်က ဒီအပြောမျိုးကို ကြားရရင် ဂဃနဏနားမလည်ဘဲ

www.burmeseclassic.com

ဘူးလုံးနားမထွင်း ဖြစ်နေနိုင်တဲ့ ဝန်ကြီးချုပ်ဟာ ခု ဖတ်ချ်ပြောတာကို ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။ "ကျွန်တော့်အထင် မှော်ရူးတွေက အက်ဇ်ကာဘန်မှာ အကျဉ်းသားတွေကို စောင့်ကြပ်နေတာဖြစ်မယ်" လို့ သူက သတိနဲ့ ပြောလိုက်တယ်။

"ဟုတ်တယ်၊ သူတို့ အဲဒီမှာစောင့်နေတာ၊ ဒါပေမဲ့ ခုတော့ မဟုတ်တော့ဘူး။ သူတို့ အကျဉ်းထောင်ကို အပြီးအပိုင်စွန့်ခွာသွားပြီး ဟီဟူးမတ်စ်နော့ဘီနိမ်းဒ်နဲ့ သွားပေါင်းခဲ့တယ်။ အဲဒါဟာ ကျွန်တော်တို့အထိနာတဲ့ ထိုးနှက်ချက်ကြီးတစ်ခု မဟုတ်ဘူးလို့ ကျွန်တော် ဟန်ဆောင်မထားချင်ပါဘူး"

"ဒါတင် ဘယ်ကမလဲ၊ ဒီကောင်တွေဟာ လူထုရဲ့ မျှော်လင့်ချက်နဲ့ ပျော်ရွှင်မှုကို ပျောက်ပျက်ကုန်အောင်လုပ်မယ့်ကောင်တွေ ဆိုတာရော ခင်ဗျား ကျွန်တော့်ကို မပြောတော့ဘူးလား" လို့ ကြောက်စိတ်မွှန်သွားသလို ခံစားလိုက်ရတဲ့ ဝန်ကြီးချုပ်က စိတ်မချမ်းမသာနဲ့ ပြောတယ်။

"မှန်တယ်၊ ဒီကောင်တွေက မျိုးပွားနေတာ၊ အဲဒီအချက်ကြောင့် ကျွန်တော်တို့ကို ပြဿနာတွေ ဝိုင်းနေတာ"

ဝန်ကြီးချုပ်လည်း ပုံလျက်သား လဲကျတော့မလို ဒူးတွေ ညွတ်ကျလာတာကြောင့် အနီးဆုံး ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ရတယ်။ မြို့တွေ ရွာတွေအကုန်လုံးကို ဝင်ရောက်စီးနင်းပြီး သူ့ရဲ့ မဲဆန္ဒရှင်တွေကြားမှာ စိတ်ပျက်လက်မှိုင်ချမှုနဲ့ မျှော်လင့်ချက်ကင်းမဲ့မှုတွေ ပျံ့နှံ့ကုန်အောင် ပြုလုပ်မယ့် မမြင်နိုင်တဲ့ သတ္တဝါကောင်တွေရဲ့ အကြံအစည်က သူ့ကို အားအင်တွေကုန်ခန်းပြီး လုံးဝသတိလစ်သွားတော့ဖြစ်အောင် ခံစားရစေပါတယ်။

"ဒီမှာ ဖတ်ချ်၊ ခင်ဗျားဟာ ခုချက်ချင်းပဲ တစ်ခုခု လုပ်ကိုလုပ်ရတော့မယ်။ ဒါဟာ မှော်ပညာဌာနဝန်ကြီးတစ်ယောက်အနေနဲ့ ခင်ဗျားရဲ့ တာဝန်ပါပဲ"

"မဟုတ်သေးဘူး၊ ကျွန်တော် ခင်မင်ရတဲ့ ဝန်ကြီးချုပ်ကြီး၊ အဲဒီ အဖြစ်အပျက်တွေ အားလုံးနောက်မှာ ကျွန်တော်ဟာ မှော်ပညာဝန်ကြီးဖြစ်နေသေးဆဲပဲလို့ မှတ်ယူလို့ မရတော့ဘူးလေ။ လွန်ခဲ့တဲ့သုံးရက်ကပဲ အလုပ်ကထုတ်လိုက်ပြီ မဟုတ်လား။ မှော်ဆရာလောက အသိုင်းအဝိုင်းတစ်ခုလုံးက သီတင်းနှစ်ပတ်လုံးလုံး ကျွန်တော်ရာထူးက နှုတ်ထွက်ပေးဖို့ ဝိုင်းအော်ခဲ့ကြတယ်လေ။ ကျွန်တော့်ရာထူး လုပ်သက်တစ်လျှောက်လုံးမှာ သူတို့ ဒီလောက် စည်းလုံးမိနေတာ ကျွန်တော် တစ်ခါမှ မသိခဲ့ဘူး" ဖတ်ချ်က အပြုံးနဲ့ ရဲရဲတင်းတင်း ပြောလိုက်ပါတယ်။

ဝန်ကြီးချုပ်လည်း တစ်အောင့်ကြာအောင်ပြောရမယ့် စကားလုံးအတွက် အစရှာမရ ဖြစ်သွားတယ်။ သူရောက်ရှိနေတဲ့ အခြေအနေအပေါ်မှာ မခံမရပ်နိုင်အောင် နာကြည်းဒေါသဖြစ်နေခဲ့ငြားလည်း မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ကျုံ့ငယ်သွားသလို ထင်ရတဲ့လူအတွက် သူ အတော်လေး ခံစားလိုက်ရတယ်။

"ကျွန်တော် အကြီးအကျယ် စိတ်မကောင်းပါဘူး ဖတ်ချ်ရယ်၊ ကဲ–ခင်ဗျား အတွက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လုပ်ပေးနိုင်တာ ဘာများရှိသလဲ ပြော” နောက်ဆုံး သူ ဒီလိုပဲ ပြောနိုင်တော့တယ်။

“ခင်ဗျားဟာ တော်တော် စာနာတတ်တယ်ဆိုတာ ပြလိုက်တာပါပဲ ဝန်ကြီးချုပ်၊ ဒါပေမဲ့ မရှိပါဘူးဗျာ။ မကြာမတင်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေအတွက် နောက်ဆုံး အခြေအနေကို ခင်ဗျားကို ရှင်းပြဖို့ရယ်၊ ကျွန်တော့်ရာထူးကို ဆက်ခံမယ့်သူနဲ့ ခင်ဗျားကို မိတ်ဆက်ပေးဖို့ရယ် ဒီည ကျွန်တော် ဒီကိုရောက်လာခဲ့ရတာပါ။ သူခုပဲ ဒီကိုရောက်လာဖို့ ရှိတယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ တကယ်မှာ သူ့အလုပ်တွေ အရမ်းရှုပ်နေတယ်။ ရှေ့ဆက်လုပ်မယ့်ကိစ္စတွေ အများကြီး မဟုတ်လား”

ဖတ်ချ်က တွန့်လိမ်ကောက်ကွေးနေတဲ့ ငွေရောင်ဆံပင်တုအရှည်ကြီး တပ်ထားတဲ့ အရုပ်ဆိုးဆိုးလူရဲ့ ပုံတူပန်းချီလှည့်ကြည့်လိုက်တော့ ပုံထဲကလူဟာ သူ့နားထဲကို ငန်းတောင်ကလောင်တံတစ်ချောင်း ထိုးထည့်ပြီး ကလိနေတာကို တွေ့ရတယ်။ ပြီးတော့ ဖတ်ချ်ရဲ့ မျက်လုံးတွေကို စိုက်ကြည့်ရင်း ပုံတူကားထဲကလူက “သူ ခုတစ်အောင့်လေးတင် ရောက်လာတော့မယ်။ ဒမ်ဘဲလ်ဒိုးဆီကို ရေးနေတဲ့ စာတစ်စောင်ကို ခု သူလက်စသတ်နေပါပြီ”လို့ ပြောလိုက်တယ်။

“သူ ကံကောင်းတာပဲ ကျွန်တော် မြင်ချင်ပါတယ်” သူ့ရဲ့ ခါးသီးမုန်းတီးမှုကို ပထမဆုံးအကြိမ် ထုတ်ပြလိုက်တဲ့အနေနဲ့ ဖတ်ချ် ပြောလိုက်တာပဲ။ “လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်အတွင်း တစ်နေ့ကို နှစ်ကြိမ် ဒမ်ဘဲလ်ဒိုးဆီကို ကျွန်တော် စာရေးခဲ့တယ်။ ဒါပေမဲ့ သူ သဘောထားပြောင်းမှာ မဟုတ်ပါဘူး။ တကယ်လို့ ကောင်ကလေးကို ဖြားယောင်းသိမ်းသွင်းဖို့ သူ ပြင်ဆင်ထားပြီးပြီဆိုရင် ကျွန်တော် ငြိမ်နေလိုက်ရုံပဲ။ ကောင်းပြီလေ၊ စခရင်ဂျာက ပိုပြီးအောင်မြင်ရင် အောင်မြင်မှာပါ”

ဖတ်ချ်ဟာ သိသိသာသာ စိတ်ထိခိုက်နေသလိုမျိုး တိတ်ဆိတ်သွားတယ်။ ဒါပေမဲ့ ချက်ချင်းလိုလို ပုံတူပန်းချီကားကြောင့် တိတ်ဆိတ်မှုပြိုကွဲသွားတယ်။ ပုံတူကားက ရုတ်တရက် ကောက်ကာငင်ကာ ရုံးသုံးလေသံဟန်ပန်နဲ့ တိုတိုပြတ်ပြတ် ပြောလိုက်တာကတော့–

“မတ်ဂဲလ် ဝန်ကြီးချုပ်ခင်ဗျား၊ အရေးတကြီး ချက်ချင်းတွေ့ဆုံခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးပြု၍ မကြန့်မကြာ ချက်ချင်း အကြောင်းပြန်ပါရန်။ ရှူးဖတ်စ် စခရင်ဂျာ၊ မှော်ပညာဝန်ကြီး”

“ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကောင်းပါတယ်၊ တွေ့ပါ” ဘာပြောရကောင်းနိုးနိုး ဝေခွဲမရ ဖြစ်နေတဲ့ ဝန်ကြီးချုပ်က မတတ်သာဘဲ ခုလိုပြောလိုက်တာဖြစ်တယ်။ ပြီးတော့ တဖျစ်ဖျစ် တဖျောက်ဖျောက်မြည်ပြီး တောက်နေတဲ့ မီးတောက်တွေ မြစိမ်းရောင်ကို ပြောင်းသွားတာ၊ မီးတောက်တွေ အလယ်ကောင်မှာ ချာလပတ်လည်နေတဲ့ ဒုတိယမြောက် မှော်ဆရာတစ်ဦးပေါ်လာတာ၊ ပြီးတော့ အဲဒီမှော်ဆရာကို ရှေးဟောင်းကော်ဇောခင်းကြီးပေါ် ရောက်လာအောင် မီးတောက်တွေက ပျို့အန်ပြီး သွန်ချပေးလိုက်တာတွေကို သူ ရွံ့တွန့်တွန့် ဖြစ်နေမိတယ်။

ဒီမှာတင် ဖတ်ချ်က မတ်တတ်ရပ်ပေးလိုက်တဲ့အတွက် ဝန်ကြီးချုပ်လည်း တဒင်္ဂလောက် ချီတုံချတုံ ဖြစ်နေပြီးမှ ရောယောင်ထရပ်လိုက်တယ်။ ပြီးတော့ အသစ်ရောက်လာသူက ကိုယ်ကိုမတ်ပြီး သူ့ရဲ့ အနက်ရောင်ဝတ်ရုံရှည်ကြီးက ဖုန်တွေကို ခါပစ်ရင်း ဟိုဟိုဒီဒီလိုက်ကြည့်နေတာကို

www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြည့်နေတယ်။

ဝန်ကြီးချုပ်ရဲ့ ပထမအတွေးထဲမှာ ရှုံးဖတ်စ် စခရင်ဂျာဟာ ခြသေ့်အိုကြီး တစ်ကောင်နဲ့တူမှာပဲလို့ ရှုံးရှုံးမိုက်မိုက် ထင်ထားခဲ့တာ။ တကယ့် တကယ်ကျတော့ သူဟာ ညိုဝါရောင်ပြေးနေတဲ့ အမွေးအမျှင်တွေပါရှိတဲ့ လည်ဆံမွေး အစင်းကျားတွေနဲ့၊ ထူထဲတဲ့ မျက်ခုံးကြီးတွေနဲ့၊ သံနန်းကိုင်းအနားကွပ် မျက်မှန်အစုံနောက်ကွယ်က မျက်လုံးတွေကလည်း စူးရှတက်ကြွလို့။ အရပ်ကလည်း ပေမီထောက်မီ ကလန်ကလား။ အေးအေးညင်သာ ခပ်ဖော့ဖော့ သူ လျှောက်သွားနေချိန်မှာတောင် တလွှားလွှားနဲ့ ကျက်သရေရှိနေတာကို တွေ့လိုက်ရတယ်။ သူဟာ ပါးနပ်မှုနဲ့ ကြမ်းတမ်းမာကျောမှု ရောပြွမ်းတဲ့အသွင်ကို ဆောင်နေတယ်။ ဒါ့ကြောင့် မော်ဆရာလောက အသိုင်းအဝိုင်းက ဒီလို ဒုက္ခသုက္ခတွေ ကျရောက်နေချိန်မျိုးမှာ ဖတ်ချ်ထက် စခရင်ဂျာကို သူတို့ ခေါင်းဆောင်အဖြစ် ပိုမိုလိုလား နှစ်သက်ကြတာကို သူသဘောပေါက် နားလည်သွားတာကိုလည်း သူ တွေးမိတယ်။

"နေကောင်းတယ်နော်" ဟု ဝန်ကြီးချုပ်က ယဉ်ယဉ်ကျေးကျေး စကားဆိုပြီး လက်ဆွဲနှုတ်ဆက်ဖို့ သူ့လက်ကို ကမ်းပေးလိုက်ပါတယ်။

ဒါပေမဲ့ စခရင်ဂျာက သူ့လက်ကို စတိသဘောလောက်သာ ဖျတ်ခနဲ တစ်ချက်ထိကိုင် နှုတ်ဆက်ပြီး အခန်းထဲက အနေအထားကို အနံ့လိုက်ကြည့် အကဲခတ်နေတယ်။ ပြီးတော့မှ စခရင်ဂျာဟာ သူ့ဝတ်ရုံကြီးအောက်ကနေ ဆေးကြိမ်လုံးတစ်ချောင်းကို ဆွဲထုတ်လိုက်တယ်။

"ဖတ်ချ်က ခင်ဗျားကို အကုန်ပြောထားပြီးရောပေါ့"

တံခါးဆီကို ဖြတ်လျှောက်သွားပြီး တံခါးသော့ပေါက်ထဲကို သူ့ဆေးကြိမ်လုံးနဲ့ တစ်ချက်တို့လိုက်ရင်း သူက မေးလိုက်တယ်။ ဝန်ကြီးချုပ်ရဲ့ နားထဲမှာ 'ကလစ်'ဆိုပြီး တံခါးသော့အုံထဲက သော့ကျသွားသံကို ကြားရတယ်။

"အာ........ အယ်....... ဟုတ်ကဲ့၊ ခင်ဗျားအနေနဲ့ ပြဿနာမရှိဘူးဆိုရင် ကျွန်တော်ကတော့ တံခါးသော့ကို မခတ်ဘဲ ဒီအတိုင်းထားတာကို ပိုကြိုက်ပါတယ်"

"ကျွန်တော်ကတော့ ကြားကဝင်လာပြီး အနှောင့်အယှက်ပေးတာကို မကြိုက်ဘူး။ ဒါမှမဟုတ် စောင့်ကြပ်နေတာလည်း မကြိုက်ဘူး"

စခရင်ဂျာက တိုတိုပြတ်ပြတ် ပြောလိုက်ပြီးမှ ပြတင်းပေါက်တွေကို သူ့ ဆေးကြိမ်လုံးနဲ့ လှမ်းထိုးရွယ်လိုက်တဲ့အခါ ကန့်လန့်ကာခန်းဆီးတွေ ပြတင်းတံခါးအားလုံးကို ဖုံးပြီးသား ဖြစ်သွားပြန်တယ်။

"ဟုတ်ပြီ၊ ကောင်းတယ်။ ကျွန်တော်က အလုပ်သိပ်များတဲ့လူ၊ ဒီတော့ အလုပ်ကိစ္စပဲ စလိုက်ကြရအောင်။

www.burmeseclassic.com

www.burmeseclassic.com

အားလုံးထဲက ပထမဆုံးအချက်အနေနဲ့ ကျွန်တော်တို့ ခင်ဗျားရဲ့ လုံခြုံရေးကို ဆွေးနွေးဖို့လိုတယ်"

ဒီမှာတင် ဝန်ကြီးချုပ်လည်း သူ့ကိုယ်သူ မတ်နိုင်သမျှ မတ်ပြီး မာန်အပြည့်နဲ့ ပြန်ပြောလိုက်ပါတယ်။ "ကျွန်တော်ရရှိထားပြီးသား လုံခြုံရေးအခြေအနေကိုပဲ ကျွန်တော် အပြည့်အဝ ကျေနပ်ပျော်ရွှင်ပါတယ်။ ခင်ဗျားကို သိပ်ကျေးဇူး..."

"ဟုတ်လား၊ ကျွန်တော်တို့ကတော့ ဒီလို မယူဆပါဘူးဗျာ" စခရင်ဂျာက ကြားဝင်ဖြတ်ပြီးပြောတယ်။ "မတ်ဂဲလ်တွေအတွက် တကယ်လို့ သူတို့ ဝန်ကြီးချုပ်ကို စေလိုရာစေ လိပ်ပြာနှုတ်ဘူးသွင်း ကျိန်စာရဲ့အောက်မှာ ရှိနေမယ်ဆိုရင်တော့ ဒါဟာ တော်တော်ကို သတိလက်လွတ်ပြုလုပ်မှုပါပဲ။ ဒါနဲ့ ခင်ဗျားရဲ့ အပြင်ဘက်အစွန်အဖျား ရုံးခန်းက အတွင်းရေးမှူးအသစ်ကကော"

"ကျွန်တော်ကတော့ ကင်းစလေးရှက်ကဲဘော့ကို လုံးဝဖယ်ရှားပစ်မှာ မဟုတ်ဘူး။ နေစမ်းပါဦး၊ ခင်ဗျားက ကျွန်တော့်ကို ဒီလို ဘာဖြစ်လို့ လာအကြံပေးနေရတာလဲ" ဝန်ကြီးချုပ်က ဒေါသတကြီး ပြောလိုက်တယ်။ "နောက်ပြီး ဒီမှာ သူက အထက်မြက်ဆုံး၊ အတော်ဆုံး၊ ကျွမ်းကျင်မှု အပြည့်ဝဆုံးပဲ။ ကျန်တဲ့လူတွေ လုပ်တာရဲ့ နှစ်ဆ သူလုပ်နိုင်တယ်။

"ဘာကြောင့်လဲဆိုတော့ သူဟာ မှော်ဆရာတစ်ယောက် ဖြစ်နေလို့ပဲ" စခရင်ဂျာကလည်း ဖျတ်ခနဲတောင် တစ်ချက်ကလေးမှ အပြုံးရောင်မသမ်းဘဲ ပြောထည့်လိုက်တယ်။ "ပြီးတော့ သူဟာ ခင်ဗျားရဲ့ လုံခြုံရေးအတွက် တာဝန်ပေးထားပြီးဖြစ်တဲ့ အဆင့်မြင့်လေ့ကျင့်ပေးထားသူ စွယ်စုံမြောက် စုန်းတစ်ယောက်လည်း ဖြစ်တယ်ပေါ့"

"နေဦး၊ ခဏကလေး တစ်ဆိတ်နေပါဦး" ပြောပြောဆိုဆို ဝန်ကြီးချုပ်က ကြေညာလိုက်တယ်။ "ခင်ဗျားအနေနဲ့ ခင်ဗျားရဲ့လူ ဘယ်သူပဲဖြစ်နေနေ ကျွန်တော့်ရုံးထဲမှာ လာထားခွင့်မရှိဘူး။ ထားလို့မရဘူး။ ကျွန်တော့်အတွက် ကျွန်တော့် အလုပ်တွေကို ကျွန်တော်ပဲ ဆုံးဖြတ်မယ်"

"ကျွန်တော်ထင်တာကတော့ ခင်ဗျား ရှက်ကဲဘော့ကို သိပ်သဘောကျ ကျေနပ်နေတယ်" စခရင်ဂျာက အေးစက်စက်နဲ့ ပြန်ပြောလိုက်တယ်။

"ကျွန်တော်ကတော့ ဒီအတိုင်းပဲ ပြောရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ........"

"အဲဒီလိုဆိုရင် ဘာပြဿနာမှ မရှိဘူးပေါ့၊ ဟုတ်လား"လို့ စခရင်ဂျာက ငေါ့လိုက်တယ်။

"ကျွန်တော် ......... အို–အဲဒါပဲ ကောင်းပါတယ်။ ရှက်ကဲဘော့ ဒီမှာဆက်တာဝန်ထမ်းနေသမျှပေါ့။ ဒါ အကောင်းတကာ့ အကောင်းဆုံးပဲ" ဝန်ကြီးချုပ်က မဝံ့မရဲ ပြောလိုက်တာဖြစ်ပေမဲ့ စခရင်ဂျာဟာ သူ့စကားကို လက်ခံမယ့်ပုံ ပေါ်လာတယ်။

"ကဲ–ဒီတစ်ခါ ဟားဘတ်ကောင်လေးရဲ့ ကိစ္စ၊ ခင်ဗျားရဲ့ အငယ်တန်း ဝန်ကြီးပေါ့" စခရင်ဂျာက

ဆက်ပြန်တယ်။ "ဒီတစ်ယောက်ကတော့ သူ့ကိုယ်သူ ဘဲတစ်ကောင်ဖြစ်အောင် အတုလုပ်ပြီး လူထုကို ဖျော်ဖြေနေတဲ့ အတုဝိဇ္ဇာ"

"သူက ဘယ်လို ပတ်သက်လာပြန်တာလဲ" ဝန်ကြီးချုပ်က မေးလိုက်တယ်။

"သူဟာ စေလိုရာစေကျိန်စာရဲ့ စေခိုင်းမှုအတိုင်း တုံ့ပြန်အကောင်အထည်ဖော်ခဲ့တဲ့လူပဲ။ ဦးနှောက်ချောင်တောင်တော်နဲ့။ ဒါပေမဲ့ သူကလည်း အန္တရာယ်ပေးနိုင်တုန်းပဲ" စခရင်ဂျာက စိတ်မရှည်ပေမဲ့ ဖွဲနဲ့ ရှင်းပြနေတယ်။

"သူက ဂတ်ဂတ် ဂတ်ဂတ်လို့ အော်ရုံသက်သက်ပဲဗျာ၊ အနားယူတဲ့သဘောနဲ့ ပြုလုပ်တာတွေရဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်မှာသေချာပါတယ်။ နောက်ပြီး ဒါဟာ သူသောက်တတ်တာအပေါ်မှာ အပြစ်တွေမြင်နေတာလည်း ဖြစ်နိုင်ပါတယ်"လို့ ဝန်ကြီးချုပ်က ဖေးဖေးမမ ပြောတဲ့အခါ–

"စိန့် မန်ဂိုး မှော်ဆိုင်ရာ ရောဂါနဲ့ ဒဏ်ရာအနာတရ ကုသရေးဆေးရုံကြီးက ဆရာဝန်အဖွဲ့ တစ်ဖွဲ့က ခု ကျွန်တော်တို့ စကားပြောနေတုန်းမှာပဲ သူ့ကို ဆေးစမ်းသပ်နေပါပြီ။ ခုအထိတော့ သူဟာ သူတို့ထဲက သုံးယောက်ကိုပဲ လည်မျိုညှစ်သတ်ဖို့ ကြိုးစားခဲ့သေးပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့ကို မတ်ဂဲလ်အဖွဲ့အစည်းထဲကနေ ခေတ္တယာယီထုတ်ပေးထားတာပဲ အကောင်းဆုံးလို့ ကျွန်တော်ထင်တယ်"လို့ စခရင်ဂျာက ပြောပါတယ်။

"ကျွန်တော့်အမြင်အရတော့ သူ ပြန်ကောင်းလာမှာပါပဲ။ မကောင်းနိုင်ဘူးလား"လို့ ဝန်ကြီးချုပ်က စိုးရိမ်တကြီးမေးတယ်။

စခရင်ဂျာက ပခုံးပဲတွန့်ပြလိုက်တယ်။ မီးလင်းဖိုဆီကိုလည်း သူ ပြန်ရွှေ့သွားနေပြီ။

"ကောင်းပါပြီ၊ ဒါတွေဟာ ခင်ဗျားကို ကျွန်တော်ပြောပြစရာရှိတာ အကုန်လုံးပဲ။ နောက်ထပ် အသစ်ဖြစ်ပေါ် တိုးတက်မှုရှိလာတိုင်း ကျွန်တော် တင်ပြအသိပေးပါ့မယ် ဝန်ကြီးချုပ်။ ဒါမှမဟုတ်လို့ အနည်းဆုံး ကျွန်တော်အလုပ်တွေ သိပ်များပြီး ပုဂ္ဂိုလ်အရ ကိုယ်တိုင်လာဖို့ အခက်အခဲ ဖြစ်ကောင်းဖြစ်နေတဲ့အခါမျိုးကျရင်တောင် ဖတ်ချ်ကိုတော့ ကျွန်တော် ဒီကိုလွှတ်လိုက်ပါ့မယ်။ သူကလည်း အကြံပေးတဲ့အပိုင်းက ဆက်နေဖို့ သဘောတူထားပြီးပါပြီ"

စခရင်ဂျာရဲ့ ဒီစကားကိုကြားတော့ ဖတ်ချ်က ပြုံးဖို့ အတင်းကြိုးစားကြည့်ပါတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။ သူ ပြုံးလိုက်တာက သွားကိုက်လို့ မဲ့တာနဲ့ တူနေတယ်။ စခရင်ဂျာကတော့ မီးတောက်ကို အစိမ်းရောင် ဖြစ်အောင် ပြောင်းရမယ့် လျှို့ဝှက်ဆန်းကြယ် အမှုန့်တွေကို သူ့အိတ်ထဲမှာ လိုက်စမ်းမွှေနှောက် ရှာဖွေနေတယ်။ ဝန်ကြီးချုပ်ဟာ တစ်ခဏကြာအောင် မျှော်လင့်ချက် ကင်းမဲ့စွာနဲ့ သူတို့အတွဲကို ငေးကြည့်နေမိပါတယ်။ ဒီတော့မှပဲ တစ်ညနေလုံး သူနှိမ်နင်း တိုက်ခိုက်ရာမှာ ပြောဆိုရမယ့် စကားတွေလည်း နောက်ဆုံးမှာ သူ့ဆီက ပွင့်ထွက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ကောင်းကင်ဘုံအတွက်တော့ ခင်ဗျားတို့ဟာ မှော်ဆရာတွေပါပဲ။ ခင်ဗျားတို့ဟာ စုန်းကဝေ ပဉ္စလက်အတတ်တွေ ကျွမ်းကျင်ကြတယ်၊ လုပ်နိုင်တယ်။ ခင်ဗျားတို့ တကယ့်ကိုပဲ ဘယ်အရာမဆို ဖြေရှင်းနိုင်တာ သေချာပါတယ်"

စခရင်ဂျာဟာ သူရပ်နေရာမှာပဲ ဖြည်းဖြည်းချင်း လှည့်ပြီး ဒီတစ်ကြိမ်မှာတော့ ပြုံးလို့ရသွားပြီဖြစ်တဲ့ဖတ်ချ်နဲ့ တစ်ယောက်ကိုတစ်ယောက် မယုံကြည်သလို အကြည့်တွေနဲ့ အပြန်အလှန် ကြည့်နေတယ်။ ဖတ်ချ်က ဝန်ကြီးချုပ်ကို ကရုဏာနဲ့ ပြောလိုက်ပါတယ်။

"ဒုက္ခကတော့ အခြားတစ်ဖက်ကလည်း ကိုယ့်လိုပဲ မှော်ပဉ္စလက်အတတ်တွေနဲ့ လုပ်နိုင်တာပဲ ဝန်ကြီးချုပ်" တဲ့။

ဒီလိုနဲ့ မှော်ဆရာ စုန်းထီးကြီးနှစ်ယောက်လည်း တစ်ယောက်ပြီးတစ်ယောက် အစိမ်းရောင်မီးတောက်ထဲကို လှမ်းဝင်ပြီး ပျောက်ကွယ်သွားပါတော့တယ်။

ဂဂဂဂဂဂဂဂဂဂ

**အခန်း (၂)**
**ချာလည်မွှေ့သူ၏ နိဂုံး**

ဝန်ကြီးချုပ်ရဲ့ ရုံးခန်းပြတင်းတံခါးတွေမှာ ငြိနေခဲ့ဖူးတဲ့ အေးစက်စက် မြူမှုန်မြူငွေ့တွေဟာ ခုတော့လည်း မိုင်ပေါင်းများစွာဝေးတဲ့ တစ်နေရာက အညစ်အကြေး အမှိုက်သရိုက်တွေ ဗရပွပြန့်ကျဲရှုပ်ပွနေတဲ့ ဇရာမကမ်းနှစ်ဖက်ကြားမှာ ဖြတ်စီးနေတဲ့ ညစ်ညစ်ပတ်ပတ် မြစ်ကြီးတစ်စင်းပေါ်ကို ကျော်လွှားပြီး လေထဲမှာ တရွေ့ရွေ့ တအိအိ လွင့်မျောနေကြပြန်ပါတယ်။

အဲဒီမှာ အသုံးမပြုတော့ဘဲ ပစ်ထားတဲ့ စက်ရုံကြီးတစ်ရုံရဲ့ အမွေလက်ကျန်အဖြစ် ဇရာမကြီးမားတဲ့ မီးခိုးခေါင်းတိုင်ကြီးတစ်ခု ထောင်မတ်နေတာကြောင့် အတိတ်နိမိတ်မကောင်းတဲ့ လက္ခဏာမျိုး အရိပ်မည်းကြီး ဖြစ်ပေါ်ထိုးကျနေတယ်။ အဲဒီမှာ ညစ်ပတ်မည်းချိတ်နေတဲ့ မြစ်ရေတွေစီးသံ တိုးတိုးကလေးကလွဲလို့ တခြား ဘာအသံမှ မကြားရသလို သက်ရှိ အရိပ်အယောင်အနေနဲ့လည်း ညှောင်လိုလို မြေခွေးပိန်တစ်ကောင် မြက်ပင်ရှည်တွေကြားမှာ ငါးကြော်နဲ့ အားလူးချောင်းကြော် ဟင်းကျန်အထုပ်တွေများ ရနိုင်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ နှာခေါင်းကို တရှုံ့ရှုံ့ရှူပြီး အနံ့ခံရင်း အမြီးကုပ်ဆင်းသွားတာကလွဲလို့ ဘာမှ မမြင်မတွေ့ရဘူး။

ဒါပေမဲ့ အဲဒီနောက်မှာတော့ ခပ်တိုးတိုး ခပ်တိမ်တိမ် ဖောက်ခနဲမြည်သွားတဲ့ အသံတစ်ချက်နဲ့အတူ မြစ်ကမ်းစပ်မှာ ပိန်ပိန်ပါးပါးဝတ်ရုံနဲ့ ခေါင်းစွပ်ခြုံထားတဲ့ လူပုံသဏ္ဌာန်တစ်ခု ပါးလွှာတဲ့ လေထုထဲကနေ ဖြုန်းခနဲ ပေါ်ထွက်လာတယ်။ မြေခွေးဟာ ရုတ်တရက် ကြက်သေသေသွားတယ်။ ပြီးတော့ သတိရှိနေတဲ့ မျက်လုံးတွေကို အသစ်ပေါ်လာတဲ့ သူစိမ်းပုဂ္ဂိုလ်ဆန်းပေါ်မှာ မပြတ်တမ်း စူးစိုက်ထားလိုက်တယ်။ ဒီပုဂ္ဂိုလ်ဟာ ခဏတစ်ဖြုတ် ကိုယ်ထင်ပြဖို့ ထွက်ပေါ်လာတာ ဖြစ်မယ်လို့ ထင်ရတယ်။ အဲဒီနောက်

www.burmeseclassic.com

သူဟာ ပေါ့ပါးသွက်လက်တဲ့ ခြေလှမ်းတွေနဲ့ စပြီး ထွက်ခွာသွားတယ်။ မြက်ခင်းတွေပေါ်
ဖြတ်သွားနေတဲ့ သူ့ရဲ့ ဝတ်ရုံရှည်ကြီးကလည်း တရဲရဲမြည်လို့။

စောစောကထက်ပိုပြီး အသံကျယ်တဲ့ ဖောက်ခနဲ မြည်သံနဲ့အတူ ဒုတိယမြောက်ဝတ်ရုံနဲ့
ခေါင်းစွပ်ခြုံထားတဲ့ ပုဂ္ဂိုလ်တစ်ဦး လေထဲကနေ ကိုယ်ထင်ပြလာပြန်တယ်။

"နေဦး"

ဟိန်းထွက်သွားတဲ့ စူးစူးရှရှ အော်လိုက်သံကြောင့် အပင်ပိတ်ပေါင်းတွေအောက်မှာ ပြားချပ်လုနီးပါး
ဝပ်ပုန်းနေတဲ့မြွေခွေး ခေါင်းနားပန်းကြီးသွားအောင် လန့်သွားပါတယ်။ မြွေခွေးဟာ ပုန်းနေတဲ့နေရာက
ခုန်ထပြီး ကမ်းအပေါ်ပိုင်းကို တက်ပြေးတယ်။ ဒီအချိန်မှာ အစိမ်းရောင်အလင်းတစ်ချက် ပြက်ခနဲ
လက်သွားပြီး စူးစူးဝါးဝါး အော်သံတစ်ချက်နဲ့အတူ မြွေခွေးဟာ မြေပြင်ကို နောက်ပြန်လိမ့်ကျလာပြီး
သေသွားပါတော့တယ်။

ဒုတိယပေါ်လာတဲ့ လူပုံသဏ္ဍာန်က မြွေခွေးကို သူ့ရဲ့ ခြေထောက်နဲ့ ကော်ပြီး ဆွဲလှန်လိုက်တယ်။

"ဟာ မြွေခွေးပဲ" မိန်းမတစ်ယောက်ရဲ့ အထင်သေးတဲ့လေသံမျိုး ခေါင်းစွပ်အောက်က ထွက်လာတယ်။
"ဒါပေမဲ့ မှော်ဝန်ကြီးဌာန လက်ရွေးစင်လုံခြုံရေးတပ်ဖွဲ့ဝင် အော်ရာစုန်းတစ်ယောက် ဖြစ်ကောင်း
ဖြစ်နိုင်တယ်။ ဟဲ့ နပုလ္လိုင် ခဏစောင့်ဦး"လို့ သူမက ပြောလိုက်တယ်။

ဒါပေမဲ့ တုံ့ခနဲ ရပ်သွားပြီး အစိမ်းရောင်အလင်းတစ်ချက် ပြက်သွားတာကို သမင်လည်ပြန်
လှည့်လိုက်တဲ့ သူမရဲ့ သားကောင်ကတော့ စောစောက မြွေခွေး ပြန်ပြုတ်ကျလာတဲ့ ကမ်းပါးကိုပဲ
ကုတ်ကတ်တွယ်တက်သွားနေပြီ။

"ဟေ့ နပုလ္လိုင် နာစစ်ဆာ ငါပြောတာကို နားထောင်ဦး"

ဒီလိုနဲ့ ဒုတိယ အမျိုးသမီးဟာ ပထမလူပုံသဏ္ဍာန်ကို ဖမ်းမိသွားပြီး သူမရဲ့ လက်တွေကို ချုပ်ထားပေမဲ့
တစ်ယောက်က ဆောင့်ရုန်း ဆွဲဖယ်ပစ်လိုက်တယ်။

"ပြန်ပါ ဘဲလ်လား"

"နင် ငါ့စကားကို နားထောင်ကို ထောင်ရမယ်"

"ငါ နားထောင်ပြီးပြီလေ၊ ငါ ဆုံးဖြတ်ချက်ချပြီးပြီ။ နင် ပြန်ပါတော့၊ ငါ့ကို လွှတ်ပေးလိုက်ပါဟယ်"

နာစစ်ဆာဆိုတဲ့ မိန်းမ ကမ်းပါးထိပ်ကို ရောက်သွားတယ်။ အဲဒီမှာ မြစ်ကို ဖြစ်ကတတ်ဆန်း
လမ်းကျဉ်းတစ်ခုနဲ့ ပိုင်းခြားထားတဲ့ အရုံအတား လက်ရန်းအဟောင်းကြီးတစ်ခု ရှိနေတယ်။ ဒုတိယမိန်းမ

www.burmeseclassic.com

www.burmeseclassic.com

ဘဲလ်လားကလည်း တစ်ဟုန်ထိုး လိုက်သွားတယ်။ နှစ်ယောက်သား တစ်ဖက်နဲ့တစ်ဖက် အုတ်တိုက်ပျက်တွေ အတန်း အတန်းလိုက်စီနေတဲ့ အပေါ်ကကျော်ပြီး စိမ်းစိမ်းဝါးဝါး ရပ်ကြည့်နေတယ်။ တိုက်တွေရဲ့ ပြတင်းပေါက်တွေကလည်း စိတ်ပျက်စရာကောင်းလောက်အောင် ပျက်နေပြီး အမှောင်ထဲမှာ ကွယ်နေတယ်။

"သူ ဒီမှာ နေတာမဟုတ်လား" ဘဲလ်လားက ဘာမှ ဂရုမစိုက်တဲ့လေသံနဲ့ မေးလိုက်တယ်။ "ဒီနေရာပဲ ဖြစ်မှာပါ။ ဒါ မတ်ဂဲလ်တွေရဲ့ ဒန်းဟီးလ်စခန်းပဲ။ တို့နှစ်ယောက်ဟာ ငါတို့တွေထဲမှာ ပထမဆုံး ဒီနေရာကို ခြေချနိုင်တဲ့သူတွေ ဖြစ်ရမယ်" လို့လည်း ဆက်ပြောလိုက်တယ်။

ဒါပေမဲ့ နာစစ်ဆာက နားထောင်နေတာ မဟုတ်ဘူး။ သူမရဲ့ ဝတ်ရုံဟာ နောက်ဘက်မှာ တလွှားလွှား ဖြစ်နေတယ်။ နာစစ်ဆာကိုလည်း အိမ်တွေကြားက လူသွားလမ်းကြားလေးတစ်ခုကို ဖြတ်ပြီး ဒုတိယမြောက် ဆင်တူ နောက်လမ်းတစ်လမ်းထဲကို တစ်ကြိုးတည်း လှစ်ခနဲ ဝင်ပြေးတာကို မြင်လိုက်ရတယ်။ အဲဒီလမ်းမီးတိုင်တွေ တချို့ ကျိုးကျနေတယ်။ မိန်းမနှစ်ယောက်ဟာ အလင်းရောင်ကျရာနဲ့ မှောင်မိုက်နေတဲ့ နေရာနှစ်ခုစပ်ကြားမှာ ပြေးနေကြတာ ဖြစ်တယ်။ နောက် လိုက်လံ ဖမ်းဆီးသူက သူမရဲ့သားကောင်ကို အကွေ့အချိုးတစ်နေရာမှာ မီသွားပြီး ဖမ်းမိလိုက်တယ်။ ဒီတစ်ကြိမ်မှာတော့ သူမက သားကောင်ရဲ့ လက်မောင်းတွေကို ဆွဲချုပ်ပြီး သူမကိုယ်ကို ဆွဲရမ်းတစ်ပတ်လှည့်ပစ်လိုက်နိုင်တဲ့အတွက် သူတို့ချင်း တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းဆိုင်မိသွားပါတယ်။

"ဟဲ့ နပုလ္လိုင် နင်ဒီလိုမလုပ်ရဘူးလေ၊ နင်သူ့ကို ယုံလို့မဖြစ်ဘူး"

"ဒတ်ခ်လော့ဒ် (အမှောင်သခင်ကြီး)တောင် သူ့ကို ယုံသေးတာပဲ။ သူက မယုံလို့လား"

"ဒတ်ခ်လော့ဒ်က ......... အဲ...... တစ်ခုခုမှားနေပြီလို့ ငါယုံတယ်"

ဘဲလ်လားဟာ ဟောဟဲလိုက်နေတယ်။ ပတ်ဝန်းကျင်မှာ သူတို့နှစ်ယောက်ပဲ ရှိတာလားလို့ စစ်ဆေးတဲ့အနေနဲ့ လှည့်ပတ်ကြည့်လိုက်တဲ့ ခေါင်းစွပ်အောက်က သူမရဲ့ မျက်လုံးတွေ ဝင်းဝင်းတောက်နေတယ်။

"ဘယ်လိုကိစ္စမှာမဆို တို့ရဲ့ အကြံအစည်တွေနဲ့ ပတ်သက်ပြီး ဘယ်တစ်ဦး တစ်ယောက်ကိုမှ မပြောဖို့ တို့ကို ပြောထားတယ်နော်၊ တကယ်လို့ပြောရင် အဲဒါဟာ ဒတ်ခ်လော့ဒ်ကို သစ္စာဖောက်တာပဲ"

"လွှတ်စမ်းပါ ဘဲလ်လားရယ်" နာစစ်ဆာဟာ မချင့်မရဲဖြစ်လာပြီး ကြိမ်းဝါးမာန်ဖီလိုက်ရာက သူမရဲ့ ဝတ်ရုံအောက်က ဆေးကြိမ်လုံးတစ်ချောင်းကို ဆွဲထုတ်ပြီး ကျန်တစ်ယောက်ရဲ့ မျက်နှာကို ချိန်ရွယ်ပြီး ခြိမ်းခြောက်လိုက်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘဲလ်လားကမဖြုံဘဲ ဟက်ဟက်ပက်ပက် ရယ်ပြပါတယ်။

"နပုလ္လိုင်၊ နင်ဟာ ငါ့ညီမအရင်းခေါက်ခေါက်ပဲ ညီမရယ်၊ နင် မလုပ်သင့်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com

"အိုး–ငါမလုပ်နိုင်တာ၊ မလုပ်သင့်တာ ဘာမှမရှိဘူး"

နာစစ်ဆာ အသက်ရှူပြင်းလာသလို သူမရဲ့ အသံထဲမှာ စိတ်တွေ ကယောင်ချောက်ချား ပိုဖြစ်လာတာ ပေါ်လွင်နေတယ်။ သူမက မြှောက်ရွယ်ထားတဲ့ ဓားမြှောင်တစ်ချောင်းလို ဆေးကြိမ်လုံးကို အောက်ကိုချလိုက်ရာမှာ နောက်ထပ် အလင်းရောင်တစ်ခု ပြက်သွားပြီး လောင်ကျွမ်းသွားသလို ခံစားလိုက်ရတဲ့ ဘဲလ်လားဟာ သူမညီမရဲ့ လက်တွေကို လွှတ်ပေးလိုက်ပါတယ်။

"နာစစ်ဆာ"

ဒါပေမဲ့ နာစစ်ဆာကတော့ ရှေ့ဆက်ပြီး တစ်ဟုန်ထိုး ထွက်ပြေးသွားပြီ။ လိုက်သူလည်း တစ်ခါထပ်လိုက်ပြန်တယ်။ ဒီတစ်ခါ သူတို့နှစ်ယောက် လူမနေဘဲ စွန့်ပစ်ထားတဲ့ ဝက်ပါလို အုတ်တိုက်အိမ်တွေရဲ့ အတွင်းပိုင်းကို နက်သည်ထက်နက်အောင် ပြေးလွှားနေကြချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အတော်လေးလှမ်းသွားပြီ။

နောက်ဆုံးမှာ နာစစ်ဆာဟာ 'ချာလည်မွှေ့သူ၏ နိဂုံး'လို့ နာမည်ပေးထားတဲ့ လမ်းထဲကို အသော့ဝင်ရောက်သွားပါတယ်။ အဲဒီမှာ လမ်းရဲ့ အပေါ်ကနေ မျှော်စင်လိုမိုးနေတဲ့ မြင့်မတ်တဲ့ စက်ရုံမီးခိုးခေါင်းတိုင်ကြီးက သတိပေး စကားတွေပြောနေတဲ့ ဗေရာမဘီလူးကြီးတစ်ကောင်ရဲ့ လက်ချောင်းလို လှုပ်ဝဲနေတယ်။ ပျဉ်ကာထားတဲ့ ပြတင်းပေါက် အကျိုးအပျက်တွေကို သူမဖြတ်ပြေးရာမှာ လမ်းခင်းကျောက်ပေါ်ကို ခပ်ပြင်းပြင်းကျနေတဲ့ သူမရဲ့ ခြေသံတွေ၊ နောက်ဆုံး သူမပြေးသွားတဲ့ အိမ်ရောက်တဲ့အထိ ပဲ့တင်ထပ်နေတယ်။ မှိန်ပျပျ အလင်းရောင်တွေ အောက်ထပ်ခန်းရဲ့ ခန်းဆီးလိုက်ကာတွေကို ဖြတ်ပြီး မှုန်ဝါးဝါးလင်းနေတဲ့ အိမ်ကြီးတစ်လုံးပါပဲ။

အသက်ရှူမဝသလို မောဟိုက်ရင်း သူမကို မီလာတဲ့ ဘဲလ်လားရဲ့ ရှေ့ကနေ သူမက တံခါးကို ခေါက်ပါတယ်။ သူတို့နှစ်ယောက် အိမ်ရှေ့မှာ အတူရပ်စောင့်ရင်း အသက်ကို အသာထိန်းရှူနေကြရတယ်။ သူတို့ ရှူနေတဲ့လေထဲမှာ ည လေပြည်လေညင်းတွေ သယ်ဆောင်လာတဲ့ ညစ်ပတ်နေတဲ့ မြစ်ထဲကအနံ့တွေ ပါနေတယ်။

စက္ကန့်အနည်းငယ်အကြာလောက်မှာ တံခါးနောက်က လှုပ်ရှားသံကြားရပြီး တံခါး နည်းနည်းကလေး ဟသွားတယ်။ လူတစ်ယောက်ရဲ့ တစ်စိတ်တစ်ပိုင်းသာ မြင်ရပြီး အဲဒီလူက သူတို့ကို ကြည့်နေတာ မြင်ရတယ်။ နက်မှောင်ရှည်လျားတဲ့ ဆံပင်တွေရှိတဲ့လူ။ ဖြူဖပ်ဖြူရော် ဝါကြန့်ကြန့်မျက်နှာနဲ့ မျက်လုံးနက်နက်တွေ တစ်ဝိုက်မှာ ဇာလွှာပိတ်စချပြီး သူ့ရုပ်ကို ကာကွယ်ထားတဲ့လူ။

နာစစ်ဆာက သူ့ခေါင်းစွပ်ကို နောက်ဘက်ကို ဆွဲလှန်ပစ်လိုက်တယ်။ သူမဟာ အတော်ကလေး ဖျော့တော့တော့ ဖြူရော်ရော်ဖြစ်နေပေမဲ့ အမှောင်ထဲမှာတော့ ဝင်းလက်နေမယ့်ဟန် ရှိတယ်။ နောက်ဘက်ကိုဖွာပြီး လျှော့ချထားတဲ့ ရွှေအိုရောင် ဆံပင်ရှည်ကြီးက သူမကို ရေနှစ်ခံထားရတဲ့လူလို ရွှမ်းရွှမ်းစိုနေစေတယ်။

www.burmeseclassic.com

"နာစစ်ဆာ" တံခါးကို နည်းနည်းကလေး ပိုကျယ်အောင်ဟလိုက်ပြီး အထဲကလူက ခေါ်လိုက်တဲ့အတွက် သူတို့ညီမနှစ်ဦးလုံးအပေါ်ကို အလင်းရောင်ကျလာတယ်။ "မမျှော်လင့်ဘဲတွေ့ရလို့ ဝမ်းသာလိုက်တာ"အထဲကလူက ပြောလိုက်တယ်။

"ဆီဗာရပ်စ်" သူမက ပြန်ပြီး အသံပြုလိုက်ပြီးမှ "ကျွန်မ ရှင့်ကို စကားပြောလို့ ရမလား၊ သိပ်အရေးကြီးပါတယ်"လို့ ဆက်ပြောလိုက်တယ်။

"ဟာ သိပ်ရတာပေါ့"

ပြောပြောဆိုဆို အဲဒီလူက သူ့ကိုဖြတ်ပြီး နာစစ်ဆာ အိမ်ထဲကိုဝင်နိုင်အောင် နောက်ကို ဆုတ်ရပ်လိုက်တယ်။ မျက်နှာဖုံး ခေါင်းစွပ်စွပ်ထားဆဲ သူမရဲ့ အစ်မလည်း မဖိတ်မခေါ်ဘဲ အထဲကို ဝင်လိုက်လာတယ်။

"စနိပ်" အဲဒီလူကို ဖြတ်သွားရင်း သူမက ပြောသွားတယ်။

"ဘဲလားထရစ်စ်ပါလား" ဟိုလူက ပြန်ပြောတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီလူရဲ့ နှုတ်ခမ်းပါးပါးတွေ တွန့်လိမ်သွားပြီး ပမာမခန့်တဲ့သဘောမျိုး ရယ်သွမ်းသွေး သလိုလုပ်ရင်း သူတို့ရဲ့နောက်ကနေ တံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်တယ်။

သူတို့ ဧည့်ခန်းကျဉ်းကျဉ်းကလေးတစ်ခုထဲကို တန်းဝင်သွားကြတယ်။ အခန်းက မှောင်ပြီး စိတ္တဇဝေဒနာရှင်တွေ စိတ်ကြွပြီး ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာရင် ဒဏ်ရာအနာတရမဖြစ်အောင် ဖုန်တွေ၊ အခုအခံ အကာအကွယ်တွေ တပ်ထားတဲ့ အခန်းမျိုး။ ဒါပေမဲ့ တကယ်မှာတော့ နံရံတွေအားလုံးကို စာအုပ်တွေနဲ့ လုံးလုံး အပြည့်ဖုံးကာထားပြီး စာအုပ်အများစုကို အနက် သို့မဟုတ် အညိုရောင် သားရေဖုံးတွေနဲ့ ချုပ်ထားတယ်။ ဖြစ်သလို စုချထားတဲ့ ဖန်တစ်ရာတေအောင် သုံးထားလို့ နွမ်းဟောင်းရိပါးနေတဲ့ ဆိုဖာတစ်လုံး၊ လက်တင်ပါတဲ့ ကုလားထိုင်အဟောင်း တစ်လုံးနဲ့ ခနော်နီ ခနော်နဲ့ စားပွဲတစ်လုံးကို မျက်နှာကြက်မှာဆွဲထားတဲ့ ဖယောင်းတိုင် ထည့်ထားတဲ့ မီးအိမ်ရဲ့ အလင်းရောင် မှုန်မွှားမွှားအောက်မှာ တွေ့ရတယ်။ အခန်းက လူအမြဲတမ်း မနေတဲ့ အခန်းလို လေလည်းမရတဲ့ အခန်းပဲ။

စနိပ်က နာစစ်ဆာကို ထိုင်ဖို့ ဆိုဖာတစ်လုံးစီကို အမူအရာနဲ့ ညွှန်ပြလိုက်တယ်။ နာစစ်ဆာက သူမရဲ့ ဝတ်ရုံကို ချွတ်ချပြီး ဘေးမှာချထားပြီးမှ ထိုင်ချတယ်။ သူမရဲ့ ပေါင်ပေါ်မှာ ယှက်တင်ထားတဲ့ လက်တွေလည်း တုန်တုန်ယင်ယင် ဖြစ်နေတယ်။ ပြီးတော့ ဖြူရော်ရော်ဖြစ်နေတဲ့ အဲဒီလက်တွေကို နာစစ်ဆာ စိုက်ကြည့်နေတယ်။ ဘဲလ်လားတရစ်စ်ကတော့ သူမရဲ့ ခေါင်းစွပ်ကို အောက်ကို ပိုငိုက်ကျသွားအောင် ဖြည်းဖြည်းချင်း မသိမသာဆွဲချပြီး စနိပ်ကို ငေးကြည့်ရင်းနဲ့ နာစစ်ဆာရဲ့ နောက်ကို သွားရပ်နေတယ်။

www.burmeseclassic.com

သူမရဲ့ ညီမလိုပဲ အသားညိုမှောင်တဲ့ ဘဲလ်လားထရစ်စ်ဟာ ကြည့်ပျော်ရှုပျော်တဲ့ ရုပ်ရည်ရှိရုံမကဘဲ ထူးခြားတဲ့ မျက်ခွံတွေကို ပိုင်ဆိုင်ထားပြီး သန်မာတဲ့ မေးရိုးကြီးလည်း ရှိတယ်။

"ကဲ–ခင်ဗျားအတွက် ကျွန်တော် ဘာလုပ်ပေးရမှာလဲ"

ညီအစ်မနှစ်ယောက်နဲ့ မျက်နှာချင်းဆိုင် လက်တင်ကုလားထိုင်မှာ သွားထိုင်ချရင်း စနိပ်က မေးတယ်။

"ကျွန်မတို့ ...... ကျွန်မတို့နဲ့အတူ ဘယ်သူမှမရှိဘဲ အထီးကျန်ဖြစ်နေတယ်"လို့ နာစစ်ဆာက ဖြေတယ်။ "ကျွန်တော်ပြောတာ မမှန်ဘူးလား"လို့လည်း မေးလိုက်တယ်။

"ဟုတ်တယ် အမှန်ပဲ၊ ကောင်းပြီလေ၊ 'ပိုးမြီးရှည်လည်း ဒီမှာရှိတယ်။ ဒါပေမဲ့ ကျုပ်တို့က ဒီပိုးမွှားလေးကောင်တွေကို ထည့်မတွက်ပါဘူး"လို့ စနိပ်က ပြန်ပြောတယ်။

စနိပ်က သူ့နောက်ကျောဘက်က စာအုပ်နံရံကြီးကို ဆေးကြိမ်လုံးနဲ့ ချိန်ရွယ်လိုက်ရာမှာ ဂျိန်းခနဲမြည်သံကြီးနဲ့အတူ တံခါးဝှက်တစ်ခု ဝုန်းခနဲ ပွင့်သွားပြီး လှေကားအုံကျဉ်းကျဉ်းတစ်ခု ပေါ်လာတယ်။ လှေကားအုံပေါ်မှာ မှင်တက်မိပြီးကြည့်နေတဲ့ လူကောင်သေးသေးကလေးတစ်ယောက် ရပ်နေတာ တွေ့ရတယ်။

"ကဲ ပိုးမြီးရှည်ရေ၊ မင်းကို ကြိုတင် အသိပေးထားတဲ့အတိုင်း ဒီမှာ ငါတို့ဆီမှာ ဧည့်သည်တွေ ရောက်နေကြပြီ"လို့ စနိပ်က ပြောလိုက်တယ်။

တစ်စတစ်စနဲ့ အသေအချာပေါ်လာတဲ့ အဲဒီလူဟာ ကျောမှာ ဘုကြီးနဲ့ ခါးကုန်းကြီးတစ်ယောက် ဖြစ်နေတယ်။ သူက နောက်ဆုံးလက်ကျန် လှေကားထစ် အနည်းငယ်ကို နင်းဆင်းပြီး အခန်းထဲကို ဝင်လာတယ်။ သူ့မျက်လုံးတွေက သေးသေးလေး။ ပြီးတော့ အရည်တွေ စိုရွှမ်းနေတယ်။ နှာခေါင်းက ချွန်ချွန်၊ အမြင်ကတ်စရာ တမင်လုပ်ထားတဲ့ အပြုံးနဲ့ မသတီစရာ ကောင်းနေတယ်။ သူက သူ့ရဲ့ ဘယ်လက်နဲ့ ငွေလက်အိတ်ကြီး တစ်ဝင်းဝင်းစွပ်ထားတဲ့ ညာလက်ကို အသာအယာ ပွတ်သပ်နေတယ်။

"နာစစ်ဆာ" သူက တံခါးအဖွင့်အပိတ်မှာ မြည်တတ်သလို တကျွိကျွိမြည်တဲ့ အသံမျိုးနဲ့ ခေါ်လိုက်တယ်။ "သြော်........ ဘဲလ်လားထရစ်စ်လဲ ပါတာကိုး၊ တွေ့ရတာ စိတ်ချမ်းသာလိုက်တာ"လို့လည်း လုပ်နေပြန်တယ်။

"ပိုးမြီးရှည်က ကျွန်တော်တို့အတွက် သောက်စရာ စီစဉ်ပေးပါလိမ့်မယ်။ တကယ်လို့ ခင်ဗျားတို့ သောက်ချင်ရင်ပေါ့လေ။ ပြီးရင် သူ့အိပ်ခန်းသူ ပြန်ရုံပဲ"ဆိုပြီး စနိပ် ဝင်ပြောလိုက်တဲ့ စကားကြောင့် ဝေါင်းမ်တေးလ်ရဲ့ မျက်နှာ ရှုံ့မဲ့နေတယ်။ သူက စနိပ်ရဲ့မျက်လုံးတွေနဲ့ ရင်မဆိုင်မိအောင်ရှောင်ရင်း တကျိုကျို ပြန်ပက်ပါတယ်။

"ကျွန်တော် ခင်ဗျားကျွန် မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါတယ်ကွာ၊ မင်းဟာ ငါ့ရဲ့ ကျွန် မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့ကို ဒတ်ခ်လော့ဒ်က အထင်ကြီးသဘောကျလို့ ငါလိုအပ်တာတွေ အကူအညီပေးရအောင် မင်းကို ဒီကိုပို့ထားတာ မဟုတ်ဘူးလား"

"အကူအညီပေးဖို့ ........ ဟုတ်တယ်လေ အကူအညီပေးဖို့၊ ဒါပေမဲ့ ခင်ဗျားသောက်ဖို့ အရက်ပြင်ပေးဖို့တို့၊ ခင်ဗျားအိမ်ကို သန့်ရှင်းရေးလုပ်ပေးဖို့ ဆိုတာတွေ မပါဘူး"

"အိုး အိုး........ ငါ့မှာ ဒီလိုသဘောမျိုး မရှိပါဘူး ဝေါင်းမ်တေးလ်ရယ်၊ အမှန်တော့ မင်းကိုယ်တိုင် အန္တရာယ်ပိုများတဲ့ အလုပ်တွေကို မက်မက်မောမော လုပ်ချင်နေလို့ ဖြစ်မှာပါ" စနိုပ်က သိမ်သိမ်မွေ့မွေ့ အပြောလေးနဲ့ အပျော့ဆွဲလိုက်တယ်။ "ဒါက လွယ်လွယ်ကလေး။ ငါ ဒတ်ခ်လော့ဒ်ကို ပြောလိုက်မယ်လေ"

"ကျွန်တော် ပြောချင်ရင် ကျွန်တော့်ဘာသာပြောလည်း ရပါတယ်ဗျ"

"ဟုတ်သားပဲ မင်းပြောလည်း ရပါတယ်" စနိုပ်က သရော်ပြုံးနဲ့ ခေါင်းတညိတ်ညိတ် ပြောလိုက်တယ်။ "ကဲ အဲဒါ ထားပါ၊ အချိန်ရှိတုန်း သောက်စရာလေးတွေ ယူခဲ့ပါဦး၊ နတ်သူငယ်ဝိုင်ပဲ လုပ်ပေးပါကွာ"

ဝေါင်းမ်တေးလ် ဘာလုပ်ရမှန်းမသိဘဲ ချီတုံချတုံ ဖြစ်နေတယ်။ ကြည့်ရတာ သူ ထပ်အတွန့်တက်ဦးမယ့်ပုံမျိုးပဲ။ ဒါပေမဲ့ ပြီးတော့လည်း သူဟာ ဒုတိယလျှို့ဝှက် တံခါးဆီကို လှည့်ထွက်သွားတာပါပဲ။ အဲဒီကနေ အသံဗလံတွေ၊ ဖန်ခွက်ချင်း ထိခတ်မိလို့ တချွင်ချွင်မြည်နေတဲ့ အသံလေးတွေ ကြားနေရတယ်။ စက္ကန့်ပိုင်းပဲ ကြာတယ်။ သူ ပြန်ရောက်လာတယ်။ သူ့လက်ထဲမှာ မွဲညစ်ညစ်အရောင် ပုလင်းတစ်လုံးနဲ့ ဖန်ခွက်သုံးလုံးပါတဲ့ လင်ပန်းတစ်ချပ်နဲ့။ သူက အဲဒါတွေကို ခနော်နီ ခနော်နဲ့စားပွဲပေါ် တင်လိုက်တယ်။ ပြီးတော့ သူတို့ ရှေ့မြင်ကွင်းကနေ သုတ်သုတ် သုတ်သုတ် သူထွက်သွားပြီး စာအုပ်တွေနဲ့ ကာထားတဲ့ တံခါး 'ဂျိုင်း'ခနဲ ပိတ်သွားသံ ကြားလိုက်ရတယ်။

စနိုပ်က သွေးလို ရဲရဲနီနေတဲ့ ဝိုင်တွေကို ဖန်ခွက်သုံးခွက်ထဲ မျှလောင်းထည့်လိုက်တယ်။ ပြီးတော့ ညီအစ်မနှစ်ယောက်ကို ကမ်းပေးတယ်။ နာစစ်ဆာက "ကျေးဇူးပဲ ကျေးဇူးပဲ"လို့ တတွတ်တွတ် ပြောနေပေမဲ့ ဘဲလ်လားထရစ်စ်က အသံ တိတ်နေတယ်။ ဒါပေမဲ့ စနိုပ်ကိုတော့ စိမ်းစိမ်းဝါးဝါး ဆက်ကြည့်နေတုန်းပဲ။ သို့ပေမဲ့ စနိုပ်ကလည်း ဟန်မပျက်ဘူး။ သူ့ကြည့်ရတာ သဘောကျနေသလိုလို ဘာလိုလိုနဲ့။

"အမှောင်သခင်ကြီး ဒတ်ခ်လော့ဒ် အတွက်"

စနိုပ်က အဲဒီလိုပြောပြီး သူ ဖန်ခွက်ကို မြှောက်လိုက်တော့ ညီအစ်မနှစ်ယောက်ပါ ပုံစံတူ လိုက်မြှောက်ပြီး "အမှောင်သခင်ကြီး ဒတ်ခ်လော့ဒ် အတွက်"လို့ ဆိုလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

စနိုပ်က လျော့သွားတဲ့ ဖန်ခွက်တွေထဲကို ဝိုင်တွေ ထပ်ဖြည့်လိုက်တယ်။ နာစစ်ဆာက သူမရဲ့ ဒုတိယမြောက်ခွက်အဖြစ် ကောက်ယူပြီး တစ်ငုံစုပ်လိုက်ရင်း ကမန်းကတန်း ပြောတယ်။ "ဆီးဗာရပ်စ် ကျွန်မ ဒီကိုမလာသင့်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဘယ်သူ့ကိုမှ ထုတ်မပြောဖို့ ကျွန်မကို ပြောထားပါတယ်။ ဒါပေမဲ့ ......."

"ဒါ့ကြောင့် နင်အာမချောင်ဘဲ နှုတ်ထိန်းဖို့သင့်တယ်" ဘဲလ်လားထရစ်စ်က ဒေါသတကြီး မာန်ဖီပြီးပြောတယ်။ "အထူးသဖြင့် နင် ဒီမှာ ခုရှိနေတဲ့ အဖွဲ့ကို မပြောသင့်ဘူး"

"ဘယ်လို ဒီမှာ ရှိနေတဲ့အဖွဲ့ ဟုတ်လား" စနိုပ်က လှောင်သရော်သံနဲ့ ဝင်တောက်လိုက်တယ်။ "ခင်ဗျား ဘာကြောင့် ဒီလိုပြောတယ်ဆိုတာ ကျွန်တော် နားကိုမလည်ဘူး ဘဲလ်လားထရစ်စ်"

"ဒါလား ရှင်းနေတယ်လေ။ ကျွန်မ ရှင့်ကို မယုံဘူး။ ရှင် ကောင်းကောင်း သိပါတယ်"

နာစစ်ဆာဆီက အသံထွက်လာတယ်။ မျက်ရည်မထွက်နိုင်ဘဲ ကျိတ်ပြီး ရှိုက်ရှိုက်ငိုနေတဲ့ အသံ။ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုနေတာ။ စနိုပ်က သူ့လက်ထဲက ဖန်ခွက်ကို စားပွဲပေါ်ကို ချထားလိုက်ပြီး နေရာမှာ ပြန်ထိုင်တယ်။ သူ့လက်တွေကို ကုလားထိုင် လက်တန်းပေါ်မှာ တင်ထားတယ်။ ဒေါသဖြစ်နေတဲ့ ဘဲလ်လားထရစ်စ်ရဲ့ မျက်နှာကို စိမ်းစိမ်းဝါးဝါး ကြည့်ပြီးတော့ ပြုံးနေတာလည်း ဖြစ်တယ်။

"နာစစ်ဆာရေ၊ ဘဲလ်လားထရစ်စ် ဘာတွေ ပေါက်ကွဲပြောချင်တာလဲဆိုတာ ကျွန်တော်တို့တွေ အရင်နားထောင်သင့်တယ် ထင်တယ်။ ဒါမှ ငြီးငွေ့စရာတွေနဲ့ ကြားကဖြတ်ပြီး အနှောင့်အယှက်ပေးနေတာက လွတ်သွားမယ်။ ကဲ-ဆက်စမ်းပါဦး ဘဲလ်လားထရစ်စ်၊ ခင်ဗျားက ကျွန်တော့်ကို ဘာကြောင့်မယုံတာလဲ" စနိုပ်က ပြောလိုက်တယ်။

"အိုး အကြောင်းပြစရာ တစ်ရာတောင်မကဘူး" သူမက ကျုံးအော်ပြောလိုက်တယ်။ ဆိုဖာနောက်က ထွက်လာပြီးတော့လည်း လက်ထဲက ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်တယ်။ "ဘယ်က စပြောရမလဲ၊ ဟုတ်ပြီ၊ ဒတ်ခ်လော့ဒ် ကျသွားတုန်းက ရှင် ဘယ်မှာရှိနေလဲ။ သူ ပျောက်သွားချိန်မှာ သူ့ကိုရှာတွေ့ဖို့ ရှင် ဘာဖြစ်လို့ နည်းနည်းလေးမှ မကြိုးစားခဲ့တာလဲ။ နောက် ဒမ်ဘဲလ်ဒိုးရဲ့ အိတ်ကပ်ထဲမှာ ရှင်နေနေတဲ့ ဒီနှစ်တွေအတွင်းမှာ ရှင်ဘာတွေ လုပ်နေခဲ့လဲ။ ဒတ်ခ်လော့ဒ်က မှော်ဆရာရဲ့ ကျောက်တုံးကို အရယူတာကို ရှင် ဘာဖြစ်လို့ ဝင်တားခဲ့တာလဲ။ ဒတ်ခ်လော့ဒ် နောက်တစ်ကြိမ် ပြန်ပေါ်လာချိန်မှာ ရှင် ဘာဖြစ်လို့ ချက်ချင်းပြန်မလာတာလဲ။ ပြီးခဲ့တဲ့အပတ်တွေက ဒတ်ခ်လော့ဒ်အတွက် ဟောစာတမ်းကို ပြန်သိမ်းယူနိုင်ဖို့ ကျွန်မတို့ တိုက်ပွဲထဲရောက်နေချိန်မှာ ရှင်က ဘယ်မှာလဲ။ ကဲ-ဘာဖြစ်လို့လဲ ပြောစမ်းပါ စနိုပ်။ ၅နှစ်လောက် ရှင့်လက်ခုပ်ထဲ ရောက်နေပြီး ရှင်ပြုသမျှ နုရမယ့် ဟယ်ရီပေါ်တာရော အသက်ရှင်နေတုန်းပဲလား"

ဒေါနဲ့မောနဲ့ အရှည်ကြီး ပြောချလိုက်ပြီး ရပ်သွားချိန်မှာ သူမရဲ့ ရင်ဘတ်ဟာ မြန်နှုန်းမြင့်စွာ နိမ့်ချည်မြင့်ချည် ဖြစ်နေပါတယ်။ ပါးနှစ်ဖက်လုံးလည်း နီရဲလို့။ သူမရဲ့ နောက်မှာထိုင်နေတဲ့

www.burmeseclassic.com

နာစစ်ဆာကတော့ မလှုပ်မယှက်မျက်နှာနဲ့ လက်ဝါးအပ်ထားဆဲပဲ။

စနိပ်က ပြုံးလိုက်တယ်။

"ဟုတ်ပါပြီ ဘဲလ်လားထရစ်စ်၊ ကျွန်တော် ဖြေပါ့မယ်။ ခင်ဗျားအနေနဲ့ ကျွန်တော် ပြောတာတွေကို ကျွန်တော့်နောက်ကွယ်မှာ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေတဲ့ တခြားဘယ်သူ့ဆီကိုမဆို ယူသွားနိုင်ပါတယ်။ ပြန်ဖောက်သည်ချမယ် ဆိုလည်းရတယ်။ ကျွန်တော့်ရဲ့ ဒတ်ခ်လော့ဒ်အပေါ် သစ္စာဖောက်တဲ့လုပ်ဇာတ်လမ်းတွေဆင်ပြီး ပြောချင်သလို ပြောလို့ရတယ်။ ဒါပေမဲ့ ကျွန်တော် စမဖြေခင် ခင်ဗျားကို တစ်ခွန်းလောက် ပြန်မေးစမ်းပါရစေလား။ အဲဒါကတော့ ခင်ဗျားဟာ ဒတ်ခ်လော့ဒ်အနေနဲ့လည်း ခု ခင်ဗျားမေးတဲ့မေးခွန်းမျိုး တစ်ခွန်းမကျန် ကျွန်တော့်ကို မမေးခဲ့ဘူးလို့ တကယ်ထင်နေတာလား။ ပြီးတော့ ခင်ဗျားဟာ ဒီမေးခွန်းတွေ အားလုံးအတွက် ကျေနပ်လောက်စရာ အဖြေမျိုး မပေးနိုင်ဘူးလို့ တကယ် ထင်နေတာလား။ ကျွန်တော် ဘယ်မှထမပြေးဘူး။ ဒီမှာပဲ ထိုင်ပြီး ခင်ဗျားကို ပြောပြမယ်"လို့ စနိပ်က ဆိုလိုက်တော့ ဘဲလ်လား ဇဝေဇဝါဖြစ်ပြီး တစ်ချက်တွေသွားတယ်။

"သူက ရှင့်ကို ယုံမယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့....."

"ဒါဆို သူမှားတယ်လို့ ခင်ဗျားထင်နေတာပေါ့။ ဒါမှမဟုတ်ရင် ကျွန်တော်ကပဲ သူ့ကို တစ်နည်းနည်းနဲ့ လှည့်စားတစ်ပတ်ရိုက်ပြီး လုပ်ခဲ့တယ်လို့ ခင်ဗျားထင်တယ်ပေါ့။ ဒတ်ခ်လော့ဒ်ဟာ အကြီးကျယ် အထူးခြားဆုံး မှော်ဆရာ၊ ကမ္ဘာ့ရှိရှိသမျှ မှော်ဆရာထဲမှာ စွမ်းရည်အထက်မြက် အပြည့်ဝဆုံး မှော်ဆရာဗျ"

ဘဲလ်လားထရစ်စ် ဘာမှမပြောတော့ဘူး။ ဒါပေမဲ့ ပထမဆုံးအကြိမ်အဖြစ် သူမ အနေရခက်ပြီ ကသိကအောက် ဖြစ်သွားတယ်။ စနိပ်က ဒါကို မသိသလိုလုပ်နေတယ်။ သူက ဖန်ခွက်ကိုကောက်ယူပြီး စုပ်သောက်ရင်း ဆက်ပြောလိုက်တယ်။ "ခင်ဗျားက မေးတယ်၊ ဒတ်ခ်လော့ဒ် ကျသွားချိန်မှာ ကျွန်တော် ဘယ်ရောက်နေသလဲတဲ့။ ကျွန်တော်ဟာ သူ့အမိန့်ပေးတဲ့အတိုင်း ဟော့ဝပ်စ်စုန်းကဝေအောက်လမ်းပညာနဲ့ မှော်ဆရာသင်တန်းကျောင်းမှာ ရှိနေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက အဲလ်ဘတ်စ် ဒမ်းဘဲလ်ဒိုးကို ထောက်လှမ်းသူလျှိုလုပ်ဖို့ ကျွန်တော့်ကို ခိုင်းထားလို့လေ။ ဒါဟာ ကျွန်တော့်ကိုပေးထားတဲ့ ရာထူးတာဝန်အရ ဒတ်ခ်လော့ဒ်ရဲ့ အမိန့်ကို ကျွန်တော် လိုက်နာတာပဲ"

ဘဲလ်လားထရစ်စ် မသိမသာ ခေါင်းညိတ်လိုက်မိတယ်။ ပြီးတော့ တစ်စုံတစ်ခု ပြောတော့မလို ပါးစပ်ဟလိုက်တယ်။ ဒါပေမဲ့ ဘဲလ်လား ဘာမှမပြောနိုင်ခင် စနိပ်က ဖြတ်ပြောတယ်။

"ခင်ဗျားက ကျွန်တော့်ကို သူပျောက်သွားချိန်မှာ သူ့ကို ပြန်တွေ့ဖို့ ကျွန်တော် ဘာလို့ မကြိုးစားသလဲလို့ မေးတယ်။ အေဗရီ၊ ယတ်စလီ၊ ကာရိုးစ်၊ ဂရေးဘက်ခ်နဲ့ လူစီယပ်စ်တို့ရဲ့ အကြောင်းပြချက်အတိုင်းပဲ" ဒီနေရာမှာ စနိပ်ဟာ နာစစ်ဆာကို အသာ ခေါင်းငဲ့ကြည့်လိုက်တယ်။ တခြားလူတွေ အများကြီးလည်း သူ့ကိုပြန်တွေ့ဖို့ မကြိုးစားခဲ့ပါဘူး။ တကယ်လို့ အဲဒီအချိန်က အယုံအကြည်မဲ့ခံနေရတဲ့

www.burmeseclassic.com

ကျွန်တော်တို့အပေါ်မှာ သူ ခွင့်မလွှတ်ခဲ့ရင် သူ့မှာ နောက်လိုက် နည်းနည်းလေးပဲ ကျန်မယ်"

"သူ့အတွက် အက်ဖ်ကာဘန်မှာ နှစ်ပေါင်းများစွာ အလုပ်လုပ်ပေးနေခဲ့ရတဲ့ ကျွန်မကိုတော့ သူ ယုံတယ်လေ" ဘဲလ်လားထရစ်စ်က ပြောချင်ဇောနဲ့ ပြောလိုက်တယ်။

"ဟုတ်ကဲ့၊ တကယ့်ကို လေးစားစရာ အကောင်းဆုံးပါပဲ" စနိပ်က စိတ်ပျက်တဲ့လေသံနဲ့ ပြောတယ်။ "အမှန်တော့ ခင်ဗျားက သူ့အတွက် အကျဉ်းထောင်ထဲမှာ တကယ် အသုံးမဝင်ခဲ့ပါဘူး။ ဟန်ပြကောင်းတာ သက်သက်ဆိုတာ သံသယ ဖြစ်စရာ မရှိပါဘူးဗျာ"

"ဘာ–ဟန်ပြ၊ ဟုတ်လား" ဘဲလ်လားထရစ်စ်ရဲ့ အသံ စူးခနဲ ထွက်လာတယ်။ ဒေါသထွက်လွန်းလို့ သူမဟာ နည်းနည်းတောင် ရူးသလိုလို ဖြစ်သွားတယ်လို့ ထင်ရတယ်။ "ကျွန်မ စိတ်ရူးပေါင်ကောင်တွေကို တောင့်ခံနေရတုန်းမှာ ရှင်က ဒမ်းဘဲလ်ဒိုးရဲ့ အချစ်တော်အဖြစ်နဲ့ ဟော့ဝပ်စ်မှာ ဇိမ်ကျနေတာ မဟုတ်လား"

"လုံးဝ မဟုတ်ဘူး" စနိပ်က အေးအေးဆေးဆေးပဲ ပြန်ပြောတယ်။ "သူ ကျွန်တော့်ကို ဒတ်ခ်အတ်စ်ရဲ့ အန္တရာယ်က အကာအကွယ် မပေးခဲ့ဘူးလေ။ ခင်ဗျား သိနေတာပဲ။ ဒါဟာ ခင်ဗျား ကျွန်တော့်ကို ဆွပေးနေတာမဟုတ်လား"

"သြော်–ဒါ ရှင် ဒတ်ခ်လော့ဒ်အတွက် အနစ်နာခံတယ် ဆိုတာလား" သူမက လှောင်ပြောင် ငေါ့ထေ့ရင်း မေးလိုက်တယ်။ ရှင် ဘာဖြစ်လို့ ဟိုမှာ တစ်ချိန်လုံး နေခဲ့တာလဲ။ ဒမ်းဘဲလ်ဒိုးကို ထောက်လှမ်းဖို့ ရှင့်ကိုတာဝန်ပေးတဲ့ ကိုယ့်လူကြီးကို သေပြီလို့ ယူဆထားမှတော့ ရှင် ဘာလို့ အဲဒီမှာ သူလျှိုဆက်လုပ်ပေးစရာလိုလဲ"

"သြော် လက်ပေါက်ကတ်လိုက်တာ။ ကျွန်တော့်ရာထူးအလုပ်ကို ကျွန်တော် ဘယ်တော့မှ မစွန့်မှာကို ဒတ်ခ်လော့ဒ်ကိုယ်တိုင် ကျေကျေနပ်နပ် ဖြစ်နေတာများဗျာ။ သူ ပြန်ရောက်လာရင် ဒမ်းဘဲလ်ဒိုးကို ကျွန်တော် ၁၆နှစ်လုံးလုံး ထောက်လှမ်း ရရှိထားတဲ့ သတင်းတွေ ကျွန်တော့်မှာ ရှိနေတယ်လေ။ မဆုံးနိုင်တဲ့ အက်ဖ်ကာဘန်ဟာ ဘယ်လို မနှစ်မြို့စရာကောင်းတယ်ဆိုတဲ့ သတိရတမ်းချင်းတွေနဲ့စာရင် သူ့ကို ပြန်လည်ကြိုဆိုရာမှာ ပိုမိုအသုံးဝင်မယ့် သတင်းတွေပဲ"

"ဒါပေမဲ့ ရှင် နေခဲ့တာတော့ နေခဲ့တာပဲလေ"

"ဟုတ်တယ် ဘဲလ်လားထရစ်စ်၊ ကျွန်တော် နေနေပါတယ်" ပတမဆုံးအကြိမ် စိတ်မရှည်တော့တဲ့ လက္ခဏာ စနိပ်ဆီက ပြလာတယ်။ "ကျွန်တော့်မှာ အဆင်ပြေတဲ့ အလုပ်တစ်ခုရှိနေတဲ့ အက်ဖ်ကာဘန်ကာ တာဝန်ကို ကျွန်တော် ပိုသဘောကျတယ်။ သူတို့ မရဏစားစုန်းကောင်တွေကို စုနေတာ ခင်ဗျား သိပါတယ်။ ဒမ်းဘဲလ်ဒိုးက ကျွန်တော့်ကို ထောင်ပြင်ရောက်အောင် ကာကွယ်ပေးခဲ့တယ်။ အဲဒါ အရမ်းကို အဆင်ပြေတဲ့အတွက် အဲဒီလိုပဲ လုပ်လိုက်တာပဲ။ ကျွန်တော် အဲဒီလိုနေခဲ့တာကို အမှောင်သခင်ကြီးကတောင် ဘာမှ မပြောတာ။ ခင်ဗျားလာပြောတာကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

အရေးမလုပ်ဘူး”

“ခင်ဗျား နောက်ထပ် သိချင်တာ ရှိဦးမယ်လို့ ကျွန်တော် ထင်တယ်။ သူက စကား ဆက်ပြန်တယ်။ ဘဲလ်လားထရစ်စ်က တစ်ချိန်လုံး ကြားဖြတ်ပြောမယ်လုပ်နေလို့ စိတ်ဆိုးပြီး အသံလည်းကျယ်လာတယ်။ “ဘာဖြစ်လို့ ဒတ်ခ်လော့ဒ်နဲ့ မော်ကျောက်တုံးကြားမှာ ကျွန်တော် ဝင်ရပ်နေခဲ့တာလဲဆိုတော့ အဖြေက ရှင်းနေတာပဲ။ သူက ကျွန်တော့်ကို ယုံရကောင်းမလား၊ မယုံရကောင်းမလား မသိဘဲ ဖြစ်နေတယ်။ သူကလည်း ခင်ဗျားတွေးသလို တွေးတာပေါ့။ ကျွန်တော်ဟာ ဒမ်းဘဲလ်ဒိုးရဲ့ ခိုင်းဖတ် သစ္စာရှိ မရဏစားသုံးသူဘဝက လာတဲ့သူပေါ့။ သူဟာ သိပ်သနားစရာကောင်းပြီး အရမ်းအားနည်းနေတယ်။ သာမညောင်ည မော်ဆရာတစ်ယောက်ရဲ့ ခန္ဓာကိုယ်ပဲ သူ ပိုင်ထားတယ်။ သူ့အခြေအနေကို မဟာမိတ်ကောင်း တစ်ယောက်ယောက်ကိုတောင် သူ ထုတ်မပြောရဲဘူး။ ဒမ်းဘဲလ်ဒိုး ဒါမှမဟုတ် ဝန်ကြီးဌာနလက်ထဲ ရောက်သွားမှာစိုးလို့ သူ ကျွန်တော့်ကို မယုံတာကို ကျွန်တော် သိပ်စိတ်ထိခိုက်ရတယ်။ သုံးနှစ်လောက်ပဲကြာရင် သူ အာဏာပြန်ရမှာ မဟုတ်လား။ မတန်မရာ လောဘကြီးတဲ့ ကွာရဲလ်ကလည်း ဒီ မော်ကျောက်တုံးကို ခိုးဖို့ကြိုးစားနေတာ မဟုတ်လား။ ဒီတော့ ကျွန်တော် ဝန်ခံတယ်။ သူမရအောင် ကျွန်တော် နည်းမျိုးစုံနဲ့ လုပ်ခဲ့တယ်”

ဘဲလ်လားထရစ်စ်က အခံရခက်တဲ့ဆေး သောက်ရသလို သူမရဲ့ နှုတ်ခမ်းတွေကို ရှုံ့မဲ့ပစ်လိုက်တယ်။

“ဒါပေမဲ့ သူ ပြန်ရောက်လာချိန်မှာ ရှင် ပြန်မလာဘူး။ ရှင်ဟာ ဒတ်ခ်မတ်ခ် လောင်ကျွမ်းခံရတယ်ဆိုတာ သိသိချင်း သူ့ဆီ ချက်ချင်း အပြေးအလွှား မသွားခဲ့ပါဘူး”

“မှန်တယ်၊ ကျွန်တော် နှစ်နှစ်ကြာမှ ပြန်လာတယ်။ ဒါပေမဲ့ အဲဒါလည်း သူ့အမိန့်ပဲ”

“ဘာလဲ၊ ဒမ်းဘဲလ်ဒိုးရဲ့ အမိန့်လို့ ပြောတာလား” သူမက ဒေါသနဲ့ စအော်လိုက်တယ်။

စနိပ် စိတ်မရှည်တော့ပြန်ဘူး။ “စဉ်းစားစမ်းပါ၊ နှစ်နာရီလောက်ပဲ စောင့်ပြီးတာနဲ့ ကျွန်တော် ဟော့ခ်ဝပ်စ်မှာ သူလျှိုတစ်ယောက်အနေနဲ့ ဆက်နေလို့ရသေးတာ ကျွန်တော် သေချာသွားတယ်။ ကျွန်တော်ဟာ ဒတ်ခ်လော့ဒ်ဘက်ကို ပြန်သွားလိမ့်မယ်လို့ ဒမ်းဘဲလ်ဒိုး အတွေးရောက်သွားတာနဲ့ ဖီးနစ်ငှက်အုပ်စုရဲ့ သတင်းတွေကို ကျွန်တော် ပေးတော့မှာပဲလို့ သူ ယူဆမှာပဲ။ ခင်ဗျား စဉ်းစားကြည့်ပါ။ ဘဲလ်လားထရစ်စ် လအတန်ကြာအတွင်း ပြန်အားကောင်းလာတယ်။ သူ ပြန်လာတော့မယ်ဆိုတာ ကျွန်တော် သိတယ်။ မရဏစားစုန်းကောင်တွေလည်း သိနေတယ်။ ကျွန်တော် လုပ်ချင်တာလုပ်နိုင်အောင် နောက်ထပ်လှုပ်ရှားရမယ့် အစီအစဉ်ဆွဲဖို့၊ ကာကာရော့ဖ်ကို လွတ်မြောက်အောင်လုပ်ဖို့ ကျွန်တော့်မှာ အချိန်တွေအများကြီး ရှိသေးတာပဲ။ မဟုတ်လို့လား”

စနိပ်က ဆက်ပြောတယ်။ “ဒတ်ခ်လော့ဒ်ဟာ ကျွန်တော် နောက်ကျနေပြီး နောက်ဆုံး ပျောက်သွားတာအပေါ်မှာ ပထမ ဘဝင်မကျဘူး။ ခင်ဗျားကို ကျွန်တော် အာမခံတယ်။ ဒမ်းဘဲလ်ဒိုးက သူ့လူပဲလို့ ကျွန်တော့်ကို ထင်နေပေမဲ့ ကျွန်တော်က ဆက်သစ္စာရှိဆဲပါ။ ဒတ်ခ်လော့ဒ်က သူ့ကို ကျွန်တော် အပြီးစွန့်ခွာသွားပြီလို့ ထင်တယ်။ အဲဒါ မှားတယ်”

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ရှင် ဘယ်နေရာမှာ အသုံးကျခဲ့လို့လဲ။ ကျွန်မတို့ ရှင့်ဆီက အသုံးဝင်တဲ့သတင်း ဘာရခဲ့လဲ" ဘဲလ်လားထရစ်စ်က မခိုးမခန့် ပြုံးရင်း ပြောတယ်။

"ကျွန်တော်က ဒတ်ခ်လော့ဒ်ဆီကိုပဲ တိုက်ရိုက် သတင်းပို့တာ၊ တင်ပြတာ၊ ဩော် ဟော်ဟော်၊ သူက ခင်ဗျားကို အသိမပေးလို့ ဖြစ်မယ်"လို့ စနိပ်က ပြောတယ်။

"သူ ဘာတစ်ခုမှ မချန်ဘူး၊ ကျွန်မကို အားလုံး အသိပေးတယ်" ဘဲလ်လားထရစ်စ်က မွန်ထူသွားပြီး ပြောလိုက်တယ်။ "သူက ကျွန်မကို သူ့ရဲ့ စိတ်အချရဆုံး သစ္စာတော်ခံတစ်ဦး၊ သစ္စာအရှိဆုံးလို့တောင် တဖွဖွပြောနေတယ်"

"ဟာ–သူက ဒီလိုပဲ ပြောလား" စနိပ်က သူမယုံတာမယုံကြောင်း ပညာသားပါပါနဲ့ ပြောလိုက်တယ်။ "ဒါထက် ဝန်ကြီးဌာနမှာ မဟာရှုံးပွဲကြီး ပေါ်ပေါက်ခဲ့ပြီးတဲ့ နောက်ရော သူ ဒီလိုပဲ ပြောသေးလား"

"အဲဒါ ကျွန်မ ချို့ယွင်းချက်၊ ကျွန်မ အသုံးမကျလို့မှ မဟုတ်ဘဲ" ဘဲလ်လားထရစ်စ်ရဲ့ မျက်နှာ ရှက်သွေးဖြန်းသွားတယ်။ "ဒတ်ခ်လော့ဒ်ဟာ စောစောပိုင်းက ကျွန်မကို သူ့ရဲ့ တန်းဖိုးအကြီးမားဆုံး လူယုံအဖြစ်နဲ့ကို ယုံခဲ့တာ။ လူစီယပ်စ်သာ ဝင်မပါရင် .........."

"နင် လွန်ပြီနော်၊ ငါ့ယောက်ျားကို ဘာမှအပြစ်တင်စရာမလိုဘူး" နာစစ်ဆာက သူ့အစ်မရဲ့ မျက်နှာကို လှမ်းကြည့်ပြီး အေးစက်မာကျောတဲ့အသံနဲ့ ဖျတ်ခနဲ ဝင်ပြောလိုက်တယ်။

"သူ ပြောတဲ့အထဲမှာ အပြစ်တင်တာ တစ်ခုမှ မပါဘူး။ ဘာပြောလို့လဲ၊ ဘာဖြစ်လို့လဲ" စနိပ်က ပြေပြေလည်လည်ဖြစ်အောင် ဝင်ပြောလိုက်တယ်။

"ဒါ ရှင့်အပူ၊ ရှင့်ကိစ္စ မဟုတ်ဘူး" ဘဲလ်လားထရစ်စ်က မာန်ဖီသလို ပြောလိုက်တယ်။ "မဟုတ်သေးဘူး၊ ရှင်ဟာ ကျွန်မတို့ထဲက ကျန်တဲ့လူတွေ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရချိန်မှာ နောက်တစ်ခါ ပျောက်နေပြန်တယ်။ ရှင် မဟုတ်ဘူးလား စနိပ်" လို့လည်း စနိပ်ကို ထပ်မဲပြီးပြောနေတယ်။

"ကျွန်တော့်အလုပ်က နောက်တန်းမှာ နေဖို့ပဲလေ" စနိပ်က ပြောလိုက်တယ်။ "ဒတ်ခ်လော့ဒ်လုပ်တာကို ခင်ဗျား သဘောတူချင်မှ တူမယ်။ တကယ်လို့ ကျွန်တော် ဖီးနစ်ငှက်ဂိုဏ်းကိုတိုက်ဖို့ မရဏမှီဝဲကောင် အင်အားစုတွေနဲ့ ပူးပေါင်းရင် အဲဒါကို ဒမ်ဘဲလ်ဒိုးက မသိဘူးလို့ ခင်ဗျားထင်နေတာ ဖြစ်မယ်။ ကျွန်တော်ပြောတာလွန်ရင် ခွင့်လွှတ်ဗျာ၊ ခင်ဗျားဟာ အန္တရာယ်ဖိတ်ခေါ်တဲ့ စကားတွေ ပြောနေတာပဲ။ ခင်ဗျား ဆယ်ကျော်သက် ဖခယောက်နဲ့ ရင်ဆိုင်နေရတယ်၊ မဟုတ်ဘူးလား"

"သူတို့ လာပေါင်းကြတယ်၊ အဖွဲ့ရဲ့ တစ်ဝက်လောက်ကို လာပေါင်းကြတာ။ ခုချိန်အထိ အဲဒီအချိန်က သူတို့ဌာနချုပ်ရဲ့ ဘယ်နေရာနားရောက်နေတယ်ဆိုတာ ရှင်မပြောနိုင်သေးဘူးနော်"

www.burmeseclassic.com

"ကျွန်တော်က မြဲပြီး ဟန်မဆောင်တတ်ပါဘူး။ အဲဒီနေရာရဲ့ နာမည်ကို ကျွန်တော် ထုတ်မပြောနိုင်ဘူး။ ခင်ဗျား အလုပ်သဘောကို နားလည်မှာပါ။ ကျွန်တော် စနစ် တကျပေးပို့တဲ့ သတင်းတွေအပေါ်မှာ ဒတ်ခ်လော့ဒ်က ကျေနပ်ပြီးသားပဲ။ ခင်ဗျားသတိထားမိမယ် ထင်တယ်။ အဲဒီသတင်းတွေကြောင့် မကြာခင် ဖမ်းဆီးမှုတွေနဲ့ အမ်မီလင်းဘန့်စ်ကို သတ်ဖြတ်မှုတွေ ပေါ်ပေါက်ခဲ့တယ်။ ပြီးတော့ ဆီးရီးယပ်စ်ဘက်ကို ရှင်းပစ်ရေးမှာ သေချာပေါက် အထောက်အကူ ဖြစ်သွားတယ်။ ခင်ဗျား သူ့ကို အပြတ် ရှင်းပစ်လိုက်နိုင်တာကို ကျွန်တော် ချီးကျူးတာက တခြားပေါ့"

သူက ဘဲလ်လားထရစ်စ်ကို ခေါင်းဆတ်ပြလိုက်တာ သူမကို မီးထိုးပေးသလို ဖြစ်သွားပြီး ဘဲလ်လားထရစ်စ်ရဲ့ မျက်နှာထား တင်းလာပါတယ်။

"ရှင် ကျွန်မမေးခွန်းကို ရှောင်တိမ်းနေတုန်းပဲ စနိပ်။ ဟယ်ရီပေါ်တာလေ။ ရှင်သူ့ကို လွန်ခဲ့တဲ့ ၅နှစ်အတွင်း ဘယ်အချိန်၊ ဘယ်နေရာမှာမဆို သတ်ပစ်လိုက်လို့ရတယ်။ ဒါပေမဲ့ ရှင်မလုပ်ခဲ့ဘူး။ ဘာဖြစ်လို့လဲ"

"ဟုတ်ပါပြီ ဘဲလ်လားထရစ်စ်၊ ကျွန်တော် ဖြေပါ့မယ်။ ခင်ဗျားအနေနဲ့ ကျွန်တော် ပြောတာတွေကို ကျွန်တော့်နောက်ကွယ်မှာ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေတဲ့ တခြားဘယ်သူ့ဆီကိုမဆို ယူသွားနိုင်ပါတယ်။ ပြန်ဖောက်သည်ချမယ် ဆိုလည်းရတယ်။ ကျွန်တော့်ရဲ့ ဒတ်ခ်လော့ဒ်အပေါ် သစ္စာဖောက်တဲ့လုပ်ဇာတ်လမ်းတွေဆင်ပြီး ပြောချင်သလို ပြောလို့ရတယ်။ ဒါပေမဲ့ ကျွန်တော် စမဖြေခင် ခင်ဗျားကို တစ်ခွန်းလောက် ပြန်မေးစမ်းပါရစေလား။ အဲဒါကတော့ ခင်ဗျားဟာ ဒတ်ခ်လော့ဒ်အနေနဲ့လည်း ခု ခင်ဗျားမေးတဲ့မေးခွန်းမျိုး တစ်ခွန်းမကျန် ကျွန်တော့်ကို မမေးခဲ့ဘူးလို့ တကယ်ထင်နေတာလား။ ပြီးတော့ ခင်ဗျားဟာ ဒီမေးခွန်းတွေ အားလုံးအတွက် ကျေနပ်လောက်စရာ အဖြေမျိုး မပေးနိုင်ဘူးလို့ တကယ် ထင်နေတာလား။ ကျွန်တော် ဘယ်မှထမပြေးဘူး။ ဒီမှာပဲ ထိုင်ပြီး ခင်ဗျားကို ပြောပြမယ်"လို့ စနိပ်က ဆိုလိုက်တော့ ဘဲလ်လား ဇဝေဇဝါဖြစ်ပြီး တစ်ချက်တွေသွားတယ်။

"သူက ရှင့်ကို ယုံမယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့....."

"ဒါဆို သူမှားတယ်လို့ ခင်ဗျားထင်နေတာပေါ့။ ဒါမှမဟုတ်ရင် ကျွန်တော်ကပဲ သူ့ကို တစ်နည်းနည်းနဲ့ လှည့်စားတစ်ပတ်ရိုက်ပြီး လုပ်ခဲ့တယ်လို့ ခင်ဗျားထင်တယ်ပေါ့။ ဒတ်ခ်လော့ဒ်ဟာ အကြီးကျယ် အထူးခြားဆုံး မှော်ဆရာ၊ ကမ္ဘာ့ရှိရှိသမျှ မှော်ဆရာထဲမှာ စွမ်းရည်အထက်မြက် အပြည့်ဝဆုံး မှော်ဆရာဗျ"

ဘဲလ်လားထရစ်စ် ဘာမှမပြောတော့ဘူး။ ဒါပေမဲ့ ပထမဆုံးအကြိမ်အဖြစ် သူမ အနေရခက်ပြီ ကသိကအောက် ဖြစ်သွားတယ်။ စနိပ်က ဒါကို မသိသလိုလုပ်နေတယ်။ သူက ဖန်ခွက်ကိုကောက်ယူပြီး စုပ်သောက်ရင်း ဆက်ပြောလိုက်တယ်။ "ခင်ဗျားက မေးတယ်၊ ဒတ်ခ်လော့ဒ် ကျသွားချိန်မှာ ကျွန်တော် ဘယ်ရောက်နေသလဲတဲ့။ ကျွန်တော်ဟာ သူ့အမိန့်ပေးတဲ့အတိုင်း ဟော့ဝပ်စ်စုန်းကဝေအောက်လမ်းပညာနဲ့ မှော်ဆရာသင်တန်းကျောင်းမှာ ရှိနေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက အဲလ်ဘတ်စ် ဒမ်ဘဲလ်ဒိုးကို ထောက်လှမ်းသူလျှိုလုပ်ဖို့ ကျွန်တော့်ကို

www.burmeseclassic.com

ခိုင်းထားလို့လေ။ ဒါဟာ ကျွန်တော့်ကိုပေးထားတဲ့ ရာထူးတာဝန်အရ ဒတ်ခ်လော့ဒ်ရဲ့ အမိန့်ကို ကျွန်တော် လိုက်နာတာပဲ”

ဘဲလ်လားထရစ်စ် မသိမသာ ခေါင်းညိတ်လိုက်မိတယ်။ ပြီးတော့ တစ်စုံတစ်ခု ပြောတော့မလို ပါးစပ်ဟလိုက်တယ်။ ဒါပေမဲ့ ဘဲလ်လား ဘာမှမပြောနိုင်ခင် စနိပ်က ဖြတ်ပြောတယ်။

“ခင်ဗျားက ကျွန်တော့်ကို သူပျောက်သွားချိန်မှာ သူ့ကို ပြန်တွေ့ဖို့ ကျွန်တော် ဘာလို့ မကြိုးစားသလဲလို့ မေးတယ်။ အေဗရီ၊ ယတ်စလီ၊ ကာရိုးစ်၊ ဂရေးဘကခ်နဲ့ လူစီယပ်စ်တို့ရဲ့ အကြောင်းပြချက်အတိုင်းပဲ” ဒီနေရာမှာ စနိပ်ဟာ နာစစ်ဆာကို အသာ ခေါင်းငဲ့ကြည့်လိုက်တယ်။ တခြားလူတွေ အများကြီးလည်း သူ့ကိုပြန်တွေ့ဖို့ မကြိုးစားခဲ့ပါဘူး။ တကယ်လို့ အဲဒီအချိန်က အယုံအကြည်မဲ့ခံနေရတဲ့ ကျွန်တော်တို့အပေါ်မှာ သူ ခွင့်မလွှတ်ခဲ့ရင် သူ့မှာ နောက်လိုက် နည်းနည်းလေးပဲ ကျန်မယ်”

“သူ့အတွက် အက်ဇ်ကာဘန်မှာ နှစ်ပေါင်းများစွာ အလုပ်လုပ်ပေးနေခဲ့ရတဲ့ ကျွန်မကိုတော့ သူ ယုံတယ်လေ” ဘဲလ်လားထရစ်စ်က ပြောချင်ဇောနဲ့ ပြောလိုက်တယ်။

“ဟုတ်ကဲ့၊ တကယ့်ကို လေးစားစရာ အကောင်းဆုံးပါပဲ” စနိပ်က စိတ်ပျက်တဲ့လေသံနဲ့ ပြောတယ်။ “အမှန်တော့ ခင်ဗျားက သူ့အတွက် အကျဉ်းထောင်ထဲမှာ တကယ် အသုံးမဝင်ခဲ့ပါဘူး။ ဟန်ပြကောင်းတာ သက်သက်ဆိုတာ သံသယ ဖြစ်စရာ မရှိပါဘူးဗျာ”

“ဘာ–ဟန်ပြ၊ ဟုတ်လား” ဘဲလ်လားထရစ်စ်ရဲ့ အသံ စူးခနဲ ထွက်လာတယ်။ ဒေါသထွက်လွန်းလို့ သူမဟာ နည်းနည်းတောင် ရူးသလိုလို ဖြစ်သွားတယ်လို့ ထင်ရတယ်။ “ကျွန်မ စိတ်ရူးပေါင်ကောင်တွေကို တောင့်ခံနေရတုန်းမှာ ရှင်က ဒမ်းဘဲလ်ဒိုးရဲ့ အချစ်တော်အဖြစ်နဲ့ ဟော့ဝပ်စ်မှာ ဇိမ်ကျနေတာ မဟုတ်လား”

“လုံးဝ မဟုတ်ဘူး” စနိပ်က အေးအေးဆေးဆေးပဲ ပြန်ပြောတယ်။ “သူ ကျွန်တော့်ကို ဒတ်ခ်အတတ်စ်ရဲ့ အန္တရာယ်က အကာအကွယ် မပေးခဲ့ဘူးလေ။ ခင်ဗျား သိနေတာပဲ။ ဒါဟာ ခင်ဗျား ကျွန်တော့်ကို ဆွပေးနေတာမဟုတ်လား”

“သြော်–ဒါ ရှင် ဒတ်ခ်လော့ဒ်အတွက် အနစ်နာခံတယ် ဆိုတာလား” သူမက လှောင်ပြောင် ငေါ့ထေ့ရင်း မေးလိုက်တယ်။ ရှင် ဘာဖြစ်လို့ ဟိုမှာ တစ်ချိန်လုံး နေခဲ့တာလဲ။ ဒမ်းဘဲလ်ဒိုးကို ထောက်လှမ်းဖို့ ရှင့်ကိုတာဝန်ပေးတဲ့ ကိုယ့်လူကြီးကို သေပြီလို့ ယူဆထားမှတော့ ရှင် ဘာလို့ အဲဒီမှာ သူ့လျှိုဆက်လုပ်ပေးစရာလိုလဲ”

“သြော် လက်ပေါက်ကတ်လိုက်တာ။ ကျွန်တော့်ရာထူးအလုပ်ကို ကျွန်တော် ဘယ်တော့မှ မစွန့်မှာကို ဒတ်ခ်လော့ဒ်ကိုယ်တိုင် ကျေကျေနပ်နပ် ဖြစ်နေတာများဗျာ။ သူ ပြန်ရောက်လာရင် ဒမ်းဘဲလ်ဒိုးကို ကျွန်တော် ၁၆နှစ်လုံးလုံး ထောက်လှမ်း ရရှိထားတဲ့ သတင်းတွေ ကျွန်တော့်မှာ ရှိနေတယ်လေ။ မဆုံးနိုင်တဲ့ အက်ဇ်ကာဘန်ဟာ ဘယ်လို မနှစ်မြို့စရာကောင်းတယ်ဆိုတဲ့ သတိရတမ်းချင်းတွေနဲ့ဟာရင်

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ပြန်လည်ကြိုဆိုရာမှာ ပိုမိုအသုံးဝင်မယ့် သတင်းတွေပဲ"

"ဒါပေမဲ့ ရှင် နေခဲ့တာတော့ နေခဲ့တာပဲလေ"

"ဟုတ်တယ် ဘဲလ်လားထရစ်စ်၊ ကျွန်တော် နေနေပါတယ်" ပတမဆုံးအကြိမ် စိတ်မရှည်တော့တဲ့ လက္ခဏာ စနိုပ်ဆီက ပြလာတယ်။ "ကျွန်တော့်မှာ အဆင်ပြေတဲ့ အလုပ်တစ်ခုရှိနေတဲ့ အက်ဇ်ကာဘန်ကာ တာဝန်ကို ကျွန်တော် ပိုသဘောကျတယ်။ သူတို့ မရဏစားစုန်းကောင်တွေကို စုနေတာ ခင်ဗျား သိပါတယ်။ ဒမ်းဘဲလ်ဒိုးက ကျွန်တော့်ကို ထောင်ပြင်ရောက်အောင် ကာကွယ်ပေးခဲ့တယ်။ အဲဒါ အရမ်းကို အဆင်ပြေတဲ့အတွက် အဲဒီလိုပဲ လုပ်လိုက်တာပဲ။ ကျွန်တော် အဲဒီလိုနေခဲ့တာကို အမှောင်သခင်ကြီးကတောင် ဘာမှ မပြောတာ။ ခင်ဗျားလာပြောတာကို ကျွန်တော် အရေးမလုပ်ဘူး"

"ခင်ဗျား နောက်ထပ် သိချင်တာ ရှိဦးမယ်လို့ ကျွန်တော် ထင်တယ်။ သူက စကား ဆက်ပြန်တယ်။ ဘဲလ်လားထရစ်စ်က တစ်ချိန်လုံး ကြားဖြတ်ပြောမယ်လုပ်နေလို့ စိတ်ဆိုးပြီး အသံလည်းကျယ်လာတယ်။ "ဘာဖြစ်လို့ ဒတ်ခ်လော့ဒ်နဲ့ မှော်ကျောက်တုံးကြားမှာ ကျွန်တော် ဝင်ရပ်နေခဲ့တာလဲဆိုတော့ အဖြေက ရှင်းနေတာပဲ။ သူက ကျွန်တော့်ကို ယုံရကောင်းမလား၊ မယုံရကောင်းမလား မသိဘဲ ဖြစ်နေတယ်။ သူကလည်း ခင်ဗျားတွေးသလို တွေးတာပေါ့။ ကျွန်တော်ဟာ ဒမ်းဘဲလ်ဒိုးရဲ့ ခိုင်းဖတ် သစ္စာရှိ မရဏစားသုံးသူဘဝက လာတဲ့သူပေါ့။ သူဟာ သိပ်သနားစရာကောင်းပြီး အရမ်းအားနည်းနေတယ်။ သာမညောင်ည မှော်ဆရာတစ်ယောက်ရဲ့ ခန္ဓာကိုယ်ပဲ သူ ပိုင်ထားတယ်။ သူ့အခြေအနေကို မဟာမိတ်ကောင်း တစ်ယောက်ယောက်ကိုတောင် သူ ထုတ်မပြောရဲဘူး။ ဒမ်းဘဲလ်ဒိုး ဒါမှမဟုတ် ဝန်ကြီးဌာနလက်ထဲ ရောက်သွားမှာစိုးလို့ သူ ကျွန်တော့်ကို မယုံတာကို ကျွန်တော် သိပ်စိတ်ထိခိုက်ရတယ်။ သုံးနှစ်လောက်ပဲကြာရင် သူ အာဏာပြန်ရမှာ မဟုတ်လား။ မတန်မရာ လောဘကြီးတဲ့ ကွာရဲလ်ကလည်း ဒီ မှော်ကျောက်တုံးကို ခိုးဖို့ကြိုးစားနေတာ မဟုတ်လား။ ဒီတော့ ကျွန်တော် ဝန်ခံတယ်။ သူမရအောင် ကျွန်တော် နည်းမျိုးစုံနဲ့ လုပ်ခဲ့တယ်"

ဘဲလ်လားထရစ်စ်က အခံရခက်တဲ့ဆေး သောက်ရသလို သူမရဲ့ နှုတ်ခမ်းတွေကို ရှုံ့မဲ့ပစ်လိုက်တယ်။

"ဒါပေမဲ့ သူ ပြန်ရောက်လာချိန်မှာ ရှင် ပြန်မလာဘူး။ ရှင်ဟာ ဒတ်ခ်မတ်ခ် လောင်ကျွမ်းခံရတယ်ဆိုတာ သိသိချင်း သူ့ဆီ ချက်ချင်း အပြေးအလွှား မသွားခဲ့ပါဘူး"

"မှန်တယ်၊ ကျွန်တော် နှစ်နှစ်ကြာမှ ပြန်လာတယ်။ ဒါပေမဲ့ အဲဒါလည်း သူ့အမိန့်ပဲ"

"ဘာလဲ၊ ဒမ်းဘဲလ်ဒိုးရဲ့ အမိန့်လို့ ပြောတာလား" သူမက ဒေါသနဲ့ စအော်လိုက်တယ်။

စနိုပ် စိတ်မရှည်တော့ပြန်ဘူး။ "စဉ်းစားစမ်းပါ၊ နှစ်နာရီလောက်ပဲ စောင့်ပြီးတာနဲ့ ကျွန်တော် ဟော့ဂ်ဝပ်စ်မှာ သူလျှိုတစ်ယောက်အနေနဲ့ ဆက်နေလို့ရသေးတာ ကျွန်တော် သေချာသွားတယ်။ ကျွန်တော်ဟာ ဒတ်ခ်လော့ဒ်ဘက်ကို ပြန်သွားလိမ့်မယ်လို့ ဒမ်းဘဲလ်ဒိုး အတွေးရောက်သွားတာနဲ့

www.burmeseclassic.com

ဖီးနစ်ငှက်အုပ်စုရဲ့ သတင်းတွေကို ကျွန်တော် ပေးတော့မှာပဲလို့ သူ ယူဆမှာပဲ။ ခင်ဗျား စဉ်းစားကြည့်ပါ။ ဘဲလ်လားထရစ်စ် လအတန်ကြာအတွင်း ပြန်အားကောင်းလာတယ်။ သူ ပြန်လာတော့မယ်ဆိုတာ ကျွန်တော် သိတယ်။ မရဏစားစုန်းကောင်တွေလည်း သိနေတယ်။ ကျွန်တော် လုပ်ချင်တာလုပ်နိုင်အောင် နောက်ထပ်လှုပ်ရှားရမယ့် အစီအစဉ်ဆွဲဖို့၊ ကာကာရော့ဖ်ကို လွတ်မြောက်အောင်လုပ်ဖို့ ကျွန်တော့်မှာ အချိန်တွေအများကြီး ရှိသေးတာပဲ။ မဟုတ်လို့လား"

စနိပ်က ဆက်ပြောတယ်။ "ဒတ်ခ်လော့ဒ်ဟာ ကျွန်တော် နောက်ကျနေပြီး နောက်ဆုံး ပျောက်သွားတာအပေါ်မှာ ပထမ ဘဝင်မကျဘူး။ ခင်ဗျားကို ကျွန်တော် အာမခံတယ်။ ဒမ်းဘဲလ်ဒိုးက သူ့လူပဲလို့ ကျွန်တော့်ကို ထင်နေပေမဲ့ ကျွန်တော်က ဆက်သစ္စာရှိဆဲပါ။ ဒတ်ခ်လော့ဒ်က သူ့ကို ကျွန်တော် အပြီးစွန့်ခွာသွားပြီလို့ ထင်တယ်။ အဲဒါ မှားတယ်"

"ဒါပေမဲ့ ရှင် ဘယ်နေရာမှာ အသုံးကျခဲ့လို့လဲ။ ကျွန်မတို့ ရှင့်ဆီက အသုံးဝင်တဲ့သတင်း ဘာရခဲ့လဲ" ဘဲလ်လားထရစ်စ်က မခိုးမခန့် ပြုံးရင်း ပြောတယ်။

"ကျွန်တော်က ဒတ်ခ်လော့ဒ်ဆီကိုပဲ တိုက်ရိုက် သတင်းပို့တာ၊ တင်ပြတာ၊ ဩော် ဟော်ဟော်၊ သူက ခင်ဗျားကို အသိမပေးလို့ ဖြစ်မယ်"လို့ စနိပ်က ပြောတယ်။

"သူ ဘာတစ်ခုမှ မချန်ဘူး၊ ကျွန်မကို အားလုံး အသိပေးတယ်" ဘဲလ်လားထရစ်စ်က မွှန်ထူသွားပြီး ပြောလိုက်တယ်။ "သူက ကျွန်မကို သူ့ရဲ့ စိတ်အချရဆုံး သစ္စာတော်ခံတစ်ဦး၊ သစ္စာအရှိဆုံးလို့တောင် တဖွဖွပြောနေတယ်"

"ဟာ–သူက ဒီလိုပဲ ပြောလား" စနိပ်က သူမယုံတာမယုံကြောင်း ပညာသားပါပါနဲ့ ပြောလိုက်တယ်။ "ဒါထက် ဝန်ကြီးဌာနမှာ မဟာရှုံးပွဲကြီး ပေါ်ပေါက်ခဲ့ပြီးတဲ့ နောက်ရော သူ ဒီလိုပဲ ပြောသေးလား"

"အဲဒါ ကျွန်မ ချို့ယွင်းချက်၊ ကျွန်မ အသုံးမကျလို့မှ မဟုတ်ဘဲ" ဘဲလ်လားထရစ်စ်ရဲ့ မျက်နှာ ရှက်သွေးဖြန်းသွားတယ်။ "ဒတ်ခ်လော့ဒ်ဟာ စောစောပိုင်းက ကျွန်မကို သူ့ရဲ့ တန်းဖိုးအကြီးမားဆုံး လူယုံအဖြစ်နဲ့ကို ယုံခဲ့တာ။ လူစီယပ်စ်သာ ဝင်မပါရင် .........."

"နင် လွန်ပြီနော်၊ ငါ့ယောကျ်ားကို ဘာမှအပြစ်တင်စရာမလိုဘူး" နာစစ်ဆာက သူ့အစ်မရဲ့ မျက်နှာကို လှမ်းကြည့်ပြီး အေးစက်မာကျောတဲ့အသံနဲ့ ဖျတ်ခနဲ ဝင်ပြောလိုက်တယ်။

"သူ ပြောတဲ့အထဲမှာ အပြစ်တင်တာ တစ်ခုမှ မပါဘူး။ ဘာပြောလို့လဲ၊ ဘာဖြစ်လို့လဲ" စနိပ်က ပြေပြေလည်လည်ဖြစ်အောင် ဝင်ပြောလိုက်တယ်။

"ဒါ ရှင့်အပူ၊ ရှင့်ကိစ္စ မဟုတ်ဘူး" ဘဲလ်လားထရစ်စ်က မာန်ဖီသလို ပြောလိုက်တယ်။ "မဟုတ်သေးဘူး ရှင်ဟာ ကျွန်မတို့ထဲက ကျန်တဲ့လူတွေ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရချိန်မှာ နောက်တစ်ခါ ပျောက်နေပြန်တယ်။ ရှင် မဟုတ်ဘူးလား စနိပ်" လို့လည်း စနိပ်ကို ထပ်မဲပြီးပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော့်အလုပ်က နောက်တန်းမှာ နေဖို့ပဲလေ” စနိုပ်က ပြောလိုက်တယ်။ “ဒတ်ခ်လော့ဒ်လုပ်တာကို ခင်ဗျား သဘောတူချင်မှ တူမယ်။ တကယ်လို့ ကျွန်တော် ဖီးနစ်ငှက်ဂိုဏ်းကိုတိုက်ဖို့ မရဏမီဝဲကောင် အင်အားစုတွေနဲ့ ပူးပေါင်းရင် အဲဒါကို ဒမ်းဘဲလ်ဒိုးက မသိဘူးလို့ ခင်ဗျားထင်နေတာ ဖြစ်မယ်။ ကျွန်တော်ပြောတာလွန်ရင် ခွင့်လွှတ်ဗျာ၊ ခင်ဗျားဟာ အန္တရာယ်ဖိတ်ခေါ်တဲ့ စကားတွေ ပြောနေတာပဲ။ ခင်ဗျား ဆယ်ကျော်သက် ဖယောက်နဲ့ ရင်ဆိုင်နေရတယ်၊ မဟုတ်ဘူးလား”

“သူတို့ လာပေါင်းကြတယ်၊ အဖွဲ့ရဲ့ တစ်ဝက်လောက်ကို လာပေါင်းကြတာ။ ခုချိန်အထိ အဲဒီအချိန်က သူတို့ဌာနချုပ်ရဲ့ ဘယ်နေရာနားရောက်နေတယ်ဆိုတာ ရှင်မပြောနိုင်သေးဘူးနော်”

“ကျွန်တော်က မြဲပြီး ဟန်မဆောင်တတ်ပါဘူး။ အဲဒီနေရာရဲ့ နာမည်ကို ကျွန်တော် ထုတ်မပြောနိုင်ဘူး။ ခင်ဗျား အလုပ်သဘောကို နားလည်မှာပါ။ ကျွန်တော် စနစ် တကျပေးပို့တဲ့ သတင်းတွေအပေါ်မှာ ဒတ်ခ်လော့ဒ်က ကျေနပ်ပြီးသားပဲ။ ခင်ဗျားသတိထားမိမယ် ထင်တယ်။ အဲဒီသတင်းတွေကြောင့် မကြာခင် ဖမ်းဆီးမှုတွေနဲ့ အမ်မီလင်းဘန့်စ်ကို သတ်ဖြတ်မှုတွေ ပေါ်ပေါက်ခဲ့တယ်။ ပြီးတော့ ဆီးရီးယပ်စ်ဘက်ကို ရှင်းပစ်ရေးမှာ သေချာပေါက် အထောက်အကူ ဖြစ်သွားတယ်။ ခင်ဗျား သူ့ကို အပြတ် ရှင်းပစ်လိုက်နိုင်တာကို ကျွန်တော် ချီးကျူးတာက တခြားပေါ့”

သူက ဘဲလ်လားထရစ်စ်ကို ခေါင်းဆတ်ပြလိုက်တာ သူမကို မီးထိုးပေးသလို ဖြစ်သွားပြီး ဘဲလ်လားထရစ်စ်ရဲ့ မျက်နှာထား တင်းလာပါတယ်။

“ရှင် ကျွန်မမေးခွန်းကို ရှောင်တိမ်းနေတုန်းပဲ စနိပ်။ ဟယ်ရီပေါ်တာလေ။ ရှင်သူ့ကို လွန်ခဲ့တဲ့ ၅နှစ်အတွင်း ဘယ်အချိန်၊ ဘယ်နေရာမှာမဆို သတ်ပစ်လိုက်လို့ရတယ်။ ဒါပေမဲ့ ရှင်မလုပ်ခဲ့ဘူး။ ဘာဖြစ်လို့လဲ”

“ကျွန်မပြောချင်တာက ဒါ ဘယ်သူမှ မအောင်မြင်နိုင်တဲ့ ကိစ္စပဲ။ ဆီးဗားရပ်စ် ကျေးဇူးပြုပြီး ကူညီပါဦး၊ ရှင်ဟာ အရင်ကရော ခုပါ ဒရာကိုရဲ့ အချစ်ဆုံး အားအကိုးဆုံး ဆရာပဲ။ ပြီးတော့ ရှင်က လူစီယပ်စ်ရဲ့ မိတ်ဟောင်းဆွေဟောင်း။ ကျွန်မ တောင်းပန်ပါတယ်။ ရှင်ဟာ အမှောင်သခင်ကြီးရဲ့ လက်ရွေးစင် အကြိုက်ဆုံးလူ။ သူ့ရဲ့ အယုံကြည်ရဆုံး အကြံပေးအရာရှိ၊ ရှင် သူ့ကို ပြောပေးမယ် မဟုတ်လား၊ နားချပေးမယ် မဟုတ်လား”လို့ သူမက တတွတ်တွတ် ပြောနေတယ်။

“အမှောင်သခင်ကြီးက ဖျောင်းဖျနားချသိမ်းသွင်းခြင်းကို ခံမှာ မဟုတ်ဘူး။ ပြီးတော့ သူ့ကို အဲဒီလို သွားပြောဖို့လောက်အထိ ကျွန်တော် မမိုက်မဲသေးဘူး” စနိပ်က ပြတ်ပြတ်ပဲ ပြောလိုက်တယ်။ “လူစီယပ်စ်အပေါ် အမှောင်သခင်ကြီး ယမ်းပုံမီးကျ ဖြစ်နေတာ ကျွန်တော် ကောင်းကောင်းသိတယ်။ လူစီယပ်စ်က အဲဒီမှာ အကြီးအကဲ တာဝန်ခံ။ ဒါကို သူက ကိုယ့်ကိုယ်ကိုယ် အဖမ်းခံလိုက်တယ်။ သူနဲ့ ပါသွားတဲ့ လူလည်း မနည်းမနောပဲ။ ပြီးတော့ သူဟာ နှစ်ဖက် အပေးအယူလုပ်ပြီး ဟောစာတမ်းကို ပြန်သိမ်းမယူနိုင်ဘဲ ပျက်ကွက်ခဲ့တယ်။ အမှောင်သခင်ကြီးဟာ တော်ရုံတန်ရုံ စိတ်ဆိုးနေတာ မဟုတ်ဘူး နာစစ်ဆာ။ သူ့ဒေါသက နည်းနည်းနောနော မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ကျွန်မ မှန်သွားပြီ။ ဒရာကို ကို သူရွေးတာဟာ လက်စားချေဖို့ သက်သက်ပဲ။ သူက ဒရာကို အောင်မြင်လာဖို့ ရည်ရွယ်တာ မဟုတ်ဘူး။ မအောင်မမြင်ဖြစ်ပြီး အသတ်ခံရအောင် ကြိုးစားတာကို လိုချင်တာ" အသက်ရှုမဝသလို ဖြစ်နေတဲ့ နာစစ်ဆာက ပြောလိုက်တယ်။

စနိပ်က ဘာမှမပြောဘဲ ငြိမ်နေတော့ နာစစ်ဆာဟာ သူမမှာ ကျန်သမျှ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်တင်းခံနိုင်စွမ်းတွေ ပျောက်သွားတယ်။ နာစစ်ဆာ ဖြုန်းခနဲ ထရပ်လိုက်ပြီး စနိပ်ဆီကို ဒယီးဒယိုင်နဲ့ လျှောက်သွားပြီးမှ သူ့ရဲ့ ဝတ်ရုံရှေ့ခြမ်းကို ဖမ်းဆွဲကိုင်လိုက်တယ်။ သူမရဲ့ မျက်နှာကို စနိပ်ရဲ့ မျက်နှာနဲ့ ထိလုမတတ် တေ့ကပ်ပြုံးကြည့်ရင်း သူမရဲ့ မျက်ရည်တွေလည်း စနိပ်ရဲ့ ရင်ဘတ်ပေါ်ကို တပေါက်ပေါက် ကျနေတယ်။ သူမ သက်ပြင်းတစ်ချက် ရှိုက်လိုက်တယ်။ "ရှင် ဒါကို လုပ်ကိုလုပ်နိုင်တယ်၊ ဒရာကို အစား ရှင် ဒါကို လုပ်နိုင်တယ် ဆီးဗားရပ်စ်၊ ရှင်ဆိုရင် အောင်မြင်မှာပါ။ ရှင်က လုပ်ကိုလုပ်နိုင်ပြီး သူကလည်း ရှင့်ကို ကျွန်မတို့ အားလုံးထက်မက ချီးမြှင့်မြှောက်စားမှာပါ"

စနိပ်က နာစစ်ဆာရဲ့ လက်ကောက်ဝတ်တွေကို ဖမ်းဆုပ်ကိုင်ပြီး သူ့ကို ကပ်တွယ်နေတဲ့ သူမရဲ့ လက်တွေကို ဆွဲဖြုတ်ပစ်လိုက်တယ်။ ပြီးတော့ မျက်ရည်တွေ ရွှဲရွှဲစိုနေတဲ့ သူမရဲ့ မျက်နှာကို ငုံ့ကြည့်ပြီး ဖြည်းဖြည်းချင်း ပြောတယ်။ "သူ နောက်ဆုံးကျရင် အဲဒါကို ကျွန်တော့်ကို လုပ်ခိုင်းဖို့ ရည်ရွယ်ထားတယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ ဒရာကို အနေနဲ့ အရင်လုပ်ရမယ်လို့ သူက ဆုံးဖြတ်ထားတာ။ ခင်ဗျားလည်း မြင်သားပဲ။ ဒရာကိုဟာ ဖြစ်နိုင်ခြေအလားအလာမရှိတဲ့ ကိစ္စတွေမှာ အောင်မြင်ခဲ့တယ်လေ။ ကျွန်တော်လည်း ကျွန်တော့်ရဲ့ သူလျှိုလုပ်ငန်းကို အလုပ်ဖြစ်အောင် လုပ်ဖို့ ဟော့ခ်ဝပ်စ်မှာ နောက်ထပ် ခဏလေးပဲ နေရတော့မှာပါ"တဲ့။

"တစ်နည်းပြောရရင်တော့ ဒရာကို အသတ်ခံရလည်း သူ့အတွက် ဘာပြဿနာမှ မရှိဘူးပေါ့"လို့ နာစစ်ဆာက ပြောတော့ သူက "အမှောင်သခင်ကြီး စိတ်ဆိုးနေတယ်" ဆိုတဲ့ စကားလုံးကိုပဲ ခပ်တိုးတိုး ထပ်တလဲလဲ ပြောနေတယ်။ ပြီးတော့ "နာစစ်ဆာ ကျွန်တော် သိသလို ခင်ဗျားလည်း သိပါတယ်။ သူက ဟောစာတမ်းကြီးကို မဖတ်ရ မကြားလိုက်ရတဲ့အတွက် အခဲမကျေဖြစ်ပြီး လွယ်လွယ်နဲ့ ခွင့်လွှတ်မှာ မဟုတ်တာဘဲ"လို့ ဆက်ပြောတယ်။

နာစစ်ဆာ အားအင်တွေ ကုန်ခန်းပြီး စနိပ်ရဲ့ ခြေရင်းကို လျှောကျသွားတယ်။ ကြမ်းပေါ်မှာ တရှိုက်ရှိုက်ငိုရင်း၊ ပူဆွေးသောက ဖြစ်ရင်း "ကျွန်မရဲ့ တစ်ဦးတည်းသော သားလေး ......... ကျွန်မသားလေး"လို့ တဖွဖွ ရေရွတ်နေတယ်။

"နင် ဂုဏ်ယူလိုက်ပေါ့ဟာ ....... ငါ့မှာ သားတွေရှိရင်လည်း အမှောင်သခင်ကြီး အတွက် တာဝန်ထမ်းဆောင်ပြီး အသက်ပေးလိုက်ရတယ်ဆိုရင် ငါကတော့ ဝမ်းသာမှာပဲ" လို့ ဘဲလ်လားထရစ်စ်က ကိုယ်ချင်းမစာ ပြောလိုက်ပါတယ်။

နာစစ်ဆာဟာ မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားမှုအတွက် တစ်ချက်ကြုံးပြီး အော်လိုက်ပါတယ်။ ပြီးတော့ ရွှေအိုရောင် သူမရဲ့ ဆံပင်ကို ဆောင့်ဆွဲနေတယ်။ စနိပ်က ကုန်းပြီး သူမကို လက်မောင်းကနေ ဆုပ်ကိုင်ပြီး ဆွဲထူမလိုက်တယ်။ ပြီးတော့ ဆိုဖာဆီကို အသာတွဲခေါ်သွားတယ်။ တစ်ခါ ဖန်ခွက်ထဲကို

www.burmeseclassic.com

အရက်တွေ တစ်ပုံတစ်ခေါင်းကြီး လောင်းထည့်ပြီး သူမလက်ထဲကို အတင်းထိုးထည့် ပေးလိုက်ပါတယ်။

"နာစစ်ဆာ ဒီလောက်ဆို တော်ရောပေါ့နော်။ အဲဒါကို သောက်ပစ်လိုက်၊ ကျွန်တော့်စကား နားထောင်ဟုတ်လား" လို့ သူက ပြောပေမဲ့ သူမက ခဏတိတ်ပြီး ငြိမ်နေသေးတယ်။ နောက်တော့ အရက်ကို ကိုယ်တိုင်ထပ်ငှဲ့ထည့်ပြီး တုန်တုန်ယင်ယင်နဲ့ တစ်ချက်စုပ်သောက်လိုက်တယ်။

"ကျွန်မအတွက်တော့ ဒရာကို ကို ကယ်ဖို့ ဖြစ်ကိုဖြစ်နိုင်ရမယ်"

သူမ မတ်မတ်ထိုင်လိုက်တယ်။ မျက်နှာက စက္ကူလို ဖြူဖွေး သွေးဆုတ်နေပြီး မျက်လုံးကြီးတွေ အပြူးသားနဲ့။

"ဆီးဗားရပ်စ် ဒီမှာ ဆီးဗားရပ်စ်၊ ရှင် သူ့ကို မကယ်တော့ဘူးလား၊ ရှင် သူ့ကို မစောင့်ရှောက်တော့ဘူးလား၊ သူ ဒုက္ခမရောက်အောင် ရှင် လုပ်မပေးတော့ဘူးလား"

"ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

နာစစ်ဆာဟာ သူမလက်ထဲက ဖန်ခွက်ကို ပစ်ပေါက်ပစ်လိုက်တဲ့အတွက် စားပွဲပေါ်ကို ဖြတ်ပြီး ဖန်ခွက်လျှောထွက် လွင့်သွားချိန်မှာပဲ သူမကိုယ်တိုင်လည်း ဆိုဖာပေါ်ကနေ ဒူးထောင်လျက် အနေအထားနဲ့ စနိုပ်ရဲ့ ခြေရင်းကို လျှောချပြီး သူ့ လက်တစ်ချောင်းကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး သူမရဲ့ နှုတ်ခမ်းတွေနဲ့ ထိကပ်ထားလိုက်ပါတယ်။

"ရှင် သူ့ကို အဲဒီမှာ အကာအကွယ်ပေးမယ် ဟုတ်လား၊ ရှင် ကျိန်တွယ်ပြောမှာလား၊ ရှင် မဖောက်မပြန် တကယ် အခိုင်အမာလုပ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပြီလား"

"ခိုင်မာတဲ့ သန္နိဋ္ဌာန် ဟုတ်လား"လို့ မေးရင်း စနိုပ်ရဲ့ မျက်နှာအမူအရာ ဟန်ပန်က အားမလိုအားမရ ဖြစ်စရာ ခံစားချက် မရှိသလို ဖြစ်နေတယ်။ ဒီမှာတင် ဘဲလ်လားထရစ်စ်က အကြီးအကျယ် အောင်ပွဲရလိုက်သလို မနှစ်မြို့စရာ စူးစူးဝါးဝါးအသံနဲ့ တစ်ချက်ရယ်ပစ်လိုက်တယ်။

"နင် သူပြောတာ မကြားလိုက်ဘူးလား နာစစ်ဆာ၊ သူက ကြိုးစားမယ်တဲ့။ ဒါဟာ ပြောနေကျ အဓိပ္ပာယ်မရှိတဲ့ မရေမရာ စကားလုံးတွေ၊ လုပ်နေကျ ဝေ့လည်ကြောင်ပတ်အပြောနဲ့ အမူအရာတွေဆိုတာ ငါပြောရဲတယ်။ အို..... ရှုပ်ပါတယ်၊ အမှောင်သခင်ကြီးရဲ့ အမိန့်အတိုင်းပေါ့"

စနိုပ်က ဘဲလ်လားထရစ်စ်ကို မကြည့်ဘူး။ သူ့ရဲ့ မျက်လုံးနက်တွေကို နာစစ်ဆာရဲ့ မျက်ရည်တွေ ပြည့်လျှမ်းနေတဲ့ မျက်ဝန်းပြာပြာတွေပေါ်မှာပဲ စိုက်ကြည့်ထားတဲ့အခိုက် နာစစ်ဆာကလည်း သူ့လက်တွေကို ဆုပ်တွယ်မြဲဆုပ်တွယ်ထားပါတယ်။

"သေချာပါတယ် နာစစ်ဆာ၊ ကျွန်တော် မကျိုးမပျက်မယ့် သန္နိဋ္ဌာန်ချပြီး ကူညီပါ့မယ်" လို့ စနိုပ်က

www.burmeseclassic.com

တိုးတိုးညင်းညင်းလေး ပြောလိုက်တယ်။ "ကျွန်တော်တို့ရဲ့ သံယောဇဉ်ထားမှုကို ခင်ဗျားအစ်မက ခွင့်ပြုသဘောတူကောင်း တူမှာပါ"

ဘဲလ်လားထရစ်စ် ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ စနိပ်က သူ့ကိုယ်ကိုယ် နှိမ့်ပြီး နာစစ်ဆာနဲ့ မျက်နှာချင်းဆိုင် ဒူးထောက်ထိုင်ချလိုက်တယ်။ သူတို့ ညာလက်ချင်း ဆုပ်ကိုင်လိုက်ကြတယ်။

"ခင်ဗျားရဲ့ ဆေးကြိမ်လုံးကို ခင်ဗျားလိုလိမ့်မယ် ဘဲလ်လားထရစ်စ်" စနိပ်က အေးအေးဆေးဆေး ပြောတယ်။ သူမက ဆေးကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ ဘာကြောင့်ပါလိမ့်လို့ ဇဝေဇဝါ ဖြစ်ရင်းနဲ့ပဲ–

"ခင်ဗျား ကျွန်တော်တို့နဲ့ နည်းနည်းလေးနီးအောင် ရွှေ့လိုက်" စနိပ်က ထပ်ပြောလို့ သူမက လှမ်းရွှေ့လိုက်တဲ့အတွက် အောက်မှာထိုင်နေတဲ့ နှစ်ယောက်ရဲ့ အပေါ်ကို မိုးပြီး မတ်တတ်ရပ်လျက် အနေအထားလည်း ဖြစ်သွားရော ဘဲလ်လားထရစ်စ်ဟာ သူမရဲ့ ဆေးကြိမ်လုံးထိပ်နဲ့ ဟိုနှစ်ဦးရဲ့ လက်ချင်းဆုပ်ကိုင် ချိတ်ဆက်ထားတဲ့နေရာကို တို့လိုက်ပါတယ်။

နာစစ်ဆာက ပြောပြန်တယ်။

"ရှင် ကျွန်မရဲ့သား ဒရာကို ကို စောင့်ရှောက်မယ် မဟုတ်လား ဆီးဗားရပ်စ်၊ အမှောင်သခင်ကြီးရဲ့ ဆန္ဒတွေ ပြည့်ဝအောင် သူ ကြိုးစားနေချိန်မှာလေ"

"ကျွန်တော်လုပ်မှာပါ" စနိပ်က ပြောတယ်။

အဲဒီအခိုက်မှာပဲ တောက်ပြောင်ဝင်းလင်းနေတဲ့ အနီရောင် ရဲရဲမီးတောက် မီးစွယ်တစ်ခု ဆေးကြိမ်လုံးထိပ်က ထွက်လာပြီး သူတို့လက်တွေကို ခြစ်ခြစ်တောက်ပူနေတဲ့ ဝိုင်ယာကြိုးတစ်ချောင်းလို ရစ်ပတ်သွားတယ်။

"နောက်ပြီး ရှင့်မှာရှိသမျှ ပညာအရည်အသွေးတွေကို အိတ်သွန်ဖာမှောက် အကုန်ထုတ်သုံးပြီး သူတို့အန္တရာယ်က ရှင် အကာအကွယ်ပေးမှာပါနော်"

"ကျွန်တော်လုပ်မှာပါ" စနိပ်က ဖြေလိုက်တယ်။

ဒီမှာတင် စောစောကအတိုင်း ဆေးကြိမ်လုံးထဲက ပစ်လွှတ်လိုက်တဲ့ ဒုတိယမြောက် အနီရောင်ရဲရဲ မီးလျှံမီးစွယ်တစ်ခု ထွက်လာပြန်ပြီး ပထမမီးစွယ်နဲ့ ဆက်သွယ်သွားရာမှာ သေသပ်လှပခမ်းနားတဲ့ သံကြိုးဆက်တစ်ချောင်းလို ဖြစ်ကျန်ခဲ့ပါတယ်။

"ဒါဆိုရင် မတော်လို့ ဒရာကို ရှုံးနိမ့်တော့မလို ဖြစ်လာရင် လိုအပ်သမျှ စွမ်းဆောင်ပေးမယ်လို့ သက်သေပြုလိုက်ပြီပေါ့ ဆီးဗားရပ်စ်" နာစစ်ဆာက တိုးတိုးလေး ပြောလိုက်တယ်။ စနိပ်ရဲ့လက် ပြန်ရုပ်သွားလို့ မရသေးဘဲ သူမရဲ့ လက်ထဲမှာပဲ တွန့်လိမ်တွန့်လိမ် ဖြစ်နေဆဲပဲ။ "အမှောင်သခင်ကြီးက

www.burmeseclassic.com

www.burmeseclassic.com

ဒရာကို ကို ဆောင်ရွက်ဖို့ခိုင်းရင် အဲဒီအလုပ်ကို ရှင် လုပ်ပေးတော့မှာပေါ့နော်”

အဲဒီမှာ အရာအားလုံး တစ်ခဏတာ ငြိမ်သက်တိတ်ဆိတ်သွားတယ်။ ဘဲလ်လားထရစ်စ်က စောင့်ကြည့်နေတယ်။ သူမရဲ့ ဆေးကြိမ်လုံးကလည်း အောက်က ယှက်ထားတဲ့ လက်တွေအပေါ်မှာ မိုးထားဆဲပဲ။ သူမရဲ့ မျက်လုံးတွေ ပြူးလာနေတယ်။

“ကျွန်တော် လုပ်ပါ့မယ်” စနိပ်က အပြတ်ဖြေလိုက်တယ်။

ဒီမှာတင် ဆေးကြိမ်လုံးကထွက်လာတဲ့ တတိယမြောက် မီးစွယ်မီးတောက် အရောင်ထဲမှာ ဘလစ်စ်ရဲ့ အံ့အားသင့်နေတဲ့ မျက်နှာ အနီရောင် ဝင်းဝင်းတောက်သွားသလို မီးစွယ်ဟာ စောစောက မီးတောက် မီးစွယ်နှစ်ခုနဲ့အတူ ရောယှက်ချိတ်ဆက်တွန့်လိမ်သွားပြီး ဒေါမာန်ထနေတဲ့ မြွေတစ်ကောင်လို ကြိုးတစ်ချောင်းအသွင်နဲ့ သူတို့လက်တွေကို တင်းသည်ထက်တင်းအောင် ရစ်ပတ်လိုက်ပါတော့တယ်။

**********

**အခန်း (၃)**

**မသေချာသေးတဲ့ သေချာမှုတစ်ခု**

ဟယ်ရီပေါ်တာဟာ တခေါခေါနဲ့ အသံကျယ်ကြီးဟောက်ပြီး အိပ်ပျော်နေပါတယ်။ သူ့ အိပ်ခန်းပြတင်းဘေးက ကုလားထိုင်တစ်လုံးမှာ လေးနာရီနီးပါး ကြာအောင် ထိုင်ပြီး အပြင်ဘက် မှောင်မည်းနေတဲ့ လမ်းပေါ်ကို ငေးစိုက်ကြည့်နေရာက နောက်ဆုံးမှာ အေးစက်နေတဲ့ ပြတင်းမှန်ကွက်တစ်ချပ်ပေါ်ကို မျက်နှာတစ်ခြမ်း ကပ်ဖိပြီး အိပ်ပျော်သွားတာပါပဲ။

မျက်နှာနဲ့ မှန် ဖိကပ်နေတဲ့အတွက် သူ့မျက်နှာမှာ တပ်ထားတဲ့ မျက်မှန်က စောင်းရွဲ့နေပြီး ပါးစပ်ကလည်း အတော်ကျယ်ကျယ် ဟပွင့်နေတယ်။ မြူဆိုင်းပြီး မွန်းကျပ်စရာကောင်းတဲ့လေတွေကို သူရှူပြီး ပြန်ပြန်ထုတ်တဲ့ ထွက်သက်လေကြောင့် ပြတင်းမှန်တွေပေါ်မှာ လက်ခနဲ ကွက်ခနဲ ဖြစ်ဖြစ်သွားတာကို အပြင်ဘက်က လိမ်မော်ရောင် စူးတောက်တဲ့ လမ်းမီးရောင်နဲ့ မြင်နေရတယ်။ ဒါတင်မကဘဲ သဘာဝ အလင်းရောင်မဟုတ်တဲ့ လမ်းမီးရောင် ဖြာကျနေတဲ့အထဲမှာ မသေမသပ် ဖရိုဖရဲဖြစ်နေတဲ့ ဆံပင်ဖုတ်သိုက် အောက်က သူ့မျက်နှာဟာ အရောင်တစ်မျိုးဖြစ်နေပြီး သူဟာ တစ္ဆေတစ်ကောင်နဲ့ တူနေပါတယ်။

အခန်းတစ်ခုလုံး သပ်ပရန်ပေါင်းပစ္စည်းတွေနဲ့ ပွစာတိုက်နေတဲ့အထဲမှာ ကြမ်းပြင်ပေါ်က ပြန့်ကျဲနေတဲ့ ဇီးကွက် အမွေးအတောင်တွေ၊ ပန်းသီး အလယ်အူတိုင်သားတွေနဲ့ ထုပ်ပိုးပစ္စည်း အစအနတွေက ပိုပြီး အထင်းသားပေါ်နေတယ်။ အိပ်ရာထဲမှာလည်း ဂါထာမန္တန် စာအုပ်တွေနဲ့ သူ့ရဲ့ ဝတ်ရုံတွေ ရှုပ်ယှက်လုံးထွေးနေတယ်။ စာရေးစားပွဲပေါ်က အလင်းရောင် ပြည့်ပြည့်တစ်ကွက်အောက်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com

သတင်းစာတွေ အထပ်လိုက် ဖရိုဖရဲနဲ့။ အဲဒီအထဲမှာ ခေါင်းကြီးပိုင်း သတင်းတစ်ပုဒ်ကို ဒီလို ဖော်ပြထားတယ်။

**ဟယ်ရီပေါ်တာဆိုတာ ထိတ်ထိတ်ကြဲတစ်ယောက်လား**

ဟီဟူးမတ်စ်နေ့ဘီနိမ်းဒ်ကို တစ်ကြိမ်ပြန်မြင်တွေ့ရစဉ်အတွင်း မှော်ပညာဝန်ကြီးဌာနတွင် မကြာခင်က ဖြစ်ပွားခဲ့သည့် ဆူပူလှုပ်ရှားမှုများနှင့် ပတ်သက်၍ ကောလာဟလသတင်းများ ဆက်လက်ထွက်ပေါ်လျက်ရှိသည်။

၎င်းအမည်ကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုသူ စိတ်လှုပ်ရှားနေသော ကိုယ်ဖျောက်နိုင်သူတစ်ဦးကမူ "ကျွန်တော်တို့ ဒီအကြောင်း ပြောခွင့်မရှိပါဘူး။ ဘာမှ မမေးကြပါနဲ့"ဟု ယမန်နေ့ညက ဝန်ကြီးရုံးမှ အထွက်တွင် ပြောကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဝန်ကြီးဌာနအတွင်း အကြီးအကျယ် ဖြစ်ပွားနေသည့် သတင်းများက ယင်း ဆူပူလှုပ်ရှားမှုများသည် ဒဏ္ဍာရီလာ နိမိတ်ဖတ် ဟောစာတမ်းကြီးထားရှိရာ စံအိမ်ကြီးနှင့် ပတ်သက်၍ ဖြစ်ပွားခြင်းဖြစ်ကြောင်း အတည်ပြုလျက် ရှိသည်။

ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မှော်ဆရာက ကျော်နင်းမှုနှင့် ခိုးမှုကျူးလွန်ရန် ကြိုးပမ်းမှုဖြင့် ယခုအခါ အက်ဇ်ကာဘန်တွင် ပြစ်ဒဏ်ကျခံနေရသော မရဏစားစုန်းကောင်များသည် ဟောစာတမ်းကြီး တစ်ခုကို ခိုးယူရန် ကြိုးပမ်းကြခြင်း ဖြစ်ကြောင်း မှော်ဆရာလောက အသိုင်းအဝိုင်း တစ်ခုလုံးနီးပါးက ယုံကြည်နေသည့် အဆိုပါ အဖြစ်အပျက်နှင့် နေရာမျိုး ရှိသည်ဆိုခြင်းကို ယခုအချိန်အထိ အတည်ပြု ပြောကြားရန် ငြင်းဆိုထားဆဲ ဖြစ်သည်။

ယင်းဖြစ်ရပ်သည် ကျိန်စာတိုက် သတ်ဖြတ်မှုမှ လွတ်မြောက်နိုင်ခဲ့သူ အဖြစ်လည်းကောင်း၊ အခင်းဖြစ်ပွားသည့်ညက ဝန်ကြီးဌာနတွင် ရှိနေသည်ဟု လည်းကောင်း လူပြောများနေသူ ဟယ်ရီပေါ်တာနှင့် ပတ်သက်ကြောင်း ဝေဖန်ပြောဆိုမှုများ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသော်ငြားလည်း အဆိုပါ ဟောစာတမ်းအကြောင်းနှင့် အစွမ်းထက်ပုံ သဘောသဘာဝကိုမူ မသိရှိရသေးပေ။

အချို့ကလည်း ပေါ်တာကို ကျွန်ုပ်တို့အား ဟီဟူးမတ်စ်နေ့ဘီနိမ်းဒ်အား သုတ်သင်ဖယ်ရှား ပေးနိုင်မည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်အဖြစ် ဗိုလ်တကာ့ဘုရင် ဟယ်ရီပေါ်တာဟု ခေါ်ဝေါ်ပြောဆိုလျက် ရှိသည်။

လောလောဆယ်တွင်ကား ဟောစာတမ်းကြီး ဘယ်ဆီဘယ်ဝယ် ရောက်ရှိနေသည်ကိုလည်းကောင်း၊ ယင်းဟောစာတမ်းကြီး အမှန်တကယ် ရှိ မရှိကိုလည်းကောင်း အတိအကျ မသိရသေးပေ။ သို့သော်ငြားလည်း–

**စာမျက်နှာ ၂ ကော်လံ ၅ သို့ ဆက်ဖတ်ပါရန်**

ပထမသတင်းစာဘေးမှာကျနေတဲ့ ဒုတိယသတင်းစာ တစ်စောင်ထဲမှာလည်း ခေါင်းစီးစာလုံးမည်းကြီးတွေနဲ့ သတင်းတစ်ပုဒ် ပါရှိပါတယ်။ သတင်းဖော်ပြထားတဲ့ ရှေ့ဆုံးစာမျက်နှာထဲမှာ ခြသေ့်လည်ဆံမွေးလို ဆံပင်ထူထူအုံကြီးနဲ့ အတော်ကလေး

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ မျက်နှာပါရှိတဲ့ လူတစ်ယောက်ရဲ့ အဖြူအမည်းဓာတ်ပုံကြီး တစ်ပုံက နေရာတော်တော်များများ ယူထားပါတယ်။ အဲဒီလူဟာ လှုပ်ရှားနေပြီး မျက်နှာကြက်ဆီကို လက်ဝှေ့ယမ်းပြနေတာ ဖြစ်ပါတယ်။ သတင်းမှာ–

**ဖာ့ချ်နေရာတွင် စခရင်မ်ဂျာ ရာထူးဆက်ခံ**

ယခင် မော်ပဋ္ဌလက်ဥပဒေ ထိန်းသိမ်းရေးအကြီးအကဲ ရပ်ဖတ်စ် စခရင်မ်ဂျာသည် ကော်နဲလီး ယပ်စ်နေရာတွင် မော်ပညာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရာထူးဆက်ခံလိုက်ပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဝန်ကြီးအသစ်နှင့် စုန်းကဝေမော်ဆရာများ စစ်ဘက်ဌာန ဝိဇင်ဂါးမော့၏ အကြီးအကဲအဖြစ် မူလနေရာတွင် အသစ်တစ်ဖန် ပြန်လည်တာဝန်ယူ သူ အဲလ်ဘတ်စ်ဒမ်းဘဲလ်ဒိုးတို့အကြား စခရင်မ်ဂျာ ရာထူးလက်ခံပြီး နာရီပိုင်းအတွင်းမှာပင် သဘောထားကွဲလွဲမှုများ ရှိနေကြောင်း၊ ကောလာဟလသတင်းများ ပေါ်ထွက်လာသည့်တိုင်အောင် ၎င်းအား ခန့်ထားခြင်းကို မော်ဆရာလောက အသိုင်းအဝိုင်း တစ်ခုလုံးနီးပါးက လိုလို လားလားတော့ ထောက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

စခရင်မ်ဂျာသည် ၎င်းအနေဖြင့် ထိပ်တန်းရာထူးတာဝန်ကို ယူခဲ့ခြင်းနှင့် ပတ်သက်၍ ဒမ်းဘဲလ်ဒိုးနှင့် ချက်ချင်းတွေ့ဆုံခဲ့ကြောင်း ၎င်း၏ ကိုယ်စားလှယ်များက ဝန်ခံပြောကြားသော်လည်း သူတို့နှစ်ဦး ဆွေးနွေးခဲ့သည့်အကြောင်းအရာများကို ထုတ်ဖော်ပြောကြားရန် ငြင်းပယ်ခဲ့သည်။ အဲလ်ဘတ်စ်ဒမ်းဘဲလ်ဒိုး လူသိများ ထင်ရှားခဲ့သည့် အကြောင်းမှာ–

အဲဒီ ဒုတိယသတင်းစာရဲ့ ဘယ်ဘက်မှာ ခေါက်ထားတဲ့ နောက်ထပ် သတင်းစာတစ်စောင် ရှိနေသေးတယ်။ အဲဒီထဲမှာလည်း 'ကျောင်းသားများ လုံခြုံရေးကို ဝန်ကြီးဌာန တာဝန်ယူ'ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ် ရှိနေပြန်ပါတယ်။

သတင်းစာသားကတော့–

အသစ်ခန့်ထားခြင်းခံရသော မော်ပညာဝန်ကြီးဌာန ဝန်ကြီး ရူးဖတ်စ်စခရင်မ်ဂျာက ၎င်း၏ ဝန်ကြီးဌာနအနေဖြင့် ဟော့ခ်ဝပ် စုန်းကဝေ မော် ပဋ္ဌလက်အတတ်နှင့် မော်ဆရာသင်တန်းကျောင်းသို့ ယခုဆောင်းဦး အော့တွန်ရာသီတွင် ပြန်လာကြမည့် ကျောင်းသားများ၏ လုံခြုံရေးကို တာဝန်ယူကြောင်း ယနေ့ ထုတ်ဖော်ပြောကြားခဲ့သည်။

"ခိုင်လုံတဲ့ အကြောင်းတွေ ရှိနေတာကြောင့် ဝန်ကြီးဌာနအနေနဲ့ တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်သွားမယ့် မိမိရဲ့ လုံခြုံရေး အစီအစဉ်တွေနဲ့ ပတ်သက်လို့ အသေးစိတ်ထုတ်ပြန်နိုင်မှာတော့ မဟုတ်ဘူး"ဟူ၍လည်း ဝန်ကြီးက ပြောကြားခဲ့သည်။

သို့ရာတွင် ဝန်ကြီးဌာနအတွင်းမှ ပုဂ္ဂိုလ်တစ်ဦးကမူ အဆိုပါ အစီအစဉ်သည် ပြုစားခြင်း၊ လက်ဖွဲ့၊ အဆောင်၊ ဂါထာမန္တန်ရားများ ကာကွယ်ရေးအပါအဝင် ကြီးမားရှုပ်ထွေးသော တန်ပြန်ကျိန်စာ တိုက်စစ်ဆင်ရေး အခင်းအကျင်း ဗျူဟာတစ်ခုနှင့် ဟော့ခ်ဝပ်စ် မော်ပညာကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ရေးသက်သက်ကိုသာ လုံးဝတာဝန်ယူရမယ့် အထူးတပ်ဖွဲ့ ငယ်တစ်ဖွဲ့ ဖွဲ့စည်းရန်ဖြစ်ကြောင်း အတည်ပြုပြောဆိုသွားသည်။

အရေးယူဆောင်ရွက်ချက် အားလုံးလိုလို ဝန်ကြီးအသစ် အနေဖြင့် ကျောင်းသားများ လုံခြုံရေးအပေါ် အခိုင်အမာ ရပ်တည်ဆောင်ရွက် တော့မည်ဖြစ်ကြောင်း စိတ်ချယုံကြည်ရဖွယ် ရှိပါသည်။ "ဖွန်လက အဲဒီ ဝန်ကြီးဌာနထဲမှာ အမှတ်မထင် မရဏမှီဝဲကောင်တွေကို ဟယ်ရီပေါ်တာနဲ့ အတူလက်တွဲတိုက်ခဲ့ရတဲ့ ပေါ်တာရဲ့ သူငယ်ချင်းကောင်း ကျွန်မရဲ့ မြေးကလေး နတ်ဗီးလ်နဲ့.....

သတင်းက အဲဒီအထိသာမြင်ရပြီး ကျန်တဲ့အပိုင်းကိုတော့ အဲဒီအပေါ်မှာ တင်ထားတဲ့ ငှက်လှောင်အိမ်တစ်ခုက ဖုံးနေလို့ မမြင်ရဘူး။ ခန့်ညားတဲ့အသွင်နဲ့ နှင်းလိုဖွေးဖွေးဆွတ်နေတဲ့ ဇီးကွက်ကြီးတစ်ကောင်က အဲဒီငှက်လှောင်အိမ်ထဲမှာ ငုတ်တုတ်။ ဒါပေမဲ့ ဇီးကွက်မကြီးရဲ့ ပယင်းရောင် မျက်လုံးတွေက တစ်ခန်းလုံးကို ခြုံပြီး ပိုင်စိုးပိုင်နင်းနဲ့ ကြည့်နေတာ။ တခေါ်ခေါ်နဲ့ အိပ်မောကျနေတဲ့ သူ့သခင်ကိုလည်း တစ်ချက်တစ်ချက် လှည့်ပြီး စိုက်စိုက်ငေးကြည့်နေလိုက်သေးတယ်။ ပြီးတော့ စိတ်မရှည်သလို သူ့နှုတ်သီးက ဂွတ်ခနဲ ဂွတ်ခနဲ အသံတွေ တစ်ခါလား နှစ်ခါလား မြည်သွားတယ်။ ဒါပေမဲ့ သူ့အသံကို ကြားဖို့နေနေသာသာ တစ်ကြိုးတည်း သိုးနေအောင် ဆက်အိပ်နေတုန်းပဲ။ အခန်းရဲ့ အလယ်ကောင်ကျကျနေရာမှာ အဝတ်အစားထည့်သယ်တဲ့ သေတ္တာကြီးတစ်လုံး ရှိနေပြီး အဖုံးလန်ပွင့်နေတယ်။ ထည့်ပြီး သွားစရာလာစရာ ရှိနေသလိုမျိုး။ ဒါပေမဲ့ ဘာမှ မထည့်ရသေးဘဲ အထဲမှာ အတွင်းခံဘောင်းဘီဟောင်း တစ်ထည်၊ သကြားလုံးက နည်းနည်း၊ တစ်စက်မှ မကျန်အောင် ကုန်နေတဲ့ မင်ပုလင်းအခွံတွေနဲ့ အောက်ဆုံး ဖင်မှာကပ်နေတဲ့ ငန်းတောင် ကလောင်တံအကျိုးတချို့စတဲ့ တိုလီမိုလီကလေးတွေပဲ ရှိတယ်။ သေတ္တာဘေးနားက ကြမ်းပြင်ပေါ်မှာလည်း လက်ကမ်းစာစောင်ကလေးတစ်ခု ကျနေတယ်။ အထဲမှာ ခုလို စာတွေ ရိုက်ထားတယ်။

**မှော်ပညာဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**အောက်လမ်းဂိုဏ်းမှော်တပ်ဖွဲ့များ၏ အန္တရာယ်မှ**
**သင်တို့၏ အိမ်ရာနှင့် မိသားစုများအား**
**ကာကွယ်ခြင်း**

မှော်ဆရာလောက လူ့အဖွဲ့အစည်းသည် လတ်တလော အခြေအနေ၌ မရဏမှီဝဲကောင်များ အမည်ခံအဖွဲ့အစည်းတစ်ရပ်၏ ခြိမ်းခြောက်မှု အန္တရာယ်အောက်တွင် ကျရောက်လျက်ရှိပါသည်။ အောက်ဖော်ပြပါ လွယ်ကူရိုးရှင်းသည့် လုံခြုံရေးဆိုင်ရာ လမ်းညွှန်မှုများကို သတိချပ် လိုက်နာခြင်းအားဖြင့် သင်နှင့် သင့်မိသားစုအပြင် သင်၏ နေအိမ်ကိုပါ တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်–

(၁) သင်တစ်ဦးတည်း နေအိမ်မှ ပြင်ပသို့ ထွက်ခွာသွားလာခြင်း မပြုရန်၊
(၂) မှောင်နေချိန်ကာလများအတွင်း အထူးတလည် သတိထား၍ နေထိုင်ရန်၊ တိုက်ခိုက်ခံရဖွယ်ရှိသည့် နေရာတိုင်း၌ မိုးမချုပ်မီ နေအိမ်မှ ခရီးထွက်ခွာသွားနိုင်အောင် စီစဉ်ထားပါရန်၊
(၃) အကာအကွယ်၊ အရံအတားများပြုလုပ်ခြင်း၊ ဂါထာမန္တန်များ ရွတ်ဆိုခြင်းနှင့် အရွယ်မရောက်သေးသူများအတွက် တစ္ဆေ၊ နာနာဘာဝများအား မမြင်မိစေရန် စီမံထားခြင်းဖြင့် မိမိအိမ်

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်တွင် လုံခြုံရေးစီမံထားမှု အခြေအနေကို ပြန်လည် စိစစ် သုံးသပ်စီစဉ်ထားရန်၊
(၄) ရုပ်သဏ္ဍာန်အမျိုးမျိုး ပြောင်းလဲစေနိုင်သော ပိုလီဂျူစ်ဆေးရည်များအားသုံး၍ သတ္တဝါနှင့် ပုံသဏ္ဍာန်အမျိုးမျိုး ဖန်ဆင်း အယောင်ဆောင်ကာ ရောက်ရှိလာမည့် မရဏမီဝဲကောင်များအား ကာကွယ်ရန်အလို့ငှာ ရင်းနှီးသောမိတ်ဆွေများ၊ မိသားစုများနှင့် လုံခြုံရေး ပြဿနာများအား သဘောတူညှိနှိုင်း ဆောင်ရွက်ရန်၊ (စာမျက်နှာ ၂ သို့ ကြည့်ရန်)
(၅) မိမိ မိသားစုဝင် တစ်ဦးတစ်ယောက်၊ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေ သို့မဟုတ် အိမ်နီးနားချင်းတစ်ဦးဦး၏ အမူအရာနှင့် သွားလာလှုပ်ရှားမှု မူမမှန်တော့ဘဲ ထူးခြားနေသည်ဟု ထင်မြင်ယူဆရသည်နှင့် စုန်းကဝေ မှော်လောက တရားဥပဒေ စိုးမိုးရေး အထူးတပ်ဖွဲ့သို့ ချက်ချင်း အကြောင်းကြားရန်၊ ၎င်းတို့အား အင်မ်ပီးရီးယပ်စ်ကျိန်စာဖြင့် ထိန်းချုပ်မှု အောက်တွင် ထားရှိစစ်ကြောသွားမည် ဖြစ်ပါသည်။ (စာမျက်နှာ ၄ သို့ ကြည့်ရန်)
(၆) အကယ်၍ လူနေထိုင်ရာနေရာနှင့် အခြားအဆောက်အအုံ တစ်ခုခုတွင် ဒတ်ခ်မတ်ခ်၏ အရိပ်အယောင် တစ်စုံတစ်ရာ ပေါ်ပေါက်တွေ့ရှိလျှင် ယင်းအဆောက်အအုံနှင့် နေရာများသို့ လုံးဝ ဝင်ရောက်ခြင်းမပြုဘဲ အော်ရာရုံးသို့ ချက်ချင်းအကြောင်းကြား ဆက်သွယ်ရန်၊
(၇) အတည်မပြုနိုင်သေးသော တွေ့ရှိချက်များအရ မရဏမီဝဲကောင်များသည် ယခုအခါ အင်ဖရီများ အသွင်ဆောင်နေကြသည်ဟု ဆိုသည်။ အင်ဖရီများအား တွေ့မြင်ရလျှင်သော်လည်းကောင်း၊ အခြား အလားတူ တစ်မျိုးမျိုးတွေ့ဆုံလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနသို့ မကြန့်မကြာ ချက်ချင်းအကြောင်းကြားရန်၊

ဟယ်ရီပေါ်တာဟာ အိပ်နေရင်းက "အင့်"ခနဲ တစ်ချက်အသံထွက်ပြီး တွန့်လိုက်ပါတယ်။ သူ့မျက်နှာမှာလည်း မှန်ပြတင်းကနေ တစ်လက်မလောက် အောက်လျော့ကျနေတယ်။ ဒီတော့ သူ့ရဲ့ မျက်မှန်ဟာ စောစောကထက်တောင် ပိုပြီး စောင်းရွဲ့နေတယ်။ ဒါပေမဲ့ သူ မနိုးသေးဘူး။ အိပ်တုန်းပဲ။

ဒီအချိန်မှာ နှိုးစက်နာရီတစ်လုံးက စူးစူးရှရှ အသံကျယ်ကျယ်နဲ့ ထမြည်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာတုန်းက သူ ပြန်ပြင်ထားတဲ့နာရီ။ နာရီလက်တံတွေက ၁၁နာရီထိုးဖို့ တစ်မိနစ်သာ လိုတော့ကြောင်း ပြနေတယ်။ နာရီရဲ့ ဘေးမှာ ဟယ်ရီပေါ်တာရဲ့ လက်တစ်ဖက် သက်သက်သာသာနဲ့ ဆန့်ထားတယ်။ အဲဒီလက်ထဲမှာ ပုရပိုက်ကလေးတစ်ခု၊ အဖုံးပါးပါးနဲ့။ အထဲမှာ လက်ရေးစောင်းနဲ့ ရေးထားတဲ့ စာတွေ ပါတယ်။ ဟယ်ရီက ဒီ စာသဝဏ်လွှာကို လွန်ခဲ့တဲ့ သုံးရက် သူဒီကို ရောက်ကတည်းက ဖတ်ပြီးသားဖြစ်သလို ပို့လာတုန်းက ကျစ်ကျစ်လျစ်လျစ် လိပ်လာတဲ့ သိုးရေနဲ့လုပ်ထားတဲ့ စာခွေပုရပိုက်ကလေးဟာ ခုတော့လည်း လုံးဝ စန့်စန့်ပြန့်ပြန့် အပြားလိုက် ဖြစ်နေပါတယ်။

**ခင်မင်ရပါသော ဟယ်ရီ**

မောင်ရင် အဆင်ပြေ ချောချောမောမော ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ မောင်ရင်ရဲ့ ကျန်နေသေးတဲ့ ကျောင်းပိတ် အားလပ်ရက်တွေအတွင်း မောင်ရင် သွားအနားယူဖို့ ဖိတ်ခေါ်ထားတဲ့ ဘာရိုးအိမ်ကြီးကို မောင်ရင်နဲ့ အတူလိုက်ပါ စောင့်ရှောက်ပို့ဆောင်ပေးဖို့ ကျုပ် မောင်ရင်နဲ့ သောကြာနေ့ ည ၁၁နာရီတိတိကျရင် ပရိုင်းဗက် ပန်းချုံလမ်းက အိမ်နံပါတ် ၄မှာ တွေ့ကြမယ်။

www.burmeseclassic.com

တကယ်လို့ ကျုပ်မျှော်လင့်ထားတဲ့အတိုင်း ဘာရိုးအိမ်ကြီးကို အသွားလမ်းမှာ ကျုပ် ကိစ္စလေးတစ်ခုကို မောင်ရင် အကူအညီ ပေးမယ်ဆိုရင် ကျုပ် သိပ်ကို ဝမ်းသာမိမှာပဲ။ အပြည့်အစုံ အသေးစိတ်ကိုတော့ မောင်ရင်နဲ့ တွေ့တော့မှ ကျုပ် အပြည့်အစုံ ရှင်းပြတော့မယ်။

ကျေးဇူးပြုပြီး မောင်ရင့်အဖြေကို ဒီဇီးကွက်ကြီး အပြန်မှာ ထည့်ပေးလိုက်ပါ။ သောကြာနေ့မှာ မောင်ရင့်ကို တွေ့ရမယ်လို့ မျှော်လင့်တယ်။
မောင်ရင့်ရဲ့ ဖြူစင်ဖြောင့်မတ်တဲ့
**အဲလ်ဘတ်စ်ဒမ်းဘဲလ်ဒိုး**

ဟယ်ရီဟာ အဲဒီပုရပိုက်ထဲက ပါသမျှ အကြောင်းအရာတွေကို သူ့စိတ်ထဲမှာ သိပြီးဖြစ်နေပေမဲ့ အဲဒီနေ့ ညဦးပိုင်း ၇ နာရီ အိပ်ခန်းပြတင်းဘေးမှာ သူ စလာထိုင်ပြီး ကုလားထိုင်ပေါ်မှာ ကျောဆန့်လိုက်စဉ်ကတည်းက မိနစ်အနည်းငယ် ကြာသွားတိုင်း တစိမ့်စိမ့်နဲ့ မပြတ် လှမ်းခိုးကြည့်နေခဲ့တာပါ။ ဒီနေရာလေးက ပရိုင်းဗက် ပန်းချုံလမ်း ဟိုဘက် ဒီဘက် အဆုံးနှစ်ဖက်လုံးကို အကျအန လှမ်းမြင်နေရတဲ့ နေရာ မဟုတ်လား။ သူက ဒမ်းဘဲလ်ဒိုးရဲ့ စာသားစာလုံးတွေကို ပြန်ဖတ်နေဦးမယ်ဆိုရင် ဘာအဓိပ္ပာယ်မှ မရှိဘူးဆိုတာ သိနေတယ်။ သူဟာ ပုရပိုက်လိပ် ချောပို့ဇီးကွက်ကြီးနဲ့ ဒမ်းဘဲလ်ဒိုး မေတ္တာရပ်ခံတဲ့အတိုင်း "သဘောတူတယ်"ဆိုတဲ့ အဖြေကို ပြန်ပို့ထားပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ခု သူလုပ်ရမယ့်အလုပ်က စောင့်ဆိုတဲ့အတိုင်း စောင့်နေရုံပဲ။ ဒမ်းဘဲလ်ဒိုးကတော့ တကယ်လာမှာလား၊ ဒါမှမဟုတ် မလာဘူးလား။ ဒါပေမဲ့ ဟယ်ရီကတော့ ဘာမှ ထုပ်ပိုးပြင်ဆင်မထားဘူး။ အခြေအနေက သူတို့တွေ့ဆုံပြီး သီတင်းနှစ်ပတ်အကြာမှာတင် ဒမ်းဘဲလ်ဒိုးဟာ သူ့ကို အတူတူနေရတဲ့ ဒတ်စလေတို့ရဲ့ လက်ကလွတ်အောင် ကယ်ထုတ်သွားမှာ ဆိုရင်တော့ သိပ်ကောင်းသွားမှာပဲလို့ သူကမျှော်လင့်နေတယ်။ သို့ပေမဲ့ တစ်စုံတစ်ခု ချွတ်ချော် လွဲမှားသွားနိုင်တယ် ဆိုတဲ့အတွေးကို သူ အရေးမလုပ်ဘဲ ဖယ်ထုတ်ထားလို့ မရဘူး။ ဒမ်းဘဲလ်ဒိုးရဲ့ စာအတွက် ပြန်ပို့ထိုက်တဲ့ သူ့ရဲ့ ပြန်ကြားချက် လမ်းလွဲပြီး တစ်နေရာကို ရောက်သွားနိုင်တယ်။ ဒမ်းဘဲလ်ဒိုး ကိုယ်တိုင်လည်း အဲဒီလူနဲ့ မတွေ့ရအောင် တားဆီးခံခဲ့ရကောင်း ခံရနိုင်တယ်။ စာက ဒမ်းဘဲလ်ဒိုးဆီက လာတာတော့ အသေအချာပဲ။ ဒါပေမဲ့ လှည့်စားချက်တစ်ခု၊ ဟာသလုပ်မှုတစ်ခု ဒါမှမဟုတ် ထောင်ချောက်ဆင်တာ မဟုတ်ဘူးလို့လည်း ပြောလို့မရဘူး။ သူဟာ ထည့်သို ထုပ်ပိုး ပြင်ဆင်ရနိုး မပြင်ရနိုး ဖြစ်နေတယ်။ ခရီးသွားရသည် ဖြစ်စေ မသွားရသည် ဖြစ်စေ သူလုပ်လို့ မမှားနိုင်တာတစ်ခု ဟယ်ရီလုပ်လိုက်တယ်။ အဲဒါကတော့ သူ့ဇီးကွက်မကြီး ဟက်ဒ်ဝစ်ခ်ကို သူ့လှောင်အိမ်ထဲမှာ ထည့်ပြီး လုံလုံခြုံခြုံဖြစ်အောင် ပြန်သိမ်းထားလိုက်တာပါပဲ။

နှိုးစက်နာရီပေါ်က မိနစ်လက်တံ ၁၂ ဂဏန်းပေါ်တည့်တည့်ကို ရောက်သွားတယ်။ ပြတင်းအပြင်ဘက်က လမ်းမီးတွေ ငြိမ်းသွားတာနဲ့ တစ်ပြိုင်တည်း ကွက်တိ ကွက်ကျပဲ။

ရုတ်တရက် မှောင်ကျသွားမှုက ဟယ်ရီကို နိုးနိုးကြားကြား ဖြစ်အောင် လုပ်လိုက်သလို ဖြစ်သွားတယ်။ မျက်နှာပေါ်က သူ့မျက်မှန်ကို ပြန်တည့်၊ ပြတင်းမှန်မှာ မေးကပ်ထားတဲ့ ပါးတစ်ဖက်ကို ပြန်ခွာပြီး သူ့နှာခေါင်း ပြားသွားတဲ့အထိ ပြတင်းမှန်နဲ့ မျက်နှာကို ကပ်ပြီးတော့ အပြင်ဘက် လူသွားလမ်းကလေးဆီ သူ့မျက်စိတွေ မေးကြည့်လိုက်တယ်။ အဲဒီအချိန်မှာပဲ အရပ်ရှည်ရှည်

www.burmeseclassic.com

www.burmeseclassic.com

လူရိပ်သဏ္ဍာန်တစ်ခု ဝတ်ရုံကြီး တလွှားလွှားနဲ့ ခြံထဲကလမ်းအတိုင်း သူ့ဘက်ကို လာနေတာကို သူတွေ့လိုက်ရတယ်။

ဟယ်ရီဟာ လျှပ်စစ်နဲ့ အတို့ခံလိုက်ရသလို နေရာက ခုန်ထလိုက်မိပါတယ်။ ပြီးတော့ လိုသမျှ ရှိသမျှ ပစ္စည်းတွေကို ဆိုးဆိုးဆတ်ဆတ် လှမ်းဆွဲ ကောက်ယူပြီး သေတ္တာထဲ ပစ်ထည့်နေတယ်။ ဝတ်ရုံတစ်စုံ၊ မန္တန်စာအုပ်နှစ်အုပ်နဲ့ မုန့်ကြွပ်ရှကြော်တစ်ထုပ်ကို အခန်းကိုဖြတ်ပြီး သူမြှောက်ပစ်လိုက်ချိန်မှာပဲ တံခါးခေါင်းလောင်း မြည်သွားတယ်။

“ဟာကွာ ......... ညဘက် ဒီအချိန်ကြီးကျမှ ဘယ်သူ လာခေါ်နေတာလဲကွ” ဆိုတဲ့ အောက်ထပ် ဧည့်ခန်းထဲက အော်လိုက်တဲ့ သူ့ဘကြီး ဗာနွန်ရဲ့ အသံကိုလည်း ကြားလိုက်ရတယ်။ ဟယ်ရီလည်း လက်တစ်ဖက်မှာ အဝေးကြည့် မှန်ပြောင်းကြီး တစ်လက်။ နောက်တစ်ဖက်မှာ ပတ္တူဖိနပ်တစ်ရန် ကိုင်ထားလျက်နဲ့ ခဏ ကြက်သေ သေနေတယ်။ ဟယ်ရီဟာ သူ့ဘကြီး ဒတ်စလေကို ဒမ်းဘဲလ်ဒိုး ရောက်လာမယ့် အကြောင်း အသိပေး ပြောဆိုထားဖို့ လုံးလုံးမေ့နေခဲ့ပါတယ်။ စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသလို သူ ရယ်လည်း ရယ်မောလိုက်မိတယ်။

သူ အဝတ်သေတ္တာကြီးကို ကျော်ခွပြေးသွားပြီး အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆောင့်ဆွဲဖွင့်လိုက်လို့ အောက်ထပ်က အသံနက်ကြီးနဲ့ စပြောသံကို အချိန်မီ ကြားလိုက်ရတယ်။

“မစ္စတာ ဒတ်စလေပဲ ဖြစ်ရမယ်။ ကျွန်တော် လာမယ့်အကြောင်း ဟယ်ရီက ခင်ဗျားကို ပြောထားပြီး ဖြစ်မယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်” ဟယ်ရီက လှေကားထစ်တွေကို တစ်ထစ်ကျော်ပြီး ကဆုန်ပေါက် ပြေးဆင်းသွားတယ်။ ဒါပေမဲ့ အတွေ့အကြုံက သင်ထားတဲ့အတိုင်း အောက်ထပ်မှာ သူဟာ ဘကြီးဒတ်စလေရဲ့ လက်တစ်ကမ်းထဲကို မဝင်ဘဲ ခပ်လှမ်းလှမ်းခွာပြီး ရပ်လိုက်တယ်။

တံခါးဝမှာ ရပ်နေသူကို ကြည့်လိုက်တော့ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး ခါးရောက်အောင် ရှည်ကျနေတဲ့ ငွေရောင်ဆံပင်တွေနဲ့။ ပြီးတော့ မုတ်ဆိတ်ကြီးနဲ့။ လခြမ်းပုံသဏ္ဍာန် မျက်မှန်တစ်လက်က သူ့ရဲ့ နှာခေါင်းကောက်ကောက်ပေါ်မှာ ငှက်တစ်ကောင် သစ်ပင်အမြင့်ထိပ်ဖျား ကုတ်ကုတ်ကတ်ကတ် နားနေသလို တင်နေတယ်။ ပြီး သူ့ကိုယ်ပေါ်မှာ အနက်ရောင် ခရီးသွား ဝတ်ရုံရှည်ကြီးကို ဝတ်ထားသလို ခေါင်းမှာလည်း ဦးထုပ်အချွန်တစ်လုံးနဲ့။

ဗာနွန်ဒတ်စလေကလည်း ဒမ်းဘဲလ်ဒိုးရဲ့ မုတ်ဆိတ်နဲ့ လုံးဝထပ်တူ ထူပျစ်တဲ့ နှုတ်ခမ်းမွေးကြီးနဲ့။ ဒါပေမဲ့ သူ့နှုတ်ခမ်းမွေးက အနက်ရောင်။ ပြီးတော့ သူကခရမ်းရောင် ပုပ်ပုပ်ဝတ်ရုံကို ခြုံထားတယ်။ ပြီးတော့ သူက ဧည့်သည်ကို “ခင်ဗျားရဲ့ မျက်စိသေးသေးကလေးတွေကို ကျွန်တော် မယုံဘူး”ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်နေသေးတယ်။

“ခင်ဗျားရဲ့ အယုံအကြည်နည်းပါးလွန်းတဲ့ အကြည့်တွေကို နည်းနည်းလောက် ပြင်လိုက်ပါလား၊ ကြည့်ရတာ ဟယ်ရီက ကျွန်တော်လာမယ်ဆိုတာကို ပြောပြသတိပေးမထားဘူးနဲ့ တူတယ်”လို့ ဒမ်းဘဲလ်ဒိုးက ဖော်ဖော်ရွေရွေပဲ ပြောတယ်။ “ဘာပဲဖြစ်ဖြစ် ခင်ဗျားက ကျွန်တော့်ကို အိမ်ထဲဝင်ဖို့

www.burmeseclassic.com

ဖိတ်ခေါ်လိုက်ပြီလို့ပဲ ကျွန်တော်တို့ ယူဆလိုက်ကြတာပေါ့။ တံခါးဝမှာ အကြာကြီး အချိန်ဆွဲပြီး ခုလို ဒုက္ခပေးတာမျိုးကတော့ မနိပ်ဘူးပေါ့” လို့ ဆက်ပြီး ပြောပြောဆိုဆိုနဲ့ တံခါးဝ လေကားတက် ဖိနပ်ချွတ်ကိုကျော်ပြီး သူ အိမ်ထဲကို စမတ်ကျကျ ဟန်ပါပါ ဝင်လာတယ်။ သူ့နောက်ဘက်မှာ ကျန်ခဲ့တဲ့ အိမ်ရှေ့တံခါးကိုလည်း သူပိတ်ခဲ့တယ်။

“နောက်ဆုံးအခေါက်ရောက်ပြီး ကျွန်တော် ထပ်မရောက်တာ တော်တော်ကြီးကို ကြာသွားပြီနော်။ ခင်ဗျားတို့လည်း ကိစ္စဝိစ္စ အဆင်ပြေကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်” သူ့ရဲ့ မျက်မှန်ထဲကနေ နှာခေါင်းကောက်ကောက်ကြီးကို ကျော်ချောင်းကြည့်ရင်း ဒမ်းဘဲလ်ဒိုးက ဗာနွန်ကို ပြောလိုက်တယ်။

ဗာနွန်ဒတ်စလေက တစ်ခွန်းဆိုတစ်ခွန်းမှ ပြန်မပြောဘဲ ဘာသိဘာသာ လုပ်နေတယ်။ ဒါ့ကြောင့် အဲဒီစကားက သူ့ဘက်ကို မြားဦးလှည့်လာမယ် ဆိုတာ ဟယ်ရီသိတယ်။ မကြာဘူး ဗာနွန်ဟာ အကြောအခြင်တွေ ထောင်ထ တဆတ်ဆတ် တုန်လာရင်း သူ့ဒေါသတွေ အန္တရာယ်ရေမှတ်ကို ရောက်သွားတယ်။ ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် ဒမ်းဘဲလ်ဒိုးကို ကြည့်ရတာ ဗာနွန်ရဲ့ အပြုအမူနဲ့ ပတ်သက်ပြီး ဘာမှ မဖြစ်သလို ခပ်တည်တည်ပဲ ရှိနေသလို ဗာနွန်လည်း တစ်စုံတစ်ရာ ရှေ့ဆက်တိုး ဘာမှမပြောမဆို မပြုမမူဘဲ ငြိမ်သွားတယ်။ ဒါဟာ ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ အမူအရာ အစစ်အမှန်ကို မပေါ်လွင်အောင် မှော်ပညာနဲ့ ထိန်းထားသလို တစ်ဖက်ကိုလည်း ပညာနဲ့ ဟန့်တားလိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ဘကြီး ဗာနွန်ကလည်း ဒီမှာ ထင်တိုင်း လာပြီး အနိုင်ကျင့်ဗိုလ်ကျဖို့ ခဲယဉ်းတဲ့ လူတစ်ယောက် ရှိနေပါလားဆိုတာ ပြသနေပုံပဲ။

ပြီးမှ သူ့ရဲ့ လခြမ်းမျက်မှန်ထဲကနေ လေကားဆီကို မော့ကြည့်ပြီး ဟယ်ရီကို မြင်သွားတဲ့ ဒမ်းဘဲလ်ဒိုးက ကျေနပ်မှု အပြည့်ဝဆုံး အမူအရာနဲ့ လှမ်းနှုတ်ဆက်လိုက်တယ်။

“အား.......... ကောင်းသော ညချမ်းပါ ဟယ်ရီ၊ သိပ်ကို ထူးကဲတဲ့ သမယပါပဲ”

ဒီစကားလုံးတွေက ဘကြီးဗာနွန်ကို ထေ့ငေါ့စောင်းချိတ်ပြီး ဆွယ်ပေးလိုက်တာနဲ့ တူတယ်။ ဟယ်ရီနဲ့ ဆုံတွေ့ပြီး ခုလို “သိပ်ကို ထူးကဲ့တဲ့” ဆိုတဲ့ အသုံးအနှုန်းကို ပြောကြားတဲ့ လူတစ်ယောက်ဟာ သူနဲ့ သဘောထားချင်း မတိုက်ဆိုင် သူသာ ဖြစ်တတ်တဲ့အတွက် အဲဒါ သူနဲ့ ဆိုင်နေတယ်။

“ကျွန်တော်က ရိုင်းပျဖို့ မရည်ရွယ်ပါဘူးဗျာ” လို့ သူကပဲ စပြောလိုက်တယ်။ သူ့စကားထဲမှာ ရိုင်းရိုင်းပျပျ ပြောဆိုတာမှန်သမျှ ခြိမ်းခြောက်တဲ့အသံ ပါနေတယ်။ “ဒါပေမဲ့ ဝမ်းနည်းစရာ ကောင်းတာက တစ်ခါတစ်ခါ ကြောက်ခမန်းလိလိ ရိုင်းပျမှုတွေဟာ မတော်တဆ ပေါ်လာတတ်တာပါပဲ။ ဒီတော့ ဘာမှမပြောဘဲ နေလိုက်တာ အကောင်းဆုံးပေါ့ အချစ်တုံးကလေးရာ”ဆိုပြီးတော့လည်း ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ စကားဝါကျကို လှလှပပ အဆုံးသတ်လိုက်ပါတယ်။ ပြီးတော့ “အား အား...... ဒါ ပက်ဂျူးနီးယားပဲ ဖြစ်မှာပဲနော်” သူ ပြောလိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ မီးဖိုခန်းတံခါးပွင့်လာပြီး အဲဒီမှာ ဟယ်ရီရဲ့ အဒေါ်ကြီး ပက်ကျူးနီးယား ရပ်နေလို့ပဲ။ ဟယ်ရီရဲ့ အဒေါ်ဟာ ရော်ဘာလက်အိတ်တွေ စွပ်ထားပြီး သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com

ညအိပ်ဂါဝန်ရှည်ပေါ်မှာလည်း အိမ်နေရင်းဝတ်တဲ့ အပေါ်အင်္ကျီတစ်ထည် ထပ်ဝတ်ထားတဲ့ အိပ်ရာဝင်ချိန်အကြို မီးဖိုချောင် ကြမ်းပြင် သန့်ရှင်းရေးလုပ်နေရာက ထွက်လာတာ သိသာတယ်။ မြင်းနဲ့အတော်တူတဲ့ သူမရဲ့ မျက်နှာမှာ ရုတ်တရက် လန့်ဖျပ်အံ့သြသွားတဲ့ အရိပ်အယောင် မြင်ရတယ်။

"အဲလ်ဘတ်စ် ဒမ်းဘဲလ်ဒိုးပါ၊ ကျွန်တော်တို့ ပြေလည်ပါတယ်"

ဘကြီး ဗာနွန်ကို မိတ်ဆက်ပေးဖို့ ပျက်ကွက်နေတဲ့အတွက် ဒမ်းဘဲလ်ဒိုးက ကိုယ်တိုင်ပြောလိုက်တာပဲ။ ဒါဟာ တစ်ခါတုန်းက ဒမ်းဘဲလ်ဒိုးအနေနဲ့ သူမထံကို ချုပ်တည်းထားလို့မရအောင် ပေါက်ကွဲသွားစေမယ့် စာတစ်စောင် ပို့ခဲ့တယ်ဆိုတာ သူမကို သတိပေးလိုက်တဲ့နည်းတစ်နည်းပဲလို့ ဟယ်ရီက ထင်တယ်။ ဒါပေမဲ့ အဒေါ်ကြီး ပက်ကျူးနီးယား သူ့ကို ပြန်စိန်မခေါ်ခဲ့ပါဘူး။

"အင်း.........အဲဒါ ခင်ဗျားရဲ့သား ဒတ်ဒလေ ဖြစ်မယ်နော်"

ဒတ်ဒလေက ဧည့်ခန်းတံခါးနားကနေ ချောင်းကြည့်နေတယ်။ သူ့ရဲ့ ရွှေအိုရောင်ဖျော့ဖျော့ ဆံပင်တွေနဲ့ အရွယ်အတော်ကလေးကြီးတဲ့ ခေါင်းကြီးက ခါးရှို့ညဝတ်အင်္ကျီကော်လာထဲကနေ ထိုးထွက်နေတယ်။ သူ့ကိုကြည့်ရတာ လိပ်ပြာလွင့်သွားသလိုမျိုး တအံ့တသြ ပါးစပ်အဟောင်းသားနဲ့ ကြောက်လည်း ကြောက်နေပုံ ရတယ်။ ဒမ်းဘဲလ်ဒိုး အသက် တစ်ရှူ နှစ်ရှူစာလောက် ခဏ ဒတ်ဒလေ ဘာများ ပြောဦးမလဲလို့ စောင့်နေပြီးမှ တစ်ဖက်က တိတ်မြဲတိတ်ဆိတ် နေတဲ့အတွက် ပြုံးလိုက်တယ်။

"မင်း ငါ့ကို မင်းရဲ့ ဧည့်ခန်းထဲကို လာဖို့ ဖိတ်ခေါ်ထားတယ်လို့ ငါတို့ သဘော ထားလိုက်တော့မယ်နော်"

ဒမ်းဘဲလ်ဒိုးက သူ့ကို ဖြတ်ဝင်သွားတော့ ဒတ်ဒလေဟာ ကမန်းကတန်း လမ်းဖယ်ပေးလိုက်တယ်။ ဟယ်ရီလည်း အဝေးကြည့်မှန်ပြောင်းနဲ့ ပတ္တူဖိနပ်တွေ ကိုင်ထားလျက်နဲ့ပဲ ကျန်တဲ့ လှေကားသုံးလေးထစ်ကို အသော့ ခုန်ကျော်နင်းပြီး ဒမ်းဘဲလ်ဒိုးနောက်က လိုက်သွားတယ်။ ဒမ်းဘဲလ်ဒိုး မီးလင်းဖိုနားက လက်တင်ပါ ကုလားထိုင်တစ်လုံးမှာ ကိုယ့်ဘာသာသွားထိုင်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို စိတ်ဝင်တစား အမူအရာနဲ့ လှည့်ပတ်ကြည့်နေတယ်။ သူ့ကြည့်ရတာ ပုံမှန်မဟုတ်ဘဲ လုံးဝဥဿုံ တစ်ခုခု လွဲချော်နေသလိုပဲ။

"ကျွန်တော်တို့ .......... ကျွန်တော်တို့ မသွားကြသေးဘူးလား ခင်ဗျာ" ဟယ်ရီက စိုးရိမ်စိတ်နဲ့ မေးလိုက်တယ်။

www.burmeseclassic.com

"အေးပေါ့၊ ခုပဲ သွားမှာပါ။ ဒါပေမဲ့ တို့ကိစ္စ နည်းနည်းလောက် အရင် စဆွေးနွေးဖို့လိုတယ်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ပြီးတော့ ဒါကို အပြင်ကျမှ ပြောဖို့ ကျုပ် မလိုလားဘူး။ ဒီတော့ မောင်ရင့်အဒေါ်နဲ့ ဘကြီးရဲ့ ဧည့်ဝတ်ကျေ ပျူငှာမှုကို ကျုပ် ခဏတစ်ဖြုတ်တော့ ယူရလိမ့်မယ်"

"ခင်ဗျား ခဏနေဦးမယ်၊ ခင်ဗျား နေဦးမလို့ ဟုတ်လား"

ဗာနွန်ဒတ်စလေက အခန်းထဲကို ဝင်သွားတယ်။ ပက်ကျူးနီးယားက သူနဲ့ ပခုံးချင်းယှဉ်ပြီး ပါသွားသလို ဒတ်စလေလဲ သူတို့နောက်က ကုပ်ကုပ် ကုပ်ကုပ်နဲ့ လိုက်သွားတယ်။

"အေး ကျုပ်နေဦးမယ်" လို့ ဒမ်းဘဲလ်ဒိုးက ရှင်းရှင်းပဲ ပြောလိုက်တယ်။

ပြီးတော့ ချက်ချင်းပဲ ဟယ်ရီတောင် လှစ်ခနဲသာ မြင်လိုက်ရအောင် သူ့ ဆေးကြိမ်လုံးကို အမြန်ဆွဲထုတ်ပြီး ဆတ်ခနဲ ထိုးလိုက်တာ ဆိုဖာကြီးက ဝှီးခနဲမြည်သွားပြီး တရှိန်ထိုးရွေ့သွားရာက ထွက်သွားနေတဲ့ သုံးယောက်လုံးရဲ့ ဒူးနေရာတွေကို တိုက်ချလိုက်တဲ့အတွက် သူတို့အားလုံး ဆိုဖာပေါ်ကိုလဲပြိုပြီး အပုံလိုက်ကျသွားတယ်။ တစ်ခါ နောက်ထပ် ဆေးကြိမ်လုံးကို တစ်ချက် ဆတ်ဆတ် လှုပ်လိုက်ရာ ဆိုဖာကြီးက လျှောခနဲ နောက်ပြန်ရွေ့လာပြီး သူ့ရဲ့ မူလနေရာမှာ နေသားတကျ ရပ်သွားတယ်။

"ကဲ ကျွန်တော်တို့ နေသားတကျ သက်သောင့်သက်သာ ရှိပါပြီနော်"

ဒမ်ဘဲလ်ဒိုးက ကျေနပ်အားရနေပုံနဲ့ ပြောလိုက်တယ်။ သူ့ဆေးကြိမ်လုံးကို သူ့အိတ်ထဲ ပြန်ထည့်နေတယ်။ ဒီမှာတင် အသားကို မီးလောင်ခံလိုက်ရသလို ဒမ်းဘဲလ်ဒိုးရဲ့ လက်တွေ မည်းချိတ်ရှုံ့တွနေတာကို မြင်သွားတဲ့ ဟယ်ရီက မေးတယ်။

"ခင်ဗျားလက်တွေ ဘာဖြစ်သွားတာပါပဲခင်ဗျ"

"ပြောတာပေါ့ ဟယ်ရီဟယ် ကျေးဇူးပြုပြီး ထိုင်ပါဦး"

ဟယ်ရီက ကျန်တဲ့ လက်တင်ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။ အလွန်အမင်းကို တမင် တိတ်ဆိတ်နေပုံရတဲ့ ဒတ်စလေမိသားစုကို မကြည့်မိအောင် မျက်နှာလွှဲထားရတယ်။

"ခင်ဗျား ကျွန်တော့်ကို အဆာပြေ စားစရာ သောက်စရာလေးတွေ တည်ခင်းကျွေးမွေး လိမ့်မယ်လို့

www.burmeseclassic.com

ကျွန်တော် ထင်တယ်။ ဒါပေမဲ့ ခုထိ မြင်နေသမျှတော့ အခြေအနေက မိုက်မဲမှု တစ်ခုဆီကို ရှေးရှုနေတုန်းပဲ”

ဒီမှာတင် ဒမ်းဘဲလ်ဒိုးရဲ့ တတိယမြောက် ဆေးကြိမ်လုံး အစွမ်းပြချက် ပေါ်လာပြန်တယ်။ သူက ဆေးကြိမ်လုံးကိုလည်း တစ်ချက်ဆတ်လိုက်ရော ညိုမွဲမွဲအရောင် ပုလင်းကြီးတစ်လုံးနဲ့ ဖန်ခွက် ၅လုံး လေထဲကထွက်လာပြီး ရောက်လာတယ်။ ပြီးတော့ ပုလင်းက ‘ဖောင်’ခနဲ ပွင့်သွားပြီး သူ့အလိုလို ဖန်ခွက်တစ်ခွက်ချင်းထဲကို စေတနာ ဒလဟောနဲ့ ရက်ရက်ရောရော သွန်ချပေးနေတယ်။ ခွက်အားလုံးထဲလည်း ထည့်ပြီးရော ဖန်ခွက်တစ်ခွက်ချင်း အခန်းထဲမှာ ရှိနေသူတွေဆီကို လေထဲမှာ မျောပြီး အလိုလို ရွေ့သွားတယ်။

“ဒါ မဒမ်ရို့စ်မာတာရဲ့ အကောင်းတကာ့ အကောင်းဆုံး ဝက်သစ်ချစည်နဲ့ နှစ်ချို့အောင် သိမ်းထားတဲ့ ပျားရည်အရက်ပဲ” ဒမ်းဘဲလ်ဒိုးက ပြောရင်း ဟယ်ရီဘက်ကို ဖန်ခွက်ကို မြှောက်လိုက်တယ်။ ဟယ်ရီက သူ့ခွက်ကို ဖမ်းကိုင်ပြီး ဆင်တူပြန်မြှောက် နှစ်ယောက် ဖန်ခွက်ချင်း ချတ်ခနဲတော့လိုက်ပြီးမှ စုပ်သောက်နေတယ်။ ဒါမျိုး ဒီလောက်ကောင်းတာကို အရင်က သူ တစ်ခါမှ အရသာမခံကြည့်ခဲ့ဖူးသေးဘူး။ ဒါပေမဲ့ သူ အရမ်းခိုက်သွားတယ်။ ဒတ်စလေ မိသားစုသုံးယောက်ကတော့ တစ်ယောက်ကိုတစ်ယောက် ဖျိုးခနဲ ဖျတ်ခနဲ ကြောက်လန့်တကြား ကြည့်ရင်း ဖန်ခွက်တွေကို လှမ်းကိုင်မယူဘဲ ခေါင်းနဲ့တည့်တည့် ဘေးဘက်မှာ အသာအယာ တွန်းဖယ်ထားလိုက်ကြတယ်။ သူတို့မှာလည်း ဖန်ခွက်တွေကို ဖမ်းယူသောက်ဖို့ အစွမ်းအစ နည်းတာကြောင့် မသိကျိုးကျွန်လို လုပ်နေကြတယ်။ ဟယ်ရီက ဒါဟာ ဒမ်းဘဲလ်ဒိုး အနေနဲ့ သူ့ကိုယ်သူ ကျေနပ်ပီတိဖြစ်ရအောင် တမင် ပညာပြတာပဲလို့ သံသယ ဖြစ်သွားတဲ့စိတ်ကို မထိန်းနိုင်သလို ဖြစ်နေတယ်။ ဒီမှာတင် ဒမ်းဘဲလ်ဒိုးက ဟယ်ရီဘက်ကို လှည့်ပြောလိုက်တယ်။

“ကောင်းပြီ ဟယ်ရီ၊ ကျုပ်တို့တွေအတွက် မောင်ရင် ဖြေရှင်းပေးနိုင်မယ်လို့ ကျုပ် ယုံကြည်ထားပြီးဖြစ်တဲ့ အခက်အခဲတစ်ခု အခု ဖြစ်နေတယ်။ ကျုပ် ဆိုလိုတာ ဖီးနစ်ငှက်အဖွဲ့ပဲ။ ဒါပေမဲ့ မောင်ရင့်ကို ကျုပ်ပြောမယ့်အထဲမှာ ပထမဆုံးက ဆီးရီးယတ်စ်ရဲ့ သေတမ်းစာကို လွန်ခဲ့တဲ့အပတ်က တွေ့ခဲ့ကြပြီးပြီ။ သူက သူပိုင်သမျှကို မောင်ရင့်အတွက် ထားရစ်ခဲ့တယ်”

ဆိုဖာပေါ်က ဘကြီးဗာနွန်ရဲ့ခေါင်း သူ့ဘက်ကို လှည့်လာတယ်။ ဒါပေမဲ့ ဟယ်ရီက သူ့ကိုမကြည့်သလို တခြား ဘာဆိုဘာမှလည်း မပြောနိုင်ဘဲ “ဩော်– ဟုတ်ပါတယ်” ဆိုတဲ့ တစ်ခွန်းပဲ သူ့ပါးစပ်က ထွက်သွားတယ်။

ဒမ်းဘဲလ်ဒိုးက ဆက်ပြောတယ်။

“ဒါဟာ တကယ်တမ်း အဓိကရှေ့ဆက် လုပ်သွားရမယ့် အရေးကြီးကိစ္စတွေထဲမှာ ပါတယ်။ မောင်ရင့်အနေနဲ့ ဂရင်ဂေါ့စ်က မောင်ရင့်ငွေစာရင်းထဲကို သင့်မြတ်တဲ့ ပမာဏအထိလောက်

www.burmeseclassic.com

ရွှေတွေထည့်ပေးပါ။ မောင်ရင်ဟာ ဆီးရီးယတ်စ်ရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုအားလုံးကို အမွေဆက်ခံထားတာပဲ။ ပြီးတော့ ဒါဟာ အမွေထဲက ခဲရာခဲဆစ် သိပ်မဖြစ်လောက်တဲ့ ပမာဏပဲ ရှိပါတယ်"

"ဟာ........ သူ့ ခေါင်ချုပ်ဆရာကြီး သေသွားပြီဟုတ်လား"

ဆိုဖာပေါ်ကနေ ဘကြီးဗာနွန်က အကြီးအကျယ် ဝင်ပြောလိုက်တဲ့အတွက် ဒမ်းဘဲလ်ဒိုးရော ဟယ်ရီပါ နှစ်ယောက်လုံး သူ့ဘက်ကို လှည့်ကြည့်လိုက်တယ်။ ဒီအချိန်မှာပဲ အရက်ဖန်ခွက်က ဗာနွန်ရဲ့ ခေါင်းဘေးနားကို မပြတ်တမ်း လာလာထိနေတယ်။ သူက ဖန်ခွက်ကို အဝေးရောက်အောင် ရိုက်ထုတ်ပစ်လိုက်ဖို့ ကြိုးစားတယ်။ ဒီကြားထဲကပဲ "သူသေပြီ ဟုတ်လား၊ သူ့ခေါင်ချုပ်ဆရာကြီးလေ"လို့ သူက ပြောနေတယ်။

"ဟုတ်တယ်"

ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ဒါပေမဲ့ ဟယ်ရီကို သူ့အနေနဲ့ ဘာကြောင့် ဒတ်စလေတို့အပေါ်မှာ ယုံကြည်စိတ်ချမှု မရှိတာလဲ ဆိုတာကိုတော့ သူ မမေးဘူး။ သူတို့ ကြားဝင်ဖြတ်ပြောတာမျိုး မရှိသလို ပုံစံနဲ့ သူက ဟယ်ရီကို ဆက်ပြောတယ်။

"ကျုပ်တို့ ပြဿနာက ဆီးရီးယတ်စ်ဟာ မောင်ရင့်ကို ဂရင်းမောအရပ်က နံပါတ် ၁၂မှာရှိတဲ့ အိမ်ကိုပါ ထားရစ်ခဲ့တာပဲ"

"ဘယ်လိုဘယ်လို သူ့အတွက် အိမ်တစ်လုံး ထားခဲ့သေးတယ် ဟုတ်လား"

ဘကြီး ဗာနွန်က လောဘစိတ်နဲ့ ဝင်မေးလိုက်ပြန်တယ်။ သူ့ရဲ့ မျက်ပေါက် သေးသေးလေးတွေကိုလည်း ကျဉ်းထားတယ်။ ဒါပေမဲ့ ဘယ်သူကမှ သူ့ကို မဖြေဘူး။

"ခင်ဗျား အဲဒီအိမ်ကို ခင်ဗျာ့ ဌာနချုပ်အဖြစ်နဲ့ သုံးသွားလို့ ရပါတယ်" ဟယ်ရီက ပြောလိုက်တယ်။ "ကျွန်တော့်အတွက် အဲဒါ အရေးမပါပါဘူး။ ခင်ဗျား သုံးနိုင်ပါတယ်။ ကျွန်တော် အဲဒီအိမ်ကို တကယ်မလိုချင်ပါဘူး"

ဟယ်ရီအနေနဲ့ သူ ကူညီနိုင်မယ်ဆိုရင် အဲဒီ ဂရင်းမောအရပ် နံပါတ်၁၂ အိမ်ကို နောက်ထပ် ဘယ်တော့မှ ခြေချချင်စိတ် မရှိတော့ပါဘူး။ တကယ်လို့များ သူ အဲဒီမှာ နေခဲ့ရင် ဆီးရီးယတ်စ်အနေနဲ့ သူ အသည်းအသန် ကျွတ်လွတ် ထွက်သွားချင်နေတဲ့ အဲဒီနေရာမှာ အကျဉ်းကျနေစဉ်အတွင်း မှောင်မိုက်ပြီး အောက်သိုးသိုး မှိုစော်တွေနံနေတဲ့ အခန်းတွေထဲမှာ တစ်ယောက်တည်း ဟိုလျှောက် ဒီလျှောက် လျှောက်သွားနေရပုံကို အမှတ်ရနေမှုက သူ့ကို တစ်ချိန်လုံး အမြဲတမ်းခြောက်လှန့် နေလိမ့်မယ်လို့ သူက ထင်ထားတယ်။

www.burmeseclassic.com

"သဒ္ဒါတရား ထက်သန်ပါပေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ကလည်း အဲဒီအဆောက်အအုံက ယာယီထွက်ခွာလာခဲ့တာပါ"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ဘာဖြစ်လို့ပါလိမ့်" ဟယ်ရီက မေးတယ်။

ဒီအချိန်မှာ ခေါင်းပေါ်ကနေပြီး အရက်ဖန်ခွက်ရဲ့ ဖွဲ့နပဲနဲ့ အကျအနတ ဒုတ်ဒုတ် လာခေါက်နေတာကို ခံနေရတဲ့ ဘကြီးဗာနွန်ကလည်း ပွစိပွစိနဲ့ ပြောချင်ရာတွေ ပြောနေတုန်းပဲ။ ဒမ်းဘဲလ်ဒိုးက သူပြောသမျှကို မကြားသလို ဥပေက္ခာပြုပြီး ဟယ်ရီကို ပြောတယ်။

"ဒီလိုရှိတယ်၊ မဟူရာမိသားစု ရိုးရာထုံးစံအရ အမိန့် ထုတ်ပြန်ထားတာ ရှိတယ်။ အဲဒါကတော့ ဒီအိမ်ကြီးကို တိုက်ရိုက် သွေးဆင်းသက်တဲ့ နောက်ထပ် မဟူရာအမည်ခံ ယောကျ်ားတစ်ဦးလက်ကိုသာ အမွေပေးအပ်ရမယ်လို့ ဆိုတာပဲ။ ဆီးရီးယတ်စ်ဟာ သူ့အရင် စောစောသေသွားတဲ့ သူ့ညီ သားသမီးမရှိတဲ့ ရက်ဂါးလက်စ်လိုပဲ သူ့သွေးချင်းစဉ်ဆက်ရဲ့ နောက်ဆုံးဘိတ် အမွေခံစားရသူ ဖြစ်တယ်။ ဒီတော့ သူ့သေတမ်းစာက သူဟာ မောင်ရင့်ကိုပဲ ဒီအိမ်ကို ဆက်ခံဖို့ လိုလားတယ်ဆိုတာ ထင်ရှားနေတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအိမ်ကို သွေးရင်းအစစ်တွေကလွဲပြီး တခြား ဘယ်သူတစ်ဦးတစ်ယောက်မှ မပိုင်ဆိုင်နိုင်အောင် အဲဒီနေရာမှာ မန္တန်နဲ့ ပြုစားထားတာတွေ၊ ဒါမှမဟုတ် ဖမ်းစားမှုတွေ ဆင်ထားတာ ရှိနိုင်တယ်"

ဒီမှာတင် ဂရင်းမောအရပ် အမှတ် ၁၂မှာ ရှိတဲ့ အိမ်ကြီးထဲက ခန်းမကြီးထဲမှာ စီခနဲ စီခနဲ ထထအော်တတ်၊ ပူညံပူညံ လုပ်တတ်တဲ့ ဆီးရီးယတ်စ်ရဲ့ အမေ ပုံတူပန်းချီကားကြီးတစ်ခု ရွှန်းရွှန်းလက်လက် ခန့်ခန့်ညားညား ချိတ်ဆွဲထားတာကို ဟယ်ရီရဲ့ စိတ်ထဲမှာ ဖျတ်ခနဲ သွားသတိရလိုက်တယ်။ ဒါ့ကြောင့် "အဲဒီမှာ အဲဒါတွေ ရှိမယ်လို့ ကျွန်တော် သေချာပေါက်ပြောရဲတယ်" လို့ သူက ပြောလိုက်တယ်။

"လုံးဝကို သေချာတယ်။ တကယ်လို့ အဲဒီလိုမျိုး ဂါထာ မန္တန်တွေ ပြုစားမှုတွေနဲ့ ဖမ်းစားထားတာမျိုး ရှိနေတာမှန်ရင် အဖြစ်နိုင်ဆုံးကတော့ အိမ်ရဲ့ ပိုင်ဆိုင်မှုကို ဆီးရီးယတ်စ်ရဲ့ သက်ရှိထင်ရှားရှိဆဲ ဆွေမျိုးသားချင်းတွေထဲက အသက်အကြီးဆုံးလူဆီ ရောက်သွားစေချင်တာပဲ ဖြစ်မယ်။ ကျုပ်ဆိုလိုတဲ့ သူကတော့ သူ့ရဲ့ မောင်နှမဝမ်းကွဲ ဘဲလ်လားထရစ်စ် စထရိန့်ချ်ပဲ"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တော့ ဟယ်ရီဟာ သူ ဘာလုပ်လိုက်တယ်ဆိုတာ သူ့ဟာသူတောင်မသိဘဲ ထခုန်လိုက်မိတယ်။ ဒီမှာတင် သူ့ပေါင်ခွင်ပေါ်မှာ တင်ထားတဲ့ အဝေးကြည့်မှန်ပြောင်းနဲ့ ပတ္တူဖိနပ်တွေ ကြမ်းပေါ်ကိုကျပြီး လိမ့်ထွက်သွားတယ်။ ဆီးရီးယတ်စ်ကို သတ်ဖြတ်ခဲ့တဲ့ လူသတ်သမား ဘဲလ်လားထရစ်စ် စထရိန့်ချ်က သူ့အိမ်ကို အမွေရ သွားမှာလား။

"ဒါတော့ ဘယ်ဖြစ်မလဲ"လို့ ဟယ်ရီက ပြောလိုက်တယ်။
"ဟုတ်ပြီလေ၊ ဒါပေမဲ့ ကျုပ်တို့အနေနဲ့တော့ အဲဒီအိမ်ကို ဒီအမျိုးသမီး မရခဲ့ဘူးဆိုတာ ရှင်းနေပါတယ်" ဒမ်းဘဲလ်ဒိုးကတော့ ခပ်အေးအေးပဲ။ "အခြေအနေက ဝရုန်းသုန်းကားနဲ့ ရှုပ်ထွေးနေတယ်။ အမှန်တော့ အဲဒီမှာ ပြုစား ဖမ်းစားတာတွေကို ကျုပ်တို့ကိုယ်တိုင် လုပ်ထားတာလား၊ ဘာလားဆိုတာ ကျုပ်တို့လည်း

www.burmeseclassic.com

www.burmeseclassic.com

မသိဘူး။ တကယ်လို့ ဆီးရီးယတ်စ်ရဲ့ လက်လွတ်သွားတဲ့ အိမ်ပိုင်ဆိုင်မှုကို သူတို့အကြံအစည်အတိုင်း မဖြစ်မြောက်အောင် လုပ်လိုက်ရင် ဘဲလ်လားထရစ်စ်ဟာ အချိန်မရွေး အဲဒီအိမ်တံခါးပေါက်ကို ရောက်လာမှာပဲ။ ဒီတော့အခြေအနေအကုန်လုံးကို ရှင်းရှင်းလင်းလင်း သိရတဲ့အချိန်အထိ အဲဒီပြဿနာကို ကျုပ်တို့ အချိန်ဆွဲထိန်းထားဖို့ပဲ ရှိတယ်"

"ဒါပေမဲ့ တကယ်လို့ ကျွန်တော်တို့ ပိုင်ဆိုင်မှုပြုလိုက်ပြီဆိုရင် ခင်ဗျား အဲဒါကို ဘယ်လိုလုပ် သိအောင် လုပ်နိုင်မှာလဲ" လို့ ဟယ်ရီက မေးတော့-

"ကံကောင်းထောက်မလို့ ကျုပ်တို့ ရိုးရိုးကလေး တစ်ချက်လောက် စမ်းကြည့်နိုင်စရာ ရှိနေတယ်လေ"လို့ ပြန်ပြောရင်း ဒမ်းဘဲလ်ဒိုးက အရက်ကုန်နေပြီဖြစ်တဲ့ သူ့ဖန်ခွက်ကို ကုလားထိုင်ဘေးက စားပွဲသေးသေးကလေးအပေါ် တင်လိုက်ပါတယ်။ ပြီးတော့ သူ ဘာတစ်ခုမှ ဆက်မလုပ်ရသေးခင်မှာပဲ ဘကြီးဗာနွန်က အော်လိုက်တယ်။

"ခင်ဗျား ဒီနီကြင်ကြင် ပစ္စည်းတွေကို ကျွန်တော်တို့ဆီက ဖယ်ပစ်ပေးဦးမှာလား"

ဟယ်ရီလှည့်ကြည့်လိုက်တော့ ဒတ်စလေတို့ သုံးယောက်လုံး သူတို့ လက်တွေကို ခေါင်းပေါ်မှာ အုပ်ခံထားရတာကို တွေ့ရတယ်။ ခေါင်းအပေါ်ဘက်မှာ ရှိနေတဲ့ အရက်ဖန်ခွက်တွေ ထထခုန်ပြီး သူတို့ခေါင်းခွံတွေကို တဒေါက်ဒေါက်နဲ့ ပြန်ကျခေါက်နေလို့ ဖြစ်ပါတယ်။ ဖန်ခွက်တွေက လေထဲမှာပဲ ဟိုရောက်ဒီရောက် ဝဲနေတယ်။

"အို ဟုတ်ပေသားပဲ၊ တကယ့်ကို ဝမ်းနည်းစိတ်မကောင်းပါဘူးဗျာ" ပြောပြောဆိုဆို ဒမ်းဘဲလ်ဒိုးက သူ့ဆေးကြိမ်လုံးကို တစ်ခါ ထပ်မြှောက်လိုက်တယ်။ ဖန်ခွက်သုံးခွက်စလုံး ပျောက်သွားတယ်။ "ဒါပေမဲ့ အမှန်က အဲဒါတွေကို ခင်ဗျားတို့ သောက်လိုက်တာက ပိုကောင်းမှာဗျ။ မသိဘူးလား"လို့ သူက ဆက်ပြောတယ်။

ဘကြီးဗာနွန်ဟာ ပါးစပ်က မခံချင်စရာ စကားလုံးတွေ မနားတမ်း ရေရွတ်ရင်း ဒမ်းဘဲလ်ဒိုးကို ပြန်ပက်နေပါတယ်။ နောက်တော့ ပက်ကျူးနီးယားရော ဒတ်စလေပါ သူနဲ့အတူ နောက်ကိုတွန့်ဆုတ်ပြီး ဆိုဖာကုလားထိုင်ထဲမှာ ကျုံ့နေရင်းက ဘာမှမပြောတော့ဘဲ ဗာနွန်နဲ့ ဝက်မျက်စိလို မျက်စိသေးသေးလေးတွေကသာ ဒမ်းဘဲလ်ဒိုးရဲ့ဆေးကြိမ်လုံးကို စိုက်ကြည့်နေတာ တွေ့ရတယ်။

"ဒီမှာ မြင်တယ် မဟုတ်လား"

ဒမ်းဘဲလ်ဒိုးက ဆေးကြိမ်လုံးကို ပြပြောပြီးမှ ဟယ်ရီဘက်ကို ပြန်လှည့်သွားပြီး စကားဆက်ပြောနေတယ်။ ဗာနွန်ဆီကတော့ ဘာသံမှ ထွက်မလာတော့ဘူး။

"တကယ်လို့ မောင်ရင် အိမ်ကို တကယ် အမွေရပြီးပြီဆိုရင် မောင်ရင် နောက်ထပ် အမွေရထားတာ ရှိသေးတယ်"

www.burmeseclassic.com

သူက ဆေးကြိမ်လုံးကို ပဋ္ဌမအကြိမ်မြောက် ဆတ်လိုက်တယ်။ ဒီမှာတင် "ဖြုန်း"ခနဲ အသံမြည်ပြီး အိမ်စောင့် နတ်သူငယ်လေးတစ်ယောက် ပေါ်လာတယ်။ သူက နှာခေါင်းအစား နှုတ်သီးကြီးနဲ့။ ဇရာမ လင်းနို့နားရွက်ကြီးတွေနဲ့။ ပြီးတော့ သွေးလို ရဲရဲနီနေတဲ့ မျက်လုံးတွေနဲ့။ နတ်သူငယ်ဟာ ဒတ်စလေတို့ရဲ့ မွေးပွကော်ဇောပေါ်မှာ ဝပ်နေရာက ညစ်ပတ်ပေရေနေတဲ့ အဝတ်စုတ်တွေထဲမှာ သွားပြီး ကွယ်ပုန်းနေပါတယ်။ ဒေါ်ကြီး ပက်ကျူးနီးယားက ကြောက်လန့်တကြား ငယ်သံပါအောင် စူးစူးဝါးဝါး အော်လိုက်တယ်။ သူမ မှတ်မိသလောက် သူတို့အိမ်ထဲမှာ ဒီ ညစ်ညမ်းဆိုးဝါးတဲ့ နတ်သတ္တဝါလေးဟာ သူတို့အိမ်ထဲကို ဝင်မလာခဲ့ပါဘူး။ ဒတ်စလေကလည်း ပြောင်တလင်းဖြစ်နေတဲ့ ပန်းနုရောင် သူ့ခြေထောက်အကြီးကြီးတွေကို ကြမ်းပြင်ကနေ ကြွရုပ်တင်လိုက်တယ်။ ပြီးတော့မှ ခေါင်းပေါ်ကို ရောက်လုနီးနီး ကွေးမြှောက်ထားပြီး အဲဒီပုံစံအတိုင်းပဲ ထိုင်နေတယ်။ သူက အဲဒီသတ္တဝါ ငယ်လေးဟာ သူ့ညအိပ်ဝတ်စုံ ဘောင်းဘီပေါ်ကို ပြေးတက်လာမှာ တွေးပြီးကြောက်နေတယ်။ ဒီမှာတင် ဘကြီးဗာနွန်ကလည်း အသံပြဲကြီးနဲ့ "ဒါက ဘယ်လို ဒုက္ခပေးပြန်တာလဲကွ"လို့ ကြုံးအော်လိုက်တယ်။

"ဒီသတ္တဝါကို ပြောတာလား၊ ကဲ ကဲ ပြီးပါပြီဗျာ"

ပြောပြောဆိုဆို ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ ပညာခန်းပြမှုကို အဆုံးသတ်လိုက်တယ်။

"မလုပ်ပါဘူးဗျာ၊ မလုပ်ပါဘူးဗျာ၊ ဒီသတ္တဝါ ကရီးချားက ဘာမှမလုပ်ပါဘူး" နတ်သူငယ် ကရီးချားကပါ အသံအက်အက်နဲ့ အော်ပြောတယ်။ ဒါပေမဲ့ သူ့အသံက ဗာနွန်ဒတ်စလေရဲ့ အသံနဲ့ ဆတူကျယ်တယ်။ သူဟာ သူ့ရဲ့ ကြမ်းထော် ရှုံ့တွန့်နေတဲ့ ခြေထောက်အရှည်ကြီးတွေကို ဆောင့်ကြီးအောင့်ကြီးလုပ်ပြရင်း သူ့နားရွက်တွေကို ပြန်သိမ်းလိုက်တယ်။

"ကရီးချားက မစ္စဘဲလ်လားထရစ်စ်ရဲ့ အဖွဲ့ဝင်တစ်ယောက်ပါ။ မဟူရာရဲ့ အဖွဲ့ဝင်ဆိုလည်း ဟုတ်ပါတယ်။ ကရီးချားက သူ့အတွက် သခင်မအသစ်ကိုသာ လိုချင်တာပါ။ ကရီးချားက ကောင်ဆိုးကလေး ပေါ်တာဆီကို မသွားပါဘူး၊ ကရီးချား မသွားပါဘူး။ မသွားပါဘူး၊ မလုပ်ပါဘူး"လို့လည်း သူက ဆက်ပြောတယ်။

"မောင်ရင်မြင်တဲ့အတိုင်းပဲ ဟယ်ရီ" ကရီးချားရဲ့ မလုပ်ပါဘူး၊ မလုပ်ပါဘူးနဲ့ တတွတ်တွတ်ပြောနေတာကို နင်းပြီး ဒမ်းဘဲလ်ဒိုးက အသံအကျယ်ကြီး ပြောလိုက်တယ်။ "ကရီးချားက မောင်ရင့်ပိုင်ဆိုင်မှုထဲကို သူဝင်လာဖို့ နောက်တွန့်ဝန်လေးနေကြောင်း ပြသနေတာပ"

"အရေးလုပ်လို့၊ ကျွန်တော် သူ့ကို မလိုချင်ဘူး"

ဟယ်ရီကလည်း မနှစ်မြို့စရာပုံပန်းနဲ့ ခြေဆောင့်ပြနေတဲ့ နတ်သူငယ်ကို မလိုမလား ရွံ့ရှာသလိုကြည့်ပြီး အပြတ်ပြောလိုက်တယ်။

"ဟင့်အင်း ဟင့်အင်း မသွားဘူး၊ မလုပ်ဘူး"ဆိုပြီး နတ်သူငယ်ကလည်း အော်နေတယ်။

www.burmeseclassic.com

"မောင်ရင်က သူ့ကို ဘဲလ်လားထရစ်စ် လက်စ်စထရိန့်ချ်ရဲ့ ပိုင်ဆိုင်မှုအောက်ကို လွှတ်ပေးလိုက်တာကို ပိုသဘောကျတာလား။ ပြီးတော့ မနှစ်က ဖီးနစ်ငှက်အုပ်စု ဌာနချုပ်မှာ သူနေခဲ့တာကို စိတ်မှာ အတေးအမှတ်ထားနေတာလား"

"ဟင့်အင်း ဟင့်အင်း မသွားဘူး၊ မလုပ်ဘူး" နတ်သူငယ် အော်တုန်းပဲ။

ဟယ်ရီက ဒမ်းဘဲလ်ဒိုးကို စိုက်ကြည့်လိုက်တယ်။ ကရီးချားကို ဘဲလ်လားထရစ်စ် လက်စ်စထရိန့်ချ်နဲ့ သွားတွေ့ပြီး အတူနေဖို့ ခွင့်ပြုလို့မရနိုင်ဘူးဆိုတာ သူ သိနေတယ်။ ဒါပေမဲ့ သူ့ကို ပိုင်ဆိုင်ပြီး ဒီသတ္တဝါကလေးရဲ့ တာဝန်ကို ယူဖို့ဆိုတာလည်း ဆီးရီးယတ်စ်ကို သစ္စာဖောက်ရာကျနေတာကြောင့် မလိုလား မနှစ်မြို့နိုင် ဖြစ်နေတယ်။

"ကဲ ကဲ မောင်ရင် သူ့ကို အမိန့်ပေးလိုက်တော့။ တကယ်လို့ သူ မောင်ရင့်ပိုင်ဆိုင်မှုအောက်ကို ရောက်လာရင်တော့ မောင်ရင့်ကို သူ နာခံရမှာပဲ။ ဒီလိုမှမဟုတ်ရင်တော့ သူ့ကို သူ့သခင်မဆီ ရောက်မသွားအောင် ထိန်းထားနိုင်ဖို့ တခြားတစ်နည်းတစ်လမ်း ကျုပ်တို့ စဉ်းစားရလိမ့်မယ်"

"ဟင့်အင်း ဟင့်အင်း ..... ဟင့်အင်းဆို ဟင့်အင်းပဲဗျာ" နတ်သူငယ်ကလည်း အော်လို့သာနေတယ်။ ကရီးချားရဲ့ အသံက စူးစူးဝါးဝါးအော်သံအဆင့်ကို မြင့်တက်လာတယ်။ ဟယ်ရီကလည်း ဘာပြောရမှန်း စဉ်းစားလို့ကို မရဘူး။ နောက်ဆုံး သူပြောလိုက်တယ်။

"ကရီးချား ပါးစပ်ပိတ်ထားစမ်း"

ကြည့်ရတာ ကရီးချားဟာ လည်ပင်းအညှစ်ခံရသလို တစ်ခဏလောက် ဖြစ်သွားတယ်။ ပြီးတော့ သူ့လည်ပင်းကို သူညှစ်လိုက်တယ်။ သူ့ပါးစပ်ကတော့ သဲကြီးမဲကြီး အော်ချင်တိုင်း အော်နေတုန်းပဲ။ သူ့မျက်လုံးတွေလည်း ပြူးထွက်လာတယ်။ တစ်အောင့်လောက်ကြာတော့ ရှူးရှူးရှားရှား ဗျာများ ယောက်ယက်ခတ်နေသလိုပုံနဲ့ သူ့မျက်နှာကို ရှေ့က ကော်ဇောခင်းပေါ် ပစ်မှောက်ချလိုက်တယ်။ (ဒီအချိန်မှာ အဒေါ် ပက်ကျူးနီးယားက တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေမှန်း မသိဘူး) ကရီးချားဟာ ကြမ်းပြင်ကို သူ့လက်တွေ ခြေတွေနဲ့ တဝုန်းဝုန်း ထုရိုက်ရင်း ကြမ်းကြမ်းတမ်းတမ်း ဝုန်းဒိုင်းကြဲသလို ဖြစ်နေတယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့လည်း သူငြိမ်သွားပြီး အသံတိတ်နဲ့ ဒေါသူပုန်ထနေပါတော့တယ်။

"အင်း.......... ပြဿနာကတော့ ရှင်းနေပါပြီ။ ခု ကြည့်ရတာ ဆီးရီးယတ်စ်က သူ ဘာလုပ်နေတယ်ဆိုတာ သိဟန်တူပါတယ်။ မောင်ရင်ဟာ ဂရင်းမော့အရပ်၊ နံပါတ် ၁၂နဲ့ ကရီးချားရဲ့ တကယ့်အစစ်အမှန်ပိုင်ရှင် ဖြစ်သွားပြီ"လို့ ဒမ်းဘဲလ်ဒိုးက အားရဝမ်းသာ ပြောလိုက်တော့..........

"ဘယ်လို ကျွန်တော် လုပ်ရမယ် ဟုတ်လား။ ကျွန်တော်က သူ့ကို ကျွန်တော်နဲ့ အတူထားရမယ် ဟုတ်လား" ဟယ်ရီက မေးလိုက်တယ်။ သူ ကြက်သေ သေနေသလို ကရီးချားကလည်း

www.burmeseclassic.com

www.burmeseclassic.com

သူ့ခြေရင်းပတ်ပတ်လည်မှာ ဟိုလိုမ့်ဒီလိုမ့်နဲ့ ပဋ္ဌာမြေလူး လုပ်ပြနေတယ်။

“နို့–မောင်ရင်က အဲဒီလို မလုပ်ချင်လို့လား” ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။ “ကျုပ်အနေနဲ့ အကြံပေးရမယ်ဆိုရင်တော့ မောင်ရင် သူ့ကို ဟော့ဂ်ဝပ်စ်ကို ပို့လိုက်ပြီး အဲဒီမှာ မီးဖိုချောင်အလုပ်တွေ ခိုင်းပေါ့။ ဒါဆိုရင် ကျန်တဲ့ အိမ်စောင့် နတ်သူငယ်တွေက သူ့ကို စောင့်ကြည့်ထိန်းပေးထားနိုင်မယ်” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

“အင်း ........ အင်း” ဟယ်ရီ့ဆီက စိတ်သက်သာရသွားသလို အသံထွက်လာတယ်။ “အေးပေါ့ဗျာ၊ အဲဒီအတိုင်းပဲ ကျွန်တော် လုပ်ပါတော့မယ်။ အဲ–ကရီးချား မင်းကို ငါ ဟော့ဂ်ဝပ်စ်ကို သွားစေချင်တယ်။ အဲဒီက မီးဖိုခန်းထဲမှာ မင်း အလုပ်လုပ်ပေါ့။ တခြား အိမ်စောင့်နတ်သူငယ်တွေလည်း မင်းနဲ့ အတူရှိလိမ့်မယ်”လို့ သူက ပြောလိုက်တယ်။

အဲဒီအချိန်မှာ ခြေတွေလက်တွေ လေထဲကို မြှောက်ပြီး အောက်မှာ ပက်လက်လန်နေတဲ့ ကရီးချားက သူ့ကို အစူးနက်ဆုံး ရွံရှာစက်ဆုပ်တဲ့ အကြည့်မျိုးနဲ့ ခြေဆုံးခေါင်းဆုံး ထက်အောင် ပြောင်းပြန် တစ်ချက်ကြည့်လိုက်ပြီးမှ 'ဖြန်း'ခနဲ ကျယ်လောင်တဲ့ အသံတစ်ချက်နဲ့အတူ ပျောက်ကွယ်သွားပါတော့တယ်။
“ကောင်းတယ်ဟေ့” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ နောက်ထပ် ပြဿနာတစ်ခု ရှိသေးတယ်။ လင်းယုန်ငှက်ခေါင်းနဲ့ ရေမြင်းကိုယ်ပါတဲ့ ငှက်မြင်းပျံကြီး နူတ်သီးခေါ်ရဲ့ ကိစ္စပဲ။ ဟက်ဂရစ်က သူ့ကို ဆီးရီးယတ်စ် သေသွားကတည်းက စောင့်ရှောက်ထားခဲ့တာ။ ဒါပေမဲ့ နူတ်သီးခေါ်ဟာ ခု မောင်ရင့်လူဖြစ်သွားပြီ။ အဲဒီ အစီအစဉ်ကိုရော မောင်ရင် အပြောင်းအလဲ လုပ်ချင်တဲ့ ဆန္ဒရှိလား”

“မရှိဘူး”

ဟယ်ရီက ချက်ချင်း ပြန်ဖြေလိုက်တယ်။ ပြီးတော့ “သူ ဟက်ဂရစ်နဲ့ နေနိုင်ပါတယ်။ ကျွန်တော် ထင်တယ်လေ၊ နူတ်သီးခေါ်ကလည်း သဘောကျမှာပါပဲ”လို့ ဆက်ပြောလိုက်တယ်။

“ဟက်ဂရစ်လည်း ပျော်သွားမှာပေါ့ကွာ။ နူတ်သီးခေါ်ကို သူပြန်တွေ့ရရင် သူ ရင်တွေခုန်ပြီး ပီတိတွေ ဖြစ်နေလိမ့်မယ်။ ဒါနဲ့ စကားမစပ် နူတ်သီးခေါ်ရဲ့ လုံခြုံရေးအတွက် ကျုပ်တို့ ဆုံးဖြတ်ထားတာရှိတယ်။ သူ့ကို 'ရဲရင့်တောင်ပံ'ဆိုတဲ့ နာမည်နဲ့ ပြန်ပြီး ကင်ပွန်းတပ်ပေးဖို့ပါပဲ။ လောလောဆယ်မှာတော့ ဝန်ကြီးဌာနက သူ့ကို တစ်ခါက သူတို့သေဒဏ်စီရင်ခဲ့တဲ့ ငှက်မြင်းပျံနူတ်သီးခေါ် ဖြစ်တယ်ဆိုပြီး သံသယ ဖြစ်နေလိမ့်ဦးမှာပဲ။ ကဲ–ခု မောင်ရင် သေတ္တာကြီး ထည့်လို့ပြီးပြီမဟုတ်လား” ဒမ်းဘဲလ်ဒိုးက ပြုံးပြုံးကြီး ပြောလိုက်တယ်။

“အင်း”

“ကျုပ် အော်ခေါ်နေရဦးမလား မသိဘူး” ဒမ်းဘဲလ်ဒိုးက လိမ်မာပါးနပ်စွာ တိုက်တွန်းလိုက်တယ်။

www.burmeseclassic.com

"ကျွန်တော် ခုသွားလိုက်တာနဲ့ ခုပြီးသွားမှာပါ"လို့ ဟယ်ရီက ကပျာကယာ ပြောလိုက်ပြီး ကျနေတဲ့ အဝေးကြည့်မှန်ပြောင်းနဲ့ ပတ္တူဖိနပ်ကို အပြေးလိုက်ကောက်တယ်။ သူ လိုအပ်သမျှ အလောတကြီး လုပ်ကိုင်လိုက်တာ ၁၀မိနစ်လောက် အချိန်ပြုတ်သွားတယ်။ နောက်ဆုံး သူ့အိပ်ရာအောက်က ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်၊ အရောင်ပြောင် မင်အိုးကြီးနဲ့ ထိပ်ကအဖုံးကို နောက်ဘက်ကိုလှည့်ဖွင့်၊ သူ့ရဲ့ အဝတ်အစားထည့် သေတ္တာကြီးကို ဒယ်တစ်ခုပေါ်မှာ တင်ပြီး အဖုံးကိုဖိပိတ်၊ အဲဒီနောက် သေတ္တာကြီးကို လက်နှစ်ဖက်နဲ့ မယူ၊ ဇီးကွက်ကြီး ဟက်ဝစ်ခ်ကို ထည့်ထားတဲ့ ငှက်လှောင်အိမ်ကို လက်တစ်ဖက်ကဆွဲပြီး အောက်ထပ်ကို သူဆင်းလာခဲ့တယ်။

ဒမ်းဘဲလ်ဒိုးက သူ့ကို ခန်းမထဲမှာ စောင့်မနေတာကို တွေ့ရလို့ သူစိတ်ပျက်သွားရပြန်တယ်။ ဒါ့ကြောင့် သူ ဧည့်ခန်းကို မသွားချင်ဘဲ တစ်ခေါက်သွားရပြန်ပါရော။ ဧည့်ခန်းထဲမှာ ဘယ်သူမှ စကားပြောမနေဘူး။ ဒမ်းဘဲလ်ဒိုးက လုံးဝ သက်သောင့်သက်သာ ရှိနေသလိုမျိုးနဲ့ တိုးတိုးလေး တေးညည်းနေတယ်။ ဒါပေမဲ့ အခြေအနေက နို့ကြက်ဥပေါင်းတစ်လုံးထက် ပိုပြီး အေးစက်တင်းမာနေပုံ ရတယ်။ ဒါ့ကြောင့် ဟယ်ရီက ဒတ်စလေတို့ကို လှည့်မကြည့်ဝံ့ဘဲ ဒမ်းဘဲလ်ဒိုးကိုသာ ပြောလိုက်တယ်။

"ကျွန်တော် အခု အဆင်သင့် ဖြစ်နေပါပြီ ပါမောက္ခကြီး"

"ကောင်းတာပေါ့ကွာ၊ ဒီမှာ ခု ကျုပ်နောက်ဆုံးတစ်ခုပဲ ကျန်ပါတော့တယ်"လို့ ဒမ်းဘဲလ်ဒိုးကပြောပြီး ဒတ်စလေမိသားစုနဲ့ နောက်တစ်ကြိမ်စကားပြောဖို့ သူတို့ဘက်ကို လှည့်လိုက်ပြန်တယ်။

"ခင်ဗျားတို့ သတိထားမိမယ်ဆိုရင် ဟယ်ရီဟာ တစ်နှစ်တာကာလအတွင်းမှာပဲ အရွယ်ရောက်လာတော့မယ်ဆိုတာ သံသယ ဖြစ်စရာကို မရှိဘူး"လို့ သူက ဆိုတော့-

"ဘယ်က ဟုတ်ရမှာလဲ"ဒေါ်ကြီး ပက်ကျူးနီးယားက ဒမ်းဘဲလ်ဒိုး ရောက်လာချိန်ကစပြီး ပထမဆုံးအကြိမ်အနေနဲ့ စကားစပြောလိုက်ပါတယ်။

"သြော် မှားသွားတာ အားနာလိုက်တာဗျာ" ဒမ်းဘဲလ်ဒိုးက ယဉ်ယဉ်ကျေးကျေး ထပ်ပြောတယ်။

"သူက အဲဒီလို မဟုတ်ဘူး၊ ဒတ်ဒ်လီထက် တစ်လတိတိငယ်တယ်။ ဒတ်ဒါးစ်က နောက်နှစ်ပြီး ရှေ့တစ်နှစ် မရောက်မချင်း ၁၈နှစ်ပြည့်မှာ မဟုတ်သေးဘူး"

"ဟုတ်လား၊ ဒါပေမဲ့ မှော်ဆရာပညာလောကမှာတော့ ကျွန်တော်တို့ဟာ ၁၇နှစ်နဲ့ အရွယ်ရောက်တာပဲ"

"ပေါက်ကရတွေ၊ ရယ်ဖို့ကောင်းတဲ့ ဟာသတွေ"လို့ ဘကြီးဗာနွန်က စကား လိုက်ထောက်ပေမဲ့ ဒမ်းဘဲလ်ဒိုးက သူ့ကို မသိကျိုးကျွန်ပြုနေပါတယ်။ ပြီးတော့ ဆက်ပြောတယ်။

"အခု ခင်ဗျားတို့လည်း ကြားပြီးရောပေါ့။ လော့ဒ်ဗိုဒီမော့လို့ခေါ်တဲ့ မှော်ဆရာတစ်ဦး ဒီနိုင်ငံကို

www.burmeseclassic.com

ပြန်လာတယ်။ မှော်ဆရာလောက အဖွဲ့အစည်းထဲမှာ လက်ရှိအနေအထားအရ စစ်ဖြစ်နေတဲ့ အခြေအနေကို ရောက်နေတယ်။ ဗိုဒီမော့ရဲ့ အကြိမ်ကြိမ် အခါခါ သတ်ဖြတ်ဖို့ ကြိုးစားခံခဲ့ရတဲ့နေ့ထက်တောင် ပိုမိုကြီးမားတဲ့ အန္တရာယ်တွေ ရှိနေတယ်။ အဲဒီတုန်းက သူ့မိဘတွေကို သတ်ဖြတ်ခဲ့တဲ့ လူသတ်သမားအကြောင်း ရှင်းပြထားတဲ့ စာတစ်စောင်နဲ့အတူ ခင်ဗျားတို့အနေနဲ့ ဟယ်ရီကို ကိုယ့်သားသမီး အရင်းအချာလို စောင့်ရှောက်စေလိုကြောင်း ကျွန်တော့်ရဲ့ မျှော်လင့်ချက်နဲ့ ဆန္ဒကို ခင်ဗျားတို့ကို ကျွန်တော် ပြောခဲ့တယ်”

ဒီနေရာမှာ ဒမ်းဘဲလ်ဒိုးက သူ့စကားကို ခဏရပ်လိုက်တယ်။ သူက ဖြည်းညင်းသက်သာ အေးအေးချမ်းချမ်းပြောနေပြီး သူ့စကားနဲ့ အမူအရာမှာ ဒေါသအရိပ် လက္ခဏာ လုံးဝမပါဘူး။ သူ့ဆီကနေ အအေးဓာတ်တစ်မျိုး ထွက်နေတယ်လို့ ဟယ်ရီခံစားရပြီး ဒတ်စလေမိသားစုလည်း တစ်ဦးနဲ့တစ်ဦး နည်းနည်းပိုနီးကပ်အောင် တိုးကပ်နေကြတာကို သူ သတိထားလိုက်မိတယ်။ ဒမ်းဘဲလ်ဒိုးက ဆက်ပြောတယ်။

“ခင်ဗျားတို့က ကျွန်တော် ပြောသလို မလုပ်ဘူး။ ဟယ်ရီကို ခင်ဗျားတို့ သားတစ်ယောက်လို မပြုစု မဆက်ဆံခဲ့ဘူး။ ခင်ဗျားတို့ သူ့ကို ဥပေက္ခာပြုထားပြီး ရံဖန်ရံခါ ရက်တောင်ရက်စက်သေးတယ်ဆိုတာ သူ ဘာမှမသိခဲ့ရှာဘူး။ ဒါနဲ့ပတ်သက်လို့ အကောင်းဆုံးဖြစ်အောင် ပြောရရင် သူဟာ အနည်းဆုံးတော့ ခင်ဗျားတို့ကြားမှာ ခုထိုင်နေတဲ့ ကံဆိုးတဲ့သူငယ်လေးကို ခင်ဗျားတို့ ဒုက္ခပေးခဲ့တဲ့ ဆိုးဆိုးဝါးဝါး နစ်နာပျက်စီးမှုတွေကနေ လွတ်မြောက်သွားပြီ ဆိုတာပါပဲ”

အဒေါ်ကြီး ပက်ကျူးနီးယားကော ဘကြီး ဗာနွန်ပါ နှစ်ယောက်လုံး သူတို့ကြားမှာ တိုးဝင်နေတဲ့ ဒတ်ဒ်လီအပြင် တစ်စုံတစ်ယောက် ရှိဦးမလားဆိုတဲ့ အထင်နဲ့ဘေးကို လှည့်ပတ်ကြည့်လိုက်တယ်။

“ကျုပ်တို့က ဒတ်ဒါးစ်ကို မတော်တရော် လုပ်တယ်၊ နှိပ်စက်တယ် ဟုတ်လား၊ ခင်ဗျား ဘာကို .........” ယမ်းပုံမီးကျ ဒေါသအိုးပေါက်ကွဲသွားတဲ့ စပြောခါရှိသေးတယ်။ ဒမ်းဘဲလ်ဒိုးက အသာတိတ်တိတ်နေဖို့ လက်ကာပြလိုက်လို့ ဗာနွန်ဟာ သူ့ကို အသွားအောင် အလုပ်ခံလိုက်ရသလိုမျိုး တစ်ချက်တည်း တိတ်သွားပါတယ်။

“ဒီအိမ်ကို သူ့ရဲ့ နေအိမ်အဖြစ်နဲ့ နေနေခဲ့တဲ့ ကာလအတွင်း လွန်ခဲ့တဲ့ ၁၅နှစ်က ကျွန်တော် စီရင်ထားခဲ့တဲ့ မှော်ပညာကြောင့် ဟယ်ရီ့မှာ အစွမ်းထက်တဲ့ အကာအကွယ် ရှိနေခဲ့တယ်။ သူ့ကို ဘယ်လိုပဲ မလိုလား မလိုလား၊ သူဟာ ဘယ်လောက်ပဲ ဆိုးဆိုးဝါးဝါး ပြုမူခံခဲ့ရ ခံခဲ့ရ အနည်းဆုံးတော့ ခင်ဗျားတို့ဟာ သူ့ကို ဆောင့်ကြီးအောင့်ကြီးနဲ့ အိပ်ခန်းတစ်ခန်းတော့ ပေးထားခဲ့ရတာပဲ။ ဒီမှော်ပညာ ဟယ်ရီ အသက် ၁၇နှစ် ရောက်ရှိတဲ့အချိန်မှာ ရပ်ဆိုင်းသွားပါလိမ့်မယ်။ တစ်နည်းပြောရရင်တော့ သူ လူကြီးဖြစ်လာပြီပေါ့။ ဒီတော့ ခင်ဗျားတို့အနေနဲ့ သူ အသက် ၁၇နှစ်မပြည့်ခင် ဟယ်ရီကို နောက်တစ်ကြိမ် ဒီအိမ်ကို ပြန်လာခွင့်ပြုရမယ်။ ကျွန်တော် ပြောချင်တာက ဒါပဲ။ အဲဒီအချိန်အထိ မှော်ပညာက သူ့ကို အကာအကွယ် ဆက်ပေးထားလိမ့်မယ်။

ဒတ်စလေမိသားစု တစ်ယောက်မှ ဘာတစ်ခွန်းမှ မပြောကြတော့ဘူး။ ဒတ်ဒ်လီတစ်ယောက်သာ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com

မတရားပြုမှုနှိပ်စက်တိုင်း ရှန်းထွက်ဖို့ ကြိုးစားစဉ်ကလို မျက်မှောင် နည်းနည်းကြုတ်ထားတယ်။ ဗာန္ဒန်က သူ့လည်ချောင်းထဲမှာ တစ်ခုခုနင်နေသလိုပုံမျိုးနဲ့ ကြည့်နေတယ်။ အဒေါ်ကြီး ပက်ကျူးနီးယားကလည်း ရုက်သွေးဖြန်းသလို မျက်နှာကြီး နီရဲနေတယ်။

"ကဲ–ဟယ်ရီ တို့ထွက်ဖို့ အချိန်ရောက်ပြီ"

နောက်ဆုံးမှာ ဒမ်းဘဲလ်ဒိုးက ပြောရင်း နေရာကထလိုက်ပြီး သူ့ရဲ့ ဝတ်ရုံရှည် အနက်ကြီးကို စန့်စန့်ရန့်ရန့်ဖြစ်အောင် ဖြန့်နေတယ်။ ပြီးတော့ "နောက်တစ်ကြိမ် ဆုံဦးမှာပေါ့ ဟုတ်လား"လို့ အဲဒီအချိန် မြန်မြန်ရောက်ပြီး အဲဒီစကား မြန်မြန်ကြားချင်နေတဲ့ပုံမျိုးနဲ့ သူ့ကိုကြည့်နေတဲ့ ဒတ်စလေမိသားစုကို ပြောရင်း ဦးထုပ်ကို ချွတ်ကိုင်ပြီး ထွက်သွားပါတော့တယ်။ ဟယ်ရီလည်း "ကဲ– သွားပြီနော်"လို့ ဒတ်စလေတို့ကိုပြောပြီး သူ့အဝတ်သေတ္တာကြီးနားမှာ ရပ်စောင့်နေတဲ့ ဒမ်းဘဲလ်ဒိုးနောက်ကို ဒရောသောပါး လိုက်သွားတယ်။ သေတ္တာကြီးပေါ်မှာ ကြက်တူရွေးကြီး ဟတ်စ်ခ်ရဲ့လှောင်အိမ်ကို တင်ထားတယ်။

"ခုအချိန်မှာ ဒါကြီးတွေနဲ့ ကျုပ်တို့ ဝန်ပိနေမှာ ကျုပ် မလိုချင်ဘူး" ဒမ်းဘဲလ်ဒိုးကပြောပြီး သူ့ဆေးကြိမ်လုံးကို တစ်ခါဆွဲထုတ်လိုက်ပြန်ပါတယ်။ "ကဲ–ဒါတွေကို ကျုပ် ဘားရိုးကိုပို့လိုက်မယ်။ အဲဒီကနေ ကျုပ်တို့ကို စောင့်ပေါ့။ ဒါပေမဲ့ မင်းရဲ့ ကိုယ်ပျောက်ဝတ်ရုံကို မင်းယူလာရင် ပိုကောင်းမယ်။ အဲဒီတစ်ခုပဲ"

ဟယ်ရီက သေတ္တာကြီးထဲက သူ့ဝတ်ရုံကို အထဲမှာ ရှုပ်ယှက်ခတ် ညစ်ပေပွနေတာတွေကို ဒမ်းဘဲလ်ဒိုးမမြင်အောင် ကြိုးစားရင်း ခက်ခက်ခဲခဲ နှိုက်ထုတ်လိုက်တယ်။ ပြီးတော့ ထွက်လာတဲ့ ဝတ်ရုံကို သူ့အပေါ် အင်္ကျီအိတ်တစ်လုံးထဲ ဟယ်ရီ ထိုးထည့်နေတုန်း ဒမ်းဘဲလ်ဒိုးက သူ့ဆေးကြိမ်လုံးကို ဆတ်ခနဲ ဝှေ့ယမ်းလိုက်တာ သေတ္တာကြီးရော ငှက်လှောင်အိမ်နဲ့ အထဲက ဟက်ဝစ်ခ်ပါ မြင်ကွင်းက ပျောက်ကွယ်သွားပါတယ်။ ဆေးကြိမ်လုံးကို နောက်တစ်ချက်လည်း ထပ်ဝှေ့ယမ်းလိုက်ရော အပြင်က အေးစက် မြူဆိုင်းမှောင်ခိုက်နေတဲ့ဘက်ကို အိမ်ရှေ့တံခါးကြီး 'ဂုန်း'ခနဲ ပွင့်သွားပါတော့တယ်။

"ကဲ–ခု ကျုပ်တို့ ညခရီးလမ်းကို လျှောက်လှမ်းပြီး တို့ကို မြူဆွယ်ဖြားယောင်း သွေးဆောင်နေတဲ့ စွန့်စားခန်းကြီးနောက်ကို လိုက်ကြစို့ ဟယ်ရီ"

***********

**အခန်း (၄)**
**ပက်ကျိချို ဟိုရေစ်**

ဒမ်းဘဲလ်ဒိုးက သူ့ကို တကယ်လာခေါ်ဆောင်မှာပဲလို့ အပြင်းအထန် မျှော်လင့်ရင်း လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်း အိပ်ရာက နိုးလာချိန်တွေတိုင်းကို သူ ကုန်ဆုံးစေခဲ့တဲ့အဖြစ်တွေ ရှိခဲ့ပေမဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com

ပရိုင်းဗက် ပန်းချီလမ်းအတိုင်း နှစ်ယောက်အတူ စတင်ထွက်ခွာလာချိန်မှာတော့ ဟယ်ရီဟာ တစ်မျိုးတစ်မည် ကွဲပြားခြားနားစွာ ခံစားနေမိပြန်ပါတယ်။

သူဟာဟော့ဂ်ဝပ်စ်ရဲ့ အပြင်ဘက်မှာ သူ့ကျောင်းအုပ်ကြီးနဲ့ ဘယ်တုန်းကမှ အရင်က တကယ်အကျအန စကားစမြည် မပြောခဲ့ဖူးဘူး။ အခါတိုင်းလိုလို နှစ်ယောက်ကြားမှာ အနည်းဆုံး စာရေးခုံတစ်လုံးလောက်တော့ ခြားနေခဲ့မြဲ ဖြစ်ပါတယ်။ နောက်ဆုံးအကြိမ် သူတို့ ခု မျက်နှာချင်းဆိုင် တွေ့ဆုံစဉ်မှာလည်း အဲဒီအတိုင်းပဲ စိတ်ကသိကအောက် ဖြစ်စရာတွေပဲ ဖြစ်ခဲ့သလို ဟယ်ရီအနေနဲ့ စိတ်အနှောင့်အယှက် ခံစားခဲ့ရပါတယ်။ အဲဒီအကြိမ်မှာ ဟယ်ရီအနေနဲ့ အကြီးအကျယ် အခြေအတင် ပြောဆိုရမှုတွေ ရှိနေခဲ့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒမ်းဘဲလ်ဒိုးကတော့ ဘာမှမဖြစ်သလို အပြည့်အဝ အေးအေး ဆေးဆေး သက်သောင့်သက်သာ ရှိနေပုံပဲ။

“မောင်ရင့် ဆေးကြိမ်လုံးကို အဆင်သင့် ဖြစ်နေအောင် လုပ်ထား ဟယ်ရီ”လို့ တက်တက်ကြွကြွ သူကပြောလိုက်တော့ ဟယ်ရီက “ကျွန်တော့်ကို ကျောင်းရဲ့ ပြင်ပမှာ မှော်ပညာကို အသုံးပြုဖို့ ခွင့်ပြုမထားဘူးလို့ ထင်တယ်”လို့ ပြန်ပြောတယ်။

ဒီမှာတင် “တကယ်လို့ အဲဒီမှာ တိုက်ခိုက်တာတွေ ဖြစ်လာရင် ဘယ့်နှယ့်လုပ်မလဲ၊ ကိစ္စမရှိဘူး။ ငြိုလ်ဆိုးတစ်ခုခု ဝင်လာတာနဲ့၊ ဒါမှမဟုတ် မင်းအပေါ် ကျရောက်မယ့် ကျိန်စာတိုက်မှုတွေ ထွက်ပေါ်လာတာ တစ်စုံတစ်ခု မြင်ရတာနဲ့ မောင်ရင့် ဆေးကြိမ်လုံးကိုသုံးဖို့ ကျုပ်ခွင့်ပြုပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီညအတွက်တော့ တိုက်ခိုက်ခံရမှာနဲ့ ပတ်သက်လို့ မောင်ရင် လုံးဝတွေးပူစရာမလိုဘူးလို့ ကျုပ်ထင်တယ်”လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

“ဘာဖြစ်လို့ပါလဲ ခင်ဗျာ”

“ဟ–ဒါက မောင်ရင်ဟာ ကျုပ်နဲ့အတူ ရှိနေလို့ပဲပေါ့ကွ၊ ဒီအတိုင်းပဲ ဖြစ်ရမယ် ဟယ်ရီ”

ဒမ်းဘဲလ်ဒိုးက ရှိုးရှိုးရှင်းရှင်းကလေး ပြန်ဖြေတယ်။ ပရိုင်းဗက် ပန်းချီလမ်း အဆုံးကို ရောက်လာတော့ သူပြောနေရင်း စကားပြတ်သွားပြီးမှ ပြန်ဆက်တယ်။

“အမှန်တော့ မောင်ရင်ဟာ မောင်ရင့်ရဲ့ ‘နာနာဘာဝ ကိုယ်ထင်ပြမှုဆိုင်ရာ ဘာသာရပ် စာမေးပွဲ’ကို မအောင်သေးဘူး”

“မဟုတ်ဘူးလေ၊ ခင်ဗျားက ၁၇နှစ် ရှိရမယ်လို့ ပြောနေတာထင်တယ်”ဟယ်ရီက ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုလုပ်၊ မောင်ရင်က ကျုပ် လက်မောင်းကို ခပ်မြဲမြဲကိုင်ထားဖို့ လိုတယ်၊ ကျုပ် ဘယ်လက်ကို။ တကယ်လို့ မင်းတွေ့ရင်လည်း အဲဒါကို ဂရုမစိုက်နဲ့။ ကျုပ်ရဲ့ ဆေးကြိမ်လုံးက ခုအခိုက်အတန့်မှာ နည်းနည်း အားနည်းချက် ရှိနေတယ်”လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

ဟယ်ရီက ဒမ်းဘဲလ်ဒိုး ကမ်းပေးတဲ့ လက်ဖျံကို တအား ဆုပ်ကိုင်ထားလိုက်ပါတယ်။

“ဟာ သိပ်ကောင်းတယ်၊ ကဲ–ဒါဆို ကျုပ်တို့ သွားကြမယ်”လို့ ဒမ်းဘဲလ်ဒိုးက ပြောတယ်။ ဟယ်ရီက ဒမ်းဘဲလ်ဒိုးရဲ့ လက်မောင်း သူ့ဆီက လွတ်သွားတော့မယ် မှတ်လို့ သူ့လက်ကို နှစ်ဆတိုးပြီး ဆုပ်ညှစ်ထားလိုက်တယ်။ နောက်ထပ် သူသိလိုက်ရတာကတော့ အရာအားလုံး အမည်းရောင် ဖြစ်သွားတာပဲ။ ပြီးတော့ သူ့တစ်ကိုယ်လုံးကိုလည်း ဘက်ပေါင်းစုံကနေ တင်းကျပ်နေအောင် တအား ဖိညှစ်ထား ခံနေရတယ်။ သူ အသက်တောင် မရှူနိုင်တော့ဘူး။ ပြီးတော့ သံနန်းကြိုးတွေက သူ့ရင်ဘတ်ပေါ်ကိုဖြတ်ပြီး အားကုန်ပတ်နေကြပြီး တဖြည်းဖြည်း တင်းသည်ထက် တင်းလာတယ်။ သူ့ရဲ့ မျက်လုံးမျက်ဆန် ခေါင်းထဲကို အားနဲ့ပြန်ဆောင့်တိုးဝင်နေတယ်။ သူ့ရဲ့ နားစည်ကိုလည်း ဦးခေါင်းခွံထဲကို နက်သည်ထက်နက်ဝင်သွားအောင် တွန်းဖိသွင်းခံနေရတယ်။ နောက်တော့ ....... နောက်တော့............

နောက်တော့ ညလေအေးစက်စက်တွေကို အဆုတ်ထဲအပြည့် အငမ်းမရ သူ ရှူရှိုက်သွင်းလိုက်ချိန်မှာပဲ ပွင့်ပြီး ပြူးထွက်နေတဲ့ သူ့မျက်လုံးတွေ အပြင်ဘက်ကို တွဲလောင်းကျနေတယ်လို့ ထင်လိုက်ရတယ်။ သူ့ကို ကျဉ်းမြောင်းကျပ်ညပ်နေတဲ့ ရာဘာပိုက်ပြွန်ထဲကို အားနဲ့ထိုးသွင်းနေသလို ခံစားနေရတာပဲ ဖြစ်တယ်။ နောက်ထပ် စက္ကန့်အနည်းငယ်အတွင်းမှာပဲ ပရိုင်းဗက် ပန်းချုံလမ်းဟာ သူတို့ရှေ့ကပျောက်သွားတာကို သူသိလိုက်ရတယ်။ အသေအချာ သတိထားလိုက်တော့ သူနဲ့ ဒမ်းဘဲလ်ဒိုးဟာ လူသူကင်းမဲ့တဲ့ ရွာကွက်လပ်ရင်ပြင် တစ်ခုလို့ ထင်ရတဲ့နေရာကို ရောက်နေတာ ဖြစ်တယ်။ ကွက်လပ်အလယ်မှာ စစ်ပွဲအထိမ်းအမှတ် ကျောက်တိုင်ဟောင်းတစ်ခု စိုက်ထူထားပြီး ခုံတန်းရှည် အနည်းငယ်လည်း ရှိနေတယ်။ သူ့ရဲ့ အာရုံခံစားမှုနောက်ကို သူ့အသိစိတ်က အမီလိုက်နေရတယ်။ နောက်ဆုံး ဟယ်ရီသိလိုက်တာက သူ့ဟာ သူ့ဘဝမှာ ပထမဆုံးအနေနဲ့ ကိုယ်ထင်ပြလိုက်ခဲ့ပြီဆိုတာပဲ ဖြစ်ပါတယ်။

“မောင်ရင် အခြေအနေ ကောင်းရဲ့လား” ဒမ်းဘဲလ်ဒိုးက သူ့ကိုငုံ့ကြည့်ပြီး အရေးတယူ ဂရုတစိုက် မေးလိုက်တယ်။ “အထိအတွေ့ အာရုံခံစားချက်တွေ ခါတိုင်းနဂို အနေအထားကို ပြန်ရောက်လာပါပြီ”လို့လည်း သူက ဆက်ပြောတယ်။

“ကျွန်တော် ကောင်းပါတယ်”ဟယ်ရီက ဖြေတယ်။ “ဒါပေမဲ့ ကျွန်တော် မတ်တတ်တံမြက်စည်းတွေကိုပဲ လိုချင်တယ်ဗျာ”လို့ ပြောရင်းလည်း ပရိုင်းဗက် ပန်းချုံလမ်းကို သူတို့ ထွက်လာနိုင်ခဲ့ပြီဆိုတာ သေချာအောင် သူ့မျက်စိတွေကို ပွတ်သပ်ကြည့်နေတယ်။

ဒမ်းဘဲလ်ဒိုးက ပြုံးလိုက်တယ်။ ပြီးတော့ သူ့ရဲ့ ခရီးသွားဝတ်ရုံကို လည်ပင်းတစ်ဝိုက်မှာ နည်းနည်းလေး ပိုတင်းသွားအောင် ဆွဲစေ့ပြီး “ဒီလမ်းပဲ”လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

တက်ကြွ လန်းဆန်းတဲ့ ခြေလှမ်းသစ်တွေနဲ့ သူ စလှမ်းနေတယ်။ လူသူ ခြောက်ကပ်နေတဲ့ စားသောက်ဆိုင်ကလေးတစ်ခုနဲ့ အိမ်တချို့ကို ဖြတ်လာခဲ့တယ်။ အနီးအနားက ခရစ်ယာန် ဘုရားကျောင်းတစ်ခုပေါ်က နာရီကို လှမ်းကြည့်လိုက်တော့ သန်းခေါင် ရောက်လုရောက်ခင် ဖြစ်နေတာကို ပြနေတယ်။

"ပြောစမ်းပါဦး ဟယ်ရီ၊ မောင်ရင့်ဒဏ်ရာ အမာရွတ်က တစ်ချိန်လုံးလိုလိုများ နာနေသလား"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

ဟယ်ရီက လက်ကို ကယောင်ကတမ်း မြှောက်လိုက်ပြီး သူ့နဖူး လျှပ်စီးလက် နေသလိုပုံစံ အရာထင်နေတဲ့နေရာကို ပွတ်လိုက်တယ်။ ပြီးတော့ သူက "ဟင့်အင်း မနာဘူး၊ ကျွန်တော် အဲဒါကို အံ့သြနေတယ်။ ဗိုဒီမော့က ခုသိပ်အစွမ်း ပြန်ထက်နေတယ်မို့လား။ ကျွန်တော်က ဒီနေရာကို တစ်ချိန်လုံးလောင်ပြီး နာနေမယ်လို့ ထင်ထားတာ"

သူ ဒမ်းဘဲလ်ဒိုးကို ဖျတ်ခနဲ တစ်ချက်မော့ကြည့်လိုက်တော့ သူ့မျက်နှာ အကျေနပ်ကြီး ကျေနပ်နေတာကို အထင်းသား တွေ့ရတယ်။

"ကျုပ်ကတော့ တစ်မျိုး တွေးခဲ့တယ်။ လော့ဒ်ဗိုဒီမော့ဟာ နောက်ဆုံးကျတော့ သူဟာ မောင်ရင့်ကြောင့် အန္တရာယ် ရှိနေပြီဆိုတာ သိသွားမှာပဲ။ ခု မောင်ရင့်ကို တိုက်ခိုက်ဖို့ သူ အောက်ကန်မစီကို ခိုင်းနေတာပဲ ဖြစ်ရမယ်"လို့ ဒမ်းဘဲလ်ဒိုးက ပြောတယ်။

"ဒါဆို ကျွန်တော် မပြောတော့ပါဘူး"လို့ ဗိုဒီမော့ရဲ့ စိတ်ထဲက အတွေးစိတ်ကူးနဲ့ အာရုံတွေရော ပြိုးပြိုးပြက်ပြက်နဲ့ ဖျတ်ခနဲ ဖျတ်ခနဲ တအံ့တသြ ဖြစ်လောက်အောင် အလိုလို ထိုးထွင်းသိနိုင်တဲ့ အကြားအမြင်ဓာတ်ကိုပါ နှောင့်ယှက်ဖို့ ပျက်ကွက်သွားတဲ့ ဟယ်ရီက ပြောလိုက်တယ်။

သူတို့ လမ်းထောင့်တစ်ခုကို ချိုးကွေ့လိုက်တယ်။ နောက် တယ်လီဖုန်း ရုံကလေးတစ်ခု။ ဘတ်စ်ကားစောင့်တဲ့ အရိပ်ခို အမိုးရုံလေးတစ်ခုကို ဖြတ်သွားတယ်။ ဟယ်ရီက ဒမ်းဘဲလ်ဒိုးကို ဘေးတိုက်စွေကြည့်လိုက်တယ်။ "ပါမောက္ခကြီး"လို့ သူက ခေါ်လိုက်တော့-

"ဘာတုံးကွ ဟယ်ရီ"

"အဲ......... ကျွန်တော်တို့ ခုရောက်နေတာ ဘယ်နေရာလဲဆိုတာ အတိအကျ ပြောလို့ ရမလား"

"ဒါ တော်တော်နေချင်စရာ ကောင်းတဲ့ ဘတ်ဒ်လေ့ချ်ဘက်ဘာတန်ရွာကလေးပဲ ဟယ်ရီ"

"ခင်ဗျားက ဒီမှာ ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အေး ဟုတ်သားပဲ၊ ကျုပ် မောင်ရင့်ကို မပြောမိသေးဘဲကိုး။ ကျုပ် ပြောဖူးသလိုပဲ မကြာခင်ကနှစ်တွေထဲမှာ ကျုပ် အချိန်တွေ အများကြီး ဆုံးရှုံးခဲ့တယ်။ မေ့နေတာတွေ ရှိတယ်။ ခု ကျုပ်တို့အတွက် အင်အားလိုနေတဲ့ အဖွဲ့ဝင်တစ်ယောက်ကို လာခေါ်တာပဲ။ ဒီမှာ ကျုပ်တို့ ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတစ်ယောက်ကို အငြိမ်းစားယူနေရာက ပြန်လာပြီး ဟော့ခ်ဝပ်စ်ကို ပြန်သွားဖို့ စည်းရုံးစရာ ရှိနေတယ်"

"အဲဒီ ကိစ္စအတွက် ကျွန်တော် ဘာကူလုပ်ပေးရမလဲ ခင်ဗျ"

"အို့ ဟိုး ဟိုး–ဒီမှာ ကျုပ်တို့ မောင်ရင့်အတွက် အသုံးတည့်မှာ တစ်ခုကို တွေ့လိမ့်မယ်လို့ ကျုပ်ထင်တယ်"

ဝဲယာ တစ်ဖက်တစ်ချက် အိမ်တွေတန်းစီနေတဲ့ မတ် လမ်းကျဉ်းကလေး တစ်ခုအတိုင်း သူတို့ ဆက်တက်သွားတယ်။ ပြတင်းတွေအားလုံးမှာ မီးရောင် မမြင်ရဘူး။ ပရိုင်းဗက် ပန်းချုံလမ်းပေါ်ကို သီတင်းနှစ်ပတ်ကြာအောင် လွှမ်းခြုံကျရောက်နေတဲ့ အအေးဓာတ်မျိုး ဒီမှာလည်း စိမ့်နေအောင် ဖွဲ့နှပဲနဲ့ ရှိနေတယ်။ စိတ်ရှုပေါက် သတ္တဝါတွေကို သွားစဉ်းစားမိတဲ့ ဟယ်ရီက ဒမ်းဘဲလ်ဒိုးရဲ့ ပခုံးကိုကျော်ပြီး ဟိုဟိုဒီဒီကြည့်ရင်း သူ့အိတ်ထဲမှာ ရှိနေတဲ့ ဆေးကြိမ်လုံးကို ပိုသေချာအောင် ဆုပ်ထားလိုက်တယ်။ "ပါမောက္ခကြီး၊ ကျွန်တော်တို့ ဘာကြောင့် ခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းရဲ့ အိမ်ထဲမှာ သွားပြီး တိုက်ရိုက်ကိုယ်ထင်မပြတာလဲဟင်"

"ဒါက ဒီလိုရှိတယ်၊ ခုအချိန်မျိုး သူ့အိမ်ရှေ့တံခါးကို သွားကန်ချဝင်သွားရင် လုံးလုံး ရိုင်းရာကျသွားမှာပေါ့။ ယဉ်ကျေးမှု လောကဝတ်အရ ကျုပ်တို့အနေနဲ့ အဖွဲ့ဝင်နောက်ပါ မှော်ဆရာတွေကို သူတို့အိမ်ထဲ ကျွန်တော်တို့ကို ဝင်ခွင့်မပြုဘဲ ငြင်းပယ်နိုင်တဲ့ အခွင့်အရေး ပေးထားရတယ်။ ဘယ်ကိစ္စပဲ ဖြစ်နေနေ ဒီမှာ ထိုင်နေတဲ့ မှော်ဆရာတွေဟာ သူတို့မလိုလားတဲ့ ကိုယ်ထင်ပြပြီး ရောက်လာသူတွေကို ကာကွယ်တားဆီးဖို့ မှော်ပဉ္စလက်တွေနဲ့ လုပ်ထားကြတာရှိတယ်။ ဥပမာပြောရရင် ဟော့ခ်ဝပ်စ်လိုပဲပေါ့"

"ခင်ဗျားဟာ အဆောက်အအုံတွေထဲမှာဖြစ်ဖြစ်၊ အပြင်ဘက် မြေကြီးပေါ်မှာ ဖြစ်ဖြစ် နေရာတိုင်းမှာတော့ ကိုယ်ထင်မပြနိုင်ဘူးဆို။ ဟာမီယွန်ဂရန်ဂျာက ကျွန်တော့်ကို ပြောတယ်"လို့ ဟယ်ရီက အမြန်ပြောလိုက်တော့–

"အေး အေး။ သူမပြောတာ မှန်ပါတယ်။ ကဲ–ကျုပ်တို့ ဘယ်ဘက်ကို ထပ်ကွေ့လိုက်ကြဦးစို့"

ဘုရားကျောင်းက နာရီကြီးက သူတို့နောက်ဘက်မှာ သန်းခေါင်းချိန်ထိ ရောက်ပြီဖြစ်တဲ့အကြောင်း ဒေါင်ဒင်ထိုးနေတယ်။ ဟယ်ရီက ဒမ်းဘဲလ်ဒိုးအနေနဲ့ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို ဒီလိုမျိုး သိပ်နောက်ကျပြီးမှ ခေါ်တာလည်း ရိုင်းတာပါပဲဆိုတာ ဘာကြောင့်မစဉ်းစားမိပါလိမ့်လို့ အံ့သြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ သူတို့ စကားပြောရတာ အရှိန်ရလာသလို ဟယ်ရီဟာ ပြောဖို့ထက် မေးဖို့ ပိုအားသန်နေတယ်။

"ဆရာ ခင်ဗျာ ..........တမန်တော် နေ့စဉ်သတင်းစာထဲမှာ ကျွန်တော်တွေ့ရတာကတော့ ဖာ့ခ်ဟာ ရာထူးက အထုတ်ခံလိုက်ရတယ်လို့ ဆိုပါလား"

"မှန်တယ်ဗျာ"ဒီအချိန်မှာ မတ်တဲ့ ဘေးလမ်းမြှောင်တစ်ခုအတိုင်း တက်သွားနေပြီဖြစ်တဲ့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ဒါပေမဲ့ သူ့ကို ပြန်ခန့်ထားတယ်။ နောက် ဒါဟာ အော်ရာရုံး အကြီးအကဲအဖြစ်နဲ့ အထာကျနေတဲ့ ရပ်ဖတ်စ် စခရင်မ်ဂျာရဲ့ လက်ချက်ဆိုတာ မောင်ရင်တွေ့ခဲ့မယ်ဆိုတာ ကျုပ်ပြောခဲ့ပါတယ်"

"သူ့ကြောင့်လား၊ သူ့ကို လူကောင်းတစ်ယောက်လို့ ခင်ဗျား မထင်ဘူးလား"လို့ ဟယ်ရီက ထပ်မေးတယ်။

"စိတ်ဝင်စားဖို့ ကောင်းတဲ့ မေးခွန်းပဲ၊ သူ ဖြစ်နိုင်တာတော့ သေချာပါတယ်။ ကော်နဲလီ းယတ်စ်ထက် ပိုဆုံးဖြတ်ချက်ခိုင်မာပြီး အားနဲ့မာန်နဲ့ လုပ်တတ်တဲ့ ကိုယ်ရည်ကိုယ်သွေးရှိသူ တစ်ယောက်ပေါ့"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကျုပ်ဆိုလိုတာက.........."

"မောင်ရင် ပြောချင်တာ ကျုပ်သိပါတယ်။ ရပ်ဖတ်စ်ဟာ တိုက်တာခိုက်တာ ဝါသနာထုံတယ်။ သူ့ရဲ့ လုပ်သက်တစ်လျှောက်လုံး နီးပါးလိုလို အမှောင်မှော်ဆရာတွေကို တိုက်ခိုက်ခဲ့သူလည်း ဖြစ်တယ်။ လော့ဒ်ဗိုဒီမော့ကို လျှော့တွက်မထားပါဘူး"

ဟယ်ရီက ဒမ်းဘဲလ်ဒိုး ဘာဆက်ပြောမလဲလို့ စောင့်နေတယ်။ ဒါပေမဲ့ တမာန်တော် နေ့စဉ်သတင်းစာမှာပါတဲ့ စခရင်မ်ဂျာအကြောင်းနဲ့ ပတ်သက်လို့ အမြင်မတူပုံ အကြောင်းတွေ ဒမ်းဘဲလ်ဒိုးဆီက အသံထွက်မလာတော့ဘူး။ ဒီအကြောင်းကို ဆက်ပြောချင်ပုံ မရဘူး။ ဒါ့ကြောင့် ဟယ်ရီက စကားလမ်းကြောင်း လွှဲပစ်လိုက်ပြီး "ပြီးတော့ ဆရာ ကျွန်တော် မဒမ်ဆုံးစ်ရဲ့ အကြောင်းလည်း တွေ့ခဲ့သေးတယ်"လို့ စပေးလိုက်တယ်။

"အေးကွာ ကြောက်စရာကောင်းအောင် တကယ့်ဗရာမ ဆုံးရှုံးမှုကြီးတစ်ခုပါပဲ။ သူမဟာ ဒီမှာ ပေါ်ပေါက်ခဲ့သမျှထဲက ထူးခြားထက်မြက်တဲ့ စုန်းမကြီး တစ်ယောက်ပဲလို့ ကျုပ်ထင်တယ်။ အား........"

www.burmeseclassic.com

www.burmeseclassic.com

သူက နာသွားသလို အသံမျိုးထွက်ပြီး ဒဏ်ရာရထားတဲ့ သူ့လက်ကို လက်ညှိုးထိုးပြလိုက်တယ်။

"ပါမောက္ခကြီး ခင်ဗျား အဲဒါ ဘာဖြစ်တာလဲ"

"မောင်ရင့်ကို ခု ရှင်းပြဖို့ ကျုပ်မှာ အချိန်မရှိဘူး။ တော်တော် သည်းထိတ်ရင်ဖို စရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ။ ဒီအတွက် ကျုပ် ထိုက်ထိုက်တန်တန် လုပ်ချင်နေတယ်"

ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို ပြုံးပြလိုက်တယ်။ ဟယ်ရီကလည်း သူ့ကို အဖက်မတန်သလို လုပ်ထားလို့ မရဘူး။ သူ့မှာလည်း သိချင်တာ မေးပိုင်ခွင့် ရှိတယ်ဆိုတာ နားလည်တယ်။

"ဆရာ..... ကျွန်တော် ဗီးကွက်ကြီး ယူလာပေးတဲ့ မှော်ပညာဝန်ကြီးဌာနက လက်ကမ်း စာစောင်တစ်စောင် ရထားတယ်။ မရဏစား စုန်းကောင်တွေကို နှိမ်နင်းဖို့ ကျွန်တော်တို့ လုပ်မယ့် လုံခြုံရေးနဲ့ဆိုင်တဲ့ အရေးယူဆောင်ရွက်ချက်တွေ အားလုံးရဲ့ အကြောင်းတွေပါတယ်"

"အေး........ကျုပ်လည်း တစ်စောင် ရထားတာရှိပါတယ်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ သူက ပြုံးနေတုန်းပဲ။ "အဲဒါ အသုံးဝင်မယ်လို့ မောင်ရင် ထင်လား"လို့ သူက မေးတယ်။

"မထင်ပါဘူး"

"ကျုပ်လည်း မထင်ဘူး။ မောင်ရင် မမေးသေးတာက ဥပမာ–ကျုပ်ရဲ့ အကြိုက်ဆုံး ယိုရဲ့ အနံ့အရသာဟာ ဘာလဲ။ ဆိုလိုတာက ကျုပ်ရဲ့ အဓိက မျှော်လင့်ချက်၊ ရည်မှန်းချက်ဟာ ဘာလဲ ဆိုတာပဲ။ ကျုပ်ဟာ ပါမောက္ခ အစစ်အမှန်တစ်ယောက် ဖြစ်ပြီး အယောင်ဆောင် မဟုတ်တာကို မောင်ရင်သိဖို့ လိုတယ်"

"ကျွန်တော်တော့ မထင်ဘူး"ဟယ်ရီက ပြန်စပြောလိုက်တယ်။ သူဟာ အပြစ်ကို ဖော်ထုတ်ဆုံးမခံနေရတာလား၊ မဟုတ်ဘူးလားဆိုတာလည်း လုံးလုံးကို မသေမချာ ဖြစ်နေတယ်။

"နောက်မေးခွန်းတွေအတွက် ဆင်ခြင်ဖို့၊ ဒါဟာ မောင်ရင့်ကို ကြိုအပြစ်တင်ထားတာပဲ ဟယ်ရီ။ တကယ်လို့ ကျုပ်ကိုယ်တိုင် မရဏစားစုန်းကောင် ဖြစ်နေရင်တောင်မှ ကျုပ်ရဲ့ ရည်ရွယ်ချက် ဆန္ဒအစစ်အမှန်ဟာ ဘာလဲဆိုတာ ကျုပ်ကိုယ်ကျုပ် အယောင်ဆောင်မဖန်ဆင်းခင် ကျုပ် သုတေသန လုပ်ကြည့်ရဦးမယ်ဆိုတာ သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ အဲဒါ ဟုတ်တယ်" ဟယ်ရီက ပြောလိုက်တယ်။ "အဲဒီ လက်ကမ်းစာစောင်ထဲမှာ 'အင်ဖရီ'အကြောင်း ရေးထားတာ တချို့ပါတယ်။ ဒါပေမဲ့ ဘာတစ်ခုမှ တိတိကျကျ မဟုတ်ဘူး။ အဲဒီ လက်ကမ်းစာစောင်က သိပ်မရှင်းဘူး"

"သူတို့က လူသေအလောင်းတွေလေ" ဒမ်းဘဲလ်ဒိုးက အေးအေးဆေးဆေး ရှင်းပြတယ်။ "အမှောင်မှော်ဆရာတွေရဲ့ အမိန့်အတိုင်း လိုက်လုပ်ဖို့ မှော်ကဝေပညာနဲ့ ပြုစားစီရင်ထားတဲ့ လူသေကောင်တွေ။ အဲဒီ အင်ဖရီတွေကို မတွေ့ရတာ ကြာလှပြီ။ နောက်ဆုံး အစွမ်းတန်ခိုးရှိသူဖြစ်လာတဲ့ ဗိုဒီမော့မတိုင်ခင်ကတည်းကပဲ။ သူတို့တွေအတွက် စစ်တပ်တစ်တပ် ဖွဲ့စည်းနိုင်အောင် သူက လူတွေကို အလုံအလောက် သတ်ပစ်ခဲ့တယ်။ ပြောမယ်ဆို သူသတ်ခဲ့တဲ့နေရာဟာ ခု ဒီနေရာပဲ"

သူတို့ဟာ သူ့ဝင်းသူ့ခြံလေးနဲ့ ဆောက်ထားတဲ့ သေးသေးကွေးကွေး သေသေသပ်သပ် ကျောက်တုံးအိမ်ကလေးတစ်လုံးနဲ့ နီးလာတယ်။ ဟယ်ရီဟာ ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ အင်ဖရီရဲ့ အစီအစဉ် စိတ်ကူးနဲ့ ပတ်သက်ပြီး ကျေကျေညက်ညက်သိနိုင်အောင် စဉ်းစားအလုပ်ရှုပ်နေပါတယ်။ သူမသိတာ ကျန်တာတွေ၊ သတိထားရမှာတွေလည်း အများကြီး ရှိဦးမယ်။ သူတို့ခြံရှေ့ ဝင်းတံခါးဝကို ရောက်လာတယ်။ ဒမ်းဘဲလ်ဒိုးက တုံ့ခနဲ လုံးလုံး ရပ်တန့်လိုက်ချိန်မှာ ဟယ်ရီက သူ့အနားကို ကပ်သွားတယ်။

"ဗျို့ ချစ်မိတ်ဆွေကြီး၊ ဗျို့ ချစ်မိတ်ဆွေကြီး......... မိတ်ဆွေကြီး......... မိတ်ဆွေကြီး"

ဟယ်ရီဟာ အိမ်ရှေ့လူသွားလမ်းကလေးအတိုင်း သူ့မျက်စိကို ဂရုတစိုက် လိုက်ငေးကြည့်လိုက်ရာမှာ အခြေအနေ သိပ်မဟန်ဘူးဆိုတာ စိတ်ထဲက သိလိုက်ပါတယ်။ အိမ်ရှေ့တံခါး ပတ္တာတွေ ပြုတ်ထွက်ပြီး တံခါးက အဲဒီမှာ တွဲလောင်းကြီး ဖြစ်နေတယ်။ ဒမ်းဘဲလ်ဒိုးကလည်း ဟိုဘက်ထိပ် ဒီဘက်ထိပ်ကို တစ်ချက် ဖျတ်ခနဲ လှမ်းကြည့်လိုက်တယ်။ လုံးဝ လူသူကင်းမဲ့နေတယ်။

"ဆေးကြိမ်လုံးကို ထုတ်ပြီး ကျုပ်နောက်ကလိုက်ခဲ့ ဟယ်ရီ"လို့ သူက တိုးတိုးလေး ပြောလိုက်တယ်။ သူ ဝင်းတံခါးကို လှစ်ခနဲ ဖွင့်ဝင်ပြီး အသံလုံလုံနဲ့ ဝင်းခြံထဲကလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်သွားတယ်။ ဟယ်ရီက သူ့နောက်က ထက်ကြပ်။ ပြီးတော့ ဆေးကြိမ်လုံးကို အသင့်မြှောက်ရွယ်ထားရင်း အိမ်ရှေ့တံခါးကို ဖြည်းဖြည်းလေး တွန်းဖွင့်လိုက်တယ်။

"လူးမော့စ်"

ဒမ်းဘဲလ်ဒိုးရဲ့ ဆေးကြိမ်လုံးထိပ်ကနေ မီးတစ်ချက် ပွင့်သွားတယ်။ ဆေးကြိမ်လုံးက မီးရောင်ကို

www.burmeseclassic.com

မြှောက်ပြီးကြည့်လိုက်တော့ ရှေ့မှာ စင်္ကြံလမ်းကျဉ်းကျဉ်းလေး တစ်ခု။ ဘယ်ဘက်မှာ နောက်ထပ် တံခါးတစ်ခုက ပွင့်နေတယ်။ အလင်းရောင်ပေးနေတဲ့ ဆေးကြိမ်လုံး လေထဲကို မြှောက်ကိုင်ပြီး ဒမ်းဘဲလ်ဒိုး ဧည့်ခန်းထဲကို လှမ်းဝင်သွားတော့ ဟယ်ရီကလည်း သူ့နောက်ကပ်လျက် တစ်ပါတည်းပဲ။

သူတို့မျက်စိရှေ့က မြင်ကွင်းတစ်ခုလုံးဟာ ပယ်ပယ်နယ်နယ် ရစရာမရှိအောင် အကြီးအကျယ် ဖျက်ဆီးခံထားရတယ်။ နာရီပေါ်ဦးစက ခေတ်ဟောင်းနာရီအိုကြီး တစ်လုံး သူတို့ခြေရင်းမှာ အပိုင်းပိုင်းအစစ ကွဲကျနေတယ်။ နာရီမျက်နှာပြင် ဒိုင်ခွက်တစ်ခုလုံး ကွဲအက်နေသလို နာရီချိန်သီးကြီးလည်း လွှင့်ပစ်ထားတဲ့ ဓားရှည်တစ်ချောင်းလို ခပ်လှမ်းလှမ်းမှ လဲကျနေတယ်။ စန္ဒရားတစ်လုံးက သူ့ဘေးမှာ။ စန္ဒရားသော့ခလုတ်တွေလည်း ကြမ်းပြင်နေရာအနှံ့ ပွစာကျဲလို့။ မျက်နှာကြက်က ပြုတ်ကျနေတဲ့ မလှမ်းမကမ်းက မီးပန်းဆိုင်း အပျက်ကြီးတစ်ခုကတော့ တစ်ချက်တစ်ချက် လက်ခနဲ လက်ခနဲ လင်းနေတုန်းပဲ။ ထိုင်ခုံကူရှင်တွေအားလုံး သိမ်ငယ်ပြားချပ် နိမ့်ကျွံဝင်နေတယ်။ အထဲက အခုအခံ ငှက်မွေးငှက်တောင်တွေ အကုန်လုံး နီးပါးလည်း ဟက်တက်ကွဲနေတဲ့ နေရာတွေကနေ ဘေးပတ်လည်မှာ ဖိတ်စဉ်ပြန့်ကျဲနေတယ်။ မှန်ကွဲစတွေ၊ ကြွေထည်ပစ္စည်း အကွဲအစတွေဆိုတာ ပေါင်ဒါလို မှုန့်ပြီး အခန်းထဲက ရှိသမျှ ပစ္စည်းအားလုံးအပေါ်မှာ တမင်လိုက်ဖြူးထားသလိုပါပဲ။

ဒမ်းဘဲလ်ဒိုးက သူ့လက်ထဲက ဆေးကြိမ်လုံးကို တော်တော်လေး ပိုမြင့်သည်ထက်မြင့်အောင် မြှောက်လိုက်တဲ့အတွက် အဲဒီက အလင်းရောင်နဲ့ နံရံတွေပေါ်အထိ မြင်ရတယ်။ နံရံမျက်နှာပြင်တစ်ခုလုံးမှာ အနီရောင်ရင့်ရင့် စေးကပ်ကပ်နဲ့ သွေးလားဘာလား မသိရတာတွေ စဉ်ထားလို့ အကွက်တွေ ဖြစ်နေတယ်။ ဟယ်ရီရဲ့ ဝင်သက် ရှိုက်သွင်းလိုက်တဲ့ အသံတစ်ချက်ကြောင့် ဒမ်းဘဲလ်ဒိုး ဖျတ်ခနဲ ဘေးကို လှည့်ပတ်ကြည့်လိုက်တယ်။

"မလှမပ မြင်ကွင်းပဲ မောင်ရင်ရေ့" သူက လေးလေးပင်ပင် ပြောလဒမ်းဘဲလ်ဒိုးက သတိကြီးစွာနဲ့ အခန်းအလယ်ကို ရွှေ့သွားပြီး သူ့ခြေရင်းမှာ ကျနေတဲ့ အပျက်အစီးတွေကို စေ့စေ့စပ်စပ် လိုက်ကြည့်နေတယ်။ စန္ဒရားပျက်ကြီးနောက်က ပုန်းနေတဲ့ ဘာကောင်ထွက်လာမလဲ၊ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေတဲ့ ဆိုဖာတွေကြားက ဘွားခနဲ ဘာကောင်ထွက်လာမလဲ တထင့်ထင့်နဲ့ ဘေးပတ်လည်ကို တောင်ကြည့်မြောက်ကြည့် ကျီးကန်းတောင်းမှောက် ကြည့်ရင်း ဟယ်ရီက နောက်ကလိုက်တယ်။ ဒါပေမဲ့ ဘယ်သူမှရှိဟန် မပေါ်ဘူး။

"ဒီမှာ တိုက်ကြခိုက်ကြတာ ဖြစ်ကောင်း ဖြစ်ခဲ့လိမ့်မယ်။ ပြီးတော့မှ သူ့ကို ဆွဲထုတ်သွားတာပဲ ပါမောက္ခကြီး"ဟယ်ရီက ထင်ကြေးပေးလိုက်တယ်။ "အတော့်ကို ဆိုးဆိုးဝါးဝါး ဒဏ်ရာရထားတဲ့ လူတစ်ယောက် နံရံမျက်နှာပြင် တစ်ဝက်အထိ အစွန်းအကွက်တွေ ဖြစ်နေတဲ့ ဒီအခန်းထဲက ဆွဲခေါ်သွားခံရတာ ဖြစ်မှာပါ"

www.burmeseclassic.com

"ကျုပ်ကတော့ အဲဒီလို မထင်ဘူး" ဒမ်းဘဲလ်ဒိုးက တိုးတိုးလေးပြောရင်း ပြောင်းပြန်လန်လဲကျနေတဲ့ လက်တင်ပါ ကုလားထိုင်တစ်လုံးနောက်ကို အသာ ချောင်းကြည့်လိုက်တယ်။

"ခင်ဗျား ဆိုလိုတာက သူ ဘာဖြစ်............"

"ခုချိန်ထိ ဒီမှာ တစ်ယောက်ယောက် တစ်နေရာရာမှာ ရှိနေတုန်းပဲ၊ ဟုတ်တယ်"

ဘာမပြော ညာမပြော မထင်လိုက်ရအောင် လျင်မြန်မှုနဲ့ ဒမ်းဘဲလ်ဒိုးက လက်တင်ကုလားထိုင်တစ်လုံးရဲ့ ဖောင်းကားနေတဲ့ နေရာကို သူ့ဆေးကြိမ်လုံးထိပ်နဲ့ ဆတ်ခနဲ ထိုးလိုက်တာ အဲဒီနေရာကနေ "အား"ဆိုပြီး အော်သံကြီးတစ်ချက် ထွက်လာတယ်။

"ကောင်းသောညသမယပါ ဟိုရေ့စ်" ဒမ်းဘဲလ်ဒိုးက ဆေးကြိမ်လုံးကိုင်ထားတဲ့ လက်ကို တစ်ကြိမ်ထပ်ဆန့်ထုတ်လိုက်ရင်း ပြောလိုက်တယ်။

ဟယ်ရီ ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ တစ်စက္ကန့်တောင် မကြာလိုက်တဲ့ အချိန်အတွင်းမှာပဲ သူတို့ရှေ့မှာရှိနေတဲ့ လက်တင်ပါ ကုလားထိုင်တစ်လုံးဟာ ဖြုတ်ဆို ကုပ်ကုပ်ကလေး အောက်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ ဇရာမ ဖီးဖီးတုတ်တုတ် ဝဝဖြိုးဖြိုး ထိပ်ပြောင်ပြောင် အသက်ကြီးကြီး လူတစ်ယောက် ဖြစ်သွားတယ်။ လူဝကြီးက သူ့ဗိုက် ဖောင်းဖောင်းကားကားကြီးရဲ့ အောက်ပိုင်းကို ပွတ်သပ်ရင်း ဒမ်းဘဲလ်ဒိုးကို မျက်စိတွေကိုမှေးစင်းပြီး မော့ကြည့်နေတယ်။ အရည်ကြည်တွေနဲ့ ရွှန်းပြည့်နေတဲ့ သူ့မျက်လုံးတွေက စိတ်ထိခိုက် နာကြည်းနေပုံမျိုးပဲ။

"ခင်ဗျား ဒီလို ဆေးကြိမ်လုံးနဲ့ တအားထိုးဖို့ မလိုပါဘူးဗျာ။ ခုလို လုပ်လိုက်တော့ နာတာပေါ့"လို့ လူဝကြီးက ပြောလိုက်တယ်။

ဆေးကြိမ်လုံးက ထွက်နေတဲ့ မီးအလင်းရောင်က သူ့ရဲ့ ပြောင်တလင်းခါနေတဲ့ ငယ်ထိပ်၊ ထင်းထင်းကြီးပေါ်နေတဲ့ မျက်လုံးတွေ၊ ကုပ်ကျနေတဲ့ ငွေရောင် နှုတ်ခမ်းမွေး ထူလပျစ်ကြီးနဲ့ အစွမ်းကုန်သထားလို့ အချက်ပြမီးကျည်လို တောက်ပြောင်နေတဲ့ ကတ္တီပါ အပေါ်ဝတ်အင်္ကျီကြီးပေါ်က ကြယ်သီးတွေပေါ်ကို အားလုံး လက်ခနဲ လက်ခနဲ ဖြစ်ဖြစ်နေတယ်။ သူက ခရမ်းဖျော့ရောင် ပိုးသားညဝတ်အင်္ကျီ ဘောင်းဘီတစ်စုံအပေါ်မှာ အပေါ်ဝတ်အင်္ကျီကြီးကို ထပ်ဝတ်ထားတာပဲ။ သူထရပ်လိုက်တော့ သူ့ခေါင်းက ဒမ်းဘဲလ်ဒိုးရဲ့ မေးစေ့နေရာအထိပဲ ရောက်တယ်။

www.burmeseclassic.com

"ဘယ်လိုလုပ်ထည့်လိုက်တာလဲဗျာ"

ဒမ်းဘဲလ်ဒိုးဆီကို သူ ဒယီးဒယိုင်နဲ့ ထလျှောက်သွားရင်း ပြောလိုက်တယ်။ သူ့ဗိုက်ကြီးကိုလည်း သူ ပွတ်နေတုန်းပဲ။ သူဟာ စောစောက ကိုယ့်ကိုယ်ကိုယ် ထူးထူးခြားခြား လက်တင်ကုလားထိုင်တစ်လုံး ယောင်ဆောင်ထားခဲ့တဲ့ လူဖြူ ဖြစ်ပါတယ်။

"ဒီမှာ ကျွန်တော့်ရဲ့ လူရင်းကြီး ဟိုရေ့စ်" ဒမ်းဘဲလ်ဒိုးက သဘောကျ အူမြူးနေတဲ့ပုံနဲ့ ပြောလိုက်တယ်။ "တကယ်လို့ မရဏဗိုဝဲကောင်တွေအနေနဲ့ တကယ်ပဲခေါ်ဖို့ ရောက်လာပြီဆိုရင်တော့ ဒတ်ခ်မတ်ခ်ဟာ ဒီအိမ်ကို ပြောင်းပြန်လှန်ပစ်တော့မှာပဲ"

ဟိုမှော်ဆရာ ဟိုရေ့စ်က တုတ်တုတ်လက်ဝါးကြီးတစ်ဖက်နဲ့ သူ့နဖူးပြင် ကျယ်ကြီးကို ဖျတ်ခနဲ တစ်ချက်ရိုက်လိုက်တယ်။

"ဒတ်ခ်မတ်ခ်........ ဟုတ်လား" သူက ရေရွတ်လိုက်ပြီးမှ "ဒီမှာလည်း ပျော်စရာတွေ တစ်ပုံကြီး။ ခင်ဗျား အခန်းထဲကို ဝင်လာတော့ ကျွန်တော် ကုလားထိုင် ကူရှင်ဖုံး အစတစ်စကို အပြီးသတ်တပ်ဆင်နေတာ"လို့ ထပ်ပြောပြီး သက်ပြင်းကြီးတစ်ချက် ချလိုက်တာ သူ့နှုတ်ခမ်းမွေးတွေတောင် တဖျတ်ဖျတ်လှုပ်သွားတယ်။

"ဒါတွေကို ကျွန်တော် ကူညီပြီး ရှင်းပေးမယ်ဆိုရင် ခင်ဗျား သဘောကျမှာပါနော်"လို့ ဒမ်းဘဲလ်ဒိုးက ယဉ်ယဉ်ကျေးကျေးကလေး ပြောလိုက်တော့ သူက "ကျေးဇူးတင်ပါတယ်၊ လုပ်ပေးပါ"တဲ့။

ပိန်ပိန်ရှည်ရှည် မှော်ဆရာကြီးနဲ့ ပုပုဖိုင့်ဖိုင့် မှော်ဆရာကြီးတို့ ကျောချင်းကပ်ပြီး သူတို့ ဆေးကြိမ်လုံးတွေနဲ့ တစ်ပုံစံတည်း နှစ်ယောက်အတူ တံမြက်စည်းလှည်းသလို ဟန်မျိုး လှုပ်ရှားလိုက်ကြတယ်။

ဒီမှာတင် အခန်းထဲက ပရိဘောဂတွေအားလုံး ထပျံပြီး သူတို့ နဂိုနေရာ အသီးသီးကို ပြန်ရောက်သွားကြတယ်။ ငှက်မွေးငှက်တောင်တွေလည်း ဖလူးခနဲ သူတို့ မူလကူရှင်တွေထဲကို တစ်ဟုန်ထိုးပြေးဝင်သွားတယ်။ စုတ်ပြတ်နေတဲ့ စာအုပ်တွေလည်း အလိုလို ပြန်ပြင်ချုပ်ပြီးသား ဖြစ်သွားပြီး သူတို့ကို မူလထားတဲ့ စင်တွေပေါ်မှာ သွားတင်နေတယ်။ ဆီမီးလက်စွပ်မှန်အိမ်တွေ ထပျံပြီး စားပွဲပုကလေးတွေပေါ် ရောက်သွားပြီးတဲ့နောက် အလိုလို မီးထတောက်ပြီး လင်းလာကြတယ်။ အပိုင်းပိုင်း အစစဖြစ်နေတဲ့ ငွေရောင် ပန်းချီကားပေါင်တွေ အပုံအပင် အခန်းထဲမှာ ဖြတ်ပျံသွားပြီး သူတို့ရဲ့ မူလနေရာ နံရံတွေပေါ်မှာ တလက်လက် တောက်ပနေတယ်။ နံရံတွေကလည်း သူတို့ အစွန်းအကွက်တွေအားလုံးကို သူတို့ဘာသာ သုတ်ဖျက် ပစ်လိုက်တယ်။ စာရေးစားပွဲ တစ်လုံးပေါ်က

www.burmeseclassic.com

www.burmeseclassic.com

အစုတ်အပြဲတွေ၊ အကွဲအစတွေလည်း အလိုလို ရှင်းသွားတယ်။ တစ်ခန်းလုံးမှာ ရှိနေတဲ့ အပြဲတွေ၊ တွင်းချိုင့်တွေမှန်သမျှ အလိုလို ဖာထေးပြီးသား အကောင်းပကတိ ဖြစ်ကုန်တယ်။

“ဒါနဲ့ စကားမစပ် အဲဒီသွေးတွေက ဘာသွေးတွေလဲ၊ ဘယ်ကရတာလဲ”မကွဲတော့ဘဲ အကောင်းအတိုင်း ပြန်ဖြစ်သွားပြီဖြစ်တဲ့ နာရီဘိုးတော်ကြီးက တီးခတ်နေတဲ့ နာရီထိုးသံတွေကို ဖုံးသွားတဲ့အထိ ကျယ်လောင်တဲ့ အသံနဲ့ ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။

“နံရံတွေပေါ်က သွေးတွေကို ပြောတာလား၊ အဲဒါ နဂါးသွေးတွေ”

မှော်ဆရာ ဟိုရေ့စ်က ပြန်အော်ပြောလိုက်တယ်။ သူက ခြေသည်းလက်သည်းရှည်တွေနဲ့၊ အမြီးရှည်ရှည်ကြီးနဲ့ အတောင်ပံပါပြီး ပျံနိုင်တဲ့အပြင် ပါးစပ်က မီးတွေမှုတ်ထုတ်တတ်တဲ့ ဖွတ်နဂါးကို ရည်ရွယ်ပြီး ပြောလိုက်တာ ဖြစ်တယ်။ တစ်ချိန်တည်းမှာပဲ နားကွဲလုမတတ် ပွတ်တိုက်သံတွေ၊ တချွင်ချွင်မြည်သံတွေနဲ့အတူ မီးပန်းဆိုင်းကြီး မြောက်တက်သွားပြီး မျက်နှာကြက်က မူလ သူ့နေရာမှာ ဝက်အူတွေနဲ့ ပြန်စုပ် ပြီးသားဖြစ်သွားတယ်။

နောက်ဆုံး ကြားလိုက် မြင်လိုက်ရတာကတော့ စန္ဒရားကြီးက တဂျိုးဂျိုး တဂွတ်ဂွတ်နဲ့ တဂျောက်ဂျောက် ပြန့်ကျဲနေတဲ့ သူ့ပစ္စည်းတွေကို ပြန်ကောက်စု တပ်ဆင်ပြီး အကောင်းအတိုင်း ဖြစ်သွားတာပါပဲ။

အဲဒီနောက်မှာတော့ အခန်းထဲမှာ တိတ်သွားပါတယ်။

“ဟုတ်တယ်၊ ဖွတ်နဂါးသွေးတွေပဲ”

မှော်ဆရာ ဟိုရေ့စ်က သူ့စကားကို နှစ်ခါထပ်ပြောလိုက်တယ်။ “ကျွန်တော်ရဲ့ နောက်ဆုံး ပုလင်းကလေးတစ်လုံး ရှိသေးတယ်။ ဝယ်တုန်းက ဈေးနှုန်းတွေ မိုးထိအောင် ခေါင်ခိုက်နေတာ၊ ခု ပြန်သုံးလို့ ရနိုင်ပါသေးရဲ့”လို့ ဆက်ပြောပြီး ဘေးဘက် စင်တစ်ခုထိပ်မှာ တင်ထားတဲ့ သလင်းကျောက်ပုလင်းကလေးတစ်လုံး ရှိရာကို သူလျှောက်သွားတယ်။ ပြီးတော့ မီးရောင်ထဲမှာ မြှောက်ပြီး အထဲက ခပ်ပျစ်ပျစ်အရည်တွေကို သူ စစ်ဆေးကြည့်တယ်။

“ဟင်........... ဖုန်တွေ ကပ်လို့ပါလား”

စင်ပေါ်က မူလနေရာမှာ ပုလင်းကို သူပြန်ထားပြီး သက်ပြင်းတစ်ချက် ချလိုက်တယ်။ ဒီလိုနဲ့ သူ့မျက်စိက ဟယ်ရီအပေါ်ကို ကျရောက်သွားပြီး သူ စိုက်ပြီး ငေးကြည့်နေတယ်။

www.burmeseclassic.com

"အိုး"ချက်ချင်းလိုပဲ ပြုံးလာတဲ့ သူ့မျက်လုံး ဝိုင်းဝိုင်းကြီးတွေက ဟယ်ရီ့နဖူးပေါ်မှာ လျှပ်စီးလက်နေတဲ့ ပုံသဏ္ဌာန် အမာရွတ်ထင်နေတာကို သတိပြုမိသွားတယ်။ "အိုး" သူအံ့သြပြီး ထပ်အသံထွက်သွားပြန်တယ်။

ဒီတော့မှ ဒမ်းဘဲလ်ဒိုး မိတ်ဆက်ပေးဖို့ ရှေ့ကိုတိုးလာပြီး "ဒါ ဟယ်ရီပေါ်တာပဲ။ ဟယ်ရီ သူက ကျုပ်ရဲ့ မိတ်ဆွေဟောင်းနဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးပေါ့။ နာမည်က ပက်ကျိချို ဟိုရေ့စ်ပဲကွ"

ပက်ကျိချိုက ဒမ်းဘဲလ်ဒိုးဘက်ကို လှည့်လိုက်တယ်။ သူ့အမူအရာ မျက်နှာထားက ခံစားချက်တစ်စုံတစ်ခုကို ပါးနပ်လိမ်မာစွာ ဖုံးဖိထားတဲ့ပုံပဲ။

"ဒါဆိုရင် ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုနည်းနဲ့ သိမ်းသွင်းဆွဲဆောင်မယ်လို့ စဉ်းစားထားပြီးသားပေါ့၊ ဟုတ်လား။ ကဲ ......... ကောင်းပြီဗျာ၊ ကျွန်တော် ပြောလိုက်မယ်၊ အဖြေကတော့ 'နိုး'ပဲ အဲလ်ဘတ်စ်"လို့ သူက ပြောလိုက်တယ်။

သူ ဟယ်ရီကို ဖြတ်ပြီး ရှေ့ကို တိုးသွားတယ်။ သူက ပြတ်ပြတ်သားသားပဲ အဝေးကို မျက်နှာလွှဲထားတယ်။ အဲလ်ဘတ်စ် ဒမ်းဘဲလ်ဒိုးရဲ့ ဖြားယောင်း သွေးဆောင်မှုကို ကာကွယ်တော့မယ်ဆိုတဲ့ သဘော။

"ကဲ ကဲ ထားပါ၊ လောလောဆယ် ကျွန်တော်တို့ တစ်ခုခု သောက်ကြရအောင်လား၊ အတိတ်က ခင်မင်ရင်းနှီးမှုတွေကို ထောက်ထားပြီးတော့ပေါ့၊ မဟုတ်ဘူးလား"

ပက်ကျိချိုက အင်တင်တင် လုပ်နေသေးတယ်။

"ကောင်းပြီလေ........ လုပ်ပါ။ တစ်ခါတော့ သောက်လိုက်ကြတာပေါ့"လို့ နောက်မှ သူက မပြေမပြစ် ရှိင်းရှိင်းပျပျ ပုံစံနဲ့ ပြောတယ်။

ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို ပြုံးပြပြီး ကုလားထိုင် တစ်လုံးဆီကို ညွှန်ပြလိုက်တယ်။ အဲဒါ စောစောက ကုလားထိုင်အဖြစ် အယောင်ဆောင် ကိုယ်ယောင်ဖျောက်နေခဲ့တဲ့ ပက်ကျိချို ဖန်ဆင်းဝင်စားတဲ့ ကုထားထိုင်နဲ့ မတူတဲ့ နောက်ကုလားထိုင်တစ်လုံးပဲ။ အသစ်ဖိုထားတဲ့ မီးနဲ့ တောက်တောက်ပပ လင်းထိန်နေတဲ့ ဆီးမီးအိမ်နံဘေးမှာ ချထားတဲ့ ကုထားထိုင်ပဲ။ ဟယ်ရီက နေရာမှာ ဝင်ထိုင်ပြီး ပက်ကျိချိုရဲ့ ဟန်အမူအရာနဲ့မတူတဲ့ မျက်နှာထားမျိုး လုပ်ထားတယ်။ ဒါဟာ ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို

www.burmeseclassic.com

ပက်ကျိချိုမြင်နိုင်သမျှ အစွမ်းကုန်မြင်ရတဲ့ နေရာမှာ ဟယ်ရီရှိနေအောင် ထိုင်စေချင်လို့ တမင်နေရာချထားလိုက်တာ ဖြစ်ပါတယ်။

အသေအချာပဲ။ ဝိုင်အရက်ထည့်တဲ့ လှလှပပ ဖန်ဘူး ဖန်ခွက်တွေနဲ့ အလုပ်ရှုပ်နေတဲ့ ပက်ကျိချိုလည်း အခန်းဘက်ကို နောက်ထပ် ပြန်လှည့်လိုက်ရော သူ့မျက်စိတွေ ဟယ်ရီ့အပေါ်ကို တန်းတန်းမတ်မတ် ချက်ချင်း ကျရောက်သွားတယ်။

"ဟိုက်"ပြောပြောဆိုဆို ပက်ကျိချို ဟိုရေ့စ်ဟာ သူ့မျက်လုံးတွေ တအား နာကျင်ခံစားသွားရသလိုမျိုး ကြောက်ကြောက်လန့်လန့်နဲ့ ဟယ်ရီကို မကြည့်တော့ဘဲ အဝေးကြည့်ပြီး မျက်စိလွှဲထားလိုက်တယ်။

"ဒီမှာ"

သူက မဖိတ်ခေါ်နေရာမပေးဘဲ ကိုယ့်သဘောနဲ့ကိုယ် ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်နေတဲ့ ဒမ်းဘဲလ်ဒိုးကို ဖန်ခွက်တစ်လုံးပေးပြီး လင်ပန်းကို ဟယ်ရီဘက် ထိုးပေးလိုက်တယ်။ နောက် ပြင်ထားတဲ့ ဆိုဖာတစ်လုံးမှာ ဝင်ထိုင်တယ်။ ပြီးတော့ မကျေမချမ်း စိတ်အချဉ်ပေါက်နေတဲ့ မျက်နှာရှုစ်ခေါက်ချိုးနဲ့ တိတ်နေပါတယ်။ သူ့ ခြေထောက်တွေက တိုလွန်းလို့ ကြမ်းမထိဘဲ လွတ်နေတယ်။

"ခင်ဗျား နေလို့ ထိုင်လို့ ကောင်းရဲ့လား ဟိုရေ့စ်" ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။

"သိပ် မကောင်းလှဘူး" ပက်ကျိချိုက ချက်ချင်းပဲ ပြန်ဖြေတယ်။ "ရင်ဘတ်ထဲမှာ မကောင်းဘူး၊ အားနည်းနေတယ်။ ရှုံ့ထပြီး ဒူလာပါဒရက်လည်း ဖြစ်နေတယ်။ ခါတိုင်းလို လှုပ်လို့ရှားလို့ မကောင်းတော့ဘူး။ ဟုတ်မှာပါ၊ အသက်ကြီးလာတော့ ဒီအတိုင်းပဲ ဖြစ်မှာပေါ့။ အလိုလိုနေရင်း ပင်ပန်းနွမ်းနယ်နေတယ်"

"ဟုတ်ပြီ၊ ဒီလိုဆိုရင် ခင်ဗျားနိုင်သလောက် သင့်တင့်လျောက်ပတ်တဲ့ အမြန်နှုန်းနဲ့ ကျွန်တော်တို့ကို ကြိုဆိုဖို့ အချိန်တိုတိုအတွင်း အပြီးပြင်ဆင်စမ်းပါ။ ခင်ဗျား သုံးမိနစ်ထက်ပိုပြီး အချိန်မရဘူး"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တော့ ပက်ကျိချိုဟာ စိတ်ဆိုးမာန်ဆိုး ဖြစ်သွားတာ တစ်ဝက်၊ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူ ဘဝင်ခိုက်သွားတာ တစ်ဝက်နဲ့ ပြန်ပြောတယ်။

"ခင်ဗျားတို့ နှစ်ယောက် ကျွန်တော့်ရဲ့ ကျူးကျော်သူတွေကို ဟန့်တားတဲ့ မန္တန် ထုတ်လွှတ်လိုက်သံကို မကြားလိုက်ဘူးလား။ ကျွန်တော်က ရေချိုးနေရင်း တန်းလန်းကို ရပ်လိုက်ရတာ"

ပြီးတော့တစ်ခါ သူ့ကိုယ်သူ အလွတ်ရုန်း လက်ရှောင်တော့မယ့်ပုံမျိုး မျက်နှာထားတင်းတင်းနဲ့ ဆက်ပြောတယ်။

www.burmeseclassic.com

"နောက် ကျန်သေးတယ်။ ကျွန်တော်က အဘိုးကြီးလေ။ အေးချမ်း တိတ်ဆိတ်တဲ့ ဘဝနဲ့ စည်းစိမ်ဥစ္စာ နည်းနည်းပါးပါးလောက်သာ ရရှိခံစားနိုင်ခွင့်အတွက်လေးပဲ လုပ်ကိုင်စားသောက်ရင်း ပင်ပန်းမောဟိုက်နေတဲ့ လူအိုတစ်ယောက်ပါ"

တစ်ခန်းလုံးကို မျက်စိကစားကြည့်ပြီး ဟယ်ရီက စဉ်းစားတယ်။ သူပြောတာတွေက ဟုတ်လောက်တာတွေပဲ။ အခန်းက မွန်းကျပ်အသက်ရှူမဝသလို ဖြစ်ပြီး ဖြုတ်စဗျင်းတောင်း ပစ္စည်းပေါင်းစုံနဲ့ ရှုပ်ပွနေတယ်။ သို့ပေမဲ့ တကယ်တမ်းကျတော့ အခန်းထဲမှာရှိတဲ့ ပစ္စည်းတွေက နူးညံ့တဲ့ ကုလားထိုင်တွေ၊ ထိုင်ရင်းခြေတင်ဖို့ ခွေးခြေခုံပုကလေးတွေ၊ သောက်စရာ ပုလင်းဖန်ခွက်တွေ၊ စာအုပ်တွေ၊ ချောကလက်ဘူးတွေ၊ ဖောင်းဖောင်းအိအိဆိုဖာနဲ့ ကူရှင်တွေ။ ဒါကို ဇိမ်မကျဘူး၊ စည်းစိမ်မရှိဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ။ တကယ်လို့သာ ဟယ်ရီအနေနဲ့ အဲဒီမှာ အမှန်တကယ် ဘယ်သူနေနေတာလဲလို့ မသိခဲ့ရင် သူ့အနေနဲ့ ဒါဟာ ဇီဇာခပ်ကြောင်ကြောင် ကြေးရတတ်လူချမ်းသာ အမျိုးသမီးတစ်ယောက်ရဲ့ အိမ်ပဲလို့ မှတ်ယူလိုက်မိမှာပဲ။

"ဘာပဲဖြစ်ဖြစ် မင်း အိုတယ်ဆိုတာ ငါ့လောက်မှတောင် အသက်ကြီးသေးတာမှ မဟုတ်ဘဲနဲ့ ဟိုရေ့စ်"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ဒါဆို ခင်ဗျားလည်း ခင်ဗျားဘာသာ ကိုယ်အနားယူဖို့ ကိုယ်စဉ်းစားပေါ့ဗျာ"ပက်ကျိချိုက အငေါ်တူးပြီး တုံးတိတိပြောချပစ်လိုက်တယ်။ သူ့ရဲ့ ကုလားဆီးဖြူသီးရောင် ဖြူဖျော့ဖျော့မျက်လုံးတွေက ဒမ်းဘဲလ်ဒိုးရဲ့ ဒဏ်ရာရထားတဲ့လက်ကို မြင်ပြီးနေပြီ။ ဒါ့ကြောင့် "ခင်ဗျား ပြောချင်တာ ဒါမဟုတ်သေးဘူးဆိုတာ ကျွန်တော်သိပါတယ်"လို့ သူက ထပ်ပြောလိုက်တယ်။

"ခင်ဗျား ပြောတာ လုံးဝအမှန်ပဲ"ဒမ်းဘဲလ်ဒိုး ဣန္ဒြေမပျက် အေးအေးဆေးဆေး ပြောလိုက်တယ်။ ပြီးတော့ လောင်ကျွမ်းမည်းချိတ်နေတဲ့ သူ့ လက်ချောင်းထိပ် ကလေးတွေကို မြင်ရအောင် အင်္ကျီလက်ကို နောက်ဘက်ကို ချထုတ်ပြလိုက်တယ်။ အဲဒါတွေကို မြင်လိုက်ရတဲ့ ဟယ်ရီရဲ့ ကုပ်တွေ မနေတတ်မထိုင်တတ်သလို ရွစိရွစိ ဖြစ်လာတယ်။

"ကျွန်တော် အရင်ကထက် ပိုနေးကွေးလာတယ်လို့ သံသယ မဖြစ်မိပါဘူး။ ဒါပေမဲ့ တစ်ဖက်က ကြည့်ရင်............"

ဒမ်းဘဲလ်ဒိုးက စကားကို ဒီမှာရပ်ထားပြီး ပခုံးတွန့်ရင်း လက်တွေကို ကားပြလိုက်တယ်။ အသက်အရွယ်က ကျွန်တော့်ကို ပြန်လျော်ကြေးပေးရတော့ မလို ဖြစ်နေတယ်လို့ ပြောချင်သလိုပဲ။ ဟယ်ရီက ဒဏ်ရာရမထားတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ လက်က လက်စွပ်တစ်ပွင့်ကို သတိထားမိတယ်။ ဒီလက်စွပ်ကို ဒမ်းဘဲလ်ဒိုး အရင်က ဝတ်တာ သူ တစ်ခါမှ မတွေ့ဖူးသေးဘူး။ လက်စွပ်က အကြီးကြီး၊ ပြီးတော့ ကြည့်ရတာ မျက်စိထဲ အတော့်ကို အချိုးမကျဘူး။ ရွှေနဲ့ လုပ်ထားတာနဲ့ တူတယ်။ အလယ်မှာ ဒေါင်လိုက် အက်ကွဲကြောင်းကြီး တစ်ခုရှိနေတဲ့ အနက်ရောင် ကျောက်ကြီးတစ်လုံးနဲ့။ ပက်ကျိချိုရဲ့ မျက်လုံးတွေ အဲဒီလက်စွပ်ပေါ်မှာ ဝဲကျနေပြီး တစ်ခဏလောက် ကြာအောင် ခွာလို့မရဘဲ ဖြစ်နေတယ်။ ပြီးတော့ သူ့ရဲ့ ရှေ့နဖူးကျယ်ကြီးမှာ မျက်မှောင်ကြုတ်သလို ဖျတ်ခနဲ တစ်ချက်တွန့်သွားတာကို ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com

မြင်လိုက်ရတယ်။

“ဒီလိုဆိုတော့ ခင်ဗျားရဲ့ ဒီ ကျူးကျော်သူတွေကို ကြိုတင်ကာကွယ်မှုတွေက မရဏမိုဝဲကောင်တွေရဲ့ အကျိုးအတွက်လား၊ ဒါမှမဟုတ် ကျွန်တော့်အတွက်လား” ဒမ်းဘဲလ်ဒိုးက မေးလိုက်တော့–

“ဟာ.......... မရဏမိုဝဲကောင်တွေက သနားစရာကောင်းနေတဲ့ ကြောင်တိကြောင်တောင် အိုနာကျိုးကန်း အဘိုးကြီးတစ်ယောက်နဲ့ ဘာသွားလုပ်ရမှာလဲ”လို့ ပက်ကျိချိုက ပြန်ခနဲ့တယ်။

“ကျွန်တော် စိတ်ကူးကြည့်လို့ရတာကတော့ သူတို့ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ ညှင်းပန်းနှိပ်စက်မှုနဲ့ လူသတ်မှုတွေ ကျူးလွန်ရာမှာ ခင်ဗျားရဲ့ ထူးချွန်တဲ့ ပင်ကိုပါရမီအစွမ်းကို အသုံးချဖို့အတွက် ခင်ဗျားကို သူတို့လိုချင်မှာပဲ။ ဒီတော့ အမှန်အတိုင်း ပြောစမ်းပါ။ သူတို့ထဲကိုဝင်ဖို့ ခင်ဗျားကို စည်းရုံးရအောင် ဒီကို သူတို့ လာသလား မလာဘူးလား ဒါပဲပြော”လို့ ဒမ်းဘဲလ်ဒိုးကလည်း ဇွတ်အတတ် ပြောနေတယ်။

ဒီမှာတင် ပက်ကျိချိုဟာ ဒမ်းဘဲလ်ဒိုးကို ဖျတ်ခနဲ တစ်ခဏကြာအောင် ကြည့်နေတယ်။ သူ့အကြည့်ထဲမှာ ခြိမ်းခြောက်မှုတွေ ပါနေတယ်။ ပြီးတော့မှ သူက တတွတ်တွတ် တစ်ခွန်းချင်း ဆက်ပြောတယ်။

“ကျွန်တော် သူတို့ကို အခွင့်အရေး ပေးခဲ့ပြီးပြီ။ ကျွန်တော် တစ်နှစ်လောက် လှုပ်ရှားလိုက်ရတယ်။ ဘယ်နေရာမှာမှ တစ်ပတ်ထက်ပိုကြာအောင် ဘယ်တော့မှ မနေခဲ့ဘူး။ မတ်ဂဲလ်အိမ်တွေ တစ်အိမ်ပြီးတစ်အိမ်ကို ကျွန်တော် ပြောင်းနေတယ်။ ဒီနေရာရဲ့ ပိုင်ရှင်တွေ ကနေရီကျွန်းစုမှာ အားလပ်ရက် အပန်းဖြေနေကြတယ်။ ဒါ သိပ် စိတ်ကျေနပ်စရာ ကောင်းခဲ့ပါတယ်။ ကျွန်တော် ဒီနေရာက ထွက်သွားလို့ မဖြစ်တဲ့အတွက် စိတ်မကောင်းပါဘူး။ ခိုးကြောင်ခိုးဝှက် ဝင်လာသူတွေကို စောင့်ကြည့်တဲ့ ကိရိယာအဖြစ်နဲ့ သူတို့သုံးတဲ့လူကို ရပ်တန့်မှင်တက်မိနေအောင်လုပ်တဲ့ ဂါထာမန္တန်ကြောင့် အိမ်နီးချင်းတွေက ခင်ဗျားကို စန္ဒရားတီးရင်တောင် သတိထားမိမှာ မဟုတ်ဘူးဆိုတာ ခင်ဗျား ကောင်းကောင်း သဘောပေါက်မှာပါ”

“ကောင်းလိုက်တဲ့ ထွင်ဉာဏ်ဗျာ”ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ “ဒါပေမဲ့ အဲဒါကြီးက အေးချမ်းတိတ်ဆိတ်တဲ့ဘဝကို ရှာဖွေနေတဲ့ အိုနာကျိုးကန်း အဘိုးကြီးအတွက် အဲဒါက စိတ်ပျက်စရာကောင်းတဲ့ အသံတွေ မြည်နေမှာ မဟုတ်လား။ ဒါ့ကြောင့် ခင်ဗျား ဟော့ခ်ဝပ်စ်ကိုပဲ ပြန်လာဖို့ ရှိပါတယ်ဗျာ”

“တကယ်လို့ ခင်ဗျားက ကျွန်တော့်ဘဝဟာ ဂြိုလ်ဆိုးဝင်နေတဲ့ အဲဟိုကျောင်းမှာ သွားနေမှ ပိုငြိမ်းချမ်းမယ်လို့ ပြောဖို့ ကြိုးစားနေတာဆိုရင်တော့ ခင်ဗျား လေကုန်မခံပါနဲ့တော့ အဲလ်ဘတ်စ်၊ ကျွန်တော် ပုန်းနေတာတောင်မှ ဒိုလို းအမ်းဘရစ်ချ် ထွက်သွားချိန်ကစလို့ ရယ်စရာကောင်းတဲ့ ကောလာဟလသတင်းတွေ အဲဒီကနေ ကျွန်တော့်ဆီကို ရောက်ရောက်လာနေတာပဲ။ ဒါဟာ အဲဒီ ဟိုတစ်ချိန်ကာလက ခင်ဗျားအနေနဲ့ ဆရာတွေအပေါ်မှာ ဘယ်လို ဆက်ဆံခဲ့တယ်ဆိုတာကို ပြနေတာပေါ့ဗျာ”

www.burmeseclassic.com

"ဒါကတော့ ပါမောက္ခ အမ်းဘရစ်ချ်က ကျွန်တော်တို့ရဲ့ လူခေါင်းနဲ့ မြင်းကိုယ်ပါတဲ့ မနွသတစ်အုပ်ကြီးအပေါ်မှာ အပြစ်သွားလုပ်ခဲ့လို့ပါ။ ကျွန်တော် ထင်တယ်ဟိုရေ့စ်........ ခင်ဗျား တောထဲက မနွသတွေ တစုတဝေးကြီး ရှိနေတဲ့ နေရာမှာ သွားပြီး 'ညစ်ပတ်တဲ့ မျိုးမစစ်တွေ'လို့ သွားခေါ်ကြည့်လိုက်ရင် ပိုသိသွားလိမ့်မယ်"

"သူမက ဒီလို လုပ်ခဲ့တယ်ပေါ့။ သူမ တကယ်လုပ်ခဲ့လို့လား။ မိုက်မဲလိုက်တဲ့ မိန်းမ။ ဒါပေမဲ့ သူမကတော့ အဲဒီလို မိုက်မဲမယ့် မိန်းမစားမျိုး မဟုတ်ပါဘူး"ပက်ကျိချျိုက ဧကန်မုချ မဖြစ်နိုင်တဲ့ သဘောနဲ့ ပြောလိုက်တယ်။

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော်လည်း ဒီလိုမျိုး အမျိုးသမီး ရှိလားဆိုတာ ဇဝေဇဝါ ဖြစ်သွားလို့ပါ" ဟယ်ရီက ကမန်းကတန်း ပြောလိုက်တယ်။

ဒီမှာတင် ဒမ်းဘဲလ်ဒိုးဟာ နေရာက ဝုန်းခနဲ ထရပ်လိုက်တယ်။ ပက်ကျိချျိုကလည်း ချက်ချင်းမေးတယ်။ "ခင်ဗျား သွားတော့မလား"တဲ့။ သူ့မျက်နှာမှာလည်း မျှော်လင့်ချက်အပြည့်နဲ့။ ဒမ်းဘဲလ်ဒိုး လက်လျှော့သွားပြီပေါ့။

"မဟုတ်ဘူး၊ ကျွန်တော် ခင်ဗျား ရေအိမ်သန့်စင်ခန်းကို ခဏသုံးလို့ ရနိုင်ပါတယ်နော်"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"အို" ပက်ကျိချျို အကြီးအကျယ် စိတ်ပျက်သွားပုံရတယ်။ "ခန်းမအတိုင်း လျှောက်သွား၊ ဘယ်ဘက်မှာ"လို့ သူက ပြောတယ်။

ဒမ်းဘဲလ်ဒိုး အခန်းထဲက လျှောက်ထွက်သွားတယ်။ တံခါးကို နောက်ပြန်ပိတ်ခဲ့တယ်။ အဲဒီဘက်မှာ တိတ်ဆိတ်နေတယ်။ တစ်အောင့်ကြာတော့ ပက်ကျိချျို မတ်မတ် ထရပ်လိုက်တယ်။ ဒါပေမဲ့ သူ ဘာလုပ်ရမလဲလို့ မဝေခွဲနိုင်ဘဲ ဖြစ်နေတယ်။ သူ ဟယ်ရီကို မသိမသာ တစ်ချက် ခိုးကြည့်လိုက်တယ်။ ပြီးတော့ သူ့ရှေ့ဖြတ်ပြီး မီးလင်းဖိုရှိရာကို လျှောက်သွားတယ်။ နောက်ပြန်လှည့်လိုက်ပြီး မီးကို ကျောခိုင်းထားတယ်။ သူ့နောက်ကျောဘက် တစ်ပြင်လုံး နွေးတက်လာတယ်။

"မင်းကို သူ ဘာဖြစ်လို့ ခေါ်လာတယ်ဆိုတာ ငါ မသိဘူးလို့ မထင်လိုက်နဲ့"လို့ ရုတ်ချည်း မချေမငံပြောလိုက်တယ်။

ဟယ်ရီကတော့ ပက်ကျိချျိုကို ကြည့်ရုံပဲ ကြည့်နေတယ်။ ပက်ကျိချျိုရဲ့ အရည်စိုရွှမ်းနေတဲ့ မျက်လုံးတွေ ဖျတ်ခနဲ ဟယ်ရီ့နဖူးပေါ်က အမာရွတ်ဆီ ရောက်သွားတယ်။ သူ့မျက်နှာက ရလာတဲ့ အခွင့်ကောင်း လက်မလွှတ်တမ်း ဖမ်းတော့မယ့်ပုံနဲ့။

"မင်းကို ကြည့်ရတာ မင်းအဖေနဲ့ တစ်ထေရာတည်းနီးပါး တူတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဒီလိုပဲ ပြောကြပါတယ်"

"မျက်လုံးတွေကလွဲရင် ချွတ်စွပ်ပဲ"

ဒါက အမေ့မျက်လုံးတွေလေ၊ ဟုတ်တယ်"

ဒီလိုပြောတာဟာ သည်းမခံနိုင်စရာ ခါးသီးတဲ့ ပြောဆိုမှုဖြစ်ကြောင်း သူ နားလည်လာပြီးစမှာပဲ ဟယ်ရီ ဒီစကားမျိုးကို စကြားခဲ့ဖူးတာပဲ။

"ဒါဖြင့် ကောင်းပြီ၊ မင်းဟာ အတော်ဆုံး၊ အကောင်းဆုံး လူတွေကို မင်းရဲ့ ဆရာအဖြစ် မရခဲ့တာဖြစ်မယ်။ ဒါပေမဲ့ သူမကတော့ ငါ့ရဲ့ တပည့်တွေထဲက တစ်ယောက်ပဲ။ အဲဒါ မင်းရဲ့အမေပဲလေ" ဟယ်ရီရဲ့ မျက်လုံးနဲ့မေးနေတဲ့ မေးခွန်းတွေကို သူဖြေတဲ့အနေနဲ့ ဆက်ပြောတယ်။ "လီလီအီဗန်းစ်ပေါ့၊ ငါသင်ပေးခဲ့ရသမျှ သူတွေထဲမှာ အတော်ဆုံး၊ အထူးချွန်ဆုံးပဲ။ ဘာ သွက်လက်ချက်ချာသလဲ မမေးနဲ့။ အင်မတန်ကို နှစ်လိုဖွယ်ရာကောင်းတဲ့ မိန်းကလေး။ ငါ သူမကို ပြောလေ့ရှိတယ်၊ မင်း ငါ့အိမ်မှာ ရှိနေသင့်တယ်လို့။ ဒါပေမဲ့ ငါ အဲဒီလိုပြောတိုင်း မရှိသေမလေးစားတဲ့ အဖြေတွေကိုပဲ ငါ အမြဲပြန်ရခဲ့တယ်"

"ခင်ဗျားရဲ့ အိမ်ဆိုတာက ဘယ်ဟာကို ပြောတာလဲ"

"ငါဟာ ဆလီသီရင် အကြီးအကဲပါပဲ"ပက်ကျိချိုက ပြောလိုက်တယ်။ "အို–ခုတော့"ဆိုပြီးတော့ ဟယ်ရီရဲ့ မျက်နှာပေါ်က ခံစားချက်အမူအရာကို ကြည့်ရင်း အမြန်ဆက်ပြောတယ်။ "မင်း ငါနဲ့ ဆန့်ကျင်တိုက်ခိုက်ရမယ့် သူတွေဆီ မသွားပါနဲ့။ မင်းဟာ သူမလိုပဲ 'ဂရစ်ဖင်' တစ်ဦးဖြစ်လာမယ်လို့ ငါ ယူဆတယ်။ သူတို့က ခါတိုင်းတော့ မိသားစုနဲ့ နေကြတာပဲ။ ဒါပေမဲ့ အမြဲတမ်းတော့ မဟုတ်ဘူး။ ဆီးရီးယပ်စ် မဟူရာကို ကြားဖူးသလား။ မင်းကြားဖူးမှာပါ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သူ့အကြောင်း သတင်းစာတွေထဲမှာ ပါတယ်။ အဲဒါ သူပြီးခဲ့တဲ့ တနင်္ဂနွေ နှစ်ပတ်လည် သုံးပတ်ကပဲ သေသွားပြီ.........."

ပက်ကျိချိုရဲ့ စကားကြောင့် ဟယ်ရီဟာ သူ့အူတွေကို မမြင်ရတဲ့ လက်တစ်ချောင်းက ဆွဲလိမ်ရစ်ပြီး တင်းကျပ်နေအောင် ဆုပ်ကိုင်ထားသလို ခံစားလိုက်ရတယ်။

"ဘယ်လိုပဲ ဖြစ်ဖြစ် သူဟာ ကျောင်းမှာ အမျိုးသားတွေထဲက မင်းအဖေရဲ့ တကယ့်မိတ်ဆွေရင်းချာတစ်ယောက်ပဲလေ။ မဟူရာတို့ မိသားစုတစ်ခုလုံး ငါ့အိမ်မှာနေခဲ့တယ်။ ဒါပေမဲ့ ဆီးရီးယပ်စ်ဟာ ဂရစ်ဖင်တစ်ယောက်အနေနဲ့ နိဂုံးချုပ်သွားခဲ့ရတာ ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲ။ သူဟာ ပါရမီရင့်သန်တဲ့ လူကလေးတစ်ယောက်ပါ။ ငါ သူ့ရဲ့ ညီ ရီဂူလပ်စ်ကို ရလိုက်တယ်။ သူနဲ့လိုက်လာတုန်းပေါ့။ ဒါပေမဲ့ ငါက နှစ်ယောက်လုံးကို လိုချင်တာ"

ပက်ကျိချိုထံက လေလံပွဲတစ်ခုမှာ စိတ်ဝင်တစား ပါဝင် ယှဉ်ပြိုင်ပြီး လေလံကို အရဆွဲသွားနိုင်တဲ့

www.burmeseclassic.com

ဝယ်သူတစ်ဦးလို အသံမျိုးကြီး ထွက်လာတယ်။ သူဟာ အသိဉာဏ် ကင်းကွာပြီး သတိလက်လွတ်ဖြစ်နေတဲ့ လူတစ်ယောက်လို မျက်နှာချင်းဆိုင်က နံရံကြီးကို ငေးကြည့်နေတယ်။ ပြီးတော့ သူ့ရဲ့ ကျောဘက်မှာ အပူရှိန်ကပ်ထားတဲ့ နေရာတစ်ကွက်ရှိနေပြီဆိုတာ သေချာသွားသလိုမျိုးနဲ့ ပြောမိပြောရာ ပြောလိုက်တယ်။

"မင်းရဲ့ အမေဟာ မတ်ဂဲလ်ကမွေးတဲ့ မတ်ဂဲလ်စစ်တစ်ယောက်ပဲ။ အဲဒါကို ငါသိလိုက်ရတော့ ယုံတောင်မယုံနိုင်ဘူး။ သူမဟာ မတ်ဂဲလ်သွေးစစ်စစ် ဖြစ်ရမယ်။ သူမဟာ သိပ်တော်ရှာပါတယ်"

"ကျွန်တော့်ရဲ့ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်လည်း မတ်ဂဲလ်က ဆင်းသက်မွေးဖွားသူပဲ။ သူမဟာ ကျွန်တော်တို့ ကာလမှာအတော်ဆုံးပဲ" လို့ ဟယ်ရီကလည်း ပြောလိုက်တယ်။

"တစ်ခါ တစ်ခါ အဖြစ်အပျက်တွေက အတော်ရယ်စရာ ကောင်းတယ်၊ ဟုတ်တယ်နော်" ပက်ကျိချိုက ပြောလိုက်တယ်။

"အမှန်တော့ မဟုတ်ဘူးဗျ"ဟယ်ရီက အေးအေးလေးပဲ ပြန်ပြောတယ်။ ပက်ကျိချိုဟာ သူ့ကို တအံ့တသြငုံ့ကြည့်လိုက်ပါတယ်။

"ငါ အမှန်ကို ဘာမှ မစူးစမ်းဘဲ အာဃာတစိတ်နဲ့ မဟုတ်တမ်း တရမ်းတွေ ထင်ရာမြင်ရာ လျှောက်ပြောနေတယ်လို့ မင်းမထင်နဲ့။ မဟုတ်ဘူး၊ မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး။ မင်းရဲ့ အမေဟာ တစ်ချိန်လုံး တစ်လျှောက်လုံး အမြဲတမ်း ငါ့ရဲ့ လက်ရွေးစင်တပည့်တွေထဲက တစ်ယောက်ဖြစ်တယ်လို့ ငါပြောလိုက်တာ မှားလို့လား။ ပြီးတော့ အဲဒီအချိန်က သူမရဲ့နောက်မှာ ဒတ်ခ်ခရက်စ်ဝဲလ်ဆိုတာလည်း ရှိခဲ့တယ်။ ခု ဂေါ့ဘ်လင်း ဆက်ဆံရေး အရာရှိရုံး အကြီးအကဲဖြစ်နေပြီ။ တကယ်လည်း သူဟာ ပင်ကိုပါရမီရှိတဲ့ နောက်ထပ် မတ်ဂဲလ်သွေး ကျောင်းသားတစ်ယောက်ပါ။ ခုထိလည်း ဂရင်ဂေါ့စ်မှာ ငါ့ကို အတွင်းက လက်ရွေးစင် အရေးပါဆုံး သတင်းတွေ ပေးနေတုန်းပဲ"

ပက်ကျိချိုဟာ သူပြောချင်တာတွေ အရှည်ကြီး မနားတမ်း ပြောချလိုက်တယ်။ သူ့ကိုယ်သူ အကျေနပ်ကြီး ကျေနပ်သွားသလိုပုံနဲ့လည်း အသာတစ်ချက် ထခုန်လိုက်တယ်။ ပြီးတော့ ဗီရိုပန်းကန်စင်ပေါ်မှာ ရှိနေတဲ့ ဓာတ်ပုံမှန်ပေါင်တွေကို လက်ညှိုးထိုးပြပြန်တယ်။ ဓာတ်ပုံတစ်ပုံချင်းထဲမှာ လှုပ်နေတဲ့ အိမ်သူအိမ်သားပုံတွေပါတယ်။

"အားလုံး ကျောင်းသားဟောင်းတွေချည်းပဲ။ ငါပြောတာ မှန်ကြောင်း အားလုံး အမှုအရာ လုပ်ပြနေတယ်။ မင်း သေသေချာချာကြည့်. ဘာနားဘတ်စ်ကပ်ဖီး တမန်တော် နေ့စဥ်သတင်းစာရဲ့ အယ်ဒီတာ။ သူက နေ့စဥ်ဖြစ်ပျက်သမျှ သတင်းတွေထဲမှာပါတဲ့ ငါ့သတင်းတွေကို စိတ်ဝင်စားတယ်။ ပြီးတော့ ဟန်နီးဒိုက်က အမ်ဘရို စီးယပ်စ်ဖလမ်း၊ မွေးနေ့တိုင်း သတိတရ ကျွေးမွေးတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါက သူတို့ ပထမဆုံး အလုပ်ပေးခဲ့တဲ့ စီစီရွှန်ဟာကင်းစ်နဲ့ မိတ်ဆက်ပေးနိုင်ခဲ့လို့ပဲ။ ပြီးတော့ နောက်ဘက်မှာ၊ မင်းလည်ပင်းကို နည်းနည်းလေး ပိုဆန့်ကြည့်လိုက်ရင် အမျိုးသမီးတစ်ဦးကို မင်းတွေ့လိမ့်မယ်။ အဲဒါ ဂွေးနော့ဂျုန်းစ်ပဲ။ ဟာပီတွေရဲ့ အကြီးအကဲခေါင်းဆောင်၊ ခေါင်းက

www.burmeseclassic.com

www.burmeseclassic.com

လူမိန်းမခေါင်း၊ ငှက်အတောင်နဲ့ ခြေထောက်တွေပါတယ်။ ဟာပီတွေရဲ့ နာမည်ပေးကင်ပွန်းတပ်ပွဲတွေကို ငါ ရောက်သွားတဲ့အတွက် လူတွေက အံ့သြကြတယ်။ ပွဲတိုင်း ငါသွားချင်တဲ့ ဆန္ဒရှိရင် လိုက်လိုက်လှဲလှဲ ကြိုဆိုတာချည်းပဲ"

ဒါတွေဟာ သူ့ကို အကြီးအကျယ် အတိုင်းအဆမရှိ ကောင်းချီးသြဘာ ပေးရမယ့် အရာတွေလို့ သူက ထင်နေပုံရတယ်။

"ခင်ဗျား ပြောချင်တာက လူတွေအားလုံး ခင်ဗျားကို ဘယ်နေရာမှာ ရှာရမယ်ဆိုတာ သိတယ်။ ခင်ဗျား အစွမ်းပြလို့ ရတယ်လို့ ဆိုချင်တာလား"

အကယ်၍သာ အစားသောက်ခြင်းကြီးတွေ၊ ကင်ပွန်းတပ်ပွဲ တက်ရောက်ဖို့ ဖိတ်စာတွေနဲ့ ဧည့်သည်တွေကြောင့်သာ မဟုတ်ရင် မရဏမီဝဲကောင်တွေက သူ့ကို ရှာတွေ့နိုင်မှာ မဟုတ်ဘူးဆိုတာ သိပြီး အံ့သြမှုမဖြစ်တဲ့ ဟယ်ရီက မေးလိုက်တာပါပဲ။

သူ့ရဲ့ အိမ်နံရံပေါ်က သွေးတွေလိုပဲ အမြန်တကာ့အမြန်ဆုံးနှုန်းနဲ့ ပက်ကျိချိုရဲ့ မျက်နှာပေါ်ကနေ အပြုံးတွေ ပျောက်ကွယ်သွားတယ်။

"ဟာ မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး။ တကယ်မှာ ငါဘယ်သူ တစ်ဦးတစ်ယောက်နဲ့မှ လုံးဝမတွေ့မဆုံလိုဘဲနေခဲ့တာ တစ်နှစ်ရှိပြီ" သူက ဟယ်ရီ့ကို ငုံ့ကြည့်ရင်း ပြန်ပြောလိုက်တယ်။

အဲဒီစကားတွေက ပက်ကျိချိုကို ကိုယ့်စကားနဲ့ကိုယ် အထိတ်တလန့် ဖြစ်သွားစေတယ်လို့ ဟယ်ရီက တွက်လိုက်တယ်။ ပက်ကျိချိုဟာ တစ်ခဏလောက် ဆောက်တည်ရာမရဘဲ ဖြစ်သွားတယ်။ ပြီးတော့မှ သူက ဘယ်ရယ် အတိအကျ မဟုတ်ဘဲ ပခုံးကို တွန့်လိုက်တယ်။

"အမြော်အမြင်ရှိတဲ့ မှော်ဆရာကတော့ ဒီလိုမျိုး အခြေအနေတွေမှာ ခုထိခေါင်းငုံ့ ဇွတ်တိုးပြောနေတတ်တုန်းပဲ။ ဒမ်းဘဲလ်ဒိုးပြောတာတွေက ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ဟော့ဂ်ဝပ်စ်မှာ ရာထူးတစ်ခု ယူလိုက်တာဟာ ဖီးနစ်ငှက်အဖွဲ့အပေါ် ငါ့ရဲ့ သစ္စာခံမှုကို ကြေညာလိုက်တဲ့သဘော သက်ရောက်သွားလိမ့်မယ်။ သူတို့တွေ ချီးကျူးစရာ ကောင်းလောက်အောင် ရဲဝံ့သတ္တိရှိနေတယ်ဆိုတာ ငါ အသေအချာ သိနေတာကြောင့်ရော၊ ကျန်တဲ့အကြောင်းကြောင့်ပါ ငါ့ရဲ့ ပုဂ္ဂိုလ်ရေး သဘောဆန္ဒအရ သေရမယ့်လမ်းကိုတော့ ငါ မရွေးချင်သေးဘူး..........."

"ဟော့ဂ်ဝပ်စ်မှာ သင်ကြားပို့ချဖို့ ဖီးနစ်ငှက်အဖွဲ့နဲ့ ခင်ဗျား ဆက်သွယ်ရမယ့် အကြောင်း မရှိပါဘူး" သူ့ရင်ထဲမှာ ရှိနေတဲ့ သရော်လှောင်ပြောင် ပြက်ရယ် ပြုနေတဲ့ ခံစားချက်ကို ထိန်းချုပ်ဖုံးကွယ်မထားနိုင်တဲ့ ဟယ်ရီက ထုတ်ပြောဆို လိုက်တာ ဖြစ်ပါတယ်။ သူ့အနေနဲ့ ပက်ကျိချိုရဲ့ ရွှေပေါ်မြတင်နေနေတဲ့ အခြေအနေကို မြင်နေရပြီး ဂူတစ်ဂူထဲမှာ ကြွက်တွေကိုပဲ စားရင်း တွားသွား ကုတ်ကတ်နေထိုင်သွားရတဲ့ ဆီးရီးယတ်စ်ကို ပြန်သတိရလိုက်တဲ့အခါ ပက်ကျိချိုအပေါ် သနားစာနာမှုနဲ့ အကြင်နာတွေ ပြသဖို့ သိပ်ကို ခဲယဉ်းသွားပါတယ်။ သူက ဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဆရာ အများစုဟာ အဲဒီဂူထဲမှာ မနေခဲ့ရပါဘူး။ ပြီးတော့ သူတို့ထဲက ဘယ်သူမှလည်း အသတ်မခံခဲ့ကြရဘူး။ ခင်ဗျားအနေနဲ့ ကွာရဲလ်ကို ထည့်မတွက်သလို ဗိုဒီမော့နဲ့အတူ အလုပ်လုပ်နေရချိန်မှာ သူကလည်း သူ ဘာလုပ်ရမယ်ဆိုတာ အခြေအနေမှန်ကို မမြင်နိုင်ခဲ့ဘူး မဟုတ်လား”

ဗိုဒီမော့ရဲ့ နာမည်ကို ကျယ်ကျယ်ပြောတာမခံနိုင်တဲ့ မော်ဆရာတွေထဲမှာ ပက်ကျိချိုလည်း တစ်ယောက်အပါအဝင်ဆိုတာ သေချာသွားတဲ့ ဟယ်ရီက စိတ်မပျက်တော့ဘဲ ပက်ကျိချိုကသာ ကတုန်ကယင်နဲ့ တတွတ်တွတ် ကာကွယ်ချေပ ပြောဆိုနေပါတယ်။ ဟယ်ရီကလည်း မသိကျိုးကျွန် ဥပေက္ခာပြုနေလိုက်တယ်။

ပြီးတော့မှ–

“ကျွန်တော်ကတော့ ဆရာတွေဟာ တခြားလူအများစုထက် ဒမ်းဘဲလ်ဒိုး ကျောင်းအုပ်ဆရာကြီးလုပ်နေတဲ့ လက်ထက်မှာ ပိုပြီး လုံခြုံမှုရှိတယ်။ သူသာလျှင် ဗိုဒီမော့ အမြဲတမ်း ထိတ်လန့်ကြောက်ရွံ့ရတဲ့ တစ်ဦးတည်းသောလူ ဖြစ်တယ်လို့ ယူဆလက်ခံထားတယ် မဟုတ်ဘူးလား”လို့ ဟယ်ရီက ဆက်ပြောလိုက်တယ်။

ပက်ကျိချိုဟာ ခဏကလေး ဒါမှမဟုတ် တစ်အောင့်လောက်ကြာအောင် အပြင်ဘက် ဟင်းလင်းပြင်ကို ငေးကြည့်နေတယ်။ သူ့ကြည့်ရတာ ဟယ်ရီရဲ့စကား အပေါ်မှာ အသေအချာ တွေးတောနေပုံပဲ။ နောက်တော့–

“အေး ဟုတ်တယ်ကွ၊ ဟီဟူးမတ်ခ်နော့ဘီနိမ်းဒ်ဟာ ဒမ်းဘဲလ်ဒိုးနဲ့ ဘယ်တုန်းကမှ တိုက်ခိုက်ရအောင် မကြိုးစားခဲ့ဘူးဆိုတာ မှန်တယ်”လို့ ကိုယ့်ကိုယ်ကိုယ် ပြောသလို ဆောင့်ကြီးအောင့်ကြီး ပြောလိုက်တယ်။ ဒါတင်မကဘဲ “ငါ မရဏမှီဝဲကောင်တွေနဲ့ မဆက်သွယ်တာကို အချေအတင် လာပြောနိုင်တဲ့လူ တစ်ယောက်ပဲ ရှိလိမ့်မယ်လို့ ငါယူဆတယ်။ ဟီဟူးမတ်စ်နော့ဘီနိမ်းဒ်ဟာ ငါ့ကို မိတ်ဆွေတစ်ယောက်အဖြစ် ခက်ခက်ခဲခဲ ထည့်တွက်ရမယ်။ အဲဒီအတွက် အဲလ်ဘတ်စ်နဲ့ နည်းနည်းလေး ပိုနီးစပ်အောင် လုပ်လိုက်ခြင်းက ဒီကိစ္စမှာ ငါ့အတွက် ပိုလုံခြုံလာမယ်လို့ ငါထင်တယ်”ဆိုပြီး ပြောပါတယ်။

တစ်ခါ ပက်ကျိချိုကပဲ ဆက်ပြောရင်း “အမ်မလီယာဗန့် သေဆုံးမှုကြောင့် ငါ မတုန်လှုပ်ခဲ့ရဘူးလို့ ငါ ဟန်ဆောင်မထားနိုင်ဘူး။ သူမရဲ့ ဝန်ကြီးဌာနရဲ့ အဆက်အသွယ်တွေနဲ့ အကာအကွယ်တွေနဲ့အတူ သူမအနေနဲ့သာ.........” လို့ ဆိုရုံရှိသေးတယ်။ အခန်းထဲကို ဒမ်းဘဲလ်ဒိုး ပြန်ဝင်လာတဲ့အတွက် အိမ်ထဲမှာ သူရှိနေတာကို မေ့သွားပုံရတဲ့ ပက်ကျိချို အလန့်တကြား ထခုန်လိုက်တယ်။

“သြော် ခင်ဗျား ရှိသေးတာကိုး အဲလ်ဘတ်စ်ရယ်။ ဒါထက် ခင်ဗျား ကြာလှချည်လား။ ဘာလဲ ဗိုက်မကောင်းဘူးလား”လို့ သူက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး။ ကျွန်တော် မတ်ဂဲလ် မဂ္ဂဇင်းကို ဖတ်နေတာ။ အဲဒီအထဲက အရေးအသားနဲ့ အပြင်အဆင်တွေ ကျွန်တော် ကြိုက်တယ်"လို့ ဒမ်းဘဲလ်ဒိုးက ပြန်ပြောရင်း "ကဲ–ဟယ်ရီရေ၊ ဟိုရေ့စ်ရဲ့ ဧည့်ဝတ်ကျေပွန်မှုပေါ်မှာ ကျုပ်တို့ အခွင့်အရေး ယူနေတာလည်း ဒီလောက်ဆို တော်လောက်ပါပြီကွာ။ တို့ ပြန်ဖို့ ကောင်းပြီနဲ့ တူတယ်"လို့ ဆက်ပြောလိုက်တယ်။

ဟယ်ရီကလည်း လုံးဝနှေးကွေးမနေဘဲ နာခံရန် အသင့်ဆိုတဲ့ဟန်နဲ့ နေရာက 'ဝုန်း'ဆို ချက်ချင်း ထရပ်လိုက်တယ်။ ထူးထူးခြားခြား ပက်ကျိချိုဟာ အံ့သြစိတ်ပျက် သွားပုံရတယ်။

"ခင်ဗျားတို့ သွားကြတော့မလို့လား"

"ဟုတ်တယ်။ ကျွန်တော် လူတစ်ယောက်ကို ကြည့်တာ အထင်နဲ့ အမြင် ပါစင်အောင် လွဲသွားပြီ။ သေချာပေါက် မဖြစ်နိုင်တဲ့ ကိစ္စကိုမှ လုပ်မိတယ်ဆိုတာ သိလိုက်ရတယ်"လို့ ဒမ်းဘဲလ်ဒိုးက ခနဲ့တဲ့တဲ့နဲ့ ဆွပေးလိုက်တယ်။

"သေချာပေါက် မဖြစ်နိုင်တဲ့ ကိစ္စ ဟုတ်လား"

ပက်ကျိချိုက ပြန်ပြောရင်း စိတ်တွေ လှုပ်ရှားနေတယ်။ ဒမ်းဘဲလ်ဒိုးက သူ့ခရီးသွား ဝတ်ရုံကြီးကို လုံလုံခြုံခြုံ စေ့ပိတ်နေတာနဲ့ ဟယ်ရီက သူ့အပေါ် အင်္ကျီဇစ်ကို ပြန်တပ် ဆွဲတင်နေတာကို စောင့်ကြည့်ရင်း သူ့ရဲ့ ဝဝတုတ်တုတ် လက်မကြီးတွေ အချင်းချင်းကို ပွတ်ပြီး ဂနာမငြိမ်နဲ့ အချိန်ဖြုန်းနေလိုက်တယ်။

"ဟုတ်ပြီဗျာ၊ ခင်ဗျား အလုပ်မလိုချင်တဲ့အတွက်တော့ ကျွန်တော် စိတ်မကောင်းပါဘူး ဟိုရေ့စ်"

ဒမ်းဘဲလ်ဒိုးက ပြန်လည်ထွက်ခွာမှုအတွက် လေးစားသမှုနဲ့ သူ့ရဲ့ ဒဏ်ရာမရရှိထားတဲ့လက်ကို မြှောက်ထောင် နှုတ်ဆက်ရင်း ပြောလိုက်တယ်။ "ဟော့ဂ်ဝပ်စ် မှော်ပညာကျောင်းက ခင်ဗျားနဲ့ တစ်ဖန်ပြန်လည်ဆုံတွေ့ရမယ့်အတွက် ဝမ်းမြောက် ဝမ်းသာဖြစ်နေပါတယ်။ ကျွန်တော်တို့ရဲ့ လုံခြုံရေး အစီအမံတွေ အကြီးအကျယ် တိုးတက်ကြီးထွားလာနေပေမယ့်လည်း ခင်ဗျား ရောက်လာမယ့်နေ့ကို အမြဲတမ်း ကြိုဆို လက်ကမ်းလျက်ပါပဲ။ ကဲ ခင်ဗျား ဆန္ဒတွေ ပြည့်ပါစေ"လို့ လည်း သူက ပြောသွားတယ်။

"ဟုတ်ကဲ့ ကောင်းပါပြီဗျာ၊ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ပါတယ်"

"ကဲ–ခုတော့ သွားပြီဗျို့"

"သွားပြီ ခင်ဗျ"ဟယ်ရီကလည်း နှုတ်ဆက်လိုက်တယ်။

သူတို့ အိမ်ရှေ့ တံခါးဝကို အရောက်မှာပဲ နောက်ကအော်ပြောလိုက်သံ ထွက်လာတယ်။

www.burmeseclassic.com

"ကောင်းပြီ ကောင်းပြီ၊ ခင်ဗျား ပြောတာ ကျွန်တော် လုပ်ပါတော့မယ်"

ဒမ်းဘဲလ်ဒိုး လှည့်ကြည့်လိုက်တော့ ဧည့်ခန်းအဝင် တံခါးဝမှာ ငူငူကြီးရပ်နေတဲ့ ပက်ကျိချိုကို တွေ့ရတယ်။

"ခင်ဗျား အငြိမ်းစားဘဝကို စွန့်ပြီး ထွက်လာတော့မယ်ပေါ့"

"ဟုတ်ပါတယ် ဟုတ်ပါတယ်"ပက်ကျိချိုက စိတ်မရှည်သလို ပြန်ပြောလိုက်တယ်။ "ကျွန်တော် ရှုံးသွားတာ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ခု ကျွန်တော်ပေးတဲ့ အဖြေက 'ဟုတ်ကဲ့'ပါပဲ"

"အံ့သြလောက်ပါတယ်" ဒမ်းဘဲလ်ဒိုးက ပီတိတွေ အပြည့်နဲ့ အားရပါးရ ပြုံးရင်း ပြောလိုက်တယ်။ "ဟိုရေ့စ် ဒါဆိုခင်ဗျားကို ကျွန်တော် စက်တင်ဘာ ၁ ရက်နေ့မှာ မြင်ချင်တယ်"

"ဟုတ်ကဲ့ ခင်ဗျား မြင်ရပါစေ့မယ်၊ ကျွန်တော် ပြောရဲတယ်"ပက်ကျိချိုက အာမခံနေတယ်။

သူတို့ ခြံထဲကလမ်းလေးအတိုင်း လျှောက်အသွားမှာ ပက်ကျိချိုရဲ့ အသံတစ်သံ နောက်ကလိုက်လာပြန်တယ်။

"ကျွန်တော် လခတော့ တိုးလိုချင်တယ်နော် ဒမ်းဘဲလ်ဒိုး"

ဒမ်းဘဲလ်ဒိုးက တခစ်ခစ်ရယ်လိုက်တယ်။ ခြံဝတံခါး သူတို့နောက်ဘက်မှာ ပိတ်ပြီး ကျန်ခဲ့တယ်။ အမှောင်ထုနဲ့ မြူတွေဆိုင်းနေတဲ့ အထဲကဖြတ်ပြီး သူတို့ တောင်ကုန်းလေးအတိုင်းပြန်ဆင်းလာတယ်။

"အဆင်ပြေပြေနဲ့ ပြီးမြောက်သွားတယ် ဟယ်ရီ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ကျွန်တော် ဘာမှလည်း မလုပ်လိုက်ရပါလား"ဟယ်ရီက တအံ့တသြ ပြောတယ်။

"ဟာ......... မောင်ရင် လုပ်ခဲ့တာပေါ့။ မောင်ရင်က သူ ဟော့ဂ်ဝပ်စ်ကို ပြန်လာရင် ဘယ်လောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မယ်ဆိုတာ ဟိုရေ့စ်ကို အတိအကျပြသလိုက်တာပဲ။ မောင်ရင် သူ့ကို သဘောကျရဲ့လား"

"အဲ"

ဟယ်ရီက ပက်ကျိချိုကို သဘောကျ မကျ သူ့ဘာသာ မသေမချာ ဖြစ်နေတယ်။ ဘာပဲပြောပြော ခုလိုလုပ်ခဲ့ရတဲ့အတွက် သူ ကျေနပ်နေတယ်။ သူ နည်းနည်း စိတ်ကြီးဝင်သွားတယ်။ သူ ဘယ်လိုပဲ ဆန့်ကျင်ဘက် ပြောခဲ့ပြောခဲ့ အံ့သြစရာကောင်းတာက မတ်ဂဲလ်တစ်ယောက်ဟာ

www.burmeseclassic.com

www.burmeseclassic.com

မှော်ဆရာမကောင်းတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်လို့ သူ ယူဆထားတယ်။

ဒမ်းဘဲလ်ဒိုးက ဟယ်ရီ စိတ်သက်သာအောင် ပြောလိုက်တယ်။

“ဟိုရေ့စ်က သက်သောင့်သက်သာ ဖိမ်ခံရတာကို ကြိုက်တယ်။ သူဟာ တစ်ချိန်ထည်းမှာ ကျော်ကြားအောင်မြင် အစွမ်းထက်တဲ့ အပေါင်းအသင်း အဖွဲ့နဲ့ နေရတာကိုလည်း ကြိုက်တယ်။ သူက လူတွေအပေါ်မှာ သူ ဩဇာညောင်းရတာမျိုးကို သဘောကျတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ အရိုက်အရာခံပြီး ဘယ်တော့မှ ထိပ်ဆုံးက နေရာယူတာမျိုး မလုပ်ဘူး။ နောက်တန်းမှာနေရတာပဲ သူကြိုက်တယ်။ ကျုပ်ပြောတာ သဘောပေါက်တယ်မို့လား။ ဟော့ဂ်ဝပ်စ်မှာ သူ အကြိုက်ဆုံး အတော်ဆုံးလူတွေကို လက်ရွေးစင်အဖြစ် ရွေးချယ်လေ့ရှိတယ်။ တစ်ခါတစ်ရံ သူတို့ရဲ့ ပြင်းပြတဲ့ ရည်မှန်းချက်ဆန္ဒတွေနဲ့ ဦးနှောက်အတွေးအခေါ်တွေပေါ်ကြည့်ပြီး တစ်ခါတစ်ရံ သူတို့ရဲ့ ဂါထာမန္တန်အစွမ်းနဲ့ သူတို့ရဲ့ ပင်ကိုအထုံပါရမီအပေါ်ကြည့်ပြီး ရွေးတာပါပဲ။ ပြီးတော့ သူတို့ရဲ့ နယ်ပယ်ပေါင်းစုံအသီးသီးမှာ ထူးထူးချွန်ချွန် ပေါက်မြောက်သူတွေ ဖြစ်လာဖို့ ကြိုးစားနေသူတွေကို ခုလို ရွေးချယ်လိုက်တာနဲ့ ပတ်သက်လို့ သူ့မှာ အံ့ဩစရာ ထူးခြားဆန်းကြယ်တဲ့ ဉာဉ်တစ်ခုရှိတယ်။ နောက် ဟိုရေ့စ်ဟာ သူကိုယ်တိုင် အလယ်က မဏ္ဍိုင်လုပ်ပြီး သူ့ရဲ့ လက်ရွေးစင်တွေနဲ့ ကလပ်အသင်းတစ်သင်း ဖွဲ့ထားသေးတယ်။ အဖွဲ့ဝင်တွေအချင်းချင်းကို မိတ်ဆက်ပေးတယ်။ သူတို့ကြားမှာ အသုံးဝင်မယ့် အဆက်အသွယ်တွေ ဖန်တီးပေးတယ်။ အဲဒီကနေ အပြန်အလှန်အနေနဲ့ အကျိုးကျေးဇူး အမြဲတမ်း သူခံစားရတယ်။ အဲဒါက သူ့စိတ်ကြိုက် ပုံဖော်လို့ရတဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်လာပြီး ဂေါ့ဘလက် ဆက်ဆံရေး အရာရှိရုံးအတွက် နောက်ထပ် အငယ်တန်း အဖွဲ့ဝင်တွေကို ထောက်ခံပေးနိုင်တဲ့ အခွင့်အရေးမျိုး သူရတာပဲ”

ဟယ်ရီ့ရဲ့ စိတ်ထဲမှာ ချက်ချင်း ဖျတ်ခနဲ တဝင်းဝင်း တလက်လက် တောက်ပနေတဲ့ ဇရာမ ဝဝဖောင်းဖောင်း ပင့်ကူကြီးတစ်ကောင် ပတ်လည်မှာ ပင့်ကူအိမ် ကွန်ရက်ကြီးတစ်ခုဖွဲ့နေတဲ့ပုံ ပေါ်လာတယ်။ ပင့်ကူကြီးက သူနဲ့ကပ်နေတဲ့ အနားက ကြီးမားတဲ့ မြိန်ရှက်စရာ အရည်တွေနဲ့ ပြည့်ရွှမ်းနေတဲ့ ယင်ကောင်တွေကို ဖမ်းယူစားသောက်နိုင်ဖို့ ပင့်ကူချည်မျှင် တစ်ချောင်းကို သူ့အိမ်ထဲမှာ ဟိုဘက်ကို ဆွဲသွားလိုက် ဒီဘက်ကို ဆွဲသွားလိုက် လုပ်နေတယ်။
“ဒါ မောင်ရင့်ကို ကျုပ် အိတ်သွန်ဖာမှောက် ပြောပြနေတာပဲ” ဒမ်းဘဲလ်ဒိုးက သူ့စကားကို ဆက်တယ်။
“ဟိုရေ့စ်နဲ့ ဆန့်ကျင်ဘက် သွားမလုပ်နဲ့၊ မဟုတ်ရင်၊ ခု ကျုပ်တို့ သူ့ကို ပါမောက္ခ ပက်ကျိချိုလို့ ခေါ်နေပေမယ့် တကယ်တော့ သူဟာ မောင်ရင်စောင့်ကြည့်ရမယ့်လူ ဖြစ်တယ်။ သူကတော့ မောင်ရင့်ကို သေချာပေါက် သိမ်းသွင်းလိမ့်မယ် ဟယ်ရီ။ မောင်ရင်ဟာ သူ ကောက်ယူအသုံးချမယ့် ကျောက်မျက်ရတနာ တစ်ပါး ‘ရှင်သန်နေတဲ့လူကလေး’ပဲ။ ဒီရက်တွေမှာ သူတို့ခေါ်နေတဲ့ စကားလုံးနဲ့ဆိုရင်တော့ တစ်ဦးတည်းသော လက်ရွေးစင် ‘ဗိုလ်တကာ့ဘုရင်’ပေါ့ကွာ”

အဲဒီစကားလည်း ကြားလိုက်ရရော ဟယ်ရီဟာ ပတ်ဝန်းကျင်ကို သိုင်းခြုံထားတဲ့ မြူတွေထဲကနေ ခိုးဝင်လာပြီး အအေးဓာတ်တစ်ခု သူ့ကို ပွေ့ဖက်လိုက်သလို စိမ့်ခနဲ ဖြစ်သွားပါတယ်။ နောက် လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်က သူ ကြားခဲ့ရတဲ့ စကားလုံးတွေကို ပြန်သွား သတိရလိုက်တယ်။ အဲဒီစကားလုံးတွေက သူ့အတွက် ကြောက်ရွံ့ထိတ်လန့်စရာကောင်းပြီး သူ့ကို သတ်သတ်ရည်ရွယ်တဲ့ အဓိပ္ပာယ်ထွက်နေတယ်။ “တစ်ယောက် အသက်ရှင်ကျန်ရစ်ရင် နောက်တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com

သေမှာမလွဲဘဲ”တဲ့။ ဂူတစ်ဂူထဲမှာ ခြသေ့်နှစ်ကောင် အောင်းရိုးထုံးစံမရှိဆိုတဲ့ သဘောပေါ့။

ဒမ်းဘဲလ်ဒိုး လျှောက်သွားနေရင်းက ရပ်လိုက်တယ်။ စောစောကအလာမှာ သူတို့ ဖြတ်လာခဲ့တဲ့ ဘုရားရှိခိုးကျောင်းနဲ့ တစ်ပြေးတည်း တည့်တည့်နေရာမှာပဲ။

“ဒါ လုပ်ကြရဦးမယ်၊ ကျုပ် လက်မောင်းကို မြဲမြဲဆုပ်ထား ဟုတ်လား”

ဒီတစ်ကြိမ်လည်း သူတို့ အတော်ကြီး တောင့်ခံခဲ့ရတယ်။ ဟယ်ရီဟာ ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ကိုယ်ထင်ပြန်ပြဖို့ အဆင်သင့်ဖြစ်နေပြီ။ ဒါပေမဲ့ အခြေအနေက ဆိုးဝါးနေတုန်းပဲ။ နောက် သူ့တစ်ကိုယ်လုံးကို ဖိညှစ်ထားတဲ့အရာတွေ ပျောက်ကွယ်သွားမှ သူ ပြန် အသက်ရှူလာနိုင်တယ်။ ရွာလမ်းကလေး တစ်လမ်းပေါ်က ဒမ်းဘဲလ်ဒိုးရဲ့ နံဘေးမှာ သူရပ်နေကြောင်း ဟယ်ရီ သိလိုက်ရတယ်။ ရှေ့ကို လှမ်းကြည့်လိုက်တော့ ကမ္ဘာမှာ သူ့ရဲ့ ဒုတိယသဘောကျ အကြိုက်နှစ်သက်ဆုံး အဆောက်အအုံဖြစ်တဲ့ ‘ဘာရိုး’ အဆောက်အအုံကြီးရဲ့ အရိပ်မည်းမည်းကြီးကို နောက်ခံအလင်းရောင်ထဲမှာ မြင်နေရတယ်။ စိုးရိမ်ထိတ်လန့် ပူပန်မှုဖြစ်ရမယ့်အစား ဘာရိုး အဆောက်အအုံကြီးရဲ့ မြင်ကွင်းက သူ့တစ်ကိုယ်လုံးကို ခံစားချက်တွေ ပျံ့နှံ့သွားစေတယ်။ သူ့ရဲ့ စိတ်ဝိညာဉ်ကလည်း သူ့ကို မကူညီနိုင်ဘဲ မြင်ကွင်းထဲက အဆောက်အအုံကြီးပေါ်ကို ရောက်နေတယ်။ အဲဒီမှာ ရွန်ရှိတယ်။ ပြီးတော့ မစ္စဝက်စလေလည်း ရှိတယ်။ သူသိသမျှ လူတိုင်းထက် ပိုကောင်းအောင် ချက်တတ် ပြုတ်တတ်သူ။

“မောင်ရင် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ဟယ်ရီရေ.... ”ခြံဝင်းတံခါးတစ်ခုကို ဖြတ်ဝင်သွားရင်း ဒမ်းဘဲလ်ဒိုးက စကားစလိုက်တယ်။ “ကျုပ်တို့ လူချင်းမခွဲခင် မောင်ရင့်ကို ကျုပ် စကားနည်းနည်း ပြောချင်တယ်။ သီးသန့်ပေါ့။ ခု ဒီနေရာမှာလည်း ဖြစ်နိုင်ပါတယ်”

ဒမ်းဘဲလ်ဒိုးက အဆောက်အအုံကြီး အပြင်ဘက်မှာရှိနေတဲ့ အိုမင်းနေတဲ့ ကျောက်တုံးနဲ့ တည်ဆောက်ထားတဲ့ အိမ်ငယ်ကလေးတစ်လုံးကို လက်ညှိုးထိုးပြလိုက်တယ်။ အဲဒါက သူတို့ တံမြက်စည်းတွေကို မစ္စဝက်စလေ သိမ်းပေးထားတဲ့ တံမြက်စည်းရုံကလေးပဲ။ ခဏကလေး ဇဝေဇဝါဖြစ်သွားပြီးမှ ဟယ်ရီက တကျီကျီ မြည်နေတဲ့ တံခါးကလေးကိုဖြတ်ပြီး နေရာကွက်လပ်ကလေး တစ်ခုထဲကို ဒမ်းဘဲလ်ဒိုးနောက်ကနေ လိုက်သွားတယ်။ ရုံကလေးက သာမန် ဗီရို၊ ကြောင်အိမ်ကလေး တစ်လုံးထက်တောင်မှ ငယ်ဦးမယ်။ ဒမ်းဘဲလ်ဒိုးက သူ့ဆေးကြိမ်လုံးထိပ်ကနေ အလင်းရောင်ထွက်လာအောင် လုပ်လိုက်တဲ့အတွက် မီးတုတ်ထွန်းလိုက်သလို ဝင်းထိန်နေတဲ့အလင်းရောင် ဟယ်ရီ့ပေါ်ကို ကျသွားတယ်။

“ဒီစကားကို ထုတ်ဖော်ပြောဆိုတာနဲ့ ပတ်သက်လို့ မောင်ရင် ကျုပ်ကို ခွင့်လွှတ်လိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ် ဟယ်ရီ။ ဒါပေမဲ့ ဝန်ကြီးဌာနမှာ ဖြစ်ပျက်ခဲ့သမျှ အရာရာရဲ့ နောက်မှာ မောင်ရင့်အနေနဲ့ အကောင်းဆုံး နိုင်နိုင်နင်းနင်း ကိုင်တွယ် ဖြေရှင်းသွားတာကို မြင်ရတဲ့အတွက် ကျုပ် ဝမ်းလည်းသာတယ်။ ဂုဏ်လည်းယူပါတယ်။ ဒီအတွက် မောင်ရင့်ကို ဆီးရီးယတ်စ်ကလည်း ဂုဏ်ယူလိမ့်မယ်လို့ ကျုပ် ထင်တယ်ဆိုတာ ပြောပါရစေ”

www.burmeseclassic.com

ဟယ်ရီ တံတွေးတစ်ချက် မျိုချလိုက်တယ်။ သူ အသံတွေဝင်သွားပြီး ပြောမထွက်သလို ဖြစ်နေတယ်။ ဆီးရီးယတ်စ်အကြောင်းကို သူ ဒီမှာရပ်တည် ဆွေးနွေးနိုင်မယ်လို့ သူမထင်ဘူး။ ဘကြီးဗာနွန်က "သူ့ရဲ့ ခေါင်းဆောင် ဆရာကြီး သေပြီဟုတ်လား"လို့ ပြောစဉ်က ကြားရတာနဲ့ ပက်ကျိချိုပါးစပ်က ထွက်လာတဲ့ ဆီးရီးယတ်စ်ရဲ့ နာမည်ကို ကြားရကတည်းက သူ့စိတ်တွေ အကြီးအကျယ် နာကျင်ခံစားခဲ့ရပြီး ဖြစ်နေတယ်။

"ဒါဟာ ရက်စက်တာပဲ" ဒမ်းဘဲလ်ဒိုးက သာသာညင်းညင်း ပြောလိုက်တယ်။ "မောင်ရင်နဲ့ ဆီးရီးယတ်စ်တို့ အချိန်တိုကလေး အတူရှိနေခဲ့တာ။ ကာလ ကြာမြင့်စွာ ပျော်ပျော်ရွှင်ရွှင် ရှိရမယ့် ဆက်ဆံရေးကို ရက်စက်မှု တစ်ခုက အဆုံးသတ်ပစ်လိုက်တယ်"

ဟယ်ရီ ခေါင်းညိတ်လိုက်တယ်။ ခု သူ့မျက်စိတွေ ဒမ်းဘဲလ်ဒိုးရဲ့ ဦးထုပ်ပေါ်ကို ကုပ်တွယ်တက်နေတဲ့ ပင့်ကူပေါ်မှာပဲ အာရုံကျနေတယ်။ သူ့ရဲ့ စာရောက်သွားတဲ့ အထိတိုင်အောင် သူ သံသယဝင်သင့်သေးတာကို ဒမ်းဘဲလ်ဒိုး နားလည်နိုင်လိမ့်မယ်လို့ သူ ပြောရဲတယ်။ ဟယ်ရီဟာ သူ့ရဲ့ ရှိသမျှ အချိန်တွေကို သူ မအိပ်နိုင်အောင် ဒတ်စလေတို့တွေ သူ့အိပ်ရာထဲ ဝင်နေတာ၊ သူ့ကို အစားအသောက်ပေးဖို့ ငြင်းပယ်တာနဲ့ မြူတွေကပ်ငြိနေတဲ့ ပြတင်းတွေကိုပဲ ညလုံးနီးပါး ငေးကြည့်နေခဲ့ရတာတွေနဲ့ ကုန်ဆုံးခဲ့ရတယ်။ သူဟာ စိတ်ရှုးထ ယောက်ယက်ခတ်နေသူတွေနဲ့ အဖော်ပြုဖို့ ဒီနေရာကို ရောက်လာခဲ့မိတာပဲ ဖြစ်တယ်။

"သူ ကျွန်တော့်ဆီကို စာထပ်ပြီး ရေးလိမ့်မှာမဟုတ်ဘူးလို့ သဘောထားလိုက်ရမယ့် ကိစ္စကတော့ အတော့်ကို ခက်တယ်"

နောက်ဆုံးမှာ ဟယ်ရီက အသံတိုးတိုးကလေးနဲ့ ပြောလိုက်တယ်။ သူ့မျက်လုံးတွေ ရှုတ်တရက် ပူတက်လာပြီး သူ မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေရတယ်။ ဟော့ဂ်ဝပ်စ်ကျောင်းရဲ့ အပြင်ဘက်ကနေ ဘာတွေဖြစ်နေတယ် ဆိုတာကို မိဘတွေနဲ့မခြား ဂရုတစိုက်ရှိခဲ့တာကို သိလိုက်ရခြင်းဟာ သူ့ရဲ့ ခေါင်းချုပ်ဆရာအကြောင်း သူသိရှိရသမျှ အကောင်းဆုံး သတင်းတွေထဲက တစ်ခုပါပဲ။ ခုချိန်မှာ စာပို့ ဇီးကွက်ကြီးကလည်း သူ စိတ်ဖြေသိမ့်စရာ ဘာတစ်ခုခုကိုမှ သူ့ဆီ ဘယ်တော့မှ ယူလာနိုင်မှာ မဟုတ်တော့ဘူး။

"မောင်ရင် မသိခဲ့လို့သာ။ ဆီးရီးယတ်စ်ဟာ မောင်ရင့်ကို အများကြီး ကိုယ်စားပြုပေးခဲ့ပါတယ်။ သဘာဝအတိုင်း သူ့ကို ဆုံးရှုံးရမှာဟာ ရစရာမရှိအောင် အကြီးအကျယ် ထိခိုက်ပျက်စီးရမှုပါပဲ" ဒမ်းဘဲလ်ဒိုးက ပျော့ပျောင်းတဲ့အသံနဲ့ ပြောလိုက်တယ်။

"ဒါပေမဲ့ ကျွန်တော်က ဒတ်စလေဆီကို ရောက်နေတာလေ" ဟယ်ရီက ကြားဖြတ်ပြောလိုက်တယ်။ သူ့အသံက တဖြည်းဖြည်း မာလာတယ်။ "ကျွန်တော့် ဘာသာ ကျွန်တော် တစ်ယောက်တည်း တခြားမှာ သွားပြီး ရှုးကြောင်ကြောင် လုပ်မနေနိုင်ဘူးဆိုတာ ကျွန်တော် သိတယ်။ ဆီးရီးယတ်စ်ကလည်း ဒါကို လိုလားမှာ မဟုတ်ဘူး။ သူ လိုလားနိုင်မှာလား။ လူ့ဘဝဟာ တိုတောင်းပါတယ်။ မဒမ် ဘုန်းစ်ကိုကြည့်၊ အမ်မလီယာဗန့်စ်ကို ကြည့်။ နောက်တစ်ကြိမ်ဆိုရင် ကျွန်တော့်အလှည့် ဖြစ်မှာပဲ။ မဖြစ်နိုင်ဘူးလား။

www.burmeseclassic.com

ဒါပေမဲ့ တကယ်လို့ ဖြစ်ခဲ့သည်ရှိသော် ........" ဒီနေရာမှာ ဟယ်ရီဟာ ဆေးကြိမ်လုံး မီးရောင်အောက်က ဒမ်းဘဲလ်ဒိုးရဲ့ ဖျော့တော့တော့ မျက်လုံးပြာပြာတွေထဲကို ကြောက်စရာကောင်းအောင် စိုက်ကြည့်လိုက်ပါတယ်။ "ကျွန်တော် မရဏမီဝဲကောင်တွေ ကျွန်တော်နဲ့အတူ ရနိုင်သမျှ ခေါ်သွားမယ်။ ကျွန်တော် စီစဉ်လို့ရရင် ဗိုဒီမော့ကိုပါ အပါခေါ်မယ်"

"မောင်ရင်ဟာ အဖေနဲ့ရော အမေနဲ့ရော တူအောင် ပြောလိုက်တာပဲ။ ဆီးရီးယတ်စ်ရဲ့ အဆွေဝါသိက တပည့်ရင်း ပီသပါပေတယ်" ဒမ်းဘဲလ်ဒိုးက ဟယ်ရီရဲ့ ကျောပြင်ကို အသာအယာ ပုတ်ရင်း ပြောလိုက်တယ်။

"ကျွန်တော် ဦးထုပ်ကို ချွတ်ပြီး ခင်ဗျားကို ပေးလိုက်မယ်လေ။ မပေးရဘူးလား။ ခင်ဗျား အပေါ် ပင့်ကူတွေ မိုးရွာချသလို ပြုကျလာမှာ ကျွန်တော် စိုးရိမ်လို့ပါ"

"ကဲ-ဟယ်ရီ၊ လတ်တလော ခု အစပ်ဆိုင်ဆုံးကိစ္စတစ်ခု ကျုပ် ပြောမယ်။ မောင်ရင့်အကြောင်းပါတဲ့ လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်က တမန်တော် နေ့စဉ်သတင်းစာတွေကို ကျုပ် စုထားတယ်"

"ဟုတ်ကဲ့" ဟယ်ရီက ပြောလိုက်တယ်။ သူ့ရဲ့ နှလုံးပါ အခုန်မြန်လာတယ်။

"နောက် အဲဒီ သတင်းစာထဲမှာ ဟောစာတမ်းခန်းမကြီးထဲက မောင်ရင့်စွန့်စားခန်းနဲ့ ပတ်သက်ပြီး သတင်းတွေ များများစားစား မပါဘူး။ သတင်းတွေ မြစ်ရေလျှံသလို ပေါက်ကြားမသွားသေးဘူးဆိုတာ မောင်ရင် မြင်ပြီး ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့၊ ပြီးတော့ ခုဆို လူတိုင်းက သိကုန်ကြပြီ။ ကျွန်တော် တစ်ယောက်တည်းသာ..........."

"မဟုတ်ဘူး၊ သူတို့ သိတာ မဟုတ်ဘူး" ဒမ်းဘဲလ်ဒိုးက ကြားဖြတ်ပြောလိုက်တယ်။ "တစ်ကမ္ဘာလုံးမှာ မောင်ရင်နဲ့ ဗိုဒီမော့အကြောင်း ဟောကိန်းထုတ်ထားတဲ့ ဟောစာတမ်းကြီးထဲမှာပါရှိတဲ့ အကြောင်းအရာတွေ အပြည့်အစုံကို သိတဲ့လူ နှစ်ယောက်ပဲ ရှိတယ်။ ပြီးတော့ သူတို့ နှစ်ယောက်လုံး ဒီအနံ့အသက်တွေ မွှန်နေတဲ့ ပင့်ကူတွေ၊ ပင့်ကူမျှင်တွေ ဗရပွရှုပ်ယှက်ခတ်နေတဲ့ ဒီ တံမြက်စည်းရုံကလေးထဲမှာ ရပ်နေကြတယ်။ ဒါဟာ အမှန်ပဲ။ ဘယ်လိုပဲ ဖြစ်ဖြစ် အများက မှန်မှန်ကန်ကန် မှန်းဆနိုင်ခဲ့တယ်။ အဲဒါကတော့ ဗိုဒီမော့ဟာ ဟောစာတမ်းကြီးတစ်ခုကို ခိုးယူဖို့ မရဏမီဝဲကောင်တွေကို လွှတ်လိုက်တယ်ဆိုတာနဲ့ အဲဒီ ခိုးရမယ့် ဟောစာတမ်းဟာ မောင်ရင် ဆိုင်တဲ့ ဟောစာတမ်း ဖြစ်နေတယ် ဆိုတာပဲ။ ကဲ-အခု မောင်ရင်ဟာ ဟောစာတမ်းထဲမှာ ဘာတွေဟောထားတယ်ဆိုပြီး မောင်ရင်သိတဲ့အကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောရသေးဘူးလို့ ကျုပ်ပြောရင် အဲဒါမှန်မယ်လို့ ထင်တယ်"

"မပြောပါဘူး" ဟယ်ရီက ပြောလိုက်တယ်။

www.burmeseclassic.com

"လုံးဝ ဉသုံ ဉာဏ်အမြော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက်ပါပဲ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ကျုပ်က မောင်ရင်ဟာ မောင်ရင့်ရဲ့ မိတ်ဆွေတွေဖြစ်တဲ့ မစ္စတာ ရော်နယ်ဝက်စလေနဲ့ မစ္စဟာမီယွန် ဂရန်နာတို့ကိုတော့ ဦးစားပေးအနေနဲ့ ပြောသင့်တယ်လို့ ကျုပ်ထင်ထားခဲ့တာ"

တစ်ခါ ဟယ်ရီ လန့်ဖျပ်သလို ဖြစ်သွားပုံကိုမြင်တဲ့ ဒမ်းဘဲလ်ဒိုးက ဆက်ပြောပြန်ပါတယ်။ "ဟုတ်တယ်၊ သူတို့ သိသင့်တယ်လို့ ကျုပ်ထင်တယ်။ ဒီနေရာမှာ မောင်ရင်ဟာ အဲဒီ အရေးကြီးတဲ့အချက်တချို့နဲ့ ပတ်သက်ပြီး သူတို့ကို အတွင်းစကား ပြောမထားခြင်းအားဖြင့် သူတို့အပေါ် အကျိုးမဲ့စေတဲ့ လုပ်ရပ်တစ်ခုကို လုပ်ခဲ့တာသာ ဖြစ်တယ်"

"ကျွန်တော် မပြောချင်ဘူး"

"သူတို့ကို စိုးရိမ်ပူပန်စေဖို့ ဒါမှမဟုတ် ကြောက်လန့်သွားစေဖို့ ဒါမှမဟုတ် မောင်ရင်ကိုယ်တိုင် စိုးရိမ်ပူပန်ကြောက်လန့်သွားတယ်ဆိုတာ ထုတ်ဖော်ဝန်ခံဖို့ မဟုတ်ဘူး" သူ့ရဲ့ လခြမ်းပုံသဏ္ဍာန် မျက်မှန်ကို ကျော်ပြီးကြည့်ရင်း ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "မောင်ရင်ဟာ မောင်ရင့်မိတ်ဆွေတွေကို လိုအပ်နေတယ် ဟယ်ရီ။ မောင်ရင် ပြောခဲ့တဲ့ အမှန်စကားတစ်ခုလိုပဲ ဆီးရီးယတ်စ်ကလည်း မောင်ရင့်ကို အဝေးမှာ တစ်ယောက်တည်း ရှိနေတာကို လိုလားမှာ မဟုတ်ဘူး"

ဟယ်ရီက ဘာမှ မပြောဘဲ တုံ့ဏှိဘော လုပ်နေတယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးကလည်း အဖြေတစ်ခု ရရှိဖို့ လိုအပ်ဟန် မရှိတော့ပါဘူး။ သူက ဆက်ပြောတယ်။ "တစ်ဖက်ကကြည့်ရင် ဒါဟာ စပ်ဆိုင်တဲ့ ကိစ္စဖြစ်ပေမဲ့ ကျုပ်ရဲ့ ဆန္ဒကတော့ မောင်ရင်ဟာ ဒီနှစ် ကျုပ်နဲ့အတူ သီးသန့်သင်ခန်းစာတွေ ယူစေချင်တာပါပဲ"

"သီးသန့် ခင်ဗျားနဲ့အတူ ဟုတ်လား" အာရုံ တခြားရောက်ပြီး တိတ်ဆိတ် ငြိမ်သက်နေတဲ့ ဟယ်ရီက အလန့်တကြား မေးလိုက်တယ်။

"ဟုတ်တယ်ဗျာ၊ ကျုပ်အနေနဲ့ မောင်ရင့်ရဲ့ ပညာရေးမှာ ပိုပြီး ကိုယ်ဖိရင်ဖိ လုပ်ပေးရမယ့် အချိန် ရောက်ပြီလို့ ကျုပ်ထင်တယ်"

"ခင်ဗျားက ကျွန်တော့်ကို ဘာတွေ သင်ကြားပို့ချမှာပါလဲ ခင်ဗျာ"

"အို ဟိုဟာ နည်းနည်း၊ ဒီဟာ နည်းနည်း ပေါ့ကွာ" ဒမ်းဘဲလ်ဒိုးက ပြီးပြီးရော ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ ပြောလိုက်တယ်။

တစ်စုံတစ်ခု ထပ်ပြောဦးမယ်လို့ ဟယ်ရီက မျှော်လင့်ပြီး စောင့်နေပေမဲ့ ဒမ်းဘဲလ်ဒိုးဆီက အကျယ်တဝင့် အသေးစိတ် ရှင်းလင်းပြောကြားချက် နောက်ထပ်ထွက်မလာလို့ ဟယ်ရီက ထပ်မေးလိုက်ရာမှာ ဒမ်းဘဲလ်ဒိုးအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာလို နည်းနည်း ဖြစ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"တကယ်လို့ ကျွန်တော် ခင်ဗျားနဲ့ပဲ သင်ခန်းစာတွေ ယူရမယ်ဆိုရင် စနိုပ်နဲ့ အော့ကလမ်မမ်စီ သင်ခန်းစာတွေကို ယူနိုင်တော့မှာတော့ မဟုတ်ဘူးနော်။ ကျွန်တော် အဲဒီလိုမယူဘဲ နေလို့ရလား" ဟယ်ရီက မေးလိုက်တယ်။

"သြော်........ ပါမောက္ခစနိုပ်နဲ့လား ဟယ်ရီ၊ မလိုဘူး မောင်ရင် လုပ်စရာ မလိုဘူး"

"ကောင်းလိုက်တာ" စိတ်သက်သာရာရသွားတဲ့ ဟယ်ရီက ပြောလိုက်တယ်။ "ဘာကြောင့်လဲ ဆိုတော့ သူတို့က .........."

ဟယ်ရီက စကားကို ရပ်ထားလိုက်တယ်။ သူ အမှန်တကယ် ဘာတွေတွေးနေတယ်ဆိုတာ မပြောမိအောင် ဂရုတစိုက် ရှောင်ရှားလိုက်တာလည်း ဖြစ်တယ်။

"အရှုံးကြီး ရှုံးခြင်း"ဆိုတဲ့ စကားလုံးဟာ ဒီနေရာမှာ တန်ဖိုးရှိသွားတယ်လို့ ကျုပ် ထင်တယ်။ ဒမ်းဘဲလ်ဒိုးက ပြောပြီး ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

ဟယ်ရီက ရယ်လိုက်တယ်။

"ကောင်းပါပြီဗျာ၊ ဒါဟာ ကျွန်တော့်အနေနဲ့ ပါမောက္ခစနိုပ်ကို ခုချိန်ကစပြီး နောက်ကို သိပ်တွေ့ရမှာ မဟုတ်တော့ဘူးလို့ ဆိုလိုတာပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူက ကျွန်တော့်ကို ကျွန်တော့်ရဲ့ အိုဒဗလျူအယ်လ်မှာ ကျွန်တော် အောက်စတန်းဒင်း မဖြစ်သမျှ ပိုးရှင်းသင်ခန်းစာကို ဆက်လုပ်ခွင့်ပြုမှာ မဟုတ်တော့လိုပဲ။ ကျွန်တော် ပြောသလို မဟုတ်ဘူးလား"

"သူတို့ကို ပို့မလာသေးခင် မောင်ရင့် ဇီးကွက်တွေအကြောင်း စဉ်းစားမနေပါနဲ့တော့" ဒမ်းဘဲလ်ဒိုးက လေးလေးနက်နက် ပြောလိုက်တယ်။ "အဲဒါက ကျုပ်အထင် ဒီနေ့နှောင်းပိုင်းလောက်မှပဲ ဖြစ်ဖို့ သင့်ပါတယ်။ လောလောဆယ် တို့နှစ်ဦး လမ်းမခွဲခင် နောက်ထပ် ပြောစရာ နှစ်ခုပဲ ရှိတယ်"

"ပထမအချက်– ခုချိန်ကစပြီး ရှေ့ကို မောင်ရင့်အနေနဲ့ မောင်ရင့်ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို မောင်ရင်နဲ့အတူ အမြဲတမ်းဆောင်ထားစေချင်တယ်။ ဟော့ဂ်ဝပ်စ်မှာ ရှိနေစဉ်အတွင်းမှာတောင် အဲဒီလိုပဲ ဆောင်ထားရမယ်။ ကျုပ်ပြောတာကို မောင်ရင် နားလည်တယ်မဟုတ်လား"

ဟယ်ရီက ခေါင်းညိတ်လိုက်တယ်။

"ပြီးတော့ ကျန်တဲ့ နောက်ဆုံးအချက်– မောင်ရင် ဒီမှာနေတဲ့ ကာလအတွင်း 'ဘာရိုး' လိုဏ်ဂူအဆောက်အအုံကြီးကို မှော်ပညာဝန်ကြီးဌာနက သူ့မှာရှိသမျှ အစွမ်းကုန် လုံခြုံရေးအမြင့်ဆုံးချထားပေးလိမ့်မယ်။ ဒီ အရေးယူဆောင်ရွက်မှုတွေက အာသာနဲ့ မော်လီတို့ကို တော်တော်ကြီး ကသိကအောက် ဖြစ်စေမှာတော့ အမှန်ပဲ။ ဥပမာအားဖြင့် သူတို့ ရာထူးကို ဘယ်လို သတ်မှတ်ရတယ်ဆိုတာ စဉ်းစားရဦးမှာမို့လို့ပဲ။ ဒီအတွက် သူတို့ သိပ်အလေးမထားပါဘူး။ သူတို့

www.burmeseclassic.com

စိုးရိမ်ပူပန်ရမှာ မောင်ရင့်ရဲ့ လုံခြုံရေးပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါလည်း သူတို့ရဲ့ မဖြစ်မလောက် ပေးဆပ်မှုသာဖြစ်ပြီး မောင်ရင်ဟာ သူတို့နဲ့နေနေတုန်းမှာ ကိုယ့်အသက်ကိုယ်လုပြီး နေရလိမ့်မယ်"

"ကျွန်တော် နားလည်ပါတယ်"လို့ ဟယ်ရီက ချက်ချင်း ကမန်းကတန်းပြောလိုက်တယ်။

"ကောင်းပြီ ကောင်းပြီ၊ သိပ်ကောင်းတယ်" ဒမ်းဘဲလ်ဒိုးက တံမြက်စည်းရုံကလေးရဲ့ တံခါးကိုဖွင့်ပြီး ဝင်းခြံထဲကို ထွက်လိုက်တယ်။ "ကျုပ် မီးဖိုထဲမှာ အလင်းရောင် မြင်ရတယ်။ ကျုပ်တို့ ခုမောင်ရင် ဘယ်လောက် ချည့်နဲ့ အားပျော့နေပြီဆိုတာ မော်လီသိပြီး အံ့သြသွားမယ့်အခွင့်အရေးကို ပိတ်ပင်မထားဘဲ ပေးလိုက်ကြစို့"

**************

အခန်း (၅)

မချွဲပို

ဘေးပတ်လည် တစ်ဝိုက်မှာ ဘွတ်ဖိနပ်ရှည်အဟောင်းကြီးတွေ၊ သံချေးတက်နေတဲ့ ဒယ်အိုးကြီးတွေ အပါအဝင် အမှိုက်သရိုက်တွေ စုပုံနေတဲ့ ဘာရီး အဆောက်အအုံကြီးရဲ့ နောက်ဖေးတံခါးဆီကို ဟယ်ရီနဲ့ ဒမ်းဘဲလ်ဒိုးတို့ ချဉ်းကပ်လာကြတယ်။

ခပ်လှမ်းလှမ်း ရုံကလေးတစ်ရုံထဲက လွင့်ပျံ့လာတဲ့ အိပ်ချင်မူးတူး ဖြစ်နေတဲ့ ကြက်ကလေးတွေရဲ့ တဂွတ်ဂွတ် တကျွီကျွီနဲ့ ကတော်သံ မြည်သံတွေကို ဟယ်ရီ ကြားနေရတယ်။ ဒမ်းဘဲလ်ဒိုး တံခါးကို သုံးချက်ခေါက်လိုက် အပြီးမှာ မီးဖိုချောင် ပြတင်းပေါက်နောက်ကွယ်က ဖျတ်ခနဲ လှုပ်ရှားမှုတစ်ခုကို ဟယ်ရီ တွေ့လိုက်ရတယ်။

"ဘယ်သူလဲ" ထိတ်ထိတ်ပျာပျာ မေးလိုက်တဲ့ အသံတစ်သံ ထွက်လာတော့ ဒါ မစ္စဝက်စလေရဲ့ အသံပဲဆိုတာ သူ မှတ်မိနေတယ်။ အသံက "ရှင်တို့ ဘယ်သူလဲ ဆိုတာ ပြောဦးမှပေါ့"တဲ့။

"ကျွန်တော်ပါ၊ ဒမ်းဘဲလ်ဒိုးလေ၊ ဟယ်ရီလည်းပါတယ်"

တံခါး ချက်ချင်းပွင့်သွားပြီး အဲဒီမှာရပ်နေတဲ့ မစ္စဝက်စလေကို တွေ့ရတယ်။ ပုပုဖိုင့်ဖိုင့်၊ ရေချိုးခန်းက ထွက်လာသလို၊ အိပ်ရာက ထလာသလိုမျိုး အိမ်နေရင်း ဝတ်တဲ့ အစိမ်းရောင် အပေါ်ရုံအင်္ကျီရှည်ကြီး ဝတ်ထားတယ်။

"ဟယ် အချစ်တုံးကလေး ဟယ်ရီပါလား၊ အို..... အဲလ်ဘတ်စ် ရှင်ကလည်း ခန့်လို့ ညားလို့၊ ရှင် ကျွန်မကို အလန့်တကြားဖြစ်အောင် လုပ်တယ်ပေါ့လေ။ နို့ ရှင်ပြောတော့ ကျုပ်ကို မိုးမလင်းခင် မမျှော်နဲ့ဦးဆို"

www.burmeseclassic.com

"ကျုပ်တို့ ကံကောင်းသွားတယ်" ဒမ်းဘဲလ်ဒိုးက ပြောရင်း တံခါးဝ ခွေးကတက်မှာ ရှိနေတဲ့ ဟယ်ရီကိုပါ ဝင်လာဖို့ ဖိတ်ခေါ်လိုက်တယ်။ ပြီးတော့ ဆက်ပြောတယ်။ "ပက်ကျိချိုက ကျုပ် ထင်ထားတာထက် ပိုဖျောင်းဖျ နားချရတာ လွယ်နေတယ်။ အမှန်တော့ ဟယ်ရီ အစွမ်းကောင်းလို့ပဲ။ အား........ ဟလို ပိုးတုံးလုံးလေးလည်း ရှိနေသကိုး"

ဒီတော့မှ ဟယ်ရီက ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်တော့ ညဉ့်နက်နေပြီဖြစ်တဲ့တိုင်အောင် မစ္စဝက်စလေတစ်ယောက်တည်း မဟုတ်ဘူးဆိုတာ တွေ့ရတယ်။ အသက်ငယ်ရွယ်တဲ့ စုန်းမလေးတစ်ယောက် စားပွဲမှာ ထိုင်နေတယ်။ အသည်းပုံသဏ္ဍာန်မျက်နှာလေးက ဖြူဖျော့ဖျော့၊ အညိုရောင် ခပ်မွဲမွဲဆံပင်နဲ့။ သူမရဲ့ ရှေ့လက်နှစ်ဖက်ကြားမှာ မတ်ခွက်အကြီးကြီးတစ်လုံး ရှိနေတယ်။

"ဟဲလို ပါမောက္ခကြီးနဲ့ ဟယ်ရီ" သူမက ပြောလိုက်တယ်။

"ဟေး..........တွန့်"

သူမကို ကြည့်ရတာ နေထိုင်မကောင်းဘဲ ပင်ပန်းနွမ်းလျနေပုံရတယ်လို့ ဟယ်ရီက ထင်တယ်။ အားတင်းပြီး ပြုံးထားရဟန်လည်း တူတယ်။ သူမရဲ့ ရုပ်သွင်ဟာ မြင်နေကျ ကပ်စေးနဲ ပူဖောင်းလေးလို ပြည့်ပြည့်မို့မို့ ပန်းရောင်ဆံပင်လေးနဲ့မဟုတ်၊ ခါတိုင်းထက် ဖြူဖပ်ဖပ် ဖြစ်နေတယ်။

"ကျွန်မ သွားမှနဲ့တူတယ်" သူမက သွက်သွက်ပြောရင်း ထရပ်လိုက်ပြီး ပခုံးတစ်ဝိုက်နေရာမှာ သူမရဲ့ ဝတ်ရုံကို ဆွဲဆန့်နေတယ်။ "လက်ဖက်ရည်နဲ့ ကြင်နာဖော်ရွေမှုအတွက် ကျေးဇူးပါပဲ မော်လီ"

"ကျွန်တော် ရောက်လာလို့ ပြန်တာများလား" ဒမ်းဘဲလ်ဒိုးက ယဉ်ကျေးမှုအရ လောကဝတ်စကား ပြောလိုက်တယ်။ "ကျွန်တော်က နေမှာ မဟုတ်ဘူး၊ ရပ်ဖတ်စ်ရင်မ်ဂျာနဲ့ ဆွေးနွေးဖို့ အရေးကြီးတဲ့ ကိစ္စတွေ ရှိသေးတယ်"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ ကျွန်မ သွားမှကို ဖြစ်မှာမို့ပါ"တွန့်ခ်စ်က ဒမ်းဘဲလ်ဒိုးနဲ့ မျက်လုံးချင်းမဆုံဘဲ ပြောလိုက်တယ်။ "ကောင်းသောညပါ"

"ဟဲ့–သီတင်းပတ်ကုန်နေ့ ညစာစားဖို့ မလာဘဲမနေနဲ့ဦးနော်၊ ရပ်ဖတ်စ်နဲ့ မျက်စိ ပျာကလတ်စိန်လည်း လာကြမှာ"

"နေပါစေ ရပါတယ်။ ကျေးဇူးတင်ပါတယ်၊ အားလုံးပဲ ကောင်းသောညပါနော်"

ဒမ်းဘဲလ်ဒိုးနဲ့ ဟယ်ရီတို့ကို ဖြတ်ပြီး တွန့်ခ်စ်က ခြံဝင်းထဲကို သုတ်သုတ်ပျာပျာ ထွက်သွားတယ်။ တံခါးအပြင်ဘက် ခြေနှစ်လှမ်းသုံးလှမ်း အရောက်မှာ သူမက ရပ်ပြီး အဲဒီနေရာမှာပဲ လေထဲမှာ ပျောက်ကွယ်သွားပါတယ်။ ဟယ်ရီက မစ္စဝက်စလေကို ကြည့်ရတာ ဒုက္ခရောက်နေသလိုပဲဆိုတာ သတိထားမိတယ်။

www.burmeseclassic.com

"ကဲ–ကောင်းပြီဗျာ၊ ဟယ်ရီရေ မောင်ရင့်ကို ကျုပ် ဟော့ဂ်ဝပ်စ်မှာ တွေ့မယ် ဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ မော်လီ ခင်ဗျားဟာ ဝန်ထမ်းကောင်း တစ်ယောက်ပါပဲ" ဒမ်းဘဲလ်ဒိုးက နှစ်ယောက်လုံးကို ပြောလိုက်တယ်။ ပြီးတော့ မစ္စဝက်စလေကို ခါးညွတ် လေးစားသမှု နှုတ်ဆက်ပြီး တွန့်ခ်စ်နောက်ကို လိုက်သွားရာက စောစောက တွန့်ခ်စ်ပျောက်သွားတဲ့နေရာမှာပဲ ပျောက်သွားပါတယ်။

မစ္စဝက်စလေက လူသူရှင်းသွားတဲ့ ဝင်းခြံထဲက တံခါးကို ပိတ်လိုက်တယ်။ ပြီးတော့ ဟယ်ရီ့ရဲ့ ရုပ်သွင်အနေအထားကို သိနိုင်အောင် သူ့ကို စားပွဲပေါ်က လင်းနေတဲ့မီးအိမ်ရဲ့ အလင်းရောင်ထဲကို ပခုံးကိုကိုင်ပြီး ခေါ်သွားတယ်။

တစ်ခါ ဟယ်ရီကို ခြေဆုံးခေါင်းဖျား အပြန်ပြန်အလှန်လှန်ကြည့်ပြီး "မင်းက ရွန်နဲ့တူတယ်"လို့ ပြောလိုက်တယ်။ "မင်းနဲ့ သူ နှစ်ယောက်လုံး ဖွဲဆိုးပါတယ်။ ငါ ရွန့်အတွက် ကျောင်းသွားဝတ်ရုံ နောက်ဆုံး ဝယ်ပေးရကတည်းက ရွန့်ရဲ့ ၄လက်မလောက် ပိုကြီးထွား အရွယ်ရောက်နေမှုကြောင့် ရေရွတ်ဆဲဆိုမိခဲ့တယ်။ ဒါနဲ့ မင်း ဆာပြီလား ဟယ်ရီ"

"ဟာ......... ကျွန်တော် ဆာပြီ"လို့ ဟယ်ရီက ပြောလိုက်တယ်။ ရုတ်တရက် ချက်ချင်း သူ ဘယ်လောက်တောင် ဆာနေတယ်ဆိုတာလည်း သတိရသွားတယ်။

"ထိုင်ထိုင် လူလေး၊ ငါ တစ်ခုခု စီစဉ်လိုက်မယ်"

ဟယ်ရီလည်း ထိုင်လိုက်ရော ငူငူငိုင်ငိုင် မျက်နှာနဲ့ နီဝါရောင် အမွေးထူထူ ကြောင်ကြီးတစ်ကောင် သူ့ပေါင်ခွင်ပေါ်ကို ခုန်ချလာပြီး အဲဒီနေရာမှာပဲ နေစရာ အကြိုက်တွေ့သွားသလို ခွေအိပ်လိုက်ရင်း လည်ချောင်းထဲကနေ "ကျေနပ်တယ်၊ ကျေနပ်တယ်"လို့ ပြောနေသလိုမျိုး တဂူးဂူးနဲ့ အသံပေးနေတယ်။

"ဟာမီယွန်ရော ဒီမှာပဲလား"ဟယ်ရီက ပျော်ရွှင်နေတဲ့ပုံစံနဲ့ ကြောင်ကြီး ခရွတ်ရှန့်စ်ရဲ့ နားရွက်နောက်နေရာကို ကလိထိုးရင်း မေးလိုက်တယ်။

"အေး... သူမ တမြန်နေ့ကပဲ ရောက်ပါတယ်ကွဲ့"သံဒယ်အိုးကြီးတစ်လုံးကို သူမရဲ့ ဆေးကြိမ်လုံးနဲ့ ခေါက်လိုက်ရင်း မစ္စဝက်စလေက ပြန်ပြောတယ်။ ဒီမှာတင် အိုးကြီးက ထခုန်မြောက်တက်သွားပြီး မီးဖိုပေါ်မှာ 'ဂလွမ်'ခနဲ မြည်အောင် သွားတင်နေတယ်။ ပြီးတော့ ချက်ချင်း စပြီး ဆူပွက်လာတယ်။

"အိပ်ရာထဲမှာ ရှိနေတဲ့လူတိုင်း မင်းကို နောက်နာရီအတော်ကြာတဲ့အထိ ရောက်လာဦးမယ်လို့ မမျှော်လင့်ကြဘူးကွဲ့၊ ဒါပေမဲ့ ခု မင်းက ရောက်နေပြီလေ"လို့လည်း သူမက ပြောတယ်။

သူမက အိုးကြီးကို ဆေးကြိမ်လုံးနဲ့ တစ်ခါထပ်ခေါက်လိုက်ပြန်ပါတယ်။ အိုးကြီးက လေထဲကို မြောက်တက်သွားပြီးမှ ဟယ်ရီ့ဆီကို 'ဗွီး'ခနဲ ပျံသွားပြီး သူ့ရှေ့မှာ စောင်းသွန်ချလိုက်တော့ မစ္စဝက်စလေက အချိန်မီ ပန်းကန်လုံးတစ်ခုကို လျှောခနဲထိုးထည့်ပြီး အောက်တည့်တည့်ကနေ ကွက်တိခံထားလိုက်တာ ဆူကျက်နေတဲ့ ကြက်သွန်နီစွပ်ပြုတ်တွေ အိုးထဲကနေ ပန်းကန်ထဲကို တန်းတန်းမတ်မတ် ကျလာပြီး ထည့်ပြီးသား ဖြစ်သွားတယ်။

www.burmeseclassic.com

"ပေါင်မုန့်ပေးဦးမယ် လူကလေး"

"ကျေးဇူးပါပဲ ဒေါ်ဝက်စလေ"

သူမက ဆေးကြိမ်လုံးကို သူမရဲ့ ပခုံးအထက်မှာ တစ်ခါဝှေ့ယမ်းလိုက်ပြန်တာ ပေါင်မုန့်ကြီးတစ်လုံးနဲ့ ဓားတစ်ချောင်း စားပွဲပေါ်ကို ကြော့ကြော့မော့မော့ လုလုပပ ပျံဝဲရောက်လာတယ်။ ပေါင်မုန့်ကြီးက သူ့ဘာသာ သူ လှီးဖြတ်လိုက်တယ်။ စွပ်ပြုတ်အိုးကြီးက မီးဖိုပေါ်ကို သူ့ဘာသာ ပြန်ခုန်ဆင်းပြီး ရောက်သွားတယ်။ မစ္စဝက်စလေက ဟယ်ရီနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တယ်။

"ဒါဆိုရင် ပက်ကျိချိုကို အလုပ်လက်ခံအောင် မင်း ကောင်းကောင်းကြီး စည်းရုံးနိုင်ခဲ့တယ်ပေါ့လေ"

ဟယ်ရီက ခေါင်းညိတ်လိုက်တယ်။ သူ့ပါးစပ်ထဲမှာ စွပ်ပြုတ်ရည်ပူပူတွေနဲ့ ပြည့်နေလို့ သူ စကားမပြောနိုင်ဘူး။

"သူက အာသာနဲ့ ငါ့ကို သင်ခဲ့တယ်လေ။ သူ ဟော့ဂ်ဝပ်စ်မှာ နှစ်ပေါင်း တော်တော်ကြာတယ်။ ဒမ်းဘဲလ်ဒိုးနဲ့ တစ်ချိန်တည်းလိုလို ရောက်ပြီး စသင်လာတယ်လို့ ငါထင်တာပဲ။ မင်း သူ့ကို သဘောကျလား"မစ္စဝက်စလေက ပြောရင်း မေးလိုက်တယ်။

ခုလည်း သူ့ပါးစပ်ထဲမှာ ပေါင်မုန့်တွေနဲ့ ပြည့်နေလို့ အတော်ပဲ ဖြစ်သွားတယ်။ ဟယ်ရီက ပခုံးကို တွန့်ပြီး ခေါင်းကို မယုတ်မလွန် ဟိုလိုလို ဒီလိုလို သဘောမျိုး ဆတ်ပြလိုက်တယ်။

"မင်း ဘာဆိုလိုတယ်ဆိုတာ ငါသိပါတယ်"မစ္စဝက်စလေက ပြောပြီး မြော်မြင်ချင့်ချိန်တတ်တဲ့ အမူအရာနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ "တကယ်တော့ သူ လိုလိုလားလား ရှိတဲ့အချိန်မှာ သူဟာ နှစ်လိုစရာ ကောင်းသူတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အာသာကတော့ သူ့ကို သိပ်မကြိုက်ဘူး။ ဝန်ကြီးဌာန တစ်ခုလုံးမှာ ပက်ကျိချိုအကြိုက် လက်ရွေးစင် တပည့်ဟောင်းတွေ ပျံ့နှံ့နေတယ်။ သူက ပံ့ပိုးပေးတဲ့နေရာမှာတော့ အမြဲတမ်း ကောင်းပါတယ်။ ဒါပေမဲ့ သူက အာသာအတွက် ဘယ်တော့မှ အချိန်များများ မပေးဘူး။ သူဟာ တကယ့် ရည်မှန်းချက်ကြီးမြင့်လွန်းသူ တစ်ယောက်လို့တော့ မထင်ရပါဘူး။ အို မင်းလည်း တွေ့ခဲ့ကြုံခဲ့ပြီပဲ။ ပက်ကျိချိုလည်း အမှားတွေ လုပ်ခဲ့တာပဲဆိုတာလေ။ သူ့ရဲ့ စာတစ်စောင်စောင်နဲ့ ပတ်သက်ပြီး ရွှန်ကို မင်းက ပြောထားပြီးပြီးလားတော့ ငါမသိဘူး။ အဲဒါ ခုလောလောဆယ် ဖြစ်ခဲ့တာပဲ။ ဒါပေမဲ့ အာသာကတော့ ရာထူးတက်သွားတယ်"

မစ္စဝက်စလေဟာ အဲဒီအကြောင်းကို ပြောချင်ဇောနဲ့ တကယ်ပဲ ပါးစပ် တယားယား ဖြစ်နေသလား ဘာလားဆိုတာ ဟယ်ရီ မသဲမကွဲ ဖြစ်နေတယ်။ ဟယ်ရီက ပူခြစ်တောက်နေတဲ့ စွပ်ပြုတ်ရည် တစ်ပြုတ်ခေါင်းကြီးကို တစ်ခါတည်းမျိုချလိုက်တာ သူ့လည်ချောင်းထဲမှာ ပြင်းပြင်းထန်ထန် မြိုးမြိုးမြက်မြက် ခံစားသွားရသလို သူအောက်မေ့ရတယ်။ "တကယ်ကောင်းတဲ့ ထိပ်တန်းအရသာပါပဲ"သူက ပြောပြီး ပင့်သက်တစ်ချက် ရှိုက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းက ချစ်စရာ သိပ်ကောင်းတယ်ကွယ်"မစ္စဝက်စလေက အားရပါးရ ပြုံးပြီး ပြောလိုက်တယ်။ ကြားရတဲ့သတင်းကြောင့် ခံစားရမှုနဲ့ အရည်စိုပြီးပျော်လာတဲ့ သူ့မျက်လုံးတွေကိုကြည့်ပြီး ပြောတာလည်း ဖြစ်နိုင်တယ်။

"အေးကွဲ့..... ရပ်ဖတ်စ်စခရင်ဂျာဟာ လက်ရှိဖြစ်နေတဲ့ အခြေအနေကိုရော အာသာ ဦးစီးအုပ်ချုပ်နေတဲ့ ခုခံရေးဂါထာမန္တရားနဲ့ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းအတုများ စုံစမ်းစစ်ဆေးရေးနဲ့ ဖမ်းဆီးသိမ်းယူရေးရုံးကို တုံ့ပြန်တဲ့အနေနဲ့ပါ ရုံးတွေ အများအပြား ဖွင့်လှစ်ခဲ့တယ်။ ဒါဟာ တကယ်ကြီးမားတဲ့ အလုပ်ကြီးပဲ။ အခု သူ့မှာ သူ့ကို သတင်းပေးမယ့်လူ ၁၀ယောက် ရှိနေတယ်"

"တိကျလှချည်လား"

"အေးကွယ်၊ မင်းလည်း သိမှာပါ။ ယူနိုးဟူးနဲ့ ပတ်သက်တဲ့ ထိတ်ထိတ်ပျာပျာ ချောက်ချောက်ချားချား ဖြစ်ရတာတွေအားလုံးမှာ ထူးထူးဆန်းဆန်းအရာတွေ နေရာတိုင်းမှာ မမြင်ချင်အဆုံး ပေါ်ထွက်လာတာပဲ မဟုတ်လား။ အဲဒါတွေက ယူနိုးဟူးနဲ့ မရဏစားစုန်းကောင်တွေရဲ့ရန်ကို ကာကွယ်စောင့်ကြပ်ဖို့ ဖြစ်မယ်လို့ ယူဆရတယ်။ ကာကွယ်ဆေးရည်လို့ ခေါ်တဲ့ အဲဒီပစ္စည်းမျိုးဟာ ပြည်စပြည်နတွေ ရောနေတဲ့အရာတွေ၊ ဒါမှမဟုတ် ဂြိုလ်ဆိုးကာကွယ်ရေး ညွှန်ကြားချက်တွေပဲ............

"အခက်က ကျတာကတော့ ပြစ်မှုကျူးလွန်တဲ့ တရားခံတွေဟာ မန်းဒန်းဂတ်စ် ဖလက်ချာလို လူတွေဖြစ်ပြီး တစ်နေ့စာ ရိုးရိုးသားသား အလုပ်တွေလောက်ကိုတောင် သူတို့ဘဝမှာ ဘယ်တုန်းကမှ မလုပ်ကြသူတွေပဲ။ သူတို့က လူတိုင်းကို ဘယ်လောက် ချောက်လှန့်နိုင်တယ်ဆိုတဲ့ အပေါ် အမြတ်ထုတ်နေတယ်။ မကြာခဏ တချို့ကိစ္စတွေမှာ မနှစ်မြို့စရာ ဖြစ်လာတယ်။ မနေ့တစ်နေ့က အာသာဟာ ကျိုန်စာတိုက်ထားတဲ့ ချောင်းကြည့်ကိရိယာတွေ ထည့်ထားတဲ့ သေတ္တာကြီးတစ်လုံးကို ဖမ်းဆီး သိမ်းယူလိုက်တယ်။ အဲဒီထဲက ပစ္စည်းအများစုဟာ မရဏမိုဝဲကောင်တွေ ထည့်ထားတာ။ ဒါ သိပ်ကို အရေးကြီးတဲ့ အလုပ် မဟုတ်လား။ ဒီတော့ ငါ့ကို သူကပြောတယ်။ မီးပွား ပလတ်ခေါင်းတွေ၊ လျှပ်စစ် ပေါင်မုန့်မီးကင် ကိရိယာတွေ၊ ကျန်တဲ့ မတ်ဂဲလ် အစုတ်ပလုတ်တွေနဲ့ မဆက်သွယ်မိတာတော့ မိုက်မဲရာ ကျတာပဲလို့"

မစ္စဝက်စလေက သူမရဲ့စကားကို ရပ်လိုက်တယ်။ ပြီးတော့ ဟယ်ရီက သူမကို မီးပွားပလတ်ခေါင်းတွေ လွဲချော်တာ၊ လွတ်နေတတ်တာ သဘာဝပဲဗျာလို့ ပြောလိုက်သလိုမျိုးနဲ့ မျက်နှာထား တင်းနေတယ်။

"မစ္စတာ ဝက်စလေလည်း အလုပ်ထဲမှာပဲလား"ဟယ်ရီက မေးလိုက်တယ်။

"ဟုတ်တယ်၊ ဒါက အရေးမကြီးပါဘူးကွယ်။ သူက ပါချီပါချက်ပါ။ ည သန်းခေါင်လောက် သူ ပြန်ရောက်မယ်လို့ သူပြောတယ်"

သူမဟာ စားပွဲကြီးရဲ့ အဆုံးမှာရှိတဲ့ အဝတ်လျှော်ခြင်းတောင်းထဲက လျှော်စရာ အိပ်ရာခင်းပုံကြီးရဲ့ ထိပ်ဆုံးမှာ ကိုးရိုးကားယား တင်ထားတဲ့ နာရီကြီးတစ်လုံးကို ကြည့်ဖို့ တစ်ဖက်ကို လှည့်လိုက်တယ်။ ဟယ်ရီ ချက်ချင်း သတိထားလိုက်မိတယ်။ နာရီက လက်တံကြီး ကိုးချောင်းနဲ့။ လက်တံ

www.burmeseclassic.com

www.burmeseclassic.com

တစ်ချောင်းတိုင်းမှာ မိသားစုဝင်တွေရဲ့ နာမည်တွေကို ရေးထိုးထားတယ်။ ခါတိုင်းကတော့ နာရီကြီးကို ဝက်စလေ မိသားစုရဲ့ ဧည့်ခန်းနံရံပေါ်မှာ ချိတ်ဆွဲထားတာပါ။ ခု အနေအထား ကြည့်ရတာ မစ္စဝက်စလေဟာ တစ်အိမ်လုံး သူမသွားလာရာ နာရီကြီးကို လျှောက်ယူသွားနေတာပဲ ဖြစ်ရမယ်။ ပြီးတော့ နာရီလက်တံ ကိုးချောင်းအနက် လက်တံတိုင်းဟာ သေနိုင်လောက်တဲ့ အန္တရာယ်ကြီး တစ်ခုကို စုပြုညွှန်ပြနေကြတယ်။

"ယူနီးဟူး ပျောက်နေရာက ပြန်ထွက်လာပြီဆိုရင် ဒီနာရီက ခုလိုပဲ ခဏ တစ်ဖြုတ်လောက် ဖြစ်တတ်ပါတယ်" မစ္စဝက်စလေက မင်မသေ မောင်းမသေ မပိမရိနဲ့ ဖုံးဖုံးဖိဖိ ကြုံသလိုကျပန်း ပြောလိုက်တယ်။ "ခု အားလုံး သေရေးရှင်ရေး အန္တရာယ်ကျရောက်နေပြီလို့ ငါထင်တယ်။ ဒါ ငါတို့ မိသားစုအတွက် သက်သက်ပဲ ဖြစ်လိမ့်မယ်လို့ ငါမထင်ဘူး။ ဒါပေမဲ့ ဒီလိုနာရီမျိုးရှိတဲ့ တခြား ဘယ်သူ တစ်ယောက်ယောက် ဖြစ်မယ်ဆိုတာတော့ ငါ မသိဘူး။ ဒါကြောင့် ငါလည်း စစ်ဆေးမကြည့်တတ်ဘူး။ အို............."

မစ္စဝက်စလေဟာ ပြောရင်း အာမေဋိတ်သံတစ်ချက် ထွက်သွားပြီး နာရီကြီးရဲ့ ဒိုင်ခွက်မျက်နှာပြင်ကို လက်ညှိုးထိုးပြလိုက်တယ်။ မစ္စတာဝက်စလေ နာမည်ပါတဲ့ နာရီလက်တံဟာ ဖျတ်ခနဲ 'ခရီးလှည့်လည် သွားလာခြင်း'ဆိုတဲ့ ဘက်ကို ပြောင်းသွားတယ်။

"သူ လာပြီ"

သေချာတယ်။ နောက် တစ်အောင့်အကြာမှာပဲ နောက်ဖေးတံခါးခေါက်သံ ပေါ်လာတယ်။ မစ္စဝက်စလေ ခုန်ထပြီး အဲဒီကို ကတိုက်ကရိုက် အပြေးအလွှား သွားတယ်။ လက်တစ်ဖက်က တံခါးလက်ကိုင်ဖုကို ကိုင်ထားရင်း မျက်နှာကို သစ်သားတံခါးနဲ့ ကပ်ပြီးတော့လည်း တိုးတိုးလေး ခေါ်ကြည့်နေတယ်။

"အာသာ....... ခုရောက်နေတာ ရှင်လား"

"အေး ဟုတ်တယ်" မစ္စတာ ဝက်စလေရဲ့ ပင်ပန်းနွမ်းနယ်နေတဲ့အသံ ပြန်ဝင်လာတယ်။ "ဒါပေမဲ့ ငါ မရဏစားစုန်းကောင် တစ်ယောက် ဖြစ်နေရင်လည်း ဒီလိုပဲ ပြောမှာပဲ အချစ်ရယ်၊ မေးခွန်းကို မေးလိုက်ပါဦး"

"အို....... ရိုးရိုးတန်းတန်း မေးတာပါ"

"မော်လီလား"

"အင်းပါ အင်းပါ၊ ဟုတ်ပါတယ်။ ရှင့်ရဲ့ သဲသဲမဲမဲ ဖြစ်နေတဲ့ ရည်မှန်းချက်ကြီးက ဘာလဲ"

"လေယာဉ်တွေ ညမအိပ်ဘဲ ပြန်ထွက်ဦးမလားဆိုတာ သိချင်လို့ပါ"

www.burmeseclassic.com

မစ္စဝက်စလေက တဆတ်ဆတ် ခေါင်းညိတ်ရင်း တံခါးဖုကို လှည့်ဖွင့်ပေးလိုက်တယ်။ မစ္စတာ ဝက်စလေက တစ်ဖက်ကနေ တံခါးကို တင်းတင်းကြီး ဆုပ်ကိုင်ထားသလိုမျိုး တံခါးက ပိတ်မြဲပိတ်နေတယ်။

"မော်လီ မင်းကို မင်းရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကိုယ် အရင် မေးစရာရှိတယ်"

"အာသာ ဒါ ရှင် တကယ် ညစ်ပတ်တာပဲ"

"တို့ နှစ်ယောက်တည်းပဲ ရှိတဲ့ အချိန်မျိုးမှာ မင်းကို ကိုယ်ဘယ်လို ခေါ်စေချင်သလဲ"

လက်ဆွဲမီးအိမ် အလင်းရောင် မှိန်မှိန်လေးသာ လင်းနေတဲ့တိုင်အောင် မစ္စဝက်စလေ ရှက်သွေးဖျန်းပြီး မျက်နှာနီရဲနေတယ်ဆိုတာ ဟယ်ရီ အတတ် ပြောနိုင်တယ်။ သူတောင် နားရွက်တင်မကဘဲ လည်ပင်းနေရာတစ်ဝိုက်မှာပါ ပူခနဲ ထူခနဲ ဖြစ်သွားသေးတာပဲ။ ဒါနဲ့ သူက သူ့ဖွန်းနဲ့ ပန်းကန်လုံးထိခတ်ပြီး ဂလွမ်ခနဲ ဂလွမ်ခနဲ အသံအကျယ်ကြီးမြည်နေအောင် အမြန်ဆက်တိုက်ခပ်ပြီး စွပ်ပြုတ်ကိုပဲ ဖိသောက် နေလိုက်တယ်။

"မော်လီဝပ်ဘဲဘဲလ်စ်"ရှက်နေတဲ့ မစ္စဝက်စလေက တံခါးပေါင်အစပ် ကွဲကြောင်းရာကလေးထဲကနေ တိုးတိုးကလေး ပြောလိုက်တယ်။

"မှန်တယ်၊ ကဲ ဒါဆို မင်းကိုယ့်ကို အထဲဝင်ခိုင်းလို့ရပြီ"

သူမရဲ့ ခင်ပွန်းကို မြင်ရဖို့ မစ္စဝက်စလေ တံခါးကို ဖွင့်လိုက်တယ်။ ပိန်ပိန်၊ နဖူးပြောင်ပြောင်၊ ဆံပင်နီနီနဲ့ ဦးချိုပုံသဏ္ဍာန် မှန်အနားကွပ် ကိုင်းမျက်မှန်နဲ့ ဖုန်တွေကပ်နေတဲ့ ခရီးသွားဝတ်ရုံရှည်ကြီး ဝတ်ထားတဲ့ မစ္စတာ ဝက်စလေကို တွေ့ရတယ်။

"ရှင်ပြန်လာတိုင်း ကျွန်မကို ဒီလိုပဲ ဘာကြောင့် လုပ်နေရတယ်ဆိုတာ ခုထိ ကျွန်မ သဘောမပေါက်သေးဘူး" မစ္စဝက်စလေက ပြောလိုက်တယ်။ သူမ ခင်ပွန်းသည်ရဲ့ အပေါ်ဝတ်ရုံကြီးကို ကူချွတ်ပေးနေတဲ့ အချိန်အထိ မစ္စဝက်စလေရဲ့ မျက်နှာမှာ ပန်းနုရောင်သမ်းနေဆဲပဲ။ ကျွန်မဆိုလိုတာက မရဏစားစုန်းကောင် တစ်ယောက်ယောက် ရှင့်အယောင်ဆောင်လာပြီး ကျွန်မကို မဖြေမချင်း အတင်းမေးနေမှာ စိုးလို့ပါ"

"ကိုယ်သိပါတယ် အချစ်ရယ်၊ ဒါပေမဲ့ ဒါက ဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းလေ။ ကိုယ့်မှာ နမူနာပြစရာ ရှိတယ်။ ဟာ မွှေးလိုက်တဲ့ ကြက်သွန်နီ စွပ်ပြုတ်ပါလား"

ပြောရင်း မစ္စတာ ဝက်စလေက စားပွဲရှိရာကို စိတ်စောတကြီး အပြေးသွားလိုက်တယ်။

"ဟယ်ရီ မင်းကို မိုးမလင်းခင် ရောက်လာလိမ့်မယ်လို့ တို့မျှော်လင့်မထားခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

သူတို့ လက်ဆွဲ နှုတ်ဆက်လိုက်ကြပြီး မစ္စတာ ဝက်စလေက ဟယ်ရီနဲ့ ဘေးချင်းယှဉ်လျက် ကုလားထိုင်မှာ ဝင်ထိုင်လိုက်ချိန်မှာပဲ မစ္စဝက်စလေက သူ့ရှေ့မှာ စွပ်ပြုတ်ပန်းကန်တစ်လုံးကို ချပေးလိုက်တယ်။

"ကျေးဇူးပဲ မော်လီ၊ ဒီညကတော့ ပွဲကြမ်းတဲ့ညပဲဟေ့။ ငတုံး အေ လူ့အန္တတချို့က ရုပ်ပြောင်းရုပ်လွှဲ တံဆိပ်တွေ စပြီးထုတ်ရောင်းနေကြပြီလေ။ မင်းရဲ့ လည်ပင်းမှာ သိုင်းဆွဲထားလိုက်တာနဲ့ မင်းရဲ့ ရုပ်ဆင်းအသွင်သဏ္ဍာန်အားလုံးကို မင်းလိုချင်သလို ပြောင်းလဲလို့ရတယ်။ ရုပ်ပြောင်းရုပ်လွှဲ အမျိုးပေါင်း ရာ ထောင် သောင်း ပြောင်းလဲနိုင်တယ်။ အားလုံးပေါင်းရင် ၁၅ ရာစု ရှေးဟောင်း စပိန် ရွှက်သင်္ဘောကြီး ဂေါလီယွန် ၁၀ စင်းစာ ရှိလိမ့်မယ်............

"ထားပါတော့ရှင်၊ အဲဒီဟာကို ဆွဲလိုက်ရင် တကယ်မှာ ဘာဖြစ်သွားသလဲ"

"တွေ့ဖူးတာကတော့ မနှစ်မြို့စရာကောင်းတဲ့ လိမ်မော်ရင့်ရောင် တစ်မျိုးကို ပြောင်းသွားတာပဲ။ ဒါပေမဲ့ လူနှစ်ယောက်ကတော့ သူတို့ကိုယ်ပေါ်မှာ ရေဘဝဲလက်လို ကြွက်နို့တွေ၊ အသားမာတွေ တစ်ကိုယ်လုံးအနှံ့ ပေါက်လာတယ်။ စိန့် မန်ဂိုးတောင် အဲဒီလောက်ထိအောင် လုပ်နိုင်မှာ မဟုတ်ဘူး"

"ရှင့်ဟာက ဖရက်နဲ့ ဂျော့ပစ္စည်းရွေးသလို လူရယ်စရာလည်း ဖြစ်နေဦးမယ်။ ရှင်ကကော သေချာလို့လား" မစ္စဝက်စလေက ချီတုံချတုံနဲ့ မေးလိုက်တယ်။ "ကိုယ့်အဖို့တော့ သေချာတယ်" မစ္စတာဝက်စလေက ပြောလိုက်တယ်။ လူကလေးတွေက ဒီလိုမျိုးဖြစ်အောင် လုပ်မှာ မဟုတ်ဘူး။ အထူးသဖြင့် လူတွေ ခုလို သဲသဲမဲမဲ အကာအကွယ်တွေ လိုနေတုန်းမှာ ........" မစ္စတာဝက်စလေက ပြောလိုက်တယ်။

"ဒါဖြင့် ရှင် ခု နောက်ကျတာ အဲဒီ ရုပ်ပြောင်းရုပ်လွှဲ တံဆိပ်တွေကြောင့်ပဲလား"

"မဟုတ်ဘူး၊ ခုဆင်နဲ့ ရဲတိုက်မှာ မနှစ်မြို့စရာ ရလဒ်ပြောင်းပြန် ထွက်လာတယ်လို့ တို့ သတင်းသဲ့သဲ့ ကြားရတယ်။ ဒါပေမဲ့ ကံကောင်းစွာနဲ့ မှော်ပညာ တရားဥပဒေ စိုးမိုးရေးတပ်ဖွဲ့က တို့ရောက်သွားတဲ့အချိန်မှာပဲ အချိန်မီ အဲဒီ ပြဿနာကို ဖြေရှင်းပြီးသွားခဲ့တယ်"

ဟယ်ရီက သူ့ရဲ့လက်တွေနဲ့ကွယ်ပြီး တိတ်တခိုး တစ်ချက် သမ်းဝေလိုက်တယ်။

"သြော်...... အိပ်ရာ အိပ်ရာ" ဟန်ဆောင်လှည့်စားတတ်ခြင်း မရှိတဲ့ ဝက်စလေက ချက်ချင်း ပြောလိုက်တယ်။ "ငါ ဖရက်နဲ့ ဂျော့ရဲ့ အခန်းကို မင်းအတွက် ယူထားပြီးပြီ။ မင်း ကိုယ့်ဘာသာပဲ အိပ်တော့နော်"

"ဘာဖြစ်လို့လဲ၊ သူတို့ကော ဘယ်ရောက်နေလဲ"

"ထောင့်ဖြတ်လမ်းသွယ်က သူတို့ဖွင့်ထားတဲ့ ဟာသဆိုင်ရဲ့ အထက်က တိုက်ခန်းလေးမှာ အိပ်ကြလိမ့်မယ်။ သူတို့က အဲဒီမှာ အလုပ်တွေရှုပ်နေကြတယ်လေ"မစ္စဝက်စလေက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတော့ ပြောမယ်နော်။ ခု ငါပြောတာကို ပထမ အတည်မပြုနိုင်ဘူး။ ဒါပေမဲ့ သူတို့မှာ အလုပ်နဲ့ ပတ်သက်လို့ ပင်ကိုအစွမ်းအစတော့ ရှိဟန်တူပါတယ်။ ကဲ ကဲ၊ မင်းရဲ့ အဝတ်သေတ္တာကြီးလည်း အဲ ဟို အခန်းထဲကို ရောက်နေပါပြီ"

"ကောင်းသောညပါ မစ္စဝက်စလေ" ပြောပြောဆိုဆို နေရာကထဖို့ ဟယ်ရီ သူ့ကုလားထိုင်ကို နောက်ဘက်ကိုလည်း ဆုတ်လိုက်ရာက ကြောင်ကြီး ခရွတ်ရှန့်စ်က သူ့ပေါင်ခွင်ပေါ်က အသာခုန်ချပြီး ကုပ်ကုပ်ကုပ်ကုပ်နဲ့ အခန်းထဲက ထွက်သွားတယ်။

"ကောင်းသောညပါ ဟယ်ရီ"မစ္စဝက်စလေက ပြောတယ်။ ပြီးတော့ အားလုံး မီးဖိုချောင်ထဲက ထွက်လာကြတုန်း မစ္စဝက်စလေ လျှော်စရာ အဝတ်တွေထည့်ထားတဲ့ ခြင်းတောင်းကြီးထဲက နာရီကြီးကို ဖျတ်ခနဲ တစ်ချက် လျှပ်တစ်ပြက်ကြည့်လိုက်တာကို ဟယ်ရီတွေ့ရတယ်။ နာရီလက်တံတွေ အကုန်လုံး သေဘေးအန္တရာယ်မှတ်နေရာကို တစ်ခါ ထပ်ပြနေကြပြန်တယ်။

ဖရက်နဲ့ ဂျော့တို့ရဲ့ အိပ်ခန်းက ဒုတိယထပ်မှာ ရှိတယ်။ မစ္စဝက်စလေက စားပွဲဘေးမှာ ရှိနေတဲ့ မီးအိမ်တစ်လုံးကို သူမရဲ့ ဆေးကြိမ်လုံးနဲ့ ချိန်ရွယ်လိုက်တာ မီးအိမ်မှာ ချက်ချင်း မီးတောက်လာပြီး မီးအိမ်ရဲ့ အလင်းရောင်က တစ်ခန်းလုံးလိုလို ရွှေရောင်အဆင်းနဲ့ တောက်ပလင်းထိန်နေအောင် ဖျန်းပက်ပေးလိုက်ပါတယ်။

ပြတင်းပေါက် သေးသေးလေး တစ်ပေါက်ရှေ့က ခုံကလေးတစ်လုံးပေါ်မှ ပန်းအိုးကြီးတစ်လုံးရှိပြီး ပန်းတွေနဲ့ ဝေနေပေမဲ့ အဲဒီပန်းတွေက အခန်းထဲက ဝဲလှည့်ပြီး စွဲကျန်နေတဲ့ အနံ့အသက်တစ်ခုကို ဖုံးမထားနိုင်ဘူး။ ဟယ်ရီ့ အထင်မှာတော့ အဲဒါ သေနတ်ယမ်းနံ့တွေပဲ။ ကြမ်းပြင်ရဲ့နေရာ အတော်များများကို ဘာအမှတ်အသားမှ မပါဘဲ အသေအချာပိတ်ထားတဲ့ ကတ်ထူသေတ္တာတွေက ယူထားတယ်။ အဲဒီ သေတ္တာတွေကြားမှာ သူ့ရဲ့ ခရီးဆောင် အဝတ်သေတ္တာကြီး မိုးမိုးမတ်မတ်နဲ့ တွေ့ရတယ်။ အခန်းကို ကြည့်ရတာ ယာယီသိုလှောင်ရုံတစ်ခုအဖြစ် အသုံးပြုခဲ့ပုံပဲ။

ဧရာမ မတ်ရပ်ဗီရိုကြီးတစ်လုံးထိပ်မှာ ရောက်နှင့်နေပြီးဖြစ်တဲ့ ဇီးကွက်မကြီး ဟက်ဒ်ဝစ်ခ်က ဟယ်ရီ့ကို ကြည့်ပြီး အူမြူးသလို အသံပေးနေတယ်။ ပြီးတော့ ပြတင်းပေါက်ကနေ ပျံထွက်သွားတယ်။ ဟက်ဒ်ဝစ်ခ်က အစာရှာမထွက်ခင် သူ့ကို စောင့်နေတာဖြစ်ပြီး သူရောက်လာပြီမို့ ထွက်သွားတာ ဖြစ်မယ်ဆိုတာ ဟယ်ရီ သိနေတယ်။ ဟယ်ရီက မစ္စဝက်စလေကို "ကောင်းသောညပါ"လို့ နှုတ်ဆက်လိုက်တယ်။ ပြီးတော့ ညဝတ်အင်္ကျီကိုဝတ်၊ အိပ်ရာတွေထဲက တစ်ခုကိုရွေး၊ အိပ်မယ်လို့ သူဟန်အပြင်လိုက်မှာ ခေါင်းအုံးစွပ်ထဲက တစ်နေရာမှာ မာတာတာနဲ့ ဖြစ်နေလို့ စမ်းကြည့်တော့ ခရမ်းနဲ့ လိမ်မော်ရောင် သကြားလုံးတစ်လုံး။ အော့အန်ရင် သုံးရတဲ့ ငုံဆေးပြားလေးမှန်း သူသိလို့ သူ့ဘာသာပြုံးလိုက်မိသေးတယ်။ သူ တစ်ဖက်ကိုလှည့်ပြီး ချက်ချင်းပဲ အိပ်ပျော်သွားတယ်။

စက္ကန့် အနည်းငယ်ပဲ ကြာလိုက်တယ်။ ဒါမှမဟုတ် သူထင်တာလည်း ဖြစ်မယ်။ အမြောက်ထုလိုက်သံလို 'ဝုန်း'ခနဲ တံခါးပွင့်သွားလို့ သူနိုးသွားတယ်။ သူ့ကိုယ်ကို မတ်မတ်ထိုင်နေရင်းနဲ့ ကန့်လန့်ကာ ခန်းဆီးတစ်ခုကို နောက်ပြန်ဆွဲလိုက်သလိုမျိုး ခြစ်–ခြစ်–ခြစ် နဲ့ သွားကျိန်းစရာ အသံတစ်သံကိုလည်း သူကြားလိုက်ရတယ်။ မျက်စိကျိန်းလောက်အောင် စူးစူးဝါးဝါးလင်းထိန်နေတဲ့ နေရောင်က

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်လုံးနှစ်ဖက်လုံးကို တအားကုန်ထိုးနေတယ်။ ဒါ့ကြောင့် သူ့မျက်စိတွေကို လက်တစ်ဖက်နဲ့ကာရင်း ကျန်တဲ့ လက်တစ်ဖက်နဲ့ ဟယ်ရီ သူ့မျက်မှန်ကို တောင်စမ်း မြောက်စမ်း လိုက်စမ်းနေတယ်။

"ဝပ်ဖ်ဇေဂိုယီနန်များလား"

"တို့က မသိဘူး မင်းရောက်နေတာ" အံ့အားသင့်နေတဲ့ အသံကျယ်ကျယ် တစ်ခုက ပြောလိုက်တယ်။ အသံရှင်ဟာ ပါးစပ်နဲ့ပြောရုံမဟုတ်ဘဲ လက်ပါပြီး ဟယ်ရီ သူ့ထိပ်ပေါ်ကို မညှာမတာ ခပ်ပြင်းပြင်း လက်သီးတစ်ချက် ခေါက်လိုက်တာကို ခံလိုက်ရတယ်။

"ရွှန် သူ့ကို မထိုးမကြိတ်ပါနဲ့ဟဲ့"လို့ အပြစ်တင်လိုက်တဲ့ မိန်းကလေး တစ်ယောက်ရဲ့ အသံ ပေါ်လာပြန်တယ်။ ဟယ်ရီ့လက်က မျက်မှန်ကို စမ်းမိသွားလို့ ကမန်းကတန်း ကောက်တပ်လိုက်ပေမဲ့ စူးရှလွန်းတဲ့ အလင်းရောင်ထဲမှာ သူ ဘာမှ မမြင်ရဘဲ ဖြစ်နေပြန်ရော။ အဲဒီအခိုက်မှာပဲ ဘွားခနဲပေါ်လာတဲ့ အရိပ်မည်းမည်းကြီး တစ်ခုက ဟယ်ရီ့ရှေ့မှာ တုန်ခါနေတယ်။ တစ်ခါ မျက်တောင် ပုတ်ခတ်ပုတ်ခတ်နဲ့ သူကြည့်နေတုန်း ခဏမှာပဲ အရိပ်မည်းကြီးကနေ ပြုံးဖြီးဖြီးနဲ့ သူ့ကို ငုံ့ကြည့်နေတဲ့ ရွှန်ဖြစ်သွားပါတော့တယ်။

"ဘယ်လိုလဲကွ"ရွှန်က မေးလိုက်တယ်။

"မင်း တော်တော်မကောင်းတဲ့ကောင်ပဲ၊ မင်းကွာ"ဟယ်ရီက နာသွားတဲ့ သူ့ထိပ်ကို ပွတ်ရင်းပြောပြီး သူ့ခေါင်းအုံးပေါ်ကို ပြန်ပစ်လှဲအိပ်လိုက်တယ်။

"ငါ မဆိုးပါဘူးကွ"ပြောပြောဆိုဆို ရွှန် ကတ်ထူသေတ္တာပုံးတစ်ခုကို ဆွဲယူပြီး အဲဒီအပေါ်မှာ ထိုင်တယ်။ "မင်း ဘယ်တုန်းက ရောက်တာလဲ၊ အမေက ငါတို့ကို ခုမှပြောလို့ သိတာ"

"ဒီနေ့မနက် ၁နာရီလောက်ကပဲ"

"မတ်ဂဲလ်တွေရော ဘယ်လိုလဲ၊ သူတို့ မင်းကို ကောင်းကောင်းမွန်မွန် ဆက်ဆံ ပြုစုရဲ့လား"

"ခါတိုင်းလိုပါပဲကွာ"ဟာမီယွန် သူမရဲ့ အိပ်ရာစပ်မှာ ဝင်ထိုင်လိုက်ချိန်မှာ ဟယ်ရီဖြေလိုက်တယ်။ "သူတို့က ငါ့ကို စကားများများစားစား မပြောဘူး။ ငါကလည်း အဲဒီလိုနေတာကိုပဲ ပိုကြိုက်ပါတယ်။ မင်းရော နေကောင်းရဲ့လား ဟာမီယွန်" လို့လည်း ရွှန်နဲ့အတူ ရောက်လာတဲ့ ဟာမီယွန်ကို မေးလိုက်တယ်။

"အေး.........ငါ နေကောင်းပါတယ်ဟဲ့"ဟာမီယွန်က ဟယ်ရီ့ကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်နေတယ်။ ဟယ်ရီဟာ နောက်ကွယ်မှာ အကြောင်းတစ်ခုခု ရှိသလိုမျိုး ဖြစ်နေတယ်။ အမှန်တော့ သူက ဆီးရီးယတ်စ်သေတဲ့အကြောင်း ဒါမှမဟုတ် တခြား ဘာစိတ်မချမ်းသာစရာကိုမှ လက်ရှိ အခိုက်အတန့်မှာ မကြားချင်နေလို့ ဖြစ်ပါတယ်။ "ဘယ်အချိန်ရှိပြီလဲ၊ ငါ မနက်စာများ လွတ်သွားပြီလား မသိဘူး"လို့ သူက စကားလမ်းလွှဲလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီအတွက်တော့ ပူမနေနဲ့၊ အမေက မင်းအတွက် စားစရာတွေ လင်ပန်းတစ်ခုနဲ့ သယ်လာနေပြီ။ အမေက မင်းကိုကြည့်ပြီး ဝဝလင်လင် မစားခဲ့ရဘူးဆိုတာ တွက်ပြီးသား။ ဒါနဲ့ ဘာတွေ ဆက်ဖြစ်သေးလဲ"ရွှန်က ပြောလိုက်တယ်။ သူ့မျက်လုံးတွေက ကလယ်ကလယ်နဲ့။

"ဘာမှ များများစားစား မဖြစ်ပါဘူး။ ငါ့အဒေါ်နဲ့ ဘကြီးအိမ်မှာ ငါမြဲနေပြီး ခွာမရတာဘဲ။ ငါကလည်း ဖြစ်မှဖြစ်တတ်တယ်ကွာ"

"ဒါဆို ခုထွက်လာခဲ့ပြီပေါ့၊ ဒမ်းဘဲလ်ဒိုးနဲ့အတူ မင်း အဲဒီကထွက်လာတာလား"

"ဒါကလည်း စိတ်လှုပ်ရှားစရာ မကောင်းပါဘူးကွာ။ သူက ငါ့ကို ကျောင်းဆရာအိုကြီးတစ်ယောက်ကို အငြိမ်းစားယူနေရာက ပြန်လာပြီး အလုပ်လုပ်ဖို့ ဆွဲဆောင်သိမ်းသွင်းရာမှာ ကူညီစေချင်တာ သက်သက်ပါ။ သူ့နာမည်က ပက်ကျိချို ဟိုရေ့စ်တဲ့"

"ဟာကွာ" ရွှန် စိတ်ပျက်သွားတယ်။ "ငါတို့ ထင်ထားတာက........."

ဟာမီယွန်ရဲ့ သတိပေးသလို ဖျတ်ခနဲ လှမ်းကြည့်လိုက်တဲ့ အကြည့်ကြောင့် ရွှန်ပြောနေရာက တန့်ခနဲ ဖြစ်သွားပြီးမှ ဖြုတ်ဆို ချက်ချင်းကြီး စကားလမ်းကြောင်း ပြောင်းပစ်လိုက်တယ်။ "ငါတို့ ထင်တာက ဒါတွေဟာ ဒီလိုပဲ ဖြစ်ရမယ်လို့ပေါ့ကွာ"

"မင်းထင်တာ အဲဒါ ဟုတ်လို့လား" ဟယ်ရီက နောက်လိုက်တယ်။

"ခု–အမ်းဘရစ်ချ်က ထွက်သွားပြီကွာ၊ တို့ လျှို့ဝှက် မှော်ပညာ ကာကွယ်ရေး ဆရာတစ်ယောက် လိုနေတာလည်း ထင်ရှားနေတာပဲ။ မလိုလို့လား။ ဒါ့ထက် သူက ဘယ်လိုလူမျိုးလဲ"

"သူက အာတိတ်ဒေသ ပင်လယ်ထဲက အစွယ်ပါတဲ့ ဖျံကြီးနဲ့ နည်းနည်းတူတယ်။ သူ ဆလီသီရင်တွေရဲ့ ခေါင်းဆောင်လုပ်လေ့ရှိတယ်။ ဒါနဲ့ နင် ဘာဖြစ်သွားတာလဲ ဟာမီယွန်"ဟယ်ရီက ပြောရင်း မေးလိုက်တယ်။

ဟာမီယွန်က တစ်ခုခု ထူးခြားတဲ့ အရိပ်လက္ခဏာတွေများ ပေါ်လာမလားလို့ စောင့်ကြည့်နေလို့ပဲ။ ဒီတော့မှ သူမက သူမရဲ့ ဟန်အမူအရာ ရက်ကိုးရက်ကန်း အပြုံးလေးနဲ့ ပြန်ပြင်လိုက်တယ်။

"ဘာမှ မဖြစ်ပါဘူးဟဲ့၊ ဒါထက် ပက်ကျိချိုကို ကြည့်ရတာ သူ ဆရာကောင်း တစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်ရလား"

"မသိဘူး၊ အမ်းဘရစ်ချ်ထက်တော့ ဆိုးမယ်မထင်ပါဘူး၊ ဆိုးနိုင်လို့လား"ဟယ်ရီက ပြန်ပြောတယ်။

www.burmeseclassic.com

"အမ်းဘရစ်ချ်ထက် ဆိုးတဲ့ တစ်ယောက်ယောက် ရှိတယ်ဆိုတာ ငါသိတယ်" တံခါးပေါက်က လှမ်းပြောလိုက်တဲ့ အသံပဲ။ ရှွန်ရဲ့ ညီမ ဂျင်နီ အခန်းထဲကို ကြည့်ရတဲ့လူ ကသိကအောက်ဖြစ်အောင် ပျော့တိပျော့ဖတ်ပုံစံနဲ့ ဝင်လာပြီး ဟယ်ရီ့ကို နှုတ်ဆက်လိုက်တယ်။

"ဟိုင်း........ဟယ်ရီ"

"နင်က ဘာဖြစ်လာတာလဲ" ရှွန်က မေးလိုက်တယ်။

"အဲဒါ ဟိုအမျိုးသမီးကြောင့်ပဲလေ၊ သူ ငါ့ကို အရူးလုပ်နေတယ်" ဂျင်နီက ဟယ်ရီရဲ့ အိပ်ရာပေါ်ကို ပစ်ထိုင်ချလိုက်ရင်း ပြောလိုက်တယ်။

"သူမက ဘာလုပ်လိုက်လို့လဲ" ဟာမီယွန်က စာနာတဲ့ လေသံနဲ့ ပြောလိုက်တယ်။

"သူမ ငါ့ကို ပြောနေကျ ပုံစံမျိုးပဲလေ၊ နင်က ငါ့ကို သုံးနှစ်သမီးများ ထင်နေလို့လားတဲ့"

"ငါသိပြီ၊ အဲဒီအမျိုးသမီးကြီးက သူ့ကိုယ်သူ သွေးနားထင်ရောက်နေတာဟဲ့" ဟာမီယွန်က အသံကိုနှိမ့်ပြီး ပြောလိုက်တယ်။

ဟယ်ရီက ဟာမီယွန်က ဘာကြောင့်များ မစ္စဝက်စလေအကြောင်းကို ဒီလိုမျိုး ပြောရပါလိမ့်လို့ အကြီးအကျယ် အံ့သြသွားတယ်။ ဒါ့ကြောင့် ရှွန်က "နင်တို့ နှစ်ယောက် သူမအကြောင်းကို မပြောဘဲ ငါးမိနစ်လောက် မနေနိုင်ကြဘူးလား"လို့ စိတ်ဆိုးမာန်ဆိုး ပြောလိုက်တာကို သူ အပြစ်မမြင်တော့ဘူး။

"သြော် ....... ဟုတ်လိုက်လေ၊ နင်ကတော့ သူမကို ကာကွယ်မှာပေါ့။ တို့အားလုံးကတော့ နင် သူမကို စိတ်မကုန်နိုင်ဘူးဆိုတာ သိနေတယ်" ဂျင်နီက ကြွပ်ဆတ်ဆတ်နဲ့ ပြောလိုက်တယ်။

ဒါကလည်း ရှွန်ရဲ့ အမေနဲ့ ပတ်သက်ပြီး တော်တော်လွန်ကဲတဲ့ ထင်မြင်ချက်ပေးတာ ဖြစ်နေတယ်။ သူ့စိတ်ထဲမှာ တစ်မျိုး ဖြစ်လာတဲ့ ဟယ်ရီက မေးလိုက်တယ်။

"မင်း ဘယ်သူလဲ"

ဒါပေမဲ့ သူ့မေးခွန်း သူမေးလို့တောင် မဆုံးသေးဘူး အဖြေကထွက်လာတယ်။ အိပ်ခန်းတံခါးကြီး ဂျိန်းခနဲ နောက်တစ်ခါ ပွင့်သွားပြီး ဟယ်ရီက အလိုလို ကယောင်ကတမ်းနဲ့ အိပ်ရာဖုံးကြီးကို သူ့မေးစေ့အထိရောက်အောင် ဆွဲအုပ်လိုက်မိသလို ဟာမီယွန်နဲ့ ဂျင်နီလည်း သူတို့ အိပ်ရာတွေကနေ ကြမ်းပေါ်ကို ဆင်းပြီးသား ဖြစ်သွားတယ်။

တံခါးအဝင်ဝမှာ အမျိုးသမီးကလေးတစ်ယောက် ရပ်နေတယ်။ တစ်ခန်းလုံး ထူးထူးဆန်းဆန်း အသက်ရှူစရာ လေမရှိတော့သလို အသက်ရှူမှားလောက်အောင် လှပသူကလေး။ အရပ်ရှည်ရှည် ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

ကလန်ကလားမဟုတ်ဘဲ နွဲ့နွဲ့နှောင်းနှောင်း၊ ရွှေအိုရောင် ဆံပင်ရှည်ကြီးနဲ့ ဖျော့တော့တော့ ငွေရောင်အလင်းတန်း တစ်ခု လင်းဖြာကျလာသလို ပေါ်လာတာပဲ။ မြင်ကွင်းကို ပိုပြီး ပြည့်စုံအောင် ပြောရမယ်ဆိုရင် သူမရဲ့လက်ထဲမှာ အပြည့်အဝ တနင့်တပိုး စားစရာတွေ ထည့်ထားတဲ့ နံနက်စာ လင်ပန်းတစ်ချပ်လည်း ပါတယ်။

"အားရေး" သူမက အသံအောအောလေးနဲ့ ဆွဲဆွဲငင်ငင် လှမ်းပြောလိုက်တယ်။

ခန့်ခန့်ညားညားလေး ဣန္ဒြေရှိရှိနဲ့ တံခါးဝကနေ သူ့ဆီကို သူမလှမ်းဝင်လာချိန်မှာပဲ မစ္စဝက်စလေလည်း သူမရဲ့နောက်ကနေ ပေါ်လာတယ်။

"အို အဲဒီလင်ပန်းကို ယူလာစရာ မလိုပါဘူးဗျာ၊ ဒါ ကျွန်တော့်ဘာသာ သွားစားရမယ့် ကိစ္စပဲ"

"အို ပြဿနာမရှိပါဘူး"ဖလားဒီလာကားက ပြောပြောဆိုဆို လင်ပန်းကို ဟယ်ရီရှေ့မှာ ချပေးလိုက်ပြီး ဟယ်ရီရဲ့ ပါးနှစ်ဖက်ကိုပါ ဘယ်ပြန်ညာပြန် အားပါးတရ နမ်းလိုက်ပါတယ်။ ဒီလို နမ်းလိုက်ရာမှာ သူမရဲ့ပါးစပ်နဲ့ အထိခံရတဲ့နေရာတွေမှာ လောင်ကျွမ်းသွားသလို ဟယ်ရီ ခံစားလိုက်ရတယ်။

"မင်းကို ငါ သိပ်တွေ့ချင်နေတာ ........ အဲ .......... မင်း ငါ့ညီမ 'ဂါဘရီလီ'ကို မှတ်မိသေးရဲ့လား။ သူကတော့ 'ဟယ်ရီပေါ်တာ၊ ဟယ်ရီပေါ်တာ'နဲ့ မင်းနာမည်ကို ပါးစပ်ဖျားက မချတော့ဘူး။ မင်းအကြောင်းတွေချည်း ပြောနေတယ်။ မင်းကို သူတွေ့ရင် သူ သိပ်ပျော်သွားမှာပဲ"

"အို သူလည်း ဒီမှာပဲ ရှိနေတာလား"

"ဟော့အေး မရှိဘူး ......... လူဆိုးလေးနော်"ဖလားက ဆည်းလည်းသံလို ရယ်သံ လွင်လွင်ကလေး ပြောလိုက်တယ်။ "ငါ ဆိုလိုတာက ရှေ့နွေကျမှပေါ့ဟာ၊ အဲဒီကျမှ တို့ .......... သြော် သြော် နင်မသိသေးဘူးလား" တစ်ဆက်တည်းမှာပဲ "တို့ သူ့ကို ပြောဖို့ အချိန်မတန်သေးဘူးလေ"လို့ ဝင်ပြောလိုက်တဲ့ မစ္စဝက်စလေကြောင့် ဖလားရဲ့ မျက်လုံးပြာပြာတွေ ပြူးကျယ်သွားပြီး သူမကို အပြစ်တင်တဲ့အကြည့်နဲ့ ကြည့်လိုက်တယ်။ ပြီးတော့ သူမရဲ့ ဆံပင်တွေကို ဆတ်ခနဲခါလိုက်ပြီး ဟယ်ရီ့ဘက်ကို လှည့်ကြည့်လိုက်ရာမှာ ဆံပင်ရှည်ကြီးက မစ္စဝက်စလေရဲ့ မျက်နှာကို ကြာပွတ်နဲ့ ရိုက်သလို ခိုက်မိသွားပါတယ်။

"ဘီလ်နဲ့ ငါ လက်ထပ်ကြတော့မယ်"

"အို........" ဟယ်ရီ တအံ့တဩ ဖြစ်သွားတယ်။ တစ်ချိန်တည်းမှာပဲ မစ္စဝက်စလေ၊ ဟာမီယွန်နဲ့ ဂျင်နီတို့ တစ်ယောက်အကြည့်ကို တစ်ယောက် မျက်နှာလွှဲထားလိုက်ကြတာကိုလည်း မမြင်ချင်လို့မရဘဲ မြင်လိုက်ရတယ်။ ဒါပေမဲ့ ကမန်းကတန်း ပြောလိုက်တယ်။ "ဂုဏ်ယူပါတယ်ဗျာ၊ ဝမ်းသာပါတယ်"

ဖလားက တစ်ခါငုံ့ပြီး ဟယ်ရီ့မျက်နှာပေါ်ကို နမ်းလိုက်ပြန်တယ်။

www.burmeseclassic.com

"ခု ဘီလ်က အလုပ်တွေ တအားကျုံးလုပ်နေရလို့ သူ သိပ်အလုပ်ရှုပ်နေတယ်။ ငါကတော့ ဂရင်းဝေါ့စ်မှာ ငါ့အင်္ဂလိပ်စာဘာသာကိုပဲ အချိန်ပိုင်းလုပ်တယ်။ ဒါကြောင့် သူက ငါ့ကို မိသားစုအခြေအနေ သိရအောင် ရက်ပိုင်းလောက် ဒီကိုခေါ်လာတာပဲ။ မင်းရောက်မယ်ကြားလို့ ငါ အရမ်း ဝမ်းသာနေတာ၊ ဒီမှာ မင်းကြိုက်တာလေးတွေ ချက်ဖို့ကလွဲလို့ လုပ်စရာများများစားစား မရှိပါဘူး။ ကဲ ... ကဲ နံနက်စာစားလိုက်ဦး ဟယ်ရီ"

စကားလည်းဆုံးရော ဖလားဒီလာကားက ကျက်သရေအပြည့်နဲ့ လှည့်ထွက်သွားတယ်။ သူမဟာ အခန်းထဲက ထွက်သွားပြီး သူမကျောနောက်က တံခါးကိုလည်း ညင်ညင်သာသာ ပြန်ပိတ်သွားခဲ့ပါတယ်။

"တယ်လေ"မစ္စဝက်စလေဆီက ဒေါသသံတစ်ချက် ထွက်လာတယ်။ ဂျင်နီက တိုးတိုးကလေး ပြောတယ် "အမေက သူမကို သိပ်မုန်းတယ်"တဲ့။

"အို ငါ သူ့ကို မမုန်းပါဘူး" မစ္စဝက်စလေက တိုးတိုး ဖြတ်ပြောလိုက်တယ်။ ငါက သူတို့ ကတိုက်ကရိုက် အလျင်စလို စေ့စပ်လိုက်တယ်လို့ပဲ ထင်တာပါ။ ဒါပါပဲ တခြား ဘာမှ မရှိဘူး"

"သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သိကြတာ တစ်နှစ်လောက် ကြာပြီ"ရွန်က ပြောတယ်။ ပြီးတော့ ကြောင်တိကြောင်တောင်နဲ့ ပိတ်နေတဲ့ တံခါးကိုပဲ ငေးပြီး စိုက်ကြည့်နေတယ်။

"နောက်တော့လည်း မကြာပါဘူး။ ဘာဖြစ်လို့ အဲဒီလို ဖြစ်လာတယ်ဆိုတာ ငါ သိရတယ်။ ဒါတွေအားလုံး အတတ်မပြောနိုင်ပေမဲ့ ယူနိုးဟူးပြန်လာတာနဲ့ ဆိုင်တယ်။ လူတွေက သူတို့ဟာ နက်ဖြန်မှာပဲ သေသွားနိုင်တယ်လို့ ထင်နေကြတယ်။ ဒါ့ကြောင့် သူတို့က သာမန်အတိုင်း အချိန်ယူရမယ့်အစား အားလုံးကို ဖုတ်ပူမီးတိုက် ဆုံးဖြတ်ချက်တွေ ချတော့တာပါပဲ။ နောက်ဒါဟာ သူနောက်ဆုံး အင်အားကောင်းပြီး တန်ခိုးဩဇာ အရှိန်တက်ခဲ့တဲ့ အချိန်နဲ့ အတူတူပဲ။ လူတွေကတော့ ဘယ်ကရော ညာကရော အလယ်ကပါ ခိုးပဲ ပြေးနေကြတယ်။

"အဲဒီအထဲမှာ အမေနဲ့အဖေလည်း ပါတာပဲ"ဂျင်နီက ကောက်ကာငင်ကာပြောလိုက်တယ်။

"အေးဟုတ်တယ် နင့်အဖေနဲ့ငါက တစ်ယောက်နဲ့တစ်ယောက် ဘယ်အချက်ကြောင့်သာ စောင့်မယ်ဆိုတာ သဘောတူထားတယ်" မစ္စဝက်စလေက ပြောလိုက်တယ်။ "ဘီလ်နဲ့ဖလားကတော့ အများနည်းတူပဲ ဘယ်လိုလုပ်နိုင်မှာလဲ။ ဘီလ်က အလုပ်ကို တအားလုပ်ပြီး လက်တွေ့ကျကျ စဉ်းစားတတ်တဲ့ လူစားလေ။ ဖလားကတော့ ........."

"နွားမတစ်ကောင်ပဲ"ဂျင်နီက ဖြတ်ပြောလိုက်တယ်။ ပြီးတော့ ခေါင်းတညိတ်ညိတ်နဲ့ ဆက်ပြောတယ်။ "ဒါပေမဲ့ ဘီလ်လည်း အဲဒီလို လက်တွေ့ကျတဲ့ လူစား မဟုတ်ပါဘူး။ သူက ကျိန်စာဖျက်သူ တစ်ယောက် သက်သက်ပဲ မဟုတ်ဘူးလား။ သူက စွန့်စားရတာမျိုးကို သိပ်ကြိုက်တယ်။ စွဲလမ်းစရာတွေကိုလည်း သိပ်ကြိုက်တယ်။ ဒီလိုနဲ့ သူဟာ မချွဲပိုနောက်ကို ပါသွားတာဖြစ်မယ်လို့ ကျွန်မထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"သူများကို နင် အပုပ်ချနေတာတွေ တော်ပါတော့ ဂျင်နီ" မစ္စဝက်စလေက ထဟောက်လိုက်လို့ ဟယ်ရီနဲ့ ဟာမီယွန်က ရယ်နေတယ်။ "ငါလည်း နေသာထိုင်သာ ရှိသွားပါပြီ။ ကဲ–နင် စားရမယ့် ကြက်ဥတွေ ပူတုန်းစားလိုက်ဦး ဟယ်ရီ"

ပင်ပန်းနွမ်းနယ်သွားတဲ့ ပုံစံနဲ့ မစ္စဝက်စလေ အခန်းထဲက ပြန်ထွက်သွားတယ်။ ဦးနှောက်အရမ်းခြောက်သွားတဲ့ ရွန်ကတော့ ခွေးတစ်ကောင် သူ့နားရွက်မှာ စိုနေတဲ့ ရေတွေကို ခါထုတ်ပစ်နေသလို သူ့ခေါင်းကို ဘယ်ညာ တအားလှုပ်ယမ်းပစ်လိုက်တယ်။

"တစ်အိမ်တည်းမှာ ရှိနေတော့ မင်း သူနဲ့မတွေ့အောင် ရှောင်လို့ရမှာ မဟုတ်ဘူးနော်"လို့ ဟယ်ရီက မေးလိုက်တော့–

"ဟုတ်တယ်၊ သိပ်ဟုတ်၊ မင်းလည်း ဒီအတိုင်း ဖြစ်လာမှာပဲ၊ ဒါပေမဲ့ မတော်လို့များ စောစောကလို မမျှော်လင့်ဘဲ သူမ မင်းဘက်ကို လှည့်လာရင်......."

"သနားတယ်" ဟာမီယွန်က ဒေါသတကြီး ပြောလိုက်ပြီး ရွန်နဲ့ ဝေးနိုင်သမျှ ဝေးဝေးနေရာကို လျှောက်သွားပြီးမှ နံရံနားကို ရောက်ချိန်မှာ သူ့ဘက်ကို ပြန်လှည့်လိုက်ပြီး လက်ပိုက်ကြည့်နေတယ်။

"နင် တကယ် သူ့ကို တစ်သက်လုံးနီးပါး ခါးခါးသီးသီး လုပ်နိုင်လို့လား" ဂျင်နီက ရွန့်ကို မယုံကြည်သလို မေးလိုက်တယ်။ သူက ပခုံးကိုသာ တွန့်ရှုံ့တွန့်ပြနေလို့ သူမက ဆက်ပြီး "ဒါဆိုလည်း ကောင်းပြီလေ။ အမေကတော့ သူမ အစွမ်းရှိသမျှ ဒီကိစ္စကို ရပ်တန့်အောင် လုပ်မှာပဲ။ အဲဒီအတွက် ငါ ဘာမဆို လောင်းရဲတယ်"

"မစ္စဝက်စလေက ဒါကို ဘယ်လိုကိုင်တွယ်မှာလဲ" ဟယ်ရီက မေးလိုက်တယ်။

"အမေက ညစာစားပွဲမှာ တွန့်ခ်စ်ပါဝင်လာအောင် ဆက်ကြိုးစားနေတယ်။ ကျွန်မအထင်တော့ ဘီလ်ဟာ တွန့်ခ်စ်ကို ကျသွားမယ်လို့ မျှော်လင့်နေတာ ဖြစ်တယ်။ သူ အဲဒီအတိုင်းပဲ ဖြစ်လာလိမ့်မယ်လို့ ကျွန်မ မျှော်လင့်နေတယ်။ မိသားစုထဲမှာ သူမကို လက်ခံရမှာ ပိုကြိုက်တယ်"

"အေး အေး အဲဒီလို ဖြစ်ပါလိမ့်မယ်" ရွန်က ငေါ့တော့တော့နဲ့ ပြောလိုက်တယ်။ "ဒီမှာ နားထောင် ဘယ်သူမှ သူ့ရဲ့ စိတ်ရင်းအမှန်နဲ့ ဖလားရှိနေချိန်မှာ သူမကို ထားပြီး တွန့်ခ်စ်ကို သွားကြိုက်မှာ မဟုတ်ဘူး။ ငါဆိုလိုတာက တွန့်ခ်စ်ဟာ သူမရဲ့ ဆံပင်နဲ့ပ နှာခေါင်းကို မိုက်မိုက်မဲမဲ ဟိုလုပ်ဒီလုပ် မလုပ်ချိန်မှာ ကြည့်လိုက်မြင်လိုက်ရလို့တော့ အိုကေစိုပြည်ပဲ။ ဒါပေမဲ့........."

"ဘာဖြစ်နေနေ တွန့်ခ်စ်က မလွဲပိုထက်စာရင် မြင်ရတာ အပုံကြီးပိုသားနားတယ်" ဂျင်နီက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါတင်ဘယ်ကမလဲ၊ သူမက ပိုပြီး ဉာဏ်ရည်ဉာဏ်စွမ်းရှိတယ်။ ထက်မြက်တယ်။ သူမဟာ 'အော်ရာ'တစ်ယောက်ပဲ" ထောင့်တစ်ထောင့်ကနေ ဟာမီယွန်ကပါ ထောက်ခံပြီး ပြောတယ်။

"ဖလားကို အထုံအထိုင်း ခပ်အအလို့ သွားမထင်နဲ့။ သူမက သုံးပွင့်ဆိုင် မှော်ဆရာ တံခွန်စိုက်ပြိုင်ပွဲကိုဝင်ဖို့ အရည်အချင်း အပြည့်ရှိတယ်"လို့ ဟယ်ရီက ဝင်ပြောတော့ "နင်ပြောသလို မဖြစ်နိုင်ပါဘူး"ဟာမီယွန်က ခါးခါးသီးသီး ပြောပြန်ရော။

"ငါ ထင်တယ်။ ဟိုမရွဲပိုပြောတဲ့ 'အာရီမင်းလေးက'ဆိုတာမျိုး နင်ကြိုက်လို့ ပြောနေတာပဲ ဖြစ်မယ်" ဂျင်နီက အထင်သေး အမြင်သေး ပစ်ပစ်ခါခါ ထပ်ပြောတယ်။

"မဟုတ်ဘူး" ဟယ်ရီက ပြောချင်စိတ်ကုန်သွားပေမဲ့ ပြောကိုပြောရဦးမယ် ဆိုတဲ့သဘောနဲ့ "ငါက မရွဲပိုအကြောင်းပဲ ပြောနေတာ၊ ငါဆိုလိုတာက ဖလားကတော့........"ဆိုကာရှိသေး–

"အို ဘာပြောပြော မိသားစုထဲကို တွန့်ခ်စ်ရောက်လာတာပဲ ကြိုက်တယ်။ အနည်းဆုံး ရယ်ရတဲ့ လူတစ်ယောက်ရတာတော့ ဖြစ်မှာပဲ"လို့ ဂျင်နီက စကားကုန် ပြောချလိုက်တယ်။

"သူက နောက်ပိုင်းမှာ မရယ်ရတော့ပါဘူး။ တရှုံရှုံနဲ့ တည်ည်းညည်း တည့ူညူလုပ်နေတဲ့ ချုံကြီးတစ်ခုနဲ့ပဲ ပိုတူတယ်"

"ဒါကတော့ မတရားတော့ဘူးနော်" ဟာမီယွန်ရဲ့ လေသံ မာလာတယ်။ "တကယ်ဆိုရင် သူမဟာ ဖြစ်ပျက်ခဲ့တာတွေအပေါ်မှာ ခုထိ ဖြေသိမ့်နိုင်သေးတာ မဟုတ်ဘူး။ နင်တို့ သိတယ် မဟုတ်လား။ ငါဆိုလိုတာက သူဟာ သူမရဲ့ အစ်ကို ဝမ်းကွဲဖြစ်နေတာကို ပြောတာ"လို့ ဆိုလိုက်တယ်။

အဲဒီစကားက ဟယ်ရီ့ကို အရှိုက်ထိသွားစေတယ်။ ဘာကြောင့်လဲဆိုတော့ ခု ပြောနေဆိုနေကြတဲ့ အကြောင်းအရာတွေဟာ သူမကြားချင်ဆုံး ဆီးရီးယတ်စ်ရဲ့ အကြောင်းတွေ ရောက်လာလို့ပဲ ဖြစ်တယ်။ ဒီတော့ သူ ဘာတတ်နိုင်မှာလဲ။ ခက်ရင်းတစ်ခုကို ကောက်ကိုင်ပြီး ကြက်ဥမွှေကြော်တစ်ကော်ကို သူ့ပါးစပ်ထဲ ထိုးထည့် ဝါးနေလိုက်တယ်။ ဒီစကားဝိုင်းထဲမှာ တစ်စုံတစ်ခု လမ်းကြောင်းပြောင်းလဲသွားပြီး အဲဒီလမ်းကြောင်းအတိုင်း သူနင်းလိုက်သွားနိုင်ပါစေလို့ပဲ သူ့စိတ်ထဲက မျှော်လင့် စောင့်စားနေလိုက်တယ်။

"အမှန်ကတော့ တွန့်ခ်စ်နဲ့ ဆီးရီးယတ်စ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် သိရုံပဲ သိကျွမ်းကြတာပါ။ ဆီးရီးယတ်စ်က တွန့်ခ်စ်ရဲ့ အသက် ထက်ဝက်လောက်ကြာအောင် အက်စကာဘန် အကျဉ်းထောင်ထဲမှာ အချိန်ကုန်ခဲ့ရတာ။ ဒီမတိုင်ခင်က သူတို့မိသားစုတွေ ဘယ်တုန်းကမှ မဆုံစည်းခဲ့ကြဖူးပါဘူး"လို့လည်း ရွန်က ပြောပြခဲ့ပါတယ်။

"ဒါက အဓိက အချက်မဟုတ်ပါဘူး။ တကယ့်အချက်က ဆီးရီးယတ်စ် သေရတာ သူ့ပယောဂကြောင့်လို့ တွန့်ခ်စ်က ထင်နေတာ" ဟာမီယွန်က ပြောလိုက်တယ်။

www.burmeseclassic.com

"အေး ပြောမယ်၊ သူမက ဘဲလ်လားထရစ်နဲ့ တိုက်နေတာလေ၊ ဟုတ်တယ် မဟုတ်လား။ သူမ စဉ်းစားတယ်။ တကယ်လို့ သူမသာ အဲဒီတိုက်ပွဲမှာ အပြတ်ဖြတ်နိုင်ခဲ့ရင် ဘဲလ်လားထရစ်စ်ဟာ ဘယ်နည်းနဲ့မှ ဆီးရီးယတ်စ်ကို သတ်နိုင်မှာ မဟုတ်ဘူးပေါ့"

"ဒါက ငတုံးတွေ တွေးတဲ့အတွေးပဲ" ရွန်က ပြောလိုက်တယ်။

ဟာမီယွန်ကလည်း "ဒါ အသက်မသေဘဲ လွတ်သွားသူရဲ့ အပြစ်ပဲ။ ငါသိသလောက် လူပင်က သူ့ကို လိပ်ပတ်လည်အောင် ရှင်းပြသေးတယ်။ ဒါပေမဲ့ မရဘူး။ ခု သူ့ရဲ့ ရုပ်ပြောင်းရုပ်လွှဲ အစွမ်းနဲ့ ပတ်သက်ပြီး သူ ဒုက္ခရောက်နေတယ်"လို့ ဝင်ထောက်တယ်။

"သူ........ ဘာ......... ဒုက္ခရောက်တယ်"

"အခု သူ ခါတိုင်း ရုပ်ပြောင်းရုပ်လွှဲလုပ်သလို သူ့ရုပ်ကို ပြောင်းနိုင်စွမ်း မရှိတော့ဘူး ဖြစ်နေတယ်။ ငါထင်တာတော့ အဲဒါ အထိတ်တလန့် ဖြစ်သွားတာ။ ဒါမှမဟုတ် တစ်ခုခုကနေ သူ့ရဲ့အစွမ်းကို ထိခိုက်သွားတာပဲ ဖြစ်မယ်"လို့ ဟာမီယွန်က ရှင်းပြနေတယ်။

"အဲဒီလို ဖြစ်နိုင်တာ ငါ မသိဘူး"ဟယ်ရီက ပြောလိုက်တယ်။

"ကဲပါ–နင် တကယ် စိတ်ပျက်သွားတယ်ဆိုရင် ငါ အဲဒီလို မထင်တော့ပါဘူး"ဟာမီယွန်က ပြန်ပြောတယ်။

အဲဒီအချိန်မှာပဲ အခန်းတံခါးပွင့်သွားပြီး မစ္စဝက်စလေက အခန်းထဲကို သူမရဲ့ ခေါင်းကိုသာ ထိုးသွင်းပြီး ခပ်တိုးတိုး ပြောလိုက်တယ်။

"ဟဲ့........ ဂျင်နီ အောက်ထပ်ကို ဆင်းလာပြီး ငါနေ့လယ်စာ ပြင်ဆင်နေတာကို ကူပါဦး"

"ဒီမှာ လူတွေနဲ့ စကားပြောနေတယ်လေ"ဂျင်နီက ဒေါပွပြီး ပြန်ပြောတယ်။

"မလိုချင်ဘူး........ ခုပဲ"ပြောပြီး မစ္စဝက်စလေ ပြန်ထွက်သွားတယ်။

"ဘာမှ မဟုတ်ဘူး။ သူမ အဲဒီမှာ တစ်ယောက်တည်း မချွဲပိုနဲ့ ရှိမနေချင်လို့ ငါ့ကိုခေါ်တာပဲ" ဂျင်နီက အမြင်ကတ်သလိုပုံစံမျိုးနဲ့ သူ့ဘာသာသူ ပြောရင်း ဖလားကိုတုပြီး သူမရဲ့ အနီရောင် ဆံပင်ရှည်ကြီးကို ယမ်းခါပစ်လိုက်တယ်။ ပြီးတော့မှ အခန်းကိုဖြတ်ပြီး သူမရဲ့လက်တွေကို လေထဲမှာ ဘေးကို မြှောက်ဆန့်တန်းထားရင်း ဘဲလေး ကချေသည်မလေး တစ်ယောက်လို မြူးကြွားကြွားလေး လျှောက်လှမ်းပြီး ထွက်သွားတယ်။ အခန်းထဲက အထွက်မှာ "နင်တို့တွေ အကုန်လုံးလည်း အောက်ကို အမြန်ဆင်းလာရင် ကောင်းမယ်ဟယ်"လို့ ပြောသွားသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှာ ခဏကလေး ငြိမ်သက်တိတ်ဆိတ် သွားတာကို အခွင့်ကောင်းယူပြီး သူ ဗိုက်ပြည့်နိုင်သမျှ ပြည့်အောင် ဟယ်ရီက နံနက်စာကို ဖိစားနေတယ်။

ဟာမီယွန်က ဖရတ်ဒ်နဲ့ ဂျော့ရဲ့ ကတ်ထူပုံးသေတ္တာကို ဖြဲဟပြီး အထဲကို ချောင်းကြည့် စပ်စုနေတယ်။ ပြီးတော့ မလုံမလဲဖြစ်ပြီး ခေါင်းကြီးငုံ့စားနေတဲ့ ဟယ်ရီကိုလည်း ခဏ ခဏ လှမ်းကြည့်နေတယ်။ ဟယ်ရီရဲ့ ပေါင်မုန့်မီးကင်ကို ကူစားပေးနေတဲ့ ရွန်ကလည်း တံခါးပေါက်ကို ကြောင်တောင်တောင်နဲ့ ငေးကြည့်နေတုန်းပဲ။

နောက်ဆုံးမှာ ဟာမီယွန်က အဝေးကြည့်မှန်ပြောင်းလိုလို ပစ္စည်းတစ်ခုကို ကိုင်မြှောက်ပြပြီး လှမ်းမေးလိုက်တယ်။ "ဟဲ့....... ဒါက ဘာကြီးလဲ"

"ဘယ်သိမှာလဲ" ရွန်က ဖြေလိုက်တယ်။ "ဒါပေမဲ့ ဖရက်ဒ်နဲ့ ဂျော့က ဒီပစ္စည်းကို ဒီမှာ ထားခဲ့ပုံထောက်ရင် သူတို့ ဟာသဆိုင်ဟာ အဆင်သင့် မဖြစ်သေးဘူးဆိုတာ သေချာသလောက်ပဲ။ ဒါဆို နင် သတိထား"လို့လည်း ပြောလိုက်တယ်။

"မင်း အမေပြောတော့ ဆိုင်က အဆင်ပြေနေတာပဲဆို"ဟယ်ရီက ပြောလိုက်တယ်။ "ဖရက်ဒ်နဲ့ ဂျော့မှာ လုပ်ငန်းလုပ်ဖို့ ပင်ကိုအစွမ်းအစ ရှိကြပါတယ်တဲ့။ မင်းအမေက ပြောတာပဲ"

"အဲဒါ လျှော့လျှော့ပေါ့ပေါ့ ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်တာပဲ။ သူတို့က ထောင်ပုံရာပုံထဲမှာ မွေနှောက်နေတာ၊ ငါက သူတို့ကို စောင့်ကြည့်မနေနိုင်ဘူး။ သူတို့ ထောင့်ဖြတ်လမ်းသွယ်မှာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမေက ပြောတယ်။ အဖေဟာ အဲဒီမှာ လုံခြုံမှုရရှိအောင် ရောက်နေတယ်တဲ့။ သူပဲ အဲဒီမှာ အလုပ်ရှုပ်နေမှာ သေချာတယ်။ အဲဒါပဲ အကောင်းဆုံးပါကွာ"ရွန်က ရှင်းပြနေတယ်။

"ဒါဆို ပါစီကရော ဘယ်လိုလဲ" ကျန်တဲ့ မိသားစုတွေနဲ့ ရန်ဖြစ်ပြီး သဘောကွဲလွဲနေတဲ့ ဝက်စလေ ညီအစ်ကိုတွေထဲက တတိယအကြီးဆုံး အစ်ကို ပါစီကို ရည်ညွှန်းပြီး ဟယ်ရီက မေးလိုက်တာဖြစ်ပါတယ်။ "သူကကော မင်းအဖေ အမေတို့နဲ့ နောက်ထပ် အခေါ်အပြော ရှိသေးလား"

"ဟင့်အင်း မရှိဘူး"ရွန်က ပြောလိုက်တယ်။

"ဒါပေမဲ့ ခု ဗိုဒီမော့ ပြန်ရောက်လာတဲ့ အကြောင်းနဲ့ ပတ်သက်လို့ မင်းအဖေ ပြောသမျှတွေ အားလုံး မှန်တယ်ဆိုတာတော့ သူသိနေသားပဲ"

"ဒမ်းဘဲလ်ဒိုးက ပြောတယ်။ လူတွေဟာ တခြားသူတွေအပေါ်မှာ မှန်တာထက် မှားတာကို ခွင့်လွှတ်ဖို့ ပိုလွယ်ကူတယ်တဲ့။ သူ မင်းအမေကို ပြောနေတာ ငါ ကြားတာပဲ ရွန်"လို့ ဟာမီယွန်က ပြောလိုက်တယ်။

"ဒီ စိတ်ရောဂါရှိတဲ့ စကားမျိုးကို ဒမ်းဘဲလ်ဒိုးပြောတာ သူ့မှာ အကြောင်းရှိလို့ပဲ ဖြစ်မယ်"ရွန်က ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“သူက ငါ့ကို ဒီနှစ်ထဲမှာ သီးသန့်သင်ခန်းစာတွေ ပေးလိမ့်မယ်ကွ”ဟယ်ရီက ပြောရိုးပြောစဉ် အာလာပသလ္လာပ ပြောသလိုမျိုးနဲ့ ပြောလိုက်တယ်။

ရွန် သူ့လည်ချောင်းထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်သွားတယ်။ ဟာမီယွန်လည်း ပင့်သက်ကြီးတစ်ချက် ရှိုက်လိုက်ပြီး အသက်ရှူမှားသလို ဖြစ်နေတယ်။

“မင်းက အဲဒါကို ဖုံးထားတယ်ပေါ့လေ”လို့ ရွန်ကပြောတော့ “ငါလည်း ခုမှ သတိရလို့ပြောတာကွ။ သူက ငါ့ကို မနေ့ညက မင်းတို့ တံမြက်စည်းရုံကလေးထဲမှာ ပြောသွားတာ”လို့ ဟယ်ရီပေါ်တာကလည်း ရိုးရိုးသားသား ပြန်ဖြေတယ်။

“ဘယ်လို........ ဒမ်းဘဲလ်ဒိုးနဲ့ သီးသန့် သင်ခန်းစာတွေ ယူရမယ် ဟုတ်လား”ရွန်က ပြောပြီး ဟယ်ရီ့ကို အထင်ကြီးသွားသလို ကြည့်နေတယ်။ ပြီးတော့မှ ဆက်ပြောတယ်။ “ငါ အံ့သြတာက သူက ဘာဖြစ်လို့ ........”

ပြောရင်း သူ့အသံ တိမ်ဝင်သွားတယ်။ ရွန်နဲ့ ဟာမီယွန် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြတာ ဟယ်ရီတွေ့တယ်။ ဟယ်ရီ သူ့လက်ထဲက ဓားနဲ့ ခက်ရင်းကို ချထားလိုက်တယ်။ သူ့နှလုံးကလည်း သိသိသာသာ အခုန်မြန်နေတယ်။ သူဟာ အိပ်ရာထဲမှာပဲ ထိုင်လျက် ရှိနေသေးတယ် ဆိုတာကိုလည်း စဉ်းစားမိတယ်။ ဒမ်းဘဲလ်ဒိုးက သူ့ကို အဲဒီလို ပြောခဲ့တာတော့ အမှန်ပဲ။ ဒါပေမဲ့ ဘာဖြစ်လို့ ခုချက်ချင်း မဟုတ်သေးတာလဲ။ သူ စဉ်းစားတယ်။ သူ့ မျက်လုံးတွေကို သူ့ပေါင်ပေါ်ကို ဖြာကျနေတဲ့ နေရောင်ထဲမှာ တလက်လက်တောက်နေတဲ့ ခက်ရင်းပေါ်မှာပဲ စူးစိုက်ထားတယ်။ ပြီးတော့မှ သူက ပြောလိုက်တယ်။ “သူ ငါ့ကို ဘာဖြစ်လို့ အဲဒီ သင်ခန်းစာတွေကို သင်ပေးမယ်ဆိုတာ ငါလည်း အတိအကျ မသိဘူး။ ဒါပေမဲ့ အဲဒါဟာ ဟောစာတမ်းကြီးကြောင့် ဖြစ်မယ်လို့ပဲ ငါထင်တယ်”

ရွန်ရော ဟာမီယွန်ပါ စကားမပြောကြဘူး။ သူတို့နှစ်ယောက် ငြိမ်ပြီး မလှုပ်မယှက် ဖြစ်နေတာ အကြောင်းရှိမယ်လို့ သူထင်တယ်။ သူ့ ရှေ့က ခက်ရင်းကို စကားပြောနေသလိုနဲ့ ဟယ်ရီက ဆက်ပြောတယ်။ “မင်းတို့ သိတယ် မဟုတ်လား၊ ဝန်ကြီးဌာနကနေ သူတို့ ခိုးဖို့ကြိုးစားနေတဲ့ ပစ္စည်းတစ်ခုပဲလေ”

“အဲဒါကို ခိုးယူဖို့ ကြိုးစားတာတွေ တိုက်ခိုက်တာတွေ ရှိပေမဲ့ ဟောစာတမ်းကြီးထဲမှာ ဘာတွေ ဘယ်လိုဆိုထားတယ် ဆိုတာကိုတော့ ဘယ်သူမှ တစ်ယောက်မှ မသိဘူး” ဟာမီယွန်က ခပ်သွက်သွက် ပြောလိုက်တယ်။

“ဟောစာတမ်းကြီးမှာ အန္တရာယ်ရှိနေတာ အမှန်ပဲ” နှစ်ယောက်စလုံးကို ကြိုးစားပမ်းစားမော့ကြည့်ရင်း ဟယ်ရီက ပြောတယ်။ သူတို့ကို မြင်ရတာ ဟာမီယွန်က ကြောက်လန့်နေပြီး ရွန်က တအံ့တသြ ဖြစ်နေတယ်။ “ကျကွဲသွားတဲ့ ဖန်လုံးကြီးဟာ ဟောစာတမ်း မှတ်တမ်းဖြစ်ရုံမကဘူး၊ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်း ကျွန်တော် အကုန် ကြားပြီးပြီ။ သူဟာ ဟောစာတမ်းကြီးက နိမိတ်ဖတ်ဟောကြားခံရတဲ့သူ တစ်ဦးပဲ။ ဒါ့ကြောင့် သူ ဒီလို ပြောနိုင်တာဖြစ်မယ်”

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ အသက်ပြင်းပြင်း တဝရှူသွင်းလိုက်ပြီး ဆက်ပြောတယ်။ "အဲဒါကို ကြည့်ရတာ ကျွန်တော်လည်း ဗိုဒီမော့လို ကိစ္စတုံးပစ်ရမယ့် လူတစ်ယောက် ဖြစ်လိမ့်မယ်။ ဟောစာတမ်း အလိုအရ အနည်းဆုံး တခြားသူတွေ အသက်ရှင် လွတ်မြောက်သွားချိန်မှာ ကျွန်တော်တို့ထဲက ဘယ်သူမှ အသက်ရှင် မကျန်ခဲ့နိုင်ဘူးဆိုတာ ပြောထားတာဖြစ်မှာပဲ၊ သေချာတယ်"

သုံးယောက်သား တစ်ခဏလောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး တစ်ချက် ငြိမ်သက်တိတ်ဆိတ်နေတယ်။ အဲဒီအချိန်မှာပဲ 'ဝုန်း'ခနဲ အသံကျယ်ကြီးတစ်ချက် ထွက်လာပြီး ဟာမီယွန်ဟာ မည်းမှောင်နေတဲ့ မီးခိုးလုံးကြီးတစ်လုံးရဲ့ နောက်မှာ ပျောက်ကွယ်သွားပါတယ်။

"ဟာမီယွန်"

ဟယ်ရီနဲ့ ရွန်တို့နှစ်ယောက် ပြိုင်တူအောင်လိုက်ကြတယ်။ နံနက်စာ လင်ပန်းလည်း ချွမ်းခနဲ ကြမ်းပေါ်ကို ကျကွဲကုန်တယ်။

ဟာမီယွန် မီးခိုးတွေထဲက ပြန်ပေါ်လာတယ်။ သူမ ချောင်းတဟွတ်ဟွတ် ဆိုးနေတယ်။ လက်ထဲမှာ အဝေးကြည့်မှန်ပြောင်းကို ဆုပ်ထားရင်း တောက်ပတဲ့ ခရမ်းရင့်ရောင် မျက်လုံးတွေနဲ့ ကြည့်နေတယ်။

"ငါ ဒါကြီးကို ညှစ်လိုက်မိတာ၊ အဲဒါကြီးက ငါ့ကို အဲဒီလို လက်သီးနဲ့ ထိုးထည့်လိုက်တာပဲ"ပြောရင်း သူမ သက်ပြင်းတစ်ချက် ရှိုက်လိုက်တယ်။

ဟာမီယွန် ပြောတာ သေချာတယ်။ စပရင် အရှည်ကြီးတစ်ခုရဲ့ ထိပ်မှာ တပ်ထားတဲ့ လက်သီးကလေး တစ်လုံးကို မှန်ပြောင်းကြီးရဲ့ တစ်ဖက်ထိပ်ကနေ ပြူထွက်နေတာ သူတို့တွေ့ရတယ်။

"ဘာမှ မစိုးရိမ်နဲ့"ဖြောင် ပွင့်ပွင့်လင်းလင်း မရယ်မိအောင် ကြိုးစားရင်း ရွန်က ပြောလိုက်တယ်။ "ဒါကို ငါ့အမေ ပြန်တပ်ပေးလိမ့်မယ်။ နောက်ပြီး တော်ရုံတန်ရုံ အာဂရန် ပါဂရန် ဒဏ်ရာလောက်ကို ပျောက်သွားအောင် ငါ့အမေ ကောင်းကောင်း လုပ်နိုင်တယ်"

"အေး အဲဒါပဲ ကောင်းတယ်၊ ကဲ-ခု ဒါကို အရေးလုပ်မနေနဲ့တော့" ဟာမီယွန်က အလျင်အမြန် ပြောလိုက်တယ်။ "ဟယ်ရီ....... အို ........ဟယ်ရီရယ်"လို့လည်း သူမက ပြောနေတယ်။ ပြီးတော့ ဟာမီယွန်ဟာ ဟယ်ရီရဲ့ အိပ်ရာအစပ်မှာ တစ်ခါ ပြန်ဝင်ထိုင်ချလိုက်ပါတယ်။

"ငါတို့ ဝန်ကြီးဌာနက ပြန်ရောက်လာပြီးတဲ့နောက်မှာ အံ့သြနေရတယ်။ ငါတို့ကတော့ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောချင်ဘူးဆိုတာ ရှင်းတယ်။ ဒါပေမဲ့ လူစီယပ်စ် မော်လ်ဖွိုင်း ပြောတဲ့အရဆိုရင် ဟောစာတမ်းဟာ နင်နဲ့ ဗိုဒီမော့အကြောင်းပဲ။ တို့ထင်တာက အဲဒါဟာ ခုလိုမျိုး ဖြစ်နိုင်တယ်ဆိုတာပဲ" ဟာမီယွန်က ပြောလိုက်တယ်။ သူမက ဟယ်ရီ့ကို စိုက်ကြည့်နေပြီး တိုးတိုးကလေး မေးလိုက်တယ်။ "နင် ကြောက်သွားသလား"တဲ့။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူး" ဟယ်ရီက ပြောတယ်။ "ငါ ကြားကြားချင်းတော့ ထိတ်သွားတာပေါ့ဟယ်။ ဒါပေမဲ့ ခုတော့ ဒါဟာ ငါ အရင်က အမြဲတမ်း သိထားခဲ့သလိုပဲ။ နောက်ဆုံးကျရင် ငါ သူ့ကို ရင်ဆိုင်ရဖို့ပဲ ရှိတယ်"

"ဒမ်းဘဲလ်ဒိုးက မင်းကို ပုဂ္ဂိုလ်ရေးအရ စည်းရုံးခေါ်ယူနေပြီလို့ တို့ကြားတော့ တို့က ထင်တာပေါ့။ မင်းအနေနဲ့ကော ဟောစာတမ်းနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ ဘာလုပ်ရမယ် ဆိုတာကိုတော့ သူက မင်းကို ပြောလိမ့်မယ်။ ဒါမှမဟုတ် ပြမှာပဲလို့" ရွန်က စိတ်အားထက်သန်စွာနဲ့ ပြောနေတယ်။ "ပြီးတော့ တို့က အမှန်တရားဘက်က လူတွေလေ။ ဟုတ်တယ် မဟုတ်လား။ သူကသာ မင်းလို မလွဲဧကန် သေရမယ့်လူ၊ သေလူအဖြစ် ထင်ထားတယ်ဆိုရင် မင်းကို အဲဒီ သင်ခန်းစာတွေ ပေးမှာမဟုတ်ဘူး။ သူ့အချိန်တွေကို အလကား ဖြုန်းပစ်မှာ မဟုတ်ဘူး။ သူက မင်းမှာ အခွင့်အလမ်း ကောင်းတစ်ခု ရှိနေတယ်လို့ ယူဆထားလို့သာ ဖြစ်မယ်"

"အဲဒါ မှန်တယ်၊ ငါ အံ့ဩတာက သူ နင့်ကို ဘာတွေများ သင်ပေးမလဲ ဆိုတာပဲ ဟယ်ရီ၊ ငါပြောတာ မမှားနိုင်ဘူး။ တိုးတက်လာတဲ့ အဆင့်မြင့် ကာကွယ်ရေးဆိုင်ရာ မှော်ပညာ ဖြစ်မယ်။ အရမ်းအစွမ်းထက်တဲ့ တန်ပြန်ကျိန်စာ တိုက်ခိုက်ရေး ဖြစ်မယ်။ ဂြိုလ်ဆိုး တိုက်ဖျက်ရေး မှော်ပညာတွေ ဖြစ်မှာပါပဲ"

အမှန်တော့ ဟယ်ရီက သူတို့ပြောတာ နားထောင်နေတာ မဟုတ်ဘူး။ သူ နေရောင်ခြည်နဲ့ ဘာနဲ့ မထိမကပ် မပတ်သက်ဘဲ သူ့တစ်ကိုယ်လုံးကို အနွေးဓာတ်တစ်ခု ပျံ့နှံ့သွားနေတယ်။ သူ့ရင်ခေါင်းထဲမှာ တင်ကျပ် ပိတ်ဆို့နေတာကြီး တစ်ခုလည်း ပျက်ပြယ်လျော့ပါးပြီး သက်သာလာသလို ထင်ရတယ်။ ရွန်နဲ့ ဟာမီယွန်တို့နှစ်ယောက် တကယ် သူတို့ ဖြစ်နေတာကို မြင်ရတာထက်ပိုပြီး လန့်သွားကြတယ် ဆိုတာလည်း သူသိနေတယ်။ ဒါပေမဲ့ သူတို့ ခု သူ့ဘေးနားမှာ ရှိနေတုန်း သက်သာရာရအောင် အားပေးစကား အားတင်းစကားတွေ ပြောနေတုန်းပဲ။ သူ့ကို အဆိပ်အတောက် ရောဂါပိုးမွှားတွေ မိသွားပြီး ညစ်ညမ်းနေသူ တစ်ယောက်လို၊ အန္တရာယ်ရှိသူ တစ်ယောက်လို သဘောနဲ့ သူ့အနားကနေ တွန့်ဆုတ် ရှောင်ထွက်မသွားတာဟာ သူ့အတွက် ပြောမပြတတ်အောင် တန်ဖိုးရှိနေတယ်။

"နောက်ပြီး မှော်နဲ့ပြုစား၊ ဖမ်းစားတာတွေကို ရှောင်တိမ်းတာတွေလည်း ပါမှာပါပဲ။ ဟုတ်ပြီ၊ အနည်းဆုံး နင် ဒီနှစ်ထဲမှာရမယ့် သင်ခန်းစာတွေထဲက တစ်ခုဟာ ရွန်နဲ့ ငါထက် နင့်ကို သာသွားစေမှာပဲ။ ငါတို့ရဲ့ အိုဒဗလျူအယ်လ် အောင်စာရင်းတွေ ဘယ်တော့ ပေါ်လာမလဲဆိုတာကိုပဲ ငါမတွေးတတ်ဘဲ ဖြစ်နေတယ်"ဆိုပြီး ဟာမီယွန်က သူမရဲ့စကားကို အဆုံးသတ်လိုက်တယ်။

"မကြာနိုင်ပါဘူး၊ တစ်လလောက်ပဲ နေမှာပါ"ရွန်က ဝင်ပြောလိုက်တယ်။

"သေသေချာချာနားထောင်" မနေ့ညက ပြောခဲ့တဲ့စကားတွေရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ်နဲ့ ဟယ်ရီက ပြောလိုက်တယ်။ "ဒမ်းဘဲလ်ဒိုးက ငါတို့ရဲ့ အိုဒဗလျူအယ်လ် အောင်စာရင်းတွေ ဒီနေ့ထွက်မယ်လို့ ပြောသွားတယ်လို့ ငါထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ ဟုတ်လား၊ ဒီနေ့"ဟာမီယွန်က ထအောင်လိုက်တယ်။"နင် ဘာလို့ မပြောတာလဲဟဲ့၊ အို......... ဘုရားရေ၊ စောစောက ပြောရောပေါ့ဟယ်"

နောက် သူမထခုန်ပြီး ရပ်လိုက်တယ်။

"အဲဒါတွေ ထွက်နေပြီလား ဘာလား ငါသွားကြည့်မယ်"

ဒါပေမဲ့ နောက်ထပ် ၁၀မိနစ်အကြာမှာ အဝတ်အစား အပြည့်အစုံ ဝတ်ဆက်ပြီး သူ့ရဲ့ ဘာမှုမကျန်တော့တဲ့ လင်ပန်းကို ကိုင်ဆွဲရင်း အောက်ထပ်ကို ဆင်းလာတဲ့ ဟယ်ရီဟာ မီးဖိုခန်းထဲက စားပွဲမှာ အကြီးအကျယ် စိတ်လှုပ်ရှားနေတဲ့ပုံနဲ့ ထိုင်နေတဲ့ ဟာမီယွန်ကို တွေ့လိုက်ရပါတယ်။ မစ္စဝက်စလေက သူမရဲ့ ပန်ဒါဝက်ဝံတစ်ကောင်နဲ့ တူလွန်းနေတဲ့ပုံကို တစ်ဝက်တိတိ လျှော့ချပစ်ဖို့ ကြိုးစားနေတယ်။

"ဟဲ့ ခဏကလေးလောက် မလှုပ်ဘဲနေစမ်း"မစ္စဝက်စလေက ဟာမီယွန်ရဲ့ ရှေ့ကရပ်နေရင်း စိုးရိမ်စိတ်နဲ့ ပြောလိုက်တယ်။ သူမရဲ့ လက်ထဲမှာလည်း ဆေးကြိမ်လုံးနဲ့။ "သမားရဲ့ ကူဖော်လောင်ဖက် (နံနက်ခင်း နူစာအေန)ဆိုတဲ့ စာအုပ်တစ်ဖက်နဲ့။ စာအုပ်ကို 'ပွန်းခိုက် ထိရှနင့် ပွန်းပဲ့ဒဏ်ရာများ'လို့ ခေါင်းစဉ် တပ်ထားတဲ့နေရာမှာ ဖွင့်ထားတယ်။ "ဖြစ်လိုက်မှဖြင့် ဒီတိုင်းချည်းပဲ၊ ငါဖြင့် နားမလည်နိုင်တော့ဘူး"လို့လည်း သူမက ပြောနေတယ်။

"ဒါ စချင် နောက်ချင် ရယ်စရာဟာသလုပ်ချင်လို့၊ တကယ်လည်း ဒဏ်ရာ အနာတရမဖြစ်အောင် အသေအချာလုပ်ထားတဲ့ ဖရက်ဒ်နဲ့ ဂျော့ရဲ့ လက်ချက်ပဲ ဖြစ်ရမယ်"လို့ ဂျင်နီက ပြောလိုက်တော့-

"ဒါပေမဲ့ ခုဟာက အဲဒီလို ဒဏ်ရာရသွားတော့မလို့ တဲတဲပဲ လိုတယ်။ တစ်ချိန်လုံးတော့လည်း သူတို့ကို သတိထားကြည့်မနေနိုင်ဘူး"လို့ ဟာမီယွန်က ထအော်တယ်။ ဒီမှာတင်-

"နင် ဘာမှ မဖြစ်ပါဘူးဟယ်၊ တို့ ဖြေဆေးရှာကြည့်လိုက်ဦးမယ်။ ဘာမှ မစိုးရိမ်နဲ့"လို့ မစ္စဝက်စလေက နှစ်သိမ့်အားပေးသလို ပြောလိုက်တယ်။

"ဘီလ်က ပြောတယ်။ ဖရက်ဒ်နဲ့ ဂျော့ဟာ သိပ်ကို စတဲ့ ပြောင်တဲ့ ငလောင်တွေပဲ"လို့ ဖလားကလည်း အေးအေးဆေးဆေးလေး ပြုံးပြုံးနဲ့ ပြောလိုက်တယ်။ အဲဒီမှာ-

"အေးပါ၊ ငါကတော့ ရယ်ဖို့ နေနေသာသာ အသက်တောင် မနည်း ရှူနေရတယ်"လို့ ဟာမီယွန်က အော်လိုက်ပြန်ပါရော။ ပြီးတော့ သူမက ထခုန်လိုက်ပြီး မီးဖိုခန်းတစ်ခုလုံး ဟိုလျှောက်သွား ဒီလျှောက်သွား လှည့်ပတ်လျှောက်သွားနေရင်း သူမရဲ့ လက်ချောင်းကလေးတွေကို ဆုတ်ချည် ဖြန့်ချည် လုပ်နေတယ်။

"မစ္စဝက်စလေ....... ခင်ဗျားပြောတာ လုံးဝ လုံးဝမှန်တယ်။ ဒီမနက် ဇီးကွက်တွေ ရောက်မလာတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ်၊ ငါလည်း သတိထားမိပါတယ်။ ဒါပေမဲ့ ခုမှ ၉ နာရီပဲ ရှိသေးတယ်။ အချိန်တွေ အများကြီး ကျန်သေးတယ်လေ"လို့ မစ္စဝက်စလေက စိတ်ရှည်သည်းခံနိုင်တဲ့ အမူအရာနဲ့ ပြန်ပြောတယ်။ ဒီမှာတင်–
"ငါသိတယ်၊ ငါ ရှေးဟောင်း မှော်စာတွေကို သွားဖွမိတာပဲ ဖြစ်မယ်။ သေချာပေါက် အနည်းဆုံး ငါ အမှား ဘာသာပြန်လိုက်မိမှာပဲ။ ပြီးတော့ လျှို့ဝှက်မှော်အတတ် ပညာတွေကလည်း နိပ်ကို မနိပ်ပါဘူး။ ငါထင်တယ်၊ အမှား ဘာသာပြန်လိုက်တာတွေကတော့ ညွှန့်နေမှာပဲ။ ဒါပေမဲ့ နောက်ပိုင်းကျမှ......."လို့ ဟာမီယွန်က ပွစိပွစိနဲ့ ရေရွတ်နေပြန်လို့–

"ဟဲ့ ဟာမီယွန်၊ နင့်ပါးစပ်ကို ပိတ်ထားပါလား၊ စိုးရိမ်ကြောင့်ကြဖြစ်ပြီး လန့်နေရတာ နင်တစ်ယောက်တည်း မဟုတ်ဘူးဟ။ ပြီးတော့ နင်က ဒဗလျူအိုအယ်လ် ထူးချွန်မှုမှာ အဆင့် (၁၁) ရထားတာလေ"လို့ ရွန်က ထဟောက်ပြန်ရော။

ဒီတော့ ဟာမီယွန်ကလည်း "လာလုပ်မနေနဲ့၊ လုပ်မနေနဲ့၊ နင်ဘာမှ မပြောပါနဲ့ဟယ်......... ငါအကုန်လုံး ကျတယ်ဆိုတာ ငါသိတယ်"လို့ ကက်ကက်လန် ပြောရင်း သူမရဲ့ လက်တွေလည်း စိတ်လိုက်မာန်ပါ အားကုန် တဆတ်ဆတ် လှုပ်နေတယ်။

"ကဲကွာ၊ တကယ်လို့ အဲဒီစာမေးပွဲကို ငါတို့ ရှုံးတော့ကော ဘာဖြစ်လဲ"ဟယ်ရီက တခန်းလုံး ကြားအောင် မေးလိုက်တော့ ဖြေတဲ့သူက တခြားလူမဟုတ်ဘူး၊ ဟာမီယွန်ပဲ။

"ငါတို့ ဘာလုပ်ရမယ်ဆိုတာ ကျောင်းအုပ်နဲ့ ဆွေးနွေးမယ်။ နောက်ဆုံး သင်တန်းကာလကုန်ရက်က ပါမောက္ခ မက်ဂိုနာဂေါလ်ကို ငါမေးပြီးပြီ"

ဟယ်ရီ့ဗိုက်ထဲမှာ တရစ်ရစ်နဲ့ နေမထိ ထိုင်မထိ ဖြစ်နေတယ်။ နံနက်စာကို လျှော့စားလိုက်ရ အကောင်းသားလို့လည်း သူတွေးနေတယ်။

"ဟုတ်........ဟုတ်ပြီဟေ့"ဖလားက သူမဘာသာသူမ ကျေနပ်သွားသလိုမျိုး ထအော်တယ်။ "တို့မှာ လုပ်စရာ တခြားနည်းလမ်းတွေ ရှိပါတယ်ဟ။ အဲဒါက ပိုကောင်းမယ်လို့လည်း ငါထင်တယ်။ ငါတို့ ခြောက်နှစ်တိတိ သင်ကြားခဲ့ပြီးမှ စာမေးပွဲ ဖြေခဲ့ကြတာမဟုတ်လား။ ငါးနှစ်မဟုတ်လား။ ဒီတော့........"

ဖလား စကား မဆုံးလိုက်သေးဘူး၊ စူးစူးဝါးဝါး ကျုံးအော်လိုက်တဲ့ အသံတစ်သံက သူမရဲ့ အသံကို ဖုံးသွားတယ်။ အော်လိုက်သူက ဟာမီယွန်ပဲ။ သူမက မီးဖိုဆောင် ပြတင်းတစ်ပေါက်ရဲ့ အပြင်ဘက် ကောင်းကင်ပြင်ကို လက်ညှိုးထိုးပြနေတယ်။ ကောင်းကင်မှာ မည်းမည်း အစက်အပြောက်သုံးခုကို အထင်းသား မြင်နေရပြီး တဖြည်းဖြည်း ကြီးလာနေတယ်။

"ဟာ.....အဲဒါ ဇီးကွက်တွေပဲကွ၊ သေချာတယ်" ရွန်က အသံအက်အက်နဲ့ အော်ရင်း ပြတင်းပေါက်မှာ ရောက်နေတဲ့ ဟာမီယွန်ဆီကို ခုန်ကူးသွားတယ်။

"အဲဒါ သုံးကောင်ပဲကွ"ဟာမီယွန်ရဲ့ ကျန်တဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ရောက်လာတဲ့ ဟယ်ရီက ပြောလိုက်တယ်။

www.burmeseclassic.com

“ဒါဆို တို့ တစ်ယောက် တစ်ခုပဲ” ဟာမီယွန် တိုးတိုးကလေး ပြောနေရာက “အို… မဟုတ်သေးဘူး၊ အို… ဟုတ်ရဲ့လား၊ အို… ဘယ်မှာလဲ” ဆိုပြီး ဟယ်ရီနဲ့ ရွန်ရဲ့ တံတောင်ဆစ်တွေကို တအား ဆုပ်ညှစ်ထားတယ်။

ဇီးကွက်တွေက ဘာရိုး အဆောက်အအုံကြီးဆီကို တိုက်ရိုက် ဦးတည်ပျံသန်းလာနေတယ်။ ခန့်ခန့်ထည်ထည်နဲ့ အရမ်းကြည့်လို့ကောင်းပြီး ညိုဝါရောင်ပြေးနေတဲ့ အကောင်ကြီး သုံးကောင်ဟာ တဖြည်းဖြည်း နိမ့်ဆင်းလာပြီး အိမ်ကြီးကို ဦးတိုက်ထားတဲ့ လမ်းကလေးအတိုင်း ပျံလာစဉ်မှာတော့ သူတို့ဟာ ခြေထောက်တွေနဲ့ တွဲချည်ပြီး လေးထောင့် စာအိတ်ကြီးတစ်လုံးစီကို သယ်လာတာ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း တွေ့ရတယ်။

“အို …. ဟုတ်မှ ဟုတ်ရဲ့လား” ဟာမီယွန်က တကျိုကျို ပြောနေတယ်။

မစ္စဝက်စလေ သူတို့ကိုဖြတ် အတင်းတိုးထွက်သွားပြီး ပြတင်းတံခါးကို ဖွင့်ပစ်လိုက်တယ်။ “တစ် နှစ် သုံး” သူမ ပြောနေရင်းမှာပဲ ဇီးကွက်ကြီးတွေဟာ တစ်ဟုန်ထိုး ဖလူးခနဲ အခန်းထဲကို ပျံဝင်လာပြီး သူတို့နဲ့ ခပ်နီးနီး စားပွဲကြီးတစ်လုံးပေါ်မှာ နားလိုက်ကြတယ်။ ပြီးတော့ သုံးကောင်လုံး သူတို့ရဲ့ ညာဘက်ခြေထောက်တွေကို မြှောက်ပေးနေတယ်။

ဟယ်ရီက ရှေ့ကို တိုးထွက်သွားတယ်။ သူ့ဆီကို လိပ်မူထားတဲ့ စာကို အလယ်ကောင်က ဇီးကွက်ကြီးရဲ့ ခြေထောက်မှာ ချည်ထားတယ်။ သူ့လက်တွေ ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့ စာအိတ်ကို ဖြုတ်ယူနေတယ်။ သူ့ရဲ့ ဘယ်ဘက်မှာ ရွန်ကလည်း သူ့ရဲ့ အောင်စာရင်းကို သိနိုင်အောင် ဖြုတ်ယူနေတယ်။ ဟာမီယွန်ရဲ့လက်တွေ တဆတ်ဆတ် တုန်နေလို့ သူမရဲ့ စာအိတ်ဖြုတ်ယူတာ ခံနေရတဲ့ ဇီးကွက်ကြီးပါ ရောပြီး တုန်ခါနေတယ်။

မီးဖိုခန်းထဲမှာ ရှိနေသူ ဘယ်သူမှ စကားမပြောနိုင်ဘူး။ နောက်ဆုံး ဟယ်ရီက သူ ဖြုတ်ယူလိုက်တဲ့ စာအိတ်ကို မြန်မြန်ထက်ထက်ဖွင့်ပြီး အတွင်းက သားရေပုရပိုက်ကို ထုတ်ဖြန့်လိုက်တယ်။

သာမန် မှော်ပညာအဆင့် စာမေးပွဲ အောင်စာရင်း

အောင်ချက် အဆင့်အတန်း

ထူးချွန် (အို)
မျှော်လင့်ချက်အလားအလာ အလွန်အားကောင်း (အီး)
လက်သင့်ခံနိုင်ဖွယ်ရှိ (အေ)

ကျရှုံးမှု အဆင့်အတန်း

www.burmeseclassic.com

www.burmeseclassic.com

အားနည်း (ပီ)
အခြေအနေ အလွန်ဆိုးဝါး (ဒီ)
လုံးဝအဆင့်မမီ (တီ)

ဟယ်ရီ ပေါ်တာ၏ အောင်မြင်မှု

နက္ခတ္တဗေဒ အေ
မှော်သတ္တဝါကောင်များအား သတိပြုနိုင်စွမ်း အီး
ဂါထာမန္တရား ဘာသာရပ် အီး
လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း အို
ဂမ္ဘီရဉာဏ်စွမ်း ပီ
မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နှံ့စပ်မှု အီး
မှော်ပညာသမိုင်း ဒီ
ပီယဆေးနှင့် ဣန္ဒြေဇာလ ဆေးရည်များ အီး
ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း အီး

ဟယ်ရီက အောင်စာရင်း ပုရပိုက်ကို ထပ်ခါတလဲလဲ အကြိမ်မြောက်များစွာ ဖတ်ရင်း တစ်ကြောင်းချင်းအပေါ်မှာ စိတ်သက်သာရ အသက်ရှူချောင်သွား ပါတယ်။ အားလုံး အခြေအနေကောင်းပြီး ကျေနပ်စရာပါပဲ။ ဂမ္ဘီရဉာဏ်စွမ်းမှာ သူ အားနည်းပြီး ကျရှုံးမယ်ဆိုတာကို သူ နဂိုကတည်းက သိနေတယ်။ နောက် မှော်ပညာသမိုင်းမှာလည်း သူအောင်ဖို့ အခွင့်အလမ်း မရှိဘူး။ အဲဒီဘာသာ ဖြေတုန်းက စာမေးပွဲဖြေနေရင်း တစ်ဝက်တစ်ပျက်မှာပဲ သူ ပြိုကျ အရှုံးပေးလိုက်ရတယ်။ ဒါပေမဲ့ အဲဒါလေးတွေကလွဲရင် ဘာသာတိုင်းမှာ သူ အားလုံး အောင်မှတ်ရခဲ့တယ်။ သူ အောင်ချက်အဆင့်နေရာတွေကို လက်ညှိုးနဲ့ထောက်ပြီး အောက်ကို ဆွဲချလိုက်တယ်။ ဆုံးသွားတော့ ပိပိရိရိ ခန့်ခန့်ညားညား သေသေသပ်သပ် ရုပ်ပြောင်းရုပ်လွှဲ ဖန်ဆင်းတဲ့ အတတ်မှာ သူ အောင်ချက်ကောင်းသလို ဆေးဖက်ဝင် အပင်တွေ အကြောင်း နှံ့စပ်မှုနဲ့ ဆေးဖော်စပ်မှုမှာလည်း အလားတူအဆင့်နဲ့ အောင်လိုက်တယ်။ အကောင်းဆုံး သူရရှိလိုက်တဲ့ အောင်မြင်မှုကတော့ သူ့မှာ လျှို့ဝှက် မှော်ပညာနဲ့ တိုက်ခိုက်မှုတွေကို တွန်းလှန်တန်ပြန် တိုက်ခိုက်နိုင်စွမ်း ရှိနေပြီ ဖြစ်တာပါပဲ။

သူဘေးကို လှည့်ပတ်ကြည့်လိုက်တယ်။ ဟာမီယွန်က သူ့ဘက်ကို ကျောပေးထားပြီး ခေါင်းကိုလည်း ငုံ့ထားတယ်။ ဒါပေမဲ့ ရွန်ကတော့ ကျေနပ်ပျော်ရွှင် နေပုံရတယ်။

"ဂမ္ဘီရဉာဏ်စွမ်းနဲ့ မှော်ပညာသမိုင်းမှာပဲ ကျတယ်။ ဒါလေးများ အရေးလုပ်စရာ မှတ်လို့၊ ရော့ ဒီမှာ .......... မှန်းစမ်း မင်းဟာ လာလဲကြည့်မယ်" ရွန်က ဟယ်ရီကို ပြောလိုက်တယ်။

ဟယ်ရီက ရွန်ရဲ့ အောင်ချက်အဆင့်ကို ဖျတ်ခနဲ ငုံ့ကြည့်လိုက်တယ်။ အဲဒီ 'ထူးချွန်'အဆင့် ရတဲ့ ဘာသာ တစ်ခုမှမပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

"မင်း လျှို့ဝှက်မှော်ပညာနဲ့ တိုက်ခိုက်တာတွေ ပြန်ရင်ဆိုင် တိုက်ခိုက်တဲ့ ဘာသာမှာ ထူးချွန်အဆင့်ရတာ ငါသိပြီးသားပါ" ရွန်က ပြောပြီး ဟယ်ရီ့ပခုံးကို လက်သီးနဲ့ တစ်ချက် ထိုးလိုက်တယ်။ ပြီးတော့ "တို့တွေ အကုန်လုံး အောင်သွားပြီကွ၊ ဟုတ်တယ်နော်"လို့ ဆက်ပြောတယ်။

"အားလုံး ပြတ်သွားပြီ ဟုတ်လား" မစ္စဝက်စလေလည်း ဂုဏ်ယူစွာနဲ့ ဝင်ပြောတယ်။ "အိုဒဗလျူအယ်လ် ခုနစ်ခုကြီးများတောင်၊ ဒါဟာ ဖရက်ဒ်နဲ့ ဂျော့နှစ်ယောက်ပေါင်း ရတာထက်တောင် ပိုတယ်"

"ဟာမီယွန်ကရော၊ ဟဲ့-နင် ဘယ်လို ရထားလဲ"ဟာမီယွန်က ခုချိန်ထိ ပြန်မလှည့်သေးဘဲ ကျောခိုင်းထားတာကြောင့် ဂျင်နီက သွေးထိုးစမ်းသလို မေးလိုက်တယ်။

"ငါလား......... မဆိုးပါဘူးဟယ်" ဟာမီယွန်က ပြန်ဖြေတယ်။ ဒါပေမဲ့ သူမရဲ့ အသံက အားမပါဘဲ ပျော့စိပျော့ဖတ် ဖြစ်နေတယ်။

"အိုကွာ၊ မှန်းစမ်းပါဦး နင့်အောင်လက်မှတ်"ပြောပြောဆိုဆို ရွန်က ဟာမီယွန့်ဆီကို လျှောက်သွားပြီး သူမလက်ထဲက ပုရပိုက်ကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။ "ဟာ ....... ထူးချွန် ၁၀ခုနဲ့ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှု တွန်းလှန် ကာကွယ်ခြင်းမှာ အလားအလာအလွန်အားကောင်းတာ တစ်ခုတောင်ပါလား" သူက ဟာမီယွန်ကို ငုံ့ကြည့်ပြီး အပျော်တစ်ဝက်၊ စိတ်တို မနာလိုပုံမျိုး တစ်ဝက်နဲ့ ပြောလိုက်တယ်။ "နင်ဟာ တော်တော် စိတ်အနှောင့်အယှက်ပေးတဲ့ ဟာလေးပဲ၊ မဟုတ်လို့လား"

ဟာမီယွန်က ခေါင်းခါပြတော့ ဟယ်ရီက သဘောကျလို့ ရယ်နေတယ်။

"ဟေ့-တို့တွေ ခု အင်န်အီးဒဗလျူတီ ကျောင်းသားတွေ ဖြစ်ပြီကွ။ အမေ.... ကြက်အူချောင်း စားဖို့ ကျန်သေးလား" ရွန်က သူ့သွားတွေ အကုန်ပေါ်အောင် စပ်ဖြီးဖြီးလုပ်ပြီး ပြောရင်းက သူ့အမေကို မေးလိုက်တယ်။

ဟယ်ရီက သူ့အောင်စာရင်းကို တစ်ခါပြန်ငုံ့ကြည့်လိုက်တယ်။ သူတို့တွေက မှန်းထားတာထက်တောင် ပိုတော်နေကြပါလား။ အဲဒီမှာ သူ ဖျတ်ခနဲ တစ်ချက် တဒင်္ဂ နှောင်တရသလို ခံစားလိုက်ရတယ်။ ဒါဟာ အော်ရာတစ်ယောက် ဖြစ်လာဖို့ သူ့ရဲ့ အာသီသပြင်းပြတဲ့ ဆန္ဒမျှော်လင့်ချက်တွေ အဆုံးသတ်သွားတာလည်း ဖြစ်တယ်။ သူ ပီယဆေးနဲ့ ဣန္ဒြေလာဆေးရည်တွေနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အဆင့်မီအောင် နင်လားငါလား အပြည့်မဖြေနိုင်တဲ့အတွက် ဖြစ်တယ်။ အဲဒီလို မဖြေနိုင်မှာကိုလည်း သူ တစ်ချိန်လုံး သိနေခဲ့တယ်။ အောင်စာရင်းရဲ့ အဲဒီဘာသာနေရာမှာ ရေးထားတဲ့ အနက်ရောင် (အီး)ဆိုတဲ့ စာလုံးကို သူ တစ်ခါ ထပ်ကြည့်လိုက်ပြီး ဗိုက်ထဲကပါ မအီမသာ ဖြစ်လာတယ်။

ဒီနေရာမှာ သူ့ကိုယ်သူ ထူးချွန်တဲ့ အော်ရာတစ်ယောက် ဖြစ်လာအောင် လုပ်မယ်လို့ ဟယ်ရီ့ကို ပထမပြောခဲ့သူဟာ ရုပ်ပြောင်းရုပ်လွှဲ လုပ်ထားတဲ့ မရဏမှီဝဲကောင်တစ်ကောင် ဖြစ်နေတာ အတော်လေး ထူးခြားတယ်။ ဒါပေမဲ့ ခုတော့လည်း အဲဒီ ရည်မှန်းချက်အကြံဟာ ခု သူ့ဆီကနေ ထွက်ခွာသွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ အော်ရာဖြစ်ချင်တဲ့ စိတ်တွေ ကုန်ခန်းသွားတယ်။

www.burmeseclassic.com

ဒါတင်မကဘဲ အဲဒီအချက်က လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်က "တခြားလူတွေ အသက်ရှင် လွတ်မြောက်သွားချိန်မှာ ဘယ်သူမှ အသက်ရှင် ကျန်ရစ်မနေနိုင်ဘူး"ဆိုတဲ့ ဟောစာတမ်းကြီးထဲမှာ ပြောဆိုထားချက်ကို သူကြားခဲ့ချိန်ကစလို့ သူ့ရဲ့ ကံတရားအမှန် ဖြစ်လာပြီဆိုတာကိုလည်း သူ သဘောပေါက်သွားတယ်။

နောက်ဆုံးတော့ ဗိုဒီမော့ကို ရှာဖွေသတ်ရမယ့် အလုပ်အတွက် အဆင့်မြင့် လေ့ကျင့်သင်ကြားထားတဲ့ ဒီမှော်ဆရာတွေနဲ့ မဆက်သွယ် မပူးပေါင်းဘဲ ဟောစာတမ်းကြီးနဲ့အညီ သူနေထိုင်သွားနိုင်မှာ၊ သူ အသက်ရှင်လွတ်မြောက်ဖို့ အကောင်းဆုံး အခွင့်အရေးကို သူ့ကိုယ်သူ ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ သူသိလာခဲ့တယ်။

********************

အခန်း (၆)
ဒရာကိုရဲ့ လမ်းလွှဲ

ဟယ်ရီဟာ နောက်ထပ် ရက်သတ္တပတ်အနည်းငယ် ကြာလာတဲ့အထိ ဘာရိုးအိမ်ကြီးရဲ့ ဥယျာဉ်ခြံဝင်းထဲက မထွက်နိုင်ဘဲ အကျယ်ချုပ်ကျသလို ရှိနေခဲ့တယ်။ အဲဒီရက်တွေ အကုန်လုံးနီးပါးကို ဝက်စလေမိသားစုရဲ့ သစ်သီးခြံထဲမှာပဲ သူနဲ့ ဟာမီယွန်က တစ်ဖက်၊ ရွန်နဲ့ ဂျင်နီက တစ်ဖက်၊ တစ်ဖက်နှစ်ယောက် ကစားရတဲ့ ကွစ်ဒစ်ချ်ကစားနည်းကို ကစားနေခဲ့ပါတယ်။ ဟာမီယွန်က ချာသလောက် ဂျင်နီက တော်တယ်၊ သွက်တယ်။ ဒါ့ကြောင့် သူတို့ ပွဲလေးတွေက ကြည့်ကောင်းတယ်။ အကြိတ်အနယ်ပဲ။ ပြီးတော့ ညနေပိုင်း အစားအသောက်ကိုလည်း မစ္စဝက်စလေ သူ့ရှေ့မှာ လာချပေးသမျှကို ဟိုသုံးယောက်ရဲ့ လိုလေသေးမရှိ အကူအညီပေးမှုနဲ့ သူ စားသောက်ခဲ့ရတယ်။

ဒါ့ကြောင့် ဒီကာလကလေးဟာ အဲဒီရက်တွေက တမန်တော်နေ့စဉ် သတင်းစာထဲမှာ ရက်ဆက်နီးပါး ပါလာတတ်တဲ့ လူပျောက်ဆုံးမှု သတင်းတွေ၊ ထူးထူးခြားခြား မတော်တဆ ဖြစ်ပွားမှုတွေနဲ့ သေဆုံးမှုတွေအကြောင်း သတင်းဇာတ်လမ်းတွေနဲ့ ဘယ်လိုမှ မပတ်သတ်ဘဲ တကယ်ပျော်စရာ ငြိမ်းချမ်းတဲ့ အားလပ်ရက်ကလေး ဖြစ်နေတယ်။ တစ်ခါတစ်ခါ သတင်းစာတောင် မရောက်သေးဘူး၊ ဘီလ်နဲ့ မစ္စတာဝက်စလေတို့က အဲဒီသတင်းကို သယ်လာတတ်တယ်။

ဒီကြားထဲမှာမှ မစ္စဝက်စလေအတွက် မကျေမချမ်း စိတ်အနှောင့်အယှက် ဖြစ်ရတာတစ်ခုကတော့ ဟယ်ရီရဲ့ အသက် ၁၆ နှစ်ပြည့် မွေးနေ့ပါတီပွဲလေး ကျင်းပနေတုန်း အော့နှလုံးနာဖို့ ကောင်းတဲ့ ရုပ်ကြီးနဲ့ မျက်နှာထားတင်းတင်း ရောက်လာတဲ့ ရီးမတ်စ်လူပင်က အနိဋ္ဌာရုံ သတင်းတွေကို ယူဆောင်လာခဲ့တာပါပဲ။

www.burmeseclassic.com

သူ့ရဲ့ အညိုရောင် ဆံပင်တွေက တချို့နေရာတွေ ဖြူရော်ရော် ပြာနှမ်းနှမ်းနဲ့ ကွက်တိကွက်ကျား ဖြစ်နေတယ်။ သူ့အဝတ်အစားတွေကလည်း စုတ်ပြတ်ပြီး အပေါက်အပြဲတွေ၊ အဖာရာတွေနဲ့ ပြည့်နေတယ်။ မစ္စဝက်စလေ ဧရာမ မွေးနေ့ကိတ်ကြီးတစ်ချပ်နဲ့ သူ့အနားက ဖြတ်အသွားမှာပဲ "အဲမှာ စိတ်ရှုပေါက် စုန်းထီးနှစ်ယောက် တိုက်ခိုက်ကြတာများဗျာ......."လို့ အစပျိုးပြီး သူက သတင်းကို ကြေညာလိုက်တယ်။ ပြီးတော့ "အိုင်ဂေါ်ကာကာရော့ဖ်ရဲ့ အလောင်းကို မြောက်ဘက်နားက တင်းကုပ်တစ်လုံးထဲမှာ သူတို့ ပြန်တွေ့တယ်။ မှော်ပညာ လျှို့ဝှက်အမှတ်အသား အမှောင်တံဆိပ်ကြီးကို သူ့အလောင်းပေါ်မှာ ဖုံးထားတယ်။ ရှင်းရှင်းပြောရရင် မရဏစားစုန်းကောင်တွေကို သူ စွန့်ခွာလာပြီးတဲ့နောက် တစ်နှစ်လောက်ကြာအောင် သူ အသက်ရှင်နေတာကတော့ အံ့သြစရာပဲ။ ကျွန်တော် မှတ်မိသလောက် ဆီးရီးယတ်စ်ရဲ့ ညီ ရီဂူလပ်စ်ပဲ အဲဒီမှာ နေနေတယ်"လို့ သူက ဆက်ပြောတယ်။

"အင်းပါ အင်းပါ....... ဟုတ်ပါပြီ။ ဒါပေမဲ့ တခြားအကြောင်းပြောရင် မကောင်းဘူးလား၊ တစ်ခုခုပေါ့။ ဒါမျိုးမဟုတ်ရင် ပြီးရော"လို့ မစ္စဝက်စလေက မျက်မှောင်ကြီးကြုတ်ပြီး ဆိုကာရှိသေး ဖလား ယူလာပေးတဲ့ ဝိုင်တွေကို တဝကြီးသောက်နေတဲ့ ဘီလ်က တစ်ခါ မေးလိုက်ပြန်တယ်။

"ခင်ဗျား ဖလောရင်းဖော့တက်စ်ကျူးအကြောင်း ကြားပြီးပြီလား ရီးမတ်စ်၊ ဟိုအလုပ် လုပ်တဲ့လူလေ" ဒီမှာတင်–

"ထောင့်ဖြတ်လမ်းသွယ်က ရေခဲမုန့် ရောင်းတဲ့လူကို ပြောတာဗျာ။ သူက ကျွန်တော့်ကို ပိုက်ဆံမယူဘဲ ရေခဲမုန့်တွေ တဝတထောကြီး ကျွေးလေ့ရှိတယ်။ သူ ဘာဖြစ်လို့လဲ"လို့ ဟယ်ရီက ကြားဖြတ်ပြောပြီး မေးလိုက်တယ်။ ဟယ်ရီက သူ့ဝမ်းခေါင်းထဲမှာ တစ်စုံတစ်ခု လွတ်နေသလို ဟာတာတာကြီးနဲ့ နေမထိ ထိုင်မသာလည်း ခံစားနေရတယ်။

"သူ့နေရာကို လှမ်းကြည့်လိုက်တော့ ဆွဲခေါ်သွားကြတာပဲ"

"ဘာဖြစ်လို့လဲဗျ"ရွန်က ဝင်မေးတယ်။ ဒီအချိန်မှာ မစ္စဝက်စလေကလည်း ဘီလ်ကို တည့်တည့်မတ်မတ် စိမ်းစိမ်းကြီး စိုက်ကြည့်နေတယ်။

"ဘယ်သူက သိမှာလဲ၊ သူက ဟိုလူတွေကို တစ်ခုခု ဒုက္ခပေးမိသလားပဲ။ ဖလောရင်းက လူကောင်းတစ်ယောက်ပါ"

"ထောင့်ဖြတ်လမ်းအကြောင်း ပြောနေတာလား၊ ကြည့်ရတာ အော်လီဗန်ဒါလည်း ပါသွားပြီနဲ့တူတယ်"မစ္စဝက်စလေက ပြောလိုက်တယ်။

"ဆေးကြိမ်လုံး လုပ်တဲ့လူလား" ဂျင်နီကလည်း အထိတ်တလန့် ဝင်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"တစ်ခုရှိတယ်။ ဆိုင်က အခွံကြီး၊ အထဲမှာ ဘာမှမရှိဘူး။ တွန်းထိုးတိုက်ခိုက်မှု ဖြစ်ခဲ့တဲ့ လက္ခဏာလည်း မတွေ့ရဘူး။ ခက်တာက သူဟာ သူ့သဘောနဲ့သူ လိုက်သွားတာလား၊ အတင်းအကျပ် ပြန်ပေးဆွဲသွား ခံရသလားဆိုတာ ဘယ်သူမှ မသိတာဘဲ"

"ဒါပေမဲ့ ဆေးကြိမ်လုံးတွေက ရှိသေးတယ်။ လူတွေက ဆေးကြိမ်လုံးတွေ အတွက် ဘယ်လိုလုပ်ကြမလဲ"

"ဒါကတော့ တခြား ဆေးကြိမ်လုံး လုပ်တဲ့လူတွေနဲ့ လုပ်မှာပေါ့"လူပင်းက ပြောလိုက်တယ်။ "ဒါပေမဲ့ အော်လီဗန်ဒါကတော့ အကောင်းဆုံးပဲ။ တစ်ဖက်က ကြည့်ရင်တော့လည်း သူရှိနေတာ ကျုပ်တို့အတွက် သိပ်မကောင်းပါဘူး"

ရွှန်းရွှန်းဝေဝေ စည်စည်ကားကားလေး ကျင်းပခဲ့တဲ့ မွေးနေ့လက်ဖက်ရည်ပွဲလေးအပြီး နောက်တစ်ရက်မှာတော့ ဟော့ဂ်ဝပ်စ်ကျောင်းကနေ သူတို့ရဲ့ စာတွေနဲ့ စာအုပ်စာရင်းတွေ ရောက်လာတယ်။ ဟယ်ရီ တအံ့တဩ ဖြစ်ရပြန်တယ်။ ကျောင်းက သူ့ကို ကွစ်ဒစ်ချ်အားကစား အသင်းခေါင်းဆောင် အဖြစ် ခန့်ထားခဲ့လို့ ဖြစ်ပါတယ်။

"ဒီလို အခန့်ခံရတာဟာ နင့်ကို ကျောင်းသားတွေကို ထိန်းရတဲ့ အတန်းကြီး ရှေ့ဆောင်ကျောင်းသားရာထူးနဲ့ တစ်တန်းတည်း ညီသွားအောင် လုပ်လိုက်တာပဲ ဟဲ့" ဟာမီယွန်က ဝမ်းသာအားရ အော်လိုက်တယ်။

"အို့ဟိုး....... ဒါမျိုး တံဆိပ်တစ်ခု ချာလီတပ်ထားတုန်းက အကြောင်းကို ငါသွားသတိရတယ်ဟေ့"ရွှန်က အူမြူးနေတဲ့ ပုံစံနဲ့ ဟယ်ရီရဲ့ အသင်းခေါင်းဆောင် တံဆိပ်ကို ကိုင်တွယ် စူးစမ်း ကြည့်ရှု့နေရင်း ထအော်လိုက်တယ်။ "ဟယ်ရီ၊ ဒါက တော်တော်ကို နိပ်တာပဲကွ၊ မင်းက ငါတို့ရဲ့ အသင်းခေါင်းဆောင်ပေါ့ ဟုတ်လား၊ မင်း ငါ့ကို ပြန်ခေါ်ကစားခိုင်းမှာလား၊ ငါထင်သေးတယ် ...ဟား..... ဟား..... ဟား........ ဟား"
လို့ ပြောင်သလိုလို အတည်လိုလိုနဲ့ ကျီစားနေတယ်။

"အေး.... နင်က အဲဒီမှာထင်နေ၊ ငါကတော့ နင်တို့ ဒါတွေရလာပြီဆိုတော့ ထောင့်ဖြတ်လမ်းသွယ်ကို တစ်ခေါက်သွားရမယ့်ကိစ္စကို နေ့ရွှေ့ ညရွှေ့နဲ့ အကြာကြီးဆွဲထားလို့ ရတော့မယ် မထင်ဘူး"မစ္စဝက်စလေက ပြောရင်း သက်ပြင်းချရင်း ရွှန်ရဲ့ စာအုပ်စာရင်းကို ကြည့်ပြီး ပြောလိုက်တယ်။ "တို့ နင့်အဖေ နောက်ထပ် အလုပ်ထဲပြန်မဝင်လာခင် လာမယ့်စနေနေ့ပဲ သွားကြမယ်။ နင့်အဖေမပါဘဲ ငါ အဲဒီကို သွားလို့လည်းမဖြစ်ဘူး"လို့လည်း ဆက်ပြောတယ်။

"အမေကလည်းဗျာ၊ ဘာလဲ အဲဟို ဖလားရစ်ရှ်နဲ့ ဘလော့စ်ဆိုင်က စာအုပ်စင်တွေနောက်မှာ ယူနိုးဟူးကြီး ပုန်းနေမှာပဲလို့ အမေ တကယ်ထင်နေလို့လား"ရွှန်က သူ့အမေကို တိုးတိုးကလေးကပ်ပြီး သရော်ဟာသ လုပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အံမာ..... ဖော့တက်စ်ကျူးနဲ့ အော်လီဗန်ဒါတို့ အားလပ်ရက် အပန်းဖြေနေတာလား၊ ဟုတ်လား။ အေး .... လုံခြုံရေးကိစ္စကို ရယ်စရာလို့ နင်ထင်နေ နင်ကျန်ခဲ့။ နင့်ပစ္စည်းတွေကို ငါ့ဘာသာပဲ ငါသွားယူတော့မယ်"မစ္စဝက်စလေက ဒေါသတကြီး ချက်ချင်း ပြန်ပြောလိုက်တယ်။

"မဟုတ်ပါဘူး၊ အမေကလည်း ကျွန်တော် လိုက်မှာပေါ့ဗျာ၊ ကျွန်တော်က ဖရက်ဒ်နဲ့ ဂျော့ရဲ့ဆိုင်ကို ကြည့်ချင်သေးတာလေ"ရွန်ကလည်း သူ့အမေစကား ဆုံးတာနဲ့ ကပျာကယာ ပြောလိုက်တယ်။

"လုပ်မနေနဲ့၊ ဒါပဲ ကောင်လေး နင့်ကို ငါတို့နဲ့ ယှဉ်ပြီး လုပ်ဖို့ကိုင်ဖို့ လုံးဝ မရင့်ကျက် မသိတတ်တဲ့ သူငယ်နှပ်စားလေးလို့ ငါမဆုံးဖြတ်လိုက်မိခင် နင်ဘာလုပ်သင့်တယ်ဆိုတာ ကိုယ့်တာဝန်ကိုယ်သိ၊ ဂရုစိုက်"စိတ်ဆိုး မပြေသေးတဲ့ မစ္စဝက်စလေက အပြတ်ဖိထောင်းသလို ပြောလိုက်တယ်။ လက်တံ ကိုးချောင်းလုံး 'သေနိုင်လောက်သော အန္တရာယ်'ဆိုတဲ့ နေရာကို ပြနေတဲ့ သူမရဲ့ နာရီကြီးကို ဖျတ်ခနဲ ဆွဲယူပြီးတော့လည်း မီးပူတိုက်ပြီးစ ကိုယ်သုတ်၊ မျက်နှာသုတ်ပဝါ အထပ်လိုက်ကြီးပေါ်မှာ တည့်တည့်မတ်မတ် နေရာတကျရှိအောင် အသေအချာ ပြန်ရွှေ့ထောင်နေတယ်။ ပြီးတော့ "ဟော့ဂ်ဝပ်စ်ကို ပြန်သွားရမယ့် ကိစ္စကလည်း တစ်မျိုးပေါ့"လို့ သူမက ထပ်ပြောလိုက်တယ်။

သူ့အမေ မီးပူတိုက် အဝတ်ခြင်းကြီးကို မယူ၊ လက်မောင်းကြားမှာ နာရီကြီးကိုပိုက်ပြီး အခန်းပြင်ကို ဒေါနဲ့မောနဲ့ ထွက်သွားချိန်ကျမှ ရွန်က ဟယ်ရီ့ဘက်ကို မလုံမလဲ စိုက်ကြည့်ပြီး–

"ငါ့ခွီးမှပဲ၊ မင်းကလည်း အရေးထဲအကြောင်းထဲမှာ ဟာသလေး တစ်ချက်လောက်တောင် ဝင်ပြောပေးဖော်မရဘူး"လို့ ဟောက်လိုက်တယ်။

ဒါပေမဲ့ ရွန်ဟာ နောက်ရက် အနည်းငယ်ကြာအထိ ဗိုဒီမော့နဲ့ ပတ်သက်လို့ ပေါ့ပေါ့တန်တန် သဘောမထားဘဲ ဂရုတစိုက် ရှိနေတာကို တွေ့ရတယ်။ ဒီလိုနဲ့ မစ္စဝက်စလေထံက နောက်ထပ် ပူညံပူညံ ဘာသံမှ ထပ်မကြားရဘဲ စနေနေ့ နံနက် အရုဏ်ကျင်းပြီး မိုးလင်းစပြုလာတယ်။ သူမဟာ နံနက်စာအတွက် အပူတပြင်း ပြင်ဆင်ရင်း စိတ်စောပြီး အကြဲအိုက်နေပုံရတယ်။

ဟာမီယွန်နဲ့ ဂျင်နီတို့အကြိုက် ကွက်တိဖြစ်သွားအောင် ဖလားနဲ့အတူ အိမ်မှာ ကျန်နေရစ်မယ့် ဘီလ်က စားပွဲပေါ်ကနေဖြတ်ပြီး ငွေအပြည့်ပါတဲ့ အိတ်တစ်လုံးကို ဟယ်ရီ့ကို ကမ်းပေးလိုက်တယ်။

ဒီမှာတင် "ကျွန်တော့်အတွက်က ဘယ်မှာလဲ"လို့ ရွန်က ချက်ချင်း မျက်လုံးပြူး မျက်ဆံပြူးနဲ့ ထတောင်းဆိုလိုက်တယ်။

"ဟ.... တော်တော် တုံးတဲ့ကောင်ပဲ၊ ဒါ နဂိုကတည်းက ဟယ်ရီ့ရဲ့ ပိုက်ဆံတွေကွ"ဘီလ်က ပြောလိုက်တယ်။ ပြီးမှ ဆက်ပြီး ဟယ်ရီ့ကို–

"ဒါ ငါ မင်းဘဏ်တိုက်ခန်းထဲက ထုတ်ယူတာပဲ ဟယ်ရီ။ ဘာဖြစ်လို့လဲဆိုတော့ လောလောဆယ် အခြေအနေအရ အများပြည်သူတွေအတွက် သူတို့ ငွေကို များများစားစား ထုတ်မယ်ဆိုရင် အချိန် ၅နာရီကြာတယ်။ နတ်မှင်စာလေးတွေက ခု လုံခြုံရေးကို တအားတင်းကျပ်ထားတာ။

www.burmeseclassic.com

လွန်ခဲ့တဲ့နှစ်ရက်ကဆိုရင် အာကီးဖီးလ်ပေါ့ဟာ သူ ရိုးဖြောင့် သမာဓိ ရှိမရှိ စမ်းတဲ့ကိရိယာကြီးနဲ့ကို သူ့ကိုယ်ထဲ ထိုးထည့်အစမ်းခံခဲ့ရတယ်။ ငါ့ကိုယုံပါ။ ငါ ခုလိုလုပ်ပေးတာ ပိုလွယ်ကူသွားတာပေါ့ကွာ”လို့ ပြောပြလိုက်တယ်။

“ကျေးဇူးပဲ ဘီလ်”လို့ ပြောရင်း ဟယ်ရီက သူ့ငွေတွေကို အိတ်ကပ်ထဲထည့်လိုက်တယ်။

“အဲ–ရှင်ဟာလေ အမြဲတမ်း သိပ်ကို စဉ်းစဉ်းစားစား လုပ်တတ်တာပဲ”ဖလားက အားရကျေနပ်နေသလို ညှောင်ညှောင်ညက်ညက်နဲ့ ပြောပြီး ဘီလ်ရဲ့ နှာခေါင်းကို ပွတ်လိုက်တယ်။ ဖလားရဲ့ နောက်မှာ ရှိနေတဲ့ ဂျင်နီက အမြင်ကတ်သလို၊ ရွံ့ရှာသလိုနဲ့ သူ့ စားစရာပန်းကန်ထဲကို အန်ချနေသလို ဟန်လုပ်ပြတယ်။ ဟယ်ရီလည်း သူ့ရဲ့ ပြောင်းဖူးမုန့်ဆန်းကိုစားရင်း နင်ပြီး သီးသွားတယ်။ ရွှန်က သူ့ကျောကို တဘုန်းဘုန်းထုပေးနေတယ်။

အဲဒီနေ့ဟာ ရာသီဥတု မကြည်လင်ဘဲ အုံ့မှိုင်းမှိုင်း ဖြစ်နေတဲ့ နေ့တစ်နေ့ပါပဲ။

သူတို့ ဝတ်ရုံတွေကို လက်ထဲမှာကိုင်ဆွဲပြီး အိမ်ထဲက သူတို့ ထွက်လာကြတော့ ခြံဝင်းအပြင်ဘက်မှာ မှော်ပညာဝန်ကြီးဌာနပိုင် ကားတွေထဲက ကားတစ်စီး သူတို့ကို အသင့်စောင့်နေတယ်။ အဲဒီကားကို ဟယ်ရီ အရင်ကလည်း စီးဖူးတယ်။

“ဒါကြီးကို တို့ တစ်ခါ ထပ်စီးလို့ရအောင် အဖေလုပ်ပေးတာပဲကွ”

ဘာရိုးအိမ်ကြီးရှေ့ကနေ တငြိမ့်ငြိမ့်နဲ့ ကား ညင်ညင်သာသာ ထွက်လာချိန်မှာပဲ ရွှန်က ကျေးဇူးတင်ဟန်၊ အားရကျေနပ်ဟန်၊ စည်းစိမ် အပြည့်အဝ ခံစားနေရဟန်တွေနဲ့ ပြောလိုက်တယ်။ ဘီလ်နဲ့ဖလားတို့က အိမ်မီးဖိုခန်း ပြတင်းကနေ လက်ဝှေ့ယမ်း နှုတ်ဆက်နေတယ်။ သူရယ်၊ ဟယ်ရီရယ်၊ ဟာမီယွန်နဲ့ ဂျင်နီတို့ လေးယောက် ကျယ်ဝန်းတဲ့ ကားနောက်ခန်းက ထိုင်ခုံအကျယ်ကြီးမှာ ထိုင်ပြီးလိုက်ပါလာတယ်။

“မင်း ဒီလိုမျိုး မပြောနဲ့၊ ဒါ ဟယ်ရီကြောင့်သာ ခုလို တို့စီးကြရတာ”မစ္စတာ ဝက်စလေက ခေါင်းကိုငဲ့ပြီး သူ့ရဲ့ ပခုံးပေါ်ကနေ ကျော်ပြောလိုက်တယ်။ သူရယ်၊ မစ္စဝက်စလေရယ်၊ ဝန်ကြီးဌာနက ကားယာဉ်မောင်းရယ် သုံးယောက်က ရှေ့ခန်းမှာ။ ကားရှေ့ခန်းက လိုက်ပါတဲ့ ခရီးသည် ထိုင်ခုံနေရာလည်း ကျယ်ကျယ်ဝန်းဝန်း သက်သောင့်သက်သာ ရှိပြီး နှစ်ခုံတွဲဆိုဖာတွေ ဖြစ်ပါတယ်။ “သူ့ကို ထိပ်တန်း လုံခြုံရေး အဆင့် ပေးထားတယ်။ ပြီးတော့ ယိုစိမ့်တဲ့ ဒယ်အိုးကြီးနေရာမှာပါ တို့တွေကို နောက်ဆက်တွဲ လုံခြုံရေး ထပ်ပေးထားဦးမယ်”

ဟယ်ရီက ဘာမှမပြောဘဲ ငြိမ်နေတယ်။ နောက်ပြီး အော်ရာတွေ တပ်ရင်းကြီးတစ်ရင်းလုံး ဝိုင်းပေးထားပြီးမှ ဈေးဝယ်ရတာမျိုးကိုလည်း သူ လိုလိုချင်ချင် မရှိဘဲ ဖြစ်နေတယ်။ သူက သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို အကျအန သေသေသပ်သပ် ခေါက်ထည့်ထားပြီး ဒီလိုခံစားနေရတယ်။ တကယ်လို့ သူ့ကိုယ်ဖျောက်ဝတ်ရုံဟာ ဒမ်းဘဲလ်ဒိုးအတွက် ကောင်းမွန်လုံလောက်တယ်ဆိုရင် ဒါဟာ ဝန်ကြီးဌာနအတွက်လည်း ကောင်းမွန်လုံလောက်ရမယ်ပေါ့။ ဒါပေမဲ့ တစ်ဖက်ကလည်း ဝန်ကြီးဌာနဟာ သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံအကြောင်း တကယ်သိမသိ သူမသေချာတာကို ပြန်စဉ်းစားမိပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ကဲ–ဒီမှာ ရောက်ပါပြီ” ကားယာဉ်မောင်းက ပြောလိုက်တယ်။ သူတို့ ခဏကလေး အံ့အားသင့်သွားပြီးနောက်မှာ ပထမဆုံးအကြိမ် စကားစပြောသူ ယာဉ်မောင်းကပဲ ချားရင်းလမ်းဆုံမှာ ကားကို အရှိန်လျှော့ချပစ်လိုက်ပြီး ယိုစိမ့်တဲ့ ဒယ်အိုးကြီး အပြင်ဘက်မှာ ရက်လိုက်ပါတယ်။ သူက “ကျွန်တော် ခင်ဗျားတို့ကို စောင့်နေပါတယ်။ ဘယ်လောက်ကြာကြာ နေမယ်လို့ စိတ်ကူးထားသလဲ”လို့ ပြောတယ်။

“ကျွန်မ မှန်းကြည့်တယ်။ နှစ်နာရီလောက် ကြာမယ်၊ အေး–သူဒီမှာ ရှိနေတာ ကောင်းပါတယ်”လို့ မစ္စဝက်စလေ ပြောလိုက်တယ်။

ဟယ်ရီ မစ္စဝက်စလေကို အတုခိုးပြီး ကားပြတင်းကနေတစ်ဆင့် အပြင်ကို ချောင်းကြည့်လိုက်တာ သူ့နှလုံး တစ်ချက်ခုန်သွားတယ်။ စားသောက်ဆိုင်ကြီး အပြင်ဘက်မှာ သူတို့ကို စောင့်နေတဲ့ အော်ရာတစ်ယောက်ကိုမှ သူမတွေ့ဘူး။ အဲဒါ အစား မုတ်ဆိတ်နက်ကြီးနဲ့ ဧရာမလူထွားကြီး ရှုးဘီးယတ်စ် ဟက်ဂရစ်ကိုသာ မြင်ရတယ်။ သူက ဟော့ဂ်ဝပ်စ်ကျောင်းထဲက တောကောင်တွေကို စောင့်ရှောက်ရသူ ဖြစ်ပြီး ဖျံသားရေ ကုတ်အင်္ကျီရှည်ကြီး ဝတ်ထားတယ်။ ရှုးဘီးယတ်စ် ဟက်ဂရစ်က ဖြတ်သွားဖြတ်လာ မတ်ဂဲလ်တွေရဲ့ ကြောက်လန့်တကြား ထိတ်ထိတ်ပျာပျာ သူ့ကို စိုက်ကြည့်သွားကြတဲ့ အကြည့်တွေကို တမင် မသိကျိုးကျွန်ပြုပြီး ဟယ်ရီ့ရဲ့ မျက်နှာ ရှေ့တည့်တည့် မြင်ကွင်းကကပ်ပြီး သွားတွေပေါ်အောင် အားပါးတရ ပြုံးပြလိုက်တယ်။

နောက် “ဟယ်ရီ”လို့ တအား ကျုံးအော်လိုက်ပြီး ကားပေါ်က ဆင်းနေဆဲ ဟယ်ရီကို စောင့်မနေနိုင်ဘဲ ကားထဲက ဆွဲထုတ်ချရင်း အရိုးတွေ ကျိုးကုန်မတတ်အောင် အားရှိပါးရှိ ဖက်နှုတ်ဆက်လိုက်ပါတယ်။ “သမင် နှုတ်သီးလေ သမင် နှုတ်သီး၊ ဟို အတောင်နဲ့ မြင်းကို ပြောတာ။ မင်း သူနဲ့ တွေ့ဖို့ကောင်းတယ်။ သူလည်း ကောင်းကင်ပြင်လေထဲမှာ တစ်ခါပြန်ပြီး ပျံနိုင်ပြီဖြစ်လို့ အရမ်းပျော်နေတယ်”

“ဟာ ....... တွေ့ကြလို့ကတော့ သူပျော်ပြီပေါ့ဗျာ”ဟယ်ရီက ပြောလိုက်တယ်။ နံရိုးတွေ တော်တော်အီသွားလို့ မချိသွားဖြဲလည်း လုပ်နေရတယ်။ “ဒါနဲ့ လုံခြုံရေး အပြည့်ချထားမယ်ဆိုတာ ခင်ဗျားကို ထားမှာမှန်း ကျွန်တော်တို့က မသိဘူး”

“အေး ကျုပ် သိပါတယ်။ ကုန်ဆုံးခဲ့တဲ့ အချိန်တွေတုန်းကလိုပဲ ပေါ့ဗျာ၊ ဝန်ကြီးဌာနက ဒီကို အော်ရာတွေ တစ်ပြုံတစ်မကြီး ပို့ပေးချင်တာ။ ဒါပေမဲ့ ဒမ်ဘဲလ်ဒိုးက မလိုဘူး၊ ကျုပ်တစ်ယောက်ရှိရင် ရပါတယ်ဆိုလို့...”ဆိုပြီး ဟက်ဂရစ်က ဂုဏ်ယူ ဝင့်ကြွားစွာ ပြောနေတယ်။ ရင်ဘတ်ကြီးကို ရှေ့ကော့၊ သူ့လက်မနှစ်ချောင်းကို ဘောင်းဘီအိတ်ထဲ ထိုးသွင်းပြီး “ကဲ.... လာ လာ၊ ဝင်ကြစို့”လို့ ဆိုပြီး ထွက်လာကြတယ်။

ယိုစိမ့်နေတဲ့ ဒယ်အိုးကြီးမှာ ဟယ်ရီ မှတ်မိသမျှ ပထမဆုံးအကြိမ် အဖြစ် လုံးဝဥဿုံ လူသူလေးပါး ရှင်းနေတယ်။ ယခင် လူစုလူဝေးအစား ရွတ်တွပိန်လှီပြီး သွားမရှိတော့တဲ့ ဘားဆိုင်မန်နေဂျာ တွမ်တစ်ယောက်ကိုပဲ တွေ့ရတယ်။ သူတို့ ဝင်သွားတာကို မျှော်လင့်တကြီးနဲ့ သူကြည့်နေစဉ်မှာပဲ သူ ဘာမှ မပြောနိုင်ခင် ဟက်ဂရစ်က အရေးတကြီး စပြောလိုက်တယ်။ “ဒီနေ့ တစ်နေကုန်အထိနေ့် တွမ်၊

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျား သေသေချာချာ သဘောပေါက်ရဲ့လား။ ဟော့ဂ်ဝပ်စ် လုပ်ငန်းတွေကိုလေ။ ခင်ဗျား သိလောက်ပါတယ်"

တွမ်က မရှင်မပျ ညှိုးညှိုးငယ်ငယ်နဲ့ ခေါင်းညိတ်ပြပြီး လုပ်လက်စ မှန်တွေသုတ်တဲ့အလုပ်ကို ပြန်ဆက်လုပ်နေတယ်။ ဟယ်ရီ၊ ဟာမီယွန်၊ ဟက်ဂရစ်နဲ့ ဝက်စလေဇနီးမောင်နှံတို့ ဘားခန်းကြီးကို ဖြတ်လျှောက်သွားပြီးမှ အဲဒီကနေ အေးစိမ့်စိမ့်ဖြစ်နေတဲ့ နောက်ဘက်က ဝင်းကလေးတစ်ခုထဲကို ပြန်ထွက်သွားကြတယ်။ အဲဒီမှာ အမှိုက်ပုံးတွေ ချထားတာရှိတယ်။ ဟက်ဂရစ်က သူ့ရဲ့ ပန်းရောင် ထီးကြီးကိုမြှောက်ပြီး အုတ်နဲ့ အသေပိတ်ထားတဲ့ နံရံတစ်ခုကို ခေါက်လိုက်ရာမှာ အဲဒီနံရံတံခါး ချက်ချင်းပွင့်သွားပြီး ဖြစ်ကတတ်ဆန်း ပြုလုပ်ထားတဲ့ ပေါင်းကူးမုခ်ဦးအခုံးကလေး တစ်ခုလို ဖြစ်သွားတယ်။ သူတို့ ဝင်ပေါက်ကနေ လှမ်းထွက်လိုက်ပြီး အဲဒီမှာ ခဏရပ်ရင်း ဘေးဘယ်ညာကို ကြည့်တယ်။

ထောင့်ဖြတ်လမ်းသွယ်ဟာ အကြီးအကျယ် ပြောင်းလဲနေတာ တွေ့ရတယ်။ ဂါထာမန္တန်စာအုပ်တွေ၊ ဆေးရည်အမျိုးမျိုးနဲ့ ဒယ်အိုးကြီးတွေရဲ့ ရောင်စုံဝင်းလက်နေတဲ့ ပြကွက်အခင်းအကျင်းတွေ မြင်ကွင်းထဲက ပျောက်နေပြီး မှော်ပညာဝန်ကြီးဌာနရဲ့ ကြီးမားတဲ့ ပိုစတာကြီးတွေ နောက်မှာ ကွယ်နေတယ်။ မှုန်မှိုင်းမှိုင်း ဖြစ်နေတဲ့ ခရမ်းရောင် ပိုစတာကြီးတွေ အများစုဟာ နွေရာသီတစ်လျှောက်လုံး ပို့ဝေဖြန့်ချိထားတဲ့ ဝန်ကြီးဌာနရဲ့ လက်ကမ်းစာစောင်တွေထဲက လုံခြုံရေးနဲ့ ပတ်သက်တဲ့ အဆိုအမိန့်တွေကို ပုံကြီးချဲ့ပြထားတဲ့ ပိုစတာတွေပဲ။ ဒါပေမဲ့ တခြားကျန်တာတွေကတော့ လွတ်သွားတဲ့ မရဏမှီဝဲကောင်တွေရဲ့ လှုပ်ရှားနေတဲ့ အဖြူအမည်း ဓာတ်ပုံတွေ ဖြစ်တယ်။ အဲဒီအထဲမှာ ဘဲလ်လားထရစ်စ် လက်စထရိန့်ချ်ကို အနီးဆုံး မှော်ဆေးဝါး ဖော်စပ်ရောင်းချတဲ့ မရဏမှီဝဲကောင် တစ်ကောင်ရဲ့ ရှေ့ကနေ မခန့်လေးစား သရော်ပြုံးပြုံးနေတာ တွေ့ရတယ်။ ဖလောရင်းဖော့တက်စ်ကျူးရဲ့ ရေခဲမုန့်ဆိုင်အပါအဝင် ပြကွက်အနည်းအကျဉ်းကိုတော့ ပျဉ်တွေနဲ့ရိုက်ပြီး ကာထားတယ်။

တစ်ဖက်မှာ ကြည့်ရတာ မလှမပ စုတ်စုတ်ပြတ်ပြတ်နဲ့ ဆိုင်ငယ်လေးတွေ လမ်းတစ်လျှောက် မှိုလိုပေါက်နေတာ တွေ့ရတယ်။ ဖလောရစ်ရှ်နဲ့ ဘလော့ စ်ဆိုင်ရဲ့ အပြင်ဘက်မှာ အစွန်းအကွက်တွေနဲ့ ပြောက်တိပြောက်ကျား ဖြစ်နေတဲ့ နေကာအမိုး တစ်ခုအောက်မှာ တည်ထားတဲ့ အနီးဆုံးနေရာက ဆိုင်တစ်ဆိုင်ရှေ့မှာတော့ ဆိုင်မျက်နှာစာမှာ သံနဲ့ရိုက်ကပ်ထားတဲ့ ကတ်ထူပြား ဆိုင်းဘုတ်တစ်ခု ရှိနေတယ်။ ဆိုင်းဘုတ်မှာ–

အင်းအိုင် ခါးလှည့် လက်ဖွဲ့ အဆောင်များ

သမန်းဝံပုလွေများ၊ စိတ်ရူးပေါက်စုန်းများနှင့် အပမှီခြင်းများအတွက် ထိရောက်သော အစွမ်းရှိသည်။

လို့ ရေးထားပါတယ်။ အဲဒီမှာ မသပ်မရပ် အနုပ်စုတ်ကုပ်စုတ် ပုံစံနဲ့ စုတ်ချွန်းချွန်း မှော်ဆရာငယ်လေး တစ်ယောက်က သူ့လက်ထဲက ငွေရောင်ဆွဲကြိုး တစ်ပွေ့တစ်ပိုက်ကြီးကို လမ်းသွားလမ်းလာတွေဘက်ကို ထိုးပေးပြီး တချောက်ချောက်နဲ့ လှုပ်ပြရင်း အော်ရောင်းနေတယ်။

www.burmeseclassic.com

"အစ်မကြီး ခင်ဗျားရဲ့ ဟိုမိန်းကလေးငယ်အတွက် တစ်ကုံးလောက် ဝယ်သွားပါလား။ သူမရဲ့ လှပတဲ့ လည်ပင်းကို ကာကွယ်ပေးလိမ့်မယ်"လို့လည်း သူတို့ဖြတ်အသွားမှာ မစ္စဝက်စလေကို လှမ်းခေါ်ပြောလိုက်တယ်။ အငမ်းမရ ရာဂပိုးထနေတဲ့ သူ့မျက်လုံးတွေကလည်း ဂျင်နီ့တစ်ကိုယ်လုံးပေါ်ကို စူးစိုက်ကျရောက်နေပြီး ဣန္ဒြေမဲ့နေတယ်။

"တယ်လေ .... ငါ တာဝန်နဲ့ လာတာများဆိုရင် သင်းတော့လား....."

မစ္စတာ ဝက်စလေက စိတ်ဆိုးမာန်ဆိုး မီးဝင်းဝင်းတောက်နေတဲ့ အကြည့်နဲ့ အဆောင်ရောင်းတဲ့ မှော်ဆရာသူငယ်ကို စိမ်းစိမ်းဝါးဝါး ကြည့်ပြီး ပြောလိုက်တယ်။

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ရှင်သူ့ကို သွားတော့မဖမ်းလိုက်ပါနဲ့ ကိုယ်တော်ရယ်။ အလုပ်ရှုပ်ကုန်ပါ့မယ်။ ကျွန်မတို့က တက်သုတ်ရိုက်ပြီး အချိန်လုလုပ်နေရတာ မဟုတ်လား"မစ္စဝက်စလေကပြောလိုက်ပြီး ဝယ်ရမယ့် ပစ္စည်းစာရင်းတစ်ခုကို ပြန်စစ်ပြီး တိုင်ပင်နေတယ်။ ပြီးတော့ "ဟေ့ ငါတို့ မဒမ်မောလ်ကင်းရဲ့ ဆိုင်ကို အရင်ဆုံး သွားကြရင် ပိုကောင်းမယ်။ ဟာမီယွန်က ဝတ်ရုံအသစ်ကို လိုချင်နေတာ၊ ရွန်ကလည်း သူ့ ကျောင်းသွားဝတ်ရုံ ထပ်ဝယ်ပေးဖို့ပဲ ပြောနေတယ်။ မင်းက သိပ်ထွားလာတယ်။ ကဲ....လာ လာ၊ အားလုံးလာကြ"လို့ ပြောပြီး ခေါ်နေတယ်။ ဒါပေမဲ့ မစ္စတာဝက်စလေက ပြောတယ်။

"မော်လီ .... မဒမ်မောလ်ကင်းရဲ့ ဆိုင်ကို အားလုံးစုသွားကြတာတော့ အဓိပ္ပာယ် မရှိဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ ဒီသုံးယောက်က ဟက်ဂရစ်နဲ့ အတူသွားချင်နေတာ။ တို့က ဖလောရစ်ရှ်နဲ့ ဘလော့စ်ဆိုင်ကို သွားမယ်ကွာ။ အဲဒီမှာ သူတို့ တစ်ယောက်ချင်းစီအတွက် လိုတဲ့ကျောင်းစာအုပ်တွေကို ဝယ်ကြတာပေါ့"တဲ့။

"ဒါဆိုလည်း မသိတော့ဘူး"မစ္စဝက်စလေက စိုးရိမ်တဲ့အမူအရာနဲ့ ပြောလိုက်တယ်။ ဈေးဝယ်တာကို အမြန်ဆုံး ပြီးပြတ်သွားချင်တဲ့ဆန္ဒနဲ့ တစုတဝေးတည်း စုစုစည်းစည်း သွားလာလိုတဲ့ စိတ်ကြားမှာ သူမ ဘာလုပ်ရမယ်ဆိုတာ သူမကိုယ်တိုင် မဝေခွဲနိုင်ဘဲ ဖြစ်နေတယ်။ "ဟက်ဂရစ်၊ ရှင်ကရော ဘယ်လို သဘောရသလဲ"

"မပူပါနဲ့ မော်လီရဲ့၊ သူတို့ ကျွန်တော်နဲ့ရှိနေတာ ကောင်းပါတယ်"အမှိုက်ပုံးရဲ့ အဖုံးအရွယ်လောက်ကြီးတဲ့ သူ့လက်တွေကို ဝှေ့ယမ်းပြီး ဟက်ဂရစ်က မစ္စဝက်စလေ စိတ်သက်သာရာရအောင် နှစ်သိမ့်ပြောဆိုလိုက်တယ်။ မစ္စဝက်စလေဟာ လုံးလုံးလျားလျား ဘဝင်မကျသေးဘဲ ရှိနေတယ်။ ဒါပေမဲ့ လူခွဲသွားဖို့ ခွင့်ပြုပြီး သူမရဲ့ခင်ပွန်းနဲ့ ဂျင်နီနဲ့အတူ ဖလောရစ်ရှ်နဲ့ ဘလော့စ်ဆိုင်ဘက်ကို သုတ်သုတ်ပျာပျာ ထွက်သွားတယ်။ ဟယ်ရီ၊ ရွန်၊ ဟာမီယွန်နဲ့ ဟက်ဂရစ်တို့တစ်ဖွဲ့ကလည်း မဒမ်မောလ်ကင်းရဲ့ ဆိုင်ဘက်ကို ချီတက်လာကြတယ်။

သူတို့ကို ဖြတ်သွားတဲ့ လူတွေအများအပြားလည်း မစ္စဝက်စလေလိုပဲ စိုးရိမ်တဲ့ မျက်နှာပေါက်အမူအရာတွေနဲ့ ကသုတ်ကရက် သွားလာနေပြီး ဘယ်သူမှ သွားရင်းလာရင်း ရပ်တန့် စကားပြောဆိုမနေတာကို ဟယ်ရီ သတိပြုမိတယ်။ ဒီအတိုင်းပဲ ဆိုင်ရှင်တွေနဲ့ ရောင်းသူတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com

သူတို့အစုနဲ့သူတို့ တစ်စည်းတစ်လုံးတည်း စုစုဝေးဝေးရှိနေပြီး သူတို့အလုပ်အပေါ်မှာပဲ အာရုံစိုက်နေကြတယ်။ ဘယ်သူမှ တစ်ဦးတစ်ယောက်တည်း ရောင်းနေတာ မတွေ့ရဘူး။

"အဲဒီဆိုင်ထဲမှာ တို့အတွက် အကျပ်အတည်း ပြဿနာ တစ်ခုခု ဖြစ်ကောင်း ဖြစ်လာနိုင်တယ်ကွ" မဒမ်မောလ်ကင်းရဲ့ ဆိုင်အပြင်ဘက်မှာ ရပ်နေရင်း ဟက်ဂရစ်က ပြောပြီး ပြတင်းပေါက်တစ်ပေါက်ကနေ ဆိုင်ထဲကို ငုံ့ပြီး ချောင်းကြည့်လိုက်တယ်။ "ကောင်းပြီ၊ မင်းတို့ဝင်၊ ငါအပြင်က စောင့်ပေးနေမယ်"လို့ သူက ပြောတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ ဆိုင်ကလေးထဲကို အတွဲညီညီ အုပ်လိုက် ဝင်ချသွားတယ်။ ပထမ ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်တာ ဆိုင်ထဲမှာ ဘာမှ မရှိသလိုဘဲ။ ဒါပေမဲ့ လုံးဝမကြာဘူး၊ ခဏလေးပဲ။ သူတို့နောက်က တံခါးကြီး ကျွီခနဲ ပိတ်သွားပြီး ချက်ချင်းလိုလို အစိမ်းနဲ့အပြာ ဘော်ကြယ်ရောင်အသွေး ဝတ်ရုံတွေ တင်ထားတဲ့ စင်တစ်စင်ရဲ့ နောက်ကနေ သူတို့ကြားဖူးနေတဲ့ အသံတစ်သံ ထွက်လာတယ်။

"ကလေးမှမဟုတ်ဘဲ အမေ၊ အမေ ဒါကို သတိမထားမိခဲ့ဘူးလား၊ ကျွန်တော် ဈေးဝယ်ထွက်တဲ့အလုပ်ကို ကျွန်တော့်ဘာသာ တစ်ယောက်တည်း ကောင်းကောင်း လုပ်နိုင်စွမ်းရှိနေပါပြီ"

အဲဒီနောက် တောက်ခေါက်သံတစ်ချက် ထွက်လာပြန်ပြီးမှ ဟယ်ရီ မှတ်မိနေတဲ့ ဆိုင်ရှင် မဒမ်မောလ်ကင်းရဲ့ အသံကို ကြားရတယ်။ "အို... ခင်မင်စရာ ကောင်းတဲ့ လူကလေးရယ်၊ မင်းရဲ့ အမေပြောတာ လုံးလုံး မှန်ပါတယ်ကွဲ့။ ခုအချိန်မှာ လူကြီးရော ကလေးရော တို့တွေအားလုံး ဘယ်သူမှ ကိုယ့်သဘောနဲ့ကိုယ် တစ်ယောက်တည်း လျှောက်ပြီး သွားလာလို့ မရဘူးလေ။ ကလေးတစ်ယောက်အတွက် သာပြီး မသင့်တော်ဘူးပေါ့ကွယ်........."

"ကဲ ....... ဒီပင်အပ်ကို အမေဘယ်နေရာမှာ တပ်မှာလဲ ကြည့်မယ်၊ အမေ တပ်ပေးမလို့လား"

အဲဒီနောက် ဖြူဖျော့ဖျော့ မျက်နှာ ချွန်းချွန်းလေးနဲ့၊ ရွှေအိုရောင် ဆံပင်ဖြူဖြူလေးနဲ့ ဆယ်ကျော်သက် ယောကျာ်းကလေးတစ်ယောက် စင်နောက်က ထွက်လာတယ်။ သူက အကျီလက်နှစ်ဖက်လုံးရဲ့ အနားကွပ်နဲ့ ခေါက်ရိုး အနားစပ်နေရာတွေမှာ တောက်ပြောင်နေတဲ့ ပင်ချောင်းကလေးတွေနဲ့ ကပ်တွယ်ထားတဲ့ အစိမ်းရင့်ရင့် လှလှပပ ဝတ်ရုံတစ်ထည်ကို ဝတ်ဆက်ထားတယ်။ ကောင်လေးက မှန်ရှိတဲ့ နေရာကို လျှောက်သွားပြီး မှန်ထဲမှာ သူ့ကိုယ်သူ ပြန်ကြည့်နေတယ်။ အဲဒီခဏအတွင်း သူ့ပခုံးပေါ်မှာ ရိပ်ခနဲ မြင်လိုက်ရလို့ လှည့်ကြည့်လိုက်ရာက ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ကို သတိပြုမိသွားတယ်။ သူ့ရဲ့ ညိုဖျော့ဖျော့ မျက်လုံးကလေးတွေ ကျဉ်းသွားတယ်။

"အမေ အနံ့တစ်ခုရပြီး အံ့ဩမနေဘူးလား၊ သွေးမစစ်တဲ့ တစ်ယောက်ယောက်တော့ ကျွန်တော်တို့ ဆိုင်ထဲကို ဝင်လာပြီး ရောက်နေပြီ အမေရေ့"လို့ ဒရာကို မော်လ်ဖွိုင်းက ပြောလိုက်တယ်။

"မင်း အဲဒီလို စကားလုံး အသုံးအနှုန်းမျိုး သုံးဖို့ မလိုအပ်ဘူးလို့ ငါထင်တယ်ကွယ်"လို့ ပြောပြောဆိုဆို ပစ္စည်းတိုင်းထွာတဲ့ တိပ်ကြိုးတစ်ချောင်းနဲ့ ဆေးကြိမ်လုံး တစ်လုံးကိုကိုင်ရင်း အဝတ်စင်နောက်ကနေ မဒမ်မောလ်ကင်း အပြေးအလွှား ထွက်လာတယ်။ ပြီးတော့ တံခါးပေါက်ဘက်ကို တစ်ချက်

www.burmeseclassic.com

လှမ်းကြည့်လိုက်ရာမှာ ဟယ်ရီနဲ့ ရွှန်နှစ်ယောက်က သူတို့ ဆေးကြိမ်လုံးတွေကို ထုတ်ပြီး မော်လ်ဖွိုင်းဘက်ကို ချိန်ရွယ်ထားတာ တွေ့ရတဲ့အတွက် ချက်ချင်း မတုံ့မဆိုင်း ပြောလိုက်တယ်။

"အဲ အဲ.... ငါ့ရဲ့ ဆိုင်ထဲမှာ ဆေးကြိမ်လုံးတွေ ဆွဲထုတ်ကြတာမျိုးကို ငါမလိုလားဘူးကွဲ့"

ဒီတော့မှ သူတို့နောက် မလှမ်းမကမ်းမှာ ရှိနေတဲ့ ဟာမီယွန်က လေသံတိုးတိုး ကလေးနဲ့ "အိုး......... မဟုတ်ပါဘူး၊ ဘာမှ မလုပ်ပါဘူး၊ ရိုးရိုးသားသားပါ၊ ဒီလို လုပ်စရာအကြောင်းလည်း မရှိပါဘူး"လို့ ပြောလိုက်တယ်။

"ဩော် .... ခင်ဗျားတို့က ကျောင်းအပြင်မှာ မှော်ပညာကို သုံးရဲချင်တယ်ပေါ့လေ"လို့ မော်လ်ဖွိုင်းက သရော်ပြုံးနဲ့ ပြောလိုက်တယ်။ "ခင်ဗျားတို့ မျက်လုံးတွေကို ဘယ်သူက အနက်ဆိုးလိုက်တာလဲ၊ ဂရန်ဂျာလား၊ ကျွန်တော် သူတို့ဆီကို ပန်းတွေပို့ပေးချင်လွန်းလို့ပါ"

"ကဲ ကဲ ...... တော်လောက်ပါပြီ"

မဒမ်မောလ်ကင်းက ပါးပါးနပ်နပ်ပြောလိုက်ပြီးမှ သူမဘက်က ထောက်ခံမှု ရရှိအောင် နောက်ဘက်အတွင်းပိုင်းကို သမင်လည်ပြန် လှည့်ကြည့်လိုက်ပြီး ထပြောလိုက်တယ်။ "မဒမ်ရေ... ကျေးဇူးပြုပြီး....."

ဒီမှာတင်ပဲ နာစစ်ဆာမော်လ်ဖွိုင်းဟာ အဝတ်စင်တွေရဲ့ နောက်က အေးအေးလူလူ တစ်လှမ်းချင်း ထွက်လာပါတယ်။ ပြီးတော့-

"အဲဒီ ဆေးကြိမ်လုံးတွေကို ဖယ်လိုက်ကြစမ်း"နာစစ်ဆာ မော်လ်ဖွိုင်းက အေးစက်မာကျောတဲ့ လေသံနဲ့ ပြောလိုက်တယ်။ "မင်းတို့ ငါ့သားကို ထပ်တိုက်ခိုက်ရင် အဲဒါဟာ မင်းတို့ အသက်မသေခင် နောက်ဆုံးလုပ်ရပ် ဖြစ်သွားစေရမယ်လို့ မင်းတို့ကို ငါအာမခံတယ်"

"ဟာ ကြောက်စရာကြီး၊ တကယ်ပဲလားဗျာ"ဟယ်ရီကလည်း အရေးမလုပ်၊ ပမာမခန့် ပြောပြောဆိုဆို ရှေ့ကို ခြေတစ်လှမ်းတိုးပြီး နာစစ်ဆာရဲ့ မျက်နှာကို တည့်တည့် စိုက်ကြည့်နေတယ်။ သူမရဲ့ အစ်မနဲ့ ခပ်ဆင်ဆင်တူတဲ့ နာစစ်ဆာရဲ့ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်နဲ့။ ဟယ်ရီရဲ့ အရပ်ကလည်း နာစစ်ဆာနဲ့ တစ်တန်းတည်းပဲ။ "မရဏစားစုန်းကောင် ပုရိသမိတ်ဆွေ ငမိုက်သားအနည်းအကျဉ်းရဖို့ ခင်ဗျားက ကျွန်တော်တို့ကို တိုက်မယ်ပေါ့လေ၊ ဟုတ်လား"လို့ ဟယ်ရီက ကြုံးဝါးလိုက်တယ်။

မဒမ်မောလ်ကင်း ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားပြီး စူးစူးဝါးဝါး အော်လိုက်တယ်။

"တကယ် တိုက်ကြတော့မလို့လား၊ မင်းတို့ကလည်း မစွပ်စွဲသင့်ဘူးလေ။ အန္တရာယ်ကို ဖိတ်ခေါ်တဲ့စကားတွေ မပြောကြပါနဲ့။ ဆေးကြိမ်လုံးတွေကို ပြန်ဖယ်လိုက်ပါ။ ကျေးဇူးပြုပြီး...."လို့ ပြောရင်း မဒမ်မောလ်ကင်းရဲ့ အသံက ရပ်သွားတယ်။

www.burmeseclassic.com

ဒါပေမဲ့ ဟယ်ရီက သူ့ဆေးကြိမ်လုံးကို အောက်ကို ပြန်မချဘဲ ရွယ်ထားဆဲပဲ။ နာစစ်ဆာက မနှစ်မြို့သလို မဲ့ပြုံးပြုံးတယ်။ ပြီးတော့ ပြောလိုက်တယ်။

"ဒမ်းဘဲလ်ဒိုးရဲ့ လက်ရွေးစင်ကြီးက မင်းတို့ကို ဟန်ဆောင်အတု လုံခြုံရေး ပေးထားတယ် ဟယ်ရီပေါ်တာ။ နောက်ပြီး ဒမ်းဘဲလ်ဒိုးလည်း မင်းတို့ကို အကာအကွယ်ပေးဖို့ တစ်သက်လုံး အမြဲတမ်း ရှိနိုင်မှာ မဟုတ်ပါဘူး"

ဟယ်ရီက လှောင်ရယ်ရယ်ရင်း တစ်ဆိုင်လုံး ဝေ့ဝိုက်ကြည့်လိုက်တယ်။ "ဟုတ်တယ်၊ ခု သူမရှိဘူး၊ ဒါဆို ဘာလို့ အချိန်ဖြုန်းပြီး အမြန်မသွားသေးတာလဲ။ သူတို့က ခင်ဗျားကိုဖမ်းပြီး အက်ဇ်ကာဘန် အကျဉ်းထောင်ထဲက နှစ်ယောက်တွဲ အချုပ်ခန်းကြီးထဲမှာ ခင်ဗျားရဲ့ ယောကျ်ား အရှုံးသမားကြီးနဲ့ အတူ ထားလိုက်နိုင်တယ်နော် .... ဘာမှတ်လို့လဲ"

မော်လ်ဖွိုင်း သူ့အမေကို ပြောရကောင်းလားဆိုပြီး ဒေါသတကြီး ဟယ်ရီ့ဆီ ပြေးသွားတယ်။ ဒါပေမဲ့ သူ့ဝတ်ရုံရှည်ကြီးကို ပြန်နင်းမိပြီး ခလုတ်တိုက်လဲသွားလို့ ရွန်က တဟားဟား အော်ရယ်ပစ်လိုက်တယ်။ "ခင်ဗျား... ခင်ဗျား .... ကျုပ် အမေကို ဒီလို ပြောရဲတယ်ပေါ့၊ ဟုတ်လား ပေါ်တာ။ ခင်ဗျား ပြောသလား"ဆိုပြီး လဲနေရာက ကျုံးထရင်း မော်လ်ဖွိုင်းက ရန်စွယ်ငေါငေါ ပြောပြန်တယ်။

"ကဲ–ကဲ၊ အခြေအနေအားလုံး ကောင်းသွားပါပြီ ဒရာကို၊ ငါနဲ့ လူစီးယတ်စ်တို့ ပြန်လည် မပေါင်းစည်းမိခင်မှာပဲ ပေါ်တာဟာ ချစ်ခင်ရတဲ့ ဆီးရီးယတ်စ်နဲ့ ပြန်ပေါင်းစည်းသွားလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"လို့ ပြောပြီး နာစစ်ဆာက သူမရဲ့ လက်ချောင်းကလေးတွေနဲ့ သားဖြစ်သူရဲ့ ပခုံးကို ဆုပ်နယ်ပေးရင်း အခြေအနေကို ထိန်းလိုက်တယ်။

ဒါပေမဲ့ ဟယ်ရီက သူ့ဆေးကြိမ်လုံးကို အားနဲ့ ပိုမြင့်မြင့်မြှောက်လိုက်တယ်။

"ဟယ်ရီ... မလုပ်နဲ့၊ နင် မလုပ်ရဘူး"ဟာမီယွန်က တဖျစ်တောက်တောက်နဲ့ ဟယ်ရီရဲ့လက်ကို လှမ်းဆွဲပြီး ဆေးကြိမ်လုံးကို တစ်ဖက်ကို ပြုတ်ကျသွားအောင် ကြိုးစားနေတယ်။ "ဟယ်ရီ နင်မလုပ်နဲ့နော် စဉ်းစားဦး၊ မလုပ်လိုက်နဲ့၊ နင် ပြဿနာ ဖြစ်လိမ့်မယ်"

ဒီတော့မှ ခဏလောက်ကြာအောင် နေရာမှရပ်ပြီး ချီတုံချတုံ ဖြစ်နေတဲ့ မဒမ်မောလ်ကင်းက ဒီနေရာမှာ ဘာမှမဖြစ်ခဲ့သလို သဘောထားလိုက်ဖို့ ဆုံးဖြတ်လိုက်ပုံနဲ့ ဟယ်ရီ့ကို ကိုက်စားတော့မလို ကြည့်နေတဲ့ မော်လ်ဖွိုင်းကို ငုံ့ပြီး နှစ်သိမ့်လိုက်တယ်။ ဒါပေမဲ့ သူမက "မှန်းစမ်း၊ အကျႌဘယ်ဘက်က နည်းနည်းကို ပိုရှည်ထွက်နေတာကိုး၊ ဟဲ့–ပေး အဒေါ်ပြင်ပေးမယ်"ဆိုကာ ရှိသေး–

"ဟာဗျာ"ဆိုပြီး မော်လ်ဖွိုင်းက သူမရဲ့လက်ကို အဝေးကြီးရောက်သွားအောင် ပုတ်ထုတ်ပစ်လိုက်တယ်။ "ကြည့်စမ်းပါဦး၊ ပင်တွေကို ဘယ်နေရာမှာ လျှောက်တပ်ထားတယ်ဆိုတာ ကိုယ့်ဘာသာပြန်ကြည့် မိန်းမကြီး။ အမေ ကျွန်တော် ဒီအကျႌ မလိုချင်တော့ဘူးဗျာ"လို့ ဆိုပြီးတော့လည်း အပေါ်ဝတ်ရုံ အကျႌရှည်ကို ခေါင်းကနေဆွဲတပ်ပစ်ပြီး မဒမ်မောလ်ကင်းရဲ့ ခြေရင်း ကြမ်းပြင်ပေါ်ကို ပစ်ပေါက်ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာပဲ နာစစ်ဆာက ဟာမီယွန်ကို အထင်သေးတဲ့ အနေနဲ့ မတူမတန်သလို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ "မင်းဘက်က အားလုံးမှန်တယ် ဒရာကို၊ ငါလည်း ခုမှ ဒီက သုံးစားမရတဲ့ ခပ်တုံးတုံး ဆိုင်တွေအကြောင်း သိရပါပြီ။ တို့ တွိုင်းလ်ဖစ်နဲ့ တက်တင်းရဲ့ ဆိုင်မှာ ဝယ်တာပဲ ကောင်းတယ်"လို့ သားဖြစ်သူကို ပြောလိုက်တယ်။ တစ်ဆက်တည်းလိုလို သားအမိနှစ်ယောက် ဆိုင်ထဲက ခပ်သုတ်သုတ် လျှောက်ပြီး ထွက်သွားကြတယ်။ ဒါတောင် တံခါးဝကို လျှောက်သွားခိုက်မှာ မော်လ်ဖွိုင်းက ရွန်ကို ဘယ်လို နာနာတွယ်ရမလဲလို့ စဉ်းစားရင်း ထွက်သွားတာ ဖြစ်ပါတယ်။

မဒမ်မောလ်ကင်းကလည်း "အို... ရပါတယ်၊ ရပါတယ်"လို့ဆိုပြီး ကြမ်းပေါ်မှာကျနေတဲ့ ဆိုက်ကဝတ်ရုံကို ပြန်ကောက်ယူလိုက်တယ်။ နောက် ဝတ်ရုံအင်္ကျီပေါ်မှာ ဖုန်စုပ်စက်လို သူမရဲ့ ဆေးကြိမ်လုံးထိပ်နဲ့တောက်ပြီး ဟိုဟိုဒီဒီ ဆွဲလိုက်တာ ဖုန်တွေ တစ်ခါတည်း သန့်စင်သွားပါတော့တယ်။

သူမရဲ့ အာရုံဟာ တစ်ခဏအတွင်း ရွန်နဲ့ ဟယ်ရီတို့ရဲ့ ဝတ်ရုံအသစ်တွေ တော်မတော် တိုင်းပေးရ၊ ဝတ်ကြည့်ခိုင်းရ၊ ဟာမီယွန်အတွက်လည်း စုန်းမ၊ မှော်ကဝေမတွေဝတ်တဲ့ အမျိုးအစားမဟုတ်၊ မှော်ဆရာ၊ ဆရာမတွေသာ ဝတ်ဆင်ရတဲ့ ဝတ်ရုံအင်္ကျီလေးတွေ ရှာဖွေရွေးချယ်ပေးရနဲ့ သူမရဲ့ ရောင်းကုန်ပစ္စည်းလေးတွေကို ဝယ်ချင်အောင် ကြိုးစားတဲ့အလုပ်ထဲမှာပဲ ပျော်ဝင်နစ်မြုပ်သွားပါတယ်။

နောက်ဆုံးမှာတော့ "နောက်ကိုလည်း လာဝယ်ပါဦးနော်၊ ဝမ်းလည်းသာ၊ ကျေးဇူးလည်း တင်ပါတယ်"ဆိုတဲ့ နှုတ်ဆက်စကားလေးနဲ့ သူတို့ ထွက်သွားပြီး ဆိုင်အပြင်ဘက်အရောက်မှာ မဒမ်မောလ်ကင်းက အားလုံးကို ဦးညွတ်နှုတ်ဆက် လိုက်ပါတယ်။

"လိုချင်တာတွေ ရခဲ့ရဲ့လားဟေ့"သူ့ဘေးကို ပြန်ရောက်လာတဲ့ လူငယ်သုံးယောက်ကို ဟက်ဂရစ်က အားပါးတရ နှုတ်ဆက်လိုက်တယ်။

"ဒါနဲ့ ဟက်ဂရစ်၊ မော်လ်ဖွိုင်းသားအမိကို ခင်ဗျား တွေ့လိုက်လား"ဟယ်ရီက မေးလိုက်တယ်။

"ဟာ....မတွေ့ဘဲ ရှိပါ့မလား" ဟက်ဂရစ်က ဘာမှ ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်သလို ပေါ့ပေါ့ပဲ ပြန်ဖြေပြီး "ထောင့်ဖြတ်လမ်းသွယ် ဗဟိုအချက်အချာ နေရာမှာ သူတို့ ဒုက္ခမပေးရဲပါဘူး ဟယ်ရီရယ်။ မင်း ဒါကို ခေါင်းထဲထည့်မနေပါနဲ့"လို့ပါ စိုးရိမ်ပူပန် မဖြစ်ဖို့ ပြောနေတယ်။

သူ့စကားကြောင့် ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ တစ်ယောက်ကို တစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်ကြတယ်။ ဒါပေမဲ့ နေရာတကာ ပေါ့ပေါ့တန်တန် တွေးတတ်တဲ့ ဟက်ဂရစ်ကို သူတို့ဝိုင်းပြီး အစွဲမချွတ်ခင်မှာပဲ မစ္စတာဝက်စလေ၊ မစ္စဝက်စလေနဲ့ ဂျင်နီတို့ တော်တော်ကြီးကို လေးလံမယ့် စာအုပ်တွေ ကိုယ်စီဆွဲပြီး ပေါ်လာကြတယ်။

"မင်းတို့ အားလုံး အဆင်ပြေကြရဲ့လားဟေ့"မစ္စဝက်စလေက မေးလိုက်တယ်။ "မင်းတို့ ဝတ်ရုံတွေရော ရကြရဲ့လား။ ကဲ–အားလုံး ချောချောမောမော ဖြစ်ပြီဆိုတော့ ငါတို့လမ်းက ဆေးဝါးဖော်စပ်ရောင်းချတဲ့

www.burmeseclassic.com

ပရဆေးတန်းနေရာမှာ ဖရက်ဒ်နဲ့ ဂျော့ကိုတွေ့ဖို့ ခဏဝင်ကြမယ်နော်။ ကဲ–အားလုံးလာ၊ ကားပေါ်တက်ကြတော့”လို့လည်း သူမက တစ်ဆက်တည်း ပြောလိုက်တယ်။

မှော်ဆေးဝါး အတတ်ပညာနဲ့ ပတ်သက်လို့ သူတို့ ဘာမှ ဆက်လေ့လာ သင်ယူစရာ အကြောင်းမရှိတော့တဲ့ အတွက် ဟယ်ရီရောရွန်ပါ အဲဒါနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကို လမ်းက ပရဆေးတန်းနဲ့ ဆေးဆိုင်တွေမှာ သူတို့ မဝယ်ခဲ့ကြတော့ဘူး။ သို့ပေမဲ့ သူတို့နှစ်ယောက် ပူးပေါင်း အကြံအစည်နဲ့ ဇီးကွက်ကြီး ဟက်ဒ်ဝစ်ခ်နဲ့ စာပို့ခိုတွေ စားဖို့ အတွက် အေးလုပ်စ်ဇီးကွက် ကုန်ပဒေသာဆိုင်က ဇီးကွက် အစာခွံမာသီးဘူးကြီးတွေကိုတော့ ဝယ်လာခဲ့ကြတယ်။

အဲဒီနောက် မစ္စဝက်စလေက သူမရဲ့ နာရီကြီးကို မိနစ် စက္ကန့်မလပ် စောင့်ကြည့်နေခိုက်မှာပဲ သူတို့ဟာ လမ်းမှာ ဖရက်ဒ်နဲ့ ဂျော့တို့ ဖွင့်လှစ်ထားတဲ့ ဝက်စလေ မှော်ပညာ အသောအရွှန်း ဟာသဆိုင်ကို ရှာဖွေဖို့ အဲဒီဘက်ကို ဦးတည်လာကြတယ်။

“တို့ ဒီမှာ ကြာကြာနေဖို့ အချိန်မရတော့ဘူးဟေ့။ ငါတို့ ခဏတစ်ဖြုတ်ကြည့်ပြီး ကားဆီကို အမြန်ပြန်လာရမယ်။ ဒါက နံပါတ် ၉၂၊ ၉၄”

“ဟို..... ဟိုဟာတွေက ဘာတုန်းဟ” လျှောက်လာရင်း ဗြုန်းခနဲ ရပ်လိုက်ပြီး ရွန်က တအံ့တသြ ပြောလိုက်တယ်။

သူတို့အနားက အရောင်မွဲမွဲ ပိုစတာကြီး ဖုံးကွယ်နေတဲ့ ဆိုင်ရှေ့မှာ မျက်နှာချင်းဆိုင် ဖရက်ဒ်နဲ့ ဂျော့တို့ရဲ့ ပြတင်းပေါက်တွေကို မြင်ရတာ မျက်စိထဲမှာ မီးရှူးမီးပန်းတွေ ဖောက်နေသလား ထင်ရတယ်။ ရှောင်တခင် ဖြတ်သွားတဲ့ လမ်းသွားလမ်းလာတွ အဲဒီ ပြတင်းပေါက်တွေကို သမင်လည်ပြန် ကြည့်သွားကြတယ်။ တချို့ စိတ်သိပ်ဝင်စားသွားတဲ့လူအနည်းငယ်ကတော့ ဆက်ကို မသွားနိုင်တော့ဘဲ ရပ်တန့်ပြီး ကြည့်ရင်း အံ့သြမှင်တက်မိနေတယ်။ ဘယ်ဘက် ပြတင်းပေါက်က ထူးခြားတဲ့ မြင်ကွင်းထဲမှာ တချို့လည်ပတ်နေတဲ့၊ တချို့ တဖျောက်ဖျောက် မြည်နေတဲ့၊ တချို့ လက်ခနဲ လက်ခနဲ လင်းပြက်နေတဲ့၊ တချို့ ခုန်ဆွ ခုန်ဆွ လှုပ်နေတဲ့၊ ပြီးတော့ တစ်ချက်တစ်ချက် ကျယ်ကျယ်လောင်လောင် ထမြည်တဲ့ ပစ္စည်းမျိုးစုံနဲ့ ပြည့်နှက်နေတယ်။ အဲဒါကို ကြည့်ရင်း ဟယ်ရီ့မျက်လုံးထဲမှာ မျက်ရည်တွေ ထွက်လာတယ်။ ညာဘက်က ပြကွက်ကတော့ ဝန်ကြီးဌာနက အရောင်မွဲမွဲ ပိုစကာကြီးတွေနဲ့ တူတဲ့ ဧရာမပိုစတာကြီး တစ်ခုနဲ့ ကွယ်နေတယ်။ ပိုစတာကြီးပေါ်မှာ ပြိုးပြိုးပြောင်ပြောင် အဝါရောင် စာလုံးတွေနဲ့ ရေးထားတယ်။

ယူနိုးဟူးကို သင်တို့ ဘာကြောင့်
ပူပန်ကြောက်လန့် စိုးရိမ်နေသလဲ။
သင်တို့ ကြောက်လန့်စိုးရိမ်ရမှာက
ယူနိုးပူးသာ ဖြစ်တယ်။
ဒါဟာ တိုင်းပြည်ကို ညှစ်ဆုပ်ထားတဲ့
ဝမ်းချုပ်သလို ခံစားမှုမျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ သဘောကျပြီး ရယ်လိုက်တယ်။ သူ့ဘေးက တိုးတိုးသဲ့သဲ့ ညည်းတွားသံ တစ်ချက် ကြားရလို့ လှည့်ကြည့်လိုက်တော့ ပိုစတာကြီးကို ကြည့်ပြီး အံ့အားသင့် မှင်တက်မိနေတဲ့ မစ္စဝက်စလေကို မြင်ရတယ်။ သူမက နှုတ်ခမ်းတွေကို တရွရွလှုပ်ပြီး ယူနိုးဟူးဆိုတဲ့ နာမည်ကို အသံတိတ် လိုက်ဖတ်နေတယ်။

"သူတို့ အိပ်ရာတွေထဲမှာ အိပ်နေရင်း အသတ်ခံကြရလိမ့်မယ်"လို့ သူမက တီးတိုး လေသံနဲ့ ပြောတယ်။

"မဖြစ်နိုင်ဘူး၊ သူတို့ အသတ်ခံရမှာ မဟုတ်ပါဘူး"ဟယ်ရီလိုပဲ သဘောကျပြီး ရယ်နေတဲ့ ရွန်ကပြောလိုက်တယ်။ "အဲဒါ တကယ် မိုက်တယ်ကွာ၊ ဒါမျိုး အပြတ်ရှားတယ်"လို့လည်း အထင်တကြီး ပြောနေတယ်။

ပြီးတော့ သူနဲ့ ဟယ်ရီ ရှေ့ကဦးဆောင်ပြီး ဆိုင်ထဲကို ဝင်သွားကြတယ်။ ဆိုင်ထဲမှာ ဈေးဝယ်သူတွေနဲ့ ပြည့်ညပ်နေတယ်။ စင်တွေနားကို ရောက်အောင် တိုးမသွားနိုင်တဲ့ ဟယ်ရီက ဘေးဘေးဘီဘီကို လှည့်ပတ်ငေးကြည့်ရင်း မျက်နှာကြက်ထိရောက်အောင် ပုံထားတဲ့ သေတ္တာတွေကို မြင်သွားတယ်။ အဲဒီထဲမှာ သူတို့ ဟော့ဂ်ဝပ်စ်ကျောင်း ကျောင်းမပြီးခင် နောက်ဆုံးနှစ်က အကြိုက်တွေ့ခဲ့ဖူးတဲ့ မုန့်ပဲ သရေစာ သေတ္တာနှစ်ပုံးလည်း ပါတယ်။ ဟယ်ရီက စင်ပေါ်မှာ တစ်လုံးတည်း ကျန်နေတဲ့ သေတ္တာအကျိုးအပျက်ထဲက မုန့်တွေဟာ သကြားရည်နီနီတွေ ဆမ်းထားတဲ့ ကြက်ဥမုန့်ပြားသလက်တွေ ဖြစ်တယ်ဆိုတာ သိနေတယ်။

နောက် အဲဒီမှာ "လာလေ့"ဆိုပြီး တစ်ချက်ဖော့ယမ်းလိုက်ရင် ရော်ဘာနဲ့ လုပ်ထားတဲ့ ကြက်ပေါက်ကလေးတွေ၊ ဒါမှမဟုတ် အတွင်းခံဘောင်းဘီအတိုတွေပဲ ထွက်လာမယ့် ဈေးပေါပေါ မျက်လှည့်ဆရာသုံး ဆေးကြိမ်လုံးတွေကိုလည်း ပုံးတွေပုံးတွေနဲ့ ထည့်ထားတယ်။ ဒါတင်မကဘဲ အမှတ်မထင်ဝယ်သုံးရင် ဈေးကြီးကြီးနဲ့ မိမယ့် ခေါင်းစည်းနဲ့ လည်ဆွဲတွေ၊ ပြီးတော့ မင်တို့စရာမလိုဘဲ အလိုလို မင်ထွက်ပြီး စာလုံးပေါင်းကိုပါ စစ်ဆေးပေးမယ့်အပြင် စနစ်တကျ အဆင့်အတန်းမြင့်မြင့် အဖြေအမျိုးမျိုးကို ရေးသားနိုင်စွမ်းရှိတဲ့ စာရေးငန်းတောင် သေတ္တာတွေလည်း ရှိနေတယ်။

လူအုပ်ကြီးထဲက ကွက်လပ်ကလေး တစ်နေရာမှာတော့ လူရှင်းနေတယ်။ ဟယ်ရီက လူတွေကို တိုးဖော့ရှောင်ရှားပြီး ကောင်တာတစ်ခုဆီကို လျှောက်သွားတယ်။ အဲဒီမှာ ပူညံပူညံနဲ့ စကားတွေ မိုးမွှန်အောင် ပြောပြီး အရုပ်ကလေး တစ်ခုကို ကြည့်နေတဲ့ ၁၀နှစ်ရွယ်ကလေးတွေ တစ်အုံကြီး ရှိနေတယ်။ အဲဒါဟာ ကိုယ့်ဘာသာကိုယ် လမ်းလျှောက်ပြီး ကြိုးစင်အစစ်တစ်ခုပေါ် တဖြည်းဖြည်း တရွေ့ရွေ့ တက်သွားနေတဲ့ သစ်သားလူရုပ် သေးသေးကလေးပဲ။ လူရုပ်နဲ့ ကြိုးစင်နှစ်ခုလုံးကို သေတ္တာကြီးတစ်လုံးပေါ်မှာ ပြထားတာဖြစ်တယ်။ အဲဒီမှာ ခုလို စာရေးထားတယ်–

အကြိမ်ကြိမ် ထပ်တလဲလဲ သုံးနိုင်သည့် ကြိုးပေးသမား–ဂါထာ မန္တန် ရွတ်ဆိုပေးပါ။ မဟုတ်လျှင် သူ တစ်မျိုး တစ်ဖုံ ပြောင်းလဲသွားလိမ့်မည်။

"မူပိုင်ခွင့် မှတ်ပုံတင်ထားပြီး ဖြစ်သော စိတ်ကူးရဂါထာ"

www.burmeseclassic.com

ဟာမီယွန်ဟာ ကောင်တာအနားက ဇရာမ ပြကွက်တစ်ကွက်ဆီကို ရောက်အောင် လူအုပ်ကြီးထဲကို ဖိတိုးသွားနေတယ်။ ပြီးတော့ သေတ္တာတစ်လုံးရဲ့ ကျောဘက်မှာ ရိုက်နှိပ်ထားတဲ့ လူငယ်ရုပ်ချောချောလေး တစ်ယောက်နဲ့ အရှုံးအမူး ဖြစ်နေတဲ့ မိန်းကလေး တစ်ယောက် ပင်လယ်ဓားပြ သင်္ဘောတစ်စင်းရဲ့ ကုန်းပတ်ပေါ်မှာ ရပ်နေပုံ အဆင့်မြင့် ရောင်စုံဓာတ်ပုံကြီးတစ်ပုံပါ သတိပေးစာကို ဟာမီယွန်က ဆက်ဖတ်နေတယ်။

"အလွယ်ကူဆုံး ဥပမာပြောရရင် ထိပ်တန်း အမျိုးအစား အဆင့်မြင့်မြင့် လက်တွေ့ကျတဲ့ ဒီဂါထာကို စိတ်ထဲကနေ မိနစ် ၃၀ ရွတ်ရမယ်။ နောက် ဒီဂါထာကို သာမန်ကျောင်းသင်ခန်းစာ တစ်ခုလို လွယ်လင့်တကူ ကျက်မှတ်လို့ရတယ်။ အဲဒီလို လုပ်လိုက်ရင် ကိုယ့်ကို လုံးဝနီးပါး ထောက်လှမ်းလို့ မရတော့ဘူး (ဘေးထွက်ဆိုးကျိုးအနေနဲ့ ခံစားချက် ကင်းမဲ့နေသလို ဖြစ်နေမယ်။ နည်းနည်းပါးပါး သွားရည် ထွက်ကျတာလောက်ပဲ ဖြစ်မယ်။) အသက် ၁၆နှစ်အောက် လူငယ်လေးတွေကို မရောင်းဘူး။ သာမန်ထက် တကယ်လက်တွေ့ ပိုပြီး ထူးခြားအစွမ်းထက်မယ့် ဂါထာဖြစ်မယ်။ ငါပြောတာ နင်သဘောပေါက်လား" ဟာမီယွန်က ဟယ်ရီ့ကို မော့ကြည့်ပြီး ပြောလိုက်တယ်။

"ဟုတ်လား၊ ဒါဆို မင်းကို အဲဒါတစ်ခု အလကား ပေးလိုက်မယ်"ဆိုတဲ့ အသံတစ်သံ သူတို့နောက်က ထွက်လာတယ်။ လှည့်ကြည့်လိုက်တော့ အားပါးတရပြုံးနေတဲ့ ဖရက်ဒ်ကို သူတို့ရှေ့မှာ ရပ်နေတာ တွေ့ရတယ်။ ဖရက်ဒ်က သူ့ရဲ့ မီးစွဲလောင်နေသလို နီနီရဲရဲ အရောင်တောက်နေတဲ့ ဆံပင်တွေနဲ့ ဘယ်လိုမှ မလိုက်ဖက်တဲ့ ပန်းခရမ်းရောင် ဝတ်ရုံကို ဝတ်ဆင်ထားတယ်။

"မင်းရော နေကောင်းလား ဟယ်ရီ" သူက မေးပြီး နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။ "ဟဲ့ ဒါနဲ့ နင့်မျက်စိ ဘာဖြစ်လို့လဲ ဟာမီယွန်"ဖရက်ဒ်က မေးလိုက်တယ်။

"ဘာဖြစ်ရမလဲဟယ်၊ နင့် လက်သီးစွမ်းပြတဲ့ အဝေးကြည့်မှန်ပြောင်းကြီး ကြောင့်ပေါ့" ဟာမီယွန်က မချိတင်ကဲ အသံနဲ့ ပြန်ဖြေတယ်။

"အို ဖြစ်မှဖြစ်ရလေ၊ အဲဒါတွေကို ငါ လုံးလုံး သတိမရဘူး။ ဒီမှာ… ရော့"

ဖရက်ဒ်ဟာ သူ့အိတ်ကပ်ထဲက စည်ပိုင်းပုံ အရစ်ပါတဲ့ ဘူးလုံးချောချောလေး တစ်ဘူးကို ဆွဲထုတ်ပြီး ဟာမီယွန်ကို ပေးလိုက်တယ်။ ဟာမီယွန်က သတိနဲ့ ဘူးကလေးကို အရစ်အတိုင်း အသာလှည့်ဖွင့်လိုက်တာ အဝါရောင် ထူပျစ်ပျစ် ကော်တွေကို တွေ့ရတယ်။

"အဲဒီနေရာပေါ်မှာ နည်းနည်းလေးတို့ပြီး လူးပေးထားလိုက်၊ အဲဒီ ပွန်းပဲ့ရာ တစ်နာရီအတွင်း နင်နေငါသွား ပျောက်သွားလိမ့်မယ်။ ငါတို့ တော်တော်လေး အစွမ်းထက်တဲ့ ထိခိုက်ပွန်းပဲ့ဒဏ်ရာ ပျောက်ဆေးတစ်မျိုး ထုတ်လုပ်နိုင်တော့မယ်။ ခု စမ်းသပ်နေပြီ။ ငါတို့က ငါတို့ ထုတ်လုပ်တဲ့ ဆေးအကုန်လုံးနီးပါးကို ငါတို့ ကိုယ်တိုင် စမ်းသပ်တယ်" ဖရက်ဒ်က ဆေးလူးဖို့ ပြောပြီး အားတက်သရော ရှင်းပြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ဟာမီယွန်က မယုံမရဲပုံနဲ့။ "ဒါက ငါ့ဒဏ်ရာကို ပျောက်မှာ .... ဟုတ်ရဲ့လားဟယ်"လို့ သူမက ထပ်မေးနေတယ်။

"ဘာပျောက်သလဲ မမေးနဲ့ တကယ်ပျောက်သွားမှာ" ဖရက်ဒ်က ရဲရဲကြီး အာမခံနေတယ်။ ပြီးတော့ "လာ ဟယ်ရီ၊ တို့ ဘယ်လောက် ဖြစ်နေပြီဆိုတာ မင်းကိုငါပြမယ်"ဆိုပြီး ခေါ်နေတယ်။

ဟယ်ရီက ဟာမီယွန်ရဲ့ ညိုမည်းနေတဲ့ မျက်လုံးနေရာကို ကော်ဝါတွေနဲ့ သုတ်လိမ်းပေးပြီး ဆိုင်အနောက်ဘက်ကို ထွက်သွားတဲ့ ဖရက်ဒ်ရဲ့ နောက်က လိုက်သွားတယ်။ အဲဒီမှာ ကတ်ထူပြားတွေ၊ ကြိုးတွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ စင်တစ်စင်ကို သူတွေ့ရတယ်။

"မတ်ဂဲလ် မှော်ပဥ္စလက်အစွမ်းပေါ့ကွာ။ အစွမ်းပြတာတွေ ကြိုက်တဲ့ ငါ့အဖေလိုပဲ ပါးစပ်အဟောင်းသားနဲ့ အံ့ဩသွားရမယ်။ မင်းသိတယ် မဟုတ်လား။ ဒါပေမဲ့ ဒါဟာ တကယ့် စီးပွားဖြစ်လုပ်ငန်းကြီးတော့ မဟုတ်ဘူး။ တို့ ဖြည်းဖြည်းချင်း ပုံမှန်လုပ်သွားမယ်။ ဒါတွေဟာ လုံးဝ အသစ်အဆန်းတွေချည်းပဲ။ ဟော.... ဂျော့လည်း ရောက်ပြီ" ဖရက်ဒ်က သူ့ပစ္စည်းတွေကို လက်ညှိုးထိုးပြီး ပျော်ပျော်ကြီး ပြောနေတုန်း ဂျော့ရောက်လာတယ်။

ဖရက်ဒ်ရဲ့ အမြွှာညီအစ်ကို ဂျော့က ဟယ်ရီ့ကို အားပါပါလက်ဆွဲ နှုတ်ဆက်လိုက်တယ်။

"မင်း သူ့ကို မပြရသေးဘူး ထင်တယ်။ လာ ဟယ်ရီ.... ဒီနောက်ဘက်ကို လာ၊ ဒါတွေဟာ တို့ လုပ်နေတဲ့ တကယ် ငွေဖြစ်မယ့်ဟာတွေပဲ" ဂျော့က ပြောရင်း "ဟေ့ကောင် မင်း ဘာတွေနှိုက်နေတာလဲ"လို့ လူငယ်ကလေး တစ်ယောက်ကို သတိပေးသလို ထပ်ပြောလိုက်ရာမှာ ကောင်လေးဟာ 'စားသုံးရန် သင့်လျော်သော မှော်အမှတ်တံဆိပ်များ။ ဒါတွေက ဘယ်သူ့ကိုမဆို နေထိုင်မကောင်း ဖြစ်စေလိမ့်မည်'လို့ အမှတ်တံဆိပ်ကပ်ထားတဲ့ စည်ပိုင်းကြီး တစ်လုံးထဲကနေ ဆတ်ခနဲ သူ့လက်ကို အမြန် ပြန်ထုတ်လိုက်ပါတယ်။

ဂျော့က မတ်ဂဲလ်မှော်ပဥ္စလက်တွေဘေးက ခန်းဆီးတစ်ခုကို ဆွဲဖယ်လိုက်ပြန်တယ်။ အဲဒီမှာ ပိုမှောင်ပြီး လူရှင်းနေတဲ့ အခန်းတစ်ခန်း ပေါ်လာတယ်။ အခန်းထဲက စင်တွေပေါ်မှာ စီတန်းထားတဲ့ ကုန်ပစ္စည်းတွေကို ထုပ်ပိုးပြင်ဆင်ထားပုံကိုလည်း မသဲမကွဲသာ မြင်ရတယ်။

"ကဲ-ငါတို့ ခု ပိုအရေးပါတဲ့ ဒီအတန်းကို တိုးပွားများပြားလာအောင် လုပ်လိုက်မယ်။ ဘာတွေ ဖြစ်လာမလဲ၊ ဘယ်လောက် ပျော်စရာကောင်းလဲ မင်းကြည့်"ဖရက်ဒ်က ပြောလိုက်တယ်။

လူတွေ ဘယ်လောက်များများ၊ သူတို့ဟာ ဝန်ကြီးဌာနမှာ အလုပ်လုပ်နေသူတွေပဲ ဖြစ်နေပါစေ။ ဒီလောက် ထိရောက်အစွမ်းထက်တဲ့ အန္တရာယ် အကာအကွယ် ဒိုင်းဂါထာမန္တန်မျိုးကို မလုပ်နိုင်ပါဘူးဆိုတာ မင်း ယုံမှာ မဟုတ်ဘူး။ သေချာတာကတော့ မင်းကို ဒါတွေ သူတို့ သင်မပေးခဲ့လို့ပဲ ဖြစ်မယ် ဟယ်ရီ"လို့ ဂျော့ကလည်း ဝင်ပြောတယ်။ ပြီးတော့ သူက ဆက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com

"တို့တွေက ဒိုင်းဦးထုပ်တွေဟာ ရယ်စရာ တစ်ခုပဲလို့ ပေါ့သေးသေးထင်မယ်။ ဒီဒိုင်းဦးထုပ်ကို ဆောင်းထားတဲ့ မင်းကို ဂြိုလ်ဆိုးဝင်အောင်လုပ်ဖို့ မင်းရဲ့ အဖော်တစ်ဦးဦးကို စိန်ခေါ်ကြည့်လိုက်၊ ပြီးရင် သူ့ဆီက အဲဒီဂြိုလ်ဆိုး ခုန်ထွက်လာချိန်မှာ မင်း သူ့မျက်နှာကို စောင့်ကြည့်နေ။ ဘာပြောပြော ဝန်ကြီးဌာနကလည်း သူ့ဝန်ထမ်းတွေ အတွက် အခု ၅၀၀ ဝယ်သွားပါပြီ။ ခုလည်း တို့ အမှာစာတွေ အမြောက်အမြား ရရှိနေတာပါပဲ"

"ဒါ့ကြောင့် တို့ ဒိုင်းဦးထုပ်တင်မကဘဲ ဒိုင်းဝတ်ရုံ၊ ဒိုင်းလက်အိတ်တွေပါ ဆက်ပြီး တိုးချဲ့ထုတ်လုပ်နေတယ်..........."

"ငါတို့ ဆိုလိုတာက သူတို့ဟာ ခွင့်မလွှတ်နိုင်တဲ့ ကျိန်စာတွေကို နှိမ်နင်းဖျက်ဆီးဖို့ များများ စားစား ကူညီမှာမဟုတ်ဘဲ သာမန်အသေးအဖွဲ့နဲ့ အတော်အတန် ကြီးမားတဲ့ ပြစ်စားမှုနဲ့ ဂြိုလ်ဆိုးတွေအတွက်သာ လုပ်ကြလိမ့်မယ်....

"ဒီတော့ တို့အနေနဲ့ လျှို့ဝှက်မှော်ပညာ တိုက်ခိုက်မှုများ နှိမ်နင်းရေး၊ ကာကွယ်ရေး နယ်ပယ်သစ်ကြီး တစ်ခုလုံးအတွက် လုပ်သင့်တယ်လို့ စဉ်းစားမိတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါ ငွေတွင်းကြီးမို့ပဲ"

ဂျော့က စိတ်ပါလက်ပါ အားတက်သရော ဆက်ပြီး ရှင်းပြနေတယ်။

"ဒါလေးက အတော် နိပ်တယ်၊ ကြည့်လိုက်။ ချက်ချင်း မှောင်ကျသွားစေတဲ့ ပေါင်ဒါ အမှုန့်တွေပဲ။ တို့ ဒါကို ပီရူးနိုင်ငံကနေ တင်သွင်းနေတယ်။ မင်း ဖျတ်ခနဲ ချက်ချင်း အမြန် လွတ်မြောက်သွားတာမျိုးလိုချင်ရင် ဒါ အသုံး သိပ်ဝင်တယ်....

"ပြီးတော့ တို့ လှည့်စားတဲ့နေရာတွေမှာ တည်ကြက်လို အမိက သုံးနေတဲ့ စနက်တံတွေ အဲဒီစင်တွေပေါ်ကနေ သူတို့ဘာသာ တစ်စစလစ်ထွက် သွားနေကြတယ်။ "ဟော.... ဟိုမှာကြည့်"ဆိုပြီး ဖရက်ဒ်က လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ ထိတ်လန့်စရာကောင်းတဲ့ အနက်ရောင် ဦးချိုပုံသဏ္ဌာန် ပစ္စည်းတွေ သူတို့ မြင်ကွင်းကနေ သုတ်သုတ် သုတ်သုတ်နဲ့ ထွက်ပြေးသွားဖို့ ကြိုးစားနေကြတာကို ဟယ်ရီတွေ့ရတယ်။

"မင်း တစ်ခုလောက် အသာကလေး တိတ်တိတ် ဖမ်းထားလိုက်။ သူက မရအရ လစ်ပြေးသွားပြီး မျက်ကွယ်ရောက်မှ အဲဒီကနေ နားထောင်လို့ကောင်းတဲ့ အသံ ကျယ်ကျယ်တစ်ခု မြည်ပြပြီး မင်းကို မင်းလိုချင်တဲ့ အာရုံတစ်ခုခုဆီ ပြောင်းပေးလိုက်လိမ့်မယ်"လို့ ဖရက်ဒ်က ဝင်ပြောလိုက်တယ်။

"ဟာ တကယ့်ကို အသုံးဝင်တာပါလား" ဟယ်ရီက အထင်ကြီးသွားတဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"ကြာတယ်၊ ကဲ... ရော့ကွာ"ဂျော့က ထွက်ပြေးနေတဲ့ စနက်တံအနက်ကြီး နှစ်ခုကို ဆတ်ခနဲ ဖမ်းယူပြီး ဟယ်ရီ့ဆီကို ပစ်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာပဲ ရွှေအိုရောင်ဆံကေသာ အတိုလေးနဲ့ စုန်းမလေးတစ်ယောက် လိုက်ကာ ခန်းဆီးဘေးကိုပတ်ပြီး သူမရဲ့ခေါင်းကို ပြူကြည့်လိုက်တယ်။ အဲဒီ သူငယ်မလည်း ဖရက်ဒ်လိုပဲ ပန်းခရမ်းရောင်ဝတ်ရုံ ဝန်ထမ်းဝတ်စုံ ဝတ်ထားတာကို ဟယ်ရီ မြင်ရတယ်။

"အပြင်မှာ ဈေးဝယ်တစ်ဦး ရောက်နေပါတယ်။ ရယ်စရာ ဒယ်အိုးဝယ်ဖို့ပါ။ မစ္စတာ ဝက်စလေနဲ့ မစ္စဝက်စလေတဲ့" သူမက ပြောတယ်။

"အေး ဟုတ်ပြီ မသစ္စာ၊ ငါလာခဲ့မယ်"လို့ ဂျော့က ချက်ချင်း ပြန်ပြောလိုက်တယ်။ ကဲ ဟယ်ရီရေ၊ မင်းလိုချင်တာ မင်းဘာသာမင်း ရှာယူတော့ကွာ၊ ဟုတ်ပြီနော် ငွေပေးစရာမလိုဘူး"လို့ သူက ဆိုတော့–

"ငါ ဒီလိုတော့ မလိုချင်ဘူး"လို့ လှည့်စား စနက်တံတွေအတွက် ငွေချေဖို့ အိတ်ကပ်ထဲက ပိုက်ဆံထုတ်နေပြီဖြစ်တဲ့ ဟယ်ရီက ပြန်ပြောလိုက်တယ်။

"မင်း ဒီလို မလုပ်နဲ့လေ"ပြောပြောဆိုဆို ဖရက်ဒ်က ဟယ်ရီ့ငွေတွေကို ဖယ်ထုတ်ပစ်နေတယ်။

"မဟုတ်သေးဘူး"

"မင်းက ငါတို့ လုပ်ငန်းစထောင်ဖို့ ရင်းနှီးငွေ ထုတ်ချေးခဲ့တယ်လေကွာ၊ ဒါကို တို့မမေ့ပါဘူး"လို့ ဂျော့က မရမက အတင်းပြောတယ်။ "မင်း ကြိုက်တာ ယူသွား၊ တစ်ခုတော့ မမေ့နဲ့၊ လူတွေမေးရင် ဒါကို မင်းဘယ်ကရတယ်လို့ ပြောရင် တော်ပြီ"

ဂျော့က ဈေးဝယ်သူနဲ့တွေ့ဖို့ ခန်းဆီးကို မဖယ်ပြီး ထွက်သွားတော့ ဖရက်ဒ်က ဟယ်ရီ့ကို ဆိုင်ရဲ့ ပင်မနေရာမှာ မူပိုင်ခွင့်မှတ်ပုံတင်ပြီးသား စိတ်ကူးရဂါထာတွေကို စိတ်ဝင်တစား လေ့လာလို့ မပြီးသေးတဲ့ ဟာမီယွန်နဲ့ ဂျင်နီတို့ကို ရှာရအောင် ခေါ်လာခဲ့တယ်။

"ဒီကောင်မလေးတွေ ငါတို့ရဲ့ ရှယ်အံ့ဖွယ် စုန်းမဆိုတဲ့ ထုတ်ကုန်ပစ္စည်း မတွေ့ရသေးဘူး မဟုတ်လား။ လာ လာ အမျိုး သမီးတွေ ကျုပ်နောက်လိုက်ခဲ့"လို့ ဖရက်ဒ်ကမေးပြီး သူတို့ကို ခေါ်နေတယ်။

ပြတင်းပေါက်နားမှာ ပန်းရောင်ထနေတဲ့ ဖရက်ဒ်ပြောတဲ့ ပစ္စည်းတွေကို ဖြန့်ခင်းကျင်းထားတယ်။ အဲဒီမှာ စိတ်ပါလက်ပါ တအံ့တဩနဲ့ တခစ်ခစ် ဟီလာတိုက်နေတဲ့ မိန်းကလေးတစ်အုပ် ပြုံခဲ့နေတယ်။ ဟာမီယွန်နဲ့ ဂျင်နီ နှစ်ယောက်လုံးက ကိုယ့်ကိုယ်ကိုယ် သတိရှိရှိနေတဲ့ အချိုးနဲ့ လိုက်မသွားဘဲ အင်တင်တင် လုပ်နေကြတယ်။

"လာ သွားကြမယ်လေ၊ အဲဒါ နင်တို့ နေရာတကာမှာ တွေ့ဖူးမြင်ဖူးတဲ့ ဆေးမျိုးတွေပဲ။ ဒါပေမဲ့ ခု ဒီဟာတွေက အကောင်းတကာ့ အကောင်းဆုံး ပီယဆေးရည်တွေ"လို့ ဖရက်ဒ်က သူ့ပစ္စည်းကို တအားညွှန်းပြီး ကြွားသလိုနဲ့ ထပ်ခေါ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဂျင်နီက မယုံသလို မျက်ခုံးတစ်ဖက်ပင့်သွားပြီး "အဟုတ်လား၊ တကယ် စွမ်းတယ်ပေါ့"လို့ မေးလိုက်တယ်။

"ဟုတ်လိုက်သမှ ဟုတ်ဟုတ် ဟုတ်ဟုတ်နဲ့တောင် နေသေးတယ်။ အဲဒီ ငနဲသား ဘယ်လောက် တောင့်ခံနိုင်မလဲဆိုတဲ့ အပေါ် မူတည်ပြီး ချိန်ဆသုံး၊ တစ်ကြိမ် သုံးရင် ၂၄နာရီကြာအောင် ဆေးကပညာပြလိမ့်မယ်"လို့ ဖရက်ဒ်က အပြတ်ညွှန်းနေတုန်း–

"ဒါတင် ဘယ်ကမလဲ၊ မိန်းကလေးဆွဲဆောင်မှု ညှို့အားကိုလည်း ပြင်းစေတယ်"ဆိုပြီး ဘယ်ကဘယ်လို အနားမှာ ဗြုန်းခနဲ ပေါ်လာမှန်းမသိတဲ့ ဂျော့ကပါ ဝင်ပြောလိုက်တယ်။ သူကပဲ ဆက်ပြီး"ဒါပေမဲ့ တို့က ကိုယ့်ညီမတွေ ဆိုရင်တော့ မရောင်းဘူးနော်။ တို့အလုပ်များနေတုန်း ရည်းစားငါးယောက်လောက် ရှိပြီးသား မဟုတ်ရင်ပေါ့"လို့ အတည်ပေါက်နဲ့ ပြောတယ်။

"မဟုတ်မှလွဲရော နင်တို့ ရွှန့်ဆီက ဇရာမ မဟုတ်မဟတ် မှသားတွေ ကြားထားပြီးနဲ့ တူတယ်"လို့ ဂျင်နီကပြောရင်း ရှေ့ကိုတိုးသွားပြီး စင်ပေါ်က ပန်းရင့်ရောင် အိုးကလေး တစ်လုံးကို ဆွဲယူလိုက်ပြီး "ဒါက ဘာလဲဟဲ့"

"၁၀စက္ကန့် အာမခံ ဝက်ခြံပျောက်ဆေး"ဖရက်ဒ်က ပြောလိုက်တယ်။ အနာစိမ်း၊ မွေးကျွတ်နာတွေကအစ ဆားဝက်ခြံတွေအဆုံး အကုန်လုံးအတွက် အကောင်းဆုံးပဲ။ အံမာ ဟိုလိုလို ဒီလိုလိုနဲ့ စကားလွှဲမပစ်နဲ့။ ခု နင် ဒင်းန်သောမတ်စ်ဆိုတဲ့ ကောင်လေးနဲ့ တွဲတုန်းလား၊ ခါလိုက်ပြီလား"

"အေး .... ငါ တွဲတုန်းပဲ၊ နောက်ဆုံး ငါ ယောကျာ်းလေး သူတစ်ယောက်နဲ့ပဲ အတည်တွဲနေတာ၊ ငါးယောက် မဟုတ်ပါဘူး။ ဒါတွေကကော ဘာလဲ"ဂျင်နီက ဖြေလည်းဖြေ၊ မေးလည်းမေး။

ဂျင်နီ လက်ညှိုးထိုးပြတဲ့နေရာမှာ ပန်းရောင်နဲ့ ခရမ်းရောင်လွှမ်းနေတဲ့ အမျှင်စလေးတွေကို လုံးထားတဲ့ အလုံးလေးတွေ၊ လှောင်အိမ်တစ်ခုရဲ့ အောက်ခြေမှာ စူးစူးဝါးဝါး အသံမြည်ရင်း လှည့်ပတ်လိမ့်ပြေးနေတယ်။

"အဲဒါက ပစ်ဂမီအလုံးလေးတွေ၊ ပိစိကွေး အသေးစား အခင်းလုံးလေးတွေပေါ့၊ တို့ အဲဒါလေးတွေကို လုံလုံလောက်လောက် အမြန်မျိုးပွားလို့ မရသေးဘူး။ ဒါဆိုရင် မိုက်ကယ်ကော်နာက ဘယ်လို ဖြစ်သွားလဲ"ဂျော့ကဖြေရင် ဂျင်နီကိုအစ်ထုတ်နေတယ်။

"ငါ သူ့ကို မြောင်းထဲပို့လိုက်တယ်။ သူက နေရာတကာ သုံးစားလို့ မရတဲ့ အရှုံးသမားတစ်ယောက်ပဲ တော်တော်ဆိုးပါတယ်"ဂျင်နီကပြောရင်း သူမရဲ့ လက်ချောင်းလေးတစ်ချောင်းကို လှောင်အိမ်သံတိုင်လေးတွေကြားက တစ်ဆင့် ထိုးထည့်ပြီး စောင့်ကြည့်နေတယ်။ ပစ်ဂမီအမျှင် အပုလုံးကလေးတတွေ လက်ချောင်းနား တစ်ဝိုက်ကို ပြေးလာပြီး စုအုံနေတယ်။ ဂျင်နီက ပြောလိုက်တယ်။ "အေးဟယ် ..... တော်တော့်ကို သေးလွန်းတဲ့ဟာလေးတွေပဲ"

www.burmeseclassic.com

"ဟုတ်တယ်၊ ကိုင်ကြည့်ချင်စရာ၊ ဆုပ်ထားချင်စရာကောင်းအောင် တော်တော်သေးပါတယ်" ဖရက်ဒ်က ဂျင်နီပြောတာမှန်ကြောင်း ဝန်ခံလိုက်တယ်။ သူက ဆက်ပြောတယ် "ဒါနဲ့ နင် ရည်းစားတွေ ထည်လဲတွဲတာက မြန်လွန်းပါလားဟ၊ ဟုတ်တယ် မဟုတ်လား"

ဒီမှာတင် ဂျင်နီက သူ့ဘက်လှည့်ပြီး ဖျတ်ခနဲ ကြည့်လိုက်တယ်။ တစ်ခါ သူမရဲ့ လက်တွေကို သူမတင်ပါးပေါ်မှာ ကပ်ထားပြီး မျက်နှာကလည်း မစ္စဝက်စလေပုံစံမျိုး ဝင်းဝင်းတောက်သွားတယ်။ ဟယ်ရီက အံ့အားသင့်သွားပေမဲ့ ဖရက်ဒ်ကတော့ မဖြုံဘူး။

"အဲဒါ နင်နဲ့ ဘာမှ မဆိုင်ဘူး"လို့ ဂျင်နီက ဖရက်ဒ်ကို ဟောက်လိုက်ပြီးမှ ဂျော့ရဲ့ တံတောင်ဆစ်နောက်ဘက်ကနေ ပစ္စည်းတွေ တစ်ပွေ့ တစ်ပိုက်ကြီးနဲ့ ထွက်လာတဲ့ ဂျော့ကို တွေ့သွားပြီး ပြောလိုက်တယ်။ "ဟယ်... ကျေးဇူးတင်လိုက်တာ"

"စပိန် သဘော်ာရုပ်က သုံးစင်း၊ တံစဥ်က ကိုးချောင်းနဲ့ ကြေးဒင်္ဂါးပြားက တစ်ပြားတောင်ပါလား။ မပေးနိုင်ဘူးကွာ"ဖရက်ဒ်က ရွန်ရဲ့ လက်ထဲမှာ ပိုက်ထားတဲ့ ဘူးတွေ၊ သေတ္တာတွေ တစ်ပုံတစ်ခေါင်းကြီးထဲက ပစ္စည်းတွေကို စစ်ဆေးကြည့်ပြီး ပြောလိုက်တယ်။

"ကျွန်တော်က ခင်ဗျားရဲ့ ညီနော်၊ အူကြောင်ကြောင် မလုပ်နဲ့" ရွန်က ဒေါပွပြီး ဟောက်နေပြန်ရော။

"မင်း ဖြောင်သွားမယ့် တို့ ပစ္စည်းတွေက နည်းမှမနည်းတာ။ ရွက်သဘော်ာသုံးစင်း၊ တံစဥ်ကိုးချောင်း။ ငါ ကြေးဒင်္ဂါးပြားတစ်ပြားတော့ အားနာပါးနာ ပေးလိုက်မယ်"ဖရက်ဒ်ကလည်း ပြတ်ပြတ်သားသား ပြောနေတယ်။

"ဒါဆို ငါက ဟိုသဘော်ာသုံးစင်းနဲ့ တံစဥ်ကိုးချောင်းကို မရဘူးပေါ့"

"မင်း ဒါတွေကို သူ့နေရာသူ ပြန်ထားလိုက်တာပဲ ကောင်းပါတယ်။ စင်ပေါ်မှာ နေရာတကျ ပြန်ထားဖို့လည်း မမေ့နဲ့" ဖရက်ဒ်က ဟောက်လိုက်တယ်။

ဒီမှာတင် ပေါက်ကွဲသွားတဲ့ရွန်က ဘူးတွေ၊ ပစ္စည်းတွေကို ကြမ်းပေါ်ကို ပစ်ချလိုက်ပြီး ဆဲပါလေရော။ လက်နဲ့လည်း ဖရက်ဒ်ကို မတော်မရော် ရိုင်းစိုင်းတဲ့ အမူအရာတွေ လုပ်ပြနေတယ်။ ကံဆိုးချင်တော့ အဲဒီအဖြစ်အပျက်ကလေးဟာ အဲဒီ အခိုက်အတန့်မှာပဲ ဒီနေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတဲ့ မစ္စဝက်စလေရဲ့ မျက်စိအောက်မှာ ဖြစ်သွားခဲ့တာပဲ။

"ငါ နောက်ထပ် ဒါမျိုး ထပ်တွေ့ရရင် နင့်လက်နှစ်ဖက်လုံးကို ဒုက္ခပေးပစ်လိုက်မယ်"လို့ သူမက ဆူငေါက်လိုက်တယ်။

'အမေ... ကျွန်မ ပစ်ဂမီအလုံးလေးတစ်ခု ယူမယ်နော်"အရေးထဲ ဂျင်နီက အလိုက်မသိ ကမန်းကတန်း ဝင်ပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"နင်ပြောတာ ဘာလဲ"မစ္စဝက်စလေ နားမလည်သလို ကြောင်သွားပြီး မေးလိုက်တယ်။

"ဟိုမှာကြည့်... အဲဒါလေးတွေက အရမ်း ချစ်စရာကောင်းတယ်"

မစ္စဝက်စလေ ရှေ့ကို တိုးသွားပြီး ပစ်ဂမီလုံးလေးတွေကို ကြည့်နေတယ်။ အဲဒီအခိုက်မှာပဲ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ သုံးယောက်လုံး ပြတင်းတံခါး တစ်ပေါက်ကနေ မြင်ကွင်းတစ်ခုကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရတယ်။ အဲဒါကတော့ ဒရာကို မော်လ်ဖွိုင်းတစ်ယောက်တည်း လမ်းမအတိုင်း သုတ်သုတ် သုတ်သုတ်နဲ့ သွားနေတာပဲ။ သူတို့ရှိနေတဲ့ 'ဝက်စလေ မှော်ပညာ အသောအရွန်း ဟာသဆိုင်'ကို သူဖြတ်သွားတုန်း ပခုံးစွန်းကို ကျော်ပြီး ဆိုင်ဘက်ကို ဖျတ်ခနဲ ငဲ့ကြည့်လိုက်တယ်။ စက္ကန့်ပိုင်းလောက်အကြာမှာ ပြတင်းပေါက်မြင်ကွင်းထဲကနေ သူ ပျောက်ကွယ်သွားတယ်။

"အံ့သြစရာပဲ၊ သူ့အမေ ဘယ်မှာ ရှိနေမလဲ"ဟယ်ရီက မျက်မှောင်တစ်ချက် ကြုတ်ပြီး ပြောလိုက်တယ်။

"တို့ကြည့်တာ သူမကို မျက်စိလျှမ်းသွားတာများလား"ရွန်ကလည်း ပြောလိုက်တယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"ဒါက ဟာမီယွန်ရဲ့ အပြော။

ဟယ်ရီ ဘာမှ ဆက်မပြောတော့ဘူး။ သူ အပြင်းအထန် စဉ်းစားနေတယ်။ နာစစ်ဆာ မော်လ်ဖွိုင်းဟာ သူမရဲ့ အဖိုးထိုက် အဖိုးတန် ဆတ်ဆတ်ကဲ တုန်အောင် ချစ်တဲ့သားကို သူမရဲ့ မျက်ကွယ်မှာ ခုလို တစ်ယောက်တည်း သွားလာဖို့ သူမသဘောနဲ့သူမ ဘယ်နည်းနဲ့မှ ခွင့်ပြုနိုင်စရာ အကြောင်းမရှိဘူး။ မော်လ်ဖွိုင်းကသာ သူ့သဘောနဲ့သူ အမေ ချုပ်ချယ်ထားမှုအောက်က လစ်ပြေးလာတာ ဖြစ်မယ်။

မော်လ်ဖွိုင်းကို သိပြီး ရွံရှာစက်ဆုပ်နေတဲ့ ဟယ်ရီက ဒီကောင်လေးထွက်လာတာဟာ ရိုးရိုးသားသား အကြောင်းမဲ့တော့ မဖြစ်နိုင်ဘူးလို့ သူ အခိုင်အမာ မှတ်ချက်ချလိုက်တယ်။

သူ ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ မစ္စဝက်စလေနဲ့ ဂျင်နီတို့ နှစ်ယောက်က ပစ်ဂမီလုံးလေးတွေကို ကုန်းပြီး ငုံ့ကြည့်နေတုန်းပဲ။ ပြီးတော့ မစ္စဝက်စလေဟာ မတ်ဂဲလ်တံဆိပ် ဖဲတစ်ထုပ်ကို သဘောကျပြီး ကိုင်တွယ် စစ်ဆေးကြည့်နေတယ်။ ဖရက်ဒ်နဲ့ ဂျော့တို့ နှစ်ယောက်ကလည်း ဈေးဝယ်သူတွေနဲ့ လုံးထွေးနေရတုန်းပဲ။ အရှေ့မှန်ကြီးရဲ့ တစ်ဖက်မှာ ဟက်ဂရစ်က သူတို့ကို ကျောပေးပြီး လမ်းကို အထက်အောက် စုန်ချည်ဆန်ချည် လှမ်းပြီး အကဲခတ်ကြည့်နေတယ်။

"လာ ဒီအောက် အမြန်ဝင်ကြစမ်း" သူ့အိတ်ထဲက ကိုယ်ဖျောက်ဝတ်ရုံကို ဆွဲထုတ်ပြီး ဟယ်ရီက ပြောလိုက်တယ်။

"အို... ငါ ဘာလုပ်ရမှန်း မသိတော့ဘူး ဟယ်ရီရယ်"ဟာမီယွန်က မစ္စဝက်စလေရှိရာ ဘက်ကို လှမ်းကြည့်ပြီး ချီတုံချတုံ ကယောင်ကတမ်း ဖြစ်သွားတယ်။

"မြန်မြန်လုပ်စမ်း"ရွန်က ပြောလိုက်တယ်။

www.burmeseclassic.com

သူမ တစ်စက္ကန့်လောက် ယောင်ချာချာ ဖြစ်ပြီးမှ ဟယ်ရီ၊ ရွန်တို့နဲ့ အတူ ကိုယ်ပျောက်ဝတ်ရုံအောက်ကို ဝင်ပုန်းလိုက်တယ်။ သူတို့တွေ ဖြတ်ခနဲ ပျောက်သွားတာကို ဘယ်သူမှ သတိမထားမိလိုက်ဘဲ လူတွေအားလုံး ဖရက်ဒ်နဲ့ ဂျော့ အမြွှာညီအစ်ကို ထုတ်လုပ်တဲ့ ပစ္စည်း အဆန်းတွေအပေါ်မှာပဲ အာရုံရောက်နေကြတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ တံခါးဝဆီကို မြန်နိုင်တကာ့အမြန်ဆုံး တိုးထွက်သွားကြတယ်။ ဒါပေမဲ့ လမ်းပေါ်လည်း သူတို့ ရောက်သွားကြရော မော်လ်ဖွိုင်းလည်း စောစောက သူတို့ အောင်အောင်မြင်မြင် ကိုယ်ရောင်ဖျောက်လိုက်ကြသလို ရုတ်ခနဲ ချက်ချင်းပျောက်သွားပါတယ်။

"သူ ဒီဘက်ကို သွားတာပဲ ဖြစ်မယ်" ဟယ်ရီက ကြားလောက်ရုံ အသံတိုးတိုးကလေးနဲ့ ပြောလိုက်တယ်။ ဒါ့ကြောင့် သီချင်းကလေး တညည်းညည်း လုပ်နေတဲ့ ဟက်ဂရစ်က မကြားလိုက်ဘူး။

"ကဲ လာ"

သူတို့ သုံးဖော် လမ်းအတိုင်း ဘေးဘယ်ညာကို ချောင်းကြည့်လိုက်၊ ဆိုင်ပြတင်းဝတွေနဲ့ တံခါးမကြီးတွေကို ဖြတ်ပြီး အတွင်းပိုင်းကို လှမ်းကြည့်လိုက်နဲ့ အပြေးအလွှား သုတ်ချေတင်လာကြတယ်။ ဟာမီယွန်က ရှေ့ကို လက်ညှိုးထိုးပြီး–

"ဟိုမှာ ဟိုမှာ.... သူပဲ၊ ဟုတ်တယ် မဟုတ်လား၊ ဘယ်ဘက်ကို ကြည့်"

"သောက်ကျိုးနဲ့၊ တော်တော် အံ့သြဖို့ကောင်းတယ်"လို့ ရွန်က တိုးတိုးကလေး ကပ်ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ မော်လ်ဖွိုင်းဟာ ဘေးပတ်ဝန်းကျင်ကို သုတ်သုတ်ပျာပျာ တစ်ချက်ကြည့်ပြီး 'ကျွမ်းပြန်ကျ'လမ်းကြားထဲကို လှစ်ခနဲ ဝင်ရောက် ပျောက်ကွယ်သွားလို့ ဖြစ်တယ်။

"မြန်မြန်၊ တော်ကြာ ငါတို့ သူ့ကို မျက်ခြေပြတ်သွားဦးမယ်" ပြောပြီးပြီးချင်း ဟယ်ရီက အရှိန်မြှင့်ပြီး ခြေကုန်သုတ်နေတယ်။

"ဟဲ့ ဟဲ့ ... တို့ခြေထောက်တွေကို မြင်နေရသလား မသိဘူး" ဟာမီယွန်က သူတို့ ခြေကျင်းဝတ်နေရာတွေမှာ တဖတ်ဖတ် ရိုက်နေတဲ့ ကိုယ်ပျောက်ဝတ်ရုံအစကို သတိထားလိုက်မိပြီး စိုးရိမ်တကြီး ပြောလိုက်တယ်။ ဟယ်ရီရဲ့ တစ်ယောက်တည်းစာ ကိုယ်ပျောက် အင်္ကျီထဲမှာ သုံးယောက်ပြုံးကြီး အငြိမ်လည်း မနေဘဲ လှုပ်ရှားနေရတာဆိုတော့ သူတို့ ခြေဖျားတွေကို လုံအောင်ဖုံးထားဖို့ မဖြစ်နိုင်ဘူး။

"အဲဒါ အသာထားလိုက်စမ်းပါ၊ လာမြန်မြန်" ဟယ်ရီက စိတ်မရှည်သံနဲ့ ပြောလိုက်တယ်။

ဒါပေမဲ့ လျှို့ဝှက်မှော်ပညာ အတတ်တွေနဲ့ ဆိုင်တဲ့ ပစ္စည်းတွေကိုပဲ ထုတ်လုပ်ရောင်းချတဲ့ ဒီလမ်း 'ကျွမ်းပြန်ကျ'လမ်းမြောင်ကလေးဟာ လုံးဝ လူသူကင်းမဲ့ပြီး တစ်လမ်းလုံး ရှင်းနေတယ်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်သွားသမျှ အိမ်တွေ ဆိုင်တွေရဲ့ ပြတင်းပေါက်တွေကတစ်ဆင့် အထဲကို ချောင်းကြည့်လာကြပေမဲ့ တစ်ဆိုင်ဆို တစ်ဆိုင်မှ ဝယ်သူမရှိဘဲ ခြောက်ကပ်နေတယ်။ အဲဒီမှာ ဟယ်ရီ စဉ်းစားလိုက်မိတယ်။ ဟုတ်ပြီ၊ ဒီလို အန္တရာယ်များပြီး သံသယ မကင်းစရာ အချိန်မျိုးမှာ လျှို့ဝှက်မှော်ရှေးဟောင်း ပစ္စည်းတွေကို ဝယ်ယူအောင်၊ ဒါမှမဟုတ် ဝယ်နေသူတွေကိုပဲ ငေးမောကြည့်ပြီး အလုပ်ရှုပ်ရအောင် သူတို့ကို တမင် ဒီလမ်းထဲ ဝင်လာအောင်လို့ အကွက်ဆင်လိုက်တာ ဖြစ်ရမယ်။ ဒါပေမဲ့ အဲဒီလို မဟုတ်ပြန်ဘူး။

သူ့ကို နာနာလေး တစ်ချက် ဆွဲဆိတ်လိုက်တာခံရလို့ "အား"ခနဲ တစ်ချက် ယောင်အောင်လိုက်ချိန်မှာပဲ "ရှူး..... တိုးတိုး လုပ်စမ်း၊ အဲဟိုမှာကြည့်၊ သူ့ကို တွေ့တယ် မဟုတ်လား"ဆိုပြီး ဟာမီယွန်က သူ့နားဝကို ပါးစပ်နဲ့ ကပ်ပြောလိုက်တယ်။

သူတို့တွေ 'ကျွမ်းပြန်ကျ'လမ်းမြောင်ထဲမှာ ဟယ်ရီအရင်က ရောက်ဖူးတဲ့ 'ဘော်ဂျင်းနှင့် ဘတ်ကတ်စ်'ဆိုတဲ့ ဆိုင်နဲ့ တစ်တန်းတည်း တည့်တည့်နေတဲ့ နေရာမှာ ရောက်နေတယ်။ အဲဒီဆိုင်ဟာ မှော်လောကရဲ့ အောက်လမ်းနည်းသုံး အတိတ်နိမိတ်မကောင်းတဲ့ အမင်္ဂလာပစ္စည်းတွေနဲ့ အန္တရာယ် ဒုက္ခပေးမယ့် ပစ္စည်းတွေချည်းသက်သက် ရောင်းတဲ့ဆိုင် ဖြစ်တယ်။

အဲဒီက လူခေါင်းခွံတွေနဲ့ ပုလင်းဟောင်းကြီးတွေနဲ့ ပြည့်နေတဲ့ အရောင်းကောင်တာ ဗီရိုတွေ အလယ်မှာ သူတို့ဘက်ကို ကျောခိုင်းထားတဲ့ ဒရာကို မော်လ်ဖွိုင်း ရပ်နေတာကို မြင်ရတယ်။ ဘေးနားမှာ တစ်ခါက မော်လ်ဖွိုင်းနဲ့ သူ့အဖေတို့ရဲ့ ရန်ကို ရှောင်တိမ်းပြီး ဟယ်ရီ ဝင်ပုန်းနေခဲ့ဖူးတဲ့ ဗီရိုအမည်းကြီးတစ်လုံးလည်း ရှိနေတယ်။ မော်လ်ဖွိုင်းရဲ့ လှုပ်ရှားနေတဲ့ လက်ဟန်ခြေဟန်ကို ကြည့်ခြင်းအားဖြင့် သူဟာ အကြီးအကျယ် စိတ်ပါလက်ပါ ပြောနေတာဖြစ်ကြောင်း သိသာတယ်။ ဆံပင်တွေရွဲ့ရွဲ့စိုနေတဲ့ ဆံပင်တွေနဲ့ လက်ပြင်ကုန်းနေတဲ့ ဆိုင်ရှင် မစ္စတာဘော်ဂျင်းက မော်လ်ဖွိုင်းနဲ့ မျက်နှာချင်းဆိုင်မှာ ရပ်နေတယ်။ သူ့ရဲ့ အမူအရာက မကျေမချမ်း ဖြစ်မှုတစ်ဝက်၊ ကြောက်စိတ်တစ်ဝက် ရောနှောထားတဲ့ သိချင်စိတ် စောနေပုံ ပေါက်နေတယ်။

"သူတို့ ဘာတွေ ပြောနေတယ်ဆိုတာ ကြားအောင် လုပ်လို့ ရမလား"လို့ ဟာမီယွန်က ပြောတော့–

"ဟာ.... ရတယ်။ ရော့ ဒါလေးတွေကို မြဲမြဲကိုင်ထား"ရွန်က အရေအတွက် နှစ်လုံးထက်ပိုများမယ့် ဘူးကလေးတွေကို ထုတ်ပေးပြီး သူ့လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ အကြီးဆုံးအလုံးကိုလည်း ဟိုစမ်းစမ်း ဒီစမ်းစမ်း လုပ်ရင်းနဲ့–

"ဒါ သောတအာရုံချဲ့ ကိရိယာပဲ... ကြည့်"လို့ ပြောလိုက်တယ်။

"ဟာ.... အံ့ဖွယ်တစ်ပါးပဲဟေ့"ဟာမီယွန်လည်း မရိုးမရွ ဖြစ်နေတယ်။

ရွန်က အသားရောင် ကြိုးအရှည်ကြီးတစ်ချောင်းကို သူ့ဘူးထဲကနေ ထုတ်ဖြေပြီး ဆိုင်ရှေ့တံခါးဝဆီကို တဖြည်းဖြည်း ဆန့်ထုတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ် … တံခါးက အလုံပိတ် အခိုင်အခန့်ကြီးလား မသိဘူးနော်"လို့ ဟာမီယွန်က စိုးရိမ်တကြီး ထပ်ပြောတယ်။

"မဟုတ်ဘူး၊ ရတယ်"ရွှန်ရဲ့ အသံက ဝမ်းသာအားရနဲ့။ "ကဲ … နားထောင်တော့"

သူတို့ သုံးယောက် ခေါင်းချင်းဆိုင်ပြီး ကြိုးထိပ်တစ်ဖက်ကို အာရုံစိုက် နားထောင်လိုက်တာ မော်လ်ဖွိုင်းရဲ့ အသံကို ရေဒီယိုတစ်လုံး ဖွင့်ထားသလို အတိုင်းသား ပီပီသသ ကြားနေရတယ်။

"အဲဒါ ဘယ်လိုတပ်ရမယ်၊ ပြင်ရမယ်ဆိုတာ ခင်ဗျား သိနေရဲ့သားနဲ့"

"ဖြစ်နိုင်ပါတယ်"ဘော်ဂျင်းရဲ့ အသံက သူ ဘာမှ ပါဝင်လုပ်ကိုင်ဖို့ မလိုလားတဲ့အသံ ပေါက်နေတယ်။ "ကျွန်တော် ကြည့်ဖို့တော့ လိုသေးတယ်လေ။ ခင်ဗျား အဲဒါကို ဆိုင်ထဲကို ဘာလို့ ယူမလာခဲ့တာလဲ"

"ကျုပ် ယူမလာနိုင်ဘူးဗျာ"မော်လ်ဖွိုင်းရဲ့ လေသံက မာပြီး အထက်စီးနိုင်လွန်းတယ်။ "ကျုပ် အဲဒါကို သူ့နေရာမှာပဲ ဒီအတိုင်း ရှိနေချင်တာ။ အဲဒါကို ကျုပ်ဘယ်လိုလုပ်ရမလဲဆိုတာသာ ခင်ဗျား ပြောဖို့လိုတယ်"

ဘော်ဂျင်း စိတ်ပျက်လက်ပျက်နဲ့ သူ့နှုတ်ခမ်းကို ပြန်လျက်နေတာ ဟယ်ရီ တွေ့ရတယ်။

"ဒါဆိုလည်း ပြီးတာပဲလေ၊ အဲဒါကို မမြင်ရရင်တော့ အဲဒါဟာ တကယ့်ကို အကြီးအကျယ် ခက်ခဲမယ့် အလုပ်တစ်ခု ဖြစ်မှာပဲ။ လုံးဝမဖြစ်နိုင်တာလည်း ဖြစ်သွားနိုင်တယ်။ ကျွန်တော်ကတော့ ဘာမှ အာမခံချက် မပေးနိုင်ဘူး"

"မဟုတ်သေးဘူးလေ"မော်လ်ဖွိုင်းက ပြောလိုက်တယ်။ သူ့လေသံအရ မော်လ်ဖွိုင်းဟာ တစ်ဖက်ကို အထင်သေးပြီး လှောင်ပြောင်နေတယ်ဆိုတာ ဟယ်ရီ သဘောပေါက်သွားတယ်။ မော်လ်ဖွိုင်းက ဆက်ပြောတယ်။ "ခင်ဗျား ယုံကြည်ချက်တွေ ပိုရှိလာတာ ဖြစ်ကောင်းဖြစ်နိုင်တယ်"

သူ ဘော်ဂျင်းဘက်ကို တိုးသွားတဲ့အတွက် မြင်ကွင်းကို ဗီရိုကြီးတစ်လုံးက ကွယ်သွားတယ်။ ဒီမှာတင် ဟယ်ရီ၊ ရွှန်နဲ့ ဟာမီယွန်တို့ ဘေးကိုဖြန့် လူချင်းနည်းနည်းခွဲပြီး မော်လ်ဖွိုင်းကို မြင်အောင် လိုက်ကြည့်ကြတယ်။ ဒါပေမဲ့ သူတို့ ဘော်ဂျင်းတစ်ယောက်တည်းကိုပဲ မြင်ရပြီး သူဟာ ကြောက်လန့်နေပုံရတယ်။

"ကဲ ပြောဗျာ၊ တစ်ခုခု ပြောစမ်း၊ ခင်ဗျား ဝင့်လည်တော့မှာနော်"မော်လ်ဖွိုင်းက ခြိမ်းခြောက်နေတယ်။ "ခင်ဗျား ဖင်ရီယာဂရေးဘက်ကို သိတယ်မဟုတ်လား။ သူဟာ ကျုပ်တို့မိသားစုရဲ့ မိတ်ဆွေပဲ။ သူ ဒီကို တစ်ချိန်ပြီးတစ်ချိန် ရောက်လာပြီး ခင်ဗျားဟာ စိတ်ပါလက်ပါ လိုလိုလားလားနဲ့ ပြဿနာတွေ ဖန်တီးနေတယ်ဆိုတာ သေချာအောင် လုပ်လိမ့်မယ်"

"အဲဒီလို လုပ်ဖို့ မလိုပါဘူးခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ ဆုံးဖြတ်ပြီးပြီ။ ကျုပ်သွားမှ ကောင်းမယ်။ အဲဒါကို လုံခြုံအောင် ထားဖို့ မမေ့နဲ့။ ကျုပ် အဲဒါကို ရဖို့လိုတယ်"လို့ မော်လ်ဖွိုင်းက ပြောလိုက်ရာမှာ "ဒါဆိုရင် ခုတစ်ခါတည်း ယူမသွားချင်ဘူးလား"လို့ ဘော်ဂျင်းက မေးလိုက်တယ်။

"မဟုတ်တာ ပြောပြန်ပြီ။ ကျုပ် ယူမသွားနိုင်ဘူး။ ခင်ဗျားဟာ လူကောင် သေးသလောက် မိုက်လုံးကြီးတဲ့လူပဲ။ ဒါကြီးကို လမ်းပေါ်မှာ ကျုပ် သယ်သွားဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ရောင်းသာမပစ်လိုက်နဲ့"

"ဟုတ်ကဲ့ပါခင်ဗျာ မရောင်းပါဘူး"

ဘော်ဂျင်းက ဦးကျိုးနိုင်သမျှ ကျိုးအောင် ခါးကို ညွတ်ပြီး အရိုအသေ ပေးလိုက်တယ်။ ဒါဟာ တစ်ခါက မော်လ်ဖွိုင်းရဲ့ အဖေ လူစီးယပ်စ်မော်လ်ဖွိုင်းက သူ အရိုအသေ ပေးခဲ့ပုံမျိုးအတိုင်း ဖြစ်တာကို ဟယ်ရီ သိနေတယ်။

"ဒီအကြောင်း ဘယ်သူ့ကိုမှ တစ်ခွန်းမှ သွားမဟနဲ့ ဘော်ဂျင်း။ ကျုပ်အမေလည်း အပါအဝင်နော်။ နားလည်တယ် မဟုတ်လား"

"သဘာဝ ကျပါတယ် ခင်ဗျာ၊ သဘာဝကျပါတယ်" ပြောရင်း ဘော်ဂျင်းက နောက်တစ်ကြိမ် ထပ်အရိုအသေ ပေးလိုက်ပြန်တယ်။

တစ်အောင့်ပဲ ကြာတယ်၊ တံခါးပေါ်က ခေါင်းလောင်း ကလင်ကလင်နဲ့ အသံကျယ်ကျယ် မြည်သွားပြီး မော်လ်ဖွိုင်း ဟန်ပါပါ မာန်ပါပါနဲ့ ဆိုင်ထဲက ပြန်ထွက်လာတယ်။ သူဟာ သတိရှိရှိနဲ့ ခြေသံလုံလုံ လျှောက်လာတာလည်း ဖြစ်တယ်။ သူ့မျက်နှာကလည်း ကျေနပ်နေတဲ့ပုံမျိုး။

သူက ဟယ်ရီတို့အနားက ကပ်ပြီး ဖြတ်သွားတာမို့ ဟယ်ရီရဲ့ ကိုယ်ဖျောက် ဝတ်ရုံအောင်နားစက သူတို့ ဒူးနားထိ တက်ပြီး ဖလတ်ဖလတ်နဲ့ ရိုက်သွားတယ်။ မော်လ်ဖွိုင်း သတိမထားမိလို့ တော်သေးရဲ့။ ဆိုင်ထဲမှာ တစ်ယောက်တည်း ငူငူငိုင်ငိုင်နဲ့ ကြက်သေသေပြီး ကျန်ခဲ့တဲ့ ဘော်ဂျင်းရဲ့ မျက်နှာပေါ်က အပေါ်ယံ ရွှေမှုန်ကြဲထားတဲ့ စောစောက ဟန်ဆောင်ပန်ဆောင်အပြုံးတွေ ပျောက်ကွယ်သွားပြီး သူဟာ ကြောက်လန့် စိုးရိမ်နေပုံရတယ်။

"သူတို့ ဘာအကြောင်း ပြောတာလဲကွ" သူရဲ့ သောတအာရုံချဲ့ ကိရိယာကြိုးကို ပြန်ရစ်နေတဲ့ ရွန်က တိုးတိုးကလေး မေးလိုက်တယ်။

"မသိဘူး" ဟယ်ရီက ပြောလိုက်ပေမဲ့ သူ့ခေါင်းထဲမှာ အပြင်းအထန် စဉ်းစားနေတယ်။ "သူ တစ်ခုခုကို ပြန်ပြင်ချင်တာ ဖြစ်မယ်။ ပြီးတော့ သူ တစ်ခုခုကို ဒီမှာ အရန်သင့် ဖြစ်နေစေချင်တာလည်း ပါတယ်။ ဒါနဲ့ သူ အဲဒီလို ပြောနေတုန်းက 'ဒါကို၊ ဒါကို'ဆိုပြီး ဘယ်ပစ္စည်းကို လက်ညှိုးထိုးပြပြောတာ မင်းတို့ မြင်လိုက်ရသလဲ"လို့ သူက မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"မမြင်ဘူး၊ သူက ဟိုဗီရိုကြီးနဲ့ ကွယ်နေတာကွ"

"နင်တို့ နှစ်ယောက် ဒီမှာ ကျန်ခဲ့" ဟာမီယွန်က လေသံတိုးတိုးကလေးနဲ့ ပြောတဲ့အတွက် "နင်က ဘာလာလုပ်ဦးမလို့လဲ"လို့ ဆိုကာရှိသေး၊ ဟာမီယွန်က ကိုယ်ဖျောက်ဝတ်ရုံအောက်က ထွက်သွားပြီ။ သူမဆိုင်ရှေ့မှာရှိတဲ့ ရောင်ပြန်ဟပ်နေတဲ့ မှန်ထဲမှာ သူမရဲ့ဆံပင် ပြန်ကြည့်ပြီး နည်းနည်းပါးပါး မြင်လို့ကောင်းအောင် ပြင်လိုက်ပြန်ပါတယ်။ ပြီးတော့ တံခါး ခေါင်းလောင်းမြည်သွားပြီး သူမ ဆိုင်ထဲကို ဝင်သွားတယ်။ ဒီမှာတင် ရွန်က သူ့သောတအာရုံရဲ့ ကိရိယာကြိုးကို တစ်ခါ ပြန်ဖြေပြီး ကြိုးစထိပ်တစ်ဖက်ကို တံခါးအောက်ကို ပြန်ထိုးသွင်းရင်း ကျန်တဲ့ကြိုးစတစ်ဖက်ကို ဟယ်ရီရဲ့ လက်ထဲ ထည့်လိုက်တယ်။

"ဟယ်လို.... ကြောက်ရွံ့ထိတ်လန့်ဖွယ် နံနက်ခင်းပါရှင်၊ ဟုတ်ပါတယ်နော်" ဟာမီယွန်က စတင်ပြီး ဝံ့ဝံ့စားစား မြူးမြူးကြွားကြွားဟန်လေးနဲ့ ပြောလိုက်ပါတယ်။ ဟိုတစ်ဖက်က ဘာမှ ပြန်မဖြေဘဲ မယုံသင်္ကာ သံသယအကြည့်နဲ့ ကြည့်နေတယ်။

ဟာမီယွန်ဟာ ဣန္ဒြေမပျက် သီချင်းကလေးကို ပါးစပ်မဖွင့်ဘဲ နှုတ်ခမ်း လှုပ်ရုံကလေးညည်းရင်း စနစ်တကျ မရှိဘဲ ရောပြွမ်းစုပြုံခင်းကျင်းထားတဲ့ ပစ္စည်းတွေကြားက ဖြတ်သန်းပြီး အေးအေးလူလူ ဆက်လျှောက်သွားပါတယ်။

"ဒီလည်ဆွဲကလေးက ရောင်းဖို့ မဟုတ်လားဟင်"

ရှေ့ဘက်တစ်ခြမ်း မှန်တပ်ထားတဲ့ ကောင်တာ ရှိုးကေ့စ်တစ်ခုဘေးမှာ ရပ်ပြီး ဟာမီယွန်က မေးလိုက်တယ်။ "မင်း ဂါလီယွန် တစ်ထောင့် ငါးရာ ပါတယ်ဆိုရင်တော့ ဖြစ်ပါတယ်"လို့ မစ္စတာ ဘော်ဂျင်းကလည်း အေးအေးဆေးဆေးပဲ ပြောလိုက်တယ်။

"အိုးဟိုး .... မပါဘူး၊ ကျွန်မမှာ အဲဒီလောက် များများတော့ ဘယ်ပါပါ့မလဲ"ဟာမီယွန်ကပြောပြီး ဆက်လျှောက်သွားပြန်ပါတယ်။ ပြီးတော့"ဒါဆိုရင် ဒီချစ်စရာ ကောင်းတဲ့ ခေါင်းခွံလေးကိုရော ဘယ်လောက်နဲ့ ရောင်းတာပါလဲ"လို့ မေးလိုက်ပြန်တယ်။

"၁၆ ဂါလီယွန်ပါ"

"ဒီလိုဆို ဒါကို ရောင်းမယ်ပေါ့၊ ဒါဟာ တစ်ယော်ယောက်အတွက် ချန်ထားတာ မဟုတ်ဘူးလား"

မစ္စတာ ဘော်ဂျင်းက သူမကို သူ့ရဲ့ မျက်စိတွေကို မှေးစင်းပြီး ကြည့်လိုက်တယ်။ ဒီမှာတင် ဟယ်ရီလည်း ဟာမီယွန်တော့ ပြဿနာ စတက်ပြီဆိုတာ ရင်ထဲမှာ အလိုလို သိလိုက်ပါတယ်။ ဟာမီယွန်ကိုယ်တိုင်လည်း သူမရဲ့ ရည်ရွယ်ချက် သရုပ်အမှန်ကို တစ်ဖက်က သိရှိသွားပြီလို့ ရိပ်မိခံစားမိသွားတယ်။ ဟာမီယွန် ဗြုန်းစားကြီး ကောက်ကာငင်ကာ စကားကို ဖြေပြောပြောလိုက်တယ်။

www.burmeseclassic.com

"ဒါက ဒီလို ရှိပါတယ်၊ ခုနကလေးပဲ ဒီဆိုင်မှာ ရှိနေခဲ့သေးတဲ့ ဒရာကို မော်လ်ဖွိုင်းဆိုတဲ့ ကောင်ကလေးဟာ ကျွန်မရဲ့ မိတ်ဆွေပါပဲ။ ပြီးတော့ ကျွန်မက သူ့ကို မွေးနေ့လက်ဆောင်တစ်ခု ပေးချင်နေတယ်။ ဒါပေမဲ့ သူက ဒီမှာ သူ့အတွက် တစ်ခုခု ဖယ်ထားခိုင်းပြီးသား ဖြစ်နိုင်တယ်။ ကျွန်မက ကျွန်မပေးတဲ့လက်ဆောင်ပစ္စည်းနဲ့ သူ ရွေးချယ်ထားတာ တစ်ခုတည်း ထပ်တူကျမသွားစေချင်ဘူးလေ။ ဒါ့ကြောင့် .... ဟို"

"ဟာ.... " ဟယ်ရီ့ စိတ်ထဲမှာ ထိတ်သွားတယ်။ သူ့အမြင်မှာလည်း ဟာမီယွန်ပြောတဲ့ ဇာတ်လမ်းက လုံးဝ ယုတ္တိမတန် လက်ခံနိုင်ဖွယ် မရှိတဲ့ ပုံပြင်တစ်ပုဒ်လို ဖြစ်နေတယ်။ ဘော်ဂျင်းကလည်း ဒီလိုပဲ တွက်မှာပါပဲ။

"ထွက်သွား..... ခုထွက်သွားစမ်း"ဘော်ဂျင်းက အော်လိုက်တယ်။ ဟာမီယွန်ကလည်း နှစ်ခါ ထပ်ပြောခံရအောင် မစောင့်တော့ဘူး။ တံခါးဝကို ဘော်ဂျင်းနဲ့ ထပ်ကြပ်မကွာ ထွက်လိုက်လာတယ်။ ဟာမီယွန် ထွက်လိုက်လာပြီး တံခါးခေါင်းလောင်း ထပ်မြည်လိုက်ချိန်မှာ ဘော်ဂျင်းက သူမရဲ့နောက်မှာ ဆိုင်တံခါးကို ဆောင့်ကြီးအောင့်ကြီး ဂျိုင်းခနဲ ပိတ်လိုက်ရုံသာမကဘဲ "ဆိုင်ပိတ်ပြီ"ဆိုတဲ့ စာသားဆိုင်းဘုတ်ပါ ကပ်ထားလိုက်တယ်။

"ကောင်းလိုက်လေကွာ"ရွန်ကပြောရင်း ပြန်ရောက်လာတဲ့ ဟာမီယွန်အပေါ်ကိုပါ ကိုယ်ဖျောက်ဝတ်ရုံကို လွှမ်းပေးလိုက်တယ်။ ပြီးတော့ ငေါ့တော့တော့နဲ့ "ထိုက်ထိုက်တန်တန် ကြိုးစားခဲ့တာပဲ။ ဒါပေမဲ့ ပေါ်တင်မကျလွန်းဘူးလား"တဲ့။

"အေး..... နောက်တစ်ခါဆို ဘယ်လို အောင်မြင်တယ်ဆိုတာ နင်ပဲ အစွမ်းပြတော့ ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ် ဆရာသမားကြီးရယ်"လို့ ဟာမီယွန်က ဘောက်ခနဲ ပြန်ပက်လိုက်တယ်။ 'ဝက်စလေ မှော်ပညာ အသောအရွှန်း ဟာသဆိုင်'ကို အပြန်လမ်းတစ်လျှောက်လုံး ဘာမဟုတ်တာလေးအတွက် တကျက်ကျက် ရန်ဖြစ်လာတဲ့ ရွန်နဲ့ ဟာမီယွန်တို့ နှစ်ယောက် ပြန်ရောက်ရောက်ချင်း ပါးစပ်ပိတ်သွားကြတယ်။ ဒါကြောင့်လည်း အရမ်းစိတ်ပူဒေါသထွက်နေတဲ့ မစ္စဝက်စလေနဲ့ သူတို့ လစ်သွားတယ်ဆိုတာ ကောင်းကောင်းသိနေတဲ့ ဟက်ဂရစ်တို့ကို သူတို့ ရှောင်တိမ်းပြီး ဆိုင်ထဲကို ပြန်ဝင်နိုင်ခဲ့တယ်။

ဟယ်ရီက သူ့ကိုယ်ဖျောက်ဝတ်ရုံကိုချွတ်ပြီး အိတ်ထဲပြန်ထည့်လိုက်တယ်။ ပြီးတော့ ဟိုနှစ်ယောက်နဲ့ပေါင်းပြီး အပိုင်ဆုံး ဟန်အမူအရာတွေနဲ့ သူတို့ဆိုင် နောက်ဘက်အခန်းထဲမှာပဲ တစ်ချိန်လုံး ရှိနေတဲ့အကြောင်း၊ မစ္စဝက်စလေ သေသေချာချာ မရှာလို့ မတွေ့တာသာ ဖြစ်ကြောင်း တစ်သံတည်း ဖြစ်အောင် လိမ်ရပေဦးမယ်။

*****************

အခန်း (၇)
ပက်ကျိကလပ်အသင်း

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ ခေါင်းရှုပ်နေတယ်။ သူ့ရဲ့ ပြီးခဲ့တဲ့ ရက်သတ္တပတ် အားလပ်ရက် အကုန်လုံးနီးပါးလည်း ကျွမ်းပြန်ကျလမ်းမြှောင်မှာ မော်လ်ဖွိုင်းလုပ်သွားခဲ့တဲ့ အမူအရာတွေကို အဓိပ္ပာယ် ကောက်နေခြင်းနဲ့ပဲ ကုန်ဆုံးသွားခဲ့တယ်။ သူ စိတ်အနှောင့်အယှက် အဖြစ်ရဆုံး တစ်ခုက ဆိုင်ထဲက ပြန်ထွက်လာချိန်မှာ ဖြစ်ပေါ်နေတဲ့ မော်လ်ဖွိုင်းမျက်နှာပေါ်က အပြုံးပဲ။ မော်လ်ဖွိုင်းရဲ့ ကျေနပ်အပြုံးက အဓိပ္ပာယ် သိပ်ကျယ်ဝန်းနေတယ်။ ဘာပဲဖြစ်ဖြစ် ဒီကောင် ဒီလောက်ပြုံးပျော်နေတာဟာ ကောင်းကျိုးပေးမယ့် ကိစ္စမဟုတ်တာ၊ သတင်းကောင်းတွေ ဆောင်ကြဉ်းလာမှာ မဟုတ်တာတော့ သေချာတယ်။

နောက် သိပ်ကြီးကြီးမားမား မဟုတ်တဲ့ စိတ်အနှောင့်အယှက် တစ်ခုကတော့ ရွန်ရော ဟာမီယွန်ပါ နှစ်ယောက်စလုံး သူဖြစ်နေသလို မော်လ်ဖွိုင်းရဲ့ လှုပ်ရှားမှုတွေနဲ့ ပတ်သက်ပြီး သိချင်၊ စူစမ်းချင်စိတ် ထူးထူးခြားခြား မရှိကြတာပါပဲ။ သူတို့က အဲဒီနေ့နောက်ပိုင်း တစ်ရက်နှစ်ရက်ပဲ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သူနဲ့ နည်းနည်း ပါးပါး ဆွေးနွေးခဲ့တာရှိတယ်။

“ဟုတ်တယ်၊ သူ့ရဲ့ အမူအရာထဲမှာ သံသယဖြစ်စရာ လျှို့ဝှက်ချက်တစ်ခု ရှိနေတယ်ဆိုတာကိုတော့ ငါလည်း သဘောတူထားပြီးသားပဲလေ”လို့ ဟာမီယွန်က စိတ်မရှည်သလို ပြောလိုက်တယ်။ သူမဟာ ဖရက်ဒ်နဲ့ ဂျော့တို့ရဲ့ အခန်းပြတင်းပေါက် ခုံတစ်ခုပေါ်မှာ ထိုင်နေတာ ဖြစ်ပြီး ခြေထောက်တွေကိုတော့ ကတ်ထူသေတ္တာပုံး တစ်လုံးပေါ်မှာ တင်ထားတယ်။

သူမဟာ “ရှေ့ပြေး မှော်ပညာ ဘာသာပြန်”စာအုပ်တစ်အုပ်ကို ဖတ်နေရာက ဆောင့်ကြီး အောင့်ကြီး ပြောလိုက်တာလည်း ဖြစ်တယ်။ ဟာမီယွန်က ဆက်ပြီး “အေး ..... ဒါပေမဲ့ သူ့ရဲ့ အမူအရာဟာ သိပ်အဓိပ္ပာယ်တွေ အများကြီးပါတယ်။ အကြောင်းပြချက်တွေ အများကြီး ရှိနေတယ်ဆိုတာကိုတော့ တို့သဘောမတူဘူး” လို့လည်း ပြောလိုက်တယ်။

“သူ့ရဲ့ ဂုဏ်ကျက်သရေ ကြီးမားကျော်ကြားတဲ့လက် ဆိုတာများ ကျိုးသွားသလား မသိဘူး”လို့ ဟာမီယွန်က မရေမရာ ပေါ့ပေါ့တန်တန် ပြောလိုက်ပြီး သူ့တံမြက်စည်းရိုးနဲ့ ကွေးနေတဲ့ ထိပ်ဖျားက အခက်တွေကို ဖြောင့်အောင် ပြန်ဆန့်တာပဲ ဆက်လုပ်နေတယ်။ “မော်လ်ဖွိုင်းမှာ ရှုံ့တွနေတဲ့ လက်တစ်ချောင်း ရှိနေတာ မင်းမမှတ်မိလိုက်ဘူးလား”လို့ သူက ပြောတယ်။

“သူပြောတဲ့ ‘ဒီတစ်ခုကို လုံခြုံအောင် ထားဖို့ မမေ့နဲ့’ဆိုတဲ့ စကားကို မေ့မထားနဲ့လေ”လို့ ဟယ်ရီကလည်း အဲဒီစကားကိုပဲ ထပ်တလဲလဲ ဖန်တစ်ရာ တေအောင် ပြောနေတယ်။ “အဲဒီစကားက ငါ့ကို ဘော်ဂျင်းမှာလည်း ပစ္စည်း အကျိုးအပျက် တစ်ခု ရထားတာရှိနေတယ်လို့ သတိပေးနေတယ်”

“မင်းက အဲဒီလို ယူဆတယ်ပေါ့”သူ့လက်ထဲက တံမြက်စည်း လက်ကိုင်ရိုးမှာ ကပ်နေတဲ့ ဖုန်တွေကို ခြစ်ချနေတဲ့ ရွန်က မျက်စိကို လှန်ကြည့်ပြီး ခေါင်းမမော့ဘဲ ပြောလိုက်တယ်။

“အေး..... ငါ အဲဒီအတိုင်း ယူဆတယ်”လို့ ဟယ်ရီက ပြောပေမဲ့ ရွန်နဲ့ ဟာမီယွန်ထံက ဘာသံမှ ထပ်ထွက်မလာတဲ့အတွက် သူက ဆက်ပြောတယ်။ “မော်လ်ဖွိုင်းရဲ့ အဖေက အက်ဇ်ကာကဘန် အကျဉ်းထောင်ထဲမှာလေ။ ဒီတော့ သူ လက်စားချေချင်တာ ဖြစ်နိုင်တယ်လို့ မင်းတို့ မတွေးမိဘူးလား”

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ ရွှန်က မျက်တောင် ပုတ်ခတ် ပုတ်ခတ်နဲ့ မော့ကြည့်လာတယ်။ ပြီး ပြောလိုက်တယ်–

“မော်လ်ဖွိုင်းက ကလဲ့စား ချေမယ်၊ သူက ဘာလုပ်နိုင်မှာမို့လဲ”

“ငါ လိုချင်တာ အဲဒီအချက်ပဲပေါ့၊ ဒါပေမဲ့ ငါလည်း မသိဘူး”လို့ ဟယ်ရီက စိတ်တိုတိုနဲ့ ပြောလိုက်ပြီးမှ ချိန်ဆ စဉ်းစားနေဟန်နဲ့ “သူ တစ်ခုခုတော့ လုပ်တော့မှာပဲ၊ တို့ ဒါကို အလေးအနက်ထား စဉ်းစားရတော့မယ်။ သူ့အမေက မရဏစား စုန်းတစ်ယောက်။ ဒီတော့ ..... ဒီတော့.....”

ဟယ်ရီ စကား မဆက်တော့ဘဲ ရပ်သွားပြီး သူ့မျက်လုံးတွေ ဟာမီယွန်ရဲ့ နောက်က ပြတင်းဘက်ကို စိုက်ကြည့်နေရာက ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ တုန်လှုပ်ချောက်ချားစရာ အတွေးတစ်ချက် သူ့ခေါင်းထဲကို ဖျတ်ခနဲ ရောက်လာလို့ပဲ။

“ဟယ်ရီ..... နင် ဘာဖြစ်သွားတာလဲ၊ ဘာဖြစ်လို့လဲ”လို့ ဟာမီယွန် စိုးရိမ်သံနဲ့ မေးလိုက်သလို ရွှန်ကလည်း “ဘာလဲ.... မင်းရဲ့ အနာရွတ်က ဒုက္ခပေးပြန်ပြီလား”လို့ ပြူးတဲပြဲတဲ မေးလိုက်တယ်။

“သူဟာ မရဏစား စုန်းတစ်ကောင်ပဲ” ဟယ်ရီက ဖြည်းဖြည်းချင်း ပြောချလိုက်တယ်။ “ဟုတ်တယ်၊ သူ့ရဲ့ အဖေနေရာမှာ မရဏမှိဝဲ စုန်းတစ်ကောင်အဖြစ် အစားထိုးနေရာယူလိုက်တာပဲ”

အားလုံး တစ်ချက် ငြိမ်ကျသွားပြီးမှ ရွှန်က မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချလိုက်တယ်။

“မော်လ်ဖွိုင်းက မရဏမှိဝဲစုန်း ..... သူကမှ ၁၆နှစ်ပဲ ရှိသေးတာ၊ ယူနိုးဟူးက မော်လ်ဖွိုင်းကို လက်ခံပါ့မလား”

“ဒါဟာ တော်တော် မဖြစ်နိုင်တဲ့ ကိစ္စပဲ ဟယ်ရီ” ဟာမီယွန်က ပိုင်စိုးပိုင်နင်း လေသံနဲ့ ဝင်ပြောတယ်။ “နင် အဲဒီလို ဘာကြောင့် ထင်ရတာလဲ”

“မဒမ် မော်လ်ကင်းစ်ကြောင့်ပဲ။ အဲဒီတုန်းက သူမက မော်လ်ဖွိုင်းကို မကိုင်ရသေးဘူး။ ဟိုကောင်က ကြုံးအော်ပြီး သူ့အင်္ကျီလက်ကို ခေါက်တင်ပေးဖို့ လုပ်တဲ့ မဒမ်မော်လ်ကင်းနဲ့ ဝေးရာကို သူ့လက်ကို ဆတ်ခနဲရုပ်ပြီး ဖယ်လိုက်တယ်။ အဲဒါ သူ့ရဲ့ ဘယ်လက်ပဲ။ သူ အဲဒီသူ့လက်ပေါ်မှာ လျှို့ဝှက်မှော်ပညာ အမှတ်တံဆိပ် သင်္ကေတကို ရေးနှိပ်ထားတာ ဖြစ်ရမယ်။

ရွှန်နဲ့ ဟာမီယွန်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြတယ်။

“ထားပါတော့လေ”ရွှန်က မယုံကြည်သံ အပြည့်နဲ့ ပြောလိုက်တယ်။

“ငါကတော့ သူ ဟိုနေရာက ထွက်လာချင်တာ သက်သက်ကြောင့်ပဲ ဖြစ်ရမယ်လို့ ထင်တယ် ဟယ်ရီ” ဟာမီယွန်ကလည်း ပြောတယ်။

www.burmeseclassic.com

"သူက တို့မမြင်လိုက်ရတဲ့ တစ်စုံတစ်ခုကို ဘော်ဂျင်းကို ပြလိုက်တယ်ကွာ"ဟယ်ရီက မလျှော့ဘဲ ဇွတ်အခိုင်အမာ ပြောနေတယ်။ "အဲဒီ ပစ္စည်းက ဘော်ဂျင်းကို အကြီးအကျယ် ခြောက်လှန့်လိုက်တယ်။ အရမ်း ကြောက်သွားတယ်။ ဒါဟာ အမှတ်တံဆိပ်ပဲပေါ့။ ငါသိသလောက် သူက ဘော်ဂျင်းကို သူဘယ်နဲ့ အဆက်အသွယ် ရှိနေကြောင်း ပြတာပဲ။ မင်းတို့ မြင်တယ် မဟုတ်လား။ ဘော်ဂျင်းက သူ့ကို ဘယ်လောက် ကျို့ကျို့ယို့ယို့ အရိုအသေပေး ဆက်ဆံတယ် ဆိုတာ"

ရွန်နဲ့ ဟာမီယွန် နောက်ထပ်တစ်ကြိမ် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြန်ပါတယ်။

"ငါတော့ တယ်မထင်ဘူး"

"အေး .... ငါလည်း ယူနိုးဟူးက မော်လ်ဖွိုင်းကို လက်ခံမယ်လို့ မယူဆပါဘူးကွာ"

ဟယ်ရီ စိတ်အနှောင့်အယှက် ဖြစ်သွားတယ်။ ဒါပေမဲ့ သူ ထင်မြင်တာဟာ အမှန်ပဲလို့ သူ တိုးတိုးပြီး ယုံကြည်နေတယ်။ ဟယ်ရီက ညစ်ထေးနေတဲ့ ကွစ်ဒစ် ဝတ်ရုံအပုံတစ်ပုံကို ဆတ်ခနဲ ကောက်ဆွဲယူပြီး အခန်းထဲက ထွက်သွားတယ်။ မစ္စဝက်စလေက သူတို့ကို လျှော်ဖွပ် သိမ်းဆည်းတဲ့အလုပ်ကို ပစ်မထားဖို့ နောက်ဆုံးအချိန်ထိ မှာကြားထားတယ်။ အောက်ထပ်ကို ဆင်းအသွား လမ်းမှာ ဖွပ်လျှော်မီးပူတိုက်ပြီးစ အဝတ်တွေ တစ်ပုံကြီးနဲ့ သူမရဲ့ အခန်းကို ပြန်လာတဲ့ ဂျင်နီနဲ့ သူတိုးနေတယ်။

"ငါတော့ မီးဖိုထဲကို ခုသွားလို့ မဖြစ်သေးဘူး။ အဲဒီမှာ ချွဲသလိပ်တွေ တစ်ပုံကြီး ရှိနေတယ်" သူမက သူ့ကို သတိပေးသလို ပြောလိုက်တယ်။

"အေးပါ၊ ငါချော်မသွားအောင် ဂရုစိုက်ရမှာပေါ့"လို့ ဟယ်ရီက ပြန်ဖြေတယ်။

ဂျင်နီပြောတာ လုံးဝမှန်တယ်။ သူ မီးဖိုခန်းထဲလည်း ရောက်သွားရော အဲဒီက စားပွဲတစ်လုံးမှာ ထိုင်နေတဲ့ ဖလားကို တွေ့ရတယ်။ ဖလားက သူမနဲ့ ဘီလ် လက်ထပ် မင်္ဂလာပွဲပြုလုပ်မယ့် အစီအစဉ်တွေ အကြောင်း ဖောင်နေအောင် စာဖွဲ့ ပြောနေတာ ဖြစ်ပြီး မစ္စဝက်စလေကတော့ အခွံနွာထားပြီး စားစရာ အသီးအရွက်အချို့ကို ငေးကြည့်နေရင်း မျက်နှာထားလည်း တင်း သုန်မှုန်နေတယ်။

"ဘီလ်နဲ့ ကျွန်မက သတို့သမီးအတွက် အပျိုရံကို နှစ်ယောက်ပဲ သုံးဖို့ ဆုံးဖြတ်ထားကြတယ်လေ။ ဂျင်နီနဲ့ ဂါဘရီးယဲလ်တို့နှစ်ယောက် အတူတွဲပြီး လုပ်လိုက်ရင် အရမ်း ကြည့်ကောင်းမှာ။ ကျွန်မက သူ့ကို တို့နှစ်ယောက် ရွှေအိုရောင် ဖျော့ဖျော့လေးတွေ ဝတ်ဆင်ခိုင်းဖို့ စဉ်းစားနေတယ်။ အမှန်တော့ ဂျင်နီရဲ့ ဆံပင်နဲ့ ပန်းရောင်က ပိုလှလိမ့်မယ်"

"သြော်....... ဟယ်ရီပါလား" မစ္စဝက်စလေက တစ်ယောက်တည်း အတောမသတ် လျှာကြောရှည်နေတဲ့ ဖလားရဲ့ စကား ပြတ်သွားအောင် အသံကိုမြှင့် အော်ခေါ်နှုတ်ဆက်လိုက်တယ်။ "အတော်ပဲဟေ့၊ မနက်ဖြန် မနက် ဟော့ဂ်ဝပ်စ်ကျောင်းကို သွားမယ့်ခရီးအတွက် လုံခြုံရေး အစီအစဉ်တွေအကြောင်း မင်းကို ငါ ရှင်းပြချင်လို့၊ ငါတို့ ဝန်ကြီးဌာနရဲ့ ကားကို တစ်ခါ ပြန်ရထားပြီးပြီလေ။ အဲဒါ ဘူတာရုံမှာ အော်ရာတွေ စောင့်နေကြလိမ့်မယ်ကွဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီကို တွန့်ခ်လည်း သွားမှာလား"သူ့လက်ထဲက ကွစ်ဒစ်ချ်ဟောင်းတွေကို ကမ်းပေးလိုက်ရင်း ဟယ်ရီက ပြန်ပြောတယ်။

"ဟင့်အင်း..... ငါတော့ အဲဒီလို ဖြစ်မယ် မထင်ဘူး။ အော်ရာတွေ အပြောအရ သူမ တစ်နေရာမှာ စခန်းချနေလိမ့်မယ်"

"သူမကို ကိုယ့်ဘာသာကိုယ် သွားခိုင်းထားတယ်လို့ တွန့်ခ်က ပြောတယ် ဟယ်ရီ" ဖလားက အူမြူးကျေနပ်တဲ့ အသံနဲ့ ချွဲပျစ်ပျစ် မပီကလာ ပီကလာ ဝင်ပြောလိုက်တယ်။ ပြီးတော့ လက်ဖက်ရည်ဇွန်းလေးတစ်ဇွန်းရဲ့ နောက်ကျောဘက်မှာ ရောင်ပြန်ဟပ်နေတဲ့ သူမရဲ့ ပုံကိုကြည့်ပြီး သူမကိုယ်သူမ ပြန်စစ်ဆေးကြည့်နေရင်းက "ရှင်သွားပြောရင် အမှားကြီး မှားလိမ့်မယ်"လို့ ပြောလိုက်ပါတယ်။

"အေး... ကျေးဇူးပဲ"လို့ မစ္စဝက်စလေက ဖလားရဲ့ စကားကို တစ်ခါ ထပ်ဖြတ်ပြီး ငေါ့တော့တော့ ပြောလိုက်ပြီးမှ "မင်းအတွက် အဆင်ပြေပါတယ် ဟယ်ရီ။ ဖြစ်နိုင်ရင် မင်းအဝတ်သေတ္တာကြီးကို ဒီည အသင့်ဖြစ်နေစေချင်တယ်။ ဒါမှ အသုံးဝင်တဲ့ နောက်ဆုံးမိနစ်ပိုင်းမှာ ကသီလင်တနဲ့ အလုအယက် ကတိုက်ကရိုက် မဖြစ်မှာမို့လား"

အမှန်တကယ်လည်း နောက်တစ်နေ့မနက် သူတို့ထွက်ခွာတဲ့ အစီအစဉ်ဟာ ခါတိုင်းထက် အများကြီး ပိုမိုအဆင်ပြေချောမွေ့နေပါတယ်။ ဝန်ကြီးဌာနက စေလွှတ်လိုက်တဲ့ သူတို့အတွက်ကားတွေ ဘာရိုးအိမ်ကြီးရှေ့ကို လျှောခနဲ ညင်ညင်သာသာ ထိုးဆိုက်လာကြတယ်။ အဆင်သင့် စောင့်နေတဲ့ သူတို့နဲ့အတူ သေတ္တာ အထုပ်အပိုးတွေအပြင် ဟာမီယွန်ရဲ့ ကြောင်ကြီး ခရွတ်ရှန့်စ်ကြီးက သူတို့ကို သယ်သွားမယ့် ခရီးဆောင်ခြင်းကြီးထဲမှာ အကျအန ထည့်ပြီး ဖြစ်နေပြီ။ ဟယ်ရီရဲ့ ဇီးကွက်ကြီး ဟက်ဒ်ဝစ်ခ်၊ ရွန်ရဲ့ ဇီးကွက်ကြီး ပစ်ခ်ဝစ်ဒ်ဂျင်းနဲ့ ဂျင်နီရဲ့ အသစ်စက်စက် ပစ်ဂမီလုံးကလေး အာနိုးတို့ကလည်း သူ့နေရာနဲ့သူ လှောင်အိမ်တွေ အသီးသီးထဲမှာ။

"ထာဝရ ဟယ်ရီလေး"လို့ အာခေါင်သံအက်အက်နဲ့ ဖလားက လိုက်လိုက်လှဲလှဲ ခေါ်လိုက်ပြီး သူ့ကို နူတ်ဆက် အနမ်းပေးလိုက်တယ်။ ရွန်က သူ့ကိုလည်း ဟယ်ရီလို နူတ်ဆက်လိမ့်မယ်လို့ အထင်နဲ့ ရှေ့ကို သုတ်ခနဲ တိုးသွားရာမှာ အမြင်ကတ်တဲ့ ဂျင်နီက မသိမသာ ခြေထိုးခံလိုက်တဲ့အတွက် ရွန်ချော်လဲပြီး ဖလားရဲ့ ခြေရင်း ဖုန်တောထဲကို ကိုးရိုးကားရား ပစ်ကျသွားတယ်။ ဒီမှာတင် ဒေါသတကြီးနဲ့ မျက်နှာကြီးနီရဲနေပြီး ဖုန်အလူးလူး ဖြစ်နေတဲ့ ရွန်ဟာ နူတ်ဆက်စကားတောင် မပြောနိုင်တော့ဘဲ သူစီးရမယ့် ကားထဲကို ကတိုက်ကရိုက် ဝင်သွားပါတယ်။

ဒါပေမဲ့ ကင်းခရော့စ် ဘူတာရုံကိုရောက်တော့ အင်မတန် ပျော်တတ်တဲ့ ဟက်ဂရစ်က သူတို့ကို စောင့်နေတာ မတွေ့ရဘူး။ သူ့အစား မျက်နှာထားတင်းတင်း မုတ်ဆိတ်ကြီးတွေနဲ့ အော်ရာနှစ်ယောက်သာ မတ်ဂဲလ် ဝတ်စုံတွေ ဝတ်ပြီး ကားတွေထိုးရပ်လိုက်ချိန်မှာ ရှေ့ကို တိုးလာကြတယ်။ ပြီးတော့ သူတို့ အဖွဲ့ကို တစ်ဖက် တစ်ချက်ကရံပြီး စကား တစ်ခွန်းမှ မပြောဘဲ ဘူတာရုံထဲကို ခေါ်သွားလို့ လိုက်သွားကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com

“မြန်မြန် မြန်မြန် စစ်ဆေးရေး ဂိတ် အတားအဆီးတွေကို ဖြတ်ဝင်သွား” စနစ်တကျ စည်းကမ်းတင်းတင်းကျပ်ကျပ် ကလေး လုပ်ဆောင်ထားမှုကြောင့် အနည်းငယ် ပျာယာခတ် စိုးရိမ်ပူပန်နေပုံရတဲ့ မစ္စဝက်စလေ အားလုံးကို နှိုးဆော်လိုက်တယ်။ “ဟယ်ရီ မင်းရှေ့က သွား”

သူမက စူးစမ်းသိရှိလိုတဲ့ မျက်လုံးတွေနဲ့ အော်ရာတစ်ယောက်ရဲ့ မျက်နှာကို ကြည့်လိုက်ရာမှာ သူက ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်ပြရင်းနဲ့ ဟယ်ရီရဲ့ လက်မောင်း အထက်ပိုင်းကို ဖမ်းဆုပ်ကိုင်ပြီး ပလက်ဖောင်း အမှတ် ၉ နဲ့ ၁၀ အကြားက ဂိတ်တစ်ခုဆီကို တစ်ပါတည်း တွဲခေါ်သွားပါတယ်။

“ကျွန်တော့်ဘာသာ လျှောက်နိုင်ပါတယ်ဗျ၊ ကျေးဇူးပဲ”လို့ ပြောပြီး ဟယ်ရီက အော်ရာ အတင်းချုပ်ကိုင်ခေါ်တာကို လက်မခံဘဲ သူ့လက်မောင်းကို ပြန်ရုန်းထွက်လိုက်တယ်။ သူက ဘာမှမပြောဘဲ တိတ်နေတဲ့ အော်ရာကြီးကို အရေးမလုပ်ဘဲ သူ့ရဲ့ ဝန်တင် လက်တွန်းလှည်းကလေးကို အခိုင်အခံ့ အတားအဆီး ဂိတ်တစ်ခုဆီကို တိုက်ရိုက်တွန်းသွားပြီး ဘာသိဘာသာ ရပ်နေလိုက်တယ်။ ပလက်ဖောင်း နံပါတ် ၉ နဲ့ လေးပုံသုံးပုံနေရာမှာ သူရပ်နေပြီး နောက်ထပ် တစ်စက္ကန့်ပဲ ကြာတယ်။ နီနီရဲရဲ ဟော့ဂ်ဝပ်စ် အမြန်ရထားကြီး ရေနွေးငွေ့တွေ အလုံးလိုက် တရှူးရှူး မှုတ်ထုတ်ရင်း ဆိုက်ရောက်ရပ်တန့်လာပါတယ်။

ဟာမီယွန်နဲ့ ဝက်စလေမိသားစုတွေလည်း မိနစ်ပိုင်းအတွင်း သူနဲ့ လာပေါင်းစည်းလိုက်တယ်။ ဟယ်ရီဟာ မျက်နှာကြောတင်းနေတဲ့ အော်ရာတွေကို သူတို့ ဘာဘာညာညာ လာရောက် ဆွေးနွေးပြောဆိုမှာကို စောင့်မနေဘဲ သူ့နောက်ကိုလိုက်ခဲ့ဖို့ ရွန်နဲ့ ဟာမီယွန်ကို မျက်နှာရိပ် မျက်နှာကဲ ပြလိုက်ရင်း ပလက်ဖောင်းအတိုင်း လျှောက်သွားပြီး စီးနင်းလိုက်ပါဖို့ အခန်းလွတ်ပါတဲ့ တွဲတစ်တွဲကို ရှာဖွေနေတယ်။

“ဘယ်ဖြစ်မလဲ ဟယ်ရီ”လို့ ဟာမီယွန်က ပြောပြီး တောင်းပန်အကြည့်နဲ့ သူ့ကို ကြည့်နေတယ်။ “ရွန်နဲ့ ငါက ရှေ့ဆောင် ကျောင်းသားတွေတွဲကို ပထမဆုံးသွားပြီး တစ်ခါ စင်္ကြံတွေကို နည်းနည်းကြာအောင် ကင်းလှည့်ရဦးမှာလေ”လို့လည်း ပြောလိုက်တယ်။

“အိုး.... ဟုတ်သားပဲ၊ ငါမေ့နေတယ်”ဟယ်ရီက ပြောလိုက်တယ်။

“ကဲ မင်းတို့ ရထားပေါ်ပဲ တန်းတန်းမတ်မတ် တက်ကြတော့လေ၊ အားလုံးကို ပြောတာ။ မင်းတို့ ရထားပေါ်တက်ဖို့ မိနစ်ပိုင်းကလေးပဲ အချိန်ကျန်တယ်” မစ္စဝက်စလေက သူမရဲ့ သွားလေရာပါ နာရီကြီးကိုကြည့်ပြီး ပြောလိုက်တယ်။ “ကဲ–နှစ်လိုဖွယ်ရာ စာသင်ချိန် ကာလလေး ဖြစ်ပါစေ ရွန်”

အဲဒီအခိုက်မှာပဲ ခေါင်းထဲက ဖြုတ်ခနဲ ရုတ်တရက် အကြံရလာတဲ့ ဟယ်ရီက ပြောလိုက်တယ်။ “မစ္စတာ ဝက်စလေ ကျွန်တော် စကားတစ်ခွန်း သုတ်သီးသုတ်ပျာ ပြောပါရစေ”

“ဟာ..........ရတာပေါ့ကွာ” ဖြုန်းခနဲမို့ နည်းနည်း အံ့အားသင့်သွားတဲ့ မစ္စတာ ဝက်စလေက အလိုက်သင့် ချက်ချင်း ပြန်ပြောလိုက်တယ်။ ဒါပေမဲ့ နောက်တော့ တခြားလူတွေ မကြားနိုင်တဲ့ နေရာရောက်အောင် ဟယ်ရီ့နောက်ကို သူလိုက်သွားတယ်။ ဟယ်ရီ့အနေနဲ့ ဒီကိစ္စကို ပြောဖို့မပြောဖို့

www.burmeseclassic.com

သတိနဲ့ သေသေချာချာ စဉ်းစားပြီးမှ တကယ်လို့ တစ်ဦးတစ်ယောက်ယောက်ကို ပြောရမယ် ဆိုရင်လည်း မစ္စတာ ဝက်စလေကိုသာ ပြောပြဖို့ အသင့်ဆုံးလူအဖြစ် ဆုံးဖြတ်လိုက်လို့ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ ပထမအချက်က သူဟာ ဝန်ကြီးဌာနမှာ အလုပ်လုပ်နေပြီး အဲဒီအကြောင်းကြောင့်ပဲ ခုကိစ္စရပ်နဲ့ ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်စစ်ဆေးဖို့ အကောင်းဆုံး အနေအထားမှာ ရှိနေသူ တစ်ယောက်ဖြစ်လို့ ဖြစ်တယ်။

ဒုတိယအချက်က ဒီကိစ္စနဲ့ ပတ်သက်လို့ မစ္စတာ ဝက်စလေအနေနဲ့ ဒေါသအိုး ပေါက်ကွဲမယ့် အန္တရာယ်ကြီးကြီးမားမား များများစားစား မရှိနိုင်လို့ ဖြစ်တယ်။

သူနဲ့ မစ္စတာဝက်စလေတို့ နေရာရွှေ့လာခိုက် မစ္စဝက်စလေနဲ့ အော်ရာတစ်ဦးတို့ တစ်ယောက်တစ်ယောက် အပြန်အလှန် သံသယအကြည့်နဲ့ ကြည့်လိုက်ကြတာကို ဟယ်ရီ တွေ့နေရတယ်။

"ကျွန်တော်တို့ ထောင့်ဖြတ်လမ်းကြားမှာ ရှိနေကြတုန်းက .........."လို့ ဟယ်ရီက စကား စလိုက်ရုံ ရှိသေးတယ်။ မစ္စတာ ဝက်စလေက ဟန့်တားတဲ့ပုံနဲ့ မျက်နှာကို ရှုံ့မဲ့ပြပြီး–

"မင်းတို့တွေ ဖရက်ဒ်နဲ့ ဂျော့ရဲ့ ဆိုင်နောက်ခန်းမှာ ရှိနေပါတယ်လို့ ပြောတဲ့ အချိန်က မင်းရယ်၊ ရွှန်ရယ်၊ ဟာမီယွန်ရယ် ဘယ်ကိုပျောက်နေကြတာလဲ ငါသိရမှာလား"လို့ ပြောလိုက်တယ်။

"ခင်ဗျား ဘယ်လို လုပ်ပြီး..............."

"ကျေးဇူးပြုပြီး...........ဟယ်ရီ၊ မင်းဟာ ခု ဖရက်ဒ်နဲ့ ဂျော့တို့ကို ကြီးပြင်းအောင် ကျွေးမွေးစောင့်ရှောက်လာတဲ့ လူတစ်ယောက်နဲ့ စကားပြောနေတာနော်.........."

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ နောက်ဘက်အခန်းထဲမှာ ရှိမနေပါဘူး"

"သိပ်ကောင်းတယ်၊ ကဲ–မောင်ရင့်ဆီက အဆိုးဝါးဆုံး အကြောင်းတွေ ကြားပါရစေဦး"

"ကောင်းပါပြီ၊ ကျွန်တော်တို့ ဒရာကို မော်လ်ဖွိုင်းနောက်ကို လိုက်ကြတာပါ။ အဲဒီမှာ ကျွန်တော့်ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို သုံးခဲ့ပါတယ်"

"အဲဒါဟာ ဗြုန်းခနဲ မင်းစိတ်ကူးပေါက်လို့ လုပ်ခဲ့တာလား၊ ဒါမှမဟုတ် အခြား အကြောင်းပြချက် မင်းမှာ ရှိသေးလား"

"ဘာဖြစ်လို့လဲဆိုတော့ မော်လ်ဖွိုင်းဟာ တစ်ခုခု လုပ်တော့မယ်ဆိုတာ ကျွန်တော် တွေးမိလို့ပဲ"ဟယ်ရီက ကျွဲမြီးတိုနေတဲ့ပုံနဲ့ ကျေနပ်သဘောကျနေပုံ ရောထွေးနေတဲ့ မစ္စတာ ဝက်စလေရဲ့ အကြည့်ကို အလေးထားမနေဘဲ "သူက သူ့အမေကို တစ်ပတ်ရိုက်ပြီး လစ်လာတယ်။ ကျွန်တော်က အဲဒါ ဘာကြောင့်လဲဆိုတာ သိချင်တယ်၊ ဒါပဲ"လို့ ဆက်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"သြော်.... ဒါကြောင့် မင်းလုပ်ခဲ့တာကိုး၊ ကောင်းပြီလေ၊ မင်းသိခဲ့ရလား" မစ္စတာ ဝက်စလေရဲ့ လေသံ ပျော့သွားတယ်။

"သူ ဘော်ဂျင်းနဲ့ ဘတ်ခ်ကက်စ်ဆိုင်ထဲကို ဝင်သွားတယ်။ ပြီးတော့ အဲဒီကလူ ဘော်ဂျင်းကို စပြီး အနိုင်ကျင့်တော့တာပဲ" ဟယ်ရီက ဆက်ပြောတယ်။ "သူက သူ့အတွက် တစ်ခုခုကို ပြင်ဆင်ပေးရမယ်တဲ့။ ပြီးတော့ သူဟာ ပစ္စည်းတစ်စုံတစ်ခု သူ့အတွက် သီးသန့် ချန်ထားပေးဖို့ ပြောတယ်။ သူပြောပုံအရ အဲဒီပစ္စည်းဟာ သူပြင်ဆင်ဖို့ လိုနေတဲ့ ပစ္စည်းအမျိုးအစားထဲက တစ်ခုဖြစ်မယ်ထင်တယ်။ အဲဒီနှစ်ခုဟာ တစ်စုံဖြစ်သလိုမျိုး ပြောတာပဲ။ ပြီးတော့.........."

ဟယ်ရီ အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး ပြောပြန်တယ်။

"နောက်တစ်ခု ရှိသေးတယ်။ မဒမ်မော်လ်ကင်းက သူ့ရဲ့ ဘယ်ဘက်လက်ကို ကိုင်မယ်လုပ်တော့ မော်လ်ဖွိုင်းဟာ နောက်ကို ခုန်ဆုတ်လိုက်တာ တစ်မိုင်လောက် ရှိမလား အောက်မေ့ရတယ်။ အဲဒါ သူ့ရဲ့လက်မှာ လျှို့ဝှက် အမှတ်သင်္ကေတ တံဆိပ်ထိုးထားလို့ပဲလို့ ကျွန်တော် ထင်တယ်။ နောက် ကျွန်တော် ထင်တာ သူဟာ သူ့အဖေနေရာမှာ မရဏစား စုန်းကောင်အဖြစ် အစားထိုး ဝင်လိုက်တာ ဖြစ်မယ်"

မစ္စတာ ဝက်စလေကို ကြည့်ရတာ အံ့အားသင့်သွားပုံရတယ်။ ခဏလေးကြာတော့ သူက ပြောတယ်။ "ဟယ်ရီ ယူနိုးဟူးဟာ ၁၆နှစ်သားလေး တစ်ယောက်ကို ဒီလို ခွင့်ပြုပါ့မလားဆိုတာ ငါ သံသယ ဖြစ်မိတယ်"

"အိုဗျာ၊ ယူနိုးဟူး ဘာလုပ်မယ်၊ ဘာမလုပ်ဘူးလို့ ဘယ်သူ တကယ် အတတ် သိနိုင်မှာလဲ"ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောရင်း မေးလိုက်တယ်။ "မစ္စတာ ဝက်စလေ စိတ်မရှိပါနဲ့ဗျာ၊ ဘာပဲပြောပြော အဲဒီကိစ္စကို မစုံစမ်း၊ မစစ်ဆေးထိုက်ဘူးလား။ တကယ်လို့ မော်လ်ဖွိုင်းဟာ တစ်ခုခု ပြင်ဆင်တာဖြစ်ရင်၊ နောက်ပြီး အဲဒီကိစ္စ ဆောင်ရွက်ပြီးစီးဖို့ ဘော်ဂျင်းကို သူ ခြိမ်းခြောက်နေတာဆိုရင် ဒါဟာ မှော်လျှို့ဝှက်ချက် ဒါမှမဟုတ် အန္တရာယ်ဖြစ်မှာ သေချာလောက်တယ်။ မဟုတ်ဘူးလား"

"ရိုးရိုးသားသား ပြောရရင်တော့ သံသယဖြစ်နေသေးတာ အမှန်ပဲ" မစ္စတာ ဝက်စလေက တစ်လုံးချင်း ဖြည်းဖြည်းပြောလိုက်တယ်။ "မင်းလည်း မြင်သားပဲ။ လူစီယတ်စ် မော်လ်ဖွိုင်းကို ဖမ်းဆီးစဉ်တုန်းက တို့ သူ့အိမ်ကို ဝင်စီးနင်း ရှာဖွေခဲ့တယ်။ အဲဒီမှာ အန္တရာယ်ပေးနိုင်မယ်ထင်တဲ့ ပစ္စည်းမှန်သမျှ အားလုံး တို့ သိမ်းယူသွားပြီးပြီလေ"

"ခင်ဗျား တစ်ခုခုတော့ မှားနေပြီ ထင်တယ်"လို့ ဟယ်ရီကလည်း ဇွတ်ပဲပြောနေတယ်။

"အေးကွယ်.......... ဖြစ်နိုင်ပါတယ်"လို့ မစ္စတာ ဝက်စလေက ပြောလိုက်ပေမဲ့ ဟယ်ရီကတော့ မစ္စဝက်စလေဟာ သူ့ကို ချွေးသိပ်တဲ့သဘောနဲ့ ချော့နေတယ် ဆိုတာ အတပ်ပြောနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့နောက်ဘက်က ခရာတွတ်သံတစ်ချက် စူးခနဲ ပေါ်ထွက်လာတယ်။ လူတွေ အကုန်လုံးနီးပါး ရထားပေါ် တက်သွားကြပြီး ရထားတွဲ တံခါးတွေလည်း ပိတ်နေတယ်။

“ကဲ–အမြန်လုပ်ဖို့ ကောင်းပြီ”လို့ မစ္စတာ ဝက်စလေက ပြောလိုက်ချိန်မှာပဲ မစ္စဝက်စလေက “ဟယ်ရီ မြန်မြန် မြန်မြန်”လို့ အော်လိုက်တယ်။

သူ ကတိုက်ကရိုက် တွဲပေါ်တက်လိုက်ချိန်မှာ ဝက်စလေဇနီးမောင်နှံက သူ့ရဲ့ အဝတ်သေတ္တာကြီးကို ရထားပေါ် ကူညီတင်ပေးလိုက်ပါတယ်။

“ကဲ–လူလေး၊ ခရစ္စမတ်ကျရင် မင်းလာရမယ်နော်။ အဲဒါအားလုံး ဒမ်းဘဲလ်ဒိုးနဲ့ စီစဉ်ထားတာ။ ကိုင်း– မင်းကို မကြာခင် ငါတို့ ပြန်တွေ့မယ်ဟေ့”မစ္စဝက်စလေက ရထား ပြတင်းပေါက်က လှမ်းပြောနေတယ်။ တွဲပေါ်ရောက်သွားတဲ့ ဟယ်ရီက တွဲတံခါးကို ပိတ်လိုက်တယ်။ ရထားကြီး စထွက်လာတယ်။

“မင်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့ မမေ့နဲ့နော်”

ရထားကြီးက အရှိန်ယူနေတယ်။

“ကောင်းကောင်း နေကြနော်”

မစ္စဝက်စလေဟာ ရထားဘေးကနေ ဖြည်းဖြည်းသာသာ ပြေးလိုက်လာပါတယ်။

“အန္တရာယ် လုံခြုံမှုကိုလည်း ဂရုစိုက်ကြ”

ဟယ်ရီကလည်း ရထားကြီး လမ်းထောင့်တစ်နေရာမှာ ကွေ့ချိုးသွားချိန်အထိ လက်ပြနှုတ်ဆက်နေပြီး မစ္စတာ ဝက်စလေနဲ့ မစ္စ ဝက်စလေတို့ မြင်ကွင်းက ပျောက်ကွယ်သွားတော့မှ ကျန်တဲ့သူတွေ ဘယ်လို နေရာယူထားကြသလဲ သိရအောင် တစ်ဖက်ကို ပြန်လှည့်လိုက်တယ်။ ရွန်နဲ့ ဟာမီယွန်တို့ နှစ်ယောက် ကျန်တဲ့အဖော်တွေနဲ့ အဆက်ပြတ်ပြီး ရှေ့ဆောင်ကျောင်းသားများ တွဲထဲမှာ ရှိနေလိမ့်မယ်လို့ သူထင်ထားတယ်။ ဒါပေမဲ့ ဂျင်နီတစ်ယောက်ကတော့ သိပ်မဝေးတဲ့ ရထားစင်္ကြံလမ်း တစ်နေရာမှာ မိတ်ဆွေအချို့နဲ့ စကားပြောနေတာကို သူတွေ့ရတယ်။ ဒါကြောင့် ဂျင်နီရှိရာကို သူ့ရဲ့ အဝတ်သေတ္တာကြီးကို ဘီးကနေလှမ့်ဆွဲယူပြီး သူ လျှောက်လာတယ်။

ဂျင်နီ့ဆီကို လျှောက်သွားနေတဲ့ ဟယ်ရီကို လူတွေက အရှက်မရှိ ဝိုင်းငေးကြည့်နေကြတယ်။ တချို့များဆိုရင် ဟယ်ရီ့ကို မြင်ရဖို့အတွက် သူတို့ မျက်နှာကို တွဲခန်းပြတင်းမှန်နဲ့ ကပ်ပြီးတော့တောင် စပ်စပ်စုစု ကြည့်နေကြတာ။ ခုလို ထူးထူးဆန်းဆန်း လိုက်ကြည့်ခံနေရတဲ့ အခြေအနေက သူ လွတ်မြောက်မယ့်နေ့ကို ဟယ်ရီ မျှော်လင့်နေတယ်။ ပြီးတော့ တမန်တော်နေ့စဉ် သတင်းစာထဲမှာ ပြိုင်ဘက်ကင်း လက်ရွေးစင်အဖြစ် သူနဲ့ ပတ်သက်တဲ့ ကောလာဟလသတင်းတွေ ပါခဲ့ပြီး ချိန်ကစပြီး ဒီအကြည့်တွေကို သည်းခံကျော်ဖြတ်ရဦးမယ်ဆိုတာ ဟယ်ရီ သိတယ်။ ဒါပေမဲ့ ခုလိုကွက်ပြီး အလင်းအားကြီးတဲ့ မီးမောင်းနဲ့ ထိုးထားခံရမှုကို သူ နှစ်သက်ခံစားလိုစိတ် မရှိဘဲ ဖြစ်နေတယ်။

www.burmeseclassic.com

သူက ဂျင်နီရဲ့ ပခုံးကို ပုတ်လိုက်တယ်။

"တွဲခန်းလွတ် တစ်ခုလောက် ရှာတွေ့အောင် ကြိုးစားဖို့ ဆန္ဒ မရှိဘူးလား"

"ဟင့်အင်း၊ ငါ မရှာနိုင်ဘူး၊ ငါ ဒင်းနဲ့ တွေ့ရဦးမယ်" ဂျင်နီက ဝင်းပပ ရွှင်မြူးတက်ကြွတဲ့ အပြုံးနဲ့ ပြောလိုက်တယ်။ "နောက်မှ တွေ့တော့မယ်နော်"တဲ့။ သူမ ထွက်သွားတယ်။

"အေး.... အေး" ဟယ်ရီက ပြောလိုက်တယ်။

တစ်ဆက်တည်းမှာပဲ ကြွကြွရွရွ လှုလှုပပလေး ထွက်သွားတဲ့ ဂျင်နီကို ငေးကြည့်ရင်း သူ့ရင်ထဲမှာ နောင်တရသလိုလို အခံရခက်တဲ့ နာကျင်မှု ဝေဒနာ ဆန်းတစ်မျိုး ခံစားနေရတယ်။ ဂျင်နီရဲ့ အနီရောင် ဆံပင်ရှည်ရှည်ကြီးက သူမရဲ့ နောက်ကျောမှာ ကရင်း လိုက်ပါသွားတယ်။ နွေရာသီတစ်လျှောက်လုံး ဂျင်နီရဲ့ အမူအကျင့်ကလေးတွေနဲ့ သူ အကျွမ်းတဝင် ဖြစ်နေပါလျက်နဲ့ ခုဆိုရင် ဂျင်နီဟာ သူနဲ့ ခပ်ခွာခွာ ခပ်စိမ်းစိမ်းကလေး အနားကိုမသီဘဲ နေနေတာဖြစ်မှန်း သူမေ့နေခဲ့တယ်။ အဲဒီအချိန်က ရွန်နဲ့ ဟာမီယွန်တို့က ကျောင်းမှာ။ နောက်တော့ သူ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ဘေးဘီကို လှည့်ကြည့်လိုက်တယ်။ အို–သူ့ဘေးပတ်လည်မှာ ညို့ယူဖမ်းစားနိုင်စွမ်း ပြင်းထန်တဲ့ မိန်းကလေးတွေ တစ်သိုက်ကြီး သူ့ကို ဝိုင်းထားပါလား။

ဒီအချိန်မှာပဲ–

"ဟေး........ ဟယ်ရီ"ဆိုတဲ့ ရင်းနှီးပြီးသား အသံတစ်သံ သူ့နောက်က ထွက်ပေါ်လာတယ်။

"နက်ဗီးလ်" သူ့ရင်ထဲက အလုံးကြီးကျသွားလို့ စိတ်သက်သာရာရသွားတဲ့ အသံနဲ့ ဟယ်ရီက ပြန်ခေါ်လိုက်တယ်။ မျက်နှာလုံးလုံး ဝိုင်းဝိုင်းလေးနဲ့ ကောင်လေး တစ်ယောက် သူ့ဆီကို တိုးဝှေ့လာနေတယ်။

"ဟယ်လို......... ဟယ်ရီ"

ဆံပင်ရှည်ရှည်၊ ရီဝေတဲ့ မျက်လုံးကြီးတွေနဲ့ နက်ဗီးလ်ရဲ့ နောက်က ကပ်လိုက်လာတဲ့ ကောင်မလေးတစ်ယောက်က ပြောလိုက်တာ ဖြစ်ပါတယ်။

"ဟယ်.........လူနာ၊ နေကောင်းတယ် မို့လား"

"ကောင်းပါတယ်ဟဲ့.......... ကျေးဇူးပဲ"လူနာက ပြန်ပြောတယ်။ သူမရဲ့ ရင်ဘတ်နေရာမှာ မဂ္ဂဇင်းစာအုပ်ကြီး တစ်အုပ်ကို ပိုက်ထားတယ်။ မဂ္ဂဇင်း ရှေ့မျက်နှာဖုံးပေါ်မှာ စာလုံးအကြီးကြီးတွေနဲ့ တစ္ဆေကို ကြည့်နိုင်တဲ့ ဒိဗ္ဗစက္ခု မျက်မှန်တစ်စုံ အကြောင်း အတွင်းမှာပါရှိကြောင်း ဖော်ပြထားတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကွစ်ဘာကတော့ ခုထိ အခြေအနေ အရမ်းကောင်းနေတုန်းပဲနော်"လို့ ဟယ်ရီက မေးလိုက်တော့ "အေးဟဲ့၊ စောင်ရေကတော့ တက်ပြီးရင်း တက်နေတုန်းပဲ"လို့ လူနာက ပြန်ပြောတယ်။ ကွစ်ဘာမဂ္ဂဇင်းဟာ ပြီးခဲ့တဲ့နှစ်က ရှားပါးတဲ့ လူတွေ့ မေးမြန်းခန်း အင်တာဗျူးတွေ တင်ဆက်ပေးနိုင်မှုကြောင့် ဟယ်ရီ အသည်းစွဲ မဂ္ဂဇင်းတစ်စောင် ဖြစ်လာတယ်။

"တို့ ထိုင်စရာနေရာ ရှာကြရအောင်"လို့ ဟယ်ရီကပြောပြီး သုံးယောက်သား ရထားတစ်လျှောက် သူတို့ကို တိတ်တိတ်ဆိတ်ဆိတ် ငေးကြည့်နေတဲ့ လူအုပ်တွေကို ဖြတ်သန်းပြီး လျှောက်လာကြတယ်။ နောက်ဆုံး သူတို့ လူလွတ်နေတဲ့ ရထားတွဲခန်းတစ်ခုကို တွေ့လိုက်တဲ့အတွက် ဟယ်ရီက လှစ်ခနဲ အခန်းထဲကို ကျေးဇူးတင်စွာနဲ့ ဝင်သွားတယ်။

"သူတို့ တို့ကို ခုထက်ထိ စိုက်ကြည့်နေကြတုန်းပဲကွ" နက်ဗီးလ်က ပြောတယ်။ တစ်ခါ သူက အကြည့်ခံရတဲ့အထဲမှာ သူရောလူနာပါ ပါဝင်ကြောင်း မျက်ရိပ်ပြလိုက်ပြီးမှ "ပါမှာပေါ့ကွ၊ တို့က မင်းနဲ့အတူ ရှိနေတာကိုး"လို့ ထပ်ပြောလိုက်တယ်။

"သူတို့က မင်းကို ကြည့်နေတာကွ၊ ဘာလို့လဲဆိုတော့ မင်းလည်း ဝန်ကြီးဌာနကလူ ဖြစ်နေတာပဲလေ" သူ့အဝတ်သေတ္တာကြီးကို အပေါ်က ပစ္စည်းတင်စင်ပေါ် မြှောက်တင်ရင်း ဟယ်ရီပြောတယ်။ "ငါတို့ရဲ့ အဲဒီက စွန့်စားခန်းကလေး အကြောင်း ဒီတမန်တော် နေ့စဉ်သတင်းစာ တစ်ခုလုံး ပြည့်နေတာ မဟုတ်လား။ မင်းလည်း မြင်ပြီးရောပေါ့"

"အေး၊ အဲဒီလို ကျော်ကြားသွားပြီး လူတွေ အာရုံစိုက်ခံရတဲ့အတွက် အဘွားကတော့ စိတ်ဆိုးတော့မှာပဲလို့ ငါထင်ခဲ့တာ။ အံမယ်–အဘွားက စိတ်မဆိုးဘဲ သဘောတွေကျပြီး "ငါဟာ ကြာလေ ငါ့အဖေခြေရာ နင်းနိုင်လာလေပဲ"လို့တောင် ပြောသေးတယ်။ ပြီးတော့ ငါ့ကို ဆေးကြိမ်လုံး အသစ်တစ်ချောင်း ဝယ်ပေးတယ်။ ဒီမှာကြည့်"

သူက ဆေးကြိမ်လုံးကို ဆွဲထုတ်ပြီး ဟယ်ရီ့ကို ပြလိုက်တယ်။

"ဒါ ချယ်ရီသားနဲ့ ဒဏ္ဍာရီလာ သိင်္ဃမြင်းရဲ့ လည်ဆံမွေးနဲ့ လုပ်ထားတာပဲ။ ပြီးတော့ ဒီဟာက ရောင်းချသမျှ ဆေးကြိမ်လုံးတွေထဲမှာ နောက်ဆုံး အော်လီဗင်ဒါ ဆေးကြိမ်လုံးတစ်ချောင်း ဖြစ်မယ်လို့ တို့ထင်တယ်။ သူက နောက်တစ်နေ့ကျတော့ ပျောက်သွားတယ်ကွာ၊ အို့....... ဘယ်လို ဖြစ်တာလဲ၊ ဟဲ့– ဟဲ့ ဒီကို ပြန်လာစမ်း၊ ထရီဗာ ပြန်လာ ပြန်လာ"နက်ဗီးလ်ဟာ ခပ်ကြွားကြွားလေး ပြောနေရင်းက ထိုင်ခုံအောက်ကို ဖြုန်းခနဲ ထိုင်ဗင်ထိုးချပြီး တစ်ခါမက နှစ်ခါမက ထွက်ပြေးဖို့ ကြိုးစားပြီး တစ်ချီတစ်မောင်း လွတ်ထွက်သွားတဲ့ သူ့ရဲ့ ဖားပြုပ်ကြီး ထရီဗာကို ပြန်လိုက်ဖမ်းနေပါတယ်။

"ဒါနဲ့ ဒီနှစ်ကော တို့ 'ဒီအေ' အစည်းအဝေးတွေ လုပ်ဖြစ်ဦးမလား ဟယ်ရီ"လို့ ကွစ်ဘာမဂ္ဂဇင်းရဲ့ အလယ်က စိတ်ကို လှည့်စားနိုင်တဲ့ ဆေးမျက်မှတ်တစ်လက်ကို ဖြုတ်ယူနေတဲ့ လူနာက မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အမ်းဘရစ်ချ်ကို ဖယ်ရှားဖို့ အချက်အလက်တွေ တို့မှာ ခုမရှိသေးဘူး၊ ရှိလို့လား" ဟယ်ရီ နေရာမှာ ဝင်ထိုင်ရင်းက ပြန်ပြောလိုက်တယ်။ အဲဒီအချိန်မှာ ထိုင်ခုံအောက်က ပြန်ထွက်လာတဲ့ နက်ဗီးလ်ရဲ့ ဦးခေါင်းနဲ့ ထိုင်ခုံ ဆောင့်မိသွားလို့ နက်ဗီးလ် အကြီးအကျယ် စိတ်ပျက်နေတယ်။

ဒါပေမဲ့ "ဒီအေ အစည်းအဝေးလုပ်တာ ငါသိပ်ကြိုက်တယ်။ ငါ နင်နဲ့အတူ တစ်ထမ်းတစ်ပိုးကြီး လေ့လာနိုင်ခဲ့တယ်လေ"လို့ သူက ပြောလိုက်တယ်။

"ငါလည်း ဒီအေ အစည်းအဝေးတွေ လုပ်ရတာ သဘောကျတယ်၊ သိပ်ပျော်တယ်။ အဲဒါ မိတ်ဆွေဖွဲ့ရတာနဲ့ တူတယ်လေ"လို့ တစ်ခါ လူနာက အေးအေးဆေးဆေး ဣန္ဒြေရရပြောပြန်တယ်။

ဒီစကားဟာ လူနာ မကြာခဏ ပြောတတ်တဲ့ သူ စိတ်မသက်မသာ ဖြစ်စရာ စကားတွေထဲက စကားတစ်ခွန်းပဲ။ သူမနှစ်သက်တဲ့ ဒီအေ အစည်းအဝေးတွေက သူ့အတွက်တော့ သနားကရုဏာထားရတော့မလိုလို၊ မနေတတ် မထိုင်တတ် ကသိကအောက် ခံစားနေရသလိုလိုနဲ့ ရှက်ကိုးရှက်ကန်း ဖြစ်ရတာကို သူသိနေတယ်။

ဒါပေမဲ့ သူဘာမှ ပြန်မပြောရခင်မှာပဲ သူ့အတွက် အကောင်းဖြစ်မလား၊ အဆိုး ဖြစ်မလား မသိရတဲ့ အနှောင့်အယှက်တစ်ခု သူတို့ရဲ့ တွဲခန်းအပြင်ဘက်မှာ ပေါ်ပေါက်လာတယ်။ အဲဒီမှာ အသက် ၁၄နှစ်ရွယ် မိန်းကလေးတစ်သိုက် တီးတိုး တီးတိုး ပြောလိုက်၊ တခစ်ခစ် ရယ်လိုက်နဲ့ အခန်းမှန်အပြင်ဘက်ကို စုရုံးပြီး တွတ်ထိုးနေကြတယ်။

"နင် သူ့ကို မေးလိုက်လေ"

"ဟေ့အေ ......... ငါ မမေးချင်ဘူး၊ နင်မေး"

"ဒီလောက်တောင် ဖြစ်လှတာ ငါမေးမယ်ဟယ်"

ဆိုတဲ့ အသံတွေနဲ့ သူတို့ထဲက ခပ်ရဲရဲတင်းတင်း မိန်းကလေးတစ်ယောက် တိုးဝှေ့ပြီး တံခါးပေါက်က ဝင်ချလာတယ်။ ရွှန်းလဲ့လဲ့ မျက်လုံးနက်နက်ကြီးတွေနဲ့ ထင်ထင်ကြီးပေါ်နေတဲ့ မေးစေ့လှလှလေးနဲ့ ပိတုန်းရောင် နက်မှောင်ရှည်လျားတဲ့ ဆံပင်တွေနဲ့။

"ဟေ့-ဟယ်ရီ၊ ကျွန်မက ရိုမီလ်ဒါလေ၊ ရိုမီလ်ဒါ ဗန့်စ်ပေါ့"သူမရဲ့ အသံက ကျယ်သလို ယုံကြည်မှု အပြည့်ရှိနေတဲ့ပုံနဲ့ ပြောနေတာလည်း ဖြစ်တယ်။ "ရှင် ဘာလို့ ကျွန်မတို့တွဲခန်းကို မလာတာလဲ၊ ဒီမှာ ရှင် သူတို့နဲ့ အတူထိုင်စရာ အကြောင်း မရှိဘူးလေ"

မိန်းကလေးဟာ အသံကျယ်ကျယ် ပြောနေရင်းက ချက်ချင်း တိုးသွားပြီး နီဗီးလ်ရဲ့ ထိုင်ခုံအောက်ကနေ အပြင်ကို တစ်ပိုင်းပြူထွက်လာတဲ့ သူ့ဖင်ကြီးကို လက်ညှိုးထိုးပြလိုက်ပါတယ်။ အကြောင်းကတော့ နီဗီးလ်ဟာ သူ့ရဲ့ ဖားပြုပ်ကြီး ထရီဗာကို ခုံအောက်မှာ စမ်းတဝါးဝါးနဲ့ လိုက်ရှာဖမ်းနေရဆဲ ဖြစ်လို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ ဒီအချိန်မှာ သူမရဲ့ ဒိဗ္ဗစက္ခုမျက်မှန်ကို တပ်ဆင်ထားတဲ့ လူနာကို သူမရဲ့ မျက်မှန်က စိတ်ရှုပေါက်နေတဲ့ အရောင်အသွေးစုံ ဗီးကွက်မလေးတစ်ကောင်နဲ့တူအောင် ဖန်တီးထားပါတယ်။

"သူတို့က ကျွန်တော့်မိတ်ဆွေတွေပါ"ဟယ်ရီက ဘာမှ မဖြစ်သလို အေးအေးဆေးဆေး ပြောတယ်။

"အို........... ဒါဆို အိုကေ၊ ပြေပြေလည်လည်ပေါ့"ဆိုပြီး မိန်းကလေး ပြန်ထွက်သွားတယ်။ သူမရဲ့နောက်က တံခါးကိုလည်း ပြန်ပိတ်ပေးခဲ့တယ်။

ဒီမှာတင် လူနာက သူမရဲ့ညဉ်အတိုင်း သူမရဲ့ ရိုးသားမှုကို ထိခိုက်ခံရမှုအတွက် ဟယ်ရီကို အငေါ်တူးလိုက်တယ်။

"လူတွေက နင့်ကို ငါတို့ထက် ပိုအေးဆေးတဲ့ မိတ်ဆွေတွေပဲ ရှိနေမှာလို့ မျှော်လင့်ထားတာနော်"

"နင်က အေးချမ်းတဲ့သူပဲ"ဟယ်ရီက တိုတိုတုတ်တုတ် ပြောပစ်လိုက်တယ်။ တစ်ဆက်တည်းပဲ ထပ်ပြောတယ် "သူတို့ တစ်ယောက်မှ ဝန်ကြီးဌာနက မဟုတ်ဘူး။ ဒါ့ကြောင့် သူတို့က ငါနဲ့ အတူတိုက်ခိုက်ကြမယ့်လူတွေ မဟုတ်ဘူး"

"အမယ်လေး အပြောကောင်းလိုက်တာ"ဆိုပြီး လူနာက အားပါးတရ ပြုံးလိုက်တယ်။ ပြီးတော့ ကျေနပ်သွားသလို မျက်မှန်ကို နှာခေါင်းနဲ့ ပိုကပ်သွားအောင် ဆတ်ခနဲ တွန်းတင်လိုက်ပြီး ကွစ်ဘာမဂ္ဂဇင်းကို ဖတ်ဖို့ နေရာမှာ အကျအနပြင် ထိုင်ချလိုက်တယ်။

"ငါတို့ သူ့ကို ရင်မဆိုင်ဘူး"ခေါင်းမှာ အမျှင်အစတွေ တန်းလန်းတန်းလန်း ဖုန်တွေ အလူးလူးနဲ့ လက်ထဲက ဗီးကွက်ကြီးကို မကျေမချမ်း စိတ်ပျက်လက်ပျက် ကြည့်ရင်း ထိုင်ခုံအောက်က ပြန်ထွက်လာတဲ့ နက်ဗီးလ်က ပြောလိုက်တယ်။ "မင်းကတော့ လုပ်ခဲ့တယ်။ မင်းအကြောင်း ငါ့ရဲ့ အဘွားပြောတာ မင်းကြားသင့်တယ်။ အဘွားက 'ဟယ်ရီပေါ်တာဟာ မော်ပညာဝန်ကြီးဌာန တစ်ခုလုံး ပေါင်းထားတာထက်တောင် အစွမ်းရှိနေတာဟဲ့'တဲ့။ အဲဒီတော့ အဘွားက မင်းကို မြေးတစ်ယောက်အနေနဲ့ ဘာမှမပေးခဲ့ဘူးလား"

ဟယ်ရီ စိတ်မသက်မသာနဲ့ ရယ်ပစ်လိုက်တယ်။ ချက်ချင်းလိုလို မြန်နိုင်တကာ့ အမြန်ဆုံးပြောနေတဲ့ အကြောင်းအရာကိုလည်း အိုဒဗလျူအယ်လ် စာမေးပွဲ အောင်စာရင်းတွေ အကြောင်းဘက် ရောက်သွားအောင် လမ်းကြောင်းပြောင်းပေးလိုက်တယ်။ နက်ဗီးလ်က သူရရှိတဲ့ အောင်ချက်အဆင့်တွေကို ပြန်ရွတ်ပြပြီး လက်ခံနိုင်ဖွယ်ရှိသော အဆင့်လောက်သာရတဲ့ သူ့ကို ရုပ်ပြောင်းရုပ်လွှဲဘာသာရပ် အင်န်ဘီဒဗလျူတီကို ယူခွင့် ရမရ အော်ကျယ်ဟစ်ကျယ် မေးနေတာကိုလည်း လုံးလုံးနားမထောင်ဘဲ နက်ဗီးလ်ကို ကြည့်ရုံသက်သက် ကြည့်နေလိုက်တယ်။

နက်ဗီးလ်ရဲ့ ကလေးဘဝဟာလည်း ဟယ်ရီနဲ့ အလားတူ တစ်ထပ်တည်း ဗိုဒီမော့ကြောင့် ပျက်စီးခဲ့ရတယ်။ ဒါပေမဲ့ နက်ဗီးလ်ရဲ့ ဘဝကံကြမ္မာမျိုး ရရှိအောင် ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတဲ့ အတွေးအမြင် စိတ်ကူးအကြံအစည် မရှိဘူး။ ဟောစာတမ်းကြီးမှာ သူတို့နှစ်ဦးအနက် တစ်ဦးဦးကို

www.burmeseclassic.com

www.burmeseclassic.com

ရည်ညွှန်းဖော်ပြ ဟောကိန်းထုတ်ထားတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ခုအထိ ရှင်းရှင်းလင်းလင်း မသိရသေးဘဲ ဗိုဒီမော့အနေနဲ့ ဟယ်ရီသည်သာလျှင် ပြိုင်ဘက်ကင်း တစ်ဦးတည်းသော လက်ရွေးစင် အဖြစ် ယုံကြည်ဖို့ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

နက်ဗီးလ်ကိုရော ဗိုဒီမော့က ပြိုင်ဘက်ကင်းအဖြစ် မရွေးချယ်ခဲ့ဘူးလားဆိုရင် နဖူးမှာ လျှပ်စီးလက်နေပုံ အမာရွတ်ရှိပြီး ဟောစာတမ်းကလည်း အလေးသာပေးထားတဲ့ ဟယ်ရီနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ နက်ဗီးလ်ဟာ ဖြစ်တော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဘက်စုံစဉ်းစားတဲ့အခါ ဟယ်ရီ့အမေ လီလီဟာ ဟယ်ရီ့အတွက် အသက် အသေခံသွားတယ်။ နက်ဗီးလ်ရဲ့ အမေက သူ့သားကို အဲဒီလို အသက်အသေခံ ကယ်တင်မှာလားဆိုရင် သူမဟာ မုချကယ်တင်မှာပဲ။ ဒါပေမဲ့ သူမက လီလီလို သူမရဲ့သားနဲ့ ဗိုဒီမော့အကြားမှာ ရပ်တည်နိုင်စွမ်း မရှိဘူး။

ဒါဆိုရင် လက်ရွေးစင် နံပါတ် ၁ အဖြစ် ဘယ်သူ့ကိုမှ ရွေးချယ်ထားခြင်း မရှိတာကော ဖြစ်နိုင်မလားဆိုရင် အဲဒါဟာ အမာရွတ်မရှိတဲ့ ဟယ်ရီကို ရွှန်ရဲ့ အမေ ဝက်စလေမဟုတ်တဲ့ သူ့အမေရင်းက အနမ်းပေးပြီး နှုတ်ဆက်တာရော ဖြစ်နိုင်မလားဆိုတာလို ဖြစ်နေလိမ့်မယ်။

"မင်း နေကောင်းပါတယ်နော် ဟယ်ရီ၊ မင်းကြည့်ရတာ ရယ်ချင်စရာလို ဖြစ်နေတယ်"လို့ နက်ဗီးလ်က ပြောလိုက်တယ်။

"ငါ စိတ်မကောင်းပါဘူးကွာ .... ငါ"ဟယ်ရီက စပြောရုံ ရှိသေးတယ်။ လူနာက "ရှောင်တခင် ပျက်ကိန်းဆိုက်မှုကြီးနဲ့ နင်ကြုံလိုက်ရလို့လား"လို့ ဖြတ်မေးလိုက်တယ်။

"ငါ.... ဘာကြုံရတယ်"

"ရှောင်တခင် ပျက်ကိန်းဆိုက်မှုကြီးလေ ......... သူတို့ကို ကြည့်လို့မမြင်နိုင်ဘူး။ သူတို့က နင့်ရဲ့နားထဲကို လျှောခနဲစီးဝင်ပြီး နင့်ဦးနှောက်ကို ဝေဝေဝါးဝါး ဗရုတ်သုတ်ခဖြစ်အောင် လုပ်ကြတယ်။ ဒီနေရာအနှံ့မှာ သူတို့တွေ တစ်ဟုန်ထိုး ဝေါခနဲ ရောက်ရှိနေတာကို ငါခံစားလိုက်ရတယ်လို့ ထင်တယ်"

လူနာက သူမရဲ့လက်တွေနဲ့ မမြင်ရတဲ့ ပိုးဖလံကောင်တွေကို လိုက်ပြီး ရိုက်ပုတ်နေသလိုမျိုး လေထဲမှာ လိုက်ပြီးလွှဲယမ်း ရိုက်ပုတ်နေတယ်။ ဟယ်ရီနဲ့ နက်ဗီးလ်လည်း တစ်ယောက်မျက်နှာ တစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်ကြပြီး ကွစ်ဒစ်ချ် အကြောင်းတွေကို အလျင်အမြန် စပြောကြတယ်။

ရထားပြတင်း အပြင်ဘက်မှာ ရာသီဥတုက တစ်ပြေးညီမဟုတ်ဘဲ ကွက်တိကွက်ကျား ဖြစ်နေတယ်။ နွေရာသီ ကုန်ဆုံးသွား သယောင်ယောင် အေးစက်တဲ့ မြူပြင်ကျယ်ကြီးကို သူတို့ ဖြတ်သန်းသွားနေကြတယ်။ နောက်တစ်ခါ မြူတွေလျော့ပါးပြီး ကြည်ကြည်လင်လင် နေသာတဲ့ အခိုက်အတန့်တစ်ခု ရောက်လာပြန်တယ်။ အဲဒါ သူတို့ ဂါထာတွေ ရွတ်နေဆဲ အချိန်မှာဖြစ်ပြီး နေလုံးကို သူတို့ ခေါင်းပေါ်တည့်တည့် နီးပါးနေရာမှာ မြင်နေရတယ်။ ဒီအခိုက်မှာပဲ နောက်ဆုံးတော့ ရွှန်နဲ့ ဟာမီယွန်တို့ ရထားတွဲခန်းထဲကို ဝင်လာကြတယ်။

www.burmeseclassic.com

"အစားအသောက်ပေးတဲ့ တွန်းလှည်း ချက်ချင်း အပြေးအလွှားရောက်လာတာ မမြင်ချင်ဘူးလားကွာ။ ငါ အရမ်းဆာပြီး ဗိုက်ဟောင်းလောင်း ဖြစ်နေပြီ"လို့ ပြောရင်း အငမ်းမရ ဖြစ်နေတဲ့ ရွန်က ဟယ်ရီရဲ့ ဘေးခုံမှာ ဝင်ထိုင်ပြီး သူ့ဗိုက်ကို ပွတ်နေတယ်။

သူက "ဟေ့ နက်ဗီးလ်၊ ဟေ့ လူနာ ..... မင်းတို့ ဘာတွေ စဉ်းစားနေတာလဲကွ"လို့ ပြောရင်းက တစ်ခါ ဟယ်ရီ့ဘက်လှည့်ပြီး ပြောလိုက်တယ်။ "မော်လ်ဖွိုင်း ရှေ့ဆောင် ကျောင်းသားတာဝန်ကို မထမ်းဆောင်ရဘူးကွ။ သူ သူ့ရဲ့ တွဲခန်းထဲမှာပဲ တခြား ဆလီသာရင်းတွေနဲ့အတူ ထိုင်နေတာကို ခု ငါတို့ ဖြတ်လာရင်း မြင်ခဲ့ရတယ်"

ဟယ်ရီ စိတ်ဝင်စားသွားပြီး သူ့ကိုယ်ကို မတ်လိုက်တယ်။ မော်လ်ဖွိုင်းဟာ အရင်နှစ်တွေကလည်း သူ ပျော်ပျော်ကြီး ထင်ရာမြင်ရာ မဟားတရား လျှောက်လုပ်နိုင်ခဲ့တဲ့ ရှေ့ဆောင် ကျောင်းသားရာထူး အခွင့်အာဏာသုံးရမယ့် အခွင့်အရေးကို လက်လွတ်ခံမှာ မဟုတ်ဘူးဆိုတာ သိနေတယ်။

"မင်း သူ့ကို မြင်တဲ့အချိန်မှာ သူ ဘာလုပ်နေလဲ"

"ထုံးစံအတိုင်းပေါ့"ရွန်က ဟယ်ရီ့မေးခွန်းကို အရေးမထားသလို ရိုင်းပျတဲ့ လက်ဟန်အမူအရာနဲ့ ဖြေလိုက်တယ်။ "ဘာလဲ ငါပြောသလို သူလုပ်မှာ မဟုတ်ဘူးပေါ့ ဟုတ်လား၊ အဲဒီလိုဆို ဒါပဲကွာ"ဆိုပြီးတော့လည်း သူ့လက်နဲ့ ရိုင်းရိုင်းစိုင်းစိုင်း အမူအရာ လုပ်ပြပြန်တယ်။ "သူ ပထမနှစ်တွေတုန်းကလည်း အနိုင်ကျင့် ဗိုလ်ကျတာတွေ လုပ်ခဲ့တာပဲ မဟုတ်လို့လား"လို့ ရွန်က ဒေါပွပွနဲ့ ထပ်ပြောလိုက်တယ်။

"အဲဒါတော့ ငါလည်း မသိဘူး၊ ဒါပေမဲ့ သူ့စိတ်က တရစပ် လှုပ်ရှားနေတာ။ ဒီအတိုင်းဆိုရင် မော်လ်ဖွိုင်းမှာ ပိုအရေးကြီးတဲ့ အကြံအစည်တွေ ရှိနေတာ ဖြစ်နိုင်တယ်။ သူ ဒီတစ်ခါ ငယ်ရွယ်တဲ့ ကျောင်းသားကလေးတွေကိုတင် အနိုင်ကျင့်မှာ မဟုတ်တော့ဘူး၊ ဒါထက်ပိုလိမ့်မယ်"

သူက ဖိနိုပ်ညှင်းပန်း စစ်မေးရေးတပ်ဖွဲ့ကို ပိုကြိုက်ပြီး ရွေးချယ်တာမျိုး ဖြစ်နိုင်တယ်။ ပြီးတော့မှ အတော်အတန် ထိန်းထိန်းသိမ်းသိမ်း လုပ်မယ့် ရှေ့ဆောင် ကျောင်းသားတစ်ယောက်လို လုပ်မယ့်သဘောမျိုး ဖြစ်နိုင်တယ်"ဟာမီယွန်က ဝင်ပြောလိုက်တယ်။

"ငါတော့ ဒီလို မထင်ဘူး၊ ငါထင်တာက.........."

ဟယ်ရီက သူတွေးမိပုံကို အသေးစိတ် ရှင်းပြဖို့ ဟန်ပြင်လိုက်တယ်။ ဒါပေမဲ့ သူတစ်ခွန်းမှ မဟရခင် တွဲခန်းတံခါး လျှောခနဲ ပွင့်သွားပြီး အမောတကောနဲ့ တတိယနှစ် မိန်းကလေးတစ်ဦး အခန်းထဲကို လှမ်းဝင်လာတယ်။

"ကျွန်မကို နက်ဗီးလ် လောင်ဘော့တွမ်နဲ့ ဟယ်ရီပေါ်တာတို့ကို ဒါလေးတွေ ပေးပေးပါဆိုလို့ပါ"ဆိုပြီး သူမ တုံ့ဆိုင်းဆိုင်း ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေတယ်။ ပြီးတော့ သူမနဲ့ ဟယ်ရီတို့ မျက်လုံးချင်းဆုံချိန်မှာ ရှက်သွေးဖျန်းတာလား ဘာလား မသိရဘဲ သူမရဲ့ မျက်နှာ နီရဲသွားတယ်။ သူမက လက်ထဲမှာ

www.burmeseclassic.com

ကျစ်ကျစ်လိပ်ပြီး ခရမ်းရောင်ဖဲကြိုးနဲ့ သေသေသပ်သပ် ချည်ထားတဲ့ စာလိပ်ပုရပိုက် နှစ်လိပ်ကို ကမ်းပေးတယ်။ ဦးနှောက်ခြောက်သွားတဲ့ ဟယ်ရီနဲ့ နက်ဗီးလ်တို့က သူတို့ အသီးသီးကို လိပ်မူထားတဲ့ ပုရပိုက်တွေကို လှမ်းယူလိုက်ပြီးတာနဲ့ မိန်းကလေးလည်း တွဲခန်းထဲက ဒယီးဒယိုင် ဟိုခလုတ်တိုက် ဒီခလုတ်တိုက်နဲ့ ဒရောသောပါး ပြန်ထွက်သွားတယ်။

"ဘာလဲကွ"ဟယ်ရီ ပုရပိုက်ကို ဖြန့်နေတုန်း ရွန်က မေးလိုက်တယ်။ ဟယ်ရီက "ဖိတ်ကြားချက် တစ်စောင်ပဲ"လို့ ပြန်ဖြေတယ်။

ဟယ်ရီ

ရထားတွဲခန်း အမှတ်'စီ'ထဲမှာ ရှိနေတဲ့ ငါနဲ့ မင်း နေ့လယ်စာ ခဏ တစ်ဖြုတ်လောက် လာစားမယ်ဆိုရင် ငါ သိပ်ပျော်ရွှင်မှာပဲ။

ရိုးသားတည်ကြည်စွာဖြင့်
ပါမောက္ခ အိပ်ချ်၊ အီး၊ ဂျေ ပက်ကျိချို

"ပါမောက္ခ ပက်ကျိချိုဆိုတာ ဘယ်သူလဲကွ"သူ့အတွက် ဖိတ်ကြားချက်ကို ကြည့်ပြီး ဇဝေဇဝါ ဖြစ်နေတဲ့ နက်ဗီးလ်က မေးလိုက်တယ်။

"ဆရာ အသစ်လေ၊ တို့သွားရင် ကောင်းမယ်ထင်တယ်၊ မကောင်းဘူးလား"

"ဒါပေမဲ့ မင်းကတော့ ဟုတ်ပါပြီ၊ သူက ငါ့ကို ဘာဖြစ်လို့ ဖိတ်ရတာလဲ"နက်ဗီးလ်က မေးရင်း သူ့ကို ထိန်းချုပ်ထားချင်လို့များလား ဆိုပြီး သတိနဲ့ ချိန်ချိန်ဆဆ တွေးနေတယ်။

"ငါလည်း မတွေးတတ်ဘူး"ဟယ်ရီက ပြောလိုက်တယ်။ သူ့အနေနဲ့လည်း နေ့လယ်စာ ဖိတ်ကြားချက်ဟာ ရိုးရိုးသားသား မှန်မှန်ကန်ကန် ပါလို့ အတတ်သိဖို့ ခက်နေတယ်။ ဒီမှာတင် ခေါင်းထဲမှာ အကြံတစ်ခု ဖျတ်ခနဲ ဝင်လာတဲ့ ဟယ်ရီက ထပ်ပြောလိုက်တယ်။

"ဒီမှာ နားထောင်၊ ငါတို့ ကိုယ်ဖျောက်ဝတ်ရုံခြုံပြီး သွားကြမယ်။ ဒါဆိုရင် လမ်းမှာ မော်လ်ဖွိုင်းကို သူဘာလုပ်ဖို့ အကြံရှိတယ်ဆိုတာ တစ်ချက်လှမ်းကြည့် အကဲခတ်နိုင်တယ်"

ဒါပေမဲ့ ဟယ်ရီရဲ့ အကြံ အကောင်အထည် မဖော်ရခင်မှာပဲ ပျက်သွားတယ်။ ရထားစကြံ တစ်ခုလုံးမှာ နေ့လယ်စာ ယူလာပေးမယ့် တွန်းလှည်းကို မျှော်တော်မောနေတဲ့ လူတွေနဲ့ ပြည့်ညပ်နေတဲ့အတွက် ကိုယ်ဖျောက်ဝတ်ရုံအောက်မှာ သူတို့ ဘာမှ ဆွေးနွေးနိုင်မယ့် အခြေအနေ မရှိဘူး။ ဒါကြောင့် ဟယ်ရီက စိတ်ပျက်လက်ပျက်နဲ့ ကိုယ်ဖျောက်အင်္ကျီကို အိတ်ထဲမှာ နေရာတကျ ပြန်သိမ်းလိုက်တယ်။

ဒါပေမဲ့ သူ အတွေးတစ်မျိုး ပေါက်သွားပြန်တယ်။ အဲဒါကတော့ ရထားပေါ်မှာ စောစောက သူလျှောက်လာစဉ်က သူ့ကို ငေးမောစိုက်ကြည့်သူတွေဟာ လျော့ပါးသွားမှာ မဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

ပိုလို့တောင်တိုးပြီး များနေမှာ သေချာတယ်။ သူ့ကို ကျကျနန အသေအချာ မြင်ရအောင် သူတို့ တွဲခန်းတွေ အသီးသီးက ဝေါခနဲ ထွက်လာမယ့်သူတွေက နည်းနည်းနောနောမှ မဟုတ်တာ။ ခြွင်းချက်အနေနဲ့ ချိုချွန်းဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ဟယ်ရီ လာနေတာကိုလည်း မြင်ရော သူမရဲ့ တွဲခန်းထဲကို လှစ်ခနဲ ပြေးဝင်သွားတယ်။ ဒါကြောင့် သူ့ကို ဝိုင်းပြုံကြည့်ကြမယ့် လူတွေကို ရှောင်ရှားနိုင်အောင် သူဟာ ကိုယ်ဖျောက်အင်္ကျီထဲကိုပဲ ဝင်သွားဖို့ ဖြစ်တယ်။

ဟယ်ရီ ထွက်လာပြီး ပြတင်းပေါက်တစ်ခုကို ဖြတ်သန်းသွားတော့ အဲဒီ မိန်းကလေးကို သူမရဲ့ မိတ်ဆွေ မာရီယက်တာနဲ့ စိတ်ပါလက်ပါ စကားကောင်းနေတာကို တွေ့ရတယ်။ မာရီယက်တာဟာ မိတ်ကပ်ထူထူကြီးကို အချပ်လိုက်ဖြစ်နေအောင် လိမ်းထားပေမဲ့ အဲဒီမိတ်ကပ်တွေက သူမရဲ့ ဝက်ခြံတွေ နေရာအနှံ့ ပွတ်ခဲပြီးတွင်းတွေ ချိုင့်တွေ ဖြစ်နေတဲ့ သူမရဲ့ မျက်နှာကို ဖုံးဖိပေးမထားနိုင်ဘဲ ဖြစ်နေတယ်။ ဟယ်ရီက သူ့ဘာသာ လှောင်ပြုံးကလေး ပြုံးရင်း ဆက်တိုးလျှောက်လာခဲ့တယ်။

ဒီလိုနဲ့ တွဲခန်း အမှတ်'စီ'ကို သူတို့ ရောက်ရောက်ချင်းပဲ ပက်ကျိချို နေ့လယ်စာစားဖို့ ဖိတ်ကြားခံရသူဟာ သူတို့တွေသာ မဟုတ်တာကို တွေ့ရပြီး၊ သူက ပါမောက္ခ ပက်ကျိချိုရဲ့ စိတ်ပါလက်ပါ အနွေးထွေးဆုံး ကြိုဆိုခြင်း ခံရသူဖြစ်ကြောင်း သိလိုက်ရတယ်။

"ဟာ......... ဟယ်ရီ၊ ကိုယ့်မိတ်ဆွေ လူကလေး"

သူ့ကို မြင်မြင်ချင်း နေရာက ခုန်ထလာပြီး ပက်ကျိချိုက လှိုက်လှိုက်လှဲလှဲ ပြောလိုက်တယ်။ အဲဒီအခိုက်မှာ ကတ္တီပါသားအောက်က သူ့ရဲ့ ဧရာမဗိုက်ကြီးက ရထားတွဲခန်းရဲ့ ကျန်တဲ့နေရာတစ်ခုလုံးကို ပြည့်နေတော့မလား အောက်မေ့ရတယ်။ သူ့ရဲ့ ဝင်းလက်နေတဲ့ ထိပ်ပြောင်ပြောင်ကြီးနဲ့ ငွေရောင်တောက်နေတဲ့ နှုတ်ခမ်းမွေးတွေလည်း နေရောင်ထဲမှာ သူ့ကိုယ်ကျပ်အင်္ကျီပေါ်က ရွှေကြယ်သီးတွေနဲ့ ထပ်တူ ဖိတ်ဖိတ်လက်လက် ဖြစ်နေတယ်။

"တွေ့ရတာ ဝမ်းသာတယ်၊ တွေ့ရတာ သိပ်နေရာကျတယ်၊ ဩော်.... မောင်ရင်ကတော့ မစ္စတာ လောင်ဘော့တွမ် ဖြစ်ရမယ်"

နည်းနည်း ပြုံးဖြီးဖြီး လန့်တန့်တန့် ဖြစ်နေတဲ့ နက်ဗီးလ်က ခေါင်းကို ဆတ်ခနဲ ကမန်းကတန်း ညိတ်လိုက်တယ်။ ပြီးတော့ ပက်ကျိချို လက်ဝှေ့ယမ်းပြတဲ့ နှစ်လုံးတည်းသော လွတ်နေတဲ့ ထိုင်ခုံတွေမှာ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ချလိုက်တယ်။ ထိုင်ခုံတွေက တံခါးနဲ့ အနီးဆုံးနေရာမှာ ရှိတယ်။ ဟယ်ရီက သူတို့နဲ့ အတူရှိနေတဲ့ ကျန်ဧည့်သည်တွေကို တစ်ချက်ဖျတ်ခနဲ လှည့်ပတ်ဝေ့ကြည့်လိုက်တယ်။ အဲဒီထဲမှာ သူတို့ ကျောင်းနှစ်တွေတုန်းက ဆလီသီရင်တစ်ယောက်ကို သူမှတ်မိလိုက်တယ်။ သူက အရပ်ရှည်ရှည်၊ အသားမည်းမည်း၊ ပါးရိုးမြင့်မြင့်ကြီးတွေနဲ့ ခပ်ရှည်ရှည် စွေစောင်းစောင်း မျက်လုံးတွေရှိတဲ့ လူငယ်ကလေးတစ်ယောက်ပဲ။ ပြီးတော့ သတ္တမနှစ်က ဟယ်ရီမသိတဲ့ ကောင်ကလေးနှစ်ယောက်လည်း ရှိနေပြီး ပက်ကျိချိုရဲ့ နံဘေး ချောင်ကျကျမှာတော့ ဘယ်ကဘယ်လို ရောက်လာမှန်းမသိဘဲ သူမှ ဟုတ်မှ ဟုတ်ရဲ့လားလို့ အောက်မေ့ရတဲ့ ဂျင်နီကို တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ......... ခုအားလုံးကို မင်းတို့ သိပြီမဟုတ်လား" ပက်ကျိချိုက ဟယ်ရီနဲ့ နက်ဗီးလ်ကို မေးလိုက်ပြီး တစ်ဆက်တည်း "အဲ........ ဘလိတ်စ်ဇာဘိနီကတော့ မင်းတို့နဲ့ တစ်နှစ်တည်းပဲ၊ မမှားဘူး"လို့ပါ ပြောလိုက်တယ်။

ဇာဘိနီက အသိအမှတ်ပြုမှု ဒါမှမဟုတ် ကြိုဆိုနှုတ်ဆက်မှု အရိပ်လက္ခဏာ အလျဉ်းမပြသလို ဟယ်ရီနဲ့ နက်ဗီးလ်တို့က သူနဲ့ထပ်တူ တုတ်တုတ်မလှုပ်ဘဲ ငြိမ်နေတယ်။ ဂရစ်ဖ်ဖင်ဒေါနဲ့ ဆလီသီရင်ကျောင်းသားတွေဟာ သူတို့ မူသဘောတရား ယုံကြည်ချက်နဲ့ သူတို့ တစ်ဖက်နဲ့တစ်ဖက် မနှစ်မြို့နိုင်ဘဲ ရှိနေကြတယ်။

"ဒါကတော့ တော်မက် မက်လက်ဂျင်းပဲ၊ မင်းတို့ချင်း ဆုံခဲ့ဖူးကောင်း ဆုံမိပြီးသားလည်း ဖြစ်နိုင်ပါတယ်။ မဟုတ်ဘူးလား"

နန်းကြိုးလို ကွေးလွယ်ကောက်လွယ်တဲ့ ဆံပင် ပျော့ပျော့ပျောင်းပျောင်းနဲ့ ထွားထွားကျိုင်းကျိုင်း လူငယ်ကလေး မက်လက်ဂျင်းက လက်တစ်ဖက်ကို မြှောက်ပြလိုက်တဲ့အတွက် ဟယ်ရီနဲ့ နက်ဗီးလ်ကလည်း သူ့ကို ပြန်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

"ဒါကတော့ မာကပ်စ်ဘယ်လ်ဘီ၊ မင်းတို့ချင်း အကြောင်းတော့ ငါ သိပ်မသိဘူး"

ပိန်ပိန်ပါးပါးနဲ့ စိတ်လှုပ်ရှားနေပုံရတဲ့ ဘယ်လ်ဘီက စိတ်မပါ သိပ်လိုလားဟန် မရှိလှတဲ့ အပြုံးမျိုး တစ်ချက်ပြုံးပြတယ်။

"အဲ........ ဟောဒီတစ်ယောက်၊ အေးဆေး နှစ်လိုဖွယ်ကောင်းတဲ့ အမျိုးသမီးကလေးက မောင်ရင့်ကိုသူသိပြီးသားလို့ ပြောတယ်"ဆိုပြီး ပက်ကျိချိုဟာ ဟယ်ရီနဲ့ ဧည့်သည်တစ်ယောက်ချင်းကို မိတ်ဆက်ပေးတဲ့ သူ့ရဲ့ အစီအစဉ်ကို အဆုံးသတ်လိုက်တယ်။

ဂျင်နီက ဟယ်ရီနဲ့ နက်ဗီးလ်ကို ပက်ကျိချိုရဲ့ နောက်က မဲ့ပြလိုက်တယ်။

"အဲ.... ကောင်းပြီ၊ ခုတစ်ခါ စိတ်ချမ်းမြေ့ ပျော်ရွှင်စရာ အကောင်းဆုံး အစီအစဉ်လေးစမယ်"ပက်ကျိချိုက အေးအေးသက်သာ နည်းနည်းလေး စကားဆက်တယ်။ "ဒါက မင်းတို့အားလုံး တစ်ယောက်နဲ့တစ်ယောက် ပိုသိရအောင် ဖန်တီးပေးမယ့် အခွင့်အရေးတစ်ရပ်ပဲ။ ဒီမှာ လက်သုတ်ပဝါတစ်ထည်ကို ယူလိုက်။ နေ့လယ်စာကို ငါကထုပ်ပြီးထားတာ၊ ငါ မှတ်မိသလောက် နွယ်ချိုလေးလေးကဲပြီး ခွန်အားနည်းတဲ့ လူအိုတစ်ယောက်အတွက် ထိရောက်တဲ့ အစာချေစနစ်တောင် ဒီနေ့လယ်စာကို မီမှာ မဟုတ်ပါဘူး။ ဒါက ရစ်သားပဲ ဘယ်လ်ဘီ"

နေ့လယ်စာကို ဘယ်လ်ဘီကစယူပြီး အအေးခံထားတဲ့ ရစ်သားတစ်ပိုင်းကို သူရသွားတယ်။

www.burmeseclassic.com

"သူ့ဦးလေး ဒါမိုကဲလ်စ်ကို စာသင်ကြားရတာ သိပ်စိတ်ချမ်းသာ ပျော်ရွှင်တဲ့ အကြောင်း မားကပ်စ်ကလေးကို ငါ ခုပဲ ဒီမှာ ပြောနေရသေးတယ်"လို့ ပက်ကျိချိုက ဟယ်ရီနဲ့ နက်ဗီးလ်ကို ပြောပြတယ်။ ဒီအချိန်မှာ ဧည့်သည်တွေအတွက် အသားလိပ်ခြင်း တစ်ခြင်းနဲ့ လှည့်ပြီးပေးနေတယ်။

ကံမကောင်းစွာနဲ့ ဘယ်လ်ဘီဟာ ရစ်သားအတုံးကြီးကို ပါးစပ်နဲ့အပြည့် ယူစားလိုက်မိတယ်။ အဲဒီအခိုက်မှာပဲ–

"သူဟာ တကယ့် ထူးချွန်တဲ့ မှော်ဆရာတစ်ယောက်ပါပဲ။ သူ့ရဲ့ သိမ်းငှက်ဘွဲ့ တံဆိပ်နဲ့ လုံးဝထိုက်တန်သူလည်း ဖြစ်တယ်။ မင်းရဲ့ ဦးလေး မားကပ်စ် အကြောင်း မင်း သိပ်များများစားစား မသိဘူးလား"လို့ ပက်ကျိချိုက မေးလိုက်တာကြောင့် ခပ်မြန်မြန် ဖြေနိုင်အောင် ရစ်သားတုံးကို အလောတကြီး မျိုချလိုက်မိတဲ့ ဘယ်လ်ဘီဟာ ဆို့နင်ပြီး အသက်ရှူကျပ်သွားသောကြောင့် ပြာနှမ်းနှမ်း ဖြစ်သွားတယ်။

ဒီမှာတင် ပက်ကျိချိုက သူ့ဆေးကြိမ်လုံးထိပ်နဲ့ ဘယ်လ်ဘီယိုကို ရွယ်ပြီး "အနက်ပနီယို"လို့ ပြောလိုက်တာနဲ့ ဘယ်လ်ဘီရဲ့ လည်ချောင်းထဲမှာ ချက်ချင်း ပြန်ရှင်းသွားတယ်။

"သိပ်......... သိပ်တော့ မသိပါဘူး ခင်ဗျာ" ဘယ်လ်ဘီက အသက်ကို ရှူနေရင်း မျက်ရည်တွေ ထွက်နေရင်းနဲ့ ပြန်ဖြေတယ်။

"အေး... ကောင်းပါပြီ၊ သူ အလုပ်ရှုပ်နေတယ်လို့ ငါ ပြောနိုင်တယ်"ပက်ကျိချိုက စကားကို ရပ်ပြီး ဘယ်လ်ဘီကို မယုံသလို မေးခွန်းထုတ်မျက်လုံးနဲ့ ကြည့်လိုက်ပြီးမှ "ငါ သံသယ ဖြစ်တာက သူဟာ ကြီးကြီးမားမား အပြင်းအထန် အားထုတ်မှု မရှိဘဲ ဝံပုလွေ အန္တရာယ် ဆိုးကျိုးဆေးရည်ကို တီထွင်ခဲ့တယ် ဆိုတာပဲ"လို့ ဆက်ပြောလိုက်တယ်။

ရစ်သားကို နောက်ထပ်တစ်ကိုက် ထပ်ကိုက်ရမှာ လန့်နေပြီး ပက်ကျိချိုဘက်က နောက်ထပ်စားဖို့ မတိုက်တွန်းတော့တာ သေချာသွားတော့မှ ဘယ်လ်ဘီက ပြန်ပြောတယ်။ "ကျွန်တော့် အထင်တော့ သူနဲ့ ကျွန်တော့်အဖေ ကောင်းကောင်း မသင့်မြတ်လို့ပဲ ဖြစ်မယ်။ အဖြစ်မှန်ကိုတော့ ကျွန်တော်လည်း သိပ်မသိပါဘူး"

ပြောရင်း သူ့အသံက တဖြည်းဖြည်း တိမ်ဝင်သွားတဲ့အတွက် ပက်ကျိချိုက အေးအေးဆေးဆေး သူ့ကို တစ်ချက် ပြုံးပြလိုက်ပြီးမှ မက်လက်ဂျင်းဘက်ကို လှည့်သွားတယ်။

"ခု မင်းအလှည့်ပဲ ကော်မက်"ပက်ကျိချိုက ဆက်ပြန်တယ်။ "မင်းဟာ မင်းရဲ့ ဦးလေး တီဘားရီးယပ်စ်အကြောင်း တော်တော်ကြီးကို သိနေတယ်ဆိုတာ ငါ သိလာရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အတော့်ကို သားနားထည်ဝါတဲ့ အမဲလိုက် နော့တေးလ်နှစ်ကောင်ရဲ့ ဓာတ်ပုံတစ်ပုံ ရှိနေလို့ပဲ။ ငါ့အထင်တော့ နော်ဖော့လ်စ်ပဲ ဖြစ်မယ်၊ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"အိုး.... ဟုတ်လား၊ ဒါကတော့ တကယ့် ရယ်စရာပဲ။ အဲဒါက ဒီလို ......." မက်လက်ဂျင်းက ပြောတယ် "ကျွန်တော်တို့ ဘာတီးဟစ်စ်နဲ့ ရပ်ဖတ်စ်စခရင်ဂျာတို့နဲ့ အတူသွားခဲ့တာပါ။ နောက်ပြီး အဲဒါဟာ သူဝန်ကြီး ဖြစ်မလာခင်က ဆိုတာလည်း ထင်ရှားနေတယ်"

"ဟာ......... မင်းက ဘာတီးနဲ့ ရပ်ဖတ်စ်တို့ကိုလည်း သိနေတာကိုး၊ ကဲ–ဆိုစမ်းပါဦး"ပက်ကျိချိုက အားပါးတရ ပြုံးလိုက်တယ်။ ဒီအချိန်မှာ ပိုင်မုန့်တွေကို လက်ပန်းငယ်တစ်ချပ်နဲ့ လှည့်ပြီးပေးနေတယ်။ ဘယ်လ်ဘီခမျာ အခွင့်ကောင်းကျမှ မတို့မထိနိုင်တော့ဘဲ လက်လွှတ်လိုက်ရတယ်။

ဟယ်ရီဟာ အခန်းထဲ ထူးခြားတဲ့ အခြေအနေအပေါ် သံသယ ဝင်နေတယ်။ အခန်းထဲမှာ ရှိတဲ့ ဧည့်သည်အားလုံးဟာ ထင်ပေါ်ကျော်ကြားသူ ဒါမှမဟုတ် သြဇာတိက္ကမရှိသူ တစ်ဦးဦးနဲ့ ဆက်နွှယ်ပတ်သက်နေလို့ ဖိတ်ကြားခံရသူတွေ ချည်းပဲ။ ဒါပေမဲ့ အဲဒီထဲမှာ ဂျင်နီက ခြွင်းချက်ဖြစ်နေတယ်။

နောက် မက်လက်ဂျင်းရဲ့ နောက်မှ ပက်ကျိချိုရဲ့ စုံစမ်းမေးမြန်းခံရတဲ့ ဇာဘိနီဟာ လက်စသတ်တော့ နာမည်ကျော်ကြားတဲ့ အလှပိုင်ရှင် သူမရဲ့ မိခင်ကို အကြောင်းပြုပြီး ဖိတ်ကြားခံရသူ စုန်းမတစ်ဦး ဖြစ်နေတယ်။ ဟယ်ရီ လေ့လာကြည့်လိုက်တော့ အဲဒီအမျိုးသမီးဟာ ခုနစ်ကြိမ်လက်ထပ်ခဲ့ပြီးသူ ဖြစ်ရုံမကဘဲ သူမရဲ့လင် တစ်ယောက်မကျန် ထူးခြားဆန်းကြယ်စွာ သေဆုံးသွားကြပြီး သူမအတွက် ငွေကြေး အစုလိုက်အပုံလိုက် ချန်ထားရစ်ခဲ့ကြသူတွေချည်း ဖြစ်နေတယ်။

နောက် တစ်ယောက် ပြောင်းတော့ နက်ဗီးလ်အလှည့် ရောက်လာတယ်။ နက်ဗီးလ်အတွက် အနေကျပ် အဖြေကျပ်နဲ့ မသက်မသာ ကုန်ဆုံးသွားတဲ့ ၁၀ မိနစ်လည်း ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ နာမည်ကြီးထင်ရှားတဲ့ အော်ရာနုစ်ယောက်ဖြစ်သူ နက်ဗီးလ်ရဲ့ မိဘတွေဟာ စိတ်တုန်လှုပ်ချောက်ချား ဖောက်ပြန်သွားတဲ့အထိ ဘဲလ်လားထရစ်စ်လက်စ်ထရိန်းချ်နဲ့ အပေါင်းအသင်း မရဏဗိုဝဲကောင်ရဲ့ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရလို့ ဖြစ်ပါတယ်။ နက်ဗီးလ်ရဲ့ အင်တာဗျူး ပြီးဆုံးသွားချိန် ဟယ်ရီက ပက်ကျိချိုဟာ နက်ဗီးလ်နဲ့ ဆွေးနွေးမေးမြန်းရမယ့် အချိန်အချို့ကို ချန်လှပ်ပေးထားခဲ့တယ်လို့ ထင်မြင်နေတယ်။ ပက်ကျိချိုက သူ့ကို သူ့မိဘတွေရဲ့ ပင်ကိုဗီဇအစွမ်းမျိုး ရှိ မရှိ သိသာအောင် တီးခေါက်တဲ့ သဘောမျိုးသာ ပြုလုပ်သွားလို့ပဲ။

"ကဲ–အခု......." ပက်ကျိချိုက စကားစလိုက်တယ်။ ပြီးတော့ ထိုင်ခုံမှာ ကိုယ်ကိုလွန့်ပြီး ဟိုနဲ့ ဒီနဲ့ နေရာပြင်ရွှေ့ထိုင်ပြီးမှ အခမ်းအနား အစီအစဉ်မှူးတစ်ယောက်ရဲ့ လေသံနဲ့ ဟန်ပါပါ "ဟယ်ရီပေါ်တာ၊ အဲ ......... ဘယ်ကစပြောရမလဲ၊ တို့ နွေရာသီတုန်းက တွေ့ကြစဉ်က ငါဟာ ကိစ္စရပ်ကို အပေါ်ယံ အပယ်ိကမျှသာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့တယ်လို့ ငါထင်တယ်" လို့ ပြောလိုက်တယ်။ တစ်ခါ ဟယ်ရီကို ကြည့်ပြီး အတန်ကြာ စဉ်းစားချိန်ဆနေပြီးမှ "သူတို့ကတော့ မင်းကို 'ပြိုင်ဘက်ကင်း လက်ရွေးစင်နံပါတ်၁"လို့ ခေါ်နေကြပြီ"လို့ ပြောလိုက်ပြန်တယ်။

ဟယ်ရီက ဘာမှ မပြောဘဲ ငြိမ်နေတယ်။ ဘယ်လ်ဘီ၊ မက်လက်ဂျင်းနဲ့ ဇာဘိနီတို့က သူ့ကိုငေးပြီး စိုက်ကြည့်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပက်ကျိချိုဟာ ဟယ်ရီ့ကို အနီးကပ် ကြည့်နေပြန်တယ်။ ပြီးတော့မှ "နှစ်တွေ တော်တော်ကြာအောင် ကောလာဟလသတင်းတွေ ထွက်နေတယ်။ ငါကတော့ လီလီ၊ ဂျိမ်းစ်နဲ့ မင်းတို့ လွတ်မြောက်သွားကြတဲ့ ကြောက်မက်ဖွယ်ညရဲ့ နောက်ပိုင်းမှာ စကားတစ်ခွန်းကို သတိရနေတယ်။ အဲဒါကတော့ မင်းမှာ သာမန်ထက် လွန်ကဲတဲ့ အစွမ်းသတ္တိတွေ ရှိရမယ်ဆိုတာပဲ"

ဇာဘိနီက လုပ်ချောင်းလေး တစ်ချက် ဆိုးလိုက်တယ်။ အခိပ္ပာယ်က ရှင်းတယ်။ မယုံဘူးဆိုပြီး ရယ်စရာ လုပ်လိုက်တာပဲ။ ဒီမှာတင် ပက်ကျိချိုရဲ့ နောက်ကနေ စိတ်ဆိုးမာန်ဆိုး အသံတစ်သံ ထွက်လာတယ်။

"အေး ဟုတ်တယ် ဇာဘိနီ၊ ဘာဖြစ်လို့လဲ ဆိုတော့ နင်က သိပ်ပါရမီရှိ အစွမ်းထက်နေလို့ပဲ။ ဟန်ရေးပြ တော်တော်ကောင်းတယ်"

"အို-ဟဲ့ကလေး"ပက်ကျိချိုက ဂျင်နီ့ကို လှည့်ကြည့်လိုက်ပြီး သဘောကျသလို တခစ်ခစ် ရယ်လိုက်တယ်။ ဂျင်နီက ပက်ကျိချိုရဲ့ ဧရာမ ဗိုက်ကြီးနားမှာ ကပ်ထိုင်နေတဲ့ ဇာဘိနီကို မီးဝင်းဝင်းတောက်တဲ့ မျက်စိနဲ့ ကြည့်နေတယ်။ ပက်ကျိချိုက "ဘလိုက်စ် ....... မင်း သတိထားရမယ်။ စောစောက ငါ သူမရဲ့ တွဲကို ဖြတ်လာစဉ်က ဒီအပျိုမလေးဟာ ထူးခြား အံ့သြစရာအကောင်းဆုံး လင်းနို့သရဲခြောက်ကောင်အဖြစ် လုပ်ပြနေတာကို ငါတွေ့ခဲ့တယ်။ ငါ သူမနဲ့ အတိုက်အခံ လုပ်မှာ မဟုတ်ဘူး"လို့ ထပ်ပြောလိုက်တယ်။

ဒါပေမဲ့ ဇာဘိနီကတော့ အရေးမလုပ်ပါဘူး ဆိုတဲ့ပုံနဲ့ အထင်သေးသလို ကြည့်နေတယ်။

ပက်ကျိချိုက ဟယ်ရီ့ဘက်ကို ပြန်လှည့်ပြီး "ဘာပဲ ဖြစ်ဖြစ်ကွာ နွေရာသီတုန်းက ဒီလို ကောလာဟလ ထွက်ခဲ့တာ အမှန်ပဲ။ တစ်ယောက်မှလည်း ဘာကို ယုံရမယ်မှန်း မသိဘူး။ ဟောစာတမ်းကြီး ပုံနှိပ်ရာမှာ ချို့ယွင်းချက်တွေပါပြီး အမှားတွေရှိတယ်လို့ ပြောနေတာပဲ။ ဒါပေမဲ့ သံသယဖြစ်စရာ နည်းနည်း ရှိတာက ဝန်ကြီးဌာနအတွက် အနှောင့်အယှက်ဖြစ်နေတဲ့ သက်သေတွေ ပေးထားတာဖြစ်ပြီး မင်းဟာ အဲဒီအထဲမှာ ပါနေတယ်"

ဟယ်ရီက ပြောင်ပြောင်တင်းတင်း လိမ်ညာခြင်းမပြုဘဲ လက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေအနေက ရှောင်ထွက်သွားလို့ မရတာကို သိနေတဲ့အတွက် ဘာမှမပြောဘဲ ခေါင်းကိုပဲ ညိတ်နေတယ်။ ဒီတော့ ပက်ကျိချိုက အားရပါးရ ပြုံးလိုက်တယ်။

"မင်းဟာ တကယ့်ကို ပလွှားမဝင့်ဝါသူပဲ၊ တကယ်နှိမ့်ချသူပဲ။ ဒါ့ကြောင့် ဒမ်းဘဲလ်ဒိုးက အဲဒီအချိန်က အဲဒီမှာရှိတာကို သဘောကျတာ အံ့သြစရာ မဟုတ်ပါဘူး။ ဒါပေမဲ့ အဖြစ်အပျက် ဇာတ်လမ်းရဲ့ ကျန်တဲ့အပိုင်းတွေက သိပ်ထူးခြားပြီး သည်းထိတ်ရင်ဖိုစရာ ကောင်းတယ်။ ခက်တာက ဒီ ဒဏ္ဍာရီဆန်တဲ့ ဟောစာတမ်းကြီးနဲ့ ပတ်သက်လို့ တစ်ယောက်မှ ဘာကို ယုံရမလဲဆိုတာကို မသိတာပဲ"

"ကျွန်တော်တို့ အဲဒီ ရှေ့ဖြစ်ဟောနိမိတ်ဖတ် ဟောစာတမ်းကြီးဆိုတာကို တစ်ခါမှ မကြားဖူးဘူး"လို့ နက်ဗီးလ်က ပြောလိုက်ပြီး သူ အဲဒီလို ပြောလိုက်ချိန်မှာပဲ သူ့မျက်နှာမှာ ကြွေပန်းအရောင် ပန်းရောင် လွှမ်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

“အဲဒါ အမှန်ပဲ”ဂျင်နီက အခိုင်အမာ ဝင်ထောက်ခံလိုက်တယ်။ “နက်ဗီးလ်နဲ့ ကျွန်မ နှစ်ယောက်လုံး အဲဒီမှာ ရှိနေတာပဲ။ ဒီ ‘လက်ရွေးစင် နံပါတ်၁’ဆိုတဲ့ ပေါက်ကရတွေအားလုံး ခါတိုင်းဖြစ်သလို ဟောစာတမ်းဆိုတာနဲ့ ပတ်သက်ပြီး ဖြစ်လာတာပဲ ဖြစ်မယ်”

“မင်းတို့ နှစ်ယောက်လုံးလည်း အဲဒီမှာ ရှိနေတယ် မဟုတ်လား”ပက်ကျိချို အရမ်း စိတ်ဝင်စားသွားပြီး မေးလိုက်တယ်။ ပြီးတော့ သူ့ရဲ့ အကြည့်ကို ဂျင်နီ့ထံကနေ နက်ဗီးလ်ဆီကို ရွှေ့လိုက်တယ်။ ဒါပေမဲ့ ဟိုနှစ်ယောက်က ပက်ကျိချိုရဲ့ နှုတ်ခမ်းတွေမှာ အားပေးတဲ့ အပြုံးတစ်ချက် ပေါ်မလာခင်မှာပဲ ရှေ့ငုံ့နှုတ်ပိတ်နေလိုက်တယ်။

“အေး....... ဟုတ်ပါတယ်၊ ဟောစာတမ်းကြီးနဲ့ ပတ်သက်ပြီး မကြာမကြာ ချဲ့ကား ပြောဆိုမှုတွေ ရှိတယ်ဆိုတာ မှန်ပါတယ်”လို့ ပြောပြီး ပက်ကျိချို တော်တော်လေး စိတ်ပျက်သွားတယ်။ “ငါ ခင်မင်ရတဲ့ ဂွင်နော့ ငါ့ကို ပြောတာ ငါပြန်သတိရမိတယ်။ ငါပြောတာ လူအမျိုးသမီးခေါင်းနဲ့ ကိုယ်၊ ဒါပေမဲ့ ငှက်ခြေထောက်နဲ့ အတောင်ပံတွေပါတဲ့ ဟာပီသတ္တဝါကောင်တွေရဲ့ ဦးသျှောင်ခေါင်းဆောင် ကပ္ပတိန် ဂွင်နော့ဂျုန်းစ်ပဲ”လို့ ပက်ကျိချိုက ရှင်းပြတယ်။

ဒီနောက် ပက်ကျိချိုဟာ သူမှတ်မိသမျှ စိတ်ကူးပေါက်ရာတွေကို တောင်ရောက် မြောက်ရောက် ခြေဦးတည့်ရာ လေကြောဆန့်ပြီး မဆုံးနိုင်အောင် လျှောက်ပြောနေပြန်တယ်။ ဒါပေမဲ့ ဟယ်ရီကတော့ ပက်ကျိချိုဟာ သူနဲ့ ပြောဆိုမှုကို အဆုံးမသတ်နိုင်တော့ဘူး ဆိုတာကို သိနေတယ်။ ဒါကလည်း သူ ဘာပြောပြော နက်ဗီးလ်နဲ့ ဂျင်နီရဲ့ လက်ခံယုံကြည်မှုကို မရနိုင်တော့လို့ ဖြစ်တယ်။

ဒီလိုနဲ့ပဲ မွန်းလွဲပိုင်း အချိန်ဟာ ပါမောက္ခပက်ကျိချို သင်ကြားပေးခဲ့ရတဲ့ ထူးခြားပြောင်မြောက်ကျော်ကြားတဲ့ အထိကရ မှော်ဆရာတွေအကြောင်း ဟိုပြော ဒီပြော အတိုအထွာ ဇာတ်လမ်းတွေ ပြောကြဆိုကြရင်းနဲ့ပဲ တရွေ့ရွေ့ ကုန်လွန်သွားတယ်။ သူတို့ပြောတဲ့ ပက်ကျိချိုရဲ့ တပည့်ဟောင်း မှော်ဆရာတွေ အာလုံး ဟော့ဂ်ဝပ်စ်ကျောင်းကြီးမှာ ပက်ကျိကလပ်အသင်းထဲ ဝင်ရောက်ရခြင်းကို အားရကျေနပ် နှစ်ခြိုက်သူတွေချည်း ဖြစ်ကြတယ်။

ဟယ်ရီဟာ နေရာက ထပြန်သွားချင်နေပြီး မအောင့်နိုင်သလို ဖြစ်လာတယ်။ ဒါပေမဲ့ မရိုင်းပျသဲ သူ ဘယ်လိုယဉ်ယဉ်ကျေးကျေး လုပ်ရမယ်ဆိုတာလည်း စဉ်းစားမရဘူး။ နောက်ဆုံး ရှည်လျားကျယ်ပြန့်တဲ့ မြူပြင်ကျယ်ကြီးကို ဖြတ်သန်းနေရာက ထွက်လာပြီး ရဲရဲနီနေတဲ့ နေဝင်ချိန်ထဲကို ရထားကြီးဝင်သွားချိန်ကျမှပဲ ပက်ကျိချိုဟာ ဘေးဘီကို လှည့်ပတ်ကြည့်လိုက်ပြီး နေဝင်ဆည်းဆာထဲမှာ သူ့မျက်လုံးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်နေတယ်။

“တယ်လည်း နှစ်လိုဖွယ် ကျက်သရေ ရှိပါလားဟေ့၊ မှောင်စလည်း ပျိုးနေပြီကွ။ သူတို့ မီးအိမ်တွေ ထွန်းတာတောင် ငါ မသိလိုက်ဘူး။ ကဲ ကဲ....... မင်းတို့လည်း ပြန်သွားကြပြီး မင်းတို့ ဝတ်ရုံတွေကို လဲကြ၊ အားလုံးပဲ.......၊ ဒါနဲ့ မက်လက်ဂျင်း မင်းလည်း ကြုံရင် ငါ့ဆီကိုဝင်ပြီး နော့တေးလ်အကြောင်း စာအုပ်ကို ငှားပေါ့။ ဟယ်ရီနဲ့ ဘလိတ်စ် မင်းတို့လည်း အချိန်မရွေး ကြုံတိုင်း ဝင်ကြပါ။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com

မင်းကိုလည်း တစ်ပါတည်း ပြောတာနော် အပျိုမလေး" ပက်ကျိချိုက ဂျင်နီ့ကို ရွှန်းရွှန်းဝေအောင် ကြည့်ပြီးပြောလိုက်တယ်။ "ကဲ–သွားကြ၊ သွားကြ"

ပက်ကျိချိုက ဟယ်ရီကို မှောင်နေတဲ့ စကြံဆီ အသာအယာ ကိုင်တွန်းပြီး လိုက်ပို့ပေးချိန်မှာ ဇာဘိနီက သူ့ကို မနှစ်မြို့တဲ့ အကြည့်နဲ့ တစ်ချက်လှမ်းကြည့်လိုက်သလို ဟယ်ရီကလည်း စိတ်ဝင်တစား ပြန်ကြည့်တယ်။ ဟယ်ရီ၊ ဂျင်နီနဲ့ နက်ဗီးလ်တို့ ရထားအတိုင်း နောက်ဘက်ကို ဇာဘိနီရဲ့ နောက်က လိုက်လာကြတယ်။

"ဒီပွဲပြီးသွားတာ ငါဝမ်းသာလိုက်တာကွာ"နက်ဗီးလ်က ပွစိပွစိနဲ့ ပြောနေတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက ဇာဘိနီအပေါ်မှာ။ ပြီးတော့မှ တစ်ခါလှည့်ပြီး ဂျင်နီကို ပြောတယ် "မင်း အဲဒီကို ဘယ်လိုဘယ်ပုံ ရောက်လာတာလဲ ဂျင်နီ"

"သူ ငါ့ကို ဇက်ခရီးယတ်စ်စမစ်သ်နဲ့ စကားပြောနေတုန်း မြင်တယ်။ နင် ဒီအေမှာ ရှိနေတဲ့ ဟတ်ဖဲလ်ပတ်ဖ်က အဲဒီငတုံးကို မှတ်မိမှာပါ။ သူက ငါ့ကို နားပူနားဆာလုပ်ပြီး ဝန်ကြီးဌာနမှာ ဘာတွေ ဖြစ်သလဲလို့ ဆက်မေးတယ်။ နောက်ဆုံးမှာ သူငါ့ကို အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်တော့တာပဲ။ ငါ သူ့ကို မုန်းတယ်။ ပက်ကျိချို ဝင်လာတော့ ငါ အဖမ်းခံရတော့မှာပဲလို့ ထင်လိုက်တယ်။ ဒါပေမဲ့ သူက ငါတို့ စကားကောင်းပြောနေတာပဲလို့ ထင်ပြီး ငါ့ကို နေ့လယ်စာစားဖို့ ဖိတ်တာပဲ။ ငါ ရှူးတောင် ရှူးချင်တယ်"လို့ ဂျင်နီက အရှည်ကြီး ရှင်းပြတယ်။

"တချို့လူတွေကို ဖိတ်တဲ့အကြောင်းထက် ပိုပြီးကောင်းမွန်သင့်မြတ်တဲ့ အကြောင်းပြချက်ကလေးပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ဖိတ်တာက နာမည်သတင်းကြီးတဲ့ သူတို့ရဲ့ အမေတွေကြောင့် ဖိတ်ရတာ။ ဒါမှမဟုတ်ရင် သူတို့ ဦးလေးတွေကြောင့်ပေါ့"

ဇာဘိနီရဲ့ ခေါင်းနောက်ပိုင်းကို ရှုသိုးသိုးကြည့်ရင်း ဟယ်ရီက ပြောလိုက်တာပါပဲ။ ဒါပေမဲ့ သူ့စကား ချက်ချင်း ပြတ်သွားတယ်။ သူ့ခေါင်းထဲကို ဖျတ်ခနဲ အကြံတစ်ခု ဝင်လာလို့ပဲ။ သူ့အကြံက မဆင်မခြင် လုပ်ရာတော့ကျတယ်။ ဒါပေမဲ့ တကယ် အသုံးတည့်မယ့် အံ့ဩလောက်စရာ အကြံအစည်တစ်ခုပဲ။ မိနစ်ပိုင်းကလေးအတွင်းမှာပဲ ဇာဘိနီဟာ ဆဌမနှစ် ဆလီသီရင်တွေရဲ့ တွဲခန်းထဲကို ပြန်ဝင်သွားတော့မယ့်ဆဲဆဲ ဖြစ်နေတယ်။ ဒါဆိုရင် အဲဒီမှာ မော်လ်ဖွိုင်းထိုင်နေမှာ သေချာတယ်။ မော်လ်ဖွိုင်းက သူပြောတာကို သူ့အပေါင်းအဖော် ဆလီသီရင်တွေကလွဲရင် ဘယ်သူမှ မကြားနိုင်ဘူး ထင်နေလိမ့်မယ်။ တကယ်လို့ ဟယ်ရီသာ သူ့ကို ဘယ်သူမှ မမြင်မကြားရအောင် ဝင်သွားနိုင်ပြီး သူ့နောက်မှာ ရှိနေမယ်ဆိုရင် ...... ဟုတ်ပြီ နောက်ထပ် ရထားဆက်ခုတ်မောင်းမယ့် ခရီးကလည်း နည်းနည်းပဲ ကျန်တော့တယ်။ ဟော့စမီယာ ဘူတာကို ရောက်ဖို့ နောက်ထပ် နာရီဝက်တောင် မလိုတော့ဘူး။ ရထားပြတင်းတွေ ဘေးမှာ သစ်ပင်ချုံပုတ် မြက်တောရှုခင်းမြင်ကွင်းတွေ တရိပ်ရိပ် ဖြတ်ပြေးနေကြတယ်။ ဒါပေမဲ့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဟယ်ရီရဲ့ မသင်္ကာစရာလို ဖြစ်နေပုံကို အထူးတလည် သတိထားမိနေပုံ မရဘူး။ သူ ဆုံးဖြတ်ချက် ချလိုက်တယ်။

"ငါ မင်းတို့နှစ်ယောက်ကို နောက်မှ တွေ့တော့မယ်"ဟယ်ရီ သူ့ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်ရင်း လေသံနဲ့ ပြောလိုက်ပြီး ဝတ်ရုံကို ကိုယ်ပေါ်မှာ လွှမ်းလိုက်တယ်။

www.burmeseclassic.com

"ဟင်..... မင်းက ဘာလုပ်ဦးမလို့လဲ"

"နောက်မှ......... နောက်မှ"ဟယ်ရီက တိုးတိုးလေး ဒါပဲ ပြောခဲ့တယ်။ သူ အရဲကိုးပြီး ဇာဘိနီရဲ့နောက်က အသံတိတ်ဆိတ်နိုင်သမျှ အတိတ်ဆိတ်ဆုံး အသာလေး လိုက်သွားတယ်။ ရထားကြီးရဲ့ ဂျုတ်ဂျုတ်ဂျက်ဂျက် အသံတွေကလည်း သူ့ကို အကာအကွယ် ပေးထားတယ်။

ခုတော့ စင်္ကြံတွေမှာလည်း လူသူလုံးလုံး ရှင်းနေပြီ။ လူတိုင်းနီးပါးလိုလို ကျောင်းဝတ်ကျောင်းစား ဝတ်ဆင်ဖို့၊ ကျောင်းတက်ဝတ်ရုံဝတ်ဆင်ဖို့ သူတို့ တွဲခန်းကိုသူတို့ ပြန်သွားကြပြီ။ သူတို့ပစ္စည်းတွေကို သိမ်းဆည်းထုပ်ပိုးနေပြီ။ သူဟာ ဇာဘိနီနဲ့ ကပ်နိုင်သမျှ ကပ်လိုက်သွားပေမဲ့ အသားချင်းသွားမထိအောင်တော့ သတိထားနေရတယ်။ အရေးထဲ ဇာဘိနီတံခါးဖွင့်လိုက်ချိန်မှာ ဟယ်ရီ တွဲခန်းထဲကို လျှောခနဲ ချက်ချင်းအလွယ်တကူ မဝင်နိုင်ဘဲ ဖြစ်နေပြန်တယ်။ သူမက နောက်ကပါလာတဲ့သူ မဝင်နိုင်ခင် တံခါးကို ဆတ်ခနဲ ပြန်ပိတ်လိုက်လို့ပဲ။ ဟယ်ရီကလည်း ခြေတစ်ဖက်ကို လှစ်ခနဲ ဆန့်ထုတ်ပြီး တံခါးပိတ်မသွားအောင် ထိုးခံလိုက်ရတယ်။

"ဟာ........... ဒီတံခါးက ဘာဖြစ်ရတာလဲ"ဆိုပြီး ဇာဘိနီ စိတ်ဆိုးမာန်ဆိုးနဲ့ ဟယ်ရီ ခြေထောက်ထိုးခံထားတဲ့ လျှောတံခါးကို အကြိမ်ကြိမ် ဆောင့်တွန်းနေတယ်။

မတတ်သာတဲ့အဆုံး ဟယ်ရီက တံခါးကို ဖမ်းကိုင်လိုက်ပြီး တွန်းဖွင့်ပစ်လိုက်ရာမှာ တံခါးလက်ကိုင်ကို ဆုပ်ထားဆဲဖြစ်တဲ့ ဇာဘိနီဟာ ဘေးတစ်ဖက်ကို ပြိုလဲယိုင်ထွက်သွားပြီး တစ်ခါ ဂရီဂိုရီဂွိုင်းရဲ့ ပေါင်ပေါ်ကို ပစ်ကျသွားပါတယ်။ ဒီမှာတင် သူတို့နှစ်ယောက် လုံးထွေး ဖရိုဖရဲ ဖြစ်နေတုန်း ဟယ်ရီက တွဲခန်းထဲကို လှစ်ခနဲဝင်၊ ဇာဘိနီမထိုင်ရသေးလို့ လွတ်နေတဲ့ ထိုင်ခုံပေါ်ကို လွှားခနဲ ခုန်တက်၊ အဲဒီကမှတစ်ဆင့် ကိုယ့်ကိုယ်ကိုယ် မြှောက်ပစ်တင်ပြီး အပေါ်က ပစ္စည်းတင်တဲ့ စင်ထဲကို ကံကောင်းထောက်မစွာ ရောက်သွားတယ်။

ဂွိုင်းနဲ့ ဇာဘိနီတို့ တစ်ယောက်နဲ့တစ်ယောက် ဖိုသီဖတ်သီ လုံးထွေးနေရာက တစ်ယောက်ကိုတစ်ယောက် စောင်မဲကြည့်လိုက်တယ်။ အခန်းထဲက မျက်စိတွေ အကုန်လုံး အခင်းဖြစ်တဲ့ တံခါးဝအနားကနေရာနဲ့ ဘေးဘီကို လှည့်ကြည့်နေလို့ ဟယ်ရီက သူ့ကိုယ်ပျောက်အင်္ကျီ အောက်နားစကနေ သူစီးထားတဲ့ ပတ္တူဖိနပ် ငေါထွက်မနေအောင် အတင်းအုပ်ပြီး ကိုယ်ကိုကျုံ့ထားရတယ်။ ဟယ်ရီက သူ့ပတ္တူဖိနပ် ရွေ့လျားသွားပုံကို မော်လ်ဖွိုင်း မြင်သွားလေသလားလို့ စိုးရိမ်နေတယ်။ ဂွိုင်းလ်က ဇာဘိနီကို သူ့ကိုယ်ပေါ်က တွန်းပစ်လိုက်ပြီး တံခါးကို ဝုန်းခနဲ ပိတ်လိုက်တယ်။ နောက်ဆုံး ဇာဘိနီ သူမရဲ့ ထိုင်ခုံပေါ်မှာ ပစ်ထိုင်လိုက်တဲ့အခါမှာတော့ တစ်ကိုယ်လုံး ပွယောင်းဖွာလန်ကျဲနေပါတော့တယ်။

ဒီမှာတင် ဗင်းဆင့်ခရက်ဘီက သူ့ရဲ့ ရုပ်ပြစာအုပ်ကို သူပြန်ဖတ်နေတယ်။ မော်လ်ဖွိုင်းက အဖြစ်အပျက်ကို သဘောကျသလို လှောင်ရယ်ရယ်ရင်း နောက်ပြန်လှန်ချပြီး ခုံနှစ်ခုံကို ခွအိပ်နေတယ်။ သူ့ခေါင်းကို ပင်ဆီပါကင်ဆန်ရဲ့ ပေါင်ပေါ်မှာ တင်ထားတယ်။ ပင်ဆီက သူမရဲ့ ချောမွတ်တောက်ပြောင်နေတဲ့ ရွှေအိုရောင် ဆံပင်တွေနဲ့ မော်လ်ဖွိုင်းရဲ့နဖူးကို တို့ထိရိုက်ခတ် ကစားနေတာကို မြင်ရတဲ့သူတွေက မော်လ်ဖွိုင်း ရှိနေတဲ့ နေရာကို အားကျနေတယ်။

www.burmeseclassic.com

ဟယ်ရီကတော့ လုံနိုင်မှ တော်ခါကျမယ်ဆိုသလို သူ့ကိုယ်ကို တစ်လက်မမှ မပေါ်အောင်၊ ဝတ်ရုံအောက်မှာ လုံနေအောင် ကွေးကွေးလေး နေရလို့ မသက်မသာ ဖြစ်နေတယ်။ တွဲခန်း မျက်နှာကြက်မှာ ဆွဲထားတဲ့ မှန်မီးအိမ်ရဲ့ အလင်းရောင်အောက်က မြင်ကွင်းတစ်ခုလုံးအပေါ် လင်းနေအောင် ဖြာကျနေတဲ့အတွက် ဟယ်ရီဟာ သူ့အောက်တည့်တည့်မှာ ရှိနေတဲ့ ဂရက်ဘီးရဲ့ ရုပ်ပြစာအုပ်ထဲက စာလုံးတွေကို အတိုင်းသား လှမ်းမြင်ဖတ်လို့ ရနေတယ်။

"ဆိုပါဦး ဇာဘိနီ၊ ပက်ကျိချို့က ဘာကိုလိုချင်တာလဲ"

"လူတွေကို စနစ်တကျ ဆက်သွယ်လို့ရအောင် ကြိုးစားတာပါပဲ"ဂွိုင်းကို အငြိုးမပြေ စိန်းစိန်းဝါးဝါး ကြည့်ဆဲဖြစ်တဲ့ ဇာဘိနီက ပြောလိုက်တယ်။ "သူ ဟုတ်တိပတ်တိ တကယ်ဘာမှ မကြိုးစားပါဘူး"

ဇာဘိနီယူလာတဲ့ သတင်းအချက်အလက်ပေါ်မှာ မော်လ်ဖွိုင်း အားမလို အားမရ မချင့်မရဲ ဖြစ်နေတယ်။

"သူ တခြား ဘယ်သူတွေကို ဖိတ်လဲ"မော်လ်ဖွိုင်း သိချင်စိတ် အရမ်းပြင်းပြနေတယ်။

"ဂရစ်ဖ်ဖင်ဒါက မက်လက်ဂျင်း"ဇာဘိနီက စပြောတယ်။

"အို တယ်ဟုတ်ပါလား၊ သူ့ဦးလေးက ဝန်ကြီးဌာနမှာ အကြီးစားအကောင် တစ်ကောင်ပေါ့"မော်လ်ဖွိုင်းက ထောက်ပေးလိုက်တယ်။

"ကျီးနက်ခြေသည်းက ဘယ်လ်ဘီလို့ခေါ်တဲ့ တစ်ယောက်"

"သူ့ကို မစဉ်းစားနဲ့၊ သူက ငတုံးတစ်ယောက်ပဲ" ပင်ဆီက ဝင်ပြောလိုက်တယ်။

"နောက် လောင်းဘော့တွမ်၊ ပေါ်တာ၊ ပြီးတော့ ဝက်စလေမိသားစုက ကောင်မလေး" ဇာဘိနီက သူမတင်ပြနေတဲ့ လူစာရင်းကို အဆုံးသတ်လိုက်တယ်။

မော်လ်ဖွိုင်း ဝုန်းခနဲ ထထိုင်လိုက်ပြီး ပင်ဆီရဲ့ လက်ကို ဘေးကို ပုတ်ထုတ်ပစ်လိုက်တယ်။

"သူက လောင်းဘော့တွမ်ကို ဖိတ်ရသတဲ့လား"

"ဟုတ်တယ်လေ၊ လောင်းဘော့တွမ်ကို အဲဒီမှာတွေ့ရတာဆိုတော့ ဒါ သူ ဖိတ်လို့ ဖြစ်မှာပေါ့၊ ငါဒီလိုပဲ ထင်တယ်"လို့ ပင်ဆီကလည်း အရေးမလုပ်သလို ပြန်ဖြေတယ်။

"ပက်ကျိချို့ စိတ်ဝင်စားပြီး ဖိတ်ရအောင် လောင်းဘော့တွမ်မှာ ဘာရှိလို့လဲ"

ဇာဘိနီက ဘာမှမပြောဘဲ ပခုံးကို တွန့်ပြလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"သြော် ........ ပေါ်တာ ပေါ်တာ၊ အဖိုးထိုက်တန်လေး ပေါ်တာပေါ့ ဟုတ်လား။ သူက 'လက်ရွေးစင် ၁'ဆိုတာကို မှန်းနေတာ"မော်လ်ဖွိုင်းက သူ့ဟာသူ ပြောပြီး သရော်ပြုံး ပြုံးနေတယ်။ ပြီးတော့မှ ဆက်ပြီး "ဒါ့ထက် ဟိုဝက်စလေမလေးကကော၊ သူမမှာ ဘာတွေများ ထူးထူးခြားခြား အရည်အချင်းတွေ ရှိလို့ပါလိမ့်" ပြောလိုက်တယ်။

"ယောကျ်ားလေးတွေ တစ်ပုံတစ်ခေါင်းကြီးက သူမကို ကြိုက်ကြတယ်လေ" ပင်ဆီကပြောပြီး မော်လ်ဖွိုင်း သူ့ကို ဘယ်လိုတုံ့ပြန်မလဲလို့ မျက်နှာချင်းမဆိုင်ဘဲ လွှဲထားရင်း မျက်လုံးကို ထောင့်ကပ်ပြီး စောင့်ကြည့်နေသေးတယ်။ ပြီးမှ "နင်တောင် သူမကို သဘောကျနေတာပဲ၊ မဟုတ်လို့လား။ ဘလိတ်စ်ရော ငါတို့အားလုံးပါ သိကြတယ်။ နင် စိတ်ချမ်းသာဖို့ တစ်ကွက်မှ မမြင်ဘူး၊ ဝေးသေး"လို့ ထပ်ပြောလိုက်ပါတယ်။

"ဟေ့–တို့ကတော့ ရှင်းရှင်းပဲ၊ သူ့ဘာသာသူ ဘယ်လောက်ချောချော၊ ပုံလာလာ၊ ဒီလို သစ္စာဖောက်သွေး မလောက်လေးမလောက်စားလေးကို အဖက်ကို မလုပ်ဘူး"လို့ ဇာဘိနီက အေးစက်စက်နဲ့ ပြောပြန်တယ်။ ဒါကို ပင်ဆီက သဘောကျသွားတယ်။

မော်လ်ဖွိုင်းက ပြန်လှဲချပြီး သူမရဲ့ ပေါင်ပေါ်မှာ ခေါင်းပြန်တင်အိပ်နေသလို ပင်ဆီက သူ့ဆံပင်တွေကို ပွတ်သပ်ပေးနေတာကိုလည်း ခွင့်ပြုတဲ့သဘောနဲ့ ဘာမှ မပြောဘဲ ငြိမ်နေတယ်။ တစ်အောင့်ကြာမှ သူက ပြောတယ်။

"ငါ ပက်ကျိချိုရဲ့ ပညာတွေကို နှမြောတယ်ကွာ။ သူ ဇရာထောင်းပြီး သူငယ်ပြန်နေတာလည်း ဖြစ်နိုင်တယ်။ ရှက်ဖို့ကောင်းလိုက်တာ။ ငါ့အဖေက အမြဲတမ်း ပြောတယ်။ သူဟာ အဖေတို့ ခေတ်မှာတော့ တကယ်တော်တဲ့ မှော်ဆရာတစ်ယောက်ပဲတဲ့။ ငါ့အဖေတောင် သူ့ရဲ့ လက်ရွေးစင် ခဏခဏ ဖြစ်ရသေးတယ်ဆိုပဲ။ ပက်ကျိချိုဟာ ငါ ဒီရထားပေါ်မှာ ပါလာတာ မကြားမိ မသိလိုက်လို့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ်ရင်တော့........."မော်လ်ဖွိုင်းက သူ့စကားကို မဆက်သေးဘဲ ခဏရပ်နေတယ်။ နောက်မှ ဆက်ပြီး–

"သူငါ့ကို ဘာကြောင့် မဖိတ်တာပဲဖြစ်ဖြစ် အဲဒါကို ငါ ဂရုမစိုက်ပါဘူး။ ငါ ပထမအကြိမ်ရောက်တုန်းက သူက ငါ့ကို နော့ထ်ရဲ့ အဖေအကြောင်းကို မေးတယ်။ သူတို့က မိတ်ဆွေဟောင်းတွေ မဟုတ်လား။ ငါကြားတာတော့ သူ ဝန်ကြီးဌာနမှာ အဖမ်းခံရတယ်တဲ့။ သူ့ကြည့်ရတာ စိတ်မချမ်းမသာ ဖြစ်နေပုံ ရတယ်။ နော့ထ်လည်း အဖိတ်မခံရဘူး။ ဒီတော့ ပက်ကျိချိုဟာ မရဏမှီဝဲကောင်တွေ အပေါ်မှာ စိတ်ဝင်စားမှု ရှိတယ်လို့ ငါမထင်ဘူး"လို့ ပြောလိုက်တယ်။

မော်လ်ဖွိုင်းအတော် ဒေါသဖြစ်နေပုံ ရတယ်။ အသိရခက်တဲ့ မျက်နှာပေးနဲ့ ရယ်စရာ မဟုတ်တာ ဟန်လုပ်ရယ်သလိုလည်း တဟဲဟဲနဲ့ ရယ်နေတယ်။

"သူ စိတ်မဝင်စားတော့ကော ဘယ်သူက ဂရုစိုက်မှာလဲ။ သူက ဘာမို့လဲ။ ကြံ့ဦးမှာပေါ့လေ။ တော်တော် အသုံးမကျ မိုက်မဲတဲ့ ဆရာပဲ"မော်လ်ဖွိုင်းဟာ ဒေါင်းတင် မောင်းတင် ပြောလိုက်ပြီးမှ တစ်ခါ ဂါးခနဲ

www.burmeseclassic.com

www.burmeseclassic.com

သမ်းလိုက်ပြန်ပါတယ်။ "ငါပြောချင်တာက နောက်နှစ် ငါဟောဂ်ဝပ်စ်မှာ လာတက်ချင်မှ တက်တော့မယ်။ ဒီဖက်တီး အပယ်ခံဟောင်းကြီး ငါ့ကို ကြိုက်ကြိုက် မကြိုက်ကြိုက် ဘာအရေးလဲ"

"နင် ဘာပြောလိုက်တယ်၊ နောက်နှစ် ဟောဂ်ဝပ်စ်မှာ လာတက်ချင်မှ တက်မယ် ဟုတ်လား"ပင်ဆီက ဒေါသတကြီး ပြောလိုက်ပြီး သူ့ခေါင်းကို ဖြီးသပ်ပေးနေတာကိုလည်း ချက်ချင်းရပ်ပစ်လိုက်တယ်။

"သြော်........ နင်ဘာမှ မသိပါလား"မော်လ်ဖွိုင်းက သနားတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ဝမ်းထဲက ကျိတ်လှောင်ပြုံးပြုံးရင်း "ငါ ခုထက် ပိုကြီးမားကောင်းမွန်တဲ့ အလုပ်တွေ လုပ်ရလိမ့်မယ်"လို့ ပြောလိုက်တယ်။

ပစ္စည်းတင် စင်ပေါ်က သူ့ဝတ်ရုံအောက်မှာ ဝပ်နေတဲ့ ဟယ်ရီရဲ့ နှလုံးတွေ စပြီး တဒုတ်ဒုတ်နဲ့ အခုန်မြန်လာတယ်။ ရွန်နဲ့ ဟာမီယွန်တို့က ဒါကို ဘယ်လို ပြောမလဲ။ ကရက်ဘီနဲ့ ဂွိုင်းက မော်လ်ဖွိုင်းကို ကြောင်တောင်တောင် ငေးကြည့်နေတယ်။ မော်လ်ဖွိုင်းက ဘာတွေကြီးကြီးမားမားကို ဘယ်လိုပိုကောင်းအောင် လုပ်မယ်ဆိုတဲ့ သူ့ အစီအစဉ်ကို ပြောမထားဘူးလို့ အရိပ်အမြွက်တောင် မသိရတာကြောင့် သူတို့ အူကြောင်ကြောင် ဖြစ်နေတယ်။ ဇာဘိနီကတောင် မော်လ်ဖွိုင်း ဘာလို့ ဒါလောက် မာန်တက်နေတယ်ဆိုတာ သိချင်သွားတဲ့စိတ်နဲ့ သူ့ကို လှမ်းကြည့်လိုက်တယ်။ ပင်ဆီက မော်လ်ဖွိုင်းရဲ့ ဆံပင်ကို ဖြည်းဖြည်း ဖြည်းဖြည်း အသာပြန်စပြီး ဖြီးပေးနေတယ်။ ဒါပေမဲ့ သူမလည်း ဘာမှ သိပုံမရဘူး။

"နင် သူ့ကို ပြောချင်တာလား"

မော်လ်ဖွိုင်းက ပခုံးကို တွန့်ပြလိုက်ပြီးမှ–

"အမေက ငါ့ကို ပညာရေး ဆုံးခန်းတိုင် သင်စေချင်တယ်။ ဒါပေမဲ့ ငါ့အကြောင်းနဲ့ ငါပေါ့ဟာ၊ ဒီလို အရေးကြီးတဲ့အချိန်မှာ ဒါကို ငါ ဂရုမစိုက်နိုင်ဘူး။ ငါဆိုလိုတာက နင်ပဲ စဉ်းစားကြည့်လေ။ အမှောင်သခင်ကြီးလည်း သူ အဲဒီရာထူးကို လွှဲယူချိန် အိုဒဗလျူအယ်လ်အောင်တာ မအောင်တာတွေ၊ အင်န်အီးဒဗလျူတီတွေကို ဂရုစိုက်နေလို့လား။ သူ ဒါတွေဘေးဖယ်ထားခဲ့တာပဲ မဟုတ်လား။ နောက်ဆုံးတော့လည်း သူဖြစ်ချင်တဲ့အတိုင်း ဖြစ်အောင် လုပ်သွားနိုင်တာပါပဲ"လို့ ပြောတော့ နားကြားပြင်းကတ်သွားပုံရတဲ့ ဇာဘိနီက–

"ဒါဆို သူ့အတွက် နင်တစ်ခုခု လုပ်ပေးနိုင်စွမ်း ရှိတယ်လို့ နင်ထင်တယ်ပေါ့၊ အသက်က ၁၆နှစ်၊ ကျောင်းလည်း မပြီးသေးတဲ့ ကောင်ကများ"ဆိုပြီး ပယ်ပယ်နယ်နယ် အုပ်ထည့်လိုက်တယ်။

"ငါ ပြောတာရှင်းပါတယ်ဟ၊ ငါကျောင်းပြီးဖို့လည်း သူ ဂရုစိုက်မှာ မဟုတ်ဘူး။ သူ ငါ့ကို လုပ်စေချင်တဲ့ အလုပ်ကလည်း နင့်လို ကျောင်းပြီးဖို့ အာရုံစိုက်စေချင်တာမျိုး မဟုတ်ဘူး"မော်လ်ဖွိုင်းက လေသံပျော့သွားပြီး အေးအေးဆေးဆေး ပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကရက်ဘီရော ဂွိုင်းပါ နှစ်ယောက်လုံး အဆောက်အအုံ မုခ်ဝတွေမှာ ထုလုပ်ထားတဲ့ ခြင်္သေ့ရုပ်ခေါင်းကြီးတွေလို သူတို့ ပါးစပ်ကြီးတွေကို ဟပြီး ထိုင်ငေးကြည့်နေတယ်။ ပင်ဆီကတော့ မော်လ်ဖွိုင်း ဒီလို စိတ်လှုပ်ရှားတက်ကြွနေပုံမျိုး သူမ ဘယ်တုန်းကမှ မတွေ့ခဲ့ရဖူးတာကို စဉ်းစားရင်း သူ့ကို ငုံ့ကြည့်နေတယ်။

“ဟေ့ ဟော့ဂ်ဝပ်စ်ကို မြင်နေရပြီကွ”လို့ အားပါးတရ အော်ပြောရင်း မော်လ်ဖွိုင်းက မည်းမှောင်နေတဲ့ ပြတင်းပေါက်ရဲ့ အပြင်ဘက်ကို လက်ညှိုးထိုးပြလိုက်တယ်။ ပြီးတော့ “ကဲ-တို့တွေ ဝတ်ရုံတွေ ဝတ်ကြဖို့ သင့်ပြီ”လို့လည်း သူက လောပေးလိုက်တယ်။

ဟယ်ရီကလည်း မော်လ်ဖွိုင်းကိုပဲ အာရုံစိုက်ကြည့်ပြီး အလုပ်ရှုပ်နေတယ်။ ဒီမှာတင် ဂွိုင်း သူ့သေတ္တာကို ယူဖို့ရောက်လာတာ ဟယ်ရီ သတိမထားမိလိုက်ဘူး။ ဂွိုင်းက သူ့သေတ္တာကို မဆွဲပြီး အောက်ကိုလွှဲချလိုက်ရာမှာ ဟယ်ရီရဲ့ ခေါင်းတစ်ခြမ်းကို သေတ္တာနဲ့ တစ်ချက် ဒုတ်ခနဲ ဆောင့်မိသွားတော့မှ နာလွန်းလို့ အင့်ခနဲ သူ့ပါးစပ်က အသံတစ်ချက် ယောင်ထွက်ပြီး သူသိလိုက်တယ်။ ဒါကို ဂွိုင်းက သတိမထားမိပေမဲ့ နားပါးပုံရတဲ့ မော်လ်ဖွိုင်းက သူရှိတဲ့နေရာ ဆတ်ခနဲ မော့ကြည့်ပြီး အကြာကြီး မျက်မှောင်ကုပ်ကြည့်နေတယ်။ ဟိုဟိုဒီဒီကိုလည်း စူးစမ်းတဲ့ အကြည့်နဲ့ မျက်စိကစားလိုက်သေးတယ်။

ဟယ်ရီက မော်လ်ဖွိုင်းလောက်ကို လုံးဝထည့်မတွက်ပါဘူး။ ဒါပေမဲ့ သူတို့ လူအုပ်ထဲကို ကိုယ်တစ်ယောက်တည်း ရောက်နေပြီး ကျန်တာတွေလည်း သူနဲ့ မျက်မှန်းမတန်း မသိကျွမ်းသေးတဲ့ ခပ်ကြမ်းကြမ်း ဆလီသီရင်တွေ ဖြစ်နေလို့ သူသည်းခံဖို့ ငြိမ်နေရတယ်။ ကိုယ်ပျောက်ဝတ်ရုံအောက်မှာ ပုန်းနေတဲ့ ဟယ်ရီအဖြစ်နဲ့ သူ့ကို မြင်သွားမှာလည်း သူမလိုလားဘူး။ သူ မျက်ရည်တွေလည်နေပြီး ခေါင်းကလည်း တဆစ်ဆစ်နဲ့ နာနေလို့ မတတ်သာတော့ဘဲ သူ့ ဆေးကြိမ်လုံးကို အသာကလေး ဆွဲထုတ်လိုက်တယ်။ ဝတ်ရုံအပြင်ဘက်ကို ဆေးကြိမ်လုံး ကျွံထွက်မသွားအောင် ဂရုစိုက်ကိုင်ထားပြီး သူ စောင့်နေလိုက်တယ်။

မကြာလိုက်ဘူး၊ သူ နားကြားမှားတာ ဖြစ်မယ်ဆိုတဲ့ ပုံစံနဲ့ မော်လ်ဖွိုင်း တစ်ဖက်ကို ပြန်လှည့်သွားပြီး ကျန်တဲ့လူတွေလိုပဲ သူ့ဝတ်ရုံကို အကျအန ပြန်ခြုံနေတော့မှ ဟယ်ရီ စိတ်သက်သာရာရသွားတယ်။ မော်လ်ဖွိုင်း သူ့သေတ္တာကို သော့ခတ်နေချိန်နဲ့ တစ်ပြိုင်တည်းလိုလို ရထားကြီးက အရှိန်ကို လျှော့ချလိုက်ပြီး တုံ့ခနဲ တုံ့ခနဲ ဖြစ်ရင်း ဘူတာထဲကို တအိအိနဲ့ လျှောဝင်သွားတယ်။ သူ့လည်းစီး ခြုံပဝါတစ်ထည်ကို ထုတ်ပြီး မော်လ်ဖွိုင်းလည်ပင်းမှာ ပတ်ထားချိန်မှာ ရထား လုံးလုံး ရပ်သွားတယ်။ အပြင်ဘက်စင်္ကြံမှာ လူတွေ ပြန်ပြည့်လာတာကို ဟယ်ရီ မြင်ရတယ်။ သူ့ပစ္စည်းတွေကို ရွှန်နဲ့ ဟာမီယွန်တို့နှစ်ယောက် သယ်သွားပြီး ပလက်ဖောင်းပေါ် ချထားပေးလိမ့်မယ်လို့ သူ မျှော်လင့်နေတယ်။ သူကတော့ တွဲခန်းထဲမှာ လူတစ်ယောက်မှ မကျန်တော့တဲ့အထိ စောင့်ရဦးမယ်။ ဂွိုင်းက အပြေးအလွှား တံခါးသွားဖွင့်ပြီး ဒုတိယနှစ်ကျောင်းသားတွေ အုပ်ထဲကို တိုးဝင်သွားတယ်။ ကရက်ဘီနဲ့ ဇာဘိနီတို့လည်း သူ့နောက်က လိုက်သွားတယ်။

www.burmeseclassic.com

“မင်း သွားတော့လေ”သူ့ကို စောင့်ရင်း သူပြန်လှမ်းကိုင်မယ်အထင်နဲ့ သူ့ကို လက်ကမ်းပေးနေတဲ့ ပင်ဆီကို မော်လ်ဖွိုင်းက အားမနာပါးမနာ ပြောလိုက်တယ်။ “ငါဒီမှာ နည်းနည်း ပြန်စစ်ဆေးစရာရှိသေးလို့”လို့ဆိုပြီး ပင်ဆီထွက်သွားတယ်။ တွဲခန်းထဲမှာ ဟယ်ရီနဲ့ မော်လ်ဖွိုင်းနှစ်ယောက်တည်း။

လူတွေ စီတန်းပြီး ဖြတ်သွားနေကြတယ်။ မှောင်နေတဲ့ ပလက်ဖောင်းပေါ်ကို သူတို့ ဆက်ဆင်းသွားနေကြတယ်။ မော်လ်ဖွိုင်းဟာ တံခါးဆီကို လျှောက်သွားပြီး လိုက်ကာခန်းဆီးလိပ်ကို ချလိုက်ပါတယ်။ အပြင်ဘက် စင်္ကြံမှာ ရှိနေတဲ့ လူတွေ အခန်းထဲကို မမြင်ရတော့ဘူး။ ဒီတော့မှ မော်လ်ဖွိုင်းက ကုန်းပြီး သူ့အဝတ်သေတ္တာကို ပြန်ဖွင့်လိုက်တယ်။

ပစ္စည်းတင်စင်ပေါ်ကနေ ချောင်းကြည့်နေတဲ့ ဟယ်ရီ ရင်တွေ အခုန်မြန်လာတယ်။ မော်လ်ဖွိုင်းဟာ ပင်ဆီကိုတောင် အမြင်မခံဘဲ ဘာကိုဝှက်ထားပါလိမ့်။ ဒါဟာ သူ အရေးတကြီး ပြုပြင်ချင်နေတဲ့ လျှို့ဝှက်ပစ္စည်း အကျိုးအပျက်တစ်ခု ဖြစ်မှာပဲ။ ခု သူမြင်ရတော့မယ်။

လုံးဝဥဿုံ သူ ကြက်သေသေသွားတယ်။

အကြောင်းကတော့ မော်လ်ဖွိုင်းဟာ ဟန်မပြင် ဆိုင်းမဆင့် ဗုံမဆင့် သူ့ရဲ့ ဆေးကြိမ်လုံးနဲ့ ဟယ်ရီဆီကို ထိုးရွယ်ပြီး ရွတ်ဆိုလိုက်လို့ ဖြစ်ပါတယ်။ သူ ရုပ်ရှင်ထဲက အနှေးပြကွက်တစ်ကွက်လို ရထားတွဲခန်း ပစ္စည်းတင်စင်ပေါ်ကနေ လုလုပပ ဖြည်းဖြည်းချင်း လဲပြိုထွက်ကျလာပြီး မော်လ်ဖွိုင်းရဲ့ ရှေ့ခြေရင်းကြမ်းပြင် လှုပ်ခါသွားအောင် ဝုန်းခနဲ မချိမဆန့် ကျသွားတယ်။

ကိုယ်ပျောက်ဝတ်ရုံ သူ့ကိုယ်ပေါ်က ကွာသွားပြီး သူ့အောက်မှာ ဖိလျက်သား ဖြစ်နေတယ်။ သူ့တစ်ကိုယ်လုံး ပြန်ပေါ်သွားပြီး သူ့ခြေထောက်တွေလည်း ကြွက်တက်တော့မလောက် ခွေခေါက်နေလို့ လုံးလုံးမလှုပ်နိုင်တဲ့အတွက် သူဟာ ဒူးကွေးလျက် ပက်လက်အနေအထားနဲ့ မော်လ်ဖွိုင်းကို မော့ကြည့်နေရတယ်။ အောင်ပွဲရသွားတဲ့ မော်လ်ဖွိုင်းရဲ့ ပြုံးဖြဲဖြဲမျက်နှာကြီးက သူ့အပေါ်မှာ မိုးနေတယ်။

“ငါထင်သားပဲ”မော်လ်ဖွိုင်းက အောင်မြင်ဝံ့ကြွားစွာ ပြောလိုက်တယ်။ “ဂွိုင်းရဲ့ သေတ္တာ မင်းနဲ့ တိုက်မိတဲ့အသံကို ငါကြားတယ်ကွ။ ဒါတင်မကသေးဘူး၊ ဇာဘိနီပြန်လာတုန်းက အဖြူရောင်ရိပ်ရိပ်ရိပ်ရိပ်တစ်ခု လေထဲမှာဖြတ်ပြီး လှစ်ခနဲ ရွှေ့သွားတာလည်း ငါမြင်တာပဲ”

မော်လ်ဖွိုင်းကပြောရင်း သူဘာကို ဆိုလိုတယ်ဆိုတာ သိသာအောင် ဟယ်ရီရဲ့ ပတ္တူဖိနပ်တွေကို ဝေ့ကြည့်လိုက်တယ်။

“ငါ ဘယ်လောက် သတိဝီရိယ ရှိတယ်ဆိုတာ မင်းမကြားမိဘူး မဟုတ်လား ပေါ်တာ၊ ကဲ ခုမင်းဒီမှာ ငါ့ရှေ့ရောက်နေပြီ”

www.burmeseclassic.com

ပြောပြောဆိုဆို မော်လ်ဖွိုင်းက ဟယ်ရီရဲ့ မျက်နှာကို အားကုန်ဆောင့်နင်းလိုက်တယ်။ ဟယ်ရီ့စိတ်ထဲမှာ သူ့နှာခေါင်း ထက်ပိုင်းကျိုးသွားပြီလို့ ခံစားလိုက်ရသလို သွေးတွေပန်းထွက်ပြီး မျက်နှာတစ်ခုလုံး ရွှဲသွားတယ်။

"ဒါ ငါ့အမေဆီက ယူသွားတာ၊ မှန်း ပြစမ်း"

မော်လ်ဖွိုင်းက ဟယ်ရီရဲ့ မလှုပ်နိုင်တဲ့ ကိုယ်အောက်မှာ ပိနေတဲ့ ကိုယ်ဖျောက်ဝတ်ရုံကို ဆွဲထုတ်ပြီး သူ့ကိုယ်ပေါ်မှာ လွှမ်းလိုက်တယ်။

"ဒီရထားကြီး လန်ဒန်ကို ပြန်ရောက်သွားတဲ့အထိတောင် မင်းကို သူတို့ ပြန်ရှာတွေ့လိမ့်မယ်လို့ ငါမထင်ဘူး"သူက အေးအေးဆေးဆေးပဲ ပြောနေတယ်။

"ကဲ–နောက်တွေ့ကြသေးတာပေါ့ ပေါ်တာ၊ ခုတော့ နေနှင့်ပေဦး"

ပြောပြောဆိုဆို မော်လ်ဖွိုင်းဟာ ဟယ်ရီရဲ့ လက်ချောင်းလေးတွေကို တမင်ဖိနင်းပြီး တွဲခန်းထဲက ထွက်သွားပါတော့တယ်။

********************

အခန်း (၈)
အောင်ပွဲခံတဲ့ စနိပ်

ဟယ်ရီဟာ သူ့ကိုယ်ပေါ်က ကြွက်သားလေး တစ်မျှင်တောင် မလှုပ်နိုင်သလို သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံအောက်မှာ ဗုန်းဗုန်းကျလဲနေတယ်။ သွေးတွေလည်း သူ့နှာခေါင်းက တသွင်သွင် စီးထွက်နေတုန်းပဲ။ သူ့မျက်နှာဟာ ပူနွေးနေတဲ့သွေးတွေနဲ့ စိုရွှဲနေတယ်။ အပြင်ဘက် စင်္ကြံလမ်းပေါ်က ခြေသံတွေကို သူကြားနေရတယ်။ သူ ပထမဆုံး ဘာပဲဖြစ်ဖြစ် ရထားပြန်မထွက်ခင် သူရှိနေတဲ့တွဲခန်းကို တစ်ယောက်ယောက်တော့ လာစစ်ဆေးကြည့်မှာပဲလို့ ထင်လိုက်သေးတယ်။ ဒါပေမဲ့ ချက်ချင်းလိုလို စိတ်ဓာတ်ကျစရာ သိစိတ်တစ်ချက်ဝင်လာတယ်။ ဘယ်သူပဲ လာကြည့်ကြည့်၊ စစ်စစ် သူ့ကို မြင်ရ ကြားရမှာမှ မဟုတ်ဘဲ။ နောက်ဆုံး သူမျှော်လင့်ချက်ကလေး တစ်ခုကို ဖမ်းဆုပ်ထားလိုက်တယ်။ အဲဒါကတော့ တစ်ယောက်ယောက်က သူ့ကို ဖြတ်နင်း၊ ဒါမှမဟုတ် ခလုတ်တိုက်မိသွားဖို့ပဲ။

ဟယ်ရီ့အနေနဲ့ မော်လ်ဖွိုင်းကို ခုလိုလဲကျကျန်ရစ်တဲ့ အဖြစ်မျိုး ရောက်တဲ့အချိန်ထိ အရင်က ဘယ်တုန်းကမှ မမုန်းတီးခဲ့ပါဘူး။ ခုတော့ သူဟာ လိပ် ပက်လက်လှန်ထားခံရတာနဲ့ ဘာမှမထူးဘူး။ သူ့ရဲ့ ပွင့်ဟနေတဲ့ ပါးစပ်ထဲကလည်း သွေးတွေ ယိုစီးနေတယ်။ ဒီလောက်တောင် ပုံပျက်ပန်းပျက် သူခံလိုက်ရလို့ ကိုယ့်ကိုယ်ကိုယ်လည်း မကျေမချမ်း ဖြစ်နေတယ်။ နောက်ဆုံး အပြီးသတ်

www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ချက်လက်ကျန် ခြေသံတွေလည်း ဝေးပြီးပျောက်သွားကုန်ပြီ။ မှောင်နေတဲ့ ပလက်ဖောင်းပေါ်မှာ တဂျစ်ဂျစ်ဆွဲသွားသံတွေ ဟိုက ဒီက တစ်ခါတစ်ခါ ထွက်လာသေးပေမဲ့ လူတွေ စကားပြောသံကတော့ ဝေးဝေးသွားလို့ ဗလုံးဗထွေးသာ ကြားရတော့တယ်။

ရှန်နဲ့ ဟာမီယွန်ကလည်း သူတို့မပါဘဲ ဟယ်ရီ ရထားပေါ်က ဆင်းသွားပြီလို့ ထင်နေမှာပဲ။ သူတို့ ဟော့ဂ်ဝပ်စ်ကျောင်းကြီးကို ရောက်သွားပြီး မဟာခန်းမကြီးထဲမှာ နေရာယူပြီးတဲ့နောက် ဂရစ်ဖင်ဒါ စားပွဲကြီးမှာ အစုန်အဆန် အပြန်ပြန် အလှန်လှန်ကြည့်လို့မှ မတွေ့တဲ့အခါ သူပျောက်နေပြီဆိုတာ သိကြလိမ့်မယ်။ ဒါပေမဲ့ သံသယရှိစရာမလိုတဲ့အချက်က အဲဒီအချိန်လောက်ဆိုရင် သူပြန်ပါသွားမယ့် ရထားကြီးက လန်ဒန်အပြန်ခရီးရဲ့ တစ်ဝက်ကျိုးလောက်ကို ရောက်နေတော့မှာ သေချာတာပဲ။

စကားသံ ပီပီသသ မထွက်ရင် နေပါစေ၊ တအစ်အစ် တအီးအီး တအားအား ဘာသံပဲထွက်ထွက်ဆိုပြီး သူအော်ကြည့်တယ်။ ဒါပေမဲ့ ဘာဆိုဘာသံမှ သူ့လည်ချောင်းထဲက ထွက်မလာဘူး။ ဒီလိုနဲ့ သူတစ်ခု သတိရသွားတယ်။ ဒမ်းဘဲလ်ဒိုး အပါအဝင် မှော်ဆရာအချို့ဟာ စကားမပြော အသံမထွက် ဂါထာမန္တန် မန်းမှုတ်ကြတာမျိုးပဲ။ ဒါကြောင့် သူ့လက်နဲ့ မလှမ်းမကမ်းမှာကျနေတဲ့ သူ့ဆေးကြိမ်လုံးကို "လာဟေ့ လာဟေ့ ...... ဆေးကြိမ်လုံး"လို့ စိတ်ထဲက ရွတ်ဆိုအမိန့်ပေးပြီး သူဆင့်ခေါ်လိုက်တယ်။ ဒါပေမဲ့ ဘာမှ ဖြစ်မလာဘူး၊ အချည်းနှီးပဲ။

တစ်ခါ သူ့စိတ်ထဲမှာ သူဟာ ရေကန်ကြီး ပတ်ပတ်လည်မှာ ရှိနေတဲ့ သစ်ပင်တွေရဲ့ တရှဲရှဲမြည်သံတွေနဲ့ အတော်ဝေးဝေးက ဇီးကွက်တစ်ကောင်ရဲ့ အော်သံကို ကြားနေတယ်လို့ ထင်တယ်။ တကယ့် တကယ်မှာတော့ သူဘာမှမကြားတာ မဟုတ်ဘူး။ ဒီလိုနဲ့ "ဟယ်ရီပေါ်တာ ဘယ်ခြေရှည်ပြီး လျှောက်သွားနေသလဲ"ဆိုတဲ့ အသံမျိုးကြားရမယ့် မျှော်လင့်ချက်မဲ့မှုနဲ့ ဆက်စပ်ပြီး အတွေးတစ်ခုက သူ့ကို ဖိစီးနှိပ်စက်ပြန်တယ်။

အဲဒါကတော့ ကျောင်းသားတွေ အပါအဝင် လူတွေ၊ ပစ္စည်းတွေ အပြည့်တင်ထားတဲ့ ရထားလုံးတွေ ခုလောက်ဆို ကျောင်းကို သွားနေကြပြီဖြစ်ပြီး အဲဒီထဲက မော်လ်ဖွိုင်းပါတဲ့ ရထားလုံးထဲက အုန်းခနဲ ဝါးခနဲ ရယ်သံတွေ ပေါ်ထွက်နေလိမ့်မယ်။ ပြီးတော့ မော်လ်ဖွိုင်းက သူ ဟယ်ရီကို ဘယ်လိုအနိုင်ယူ တိုက်ခိုက်နှိပ်စက်ခဲ့ပုံကို သူ့အပေါင်းအသင်း ကရက်ဘီ၊ ဂွိုင်း၊ ဇာဘီနီနှင့် ပင်ဆီပါကင်ဆန်တို့ကို အသေးစိတ် ပြန်ပြောပြီး ကြွားနေမယ်ဆိုတဲ့ အတွေးပဲ။

တစ်အောင့်ကြာတော့ ရထားကြီး ဖြုန်းခနဲ ဂျိမ်းဆိုပြီး တုန်ခါယိမ်းယိုင်သွားရာမှာ ဟယ်ရီလိမ့်ထွက်သွားပြီး မှောက်ခုံဖြစ်နေတယ်။ သူ့အပေါ်က မျက်နှာကြက်အစား ကြမ်းပြင်ပေါ်ကဖုန်တွေ မြင်နေရတယ်။ နှိုးပြီးလည်ပတ်လိုက်တဲ့ အင်ဂျင်စက်က စူးစူးဝါးဝါး မြည်သံနဲ့အတူ ကြမ်းပြင်ဟာ အသက်ဝင်လာသလို တုန်ခါပြီး နေတယ်။ သူ ရထားပေါ်မှာ ကျန်နေသေးတာကို ဘယ်သူမှမသိဘဲ အမြန်ရထားကြီး ပြန်ထွက်သွားနေတာ ဖြစ်ပါတယ်။

အဲဒီအခိုက်မှာပဲ သူ့ရဲ့ ကိုယ်ပျောက်ဝတ်ရုံ သူ့ကိုယ်ပေါ်ကနေကွာပြီး မြောက်တက်သွားတာကို သူသိလိုက်တယ်။ ပြီးတော့ သူ့ခေါင်းပေါ်ဘက်ကနေ အသံတစ်သံကြားလိုက်ရတယ်။

www.burmeseclassic.com

"ဟိုက်.......... ဟယ်ရီပါလား"

ဒီမှာတင် အနီရောင် အလင်းတစ်ချက် လျှပ်တစ်ပြက် ဖျတ်ခနဲ လက်သွားပြီး ဟယ်ရီရဲ့ ခန္ဓာကိုယ်လည်း လူးလွန့်လူးလှုပ်ရှားလို့ ရသွားတယ်။ ပြီးတော့ သူ့ကိုယ်ကို သူ့ဘာသာသူ ရွှေ့ပြီး နည်းနည်း ဣန္ဒြေသိက္ခာရှိရှိ ထိုင်နိုင်စွမ်းလည်း ရှိသွားတယ်။ တစ်ခါ သူ့မျက်နှာပေါ်က ပွန်းပဲ့ဒဏ်ရာတွေနဲ့ သွေးတွေကိုလည်း သူ့လက်ခုံနဲ့ သုတ်ပစ်လိုက်တယ်။ ပြီးတော့ သူ့ခေါင်းကို ထောင်ပြီး သူ့ကိုယ်ပေါ်က ကိုယ်ပျောက်ဝတ်ရုံကို ဖယ်ရှားယူပြီး သူမရဲ့လက်ထဲမှာ ကိုင်ဆောင်ထားတဲ့ တွန့်ခ်စ်ကို ကြည့်လိုက်တယ်။

"ကဲ–ငါတို့ ဒီနေရာက အမြန်ထွက်သွားမှ ကောင်းလိမ့်မယ်"လို့ တွန့်ခ်စ်က ပြောလိုက်တယ်။ ဒီအချိန်မှာ ရထားပြတင်းတွေကို ရေနွေးငွေ့က ပိတ်ဆီး ကွယ်ကာပေးထားနေတယ်။ သူတို့ ဘူတာထဲက ထွက်ခွာသွားနိုင်ဖို့အတွက် စတင်ကြိုးစားကြတယ်။

"လာ လာ.... တို့ခုန်ချကြမယ်"

ဟယ်ရီ တွန့်ခ်စ်ရဲ့ နောက်က ကပ်ပြီး စင်္ကြံလမ်းထဲကို အပြေးအလွှား လိုက်သွားတယ်။ သူမက ရထားတံခါးကို ဆွဲဖွင့်ပြီး ပလက်ဖောင်းပေါ် ခုန်ချလိုက်တယ်။ အောက်မှာ နည်းနည်းချောနေပုံရတယ်။ ရထား အရှိန်မြှင့်လိုက်ချိန်မှာပဲ ဟယ်ရီက သူမနောက်က လိုက်ခုန်ချလိုက်တယ်။ မြေပေါ်အကျမှာ ဒယီးဒယိုင်နည်းနည်း ဖြစ်သွားလို့ သူ့ကိုယ်သူ ပြန်မတ်လိုက်တဲ့အခိုက် ရဲရဲနီနေတဲ့ ရထားရေနွေးငွေ့ စက်ခေါင်းအင်ဂျင်အရှိန်နဲ့ ခုတ်မောင်းသွားရာက ခဏအတွင်း မြင်ကွင်းထဲကနေ ရထားပျောက်ကွယ်သွားပါတယ်။

ည လေနုအေးက တဒုတ်ဒုတ်နာနေတဲ့ ဟယ်ရီရဲ့ နှာခေါင်းက ဝေဒနာကို ပြေလျော့သက်သာစေတယ်။ တွန့်ခ်စ်က သူ့ကိုကြည့်နေပြီး သူကတော့ အထိနာပြီး အရှပ်ဆိုး အကျည်းတန်စွာ ခံလိုက်ရတဲ့ ဖြစ်ရပ်ကြောင့် ဒေါသထွက်နေသလို ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေတယ်။ သူမက ဘာမှမပြောဘဲ လက်ထဲမှာ ကိုင်ထားတဲ့ ကိုယ်ပျောက်အင်္ကျီကို တိတ်တိတ်ဆိတ်ဆိတ် ပြန်ပေးလိုက်တယ်။

"ဘယ်သူ လုပ်သွားတာလဲ"

"ဒရာကို မော်လ်ဖွိုင်းပေါ့"ဟယ်ရီက မုန်းတီးစက်ဆုပ်စွာ ပြောလိုက်ပြီးမှ ကူညီတဲ့တွန့်ခ်စ်ကို "သိပ်ကျေးဇူးတင်ပါတယ်"လို့ ဆိုတယ်။

"ဒါလေးများဟယ် ရပါတယ်"လို့ တွန့်ခ်စ်က ပြန်ပြောပေမဲ့ သူမဟာ မပြုံးဘဲ လုံးဝတည်နေတယ်။ ညမှောင်နေပေမဲ့ ဟယ်ရီ သူမကို ကောင်းကောင်း မြင်နေရတယ်။ ညိုညစ်ညစ် ဆံပင်တွေနဲ့ ဘာရိုးအိမ်ကြီးမှာ သူမြင်ခဲ့ရစဉ်ကအတိုင်း မျက်နှာမသာမယာနဲ့ စိတ်မချမ်းမြေ့တဲ့အသွင် ဆောင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"မင်း ငြိမ်ငြိမ်လေး မလှုပ်ဘဲ တောင့်ခံထား၊ ငါ မင်းရဲ့ နှာခေါင်းကို ပြင်ပေးလိုက်မယ်" တွန့်ခ်စ်က ပြောတယ်။

သူမ ဘယ်လိုလုပ်မယ်ဆိုတာ သူ မစဉ်းစားတတ်ဘူး။ အမှန်တော့ ဟယ်ရီက သူနာပြုဆရာမကြီး မဒမ်ပွန်မ်ဖရေးဆီကို သွားဖို့ ရည်ရွယ်ထားတာ။ သူမထက်စာရင် မဒမ်ပွန်မ်ဖရေးရဲ့ ဒဏ်ရာအနာပျောက်ဂါထာအပေါ်မှာ ပိုပြီး ယုံကြည်မှုရှိနေတယ်။ ဒါပေမဲ့ သူ အဲဒီလို ထုတ်ပြောရင် ရိုင်းရာကျလိမ့်မယ်။ ဒါကြောင့် သူမရှေ့မှာ ဟယ်ရီရပ်ပြီး တုတ်တုတ်ကလေးမှမလှုပ်ဘဲ မျက်စိတွေကို မှိတ်ထားလိုက်တယ်။

တွန့်ခ်စ်ကဆိုလိုက်တယ်။

"သမ္မာကျမ်းမြတ်ရဲ့ အာနိသင်"

နှာခေါင်းထဲမှာ မီးလိုမခံမရပ်နိုင်နီးပါး မချိမဆန့် ပူခြစ်လာတာကို ဟယ်ရီ ခံစားနေရတယ်။ ပြီးတော့ တစ်ခါ ရေခဲတမျှ အေးသွားပြန်တယ်။ သူ လက်တစ်ဖက်ကို မြှောက်ပြလိုက်ချိန်မှာပဲ သူ နှာခေါင်းမှာ ဒဏ်ရာရှိခဲ့တယ်လို့ သိရုံကလေးလောက် ရှိတော့အောင် ဝေဒနာ လုံးဝသက်သာသွားတယ်။ ဒဏ်ရာပြန်ကောင်းသွားပြီဆိုတာ သူသိလိုက်တယ်။

"ကျေးဇူး ကုဋေကုဋာပါပဲ"

"မင်း ကိုယ်ပျောက်ဝတ်ရုံကို ပြန်ရုံထားတာ ပိုကောင်းမယ်။ တို့ ကျောင်းကို လမ်းလျှောက်သွားကြတာပေါ့"တွန့်ခ်စ်က ပြောလိုက်တယ်။ ထူးခြားတာက အဲဒီအချိန်အထိ တွန့်ခ်စ်ဟာ လုံးဝမပြုံးသေးဘဲ ရှိနေတာပဲ။ ဟယ်ရီက သူ့ကိုယ်ပေါ်မှာ ကိုယ်ဖျောက်ဝတ်ရုံကို လွှမ်းတင်လိုက်ချိန်နဲ့ တစ်ပြိုင်တည်းလိုလို တွန့်ခ်စ်က သူ့ဆေးကြိမ်လုံးကို ဝှေ့ယမ်းလိုက်တာ ဆေးကြိမ်လုံးထဲက ဧရာမ ငွေရောင် ခြေလေးချောင်း အထူးအဆန်း သတ္တဝါကြီးတစ်ကောင် ပေါ်ထွက်လာပြီး ညအမှောင်ထုထဲကို ဒုန်းစိုင်း ပြေးဝင်သွားပါတော့တယ်။

"ဒါ ပက်ထရွန်နပ်စ်ဆိုတဲ့ ဆက်သားစေတမန် တစ္ဆေမြင်းကြီး မဟုတ်လား" ဒီအကောင်ကြီးမျိုးကို ဒမ်ဘဲလ်ဒိုးလည်း သဝဏ်နဲ့ သတင်းပို့ရာမှာ သုံးတာကို မြင်ဖူးတဲ့ ဟယ်ရီက မေးလိုက်တယ်။

"အေး ဟုတ်တယ်၊ ရဲတိုက်ကို ငါ သတင်းစကား ပို့ခိုင်လိုက်တာပဲ၊ ငါ မင်းကို တွေ့ထားပြီလို့။ နို့မို့ရင် သူတို့ အရမ်းစိတ်ပူနေကြလိမ့်မယ်။ လာ..........လာ၊ တို့အချိန်ဆွဲပြီး နှေးနှေးလုပ်နေလို့ မဖြစ်ဘူး"

ကျောင်းကို ဦးတည်နေတဲ့ လမ်းကျဉ်းကလေးတစ်ခုအတိုင်း သူတို့ထွက်လာကြတယ်။

"ခင်ဗျား ကျွန်တော့်ကို ဘယ်လိုရှာလို့ တွေ့သွားတာလဲ"

www.burmeseclassic.com

"မင်း ရထားပေါ်က ဆင်းမသွားသေးဘူးဆိုတာ ငါသိနေတယ်။ ပြီးတော့ မင်းမှာ ကိုယ်ဖျောက်ဝတ်ရုံပါသွားတာကိုလည်း ငါသိတယ်။ ဒါပေမဲ့ မင်းအကြောင်း တစ်ခုခုကြောင့် ပုန်းနေတာပဲလို့ ငါကထင်နေတာ။ အဲဒီတွဲခန်းရဲ့ ခန်းဆီးလိပ်ကို ချထားတာလည်း မြင်ရော ဒီအထဲကို ငါဝင်ကြည့်မှ ဖြစ်မယ်ဆိုတာ ငါတွေးမိတယ်၊ ဒါပဲ"

"ဒါပေမဲ့ ခင်ဗျားက အဲဒီမှာ ဘာလုပ်နေတာလဲ၊ ဘာအကြောင်းနဲ့ ရောက်ရှိနေရတာလဲ"ဟယ်ရီက ထပ်မေးတယ်။

"ငါက ဟော့ဂ်မီမှာ တာဝန်ကျစခန်း ချနေတာလေ၊ ကျောင်းလုံခြုံရေးအတွက် အပိုထပ်ဆောင်း ကာကွယ်ပေးဖို့ပဲ"တွန့်ခ်စ်က ဖြေလိုက်တယ်။

"ဒါဆိုရင် အဲဒီနေရာမှာ ခင်ဗျားတစ်ယောက်တည်းပဲ တာဝန်ကျ စခန်းချနေရတာပေါ့၊ ဒါမှ မဟုတ်ရင်......"

"မဟုတ်ဘူး၊ ဘဝင်မြင့်ခြေထောက်ရယ်၊ ငရိုင်းရယ်၊ နောက် အတ္တဘောကြီးတို့လည်း ဒီမှာ ရှိနေကြတယ်"

"အတ္တဘောကြီး၊ ဘာလဲ မနှစ်က ဒမ်းဘဲလ်ဒိုး တိုက်ခိုက်လိုက်တဲ့ ဟိုအော်ရာကို ပြောတာလား"

"အေး ဟုတ်တယ်......... သူပဲ"

မှောင်ထဲမှာ သူတို့ ခရီးကြမ်းနှင်နေရာက လမ်းကျဉ်းလေးကို စွန့်ခွာပြီး မကြာမတင်က ဖောက်လုပ်ထားတဲ့ ယာဉ်ကြောလမ်းသစ်အတိုင်း လိုက်လာကြတယ်။ ဟယ်ရီက ဘေးဘယ်ညာနဲ့ တွန့်ခ်စ်ကို သူ့ကိုယ်ဖျောက်ဝတ်ရုံအောက်ကနေ လှမ်းကြည့်လိုက်တယ်။ လွန်ခဲ့တဲ့နှစ်က တွန့်ခ်စ် သူ့ကို စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် တစ်ချိန်လုံးလိုလို လိုက်စပ်စပ်စုစု လုပ်ခဲ့တယ်။ ပြီးတော့ သူမ ထစ်ခနဲဆို ရယ်တော့တာပဲ။ အရယ်လွယ်တယ်၊ ဟာသလည်း နှောတတ်တယ်။ ဟော–ခုကျတော့ သူမဟာ သူမရဲ့ အသက်အမှန်ထက် ပိုပြီး အရွယ်ရင့်နေသလိုလိုနဲ့ ပိုပြီး အလေးအနက်ထားတတ်ပြီး စိတ်ဆုံးဖြတ်ချက်လည်း ခိုင်မာပြတ်သားနေတယ်။ ဒါဟာ ဝန်ကြီးဌာနမှာ ဖြစ်ပွားတဲ့ ပြဿနာတွေရဲ့ သက်ရောက်မှုများ ဖြစ်နေသလား။ ဒီမှာတင် ဟာမီယွန်က ဆီးရီးယပ်စ်အကြောင်းနဲ့ ပတ်သက်ပြီး သူမမှာ ဘာအပြစ်မှ မရှိကြောင်း သူမကို နှစ်သိမ့်ပြောကြားဖို့ သူ့ကို အကြံပေးတိုက်တွန်းခဲ့တာကို သူ စိတ်မသက်မသာနဲ့ ပြန်သွားသတိရလိုက်တယ်။ ဒါပေမဲ့ အဲဒီလို သူမလုပ်နိုင်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ဆီးရီးယပ်စ် သေရတာနဲ့ ပတ်သက်ပြီး သူမကို သူ လုံးလုံးအပြစ်တင်တယ်။ ကုန်ကုန်ပြောရရင် ကိုယ့်ထက်တောင် အပြစ်ကင်းသေးတယ်လို့ ဟယ်ရီက သဘောထားခဲ့လို့ပဲ။ ဘာပဲဖြစ်ဖြစ် သူ့အနေနဲ့ ဖြစ်နိုင်ရင်၊ ရှောင်လွှဲလို့ ရရင် ဆီးရီးယပ်စ်အကြောင်း ပြောကို မပြောချင်ဘူး။

ဒီနောက် သူတို့ အေးစက်တိတ်ဆိတ်တဲ့ညအောက်မှာ စကားမပြောတော့ဘဲ ခရီးပြင်းဆက်နှင်နေကြတယ်။ တွန့်ခ်စ်ရဲ့ ဝတ်ရုံရှည်ကြီး သူတို့နောက်မှာ မြေကြီးနဲ့ ထိထိသွားတဲ့အသံ ဖလပ်ဖလပ်နဲ့ တိုးတိုး တိုးတိုး မြည်နေတယ်။

www.burmeseclassic.com

အမြဲတမ်းလိုလို ရထားလုံးနဲ့ ယာဉ်နဲ့သာ ဒီခရီးကို သွားနေခဲ့တာမို့ ဟော့ဂ်ဝပ်စ် မှော်ပညာကျောင်းကြီးနဲ့ ဟော့ဂ်စမီဘူတာ ဘယ်လောက်ဝေးတယ်ဆိုတာ ဟယ်ရီ အရင်က မသိခဲ့ဘူး။ နောက်ဆုံး ဂိတ်ဝတစ်ဖက်တစ်ချက်မှာ အမြင့်ကြီး စိုက်ထူထားတဲ့ ဧရာမ တိုင်ကြီးနှစ်လုံးကို မြင်ရတော့မှ သူ စိတ်ရောလူပါ အကြီးအကျယ် သက်သာရာရသွားတယ်။ တိုင်ကြီးတွေရဲ့ ထိပ်မှာ အတောင်ပါတဲ့ ဝက်ထီးကြီးပုံတွေ တစ်ကောင်စီ ထုလုပ်တပ်ဆင်ထားတယ်။

သူ ချမ်းလည်းချမ်း၊ ဆာလည်း ဆာလောင်နေတယ်။ ဒါတင်မကဘဲ ဒီပူဆွေး သောကရိပ်တွေ လွှမ်းနေတဲ့ မျက်နှာနဲ့ တွန့်ခ်စ်ကိုလည်း နောက်မှာ ချန်ထားရစ်ပြီး ထွက်သွားနိုင်ဖို့လည်း အရမ်းအရမ်းကို စိတ်စောနေတယ်။

ဒါပေမဲ့ ဂိတ်တံခါးကြီးကို သူဖွင့်ဖို့ လက်တစ်ဖက်နဲ့ လှမ်းကိုင်မယ်လည်း လုပ်လိုက်ရော ဂိတ်တံခါးကြီးကို သံကြိုးနဲ့ခတ်ပြီး အသေအချာ ပိတ်ထားတာကို သူ တွေ့လိုက်ရတယ်။

ဟယ်ရီ သူ့ဆေးကြိမ်လုံးကို ထုတ်ပြီး အဲဒီနေရာကို ရွယ်ပြီး အမိန့်ပေးသလို ပြောလိုက်တယ်။

"အလို ဟိုမိုရား တစ်စစီ ပြုတ်ထွက်သွားစမ်း"

ဒါပေမဲ့ ဘာမှ ဖြစ်မလာဘူး။ သံကြိုးတွေရော ဂိတ်တံခါးကြီးပါ တုတ်တုတ်တောင် မလှုပ်ဘူး။

"မင်းရဲ့ မန္တန်က ဒီမှာ မစွမ်းနိုင်ဘူး၊ ဒါ ဒမ်းဘဲလ်ဒိုးကိုယ်တိုင် မှော်နဲ့ ဥံုခံပြီး ပိတ်ထားတာ" တွန့်ခ်စ်က ပြောလိုက်တယ်။

ဟယ်ရီ ဘေးကို ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်တယ်။

"ကျွန်တော် နံရံတစ်ခုပေါ်က ကျော်ဝင်မယ်ဗျာ"လို့ သူက ပြောလိုက်တော့ "မရဘူး၊ မင်း အဲဒီလိုလည်း ကျော်မဝင်နိုင်ဘူး" လို့ တွန့်ခ်စ်က ပြောလိုက်ပြန်တယ်။ "ကျူးကျော်ဖောက်ထွင်း ဝင်ရောက်မှု တန်ပြန်ရေးဂြိုလ်ဆိုး အန္တရာယ်တွေ ဒီဂိတ်တံခါး အနှံ့မှာ ချထားတယ်။ ဒီနွေမှာ လုံခြုံရေးအဆင့်ကို အဆတစ်ရာတိတိ တိုးတင်းကျပ်ထားတာကွ"တဲ့။

"ကဲ-ဒါဆိုရင်........."သူမဆီက အကူအညီလည်း မရနိုင်တော့ဘူးလို့ ထင်ပြီး စိတ်ပျက်သွားတဲ့ ဟယ်ရီက "ကျွန်တော် ဒီအပြင်မှာ အိပ်ပြီး မနက်မိုးလင်းအောင် စောင့်ရတော့မယ်နဲ့ တူတယ်"လို့ ပြောပြန်တယ်။

"မင်းအတွက် ဟိုမှာ တစ်ယောက်ထွက်လာနေပါပြီ၊ အဲ ဟိုမှာကြည့်" တွန့်ခ်စ်က ပြောလိုက်တယ်။

လက်ဆွဲမီးအိမ်လေးတစ်ခု ရဲတိုက်ကြီးရဲ့ ခြေရင်း ခပ်ဝေးဝေးနေရာမှာ နိမ့်ချည်မြင့်ချည် အသာအယာ လှုပ်ယမ်းနေတာ တွေ့ရတယ်။ ဟယ်ရီ အကြီးအကျယ် ကျေနပ်အားရ ဖြစ်သွားတယ်။ သူ့စိတ်ထဲမှာ အဝင်အထွက် မှတ်တမ်းတင်သူ ဖလစ်ချ်က သူ့ရဲ့ ဖင့်နွဲ့နောက်ကျမှုအပေါ် ချွဲသလိပ်ကပ်သံကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဝေဖန်မှာကိုရော၊ ဖလစ်ချ်က သူ့အလုပ်လုပ်ကိုင်ပုံဟာ ဘယ်လို တိကျတယ်ဆိုပြီး အာပေါင်အာရင်း သန်သန် ကြွားဦးမယ့် စကားတွေကိုပါ ကျေကျေနပ်နပ် ခံယူနိုင်ပါတယ်ဆိုတာမျိုး သူ ခံစားနေရတယ်။

အဝါရောင် မီးအလင်းထွက်နေတဲ့ လက်ဆွဲမီးအိမ်ကလေး သူတို့နဲ့ ၁၀ပေလောက် အကွာကို ရောက်လုဆဲဆဲမှာတင် ဟယ်ရီဟာ သူ့ကို မြင်ရအောင် ကိုယ်ပေါ်က ကိုယ်ဖျောက်ဝတ်ရုံကို ဆွဲခွာပစ်ပြီး စောင့်နေလိုက်တယ်။

ဒါပေမဲ့ သူ တွေ့လိုက်ရတာက သူမှတ်မိနေတဲ့ မြင်မြင်ချင်း တကယ့်ကို အော့နလုံးနာစရာ ကောင်းလောက်အောင် အပေါ်ကလန်ထွက်နေတဲ့ နှာခေါင်းကောက်ကောက်ကြီးနဲ့ မည်းနက်ရှည်လျားတဲ့ ပျစ်ချွဲချွဲ ပေပေကျံကျံ ဆံပင်တွေနဲ့ ဆီးဗားရပ်စ် စနိပ် ဖြစ်နေတယ်။

"အိုး.........အိုး..........အိုး-ကောင်းလိုက်လေ"ဆိုပြီး စနိပ်က လှောင်ပြုံးပြုံးလိုက်တယ်။ ပြီးတော့ သူ့ဆေးကြိမ်လုံးကို ထုတ်ပြီး သော့ခလောက်ကြီးကို တစ်ချက် ပိတ်ခေါက်လိုက်ချိန်မှာ သံကြိုးတွေ မြွေလို ဆတ်ခနဲ နောက်တွန့်ဝင်သွားပြီး ဂိတ်တံခါး တကျွီကျွီနဲ့ ပွင့်သွားတယ်။

"မင်းက ကျောင်းဝတ်ရုံကို ဝတ်ရင် မင်းရုပ်သိက္ခာကျတယ်လို့ ဆုံးဖြတ်ပြီး ဝတ်မထားပေမဲ့ မင်းပြန်ရောက်လာတာကို သိပ်ဝမ်းသာပါတယ် ပေါ်တာ"

"ကျွန်တော် မလဲနိုင်လို့ပါ၊ လဲစရာလည်း ကျွန်တော့်မှာ မရှိ....."

ဟယ်ရီ ရှင်းပြဖို့ စလိုက်ကာရှိသေးတယ်၊ စနိပ်ကဖြတ်ပြီး တွန့်ခ်စ်ကို ပြောလိုက်တယ်။ "မင်း စောင့်စရာမလိုတော့ပါဘူး ပိုးတုံးလုံးမလေး၊ ငါ့လက်ထဲရောက်ရင် ပေါ်တာ လုံးဝလုံခြုံသွားပြီ၊ လုံခြုံမှုအပြည့်ရှိပြီ"

"တခြားကြောင့် မဟုတ်ပါဘူး၊ ကျွန်မပို့လိုက်တဲ့ ဟက်ဂရစ်သတင်းကို ရမယ် ထင်ပါတယ်နော်"တွန့်ခ်စ်က မျက်မှောင်ကြုတ်ထားရင်း ပြန်ပြောလိုက်တယ်။

"ဟက်ဂရစ်လည်း ခု ဒီကပေါ်တာလိုပဲ ဧည့်ခံပွဲစတဲ့အထိ ရောက်မလာဘူး။ နောက်ကျနေလို့ သူ့အစား ငါတာဝန်ယူလိုက်ရတယ်"လို့ ပြောပြီး စနိပ်က ဟယ်ရီ ဝင်လာနိုင်အောင်လို့ နောက်ကို ဆုတ်ရပ်ပေးလိုက်ပြီးမှ "ဒါနဲ့ စကားမစပ်........"ဆိုပြီး စကားပြန်ဆက်တယ်။ သူက "ငါ မင်းရဲ့ ပက်ထရွန်နပ်စ် အသစ်ကြီးကို မြင်ရတာ သိပ်စိတ်ဝင်စားတယ်ကွာ"တဲ့။

စနိပ်ဟာ သူမရဲ့ မျက်စိအောက်မှာ တံခါးကြီး 'ဂလောင်'ခနဲ မြည်သွားအောင် ပိတ်လိုက်ပြီး တစ်ခါ သူ့ဆေးကြိမ်လုံးနဲ့ သံကြိုးကို တို့ခေါက်လိုက်ရာမှာ သံကြိုးတွေ တချွင်ချွင်မြည်ပြီး မြွေလိမ်မြွေကောက်ရွေ့ကို ပြန်တိုးရွေ့သွားပြီး တံခါးကြီး နဂိုအတိုင်း သော့ခတ်ပြီးသား ပြန်ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

“မင်း အရင် အဟောင်းတစ်ကောင်နဲ့ ပြန်တာ ပိုကောင်းမယ်လို့ ငါထင်တယ်။ အကောင်အသစ်ကြီးကို ကြည့်ရတာ အားနည်းနေတယ်”လို့ စနိပ်က ထပ်ပြောလိုက်တယ်။ သူ့လေသံထဲမှာ မလိုတမာစိတ်နဲ့ အငြိုးအတေးတွေ သိသိသာသာ တင်းကြမ်းပြည့်နေတယ်။

စနိပ်ရဲ့ လက်ထဲက မီးအိမ်တစ်ချက် ယမ်းဖယ်သွားချိန်အတွင်း မီးအိမ်ရဲ့ အလင်းရောင်နဲ့ တွန့်ခ်စ်ရဲ့ မျက်နှာပေါ်က အံ့သြတုန်လှုပ်မှုနဲ့ ဒေါသတွေကို ဟယ်ရီဖျတ်ခနဲ လျှပ်တစ်ပြက် တစ်ချက် လှမ်းကြည့်လိုက်တယ်။ ဒီနောက်မှာတော့ အမှောင်ထုဖုံးနေတဲ့ ညရောင်အောက်မှာ သူမပျောက်ကွယ်သွားတယ်။

“ကောင်းသောညပါ၊ အရာအားလုံး ကျေးဇူးပါပဲ”ဟယ်ရီက သူ့ပခုံးကို လှည့်ပြောလိုက်ပြီး စနိပ်နဲ့အတူ ကျောင်းကို လျှောက်သွားတယ်။

တစ်မိနစ်၊ ဒါမှမဟုတ် ဒါ့ထက် နည်းနည်းကြာတဲ့ အချိန်အထိ စနိပ်က စကားမပြောသေးဘဲ နေတယ်။ ဟယ်ရီဟာ သူ့ခန္ဓာကိုယ်ကနေ ဇရာမ အင်အားကြီးမားတဲ့ မုန်းတီးစိတ်လှိုင်းတွေကို အတိုင်းအဆမရှိ ထုတ်လွှတ်နေတယ်လို့ ခံစားနေရပြီး စနိပ်အနေနဲ့လည်း သူ့ကို အစိမ်းလိုက် ဝါးစားချင်တဲ့စိတ်တွေ ပေါ်ပေါက်နေမယ်လို့ ထင်လိုက်တယ်။ သူတို့နှစ်ယောက် ပထမဆုံးအကြိမ် တွေ့ခဲ့စဉ်ကတည်းက သူ စနိပ်ကို အလွန်အမင်း ရွံရှာနေတာလည်း ဖြစ်တယ်။ စနိပ်ရဲ့ ဆီးရီးယပ်စ်အပေါ် ထားတဲ့ သဘောထားကြောင့် သူ့အပေါ် ဟယ်ရီရဲ့ ခွင့်လွှတ်စိတ်တွေ ဘယ်တော့မှ ဖြစ်ပေါ်မလာတော့မှာလည်း အမှန်ပဲ။

ဒမ်းဘဲလ်ဒိုးက ဘာပဲ ပြောနေနေ ပြီးခဲ့တဲ့ နွေက အဖြစ်အပျက်တွေကို ဟယ်ရီ မတွေးဘဲ မနေနိုင်ဘူး။ အားလုံးကို အကျဉ်းချုံး နိဂုံးချုပ်လိုက်ရင် စနိပ်ဟာ ဆီးရီးယပ်စ်ကို အမြဲတမ်း လက်သီးပုန်းထိုးပြီး ဝေဖန်ရှုတ်ချနေတာသာ ဖြစ်တယ်။ အဲဒီ အထဲမှာ ဖီးနစ်ငှက်အဖွဲ့ရဲ့ လက်ကျန်အဖွဲ့ဝင်တွေ စပြီး တိုက်ခိုက်ကြချိန်မှာ ဆီးရီးယပ်စ်ဟာ ဘေးကင်းရာကို ထွက်ပြေးပုန်းအောင်းနေတယ်ဆိုတဲ့ အချက်လည်း ပါတယ်။ ဗိုဒီမော့ကလည်း ဆီးရီးယပ်စ်ဟာ သူသေဆုံးတဲ့ညက အရေးပါတဲ့ အကြောင်းကိစ္စတစ်ရပ်နဲ့ ဝန်ကြီးဌာနကို ရေးကြီးသုတ်ပြာ သွားရောက်ခဲ့တယ်လို့ ယုံကြည်နေတယ်။

အဲဒီအယူအဆ တွေးထင်ချက်ကို ဟယ်ရီက အသေဖက်တွယ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ စနိပ်ကို အဲဒီအချက်နဲ့သာ သူ အပြစ်တင်နိုင်စွမ်း ရှိမှာမို့လို့ပဲ။ နောက် သူသိနေတာ တစ်ခုရှိသေးတယ်။ အဲဒါကတော့ ဆီးရီးယပ်စ်သေသွားတာကို ဝမ်းမနည်း စိတ်မကောင်းမဖြစ်တဲ့လူ တစ်စုံတစ်ယောက် ရှိတယ်ဆိုရင် အဲဒီလူဟာ တခြားလူမဟုတ်ဘူး၊ ခုမှောင်ထဲမှာ သူ့ဘေးကသူနဲ့ အတူ လမ်းလျှောက်နေသူ ဖြစ်တယ်ဆိုတာပဲ။

ဒီကြားထဲမှာ စနိပ်က ပြောလာပြန်တယ်။ “ငါထင်တယ်၊ နောက်ကျမှုအတွက် ဂရစ်ဖ်ဖင်ဒေါကနေ အမှတ် ၅၀၊ နောက် ဝတ်စားဆင်ယင်မှုကို မလိုက်နာဘဲ မတ်ဂဲလ် အဝတ်အစားတွေ ဝတ်ထားတာကြောင့် အမှတ် ၂၀ အနုတ်ခံရတော့မှာပဲ။ ဘယ်အဆောင်မှာမှ ခုလို စာသင်နှစ်အစောပိုင်း ကာလမျိုးမှာ ဒီလို ပြောင်းပြန် အမှတ်ပေးခံရတာမျိုး ရှိမယ်လို့ ငါမယုံကြည်ဘူး။ ငါတို့ အချိုပွဲလေးနဲ့ စလိုက်တဲ့ သဘောပေါ့ကွာ။ မင်းတော့ စံချိန်တင်သွားပြီဟေ့”တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီရဲ့ ရင်ထဲမှာ ဒေါသနဲ့ အမုန်းတရားတွေ ပလုံစီပွက်နေတယ်။ နီရဲရုံသာမကဘဲ အလျှံဖွေးဖွေးဖြူအောင် သူ တောက်လောင်တော့မလို ဖြစ်နေတယ်။ ဒါပေမဲ့ သူလုံးဝ လှုပ်ရှားနိုင်ခြင်း မရှိဘဲ လန်ဒန်ကို ပြန်ထွက်ခွာတဲ့ ရထားပေါ်မှာ ပါသွားရပုံနဲ့ သူ ဘာကြောင့် နောက်ကျရတယ် ဆိုတာကို ပြောတော့မယ်လို့ သူ ကြံစည်မိတယ်။ ဒါပေမဲ့-

"မင်းဟာ ဝင်နိုင်ဖို့အတွက် လိုချင်တယ်၊ ဒါကြောင့် ကားပျံတစ်ခု မရှိဘဲ မဟာခန်းမကြီးထဲမှာ ကျင်းပနေတဲ့ ညှော်ခံပွဲကို မီအောင် မင်းလုပ်ရလိမ့်မယ်"လို့ စနိပ်က ပြောလိုက်ပြန်တယ်။

ဟယ်ရီက ဘာမှမပြောဘဲ ငြိမ်မြဲငြိမ်နေတယ်။ သူ့ရင်ဘတ် ပေါက်ထွက်တော့မလား လို့လည်း သူထင်နေမိတယ်။ အမှန်တော့ စနိပ် ထွက်လာတာဟာ ဘယ်သူမှ မကြားနိုင်ချိန်မှာ သူ့ကို စကားနဲ့ဆွပေးပြီး မခံမရပ်နိုင်အောင် ဒုက္ခပေးဖို့ သက်သက် ဖြစ်တယ်ဆိုတာလည်း ဟယ်ရီ သိနေတယ်။

နောက်ဆုံးမှာ သူတို့ ရဲတိုက်ကြီးရဲ့ လှေကားထစ်တွေအတိုင်း တက်သွားလိုက်တာ အလံတွေ စိုက်ထူထားတဲ့ ဧရာမ ညှော့ခန်းကြီးတစ်ခုရဲ့ အဝင်ဝ ဝက်သစ်ချသား တံခါးကြီးတွေ သူတို့ရှေ့မှာ ပေါ်လာပြီး ရှဲခနဲ ဘေးကို ပွင့်သွားတယ်။ ဖွင့်ထားဆဲဖြစ်တဲ့ မဟာခန်းမကြီးရဲ့ တံခါးဝကို ဖြတ်ပြီး အထဲက မွှန်းသံ ပန်းကန်သံတွေနဲ့ စကားပြောသံတွေ ပေါက်ကွဲလွင့်ထွက်လာပြီး သူတို့ကို ဆီးကြိုလိုက်တယ်။

ဟယ်ရီဟာ သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို ပြန်ရုံပြီးမှ ဝင်သွားရမလား၊ ဒီအတိုင်းပဲ ဝင်သွားရမလား မဝေခွဲနိုင်ဖြစ်နေတယ်။ အဆင်မပြေလှစွာပဲ သူ့ရဲ့ ထိုင်ခုံနေရာကလည်း ဂရစ်ဖင်ဒေါ်စားပွဲရှည်ကြီးရဲ့ ခန်းမတံခါးဝနဲ့ ဟိုအဝေးဆုံး သူမမြင်နိုင်တဲ့နေရာကို ရောက်နေတယ်။ ဒီမှာတင် ဟယ်ရီရဲ့ စိတ်ထဲမှာ ဘာတွေ တွေးနေတယ်ဆိုတာကို သဘောပေါက်တဲ့ စနိပ်က "ဝတ်ရုံကို ခြုံမနေနဲ့၊ ဒီအတိုင်းပဲ ဝင်သွား၊ ဒါဆိုရင် မင်းဖြစ်စေချင်တဲ့အတိုင်း မင်းကို မြင်ကြလိမ့်မယ်။ အဲဒါ သေချာတယ်"လို့ ပြောလိုက်တယ်။

ဟယ်ရီက တစ်ဖက်ကို ပြန်လှည့်ကြည့်ပြီး စနိပ်နဲ့ ဝေးဝေးကို ရောက်သွားရင် ပြီးရောဆိုတဲ့ သဘောနဲ့ ဖွင့်ထားတဲ့ တံခါးမကြီးကနေ ခန်းမထဲကို တည့်တည့်မတ်မတ် တန်းဝင်သွားတယ်။ ဧရာမ စားပွဲရှည်ကြီး လေးလုံးနဲ့ ဝန်ထမ်းတွေအတွက် သီးသန့်စားပွဲတစ်လုံးကို အခန်းထိပ်မှာ အခါတိုင်းလိုပဲ ခင်းထားတယ်။ မီးအိမ်တွေ မသုံးဘဲ လူတွေကိုင်ထားတဲ့ ရွှေလျှားဖယောင်းတိုင် မီးရောင်တွေအောက်မှာ ပန်းကန်တွေ ဖိတ်ဖိတ်တောက်နေတယ်။ အလင်းရောင်တွေ တဖျတ်ဖျတ်လက်နေတဲ့ အခန်းကြီးထဲမှာ ဟယ်ရီ ဘာမှ သဲသဲကွဲကွဲ မမြင်ရဘဲ ဖြစ်နေတယ်။ သူ ဟတ်ဖဲလ်မုန့်စားပွဲကြီးကို အမြန်ဖြတ်သွားချိန်မှာ လူတွေက သူ့ကိုစပြီး ငေးစိုက်ကြည့်လာကြတယ်။ သူတို့ ခုလို ကိုယ့်ကို အပြိုင်အဆိုင် ကြည့်နေကြဆဲမှာပဲ ရွန်နဲ့ ဟာမီယွန်ကို သူမြင်သွားတဲ့အတွက် ခုံရှည်တွေ တစ်လျှောက် သူတို့ဆီကို အရှိန်နဲ့ လျှောက်သွားပြီး သူတို့နှစ်ယောက်ကြားကို ဝင်လိုက်တယ်။

"အား လား လား လား........ မင်း ဘယ်လျှောက်သွားနေတာလဲ၊ နေစမ်းပါဦး မင်းမျက်နှာကကော ဘာတွေ ဖြစ်လာတာလဲ"ရွန်က သူ့မျက်နှာကို စိုက်ကြည့်ပြီး မေးလိုက်ချိန်မှာပဲ အနား ပတ်ဝန်းကျင်ကလူတွေပါ အားလုံး သူ့ကို ဝိုင်းကြည့်လာကြတယ်။

www.burmeseclassic.com

"ဘာလဲကွ၊ ဘာဖြစ်နေလို့လဲ" ဟယ်ရီက ဘာမှမဖြစ်သလို မသိကျိုးကျွန်ပုံစံနဲ့ ဇွန်းတစ်ချောင်းကို ကောက်ကိုင်ပြီး အဲဒီမှာ ပုံရိပ်ပေါ်နေတဲ့ သူ့မျက်နှာပေါ်က ပုံပျက်ပန်းပျက် ဖြစ်နေတဲ့ နေရာကို မျက်စိမှေးပြီး ကြည့်လိုက်တယ်။

"နင့်မျက်နှာပေါ်မှာ သွေးတွေ ကပ်နေတယ်လေ၊ လာ........ လာ" ဟာမီယွန်က ပြောပြောဆိုဆို သူမရဲ့ ဆေးကြိမ်လုံးကို မြှောက်ပြီး "တာဂျီယို ...... ဖယ်စေ ရှားစေ အညစ်အကြေးတွေ"လို့ ဆိုလိုက်တဲ့အခါ ဆေးကြိမ်လုံးက ဟယ်ရီ့မျက်နှာပေါ်က သွေးခြောက်တွေကို စုပ်ထုတ်ဖယ်ရှားပစ်လိုက်တယ်။

"ကျေးဇူးပဲ"မျက်နှာသန့်စင် ပေါ့ပါးသွားသလို ခံစားလိုက်ရတဲ့ ဟယ်ရီက ပြောပြီး ဆက်မေးတယ်။ "ဟဲ့ .......... နင်မြင်ရတာ ငါ့နှာခေါင်းကြီး ဘယ်လို ဖြစ်နေလဲ"

"နဂိုအတိုင်း ဖြစ်သွားပြီ၊ ဒါဘာဖြစ်လို့လဲ၊ ဘာတွေ ဖြစ်ခဲ့သလဲ၊ နင့်ဟာက ငါတို့ အထိတ်တလန့် ဖြစ်လိုက်တာဟယ်"ဟာမီယွန်က စိုးရိမ်တကြီးမေးနေတယ်။

"ငါ နင့်ကို နောက်မှ ပြောပြမယ်"ဟယ်ရီက တုံးတိတိ ဖြေလိုက်တယ်။ ဂျင်နီ၊ နက်ဗီးလ်၊ ဒင်းန်နဲ့ ဆီးမတ်ခ်တို့ပါ ကျိတ်ဝိုင်းနားထောင်နေတာကို သူ သတိထားမိလို့ပဲ။ ဂရွှန်ကေသရာဇာအဖွဲ့က တစ္ဆေကြီး 'ခေါင်းမပြတ်တပြတ်ကြီး'တောင် အသာခိုးနားထောင်ဖို့ ခုံတန်းရှည်တစ်လျှောက် မသိမသာရွှေ့လာတာလည်း သူတွေ့ရတယ်။

"မဟုတ်သေးဘူးလေ" သဘောမပေါက်တဲ့ ဟာမီယွန်က လက်မလျှော့ဘူး။

"ခု မပြောနိုင်ဘူး ဟာမီယွန်" ထူးထူးခြားခြား တိုးတိုးညင်းညင်း အသံနဲ့ ဟယ်ရီက ပြောလိုက်တယ်။ သူတို့တွေ အားလုံးက သူ့ကို တစ်နေရာရာမှာ သူ့ရဲကောင်းဆန်ဆန် ရဲစွမ်းသတ္တိပြ တိုက်ခိုက်တာရှိခဲ့မယ်လို့ ထင်မှတ်နေမယ်လို့ သူ အကြီးအကျယ် မျှော်လင့်နေတယ်။ ဖြစ်နိုင်ရင် သူတို့က သူ့ကို မရဏာစားစုန်းနှစ်ကောင်၊ စိတ်ရူးပေါက် စုန်းတစ်ယောက်နဲ့ တိုက်ခိုက်တာ ထင်ချင်ထင်နေမယ်ပေါ့။ အမှန်မှာတော့ သူ မရောက်လာခင် ကတည်းက မော်လ်ဖွိုင်းက သူ့ အဖြစ်အပျက် ဇာတ်လမ်းကို အသေးစိတ်တင်မကဘူး၊ ချဲ့ကားပြီးတော့ပါ ကျယ်ကျယ်ပြန့်ပြန့် အားလုံးကို ပြောထားပြီးနေလောက်ပြီ။ ဒီသတင်းမျိုးက ဂရွှန်ကေသရာဇာတွေရဲ့ နားကို အမြဲတမ်း ရောက်သွားဖို့ အကြောင်း ရှိနေတယ်။

ဟယ်ရီက ရွှန်ကို ကျော်ဖြတ်ပြီး ကြက်ခြေထောက်နှစ်ချောင်းနဲ့ အားလူးကြော်ချောင်းလေးတွေ လက်တစ်ဆုပ်အပြည့် လှမ်းနှိုက်ယူလိုက်တယ်။ ဒါပေမဲ့ သူ့လက်နဲ့ အဲဒါတွေ မထိခင်ကလေးမှာပဲ အဲဒီပစ္စည်းတွေ ပျောက်သွားပြီး သူတို့နေရာ ပူတင်းတွေ အစားရောက်လာတယ်။

"နင်စားဖို့ အမျိုးအစား ရွေးနေလို့ မရတော့ဘူး"လို့ ဟာမီယွန်က သူ့ကို ပြောလိုက်တုန်းမှာပဲ ရွှန်က ချောကလက် စပျစ်သီးကိတ်မုန့်ကြီး တစ်ခုဆီ လွှားခနဲ ဒိုင်ဗင်ထိုးပြီး ယူလိုက်တယ်။

www.burmeseclassic.com

"ဟက်က စိတ်ဝင်စားစရာ ဘာတွေ ပြောသွားလဲ"လို့ သကာဌာပနာမုန့် တစ်ခုကို စားရင်း ဟယ်ရီက မေးလိုက်တယ်။

"ထုံးစံအတိုင်းတွေပါပဲ။ ရန်သူကို ရင်ဆိုင်ရာမှာ ငါတို့အားလုံး ညီညီညွတ်ညွတ် စည်းလုံးမှုရှိကြပါတို့ ဘာတို့ပေါ့၊ နင်သိသားပဲဟာ"

"ဒမ်းဘဲလ်ဒိုးကရော ဗိုဒီမော့အကြောင်း လုံးလုံး မပြောဘူးလား"

"တစ်ခွန်းမှ မဟာဘူး၊ ဒါပေမဲ့ ဧည့်ခံပွဲအပြီး ပြောရမယ့် မိန့်ခွန်းကိုတော့ သူက အမြဲတမ်း သေသေချာချာ ပြင်ထားတတ်တာ၊ ခု ပြောပြီးသွားပါပြီ"

"စနိပ်က ပြောတယ်၊ ဟက်ဂရစ်လည်း ဧည့်ခံပွဲကို အရောက်နောက်ကျတယ်တဲ့"

"ဟာ .......... မင်း စနိပ်နဲ့ တွေ့ပြီးပြီ ဟုတ်လား၊ ဘယ်လိုလုပ် တွေ့လိုက်ရတာလဲ" ရွန်က ချောကလက်စပျစ်သီး ကိတ်မုန့်တွေ ပါးစပ်တစ်လုံး အပြည့် ထည့်ထားတဲ့ကြားက ဂူးဝါးဂူးဝါးနဲ့ ပြူးတူးပြဲတဲ မေးလိုက်တယ်။

ဟက်ဂရစ်က မိနစ်ပိုင်းလေးမှ မိနစ်ပိုင်းလေးပဲ နောက်ကျပါတယ်။ ဟော......... ဟော ဟိုမှာ ကြည့်လိုက်၊ သူ နင့်ကို လက်ပြနေတယ်"လို့ ဟာမီယွန်က ပြောလို့ ဟယ်ရီကြည့်လိုက်တော့ ဝန်ထမ်းတွေ စားပွဲကနေ သူ့ကို လက်ဝှေ့ယမ်းပြနေတဲ့ ဟက်ဂရစ်ကို တွေ့တာနဲ့ သူ အားပါးတရ လှမ်းပြုံးပြလိုက်တယ်။

ဟက်ဂရစ်ဟာ ဂဠုန်ကေသရာဇာ အဆောင်ကြီးရဲ့ အကြီးအကဲ ပါမောက္ခ မက်ဂွန်နာဂေါလ်ရဲ့ ဟိတ်ဟန်ထုတ် ဂုဏ်သိက္ခာ ဆယ်တတ်ပုံကို ဘယ်တုန်းကမှ အသိအမှတ်ပြု အလေးမထားတတ်သူ ဖြစ်တယ်။ ဟက်ဂရစ်နဲ့ အတူ ဘေးတိုက်ယှဉ်တွဲ ထိုင်နေရာမှာ ဟက်ဂရစ်ရဲ့ ပခုံးနဲ့ တံတောင်ဆစ်ကြားလောက်သာ ခေါင်းမြင့်တဲ့ မက်ဂွန်နာဂေါလ်က သူတို့နှစ်ယောက် စိတ်ပါလက်ပါ ရင်းရင်းနှီးနှီး နှုတ်ဆက်နေတာကို သဘောမကျတဲ့ မျက်နှာနဲ့ ကြည့်နေတယ်။

နောက် ဟက်ဂရစ်ရဲ့ ကျန်တဲ့ တစ်ဖက်မှာ ထိုင်နေတဲ့ ဂမ္ဘီရဉာဏ် ဘာသာပြ ဆရာမ ပါမောက္ခ ထရီလောနေးကို တွေ့လိုက်ရလို့ ဟယ်ရီ အံ့အားသင့်သွားပြန်တယ်။ အကြောင်းကတော့ သူမဟာ မျှော်စင်အခန်းကနေ ထွက်ခဲလှသလို အရင် ဘယ်တုန်းကမှ ခုလို စာသင်နှစ်ကာလအစ စားပွဲဧည့်ခံပွဲတွေမှာ သူမကို မတွေ့ခဲ့ရဖူးလို့ ဖြစ်ပါတယ်။

ပြီးတော့ သူမဟာ ဒီည တော်တော့်ကို ထူးခြားနေတယ်။ သူမရဲ့ လည်ပင်းမှာ ပုတီးလုံး လည်ဆွဲက တလက်လက် တောက်ပနေပြီး ပဝါနှစ်စကို အသာလုလုပပ ချထားတယ်။ ဒါပေမဲ့ ဒီဂရီများလှတဲ့ သူမရဲ့ မျက်မှန်ထူထူကြီးနောက်က သူမရဲ့ မျက်လုံးတွေကို မျက်မှန်ထဲမှာ ပုံကြီးချဲ့ထားသလို အကြီးကြီး မြင်နေရတယ်။ အမြဲတမ်း လိမ်ညာပြောတတ်တဲ့ အကျင့်ရှိသူ တစ်ယောက်လို့ ဟယ်ရီ ယူဆထားတဲ့ ဒီအမျိုးသမီးကြီးက မနှစ်က စာသင်ကာလ ကုန်ဆုံးချိန်မှာ ထုတ်လိုက်တဲ့ ကြိုတင်ဟောကိန်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကြောင့် ဟယ်ရီ အကြီးအကျယ် အံ့ဩတုန်လှုပ်ခဲ့ရတယ်။ အဲဒါ ကတော့ ဗိုဒီမော့ဟာ သူ့ရဲ့ အဖေနဲ့အမေ ငါသတ်ဖြတ်မှာ ဖြစ်တဲ့အပြင် သူ့ကိုပါ တိုက်ခိုက်မယ်ဆိုတဲ့ နိမိတ်ဖတ်မှုပဲ။ အဲဒီ အတွေ့အကြုံ အဖြစ်အပျက်ကြောင့် ဟယ်ရီ ဒီပါမောက္ခသင်တဲ့ ဂမ္ဘီရဉာဏ်ဘာသာရပ်ကို သင်ဖို့တောင် စိတ်မပါတော့တဲ့အထိ ဖြစ်သွားတယ်။ ကံကောင်းထောက်မ ကျေးဇူးတင်စွာနဲ့ ဒီနှစ်မှာ အဲဒီဘာသာကို သူမယူတော့ဘဲ ရှောင်ရှားနိုင်ခဲ့တယ်။

ပါမောက္ခထရီလောနေးရဲ့ မျက်လုံးတွေ မီးပြတိုက်လို ဟယ်ရီ ရှိနေရာဘက်ကိုပဲ လှည့်ပြီး တလက်လက်နဲ့ ချာလည် လှည့်နေတယ်။ ဒါကြောင့် သူ့အကြည့်ကို သူ ကပျာကယာ ခပ်လှမ်းလှမ်းက ဆလီသီရင်တွေရဲ့ စားပွဲဘက်ဆီကို လှည့်ထားလိုက်တယ်။ ဒါပေမဲ့ အဲဒီမှာ မော်လ်ဖွိုင်းက နှာခေါင်းတစ်ချောင်း ကျိုးသွားပုံ ဇာတ်လမ်းကို ဟန်ပါပါ အမူအရာနဲ့ လုပ်ပြနေသလို ရိုင်းရိုင်းစိုင်းစိုင်း အုန်းခနဲ သဲခနဲ ရယ်လိုက်သံတွေနဲ့ ဩဘာပေးသံတွေ ထွက်နေတာကြောင့် ဟယ်ရီ သူ့လက်ထဲက သကာဌာပနာမုန့်ကိုပဲ ငုံ့ကြည့်နေလိုက်တယ်။ သူ့ရင်ထဲမှာ နောက်တစ်ကြိမ် ပေါက်ကွဲလောင်မြိုက်လာတယ်။ သူ မော်လ်ဖွိုင်းကို တစ်ယောက်ချင်း ဘာလို့ ရင်မဆိုင် မတိုက်ခိုက်ရမှာလဲ။

“အဲဒီတော့ ပါမောက္ခ ပက်ကျိချိုက ဘာလိုချင်၊ ဘာဖြစ်ချင်တာလဲ”လို့ ဟာမီယွန်က မေးလိုက်တယ်။

“ဝန်ကြီးဌာနမှာ အမှန်တကယ် ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ သူသိချင်တာပါပဲ”

“သူ့အပြင် တခြား ဘယ်သူတွေ အဲဒီမှာ ရှိနေတာလဲ”ဟာမီယွန်က အဖြေ ထုတ်နေတယ်။ “ပြီးတော့ ဒီမှာ လူတွေအားလုံး အဲဒီရထားပေါ်က အကြောင်းကိုပဲ စုံစမ်းမေးမြန်းနေကြတယ်။ ဟုတ်တယ် မဟုတ်လား ရွန်”

“အေး ဟုတ်တယ်၊ အားလုံးက အဲဒါဟာ လက်ရွေးစင် ၁ တကယ် ဖြစ်ခဲ့တာလား ဆိုပြီး သိချင်နေကြတယ်”

“ဟုတ်ပါ့ဗျာ၊ ဒီအကြောင်းကိုပဲ ပြောနေလိုက်ကြတာများ အဲဒီအထဲမှာ တစ္ဆေတွေတောင်ပါတယ်” တစ္ဆေ၊ မပြတ်တပြတ် ခေါင်းက သူ့ရဲ့ တဲတဲလေးသာ ဆက်နေတဲ့ခေါင်းကို ဟယ်ရီဘက်ကို ကိုင်းညွတ်တွဲလောင်းကျပြီး ကြားဖြတ် ဝင်ပြောလာတယ်။ ဟယ်ရီ့နားမှာ ဝဲတဲတဲ ဖြစ်နေတဲ့ သူ့ခေါင်းကြီးကြောင့် သူ့ရဲ့ လည်ဆံမွေးတွေက အန္တရာယ်ပေးတော့မလို တုန်တုန်ခါခါ ဖြစ်နေတယ်။

သူက “ဟယ်ရီရဲ့ လုပ်ပိုင်ခွင့်ဩဇာတစ်ခုနဲ့ ပတ်သက်လို့ ကျွန်တော် စဉ်းစားမိတာတချို့ ရှိနေတယ်။ ဒါကလည်း ကျွန်တော်တို့ဟာ မိတ်ဆွေတွေ ဖြစ်တယ် ဆိုတာလည်း အားလုံးက ကျယ်ကျယ်ပြန့်ပြန့်သိပြီးသား ဖြစ်နေလို့ပါ။ ကျွန်တော်ဟာ သတင်း အချက်အလက် ရရှိဖို့ ဘယ်သောအခါမှ၊ ဟယ်ရီကို အပူကပ်ပြီး နားပူနားဆာ လုပ်မှာ မဟုတ်ဘူးဆိုတာ အခိုင်အမာ ပြောထားပြီးသားပါ။ ကျွန်တော်ဟာ ယုံကြည်ခြင်း အပြည့်အဝနဲ့ သူ တကယ် ယုံကြည်ထိုက်သူ ဖြစ်ကြောင်း ဟယ်ရီပေါ်တာလည်း သိပါတယ်။ ငါ အဲဒီ ယုံကြည်မှုကို ဖျက်ဆီးပြီး ဟယ်ရီ့ကို သစ္စာဖောက်မယ့်အစား သေတာက ကောင်းပါသေးတယ်လို့ ကျွန်တော် သူတို့ကို ပြောလိုက်တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com

သူ့စကား သုံးသပ်ကြည့်ပြီး ရွန်က ပြောလိုက်တယ်။

"မင်းက သေပြီးသား ကောင်ဆိုတော့ မင်းပြောတာ သိပ်တော့မလွန်ပါဘူး"

"ဒါတော့ ပုဆိန်တုံးတုံးတစ်လက်နဲ့ ဆတ်ဆတ်ထိမခံနာတတ်တဲ့ မရင့်ကျက်မှုကို မင်း တစ်ကြိမ်ထပ်ပြလိုက်တာပဲ"လို့ မပြတ်တပြတ်ခေါင်းက စော်ကားတဲ့ လေသံနဲ့ ပြောထည့်လိုက်ပြီးမှ လေထဲကို ဆတ်ခနဲထပြီး ဂရူဖင်ဒိုးလ်ရဲ့ စားပွဲကြီး အဆုံးထိရောက်အောင် တရွေ့ရွေ့ ပြန်ဆုတ်သွားတယ်။

ဒီမှာတင် တစ်ချိန်လုံးလိုလို ဒမ်းဘဲလ်ဒိုးကလည်း ဝန်ထမ်းစားပွဲမှာရှိတဲ့ သူ့ရဲ့ နေရာကနေ ထရပ်လိုက်ပါတယ်။

"ခင်ဗျားတို့အတွက် အကောင်းဆုံးသော ညနေခင်း ဖြစ်ပါစေဗျာ"

သူက နှစ်နှစ်ကာကာ အားပါးတရ ပြုံးပြီး ပြောလိုက်တယ်။ ပြီးတော့ ခန်းမကြီးတစ်ခုလုံးကို သိမ်းကျုံးပွေ့ဖက်တော့မလိုမျိုး သူ့လက်တွေကို ဘေးကို ဆန့်ကားပြီး ဖွင့်ထားတယ်။

"ဟဲ့ ဟဲ့ သူ့လက်က ဘာဖြစ်တာလဲ"ဟာမီယွန်က ပြူးတူးပြဲတဲ အလန့်တကြား လေသံနဲ့ အမောတကော မေးလိုက်တယ်။

အမှန်တော့ ဒမ်းဘဲလ်ဒိုးရဲ့ လက်ကို မြင်လိုက်ရတာ သူမတစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့ရဲ့ ညာလက်ဟာ သူ ဟယ်ရီကို ဒတ်စလေမိသားစုအိမ်မှာ သွားခေါ်တဲ့ ညက ဖြစ်ပျက်ခဲ့တဲ့အတိုင်း မည်းချိတ်နေပြီး လှုပ်မရတဲ့ လက်အသေလို ဖြစ်နေတယ်။ တီးတိုးပြောဆိုသံတွေ တစ်ခန်းလုံးကို ချက်ချင်း ပျံ့နှံ့သွားတယ်။ ဒမ်းဘဲလ်ဒိုး သူ ဖြစ်ပျက်ခဲ့ပုံကို အမှန်အတိုင်း ပြောပြလိုက်ပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ဒဏ်ရာပေါ်မှာ ရှိနေတဲ့ ခရမ်းရောင်နဲ့ ရွှေရောင် သူ့အင်္ကျီလက်တွေကို လှန်ပြလိုက်တယ်။

"ဘာမှ စိုးရိမ်စရာ မရှိပါဘူး"သူက ပေါ့ပေါ့တန်တန် အလေးမထားဟန်နဲ့ ပြောလိုက်တယ်။ ပြီးတော့ "ကဲ-အခု ကျွန်တော်တို့ရဲ့ ကျောင်းသားသစ်တွေကို ကြိုဆိုပါတယ်။ ကျောင်းသားဟောင်းတွေကိုလည်း ကြိုဆိုပါတယ်။ မှော်အတတ်ပညာတွေ အပြည့်အဝနဲ့ နောက်ထပ် စာသင်နှစ်ကြီးတစ်နှစ်က ခင်ဗျားတို့ အားလုံးကို စောင့်စားလျက် ရှိပါတယ်"လို့ ကြိုဆိုစကား ပြောကြားခဲ့ပါတယ်။

"သူ့ရဲ့ လက်က နွေရာသီမှာ တွေ့ခဲ့ရတဲ့အတိုင်းပဲ၊ ငါထင်တာတော့ သူ ဒါကို ကုလိုက်တာ ဖြစ်မယ်၊ ဒါမှမဟုတ်ရင် မဒမ်ဖွမ်ဖရေးက ကုပေးလိုက်တာပဲ"လို့ ဟယ်ရီက ဟာမီယွန်ကို တိုးတိုးကလေး ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ သူ့လက်က သေနေသလိုပဲလေ"ဟာမီယွန်က ပြန်ပြောလိုက်တယ်။ သူမရဲ့ အမူအရာကလည်း ပျို့အန်ချင်နေသလိုလို မအီမသာ ဖြစ်နေတယ်။ သူမက ဆက်ပြောတယ်။ "ဒါပေမဲ့ တချို့ နင်တို့ ကုမရတဲ့ ဒဏ်ရာအနာတရတွေလည်း ရှိတယ်လေ။ ကျိန်စာဟောင်းတွေနဲ့ ဖြေဆေးမရှိတဲ့ အဆိပ်တွေကို ပြောတာ"

"ပြီးတော့ ငါတို့ရဲ့ အစောင့် မစ္စတာ ဖင့်ချ်က သူ့မှာ 'ဝက်စလေ မှော်အသောအရှန်းများ'လို့ ခေါ်တဲ့ဆိုင်က ဝယ်ထားတဲ့ ရယ်စရာ ပစ္စည်းမှန်သမျှ အကျုံးဝင်တဲ့ တားမြစ်မိန့်တစ်ခု ရှိသလားဆိုတာ ပြောဖို့ ငါ့ကိုမေးခဲ့သေးတယ်"

"သူတို့ရဲ့ ကွစ်ဒစ်ချ် အဆောင်အသင်းအတွက် ဆောင်ရွက်လုပ်ကိုင်ဖို့ ရည်ရွယ် ဆန္ဒရှိသူတွေ အနေနဲ့ သူတို့ရဲ့ အဆောင်အကြီးအကဲတွေထံမှာ ခါတိုင်းလိုပဲ သူတို့ နာမည်တွေကို စာရင်းပေးဖို့ လိုပါတယ်။ ပြီးတော့ ဒီမှာ လိုအပ်ချက်တွေကို ထုတ်ဖော်တင်ပြပေးမယ့် ကွစ်ဒစ်ချ် အဆောင်က အစီရင်ခံသူတစ်ဦး ကျွန်တော်တို့ အလိုရှိနေပါတယ်"

"နောက်ဆုံးအနေနဲ့ ဒီနှစ်အတွက် ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးကို ကြိုဆိုခွင့်ရတဲ့အတွက် ကျွန်တော်တို့ နှစ်ထောင်းအားရ ဖြစ်မိပါတယ်။ သူကတော့ ပါမောက္ခ ပက်ကျိချိုပါပဲ"

ပက်ကျိချိုက နေရာကနေ ထရပ်ပြလိုက်တယ်။ သူ့ရဲ့ ထိပ်ပြောင်ပြောင်ကြီး ဖယောင်းတိုင်မီးရောင်တွေနဲ့ လက်ခနဲ ဖြစ်သွားတယ်။ နောက် သူ့ရဲ့ ကိုယ်ကျပ်အကျီ်ထဲက ဧရာမဗိုက်ကြီးရဲ့ အရိပ်က အောက်ကစားပွဲပေါ်မှာ ကွက်ကွက်ကြီးသွားထင်နေတယ်။

"ပြီးတော့ ပါမောက္ခ ပက်ကျိချိုဟာ သူ့ရဲ့ မူလရာထူးဟောင်းဖြစ်တဲ့ မှော်ဆေးပညာဌာနမှူးတာဝန်ကို ပြန်လည်ထမ်းဆောင်ဖို့ သဘောတူတဲ့ ကျွန်တော့်ရဲ့လုပ်ဖော်ကိုင်ဖက် တစ်ဦး ဖြစ်ပါတယ်။

"ဆေးပညာဌာန ဟုတ်လား"

"ဆေးပညာဌာန"

"ဆေးပညာဌာန"

လူတွေအားလုံးလိုလို သူတို့ နားကြားများ လွဲသွားသလားလို့ သံသယ ဖြစ်ပြီး အဲဒီစကားလုံးကိုပဲ ထပ်တလဲလဲ ပြောနေလိုက်ကြတာ ခန်းမကြီးတစ်ခုလုံး ပဲ့တင်ထပ်နေတယ်။

"ဆေးပညာဌာနတဲ့လား၊ မင်းပြောတော့..........." ရွန်နဲ့ ဟာမီယွန်နှစ်ယောက်သား ပြိုင်တူ ဟယ်ရီ့ဘက်ကို လှည့်ပြီး ပြောလိုက်တယ်။

ဒမ်းဘဲလ်ဒိုးရဲ့ အသံ ထွက်လာပြန်တယ်။ သူက ခန်းမထဲမှာ ပွစိပွစိ ပြောနေတဲ့ အသံတွေကို ဖုံးသွားအောင် အသံကိုမြှင့်ပြီး ပြောလိုက်တယ်။ "တစ်ချိန်တည်းမှာ ပါမောက္ခစနိပ်ကလည်း

www.burmeseclassic.com

လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများ တွန်းလှန်ကာကွယ်ရေး ဘာသာရပ်ဆရာအဖြစ် တာဝန်ယူသွားမှာ ဖြစ်ပါတယ်"

"မဖြစ်ဘူး"ဟယ်ရီက အသံကုန်ဟစ်ပြီး အော်ပြောလိုက်တာ ခန်းမထဲက ခေါင်းတွေအကုန်လုံး သူ့ဘက်ကို လှည့်သွားတယ်။ ဒါပေမဲ့ သူက ဂရုမစိုက်ဘူး။ သူ ဝန်ထမ်းစားပွဲကို စိုက်ကြည့်နေတယ်။ ဒေါသလည်း အကြီးအကျယ် ထွက်နေတယ်။ ဒီအချိန်မှာ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများ တွန်းလှန်ကာကွယ်ရေး ဘာသာရပ် အလုပ်တာဝန်ကို စနိပ်ကို ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပြီးတော့ စနိပ်ဟာ ဒမ်းဘဲလ်ဒိုးက နှစ်ပေါင်းများစွာ မယုံကြည်ခဲ့တဲ့သူဆိုတာ လူတိုင်းသိနေတာပဲ။

"ဟယ်ရီ နင်ပြောတော့ ပက်ကျိချို့က လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှု ကာကွယ်ရေး ဘာသာရပ်ကို သင်မယ်ဆို"ဟာမီယွန်ကလည်း ဘေးကနေ ဆွပေးနေသလို ပြောနေတယ်။

"အေး........... သူသင်ရမယ်လို့ ငါထင်ခဲ့တာပဲ" ဟယ်ရီက သူ့ကို ဒမ်းဘဲလ်ဒိုး ပြောပြစဉ်က အချိန်ကို ဦးနှောက်ခြောက်အောင် အပြင်းအထန် ပြန်စဉ်းစားရင်း ပြောလိုက်တယ်။ ဒါပေမဲ့ ခု သူပြန်တွေးလို့ မရတော့ဘူး။ ပက်ကျိချို့ အဲဒီ ဘာသာရပ်ကို သင်ရမယ်လို့ ဒမ်းဘဲလ်ဒိုးက သူ့ကို ပြောခဲ့တယ် မပြောဘူးဆိုတာ သူ တိတိကျကျ ပြန်စဉ်းစားလို့ ထွက်မလာတော့ဘူး။

ဒမ်းဘဲလ်ဒိုးရဲ့ ညာဘက်မှာ ကပ်ထိုင်နေတဲ့ စနိပ်က သူ့နာမည်ကို ကြေညာပေးချိန်မှာ မတ်တတ်ရပ်မပြဘူး။ သူက ဆလီသီရင်တွေ စားပွဲကို လက်ခုပ်သြဘာပေးနေတာကို ပျင်းရိပျင်းတွဲ ပုံစံနဲ့ လက်တစ်ချောင်းပဲ ထောင်ပြခြင်းအားဖြင့် အသိအမှတ် ပြုလိုက်တယ်။ သူ အင်မတန် မနှစ်မြို့ ရွံရှာ စက်ဆုပ်တဲ့ အကောင်တွေ အောင်ပွဲခံသွားကြပြန်တာကို ဟယ်ရီ သိလိုက်ရတယ်။

"ကောင်းတယ်၊ တစ်ချက်တော့ ကောင်းသွားတာပဲ"ဟယ်ရီက ခက်ထန်မာကျောတဲ့ လေသံနဲ့ ပြောလိုက်တယ်။ "နှစ်ကုန်ရင် စနိပ်ကြွသွားလိမ့်မယ်"

"ဘာ ......... ဘာ မင်းက ဘာကို ဆိုလိုတာလဲ"လို့ ရွန်က မေးလိုက်တော့ ဟယ်ရီက "အို စောင့်ကြည့်ပေါ့ကွ၊ အဲဒီအလုပ်က တကယ် ဂြိုလ်ဆိုးဝင်တဲ့ အလုပ်ကွ။ တစ်ယောက်မှ တစ်နှစ်ထက် ပိုမခံဘူး။ အကုန်သွားတာပဲ။ ကွာရဲလ်လည်း အဲဒီ အလုပ်လုပ်ရင်း သေတာပဲ။ ငါ့အထင်တော့ နောက်တစ်ယောက်လည်း သေဦးမှာပဲ"တဲ့။

"ဟဲ့.......... ဟယ်ရီနော်"ဟာမီယွန်က အလန့်တကြား အပြစ်တင်သံနဲ့ ဟယ်ရီကို ဟန့်လိုက်တယ်။

"သူ နှစ်ကုန်ရင် ဆေးပညာဘာသာကို ပြောင်းသင်ပါလိမ့်မယ်ကွ။ ပက်ကျိချို့လို လူကလည်း အကြာကြီးနေချင်မှာ မဟုတ်ဘူး၊ ဒေါသဖြစ်မနေနဲ့၊ မင်းစိတ်ကို လျှော့ထားလိုက်"လို့ ရွန်က ဝင်ပြောတယ်။

ဒမ်းဘဲလ်ဒိုးက လည်ချောင်းတစ်ချက် ရှင်းလိုက်တယ်။ အခန်းထဲမှာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့သာ စကားပြောနေတာ မဟုတ်ဘဲ စနိပ်ဟာ နောက်ဆုံးမှာ သူ့စိတ်ကြိုက် သူဖြစ်ချင်တဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

အောင်ပွဲခံသွားနိုင်တဲ့ သတင်းကို ခန်းမကြီးတစ်ခုလုံးထဲမှာ ရှိတဲ့လူတွေ ကျွတ်စီကျွတ်စီနဲ့ ပြောနေကြတယ်။ ဒီမှာတင် ဒမ်းဘဲလ်ဒိုးက သူဖန်တီးလိုက်တဲ့ သတင်းကြောင့် လူတွေ အုတ်အုတ်ကျက်ကျက် ဖြစ်နေတဲ့ သဘောသဘာဝကို သဘောမပေါက်ဘဲ နောက်ထပ် သူ့စကားမဆက်ခင် အားလုံး ငြိမ်သွားတဲ့အထိ ဝန်ထမ်းခန့်ထားမှုနဲ့ ပတ်သက်ပြီး ဘာမှမပြောသေးဘဲ စောင့်နေလိုက်တယ်။

"ကဲ–ခု ဗိုဒီမော့နဲ့ သူ့ရဲ့ နောက်လိုက်တွေ နောက်တစ်ကြိမ် ပြန်လွတ်ထွက်သွားပြီး အင်အားလည်း ကောင်းနေတာကို ဒီခန်းမထဲမှာ ရှိနေသူ တစ်ယောက်မကျန် သိထားပြီး ဖြစ်တဲ့အတိုင်း........"

ခန်းမထဲမှာ တိတ်ဆိတ်နေပေမဲ့ အခြေအနေ အတော်ကလေး တင်းမာနေပုံ ရတယ်။ ဟယ်ရီက မော်လ်ဖွိုင်းကို ဖျတ်ခနဲ တစ်ချက် ဝေ့ကြည့်လိုက်တယ်။ မော်လ်ဖွိုင်းကတော့ ဒမ်းဘဲလ်ဒိုးကို ကြည့်မနေဘဲ သူ့ဆေးကြိမ်လုံး အစွမ်းနဲ့ သူ့ခက်ရင်းကို လေထဲမှာ ဝဲခိုင်းထားတယ်။ သူက ကျောင်းအုပ်ကြီးရဲ့ စကားမှာ သူစိတ်ဝင်စားစရာ ဘာမှမပါလို့ သူနားထောင်ဖို့ မတန်ဘူးဆိုတဲ့ပုံ လုပ်နေတယ်။

ဒမ်းဘဲလ်ဒိုးကလည်း သူ့စကားကို ဆက်တယ်။

"လောလောဆယ် အခြေအနေဟာ ဘယ်လောက် အန္တရာယ်ရှိတယ်။ ဟော့ဂ်ဝပ်စ်ကျောင်းမှာ ရှိနေသူတိုင်း ကျွန်တော်တို့ လုံခြုံဘေးကင်းမှု သေချာသည်ထက် သေချာအောင် ဘယ်လောက် ဂရုစိုက်ဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော် ဒါထက် ပိုပြီး ခင်ဗျားတို့ကို ရှင်းမပြတတ်ဘူး။ ရဲတိုက်ကြီးရဲ့ မှော်ခံစစ်ကို ပိုမိုအင်အားတောင့်တင်းအောင် နွေကာလအတွင်းက လုပ်ထားခဲ့ပြီးပါပြီ။ ကျွန်တော်တို့ကို ပိုမို အစွမ်းထက်တဲ့ နည်းလမ်းသစ်တွေနဲ့ အကာအကွယ် ပေးထားတာပါ။ ဒါပေမဲ့ ဘယ်ကျောင်းသားနဲ့ ဝန်ထမ်းအဖွဲ့ဝင် တစ်ဦးတစ်ယောက်မှ သတိလက်လွတ်မဖြစ်ရအောင် ကျွန်တော်တို့အနေနဲ့ ဆက်လက် စောင့်ကြည့်နေရပါလိမ့်မယ်။ ဒါကြောင့်မို့ ခင်ဗျားတို့ဟာ လုံခြုံရေးဆိုင်ရာ ကန့်သတ်ပြဋ္ဌာန်းချက်တွေကို လိုက်နာကြပါ။ ခင်ဗျားတို့ ဆရာတွေက တစ်စုံတစ်ရာ တာဝန်ပေးလာရင် ကျေကျေပွန်ပွန် ဆောင်ရွက်ပေးပါလို့ ခင်ဗျားတို့ကို ကျွန်တော် တိုက်တွန်းပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် အဲဒီလိုဆောင်ရွက်ရာမှာ ခင်ဗျားတို့အနေနဲ့ ပုဂ္ဂိုလ်ရေးအရ မကျေနပ်စရာ၊ ဒေါသဖြစ်စရာတွေ တွေ့ကောင်းတွေ့မှာပါပဲ။ အထူးသဖြင့် သာမန်အချိန်တွေ ကုန်ဆုံးသွားပြီး နောက်ပိုင်းမှာ ခင်ဗျားတို့ ကိုယ့်အိပ်ရာထဲက မထွက်ကြပါနဲ့။ ကျွန်တော် ခင်ဗျားတို့ကို အနူးအညွတ် တောင်းပန်ချင်တာကတော့ ရဲတိုက်အတွင်းမှာပဲ ဖြစ်ဖြစ်၊ အပြင်မှာပဲ ဖြစ်ဖြစ် မသင်္ကာစရာ တစ်စုံတစ်ခုကို တွေ့ပြီဆိုရင် ဝန်ထမ်းအဖွဲ့ဝင် တစ်ဦးဦးထံကို ချက်ချင်း သတင်းပို့ကြဖို့ပါပဲ။ မိမိအတွက်ရော အခြားသူတွေရဲ့ လုံခြုံမှုအတွက်ပါ ခင်ဗျားတို့ အခါမလပ် ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ကျွန်တော် အပြည့်အဝ ယုံကြည်ပါတယ်"

ဒမ်းဘဲလ်ဒိုးဟာ သူ့ရဲ့ မျက်လုံးပြာပြာတွေကို ကျောင်းသားတွေအားလုံးကို တစ်ချက် ခြုံအကဲခတ်လိုက်ပြီးမှ နောက်ထပ်တစ်ခါ ပြုံးလိုက်ပြန်ပါတယ်။ သူက ဆက်ပြီး–

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ကဲ....... ဒါပေမဲ့ ခုလောလောဆယ်တော့ ခင်ဗျားတို့ တောင့်တနေတဲ့ အတိုင်း ချွေးချွေးထွေးထွေး သက်သောင့်သက်သာ အနားယူအိပ်စက်ဖို့ ခင်ဗျားတို့ အိပ်ရာတွေက ခင်ဗျားတို့ကို စောင့်စားနေပါပြီ။ ခင်ဗျားတို့ရဲ့ လတ်တလော ထိပ်တန်းဦးစားပေး ဆန္ဒဟာ နက်ဖြန်ကျောင်းသင်ခန်းစာတွေအတွက် အပြည့်အ၀ အနားယူအိပ်ပစ်လိုက်ကြဖို့ပဲ ဆိုတာ ကျွန်တော် သိပါတယ်။ ဒါကြောင့် ကောင်းသောညပါလို့ နှုတ်ဆက်လိုက်ကြစို့၊ ကဲ–တန်းဖြုတ်ပါပြီ"

ဒီမှာတင် နားထဲမှာ စူးစူးဆစ်ဆစ် ဖြစ်သွားလောက်အောင် တဂျစ်ဂျစ် ဆွဲခြစ်ပွတ်တိုက်သွားသံတွေနဲ့ အတူ ထိုင်နေတဲ့ ခုံရှည်တွေ နောက်ဘက်ကို ရွှေ့သွားကြတယ်။ ရာပေါင်းများစွာသော ကျောင်းသား ကျောင်းသူတွေ မဟာခန်းမကြီးထဲကနေ စီတန်းထွက်လာကြပြီး သူတို့ အဆောင်တွေကို ပြန်သွားနေကြတယ်။ ဟယ်ရီကတော့ အဲဒီလူအုပ်တွေကို ငေးကြည့်ရင်း သုတ်သီသုတ်ပျာ အလျဉ်းမလုပ်ဘဲ နောက်ချန်နေတယ်။ သူက မော်လ်ဖွိုင်းအနားကို မကပ်မိအောင် သတိထားပြီး ခပ်ခွာခွာနေရင်း သူ့နှာခေါင်းကို တက်နင်းချိုးလိုက်တဲ့ ဇာတ်လမ်းကို မော်လ်ဖွိုင်း လွတ်လွတ်လပ်လပ် ကြွားပါစေဆိုပြီး ခွင့်ပြုထားလိုက်တယ်။ သူ့ရဲ့ ပတ္တူဖိနပ်ကြီးကို ပြန်ချည်နေသလိုလို ဟန်ဆောင်ရင်း ဂရိုဖင်ဒေါဆောင်က ကျောင်းသားတွေ သူ့ရှေ့ကို ကျော်သွားတဲ့အထိ သူစောင့်နေတယ်။ ဟာမီယွန်လည်း ပထမနှစ်ကျောင်းသားတွေကို လမ်းပြခေါ်ဆောင်သွားရမယ့် သူမရဲ့ တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်အောင်လို့ ရှေ့ကကြိုသွားနှင့်ပြီ။ ဒါပေမဲ့ ရွန်က မသွားသေးဘဲ သူနဲ့ အတူ ရှိနေတုန်းပဲ။

"မင်း နှာခေါင်းက တကယ်မှာ ဘာဖြစ်တာလဲကွ"ခန်းမကြီးထဲက ထွက်သွားနေတဲ့ လူအုပ်တွေရဲ့နောက် တော်တော်လှမ်းလှမ်းမှာ သူတို့ ကျန်နေတဲ့ အချိန်ကျမှ ရွန်က ဟယ်ရီ့ကို မေးလိုက်တယ်။

ဟယ်ရီက ဒါ သူတို့ မိတ်ဆွေဖြစ်မှုခိုင်မာတဲ့ သဘောလက္ခဏာ အမှတ်အသားပါလို့ မဖြစ်နိုင်တာကို ပြောလို့ ရွန်က မရယ်ဘဲ မကျေမနပ်နဲ့ အောက်သိုးသိုးလုပ်နေတယ်။

"ငါမြင်တာတော့ မော်လ်ဖွိုင်းက နှာခေါင်းတစ်ချောင်းကို သူ ဘယ်လိုလုပ်လိုက်တယ်ဆိုတဲ့ သဘောနဲ့ လက်ဟန်ခြေဟန် လုပ်ပြနေတာပဲ"လို့လည်း သူက ပြောလိုက်တယ်။ ဒီတော့–

"ကဲပါကွာ၊ ငါ အဲဒီကို ရောက်မလာခင် သူပြောတာ မင်းကြားရတာတွေက အရေးမကြီးပါဘူး"လို့ ဟယ်ရီက ပိတ်ဟောက်လိုက်ပါရော။ ရွန်ဟာ မော်လ်ဖွိုင်းရဲ့ ကြွားလုံးတွေမိပြီး အံ့အားသင့်နေတာ ဖြစ်မယ်လို့ ဟယ်ရီ တွေးလိုက်တယ်။

"ဒါပေမဲ့ လုပ်မနေနဲ့ ဟယ်ရီ၊ သူက အဲဒီမှာ ပါကင်ဆန်ကို ကြွားနေတာတော့ အမှန်ပဲ။ ယူနီးဟူးက သူ့ကို ဘယ်လို တာဝန်မျိုး ပေးထားတယ် မသိဘူးနော်"လို့ သူက ပြောနေတုန်းပဲ။

"ဗိုဒီမော့ဟာ ဟော့ဂ်ဝပ်စ်ကျောင်းမှာ တစ်ယောက်ယောက်ကို အဲဒီလို တာဝန်ပေးဖို့ မလိုဘူးဆိုတာ မင်းဘာလို့ မသိရတာလဲ။ ဒါက ပထမအရေးကြီးဆုံး အချက် မဟုတ်........"

www.burmeseclassic.com

သူ့စကား မဆုံးခင် "မင်း အဲဒီနာမည်ကို ထည့်ထည့်ပြောနေတာကို ရပ်လိုက်ပါလား ဟယ်ရီ"လို့ အပြစ်တင်သံတစ်သံ သူတို့ နောက်က ထွက်တာတယ်။ ဟယ်ရီ နောက်ပြန်လှည့်ကြည့်လိုက်တော့ ခေါင်းယမ်းပြနေတဲ့ ဟက်ဂရစ်ကို သူတွေ့လိုက်ရတယ်။

"ဒမ်းဘဲလ်ဒိုးလည်း အဲဒီနာမည်ကို ထည့်ပြောတာပဲဗျ"လို့ ဟယ်ရီက ဖွတ်ပြောနေတယ်။

"ဟုတ်လား၊ ဒမ်းဘဲလ်ဒိုးက ဒီလို ပြောလို့လား"ဟက်ဂရစ်က အထူးအဆန်း ကြားရသလို ပြောလိုက်ပြီးမှ "အဲဒါ ထားဦး မင်းဘာဖြစ်လို့ နောက်ကျရတာလဲ၊ ငါဖြင့် စိတ်ပူလိုက်ရတာ"လို့ အပြစ်တင်လိုက်တယ်။

"ရထားပေါ်မှာ အနှောင့်အယှက် တွေ့နေလို့ပဲ၊ ဒါနဲ့ ခင်ဗျားကော ဘယ်လို နောက်ကျပြီး ရောက်လာတာလဲ"ဟယ်ရီကလည်း ပြောရင်း ပြန်မေးလိုက်တယ်။

"ဂရော့ပ်နဲ့ တွေ့နေလို့ကွ၊ သူ ခု တောင်ပေါ်မှာ အိမ်သစ်တစ်လုံး ရထားတယ်။ အဲဒါ ဒမ်းဘဲလ်ဒိုးက စီစဉ်ပေးတာပဲ။ တော်တော်ကောင်းတဲ့ လိုဏ်ဂူကြီးတစ်ခုပေါ့။ သူ တောထဲမှာ နေရတာထက် ပိုပြီး ပျော်နေတယ်။ တို့တွေ စကားတွေ တဝကြီး ပြောကြတယ်"လို့ပြောရင်း ဟက်ဂရစ်က ပြန်ပြောရတာ ပျော်နေပုံရတယ်။

"အဲဒါ တကယ်လား"ဟယ်ရီက ရွန်မမြင်သာအောင် သတိထားပြီး အသာ မေးလိုက်တယ်။ ဟက်ဂရစ်ရဲ့ အဖေတူအမေကွဲ ညီအစ်ကို ဧရာမ ဘီလူးကြီး ဂရော့ပ်နဲ့ သူ နောက်ဆုံးတွေ့ခဲ့ဖူးသေးတယ်။ ဂရော့ပ်က သစ်ပင်တွေကို အမြစ်က ဆွဲနှုတ်ပစ်အောင် ပါရမီထူးတဲ့ ခွန်အားရှိတယ်။ သူ့မှာ စကားပြောဖို့ စာလုံး ၅လုံး ပါဝင်ဖွဲ့စည်းထားတဲ့ ဝေါဟာရ ရှိတယ်။ အဲဒီထဲက စာလုံးနှစ်လုံးကို သူ ကောင်းကောင်း အသံမထွက်တတ်ဘူး။

"အို..........တကယ်ပေါ့ကွ၊ သူလာလိမ့်ဦးမယ်။ မင်းမြင်ရင် အံ့ဩသွားလိမ့်မယ်။ နောက် ငါ စဉ်းစားနေတယ်။ သူ့ကို လေ့ကျင့်ပေးပြီး ငါ့ရဲ့ လက်ထောက် လုပ်ခိုင်းမလားလို့"လို့ ဟက်ဂရစ်က ထပ်ရှင်းပြတယ်။

ရွန်က အသံအကျယ်ကြီး နှာချေလိုက်တယ်။ ဒီအချိန်မှာ သူတို့ ရဲတိုက်ရှေ့ အဝင်ဝဂိတ် ဝက်သစ်ချသား တံခါးကြီးရဲ့ ဘေးမှာ ရပ်နေကြတာ ဖြစ်တယ်။

"ဒါဖြင့်ရင် မင်းနဲ့ငါ နက်ဖြန်တွေ့ကြတာပေါ့၊ နေ့လယ်စာ စားပြီးနောက်ပိုင်း ပထမဆုံး သင်ခန်းစာပြီးရင် တွေ့မယ်၊ မင်း စောစောလာခဲ့။ မင်း ဝစ်သာဝင်းစ်ကိုလည်း နှုတ်ဆက်နိုင်တာပေါ့"ဟက်ဂရစ်က ထပ်ပြောလိုက်တယ်။

ပြီးတော့ လက်ကြီးတစ်ဖက်ကို မြှောက် နှုတ်ဆက်ပြရင်း တံခါးမကြီးက ထွက်ပြီး ဟက်ဂရစ် အမှောင်ထုထဲကို ဝင်ရောက် ပျောက်ကွယ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီနဲ့ ရွန်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြတယ်။ ရွန့်မှာလည်း သူနဲ့ထပ်တူ အခြေအနေသိပ်မကောင်းတဲ့ ခံစားမှုတစ်ခုနဲ့ ကြုံနေရတယ်ဆိုတာ ဟယ်ရီ အတပ်ပြောနိုင်တယ်။

"မင်း မှော်သတ္တဝါကောင်ကြီးတွေကို ဂရုမစိုက်ဘူး၊ ဟုတ်တယ် မဟုတ်လား"လို့ သူက မေးလိုက်တော့ ရွန်က ခေါင်းခါပြပြီး "မင်းလည်း ဂရုမစိုက်ပါဘူးလေ၊ မဟုတ်ဘူးလား"ပြန်မေးတယ်။

ဟယ်ရီ ခေါင်းခါပြလိုက်တယ်။

"ဟာမီယွန်ကိုရော၊ သူမလည်း ဖြစ်များ ဖြစ်နေသလား"လို့ ရွန်က မေးပြန်တယ်။

ဟယ်ရီ ခေါင်းကို နောက်တစ်ခါ ထပ်ခါပြလိုက်တယ်။

သူ့ရဲ့ ဘာသာရပ်ကို သူ့ရဲ့ လက်ရွေးစင်ကျောင်းသား သုံးယောက်က လက်လွှတ်လိုက်ကြပြီဆိုတာ ဟက်ဂရစ် သိသွားတဲ့အခါ သူ ဘာပြောမလဲ။ ဟယ်ရီ အတိအကျ စဉ်းစားချင်စိတ် မရှိတော့ဘူး။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

အခန်း (၉)
သွေးတစ်ဝက်မှော်ဝိဇ္ဇာ

နောက်တစ်နေ့နံနက် ရောက်လာတယ်။

ဟယ်ရီနဲ့ ရွန်တို့ နံနက်စာ မစားခင် ကျောင်းသား အပန်းဖြေ ခန်းမကြီးထဲမှာ ဟာမီယွန်နဲ့ တွေ့တယ်။ ဟယ်ရီက သူ့စိတ်ကူးအတိုင်း လုပ်နိုင်အောင် ဟာမီယွန်ရဲ့ ထောက်ခံအားပေးမှုရရှိဖို့ ဟော့ဂ်ဝပ်စ် အမြန်ရထားကြီးပေါ်မှာ နားစွန်နားဖျား ကြား ခဲ့တဲ့ မော်လ်ဖွိုင်း ပြောတာတွေကို တက်သုတ်ရိုက် ပြန်ပြောပြလိုက်တယ်။

"ဒါပေမဲ့ မော်လ်ဖွိုင်းက ပါကင်ဆန်ကို ကြွားလုံးထုတ်နေတယ် ဆိုတာကတော့ သိသာတယ်လေ၊ မဟုတ်ဘူးလား"လို့ ရွန်က ဟာမီယွန် ဘာမှ ပြန်မပြောရသေးခင် ကြားဖြတ်ပြီး ဝင်ပြောလိုက်တယ်။

"ဟုတ်တော့ ဟုတ်ပါတယ်"ဟာမီယွန်က တိတိကျကျ မဟုတ်ဘဲ ဝေဝါးဝါးနဲ့ ပြောတယ်။ "ဒါပေမဲ့ ဘာတွေ ပြောလဲဆိုတာတော့ ငါမသိဘူး။ ဖြစ်နိုင်တာကတော့ မော်လ်ဖွိုင်းဟာ သူ့ကိုယ်သူ ရှိတာထက် ပိုချဲ့ကားပြီး အရေးပါနေသလို ပြောတာပဲ ဖြစ်မယ်။ ဘာပြောပြော သူပြောတာ မှန်သမျှလည်း အကြီးအကျယ် ညာတာတွေချည်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

"နင်ပြောတာ ကွက်တိပဲ"ဟယ်ရီက ပြောလိုက်တယ်။ ဒါပေမဲ့ ဘယ်အချက်လဲ ဆိုတာတော့ သူကမပြောဘူး။ လူတွေ အများကြီးက သူတို့ ပြောစကားကို ကြားနိုင်အောင် ကြိုးစားနေလို့ပဲ။ သူတို့က ဟယ်ရီကို မကြည့်ဘဲ လက်ကွယ်ပြီး တီးတိုးတီးတိုး လုပ်နေတယ်။

"မင်း လက်ညှိုးနဲ့ ထိုးပြပြီး ပြောတော့ ရှိင်းတာပေါ့ကွာ"

ပုံတူပန်းချီကားရုပ်ကြီးရဲ့ အပေါက်ကနေထွက်ဖို့ တန်းစီနေသူတွေထဲကို သူတို့ ဝင်စီလိုက်ချိန်မှာ ရွှန်က မလောက်လေးမလောက်စား ပထမနှစ်ကောင်လေး တစ်ယောက်ကို ဟောက်ပစ်လိုက်တာပါပဲ။ ဟယ်ရီ့အကြောင်းကို သူ့လက်နဲ့ကွယ်ပြီး သူငယ်ချင်းတစ်ယောက်ကို ပြောနေတဲ့ ချာတိတ်လေး ရှက်သွေးဖျန်းသွားပြီး အပေါက်ရဲ့ အပြင်ဘက်ကို ပြိုလဲကျသွားလို့ ရွှန်က ခပ်တိုးတိုး ရယ်လိုက်တယ်။

"ဆဋ္ဌမနှစ်ကျောင်းသား ဖြစ်ရတာ ငါ သိပ်သဘောကျတယ်။ ဒီနှစ် တို့တွေ အားလပ်ချိန်တွေ အများကြီးရမယ်။ တို့ နားနားနေနေ သက်သောင့်သက်သာ ဖိမ်နဲ့ထိုင်နေနိုင်မယ့် အချိန်တွေပေါ့ကွာ"

"ဘယ်ဖြစ်မှာလဲ.......... တို့ အဲဒီအချိန်မှာ စာဖတ်နေဖို့လိုတယ်"သူတို့ စင်္ကြံလမ်း အတိုင်း လျှောက်လာကြချိန်မှာ ဟာမီယွန်က ပြောလိုက်တယ်။

"အေးပါ၊ ဒီနေ့တော့ မလုပ်နဲ့၊ ဒီနေ့ကတော့ ဘယ်နေရာရောက်နေနေ ထိုးအိပ်နေရမယ့်နေ့လို့ ငါ သတ်မှတ်ထားတယ်"လို့ ရွှန်က ပြန်ပြောလိုက်တယ်။

"ဟေ့ နေဦး၊ ခဏရပ်စမ်း"

ဟာမီယွန်က လက်တစ်ဖက်ကို ဆန့်ထုတ်ကာထားပြီး သူမကို ဖြတ်တိုးပြီး ကျော်တက်သွားဖို့ ကြိုးစားတဲ့ စတုတ္ထနှစ်ကျောင်းသားလေး တစ်ယောက်ကို တားထားလိုက်တယ်။ ကောင်လေးရဲ့ လက်ထဲမှာ သံပရာအစိမ်းရောင် အချပ်ပြားဝိုင်းတစ်ခုကို မြဲမြဲဆုပ်ကိုင်ထားတယ်။

"အစွယ်ပါတဲ့ ဆော့ကစားစရာ လေဝဲပန်းကန်ပြားတွေကို တားမြစ်ထားတယ်ကွ။ မင်းဟာ ငါ့ကိုပေးစမ်း" သူမက လေသံပြင်းပြင်းပြောလိုက်တယ်။ ဒီမှာတင် မျက်နှာရှစ်ခေါက်ချိုးနဲ့ စတုတ္ထနှစ်ကျောင်းသားလေးက ဟာမီယွန်ကို သုန်သုန်မှုန်မှုန် မကြည့်မသာကြည့်ရင်း ပန်းကန်ပြားလေးကို ပေးလိုက်ပြီးတော့ သူမတားထားတဲ့ လက်မောင်းအောက်က ငုံ့ထွက်သွားတယ်။ ကောင်လေးက သူ့သူငယ်ချင်းတွေကိုပါ တစ်ပါတည်း စောင့်ခေါ်သွားတယ်။ ရွှန်က သူတို့ မြင်ကွင်းက ပျောက်သွားချိန်အထိ စောင့်နေပြီးတော့မှ "ဟာ ........ ကောင်းလိုက်လေ၊ အကြိုက်ဆုံးပဲ၊ ဒါမျိုးတစ်ချပ် ငါ လိုချင်နေတာ ကြာလှပြီ"ဆိုပြီး ဟာမီယွန်ရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ လေဝဲပန်းကန်ပြားကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။

ဟာမီယွန် ကမန်းကတန်း ကန့်ကွက်ပြောဆိုပေမဲ့ သူမရဲ့ အသံကို တဟားဟား အကျယ်ကြီးအော်ရယ်လိုက်တဲ့ လာဗင်ဒါဘရောင်းရဲ့ အသံက ဖုံးသွားတယ်။ ဘရောင်းက

www.burmeseclassic.com

www.burmeseclassic.com

ရွှန်ပြောလိုက်ပုံကို အရမ်းသဘောကျလို့ ရယ်တာပဲ။ သူမက ဆက်ရယ်နေပြီးမှ သူတို့ကို ကျော်ဖြတ်သွားတယ်။ ရွှန်ကလည်း ကိုယ့်ဘာသာကိုယ် သဘောကျနေတယ်။

ဟော့ဂ်ဝပ်စ်ကျောင်း မဟာခန်းမကြီးရဲ့ မျက်နှာကြက်ကို အေးဆေးတည်ငြိမ်တဲ့ အပြာရောင်နောက်ခံပေါ်မှာ တိမ်မျှင်နုနု ကျဲကျဲပါးပါးလေးတွေနဲ့ တန်ဆာဆင် ရေးဆွဲထားတယ်။ မျက်နှာကြက်ဟာ ပြတင်းပေါက်တိုင်တွေကို ဖြတ်ပြီး အပြင်ဘက် ကောင်းကင်ပြင်မှာ မြင်နေရတဲ့ လေးထောင့်ကျကျ မြင်ကွင်းကိုယူပြီး တပ်ဆင်ထားသလိုပါပဲ။ ခန်းမထဲမှာ သူတို့တွေ အုတ်ဂျုံယာဂုကို ကြက်ဥနဲ့ ဝက်သားဆားနယ်နဲ့ သောက်နေကြတုန်း ဟယ်ရီနဲ့ ရွှန်က ဟာမီယွန်ကို ပြီးခဲ့တဲ့ညက သူတို့ ဟက်ဂရစ်နဲ့ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ပြောခဲ့ဆိုခဲ့ကြတာကို ပြန်ပြောနေတယ်။

ဟာမီယွန်က "ဒါပေမဲ့ တို့တွေ 'မှော်သတ္တဝါကောင်များအား သတိပြုနိုင်စွမ်း' ဘာသာရပ်ကို ဆက်ယူထားတယ်ဆိုတာ သူကျိန်းသေ တွေးမိမှာ မဟုတ်ပါဘူး"လို့ ပြောလိုက်တယ်။ ပြီးတော့ စိတ်ထိခိုက်သွားပုံနဲ့ ဆက်ပြီး "ငါ ပြောချင်တာက တို့အထဲက တစ်ယောက်ယောက်က ဘယ်တော့ ထုတ်ပြောမလဲ၊ စိတ်ပျက်စရာကြီးဟယ်"လို့ သူမဆက်ပြောတယ်။

"အဲဒါလည်း ဟုတ်တာပဲ"ရွှန်က ကြက်ဥကြော်တစ်လုံးကို အလုံးလိုက် တစ်ချက်တည်း မျိုချရင်း ထောက်ခံနေတယ်။ "ပြီးတော့ တို့တွေဟာ စာသင်ခန်းထဲမှာ အကြိုးစားဆုံး ကျောင်းသားတွေပဲ။ အဲဒါဟာ တို့က ဟက်ဂရစ်ကို သဘောကျလို့ ကြိုးစားတာဖြစ်ပေမဲ့ သူက တို့ အဲဒီ အသုံးမကျတဲ့ ဘာသာရပ်ကို သဘောကျလို့လို့ ထင်နေတယ်။ ဘယ်သူက အင်န်အီးဒဗလျူတီကို သင်ချင်မှာလဲ။ မင်းရောထင်လား"ပြောပြီးမေးလိုက်တယ်။

ဟယ်ရီရော ဟာမီယွန်ပါ သူမေးတာကို မဖြေကြဘူး။ ဖြေစရာလည်း မလိုဘူး။ ရှင်းနေတယ်။ ဒီနှစ် သူတို့ ကျောင်းသားတွေထဲမှာ မှော်သတ္တဝါကောင်များအား သတိပြုနိုင်စွမ်း ဘာသာကို ဆက်ယူချင်တဲ့သူ တစ်ယောက်မှ မရှိတာ သူတို့ သိနေတယ်။ သူတို့ ဟက်ဂရစ်နဲ့ မျက်လုံးချင်းမဆုံအောင် ရှောင်လွှဲနေပြီး နောက် ၁၀မိနစ်အကြာ ဝန်ထမ်းစားပွဲက သူထသွားချိန်ကျမှသာ သူ့ရဲ့ ရွှင်မြူးတဲ့ လက်ပြနှုတ်ဆက်မှုကို စိတ်မပါဘဲ အလိုက်သင့်တုံ့ပြန်လိုက်တယ်။

သူတို့ စားသောက်ပြီးသွားတဲ့ နောက်မှာလည်း ပါမောက္ခ မက်ဂေါနာဂေါလ်ပါ ဝန်ထမ်းစားပွဲက ထထွက်သွားတဲ့အထိ စောင့်ရင်း သူတို့နေရာမှာ သူတို့ ဆက်ရှိနေကြတယ်။ ဒီနှစ် အတန်းအစီအစဉ်တွေ ခွဲဝေပေးပုံကလည်း ခါတိုင်းနှစ်တွေထက် ပိုရှုပ်ထွေးနေတယ်။ ကျောင်းသားတိုင်း သူတို့ ရွေးချယ်ရတဲ့ အင်န်အီးဒဗလျူတီဘာသာ ဆက်သင်နိုင်ဖို့ အိုဒဗလျူအယ်လ်ဘာသာကို အဆင့်မီမီ အောင်ခဲ့ခြင်း ရှိမရှိ ပါမောက္ခ မက်ဂိုနာဂေါလ်ရဲ့ စစ်ဆေးအတည်ပြုမှု ရယူဖို့ လိုအပ်နေလို့ပဲ။

ဟာမီယွန် ဂါထာမန္တရား၊ လျှို့ဝှက်မှော်ပညာဖြင့် တိုင်ခိုက်မှုများအား ကာကွယ်ခြင်း၊ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း၊ မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နှံ့စပ်မှု၊ သင်္ချာအတွက်အချက်နှင့် ပုစ္ဆာဖြေရှင်းမှု၊ ရှေးဟောင်း မှော်လက်ရေးစာများနဲ့ ပီယဆေးနှင့် ဏ္ဍဗလဆေးရည်များ ဘာသာတွေကို ဆက်သင်နိုင်ဖို့ ချက်ချင်းလိုလို အတည်ပြုချက်ရပြီး လမ်းပွင့်သွားတယ်။ ပြီးတော့ ပထမဆုံးတစ်ချိန်အဖြစ် ရှေးဟောင်းစာများအတန်းကို ချက်ချင်းလက်ငင်း ကောက်ကာငင်ကာ

www.burmeseclassic.com

www.burmeseclassic.com

သူမတက်လို့ပြီသွားတယ်။ နက်ဗီးလ်ကတော့ ဘာသာရပ်ရွေးချယ်ရာမှာ အချိန်နည်းနည်းကြာသွားတယ်။ ပါမောက္ခ မက်ဂိုနာဂေါလ်က သူ့ရဲ့ လျှောက်လွှာကို အသေအချာငုံ့ကြည့်စစ်ဆေးနေရုံမကဘဲ သူ့ရဲ့ အိုဒဗလျူအယ်လ် အောင်ချက်တွေကိုပါ ပြန်မေးစစ်ဆေးနေတဲ့အတွက် သူမျက်နှာလုံးလုံးကြီးဟာ စိုးရိမ်စိတ်နဲ့ ဆီးရွက်လို ငယ်နေတယ်။

"မော် ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နဲ့စပ်မှုဘာသာ အခြေအနေ ကောင်းတယ်၊ ပိုင်တယ်။ ပါမောက္ခ စပရောက်ကတော့ ထူးချွန်အဆင့်တွေ ပြည့်နေတဲ့ မင်းရဲ့ အိုဒဗလျူအယ်လ်အောင်စာရင်းနဲ့ မင်းကို ပြန်တွေ့လိုက်ရရင် ပျော်နေတော့မှာပဲ။ ပြီးတော့ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာမှာလည်း မျှော်လင့်ချက်အလားအလာ အလွန်အားကောင်း အဆင့်နဲ့ မင်းအဆင့်မီကြောင်း အတည်ပြုခဲ့ရတယ်။ ဒါပေမဲ့ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာမှာ ပြဿနာရှိတယ်။ ငါ စိတ်မကောင်းပါဘူး လောင်းဘော့တွမ်။ လက်သင့်ခံနိုင်ဖွယ်ရှိ ဆိုတဲ့အဆင့်ဟာ အင်န်ဒဗလျူအယ်လ်အဆင့်ကို ဆက်သင်ဖို့ အပြည့်အဝ လုံလောက်မှုမရှိဘူးကွဲ့။ ဒီတော့ သင်ရိုးတစ်ခုလုံးကို မင်း နိုင်နိုင်နင်းနင်း လိုက်နိုင်လိမ့်မယ်လို့ ငါမထင်ဘူးကွ"လို့ ပါမောက္ခမက်ဂိုနာဂေါလ်က ရှည်ရှည်လျားလျား အသေးစိတ် ရှင်းပြလိုက်အပြီးမှာတော့ နက်ဗီးလ်ဟာ ခေါင်းငိုက်စိုက်ကျသွားပါတယ်။ ပါမောက္ခကြီးက သူမရဲ့ လေးထောင့်မျက်မှန်ကြီးထဲကနေ သူ့ကို အသာခိုးကြည့်နေတယ်။

"နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာကို ဆက်ယူချင်ရတာလဲ။ ငါ့အထင်တော့ မင်းလည်း အဲဒီဘာသာကို မကြိုက်ပါဘူး"

နက်ဗီးလ်က စိတ်မသက်မသာနဲ့ တွတ်တွတ်တွတ်တွတ်ပြောနေပေမဲ့ ဗလုံးဗထွေး ဖြစ်နေတယ်။ နောက်တော့ သူက ပြောလိုက်တယ်။ "အဘွားက ယူစေချင်လို့ပါ"

ပါမောက္ခ မက်ဂိုနာဂေါလ်က ချက်ချင်း ခေါင်းခါခါ လည်ခါခါ မဲ့ကာရွဲ့ကာ ပြောလိုက်တယ်။

"အမယ်လေး ဖြစ်မှဖြစ်ရလေ၊ မင်းအဘွားက ရှိနေတဲ့ မြေးကလေးရဲ့ အခြေအနေနဲ့ ကိုက်ညီတာ မစဉ်းစားဘဲ မရှိသေးတဲ့ မြေးကို ဖြစ်စေချင်တာတွေ လျှောက်စဉ်းစားနေသလားမှ မသိတာ၊ နောက်ဝန်ကြီးဌာနမှာ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာလည်း သူမ ထည့်စဉ်းစားသင့်တယ်"

ပါမောက္ခ မက်ဂိုနာဂေါလ်ရဲ့ စကားကြောင့် နက်ဗီးလ် ခေါင်းရှုပ်သွားပြီး ဘာပြောရမှန်းမသိသေးဘဲ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်နေတယ်။ ဒီပါမောက္ခဟာ ငါ့ကို တစ်သက်လုံး ဘယ်တုန်းကမှ အကောင်းမပြောဘူးလို့လည်း သူ တွေးနေတယ်။

"စိတ်မကောင်းပါဘူး လောင်းဘော့တွမ်၊ ငါ့ရဲ့ အင်န်အီးဒဗလျူတီ စာသင်ခန်းထဲကို မင်းကို ငါဝင်ခွင့်မပြုနိုင်ဘူး။ မင်းက ဂါထာမန္တရား ဘာသာမှာ မျှော်လင့်ချက်အလားအလာ အလွန်အားကောင်း အဆင့်ရတာတော့ ဟုတ်ပါရဲ့၊ အင်န်အီးဒဗလျူတီကိုရော ဘာကြောင့် ဂါထာမန္တရားလို မင်းမကြိုးစားခဲ့တာလဲ"

www.burmeseclassic.com

"ကျွန်တော့်အဘွားက အလွယ်လိုက်ပြီး ကျွန်တော့်ကို ရွေးပေးလိုက်တာ ထင်ပါရဲ့"နက်ဗီးလ် ဒါပဲ ပြောနိုင်တော့တယ်။

"ဂါထာမန္တရားဘာသာပဲ ယူလိုက်ပါကွာ၊ အဲဒီဘာသာက ဘာမှအသုံးသိပ် မဝင်လှဘူးဆိုတာ မင်းအဘွားသိအောင်တော့ ငါလုပ်ရဦးမယ်"

သူမပြောတာကို မယုံနိုင်သလို ဇဝေဇဝါဖြစ်နေတဲ့ နက်ဗီးလ်ရဲ့ အမူအရာနဲ့ ပုံစံကိုကြည့်ပြီး ပါမောက္ခက ပြုံးစိစိနဲ့ သရော်သလိုလို လုပ်နေတယ်။ ပြီးတော့မှ မက်ဂိုနာဂေါလ်က ဘာမှ ရေးသွင်းမထားသေးတဲ့ ကျောင်းစာသင်ခွင့် ဇယား အစီအစဉ် အလွတ်တစ်ရွက်ကို ယူပြီး သူမရဲ့ ဆေးကြိမ်လုံးနဲ့ တံဆိပ်ရိုက်သလို တစ်ချက်ရိုက်လိုက်ပြီးမှ နက်ဗီးလ်ကို ကမ်းပေးလိုက်တယ်။ ဒါပေမဲ့ နက်ဗီးလ် ကြည့်လိုက်တော့ အထဲမှာ ပါမောက္ခ မက်ဂိုနာဂေါလ် သင်မယ့် စာသင်ခန်းတွေရဲ့ အစီအစဉ်တွေ အသေးစိတ် ဖော်ပြပြီးသား ဖြစ်နေတယ်။

ပါမောက္ခမက်ဂိုနာဂေါလ် နောက်တစ်ယောက်ဘက်ကို လှည့်လိုက်တော့ ပါဗာတီပါတီးလ်ကို တွေ့ရပြီး အဲဒီကျောင်းသားကို သူမက စမေးတယ်။

"ဟို ခန့်ခန့်ညားညား ရုပ်ဖြောင့်ဖြောင့် လူခေါင်းနဲ့ မြင်းကိုယ် မနွသကြီး ဖီရင်ဇီက ဒီနှစ်လည်း ဂမ္ဘီရဉာဏ်ဘာသာကို ဆက်သင်မှာပဲလား ခင်ဗျာ"

"သူ ဆက်တော့ သင်မှာပဲ၊ ဒါပေမဲ့ သူနဲ့ ပါမောက္ခ ထရီလောနေးတို့ နှစ်ယောက် အဲဒီဘာသာကို ဒီနှစ် အတန်းတွေ ခွဲသင်ကြမယ်"လို့ သူမက ကျောင်းသားရဲ့ မေးခွန်းကို မကြိုက်တဲ့လေသံနဲ့ ဖြေလိုက်တယ်။ သူမရဲ့ အမူအရာက ဒါရပ်သိရှာသိ လူတကာသိနေတဲ့ ကိစ္စကို အဆန်းလုပ်ပြီး လာမေးနေတာ တော်တော်အော့နှလုံးနာဖို့ ကောင်းတယ်လို့ ပြောနေသလိုမျိုး။ သူမက ဆက်ပြောတယ်။ "အမှန်တော့ ဆဋ္ဌမနှစ်ကို ပါမောက္ခ ထရီလောနေးက တာဝန်ယူထားတာကွ"

နောက် ၅မိနစ်လောက်ကြာတော့ ပါဗာတီဟာ စိတ်မကောင်း ဖြစ်သွားသလိုမျိုးနဲ့ ဂမ္ဘီရဉာဏ်ဘာသာအခန်းတက်ဖို့ လေးလေးကန်ကန် ထွက်သွားပါတယ်။

"ကဲ.......... ပေါ်တာအလှည့်၊ ဟဲ့ ပေါ်တာ"လို့ ခေါ်ရင်း ပါမောက္ခ မက်ဂိုနာဂေါလ် ဟယ်ရီ့ဘက်ကို လှည့်ကြည့်လိုက်ပြီး သူ့မှတ်စုစာရွက်တွေကို ရှင်းပြနေပြန်တယ်။ "ဂါထာမန္တရား၊ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း၊ မှော်ဆေးဖက်ဝင် အပင်များ လေ့လာပိုင်နိုင်နှံ့စပ်မှု၊ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲ ဘာသာတွေ အကုန် အောင်ချက်ကောင်းတယ်။ အထူးသဖြင့် မင်းရတဲ့ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာရမှတ်ကို ငါကျေနပ်တယ် ပေါ်တာ။ သိပ်အားရတယ်ကွာ။ မင်း ခုဒီမှာ ပီယဆေးနှင့် ဣန္ဒြေဇာလဆေးရည်များ ဘာသာကို ဆက်ယူဖို့ ဘာဖြစ်လို့ မလျှောက်တော့တာလဲ။ ဧကန္တ အော်ရာတစ်ယောက် ဖြစ်လာဖို့ အရမ်းရည်မှန်းချက် ကြီးနေပြီထင်တယ်"

"အဲဒါလား၊ ပါမောက္ခကြီးပဲ ကျွန်တော့်ကို အိုဒဗလျူအယ်လ်အောင်စာရင်းမှာ ထူးချွန်အဆင့်ရရမယ်လို့ ပြောထားတယ်လေ ပါမောက္ခကြီး"

www.burmeseclassic.com

www.burmeseclassic.com

"ပါမောက္ခစနိပ်အဲဒီဘာသာကို သင်တုန်းက မင်းတက်ခဲ့တယ်လေ။ ဘာပဲဖြစ်ဖြစ် ပါမောက္ခပက်ကျိချိုက အိုဒဗလျူအယ်လ်စာရင်းမှာ အင်န်အီးဒဗလျူတီကို မျှော်လင့်ချက်အလားအလာ အလွန်အားကောင်း အဆင့်ရခဲ့တဲ့ ကျောင်းသားတွေကို အားရဝမ်းသာ လက်ခံဖို့ လုပ်နေတယ်လေ။ မင်း ပီယဆေးနှင့် ဏ္ဍနဗလဆေးရည်များ ဘာသာကို ဆက်မယူချင်ဘူးလားကွယ်"

"ဟုတ်ကဲ့ ယူတော့ ယူချင်ပါတယ်။ ဒါပေမဲ့ အဲဒီဘာသာအတွက် စာအုပ်တွေရော၊ တခြား ဘာဘာညာညာတွေပါ ကျွန်တော် ဝယ်မလာခဲ့ဘူး"

"သြော်........ ဒါများ၊ ရပါတယ်ကွယ်။ ပါမောက္ခ ပက်ကျိချိုက သူ့စာအုပ်တချို့ကို မင်းကို ငှားမှာ သေချာတယ်၊ သိပ်ကောင်းတယ်။ ရော့......... ဒီမှာ မင်းရဲ့ ကျောင်းတက်ရမယ့် ဘာသာရပ်နဲ့ အချိန်ဇယား အစီအစဉ်"ဆိုပြီး ပါမောက္ခ မက်ဂိုနာဂေါလ်က ဟယ်ရီကို စာရွက်တစ်ရွက် လှမ်းပေးလိုက်တယ်။ ပြီးတော့တစ်ခါ "အို....... ဒါနဲ့ စကားမစပ်၊ အလားအလာ မျှော်လင့်ချက်ရှိတဲ့ ကျောင်းသား ၂၀တိတိ ဂဠုန်ကေသရာဇာ ကွစ်ဒစ်ချ်အသင်းအတွက် သူတို့ နာမည်တွေ စာရင်းပေးထားပြီးပြီ။ အချိန်ကျရင် အဲဒီစာရင်း မင်းဆီကို ငါပို့လိုက်ပါ့မယ်။ မင်း အားရင် လူရွေးပွဲ၊ ခြေစစ်ပွဲတွေ လုပ်ဖို့ ပြင်ဆင်နိုင်တာပေါ့"လို့ ရွှန်းရွှန်းဝေအောင် ပြောလိုက်ပြန်ပါတယ်။

နောက်ထပ် မိနစ်ပိုင်းပဲ ကြာတယ်။ ရွန်လည်း သူသင်ကြားရမယ့် ဘာသာတွေအတွက် စိစစ်ခံလို့ ပြီးသွားပြီ။ ဟယ်ရီနဲ့ အလားတူ တစ်တန်းစားတည်း၊ တစ်ထပ်တည်း သင်ကြားခွင့် ရသွားတယ်။ ဒီမှာတင် သူတို့နှစ်ယောက် အတူပြန်ထွက်လာတယ်။

"ဟာ......... ဒီမှာ ကြည့်စမ်း"ရွန်က အားရဝမ်းသာ သူ့ရဲ့ အစီအစဉ် ဇယားကို ကြည့်ပြီး အော်ပြောတယ်။ "ငါတို့ ခု အားလပ်ချိန် တစ်ချိန် ရထားတယ်ကွ၊ ကောင်းလိုက်တာကွာ။ ဒီမှာ တန်းဖြုတ်ပြီးရင် အားလပ်ချိန်တစ်ချိန်၊ ပြီးတော့ နေ့လယ်စာ စားပြီးရင် တစ်ချိန် ဟိုက်ရှားပါး"

သူတို့ ကျောင်းသားနားနေခန်းကို ပြန်လာတယ်။ ဟယ်ရီ ပထမနှစ်က စဝင်ခဲ့တဲ့ ဂဠုန်ကေသရာဇာ ကွစ်ဒစ်ချ်အသင်းမှာ တစ်ဦးတည်းသော လက်ကျန်အဖွဲ့ဝင် ကေတီဘဲလ်အပါအဝင် ကျောင်းသား ဒါဇင်ဝက်လောက်နဲ့ ခပ်လှမ်းလှမ်းမှာ လူရှင်းပြီး ကွက်လပ်ဖြစ်နေတယ်။

"ဟေ့.......... နင် အဲဒါကြီးကို နှုးနှပ်ပြီး လူလည်ကျလိုက်ရတာ မဟုတ်လား"ကေတီဘဲလ်က ဟယ်ရီ့လှမ်းခေါ်ပြီး သူ့ရင်ဘတ်ပေါ်က ကွစ်ဒစ်ချ်အသင်း ခေါင်းဆောင်တံဆိပ်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်တာပါပဲ။ "ကဲ ...... ပြော၊ နင်ဘယ်တော့ လူရွေးပွဲ လုပ်မှာလဲ"

"ရူးမနေနဲ့၊ မလိုဘူး၊ နင်ကြိုးစားတာလည်း အပိုပဲ၊ နင်ကစားပုံ ငါ ငါးနှစ်လုံးလုံး ကြည့်လာခဲ့ပြီးပြီ"လို့ ဟယ်ရီက ပြန်ပြောလိုက်တယ်။

"ဟဲ့-နင် ဘာအချိုး ချိုးတာလဲ၊ မြင်မြင်ချင်း ဆောက်နဲ့ မထွင်းနဲ့။ နင်သိထားရမှာက အဲဒီထဲမှာ ငါ့ထက် အပြတ်သာတယ်လို့ ပြောနိုင်တဲ့သူ တစ်ယောက်မှ မရှိဘူး။ နင်သိမှာပေါ့၊ အရင်က အသင်းကောင်းတွေ

www.burmeseclassic.com

ပျက်ကုန်တာဟာ အသင်း ကပ္ပတိန်တွေက လူကောင်းတွေကို မရွေးဘဲ သူတို့ မိတ်ဆွေ သူငယ်ချင်းတွေကိုချည်း ထည့်ကစားလို့ ဆိုတာလေ”ကေတီဘဲလ်က ဆတ်ဆတ်ထိမခံ သတိပေးတဲ့အသံနဲ့ ပြောလိုက်တယ်။

ရွန်က ကြားက အနေခက်နေတယ်။ ပြီးတော့မှ စောစောက ဟာမီယွန် စတုတ္ထနှစ် ကျောင်းသားလေးဆီက ယူထားလိုက်တဲ့ အစွယ်ပါတဲ့ လေဝဲ ပန်းကန်ပြားကို ထုတ်ကစားနေတယ်။ လေဝဲ ပန်းကန်ပြားက ကျောင်းသားနားနေခန်းကြီးထဲမှာ နေရာအနှံ့ ရှုပ်ယှက်ခတ်နေအောင် ဝီးခနဲ ဝီးခနဲ လူးလာခတ်ပျံနေပြီး ရွှေချည်ငွေချည် ထိုးထည်တွေ၊ ဂူဏ္ဍန်ထိုး ပန်းချီကားတွေကို သူ့အစွယ်နဲ့ ကိုက်ကိုက်သွားလို့ ပေါက်ပြဲ စုတ်ပြတ်ကုန်တယ်။ ဒီမှာတင် ‘ခြေမွဲရှိုးကောက်’က သူ့မျက်လုံးဝါဝါတွေနဲ့ ပန်းကန်ပြားကို မျက်ခြည်မပြတ် ကြည့်နေပြီး သူနဲ့ အနီးဆုံးနေရာကို ရောက်လာချိန်မှာ ရှူး ရှူးလို့ အသံပေး ဟန့်လိုက်တယ်။

နောက် တစ်နာရီအကြာမှာ နေရောင်နဲ့ လင်းနေတဲ့ ကျောင်းသား နားနေခန်းထဲက သူတို့ ထွက်လာကြပြီး အောက်ဘက် စတုတ္ထထပ်က လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာသင်မယ့် စာသင်ခန်းကို ဆင်းလာကြတယ်။ စာသင်ခန်းထဲဝင်ဖို့ အပြင်မှာ စောင့်နေတဲ့ လူတန်းထဲမှာ ဟာမီယွန်ကို သူမလက်ထဲက တပွေ့တပိုက်ချီမထားတဲ့ စာအုပ်တွေနဲ့အတူ တွေ့ရတယ်။ သူမရဲ့ မျက်နှာကလည်း ကိုယ့်ကိုယ်ကိုယ် “ဝဋ်ရှိသမျှ ခံဦးပေါ့ဟယ်”လို့ ပြောနေသလိုပဲ။

“ရှေးဟောင်း မှော်စာများ ဘာသာအတွက် ပေးလိုက်တဲ့ အိမ်စာတွေကလည်း နည်းနည်းနောနော မဟုတ်ဘူး”ဟာမီယွန်က အိမ်စာမပြီးမှာ ကြောက်လို့ သောကရောက်နေတဲ့အသံနဲ့ ပြောလိုက်ချိန်မှာပဲ သူတို့ပါ ဟာမီယွန်နဲ့အတူ ရောပြီး တန်းစီလိုက်တယ်။ သူမက တသျှောင်သျှောင်နဲ့ ညည်းနေတယ်။ “၁၅ လက်မလောက် ရှည်အောင် ရေးရမယ့် စာစီစာကုံးတစ်ပုဒ်၊ ဘာသာပြန်က နှစ်ပုဒ်၊ ပြီးတော့ ဒါတွေကိုလည်း ဗုဒ္ဓဟူးနေ့ အပြီးကျက်ရဦးမယ်”တဲ့။

အရေးထဲ “ဝါး..........”ဆိုပြီး ရွန်က အသံကျယ်ကြီးနဲ့ သမ်းလိုက်ပြန်တယ်။

ဟာမီယွန်ကလည်း မပြီးနိုင်မစီးနိုင်အောင် မကျေမချမ်း ဖြစ်နေတယ်။ “နင်တို့ မယုံရင်စောင့်ကြည့်နေ၊ စနိပ်ကလည်း တို့ကို တစ်ထမ်းတစ်ပိုးကြီး ပေးလိုက်ဦးမယ်”ဆိုပြီး ဗျစ်တောက်ဗျစ်တောက်နဲ့။

သူမပြောလို့ မပြီးခင်ကလေးမှာတင် စာသင်ခန်းတံခါး ပွင့်သွားတယ်။ တစ်ချိန်တည်းလိုလို စနိပ်ပေါ်လာပြီး စင်္ကြံထဲကို ဝင်သွားတယ်။ သူ့ရဲ့ ဖြူဖပ်ဖြူရော် ဝါကြင့်ကြင့် မျက်နှာကြီးကို ပါးတစ်ဖက်တစ်ချက်မှာ ကျနေတဲ့ ချွဲကျိကျိဆံပင်တွေက ခန်းဆီးကြီးနှစ်ချပ်လို ကာထားတယ်။ တန်းစီနေတဲ့ လူတန်းကြီးလည်း ချက်ချင်း မီးကို ရေနဲ့ သတ်လိုက်သလို ငြိမ်ကျသွားတယ်။

“အထဲကို ဝင်ကြတော့”လို့ သူက ပြောလိုက်တယ်။

သူတို့ ဝင်သွားနေတုန်း ဟယ်ရီက ဘေးဘေးဘီဘီကို မျက်စိကစားလိုက်တယ်။ စနိပ်က သူ့ရဲ့ ပင်ကိုဥပမိရုပ်အဟန့်နဲ့ တစ်ခန်းလုံးကို ထိန်းထားတယ်။ ပြတင်းအားလုံး လိုက်ကာတွေ ချထားပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖယောင်းတိုင်မီးတွေ အနှံ့ထွန်းထားတာကြောင့် စာသင်ခန်းကြီးဟာ ခါတိုင်းထက်ပိုလင်းနေတယ်။ နံရံတွေပေါ်မှာ ရုပ်ပုံ ပန်းချီကားအသစ်တွေ တပ်ဆင်ထားတယ်။ ပုံအများစုကြီးဟာ ကျက်သရေမရှိတဲ့ အမင်္ဂလာပုံတွေ ဖြစ်တယ်။ ပန်းချီကားတွေထဲက နာကျင်ခံစားနေပုံရတဲ့ လူတွေမှာ စက်ဆုပ်စရာကောင်းအောင် ဆိုးဆိုးဝါးဝါး ဒဏ်ရာတွေ ရထားတယ်။ ဒါမှမဟုတ်ရင်လည်း သူတို့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ကွေ့ကောက်တွန့်လိမ်နေတဲ့လူတွေ ဖြစ်နေတယ်။ ကိုယ့်နေရာ ကိုယ်အသီးသီး ထိုင်ကြတဲ့ အချိန်အထိ ဘယ်သူမှ စကား မပြောကြဘူး။ အမှောင်ရိပ် ကျကျနေရာတွေမှာ ချိတ်ဆွဲထားတဲ့ ထိတ်လန့်စရာပုံတွေကိုပဲ လှည့်ပတ်ကြည့်နေကြတယ်။

"မင်းတို့ အားလုံးကို စာအုပ်တွေ ထုတ်ကြဖို့ ငါမပြောသေးဘူး"လို့ တံခါးမကြီးကို သွားပိတ်အပြီး သူ့ရဲ့ စာသင်စားပွဲနောက်ကို ရောက်လာတဲ့ စနိပ်က ကျောင်းသားတွေဘက်ကို မျက်နှာလှည့်ပြီး ပြောလိုက်တယ်။ ဟာမီယွန် သူမလက်ထဲမှာ ရောက်နေတဲ့ 'ဝိုးတဝါး ရန်သူနှင့် ရင်ဆိုင်တွေ့ချိန်' စာအုပ်ကို ကမန်းကတန်း ကုလားထိုင်အောက်က အိတ်ထဲ ပြန်ထည့်လိုက်ရတယ်။ ပါမောက္ခစနိပ်က ဆက်ပြောတယ်"မင်းတို့ကို ငါ စကားပြောချင်တယ်။ မင်းတို့ အစွမ်းကုန် စိတ်ပါလက်ပါ အာရုံစိုက် နားထောင်တာကို ငါ လိုချင်တယ်"သူ့ရဲ့ ရှေ့ ခန်းမထဲက မော့လှန်ကြည့်နေတဲ့ မျက်နှာတွေကို ခပ်သုတ်သုတ် မျက်စိကစားရင်း စနိပ်ရဲ့ အကြည့်တွေ ဟယ်ရီ့ဆီကို အရောက်မှာ တစ်စက္ကန့်သာသာလောက် ကြာအောင် ပြန်ခွာမသွားသေးဘဲ ဆိုင်းထားပြီးမှ သူက ပြောလိုက်တယ်။

"အခုထိဆိုရင် ဒီဘာသာကို မင်းတို့ ဆရာငါးယောက်နဲ့ သင်ခဲ့ရဖူးပြီလို့ ငါယုံကြည်တယ်"

"သြော်........ ခင်ဗျား ယုံကြည်တယ် မဟုတ်လား။ ခင်ဗျားက သူတို့လာတာ၊ ပြန်သွားတာကို စောင့်ကြည့်နေခဲ့လို့လား စနိပ်။ ခင်ဗျား နောက်ထပ် သင်ရဦးမယ်လို့ မျှော်လင့်နေလို့လား"လို့ ဟယ်ရီက ပြောလိုက်တယ်။ ဒါပေမဲ့ သူက အသံထွက်ပြီး တကယ်ပြောလိုက်တာ မဟုတ်ဘူး။ စိတ်ထဲမှာပဲ ပြောလိုက်တာ။ စနိပ်က ဆက်ပြောတယ်။

"ဒါကတော့ သဘာဝကျပါတယ်။ အဲဒီဆရာတွေဟာ အကုန်လုံး သူတို့ရဲ့ ကိုယ်ပိုင်နည်းလမ်းနဲ့ ဦးစားပေး သတ်မှတ်ချက်တွေကို သုံးပြီး သင်သွားကြမှာပဲ။ အဲဒီလို ရှုပ်ရှုပ်ထွေးထွေး သင်သွားကြလို့ မင်းတို့ထဲက အများစုဟာ ဘယ်နည်းနဲ့မဆို ဒီဘာသာရပ်မှာ ပွတ်ကာသီကာ ကုတ်ကုတ်ကတ်ကတ်နဲ့ အောင်ပြီး အိုဒဗလျူအယ်လ် အောင်စာရင်းမှာ အအောင်ရခဲ့တာကို ငါ အံ့သြနေမိတယ်။ ဒါကြောင့် အဲဒါထက်ခက်တဲ့ အင်န်အီးဒဗလျူတီဘာသာကိုများ မင်းတို့ သင်ဖို့ လုပ်ကြဦးမယ်ဆိုရင် ငါ ပိုပြီးတော့တောင် အံ့သြရဦးမယ်"

ဒီနောက် စနိပ်က အခန်းထောင့်စွန်း အဖျားအနား နေရာတွေအထိ လှည့်ပတ်ကြည့်လိုက်ပြီး အသံတိုးတိုးကလေး ဆက်ပြောနေတဲ့အတွက် အတန်းထဲက ကျောင်းသားတွေက သူ့ကို မြင်ရအောင်၊ သူပြောတာ ကြားရအောင် လည်ဆန့်ပြီး နားစွင့်နေကြတယ်။

"လျှို့ဝှက်မှော်ပညာတွေက သိပ်များတယ်။ အမျိုးစုံတယ်။ ပြီးတော့ အမြဲတမ်း ပြောင်းလဲနေတယ်။ ဒီဘာသာရပ်မှာ နယ်နိမိတ် ကန့်သတ်ချက် အဆုံးမရှိဘူး။ သူတို့ကို တိုက်ခိုက်ရတာဟာ ခေါင်းတွေအများကြီးပါတဲ့ သတ္တဝါကောင်ကြီး တစ်ကောင်ကို တိုက်ခိုက်ရတာနဲ့ အတူတူပဲ။ အချိန်နဲ့အမျှ

www.burmeseclassic.com

www.burmeseclassic.com

လည်ပင်းတစ်ခု ထွက်လာနေပြီး ရက်စက်သည်ထက် ရက်စက်၊ ပိုပြီးတော့လည်း ပါးနပ်တဲ့ ခေါင်းတစ်လုံး အဲဒီမှာ အစို့ပေါက်ထွက်လာနေမှာပဲ။ ဒါကြောင့် မင်းတို့ဟာ တစ်သမတ်တည်း ပုံသေမဟုတ်ဘဲ အမြဲတမ်း သန္ဓေပြောင်းနေတဲ့ သတ္တဝါကြီးနဲ့ ဖျက်မရ၊ နောက်ဆုတ်မရတဲ့ တိုက်ပွဲကို တိုက်နေတာပဲ"

ဟယ်ရီက စနိပ်ကို ကြည့်နေတယ်။ သူ တစ်ခုသေချာတာက လျှို့ဝှက်မှော်ပညာနဲ့ တိုက်ခိုက်မှုတွေဟာ တကယ့် အန္တရာယ်ကြီးမားတဲ့ သူတွေပဲ။ အလေးအနက် ထားရမယ်။ စနိပ်ဟာ သူ့အသံကို ကြင်နာယုယမှုတွေနဲ့ ထွေးပိုက်ပေးနေသလို ညင်ညင်သာသာ ဖြစ်အောင် သတိထားပြောနေရာက တစ်နေရာမှာ အသံကို မြှင့်ပြောလိုက်တယ်။

"ဒါကြောင့် မင်းတို့ရဲ့ ကာကွယ်မှုဟာ ပြောင်းလွယ် ပြင်လွယ်ဖို့ လိုတယ်။ တိုက်ခိုက်မှုတွေကို တုံ့ပြန်ရာမှာ တီထွင်မှု ရှိရမယ်။ ကဲ–ဒီပုံတွေကို ကြည့်လိုက်ကြစမ်း........."

သူက ပုံတချို့ဆီကို လက်ဝှေ့ယမ်းပြပြီး "ကြည့်ပြီးရင် ပုံထဲက ဝေဒနာ ခံစားနေရသူတွေနဲ့ ပတ်သက်လို့ ဘယ်လိုမြင်သလဲ။ မင်းတို့ အမြင်ကို ပြောပြ"တဲ့။ "သူတို့ ဘာတွေ ဖြစ်နေလဲ၊ ဥပမာကွာ ဒီ အပြင်းစား ကျိန်စာမိနေသူကို ကြည့်။ စိတ်ရူးပေါက် စုန်းတစ်ယောက်ရဲ့ အနမ်းကို ခံစားနေရတယ်"ဆိုပြီး လက်တစ်ဖက်နဲ့ မချိတင်ကဲ ဝေဒနာ အလူးအလိမ့် ခံစားနေရတဲ့ စုန်းမတစ်ယောက်ရဲ့ ပုံဆီကို ညွှန်ပြတယ်။ နောက် နံရံပေါ်ကို ပစ်မှီလှဲချပြီး ကွေးကွေးလေးလဲနေတဲ့ မှော်ဆရာတစ်ယောက် ပုံကိုလည်း ပြတယ်။ ဒါကတော့ ရန်လိုတိုက်ခိုက်မှုကို သိမ်သိမ်ငယ်ငယ် တုံ့ပြန်နေတာ ဖြစ်တယ်"လို့ သူက ပြောတယ်။ ပုံထဲက မှော်ဆရာရဲ့ ဘေး မြေကြီးပေါ်မှာ သွေးတွေ စွန်းကွက်နေတယ်။ ဒီမှာတင် ပါဗာတီပါတီးလ်က တမင် အသံစူးစူးနဲ့ အော်မေးလိုက်တယ်။

"အဲဒီမှာ သိမ်ငယ်မှုကို မြင်ရလား၊ ရှိတာ သေချာလား၊ သူ တကယ် အဲဒီသဘောနဲ့ တုံ့ပြန်နေတာလား"

"အမှောင်သခင်ကြီးက အရင်က ဒီအတိုင်း ပြောခဲ့တာပဲ။ ဒါကလည်း ခုလိုပုံတွေကို ကြည့်ရာမှာ သဘောပေါက်ခံစားနိုင်အောင် အကြံပေးတဲ့သဘောသာ ဖြစ်ပါတယ်"လို့ စနိပ်က ဖြေတယ်။

စနိပ်ဟာ လျှောက်သွားပြီး စာသင်ခန်းရဲ့ အခြားကျန်တဲ့နေရာက ပုံတွေကိုပါပြပြီးမှ သူ့ရဲ့ စာသင်စားပွဲကို ပြန်သွားတယ်။ ကျောင်းသားတွေက သူ လမ်းလျှောက်သွားနေပုံကို အသေအချာ လိုက်ကြည့်နေကြတယ်။ သူ့ရဲ့ အနက်ရောင် ဝတ်ရုံက သူ့နောက် တလွှားလွှားနဲ့။ သူ့စားပွဲကို ရောက်သွားတော့ ကျောင်းသားတွေဘက်ကို လှည့်ပြီး သူက ပြောလိုက်တယ်။

"အင်း .......မင်းတို့ အားလုံးဟာ နှုတ်ကအသံမထွက်ဘဲ ရွတ်ဆိုတဲ့ အသံမဲ့ဂါထာမန္တန်တွေနဲ့ ပတ်သက်ရင်တော့ ပီပီတကယ့် လက်သင်လူသစ်အစိမ်းသက်သက်တွေပဲ။ ကဲ–ပြောပါဦး အသံမဲ့ ဂါထာမန္တန်တွေရဲ့ တစ်ပန်းသာတဲ့ အကျိုးကျေးဇူးက ဘာလဲ"

ဟာမီယွန်က သူမပြောလိုကြောင်း လက်တစ်ဖက်ကိုမြှောက် ထောင်ပြလိုက်တယ်။ စနိပ်က "ဟုတ်ပါ့မလား" ဒါမှမဟုတ် "တယ်ဟုတ်ပါလား"ဆိုတဲ့ သဘောမျိုးနဲ့ ကျောင်းသားတစ်ယောက်ချင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာတွေကို လိုက်ကြည့်နေတယ်။ ပြီးတော့ သူ တိုတိုပဲ "သိပ်ကောင်းတာပေါ့ မစ္စဂရန်ဂျာ"လို့ ပြောလိုက်တယ်။

"ဆရာ သင်ပြလမ်းညွှန်တဲ့အထဲမှာ ဆရာဟာ ဘယ်မှော်ပညာအမျိုးအစားကို ခင်းကျင်းအသုံးချလဲဆိုတာနဲ့ အဲဒါတွေနဲ့ ပတ်သက်ပြီး သတိပေး ရှင်းပြချက် မပါပါဘူး။ ဆရာကော ဘယ်လို အနုစိတ်ကျတဲ့ အကျိုးကျေးဇူးမျိုး ရခဲ့ဖူးပါသလဲ"

"ဆဋ္ဌမဆင့် စံပြ မန္တန်ဂါထားများ စာအုပ်ထဲမှာ ရေးထားတဲ့ စာလုံးတစ်လုံးချင်း အတိုင်းနီးပါး မိတ္တူပွားသလို တိတိကျကျဖြေရရင် ဂါထာမန္တရားတွေကို ပါးစပ်က အော်မဆိုဘဲ မှော်ပညာကို အသုံးချရာမှာ၊ ထိရောက် တိုးတက်မှု ရှိတဲ့ သူတွေဟာ သူတို့အတွက် အဲဒီဂါထာမန္တန်တွေကို စီစဉ်ရေးသားရာမှာ၊ အခရာကျတဲ့ အလိုအပ်ဆုံး အရာကို ရရှိအောင် ရေးသားနိုင်စွမ်းရှိကြတယ်လို့ ဆိုထားတယ်။ မှော်ဆရာတိုင်း အဲဒီလို မလုပ်နိုင်ကြဘူး။ အမှန်အားဖြင့် ဒါဟာ ဂါထာမန္တန်တွေနဲ့ စိတ်တန်ခိုးဆက်သွယ်ရာမှာ တွေ့ရှိရတတ်တဲ့ ပြဿနာတစ်ခုပါပဲ။ ပြီးတော့ စိတ်တန်ခိုးဆိုတဲ့ စိတ်စွမ်းအင်ကြီးမားမှုဟာ..........."

မေးတဲ့ ဟာမီယွန်ကိုရော၊ သူမကို အထင်သေးတဲ့ အမူအရာနဲ့ ဖြေနေတဲ့ စနိပ်ကိုပါ ထောင့်တစ်ထောင့်မှာ ရှိနေတဲ့ မော်လ်ဖွိုင်းက လှောင်ချင်တဲ့ သဘောနဲ့ ကျိတ်ပြီး တိုးတိုးကလေး ရယ်နေတယ်။ စနိပ်ဟာ ဖြေနေရင်းနဲ့ ဟယ်ရီ့ကို လှမ်းကြည့်ပြီး ရွံရှာမုန်းတီးစိတ်တွေ ဝင်လာတဲ့အတွက် "စိတ်မဝင်စားဘူးလား"လို့ လှမ်းမေးလိုက်ပါတယ်။

ဟယ်ရီက ဒါဟာ သူတို့မနှစ်က ကိုးရိုးကားရား ဖြေလိုက်မိတဲ့ အော့ကလန် မင်စီရန်သူ့စိတ်အတွင်း ထွင်းဖောက်ဝင်ရောက်ထိန်းချုပ်သည့် ပြုစားမန္တန် သင်ခန်းစာတွေကြောင့် စိတ်အနှောင့်အယှက်ဖြစ် ဒုက္ခရောက်ခဲ့ရတာကို စနိပ်ပြန်တွေးမိလို့ ဖြစ်မယ်ဆိုတာ သိနေတယ်။ ဒါပေမဲ့ သူက စနိပ်ကို မလျှော့တမ်း စိုက်ကြည့်နေတဲ့အတွက် နောက်ဆုံး စနိပ် မျက်နှာလွှဲသွားတယ်။

တစ်ခါ စနိပ်က "ကဲ–ခုမင်းတို့ နှစ်ယောက်တစ်တွဲစီ လူစုခွဲလိုက်ကြ၊ ပြီးရင် ကိုယ့်အတွဲနဲ့ကိုယ် တစ်ယောက်ကို တစ်ယောက် ပါးစပ်က လုံးဝအသံမထွက် စကားမပြောဘဲ ဂြိုလ်ဆိုး အကုသိုလ် ဝင်အောင် ကြိုးစား၊ ကျန်တဲ့တစ်ယောက်ကလည်း ကိုယ့်ကို ဒုက္ခပေးနေတဲ့လူကို သူ့လိုပဲ တန်ပြန်အသံတိတ် စိတ်ထဲကနေ တိုက်ခိုက်။ ကဲ–စပြီ လုပ်ကြတော့"လို့ ပြောလိုက်တယ်။

ပါမောက္ခ စနိပ် မသိတာက ဟယ်ရီဟာ ဒီအေအဖွဲ့ဝင်တိုင်း မဖြစ်မနေတက်ရတဲ့ မှော်အန္တရာယ် ကာကွယ်ဒိုင်းဂါထာကို အသံတိတ်၊ အသံထွက် ဘယ်လိုရွတ်ဆို ခင်းကျင်းရတယ်ဆိုတဲ့ သင်ခန်းစာသင်တဲ့ အခန်းပေါင်း ထက်ဝက်ကျော်ကျော် မနှစ်က တက်ခဲ့ပြီးသား ဖြစ်နေတာပါပဲ။ ဒါပေမဲ့ သူတို့ထဲက တစ်ယောက်မှ ဂါထာကို အသံတိတ်ရွတ်ဆိုပြီး တစ်ဖက်ကို ဒုက္ခရောက်အောင် မလုပ်နိုင်ကြသေးဘူး။ လူတော်တော်များများက သူတို့ တကယ်လုပ်နိုင်ခဲ့သလို ဟန်ဆောင်ပြီး လိမ်နေတယ်။ သူတို့က ဂါထာကို ကြားလောက်အောင် ကျယ်ကျယ်မရွတ်ပေမဲ့ တိုးတိုးလေးနဲ့ ဆိုနေကြတယ်။ တဖြည်းဖြည်းနဲ့ ၁၀ မိနစ် ကြာသွားချိန်မှာတော့ ဟာမီယွန်ဟာ နက်ဗီးလ်ရွတ်ဆိုပြီး တိုက်ခိုက်နေတဲ့ ဂါထာရဲ့ ကျောက်ကြောခြေထောက် ဂြိုလ်ဆိုး စကားလုံးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com

အသံတစ်ချက်မှမထွက်ဘဲ တွန်းလှန်ချေဖျက် ပစ်လိုက်နိုင်ပါတယ်။ ဒါဟာ ဂဠုန်ကေသရာဇာ ကျောင်းသားတစ်ဦးအတွက် အကျိုးသင့်အကြောင်းသင့် သဘောထားပြည့်ဝတဲ့ ဆရာတိုင်းဆီက အမှတ် ၂၀ သေချာပေါက် ရရှိစေမယ့် တကယ့် စွမ်းဆောင်မှုကြီးတစ်ခုပဲလို့ ဟယ်ရီ တွေးလိုက်တယ်။

ဒါပေမဲ့ စနိပ်က အသိအမှတ်မပြုသလို မသိကျိုးကျွန်လုပ်ပြီး အသံတိတ် ဂါထာစုပ်နေကြတဲ့ ကျောင်းသား ကျောင်းသူတွေကြားမှာပဲ ဏ္ဍောသမ္ဘတ္တိကြီး တစ်ခွဲသားနဲ့ လျှောက်ကြည့်နေတယ်။ ဟယ်ရီနဲ့ ရွှန်တို့ သူတို့ တာဝန်အတိုင်း အကြိတ်အနယ် အားထုတ်နေပုံကိုပဲ တရစ်ဝဲဝဲ အာရုံစိုက်နေတဲ့ စနိပ်ဟာ သာမန်ထက် အဆမတန် ကြီးထွားတဲ့ ဇရာမလင်းနို့ကြီးတစ်ကောင်နဲ့ တူနေတယ်။

နောက်တော့ ဟယ်ရီကို ဂြိုလ်ဆိုးကျအောင် မှော်သွင်းလိုက်နိုင်ပြီလို့ ထင်ရတဲ့ ရွှန်ပါ မျက်နှာတစ်ပြင်လုံး ခရမ်းရောင်ကို ပြောင်းသွားပြီး သူ့ကိုယ်သူ ရွတ်နေတဲ့ ဂါထာရဲ့ လှည့်စားမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရိုတ်ခတ်ချက်တွေက ရောင်ထွက်နိုင်အောင် နှုတ်ခမ်းတွေကို တင်းတင်းစေ့ပြီး တောင့်ခံနေတယ်။ ဒီမှာတင် ဟယ်ရီက သူ့ကိုယ်ထဲကို ဝင်လာမယ့် ဂြိုလ်ဆိုးကို တန်ပြန်ဖယ်ရှားချေဖျက်ဖို့ ရင်တမမနဲ့ စောင့်နေရင်း သူ့ရဲ့ ဆေးကြိမ်လုံးကို အသင့်ကိုင်မြှောက်လိုက်တယ်။ ဒါပေမဲ့ ရွှန့်ထံက ဘာဂြိုလ်ဆိုးမှ သူ့ဆီကို တကယ်ရောက်မလာဘူး။

ခဏကြာတော့ စနိပ်က ပြောလိုက်တယ်။

"သနားတယ် ဝက်စလေ၊ မင်းနှယ် သနားစရာကောင်းလိုက်ပါဘိတော့။ ကြည့်....... ဒီမှာ မင်းကို ငါပြမယ်"တဲ့။

စနိပ်က လှစ်ခနဲ အမြန်လျှပ်ပြက်သလို သူ့ဆေးကြိမ်လုံးနဲ့ ဟယ်ရီကို ထိုးရွယ်လိုက်ရာမှာ သတိအလေ့အကျင့်ရနေတဲ့ ဟယ်ရီရဲ့ ဆေးကြိမ်လုံးကလည်း အလိုလို တန်ပြန် ရွယ်ပြီးသား ဖြစ်သွားတယ်။ အခန်းထဲက လူအားလုံး သူတို့ရဲ့ အသံတိတ် ဂါထာကို ဆက်ရွတ်ဆိုဖို့ မေ့သွားတယ်။ စနိပ်က ဆေးကြိမ်လုံးနဲ့ ချိန်ထားရင်း ကျုံးအော်လိုက်တယ်။

"အကာအကွယ်အားလုံး ဖယ်ရှားလွင့်ထွက်သွားစေ–ဂရိုတီဂိုး"

ဒါပေမဲ့ ဟယ်ရီရဲ့ စိတ်ထဲမှာ ဆိုနေတဲ့ အကာအကွယ် ဒိုင်းဂါထာရဲ့ တန်ပြန်မှုအား ပြင်းထန်လွန်းတဲ့အတွက် အဲဒီမန္တန်ရဲ့ အရှိန်နဲ့ စနိပ်ဟာ အလဲထိုးချခံလိုက်ရတဲ့ လက်ဝှေ့သမားလို နောက်ပြန်လွင့်ကျသွားပြီး သူ့စားပွဲနဲ့ ဆောင့်မိသွားတယ်။ စာသင်ခန်း တစ်ခန်းလုံး ဝိုင်းကြည့်နေတော့မှ မျက်နှာ သုန်သုန်မှုန်မှုန်နဲ့ စနိပ် အနိုင်နိုင်ပြန်ထလာတယ်။

"ခု တို့ အသံတိတ်ဂါထာကို လေ့ကျင့်နေတာပါလို့ မင်းကို ငါပြောထားလျက်နဲ့ ပေါ်တာ၊ မင်းမေ့နေလား"

"ဟုတ်ကဲ့"ဟယ်ရီက တုံးတိတိ ဖြေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာ...... ဟုတ်ကဲ့ ဟုတ်လား၊ ဟုတ်ကဲ့ ခင်ဗျာ"

"ဟာ ပါမောက္ခကြီးကလည်း ကျွန်တော့်ကို ခေါ်ရင် ခင်ဗျာတွေဘာတွေ လုပ်စရာမလိုပါဘူးခင်ဗျာ"ဟယ်ရီ သူဘာပြောလိုက်မှန်း မသိလိုက်ခင်မှာပဲ သူ့ပါးစပ်ထဲက စကားလုံးတွေ ခုန်ထွက်သွားတယ်။

ဟာမီယွန်အပါအဝင် လူတွေအကုန်လုံးနီးပါး ပင့်သက်ရှိုက်ပြီး ဟင်းခနဲ သက်မချလိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် စနိပ်ရဲ့ နောက်ကွယ်မှာ ရွန်၊ ဒင်းနဲ့ ဆီးမတ်တို့ ကျိတ်သဘောကျပြီး ပြုံးနေကြတယ်။

"တော်တော်လာတဲ့ ကောင်တွေပဲ၊ စနေနေ့ညကျရင် ငါ့ရုံးခန်းကနေ မင်းတို့ကို ပြန်ခွင့်မပြုဘဲ ဒဏ်ပေးထားတယ်။ ငါ့ကို ဘယ်သူမှ မခန့်လေးစား လုပ်လို့ မရဘူး။ လက်ရွေးစင် ၁ ဆိုတဲ့ ပေါ်တာလည်း မရဘူး၊ အားလုံးပါတယ်"စနိပ်က စိတ်ဆိုးမာန်ဆိုး ပြောလိုက်တယ်။

ဒါပေမဲ့ တစ်အောင့်ကြာတော့ စာသင်ချိန်ကုန်သွားလို့ တန်းဖြုတ်ပြီး ခဏတစ်ဖြုတ်နားချိန်မှာ ရွန်က ဟက်ဟက်ပက်ပက် ရယ်ပြီး ပြောလိုက်တယ်။

"ဒီတစ်ကွက်ကတော့ ပိုင်တယ်ကွာ၊ ရှားပါးအကွက်ပဲ။ လက်ဖျား ....... လက်ဖျား ခါလောက်တယ်"

"ဟဲ့ ရွန်၊ ဘာလို့ ဒီလို ပြောရတာလဲ၊ မပြောသင့်တာတွေ၊ နင် ဘာဖြစ်နေတာလဲ"

"သူက ငါ့ကို ဒုက္ခရောက်အောင် လုပ်တော့မလို့လေ၊ နင် မျက်စိက မမြင်ဘူးလား"ဟယ်ရီက ဒေါကန်ပြီး ရွန်အစား ဟာမီယွန်ကို ဟောက်လိုက်တယ်။ "ဒါ ငါ အော့ကလန်မင်စီ သင်ခန်းစာတွေ တက်စဉ်က တတ်ထားတာပဲ။ သူက သူ့ပညာကိုစမ်းတာ တခြားဟာနဲ့ မစမ်းဘဲ ငါ့ကို ဘာလို့ ဓားစာခံလာလုပ်ရတာလဲ။ ဒမ်ဘဲလ်ဒိုးကလည်း ဘယ်လိုလုပ်တယ် မသိဘူး။ သူ့ကိုများ ကာကွယ်ရေးဘာသာ သင်ခိုင်းရတယ်လို့။ သူ့ လျှို့ဝှက်မှော်ပညာ တိုက်ခိုက်မှုတွေအကြောင်း ပြောနေတာ နင်မကြားဘူးလား။ သူ့ကြည့်ရတာ ဒါတွေသုံးတာ သဘောကျနေသလိုပဲ။ အဲဒါတွေအားလုံး သူပြောတဲ့ တစ်သမတ်တည်း ပုံသေမဟုတ်ဘဲ အမြဲတမ်း သန္ဓေပြောင်းနေတဲ့ ဖျက်မရ ပြင်မရ နောက်ဆုတ်မရတာတွေချည်းပဲ"

"ဒါနဲ့ ငါထင်တယ်၊ သူပြောတာက နင်ပြောတာနဲ့ တော်တော်တူတယ်နော်" ဟာမီယွန်က ပြောလိုက်တယ်။

"ဘာ–ငါပြောတာနဲ့ တူတယ်၊ ဟုတ်လား"

"အေးလေ ........ ဗိုဒီမော့ကို ရင်ဆိုင်ဖို့နဲ့ ပတ်သက်ပြီး ပြောတုန်းက နင်ပြောတာနဲ့ တူတယ်လို့ ပြောတာ။ နင်က ဂါထာမန္တရားတွေ တစ်ပြုံတစ်ခေါင်းကြီးကို အာဂုံဆောင် အလွတ်ကျက်နေဖို့ သက်သက်မဟုတ်ဘူး၊ အဲဒီလို ရင်ဆိုင်နိုင်အောင် နင့်ဦးနှောက်နဲ့ နင့်ရင်ခေါင်းဝမ်းဗိုက်ထဲက

www.burmeseclassic.com

www.burmeseclassic.com

အူသိမ်အူမတွေပါ မကျန် အတွင်းကလီစာအားလုံး အပြင် နင့်တစ်ကိုယ်လုံးမှာပါ အစွမ်းအာနိသင်တွေ ဝင်လာပြီး သတ္တိအပြည့်အဝနဲ့ သွက်သွက်လက်လက် စဉ်းစားပြီး လုပ်ရမယ်လို့ ပြောတယ်လေ။ ခု စနိပ်လည်း အဲဒီအတိုင်းပဲ လုပ်လိုက်တယ်လို့ ငါထင်တာကို နင့်ကိုပြောတာ”လို့ ဟယ်ရီကို ရှင်းပြတယ်။

ဟယ်ရီ ဘာပြောရမှန်းမသိဘဲ ပါးစပ်အဟောင်းသား ဖြစ်နေတယ်။ ဟာမီယွန်က ခုန သူ့စိတ်ထဲကနေ အမြန်အသံတိတ်ရွတ်ဆိုခဲ့တဲ့ ဂါထာမန္တန်ထဲက စာလုံးတွေဟာ စံပြဂါထာမန္တန်များစာအုပ်ကို အာဂုံဆောင်ထားတာထက်တောင် ပိုအစွမ်းအာနိသင် ထက်မြက်နေတယ်လို့ ဆိုလိုတာပဲ။ သူက အထွန့်မတက်တော့ဘဲ ငြိမ်နေလိုက်တယ်။ ဒီအချိန်မှာပဲ–

“ဟယ်ရီ ..... ဟေ့ ဟယ်ရီ”

အသံလာရာဘက်ကို ဟယ်ရီ လှည့်ကြည့်လိုက်တော့ မနှစ်က ဂဠုန်ကေသရာဇာ ကွစ်ဒစ်ချ်အသင်း ကစားသမားတွေထဲမှာ အတော်ကလေး အားထားရတဲ့ ဂျက်စ်စလုပ်ပါ သားရေပုရပိုက် တစ်လိပ်ကို ကိုင်ရင်း သူ့ဆီကို ပြေးလာနေတာကို တွေ့ရတယ်။

“ရော့ မင်းအတွက်”ဆိုပြီး စလုပ်ပါက အမောတကောနဲ့ ပုရပိုက်ကို ပေးရင်း “ဒီနှစ် မင်းမသင်းခေါင်းဆောင်သစ် ဖြစ်သွားပြီလို့ ငါကြားတယ်။ မင်း လူရွေးပွဲ ခြေစစ်ပွဲတွေ ဘယ်တော့ လုပ်မှာလဲ”လို့ မေးလိုက်တယ်။

“ငါမပြောတတ်သေးဘူးကွ၊ မင်းကို ငါအသိပေးမှာပေါ့ကွာ” အသင်းအတွက် စလုပ်ပါကို သူပြန်ဆုံခွင့်ရနိုင်မှာမို့ ကံကောင်းတယ်လို့ စဉ်းစားမိပြီး ဟယ်ရီက ပြန်ဖြေတယ်။ စလုပ်ပါက–

“အိုး.......... ဖြစ်ပါတယ်၊ ဒီရက်သတ္တပတ်ကုန်နေ့လောက် ဖြစ်မယ်လို့ ငါမျှော်လင့်တယ်”တဲ့။ ဒါပေမဲ့ စလုပ်ပါပြောတာကို ဟယ်ရီ ဆက်နားမထောင်ဖြစ်ဘူး။ ပုရပိုက်ကို ဖွင့်လိုက်တော့ သူမှတ်မိနေတဲ့ သေးသေးမျှင်မျှင်နဲ့ လက်ရေးစောင်းလေးတွေကို တွေ့ရတယ်။ ဝါကျသုံးခုအနက် သူဖတ်တာ အလယ်ဝါကျကို ရောက်ချိန်မှာပဲ စလုပ်ပါကို သူထားခဲ့ပြီး ရွန်နဲ့ ဟာမီယွန်တို့နဲ့အတူ သူ ကတိုက်ကရိုက် ထွက်လာတယ်။ ပုရပိုက်ထဲမှာ ခုလို ရေးထားတယ်။

ခင်မင်ရတဲ့ ဟယ်ရီ

ငါ့ရဲ့ သီးသန့် သင်ခန်းစာကို ဒီစနေ့နေ့ညမှာ ငါစသင်ချင်ပါတယ်။ ငါ့ရုံးခန်းကို ည ၈ နာရီ မပျက်မကွက် လာခဲ့ပါ။ မောင်ရင် ကျောင်းကို ပြန်ရောက်လာတဲ့ ပထမနေ့မှာ မောင်ရင်ပျော်ရွှင်နိုင်ခဲ့လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်။

ရိုးသားတည်ကြည်စွာဖြင့်
သင့် အဲလ်ဘတ် ဒမ်ဘဲလ်ဒိုး

စာကြွင်း–ငါ အပြင်းစား ပေါ့ပ်သီချင်းတွေ ကြိုက်ပါတယ်။

www.burmeseclassic.com

"ဟာ.......... သူက အပြင်းစား ပေါ့ပ်သီချင်းတွေ ကြိုက်တယ်တဲ့"နောက်ကနေ ဟယ်ရီ့ပခုံးပေါ်က ကျော်ပြီး ပုရပိုက်ကို ဖတ်နေတဲ့ ရွှန်က ပြောလိုက်တယ်။ သူ ခေါင်းရှုပ်သွားပုံရတယ်။

"ဒါက သူ့ရုံးခန်းကို ဝင်ဖို့ အဝင်ဝ တံစက်မြိတ်မှာ ရှိနေတဲ့ အရုပ်ကြီးရှေ့ရောက်ရင် ပြောရမယ့် စကားဝှက်ကွ"လို့ ဟယ်ရီက လေသံကို နှိမ့်ပြီး တိုးတိုး ပြောလိုက်တော့ ရွှန်က ချက်ချင်းပဲ "ဒါဆိုရင် စနိပ်ကတော့ သဘောကျမှာ မဟုတ်ဘူး။ ငါ သူတန်းမဆင်းခိုင်းပဲ အပြစ်ပေးထားမှာကို မခံနိုင်ဘူးကွာ"လို့ ညည်းလိုက်တယ်။

ဟယ်ရီ၊ ရွှန်နဲ့ ဟာမီယွန်တို့ သုံးယောက်သား အဲဒီ ခေတ္တအားလပ်ချိန် တစ်ခုလုံးကုန်တဲ့အထိ ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို ဘာတွေ သင်မှာလဲ ဆိုတာနဲ့ ပတ်သက်ပြီး ထင်ကြေးပေးသုံးသပ်နေကြတယ်။ ရွှန်က ဒမ်းဘဲလ်ဒိုး သင်ပေးမယ့် သင်ခန်းစာဟာ မရဏမှိဝဲကောင်တွေ မသိနိုင်မယ့် ခမ်းနားဆန်းပြားတဲ့ ဂြိုလ်ဆိုးမန္တန်နဲ့ ဆဋ္ဌဂံဂါထာလက်နက်တွေကို အသုံးချဖို့ နည်းပညာဖြစ်မယ်လို့ ထင်ထားတယ်။ ဒါပေမဲ့ ဟာမီယွန်က ပြောတယ်။

"ဟဲ့–အဲဒါတွေက တားမြစ်ပိတ်ပင်ထားတဲ့ တရားမဝင် လက်နက်နဲ့ နည်းပညာတွေလေ"သူမကတော့ ဒမ်းဘဲလ်ဒိုးဟာ ဟယ်ရီကို ခေတ်မီ မှော်ကာကွယ်ရေး နည်းပညာတွေ သင်ပေးမှာပဲလို့ တွက်ထားတယ်။

အားလပ်ချိန်ကုန်လို့ ဟာမီယွန်က မှော်ပညာအတွက်အချက်နှင့် ပုစ္ဆာ ဖြေရှင်းမှုဘာသာ စာသင်ခန်းဝင်ဖို့ ထွက်ခွာသွားတော့ ဟယ်ရီနဲ့ ရွှန်က ကျောင်းနားနေခန်းကို ပြန်လာပြီး ပါမောက္ခစနိပ်ပေးထားတဲ့ အိမ်စာတွေကို ဗျစ်တောက်ဗျစ်တောက် ပြောရင်း ဆောင့်ကြီးအောင့်ကြီးနဲ့ လုပ်နေကြတယ်။ သင်ခန်းစာတွေက ရှုပ်လွန်းလို့ နေ့လယ်စာ စားပြီးနောက်ပိုင်း အားလပ်ချိန်အတွက် ဟာမီယွန် သူတို့ဆီ ပြန်ရောက်လာတဲ့အချိန်အထိ အိမ်စာက မပြီးဘူး။ ဟာမီယွန်ကိုယ်တိုင် အတော်ကြီး အရှိန်ကောင်းကောင်းနဲ့ ဆက်သွယ်လုပ်သွားတာတောင် မပြီးနိုင်မစီးနိုင် ဖြစ်နေတယ်။ စနိပ်ရဲ့ အိမ်စာတွေ သူတို့ လုံးလုံးလျားလျား လုပ်ပြီးသွားချိန်မှာ မွန်းလွဲပိုင်း ပီယဆေးနှင့် က္ကန္ဒဗာလဆေးရည်များဘာသာ အပိုင်း (၁)နဲ့ (၂)အတွက် စာသင်ခန်းဝင်ဖို့ ခေါင်းလောင်း ထိုးနေပြီ။ သူတို့ သွားနေကျလမ်းအတိုင်း မြေအောက်ခန်းထဲက စာသင်ခန်းရှိရာကို ထွက်လာကြတယ်။

သူတို့ ရောက်သွားတော့ စာသင်ခန်း အဝင်ဝ အပြင်ဘက် ဝရန်တာမှာ သူတို့ပါမှ အင်န်အီးဒဗလျူတီ အဆင့်မီတဲ့ ကျောင်းသား တစ်ဒါဇင်လောက်ပဲ ရှိနေတာကို တွေ့ရတယ်။ ကရက်ဘီနဲ့ ဂွိုင်းလ်တို့က အိုဒဗလျူအယ်လ်အောင်စာရင်းမှာ လိုအပ်တဲ့ အဆင့်နဲ့ အလှမ်းအဝေးကြီးနေရာကနေ ကျရှုံးထားပြီး မော်လ်ဖွိုင်း အပါအဝင် ဆလီသီရင် ကျောင်းသား လေးယောက်ကတော့ အောင်သွားတယ်။ ကျီးနက်ခြေသည်း လေးယောက်လည်း အဲဒီမှာ ရှိနေတယ်။ နောက်တစ်ယောက် တွေ့ရသေးတယ်။ သူကတော့ အတော်ကလေး ဟိတ်ဟန်များသူ ဖြစ်ပေမဲ့ ဟယ်ရီသဘောကျတဲ့ ဌာပနာ မုန့်လုံးကြီး အာနီးမက်မီလန်ပါပဲ။

"ဟယ်ရီ" ဟယ်ရီ သူ့အနားလည်း ကပ်သွားရော အာနီးက ထုံးစံအတိုင်း ဟိတ်ဟန်အပြည့် သူ့လက်တစ်ဖက်ကို ဆန့်ထုတ်ဖမ်းကိုင်ပြီး ခေါ်ရင်း–

www.burmeseclassic.com

www.burmeseclassic.com

"လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများ ကာကွယ်ခြင်း ဘာသာနဲ့ ပတ်သက်လို့ ပြောစရာ အခွင့်အလမ်းလေး မရနိုင်ဘူးလား။ သင်ရမှာကတော့ တကယ်ကောင်းတဲ့ သင်ခန်းစာနော်၊ ဒါပေမဲ့ အကာအကွယ် ဒိုင်းဂါထာမန္တန်တွေကို သင်မယ့်ဆရာက တို့ ဒီအေ ကျောင်းသားတွေအတွက် ဆရာဟောင်း ဖြစ်နေတယ်။ မင်းတို့ရော နေကောင်းကြတယ်မို့လား ရွန်နဲ့ ဟာမီယွန်"လို့ ပြောလိုက်တယ်။

သူတို့က "ကောင်းပါတယ်"လို့ ပြောခါရှိသေးတယ်။ မြေအောက်ခန်း တံခါးကြီး ပွင့်သွားပြီး တံခါးဝမှာ ပက်ကျီချိုရဲ့ ဗိုက်ကြီး အရင်ပေါ်လာတယ်။ အခန်းထဲကို သူတို့ ရှေ့ဆင့်နောက်ဆင့် တန်းစီပြီး ဝင်သွားတော့ အားပေးတရ ပြုံးထားတဲ့ သူ့ရဲ့ ပါးစပ်ကြီးပေါ်ကို ကျနေတဲ့ နှုတ်ခမ်းမွေး ထူလပျစ်တွေ လှုပ်စိလှုပ်စိ ဖြစ်သွားအောင် ပက်ကျီချိုက ဟယ်ရီနဲ့ ဇာဘိနီတို့ကို ပိုစိတ်ဝင်တစားနဲ့ အားပေး နှုတ်ဆက်လိုက်တယ်။

မြေအောင် စာသင်ခန်းဟာ အခါတိုင်းနဲ့မတူတဲ့ အခိုးအငွေ့တွေ၊ ထူးခြားတဲ့ အနံ့တွေနဲ့ ပြည့်နေတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ သုံးဦး ပွက်ပွက်ဆူသလို ပလုံစီနေတဲ့ ဇရာမ ဒယ်အိုးကြီးတွေအနားက ဖြတ်သွားခိုက်မှာ သူတို့က စိတ်ဝင်စားပြီး အနံ့ခံရှူကြည့်ကြတယ်။ အခန်းထဲမှာ ဆလီသီရင် ကျောင်းသားလေးယောက်က စားပွဲတစ်လုံးမှာ ထိုင်ကြပြီး ကျီးနက်ခြေသည်း ကျောင်းသား လေးယောက်လည်း နောက်စားပွဲတစ်လုံးမှာ ထိုင်ကြလို့ သူတို့သုံးယောက် အာနီးနဲ့ တစ်စားပွဲတည်း ထိုင်ဖို့ ဖြစ်သွားတယ်။ သူတို့က ဟယ်ရီ တစ်သက်နဲ့တစ်ကိုယ် ရှူမိဖူးသမျှ အနံ့အသက်တွေထဲမှာ ညှို့ယူဖမ်းစားနိုင်စွမ်း အရှိဆုံး အနံ့တစ်မျိုး ထွက်နေတဲ့ ဒယ်အိုးကြီးတစ်လုံးနဲ့ အနီးဆုံး နေရာက စားပွဲကို ရွေးလိုက်ကြတယ်။

ဒါပေမဲ့ ဟယ်ရီဟာ တစ်ချိန်တည်းမှာပဲ သကာရည်လို ချဉ်တူးတူးအနံ့တစ်မျိုး၊ တံမြက်စည်းရိုးလက်ကိုင် သစ်သားကထွက်နေတဲ့ အနံ့တစ်မျိုးကိုလည်း တစ်ပြိုင်နက် ရနေတာကို သတိထားမိတယ်။ သူဟာ ဖြည်းဖြည်းချင်းကလေးနဲ့ အားရပါးရ အသက်ဝအောင် ရှူသွင်းနေပြီး အဲဒီ ဣန္ဒြေဇာလ ဆေးရည်အနံ့တွေက အဲဒီ ဆေးရည်တွေကို သူ သောက်ချထားသလို သူ့ကိုယ်ထဲမှာ တစ်စတစ်စ ပျံ့နှံ့ ပြည့်နက်လာတာကို သူသိနေတယ်။ သူက အဓိပ္ပာယ်တစ်မျိုးနဲ့ ရွန်ကို လှမ်းပြုံးလိုက်တော့ ရွန်က ဘာမသိ ညာမသိ ပျင်းရိပျင်းတွဲနဲ့ သူ့ကို ပြန်ပြုံးပြနေတယ်။

"ကဲ–အခုအချိန်ကစပြီး ......... ခုချိန်ကစပြီး........... အခုပဲစပြီး"ခုလို ထပ်တလဲလဲ နိဒါန်းတွေပျိုးပြီးမှ "ကဲ–မင်းတို့အားလုံး မင်းတို့ရဲ့ အခြင်အတွယ် အတိုင်းအတာနဲ့ဆိုင်တဲ့ စာအုပ်ကိုရော လိုအပ်တဲ့ အထောက်အကူ ပစ္စည်းတွေကိုရော ထုတ်လိုက်ကြ။ ပြီးတော့ ရှေ့ပြေး ဣန္ဒြေဇာလဆေးရည်ဖော်စပ်နည်း နိဿရည်းစာအုပ်ကိုပါ ထုတ်ဖို့လည်း မမေ့နဲ့"လို့ ပက်ကျီချိုက ပြောလိုက်တယ်။

"ဆရာခင်ဗျား"ဟယ်ရီက သူ့လက်ကို ထောင်ပြပြီး ပြောလိုက်တယ်။

"ဟယ်ရီ လူကလေး၊ ဘာလဲကွ"

www.burmeseclassic.com

"ကျွန်တော့်မှာ အခြင်အတွယ် အတိုင်းအတာနဲ့ ဆိုင်တဲ့ စာအုပ်ရော၊ တခြားပစ္စည်းတွေရော ဘာမှ မပါလာပါဘူး ခင်ဗျာ။ ရွှန်လည်း ကျွန်တော့်လိုပဲ မပါပါဘူး။ ဒါကြောင့် ဆရာမြင်တဲ့အတိုင်း အင်န်အီးဒဗလျူတီလုပ်ဖို့ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ မသိလို့ပါခင်ဗျာ့"

"သြော်...... ဒါလား၊ ရပါတယ်ကွာ၊ ပါမောက္ခ မက်ဂိုနာဂေါလ်ပြောလို့ ငါသိပြီးပါပြီကွ။ ဒီအတွက် မစိုးရိမ်ပါနဲ့။ လူကလေး အဲဒါအတွက် မင်း လုံးဝသောက ဖြစ်စရာ မလိုဘူး။ ဟောဟို ကြောင်အိမ်ဗီရိုထဲမှာ သိမ်းထားတဲ့ ပစ္စည်းတွေထဲက မင်းလိုအပ်တာကို ဒီနေ့ပဲ မင်းယူသုံးနိုင်တယ်။ ပြီးတော့ ငါတို့ မင်းနဲ့ရွှန်ကို ဒီမှာ သိမ်းထားတဲ့ လက်ကျန်တွေထဲက ကြိုက်ရာတချို့နဲ့ ချိန်တွယ်စရာ အခြင်အတွယ် ပစ္စည်းတွေလည်း ငှားပါ့မယ်........... စိတ်ချ။ အဲဒါတွေနဲ့ မင်းလိုသလောက် ဘယ်လောက်ကြာကြာ ရေးလို့ ဖတ်လို့ ရပါတယ်"

ပက်ကျိချိုဟာ ထောင့်တစ်ထောင့်မှာရှိတဲ့ ဗီရိုတစ်လုံးဆီကို လျှောက်သွားပြီး အထဲမှာ ခဏကြာအောင် ဟိုရှာဒီရှာ ရှာပြီးမှ အတော့်ကို ဟောင်းမြင်းနေတဲ့ လိုင်ဘာတီးယပ်စ်ဘိုရိပ်ချ် ရေးသားတဲ့ ရှေ့ပြေး ဣန္ဒြေဓာလဆေးရည် ဖော်စပ်နည်း စာအုပ်ကြီးနှစ်အုပ်နဲ့ အရောင်မှိန်ပျက်နေတဲ့ ချိန်ခွင်ဟောင်း နှစ်လက်ကို ယူပြီး သူ ပြန်ရောက်လာတယ်။ သူက အဲဒီစာအုပ်နဲ့ ချိန်ခွင်နှစ်စုံကို ဟယ်ရီနဲ့ ရွှန်ကို ခွဲပေးလိုက်တယ်။

"ကဲ–ခုအချိန်ကစပြီး.........."

အတန်းရဲ့ရှေ့ကို ပြန်ရောက်သွားပြီး နဂိုကတည်းက စူမောက်နေတဲ့ သူ့ ရင်ဘတ်ကြီးထဲကို လေတွေ တဝကြီး ရှူသွင်းပြီး ဖောင်းကားသွားတော့မှ ပက်ကျိချိုက သူ့စကားကို ဆက်ဖို့ ပြန်နိဒါန်းပျိုးလိုက်တာ သူ့အတွင်းခံ ကိုယ်ကျပ်အင်္ကျီတောင် ကွဲထွက်တော့မလို ဖြစ်သွားပါတယ်။

"ဒီမှာ မင်းတို့ ကြည့်ရှုလေ့လာနိုင်အောင် ငါ ဆေးရည်နည်းနည်း အဆင်သင့် ပြင်ထားတယ်။ စိတ်ဝင်စားဖို့ မကောင်းဘူးလား။ ဒီဟာတွေဟာ မင်းတို့ အင်န်အီးဒဗလျူတီ သင်ခန်းစာအားလုံး ဆုံးခန်းတိုင်သွားရင် ဖော်စပ်နိုင်ရမယ့် ဆေးရည်တွေပဲ။ ဒါတွေဟာ မင်းတို့ မမြင်ဖူးတောင် ကြားဖူးထားဖို့ ကောင်းတဲ့ ဆေးရည်တွေပဲ။ ကဲ–ဒါ ဘာဆေးရည်လဲလို့ မင်းတို့ထဲက တစ်ယောက် ဘယ်သူပြောနိုင်မလဲ"

ပက်ကျိချိုက ပြောပြီး ဆလီသီရင်တွေရဲ့ စားပွဲနဲ့အနီးဆုံး ဒယ်အိုးကြီးကို ညွှန်ပြလိုက်တယ်။ ဟယ်ရီက သူ့နေရာမှာပဲ ထိုင်ရာက ဖြည်းဖြည်းချင်းထပြီး ကြည့်လိုက်တော့ ဒယ်အိုးထဲမှာ သာမန်ရေ သက်သက်ပဲလို့ ထင်ရတဲ့ အရည်တွေ ဆူပွက်နေတာ မြင်ရတယ်။

အလေ့အကျင့်ရနေတဲ့ ဟာမီယွန်က သူမရဲ့လက်ကို ဆတ်ခနဲ ထောင်ပြလိုက်လို့ ပက်ကျိချိုရဲ့ မျက်စိနဲ့ အာရုံတွေ သူမဆီကို ရောက်သွားတယ်။

"အဲဒါ ဗာရီတာဆီရမ်တွေပါ ဆရာ၊ လူ့ရဲ့ သွေးရည်ကြည်နဲ့ ဖော်စပ်ထားပြီး သောက်လိုက်တဲ့ သူကို မှန်ရာကိုသာ အမှန်အတိုင်း ဖွင့်ပြောစေတဲ့ အရောင်မဲ့၊ အနံ့မဲ့ သစ္စာထိန်း ဆေးရည်ပါ"

www.burmeseclassic.com

"ဟာ ………… တော်လိုက်တာ၊ သိပ်တော်ပါလား" ပက်ကျိချိုက ချီးကျူးလိုက်တယ်။ သူ ပျော်သွားပုံလည်း ရတယ်။ တစ်ခါ ကျီးနက်ခြေသည်းတွေရဲ့ စားပွဲနဲ့ အနီးဆုံး ဒယ်အိုးကြီးကို လက်ညှိုးထိုးပြီး သူက မေးမြန်းပါတယ်။ "ကဲ–ခု ဒီအိုးထဲက ဆေးရည်တွေကွာ၊ ဒါ တော်တော်လူသိများတဲ့ ဆေးရည်တွေပဲ။ ခုတစ်လော ဝန်ကြီးဌာန လက်ကမ်းစာစောင်တွေမှာ အသားပေး ဖော်ပြနေတယ်။ ဘယ်သူ ပြောနိုင်လဲဟေ့"

ဟာမီယွန်လက်ပဲ လေထဲကို မြှောက်တက်သွားပြန်တယ်။

"အဲဒါ ရုပ်ပြောင်းရုပ်လွှဲ လုပ်ရာမှာ သုံးတဲ့ ဗဟုရုပ်ပွားဆေးရည်ပါ။ ပိုလီဂျုစ်လို့ ခေါ်ပါတယ် ဆရာ"

အဲဒီ နှေးနှေး နှေးနှေး ပလုံစီပွက်နေတဲ့ ဒုတိယ ဒယ်အိုးထဲက ရွှံ့ရည်တွေလိုလို ဆေးရည်တွေကို ဟယ်ရီလည်း ကောင်းကောင်း သိနေတယ်။ ဒါပေမဲ့ ဟာမီယွန် ခုလို တစ်ယောက်တည်း နှစ်ခါထဖြေပြီး ချီးကျူးခံရမှာကို သူ မကျေမနပ် မဖြစ်ပါဘူး။ အမှန်မှာတော့ ဟာမီယွန်လည်း အဲဒီဆေးရည်ကို ဒုတိယနှစ်ကတည်းက ဖော်စပ်နိုင်ခဲ့တဲ့ ကျောင်းသူတစ်ဦးပဲ မဟုတ်လား။

"ဉာဏ်ရည်ထက်လှချည်လားဟေ့ အတော်ဆုံးပဲ၊ ကဲ အခု ဒီတစ်ခုရော ငါ့တပည့်တို့ ဖြေနိုင်ဦးမလားကွာ"

ပက်ကျိချိုက ဟာမီယွန်ကို လှိုက်လှိုက်လှဲလှဲ ချီးကျူးပြီး တစ်တန်းလုံးကို လှည့်မေးလိုက်ပေမဲ့ ဟာမီယွန်ပဲ လက်ထောင်ပြနေပြန်လို့ သူ့စိတ်ထဲမှာ တစ်မျိုးတစ်မည် ဇဝေဇဝါ ဖြစ်သွားတယ်။

"ဒါကတော့ အမော့တင်းရှားဆေးရည်တွေဆိုတာ သေချာတယ်ဆရာ"

ဟာမီယွန်က ဒီလောက်ပဲ ဖြေပြီး ရပ်ထားလို့ ပက်ကျိချိုအတွက် အကွက်ဆိုက်သွားတယ်။ သူက "မင်းတော်တယ်၊ မေးသမျှ အားလုံး သိနေတော့ ငါမေးမိတာတောင် မိုက်ရာကျနေပြီ ထင်တယ်။ ဒီဆေးရည်ရဲ့ အစွမ်းအာနိသင်ကိုလည်း မင်းပြောနိုင်မှာပါနော်"လို့ ချီးကျူးသလိုလို၊ အထင်သေးသလိုလိုနဲ့ ပညာထပ်စမ်းလိုက်တယ်။ ဒီမှာတင် ဟာမီယွန်က–

"ပြောနိုင်ပါတယ် ဆရာ၊ ပြောဖို့ မလိုဘူးလားလို့ပါ။ နောက် ……… ပြောရမှာလည်း နည်းနည်း ……… အဲ–ဟို သူက လူးလူးသောက်သောက်၊ ရာဂစိတ်ကို တအား ပြင်းထန်လာအောင် နှိုးဆွပါတယ် ဆရာ၊ သူ့ကို အချိန်အဆကလေးနဲ့ နည်းနည်းပဲ သုံးဖို့ပါ။ အမှန်စင်စစ် ဒီဆေးရည်ဟာ ချစ်စိတ်တွေ နိုးကြွတုံ့ပြန်လာစေအောင် မုချလုပ်ပေးနိုင်တဲ့ ကမ္ဘာမှာ အစွမ်းအထက်ဆုံး အပြင်းစား ပီယဆေးပါပဲ"

ပက်ကျိချို ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ နောက် "ကွက်တိပါပဲ၊ မင်းရဲ့ အဖြေဟာ တိုတိုနဲ့ ထိရောက်ပြည့်စုံတယ်"လို့ ချီးကျူးပြီးမှ "ဆေးရည်ရဲ့ ကနုကမာရောင် တောက်နေတာကို မင်းမှတ်မိလိုက်တာ ဖြစ်မယ်"လို့ ထပ်ကွန့်ဖြည့်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါတင်မကပါဘူး ဆရာ၊ သူ့ရဲ့ ထူးခြားတဲ့ ဝိသေသအရ ဆေးရည်ထဲက ရေနွေးငွေ့ကလည်း ဘူးနွယ်လို ရစ်ခွေပြီး အကွင်းအကွင်းလိုက် တက်နေပါတယ်။ ပြီးတော့ သူ့အနံ့ကို ရှူမိရာမှာလည်း အားလုံး ဆင်တူအနံ့မရဘဲ လူတစ်ကိုယ် အနံ့တစ်မျိုး ရတတ်တယ်။ အဲဒါဟာ ကျွန်မတို့ကို ဆွဲဆောင်တဲ့ အချက်ပါပဲ။ ကျွန်မဆိုရင် ရိတ်ဖြတ်ပြီးစ မြက်အနံ့အမျိုး ရနေတယ်လေ။ ပြီးတော့ သားရေပုရပိုက် အသစ်၊ နောက်ပြီး........"

ဒီနေရာမှာ ဟာမီယွန်ရဲ့ မျက်နှာ ပန်းနုရောင် သမ်းသွားပြီး သူမရဲ့ စကားကို ဝါကျဆုံးအောင် ဆက်မပြောဘဲ ရပ်ထားလိုက်တယ်။

"ခင်မင်ရတဲ့ ကလေးမလေး၊ မင်းနာမည် ဘယ်လိုခေါ်လဲကွဲ့"

ဟာမီယွန် ရှက်ကိုးရှက်ကန်း ဖြစ်နေတာကို မသိကျိုးကျွန် သတိမထားမိတဲ့ ပုံစံနဲ့ ပက်ကျိချိုက မေးလိုက်တယ်။

"ဟာမီယွန် ဂရန်ဂျာပါ ဆရာ"

"ဂရန်ဂျာ၊ အင်း....... ဂရန်ဂျာ၊ မင်းဟာ ဟက်တာဒက်ဝပ် ဂရန်ဂျာနဲ့များ ပတ်သက်နေမလား၊ ဖြစ်တော့ တော်တော်လေး ဖြစ်နိုင်ပါတယ်။ ဟို အထူးခြားဆုံး ရှေ့ဆောင်လမ်းပြ တီထွင်သူများ အသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့သူလေ"

"အိုး...... မဖြစ်နိုင်ပါဘူးရှင်၊ ကျွန်မက မတ်ဂဲလ်တွေက မွေးဖွားဆင်းသက်တာပါ။ ရုပ်ကို ကြည့်ပြီး ဆရာလည်း သိမှာပါ"

နော့ထ်ဘက်ကို ကိုင်းပြီး နားနားကပ် တိုးတိုး တိုးတိုး ဘာပြောနေမှန်း မသိတဲ့ မော်လ်ဖွိုင်းကို ဟယ်ရီ မြင်နေရတယ်။ နောက် နှစ်ယောက်သား တခစ်ခစ်နဲ့ ကျိတ်ရယ်နေတယ်။ ပက်ကျိချိုက သူတို့ကို မြင်ပေမဲ့ မမြင်သလို သဘောထားလိုက်တယ်။ သူက ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ဟာမီယွန်နဲ့ ပြောနေရာက ဟယ်ရီဘက်ကို လှည့်ကြည့်လိုက်တယ်။ ဟယ်ရီက ဟာမီယွန်နဲ့ ဘေးချင်းကပ် ထိုင်နေတာ။ ပက်ကျိချိုက စကားဆက်လိုက်တယ်။

"အေး..... ငါ့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်လည်း မတ်ဂဲလ်က မွေးတာပါပဲကွယ်။ ဒီကလေးမလေးက ဒီနှစ်ထဲမှာ အတော်ဆုံး အကောင်းဆုံးပါပဲ။ ဒါ မင်းပြောတဲ့ မင်းသူငယ်ချင်းဆိုတာပဲ ဖြစ်မယ်လို့ ငါထင်တယ်။ အတော်ဆုံးလို့ မင်းပြောနေတဲ့ မိန်းကလေး ဟုတ်တယ် မဟုတ်လား ဟယ်ရီ"

"ဟုတ်ကဲ့ပါ ဆရာ" ဟယ်ရီက ဖြေလိုက်တယ်။

"ကောင်းလိုက်လေ၊ ကဲ–ဒီလိုဆို မင်းတို့ ဂရိုဖင်ဒေါ အတွက် ရသင့်ရထိုက်တဲ့ အမှတ် ၂၀ ကို ယူလိုက်တော့ မစ္စဂရန်ဂျာ"လို့ ပက်ကျိချိုက ခင်မင်ဖော်ရွေစွာနဲ့ ပြောလိုက်ပါတယ်။

www.burmeseclassic.com

မော်လ်ဖွိုင်းကတော့ သူ့မျက်နှာကို ဟာမီယွန်က ဖြတ်ရိုက်လိုက်သလို ခံစားနေရတယ်။ ဟာမီယွန်က ဟယ်ရီ့ဘက်ကို လှည့်ပြီး ဝင်းလက်တောက်ပတဲ့ အပြုံးနဲ့ "ငါဟာ ဒီနှစ်ထဲမှာ အတော်ဆုံး အကောင်းဆုံးလိုပ နင် တကယ်ပြောခဲ့တာလား ဟယ်ရီ"ဆိုပြီး မေးနေတယ်။ သူမက "အို........ ဟယ်ရီရယ်၊ နင် ငါ့ကို တကယ် ချီးကျူးပြီး ပြောခဲ့တယ်နော်"တဲ့။

ဒါပေမဲ့ ဘာအကြောင်းကြောင့် စိတ်ပျက်နေမှန်း မသိတဲ့ ရွန်က ဟာမီယွန်ကို "နင့်ကို ဒီလောက်ကလေး ချီးကျူးပြောတာများ နင် ဒီလိုမျိုး ဘဝင်လေဟပ်နေရသလား။ နင်က အတော်ဆုံး ဟုတ်လား၊ သူ ငါ့ကိုများ မေးလို့ကတော့ ငါပြောလိုက်ပြီသာမှတ်"လို့ ပြောနေပြန်တယ်။ ဟာမီယွန်က အပြုံးမပျက်ဘဲ ပါးစပ်ကို လက်ညှိုးလေးနဲ့ ထောင်ကပ်ပြီး "ရှီးရှီး"လို့ သတိပေးလိုက်တဲ့အတွက် ပက်ကျိချို ပြောနေတာကို သူတို့ ကြားရတယ်။

"အမောတင်းရှားဟာ အမှန်တော့ အချစ်ကို ဖန်တီးတာ မဟုတ်ပါဘူး။ သူက အချစ်ကို ထုတ်လုပ်ပေးတာပါ။ ဒါမှမဟုတ် တုပတာလည်း လုံးဝမဖြစ်နိုင်ဘူး။ ဒီဆေးရည်က သာမန်ရိုးရိုး အရူးအမူး စွဲလမ်းမှုနဲ့ ဥပါဒါန်ဖြစ်စေရုံ သက်သက်ပါပဲ။ တကယ့်အချစ်ကို သူ မဖန်တီးနိုင်ဘူး။ ပြီးတော့ ဒီဆေးရည်ဟာ ဒီအခန်းထဲမှာ အန္တရာယ်အရှိဆုံးနဲ့ အပြင်းထန်ဆုံး အဆိပ်ရည်လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"

သူ ဒီလို ပြောအပြီးမှာ ပက်ကျိချိုဟာ မယုံပါဘူးဆိုတဲ့ ပုံစံနဲ့ သရော်ပြုံးပြုံးနေတဲ့ မော်လ်ဖွိုင်းနဲ့ နော့ထ်တို့ နှစ်ယောက်ကို မျက်နှာထား တည်တည်နဲ့ ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေရာက "အေး .......... မင်းတို့ ငါ့အရွယ်ရောက်ရင် စွဲလမ်းတဲ့ အချစ်နဲ့ စွမ်းအား အာနိသင်ကို လျှော့တွက်လို့ မရမှန်း နားလည်လာပါလိမ့်မယ်"လို့ ပြောလိုက်ပါတယ်။

ပြီးတော့ ချက်ချင်းပဲ "ကဲ–အခု ငါတို့ သင်ခန်းစာစဖို့ အချိန်ရောက်ပြီ"လို့ ပက်ကျိချိုက ထပ်ပြောတယ်။ ဒီတော့ ပက်ကျိချိုရဲ့ ဆရာ စာသင် စားပွဲပေါ်မှာ တင်ထားတဲ့ ဒယ်အိုးမည်းမည်းလေး တစ်လုံးကို လက်ညှိုးထိုးပြီး အာနီးမက်ဇီလန်က ပြောပါတော့တယ်။

"ဆရာရှင့်၊ ဆရာ ကျွန်မတို့ကို အဲဒီထဲမှာ ဘာရှိသလဲဆိုတာ ပြောမပြရသေးပါဘူး"

ဒီအချိန်မှာ ဒယ်အိုးအတွင်းက ဆေးရည်တွေဟာ မြူးထူးပျော်ရွှင်ဟန် ပလုံစီ ဘောင်ဘင်လှိုင်းခတ်နေပြီး ရွှေကျိုရည်အရောင် ကြီးမားတဲ့ ဆေးစက်တွေ အရည် မျက်နှာပြင်ပေါ်ကို ရွှေငါးကလေးတွေ ခုန်ပျံနေတဲ့အလား မြောက်မြောက်တက်သွားတာကို မြင်နေရတယ်။ ဒါပေမဲ့ ထူးခြားတဲ့အချက်က အရည်အစက် မဆိုထားနဲ့ ဆေးရည်ရဲ့ အမှုန်အမွှားကလေးတစ်ခုသော်မျှ အပြင်ဘက်ကို လွင့်စဉ်ဖိတ်လျှံခြင်း မရှိတာပါပဲ။

"သြော်........ သြော်........... ဟုတ်သားပဲ"ပက်ကျိချိုက ပြောလိုက်တယ်။

www.burmeseclassic.com

ဟယ်ရီကတော့ ပက်ကျိချိုဟာ ဒီဆေးရည်ကို မေ့နေတာ လုံးလုံးမဟုတ်ဘဲ သူ့ရဲ့ အာနိသင်နဲ့ ပတ်သက်ပြီး ကျောင်းသားတွေရဲ့ အမေးကို တမင်စောင့်နေတာ ဖြစ်မယ်လို့ အတပ်သိနေတယ်။ သူထင်တဲ့အတိုင်းပဲ ပက်ကျိချိုက ပြောလိုက်တယ်။

"ကဲ စာသင်ခန်းထဲမှာ ရှိနေတဲ့ ဂုဏ်သိက္ခာရှိ ကျောင်းသူ ကျောင်းသားတွေ၊ မင်းတို့ အားလုံး အရမ်းသိချင်နေတဲ့ ဟောဒီဆေးရည်ကို 'ကျက်သရေတင့် ဖရဏာပီတိဆေးရည်'လို့ ခေါ်တယ်"

ပြီးတော့ သူက တခြားလူတွေ ကြားလောက်အောင် အသံထွက်ပြီး ပင့်သက်တစ်ချက် ရှိုက်လိုက်တဲ့ ဟာမီယွန်ဘက်ကို ပြုံးပြုံးကြီး လှည့်ကြည့်ပြီး "ကဲ-ဒီ ကျက်သရေတင့် ဖရဏာပီတိဆေးရည်မှာ ဘာအစွမ်းအာနိသင် ရှိသလဲဆိုတာ မင်းပြောနိုင်မယ် ထင်ပါရဲ့ မစ္စဂရန်ဂျာ"လို့ မတင်မကျကလေး ပြောလိုက်တယ်။

"ဒါ ကံကောင်းခြင်း ဆေးရည်ပါ ဆရာ၊ ဆေးရည်က ဆရာ့ကို ကံကောင်းစေပါလိမ့်မယ်"ဟာမီယွန်က စိတ်လှုပ်ရှားစွာနဲ့ ဖြေလိုက်တယ်။ စာသင်ခန်း တစ်ခန်းလုံး သူတို့ကိုယ်တွေကို မတ်ထောင်လိုက်မိကြတယ်။ သူ့ရဲ့ ရွှေအိုရောင်ဆံပင်တွေ နောက်ဘက်မှာ ရှိနေတဲ့ မော်လ်ဖွိုင်းတောင် နောက်ဆုံးတော့ ပက်ကျိချိုအပေါ်ကို မမှိတ်မသုန် အာရုံစိုက်နေတာကို ဟယ်ရီ တွေ့နေရတယ်။

"လုံးဝဥဿုံ အတိအကျ မှန်တယ်ဗျာ၊ ကဲ-ဂရိုဖင်ဒေါကေသရာဇာ ကျောင်းသားတွေ အတွက် နောက်ထပ် သီးခြား ၁၀ မှတ် ထပ်ပေးတယ်။ ယူပါ။ တကယ်မှာ ဒီ ကျက်သရေတင့် ဖရဏာဆေးရည်ကို ဖော်စပ်ရတာ အလွန်အမင်း ခက်ခဲပါတယ်။ မှားသွားရင် ဆိုးဆိုးဝါးဝါး အန္တရာယ် ရှိနိုင်တယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ကို ခု ဒီမှာဖော်စပ်ထားပြီးတဲ့ အတိုင်း စနစ်တကျ မှန်မှန်ကန်ကန် နှပ်ပြီးသွားပြီဆိုရင်တော့ မင်းတို့ဟာ မင်းတို့ ကြိုးပမ်းအားထုတ်မှုအားလုံး အောင်မြင်မှုရလေ့ရှိတာကို တွေ့ကြရလိမ့်မယ်။ အနည်းဆုံး ဆေးထဲက အာနိသင် ပြယ်မသွားမချင်းပေါ့"

"ဒါဆိုရင် လူတွေက ဒါကို အမြဲတမ်း ဘာလို့ မသောက်ကြတာလဲ ဆရာ"တယ်ရီဘုထ်က စိတ်ဝင်တစား မေးလိုက်တယ်။

"ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ လွန်လွန်ကဲကဲ သောက်သုံးမိရင် မူးဝေတတ်တယ်၊ မဆင်မခြင် လုပ်မိတတ်တယ်၊ ပြီးတော့ အန္တရာယ် ရှိလောက်အောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုပိုသာသာထားပြီး အထင်ကြီးတတ်တယ်" ပက်ကျိချိုက ရှင်းပြနေတယ်။ "ဘာပဲဖြစ်ဖြစ် တန်ဆေး လွန်ဘေးပေါ့ကွာ။ ကောင်းလွန်းတာကို တအား အလွန်အကျွံ သုံးမိရင် အဆိပ်ဖြစ်သွားတဲ့ သဘောပေါ့။ ဒါပေမဲ့ ချင့်ချင့်ချိန်ချိန် ရံဖန်ရံခါ သောက်သုံးသွားရင် အင်မတန် အကျိုးများပါတယ်"

"ဒါဖြင့် ဆရာကော ဒီဆေးရည်ကို အမြဲသောက်ပါသလား ဆရာ"မိုက်ကယ် ကော်နာက အရမ်း စိတ်ဝင်စားနေတဲ့ ပုံနဲ့ မေးလိုက်ပြန်တယ်။

www.burmeseclassic.com

"ငါ့တစ်သက်လုံးမှာ နှစ်ခါပဲ သုံးဖူးပါသေးတယ်" ပက်ကျိချိုက ဖြေတယ်။ "ငါ့အသက် ၂၄ နှစ်မှာ တစ်ခါ၊ အသက် ၅၇နှစ်မှာ တစ်ခါ ထမင်းစားဇွန်းနဲ့ နှစ်ဇွန်း နံနက်စာနဲ့အတူ အဆင်ပြေတဲ့ရက်နှစ်ရက်မှာ သောက်ခဲ့တာပဲ"

ပြောပြီး သူက အဝေးတစ်နေရာကို ကြည်နူးတဲ့ မျက်နှာနဲ့ ငေးကြည့်နေတယ်။ အမှုအရာတကယ် ကောင်းလွန်းလို့ ဟယ်ရီက သူတကယ် ကြည်နူးနေတာလား၊ ဟန်လုပ်ပြနေတာလား တွေးကြည့်နေတယ်။

ပြီးတော့မှ ပက်ကျိချိုဟာ သူ့စိတ်တွေ ပုံမှန်ဖြစ်သွားသလိုနဲ့ ပြောလိုက်တယ်။ "ဟောဒါဟာ ဒီသင်ခန်းစာမှာ ငါ မင်းတို့ကို ဆုအဖြစ်ပေးမယ့် အကောင်းဆုံး ပစ္စည်းလေးပဲ"

သူတို့ ပတ်ပတ်လည်မှာ ရှိနေတဲ့ စောစောက ဆူပွက်ပလုံစီပြီး အသံမြည်နေတဲ့ ဆေးရည်တွေ ဆယ်ဆတိုးပြီး ငြိမ်သက်တိတ်ဆိတ်သွားတယ်။

"ကျက်သရေတင့် ဖရဏာပီတိဆေးရည် ပုလင်းသေးသေးကလေး တစ်လုံးဟာ..........."

ပက်ကျိချိုက အတွင်းမှာ အဆို့ပါတဲ့ မှုန်စီမှုန်ဝါး မဆိုစလောက် ဖန်ပုလင်း သေးသေးကလေး တစ်လုံးကို သူ့အိတ်ထဲက ထုတ်ထောင်ပြလိုက်ရင်း ဆက်ပြောပြတယ်။ "နာရီပေါင်း ၁၂နာရီ တိတိ အာနိသင်ပြနေလိမ့်မယ်။ နံနက် အရုဏ်တက်ချိန်ကနေ ညနေ နေဝင်ရီတရော အချိန်ထိပေါ့ကွာ။ မင်းတို့ ကြိုးပမ်း အားထုတ်မှု မှန်သမျှကို ကံကောင်းစေလိမ့်မယ်"

"ဒါပေမဲ့ မင်းတို့ကို ငါ သတိပေးလိုက်မယ်။ ဒီဆေးကို တရားဝင် စနစ်တကျ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲတွေမှာ မသုံးဖို့ တားမြစ်ပိတ်ပင်ထားတယ်။ ဥပမာ–အားကစားပြိုင်ပွဲတွေ၊ စာမေးပွဲတွေနဲ့ ရွေးချယ်တင်မြှောက်ပွဲတွေမှာ သုံးခွင့်မရှိဘူး။ အနိုင်ရသူအနေနဲ့ ဒီဆေးကို သာမန်ရိုးရိုး နေ့တစ်နေ့မှာပဲ သုံးစွဲပြီး အဲဒီရိုးရိုးနေ့ဟာ ဘယ်လို ထူးထူးခြားခြား ဖြစ်လာသလဲဆိုတာ စောင့်ကြည့်ဖို့ပဲ"

ပက်ကျိချိုဟာ တစ်ခဏအတွင်း ရုတ်တရက် ရွှင်လန်းတက်ကြွလာတဲ့ ဟန်နဲ့ ဆက်ပြောလိုက်ပါတယ်။ "အဲဒီတော့ မင်းတို့ ငါပေးမယ့် ဆုကိုရအောင် လုပ်နိုင်ပါ့မလား။ ရှေ့ပြေး ကလ္လဗာလဆေးရည် ဖော်စပ်နည်း နိယာရည်းစာအုပ် စာမျက်နှာ ၁၀ ကို လှန်လိုက်ကြ၊ အချိန်တစ်နာရီ သာသာရမယ်။ အဲဒီအချိန်အတွင်း မင်းတို့ ဒီဆေးရည်ကို ရအောင် ဖော်စပ်ကြ။ ဒါပေမဲ့ မင်းတို့တွေ တစ်ယောက်မှ လုံးဝ ပြီးပြည့်စုံကောင်းမွန် အဆင့်အတန်းလုံးဝမီတဲ့ ဆေးရည်ကို ရအောင် ဖော်စပ်နိုင်လိမ့်မယ်လို့တော့ ငါမမျှော်လင့်ဘူး။ ဘာပဲဖြစ်ဖြစ် အကောင်းဆုံးလုပ်နိုင်သူဟာ အစွမ်းထက်ဆေးရည်ကို အောင်မြင်စွာ ဖော်စပ်နိုင်သူ ဖြစ်မှာပဲ၊ ကဲ–စကြတော့"

စာသင်ခန်းထဲမှာ ဒယ်အိုးတွေကို သူတို့ရှိရာဆီ ရွှေ့ပြောင်းဆွဲယူလို့ တဂျစ်ဂျစ် ရုပ်တိုက်မြည်သံတွေ၊ ဆေးချိန်တွယ်ဖို့ ချိန်ခွင်တွေထဲကို အလေးတွေထည့်တဲ့ အတွက် ဂလုပ်ဂလောက် ဂျောက်ဂျောက်ဂျက်ဂျက် မြည်သံတွေ ထွက်လာတယ်။ ဘယ်သူမှ စကား မပြောနိုင်ကြဘူး။ တစ်ခန်းလုံး ပီတိစိတ်ဝင်တစားနဲ့ အာရုံစိုက် လုပ်နေကြတယ်။ မော်လ်ဖွိုင်းရဲ့ ဆေးရည်ဖော်စပ်နည်း စာအုပ်ကို

www.burmeseclassic.com

www.burmeseclassic.com

ပြူးတဲပြဲတဲ တောင်လှန်မြောက်လှန် အသော့လှန်ရင်း ပျာယာခတ်နေတာကို ဟယ်ရီတွေ့ရတယ်။ ဒါပေမဲ့ သူ့ကြည့်ရတာ မော်လ်ဖွိုင်းအနေနဲ့ ဒီပွဲမှာ တကယ်အနိုင်ရချင်တာ၊ ဆေးကို မဖြစ်မနေ ဖော်စပ်ချင်တာ ဟုတ်မဟုတ်လည်း သိပ်တော့ မသေချာဘူး၊ မတတ်နိုင်ဘူး။ ဟယ်ရီလည်း ပက်ကျိချို သူ့ကို ငှားထားတဲ့ စာအုပ်အစုတ်အဟောင်းကြီးကို ကုန်းပြီး အမြန်သဲကြီးမဲကြီး လှန်နေရတယ်။

ဒီမှာ အရေးထဲ သူအနှောင့်အယှက် အကြီးအကျယ် တွေ့ရပြန်ရော။ စောစောပိုင်း မူလစာအုပ်ပိုင်ရှင်က သူ့စာအုပ် စာမျက်နှာအားလုံးမှာ ဟိုခြစ် ဒီခြစ် စုံနေအောင် လျှောက်ရေးခြစ်ထားလို့ ဘေးမျဉ်း မာဂျင်ကွက်လပ်တွေ မှန်သမျှနဲ့ စာကြောင်းတွေ ကြားထဲမှာ မင်အနက်နဲ့ ပုံနှိပ်ထားသလို မည်းချိတ်နေတယ်။ စာလုံးတွေကို သဲသဲကွဲကွဲ ဖတ်လို့ရအောင် သူ သေသေချာချာ နိမ့်နိမ့်ကလေး ငုံ့ကပ်ကြည့်ပြန်တော့လည်း စာအုပ်ပိုင်ရှင်က အဲဒီစာလုံးတွေနဲ့ ကပ်ပြီးတော့ရော၊ တချို့စာလုံးတွေပေါ်မှာပါ မှတ်ချက်တွေ ရေးထားလို့ ဖတ်မရ၊ တချို့စာလုံးတွေကျတော့ မလိုချင်လို့ ကြက်ခြေခတ်ထားတဲ့ မင်နဲ့ ခြစ်ပစ်ပြီး ဖျက်ထားတာတွေ ဖြစ်နေတယ်။ ဟယ်ရီ ကမန်းကတန်း စာအုပ်ထားတဲ့ ဗီရိုဆီကို ပြေးသွား၊ အထဲမှာ သူလိုချင်တာလေးတွေ မွှေနှောက်ရှာပြီး ပြန်ပြေးလာရသေးတယ်။ သူ့ဒယ်အိုးဆီကို ပြန်ရောက်လို့ လှမ်းကြည့်လိုက်တော့ မော်လ်ဖွိုင်းက စာတွေဖတ်ပြီးလို့ ဆေးမြစ်တချို့ကိုတောင် တက်သုတ်ရိုက်လှီးဖြတ်နေပြီ။

အခန်းထဲမှာ လူတိုင်းလိုလို ကျန်တဲ့လူတွေ ဘာတွေ ဘယ်လိုလုပ်နေတယ်ဆိုတာ ဖျတ်ခနဲ ဖျတ်ခနဲ လှမ်းလှမ်းကြည့်နေတယ်။ ခိုးချတဲ့ သဘောမဟုတ်တောင် ခုလို အကဲခတ်ကြည့်နေတာက ကိုယ့်ဆေးကိုယ် ဖော်စပ်ရာမှာ ကောင်းကျိုးရော ဆိုးကျိုးရော ပေးနိုင်တယ်။ ဒါပေမဲ့ အခန်းထဲမှာ ဘယ်သူမှ လွတ်လွတ်လပ်လပ် ကျိတ်လုပ်လို့လည်း မရနိုင်ဘူး။ ၁၀ မိနစ်အတွင်းမှာပဲ သူတို့နေရာမှာ ပြာနှမ်းနှမ်း ရေခိုးငွေ့တွေနဲ့ ပြည့်သွားတယ်။ ဟာမီယွန်တစ်ယောက်ကတော့ ထူးထူးခြားခြား အပိုင်နိုင်ဆုံး ဖြစ်နေပုံပဲ။ သူမရဲ့ ဆေးရည်တွေ ချောချောမွေ့မွေ့နဲ့ ဘယ်ရီသီးအနက်ရောင် အရည်တွေ ဖြစ်လာနေပြီ။ ဒါဟာ အပြီးသတ် အကောင်းဆုံးဆေးရည် ရဖို့ အဆင့်တစ်ဝက်ရောက်သွားပြီဆိုတာ သိသာထင်ရှားနေတယ်။

ဆေးမြစ်တွေကို ခုတ်ပိုင်းစဉ်းဖြတ်လို့ ပြီးသွားတဲ့ ဟယ်ရီဟာ သူ့စာအုပ်ကို နောက်ထပ် ငုံ့ပြီး ကြည့်လိုက်ပါတယ်။ စာအုပ်ပိုင်ရှင် တောင်တောင်မြောက်မြောက်တွေ ရေးခြစ်ထားတဲ့ ရှုတ်ယှက်ခတ်နေတာတွေ အောက်က စာညွှန်းညွှန်ကြားချက်တွေ၊ အညွှန်းတွေနေရာမှာ ထပ်ပြီးရေးထားတာ တချို့နေရာမှာ စာရွက်တွေ ပေါက်ပြဲနေလို့ ဖတ်မရတဲ့အပြင် မူလအညွှန်းကို ဖျက်ပြီး သူ့ဘာသာ နောက်ထပ် အညွှန်းသစ်ကို ပဲပင်ပေါက်လို လက်ရေးနဲ့ ပြန်ရေးထားတာလည်း တွေ့ရတယ်။ သူရေးထားတာက–

ခုတ်ထစ်ဖြတ်တာထက်ကောင်းတဲ့ အရည်ညှစ်ယူလို့ရအောင် ငွေဓားမြှောင်ရဲ့ ဓားပြားဘက်ခြမ်းနဲ့ ထုရိုက်ခြေပါ တဲ့။

"ဆရာခင်ဗျား ကျွန်တော့အဘိုး အဘရာဆတ် မော်လ်ဖွိုင်းကို ဆရာသိတယ်လို့ ကျွန်တော် ထင်ပါတယ်"

www.burmeseclassic.com

အသံကြားလို့ ဟယ်ရီမော့ကြည့်လိုက်တော့ ပက်ကျီချို ဆလီသီရင်တွေရဲ့ စားပွဲနားက ဖြတ်သွားနေတာကို တွေ့ရတယ်။

"အေး သိပါတယ်။ သူ့အရွယ်ကြီးနဲ့ ဆစ်ဖလစ် ကာလသားရောဂါဖြစ် သေရတာ သိပ်မဆန်းပေမဲ့ သူဆုံးတယ်လို့ ကြားတော့ ငါစိတ်မကောင်းပါဘူး"

ပက်ကျီချိုက မော်လ်ဖွိုင်းကို လှည့်မကြည့်ဘဲ ဖြေပြီး ဆက်လျှောက်သွားတယ်။ ဟယ်ရီက သူ့ဒယ်အိုးကို ပြန်ငုံ့ကြည့်ပြီး သရော်ပြုံးပြုံးနေတယ်။ ပက်ကျီချိုက မော်လ်ဖွိုင်းဟာ ဟယ်ရီနဲ့ ဇာဘိနီတို့လို ပြုမူဆက်ဆံခံချင်နေတယ်ဆိုတာ သိနေတယ်။ ဒါမှမဟုတ် ယုတ်စွအဆုံး စနိုပ်ထံက သူရမယ်လို့ မျှော်လင့်ထားတဲ့ တစ်စုံတစ်ရာဦးစားပေး ဆက်ဆံရတာမျိုးကို သူလိုချင်တာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ကြည့်ရတာ မော်လ်ဖွိုင်းဟာ ကျက်သရေတင့် ဖရဏာပီတိဆေးရည်ပုလင်းကို ရဖို့ သူ့ကိုယ်ပိုင် ပါရမီကလွဲပြီး တခြား ဘာအားကိုးအားထားမှ မရှိသလို ဖြစ်နေပုံပဲ။

ဟယ်ရီရဲ့ ဆေးဖက်ဝင် သိပ္ပံ ပဲသီးတောင့်တွေက လိုးဖြတ် နုပ်နုပ်စဉ်းဖို့ အတော်ခက်ခဲနေတယ်။ ဒီမှာတင် ဟယ်ရီက ဟာမီယွန်ဘက်လှည့်ပြီး "ဟဲ့ နင့် ငွေဓားကလေး ငါ ခဏငှားလို့ ရမလားဟယ်"လို့ တောင်းလိုက်တယ်။

ဟာမီယွန်က သူ့ဆေးရည်ပေါ်ပဲ အာရုံစိုက်နေပြီး လှည့်မကြည့်ဘဲ စိတ်မရှည်သလို ခေါင်းကိုသာ ညိတ်ပြလိုက်တယ်။ ဟာမီယွန်ရဲ့ ဆေးရည်တွေဟာ ခုလောက်ကြာတဲ့ အချိန်မှာ စာအုပ်ထဲက အညွှန်းအတိုင်းဆိုရင် ခရမ်းဖျော့ဖျော့ရောင် အဆင့်ကို ရောက်နေရမှာ ဖြစ်ပေမဲ့ ခရမ်းရောင်ရင့်ရင့်ကြီးအတိုင်းပဲ ရှိနေသေးလို့ သူမ စိတ်တိုနေတယ်။

ဟယ်ရီက သူ့ပဲသီးတောင့်တွေကို ဟာမီယွန်ရဲ့ ဓားမြှောင်နဲ့ ဓားပြားရိုက်ထုခြေလိုက်တယ်။ ဒီမှာတင် သူ အကြီးအကျယ် အံ့သြသွားရအောင် ပဲသီးတောင့်တွေကနေ အရည်တွေ ချက်ချင်း ဖုံးပေါလအော ထွက်လာတယ်။ မယုံနိုင်လောက်အောင် ပိုအံ့သြရတာက အရည်တွေသာ ထွက်လာတယ် ပဲသီးတောင့်တွေကတော့ ရှုံ့တွလိပ်ကုန်တာကလွဲရင် ပြတ်ကြေ ပုံပျက်မသွားဘဲ သူ့နဂိုအတိုင်း ရှိနေတာပါပဲ။ သူကမန်းကတန်း အရည်ရော အဖတ်ရော တွေ့သမျှ အကုန်လုံး ကော်ခပ်ပြီး ဒယ်အိုးထဲကို ထည့်ပစ်လိုက်တယ်။ ဘာပြောကောင်းမလဲ သူ အလန့်တကြား အံ့အားသင့်သွားအောင် ဆေးရည်တွေဟာ ချက်ချင်းလိုလို ကျောင်းသုံးစာအုပ်ထဲမှာ ညွှန်းထားတဲ့အတိုင်း ခရမ်းဖျော့ရောင်ကို အတိအကျ ပြောင်းသွားပါတော့တယ်။

ဒီမှာတင် သူ့စာအုပ်ရဲ့ ယခင်ပိုင်ရှင်အပေါ်မှာ သူ ဒေါသဖြစ် စိတ်ပျက်မိသမျှတွေ ရုတ်ချည်း သူ့ရင်ထဲက အကုန်ထွက်ပြေးသွားတယ်။ ဟယ်ရီ စာအုပ်ထဲက ညွှန်ကြားချက် နောက်တစ်တန်းကို မျက်စိမှေးပြီး စိုက်ကြည့်လိုက်တယ်။ စာအုပ်ထဲက အတိုင်းဆိုရင် သူ့ဆေးရည်တွေကို ရေအတိုင်း ကြည်စင်သွားတဲ့အထိ လက်ဝဲရစ် မွှေပေးနေရမယ်။ ဒါပေမဲ့ သူ အားကိုး ယုံကြည်စိတ်ဝင်သွားတဲ့ စာအုပ်ရှင်က ထပ်ဖြည့်ရေးထားတာကတော့ လိုချင်တဲ့ အခြေအနေရောက်အောင် ဆက်တိုက် တစ်သမတ်တည်း လက်ဝဲရစ် မမွှေနဲ့။ "ဂုကြိမ် လက်ဝဲရစ်မွှေပြီးတိုင်း လက်ယာရစ် တစ်ကြိမ် မွှေပေးပါ"တဲ့။ စာအုပ်ရှင်ပြောတာပဲ မှန်နိုင်ကောင်းပါတယ်လို့ သူက ယုံကြည်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ လက်ဝဲရစ် ၇ကြိမ် မွှေပြီးတဲ့နောက် အသက်မရှူဝံ့ဘဲ လက်ယာရစ် တစ်ကြိမ်မွှေကြည့်လိုက်တယ်။ အကျိုးဆက်က ချက်ချင်း ပေါ်လာတယ်။ ဆေးရည်တွေ အဖျော့ဆုံး ပန်းရောင်သမ်းရုံကလေး အဆင့်ကို ပြောင်းသွားတယ်။

"ဟဲ့ ဟဲ့ နင်ဘယ်လို လျှောက်လုပ်နေတာလဲ" မျက်နှာကြီးနီရဲ ဆံပင်တွေလည်း သူမရဲ့ ဒယ်အိုးထဲက ထွက်နေတဲ့ အငွေ့တွေကြားမှာ ဖွာလန်ကြဲ ရှုပ်ပွနေတဲ့ ဟာမီယွန်းက ဟောက်လိုက်တယ်။ ဒါပေမဲ့ သူမရဲ့ ဆေးရည်တွေကတော့ ခရမ်းရောင်ကနေ ပြောင်းကို မပြောင်းနိုင်ဘဲ တန့်နေတယ်။

"လက်ယာရစ် တစ်ကြိမ် မွှေပေးလိုက်တာလေ"လို့ ဟယ်ရီက ဖြေတော့ "ဘယ်ကလာ လက်ဝဲရစ်ပဲ မွှေရပါမယ်လို့ စာအုပ်ထဲမှာ အသေအချာ ရေးထားတဲ့ဟာကို" ဆိုပြီး သူမက ကြိမ်းလိုက်ပြန်တယ်။

ဟယ်ရီက ဘာမှ မပြောတော့ဘဲ ပခုံးကို တွန့်ပြလိုက်ပြီး ပြန်မပြော နားမထောင်ပုံစံနဲ့ လက်ဝဲရစ် ခုနစ်ခါ မွှေလိုက်၊ လက်ယာရစ် တစ်ခါမွှေပြီး ရပ်ထားလိုက်။ လက်ဝဲရစ် ခုနစ်ခါမွှေလိုက်၊ လက်ယာရစ် တစ်ခါမွှေပြီး ရပ်လိုက်ပဲ ဆက်လုပ်နေတယ်။

စားပွဲရဲ့ တစ်ဖက် မျက်နှာချင်းဆိုင်မှာတော့ ရွန်ဟာ သူ့အခြေအနေကို မကျေမနပ်ဖြစ်ပြီး လေသံတိုးတိုးနဲ့ ကိုယ့်ကိုယ်ကိုယ် ဆဲဆိုရေရွတ်နေတယ်။ သူ့ရဲ့ ဆေးရည်ကလည်း နွယ်ချို အရည်တွေနဲ့ တူနေတယ်။ ဟယ်ရီ ပတ်ဝန်းကျင်ကို ခပ်သွက်သွက်ကလေး ဝေ့ဝိုက်ကြည့်လိုက်တယ်။ သူမြင်သလောက်ဆိုရင် သူ့ရဲ့ ဆေးရည်လောက် အရောင်ဖျော့ပြီး ကြည်လင်တဲ့ ဆေးရည်မျိုး ဘယ်သူ့ဆီမှာမှ မတွေ့ရတာကြောင့်ရော၊ ဒီ မြေအောက်ခန်း စာသင်ခန်းထဲမှာ အရင်က ဒီလိုမျိုး တစ်ကြိမ်မှ မရှိခဲ့လို့ပါ သူကျိတ်ပြီး အူမြူးနေတယ်။

"ကဲ အချိန်စေ့ပါပြီ။ ဆေးရည်မွှေနေတာတွေကို ရပ်လိုက်ကြတော့"ပက်ကျိချျိုက သူတို့ ပြိုင်ပွဲကလေး ပြီးဆုံးသွားပြီ ဖြစ်ကြောင်း ကြေညာလိုက်တယ်။

ပြီးတော့ သူ စားပွဲတွေကြားကို ဖြည်းဖြည်းချင်း လျှောက်သွားပြီး ဒယ်အိုးတွေထဲကို ငုံ့ကြည့်နေတယ်။ သူက ဘာမှတ်ချက်မှ မချဘူး။ ဒါပေမဲ့ တစ်ခါတစ်ခါတော့ အိုးထဲက ဆေးရည်တွေကို မွှေကြည့်ရှူကြည့်နေတယ်။ နောက်ဆုံး ဟယ်ရီ၊ ရွန်၊ ဟာမီယွန်နဲ့ အာနီးတို့ထိုင်တဲ့ စားပွဲကို ရောက်သွားတယ်။ ရွန်ရဲ့ ဒယ်အိုးထဲက ကတ္တရာလို နက်နေတဲ့ ဆေးရည်တွေကို သူမြင်တော့ သူ မချိတင်ကဲ ပြုံးလိုက်တယ်။ သူ အာနီးရဲ့ ထွေရာလေးပါး ရောစုံပြီး ပြာနှမ်းနှမ်းဖြစ်နေတဲ့ ဆေးရည်တွေကို ဘာမှမလုပ်ဘဲ ကြည့်ရုံကြည့်ပြီး ကျော်သွားတယ်။ ဟာမီယွန်ရဲ့ ဆေးရည်ကိုတော့ သူသဘောကျသလို ခေါင်းတစ်ချက်ညိတ်လိုက်တယ်။ နောက်ဆုံး ဟယ်ရီရဲ့ ဆေးရည်တွေကိုလည်း သူမြင်လိုက်ရရော ပက်ကျိချျိုဟာ ဟုတ်မှ ဟုတ်ရဲ့လားလို့ မယုံချင်သလိုလို ဖြစ်နေရာက သူ့ရဲ့ ကျေနပ်အားရ ဝမ်းသာဖြစ်မှုတွေ သူ့မျက်နှာပေါ်ကို ကူးစက်ပျံ့နှံ့သွားတယ်။

"ပြတ်ပြတ်သားသား အနိုင်ရသူပါပဲ" ပက်ကျိချျိုက တစ်ခန်းလုံးကြားအောင် အော်လိုက်ပါတယ်။ ပြီးမှ "အကောင်းတကာ့ အကောင်းဆုံးပဲဟေ့ ဟယ်ရီ။ ဘုရားရေ မင်းဟာ မင်းအမေရဲ့ ပါရမီကို

www.burmeseclassic.com

အမွေရလိုက်တာပါပဲလား။ မင်းအမေဟာ ဆေးရည်နဲ့ ပတ်သက်ရင် တကယ့်ကို ကျွမ်းကျင်ပေါက်မြောက်သူ တစ်ယောက်ပါ။ ရော့ရော့ ဒီမှာယူ။ ကတိပေးထားတဲ့အတိုင်း ကျက်သရေတင့် ဖရဏာပီတိ ဆေးရည်ပုလင်းကလေး တစ်လုံး။ စနစ်တကျ ကောင်းကောင်းမွန်မွန် သုံးပေါ့ကွာ”လို့ ဟယ်ရီကို အမေ့ခြေရာနင်းနိုင်သူ သားအဖြစ် သူ့အမေ လီလီကိုပါထည့်ပြီး ချီးကျူးပြောဆိုပြီး ပုလင်းကလေးကို ပေးလိုက်ပါတယ်။

ဟယ်ရီက ရွှေရောင်အရည်တွေနဲ့ ပုလင်း ပေါက်စကလေးကို သူ့အတွင်းဘက် အင်္ကျီအိတ်ကပ်ထဲ ဖျတ်ခနဲ အမြန်ထည့်လိုက်တယ်။ သူ့ရင်ထဲမှာ ဒေါသမီး ဟုန်းဟုန်းတောက်နေတဲ့ ဆလီသီရင်တွေကို ကြည့်ပြီး ကျေနပ်ပျော်ရွှင်ရမှုနဲ့ စိတ်ပျက်သွားတဲ့ ဟာမီယွန်ရဲ့ပုံကို ကြည့်ပြီး သူ့မှာ အပြစ်ရှိနေသလိုမျိုး ရောထွေးပေါင်းစပ်နေတဲ့ ထူးခြားတဲ့ ခံစားချက်ကို တစ်ပြိုင်နက် ခံစားနေရတယ်။ ရွန်ကတော့ ကျောက်ရုပ်လို ငူငူငိုင်ငိုင်ကြီး လုံးလုံးလျားလျား မင်တက်မိနေတယ်။

“မင်း အဲဒါကို ဘယ်လို လုပ်တာလဲကွ”သူတို့ မြေအောက်ခန်းက ပြန်ထွက်လာတော့ လမ်းမှာ သူက ဟယ်ရီကို တိုးတိုး ကပ်မေးတယ်။

“ကံကောင်းလို့ လို့ ငါထင်တာပဲ”သူတို့အသံကို ကြားနိုင်လောက်တဲ့ အကွာအဝေးအတွင်းမှာ မော်လ်ဖွိုင်းရှိနေတာကို သတိပြုမိတဲ့ ဟယ်ရီက ကြုံရာကျပန်း ပေါ့ပေါ့တန်တန် ဖြေလိုက်တယ်။

နောက် ဂရိုဖင်ဒေါ်ကြီးမှာ ညစာစားကြတော့မှ သူတို့ လုံလုံခြုံခြုံ ရှိပြီလို့ ယူဆတဲ့အတွက် ဟယ်ရီက သူပြောစရာ ရှိတာကို ပြောပြလိုက်တယ်။ ဟာမီယွန်ရဲ့ မျက်နှာဟာ ဟယ်ရီရဲ့ စကားအခွန်းတိုင်းကို နားထောင်နေရင်း အေးစက်မာကျောလာတယ်။ သူမရဲ့ အမူအရာကြောင့် စိတ်တိုသွားတဲ့ ဟယ်ရီက ပြန်မေးတယ်။

“ဘာလဲ နင်က ငါလိမ်နေတယ်လို့ ထင်လို့လား”

“ကောင်းပြီလေ။ ဒါဖြင့် နင်ဒီလို လုပ်နိုင်တာဟာ နင့်ရဲ့ ကိုယ်ပိုင်အစွမ်းကြောင့် မဟုတ်ဘူးပေါ့၊ ဟုတ်လား”သူမရဲ့ လေသံက မာရေကျောရေ ခပ်တင်းတင်း ဖြစ်နေတုန်းပဲ။

“သူက တို့အထဲက ညွှန်ကြားချက်နဲ့ မတူတာတွေကို ကြည့်ပြီး လိုက်လုပ်လိုက်တာပါပဲ။ ဒါ တကယ့် ကြီးကျယ်တာကြီးမို့လား။ မဟုတ်လောက်ပါဘူး။ ဒါပေမဲ့ သူက စွန့်လုပ်လိုက်တော့ အဲဒီက ထွက်လာတဲ့ ရလဒ်ကို သူရလိုက်တာပေါ့ကွာ”ရွန်က ဝင်ပြောပြီး သက်ပြင်းရှည်ကြီး ချလိုက်တယ်။ ပြီးတော့ တစ်ခါ သူက မကျေမချမ်း ပြောပြန်တယ်။ “ပက်ကျိုချိုက အဲဒီစာအုပ်ကို ငါ့ကို ပေးလိုက်ရင် ပြီးရောကွာ။ ခုတော့ ငါရတဲ့ စာအုပ်ထဲမှာ ဘယ်သူကမှ ဘာမှ ရေးမထားဘူး။ ဒီကြားထဲ စာမျက်နှာ ၅၂ ဆိုရင် တွန့်လိမ်ရှုံ့တွ နေတာပဲ၊ ဒါနဲ့ .........”

“သေလိုက်ပါလား၊ လုပ်မနေနဲ့”

www.burmeseclassic.com

ဟယ်ရီရဲ့ ဘယ်ဘက်နားနားက ကပ်ပြီးထွက်လာတဲ့ အသံတစ်သံကြောင့် ရွှန် စကားတစ်ပိုင်းတစ်စနဲ့ ရပ်သွားတယ်။ ဟယ်ရီရဲ့ နှာခေါင်းထဲမှာ လေထဲကပါလာတဲ့ ပန်းနံ့သင်းနေတဲ့ အနံ့တစ်နံ့ ချက်ချင်း ရလိုက်တယ်။ သူ လှည့်ပတ်ကြည့်လိုက်တော့ သူတို့ အုပ်စုထဲမှာ ဂျင်နီပါရောက်နေတာကို တွေ့ရတယ်။ ဂျင်နီက–

"ငါ အကုန်လုံး ကြားပြီးပြီ ဟယ်ရီ၊ စာအုပ်တစ်အုပ်ထဲမှာ တစ်ယောက်ယောက်ရေးထားတဲ့ အညွှန်းတွေကို နင်ယူသုံးလိုက်တာပါပဲ။ မဟုတ်ဘူးလား"ဂျင်နီဟာ အခြောက်တိုက် သွေးလန့်နေသလိုလို ဖြစ်နေပြီး စိတ်ဆိုးနေပုံလည်း ရတယ်။ သူမရဲ့ စိတ်ထဲမှာ ဘာတွေ ပြောချင်နေတယ်ဆိုတာလည်း ဟယ်ရီ ချက်ချင်း သိလိုက်တယ်။

"ဘာမှ မဟုတ်ပါဘူးဟယ်" ဟယ်ရီက ဂျင်နီ စိတ်သက်သာမှုရအောင် လေသံပျော့ပျော့လေးနဲ့ ခုလို စလိုက်ပြီးမှ "အဲဒါက နင်သိနေတဲ့ ရစ်ဒဲလ်ရဲ့ နေ့စဉ်မှတ်တမ်း မဟုတ်ပါဘူး။ တစ်ယောက်ယောက်က အဲဒီထဲမှာ ဟိုခြစ်ဒီခြစ် လျှောက်ရေးထားတာတွေပါတဲ့ ကျောင်းသုံးစာအုပ်ဟောင်းကြီး တစ်အုပ်ပါ"

"ဒါပေမဲ့ ဒီအထဲမှာပါတဲ့အတိုင်း နင်လုပ်ခဲ့တာပဲ မဟုတ်လား"

"ငါက သူမာဂျင်ကွက်လပ်ထဲမှာ ရေးထားတာတွေထဲက နည်းနည်းပါးပါး ယူပြီး စမ်းကြည့်လိုက်တဲ့သဘောပါ။ ရိုးရိုးသားသားပါ ဂျင်နီ၊ ငါပြောတဲ့အထဲမှာ နောက်တာ တစ်ခုမှ မပါပါဘူး"

"ဂျင်နီလည်း တစ်မှတ်ရခဲ့ပါတယ်ဟဲ့"ပြန်ပြီး လန်းလန်းဆန်းဆန်း ရွှင်ရွှင်ပျပျဖြစ်လာတဲ့ ဟာမီယွန်က ပြောလိုက်တယ်။ ပြီးတော့ သူမက "ငါတို့ အဲဒီထဲမှာ နောက်ထပ် ထူးထူးခြားခြား ဘာတွေပါသေးလဲ ဆိုတာတော့ စစ်ကြည့်ဖို့ လိုမယ်။ ငါဆိုလိုတာက အဲဒီ ရယ်စရာကောင်းတဲ့ အူကြောင်ကြောင် လျှောက်ရေးထားတာတွေထဲမှာ ဘာတွေပါတယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ မဟုတ်ဘူးလား"လို့ ပြောရင်း အိတ်ထဲက စာအုပ်ကြီးကို ဆတ်ခနဲ ဆွဲထုတ်ယူပြီး သူမရဲ့ ဆေးကြိမ်လုံးကိုပါ မြှောက်ရွယ်လိုက်တဲ့အတွက် ဟယ်ရီက "ဟေ့ ဟေ့"ဆိုပြီး တားလိုက်တယ်။

ဟယ်ရီ အော်နေတဲ့ကြားက ဟာမီယွန်ဟာ စာအုပ်ရဲ့ မျက်နှာဖုံးကို ဆေးကြိမ်လုံးနဲ့ ခေါက်ပြီး "အထူးလျှို့ဝှက်ထိန်ချန်ထားချက်တွေ ရှိသမျှ ပေါ်ထွက်လာစမ်း၊ စပယ်ရှယ်လစ်စ် ရီဗီလီယို"လို့ ရွတ်ဆိုလိုက်တယ်။

ဒါပေမဲ့ သူမရဲ့ ရှေ့စားပွဲပေါ်မှာ ချထားတဲ့ စာအုပ်ကြီးက ဘာဆိုဘာမှ ဖြစ်မလာဘဲ ဒီအတိုင်း ငုတ်တုတ် နဂိုမြင်ရတဲ့အတိုင်း နွမ်းဖတ်ညစ်ပေပြီး ထောင့်တွေတွန့်လိပ်နေတဲ့ စာအုပ်ဟောင်းကြီး တစ်အုပ်အဖြစ် မပြောင်းမလဲ ရှိနေတယ်။

"ကဲ တော်ပြီ တော်ပြီ ပြီးပြီ။ ဘာလဲ နင်က စာအုပ်ကြီး နောက်ကျွမ်းတစ်ပတ်ပြီး တစ်ပတ်ထိုးပြီး၊ ကျွမ်းသန္တာလန်သွားမှ ကျေနပ်မယ်ဆိုပြီး စောင့်ကြည့်နေဦးမလို့လား"ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောထည့်လိုက်တယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ရတာ နင်ပြောတဲ့အတိုင်း ဟုတ်သလိုလိုပဲ။ စာအုပ်ကြီးဟာ ကျောင်းသုံး စာအုပ်ကြီး တစ်အုပ်သက်သက်ပါပဲဆိုတာ ပိုသေချာအောင်လို့ပါ"ဆိုပြီး ဟာမီယွန်က စာအုပ်ကြီးကို မယုံသင်္ကာနဲ့ ဆက်စောင့်ကြည့်နေတယ်။

"ကဲ တော်ပြီဟာ ငါပြန်ယူတော့မယ်"လို့ ပြောပြီး ဟယ်ရီ စားပွဲပေါ်က စာအုပ်ကို ဆတ်ခနဲ လှမ်းဆွဲယူလိုက်တယ်။ ဒါပေမဲ့ စာအုပ်ကြီး သူ့လက်ထဲက လွတ်ကျသွားပြီး ကြမ်းပေါ်မှာ ပွင့်လျက်သားကြီး ဖြစ်နေတယ်။

ဘယ်သူကမှ ထပ်ကြည့်မနေတုန်း ဟယ်ရီက စာအုပ်ကို ပြန်ကောက်သိမ်းဖို့ ကုန်းပြီး လက်နဲ့ လှမ်းယူလိုက်တယ်။ ဒီမှာတင် ဖြုန်းဆို စာအုပ်ကြီးရဲ့ ကျောဖုံးအောက်ခြေတစ်လျှောက်မှာ အတွင်းကအတိုင်း ရှုပ်ယှက်ခတ်နေတဲ့ လက်ရေးသေးသေးကလေးတွေနဲ့ ပြွတ်သိပ်နေအောင် ရေးထားတဲ့ စာတန်းကလေးတစ်တန်းကို သူထပ်တွေ့လိုက်ရတယ်။ ဒါလည်း ခု သူ့အဝတ်သေတ္တာကြီးရဲ့ အထက်ထပ်မှာ ခြေအိတ်တစ်စုံထဲကို ထည့်ပြီး သူ လုံလုံခြုံခြုံ ဝှက်သိမ်းထားလိုက်ပြီး ဖြစ်တဲ့ ကျက်သရေတင့် ဖရဏာပီတိ ကံကောင်းဆေးရည်ပုလင်းလေးကို သူဆုအဖြစ် ရရှိစေခဲ့တဲ့ ညွှန်ကြားချက်တွေကို ရေးသားခဲ့တဲ့ လက်ရေးပိုင်ရှင်ပဲ ဆိုတာ သူသိလိုက်တယ်။ စာသားကလေးကို သေသေချာချာ ဖတ်ကြည့်လိုက်တော့ စာအုပ်ပိုင်ရှင် ဘယ်သူလဲဆိုတာ အဖြေပေါ်လာတယ်။

'ဤစာအုပ်သည် သွေးတစ်ဝက်မှော်ဝိဇ္ဇာ၏ ပိုင်ဆိုင်ပစ္စည်း ဖြစ်ပါသည်'တဲ့။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

## အခန်း (၁၀)
## နတ္ထိသီရိရဲ့ အိမ်

ပီယဆေးနှင့် ဣန္ဒဇာလဆေးရည်များ ဘာသာရပ် သင်ခန်းစာတွေကို ပို့ချနေတဲ့ သီတင်းပတ်အတွင်းမှာ ဟယ်ရီဟာ လိုက်ဘာတီးယပ်စ်ဘိုရိုပ်ချ် ရေးသားတဲ့ ရှေ့ပြေး ဣန္ဒဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးကို မဖတ်ဖြစ်တဲ့အခါ၊ ဒါမှမဟုတ် စာအုပ်ကြီးကို ဖတ်ပြီး စာအုပ်ထဲကအတိုင်း လုပ်လို့ကိုင်လို့ မရတဲ့ အခါတိုင်း သူ့ရဲ့ ကျန်တဲ့အချိန်တွေကို သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ ညွှန်ကြားချက်နဲ့ အညွှန်းတွေကို ဆက်ပြီး ဖတ်ရှုလေ့လာနေခဲ့တယ်။

တစ်ဖက်မှာလည်း ပက်ကျိချိုဟာ သင်ခန်းစာအဆင့်ဆင့်ကို ပို့ချနေရာက စတုတ္ထသင်ခန်းစာ ပြီးဆုံးချိန်မှာ ထွက်ပေါ်လာတဲ့ ရလဒ်တွေအရ ဟယ်ရီရဲ့ အရည်အချင်းနဲ့ စွမ်းဆောင်နိုင်မှုကို ချီးကျူးသိဒ္ဓိတင်လို့ မဆုံးနိုင်အောင် ဖြစ်နေပါတယ်။ ပက်ကျိချိုက သူဟာ ရှားရှားပါးပါး ပါရမီထူးတဲ့ တပည့်တစ်ယောက်ကို သင်နေရပြီး ဟယ်ရီဟာ သူတွေ့ရဖို့ ခဲယဉ်းလောက်အောင် တော်လွန်းတဲ့ တပည့်ပါပဲဆိုတဲ့ အထိ ချီးကျူးနေတော့ ရွန်နဲ့ ဟာမီယွန်တို့က မကြိုက်ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက သူ့ရဲ့ စာအုပ်ကြီးကို သူတို့ နှစ်ယောက်လုံးနဲ့ မျှဝေဖတ်ရှုအသုံးပြုခွင့် ပေးပေမဲ့ အထဲက စာအုပ်ပိုင်ရှင် သွေးတစ်ဝက်မော်ဝိဇ္ဇာရဲ့ လက်ရေးတွေကို ရွန်က ဟယ်ရီလို ဖတ်ရှုအဓိပ္ပာယ်မဖော်နိုင်ဘဲ အခက်တွေ့နေပြန်ရော။ သူဟာ စာအုပ်ထဲက လက်ရေးမှတ်စုတွေကို ဖတ်လို့လည်း မရှင်း၊ ဟယ်ရီ့ကို အသံထွက်ဖတ်ပြခိုင်းလို့လည်း မဖြစ်နဲ့ အတော် ဒုက္ခရောက်နေတယ်။ ဟာမီယွန်ကျတော့လည်း သူမက ကျောင်းသုံးစာအုပ်ထဲက တရားဝင်ပြဋ္ဌာန်းချက်တွေသာ အမှန်ဖြစ်တယ်လို့ အခိုင်အမာ ဆုပ်ကိုင်ထားပြီး လုပ်ကိုင်ပေမဲ့ ထွက်လာတဲ့ ရလဒ်တွေက သွေးတစ်ဝက်မင်းသားရဲ့ မှတ်စုတွေအတိုင်း လုပ်တာလောက်ကို အဆင့်မမီဘဲ အားနည်းနေတာနဲ့ချည်း ကြုံနေရလို့ စိတ်ဆိုးဒေါသထွက်လို့ မဆုံး ဖြစ်နေတယ်။

ဒီအတောအတွင်း သွေးတစ်ဝက်မော်ဝိဇ္ဇာဟာ ဘယ်သူပါလိမ့်ဆိုတဲ့ အတွေးနဲ့ ဟယ်ရီက အရမ်းသိချင်နေတယ်။ ဒါကြောင့် သူတို့ကို ကျောင်းကပေးတဲ့ အိမ်စာတွေ ပမာဏများလွန်းလို့ ပြဋ္ဌာန်းကျောင်းစာအုပ် ရှေ့ပြေးဣန္ဒြေဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးကို သူဖတ်ဖို့ အခွင့်မသာဖြစ်နေချိန်မှာ ဟယ်ရီက စာအုပ်ကို မပြီးပြီးအောင်၊ လစ်ဟာပြီးတော့လည်း မကျန်အောင် အပေါ်ယံရှုပ်ပြီး ဖတ်လိုက်တယ်။ ဒီမှာတင် စာအုပ်ထဲက ထူးထူးခြားခြား စာမျက်နှာတစ်မျက်နှာကို သူသွားတွေ့တာပါပဲ။

အဲဒီ စာမျက်နှာမှာ သွေးတစ်ဝက် မော်ဝိဇ္ဇာက အပိုဆောင်းဖြည့်စွက်ရေးထားတဲ့ မှတ်စု ဘာတစ်ခုမှ မပါသလို ဖော်ပြထားတဲ့ အကြောင်းအရာတွေ အကုန်လုံး ဆေးရည်ဖော်စပ်နည်းနဲ့သာ ဆိုင်တာတွေချည်း သက်သက် မဟုတ်တာကို သူ တွေ့ရတယ်။ အသေအချာ ကြည့်လိုက်တော့ စာမျက်နှာ ဟိုနေရာ ဒီနေရာမှာတွေ့ရတဲ့ ညွှန်ကြားချက်တွေဟာ ဂါထာမန္တန်တွေနဲ့ တူနေတဲ့အပြင် အဲဒီ စာမျက်နှာဟာ သွေးတစ်ဝက်မော်ဝိဇ္ဇာကိုယ်တိုင် ဖြည့်ထည့်ထားတဲ့ စာမျက်နှာ ဖြစ်နေတာကို သူ သိလိုက်ရတယ်။

ဒီလိုနဲ့ စနေနေ့ရောက်တော့ ညနေပိုင်း ကျောင်းသားနားနေခန်းမှာ ရွန်နဲ့တွေ့လို့ အဲဒီအကြောင်းကို ပြပြီးပြောနေတုန်း နားစွန်နားဖျား ကြားတဲ့ ဟာမီယွန်က စိတ်ဆိုးဆိုးနဲ့ ဝင်ပြောတယ်။

"အဲဒါ မိန်းမပဲ ဖြစ်မှာပါပဲ။ နင်ကြည့်.......... ဒါတွေက ယောကျ်ားကလေး လက်ရေးမှ မဟုတ်တာ၊ တွန့်တွန့်ကွေးကွေး သေးသေးသွယ်သွယ်ကလေးတွေ၊ မိန်းကလေးလက်ရေးနဲ့ပဲ ပိုတူတယ်"

"သူက 'သွေးတစ်ဝက် မော်ဝိဇ္ဇာ'လို့ ခေါ်တဲ့လူဟဲ့၊ မိန်းကလေးတွေထဲမှာ မော်ဝိဇ္ဇာ ဖြစ်တဲ့မိန်းကလေး ရှိလို့လား"ဟယ်ရီက ပြန်ဟောက်လိုက်တယ်။

ဟာမီယွန် မဖြေနိုင်တော့ဘဲ ပါးစပ်ပိတ်သွားတယ်။ သူမဟာ ရွန့် ဟိုဘက်က ငုံ့ကြည့်လိုက်၊ ဒီဘက်က ပတ်ကြည့်လိုက်နဲ့ ဖတ်ဖို့ လိုက်ကြိုးစားနေတဲ့ သူမလက်ထဲက စာစီစာကုံးတစ်ပုဒ်ကိုပဲ ရွန်နဲ့ ခပ်ဝေးဝေးသွားပြီး မျက်နှာရှစ်ခေါက်ချိုးနဲ့ လုပ်နေပါတော့တယ်။ စာစီစာကုံး ခေါင်းစဉ်က 'ကိုယ်ထင်ပြခြင်းဆိုင်ရာ အခြေခံ သဘောတရားများ'တဲ့။

ဟယ်ရီ သူ့နာရီကို ကြည့်လိုက်ပြီး 'ရှေ့ပြေး ဣန္ဒြေဇာလဆေးရည်များ ဖော်စပ်နည်း နိဿရည်း'စာအုပ်ကြီးကို သူ့အိတ်ထဲ ကမန်းကတန်း ပြန်ထည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ရှစ်နာရီထိုးဖို့ ၅ မိနစ်ပဲ လိုတော့တယ်။ ငါသွားမှ ဖြစ်တော့မယ်။ ဒမ်းဘဲလ်ဒိုးနဲ့တွေ့ဖို့ ငါ နောက်ကျနေဦးမယ်"

"အင်းပါ........ သွား သွား၊ နင်ကံကောင်းပါစေ၊ ငါတို့ စောင့်နေမယ်နော်။ နင့်ကို သူတို့ ဘာတွေသင်လည်း ဆိုတာ နင်ပြန်ပြောမှာကြားရဖို့ ပေါ့ဟယ်"

ဟာမီယွန်က မော့ကြည့်ပြီး ပင့်သက်တစ်ချက်ရှိုက်ရင်း ပြောလိုက်တယ်။

"မင်းသွားတဲ့ ကိစ္စ အိုကေ စိုပြည်ပါစေကွာ"ရွန်ကလည်း ဝင်ပြောတယ်။ သူတို့နှစ်ယောက် သူ့ကို စောင့်ကြည့်နေးကျန်ရစ်ချိန်မှာပဲ တိရစ္ဆာန်ခေါင်းပုံတူအရုပ်ကြီးရှိတဲ့ အပေါက်ကနေ ဟယ်ရီထွက်လာခဲ့တယ်။

လူသူ လုံးဝရှင်းနေတဲ့ စင်္ကြံလမ်းတွေအတိုင်း ဟယ်ရီ ဆက်လျှောက်လာခဲ့တယ်။ သူ အလှေသုံးဆယ် လျှောက်သွားဖို့ ရှိနေတဲ့ကြားက ရုပ်တုကြီးတစ်ခုရဲ့ နောက်ကို အရောက်မှာ အနီးအနား ထောင့်တစ်နေရာကနေ ပါမောက္ခထရီလောနေး ဘွားခနဲ ပေါ်လာတယ်။ ကြည့်လိုက်တော့ သူမဟာ တစ်ခုခုကို ပါးစပ်က တဖွဖွ ကိုယ့်ကိုယ်ကိုယ် ဗျစ်တောက်ဗျစ်တောက် ပြောဆိုရင်း၊ ညစ်ပတ်ပေရေနေပုံရတဲ့ ဖဲထုပ်တစ်ထုပ်ကိုလည်း လက်ထဲမှာ ကုလားဖန်ထိုးရင်း ပေါ်လာတဲ့ ဖဲချပ်နာမည်တွေကို ခေါ်ရင်းနဲ့ လျှောက်လာနေတာကို တွေ့ရတယ်။

စပိတ် ၂ ဖဲ........၊ ဒါဆို ဝိရောဓိပဲ၊ ဟော ..... စပိတ်-ရ၊ ဒါလည်း နိမိတ် မကောင်းဘူး။ ဟာ........ စပိတ် ၁၀ပွင့်ကြီးပါလား......... အကြမ်းဖက်မှုတွေ ဖြစ်တော့မယ်။ ဟောတော့ စပိတ်ဂျက် ......... ဒါဆို မှော်ဆရာလူငယ်လေး ဒုက္ခရောက်နိုင်တယ်။ သူ့ကိုမေးတဲ့လူတွေကို မကြိုက်တဲ့ မှော်ဆရာလေး"

လက်စသတ်တော့ ပါမောက္ခ ထရီလောနေးဟာ လမ်းလျှောက်ရင်း ဖဲထုပ်ကို ကစားပြီး ဖဲပွင့်တွေနဲ့ နိမိတ်ဖတ်နေတာကိုး၊ တဖြည်းဖြည်း ဟယ်ရီ ဝပ်ပြီး ပုန်းနေတဲ့ နေရာကို သူမ ဖြတ်ကျော်သွားတယ်။ ဒါပေမဲ့ ဟယ်ရီ ရှိနေတဲ့ ရုပ်တုကြီးရဲ့ တစ်ဖက်ကိုလည်း ရောက်ရော သူမ ရုတ်တရက် ရပ်သွားတယ်။

"အင်း .......... ဒါ မမှန်နိုင်ပါဘူးလေ"သူမက ပြောပြီး စိတ်အနှောင့်အယှက် ဖြစ်နေတယ်။ ပြီးတော့ ဖဲထုပ်ကို နောက်တစ်ခါ ကုလားဖန်ထပ်ထိုးပြီး ဘာမှ ထပ်မပြောမဆိုတော့ဘဲ ဆက်ထွက်သွားတာကို ဟယ်ရီ ကြားနေရတယ်။ ဒါပေမဲ့ သူမနောက်မှာ ချက်လုပ်ဆဲ အပြင်းစား ရှယ်ရီဝိုင်အနံ့ သင်းသင်းလေး ကျန်ရစ်ခဲ့တယ်။ သူမ ထွက်သွားပြီဆိုတာ လုံးဝသေချာအောင် စောင့်နေပြီးမှ သတ္တမ အထပ်က နံရံကို နောက်ခိုင်းထားတဲ့ ကြောက်စရာတိရစ္ဆာန်ကြီး တစ်ကောင်ရုပ်တုပုံ ဝင်ပေါက်တံခါးကို ရောက်တဲ့အထိ ဟယ်ရီ တောက်လျှောက် သုတ်ခြေတင် လျှောက်လာခဲ့တယ်။

"အပြင်းစား ပေါ့ပ်သီချင်းတွေ"လို့ ဟယ်ရီက ဆိုလိုက်တယ်။ ဒီမှာတင် တိရစ္ဆာန်ရုပ်ကြီးက ဘေးတစ်ဖက်ကို ခုန်ဖယ်ပေးလိုက်တဲ့အတွက် ရုပ်တုကြီးရဲ့ နောက် နံရံကြီးတစ်နေရာ လျှောခနဲ ဘေးကိုရွေ့သွားပြီး ကျောက်တုံးတွေနဲ့ ပြုလုပ်ထားတဲ့ ရွေ့လျားကြောင်လိမ်လှေကားကြီးက

www.burmeseclassic.com

www.burmeseclassic.com

တရွေ့ရွေ့လည်ပြီး သူ့ကို အပေါ်ဘက်တံခါးဝရောက်တဲ့အထိ ငြိမ့်ငြိမ့်ကလေး ပို့ပေးလိုက်ပါတယ်။ တံခါးပေါ်မှာ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းထဲကို ဝင်နိုင်အောင် တံခါးခေါက်စရာ ကြေးကွင်းတစ်ခု တပ်ထားတယ်။ ဟယ်ရီက ခေါက်လိုက်တယ်။

"ဝင်ခဲ့ပါ"ဆိုတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ အသံ ပေါ်လာတယ်။

"ကောင်းသောညချမ်းပါ ခင်ဗျာ"ဟယ်ရီက နှုတ်ဆက်စကား ပြောပြီး ကျောင်းအုပ်ကြီးရဲ့ ရုံးခန်းထဲကို လှမ်းဝင်သွားတယ်။

"အေး အေး....... ကောင်းသောညချမ်းပါ ဟယ်ရီ၊ ကဲ–ထိုင်"ဒမ်းဘဲလ်ဒိုးက ပြုံးပြီး ပြောလိုက်တယ်။ "မင်း ကျောင်းကို ပြန်ရောက်တဲ့ ပထမဆုံးသီတင်းပတ်မှာ မင်း ပျော်ပျော်ရွှင်ရွှင် ရှိခဲ့လိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်ကွာ"

"ဟုတ်ကဲ့ ....... ကျေးဇူးပါပဲ ခင်ဗျာ"

"မင်းတော့ အလုပ်တွေ ရှုပ်ရတော့မယ်။ မင်းကို ကျောင်းဆင်းခွင့် မပေးဘဲ ထိန်းထားရမယ့် ပြစ်ဒဏ် ချမှတ်ချက်တစ်ခု ဒီမှာ ရှိနေတယ်"

"ဟာ........." ဟယ်ရီ ဘာပြောရမှန်း မသိဘဲ ကိုးရိုးကားရား ဖြစ်သွားတယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးရဲ့ အမူအရာမှာ တင်းမာခက်ထန်မှု မရှိလှဘဲ ပျော့ပျောင်းနေဟန် ရှိတယ်။

"မင်းအနေနဲ့ ကျောင်းဆင်းခွင့် ပိတ်ပင်ခံရမယ့် ပြစ်ဒဏ်ကို ခုညအစား နောက် စနေနေ့ကျမှ ခံယူဖို့ ပါမောက္ခ စနိပ်နဲ့ ငါ စီစဉ်ထားပြီးပါပြီ"

"ဟုတ်ကဲ့ပါ" ဟယ်ရီက တိုတိုတုတ်တုတ် ပြောလိုက်တယ်။ အကြောင်းကတော့ သူ့ရင်ထဲမှာ စနိပ်ရဲ့ ထိန်းသိမ်းခြင်း ပြစ်ဒဏ်ထက်ပိုပြီး အပူတပြင်း ဆောင်ရွက်စရာ အရေးတကြီး ကိစ္စတွေ ရှိနေလို့ပဲ။ သူက ဒမ်းဘဲလ်ဒိုးအနေနဲ့ ဒီည သူနဲ့ ဘာတွေလုပ်ဖို့ အစီအစဉ်တွေ ရှိတယ်ဆိုတာ အကဲခတ်သိနိုင်အောင် အခန်းကို တိတ်တခိုး ဝေ့ပတ်ကြည့်လိုက်တယ်။ ဘဲဥပုံရုံးခန်းကြီးကတော့ မြင်နေကျအတိုင်း ဘာမှ မထူးခြားဘဲ ရှိမြဲတိုင်း ရှိနေပုံပဲ။ အနုစိတ် ဆင်ယင်မွမ်းမံပြုလုပ်ထားတဲ့ ငွေထည်အသုံးအဆောင် ပစ္စည်းတွေလည်း ခြေထောက်အရှင်တပ်ထားတဲ့ စားပွဲတွေပေါ်မှာ သူ့နေရာနဲ့သူ အစီအရီ။ အခိုးအငွေ့တွေ ထွက်နေတာထွက်၊ ချွင်ချွင် ချွင်ချွင် အသံဗလံ မြည်နေတာကမြည်နဲ့ အနေအထား လုံးဝမပျက်။ ယခင် ကျောင်းအုပ်ဆရာကြီးတွေနဲ့ ကျောင်းအုပ်ဆရာမကြီးတွေကိုလည်း သူတို့ ပုံတူ ပန်းချီကားပေါင်တွေထဲမှာ တွေ့နေရ။ ဒမ်းဘဲလ်ဒိုးရဲ့ ကြည့်လို့ အရမ်းကောင်းပြီး ခန့်ညားတဲ့ သူ့အိပ်တန်းပေါ်ကနေပြီး ဟယ်ရီကို တောက်ပတဲ့ မျက်လုံးတွေနဲ့ စိတ်ဝင်တစား စောင့်ကြည့်နေတယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက အခန်းထဲမှာ တစ်ယောက်ယောက်နဲ့ နှစ်ယောက်ချင်း ယှဉ်တိုက်ခိုက်မယ့်နေရာ ကွက်လပ်မျိုး ရှင်းလင်းပြင်ဆင်ထားတဲ့ လက္ခဏာတော့ အလျင်းမတွေ့ရဘူး။

www.burmeseclassic.com

"ကဲ–ဟယ်ရီ၊ မင်းရောက်နေတဲ့ အခိုက်အတွင်းမှာ သင်ခန်းစာနဲ့ ပတ်သက်ပြီး ငါ ဘာတစ်လုံးမှ မပြောသေးတဲ့အတွက် ငါ ဘာတွေ ဘယ်လို စီစဉ်ထားတယ် ဆိုတာကို မင်း သိပ် သိချင်နေတယ်ဆိုတာ သေချာတယ်"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ဟုတ်ကဲ့ ခင်ဗျာ"

"ကောင်းပြီ၊ ခု ဒီအချိန်ဟာ လွန်ခဲ့တဲ့ ၁၅နှစ်က မင်းကို သတ်ဖြတ်ဖို့ ကြိုးစားအောင် လော့ဒ်ဗိုဒီမော့ကို ဘယ်အရာက စေ့ဆော်တိုက်တွန်း အားပေးခဲ့တယ် ဆိုတာကို သေချာတဲ့ သတင်းပြောပြပြီး မင်းကို အသိပေးရမယ့် အချိန်ပဲလို့ ငါ ဆုံးဖြတ်ထားတယ်"

ဒမ်းဘဲလ်ဒိုးက သူ့စကားကို ခဏရပ်ထားတယ်။

"ကျွန်တော်တို့ နောက်ဆုံး တွေ့ကြစဉ်က ဆရာ ကျွန်တော့်ကို မခြွင်းမချန် အကုန်လုံး ပြောပြမယ်လို့ ဆရာ ပြောခဲ့ပါတယ် ဆရာ"ဟယ်ရီက ပြောလိုက်တယ်။ သူ့ရင်ထဲမှာ စွပ်စွဲအပြစ်တင်ချင်သလို ခံစားနေရတာကို သူ့အသံထဲမှာ ပါမသွားအောင် သူ မထိန်းချုပ်လိုက်နိုင်ခဲ့ဘူး။

"အေးလေ–ငါပြောခဲ့ပါတယ်"ဒမ်းဘဲလ်ဒိုးက အေးအေးဆေးဆေး ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်တယ်။ "ငါ မင်းကို အရာရာကို အကုန်လုံး ပြောခဲ့တာ မင်းသိပါတယ်။ ခုအချိန်ကစပြီး ရှေ့ခရီးမှာ ခိုင်မာတဲ့ အချက်အလက် အခြေခံအုတ်မြစ်တွေကိုသာ ချန်ထားရစ်နိုင်ဖို့အတွက် မင်းနဲ့ငါ နှစ်ယောက်အတူ မပီပိုးဝါး မှောင်မိုက်တဲ့ မှတ်ဉာဏ် စိမ့်တောဂနိုင်တွေ ဖြတ်ပြီး အဆိုးဝါးဆုံး မှန်းဆချက် ချုံနွယ်ပိတ်ပေါင်းတွေထဲကို ခရီးဆက်ရတော့မှာပဲ။ ဒီမှာ ဟယ်ရီ........ ခုကစပြီး ရှေ့ကို ငါဟာ ဒိန်အိုးကြီးတစ်အိုးနဲ့ တိုးဖို့ အချိန်စေ့ပြီလို့ ယုံကြည်ခဲ့တဲ့ ဟမ်းဖရေးဘဲလ်ချားလိုပဲ ကြွေကွဲစရာ ဆိုးဝါးတဲ့အမှားမျိုးတွေ မှားကောင်းမှားလာနိုင်စရာ ရှိပါတယ်"

"ဒါပေမဲ့ ဆရာ၊ ခင်ဗျား မှန်တယ်လို့ပဲ ခင်ဗျား ထင်နေတယ် မဟုတ်လား" ဟယ်ရီက ပြောလိုက်တယ်။

"အေး ဟုတ်တယ်၊ ဒါက သဘာဝအတိုင်းပဲ။ ငါ မင်းကို သက်သေပြပြီးပြီပဲ။ တခြားလူတစ်ယောက်လို ငါလည်း မှားခဲ့တယ်လို့။ အဲဒီတော့ တခြားလူတွေ လုပ်နိုင်တာထက်ပိုပြီး မင်းငါ့ကို ခွင့်လွှတ်လိုက်ပါ။ နောက်ပြီး ငါ့အမှားတွေဟာ ပိုမိုကြီးမားလာလေ့ ရှိတယ်"

"ဆရာ......" ဟယ်ရီက မဝံ့မရဲခေါ်ပြီး ပြောလိုက်တယ်။ "ဆရာ ကျွန်တော့်ကို ပြောမယ့်ကိစ္စဟာ ပရောဖက်ပြုချက်ကြီးနဲ့ရော ဆိုင်ပါသလားခင်ဗျာ။ အဲဒါတွေက ကျွန်တော့်ကို အသက်ရှင်လွတ်မြောက်အောင် ကူညီမှာလား"

"ဘယ့်နှယ်ပြောပါလိမ့်၊ ဆိုင်လိုက်သမှ သိပ်ကို ဆိုင်တာပေါ့ကွာ......."ဒမ်းဘဲလ်ဒိုးက ဖြေလိုက်တယ်။ ပြီးတော့ ဟယ်ရီက သူ့ကို နောက်တစ်နေ့ ရာသီဥတု အခြေအနေ ဘယ်လို ရှိမလဲလို့ မေးလိုက်တာမျိုးကို ဖြေသလိုပုံမျိုးနဲ့ တစ်ဆက်တည်း ခိုင်ခိုင်မာမာ ပြောလိုက်တယ်။ "စိတ်ချ၊ အဲဒါတွေက မင်းကို အန္တရာယ်ကလွတ်မြောက်အောင် ကူညီမယ်လို့ ငါ တထစ်ချမျှော်လင့်ထားတယ်"

www.burmeseclassic.com

ဒမ်းဘဲလ်ဒိုးက ထရပ်လိုက်ပြီး သူ့စားပွဲနားမှာပဲ ခဏဟိုလျှောက်ဒီလျှောက် လုပ်နေတယ်။ နောက် ဟယ်ရီရှေ့ကဖြတ်သွားပြီး တံခါးဘေးနားမှာရှိတဲ့ အံဆွဲဗီရိုကြီး တစ်လုံးရှေ့မှာ ကိုယ်ကို ကုန်းလိုက်တော့ ဟယ်ရီဟာ သူ့မူလနေရာမှာပဲ ထိုင်နေရင်းက စိတ်တွေအရမ်း လှုပ်ရှားလာပြီး သိချင်ဇောပြင်းပြနေတယ်။

ဒမ်းဘဲလ်ဒိုး သူ့ကိုယ်ကို ပြန်မတ်လိုက်တော့ လက်ထဲမှာ မြင်တွေ့နေကျ ပုံစံမျိုး ကျောက်ဇလုံကြီးတစ်လုံးကို သူ့လက်ထဲမှာ ကိုင်ထားတာ တွေ့ရတယ်။ ဇလုံရဲ့ နှုတ်ခမ်းပတ်ပတ်လည်မှာ ထူးခြားတဲ့ အမှတ်အသားအရာတွေ၊ အစင်းကြောင်း ကလေးတွေနဲ့ ပြည့်နေတယ်။ သူက အဲဒီ ကျောက်ဇလုံကြီးကို ဟယ်ရီရှေ့က သူ့စားပွဲပေါ်မှာ ချလိုက်တယ်။

“မင်းကြည့်ရတာ တော်တော် ကြောက်နေတယ်နဲ့ တူတယ်”

ဟယ်ရီကတော့ စိုးရိမ်ထိတ်လန့်စိတ် အပြည့်နဲ့ ကျောက်ဇလုံကြီးကို စိုက်ကြည့်နေတုန်းပဲ။ ဒီလို ထူးထူးခြားခြား အသုံးအဆောင် ပစ္စည်းကိရိယာ တန်ဆာပလာတွေနဲ့ ပတ်သက်လို့ သူ့မှာ တော်တော်ကလေး အတွေ့အကြုံရှိတာ မှန်တယ်။ ဒါပေမဲ့ ဒီဇလုံနဲ့ ပတ်သက်လို့တော့ သူတွေးလို့ မရဘူး။ သူ့မှတ်ဉာဏ်တွေကို သူစုစည်းပြီး သူတွေးကြည့်လိုက်၊ စဉ်းစားလို့ မရရင် ပြန်ဖယ်ထုတ်ပစ်လိုက်နဲ့ သူ အစွမ်းကုန် အာရုံစိုက်ပြီး မွှေနှောက် စဉ်းစားလိုက်တော့မှ သူသိချင်နေတာထက်တောင် ပိုပိုသာသာ သဘောပေါက်သွားတယ်။ ဒမ်းဘဲလ်ဒိုးကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ သူ့ကို ကြည့်နေတယ်။

“ဒီတစ်ခါတော့ ဟောဒီကျောက်ဇလုံထဲကို မင်း ငါနဲ့အတူ ဝင်ရလိမ့်မယ်ကွ။ ငါ့ခွင့်ပြုချက်နဲ့ ပိုပိုပြီး ဝင်သွားရမယ်”လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ဟယ်ရီက ပြန်မေးတယ်။ “ဆရာက ဘယ်ကို သွားမှာလဲ ဆရာ”

“ဘော့ဘ်အော့ဂ်ဒင်းရဲ့ မှတ်ဉာဏ်လမ်းကလေးအတိုင်း ခရီးတစ်ခေါက် ထွက်ကြစို့ကွာ”ဒမ်းဘဲလ်ဒိုးကပြောရင်း သူ့အိတ်ကပ်ထဲကနေ အထဲမှာ လည်ပတ်ဝဲလှည့်နေတဲ့ ငွေရောက်ဖြူဖြူမှုန်မှုန်မွှားမွှား ပစ္စည်းကလေးတစ်ခုပါတဲ့ သလင်းကျောက် ပုလင်းသေးသေးလေးတစ်လုံးကို ထုတ်လိုက်တယ်။

“ဘော့ဘ်အော့ဂ်ဒင်းဆိုတာ ဘယ်သူလဲ ဆရာ”

“သူဟာ မှော်ပညာဝန်ကြီးဌာနက ဌားရမ်းအသုံးပြုနေသူပဲ” ဒမ်းဘဲလ်ဒိုးက ပြန်ပြောတယ်။ “အမှန်တော့ သူ ဟိုးအရင်ကတည်းက သေသွားပါပြီ။ ဒါပေမဲ့ မသေခင် ငါ သူ့ကို ရှာတွေ့ပြီး သူ့ရဲ့ ဒီအမှတ်ရတာတွေကို ငါ့ကို တိုးတိုးတိတ်တိတ် အတွင်းစကား ဖွင့်ပြောသွားဖို့ ငါ စည်းရုံးဖျောင်းဖျလိုက်နိုင်တယ်။ တို့ အခု သူ တာဝန်နဲ့ ခရီးထွက်ရင်း သွားတဲ့နောက်ကို လိုက်ပြီး သူနဲ့ တွေ့ကြမယ်။ မင်း ငါနဲ့ လိုက်မှာလား ဟယ်ရီ”

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးဟာ သလင်ကျောက် ပုလင်းကလေးထဲက လည်နေတဲ့ ပစ္စည်းကို ရပ်ဖို့ ကိရိယာကလေးကို ဆွဲထုတ်လို့မရဘဲ အခက်တွေ့နေတယ်။ သူ့ရဲ့ ဒဏ်ရာရထားတဲ့ လက်က မာခေါက်ခေါက်ဖြစ်ပြီး ကပ်နေတဲ့အပြင် သူနာကျင်နေပုံလည်း ရတယ်။

"ကျွန် .... ကျွန်တော် လုပ်လိုက်မယ် ဆရာ"

"နေပါစေ ဟယ်ရီ ကိစ္စမရှိပါဘူး"

ဒမ်းဘဲလ်ဒိုးက သူ့ဆေးကြိမ်လုံးထိပ်နဲ့ ပုလင်းကို ရွယ်လိုက်တာ အဆို့ကလေး ဖောက်ဆို ခုန်ထွက်လာတယ်။

"ဆရာ အဲဒီလက်က ဒဏ်ရာ ဆရာ ဘယ်လို ရသွားတာလဲ ဆရာ" ဒမ်းဘဲလ်ဒိုးရဲ့ မည်းနက်နေတဲ့ လက်က ဒဏ်ရာကြီးကို ရွံရှာမှုတစ်ဝက်၊ ကရုဏာတစ်ဝက်နဲ့ ကြည့်ရင်း ဟယ်ရီက ထပ်မေးမိပြန်တယ်။

"ဒီအချိန်က ဒီအကြောင်းတွေ ပြောနေရမယ့် အချိန်မဟုတ်ဘူး ဟယ်ရီ။ အဲဒါ အသာထား၊ တို့ ခု ဘော့လ်အော့ဂ်ဒင်းနဲ့ တွေ့ဖို့ ချိန်းထားပြီလေ"

ပြောပြောဆိုဆို ဒမ်းဘဲလ်ဒိုးဟာ ပုလင်းထဲမှာပါသမျှ ငွေရောင် ပစ္စည်းလေးတွေကို ဇလုံထဲကို သွန်ထည့်လိုက်ပါတယ်။ ဒီမှာတင် ဇလုံထဲမှာ ပစ္စည်းကလေးတွေ ချာလည်လည်သွားပြီး အရည်လည်း မဟုတ်၊ အခိုးအငွေ့လည်း ဖြစ်မသွားဘဲ ဝင်းလက်တောက်ပလာကြတယ်။

"မင်း အရင်ဝင်" ဒမ်းဘဲလ်ဒိုးက ပြောပြီး ဇလုံကြီးဆီကို လက်ဟေ့ယမ်းလိုက်တယ်။

ဟယ်ရီ ရှေ့ကို ကုန်းပြီး အသက်တဝကြီး ရှူသွင်းလိုက်ပြီးမှ သူ့မျက်နှာကို ဇလုံထဲက ငွေရောင်အရာဝတ္ထုတွေထဲ ထိုးနှစ်ချလိုက်တယ်။ သူ့ခြေထောက်တွေ ရုံးခန်းကြမ်းပြင်ကနေ ကြွတက်ပြီး လွတ်သွားတာကို သိလိုက်တယ်။ နောက် သူ ဇလုံကြီးထဲကို ထိုးကျ၊ အဲဒီကမှတစ်ဆင့် လည်ပတ်နေတဲ့ အမှောင်ထုကြီးကို ဖြတ်ပြီး သူဆက်ကျသွားနေတယ်။ အဲဒီနောက်မှာတော့ သူဟာ ဖြုန်းဆို ချက်ချင်း မျက်စိ စူးရှပြာဝေသွားလောက်အောင် လင်းနေတဲ့ နေရောင်ထဲကို ရောက်သွားပြီး မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နဲ့ ဖြစ်နေပါတော့တယ်။ နောက် သူ့မျက်စိ ပုံမှန်ပြန်ဖြစ်မသွားခင်မှာတင် သူ့ဘေးကို ဒမ်းဘဲလ်ဒိုး ရောက်ချလာတယ်။

သူတို့နှစ်ယောက် ခင်မမေ့ပန်းလို ပြာစင်ကြည်လဲ့တဲ့ နွေရာသီမိုးကောင်းကင်အောက်က တောလမ်းကလေးတစ်ခုပေါ်မှာ ရပ်နေကြတယ်။ လမ်းနဲ့ကပ်လျက်မှာ ရှုပ်ထွေးတဲ့ ချုံတန်းစည်းရိုး အမြင့်ကြီးတွေ ရှိနေတယ်။ သူတို့ရဲ့ ရှေ့ခပ်လှမ်းလှမ်း ၁၀ ပေ အကွာလောက်မှာ ဇရာမမျက်မှန် အထူကြီးတစ်လက်ကို တပ်ထားတဲ့ အတွက် မျက်မှန်ထူထူတွေကြောင့် သူ့ရဲ့ မျက်စိတွေကို ပွေးမျက်စိလို အပြောက်အစက် သေးသေးကလေးတွေလောက်ပဲ တွေ့ရတဲ့ ဂင်တိုတို ဝဖိုင့်ဖိုင့် လူတစ်ယောက် ရပ်နေတယ်။ သူက လမ်းရဲ့ လက်ဝဲဘက်မှာ ရှိတဲ့ ဆူးချုံရိုင်းမျိုးဝင် အနီရောင်နဲ့ အနက်ရောင် အသီးကလေးတွေသီးတဲ့ ရှမ်းသီးပင် ချုံတန်းအပြင်ဘက်မှာ ကပ်ပြီး ချိတ်ထားတဲ့ သစ်သားလမ်းညွှန်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းဘုတ်တစ်ခုကို ဖတ်နေတယ်။ ဒီလူဟာ အော့ဂ်ဒင်းပဲ ဖြစ်မယ်ဆိုတာ ဟယ်ရီသိတယ်။ ပြီးတော့ သူက အတွေ့အကြုံမရင့်ကျက်သေးတဲ့ မှော်ဆရာတွေ မတ်ဂဲလ်တွေနဲ့တူအောင် ကြိုးစားပြီး တွေ့မြင်ရခဲ့တဲ့ ဆန်းဆန်းပြားပြား ထွေရာလေးပါး အဝတ်တွေနဲ့ စုချုပ်ထားတဲ့ အဝတ်မျိုးကိုမှ ဝတ်ထားတယ် မဟုတ်လား။ အပေါ်က ယောကျ်ားဝတ် ကုတ်အင်္ကျီအရှည်ကြီးနဲ့။ ရှူးဖိနပ်အထက် ကိုယ်အောက်ပိုင်းမှာ ဝတ်ထားတာက ကြောင်ကြောင်ကျားကျား ရေကူးအဝတ်အစားတွေ။ ဒါပေမဲ့ သူ့ရဲ့ လူထူးလူဆန်းပုံစံကို ဟယ်ရီ ဒါထက်ပိုပြီး အသေးစိတ် မှတ်မှတ်သားသား မကြည့်ရသေးခင်မှာပဲ အော့ဂ်ဒင်းဟာ လမ်းကလေးအတိုင်း သွက်လက်ဖျတ်လတ်တဲ့ ခြေလှမ်းတွေနဲ့ လျှောက်သွားတဲ့အတွက် ဒမ်းဘဲလ်ဒိုးနဲ့ ဟယ်ရီက သူ့နောက်ကို လိုက်သွားကြတယ်။

သစ်သားလမ်းညွှန် ဆိုင်းဘုတ်ရှေ့က ဖြတ်လျှောက်သွားကြတော့ ဟယ်ရီက ဆိုင်းဘုတ်တိုင်ပေါ်က လမ်းညွှန်လက်တံ သစ်သားပြားနှစ်ချပ်ကို မော့ကြည့်လိုက်တယ်။ သူတို့ လာခဲ့တဲ့ လမ်းဘက်ကို ညွှန်ပြထားတဲ့ လက်တံဆိုင်းဘုတ်ပြားပေါ်က စာကိုဖတ်လိုက်တော့ 'မဟာဟန်ဂလီတန်သို့ ၅မိုင်'တဲ့။ နောက်လက်တံပေါ်မှာ 'ဟန်ဂလီတန်ငယ်ကလေးသို့ ၁မိုင်'လို့ ရေးထားကြောင်း အော့ဂ်ဒင်းက ပြောလိုက်တယ်။

သူတို့တွေ လမ်းရဲ့ တော်တော်တိုတဲ့ အပိုင်းကလေးကို ကောင်းကင်ပြာကျယ်ကြီး အောက်မှာ ချုံတန်းစည်းရိုးပင်တွေကလွဲလို့ တခြား ဘာကိုမှ မမြင်ရဘဲ အော့ဂ်ဒင်းကဦးဆောင်ပြီး လျှောက်လာကြတယ်။ ရှေ့ကသွားနေတဲ့ အော့ဂ်ဒင်းရဲ့ ကုတ်အင်္ကျီရှည်ကြီးက လေနဲ့ ဟပ်ပြီး တရွှမ်းရွှမ်းမြည်နေတယ်။ အဲဒီနောက် လမ်းကလေးက လက်ဝဲဘက်ကို ကွေ့ကောက်ပြီး တောင်စောင်းကလေးတစ်ခုရဲ့ မတ် ဆင်ခြေလျှောအတိုင်း နိမ့်ဆင်းသွားတယ်။ ဒီမှာတင် ဟယ်ရီနဲ့ ဒမ်းဘဲလ်ဒိုးဟာ မမျှော်လင့်ဘဲ သူတို့ရှေ့မှာ ရှိနေတဲ့ တောင်ကြားတစ်ခုလုံးကို စီးမိုးမြင်နေရတဲ့ မြင်ကွင်းနဲ့ ကြုံကြိုက်သွားတယ်။ ဟယ်ရီ ရွာကလေးတစ်ရွာကို လှမ်းမြင်ရတယ်။ ဟန်ဂလီတန်ငယ်ကလေးရွာပဲ ဖြစ်ရမယ်ဆိုတာ သံသယရှိစရာမလိုဘူး။ မတ်တဲ့ တောင်ကုန်းနှစ်ခုကြားထဲမှာ အေးအေးချမ်းချမ်း ကလေး တည်ရှိနေပြီး ရွာရဲ့ အဓိကနေရာဖြစ်တဲ့ ခရစ်ယာန်ဘုရားကျောင်းနဲ့ သင်္ချိုင်းကို ထင်းထင်းကြီး မြင်နေရတယ်။ တောင်ကြားရဲ့ ဟိုဘက်မှာ မျက်နှာချင်းဆိုင် တောင်စောင်းပေါ်မှာတော့ ဝင့်ထည်ခံ့ညားလှတဲ့ အိမ်ကြီးတစ်လုံး ရှိနေတယ်။ ဝင်းနဲ့ခြံနဲ့ လှလှပပ။ မြသား ကတ္တီပါလိုကျယ်ပြန့်တဲ့ အစိမ်းရောင် မြက်ခင်းပြင်ကြီးက ခြံပတ်လည်ကို ဝန်းရံထားတယ်။

မတ်တဲ့ တောင်စောင်းအဆင်းလမ်း ဖြစ်နေတဲ့အတွက် အော့ဂ်ဒင်းဟာ ခြေလှမ်းစိပ်စိပ်နဲ့ သွက်သွက်လှမ်းနေရတယ်။ ဒမ်းဘဲလ်ဒိုးကလည်း သူ့ခြေလှမ်းတွေကို အသော့နှင်နေတဲ့အတွက် ဟယ်ရီ မနည်း အမီလိုက်နေရတယ်။ သူက ဟန်ဂလီတန်ငယ်ကလေးရွာဟာ သူတို့ရဲ့ နောက်ဆုံး ခရီးပန်းတိုင် ဖြစ်ရမယ်လို့ တွက်လိုက်တယ်။ ပြီးတော့ သူတို့ ပက်ကျိချို့နဲ့တွေ့တဲ့ညက သူဖြစ်ခဲ့သလိုမျိုး သူတို့ ဘာကြောင့် ဒီလောက်ဝေးတဲ့ ခရီးကို လာခဲ့ရသလဲလို့ အံ့ဩနေတယ်။ နောက်မကြာခင်မှာဘဲ သူတို့ အဲဒီရွာကလေးကို သွားနေတယ်လို့ သူထင်ထားတာ မှားနေကြောင်း သိလာရပြန်တယ်။ လမ်းကလေးက ညာဘက်ကို ချိုးသွားတယ်။ ဒါကြောင့် လမ်းထောင့်တစ်နေရာအရောက်မှာ သူတို့လည်း ကွေ့ချိုးလိုက်ရော အော့ဂ်ဒင်းရဲ့ ကုတ်အင်္ကျီရှည်ကြီး အနားစကိုသာ ချုံတန်း စည်းရိုးတစ်ခုရဲ့ အပေါက်ကို ဖြတ်ဝင်ပြီး ပျောက်ကွယ်သွားတာ သူတွေ့လိုက်ရလို့ပဲ။

www.burmeseclassic.com

ဒမ်းဘဲလ်ဒိုးနဲ့ ဟယ်ရီဟာ သူတို့နောက်မှာကျန်ခဲ့တဲ့ ချုံတန်းစည်းရိုးတွေထက်ပိုမြင့် ပိုကျယ် ပိုရှည်လျားတဲ့ ချုံတန်းစည်းရိုးတွေနဲ့ ကာရံပိုင်းခြားထားတဲ့ ဖုန်ထူညစ်ပေနေတဲ့ လမ်းကျဉ်းကလေး အတိုင်း သူ့နောက်ကို လိုက်သွားကြတယ်။ လမ်းက ကျဉ်းရုံမကဘဲ အကွေ့အကောက်ကများ၊ ကျောက်ဆောင် ကျောက်ခဲက ထူ၊ ရေတိုက်စားထားလို့ ဖြစ်ပေါ်နေတဲ့ တွင်းတွေ၊ ချိုင့်တွေ၊ ဂလိုဏ်ပေါက်တွေကလည်း ပေါပါဘိသနဲ့။ ကုန်းဆင်းလမ်းလည်း ဖြစ်နေသေးတယ်။ ကြည့်ရတာ သူတို့ဟာ သူတို့ရှိနေတဲ့ နေရာရဲ့ အောက်နားက မှော်သစ်ပင်တွေ စိုက်ပျိုးထားရာ အကွက်တစ်ကွက်ဆီ သွားနေတာ ဖြစ်ပုံရတယ်။

မှန်တယ်။ လမ်းကြောင်းကလေး သစ်ပင်ချုံနွယ်တွေ ထူထပ်တဲ့ တစ်နေရာမှာ အဆုံးသတ်သွားတယ်။ ဒါကြောင့် ရှေ့ကသွားနေရာက ရပ်လိုက်ပြီး သူ့ရဲ့ ဆေးကြိမ်လုံးကို ဆွဲထုတ်နေတဲ့ အော့ဂ်ဒင်းရဲ့ နောက်မှာ ဒမ်းဘဲလ်ဒိုးနဲ့ ဟယ်ရီပါ ရပ်လိုက်ကြတယ်။

ကောင်းကင်ပြာကြီးမှာ မိုးသားတိမ်လိပ်တွေ ကင်းစင်နေပေမဲ့ သူတို့ခေါင်းပေါ်က သစ်ပင်အိုကြီးတွေရဲ့ အရိပ်ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အုံ့မှောင်အေးမြနေတယ်။ စက္ကန့်ပိုင်းအကြာမှာပဲ သစ်ပင်ကြီးတွေရဲ့ ရှုပ်ထွေးနေတဲ့ ပင်စည်တွေကြားမှာ တစ်ဝက်တစ်ခြမ်းလေးလောက်သာ မြင်ရအောင် ကွယ်နေတဲ့ အဆောက်အအုံတစ်ခုကို ဟယ်ရီ မြင်သွားတယ်။ အိမ်တစ်အိမ်ကို ဒီလိုနေရာမျိုးမှာ ဆောက်ဖို့နဲ့ သစ်ပင်တွေကို အိမ်နဲ့နီးနီးကပ်ကပ်မှာ ပေါက်ရောက်နေအောင် ဘယ်လိုစိတ်ကူးဆန်းနဲ့များ ရွေးချယ်ခဲ့တယ်ဆိုတာကို သူတွေးပြီး အံ့ဩနေတယ်။ သစ်ပင်တွေက အလင်းရောင်မရအောင်နဲ့ အောက်ဘက်တောင်ကြားက မြင်ကွင်းအလှကို မမြင်ရအောင် ပိတ်ဆို့ကွယ်ကာထားတယ်။ ဒီအိမ်မှာ လူနေသလား မနေဘူးလားဆိုတာလည်း ဟယ်ရီ ဇဝေဇဝါနဲ့ သိချင်နေတယ်။

အိမ်ရဲ့ နံရံတွေ အကုန်လုံးလိုလို ရေညှိတွေတက်ပြီး၊ အပေါ်ခေါင်းမိုးက အုတ်ကြွပ်တချို့ပါ ကွာကျနေလို့ အမိုးကို ထောက်ထားတဲ့ ဒိုင်းတွေ၊ ယက်မနဲ့ အခြင်တွေကို နေရာတော်တော်များများမှာ အတိုင်းသား မြင်နေရတယ်။ အိမ်ပတ်ပတ်လည်မှာ ဖက်ယားပင်ကြီးတွေ ပေါက်နေပြီး အပင်ထိပ်ဖျား အညွန့်တွေနဲ့ ညစ်ပတ်ပေရေနေတဲ့ ပြတင်းပေါက်သေးသေးကလေးတွေ ထိကပ်နေတယ်။ ဒါကြောင့် ဒီအိမ်မှာ လူဘယ်နည်းနဲ့မှ နေမှာမဟုတ်ပါဘူးလို့ စိတ်ထဲမှာ မှတ်ချက်ချပြီး သူ့အတွေးကို အဆုံးသတ်လိုက်တော့မယ့် ဆဲဆဲမှာ ဂလောက်ဂလက်ဆိုတဲ့ အသံတစ်သံနဲ့အတူ ပြတင်းတံခါးတစ်ချပ် ဗြုန်းခနဲ ပွင့်သွားတယ်။ ရေနွေးငွေ့လိုလို မီးခိုးလိုလို သေးသေးမျှင်မျှင် အငွေ့တန်းလေးတစ်ခုကလည်း ပွင့်နေတဲ့ ပြတင်းကနေ အပြင်ကို တလွင့်လွင့်နဲ့ တိုးထွက်နေတယ်။ ဒါဆို အဲဒီထဲမှာ တစ်ယောက်ယောက် ချက်ပြုတ်နေတာပဲ ဖြစ်မယ်။

အော့ဂ်ဒင်းက အသာကလေး ရှေ့ကို တိုးသွားတော့ ဟယ်ရီက သတိထားပြီး စောင့်ကြည့်နေတယ်။ ခေါင်းပေါ်က သစ်ပင်အရိပ်မည်းမည်းတွေ ဘေးကို တစ်ချက်ရွေ့အသွားမှာ အော့ဂ်ဒင်းက အိမ်ရှေ့တံခါးကို စိုက်ကြည့်နေတယ်။ တံခါးချပ်ပေါ်မှာ တစ်ယောက်ယောက်က မြွေအသေကြီး တစ်ကောင်ကို သံနဲ့ ကပ်ရိုက်ထားတာ ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် ရှဲ ရှဲ ရှဲ ဘုတ်ဆိုပြီး အနီးဆုံး သစ်ပင်တစ်ပင်ပေါ်က အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ လူတစ်ယောက် သစ်ရွက်သစ်ကိုင်းတွေကို ဖြတ်ပြီး ကျလာပြီး အော့ဂ်ဒင်းရဲ့ ရှေ့တည့်တည့် မြေကြီးပေါ်မှာ ရပ်လိုက်တယ်။ အော့ဂ်ဒင်းက လုစ်ခနဲ အမြန်နောက်ကို ခုန်ဆုတ်လိုက်တာ သူ့ကုတ်အင်္ကျီရှည်ကြီးရဲ့ အောက်နားစကို ပြန်တက်နင်းမိပြီး ခလုတ်တိုက်မိသလို ဟပ်ထိုးဟပ်ထိုးနဲ့ ယိုင်ထွက်သွားတယ်။

'ခန်ပြားဒို့ဂို တင်နီယာက မင်ဂျိုဇိုဘူး"
(ခင်ဗျားတို့ကို ဒီနေရာက မကြိုဆိုဘူး)

အဲဒီလူက ခပ်တင်းတင်း ပြောလိုက်တယ်။ သူတို့ရှေ့မှာ ရပ်နေတဲ့ လူရဲ့ထူပိတ်နေတဲ့ ဆံပင်တွေဟာ ချေးညှော်တွေ အထပ်ထပ်နဲ့ ကျပ်ခဲကြီးဖြစ်နေပြီး ဘာရောင်လို့ ပြောရမှန်းတောင် မသိအောင်ပါပဲ။ သွားတွေလည်း ကုန်သလောက်နီးပါး မရှိတော့ဘူး။ သူ့ရဲ့ နက်မှောင်တဲ့ မျက်လုံးသေးသေးကလေးတွေထဲမှာ မျက်နှာချင်းဆိုင်က လူတွေရဲ့ပုံတွေ မှန်လို အရိပ်ထင်နေတယ်။ ဒီလူဟာ ခြိမ်းခြောက်ဟိန်းဟောက်နေပေမဲ့ သူ့ကြည့်ရတာ ရယ်စရာ ကောင်းသလိုပဲ။ ဒါပေမဲ့ ဟယ်ရီ မရယ်ဝံ့တဲ့အပြင် အန္တရာယ်ပေးနိုင်တဲ့ ဒီလူရဲ့ ပုံစံကြောင့် အော့ဂ်ဒင်းအနေနဲ့ ဘာမှ ပြန်မပြောခင် နောက်ကို ဝေးဝေး လေးငါးခြောက်လှမ်း ဆုတ်လိုက်တာကို အပြစ်မမြင်နိုင်ဘဲ ဖြစ်သွားတယ်။

"အဲ ကောင်းသော နံနက်ခင်းပါ။ ကျွန်တော်က မှော်ပညာဝန်ကြီးဌာနကပါ"

"ခန်ပြားကို မင်ဂျိုဇိုဘူး"
(ခင်ဗျားကို မကြိုဆိုဘူး)

"အို စိတ်မရှိပါနဲ့ဗျာ၊ တစ်ဆိတ်လောက် ခင်ဗျားပြောတာ ကျွန်တော် နားမလည်ဘူး" အော့ဂ်ဒင်းက စိတ်လှုပ်ရှားစွာနဲ့ ပျာပျာသလဲ ပြောလိုက်တယ်။

အော့ဂ်ဒင်းဟာ အလွန်အမင်း မျက်စိမှုန်သူ ဖြစ်မယ်လို့ ဟယ်ရီ တွေးလိုက်မိတယ်။ ဟယ်ရီ့အမြင်မှာတော့ သစ်ပင်ပေါ်က ထူးထူးဆန်းဆန်း ကျလာသူရဲ့ အသွင်သဏ္ဌာန်က ရှင်းနေတာပဲ။ သူဟာ လက်တစ်ဖက်ထဲမှာ ဆေးကြိမ်လုံးနဲ့။ နောက်လက်တစ်ဖက်ကတော့ သွေးတွေ တော်တော်လေး စွန်းထင်းပေနေတဲ့ ဓားတိုတစ်ချောင်း ကိုင်ထားပြီး ထိုးတော့မလို ခုတ်တော့မလို တရွယ်ရွယ်နဲ့။ သူက ကြိမ်လုံးနဲ့ ဘေးကို ဝှေ့ယမ်းနေတယ်။

"သူပြောတာ မင်းနားလည်မှာ ကျိန်းသေတယ် ဟယ်ရီ"ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို တိုးတိုးကပ်ပြောလိုက်တယ်။

"ဟုတ်ကဲ့၊ လည်ပါတယ်ဆရာ။ ဒါပေမဲ့ အော့ဂ်ဒင်းက ဘာဖြစ်လို့ နားမလည်နိုင်ရ........"ဟယ်ရီ မင်တက်မိပြီး နည်းနည်း အံ့အားသင့်နေရာက ဖြေနေဆဲမှာပဲ တံခါးပေါ်က မြွေသေကြီးကို နောက်ထပ်တစ်ကြိမ်မြင်မိပြီး အော့ဂ်ဒင်းဟာ အခြေအနေကို ချက်ချင်း သဘောပေါက်သွားတယ်။

www.burmeseclassic.com

"သူက ဖာရေစီလူမျိုး ဘာသာစကားနဲ့ ပြောနေတာကိုး"

"သိပ်မှန်တာပေါ့ကွာ"ဒမ်းဘဲလ်ဒိုးက ခေါင်းညိတ်ပြရင်း ပြုံးပြီး ပြောလိုက်တယ်။

ဒါပေမဲ့ ဒီအချိန်မှာ အဝတ်စုတ်စုတ်ပြတ်ပြတ်နဲ့ လူက အော့ဂ်ဒင်းဆီကို ဦးတည်ပြီး ရှေ့တိုးလာနေပြီ။ ဆေးကြိမ်လုံးတစ်ဖက်၊ ဓားတစ်ဖက်နဲ့။

"ကဲပါဗျာ ကျွန်တော် ပြောချင်တာက" အော့ဂ်ဒင်းက ရှင်းပြဖို့ နိဒါန်းပျိုးလိုက်တယ်။ ဒါပေမဲ့ သူနောက်ကျသွားပြီ။ 'အုန်း'ခနဲ အသံတစ်ချက်မြည်သွားပြီး အော့ဂ်ဒင်းမြေကြီးပေါ်မှာ စန့်စန့်ကြီး ဖြစ်နေတယ်။ နှာခေါင်းကို ကိုင်ထားတဲ့ သူ့လက်ချောင်းကလေးတွေ ကြားကနေ အဝါရောင် ကျိချွဲချွဲအရည်တွေ မြင်မကောင်းအောင် ပန်းထွက်လာတယ်။

"မာဖင်း"အော်ခေါ်လိုက်သံ ကျယ်ကျယ်တစ်ချက် ပေါ်ထွက်လာတယ်။

အသက်ကြီးကြီး လူတစ်ယောက် တစ်ထပ်တိုက်အိမ်ကလေးရဲ့ ရှေ့တံခါးကနေ အပြေးထွက်လာတယ်။ သူက တံခါးကို နောက်ပြန်ဆောင့်ပိတ်လိုက်တဲ့အတွက် တံခါးပေါ်မှာ သံနဲ့ရိုက်ထားလို့ တွဲလောင်းဖြစ်နေတဲ့ မြွေသေကောင်ဟာ သေပြီးမှ ဒုက္ခထပ်ခံရသလို သနားစရာကောင်းအောင် အရှိန်နဲ့ လွှဲယမ်းလှုပ်ခါသွားတယ်။ နောက်ထွက်လာတဲ့ လူဟာ ပထမလူထက် အရပ်ပိုပုသလို ထူးခြားတဲ့ ခန္ဓာကိုယ် အချိုးအဆက်ပိုင်ရှင် ဖြစ်နေတယ်။ ဧရာမ ကြီးမားကျယ်ပြန့်တဲ့ ပခုံးတွေနဲ့ လက်တွေကလည်း သာမန်ထက် သိသိသာသာ ရှည်ထွက်နေတယ်။ အညိုရောင် သူ့မျက်လုံးတွေ တောက်ပနေပေမဲ့ ဆံပင်တိုတိုတွေက လမ်းဘေးချုံပုတ်လိုပဲ။ မျက်နှာမှာလည်း အရေးအကြောင်းတွေပြည့်လို့။ ခြုံပြောရရင်တော့ သူဟာ ခွန်အားကောင်းတဲ့ မျောက်အိုကြီးတစ်ကောင်နဲ့ တူတယ်။ အော့ဂ်ဒင်း လဲကျနေတဲ့ နေရာမှာ ရပ်ရှင်ထဲက လူကြမ်းတွေ တဟားဟားရယ်သလို စူးစူးဝါးဝါး အသံနက်ကြီးနဲ့ အော်ရယ်နေတဲ့ ဓားကိုင်ထားတဲ့ လူဘေးကို ရောက်သွားတယ်။

"ဝန်ကြီးဌာနဟုတ်လား"နောက်ထွက်လာတဲ့ အသက်ပိုကြီးတဲ့လူက လဲနေတဲ့ အော့ဂ်ဒင်းကို ငုံ့ကြည့်ပြီး ပြောလိုက်တယ်။

"ဟုတ်တယ်၊ ဒါနဲ့ ခင်ဗျားက ကျုပ်လာရှာတဲ့ မစ္စတာ နတ်တ်ဆိုဂီရိမျှားလား"

"မှန်ပါတယ် ကျွန်တော်ပါပဲ။ ဒါနဲ့ ခင်ဗျားမျက်နှာမှာ ရထားတဲ့ ဒဏ်ရာက သူလုပ်တာလား"

"ဟုတ်တယ်၊ သူ လုပ်လိုက်တာပဲ"အော့ဂ်ဒင်းက ကြွပ်ဆတ်ဆတ်နဲ့ ပြန်ဖြေလိုက်တယ်။

"ခင်ဗျား လာမယ်ဆိုတာ ကြိုအသိပေးထားသင့်တာပေါ့ဗျာ၊ မဟုတ်ဘူးလား" နတ်ဆိုသီရိဆိုတဲ့ လူကြီးကလည်း မာန်ပါပါနဲ့ ပြောနေတယ်။ "ဒါက တစ်သီးတစ်သန့် နယ်မြေလေးတစ်ခုဗျ။ ဘယ်သူမှ ဝင်ခွင့်မရှိဘူး။ နောက် ကျွန်တော့်သားကလည်း ခုလို ခုခံလိုက်လိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူး"

www.burmeseclassic.com

"ဘာ ဘာ ဘာ ကိုယ့်ကိုယ်ကို ကာကွယ်တာ ဟုတ်လား၊ ဘာကို ခုခံတာလဲ။ ကိုယ့်လူ"အောင်ဒင်းက လဲနေရာက ကြိုးစားလူးလဲထရင်း မကျေမနပ် မေးလိုက်ပါတယ်။ ဒီမှာတင် မာဖင်းက–

"ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စဝင်စပ်စုသူတွေ၊ ကျူးကျော်သူတွေ၊ မတ်ဂဲလ်တွေနဲ့ လူညစ်ပတ်တွေ"လို့ ထအော်လိုက်တယ်။

အောင်ဒင်းက ခုအချိန်အထိ မတိတ်သေးဘဲ အဝါရောင်ပြည်တွေနဲ့တူတဲ့ အရိအရွဲတွေ တစ်ပုံတစ်ခေါင်းကြီး ထွက်မြဲထွက်နေတဲ့ သူ့နှာခေါင်းကို ဆေးကြိမ်လုံးထိပ်နဲ့ တေ့ပြီးရှယ်လိုက်တာ စီးထွက်နေတဲ့ ပြည်တွေ ချက်ချင်း ရပ်သွားတယ်။ မစ္စတာ နတ္တိသီရိက မာဖင်းကို မျက်စောင်းထိုးပြီး ကြိမ်းမောင်းပြောတယ်။

"မင်း အိမ်ထဲဝင်၊ လျှာမရှည်နဲ့"

ဒီအချိန်မှာတော့ ဟယ်ရီ့ဘက်က အဆင့်သင့်ဖြစ်နေပါပြီ။ သူက အောင်ဒင်းရဲ့ နားထဲမှာ မြွေတွန်သံလို တရှူးရှူးလို့သာ ကြားရတဲ့ မာဖင်းနဲ့ သူ့အဖေ မစ္စတာ နတ္တိသီရိတို့ ပြောခဲ့တဲ့ စကားတွေကို နားလည်မှတ်မိနေတဲ့အပြင် သူ ဘာပြောရမယ်ဆိုတာလည်း ခွဲခြားသိနေပြီ။ မာဖင်းကိုကြည့်ရတာ ကျေနပ်ပုံမပေါ်သေးဘဲ ပေကတ်ကတ်လုပ်နေလို့ အဖေက မာန်မဲတဲ့အကြည့်နဲ့ ထပ်ကြည့်လိုက်မှ သူစိတ်ပျော့ပြီး တစ်ထပ်တိုက်အိမ်ကလေးဆီကို သူတို့ မမြင်ဖူးတဲ့ အထူးအဆန်း လမ်းလျှောက်ဟန်နဲ့ တရွေ့ရွေ့ထွက်သွားတယ်။ ဒါတောင် အိမ်ရှေ့ရောက်တော့ တံခါးကို ဖွင့်ဝင်ပြီး 'အုန်း'ခနဲ မြည်အောင် တအား ဆောင့်ပိတ်လို့ သနားစရာ မြွေသေကောင်ဟာ ဝမ်းနည်းဖို့ ကောင်းအောင် ဒုတိယမ္ပိ သွက်သွက်ခါ လူးပ်ယမ်းသွားရပြန်တယ်။

"ခုန ကျွန်တော် ဒီမှာ ကြုံလိုက်ရတာ ခင်ဗျားရဲ့ သားလား မစ္စတာ လူညွက်၊ ဒါဆို သူဟာ မာဖင်းပဲပေါ့။ ဟုတ်တယ် မဟုတ်လား"အောင်ဒင်းက သူ့ရဲ့ ကုတ်အင်္ကျီရှေ့ဘက် ရင်ဘတ်မှာ စွန်းပေနေတဲ့ နောက်ဆုံးပြည်တစ်ကွက်ကို သုတ်ပစ်နေရင်း မေးလိုက်တယ်။

"အင်း အဲဒါ မာဖင်းပဲလေ"အဘိုးကြီးက ဘာမှ အရေးမပါ ဂရုမထားသလို ဟန်ပန်နဲ့ ပြောလိုက်တယ်။ ပြီးမှ ဗြုန်းဆို ချက်ချင်း အရမ်း စိတ်ဝင်စားသွားသလိုနဲ့ ပြန်မေးလိုက်တယ်။ "ခင်ဗျားက သွေးစစ်စစ်လား"

"ဒီမှာလည်း မဟုတ်ဘူး။ တခြားမှာလည်း မဟုတ်ဘူး။ ခုရော နောင်ရော မဟုတ်ပါဘူးဗျာ"အောင်ဒင်းက အေးအေးဆေးဆေးလေး ပြောပြလိုက်တယ်။ အောင်ဒင်း ဆွပေးလိုက်ပုံကို ဟယ်ရီ လေးစားသွားတယ်။ လူညွက်ကြီးကတော့ တစ်မျိုးတစ်ဖုံ ခံစားနေတယ်။ သူက အောင်ဒင်းရဲ့ မျက်နှာကို သေသေချာချာ မျက်စိကလေး စွေကြည့်နေပြီးမှ ပြောင်ပြောင်တင်းတင်း ထိုးစစ်ဆင်တိုက်ခိုက်နေမှန်း သိသာတဲ့လေသံနဲ့ ပြောလိုက်တယ်။ ကျုပ်ကတော့ ဒါကို စဉ်းစားရမယ့် အခွင့်ရောက်လာပြီ။ ခင်ဗျားရဲ့ နှာခေါင်းအကျနဲ့တူတဲ့ နှာခေါင်းမျိုးတွေ ရွာထဲမှာ ကျုပ်တွေ့ဖူးထားတယ်"တဲ့။

www.burmeseclassic.com

www.burmeseclassic.com

"ဒါကို ကျုပ်လည်း လုံးဝ သံသယ မရှိပါဘူးဗျာ။ ခင်ဗျားရဲ့ သားကို သူတို့အပေါ် လုပ်ချင်တိုင်း လုပ်ဖို့ လွှတ်ပေးထားမယ် ဆိုရင်ပေါ့လေ။ ကဲပါ ကျွန်တော့်တို့တွေ ဒီအကြောင်းကို အထဲမှာ ဆက်ဆွေးနွေးကြရင် မကောင်းဘူးလား"အော့ဂ်ဒင်းက ပြောလိုက်တယ်။

"အထဲမှာ ဟုတ်လား"

"ဟုတ်တယ်လေ မစ္စတာ နတ္တသီရိရဲ့၊ ခင်ဗျားကို ကျွန်တော် ပြောပြီးပြီပဲ၊ ကျွန်တော်ဟာ မာဖင်းအတွက် ဒီကိုလာတာပါလို့။ ကျုပ်တို့ ဓီးကွက်တစ်ကောင် လွှတ်လိုက်တယ်လေဗျာ"

"ကျုပ်က ဓီးကွက်တွေကို ဘာလုပ်ရမှာလဲ၊ ဘာစာလာလာ ကျုပ်ဖောက်မဖတ်ဘူး" လူညှက်က ပြောလိုက်တယ်။

"ဒါဆို လာတဲ့ ဧည့်သည်တွေရဲ့ ကြိုတင် အကြောင်းကြားတာကို ခင်ဗျားတိုပ မရဘူးလို့ ခင်ဗျား ဇွတ်ငြင်းတော့မယ်ပေါ့" အော့ဂ်ဒင်းက အပြတ်ငေါ့ပြောလိုက်တယ်။ "ကျွန်တော်တို့ ဒီကိုလာတာ မနက်စောစောပိုင်းက ဒီမှာ ဖြစ်သွားတဲ့ မှော်ဥပဒေချိုးဖောက်မှု တစ်ခုအတွက် လာတာနော်"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကောင်းပါပြီ"ချက်ကောင်း အကိုင်ခံလိုက်ရတဲ့ နတ္တသီရိက မတတ်သာတဲ့အဆုံး နွားတွန်သလို အသံကြီးနဲ့ ကျုံးအော်ပြီး သဘောတူလိုက်တယ်။ "ကဲ လာလာ သွေးတွေထွက်နေတဲ့ အိမ်ထဲကို သွားကြမယ်။ ပြီးတော့ ခင်ဗျားကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ့မယ်"

ကြည့်ရတာ တစ်ထပ်တိုက်အိမ်ကလေးမှာ အခန်းငယ်သုံးခန်း ပါရှိတယ်။ ပင်မ အခန်းထဲကနေ တံခါးနှစ်ပေါက်နဲ့ ဖြာထွက်ပြီး သူနဲ့တွဲထားတဲ့ မီးဖိုချောင်နဲ့ ဧည့်ခန်းကို ရောက်နိုင်တယ်။ မာဖင်းကိုလည်း မီးခိုးတလူလူထွက်နေတဲ့ မီးဖိုဘေးက လက်တင်ပါတဲ့ ညစ်ညစ်ပတ်ပတ် ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ရင်း အက်ဒါမြွေပွေး အရှင်တစ်ကောင်ကို သူ့ရဲ့ လက်ချောင်းတုတ်တုတ်ကြီးတွေနဲ့ ကြိုးလိမ်သလို လိမ်နေတာကို တွေ့ရတယ်။ သူက ဖာရစီဘာသာနဲ့ သီချင်းလေးတစ်ပုဒ်ကိုလည်း ဖာရစီလေသံနဲ့ပဲ ညည်းနေလိုက်သေးတယ်။

"တီဂျူးဂျူးနိ ဒွန်တတ်တိ မှောင်တွိလင် မွီဂလေးရီ
ဂျမ်းဘော်မာ ဒွန့်လင်ငွေ့ပေါက် တွားဖြဘာလားကွီ
မာဘီးအတွက်ချိုရင် နီတိတ်လီမာဒယ်
မီလီမာရီ ဒီဂါးမာ တံနိရိတ်ဒါးခင်ယားမီ"

(တရှူးရှူးနဲ့ တွတ်တတ်တဲ့ မောင်တွန့်လိမ် မြွေကလေးရယ်
ကြမ်းပေါ်မှာ တွန့်လိမ်ကွေ့ကောက် သွားပြပါလားကွယ်၊
မာဖင်းအတွက်ဆိုရင် နင် သိပ်လိမ်မာတယ်
မလိမ်မာရင် တံခါးမှာ သံနဲ့ ရိုက်ထားခံရမယ်)

www.burmeseclassic.com

www.burmeseclassic.com

ပွင့်နေတဲ့ ပြတင်းပေါက်တစ်ပေါက်အနားက ထောင့်တစ်ထောင့်မှာ ဇလုံးဇထွေးနဲ့ ပြောနေသံ တစ်သံကို ကြားနေရတယ်။ ဒီမှာတင် ဟယ်ရီက အခန်းထဲမှာ နောက်ထပ် တစ်ယောက်ရှိနေဦးမယ်ဆိုတာ သိလိုက်ပါတယ်။ အဲဒါကတော့ သူမဝတ်ဆင်ထားတဲ့ စုတ်ပြဲနေတဲ့ ခဲရောင် အဝတ်အစားတွေနဲ့ သူမရဲ့ နောက်ဘက်က ညစ်ပတ်ပေရေနေတဲ့ ကျောက်တုံးနံရံအရောင် တစ်ထပ်တည်း ကွက်တိကျနေတဲ့ မိန်းကလေးတစ်ယောက်ပါပဲ။

သူမဟာ ညစ်ပေမည်းချိတ်နေတဲ့ မီးဖိုတစ်ခုပေါ်က ရေနွေးငွေ့တွေ ထွက်နေတဲ့ အိုးတစ်လုံးဘေးမှာ ရပ်ပြီး၊ အနားမှာရှိတဲ့ စင်တစ်စင်ပေါ်က မြင်လို့မကောင်းအောင် ညစ်ပေနေတဲ့ အိုးတွေ ဒယ်အိုးတွေကို ဟိုရွှေ့ဒီရွှေ့ လုပ်နေတယ်။ အမှန်တော့ သူမအနေနဲ့ တကယ်ဘာမှ အတိအကျ လုပ်တာမဟုတ်ဘဲ ယောင်တိယောင်နနဲ့ စမ်းတဝါးဝါး ဖြစ်နေတာလို့ ပြောရင် ပိုမှန်မယ်။ သူမရဲ့ ဆံပင်တွေ ကြမ်းထော်မာတောင့်နေသလို သူမရဲ့ ရွှက်ကြမ်းရေကျို မျက်နှာကလည်း အတော်ကြီး ခက်ထန်နေတယ်။ မျက်နှာချင်းဆိုင်ဘက်ကို ငေးကြည့်နေတဲ့ သူမရဲ့ မျက်လုံးတွေကတော့ သူမရဲ့အစ်ကို မာဖင်းရဲ့ မျက်လုံးတွေကို မိတ္တူပွားပြီး ကပ်ထားသလား အောက်မေ့ရတယ်။ ဒါပေမဲ့ သူမဟာ ဟိုလူနှစ်ယောက်ထက်တော့ နည်းနည်းကလေး ပိုသန့်ပုံပေါ်နေတယ်။ ဒါပေမဲ့ ဟယ်ရီကတော့ သူ့တစ်သက်မှာ သူမထက်ပိုပြီး မသထီစရာကောင်းတဲ့ မိန်းကလေး တစ်ယောက်တလေတောင် မတွေ့ဖူးဘူးလို့ ယုံကြည်နေတယ်။

အော့ဂ်ဒင်းက သူမဘက်ကို စူးစမ်းတဲ့အကြည့်နဲ့ လှမ်းကြည့်လိုက်စဉ်မှာပဲ လူညှက်က သူမကို ခေါ်လိုက်တယ်။

“အဖေ့သမီးလေး မာရုပ်ရေ”

“ကောင်းသော နံနက်ပါ”အော့ဂ်ဒင်းက နှုတ်ဆက်လိုက်တယ်။

ဒါပေမဲ့ သူမက ဘာမှပြန်မဖြေဘဲ သူမရဲ့ အဖေကို ကြောက်လန့်နေတဲ့ မျက်လုံးတွေနဲ့ တစ်ချက်ကလေးသာ ဖျတ်ခနဲ လှမ်းကြည့်ပြီး တစ်ဖက်ကို ပြန်လှည့်သွားပြီးတဲ့နောက် စောစောက စင်ပေါ်က အိုးတွေကိုပဲ ဟိုရွှေ့ဒီရွှေ့ ဟိုဟာကိုင် ဒီဟာချ လုပ်နေပြန်တယ်။

“ကောင်းပါပြီ မစ္စတာလူညှက်၊ ကျွန်တော်တို့ လိုရင်းတိုရှင်း တည့်တည့်ပဲ ပြောကြတာပေါ့။ ခင်ဗျားရဲ့ သား မာဖင်းဟာ လွန်ခဲ့တဲ့ည ညဉ့်နက်ပိုင်းက မတ်ဂဲလ်တစ်ယောက်ရဲ့ ရှေ့မှာ သူ့ရဲကောင်းဆန်ဆန် မှော်စွမ်းပြခဲ့တယ်လို့ ယုံကြည်ရမယ့် အကြောင်းတွေ ကျုပ်တို့မှာ ရှိနေတယ်”လို့ အော့ဂ်ဒင်းက အလုပ်သဘော စပြောလိုက်တယ်။

“ကလုံ ကလွှမ်”

သူပြောနေတုန်းပဲ မာရုပ်ဟာ စင်ပေါ်ကအိုးတွေထဲက အိုးတစ်လုံးကို ယူပြီး ပစ်ချလိုက်တဲ့အတွက် နားအူမတတ် အသံကြီးမြည်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ပြန်ကောက်တင်လိုက်စမ်း အဲဒီအိုးကို။ ကြမ်းပေါ်မှာ ပွထသွားတဲ့ စားစရာတွေကလည်း မသတီစရာကောင်းတဲ့ မတ်ဂဲလ်တချို့နဲ့တောင် တူနေပြီ။ နင့် ဆေးကြိမ်လုံးက ဘာလုပ်ဖို့ထားတာလဲ။ နင်ဟာ လုံးလုံးကို အသုံးမကျဘူး။ လုပ်လိုက်ရင် သောက်တလွဲချည်းပဲ"လူညှက် သမီးကို အသံကုန်ဟစ်အော်ပြီး ဟိန်းဟောက်လိုက်တယ်။ ဒီမှာတင်–

"ကျေးဇူးပြုပြီးတော့ မစ္စတာ လူညှက်"လို့ အော့ဂ်ဒင်းက စွပ်အော်နေတဲ့ လူညှက်ကို အလန့်တကြား ပျာပျာသလဲ ပြောခါရှိသေးတယ်။ အိုးကို ပြန်ကောက်ယူလိုက်ပြီး ဖြစ်တဲ့ မာရုပ်ဟာ အဖေ့စကားကြောင့် မျက်နှာတစ်ပြင်လုံး ရဲသွားအောင် ကွက်ခနဲ ရှက်သွေးဖျန်းသွားရာက လက်ထဲက အိုးကို မြဲမြဲမကိုင်မိဘဲ ပြန်လွတ်ကျသွားတယ်။ ဒါကြောင့် သူမက တစ်ခါ ဆေးကြိမ်လုံးကို အိတ်ကပ်ထဲက ဆတ်ခနဲ အမြန်ဆွဲထုတ်၊ ကျသွားနေတဲ့ အိုးကို ကမန်းကတန်း ချိန်ရွယ်ပြီး ဂါထာ မန္တာန် တစ်ပုဒ်ကို ပွစိပွစိနဲ့ တိုးတိုး တိုးတိုး ရွတ်လိုက်တာ ဘယ်လို အမှားအယွင်းတွေ ပါသွားသလဲမသိဘူး။ အိုးက စင်ပေါ်ကို မြောက်တက်မသွားဘဲ လျှောခနဲ ကြမ်းပြင်ပေါ်မှာ ရုပ်တိုက်ဒုန်းစိုင်းပြေးသွားပြီး မျက်နှာချင်းဆိုင်က နံရံနဲ့ ဝင်ဆောင့်လိုက်တာ အိုးကြီးနှစ်ခြမ်းကွဲထွက်သွားတယ်။

ဒါကိုမြင်တဲ့ မာဖင်းက မပြုံးဘဲ အသံပြဲကြီးနဲ့ ဝါးလုံးကွဲရယ်ချလိုက်တယ်။ မစ္စတာ လူညှက်ကလည်း နှစ်ထပ်ကွမ်း ဒေါသဖြစ်သွားပြီး "မင်းအချိုးက ဘာအချိုးလဲ၊ ပြင်စမ်း၊ အစိပ္ပာယ်မရှိတဲ့ကောင်၊ ငတုံး ခုချက်ချင်း အချိုးပြင်စမ်း"လို့ မာဖင်းကို အော်လိုက်၊ ဟိုအသုံးမကျတဲ့ တစ်ယောက်လည်း အိုးကို ပြန်ကောင်းအောင် ချက်ချင်းလုပ်စမ်း"ဆိုပြီး မာရုပ်ကို အော်လိုက်နဲ့ ဖြစ်နေပါတော့တယ်။

နံရံနားက ကွဲနေတဲ့အိုးကို ပြန်ကောင်းအောင် ကောက်ပြင်ဖို့ မာရုပ်က အခန်းကို ဖြတ်လျှောက်သွားတယ်။ ဒါပေမဲ့ သူမလက်ထဲက ဆေးကြိမ်လုံးကို မမြှောက်ရခင်မှာပဲ အော့ဂ်ဒင်းက သူ့ဆေးကြိမ်လုံးနဲ့ အိုးရှိရာကို လှမ်းထိုးရွယ်ပြီး ဆိုလိုက်တယ်။

"ပြင်ပြီးသား ဖြစ်သွားစေ မကြလေးနဲ့–ရီပါရို"

ဒီမှာတင် အိုးဟာ ချက်ချင်း နဂိုမူလအတိုင်း အကောင်းပကတိ ဖြစ်သွားတယ်။ ဒီတော့ လူညှက်က အော့ဂ်ဒင်းကို အော်ပြောဖို့ ဆတ်ခနဲ ကြည့်လိုက်တယ်။ ဒါပေမဲ့ သူစိတ်ကူးတစ်မျိုး ရသွားပြီး အော့ဂ်ဒင်းကို ပြောမယ့်အစား သူ့သမီးကိုပဲ ပြောင်သလိုလိုနဲ့ ဧည့်သည်ကို ခနဲ့သလိုလိုနဲ့ ပြောလိုက်တယ်။

"တော်ပါသေးရဲ့၊ ဝန်ကြီးဌာနက သဘောကောင်း ဖော်ရွေဖြောင့်မတ်တဲ့ လူကြီး လူကောင်းတွေ ဒီကို ရောက်နေလို့ ကံကောင်းတယ်မှတ်၊ မဟုတ်ဘူးလား၊ နင် ငါ့လက်နဲ့ တွေ့တော့မလို့၊ သူကယ်လိုက်လို့၊ ညစ်ပတ်တဲ့ တစ်ဖောင်ဖောင် ပြောနေတာမျိုးကို သူမကြိုက်လို့လည်း ဖြစ်နိုင်ပါတယ်"

မာရုပ်က အော့ဂ်ဒင်းကိုလည်း ကျေးဇူးတင်ပါတယ်လို့ မပြော၊ ဘယ်သူ့ကိုမှလည်း မကြည့်ဘဲ အိုးကိုသာ ကောက်ယူပြီး တုန်ယင်နေတဲ့ လက်တွေနဲ့ စင်ပေါ်မှာ ပြန်ထားလိုက်တယ်။ဒီနောက်မှာတော့ သူမဟာ ကျောက်တုံးတစ်တုံးထဲမှာ ကိုယ့်ကိုယ်ကိုယ်နှစ်ဝင်ပြီး ကိုယ်ဖျောက်ထားလိုက်ရင် ကောင်းဦးမယ်ဆိုတဲ့

www.burmeseclassic.com

ပုံစံနဲ့ ညစ်ပတ်နေတဲ့ ပြတင်းပေါက်နဲ့ မီးဖိုကြားမှာ နံရံကို မှီကပ်ပြီး မလှုပ်မယှက် ငြိမ်ငြိမ်ကလေး ရပ်နေပါတယ်။

"ဒီမှာ မစ္စတာနတ္တိသီရိ"အောင့်ဂ်ဒင်းက ပြောလက်စ စကားကို ပြန်ဆက်တယ်။ "ခုန ကျွန်တော် ပြောခဲ့သလိုပဲ ကျွန်တော် ဒီကိုလာရတာက"

"ကြားပါတယ်ဗျာ၊ ဒီတော့ ဘာဖြစ်သလဲ၊ မာဖင်းက မတ်ဂဲလ်တစ်ယောက်ကို ဘာတွေများ ဆိုးဆိုးဝါးဝါး လုပ်ခဲ့လို့လဲ။ ခု သူဘာဖြစ်နိုင်သလဲ၊ သူ့ကို ဘယ်လို လုပ်မှာလဲ၊ နောက်တော့ရော" အောင့်ဂ်ဒင်းရဲ့ စကားမဆုံးခင် လူညှက်က ဖြတ်ဟောက်လိုက်တယ်။

"မာဖင်းက မှော်ပညာဆိုင်ရာ ဥပဒေကို ချိုးဖောက်ခဲ့တာဗျ"အောင့်ဂ်ဒင်းက တင်းတင်းမာမာ ပြန်ဖြေလိုက်တယ်။

"မာဖင်းက မှော်ပညာဆိုရာ ဥပဒေကို ချိုးဖောက်ခဲ့တယ် ဟုတ်လား" နတ္တိသီရိက အောင့်ဂ်ဒင်းရဲ့ လေသံနဲ့ စကားအတိုင်း သီချင်းဆိုသံမျိုးနဲ့ သံယောင်လိုက်တယ်။ ဒါကို သဘောကျပြီး မာဖင်းက ခွက်ခွက်လန်အောင် ရယ်ပြန်ရော။ ပြီးတော့ နတ္တိသီရိက ဆက်ပြောတယ်။ "ဘာလဲ သူက ဟို မသတီစရာကောင်းတဲ့ မတ်ဂဲလ်ကို သင်ခန်းစာ သွားပို့ချလို့လား၊ အဲဒီလို လုပ်ရင်ကော ဥပဒေကို ချိုးဖောက်တာလား၊ တရားမဝင်ဘူးလား၊ ပြောစမ်းပါ"

"ဟုတ်တယ်လေ၊ ကျုပ်က အဲဒါကို စိုးရိမ်နေတာပဲ"အောင့်ဂ်ဒင်းက ပြောလိုက်တယ်။ ပြီးတော့ သူ့ရဲ့ အတွင်းအိတ်ကပ်ထဲကနေ သားရေပုရပိုက် အလိပ်ကလေးကို ထုတ်ယူပြီး ဖြန့်လိုက်တယ်။

"ဒါက ဘာလဲ၊ သူ့ကို အပြစ်ဒဏ်ချမှတ်တာလား"နတ္တိသီရိက ပြောလိုက်တယ်။ ဒေါသကြောင့် သူ့အသံ အရမ်းကျယ်သွားတယ်။

"အဲဒီအမှုကို ကြားနာစစ်ဆေးနိုင်အောင် ဝန်ကြီးဌာနကို လာဖို့ ဆင့်ခေါ်တဲ့ သမ္မန်စာပဲ"

"သမ္မန်စာ ........ ဘာသမ္မန်စာလဲ၊ ခင်ဗျားက ကျုပ်သားကို တခြားတစ်နေရာရာကို လာဖို့ သမ္မန်စာဆင့်ခေါ်ရအောင် ခင်ဗျားကိုယ်ခင်ဗျား ဘာထင်နေလို့လဲ"

"ကျုပ်က မှော်ဆိုင်ရာ ဥပဒေကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေး တပ်ဖွဲ့ရဲ့ အကြီးအကဲပဲ"အောင့်ဂ်ဒင်းက ပြောလိုက်တယ်။

"ဩော်....... ခင်ဗျားက ကျုပ်တို့ကို ပါချည်ပါချဲ့ ဘာအစွမ်းအစမှ မရှိတဲ့ အလကားကောင် ငါးဆားနူ မှော်ဆရာတွေလို့ ထင်နေတယ်ပေါ့လေ။ ဟုတ်တယ် မို့လား"လူညှက်က ကြောက်စရာကောင်းလောက်အောင် ထအော်ရင်း အောင့်ဂ်ဒင်းဆီကို တိုးကပ်သွားပါတယ်။ သူ့ရဲ့ ညစ်ပတ်တဲ့ အဝါရောင် သံချွန်တွေ တပ်ထားတဲ့ လက်သည်းကြီးတွေနဲ့ ထိုးကုတ်ဖို့ လက်ချောင်းတွေကို အောင့်ဂ်ဒင်းရဲ့ ရင်ဘတ်ကို ချိန်ရွယ်ပြီး ကပ်လာတာပဲ။ ပါးစပ်ကလည်း "ငတုံး၊ ဝန်ကြီးဌာနက

www.burmeseclassic.com

ခေါ်ပါတယ်၊ ပြောပါတယ်ဆိုတိုင်း ပြေးလာမယ့် ကောင်တွေလို့များ မင်းထင်သလား၊ မင်းဟာ ခု ဘယ်သူနဲ့ စကားပြောနေတယ် ဆိုတာရော မင်းသိရဲ့လားကွဟေ၊ ဖွတ်ကျားပါမွှား သွေးပုပ်သွေးညစ်တွေ သွေးမစစ်တဲ့ကောင် မင်းဟုတ်တယ်မို့လား”လို့ ပြောနေတယ်။

“ကျွန်တော် ခု မစ္စတာနတ္တိသိရိနဲ့ စကားပြောနေတယ်လို့ပဲ ကျွန်တော်ထင်ပါတယ်”လို့ အောင်ဒင်းက ပြန်ပြောလိုက်တယ်။ ပြီးတော့ သတိရှိရှိနဲ့ သူ့နေရာမှာသူ ဆက်ရပ်နေတယ်။

တဒင်္ဂအားဖြင့်တော့ ဟယ်ရီလည်း နတ္တိသိရိဟာ အောင်ဒင်းကို ရန်မူတိုက်ခိုက်ဖို့ လက်နဲ့ရွယ်ပြီး မဖွယ်မရာ ပြုမူလာပြီလို့ ထင်လိုက်တယ်။ ဒါပေမဲ့ ချက်ချင်းပဲ လူညှက်ဟာ အောင်ဒင်းကို တိုက်ခိုက်ဖို့ မဟုတ်ဘဲ သူ့ရဲ့ လက်ခလယ်မှာ ဝတ်ဆင်ထားတဲ့ အနက်ရောင် ကျောက်ကြီးတစ်လုံးပါတဲ့ အရုပ်ဆိုးဆိုး လက်စွပ်ကြီး တစ်ကွင်းကို မြင်ရအောင် လက်ချောင်းတွေကို သူ့မျက်စိရှေ့မှာ အတင်းထိုးပြနေတာသာ ဖြစ်ကြောင်း သိသွားတယ်။

“သိပ်ဟုတ်တာပေါ့”နတ္တိသိရိ အသံနက်ကြီးနဲ့ ကြုံးဝါးရင်း ဆက်ပြောတယ်။ “ဒီမှာကြည့်၊ ဒါကိုကြည့်စမ်းပါ။ ဒါ ဘာလဲ မင်းသိလား။ ဒါ ဘယ်က ရောက်လာတယ်ဆိုတာရော သိရဲ့လား။ ဒီပစ္စည်း ကျုပ်တို့ မိသားစုနဲ့ ရှိနေခဲ့တာ ရာစုနှစ်တွေ အများကြီး ကြာခဲ့ပြီ။ နောက်ကြောင်းကို ပြန်ပြောရင် ကျုပ်တို့ဟာ တစ်လျှောက်လုံး သွေးစစ်တွေပဲ ဖြစ်လာခဲ့တယ်။ ကျောက်ပေါ်မှာ ထွင်းထားတဲ့ ပီဗာရဲလ်မျိုးရိုး အဆောင်ယောင်ကြောင့် ကျုပ် ဒါကို ဘယ်လောက်ဂရုတစိုက် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းလာရတယ်ဆိုတာရော သိရဲ့လား”

“ခင်ဗျားပြောတာကို ကျွန်တော် သဘောမပေါက်ဘူး”အောင်ဒင်းက သူ့နှာခေါင်းနဲ့ တစ်လက်မတောင်မကွာတဲ့ အကွာအဝေးအတွင်းမှာ အနီးကပ်လှုပ်ယမ်းပြနေတဲ့ လက်စွပ်ကို အသေအချာငုံ့ကြည့်ရင်း မျက်တောင် ပုတ်ခတ်ပုတ်ခတ်နဲ့ ပြောလိုက်တယ်။ “ပြီးတော့ ဒါက ကျွန်တော် ပြောနေတဲ့ ကိစ္စနဲ့ တခြားစီပဲ မစ္စတာ လူညှက်။ အမှန်မှာတော့ ခင်ဗျားရဲ့သားက ပြစ်မှုကို ကျူးလွန်ခဲ့ပြီးပြီ”

ထိန်းမနိုင် သိမ်းမရ ဒေါသပေါက်ကွဲသံကြီးနဲ့ အော်ဟစ်ပြီး လူညှက်က သူ့သမီးဆီကို ပြေးသွားတယ်။ သူက မာရုပ်ရဲ့ လည်မျိုဆီကို သူ့လက်တွေကို ဆန့်တန်းပြီး ပြေးသွားနေတာ ဖြစ်တဲ့အတွက် ဟယ်ရီက သူဟာ သမီးဖြစ်သူကို လည်မျိုညှစ်သတ်တော့မှာပဲလို့ စက္ကန့်ပိုင်းလောက်ကြာအောင် ထင်နေမိသေးတယ်။ ဒါပေမဲ့ မဟုတ်ဘူး။ တစ်ခဏအတွင်းမှာပဲ အောင်ဒင်းဟာ သူ့သမီကို လည်ပင်းမှာ ဆွဲထားတဲ့ ရွှေဆွဲကြိုးတစ်ကုံးကနေကိုင်ပြီး အောင်ဒင်းဆီကို ဆွဲလာတာ ဖြစ်တယ်။

“ဒါကို ကြည့်စမ်း” သူ့သမီးရဲ့ လည်ပင်းက ရွှေဆွဲကြိုးရဲ့ အတော်ကို အလေးချိန်စီးတဲ့ ရွှေလော့ကတ်သီးကြီးကို ကိုင်လှုပ်ပြရင်း လူညှက်က အောင်ဒင်းကို အသံ ဟိန်းအော်လိုက်တယ်။ မာရုပ်ကတော့ လည်ပင်း အညှစ်ခံရသလို ဖြစ်နေတဲ့အတွက် တအီးအီး တအစ်အစ်နဲ့ အသက်ရှူကျပ်ပြီး တဟွတ်ဟွတ် ချောင်းဆိုးနေတယ်။

“ကျွန်တော် အဲဒါကို မြင်ပါတယ်၊ မြင်ပါတယ်ဗျ”အောင်ဒင်းကလည်း ပျာပျာသလဲ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါ ဆလီသီရင်ရဲ့ ပစ္စည်းပဲ" လူညှက်က အော်ပြောတယ်။ "ဆလာဇာ ဆလီသီရင်ရဲ့ ပစ္စည်းပေါ့။ ကျုပ်တို့ဟာ သူကဆင်းသက်လာတဲ့ သက်ရှိထင်ရှားရှိဆဲ အမျိုးအနွယ်တွေပဲ၊ ကဲ-မင်း ဘာပြောဦးမလဲ"

"မစ္စတာလူညှက် ခင်ဗျားသမီး ........ ခင်ဗျားသမီး"အော့ဂ်ဒင်း သတိပေးလို့ မဆုံးခင်မှာပဲ လူညှက်က ဆွဲကြိုးကို လွှတ်လိုက်တဲ့အတွက် မာရုပ်ပြန်လွတ်သွားတယ်။ ပြီးတော့ အဖေ့ရှေ့ကနေ ဒယီးဒယိုင်နဲ့ သူမရဲ့နေရာ စောစောက အခန်းထောင့်ကို ပြန်သွားပြီး လည်မျိုကိုနှိပ်လိုက်၊ အသက်ကို အငမ်းမရရှူပြီး တံတွေးတွေ မျိုချလိုက် ဖြစ်နေတယ်။

"ကဲ......... ဒါဆိုရင်"လူညှက်က အောင်ပွဲရတဲ့အသံနဲ့ ပြောလိုက်တယ်။ သူပြောပုံက သူဟာ အငြင်းပွားစရာမလိုတော့အောင် ရှုပ်ထွေးတဲ့ အချက်တစ်ချက်ကို သက်သေပြလိုက်နိုင်ပြီ ဆိုတဲ့ သဘောမျိုး။ "ဒါဆို မင်း ငါတို့ကို မင်းရဲ့ ရှူးဖိနပ်တွေမှာ ကပ်နေတဲ့ ဖုန်မှုန့်တွေလို ပုံစံမျိုးနဲ့ ဆက်မပြောနဲ့တော့။ ကျုပ်တို့ဟာ အားလုံး သွေးစစ်စစ်တို့ရဲ့ မျိုးဆက်မှော်ဆရာတွေပဲ၊ မင်း ပြောစရာမလိုတော့ဘူးလို့ ငါယုံကြည်တယ်"

သူကပြောပြီး အော့ဂ်ဒင်းရဲ့ ခြေရင်းကြမ်းပေါ်ကို ပက်ခနဲ တံတွေးထွေးချလိုက်တယ်။ မာဖင်းက တဟဲဟဲနဲ့ ထရယ်နေတယ်။ မာရုပ်က ပြတင်းပေါက်နားကို တိုးကပ်ပြီး ပုနေတယ်။ သူမက ခေါင်းကို ငိုက်စိုက်ချထားတဲ့အတွက် သူမရဲ့ မွဲခြောက်ခြောက် ဆံပင်တွေနောက်မှာ သူမရဲ့ မျက်နှာကွယ်နေပြီး ဘာမှလည်း မပြောတော့ဘူး။ အသံတိတ်သွားတယ်။

သို့ပေမဲ့ အော့ဂ်ဒင်းက ဖွဲ့မလျှော့စတမ်း ပြောပြန်တယ်။

"ဒီမှာ မစ္စတာ လူညှက်၊ ခင်ဗျား ဘိုးဘေးဘီဘင်တွေရော၊ ကျွန်တော့် ဘိုးဘေးဘီဘင်တွေပါ ခုလက်ငင်း ကျွန်တော် ပြောနေတဲ့ ကိစ္စနဲ့ ဘာမှမဆိုင်ဘူး။ အဲဒါတွေ လျှောက်ပြောမနေနဲ့။ ကျွန်တော် ဒီကိုလာတာ မာဖင်းကြောင့်ပဲ။ မာဖင်းနဲ့ မနေ့ည ညဦးနက်ပိုင်းက သူ ချဉ်းကပ်မြူဆွယ်ပြီး ဒုက္ခပေးလိုက်တာ ခံရတဲ့ မတ်ဂဲလ်အတွက် ကျွန်တော်လာတာ။ ကျွန်တော်တို့ ရထားတဲ့ သတင်းမှာ..........."ဒီနေရာမှာ အော့ဂ်ဒင်းဟာ သူ့လက်ထဲက သားရေပုရပိုက်လိပ်ကို တစ်ချက် ငုံ့ကြည့်လိုက်ပြီးမှ ဆက်ပြောလိုက်တဲ့အတွက် ကျွန်တော်ပြောတဲ့ မတ်ဂဲလ်ဟာ အသည်းအသန် နာကျင်ခံစားရမယ့် ပျားအုံတွေ၊ ပျားအုပ်တွေထဲကို ရောက်သွားရတယ်လို့ ဆိုထားတယ်"

မာဖင်းက မခိုးမခန့်နဲ့ တခစ်ခစ် ရယ်နေတယ်။

"တိတ်တိတ်နေစမ်း လူကလေး" လူညှက်က ဖာရစီဘာသာစကားနဲ့ စိတ်ဆိုးမာန်ဆိုး ဟောက်လိုက်တဲ့အတွက် မာဖင်းပြန်ငြိမ်သွားတယ်။

"ကဲ-ဒီလောက်ရှိလှတာ သူက မင်းပြောသလို တကယ်လုပ်ခဲ့တယ်ဆိုရင်ကော" လူညှက်က ကွေ့ကွေ့ဝိုက်ဝိုက် ပြောမနေတော့ဘဲ အော့ဂ်ဒင်းကို ပြောင်ပြောင်တင်းတင်း အာခံလိုက်တယ်။ "ငါ

www.burmeseclassic.com

www.burmeseclassic.com

မှန်းကြည့်လို့ရတာတော့ မင်းဟာ သူနဲ့ သူ့ရဲ့ မှတ်ဉာဏ်အတွက် သူ့ရဲ့ မသတီစရာမျက်နှာကြီးကို သုတ်ပေးခဲ့ပြီးပြီလို့ ထင်တာပဲ။ ဒါတင်မကဘူး.........."

"အဲဒါတွေက အဓိက မကျပါဘူး မစ္စတာနတ္တိသီရိ၊ ခုဟာက အကာအကွယ်မဲ့သူတစ်ဦး သူ့ဘာသာသူ နေနေတာကို အကြောင်းမဲ့ မနေနိုင် မထိုင်နိုင် သွားတိုက်ခိုက်ခဲ့တာပဲ"

"အင်း–မင်းကို ငါမြင်မြင်ချင်း မင်းဟာ မတ်ဂဲလ်တွေကို နှစ်သက်သဘောကျနေတဲ့ လူပဲလို့ ငါထင်လိုက်တာ ကွက်တိကို မှန်နေပါပကောလား"မစ္စတာ လူညှက်က လှောင်ရယ်ရယ်ရင်း ပြောပြီး ကြမ်းပေါ်ကို ပစ်ခနဲ နောက်ထပ် တံတွေး ထွေးချလိုက်ပြန်တယ်။

"ခု.........ဒီ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းကြတာ ဘာမှ အရာမရောက်ဘူး"အော့ဂ်ဒင်းက ပြတ်ပြတ်သားသား စပြောတယ်။ "ခင်ဗျားရဲ့သား သဘောထားကလည်း ရှင်းနေတယ်။ သူက သူလုပ်မိတာအတွက် ဘာမှ နောင်တမရဘူး"အော့ဂ်ဒင်းဟာ လက်ထဲက ပုရပိုက်ကို နောက်ထပ်တစ်ခါ ဖျတ်ခနဲ တစ်ချက်ငုံ့ကြည့်ပြီး ပြောချလိုက်တယ်။ "မာဖင်းဟာ မတ်ဂဲလ်တစ်ယောက်ရဲ့ ရှေ့မှာ သူ့ရဲ့ မှော်ပညာကို သုံးလိုက်ခြင်းအားဖြင့် အဲဒီမတ်ဂဲလ်ကို ဒုက္ခကျရောက်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေခဲ့မှု စွဲချက်နဲ့ ပတ်သက်ပြီး စစ်မေးချက်တွေကို ဖြေကြားဖို့ စက်တင်ဘာ ၁၄ရက်နေ့မှာ ကြားနာစစ်ဆေးမယ့် ရုံးချိန်းကို လာရောက်ရမယ်၊ ဒါပဲ"

အော့ဂ်ဒင်းက သူ့စကားကို ဖြတ်လိုက်တယ်။ ဒီအချိန်မှာ မြင်းတွေ တခွပ်ခွပ် ပြေးသံတွေ၊ ကျယ်ကျယ်လောင်လောင် ရယ်မောလိုက်တဲ့အသံတွေ ပွင့်နေတဲ့ ပြတင်းပေါက်ကို ဖြတ်ပြီး အခန်းထဲကို တသွင်သွင်စီးဝင်လာတယ်။ ဒါဟာ ရွာကိုဦးတည်နေတဲ့ လမ်းကလေးကို ခု သူတို့ရောက်ရှိနေတဲ့ အိမ်ရှိရာ ချုံနွယ်ပိတ်ပေါင်းတောတွေနဲ့ နီးနီးကပ်ကပ် ဖြတ်ပြီး ဖောက်လုပ်ထားတာကြောင့် အဲဒီအသံတွေ တဖြုံးဖြုံးတိုက်နေတဲ့ လေနဲ့အတူ မျောပါလာတာပဲ ဖြစ်တယ်။ လူညှက် မျက်မှောင်တစ်ချက် ကြုတ်ပြီး နားထောင်လိုက်ရင်းက သူ့မျက်စိတွေ ပြူးကျယ်လာတယ်။ မာဖင်းက ရှူးလို့ အသံတစ်ချက်ပေးပြီး အသံတွေလာရာဘက်ကို လှည့်နားထောင်လိုက်တယ်။ သူ့အမူအရာက သူဆာလောင်နေကြောင်း သိသာတယ်။ မာရုပ်က ခေါင်းကို ပြန်မော့လိုက်တယ်။ သူမရဲ့မျက်နှာ သွေးဆုတ်သလို ဖြူဖျော့နေတာကို ဟယ်ရီ အတိုင်းသား မြင်နေရတယ်။

"အမယ်လေး ဘုရားရေ၊ မျက်စိစပါးမွေးစူးစရာ ကောင်းလိုက်တာတွေပါလား" သူတို့ဘေးက အခန်းထဲမှာ ရပ်ပြီး ပြောသလားထင်ရအောင် ကြားရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အသံက ပွင့်နေတဲ့ ပြတင်းပေါက်ကို ဖြတ်ပြီး ဝင်လာပြန်တယ်။ အသံက ဆက်ပြောတယ်။ "ဟဲ့ ဒီလောက် မျက်စိနောက်စရာ၊ နားကြားပြင်းကတ်စရာတွေကို ဒီအိမ်ကုပ်ထဲကနေ နင့်အဖေ ရှင်းထုတ်မပစ်နိုင်ဘူးလား တွမ်"

ဒီမှာတင် လူငယ်ကလေး တစ်ယောက်ရဲ့ အသံ ထပ်ထွက်လာတယ်။

"ဒါ တို့ဟာမဟုတ်ဘူးဟ၊ ဒီတောင်ကြားရဲ့ ဟိုတစ်ဖက်မှာ ရှိသမျှ အရာတွေအားလုံး ငါတို့ ပိုင်တာတွေ၊ ငါတို့နဲ့ ဆိုတာတွေချည်းပဲ။ ဒါပေမဲ့ ဒီတစ်ထပ်အိမ်စုတ်ကတော့ ဟို လူညှက်လို့ခေါ်တဲ့

www.burmeseclassic.com

ခြေသလုံးအိမ်တိုင် လူပေ လူတေ လူလေ လူလွင့်ကြီးနဲ့ သူ့သားသမီးတွေ ပိုင်တာကွ။ သားက လုံးလုံး ရူးနေတယ်လေ။ ရွာထဲမှာ သူတို့ အကြောင်းတွေ ပြောနေတာ မင်းမကြားဘူးလား"

မိန်းကလေးက ရယ်လိုက်တယ်။ တချွင်ချွင် တခွပ်ခွပ်အသံတွေ နီးသည်ထက်နီးပြီး ကျယ်သည်ထက်ကျယ်လာတယ်။ မာဖင်းက သူ့လက်တင်ပါ ကုလားထိုင်ကနေထဖို့ ဟန်ပြင်တယ်။

"မင်း ကိုယ့်နေရာကိုယ်ထိုင်နေ"သူ့အဖေက ဖာရစီစကားနဲ့ သတိပေးလိုက်တယ်။

မိန်းကလေးရဲ့ အသံကို တစ်ခါထပ်ကြားရပြန်တယ်။ ဒီအချိန်မှာ သူတို့တွေ အိမ်ရဲ့ ဘေးတည့်တည့်နေရာကို ရောက်နေပြီ။

"ဒီမှာ တွမ်ရေ........ ငါ အကြည့်များမှားလို့လား၊ ဟိုတံခါးပေါ်မှာ တစ်ယောက်က မြွေတစ်ကောင်ကို သံနဲ့ရိုက်ထားတယ်ဟဲ့"

"ဘုရားရေ မင်းပြောတာ အမှန်ပဲ" လူငယ်ရဲ့ အသံက ဖြေလိုက်တယ်။ "ဒါ သူ့သား လက်ချက်ပဲ ဖြစ်မယ်။ ဒီကောင်က ခေါင်းရှိတဲ့ကောင် မဟုတ်ဘူး။ အဲဒါကို မင်းကြည့်မနေနဲ့ အချစ်ကလေး စီစီလီယာ"

တစ်အောင့်ကြာတော့ တချွင်ချွင် တခွပ်ခွပ်အသံတွေ တဖြည်းဖြည်း တစ်စစပြန်ပြီး ဝေးသွားတယ်။

"အချစ်ကလေး"

မာဖင်းက သူ့ညီမကိုကြည့်ပြီး ဖာရစီဘာသာစကားနဲ့ တိုးတိုးကလေး ပြောလိုက်တယ်။ "သူက ဟိုကောင်မလေးကို ခေါ်လိုက်တယ်လေ၊ အချစ်ကလေးတဲ့။ ဒါဆိုရင် သူ ဘယ်နည်းနဲ့မှ နင့်ကိုယူမှာ မဟုတ်တော့ဘူး"

မာရုပ်ရဲ့ မျက်နှာ ဖြူဆွတ်သွားတယ်။ သူမဟာ မူးမေ့ လဲမလို ပြိုမလို ဖြစ်တော့လေမလားလို့ ဟယ်ရီ ပူပန်နေတယ်။

"ဘာဖြစ်နေတာလဲကွ"လူညွက်က ဖာရစီဘာသာစကားနဲ့ပဲ အသံမာမာ မေးလိုက်တယ်။ "မင်းညီမကို မင်းဘာပြောလိုက်တာလဲ မာဖင်း"

"ကောင်မလေးက ဟိုမတ်ဂဲလ်ကောင်ကိုကြည့်ပြီး သဘောကျနေတယ်လေ"မာဖင်း ပြောရင်း ကြောက်လန့်တကြား ဖြစ်နေတဲ့ သူ့ညီမကို ကြည့်လိုက်တဲ့ မျက်လုံးတွေမှာ ညှာတာမှုကင်းမဲ့တဲ့ အရိပ်လက္ခဏာတွေ အထင်းသား ပေါ်နေတယ်။ "အမြဲတမ်းလည်း အဲဒီကောင် ဒီကဖြတ်သွားတိုင်း ခြံထဲမှာရှိတဲ့ မာရုပ်ဟာ ချောင်းချောင်း ကြည့်နေတတ်တယ်၊ မဟုတ်ဘူးလား။ လွန်ခဲ့တဲ့ညကလည်း........"

www.burmeseclassic.com

www.burmeseclassic.com

မာရုပ်က တိုးလျှိုးအသနားခံတဲ့ မျက်နှာနဲ့ အဖေကို ပြန်ပြောမပြလိုက်ဖို့ မာဖင်းကို ခေါင်းတဆတ်ဆတ် ခါပြနေတယ်။

ဒါပေမဲ့ မာဖင်းကတော့ လုံးဝ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ ပြောဖြစ်အောင် ဆက်ပြောနေတယ်။
"အဲဒီကောင် အိမ်ကို မြင်းလှည်းနဲ့ ပြန်သွားတဲ့အချိန်တိုင်း စောင့်စောင့်ကြည့်နေတယ်ဗျ"

"ဘာကွ၊ မတ်ဂဲလ်တစ်ကောင်ကို ကြည့်ဖို့ မင်းညီမက ပြတင်းပေါက်မှာ အချိန်ဖြုန်းနေတယ် ဟုတ်လား"လူညှက်က တိုးတိုးပြန်မေးလိုက်တယ်။

အော့ဂ်ဒင်းကတော့ ဆွေးနွေးတာ အဆင်မပြေလို့ စိတ်ရှုပ်တာတစ်မျိုး၊ သူနားမလည်တဲ့ ဖာရစီဘာသာစကားနဲ့ တရှူးရှူး တရဲ့ရဲ့ အာခေါင်ခြစ်ပြီး ပြောနေကြတာကို ပြန်ကြားနေရလို့တစ်မျိုး အရမ်းဒေါပွနေတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ လူညှက်ရော၊ သူ့သားရော၊ သူ့သမီးရော သုံးယောက်လုံးက ဒီအဖြစ်ကို မသိဘဲ အိမ်ထဲမှာ အော့ဂ်ဒင်း ရှိနေတာကိုတောင် မေ့နေကြတယ်။

"ဒါ အမှန်ပဲလား" ဒေါသအိုး ပေါက်ကွဲသွားတဲ့ လူညှက်က ကြောက်စရာ အသံကြီးနဲ့အတူ ထိတ်ထိတ်လန့်လန့် တုန်တုန်ယင်ယင် ဖြစ်နေတဲ့ သမီးဆီကို နှစ်လှမ်းသုံးလှမ်း တိုးသွားပါတယ်။

"သွေးစစ်စစ်တွေက ဆင်းသက်လာတဲ့ ငါ့သမီး၊ ဆာလာဇာ ဆလီသီရင်ရဲ့ မျိုးဆက်ဖြစ်တဲ့ အမိုက်မက စက်ဆုပ်ရွံစရာကောင်းပြီး သွေးညစ်ပတ် စိတ်ထားယုတ်တဲ့ ဒီမတ်ဂဲလ်ကောင်ကိုမှ တ တမ်းတမ်း တ တတ သွားစွဲလမ်းနေတယ်ပေါ့ ဟုတ်လား"

မာရုပ်ဟာ စကားတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ ကြောက်လွန်းလို့ အခန်းနံရံကို အတင်းတိုးဖိကပ်ပြီး ထိတ်ထိတ်ပျာပျာနဲ့ ခေါင်းကလေးကို တွင်တွင်ခါပြနေ ရှာတယ်။

"ဒါပေမဲ့ မပူနဲ့ အဖေ၊ ကျွန်တော် ဒီကောင့်ကို သင်ခန်းစာပေးလိုက်လို့ သူလက်လျှော့သွားပါပြီ။ သူ့တစ်ကိုယ်လုံးမှာ ပျားအုပ်တွေခဲလို့ သူ အတော်မသက်မသာ ဖြစ်သွားတယ်။ ငါပြောတာ ဟုတ်တယ် မဟုတ်လား မာရုပ်" မာဖင်းက သူ့လုပ်ချက်ပိုင်ပုံကို ပြောပြရင်း တစ်အားစူးစူးဝါးဝါး အော်ရယ်လိုက်တယ်။

"နင် တော်တော်ကို သောက်သုံးမကျအောင် မိုက်လုံးကြီးတဲ့ ကလေးမပဲ။ နင်ဟာ စက်ဆုပ်မသတီစရာကောင်းတဲ့ သွေးသစ္စာဖောက်မကလေးပဲ" လူညှက်ဟာ သူ့ကိုယ်သူ မထိန်းချုပ်နိုင်လောက်အောင် ဒေါပွပြီး ကြိမ်းဝါးရင်း သူ့သမီးရဲ့ လည်မျိုကို အတင်းညှစ်နေပါတော့တယ်။

"မလုပ်နဲ့"

ဟယ်ရီရော အော့ဂ်ဒင်းပါ ပြိုင်တူအော်လိုက်ကြတယ်။ တစ်ဆက်တည်းမှာပဲ အော့ဂ်ဒင်းက သူ့ဆေးကြိမ်လုံးကို မြှောက်ပြီး ထပ်အော်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"လွင့်ပျံကျွမ်းလန် လွတ်ထွက်သွားစေ–ရီလက်ရှိုး"

လူညှက်ဟာ ရှေ့ကနေ ဆောင့်ကန်ခံလိုက်ရသလို သူ့သမီးရှိရာကနေ နောက်ပြန်လွင့်ထွက်သွားပါတယ်။ တစ်ခါ ကုလားထိုင်တစ်လုံးနဲ့ တိုက်မိပြီး ကြမ်းပြင်ပေါ်ကို အရှိန်နဲ့ လဲကျသွားရာက ကြမ်းပေါ်မှာ ပက်လက်ကြီးဖြစ်နေတယ်။ ဒီမှာတင် မာဖင်းက ကျားဟိန်းသလို ကြုံးဝါးရင်း သူ့ကုလားထိုင်က ခုန်ထွက်လာပြီး အော့ဂ်ဒင်းဆီကို ပြေးသွားတယ်။ သူဟာ လက်တစ်ဖက်ထဲက ဆေးကြိမ်လုံးနဲ့ သေနတ်ကို ပစ်ခတ်လိုက်တာ ဆဋ္ဌဂံမှော်ကျိန်စာတုံးကလေးတွေ ဆေးကြိမ်လုံးထိပ်ကနေ အရမ်းကာရောထွက်လာနေတဲ့အတွက် အော့ဂ်ဒင်းလည်း အသက်လုပြီး ထွက်ပြေးသွားပါတယ်။

ဒမ်းဘဲလ်ဒိုးက လိုက်ကြမယ်ဆိုပြီး မျက်ရိပ်ပြလိုက်တဲ့အတွက် ဟယ်ရီက ဒမ်းဘဲလ်ဒိုးနဲ့အတူ အော့ဂ်ဒင်းနောက်ကို ပြေးလိုက်ခဲ့တယ်။ သူတို့နားထဲမှာ မာဖင်းရဲ့ အော်သံတွေ ပဲ့တင်ထပ်ပြီး ကပ်ပါလာတယ်။

ခေါင်းပေါ်ကို လက်မြှောက်ပြီး လူသွားလမ်းကလေးအတိုင်း ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားတဲ့ အော့ဂ်ဒင်းဟာ ခဏအတွင်းမှာ လမ်းမပေါ်ကို ရောက်လာတယ်။ သူပြေးနေရင်း အရှိန်မထိန်းနိုင်ဘဲ အနန်းခွံရောင်တောက်နေတဲ့ မြင်းကြီးတစ်ကောင်နဲ့ ဝင်တိုက်မိတယ်။ မြင်းပေါ်မှာ နက်မှောင်တဲ့ ဆံပင်တွေနဲ့ အလွန့်အလွန် ချောမောခန့်ညားတဲ့ လူငယ်တစ်ယောက်။ သူ့ဘေးမှာလည်း ပင့်သက်ရှူမှားစရာ အလွန်တစ်ရာလှပတဲ့ မိန်းကလေးတစ်ယောက်။ အတူမြင်းစီးလာတဲ့ သူတို့နှစ်ယောက်လုံးက လူငယ်ရဲ့မြင်းနံပါးကို အားနဲ့ ဝင်တိုက်ပြီး အရှိန်နဲ့ ပြန်လွင့်ကျသွားတဲ့ အော့ဂ်ဒင်းရဲ့ အဖြစ်ကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်နေကြတယ်။ တစ်ခါ အော့ဂ်ဒင်းရဲ့ ကုတ်အင်္ကျီရှည်ကြီးက လေထဲကို လွှားခနဲ လွင့်တက်သွားပြီးမှ လမ်းပေါ်မှာ ဖုန်အလူးလူး ဖုတ်အလိမ်းလိမ်းနဲ့ လဲကျနေတဲ့ သူ့အပေါ်ကို ခေါင်းမြီးခြုံထားသလို ခြေဆုံးခေါင်းဖျား အုပ်နေလို့ အင်္ကျီကြီးအောက်မှာ သူ ဝရုန်းသုန်းကား ဖြစ်နေတယ်။

"ကဲ–ဒီလောက်ဆိုရင် တော်လောက်ပြီ ထင်တယ် ဟယ်ရီ"

ဟယ်ရီကို တံတောင်ဆစ်ကနေ ကိုင်ပြီး ဆွဲခေါ်လာတဲ့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ တစ်အောင့်ကြာတော့ သူတို့နှစ်ယောက် အသီးသီး ကိုယ့်ကိုယ် အလေးချိန်တွေကို ဖယ်ရှားပစ်လိုက်ပြီး ပေါ့ပါးအောင် ကိုယ်ဖော့လိုက်ကြပြီးမှ အပေါ်က အမှောင်ထုကြီးထဲကို ပျံတက်လာကြတယ်။ နောက်ဆုံးမှာတော့ ဟယ်ရီနဲ့ ဒမ်းဘဲလ်ဒိုးတို့ နေဝင်ဆည်းဆာချိန်အောက်က ဒမ်းဘဲလ်ဒိုးရဲ့ ကျောင်းအုပ်ကြီးရုံးခန်းထဲကို ပြန်ရောက်သွားကြပြီး သူတို့ မူလရပ်နေခဲ့တဲ့ နေရာတည့်တည့်တွေမှာ ပြန်ပေါ်လာကြတယ်။

"ဟို တစ်ထပ်တိုက်အိမ်ဟောင်းထဲမှာ တွေ့ခဲ့တဲ့ မိန်းကလေးက ဘာဖြစ်သွားသေးလဲ၊ ပြီးတော့ မာရုပ်ဆိုတာ သူမရဲ့ နာမည်ပဲလား၊ ဒါမှမဟုတ်ရင် သူမရဲ့နာမည် အစစ်က ဘာလဲ" ဟယ်ရီက ခရီးရောက်မဆိုက် ချက်ချင်းမေးလိုက်တယ်။ ဒမ်းဘဲလ်ဒိုးက မဖြေသေးဘဲ သူ့ဆေးကြိမ်လုံးထိပ်ကို

www.burmeseclassic.com

www.burmeseclassic.com

မီးတောက်သွားစေပြီးမှ ဆေးကြိမ်လုံးနဲ့ရှယ်ပြီး နောက်ထပ် အပိုမီးအိမ်တွေ လင်းလာအောင် ထွန်းညှိနေတယ်။

"သြော်....... သူမ မသေပါဘူးကွယ်၊ လွတ်သွားပါတယ်"ပြောရင်း ဒမ်းဘဲလ်ဒိုးဟာ စားပွဲနောက်က သူ့ကုလားထိုင်မှာ သွားထိုင်ပါတယ်။ ပြီးတော့ သူက "မင်းလည်း ထိုင်ကွာ" ဆိုတဲ့ သဘောမျိုးနဲ့ ဟယ်ရီကို လက်ရိပ်ပြလိုက်တယ်။ ဟယ်ရီထိုင်ပြီး သွားတော့ သူဆက်ပြောတယ်။

"သေသွားတဲ့ အော့ဂ်ဒင်းရဲ့ ထူးဆန်းတဲ့ ဝိညာဉ် ခန္ဓာတစ္ဆေဟာ ဝန်ကြီးဌာနကို ပြန်ရောက်လာတယ်။ ၁၅ မိနစ်အတွင်း စစ်ကူတွေခေါ်ပြီး ဟိုကို သူပြန်သွားတယ်။ မာဖင်းတို့သားအဖက ပြန်တိုက်ဖို့ ကြိုးစားကြသေးတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်လုံး ဘယ်လိုလုပ်ရမလဲမသိဘဲ မှုန်ထူနေပြီး တိုက်အိမ်ကလေးက ဖယ်ရှားခံလိုက်ရတယ်။ နောက်တော့ မှော်တရားရုံးက သူတို့ကို ပြစ်ဒဏ်စီရင်ချက် ချမှတ်လိုက်ရာမှာ မာဖင်းဟာ မတ်ဂဲလ်တစ်ဦးကို တိုက်ခိုက်တဲ့ပြစ်မှုနဲ့ ထောင်ဒဏ်သုံးနှစ်ကျပြီး အက်ဇ်ကာဘန်အကျဉ်းထောင်ကို ရောက်သွားတော့တာပါပဲ။ အော့ဂ်ဒင်းနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲအနေနဲ့ ဝန်ကြီးဌာနက ဝန်ထမ်းတွေကို ဒဏ်ရာရအောင် တိုက်ခိုက်ခဲ့တဲ့ မာဗိုလိုလည်း ထောင်ဒဏ် ချမှတ်ခံရတယ်"

"မာဗိုလို" ဟယ်ရီက ဒမ်းဘဲလ်ဒိုးပြောတဲ့ နာမည်ကို တစ်ခါပြန်ပြီး ထပ်ရွတ်လိုက်တယ်။

"သိပ်ဟုတ်တာပေါ့၊ မင်း ခုလို ဉာဏ်ရည်မီတာကို မြင်ရတာ ငါ သိပ်ဝမ်းသာတယ်ကွာ"ပြောပြီး ဒမ်းဘဲလ်ဒိုးက သဘောကျလို့ ပြုံးနေတယ်။

"ဒါဖြင့် ဟိုအဘိုးကြီးဟာ.........."

"ဟုတ်တယ်၊ ဗိုဒီမော့ရဲ့ အဘိုးပဲ။ တစ်ခါက သူတို့ ဝမ်းကွဲညီအစ်ကို မောင်နှမချင်း ပြန်လက်ထပ်တဲ့ ဓလေ့အကျင့်ရှိတဲ့ အလွန်ရှေးကျတဲ့ နတ္ထိသီရိ မိသားစုဆိုတာ ရှိခဲ့တယ်။ သူတို့ဟာ စိတ်သဘောထား မတည်ငြိမ်မှုနဲ့ အကြမ်းဖက် တတ်မှုကြောင့် ထူးခြားသူတွေလည်း ဖြစ်တယ်။ မာဗိုလိုရယ်၊ သူ့သား မာဖင်းရယ်၊ သူ့သမီး မာရုပ်ရယ် သုံးယောက်ဟာ အဲဒီ နတ္ထိသီရိမိသားစုက ဆင်းသက်လာတဲ့ နောက်ဆုံးမျိုးဆက်ပဲ။ အဲဒီမျိုးဆက်ရဲ့ အဓိပ္ပာယ်မရှိတဲ့ အချက်နှစ်ချက်က အလွန်အကျွံမာနကြီးတာနဲ့ ရှိသမျှ မျိုးဆက်ပိုင်ရွှေတွေကို မာဗိုလိုကို မမွေးခင်ကတည်းက အချည်းနှီးလျော့ပါး ပြုန်းတီးကုန်ခန်းအောင် လုပ်ခဲ့ကြတာပဲ။ ဒါကြောင့် မင်းမြင်တဲ့အတိုင်း မာဗိုလိုဟာ ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေနေတာပေါ့။ ဒါပေမဲ့ သူ့မှာ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းခဲ့တဲ့ ဘိုးဘေးဘီဘင်ပိုင် အမွေပစ္စည်းနှစ်ခု ရှိနေတယ်။ အဲဒီပစ္စည်းတွေကို မာဗိုလိုက သူ့သားနဲ့အမျှ တန်ဖိုးထားတယ်။ သမီးကိုတော့ သူ့သားလောက် တန်ဖိုးမထားဘူး"

"ဒါဖြင့် မာရုပ်က ဘယ်သူလဲဆရာ၊ သူမဟာ ဗိုဒီမော့ရဲ့ အမေပဲလို့ ဆရာ ဆိုလိုချင်တာလား" ဟယ်ရီဟာ ကုလားထိုင်ပေါ်မှာ ထိုင်နေရာက ရှေ့ကိုကုန်းပြီး ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာကို တည့်တည့်စိုက်ကြည့်ရင်း မေးလိုက်တာပါပဲ။

www.burmeseclassic.com

"ဟုတ်တယ်၊ ဗိုဒီမော့ရဲ့ အမေအစစ်ပဲ။ ဒါဆိုရင် တို့အနေနဲ့ ဗိုဒီမော့ရဲ့ အဖေ ဘယ်သူလဲဆိုတဲ့ အပိုင်းကို ဖျတ်ခနဲ တစ်ချက်လောက်တော့ ငဲ့စောင်းကြည့်သင့်တာပေါ့။ မင်း သတိထားမိမလား ဆိုတာ ငါသိချင်နေတယ်"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"သိတယ်၊ မာဖင်းတိုက်ခိုက်တဲ့ ဟိုမတ်ဂဲလ်မဟုတ်လား၊ မြင်းပေါ်က လူလေ"

"ဟာ ......... ကောင်းလိုက်လေကွာ၊ မင်း တကယ်ကို တော်ပါပေတယ်" ဒမ်းဘဲလ်ဒိုးက အကြီးအကျယ် ချီးကျူးစကား ဆိုလိုက်တယ်။ "အေး......... နတ္တိသီရိရဲ့ တစ်ထပ်တိုက်အိမ်ကလေးနားက ဖြတ်ဖြတ် မြင်းစီးသွားလေ့ရှိရာက မာရုပ်နဲ့ တိတ်တဆိတ် ချစ်ကြိုက်သွားမိပြီး အရူးအမူး စွဲလမ်းအောင် သောကဝေဒနာတွေ ပေးခဲ့တဲ့ ရုပ်ချောချော မတ်ဂဲလ်လူငယ်လေး တမ်ရစ်ဒယ်စီနီယာပါပဲ" ဒမ်းဘဲလ်ဒိုးက ဟယ်ရီတွက်တာ မှန်ကြောင်း အတည်ပြုတဲ့အနေနဲ့ ပြောလိုက်တယ်။

"ဒါဆို သူတို့ လက်ထပ်ဖြစ်ခဲ့ကြတယ်ပေါ့" ဟယ်ရီက မယုံကြည်နိုင်သလို ပြောလိုက်တယ်။ ဘယ်လိုမှ ဆက်စပ်လို့မရအောင် ဘဝချင်းမတူ ခြားနားတဲ့ သူနှစ်ဦး ချစ်ကြိုက်ပြီး ဘယ်လို လက်ထပ်သွားနိုင်တယ်ဆိုတာ သူစဉ်းစားလို့မရဘဲ ဖြစ်နေတယ်။

"မင်းမေ့နေတဲ့ အချက်ရှိတယ်။ မာရုပ်ဟာ သာမန်မိန်းကလေး မဟုတ်ဘူး၊ စုန်းမ။ သူမရဲ့အဖေက သူမကို အကြမ်းဖက်နှိပ်စက်နေချိန်မှာ မာရုပ်ဟာ ပညာကို ထုတ်မသုံးသေးဘူးလို့ ငါယုံကြည်တယ်။ နောက်တစ်ချက် မာဗိုလိုနဲ့ မာဖင်းတို့ နှစ်ယောက်က အက်ဇ်ကာဘန် အကျဉ်းထောင်ထဲက ထွက်မလာနိုင်ဘဲ အကျဉ်းကျ ခံနေရတယ်။ အဲဒီမှာ သူမဟာ သူမရဲ့ဘဝမှာ ပထမဦးဆုံးအကြိမ် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် လုပ်ခွင့် ရသွားတယ်။ ဒီတော့ သေချာတာက သူမဟာ သူမရဲ့ စုန်းအတတ်ပညာအစွမ်းနဲ့ အသက် ၁၈နှစ် ပြည့်လာတဲ့အထိ အနှောင်အဖွဲ့ ကျနေတဲ့ဘဝက ရုန်းထွက်လွတ်မြောက်အောင် ကြံစည်ကြိုးစားတော့တာပါပဲ" ဒမ်းဘဲလ်ဒိုးက ချိန်ချိန်ဆဆနဲ့ အပိုင်ပြောလိုက်တယ်။

"ဒီလိုဆိုရင် မာရုပ်ဟာ တွမ်ရစ်ဒဲလ်ကို သူ့ချစ်သူကို မေ့ပစ်ပြီး သူမရဲ့ ချစ်သူဖြစ်လာအောင် ကြိုးစားခဲ့တယ်လို့ ဆရာထင်တယ်ပေါ့"

"ဟုတ်တယ်လေ"

"ဒါဆိုရင် မာရုပ်ဟာ တစ်ဖက်လူကို ထိန်းချုပ်ပြီး လိုသလို စေစားနိုင်တဲ့ 'ဩဇာလွှမ်းမိုးကျိန်စာ' ဒါမှမဟုတ်ရင် 'က္ကန္ဒဇာလအချစ်ပီယဆေးရည်'ကို အသုံးချခဲ့တာပဲ ဖြစ်မယ်" ဟယ်ရီက သူ့ထင်မြင်ချက်ကို ပြောလိုက်တယ်။

"မင်း သိပ်တော်တာပဲ။ ငါ့အမြင်ပြောရရင် သူမဟာ အချစ်ပီယဆေးရည်ကိုပဲ သုံးခဲ့တာဖြစ်မယ်။ သူမဟာ အဲဒီအချိန်မှာ အချစ်ရေးကိုပဲ ဦးစားပေးထားတာ မဟုတ်လား။ နောက်ပြီး သူမအဖို့ ဒီလိုလုပ်ဖို့ ဘာမှ အခက်အခဲ မရှိဘူးလေ။ ရစ်ဒဲလ်တစ်ယောက်တည်း မြင်းစီးလာချိန်မှာ သူ့ကို ဖြားယောင်းစည်းရုံးပြီး ရေကလေး တစ်ခွက်တိုက်လိုက်ရုံပဲ။ ဘာပဲဖြစ်ဖြစ် နှစ်လသုံးလပဲကြာတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟန်ဂလီတန်ငယ်ရွာကလေးမှာ ဇရာမ ကောလာဟလသတင်းတွေ ပြောမဆုံးပေါင်၊ တောသုံးထောင် ဖြစ်သွားတဲ့ သက်သေအထောက်အထား တို့ရခဲ့တယ်။ မင်းသိမှာပါ၊ အဲဒီ အတင်းအဖျင်းဟာ ရွာခံ တောသူဌေးကြီး လူကြီးလူကောင်းရဲ့သားက ခြေသလုံးအိမ်တိုင်ကြီးရဲ့ သမီး မာရုပ်ကို ခိုးပြေးတယ်ဆိုတဲ့ သတင်းကလွဲပြီး ဘာဖြစ်ဦးမှာလဲ” ဒမ်းဘဲလ်ဒိုးက စီကာစဉ်ကာ ဇာတ်စုံခင်းပြနေတယ်။ သူက ဆက်ပြောတယ်။

“ဒါပေမဲ့ ရွာသားတွေက မာဗိုလိုရဲ့ အပိုင်းကလည်း မတွက်ကြတော့ပါဘူး။ မာဗိုလိုဟာ ငါ့သမီးလေးကတော့ ဝတ်မပျက်ဘဲ ငါပြန်ရောက်တာနဲ့ စားသောက်ဖို့ ပူပူနွေးနွေး စားစရာတွေကို စားပွဲပေါ်မှာ အသင့်ပြင်ပြီး ငါ့ကို စောင့်နေရှာမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ရွာကို ပြန်ရောက်လာတယ်။ ဒါပေမဲ့ သူ့ကို ကြိုနေတာက ဖုန် တစ်လက်မလောက် တက်နေတဲ့အိမ်နဲ့ သမီးဘဝလမ်းကို သမီးကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ လျှောက်လှမ်းဖို့ ထွက်ခွာသွားပြီဆိုတဲ့ မာရုပ်ထားခဲ့တဲ့ စာကလေးတစ်စောင် ဖြစ်နေတယ်”

“အားလုံးကို ချုပ်လိုက်ရင် ငါ ဒီလို သုံးသပ်လို့ရတယ်။ မာဗိုလိုဟာ အဲဒီအချိန်ကစပြီး သူ့သမီးရဲ့ နာမည်ကိုရော၊ သူမအကြောင်း သေတယ် ရှင်တယ်ဆိုတာကိုပါ ဘယ်တော့မှ စကားထဲ ထည့်မပြောတော့ဘူး။ သမီးမာရုပ်ရဲ့ စွန့်ပစ်ထားခဲ့မှုက သူ့ကို ရှင်လျက်နဲ့ သေသွားသလိုပဲ။ ဒီမှာ မာဗိုလိုဟာ သူ့ကိုယ်သူလည်း လုံးဝ ဂရုမစိုက်တော့ဘူး။ သားဖြစ်သူ မာဖင်း ထောင်ကလွတ်ပြီး အဲဒီအိမ်ကလေးကို ပြန်ရောက်လာမှာကိုလည်း သူ မမျှော်လင့် မစောင့်စားတော့ဘူး”

“ဒါနဲ့ မာရုပ်ရော။ သူမ သေသွားတယ် မဟုတ်လား။ မသေဘူးလား။ ဗိုဒီမော့ဟာ မိဘမဲ့ ကလေးဂေဟာတစ်ခုမှာ ကြီးပြင်းခဲ့ရတာလား”

“မှန်တာပေါ့ကွယ်” ဒမ်းဘဲလ်ဒိုးက သူ့စကားကို ဆက်ပြန်တယ်။ “ခု တို့အနေနဲ့ ဒီက ရှေ့ကို ဆက်ပြောရမယ့် တော်တော်များများဟာ မှန်းဆပြောတာတွေ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ တကယ် ဘယ်လို ဖြစ်သွားတယ်ဆိုတာကို အဖြေထွက်အောင် မှန်းကြည့်ဖို့လည်း သိပ်မခက်ပါဘူး။ အထောက်အထားတွေ ရှိပါတယ်။ ငါပြောခဲ့သလို မာရုပ် ခိုးရာလိုက်ပြေးသွားပြီးလို့ လအနည်းငယ်အကြာမှာပဲ တွမ်ရစ်ဒဲလ်ဟာ ဟန်ဂလီတန်ငယ်ရွာကလေးက သူတို့နေတဲ့ အိမ်ကြီးကို သူ့ဇနီး မာရုပ်မပါဘဲ တစ်ယောက်တည်း ပြန်ရောက်လာတယ်။ ချက်ချင်းပဲ အိမ်နီးနားချင်းတွေနဲ့ ရွာထဲမှာ ကောလာဟလသတင်းတွေ ရှုတ်ရှုတ်သဲသဲ ပြန့်သွားတယ်။ တွမ်ရစ်ဒဲလ်ဟာ သူဟာ လိမ်လည်လှည့်ဖြား သိမ်းသွင်းတာကို ခံလိုက်ရတာပါလို့ ပြောနေတယ်ဆိုပဲ။ ဒါပေမဲ့ ငါပြောရဲတယ်။ ဒီကောင်လေးဟာ သူ ဒီလို စကားမျိုးပြောရင် အရှုးလို့ အထင်ခံရမှာပဲ ဆိုပြီး အဲဒီစကားတွေကို တဲ့တိုး ပြောင်ပြောင်တင်းတင်းတော့ ပြောဝံ့မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် တွမ်ရစ်ဒဲလ်ဟာ သူ သာယာနှစ်သက်ခဲ့တဲ့ အိမ်ထောင်ကို ကျောခိုင်းလာပြီဆိုတာကတော့ သေချာတယ်။ သူပြောသမျှ စကားတွေပေါ်မှာ အခိပ္ပာယ်ကောက်ပြီး ရွာသားတွေကလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခန့်မှန်းကြတယ်။ သူတို့အထင်က ဒီကိစ္စမှာ မာရုပ်ဟာ ကောင်ကလေးကို အတင်း မြှူဆွယ်ဖြားယောင်းခဲ့တာ ဖြစ်မယ်။ နောက် သူမမှာ ကိုယ်ဝန်ရှိနေပါပြီလို့ လိမ်လည် ဟန်ဆောင်မယ်။ တွမ်ရစ်ဒဲလ်က အဲဒီအကြောင်းကြောင့်သာ သူ့ကို လက်ထပ်ခဲ့တာဖြစ်မယ်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ဆရာကလည်း မာရုပ်က တကယ် ကိုယ်ဝန်ရှိတာ မဟုတ်လား။ အဲဒီ ကိုယ်ဝန်ကို သူမက မမွေးခဲ့လို့လား"

"အေးကွ၊ သူတို့ လက်ထပ်ပြီးလို့ တစ်နှစ်ကြာတဲ့အထိ မမွေးသေးဘူး။ ဒီကြားထဲမှာ တွမ်ရစ်ဒဲလ်က သူမကို ကိုယ်ဝန်နဲ့ ပစ်ထားခဲ့ပြီး ထွက်လာခဲ့တာပဲ"

"ဘယ်နေရာမှာ မှားသွားလို့လဲ" ဟယ်ရီက စိတ်ဝင်စားသွားပြီး ကမန်းကတန်း မေးလိုက်တယ်။ "ဘာလဲ ဟိုက္ကန္ဒဇာလ အချစ်ပီယဆေးရည်က မစွမ်းတော့လို့လား"

"ဒီနေရာမှာလည်း မှန်းဆပြီးတော့ပဲ ထပ်ပြောရဦးမှာပါပဲကွာ" ဒမ်းဘဲလ်ဒိုးက ဆက်ပြောတယ်။ "မာရုပ်က သိပ်အချစ်ကြီးတဲ့ မိန်းကလေးမဟုတ်လား။ သူ သိပ်ချစ်တဲ့ ယောကျ်ားကို ဒီလို မှော်ကဝေပညာတွေ ဆေးစွမ်းတွေနဲ့ ဆက်ပြီး ထိန်းချုပ်စေခိုင်း မထားချင်တော့ဘူး။ သူ့ယောကျ်ား အဲဒီလို ဖြစ်နေတာကို သူမက မကြည့်ရက်တော့ဘူး။ ဒါကြောင့် မာရုပ်ဟာ သူမရဲ့ ခင်ပွန်းသည်ကို အဲဒီဆေးရည်တွေ ဆက်မတိုက်တာဘဲ ဖြစ်ရမယ်။ ဒါမှမဟုတ်ရင် သူမရဲ့ ခင်ပွန်းကို သူမ တကယ်အရူးအမူး စွဲစွဲလမ်းလမ်း ချစ်သလို ဟိုတစ်ယောက်ကလည်း ခုလောက်ဆိုရင် သူမအပေါ်ကို ပြန်ပြီး မေတ္တာတုံ့ပြန်သက်ဝင်နေလောက်ပြီလို့ ယုံကြည်ပြီး ဆေးကို ဆက်မကျွေးတာလည်း ဖြစ်နိုင်တယ်။ ဒီလို မဟုတ်ရင်လည်း သြော်.... ငါတို့မှာ ရင်သွေးကလေး တစ်ယောက်တောင် ရလာတော့မှာပဲ။ ဘာပဲဖြစ်ဖြစ် ဒီကလေးကို ချစ်တဲ့ဇောနဲ့ သူငါ့ကို ဘယ်နည်းနဲ့မှ စွန့်ပစ်သွားမှာ မဟုတ်ပါဘူးလို့ ထင်သွားတာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူမတွက်ဆမှုတွေ လုံးလုံး မှားသွားတယ်။ တွမ်ရစ်ဒဲလ်ဟာ သူမကို စွန့်ပစ်ခဲ့ရုံသာမကဘဲ နောက်ထပ်လည်း ဘယ်တော့မှ အတွေ့မခံတော့တဲ့အပြင် သူ့သားမွေးပြီလား၊ ဘာတွေ ဖြစ်နေသလဲဆိုတဲ့ အကျိုးအကြောင်းကလေးမေးဖို့၊ ခေါင်းထဲ ထည့်စဉ်းစားဖို့တောင် သူက ကိုယ့်ကိုယ်ကိုယ် ဒုက္ခမရှာတော့ဘူး"

အပြင်ဘက် ကောင်းကင်မှာ မင်ရည်နက်နဲ့ ဆိုးထားသလို မှောင်မိုက်နေပြီ ဖြစ်တဲ့အတွက် ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းက မီးအိမ်တွေ စောစောကထက် ပိုပြီး လင်းလက် တောက်ပနေကြတယ်။

အသက်တစ်အောင့် နှစ်အောင့်အကြာမှာ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ကဲ ဒီညအဖို့တော့ ဒီလောက်နဲ့ပဲ တော်ကြဦးစို့ ဟယ်ရီရေ"

"ဟုတ်ကဲ့ပါ ခင်ဗျာ" ဟယ်ရီက ပြန်ပြောလိုက်တယ်။ ပြီးတော့ သူ ထမတ်တတ်ရပ် လိုက်တယ်။ ဒါပေမဲ့ ထွက်မသွားသေးဘူး။

"ဆရာခင်ဗျာ၊ ဗိုဒီမော့ရဲ့ အတိတ်က အကြောင်းစုံကို သိဖို့ တကယ်ပဲ အရေးကြီးပါသလား ဆရာ"

"ဟာ ဘယ့်နှယ်ပြောပါလိမ့်။ သိပ်ကို အရေးကြီးတယ်လို့ ငါထင်တယ်"

"ဒီလိုဆိုရင် အဲဒါ........ အင်း အဲဒါဟာ ဟိုဟောစာတမ်းကြီးနဲ့ ပတ်သက်နေလို့များလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ဒီကိစ္စဟာ ဟောစာတမ်းကြီးနဲ့ ဘက်ပေါင်းစုံက ပတ်သက်နေတယ်"

"ကောင်းပါပြီဆရာ" ဟယ်ရီက ပြောလိုက်တယ်။ သူ့စိတ်ထဲမှာတော့ သိပ် ဘဝင်မကျသေးဘဲ တစ်ခုခုလိုနေသေးသလို ဟာတာတာ ဖြစ်နေတယ်။ ဒါပေမဲ့ သူဒီအတိုင်းပဲ စိတ်ချယုံကြည်လိုက်တယ်။

သူပြန်ဖို့ ဟန်ပြင်လိုက်တယ်။ ဒါပေမဲ့ မေးခွန်းတစ်ခုမေးဖို့ လိုသေးကြောင်း သတိရလိုက်ပြီး တစ်ဖက်ကို ပြန်လှည့်မေးလိုက်တယ်။

"ဆရာ........ ဒီညဆရာ ကျွန်တော့်ကို ပြောပြသမျှ အားလုံးကို ရွန်နဲ့ ဟာမီယွန်တို့ကို ကျွန်တော် ပြန်ပြောခွင့်ရှိပါသလားဆရာ"

ဒမ်းဘဲလ်ဒိုးဟာ မဖြေသေးဘဲ တစ်အောင့်ကြာအောင် ဟယ်ရီရဲ့ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေတယ်။ ပြီးတော့မှ "အင်း........ မစ္စတာ ဝက်စလေနဲ့ မစ္စဂရန်ဂျာတို့ဟာ တကယ်ယုံကြည်စိတ်ချရသူတွေပါပဲ။ ဒါပေမဲ့ ဟယ်ရီ မင်းပြောပြီးရင် သူတို့ကနေတစ်ဆင့် နောက်ထပ် ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ထပ်မပြောမိစေဖို့ သူတို့ကို မင်းပြောထားရလိမ့်မယ်လို့ မင်းကို ငါပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစကား ပတ်ဝန်းကျင်ကို ပြန့်သွားရင် ဗိုဒီမော့ရဲ့ လျှို့ဝှက်ချက်တွေကို ငါဘယ်လောက်အထိ သိနေပြီး သူ့အပေါ် သံသယရှိနေတယ်ဆိုပြီး ဖြစ်လာမယ်။ ဒါဆိုရင် မကောင်းတော့ဘူး"

"မဖြစ်စေရပါဘူး ဆရာ၊ သူတို့ကို အသေအချာ သတိပေးပြီး သေချာအောင်လုပ်ပြီးမှ ကျွန်တော် ပြောမှာပါ။ ကောင်းသောညပါ ဆရာ"

သူ တစ်ဖက်ကို ပြန်လှည့်ထွက်လာလို့ တံခါးကို ရောက်ခါနီး နည်းနည်းလေးပဲ လိုတော့ချိန်မှာ သူ အဲဒီပစ္စည်းကို မြင်လိုက်ရပါတယ်။ အဲဒီပစ္စည်းကတော့ ခြေထောက်အရှင်တပ်ထားတဲ့ စားပွဲတွေအနက်က စားပွဲတစ်လုံးပေါ်မှာ ရှိနေပြီး၊ စားပွဲပေါ်က ကျန်တဲ့ အထိမခံ ကြွေပန်းကန်လို နုဖပ်တဲ့ ငွေထည်ပစ္စည်းကလေးတွေ အားလုံးကို ပိုမိုထူးခြားနေအောင် အားဖြည့်ထားတဲ့ အရုပ်ဆိုးဆိုး ရွှေလက်စွပ်ကြီး တစ်ကွင်းပါပဲ။ လက်စွပ်ပေါ်မှာ အက်ကွဲရာပါတဲ့ ဇရာမအနက်ရောင်ကျောက်ကြီး တစ်လုံးက ပြူးလို့။

"ဆရာ ဒီလက်စွပ်ကြီးက" ဟယ်ရီက လက်စွပ်ကြီးကို စိုက်ကြည့်နေရင်း မေးလိုက်တယ်။

"ဟုတ်တယ် ဒီလက်စွပ်ပဲ"လို့ ဒမ်းဘဲလ်ဒိုးက ဖြေတယ်။

"ကျွန်တော်တို့ နှစ်ယောက် ပါမောက္ခပက်ကျိချူဆီကို သွားခဲ့တဲ့ညက ဆရာ ဒီလက်စွပ်ကြီးကို ဝတ်ထားတယ်နော်"

"အေး ဟုတ်တယ်၊ ငါ ဝတ်ထားတယ်"ဒမ်းဘဲလ်ဒိုးက သူပြောတာ မှန်ကြောင်း သဘောတူတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မမှားနိုင်ဘူးလို့ ထင်တယ် ဆရာ၊ အဲဒါ နတ္ထိသီရိမာဗိုလိုက အော့ဂ်ဒင်းကို ပြတဲ့ လက်စွပ်မဟုတ်လား"

ဒမ်းဘဲလ်ဒိုးက ခေါင်းကို ဖြည်းဖြည်းညိတ်လိုက်တယ်။"မင်းပြောတဲ့ အတိုင်းပါပဲ"

"ဒါဆိုရင် ဘယ်လိုဖြစ်လို့ လက်စွပ်က ဒီကိုရောက်လာ.......။ ဒီလက်စွပ်က ဆရာနဲ့ အမြဲတမ်း ရှိနေတာလား ဆရာ"

"အဲဒါတော့ မဟုတ်ဘူးကွ။ ငါ ဒါကို သိပ်မကြာခင်ကမှ ရခဲ့တာ၊ အတိအကျ ပြောရင်တော့ ငါ မင်းကို မင်းဦးလေးနဲ့ အဒေါ်တို့ အိမ်ကလာမခေါ်ခင် ရက်ပိုင်းကလေးအလိုကမှ ရခဲ့တာ" ဒမ်းဘဲလ်ဒိုးက ဖြေလိုက်တယ်။

"ဟာ ဒါဆိုရင် ဆရာဒဏ်ရာရသွားချိန်က ဆရာ ဒီလက်စွပ်ကို ဝတ်ထားတာပေါ့နော်။ နောက်တော့ကော......."

"ဟုတ်တယ်၊ အဲဒီလက်စွပ် ဝတ်ထားစဉ်မှာ ငါ ဒဏ်ရာရခဲ့တာပဲ ဟယ်ရီ"

ဟယ်ရီ ပြောရကောင်းနိုး၊ မပြောရကောင်းနိုး၊ သွားရကောင်းနိုး၊ မသွားရကောင်းနိုး၊ ဘယလုပ်လို့ ဘာပြောရမှန်း မသိဘဲ ခဏချည်တုံချတုံ ဖြစ်နေတယ်။ ဒါကို ဒမ်းဘဲလ်ဒိုးက သဘောကျပြီး ပြုံးလိုက်တယ်။

"ဆရာ–အဲဒါ ကျွန်တော့်ကို တိတိကျကျလေး ပြောမပြနိုင်ဘူးလား"

"သိပ်ညဉ့်နက်နေပြီ ဟယ်ရီ၊ မင်းနောက်ကျနေပြီ။ နောက်တစ်ချိန် ကျရင် မင်းကြားရမှာပေါ့ကွာ။ ကဲကဲ ကောင်းသောညပဲဟေ့"

"ကောင်းသောညပါ ခင်ဗျာ"

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

အခန်း (၁၁)
ဟာမီယွန်ရဲ့ အကူအညီပေးတဲ့လက်

ဟာမီယွန် ကြိုတင်ဟောကိန်းထုတ်ထားတဲ့ အတိုင်းရော ရွှန်မျှော်လင့်တွက်ဆထားတဲ့ အတိုင်းပါ ဆဋ္ဌမနှစ်ရဲ့ စာသင်နှစ်အတွင်း အားလပ်ရက်တွေဟာ စိတ်ချမ်းမြေ့ပျော်ရွှင်မှုနဲ့ သက်သောင့်သက်သာ အနားယူခွင့်ရတဲ့ ရက်တွေ ဖြစ်မလာဘဲ၊ သူတို့ရဲ့ အိမ်စာတွေ ဧရာမ ဒုနဲ့ဒေးကို တကုပ်ကုပ်

www.burmeseclassic.com

ကုန်းရုန်းလုပ်ရတာနဲ့ပဲ ကုန်လွန်နေပါတယ်။ သူတို့ဟာ သင်ခန်းစာတွေကို နေ့တိုင်း စာမေးပွဲရှိနေသလိုမျိုးနဲ့ အပြင်းအထန် လေ့လာသင်ယူနေရတဲ့ကြားကကို ကျောင်းသင်ခန်းစာတွေက တစ်နေ့တခြား တိုးတိုးလာတယ်။

အဲဒီရက်တွေအတွင်း ပါမောက္ခမက်ဂိုနာဂေါလ် ပို့ချသမျှစာတွေကို ဟယ်ရီ့အနေနဲ့ တစ်ဝက်လောက်ပဲ နားလည်သလို၊ ဟာမီယွန်လည်း စာသင်နေရင်း ဆရာမသင်ကြားတဲ့ ညွှန်ကြားချက်တွေကို နားမလည်လို့ ထပ်ပြောဖို့ ထထပြောရတာ အကြိမ်ကြိမ် ဖြစ်နေတယ်။

ဒါပေမဲ့ မယုံကြည်နိုင်စရာကောင်းတာ တစ်ခုက ဒီလို ကျောင်းသားတွေ အားလုံး အသည်းအသန် ဖြစ်နေချိန်မှာပဲ ဟယ်ရီဟာ ပီယဆေးနှင့် ဣန္ဒြဇာလဆေးရည်များ ဘာသာရပ်မှာ ရုတ်ချည်းလိုလို အထူးချွန်ဆုံး ကျောင်းသား ဖြစ်လာခဲ့တာပါပဲ။ ဒါကြောင့် ဟာမီယွန် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ရင်း စိတ်တွေ မကျေနိုင် မချမ်းနိုင် တိုးတိုး ဖြစ်နေတယ်။ တကယ်တော့ ဟယ်ရီ အဲဒီဘာသာရပ်မှာ ခုလို ဖြုန်းဖြုန်းဒိုင်းဒိုင်း အစွမ်းထက် ပေါက်မြောက်လာတာဟာ သွေးတစ်ဝက် မှော်ဝိဇ္ဇာရဲ့ ကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်။

သူတို့အနေနဲ့ နှုတ်က အသံထွက်မဆိုဘဲ စိတ်ထဲမှာပဲ အတွင်းအားနဲ့ ရွတ်ပြီး အသုံးချရမယ့် မန္တန်တွေကို လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာရပ်တင်မကဘဲ ဂါထာမန္တရား ဘာသာနဲ့ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်းဘာသာရပ်တွေမှာပါ သင်ယူရတော့မယ်လို့ ဆိုတယ်။ ကျောင်းသားများ နားနေခန်းထဲမှာရော ထမင်းစားချိန်တွေမှာပါ ရုံဖန်ရံခါဆိုသလို သူ့ရဲ့ အတန်းဖော်တွေကို ဟယ်ရီ လှမ်းကြည့်မိတဲ့အခါတိုင်း ယူနိုးပိုးဆေးတွေ မတန်တဆ သုံးစွဲထားသလို သူတို့မျက်နှာတွေ ခရမ်းရောင်ထပြီး ပင်ပန်းမှုဒဏ်ကို ကြိတ်မှိတ်ခံနေရပုံမျိုးနဲ့ တင်းမာနေတာကို တွေ့နေရတယ်။ အမှန်တော့ ဒါဟာ သူတို့အနေနဲ့ ဂါထာမန္တရားတွေကို အသံမထွက်ဘဲ စိတ်ထဲမှာ စီကာစဉ်ကာ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်ဖို့ ကျားကုတ်ကျားခဲ ကြိုးစားနေလို့ ဖြစ်တယ်ဆိုတာကိုလည်း ဟယ်ရီက သိနေတယ်။

ဒါကြောင့် သူတို့တွေအားလုံး သက်သာရာ သက်သာကြောင်း ရရှိအောင် မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နဲ့စပ်မှုဘာသာအတွက် ကျောင်းရဲ့ စိုက်ပျိုးရေး ဖန်လုံအိမ်ဘယဆေးခင်းတွေထဲကို ဆင်းပြီး လုပ်ကြကိုင်ကြတယ်။ ခက်တာက စိုက်ခင်းထဲမှာ ခုသူတို့ ကိုင်တွယ်နေရတဲ့ အပင်တွေဟာ မှော်ဆေးဖက်ဝင် ဘယဆေးပင်တွေထဲမှာ အန္တရာယ်အများဆုံး ဆေးပင်တွေ ဖြစ်နေတာပါပဲ။ ဒါပေမဲ့ ဖန်လုံအိမ်တွေထဲမှာ လုပ်ကိုင်နေရတုန်း မမျှော်လင့်ဘဲ နောက်ကနေ အဆိပ်ပြင်းတဲ့ မြွေနဲ့ မှော်ဘဝဲကောင်တွေနဲ့ ကိုက်ခဲဖမ်းချုပ်ခြင်း ခံရရင်တော့ သူတို့ ဂါထာမန္တာန်တွေကို အသံထွက်ရွတ်ဆိုပြီး ခုခံတိုက်ခိုက်ဖို့ ခွင့်ပြုထားတယ်။

ဒီလိုနဲ့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ သုံးယောက်လည်း သူတို့ရဲ့ ဇရာမများပြားတဲ့ ကျောင်းစာ အိမ်စာအလုပ်တာဝန်တွေကို တက်သုတ်ရိုက် ကျက်မှတ်လုပ်ကိုင်ရင်း ပါးစပ်ကမဆိုဘဲ အတွင်းအားနဲ့ မန်းမှုတ်ရတဲ့ အသံတိတ်ဂါထာမန္တန်တွေအတွက် လေ့ကျင့်ရင်း ဟက်ဂရစ်နဲ့ တွေ့ဆုံဖို့ရော၊ သူ့ဆီကို အလည်အပတ်သွားဖို့ပါ အခွင့်မသာဘဲ ပျက်ကွက်နေတယ်။ ဒီမှာတင် ဆိုးဝါးတဲ့ အခြင်းအရာ တစ်ရပ်အနေနဲ့ ဟက်ဂရစ်ဟာ သူစားနေကျ ဝန်ထမ်းအဖွဲ့စားပွဲကို လာရောက်စားသောက်ခြင်း မပြုဘဲ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ဆိုင်းလိုက်တဲ့အပြင် တစ်ခါတစ်ရံ ဝရန်တာ စင်္ကြံလမ်းတွေမှာ ဖြစ်ဖြစ်၊ ရဲတိုက်အပြင်ဘက်မှာ သွားလာရင်းဖြစ်ဖြစ် သူနဲ့ဆုံတဲ့အခါ သူတို့ကို လှည့်ကြည့်ဖော်မရတော့သလို၊ သူတို့က နှုတ်ဆက်ရင်တောင် မကြားသလို လုပ်နေတော့တာပါပဲ။

အဲဒီလို ဖြစ်လာပြီး စနေနေ့တစ်နေ့မှာတော့ ဝန်ထမ်းစားပွဲက ဟက်ဂရစ်နဲ့ ထိုင်သူကင်းမဲ့နေတဲ့ ကုလားထိုင်ကြီးကို ကြည့်ပြီး ဟာမီယွန်က ပြောလိုက်တယ်။

"ဟဲ့ တို့တွေ သူ့ဆီကိုသွားပြီး အကျိုးအကြောင်း ရှင်းပြမှ ဖြစ်မယ် ထင်တယ်"

"ဒီမနက် တို့ ကွစ်ဒစ်ချ်အစမ်း လေ့ကျင့်ပွဲနဲ့ လူရွေးပွဲ ရှိနေတယ်လေ"ရွန်က ပြန်ပြောလိုက်တယ်။ "နောက် တို့ သူ့ဆီကိုသွားရင် သူက တို့ကို ဟိုမထော်မနန်းအဂ္ဂမင်တီ ဂါထာကြီးကို အတင်းရွတ်ခိုင်းပြီး ဂျီကျဦးမယ်။ ဘာမှ ရှင်းပြမနေနဲ့ လစ်ကြမယ်။ နောက် တို့က သူ့ဘာသာကြီးကို မကြိုက်ပါဘူးလို့ ဘယ်လို သွားရှင်းပြလို့ ဖြစ်မှာလဲ"

"တို့ အဲဒီဘာသာကို မမုန်းပါဘူးဟဲ့"လို့ ဟာမီယွန်က ပြောလိုက်တယ်။

"ဒါတော့ နင့်အပိုင်းပဲ၊ ငါကတော့ သူရစ်တာတွေကို မမေ့သေးဘူး။ ခုပြောနေတာက တို့ သူ့ကို သိုးကာသီကာ ရှောင်တိမ်းနိုင်မယ့် နည်းပဲ။ ဟို သူ့ညီ ထုံပေပေ အတ္တဘောကြီးအကြောင်း သူပြောနေတာ နင်မကြားဘူးလား။ တို့ သူနဲ့တွေ့ရင် သူ့ညီ ဂရော့ပ်က ရှူးဖိနပ်ကြိုးကို ဘယ်လို ချည်တယ်ဆိုတာမျိုးပဲ သူက တို့ကို သင်တာခံနေရမှာ"

"ငါကတော့ ဟက်ဂရစ်နဲ့ စကားပြောချင်တယ်ဟယ်" ဟာမီယွန်က စိတ်မချမ်းမသာ ဖြစ်နေတဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"ကဲကဲ ဒီလိုလုပ် တို့ ကွစ်ဒစ်ချ် အစမ်းခြေစစ်ပွဲပြီးရင် သွားမယ်၊ ဟုတ်ပြီလား" ဟယ်ရီက သူမကို နှစ်သိမ့်လိုက်တယ်။ ဟယ်ရီ့စိတ်ထဲမှာ ရွန်နဲ့ အလားတူ သူတို့ထဲကို ရော့ပ်ဝင်မပါလာရင် ကောင်းမှာပဲလို့ ယူဆထားပေမဲ့ ဟက်ဂရစ်ကိုတော့ သူအတော်လေးကို သတိရအောက်မေ့နေတာ အမှန်ပဲ။ သူက ဆက်ပြောလိုက်တယ်။ "ကွစ်ဒစ်ချ် လူရွေးပွဲကလည်း စာရင်းပေးထားတဲ့ လူများလို့ တစ်မနက်လုံး ကုန်ရင်လည်း ကုန်သွားနိုင်တယ်။ အသင်းကလည်း ဘာလို့ ဗြုန်းစားကြီး နာမည်ကြီးသွား ရသလဲ မသိဘူး"

ဟယ်ရီဟာ ကွစ်ဒစ်ချ် အသင်းခေါင်းဆောင် အဖြစ်နဲ့ သူ ပထမဆုံး ရင်ဆိုင်ရမယ့် အခက်အခဲတန်းကို ကျော်လွှားဖို့ အရေးကို တွေးပြီး နည်းနည်းကလေး မသိမသာ ပူပန်သွားတယ်။

"ကဲ မြန်မြန်စား ဟယ်ရီ၊ ခပ်သုတ်သုတ်လုပ်၊ အသင်းနာမည်ကြီးတာ ကွစ်ဒစ်ချ် ကြောင့်မဟုတ်ဘူး။ နာမည်ကြီးတဲ့နင့်ကြောင့်။ ရှင်းရှင်းပြောရရင် နင်က တကယ်တမ်း စိတ်ဝင်စားတာလည်း မဟုတ်ဘူး။ ဝါသနာလည်း သိပ်ကြီးတာ မဟုတ်ဘူး" ဟာမီယွန်က စိတ်မရှည်နိုင်ဘဲ လောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ ရွှန်က သူ့ပါးစပ်ထဲကို ငါးကျပ်တိုက်ကြီးကြီး တစ်တုံးကို အမြန်ကောက်သွင်းလိုက်တဲ့အတွက် ဟာမီယွန်က သူ့ကို တော်တော်အောက်တန်းကျတယ်ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်လိုက်ပြီးမှ ဟယ်ရီဘက်ကို ပြန်လှည့်ပြောလိုက်တယ်။

"နင်ဟာ အမှန်အတိုင်းပဲ ပြောတတ်တယ်ဆိုတာကို ခုအချိန်မှာ လူတိုင်းက သိနေတယ်။ ဗိုဒီမော့ ပြန်ရောက်လာတယ်။ ပြီးတော့ နင်ဟာ လွန်ခဲ့တဲ့နှစ်နှစ်အတွင်း သူနဲ့ နှစ်ကြိမ်တိတိ တိုက်ခိုက်ပြီး၊ နှစ်ကြိမ်လုံး အသက်မသေဘဲ လွတ်မြောက်ခဲ့တယ်ဆိုတဲ့ နင်ပြောတာကို မှော်လောကကြီး တစ်ခုလုံးက မှန်ကြောင်း ဝန်ခံထားတယ်။ ဒါကြောင့်မို့ သူတို့က နင့်ကို ခုပြိုင်ဘက်ကင်း လက်ရွေးစင်နံပါတ် တစ်လို့ ခေါ်နေကြတာပဲ။ ဒါတောင်မှ လူတွေ ဘာကြောင့် နင့်ကို စွဲမက်ကြတယ်၊ စိတ်ဝင်စားတယ်ဆိုတာ နင်မသိသေးဘူးလား" ဟယ်ရီဟာ အပြင်မှာ မိုးရွာနေပြီး မျက်နှာကြက်တွေ အေးနေတာတောင်မှ မဟာခန်းမကြီးတစ်ခုလုံး ရုတ်တရက် ပူနွေးသွားတာကို တွေ့လိုက်ရတယ်။

"ပြီးတော့ နင်ဟာ ဂနာမငြိမ် စိတ်ထားမတည်ကြည်တဲ့ လူလိမ်တစ်ယောက် ဖြစ်တယ်လို့ ပြောပြီး သူတို့ နင့်ကို ပထုတ်ဖို့ ကြိုးစားတဲ့ ဝန်ကြီးဌာနက နှိပ်ကွပ်မှုတွေကိုတောင် နင် ကျော်လွှားလာနိုင်ခဲ့သေးတာ မဟုတ်လား။ နင့်အနေနဲ့ ဟို မကောင်းဆိုးဝါး မိစ္ဆာအမျိုးသမီးက နင့်လက်ခုံပေါ်မှာ နင့်သွေးနဲ့ ပြန်ပြီး အမှတ်အသားတွေ ပေးလိုက်တာကို မှတ်မိဦးမှာပေါ့။ ဒါပေမဲ့ နင်ဟာ နင့်ရဲ့ အဖြစ်အပျက် ဇာတ်လမ်းကို ပျောက်ပျက်မသွားအောင် တစ်နည်းနည်းနဲ့ ထိန်းထားနိုင်ခဲ့တာပဲ မဟုတ်လား"

"ဒါတင်ဘယ်ကမလဲ၊ ဟို ဉာဏ်များတဲ့လူတွေ ငါ့ကို ဝန်ကြီးဌာနမှာ ဖမ်းမိသွားတာကို မင်းမေ့နေပြီလား။ ကြည့် ဒီမှာ....."လို့ ပြောရင်း ရွှန်က သူ့အကျႌလက်တွေကို ခေါက်လှန်ပြလိုက်ပြန်ပါတယ်။

"ဒီတော့ ပြီးခဲ့တဲ့ နွေတစ်ရာသီလုံး နင့်အစွမ်းကို နင်ပြနိုင်ခဲ့သေးတာပဲဟာ ခုအချိန်မှာ သူတို့ နင့်ကို ထိခိုက်အောင် မလုပ်နိုင်တော့ပါဘူး"ဟာမီယွန်က ရွှန်ကို ဂရုမစိုက်ဘဲ ခုလိုပြောပြီး သူမရဲ့စကားကို အဆုံးသတ်လိုက်တယ်။

"ဟော့ကောင် ငါက အရပ်ရှည်တယ်နော်"ရွှန်က အရေးထဲ အရာမရောက်တဲ့ သူ့အရည်အချင်းကို ထုတ်ကြွားနေပြန်တယ်။

ဒီအချိန်မှာ စာပို့စေတမန် ဇီးကွက်တွေ တစ်ပြုံတစ်ခေါင်းကြီး ရောက်လာပြီး ထိုးဆင်းလာရာက မိုးရေတွေ စိုစွတ်နေတဲ့ ပြတင်းတံခါးတွေကတစ်ဆင့် ဖြတ်ပြီး ခန်းမကြီးထဲကို ဝင်နားလိုက်ကြပါတယ်။

ပြီးတော့ ဇီးကွက်တွေအားလုံး တစ်ကောင်မကျန် သူတို့ကိုယ်ပေါ်က မိုးစက်မိုးပေါက်ကလေးတွေကို ခါထုတ်ပစ်နေကြတယ်။ ဒီနေ့ရောက်လာတဲ့ စာတွေ ခါတိုင်းထက်များလွန်းလို့ မိဘတွေ ဘယ်လောက် စိုးရိမ်ပူပန်နေပြီး သူတို့ သားသမီးတွေဆီက မာကြောင်းသာကြောင်း ပြန်ကြားစာတွေကို ဘယ်လောက်တောင် မျှော်နေကြတယ်ဆိုတာလည်း သိသာနေပါတယ်။ ဒီနေ့ရောက်လာသမျှ စာအားလုံး ကျောင်းသားမိဘတွေဆီက စာတွေချည်းပဲ ဖြစ်နေတယ်။

www.burmeseclassic.com

ဒါပေမဲ့ ဟယ်ရီအဖို့ကတော့ မိဘတွေ ဆုံးသွားပြီမို့ စာလာစရာအကြောင်း မရှိသလို၊ တစ်ခါတစ်ရံမှသာ စာရေးတတ်လေ့ရှိတဲ့ လူပင်းထံကတောင် စာပို့ဖော်မရလို့ နှစ်စကတည်းက ခုအချိန်အထိ စာတစ်စောင်မှ မရဘဲ ဖြစ်နေတယ်။ ဟယ်ရီ သူ့ဘဝကို သူတွေးမိပြီး အကြီးအကျယ် စိတ်မကောင်း ဖြစ်သွားတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ သူ့မျက်စိတွေက အညိုရောင်နဲ့ မီးခိုးရောင် ဇီးကွက်တွေအားလုံးကြားမှာ လှည့်ပတ်သွားနေတဲ့ သူ့ရဲ့ နှင်းလို ဖွေးဖွေးဆွတ်ဖြူတဲ့ ဇီးကွက်အကြီးအကဲဂရစ်ကို သွားတွေ့လိုက်တယ်။

သူ့ရှေ့ကိုရောက်လာတဲ့ ဇီးကွက်မကြီး ဟက်ဂရစ်က သူမနဲ့အတူ လေးထောင့်ပုံသဏ္ဍာန် ကြီးမားတဲ့ အထုပ်ကြီးတစ်ထုပ်ကို သယ်လာခဲ့တယ်။ တစ်အောင့်အကြာမှာ ရွှန်နဲ့ရှေ့ကိုလည်း ဟယ်ရီရဲ့ အထုပ်ကြီးနဲ့ဆင်တူ အထုပ်ကြီးတစ်ထုပ် ရောက်လာပြန်တယ်။ အထုပ်ကကြီးလွန်းလို့ သယ်လာတဲ့ သူ့ရဲ့ ဗလသေးသေး ဇီးကွက်ကြီး ပစ်ခ်ဝစ်ဂျင်းခမျာ အထုပ်အောက်မှာပိပြားသလို ဖြစ်နေတယ်။

"ဟား ဟား"ဟယ်ရီ ကြည်နူးပျော်ရွှင်ရုံမကဘဲ အူမြူးပြီး အသံထွက်သွားတယ်။ အထုပ်ကို ဖြေလိုက်တော့ ဖလောရစ်ရှ်နဲ့ ဘလော့စ်ဆိုင်က လောလောလတ်လတ် ပို့လိုက်တဲ့ ရှေ့ပြေးပီယဆေးနှင့် ဣန္ဒြဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ် အသစ်တစ်အုပ် ဖြစ်နေတယ်။

"အို ဟယ်......... ကောင်းလိုက်တဲ့ စာအုပ်ကြီး၊ ဒါဆို နင့် ဟိုကြောင်ချေးကုတ်သလို ရေးထားတဲ့ စာအုပ်အစုတ်ပလုတ်ကြီးကို နင် ပြန်ပေးလိုက်လို့ ရပြီ" ဟာမီယွန်ကပါ စာအုပ်ကြီးကို သဘောကျပြီး ဝမ်းသာအားရနဲ့ ပြောလိုက်တယ်။

"နင် ရူးနေလား။ ဒါကို ငါ ဆက်သုံးရမယ်။ ငါ ဆုံးဖြတ်ပြီးပြီ"ဟယ်ရီက ပြောပြောဆိုဆို သူ့အိတ်ထဲက ရှေ့ပြေးပီယဆေးနှင့် ဣန္ဒြဇာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ဟောင်းကြီးကို ထုတ်လိုက်တယ်။ ပြီးတော့ စာအုပ်အဖုံးကို သူ့ဆေးကြိမ်လုံးနဲ့ တို့ပြီး ဆိုလိုက်တယ်။

"ခွာချလိုက်စေ–ဒစ်ဖင်းဒိုး"

စာအုပ်ကြီးရဲ့ အဖုံးတွေ ချက်ချင်းကွာကျသွားတယ်။ တစ်ခါ ဟယ်ရီဟာ သူ့ရဲ့ စာအုပ်အသစ်ကျပ်ချွတ်ကြီးကို စောစောကအတိုင်း ပြုလုပ်လိုက်ရာမှာ စာအုပ်အဖုံးတွေ ကွာကျသွားပြန်ပါတယ်။ ဟာမီယွန်က စာအုပ်အသစ်ကြီးရဲ့ အဖုံးကို ခွာချပစ်တဲ့ ဟယ်ရီရဲ့ လုပ်ပုံကို မျက်စိရှက်သလိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေတယ်။ ဒီနောက် ဟယ်ရီက စာအုပ်အဖုံးတွေကို တစ်အုပ်နဲ့တစ်အုပ် ဟိုဘက်ဒီဘက် ဖလှယ်လိုက်တယ်။ ပြီးတော့ စာအုပ်တစ်အုပ်စီကို ဆေးကြိမ်လုံးနဲ့တို့ပြီး "ပြင်ဆင်ပြီးသား ဖြစ်စေ–ရီပါရို"လို့ ဆိုလိုက်တာ မော်ဝိဇ္ဇာရဲ့ စာအုပ်ဟောင်းကြီးက လုံးဝအသစ် ဖြစ်သွားပြီး၊ စာအုပ်အသစ်ကြီးကတော့ သုံးပြီးတစ်ပတ်ရစ်ကြီး ဖြစ်သွားပါတယ်။

"ငါ ပက်ကျိချူကို ဒီစာအုပ်အသစ်ကို ပြန်ပေးလိုက်မယ်။ စာအုပ်က ကိုးဂေါ်လီယွန်တောင် ပေးရတာလေ။ သူ ငါ့ကို အပြစ်တင်လို့ မရပါဘူး"

www.burmeseclassic.com

ဟာမီယွန်က စိတ်လည်းဆိုး၊ ဟယ်ရီလုပ်ပုံကို သဘောလည်းမကျတဲ့အတွက် သူမရဲ့ နှုတ်ခမ်းတွေကို တင်းတင်းစေ့ပြီး ကြည့်နေတယ်။ ဒါပေမဲ့ အဲဒီနေ့ထုတ် တမန်တော် နေ့စဉ် သတင်းစာတစ်စောင်ကို သယ်လာတဲ့ တတိယ ဇီးကွက်တစ်ကောင် သူမရဲ့ ရှေ့ကို ရောက်လာပြီး နားလိုက်တဲ့အတွက် အာရုံပြောင်းသွားတယ်။ သူမက သတင်းစာကို ကမန်းကတန်း ယူဖြန့်ပြီး မျက်နှာဖုံးစာမျက်နှာကို နေရာအနှံ့ စေ့စေ့စပ်စပ် ရှာဖွေဖတ်ရှုနေတယ်။

"ဘာဘဲ နာရေးကြော်ငြာလား။ တို့သိတဲ့ လူတစ်ယောက် သေလို့လား"လို့ သေချာပေါက်အသံနဲ့ ရွန်က မေးလိုက်တယ်။ သူက ဘယ်တော့မဆို ဟာမီယွန် သူမရဲ့ သတင်းစာကို ကောက်ကိုင်လိုက်တိုင်း ဒီလိုပဲ မေးနေကျ ဖြစ်တယ်။ ဒါကြောင့် ဟာမီယွန်က စိတ်မဆိုးဘဲ ပြန်ဖြေလိုက်တယ်။

"မဟုတ်ဘူး၊ စိတ်ရူးပေါက်စုန်းတွေရဲ့ တိုက်ခိုက်မှု ဖြစ်ပွားတာတွေ ပိုများလာတယ်။ အဖမ်းအဆီးတစ်ခုလည်း ရှိတယ်"

"ဟာ သိပ်ကောင်းတာပေါ့၊ ဘယ်သူလဲ"ဟယ်ရီက ဘဲလ်လားထရစ်စ် လက်စ်ထရိန်းချ် ဖြစ်မယ်အထင်နဲ့ မေးလိုက်တယ်။

"စတန်ရှန်းပိုက်ခ်တဲ့" ဟာမီယွန်က ပြောလိုက်တယ်။

"ဘာ"ဟယ်ရီက အလန့်တကြား ဖြစ်သွားတယ်။

"ငါ ဖတ်ပြမယ်။ လူကြိုက်များ ရေပန်းစားနေသော မှော်လောကသားများအား သယ်ယူပို့ဆောင်ပေးနေသည့် သူရဲကောင်းအမည်ရှိ ဘတ်စ်ကား တစ်စင်းမှ လက်မှတ်ရောင်း စတန်လေရှန်းပိုက်ခ်အား မရဏစားစုန်းကောင်များ လှုပ်ရှားတိုက်ခိုက်မှုနှင့် ပတ်သက်သည့် မသင်္ကာမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း။ အသက် ၂၁နှစ်ရှိ မစ္စတာ ရှန်းပိုက်ခ်အား လွန်ခဲ့သည့်ညက ပြုလုပ်သော ရှောင်တခင် စီးနင်းရှာဖွေဖမ်းဆီးမှုတစ်ခုတွင် ၎င်း၏ ကလက်ပ်ဟမ်း အရပ်ရှိ နေအိမ်မှ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပြီး ဆက်လက်ချုပ်နှောင် ထိန်းသိမ်းထားကြောင်းတဲ့"ဟာမီယွန်က သတင်းစာသားထဲက လိုရင်းနေရာကို ဖတ်ပြလိုက်တယ်။

"စတန်ရှန်ပိုက်ခ်က မရဏစားစုန်းတစ်ကောင် ဟုတ်လား၊ လုံးဝမဖြစ်နိုင်ဘူး"

လွန်ခဲ့တဲ့ သုံးနှစ်က ပထမဆုံးအကြိမ် သူတွေ့ခဲ့ဖူးတဲ့ မျက်နှာမှာ မဖုအပိန့်တွေ တင်းကျမ်းနဲ့ လူငယ်ကလေးကို ပြန်စဉ်းစားလိုက်မိပြီး ဟယ်ရီက ထအော်လိုက်တယ်။

"သူ ဩဇာဖြန့်ကြက် ကျိန်စာကိုသုံးပြီး စစ်ဆေးတာကို ခံရနိုင်တယ်။ ဒါပေမဲ့ မင်းက ဘာပြောနိုင်မှာမို့လဲ"ရွန်က လက်တွေ့ကျကျ ဖြစ်နိုင်ချေရှိနေတာကို ပြောတော့ သတင်းစာကို ဆက်ဖတ်နေတဲ့ ဟာမီယွန်က ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုတော့ ဖြစ်လိမ့်မယ်မထင်ပါဘူးဟယ်။ ဒီအထဲမှာ ဆက်ရေးထားတာက သူ့ဘီယာတွေ အရက်တွေ ရောင်းတဲ့ဆိုင်တစ်ဆိုင်ထဲမှာ မရဏစားစုန်းကောင်တွေရဲ့ လျှို့ဝှက်အကြံအစည်တစ်ခု အကြောင်း ပြောနေတာကို နားစွန်နားဖျား ကြားလိုက်ရတယ်ဆိုပြီး ဖမ်းလိုက်တာတဲ့"ပြောရင်း ဟာမီယွန်ရဲ့ မျက်နှာမှာ စိတ်မချမ်းသာတဲ့ အရိပ်အယောင်တွေ သိသိသာသာ ပေါ်လာတယ်။ ပြီးတော့မှ သူမက ဆက်ပြောတယ်။ "တကယ်လို့သာ သူ သြဇာဖြန့်ကြက် ကျိန်စာသင့်စေပြီး စစ်ဆေးခံရရင်တော့ သူ မခံနိုင်ဘဲ သူတို့ အကြံအစည်နဲ့ ပတ်သက်ပြီး ထင်ရာမြင်ရာတွေ လျှောက်ပြောနိုင်တယ်။ ငါပြောသလို မဖြစ်နိုင်ဘူးလား"

"ငါ့အထင်တော့ အဲဒီအခါမှာ သူဟာ သူလုပ်ခဲ့သိခဲ့တာတွေထက် ပိုပိုသာသာတွေ လျှောက်ပြောမှာပဲ။ ဩဂ် ဒါနဲ့ ဒီကောင်ဟာ ဟိုဗီးလာတွေနဲ့ ဝင်ရောပြီး လုံးနေစဉ်တုန်းက သူ့ကိုယ်သူ မှော်ပညာဝန်ကြီးဌာန ဝန်ကြီးဖြစ်လာတော့မယ်လူလို့ ပြောခဲ့တဲ့ကောင် မဟုတ်လား"ရွန်က ဝင်ပြောလိုက်တာ ဖြစ်ပါတယ်။

"အေး ဟုတ်တယ်၊ သူပဲ။ ဒါပေမဲ့ သူတို့က စတန်ကို ဘယ်လို၊ ဘာအရေးပါတာတွေမှာ အသုံးချခဲ့တယ်ဆိုတာတော့ ငါမသိဘူး"ဟယ်ရီက ပြောလိုက်တယ်။

ဒီမှာတင် ဟာမီယွန်က မျက်မှောင်ကလေး ကြုတ်သွားပြီး "သူတို့က စတန်ကို အသုံးချပြီး တစ်ခုခုလုပ်ချင်တာတော့ အမှန်ပဲ။ လူတွေက ကြောက်လန့်နေတာ မဟုတ်လား။ နင်သိမှာပေါ့။ ပါတီးလ်အမြွှာညီအစ်မရဲ့ မိဘတွေက သူတို့ကို အိမ်ပြန်စေချင်တယ်။ အလွိုက်စ်မစ်ဒ်ဂျင်းက ပြန်သွားပြီ။ သူမရဲ့ အဖေက သူမကို ညကပဲ လာခေါ်သွားတယ်။

"ဘာ....... စိုးရိမ်လို့ အိမ်ပြန်ခေါ်သွားတယ် ဟုတ်လား" ရွန်က ဟာမီယွန့်ကြည့်ပြီး မေးလိုက်တယ်။ ပြီးတော့ သူက ဝေဖန်ချက်ပေးတဲ့အနေနဲ့ "ဟော့ဂ်ဝပ်စ်ကျောင်းကြီးက သူတို့အိမ်တွေထက် ပိုလုံခြုံတယ်ဆိုတာ သူတို့ စဉ်းစားသင့်တယ်။ ဒီမှာ အော်ရာတွေ ရှိတယ်။ ရင်အုပ်မကွာ ထပ်ဆောင်းပြီး အကာအကွယ် ပေးထားတဲ့ ဂါထာမန္တန်တွေလည်း ရှိသေးတယ်။ ကျောင်းအုပ်ကြီး ဒမ်းဘဲလ်ဒိုးလည်း ရှိနေတယ်"

"ဒါပေမဲ့ သူက တို့ကို တစ်ချိန်လုံးတော့ ဘယ်စောင့်ကြည့်နေနိုင်မှာလဲ"ဟာမီယွန်က သူတို့ချင်းပဲ ကြားရရုံ တိုးတိုးလေး ပြောလိုက်တယ်။ ပြီးတော့ ဖတ်နေတဲ့ တမန်တော် သတင်းစာပေါ်က ကျော်ပြီး ဝန်ထမ်းအဖွဲ့စားပွဲကို မျက်စိတစ်ချက် ဝေ့ကြည့်ရင်း "နင် သတိထားမိလား၊ သူထိုင်တဲ့ နေရာလည်း ဟက်ဂရစ်လိုပဲ ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး ကွက်လပ်ဖြစ်နေတာလေ"

ဟယ်ရီနဲ့ ရွန်တို့နှစ်ယောက် ဝန်ထမ်းအဖွဲ့ စားပွဲကို လှမ်းကြည့်လိုက်တယ်။ တကယ်လည်း ကျောင်းအုပ်ကြီးရဲ့ ကုလားထိုင် ပိုင်ရှင်မရှိဘဲ လွတ်နေတယ်။ ဒီတော့မှ ဟယ်ရီ ပြန်သတိရလာတယ်။ ဒမ်းဘဲလ်ဒိုးကို သူ မမြင်တာ လွန်ခဲ့တဲ့တစ်ပတ် သူ့ကို သီးသန့်သင်ခန်းစာ ခေါ်သင်ပေးပြီးကတည်းကပဲ။

www.burmeseclassic.com

www.burmeseclassic.com

"ငါထင်တာတော့ သူ အမိန့်တာဝန်နဲ့ ကျောင်းက ထွက်ခွာသွားတာပဲ ဖြစ်မယ်။ အားလုံးကို ဆက်စပ်ပြီး ခြုံကြည့်လိုက်ရင် အတော့်ကို အရေးကြီးနေပုံပဲ" ဟာမီယွန်က လေသံကလေးနဲ့ ပြောလိုက်တယ်။

ဟယ်ရီနဲ့ ရွန်က ဘာမှ မပြောဘူး။ ဒါပေမဲ့ သူတို့အားလုံး ဒီအကြောင်းပဲ တွေးနေကြတယ်ဆိုတာ ဟယ်ရီ သိနေတယ်။ စောစောပိုင်းရက်က ကျောင်းမှာ အထိတ်တလန့် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သေးတယ်။ သူမရဲ့အမေ သေဆုံးနေတာကို တွေ့ရတယ်ဆိုပြီး မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နဲ့စပ်မှု ဘာသာရပ်ကနေ ဟန်နာအက်ဘ်ဘော့ကို ပြန်ခေါ်ထုတ်သွားတာ ဖြစ်တယ်။ အဲဒီကတည်းက ဟန်နာကို သူတို့မမြင်ရတော့တာပဲ။

နောက် ငါးမိနစ်လောက်ကြာတော့ သူတို့ ဂရိုဖင်ဒေါ စားပွဲကြီးက ထလာခဲ့ကြတယ်။ ကွစ်ဒစ်ချ်ကစားကွင်းကို သွားဖို့ သူတို့ဆင်းလာရင်း လမ်းမှာ လာဗင်ဒါဘရောင်းနဲ့ ပါဗာတီပါတီးလ်တို့နှစ်ယောက်ကို သူတို့ ဖြတ်လာကြတယ်။ ပါတီးလ်အမြွှာညီအစ်မကို သူတို့ မိဘတွေက ကျောင်းက ပြန်လာစေချင်တယ်ဆိုတဲ့ ဟာမီယွန့်စကားကို ပြေးသတိရလိုက်တဲ့အတွက် အချစ်ဆုံး သူငယ်ချင်းနှစ်ယောက် စိတ်မချမ်းသာ ဖြစ်နေတဲ့ပုံစံနဲ့ ခေါင်းချင်းဆိုင်ပြီး တိုးတိုး တိုးတိုး ပြောနေတာကို သူမြင်ရပေမဲ့ မအံ့သြမိတော့ပါဘူး။ဒါပေမဲ့ သူအံ့သြသွားတာက ရွန်နဲ့ သူတို့နှစ်ယောက် ဘေးချင်းတိုက် တည့်တည့်ယှဉ်ပြီး ဖြတ်သွားချိန်မှာ လာဗင်ဒါက မျက်စိကလေး ဝေ့ကြည့်ပြီး ရွန်ကို သူမရဲ့ သွားတွေပေါ်အောင် နှစ်နှစ်ကာကာ ပြုံးပြလိုက်တာကြောင့် ပါဗာတီက လာဗင်ဒါကို တံတောင်တဲ့တွတ်ပြီး သတိပေးလိုက်တာ ဖြစ်ပါတယ်။ ရွန်ကလည်း သူမကို မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ကြည့်နေရာက ဘာအဓိပ္ပာယ်မှန်း မသိရတဲ့ အပြုံးနဲ့ ပြန်ပြုံးပြလိုက်တယ်။ ဒီမှာတင် ရွန်ရဲ့ လမ်းလျှောက်ပုံဟာ ချက်ချင်း အပြောင်းလဲကြီး ပြောင်းလဲသွားပြီး ဟန်ပါပါ မာန်တဝင့်ဝင့် ဖြစ်သွားလို့ အော်မရယ်မိအောင် ဟယ်ရီ မနည်းအောင့်ထားရတယ်။ သူ့နှာခေါင်းကို မော်လ်ဖွိုင်း ချိုးပစ်လိုက်တဲ့ သတင်းကို ကြားပြီးကတည်းက ဒီလို မြောက်ကြွ မြောက်ကြွပုံစံမျိုးနဲ့ မမြင်ရတဲ့ ရွန် ခုမှ ဘယ်လို ဖြစ်သွားပါလိမ့်ဆိုပြီး ဟယ်ရီက သဘောကျနေတာ ဖြစ်ပါတယ်။

ဟာမီယွန်ကတော့ ဘာမှ မဖြစ်သလို အေးအေးဆေးဆေး ဘာသိဘာသာ ခပ်တန်းတန်း လျှောက်သွားနေတာ အေးစိမ့်စိမ့်နဲ့ မိုးလေးတဖွဲဖွဲ ရွာပြီး ဝိုးတဝါး ဖြစ်နေတဲ့ လမ်းအတိုင်း အားကစားကွင်းကို ရောက်တဲ့အထိပဲ။ နောက်တော့ ဟာမီယွန်ဟာ ရွန် ဘယ်လိုထိုင်မယ်၊ နေရာရမှာလား ဘာလားဆိုတာတွေ လုံးဝထည့်မစဉ်းစားဘဲ ပွဲကြည့်စင်ပေါ်မှာ သူမအတွက် နေရာတစ်နေရာရှာရအောင် သတ်သတ်ထွက်သွားပါတယ်။

ဟယ်ရီ ထင်ထားတဲ့အတိုင်း ခြေစစ်ပွဲလူရွေးပွဲဟာ တစ်မနက်လုံးနီးပါးကို ကြာသွားတယ်။ ဂရိုဖင်ဒေါအဆောင်က ကျောင်းသား ကျောင်းသူတွေ ထက်ဝက်နီးပါးလောက် ရောက်နေတယ်။ ကြောက်စရာကောင်းအောင် ကြမ်းကြမ်းတမ်းတမ်း ကစားတတ်တဲ့ လူဟောင်းတွေထဲက လက်ရွေးစင်တစ်ဦးကို အမိအရ ဆုပ်ကိုင်ထားတဲ့ ပထမနှစ်ကျောင်းသားတွေကနေ ကျန်တဲ့လူအားလုံးအပေါ်မှာ လွှမ်းမိုးထားပြီး အေးစက်ခြိမ်းခြောက်တဲ့ အကြည့်နဲ့ ကြည့်နေတဲ့ သတ္တမနှစ်ကျောင်းသားတွေထဲအထိ ပါတယ်။ အားနဲ့ မာန်နဲ့ချည်းပဲ။ သတ္တမနှစ်ကျောင်းသားတွေထဲမှာ လူကောင်ထွားထွား ဆံပင်ခွေလိပ်လိပ်ကလေးနဲ့ ယောကျ်ားလေးတစ်ယောက်ကို မြင်လိုက်တော့ ဟော့ဂ်ဝပ်စ အမြန်ရထားပေါ်မှာ သူတွေ့ခဲ့တဲ့ ကောင်ကလေးမှန်း ဟယ်ရီ ချက်ချင်း မှတ်မိသွားတယ်။

www.burmeseclassic.com

"ကျွန်တော်တို့ ရထားပေါ်မှာ ဆုံခဲ့ကြတယ်လေ။ ဟို ပက်ကျိအိုကြီးတွဲခန်းထဲမှာဗျာ။ ကျွန်တော် ကော်မက် မက်လက်ဂျင်းပါ။ ကွစ်ဒစ်ချ်ဂိုးသမား"လူငယ်ကလေးက သေချာတဲ့ မျက်နှာနဲ့ လူအုပ်ထဲကရှေ့ကို တိုးထွက်လာပြီး ဟယ်ရီ့ကို လက်ဆွဲနှုတ်ဆက်တယ်။

"မင်း မနှစ်က မကစားဘူးနဲ့ တူတယ်။ ကစားခဲ့သေးလား" မက်လက်ဂျင်းကို နည်းနည်း ကိုစေ့စေ့စပ်စပ် ဖျတ်ခနဲ အကဲခတ်လိုက်ရင်း တစ်ဖက်ကလည်း ဒီထွားထွား ကျိုင်းကျိုင်း လူငယ်လေးဟာ ဂိုးကွင်းသုံးကွင်းလောက်ကို အသာကလေး လှုပ်တောင် မလှုပ်ဘဲ ပိတ်ဆို့ထားနိုင်မှာပဲလို့လည်းတွေးရင်း ဟယ်ရီက မေးလိုက်တယ်။

"သူတို့ အစမ်းလေ့ကျင့်တုန်းက ကျွန်တော် ဆေးရုံဆောင်မှာ တက်နေရလို့ပေါ့ဗျာ၊ နို့မို့ရင် တစ်ပွဲကို တစ်ကြိမ် ဥ ၅၀၀ ဥတဲ့ ဒဏ္ဍာန်ရီလာ ဒေါက်စီငှက်ဥတစ်ပေါင်လောက် စားကြေးတောင် လောင်းပြီး ကစားလိုက်ချင်သေးတယ်" မက်လက်ဂျင်းက ရင်ကော့ ခြေကားပြီး ခပ်ကြွားကြွားလေး ဖြေလိုက်တယ်။

"ဟုတ်ပြီ ဟုတ်ပြီ၊ ကောင်းတယ်၊ မင်း ဟိုနားမှာ စောင့်နေ"

သူက ကောင်လေးကို ကစားကွင်းအစပ် ဟာမီယွန်ထိုင်နေတဲ့ နေရာကို ညွှန်ပြလိုက်တယ်။ ဒါပေမဲ့ ချက်ချင်း မက်လက်ဂျင်းရဲ့ မျက်နှာပေါ်မှာ အောင့်သက်သက ဖြစ်သွားတဲ့ အရိပ်အယောင် တစ်ခု ကွက်ခနဲ ဖြတ်သွားတာကို သူ ရိပ်စားမိလိုက်တယ်။ ဒီတော့ မက်လက်ဂျင်းဟာ သူရော ဟယ်ရီပါ နှစ်ယောက်လုံး ပက်ကျိအိုကြီးရဲ့ လက်ရွေးစင် စိတ်ကြိုက်မျက်နှာသာ ပေးခံရသူ ဖြစ်လို့ ဟယ်ရီအနေနဲ့ သူ့ကို ဦးစားပေးဆက်ဆံလိမ့်မယ်လို့ မျှော်လင့်ထားတာများလား ဆိုပြီး သူတွေးကြည့်လိုက်တယ်။

ဒါကြောင့် သူအချိန်ဆွဲမနေဘဲ အခြေခံကျတဲ့ စမ်းသပ်မှုတစ်ခု ချက်ချင်းစပြုလုပ်ဖို့ ဆုံးဖြတ်ပြီး အသင်းမှာပါဝင်ဖို့ လျှောက်ထားသူအားလုံးကို ဆယ်ယောက်ပါတဲ့ အုပ်စုကလေးတွေ အဖြစ် ခွဲစုဖို့ ဟယ်ရီ ပြောလိုက်တယ်။ သူ့ဆုံးဖြတ်ချက်မှန်သွားတယ်။

ပထမဆုံး ဆယ်ယောက်ကို ပထမနှစ်ကျောင်းသားတွေနဲ့ချည်း ဖွဲ့စည်းထားလို့ သူတို့အရင်က ခက်ခက်ခဲခဲ ဘယ်လိုကြိုးစားပြီး ပျံခဲ့ရတယ်ဆိုတာ မပေါ်လွင်တော့ဘူး။ လေထဲမှာ ပျံနေကြရင်း နောက်ဆုံး ကျောင်းသားကလေးတစ်ယောက်ပဲ လေထဲမှာကျန်နေတယ်။ သူ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ အောက်က ဂိုးတိုင်တွေကြားကို ချက်ချင်း ပြုတ်ကျသွားတယ်။

ဒုတိယဆယ်ယောက်အဖွဲ့ကတော့ ဟယ်ရီ တွေ့မြင်ခဲ့ရဖူးသမျှထဲမှာ အမိုက်မဲဆုံး မိန်းကလေးအုပ်စု ဖြစ်နေတယ်။ သူတို့က ဟယ်ရီလည်း ခရာကို မှုတ်လိုက်ရော အချင်းချင်း ခိုးခိုးခစ်ခစ်နဲ့ ဟီလာတိုက် ရယ်လိုက်၊ တစ်ယောက်ကို တစ်ယောက် လိုက်ဖမ်းဖက်လိုက်နဲ့ပဲ လုပ်နေပါရော။ အဲဒီထဲမှာ ရိုမီလ်ဒါဗိန်းလည်း ပါတယ်။ ဒါကြောင့် သူတို့ကို ကစားကွင်းထဲက ထွက်ပေးဖို့ ဟယ်ရီက ပြောတော့လည်း မိန်းကလေးတွေ ဘာမှ ခံစားချက်မရှိဘဲ ပျော်ပျော်ရွှင်ရွှင် ဟေးလားဝါးလားနဲ့ပဲ

www.burmeseclassic.com

ကွင်းထဲက ထွက်သွားကြပြီး ပွဲကြည့်စင်တွေပေါ်မှာ သွားထိုင်ရင်းနဲ့ ဘေးက ပရိသတ်ကို အနှောင့်အယှက် ပေးနေကြပြန်တယ်။

တတိယအုပ်စုကတော့ ကစားကွင်းနေရာအနှံ့မှာ လူချင်း တိုးမိ တိုက်မိနေကြတယ်။ စတုတ္ထအုပ်စု အဖွဲ့ဝင် အားကစားသမားအများစုမှာ တံမြက်စည်းတံတွေ ပါမလာဘူး။ ပဉ္စမအုပ်စုကျတော့ ခံနိုင်ရည်မရှိဘဲ ဟောဟဲလိုက်နေတယ်။

"ဒီမှာ ဂဋ္ဌုန်ကေသရာဇာအဆောင်က မဟုတ်တဲ့ တစ်စုံတစ်ယောက်များ ရှိနေရင် ကျေးဇူးပြုပြီး အခုချက်ချင်းပဲ ထွက်ခွာသွားစေလိုပါတယ်"ဟယ်ရီ မေတ္တာရပ်ခံလိုက်ရာမှာ အားလုံး ခဏငြိမ်သက်တိတ်ဆိတ်သွားတယ်။ ပြီးမှ ကျီးနက်ခြေသည်း အဆောင်ကျောင်းသား ခပ်ငယ်ငယ်နှစ်ယောက် ကစားကွင်းထဲက အမြန်ပြေးထွက်သွားတယ်။ ဒါတောင်မှ သူတို့က "ကြောက်လို့ မဟုတ်ဘူးဟေ့"ဆိုတဲ့ သဘောနဲ့ လှောင်ပြောင်အော်ဟစ် ရယ်မောသွားကြပါသေးတယ်။

နောက်နှစ်နာရီလောက်ကြာသွားချိန်မှာတော့ ကစားကွင်းတစ်ကွင်းလုံး ကျွက်ကျွက်ညံနေပါတယ်။ မကျေမနပ် တိုင်တန်းသူတွေ များသလို ဒေါသထွက်ပြီး ထဝုန်းဒိုင်းကြဲသူတွေလည်း အပုံအပင် ဖြစ်နေတယ်။ ကြယ်တံခွန် ၂၆၀ ဆိုတဲ့ အရုပ်ကြီးတစ်ခု ထိမှန်ကွဲကြေသွားသလို သွားတွေ ကျိုးထွက်ကုန်သူတွေလည်း တစ်ပြုံတစ်ခေါင်းကြီးပဲ။ ဒီအချိန်မှာ ဟယ်ရီဟာ အခက်အခဲသုံးခုကို ကျော်လွှားနိုင်ပြီဖြစ်ပြီး၊ ကာတိုင်းဘဲလ်လည်း အကောင်းဆုံး ကစားနိုင်တယ်။ ဒီမီဇာရော်ဘင်းဆိုတဲ့ ကျောင်းသားကတော့ တိုက်ခိုက်တဲ့သူတွေကို ရှောင်တမ်းရာမှာ သူ့ကို မီသူမရှိလောက်အောင် ကောင်းနေတယ်။ ဂျင်နီဝက်စလေလည်း ထူးထူးခြားခြား ပျံသန်းကစားနိုင်ပြီး ၁၇ဂိုးသွင်းနိုင်တဲ့အတွက် အမှတ်တွေရထားတယ်။ ဟယ်ရီဟာ သူ့ရဲ့ လူရွေးမှန်မှုအတွက် ကျေနပ်အားရနေပေမဲ့ မကျေနပ်လို့ တိုင်တန်းသူတွေ၊ ကန့်ကွက်တဲ့ ကစားသမားတွေနဲ့ ရင်ဆိုင်နေရပြီး အခက်တွေ့ စိတ်ရှုပ်ထွေးလာတဲ့အတွက် အသံကုန်အော်ဟစ်လိုက်တယ်။

"ဒါဟာ ကျွန်တော့်ရဲ့ နောက်ဆုံး အပြီးသတ် ဆုံးဖြတ်ချက်ပဲ။ ဂိုးသမားတွေ ရွေးချယ်ဖို့ ခင်ဗျားတို့ ဖယ်မပေးဘဲ အတိုက်အခံလုပ်နေရင် အဲဒီလူကို ကျွန်တော် ဆဌဂံ ကျိန်စာလက်နက်နဲ့ တိုက်ခိုက်ရပါလိမ့်မယ်"

သူရွေးချယ်လိုက်တဲ့ ကွစ်ဒစ်ချ် ကစားသမားအားလုံး တစ်ယောက်မှ ဖရက်နဲ့ ဂျော့တို့ရဲ့ ထူးချွန်ပြောင်မြောက်မှုမျိုး မရှိပေမဲ့ သူ့အကျိုးအကြောင်းနဲ့သူ ဟယ်ရီက ကျေနပ်နေတယ်။

ဂျင်မီပီကကက်စ် ဆိုပါတော့။ သူက အရပ်တော်တော်ပုတယ်။ ဒါပေမဲ့ ရင်အုပ်ကျယ်ကြီးရှိတဲ့ အဲဒီတတိယနှစ်ကျောင်းသားဟာ ဟယ်ရီရဲ့ နောက်စေ့ကို ကြက်ဥအရွယ်ရှိတဲ့ အတုံးအခဲတစ်ခုနဲ့ မှန်အောင် ပစ်နိုင်တယ်။ ပြီးတော့ ရစ်ချီကုလည်း ကြည့်ရင် နံပိန်ငါးဖောင်ရိုးခြောက်လို့ ထင်ရပေမဲ့ အရမ်းလက်ဖြောင့်တယ်။ သူတို့နှစ်ယောက်လည်း ကာတိုင်း၊ ဒီမဲလ်ဇာနဲ့ ဂျင်နီတို့နဲ့အတူ ရောပြီး ပွဲကြည့်စင်ပေါ်မှာ သွားထိုင်ရင်း သူတို့အသင်းဖွဲ့စည်းဖို့ နောက်ဆုံး လက်ရွေးစင်တွေ ရွေးချယ်မှုကို စောင့်ကြည့်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက ဂိုးသမား ရွေးချယ်တဲ့ အစမ်းခြေစစ်ပွဲကို နောက်ဆုံးကျမှ ပြုလုပ်ဖို့ ဆုံးဖြတ်ထားတယ်။ အဲဒီအချိန်လောက်ဆိုရင် ကစားကွင်းထဲမှာ လူကုန်သလောက် နီးပါးလျော့နည်းနေမယ့်အပြင် တောင်ပြောမြောက်ပြောနဲ့ ဘေးက ဖိအားပေးမှုတွေလည်း တော်ရိလျော်ရိလောက်ပဲ ရှိတော့မှာမို့ သူ လုပ်ရကိုင်ရ လွယ်ကူသွားမယ်လို့ ထင်ထားတယ်။ ဒါပေမဲ့ သူကံဆိုးသွားတယ်။ အရွေးမခံရလို့ ကန့်ကွက်နေတဲ့ ကစားသမားတွေအားလုံးနဲ့ နံနက်စာ စားချိန်ကုန်သွားလို့ အသစ်ထပ်ရောက်လာတဲ့ လူတွေ အများကြီးပေါင်းမိသွားပြီး ကွင်းထဲမှာ ဘယ်တုန်းကမှ ဒီလောက်များများ မရှိခဲ့ဖူးတဲ့ ဧရာမလူအုပ်ကြီး ဖြစ်သွားတယ်။

ဂိုးသမားတွေလည်း ဂိုးတိုင်တွေ ရှိရာကို စပြီး ပျံတက်သွားကြရော ပရိသတ်လူအုပ်ကြီးဆီက ဝေါခနဲ ချီးကျူးအားပေးသံတွေနဲ့ လှောင်ပြောင်အော်ဟစ်ပြီး ကြိုတင်အပြစ်ပြောသံတွေ သောသောညံသွားအောင် ဆူထွက်လာတယ်။ ဟယ်ရီက အမြဲတမ်း ပြဿနာ ဖြစ်တတ်တဲ့ ရွန်ရဲ့ အခြေအနေကို သိရအောင် သူ့ကို လှမ်းကြည့်လိုက်တယ်။ ဟယ်ရီက ဒီနောက်ဆုံး ဂိုးသမား ရွေးချယ်တဲ့ပွဲကိုလည်း စောစောကပွဲတွေလိုပဲ သူ့စိတ်တိုင်းကျ အဖြေထွက်လာမယ်လို့ မျှော်လင့်ထားတယ်။ ဒါပေမဲ့ ရွန်ဟာ အားနဲ့ မာန်နဲ့မရှိဘဲ ပျော့စိပျော့ဖတ် ဖြစ်နေတယ်လို့ ထင်ရတယ်။

တကယ်လက်တွေ့ စမ်းသပ်ဂိုးဖမ်းရာမှာ စာရင်းပေးထားသူတွေထဲက ပထမ ၅ ယောက်လုံး တစ်ယောက်မှ နှစ်ဂိုးထက်ပိုပြီး မကာကွယ်နိုင်ကြဘူး။ တစ်ခါ ကော်မက် မက်လက်ဂျင်းဟာ ဖမ်းရမယ့် ပယ်နယ်တီ ၅ ဂိုးအနက် ၄ ဂိုးကို ကာကွယ်ထားပြီးလို့ သူ့အကြီးအကျယ် စိတ်ပျက်ရပြန်တယ်။ ဒါပေမဲ့ နောက်ဆုံး ပယ်နယ်တီ တစ်ဂိုးကို မက်လက်ဂျင်ဖမ်းရာမှာ သူက တံမြက်စည်း ရိုက်ချက်လာတဲ့ ဘက်ကို မဖမ်းဘဲ တစ်လွဲဘက်ကို ဖမ်းလိုက်တဲ့အတွက် လူအုပ်ကြီးက သောခနဲ ဝိုင်းရယ်ပြီး လှောင်ပြောင်အော်ဟစ်နေချိန်မှာပဲ သူမြေကြီးကို ပြန်ကျလာပြီး သွားတွေ ထုချေခံရသလို ဖြစ်သွားတယ်။

ရွန်ဟာ သူ့ရဲ့ အမှတ် ၁၁ ဂိုးပေါက်နေရာမှာ ဖမ်းဖို့ အသင့်ဖြစ်နေတယ်။ ဒီအချိန်မှာပဲ "ကံကောင်းပါစေ"ဆိုပြီး အော်လိုက်တဲ့ အသံတစ်သံ ပွဲကြည့်စင်တွေထဲက ထွက်လာလို့ ဟယ်ရီက ဟာမီယွန်ထင်ပြီး လှမ်းကြည့်လိုက်တယ်။ ဒါပေမဲ့ သူမြင်ရတာက ဟာမီယွန်မဟုတ်ဘဲ လာဗင်ဒါဘရောင်း ဖြစ်နေတယ်။ တစ်အောင့်ကြာတော့ လာဗင်ဒါက သူမကို မမြင်အောင် မျက်နှာကို လက်ဝါးနဲ့ ကွယ်ထားလိုက်လို့ သူလည်း လာဗင်ဒါလို သူ့မျက်နှာကို ကွယ်ထားနိုင်ရင် အကောင်းဆုံးပဲလို့ သူတွေးနေမိတယ်။ ဘာပဲဖြစ်ဖြစ် အသင်းခေါင်းဆောင် တစ်ယောက်အနေနဲ့ သူဟာ သတ္တိနဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုရှိကြောင်း ပြသဖို့လိုတဲ့အတွက် ရွန်ဂိုးဖမ်းတာကို ပြန်လှည့် စောင့်ကြည့်နေလိုက်တယ်။

ဟယ်ရီ စိုးရိမ်ပူပန်စရာမလိုတော့အောင် ရွန်က ကောင်းနေတယ်။ ရွန် ဂိုးတွေ တစ်ဂိုးပြီးတစ်ဂိုး ကာကွယ်လိုက်နိုင်တယ်။ တစ်၊ နှစ်၊ သုံး၊ လေး။ ပဉ္စမမြောက် ပယ်နယ်တီဂိုးကို ကာကွယ်ဖို့ နေရာမှာ သူအသင့်ဖြစ်နေပြီ။ ဝင်လာတဲ့ တံမြက်စည်းရိုးကို သူရိုက်ထုတ်ပစ်လိုက်တယ်။ သူအရမ်းပျော်သွားပြီး လူအုပ်ကြီးရဲ့ သောင်းသောင်းဖြဖြ ဝေါခနဲ ချီးကျူးသြဘာပေးသံကို နားကွဲမတတ် ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ မင်းကံမကောင်းဘူး၊ ရွှန်က မင်းကို အနိုင်ယူသွားပါပြီ"လို့ ကော်မက် မက်လက်ဂျင်းကို သူပြောပြဖို့ မက်လက်ဂျင်းဘက်ကို သူ လှည့်လိုက်တယ်။ ဒါပေမဲ့ မက်လက်ဂျင်းရဲ့ မျက်နှာကြီးနီရဲနေလို့ သူ ချက်ချင်း နောက်ကို ပြန်ဆုတ်လိုက်တယ်။

"ဒါ သူ့ညီမက တကယ် ရိုက်ချက်ပြင်းပြင်းနဲ့ ဝင်အောင်မကြိုးစားဘဲ လျှော့လျှော့ပေါ့ပေါ့နဲ့ ဖမ်းလို့လွယ်အောင် လုပ်ပေးလိုက်တာပဲ။ ဒါ လုံးဝမတရားဘူး" မက်လက်ဂျင်းက ဒေါနဲ့မောနဲ့ ရန်လုပ်တော့မလိုလိုပုံမျိုး ပြောလိုက်တယ်။ သူ့နားထင်ပေါ်မှာ အပိုသွေးကြောတစ်ချောင်း ရောက်လာသလို အကြောတစ်ချောင်း ထောင်ထနေတာကို ဟယ်ရီ တွေ့ရတယ်။ အဲဒီလို နထင်မှာ သွေးကြောတင်းသွားတာမျိုးကို ဟယ်ရီ တစ်ခါတလေ သူ့ဘကြီး ဗားနွန့်မျက်နှာမှာလည်း မြင်ဖူးတယ်။

မက်လက်ဂျင်းက ဟယ်ရီ့ရှေ့ကို ခြေတစ်လှမ်းတိုးကပ်လိုက်တယ်။ ဟယ်ရီကလည်း သူရပ်နေတဲ့ နေရာက မရွေ့ဘဲ ရင်ဆိုင်ရပ်နေတယ်။

"မင်း ငါ့ကို နောက်တစ်လှည့် လုပ်ခွင့်ပေး"

"မရဘူး။ မင်းအလှည့်ကုန်ပြီလေ။ မင်းက ၄ ဂိုး ကာကွယ်နိုင်တယ်။ ရွှန်က ၅ ဂိုး ကာကွယ်နိုင်တယ်။ ပြတ်ပြီ၊ သူနိုင်သွားပြီ။ ကဲ......... မင်းသွားတော့။ ငါလုပ်မယ့်အလုပ်ကို မရှုပ်နဲ့"

သူ့စကား ဆုံးဆုံးချင်း တစ်ခဏမှာ မက်လက်ဂျင်းဟာ သူ့မျက်နှာကို လက်သီးနဲ့ ထိုးလိမ့်မယ်လို့ ဟယ်ရီက ထင်လိုက်သေးတယ်။ ဒါပေမဲ့ ကောင်လေးက မျက်နှာကို မြင်မကောင်းအောင် မဲ့ကာရွဲ့ကာနဲ့ ကျားဟိန်းသလို မာန်ဖီဟိန်းဟောက်ပြီး ရှူးရှူးရှားရှားနဲ့ ထွက်သွားပါတယ်။ ဟယ်ရီက သူ့ကို အားပါးတရ ပြုံးပြရင်း အနားမှာ ဝန်းရံနေတဲ့ သူ့အသင်းသစ်ဘက်ကို လှည့်လိုက်တယ်။

"မင်းတို့ တကယ့်ကို အကောင်းဆုံး ကစားခဲ့တာပဲ။ နောက် မင်းတို့ ပျံတာတွေလည်း သိပ်ကောင်းတယ်" သူက စိတ်မသက်မသာအသံနဲ့ ပြောလိုက်တယ်။ ဒီအချိန်မှာပဲ–

"နင် ဂိုးဖမ်းပုံ ပြောင်မြောက်လိုက်တာဟယ်၊ နင် တော်လှချည်လားရွှန်" ဆိုတဲ့ အသံတစ်သံ ထွက်လာတယ်။ ဒီတစ်ခါ ထွက်လာတဲ့ အသံပိုင်ရှင်ကတော့ လာဗင်ဒါဘရောင်း မဟုတ်ဘူး။ ဟာမီယွန်မှ ဟာမီယွန်အစစ်။

ဟာမီယွန်က အော်ပြောရင်း သူတို့ဆီကို ပွဲကြည့်စင်တွေဆီကနေ ပြေးလာနေတယ်။ လာဗင်ဒါကို ပါဗာတီနဲ့ လက်ချင်းချိတ်ပြီး ကွင်းထဲက ထွက်သွားတာကို ဟယ်ရီတွေ့ရတယ်။ လာဗင်ဒါ အရမ်း စိတ်တိုနေတာကို သူမရဲ့ မျက်နှာပေါ်မှာ အတိုင်းသား မြင်နေရတယ်။ သူ့ကိုယ်သူ အရမ်းသဘောကျပြီး ပီတိဖြစ်နေပုံမျိုးနဲ့ ဟာမီယွန်ကိုရော အသင်းသား အားကစားသမားတွေကိုပါ အားပါးတရ ပြုံးပြနေတဲ့ ရွှန်ဟာ ခါတိုင်းထက်တောင်မှ အရပ်ပိုရှည်နေတယ်လို့ ထင်ရတယ်။

လာမယ့် ကြာသပတေးနေ့ ကျရင် ပထမဆုံးအကြိမ် အသင်းလိုက် အပြည့်အဝ စုပေါင်းလေ့ကျင့်ကြဖို့ သူတို့ ရက်သတ်မှတ်ချိန်းဆိုကြအပြီးမှာ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီယွန်တို့ သုံးယောက် ကျန်တဲ့သူတွေကို

www.burmeseclassic.com

www.burmeseclassic.com

နူတ်ဆက်ပြီး ဟက်ဂရစ်ရှိရာကို ထွက်လာခဲ့ကြတယ်။ မိုးသားမိုးရိပ်တွေကြားက နေရောင်ဟာ တိမ်တွေကို ဖယ်ရှားပစ်ဖို့ ကြိုးစားနေတယ်။ နောက်ဆုံးမှာ ဖွဲဖွဲဖြောက်ဖြောက် ရွာချနေတဲ့ မိုးစက်မိုးမှုန်တွေ ကျမလာတော့ဘဲ လုံးလုံး မိုးတိတ်သွားတယ်။ အကြီးအကျယ် ဆာလောင်နေတဲ့ ဟယ်ရီက ဟက်ဂရစ်ဆီကိုရောက်ရင် တစ်ခုခုတော့ စားရမှာပဲဆိုတဲ့ မျှော်လင့်ချက်ကလေး ထားနေတယ်။

"စတုတ္ထမြောက် ပယ်နယ်တီရှူးလိုက်တော့ ငါသွားပြီလို့ ထင်လိုက်တယ်။ မင်းတို့ မမြင်လိုက်ဘူးလား။ ဒီမဲလ်ဇာရဲ့ ရိုက်ချက်က ချာလည်ချာလည်နဲ့ လာနေတာလေ။ နောက်ပြီး သူကသိပ်ဉာဏ်များတာ မဟုတ်လား"အောင်နိုင်သူအဖြစ်နဲ့ ပျော်နေတဲ့ အရှိန်ကုန်မသွားသေးတဲ့ ရွန်ဟာ ပြောလို့ကို မဆုံးတော့ပါဘူး။

"အေးပါ အေးပါ၊ နင်သိပ်တော်တာပဲ တော်တယ်နော်"လို့ သူမ ကိုယ်တိုင်လည်း အူမြူးနေတဲ့ ဟာမီယွန်က ငေါ့လိုက်တယ်။

"အံ့မယ် နင်ဘာပြောပြော မက်လက်ဂျင်းထက်တော့ ငါကတော်ပါတယ်နော်။ မင်းတို့ မမြင်ဘူးလား။ ပဉ္စမမြောက် ပယ်နယ်တီရှူးလိုက်တာက တစ်ဖက် သူ လိုက်ဖမ်းတာက ဟို တစ်ဖက် အမှားကြီး။ ဒီကြားထဲ ဖမ်းတဲ့ပုံကလည်း အိပက်အိပက်။ ကိုးရိုးကားရားကောင်ကြီးနဲ့ တူနေတယ်"

အဲဒီစကားလည်း ကြားရော ဟာမီယွန်ရဲ့ မျက်နှာဟာ ဒေါသထွက်တာလား၊ ရှက်သွေးဖြာတာလား မသိရဘဲ ရဲရဲတွတ်မတတ် နီသွားလို့ ဟယ်ရီ မဝေခွဲတတ်ဘဲ အံ့အားသင့်နေတယ်။ ရွန်ကတော့ သတိမထားမိဘူး။ သူ ဘယ်လို အစွမ်းကုန် ကာကွယ်ခဲ့ကြောင်း၊ ပယ်နယ်တီ တစ်ဂိုးသွင်းတဲ့အကြိမ်တိုင်းက အတွေ့အကြုံကို အသေးစိတ်လျှောက်ပြောနေတယ်။

ဇရာမကြီးမားတဲ့ လင်းယုန်ခေါင်း၊ ရေမြင်းကိုယ်နဲ့ အတောင်တွေပါတဲ့သတ္တဝါကြီး နူတ်သီးခေါ်ကို ဟက်ဂရစ်နဲ့ သစ်သားအိမ်ကလေးရှေ့မှာ လှန်ထားတာကို သူတို့တွေ့ရတယ်။ သူတို့လည်း အနားကပ်ရော နူတ်သီးခေါ်က သင်တုန်းဓားလို မြည့်နေအောင်ထက်တဲ့ သူ့နူတ်သီးကြီးနဲ့ "ဂလောက်"လို့ မြည်သွားအောင် လုပ်လိုက်ပြီးမှ သူ့ခေါင်းကြီးကို သူတို့ဘက်လှည့်လိုက်တယ်။

"ဟော့ ခင်စရာကောင်းတဲ့ ကောင်ကြီး"ဟာမီယွန်က သူ့ကို ခေါ်နူတ်ဆက်ပြီးမှ "ဟဲ့ သူက လန့်နေတုန်းပဲဟ"လို့ ကျန်တဲ့ နှစ်ယောက်ကို ပြောလိုက်တယ်။

"လာလာ အနားမသွားနဲ့။ နင် သူ့ကို စီးဖူးလား"ရွန်က ဟာမီယွန်ကို သတိပေးရင်း မေးလိုက်တယ်။

ဟယ်ရီက ရှေ့ကိုတိုးသွားပြီး နူတ်သီးခေါ်ကြီးကို မျက်စိချင်း မျက်တောင်မခတ် စိုက်ကြည့်ရင်းနဲ့ ခေါင်းကို ဂါရဝပြုသလိုပုံမျိုး အသာညွှတ်ပြလိုက်တယ်။ ဒီမှာတင် နူတ်သီးခေါ်ကလည်း စက္ကန့်ပိုင်းကလေးသာ ခြားပြီး ဟယ်ရီ့ကို သူလုပ်သလို ပြန်ဦးညွှတ်ပြလိုက်တယ်။

www.burmeseclassic.com

တစ်ခါ "မင်းနေကောင်းရဲ့လားကွ"လို့မေးရင်းနဲ့ ဟယ်ရီက ရှေ့ကိုတိုးသွားပြီး နှုတ်သီးခေါ်ရဲ့ ခေါင်းက အမွေးတွေကို ပွတ်သပ်ပေးနေတယ်။ ဟယ်ရီက ထပ်ပြောတယ်။ "သူ မရှိဘူးလား။ မင်းကတော့ ဒီမှာ သူနဲ့နေရတာ အဆင်ကို ပြောနေမှာပဲနော်"

"ခွီး"နှုတ်သီးခေါ်က အသံကျယ်ကြီး ပေးလိုက်တယ်။

ဒီတော့မှ ပန်းပွင့်ပုံနဲ့ အတွန့်အတက်တွေပါတဲ့ ရှေ့ဖုံးခါးစည်းကြီးကို စည်းထားပြီး လက်ထဲမှာလည်း အာလူးအိတ်ကြီးတစ်လုံးနဲ့ ဟက်ဂရစ်က သူ့အိမ်ဘေးနား ထောင့်တစ်နေရာက လျှောက်လာတာကို တွေ့ရတယ်။ သူ့ရဲ့ တောဝက်ခေါင်းကြီးနဲ့ ဧရာမအမဲလိုက်ခွေးကြီး "ဇွယ်ပြူး"လည်း သူနဲ့ ထက်ကြပ်မကွာ ကပ်ပါလာတယ်။ ဇွယ်ပြူးက ဖုံးကြိသံလို အသံကျယ်ကြီးနဲ့ တစ်ချက်ထိုးဟောင်ပြီး ရှေ့ကို ခုန်ထွက်လာတယ်။

"ဟေ့ဂေါင် တူ့အနားမကပ်နဲ့။ တွားစမ်း။ တော်ကြာ မင်း သူ့လက်ဝါးစာ မိနေဦးမယ်။ မင်း ဒေါ်ဒေါ်ဗိုးဒဲ့ဂေါင်ပါလားကွဟေ"

ဒီတော့ ဇွယ်ပြူးက တစ်ဖက်ကို လှည့်သွားပြီး ဟာမီယွန်နဲ့ ရွန်တို့အပေါ်ကို ခုန်ဖက်တက်ရင်း သူတို့နားရွက်တွေကို လျှာနဲ့ အတင်းလိုက်လျက်နေပြန်လို့ ဟာမီယွန် ကြောက်လန့်တကြားနဲ့ အော်လိုက်တယ်။

"အမယ်လေး လုပ်ကြပါဦးဟဲ့"

ဟက်ဂရစ်ဟာ သူတို့ကို စက္ကန့်ပိုင်းကလေးလောက်ကြာအောင် ရပ်ကြည့်နေပြီးမှ ဖြုန်းဆို အိမ်ထဲဝင်သွားပြီး တံခါးကို ဝုန်းခနဲ ပိတ်ပစ်လိုက်ပါတယ်။

"အမယ်လေး ဒီကောင်ကြီးကို နင်တို့ မလုပ်ကြတော့ဘူးလား၊ ရှုပ်လိုက်တာဟယ်" ဟာမီယွန် အတော့်ကို ဒုက္ခရောက်နေတယ်။ နောက် ဟက်ဂရစ်စိတ်ဆိုးပြီး အိမ်ထဲဝင်နေတဲ့ အတွက်လည်း သူမ ထိတ်ထိတ်ပျာပျာ ဖြစ်နေတယ်။

"ဒီအတွက် ဘာမှမစိုးရိမ်နဲ့" ဟယ်ရီက ပြတ်ပြတ်သားသား ပြောလိုက်ပြီး အိမ်တံခါးရှိရာကို လျှောက်သွားတယ်။ ပြီးတော့ သူ တံခါးကို အကျယ်ကြီး ခေါက်ပစ်လိုက်တယ်။

"ဟက်ဂရစ် ဖွင့်ပါဦးဗျ။ ကျွန်တော်တို့ ခင်ဗျားနဲ့ စကားပြောမလို့ လာခဲ့ကြတာ"

အထဲက ဘာသံမှ မကြားရဘူး။

"ခင်ဗျား မဖွင့်ရင် ကျွန်တော်တို့ တံခါးကို ဖျက်ပြီး ဝင်လာမှာနော်"ပြောပြောဆိုဆို ဟယ်ရီက ဆေးကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်ရီ" ဟာမီယွန် ကြောက်လန့်တကြားအော်လိုက်တယ်။ "ဖြစ်နိုင်ရင် နင် အဲဒီလိုတော့ မလုပ်ပါနဲ့ဟာ"

"ငါလုပ်လို့ ဖြစ်ပါတယ်၊ နောက်ဆုတ်" ဟယ်ရီက ပြောလိုက်တယ်။

ဒါပေမဲ့ သူ ဘာတစ်လုံးမှ မရွတ်ဆိုရခင် တံခါး ဖြုန်းခဲ တစ်ခါပြန်ပွင့်လာပြီး ဟယ်ရီထင်ထားတဲ့အတိုင်း ဟက်ဂရစ်က တံခါးဝမှာ ရပ်ပြီး သူ့ကို စိမ်းစိမ်းဝါးဝါး ငုံ့ကြည့်နေတယ်။ နောက် သူ့ခါးမှာပတ်ထားတဲ့ အတွန့်အတွန့်နဲ့ ရှေ့ဖုံးခါးစည်းကြီးကလည်း အချက်ပြ သတိပေးနေသလိုပဲ။

"ငါဂ ချရာတစ်ယောက်ဂွ၊ ချရာ ချရာ။ ပေါ်တာ ဒါဒေါင်မင်းက ငါ့ဒဂါးကို ဖျက်ပစ်မယ်လို့ ဂျိန်းဂျောက်ဝံ့ဒယ်ပေါ့လေ" သူ့ကို ဟက်ဂရစ်က ကြိမ်းဝါး ဟိန်းဟောက်လိုက်တယ်။

"ဟာ ကျွန်တော် မှားသွားပါတယ် ဆရာ"

ဟယ်ရီက ပြောရင်း သူ့စကား မဆုံးခင်မှာပဲ ဆေးကြိမ်လုံးကို သူ့ဝတ်ရုံအတွင်းဘက်မှာ နေရာတကျ ပြန်ထိုးထည့်ထားလိုက်ပါတယ်။ နောက် ဟက်ဂရစ်က မျက်နှာထားတင်းတင်းနဲ့ မေးလိုက်တယ်။

"မင်းငါ့ဂို ဘယ်ဒုံးဂချပြီး ချရာလို့ ခေါ်ခဲ့ဒါလဲ"

"ခင်ဗျားကရော ကျွန်တော်ကို ဘယ်တုန်းကစပြီး ပေါ်တာလို့ ခေါ်တာလဲ၊ အဲဒီအချိန်ကပေါ့"

"အိုး .......... ဒီဂေါင်လေးပဲ၊ မင်းဒေါ်ဒေါ်ဘားတဲ့ ကောင်ပါလားဂွဟေ" ဟက်ဂရစ်က ဟောက်ဖြစ်အောင် ဟောက်လိုက်သေးတယ်။ ပြီးတော့မှ "ဒေါ်ဒေါ်ရီဘို့ ဂေါင်းဒယ်။ ဒါ မင်းငါ့ဂို လူလည် ဂျလိုက်ဒါပေါ့။ ဂေါင်းပြီလေ အထဲဝင်ဂျဘာ၊ မင်းဟာ ဒေါ်ဒေါ်ကျေးဇူးမတိတတ်တဲ့ ဂေါင်လေးပဲ"လို့ ဆိုပြီး ဒေါသအရှိန် မပြေသေးပေမဲ့ အိမ်ထဲကိုတော့ ကြည်ကြည်သာသာ ဝင်ခွင့်ပြုလိုက်တယ်။

နောက် ဟက်ဂရစ်ဟာ ဘာတွေပြောမှန်းမသိရဘဲ ဗျစ်တောက်ဗျစ်တောက် ရေရွတ်ရင်းနဲ့ပဲ သူတို့ အထဲဝင်နိုင်အောင် အတွင်းဘက်ကို ဆုတ်ပြီး ရပ်ပေးလိုက်တယ်။ ဟာမီယွန်က ဟယ်ရီဝင်ပြီးမှ နောက်ကနေ အပြေးကလေး လိုက်ဝင်တယ်။ ကြောက်လန့် ကြောက်လန့်လည်း ဖြစ်နေတုန်းပဲ။

"ဂေါင်းဘီလေ၊ ချိုချဘာအုံး" ဟက်ဂရစ်ရဲ့ အဆမတန်ကြီးမားတဲ့ သစ်သားစားပွဲကြီး ပတ်လည်မှာ ဝိုင်းပြီး ထိုင်မိကြပြီးချိန်မှာ ဟက်ဂရစ်က စကားစလိုက်တယ်။ "ဒီခုံစားချက်ကြီးကတော့ ငါ့အတွက် ဝမ်းနည်းစရာ ကောင်းနေတယ်။ ငါဟာ တစ်ကိုယ်တော် အထီးကျန်လား၊ အသိုင်းအဝိုင်း အသိုက်အမြုံရှိတဲ့ထဲက လူလား ထင်မြင်ချက်ကလေးများ ပေးကြပါဦး"

ခွေးကြီး ဇွယ်ပြူးက ဟယ်ရီရဲ့ ဒူးဆစ်အထက်ပိုင်းပေါ်မှာ ခေါင်းတင်ပြီး လှဲအိပ်နေတယ်။ ပြီးတော့ ဟယ်ရီရဲ့ ဝတ်ရုံတစ်ခုလုံး နေရာအနှံ့အပေါ်မှာလည်း သူ့ရဲ့ သွားရည်တွေ တများများကျနေတယ်။

www.burmeseclassic.com

"အဲဒီလို မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး။ ကျွန်တော်တို့က ခင်ဗျားကို တွေ့ချင် နေခဲ့ကြတာပါ" ဟယ်ရီက ချက်ချင်းပြန်ပြောလိုက်တယ်။

"ကျွန်မတို့က ဆရာနဲ့ လွဲလွဲနေကြလို့ပါ"ဟာမီယွန်ကလည်း ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နဲ့ ဝင်ပြောရှာတယ်။

"ဘာ မင်းဒို့က ငါနဲ့ လွဲလွဲနေဒယ်။ ဒါဂျို မင်းဒို့က မှန်တယ်ပေါ့ ဝုတ်လား"ဟက်ဂရစ်က တရှုံးရှုံးတရှားရှားနဲ့ နှာမှုတ်ပြီး ထေ့သံငေါ့သံနဲ့ ပြောလိုက်တယ်။

ပြီးတော့ သူဆောင့်ကြီးအောင့်ကြီးနဲ့ ဟိုဟိုဒီဒီ ထလျှောက်ရင်း ပါးစပ်ကလည်း တစ်ချိန်လုံး ဗျစ်တောက်ဗျစ်တောက် ပြောရင်း ဇရောမကြေးကရားအိုးကြီး တစ်လုံးနဲ့ လက်ဖက်ရည်ဖျော်ဖို့ လက်ဖက်ခြောက် ကျိုနှပ်နေပြန်တယ်။ နောက်ဆုံးမှာတော့ ရေဆွဲပုံးငယ်တစ်လုံး အရွယ်ရှိတဲ့ မတ်ခွက်ကြီးတွေနဲ့ ထည့်ထားတဲ့ လက်ဖက်ရည်တွေကို သူတို့ တစ်ယောက်ချင်းရှေ့မှာ တဒုတ်ဒုတ်မြည်အောင် လာဆောင့်ချပေးလိုက်ပါတယ်။ မတ်ခွက်တွေထဲက မဟော်ဂနီသားလို နီညိုရောင်တောက်နေတဲ့ လက်ဖက်ရည်တွေအပြင် ပန်းကန်ပြားကြီးတစ်ချပ်နဲ့ သစ်သီးခြောက်ကိတ်တွေလည်း ပါသေးတယ်။ ဟက်ဂရစ် လက်ဖက်ခြောက်ရည် ကျိုနှပ်နေကတည်းက မအောင့်နိုင် မအည်းနိုင်အောင် ဆာနေတဲ့ ဟယ်ရီက ကိတ်တစ်ချပ်ကို ချက်ချင်းကောက် ယူပြီး ပါးစပ်ထဲထိုးသွင်းလိုက်တယ်။

"ဟက်ဂရစ်"

သူ စားပွဲကို ပြန်လာပြီး သူတို့နဲ့ အတူထိုင်ရင်း သူ့အာလူးတွေကို ကြမ်းကြမ်းတမ်းတမ်း၊ အရမ်းကာရော တစ်လုံးချင်း ထင်ရာမြင်ရာစပြီး နွှာနေချိန်မှာ ဟာမီယွန်က မဝံ့မရဲခေါ်ပြီး ပြောလိုက်တယ်။

"ကျွန်မတို့တွေဟာ မှော်သတ္တဝါကောင်များအား သတိပြုနိုင်စွမ်း ဘာသာရပ်ကို တကယ့်ကို ဆက်သင်ချင်နေကြတာပါ။ ဆရာသိပါတယ်လေ"

"လာလာဂျီဒေး"လို့ အစပျိုးပြီး ဟက်ဂရစ်က ဇရောမ ထေ့လုံးငေါ့လုံး ကြီးကြီးတစ်ခုနဲ့ သူတို့ကို ပစ်ပေါက်လာပြန်ပါတယ်။

ဟယ်ရီရဲ့ စိတ်ထဲမှာ ဟက်ဂရစ်ရဲ့ အာလူးတွေကို မမြင်နိုင်၊ မမှန်းဆနိုင်တဲ့ တစ္ဆေလို အကောင်ဗလောင်ကြီးတွေ ဝင်ရောက်ပူးကပ်လာနေတယ်လို့ သူ ထင်လိုက်တယ်။ ပြီးတော့ ညစာစားတဲ့အထိ သူတို့ ဒီမှာမနေရမှာမို့လည်း ကျိတ်ပြီး အရာရာကို ကျေးဇူးတင်နေတယ်။

"ကျွန်မတို့က တကယ်သင်ချင်လို့ပါ" ဟာမီယွန်က ပျာပျာသလဲ ပြောလိုက်ပေမဲ့ သူမရဲ့ နောက်ပိုင်းလေသံက ပျော့သွားတယ်။ "ဒါပေမဲ့ ကျွန်မတို့အားလုံး အဲဒီဘာသာကို သင်ဖို့ ကျွန်မတို့ရဲ့ စာသင်အချိန်ဇယားထဲမှာ ထည့်လို့မရတော့လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

“ဒါဂျိုရှင် မင်းဒို့ပဲ မှန်တယ်ဘော့”ဟက်ဂရစ်က တစ်ကြိမ်ထပ်ပြီး ထေ့လိုက်တယ်

ဒီအခိုက်မှာပဲ သူတို့အနားမှာကပ်ပြီး စွပ်စွပ်စွပ်နဲ့ အသံတွေ ထွက်လာတဲ့အတွက် သူတို့အားလုံး ချာခနဲလှည့်ကြည့် လိုက်ကြပါတယ်။ ဟာမီယွန်ရဲ့ ပါးစပ်ကလေး ‘အို’ဆိုပြီး ဟသွားတယ်။ ရွန်ကတော့ သူ့နေရာကခုန်ထပြီး စားပွဲကို ပတ်ပြေးတယ်။ စောစောက မမြင်ဘဲ ခုမှသူတို့ သတိထားမိတာက အခန်းထောင့်မှာ ထောင်ထားတဲ့ ဧရာမစည်ပိုင်းကြီး တစ်လုံး ရှိနေတာပဲ။ အဲဒီထဲမှာ ခြေတစ်ဖဝါးစာလောက် အရှည်ရှိတဲ့ ကျိုချွဲချွဲအဖြူရောင် လောက်ကြီးတွေနဲ့ ပြည့်နေပြီး၊ လောက်ကြီးတွေက စွပ်ခနဲ စွပ်ခနဲ မြည်အောင် လွန့်လူး လွန့်လူး ဖွေးဖွေးလှုပ်နေကြတယ်။

“အဲဒါတွေက ဘာကောင်တွေလဲ ဟက်ဂရစ်”ဟယ်ရီက မေးလိုက်တယ်။ သူ့အသံထဲမှာ ရွံ့ရှာအော်ဂလီဆန်တာကို ဖုံးဖိထားပြီး စိတ်ဝင်စားလို့ မေးတာသာ ဖြစ်ကြောင်း ပေါ်လွင်အောင် ကြိုးစားမေးလိုက်တာ ဖြစ်ပေမဲ့ သူ့လက်ထဲက သစ်သီးခြောက်ကိတ်မုန့်တုံးက တစ်ချိန်တည်းမှာပဲ အောက်ကို လွတ်ကျသွားတယ်။

“ပိုးလောက်လန်း ဘီလူးကြီးတွေပေါ့ကွာ”လို့ ဟက်ဂရစ်က ပြန်ဖြေတော့

“သူတို့က ဒီအထဲမှာပဲပေါက်လာပြီး ကြီးလာကြတာလား”ရွန်ကထပ်ပြီး စိုးရိမ်တဲ့လေသံနဲ့ မေးလိုက်တယ်။

“တူဒို့ ဒီဒဲမှာပေါက်လာဒါ မဝုတ်ဘာဘူး။ ငါ တူဒို့ကို အရာဂေါ့ဂိုကျွေးဘို့ ငါ ယူလာဒါဘာ”ဟက်ဂရစ်က ဖြေတယ်။ ဒါပေမဲ့ သူ့စကားမဆုံးခင်မှာပဲ သူမျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာတယ်။

“ဟက်ဂရစ်” ဟာမီယွန်က အော်ပြီး နေရာကခုန်ထလိုက်တယ်။ ပြီးတော့ သူမဟာ လောက်ကြီးတွေရှိနေတဲ့ စည်ပိုင်းဘက်ကို ရှောင်ပြီး စားပွဲကို ပိုဝေးတဲ့ဘက်က ပတ်ပြီး ပြေးသွားတယ်။ နောက် သူမက တသိမ့်သိမ့်လှုပ်ခါနေတဲ့ ဟက်ဂရစ်ရဲ့ ပခုံးကို သူမရဲ့ လက်ချောင်းနဲ့ဖက်ပြီး မေးလိုက်တယ်။ “ဘယ်လို ဖြစ်ရတာလဲ ဟက်ဂရစ်ရယ်”

“အဲဒါ တူရျေင့်ဘော့” ဟက်ဂရစ်က နင်နေတဲ့ တံတွေးကို မျိုချပြီး ဖြေတယ်။ ပြီးတော့ မျက်ရည်မတိတ်သေးဘဲ စီးမြဲစီးကျနေတဲ့ ပိုးတောင်မာလို သူ့မျက်လုံးနက်နက်တွေကို သူ့ရဲ့ ရှေ့ဖုံးခါးစည်းကြီးနဲ့ ပွတ်သုတ်လိုက်တယ်။ “တူလေ အရာဂေါ့ဘော့၊ ဂုတူတေဒေါ့မယ်လို့ ငါဒင်ဒယ်။ တစ်နွေလုံး တူမဂျန်းမာနေဒါ၊ ဂုလဲ ဒူမတက် ဒါဒေးဘူး။ တူ တူ ဒဂုဂု ဖြစ်သွားရင် ငါဘာလုပ်ရမာလဲ ငါမတိဒေါ့ဘာဘူး။ ဒို့ အဂျာဂျီး အဒူဒူနေဂဲ့ဂျဒါလေ”

ဟာမီယွန်က ဟက်ဂရစ်ရဲ့ ပခုံးကိုပုတ်ပြီး နှစ်သိမ့်နေတယ်။ ဘာဆိုဘာပြောရမှန်းကို မသိအောင်လည်း ဖြစ်နေတယ်။ ဟယ်ရီက သူမ ဘယ်လိုခံစားနေရတယ် ဆိုတာကို သိတယ်။ ဒါ့အပြင် ဟက်ဂရစ်အနေနဲ့ ဖွတ်နဂါးပေါက်လေး တစ်ကောင်ကို ကစားစရာ ဝတ်ဝံရုပ်ကလေးတစ်ရုပ် လက်ဆောင်ပေးဖို့၊ အစွယ်ဆူးချွန်အငုတ် အတက်ကြီးတွေနဲ့ ဧရာမကင်းမြီးကောက်ကြီးတွေကို တေးညည်းဆိုချော့ဖို့နဲ့ သူ့ရဲ့

www.burmeseclassic.com

ကြမ်းတမ်းရက်စက်တဲ့ အဖေတူ အမေကွဲညီအတွက် စဉ်းစားဆင်ခြင်စရာတွေ ရှိနေတာကိုလည်း ဟယ်ရီသိတယ်။ ဒါပေမဲ့ သူမသိ စဉ်းစားမရ နားမလည်နိုင်ဆုံး အချက်ကတော့ ကြောက်စရာအကောင်ဗလောင်ကြီးတွေကို ချစ်ခင်တွယ်တာတတ်တဲ့ ဟက်ဂရစ်မွေးမြူထားတဲ့ သူ့ရဲ့ အဖော်အပေါင်းတွေထဲမှာ ဝင်ထွက်သွားလာခွင့်မပြုဘဲ တားမြစ်ထားတဲ့ သစ်တောကြီးရဲ့ တောနက်ထဲမှာ နေထိုင်တဲ့ စကားပြောတတ်တဲ့ ဧရာမပင့်ကူကြီး အရာဂေါ့ပါနေတာပဲ။ အဲဒီသစ်တောကြီးထဲမှာ လွန်ခဲ့တဲ့ လေးနှစ်က သူနဲ့ရွန်တို့ အသက်ဘေးက ပွတ်ကာသီကာ လွတ်မြောက်ခဲ့ကြဖူးတယ်။

“ရှိနိုင်မယ်ထင်တယ်၊ ကျွန်မတို့ တစ်ခုခု လုပ်ပေးနိုင်တာ မရှိဘူးလား” ရွန်ရဲ့ ခေါင်းတခါခါ လည်တခါခါ မျက်နှာရှုံ့မဲ့ပြီး ပျာယာခန်ဗျာများပြနေပုံကို မသိကျိုးကျွန်လုပ်ပြီး ယာမီယွန်က ဟက်ဂရစ်ကို မေးလိုက်တယ်။

“မင်းဒို့ ဘာမှလုပ်ဘေးနိုင်လိမ့်မယ်လို့ ငါမထင်ဒေါ့ဘာဘူး”ပြောရင်း ဟက်ဂရစ် ဆို့နစ်နေတယ်။ ပြီးမှ ဒလဟောသွန်ထွက်နေတဲ့ သူ့မျက်ရည်တွေကို အနိုင်နိုင် ကြိုးစားချုပ်တည်းရင်း “ဂျိဘာအုန်း၊ တူ့အာမျိုး အာနွယ်ဒွေလေ။ အရာဂေါ့ရဲ့ မိသားစုကို ပြောဒါ။ တူမဂျန်းမာနေဒေါ့ ဂျန်ဒဲ့ မိတားဂျုခညာလည်း မဂျန်ဒတ်မဆီဒတ်နဲ့ တစ်လှုပ်လှုပ် တစ်ရွရွ ဗျာများနေရှာဒယ်” လို့ ဆက်ပြောတယ်။

“ဒီအပိုင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နည်းနည်းပဲ သိရသေးတယ်လို့ ကျွန်တော်ထင်တယ်”ရွန်က လေသံတိုးတိုးနဲ့ ဝင်ပြောတယ်။

“ဂု အာခြေအာနေအာဒိုင်းချိုရင် အဲဒီနယ်မြေအနီးအနားကို သွားဖို့ ငါကလွဲရင် ဘယ်ဒူမှ ပိုဘေးဂင်းလုံဂျုံနိုင်မယ်လို့ ငါမီထင်ဘူး” ဟက်ဂရစ်က သူ့စကားကို အဆုံးသတ်ပြီး သူ့ရဲ့ ရှေ့ဖုံးခါးစည်းပေါ်ကို နှပ်ပြင်းပြင်းတစ်ချက် ညှစ်ထုတ်လိုက်ပြီးမှ မော့ကြည့်လာပြီး ပြောရှာတယ်။ “ဒါဘေမဲ့ ဂုလို ကူညီအားပေး ဗျောဆိုဘော်ရလို့ အားလုံးကို တိပ်ကျေးဂျူးဒင်ဘာတယ်။ ဟာမီယွန်ကို ဒကယ့်ကို ကျေးဂျူးအများဂျီးဒင်ဘာဒယ်”

အချိန်က ပတ်ဝန်းကျင်မှာ လင်းလင်းချင်းချင်းပဲ ရှိနေပါတယ်။ ဟယ်ရီရော ရွန်ပါ နှစ်ယောက်လုံးက သူတို့အနေနဲ့ တားမြစ်နယ်မြေတောနက်ကြီးထဲက သတ်မယ်ဖြတ်မယ် တကဲကဲ ဖြစ်နေတတ်တဲ့ ကြောက်စရာ ဧရာမ ပင့်ကူကြီးဆီကို သွားပြီး ပိုးလောက်လန်းဘီလူးကြီးတွေကို အစာအဖြစ် ကျွေးမွေးပါ့မယ်လို့ အရိပ်လက္ခဏာ မပြသလို၊ ဟက်ဂရစ်ကလည်း သူလုပ်နေကျ သူ့အလုပ်ကို သူကိုယ်တိုင်ပဲ ဆောင်ရွက်ဖို့ သူတို့က သဘောတူမယ်လို့ မျှော်လင့်နေတယ်။

“အဲဒါဒွေ အသာထားလိုက်ကွာ၊ မင်းဒို့အနေနဲ့ မင်းဒို့အချိန်ဇယားထဲမှာ ငါ ပါဝင်ဒင်ဂျားပေးပါလို့ ငါ့ကိုပြောဘို့ တိပ်ခက်နေမယ်လို့ ငါတိနေတယ်။ မင်းဒို့ အချိန်ဇယားကို ဗျန်ဗျင်ခွင့်ရရင် တောင်မှပေါ့လေ” ဟက်ဂရစ်က ပြောလိုက်တယ်။

“ကျွန်မတို့ အဲဒါတွေကို အပြီးသတ် မလုပ်ရသေးပါဘူး။ လွန်ခဲ့တဲ့ နွေတစ်နွေလုံး ကျွန်မတို့ အဲဒီအချိန်ဇယားတွေကို ပြင်ဖို့ ညှိဖို့ လုပ်တုန်းပဲ ဖြစ်ပါသေးတယ်” ဟာမီယွန်က ပြောလိုက်တယ်။

www.burmeseclassic.com

"အေး ဝေါင်းဘာဘီကွာ။ ငါ ဆိတ်မဝေါင်းဒါတစ်ဂုဘဲ ရှိဒယ်။ ငါ့အစားပါမောက္ခ ဂရပ်ဘ်ဘလီပလန့်ခ်က ဝင်သင်ပေးရချိန်မှာ မင်းဒို့ အဆင်မှ ဖြေဂျပါ့မလားဆိုဒါ ငါတိချင်နေဒါဘာဘဲ" ဟက်ဂရစ်က ပြောရှာတယ်။

ဟက်ဂရစ်ရဲ့ ဒီစကားကိုလည်း ကြားလိုက်ရော သူတို့ သုံးယောက်လုံးက ပြတ်ပြတ်သားသားနဲ့ တစ်လေသံတည်း ဟက်ဂရစ်အစားဝင်သင်တဲ့ ပါမောက္ခဂရပ်ဘ်ဘလီပလန့်ခ်ဟာ ကြောက်စရာကောင်းကြီးပါလို့ တမင်မမှန်မကန်ပြောချလိုက်တယ်။ အဲဒါရဲ့ ရလဒ်အဖြစ် ညနေဆည်းဆာချိန်မှာ သူတို့ပြန်တော့ သူတို့ကို လက်ပြနှုတ်ဆက်ကျန်ရစ်တဲ့ ဟက်ဂရစ်ရဲ့ မျက်နှာဟာ လုံးလုံးလျားလျား ကြည်သာရွှင်ပျနေတာပါပဲ။

"ငါ ဆာလိုက်တာကွာ"သူတို့ စထွက်လာလို့ နောက်ဘက်က တံခါးပြန်ပိတ်သွားချိန်မှာ ဟက်ရီက ပြောလိုက်တာ ဖြစ်ပါတယ်။ သူတို့တွေ အမှောင်ထုနဲ့ လူသူကင်းမဲ့တဲ့ နေရာတွေကို ဖြတ်ပြီး အမြန်သုတ်ချေတင် ပြန်ခဲ့ကြတယ်။ ဟက်ရီက ဟက်ဂရစ်အိမ်မှာ သစ်သီးခြောက်ကိုစားဖို့ ဟန်ပြင်ပြီး နောက်ဘက်က အမင်္ဂလာ စွပ်စွပ်စွပ်စွပ် အသံတွေ ကြားလိုက်ရပြီး သူမစားဘဲ နေခဲ့လို့ ဆာနေတယ်။ "ဒီနေ့ည စနိပ်ရဲ့ ကျောင်းဆင်းခွင့်မပေးဘဲ ပိတ်ပင်ထားမဲ့ ပြစ်ဒဏ်ကို ငါခံရဖို့ ရှိနေတယ်ကွ။ ငါ့မှာ ညစာစားဖို့ အချိန်သိပ်မရဘူး"

သူတို့ ရဲတိုက်ထဲကို ဝင်သွားတော့ ကော်မက်မက်လက်ဂျင်းကို မဟာခန်းမကြီးထဲ ဝင်သွားတာ သတိထားလိုက်မိတယ်။ မက်လက်ဂျင်းဟာ ခန်းမထဲကို ရောက်သွားဖို့ နှစ်ကြိမ်တိတိ အားထုတ်လိုက်တယ်။ ပထမအကြိမ် ဝင်မယ်အလုပ်မှာ တံခါးပေါင်နဲ့ တိုက်မိပြီး အပြင်ဘက်ကို သူ ပြန်ကန်ထွက်လာတယ်။ ဒါကိုကြည့်ပြီး ရွန်က သဘောကျကျနဲ့ အားမနာပါးမနာ ဟားတိုက် ရယ်ချတယ်။ ပြီးတော့ မက်လက်ဂျင်းရဲ့ နောက်က ကပ်လိုက်ဝင်သွားတယ်။ ဟယ်ရီက ရွန်ရဲ့ နောက်ကလိုက်ဝင်မယ့် ဟာမီယွန်ရဲ့ လက်မောင်းကို လှမ်းဆွဲပြီး နောက်ကို ပြန်ဆုတ်လိုက်တယ်။

"ဘာလဲဟဲ့ ဘာဖြစ်လို့လဲ"ဟာမီယွန်က တစ်စုံတစ်ခုဖြစ်ရင် ခုခံကာကွယ်ဖို့ အသင့်အနေအထားပုံစံနဲ့ မေးလိုက်တယ်။

"နင် ငါ့ကို မေးဖို့ လိုသေးလား။ မက်လက်ဂျင်းကို ကြည့်ရတာ သူ မနက်က ထိပ်တိုက်ရင်ဆိုင်လာလုပ်တဲ့ အချိန်ကအတိုင်း ဖြစ်နေတာကို နင်မတွေ့ဘူးလား" ဟယ်ရီက တိုးတိုးလေး မေးခွန်းတွေနဲ့ပဲ ပြန်ဖြေလိုက်တယ်။ "ပြီးတော့ သူက နင်ထိုင်နေတဲ့ နေရာနဲ့ တည့်တည့်မျက်နှာချင်းဆိုင်မှာ ရပ်နေတာလေ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ" ဟာမီယွန်ရဲ့ အသံက တိုးပေမဲ့ မာနေတယ်။ "ဘာပြောပြော သူမနက်က ရွန်နဲ့ ဂျင်နီတို့အကြောင်း ပြောနေတာကို နင်ကြားမှာပဲ။ ဒီတော့ သူလည်း ဘယ်ခံနိုင်မလဲ။ သူအသင်းထဲမှာ မပါရဘူးဆိုရော သူဘယ်လို တုံ့ပြန်တယ်ဆိုတာ နင်မြင်မှာပေါ့။ နင် တစ်စုံတစ်ယောက် အသင်းအပေါ်မှာ ဒီလိုမျိုး ပြောတာဆိုတာ ထင်မြင်တာကို လိုလားသလား"

www.burmeseclassic.com

www.burmeseclassic.com

"မလိုလားဘူးလေ၊ မလိုလားဘူး။ ဒါပေမဲ့ ခုကိစ္စမှာ ငါလုပ်တာ မှန်တယ်လို့ ငါထင်တယ်။ နောက်ပြီး ဒါက မရိုးမသားလုပ်တာမို့လို့လား ဟာမီယွန်၊ ငါပြောချင်တာက နင်ဟာ ရှေ့ဆောင်ကျောင်းသားတစ်ယောက် ဖြစ်နေတယ်ဆိုတာပဲ။ နင် မဟုတ်ဘူးလား"

"အို......... တိတ်တိတ် နေစမ်းဟယ်" သူမက ကြွပ်ဆတ်ဆတ်နဲ့ အော်လိုက်သလို ဟယ်ရီ့နှုတ်ခမ်းကလည်း သရော်ပြုံး ပြုံးနေပါတယ်။ ဒီအခိုက်မှာပဲ–

"ဟေ့... မင်းတို့နှစ်ယောက်က မဝင်ဘဲ ဘာလုပ်နေတာလဲ"လို့ ခန်းမထဲကနေ တစ်ခါပြန်ထွက်လာပြီး သူတို့ကို ခေါ်တဲ့ ရွန်က မေးလိုက်တယ်။ ရွန်ဟာ သူတို့ဘာများ အကြံထုတ်နေပါလိမ့်လို့လည်း သံသယဝင်နေတယ်။

"ဘာမှ မဟုတ် ဘာမှမလုပ်ဘူး" ဟယ်ရီနဲ့ ဟာမီယွန်တို့ နှစ်ယောက်လုံး ပြိုင်တူဖြေပြီး ရွန်ရဲ့နောက် အပြေးလိုက်သွားတယ်။

ခန်းမထဲလည်း ရောက်သွားရော တစ်ခန်းလုံး လေထဲမှာ ပျံ့လွင့်နေတဲ့ အမဲကင်အနံ့က ဆာနေတဲ့ ဟယ်ရီ့ကို ဗိုက်ထဲက တဂျူတ်ဂျူတ်နာလာတဲ့အထိ ဆာသည်ထက် ပိုဆာအောင် နှိပ်စက်တော့တာပါပဲ။ ဒါကြောင့် ဂရူနဲကေသရာဇာ စားပွဲကြီးဆီကို သူတို့ ကတိုက်ကရိုက် လျှောက်အသွား ခြေလှမ်းနှစ်လှမ်းသုံးလှမ်းပဲ ရှိသေးတယ် ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ ပါမောက္ခပက်ကျိချိုကို သူတို့ရှေ့ကနေ ပိတ်ပြီး ရပ်နေတာကို တွေ့လိုက်ရတယ်။

"ဟယ်ရီ ဟယ်ရီ ငါမင်းကို တွေ့ရလိမ့်မယ်လို့ အခုပဲ မျှော်လင့်နေတာ"သူက ခင်မင်ဖော်ရွေစွာနဲ့ ဟောဟောဒိုင်းဒိုင်း နှုတ်ဆက်ပြောကြားရင်း သူ့ရဲ့ ရှည်လျားကုပ်ကျနေတဲ့ နှုတ်ခမ်းမွေးတွေရဲ့ အဖျားကို လက်မနဲ့ လက်ညှိုးနှစ်ချောင်းနဲ့ ကိုင်ပြီး လိမ်လှည့်နေပါတယ်။ သူ့ရဲ့ နည်းနည်းနောနော မကြီးမားတဲ့ ဇရာမဗိုက်ကြီးက မြင်လို့ မကောင်းအောင် စူးဖောင်းထွက်နေပြီး အသက်ရှူလိုက်တိုင်း ပိန်လိုက် ဖောင်းလိုက်နဲ့။

"မင်းကို ညစာမစားခင် အမိဖမ်းနိုင်ဖို့ ငါမျှော်လင့်ပြီး ရှာနေတာကွ။ ကဲ.... ဒီတော့ ဒီည ငါ့အခန်းတွေထဲမှာ ကျင်းပမယ့် စူပါအထူးပွဲကလေးအတွက် မင်းဘာပြောဦးမှာလဲ။ ထွန်းတောက်မြင့်မားလာတဲ့ ကြယ်ပွင့်ကလေးတွေချည်း သက်သက်နဲ့ ပါတီပွဲကလေး လုပ်မလို့ပါ။ မက်လက်ဂျင်နဲ့ ဇာဘီနီတို့ လာကြမှာလည်း သေချာတယ်။ ခင်မင်နှစ်လိုဖွယ်ကောင်းလှတဲ့ ဗီလင်ဒါဘော့ဘင်းလည်း ပါတယ်။ မင်း သူမကို သိမသိတော့ ငါအတတ် မပြောနိုင်ဘူး။ သူမရဲ့ မိသားစုဟာ ဆေးဝါးဖော်စပ်ရောင်းချတဲ့ လုပ်ငန်းတသီကြီးကို ပိုင်ဆိုင်တယ်လို့ သိရတယ်။ အမှန်တကယ်တော့ အဲဒီပွဲကို မစ္စဂရန်ဂျာကိုယ်တိုင်လည်း တက်ရောက်အားပေးလိမ့်မယ်လို့ ငါမျှော်လင့်နေပါတယ်"

သူ့စကားအဆုံးမှာ ပက်ကျိချိုက ဟာမီယွန်ကို သူ့ခေါင်းကို အသာညွတ်ပြီး အရေးတယူ နှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ ရွန်ကိုတော့ သူရှိနေတယ်ဆိုတာကိုတောင် အသိအမှတ်မပြုသလိုမျိုးနဲ့ တစ်ချက်တစ်ချက်မှသာ လှည့်ကြည့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မလာနိုင်ပါဘူး ပါမောက္ခကြီး။ ကျွန်တော် ပါမောက္ခစနိပ်ထံမှာ ကျောင်းဆင်းခွင့်မပေးတဲ့ ပြစ်ဒဏ်ကို သွားခံရဖို့ရှိနေပါတယ်" ဟယ်ရီက ချက်ချင်း ပြန်ပြောလိုက်တယ်။

"အို........ မင်းနှယ်ကွာ။ မင်းကို ဒီလောက် ငါချစ်ချင်နေတာပဲ။ မင်းအရေးဟာ ငါ့အရေးပေါ့။ ငါခုပဲ ဆီးဗားရပ်စ်နဲ့ တွေ့ပြီး အခြေအနေအကျိုးအကြောင်း ရှင်းပြလိုက်မယ်။ မင်းအပြစ်ဒဏ်ကို ရွှေ့ဆိုင်းထားဖို့ သူ့ကို ငါစည်းရုံးလို့ရမှာ သေချာပါတယ်ကွ။ ဟုတ်ပြီ မင်းတို့နှစ်ယောက်လုံးကို တော်ကြာမှ ငါတွေ့တော့မယ်"

ပက်ကျိုချို ချက်ချင်းပဲ ခန်းမထဲက သုတ်သုတ် သုတ်သုတ် ထွက်သွားပါတယ်။

ဒါပေမဲ့ ပက်ကျိုချို သူတို့ပြောတာကို မကြားနိုင်လောက်တဲ့ နေရာလည်း ရောက်ရော ဟယ်ရီက ချက်ချင်းပြောလိုက်တယ်။

"သူ့မှာ စနိပ်ကို ဆွဲဆောင်နိုင်မယ့် အခွင့်အရေး မရှိသေးပါဘူးကွာ။ ဒီကျောင်းဆင်းခွင့်မပေးတဲ့ ပြစ်ဒဏ်ကို တစ်ကြိမ်လည်း ရွှေ့ဆိုင်းခဲ့ပြီးပြီမို့လား။ စနိပ်က ဒမ်းဘဲလ်ဒိုးကြောင့်သာ အဲဒီလို ရွှေ့ဆိုင်းပေးခဲ့တာ။ နောက်ထပ် တခြား ဘယ်သူသွားထပ်ပြောပြော ရွှေ့ဆိုင်းမှာ မဟုတ်ဘူး"

ဒါပေမဲ့ ဟာမီယွန်က စိုးရိမ်စွာ ပြောတယ်။ "အို ငါကတော့ နင့်ကို လာစေချက်တယ်ဟာ။ အဲဒီကို ငါ့ဘာသာငါတော့ မသွားချင်ဘူး"

ဟယ်ရီက ဟာမီယွန်ဟာ မက်လက်ဂျင်းအကြောင်းကို တွေးနေမှာပဲဆိုတာ အတတ်သိနေတယ်။

"နင် တစ်ယောက်တည်း ဖြစ်နေမယ်လို့ ငါမထင်ဘူး။ ဂျင်နီကိုလည်း ဖိတ်ကောင်းဖိတ်ထားမှာပါပဲ" ပက်ကျိုချိုရဲ့ ဥပေက္ခာပြုပြီး အရေးတယူ ဖော်ဖော်ရွေရွေ ဆက်ဆံမှုကို မခံလိုက်ရတဲ့ ရွန်က ခနဲ့လိုက်တယ်။

ညစာစားပြီးသွားတော့ သူတို့တွေ ဂရ္ဂန်ကေသရာဇာ မျှော်စင်ဘက်ကို ပြန်လာကြတယ်။ ကျောင်းသားအများစု ညစာစားပြီးချိန်နဲ့ တိုက်ဆိုင်နေတဲ့အတွက် ကျောင်းသားများ နားနေခန်းထဲမှာလူတွေ နည်းနည်းနောနော မဟုတ်တောင် ပြည့်ကျပ်စုအုံနေတယ်။ ဒါပေမဲ့ သူတို့တွေ စားပွဲလွတ်တစ်လုံးကို မရအရရှာဖွေပြီး ထိုင်လိုက်ကြတယ်။ ပက်ကျိုချိုနဲ့ တွေ့ခဲ့ချိန်ကစပြီး စိတ်ထဲမှာ အနံ့နံ့ဖြစ်နေတဲ့ ရွန်ဟာ လက်ပိုက်ပြီး မျက်နှာကြက်ကိုပဲ မျက်မှောင်ကုတ်ကြည့်နေပါတယ်။ ဟာမီယွန်က ကုလားထိုင် တစ်လုံးပေါ်မှာ ဘယ်သူထားရစ်ခဲ့မှန်းမသိတဲ့ သံတမန်ညနေခင်း သတင်းစာတစ်စောင်ကို ကောက်ကိုင်လိုက်တယ်။

"နောက်ထပ် သတင်းအသစ် ဘာတွေပါသေးသလဲ" ဟယ်ရီက မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှ မပါပါဘူးဟယ်။ ထုံးစံအတိုင်း မြင်နေကျ သတင်းတွေပါပဲ" လို့ ပြောရင်း ဟာမီယွန်က သတင်းစာကို ဖွင့်လှန်ပြီး အတွင်းစာမျက်နှာတွေကို စေ့စေ့စပ်စပ် လိုက်ရှာဖတ်ကြည့်နေတယ်။ ပြီးတော့–

"အို… ဒီမှာ နင့်အဖေ သတင်းပါတယ်။ ရော့ဖတ်ကြည့် ရွန်။ သူအခြေအနေ ကောင်းပါတယ်"လို့ ပြောလိုက်တဲ့အတွက် ရွန် သတိပြန်ဝင်လာသလို ပျာပျာသလဲ လှည့်ကြည့်လိုက်ပြီး ဖတ်လိုက်တယ်။ ဟာမီယွန်ကပဲ သတင်းကို ဆက်ဖတ်ပြောပြတယ်။ "ဒီသတင်းထဲမှာ ရေးထားတာကတော့ သူမော်လ်ဖွိုင်းရဲ့ အိမ်ကို နောက်တစ်ကြိမ် ထပ်ရောက်သွားတယ်။ ဒါပေမဲ့ မရဏစားစုန်းကောင်ရဲ့ အိမ်ကို ဒုတိယအကြိမ် ရှာဖွေရာမှာ ထူးထူးခြားခြား ဘာအဖြေမှ ထပ်ထွက်လာပုံမရဘူး။ ခုခံကာကွယ်ရေး ဂါထာမန္တန်များနှင့် ကာကွယ်ပစ္စည်းအတုများ စုံစမ်းဖော်ထုတ်သိမ်းဆည်းရေးရုံးက အာသာဝက်စလေက သူ့ရဲ့ အဖွဲ့ဟာ လျှို့ဝှက်သတင်းပေးချက်တစ်ခု အရ သူတို့ ခုလို ဆောင်ရွက်ခဲ့တာလို့ ပြောတယ်တဲ့"

ဒီမှာတင် ဟယ်ရီက ပြောလိုက်တယ်။

"ဟာ အဲဒီသတင်း ငါပေးလိုက်တာပဲ။ ကင်းခရော့ခ်ဘူတာရုံမှာ မော်လ်ဖွိုင်းရဲ့ အကြောင်းနဲ့ မော်လ်ဖွိုင်းက သူ့ပစ္စည်းကို ပြင်ဖို့ ဘော်ဂျင်းကို အနိုင်ကျင့်ပြီး ပြောနေတဲ့အကြောင်း ငါပြောပြခဲ့တာ။ ကောင်းပြီလေ။ ခု အဲဒီပစ္စည်း သူ့အိမ်မှာ မရှိဘူးဆိုတော့ ဘယ်နည်းနဲ့မဆို အဲဒီပစ္စည်းကို သူ ဟော့ဂ်ဝပ်စ်ကို သူနဲ့အတူ ယူလာခဲ့တာပဲ ဖြစ်ရမယ်"

"နင်ပြောတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ သူ ဘယ်လိုလုပ် ယူလာနိုင်မှာလဲ ဟယ်ရီ" ဟာမီယွန်က အံ့သြတဲ့ အမူအရာနဲ့ ပြောရင်း သတင်းစာကို ပစ်ချလိုက်တယ်။ "ငါတို့ ဒီရောက်လာတော့ သူရော ငါတို့ရော အားလုံး အရှာခံကြရတယ်လေ။ မဟုတ်ဘူးလား"

"ဟုတ်လား။ နင် အရှာခံရလား။ ငါတော့ အရှာမခံရဘူး" ဟယ်ရီ စိတ်ပျက် အံ့အားသင့်သွားတယ်။

"အို ဟုတ်သားပဲ။ နင်အရှာမခံရဘူး။ နင်က နောက်ကျပြီးမှ ရောက်လာတာဆိုတာ ငါမေ့သွားတယ်။ အဲ တို့ကိုတော့ ဖီးလ်ချ်က ဘာရှာသလဲမမေးနဲ့။ တို့လည်း ခန်းမကြီးထဲကိုဝင်ရော အဝမှာ လျှို့ဝှက်ချက်အာရုံခံ ရှာဖွေရေး ကိရိယာနဲ့ စိတ်ကြိုက်ရှာတော့တာပဲ။ ဘယ်လျှို့ဝှက်မှော်ပစ္စည်းမဆို ပါလာရင် အဲဒီမှာတွေ့မှာပဲ။ ခရက်ဘီမှာ ကျုံ့ထားတဲ့ ခေါင်းကလေးတစ်ခု ပါလာတာတောင် အသိမ်းခံလိုက်ရသေးတယ်။ မော်လ်ဖွိုင်းက အန္တရာယ်ပေးနိုင်တဲ့ ပစ္စည်းကို ဘယ်လိုလုပ်ယူလာလို့ ရမှာလဲ" ဟာမီယွန်က ထပ်ပြောတယ်။

ဟယ်ရီက ခဏကလေး ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ ပစ်ဂမီလုံးလေး အာနိုးနဲ့ ကစားနေတဲ့ ဂျင်နီဝက်စလေကို ပြန်သတိရပြီး ပြောလိုက်တယ်။

"ဒါ သူဒီရောက်မှ တစ်ယောက်ယောက်က ဇီးကွက်နဲ့ သူ့ဆီကို ပို့ပေးတာ ဖြစ်ရမယ်။ သူ့အမေလား တခြား တစ်ယောက်ယောက်လားပဲ"

www.burmeseclassic.com

"ဟာ........ ဒီကိုလာသမျှ ဧီးကွက်တွေလည်း ရှာဖွေစစ်ဆေးခံရတာပဲ။ သူလျှို့ဝှက်ချက်အာရုံခံ ကိရိယာနဲ့ တို့ကိုရော ပစ္စည်းတွေကိုပါ နေရာအနှံ့ ရှာကြည့်နေတုန်းက ဖီးလ်ချ်က တို့ကို ပြောပြတယ်"

ဒီတစ်ကြိမ်မှာတော့ ဟယ်ရီ ဘာမှ ဆက်မပြောနိုင်အောင် တကယ်အကျပ်ရိုက်သွားတယ်။ မော်လ်ဖွိုင်းအနေနဲ့ အန္တရာယ်ရှိတဲ့ ဒါမှမဟုတ် လျှို့ဝှက်ဘယ်ပစ္စည်းတစ်ခုခုကိုမှ ကျောင်းကို ယူလာနိုင်တယ်လို့ ပြောလို့မဖြစ်သလိုမျိုး ဖြစ်သွားတယ်။ လာဗင်ဒါဘရောင်းကို လက်ကလေးပိုက်ပြီး ငေးကြည့်နေတဲ့ ရွန်ကို သူ အားကိုးတကြီး ကြည့်လိုက်တယ်။

"မော်လ်ဖွိုင်းနဲ့ ပတ်သက်လို့ မင်း ဘယ်လို စဉ်းစားလို့ ရသေးလဲ"

"ဟာကွာ။ အဲဒါ ခေါက်ထားစမ်းပါ" ရွန်က သူနဲ့ မဆိုင်သလို ပုံစံမျိုး ပြောတယ်။ ဒီမှာတင် "ဒီမှာ ငါပြောမယ်။ ပက်ကျိချျိုက သူ့ရဲ့ ဟိုမဟုတ်မဟတ် ပါတီပွဲကို ဟာမီယွန်နဲ့ ငါ့ကို ဖိတ်တာ ငါ့အပြစ်မဟုတ်ဘူး။ ငါတို့နှစ်ယောက်လုံး ဘယ်သူမှလည်း သွားချင်တာ မဟုတ်ဘူး"ဆိုပြီး ရွန် မကျေမနပ် ဖြစ်နေတာကို စိတ်မရှည်တော့တဲ့ ဟယ်ရီက ဒေါပွပွနဲ့ ပြောလိုက်တယ်။

"ကောင်းပြီလေ။ ငါက ဘယ်ပါတီပွဲမှ အဖိတ်ခံရတဲ့ကောင်မှ မဟုတ်ဘဲ။ ငါ ပြန်အိပ်တာပဲ ကောင်းမယ်"ဆိုပြီး ရွန်က ထပ်ရပ်လိုက်တယ်။ ပြီးတော့ သူ့ကို ငေးကြည့်ရင်း ကျန်ရစ်တဲ့ ဟယ်ရီနဲ့ ဟာမီယွန်ကို ထားခဲ့ပြီး ယောကျ်ားကလေးဆောင်တွေ ဘက်ကို သွားမယ့် တံခါးပေါက်ဆီကို ဆောင့်ကြီး အောင့်ကြီး ထွက်သွားပါတယ်။ ဒီအခိုက်မှာပဲ–

"ဟယ်ရီ မင်းအတွက် အမှာပါးချက်စကားပါတယ်"လို့ပြောရင်း သူတို့ ကွစ်ဒစ်ချ်အသင်းနောက်ခံလူသစ် ဒီမဲလ်ဇာရော်ဘင်စ် ဖြုန်းခနဲ ပေါ်လာတယ်။

"ပါမောက္ခ ပက်ကျိချျိုဆီကလား" ဟယ်ရီက အထင်နဲ့ မေးလိုက်တယ်။

"မဟုတ်ဘူး။ ပါမောက္ခစနိပ်ဆီက"

ဟယ်ရီရင်ထဲမှာ ဒုန်းခနဲ ဖြစ်သွားတယ်။ သူက မင်းရဲ့ ကျောင်းဆင်းခွင့်ပိတ်ပင်ခံရမယ့် ပြစ်ဒဏ်ကို မင်းခံဖို့ ခုည ၈နာရီခွဲ သူ့ရုံးခန်းကို အရောက်လာခဲ့ပါတဲ့။ အဲ ပြီးတော့ မင်းဘာသာမင်း ပါတီပွဲတက်ဖို့ ဖိတ်ထားခံရတာတွေ ဘယ်လောက်များများ အရေးမပါဘူးတဲ့။ နောက် ဣန္ဒြေဇာလဆေးရည်တွေ ဖော်စပ်ရာမှာ သုံးဖို့ ပိုးကောင်သေအပုပ်တွေထက ကောင်းနိုးရာရာတွေ မင်းရွေးထားပြီးပြီလားဆိုတာလည်း သူ သိချင်နေတယ်။ အဲ သူက ပြောလိုက်သေးတယ်။ မင်း အကာအကွယ်အဖြစ်သုံးဖို့ လက်အိတ်တွေ ယူလာဖို့ မလိုဘူးဆိုပဲ"

"အေး ကောင်းပြီ။ ကျေးဇူးအများကြီး တင်ပါတယ် ဒီမဲလ်ဇာ"

ဟယ်ရီက ခံပြင်းစိတ်နဲ့ ခပ်တင်းတင်း ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

## အခန်း (၁၂)
## ငွေကလပ်နဲ့ မဟူရာလည်ဆွဲ

ဒမ်းဘဲလ်ဒိုး ဘယ်ရောက်နေသလဲ။ ပြီးတော့ သူ ဘာတွေလုပ်နေသလဲ။ ဘယ်သူမှ တိတိပပမသိနိုင်အောင် ဖြစ်နေတယ်။ ရက်သတ္တပတ် အနည်းငယ် ကြာလာတဲ့ အချိန်အတွင်း ကျောင်းအုပ်ကြီးကို ဟယ်ရီ နှစ်ခါပဲ တွေ့လိုက်ရတယ်။ သူ အစားအသောက်လည်း ပုံမှန်လာရောက် စားသောက်မှု မရှိတော့ဘူး။ ဒီတော့ ဟယ်ရီက ဟာမီယွန်ပြောတာ မှန်နေပြီလို့ တွေးပြီး၊ ကျောင်းအုပ်ကြီးအနေနဲ့ တစ်ကြိမ်ထွက်သွားတိုင်း ရက်အနည်းငယ် ကြာတတ်တာကိုလည်း စဉ်းစားနေမိတယ်။

ဒမ်းဘဲလ်ဒိုးဟာ ဟယ်ရီကို သူသင်ပေးပါ့မယ်လို့ ကတိပေးထားတဲ့ သင်ခန်းစာတွေကို သင်ဖို့ မေ့များနေပြီလား။ နောက် သူပြောတာရှိသေးတယ်။ ဟယ်ရီ့ကို သီးသန့် သူပို့ချတဲ့ သင်ခန်းစာတွေဟာ ဟောစာတမ်းကြီးနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတာတွေချည်းပဲတဲ့။ ကျောင်းအုပ်ကြီး အားပေးမှုနဲ့ နှစ်သိမ့်မှုကို ရရှိခဲ့တဲ့ ဟယ်ရီက ခုတော့ သူဟာ အစွန့်ပယ်ခံများ ဖြစ်လာနေပြီလားလို့ ခံစားနေရတယ်။

ဒီလိုနဲ့ အောက်တိုဘာလလယ်ပိုင်း ရောက်လာတယ်။ သူတို့တွေ ဟောက်မိဒ်ကို နေ့ချင်းပြန်ခရီးလေးတွေ စထွက်ဖို့ အချိန်ကျရောက်လာတယ်။ သို့ပေမဲ့ ကျောင်းပတ်ပတ်လည်မှာ လုံခြုံရေးတွေ ပိုလို့တောင် တင်းတင်းကျပ်ကျပ် တိုးချနေတဲ့ ဒီအချိန်မျိုးမှာ ဒီခရီးစဉ်တွေကို ဆက်ပြီးခွင့်ပြုပါဦးမလားဆိုတာလည်း ဟယ်ရီက အံ့သြပြီး သိချင်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့သွားဖြစ်အောင် သွားကြရမှာပဲလို့ သိတဲ့အချိန်မှာ သူ အရမ်းကျေနပ်နေတယ်။ စည်းကမ်းတင်းကျပ်လှတဲ့ ဟော့ဂ်ဝပ်စ်ကျောင်း ရဲတိုက်ကြီးရဲ့ ပုရဝုဏ်က ခွာသွားပြီး ခဏတစ်ဖြုတ် နေရတဲ့အချိန်တွေဟာ အမြဲတမ်း နာရီအနည်းငယ်သာ ကြာရှည်ပေမဲ့ သူ့အဖို့ အခေါက်တိုင်း ကျေနပ်စရာတွေချည်းပါပဲ။

အဲဒီလို ခရီးထွက်ရမယ့် နေ့တစ်နေ့ နံနက်အစောကြီးမှာ ဟယ်ရီ အိပ်ရာက နိုးလာတယ်။ အပြင်ဘက်မှာ မိုးသက်လေပြင်းတွေ ကျနေတယ်။ ဒါကြောင့် သူ့ရဲ့ ရှေ့ပြေး ဗ္ဗန္ဒဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးကို ထုတ်ဖတ်ရင်း နံနက်စာ စားချိန်ရောက်တဲ့အထိ သူ အချိန်ဖြုန်းနေလိုက်တယ်။ ဒါပေမဲ့ ဟယ်ရီဟာ အိပ်ရာထဲမှာလှဲပြီး ကျောင်းစာအုပ်တွေကို ဖတ်ရှုရတာမျိုး ဘယ်သောအခါမှ လုပ်လေ့လုပ်ထမရှိပါဘူး။ ရွန်ကလည်း ပြောတယ်။ အဲဒီအပြုအမူဟာ ဟာမီယွန်ကလွဲရင် ဘယ်သူ့အတွက်မဆို ရိုင်းပျတဲ့ အပြုအမူတစ်မျိုးပါပဲလို့ ပြောတယ်။ ထူးထူးဆန်းဆန်း ဟာမီယွန်ကတော့ အဲဒီလို အိပ်ရာထဲလှဲနေရင်းသာ စာဖတ်တတ်တယ်။

ဟယ်ရီက သူ့လက်ထဲမှာ ရှိနေတဲ့ သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ ရှေ့ပြေး ဗ္ဗန္ဒဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးဟာ ပယ်ပယ်နယ်နယ် လုံးစေ့ပတ်စေ့ ဖတ်ရှုနားလည်ဖို့ အတော့်ကို ခက်ခဲတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသုံးစာအုပ်ကြီး တစ်အုပ်ဆိုတာ သိနေတယ်။ ဟယ်ရီ စူးစိုက်လေ့လာဖတ်ရှုလေ စာအုပ်ကြီးထဲက သိရမှတ်ရမယ့် အကြောင်းအရာတွေက များလာနေသလို သူ ခံစားနေမိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ ဂ္ကန္ထဇာလဆေးရည်နဲ့ ပတ်သက်ပြီး အသုံးတည့်လှတဲ့ ဆိုလိုချက်အကျဉ်းနဲ့ အရိပ်အမြွက် နားလည်အောင် ရေးသားထားချက်တွေ၊ ဖြတ်လမ်းနည်းနဲ့ မှတ်သားလို့ရအောင် လက်ရေးသော့နဲ့ ဘေးမျဉ်းကွက်လပ်နဲ့ စာရွက်အောက်ခြေမှာရော၊ ရှိပြီးသားစာလုံးတွေကို ပြင်ဖျက်ပြီး ရေးမှတ်ထားချက်တွေကပါ သူ့ကို ပက်ကျိချိုရဲ့ ချီးကျူးမှုနဲ့ အများရှေ့မှာ နာမည်ဂုဏ်သတင်းမွှေး လုပ်ပေးခဲ့တာကတော့ အမှန်ပါပဲ။ ဒါတွေဟာ သွေးတစ်ဝက်မှော်ဝိဇ္ဇာက သူ့သဘောနဲ့သူ စိတ်တိုင်းကျ တီထွင်ရေးသားထားခဲ့တာတွေလည်း ဖြစ်တယ်။

ဒါတင်မကဘဲ မှော်ဝိဇ္ဇာကိုယ်တိုင် တီထွင်ထားပေးခဲ့တဲ့ စာအုပ်ထဲက လျှို့ဝှက်ဂါထာမန္တန် အတော်များများကို ဟယ်ရီ လေ့လာကျက်မှတ်ထားပြီး အဆင့်ကို ရောက်လာတယ်။ အဲဒီထဲမှာ လူတစ်ယောက်ရဲ့ ခြေသည်းတွေ အထိတ်တလန့် ချက်ချင်းအဆမတန် ရှည်ထွက်လာအောင် ပြုစားတဲ့ အသံတိတ် ဂါထာတစ်ခုလည်း ပါတယ်။ ဟယ်ရီက ကျောင်းစင်္ကြံတစ်နေရာမှာ တွေ့ရတဲ့ ကရက်ဘီကို အဲဒီဂါထာနဲ့ ပြုစားလိုက်တာ စိတ်ဝင်စားဖို့ကောင်းတဲ့ ပျော်စရာရလဒ်တွေ ထွက်လာတာ သူ တွေ့ရတယ်။ တစ်ခါ ဂြိုလ်ဆိုးကျစေမယ့် ဂါထာတစ်ခုကို အသံတိတ် ရွတ်ဆိုပြီးတော့ သူ့အပေါ် လုံးဝသံသယမဖြစ်စေဘဲနဲ့ အားဂတ်ဖီးလ်ချ်ကို သူပြုစားလိုက်တာ ဖီးလ်ချ်ရဲ့ လျှာဟာ အာခေါင်မှာ ခွာမရအောင် ကပ်နေလို့ သူ ရယ်ခဲ့ရသေးတယ်။ အဲဒီအသံတိတ် ဂါထာတွေထဲမှာ အသုံးဝင်ဆုံး တစ်ခုကတော့ ကိုယ့်အနားမှာ ရှိတဲ့ ဘယ်သူ့ကိုမဆို နားထဲမှာ ဘာသံမှန်းခွဲခြားမရနိုင်တဲ့ အသံအထူးအဆန်းတွေနဲ့ ပြည့်နေအောင် လုပ်ထားတာပါ။ ဒီနည်းနဲ့ အသုံးပြုခြင်းအားဖြင့် အတန်းထဲမှာ သူတို့ ပြောသမျှဆိုသမျှ ဘယ်သူမှမကြားစေရဘဲ သူတို့ချင်း စကားတွေကြိုက်သလောက် ပြောလို့ရတယ်။ ဒီဂါထာတွေနဲ့ ပြုစားပြီး ရယ်စရာ မောစရာလုပ်တာကို မကြိုက်တဲ့ တစ်ဦးတည်းသော သူကတော့ ဟာမီယွန်ပဲ။ သူမဟာ အဲဒီလိုလုပ်တာကို သဘောမကျတဲ့အပြင်၊ ပတ်ဝန်းကျင်ကို ဒီလိုအသံမဲ့ဂါထာမန္တန်နဲ့ ထိန်းချုပ်ထားပြီး စကားပြောဖို့လည်း သဘောမတူဘဲ ငြင်းလိုက်တယ်။

ဟယ်ရီဟာ သူ့အိပ်ရာထဲမှာထိုင်ရင်း ဂါထာမန္တန်တစ်ပုဒ်အတွက် စာအုပ်ထဲမှာ ကြောင်ခြစ်သလို လက်ရေးသော့နဲ့ ရေးထားတဲ့ ညွှန်ကြားချက်တွေကို ပိုပြီး ရှင်းရှင်းလင်းလင်း ဖတ်နိုင်အောင် စာအုပ်ကို ဘေးတိုက်ထောင်ပြီး အနီးကပ်ကြည့်လိုက်ပါတယ်။ အဲဒီဂါထာဟာ မှော်ဝိဇ္ဇာကို တော်တော်လေး ဒုက္ခပေးခဲ့ပုံလည်း တွေ့ရတယ်။ အဲဒီညွှန်ကြားချက် စာပိုဒ်လေးထဲမှာ တခြားနေရာမှာ ဆက်ရေးပြီးမှ ပြန်ခြစ်ပြီး ဖျက်ထားတာတွေ၊ ပြင်ဆင်ချက်တွေ တစ်အားပိုများနေတယ်။ ဒါပေမဲ့ နောက်ဆုံးမှာ စာမျက်နှာရဲ့ ထောင့်တစ်နေရာမှာ ကြောင်ခြစ်လက်ရေးစာလုံးတွေနဲ့ ပွတ်သိပ်ထိုးထည့်ရေးထားတာကို အသေအချာ ဖတ်လိုက်တော့–

“ကောင်းကင်ခြေကန် ထိုးပြန် – လီဗီကော်ပတ်စ် (အသမထ)
(အင်န်ဗွီဘီအယ်လ်)”တဲ့။

အပြင်ဘက်မှာ လေတဟူးဟူး တိုက်နေသလို မိုးရေနဲ့ နှင်းစက်တွေက ပြတင်းတံခါးတွေကို တဖွဲဖွဲနဲ့မစဲအောင် မနားတမ်းလာရောက်ရိုက်ခတ် ထိမှန်နေတယ်။ နက်ဗီးလ်ရဲ့ ဟောက်သံလည်း အကျယ်ကြီးထွက်နေတယ်။ ဒီအခိုက်မှာပဲ ဟယ်ရီက စာတန်းကလေးရဲ့ အဆုံး ကွင်းစကွင်းပိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့ အသမထဆိုတဲ့ စာလုံးလေးလုံးကို စိုက်ကြည့်ပြီး အဓိပ္ပာယ် ဖော်နေတယ်။ ဒါပေမဲ့ ဒီသီးသန့်ဂါထာကို သူ အဓိပ္ပာယ်အမိအရ ဖော်ပြီး ကျက်မှတ် အသုံးချနိုင်ပါ့မလားလို့လည်း သူ သံသယဝင်နေတယ်။ အကြောင်းကတော့ လျှို့ဝှက်မှော်ပညာများ အတန်းတိုင်းမှာ ပါမောက္ခစနိပ် မှတ်ချက်ချလေ့ရှိတဲ့ အသံမဲ့ဂါထာအချို့မှာလည်း သူ အခက်အခဲတွေ့နေလို့ပဲ။ တစ်ဖက်မှာလည်း မှော်ဝိဇ္ဇာဟာ စနိပ်ထက် အဆများစွာ ပိုမိုအရည်အချင်း ပြည့်ဝတဲ့ ဆရာတစ်ယောက် ဖြစ်တယ်ဆိုတာ ထင်ရှားနေတယ်။

ဟယ်ရီ သူ့ဆေးကြိမ်လုံးကို ဆွဲထုတ်ပြီး ဘယ်နေရာကိုမှ အတိအကျ မရွယ်ဘဲ အပေါ်ကို ဆတ်ခနဲ လှုပ်ခတ်လိုက်ပြီး အသံမထွက်ဘဲ စိတ်ထဲကနေ "အမှောင်ပြယ်၍ လင်းပါစေ–လီဗီကော်ပတ်စ်"လို့ ဆိုကြည့်လိုက်တယ်။

"အား အား အား အား အား"

အလင်းရောင်တစ်ချက် ပြက်ခနဲ လက်သွားပြီး တစ်ခန်းလုံး ဆူညံသံတွေနဲ့ ပြည့်နှက်သွားတယ်။ တစ်ယောက်မကျန်အားလုံး အိပ်ရာက အကုန်နိုးလာကြပြီ၊ ရွန်ရဲ့ အလန့်တကြား ကျုံးအော်လိုက်သံ ထွက်လာတယ်။ အခန်းထဲမှာ ကယောက်ချောက်ချား ဝရုန်းသုန်းကား ဖြစ်နေတာနဲ့ အတူ ဟယ်ရီရဲ့ လက်ထဲက စာအုပ်ကြီးလည်း ဖလူးခနဲ လွင့်ထွက်သွားတယ်။ ရွန်ဟာ ကြမ်းပြင်ကမြောက်တက်သွားပြီး မမြင်နိုင်တဲ့ ချိတ်ကြီးတစ်ချိတ်နဲ့ သူ့ခြေကျင်းဝတ်ကနေ ဆွဲထားသလို လေထဲမှာ ဇောက်ထိုးကြီး တွဲလောင်း ဖြစ်နေတယ်။

"ငါ တောင်းပန်ပါတယ်ကွာ။ မင်းတောင့်ထား။ ငါ မင်းကို အောက်ပြန်ချပေးမယ်" ဟယ်ရီ အော်ပြောလိုက်ချိန်မှာပဲ ဒင်းနဲ့ ဆီးမတ်စ်တို့က ရွန်ရဲ့ အဖြစ်ကိုကြည့်ပြီး တသောသော ရယ်နေတယ်။ အိပ်ရာပေါ်ကနေ ပြုတ်ကျသွားတဲ့ နက်ဗီးလ်ကတော့ ကြမ်းပြင်ပေါ်က ပြန်ထနိုင်အောင် သူဘာသာသူ ကြိုးစားနေတယ်။

ဟယ်ရီက သူ့ရဲ့ ဆေးရည်ဖော်စပ်နည်း စာအုပ်ကြီးကို လိုက်ရှာဖွေကောက်ယူပြီး ကမန်းကတန်း အပြေးအလွှား စောစောက စာမျက်နှာကို ပြန်ရှာတွေ့အောင် ရေးကြီးသုတ်ပျာ တစ်ဖတ်ဖတ်နဲ့ လှန်နေတယ်။ နောက်ဆုံးလည်းကျရော သူလိုချင်တဲ့ စာမျက်နှာကို ရှာတွေ့သွားပြီး ဂါထာရဲ့ အောက်က လက်ရေးသေ့နဲ့ ရေးထားတဲ့ စာလုံးတစ်လုံးရဲ့ အဓိပ္ပာယ်ကို သူကြိုးစား ဖော်ကြည့်နေတယ်။ ပြီးတော့မှ ဒါဟာ အကုသိုလ်ပြုလ်ဆိုးကို တန်ပြန်တဲ့ စာလုံးဖြစ်ပါစေလို့ ဆုတောင်းရင်း "အနှောင်အဖွဲ့ ကင်းလွတ်စေ–လစ်ဘရာကော်ပတ်စ်"လို့ စိတ်ထဲကနေပဲ ရှိသမျှ အားကုန် အော်ဆိုပစ်လိုက်တယ်။

ဒီမှာတင် နောက်ထပ် အလင်းရောင်တစ်ချက် ပြက်သွားပြီး ရွန်ဟာ သူ့ရဲ့ မွေ့ရာပေါ်ကို ဖုတ်ခနဲ ပုံလျက်သားလေး ပြန်ကျလာပါတော့တယ်။ ဟယ်ရီဟာ စောစောက မှော်ဝိဇ္ဇာရဲ့ လက်ရေးကို သဲသဲကွဲကွဲ မြင်အောင် မဖတ်မိဘဲ အသံမဲ့ဂါထာကို တစ်လွဲဆိုခဲ့မိလို့ ဖြစ်ပါတယ်။

"ဆောရီးပဲကွာ"ဟယ်ရီက ရွန်ကို နောက်ထပ်တစ်ခါ တောင်းပန်စကားဆိုနေပေမဲ့ ဒင်းနဲ့ ဆီးမတ်စ်တို့က ခုထိ တအားဆက်အော်ရယ်နေတုန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com

"နက်ဖြန်ကျရင်တော့ မင်း နှိုးစက်နာရီတစ်လုံး ဆောင်ထားဖြစ်အောင် ဆောင်ထားပေတော့" ရွှန်က ဇလုံးဇထွေး မသဲမကွဲလေသံနဲ့ ဟယ်ရီ့ကို ပြန်ပြောတယ်။

နောက် သူတို့ အဝတ်အစားတွေ ဝတ်ကြ၊ မစ္စဝက်စလေထိုးပေးတဲ့ ဆွယ်တာတွေကို အပေါ်ထပ်ဝတ်ကြပြီး ဝတ်ရုံတွေ၊ လည်စည်းပဝါတွေ၊ လက်အိတ်တွေပါ ဆင်မြန်းကြနဲ့ သူတို့ကိုယ်သူတို့ ကြည့်ကောင်းအောင် မွမ်းမံသပြီး နံနက်စာ စားဖို့ ဆင်းလာကြတယ်။ ဒီမှာတင် အကြောက်ပြေသွားပြီ ဖြစ်တဲ့ ရွှန်က အချိန်ဆိုင်းမနေတော့ဘဲ နံနက်စာ စားရင်း ဟယ်ရီ့ရဲ့ ဂါထာအသစ် ဘယ်လောက် အစွမ်းထက်ပြီး အကြီးအကျယ် ပျော်စရာ ရယ်မောစရာ ကောင်းပုံကို ဟာမီယွန်ကို ပြန်ဖောက်သည်ချတယ်။

"အေး အဲဒီလိုနဲ့ နောက်တစ်ကြိမ်လည်း အလင်းရောင်တစ်ချက် ဖျတ်ခနဲ လက်သွားရော ငါလည်း ငါ့အိပ်ရာပေါ်ကို ဘုတ်ခနဲ ပြန်ကျသွားတော့တာပဲ" ရွှန်က မမီ့တမီ ဖြစ်နေတဲ့ ဝက်အူချောင်းကို မရမက လှမ်းယူရင်း ဟာမီယွန်ကို ပြုံးဖြဲဖြဲနဲ့ ကြွားပြီး ပြောလိုက်တယ်။

ဒါပေမဲ့ ဟာမီယွန်ကတော့ ရယ်ဖို့နေနေသာသာ တစ်ချက်ကလေးတောင် မပြုံးဘူး။ သူမရဲ့ အမူအရာက ဟယ်ရီ့အပေါ်မှာ မကျေမချမ်းနဲ့ သဘောမတွေ့သလို၊ သူစိမ်းပိုဆန်နေသလို ဖြစ်နေတယ်။

"အဲဒီဂါထာက နင့်ရဲ့ ဣန္ဒြေလဆေးရည် ဖော်စပ်နည်း စာအုပ်ကြီးထဲကပဲ နောက်တစ်ပုဒ်လား" သူမက ဟယ်ရီ့ကို မေးလိုက်တယ်။ ဒီမှာတင် ဟယ်ရီက ဟာမီယွန်ကို လှည့်ပြီးမျက်မှောင်ကုတ်ကြည့်ရင်း–

"နင်ဟာ အမြဲတမ်း ထော်လော်ကန့်လန့်နဲ့ ကတ်ဖဲ့လုပ်ဖို့ပဲ တတ်တယ်"လို့ ပြောတော့ ဟာမီယွန်က–

"နင်ပြောမှာသာ ပြောပါ။ အဲဒါဟုတ်လား မဟုတ်ဘူးလား ဒါပဲ" လို့ ဇွတ်မေးပြန်တယ်။

"အေး ဟုတ်တယ်ကွာ။ ဟုတ်တော့ ဘာဖြစ်လဲ" ဟယ်ရီက ဘုတောလိုက်တယ်။ "အို......... ဒါဆိုရင် နင်က နင်မသိသေးတဲ့ဟာ ရမ်းတုတ်ပြီး စမ်းသပ်ဖို့ ဆုံးဖြတ်လိုက်တာပေါ့ဟဲ့။ လက်ရေးနဲ့ ဂါထာကို ဘာဖြစ်နိုင်သလဲလို့ နင်စမ်းကြည့်တာပေါ့"

"အေး ဟုတ်တယ်လေ။ အဲဒါ လက်ရေးနဲ့ ရေးထားတဲ့ ဂါထာတွေထဲက ဟုတ်တော့ရော ဘာဖြစ်သလဲ" ဟယ်ရီက ဟာမီယွန်မေးတဲ့ မေးခွန်းကို တည့်တည့်မဖြေဘဲ ဝေ့လည်ကြောင်ပတ် ပြောလိုက်တယ်။

"ဘာဖြစ်ရမလဲ။ အဲဒီလိုဆိုရင် ဒီဂါထာဟာ မှော်ပညာဝန်ကြီးဌာနက အတည်မပြုသေးတဲ့ ဂါထာ ဖြစ်ကောင်းဖြစ်နိုင်တာပေါ့။ ပြီးတော့ အဲဒီအတိုင်းသာမှန်ရင် ဒီမှော်ဝိဇ္ဇာရဲ့ သဘောထားစရိုက်ဟာ ရိုးသားမှုမရှိဘဲ အန္တရာယ် ရှိနိုင်တယ်လို့ ငါစပြီး သံသယ ဖြစ်ရတော့မှာပဲ"ဟာမီယွန်က အတည်ပေါက်နဲ့ ပြောလိုက်တယ်။

ဒါပေမဲ့ သူမစကားလည်း ဆုံးရော ဟယ်ရီနဲ့ ရွှန်တို့ နှစ်ယောက်က ဝိုင်းဟားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"နင်ကတော့ တကယ့်ဟာသပဲ" ရွှန်က သူ့ပန်းကန်ထဲက ဝက်အူချောင်းတွေအပေါ် အချဉ်ရည်ပုလင်းကို ဖောက်ထိုးခေါက်ချရင်း ပြောလိုက်တယ်။ ဟာမီယွန်ကလည်း ချက်ချင်း ပြန်ပက်တယ်။

"ခြေကျင်းဝတ်ကနေ ဆွဲထားသလို လေထဲမှာ ဇောက်ထိုးတွဲလောင်း ဖြစ်တဲ့သူတွေသာ သူတို့ရဲ့ အချိန်နဲ့ ခွန်အားတွေကို ဒီလိုဂါထာအသစ်တွေ တီထွင်ဖန်တီးတဲ့ အလုပ်ကို လုပ်ကြတာဟဲ့"

"ဒါဖြင့်ရင် ဖရက်နဲ့ ဂျော့တို့ကရော ဘယ်လို လူစားတွေလဲ"ရွှန်က ပုခုံးတွန့်ပြပြီး ပြန်မေးလိုက်တယ်။

"ငါ့အဖေကတော့" ဟယ်ရီက ဗြုန်းခနဲ သတိရပြီး ပြောလိုက်တဲ့အတွက် ရွှန်နဲ့ ဟာမီယွန်တို့ နှစ်ဦးက "ဘာလဲ ဘာလဲ"ဆိုပြီး ပြိုင်တူ စိတ်ဝင်စားသွားတယ်။

"ငါ့အဖေက ဒီဂါထာကို သုံးလေ့ရှိတယ်။ ဒါလည်း ငါ့ကို လူပင်းကပြောလို့ သိတာပါ"

ဟယ်ရီက စကားကို ရှေ့ကအမှန်တစ်ဝက်၊ နောက်က အမှား တစ်ဝက်ပြောလိုက်တယ်။ တကယ်မှာတော့ သူ့ရဲ့အဖေက စနိပ်အပေါ်မှာ ဒီဂါထာသုံးခဲ့တာကို သူများပြောလို့ သိရတာမဟုတ်ဘဲ သူကိုယ်တိုင် မြင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ရွှန်နဲ့ ဟာမီယွန်ကို အဲဒီပင်ဆိဗ်ကို အပျော်ခရီးထွက်ခဲ့တဲ့ အကြောင်းနဲ့ ပတ်သက်ပြီး ဘယ်တော့မှ အသိမပေးဘဲ ထားလိုက်တယ်။ ခု သူ့အတွက် ဖြစ်နိုင်ခြေရှိတဲ့ အလားအလာ တစ်ခုပေါ်ပေါက်လာနေပြီး၊ အဲဒါကတော့ သွေးတစ်ဝက်မှော်ဝိဇ္ဇာဟာ ဘယ်သူဖြစ်နိုင်သလဲဆိုတာ ဖြစ်နေပါတယ်။

"အေး နင့်အဖေ ဒီဂါထာကို သုံးခဲ့တာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ နင့်အဖေ တစ်ယောက်တည်းတော့ မဟုတ်ဘူး။ ဒီဂါထာကို သုံးတဲ့လူတွေ တစ်ပုံကြီးရှိတယ်ဆိုတာ တို့သိတယ်။ နင်မေ့နေလို့ ဖြစ်မယ်။ လူတွေကို လေထဲမှာ တွဲလောင်းဖြစ်အောင် လုပ်တာ၊ ပြီးရင် လေထဲမှာမျောပါသွားပြီး ကယ်မယ့်သူမရှိဘဲ အိပ်ပျော်သွားစေ တတ်တယ်"

ဟယ်ရီက သူမကို စိုက်ကြည့်လိုက်တယ်။ သူ စိတ်မချမ်းသာစွာနဲ့ ကမ္ဘာ့ဖလားကွစ်ဒစ်ချ် ပြိုင်ပွဲမှာ တွေ့ခဲ့တဲ့ မရဏစားစုန်းကောင်တွေရဲ့ အပြုအမူတွေကို သွားသတိရလိုက်တယ်။ ဒါပေမဲ့ ရွှန်က သူ့ဘက်က စစ်ကူပါလာတယ်။

"ဘာမှမဆိုင်ဘူး။ နင်ပြောနေတာနဲ့ ဒီကိစ္စတွေက တခြားစီပဲ" ရွှန်က ခပ်ပြတ်ပြတ် ဝင်ပြောလိုက်တယ်။ "သူတို့က တလွဲတွေ လုပ်နေလို့ ဟယ်ရီနဲ့ သူ့အဖေက ရယ်ခဲ့တာပဲ ရှိတယ်။ နင် မှော်ဝိဇ္ဇာကို မလိုတမာ ဖြစ်နေတယ် မဟုတ်လား ဟာမီယွန်။ ဟုတ်မှာပေါ့။ ဣန္ဒြေလဆေးရည်တွေနဲ့ ပတ်သက်ရင် ဟိုက နင့်ထက်ပိုတော်နေတာကိုး"

"အို........ သွားစမ်းပါ။ ငါက ဘာအရေးလုပ်ရမှာလဲ" ဟာမီယွန်က မျက်နှာနီမြန်းသွားပြီး ပြောလိုက်တယ်။ "ငါပြောချင်တာက နင့်အနေနဲ့ ကိုယ် ဘာမှန်းအသေအချာ မသိရသေးတဲ့ ဂါထာတွေ စပြီးအသုံးချခဲ့တာရယ်၊ မှော်ဝိဇ္ဇာအကြောင်းပြောနေတာကို တမင်ရပ်ပစ်တာရယ်ဟာ သိပ်ကို တာဝန်မဲ့တဲ့ လုပ်ရပ်ဖြစ်တယ်။ ပြီးတော့ မှော်ဝိဇ္ဇာဆိုတဲ့ ဒီနာမည်ဟာ သူ့ကို ချစ်စနိုးခေါ်ကြတဲ့ နာမည်ပြောင်သာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မယ်ဆိုတာလည်း ငါလောင်းရဲတယ်။ သူဟာ ငါ့အတွက် လူကောင်းတစ်ယောက်တော့ ဖြစ်မှာ မဟုတ်ဘူး၊ ဒါပဲ”

ဒီတော့ ဟယ်ရီကလည်း....

“နင် ဘာကြောင့် ဒီလိုထင်တယ်၊ ပြောတယ်ဆိုတာတော့ ငါမသိဘူး။ တကယ်လို့ သူသာ မရဏစားစုန်းကောင်ပေါက်စ အဆွယ်အပွား တစ်ယောက်ဖြစ်နေမယ်ဆိုရင် သူဟာ သွေးတစ်ဝက်မှော်ဝိဇ္ဇာ ဖြစ်ပါတယ်လို့ ထုတ်ကြွားတော့မှာပေါ့။ ခု သူက ဒီလို လုပ်လို့လား”လို့ ဒေါသတကြီးနဲ့ ပြန်အော်လိုက်တယ်။ တစ်ခါ ဒီစကားကို ပြောနေရင်းမှာပဲ ဟယ်ရီက သူ့အဖေဟာ သွေးစစ်စစ်တစ်ယောက် ဖြစ်ခဲ့ကြောင်း ပြန်သတိရလိုက်တယ်။ ဒါပေမဲ့ ဟယ်ရီဟာ အဲဒီအတွေးကို သူ့ခေါင်းထဲက ချက်ချင်းထုတ်ပစ်ပြီး သွေးတစ်ဝက်မှော်ဝိဇ္ဇာနဲ့ ပတ်သက်လို့ပဲ စိုးရိမ်ကြောင့်ကြ ဖြစ်လာတယ်။

ဒါပေမဲ့ ဟာမီယွန်က ဖွတ်ပြောပြန်တယ်။ “မရဏစားစုန်းကောင်တွေ အားလုံး သွေးစစ်စစ်တစ်ယောက်မှ မဖြစ်နိုင်ဘူး။ သွေးစစ်တဲ့ မှော်ဆရာတွေလည်း မကျန်သလောက်ပဲ။ ငါကတော့ သူတို့ထဲက အများစုဟာ သွေးစစ်စစ်တွေ အဖြစ်အယောင်ဆောင်ထားတဲ့ သွေးတစ်ဝက်ပဲ ဖြစ်မယ်လို့ မျှော်လင့်ထားတယ်။ သူတို့ တကယ် မတ်ဂဲလ်အနွယ်တွေကို မုန်းနေတာမှန်ရင် နင်နဲ့ ရွန် သူတို့အထဲဝင်မှာကို သူတို့က အရမ်းသဘောကျပြီး ပျော်နေမှာပဲ”

ဒီမှာတင် ရွန်က မခံမရပ်နိုင်ဖြစ်ပြီး ပြောပြန်တယ်။

“သူတို့ ငါ့ကို မရဏစားစုန်းကောင် ဖြစ်အောင် လုပ်စရာဘာအကြောင်းမှ မရှိဘူး။ ငါတို့ မိသားစုတစ်ခုလုံး သွေးနှောတွေချည်းပဲ။ ဒီလို သွေးရောတွေလည်း မရဏစားစုန်းကောင်တွေအတွက် မတ်ဂဲလ်တွေနဲ့ဆတူ မနှစ်မြို့တဲ့သူတွေ ဖြစ်နေတယ်လေ”

ရွန် စိတ်ဆိုးမာန်ဆိုးနဲ့ သူ့ခက်ရင်းကို ဟာမီယွန်ဘက်လှည့်ပြီး တရွယ်ရွယ်နဲ့ ပြောနေတာကြောင့် ခက်ရင်းမှာထိုးထားတဲ့ ဝက်အူချောင်း အပိုင်းလေးတစ်ခု ကျွတ်ထွက်သွားပြီး အာနီးမက်မီလန်ရဲ့ ခေါင်းကို တန်းတန်းမတ်မတ် ထိမှန်သွားတယ်။ ဒီအတွက် အာနီး စိတ်မဆိုးခင်မှာပဲ–

“ငါ့ကိုတော့ သူတို့က ခေါ်ချင်မှာပဲဟေ့။ တို့ကလည်း သူတို့မခေါ်ချင်ဘဲ မနေနိုင်အောင် ကောင်းနေတာမို့လား”လို့ ဟယ်ရီက ဝင်ပြီး ငေါ့လိုက်ပြန်တယ်။

ဟယ်ရီ့စကားကြောင့် ရွန်က တဟားဟားရယ်နေသလို၊ ဟာမီယွန်တောင် မပြုံးချင်ပြုံးချင်နဲ့ တွန့်တွန့်တိုတိုလေး ပြုံးလိုက်မိတယ်။ တစ်ခါ အဲဒီအခိုက်မှာပဲ ဂျင်နီရောက်လာလို့ သူတို့ အာရုံအပြောင်းအလဲ ဖြစ်သွားကြတယ်။

“ဟေ့ ဟယ်ရီ၊ ငါဒါလေး နင့်ကို ပေးဖို့ရှိနေတယ်”

www.burmeseclassic.com

www.burmeseclassic.com

ဂျင်နီ့လက်ထဲမှာ ဟယ်ရီရဲ့ နာမည်တပ်ထားတဲ့ သားရေပုရပိုက်အလိပ် တစ်လိပ်ပါလာပြီး ကြည့်လိုက်တော့ သူမြင်နေကျ လက်ရေးသေးသေးမျှင်မျှင် စောင်းစောင်းလေးတွေ ဖြစ်နေတာကို တွေ့ရတယ်။

“ကျေးဇူးပါပဲ ဂျင်နီ”လို့ ပြောရင်း ဟယ်ရီက ပုရပိုက်လိပ်ကိုယူပြီး ကမန်းကတန်း ဖြန့်ဖတ်လိုက်တယ်။ ပြီးတော့ “ဒမ်းဘဲလ်ဒိုးဆီက ဒုတိယအကြိမ် သင်ခန်းစာပို့ချဖို့ ခေါ်တာကွ။ တနင်္လာနေ့ညနေပဲ” လို့ ရွန်နဲ့ ဟာမီယွန်ကို ပြောလိုက်တယ်။“တို့တွေ ဟော့စ်မိဒ်မှာ ဆုံကြမလား”လို့လည်း ဂျင်နီကို သူကမေးလိုက်တယ်။

“ငါက ဒင်းန်နဲ့ သွားမှာလေ။ အေးပါ ဟိုကျတွေ့ကြမှာပေါ့”လို့ ဂျင်နီက သောင်မတင်ရေမကျပြောပြီး လက်ဆွဲနှုတ်ဆက်နေတဲ့ သူတို့ရှေ့က ထွက်သွားပါတယ်။

ဖီးလ်ချ်ဟာ သူလုပ်နေကျ ဝတ္တရားအတိုင်း ကျောင်းရှေ့အဝင်ဝ ဝက်သစ်ချသား တံခါးကြီးနေရာမှာ ရပ်ပြီး လူအဝင်အထွက် စစ်ဆေးနေပါတယ်။ သူက ဟော့စ်မိဒ်နယ်မြေထဲကို ဝင်ခွင့်ရရှိသူ ဟုတ် မဟုတ် ကျောင်းထဲကထွက်လာသူတွေကို သူတို့ရဲ့ နာမည်တွေနဲ့ တိုက်ဆိုင်ပြီး စနစ်တကျ အသေအချာ စစ်နေတာလည်း ဖြစ်တယ်။ ဒါ့အပြင် ဖီးလ်ချ်က လူတိုင်းကို သူ့ရဲ့ လျှို့ဝှက်ချက် အာရုံခံကိရိယာနဲ့ သုံးကြိမ်သုံးခါစီ စစ်ဆေးနေတဲ့အတွက် ခုအကြိမ်မှာ ခါတိုင်းထက် အချိန်အများကြီး ပိုကြာသွားတယ်။

“ပြဿနာရှာလို့ဗျာ။ ဘာလဲ ကျွန်တော်တို့က လျှို့ဝှက်မှော်ပစ္စည်းတွေ မှောင်ခိုထုတ်သွားမယ့် သူတွေမို့လား”လို့ ရွန်က ထေ့ငေါ့ပြီး အရေးဆိုလိုက်တယ်။ ရှည်ရှည်သွယ်သွယ် လျှို့ဝှက်ချက် အာရုံခံ ကိရိယာကြီးကို ကြည့်ပြီးတော့လည်း သူ စိတ်တွေ ပူနေတယ်။ ပြီးတော့ သူက ဆက်ပြောတယ်။ “သေချာတယ်။ ကျွန်တော်တို့ ပြန်ဝင်လာရင်လည်း ခင်ဗျားဒီလိုပဲ စစ်ဦးမှာပဲ”

သူ့ကို အာရုံခံကိရိယာနဲ့ ထိုးထိုးပြီး စစ်ဆေးလိုက်တိုင်း သူအတော် သည်းခံနေရပြီး၊ ပါးစပ်ကလည်း ထော်လော်ကန့်လန့်တွေ လျှောက်ပြောခဲ့ရုံမကဘဲ သူတို့ ကျောင်းအပြင်ဘက် လေထဲမိုးထဲနှင်းထဲကို ထွက်လာကြတဲ့အထိ သူ့မျက်နှာကြီးက ရှုံ့မဲ့မြဲရှုံ့မဲ့နေတယ်။

ဟော့စ်မိဒ်နယ်မြေထဲကို လျှောက်ပြီး ဝင်သွားတဲ့ သူတို့ခရီးဟာ ပျော်ရွှင်စရာမကောင်းသလို ဖြစ်နေတယ်။ ဟယ်ရီက သူ့လည်စည်းပဝါကို မျက်နှာအောက်ပိုင်းအထိ လုံအောင်စည်းထားလိုက်တာတောင် ကျန်တဲ့မျက်နှာအားလုံးစိုစွတ်အေးစက်ပြီး ထုံကျင်လာသလို ခံစားနေရတယ်။ ဟော့စ်မိဒ်ရွာကလေးကို ဦးတည်နေတဲ့ လမ်းပေါ်မှာ ကျောင်းသားတွေနဲ့ ပြည့်နှက်နေပြီး သူတို့အားလုံး ဆိုးဝါးတဲ့လေဒဏ်ကို နှစ်ဖက်ညှပ်တိုက်တာ ခံနေရတယ်။ ဒါ့ကြောင့် ဒီခရီးကို ထွက်လာမယ့်အစား ကျောင်းသားနားနေခန်းကြီးထဲမှာ လုံလုံခြုံခြုံ နွေးနွေးနေရတာကမှ ပိုကောင်းဦးမယ်လို့ ဟယ်ရီ တစ်ကြိမ်မက တွေးတောနေမိတယ်။

ဒီလိုနဲ့ နောက်ဆုံးမှာ သူတို့ ဟော့စ်မိဒ်ကျေးရွာကို ရောက်သွားကြပြီး ဇွန်ကို ရဲ့ ပျဉ်ထောင်အဆောက်အအုံ ရယ်စရာဟာသဆိုင်ကို တွေ့လိုက်ရချိန်မှာတော့ ဟယ်ရီဟာ ဒီခရီးကို စိတ်ပျော်ရွှင်စရာတွေ့ရဖို့ မျှော်လင့်ချက် မရှိတော့ဘူးဆိုတာ ကိုယ့်ဘာသာကိုယ်

www.burmeseclassic.com

www.burmeseclassic.com

အတည်ပြုလိုက်ပါတယ်။ ဒီနောက်တော့ ရွန်က သူ့ရဲ့ လက်အိတ် အထူကြီးစွပ်ထားတဲ့ လက်နဲ့ လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ ကံကောင်းထောက်မစွာ ဟမ်းနီးဒိုက်စ်ဆိုင်ကြီး ဖွင့်နေဆဲအချိန်နဲ့ ကြုံကြိုက်နေတာကို ဟယ်ရီ တွေ့ရတယ်။ ဟယ်ရီနဲ့ ဟာမီယွန်တို့ လူတွေပြည့်ညပ်နေတဲ့ ဆိုင်ကြီးထဲကို ဒယီးဒယိုင်နဲ့ နောက်ကလိုက်ဝင်သွားကြတယ်။

"အမယ်လေး ဘုရားမလို့"အထဲကို ရောက်သွားကြပြီး နွေးနွေးထွေးထွေးနဲ့ ကော်ဖီနံ့လေး သင်းနေတဲ့လေရဲ့ ထွေးပိုက်မှုကို ခံလိုက်ရချိန်မှာ ချမ်းလွန်းလို့ တခိုက်ခိုက်တုန်နေပြီဖြစ်တဲ့ ရွန်ကပြောလိုက်တာပါပဲ။ "ကဲ.... ငါတို့ ဒီအထဲမှာပဲ မွန်းလွဲတစ်ချိန်လုံး နေကြရအောင်ကွာ"လို့ သူက ပြောသေးတယ်။ ဒီအခိုက်မှာပဲ "လူလေး ဟယ်ရီ"ဆိုတဲ့ အားပါးတရ အော်လိုက်တဲ့အသံကြီးတစ်ခု သူတို့နောက်က ထွက်လာတဲ့အတွက် သူတို့ အလန့်တကြား ဖြစ်သွားတယ်။

"ဟာ ဘယ်လိုဖြစ်တာလဲ"သုံးယောက်သား ပြိုင်တူ လှည့်ကြည့်လိုက်ချိန်မှာ အမွေးထူတဲ့ ဇရာမဦးထုပ်ကြီးတစ်လုံးကို ဆောင်းပြီး၊ သားမွေးကော်လာ အပေါ်ကုတ်အင်္ကျီရှည်ကြီး တဖားဖားနဲ့ ပါမောက္ခပက်ကျိချို ဖြစ်နေတာ တွေ့ရတဲ့အတွက် ဟယ်ရီက အံ့သြပြီး ပြောလိုက်ပါတယ်။ ဆိုင်ရဲ့ လေးပုံတစ်ပုံထက်မနည်း အကျယ်လောက်ကို နေရာယူထားတဲ့ ပက်ကျိချိုဟာ ဇရာမ နာနတ်သီးပုံအိတ်ကြီး တစ်လုံးကိုလည်း ကိုင်ထားတယ်။

"ဟယ်ရီရေ ဟောဒါကတော့ လက်ရွေးစင်တွေထဲက သုံးခုပဲကွာ။ မင်းဒီနေ့ လွတ်သွားပြီပေါ့" ပက်ကျိချိုဟာ ဟယ်ရီ့ကို ခင်မင်ဖော်ရွေစွာနဲ့ ရင်ဘတ်ကို လက်နဲ့ အသာလေးထိုးပြီး "ငါက မင်းပါရမယ်လို့ ဆုံးဖြတ်ထားတာ ဖြစ်မလာဘူး။ မစ္စဂရန်ဂျာက သူတို့ကို သိပ်သဘောကျတယ်။ မင်းကော"

"ဟုတ်ကဲ့ သဘောကျပါတယ်။ တကယ် သဘောကျပါတယ် ခင်ဗျာ"

ပြေးစရာလည်း မြေမရှိ၊ ဆင်ခြေပေးစရာအဖြေမရှိဘဲ ကယ်ရာမဲ့ဖြစ်နေတဲ့ ဟယ်ရီက ပြောလိုက်တယ်။

"အို ဒါဆိုရင် မင်းက တစ်ခါတည်း ဘာလို့ လိုက်မလာတာလဲ"ပက်ကျိချိုက အထွန့်တက်ပြီး အကျပ်ကိုင်သလောက် ပြောနေပြန်တယ်။

"ဟုတ်ကဲ့ပါ။ ကျွန်တော်က ကွစ်ဒစ်ချ်အသင်းအတွက် လက်တွေ့လေ့လာ ပြင်ဆင်မှုရှိနေလို့ပါ ပါမောက္ခကြီး" ဟယ်ရီက ပြောရပြန်တယ်။ အမှန်တကယ်လည်း ပက်ကျိချိုက ခရမ်းရောင်ဖဲကြိုးကလေးနဲ့ တန်ဆာဆင်ထားတဲ့ ဖိတ်စာသေးသေးကလေးကို ပို့လိုက်တဲ့အကြိမ်တိုင်း ဟယ်ရီဟာ အသင်းအတွက် လေ့ကျင့်ပြင်ဆင်ရမယ့်အချိန်နဲ့ တိုက်နေခဲ့တာချည်း ဖြစ်နေခဲ့တယ်။ ဒီအချိန်မှာ ရွန်က ဂျင်နီနဲ့ ရယ်မောပြီး၊ ဟာမီယွန်ကတော့ မက်လက်ဂျင်း၊ ဇာဘိနီတို့နဲ့အတူ ဘာမှမပြောဘဲ နေနေကြတယ်။

www.burmeseclassic.com

"ကဲ ကဲ ဟုတ်ပါပြီကွာ။ မင်းခုလို အပြင်းအထန် ကြိုးစားထားတဲ့အတွက် မင်းရဲ့ ပထမဆုံးပြိုင်ပွဲမှာ မင်းအနိုင်ရလိမ့်မယ်လို့ ငါတကယ့်ကို မျှော်လင့်ပါတယ်။ ဒါနဲ့ တနင်္လာနေ့ညဆိုရင်ကောကွာ၊ အဲဒီည ရာသီဥတုမျိုးမှာတော့ မင့်လေ့ကျင့်ခန်း ဆင်းချင်မှာ မဟုတ်ပါဘူး"

"ကျွန်တော် မလာနိုင်ပါဘူး ပါမောက္ခကြီး။ အဲဒီညမှာလည်း ကျွန်တော် ပါမောက္ခဒမ်းဘဲလ်ဒိုးနဲ့ ချိန်းဆိုထားပြီးသား တစ်ခုရှိနေပါတယ်"

"ဟာ ထပ်ပြီး ကံမကောင်းပြန်ပါလား" ပက်ကျိချိုက တစ်အား အော်ပစ်လိုက်တယ်။ ပြီးတော့မှ "ဟုတ်ပြီလေ၊ မင်း ငါ့ကို တစ်သက်လုံးတော့ ရှောင်လို့မရနိုင်ပါဘူး ဟယ်ရီ"လို့ ပြောလိုက်တယ်။

ဒီနောက်မှာတော့ ပက်ကျိချိုဟာ ဟန်ပါပါနဲ့ လက်တစ်ဖက်ကို ဝှေ့ယမ်းပြရင်း ရွန့်ကိုလည်း ဖျတ်ခနဲတစ်ချက်သာ လှမ်းကြည့်ပြီး ဆိုင်ထဲက ယက်ကန်ယက်ကန် ကားတားကားတားနဲ့ လျှောက်လှမ်းထွက်ခွာသွားပါတယ်။

"နောက်တစ်ယောက်ကို နင် ရှောင်တိမ်းလိုက်နိုင်ပြန်ပြီ။ ငါတော့ ယုံတောင် မယုံနိုင်တော့ဘူး ဟယ်ရီရယ်........"ဟာမီယွန်က ခေါင်းကလေးကို အသာခါယမ်းရင်း ပြောလိုက်တယ်။ ပြီးတော့ "ဒီနေရာက သိပ်မဆိုးဘူး၊ ပျော်စရာတော့ ကောင်းပါတယ်ဟဲ့"လို့ ပြောနေရာက ရွန်ရှိနေရာဘက်ကို လှမ်းကြည့်ပြီး "အို.... ဟိုမှာ သူတို့ အကောင်းစား ငှက်မွေးမင်တံတွေ ရနေတယ်ဟဲ့။ ဒါနောက်ဆုံးအသုတ် ရောင်းပေးတာ ဖြစ်မယ်"လို့ ပြောပြီး အာရုံပြောင်းသွားပါတယ်။ ဟယ်ရီကိုယ်တိုင်လည်း အဲဒီ အကောင်းစား သားသားနားနား ငှက်မွေးတောင်တွေကို သဘောကျ စိတ်ဝင်စားသွားတယ်။

"ဒီကပြီးရင် နောက် တို့ ဘယ်နေရာကို ဆက်မလဲ" ဟာမီယွန်က ရွန့်ကို မေးလိုက်တယ်။ ဒါပေမဲ့ ရွန်က မဖြေလို့ ဟယ်ရီက ဝင်ပြောတယ်။

"တံမြက်စည်းရိုးသုံးချောင်းဆိုင်ကို သွားကြစို့။ အဲဒီမှာ တို့အနွေးဓာတ်ပိုရနိုင်တယ်"

သူတို့ မျက်နှာတွေကို လည်စည်းပဝါတွေနဲ့ အုပ်ပြီး နောက်ဘက်မှာ စည်းချည် လိုက်ပြီးမှ သူတို့ အချိုပစ္စည်းအရောင်းဆိုင်ထဲက ထွက်လာကြတယ်။ အပြင်ဘက်မှာ လေပြင်းက သူတို့ မျက်နှာတွေကို ဓားပါးနဲ့လှီးသလို သူတို့ ခံစားရတယ်။ လမ်းပေါ်မှာ လူရှင်းနေတယ်။ ဘယ်သူမှ ရပ်ပြီး စကားပြော အချိန်ဆွဲနေတာမျိုး မရှိဘဲ သူတို့ သွားရမယ့် နေရာရောက်ဖို့ ခြေကုန်သုတ်သွားနေတယ်။ ဒါပေမဲ့ ခြွင်းချက်တော့ ရှိတယ်။ လူနှစ်ယောက်၊ သူတို့ ရှေ့ခပ်လှမ်းလှမ်းမှာ။ အတိအကျပြောရရင်တော့ တံမြက်စည်းရိုး သုံးချောင်းဆိုင်ရှေ့မှာ မတ်တတ်ရပ်နေတာပဲ။ တစ်ယောက်က အရပ် ရှည်ရှည် ပိန်ပိန်၊ မိုးရေတွေ ရွှဲနေတဲ့ သူ့မျက်မှန်ထဲကနေ ကြည့်လိုက်တော့ ဒီလူကို ဟယ်ရီ မှတ်မိနေတယ်။ ဒီဟော့စ်မိဒ်ရွာမှာပဲ တခြား အရက်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်တဲ့ စားပွဲထိုး ဝက်ခေါင်း ဖြစ်နေတယ်။

ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ သုံးယောက် သူတို့နဲ့လည်း နီးလာရော ဝက်ခေါင်းဟာ သူ့ဝတ်ရုံကို လည်ပင်းတစ်ဝိုက်မှာ ပိတ်သွားအောင် ချပ်ချပ်ရပ်ရပ်ဆွဲကပ်ပြီး အနားက သူ့ကိုယ်ပေါ်မှာ လက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ဟိုစမ်းစမ်း သည်စမ်းစမ်း တစ်ခုခု ရှာဖွေနေတဲ့ ပုပျပ်ပျပ်လူကို ထားခဲ့ပြီး အဲဒီနေရာက ထွက်သွားတယ်။ အဲဒီလူ ဘယ်သူဆိုတာကို ဟယ်ရီ ပြန်သတိရလိုက်ချိန်မှာ သူတို့နဲ့ ဟယ်ရီ ခြေလှမ်းအနည်းငယ်ပဲ ကွာတော့တယ်။

"မန်းဒန်းဂတ်စ်"ပါလား။ ဟယ်ရီက ခေါ်လိုက်တယ်။

ပုပျပ်ပျပ် ဂင်တိုတို ခြေခွင်နေပြီး ခေါင်းပေါ်မှာ နီဝါရောင် ဆံပင်ရှည်တွေ ဖွာလန်ကြဲနေတဲ့လူ လန့်ပြီးခုန်လိုက်ရာမှာ သူ့လက်ထဲက ရှေးဟောင်း ခရီးဆောင် လက်ဆွဲအိတ်ကြီးတစ်လုံးက မြေကြီးပေါ်ကို အရှိန်နဲ့ ကျပွင့်ထွက်သွားပြီး ဆိုင်ပြတင်းပေါက်တစ်ခုက ပစ္စည်းတွေဖြစ်ပုံရတဲ့ ဇူလိနတ်စပစ္စည်းတွေ လမ်းပေါ်ကို ထွက်ကျလာတယ်။

"အို.... အရေးထဲ"မန်းဒန်းဂတ်စ် ဖလက်ချာက ယောင်ယမ်းရေရွတ်ရင်း "မင်းတို့ ကိုယ့်လမ်းကိုယ်သွား ငါ့ကိစ္စထဲ ဝင်မပါနဲ့"လို့ ပြောလိုက်တယ်။

ပြီးတော့ သူဟာ ရေးကြီးသုတ်ပျာနဲ့ ထွက်သွားရမယ့် လူတစ်ယောက်ပုံစံမျိုးနဲ့ ပြန့်ကျဲနေတဲ့ လမ်းပေါ်ကပစ္စည်းတွေကို တစ်ခုစီလိုက်ကောက်ပြီး ခရီးဆောင် လက်ဆွဲအိတ်ကြီးထဲကို ဖြုတ်စဗျင်းတောင်း ထိုးထည့်နေတယ်။

"ဟေ့ကောင် အဲဒီပစ္စည်းတွေကို မင်းရောင်းမှာလား"ညစ်ပေပေ ပစ္စည်းတစ်တွဲကို ကောက်ကိုင်ကြည့်ရင်း မန်းဒန်းဂတ်စ်ကို ဟယ်ရီက မေးလိုက်တယ်။

"အိုကွာ သွားမှာသာ သွားကြစမ်းပါ။ ပေး အဲဒီပစ္စည်း ငါ့ပြန်ပေး"လို့ မန်းဒန်းဂတ်စ်က ပြန်တောင်းနေတယ်။ ဒီအချိန်မှာပဲ တစ်ခါ ရွှန်ကရှေ့ကိုကုန်းပြီး ငွေထည်ပစ္စည်းကလေး တစ်ခုကို ကောက်ယူလိုက်ပြန်ပါတယ်။

"နေဦး နေဦး။ ဒီပစ္စည်းကို ငါမြင်ဖူးနေတယ်" ရွှန်ကို ဖြည်းဖြည်းချင်း ပြောရင်း စဉ်းစားနေတယ်။

"ကဲ ကျေးဇူးပဲဗျာ၊ နောက်တော့ တွေ့တာပေါ့ ဟုတ်လား" ပြောပြောဆိုဆို မန်ဒန်းဂတ်စ်က ရွှန့်လက်ထဲက ပစ္စည်းကို ဆတ်ခနဲ ပြန်လုယူလိုက်ပြီး သူ့အိတ်ကြီးထဲကို ကမန်းကတန်း ထိုးသွင်းရင်း ထွက်ပြေးဖို့ ဟန်ပြင်လိုက်တယ်။

ဒီမှာတင် ဟယ်ရီက မန်ဒန်းဂတ်စ်ကို လည်မျိုကနေ ကိုင်ပြီး အရက်ဆိုင်ရဲ့ နံရံဆီကို တွန်းသွားပြီးမှ မလှုပ်နိုင်အောင် နံရံနဲ့ ထောင့်ကပ်ထားပြီး ကျန်တဲ့လက်တစ်ဖက်နဲ့ သူ့ဆေးကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။

"ဟယ်ရီ" ဟာမီယွန်က စူးစူးဝါးဝါး အော်လိုက်တယ်။

www.burmeseclassic.com

"မင်း ဒါ ဆီးရီးယတ်စ်အိမ်က ယူလာတာ မဟုတ်လား။ ဒီပစ္စည်းပေါ်မှာ လျှို့ဝှက်မော်မိသားစု အမှတ်အသားတံဆိပ် ရှိတယ်ကွ"ဟယ်ရီက သူ့မျက်နှာကို မန်ဒန်းဂတ်စ်မျက်နှာနဲ့ နှာခေါင်းချင်း ထိလုမတတ် ကပ်ပြီး စိုက်ကြည့်ရင်း မေးလိုက်တယ်။ ဒါကြောင့် မန်ဒန်းဂတ်စ် အသက်ရှူထုတ်တဲ့ လေထဲကနေ မသတီစရာကောင်းတဲ့ ဆေးရွက်ကြီးနဲ့ အရက်နံ့တွေ သူ ရနေတယ်။

"ကျွန်တော် မဟုတ်ပါဘူး။ ဟိုဒင်း ဘာကို ကျွန်တော်က ...." မန်ဒန်းဂတ်စ်က အထစ်ထစ်အငေါ့အငေါ့ ဒရောသောပါး ပြန်ဖြေတယ်။ တစ်ချိန်တည်းမှာပဲ သူ့မျက်နှာဟာ ခရမ်းရောင်ကို တစ်ဖြည်းဖြည်း ပြောင်းလာနေတယ်။

"ကဲ ဒါဆို သူသေတဲ့ညက မင်းဘာတွေလုပ်ခဲ့သလဲ။ အဲဒီနေရာက ဘာတွေ ဖြုတ်ခွာယူခဲ့သလဲ" ဟယ်ရီက ဒေါသနဲ့ ဟိန်းဟောက်ပြီး ထပ်မေးလိုက်တယ်။

"ကျွန်တော် ဘာ ဘာမှ မ မလုပ်"

"ပေးစမ်း အဲဒီပစ္စည်း ငါ့ကို"

"ဟယ်ရီ နင်မလုပ်နဲ့"ဟာမီယွန်က စူးခနဲ အော်ပြီး တားလိုက်တယ်။ ဒီအချိန်မှာပဲ မန်ဒန်းဂတ်စ်ရဲ့ မျက်နှာဟာ ပြာနှမ်းစပြုလာတယ်။

နောက်ချက်ချင်းလိုလို "ဝုန်း"ဆို အသံကြီးတစ်ခု မြည်သွားပြီး မန်ဒန်းဂတ်စ်ရဲ့ လည်မျိုကို ညှစ်ထားတဲ့ သူ့ရဲ့ လက်တွေ ပြုတ်ထွက်လွင့်သွားတာကို ဟယ်ရီ သိလိုက်တယ်။ ဟောဟဲလိုက် အသက်ရှူရင်း၊ တခွပ်ခွပ်ချောင်းဆိုးရင်း မန်ဒန်းဂတ်စ်က လွင့်ကျနေတဲ့ သူ့အိတ်ကို ဒရောသောပါး ကောက်ယူလိုက်ပြီးချိန်ပဲ "ဖောက်"ခနဲ အသံတစ်ချက် ထပ်မြည်သွားပြီး အဲဒီနေရာက သူပျောက်ကွယ်သွားပါတော့တယ်။

မန်ဒန်းဂတ်စ် ဘယ်ကို ထွက်ပြေးသွားသလဲသိရအောင် အခင်းဖြစ်နေရာ တစ်ဝိုက်ကို လှည့်ပတ်ကြည့်ရင်း၊ အသံကုန်အော်ဟစ်ဆဲဆိုရင်း ဟယ်ရီက ပြန်ခေါ်နေတယ်။

"ဟေ့ကောင် ပြန်ထွက်လာစမ်း။ မင်းသူခိုးပဲ"

"သူ့ကို မင်း အစအနတောင် တွေ့တော့မှာ မဟုတ်ဘူး ဟယ်ရီ"

အသံကြားလို့ လှည့်ကြည့်လိုက်တော့ ဘယ်နေရာက ဘယ်လို ပေါ်လာမှန်း မသိရဘဲ တွန့်ခ်စ်ရောက်နေတာကို ဟယ်ရီ တွေ့လိုက်ရတယ်။ သူမရဲ့ ညိုညစ်ညစ်အရောင် ဆံပင်တွေ မိုးရေတွေ နှင်းတွေနဲ့ ရွှဲနေတယ်။

"မန်ဒန်းဂတ်စ် ခလောက်ဆိုရင် လန်ဒန်ကို ရောက်ကောင်းရောက်နေလောက်ပြီ။ မင်းအော်နေလည်း အလကားပဲ"

www.burmeseclassic.com

"ဒီကောင်က ဆီးရီးယတ်စ်ရဲ့ ပစ္စည်းကို ဖြောင်ထားတယ်ဗျ။ သူ ခိုးထားတယ်"

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ပြီးတာပြီးပါစေတော့။ မင်းတို့ ဒီအအေးတောထဲမှာ မနေသင့်တော့ဘူး" ဟယ်ရီပြောလိုက်တဲ့ သတင်းကို ကြားရပေမဲ့ လုံးဝအလျဉ်း နည်းနည်းကလေးတောင် ထိခိုက်ခံစားရပုံမပေါ်တဲ့ တွန့်ခ်စ်က ပြောလိုက်တယ်။ ပြီးတော့ သူတို့တွေ တံမြက်စည်းရှိုး သုံးချောင်းဆိုင်တံခါးကနေ ဝင်သွားတဲ့အထိ သူမက စောင့်ကြည့်နေတယ်။

ဆိုင်ထဲကို ရောက်သွားသွားချင်း အခဲမကြေနိုင် ဖြစ်နေတဲ့ ဟယ်ရီက ကျယ်လောင် ကျယ်လောင် ထပ်ပြောပြန်တယ်။ "ဆီးရီးယတ်စ်ရဲ့ ပစ္စည်းတွေကို ဒီကောင် ခိုးယူထားတာ သေချာတယ်"

"ငါ သိပါတယ်ဟဲ့။ ဒါပေမဲ့ ကျေးဇူးပြုပြီး နင်မအော်နဲ့။ ဟိုမှာ လူတွေ ကြည့်နေပြီ။ သွား ဟိုမှာထိုင်။ ငါနင့်ဖို့ သောက်စရာ ယူပေးမယ်"

နောက်မိနစ်အနည်းငယ် ကြာသွားပြီးလို့ ထောပတ်ဘီယာပုလင်းကြီး သုံးပုလင်းကိုင်ပြီး ဟာမီယွန် ပြန်ရောက်လာတဲ့အချိန်အထိ ဟယ်ရီ ဒေါသမပြေနိုင်ဘဲ ဖြစ်နေတယ်။

"မှော်လောက အုပ်ချုပ်ရေးအဖွဲ့ကြီးနဲ့ ဥပဒေတွေက မန်ဒန်းဂတ်စ်ကို မထိန်းချုပ်နိုင်တော့ဘူးလား"သူက တိုးတိုးပြောပေမဲ့ ဒေါသကြောင့် သူ့အသံကို ဘေးကကြားနိုင်လောက်တယ်။ "တခြား အရေးယူတာတွေ မလုပ်နိုင်ဘူးပဲထား၊ သူတို့ကဒီကောင့်ကို အနည်းဆုံး မခိုးအောင်တော့ တားနိုင်ရမှာပေါ့။ သူ ဌာနချုပ်မှာ ရောက်နေတာ မသင့်တော်ပါဘူးကွာ"

"ရှီး...." ဟာမီယွန်က သူတို့ပြောတာကို နားထောင်နေတဲ့သူ ရှိ မရှိ သေချာအောင် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီး ဟယ်ရီ့ကို ဟန့်လိုက်တယ်။ သူတို့အနားမှာ ရဲဝန်ထမ်းနှစ်ယောက် ရှိနေပြီး သူတို့က ဟယ်ရီ့ကို စိတ်ဝင်တစား စိုက်ကြည့်နေတယ်။ ဇာဘီနီကတော့ မလှမ်းမကမ်းမှာ တိုင်ကြီး တစ်လုံးကိုမှီပြီး ခေါင်းငိုက်စိုက်နဲ့ ပျင်းရိပျင်းတွဲ ဖြစ်နေတယ်။ ဟာမီယွန်က တိုးတိုး ဆက်ပြောတယ်။ "ငါလည်း စိတ်အနှောင့်အယှက် ဖြစ်တာပါပဲ ဟယ်ရီ။ သူ နင့်ပစ္စည်းတွေကို ခိုးနေတာ ငါလည်း သိတယ်"

ဟယ်ရီ သူ့ပါးစပ်ကို ထောပတ်ဘီယာနဲ့ ဆို့ထားလိုက်တယ်။ ဂရင်းမ်မောလ် အရပ်ကအိမ်ကို သူပိုင်တာ သူမေ့နေတယ်။

"အေး ဟုတ်သားပဲ။ ဒါတွေဟာ ငါ့ပစ္စည်းတွေပဲ။ ဒါကြောင့် သူ ငါ့ကိုမြင်တော့ သဘောမကျ ဖြစ်သွားတာကိုး။ ကောင်းပြီ၊ ငါ ဘာဆက်လုပ်ရမလဲလို့ ဒမ်းဘဲလ်ဒိုးကို ပြောပြပြီးမေးမယ်။ မန်ဒန်းဂတ်စ်ကြောက်တာလည်း သူတစ်ယောက်ပဲ ရှိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအကြံ သိပ်ကောင်းတယ်"ဟယ်ရီ ဒေါသပြေပြီး အေးအေးဆေးဆေး ဖြစ်သွားတာ မြင်ရလို့ ရင်ထဲမှာပေါ့သွားတဲ့ ဟာမီယွန်က ပြောရင်း ရွန့်ကို တစ်ဆက်တည်း မေးလိုက်တယ်။ "ဟဲ့ ရွန် နင်က ဘာကြည့်နေတာလဲ"

"ဘာမှ မကြည့်ဘူး"ရွန်က ပြောပြီး သူ့မျက်လုံးတွေကို ဘားဆိုင်ရဲ့ အပြင်ဘက် ခပ်ဝေးဝေးကို ကမန်းကတန်း လှည့်ပစ်လိုက်တယ်။ ဒါပေမဲ့ ရွန်ဟာ ရှိုက်ဖိုကြီးယေ အသွယ်သွယ်နဲ့ အချိုးကျပြေပြစ်ပြီး ဆွဲဆောင်ဖမ်းစားနိုင်စွမ်း အပြည့်အဝရှိတဲ့ အရက်ဆိုင်စားပွဲထိုးမလေး မဒမ်ရိုစ်မာတာနဲ့ မျက်လုံးချင်းဆုံမိအောင် ကြိုးစားနေတယ်ဆိုတာ ဟယ်ရီ သိနေတယ်။ ရွန်က ဒီမိန်းကလေးကို သဘောကျ ခင်မင်တွယ်တာနေတာ ကြာပြီဖြစ်လို့ပဲ။

ဒီမှာတင် ဟာမီယွန်က ကိုယ့်အထင်နဲ့ကိုယ် စွတ်ပြောပြီး အသောဖောက် လိုက်တယ်။ "နင့်ရဲ့ ဘာမှမကြည့်ဘူးဆိုတဲ့ နောက်ကွယ်မှာ မီးတောက် ဝီစကီအရက် ပြင်းပြင်းလေးတစ်ခွက် ထပ်လိုချင်တာ ရှိနေလိမ့်မယ်လို့ ငါထင်တယ်"

ဒါပေမဲ့ ရွန်က ဒီရေလာမြောင်းပေး စကားခေါ်တဲ့ ဟာမီယွန့်အပြောကို မသိသလို လုပ်ပြီး သူ့ရဲ့ ဘီယာကိုပဲ စုပ်သောက်ရင်း ငြိမ်ငြိမ်ကလေး အသံတိတ် နေလိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဟယ်ရီကတော့ ဆီးရီးယတ်စ်အကြောင်းနဲ့ အဲဒီငွေဝိုင် ကလပ်ခွက်တွေကို ဘယ်လောက်မုန်းတဲ့ အကြောင်းကိုပဲ စဉ်းစားနေတယ်။

ဟာမီယွန်က စားပွဲကို သူမရဲ့ လက်ချောင်းကလေးတွေနဲ့ စည်းချက်ကျကျ ခေါက်ရင်း သူမရဲ့ မျက်လုံးတွေကို ရွန်နဲ့ ဘားကောင်တာအကြားမှာ ဖျတ်ခနဲ ဖျတ်ခနဲ လွှန်းထိုးနေတယ်။ ဟယ်ရီ သူ့ပုလင်းထဲက နောက်ဆုံး ဘီယာလက်ကျန်ကလေးကို အပြီးသတ်မော့ချလိုက်ချိန်မှာ သူမက ပြောတယ်။

"ငါတို့ ဒီလောက်နဲ့ပဲ ဒီနေ့အတွက် တော်ကြပြီး ကျောင်းကို ပြန်ကြမလား"

ကျန်တဲ့နှစ်ယောက်ကလည်း ခေါင်းညိတ်တယ်။ ဒီနေ့ခရီးလေးက သူတို့အတွက် ပျော်စရာ ဖြစ်မလာခဲ့ပါဘူး။ ရာသီဥတုကလည်း သူတို့ ရောက်နေချိန်အတွင်း ဆိုးသည်ထက်သာ ဆိုးလာပြီး အဆိုးဆုံးအခြေအနေကို ရောက်နေတယ်။ သူတို့ နောက်ထပ်တစ်ကြိမ် သူတို့ ဝတ်ရုံတွေကို တင်းရင်းချပ်ရပ်နေအောင် ဆွဲစေ့ခြုံကြ၊ လည်စည်းပဝါတွေကို ပြင်စည်းပတ်ပြီး လက်အိတ်တွေကို ဆွဲတင်ကြနဲ့ ပြန်ဖို့ ပြင်ဆင်ကြတယ်။ ပြီးတော့ ကေတီဘဲလ်နဲ့ သူငယ်ချင်းတစ်ယောက် နောက်ကနေ ယမကာဆိုင် အပြင်ဘက်ကို ထွက်လိုက်လာကြပြီး လမ်းမပေါ်ကို ပြန်ရောက်လာကြတယ်။

နှင်းတွေစိုရွှဲနေတဲ့ အေးစက်စက်ရွှံ့နဲ့ မြေပျော့တွေကို ဖြတ်ပြီး ဟော့ဂ်ဝပ်စ်ကျောင်းကြီးကို ပြန်တဲ့လမ်းမပေါ်မှာ မလှမ်းချင်လှမ်းချင်နဲ့ တအိအိ လှမ်းရင်း လျှောက်နေတဲ့ ဟယ်ရီ့ရဲ့ အတွေးတွေ ဂျင်နီ့ဆီကို ရောက်သွားတယ်။ ဒီခရီးမှာ သံသယဖြစ်စရာ ကောင်းအောင် ဂျင်နီနဲ့ ဒင်းက အကြည်ဆိုက်နေတဲ့ အတွဲတွေ ချိန်းချက်စက်ကျလေ့ရှိတဲ့ မဒမ်ပွတ်ဒီဖုထ်ရဲ့ လက်ဖက်ရည်ဆိုင်ထဲ သီးသန့်နှစ်ယောက်ခန်းထဲမှာ စကား လက်ဆုံ ပြောမကုန်အောင် ဖြစ်နေခဲ့လို့ပဲ။ ဟယ်ရီ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

ရှစ်ခေါက်ချိုးနဲ့ သူ့ခြေထောက်အောက်က နှင်းတွေကို သုန်သုန်မှုန်မှုန်ငုံ့ကြည့်ရင်း ဆက်လျှောက်နေတယ်။

အဲဒီတစ်ခဏမှာပဲ နောက်ဘက်ကို လေနဲ့အတူ သယ်လာတဲ့ ရှေ့ကနေသွားနေတဲ့ ကေတီဘဲလ်နဲ့ သူမရဲ့ သူငယ်ချင်းရဲ့အသံတွေကို ဟယ်ရီ သတိထားမိသွားတယ်။ အသံက ခဏချင်းမှာပဲ စူးစူးဝါးဝါး ပိုကျယ်လောင်လာတယ်။ ဟယ်ရီ ခပ်ဝေးဝေးရောက်နေတဲ့ သူတို့ရဲ့ ဝိုးတဝါး ပုံရိပ်တွေကို လှမ်းကြည့်လိုက်တယ်။ မိန်းကလေးနှစ်ယောက်ဟာ ကေတီရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ ပစ္စည်းတစ်စုံတစ်ရာနဲ့ ပတ်သက်ပြီး အချေအတင် ငြင်းခုံနေကြတာ ဖြစ်ပါတယ်။

"ဒီပစ္စည်းက နင်နဲ့ ဘာမှမဆိုင်ဘူး လင်းန်"ဆိုတဲ့ ကေတီရဲ့ အသံကို သူအတိုင်းသား ကြားရတယ်။

သူတို့ လမ်းကြောပေါ်က အကွေ့ကလေးတစ်ခုကို ပတ်သွားချိန်မှာ မိုးနဲ့နှင်းတွေ ထူထူထဲထဲ သဲသဲမဲမဲ ကျလာနေလို့ ဟယ်ရီရဲ့ မျက်မှန်က ကြည့်မကောင်းတော့ဘဲ မှုန်ပိတ်ဝေဝါးနေတယ်။ ဒါကြောင့် မျက်မှန်အပြင်ဘက်မှာ ကပ်နေတဲ့ နှင်းနဲ့မိုးစက်တွေကို သုတ်ပစ်ဖို့ လက်အိတ်စွပ်ထားတဲ့ သူ့ရဲ့ လက်တစ်ဖက်ကို မြှောက်လိုက်ချိန်မှာပဲ လင်နီက ကေတီ့လက်ထဲမှာ ကိုင်ထားတဲ့ အထုပ်ကို လုယူလိုက်တာကို သူတွေ့ရတယ်။ ကေတီကလည်း ပြန်ဆွဲလုတယ်။ ဒီမှာတင် အထုပ်က မြေကြီးပေါ်ကို ပြုတ်ကျသွားတယ်။

ချက်ချင်းလိုပဲ ကေတီလေထဲကို မြှောက်တက်သွားပြီး ခြေကျင်းဝတ်ကနေ ဆိုင်းထားသလို တွဲလောင်းဖြစ်နေတယ်။ ဒါပေမဲ့ သူက ရွှန်ဖြစ်သလို ဖောက်ထိုးကြီး မဟုတ်ဘဲ လှလှပပ ကြော့ကြော့မော့မော့ လက်တွေကိုပါ ဘေးကို ဖြန့်ကားထားတဲ့အတွက် ငှက်သွင်ပျံကြွမတတ်သော် ဆိုတာမျိုးလို လေဟုန်မှာ ပျံဝဲတော့မလို ဟန်မျိုး ဖြစ်နေတယ်။

ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ မှားနေပြီဆိုတာ ဟယ်ရီသိတယ်။ အခြေအနေက ချောက်ချားစရာ ဖြစ်နေတယ်။ သူမရဲ့ ဆံပင်တွေက ဆိုးဆိုးဝါးဝါး တိုက်နေတဲ့ လေပြင်းတွေကြောင့် သူမကို ကြာပွတ်လို ပြန်ရိုက်နေတယ်။ ဒါပေမဲ့ သူမရဲ့မျက်လုံးတွေကို မှိတ်ထားသလို သူမရဲ့ မျက်နှာမှာလည်း ဘာခံစားချက် အမူအရာမှ ရှိမနေတာကို တွေ့ရတယ်။ အဲဒီနောက် ဟယ်ရီ၊ ရွန်၊ ဟာမီယွန်နဲ့ လင်နီပါ ဆက်မလျှောက်ဖြစ်ဘဲ ရောက်ရာနေရာကနေ သူမကို စောင့်ကြည့်နေဆဲမှာပဲ မြေကြီးနဲ့ ဖေပေလောက် လွတ်နေတဲ့ ကေတီဟာ ကြောက်စရာကောင်းအောင် တစ်ချက် ကျုံးအောင်လိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေလည်း ပြန်ပွင့်လာတယ်။ ဒါပေမဲ့ သူမ ဘာတွေကိုမြင်နေတယ်၊ ဘယ်လို ခံစားနေရတယ် ဆိုတာကတော့ ဘယ်သူမှ မသိနိုင်ဘူး။ ဒါပေမဲ့ မြင်ရပုံကတော့ သူမဟာ အတော်ကြီးကို အပြင်းအထန် မချိတင်ကဲ ခံစားနေရတာ ထင်ရှားတယ်။ ပြီးတော့ ကေတီဟာ အော်ပြီးရင်း အော်နေပါတော့တယ်။

ဒီမှာတင် လင်းန်ကပါ လိုက်အော်ပြီး ကေတီကို ခြေကျင်းဝတ်က ကိုင်ပြီး မြေကြီးပေါ်ကို ဆွဲချဖို့ ကြိုးစားပါတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့လည်း သူမကို ကူညီဖို့ အပြေးအလွှား ရောက်သွားတယ်။ ဒါပေမဲ့ သူတို့ ကေတီရဲ့ ခြေထောက်တွေကို ဖမ်းဆွဲလိုက်ချိန်မှာပဲ သူမက သူတို့ခေါင်းပေါ်ကို ပြုတ်ကျလာတယ်။ ဟယ်ရီနဲ့ ရွန်က သူမကို မိအောင် ဖမ်းလိုက်နိုင်ပြီးတာတောင် ကေတီက တစ်အား လူးလွန့်လူးပ်ကန်နေလို့ လွတ်မကျအောင် သူတို့ မနည်းကြိုးစား ကိုင်ထားရတယ်။ ဒီနောက် သူမကို

www.burmeseclassic.com

www.burmeseclassic.com

မြေကြီးပေါ်ချပေးပြီးချိန်မှာလည်း ကေတီဟာ ယက်ကန်ယက်ကန် ဖြစ်နေရင်း မပြတ်ဆက်အော်နေသလို သူတို့ကိုရော ဘာကိုမှ မမှတ်မတော့ဘဲ ဖြစ်နေပါတယ်။

ဟယ်ရီ ဘေးဘီကို လှည့်ပတ်ကြည့်လိုက်တော့ ပတ်ဝန်းကျင် ရှုခင်းထဲမှာ လူသူရှင်းနေတာ တွေ့ရတယ်။

"ဒီမှာ နေကြဦး"တဟူးဟူး တိုက်နေတဲ့ လေကြောင့် ကျန်တဲ့သူတွေကြားရအောင် ဟယ်ရီက အားကုန်အော်ပြောလိုက်တယ်။

ဟယ်ရီ ကျောင်းကို ခြေကုန်သုတ်ပြီး စွတ်ပြေးနေတယ်။ ကေတီဖြစ်တာမျိုးကို သူ ဘယ်မှာမှ မမြင်ဖူးလို့ ဘာဖြစ်တာလဲဆိုတာ သူ မတွေးတတ်အောင် ဖြစ်နေတယ်။ သူ လမ်းပေါ်မှာ အကွေ့ကလေးတစ်ခုကို ပတ်ပြီး တစ်ရှိန်ထိုးပြေးနေစဉ်မှာပဲ နောက်ခြေနှစ်ချောင်းပေါ်မှာ ရပ်ပြီး လျှောက်လာနေတဲ့ ဧရာမ ဝက်ဝံကြီးတစ်ကောင်နဲ့ ရင်ဆိုင် တည့်တည့် ဝင်တိုက်မိပြီး ချုံတန်းစည်းရိုးပင်တွေကြားကို လွင့်ကျသွားတယ်။ ဒါပေမဲ့ သူမော့ပြီး လှမ်းကြည့်လိုက်တော့ ဝက်ဝံမဟုတ်ဘဲ ဟက်ဂရစ် ဖြစ်နေတယ်။

"ဟက်ဂရစ်"သူ ဟောဟဲလိုက် အသက်ရှုရင်း ချုံပင်တွေကြားက ပြန်ရုန်း ထရင်း ခေါ်လိုက်တယ်။

"ဟာ ဟယ်ရီ" အမွေးပွဖျံသားရေ ကုတ်အင်္ကျီကြီးကို ဝတ်ထားပြီး သူ့မျက်ခုံးနဲ့ မုတ်ဆိတ်တွေပေါ်မှာလည်း နှင်းတွေ အဖတ်လိုက် ထူပိတ်အောင် ကပ်နေတဲ့ ဟက်ဂရစ်က ပြန်ခေါ်လိုက်တယ်။ ပြီးတော့ "ဂုဘဲ ဂရော့ပ်အလည်ရောက်လာဒယ်၊ တူလာလိမ့်မီ။ မင်းဘာဖြစ်လို့လဲ"လို့ ပြောလိုက်တယ်။

"ဟက်ဂရစ် ဟိုနောက်မှာ လူတစ်ယောက် ဒုက္ခရောက်နေတယ်။ ကျိန်စာသင့်သွားတာလား၊ ဘာလားတော့ ကျွန်တော်လည်း မသိဘူး"

"ဘာ"လေတဟူးဟူး တိုက်နေတဲ့ အသံကြောင့် ဟယ်ရီပြောတာကို နားကြားမှားတယ်ထင်ပြီး ဟက်ဂရစ်က သူ့ကိုယ်ကြီးကို ရှေ့ကိုင်းပြီး မေးလိုက်တယ်။

"လူတစ်ယောက် ကျိန်စာတိုက်ခံထားရတယ်"ဟယ်ရီက ထပ်အော်ပြောလိုက်တယ်။

"ကျိန်စာ တိုက်တာ ဟုတ်လား၊ ဘယ်သူ ကျိန်စာသင့်နေလို့လဲ။ ရွန်တော့ မဟုတ်ဘူးထင်တယ်။ ဟာမီယွန်လား"

"မဟုတ်ဘူး။ သူတို့ တစ်ယောက်မှ မဟုတ်ဘူး။ ကေတီဘဲလ်ဆိုတဲ့ မိန်းကလေး။ ဒီလမ်းမှာပဲ"

သူတို့နှစ်ယောက်အတူ ဟယ်ရီလာတဲ့ လမ်းအတိုင်း ပြန်ပြေးကြတယ်။ ချက်ချင်းလိုလို ကေတီ့ကို ဝိုင်းနေတဲ့ လူစုလေးဆီ သူတို့ ပြန်ရောက်သွားတယ်။ကေတီကတော့ မြေကြီးပေါ်မှာ လူးလိမ့်ရင်း အော်နေတုန်းပဲ။ ရွန်၊ ဟာမီယွန်နဲ့ လင်းန်တို့က သူမကို ငြိမ်အောင် ဝိုင်းထိန်းနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"နောက်ဆုတ်ဂျဗမ်း။ ငါဂျိဗမ်းဘယဖအေး"ဟက်ဂရစ်က အော်လိုက်တယ်။

"သူမ တစ်ခုခု အလုပ်ခံလိုက်ရတာပဲ။ ဘာဖြစ်မှန်းတော့ မသိဘူး" လင်းန်က ပြောရင်း ငိုနေတယ်။

ဟက်ဂရစ်ဟာ ကေတီကို တစ်စက္ကန့်လောက်ကြာအောင် စိုက်ကြည့်နေတယ်။ ပြီးတော့ ဘာတစ်ခွန်းမှ မပြောဘဲ ကိုယ်ကိုကိုင်းပြီး ကေတီ့ကို သူ့လက်နဲ့ ပွေ့ချီယူလိုက်တယ်။ နောက်တော့ ဟော့ဂ်ဝပ်စ်ကျောင်း ရဲတိုက်ကြီးဆီကို တစ်ဟုန်ထိုး ပြေးတော့တာပါပဲ။ စက္ကန့်ပိုင်းအတွင်း ကေတီရဲ့ စူးရှတဲ့ အော်သံတွေ ဝေးပါသွားပြီး သူတို့နေရာမှာ လေတရကြမ်းတိုက်နေတဲ့ အသံပဲ ကြားရတော့တယ်။

ဟာမီယွန်က တအီအီနဲ့ ငိုနေတဲ့ ကေတီရဲ့ သူငယ်ချင်းကောင်မလေးကို ကပျာကယာ လက်တစ်ဖက်နဲ့ ပွေ့ဖက်ပြီး မေးလိုက်တယ်။

"မင်းက လင်းန်နော် ဟုတ်လား"

ကလေးမက ခေါင်းညိတ်တယ်။

"ခုနက ဟာက ချက်ချင်း ဖြုန်းစားကြီး အလိုလို ထဖြစ်တာလား"

"မဟုတ်ဘူး။ ဟောဟိုအထုပ်လည်း စုတ်ပြီး ပေါက်ပြဲသွားရော ဖြစ်တော့တာပါပဲ" လင်းန်က ငိုရင်းတန်းလန်းနဲ့ ခုချိန်ထိ မြေကြီးပေါ်မှာ ကျနေဆဲ နှင်းတွေနဲ့ ရွှဲနေတဲ့ အညိုရောင် စက္ကူပတ် အထုပ်တစ်ထုပ်ကို လက်ညှိုးထိုးပြတယ်။ အထုပ်က ကွဲနေပြီး အဲဒီပွင့်နေတဲ့ နေရာကနေ အစိမ်းရောင် တလက်လက်ထွက်နေတာ တွေ့ရတယ်။

ရွန်က ကောက်ကြည့်ဖို့ ရှေ့ကိုကုန်းပြီး လက်အဆန့်လိုက်မှာပဲ ဟယ်ရီက သူ့လက်ကို ဖျတ်ခနဲ လှမ်းကိုင်ပြီး နောက်ကို ဆွဲခေါ်လိုက်တယ်။

"အဲဒါကို သွားမထိနဲ့"

ပြီးတော့မှ သူကိုယ်တိုင် ဆောင့်ကြောင့်ထိုင်ပြီး အနီးကပ်ငုံ့ကြည့်လိုက်တော့ လက်ရာမြောက် အနုစိတ်မွမ်းမံ ပြုလုပ်ထားတဲ့ မဟူရာလည်ဆွဲတစ်ကုံး စက္ကူထုပ်ထဲက ပြူထွက်နေတာကို သူမြင်ရတယ်

"ဒီပစ္စည်းကို အရင်က ငါမြင်ဖူးတယ်ကွ"ဟယ်ရီက ပြောပြီး ပစ္စည်းကို သေသေချာချာ ထပ်စိုက်ကြည့်နေတယ်။ နောက်သူက "ဒါ ဟိုးအရင် လွန်ခဲ့တဲ့ နှစ်အကြာကြီးက ဘော်ဂျင်းနဲ့ ဘတ်ကတ်စ်ဆိုင်မှာ ခင်းကျင်းပြသထားခဲ့တဲ့ ပစ္စည်းပဲ။ တံဆိပ်မှာ ကျိန်စာလို့ ရေးထားတယ်။ ကေတီဟာ ဒါကို သွားထိမိတာပဲ ဖြစ်မယ်"

သူ လင်းန်ကို မော့ကြည့်လိုက်တယ်။ ကောင်မလေးဟာ ထိန်းချုပ်လို့ မရအောင် တုန်လှုပ်စပြုနေတယ်။ "ကေတီ ဒီပစ္စည်းကို ဘယ်လိုရလာတာလဲ"လို့ ဟယ်ရီက မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့။ သူမနဲ့ ကျွန်မ ငြင်းခုံကြတာ အဲဒါကြောင့်ပါပဲ။ တံမြက်စည်းရိုး သုံးချောင်း ဆိုင်ထဲမှာ ကေတီက ဒီပစ္စည်းကို ကိုင်ပြီး ရေအိမ်သန့်စင်ခန်းထဲက ပြန်လာတယ်။ ဒါဟာ ဟော့ဂ်ဝပ်စ်ကျောင်းက ဘယ်သူမဆို အံ့ဩစရာ ပစ္စည်းပဲ။ ဒါကြောင့် ဒါကို သူမ ယူခဲ့တာပဲ။ အဲဒီလို သူမပြောနေတုန်းက သူမကို ကြည့်ရတာ အရမ်းပျော်နေပုံရတယ်။ သူမ အညှို့ခံလိုက်ရသလို ဩဇာလွှမ်းမိုးခြင်း ခံလိုက်ရတာ ဖြစ်မယ်ဆိုတာ ကျွန်မသေချာပေါက် ပြောရဲတယ်။ ကျွန်တာတော့ ကျွန်မလည်း မသိဘူး"

ဒီမှာတင် ကောင်မလေးက တုန်တုန်ယင်ယင်နဲ့ တစ်ခါ ထပ်ငိုပြန်ပါတယ်။ ဟာမီယွန်က သူမရဲ့ ပခုံးကလေးကို ညင်ညင်သာသာ ပုတ်ပြီး နှစ်သိမ့်လိုက်တယ်။

"အဲဒါကို သူမကို ဘယ်သူပေးလိုက်တယ်လို့ကော ကေတီက ပြောသေးလား လင်းန်"

"မဟုတ်တာ သူမက ဘယ်ပြောမှာလဲ။ ကျွန်မက ပြောတယ်လေ ရှင်တော်တော် မိုက်မဲတာပဲ။ အဲဒါကို ကျောင်းကို မယူလာနဲ့လို့။ ဒါပေမဲ့ သူမက ကျွန်မစကားကို နားမှမထောင်ဘဲ။ ဒါကြောင့်မို့ ကျွန်မ သူ့လက်ထဲက လုယူဖို့ ကြိုးစားတာပေါ့။ ပြီးတော့ ........ ပြီးတော့"

လင်းန်ဟာ ဘယ်လိုမှ တားမရဘဲ တအီအီ တရှုပ်ရှုပ်နဲ့ ငိုနေပြန်ပါတော့တယ်။

"တို့ ကျောင်းကို အမြန်ပြန်ရင် ကောင်းမယ်" လင်းန်ကို ဖက်ထားရင်းနဲ့ ဟာမီယွန်က ပြောလိုက်တယ်။ "ဒါမှ သူမ ဘယ်လိုနေသေးလဲ၊ ဘယ်လိုဖြစ်တာလဲ တို့သိနိုင်မယ်"

ဟယ်ရီ တစ်ချက်တွေသွားတယ်။ ပြီးတော့ သူ့မျက်နှာမှာ ပတ်ထားတဲ့ လည်စည်းပဝါကို ဖြုတ်ယူပြီး ရွှန်အထိတ်တလန့်နဲ့ အံ့အားသင့်နေခိုက်မှာပဲ လည်ဆွဲပေါ်ကို ပဝါနဲ့အုပ်ပြီး ဆုပ်ကိုင်ရင်း ကောက်ယူလိုက်တယ်။ သူက–

"တို့ ဒါကို မဒမ်ပွမ်ဖရေးကို ပြဖို့လိုတယ်ကွ"တဲ့။

သူတို့ပြန်လာတဲ့ လမ်းတစ်လျှောက်လုံး ဟယ်ရီ ဒီအကြောင်းကိုပဲ သဲသဲမဲမဲ စဉ်းစားလာခဲ့တယ်။ ဒါပေမဲ့ ကျောင်းထဲကို ဝင်လာတဲ့ ခဏမှာပဲ သူဆက်မတွေးနိုင် တော့ဘဲ ပြောလိုက်ပြန်တယ်။

"ဒီလည်ဆွဲအကြောင်းကို မော်လ်ဖွိုင်း ကောင်းကောင်း သိတယ်ကွ။ ဒီပစ္စည်းကို လွန်ခဲ့တဲ့ လေးနှစ်က ဘော်ဂျင်နဲ့ ဘတ်ကက်စ်ဆိုင်က မှန်ဗီရိုထဲမှာ ပြထားပြီး၊ သူ အဲဒီပစ္စည်းကို စိမ်ပြေနပြေ ကြည့်နေတာ သူအဖေနဲ့ သူ့ကွယ်ရာကပုန်းပြီး ချောင်းကြည့်နေရင်း ငါမြင်ခဲ့ရတယ်။ တို့တွေ သူ့နောက်ကို လိုက်ကြတဲ့ အဲဒီနေ့က သူဝယ်သွားတာ ဒီပစ္စည်းပဲ။ သူ ဒါကို သတိရပြီး ဒါအတွက် သူပြန်သွားခဲ့တာ ဖြစ်ရမယ်"

"အဲဒါတော့ ငါလည်း မသိဘူးကွ ဟယ်ရီ။ ဘော်ဂျင်နဲ့ ဘတ်ကက်စ်ဆိုင်ကို သွားတဲ့လူတွေက တစ်လေ့ကြီး မဟုတ်လား။ ပြီးတော့ ကောင်မလေးကိုယ်တိုင်က ပြောတယ်မဟုတ်လား။ ကေတီဟာ ဒီပစ္စည်းကို မိန်းကလေးရေအိမ် သန့်စင်ခန်းထဲက ယူလာခဲ့တာပါလို့"

www.burmeseclassic.com

"ပြောတယ်လေ။ ဒါပေမဲ့ သူမပြောတာ ကေတီဟာ ရေအိမ်ခန်းက အပြန်မှာ ဒီပစ္စည်းကို ယူခဲ့တာလို့ပဲ ပြောတာ။ ပစ္စည်းကို ရေအိမ်ခန်းထဲကရတာလို့ အတိအကျ ပြောတာမဟုတ်ဘူး"

"ဟိုမှာ မက်ဂိုနာဂေါလ်"ရွန်က သတိပေးလိုက်တယ်။

ဟယ်ရီ လှမ်းကြည့်လိုက်တော့ ရွန့်စကား ကွက်တိမှန်နေတယ်။ မိုးနှင်းတွေကြားမှာ ကျောက်လှေကားထစ်တွေကို နင်းဆင်းပြီး သူတို့နဲ့တွေ့ဖို့ ကတိုက်ကရိုက် လာနေတဲ့ ပါမောက္ခ မက်ဂိုနာဂေါလ်ကို တွေ့ရတယ်။

"ဟက်ဂရစ်ကပြောတယ်။ ကေတီဘဲလ် ဘာဖြစ်တယ်ဆိုတာ မင်းတို့ လေးယောက် မြင်ရတယ်တဲ့။ ကဲ တစ်ဆိတ်ကလေး အပေါ်ထပ်က ငါ့ရုံးခန်းကို မင်းတို့ ခဏ"လို့ ဆိုနေရင်းက ဟယ်ရီကို သူမက ဆက်ပြောတယ်။

"ဟဲ့.... ပေါ်တာ၊ နင့်လက်ထဲမှာ ကိုင်ထားတာ ဘာကြီးလဲဟ"

"အဲဒါ ကေတီထိမိတဲ့ ပစ္စည်းပဲ" ဟယ်ရီက ပြောလိုက်တယ်။

"အို ဘုရားမတာပဲ" ပါမောက္ခ မက်ဂိုနာဂေါလ်က ပြောပြောဆိုဆို စိတ်ဝင်စား တက်ကြွသွားတဲ့ပုံစံနဲ့ ဟယ်ရီ့ လက်ထဲက လည်ဆွဲ လှမ်းယူလိုက်တယ်။ တစ်ဆက်တည်းမှာလည်း ဖီးလ်ချ်က ခန်းမကြီး အဝင်ဝတံခါးကို ပိတ်ရပ်ပြီး သူ့လက်ထဲက လျှို့ဝှက်ချက် အာရုံခံကိရိယာကြီးနဲ့ စစ်ဆေးဖို့ ဟန်တပြင်ပြင် လုပ်နေတာမြင်လို့ အမြန်ပြောလိုက်တယ်။

"နေနေ မလုပ်နဲ့ ဖီးလ်ချ်။ သူတို့က ငါနဲ့ တွေ့ဖို့လာရတာ။ ရော့ ဒီလည်ဆွဲကို ပါမောက္ခစနိပ်ဆီကို ချက်ချင်း ယူသွားပြီးပေးလိုက်။ နည်းနည်းမှတောင် သွားမထိမိစေနဲ့နော်။ လည်စည်းပဝါနဲ့ ပတ်ထားတဲ့ အတိုင်းယူသွား"

ဟယ်ရီနဲ့ ကျန်တဲ့သုံးယောက်လုံး ပါမောက္ခ မက်ဂိုနာဂေါလ်နဲ့ အပေါ်ထပ်က ရုံးခန်းကို သူမနောက်က လိုက်သွားကြတယ်။ မိုးနှင်းပေါက်တွေ ရုံးခန်းပြတင်းပေါက်တွေကို လာစဉ်ထိမှန် ပက်ဖျန်းနေပြီး ပြတင်းပေါင်တွေပေါ်မှာ တဖြောက်ဖြောက်ထခုန်နေသလို မီးခံသံပေါင်ထဲမှာ မီးတွေ တဖျစ်ဖျစ်မြည်ပြီး တောက်လောင်နေတာတောင် တစ်ခန်းလုံး အေးစိမ့်နေတာကို သူတို့ တွေ့ရတယ်။ ပါမောက္ခ မက်ဂိုနာဂေါလ်က တံခါးကို ပြန်ပိတ်လိုက်ပြီး လူငယ်လေးယောက်နဲ့ မျက်နှာချင်းဆိုင်ပြောရအောင် သူမရဲ့ စားပွဲကွေ့ပတ်ပြီး အမြန်သွားထိုင်တယ်။ လင်းန်ကတော့ ခုအချိန်အထိ တရှုပ်ရှုပ်နဲ့ ငိုနေတုန်းပဲ။

"ကဲ .... ဘာဖြစ်တာလဲ ပြောကြစမ်းကွာ" သူမက အားတက်သရော မေးလိုက်တယ်။

အငိုရပ်ဖို့ ကြိုးစားရင်း အင့်ခနဲ အင့်ခနဲ ရှိုက်လိုက်၊ ရပ်နေလိုက်နဲ့ လင်းန်က စပြီး ပါမောက္ခ မက်ဂိုနာဂေါလ်ကို အထစ်ထစ်အငေါ့ငေါ့နဲ့ ပြောပြတယ်။ တံမြက်စည်းရိုး သုံးချောင်းဆိုင်မှာ ကေတီ

www.burmeseclassic.com

ရေအိမ်သန့်စင်ခန်းကိုသွားပုံ၊ ပြီးတော့ ပြန်လာတော့ လက်ထဲမှာ ဘာအမှတ်အသားမှမပါတဲ့ အထုပ်တစ်ထုပ်ကိုင်ပြီး ပါလာပုံ၊ ဒီအချိန်မှာ ကေတီ့ကို ကြည့်ရတာ နည်းနည်းကလေး ပိုထူးခြားနေပုံ၊ ကိုယ်ဘာမှန်း မသိရတဲ့ ပစ္စည်းကို သယ်သွားဖို့ မသင့်လို့ နှစ်ယောက်ငြင်းခုံရပုံ၊ နောက်ဆုံး သူတို့ ငြင်းခုံမှုဟာ အထွတ်အထိပ်ကို ရောက်သွားပြီး ကေတီ့ကို ပြောမရလို့ အထုပ်ကို နှစ်ယောက်သား နပန်းသတ်သလို လုကြပုံနဲ့ အဲဒီမှာ အထုပ် သူတို့လက်ထဲက လွတ်ကျပြီး ပွင့်ထွက်သွားပုံတွေကို ပြောပြအပြီးမှာတော့ လင်းန်ဟာ သူမကိုယ်သူမ မချုပ်တီးနိုင်အောင် မွန်ထူဝမ်းနည်းနေပြီး၊ နောက်ထပ် ဘာစကားသံမှ သူမဆီက ထွက်မလာတော့ဘူး။ ဒီမှာတင် ပါမောက္ခ မက်ဂိုနာဂေါလ်က သူမကို ကရုဏာသက်တဲ့ လေသံနဲ့ ပြောလိုက်တယ်။

"အေး ကောင်းပါပြီကွယ်။ မင်း တစ်ဆိတ် ဆေးရုံဆောင်ကို သွားလိုက်ဦး။ မဒမ်ပွမ်ဖရေးက မင်းကို ကြောက်စိတ်၊ ဝမ်းနည်းစိတ်တွေနဲ့ အထိတ်တလန့် ဖြစ်နေတာအတွက် တစ်ခုခု လုပ်ပေးပါလိမ့်မယ်"

ကလေးမကလေး အခန်းထဲက ထွက်သွားတာနဲ့ ပါမောက္ခ မက်ဂိုနာဂေါလ်က ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ သုံးယောက်ဘက်ကို လှည့်လိုက်တယ်။

"လည်ဆွဲကို ကေတီသွားထိမိတော့ ဘာတွေ ဖြစ်ကုန်လဲ"

"ပထမဆုံး သူမ လေထဲကို မြောက်တက်သွားတယ်" ရွန်နဲ့ ဟာမီယွန် ဘာမှ မပြောနိုင်ခင် ဟယ်ရီက စပြောလိုက်တယ်။ "နောက် စအော်တော့တာပဲ။ ပြီးတော့ ပြန်ပြုတ်ကျလာတယ်။ ပါမောက္ခကြီး ခင်ဗျား။ ကျေးဇူးပြုပြီး ကျွန်တော် ပါမောက္ခ ဒမ်းဘဲလ်ဒိုးနဲ့ တွေ့ပါရစေ"

"ကျောင်းအုပ်ကြီးက တနင်္လာနေ့အထိ ဒီမှာ မရှိဘူးကွဲ့ ပေါ်တာ"

ပါမောက္ခ မက်ဂိုနာဂေါလ်က အံ့သြသလို ဖြစ်သွားပြီးမှ ပြောလိုက်တယ်။

"ဒီမှာ မရှိဘူး"ဟယ်ရီက စိတ်ဆိုးပြီး သူမရဲ့စကားကို ထပ်ပြောလိုက်တယ်။

"ဟုတ်တယ် ပေါ်တာ၊ မရှိဘူး။ တခြား ရောက်နေတယ်" မက်ဂိုနာဂေါလ်ကလည်း ငေါ့တော့တော့နဲ့ ပြောလိုက်တယ်။ ပြီးတော့မှ ဂုဏ်ယူတဲ့လေသံနဲ့ "ဒါပေမဲ့ ဒီထိတ်လန့်တုန်လှုပ်စရာ အဖြစ်အပျက်နဲ့ ပတ်သက်သမျှ မင်းပြောစရာရှိတာ အားလုံးကို ငါ့ကို ပြောနိုင်တယ်။ အဲဒါကတော့ အသေအချာပဲ"

စက္ကန့်ပိုင်းကြာအောင် ဟယ်ရီ ချီတုံချတုံ ဖြစ်နေတယ်။ ပါမောက္ခ မက်ဂိုနာဂေါလ်က သူမအပေါ် ယုံကြည်မှုထားအောင် မကြိုးစားပါဘူး။ ဒမ်းဘဲလ်ဒိုးကတော့ နည်းပေါင်းစုံနဲ့ ခြိမ်းခြောက်မှုတွေ ရှိနေတဲ့ကြားကပဲ ရိုင်းစိုင်းတာကလွဲရင် ကျန်တဲ့ ကိစ္စမှန်သမျှမှာ အထင်အမြင်သေး ဆက်ဆံမှုမျိုး ကင်းတဲ့သူ ဖြစ်ပါတယ်။ ပြီးတော့ ခုကိစ္စကလည်း ရယ်စရာမဟုတ်ဘဲ ဟယ်ရီ့အတွက် သေရေးရှင်ရေးလို ဖြစ်နေပါတယ်။

"ကျွန်တော့်အထင်တော့ မော်လ်ဖွိုင်းက ကေတီ့ကို ဒီလည်ဆွဲကို ပေးခဲ့တာပဲဖြစ်မယ် ပါမောက္ခကြီး"

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်မှာတော့ ရှန်က စိတ်အနှောင့်အယှက် ကသိကအောက် ဖြစ်နေတာကို ပြောင်ပြောင်တင်းတင်း ပြသတဲ့အနေနဲ့ သူ့နှာခေါင်းကို ဖိပွတ်နေတယ်။ နောက်တစ်ဖက်မှာလည်း ဟာမီယွန်က ဟယ်ရီနဲ့ သူမရဲ့ကြားမှာ အနေသာကြီး ဘာမှ မဆိုင်ဘူးဆိုတဲ့ သဘောမျိုး သူမရဲ့ ခြေထောက်တွေကို ဘယ်ပြောင်းညာပြောင်းလုပ်ပြီး ဂနာမငြိမ် ဖြစ်နေတယ်။

“ဒါကတော့ သိပ်ကို ပြင်းထန်တဲ့ စွပ်စွဲချက်ဖြစ်နေပြီ ပေါ်တာ”ပါမောက္ခ မက်ဂိုနာဂေါလ်က ပြောလိုက်တယ်။ ခဏနေတော့ “မင်းမှာ သက်သေပြစရာ ရှိလို့လား”တဲ့။

“မရှိပါဘူး။ ဒါပေမဲ့....”ဆိုပြီး ဟယ်ရီက သူတို့တွေ ဘော်ဂျင်းနဲ့ ဘတ်ကက်စ်ဆိုင်ကို သွားတဲ့ နောက်က လိုက်ကြည့်ခဲ့ပုံ၊ မော်လ်ဖွိုင်းနဲ့ မစ္စတာ ဘော်ဂျင်းတို့ နှစ်ယောက်အကြား ပြောကြဆိုကြတာတွေကို သူတို့ နားထောင်ပြီး ကြားခဲ့ရပုံတွေကို သူမကို ပြောပြလိုက်တယ်။

သူ ပြောလို့ ပြီးဆုံးသွားချိန်မှာ ပါမောက္ခ မက်ဂိုနာဂေါလ်ရဲ့ အသွင်က ဇဝေဇဝါ ဖြစ်နေပုံရတယ်။

“မော်လ်ဖွိုင်းက ဘော်ဂျင်းနဲ့ ဘတ်ကက်စ်ဆိုင်ကို ပြင်ဆင်ဖို့အတွက် ပစ္စည်း တစ်စုံတစ်ရာကို ယူသွားတာလား”

“မဟုတ်ဘူး ပါမောက္ခကြီး။ သူက တစ်ခုခုကို ဘယ်လို ပြင်ရမယ်လို့ ဘော်ဂျင်းက သူ့ကို ပြောပြစေချင်တာ သက်သက်ပါ။ အဲဒီပစ္စည်းကလည်း သူနဲ့အတူ ပါမလာပါဘူး။ ဒါပေမဲ့ အဲဒါက အဓိကအချက် မဟုတ်ပါဘူး။ အဲဒီပစ္စည်းဟာ အဲဒီအချိန်က သူဝယ်ခဲ့တဲ့ ပစ္စည်းဖြစ်ပြီး အဲဒါဟာ ကျွန်တော့်အထင်တော့ ဒီလည်ဆွဲပါပဲ”

“မင်းက မော်လ်ဖွိုင်းကို အဲဒီအထုပ်နဲ့ ဆင်တူအထုပ်မျိုးနဲ့ ဆိုင်ထဲက ထွက်သွားတာကို တွေ့ရလို့လား”

“မတွေ့ရပါဘူး ပါမောက္ခကြီး။ သူက ပစ္စည်းကို သူ့အတွက် ဆိုင်မှာ သိမ်းထားပေးဖို့ပဲ ပြောခဲ့တာပါ”

“ဒါပေမဲ့ ဟယ်ရီ” ဟာမီယွန်က ကြားဖြတ်ပြီး ဝင်ပြောတယ်။ “ဘော်ဂျင်းက အဲဒီပစ္စည်းကို သူနဲ့အတူ ယူသွားချင်သလားလို့ မေးခဲ့သေးပြီး မော်လ်ဖွိုင်းက မယူဘူးလို့ ပြောခဲ့တယ် မဟုတ်လား”

“အဲဒါ ဘာဖြစ်လို့လဲ ဆိုတော့ သူ အဲဒီပစ္စည်းကို မထိမကိုင်ချင်လို့ ဆိုတာ သိပ်ထင်ရှားနေတယ်ပေါ့”ဟယ်ရီက စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တယ်။

“သူပြောတဲ့ စကားလုံးအတိုင်း အတိအကျပြောရရင် ‘ဒီပစ္စည်းကို ဒီလမ်းပေါ်မှာ ကျွန်တော် ဘယ်လိုလုပ်သယ်သွားလို့ ဖြစ်မှာလဲ’တဲ့” ဟာမီယွန်က ပြောလိုက်ပြန်တယ်။

“ဟုတ်တယ်လေ၊ ဒီအချိန်မှာ လည်ဆွဲကို သူသယ်သွားရင် သူ တကယ့်ငတုံး ဖြစ်သွားမယ်ဆိုတာ သူသိတာပေါ့”ရှန်ကတစ်ခါ ကြားဖြတ်ဝင်ပြောတယ်။

www.burmeseclassic.com

ဒီမှာတင် ဟယ်ရီ ဘာမှ မပြောနိုင်ခင် ဟာမီယွန်က စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်ပါတယ်။

"အိုး...... ရွန်ရယ်........ ပစ္စည်းက အသေအချာပတ်ပြီး အလုံထုပ်ထားမှာ၊ သူသွားထိစရာ ဘာအကြောင်းမှ မရှိဘူး။ နောက် ဝှက်သယ်သွားဖို့ကလည်း လွယ်လွယ်လေး၊ သူ့ ဝတ်ရုံအောက်တစ်နေရာမှာ ထိုးထည့်ပြီး ယူသွားရုံပဲ။ ဒီတော့ ငါထင်တယ်။ သူ ဘော်ဂျင်းနဲ့ ဘတ်ကက်စ်ဆိုင်မှာ သတ်သတ်ချန်ထားခိုင်းတဲ့ ပစ္စည်းဟာ တကယ်လို့ လမ်းပေါ်မှာ သူသယ်သွားရင် သူ့ကို အာရုံစိုက်လာမယ်ဆိုတာ သူသိနေတဲ့ အသံမြည်တတ်ပြီး ဝန်ကျယ်တဲ့ ပစ္စည်းမျိုးပဲ ဖြစ်ရမယ်။ နောက်တစ်ချက် ရှိသေးတယ်" ဒီနေရာမှာ ဟာမီယွန်က အသံကျယ်ကျယ်နဲ့ ဖိပြောလိုက်တယ်။ "ငါ ဘော်ဂျင်းကို ဒီလည်ဆွဲအကြောင်း မေးခဲ့သေးတယ်လေ။ နင်တို့ မမှတ်မိဘူးလား။ မော်လ်ဖွိုင်းက သူ့ကို ဘာချန်ထားခိုင်းတာလဲဆိုတာ သိနိုင်အောင် ကြိုးစားတဲ့အနေနဲ့ ငါဝင်သွားပြီး မေးတုန်းက လည်ဆွဲကို ငါ အဲဒီမှာ မြင်နေတာပဲ။ ဘော်ဂျင်းက ငါ့ကို ဈေးနှုန်းတောင် ပြောလိုက်သေးတယ်။ သူက အဲဒီပစ္စည်းဟာ ရောင်းပြီးသား ဟုတ် မဟုတ် မပြောတာတစ်ခုပဲ"

"ဒါကတော့ ရှင်းနေတယ်လေ။ နင် ဘာလဲဆိုတာ သူက ငါးမိနစ်အတွင်း သိသွားပြီဆိုတော့ သူက နင့်ကို ဘယ်ပြောတော့မှာလဲ။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကတည်းက မော်လ်ဖွိုင်းဟာ တစ်နည်းနည်းနဲ့ အဲဒီကို ပစ္စည်းပို့ထားလိုက်တာ တော့အမှန်ပဲ"ဟယ်ရီက ပြောလိုက်တယ်။

ဟာမီယွန်က စိတ်တိုဒေါသထွက်သွားပြီး ခွန်းတုံ့ပြန်ပြောဖို့ ပါးစပ်ဟလိုက်ချိန်မှာပဲ ပါမောက္ခမက်ဂိုနာဂေါလ်က စကားဖြတ်လိုက်တယ်။

"တော်ပြီ တော်ပြီ၊ ဒီလောက်ဆို လုံလောက်ပြီ။ ပေါ်တာ မင်း ခုငါ့ကို ပြောခဲ့တာကို ငါ လိုလိုလားလား အသိအမှတ်ပြုပါတယ်ကွယ်။ ဒါပေမဲ့ တို့အနေနဲ့ မော်လ်ဖွိုင်းမှ မော်လ်ဖွိုင်းအစစ်ပါပဲလို့ လက်ညှိုးထိုး အပြစ်တင်လို့ မရသေးဘူးကွဲ့။ ဘာကြောင့်လဲဆိုတော့ သူရောက်သွားချိန်မှာ အဲဒီလည်ဆွဲက ရောင်းချလိုက်ပြီးသားလည်း ဖြစ်ကောင်းဖြစ်နေနိုင်တယ်လေ။ ဒီလည်ဆွဲကို အဲဒီအချိန်မှာ ဝယ်သွားသူ ဖြစ်ကောင်းဖြစ်နိုင်တဲ့လူဟာ ရာချီပြီး ရှိနေတာ မဟုတ်လား"

"ကျွန်တော် ပြောချင်တာ အဲဒီအချက်ပဲ" ရွန်က ဗျစ်တောက်ဗျစ်တောက် ဝင်ပြောနေတယ်။

မက်ဂိုနာဂေါလ်က ဆက်ပြောတယ်။

"ဘယ်လိုပဲဖြစ်ဖြစ် တို့အနေနဲ့ ဒီနှစ်မှာ တင်းကျပ်တဲ့ လုံခြုံရေး အစီအစဉ်တွေလည်း ချထားတယ်ဆိုတော့ ငါ့အနေနဲ့ အဲဒီလည်ဆွဲဟာ ဘယ်နည်းနဲ့မှ ငါတို့ မသိဘဲ ဒီကျောင်းထဲကို ရောက်လာဖို့ မဖြစ်နိုင်ပါဘူးကွယ်"

"ဒါပေမဲ့"

www.burmeseclassic.com

"ဟ....... ဘာထပ်ပြောစရာ ရှိတော့လို့လဲ၊ မစ္စတာ မော်လ်ဖွိုင်းလည်း ဒီနေ့ ဟော့ဂ်စ်မိဒ်မှာ မရှိဘူးလေ" ပါမောက္ခ မက်ဂိုနာဂေါလ်က လုံးဝပြီးပြတ်သွားပြီဆိုတဲ့ သဘောနဲ့ စကားကို ပိတ်ပြီး ပြောလိုက်တယ်။

ဟယ်ရီ ပါးစပ်အဟောင်းသား ဖြစ်သွားရာက စိတ်ကို လျှော့ချလိုက်တဲ့ လေသံနဲ့ မေးလိုက်တယ်။

"ပါမောက္ခကြီးက ဘယ်လိုများ သိတာပါလိမ့်"

"ဘာကြောင့်လဲဆိုတော့ သူက ဒီနေ့ ငါ့ဆီမှာ ကျောင်းဆင်းခွင့် ပိတ်ပင်တဲ့ ပြစ်ဒဏ်ကို ခံနေရတာလေ။ ခု သူဟာ သူ့ရဲ့ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာရပ် အိမ်စာတွေကို ပြီးအောင်လုပ်ဖို့ နှစ်ကြိမ်ဆက်တိုက် ပျက်ကွက်ခဲ့တယ်။ ဒီတော့ မင်းမှာရှိတဲ့ သံသယကို ငါ့ကိုထုတ်ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်" ပြီးတာနဲ့ သူတို့ရှေ့က ဖြတ်လျှောက်သွားပြီး တံခါးကို ဖွင့်ပေးထားရင်း ပြောလိုက်တယ်။ "ခုတော့ ငါ ဆေးရုံအဆောင်ကိုသွားပြီး ကေတီဘဲလ်ကို စစ်ဆေးကြည့်ရဦးမယ်။ ကဲ ......... အားလုံးပဲ ကောင်းသောနေ့ပါကွယ်"

သူတို့ ရွေးစရာလမ်း မရှိတော့ဘူး။ ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ သူမ ရှေ့ဖြတ်ပြီး အားလုံး ပြန်ထွက်လာခဲ့ကြတယ်။

ဟယ်ရီက ကျန်တဲ့နှစ်ယောက်ကို ပါမောက္ခမက်ဂိုနာဂေါလ်ဘက်က လိုက်ပြောတဲ့အတွက် ဒေါသထွက်နေတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ သူတို့ချင်း မဖြစ်မနေ တစ်ကြိမ်ပြန်စဆွေးနွေးကြရဦးမယ် ဆိုတာလည်း သိနေတယ်။

"ဟေ့... ကေတီက အဲဒီလည်ဆွဲကို ဘယ်သူ့ကို ပေးမယ်လို့ မင်းတို့ထင်လဲ" ကျောင်းသားများ နားနေခန်းကို သွားရင်း လှေကားထစ်တွေအတိုင်း တက်လာချိန်မှာ ရွန်က မေးလိုက်တယ်။

"အဲဒါ သိရင်တော့ သိပ်ကောင်းတာပေါ့။ ဒါပေမဲ့ အဲဒါသိဖို့က ဖြစ်နိုင်စရာ နည်းနည်းလေးပဲ ရှိတယ်။ ဘယ်သူမှ လည်ဆွဲကို မထိဘဲ အဲဒီအထုပ်ကို ဖွင့်နိုင်မှာ မဟုတ်ဘူး"လို့ ဟာမီယွန်က ပြောလိုက်တယ်။

ဒီမှာတင် ဟယ်ရီက–

"ဒါ လူတွေ အများအပြားကို ရည်ရွယ်ပြီး လုပ်တာလည်း ဖြစ်နိုင်တယ်။ ဒမ်းဘဲလ်ဒိုးဆိုပါတော့။ သူဟာ မရဏစား စုန်းကောင်တွေရဲ့ ထိပ်တန်းပစ်မှတ်တွေထဲမှာ တစ်ခုဖြစ်နေပြီး၊ သူတို့က သူ့ကို ဖယ်ရှားပစ်ဖို့ သိပ်လိုလားနေကြတယ်။ ဒါမှမဟုတ် ပက်ကျိချိုပဲ။ ဗိုဒီမော့က ပက်ကျိချိုကို အလိုရှိနေတယ်လို့ ဒမ်းဘဲလ်ဒိုးက ယူဆထားတယ်။ ပက်ကျိချိုက ဒမ်းဘဲလ်ဒိုးဘက်ကို ပါနေတဲ့အတွက် သူတို့ မကျေမနပ် ဖြစ်နေတယ်။ ဒါမှမဟုတ်ရင်........"

"ဒါမှ မဟုတ်ရင် နင်ပေါ့ဟဲ့"ဟာမီယွန်က ဟယ်ရီ ဒုက္ခရောက်တော့မှာပဲ ဆိုတဲ့ အကြည့်နဲ့ ကြည့်ရင်းပြောလိုက်တယ်။

www.burmeseclassic.com

"မဖြစ်နိုင်ဘူး"ဟယ်ရီက အပိုင်ပြောလိုက်တယ်။ တကယ်လို့ ဟုတ်တယ်ဆိုရင် လမ်းမှာ ငါ့ဘက်ကို ပြန်လှည့်လာပြီး ငါ့ကိုပေးမှာပေါ့။ မပေးဘူး မဟုတ်လား။ တံမြက်စည်းရှိုး သုံးချောင်းဆိုင်ထဲက ထွက်လာချိန်ကစပြီး ငါ သူမရဲ့ နောက်မှာ တစ်လျှောက်လုံး ရှိနေခဲ့တာပဲ။ ဖီးလ်ချ်က ဝင်သမျှ ထွက်သမျှ လူတိုင်းကို ရှာနေတဲ့အတွက် ဒီပစ္စည်းကို ဟော့ဂ်ဝပ်စ်ကျောင်းရဲ့ အပြင်ဘက်မှာပဲ ပေးဖို့ ဖြစ်ရမယ်ဆိုရင် ပိုအဓိပ္ပာယ်ရှိမယ်။ အဲ ငါအံ့သြတာ သိချင်တာက မော်လ်ဖွိုင်းဟာ ဒီပစ္စည်းကို ကျောင်းထဲကို ယူသွားဖို့ သူမကို ဘာကြောင့် ခိုင်းခဲ့တယ်ဆိုတာပဲ။

"ဟယ်ရီ မော်လ်ဖွိုင်းက ဟော့ဂ်စ်မိဒ်မှာ မရှိဘူးလေ" ဟာမီယွန်က စိတ်ကုန်တယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ခြေဆောင့် ပြောလိုက်တယ်။

"အ လိုက်တာ သူက ကြံရာပါ တစ်ယောက်ယောက်ကို သုံးမှာပေါ့ဟဲ့" ဟယ်ရီက ငေါက်လိုက်တယ်။ ပြီးတော့ "ကရက်ဘီ ဒါမှမဟုတ် ဂွိုင်းလ်ပေါ့။ သူမဟုတ်ဘူးဆိုရင် စဉ်းစားလို့ရတဲ့ နောက် မရဏစားစုန်းကောင် တစ်ယောက်ကတော့၊ အင်း ........ သူ့ရဲ့ သောက်ဖော်သောက်ဖက် အပေါင်းအသင်း ရောင်းရင်းတွေထဲက ကရက်ဘီနဲ့ ဂွိုင်းတို့ထက်လည်း ပိုစိတ်ချရတဲ့၊ ခု သူနဲ့လည်း သွားပေါင်းတဲ့သူ........."လို့ ပြောရင်း စကားမဆုံးသေးခင်–

ရွန်နဲ့ ဟာမီယွန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ အဓိပ္ပာယ်ကတော့ "သူနဲ့ သွားငြင်းမနေပါတော့နဲ့။ အပိုပဲ"ဆိုတဲ့ သဘောပဲ။

"ကဲ ပြောတာရပ်လိုက်တော့"သူတို့တွေ "ဝဖြိုးတုတ် အပျိုကြီး"ပုံတူပန်းချီကားကြီးရှေ့ ရောက်လာတဲ့အတွက် ဟာမီယွန်က ဟန့်လိုက်တယ်။

ပုံတူပန်းချီကားကြီးက ဘေးကိုယမ်းပြီး သူတို့ကျောင်းသားများ နားနေခန်းကြီးထဲကို ဝင်နိုင်အောင် ပွင့်သွားတယ်။ အခန်းကြီးတစ်ခန်းလုံး လူတွေပြည့်နေပြီး စိုထိုင်းထိုင်းအဝတ်တွေရဲ့ အနံ့တွေ ရနေတယ်။ လူတွေအများကြီးကို ကြည့်ရတာ ရာသီဥတုဆိုးလို့ ဟော့ဂ်စ်မိဒ်ကနေ ခပ်စောစော ပြန်လာကြပုံပဲ။ ကြောက်လန့်နေတဲ့ ပုံမျိုး မမြင်ရသလို ဝေဖန်ပြောဆိုနေကြတဲ့ အသံမျိုးလည်း မကြားရဘူး။ ကေတီရဲ့ သတင်း ဒီမှာ ပြန့်မနေသေးဘူးဆိုတာ ထင်ရှားတယ်။

"မင်းတို့ စဉ်းစားကြည့်။ ဒါ တကယ်ဖြုလောက်တဲ့ အထင်ကြီးစရာ တိုက်ခိုက်မှုတော့ မဟုတ်ဘူး" ရွန်က လွတ်ခနဲ ပြောရင်း မီးလင်းဖိုနံဘေးမှာရှိတဲ့ လက်တင်ပါ ကုလားထိုင်တွေထဲက တစ်လုံးမှာထိုင်နေတဲ့ ပထမနှစ်ကျောင်းသားကလေး တစ်ယောက်ကို ဖယ်ခိုင်းပြီး ဝင်ထိုင်လိုက်တယ်။ ပြီးတော့ သူက ဆက်ပြောတယ်။ "ဘာပဲဖြစ်ဖြစ် အဲဒီကျိန်စာက ရဲတိုက်ကြီးထဲမှာတော့ ဒုက္ခပေးနိုင်မှာ မဟုတ်ဘူး။ ကဲ မင်းနောက်ထပ် ဘာပေါက်ကရ သက်သေ အထောက်အထားတွေ ပြဦးမလဲ"

"အေး နင်မှန်တယ်။ ဒါပေမဲ့ နင်ဒီလိုလုပ်တာတော့ မကောင်းပါဘူး။ ဒါမျိုး မကြံစည်နဲ့။ ကဲ ထ"ဟာမီယွန်က သူမရဲ့ခြေထောက်နဲ့ ရွန့်ကိုတို့ပြီး ကုလားထိုင်က ဖယ်ခိုင်းပြီး ပထမနှစ်ကျောင်းသားလေးကို ပြန်ပေးလိုက်ရင်းက ပြောလိုက်တယ်။

www.burmeseclassic.com

"ကြဲစည်ဖို့ ကောင်းတာကတော့ မော်လ်ဖွိုင်းဟာ ကမ္ဘာ့တွေးခေါ်ရှင်ကြီးတွေထဲက တစ်ယောက် ဘယ်တုန်းက ဖြစ်သွားတယ်ဆိုတာ စဉ်းစားဖို့ပဲ" ဟယ်ရီက ပြောလိုက်တယ်။

ဒါပေမဲ့ ရွန်ရော ဟာမီယွန်ပါ သူပြောတာကို ဘာမှပြန်မပြောဘဲ ငြိမ်နေကြတယ်

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

အခန်း (၁၃)
လျှို့ဝှက် ပဟေဠိ

ကေတီကို နောက်တစ်နေ့မှာပဲ မှော်ဆိုင်ရာရောဂါဝေဒနာနဲ့ ဒဏ်ရာအနာတရတွေကို ကုသဖို့အတွက် စိန့်မန်းဂိုးဆေးရုံကြီးကို ရွှေ့လိုက်ရပါတယ်။ တစ်ချိန်တည်းမှာပဲ သူမ ကျိန်စာနဲ့ တိုက်ခိုက်ခံရတဲ့ သတင်းတွေလည်း တစ်ကျောင်းလုံးကို ပျံ့သွားခဲ့တယ်။ သို့ပေမဲ့ သတင်းအသေးစိတ်နဲ့ ပတ်သက်လို့ ရှုပ်ထွေးပြီး အမျိုးမျိုး ထင်ကြေးပေးပြောဆိုနေကြသလို ဟယ်ရီ၊ ဟာမီယွန်၊ ရွန်နဲ့ လင်းန်တို့ကလွဲပြီး အမှန်တကယ်မှာ ကေတီဟာ တိုက်ခိုက်သူရဲ့ ပစ်မှတ်အစစ်အမှန် မဟုတ်ဘူးဆိုတာ မသိကြပါဘူး။

"အိုး....... မော်လ်ဖွိုင်းလည်း သိရမှာပါ"ဟယ်ရီက ရွန်နဲ့ ဟာမီယွန်ကို ပြောလိုက်တယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်ကလည်း ဟယ်ရီ့ပါးစပ်က မော်လ်ဖွိုင်းဟာ မရဏစားစုန်းကောင် တစ်ယောက်ဖြစ်တယ်ဆိုတဲ့ သူ့ရဲ့ အယူအဆ သဘောထားကြီးကို ထုတ်ပြောလာတိုင်း နားပင်းနေယောင် ဆောင်နေလိုက်တဲ့ သူတို့ရဲ့ မူဝါဒသစ်ကိုပဲ ဆက်ပြီး ကျင့်သုံးနေကြတယ်။

ဟယ်ရီက ဒမ်းဘဲလ်ဒိုးဟာ သူ့ကို တနင်္လာနေ့ညမှာ သင်ခန်းစာပို့ချဖို့ အချိန်မီ ပြန်ရောက်လာပါ့မလားဆိုပြီး တွေးတောပူပန်နေတယ်။ ဒါပေမဲ့ ဘာသတင်းမှလည်း မကြားရဘဲ ဖြစ်နေတယ်။ နောက်ဆုံး ရောက်ရောက် မရောက်ရောက် သွားရမှာ သူ့ဝတ္တရားပဲဆိုပြီး ချိန်းဆိုထားတဲ့ည ၈ နာရီတိတိမှာ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းရှေ့ကို သူရောက်သွားတယ်။

ဟယ်ရီလည်း တံခါးကို ခေါက်လိုက်ရော အထဲက အသံထွက်လာတယ်။ "ဝင်ခဲ့"တဲ့။ အထဲရောက်တော့ ခါတိုင်းနဲ့မတူအောင် ပင်ပန်းနွမ်းလျနေတဲ့ ဒမ်းဘဲလ်ဒိုးကို သူ့ကုလားထိုင်မှာ ထိုင်နေတာကို တွေ့လိုက်ရတယ်။

ဒမ်းဘဲလ်ဒိုးက ပြုံးပြပြီး သူ့ကိုထိုင်ဖို့ လက်ဟန်ပြလိုက်ချိန်မှာ သူ့လက်ဟာအရင်ရက်တွေကအတိုင်း မည်းမြဲမည်းနေတာကို ဟယ်ရီ တွေ့ရတယ်။ ကျောက်ဇလုံကြီးလည်း သူ့စားပွဲပေါ်မှာ ရောက်နေပြန်ပြီး၊ သူ့ဆီက ထွက်နေတဲ့ ငွေရောင် အလင်းကွက်အပြောက်အစက်ကလေးတွေ မျက်နှာကြက်မှာ သွားထင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် တခြားကို ရောက်နေတုန်း မောင်ရင်ဒီမှာ အတော်ကလေး အလုပ်ရှုပ်သွားတယ်။ နောက် ကေတီ မတော်တဆ ထိခိုက်ဒဏ်ရာရတဲ့ကိစ္စနဲ့ ပတ်သက်လို့လည်း မောင်ရင်သက်သေခံခဲ့တယ်လို့ ကျုပ် ယုံကြည်တယ်"

"ဟုတ်ကဲ့ပါ ဆရာ။ သူမရဲ့ အခြေအနေကော ဘယ်လိုနေပါသလဲ"

သူမဟာ တော်တော် ကံကောင်းပါတယ်။ ဒါပေမဲ့ ခုထိ အလွန်အမင်း နေမကောင်း ဖြစ်နေဆဲပဲ။ သူမဟာ လည်ဆွဲကို သူမရဲ့ အသေးငယ်ဆုံး အရေပြားတစ်နေရာနဲ့ ဖွဖွကလေး ပွတ်တိုက်မိသွားပုံရတယ်။ သူမရဲ့ လက်အိတ်မှာ အပေါက်သေးသေးကလေး တစ်ပေါက် ရှိနေတယ်။ အဲဒီလည်ဆွဲကို သူမ ဆွဲမိတယ်။ ဒါမှမဟုတ် လက်အိတ်မပါတဲ့ လက်နဲ့ကိုင်မိရုံနဲ့တင်တောင် သူမ သေသွားနိုင်တယ်။ အဆင်မသင့်ရင် ချက်ချင်း ပွဲချင်းပြီးပဲ။ ဒါပေမဲ့ ကံကောင်းထောက်မစွာ ပါမောက္ခစနိပ်က ကျိန်စာကို အလျင်အမြန် ပျံ့မသွားအောင် တားဆီးလိုက်နိုင်တယ်"

"သူက ဘာကြောင့် လုပ်ရတာလဲ။ မဒမ်ပွမ်ဖရေးက ဘာကြောင့် လုပ်မပေးတာလဲ"

"ရှိင်းလိုက်တာ"

နံရံပေါ်မှာရှိတဲ့ ပုံတူပန်းချီကားတွေထဲက တစ်ကားဆီကနေ သိမ်သိမ်မွေ့မွေ့ ပျော့ပျော့ပျောင်းပျောင်း အသံတစ်သံနဲ့ ပြောလိုက်တာ ဖြစ်ပါတယ်။ မော့ကြည့်လိုက်တော့ သူ့ရဲ့ ပန်းချီကားထဲမှာ အိပ်နေပုံရတဲ့ ဆီးရီးယတ်ရဲ့ ဘိုးဘေးဘီဘင်တစ်ဦးဖြစ်တဲ့ ဖိုင်းနီးယပ်စ်နီဂဲလ်လပ်စ်ဘလက်က လက်ပေါ်မှာ အုံးထားတဲ့ သူ့ရဲ့ ခေါင်းကို ထောင်ကြည့်ပြီး " ငါ အုပ်ချုပ်ခဲ့တဲ့ ကာလတွေတုန်းက ဟော့ဂ်ဝပ်စ်ကျောင်းရဲ့ လုပ်ပုံကိုင်ပုံနဲ့ ပတ်သက်ပြီး ခုလို မေးခွန်းထုတ်တာမျိုးကို ငါ ခွင့်မပြုခဲ့ဘူး"လို့ ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဖိုင်းနီးယပ်စ်"ဒမ်းဘဲလ်ဒိုးက ဟယ်ရီ ကြောက်လန့်မသွားအောင် ဝင်ပြီး ပြောလိုက်တယ်။ ပြီးမှ သူမေးတာကို စိတ်ရှည်လက်ရှည် ပြောပြပါတယ်။ "ပါမောက္ခစနိပ်ဟာ လျှို့ဝှက်မှော်ပညာ အတတ်မှာ မဒမ်ပွမ်ဖရေးထက် အများကြီး ပိုတတ်တယ် ဟယ်ရီ။ ဘာပဲဖြစ်ဖြစ် စိန့်မန်းဂိုးဆေးရုံ ဝန်ထမ်းတွေက ကျုပ်ကို နာရီမလပ် မပျက်မကွက်အောင် သတင်းပို့နေကြပါတယ်။ ကျုပ်မျှော်လင့်ထားပါတယ်။ ကေတီဟာ အချိန်ကျရင် အပြည့်အဝ ပြန်လည် နေကောင်းလာမှာပါပဲ"

"ဒီရက်သတ္တပတ်ကုန်တဲ့နေ့က ဆရာ ဘယ်ရောက်နေတာလဲ ခင်ဗျာ" ဟယ်ရီက အထူးတလည် ဘာမှ ဖြစ်မသွားတဲ့ပုံစံနဲ့ ပန်းချီကားထဲက ပြောလိုက်တဲ့စကားကိုလည်း မသိကျိုးကျွန်ပုံမျိုး သူမေးချင်တာကို မေးလိုက်တယ်။

"အဲဒါ ကျုပ် ခုလောလောဆယ် မပြောသေးဘူး။ ဘာပဲဖြစ်ဖြစ် အချိန်ကျရင်တော့ မောင်ရင့်ကို ကျုပ်ပြောမှာပါ"

"ဆရာ ပြောမှာလား" ဟယ်ရီက တအံ့တသြထပ်မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အေး ကျုပ် အဲဒီအတိုင်း မျှော်လင့်ထားတယ်"ဒမ်းဘဲလ်ဒိုးက ပြောပြီး သူ့ရဲ့ ဝတ်ရုံအောက်ကနေ ငွေရောင်အမှတ်ရသတိဉာဏ်ဝင်ပစ္စည်းတွေပါတဲ့ ပုလင်းအသစ်တစ်လုံးကို ထုတ်လိုက်တယ်။ နောက်တစ်ဆက်တည်း ပုလင်းကိုသူ့ဆေးကြိမ်လုံးနဲ့ တို့ပြီး ဖွင့်လိုက်တယ်။

တစ်ခါ ဟယ်ရီက မဝံ့မရဲနဲ့ သွေးတိုးစမ်းသလို ပြောလိုက်ပြန်တယ်။ "ဆရာ ကျွန်တော် မန်းဒန်းဂတ်စ်ကို ဟော့ဂ်စ်မိဒ်မှာ တွေ့ခဲ့တယ်"

ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးဟာ မျက်မှောင်တစ်ချက် ကြုတ်သွားတာကလွဲပြီး သူ့မေးခွန်းကြောင့် ဘာမှ အနှောင့်အယှက် မဖြစ်သလို အေးအေးဆေးဆေး ပြန်ပြောပြပါတယ်။

"သြော်........ အေး မန်းဒန်းဂတ်စ်က မောင်ရင့်ရဲ့ အမွေပစ္စည်းတွေကို မထီလေးစားနဲ့ ခြေဆော့လက်ဆော့ လုပ်နေတာကို ကျုပ် သိပြီးနေပါပြီကွယ်။ နောက်ပြီး တံမြက်စည်းရှိုး သုံးချောင်းဆိုင်အပြင်ဘက်မှာ မောင်ရင် သူနဲ့ တွေ့ခဲ့တဲ့ အချိန်ကစပြီး ခု သူ အပိုးကျိုးနေပါပြီ။ သူက ကျုပ်နဲ့တွေ့ရမှာကို ကြောက်နေတယ်ကွဲ့။ ဘာပဲဖြစ်ဖြစ် သူ ဆီးရီးယတ်စ်ပိုင်ခဲ့တဲ့ ပစ္စည်းတွေကို နောက်ထပ် ခုလို မလုပ်တော့ဘူးဆိုတာ သေချာပါတယ်"

ဒီမှာတင် နံရံပေါ်က ပုံတူပန်းချီကားထဲက ဖိုင်းနီးယပ်စ်နီဂဲလ်လပ်စ်ဟာ "ဘာကွ ဒီအနုပ်စုတ် ကုပ်စုတ် ဝဲစား သွေးတစ်ဝက်ကောင်က ဘိုးစဉ်ဘောင်ဆက် အမွေမှော်ပစ္စည်းတွေကို မခန့်လေးစား ခိုးနေတယ် ဟုတ်လား"လို့ ဝင်ပြောပြီး စိတ်ဆိုးမာန်ဆိုးနဲ့ သူ့ပန်းချီကားပေါင်ထဲက ဒေါသတကြီး ခုန်ထွက်လာပြီး ဂရင်းမ်မော အရပ် အမှတ် ၁၂ ကအိမ်ကို အလည်အပတ်သွားဖို့ ထွက်ခွာသွားပါတော့တယ်။

ခဏကလေးကြာတော့မှ ဟယ်ရီက ဒမ်းဘဲလ်ဒိုးကို မေးလိုက်တယ်။ "ပါမောက္ခကြီး......... ပါမောက္ခမက်ဂိုနာဂေါ်လ်က ကေတီအနာတရ ဖြစ်ပြီးတဲ့နောက်မှာ ကျွန်တော် သူ့ကို ပြောခဲ့တာတွေကို ပါမောက္ခကြီးကို ပြန်ပြောပြပြီးပြီလား ခင်ဗျာ။ ဒရာကို မော်လ်ဖွိုင်းရဲ့ အကြောင်းလေ"

"အေး၊ သူမက မင်းသံသယဖြစ်နေတာကို ကျုပ်ကို ပြန်ပြောပြပါတယ်"

"ဒါဆို ဆရာက ဘာလုပ်မယ်လို့ ........"

"အင်း...... ကေတီကို မတော်တဆဒဏ်ရာရရှိအောင် လုပ်ခဲ့တဲ့ လက်သည်ဖြစ်နိုင်တဲ့သူ ဘယ်သူ့ကိုမဆို စုံစမ်းစစ်ဆေးဖို့ သင့်တင့်လျောက်ပတ်တဲ့ အရေးယူဆောင်ရွက်မှုအားလုံးကို ကျုပ်လုပ်သွားမှာပါပဲ" ဒမ်းဘဲလ်ဒိုးက ချိန်ချိန်ဆဆ ပြောလိုက်တယ်။ "ဒါပေမဲ့ ခု ကျုပ်နဲ့ သက်ဆိုင်တဲ့ အလုပ်က ကျုပ်တို့ရဲ့ သင်ခန်းစာပဲလေ ဟယ်ရီ"

ဒီနေရာမှာ ဟယ်ရီ နည်းနည်းကလေး မကျေမချမ်း ဖြစ်မိတာ အမှန်ပါပဲ။ တကယ်တော့ သူတို့ရဲ့ သင်ခန်းစာဟာ သိပ်ကို အရေးကြီးရိုးမှန်ခဲ့ရင် ပထမအကြိမ်နဲ့ ဒုတိယအကြိမ်ကြားမှာ ဘာကြောင့် ဒီလောက်အကြာကြီး ခြားနေရတာလဲလို့ သူ ခံစားနေရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူနောက်ထပ် ဒရာကို

www.burmeseclassic.com

www.burmeseclassic.com

မော်လ်ဖွိုင်းအကြောင်း ဘာမှ ထပ်မပြောတော့ဘဲ ဒမ်းဘဲလ်ဒိုးက ဆန်ခါစစ်ကြီးထဲကို ပုလင်းထဲက အမှတ်ရသတိဉာဏ်ဝင် ပစ္စည်းအသစ်လေးတွေကို လောင်းထည့်နေတာကိုပဲ သူစောင့်ကြည့်နေလိုက်တယ်။ ချက်ချင်းလိုလိုပဲ ဒမ်းဘဲလ်ဒိုးက ရှည်လျားတဲ့ လက်ချောင်းလေးတွေပါတဲ့ သူ့လက်တွေကြားမှာ ကျောက်ဇလုံကြီး စပြီးလှည့်ပေးလိုက်ပါတယ်။

"မောင်ရင် မှတ်မိနေမယ်ဆိုတာ ကျုပ် အသေအချာ သိပါတယ်။ ဗိုဒီမော့အကြောင်း ဇာတ်လမ်းထဲက တို့ရပ်ထားခဲ့တဲ့ နေရာလေ။ အဲဒီမှာ ရုပ်ရည်ချောမောတဲ့ မတ်ဂဲလ်တွမ်ရစ်ဒဲလ်က သူ့ရဲ့ဇနီး စုန်းမကလေး မီရုပ်ကို စွန့်ပစ်ပြီး ဟန်ဂလီတန်မှာ ရှိတဲ့ သူ့ရဲ့အိမ်ကို ပြန်သွားခဲ့တာလေ။ မီရုပ်ကတော့ တစ်နေ့သောအခါ လော့ဒ်ဗိုဒီမော့ဖြစ်လာမယ့် သားကလေးကို မွေးဖို့စောင့်စားရင်း လန်ဒန်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တာပေါ့"

"ဆရာက သူမ လန်ဒန်မှာ ရှိတာကို ဘယ်လိုလုပ် သိတာလဲ ဆရာ"

"ဘာကြောင့်သိတာလဲ ဆိုရင် ကာရက်တကတ်စ်ဘတ်ခ်ဆိုသူရဲ့ သက်သေ အထောက်အထားကြောင့်ပေါ့။ သူက ခုနကျုပ်တို့ ဆွေးနွေးခဲ့တဲ့ လည်ဆွဲထွက်လာတဲ့ဆိုင်ကို ရှာတွေ့အောင် ကူညီခဲ့တဲ့သူပဲ"

ပြီးတော့ ဒမ်းဘဲလ်ဒိုးဟာ ရွှေရှာတဲ့သူတစ်ယောက် ဆန်ခါချပြီး ရွှေကျင်ယူနေသလိုနဲ့ အရင်သူလောင်းချတာကို ဟယ်ရီမြင်ခဲ့ရတဲ့ ပုံစံအတိုင်း ဆန်ခါစစ်ကြီးထဲမှာရှိတဲ့ ပစ္စည်းတွေကို လောင်းချလိုက်တယ်။ ဒီမှာတင် လည်နေတဲ့ ပစ္စည်းတွေရဲ့ အပေါ်ပိုင်းကနေပြီး ငွေရောင်ပစ္စည်း အစုအပုံကလေးကနေ ဆန်ခါစစ်ကြီးထဲမှာ လူအိုသေးသေးလေးတစ်ယောက် ချာချာလည်ပြီး ပေါ်ထွက်လာပါတယ်။ အဘိုးအိုကလေးက တစ္ဆေတစ်ကောင်လို ခေါင်းပေါ်ကဆံပင်တွေ သူ့မျက်လုံးကို လုံးလုံးလျားလျား ဖုံးနေတယ်။

"အေး ကျုပ်တို့ဟာ ထူးခြားတဲ့ အခြေအနေမှာ ဒါကလေးကို ရခဲ့တာပဲ။ ဒါကို စုန်းမကလေးတစ်ယောက်က ခရစ္စမတ်မတိုင်ခင်မှာ ခေါ်ယူလာပေးတာပဲ။ ခုမဟုတ်ဘူး။ နှစ်တွေတော်တော်ကြာတုန်းက။ သူမက ငွေအရမ်းလိုနေတယ်လို့ ပြောတယ်။ ဒါကတော့ သိသာထင်ရှားပါတယ်။ အဝတ်စုတ်တွေနဲ့ အုပ်ထားတာက ကလေးမီးဖွားဖို့ ပြင်ဆင်နေတာ၊ သူမက လော့ကတ်သီးကလေးဟာ ဆလင်သီရင်ရဲ့ ပစ္စည်းလို့ ပြောခဲ့တယ်။ ကျုပ်တို့အနေနဲ့ ဒီဇာတ်မျိုးကို တစ်ချိန်လုံး ကြားနေရတာပဲ။ ဒါဟာ မာလင်ရဲ့ ပစ္စည်း၊ သူ့အကြိုက်ဆုံး လက်ဖက်ရည်ကရားဖြစ်တယ်။ သာမန် ရိုးရိုးဂါထာအနည်းငယ်ကို ကျုပ်ကို အမှန်အတိုင်း ပြောစေတယ်။ ပစ္စည်းဟာ အဖိုးမဖြတ်နိုင်လောက် နီးပါးတန်ပေမဲ့ သူမက တန်ဖိုးကိုသိဟန်မတူဘဲ ဆယ်ဂါလ်လီယွန်နဲ့ ဖြတ်လိုက်တယ်။ ကျုပ်တို့ တစ်သက်လုံး လုပ်လာခဲ့သမျှ အပေးအယူ ညှိနှိုင်းမှုတွေထဲမှာ အကောင်းဆုံးဆောင်ရွက်လိုက်နိုင်တဲ့ တစ်ခုလည်း ဖြစ်တယ်"

"သူက သူမကို ဆယ်ဂါလ်လီယွန်ပဲ ပေးခဲ့တယ် ဟုတ်လား"ဟယ်ရီက ဒေါသထွက်ထွက်နဲ့ ပြောလိုက်ပါတယ်။

www.burmeseclassic.com

“အေး ဟုတ်တယ်။ ကာရက်တကတ်စ်ဘတ်ခ်ဟာ သဒ္ဒါရက်ရောမှု ရှိတယ်လို့ ဂုဏ်သတင်းမွှေးသူမဟုတ်လား။ နှမြောတွန့်တိုတတ်တယ်။ ဒီလိုနဲ့ပဲ တို့သိရတာက သူမ မီးဖွားခါနီးအချိန်မှာ မီရုပ်ဟာ လန်ဒန်မှာ တစ်ယောက်တည်းကလည်း ဖြစ်နေ၊ ငွေကလည်း အရမ်းလို၊ ရောင်းစရာ သူမပိုင် အဖိုးတန် ပစ္စည်းဆိုလို့လည်း မာဗိုလို အမြတ်တနိုးထားခဲ့တဲ့ မိသားစုဘိုးစဉ် ဘောင်ဆက်ပိုင် လောကတ်သီးလေးတစ်ခုသာရှိတဲ့ အခြေအနေ ရောက်နေလို့ပဲ”

“ဒါပေမဲ့ သူမမှာ မှော်ပညာအစွမ်း ရှိတယ်လေ။ အဲဒါနဲ့ သူမလိုတာကို ဖန်တီးနိုင်တာပဲ” ဟယ်ရီ စိတ်မရှည်သလို ဖြစ်လာတယ်။ “သူမအနေနဲ့ စားစရာရနိုင်တယ်။ သူမအတွက် အရာရာကို မှော်အတတ်နဲ့ လုပ်ယူလို့ရတယ်။ သူမက အဲဒီလို မလုပ်နိုင်လို့လား”

“ဟာ..... မောင်ရင်ပြောတဲ့အတိုင်း သူမ လုပ်ကောင်းလုပ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ကျုပ်အမြင်နော်။ သူမရဲ့ ခင်ပွန်းက စွန့်ပစ်ခဲ့တဲ့ နောက်မှာ မီရုပ်ဟာ သူမရဲ့ မှော်အတတ်ပညာကို လုံးဝထုတ်မသုံးတော့ဘူး။ စုန်းမတစ်ယောက်အဖြစ် သူမ ဆက် အသက်မရှင်ချင်တော့ဘူး။ ကျုပ် ထင်တာပဲ။ အမှန်ဖြစ်နိုင်တာက သူမရဲ့ တစ်ဖက်သတ်အချစ်နဲ့ အနစ်နာခံတော့မယ့် ဆန္ဒကြောင့်ရယ်၊ သူမမှာ ကပ်ငြိလွှမ်းမိုးနေပြီဖြစ်တဲ့ မျှော်လင့်ချက်ကင်းမဲ့မှုနဲ့ စိတ်သောကတွေကြောင့်ရယ်၊ သူမရဲ့ အစွမ်းအာနိသင်တွေ ဆုတ်ယုတ်လျော့ပါးသွားတာပဲ ဖြစ်မယ်။ ဒါပဲ ဖြစ်နိုင်တယ်။ မီရုပ်ဟာ သူမရဲ့ အသက်ဘေးနဲ့ ရင်ဆိုင်ရချိန်မှာ သူမရဲ့ ဆေးကြိမ်လုံးကို မြှောက်သုံးခြင်းမပြုတော့ဘဲ ငြင်းပယ်ခဲ့တာကို မောင်ရင်မြင်ဖို့လိုတယ်”

“သူမဟာ ကိုယ့်အသက်ကိုယ် မနှမြောရင်တောင် သူမရဲ့ သားအတွက် အသက်ဆက်ရှင်ဖို့ မကြိုးစားတော့ဘူးလား”

ဒမ်းဘဲလ်ဒိုးရဲ့ မျက်ခုံးတွေ မြောက်တက်သွားတယ်။ “ဧကန္တတော့ မောင်ရင်ဟာ လော့ဒ်ဗိုဒီမော့အတွက် ဝမ်းနည်းစိတ်နဲ့ ကရုဏာသက်နေပြီ ထင်တယ်”

“အို........ မဟုတ်ဘူး၊ မဟုတ်ဘူး” ဟယ်ရီက ချက်ချင်းပဲ အလျင်အမြန် ငြင်းလိုက်တယ်။ “ဒါပေမဲ့ သူမမှာ ရွေးချယ်စရာ ရှိတယ်လေ။ ကျွန်တော့်အမေနဲ့ မတူဘူး”

“မောင်ရင့်ရဲ့ အမေမှာလည်း ရွေးချယ်စရာ ရှိခဲ့တာပါပဲကွာ”ဒမ်းဘဲလ်ဒိုးက ညင်ညင်သာသာ အေးအေးချမ်းချမ်း ပြောလိုက်တယ်။

“အေး မီရုပ်ရစ်ဒဲလ်က သူမကို လိုအပ်နေတဲ့ သားတစ်ယောက် ရှိလင့်ကစား သေခြင်းတရားကို ရွေးချယ်သွားခဲ့တယ်။ ဒါပေမဲ့ သူမအပေါ်မှာ မောင်ရင် သိပ်ပြင်းပြင်းထန်ထန် မသုံးသပ် မဆုံးဖြတ်ပါနဲ့ ဟယ်ရီ။ သူမခမျာမှာ ဝေဒနာတွေ ကာလကြာရှည် ခံစားနေရလို့ မောင်ရင့်ရဲ့ မိခင်လိုတော့ သတ္တိတွေ မမွေးမြူနိုင်တော့ဘူးပေါ့။ ကဲ......... ခု မင်းထ”

“ကျွန်တော်တို့ ဘယ်သွားကြမှာလဲ” ဒမ်းဘဲလ်ဒိုးက စားပွဲရှေ့မှာ သူနဲ့အတူ လာရပ်လိုက်တဲ့ အတွက် ဟယ်ရီက ဇဝေဇဝါနဲ့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီတစ်ခါ ကျုပ်တို့ ကျုပ်ရဲ့ မှတ်ဉာဏ်ထဲကို ဝင်ကြမယ်။ အဲဒီမှာ မောင်ရင် ပြည့်ပြည့်ဝဝ အသေးစိတ်နဲ့ စိတ်ကျေနပ်လောက်အောင် အမှန်အကန်တွေ မြင်ရလိမ့်မယ်လို့ ငါထင်တယ်။ ကဲ …… ရှေ့ကသွား"

ဟယ်ရီ ဆန်ခါစစ်ကြီးပေါ်ကို ကုန်းလိုက်တယ်။ မှတ်ဉာဏ်ရဲ့ မျက်နှာပြင်ကို ထိုးခွဲပြီး သူ့မျက်နှာကို နှစ်ချလိုက်တယ်။ ဒီမှာတင် အမှောင်ထုကြီးကို ဖြတ်သန်းပြီး သူကျသွားနေတယ်။ စက္ကန့်ပိုင်းသာသာ ကြာသွားချိန်မှာ သူ့ခြေထောက်တွေ မြေမာပေါ်ကို ထောက်မိသွားတယ်။ သူ့မျက်စိတွေကို ဖွင့်လိုက်တော့ သူနဲ့ ဒမ်းဘဲလ်ဒိုးတို့ ဆူဆူညံညံ ပျားပန်းခပ်သွားလာ လှုပ်ရှားနေတဲ့ ခေတ်ဟောင်း လန်ဒန်မြို့ရဲ့ လမ်းတစ်လမ်းပေါ်မှာ မတ်တတ်ရပ်နေတာကို တွေ့လိုက်ရတယ်။

"အဲဟိုလူဟာ ငါပဲ" ဒမ်းဘဲလ်ဒိုးက ရွှင်ရွှင်ပျပျနဲ့ ပြောပြီး လက်ညှိုးထိုးပြတဲ့ နေရာကို ဟယ်ရီ ကြည့်လိုက်တော့ သူတို့ရှေ့ ခပ်လှမ်းလှမ်းမှာ မြင်းဆွဲတဲ့ နို့လှည်းတစ်စီးရှေ့ကနေ လမ်းဖြတ်ကူးနေတဲ့ အရပ်ရှည်ရှည်လူတစ်ယောက်ကို တွေ့ရတယ်။

အဲဒီ ငယ်ဘဝက အဲလ်ဘတ်စ် ဒမ်းဘဲလ်ဒိုးမှာ နီညိုရောင် ဆံပင်ရှည်ရှည်နဲ့ မုတ်ဆိတ်တွေရှိနေတယ်။ သူတို့ရှိနေတဲ့ ဘက်ခြမ်းကိုလည်း ရောက်ရော လူသွားပလက်ဖောင်းအတိုင်း ဆက်လျှောက်သွားတယ်။ စူးစမ်းတဲ့ အကြည့်နဲ့ ကျီးကန်းတောင်းမှောက် ဖျတ်ခနဲ ဖျတ်ခနဲ ဟိုကြည့်ဒီကြည့် ကြည့်ရင်း လျှောက်သွားနေတဲ့ သူ့ပုံစံဟာ သူဝတ်ထားတဲ့ ဆီးရောင်ကတ္တီပါ ဝတ်စုံကြောင့် မြောက်ကြွမြောက်ကြွနဲ့ ဟန်ရေးပြလွန်းသလို ဖြစ်နေတယ်။

"ကောင်းလိုက်တဲ့ ဝတ်စုံ" ဒမ်းဘဲလ်ဒိုးနဲ့ သူ နှစ်ယောက်သား ဒမ်းဘဲလ်ဒိုးဖြစ်တဲ့ လူငယ်ရဲ့ နောက်မလှမ်းမကမ်းကနေ လိုက်သွားချိန်မှာ ဟယ်ရီက ပြောပြီး လျှောက်နေတဲ့ ခြေလှမ်းကို ရပ်လိုက်တယ်။ ဒမ်းဘဲလ်ဒိုးကတော့ ငယ်ငယ်က သူ့ပုံကို သူသဘောကျနေသလား မသိဘူး။ တခစ်ခစ်နဲ့ ရယ်နေတယ်။ နောက် ဆက်လျှောက်သွားကြပြီး ဟာလာဟင်းလင်း လူရှင်းနေတဲ့ ဝင်းတစ်ခုထဲကို အဝင်ဝသံတံခါးတစ်ခုကနေ ဖြတ်ပြီး သူတို့ ဝင်သွားတယ်။ ဒါပေမဲ့ အဲဒီဝင်းထဲမှာ အရန်အတား အကာအရံ မြင့်မြင့်တွေ ပတ်ပတ်လည် လေးထောင့်စပ်စပ် ပုံဆိုးပတ်ဆိုး အဆောက်အအုံကြီး တစ်လုံး ရှိနေတယ်။

သူတို့ ကြည့်နေစဉ်မှာပဲ လူငယ် ဒမ်းဘဲလ်ဒိုးဟာ အဆောက်အအုံကြီးရဲ့ ရှေ့တံခါးမကြီးကို ဦးတည်ပြီး လှေကားထစ်အနည်းငယ်ကို နင်းတက်လျှောက်သွားတယ်။ နောက် သူက တံခါးကို ခေါက်လိုက်ပြီး၊ တစ်အောင့်ကြာတော့ တံခါးပွင့်သွားပြီး ပေပေရေရေ ကပျစ်ကညစ်ပုံစံနဲ့ ခါးမှာရှေ့ဖုံးစည်းပတ်ထားတဲ့ မိန်းကလေးတစ်ယောက် ပေါ်လာတယ်။

"ကောင်းသော နေ့လယ်ခင်းပါ။ ကျွန်တော် မစ္စကိုးလ်နဲ့ တွေ့ဖို့ချိန်းဆိုထားပါတယ်။ သူမက ဒီမှာပဲ နေတဲ့ သူနာပြုအုပ်ဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်"

"အို" သူ့ရဲ့ သာမန်ထက်ထူးနေတဲ့ အူကြောင်ကြောင် ပုံစံကြောင့် မိန်းကလေးက ခေါင်းရှုပ်သွားတယ်။ "ဒါဆို ခဏလေးနော်"လို့ ပြောပြီး မိန်းကလေးက အိမ်ထဲကို နောက်ပြန်လှည့်အော်လိုက်တယ်။

www.burmeseclassic.com

"မစ္စကိုးလ်"

အတွင်းဘက်ခပ်လှမ်းလှမ်းမှာ ပြန်အော်ပြောနေသံတွေကို ဟယ်ရီကြားရတယ်။ ပြီးတော့မှ မိန်းကလေးက ဒမ်းဘဲလ်ဒိုးဘက်ကို ပြန်လှည့်ပြီး "ဝင်ပါရှင် သူမ အထဲက တစ်နေရာမှာ ရှိပါတယ်" လို့ ပြောလိုက်တယ်။ ဒမ်းဘဲလ်ဒိုး ကြွေပြားအဖြူနဲ့ အနက်ကပ်ထားတဲ့ စင်္ကြံလမ်းထဲကို လျှောက်ဝင်သွားတယ်။ စင်္ကြံလမ်းနဲ့ အတွင်းမှာ မြင်သမျှအရာအားလုံး ဟောင်းနွမ်းစုတ်ပြတ်နေပေမယ့် အကွက်တစ်ကွက် အစက်တစ်စက် မရှိအောင် သန့်ရှင်းနေတယ်။ ဟယ်ရီနဲ့ အဘိုးကြီးဒမ်းဘဲလ်ဒိုး သူ့နောက်ကို ဝင်လိုက်သွားတယ်။ သူတို့ အထဲရောက်ပြီး နောက်ဘက်မှာ အရှေ့တံခါးကြီး ပြန်ပိတ်မသွားခင်မှာပဲ ပိန်ပိန်ကပ်ကပ်နဲ့ ဗျာများသောကရောက်နေပုံပေါက်တဲ့ အမျိုးသမီးတစ်ဦး သုတ်သီးသုတ်ပျာနဲ့ သူတို့ဆီကို လျှောက်လာတယ်။ သူမရဲ့ မျက်နှာဟာ စိုးရိမ်ကြောင့်ကြတတ်မှုနဲ့ ရက်စက်မှုထက် ပါးနပ်တဲ့ အသွင်ဆောင်နေတယ်။ သူမဟာ ဒမ်းဘဲလ်ဒိုးဆီကို ဦးတည်လျှောက်သွားရင်းနဲ့ သမင်လည်ပြန်လှည့်ပြီး ရှေ့ဖုံးခါးစည်းထားတဲ့ သူမလိုမျိုး အခြားအကူ ဝန်ထမ်းတစ်ယောက်ကို စကား လှည့်ပြောနေပြန်တယ်။

"အင်း........ ပြီးတော့ အိုင်အိုဒင်းကို အပေါ်ထပ်က မာသာဆီကို ယူသွား။ ဘီလီစတပ်ဘ်စ်က သူ့အနာတွေကို ဖန်ရည်ဆေးနေတယ်။ အဲရစ်ခေါလေးရဲ့ အိပ်ရာခင်း တစ်ပြင်လုံးလည်း စိုရွှဲလို့၊ ရေကျောက်ကလည်း ဆိုးပါဘိနဲ့"လို့လည်း ဘယ်သူဘယ်ဝါကို ပြောမှန်းမသိပြောလိုက်ပြီးမှ ဒမ်းဘဲလ်ဒိုးကို အသေအချာကြည့်လိုက်တယ်။ တစ်ဆက်တည်းလည်း သူမရဲ့ ရှေ့လက်တစ်ကမ်းကနေ ကပ်ပြီး သစ်ကုလားအုပ်ကြီးတစ်ကောင် ဖြတ်သွားတာနဲ့ ကြုံရသလို တအံ့တသြနဲ့ ခြေလှမ်းတွေကို စုံရပ်ပစ်လိုက်တယ်။

"ကောင်းသောနေ့လယ်ခင်းပါ" ဒမ်းဘဲလ်ဒိုးက သူ့လက်တစ်ဖက်ကို ရှေ့ကို ဆန့်တန်းပေးပြီး ပြောလိုက်တယ်။

မစ္စကိုးလ်က ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေတယ်။

"ကျွန်တော့်နာမည် ဒမ်းဘဲလ်ဒိုးပါ။ ကျွန်တော် ခင်ဗျားနဲ့ တွေ့ဖို့ မေတ္တာရပ်ခံတဲ့ စာတစ်စောင် ခင်ဗျားဆီပို့လိုက်တာ ခင်ဗျားက ဖော်ရွေယဉ်ကျေးစွာနဲ့ ဒီကနေ့ ဒီကိုလာရောက်ဖို့ ဖိတ်ကြားတဲ့အတွက် ကျွန်တော် ရောက်လာတာပါပဲ"

မစ္စကိုးလ်က မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် လုပ်နေတယ်။ နောက်မှ ဒမ်းဘဲလ်ဒိုးကို သူမ စိတ်ချောက်ချားလို့ အာရုံထဲမှာ မြင်ရတာသေချာသွားသလိုနဲ့ အားယူပြီး တုန်ရီရီပြောလိုက်တယ်။

"အိုး......... ဟုတ်ပါရဲ့၊ ကောင်းပါပြီရှင်။ ကဲ....... ကျွန်မအခန်းကို သွားကြတာပေါ့။ ဟုတ်သားပဲ"

သူမက ဒမ်းဘဲလ်ဒိုးကို အခန်းငယ်ကလေးတစ်ခုထဲကို ခေါ်သွားတယ်။ အခန်းက ဧည့်ခန်းအဖြစ်ရော ရုံးခန်းအဖြစ်ပါ သုံးတဲ့ အခန်းကလေးပဲ။ အခန်းထဲမှာလည်း စင်္ကြံလမ်းကအတိုင်းပဲ

www.burmeseclassic.com

www.burmeseclassic.com

စုတ်ပြတ်ချာလိုက်သမှ။ ပရိဘောဂတွေကလည်း ဟောင်းနွမ်းပြီး တစ်ခုနဲ့တစ်ခု မလိုက်ဖက်တာတွေ ဖြစ်နေတယ်။

နောက် သူမက ဒမ်းဘဲလ်ဒိုးကို ခနော်နီခနော်နဲ့ ကုလားထိုင်တစ်လုံးမှာ ထိုင်ဖို့ ဖိတ်မန္တကပြုလိုက်ပြီး၊ သူမကိုယ်တိုင်ကတော့ ရှုပ်ပွေပွနေတဲ့ စာရေးခုံကလေး တစ်လုံးရဲ့ နောက်ပိုင်း အစွန်းထိပ်မှာ ကပ်ထိုင်လိုက်တယ်။ သူမရဲ့ မျက်စိတွေကိုတော့ ဒမ်းဘဲလ်ဒိုးဆီမှာ အာရုံစိုက်ထားတယ်။

"ကျွန်တော်ရဲ့ စာထဲမှာ ပါသလိုပဲ ကျွန်တော် ခုလာရတာက တွမ်ရစ်ဒဲလ်နဲ့ သူ့ရဲ့ အနာဂတ်အတွက် ဆွေးနွေးဖို့ ဖြစ်ပါတယ်"လို့ ဒမ်းဘဲလ်ဒိုးက ပဏာမပျိုးလိုက်တယ်။

"ရှင်က မိသားစုဝင်လား"

"မဟုတ်ပါဘူး၊ ကျွန်တော်က ကျောင်းဆရာတစ်ယောက်ပါ။ ခု ဒီကိုလာရတာက တွမ်ကို ကျွန်တော့်ကျောင်းမှာ ထားဖို့ လာပြီးကမ်းလှမ်းတာပါ"

"ဘယ်ကျောင်းပါလိမ့်"

"ဟော့ဂ်ဝပ်စ်လို့ခေါ်တဲ့ ကျောင်းပါ" ဒမ်းဘဲလ်ဒိုးက ဖြေလိုက်တယ်။

"ရှင်က ဘယ်လိုကြောင့် တွမ့်အပေါ်မှာ စိတ်ဝင်စားရတာလဲ"

"ကျွန်တော်တို့ သူ့ကို ပြုစုပျိုးထောင်နိုင်ဖို့ သူ့မှာ အဆင့်အတန်းနဲ့ အရည်အချင်းတွေ ရှိတယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်"

"ရှင်ဆိုလိုတာ သူ့ကို ပညာသင်စရိတ် ထောက်ပံ့မယ်ပေါ့။ သူ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူ့မှာ အဲဒီလောက် အရည်အချင်း မရှိဘူးလေ"

"ရပါတယ် ခင်ဗျာ့။ သူ့ကို မွေးဖွားစဉ်ကတည်းက သူ့နာမည်ကို ကျွန်တော်တို့က စာရင်းသွင်းထားပြီးသားပါ"

"သူ့အတွက် ဘယ်သူက ကျောင်းအပ်ခဲ့တာဘဲ။ သူ့မိဘတွေလား"

ဒီတစ်ချက်နဲ့ပဲ မစ္စကိုးလ်ဟာ ပါးရည်နပ်ရည် ရှိသလောက် တကယ့်ကို မလွယ်ကြောနဲ့ မောရမယ့် ထော်လော်ကန့်လန့် ကတ်သီးကတ်သတ် အမျိုးသမီးတစ်ယေက်ဆိုတာ ယုံမှားစရာ မရှိအောင် ထင်ရှားသွားပါတယ်။ ဒမ်းဘဲလ်ဒိုးလည်း ဒီအတိုင်း ယူဆသွားပုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာတင် ဒမ်းဘဲလ်ဒိုးဟာ သူ့ရဲ့ ကတ္တီပါဝတ်စုံအိတ်ကပ်ထဲက ဆေးကြိမ်လုံးကို ဆတ်ခနဲ ဆွဲထုတ်လိုက်တာ ဟယ်ရီမြင်ရတယ်။ သူက တစ်ချိန်တည်းမှာ မစ္စကိုးလ်ရဲ့ စားပွဲစွန်းမှာရှိနေတဲ့ ဘာတစ်ခုမှ ရေးမထားသေးတဲ့ စာရွက်အလွတ်တစ်ရွက်ကိုပါ ကောက်ယူလိုက်တယ်။

"ရော့ ဒီမှာ" ဒမ်းဘဲလ်ဒိုးက စာရွက်ကို သူမကို ကမ်းပေးပြီး ဆေးကြိမ်လုံးကို မြောက်ရွှယ်ရင်း ပြောလိုက်တယ်။ "ဒါက အရာအားလုံးကို ရှင်းလင်းပြေလည် သွားစေပါလိမ့်မယ်"

မစ္စကိုးလ်ဟာ ရုတ်တရက် မျက်လုံးပြူးသွားပြီး နောက်ကို ဖျတ်ခနဲ ရွှေ့လိုက်ရာက စာရွက်အလွတ်ကလေးကို တစ်ခဏကြာအောင် မျက်တောင်မခတ် စိုက်ကြည့်နေတယ်။

ပြီးတော့မှ "အင်း ဒါဆို အမိန့်နဲ့ မဖြစ်မနေ လုပ်တာပဲပေါ့"လို့ ပြောရင်း သူမက စာရွက်ကို ပြန်ပေးလိုက်ပါတယ်။ တစ်ခါ စောစောကမရှိဘဲ စက္ကန့်ပိုင်းကလေးအတွင်းကမှ ရောက်လာတဲ့ ဂျင်အရက်တစ်ပုလင်းနဲ့ ဖန်ခွက်နှစ်လုံးကို သူမက လှမ်းကြည့်လိုက်တယ်။ ပြီးတော့-

"ဒီ ဂျင်အရက်ကလေးတစ်ခွက်နဲ့ပဲ ကျွန်မ ဧည့်ဝတ်ပြုပါရစေရှင်"လို့ ချက်ချင်း လုံးဝအချိုးပြောင်းသွားတဲ့ လေသံနဲ့ သူမက ပြောလိုက်တယ်။

"ကျေးဇူးအများကြီး တင်ပါတယ် မစ္စကိုးလ်" ဒမ်းဘဲလ်ဒိုးကလည်း ပြုံးပြုံးရွှင်ရွှင် ပြန်ပြောတယ်။

မကြာခင်မှာဘဲ မစ္စကိုးလ်ဟာ အရက်သောက်ရာမှာ လက်သင်အစိမ်း သက်သက် မဟုတ်ဘဲ ဝါရင့်နေပုံရတာ ပေါ်လာတယ်။ သူတို့နှစ်ယောက် အပြန်အလှန် စေတနာတွေ ကောင်းပြီး ထည့်ပေးလိုက် သောက်လိုက်နဲ့။ တော်ကြာတော့ သူမဟာ ဖန်ခွက်ထဲက လက်ကျန်အရက်ကို တစ်ကျိုက်တည်းနဲ့ မော့ချပြီး အပြောင်ရှင်းလိုက်တယ်။ နောက် သူမရဲ့ နှုတ်ခမ်းကို ပွတ်ခနဲ အသံမြည်အောင် လုပ်လိုက်ပြီး ပထမဆုံးအကြိမ်အဖြစ် ဒမ်းဘဲလ်ဒိုးကို သူမ ပြုံးပြလိုက်တယ်။ ဒီမှာတင် ဒမ်းဘဲလ်ဒိုးကလည်း ရလာတဲ့ အခွင့်အရေးကို မလွတ်တမ်း အသုံးချလိုက်တယ်။

"ခင်ဗျားအနေနဲ့ ကျွန်တော့်ကို တွမ်ရစ်ဒဲလ်ရဲ့ ရာဇဝင် သမိုင်းကြောင်းလေး ပြန်ပြောပြနိုင်မလားလို့ ကျွန်တော် တွေးနေမိပါတယ်။ သူ့ကို ဒီက မိဘမဲ့ကလေးဂေဟာမှာ မွေးဖွားခဲ့တာလို့ ကျွန်တော်ထင်တယ်"

"မှန်လိုက်လေ၊ သိပ်မှန်တာပေါ့"မစ္စကိုးလ်က ဒမ်းဘဲလ်ဒိုး ထည့်ပေးမှာကို မစောင့်ဘဲ ကိုယ့်ဖန်ခွက်ထဲ ဂျင်တွေ ကိုယ်တိုင်နောက်တစ်ခါ လောင်းထည့်ရင်း ပြောလိုက်တယ်။ "ကျွန်မ ဒီအကြောင်းတွေ အမှမချေးခါးမကျန် အကုန်ကောင်းကောင်း မှတ်မိတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဇာတ်လမ်းကို ဒီမှာ ကျွန်မကိုယ်တိုင် စခဲ့တာကိုး။ နှစ်သစ်ကူးသမယပေါ့လေ။ အရမ်းအေးစက်ပြီး နှင်းတွေကလည်း ကျနေတယ်။ သိတယ်မဟုတ်လား။ မနှစ်မြို့စရာ ရင်နာစရာကောင်းတဲ့ ညတစ်ညပေါ့။ အဲဒီမိန်းကလေး၊ ပြောရရင်တော့ အဲဒီအချိန်က ကျွန်မနဲ့ အသက်မတိမ်းမယိမ်း နည်းနည်းလေးပဲ ပိုကြီးမယ့် မိန်းကလေးဟာ အရှေ့ဘက်လှေကားကနေ ဒယီးဒယိုင်နဲ့ တစ်လှမ်းချင်း တက်လာတယ်။ ဒီလိုမျိုး ဖြစ်တဲ့အထဲမှာ သူမဟာ ပထမဆုံးတော့ မဟုတ်ပါဘူး။ ထားလိုက်ပါတော့။ ကျွန်မတို့က သူမကို

www.burmeseclassic.com

အထဲကို ခေါ်လာတယ်။ ရောက်ပြီး တစ်နာရီမပြည့်ခင်မှာဘဲ သူမ မီးဖွားတယ်။ ပြီးတော့ နောက်တစ်နာရီလောက် အတွင်းမှာပဲ သူမ ဆုံးသွားတော့တာပါပဲ”

မစ္စကိုးလ်ဟာ သူမကိုယ်သူမ အထင်ကြီးစရာကောင်းတဲ့ အမျိုးသမီး တစ်ယောက်ပုံစံမျိုးနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ပြီးတော့ သူမရဲ့ ဖန်ခွက်ထဲက ဂျင်တွေကို ဂလောက်ခနဲ မော့ချပစ်လိုက်ပြန်ပါရော။

“သူမက မသေခင်ဘာများ ပြောသွားသေးသလဲ။ ဥပမာ ကလေးရဲ့ အဖေဟာ ဘယ်သူဘယ်ဝါဆိုတာမျိုးပေါ့ဗျာ”ဒမ်းဘဲလ်ဒိုးလည်း ရေလာမြောင်းပေး ပြောလိုက်တယ်။

“ဟော ခုတော့ သူမပြောခဲ့တဲ့ အတိုင်း ဖြစ်လာပြီလေ” မစ္စကိုးလ်ဟာ သူမရဲ့ ဖန်ခွက်ထဲက ဂျင်တွေရဲ့ အရှိန်နဲ့ မြူးမြူးကြွကြွ ဖြစ်နေသလို ‘ရိုက်မစစ်လည်း ပြောမှာပဲ’ဆိုတဲ့ပုံစံနဲ့ သူမရဲ့ ဇာတ်လမ်းကို အရမ်းပြောချင်နေပုံရတယ်။ “ကျွန်မ မှတ်မိတာကတော့ သူမက ကျွန်မကို ပြောခဲ့တယ်လေ ‘ကလေးဟာ သူ့အဖေနဲ့ သိပ်တူမှာပဲလို့ မျှော်လင့်ပါတယ်’တဲ့။ ကျွန်မ မလိမ်ဘူး။ သူမက အဲဒီလိုကို ပြောခဲ့တာ။ ဘာဖြစ်လို့လဲဆိုတော့ သူမက မလှရှာဘူးလေ။ ပြီးတော့ သူမက ပြောသေးတယ်။ ကလေးကို သူ့ရဲ့ အဖေကိုယ်စား တွမ်၊ သူမရဲ့ အဖေကိုယ်စား မာဗိုလိုလို့ နာမည်မှည့်ပေးပါတဲ့။ ဟာ ........ ကျွန်မသိတာပေါ့။ အဲဒါက ရယ်စရာကြီး။ မဟုတ်ဘူးလား။ ဒါကြောင့် ကျွန်မတို့က သူမကို ဆပ်ကပ်အဖွဲ့တစ်ဖွဲ့က ရောက်လာသလားလို့ တောင် တွေးနေမိသေးတယ်။ သူမက ပြောသေးတယ်။ ကလေးရဲ့ မိသားစုနာမည်ကို ရစ်ဒဲလ်လို့ မှည့်ရမယ်တဲ့။ အဲဒီနောက် မကြာဘူး၊ ဘာမှ ထပ်မပြောနိုင်တော့ဘဲ သူမ သေဆုံးသွားတော့တာပါပဲ” မစ္စကိုးလ်က ဆက်ပြန်တယ်။

“ဟုတ်တာပေါ့။ ကျွန်မတို့ကလည်း သူမပြောခဲ့သလိုပဲ ကလေးကို နာမည်ပေးပါတယ်။ ဒါကလည်း သနားစရာကောင်းတဲ့ မိန်းကလေးအတွက် သိပ်ကို အရေးကြီးတဲ့ ကိစ္စမဟုတ်လား။ ဒါပေမဲ့ တွမ်ဆိုတာရော၊ မာဗိုလိုဆိုတာရော၊ ရစ်ဒဲလ်ဆိုတာရော ကလေးကို ဘယ်သူမှ လာမကြည့်ပါဘူး။ ဘယ်မိသားစုဝင် တစ်ယောက်မှကို မလာတာပါ။ ဒီတော့ သူ့ခမျာ ဒီမိဘမဲ့ဂေဟာမှာပဲ နေရတော့တာပေါ့။ အဲဒီအချိန်ကစပြီး ဒီမှာပဲ ကြီးပြင်းရတာပေါ့”

မစ္စကိုးလ်ဟာ လူမှန်းသူမှန်း မသိတော့မယ့်နီးပါး ဂျင်အရက် ပြင်းပြင်းတွေကို စိတ်လွတ်ကိုယ်လွတ် ကိုယ့်ဘာသာ ထည့်သောက်နေပါတယ်။ သူမရဲ့ ပါးရိုး အထက်ပိုင်းမှာ ပန်းရောင် အကွက်ကြီးနှစ်ကွက် ထွက်လာတဲ့အထိပဲ။ ပြီးတော့မှ သူမက ပြောသေးတယ်။ “ကောင်လေးက ခု သိပ်ရယ်စရာကောင်းတယ်”တဲ့။

“ဟုတ်ကဲ့ပါ သူဖြစ်မှာပါပဲ”ဒမ်းဘဲလ်ဒိုးကလည်း သံယောင်လိုက်ပြောနေတယ်။

“ဒါတင်ဘယ်ကမလဲ၊ နို့စို့အရွယ်တုန်းကလည်း ချစ်စရာ ရယ်စရာလေးပဲ။ သူက ငိုခဲ့တယ်။ အင်း နည်းနည်းလည်း ကြီးလာရော သူက တစ်မျိုး ထူးလာတယ်”

“ထူးတယ်ဆိုတာက ဘယ်လိုမျိုး ထူးတာလဲ” ဒမ်းဘဲလ်ဒိုးက မသိမသာ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အင်း အဲဒါက သူ့ဟိုဟာ......."

ဒါပေမဲ့ မစ္စကိုးလ်ဟာ ဒီမှာတင် သူမရဲ့ စကား တုံးတိရပ်ပစ်လိုက်ပြီး၊ သူမကို ဖိနှိပ်စစ်ကြောမေးမြန်းနေတယ်ဆိုတဲ့ အကြည့်နဲ့ ဒမ်းဘဲလ်ဒိုးကို သူမရဲ့ ဂျင်ဖန်ခွက်ပေါ်ကနေ ဖျတ်ခနဲ ကြည့်လိုက်တယ်။ ပြီးတော့ တစ်ဆက်တည်း မေးလိုက်တယ်။

"သူ သေချာပေါက် ရှင့်ရဲ့ ကျောင်းမှာ နေရာတစ်နေရာရမယ်လို့ ရှင်ပြောခဲ့တယ်နော်"

"သေချာပေါက်ပဲ"ဒမ်းဘဲလ်ဒိုးက ဖြေလိုက်တယ်။

"ဒါဆို ကျွန်မဘာပြောပြော အဲဒါကို မပြောင်းလဲနိုင်တော့ဘူးပေါ့နော်"

"ပြောင်းလဲဖို့ ဘာအကြောင်းမှ မရှိဘူး"

"ဘာပဲဖြစ်ဖြစ် ရှင်သူ့ကို ခေါ်သွားမှာပဲလား"

"ဘာပဲဖြစ်ဖြစ် ခေါ်ရမှာပဲ" ဒမ်းဘဲလ်ဒိုးက မစ္စကိုးလ်ရဲ့ စကားလုံးကို ထပ်သုံးပြီး ပြောလိုက်တယ်။

မစ္စကိုးလ်က ဒမ်းဘဲလ်ဒိုးဟာ ယုံရမယ့်လူလား၊ မယုံရသူလားဆိုတာ ဆုံးဖြတ်နေပုံမျိုးနဲ့ မျက်စိကိုမှေးပြီး သူ့ကို စိုက်ကြည့်နေတယ်။ ပြီးတော့ သူ့ကို ပြောလို့ဖြစ်နိုင်တယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီးတာနဲ့ သူမရဲ့ ပါးစပ်ကနေ ရုတ်တရက် စကားလုံးတွေ ခုန်ထွက်သွားတယ်။

"ထူးတယ်ဆိုတာက သူဟာ တခြားကလေးတွေကို ခြောက်လှန့်တတ်တယ်"

"ခင်ဗျားက သူ့ကို ကြီးနိုင်ငယ်ညှင်း အနိုင်ကျင့်တဲ့ ကောင်လေးလို့ ဆိုလိုချင်တာလား" ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။

"သူ ဖြစ်ကိုဖြစ်မယ်လို့ ကျွန်မထင်တယ်"မစ္စကိုးလ်က မျက်မှောင်ကြုတ်စဉ်းစားသလိုနဲ့ ဖြည်းဖြည်းပြောလိုက်တယ်။ "ဒါပေမဲ့ သူ အဲဒီလို လုပ်တယ်ဆိုတာကို လက်ပူးလက်ကြပ်ဖမ်းမိဖို့တော့ သိပ်ကို ခဲယဉ်းတယ်။ အဲဒီလိုဖြစ်ခဲ့တာတွေ အများကြီးပဲ။ စိတ်ပျက်စရာကောင်းလိုက်တာ"

ဟယ်ရီက ဒီအကြောင်းပေါ်မှာ စိတ်ဝင်စားနေပြီ ဖြစ်ပေမဲ့ ဒမ်းဘဲလ်ဒိုးက သူမအပေါ် ဖိအားပေးတာ မရှိပါဘူး။ သူမက ဂျင်အရက်ကို နောက်ထပ် နောက်ထပ် တစ်ကျိုက်မော့လိုက်ပြန်တယ်။ သူမရဲ့မျက်နှာဟာ ပန်းရောင်ကနေ နှင်းဆီရဲရဲရောင် အဆင့်ကိုအထိ ရောက်နေတယ်။

www.burmeseclassic.com

"ဘီလီစတပ်ဘ်စ်ရဲ့ ယုန်ကလေးလေ။ တွမ်ကပြောတယ်။ သူ မလုပ်ပါဘူးတဲ့။ ကျွန်မကလည်း သူ ဘယ်လိုလုပ်လိုက်တယ်ဆိုတာ မြင်တာမှ မဟုတ်ဘဲ။ ဒါဆိုရင် အဲဒီယုန်က သူ့အလိုလို မျက်နှာကြက်ထုပ်တန်းရဲ့ ဒိုင်းမှာ တွဲလောင်းကြီး သွားဆိုနေတယ်ပေါ့။ ယုန်က အဲဒီလို လုပ်လား"

"ကျွန်တော်ကတော့ အဲဒီလို မထင်ဘူး။ ဒါမဖြစ်နိုင်ပါဘူး" ဒမ်းဘဲလ်ဒိုး တိတ်တိတ်ဆိတ်ဆိတ် အေးအေးကလေး ပြောလိုက်တယ်။

"ဒါပေမဲ့ သူ အဲဒါကို လုပ်ဖို့အတွက် ဘယ်လိုစီစဉ်ခဲ့တယ်ဆိုတာကို သိခဲ့ရင်တော့ ကျွန်မ အံ့အားသင့်မိရပါတယ်။ ကျွန်မသိသလောက် ပြောရရင် သူနဲ့ ဘီလီတို့ အဲဒီနေ့မတိုင်ခင် တစ်ရက်က အငြင်းအခုံ ဖြစ်ကြတယ်။ နောက်တော့"မစ္စကိုးလ်က စကားကိုရပ်ပြီး နောက်ထပ် ဂျင်တစ်ကျိုက်ကို မော့လိုက်ပြန်တယ်။ ပါးစပ်က လျှံထွက်သွားတဲ့ အရက်အနည်းငယ် သူမရဲ့ နှုတ်ခမ်းကနေ မေးစေ့ပေါ်ကို စီးကျလာတယ်။ တစ်ခါ သူမက စကားကို ဆက်တယ်။

"နွေရာသီအကုန်ကပေါ့။ ကျွန်မတို့ သူတို့ကို အပြင်ခေါ်သွားတယ်။ တစ်နှစ်တစ်ကြိမ် ကျေးလက်ဒေသ ဒါမှမဟုတ် ပင်လယ်ကမ်းခြေကို သွားကြတာပါ။ အဲဒီက စပြီး နောက်ပိုင်းမှာ အေမီဘင်ဆင်နဲ့ ဒင်းနစ်စ်ဘစ်ရှော့ပ်တို့တွေ လုံးဝကျပ်မပြည့်တော့ဘူး။ ကျွန်မတို့ စုံစမ်းလေ့လာသိရသလောက် သူတို့ဟာ လိုဏ်ဂူတစ်ခုကို တွမ်ရစ်ဒဲလ်နဲ့ သွားခဲ့ကြတယ်လို့ သိရတယ်။ သူက အဲဒါဟာ သူတို့ ရှာဖွေစူးစမ်းလေ့လာမှု လုပ်ခဲ့တာလို့ ကျိန်ပြောတယ်။ ဒါပေမဲ့ အဲဒီမှာ ပြဿနာတချို့ ဖြစ်ခဲ့တယ်။ ကျွန်မ အသေအချာ ပြောရဲပါတယ်။ ပြဿနာတွေမှ ဖြစ်လိုက်တာ တသီကြီးပဲ။ ရယ်စရာတွေ ဖြစ်နေတယ်"

သူမက ဒမ်းဘဲလ်ဒိုးကို တစ်ခါ ထပ်ဝေ့ကြည့်လိုက်ပြန်ပါတယ်။ သူမရဲ့ ပါးတွေသွေးရောင်ဖျန်းပြီး ရဲရဲနီနေပြီ။ ဒါပေမဲ့ သူမ ငေးကြည့်ပုံကတော့ ဟန်မပျက် ရှိနေသေးတယ်။
"လူပေါင်းမြောက်မြားစွာကတော့ သူပြန်သွားတာကို မြင်ရရင် ဝမ်းနည်းကြလိမ့်မယ်လို့ ကျွန်မ မထင်ဘူး"လို့ ဆက်ပြောလိုက်တယ်။

"ခင်ဗျား နားလည်ထားရမှာက ကျွန်တော်တို့ဟာ သူ့ကို ဟိုမှာ အမြဲခေါ်ထားမှာတော့ မဟုတ်ဘူး။ အဲဒါ သေချာတယ်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ကျွန်တော်တို့က သူ့ကို အနည်းဆုံး နွေရာသီတိုင်း ဒီကို ပြန်ခွင့်ပြုမှာပဲ"

"အို..... ဟုတ်လား။ ဘာပဲဖြစ်ဖြစ် သံချေးတက်နေတဲ့ မီးဆွတံတစ်ချောင်းနဲ့ နှာခေါင်းကို "ဖြောင်း"ခနဲ နေအောင် ဖြတ်ရိုက်ခံရတာထက်စာရင် တော်ပါသေးတယ်"မစ္စကိုးလ်က ပြောရင်း "အေ့"ခနဲ ကြို့တစ်ချက် ထိုးလိုက်တယ်။ ပြီးတော့ ထိုင်ရာက မတ်တတ်ထရပ်တယ်။ ဂျင်ပုလင်းကြီး သုံးပုံနှစ်ပုံကျော်ကျော်လောက် လျော့သွားပြီ။ ဒါတောင် ဟန်မပျက် သူမကိုယ်သူမ ကောင်းကောင်း ထိန်းထားနိုင်သေးတဲ့ မစ္စကိုးလ်ကို ဟယ်ရီဖြုံသွားတယ်။ သူမက ပြောတယ် "ရှင် ကလေးကို မြင်ချင်ပြီနဲ့ တူတယ်"

"သိပ်ဟုတ်တာပေါ့ဗျာ" ဒမ်းဘဲလ်ဒိုးကပြောပြီး တစ်ပါတည်း လိုက်ထတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူမက ဦးဆောင်ပြီး ဒမ်းဘဲလ်ဒိုးနဲ့အတူ သူမရဲ့ ရုံးခန်းအပြင်ဘက်ကို ထွက်သွားပြီး၊ တစ်ခါ ကျောက်လှေကားထစ်တွေအတိုင်း တက်သွားကြတယ်။ မစ္စကိုးလ်ဟာ လျှောက်သွားရင်း အကူဝန်ထမ်းတွေကို ညွှန်ကြားချက်တွေ ညွှဲဇာစကားတွေ ပေးသွားတယ်။ ဟယ်ရီ တွေ့မြင်ရတဲ့ မိဘမဲ့ကလေးတွေအားလုံး မီးခိုးရောင်ချိုင်းပြတ် သင်တိုင်းရှည်ကြီးတွေ အဆင်တူ အရောင်သွေးတူ ဝတ်ထားကြတယ်။ သူတို့ကို အတော်ကလေး ထိထိရောက်ရောက် ဂရုစိုက်ပြုစုထားပုံရပါတယ်။ ဒါပေမဲ့ ဒီနေရာဟာ သူတို့ အနေစုတ်စုတ် အစားစုတ်စုတ် ကြီးပြင်းရမယ့် မနှစ်မြို့စရာ စိတ်မချမ်းသာစရာ နေရာကြီးတစ်ခု ဆိုတာတော့ မငြင်းနိုင်ပါဘူး။

“တို့ ရောက်လာတယ်ဟေ့” ဒုတိယမြောက် လှေကားထစ်တစ်ခုကို ချိုးကွေ့လိုက်ပြီး စကြံရှည်ကြီးတစ်ခုရဲ့ ပထမဆုံး တံခါးပေါက်တစ်ခုရှေ့ အရောက်မှာ မစ္စကိုးလ်က အထဲကို လှမ်းပြောရင်း တံခါးကို နှစ်ခါခေါက်ပြီး အထဲကို ဝင်သွားတယ်။

“တွမ်........ မင်းကို လာတွေ့တဲ့ လူတစ်ယောက် ရောက်နေတယ်။ ဒါက မစ္စတာ ဒမ်ဘာတန်။ အိုယောင်လို့ ဒမ်းဘဲလ်ဒိုးပဲ။ မင်းကို ပြောစရာရှိလို့ သူလာခဲ့တာ။ ကဲ မင်း သူနဲ့ တွေ့နိုင်ပါပြီ”

ဟယ်ရီနဲ့ ဒမ်းဘဲလ်ဒိုးနှစ်ယောက် အခန်းထဲကို ဝင်လိုက်ကြတယ်။ မစ္စကိုးလ်က တံခါးကို ပြန်ပိတ်လိုက်တယ်။ အခန်းက အဝတ်ချိတ်တွေပါတဲ့ မတ်တတ်ဗီရိုဟောင်းကြီးတစ်လုံးနဲ့ သံခုတင်ပေါင်တစ်ခုကလွဲပြီး ဘာဆိုဘာမျှ မရှိတဲ့ အခန်းလွတ် သေးသေးကလေး တစ်ခန်းပဲ။ ကောင်ကလေးတစ်ယောက်က မီးခိုးရောင် စောင်ပုံကြီးတစ်ထပ်ပေါ်မှာ ခြေဆင်းပြီး ထိုင်နေတယ်။ သူ့လက်ထဲမှာလည်း စာအုပ်တစ်အုပ်နဲ့။

ဒါပေမဲ့ တွမ်ရစ်ဒဲလ်ရဲ့ မျက်နှာမှာ နတ္တိသီရိတွေရဲ့ အရိပ်အယောင် တစ်စွန်းစတစ်မှ မတွေ့ရဘူး။ မီရုပ်ဟာ သူမရဲ့ သေခါနီး အာသာဆန္ဒ ပြည့်ဝသွားခဲ့ပါတယ်။ သူဟာ သူ့အဖေလို လူချောကို ချုံ့ထားတဲ့ အသေးစား တွမ်ရစ်ဒဲလ်ကလေးဖြစ်ပြီး၊ အသက် ၁၁နှစ်နဲ့လိုက်တဲ့ အရပ်အရှည် ရှိတယ်။ ဆံပင်က အနက်ရောင်၊ အသားက ဖြူဖျော့တယ်။ ဒမ်းဘဲလ်ဒိုးရဲ့ တစ်မူထူးနေတဲ့ ပုံစံကို အသာကလေး မေးကြည့်နေတဲ့ သူ့မျက်စိတွေက နည်းနည်းကလေး ကျဉ်းနေတယ်။ အခန်းထဲမှာ တစ်ခဏငြိမ်သက် တိတ်ဆိတ်သွားတယ်။

“နေကောင်းလားဟေ့ တွမ်”ဒမ်းဘဲလ်ဒိုးက ရှေ့ကို လျှောက်သွားပြီး သူ့လက်ကို ဆန့်တန်းပေးရင်း ပြောလိုက်တယ်။

ချာတိတ်ကလေးက ခဏတွေနေပြီးမှာ လက်ကို ဆန့်ပေးပြီး သူတို့ လက်ဆွဲ နှုတ်ဆက်လိုက်ကြတယ်။တစ်ခါ သစ်သားကုလားထိုင်ဟောင်းကြီး တစ်လုံးကို ရစ်ဒဲလ်ရဲ့ ဘေးကို ဆွဲယူပြီး ထိုင်လိုက်တဲ့အတွက် သူတို့နှစ်ယောက်ရဲ့ ပုံစံက ဆေးရုံလူနာနဲ့ လူနာမေးလာသူတစ်ယောက်နဲ့ တူနေတယ်။

“ကျုပ်ဟာ ပါမောက္ခ ဒမ်းဘဲလ်ဒိုးပဲ”

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ပါမောက္ခ"ရစ်ဒဲလ်က လိုက်ဆိုပြီး သူ့ကိုယ်သူ သတိနဲ့နေနေတယ်။ "အဲဒါ ဆရာဝန်နဲ့ အတူတူပဲလား။ ခုခင်ဗျား ဒီကို ဘာအတွက်လာတာလဲ။ ပြီးတော့ သူမက ခင်ဗျားကို ကျွန်တော်နဲ့တွေ့ဖို့ ခေါ်လိုက်တာလား....."လို့ မစ္စကိုးလ် ပြန်ထွက်သွားတဲ့ တံခါးပေါက်ဘက်ကို လက်ထိုးပြီး မေးလိုက်တယ်။

"ဟာ မဟုတ်ဘူး၊ မဟုတ်ဘူး" ဒမ်းဘဲလ်ဒိုးက ပြုံးပြီး ပြောလိုက်တယ်။ ဒီမှာတင် ရစ်ဒဲလ်က လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

"ကျွန်တော် ခင်ဗျားကို မယုံဘူး။ သူမက ကျွန်တော့်ကို ကြည့်စေချင်တယ်။ မဖြစ်နိုင်တာဗျာ။ အမှန်အတိုင်းပြောပါ"

ရစ်ဒဲလ်ဟာ သူ့စကားထဲက 'အမှန်အတိုင်းပြောပါ'ဆိုတဲ့ နောက်ဆုံးစကားလုံးတွေကို အသံတုန်တုန်ယင်ယင်နဲ့ သွေးရူးသွေးတန်း ပြောလိုက်တာ ဖြစ်သလို၊ ဒါဟာ သူ အရင်က အကြိမ်ပေါင်းများစွာ ပေးခဲ့တဲ့ အမိန့်တွေလိုပဲ အမိန့်ပေးလိုက်တာ ဖြစ်ပါတယ်။ သူ့မျက်လုံးကြီးတွေ ပြူးကျယ်လာပြီးတော့လည်း ဒမ်းဘဲလ်ဒိုးကို စိန်းစိန်းဝါးဝါး စိုက်ကြည့်နေတယ်။ ဒါပေမဲ့

www.burmeseclassic.com

ဒမ်းဘဲလ်ဒိုးက သူဖြစ်နေတာကို ဘာမှမတုံ့ပြန်ဘဲ ပြုံးပြုံးရွှင်ရွှင် သာသာညင်းညင်းနဲ့သာ သူ့ကို ဆက်ပြောပြနေတယ်။ တစ်အောင့်ကြာတော့ ရစ်ဒဲလ်ဟာ ဒမ်းဘဲလ်ဒိုးအပေါ်မှာ စူးစိုက်ထားတဲ့ သူ့ရဲ့ တူးတူးခါးခါး အကြည့်ကို ရပ်ဆိုင်းပစ်လိုက်တယ်။ ဒါပေမဲ့ သူ သတိနဲ့နေနေဆဲ ဖြစ်တာကတော့ သိသာတယ်။

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ် မင်းကို ပြောပြီးပြီလေ။ ကျုပ် နာမည်က ပါမောက္ခ ဒမ်းဘဲလ်ဒိုး။ ပြီးတော့ ဟော့ဂ်ဝပ်စ်လို့ ခေါ်တဲ့ ကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်တယ်။ ကျုပ် ဒီကိုလာခဲ့တာက မင်းကို ကျုပ်ရဲ့ ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ထားမလို့ပဲ။ မင်း ကျုပ်နဲ့ လိုက်ခဲ့မယ်ဆိုရင်တော့ မင်းရဲ့ ကျောင်းသစ် ဖြစ်လာမှာပေါ့ကွာ"

ဒမ်းဘဲလ်ဒိုးက အဲဒီစကားလည်း ပြောလိုက်ရော ရစ်ဒဲလ်ရဲ့ မျက်နှာမှာ အံ့သြမှုတွေ အထွတ်အထိပ်ကို ရောက်သွားတယ်။ သူ အိပ်ရာပေါ်က ခုန်ထပြီး ဒမ်းဘဲလ်ဒိုးရဲ့ ဝေးဝေးနောက်ဘက်ကို ဆုတ်သွားပြီး တစ်ရှူးရှူး တစ်ရှားရှားနဲ့ ဒေါသဖြစ်နေတယ်။

"ခင်ဗျား ကျွန်တော့်ကို လှည့်စားလို့ မရဘူး။ လာလိမ်မနေနဲ့။ စိတ်ရောဂါကုဆေးရုံပဲ ဖြစ်ရမယ်။ ဟုတ်တယ် ခင်ဗျားဟာ အဲဒီစိတ်ရောဂါကု ဆေးရုံက လာခဲ့တာပဲ။ ဟုတ်တယ် မဟုတ်လား 'ပါမောက္ခကြီး'တဲ့။ ထားပါတော့။ ကျွန်တော်ကတော့ လိုက်မှာမဟုတ်ဘူး။ ခင်ဗျားရဲ့ စိတ်ရောဂါကု ဆေးရုံကို ဘယ်သူက လိုက်မှာလဲ။ နောက်ပြီး အေမီဘင်ဆင်နဲ့ ဒင်းနစ်ဘစ်ရှော့ပ်ကို ကျွန်တော် တစ်ခါမှ ဘာမှ မလုပ်ခဲ့ဘူး။ ခင်ဗျား သူတို့ကို မေးကြည့်နိုင်တယ်။ သူတို့ ပြောပြလိမ့်မယ်"

"ကျုပ်က စိတ်ရောဂါကု ဆေးရုံက မဟုတ်ပါဘူးကွယ်" ဒမ်းဘဲလ်ဒိုးက စိတ်ရှည်သည်းခံစွာနဲ့ ပြောလိုက်တယ်။ "ကျုပ်ဟာ ကျောင်းဆရာတစ်ယောက်ပါ။ မင်း အေးအေးဆေးဆေး ထိုင်ပြောပါလားကွာ။ ကျုပ် မင်းကို ဟော့ဂ်ဝပ်စ်ကျောင်းကြီး အကြောင်း ပြောပြမယ်။ ဒါမှ မင်းက မလိုက်ချင်ဘူးဆိုရင် မင်းကို ဘယ်သူကမှ အတင်းအကျပ် မလုပ်ပါဘူး"

"အဲဒါတွေ ကျွန်တော် ကြားလည်း မကြားချင်ဘူး၊ သိလည်း မသိချင်ဘူးဗျာ"လို့ ပြောပြီး ရစ်ဒဲလ်က သရော်ပြုံးပြုံးနေတယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက ရစ်ဒဲလ်ပြောတာတွေကို မကြားသလိုလုပ်ပြီး ဆက်ပြောတယ်။ "ဟော့ဂ်ဝပ်စ်ကျောင်းဆိုတာ သူများနဲ့မတူတဲ့ ထူးခြားတဲ့ အရည်အချင်းတွေရှိတဲ့ လူတွေအတွက် ဖွင့်ထားတဲ့ ကျောင်းတစ်ကျောင်းပဲ"

"ကျွန်တော် အရူးမဟုတ်ပါဘူးဗျာ"

"အေး မင်း မရူးဘူးဆိုတာ ကျုပ်သိတယ်။ ဒါပေမဲ့ အဲဒီလိုပဲ ဟော့ဂ်ဝပ်စ်ကလည်း အရူးတွေအတွက် ဖွင့်ထားတဲ့ ကျောင်းမဟုတ်ဘူး။ အဲဒီကျောင်းဟာ မှော်ပညာသင် ကျောင်းတစ်ကျောင်းကွ"

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှာ ခဏ အသံတွေ တိတ်ဆိတ်သွားတယ်။ ရစ်ဒဲလ် ကြက်သေ သေပြီး ငြိမ်နေတယ်။ သူ့မျက်နှာမှာလည်း ဘာခံစားချက်မှ မရှိတော့ဘူး။ ဒမ်းဘဲလ်ဒိုး ပြောနေသမျှ စကားထဲမှာ အလိမ်အညာ မုသားတွေ ပါမပါ သိနိုင်အောင် ကြိုးစားရင်း မျက်လုံးကြီးပြူးပြီး မျက်တောင်ပုတ်ခတ် ပုတ်ခတ်နဲ့ နားထောင်နေတယ်။

"မှော်ပညာ" သူက တိုးတိုးကလေး ထပ်မေးတယ်။

"အေး ဟုတ်တယ်"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တော့ သူက ထပ်မေးပြန်ရော။

"အဲဒါ မှော်ပညာ ဖြစ်တာနဲ့ ကျွန်တော်က ဘာလုပ်နိုင်မှာလဲ"

"အဲဒီမှာ သင်တာတွေ မင်းလုပ်နိုင်တာပေါ့"

"ဟာ........ အားလုံး လုပ်နိုင်တာပေါ့"ရစ်ဒဲလ် သက်ပြင်းရှည်ကြီး ချလိုက်တယ်။ အကြီးအကျယ် အံ့သြဝမ်းသာသွားတဲ့ လက္ခဏာအဖြစ် သူ လည်ပင်းရှည်ထွက်လာပြီး တလှုပ်လှုပ် တရှူရှူ ဖြစ်နေတယ်။ ပြီးတော့ သူက ပြောလိုက်တယ်။ "ကျွန်တော် ပစ္စည်းတွေကို လုံးဝမထိမကိုင်ဘဲ ရွှေ့နိုင်တယ်။ ကျွန်တော် တိရစ္ဆာန်တွေကို ဘာမှ သင်မထားဘဲ ကျွန်တော် လုပ်စေချင်တာကို လုပ်အောင်ခိုင်းနိုင်တယ်။ နောက် ကျွန်တော့်ကို လာနှောင့်ယှက်တဲ့ လူတွေကို ကိုးရိုးကားရား ဒုက္ခရောက်အောင် ကျွန်တော် လုပ်နိုင်တယ်။ ကျွန်တော် လုပ်ချင်သေးတယ်ဆိုရင် သူတို့ကို ဒဏ်ရာအနာတရ ဖြစ်အောင်တောင် ကျွန်တော် လုပ်နိုင်တယ်"

ပြောရင်း သူ့ခြေထောက်တွေ တုန်လာတယ်။ သူ ရှေ့က ဒယီးဒယိုင် ဟပ်ထိုး ဟပ်ထိုးနဲ့ လျှောက်လာပြီး အိပ်ရာပေါ်ကို ပြန်ထိုင်ချလိုက်တယ်။ ဆုတောင်းနေသလိုပုံမျိုးနဲ့ သူ့လက်တွေကို ငုံ့ပြီး စိုက်ကြည့်နေရင်း သူ့ခေါင်းကို ငိုက်ဆိုက်ချထားတယ်။

"ကျွန်တော် သူများတွေနဲ့ မတူဘဲ တစ်မူထူးနေတာကို ကျွန်တော် သိတယ်" သူ့ရဲ့ တုန်နေတဲ့ လက်ချောင်းကလေးတွေကို ကြည့်ပြီး သူ ပြောလိုက်တယ်။ "ငါဟာ သီးသန့်တစ်ဘာသာ သိပ်ကို ထူးတယ်ဆိုတာ ကျွန်တော် သိတယ်။ အမြဲတမ်းပဲ တစ်နေရာမှာ တစ်ခုခု ဖြစ်နေတာကို ကျွန်တော်သိတယ်"

"ဟုတ်တယ် မင်းပြောတာတွေ လုံးဝ အမှန်ပဲ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ဒါပေမဲ့ သူမပြုံးနိုင်တော့ဘူး။ ရစ်ဒဲလ်ကို မျက်တောင်မခတ် စောင့်ပြီး စိုက်ကြည့်နေရင်းက သူပြောချလိုက်တယ်။ "မင်းဟာ မှော်ဆရာ စုန်းထီးတစ်ယောက်ပဲ"

ရစ်ဒဲလ်က ခေါင်းမော့လိုက်တယ်။ သူ မျက်နှာအမူအရာ အချိုးအစား ပြောင်းသွားတယ်။ သူ အကြီးအကျယ် အရမ်း ပျော်ရွှင်နေတာ သူ့မျက်နှာမှာ ပေါ်နေတယ်။ ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် သူ့မျက်နှာ ကြည်ကြည်လင်လင်တော့ ဖြစ်မလာဘူး။ အဲဒါနဲ့ ပြောင်းပြန် သူ့ရဲ့ သားသားနားနား ရှိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာအသွင်အပြင်နဲ့ ပုံပန်းသဏ္ဍာန်ဟာ ကြမ်းတမ်းခက်ထန် ရက်စက်ကြမ်းကြုတ်လာသလို ဖြစ်နေတယ်။

"ခင်ဗျားရော မှော်ဆရာတစ်ယောက်ပဲလား"

"ဟုတ်တယ် ကျုပ်ဟာ မှော်ဆရာပဲ"

"သက်သေပြ" ရစ်ဒဲလ်က ချက်ချင်း ပြောလိုက်တယ်။ သူဟာ အဲဒီ "သက်သေပြ"ဆိုတဲ့ စကားလုံး သုံးလုံးကို စောစောက "အမှန်အတိုင်းပြောပါ"လို့ ပြောစဉ်က လေသံမျိုးနဲ့ အမိန့်ပေးပြီး ပြောလိုက်တာလည်း ဖြစ်ပါတယ်။

ဒီမှာတင် ဒမ်းဘဲလ်ဒိုးရဲ့ မျက်ခုံးတွေ မြောက်တက်သွားတယ်။ ပြီးတော့ သူက "အေး ကောင်းပြီ။ တကယ်လို့ ကျုပ် သက်သေပြနိုင်ရင် ဟော့ဂ်ဝပ်စ် ကျောင်းမှာနေဖို့ မင်းသဘောတူ လက်ခံရမယ်"

"ရတယ်။ ကျွန်တော် လိုက်မယ်"

"ဒီလိုဆိုရင် ခုကစပြီး မင်းကျုပ်ကို 'ပါမောက္ခကြီး' ဒါမှမဟုတ် 'ဆရာ'လို့ ခေါ်ရလိမ့်မယ်"

ရစ်ဒဲလ်ရဲ့မျက်နှာ ရိပ်ခနဲ တစ်ချက် တင်းမာသွားပြီး ချက်ချင်း ပြန်ပျောက်သွားတယ်။ နောက်မှ သူက ယဉ်ကျေးတဲ့လေသံနဲ့ "ကျွန်တော် ပြောမှားဆိုမှား ဖြစ်သွားပါတယ် ဆရာ။ ကျွန်တော်က ပါမောက္ခကြီးအနေနဲ့ ကျွန်တော့်ကို တစ်ခုခု သက်သေပြနိုင်ပါသလားလို့ ဆိုလိုတာပါ ခင်ဗျာ"လို့ ပြောလိုက်တယ်။

ဒါပေမဲ့ ဟယ်ရီက ဒမ်းဘဲလ်ဒိုးဟာ တကယ် သက်သေပြမှာ မဟုတ်ဘဲ ငြင်းလိမ့်မယ်ဆိုတာ အတတ်သိနေတယ်။ ရစ်ဒဲလ်ခိုင်းသလို လုပ်ပြမယ့်အစား "ဟော့ဂ်ဝပ်စ် ကျောင်းရောက်ရင် လက်တွေ့ သရုပ်ပြတာတွေ လုပ်ဖို့ အချိန်တွေ တစ်ပုံတစ်ခေါင်းကြီး ရှိပါသေးတယ်။ ဒီတော့ လောလောဆယ် ဒီအဆောက်အအုံထဲမှာ စုန်းကဝေမှော်နဲ့ မဆိုင်တဲ့ မတ်ဂဲလ်တွေ ရှိနေတတ်လို့ ဒီနေရာမျိုး မှော်ပညာကို မပြဖို့ တားမြစ်ထားတယ်" လို့ ပြောလိမ့်မယ်ပဲ သူထင်နေတယ်။

ဒါပေမဲ့ သူ အကြီးအကျယ် အံ့အားသင့် တုန်လှုပ်သွားတယ်။ ဒမ်းဘဲလ်ဒိုးဟာ သူ့ရဲ့ အပေါ်အင်္ကျီ အတွင်းအိတ်ကပ်တစ်ခုထဲက သူ့ဆေးကြိမ်လုံးကို ဖျတ်ခနဲ ဆွဲထုတ်ပြီး တစ်ဆက်တည်း အခန်းထောင့်က မတ်ရပ်ဗီရို အစုတ်အပြတ်အဟောင်းကြီးဆီကို ချိန်ရွယ်ပြီး ဆတ်ခနဲ လှုပ်လိုက်တာ ဗီရိုကြီးဟာ ဝုန်းခနဲ ထမီးစွဲလောင်ပြီး မီးလျှံထဲကို ရောက်နေတယ်။

ရစ်ဒဲလ် အိပ်ရာထဲက ခုန်ထလိုက်တယ်။ အထိတ်တလန့်နဲ့ရော ဒေါသကြောင့်ပါ စူးစူးဝါးဝါး အော်နေတာကို ဟယ်ရီ အပြစ်မတင်ရက်တော့ဘူး။ အကြောင်းကတော့ ဗီရိုထဲမှာ သူ့ရဲ့ ရှိစုမဲ့စု ပိုင်ဆိုင်သမျှ တမြတ်တနိုးထားတဲ့ ပစ္စည်းတွေအားလုံး ရှိနေမှာ သေချာနေလို့ပဲ။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးကို

www.burmeseclassic.com

www.burmeseclassic.com

သူတစ်ခွန်းမှ ရန်မတွေ့လိုက်ရခင်မှာပဲ မီးတောက်တွေ 'ဟုတ်'ခနဲ ငြိမ်းပြီး ပြန်ပျောက်သွားသလို ဗီရိုကြီးလည်း သူ့နေရာမှာ ခြေရာလက်ရာမပျက် နဂိုအတိုင်း အကောင်းပကတိ ဖြစ်နေလို့ပဲ။

ဗီရိုကြီးကို တအံ့တသြ စိုက်ကြည့်နေရာက ရစ်ဒဲလ် ဒမ်းဘဲလ်ဒိုးဘက်ကို လှည့်ပြီး ငေးကြည့်နေတယ်။ နောက် ချက်ချင်း သူလောဘတွေ တက်လာပြီး ဒမ်းဘဲလ်ဒိုးကို မေးလိုက်တယ်။

"အဲဒီ ဆေးကြိမ်လုံးမျိုး တစ်ချောင်း ကျွန်တော် ဘယ်မှာ ရနိုင်မလဲ"ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက

"အချိန်တွေ အများကြီး ရှိပါသေးတယ်ကွာ။ အချိန်ကျရင် ရမှာပေါ့။ ဒါနဲ့ မင်းဗီရိုထဲကနေ ပစ္စည်းတစ်ခု အပြင်ဘက်ကို ထွက်လာဖို့ ကြိုးစားနေတယ်လို့ ငါထင်တယ်ကွ" လို့ ဖြေလိုက်တယ်။

အကြောင်းကတော့ ဗီရိုထဲကနေ တဂျုံးဂျုံးတဂျောက်ဂျောက်နဲ့ မြည်နေတဲ့ အသံသဲ့သဲ့ကလေး ထွက်နေတာကို အားလုံးကြားနေရလို့ပဲ။ ဒီမှာတင်ပဲ ပထမဆုံး အကြိမ်အဖြစ် ရစ်ဒဲလ် အလန့်တကြား ကြောက်ရွံ့လာတာကို တွေ့ရတယ်။

"တံခါးကို ဖွင့်လိုက်"ဒမ်းဘဲလ်ဒိုးက ခပ်ပြတ်ပြတ် ပြောလိုက်တယ်။

ရစ်ဒဲလ်က တုံ့ဆိုင်းတုံ့ဆိုင်း လုပ်နေတယ်။ နောက်တော့ အခန်းကို ဖြတ်ပြေးသွားပြီး ဗီရိုတံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်တယ်။ ဗီရိုရဲ့ အပေါ်ဆုံး ထပ်စင်ထဲက ဖန်တစ်ရာတေ နွမ်းရိပါးလျနေတဲ့ အဝတ်ပုံတစ်တန်းပေါ်မှာ ကတ်ထူသေတ္တာပုံး ကလေးတစ်လုံးက အထဲမှာ ကြွက်အကောင်ပေါင်းမြောက်မြားစွာ ထောင်ချောက်ထဲက ဖြောင်းဆန်အောင် ရုန်းထွက်နေသလိုမျိုး လှုပ်ခါယိမ်းထိုးပြီး တဂျုံးဂျုံးတဂျောက်ဂျောက် မြည်နေတယ်။

"အဲဒါကို ထုတ်လိုက်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

ရစ်ဒဲလ်က လှုပ်နေတဲ့ ကတ်ထူသေတ္တာပုံးထဲက ယူချလိုက်သလို၊ သူကိုယ်တိုင်လည်း တုန်လှုပ်ချောက်ချားနေတယ်။

"အဲဒီသေတ္တာထဲမှာ မင်းမရရှိထိုက်တဲ့ ပစ္စည်း တစ်ခုခုရှိနေသလား"ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။

ရစ်ဒဲလ်က ဒမ်းဘဲလ်ဒိုးကို အရာရာတွက်ချက်ပြီး ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ရှိရှိ ကြည့်သလိုမျိုး အကြာကြီး စိုက်ကြည့်နေတယ်။ ပြီးတော့မှ ခံစားမှု လုံးဝမပါတဲ့ လေသံနဲ့ ပြောလိုက်တယ်။ "ဟုတ်ကဲ့ ကျွန်တော်လည်း အဲဒီလို ထင်ပါတယ် ဆရာ"

ရစ်ဒဲလ်က အဖုံးကို ဖယ်ရှားလိုက်ပြီး အတွင်းမှာ ပါသမျှ ပစ္စည်းတွေကို လုံးဝမကြည့်ဘဲ သူ့အိပ်ရာပေါ်ကို မှောက်ပြီး သွန်ချလိုက်တယ်။ ဒါပေမဲ့ ထူးထူးခြားခြား စိတ်လှုပ်ရှားစရာ တစ်ခုခုကိုတော့ မြင်ရတော့မယ်လို့ မျှော်လင့်ထားတဲ့ ဟယ်ရီဟာ ယိုယိုလို့ ခေါ်တဲ့ စက်သီးမှာပတ်ထားတဲ့ ကြိုးကလေးနဲ့ တက်ချည်ဆင်းချည် လုပ် ကစားရတဲ့ ကစားစရာလေးတစ်ခုရယ်၊

www.burmeseclassic.com

ငွေအပ်ထောက်ကလေး တစ်ခုရယ်၊ အရောင်မှိန်ပျက်နေတဲ့ ပါးစပ်မှုတ် ဘာဂျာကလေး တစ်ခုရယ်ကိုသာ လုံးထွေးထွက်ကျလာတာကို တွေ့လိုက်ရတယ်။ ဒါတင်မကဘဲ အဲဒီပစ္စည်းတွေဟာ ကတ်ထူပုံးသေတ္တာထဲကနေ အပြင်ကို ရောက်သွားတာနဲ့ လုံးဝလှုပ်ရှားခြင်း မရှိတော့ဘဲ စောင်ပါးအခင်းပေါ်မှာ ငြိမ်သက်တိတ်ဆိတ်စွာ ရှိနေကြတယ်။

"ဒီပစ္စည်းတွေကို ဝန်ချတောင်းပန်ပြီး သက်ဆိုင်တဲ့ ပိုင်ရှင်တွေကို မင်းပြန်ပေးရလိမ့်မယ်"

ဒီတစ်ခါတော့ ဒမ်းဘဲလ်ဒိုးဟာ အမိန့်ပေးတဲ့ လေသံနဲ့မဟုတ်ဘဲ အေးအေးဆေးဆေး ပြောလိုက်ပါတယ်။ ပြီးတော့ သူ့ဆေးကြိမ်လုံးကိုလည်း သူ့ရဲ့ အပေါ်အင်္ကျီ အတွင်းအိတ်ထဲကို ပြန်ထည့်လိုက်တယ်။ သူက ဆက်ပြောတယ်။ "မင်း ခုပြောတဲ့အတိုင်း လုပ်ပြီး မပြီး ငါသိရမှာပဲ။ ခိုးဝှက်ခြင်းကို ဟော့ဂ်ဝပ်စ်ကျောင်းက သည်းမခံဘူး"

ရစ်ဒဲလ်ဟာ ရေးရေးကလေးတောင် ရှက်နေ၊ မျက်နှာအထား ခက်နေဟန် မရှိဘဲ ဒမ်းဘဲလ်ဒိုးကသာ အေးအေးဆေးဆေး ဝေခွဲသုံးသပ်နေသလို အကြည့်မျိုးနဲ့ စိုက်ကြည့်နေတယ်။ နောက်ဆုံးမှာ သူက ဘာမှ မထူးခြားတဲ့ ပုံမှန်အသံနဲ့ ပြောလိုက်တယ်။

"ဟုတ်ကဲ့ပါ ဆရာ"

ဒမ်းဘဲလ်ဒိုးက တစ်ခါ ဆက်ပြောပြန်တယ်။

"ဟော့ဂ်ဝပ်စ်ကျောင်းမှာ ကျုပ်တို့ဟာ မင်းကို မှော်အတတ်တွေကို အသုံးပြုရမယ့် ပညာတွေကိုသာမကဘဲ အဲဒါတွေကို ဘယ်လို စောင့်စည်းထိန်းချုပ်ရမယ်ဆိုတာကိုပါ သင်ပေးမှာ ဖြစ်တယ်။ မင်းဟာ ငါ အတပ်ပြောနိုင်ပါတယ်။ မင်းရဲ့ ပညာအစွမ်းတွေကို ကျုပ်တို့ ကျောင်းမှာ သင်လည်း သင်မပေး၊ သည်းလည်း သည်းခံနိုင်မှာမဟုတ်တဲ့ နည်းလမ်းတွေနဲ့ မတော်တဆ အမှုမဲ့ အမှတ်မဲ့ သုံးနေခဲ့တာသာ ဖြစ်မယ်။ နောက် မင်းဟာ မင်းရဲ့ ဒီပညာတွေကို ဆက်အသုံးပြုခွင့်ရတဲ့ ပထမလူ မဟုတ်သလို၊ နောက်ဆုံးလူလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းသိထားရမှာက ဟော့ဂ်ဝပ်စ်ကျောင်းကြီးဟာ ကျောင်းသားတွေကို ထုတ်ပစ်နိုင်တယ်။ နောက် မှော်ပညာဝန်ကြီးဌာန၊ ဟုတ်တယ်။ တို့ အဲဒီမှာ မှော်ပညာဝန်ကြီးဌာနဆိုတာ ရှိတယ်။ ဥပဒေချိုးဖောက်သူတွေကို မညှာမတာ ပြင်းပြင်းထန်ထန် အပြစ်ပေးနေဦးမယ့် ဌာနပဲ။ မှော်ဆရာအသစ်တိုင်းဟာ ကျုပ်တို့လောကထဲကို ဝင်လာတာနဲ့ အဲဒီအချက်တွေကို လက်ခံရမယ်။ သူတို့ အားလုံးဟာ ကျုပ်တို့ရဲ့ ဥပဒေတွေကို လေးစား လိုက်နာရမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"လို့ ရစ်ဒဲလ်က ပြောလိုက်တယ်။

အမှန်တကယ် သူတွေးနေတာကိုတော့ ထုတ်ပြောလို့ မဖြစ်ဘူး။ သူ့ တိုလီမုတ်စ ခိုးရာပါ ပစ္စည်းလေးတွေကို သေတ္တာထဲ ပြန်ကောက်ထည့်နေစဉ်မှာလည်း သူ့မျက်နှာဟာ ခံစားချက်မဲ့သလို ရှိနေဆဲပဲ။ အဲ ဒါပေမဲ့ ပစ္စည်းတွေ ထည့်လို့ပြီးသွားချိန်မှာတော့ သူဟာ ဒမ်းဘဲလ်ဒိုးဘက်ကို လှည့်ပြီး တုံးတိတိ ပြောချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော့်မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး”

“အိုး....... ဒါများကွာ ဖြစ်ပါတယ်ကွ အလွယ်ကလေးပါ”
ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ္ျကသအန ကြူအငျကသအန္ ျ ျမျိနေ
ျကငခု မနစူပ အသ အ့ျ ၁နျူါန္ သျေ
ဖော်ပြပါမင်ဘာ ၁၃ယောက်မှ
ုသူတညျူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

့သအမသိယ ၁ပေ၁၁ယ ၀ိပ× ၃လငူယ [×] ဗပနယ ညပေ ညပေယ ညနသညငျေါယ ညါဈျေယ
ညပငူညညါနယ ျတေယ အမေညတေ၀၀ ၇ယ တဈဘေငယ ပနအတနယ ဖပေါပင၅၅
ုသူတညျူပေ
ဌငနေတ ဏကဘူငခ ဏမသ်ငူန
ျနညိ ေ စမငလအေန ၁နျူါန အသ ုသူတညျူပေ
ငညိ ဩမန ဏသျအျ ဘပ ုသူတညျူပေ
ဗိ ုသူတညျူပေ အသ ့သကမ ဃသညအခေအျ

ဦူ ၁၀–၃၀–၂၀၀၈ယ ၁၂ါ၄၄ ဏ[ ] ဋူ၈၂
ုသူတညျူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညော၁မေ ဃကစငိ

ုသူတညျူပေ ျ သူ်ငညန
`သညေိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
္သျေါ ၁၁၈၂၃
္သျေနိ ၈၈၈၈္၁နျ ညေ ၇၈၆ ဏသျအျ
ုသူတညျူပေ ျ သည ေိျအငညါကျနိ မသငိ

ိန်ကျေူအ
ဒမ်းဘဲလ်ဒိုးက သူ့အိတ်ကပ်ထဲကနေ သားရေပိုက်ဆံအိတ်တစ်လုံးကို ထုတ်ပြီး ပြောလိုက်တယ်။
“ဟော့ဂ်ဝပ်စ်ကျောင်းမှာ အကူအညီ အထောက်အပံ့ပေးဖို့ လိုအပ်သူတွေအတွက် ရန်ပုံငွေတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ထောင်ထားတယ်။ စာအုပ်တို့ ဝတ်ရုံတို့ ဝယ်ဖို့ပေါ့။ မင်းအတွက် ဂါထာမန္တန်စာအုပ်တွေ မင်းဝယ်ဖို့ လိုမယ်။ တစ်ပတ်ရစ်အဟောင်းကလေးတွေ ဝယ်ပေါ့ကွာ။ ဒါပေမဲ့”

သူ့စကားမဆုံးခင် ရစ်ဒဲလ်က ဖြတ်မေးတယ်။

“ဂါထာမန္တန်စာအုပ်တွေက ဘယ်မှာ ဝယ်လို့ရမှာလဲ”

နောက် ရစ်ဒဲလ်ဟာ ကျေးဇူးတင်စကား တစ်ခွန်းမှ ပြောဖော်မရဘဲ ငွေတွေတစ်ထောကြီးပါတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ သားရေပိုက်ဆံအိတ်ကို လှမ်းယူပြီး ဂေါလီယွန်ငွေတွေ အများကြီးကို စစ်ဆေးနေတယ်။

“ထောင့်ဖြတ်လမ်းကြားမှာ ဝယ်လို့ရတယ်။ မင်းအတွက် လိုအပ်တဲ့ စာအုပ်၊ ကျောင်းသုံးပစ္စည်းစာရင်း ငါနဲ့ပါလာတယ်။ မင်းလိုတာ အားလုံးရအောင် ငါကူညီမယ်”ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

“ခင်ဗျားက ကျွန်တော်နဲ့ လိုက်မှာလား” ရစ်ဒဲလ်က မော့ကြည့်ပြီး မေးလိုက်တယ်။

“မင်းခေါ်ရင် ဘယ်နေမလဲ၊ လိုက်ဖြစ်အောင် လိုက်ရမှာပေါ့”

“ခင်ဗျား လိုက်ဖို့ မလိုပါဘူး။ ကျွန်တော် လိုတာမှန်သမျှ ကျွန်တော့်ဘာသာ လုပ်နေကျပဲ။ ကျွန်တော်အမြဲတမ်း လန်ဒန်တစ်မြို့လုံး ကိုယ့်ဘာသာပဲ သွားတယ်။ အဲဒီ ဖြတ်လမ်းကြားကို ဘယ်လိုသွားရလဲဆရာ” ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရင်း ရစ်ဒဲလ်က ပြန်ပြောလိုက်တယ်။

ဒမ်းဘဲလ်ဒိုးဟာ ဘယ်နည်းနဲ့မဆို ရစ်ဒဲလ်နဲ့ အဖော်လိုက်ပြီး အကူအညီ ဖွတ်ပေးမှာပဲလို့ ဟယ်ရီက ထင်နေတယ်။ ဒါပေမဲ့ နောက်တစ်ခါ အံ့သြရပြန်တယ်။ ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ ပစ္စည်းစာရင်းပါတဲ့ စာအိတ်တစ်လုံးကို ရစ်ဒဲလ်ကို ကမ်းပေးလိုက်တယ်။ ပြီးတော့ ခုသူတို့ရှိနေတဲ့ မိဘမဲ့ဂေဟာကနေ ထောင့်ဖြတ်လမ်းကြားက ယိုစိမ့်နေတဲ့ ဒယ်အိုးကြီးနေရာရောက်အောင် ဘယ်လို သွားရတယ်ဆိုတာ အသေးစိတ် အတိအကျ ပြောပြနေတယ်။ ပြီးမှ သူက “အဲဒီမှာ မော်လောကနဲ့ လုံးဝမပတ်သက်တဲ့ မတ်ဂဲလ်တွေ မင်းကို ဝိုင်းနေပေမဲ့ မင်း အဲဒါတွေကို တွေ့အောင်လုပ်နိုင်မှာပဲ။ ယမကာဆိုင် စားပွဲထိုး တွမ်လို့သာ မေးလိုက်။ မှတ်မိဖို့ သိပ်လွယ်ပါတယ်။ သူက မင်းနာမည်ပဲ ယူထားတာမို့လား”

ရစ်ဒဲလ်က ကသိကအောက်ဖြစ်သွားပြီး တဝီဝီလာလုပ်နေတဲ့ စိတ်တိုစရာ ယင်ကောင်တစ်ကောင်ကို မောင်းထုတ်နေရသလို မျက်နှာကို ဆတ်ခနဲ ရှုံ့မဲ့လိုက်တယ်။

“မင်း တွမ်ဆိုတဲ့ နာမည်ကို မကြားချင်ဘူးနဲ့ တူတယ်”

“တွမ်တွေ အများကြီးပါ”လို့ ပွစိပွစိပြောရင်း သူ့ကို မေးတဲ့မေးခွန်းကို ဖြေဖို့ အရေးမလုပ်သလို လုပ်နေတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီနာမည်ဟာ သူနဲ့လည်း ပတ်သက်နေတာကို တွေးမိသွားပုံနဲ့ သူက

www.burmeseclassic.com

မေးလိုက်တယ်။ “ကျွန်တော့်အဖေလည်း မှော်ဆရာတစ်ယောက်ပဲလား။ သူ့နာမည်က တွမ်ရစ်ဒဲလ်လေ။ သူတို့ ကျွန်တော့်ကို ပြောပြခဲ့တယ်”

“အဲဒါတော့ ကျုပ်မသိပါဘူးကွယ်။ စိတ်မကောင်းပါဘူး” ဒမ်းဘဲလ်ဒိုးက ပျော့ပျော့ပျောင်းပျောင်း ပြောလိုက်တယ်။

“ကျွန်တော့်အမေဟာ မှော်ပညာကို မသုံးခဲ့ဘူး။ နို့မဟုတ်ရင် သူမဟာ သေမှာ မဟုတ်ဘူး” ရစ်ဒဲလ်က သူ့ကိုယ်သူ ပြောသလိုထက် ဒမ်းဘဲလ်ဒိုးကို ရည်ရွယ်ပြီး ရေရွတ်ပြောနေတယ်။“အမေဟာ သူ့ကြောင့် သေရတာ။ ထားပါတော့။ ကျွန်တော့် ပစ္စည်းတွေ ကျွန်တော် ဘယ်အချိန် အပြီးဝယ်ရမလဲ။ ပြီးရင် ဟော့ဂ်ဝပ်စ်ကျောင်းကို ဘယ်အချိန် အရောက်လာရမလဲ”

“အသေးစိတ်အားလုံးကို မင်းရဲ့ စာအိတ်ထဲက ဒုတိယသားရေ ပုရပိုက်ပေါ်မှာ အကုန်ရေးပေးထားတယ်” ဒမ်းဘဲလ်ဒိုးက ရှင်းပြနေတယ်။ “မင်း စက်တင်ဘာ ၁ ရက်နေ့မှာ ကင်းခရော့ဘူတာက ထွက်လာပါ။ အဲဒီမှာ မင်းအတွက် ရထားလက်မှတ် တစ်စောင် ရှိနေလိမ့်မယ်”

ရစ်ဒဲလ်က ခေါင်းညိတ်လိုက်တယ်။ ဒမ်းဘဲလ်ဒိုး မတ်တတ်ရပ်လိုက်ပြီး ရစ်ဒဲလ်ဆီကို ဒုတိယအကြိမ် လက်ကမ်းပေးလိုက်တယ်။ ရစ်ဒဲလ်က လက်ဆွဲနှုတ်ဆက်ရင်း “ကျွန်တော်က မြွေတွေနဲ့ စကားပြောနိုင်တယ်။ ကျွန်တော် ကျေးလက်ဒေသတောင်ပိုင်းတွေကို ခရီးထွက်တဲ့အခါတွေမှာ သူတို့က ကျွန်တော့်ကို တွေ့ကြတယ်။ ပြီးတော့ တိုးတိုး တိုးတိုး ပြောကြတယ်။ အဲဒါဟာ သာမန် ဖြစ်ရိုးဖြစ်စဉ်လား။ ဒါမှမဟုတ် မှော်ဆရာတစ်ယောက် ဖြစ်လို့လား”

ဟယ်ရီက သူတို့နဲ့တွေ့ပြီး ခုချိန်ထိရောက်အောင် ရစ်ဒဲလ်ဟာ သူ့ရဲ့ အဆန်းကြယ်ဆုံး အစွမ်းကို ထုတ်မပြသေးဘဲ ထိန်ချန်ထားခဲ့တာကို သဘောကျပြီး အထင်ကြီးသွားတယ်။

“ဒါ ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူး” ဒမ်းဘဲလ်ဒိုးက ပြောပြီး ခဏကြာ စဉ်းစားနေပြီးမှ ထပ်ပြောလိုက်တယ်။ “ဒါပေမဲ့ မကြုံဖူး၊ မကြားဖူးဘူး”

ဒီလိုပြောရာမှာ သူရဲ့ ပြောရိုးပြောစဉ် သံမှန်အတိုင်း ပြောလိုက်တာ ဖြစ်ပေမဲ့ ဒမ်းဘဲလ်ဒိုးရဲ့ မျက်စိတွေက ရစ်ဒဲလ်ရဲ့ မျက်နှာပေါ်မှာ ရစ်ဝဲပြီး၊ စူးစမ်းပြီး အဓိပ္ပာယ် ကောက်နေတယ်။ အဘိုးကြီးနဲ့ ကောင်ကလေးဟာ နှစ်ယောက်ပြိုင်တူ တစ်ယေက်ကိုတစ်ယောက် ခဏကြာ ရပ်ပြီး စိုက်ကြည့်နေတယ်။ ပြီးတော့ သူတို့ရဲ့ ဆုပ်ကိုင်ထားတဲ့ လက်တွေကို ဖြုတ်လိုက်ကြပြီး ဒမ်းဘဲလ်ဒိုးက တံခါးဆီကို လျှောက်သွားတယ်။

“ကဲ.... သွားပြီ တွမ်ရေ။ မင်းနဲ့ ဟော့ဂ်ဝပ်စ်ကျောင်းကျမှပဲ တွေ့တော့မယ်ကွာ”

“အဲဒါ သူတို့ ပြောတဲ့အတိုင်း ဆက်ဖြစ်သွားမယ်လို့ ငါထင်တယ်”ဟယ်ရီရဲ့ ဘေးက ခေါင်းဖြူနေတဲ့ ဒမ်းဘဲလ်ဒိုး အကြီးက ပြောလိုက်တယ်။ နောက် စက္ကန့်ပိုင်းလောက် အကြာမှာတော့ သူတို့နှစ်ဦး အလေးချိန်ကင်းမဲ့တဲ့ ခန္ဓာကိုယ်တွေကို သယ်ဆောင်ပြီး ကိုယ်ဖော့ပညာနဲ့ အမှောင်ထုကြီးကို

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်သန်းရင်း တစ်ဟုန်ထိုး ပျံတက်လာခဲ့ကြတာ မူလထွက်လာတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းထဲကို တန်းတန်းမတ်မတ် ပြန်ရောက်သွားပြီး သူတို့ရဲ့ နေ့ချင်းပြန်ခရီးလေး ပြီးဆုံးသွားပါတော့တယ်။

"ကဲ… ထိုင်ကြဦးကွာ"ကြမ်းပေါ်ကို နှစ်ယောက်သား ခြေထောက်တွေ ပြိုင်တူ ပြန်ကျသွားချိန်မှာ ဟယ်ရီရဲ့ ဘေးက ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

ဟယ်ရီက ထိုင်လိုက်တယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာ စောစောက မြင်တွေ့ခဲ့ရတဲ့ အကြောင်းတွေနဲ့ ပြည့်ကျပ်နေဆဲပဲ။

"သူဟာ ကျွန်တော် ထင်ထားတာထက် သိပ်ကို မြန်မြန်ဆန်ဆန် ပြောတာကို ယုံကြည်သွားတာပဲ။ ကျွန်တော် ဆိုလိုတာက ဆရာက သူဟာ မှော်ဆရာတစ်ယောက်ပါလို့ ပြောလိုက်တဲ့စကားကို ပြောတာပါ။ ဟက်ဂရစ် ကျွန်တော့်ကို ပြောပြပေမဲ့ အစက ကျွန်တော် မယုံခဲ့ဘူး"ဟယ်ရီက ပြောလိုက်တယ်။

"အေး ဟုတ်တယ်။ သူက ကျုပ် ပြောချိန်မှာပဲ ယုံကြည်ဖို့ အသင့်ဖြစ်နေပြီ။ 'သီးသန့်အထူး'ဆိုတဲ့ သူ့စကားလုံးတွေက ဖော်ပြနေတယ်လေကွာ"

"နောက်တော့ ဘာဖြစ်သွားလဲ ဆရာသိလား" ဟယ်ရီက မေးလိုက်တယ်။

"ကျုပ် သိတာကတော့ ကျုပ်ဟာ ကျုပ်တစ်သက်မှာ အန္တရာယ်အကြီးမားဆုံး လျှို့ဝှက်ဆန်းကြယ် မှော်ဆရာတစ်ယောက်နဲ့ တွေ့ခဲ့ရတာပါပဲ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ သူ ဆက်ပြောတယ်။ "မထင်ဘူး။ သူဟာ ခုဖြစ်နေသလိုမျိုး ဖြစ်သွားအောင် ကြီးထွားပေါက်ရောက်သွားလိမ့်မယ်လို့ ကျုပ် လုံးဝမတွေးမိခဲ့မိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ဟာ နောက်ကွယ်မှာ သူခြေပုန်းခုတ်သွားတာကို ခံလိုက်ရတာတော့ သေချာတယ်။ သူ့ကို စောင့်ကြည့်ဖို့ ရည်ရွယ်ချက်နဲ့ ဟော့ဂ်ဝပ်စ်ကို ကျုပ်ပြန်လာတယ်။ ကျုပ်ဟာ သူ့ကို တစ်ဦးတည်း မိတ်ဆွေကင်းမဲ့တဲ့ အခြေအနေမျိုးမှာ ထားခဲ့မိသလို ဖြစ်နေတယ်။ ဒါပေမဲ့ သူ့နေရာမှာ တခြားတစ်ယောက်ဆိုရင်လည်း ကျုပ် ဒီလိုပဲ နေမိမှာပါပဲ"

"မောင်ရင် ကြားတဲ့အတိုင်း သူ့ရဲ့ ပညာအစွမ်းဟာ မှော်ဆရာလူငယ်လေး တစ်ယောက် အရွယ်နဲ့မလိုက်အောင်၊ အံ့သြစရာကောင်းအောင် တိုးတက်ကြီးထွားလာတယ်။ သိပ် စိတ်ဝင်စားစရာကောင်းသော အားလုံးဟာ မကောင်းတဲ့ လက္ခဏာတွေချည်းလည်း ဖြစ်နေတယ်။ သူက သူ့မှာ တခြားလူတွေအပေါ် ထိန်းချုပ်နိုင်စွမ်းအတိုင်းအတာ တော်တော်ကြီးကြီးမားမား ရှိနေတာကို ဖော်ထုတ်သိရှိသွားတယ်။ ဒီမှာတင် သူက လူတွေအပေါ်မှာ အဲဒီပညာ အစွမ်းတွေကို သိသိကြီးနဲ့ စသုံးတော့တာပဲ။ နောက် မောင်ရင်မြင်ခဲ့တဲ့အတိုင်း သူဟာ ဒီပညာတွေကို လူငယ်မှော်ဆရာလေးတွေရဲ့ သဘာဝထုံးစံအလျောက် ကြုံရာကျပန်း ရရှိဖြစ်ပေါ်လာတာ မဟုတ်ဘဲ စနစ်တကျကို တတ်မြောက်ပိုင်ဆိုင်ထားတာ။ သူဟာ မှော်အစွမ်းတွေကို အသုံးချပြီး တခြားလူတွေကို ခြောက်လှန့်တာ၊ ဒဏ်ခတ်တာ၊ ထိန်းချုပ်တာတွေကို လုပ်ခဲ့ပြီးပြီ။ လည်ပင်းညှစ်သတ်ခံရတဲ့ ယုန်ကလေးနဲ့ ဂူတစ်ဂူထဲကို သူဖြားယောင်းခေါ်ဆောင်သွားတဲ့ ကောင်လေးနဲ့ ကောင်မလေး ဇာတ်လမ်းလေးတွေက

www.burmeseclassic.com

www.burmeseclassic.com

သက်သေပြနေတယ်။ ဟို သူပြောခဲ့တဲ့ စကားရှိတယ်လေ 'ကျွန်တော် လုပ်ချင်သေးတယ်ဆိုရင် သူတို့ကို ဒဏ္ဍာရာအနာတရဖြစ်အောင် လုပ်နိုင်တယ်'ဆိုတာ"

"နောက် သူ ဖာရစီလူမျိုးတွေရဲ့ စကားလုံး ပြောတတ်တယ်" ဟယ်ရီက ဝင်ထောက်ပြောလိုက်တယ်။ ဒမ်းဘဲလ်ဒိုးက ဆက်ပြောတယ်။

"ဟုတ်လိုက်သမှ တကယ့်ကို မကြုံစဖူး ထူးထူးကဲကဲ ရှားပါးတဲ့ အရည်အချင်းပဲ။ နောက် ကျုပ်တို့ သိသလောက် ဖာရစီစကား ပြောသူ အများအပြားဟာ ကြီးကျယ်မြင့်မြတ်သူတွေ၊ လူကောင်းသူကောင်းတွေဖြစ်ပေမဲ့ သူ့ပညာတွေဟာ လျှို့ဝှက်အောက်လမ်းနည်းတွေနဲ့ ရောထွေးပတ်သက်နေတယ်လို့ ယူဆစရာ ဖြစ်နေတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့လည်း မြွေတွေနဲ့ စကားပြောနိုင်တဲ့ သူ့အရည်အချင်းက ရက်စက်တတ်၊ လျှို့ဝှက်တတ်၊ အနိုင်ကျင့်တတ်တဲ့ သူ့ရဲ့ ဗီဇစရိုက်တွေ နီးပါးလောက် ကျုပ်ကို စိတ်တထင့်ထင့်နဲ့ ရတတ်မအေးအောင် မလုပ်ခဲ့ပါဘူး"

အဲဒီနောက် ဒမ်းဘဲလ်ဒိုးဟာ ပြတင်းတံခါးတွေရဲ့ အပြင်ဘက်က မှောင်နေတဲ့ ကောင်းကင်ကြီးကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်ပြန်တယ်။

"အချိန်ကတော့ ကျုပ်တို့ကို ဆန့်တင့်င့်ဖြစ်အောင် လုပ်ချလိုက်ပြန်ပြီဟေ့။ ဒါပေမဲ့ ကျုပ်တို့ လူချင်းမခွဲခင် ခုန ကျုပ်တို့ သွားကြည့်ခဲ့တဲ့ အဖြစ်အပျက် အင်္ဂါရပ်တွေအပေါ်မှာ မောင်ရင် ပိုစိတ်ဝင်စားလာအောင် လုပ်ချင်သေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါတွေက ကျုပ်နဲ့မောင်ရင် နောက်အကြိမ်တွေမှာ ထပ်တွေ့ပြီး ထပ်ဆွေးနွေးကြမယ့် ကိစ္စတွေနဲ့ အကြီးအကျယ် ဆက်စပ်မှု ရှိနေလို့ပဲ"

"ပထမဆုံးအချက်၊ ကျုပ်က တခြားလူတစ်ယောက်လည်း သူ့ရဲ့ ပထမအမည်တွမ်ကို ယူထားတဲ့အကြောင်း သူ့ကို ပြောပြလိုက်စဉ်က ရစ်ဒဲလ် ဘယ်လိုဖြစ်သွားသလဲဆိုတာ မောင်ရင် သတိထားမိလိုက်မယ်လို့ ကျုပ်မျှော်လင့်တယ်"

ဟယ်ရီက ခေါင်းညိတ်လိုက်တယ်။

"အဲဒီမှာ သူက သူနဲ့ လာပတ်သက်တဲ့ တခြားလူတွေရဲ့ ဘယ်အရာအပေါ်မှာမဆို သူ့ရဲ့ အထင်အမြင်သေးနေမှုကို ပြသခဲ့တယ် မဟုတ်လား။ ဘာပဲဖြစ်ဖြစ် အဲဒါက သူဟာ တခြားလူတွေနဲ့ သိပ်မထူးခြားတဲ့ သာမန်ရိုးရိုး လူတစ်ယောက်ဖြစ်တယ်ဆိုတာ ထင်ရှားသွားတယ်။ နောက် မောင်ရင်သိတဲ့အတိုင်း သူဟာ အဲဒီလို ကျုပ်တို့နဲ့ စကားစမြည်ပြောသွားပြီး နှစ်အနည်းငယ်အတွင်းလေးမှာပဲ သူ့ရဲ့ နာမည်ကို ခွာချစွန့်ပစ်လိုက်တယ်လေ။ ဒီမှာတင် သူ အချိန်အကြာကြီး နောက်ကွယ်မှာ ပုန်းအောင်းနေတုန်း လော့ဒ်ဗိုဒီမော့ဆိုတဲ့ နာမည်နဲ့ မျက်နှာဖုံးအသစ်ကို သူတပ်ခဲ့တာပဲပေါ့"

"တစ်ခါ တွမ်ရစ်ဒဲလ်ဟာ အရာရာကို သူ့ဘာသာ လုပ်ကိုင်နိုင်စွမ်း ထူးထူးခြားခြား ပြည့်ဝပြီးသူ ဖြစ်တယ်။ လျှို့ဝှက်သိပ်သည်းတယ်ဆိုတာ မောင်ရင်သတိထားမိလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သိရသလောက် သူဟာ မိတ်ဆွေ အပေါင်းအသင်း မရှိသူ မဟုတ်လား။ သူက တစ်ကိုယ်တော် စွန့်စားရတဲ့ နည်းလမ်းကိုပဲ ရွေးချယ်ခဲ့တယ်လေ။ အေး အရွယ်ရောက်ပြီးဖြစ်တဲ့ ဗိုဒီမော့ကလည်း ဒီအတိုင်းပဲ။ မောင်ရင် ကြားမှာပါ၊ သူ့ရဲ့ မရဏစားစုန်းကောင်တွေ အများကြီးက ပြောကြတယ်။ သူတို့ကိုပဲ ဗိုဒီမော့က ယုံကြည်တယ်။ ဗိုဒီမော့အနားမှာ သူတို့ပဲ ရှိတယ်။ သူတို့သာလျှင် ဗိုဒီမော့ကို နားလည်ပေးနိုင်တယ်ဆိုတာလေ။ ဒါပေမဲ့ သူတို့ဟာ လှည့်စားခံရတာပဲ။ လော့ဒ်ဗိုဒီမော့က ဘယ်တော့မှ မိတ်ဆွေတစ်ယောက် ကလေးကိုမှ မထားခဲ့တာ။ ဒါမှမဟုတ်ရင် သူဟာ မိတ်ဆွေတစ်ယောက်လောက် အမြဲတမ်း လိုချင်နေမှာပဲလို့ ကျုပ်တော့ ယုံကြည်တယ်။

ကဲ ..... နောက်ဆုံးအနေနဲ့ မောင်ရင်ဟာ ဒီကိစ္စအပေါ် အာရုံဝင်စားပြီး ဂရုတစိုက် မြင်တတ်ဖို့မှာ ထူပေထုံပေဖြစ်မနေဘဲ လွယ်လင့်တကူ သဘောပေါက်နိုင်ဖို့ ကျုပ် ယုံကြည်တယ် ဟယ်ရီ။ တွမ်ရစ်ဒဲလ်ကလေးက သူလုပ်လို့ အောင်မြင်သွားတာတွေအတွက် အောင်ပွဲရအထိမ်းအမှတ် ပစ္စည်းလေးတွေ စုဆောင်းရတာကို သဘောကျတယ်။ မောင်ရင် သူ့ရဲ့ အခန်းထဲမှာ ခိုးရာပါပစ္စည်းတွေ ထည့်ဝှက်ထားတဲ့ သေတ္တာကလေးကို မြင်ခဲ့တယ်လေ။ အဲဒါတွေဟာ သူ့ရဲ့ အနိုင်ကျင့်မှု ဒဏ်ခံရတဲ့ ခားစာခံသားကောင်တွေဆီက သူရထားတဲ့ သူ့ရဲ့ အမှတ်တရပစ္စည်းတွေပဲပေါ့။ အဲဒီ သူ့ရဲ့ တိုလီမုတ်စလေးတွေ စုဆောင်းတတ်မှုကို စိတ်ထဲမှာ သီးသန့်မှတ်သားထားပါ။ နောက်ပိုင်းမှာ အလွန်အရေးပါလာလိမ့်မယ်”

“ကဲ.... ခုတစ်ခါတော့ တကယ့်ကို အိပ်ရာဝင်ချိန် ရောက်ပါပြီ”

ဟယ်ရီ မတ်တတ်ထရပ်လိုက်တယ်။ ဟယ်ရီ အခန်းကို ဖြတ်လျှောက်ပြီး သွားနေတုန်း သူ့မျက်စိတွေ မာဗိုလိုနတ္ထိသီရိရဲ့ လက်စွပ်ကလေးကို နောက်ဆုံးအကြိမ် သူမြင်ခဲ့ရတဲ့ စားပွဲပေါ်က အဲဒီနေရာကို ကျရောက်သွားတယ်။ ဒါပေမဲ့ လက်စွပ်က အဲဒီမှာ မရှိတော့ဘူး။

“အေး ....... ဟုတ်တယ် ဟယ်ရီ၊ လက်စွပ်မရှိတော့ဘူး၊ ဒါပေမဲ့ မောင်ရင့်ဘာဂျာ ဒါမှမဟုတ် တခြားတစ်ခုခုကို ရနိုင်ပါသေးတယ်”လက်စွပ်ကို မတွေ့လို့ ဟယ်ရီက သွားနေတဲ့ ခြေလှမ်းတွေကို တုံ့ပြီးရပ်လိုက်တာ မြင်ရတဲ့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို သူ့ရဲ့ လခြမ်းသဏ္ဍာန် သူ့မျက်မှန်တွေပေါ်ကနေ ကျော်ပြီးကြည့်ရင်း အားရပါးရ ပြုံးနေတယ်။

ပြီးတော့“မောင်ရင် တော်တော်လာဘ်မြင်တယ် ဟယ်ရီ။ ဒါပေမဲ့ ဘာဂျာကတော့ မပြောင်းလဲဘူး။ အမြဲတမ်း ဘာဂျာတစ်ခုပဲ ဖြစ်နေပါတယ်ကွယ်”လို့ ပဟေဠိဆန်ဆန် မှတ်ချက်ချရင်း ဟယ်ရီကို သွားခွင့်ပြုတဲ့အနေနဲ့ လက်ပြနှုတ်ဆက် ကျန်ရစ်ခဲ့ပါတယ်။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

ၡနစသမအ စသျအ အသ ၁သိနမအေသမျ ၡနစူပၡငအ့ၠကသအန ကြူအင႟ကသအန္ ၡျ ၶျူါန

ၠကငခ မနစူပ အသ အ့ၠျ ၁ၶျူါန့္ သျူ

ဖော်ပြပါမင်ဘာ ၁၁ယောက်မှ

www.burmeseclassic.com

ု သူတညသူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ူ သအမသိယ ၁ပေ၁၁ယ ၇ိပ× ၃လငူယ ြ ဗပနယ ညပေ ညပေယ ညနသညငညေါယ
ညပငူညညါနယ အမေညတေဝဝ၇ယ တဈဘေယ ပနအတနယ ဖပေါပငဍ၅
ု သူတညသူပေ
ဋ္ဌနေတ ဏကဘူငခ ဏမသ်ငူန
ှ နညိ ဧ စမငလအေန ၁နျူါန အသ ု သူတညသူပေ
ငညိ ဩမန ဏသျအျ ဘပ ု သူတညသူပေ
ဗိ ု သူတညသူပေ အသ ူ သကမ ဃသညအခေအျေ

ဦူ ၁၀–၃၀–၂၀၀၈ယ ၀၁၅၀ ဏ   ဋ္ဌူ၈၃
ု သူတညသူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

ု သူတညသူပေ ဗျ သိုငညေန
` သညေိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ဈ ညျေါ ၁၁၈၂၃
ဈ ညေနိ ၈၈၈ွ၁နျူ ငည ၇၈၆ ဏသျအျ
ု သူတညသူပေ ဗျ သည ငိပြအညေါကဈနိ မသငိ

ိန်ကျေအ
အခန်း (၁၄)
ကျက်သရေတင့် ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်

နောက်တစ်နေ့နံနက်မှာတော့ ဟယ်ရီဟာ သူ့ရဲ့ မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နဲ့စပ်မှု ဘာသာရပ်နဲ့ဆိုင်တဲ့ သင်ခန်းစာတွေနဲ့ စတင်ထိတွေ့ခဲ့ရပါတယ်။ သူတို့တွေနဲ့အတူ နံနက်စာ စားခဲ့ကြပေမဲ့ နားစွန်နားဖျားကြားသွားမှာ စိုးရိမ်ရလို့ ညက ဒမ်းဘဲလ်ဒိုးနဲ့ တွေ့ခဲ့ရပုံအကြောင်းတွေကို ရွန်နဲ့ ဟာမီယွန်ကို သူပြန်မပြောပြနိုင်သေးပဲ ရှိနေတယ်။ ဒါပေမဲ့ အဲဒီကထွက်လာပြီး၊ ဟင်းသီးဟင်းရွက် စိုက်ခင်းကလေးတစ်ခုကို ဖြတ်သန်းပြီး ဘသဆေးပင်တွေ စိုက်ပျိုးထားရာ ဖန်လုံအိမ်တွေကို အသွားလမ်းမှာတော့ ဟယ်ရီဟာ သူတို့ကို ပြည့်ပြည့်စုံစုံ ပြန်ပြီး ဖောက်သည်ချလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သီတင်းပတ်ကုန်မှာ ကျရောက်တဲ့ ဆိုးဝါးရက်စက်တဲ့ လေပြင်းတွေ ပျောက်ကွယ်ထွက်ပြေးသွားပြီ ဖြစ်ပေမဲ့ ဘယ်လို တင်စားပြောရမှန်း မသိတဲ့ မြူတွေတစ်ကြော့ပြန်ရောက်လာပြီး နေရာအနှံ့သိုင်းခြုံထားတာကြောင့် သူတို့ ရှာဖွေနေတဲ့ ဖန်လုံအိမ်အမှန်ကို အချိန်အတော်ကလေးကြာပြီးမှ တွေ့ရတော့တယ်။

"အိုး....... ယူနိုးဟူးဆိုတဲ့ ကောင်ကလေးကလည်း တွေ့ရမှာတောင် ကျောချမ်းစရာ ကောင်းနေပါလား"

သူတို့အဖွဲ့ရဲ့ လုပ်ငန်းစီမံကိန်းကလေး ဆောင်ရွက်ရမယ့် နေရာဖြစ်တဲ့ ဖုဖုထစ်ထစ် ကြမ်းကြမ်းထော်ထော် ဆနားမကောင်းဆိုးဝါးပင် ငုတ်တိုတွေထဲက အငုတ်တိုတစ်ခု ပတ်လည်မှာ သုံးယောက်သား နေရာယူကြပြီးတဲ့နောက် ရွန်က ပြောလိုက်ပါတယ်။ နောက် သူတို့ရဲ့ အကာအကွယ် လက်အိတ်တွေကို အသီးသီးထုတ်နေကြတယ်။ ရွန်က ဆက်ပြောတယ်။

"ဒါပေမဲ့ ခုထိ ငါသဘောမပေါက်နိုင်သေးတာက ဒမ်းဘဲလ်ဒိုးဟာ ဒါတွေကို ဘာကြောင့် မင်းကို အကုန်လျှောက်ပြီး ထုတ်ပြောခဲ့တာလဲ ဆိုတာပဲ။ ငါဆိုလိုတာက ကြားရသမျှ အရာအားလုံးဟာ စိတ်ဝင်စားစရာတွေချည်းပါပဲ။ ဒါပေမဲ့ အဲဒီအထဲ ဘယ်ဟာက အဓိကအရေးပါဆုံး အချက်လဲ၊ ဒါပဲ"

"ငါလည်း မသိဘူး၊ ဒါပေမဲ့ သူကတော့ ပြောတယ်၊ အားလုံးဟာ အရေးကြီးတယ်။ ပြီးတော့ အဲဒါတွေက ငါ့အသက်ရှင်လွတ်မြောက်အောင် ကူညီလိမ့်မယ်တဲ့" ဟယ်ရီက ပြောလိုက်တယ်။

"ငါ့အထင်တော့ အဲဒါဟာ တော်တော်ကို စွဲမက်စရာ ကောင်းအောင် ဆွဲဆောင်မှုရှိတဲ့ဟာ ဖြစ်မှာပဲ" ဟာမီယွန်က အလေးအနက် ပြောလိုက်တယ်။ "အဲဒါဟာ ဗိုဒီမော့အကြောင်းကို သိနိုင်သမျှ သိအောင်လုပ်ရာမှာ အဓိပ္ပာယ်ရှိစေလိမ့်မယ်။ သူ့ရဲ့ အားနည်းချက်တွေကို နင်ဘယ်လို ရှာဖွေဖေါ်ထုတ်မှာလဲ"

"ဒါနဲ့ ပက်ကျိချိရဲ့ နောက်ဆုံးပါတီပွဲကလေး အကြောင်း ပြောပါဦး"ဟယ်ရီက သူမမေးတာကို မဖြေဘဲ ပြောလိုက်တယ်။

"အို အဲဒါလား အပြတ်ရယ်ရတယ်၊ တကယ် တကယ်"ဟာမီယွန်က ပြောရင်း သူမရဲ့ လက်မှာ လက်အိတ်တွေကို စွပ်နေတယ်။ ပြီးသွားတော့မှ ဆက်ပြောတယ်။ "သူက နာမည်ကြီးတဲ့ သူ့တပည့်ဟောင်းတွေအကြောင်းပဲ တကျီကျီလျှောက်ပြောနေတာပေါ့ဟယ်။ မက်လက်ဂျင်းကိုတော့ ဘာအမွှန်းတင်သလဲ မမေးနဲ့။ မျက်နှာလိုမျက်နှာရ ဖားနေသလား အောက်မေ့ရတယ်။ သူတို့နှစ်ယောက်က အရမ်းဆက်စပ်မှု ရှိနေတာ မဟုတ်လား။ ဒါပေမဲ့ တို့ကိုတော့ အစားကောင်းကောင်းတွေ ချကျွေးပါတယ်။ ပြီးတော့ တို့ကို ဂွင်းနော့ဂျုန်းစ်နဲ့လည်း မိတ်ဆက်ပေးသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဝွင်းနော့ဂျုန်းစ် ဟုတ်လား"ရွှန်က သူရဲ့ နေကာမျက်မှန်အောက်က မျက်လုံးကြီးတွေကို ပြူးကြည့်ပြီး ပြောလိုက်တယ်။ "သိဒ္ဓိမြောက်လူဦးခေါင်းနှင့် ၄က်သူယောင်မယ်များ အသင်းခေါင်းဆောင် ဝွင်းနော့ဂျုန်းစ်လား"

"အေး သူအစစ်ပဲ၊ ငါ့ရဲ့ ပုဂ္ဂိုလ်ရေးအမြင်အရတော့ သူမဟာ သွေးနထင်ရောက်နေတယ်လို့ ထင်တယ်၊ ဒါပေမဲ့ ........"လို့ ဟာမီယွန် ပြောမဆုံးခင်မှာပဲ-

"ကဲ အဲဒီ စကားဝိုင်းကတော့ တော်ဖို့ကောင်းပြီ၊ မင်းတို့ တစ်အားနောက်ကျကျန်နေပြီ၊ ဟိုမှာ လူတိုင်း တစ်ယောက်မကျန် စလုပ်နေကြပြီး နတ်ဗီးလ်တောင် သူ့အတွက် ပထမဆုံး အသီးတစ်တောင့်တောင် ရနေပြီ"ဆိုပြီး သူတို့ကို မျက်နှာထားတင်းတင်း မာန်ပါပါနဲ့ လောဆော်နေတဲ့ ပါမောက္ခ စပရောက်ကို မြင်ရတယ်။

မှန်တယ်။ လှည့်ကြည့်လိုက်တော့ နူတ်ခမ်းတစ်ခုမှာ သွေးထွက်နေပြီး မျက်နှာဘေး တစ်ပြင်လုံး မြင်မကောင်းအောင် ခြစ်ရာတွေနဲ့ပြည့်နေတဲ့ နက်ဗီးလ် ထိုင်နေတာကို တွေ့ရတယ်။ သူ့ လက်ထဲမှာ ရှောက်ခါးသီးအရွယ် အကြည့်ရဆိုးတဲ့ အစိမ်းရောင် ပစ္စည်းတစ်ခုကိုလည်း ဆုပ်ကိုင်ထားတယ်။

"ဟုတ်ကဲ့ ရပါတယ်၊ ကျွန်တော်တို့ ခုစလုပ်နေပါပြီ" ရွှန်က ပြန်ပြောလိုက်တယ်။ သူမ အဝေးကို ပြန်လှည့်ထွက်သွားတော့ ရွှန်က တိုးတိုးကလေး ထပ်ပြောလိုက်တယ်။ "ဟေ့ တို့ မတ်ဖလီယာတိုကို သုံးလို့ရမလား ဟယ်ရီ"

"မလုပ်နဲ့ တို့မသုံးသင့်ဘူး" ဟာမီယွန်က သွေးတစ်ဝက်မှော်ဝိဇ္ဇာနဲ့ သူ့ရဲ့ ဂါထာတွေ အကြောင်းတွေးနေတဲ့ သူမရဲ့ အတွေးကို ဖြတ်ပြီး ချက်ချင်းပြောလိုက်တယ်။ ပြီးတော့ သူလုပ်နေကျ အမူအရာဒီဖိုင်းမျိုးနဲ့ ကြည့်နေရင်း "ဆက်လုပ် ဆက်လုပ် သူ့ထက်ကောင်းတာ တို့ရမှာပါ"လို့ ဆက်ပြောတယ်။

တစ်ခါ သူမက ကျန်တဲ့နှစ်ယောက်ကို စိုးရိမ်ပူပန်တဲ့ မျက်နှာနဲ့ ကြည့်လိုက်ပြန်တယ်။ ပြီးတော့ သူတို့သုံးယောက်လုံး သက်ပြင်းရှည်ကြီးတွေချပြီး သူတို့အလယ်က ဘယဆေးပင် ၄တ်တိုကြီးဆီကို ထိုးစိုက်ကျသွားကြတယ်။

ဒီမှာတင် သစ်၄တ်တိုဟာ လှုပ်လှုပ်ရွရွနဲ့ ချက်ချင်း ခုန်ထအသက်ဝင်လာပြီး ထိပ်ကနေ ဆူးကလေးတွေ ပွထနေအောင်ပါတဲ့ နွယ်ပင်လက်တံရှည်ကြီးတွေကို လေထဲကို ဖြန့်းခနဲ ဆန့်ထုတ်ရင်း ကြာပွတ်နဲ့လွှဲရိုက်သလို တစ်ရှိန်းရှိန်းတစ်ရွမ်းရွမ်းနဲ့ လွှဲယမ်းနေတယ်။ နောက် ဆူးနွယ်ကြီးတစ်ခုက ဟာမီယွန်ရဲ့ ဆံပင်တွေနဲ့ လာငြိပြီး ရှုပ်ထွေးကုန်တယ်။ ရွှန်က အဲဒါကြီးကို သစ်ကိုင်း သစ်ခက်ဖြတ်တဲ့ အကိုင်းချိုင်ကတ်ကြေးကြီးတစ်လက်နဲ့ ရိုက်ပြီး ပြန်နှင်ထုတ်လိုက်တယ်။ နွယ်ကြီးနှစ်ချောင်းရဲ့ ရစ်ပတ်မှုကြားမှာ ညွှတ်ကွင်း ထောင်ချောက်လို ညပ်မိနေရာက ပြန်လွတ်မြောက်သွားတဲ့ ဟယ်ရီကလည်း အဲဒီနွယ်နှစ်ချောင်းကို ပူးပြီး ထုံးချည်ထားလိုက်ပါတယ်။

www.burmeseclassic.com

ထူးခြားတာကတော့ ရေဘဝဲကြီးရဲ့ လက်တွေနဲ့ တူတဲ့ သစ်ငုတ်ကြီးရဲ့ အကိုင်းအခက် နွယ်ချောင်းကြီးတွေ အားလုံးရဲ့ အလယ်မှာ အပေါက်ကြီး တစ်ပေါက် ရှိနေတာပဲ ဖြစ်ပါတယ်။ ဟာမီယွန်ဟာ သတ္တိကိုမွေးပြီး ရဲဝံ့စွာ သူမရဲ့ လက်တစ်ဖက်ကို အဲဒီ အခေါင်းပေါက်ကြီးထဲကို ထိုးထည့်လိုက်ပါတယ်။ ဒီမှာတင် အပေါက်ကြီးက ပိတ်သွားပြီး ဟာမီယွန်ရဲ့ လက်လည်း တံတောင်ဆစ်ကနေ တွင်းပေါက်ထဲမှာ ညပ်မိနေတယ်။ ဟယ်ရီနဲ့ရွန်က နွယ်ကြီးတွေကို ဆောင့်ဆွဲထုရိုက်လိမ်ချိုး ဆွဲဖယ်ကြတဲ့အတွက် အပေါက်ကြီး တစ်ခါပြန်ပွင့်သွားတယ်။ ဟာမီယွန်က သူမရဲ့လက်ကို ဆတ်ခနဲ ပြန်ရုပ်လိုက်လို့ လွတ်ထွက်သွားပြီး လက်ထဲမှာ နက်မီးလ်ရဲ့ လက်ထဲက အသီးတောင့်ကြီးနဲ့တူတဲ့ အသီးတောင့်ကြီးတစ်ခု ပါလာတယ်။ ချက်ချင်းပဲ ဆူးကလေးတွေ ဗရပွပါတဲ့ နွယ်ကြီးတွေကို သစ်ငုတ်ကြီးက ပြန်ရုပ်သိမ်းသွားပါတယ်။ တစ်ဆက်တည်းလိုလို ဖုထစ်ရှုံ့တွနေတဲ့ သစ်ငုတ်ကြီးဟာ ဘာမှ တစ်စုံတစ်ရာ မဖြစ်ခဲ့သလို နဂိုမူလအတိုင်း အသက်မဲ့တဲ့ သာမန်သစ်ငုတ်တိုကြီး တစ်ခု ပြန်ဖြစ်သွားပြီး ငြိမ်သက်နေပါတော့တယ်။

"မင်းတို့ သိပါတယ်။ ငါ့အိမ်ကို ပြန်ရောက်သွားတဲ့အခါတိုင်း ငါ့ဥယျာဉ်ခြံထဲမှာ ဒါမျိုးတွေ ငါရလိမ့်မယ်လို့ ငါမထင်ဘူး" ရွန်က သူ့ရဲ့ နေကာမျက်မှန်ကို နဖူးပေါ်တွန်းတင်လိုက်ပြီး မျက်နှာပေါ်က ချွေးတွေကို သုတ်ရင်း ပြောလိုက်တယ်။

"ငါ့ကို ဇလုံတစ်လုံး ပေးကြဟာ" လက်မောင်း အရှည်လောက်ရှိပြီး တစ်လှုပ်လှုပ် တစ်ရွရွခုန်နေတဲ့ အသီးကြီးကို ကိုင်ထားရင်း ဟာမီယွန်က ပြောလိုက်တယ်။ ဟယ်ရီက ဇလုံတစ်လုံး ကမ်းပေးတယ်။ ဟာမီယွန်ဟာ လက်ထဲက အသီးကြီးကို မသတီတဲ့ မျက်နှာထားနဲ့ ကြည့်ရင်း ဇလုံထဲကို ထည့်လိုက်တယ်။

"သိပ်လည်း ရွံ့သလို ကြောက်သလို လုပ်မနေနဲ့၊ အဲဒါကို အရည်ညှစ်ထုတ်လိုက်၊ အဲဒါတွေက လတ်ဆတ်တုန်း အကောင်းဆုံးပဲ" ပါမောက္ခစပရောက် အော်ပြောလိုက်တယ်။

"နောက်ပြီးတော့" သစ်တုံးကြီးတစ်တုံးက ခုကလေးတင် သူတို့ကို တိုက်ခိုက်ခဲ့တဲ့ အဖြစ်မျိုး မရှိခဲ့သလိုပုံနဲ့ ကြားဝင်ဖြတ်နှောင့်ယှက်ခံလိုက်ရတဲ့ သူတို့ရဲ့ စကားဝိုင်းလေးကို ဟာမီယွန်က ပြန်ဆက်တယ်။ "ပက်ကျိချိုက ခရစ္စမတ်ပါတီပွဲ လုပ်ဖို့ စီစဉ်နေတယ် ဟယ်ရီ၊ နင် ဒီတစ်ကြိမ်တော့ အဲဒီပါတီပွဲကနေ လူးလွန့်ရုန်းထွက်နိုင်စွမ်း ရှိမှာ မဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက နင့်ရဲ့ အားလပ်မယ့် ညနေပိုင်းတွေကို စစ်ဆေးဖို့ ငါ့ကို ခိုင်းထားတယ်လေ။ သူက နင် လာနိုင်မယ့်ညတစ်ညမှာ အဲဒီပါတီပွဲ ကျင်းပမှာ သေချာတယ်"

ဟယ်ရီက ညည်းညူနေတယ်။ ဇလုံထဲက သီးတောင့်ကြီးကို လက်နှစ်ဖက်လုံးနဲ့စုံညှစ်ပြီး ကွဲထွက်အောင် ကြိုးစားနေတဲ့ ရွန်ဟာ မတ်တတ်ထရပ်လိုက်ပြီး၊ အသီးကြီးကို ရှိရှိသမျှ အားတွေ အကုန်ထုတ်ပြီး ညှစ်ချလိုက်ရင်း "ကဲ-ဟောဒါ ပက်ကျိချိုရဲ့ လက်ရွေးစင် အချစ်တော်တွေအတွက် ပါတီပွဲပဲကွ"လို့ ဒေါသတကြီး ပြောလိုက်တယ်။

"အေး-ဟုတ်တယ်၊ အဲဒါ ပက်ကျိချိုအသင်းပဲ" ဟာမီယွန်ကပါ ထောက်ခံလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာတင် အသီးတောင့်ကြီးက ရွှန်ရဲ့ လက်ချောင်းတွေကြားက ရှန်းထွက်လွင့်စဉ် ပျံတက်သွားပြီး ဖန်လုံအိမ်ကို ကာရံထားတဲ့ မှန်ချပ်တွေကို သွားထိတယ်။ ပြီးတော့ တစ်ခါပြန်ထွက်လာပြီး ပါမောက္ခ စပရောက်ရဲ့ နောက်စေ့ကို သွားထိပြန်တယ်။ သူမရဲ့ အစပ်အဖာတွေပြည့်နေတဲ့ ဦးထုပ်ဟောင်းကြီး ကျွတ်ကျသွားတယ်။ ဟယ်ရီက အသီးကြီးကို ပြန်လိုက်ကောက်တယ်။ ဟာမီယွန်က "ဟေ့ ပက်ကျိအသင်းလို့ ငါနာမည်ပေးထားတာ မဟုတ်ဘူးနော်" လို့ ပြောနေတယ်။

ူမြအ နိငအနိ ဘပ ုသူတညျှပေး ၁၀–၃၁–၂၀၀၈ အေ ၀၂ၤ၄၉ ဗၤ
ႀနစသမအ စသျအ အသ ၁သိနမအေသမျ      ႀနစူပႀငအ့ႀကသအန ကြူအငႀကသအန႕ေျ ၡ်ူါနေ
ႀကငခု မနစူပ အသ အ့ျ ၁နျူါနေ႕ညျေူ
ဖော်ပြပါမင်ဘာ ၁၁ယောက်မှ
ုသူတညျှပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ႇသအမသိယ ၁ပေ၁၁ယ ၀ိပ× ၃လငူယ ြ× ဗပနယ ညပေ ညပေယ ညနသညငေညါယ
ညပငူညညါနယ အမေညတေ၀၀၇ယ တရျဘေငယ ပနအတနယ ဖပေါပင၅၅
ုသူတညျှပေ
ဋ္ဌငနေတ ဏကဘူငခ ဏမသ်ငူန
ႆနညိ ေ စမငလအေန ၁နျူါန အသ ုသူတညျှပေ
ႉညိ ြမန ဏသျအျ ဘပ ုသူတညျှပေ
ဗိ ုသူတညျှပေ အသ ႇသကမ ဃသညအခေအျ

ဦ ၁၀–၃၁–၂၀၀၈ယ ၀၂ၤ၄၈ ဗၤ     ဋ္ဌ၈၄
ုသူတညျှပေ
ြဘူန ဃသညအမငဘကအသမ
ပြညော၁မေ ဃကစငိ

ုသူတညျှပေ ျ သိုငညန
`သညြ ိအေနါ ြလ ၂၀၀၆
ဏသျအျါ ၇၉၂
႔ညျေူါ ၁၁၈၂၃
႔ညျေနိ ၈၈၈၈့ ၁နျ ညေ ၇၈၆ ဏသျအျ
ုသူတညျှပေ ျ သည ိေျအညေါကျနိ မသဝိ

ိနကျေူအ

www.burmeseclassic.com

"ပက်ကျိအသင်း"ရွှန်က တစ်ခါ မော်လ်ဖွိုင်းရဲ့ မထီတထီဟန်မျိုးနဲ့ သရော်ပြုံးပြုံးရင်း ထပ်ပြောလိုက်ပြန်တယ်။ "သနားစရာပဲကွ၊ အေး အဲဒီပါတီပွဲကို မင်းသွားဖို့ ငါမျှော်လင့်တယ်။ မင်းဘာလို့ မက်လက်ဂျင်းနဲ့ အချိတ်အဆက် လုပ်ဖို့ မကြိုးစားတာလဲ။ နောက်ကျရင် ပက်ကျိချိုက မင်းကို ပက်ကျိဘုရင်ရော ဘုရင်မပါ ဖြစ်အောင် လုပ်ပေးနိုင်တယ်"

"တို့ကို ဧည့်သည်အပိုလည်း ခေါ်လာခွင့်ပြုထားတယ်ဟဲ့"ဘာအကြောင်းကြောင့်မှန်းမသိဘဲ ပြန်ပြီး ရှင့်ရှင့်ပျပျ ဖြစ်လာတဲ့ ဟာမီယွန်က ပြောတယ်။ ငါကတော့ နင့်ကို အဲဒီပွဲကိုလာပါလို့ တိုက်တွန်းတယ်ဟယ်။ ဒါမှ နင်က အဲဒါဟာ တုံးတာမိုက်မဲတာလို့ ယူဆရင်တော့ နင့်ကို ငါ စိတ်အနှောင့်အယှက် မပေးတော့ပါဘူး"

ဟယ်ရီဟာ အသီးတောင့်ကြီးကို နည်းနည်း ပိုဝေးဝေး ခုန်ပျံထွက်သွားစေချင်နေတယ်။ ဒီ သူ့သူငယ်ချင်း နှစ်ယောက်နားမှာ သူ မထိုင်ချင်တော့ဘူး။ ဟိုနှစ်ယောက် သတိမထားမိလိုက်ခင်မှာပဲ သူက အသီးတောင့်ကြီးပါတဲ့ ဇလုံကြီးကို လှမ်းဆွဲယူလိုက်ပြီး ဆူဆူညံညံအသံတွေနဲ့ အားကုန်ဖွင့်ဖို့ ကြိုးစားနေတယ်။ ဒါပေမဲ့ ကံမကောင်းစွာပဲ သူတို့စကားဝိုင်းထဲက ဟိုနှစ်ယောက် ပြောနေသမျှ စကားတွေ တစ်လုံးမကျန် သူ့နားထဲဝင်လာနေတယ်။

"နင် ငါ့ကို မေးစရာ ရှိနေသလား"စောစောက ပြောနေတဲ့အသံနဲ့ လုံးဝမတူဘဲ ပြောင်းလဲသွားတဲ့ အသံနဲ့ ရွှန်က ဟာမီယွန်ကို မေးလိုက်တယ်။

"အေး–ရှိတယ်၊ နင်......... ငါ မက်လက်ဂျင်းနဲ့ အဆက်အသွယ် လုပ်နေတာကို တော်တော်အမြင်ကတ်နေတယ် မဟုတ်လား" ဟာမီယွန်က ဒေါသတကြီး ပြန်မေးလိုက်တယ်။

ဒါပေမဲ့ ဟယ်ရီက ဒူပေနာပေ တောင့်ခံနေတဲ့ အသီးကြီးကို သံဂေါ်တစ်လက်နဲ့ ဆက်ထုနေတာကြောင့် သူတို့အသံတွေ ခဏရပ်သွားတယ်။ ပြီးမှ–

"မဟုတ်ဘူး၊ ငါ အဲဒီလို မဟုတ်ဘူး"ဆိုတဲ့ ရွှန်ရဲ့ အသံတိုးတိုးကလေး ထွက်လာတယ်။

ဟယ်ရီ သူ့လက်ထဲက အသီးတောင့်ကြီး အရှိန်နဲ့ လွတ်ကျသွားတယ်။ အသီးကြီးက ဇလုံနဲ့ထိပြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားတယ်။

"ပြန်ပြင်ပြီး အကောင်းအတိုင်း ဖြစ်စေ–ရီပရို"လို့ အစအနတွေကို သူ့ဆေးကြိမ်လုံးနဲ့ လိုက်တို့ပြီး ဟယ်ရီ ကမန်းကတန်း ဆိုလိုက်တယ်။ အသီးကြီး အကောင်းပကတိဖြစ်သွားပြီး ဇလုံကြီးထဲကို နေရာတကျ ပြန်ရောက်သွားတယ်။ ဒီတော့မှ အသီးကြီးကျကွဲသံကြောင့် သူတို့နားမှာ ဟယ်ရီရှိနေတာကို ရွှန်နဲ့ ဟာမီယွန်တို့ သတိရသွားတယ်။

ဟာမီယွန်က တလှုပ်လှုပ်တရွရွနဲ့ ဂနာမငြိမ်ဖြစ်နေတယ်။ ချက်ချင်းလိုလိုပဲ သူမရဲ့ "ကမ္ဘာ့အသီးစားသစ်ပင်များ"စာအုပ်ကြီးထဲမှာ ဆနားဂလပ် မကောင်းဆိုးဝါးသီးတွေ အရည်ညှစ်ယူနည်း အမှန်ရဖို့ ရှာတွေ့ဖို့ စပြီး ပြဿနာ ရှုပ်နေတယ်။ ရွှန်ဟာ စောစောက ဟာမီယွန်ရဲ့ မေးခွန်းကြောင့်

www.burmeseclassic.com

မလုံမလဲ ရှက်ကိုးရှက်ကန်းနဲ့မျက်နှာမထားတတ်သလို ဖြစ်နေပေမဲ့ တစ်ဖက်ကလည်း သူ့ကိုယ်သူ ကျေနပ်နေတယ်။

“ပေးပေး အဲဒါ ငါ့ကိုပေး ဟယ်ရီ”ဟာမီယွန်က အလောတကြီး တောင်းလိုက်တယ်။ “စာအုပ်ထဲမှာ ရေးထားတဲ့အရ ငါတို့အနေနဲ့ ဒီအသီးကြီးကို ထက်ရှတဲ့ ပစ္စည်း တစ်စုံတစ်ခုနဲ့ အပေါက်ဖောက်ရမယ်လို့ ဆိုထားတယ်”လို့ သူမက ဆက်ပြောတယ်။

ဟယ်ရီက ဇလုံထဲက အသီးကြီးကို ကမ်းပေးလိုက်တယ်။ သူနဲ့ ရွန်တို့ နှစ်ယောက်ကပျာကယာ နေကာမျက်မှန်တွေကို မျက်လုံးပေါ်ဆွဲချလိုက်ပြီး သစ်ငုတ်တိုဘက်ကို ဒိုင်ဗင်ထိုးချလိုက်တယ်။

ဟယ်ရီအနေနဲ့ သူတို့အခြေအနေဟာ သူ တအံ့တသြဖြစ်ရတဲ့အတိုင်း ဖြစ်လာလေမလားလို့ တွေးလိုက်တယ်။ သူ့ကို လည်ပင်းညှစ်နေတဲ့ ဆူးနွယ်ကြီးတစ်ခုနဲ့ သူနပန်းလုံးနေချိန်မှာ အသီးတောင့်ကြီးတစ်ခုကို သူရတော့မလား၊ နောက်ပိုင်းတော်တော်ကြာရင် ရမလားဆိုတာ သူအရိပ်အမြွက်သိလိုက်တယ်။ ဒီအတွက်ကြောင့် သူနဲ့ ချိုတို့ တစ်ယောက်ကိုတစ်ယောက် မကြည့်ကြတော့ဘဲ၊ မျက်နှာလွှဲပြီး စကားပြောနေရတဲ့ အဖြစ်မျိုးလို ရွန်နဲ့ ဟာမီယွန်က သူ့ကိုစွန့်ထားခဲ့ပြီး စတင်ထွက်ခွာသွားကြမှာလား။ ပြီးရင် နောက်ပိုင်းအပြီးသတ် အိုးစားကွဲသွားကြမှာလား။ သူတို့တွေရဲ့ မိတ်ဆွေသူငယ်ချင်းဘဝ ပြန်လည်ရှင်သန်နိုင်ပါဦးမလား သူတွေးနေတယ်။ နောက် သူတို့တွေ တတိယနှစ်တုန်းက တစ်ယောက်နဲ့တစ်ယောက် မခေါ်နိုင် မပြောနိုင်ဖြစ်ခဲ့ကြတဲ့ ရက်သတ္တပတ်အနည်းငယ်ကို သူပြေးသတိရမိတယ်။ သူတို့ကြားမှာ ကွာဟနေမှုကို ပြန်လည်ဆက်နိုင်အောင် ကြိုးစားဖို့တော့ သူစိတ်မပါဘူး။ ဒီတော့ သူတို့ချင်း ဇာတ်ခေါင်းမကွဲရင်ကော။ ဒါမှမဟုတ် သူတို့တွေ ဘီလ်နဲ့ ဖလားလို ဖြစ်လာမှလား။ ဒီအတွေးတွေက သူ့ကို လောလောဆယ်မှာပဲ အကြီးအကျယ် ငြိုငွေ့စရာကောင်းအောင် ဒုက္ခပေးနေကြတယ်။ ပြီးတော့ သူတို့က သူ့ကိုအပြီးကြဉ်သွားကြမှာလား သူတွေးနေတယ်။

“ရပြီကွ”

ဟာမီယွန်က ပထမအသီးတောင့်ကြီးကို ကွဲပွင့်သွားအောင် လုပ်လိုက်နိုင်ချိန်မှာပဲ၊ ရွန်က ဒုတိယမြောက် မကောင်းဆိုးဝါးအသီးကြီး တစ်တောင့်ကို သစ်ငုတ်တိုထဲကနေ ဆွဲထုတ်လိုက်ပါတယ်။ ဒီမှာတင်ပဲ ဇလုံကြီးဟာ အစိမ်းနုရောင် တီကောင်ကြီးတွေ ဥမြစ်အသီးတောင့်ကြီးတွေနဲ့ ပြည့်နေပါတော့တယ်။ အဲဒီနေ့အတွက် ကျန်တဲ့ သင်ခန်းစာအပိုင်းဟာ ပက်ကျိချိုရဲ့ ပါတီပွဲအကြောင်း နောက်ထပ်ပြောဆိုမှု မပါဘဲနဲ့ ပြီးဆုံးသွားခဲ့တယ်။

နောက်ရက်အနည်းငယ်ကြာအောင် ဟယ်ရီက သူ့သူငယ်ချင်းနှစ်ယောက်ရဲ့ အခြေအနေနဲ့ မျက်နှာရိပ်မျက်နှာကဲကို စောင့်ကြည့်နေခဲ့တယ်။ ဒါပေမဲ့ ရွန်နဲ့ ဟာမီယွန်ဟာ ခါတိုင်းနဲ့ ဘာမှမထူးခြားဘဲ ဟန်မပျက် ရှိနေပြီး၊ သူတို့ချင်း နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အရင်ကထက်ပိုပြီး ယဉ်ကျေးပြနေတာကိုပဲ တွေ့နေရတယ်။

www.burmeseclassic.com

ပါတီပွဲညရဲ့ မိန်ပျုပျုကလေးသာ မီးထွန်းထားတဲ့ ပက်ကျိချိုရဲ့ အခန်းထဲမှာ ထောပတ်ဘီယာရဲ့ အရှိန်နဲ့ ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမယ်လို့ ဟယ်ရီ ဆုံးဖြတ်ထားတယ်။ တစ်ချိန်တည်းမှာလည်း သူ့ကို ပူပန်သောကတွေက အလိုလို အတင်းဖိစီးနေကြတယ်။

ကေတီဘဲလ်လည်း ခုချိန်ထိအောင် ဆေးရုံက ဆင်းနိုင်မယ့် အလားအလာ မရှိသေးဘဲ စိန့်မန်းဂိုး ဆေးရုံကြီးပေါ်မှာ ရှိနေတုန်းပဲ။ အဲဒါက စက်တင်ဘာလကစပြီး သူတာဝန်ယူ အထူးတလည် ဂရုစိုက် လေ့ကျင့်ပေးနေတဲ့ ဂရိုဖင်ဒေါ်အသင်းဟာ ပြိုင်ပွဲဝင်ချိန်မှာ အဖမ်းသမားတစ်ယောက် လျော့သွားမယ့် လက္ခဏာကို ပြနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူမနေကောင်းပြီး ပြန်ဝင်လာနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့တော့ ကေတီဘဲလ်ရဲ့ နေရာမှာ ဟယ်ရီက လူစားမထိုးဘဲ စောင့်နေခဲ့တယ်။ ဒါပေမဲ့ ရက်အရမ်းနီးကပ်နေတဲ့ ဆလီသီရင်အသင်းနဲ့ ရင်ဆိုင်ကြရမယ့် ကွင်းဖွင့်ဖလားပွဲက သူ့ကိုတစ်ချိန်လုံး စိုးမိုးခြိမ်းခြောက်နေတယ်။ နောက်ဆုံးမှာတော့ ကစားနိုင်ဖို့ သူမအချိန်မီ ပြန်ကောင်းလာနိုင်တော့ဘူး ဆိုတာကိုပဲ သူ လက်ခံရဖို့ ရှိနေတယ်။

ဟယ်ရီက သူ့အနေနဲ့ နောက်ထပ် အစမ်းပွဲတစ်ပွဲ လုပ်နိုင်တော့မယ်လို့ မထင်တော့ဘူး။ ခံစားချက်တွေနဲ့ သူနစ်မျောနေလို့ ကွစ်ဒစ်ချ်ကစားနိုင်ဖို့လည်း သူနည်းနည်းပဲ စီစဉ်နိုင်တော့တယ်။

တစ်နေ့။ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာရပ်သင်ခန်းစာ ပို့ချပြီးချိန်မှာ ဒင်းသောမတ်စ်ကို သူအမိအရ ဆွဲထားလိုက်တယ်။ အတန်းထဲက ကျောင်းသား အားလုံးလိုလို ထွက်သွားကြပြီဖြစ်ပြီး၊ အားလုံးဟာ ဟာမီယွန်ဖန်တီးထားတဲ့ ငှက်ဝါကလေးတွေသာ ဟိုပြေးသည်လွှား ရှိနေတယ်။ လေထဲက ငှက်မွေးတောင်ကလေး တစ်ချောင်းနဲ့ အရမ်းတူတဲ့ ဒီလိုငှက်ကလေးတွေကို ပြုလုပ်တဲ့ ပဥ္စလက်မှော်အတတ်ကို သူမကလွဲပြီး ဘယ်သူမှ လုပ်ဆောင်ပြနိုင်စွမ်း မရှိသေးဘူး။

"မင်း အဖမ်းသမားအဖြစ် ကစားဖို့ စိတ်ဝင်စားနေဆဲပဲလား"

"ဘာ....... သြော်......... သြော်....... အေး စိတ်ဝင်စားတယ်" ဒင်းန်က တအံ့တသြ ဖြစ်နေပြီးမှ ပြန်ဖြေလိုက်တယ်။ မျက်နှာမကြည်မသာနဲ့ သူ့ရဲ့ အိတ်ထဲကို စာအုပ်တွေ ထိုးထည့်နေတဲ့ ဆီးမတ်စ်ဖင်နီဂန်းကိုလည်း ဒင်းန်ရဲ့ ပခုံးပေါ်ကကျော်ပြီး သူလှမ်းမြင်နေရတယ်။ စောစောက ဒင်းန်ကို ကစားပါလို့ သူ မပြောဖြစ်ခဲ့တာမှာ ဆီးမတ်စ်က မလိုလားတာကြောင့်လည်း ပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာလည်း အသင်းအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ သူ့မှာ တာဝန်ရှိနေတယ်။ တကယ်တော့ ဒင်းန်ဟာ ပထမခြေစမ်းပွဲမှာ ဆီးမတ်စ်ကို ကျော်ဖြတ်ပျံသန်းနိုင်ခဲ့သူပဲ။

"အေး–ကောင်းတယ်၊ ဒါဆိုမင်းကို အသင်းထဲထည့်လိုက်ပြီ၊ တို့ ဒီည (၇)နာရီ အစမ်းခြေစစ်ပွဲ ကစားမယ်" ဟယ်ရီက ပြောလိုက်တယ်။

"အေး–ဟယ်ရီ ကောင်းတာပေါ့ကွာ။ ငါ မျှော်လင့်မထားမိဘူး၊ ဂျင်နီကို ငါချက်ချင်း ပြောပြမှ ဖြစ်မယ်"ဒင်းန်က ပြောရင်း နှုတ်ဆက်တယ်။ ပြီးတော့ သူအခန်းထဲက တစ်ဟုန်ထိုးထွက်သွားလို့ ဟယ်ရီနဲ့ ဆီးမတ်စ်နှစ်ယောက်သာ ကျန်နေခဲ့တယ်။ ဒီလိုနှစ်ယောက်သား စိတ်မသက်မသာစရာ ဖြစ်နေတုန်းမှာပဲ ဟာမီယွန် ဖန်တီးအသက်သွင်းထားတဲ့ ကနေရီစာဝါကလေး တစ်ကောင်က

www.burmeseclassic.com

သူတို့အပေါ်ကနေ ဗိုးခနဲ ဖြတ်ပျံသန်းရင်း ဆီးမတ်စ်ရဲ့ ခေါင်းပေါ်ကို ချေးပါချလိုက်တဲ့အတွက် အခြေအနေဟာ သူ့အတွက် တကယ့်ကို စိတ်မသက်မသာစရာ ဖြစ်သွားပါတယ်။

အမှန်အားဖြင့် ကေတီရဲ့ နေရာကို အစားထိုးဖို့ လူရွေးချယ်ခဲ့တာကြောင့် စိတ်ချဉ်ပေါက်ပြီး မကျေမချမ်း ဖြစ်ရသူဟာ ဆီးမတ်စ်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဟယ်ရီက အသင်းအတွက် တစ်တန်းတည်းသား နှစ်ယောက်ကို ရွေးချယ်လိုက်ပြီဆိုတဲ့ သတင်းဟာ ကျောင်းသားများ နားနေခန်းကြီးထဲမှာ မကြားချင်အဆုံး ကျွတ်စီကျွတ်စီ ပြောနေကြတဲ့ အကြောင်းအရာ ဖြစ်နေတယ်။ ဟယ်ရီဟာ သူ့ရဲ့ ဒီဟော့ဂ်ဝပ်စ်ကျောင်းသက်တမ်း တစ်လျှောက်မှာ မကြုံဖူးသေးတဲ့ ဝေဖန် ပြောဆိုမှုတွေကို အဆိုးဝါးဆုံး ခံနေရတယ်။ ဒါ့အပြင်တစ်ဖက်မှာ ဒီလို စိတ်အနှောင့်အယှက် ဖြစ်စရာ အပြောခံနေရသလို၊ တစ်ဖက်မှာလည်း လာမယ့် ဆလီသီရင် အသင်းနဲ့ ကစားရတဲ့ ပွဲကို အနိုင်ရဖို့ ဖိအားပေးမှုတွေကိုလည်း တစ်ပြိုင်တည်း ခံနေရတယ်။

ဘာပဲဖြစ်ဖြစ် အဲဒီပွဲမှာ နိုင်လိုက်ရင် သူတို့ ဂရှူန်ကေသရာဇာအဆောင်း တစ်ခုလုံး သူတို့ ဝေဖန်ခဲ့တာတွေကို မေ့ပစ်ပြီး၊ ဒီအသင်းကို အကြီးကျယ်ဆုံး အကောင်းဆုံးအသင်းအဖြစ် အသိအမှတ်ပြုကြမယ်ဆိုတာ ဟယ်ရီ သိနေတယ်။ မတော်လို့ ရှုံးခဲ့ရင်တော့ ဟယ်ရီ စဉ်းစားမိတယ်။ အဆိုးဝါးတကာ့ အဆိုးဝါးဆုံး စကားလုံးတွေနဲ့ သူတို့တွေ ပြောလို့ကို ဆုံးမှာ မဟုတ်တော့ဘူး။

အဲဒီနေ့ညမှာပဲ ဒင်းန်ပျံသန်းပုံကို မြင်ရတဲ့အခါ သူလူရွေးချယ်ခဲ့တာနဲ့ ပတ်သက်လို့ နောင်တရစရာ အကြောင်းမရှိတာကို ဟယ်ရီသိသွားပြီး ဂျင်နီနဲ့ ဒီမဲလ်ဇာတို့နဲ့အတူ ပြင်ဆင်မှုတွေ ကောင်းကောင်း လုပ်နေတယ်။ တိုက်စစ်မှူးတွေဖြစ်တဲ့ ပိကက်စ်နဲ့ ကုတို့လည်း ခါတိုင်းထက် တစ်ချိန်လုံး ပိုကောင်းနေတယ်။ သူ့အတွက် တစ်ခုတည်းသော ပြဿနာကတော့ ရွန်ပဲ။

ရွန်ဟာ အရေးအကြောင်းဆို ပြာသွားတတ်တဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိသူ ကစားသမားတစ်ယောက် ဖြစ်တာကို ဟယ်ရီက တစ်လျှောက်လုံး သိနေတယ်။ ဒီကြားထဲမှာ ကံဆိုးစွာနဲ့ ဒီနှစ်ကစားပွဲရာသီရဲ့ ပထမဆုံးပွဲ အလားအလာအရ သူ့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းတာတွေကို ပေါ်လွင်သွားစေခဲ့တယ်။ ဂိုးဒါဇင်ဝက် ဝင်သွားပြီးချိန်မှာ ဂိုးအများစုဟာ ဂျင်နီသွင်းခဲ့တဲ့ ဂိုးတွေ ဖြစ်နေပြီး၊ သူကစားပုံ ကြမ်းသည်ထက် ကြမ်းလာတဲ့အပြင်၊ နောက်ဆုံးမှာ သူဟာ မျက်နှာချင်းဆိုင်က လာနေတဲ့ ဒီမဲလ်ဇာရော်ဘင်စ်ရဲ့ ပါးစပ်ကို လက်သီးနဲ့ ထိုးခဲ့လို့ ဖြစ်ပါတယ်။

"ဒါ မတော်တဆ ဖြစ်တာပဲ၊ ငါ စိတ်မကောင်းပါဘူး ဒီမဲလ်ဇာ၊ တကယ့်ကို စိတ်မကောင်းပါဘူး၊ အမှန်က ငါ..........." သူမမြေကြီးပေါ် ဒလိမ့်ခေါက်ကွေး ပစ်ကျသွားပြီး နေရာအနှံ့သွေးတွေ ယိုစီးထွက်နေချိန်မှာ ရွန်က အော်ပြောလိုက်တယ်။

"ဒါဟာ ကြောက်စရာကောင်းအောင် သွေးရူးသွေးတန်း စွတ်လုပ်လိုက်တာပဲ" ဒီမဲလ်ဇာရဲ့ နောက်ကနေ ကပ်ပါလာပြီး မြေပေါ်ကို ဆင်းလာတဲ့ ဂျင်နီက သူမရဲ့ ရောင်ကိုင်းနေတဲ့ နှုတ်ခမ်းကို စစ်ဆေးကြည့်ပြီးတဲ့နောက် စိတ်ဆိုးမာန်ဆိုး ပြောလိုက်တယ်။ "နင်ဟာ ငတုံးပဲ ရွန်၊ သူမရဲ့ အခြေအနေကို နင်ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com

"ဟော့-ဒါ ငါကုစားပေးလို့ ရတယ်"မိန်းကလေးနှစ်ယောက်ဘေးမှာ မြေကြီးပေါ်ကို ဆင်းလာတဲ့ ဟယ်ရီက ပြောလိုက်တယ်။ ပြီးတော့ ချက်ချင်းပဲ သူ့ရဲ့ ဆေးကြိမ်လုံးနဲ့ ဒီမဲလ်ဇာရဲ့ ပါးစပ်ကို ချိန်ရွယ်ပြီး ပြောလိုက်တယ်။

"တမန်တော်ရဲ့ ကိုယ်စားအမိန့်၊ ပျောက်ကင်းသက်သာစေ-အီပစ်စကီ"

ပြီးတော့ ဟယ်ရီက ထပ်ပြောလိုက်တယ်။ "ဂျင်နီ… နင် ရွန်ကို ငတုံးဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ မခေါ်ရဘူး။ မင်းဟာ ဒီအသင်းမှာ ခေါင်းဆောင် မဟုတ်ဘူး"

"နင်ပြောတာ ဟုတ်တော့-ဟုတ်တယ်၊ ဒါပေမဲ့ သူ့ကို အဲဒီလို ခေါ်ဖို့ အလုပ်ရှုပ်ပြီး မအားဘူးလေ။ ဒါဆို တစ်ယောက်ယောက်က နင့်အစား ခေါ်သင့်တာပေါ့"

ဟယ်ရီ မရယ်မိအောင် သူ့ကိုယ်သူ မနည်းအောင့်ထားရတယ်။ ပြီးတော့ အမိန့်ပေးလိုက်တယ်။

"သွားကြစို့။ လေထဲကို အကုန်ပြန်တက်၊ ဆက်ကစားမယ်"
ႏုစသမအ စသျအ အသ ၁သိနမအေသမျ ႏုစူပ႔ႇငအ့ျကသအန ကြူအင္ျကသအန္ဓပ် နျူါန
႕ကငခု မနစူပ အသ အ့ပျ ၁နျူါန္ဓညျ
ဖော်ပြပါမင်ဘာ ၁၁ယောက်မှ
ႇသူတညျပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ႇသအမသိယ ၁ပေ၁၁ယ ၀ိပ× ၃လငူယ [× ဗပနယ ညပေ ညပေယ ညနသညငညါယ
ညပငူညညါနယ အမေညတေ၀၀၇ယ တဈဘေငယ ပန္အတနယ ဖပေါပင၅၅
ႇသူတညျပေ
ဋ္ငနတ ဏကဘူငခ ဏမသ်ငူန
ႇနညိ ေ စမငလအေန ၁နျူါန အသ ႇသူတညျပေ
ငညိ ဩမန ဏသျအျ ဘပ ႇသူတညျပေ
ဗိ ႇသူတညျပေ အသ ႇသကမ ဃသညအခေအျ

ဥ္ဂ ၁၀-၃၁-၂၀၀၈ယ ၀ဖ်ါငှ၈ ဗ[ ဋ္ဍ၈၅
ႇသူတညျပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

www.burmeseclassic.com

www.burmeseclassic.com

၊ သူတညေပ ျ သိုညေန
` သညေ ိ အေနါ် ဩလ ၂၀၀၆
ဏာသျအျါ ၇၉၂
၈ ညေျါ ၁၁၈၂၃
၈ ညေနိ ၈၈၈၈ ၀ာနျ ညေ ၇၈၆ ဏာသျအျ
၊ သူတညေပ ျ သည ေ ိပျအညေါကျနိ မသငိ

ိ န်ကျေူအ

ပွဲပြီးသွားပြီး နိဂုံးချုပ်လိုက်တော့ ဒီဖြစ်ရပ်ကလေးဟာ သူတို့ ကစားကြတဲ့ သက်တမ်းတစ်လျှောက်လုံးမှာ အဆိုးဝါးဆုံး ဖြစ်ခဲ့တဲ့ လေ့ကျင့်ပွဲတွေထဲက တစ်ပွဲ ဖြစ်သွားပါတယ်။ ဒီအတွက် ဟယ်ရီက နေရာတိုင်းမှာ ဖြောင့်မတ်မှန်ကန်မှုဟာ အကောင်းဆုံးမူဝါဒ ဖြစ်တယ်ဆိုတာကို မခံစားနိုင်သလို ဖြစ်သွားမိတယ်။

"ကစားသမား အားလုံး ကောင်းကောင်း ကစားခဲ့ကြတယ်ဟေ့။ တို့တွေ ဆလီသီရင်အသင်းကို ချေဖျက်ပစ်နိုင်မယ်လို့ ငါထင်တယ်"သူက ဝံ့ဝံ့စားစား ပြောလိုက်တယ်။ ခံစစ်မှူးအဖမ်းသမားတွေနဲ့ တိုက်စစ်မှူးတွေ သူတို့ကိုယ် သူတို့ ကျေနပ်အားရနေပုံနဲ့ အဝတ်လဲခန်းထဲက ထွက်သွားကြတယ်။

"ငါကစားပုံကတော့ နဂါးချေးထုပ်ကြီး တစ်ထုပ်အတိုင်းပါပဲ"ဂျင်နီထွက်သွားပြီး သူမနောက်ဘက်တံခါး ပြန်ပိတ်သွားချိန်မှာ ရွန်က ပြောလိုက်တယ်။

"မဟုတ်ဘူး။ မင်း ကစားခဲ့တာ အဲဒီလို မဟုတ်ဘူး။ ငါ စစ်ဆေးအကဲခတ်ကြည့်ရတာတော့ မင်းဟာ အကောင်းဆုံး ဂိုးဖမ်းသမားပဲ ရွန်။ မင်းမှာ ရှိနေတဲ့ တစ်ခုတည်းသော ပြဿနာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အားနည်းတာပဲ"ဟယ်ရီက အတည်ပြောလိုက်တယ်။

ရဲတိုက်ကြီးကို ပြန်သွားကြတဲ့ လမ်းတစ်လျှောက်လုံး သူ ရွန်ကို မရပ်မနား တိုက်တွန်းအားပေးလာလိုက်တာ၊ ဒုတိယထပ်ကို ရောက်လာချိန်မှာ ရွန်ဟာ မဆိုစလောက် ရွှင်မြူးအားတက်လာတယ်။ ဟယ်ရီက ဂဋ္ဌုန်ကေသရာဇာ မျှော်စင်ကို သွားနေကျ ဖြတ်လမ်းကသွားဖို့ ရွှေချည်ငွေချည်ထိုး ဂုန္တန်ပန်းချီကားကြီးကို တွန်းဖွင့်လိုက်ရာမှာ ဒင်းန်နဲ့ ဂျင်နီတို့ တစ်ယောက်ကို တစ်ယောက် ပူးကပ် ပွေ့ဖက်နမ်းရှုပ်နေကြတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။

ဟယ်ရီရဲ့ စိတ်ထဲမှာ သူ့ခန္ဓာကိုယ်ထဲကို ဇရာမထုထည်ကြီးမားပြီး အချွန်အတက် အကြေးခွံတွေပါတဲ့ အရာဝတ္ထုကြီး တစ်ခုခုဝင်ရောက် ပေါက်ကွဲသွားပြီး အတွင်းမှာ ကလီစာတွေကို တစ်စစီဖြစ်အောင် ကုတ်ခြစ်ခံနေရသလို ခံစားလိုက်ရတယ်။ သွေးတွေ ဆူတက်လာပြီး ဦးနှောက်ထဲကို စီးဝင်ပြည့်လျှံနေသလိုလည်း ခံစားနေရတယ်။ ဒီမှာတင် စောစောက သူ့မှာ ရှိနေတဲ့ အတွေးတွေအားလုံး ပျောက်ကွယ်ချုပ်ငြိမ်းသွားပြီး၊ ဒင်းန်ရဲ့ အရိုးအသားအရေခွံတွေကို အမှုန့်ကြိတ် အရည်ဖျော် စေးနေအောင်နယ်ပြီး၊ ဂျယ်လီကျောက်ကျောလို ဖြစ်သွားအောင် လုပ်ပစ်ချင်တဲ့ ဆန္ဒက

www.burmeseclassic.com

www.burmeseclassic.com

အစားထိုးဝင်ရောက် စေ့ဆော်နေပါတယ်။ အဲဒီလို ရုတ်တရက် ရှုးသွပ်စိတ်တွေနဲ့ သူ နပန်းလုံးနေရင်း ရွှန်ရဲ့ အသံကို ဟိုးအဝေးကြီး တစ်နေရာက လာသလို ကြားလိုက်ရတယ်။

"အိုး....."

ဒင်းန်နဲ့ ဂျင်နီတို့နှစ်ယောက် လူချင်းခွာလိုက်ကြပြီး လှည့်ကြည့်နေတယ်။

"ဘာလဲ" ဂျင်နီက မာရေကျောရေ ပြောလိုက်တယ်။

"ကိုယ့် ညီမအရင်းတစ်ယောက် လူရှေ့ သူရှေ့ မရှောင် ဒီလို နမ်းနေတာ ငါ မမြင်ချင်ဘူး"လို့ ရွှန်က ပြောတော့–

"ဒါ ဘယ်သူမှ မရှိဘဲ လူရှင်းတဲ့ စင်္ကြံပဲ။ နင်တို့ ခေါင်းထိုးဝင်မလာခင်ထိ တခြား တစ်ယောက်မှ မရှိဘူး"လို့ ဂျင်နီက ပြန်ပက်တယ်။

ဒင်းန်က မနေတတ်သလို ရှက်ကိုးရှက်ကန်း ဖြစ်နေတယ်။ သူက ဟယ်ရီကို မခံချိမခံသာ အပြုံးနဲ့ ပြုံးပြတယ်။ ဟယ်ရီက သူ့အပြုံးကို မတုံ့ပြန်ဘဲ ခပ်တင်းတင်းနေတယ်။ ရင်ထဲမှာ ဝုန်းခနဲ ပေါ်ပေါက်လာစ ဒေါသဂုမ္ဘန်ဘီလူးကလည်း ဒင်းန်ကို အသင်းက ချက်ချင်း ထုတ်ပစ်ဖို့ ကြုံးဝါးတိုက်တွန်းနေတယ်။

"အဲ... လာသွားစို့ ဂျင်နီ၊ တို့ ကျောင်းသားများ နားနေခန်းကို ပြန်သွားကြမယ်"လို့ ဒင်းန် ပြောတယ်။

"နင်သွား၊ ငါ့အစ်ကိုရင်းနဲ့ ငါ စကားတစ်ခွန်းလောက် ပြောချင်သေးတယ်"ဂျင်နီက ပြန်ပြောတယ်။

ဒင်းန် ထွက်သွားတယ်။ ဒါပေမဲ့ ဒီနေရာက ထွက်သွားရလို့ စိတ်မကောင်း မဖြစ်တဲ့ ပုံစံမျိုး သူ့မျက်နှာက ပြနေတယ်။

ဂျင်နီက သူမရဲ့ ခေါင်းကို လှလှပပ ဆတ်ခနဲခါပြီး၊ မျက်နှာပေါ်က ဆံပင်နီနီ အရှည်ကြီးကို အရင်ဖယ်ရှားလိုက်ပြီး ရွှန်ကို မီးဝင်းဝင်းတောက်တဲ့ မျက်စိတွေနဲ့ ကြည့်ရင်း ရန်တွေ့တယ်။

"ကောင်းပြီ။ ငါ တစ်ခွန်းတည်းနဲ့ အားလုံးကို ပွင့်ပွင့်လင်းလင်း အပြတ်ပြောလိုက်မယ်။ ငါ့ဘာသာ ဘယ်သူနဲ့ ဘယ်သွားသွား၊ ငါ့ဘာသာ ဘယ်သူနဲ့ ဘာလုပ်လုပ်၊ အဲဒါ နင်တို့ အကြောင်းမဟုတ်ဘူး ရွှန်"

"ဟာ–ရတယ်၊ ရတယ်" ရွှန်ကလည်း ဒေါသပေါက်ကွဲပြီး ပြောလိုက်တယ်။ "နင်ကလည်း ငါက လူတကာကို လှည့်ပြီး ကျွန်တော့်ညီမဟာ ဟိုဟာ တစ်ယောက်ပါလို့ ပြောချင်နေတယ်လို့ ထင်လို့လား"

"ဟိုဟာ ဘာဟိုဟာလည်း........ ရှင်းအောင်ပြော၊ အဲဒီ ဟိုဟာဆိုတာ ဘာလဲ၊ ငါ့ကို အတိအကျ နင်ပြောစမ်း"လို့ ပြောရင်း ဂျင်နီက သူမရဲ့ ဆေးကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။

www.burmeseclassic.com

"သူက ဘာမှ ရည်ရွယ်ပြောလိုက်တာ မဟုတ်ပါဘူး ဂျင်နီ" ဟယ်ရီရဲ့ ပါးစပ်က အလိုလို ထွက်သွားတယ်။ ရင်ထဲက ကြုံးဝါးနေတဲ့ ဒေါသဘီလူးကတော့ ရွန်ရဲ့ စကားလုံးကို ထောက်ခံအတည်ပြုနေတယ်။

"ဘာမဟုတ်ရမှာလဲ၊ သူဘာပြောချင်တယ်ဆိုတာ ငါသိတယ်"သူမက ဟယ်ရီကို ရန်စွယ်ငေါငေါနဲ့ ပြောလိုက်တယ်။ ပြီးတော့ ဆက်ပြောတယ်။ "အေးပေါ့ သူကပြောမှာပေါ့၊ သူ့ဘဝတစ်သက်လုံးမှာ ဒီလိုအနမ်းမျိုး ဘယ်တုန်းကမှ မနမ်းခဲ့ဖူးတာကိုး။ ဘာဖြစ်လို့ လည်းဆိုတော့ တစ်သက်လုံးမှာ သူ့ကို နမ်းခဲ့ဖူးတာလည်း ငါတို့ရဲ့ ကြီးတော်ကြီး မာရီရယ်တစ်ယောက်ပဲ ရှိလို့ပဲ"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း"မျက်နှာတစ်ပြင်လုံးနီရဲပြီး မီးကျည်မီးပန်းတွေလို ဒေါသပေါက်ကွဲနေတဲ့ ရွန်က အော်လိုက်တယ်။

"အို... မတော်နိုင်ပါဘူး၊ ငါကတော့ ပြောရမှာပဲ" ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းလို့မရနိုင်အောင် မွန်ထူနေတဲ့ ဂျင်နီက ကက်ကက်လန်အောင် ပြန်အော်တယ်။ ပြီးတော့ "ငါလည်း မြင်ပါတယ်နော်။ ဟိုမချွဲပိုနဲ့ တွေ့တိုင်း ဟိုကောင်မက နင့်ပါးစပ်ကို နမ်းလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဆန့်တငင်ငင် ဖြစ်နေတာလေ သနားတယ်။ နင်သာအပြင်ကို သွားလာပြီး ဒါမျိုး နမ်းတာတွေကို အများကြီးကြုံခဲ့ဖူးမယ်ဆိုရင်၊ လူတကာလုပ်နေတဲ့ ဒီဘာမှ မဆန်းတာကို ခုလို လာပြီး ပြဿနာရှာမှာ မဟုတ်ဘူး"

ဒီမှာတင် ရွန်ကလည်း သူ့ရဲ့ ဆေးကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ ဟယ်ရီက နှစ်ယောက်ကြားကို ကမန်းကတန်း ဝင်ရပ်လိုက်တယ်။

"နင့်စကားတွေ ဘယ်ရောက်သွားတယ်ဆိုတာ နင်မသိဘူး"လို့ ပါးစပ်က အော်ဟစ်ရင်း ရွန်က ဟယ်ရီ့ဘေးနားက ဂျင်နီကို ပြင်းပြင်းထန်ထန် တစ်ချက် တိုက်ခိုက်နိုင်အောင် ကြိုးစားနေတယ်။ ဟယ်ရီ သူမရှေ့ကရပ်ပြီး လက်နှစ်ဖက်ကို ဆန့်တန်း ကာကွယ်ထားတယ်။ ပြီးတော့ သူက ပြောတယ် "ငါဟာ ဘယ်တုန်းကမှ ဒါမျိုးကို လူရှေ့သူရှေ့ လုပ်တဲ့ကောင်စား မဟုတ်ဘူး"တဲ့။

ဂျင်နီက သူမရဲ့ ရှေ့ကပိတ်နေတဲ့ ဟယ်ရီကို တွန်းပစ်ဖို့ ကြိုးစားရင်း သရော်အော်ဟစ်ရယ်မောနေတယ်။ ပြီးတော့-

"ဟိုဝက်ဘဲမနမ်းတာတော့ နင်ခံရဖူးလား။ ကြီးတော် မာရီယယ်ရဲ့ ခတ်ပုံတစ်ပုံလောက်ကော နင့်ခေါင်းအုံးအောက်မှာ ဝှက်ထားတာ ရှိလား"လို့ လှောင်ပြောင် စော်ကားလိုက်တယ်။

"နင်..........."

www.burmeseclassic.com

လိမ်မော်ရောင် မီးတန်းလျှပ်နွယ်တစ်ခု ဟယ်ရီရဲ့ ဘယ်ဘက်လက်မောင်းအောက်ကနေ သေနတ်ကျည်ဖူးသွားသလို လက်ခနဲ ထွက်သွားတယ်။ လျှပ်နွယ်မီးတန်းက ဂျင်နီနဲ့ လက်မအနည်းငယ်ပဲခြားပြီး လွဲသွားတယ်။ ဟယ်ရီ ရွန့်ကို နံရံနဲ့ကပ်ပြီး တွန်းထားတယ်။

"မမိုက်မဲချင်စမ်းပါနဲ့"

"ဟယ်ရီလည်း ချိုချန်းကို ဖက်နမ်းခဲ့တာပဲ" ဂျင်နီကအော်လိုက်တယ်။ သူမဟာ ပြောရင်း မျက်ရည်တွေကျပြီး ဝိုတော့မလို ဖြစ်နေတယ်။ ပြီးတော့ ထပ်အော်ပြောတယ်။ "ဟာမီယွန်လည်း ဗစ်ခ်တာကရမ်းကို နမ်းတာပဲ။ ဒါကို မနှစ်သက်စရာ စက်ဆုပ်စရာလိုလုပ်နေတာ နင်တစ်ယောက်တည်းပဲ ရှိတယ် ရွန်။ ဘာဖြစ်လို့လဲဆိုတော့ နင့်မှာရှိတဲ့ အများဆုံး အတွေ့အကြုံဟာ ဆယ့်နှစ်နှစ်သား အတွေ့အကြုံလောက်ပဲ ရှိလို့ပဲ့"

စကားလည်း ဆုံးရော ဂျင်နီဟာ ဝုန်းခနဲ အဝေးကို ထွက်ပြေးသွားတယ်။ ဟယ်ရီက ရွန်သွားချင်ရင် သွားနိုင်အောင် ကပျာကယာ လွှတ်ပေးလိုက်တယ်။ သူ့မျက်နှာပေါ်မှာ လူသတ်ချင်ဖြတ်ချင်သလိုမျိုး ဖြစ်နေတယ်။ သူတို့နှစ်ယောက် အဲဒီမှာ အတူရပ်နေသေးတယ်။ ပြီးတော့ ဟောဟဲလိုက်ပြီး အသက်ကို ပြင်းပြင်း ရှူနေကြတယ်။ ဖီးလ်ချ်ရဲ့ ကြောင်မကြီး မစ္စနောရစ်စ် သူတို့အနားက ချောင်တစ်ချောင်ထဲက ထွက်လာတာကို မြင်ရပြီးနောက်မှပဲ အခြေအနေ တင်းမာမှုဟာ ရပ်စဲသွားပါတော့တယ်။

"ကဲ–လာလာ သွားကြစို့"ဖီးလ်ချ်ရဲ့ ခြေထောက်တွေ ဘယ်ညာ သွက်သွက်လှမ်းပြီး လာနေတဲ့ အသံတွေ သူတို့နားထဲကို တိုးဝင်လာတဲ့ တစ်ခဏမှာပဲ ဟယ်ရီက ရွန့်ကို ပြောလိုက်တယ်။

သူတို့နှစ်ဦး လှေကားထစ်တွေကို အမြန်တက်သွားပြီး သတ္တမထပ်စင်္ကြံအတိုင်း ခြေကုန်သုတ်လျှောက်လာတယ်။ "ဟဲ့ ပလုတ်တုတ် မင်းဖယ်စမ်းပါဟဲ့"လို့ ရွန်က အော်လိုက်ချိန်မှာပဲ ကလေးမလေးတစ်ယောက်က လန့်ဖျပ်ပြီး ဘေးကို ခုန်ရှောင်လိုက်ရာမှာ ဖားပြုပ်ဥတွေပါတဲ့ ပုလင်းတစ်လုံး သူမထံက ထွက်ကျလာတယ်။

သို့ပေမဲ့ ဖန်ပုလင်းတစ်စစီ ကျကွဲသွားသံကို ဟယ်ရီ့နားထဲမှာ သဲ့သဲ့ ကလေးပဲ ကြားနိုင်တော့တယ်။ သူ့စိတ်တွေ ရှုပ်ထွေးပြီး မူးဝေနောက်ကျိလာတယ်။ လျှပ်စစ် မိုးကြိုး အပစ်ခံလိုက်ရတဲ့ အခါ ခံစားရတဲ့ ဝေဒနာဟာ ဒါမျိုးပဲ ဖြစ်လိမ့်မယ်လို့ သူထင်နေတယ်။ ဟယ်ရီ ကိုယ့်ကိုယ်ကိုယ် ပြန်ပြောနေတယ်။ "ဒါဟာ ရွန့်ရဲ့ ညီမ ဖြစ်နေလို့မို့ပါ။ သူမနဲ့ ဒင်းန်တို့ နမ်းရှုပ်နေတာကို မြင်ရတော့ မင်းစိတ် မသက်မသာ ဖြစ်တာ၊ မမြင်ချင်တာဟာ သူမဟာ ရွန်ရဲ့ညီမ ဖြစ်နေလို့ပါ"သူဒီလိုပဲ သူ့ကိုယ်သူ ပြန်ပြောနေတယ်။

ဒါပေမဲ့ သူက မဖိတ်ခေါ်ပါဘဲနဲ့ သူ့စိတ်ထဲမှာ စောစောက လူသူလေးပါး ရှင်းနေတဲ့ စင်္ကြံထဲမှာပဲ ဒင်းန်အစား သူကိုယ်တိုင်နဲ့ ဂျင်နီတို့ နမ်းရှုပ်နေတဲ့ ပုံရိပ်တစ်ခု အတင်းဝင်ရောက်လာတယ်။ စောစောက သူ့ရင်ဘတ်ထဲမှာ ရှိနေတဲ့ ဒေါသကောင်ကြီးက ခုကျတော့ ကျေနပ်ပီတိဖြစ်ပြီး စည်းစိမ်ကျနေတဲ့အသံတွေ လုပ်နေပြန်တယ်။ ဒါပေမဲ့ ရွှေချည်ငွေချည်ထိုး ဂုဏ္ဍန်ပန်းချီကား ခန်းဆီးကန့်လန့်ကာတွေ ဆုတ်ဖြဲဖွင့်ပြီး ရွန်ဝင်လာ၊ ပြီးတော့ သူ့ဆေးကြိမ်လုံးကို ဆွဲထုတ်ပြီး သူ့ကို

www.burmeseclassic.com

www.burmeseclassic.com

ရှယ်လိုက်တာ သူ မြင်လိုက်ရတယ်။ နောက် "ငါကတော့ ငါ့သူငယ်ချင်းလို့ ထင်ထားတာ၊ ခုတော့ မင်းက ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့ သစ္စာဖောက်ပဲ"လို့ အော်နေတာကို သူမြင်နေရတယ်။

"ဟာမီယွန်က ကရမ်ကို နမ်းခဲ့တယ်လို့ မင်းထင်လား"သူတို့ အပျိုကြီးဒေါ်ဝဖြီး ပုံတူပန်းချီကားကြီးနေရာကို ချဉ်းကပ်လာချိန်မှာ ရွန်က ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက် မေးလိုက်တယ်။ ဟယ်ရီ မလုံမလဲဖြစ်သွားပြီး ရွန်လည်း တကယ် ဝင်မလာ၊ အဲဒီမှာ သူနဲ့ ဂျင်နီလည်း တကယ်ရှိမနေတဲ့ သူ့စိတ်ကူးထဲက စကြိုပုံကို အတင်းဖြုတ်ခွာချလိုက်ရတယ်။ ပြီးတော့မှ သူက "အင်း–အဲ"နဲ့ ဟိုလိုလို ဒီလိုလို လုပ်ပြီး "ဘာလဲ"လို့ မေးလိုက်တယ်။

သူ့ရင်ထဲက အရိုးသားဆုံး အဖြေက "အေး–ငါယုံတယ်"ဆိုတာ ဖြစ်ပေမဲ့၊ ဟယ်ရီက ဒီအဖြေကို ပေးဖို့ ခက်နေတယ်။ မဖြေချင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ရွန်ဟာ ဟယ်ရီရဲ့ မျက်နှာပေါ်က အမူအရာတွေကို ကြည့်ပြီး အဓိပ္ပာယ်ကောက်ယူလို့ ရသွားပုံပေါ်နေတယ်။

အဲဒီနောက် "ဝီရိယမပိုနဲ့ အလိုလိုပွင့်–ဒိလစ်ရောက်"လို့ ဟယ်ရီက အပျိုကြီး ဒေါ်ဝဖြီး ပန်းချီကားကြီးကို စိတ်ပျက်လက်ပျက် ပြောလိုက်ပြီး ပွင့်လာတဲ့ အပေါက်ကနေ ကျောင်းသားများ နားနေခန်းကြီးထဲကို သူတို့ထက်လာခဲ့ကြတယ်။

သူတို့နှစ်ဦးလုံး တစ်ယောက်မှ ဂျင်နီနဲ့ ဟာမီယွန်အကြောင်းလုံးဝ ထပ်မပြောဘဲ နေလိုက်တယ်။ တကယ်လည်း အဲဒီညဉ်ပိုင်းမှာ သူတို့နှစ်ယောက် စကား များများ မပြောတော့ဘဲ ပြောတယ်ဆိုရုံ မည်ကာမတ္တသာ ပြောပြီး တိတ်တိတ်ဆိတ်ဆိတ် အိပ်ရာဝင်ခဲ့ကြပါတယ်။ ဒါပေမဲ့ နှစ်ယောက်လုံးရဲ့ ရင်ထဲမှာလည်း အတွေးတွေကိုယ်စီ အပြည့်နဲ့။

ဟယ်ရီဟာ နိုးလျက်နဲ့ပဲ အိပ်ရာထဲမှာ အကြာကြီးလဲလျောင်းနေတယ်။ ပိုစတာကြီး လေးခုပါတဲ့ သူ့အခန်းရဲ့ မျက်နှာကြက်အမိုးကို ငေးမော့ကြည့်ရင်းလည်း ဂျင်နီ့အပေါ်ထားတဲ့ သူ့ရဲ့ ခံစားချက်ဟာ နောက်ဆုံးမှာ အစ်ကိုကြီးတစ်ယောက်လို ဖြစ်လေသလားဆိုတာကို သိရအောင် သူကြိုးစားနေတယ်။ နွေရာသီတစ်လျှောက် သူတို့နှစ်ယောက် အစ်ကိုနဲ့ညီမ၊ မောင်နှမလို နေခဲ့ကြတယ်။ ဒါမှမဟုတ် မနေခဲ့ဘူး။ ကွစ်ဒစ်ချ်ကစားကြ၊ ရွန်ကို နောက်ပြောင် ကျီစားကြ၊ ဘီလ်နဲ့ မချွဲပိုတို့ အကြောင်းပြောပြီး ရယ်မောကြနဲ့ ဂျင်နီကို သူသိခဲ့တာ ကြာပြီ။ သူမကို အကာအကွယ်ပေးသင့်တာ၊ သူမကို သူရှာကြည့်ချင်တာလည်း သဘာဝကျတယ်။ သူမကို နမ်းတဲ့အတွက် ဒင်းန်ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို တစ်ခုပြီး တစ်ခု ဆုတ်ဖြဲပစ်ချင်တာကရော၊ အိုး–ဒါတော့ သဘာဝမကျဘူး။ ဂျင်နီ့အပေါ်ထားတဲ့ သူ့ရဲ့ အစ်ကိုတစ်ယောက်လို သဘောထက်ပိုတဲ့ ခံစားချက်ကို သူထိန်းချုပ်ရမယ် စသည်စသည်ဖြင့် သူတွေးနေခဲ့တယ်။

ရွန်ကတော့ တခူးခူးတခေါခေါနဲ့ ဟောက်ပြီး အိပ်မောကျနေတယ်။

"သူမဟာ ရွန်ရဲ့ညီမဖြစ်တယ်" ဟယ်ရီ သူ့ကိုယ်သူ ခိုင်မာပြတ်သားစွာ ပြောလိုက်တယ်။ ရွန်ရဲ့ညီမ…. ရွန်ရဲ့ညီမ၊ သူမဟာ အကန့်အသတ်တွေ ရှိနေတဲ့ မထိပါးအပ်သူတစ်ယောက်ပဲ။ ရွန်နဲ့ သူငယ်ချင်းဖြစ်နေမှုကို ဘာအတွက်နဲ့မှ သူစွန့်စားပြီး ထိခိုက်ပွန်းပဲ့ခံလို့ မဖြစ်ဘူး။ သူ့ခေါင်းအုံးကို ပိုပြီး

www.burmeseclassic.com

သက်သောင့်သက်သာ အိပ်နိုင်တဲ့ ပုံစံ ဖြစ်လာအောင် သူ့လက်သီးနဲ့ ထိုးလိုက်တယ်။ ပြီးတော့ သူ့အတွေးတွေကို ဂျင်နီရဲ့ အနီး ဘယ်နေရာကိုမှ လမ်းမှားပြီး ရောက်သွားခွင့်မပြုဖို့ အစွမ်းကုန် ကြိုးစားရင်း အိပ်ပျော်မယ့် အချိန်ကို သူစောင့်ဆိုင်းနေလိုက်တယ်။

ႀနစသမအ စသျအ အသ ၁သိနမအေသမျ ႀနစူပႀငအေ့ျကသအန ကြူအငျြကသအန္ေျ ႏျူါန
ျကငခု မနစူပ အသ အ့ျ ၁ႏျူါန္ေညျူ

ဖော်ပြပါမင်ဘာ ၁၂ယောက်မှ

ႏသူတငညူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

့သအမသိယ ၁ပေ၁၁ယ ၁ိပ× ၃လငူယ ြ× ဗပနယ ညပေ ညပေယ ညနသညငေညါယ ညါဈညေယ
ညပငူညညါနယ အမေညတေ၀၀၇ယ တဈဘေငယ ပနအတနယ ဖပေါပင၅၅

ႏသူတငညူပေ

ဠငနတ ဏကဘူငခ ဏမသ်ငူန

ႏနညိ ေ စမငလအေန ၁ႏျူါန အသ ႏသူတငညူပေ

ငညိ ဩမန ဏသျအျ ဘပ ႏသူတငညူပေ

ဗိ ႏသူတငညူပေ အသ ့သကမ ဃသညအခေအျ

ဥူိ ၁၀–၃၁–၂၀၀၈ယ ၀၂ ါ၁၂ ဏ ြ ဋ္ဂဖ

ႏသူတငညူပေ

ဩဘူန ဃသညအမငဘကအသမ

ပြညေ၁မေ ဃကစငိ

ႏသူတငညူပေ ျ သုိငညန

`သငညႃအေနါ ဩလ ၂၀၀ဖ

ဏသျအျါ ၇၉၂

ေညျူါ ၁၁၈၂၃

ေညျနိ ၈၈၈ေ၁ႏျ ငည ၇၈ဖ ဏသျအျ

ႏသူတငညူပေ ျ သည ေိျအငညါကျနိ မသငိ

ိန်ကျေူအ

ဟယ်ရီ နောက်တစ်နေ့နံနက်မှာ ညကမက်ခဲ့တဲ့ အိပ်မက်တွေ တသီတတန်းကြီးကြောင့် အတော်အတန် မူးဝေနောက်ကျိုမှုနဲ့ စိတ်ရှုပ်ထွေးမှုကလေး ဖြစ်ပြီး အိပ်ရာနိုးလာခဲ့တယ်။ အိပ်မက်ထဲမှာ ရွှန်က ကွစ်ဒစ်ချ် ကစားသမား တိုက်စစ်မှူးတွေ သုံးတဲ့ ဘတ်တံကြီး တစ်ချောင်းနဲ့ သူ့ကို လိုက်ဖမ်းနေတယ်လို့ မြင်မက်ခဲ့တယ်။ ဒါပေမဲ့ နေ့လယ်ပိုင်းရောက်တဲ့ အခါမှာတော့ အိပ်မက်ထဲကနဲ့ မတူဘဲ ပြောင်းပြန်

www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက် စိတ်ပျော်ရွှင်စရာ ဖြစ်လာတယ်။ အိပ်မက်အပြင်က ရွှန်အစစ်ဟာ ဂျင်နီနဲ့ ဒင်းန်ကို တမင် အဖက်မလုပ်ဘဲ ဥပက္ခာပြုပြီး ဘာသာလဝါလုပ်နေတဲ့အပြင်၊ ဟာမီယွန်ကိုလည်း အေးစက်စက် လှောင်ပြောင်သရော်တဲ့ အမူအရာတွေနဲ့ စိတ်ထိခိုက်ရှုပ်ထွေးအောင် လုပ်နေတယ်။ ရွှန်ဟာ တစ်ညအတွင်းမှာပဲ ဆတ်ဆတ်ထိမခံဘဲ ဘာမဆို အပြင်းအထန် တုံ့ပြန်ဖို့ အသင့်အနေအထားမျိုးလို ဖြစ်လာတယ်။

အဲဒီနေ့ တစ်နေ့လုံး ဟယ်ရီဟာ ရွှန်နဲ့ ဟာမီယွန်တို့အကြားမှာ အောင်မြင်မှုမရရှိဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်အောင် ကြိုးပမ်းနေခဲ့ရတယ်။ နောက်ဆုံးမှာ ဟာမီယွန်က အိပ်ရာဝင်ဖို့ စိတ်ဆိုးမာန်ဆိုး ပြန်ထွက်သွားသလို၊ ရွှန်ကလည်း သူ့ကို ကြည့်ရမလားဆိုပြီး ကြောက်လန့်နေတဲ့ ပထမနှစ် ကျောင်းသားကလေးတွေကို အကြိမ်ပေါင်းများစွာ ဒေါသတကြီးဆဲဆိုပြီး ယောကျ်ားကလေး ဆောင်ဘက်ကို ထွက်သွားတယ်။

ဟယ်ရီ တုန်လှုပ်ချောက်ချားစရာ ဖြစ်လာအောင် ရွှန်ရဲ့ ရန်လိုတဲ့ ဒေါသတွေ နောက်ထပ် ရက်အနည်းငယ်ကြာတဲ့အထိ မပြေပျောက်နိုင်ဘဲ ဖြစ်နေတယ်။ အဆိုးဆုံးကတော့ ရွှန်ဟာ သူ့ဒေါသတွေကြောင့် ဂိုးဖမ်းနိုင်စွမ်း ကျွမ်းကျင်မှုတွေ သိသိသာသာ ထိုးကျဆင်းသွားခဲ့ပြီး၊ အဲဒါကြောင့်ပဲ သူ့ရဲ့ ရန်စွယ်ငေါငေါ ဖြစ်မှုတွေ ပိုပြီးကြီးထွားလာတာပါပဲ။ ဒီအကျိုးဆက်ကြောင့် စနေနေ့မှာ ကျင်းပမယ့် ပြိုင်ပွဲမတိုင်မီ တစ်ရက်က ပြုလုပ်တဲ့ နောက်ဆုံး လေ့ကျင့်ပွဲမှာ အဖမ်းသမားတွေသွင်းတဲ့ ဂိုးတိုင်းကို သူတစ်လုံးမှ မကာကွယ်နိုင်ဘဲ ဖြစ်သွားတယ်။ ဒီမှာတင်သူက ရှက်ရမ်းရမ်းပြီး ကျန်တဲ့ကစားသမားတိုင်းကို အလွန်အကျွံအော်ဟစ်ရန်ရှာနေလို့ ဒီမဲလ်ဇာရော်ဘင်စ် ငိုရတဲ့ အခြေအနေ ဆိုက်သွားတယ်

"မင်းပါးစပ်ကို ပိတ်ပြီး သူမရှေ့က ထွက်သွားစမ်း"ပိကက်စ်က သူ့ကို အော်လိုက်တယ်။ ပိကက်စ်ဟာ ရွှန့်အရပ်ရဲ့ သုံးပုံနှစ်ပုံလောက်သာ အရပ်မြင့်ပေမဲ့ သူ့လက်ထဲမှာ ဇရာမ ဘတ်တံကြီးတစ်ချောင်း ကိုင်ထားတယ်။

"တော်ကြစမ်း"ဟယ်ရီက အော်လိုက်တယ်။ ရွှန်ရဲ့ တည့်တည့်နေရာမှာ မီးဝင်းဝင်းတောက်တဲ့ အကြည့်နဲ့ ကြည့်နေတဲ့ ဂျင်နီကိုလည်း သူမြင်ရတယ်။ တစ်ချိန်တည်းမှာ သူမဟာ လင်းနို့သရဲကြီး မှော်လက်နက်ကို သုံးရာမှာ ပြောင်မြောက်သူအဖြစ် နာမည်ကြီးတာကိုလည်း သွားသတိရလိုက်တယ်။ ဒီမှာတင် တစ်ခုခုဖြစ်မလာခင် သူပျံတက်သွားပြီး ကြားဝင်ဖျန်ဖြေလိုက်တယ်။

"ပိကက်စ် မင်းလက်ထဲက ဘတ်တံနဲ့ ဘတ်တံတင်းပုတ်ကို ပြန်သွားသိမ်းလိုက်တော့၊ ဒီမဲလ်ဇာကလည်း ကွန်ဖြေဆည်ပါဦးဟယ် ဘာလို့ မျက်ရည်ထွက်နေရတာလဲ၊ နင်ဒီနေ့ ကစားတာ တကယ်ကောင်းတယ်" ပြီးတော့ 'ရွှန်'လို့ သူ ခေါ်လိုက်ပြီးမှ မပြောသေးဘဲ ထွက်သွားတဲ့ အသင်း ကစားသမားတွေ နားစွန်နားဖျား မကြားနိုင်တဲ့ နေရာအထိရောက်အောင် စောင့်နေပြီးမှ ဟယ်ရီက ပြောတယ်။

"မင်းဟာ ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်း အပေါင်းအသင်းပဲ၊ ဒါပေမဲ့ ကျန်တဲ့လူတွေ အပေါ်မှာ မင်းဒီလိုပဲ ဆက်ပြီးပြုမူနေမယ်ဆိုရင် မင်းကိုငါ အသင်းထဲက ထုတ်ပစ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ သူ့စကားကြောင့် ရွှန်က သူ့ကို ရိုက်လိုက်လိမ့်မယ်လို့ ဟယ်ရီက လျှပ်တစ်ပြက် ထင်လိုက်သေးတယ်။ ဒါပေမဲ့ အခြေအနေက အဆိုးဆုံးကို ဦးတည်သွားတယ်။ ရွှန်ဟာ သူစီးပြီးပျံနေတဲ့ တံမြက်စည်းရိုးတံပေါ်မှာ ခွေကျသလို ဖြစ်သွားပြီး၊ တိုက်ခိုက်မယ့် လက္ခဏာတွေ သူ့ဆီမှာ လုံးဝမရှိတော့ဘဲ ပြောလိုက်တယ်။

"ငါထွက်တယ်၊ ငါ့အခြေအနေက ရင်နာစရာကောင်းတယ်ကွာ"တဲ့။

"ဟ... ဘယ်မှာ မင်းဟာ သနားစရာ၊ ရင်နာစရာ ကောင်းနေလို့လဲ၊ မင်းထွက်လည်း မထွက်ရဘူး" ဟယ်ရီက ရွှန့်ရဲ့ ဝတ်ရုံရှေ့ဘက် ရင်ဘက်ကိုဆွဲပြီး ခက်ခက်ထန်ထန် ပြောလိုက်တယ်။ "မင်းဟာ ပုံမှန်အခြေအနေမှာ ဂိုးတိုင်းကို ကာကွယ်နိုင်ပါတယ်။ ဒါဟာ မင်းရဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာပဲ"

"မင်းက ငါ့ကို စိတ်မနှံ့ဘူးလို့ ပြောလိုက်တာပေါ့"

"အေး-ငါပြောတာ အဲဒီလို ဖြစ်ကောင်းဖြစ်နိုင်ပါတယ်"

သူတို့နှစ်ယောက် ခဏကြာအောင် တစ်ယောက်ကို တစ်ယောက် စူးစူးဝါးဝါး စိုက်ကြည့်နေကြတယ်။ နောက် ရွှန်က စိတ်ပျက်သွားတဲ့ အမူအရာနဲ့ ခေါင်းကို ခါယမ်းပြီး "မင်းအနေနဲ့ နောက်ထပ် တခြား ဂိုးသမားတစ်ယောက် အချိန်မရွေးရအောင် မရှာနိုင်ဘူးဆိုတာ ငါသိပါတယ်။ ဒါကြောင့် နက်ဖန် ငါကစားပေးမယ်၊ ဒါပေမဲ့ တကယ်လို့ ရှုံးသွားရင်၊ ငါ အသင်းက ငါ့ဘာသာငါ ထွက်သွားမယ်"လို့ ပြောလိုက်တယ်။

ဟယ်ရီက အတိုက်အခံလုပ်ပြီး ဘာမှ မပြောတော့ဘူး။ ညစာစားတဲ့ တစ်ချိန်လုံးလည်း ရွှန် သူ့ကိုယ်သူ ယုံကြည်မှု ရှိလာအောင် မြှင့်တင်ပေးဖို့ သူကြိုးစားသေးတယ်။ ဒါပေမဲ့ ရွှန်က ဟာမီယွန်နဲ့ ပတ်သက်လို့ စိတ်တိုပြီး သုန်သုန်မှုန်မှုန်နဲ့ နားမဝင်နိုင်ဘဲ ဖြစ်နေတယ်။ ဟယ်ရီက ဖွဲ့မလျှော့ဘဲ ညနေပိုင်း ကျောင်းသားများ နားနေခန်းရောက်တော့ ဆက်ပြီး ဖျောင်းဖျဖို့ ကြိုးစားပြန်တယ်။ ဒါပေမဲ့ ရွှန်ထွက်သွားရင် တစ်သင်းလုံး ကမောက်ကမဖြစ် ပျက်စီးသွားနိုင်တယ်ဆိုတဲ့ သူ့ရဲ့ အပြင်းအထန် အခိုင်အမာ တိုက်တွန်းပြောဆိုမှုတွေဟာ မလှမ်းမကမ်းမှာပဲ တိုးဝှေ့ပူးကပ်ထိုင်နေကြတဲ့ ကျန်တဲ့ သူတို့ အသင်းသားတွေကြောင့် အရာမရောက်သလို ဖြစ်နေတယ်။ သူတို့က ရွှန်အကြောင်း ပယ်ပယ်နယ်နယ် ပြောနေသလို၊ ဟယ်ရီကိုပါ မနှစ်မြို့တဲ့ မျက်စိတွေနဲ့ ကြည့်နေတယ်။

နောက်ဆုံးမှာ ဟယ်ရီ ဒေါသဖြစ်ဖြစ်နဲ့ ရွှန်ကို မခံချင်စိတ်တွေ ဝင်လာပြီး မျှော်လင့်ချက်ရှိတဲ့ ဂိုးဖမ်းသမားကောင်း ဖြစ်စေရမယ်ဆိုတဲ့ သဘောထားမျိုးထားအောင် အမျိုးမျိုး ထပ်ဆွပေးပေမဲ့ အားပေးမှုဟာ အားပေးမှုအဆင့်မှာပဲ ရှိနေပြီး အလုပ်ဖြစ်မလာဘူး။ ရွှန်ဟာ မျှော်လင့်ချက် လုံးလုံးလျားလျား ကင်းမဲ့နေတဲ့ ပုံစံမျိုးနဲ့ အိပ်ရာထဲကို စိတ်ပျက်လက်ပျက် ဝင်သွားတယ်။

ဟယ်ရီ အိပ်မပျော်နိုင်ဘဲ အမှောင်ထဲမှာ အသာလေးလဲလျောင်းပြီး အချိန်အကြာကြီး စဉ်းစားနေတယ်။ လာမယ့်ပြိုင်ပွဲမှာ သူ အရှုံးမခံချင်ဘူး။ ဒီပွဲက သူ အသင်းခေါင်းဆောင် အဖြစ်နဲ့ ပထမဆုံး စကစားရ ပြိုင်ရတဲ့ပွဲ ဖြစ်နေတယ်။ နောက် ဒရာကို မော်လ်ဖွိုင်းအပေါ်မှာ ရှိနေတဲ့ သူ့ရဲ့ သံသယတွေအတွက်

www.burmeseclassic.com

www.burmeseclassic.com

သက်သေမပြနိုင်စေဦးတော့၊ ကွစ်ဒစ်ချ်ပြိုင်ပွဲမှာတော့ သင်းကို အနိုင်ကစားပြမယ်လို့ သူ ဆုံးဖြတ်ထားလို့ပဲ။ ဒါပေမဲ့ တကယ်လို့များ ရွှန်ဟာ သူတို့လေ့ကျင့်တဲ့ နောက်ဆုံးပွဲစဉ် အနည်းငယ်မှာ လုပ်ခဲ့သလိုမျိုး ဒီပွဲမှာ ဆက်လုပ်လိုက်ရင်တော့ သူတို့ အနိုင်ရဖို့ အခွင့်အရေးဟာ ပါးပါးမျှင်မျှင်ကလေးသာ ရှိတော့မှာ ဖြစ်ပါတယ်။

“ရွှန့်ကို ကိုယ့်ကိုယ်ကိုယ် ဣန္ဒြေရရ ထိန်းချုပ်နိုင်အောင် တစ်ခုခုလုပ်ပြီး သူ့ရဲ့ ပုံမှန်အဖြစ်ဆုံး အခြေအနေနဲ့ ကစားစေနိုင်ရင်တော့ အဲဒီနေ့ဟာ ပြိုင်ပွဲရဲ့ ရလဒ်တစ်မျိုး တစ်မည် ဖြစ်သွားနိုင်တယ်။ ဘယ်လိုလုပ်ရမလဲ။

အဖြေက လုလုပပ စိတ်ကူးနိုင်မှုကနေ ဖျတ်ခနဲ သူ့ဆီကို တစ်မုဟုတ်ချင်း ရောက်လာတယ်။

နောက်တစ်နေ့ နံနက်မှာ စိတ်လှုပ်ရှားစရာ ကလေးတွေနဲ့ နံနက်စာစားဖြစ်ကြတယ်။ ဆလီသီရင် အဆောင်ကွင်းသားတွေက ဂရွန်ဖေးသရာဇာ အသင်း ကစားသမား ကျောင်းသားတစ်ယောက် မဟာခန်းမကြီးထဲကို ဝင်လာတိုင်း ရှူးရှူးရှဲရှဲနဲ့ အသံသေး အသံကြောင်တွေ အော်ဟစ်ပြီး လှောင်ပြောင်နေတယ်။ ဟယ်ရီ မျက်နှာကြက်ကို ဖျတ်ခနဲ မော့ကြည့်လိုက်တော့ အပြာနုရောင် ကောင်းကင်ကြီးကို ကြည်ကြည်ဝင်းဝင်း ထင်းထင်းကြီး မြင်နေရတယ်။ ဒါဟာ နိမိတ်ကောင်းတစ်ခုပဲ။

ဂရွန်ဖေးသရာဇာ စားပွဲကြီးဆီကို ဟယ်ရီနဲ့ ရွှန် ချဉ်းကပ်သွားတော့ စားပွဲပတ်လည် အပြည့်ရှိနေတဲ့ အနီနဲ့ ရွှေရောင် ကျောင်းသား လူစုလူဝေးကြီးက တစ်ခဲနက် ဩဘာပေး နှုတ်ဆက်ကြတယ်။ ဟယ်ရီက လိုက်လှဲတဲ့ အပြုံးနဲ့ လက်ဝှေ့ယမ်းပြလိုက်ပေမဲ့ ရွှန်ကတော့ အားလျော့နေတဲ့ ပုံစံနဲ့ မျက်နှာရှုံ့မဲ့ပြီး ခေါင်းတယမ်းယမ်းခါနေတယ်။

“ပျော်ပျော်နေစမ်းပါ ရွှန်၊ ဒီပွဲမှာ နင်အစွမ်းပြတော့မယ်ဆိုတာ ငါသိနေတယ်” လာဗင်ဒါက အားပေးစကားဆိုပြီး စိတ်ဓာတ်တက်ကြွလာအောင် ဆွပေးလိုက်တယ်။ ဒါပေမဲ့ ရွှန်က သူမပြောတာကို မကြားသလို မသိသလို လုပ်နေတယ်။

“လက်ဖက်ရည်လား၊ ကော်ဖီလား၊ ရွှေဖရုံသီးဖျော်ရည်လား”

“ဘာဖြစ်ဖြစ်ကွာ ရတယ်”ရွှန်က ပေါင်မုန့်မီးကင် တစ်ကိုက်စာလေးလောက်ကိုပဲ လှမ်းယူရင်း စိတ်တိုတိုနဲ့ ပြောလိုက်တယ်။

တစ်အောင့်လောက်ကြာတော့ မကြာခင်က ရွှန်ရဲ့ စိတ်မချမ်းသာစရာ အပြုအမူတွေ အပေါ် အရမ်းငြီးငွေ့နေပြီး၊ နံနက်စာစားဖို့ သူတို့နဲ့ တစ်ပါတည်း ဆင်းလိုက်မလာတဲ့ ဟယ်မီယွန်ပေါ်လာပြီး စားပွဲကြီးဆီကို လျှောက်သွားရင်း ရွှန့်ကို နောက်ကနေကြည့်ပြီး အသာကလေး ပြောလိုက်တယ်။

“နင်တို့နှစ်ယောက် နေကောင်းကြရဲ့လား”

www.burmeseclassic.com

ရွှန့်ကိုပဲ ဂရုစိုက်အားပေးနေတဲ့ ဟယ်ရီက ဖရုံရည်တစ်ဖန်ခွက်ကို သူ့ရှေ့မှာ ချထားပေးရင်း "ကောင်းပါတယ်"လို့ ဖြေလိုက်ပြီးမှ "ရှွန-မင်းဟိုကို သွားရဦးမယ်လေ သောက်တော့"လို့ ပြောလိုက်တယ်။

ရှွန်က ဖန်ခွက်ကို မြှောက်ပြီး သူ့ပါးစပ်နဲ့ တေ့တော့မယ့် ဆဲဆဲမှာပဲ ဟာမီယွန်က ကမန်းကတန်း တားလိုက်တယ်။

"အဲဒါကို မသောက်နဲ့ ရှွန်"

ဟယ်ရီနဲ့ ရှွန် နှစ်ယောက်စလုံး သူမကို ပြိုင်တူကြည့်လိုက်ကြတယ်။ "ဘာဖြစ်လို့ မသောက်ရမှာလဲ"ရှွန်ကမေးတယ်။

ဟာမီယွန်က ဟယ်ရီကို သူမရဲ့ မျက်စိတွေကိုတောင် မယုံနိုင်သလိုမျိုး ကြည့်နေတယ်။

"နင် ဒီဖျော်ရည်ထဲကို တစ်ခုခု ခတ်ထားတယ် မဟုတ်လား"

"ခဏလေး တစ်ဆိတ်လောက် ပြောပါရစေဦး"ဟယ်ရီက ပြောလိုက်တယ်။

"ငါလာမယ်ဆိုတာ နင်သိနေတယ်လေ။ နင်အခုပဲ သူသောက်မယ့်အထဲကို တစ်ခုခု ခတ်လိုက်တယ် မဟုတ်လား။ အဲဒီပုလင်းက အခု နင့်လက်ထဲမှာပဲ ရှိနေသေးတယ်"ဟာမီယွန်က တပ်အပ်ပြောနေတယ်။

"နင်ဘာတွေ လာပြောနေသလဲ မသိဘူး" ဟယ်ရီက ပုလင်းကလေးကို သူ့အိတ်ကပ်ထဲကို လှစ်ခနဲ ထည့်လိုက်ရင်း ပြောလိုက်တယ်။

"ရှွန် ငါသတိပေးနေတယ်နော်၊ နင် အဲဒါကို မသောက်နဲ့" ဟာမီယွန်က ထပ်သတိပေးနေတယ်။ ဒါပေမဲ့ ရှွန်က ဖန်ခွက်ကိုကောက်ဖြစ်အောင် ကောက်ယူပြီး တစ်ကျိုက်တည်းနဲ့ အကုန်မော့ချလိုက်ပြီးမှာ ပြောတယ်။

"နင်ငါ့ကို ဆရာလုပ်ပြီး ညွှန်ကြားပေးနေတာတွေကို ရပ်လိုက်တော့ ဟာမီယွန်"

သူမ မျက်စိပျက် မျက်နှာပျက် ဖြစ်သွားတယ်။ ပြီးတော့ ရှေ့ကိုကိုင်းပြီး ဟယ်ရီတစ်ယောက်သာ ကြားရတဲ့ အသံနဲ့ ပြောလိုက်တယ်။ "ခုလုပ်တဲ့ ဟာအတွက် နင့်ကို ကျောင်းထုတ်ပစ်သင့်တယ်။ ဒီကိစ္စမှာ ငါလုံးဝအယုံအကြည် မရှိဘူး ဟယ်ရီ"

ဟယ်ရီက "ဟဲ့-ဟဲ့ နားထောင်စမ်း ဘယ်သူပြောနေတာလဲ၊ တစ်ယောက်ယောက်များ အတည်ပြုပေးနိုင်မလား"လို့ လေသံတိုးတိုးကလေးနဲ့ ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

သူမ မုန်ယိုသလို ဒေါသထွက်ပြီး စားပွဲက ထွက်သွားတယ်။ ဟယ်ရီက သူ့လုပ်ရပ်တွေ အတွက် ဘာနောင်တမှ မရဘဲ သူမသွားနေတာကို ရပ်ကြည့်နေလိုက်တယ်။ ကွစ်ဒစ်ချ်ကစားတဲ့ အလုပ်ဟာ ဘယ်လို ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဟာမီယွန် ဘယ်တော့မှ အမှန်တကယ် နားလည်နိုင်မှာ မဟုတ်ပါဘူး။ ဟယ်ရီ ရွန့်ဘက်ကို ပြန်လှည့်ကြည့်လိုက်တော့ ရွန်က သောက်ထားတဲ့ အရည်ကို ပြန်မြို့နေသလိုနဲ့ သူ့နှုတ်ခမ်းတွေကို တပြွတ်ပြွတ်လုပ်နေတယ်။

"အချိန်နီးပြီဟေ့" ဟယ်ရီက ဘာမှ အပူအပင် မရှိသလို ပကတိပေါ့ပါး လန်းဆန်း နေဟန်နဲ့ ပြောလိုက်တယ်။

အားကစားကွင်းကို ထွက်လာတဲ့ လမ်တစ်လျှောက် သူတို့ခြေထောက်အောက်မှာ နင်းချေသွားခံရတဲ့ နှင်းခဲနေတဲ့ မြက်ပင်တွေ တဂျိုးဂျိုး တဂွတ်ဂွတ် အသံမြည်နေတယ်။

"ကံကောင်းတဲ့ နိမိတ်ပဲဟေ့၊ ရာသီဥတုကလည်း အခုမှ အရမ်းကောင်းနေပါလားကွာ၊ ဟုတ်တယ်နော်"ဟယ်ရီက ရွန်ကို မေးလိုက်တယ်။

"အေး ဟုတ်တယ်" ဖျော့တော့တော့နဲ့ နာမကျန်းရုပ်ပေါက်နေတဲ့ ရွန်က ဖြေတယ်။

ဂျင်နီနဲ့ ဒီမဲလ်ဇာတို့ဟာ ကွစ်ဒစ်ချ်အားကစားဝတ်စုံနဲ့ ဝတ်ရုံတွေကို အသင့်ဝတ်ဆင်ထားပြီး ဖြစ်နေကြပြီး၊ အဝတ်လဲအခန်းထဲကနေ သူတို့ကို စောင့်ဆိုင်းနေကြတယ်

"အခြေအနေက အကောင်းဆုံးမှာ ပြနေတယ်ဟေ့" ရွန့်ကို အဖက်လုပ် ဂရုမစိုက်ဘဲ ဂျင်နီကပြောလိုက်တယ်။ ပြီးတော့ တစ်ဆက်တည်း "နောက်ပြီး သူတို့ဘက်ကိုလည်း မှန်းဆကြည့်ပါဦး၊ ဆလီသီရင်နောက်တန်းက လိုက်လံဖမ်းဆီးသူ ဗိုင်ဆေးဟာ မနေ့က သူတို့ လေ့ကျင့်ရင်း ခေါင်းကို တင်းပုတ်ရိုက်တံနဲ့ တစ်ချက်အထုခံရလို့ နာနေပြီး၊ ဒီနေ့ ကစားနိုင်ပါ့မလားမသိဘူး။ နောက် မော်လ်ဖွိုင်းလည်း နေမကောင်းလို့ ဆေးခွင့်ယူထားတယ်လို့ ကြားတယ်"

"ဘာ သူဖျားနေတာလား၊ သူ ဘာတစ်ခုခု ဖြစ်တာများလဲ"ဟယ်ရီက သူမကို လှည့်ပတ်ရှာကြည့်ပြီး မေးလိုက်တယ်။

"မပြောတတ်ဘူး၊ ဒါပေမဲ့ အဲဒါတို့အတွက် ဇရာမအခွင့်အရေးပဲ"ဂျင်နီက မြူးမြူးကြွားကြွားကလေး ပြောလိုက်တယ်။ "နောက် သူတို့က ဟာပါကိုထည့် လူစားထည့် ကစားထားတယ်။ သူက ငါတို့နှစ်ကပါ၊ ပြီးတော့ အဲဒီတစ်ကောင်လည်း ငတုံးပဲ"

ဟယ်ရီက အဓိပ္ပာယ် သဲသဲကွဲကွဲ မသိရတဲ့ အပြုံးတစ်ချက် ပြုံးပြလိုက်တယ်။ ဒါပေမဲ့ သူရဲ့ အနီရောင် ရဲရဲဝတ်ရုံကိုသူ ထုတ်ဝတ်ဆင်နေချိန်မှာ သူ့စိတ်တွေ ကွစ်ဒစ်ချ်ပြိုင်ပွဲကနေ တခြားကို ရောက်နေတယ် မော်လ်ဖွိုင်းဟာ အရင်တစ်ခါကလည်း သူဒဏ်ရာရနေလို့ မကစားနိုင်ပါဘူးဆိုပြီး ပြိုင်ပွဲအစီအစဉ်တစ်ခုလုံးကို ပြန်ဆွဲရအောင် လုပ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်အတွင်းမှာသူက

www.burmeseclassic.com

www.burmeseclassic.com

ဆလီသီရင်ကို ပိုကောင်းလာအောင် လုပ်နိုင်ခဲ့တယ်။ သူက ဘာကြောင့် လူစားထိုးချင်ရတာလဲ၊ သူတကယ် ဖျားနေတာလား၊ ဒါမှမဟုတ် ဟန်ဆောင် မူရာမာယာများတာလား။

"မော်လ်ဖွိုင်း မကစားဘူးဆိုတာ မသက်ာစရာပဲကွ၊ ဟုတ်တယ် မဟုတ်လား"

"ငါတော့ အဲဒါ ကံကောင်းတယ်လို့ ယူဆတယ်"နည်းနည်းကလေး ပိုပြီး အသက်ဝင်လှုပ်ရှား သွက်လက်သလို ဖြစ်လာတဲ့ ရွန်က ပြောလိုက်တယ် "ပြီးတော့ ဗိုင်ဆေးလည်း ခွင့်ယူထားတယ်။ သူက သူတို့အသင်းမှာ ဂိုးသွင်း အကောင်းဆုံး၊ ဂိုးရအမှတ်တွေ အများဆုံးရအောင် လုပ်ပေးသူပဲ။ အိုကွာ ဘာပဲဖြစ်ဖြစ် ငါကစားဖို့ ဆန္ဒမရှိတော့ဘူး" ရွန်ဟာပြောနေရင်း၊ သူ့ရဲ့ ဂိုးသမားလက်အိတ်ကို စွပ်နေရင်း တန်းလန်း တစ်ဝက်ရောက်ချိန်မှာ ရပ်ပစ်လိုက်ပြီး ရုတ်တရက် ကောက်ကာငင်ကာ ပြောလိုက်ပါတယ်။ ဟယ်ရီရဲ့ မျက်နှာကိုလည်း သူ စိုက်ကြည့်နေတယ်။

"ဒါက ဘာဖြစ်တာလဲ"

"ငါကွာ-မင်း...."ဆိုပြီးရွန့်ဆီက အသံထွက်မလာတော့ဘူး။ သူ့ကြည့်ရတာ လန့်ဖျပ်တုန်လှုပ်နေတယ်။ နောက်မှ သူက "ငါသောက်တဲ့အထဲမှာ .... ငါ့ရဲ့ ရွှေဖရုံဖျော်ရည်ထဲမှာ မင်း မင်း မလုပ်ပါဘူးနော်"

ဟယ်ရီရဲ့ မျက်ခုံးတွေ မြောက်တက်သွားတယ်။ ဒါပေမဲ့ သူတခြားဘာမှ မပြောဘဲ "ဟော့ကောင် တို့စကစားဖို့ ၅မိနစ်ပဲ လိုတော့တယ်ကွ၊ မင်းရဲ့ ဘွတ်ဖိနပ်တွေ ပိုပြီး နေသားတကျဖြစ်အောင် လုပ်လိုက်ဦး"လို့သာ ပြောလိုက်တယ်။

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန့ေျ ချုါန
ျကငခု မနစူပ အသ အ့ျ ၁ချုါန့ေညျ
ဖော်ပြပါမင်ဘာ ၁၃ယောက်မှ
၊သူတညျပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နာစနမသမယ့သအမသိယ ၁ပေ၁၁ယ ၁ိပ× ၃လငူယ [× ဗပနယ ညပေ ညပေယ ညနသညငေညါယ ညါ်ျညေယ ညပငူညညါနယ အမေညတေ၀၀၇ယ တ်ျဘေငယ ပနအတနယ ဖပေါပင၅၅
၊သူတညျပေ
ဠငနတ ဏကဘူငခ ဏမသ်ငူန
၊နညိ ေစမငလအေန ၁ချုါန အသ၊သူတညျပေ
ငညိ ဩမန ဏသျအျ ဘပ၊သူတညျပေ
ဗိ၊သူတညျပေ အသ ့သကမ ဃသညအခေအျ
ဦ ၁၁-၀၁-၂၀၀၈ယ ၀၈ါ၂၉ ဗ[
၁ပညောမေဘသပ
ျ ၁ချုါန့ျ ဘနနညိ နူနအနိ ဘပ ၁ပညောမေဘသပ.

www.burmeseclassic.com

www.burmeseclassic.com

ဦ ၁၁-၀၁-၂၀၀၈ယ ၀၁ါ၂၂ ဏ ▢ ၄၈၇
ု သူတည္ဴပေ
ဩဘူန ဃသညအမငဘကအသမ
ပဩောမေ ဃကစငိ

ု သူတည္ဴပေ ဢ သိူညေန
` သညေိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ၜ ညေျါ ၁၁၈၂၃
ၜ ညေနိ ၈၈၈၈ွ ဝါနျ ညေ ၇၈၆ ဏသျအျ
ု သူတည္ဴပေ ဢ သည ေိဢအညေါကဢျနိ မသငေိ

ိန်ကျေူအ

သူတို့တွေ ကစားကွင်းထဲကို ထွက်လာကြတယ်။ သူ့ဘက်ကိုယ့်ဘက် ပရိသတ်တွေရဲ့ အုတ်အော်သောင်းတင်း အားပေးသံတွေ၊ လှောင်ပြောင်အော်ဟစ်သံတွေ သောသောညံအောင် ထွက်လာတယ်။ ကစားကွင်းရဲ့ အဆုံးတစ်ဖက်မှာ အနီရောင်၊ ရွှေဝါရောင်နှင့် ပြည့်နက်နေပြီး၊ ကျန်တဲ့တစ်ဖက်အဆုံးမှာတော့ အစိမ်းနဲ့ ငွေရောင်ပင်လယ်ပြင်ကြီး ဖြစ်နေတယ်။ ဖတ်ဖဲလ်ပတ်ဖ်အဆောင်နဲ့ ကျီးနက်ခြေသည်း အဆောင်ကျောင်းသား အများအပြားကတော့ နှစ်ဖက်လုံးကို အားပေးတဲ့ လူလည်းရှိ၊ သန်ရာဘက်ကို အားပေးတဲ့လူလည်း ရှိတယ်။ တစ်ခဲနက် အော်ဟစ်အားပေးသံတွေ လက်ခုပ်သံတွေကြားကနေ ခြင်္သေ့ရုပ်ကြီးပါတဲ့ ပွဲတက်ဦးထုပ်မြင့်နဲ့ လူနာလပ်ဖ်ဂွဒ်စ်ရဲ့ ဟိန်းသွားအောင် အော်ဟစ်လိုက်သံကို ဟယ်ရီ သဲသဲကွဲကွဲ ကြားလိုက်ရတယ်။

အကန့်အကန့်တွေပါတဲ့ သေတ္တာကြီးထဲက ဘောလုံးတွေကို ထုတ်ပေးဖို့ အသင့်အနေအထားနဲ့ ရပ်နေတဲ့ ဒိုင်လူကြီး မဒမ်ဟုချ်ရှိရာကို ဟယ်ရီ လျှောက်သွားတယ်။

"အသင်းခေါင်းဆောင်များ လက်ဆွဲနှုတ်ဆက်ကြပါ"လို့ သူမက ပြောလိုက်တဲ့အတွက် ဟယ်ရီက သူ့လက်ကို ဆန့်ပြီး ဆလီသီရင် အသင်းခေါင်းဆောင် အာကူးဟတ်ရဲ့ လက်ကို ဆွဲပြီး အပြန်အလှန် ညှစ်လိုက်ကြတယ်။ "မင်းတို့ရဲ့ မော်ဝင်တံမြက်စည်းပျံတွေပေါ်ကို တက်ကြပါ။ ခရာမှုတ်မယ် သုံး.... နှစ်......... တစ်........"ဒိုင်လူကြီးရဲ့ စကားဆုံးတာနဲ့ ရှိခနဲ စူးရှတဲ့ ခရာသံ ထွက်လာတယ်။

ဟယ်ရီရဲ့ အသင်းကစားသမားတွေ နင်းခဲနေတဲ့ မြေပြင်ကနေ ကောင်းကင်ယံ ကိုပျံတက်ပြီး ခပ်ဝေးဝေးမှာ ရောက်နေကြတယ်။ ဟယ်ရီ ကွင်းပတ်လည်အနှံ့ လိုက်လံပျံသန်းလိုက်ပြီး၊ စနစ်ချ်ကို လှည့်ပတ်ရှာကြည့်ရင်း ဟာပါကိုလည်း မလွှတ်မပေးဘဲ စောင့်ကြည့်နေတယ်။ ဟာပါက သူ့ရဲ့ အောက်ဘက် ခပ်လှမ်းလှမ်းမှာ မြွေလိမ်မြွေကောက် ဘယ်ညာ လွန်းထိုးလူးလွန့်ပျံသန်းပြီး

www.burmeseclassic.com

www.burmeseclassic.com

တိုက်စစ်ဆင်ဖို့ အကွက်ချောင်းနေတယ်။ အဲဒီနောက် ကွစ်ဒစ်ချ်ပြိုင်ပွဲအစီအစဉ်ကို ထုတ်လွှင့်နေသူတွေရဲ့ အသံနဲ့မတူ ခြားနားတဲ့ နားကန့်လန့်ဖြစ်စရာ အသံတစ်သံ ထွက်လာတယ်။

"အေး..... သူတို့ ကစားကြတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အားလုံးက ပေါ်တာ ဒီနှစ် သူနဲ့ အတူ ကစားရမယ့် အသင်းသားကစားသမားတွေ ရွေးတာနဲ့ ပတ်သက်ပြီး အံ့အားသင့်နေကြတယ်။ ရော်နယ်ဝပ်စလေရဲ့ ကစားဖွယ်တွေဟာ မနှစ်က ဂိုးသမားကစားပုံ အတိုင်းပဲ။ ဒါ့ကြောင့် သူ့ကို ထုတ်ပစ်ရမယ်။ ဒါပေမဲ့ ခက်တာက အသင်းခေါင်းဆောင်နဲ့ ပုဂ္ဂိုလ်ရေးအရ ရင်နှီးတဲ့ မိတ်ဆွေ ဖြစ်နေတော့ ဘာတတ်နိုင်မှာလဲ"ဆိုတဲ့ အသံပဲ။

ပြီးတော့ အဲဒီပြောလိုက်တဲ့ အသံကို ကွင်းစပ်တစ်ဖက်မှာ ရှိနေတဲ့ ဆလီသီရင်အုပ်စုက လှောင်ပြောင်အော်ဟစ် လက်ခုပ်လက်ဝါးတီးပြီး ကြိုဆိုကြတယ်။ ဟယ်ရီဟာ သူ့ရဲ့ တံမြက်စည်းတံပေါ်ကနေ ပွဲကြည့်စင်တစ်နေရာမှာ ရှိတဲ့ အားကစားပွဲအစီအစဉ် ကြေညာသူရဲ့ စင်မြင့်ကလေးကို လည်ဆန့်ပြီး လှမ်းကြည့်လိုက်တယ်။ အရပ်ရှည်ရှည် ပိန်ခြောက်ခြောက် ရွှေအိုရောင်ဆံပင်ရှိတဲ့ နှာခေါင်းလန်လန်နဲ့ ကောင်လေးတစ်ယောက် အဲဒီမှာရပ်ပြီး အော်လန်တစ်လက်နဲ့ အော်ပြောနေတာ တွေ့ရတယ်။ အဲဒီနေရာမှာ အရင်က လီဂျော်ဒန်ပြောနေကျ ဖြစ်တယ်။ ဒီကောင်လေးကို ဟယ်ရီ မှတ်မိတယ်။ သူ အော်ဂလီဆန်အောင် မနှစ်သက်တဲ့ ဟတ်ဖဲလ်ပတ်အသင်းက ကစားသမား ဇာခရီးယတ်စ်စမစ်ပဲ။

"အို....... လာနေပြီ လာနေပြီ၊ ဆလီသီရင်အသင်းရဲ့ ဂိုးရရှိရေး ပထမအကြိမ် ကြိုးပမ်းတာ ဖြစ်ပါတယ်။ အသင်းခေါင်းဆောင် အာကူးဟတ် အရှိန်နဲ့ ကွင်းထဲကို တရကြမ်းထိုးဆင်းလာပြီးတော့---"

ဟယ်ရီ ထိတ်ခနဲဖြစ်ပြီး ဗိုက်ထဲကပါ မအီမသာ ဖြစ်သွားတယ်။

"အဲအဲ.... ဝပ်စလေက ကာကွယ်လိုက်နိုင်ပါတယ် ခင်ဗျာ့။ သူ တစ်ခါတလေ ဒီလိုပဲ ကံကောင်းတတ်တယ်လို့ ကျွန်တော် ထင်ပါတယ်"

"အဲဒါ အမှန်ပဲ စမစ်၊ သူ ကံကောင်းနေတယ်လေ"နောက်တန်း ရှာဖွေဖမ်းဆီးရေး သမားတွေကြားကိုသူ့တံမြက်စည်းနဲ့ ဒိုင်ဗင်ထိုးဆင်းသွားရင်း ဟယ်ရီ ကျိတ်ပြုံးပြီး ကိုယ့်ဘာသာကိုယ် ရေရွတ်ပြောလိုက်တယ်။ သူ့မျက်စိတွေကလည်း ရှောင်တိမ်းပုန်းအောင်းရင်း ဘွားခနဲ တိုက်စစ်ဆင်လာမယ့် စနစ်ချ်ကို ထိုနေရာအနှံ့ လှည့်ပတ်ရှာနေတယ်။

ကစားချိန် နာရီဝက်ကြာသွားတော့ ဂရိုဖင်ဒေါအသင်းက ၆-၀မှတ်နဲ့ ဦးဆောင်နေတယ်။ ရွန်ဟာ ဂိုးတွေကို တကယ့်ကို ခမ်းနားဝင့်ထည်လှပစွာနဲ့ ကာကွယ်ပေးနိုင်ခဲ့တယ်။ တချို့ဂိုးသွင်းချက်တွေမှာ သူ့လက်အိတ်ရဲ့ လက်ချောင်းထိပ်ကလေးတွေနဲ့ ထိမိရုံထိမိပုတ်ထုတ်နိုင်ခဲ့တယ်။ ဂရိုဖင်ဒေါက သွင်းထားတဲ့ ဂိုးခြောက်ဂိုးအနက် လေးဂိုးဟာ ဂျင်နီသွင်းတဲ့ ဂိုးတွေပဲ။ အဲဒီအချက်က ဇာခရီးယတ်စ်ကို ဝက်စလေမောင်နှမနှစ်ယောက်ဟာ အသင်းမှာ ဟယ်ရီ သဘောကျလို့ ပါလာရတယ်လို့ ကျယ်လောင်ကျယ်လောင် မပြောတော့ဘဲ ရပ်သွားစေခဲ့တယ်။ ပြီးတော့ ပိကက်စ်နဲ့ ကုတို့ ကစားပုံကို သူအော်ပြောနေပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အမှန်အားဖြင့် ကုဟာ ရှေ့တန်း တိုက်စစ်မှူး ထုရိုက်သူတစ်ယောက် အဖြစ်ကစားနေကျ မဟုတ်ပါဘူး၊ သူတို့ သာမန်ထက် နည်းနည်းလေး ပိုအစွမ်းပြနိုင်တာပဲ ရှိတာပါ"ဇာခရီးယတ်စ်က ဟိတ်နဲ့ ဟန်နဲ့ အော်ပြောနေတယ်။

"အဲဒီငနဲကို ဘက်တံတင်းပုတ်စာ တစ်ချက် ကျွေးလိုက်စမ်းကွာ"

ဟယ်ရီ ဝေါခနဲ တစ်ရှိန်ထိုး ဖြတ်ပျံသွားရင်း ကုကို ပြောလိုက်တယ်။ ဒါပေမဲ့ အားပါးတရ ပြုံးနေတဲ့ ကုက သူ့တင်းပုတ်ကို သူ့အစား ဟယ်ရီရဲ့ မျက်နှာချင်းဆိုင်ကလာနေပြီး ဝှီးခနဲ ဖြတ်သွားတဲ့ ဟာပါကိုထုဖို့ ရွယ်လိုက်တယ်။ ဇာခရီးယတ်စ် အော်နေတဲ့ အသံတိုးသွားလို့ ဟယ်ရီ ကျေနပ်အားရနေတယ်။ အမှန်တော့ တင်းပုတ်ရဲ့ အရှိန်အဝါကြောင့်ပဲ။

ဒီအချိန်အထိ ဂင်္ဂျုန်ကေသရာဇာအသင်းဘက်က ဘာအမှားမှ မလုပ်မိသေးဘူး၊ လုပ်မိနိုင်စရာလည်း မရှိဘူး။ သူတို့အမှတ်တွေ ထပ်ထပ်ရနေတယ်။ နောက်ထပ်လည်း ရပြီးရင်း ရနေတယ်။ ကစားကွင်းရဲ့ အခြားတစ်ဖက်အဆုံးမှာ ရွှန်ဟာ ဂိုးတွေကို လွယ်လွယ်ကလေး ဖမ်းပြနေတယ်။ ခုတော့ သူဟာ ပြုံးနိုင်ရွှင်နိုင်နေပြီ ဖြစ်ပါတယ်။ ဒါတင်မကပဲ အထူးတလည် အန္တရာယ်များတဲ့ ဂိုးတစ်လုံးကို တသီးတသန့်အလုပဆုံး သူကာကွယ်လိုက်တဲ့အတွက် လူအုပ်ကြီးတွေက သူ့ကို သူတို့ရဲ့ လက်ရွေးစင် စိတ်ကြိုက်သီချင်းဟောင်း "ဝက်စလေဟာ ငါတို့ရဲ့ ဘုရင်ပါ"သီချင်းကို သံပြိုင်သီဆိုကြိုဆို ဂုဏ်ပြုနေချိန်မှာ သူဟာ ဟိုကောင်းကင်အမြင့်ကနေ တီးဝိုင်းခေါင်းဆောင်က သီဆိုတီခတ်နေသူတွေကို သူ့ရဲ့ တုတ်တံလေးနဲ့ နရီကိုက်အောင် စည်းချက်ပြနေသလိုမျိုး လုပ်ပြနေခဲ့တယ်။

"သူ့ကိုယ်သူ ဒီနေ့ရဲ့ ထူးခြားပြောင်မြောက်သူတစ်ယောက်လို့များ ထင်နေသလား မသိပါဘူး။ ဟုတ်တယ်နော် ဟေ့ကောင်၊ မင်းက သွေးသစ္စာဖောက်ကွ"ဆိုတဲ့ နောက်ကွယ်က လက်သီးပုန်းထိုးသလို အော်ပြီး ကလိလိုက်တဲ့ အသံ ထွက်လာတယ်။ တစ်ချိန်တည်းမှာပဲ ဟာပါပ ဗြုန်းခနဲ သွေးရူးသွေးတန်း တရကြမ်း ဝင်လာပြီးအရှိန်နဲ့ တအား ဆောင့်တိုက်လိုက်တဲ့ အတွက် ဟယ်ရီဟာ သူ့ရဲ့ မော်ဝင်တံမြက်စည်းပျံပေါ်က ကျွမ်းပြန်ကျလုနီးပါး ဖြစ်သွားတယ်။

မဒမ်ဟုချ်က ကျောခိုင်းနေတယ်။ အောက်က ဂင်္ဂျုန်ကေသရာဇာ ကျောင်းသားတွေ ဒေါသတကြီး အော်နေကြတယ်။ ဒီတော့မှ သူမက လှည့်ကြည့်တယ်။ ဒါပေမဲ့ ဒီအချိန်မှာ ဟာပါက ထွက်ပြေးသွားပြီး အဝေးကို ရောက်နေပြီ။ သူ ပခုံးနာနေတဲ့တိုင်အောင် ဟယ်ရီက ဟာပါကို ပြန်ဝင်ဆောင့်တိုက်ပစ်မယ်လို့ ဆုံးဖြတ်ပြီး သူ့နောက်က အမောတကော ပျံလိုက်သွားတယ်။

"ဆလီသီရင် အသင်းကဟာပါ စနစ်ချ်ကို မြင်သွားပြီလို့ ကျွန်တော်ထင်ပါတယ်။ ဟုတ်ကဲ့ သူဟာပေါ်တာ မမြင်သေးတာ တစ်ခုခုကို မြင်လိုက်တာ သေချာတယ် ခင်ဗျာ့"ဇာခရီးယတ်စ်က သူ့ရဲ့ အော်လန်ထဲကနေ အော်နေတယ်။

ဟယ်ရီက စမစ်ကို တကယ့် တော်းပဲကောင်ပဲလို့ ထင်လိုက်တယ်။ သူတို့ တိုက်မိတာကို သူမသိသလို လုပ်နေတာများလို့ တွေးနေတယ်။ ဒါပေမဲ့ ခဏအကြာမှာပဲ သူ့ရဲ့ ဝမ်းဗိုက်နဲ့ အစာအိမ်တွေ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကနေ အောက်ကို ပြုတ်ကျသွားသလို ဟယ်ရီ ခံစားလိုက်ရတယ်။ အမှန်မှာ စမစ်ပြောတာမှန်ပြီး ဟယ်ရီ မှားနေတယ်။ ဟာပါဟာ အပေါ်ကို ထောင်တက်ပြီး ထွက်ပြေးသွားတာ မဟုတ်ဘဲ၊ သူက ဟယ်ရီ မမြင်သေးတာ မြင်လိုက်တာပါပဲ။ စနစ်ချ်က သူတို့ရဲ့ အပေါ်ဘက်အမြင့် ကောင်းကင်ပြင်မှာ တလက်လက်တောက်ပစွာနဲ့ ပြေးသွားနေတယ်။

ဟယ်ရီက ပျံနေတဲ့ အရှိန်ကို မြှင့်လိုက်တယ်။ ဒီမှာတင် သူ့နားထဲကို လေတဟူးဟူး တိုးနေတဲ့ အသံကြောင့် ဟာပါဆီကအသံကိုရော အောက်ကလူစု လူဝေးတွေရဲ့ အသံကိုရော သူမကြားတော့ဘဲ ဖြစ်သွားတယ်။ ဟာပါက သူ့အပေါ်မှာ ရှိမြဲရှိနေပြီး၊ ဂရွန်ကေသရာဇာအသင်းဟာ အမှတ်(၁၀၀)ကလေးပဲ အသာရနေတယ်။ တကယ်လို့ ဟာပါ အဲဒီနေရာကို အရင်ရောက်သွားရင် ဂရွန်ကေသရာဇာအသင်း ရှုံးသွားတော့မှာ ဖြစ်တယ်။ ဟာပါဟာ ရည်မှန်းချက်နဲ့ ပေအနည်းငယ်အတွင်း ရောက်သွားပြီး သူ့လက်ဝါးဆန့်ထုတ်လိုက်တယ်။

"ဟိုက်–ဟာပါ ပါလား" ဟယ်ရီ ကြံရာမရသလို ဖြစ်သွားပြီး အော်လိုက်တယ်။ "ဟေ့ မင်းကို သူ့အစား ဒီကိုလာကစားဖို့ ငွေဘယ်လောက်ပေးခဲ့လဲ"

သူဘာကြောင့် ဒီလိုပြောလိုက်မိတယ်ဆိုတာ သူမသိဘူး။ ဟာပါက တမင် အံ့သြသွားသလို ပုံစံမျိုးလုပ်ပြပြီး ပြက်ရယ်ပြုလိုက်တယ်။ သူ စနစ်ချ်ကို စမ်းစမ်း စမ်းစမ်းနဲ့ လိုက်ဖမ်းနေတယ်။ စနစ်ချ်ဟာ ဖမ်းဆုပ်မိပြီးမှ သူ့လက်ချောင်းတွေထဲကနေ လျှောထွက်သွားတယ်။ နောက် သူပြန်လိုက်ဖမ်းပေမဲ့ လွဲသွားပြန်တယ်။ ဟယ်ရီက တစ်ဆွေ့ဆွေ့ ခုန်ပြီး တစ်ဖျတ်ဖျတ်လှုပ်ယမ်းနေတဲ့ ဘောလုံးသေးကလေးကို တစ်အားကုန်လွှဲရိုက်ပစ်လိုက်ပြီးမှ ပြန်ဖမ်းလိုက်တာ မိသွားတယ်။

"နိုင်ပြီကွ"ဟယ်ရီက ကြုံးအော်လိုက်တယ်။ နောက် ချာခနဲ လှည့်ပျံသန်းပြီး မြေကြီးပေါ်ကို တစ်ဟုန်ထိုး ပြန်ဆင်းလာခဲ့တယ်။ စနစ်ချ်ကို သူ့လက်ထဲမှာ မြှောက်ကိုင်ထားတယ်။

ရုတ်တရက် အံ့အားတသင့် ကြောင်ကြည့်နေတဲ့ လူအုပ်ကြီးက အဖြေမှန်ရလဒ်ကို သိသွားချိန်မှာ ဝုန်းခနဲ ထပြီးအော်ဟစ်ကြတာ ပွဲပြီးခရာသံကိုတောင် မကြားနိုင်အောင် အသံအားလုံးကို ဖုံးသွားတယ်။

"ဂျင်နီ နင်ဘယ်ကို သွားမှာလဲ"ကျန်တဲ့ အသင်း ကစားသမားတွေ ပီတိဖြစ်ပြီး ဝိုင်းပွေ့ဖက်နေတဲ့ကြားမှ ပိတ်မိနေတဲ့ ဟယ်ရီကမေးလိုက်တယ်။ ဒါပေမဲ့ ဂျင်နီက အရေးမလုပ်ဘဲ သူတို့ကို ဖြတ်ပြီး ပြေးထွက်သွားရာမှာ ဒုန်းခနဲ မြည်သွားတဲ့ ဓရာမအသံကြီးနဲ့အတူ ဘောလုံးပွဲသတင်း ကြေညာတဲ့ စင်ကလေးနဲ့ ဝင်တိုက်မိသွားတယ်။ ဒါကြောင့် လူအုပ်ကြီးက စီခနဲ ဝါးခနဲ ရယ်ချလိုက်ချိန်မှာပဲ အောက်မှာ ဇာခရီးယတ်စ် ချည့်နဲ့နဲ့ ရှုံ့မဲ့မဲ့နဲ့ ကိုးရိုးကားရား ဖြစ်နေတဲ့ ဘောလုံးပွဲသတင်းကြေညာတဲ့ သစ်သားအပျက်ပုံကြီး ဘေးကို ဂရွန်ကေသရာဇာအသင်း ရောက်လာတယ်။ ပြီးတော့ အကြီးအကျယ် ဒေါသထွက်နေတဲ့ ပါမောက္ခ မက်ဂိုနာဂေါ်ကို ဂျင်နီက ပူပန်စိုးရိမ်မှုအလျင်းမရှိတဲ့ လေသံနဲ့ ပြောနေတာ ဟယ်ရီ ကြားရတယ်။

"ဘာရိတ်အုပ်ဖို့ မေ့သွားတယ် ပါမောက္ခကြီး ဝမ်းနည်းပါတယ်"တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီဟာ ရယ်ရယ်မောမော သူ့အသင်းသားတွေရဲ့ ပွေ့ဖက်ထားမှုက လွတ်လာတယ်။ သူ ဂျင်နီကို ဖက်လှဲတကင်း နှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ လျှပ်တစ်ပြက်မျှ ခဏတာကလေးသာ ဖြစ်ပြီး သူ့လက်တွေကို အမြန်ပြန်ရုပ်လိုက်တယ်။ သူမရဲ့ ေးစိုက်ကြည့်မှုကို ရှောင်ရှားပြီး နောက်ဘက်ကို ပြန်လှည့်ပြီး သူတို့အကြား မလိုမုန်းထားမှုတွေ အားလုံးကို မေ့ဖျောက်လိုက်သောအားဖြင့် ရွှန့်ကို လက်ခုပ်တီး ဩဘာပေးလိုက်တယ်။

ပြီးတော့ ဂရူန်ကေသရာဇာအသင်းဟာ တစ်ဦးနဲ့ တစ်ဦး လက်ချင်းချိတ်ပြီး၊ လေထဲကို လက်သီးလက်မောင်းဆန့်တန်း ဝင့်ကြွားရင်း အားပေးနေတဲ့ သူတွေကို လက်ဖေ့ယမ်းပြရင်း ကစားကွင်းထဲက ထွက်လာခဲ့ပါတော့တယ်။

အဝတ်လဲခန်းထဲက အခြေအနေ ပတ်ဝန်းကျင်တစ်ခုလုံး အောင်မြင်မော်ကြွား ပြုံးပျော်မှုတွေနဲ့ ပြည့်နှက်နေတယ်။

“ကျောင်းသားများ နားနေခန်းမှာ ပါတီပွဲ ကျင်းပမယ်တဲ့ ဆီးမက်စ်က ပြောတယ်။ ကဲ–လာလာ ဂျင်နီနဲ့ ဒီမဲလ်ဇာ”အူမြူးထက်ကြွနေတဲ့ ဒင်းန်က အော်ပြောလိုက်တယ်။

ရွှန်နဲ့ ဟယ်ရီတို့နှစ်ယောက် အဝတ်လဲခန်းထဲကို နောက်ဆုံးရောက်လာကြတယ်။ သူတို့ ပြန်ထွက်သွားတော့မယ့်ဆဲဆဲမှာ ဟာမီယွန် ဝင်လာတယ်။ သူမရဲ့ ဂရူန်ကေသရာဇာ အသင်း လည်စည်းဝါကို လက်ထဲမှာ လိပ်ရစ်နေတယ်။ သူမရဲ့ အမူအရာ စိတ်မချမ်းမသာသလို ဖြစ်နေပေမဲ့ ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချထားပြီး ပုံမျိုး ဖြစ်တယ်။

“ငါနင်နဲ့ စကားပြောချင်တယ် ဟယ်ရီ”

သူမက သက်ပြင်းတစ်ချက် မှုတ်လိုက်ပြီးမှ ဆက်ပြောတယ်။ “နင်ဒီလို မလုပ်ခဲ့သင့်ဘူး ဟယ်ရီ။ ပက်ကျိချိုပြောခဲ့တာ နင်ကြားခဲ့သားပဲ။ ဒါဟာ ဥပဒေနဲ့ ဆန့်ကျင်တဲ့ တရားမဝင်လုပ်ရပ်ပဲ”

“ဒီတော့ နင်က ဘာလုပ်ချင်သလဲ၊ တို့ကို လုံခြုံရေး လက်အပ်ချင်သလား”ရွှန်ကမေးပြီး အရေးဆိုလိုက်တယ်။

“မင်းတို့နှစ်ယောက်က ဘာကို ပြောနေတာလဲ” ဟယ်ရီကမေးပြီး သူ့ရဲ့ ဝတ်ရုံတွေကို ချွတ်ခွာပစ်ဖို့ တစ်ဖက်ကို လှည့်လိုက်တဲ့အတွက် သူပြုံးနေတာကို ကျန်တဲ့သူတစ်ယောက်မှ မမြင်လိုက်ကြဘူး။

“တို့ ဘာပြောနေတယ်ဆိုတာ နင်ကောင်းကောင်း သိပါတယ်။ မနက် နံနက်စာစားကြတုန်းက နင်ရွှန်ရဲ့ ဖော်ရည်ထဲကို ကံကောင်းခြင်းဆေးရည် ခတ်ခဲ့တယ်လေ၊ ဖရဏာပီတိဆေးရည်လေ”

“မဟုတ်ဘူး၊ ငါမလုပ်ခဲ့ဘူး” ဟယ်ရီကပြောပြီး သူတို့ဘက်ကို မျက်နှာပြန်လှည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"နင်လုပ်ကို လုပ်ခဲ့တယ်၊ နင် အဲဒီလို လုပ်လို့ အရာရာ ကောင်းကုန်တယ်။ ဆလီသီရင်အသင်း ကစားသမားတွေ လွဲချော်ကုန်တယ်။ ရွန်က သွင်းသမျှ ဂိုးတွေ ကာကွယ်နိုင်ခဲ့တယ်"

"ငါ အဲဒါကိုမထင်ခဲ့ပါဘူး"ဟယ်ရီက အားပါးတရ အခိပ္ပာယ်ရှိရှိ ပြုံးပြရင်း ပြောလိုက်တယ်။ ပြီးတော့ သူ့ရဲ့ အပေါ်အကျႌအိတ်ကပ်ထဲကို ဆတ်ခနဲ လက်ထိုးနှိုက်ပြီး၊ မနက်က သူ့လက်ထဲမှာ ဟာမီယွန် မြင်လိုက်တဲ့ ပုလင်းသေးသေးကလေးကို ဆွဲထုတ်လိုက်တယ်။ ပုလင်းကလေးထဲမှာ ရွှေရောင်ဆေးရည်တွေ အပြည့်ရှိမြဲ ရှိနေပြီး အဖုံးကိုလည်း မူလအတိုင်း ဖယောင်းနဲ့ အသေပိတ်ထားတယ်။ ဟယ်ရီက ဆက်ပြောတယ်။ "ငါလိုချင်တာ ရွန်က အဲဒီလို လုပ်လိုက်တယ်လို့ ထင်သွားဖို့ပဲ။ ဒါကြောင့် နင်တို့ကြည့်နေမှန်း သိလို့ ငါက တမင် ဟန်ဆောင်လိုက်တာ"

ဟယ်ရီက ရွန့်ကို ကြည့်လိုက်တယ်။ နောက် "မင်း ဂိုးတိုင်းကို ကာကွယ်လိုက်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက မင်းကံကောင်းနေပြီလို့ မင်း ခံစားနေရလို့ပဲ။ အမှန် မင်းလုပ်သမျှ မင်း အရည်အချင်းနဲ့ မင်းဘာသာ လုပ်လိုက်တာချည်းပဲ"လို့ ပြောလိုက်တယ်။

သူက ဆေးရည်ပုလင်းလေးကို အိတ်ကပ်ထဲ တစ်ခါ ပြန်ထည့်လိုက်တယ်။

"ဘာလဲ ငါ့ရဲ့ ရွှေဖရုံသီးဖျော်ရည်ထဲမှာ ဘာမှ မပါဘူး ဟုတ်လား" ရွန် အကြီးအကျယ် အံ့အားသင့်ပြီး မင်တက်မိနေတယ်။

ဟယ်ရီက ခေါင်းကိုပဲ ခါပြလိုက်တယ်။ ရွန် ပါးစပ်အဟောင်းသားနဲ့ ဟယ်ရီ့ကို တစ်အောင့်ကြာအောင် ငေးကြည့်နေတယ်။ ပြီးတော့ ဟာမီယွန်ဘက်ကို သူမရဲ့ လေသံအတိုင်း တုပြီး လှည့်ခွပ်တယ်။ "နင် ဒီမနက် ရွန့်ရဲ့ ဖျော်ရည်ထဲကို ဖရဏာပီတိဆေးရည်တွေ ရောလိုက်တယ်။ ဒါကြောင့် သူက သွင်းသမျှ ဂိုးတွေအားလုံးကို ကာကွယ်နိုင်ခဲ့တယ်"တဲ့။ ခုမြင်ပြီ မဟုတ်လား၊ ဂိုးတွေကို ငါဘယ်သူ့အကူအညီမှ မပါ ငါ့ဘာသာ ကာကွယ်လိုက်တာလေ ဟာမီယွန်ရဲ့"

"ငါကလည်း နင်မလုပ်နိုင်ပါဘူးလို့ ဘယ်တုန်းကမှ မပြောမိပါဘူးနော်၊ ရွန် နင်အဲဒီဆေး အခတ်မခံရဘူးလို့ နင်လည်း ထင်တာပဲလား"

ဒါပေမဲ့ ဟာမီယွန်မေးနေချိန်မှာပဲ ရွန်ဟာ သူမရှေ့ကဖြတ်ပြီး သူ့ရဲ့ မှော်ဝင်တံမြက်စည်းရိုးကို ပခုံးပေါ်ထမ်းရင်း တံခါးကနေ ထွက်သွားပြီ ဖြစ်ပါတယ်။

"ဟာ"ခေတ္တခဏ ငြိမ်သက်တိတ်ဆိတ်သွားမှုကို ဖြိုခွဲပြီး ဟယ်ရီက ပြောလိုက်တယ်။ "ကဲ-ခု တို့ပါတီပွဲကို သွားကြတော့မလား"

"နင့်ဘာသာသွား"မျက်ရည်တွေနဲ့ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ဟာမီယွန်က ပြောလိုက်တယ်။ "အဲဒီအချိန်က ရွန့်အတွက် ငါစိုးရိမ်သွားတယ်။ ငါဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပါဘူးဟယ်"

www.burmeseclassic.com

www.burmeseclassic.com

သူမလည်း အဝတ်လဲခန်းထဲက တစ်ဟုန်ထိုး ထွက်သွားတယ်။

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန့ျ နျူါေန

ျကငခု မနစူပ အသ အ့ျ ၁နျူါန့ညျေ

ဖော်ပြပါမင်ဘာ ၁၂ယောက်မှ

ုသူတညူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ုသအမသိယ ၁ပေ၁၁ယ ဒိပ× ၃လငူယ [×] ဗပနယ ညပေ ညပေယ ညနသညငညေါယ

ညပငူညညါနယ အမေညတေ၀၀၇ယ လငမါသါပငယ တဈဘေငယ ပနအတနယ ဖပေါပင၅၅

ုသူတညူပေ

ဠငနတ ဏကဘူငခ ဏမသ်ငူန

ုနညိ ေစမငလအေန ၁နျူါေန အသ ုသူတညူပေ

ငညိ ဩမန ဏသျအျ ဘပ ုသူတညူပေ

ဗိ ုသူတညူပေ အသ ုသကမ ဃသညအခေအျ

ညူိ ၁၁–၀၄–၂၀၀၈ယ ၀၃ါ၀၃ ဗ[]          ဋူ၈ေ

ုသူတညူပေ

ဩဘူန ဃသညအမငဘကအသမ

ပြညေ၁မေ ဃကစငိ

ုသူတညူပေ ျ သိုငညေန

`သညေိ အေနါ ဩလ ၂၀၀၆

ဏသျအျါ ၇၉၂

ညေျူါ ၁၁၈၂၃

ညေူနိ ၈၈၈၈့ဝနျူ ငည ၇၈၆ ဏသျအျ

ုသူတညူပေ ျ သည ေိျအငညေါကျနိ မသငိ

ိန်ကေူအ

ဟယ်ရီ အားကစားကွင်းကနေ ရဲတိုက်ကြီးကို လူအုပ်တွေကြားမှ ဖြည်းဖြည်းချင်း လမ်းလျှောက်လာခဲ့တယ်။ လူအများအပြားက ချီးကျူးဝမ်းမြောက် ဂုဏ်ယူကြောင်း အော်ဟစ်ပြောကြတယ်။ ဒါပေမဲ့ မျှော်လင့်ထားသလို ဖြစ်မလာတဲ့ အတွက် သူ အကြီးအကျယ် စိတ်ပျက်ခံစားနေရတယ်။ သူက တကယ်လို့သာ ဒီပွဲမှာ ရှုန် အောင်မြင်မှုရခဲ့ရင် သူနဲ့ ဟာမီယွန်တို့ ချက်ချင်း မိတ်ဆွေတွေ ပြန်ဖြစ်လာလိမ့်မယ်လို့ သေချာပေါက် တွက်ထားခဲ့တာ။ ခုတော့ ဟာမီယွန် သဘောပေါက် လက်ခံအောင် သူရှင်းပြနိုင်မယ့် နည်းလမ်းကို မသိနိုင်အောင် ဖြစ်နေတယ်။ ရှုန်ကို သူမ

www.burmeseclassic.com

www.burmeseclassic.com

အကာအကွယ်ပေးလိုမှုနဲ့ ဘယ်တုန်းကမှန်းမသိတဲ့ ဗစ်ခ်တာကရပ်ကို သူမ နမ်းရှုပ်ခဲ့မှုတွေ ဘယ်လို ဆက်စပ်နေတယ်ဆိုတာလည်း သူ စဉ်းစားမရဘူး။

ဂျွန်ကေသရာဇာ အသင်း အောင်ပွဲခံတဲ့ ဂုဏ်ပြုအခမ်းအနားမှာ ဟာမီယွန်ကို ဟယ်ရီ ရှာမတွေ့ဘဲ ဖြစ်နေတယ်။ သူရောက်သွားတော့ ခန်းမကြီးထဲမှာ မြူးမြူးကြွကြွ ဂီတသံတွေ လွင်နေပြီး လူတွေနဲ့ ပြည့်နှက်စည်ကားနေတယ်။ ခန်းမထဲမှာ သူပေါ်လာတာနဲ့ ချီးကျူးသြဘာပေးသံတွေ လက်ခုပ်လက်ဝါးတီး အားပေး ထောက်ခံသူတွေ အသစ်တစ်ဖန် ဟိန်းထွက်လာတယ်။ မကြာခင်မှာပဲ သူဟာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဝိုင်းဝန်းပြောကြားကြတဲ့ လူအုပ်ကြီးရဲ့ အလယ်မှာ ရောက်နေတယ်။ ပြိုင်ပွဲနဲ့ပတ်သက်ပြီး တစ်မျိုးပြီးတစ်မျိုး ဝေဖန်သုံးသပ်ပြောကြားနေတဲ့ ကရီးဗေး ညီအစ်ကိုတွေလက်က သူရုန်းမထွက်နိုင်ဘဲ ဇရာမ မိန်းကလေးအုပ်ကြီးတစ်အုပ်ကလည်း သူ့ကို ဝိုင်းရံပိတ်ဆို့ထားတယ်။ အတော်လေးကြာလို့ သူ ရွန့်ကို ရှာတွေ့သွားချိန် မတိုင်ခင်အထိ မိန်းကလေးတွေရဲ့ မျက်တောင်လေးတွေက တဖျတ်ဖျတ်နဲ့ သူ့ကို ရယ်မောလိုက်၊ ကျီစားပြီး ရယ်စရာတွေပြောလိုက် လုပ်နေတာကို သူခံနေရတယ်။ နောက်ဆုံးမှာ ပက်ကျိချိုရဲ့ ခရစ္စမတ်ပါတီပွဲကို သူနဲ့အတူ တက်ချင်ပါတယ်လို့ အစွမ်းကုန် သွယ်ကာဝိုက်ကာ ပြောနေတဲ့ ရိုမီလာဗိန်းန်ရဲ့ လက်က ဟယ်ရီ သူ့ကိုယ်သူ မနည်း ကယ်ထုတ်ခဲ့ရတယ်။

သောက်စရာတွေ စီစဉ်ထားတဲ့ စားပွဲဆီကို သူရှောင်တိမ်းထွက်လာနိုင်ချိန်မှာတော့ ဂျင်နီ့ဆီကို သူတန်းတန်းမတ်မတ် လျှောက်သွားတယ်။ ပစ်ဂမီဖုလုံးလေး အာနိုးက သူမရဲ့ပခုံးပေါ်မှာ စီးလိုက်လာသလို၊ ကြောင်ကြီး ခရွတ်ခ်ရှန့်စ်လည်း မျှော်လင့်ချက်တွေနဲ့ တညောင်ညောင်လုပ်ရင်း သူမနဲ့ ထပ်ကြပ် ကပ်လိုက်နေတယ်။

“ရွန်ကို ရှာနေတာလား၊ လူညစ်ပတ် ငရိုင်းစိုင်း ကြောင်သူတော်ကြီးက အဲဟိုမှာလေ” သူမက သရော်တဲ့ လေသံနဲ့ မေးရင်း ပြောလိုက်တယ်။ ဟယ်ရီ သူမပြတဲ့ ချောင်ကျကျ တစ်နေရာကို လှမ်းကြည့်လိုက်တယ်။ တစ်ခန်းလုံးက လှမ်းမြင်နေရတဲ့ မြင်ကွင်းထဲမှာ ရွန်က လာဗင်ဒါဘရောင်းကို တင်းတင်းကျပ်ကျပ် ထွေးဖက်ရင်း ရပ်နေတာကို သူတွေ့ရတယ်။

“ကြည့်လိုက်စမ်း၊ သူလုပ်နေပုံက ဟိုကောင်မရဲ့ မျက်နှာကို သူစားနေသလား ထင်ရတယ်၊ ဟုတ်တယ်နော်”ဂျင်နီက ရွန်ကို ကိုယ်ချင်းမစာတတ်သူလို့ ရည်ညွှန်းရင်း ခမ္မခ်ိဌာန်ကျကျ ပြောလိုက်တယ်။ “ဒါပေမဲ့ သူ့စိတ်ဓာတ်နဲ့ အကျင့်ကို တစ်နည်းနည်းနဲ့ သူပြင်လိုက်ပြီလို့ ငါယူဆပါတယ်။ သိပ်ကောင်းတဲ့ ပွဲလေးပဲ ဟယ်ရီ”

ပြီးတော့ ဂျင်နီက သူ့လက်မောင်းလေးကို ပုတ်လိုက်တယ်။ ဟယ်ရီ သူ့အစာအိမ်ထဲမှာ တစ်စုံတစ်ခုက ထိုးကုတ်ကိုက်ဖဲ့ခံလိုက်ရသလို ဝေဒနာ တစ်မျိုး ခံစားနေရတယ်။ ဒါပေမဲ့ ဂျင်နီဟာ ထောပတ်ဘီယာ နည်းနည်း ထပ်သောက်ဖို့ နေရာက ထွက်သွားပါတယ်။ ခရွတ်ခ်ရှန့်စ်က စည်းချက်ကျကျ ရွရွကလေး အပြေးလိုက်သွားတယ်။ သူ့မျက်လုံး ဝိုင်းကြီးတွေနဲ့ ဂျင်နီရဲ့ ပခုံးပေါ်က အာနိုးကို မော်ကြည့်ရင်း သူမနောက်က သူပါသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

တော်တော်နဲ့ အခြေအနေမှန် ပြန်ဖြစ်လာဟန်မတူတဲ့ ရွှန်နဲ့ ဝေးတဲ့ဘက်ကို ဟယ်ရီ လှည့်ထွက်လာတယ်။ တစ်ချိန်တည်းလိုလို ခန်းမထဲကိုဝင်တဲ့ ပုံတူပန်းချီကား တံခါးပေါက်ကြီး ပိတ်သွားတယ်။ ဟယ်ရီ တစ်စုံတစ်ရာ စိတ်မသက်မသာသလို ခံစားနေရတယ်။ ပြီးတော့ အညိုရောင် အမွေးအမှင်တွေနဲ့ လည်ဆံမွေးထူထူကြီး တစ်ခု မြင်ကွင်းထဲက ရိပ်ခနဲဖြတ်ပြီး ပျောက်သွားတာကို သူမြင်လိုက်တယ်လို့ ဟယ်ရီထင်နေတယ်။

သူရှေ့ကို လှစ်ခနဲ ပြေးသွားတယ်။ ရှိမီလ်ဒါဗိန်းကို တွေ့ရလို့ သူဆတ်ခနဲ ဘေးကို ရှောင်တိမ်းလိုက်တယ်။ ပြီးတော့ အပျိုမကြီး ဒေါ်ဝဖြီး ပုံတူပန်းချီကားကြီးကို တွန်းဖွင့်လိုက်တယ်။ အပြင်ဘက် စင်္ကြံမှာ လူရိပ်လူယောင် မမြင်ရဘဲ ရှင်းနေတယ်။

"ဟာမီယွန်များလား" ဟယ်ရီ သူ့ကိုယ်သူ ပြောလိုက်တယ်။

သူ ကြိုးစားရှာကြည့်လိုက်တော့ သော့ခတ်မထားတဲ့ ပထမဆုံး စာသင်ခန်း တစ်ခန်းထဲမှာ သူမကို တွေ့ရတယ်။ သူမဟာ ဆရာစာသင် စားပွဲကလေးပေါ်မှာ ထိုင်နေခြင်းဖြစ်ပြီး တျည်တျည်တျာတျာ တွတ်ထိုးမြည်သံပေးရင်း သူမရဲ့ခေါင်းကို လှည့်ပတ်ပျံသန်းနေတဲ့ စာဝါငှက်ကလေးတွေမှအပ သူမတစ်ယောက်တည်း ရှိနေတာလည်း ဖြစ်တယ်။ ချက်ချင်းလိုလိုပဲ သူမက ငှက်ကလေးတွေကို ပဥ္စလက်နည်းနဲ့ လေထဲကနေ ကိုယ်ရောင်ပျောက်သွား စေလိုက်တယ်။ ဒီလိုအချိန်မျိုးမှာ သူမရဲ့ ဂါထာမန္တန်ပဥ္စလက်တွေနဲ့ ညှို့ယူဖမ်းစားနေမှုကို ဟယ်ရီ မချီးကျူးနိုင်ဘဲ ဖြစ်နေတယ်။

"အို.... ဟယ်လို ဟယ်ရီပါလား၊ ငါလေ့ကျင့်နေတာဟဲ့" သူမက နားဝင်မချိုတဲ့ အသံနဲ့ ပြောလိုက်တယ်။

"ဩော်–အေး.... နင်လုပ်တာ တကယ်ကောင်းပါတယ်"ဟယ်ရီက ပြောလိုက်တယ်။

ဟယ်ရီ သူမကို ဘာပြောရမှန်းမသိ ဖြစ်နေတယ်။ သူက ဟာမီယွန်အနေနဲ့ သူမထွက်လာတဲ့ အခန်းထဲမှာ ရွှန်ကို သတိမပြုမိစေမယ့် အခွင့်အရေး ဘာကြောင့်များ မရှိခဲ့ပါလိမ့်လို့ တွေးနေတယ်။ အကြောင်းကတော့ အဲဒီအချိန်မှာ ပါတီပွဲဟာ အတော်ကလေး ဗရုတ်ကျနေပြီ ဖြစ်လို့ပဲ။ ဒီနောက် ဟာမီယွန်က လေသံကို မြှင့်ပြောလိုက်တယ်။

"ရွှန်ကို ကြည့်ရတာ ပါတီပွဲကို တော်တော် သာယာကြည်နူး ကျေနပ် သဘောကျနေပုံရတယ်"

"ဟင် သူတကယ် ပျော်နေလား" ဟယ်ရီက ပြောလိုက်တယ်။

"လာ ဟန်ဆောင်မနေနဲ့ နင် မမြင်ခဲ့လို့လား၊ တကယ်တမ်း ပြောရရင် ဒါကိုသူ ပုန်းလျှိုးကွယ်လျှိုးလုပ်နေတာ မဟုတ်ဘူး၊ ငါပြောတာ မဟုတ်ဘူးလား"

သူတို့နောက်က တံခါး ဝုန်းခနဲ ပွင့်သွားတယ်။ ဟယ်ရီ အထိတ်တလန့် ဖြစ်လောက်အောင် ရွှန်ဟာ ရယ်မောရင်း လာဗင်ဒါကို လက်ကဆွဲပြီး အခန်းထဲကို ဝင်လာတယ်။ နောက် သူတို့မြင်လိုက်တော့ ဖြုန်းခနဲ ထိုးရပ်သွားတယ်။

www.burmeseclassic.com

“ဟယ် ဟယ်” လာဗင်ဒါက သူမအတွက် ရှက်ကိုးရှက်ကန်း ဖြစ်ရင်း၊ ဟယ်ရီနဲ့ ဟာမီယွန်အတွဲကို မြင်လိုက်ရလို့ အံ့သြရင်း တခစ်ခစ်နဲ့ ရယ်ပြီး အခန်းထဲက ပြန်ထွက် ပြေးသွားတယ်။ သူမရဲ့ နောက်မှ တံခါး ဂျိုင်းခနဲ ပြန်ပိတ်ကျန်ရစ်တယ်။

အခန်းထဲမှာ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်သွားတယ်။ ဟာမီယွန်က ရွန်ကို စိုက်ကြည့်နေတယ်။ ရွန်က မျက်နှာကို လွှဲထားတယ်။ ဒါပေမဲ့ သူက သကြီးအမြောက်လို ဟန်ပြ ခြိမ်းခြောက်သံနဲ့ ပေါက်ကရ ပြောလိုက်တာ။“ဟယ်ရီ မင်းဒီလို အဆင့်ဖြစ်အောင် ဘယ်နေရာမှာ ဘယ်တုန်းက အကြံအဖန် လုပ်ခဲ့တာလဲ”တဲ့။

ဟာမီယွန် စားပွဲပေါ်က လျှောဆင်းလိုက်တယ်။ ရွှေဝါရောင် စာဝါငှက်ကလေးတွေ သူမခေါင်းပတ်လည်မှာ ပြန်ပြီး ဆက်လှည့်ပျံသန်းနေတယ်။ ဒါကြောင့် သူမဟာ နေစကြာဝဠာထဲက ထူးခြားလှပစွာ ငှက်တောင်မွေးကလေးတွေ တန်ဆာဆင်ထားတဲ့ မော်ဒယ်အလှမယ်လေး တစ်ယောက်နဲ့ တူနေတယ်။

“နင် လာဗင်ဒါကို လွှတ်လိုက်ပြီး အပြင်က စောင့်နေရအောင် လုပ်တာတော့ မကောင်းပါဘူး။ သူမက နင်သူ့ကို ဘယ်နေရာခေါ်လာတယ်ဆိုတာ သိချင်နေမှာပဲ” သူမက တိုးတိုး ပြောလိုက်တယ်။

သူမ တံခါးဆီကို ဖြည်းဖြည်းကလေး လျှောက်သွားတယ်။ ဟယ်ရီက ရွန်ကို ဖျတ်ခနဲ ကြည့်လိုက်တယ်။ ရွန်က ဒီနေရာမှာ ဘာတစ်ခုမှ ဆိုးဆိုးဝါးဝါး မဖြစ်ခဲ့သလိုမျိုး သက်သောင့်သက်သာ အေးအေးဆေးဆေး ရှိနေတယ်။

“ငါ့ကိုလာအရှက်ခွဲတဲ့ကောင်”ဆိုပြီး တံခါးဝကနေ အသံထွက်လာတယ်။ ဟယ်ရီ ချာခနဲ လှည့်ကြည့်လိုက်တော့ ရွန်ကို သူမရဲ့ ဆေးကြိမ်လုံးနဲ့ ချိန်ရွယ်ထားတဲ့ ဟာမီယွန်ကို တွေ့လိုက်ရတယ်။ သူမရဲ့ အမူအရာက မုန်ယိုနေတဲ့ ဆင်နဲ့တူနေတယ်။ စာဝါငှက်အုပ်ကလေးဟာ ချက်ချင်း ရွှေဝါရောင်ကျည်ဆန် တစုတဝေးကြီးလို တလုံးတခဲကြီး ရွန့်ဆီကို ဦးတည်ပြီး အရှိန်ပြင်းစွာ ပြေးဝင်လာတယ်။ ရွန်က အော်ပြီး သူ့မျက်နှာကို လက်တွေနဲ့ ကာထားလိုက်တယ်။ ဒါပေမဲ့ ငှက်တွေကလာထိပြီး တွေ့ရာမြင်ရာမိရာ အသားနေရာမှန်သမျှကို ထိုးဆိတ်ကုတ်ခြစ် တိုက်ခိုက်ကြတယ်။

“ဒီအကောင်တွေကို ငါ့ဆီက ပြန်ဖယ်ပေးစမ်း”သူအောင်လိုက်တယ်။ ဒါပေမဲ့ ဟာမီယွန်က အငြိုးအာဃာတကြီးစွာ ဒေါသပေါက်ကွဲနေတဲ့ အကြည့်နဲ့ နောက်ဆုံး တစ်ကြိမ်တစ်ချက်ကြည့်လိုက်ပြီး၊ တံခါးကို ဆောင့်ဆွဲဖွင့်ပြီး ထွက်ခွာပျောက်ကွယ် သွားပါတော့တယ်။

ဒါပေမဲ့ ဟယ်ရီက တံခါးဝုန်းခနဲ ပြန်ပိတ်မသွားခင် အပြင်ဘက်က ရှိုက်သံတစ်သံကို သူကြားလိုက်ရတယ်လို့ ထင်နေတယ်။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)
မကျိုးပေါက်နိုင်တဲ့ သန္နိဋ္ဌာန်

ရေခဲတမျှ အေးစက်နေတဲ့ ပြတင်းပေါက်တွေရဲ့ အပြင်ဘက်မှာ နှင်းတွေချာလည်ဝေပြီး တစ်ကျော့ပြန်ကျဆင်းနေကြပြန်ပြီ ဖြစ်ပါတယ်။ ခရစ္စမတ်ကလည်း အလျင်အမြန် ချဉ်းကပ်လာနေတယ်။ ဟက်ဂရစ်ဟာ မဟာခန်းမဆောင်ကြီးအတွက် သူ့ရဲ့ တစ်ကိုယ်တော် လက်ဖြစ် ခရစ္စမတ်သစ်ပင်ကြီး ၁၂ပင်ကို သူပေးနေကျအတိုင်း ပေးအပ်ခဲ့ပြီး ဖြစ်တယ်။

ဟောလီပန်းကုံးတွေနဲ့ ရောင်ပြားစက္ကူကြိုးလိမ်လိမ်လေးတွေကို လှေကားတိုင်းရဲ့ လက်ရန်းတွေအနှံ့မှာ လှလှပပ မြင်နေရတယ်။ ထာဝရအလင်းရောင်ပေးနေအောင် ထွန်းညှိထားတဲ့ ဖယောင်းတိုင်တွေက ချပ်ဝတ်တန်ဆာတွေရဲ့ သံခေါင်းဆောင်း ဦးထုပ်တွေကနေ ဝင်းဝင်းလက်လက် အလင်းရောင် ပေးနေကြသလို၊ ကျီးပေါင်းပင်အစည်းတွေကိုလည်း စင်္ကြံလမ်းတွေတစ်လျှောက် လစ်ဟာတဲ့နေရာတိုင်းမှာ အပြည့်အနှက် ချိတ်ဆွဲထားကြတယ်။ ဇရာမ မိန်းကလေးအုပ်ကြီးတွေက ဟယ်ရီအပြင်ထွက်လာတိုင်း ကျီးပေါင်းပင်အစည်းတွေအောက်မှာ လူချင်းဆုံမိဖို့ တမင်ကြိုးစားနေကြတာကြောင့် စင်္ကြံအများအပြားမှာ လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်လာတယ်။ ဘယ်လိုပဲ ကံကောင်းတာကတော့ ဟယ်ရီရဲ့ ညအချိန် လှည့်လည်သွားလာမှုတွေကို သူ့ကို ခါတိုင်းထက် ထူးခြားတဲ့ ဗဟုသုတတွေအဖြစ်နဲ့ ရဲတိုက်ကြီးရဲ့ လျှို့ဝှက်ချက်စင်္ကြံတွေကို ဖော်ထုတ်သိရှိခဲ့တာပါပဲ။ ဒါကြောင့် သူဟာ မိန်းကလေးတွေ အကွက်ဆင် စောင့်ဆိုင်းနေတတ်တဲ့ ကျီးပေါင်းပင်တွေနဲ့ လွတ်ကင်းရာ စာသင်ခန်းတွေကြားက လမ်းတွေမှာ အသုံးပြုပြီး အခက်အခဲကြီးကြီးမားမားမရှိဘဲ သွားလာနိုင်ခဲ့ပါတယ်။

ဒီကွေ့ပတ်ရှောင်ကွင်းသွားနိုင်တဲ့ လမ်းလွှဲလေးတွေ လိုအပ်ပုံကို တစ်ချိန်မှာ သိရှိသွားနိုင်မယ့် ရွန်က အပျော်သဘော မဟုတ်ဘဲ သဝန်တိုစရာ အကြောင်းကလေးတစ်ခုနဲ့ ဒီအကြောင်းတွေကို အော်ဟစ်ရယ်မောခဲ့တယ်။ ဟယ်ရီဟာ လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ စိတ်ဆိုးဒေါသဖြစ်လွယ်ပြီး ရန်လိုတတ်တဲ့ မိန်းကလေးရဲ့ ဒဏ်ကို အလူးအလဲခံခဲ့ရတဲ့ ရွန်အပေါ် စာနာပြီး သူဒီလို အသစ်တစ်ဖန် ရယ်မောလာနိုင်တာကို လိုလားပေမဲ့လည်း ရွန်ရဲ့ အခြေအနေ တိုးတက်ကောင်းမွန်လာဖို့ အတော်ကြိုးပမ်းရဦးမယ်ဆိုတာ သိနေတယ်။ ဒီအတွက် ပထမ သူ့အနေနဲ့ ရွန်နဲ့ နမ်းရှုပ်ခဲ့တယ်ဆိုတဲ့ လာဗင်ဒါဘရောင်းကို မကြာမကြာ ထွက်လာအောင် လုပ်ပြီး၊ ဒုတိယအနေနဲ့ သူဟာ တစ်သက်လုံး စကားမပြောတော့လောက်အောင် ဖြစ်သွားနိုင်တဲ့ ရွန်နဲ့ ဟာမီယွန်တို့ရဲ့ အချစ်ဆုံး သူငယ်ချင်းအဖြစ် ဆက်ရှိနေအောင် လုပ်ရမှာ ဖြစ်ပါတယ်။

ဟာမီယွန်ရဲ့ ငှက်တွေ တိုက်ခိုက်မှုကြောင့် လက်စောင်း၊ လက်ဖျံတွေနဲ့ လက်ဖဝါးတွေမှာ ကုတ်ခြစ်ပြတ်ရှရာတွေ ရခဲ့တဲ့ ရွန်ကတော့ သူမကို မကျေမချမ်းနဲ့ တိုက်ခိုက်ပြောဆိုနေဆဲပဲ။

သူမဘာမှ စောဒကတက်လို့ မရဘူး၊ သူမဟာ ကရမ်ကို နမ်းခဲ့တယ်။ ဒါနဲ့ပဲ တစ်စုံတစ်ယောက် ငါ့ကို နမ်းချင်နေတယ်လို့ သူမက စွပ်စွဲတော့တာပါပဲ။ "ဟေ့ ဒီနိုင်ငံ လွတ်လပ်တဲ့ နိုင်ငံကွ၊ ဒါပေမဲ့ ငါကလည်း ဘာတစ်ခုမှ အမှား မလုပ်ခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက ဘာမှ မဖြေဘဲ သူဖတ်နေတဲ့ နောက်တစ်နေ့ ခရစ္စမတ်နေ့ မတိုင်မီ သူတို့ အပြီးဖတ်ရမယ့် "အနုစ်သာရကို ရှာဖွေခြင်း"စာအုပ်ထဲမှာ အာရုံရောက်နေသယောင် ဆောင်နေလိုက်တယ်။ ပြီးတော့ သူဟာ ရွန်နဲ့ ဟာမီယွန် နှစ်ယောက်လုံးရဲ့ သူငယ်ချင်းဆက်ဖြစ်နေရမယ်လို့လည်း သန္နိဋ္ဌာန်ချလိုက်တယ်။ ဒါကြောင့် သူဟာ သူ့ရဲ့ အချိန်အကြာကြီးကြာအောင် သူတို့နဲ့ ပတ်သက်လို့ ဘယ်သူ့ဘယ်သူကိုမှ ဝေဖန်ပြောဆိုခြင်းမပြုဘဲ ပါးစပ်ပိတ်ပြီး အာစေးထည့်ထားခဲ့တယ်။

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပ္ျငအ့ျကသအန ကြူအင္ျကသအန္စျ ရှူြါန ျကငခု မနစူပ အသ အ့ျ ၁နျူါန္စသြူ

ဖော်ပြပါမင်ဘာ ၁၃ယောက်မှ

ူသူတငညူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ူသအမသိယူသုသပနူသညယ ၁ပေ၁၁ယ ၆ိပ× ၃လငူယ [× ဗပနယ ညပေ ညပေယ ညနသညငညေါယ ညါဈညေယ ညပငူညညါနယ အမေညတေ၀၀၇ယ တဈဘေငယ ပနအတနယ ဖပေါပင၅၅

ူသူတငညူပေ

ဋ္ဌငနေတ ဏကဘူငခ ဏမသ်ငူန

ူနညိ ေစမငလအေန ၁နျူါန အသူသူတငညူပေ

ငညိ ဩမန ဏသျအျ ဘပူသူတငညူပေ

ဗိူသူတငညူပေ အသ ူသကမ ဃသညအခေအျ

ညူိ ၁၁–၀၄–၂၀၀၈ယ ၁၂ါ၂၈ ဏ[ ဋ္ဌ၈၉

ူသူတငညူပေ

ဩဘူန ဃသညအမငဘကအသမ

ပြညော၁မေ ဃကစငိ

ူသူတငညူပေ ဗျ သူိငညန

`သငညိအေနါ ဩလ ၂၀၀၆

ဏသျအျါ ၇၉၂

ေညျူါ ၁၁၈၂၃

ေညနိ ၈၈၈ေ၁နျ ငည ၇၈၆ ဏသျအျ

ူသူတငညူပေ ဗျ သည ေိျအငညါကဈနိ မသငိ

ိန်ကျေူအ

"ငါ ဟာမီယွန်ကို ဘယ်တုန်းကမှ ဘာတစ်ခုမှ ကတိမပေးခဲ့ပါဘူး"ရွန်က စူးစူးဝါးဝါး ဗလုံးဗထွေး ပြောလိုက်ပြန်တယ်။ ငါ ပက်ကျိချိုရဲ့ ခရစ္စမတ်ပါတီပွဲကို သူမနဲ့အတူ သွားမယ်လို့ ရည်ရွယ်ထားတယ်။

www.burmeseclassic.com

အေး ဒါပေမဲ့ သူမက မိတ်ဆွေအဖြစ်နဲ့တောင် ငါ့ကို ဘာမှ ပြန်မပြောခဲ့ဘူး၊ ဒီတော့ ကောင်းတာပေါ့ကွာ၊ ငါဟာ လွတ်လပ်တဲ့ သူတစ်ယောက် ဖြစ်သွားတာပေါ့"

ဟယ်ရီက ရွန်သူ့ကို စောင့်ကြည့်နေမှန်းသိလျက်နဲ့ "အနှစ်သာရကို ရှာဖွေခြင်း"စာအုပ်ကြီးရဲ့ စာတစ်မျက်နှာကို ထပ်လှန်လိုက်ပြန်တယ်။ ဟယ်ရီရဲ့ အာပေါင်အာရင်းသန်သန် ပြောနေတဲ့ တဖျစ်ဖျစ် တဖြောက်ဖြောက်နဲ့ ကျယ်ကျယ်လောင်လောင် တောက်လောင်နေတဲ့ မီးတောက်တွေရဲ့ အသံကြောင့် တိမ်ဝင်သွားပြီး ကြားနိုင်ရုံကလေးသာ ကြားရတော့တယ်။ ဟယ်ရီက ရွန်ပြောသွားသမျှထဲမှာ "ကရမ်"ဆိုတာ "သူမရှင်းမပြနိုင်ဘူး"ဆိုတာရယ်ပဲ ကြားလိုက်မိတယ်လို့ ထင်နေတယ်။

ဟာမီယွန်မှာ သူမရဲ့ အစီအစဉ်တွေနဲ့ ပြည့်နေတဲ့အတွက် ဟယ်ရီအနေနဲ့ ညနေပိုင်းတွေကျမှ သူမနဲ့ စကားကောင်းကောင်း ပြောနိုင်ပါတယ်။ ဒီအချိန်မှာ ရွန်ကလည်း လာဗင်ဒါနံဘေးမှာပဲ တရစ်ဝဲဝဲ တွယ်ဖက်လိုက်ကပ်နေတာကြောင့် ဟယ်ရီဘာတွေ လုပ်နေတယ်ဆိုတာကို သတိမထားမိဘူး။

ဟာမီယွန်က ရွန်ရှိနေလျှင် ကျောင်းသားများ နားနေခန်းမှာ ထိုင်ဖို့ ငြင်းတတ်တယ်။ ဒါကြောင့် ဟယ်ရီက သူမနဲ့ အများအားဖြင့် စာကြည့်တိုက်မှာပဲ တွေ့လေ့ရှိသလို၊ သူတို့ပြောတဲ့ စကားတွေကို အခြားသူတွေ မကြားနိုင်အောင်လို့ တိုးတိုးသာပြောကြတာ ဖြစ်တယ်။

"အင်းပေါ့လေ၊ ခုချိန်မှာတော့ သူဟာ သူနှစ်သက်တဲ့ ဘယ်သူ့ကိုမဆို နမ်းချင်ရင် နမ်းနိုင်အောင် အပြည့်အဝ လွတ်လပ်ရေးရနေပြီပေါ့၊ ဒါပေမဲ့ ငါက တကယ်ကို အရေးမလုပ်ပါဘူး" စာကြည့်တိုက်မှူး မဒမ်ပင့်စ် သူတို့နောက်က နံရံကပ်စင်တွေနားမှာ မယောင်မလည်ချောင်းမြောင်း သွားလာနေတုန်း ဟာမီယွန်က ပြောလိုက်တယ်။

ပြောရင်း သူမက သူမရဲ့ ငန်းတောင်ကလောင်ကို မြှောက်ပြီး "ချ"ဆိုတဲ့ စာလေးတစ်လုံးကို ကြွမ်းကြွမ်းတမ်းတမ်း ဆောင့်ချရေးလိုက်တဲ့အတွက် သူမရဲ့ သားရေပုရပိုက်ပေါ်မှာ အပေါက်တစ်ပေါက် ထိုးဖောက်လိုက်သလို ဖြစ်သွားပါတယ် ဟယ်ရီက ဘာမှ မပြောဘဲ နေလိုက်တယ်။ သူက သူပြောရင်လည်း သူ့အသံဟာ ဘာမှအသုံးမဝင်ဘဲ လေထဲမှာပဲ ပျောက်သွားလိမ့်မယ်လို့ ထင်နေတယ်။ ဒါကြောင့် သူက မကြားသလို ကြားသလိုလိုနဲ့ ကိုယ်ကို နည်းနည်းရှေ့ကို ပိုကိုင်းပြီး စံပြုကွန္ဒဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးထဲက ထာဝရအစွမ်းထက် သက်စောင့်ဆေးများ အခန်းကို ငုံ့ဖတ်ရင်း မှတ်စုတွေဆက်ပြီး ထုတ်နေလိုက်တယ်။ မကြာမကြာရပ်ပြီးတော့လည်း လိုင်ဘာတီးယတ်ဘိုရိတ်ချ်ရဲ့ ကျောင်းသားပြဋ္ဌာန်းစာအုပ်နဲ့ သွေးတစ်ဝက်မော်ဝိဇ္ဇာရဲ့ မှတ်စုတွေကို တိုက်ဆိုင်ပြီး အဓိပ္ပာယ်ဖော်ကြည့်နေတယ်။

"ဒါနဲ့ စကားမစပ် နင်လည်း သတိထားဖို့ လိုနေတယ်နော်"တစ်အောင့်လောက်ကြာတော့ ဟာမီယွန်က ကောက်ကာငင်ကာ ပြောလိုက်တယ်။

လေးဆယ့်ငါးမိနစ်လောက်ကြာအောင် သူငြိမ်သက် တိတ်ဆိတ်နေပြီးမှ ဟယ်ရီက အတန်ငယ်ကွဲအက်တဲ့အသံနဲ့ ပြောတယ်။ "နောက်ဆုံးကျရင် ငါ ဒီစာအုပ်ကြီးကို ပြန်မပေးတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ငါဟာ ပါမောက္ခစနိပ်နဲ့ ပါမောက္ခပက်ကျိချိုတို့ သင်ကြားတာထက် စာအုပ်ထဲက သွေးတစ်ဝက်မော်ဝိစ္စာရဲ့ မှတ်စုတွေကို ပိုပြီး လေ့လာသင်ယူထားတယ်"

"ဟဲ့-ငါက နင့်သုံးစားမရတဲ့ မော်ဝိစ္စာဆိုတဲ့ကောင်အကြောင်းကို ပြောနေတာ မဟုတ်ဘူးဟဲ့" ဟာမီယွန်က သူမကြည့်မရတဲ့ စာအုပ်ကြီးကို မသတီသလို မျက်စောင်း တစ်ချက်ခဲကြည့်ရင်း ပြောလိုက်တယ်။ "ငါက စောစောကအကြောင်းတွေကို ပြောနေတာ။ ငါ ဒီနေရာကို ဝင်မလာခင်ကလေးမှာပဲ မိန်းကလေးရေအိမ်သန့်စင်ခန်းထဲ ဝင်လာခဲ့သေးတယ်။ အဲဒီမှာ ကောင်မလေး တစ်ဒါဇင်လောက် ရှိနေတယ်။ ရိုမီလ်ဒါဗိန်းလည်းပါတယ်။ သူတို့က နင့်ကို အချစ်ပီယဆေးရည်နဲ့ ဘယ်လိုထောင်ချောက်ဆင် အမိဖမ်းရမယ်ဆိုတာ တိုင်ပင်နေကြတာပဲ။ သူတို့အားလုံးက ပက်ကျိချိုရဲ့ ပါတီပွဲကို နင် သူတို့ကို ခေါ်သွားဖို့ မျှော်လင့်နေကြတယ်။ ပြီးတော့ သူတို့အားလုံး ဖရက်ဒ်နဲ့ ဂျော့ဆိုင်က ပီယဆေးရည်ကို ဝယ်ရထားပြီလို့ ငါထင်တယ်။ တကယ် သူတို့ပြောတဲ့ အတိုင်းပဲလား ငါရင်ထိတ်နေတယ်"

"နင် အဲဒီတုန်းက အဲဒါတွေကို ဘာလို့ သိမ်းမယူခဲ့တာလဲ"ဟယ်ရီက စောဒကတက်လိုက်တယ်။ ဒါဟာ အခုလိုမျိုး သေရေးရှင်ရေး အရေးပါတဲ့အချိန်မှာ ကျောင်းစည်းမျဉ်းစည်းကမ်းတွေကို စောင့်ရှောက်ထိန်းသိမ်းဖို့ပဲ။ ဟာမီယွန်ရဲ့ စွဲလမ်းနေမှုတွေ သူမကို စွန့်ခွာသွားကြသလို သိပ်ကို ထူးခြားတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်နေတယ်။

"အို-သူတို့က အဲဒီဆေးရည်တွေကို သူတို့နဲ့ အတူ သန့်စင်ခန်းထဲကို ယူလာတာ မဟုတ်လို့ပေါ့ဟဲ့။ သူတို့ ဘယ်လိုလုပ်ကြမလဲဆိုပြီး လုပ်ပုံလုပ်နည်းကိုပဲ တိုင်ပင်ဆွေးနွေးနေကြတာ။ ဟာမီယွန်က ဟယ်ရီကို အထင်သေးအမြင်သေးပြောလိုက်တယ်။ တစ်ခါ သူ့လက်ထဲက စာအုပ်ကြီးကို နောက်ထပ်တစ်ကြိမ် စက်ဆုပ်သလို ဖျတ်ခနဲ ကြည့်လိုက်ပြီးမှ ဆက်ပြောတယ်။ "တကယ်လို့ နင်အဲဒီဆေးမိပြီ ဆိုရင်တော့ ပီယဆေး၁၂မျိုးကို နည်းပေါင်းတစ်ဒါဇင်နဲ့ တစ်ပြိုင်တည်း ဖမ်းစားခံရတဲ့ နင့်အတွက် ဖြေဆေးကို နင့်ရဲ့ ဟိုသွေးတစ်ဝက်မော်ဝိစ္စာတောင် စဉ်းစားလို့ရမှာ မဟုတ်တော့ဘူးလို့ ငါထင်တယ် ဒါကြောင့် သူတို့အနေနဲ့ အဲဒီအခွင့်အရေး သူတို့မှာ ရှိသေးတယ်လို့ ထင်နေတာကို ရပ်သွားအောင် နင်နဲ့အတူသွားရမယ့် လူတစ်ယောက်ကို ငါဖိတ်ခေါ်ထားတယ်။ အဲဒါ သူတို့ ထင်ရာမြင်ရာ စွတ်လုပ်တော့မှာ နက်ဖန်ညပဲ"

"ငါ ဖိတ်ခေါ်ချင်တဲ့သူ တစ်ယောက်မှကို မရှိဘူး"ဂျင်နီ့အပေါ်မှာတောင် သူကူညီနိုင်တာထက် တခြားဘာမှ ပိုပြီး မစဉ်းစားမိအောင် ကြိုးစားနေရတဲ့ ဟယ်ရီက မပွင့်တပွင့် အင်တင်တင်နဲ့ အကြောက်အကန် ပြောလိုက်တယ်။ တကယ်တော့ ဟာမီယွန် ကောက်ကာငင်ကာ ခေါ်ဆောင်လာတဲ့ ပြဿနာဟာ ရွှန့်အနေနဲ့ ဘယ်လိုမှ မရနိုင်တဲ့ သူမရဲ့ သူ့အပေါ် ကျေးဇူးပြုမှု ဖြစ်နေတယ်။ ဒါပေမဲ့ သူဘာမှ မတတ်နိုင်ဘူး။

"အဲဒါ ထားစမ်းပါ၊ နင်ဘာသောက်သောက် သတိကြပ်ကြပ်ထားပေတော့၊ ဘာဖြစ်လို့လဲဆိုတော့ ရိုမီလ်ဒါဗိန်းကို ကြည့်ရတာ မဖြစ်မနေ လုပ်တော့မယ့်ပုံ ဖြစ်နေလို့ပဲ" ဟာမီယွန်က ခပ်ထန်ထန် ပြောလိုက်တယ်။

www.burmeseclassic.com

ပြီးတော့ ဟာမီယွန်က သူမရဲ့ သင်္ချာဆိုင်ရာ စာတမ်းငယ်တစ်စောင် ရေးသားနေဆဲ ပုရပိုက်ကြီးကို ဆွဲယူပြီး ငန်းတောင် ကလောင်တံနဲ့ ဟိုခြစ်ဒီခြစ် ဆက်လုပ်နေချိန်မှာ ဟယ်ရီက သူမရဲ့ လုပ်ကိုင်နေပုံကို စောင့်ပြီး ငေးကြည့်နေတယ်။ သူ့စိတ်တွေကတော့ မဆိုင်တဲ့ ဟိုအဝေးတစ်နေရာကို ရောက်နေဆဲပဲ။ နောက်မှ–

"ဒီမှာ ခဏနားထောင်"သူက ဖြည်းဖြည်းချင်း ဆက်ပြောတယ်။ "ဖီးလ်ချ်ဟာ ဘာပဲဖြစ်ဖြစ် ဝက်စလေမော်အရယ်အရွှန်း ပစ္စည်းများ အရောင်းဆိုင်က ဝယ်လာတဲ့ ပစ္စည်းတွေမှန်သမျှကို တားမြစ်ခဲ့မှာပဲလို့ ငါထင်တယ်ကွ"

"ဖီးလ်ချ် ဘယ်လိုပဲတားတား ဘယ်တစ်ယောက်ကမျှ သူတားတာကို အမြဲတမ်း အရေးတယူ ဂရုစိုက်နေမှာမို့လို့လဲ" ဟာမီယွန်က သူမရဲ့ ရေးလက်စစာတမ်း အပေါ်မှာပဲ အာရုံထားရင်း ပြောလိုက်တယ်။

"ဒါပေမဲ့ ဇီးကွက်တွေအားလုံးကို ရှာနေတယ်လို့ ငါထင်တယ်။ ဒါဆိုရင် ဒီမိန်းကလေးတွေက ပီယဆေးရည်တွေကို ကျောင်းထဲကို ဘယ်လိုလုပ်ယူလာနိုင်တော့မှာလဲ"

"ဖရက်ဒ်နဲ့ ဂျော့ဆိုင်က ပီယဆေးရည်တွေကို ရေမွှေးနဲ့ ချောင်းဆိုးပျောက်ဆေးရည်တွေအဖြစ် ပုံမှားရိုက်ပြီး သူတို့ဆီပို့ပေးလိုက်တာ။ ဒါက သူတို့ရဲ့ ငွေပို့လွှာ သဘောမျိုး ဇီးကွက်နဲ့ ပစ္စည်းပို့တဲ့ ဌာနက လုပ်တဲ့အတိုင်းပဲ"

"ဟ.... နင်က သိလှချည်လား"

ဟာမီယွန်က သူ့ကို စောစောက ဣန္ဒြေလဆေးရည်များ ဖော်စပ်နည်း စာအုပ်ကြီးကို ကြည့်တဲ့အကြည့်မျိုး မဲ့ကာရွဲ့ကာနဲ့ အထင်သေးသလို ကြည့်ပြီး ပြောလိုက်တယ်။

"သူတို့က ဂျင်နီနဲ့ ငါ့ကို နွေရာသီတုန်းက ပုလင်းရဲ့ နောက်ကျောတွေကို ပြခဲ့လို့ အဲဒီအကြောင်းတွေ အားလုံး ငါသိခဲ့တာ။ လူတွေသောက်ခဲ့တဲ့ အထဲကို ဆေးရည်ခတ်ပုံခတ်နည်းတော့ ငါလည်း သိပ်မသိဘူး"

"အေး–ကောင်းပြီလေ၊ ကိစ္စမရှိဘူး၊ မစိုးရိမ်နဲ့" ဟယ်ရီက အမြန်ပြန်ပြောလိုက်တယ်။ "အဓိက အချက်က ဖီးလ်အနှပ်ခံရတာပဲပေါ့။ နင်ပြောတာ ဒီမိန်းကလေးတွေက ပစ္စည်းတွေကို ပုံဖျက်ပြီး ကျောင်းထဲကို သွင်းလာကြတယ်။ အေး ဒါဆိုရင် ငါပြောသလို မော်လ်ဖွိုင်းကရော ကျောင်းထဲကို နယ်ချဲ့ပြီး သွင်းမလာနိုင်ဘူးလား"

"အို ဟဲ့ ဟယ်ရီ အဲဒါကို ထပ်မပြောနဲ့တော့လေ"

"ငါစဉ်းစားတာကိုသာ ပြောစမ်းပါ၊ အဲဒါကျတော့ ဘာကြောင့် မဖြစ်နိုင်သလဲ"ဟယ်ရီက အပိုင်ပြောချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာကြည့် ငါပြောမယ်" ဟာမီယွန်က စိတ်မရှည်သလို သက်ပြင်းမောကြီးချပြီး ပြောလိုက်တယ်။ "လျှို့ဝှက်ချက် အာရုံခံကိရိယာက ဂြိုလ်ဆိုးတွေ၊ ကျိန်စာတွေ၊ ဖုံးကွယ်ထားတဲ့ ဂါထာမန္တန်တွေကို ထောက်လှမ်းစစ်ဆေးတာ။ အဲဒါတွေထဲမှာ အစွမ်းထက် ပြင်းထန်တဲ့ ကျိန်စာတွေ ပါတယ်လေ။ ဥပမာ လည်ဆွဲလိုဟာမျိုးပေါ့။ ဒါဆို စက္ကန့်ပိုင်းအတွင်း ဖော်ထုတ်နိုင်တယ်။ ဒါပေမဲ့ မဆိုင်တဲ့ ပုလင်းတွေထဲမှာ ထည့်ထားတဲ့ ဆေးရည်တွေကျတော့ ကိရိယာ မတတ်နိုင်ဘူး။ ဖော်ထုတ်မပေးနိုင်တော့ဘူး။ တစ်ခါ ဘယ်နည်းနဲ့မဆို အချစ်ပီယဆေးရည်တွေမှာ လျှို့ဝှက်မှော်ကျိန်စာတွေ အန္တရာယ်ကြီးမားတဲ့ ပစ္စည်းတွေ မပါလို့ပေါ့ဟာ"

"နင်ပြောတာ လွယ်လှချည်လား" ဟယ်ရီက ဗျစ်တောက်ဗျစ်တောက် ပြောလိုက်တယ်။ သူ့ခေါင်းထဲက အတွေးက ရိုမီလ်ဒါဗိန်းဆီကို ရောက်သွားတယ်။

"ကဲ–ဒီတော့ ဒါတွေဟာ ဖီးလ်ချ်ရဲ့ တာဝန်ဖြစ်နေတယ်။ အဲဒါတွေဟာ ချောင်းဆိုးပျောက်ဆေးရည် မဟုတ်ကြောင်း သူသိရမယ့် တာဝန်ရှိတယ်။ ပြီးတော့ သူဟာ သိပ်မစွံတဲ့ မှော်ဆရာတစ်ယောက်ပဲ။ငါထင်တယ် သူအဲဒီဆေးရည်တွေထဲက တစ်ခုခုကိုတော့ ပြောပြနိုင်မယ်လို့ ငါထင်.........."

ဟာမီယွန်ပြောရင်း သူမရဲ့ စကားတိခနဲ ရပ်သွားတယ်။ တစ်စုံတစ်ယောက် သူတို့ရဲ့ နောက်ဘက် မည်းမှောင်နေတဲ့ စာအုပ်စင်တွကြားမှာ ရွေ့ရှားနေတာကို ဟယ်ရီလည်း ကြားလိုက်ရတယ်။ သူတို့ ခဏ ငြိမ်ပြီး စောင့်နေလိုက်တယ်။ တစ်အောင့်ပဲကြာတယ်။ လူသေအလောင်းကောင်ကို ချောင်းတဲ့ လင်းတလို မျက်နှာထားနဲ့ မဒမ်ပင့်စ် ချောင်တစ်ချောင်ထဲကနေ ပေါ်ထွက်လာတယ်။ သူမရဲ့ချောင်ကျနေတဲ့ ပါးတွေ၊ သားရေပုရပိုက်ကြီးနဲ့ တူတဲ့ သူမရဲ့ အသားအရေနဲ့ သူမရဲ့ ကောက်လန်နေတဲ့ နှာခေါင်းရှည်ကြီးက သူမကိုင်လာတဲ့ မီးအိမ်ရဲ့ အလင်းရောင်ထဲမှာ မလိုက်ဖက်စွာ ထင်းထင်းကြီးပေါ်နေတယ်။

"စာကြည့်တိုက် ခုပိတ်ပါပြီ၊ မင်းတို့ ငှားယူထားတဲ့ ပစ္စည်းတွေကို နေရာတကျ ပြန်ထားနိုင်ဖို့ ပြန်လည် ပေးအပ်ကြပါလို့ သတိပေးပါရစေ။ ဒါနဲ့ ဒီစာအုပ်ကို မင်းဘာလုပ်နေခဲ့သလဲဟင်၊ အကျင့်စာရိတ္တပျက်နေတဲ့ လူယုတ်မာကလေး"လို့ အမျိုးသမီးကြီးက မြင်မြင်ချင်း ဆောက်နဲ့ထွင်းလိုက်တယ်။

"ဒါ စာကြည့်တိုက်က စာအုပ်မဟုတ်ဘူး၊ ဒါ ကျွန်တော့် ကိုယ်ပိုင်စာအုပ်ဗျ" ဟယ်ရီဟာ ကပျာကယာ ပြန်ပြောလိုက်ရင်း အမျိုးသမီးကြီးက ရှေ့တိုးလာပြီး ငှက်ခြေသည်းတွေနဲ့တူတဲ့ သူမရဲ့ လက်နဲ့ လှမ်းယူဖို့ ရွယ်နေတဲ့ စားပွဲပေါ်က သူ့ရဲ့ ဣန္ဒြာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးကို ဆတ်ခနဲ ကောက်ယူလိုက်ပါတယ်။

"ဟဲ့ အနုကြမ်းသမားလေး၊ စာကြည့်တိုက်ကို မလေးမခန့်လာလုပ်တဲ့ ကောင်ကလေး၊ လူညစ်ကလေး"မဒမ်ပင့်စ်က စိတ်ဆိုးမာန်ဆိုးနဲ့ အော်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဟာ ဒီစာအုပ်က အထဲမှာ ရေးမှတ်ထားတာတွေတောင် ပါတဲ့ စာအုပ်ဗျ”ဟယ်ရီဟာ မလျှော့တမ်း အတင်းမရမက ဆုပ်ထားတဲ့ သူမရဲ့ လက်ထဲက စာအုပ်ကို ဆောင့်ဆွဲယူလိုက်ပါတယ်။

မဒမ်ပင့်စ်က သူမဟာ ပစ္စည်းတွေ သိမ်းယူခံရသူလို ခံစားနေရတယ်။ သူမရဲ့ ပစ္စည်းတွေကို ကောက်ယူသိမ်းပြီးတဲ့ ဟာမီယွန်က ဟယ်ရီရဲ့ လက်တွေကို နောက်ပြန်ကြိုးတုပ်သလို ဆွဲဖမ်းယူပြီး ခေါ်ထုတ်သွားတယ်။

“နင် သူမကို အရေးမလုပ် ဂရုမထားရင် စာကြည့်တိုက်လာခွင့် ပိတ်ခံရလိမ့်မယ်။ နင်က ဒီအလကား အသုံးမကျတဲ့ စာအုပ်ကြီးကို ဘာလို့ ဒီကို ယူလာရသလဲ”

“ဒါ ငါ့အပြစ်မဟုတ်ဘူး၊ သူမကသာ အရူးလို့ ငါ့ကို အလကားစွတ်အော်နေတာ ဟာမီယွန်၊ ဒါနဲ့ ဖီးလ်ချ်အကြောင်း ရှိုင်းရှိုင်းစိုင်းစိုင်း ပြောလိုက်တာကို သူမကြားသွားတာ ဖြစ်မယ်လို့ နင်မစဉ်းစားမိဘူးလား၊ ငါတွက်လို့ရပြီ သူတို့ နှစ်ယောက်ကြားမှာ တစ်စုံတစ်ရာ ဆက်စပ်မှု ရှိနေတာပဲ ဖြစ်ရမယ်”

“အိုး... ဟား ဟား ဟား”

ဒီစကားကြောင့် သူတို့တွေ ပျော်သွားပြီး ပုံမှန်အတိုင်း စကားပြန်ပြောနိုင်လာတယ်။ သူတို့ လူသူရှင်းပြီး မီးထွန်းထားတဲ့ စင်္ကြံလမ်းအတိုင်း ကျောင်းသားများ နားနေခန်းကို ပြန်ခဲ့ကြတယ်။ ပြီးတော့ ဖီးလ်ချ်နဲ့ မဒမ်ပင့်စ်တို့ဟာ လျှို့ဝှက်စွာ ချစ်ကြိုက်နေကြတာ ဟုတ်နိုင်သလား၊ မဟုတ်နိုင်ဘူးလားလည်း လမ်းမှာ ငြင်းခုံပြောဆိုလာကြတယ်။

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန္စျ ရှျုေါန
ျကငခု မနစူပ အသ အ့ျ ၁န္ျုေါန္စ ည္သြျ
ဖော်ပြပါမင်ဘာ ၁၁ယောက်မှ
ုသူတည္သူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ုသအမသိယ ၁ပေ၁၁ယ ၀ိပ× ၃လငူယ ြ× ဗပနယ ညပေ ညပေယ ညနသညငေျါယ
ညပငူညညါနယ အမေညတေ၀၀ ၇ယ တရျဘေငယ ပန္အတနယ ဖပေါပငစစ
ုသူတည္သူပေ
ဋငနေတ ဏကဘူငခ ဏမသ်ငူန
ုနညိ ေ စမငလအေန ၁န္ျုေါန အသုသူတည္သူပေ
ဋညိ ဩမန ဏသျအျ ဘပုသူတည္သူပေ
ဗိုသူတည္သူပေ အသ ုသကမ ဃသညအခေအျ

www.burmeseclassic.com

ဦ ၁၁–၀၄–၂၀၀၈ယ ၀၂၀၃ ဏ    ၌၉၀
ူသူတညသူပေ
ဩဘူန ဃသညအမငဘကအသမ
ပြဩောမေ ဃကစငိ

ူသူတညသူပေ ၡ သို့ညန
`သညီအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ူညျါ ၁၁၈၂၃
ူညနိ ၈၈၈၉ ဝါန ညေ ၇၈၆ ဏသျအျ
ူသူတညသူပေ ၡ သည ေပျအညေါကျန် မသငိ

ိန်ကျေအ
“အပေါစား အဆင်တန်ဆာတွေ ဘောက်ဘဲလ်စ်”လို့ တံခါးဖွင့်ဖို့ပွဲတွေ့ စကားဝှက်အသစ်နဲ့
“အပို့ကြီးဒေါ်ဝဖြီး”ပုံတူပန်းချီကားကို ပြောလိုက်တယ်။

“မင်းကိုလည်း ဒီအတိုင်းပါပဲ”လို့ ပန်းချီကားထဲက အပို့ကြီးဒေါ်ဝဖြီးက ရိသဲ့သဲ့အပြုံးနဲ့ ပြောရင်း ရှေ့ကိုလွှားခနဲ လွှဲယမ်းဖယ်ပေးပြီး သူတို့ကို ဝင်ခွင့်ပြုလိုက်တယ်။

“ဟေး.... ဟယ်ရီ၊ အပျော်လမ်းလျှောက် ခရီးလေ အဖော်လိုက်ပေးပြီး စိတ်ကူးမယဉ်ချင်ဘူးလား”

ပန်းချီကားအပေါက်ကြီးထဲ ဖြတ်တက်ပြီး သူဝင်နေတဲ့ အခိုက်မှာပဲ ရိုမီလ်ဒါဗိန်းရဲ့ အသံပေါ်ထွက်လာတယ်။

ဟာမီယွန်က သူ့ကို “ငါ နင့်ကို ဘာပြောထားသလဲ”ဆိုတဲ့အကြည့်နဲ့ ရိုမီလ်ဒါဗိန်းရဲ့ ပခုံးပေါ်ကကျော်ပြီး ကြည့်လိုက်တယ်။

“နေပါစေ ကျေးဇူးတင်ပါတယ်၊ ငါ ဆန္ဒမရှိဘူး”ဟယ်ရီက အမြန်ပြန်ဖြေလိုက်တယ်။

“ကောင်းပြီလေ၊ ဒါလေးတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ယူရမှာပဲနော်” ရိုမီလ်ဒါကပြောပြီး သူ့လက်ထဲကို သေတ္တာဘူးကလေးတစ်လုံး အတင်းထိုးထည့်ပေးလိုက်တယ်။ ပြီတော့ ဆက်ပြောတယ်။ “ချော့ကလက် ဒယ်အိုးလေးတွေပါ၊ အထဲမှာ မီးတောက် ဝီစကီပြင်းပြင်းတွေပါတယ်၊ ငါ့အဘွားက ငါ့ဆီကို ပို့လိုက်တာ၊ ဒါပေမဲ့ ငါကမကြိုက်ဘူးဟယ်”

“အို–ကောင်းပါပြီ၊ ကျေးဇူးကုဋေကုဋာပါပဲ”နောက် သူ ဘာဆက်ပြောရမှန်းမသိဘဲ ကယောင်ကတမ်း ပြောလိုက်တယ်။ “အဲ–ငါဟိုနား ဒီနားကို ဟောဒီက နဲ့....”

www.burmeseclassic.com

www.burmeseclassic.com

သူ ဟာမီယွန်ရဲ့ နောက်ကို ကပျာကယာ နေရာရွှေ့သွားသလို၊ သူ့ရဲ့အသံပါ တစ်ဝက်တစ်ပျက်နဲ့ ထွက်မလာတော့ဘဲ တိမ်ဝင်သွားတယ်။

“ငါ မပြောဘူးလားဟင်” ဟာမီယွန် တိုတိုရှင်းရှင်း ပြတ်ပြတ်ပြောလိုက်တယ်။ “နင် တစ်ယောက်ယောက်ကို မြန်မြန်ပြောလိုက်၊ နို့မဟုတ်ရင် သိပ်မကြာဘူး၊ သူတို့အားလုံး နင့်ကို တစ်ယောက်တည်း ထားသွားဦးမယ်၊ နင်သွားရင်ရပါတယ်”

ဒါပေမဲ့ ချက်ချင်းလိုလို သူမရဲ့မျက်နှာဟာ ဝေခွဲမရသလိုလို ကြောင်အမ်းအမ်း ဖြစ်သွားတယ်။ ဟာမီယွန်က ရွန်နဲ့ လာဗင်ဒါတို့ လက်တင်ပါ ကုလားထိုင် တစ်လုံးထဲမှာ ပူးကပ်လိမ်ဖယ် ထိုင်နေတာကို တွေ့သွားတယ်။

“ကဲ.... ကောင်းသော ညပဲဟေ့ ဟယ်ရီ” ဟာမီယွန်က ဒီလို ပြောလိုက်ပေမဲ့ ခုမှ အချိန်က ညနေချမ်း ခုနစ်နာရီသာ ရှိပါသေးတယ်။ ဟာမီယွန်ဟာ နောက်ထပ် ဘာတစ်ခွန်းမှ မပြောတော့ဘဲ မိန်းကလေးများဆောင်တွေဘက်ကို ထွက်သွားပါတော့တယ်။

ဟယ်ရီ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နှစ်သိမ့် စိတ်ချမ်းသာစွာ အိပ်ရာဝင်ခဲ့တယ်။ အကြောင်းကတော့ သူတို့အတွက် နောက်ထပ် သင်ခန်းစာတွေ သင်ကြားဖို့ ရှန်းကန်ဖြတ်သန်းရမယ့်နေ့ဟာ တစ်ရက်တည်းသာ ကျန်ရှိတော့ပြီး၊ တစ်ခါ ပက်ကျိချိုရဲ့ ပါတီပွဲပြီးသွားရင် သူနဲ့ရွန်တို့ ဘာရိုးအိမ်ကြီးကို အတူတကွ ထွက်ခွာရတော့မှာကြောင့် ဖြစ်ပါတယ်။

ခက်တာက လောလောဆယ် အခြေအနေအရ ရွန်နဲ့ ဟာမီယွန်တို့ဟာ ကျောင်းပိတ်အားလပ်ရက်ချိန် မတိုင်မီ တစ်ဦးနဲ့တစ်ဦး ကျေရာကျေကြောင်း ညှိနှိုင်းပြေအေး မဖြစ်နိုင်သလို ဖြစ်နေတယ်။ ဒါပေမဲ့ သူတို့အပြုအမူတွေရဲ့ ကောင်းကွက်ကလေးတွေကို ကြည့်ပြီး တစ်နည်းနည်းနဲ့ ကျောင်းအားလပ်ရက် ကာလအတွင်းမှာ တင်းမာမှုတွေ လျော့ကျအေးချမ်းကောင်းလည်း အေးချမ်းသွားနိုင်ပါတယ်။ ဒါပေမဲ့ ဒီအပေါ်မှာ သူမျှော်လင့်ချက်ကြီးကြီးမားမား မထားဘဲ နေလိုက်တယ်။

သူတို့နောက်တစ်နေ့ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာရပ် သင်ခန်းစာကို အကြိတ်အနယ် သင်ကြားလေ့လာပြီးဆုံးသွားချိန်ထိလည်း အခြေအနေကို မပြောင်းလဲဘဲ ရှိနေဆဲပဲ။ ခုလောလောဆယ် သူတို့တွေ လူရုပ်ပြောင်းရုပ်လွှဲခြင်း ခေါင်းစဉ်ပါ သင်ခန်းစာအကြောင်းအရာတွေကို အလွန့်အလွန် ခက်ခက်ခဲခဲ စတင်လုပ်ဆောင် နေကြတယ်။ သူတို့တွေ မှန်တွေရှေ့မှာရပ်ပြီး သူတို့ရဲ့ မျက်ခုံးတွေ အရောင်ပြောင်းသွားအောင် လုပ်နည်းကို လေ့ကျင့်နေကြပါတယ်။

ရွန် သူ့ကိုယ်သူ စက်ဘီးလက်ကိုင်လို ဧရာမကြီးမားတဲ့ နှုတ်ခမ်းမွေးကြီးတွေ ထွက်ပေါ်လာအောင် နည်းမျိုးစုံနဲ့ ပထမဆုံးအကြိမ် ခက်ခက်ခဲခဲ ကြိုးစားလုပ်ရင်း ဒုက္ခရောက်နေပုံကိုကြည့်ပြီး ဟာမီယွန်ဟာ မညှာမတာ ရယ်ချလိုက်တယ်။

ဒါကို ရွန်က ပါမောက္ခမက်ဂိုနာဂေါလ် မေးခွန်းတစ်ခုမေးလိုက်တဲ့ အကြိမ်တိုင်း သူ့ကိုယ်သူ ဟာမီယွန်ရဲ့ ရုပ်နဲ့အမူအရာအတိုင်း အတိအကျလုပ်ပြီး သူမရဲ့ နေရာ ခုန်ဆွခုန်ဆွ လုပ်ပြခြင်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရက်ရက်စက်စက် လက်စားချေလိုက်တယ်။ အဲဒါကို ကြည့်ပြီး လာဗင်ဒါနဲ့ ပါဗာတီတို့က အကြီးအကျယ် ခွက်ထိုးခွက်လန် ရယ်နေကြတဲ့ အတွက် ဟာမီယွန် မျက်ရည်ကျလုနီးနီး အခြေအနေ ဆိုက်သွားတယ်။ ခေါင်းလောင်းတီးလိုက်တာနဲ့ ဟာမီယွန် သူမရဲ့ ပစ္စည်းအချို့အဝက်ကိုတောင် မယူနိုင်ဘဲ စာသင်ခန်းထဲက ထွက်ပြေးသွားတယ်။ ဒီမှာတင် ဟယ်ရီက လတ်တလော အချိန်မှာ ရွှန်ထက် ဟာမီယွန်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ လိုအပ်တယ်လို့ ဆုံးဖြတ်ပြီး သူမ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကို ကမန်းကတန်း သိမ်းကျုံးကောက်ယူသိမ်းပြီး သူမနောက်က အပြေးလိုက်သွားတယ်။

ဟို နောက်ဆုံးအောက်တစ်ထပ်က မိန်းကလေး ရေအိမ်သန့်စင်ခန်းထဲက ဟာမီယွန် ပြန်ထွက်လာချိန်မှာ သူမကို ဟယ်ရီ ရှာတွေ့သွားတယ်။ သူမနဲ့အတူ လာဗင်ဒါလပ်ဖ်ဂွတ်ဒ်ပါလာပြီး လာဗင်ဒါက သူမရဲ့ကျောကို ဖွဖွကလေး ပုတ်ပေးရင်း နှစ်သိမ့်နေတယ်။

"အို–ဟယ်လို ဟယ်ရီ"လို့ နှုတ်ဆက်ပြီးမှ "ဟဲ့ နင့်မျက်လုံး တစ်ဖက် အဝါရောင် တောက်နေတာ နင်သိလား"လူနာက ပြောလိုက်တယ်။

"သြော်လူနာပါလား၊ ဟာမီယွန် ဒီမှာ နင်ကျန်ခဲ့တဲ့ နင့်ပစ္စည်းတွေ"

သူက သူမရဲ့ စာအုပ်တွေကို ကမ်းပေးလိုက်တယ်။

"အို ဟုတ်ပါရဲ့၊ ကျေးဇူးတင်ပါတယ် ဟယ်ရီရယ်၊ ကဲ ငါသွားတော့မယ်နော်"ဟာမီယွန်က ပစ္စည်းတွေကို လှမ်းယူပြီး သူမရဲ့ မျက်လုံးတွေကို ခဲတံအိပ်ကလေးနဲ့ ထုတ်ထားတာကို မမြင်စေလိုတဲ့ အတွက် ကပျာကရာ သိမ်းလိုက်တယ်။

ပြီးတော့ သူမကို ဟယ်ရီနှစ်သိမ့်စကား တစ်ခွန်းလောက်ပြောဖို့တောင် အချိန်မပေးတော့ဘဲ ကတိုက်ကရိုက် ထွက်သွားတဲ့အတွက် ဟယ်ရီ မစဉ်းစားတတ်အောင် ဖြစ်ကျန်ခဲ့ပါတယ်။

"သူမ အတော် စိတ်မချမ်းမသာ ဖြစ်နေရှာတယ်။ ပထမတော့ ငါကအဲဒီ သန့်စင်ခန်းထဲမှာ မာတဲလ်ညည်းညူငိုကြွေးနေတယ်လို့ ထင်လိုက်တာ၊ ပြီးတော့မှ ဟာမီယွန် ဖြစ်နေတာကို တွေ့ရတယ်။ သူမက ရွှန် ဝက်စလေရဲ့ အကြောင်းတွေ ပြောနေတယ်"လို့ လူနာက ပြန်ပြောပြတယ်။

"အေး သူတို့ ရန်ဖြစ်ထားကြတယ်"ဟယ်ရီက စိတ်ရှုပ်ရှုပ်နဲ့ ပြောလိုက်တယ်။

"သူက တစ်ခါတလေတော့လည်း ရယ်စရာတွေ ပြောတတ်တယ်ဟဲ့၊ ဒါပေမဲ့ သူဟာ စာနာတဲ့ လူတစ်ယောက် ဖြစ်နိုင်တယ်။ အဲဒါကို မနှစ်ကတည်းက ငါသတိထားမိတယ်"

သူတို့နှစ်ယောက် စင်္ကြံအတိုင်း စထွက်လာချိန်မှာ လူနာက ပြောလိုက်တယ်။

"ဟုတ်မှာပေါ့၊ ဒါနဲ့ နင် စာတွေ လိုက်နိုင်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

လူနာက သူမရဲ့ ဉာဉ်အတိုင်း မှန်ပေမဲ့ နာသာခံခက်တဲ့ စကားတွေကို ပြောနေတယ်။ ဟယ်ရီက သူမနဲ့တူတဲ့သူမျိုး မတွေ့ဖူးသေးတာကို စဉ်းစားရင်း အလိုက်သင့်ပြောပြီး စကားလွှဲပစ်လိုက်တယ်။

"သြော်… ဒါလား အားလုံးကောင်းပါတယ်။ ဂျင်နီ အရမ်းတော်တဲ့ ဒီအဘောသာမှာပဲ နည်းနည်း ပြောစရာ ရှိတယ်။ သူမဟာ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာသင်နေတဲ့ အခန်းထဲမှာ ကောင်ကလေးနှစ်ယောက်ကို ဟန့်တားခဲ့တဲ့အပြင် နောက်ရက်မှာ ငါ့ကိုလည်း "မယ်ကြောင်ရှူး"လို့ ခေါ်ခဲ့သေးတယ်"

"နင် ဒီည ပက်ကျိချိုရဲ့ ပါတီကို ငါနဲ့ အတူဘာလို့ လိုက်ချင်တာလဲ"

စကားလုံးတွေက ဟယ်ရီ ဘရိတ်မအုပ်လိုက်နိုင်ခင်မှာပဲ သူ့ပါးစပ်က ထွက်သွားတယ်။ အဲဒီစကားတွေကို သူစိမ်းဆန်ဆန် ပြောတဲ့စကားတွေအဖြစ်နဲ့ နားထဲမှာ ပြန်ကြားနေရတယ်။ လူနာက တအံ့တသြနဲ့ မျက်လုံးပြူး မျက်ဆန်ပြူး သူ့ကို လှည့်ကြည့်တယ်။

"ပက်ကျိချိုရဲ့ ပါတီကိုလား နင်နဲ့လား"
ႏွစသမအ စသျအ အသ ၁သိနမအေသမျ ႏွစူပႈငအ့ႀကသအန ကြူအင့ႀကသအန္႔ျ ႏြူါန
ႀကငခု မနစူပ အသ အ့ျ ၁ႏျူါန္႔ညျြ
ဖော်ပြပါမင်ဘာ ၁၅ယောက်မှ
႕သူတငညျူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ႏငျပကေညါယ့သအမသိယ ၁ပေ၁၁ယ ၒပ× ၃လငူယ [× ဗပနယ ညပေ ညပေယ ညနသညငျေါယ
ညါဈညေယ ညပငူညညါနယႅတေယ အမေညတေ၀၀၇ယ လငမါသါပငယ တဈဘေငယ
ပနအတနယ ဖပေါပင၅၅
႕သူတငညျူပေ
ဋငနတ ဏကဘူငခ ဏမသ်ငူန
ႆနညိ ေ စမငလအေန ၁ႏျူါန အသ႕သူတငညျူပေ
ၟညိ သြမန ဏသျအျ ဘပ႕သူတငညျူပေ
ဗိ႕သူတငညျူပေ အသ ့သကမ ဃသညအခေအျ

ဍူိ ၁၁–၀၅–၂၀၀၈ယ ၀ဖါ၁၃ ဗ[ ႘ူ၉၁
႕သူတငညျူပေ
သြဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

www.burmeseclassic.com

ူသူတည္သူပေ ၪ သိုင္ညေန
ဲသည္ိအေနါ ြသလ ၂၀၀၆
ဏသျအျါ ၇၉၂
ၜည္ဘျါ ၁၁၈၂၃
ၜည္ဘနိ ၈၈၈ၕၥဘၯ ည ၇၈၆ ဏသျအျ
ူသူတည္သူပေ ၪ သည ေပျအည္ါကျဲနိ မသငိ

ိန္ကျူအ

"အေး–ဟုတ်တယ်၊ တို့တွေ တစ်ယောက်တည်း မတက်ဘဲ အဖော်ညှိသည်ပါရမယ်လေ။ ငါကတော့ နင်လိုက်ချင်မယ်လို့ ထင်တယ်။ ငါဆိုလိုတာက ....''ဒီနေရာမှာ သူရည်ရွယ်ချက်ကို ပိုပြီး ပြည့်စုံရှင်းလင်းသွားစေချင်တဲ့ သဘောနဲ့ သူက "ငါဆိုလိုတာက မိတ်ဆွေသူငယ်ချင်း အဖြစ်နဲ့ပါ။ ဒါပေမဲ့ နင်မလိုက်ချင်ရင်လည်း.........."

ဟယ်ရီက လူနာလိုက်ချင်မှာ မဟုတ်ဘူးလို့ တစ်ဝက်ထင်ထားပြီး၊ လိုက်လိမ့်မယ်လို့ တစ်ဝက်မျှော်လင့်ထားတယ်။

"အို–ဘာလို့ မလိုက်ရမှာလဲ။ ငါ နင်နဲ့ သူငယ်ချင်းတွေအဖြစ် သွားရမှာကို အရမ်းသဘောကျပါတယ်''လူနာက သူမ ဒီလို အားပါးတရပြုံးတာကို မမြင်ဖူးသေးတဲ့ အပြုံးနဲ့ ပြောလိုက်တယ်။ ပါတီပွဲသွားဖို့ အဲဒီလို ငါ့ကို ဘယ်သူမှ တစ်ခါမှ အရင်က မခေါ်ခဲ့ဖူးဘူး။ ဒါနဲ့ နင်က နင့်မျက်ခုံးကို ပါတီပွဲသွားဖို့ တမင် ဆိုးထားတာလား၊ ငါကော အဲဒီလို လုပ်ရမလားဟင်''

"မဟုတ်ဘူး၊ ငါဆိုးထားတာ မဟုတ်ဘူး၊ ဒါဟာ မှားယွင်းမှု တစ်ခုပဲ၊ အဲဒါကို အမှန်ပြန်ဖြစ်အောင် လုပ်ဖို့ ဟာမီယွန်ကို ပြောရဦးမယ်။ ဒီတော့ နင့်ကိုငါ ခန်းမကြီး အဝင်တံခါးဝမှာ ဒီည ၈နာရီတွေ့မယ်နော်''

"အဟားဟား"

သူတို့ခေါင်းပေါ်ကနေ အော်လိုက်တဲ့ အသံကြီး ထွက်လာလို့ နှစ်ယောက်သား ဘေးကို ခုန်လိုက်ကြတယ်။ နှစ်ယောက်လုံး သတိမထားမိဘဲ အောက်က သူတို့ဖြတ်လာတဲ့ အပေါ်တည့်တည့်မှာ မီးပန်းဆိုင်းကြီး တစ်ခုထဲကနေ အောက်ကို ဇောက်ထိုးတွဲလောင်းချပြီး ပီးဗက်ဇ်က သူတို့ကို မလိုတမာ အပြုံးနဲ့ ကြည့်နေတယ်။

"အရူးအမူး ငတုံးငမိုက်က အရူးမကို ပါတီပွဲတက်ဖို့ ခေါ်နေတယ်။ အရူးက အရူးမကို ကြိုက်နေတယ်''လို့ အမျှင်မပြတ် အော်ဟစ်ရင်း သူတစ်ဟုန်ထိုး ထွက်ပြေးပျောက်ကွယ်သွားပါတယ်။

"ဒီကိစ္စကို သီးခြား သက်သက် ဘေးဖယ်ထားလိုက်တာ ကောင်းမယ်''လို့ ဟယ်ရီက ပြောလိုက်တယ်။ ဟယ်ရီပေါ်တာက လူနာလပ်ဖ်ဂွဒ်ကို ပက်ကျိချိုရဲ့ ပါတီပွဲတက်ဖို့ ခေါ်သွားလိမ့်မယ်ဆိုတဲ့ သတင်းလည်း

www.burmeseclassic.com

နာရီစက္ကန့်မဆိုင်းပဲ တစ်ကျောင်းလုံးကို တောမီးလို ချက်ချင်း ပြန့်သွားပြီး လူတိုင်းသိကုန်တော့မှာ သေချာတယ်။

“မင်း တစ်ယောက်ယောက်ကို ရွေးပြီးပြီနဲ့ တူတယ်”ညစာစားနေချိန်မှာ ရွှန်က မယုံကြည်တဲ့ မျက်နှာထားနဲ့ ပြောလိုက်တယ်။ ပြီးတော့ “တစ်ယောက်ယောက်ဆိုတာ တခြားမဟုတ်ဘူး။ မင်း အရူးမလပ်ဖ်ဂွဒ်ကို ရွေးပြီးပြီ မဟုတ်လားလို့ မေးတာကွာ”

“နင် သူမကို အဲဒီလို မခေါ်ပါနဲ့ရွှန်” ဟယ်ရီရဲ့နောက်မှာ သူမရဲ့ သူငယ်ချင်းတွေဆီကို သွားမယ့်ဆဲဆဲရပ်နေရင်း ဂျင်နီက ဟောက်လိုက်တယ်။ ပြီးတော့ “နင် သူမကို ခေါ်သွားမှာ ငါတကယ် ဝမ်းသာပါတယ် ဟယ်ရီ၊ ဒီအတွက် သူမ အရမ်းကို စိတ်လှုပ်ရှားခဲ့ရပါတယ်”လို့ ဟယ်ရီ့ကို ဆက်ပြောလိုက်တယ်။

ပြီးတော့ သူမဟာ စားပွဲတစ်ဖက်ကို ရွှေ့သွားပြီး ဒင်းန်နဲ့ အတူထိုင်နေတယ်။ ဟယ်ရီဟာ လူနာကို သူ့ပါတီပွဲခေါ်သွားမှာ ဖြစ်တဲ့အတွက် ဂျင်နီရဲ့ ဝမ်းသာပေးမှုအပေါ် ပျော်ရွှင်ကျေနပ် ခံစားနိုင်ဖို့ ကြိုးစားကြည့်ပေမဲ့ ဘယ်လိုမှ မခံစားနိုင်ဘဲ ဖြစ်နေတယ်။ စားပွဲရဲ့ သူတို့နဲ့ ခပ်လှမ်းလှမ်း တစ်နေရာမှာတော့ ဟာမီယွန် တစ်ယောက်တည်းသာ ထိုင်နေတယ်။ သူမက ရှေ့မှာရှိတဲ့ ပြုတ်ချက်တစ်ခွက်ကို တို့ကနန်း ဆိတ်နန်းလုပ်နေတယ်။ သူမကို ရွှန် ခိုးကြောင်ခိုးဝှက် ကြည့်နေတာကို ဟယ်ရီ သတိထားမိလိုက်တယ်။

“စိတ်မကောင်းဘူး၊ ဝမ်းနည်းပါတယ်လို့တော့ မင်းပြောနိုင်ပါတယ်”ဟယ်ရီက တုံးတိတိနဲ့ တိုက်တွန်းလိုက်တယ်။

“ဘာလဲ နောက်ထပ် ကနေရီစာဝါငှက်တစ်အုပ်နဲ့ အတိုက်ခံရအောင်လား”ရွှန်က ဗျစ်တောက်ဗျစ်တောက် ပြန်ပြောလိုက်တယ်။

“မင်းက ဘာအတွက် သူမရဲ့ ပုံစံကို အတုခိုးပြီး သွားလုပ်ပြလိုက်တာလဲ”

“သူမက ငါ့နှုတ်ခမ်းမွေးကို ရယ်နေလို့”

“ငါဒီလို လုပ်ခဲ့ဖူးလား၊ ငါ့အမြင်တော့ အဲဒါဟာ အမိုက်မဲဆုံး လုပ်ရပ်ပဲ”

ဒါပေမဲ့ ရွှန်က သူပြောတာကို ကြားလိုက်ဟန် မတူတော့ဘူး။ လာဗင်ဒါနဲ့ ပါဗာတီတို့ အတူရောက်လာလို့ပဲ။ လာဗင်ဒါက ရွှန်နဲ့ ဟယ်ရီကြားကို အတင်းတိုးဝင်ပြီး ရွှန်ရဲ့ လည်ပင်းကို သူမရဲ့ လက်မောင်းနဲ့ သိုင်းဖက်ထားတယ်။

“ဟေး–ဟယ်ရီ”သူ့လိုပဲ သူငယ်ချင်းနှစ်ယောက်ရဲ့ အနေအထိုင်ကို ရှက်ကိုး ရှက်ကန်းဖြစ် စိတ်ကုန်နေဟန်တူတဲ့ ပါဗာတီက ခေါ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဩော်ပါဗာတီ နေကောင်းရဲ့လား၊ ခုထိ နင် ဟော့ဂ်ဝပ်စ်ကျောင်းမှာ ရှိနေတုန်းပဲနော်၊ ငါကြားတာတော့ နင့်မိဘတွေက ပြန်လာစေချင်တယ်ဆို"ဟယ်ရီက ပြန်ပြောလိုက်တယ်။

"လောလောဆယ် သူတို့ကို အဲဒီအကြောင်း ထပ်မပြောဖို့ ငါပြောပြီးပါပြီ။ ကေတီရဲ့ သတင်းက သူတို့ကို မျက်ကလူးဆန်ပြာ ဖြစ်အောင် လုပ်လိုက်တာပဲ၊ ဒါပေမဲ့ အဲဒီအချိန်ကစပြီး ဘာတစ်ခုမှ ထပ်မဖြစ်တော့ဘူး မဟုတ်လား၊ အို.... ဟဲ့ ဟာမီယွန်"

ဟယ်ရီ့ကို ပြောရင်း ဟာမီယွန်ကို မြင်သွားတဲ့ ပါဗာတီက လှမ်းနှုတ်ဆက်ပြီး တကယ့်ကို လိုက်လိုက်လှဲလှဲနဲ့ အားပါးတရ ပြုံးပြလိုက်တယ်။ သူမဟာ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း ဘာသာရပ် သင်ခန်းစာ သင်နေချိန်က ဟာမီယွန်ရဲ့ အဖြစ်ကို ရယ်မောခဲ့မိတဲ့အတွက် သူမကို သူမ အပြစ်ရှိသလို ခံစားနေရတာကို ဟယ်ရီ ရိပ်စားမိတယ်။ ဒါပေမဲ့ သူလှည့်ကြည့်လိုက်တော့ ဟာမီယွန်ကလည်း ဘာကိုမှ သဘောမထားသလို ပါဗာတီထက်အောင် ပိုမိုဝင်းပတဲ့ အပြုံးနဲ့ ပြန်ပြုံးပြနေတာကို တွေ့ရတယ်။ မိန်းကလေးတွေဟာ တစ်ခါတစ်ခါ သိပ်ကို ဆန်းကြယ်ကြတယ်။

"ဟေ့... ပါဗာတီ၊ နင်ဒီည ပက်ကျိချိုရဲ့ ပါတီပွဲကို သွားမှာလား"ဟာမီယွန်က ပြန်နှုတ်ဆက်ပြီး ပြောလိုက်တယ်။

"သွားတော့ သွားချင်တာပေါ့၊ အဖိတ်မခံရဘူးဟယ်။ ကြားရသလောက်တော့ ဒီပွဲက သိပ်ကောင်းမယ်လို့ ပြောနေကြတယ်။ နင်ရောသွားမှာလား၊ မသွားဘူးလား"ပါဗာတီရဲ့ အသံက ဝမ်းနည်းပြီး စိတ်ဓာတ်ကျနေတယ်။

"အေး–ကော်မက်နဲ့ငါ ည ရနာရီမှာ တွေ့မယ်လေ၊ ပြီးရင် ငါတို့........"ဟာမီယွန်ပြောလို့ စကားမဆုံးခင် အသံတစ်သံ ကြားဝင်လာတယ်။ အသံက အဖျားမှာ ရာဘာခွက်တပ်ထားတဲ့ ပိုက်ရှင်းတုတ်တံကြီးတစ်ခုလို ပိတ်ဆို့နေတဲ့ လက်ဆေးကန်ရေဆင်း ပိုက်ခေါင်းထဲက ဆွဲထုတ်လိုက်တဲ့ အသံမျိုးနဲ့ ဆင်ပြီး အသံနှင့် တစ်ပါတည်း ရွှန်က ပေါ်လာတယ်။

ဒါပေမဲ့ ဟာမီယွန်က ရွှန်ကိုရော အသံကိုပါ ကြားလည်းမကြား မြင်လည်း မမြင်သလို သူမရဲ့ စကားကို ဆုံးအောင် ဆက်ပြောလိုက်တယ်။

"ပြီးရင် ငါတို့ ပါတီပွဲကို အတူသွားကြမယ်"

"ကော်မက်....။ ကော်မက် မက်လက်ဂျင်းလို့ နင်ပြောတာလား"

"အေး သူပဲပေါ့" ဟာမီယွန်က ချိုချိုကလေးနဲ့ ပြောပြီးမှ "ဂဋ္ဌုန်ကေသရာဇာ အသင်းရဲ့ ဂိုးသမား ဖြစ်လာတော့မယ့် လူလေ"ဆိုတဲ့ စကားလုံးကို အသားပေးတဲ့ အနေနဲ့ အသံမြှင့်ပြီး ပြောလိုက်တယ်။

"အဲဒီအချိန်ကျရင် နင်သူနဲ့ အပြင်ကို သွားမယ်ပေါ့"ပါဗာတီက မျက်လုံးကြီးပြူးပြီး တအံ့တဩ ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အိုး–ဟုတ်လိုက်တာမှ သွားကိုသွားမှာ၊ နင် မသိဘူးလား"ဆိုပြီး ဟာမီယွန်ဟာ ဟာမီယွန်လုံးဝမဟုတ်တဲ့ အမူအရာနဲ့ တခစ်ခစ် ရယ်နေပါတော့တယ်။

ဒီမှာတင် ပါဗာတီက သူမကြားထားပြီးတဲ့ အတင်းအဖျင်း စကားကြောင့်ပါ ရိုးတိုးရွတ ဂနာမငြိမ် ဖြစ်လာပြီး ပြောထည့်လိုက်တယ်။

"မဟုတ်သေးပါဘူးဟယ်၊ အိုး ......... နင်က နင့်ရဲ့ ကွစ်ဒစ်ချ်အသင်း ကစားသမားတွေကို လျှောက်ကြိုက်နေတာကိုဟဲ့၊ ဟုတ်တယ်မဟုတ်လား၊ ပထမ ကရစ်ဟယ်၊ ဟောခု မက်လက်ဂျင်း ဖြစ်လာပြန်ပြီ"

"အေးဟေ့ ငါက တကယ်တော်တဲ့ ကွစ်ဒစ်ချ်ကစားသမားတွေကို ကြိုက်တာ၊ အဲဒီကျ နင်မြင်ရမှာပေါ့၊ ကဲသွားတော့ ပါတီပွဲသွားဖို့ အသင့်ပြင်ထားတော့" ဟာမီယွန် အပြုံးမပျက် ခနဲ့တဲ့တဲ့ ပြန်ပြောပြီး အခန်းထဲက ထွက်သွားတယ်။

လာဗင်ဒါနဲ့ ပါဗာတီတို့ ချက်ချင်း ခေါင်းချင်းဆိုင်ပြီး အသစ်ဖြစ်ပေါ်ကြီးထွားလာတဲ့ ဒီပြဿနာကိုစောစောက မက်လက်ဂျင်း အကြောင်း သူတို့ကြားထားသမျှ သတင်းတွေ၊ ဟာမီယွန်နဲ့ ပတ်သက်လို့ သူတို့မှန်းဆ တွက်ချက်ရသမျှတွေနဲ့ ဆက်စပ်ပြီး တိုင်ပင်ဆွေးနွေးကြတယ်။ ရွန်ဟာ လုံးဝကြောင်အမ်းအမ်း ဖြစ်နေပြီး၊ ဘာတစ်ခွန်းမှ မပြောတော့ဘဲ ငြိမ်နေတယ်။ ဟယ်ရီကတော့ ဒီမိန်းကလေး လက်စားချေလိုမှုနဲ့ ငုပ်ဆင်းသွားကြမယ့် အန္တရာယ် အတိုင်းအတာ အနက်ကို တွေးဆဖို့ တိတ်တိတ်ကလေး ငြိမ်နေလိုက်တယ်။

အဲဒီည စနာရီအချိန် ခန်းမကြီးအဝင်ဝကို ဟယ်ရီ ရောက်သွားတော့ ဘယ်တုန်းကမှနဲ့ မတူအောင် နည်းနည်းနောနော မဟုတ်တဲ့ မိန်းကလေးတွေ အရေအတွက် အများကြီး အဲဒီမှာ စောင့်ဆိုင်းနေတာကို တွေ့ရတယ်။ လူနာဆီကို သူချဉ်းကပ်သွားတော့ သူတို့အားလုံးက သူ့ကို မကျေမချမ်းနဲ့ စိုက်ကြည့်နေကြတယ်။ သူမက ဘော်ကြယ်ငွေရောင် ဝတ်စုံတစ်စုံကို ဆင်မြန်းထားပြီး၊ သူမရဲ့ ဝတ်စားပြင်ဆင်ထားပုံဟာ ဘေးက ပရိသတ်တွေအတွက် တခိုးခိုး တခစ်ခစ် ရယ်စရာ ဖြစ်နေပေမဲ့ တကယ်ကို သူမနဲ့ လိုက်ဖက်ပြီး ကြည့်လို့ အရမ်းကောင်းနေတယ်။ ဘာပဲပြောပြော သူမအနေနဲ့ သူမရဲ့ မုန်လာဥပုံသဏ္ဍာန်နားကပ်၊ ထောပတ်ဘီယာပုလင်း အဆို့လည်ဆွဲနဲ့ သူမရဲ့ မျက်မှန်ကြီးကို ထားခဲ့တဲ့အတွက် ဟယ်ရီ ဝမ်းသာနေမိတယ်။

"ဟေး" သူက ခေါ်လိုက်ပြီး "တို့ ခုပဲ သွားကြမလား"လို့ မေးလိုက်တယ်။

"အိုး သွားကြမယ်လေ၊ ဒါနဲ့ ပါတီပွဲက ဘယ်မှာလဲ"သူမက ပျော်ရွှင်မြူးထူးစွာနဲ့ ပြန်ပြောလိုက်တယ်။

"ပက်ကျိချို့ရဲ့ ရုံးခန်းမှာ" ပြောရင်း သူမကို ဦးဆောင်ပြီး ဝိုင်းဝန်းငေးကြည့်နေသူတွေ၊ တီးတိုးပြောသံတွေနဲ့ ဝေးရာကို စကျင်ကျောက်လှေကားအုံအတိုင်း တက်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"သွေးစုပ်ဖုတ်ကောင် တစ်ကောင် လာနေတယ်ဆိုပြီး ပြောနေတာ နင်ကြားမိသလား"လို့လည်း သူက မေးလိုက်တယ်။

"ရှူးဖတ်စ်စခရင်မ်ဂျာကို ပြောတာလား"လူနာက ပြန်မေးတယ်။

"ဘာ နင်က မော်ပညာဝန်ကြီးကို ဆိုလိုတာလား"လူနာရဲ့ စကားကြောင့် တအံ့တသြကြီး နေမထိထိုင်မထိ ဖြစ်သွားတဲ့ ဟယ်ရီက ထပ်မေးလိုက်တယ်။

"ဟုတ်တယ်လေ၊ သူဟာ သွေးစုပ်ဖုတ်ကောင် တစ်ကောင်ပဲ"လူနာက သူမသိရှိထားတဲ့အတိုင်း ပြန်ပြောတယ်။ "ကော်နဲလ်လီ းယတ်စ်ထံက စခရင်မ်ဂျာ ပထမအကြိမ် အာဏာသိမ်းယူစဉ်မှာ အဖေက အဲဒီအကြောင်း ဆောင်းပါးရှည်ကြီး တစ်ပုဒ်ရေးခဲ့တယ်။ ဒါပေမဲ့ ဝန်ကြီးဌာနက တစ်စုံတစ်ယောက်က အဲဒါကို မထုတ်ဝေဖို့ သူ့ကို အတင်းအကျပ် လုပ်ခဲ့တယ်။ အဖြစ်မှန် ပေါက်ကြားသွားမှာကို သူတို့ မလိုလားဘူးဆိုတာ ထင်ရှားနေတာပဲ"

ဟယ်ရီက ရှူးဖတ်စ်စခရင်မ်ဂျာကို သွေးစုပ်ဖုတ်ကောင် တစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ တွေးလိုက်မိပေမဲ့လည်း လူနာဟာ သူမအဖေရဲ့ ထူးခြားဆန်းကြယ်တဲ့ အတွေ့အကြုံနဲ့ အမြင်တွေကို အကြိမ်ကြိမ် ကြားခဲ့ရပြီး၊ အဲဒီအကြောင်းတွေကို အမှန်လို့ ယူဆထားသူဖြစ်တာကြောင့် ဘာမှ ပြန်မပြောဘဲ နေလိုက်တယ်။ ပက်ကျီချီုရဲ့ ရုံးခန်းအနားကို ရောက်သွားပြီး ဖြစ်လို့လည်း အတွင်းက ရယ်မောသံတွေ၊ တေးဂီတသံတွေ၊ ဆူဆူညံညံ စကားပြောသံတွေကို သူတို့ခြေတစ်လှမ်းတိုးသွားတိုင်း ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားနေရတယ်။ မူလကတည်းက ဒီအတိုင်းပဲ ဆောက်ထားတာလား၊ ဒါမှမဟုတ် မော်အတတ်နဲ့ လှည့်စားစီမံထားတာလား မသိရပေမဲ့ ပက်ကျီချီုရဲ့ ရုံးခန်းဟာ ရိုးရိုးဆရာ စာကြည့်ခန်းတွေထက် အများကြီး ပိုကြီးမားကျယ်ဝန်းနေတာကို တွေ့ရတယ်။ မျက်နှာကြက်နဲ့ နံရံတွေမှာ မြစိမ်းရောင်၊ ကြက်သွေးရောင်နဲ့ ရွှေရောင် ပိတ်စတွေ၊ လိုက်ကာခန်းဆီးတွေနဲ့ ဆင်ယင်ထားတာကြောင့်လည်း ရုံးခန်းဟာ ဧရာမကြီးမားကျယ်ပြန့်တဲ့ ရွက်ဖျင်တဲကြီးတစ်ခုနဲ့ တူနေတယ်။ အခန်းထဲမှာ လူတွေနဲ့ ပြည့်ညပ်ပြီး မွန်းလှောင်သလို ဖြစ်နေတယ်။ ဒါ့အပြင် တစ်လုံးချင်း တစ်ပွင့်ချင်းစီကနေ ထူးထူးခြားခြား လင်းလက်တောက်ပတဲ့ အလင်းရောင်တွေ ဖြာထွက်နေတဲ့ ရွှေရောင်ရောင်စုံ မီးပန်းမီးဆိုင်းကြီးကို မျက်နှာကြက် အလယ်တည့်တည့်မှာ တွဲလောင်းချချိတ်ဆွဲထားတာကြောင့်လည်း တစ်ခန်းလုံးဟာ အလင်းရောင်အောက်မှာ ရွှန်းရွှန်းစို လင်းဖြာလှပ နေတယ်။ မယ်ဒလင်သံနဲ့ဆင်တဲ့ ဂီတတီးလုံးကလေးတွေ လိုက်ဖက်ပံ့ပိုးထားတဲ့ သီချင်းသံတစ်သံလည်း ခပ်လှမ်းလှမ်း အခန်းထောင့်တစ်နေရာကနေ ကျယ်ကျယ် လောင်လောင် လွင့်ပျံ့နေတယ်။ အလေးအနက် သဲသဲမဲမဲ စကားလက်ဆုံကျနေတဲ့ အသက်ကြီးပိုင်း ပုဂ္ဂိုလ်တွေရဲ့ ခေါင်းပေါ်မှာ ဆေးတံပိုက်တွေကထွက်တဲ့ မီးခိုးမြူတွေနဲ့ ပိတ်ဆိုင်းနေတယ်။ ဒါတင်မကဘဲ အိမ်စောင့်နတ်သူငယ် မှင်စာလေးတွေ အမြောက်အမြားက အစားအသောက်တွေ အလျှံပယ်ထည့်ထားတဲ့ လေးလံတဲ့ ငွေလင်ပန်းကြီးတွေကို သယ်ဆောင်ရင်း ပရိသတ်တွေရဲ့ ဒူးကြိုဒူးကြားမှာ တိုးဝှေ့လှည့်ပတ်သွားလာ တည်ခင်းပေးနေတဲ့အတွက်၊ အဲဒီလင်ပန်းတွေဟာ အခန်းထဲမှာ လှည့်ပတ်ရွေ့လျားနေတဲ့ စားသောက်ဖွယ် စားပွဲကလေးတွေနဲ့ တူနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်ရီ ချစ်ရတဲ့ သူငယ်လေး........... ဝင်ခဲ့ပါ ဝင်ခဲ့ပါ၊ ဒီမှာ မင်းကို တွေ့ဖို့ ငါလိုလားသူတွေ တစ်ပုံတစ်ခေါင်းကြီး စောင့်နေကြလေရဲ့"ဟယ်ရီနဲ့ လူနာတို့ တံခါးပေါက် ဝင်သွားသွားချင်းပဲ ပက်ကျိချိုက ဆီးကြိုပြီး အားပါးတရ ပြောကြားလိုက်တယ်။

ပက်ကျိချိုဟာ သူရဲ့ ရှေးရိုးအိမ်နေအပေါ် အင်္ကျီကြီးနဲ့ လိုက်ဖက်ညီအောင် ပန်းဖွားကလေးတွေပါတဲ့ ကတ္တီပါဦးထုပ်ကို ဆောင်းထားတယ်။ ဒါတင်မကဘဲ ပက်ကျိချိုက ဟယ်ရီကို ပျောက်ကွယ်သွားမှာ စိုးသလိုရော၊ သူနဲ့အတူ ပေါ်ပေါ်ထင်ထင် ရှိနေအောင် သူ့လက်မောင်းတွေကို အတင်းဖျစ်ညှစ် ဆုပ်ကိုင်ထားလိုက်သေးတယ်။ ပြီးတော့မှ ဟယ်ရီစိတ်တိုင်းကျ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်အောင် ပါတီပွဲကျင်းပနေတဲ့ ပရိသတ်တွေရှိရာကို ဦးဆောင်ပြီး ခေါ်သွားပါတယ်။ ဟယ်ရီက လူနာရဲ့ လက်ကို လှမ်းကိုင်ပြီး သူနဲ့ တစ်ပါတည်း ဆွဲခေါ်လာတယ်။

× × × × × × × × × × × × × × × × × × ×

ဩော်..... လူ့ဘဝ လူ့ဘဝ

ူမျအ နိငအနိ ဘပ ုသူတငညူပေး ၁၁-ဝ၈-၂ဝဝ၈ အေ ၁ဝ႑၄၃ ဗ◌ြ

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအင ျကသအန့ ျ နျူေါန

ျကငခု မနစူပ အသ အ့ျ ၁နျူေါန့ညျူ

ဖော်ပြပါမင်ဘာ ၁၂ယောက်မှ

ုသူတငညူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငပေကညေါယ့ သအမသိယ ဒိပ× ၃လငူယ ြ× ဗပနယ ညပေ ညပေယ ညနသညငေါယ

ညါျညေယ ညပငူညညါနယ၂တေယ အမေညတေဝဝ၇ယ တျဘေငယ ဖပေါပင၅၅

ုသူတငညူပေ

ဋငနတ ဏကဘူငခ ဏမသ်ငူန

ုနညိ ေ စမငလအေန ၁နျူေါန အသ ုသူတငညူပေ

ငညိ ဩမန ဏသျအျ ဘပ ုသူတငညူပေ

ဗိ ုသူတငညူပေ အသ ့သကမ ဃသညအခေအျ

ဍူိ ၁၁-ဝ၅-၂ဝဝ၈ယ ဝ၇႑၅၃ ဗ◌ြ ဋ၉၂

ုသူတငညူပေ

ဩဘူန ဃသညအမငဘကအသမ

ပြညောမေ ဃကစငိ

ုသူတငညူပေ ျ သိူငညန

`သငညီအေနါ ဩလ ၂ဝဝ၆

www.burmeseclassic.com

www.burmeseclassic.com

ဏာသျအျါ ၇၉၂
႔ဩေျါ ၁၁၈၂၃
႔ဩေနိ ၈၈၈၈႔ဝေန႕ ညေ ၇၈ဖ ဏာသျအျ
႕သူတညေူပေ ဂျ သည ေိျအညေါကဂျနိ မသငိ

ိန်ကေူအ
"ဟယ်ရီ မင်း "သွေးညီနောင်များ၊ သွေးစုပ်ဖုတ်ကောင်းများ အလယ်မှ ကျွန်ုပ်၏ ဘဝ" စာအုပ်ကို ရေးသားတဲ့ စာရေးဆရာ ငါ့ရဲ့ တပည့်ကျောင်းသားဟောင်း အဲလ်ဒရက်ဝါးပဲလ်နဲ့ သူ့သူငယ်ချင်း ဆန်ဂူအီနီတို့ကို တွေ့စေချင်တယ်ကွာ" ပက်ကျိချိုက ပြောလိုက်တယ်။

ဒီမှာတင် လူကောင်သေးသေး တုတ်တုတ် ခိုင်ခိုင် မျက်မှန်တပ်ထားတဲ့ ဝါးပဲလ်က ဟယ်ရီရဲ့ လက်ကိုလာတွဲပြီး စိတ်ပါလက်ပါ အားပါးတရ ကိုင်လှုပ် နှုတ်ဆက်လိုက်သလို၊ အရပ်ရှည်ရှည်နဲ့ ပိန်ချုံးပြီး မျက်တွင်းတွေ ချောင်ကျနေတဲ့ သွေးစုပ်ဖုတ်ကောင် ဆန်ဂူအီနီကလည်း ဘေးကနေ ခေါင်းတညိတ်ညိတ်နဲ့ ကြည့်နေတယ်။

ဟယ်ရီ တော်တော့်ကို စိတ်ကုန်သွားတယ်။ သူ့အနားမှာ သူ့ကိုကြည့်ပြီး စိတ်လှုပ်ရှားနေဟန်နဲ့ စပ်စပ်စုစု လုပ်တော့မယ့် မိန်းကလေး တစ်အုပ်ကြီး ရပ်နေတယ်။

"ဟယ်ရီပေါ်တာ ငါတကယ် ပျော်ရွှင်ကြည်နူးမိပါတယ်ကွာ" ဝါးပဲလ်က ဟယ်ရီရဲ့ မျက်နှာကို ဖျတ်ခနဲ တစ်ချက် ခိုးကြည့်အကဲခတ်ရင်း ပြောလိုက်တယ်။

"ပါမောက္ခပက်ကျိချိုကို ငါ ဟိုရက်က ပြောနေရသေးတယ်။ ကျွန်တော်တို့ အားလုံး မျှော်လင့်စောင့်စားနေတဲ့ ဟယ်ရီပေါ်တာရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ ဘယ်မှာလဲလို့"

"ဟုတ်လား" ဟယ်ရီက ဒါပဲ ပြောတယ်။

"ခုတော့ ဟိုရေ့စ် ပြောသလောက်ပဲ သိရသေးတယ်၊ ဒါပေမဲ့ သိပ်အရေးပါပါတယ်" ဝါးပဲလ်ဟာ ပြောရင်း မျက်နှာအမူအရာ ပြောင်းသွားတယ်။ လူမှုရေးအလွတ်သဘော ပုံစံကနေ ချက်ချင်း လုပ်ငန်းသဘောဆန်ဆန် ဖြစ်လာတယ်။ တစ်ခါ "အဲဒီ အတ္ထုပ္ပတ္တိကို ငါကိုယ်တိုင်ပဲ ရေးချင်ပါတယ်။ လူတွေက မင်းအကြောင်းကို သိဖို့ အရမ်းတောင့်တနေကြပြီ လူကလေး၊ မင်းကိုငါ လူရွှေးမေးမြန်း ဆွေးနွေးခွင့်ပြုပြီး အချိန် ၄-၅နာရီလောက် ပြောပြရုံပါပဲ။ ဒါဆိုတို့က စာအုပ်ကို လပိုင်းအတွင်း အပြီးသတ်စီရင် ရေးသားထုတ်ဝေလို့ရတယ်။ ဒီတော့ မင်းဘက်က နည်းနည်းလေး အားထုတ်လိုက်ရင်ပြီးပြီ၊ ငါမင်းကို အာမခံတယ်၊ အဲဒီအတိုင်း လုံးဝဟုတ်မဟုတ် ဆန်ဂူအီနီကိုသာ မေးကြည့်ပေတော့" လို့ ဆက်ပြောရင်းက "ဒီမှာနေစမ်းပါ ဆန်ဂူအီနီ" လို့ တစ်ဆက်တည်း ဟောက်လိုက်တယ်။ သူ့ရဲ့ မျက်နှာထားလည်း တင်းသွားတယ်။ သွေးစုပ်ဖုတ်ကောင် ဆန်ဂူအီနီဟာ ဆာလောင်မွတ်သိပ်နေတဲ့ မျက်လုံးတွေနဲ့ ဘေးနားက မိန်းကလေးတွေဆီကို ချဉ်းကပ်သွားနေလို့ပဲ။ ဒါကြောင့် ဝါးပဲလ်ဟာ အနားကဖြတ်သွားတဲ့ နတ်သူငယ် စားပွဲထိုးကလေး တစ်ယောက်ရဲ့ ဗန်းထဲက

www.burmeseclassic.com

အစာသွတ်မုန့်တစ်ခု ဆတ်ခနဲ လှမ်းယူပြီး "ရော့ ဒီမုန့်စားထား"လို့ဆိုရင်း မုန့်ကို ဆန်ဂူအီနီရဲ့ လက်ထဲထိုးထည့် ပေးလိုက်တယ်။ ပြီးမှ ဟယ်ရီ့ဘက်ကို သူအာရုံ ပြန်ရောက်လာတယ်။

"ငါ သိပ်ခင်မင်ရတဲ့ လူကလေး၊ မင်းဟာ ရွှေဖြစ်နိုင်၊ ငွေဖြစ်နိုင်တယ်။ မင်းမှာ ဘယ်လိုလုပ်ရမယ်ဆိုတာ စိတ်ကူးမရှိလို့ဘဲ"

ဒါပေမဲ့ ဟယ်ရီကလည်း–

"ကျွန်တော် လုံးဝအလျင်း စိတ်မဝင်စားပါဘူး၊ ကျွန်တော့်မှာ လောလောဆယ် သူငယ်ချင်းတစ်ယောက် ပါနေတယ်။ ဝမ်းနည်းပါတယ်"လို့ ခပ်ပြတ်ပြတ် ပြောပစ်လိုက်တယ်။

သူ လူနာရဲ့ လက်ကိုဆွဲပြီး လူအုပ်ထဲကို ရှေ့ကနေ တိုးဝင်သွားတယ်။ အဲဒီမှာ အညိုရောင်ဆံပင်ရှည်ပိုင်ရှင် ဂစ်ခိုးကို ဘယ်လိုကြီးမှန်းမသိအောင် ပုံပျက်ပန်းပျက် ဖြစ်နေတဲ့ ညီအစ်မနှစ်ယောက်လို့ ထင်ရသူတွေကြားမှာ သူတွေ့လိုက်ရတယ်။

"ဟာမီယွန် ဟာမီယွန်"

"ဩော် ဟဲ့ ဟယ်ရီ နင်ဒီမှာ ရှိနေတာလား တော်ပါသေးရဲ့၊ ဟော့ လူနာ"

"မင်း ဘာဖြစ်နေလို့လဲ" ဟာမီယွန်ကို ကြည့်ရတာ ခုလေးတင်ပဲ ထောင်ချောက်တစ်ခုထဲကနေ ရုန်းကန်တိုက်ခိုက် ထွက်လာရသလို သိသိသာသာကြီး ဖရိုဖရဲ ဖြစ်နေတဲ့အတွက် ဟယ်ရီက မေးလိုက်တယ်။

"အို ငါခုပဲ လွတ်မြောက်လာတယ်၊ ကော်မက်ကို ငါကျီးပေါင်းပင်အောက်မှာ ထားရစ်ခဲ့တယ်"ဟယ်ရီက သူမကို စူးစမ်းတဲ့အကြည့်နဲ့ ဆက်ကြည့်နေဆဲမှာပဲ အမောတကော ပြောပြနေတယ်။

"သူနဲ့အတူလာဖို့ နင့်ဘာသာနင် ရွေးချယ်ခဲ့တာ မဟုတ်လား" ဟယ်ရီက မညှာမတာ ပြောလိုက်တယ်။

"သူ ရွှန့်ကို အကြီးအကျယ် မခံမရပ်နိုင်အောင် စိတ်အနှောင့်အယှက်ပေးခဲ့တယ်လို့ ငါထင်တယ်။ ငါ ခဏကြာအောင် ဇာခရီးယတ်စ်အကြောင်း အချေအတင် ပြောနေခဲ့သေးတယ်။ ဒါပေမဲ့ ငါထင်တာတော့"

"နင် စမစ်ကို စဉ်းစားနေပြန်ပြီလား" ဟယ်ရီက စက်ဆုပ်တဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

"ဟုတ်တယ်၊ ငါ အခု သူ့ကို ရွေးလိုက်ဖို့ ဆန္ဒရှိသွားပြီ။ မက်လက်ဂျင်းက ရော့ပ်ကို လူကြီးလူကောင်းတစ်ယောက်လို လုပ်ပြနေတယ်။ တို့ဒီလမ်းက သွားစို့၊ သူလာနေတာကို တို့လမ်းမှာ တွေ့နိုင်တယ်။ သူက အရပ်တော်တော် ရှည်တယ်"

www.burmeseclassic.com

www.burmeseclassic.com

သူတို့ သုံးယောက်သား အခန်းရဲ့ အခြားတစ်ဖက်ကနေ ထွက်လာခဲ့တယ်။ လမ်းမှာတွေ့တဲ့ ပျားရည်ဝိုင်ကလပ်ခွက်တွေကိုလည်း ဆိုးဆိုးဆတ်ဆတ်နဲ့ ကောက်ယူလာခဲ့တယ်။ ဒါပေမဲ့ သူတို့ရှေ့မှာ ပါမောက္ခ ထရီလောနေး တစ်ယောက်တည်း ထီးထီးရပ်နေတာကို အသိနောက်ကျသွားတယ်။

"ဟုတ်ကဲ့ပါ ပါမောက္ခကြီး" လူနာက ပါမောက္ခ ထရီလောနေးအား ယဉ်ယဉ်ကျေးကျေး လှမ်းနှုတ်ဆက်လိုက်တယ်။

"ကောင်းသော ညချမ်းပါ ငါ့ရဲ့ ခင်မင်ရတဲ့ တပည့်တို့" ပါမောက္ခ ထရီလောနေးက လူနာကို တစ်စုံတစ်ရာ ပြန်စဉ်းစားနေသလို အကဲခတ်ရင်း ပြန်ပြောတယ်။ ဟယ်ရီရဲ့ နှာခေါင်းထဲမှာ ရှယ်ရီဝိုင်အပြင်းစား ချက်အရက်နံ့ ရလာပြန်တယ်။ ပါမောက္ခ ထရီလောနေးက လူနာကို ပြောလိုက်တယ်။ "ငါခုတလော ငါသင်တဲ့ စာသင်ခန်းတွေထဲမှာ မင်းကို မမြင်ရပါလား"

"မဟုတ်ပါဘူး၊ ကျွန်မ ဒီနှစ် ဖီရင်ဇီဆီမှာ သင်နေပါတယ် ပါမောက္ခကြီး"လူနာက ပြန်ပြောတယ်။

"အိုး–ဒါကြောင့်ကိုး" ပါမောက္ခထရီလောနေး ဒေါသထွက်ပြီး ခပ်အုပ်အုပ် ရယ်လိုက်တယ်။ "သူမဟုတ်ရင်လည်း မင်း ဒေါ့တင်ဆီမှာ သင်ဦးမှာပဲ၊ ငါ ဒီကျောင်းကို ပြန်ရောက်လာရင် ဒမ်းဘဲလ်ဒိုးဟာ ဒီမြင်းကို ဖယ်ရှားပေးရမှာ၊ ခုတော့ အတန်းတွေခွဲဝေ သင်နေရတယ်။ ရှင်းရှင်းပြောရရင် ဒါစော်ကားတာပဲ။ ဟုတ်တယ်၊ ငါ့ကို စော်ကားတာဆိုတာ မင်းမသိဘူးလား"

ပါမောက္ခ ထရီလောနေးဟာ အတော်လေး ထွေနေပြီမို့ ဟယ်ရီကိုတော့ မမှတ်မိဘဲ ဖြစ်နေတယ်။ ဖီရင်ဇီအပေါ် သူမ ကြောက်မက်ဖွယ် ဝေဖန်ပြောဆိုနေချိန်မှာပဲ အခွင့်ကောင်းကိုယူပြီး ဟယ်ရီက ဟာမီယွန်ကို သူ့ဘက်ကို ဆွဲယူလိုက်ပြီး"ကဲ ငါတို့ ပွင့်ပွင့်လင်းလင်း တဲ့တိုး ပြောကြရအောင်၊ ဂိုးသမား အစမ်းရွေးရာမှာ နင်ဝင်ပြီး နှောင့်ယှက်ခဲ့တယ်လို့ ရွန်ကို နင်ပြောဖို့ နင်ကြံစည်နေတာလား"လို့ မေးလိုက်တယ်။

ဒီမှာတင် ဟာမီယွန်ရဲ့ မျက်ခုံးတွေ ပင့်တက်သွားပြီး "ဩော် နင်က ငါ့ကို ဒီလောက် အောက်တန်းကျတယ်လို့ ထင်နေလို့လား"လို့ ပြန်မေးလိုက်တယ်။

ဒီတော့ ဟယ်ရီက သူမကိုကြည့်ပြီး လိမ်မာပါးနပ်စွာနဲ့ ပြောတယ်။ "ဟာမီယွန် နင် မက်လက်ဂျင်းကို နောက်ဆုတ်ဖို့ ပြောပေးနိုင်မလား"

"မဆိုင်ဘူးလေ၊ အဲဒါက တခြားစီပဲ"ဟာမီယွန်က ဟိတ်နဲ့ဟန်နဲ့ ပြောလိုက်တယ်။ "ဂိုးသမား အစမ်းရွေးရာမှာ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ မဖြစ်ခဲ့ မဖြစ်ခဲ့ ငါရွန်ကို ဘာတစ်ခုမှ ပြောဖို့ အစီအစဉ် မရှိဘူး"

"အေး ကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင်ပြောလိုက်ရင် သူနောက်တစ်ခါ ဆောက်တည်ရာမရ ပြန်ဖြစ်သွားပြီး နောက်ပြိုင်ပွဲမှာ ငါတို့ ရှုံးသွားမှာမို့ပဲ" ဟယ်ရီက အားတက်သရော ပြောလိုက်တယ်။

www.burmeseclassic.com

“လာပြန်ပြီ ဒီကွစ်ဒစ်ချ်” ဟာမီယွန်က ဒေါသတကြီး ပြောလိုက်တယ်။ “ယောကျ်ားလေးတွေ အကုန်လုံး ဒါပဲ စိတ်ဝင်စားနေကြသလား၊ ကော်မက်လည်း ငါ့အကြောင်းကို ဘယ်တုန်းကမှ မေးခွန်းလေး တစ်ခုတောင် မေးဖော်မရခဲ့ဘူး။ အို– ပြောလိုက်မယ် ကော်မက် မက်လက်ဂျင်းဟာ ဟိုကတည်းက ခုထိ တစ်လျှောက်လုံး ငါ့ကို မရပ်မနား ဇရာမခမ်းနားကြီးကျယ်တဲ့ အကာအကွယ်ပေးမှုကြီး တစ်ရာလောက်ကြီးများတောင် ပေးခဲ့တာသိလား။ ဟော ပြောရင်းဆိုရင်း ဟိုမှာ သူလာနေပြီ”

သူမဟာ နေရာမှာတင် ပျောက်သွားလေသလား ဆိုရလောက်အောင် လှစ်ခနဲ ထွက်သွားပါတယ်။ ပြီးတော့ စောစောကနေရာကို သူမပြန်ရောက်သွားတယ်။ နောက်တော့ တဟီးဟီး တဟားဟား ရယ်မောနေတဲ့ စုန်းမလေး နှစ်ယောက်အကြားကို သူမအတင်းတိုးဝင်ပြီး ပျောက်ကွယ်သွားပါတော့တယ်။

“ဟာမီယွန်ကို မမြင်မိဘူးလား”

တစ်မိနစ်လောက်ကြာတော့ လူအုပ်ကြီးကို အတင်းတိုးဇ ရောက်လာပြီး မက်လက်ဂျင်းက မေးလိုက်တယ်။

“ဟာ မတွေ့မိဘူးကွာ၊ ဆောရီးပဲ” ဟယ်ရီက ပြောပြီး သူ စက္ကန့်အနည်းငယ်ကြာအောင် မေ့နေမိတဲ့ လူနာရဲ့ စကားဝိုင်းကို ပြန်စဖို့ သူမဘက်ကို လှည့်လိုက်တယ်။

“ဟယ်ရီပေါ်တာ” ပါမောက္ခ ထရီလောနေးဟာ ဟယ်ရီကို ပထမဆုံးအကြိမ် ပြန်မှတ်မိလာပြီး အာလေးလျှာလေးကြီးနဲ့ ခေါ်လိုက်တယ်။

“အိုး ဟယ်လို”ဟယ်ရီ စိတ်မပါလက်မပါ ပြန်ဖြေတယ်။

‘ငါ ချစ်ခင်ရတဲ့ ကောင်လေး”သူမက မကြားရသလောက် နီးပါးအသံနဲ့ ရေရွတ်လိုက်တယ်။ ပြီးတော့ “ကောလဟာလတွေ၊ ဇာတ်လမ်းတွေ၊ လက်ရွေးစင် နံပါတ်တစ်၊ အင်း ဒါတွေကို ငါကြားခဲ့ပြီးတာ ကြာကြာလှပါပကောကွယ်။ အတိတ်နိမိတ်တွေကလည်း မကောင်းဘူးကွဲ့။ ဒါပေမဲ့ ဟယ်ရီ မင်းဘာကြောင့်များ ဘုရားသခင် ပေးတဲ့ ကိုယ့်နေရာမှန်ကို ပြန်မသွားတာလဲကွယ်၊ မင်းအတွက် လူတွေအားလုံးအတွက် ဒီအကြောင်းတွေဟာ အရေးတကြီးတကာ့ အကြီးဆုံးကိစ္စတွေပါပဲ”လို့ ပြောလိုက်တယ်။

ဒီမှာတင် “ဟာဆီးဘီးလ်၊ ကျွန်တော်တို့အားလုံးက ကျွန်တော်တို့ကိစ္စတွေကို အရေးအကြီးဆုံးလို့ ထင်ထားပြီးသားပါဗျ”ဆိုတဲ့ ကျယ်လောင်တဲ့ အသံတစ်သံနဲ့အတူ ပါမောက္ခ ထရီလောနေးရဲ့ ကျန်တဲ့ဘေးတစ်ဖက်ကနေ ပက်ကျိချိုပေါ်လာတယ်။ သူ့မျက်နှာကြီးလည်း နီရဲနေတယ်။ ခေါင်းပေါ်က သူ့ ကတ္တီပါဦးထုပ်ကြီးလည်း ရွဲ့စောင်းနေတယ်။ သူ့လက်တစ်ဖက်ထဲမှာ ပျားရည်အရက် တစ်ဖန်ခွက်ရှိနေပြီး၊ ကျန်တဲ့လက်တစ်ဖက်ထဲမှာ သစ်သီးနဲ့ အသား စဉ်းကော ဇရာမ ဌာနနာမှန့်ကြီး တစ်တုံးကို ကိုင်ထားတယ်။ ပြီးတော့ နီရဲတဲ့ မျက်စိတွေနဲ့ ဟယ်ရီ့ကို ခင်မင်ကြင်နာစွာ ကြည့်လိုက်ပြီး သူက ဆက်ပြောတယ်။ “ဒါပေမဲ့ ဣန္ဒဇာလဆေးရည်တွေထဲမှာ ဒီလိုမျိုး သဘာဝဆေးရည်တွေ ရှိနေတယ် ဆိုတာကိုတော့ ကျွန်တော် တစ်ခါမှ မသိခဲ့ပါဘူး။ အလိုလို ခင်ဗျားသိတာ ဟုတ်လား၊ သူ့အမေလိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ ဒီစွမ်းဆောင်ရည်မျိုးကို နည်းနည်းပါးပါးလေးပဲ သင်ခဲ့ရဖူးပါတယ်။ ကျွန်တော် ခင်ဗျားကို ဒီလောက်ပဲ ပြောနိုင်မယ် ဆီဘီလ်၊ ဆီးဗားရပ်စ်တောင်မှ မသိနိုင်ဘဲနဲ့"

နောက်တော့ ဟယ်ရီ လန့်ဖျပ်သွားလောက်အောင် ပက်ကိုချိုဟာ သူ့လက်မောင်း တစ်ဖက်ကို ဆန့်ထုတ်ပြီး စနိပ်ကို လေထဲကနေ လွှားခနဲ သူတို့ရှေ့ရောက်လာအောင် ခြေမြန်လက်မြန် ဆွဲထုတ်ခေါ်လာပါတယ်။

"ခင်ဗျား ခြေပုန်းခုတ်နေတာကို ရပ်တန်းကရပ်ပြီး ကျွန်တော်တို့နဲ့ လာပူးပေါင်းပါ ဆီးဗားရပ်စ်" ပက်ကိုချိုက ပြုံးပြုံးရွှင်ရွှင် ကြို့တစ်ချက်ထိုးရင်း ဆက်ပြောတယ်။ "ဣန္ဒြေလဆေးရည်တွေ ဖော်စပ်ရာမှာ ကျုပ်တို့က ဟယ်ရီရဲ့ ထူးခြားတဲ့ စွမ်းဆောင်မှုကို ပြောနေတာပါ။ ခင်ဗျားကိုလည်း အားလုံးက ချီးကျူးရမှာပေါ့။ ခင်ဗျားက သူ့ကို ငါးနှစ်ကြီးများတောင် သင်ကြားပေးခဲ့တာလေ"

ပက်ကိုချိုရဲ့ လက်မောင်းနဲ့ သူ့ပခုံးကို သိုင်းဖက်ချုပ်ကိုင်ထားခံနေရတဲ့ စနိပ်က ဟယ်ရီကို ကြည့်လိုက်တယ်။ သူ့နှာခေါင်းကောက်ကောက်ကြီး ပေါ်က အနက်ရောင် မျက်လုံးတွေကို ကျဉ်းထားတယ်။

"ရယ်စရာကောင်းလိုက်လေ၊ ဟယ်ရီပေါ်တာကို တစ်စုံတစ်ရာ သင်ပေးရမယ်လို့ ကျုပ်ဘယ်တုန်းကမှ လုံးလုံး ထင်မထားခဲ့ပါဘူး"

"ဟုတ်ပါပြီ၊ ဒါက သဘာဝ ပင်ကိုအရည်အချင်းပါ" ပက်ကိုချိုက အော်ဟစ်လိုက်တယ်။ "သူ ကျွန်တော့်ကို ဘာပေးခဲ့တယ်ဆိုတာကို ခင်ဗျား သိထားသင့်တယ်။ ပထမသင်ခန်းစာ ရှင်လျက်နဲ့ သေနေစေတဲ့ အစွမ်းထက်ဆေးရည်ကို ကျောင်းသားတစ်ဦးကို ပထမအကြိမ် ကြိုးပမ်းမှုမှာ ဘယ်တော့မှ မထုတ်လုပ်စေရဘူး။ ခင်ဗျားလည်း သင်သင့်တယ်လို့ ကျွန်တော် မထင်ဘူး ဆီးဗားရပ်စ်"

"မှန်ပါတယ်" စနိပ်က အေးအေးဆေးဆေး ပြောလိုက်တယ်။ သူ့မျက်လုံးတွေကတော့ စိုးရိမ်ပူပန်နေတဲ့ ဟယ်ရီရဲ့ မျက်နှာကို စူးစူးစိုက်စိုက် ထွင်းဖောက်တူးဆွ ကြည့်နေဆဲပဲ။ စနိပ်အတွက် သူလိုချင်တဲ့ နောက်ဆုံးအရာကတော့ သူအသစ်တွေ့ရှိထားတဲ့ ထူးကဲပြောင်မြောက်ကောင်းမွန်လှတဲ့ ဆေးရည်တွေရဲ့ အရင်းအမြစ်ကို စစ်ဆေးဖော်ထုတ်ဖို့ ဖြစ်ပါတယ်။

"တခြား ဘယ်ဘာသာတွေ မင်းယူနေသလဲ ငါသတိရအောင် ပြန်ပြောပြပါလား ဟယ်ရီ" ပက်ကိုချိုက ဟယ်ရီ့ကို ပြောခိုင်းတယ်။

"လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း၊ ဂါထာမန္တရား၊ ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း၊ မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နှံ့စပ်မှု"

"တိုတိုပြောရရင် အော်ရာတစ်ယောက်အတွက် ဘာသာရပ်အားလုံး လိုအပ်တာတွေချည်းပါပဲ" စနိပ်က သရော်တဲ့ လက္ခဏာရေးရေးကလေးပါတဲ့ အသံနဲ့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့ ဒီဘာသာရပ်တွေက ကျွန်တော် ယူချင်ခဲ့တဲ့ ဘာသာတွေချည်းပဲ”ဟယ်ရီက မခံချင်သလို ပြောလိုက်တယ်။

“ပြီးတော့ မင်းလုပ်ရမယ့် ဘာသာရပ်ကြီးတစ်ခု ရှိသေးတယ်လေ”ပက်ကိုချိုက အားပါးတရ ပြောလိုက်တယ်။

“ဟယ်ရီ ငါကတော့ နင့်ကို အော်ရာတစ်ယောက် မဖြစ်သင့်ဘူးလို့ ထင်တယ်။ အော်ရာတွေဟာ လျှို့ဝှက်မှော်ပညာတွေနဲ့ ရောဂါဘယတွေကို ပူးတွဲအသုံးချပြီး မှော်ပညာဝန်ကြီးဌာန ပြုတ်ကျပြိုလဲအောင် လုပ်ဖို့ ကြိုးစားနေတဲ့ ရော့ဖန်း ပူးပေါင်းကြံစည်မှုကြီးရဲ့ တစ်စိတ်တစ်ပိုင်းပဲ”လူနာက မမျှော်လင့်ဘဲ ဝင်ပြောလာတယ်။

ဟယ်ရီရယ်လိုက်မိတဲ့အတွက် သူ့ဖန်ခွက်ထဲက ပျားရည်အရက်နံ့တွေ သူ့နှာခေါင်းထဲ ဆောင့်တက်သွားအောင် ရှူရှိုက်မိသွားတယ်။ လူနာပြောလိုက်တဲ့ စကားဟာ ဒီကိစ္စနဲ့ ပတ်သက်ပြီး တကယ်ကို တန်ဖိုးရှိတဲ့ စကား ဖြစ်နေတယ်။ ဝိုင်ကလပ်ခွက်ကို သောက်နေရာက ချောင်းဆိုးရင်း၊ စိုနေတဲ့ နေရာကို သုတ်ရင်း သူပြုံးနေရာက ဟယ်ရီရဲ့ စိတ်ထဲမှာ တစ်စုံတစ်ခုက သူ့စိတ်ဓာတ်တွေကို မြှင့်ပေးလိုက်သလို ခံစားရတယ်။ ဒရာကို မော်လ်ဖွိုင်းကို အားဂတ်စ်ဖီးလ်ချ်က နားရွက်ကနေ ဆွဲပြီး သူတို့ဆီကို ခေါ်လာတယ်။

“ပါမောက္ခ ပက်ကိုချို” ဖီးလ်ချ်က ချွဲသလိပ်ထနေတဲ့ အသံကြီးနဲ့ ခေါ်လိုက်ပြီးမှ ပြောတယ်။ “ဒီကောင်ကလေးကို အပေါ်ထပ် စင်္ကြံမှာ တစ်စုံတစ်ဦးကို တိုက်ခိုက်မယ့်ပုံမျိုးနဲ့ ချောင်းမြောင်းနေတာ တွေ့ရတယ်။ သူက ခင်ဗျားရဲ့ ပါတီပွဲကို တက်ဖို့ ဖိတ်ကြားထားခံရပြီး ထွက်လာဖို့ နှောင့်နှေးကြန့်ကြာသွားလို့ပါလို့ ပြောတယ်။ ခင်ဗျား သူ့ကို တကယ် ဖိတ်ကြားထားခဲ့သလား”ဖီးလ်ချ်ရဲ့ ပါးစုန့်ကြီးတွေ တလှုပ်လှုပ် တုန်ခါနေပြီး ပြူးထားတဲ့ သူ့မျက်လုံးကြီးတွေထဲမှာ မသက်မသာဖွယ် ဒုက္ခပေးမယ့် အရိပ်အယောင်တွေ ပေါ်နေတယ်။

မော်လ်ဖွိုင်းဟာ ဖီးလ်ချ်ရဲ့ ဆုပ်ကိုင်ထားမှုကနေ သူ့ဘာသာသူ ရုန်းထွက်လိုက်ပြီး မိုက်ကြည့်ပြန်ကြည့်ရင်း ဒေါသတကြီး အော်ပြောတယ်။

“ကောင်းပြီလေ၊ ကျွန်တော် ဧည့်ခံပွဲကို အဖိတ်မခံရဘူး၊ ပြီးတော့ အဖိတ်မခံရဘဲ ဧည့်ခံပွဲကို ကိုယ့်သဘောနဲ့ကိုယ် ဖွတ်တက်ဖို့ ကြိုးစားတယ် ဟုတ်လား။ ခင်ဗျား သဘောကျသွားတယ်ပေါ့”

“မဟုတ်ဘူး၊ ငါ ဒီလို ပြောတာ မဟုတ်ဘူး”ဖီးလ်ချ်က ပြန်ပြောလိုက်တယ်။ သူ့မျက်နှာဟာ ချက်ချင်း ထူးထူးခြားခြား ရွှင်ရွှင်ပျပျ ဖြစ်သွားတယ်။ သူက ဆက်ပြောတယ်၊ “မင်း ဒုက္ခတော်တော် ရှာတဲ့ ကောင်ပဲ၊ ကျောင်းအုပ်ကြီးက ညအချိန်ချောင်းမြောင်း သွားလာတာမျိုး မလုပ်ရဘူးလို့ ပြောမထားဘူးလား၊ မင်းခု ခွင့်ပြုချက်မရဘဲ ဒီလိုလုပ်ခဲ့တယ်။ ဟုတ်တယ် မဟုတ်လား”

“ကဲ ကဲ ကောင်းပါပြီကွာ၊ အားဂတ်စ်ရယ် ကောင်းပါပြီ၊ ထားလိုက်ပါတော့။ ခရစ်နက ခရစ္စမတ်ကာလအချိန် မဟုတ်လား၊ ဒီတော့ ဒီအချိန်မှာ ပါတီပွဲကို သူလာချင်တာ ရာဇဝတ်မှုတစ်မှု

www.burmeseclassic.com

မဟုတ်ပါဘူး။ ဒီတစ်ကြိမ်တော့ အပြစ်တစ်စုံတစ်ရာ မပေးဘဲ ဒီကိစ္စကို တို့မေ့ပစ်လိုက်ပါမယ်။ ကဲကဲ မင်းဒီမှာနေလို့ရပါတယ် ဒရာကို" ပက်ကျိချိုက လက်တစ်ဖက်ကို ဝှေ့ယမ်းပြီး ဖီးလ်ချ်နဲ့ မော်လ်ဖွိုင်းကို ပြောလိုက်တယ်။

ဖီးလ်ချ်ရဲ့ မျက်နှာအမူအရာဟာ ကြိုတင်ဟောကိန်းထုတ်စရာမလိုဘဲ နာကြည်းဒေါသထွက် စိတ်ပျက်သွားပုံ အတိုင်းသား ပေါ်နေတယ်။ ဒါပေမဲ့ ဟယ်ရီက မော်လ်ဖွိုင်းကို ကြည့်ရင်း အံ့ဩနေတယ်။ မော်လ်ဖွိုင်းလည်း ဖီးလ်ချ်နဲ့ ထပ်တူထပ်မျှ နီးပါး မျက်နှာမသာမယာ ဖြစ်နေတာ ဘာကြောင့်လဲ။ တစ်ခါ စနိပ်ကို ကြည့်လိုက်ပြန်တော့ မော်လ်ဖွိုင်းနဲ့ သူ အပြန်အလှန် နှစ်ယောက်လုံး စိတ်ဆိုးနေပုံပေါက်နေတယ်။ ဘာကြောင့်လဲ။ ဒါဟာ ကြောက်စရာကောင်းတဲ့ တစ်စုံတစ်ခုများ ဖြစ်နေမလား။ ဟယ်ရီ သိချင်နေတယ်။

× × × × × × × × × × × × × × × × × × ×

ဩော်..... လူ့ဘဝ လူ့ဘဝ

ုဖျအ နိငအေနိ ဘပ ု သူတညျေပေး ၁၁-၀၈-၂၀၀၈ အေ ၁၀ါ၄၄ ဗ◌ြ

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပ်ျငအှ့ျကသအန ကြူအငျေကသအနစ္ ၎ျ ရှူါေန

ျကငခ မနစူပ အသ အှ၎ျ ၁ရှူါေန့ ေညျ

ဖော်ပြပါမင်ဘာ ၁၁ယောက်မှ

ုသူတညျေပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နေပြကညေါယ ၀ိပ× ၃လငူယ ြ ဗပနယ ညပေ ညပေယ ညနသညညေါယ ညါ၎ညေယ

ညပငူညေညါနယ၂တေယ အမေညတေ၀၀ဂ္ယ တ၎ဘေယ ဖပေါပင၅၅

ုသူတညျေပေ

ဋငနတ ဏကဘူငခ ဏမသ်ငူန

ုနညိ ေ စမငလအေန ၁ရှူါေန အသ ုသူတညျေပေ

ငညိ ဩမန ဏသျအျ ဘပ ု သူတညျေပေ

ဗိ ုသူတညျေပေ အသ ့သကမ ဃသညအခေအျ

ဥျိ ၁၁-၀၅-၂၀၀၈ယ ၀၈ါ၅၇ ဗ◌ြ ဋ၉၃

ုသူတညျေပေ

ဩဘူန ဃသညအမငဘေကအသမ

ပြညောမေ ဃကစငိ

ုသူတညျေပေ ၎ျ သိုငညေန

ိသညေိအေနါ ဩလ ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com

ဏာသျအျါ ၇၉၂
ၜညျေါ ၁၁၈၂၃
ၜညေနိ ၈၈၈ၔ ဝါနျ ငည ၇၈၆ ဏာသျအျ
ူသူတငညူပေ ျပ သည ေျြအငညါကျ်နိ မသငိ

ိန်ကျေူအ
ဒါပေမဲ့ ဖြစ်နေတဲ့ အခြေအနေအားလုံးကို ဟယ်ရီစေ့စေ့စပ်စပ် ကြည့်ရှု သဘောမပေါက်ခင်မှာပဲ ဖီးလ်ချ်က ပြန်လှည့်ပြီး အဝေးကို ထွက်သွားတယ်။ ရှုးရှုးရှားရှားနဲ့ ပါးစပ်ကလည်း ပွစိပွစိပြောသွားတယ်။ နောက်ချက်ချင်လိုလိုပဲ မော်လ်ဖွိုင်းက သူ့စိတ်ကို ချုပ်တည်းပြီး မျက်နှာအချိုး ပြောင်းလိုက်တယ်။ သူက ပြုံးပြုံးရွှင်ရွှင်နဲ့ ပက်ကျိချိုရဲ့ စိတ်သဘောထားကောင်းပုံအတွက် ကျေးဇူးစကား ဆိုနေသလို၊ စနိပ်ရဲ့ မျက်နှာလည်း နားမလည်နိုင်အောင် ပြေပြေလည်လည် ပုံမှန်ပြန်ဖြစ်နေတယ်။

"ဟာ မလိုပါဘူးကွယ်၊ ဘာမှမလိုဘူး"မော်လ်ဖွိုင်းရဲ့ ကျေးဇူးစကားကို ပက်ကျိချိုက ယဉ်ယဉ်ကျေးကျေး ငြင်းနေတယ်။ ငါမင်းရဲ့ အဘိုးကို ကောင်းကောင်းသိပါတယ်ကွယ်။ နောက်ဆုံးမှာတော့..........."

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သူက ဆရာရဲ့ အကြောင်းကို အမြဲတလေးတစား ချီးကျူးပြောတတ်ပါတယ် ဆရာ။ သူတွေ့ဖူးသမျှ ဣန္ဒြေဗာလ ဆေးရည်ဖော်စပ်သူတွေထဲမှာ ဆရာဟာ အကြီးကျယ်ဆုံး အခမ်းနားဆုံးလို့ ပြောပါတယ်" မော်လ်ဖွိုင်းကလည်း ပျာပျာသလဲ ပြောလိုက်တယ်။

ဟယ်ရီက မော်လ်ဖွိုင်းကို စိုက်ကြည့်လိုက်တယ်။ ဒါဟာ သူ့ကို စိတ်ဝင်စားလို့ ကြည့်နေတာမဟုတ်ဘဲ စနိပ်ဆီကို သူဘာလုပ်ပြတယ်ဆိုတာကို အချိန်အကြာကြီး စောင့်ကြည့်နေတာသာ ဖြစ်တယ်။ နောက်ဆုံးတော့ မော်လ်ဖွိုင်းဟာ အနည်းငယ် နေမကောင်း ဖြစ်လာတာကို သူတွေ့ရတယ်။ ဒါဟာ မော်လ်ဖွိုင်းကို သူ့ရဲ့ အသက်အရွယ်နဲ့ ရုပ်ကိုက်ညီစွာ ပထမအကြိမ် မြင်ရတာပဲ။ ဒါတင်မကဘဲ ခုအချိန်မှာ မော်လ်ဖွိုင်းဟာ မျက်တွင်းတွေ တစ်အားကျနေပြီး အရေပြားတွေပါ သိသိသာသာ မွဲခြောက်ခြောက် ဖြူဖြူရော်ရော် ဖြစ်နေတယ်။

"ငါ မင်းနဲ့ စကားပြောစရာ ရှိတယ် ဒရာကို" စနိပ်က ရုတ်တရက် ဖြုန်းစားကြီး ကောက်ကာငင်ကာ ပြောလိုက်တယ်။

"အို–ဆီးဗားရပ်စ်၊ ခုအချိန်ဟာ ခရစ္စမတ်ပွဲ လုပ်နေတဲ့ အချိန်လေ၊ သိပ်တင်းတင်းမာမာ မလုပ်ပါနဲ့" ပက်ကျိချိုက ပြောရင်း နောက်တစ်ခါ ထပ်ကြို့ထိုးလိုက်တယ်။

"ကျွန်တော်ဟာ သူ့အဆောင်ရဲ့ အကြီးအကဲပဲ၊ ဘယ်လို တင်းတင်းကျပ်ကျပ် လုပ်ရမယ်ဆိုတာ ကျွန်တော် ဆုံးဖြတ်ရလိမ့်မယ်။ လာ ငါနဲ့ လိုက်ခဲ့ ဒရာကို" စနိပ်က တုံးတိတိ ပြောလိုက်တယ်။

စနိပ်က ဦးဆောင်ပြီး သူတို့ ထွက်သွားကြတယ်။ မော်လ်ဖွိုင်း မကျေမချမ်းနဲ့ ပါသွားတယ်။ ဟယ်ရီအဲဒီနေရာမှာ ချီတုံချတုံနဲ့ ခဏလေးတော့ ရပ်နေသေးတယ်။ နောက်တော့ ခဏလေးကြာရင်

www.burmeseclassic.com

ပြန်လာမယ် အိမ်သာသွားချင်လို့ပါ”လို့ လူနာကို ပြောလိုက်တယ်။ လူနာက “အေးအေး”လို့ ရွှင်ရွှင်လန်းလန်းနဲ့ ပြန်ပြောတယ်။ သူထွက်လာပြီး လူအုပ်ကြားထဲကို ခပ်သွက်သွက် တိုးဝင်သွားချိန်မှာ၊ နောက်ဘက်မှာ ပါမောက္ခထရီလောနေးနဲ့ သူမရော့ဖန်း ပူးပေါင်းကြံစည်မှုကြီးအကြောင်း စကားပြန်စပြီး ပြောနေသံကို သူကြားခဲ့ရတယ်။

ပါတီပွဲအပြင် ရောက်သွားပြီမို့ ဟယ်ရီ သူ့အိတ်ကပ်ထဲကနေ ကိုယ်ပျောက်ဝတ်ရုံကို အလွယ်တကူ ဆွဲထုတ်ပြီး သူ့ကိုယ်ပေါ်မှာ လွှမ်းလိုက်တယ်။ စင်္ကြံမှာ လူလုံးဝမရှိဘဲ ရှင်းနေတယ်။ စနိပ်နဲ့ မော်လ်ဖွိုင်းကို တွေ့နိုင်ဖို့ ပိုခက်နေတယ်။ ဟယ်ရီစင်္ကြံအတိုင်း ပြေးသွားတယ်။ ဒါပေမဲ့ သူ့ခြေသံကို နောက်ဘက် ပက်ကျိချိုရဲ့ ရုံးခန်းထဲက ထွက်လာနေတဲ့ ကျယ်လောင်တဲ့ ဂီတသံနဲ့ စကားပြောသံတွေက ဖုံးထားတယ်။ စနိပ်ဟာ မော်လ်ဖွိုင်းကို မြေအောက်ခန်းထဲက သူ့ရုံးခန်းကို ခေါ်သွားတာ ဖြစ်နိုင်တယ်။ ဒါမှမဟုတ်ရင် ဆလီသီရင်အဆောင်က ကျောင်းသားနားနေခန်းကို ကိုယ်တိုင်ကြပ်မတ်ပြီး လိုက်ပို့နေတာလည်း ဖြစ်နိုင်တယ်။

စင်္ကြံတစ်လျှောက် တစ်ဟုန်ထိုး အပြေးအလွှားသွားနေရင်း တံခါးတွေ တစ်ချပ်ပြီး တစ်ချပ်ကို နားနဲ့ကပ်ပြီး နားထောင်ကြည့်လာခဲ့တာ နောက်ဆုံး စာသင်ခန်းတစ်ခုကို ရောက်သွားပြီး တံခါးသော့ပေါက်ကို ငုံ့နားထောင် ကြည့်လိုက်တဲ့အခါမှာတော့ သူစိတ်တွေ အရမ်း လှုပ်ရှားသွားသလို အကြီးအကျယ်လည်း အံ့အားသင့်သွားတယ်။

“အမှားတွေ သိပ်မလုပ်နဲ့ ဒရာကို။ နို့မို့ရင် မင်းကျောင်းက အထုတ်ခံရလိမ့်မယ်”

“ကျွန်တော် အဲဒါကို ဘာမှ မလုပ်ခဲ့ပါဘူး၊ တကယ်ပါ”

“မင်း အမှန်အတိုင်း ပြောနေတယ်လို့ ငါ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက လုပ်ရကိုင်ရ ခက်တဲ့အပြင် မိုက်မဲရာလည်း ကျနေလို့ပဲ။ ပြီးတော့ အဲဒါကို မင်းလုပ်နေတယ်လို့ သံသယဖြစ်နေကြတယ်လေ”

“ဘယ်သူက ကျွန်တော့်ကို သံသယဖြစ်လို့လဲ”မော်လ်ဖွိုင်းက ဒေါသတကြီး ပြောလိုက်တယ်။ “နောက်ဆုံးအကြိမ်အနေနဲ့ ကုန်ကုန် ပြောလိုက်မယ် ကျွန်တော် အဲဒါကို မလုပ်ခဲ့ပါဘူး။ အဲဒီဘဲလ်ဆိုတဲ့ ကောင်မလေးမှာ ရန်သူတစ်ယောက် ရှိရမယ်။ ဒါကို ဘယ်သူမှ မသိတာ ဖြစ်မယ်။ ကျွန်တော့်ကို ခုလိုလာမထင်နဲ့။ ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော် ငတုံး မဟုတ်ဘူး။ ဒါပေမဲ့ အဲဒါ ဖြစ်လာမှာ မဟုတ်တော့ဘူး။ ကျွန်တော် ခင်ဗျားကို တားဆီးနိုင်တယ်”

စကားပြောသံတွေ ခဏငြိမ်သွားပြီးမှ စနိပ်က တိုးတိုးကလေး ပြောလိုက်တယ်။ “ဟာ မင်းကို မင်းအဒေါ် ဘဲလ်လားထရစ်က အုတ်တလန်မင်စီ သင်ထားတယ် မဟုတ်လား၊ ဒါနဲ့ မင်းဆရာကို မင်းကဘာအကြံနဲ့ အဲဒါကို ဖုံးကွယ်ဖို့ ကြိုးစားနေတာလဲ ဒရာကို”

“ကျွန်တော်သူ့ကို ဘာမှ ဖုံးကွယ်ဖို့ ကြိုးစားမနေပါဘူး၊ ကျွန်တော့်အနေနဲ့ကတော့ ဒီကိစ္စမှာ ခင်ဗျား လုံးဝ ဝင်မစွက်ဖက်စေချင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီဟာ သူ့နားကို သော့ပေါက်ပေါ်မှာ ပိုပြီး ဖိကပ်နားထောင်လိုက်တယ်။ မော်လ်ဖွိုင်းအနေနဲ့ စနိပ်ကို ဒီလို ပြောရလောက်အောင် ဘာတွေ ဖြစ်ပျက်ခဲ့သလဲ၊ အမှန်တော့ သူဟာ စနိပ်ကို အမြဲတမ်း ရိုရိုသေသေ ဆက်ဆံခဲ့တဲ့အပြင် သဘောကျ နှစ်သက်ခဲ့ပါလျက်နဲ့ ခုလို ပြောလိုက်တာပဲ ဖြစ်ပါတယ်။

"ဒါဆိုရင် ဒီတစ်လောမှာ မင်းငါ့ကို ဘာကြောင့် ရှောင်နေခဲ့တာလဲ။ မင်းက ငါဝင်စွက်ဖက်မှာကို စိုးရိမ်တာလား၊ ငါ့ရုံးခန်းကို လာပါလို့ သူတို့ကို ငါပြောလိုက်ရင် ငါ့ဆီကိုလာဖို့ ပျက်ကွက်တဲ့လူမရှိတာကို မင်းသိမှာပါ"

"ဒါဆို ကျွန်တော့်ကို ဖမ်းလိုက်လေ၊ ပြီးတော့ ဒမ်းဘဲလ်ဒိုးဆီ သတင်းပို့လိုက်ပေါ့"မော်လ်ဖွိုင်းက သရော်လှောင်ပြောင်နေတယ်။ တစ်ခါ အသံတွေ ငြိမ်သွားပြန်ပြီး စနိပ်ရဲ့ ပြောသံထွက်လာတယ်။ "မင်းကိုရော အဲဒီကိစ္စတွေကိုရော ငါမလုပ်ချင်ဘူးဆိုတာ မင်းကောင်းကောင်း သိပါတယ်လေ"

"ဒါဆို ခင်ဗျား ရုံးခန်းကို လိုက်ခဲ့ဖို့ ကျွန်တော့်ကို ပြောနေတာကို ခု ခင်ဗျား ရပ်လိုက်ရင် ကောင်းမယ်"

"ဒီမှာ ငါပြောတာ နားထောင်"ဒီနေရာမှာ စနိပ်ရဲ့ အသံက တစ်အားတိုးသွားတဲ့အတွက် ဟယ်ရီဟာ အထဲက ပြောတာကို ကြားရဖို့ သူ့နားကို တံခါးသော့ပေါက်နဲ့ ပိုပြီး ဖိနိုင်သမျှ ဖိကပ်နားထောင်လိုက်ရတယ်။ 'ငါက မင်းကို ကူညီဖို့ ကြိုးစားနေတာ။ မင်းကို ကာကွယ်ပါမယ်လို့ မင်းအမေရှေ့မှာ ငါကျိန်တွယ်သစ္စာဆိုထားပါတယ်။ ငါဟာ ဘယ်တော့မှ မကျိုးပေါက်နိုင်တဲ့ သန္နိဋ္ဌာန်ကို ချမှတ်ထားတာပဲ ဒရာကို"

"ဒါပေမဲ့ ခု ခင်ဗျား လုပ်နေတာတွေက အဲဒီ သန္နိဋ္ဌာန်တွေကို ချိုးဖောက်နေတာနဲ့ တူနေပြီလေ။ ဘာဖြစ်လို့လဲဆိုတော့ ခု ကျွန်တော်က ခင်ဗျားရဲ့ ကာကွယ်မှုကို မလိုအပ်ဘူး။ ဒါက ကျွန်တော်ရဲ့ အလုပ်၊ သူ ကျွန်တော့်ကို ပေးခဲ့လို့ ကျွန်တော် အဲဒါကို လုပ်နေတာပဲ။ ကျွန်တော့်မှာ အစီအစဉ်တစ်ခု ရှိတယ်။ အဲဒါကို လုပ်တော့မယ့်ဆဲဆဲပဲ။ အဲဒါဟာ ကျွန်တော် ထင်ထားတာထက် အများကြီး ပိုကြာမယ်"

"မင်းရဲ့ အစီအစဉ်က ဘာလဲ"

"အဲဒါ ခင်ဗျားနဲ့ ဘာမှ မဆိုင်ပါဘူး"

"မင်းဘာလုပ်ဖို့ ကြိုးစားနေတယ်ဆိုတာ ငါ့ကို ပြောပြရင် ငါအားပေး ကူညီနိုင်တာပေါ့"

"ကျွန်တော်လိုတဲ့ အကူအညီအားလုံး ရပြီးနေပြီ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဟာ တစ်ကောင်ကြွက် အထီးကျန် မဟုတ်ပါဘူးဗျာ"

"ဘာပြောပြော ဒီညတော့ မင်းဟာ တစ်ယောက်တည်း အထီးကျန် ဖြစ်နေတာ သေချာတယ်။ ပြီးတော့ သတိလည်းမထား၊ ဘေးကကူမယ့် အဖော်အရံလူလည်း မပါ၊ စင်္ကြံမှာ ဟိုလျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com

ဒီလျှောက်သွားလုပ်နေတာဟာ တော်တော့်ကို လွန်လွန်ကဲကဲ မိုက်မဲမှုပဲ၊ ဒါတွေဟာ အဓိက အခြေခံအမှားတွေပဲပေါ့"

"ခင်ဗျား သူတို့ကို မဖမ်းဘူးဆိုရင် ကရက်ဘီနဲ့ ဂွိုင်းလ်ကို ကျွန်တော်အဖော် ခေါ်လိုက်မယ်လေ"

"မင်းအသံကို တိုးတိုး လုပ်စမ်းပါ" စိတ်လှုပ်ရှားပြီး အားတက်သရော ပြောလိုက်တဲ့ မော်လ်ဖွိုင်းရဲ့ အသံကျယ်သွားတာကြောင့် စနိပ်က ကမန်းကတန်း ဟန့်လိုက်ပြီးမှ ပြောတယ်။ "တကယ်လို့ မင်းရဲ့ သူငယ်ချင်း ကရက်ဘီနဲ့ ဂွိုင်းလ်တို့ အနေနဲ့ သူတို့ရဲ့ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း အိုဒဗလျူအယ်လ်ဘာသာကို ဒီတစ်ကြိမ်မှာ အောင်ဖို့ ရည်ရွယ်ချက် ရှိရင်တော့ သူတို့ဟာ ခုသူတို့ လုပ်နေတာထက် နည်းနည်းလေး ပိုပြီး ကြိုးစားဖို့ လိုနေသေးတယ်"

"ဒါက ဘာအရေးလဲဗျာ၊ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဆိုတာ တကယ်တော့ ရယ်စရာ တစ်ခု သက်သက်ပါ။ ဒါဟာ ဟန်ဆောင်တာတစ်ခုပဲ မဟုတ်လား။ ကျွန်တော်တို့တွေထဲက ဘယ်သူမဆို လျှို့ဝှက်မှော်ပညာနဲ့ တိုက်ခိုက်မှုကို ကာကွယ်ဖို့ လိုအပ်တာချည်းပါပဲ"

"အင်း ဒါပေမဲ့ ဒါဟာ အောင်မြင်မှုရဖို့ သေရေးရှင်ရေး လိုအပ်တဲ့ ဟန်ဆောင်မှုတစ်ခုပဲ ဒရာကို" စနိပ်က ပြောလိုက်တယ်။ "ဒီနှစ်အတောအတွင်းမှာ ဘယ်လို ဟန်ဆောင်ရမယ်ဆိုတာကို မသိလို့ ငါဘယ်ကို ရောက်နေတယ်လို့ မင်းထင်သလဲ။ ကဲ ငါပြောတာ နားထောင်။ မင်းဟာ သတိလက်လွတ် မဆင်မခြင် လုပ်တတ်တယ်။ ညဘက်ကို လျှောက်သွားနေတယ်။ ကိုယ့်ကိုယ်ကိုယ် အမိခံသလို ဖြစ်နေတယ်။ ပြီးတော့ မင်းက ကရက်ဘီနဲ့ ဂွိုင်းလ်တို့လိုကောင်တွေကို မင်းရဲ့ အားကိုးအားထား အဖြစ်နဲ့ လက်ထောက်နေရာမှာ ထားမှာလား"

"သူတို့တင် မဟုတ်ပါဘူး၊ ကျွန်တော့်မှာ တခြားလူတွေ၊ ပိုကောင်းတဲ့ လူတွေလည်း ရှိပြီးသားပါ"

"ဒါဆို မင်းက ဘာလို့ ငါ့ကို မယုံကြည် စိတ်မချဖြစ်နေရတာလဲ၊ ငါလုပ်နိုင်.........."

"သိပါတယ် သိပါတယ် ခင်ဗျား ဘယ်လောက်ထိ လုပ်နိုင်တယ်ဆိုတာ၊ ခင်ဗျားက ကျွန်တော့်ရဲ့ ထင်ပေါ်ကျော်ကြားမှုဂုဏ်ကို ခိုးယူချင်နေတာ မဟုတ်လား"

နောက်ထပ် တစ်ကြိမ် အသံတွေ တိတ်သွားပြန်တယ်။ နောက်မှ စနိပ်က အေးစက်စက်နဲ့ ပြောလိုက်တယ်။ "မင်းဟာ ကလေးကလားနဲ့ တော်တော် ကလေး စကား ပြောတယ်။ မင်းရဲ့အဖေ အဖမ်းခံရပြီး ထောင်သွင်းအကျဉ်းချခံရမှုက မင်းကို ကမောက်ကမနဲ့ စိတ်မချမ်းမသာ ဖြစ်စေခဲ့တယ်ဆိုတာ ငါလုံးဝနားလည်ပါတယ်။ ဒါပေမဲ့...."

ဟယ်ရီ တစ်စက္ကန့်လောက် သတိနဲ့ နေလိုက်တယ်။ မော်လ်ဖွိုင်းရဲ့ ခြေသံတစ်ဖက်မှာ တံခါးဆီကို ကပ်လာတယ်။ ပြီးတော့ တံခါးကို ဝုန်းခနဲ ဖွင့်ထွက်လာပြီး စင်္ကြံအတိုင်း အဝေးကို

www.burmeseclassic.com

www.burmeseclassic.com

လျှောက်သွားနေတယ်။ ပွင့်နေတဲ့ ပက်ကျိချုံရဲ့ ရုံးခန်းတံခါးဝကိုဖြတ်ပြီး
ထောင့်ချိုးအကွေ့တစ်ခုအရောက်မှာ မြင်ကွင်းကနေ သူ ပျောက်ကွယ်သွားတယ်။

စနိုပ် စာသင်ခန်းထဲက ထွက်လာနေတုန်း ဟယ်ရီ အသက်တောင် ပြင်းပြင်း မရှူဝံ့ဘဲ သူ့နေရာမှာ
ဝပ်မြဲဝပ်နေရတယ်။ ပြီးတော့ သူဥာဏ်မမီမဝေခွဲနိုင်တဲ့ အမူအရာမျိုးနဲ့ စနိုပ် ပါတီပွဲဆီကို
ပြန်သွားတာကို တွေ့ရတယ်။ ဟယ်ရီ ကြမ်းပေါ်မှာ ဝပ်မြဲဝပ်ပြီး သူ့ဝတ်ရုံအောက်မှာ ပုန်းနေဆဲဖြစ်ပေမဲ့
သူ့စိတ်တွေကတော့ အပြင်မှာ ဒုန်းစိုင်းနေကြတယ်။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန္ေျ ႏျုငါန
ျကငခု မနစူပ အသ အ့ျ ၁နျူငါန္ေညျု
ဖော်ပြပါမင်ဘာ ၁၃ယောက်မှ
ုသူတငညူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငျပကေညါယ့သအမသိယ`ငညဴုငူနအေယ ၀ိပ× ၃လငူယ [×ဗပနယ ညပေ ညပေယ
ညနသညငညေါယ ညါဗျညေယ ညပငူညညါနယျတေယ အမေညတေ၀၀ဂ့ယ တဗျဘေငယ
ဖပေါပင၅၅
ုသူတငညူပေ
ဋ္ငနတ ဏကဘူငခ ဏမသ်ငူန
ျနညိ ေစမငလအေန ၁နျူငါန အသုသူတငညူပေ
ငညိ ဩမန ဏသျအျ ဘပုသူတငညူပေ
ဗိုသူတငညူပေ အသ့သကမ ဃသညအခေအျ

ဍို ၁၁–၀၅–၂၀၀၈ယ ၁၁ါ၂၉ ဗ[ ၌၉၄
ုသူတငညူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

ုသူတငညူပေ ဗျ သိုငညန
`သငညိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
့ညျေါ ၁၁၈၂၃
့ညေနိ ၈၈၈ွ၁နျ ငည ၇၈၆ ဏသျအျ

www.burmeseclassic.com

www.burmeseclassic.com

ႃသူတည္သူပေ ျ သည ေျပအညေါကျနိ မသင

ိန်ကေူအ
အခန်း (၁၆)
အလွန့်အလွန် နှင်းခဲအေးစက်တဲ့
ခရစ္စမတ်အခါသမယ

“ဒီလိုဆို စနိပ်က သူ့ကို ကူညီမယ်လို့ ကမ်းလှမ်းနေတာပေါ့။ သူက တကယ်ပဲ သူ့ကို ကူညီဖို့ ကမ်းလှမ်းခဲ့တာပေါ့ ဟုတ်လား”

“မင်း အဲဒါကို နောက်တစ်ခါ ထပ်မေးရင် ဒီပြောင်းဖူးအစို့ကြီးနဲ့ မင်းပါးစပ်ကို ငါဆို့ထားမိလိမ့်မယ်” ဟယ်ရီက ပြောလိုက်တယ်။

“ငါက အသေအချာ စစ်ကြည့်တဲ့သဘောပါကွာ”လို့ ရွှန်က ပြောတယ်။ သူတို့ နှစ်ဦး ဘာရိုးအိမ်ကြီးရဲ့ မီးဖိုဆောင်ထဲက ပန်းကန်ဆေးကန်နေရာမှာ အတူရပ်ပြီး မစ္စဝက်စလေအတွက် ပြောင်းဖူးစို့တွေကို အခွံနွှာပေးနေကြတယ်။ သူတို့ရှေ့မှာ ပြတင်းပေါက်တွေကို ဖြတ်ပြီး နှင်းတွေ တသွင်သွင် စီးကျနေတယ်။

“ဟုတ်တယ်။ စနိပ်ဟာ သူ့ကိုကူညီဖို့ ကမ်းလှမ်းနေတာပဲ”ဟယ်ရီက ပြောလိုက်တယ်။ “သူက မော်လ်ဖွိုင်းကို အကာအကွယ် ပေးပါ့မယ်လို့ သူ့အမေကို ကတိပေးခဲ့ပြီးပြီတဲ့။ ဒါဟာ သူ ဖျက်သိမ်းလို့မရတဲ့ ကျမ်းသစ္စာဆိုလိုက်တာ ဒါမှမဟုတ်ရင် တစ်ခုခု လုပ်ခဲ့တာပဲ”

“မကျိုးပေါက်နိုင်တဲ့ သန္နိဋ္ဌာန်ပေါ့”လို့ ရွှန်က ပြောပြီး အံ့သြနေတယ်။ “မဟုတ်သေးဘူး။ သူဒီလို လုပ်မှာ မဟုတ်ဘူးကွာ။ မင်းဟာ သေချာရဲ့လား”

“အေး သေချာတယ်။ ဘာဖြစ်လို့ သူလုပ်တာလဲ။ အဲဒါဟာ ဘာကို ရည်ရွယ်တာ ဖြစ်နိုင်သလဲ”ဟယ်ရီက ပြောလိုက်တယ်။

“အဲဒါက မင်းဟာ အဲဒီ မကျိုးပေါက်နိုင်တဲ့ သန္နိဋ္ဌာန်ကို သွားပြီးချိုးဖျက်လို့ မရဘူး။ ဒါပဲ”

“ငါလည်း ငါ့ဘာသာ အဲဒီလို ကတိပေးတာမျိုးတွေ လုပ်ခဲ့တာပဲ။ ခက်တာက ကဲ မင်းအဲဒီလို သန္နိဋ္ဌာန်မျိုးကို ဖောက်လိုက်တယ်ကွာ၊ မင်း ဘာဖြစ်မှာလဲ၊ ဘာဖြစ်သွားခဲ့လဲ”

“မင်း သေမှာပေါ့”ရွှန်က ဖြောင်ရှင်းရှင်း ပြောထည့်လိုက်တယ်။ “ငါ ငါးနှစ်သား အရွယ်မှာ ဖရက်ဒ်နဲ့ ဂျော့က ငါ့ကို အဲဒီလို တစ်ကြိမ်လုပ်ဖို့ ကြိုးစားခဲ့ကြသေးတယ်။ အဖေ ငါတို့ကို မြင်သွားချိန်မှာ ငါဟာ အဲဒီလိုလုပ်ဖို့ ဖရက်ဒ်နဲ့ အရာရာ ပြင်ဆင်ထားပြီးပြီ။ သူ အကြီးအကျယ် စိတ်ထိခိုက်သွားတယ်” ရွှန်ရဲ့ မျက်စိထဲမှာ အတိတ်ကို ပြန်ပြောပြချင်နေတဲ့ အရိပ်အယောင်တွေ ပေါ်နေတယ်။ သူက ဆက်ပြောတယ်။

www.burmeseclassic.com

"ငါ့အဖေက ငါ့အမေကို စိတ်ဆိုးနေပုံမျိုး အဲဒီအချိန်အထိ အဲဒီတစ်ကြိမ်ပဲ ငါတွေ့ခဲ့ဖူးတယ်။ ဖရက်ဒ်ရဲ့ ဘယ်ဘက်တင်ပါးတစ်ဖက် အဲဒီအချိန်ကလောက် ဘယ်တော့မှ မနာကျင်ခဲ့ဖူးဘူး"

ဒီအချိန်မှာပဲ ဖရက်ဒ်နဲ့ ဂျော့ အမြွာညီအစ်ကို မီးဖိုဆောင်ထဲကို ဝင်လာကြရင်း ဖရက်ဒ်က–

"မင်းပြောတာ ငါ မရှင်းလိုက်လို့ ပြန်လင်းစမ်းပါဦးရွှန်။ ဟာ ... ကြည့်စမ်းပါဦး ဂျော့၊ သူတို့က ဘာလုပ်လုပ် ဓားသုံးနေရတုန်းပါပဲလား။ သနားတယ်။ သူတို့ကို ခွင့်လွှတ်လိုက်ပါကွာ"လို့ ပြောလိုက်တယ်။

"အို... ကျွန်တော်က ခုမှ အသက် ၁၇နှစ်ပြည့်ဖို့ နှစ်လနဲ့ ရက်နည်းနည်းတောင် လိုသေးတာဗျ။ နောက်ကျရင် ကျွန်တော်လည်းပဲ ခင်ဗျားတို့လို မှော်တွေ၊ ပဉ္စလက်တွေနဲ့ လုပ်နိုင်မှာပါ"

ဂျော့က မီးဖိုဆောင်ခန်းထဲက စားပွဲမှာ ဝင်ထိုင်ပြီး သူ့ခြေထောက်တွေကို စားပွဲပေါ်တင်ထားရင်း ပြောလိုက်တယ်။ "အေးပါကွာ အဲဒီအချိန်ကျရင် ငါတို့ကို မင်းတတ်သမျှတွေ လုပ်ပြရင်း အမယ်လေး ........ ဟဲ့ ပလုတ်တုတ် လုပ်ကြပါဦးလို့ အော်တာ တို့မြင်ရဦးမယ်"

"ခင်ဗျားက ကျွန်တော့်ကို နှိမ်တာလား" ရွှန်က ဒေါသတကြီး ပြောလိုက်ရင်း ဓားထိသွားတဲ့ သူ့လက်မကို စုပ်နေရာက ထပ်ပြောတယ်။ "ခင်ဗျားတို့ စောင့်ကြည့်ပါ။ ကျွန်တော် အသက် ၁၇နှစ်ပြည့်ရင် တွေ့ရမှာပေါ့"

"ဟုတ်ပါတယ်၊ မင်း အဲဒီအချိန်ကျရင် တို့ကို အကြွင်းမဲ့ ယုံကြည်လောက်တဲ့ မှော်ပဉ္စလက်အတတ် ကျွမ်းကျင်မှုတွေနဲ့ ဖမ်းစားပြမယ်ဆိုတာ သေချာပါတယ်။ ခုတော့"ဆိုပြီး ဖရက်ဒ်က စိတ်မဝင်စားတဲ့ ပုံနဲ့ သမ်းဝေပြလိုက်ပြန်တယ်။ အဲဒီမှာ တစ်ခါ ဂျော့က–

"အဲ... ပြောရဦးမယ်။ တို့ပြောတဲ့ အကြွင်းမဲ့ ယုံကြည်လောက်တဲ့ မှော်ပဉ္စလက် အတတ်ကျွမ်းကျင်မှုတွေဆိုတာ ဂျင်နီ့ဆီက တို့ပြန်ကြားခဲ့ရတဲ့ မင်းနဲ့ လာဗင်ဒါဘရောင်းဆိုတဲ့ ကောင်မလေးအကြောင်းတော့ မဟုတ်ဘူးနော်။ ဟား....... ဟား...... တို့ ကြားထားတဲ့သတင်း မမှားနိုင်ပါဘူး"လို့ ဝင်ပြောပြန်ပါရော။

ရွှန်ရဲ့ မျက်နှာ ရဲခနဲ ပန်းဆီသွေးရောင်တက်သွားတယ်။ ဒါပေမဲ့ သူစိတ်ဆိုး အနှောင့်အယှက်ဖြစ်သွားပုံမရဘဲ ဒါ ခင်ဗျားတို့နဲ့ မဆိုင်ပါဘူးဗျာလို့ ပြောပြီး ပြောင်းဖူးစို့ကြီးတွေဘက်ကို ပြန်လှည့်အာရုံစိုက်လုပ်နေတယ်။

"ဟာ မင်းကလည်း အကဲဆတ်လိုက်တာ။ ခွန်းတုံ့မခံ ပြန်ပြောနေတာကိုးကွ။ ဘာမှ မဟုတ်ပါဘူးကွာ။ တို့က အဲဒါ ဘယ်လိုဖြစ်ခဲ့တာလဲဆိုတာပဲ သိချင်တာပါ။ ပြောစမ်းပါဦး"ဖရက်ဒ်က မေးလိုက်တယ်။

"ခင်ဗျားက ဘာကို ဆိုလိုတာလဲ"

www.burmeseclassic.com

"သူမဟာ မတော်တဆမှု တစ်ခု ဒါမှမဟုတ် တစ်စုံတစ်ခု ဖြစ်ခဲ့သေးလား"

"ဘာကို ပြောတာလဲ"

"သြော်.... သူမဟာ ဒီလိုမျိုးကြီးကျယ်တဲ့ ဦးနှောက်ပျက်စီးမှုကြီးကို ဘယ်လို ခံနိုင်ရည်ရှိခဲ့တာလဲလို့ ပြောတာပါ။ ဒါကို ဂရုစိုက်ရမယ်လေ"

ရွှန်က ဖရက်ဒ်ကို အခွံနွှာနေတဲ့ ဓားနဲ့ ပစ်ပေါက်လိုက်တဲ့အတွက် ဖရက်ဒ်က သူ့ဆေးကြိမ်လုံးကို အသာအယာ တစ်ချက်ဝှေ့ယမ်းလိုက်ရင်း စက္ကူလေယာဉ်ပျံတစ်ခုထဲကို ခုန်ဝင်လိုက်တယ်။ ဒီအချိန်မှာပဲ မစ္စဝက်စလေ မီးဖိုခန်းထဲကို ဝင်လာပြီး အခြေအနေ အားလုံးကို မြင်သွားတယ်။

"ရွှန်" သူမက ရွှန့်ကို ဒေါသတကြီး ခေါ်လိုက်ပြီး "မင်း နောက်ဒီလိုမျိုး ဓားနဲ့ ပစ်တာကို ငါဘယ်တော့မှ မမြင်ရစေနဲ့"လို့ ပြောလိုက်တယ်။

"ဟုတ်ကဲ့ အမေ၊ နောက် မမြင်စေရပါဘူး"ရွှန်က ပြောပြီး ပြောင်းဖူးစို့ကြီးတွေ ဘက်ကို ပြန်လှည့်သွားတယ်။

"ဖရက်ဒ်နဲ့ ဂျော့၊ ငါစိတ်မကောင်းပါဘူး ကလေးတို့ရယ်......... ။ ပြီးတော့ ရီးမတ်စ် ဒီညရောက်လာလိမ့်မယ်ကွဲ့။ ဒါ့ကြောင့် ဘီလ်ဟာ ဒီည မင်းတို့နှစ်ယောက်နဲ့ တိုးဝှေ့နေရတော့မှာပဲ"

"ပြဿနာ မရှိပါဘူး"လို့ ဂျော့က ပြောလိုက်တယ်။

"နောက် ချီလီက အိမ်ကို ပြန်လာမှာ မဟုတ်လို့ ဟယ်ရီနဲ့ ရွှန်ကို အထပ်ခိုးကို ပေးလိုက်တယ်။ ပြီးတော့ ဖလားကိုတော့ ဂျင်နီနဲ့အတူ နေခိုင်းရတော့မှာပေါ့"

"အဲဒါကိုက ဂျင်နီအတွက် ခရစ္စမတ်ပွဲ ဖြစ်သွားတာပေါ့"ဖရက်ဒ်က ပြောနေတယ်။

"အားလုံး လူတိုင်း အဆင်ပြေရမှာပေါ့ကွယ်။ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူတို့တွေ အိပ်ရာတစ်ခုတော့ ရရမှာပေါ့"မစ္စဝက်စလေက ပြောလိုက်ပေမဲ့ တစ်ခုခု ဘဝင်မကျ သလိုဖြစ်နေတယ်။

"ပါစီကရော မကျေမနပ်ဖြစ်ပြီး အရုပ်ဆိုးနေတဲ့ သူ့မျက်နှာကြီးကို မပြဘဲနေမှာလား" ဖရက်ဒ်က မေးလိုက်ပြန်တယ်။

မစ္စဝက်စလေက နေရာက အဝေးကို ထွက်သွားနေရင်း ဖြေခဲ့တယ်။ "ဘာမှ မဖြစ်ပါဘူး။ သူ ဝန်ကြီးဌာနမှာ အလုပ်ရှုပ်နေမယ်လို့ ငါထင်တယ်"

"ဟာ........ ဒီလူကလည်း ကမ္ဘာ့အကြီးဆုံး ငတုံးကြီး ဖြစ်နေပါလား။ ကဲ ငါတို့လည်း သွားကြစို့ဂျော့"ဖရက်ဒ်က ပြောလိုက်စဉ်မှာပဲ မစ္စဝက်စလေက မီးဖိုခန်းထဲက ထွက်သွားတယ်။

www.burmeseclassic.com

“ခင်ဗျားတို့ နှစ်ယောက်က ဘယ်ကို လစ်ဦးမလို့လဲ။ ဒါတွေ အကုန်နှာရမှာ၊ ခင်ဗျားတို့က ကျွန်တော်တို့ကို မကူတော့ဘူးလား။ ခင်ဗျားတို့ ဆေးကြိမ်လုံးနဲ့ လုပ်လိုက်ရင် တစ်ခါတည်းပြီးသွားပြီး ကျွန်တော်တို့လည်း အားသွားမှာပေါ့”

ဒါပေမဲ့ “ဟာ ......... မလုပ်နိုင်ပါဘူး။ ဒါတွေက လူတွေရဲ့ အကျင့်နဲ့ဆိုင်တဲ့ ပစ္စည်းတွေကွ။ မှော်အတတ်မပါဘဲ အဲဒါတွေကို နှာဖို့ မတ်ဂဲလ်တွေနဲ့ ငပြောင်ငချော် ပျေက်တွေအတွက် ဘယ်လောက်ခက်တယ်ဆိုတာ နားလည်အောင် မင်း သင်လိုက်ပါဦးကွာ”လို့ ဖရက်ဒ်က အကြောက်အကန် အပြတ်ငြင်းလိုက်တယ်။ နောက် ဂျော့ကပါ သူ့ကို စက္ကူလေယာဉ်ပျံကလေးတစ်ခုနဲ့ ပစ်ပေါက်လိုက်ရင်း “ဒီမှာရွန် မင်းကို လူတွေ ကူညီစေချင်တာ မဟုတ်လား။ ငါဆိုရင်တော့ သူတို့ကို ဓားနဲ့ပေါက်မှာ မဟုတ်ဘူးကွ။ ဒါက မင်းကို အကြံကောင်းပေးတာပါကွာ။ သြော် ........ တို့က ရွာကို သွားရဦးမယ်။ အဲဒီမှာ ငါ ဖဲနဲ့ မျက်လှည့်ပြတာကို တကယ့် မှော်အတတ်နဲ့လုပ်တဲ့ ထူးဆန်း အံ့ဖွယ်တွေလို့ ထင်တဲ့ ကောင်မလေး ချောချောလေး တစ်ယောက် ရှိနေတယ်”လို့ ဝင်ပြောလိုက်တယ်။

“သွားကြဟေ့ သွားကြ” ရွန်က စိတ်ပျက်လက်ပျက် ပြောလိုက်တယ်။ နောက် ဖရက်ဒ်နဲ့ ဂျော့တို့နှစ်ယောက် နှင်းတွေ သဲသဲမဲမဲကျနေတဲ့ ဝင်းခြံထဲကဖြတ်ပြီး ထွက်သွားတာကို ခဏစောင့်ကြည့်နေပြီးတော့မှ “မင်းတို့ သွားကြပေါ့။ နောက် ၁၀ စက္ကန့်လောက်ကြာရင် တို့လည်း အဲဒီကို သွားရုံပဲ”လို့ ထပ်ပြောတယ်။

ဒီမှာတင် ဟယ်ရီက “ငါတို့ မသွားနိုင်ဘူးကွာ။ ငါဒီမှာ နေတဲ့အခိုက် ဘယ်ကိုမှ ဟိုဟိုဒီဒီ လျှောက်မသွားပါဘူးလို့ ဒမ်းဘဲလ်ဒိုးကို ငါကတိပေးထားတယ်”လို့ ပြောလိုက်တယ်။

“အေး ကောင်းပါပြီကွာ” ရွန်က ပြောပြီး ပြောင်းဖူးစို့တွေ နည်းနည်းထပ်နှာ နေလိုက်သေးတယ်။ ပြီးတော့ သူက မေးလိုက်တယ်။ “စနိပ်နဲ့ မော်လ်ဖွိုင်းတို့ ဘာတွေပြောကြတယ်ဆိုပြီး မင်းကြားခဲ့တာတွေကို ဒမ်းဘဲလ်ဒိုးကို ပြန်ပြောပြမှာလား”

“အေး အဲဒီကိစ္စကို တားဆီးနိုင်မယ့်လူ မှန်သမျှကို ငါပြန်ပြောပြရမှာပဲ။ အဲဒီ စာရင်းထဲမှာ ဒမ်းဘဲလ်ဒိုးက ထိပ်ဆုံးကပေါ့။ နောက် မင်းအဖေနဲ့လည်း ငါနောက်ထပ် စကားပြောဖို့ ရှိသေးတယ်”လို့ ဟယ်ရီက ပြောပြလိုက်တယ်။

“ဒါပေမဲ့ မော်လ်ဖွိုင်း အမှန်တကယ် ဘာလုပ်မယ်ဆိုတာကို မင်းမကြားလိုက် ရတာတော့ နာတယ်ကွာ။ နမြောစရာကောင်းလိုက်တာ”

“အဲဒါတော့ ငါလည်း ဘယ်တတ်နိုင်မှာလဲ။ ဒါဟာ အားလုံးထဲမှာ အဓိက အချက်ပဲ။ ဒါပေမဲ့ မော်လ်ဖွိုင်းက စနိပ်ကို မပြောနိုင်ဘူးဆိုပြီး ငြင်းနေတော့.........”

အဲဒီနောက် အတော်လေးကြာအောင် တိတ်ဆိတ်နေပြီးမှ ရွန်က ပြောတယ်။ “အဲဒါ အသာထားဦး။ သူတို့ ဘာပြောမယ်ဆိုတာ မင်းသိရဲ့လား။ ငါ့အဖေရော ဒမ်းဘဲလ်ဒိုးရော ကျန်တဲ့သူတွေအားလုံးရောပဲ၊

www.burmeseclassic.com

သူတို့က ဒါဟာ စနိပ်က မော်လ်ဖွိုင်းကို ကူညီဖို့ ကြိုးစားတာ မဟုတ်ဘူး။ မော်လ်ဖွိုင်းအကြံကို ဖော်ထုတ်ဖို့ ကြိုးစားတာသာ ဖြစ်တယ်လို့ ပြောမှာ”

“သူတို့ ကြားတာ မဟုတ်ဘူးလေ၊ ကြားတာက ငါပဲ”

“ဒါပေမဲ့ ငါပြောသလိုပဲ ဖြစ်လာလိမ့်မယ်။ မယုံကြည့် ဟယ်ရီ”

ဟယ်ရီက မျက်နှာချင်း တည့်တည့်ဆိုင်လိုက်ပြီး မျက်မှောင်ကုတ်ကြည့်ရင်း ပြောလိုက်တယ်။ “မင်းက ငါမှန်တယ်လို့တော့ ထင်တယ်။ ဒါပေမဲ့ပေါ့ ဟုတ်လား”

“အေး အဲဒီအတိုင်းပဲ။ ငါ ဒီအတိုင်းပဲ ပြောတယ်ကွာ။ သူတို့က စနိပ်ဟာ တာဝန်အရဆောင်ရွက်တာလို့ပဲ မြင်မှာ၊ နားလည်ပေးမှာ”

ဟယ်ရီ ဘာမှ မပြောတော့ဘူး။ အခြေအနေက သူတွေ့ရှိတဲ့ သက်သေခံ အထောက်အထားဟာ ကန့်ကွက်ခံနေရတဲ့ သဘောပဲ။ ဒီအချိန်မှာပဲ ဟာမီယွန်ရဲ့ အသံကို သူ့နားထဲမှာ ကြားလိုက်ရပြန်တယ်။

“ဟုတ်တာပေါ့ဟဲ့။ ဒါ ရှင်းနေတာပဲ။ သူက မော်လ်ဖွိုင်းကို ကူညီမယ်ဆိုပြီး ဟန်ဆောင်တာ၊ ဒါက မော်လ်ဖွိုင်းအနေနဲ့ သူလုပ်မယ့် အကြံအစည်ကို ထုတ်ပြောလာအောင် လှည့်စားတာ ဖြစ်နိုင်တယ်”

ဒါဟာ သူ စိတ်ကူးကြည့်လိုက်တာပဲ ရှိသေးတယ်။ အမှန်မှာတော့ သူကြားတာကို ဟာမီယွန်ကို ပြောပြဖို့ အခွင့်အရေး မရလိုက်ဘူး။ ဟာမီယွန်က သူ ပက်ကျိချိုရဲ့ ပါတီပွဲကို ပြန်ရောက်မသွားခင် အဲဒီက ထွက်သွားခဲ့တာပဲ။ ဒါမှမဟုတ်ရင်လည်း သူ ကျောင်းသားများ နားနေခန်းကို သွားနေစဉ်မှာပဲ ဟာမီယွန်က အိပ်ရာဝင်သွားတာ ဖြစ်မယ်။ နောက်တစ်နေ့မှာ သူနဲ့ရွန်တို့ ဘာရိုးအိမ်ကြီးကို အစောကြီးထွက်လာခဲ့ရတယ်။ ဒါကြောင့် သူ့အနေနဲ့ ဟာမီယွန်ကို ပျော်ရွှင်ဖွယ်ရာ ခရစ္စမတ်ပါလို့ ပြောရုံမျှသာ အချိန်ရပြီး သူ့မှာ အလွန်မတန်မှ အရေးကြီးတဲ့ သတင်းတွေ ရှိနေတာကိုတော့ သူတို့ကျောင်းပိတ် အားလပ်ရက်က ပြန်ရောက်မှပဲ ပြောတော့မယ်လို့ ဆိုခဲ့ရတယ်။ ဒါတောင်မှပဲ ရွန်နဲ့ လာဗင်ဒါတို့နှစ်ယောက်က အဲဒီအချိန်မှာ သူ့နောက်ဘက်မှာ ရှိပြီး ပါးစပ်နဲ့ မပြောဘဲ ကိုယ်ထိလက်ရောက် နှုတ်ဆက်နေကြတာကြောင့် သူပြောတာကို ဟာမီယွန် ကြားမှကြားခဲ့ပါရဲ့လားလို့ မသေမချာ ဖြစ်နေတယ်။

နောက် ဟာမီယွန်ဟာ အခုအချိန်ထိ အချက်တစ်ချက်ကို ငြင်းပယ်နိုင်စွမ်း မရှိသေးဘဲ ဖြစ်နေတယ်။ အဲဒါကတော့ မက်လက်ဂျင်းဟာ တစ်စုံတစ်ခုနဲ့ ပတ်သက်နေပြီး၊ ဒီအကြောင်းကို စနိပ်က သိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဟယ်ရီ့အနေနဲ့ သူ ရွန်ကို အကြိမ်ပေါင်းများစွာ ပြောခဲ့ပြီးသလိုပဲ သူမကို “ကဲ ငါမပြောလား”လို့ ပြောမယ်ဆိုရင် အပြည့်အဝ တရားမျှတမှု ရှိတယ်လို့ ခံစားနေမိတယ်။

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန့ျ ရှူပါန

ျကငခု မနစူပ အသ အ့ျ ၁နူပါန့ ညှေ

ဖော်ပြပါမင်ဘာ ၁၂ယောက်မှ

ူသူတညူပေ

www.burmeseclassic.com

www.burmeseclassic.com

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ၾပေကေညါယ့ သအမသိယ`ညေ×ုငူနအေယ ဒိပ× ၃လငူယ ကြ ဗပနယ ညပေ ညပေယ
ညနသညငေညါယ ညပငူညညါနယျတေယ အမေညတေ၀၀ဂယ တဈဘေငယ ဖပေါပင၅၅
ုသူတငညူပေ
ဋ္ဌငနတ ဏကဘူငခ ဏမသ်ငူန
ျနညိ ေစမငလအေန ၁န္ဂျါန အသုသူတငညူပေ
ၚညေိ ဩမန ဏသျအျ ဘပုသူတငညူပေ
ဗိုသူတငညူပေ အသ ့သကမ ဃသညအခေအျ

ဍူိ ၁၁–၀၅–၂၀၀၈ယ ၀၁ါ၄၂ ဏ꩜        ၫ္ဇ၅
ုသူတငညူပေ
ဩဘူန ဃသညအမငဘကအသမ
ပြေညာမေ ဃကစငိ

ုသူတငညူပေ ဌ သိုငညန
`သညိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ၜညျေါ ၁၁၈၂၃
ၜညေနိ ၈၈၈၉ွ၁န္ဂျ ငည ၇၈၆ ဏသျအျ
ုသူတငညူပေ ဌ သည ေိပျအငညါကဈနိ မသငိ

ိန်ကေူအ
သို့ပေမဲ့ ဟယ်ရီဟာ ခရစ္စမတ်ညရောက်တဲ့အထိ ဝန်ကြီးဌာနမှာ နာရီပေါင်းကြာမြင့်စွာ အလုပ်လုပ်နေရခဲ့ရတဲ့ မစ္စတာဝက်စလေနဲ့ စကားပြောနိုင်ဖို့ အခွင့်အရေး မရခဲ့ဘူး။ အဲဒီညမှာ ဂျင်နီကိုယ်တိုင် စက္ကူပုန်းကြိုးတွေ ထွေလိမ်ရှုပ်အောင် ရက်ရက်ရောရော အစွမ်းကုန်သုံးပြီး မွမ်းမံပြင်ဆင်ထားတဲ့ ဧည့်ခန်းထဲမှာ ဝက်စလေတို့ ဇနီးမောင်နှံနဲ့ ဧည့်သည်တွေ ထိုင်နေကြတယ်။

အဲဒီမှာ ဖရက်ဒ်၊ ဂျော့၊ ဟယ်ရီနဲ့ ရွန်တို့ လေးယောက်သာ ခရစ္စမတ်သစ်ပင်ထိပ်က တမန်တော်နတ်ကလေးဟာ ခရစ္စမတ်ညစာ စားပွဲအတွက် မုန်လာဥဝါတွေ သွားဆွဲယူတဲ့ ဖရက်ဒ်ရဲ့ ခြေထောက်ကို ရိုက်နှက်ခဲ့တဲ့ ဥယျာဉ်စောင့် ပစ္စည်းထိန်း နတ်လူပုကလေး ဖြစ်နေတာကို သိနေကြတယ်။

ကြောင်အမ်းအမ်း မျက်နှာပေးလေးနဲ့ ဂါဝန်သေးသေးကလေး တစ်ထည်ကို ဝတ်ဆင်ထားပြီး၊ ကျောမှာလည်း အတောင်နှစ်ဖက်ကို ကော်နဲ့ ကပ်တပ်ဆင်ပေးထားတဲ့ နတ်မင်စာပုပုလေးက

www.burmeseclassic.com

သူတို့အားလုံးကို ငုံ့ကြည့်နေပုံဟာ ဟယ်ရီ့တစ်သက်မှာ မြင်ဖူးတဲ့ အရုပ်ဆိုးဆိုး နတ်ရုပ်ကလေးပါပဲ။ သူ့ရဲ့ အရွယ်နဲ့ မလိုက်အောင် အတော်ကြီးတဲ့ ထိပ်ပြောင်ပြောင်ကလေးကလည်း အာလူးတစ်လုံးနဲ့ တူနေတဲ့အပြင် ခြေထောက်တွေမှာလည်း အမွေးအမျှင်တွေ ပေါက်နေတယ်။

သူတို့အားလုံး ဝိုင်ယာလက်စက်တစ်လုံးကနေ အားပါးတရ ဟစ်ကြွေးသီဆိုနေတဲ့ မစ္စဝက်စလေရဲ့ စိတ်ကြိုက် လက်ရွေးစင် အဆိုတော် ဆယ်လက်စတီးနားဝါးဘက်ရဲ့ ခရစ္စမတ်တေးသံသာကို နားဆင်နေကြတယ်။

တစ်ခါ ဆယ်လက်စတီးရဲ့ တေးသံကို ပျင်းရိငြီးငွေ့စရာလို့ ခံစားနေပုံရတဲ့ ဖလားက ချောင်တစ်ချောင်မှာ စကားတွေ ဖောင်လောက်အောင် အကျယ်ကြီး ပြောနေတဲ့အတွက် မစ္စဝက်စလေက မြင်ပြင်းကတ်ပြီး သူမရဲ့ ဆေးကြိမ်လုံးနဲ့ ဝိုင်ယာလက်စက်က အသံအတိုးအကျယ်ကိရိယာကို ချိန်ရွယ်ပြီး ဆတ်ခနဲ ယမ်းလိုက်တာ ဆယ်လက်စတီးနားရဲ့ သီချင်းသံဟာ ချက်ချင်း ဟိန်းထွက်လာပါတော့တယ်။

ဒီအချိန်မှာပဲ ဂျတ်ဇ်ဂီတေးသွားအလိုက် မြူးမြူးကြွားကြွားထွက်နေတဲ့ "ပူလောင်ပြင်းပြတဲ့ အချစ်များနဲ့ ပြည့်လျှမ်းနေတဲ့ ဒယ်တစ်အိုး"သီချင်းသံအောက်မှာ ဖရက်ဒ်နဲ့ ဂျော့တို့က ဂျင်နီနဲ့အတူ သံကုန်လိုက်ဟစ်ရင်း ထိုးထိုးထန့်ထန့်စပြီး ကနေကြတယ်။

ရွှန်ကတော့ မုန့်ဖိုးဘောက်ဆူးရလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဘီလ်နဲ့ ဖလားတို့ရဲ့ အရိပ်အကဲကို ခိုးကြောင်ခိုးဝှက် လိုက်ကြည့်နေတယ်။

ဒီအတောအတွင်းမှာ ပိန်ပိန်လှီလှီနဲ့ ခါတိုင်းထက်လည်း ပိုပြီး နွမ်းနွမ်းစုတ်စုတ် မရွှင်မပျဖြစ်နေတဲ့ ရီးမတ်စ်လူပင်းကတော့ မီးလင်းဖိုနံဘေးမှာ ထိုင်ပြီး ဆယ်လက်စတီးနားရဲ့ တေးသံသာကို သူဘာမှ မကြားရသလို မီးဖိုထဲက မီးလျှံတွေရဲ့ အောက်ခြေကို ငေးကြည့်နေတယ်။

"အို...... လာပါလှည့်။ ငါ့ဒယ်အိုးကို မွှေလှည့်ပါလားနော်ကွယ်
နည်းမှန်လမ်းကျ မွှေတတ်ရင် တကယ်
ဆူပွက်နေတဲ့ အချစ်ပြင်းပြင်းတွေနဲ့
မင်းကို ဒီည ကိုယ်နွေးထွေးစေပါ့မယ်"

"ကျွန်မတို့ အသက် ၁၈နှစ်အရွယ်က ဒီသီချင်းနဲ့ ကခဲ့ကြတာလေ။ အာသာ ဒါကို မှတ်မိပါတယ်နော်"လို့ ပြောပြီး မစ္စဝက်စလေက သူမရဲ့ မျက်ရည်ဝေ့နေတဲ့ မျက်လုံးတွေကို ဇာပဝါလေးနဲ့ တို့သုတ်နေတယ်။ ဒီနောက် လိမ်မော်သီးတစ်လုံးကို အခွံနွှာရင်း ခေါင်းကလေးတညိတ်ညိတ်နဲ့ စည်းချက်လိုက်နေတဲ့ မတ်ဖ်ကို မစ္စဝက်စလေက "အို ကောင်းလိုက်တဲ့ တီးလုံးကလေး။ ရှားရှားပါးပါး အံ့ချီးစရာ လက်သံလေးပါလား"လို့ ပြောလိုက်ပြန်တယ်။

မတ်ဖ်က သူ့ကိုယ်သူ နည်းနည်း မတ်သွားအောင် ပြင်ထိုင်လိုက်ရင်း သူ့အနားမှာပဲ ထိုင်နေတဲ့ ဟယ်ရီ့ကို လှည့်ကြည့်လိုက်တယ်။ နောက် ဆယ်လက်စတီးနားရဲ့ သီချင်းသံပြိုင်သီဆိုတဲ့ အပိုင်းကို

www.burmeseclassic.com

ရောက်နေတဲ့ ဝိုင်ယာလက်စက်ဘက်ကို ဆတ်ခနဲ မေးငေါ့ပြပြီး "ဆောရီးကွာ၊ တစ်အောင့်ဆို ပြီးပါတော့မယ်"လို့ ဆိုတယ်။

"ကိစ္စမရှိပါဘူးဗျာ။ ဝန်ကြီးဌာနမှာ အလုပ်ရှုပ်နေတာလား"လို့ ဟယ်ရီက ပြုံးပြုံးရွှင်ရွှင် ပြန်ပြောလိုက်တယ်။

"ဟာ ရှုပ်သမှ ဘာရှုပ်သလဲမမေးနဲ့" မစ္စတာဝက်စလေက ပြောလိုက်တယ်။ "တို့ ဘယ်ရောက်နေနေ အဲဒါ ငါ့အတွက် အကြောင်း မဟုတ်ပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်လအတွင်း လူသုံးဦးကို ငါတို့ ဖမ်းခဲ့တယ်။ အဲဒီထဲက တစ်ယောက်ဟာ မရဏစားစုန်းကောင် အစစ်တစ်ယောက်လို့ ငါ သံသယရှိတယ်။ ဒီအကြောင်း တခြားမှာ လုံးလုံးမပြောနဲ့ ဟယ်ရီ" သူက ပြောပြောဆိုဆို ရှုတ်တရက် အလွန့်အလွန် နိုးကြားသတိရှိနေတဲ့ အမူအရာနဲ့ ဘေးဘီကို လှည့်ပတ်ကြည့်နေတယ်။

"သူတို့ စတန်းရှန်းပိုက်ခ်ကို မဖမ်းမိသေးဘူးလား၊ ဖမ်းမိပြီလား" ဟယ်ရီက မေးလိုက်တယ်။

"ငါလည်း အဲဒါကို စိုးရိမ်နေတာပဲ"မစ္စတာ ဝက်စလေက ပြောလိုက်တယ်။ "ငါ သိတာတော့ ဒမ်းဘဲလ်ဒိုးဟာ စတန်းနဲ့ ပတ်သက်ပြီး စခရင်မ်ဂျာဆီကို တိုက်ရိုက် အယူခံမှု စွဲတင်ထားတယ်။ ငါဆိုလိုတာက သူနဲ့ တွေ့ဆုံပြောဆိုခဲ့တဲ့ ဘယ်သူမဆို သူဟာ မရဏစားစုန်းကောင် ဖြစ်ကိုဖြစ်ရမယ်လို့ သဘောတူမှာပဲ။ ဒါပေမဲ့ ထိပ်တန်းအဆင့် ပုဂ္ဂိုလ်တွေက သူတို့ဟာ တိုးတက်မှုရရှိအောင် လုပ်နေတာလို့ မြင်စေချင်တယ်။ ပြီးတော့ သူတို့သုံးဦးကို ဖမ်းဆီးတာဟာ မှားယွင်းဖမ်းဆီးပြီး ပြန်လွှတ်လိုက်တာ သုံးခုထက်တော့ ကောင်းမှာပဲ။ ဘာပဲပြောပြော ဒါတွေ အားလုံးဟာ ထိပ်တန်း လျှို့ဝှက်ချက်တွေချည်းပဲ"

"ကျွန်တော် ဘာမှ မပြောပါဘူး"လို့ ပြောပြီးမှ ဟယ်ရီဟာ သူပြောချင်တာကို ဘယ်လိုစပြောရင် အကောင်းဆုံး ဖြစ်မယ်လို့ စဉ်းစားရင်း ခဏချီတုံချတုံ ဖြစ်နေတယ်။ သူ့အတွေးအမျှင်တွေကိုလည်း ပြန်လည် စုစည်းနေချိန်မှာပဲ ဆယ်လက်စတီးနားက "မင်း ကိုယ့်အသည်းနှလုံးတွေကို ဆွဲထုတ်ညှို့ယူဖမ်းစားနေတယ်"ဆိုတဲ့ သီချင်းဇာတ်လမ်းတစ်ပုဒ်ကို စတင်သီဆိုနေတယ်။

"မစ္စတာ ဝက်စလေ ကျွန်တော်တို့ ကျောင်းကို စတင်ထွက်ခွာရတဲ့နေ့က ဘူတာရုံမှာ ခင်ဗျားကို ကျွန်တော် ပြောခဲ့တာသိပါတယ်နော်"

"ဟာ ငါစစ်ဆေးကြည့်ခဲ့တယ်ကွ။ မော်လ်ဖွိုင်းအိမ်ကို ငါ သွားရှာဖွေ စစ်ဆေးတယ်။ ဒါပေမဲ့ အဲဒီမှာ ရှာတဲ့ ပစ္စည်းတစ်ခုလုံး မပြောနဲ့ အကျိုးအပဲ့ အစအနတောင် ငါဘာမှ မတွေ့ခဲ့ဘူး။ မင်းပြောတဲ့ ပစ္စည်းက အဲဒီမှာ ရှိပုံမရဘူး"မစ္စတာ ဝက်စလေက ချက်ချင်းပြန်ပြောတယ်။

"ဟုတ်ကဲ့ ကျွန်တော် သိပါတယ်။ ခင်ဗျား ရှာဖွေတဲ့ သတင်းကို တမန်တော် နေ့စဉ်သတင်းစာထဲမှာ ကျွန်တော် ဖတ်ရတယ်။ ဒါပေမဲ့ အဲဒါဟာ တစ်ခုခု ကွဲလွဲနေတာဖြစ်မယ်။ တော်တော်လေးကို ကွဲလွဲနေမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒီနောက်မှာတော့ ဟယ်ရီက မော်လ်ဖွိုင်းနဲ့ စနိပ်တို့နှစ်ယောက် အပြန်အလှန် ပြောနေကြပုံကို သူကြားသမျှ အကုန်လုံးကို မစ္စတာ ဝက်စလေကို ပြောပြလိုက်ပါတယ်။ သူပြောနေတုန်း လူပင်းက သူ့ခေါင်းကိုငဲ့ပြီး သူပြောသမျှ တစ်လုံးချင်းကို ကြားရအောင် နားထောင်နေတာကို ဟယ်ရီတွေ့ရတယ်။ သူပြောလို့လည်း ပြီးသွားရော သူတို့နှစ်ယောက်ကြားမှာ ခဏကြာအောင် တိတ်ဆိတ်နေပြီး ဆယ်လက်စတီးနား ဆိုညည်းနေတဲ့ တေးသံကလေးကိုပဲ ကြားနေရတယ်။

"အိုး.......... ကျွန်မရဲ့ ကြေကွဲနေတဲ့ အသည်း ဘယ်ဆီရောက်သွားခဲ့ပြီလဲ၊ ကျွန်မကို ကာလတစ်ခုကြာရှည်အောင် ထားရစ်ခဲ့ပြန်ပြီကွယ်"

"မင်း တကယ်ပဲ ဒီလိုကြုံတွေ့ကြားသိခဲ့ရတာလား ဟယ်ရီ။ စနိပ်ဟာ ရိုးရိုးသားသား ဟန်ဆောင်တာကော မဖြစ်နိုင်ဘူးလား"

"သူက ကူညီမယ်လို့ ဟန်ဆောင်ကမ်းလှမ်းတာပါဆိုရင် မော်လ်ဖွိုင်း တကယ်ဘာလုပ်မယ်ဆိုတာကို သူသိရမှာပေါ့" ဟယ်ရီက ချက်ချင်း ပြန်ပြောလိုက်တယ်။ "ဟုတ်ပါပြီ။ ခင်ဗျား ပြောသလို ကျွန်တော်လည်း စဉ်းစားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဘယ်လိုလုပ်သိနိုင်မှာလဲ"လို့လည်း ထပ်ပြောလိုက်တယ်။

"အဲဒါ ငါတို့သိစရာ အလုပ်မှ မဟုတ်တာ"မမျှော်လင့်ဘဲ လူပင်းက ဝင်ပြောလာတယ်။ သူက မီးဖိုကို ကျောပေးထားပြီး မစ္စတာ ဝက်စလေရဲ့တစ်ဖက်ကနေ ဟယ်ရီ့ကို မျက်နှာချင်းဆိုင် ကြည့်နေတယ်။ ပြီးတော့ သူက ဆက်ပြောတယ်။ "ဒါက ဒမ်းဘဲလ်ဒိုးရဲ့ အလုပ်ကွ။ ဒမ်းဘဲလ်ဒိုးက ဆီးဗားရပ်စ်ကို ယုံတယ်။ ဒါဆိုရင် တို့ အားလုံးအတွက် လုံလောက်နေပြီလေ"

"ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက စနိပ်ကို မှားမြင်နေတာ ဖြစ်ရင်ကော ဘယ့်နှယ်လုပ်မလဲ ပြောပါဦး"ဟယ်ရီက ပြောလိုက်တယ်။

"လူတွေ ဒါနဲ့ ပတ်သက်လို့ ပြောပေါင်းများပြီ။ ဒါက မင်း ဒမ်းဘဲလ်ဒိုးရဲ့ ဝေဖန်ပိုင်းဖြတ်မှုကို မင်းယုံသလား၊ မယုံဘူးလားဆိုတာ အပေါ်မှာ မူတည်လိမ့်မယ်။ ငါကတော့ ယုံတယ်။ ဒါကြောင့် ဆီးဗားရပ်စ်ကိုလည်း ငါယုံတယ်"

"ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးလည်း မှားတဲ့အခါ မှားမှာပေါ့"ဟယ်ရီက စောဒကတက်လိုက်ပြန်တယ်။ "ဒါ သူကိုယ်တိုင် သူ့ကိုယ်သူ ပြောတဲ့စကားပဲ" ပြီးတော့ လူပင်းရဲ့ မျက်စိတွေကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်တယ်။ "ခင်ဗျားကရော စနိပ်ကို ရိုးရိုးသားသား သဘောကျတာ ဟုတ်ရဲ့လား"

"ငါက ဆီးဗားရပ်စ်ကို ကြိုက်တာလည်း မဟုတ်ဘူး၊ မကြိုက်တာလည်း မဟုတ်ဘူး။ ငါက အမှန်တရားကိုပဲ ပြောနေတာ" သူက ပြောရင်း ဟယ်ရီက သူ့ကို ဝေဖန်အကဲခတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေတဲ့အတွက် ဆက်ပြောတယ်။ "တို့တွေဟာ လည်ပင်းဖက်ကြီးလာတဲ့ ငယ်သူငယ်ချင်းတွေ ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ဒါဟာ ဂျိမ်းစ်ရယ်၊ ဆီးရီးယတ်စ်ရယ်၊ ဆီးဗားရပ်စ်ရယ် အကြားမှာ ပြဿနာတွေ ဖြစ်ခဲ့တဲ့ နောက်ပိုင်းက စတာလည်း ဖြစ်နိုင်တယ်။ ခါးသီးတဲ့ ဖြစ်ရပ်တွေက

www.burmeseclassic.com

မေ့နိုင်စရာမရှိဘဲကိုး။ ဒါပေမဲ့ ငါ ဟော့ဂ်ဝပ်စ်ကျောင်းမှာ ပညာသင်နေတဲ့နှစ်အတွင်း ဆီးဗားရပ်စ် လစဉ်လတိုင်း ငါ့အတွက် အစွမ်းထက် ဝံပုလွေရုပ်ပြောင်းတားဆေးရည်တွေကို ဖော်စပ်ပေးခဲ့တာကို ငါဘယ်တော့မှ မမေ့ဘူး။ အဲဒီဆေးကြောင့် ငါဟာ လပြည့်နေ့ညတိုင်းမှာ ခါတိုင်းလို ဝံပုလွေဖြစ်သွားတဲ့ အဖြစ်ကို မခံစားရတော့ဘူး"

"ကဲ ဒီလိုဆို သူမတော်တဆ ချွတ်ချော်သွားရင် ခင်ဗျားဟာ သမန်းဝံပုလွေ တစ်ကောင် ဖြစ်သွားတော့မယ်ပေါ့။ ဒါဆို ခင်ဗျား ဒီက ထွက်သွားရမယ်ပေါ့" ဟယ်ရီက ဒေါသတကြီး ပြောလိုက်တယ်။

လူပင်းက ပခုံးကို တွန့်ပြလိုက်တယ်။ "သတင်းကတော့ တစ်နည်းနည်းနဲ့ ပြန့်သွားတော့မှာပဲ။ သူ ငါ့အတွက် လုပ်ပေးရတာကို လိုလားတယ်ဆိုတာကို မင်းနဲ့ငါ နှစ်ယောက်လုံး သိတယ်နော်။ ဒါ့ကြောင့် ငါ ဆိုးဆိုးဝါးဝါး ထိခိုက်ပျက်စီးအောင် သူက ဆေးရည်တွေကို ဖြစ်သလို ကချော်ကချွတ်လုပ်မှာ မဟုတ်ဘူး။ ငါ ကျန်းမာအောင် သူလုပ်ပေးနေတာလေ။ ငါသူ့ကို ကျေးဇူးတင်ရမှာပေါ့"

"ဟုတ်ပါပြီလေ။ ဒမ်းဘဲလ်ဒိုးက စောင့်ကြည့်နေတော့လည်း သူ့အနေနဲ့ ဆေးရည်တွေကို ပြဿနာ ရှုပ်ထွေးအောင် လုပ်ဝံ့မှာ မဟုတ်ဘူးပေါ့"ဟယ်ရီက ပြန်ပြောလိုက်တယ်။

"မင်းက သူ့ကို အမုန်းဓာတ်ခံ ရှိနေတာကိုး"လူပင်းက မပွင့်တပွင့် အပြုံးနဲ့ ပြောလိုက်တယ်။ "ငါကတော့ ဂျိမ်းစ်ဟာ မင်းအဖေဖြစ်တယ်။ ဆီးရီးယတ်စ်က မင်းရဲ့ အဘိုး ဖြစ်တယ်။ ဒီတော့ မင်းဟာ အမုန်းကို မစူးစမ်းဘဲ တစ်ဖက်သတ်မုန်းတီးတဲ့ အစွဲကို အမွေရထားခဲ့မှာပဲ။ အေး အာသာနဲ့ ငါ့ကို မင်းပြောခဲ့တာတွေကို ဒမ်းဘဲလ်ဒိုးကို ပြောရင်လည်း ရပါတယ်။ ဒါပေမဲ့ ပြဿနာအပေါ်မှာ မင်းရဲ့ အမြင်ကို တောင်းခံလိမ့်မယ်၊ သဘောထားရယူလိမ့်မယ်လို့တော့ သူ့ကို သွားမမျှော်လင့်နဲ့။ ကုန်ကုန် ပြောမယ် မင်းသူ့ကို ပြောတာတွေကြောင့် သူ အံ့သြသွားလိမ့်မယ်လို့တောင် မင်းမမျှော်လင့်နဲ့။ ဆီးဗားရပ်စ်က ဒရာကို ကို မေးခဲ့တာတွေဟာ ဒမ်းဘဲလ်ဒိုးရဲ့ အမိန့်အရ လုပ်ရတာတွေတောင် ဖြစ်ရင်ဖြစ်နေနိုင်တယ်"

"ခုတော့ မင်းဟာ ကိုယ့်အသည်းကို တစ်စစီဖြစ်အောင် ခြေမွဖျက်ဆီးခဲ့ပြီလေ........... ကိုယ့်အသည်းလေး မင်းပြန်ပေးရင် ကျေးဇူးကုဋေကုဋာ ကိုယ်တင်နေမှာပဲမသွေ"

ဒီမှာတင်ပဲ ဆယ်လက်စတီးနားရဲ့ သီချင်းကလည်း ဆွဲဆွဲငင်ငင် အရှိုက်အညည်းလေးနဲ့ ဆုံးသွားလို့ ဝိုင်ယာလက်စက်ထဲက မဟုတ်ဘဲ တကယ့်လက်ခုပ်သြဘာပေးသံတွေ ဝေ့ခနဲ ထွက်လာပါတယ်။ အဲဒီအထဲမှာ မစ္စဝက်စလေက အတက်ကြွဆုံး ဖြစ်နေတယ်။ ဒီမှာတင်ပဲ ဖလားရဲ့ အသံ ကျယ်လောင်စွာ ထွက်လာတယ်။

"ကဲ ခရစ္စမတ်ပွဲည အစီအစဉ် ပြီးဆုံးပါပြီ။ ဂုဏ်ယူစရာကောင်းအောင် ပါဝင်ပူးပေါင်း ဆင်နွှဲခဲ့ကြတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

တစ်ခါ မစ္စဝက်စလေက နေရာကထပြီး အသံကျယ်ကျယ်လေး မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ငါတို့တွေ အိပ်ရာဝင်ခါနီး တစ်ခွက်တစ်ဖလား သောက်ကြဦးမလား။ ဘယ်သူ တစ်ငုံနှစ်ငုံစာ အရက်ထပ်ယူကြမလဲ"

ဒီလိုနဲ့ မစ္စဝက်စလေက အရက်လိုချင်သူတွေကို အရက်ထပ်မှာရင်း ပျာယာခတ် အလုပ်ရှုပ်နေချိန် ခရစ္စမတ်ပွဲမှာ ရှိနေသူတိုင်းလိုလို အညောင်းပြေ အညာပြေ ခြေဆန့်လက်ဆန့် ဟိုလျှောက်ဒီလျှောက် လမ်းလျှောက်ရင်း စကားစမြည် ပြောနေကြချိန်မှာ ဟယ်ရီက လူပင်းကို မေးလိုက်တယ်။

"ဒါနဲ့ ခုတလော ခင်ဗျား ဘယ်ရောက်ပြီး ဘာတွေ လုပ်နေတာလဲ"

႔နစသမအ စသျအ အသ ၁သိနမအေသမျ ႔နစူပ႔္ငအ့ျကသအန ကြူအင္ျကသအန့္ျ ႐ႈါန
႕ကေခ မနစူပ အသ အ့ျ ၁န႕ါန္႕ ညႊ
ဖော်ပြပါမင်ဘာ ၁၂ယောက်မှ
ႇသူတညႊပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငပြေကညေါယ ့သအမသိယ`ညေ×ႇငူနအေယ ၁ိပ× ၃လငူယ ြ× ဗပနယ ညပေ ညပေယ
ညနသညငေ့ါယ ညါဈညေယ ညပငူညညါနယ အမေညတေ၀၀၇ယ တဈဘေယ ဖပေါပင၅၅
ႇသူတညႊပေ
ဋ္ငနတ ဏကဘူခေ ဏမသ်ငူန
႕နညီ ေစမငလအေန ၁န႕ါန အသ ႇသူတညႊပေ
ငညီ ဩမန ဏသျအ့ျ ဘပ ႇသူတညႊပေ
ဗိ ႇသူတညႊပေ အသ ့သကမ ဃသညအခေအျ

ဦ ၁၁–၀၇–၂၀၀၈ယ ၀၁ါ၄၆ ဗြ ဋ္ဇ၆
ႇသူတညႊပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

ႇသူတညႊပေ ၍ သို့ညေန
`သညေ ိအေနါ ဩလ ၂၀၀၆
ဏသျအ့ျါ ၇၉၂
႕ညႊါ ၁၁၈၂၃
႕ညႊနိ ၈၈၈၈ ာန႕ ညေ ၇၈၆ ဏသျအ့ျ
ႇသူတညႊပေ ၍ သည ေပျအညေါကဈနိ မသင်

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒါလား၊ ငါ မြေအောက်မှာ ရောက်နေတယ်။ တစ်ချိန်လုံးနီးနီးပါပဲ။ အဲဒါကြောင့် ငါမင်းဆီကို စာရေးနိုင်တာပဲ။ မင်းဆီကို စာတွေရေးပို့တာဟာ လျှို့ဝှက်ချက် တစ်စုံတစ်ရာကို မင်းသိအောင် အစဖော်ပေးတာလည်း ဖြစ်လိမ့်မယ်"

"ခင်ဗျား ဘာဆိုလိုတာလဲ"

"ငါဟာ ငါ့ရဲ့ အဖော်အပေါင်းတွေ ငါနဲ့အလားတူသူတွေနဲ့ နေနေတယ်ဆိုတာပဲ။ သမန်းဝံပုလွေတွေလေ" လူပင်းက ဟယ်ရီ နားမလည်သလို ဖြစ်နေတဲ့အတွက် ရှင်းအောင် ပြောလိုက်တယ်။ "သူတို့ထဲက အားလုံးနီးပါးဟာ ဗိုဒီမော့ဘက်ကလူတွေ။ ဒမ်ဘဲလ်ဒိုးက အဲဒီမှာ သူလျှိုတစ်ယောက် ရှိနေစေချင်တယ်။ အဲဒါဟာ ငါပဲ၊ ငါလုပ်နေတာ"

သူ့အသံက နည်းနည်းမာနေတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ လူပင်းက အပြုံးနဲ့ ဆက်ပြောခဲ့တယ်။ "ငါ မကျေမနပ်ဖြစ်ပြီး ညည်းပြနေတာ မဟုတ်ဘူး။ ဒါဟာ လိုအပ်လို့ လုပ်ရတဲ့အလုပ်ပဲ။ ဒီနေရာမှာ ငါ့ထက်ကောင်းအောင် ဘယ်သူလုပ်နိုင်သလဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ ယုံကြည်မှုရှိအောင် လုပ်ရတာတော့ တော်တော်ခက်တယ်။ အဲဒီလို မှော်ဆရာတွေကြားမှာ အမှားအယွင်းမရှိအောင် ဘယ်လိုကြိုးစားပြီး ငါတာဝန်ယူ ခေါင်းခံလုပ်နေရတယ်ဆိုတာ မင်းသိပြီလား။ တကယ်တော့ သူတို့ဟာ သာမန်လူ့အဖွဲ့အစည်းတွေကို ရှောင်ရှားပြီး စားသောက်ဖို့အတွက် တစ်ခါတစ်ရံ ခိုးယူ၊ တစ်ခါတစ်ရံ သတ်ဖြတ်နေကြသူတွေပဲ"

"သူတို့က ဗိုဒီမော့ကို ဘယ်လိုသဘောကျပြီး ကြိုက်သွားတာလဲ"

"သူတို့က ဗိုဒီမော့ရဲ့ အုပ်ချုပ်မှုအောက်မှာ သူတို့ဘဝတွေ ပိုပြီး စိုစိုပြည်ပြည် ကောင်းကောင်းမွန်မွန် ရှိလိမ့်မယ်လို့ ထင်နေကြတယ်။ ဒါကို ဂရေးဘက်ခ်နဲ့....."

"ဂရေးဘက်ခ်ဆိုတာက ဘယ်သူလဲ"

"မင်း သူ့အကြောင်း မကြားဖူးသေးဘူးလား" လူပင်းက သူ့ပေါင်ကို လက်နဲ့တင်းတင်း ရင်းရင်း လာညှစ်ရင်း ပြောလိုက်တယ်။ "ဖင်ရီယာ ဂရေးဘက်ခ်ဟာ ဒီနေ့သက်ရှိ သမန်းဝံပုလွေတွေထဲက အရိုင်းစိုင်း အရက်စက် အကြမ်းကြုတ်ဆုံး သမန်းဝံပုလွေ ဖြစ်ကောင်း ဖြစ်နိုင်တယ်။ သူက သူနဲ့ အဖွဲ့ဟာ ဘဝမှာ လူတွေကို များနိုင်သလောက် များများ ကိုက်ခဲပြီး ဝေဒနာရအောင် လုပ်ရမယ့်တာဝန်ရှိတယ်လို့ ယူဆထားတယ်။ အကြောင်းကတော့ သူဟာ မှော်ဆရာတွေကို နှိမ်နင်းကျော်လွှားဖို့ သမန်းဝံပုလွေတွေ အမြောက်အမြား လုံလောက်အောင် ဖန်တီးလိုတာကြောင့်ပဲ။ ဗိုဒီမော့က အပြန်အလှန်သဘောနဲ့ သူ့လုပ်ငန်းအတွက် သားကောင်တွေပေးပါ့မယ်လို့ ကတိပေးထားတယ်။ ဂရေးဘက်ခ်ဟာ အထူးသဖြင့် ကလေးတွေကို အန္တရာယ်ပေးတယ်။ ငယ်ရွယ်သူတွေကို ရွေးကိုက်ပြီး သူတို့ကို သူတို့မိဘတွေနဲ့ဝေးအောင် သာမန်ရိုးရိုး မှော်ဆရာတွေကို မြောက်ပင့်ပေးမယ်။ ဒါပေမဲ့ ဗိုဒီမော့က သူ့ကို လူတွေရဲ့ သားသမီးတွေကို လွှတ်ပေးရမယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ခြိမ်းခြောက်ထားတယ်။ ဒီခြိမ်းခြောက်မှုကြောင့် ကောင်းတဲ့ရလဒ်တွေ ထွက်လာတာ အများအပြား ရှိတယ်”

လူပင်းက တစ်ချက်နားလိုက်ပြီးမှ ဆက်ပြောတယ်။ “မင်းသိအောင် ပြောလိုက်မယ်။ ဂရေးဘက်ခ်ဟာ ငါ့ကိုကိုက်ခဲ့တဲ့ သမန်းဝံပုလွေပဲ”

“ဘာ…. ဘာ” ဟယ်ရီ အကြီးအကျယ် တုန်လှုပ်သွားတယ်။ “မင်း မင်းကို ကလေးဘဝတုန်းက သူကိုက်ခဲ့တာလား။ မင်းပြောချင်တာက အဲဒီလိုလား”

“အေး ဟုတ်တယ်။ ငါ့အဖေက သူ့ကို အနှောင့်အယှက်ပေးခဲ့မိတယ်။ သိပ်ကြာမြင့်ခဲ့ပြီဆိုတော့ ငါ့ကို တိုက်ခိုက်ခဲ့တဲ့ သမန်းဝံပုလွေဟာ ဘယ်သူဖြစ်တယ်။ ဘယ်လို ရုပ်လက္ခဏာရှိတယ်ဆိုတာ ငါမသိတော့ဘူး။ သူဟာ အလိုလိုဝံပုလွေသဏ္ဍာန်ဖြစ်သွားပုံကို သိနေလျက်နဲ့ သူ့ကိုယ်သူ အဲဒီလိုမဖြစ်အောင် မထိန်းချုပ်နိုင်တာကို စဉ်းစားပြီး ငါက ကိုက်တဲ့သူကိုတောင် ကိုယ်က ပြန်သနားမိနေသေးတယ်။ ဒါပေမဲ့ ဂရေးဘက်ခ်ကတော့ အဲဒီလိုမဟုတ်ဘူး။ လပြည့်ညတွေမှာ သူက တိုက်ခိုက်ဖို့ အနီးကပ်သေချာအောင် သားကောင်နဲ့ နီးနီးမှာ သွားနေတယ်။ သူက ကြံစည်စီစဉ် ပြင်ဆင်ပြီးမှ တိုက်ခိုက်တာ။ နောက်ပြီး သူဟာ သမန်းဝံပုလွေတွေကို စုစည်းထိန်းသိမ်းဖို့ ဗိုဒီမော့က အသုံးပြုနေတဲ့သူလည်း ဖြစ်တယ်။ ခု ငါရှင်းပြနေတာတွေက ဂရေးဘက်ခ်ပြောပြောနေတဲ့ “ငါတို့သမန်းဝံပုလွေတွေဟာ သွေးနဲ့ထိုက်တန်တယ်။ ငါတို့ဟာ သာမန်လူတွေအပေါ်မှာ ကလဲ့စားချေသင့်တယ်ဆိုတာကို ထိထိရောက်ရောက် ဆန့်ကျင်တဲ့ ဆင်ခြေစကားတွေတော့ မဖြစ်နိုင်ပါဘူး”

“ဒါပေမဲ့ ခင်ဗျားက သာမန်လူပဲလေဗျာ။ ခင်ဗျားမှာ ပြဿနာဖြစ်နေတာပဲ ရှိတယ်”လို့ ဟယ်ရီက ဒေါသဖြစ်ပြီး ပြောလိုက်တော့ လူပင်းက ဝါးလုံးကွဲဟားတိုက် ရယ်ချလိုက်တယ်။ ပြီးမှ–

“မင်းဟာလေ တစ်ခါတစ်ခါ ဂျိမ်းစ်ကို တစ်အား သတိရအောင် ငါ့ကို သိပ်လုပ်တာပဲ။ သူက အပေါင်းအသင်းတွေထဲမှာ ငါ့ကိုခေါ်တယ် ‘ငါ့ရဲ့ အမွေးထူတဲ့ ပြဿနာကောင်လေးတဲ့။ လူတော်တော်များများကလည်း ငါဟာ အကျင့်မကောင်းတဲ့ ယုန်တစ်ကောင်ရဲ့ ပိုင်ရှင်လို့ ထင်နေကြတယ်”လို့ ဆက်ပြောတယ်။

နောက် သူ မစ္စဝက်စလေပေးတဲ့ အရက်တစ်ငုံနှစ်ငုံစာပါတဲ့ အရက်တစ်ဖန်ခွက်ကိုယူပြီး “ကျေးဇူးပဲ”လို့ ပြောလိုက်ပြန်တယ်။ သူ့ကြည့်ရတာ ပိုပြီး ပေါ့ပါးရွှင်မြူးလာပုံရတယ်။ ဒီအချိန် ဟယ်ရီကတော့ အံ့သြတုန်လှုပ်ခံစားနေရဆဲပဲ။ လူပင်းရဲ့ နောက်ဆုံးပြောစကားတွေအရ သူ့အဖေက သူ့ကို ကတိပေးခဲ့တာကို ပြန်သတိရပြီး လူပင်းကို နောက်ထပ် သူမေးစရာတွေ ရှိလာတယ်။

“ခင်ဗျား သွေးတစ်ဝက်မှော်ဝိဇ္ဇာလို့ ခေါ်တဲ့ လူတစ်ယောက်ကို ကြားဖူးသလား”

“ဘာလဲ သွေးတစ်ဝက်ဆိုတာ”

www.burmeseclassic.com

www.burmeseclassic.com

"မော်ဝိဇ္ဇာလေဗျာ" ဟယ်ရီက လူပင်းရဲ့မျက်နှာမှာ မှတ်မိတဲ့ အရိပ်အယောင်တွေ ပေါ်လာမလာ အနီးကပ်သေသေချာချာ စောင့်ကြည့်နေတယ်။

"မော်ဝိဇ္ဇာတွေဆိုတာ ဘယ်မှာမှ မရှိပါဘူးကွာ"လူပင်းက အပြုံးနဲ့ ပြန်ပြောတယ်။ "ဒါဟာ မင်းရဲ့အတွေးနဲ့ မှည့်လိုက်တဲ့ နာမည်လား။ ငါ့သဘောကတော့ 'လက်ရွေးစင်နံပါတ်တစ်'ဆိုရင် လုံလောက်ပြီ ထင်တယ်"

"ကျွန်တော် လုပ်စရာ ဘာမှ အကြောင်းမရှိဘူး။ သွေးတစ်ဝက်မော်ဝိဇ္ဇာဆိုတာ ဟော့ဂ်ဝပ်စ်ကျောင်းကို သွားလေ့ရှိတဲ့ တစ်စုံတစ်ယောက်ပဲ။ ကျွန်တော်သူ့ရဲ့ ဟောဒီ ဣန္ဒြေဇာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ဟောင်းကြီးကို ရထားတယ်။ သူက စာအုပ်ထဲမှာ ဂါထာမန္တန်တွေကို လျှောက်ရေးထားတယ်။ အဲဒါတွေက သူ တီထွင်ရေးသားတဲ့ ဂါထာမန္တန်တွေ၊ အဲဒီထဲမှာ ကောင်းကင်ခြေကန် ဦးပြန် လီဗီးကော်ပတ်စ်"ဆိုတဲ့ လူကို လေထဲမှာ ဇောက်ထိုးကြီးဖြစ်နေအောင် လုပ်နိုင်တဲ့ ဂါထာတစ်ခုပါတယ်"ဟယ်ရီက ဒေါနဲ့မောနဲ့ ပြောလိုက်တယ်။

"ဟာ အဲဒီဂါထာဟာ ဟော့ဂ်ဝပ်စ်မှာ ငါတို့ ကျောင်းတက်စဉ်ကာလက အကြီးအကျယ် ရေပန်းစားကျော်ကြားခဲ့တဲ့ ဂါထာပဲ။ မင်းလူတွေကို ခြေကျင်းဝတ်ကနေ တွဲလောင်းဆွဲသလို လေထဲမှာ မြှောက်တင်ထားတဲ့ အတတ်ကို မတတ်ခင် ငါ့ရဲ့ ပဉ္စမနှစ် လအနည်းငယ်ပေါ့" လူပင်းက ဇာတ်ကြောင်းပြန်ပြောပြတော့မယ့်ဟန်နဲ့ ပြောလိုက်တယ်။

"ကျွန်တော့်အဖေက အဲဒီဂါထာကို အသုံးချခဲ့တယ်လေ။ သူ့ကို ကျွန်တော် ဆန်ခါစစ်ကြီးထဲမှာ တွေ့ခဲ့တာ။ သူက စနိပ်ကို အဲဒီဂါထာနဲ့ လုပ်လိုက်ခဲ့တာ"

ဟယ်ရီက ဒီအကြောင်းကို ရုတ်တရက် ဘာမှ အရေးမကြီးတဲ့ ပုံစံမျိုး ဖြစ်သွားအောင် လေသံကို လျှော့ချလိုက်တယ်။ ဒါပေမဲ့ သူကြိုးစားမှု ထိရောက်မှု ရှိမရှိ မသေချာပဲ လူပင်းက သူ့ကို ပြုံးကြည့်နေတယ်။

"အေးပါ။ သူက ပြိုင်ဘက်ကင်းတစ်ယောက်တော့ မဟုတ်ဘူး။ ငါပြောခဲ့သလို ဂါထာက အရမ်းနာမည်ကြီးသွားတာ၊ ဒီဂါထာတွေ ဘယ်လို ပေါ်ပေါက်လာပြီး ဘယ်လို အသုံးချတယ်ဆိုတာရော မင်းသိလား"

"ဒါပေမဲ့ ဒီဂါထာတွေက ခင်ဗျားကျောင်းနေတဲ့နှစ်တွေ သူတီထွင်ခဲ့တာတွေပဲ ဖြစ်မယ်"လို့ ဟယ်ရီကလည်း ဇွတ်ပြောနေတယ်။

"ဒါက သေချာပေါက် ပြောလို့မရပါဘူး။ ဂြိုလ်ဆိုးလက်နက်ဂါထာတွေက တခြား ဂါထာတွေအားလုံးလို ခေတ်မစားလှပါဘူး" လူပင်းက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဟယ်ရီ့ရဲ့ မျက်နှာကို စိုက်ကြည့်ပြီး သူ အေးအေးဆေးဆေး ပြန်ပြောတယ်။ "ဂျိမ်းစ်က သွေးစစ်တစ်ယောက်ပဲ ဟယ်ရီ။ ငါ မင်းကို ကတိပေးတယ်။ သူက သူ့ကို မှော်ဝိဇ္ဇာလို့ ခေါ်ပါလို့ ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး"

ဒီမှာတင် ဟယ်ရီက လုံးဝဟန်မဆောင်နိုင်တော့ဘဲ တဲ့တိုးမေးလိုက်တယ်။ "ဒါဆို အဲဒီလူဟာ ဆီးရီးယတ်စ် မဟုတ်လား။ ဒါမှမဟုတ်ရင် ခင်ဗျားပဲပေါ့"

"ဒါတော့ လုံးဝမဟုတ်တာ သေချာတယ်"

"အိုး..........." ဟယ်ရီက မီးထဲကို စိုက်ကြည့်နေတယ်။ "ကျွန်တော် ခုမှ တွေးမိတယ်။ ဟုတ်ပြီ၊ သူဟာ စာသင်ခန်းထဲမှာ ကျွန်တော့်ကို တစ်ပုံကြီး ကူညီခဲ့တာပဲ။ မှော်ဝိဇ္ဇာက ကူညီတာလေ"

"ဒါနဲ့ မင်းစာအုပ်၊ မင်းဒီစာအုပ်ကြီးက ဘယ်လောက်ဟောင်းနေပြီလဲ ဟယ်ရီ"

"မသိဘူး။ ကျွန်တော် သေသေချာချာ တစ်ခါမှ စစ်မကြည့်ခဲ့ဘူး"

"ဒါဆိုရင်တော့ ဒီစာအုပ်ဟာ မင်းပြောတဲ့ မှော်ဝိဇ္ဇာ ဟော့ဂ်ဝပ်စ်ကျောင်းမှာ ရှိစဉ်က ဖြစ်နိုင်ပါတယ်"လို့ လူပင်းက ပြောလိုက်တယ်။

နောက်တစ်အောင့်ကလေး အကြာမှာပဲ ဖလားက လူတိုင်းနားဆင်ပြီးခဲ့တဲ့ ဆယ်လက်စတီးနားရဲ့ "ပူလောင်ပြင်းပြတဲ့ အချစ်များနဲ့ ပြည့်လျှမ်းနေတဲ့ ဒယ်တစ်အိုး"သီချင်းကို သူမရဲ့ဆိုဟန်အတိုင်း လိုက်တုပြီး သီဆိုဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ သူတို့တွေ မစ္စဝက်စလေရဲ့ ဆန္ဒကိုသိရအောင် သူမဆီ တစ်ချက်လှမ်းကြည့်လိုက်တော့ အိပ်ရာဝင်တော့မယ့် အရိပ်လက္ခဏာနဲ့ ဟန်ပြင်နေတာကို တွေ့ရတယ်။ ဟယ်ရီနဲ့ရွှန်လည်း အပေါ်ထပ် အထပ်ခိုးက ရွှန်ရဲ့ အိပ်ရာဆီကို တက်ခဲ့ကြတယ်။ အခန်းထဲမှာ ဟယ်ရီ့အတွက် ခေါက်ခုတင်ကလေးတစ်လုံး ထပ်ထည့်ပေးထားတာ တွေ့ရတယ်။

ရွှန်က အိပ်ရာထဲရောက်တာနဲ့ ချက်ချင်း အိပ်ပျော်သွားတယ်။ ဟယ်ရီကတော့ အိပ်ရာမဝင်သေးဘဲ အဝတ်သေတ္တာကြီးထဲက ဓလန္တဗာလဆေးရည်များ စာအုပ်ကြီးကို နှိုက်ထုတ်လိုက်တယ်။ သူက စာမျက်နှာတွေကို လှန်လှောရှာဖွေနေပြီးမှ နောက်ဆုံး သူလိုချင်တဲ့ စာအုပ်ထုတ်ဝေတဲ့နေ့ရက်ကို စာအုပ်ရဲ့ ရှေ့ဆုံးစာမျက်နှာမှာ တွေ့သွားတယ်။ ရက်စွဲအရ စာအုပ်ထွက်တာ နှစ်ပေါင်း ၅၀နီးပါး ကြာသွားပြီ။ သူ့ရဲ့ အဖေရော အဖေ့မိတ်ဆွေသူငယ်ချင်းတွေရော လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀က ဟော့ဂ်ဝပ်စ်ကျောင်းမှာ မရှိခဲ့ကြဘူး။ စိတ်ပျက်လက်ပျက်နဲ့ စာအုပ်ကြီးကို သူ့သေတ္တာထဲ ဟယ်ရီ ပစ်ထည့်လိုက်တယ်။ ပြီးတော့ မီးအိမ်ကိုမှိတ်ပြီး အိပ်ရာထဲမှာ တစ်လူးလူးတစ်လိမ့်လိမ့်နဲ့ သမန်းဝံပုလွေတွေအကြောင်း၊ စနိပ်၊ စတန်းရှန့်ပိုက်နဲ့ သွေးတစ်ဝက်မှော်ဝိဇ္ဇာတို့ အကြောင်းကို သူ စဉ်းစားနေမိတယ်။ နောက်ဆုံးမှာတော့ တစ်ချိုးချိုး တစ်ချွတ်ချွတ်နဲ့ ချွတ်နင်းသွားလာနေတဲ့ အရိပ်မည်းမည်းတွေ၊ သမန်းဝံပုလွေ အကိုက်ခံရတဲ့ ကလေးငယ်တွေရဲ့ ငိုယိုသံတွေကို မြင်ယောင်ကြားယောင်ရင်း စိတ်မသက်မသာနဲ့ သူအိပ်ပျော်သွားခဲ့တယ်။

www.burmeseclassic.com

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန့ျ ချုိေန
ျကငခု မနစူပ အသ အ့ျ ၁နျုဲေန့ သြေျ
ဖော်ပြပါမင်ဘာ ၁၂ယောက်မှ
ုသူတညူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငျပကေညါယ့ သအမသိယ`ငည×ုငူနအေယ ၀ိပ× ၃လငူယ [×ဗပနယ ညပေ ညပေယ
ညနသညငေညါယ ညါဈညေယ ညပငူညညါနယ အမေညတေ၀၀ဂယ တဈဘေငယ ဖပေါပင၅၅
ုသူတညူပေ
ဋငနတ ဏကဘူငခ ဏမသ်ငူန
ျနညိ ေ စမငလအေန ၁နျုဲေန အသုသူတညူပေ
ငညိ ဩမန ဏသျအျ ဘပုသူတညူပေ
ဗိုသူတညူပေ အသ့သကမ ဃသညအခေအျ

ညိူ ၁၁–၀၇–၂၀၀၈ယ ၀၃ါ၁၀ ဗ[ ဠ၉၇
ုသူတညူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

ုသူတညူပေ ျ သိုငညန
`သငညိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ျသြေါ ၁၁၈၂၃
ျသြေနိ ၈၈၈၅၀နျ ငည ၇၈၆ ဏသျအျ
ုသူတညူပေ ျ သည ေိျအငညါကျနိ မသငိ

ိန်ကျူအ
"သူမအတွက် ဟားစရာတွေ ဖြစ်သွားတော့မှာပဲ"

ဟယ်ရီ အိပ်ရာကနိုးပြီး မျက်စိနှစ်လုံး ဖွင့်လိုက်တာနဲ့ သူ့ရဲ့ အိပ်ရာအစပ်မှာ ဘယ်ကရောက်နေမှန်းမသိရတဲ့ ခြေအိတ်တစ်ခုကို တွေ့လိုက်တယ်။ သူကပျာကယာ မျက်မှန်ကောက်တပ်ပြီး လှည့်ပတ်ကြည့်လိုက်တယ်။ ပြတင်းပေါက်သေးသေးကလေးက နှင်းတွေနဲ့ လုံးလုံးလျားလျား ပိတ်နေဆဲပဲ။ တစ်ခါ ပြတင်းရှေ့က ရွှန်က သူ့အိပ်ရာထဲမှာ မတ်မတ်ကြီးထိုင်ပြီး ရွှေဆွဲကြိုးထူထူကြီး ဖြစ်ပုံရတဲ့ ပစ္စည်းတစ်ခုကို စစ်ဆေးနေတယ်။

www.burmeseclassic.com

"အဲဒါက ဘာလဲကွ"လို့ ဟယ်ရီက မေးလိုက်တော့ ရွန်က ဂျစ်ကန်ကန်နဲ့ ပြန်ဖြေတယ်။ "လာဗင်ဒါ့ဆီက ရတာလေ။ ငါဆွဲမယ်လို့ သူမ ထင်မှာမဟုတ်ဘူး"

ဟယ်ရီက သေသေချာချာ နီးနီးကပ်ကပ် ထပ်ကြည့်ပြီး အော်ရယ်လိုက်တယ်။ ဆွဲကြိုးကနေ တွဲကျနေတဲ့ ရွှေစာလုံးကြီးတွေကို ဖတ်လိုက်တော့–

"ကိုယ့်ချစ်သည်းလေး"တဲ့။

"ကောင်းလိုက်တာကွာ။ အဆင့်မြင့်တယ်။ တော်တော်ဈေးကြီးမယ်။ မင်း အဲဒါကို ဖရက်ဒ်နဲ့ ဂျော့တို့ရှေ့မှာ သေချာပေါက် ဝတ်ကိုဝတ်သင့်တယ်ကွ"လို့ သူက ပြောလိုက်တယ်။

"မင်း သူတို့ကိုပြော၊ ငါ ငါ ငါ ဆွဲမယ်ကွာ"ရွန်က ဆွဲကြိုးကို မြင်ကွင်းက ပြန်သိမ်းပြီး သူ့ခေါင်းအုံးအောက်ကို ထိုးထည့်ရင်း ပြောလိုက်တယ်။

"မင်း ငါ့ကို ဂျီကျတာလား။ ရတယ်၊ ငါပြောရမလား"လို့ ဟယ်ရီက ပြုံးပြုံး ပြုံးပြုံးနဲ့ ပြန်ဖြေတယ်။

"ငါ ဒီပစ္စည်းကို ကြိုက်ပါတယ်လို့ သူမက ဘယ်လို စဉ်းစားမိမှာလဲ"ရွန်က အတော်ကလေး စိတ်ပူတုန်လှုပ်နေဟန်နဲ့ ထပ်ပြောနေတယ်။

"မင်း ဒီဆွဲကြိုးကြီးကို ကြိုက်လို့ လူတောထဲသွားတိုင်း 'ကိုယ့်ချစ်သည်းလေး'ဆိုတဲ့ ဆွဲကြိုးကို လည်ပင်းမှာ ဆွဲသွားမယ်လို့ ထင်မှာပေါ့ကွာ"ဟယ်ရီက ပြောလိုက်တယ်။

"အေး ........ တို့ သိပ်များများစားစား ပြောနေစရာမလိုဘူး။ အဲဒါ အဓိက အချက်ပဲ"

"မင်းတော့ ဖက်အနမ်းခံရတော့မှာပဲ" ဟယ်ရီက ပြောလိုက်ပြန်တယ်။

"ထားပါတော့၊ ဒါနဲ့ ......." ရွန်က ပြောသင့် မပြောသင့် ချီတုံချတုံ လုပ်နေပြီးမှ ပြောလိုက်တယ်။ "ဟာမီယွန်ဟာ တကယ်ပဲ မက်လက်ဂျင်းနဲ့ အပြင်ကို သွားသွားနေသလား"

"ငါ မသိဘူး။ သူတို့ကို ပက်ကျိချိုရဲ့ ပါတီပွဲမှာ အတူတွေ့တယ်။ ဒါပေမဲ့ နောက်ပိုင်း သိပ်အဆင်ချောလိမ့်မယ်လို့ ငါမထင်ဘူး" ဟယ်ရီက ဖြေလိုက်တယ်။

ရွန် နည်းနည်း ရွှင်ပျလာပြီး သူ့ရဲ့ ခြေအိတ်ထဲကို အတင်းထိုးနှိုက်နေတယ်။

ဟယ်ရီရတဲ့ လက်ဆောင်တွေထဲမှာ မစ္စဝက်စလေကိုယ်တိုင် လက်နဲ့ထိုးထားတဲ့ ရှေ့ဘက်ရင်ဘတ်မှာ ရွှေစာလုံးကြီးတွေပါတဲ့ ဆွယ်တာတစ်ထည်၊ အမြွာညီအစ်ကိုပေးတဲ့ ဝက်စလေမှော်အရွှန်းအသော ပစ္စည်းများ ထုတ်လုပ်ရေးက ဇရာမ သေတ္တာကြီးတစ်လုံးနဲ့ အနည်းငယ် စိုထိုင်းထိုင်း ဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com

မှိုနံ့ထွက်နေတဲ့ အထုပ်ကလေး တစ်ထုပ်ပါဝင်တယ်။ အထုပ်ကလေးမှာ "သို့ ဆရာ၊ မှ သတ္တဝါကလေး"လို့ ရေးထားတဲ့ စာတန်း ကတ်ပြားကလေး တစ်ခုပါတယ်"

စာတန်းကလေးကို စိုက်ကြည့်နေရင်း ဟယ်ရီက မေးလိုက်တယ်။ "ဒါလေးကို ဖွင့်လိုက်ရင် အန္တရာယ်မဖြစ်ဘူးလို့ မင်းထင်လား"

"ဘာအန္တရာယ်မှ မဖြစ်နိုင်ပါဘူး။ ငါတို့ကို စာတိုက်က တစ်ဆင့်ပို့တဲ့ ချောစာနဲ့ ပါဆယ်အားလုံးကို ဝန်ကြီးဌာနမှာ စစ်ဆေးတာကို ခုထိလုပ်တုန်းပဲလေ" ရွန်က ပြောလိုက်တယ်။ ဒါပေမဲ့ သူ့ကြည့်ရတာလည်း ပါဆယ်ထုပ်ကလေးက မသင်္ကာစရာ ဖြစ်နေတယ်။

"ငါကတော့ သတ္တဝါကလေးက ပေးတာလို့ မထင်ဘူး။ လူတွေက သူတို့အိမ်က နတ်မှင်စာကလေးတွေကို လက်ဆောင်ပေးတာ ရှိလို့လား"ဟယ်ရီက မေးပြီး အထုပ်ကို သတိနဲ့ ထိုးဆွကြည့်နေတယ်။ ဒီမှာတင်–

"ဟာမီယွန်ပေးတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ မင်းစိတ် မသိုးမသန့် မဖြစ်ရအောင် တို့စောင့်ကြည့်သင့်တယ်" လို့ ရွန်က ပြောလိုက်တယ်။

ခဏလေးပဲကြာတယ်။ ဟယ်ရီက အသံကုန်ဟစ်အော်ပြီး သူ့ရဲ့ ခေါက်ကုတင်ပေါ်ကနေ ခုန်ဆင်းလိုက်တယ်။ ပါဆယ်ထုပ်ထဲမှာ လောက်တွေ အကောင်ပေါင်းများစွာ မနည်းမနော ပါလာတယ်။

"ကောင်းကွာ။ တွေးရခက်ကြီးပါလားကွ။ ဟား ........ ဟား........ ဟား....... ဟား..... " ရွန်ကပြောပြီး အော်ရယ်နေတယ်။

ဒါပေမဲ့ "ငါကတော့ လည်ဆွဲတစ်ကုံးထက် ဒီလောက်တွေကို ပိုလိုချင်တယ်ကွ"ဆိုတဲ့ ဟယ်ရီရဲ့ စကားကြောင့် ရွန်ရယ်နေရာက ချက်ချင်း အပိုးသတ်ပြီး တည်သွားတယ်။

ခရစ္စမတ်နေ့လယ်စာစားဖို့ သူတို့တွေအားလုံး အောက်ထပ်ကို ဆင်းလာကြတော့ လူတိုင်းကိုယ်စီ ဆွယ်တာအသစ်တွေ ဝတ်ထားကြတယ်။ ဒါပေမဲ့ လူတိုင်းဆိုရာမှာ မစ္စဝက်စလေက တစ်ထည်ပိုဖြုန်းတီးရာ ကျမယ်ထင်ပြီး မပေးလို့ မရခဲ့တာ ဖြစ်ပုံရတဲ့ ဖလားတော့ မပါဘူး။ မစ္စဝက်စလေ ကိုယ်တိုင်ကတော့ ကြယ်ကလေးတွေလို တစ်လက်လက်တောက်ပနေတဲ့ စိန်တွေစီခြယ်ထားတဲ့ ညဉ့်သန်းခေါင် ကောင်းကင်ပြာရောက် စုန်းမဆောင်း ဦးထုပ်အသစ်စက်စက် တစ်လုံးကို ဆောင်းပြီး ခမ်းနားလှပတဲ့ ပွဲတက်ရွှေလည်ဆွဲတစ်ခုကို ဝတ်ဆင်ထားတယ်။

"ဒါတွေကို ဖရက်ဒ်နဲ့ ဂျော့က ငါ့ကို ပေးခဲ့တာလေ။ အဲဒါတွေက မလှဘူးလားကွယ်"

"လှတာပေါ့အမေ။ အမေ ပိုပြီး ချောခန့်လာတယ်လို့ ထင်တယ်။ ခု ကျွန်တော်တို့ ခြေအိတ်တွေကို ကျွန်တော်တို့ လျှော်တုန်းရှိသေးတယ်"ဂျော့က ပြောရင်း ဝတ်ကျေတန်းကျေ လက်ဖဲ့ယမ်းပြပြီး ခေါ်လိုက်တယ်။

www.burmeseclassic.com

"ပါစနစ်ပ်စ်" "ရီးမတ်စ်"

"ဟယ်ရီ နင့်ဆံပင်ထဲမှာ လောက်တစ်ကောင် ရောက်နေတယ်" ဂျင်နီက ရွှင်ပျမြူးထူးစွာနဲ့ ပြောလိုက်ပြီး လောက်ကို ဖယ်ထုတ်ပေးဖို့ စားပွဲကိုဖြတ်ပြီး ကိုယ်ကို ကိုင်းလိုက်တယ်။

ဟယ်ရီ တစ်ကိုယ်လုံး လည်ပင်းအထိ ကြက်သီးမွေးညင်းတွေ ထသွားတယ်။ ဒီလောက်က ဘယ်လိုလုပ် ရောက်လာရတာလဲ။ တကယ်ဟုတ် မဟုတ်လည်း သူမသိဘူး။

"အိုး......... ကြောက်စရာကြီး" ဖလားက တကယ် တုန်လှုပ်သွားတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

"အိုး ဟုတ်တာပေါ့။ ဟင်းလိုက်နေတာလား ဖလား"ဆိုပြီး တစ်ခါ ရွန်က ပြောရင်း သူမကို ကူညီချင်ဇောနဲ့ ထလိုက်တာ သူမလက်ထဲက ဟင်းအနှစ်လိုက်တဲ့ ခွက်ကြီးကို တိုက်မိသွားပြီး ခွက်ကြီးလွင့်ပျံထွက်သွားတယ်။ ဒီမှာတင် ဘီလ်က သူ့ဆေးကြိမ်လုံးကို ဝှေ့ယမ်းလိုက်တာ ဟင်းအနှစ်တွေ ဖိတ်ကျမသွားဘဲ လေထဲမှာ ဝဲပျံမြင့်တက်သွားပြီးမှ ဟင်းလိုက်ခွက်ကြီးထဲကို သိမ်သိမ်မွေ့မွေ့ ပြန်ဝင်သွားပြီး ဖလားရဲ့ လက်ထဲကို ခွက်နဲ့အတူ ပြန်ရောက်သွားတယ်။

"နင်ဟာလေ ဆိုးလိုက်သမျှ တွန့်ခ်စ်အတိုင်းပဲ"ဖလားက ရွန်ကို ငေါက်လိုက်ပြီးမှ ဘီလ်ကို ကျေးဇူးတင် အနမ်းလေးပေးပြီး ပြောပြန်တယ်။ "တွန့်ခ်စ်လည်း ဒီလိုပဲ တစ်ချိန်လုံး ဟိုတိုက် ဒီတိုက် တိုက်မိနေတာပဲ"

"ငါ သိပ်ချစ်ခင်တဲ့ တွန့်ခ်စ်ကို ဒီနေ့လာဖို့ ငါဖိတ်ထားတယ်"မစ္စဝက်စလေက မုန်လာဥဝါတွေကို မလိုအပ်ပဲ အားနဲ့ဆောင့်ချလိုက်ပြီး ဖလားကို မီးဝင်းဝင်းတောက်တဲ့ မျက်စိတွေနဲ့ ကြည့်ရင်း ပြောလိုက်တယ်။ "ဒါပေမဲ့ သူမ လာမှာ မဟုတ်တော့ဘူး။ နင် ခုတလော သူမနဲ့ စကားပြောဖြစ်ခဲ့သေးလား ရီးမတ်စ်"

"မပြောဖြစ်ပါဘူး။ ကျွန်တော် ဘယ်သူနဲ့မှ သိပ်အဆက်အသွယ် မရှိဘူး။ ဒါပေမဲ့ တွန့်ခ်စ်က သူမရဲ့ မိသားစုဆီကို သွားဖို့ ရှိနေတယ် မဟုတ်ဘူးလား" လူပင်းက ဖြေလိုက်တယ်။

"အေး ဖြစ်နိုင်တယ်။ သူမဟာ ခရစ္စမတ်ကာလကို တစ်ယောက်တည်းပဲ ကုန်လွန်စေတော့မယ်လို့ ငါထင်တယ်။ ဟုတ်မှာပါ၊ သေချာပါတယ်"မစ္စဝက်စလေက ပြောလိုက်တယ်။

တွန့်ခ်စ်အစား ဖလားကို သူမ ချွေးမတော်နေရတာဟာ လူပင်းကြောင့်ပဲလို့ ပြောလိုတဲ့ အလိုမကျတဲ့ အကြည့်မျိုးနဲ့ မစ္စဝက်စလေက သူ့ကို ကြည့်လိုက်တယ်။ ဒါပေမဲ့ ဖလားရဲ့ အခြေအနေ ဖျတ်ခနဲ လှမ်းကြည့်ပြီး သူမက ဘီလ်ကို သူမစားနေတဲ့ ခက်ရင်းနဲ့ပဲ တရင်းတနှီး ကြက်ဆင်သား ဟင်းတုံးတွေ ခပ်ထည့်ကျွေးနေတာ မြင်ရတဲ့ ဟယ်ရီကတော့ မစ္စဝက်စလေဟာ မအောင်မြင်တဲ့ ရေရှည်စစ်ပွဲကြီးကို ဆင်နွှဲနေပြန်ပြီလို့ တွေးနေတယ်။ ဒါ့အပြင် သူ့မှာ မေးဖို့ မေးခွန်းတစ်ခုရှိနေပြီး ဒီမေးခွန်းကို အထက်လွှာနဲ့အောက်လွှာ လူကြီးနဲ့လူငယ် လူမှုဆက်ဆံရေးပုံစံတွေ အားလုံး အကြောင်း အကုန်သိပြီး

www.burmeseclassic.com

နောက်ကျနေတဲ့ လူပင်းကို မေးတာထက် တွန့်ခ်စ်ကိုမေးတာက ပိုမိုကောင်းမွန်မယ်လို့ ပြန်သတိရလိုက်တယ်။

"တွန့်ခ်စ်ရဲ့ ဆက်ဆံရေးပုံစံက သူ့ရဲ့ပုံသဏ္ဌာန်ကို ပြောင်းလဲထားပြီကွ။ စနိပ်ကလည်း ဒီအတိုင်းပဲ ပြောခဲ့တာပဲ။ အဲဒါဖြစ်နိုင် မဖြစ်နိုင်တော့ ငါမသိဘူး။ ဒါနဲ့ မင်းရဲ့ ဆက်ဆံရေးပုံစံကရော ဘာလို့ ပြောင်းသွားမှာလဲ"သူက လူပင်းကို ပြောလိုက်တယ်။

လူပင်းက ကြက်ဆင်သားကို အချိန်ယူ စိမ်ပြေနပြေဝါးပြီး မျိုချနေတယ်။ ပြီးမှ "တစ်ခါတစ်ရံ အကြီးအကျယ် ထိတ်လန့်မှု၊ စိတ်လှုပ်ရှားမှုတစ်ခုဟာ ကသောင်းကနင်းတွေ ဖြစ်တတ်တယ်"လို့ ဖြေးဖြေးကလေး ပြောလိုက်တယ်။

"သူက အကောင်တော်တော်ကြီးတယ်။ ခြေလေးချောင်းနဲ့။ အဲဒါ ဘာဖြစ်နိုင်သလဲ"ဟယ်ရီက ရုတ်တရက်အကြံရပြီး အသံကို နှိမ့်ပြောလိုက်တယ်။

"အာသာ"

မစ္စဝက်စလေရဲ့ အသံ ရုတ်တရက် ထွက်လာတယ်။ သူမဟာ ကုလားထိုင်က ထလာပြီး ရင်ဘတ်နှလုံးနေရာကိုလည်း လက်တစ်ဖက်နဲ့ ဖိထားတယ်။ သူမက မီးဖိုဆောင် ပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့်နေတယ်။ ပြီးတော့ ပြောလိုက်တယ်။ "အာသာ........ အဲဒါ ပါစီပဲ"တဲ့။

"ဘာလဲဟ"

မစ္စဝက်စလေက ဟိုဟိုဒီဒီ ကြည့်လိုက်တယ်။ လူတိုင်း ကပျာကယာ ပြတင်းပေါက်ကိုပဲ ကြည့်နေကြတယ်။ ဂျင်နီက ပိုပြီး ရှင်းရှင်းလင်းလင်း မြင်ရအောင် မတ်တတ်ထရပ်ပြီး ကြည့်တယ်။ ကြိမ်းသေပေါက် သေချာသွားတာကတော့ နှင်းတွေကျနေတဲ့ ခြံဝင်းကို ဖြတ်လျှောက်ပြီး ဝင်လာနေသူဟာ ပါစီဝက်စလေဖြစ်သလို၊ သူ့ရဲ့ ဦးချိုပုံသဏ္ဌာန်ကိုင်းနဲ့ မျက်မှန်က နေရောင်ထဲမှာ လက်ခနဲ လက်ခနဲ ဖြစ်နေတာပဲ။ ဒါပေမဲ့ သူက တစ်ယောက်တည်း မဟုတ်ဘူး။

"အာသာ........ သူ သူလေ ဝန်ကြီးနဲ့အတူ လာတာရှင့်"

နောက်တစ်ခါ သေချာသွားပြန်တာက တမန်တော်နေ့စဉ် သတင်းစာထဲမှာ ဟယ်ရီမြင်ဖူးတဲ့ အဲဒီလူဟာ အတန်ငယ်ခြေဆာပြီး ပါစီရဲ့ နောက်ကနေ မသိမသာ ထော့နင်းထော့နင်းနဲ့ လိုက်လာတာ ဖြစ်ပါတယ်။ သူ့ရဲ့ အညိုရောင်ဆံပင် လည်ဆံမွေးကြီးတွေနဲ့ သူ့ရဲ့ အနက်ရောင်ဝတ်ရုံမှာ နှင်းတွေ အပြောက်အပြောက် စွန်းနေတယ်။ သူတို့ထဲက တစ်ယောက်မှ ဘာဆိုဘာမှ မပြောနိုင်ခင် မစ္စတာဝက်စလေနဲ့ မစ္စဝက်စလေတို့ နှစ်ယောက်လည်း တစ်ယောက်ကို တစ်ယောက် အပြန်အလှန် အံ့အားသင့်ပြီး ကြည့်နေတာကလွဲလို့ ဘာမှမလုပ်နိုင်ချိန်မှာ အိမ်နောက်ဖေးတံခါး ဗြုန်းခနဲ ပွင့်လာပြီး အဲဒီမှာ ပါစီရပ်နေတာကို တွေ့လိုက်ရတယ်။

www.burmeseclassic.com

အဲဒီမှာ ခဏလေး နာကျင်ဖွယ်ရာ အခြေအနေတစ်ရပ်လို တိတ်ဆိတ်သွားတယ်။ နောက်တော့ ပါစီက နည်းနည်းလေးသံမာမာနဲ့ "ပျော်ရွှင်ဖွယ် ခရစ္စမတ်ပါအမေ"လို့ နှုတ်ဆက်လိုက်တယ်။

"အို ပါစီရယ်" မစ္စဝက်စလေကပြောပြီး လက်ကမ်းပေးထားတဲ့ သားဖြစ်သူရဲ့ ရင်ခွင်ထဲကို ပြေးဝင်သွားတယ်။

ရပ်ဖတ်စ်စခရင်မ်ဂျာကတော့ တံခါးဝမှာ ရပ်နေဆဲပဲ။ သူ့ရဲ့ လမ်းလျှောက်တုတ်ကို အားပြုထားရင်း သူက စိတ်လှုပ်ရှားစရာ မြင်ကွင်းကလေးကို အပြုံးနဲ့ အကဲခတ် ကြည့်နေတယ်။

ျပနစသမအ စသျအ အသ ၁သိနမအေသမျ ျပနစူပ္ျငအ့ျကသအန ကြူအင္ျကသအန္ဓျ နျူါန

ျကငခု မနစူပ အသ အ့ျ ၁နျူါန္ဓသြေျ

ဖော်ပြပါမင်ဘာ ၁၁ယောက်မှ

ုသူတညြူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

ႏငျပကေညါယ့ သအမသိယ`ငညxုငူနအေယ [x ဗပနယ ညပေ ညပေယ ညနသညငေညါယ

ညါဈညေယ ညပငူညညါနယ အမေညတေ၀၀၇ယ တဈဘေငယ ဖပေါပင၅၅

ုသူတညြူပေ

ဋငနတ ဏကဘူငခ ဏမသ်ငူန

ျနညိ ေစမငလအေန ၁နျူါန အသ ုသူတညြူပေ

ငညိ ဩမန ဏသျအျ ဘပ ုသူတညြူပေ

ဗိ ုသူတညြူပေ အသ ့သကမ ဃသညအခေအျ

ဍူိ ၁၁-၀၇-၂၀၀၈ယ ၀၂ါ၁၀ ဏ[

ဋူ၉၈

ုသူတညြူပေ

ဩဘူန ဃသညအမငဘကအသမ

ပြေညာမေ ဃကစငိ

ုသူတညြူပေ ျ သုိငညန

`သငညိအေနါ ဩလ ၂၀၀၆

ဏသျအျါ ၇၉၂

္ဓညြျါ ၁၁၈၂၃

္ဓညြနိ ၈၈၈၈္ဝနျ ငည ၇၈၆ ဏသျအျ

ုသူတညြူပေ ျ သည ေိျအငညါကျျနိ မသငိ

www.burmeseclassic.com

www.burmeseclassic.com

ိန်ကျေူအ
"ခုလို အနှောင့်အယှက် ပေးသလို ရောက်ရှိလာရတာကို ခင်ဗျား ခွင့်လွှတ်စေချင်တယ်" မစ္စဝက်စလေက မျက်ရည်စတွေကို သုတ်ရင်း ပြုံးပြီး သူ့ကိုလှည့်ကြည့်လိုက်ချိန်မှာ သူက ပြောလိုက်တယ်။ "ပါစီနဲ့ ကျုပ်ဟာ အနီးပတ်ဝန်းကျင်မှာပဲ ရှိနေပါတယ်။ အလုပ်လုပ်နေတာပါ။ သူက ခင်ဗျားတို့ အားလုံးကို တွေ့လိုက်ရလို့ မျက်နှာပူနေရှာတယ်"

ဒါပေမဲ့ ပါစီဟာ သူ့အမေကလွဲပြီး ကျန်တဲ့ မိသားစုဝင်တွေကို နှုတ်ဆက်လိုဟန်မပြဘဲ နေနေတယ်။ သူက မတ်တတ်ရပ်ပြီး မျက်နှာထားတည်တည်နဲ့ အံ့သြတဲ့ အကြည့်နဲ့ တစ်ယောက်နဲ့မှ မျက်နှာချင်းမဆိုင်ဘဲ မျက်နှာကို လွှဲထားပြီး ငေးကြည့်နေတယ်။ မစ္စတာ ဝက်စလေ၊ ဖရက်ဒ်နဲ့ ဂျော့တို့က မျက်နှာကြောတင်းနေတဲ့ သူ့ကို အကဲခတ်ကြည့်နေတယ်။

"ကျေးဇူးပြုပြီး အိမ်ထဲကြွပါရှင် ထိုင်ပါ" မစ္စဝက်စလေက သူမရဲ့ ဦးထုပ်ကို ဆွဲဆန့်ပြီး ပျာပျာသလဲ ပြောလိုက်တယ်။ "ပြီးတော့ ဂျုံမုန့်လေး တစ်ခုခု စားလိုက်ပါလား။ ဒါမှမဟုတ် တစ်ခုခု သောက်ပါဦးလား"

"အို အို အို နေပါစေ အချင်းချင်းတွေပဲ မော်လီ"စခရင်မ်ဂျာက ပြန်ပြောလိုက်တယ်။ ဟယ်ရီက ဒါဟာ သူတို့တွေ အိမ်ထဲမဝင်ခင်မှာ စခရင်မ်ဂျာက သူမရဲ့ နာမည်ကို ပြန်လည်စစ်ဆေးကြည့်လိုက်တဲ့ သဘောပဲလို့ မှန်းဆကြည့်လိုက်တယ်။ စခရင်မ်ဂျာက အမြန်ဆက်ပြောတယ်။ "ကျုပ် မဝင်လိုတော့ပါဘူး။ တကယ်ဆိုရင် ပါစီကသာ ခင်ဗျားတို့အားလုံးကို အကြီးအကျယ် သဲသဲမဲမဲ တွေ့ချင်နေတာ မဟုတ်ရင် ကျုပ် ဒီနေရာကို ရောက်လာစရာအကြောင်း မရှိပါဘူး"

"အို ပါစီရယ်......" မစ္စဝက်စလေက မျက်ရည်တွေအပြည့်နဲ့ သူ့ကို နမ်းလိုက်တယ်။

"ကျုပ်တို့ ငါးမိနစ်လောက်ပဲ ဝင်ခွင့်ရတယ်။ ဒါကြောင့်မို့ ပါစီနဲ့ ခင်ဗျားတို့ တွေ့နေကြတုန်း ကျုပ်ခြံထဲမှာ ဟိုဟိုဒီဒီ အေးအေးလူလူ ခဏလျှောက်လိုက်ဦးမယ်။ နေဦး နေဦး မဟုတ်သေးဘူး။ ကျုပ်က ခင်ဗျားတို့ထဲမှာ ဝင်ရှုပ်မနေချင်တာပါ။ ဒါနဲ့ ခင်ဗျားရဲ့ အေးမြတဲ့ခြံဝင်းထဲမှာ ကျွန်တော့်ကို ဘယ်သူများ လိုက်ပြနိုင်မယ် မသိဘူး။ သြော်... သြော် ဒီလူငယ်လေးဆိုရင် ရပြီ။ သူ ကျုပ်နဲ့အတူ လမ်းလျှောက်လိုက်နိုင်မှာပေါ့နော်"

စားပွဲပတ်ဝန်းကျင်မှာ အခြေအနေက သိသိသာသာ ပြောင်းလဲသွားတယ်။ လူတိုင်းရဲ့ အကြည့်တွေ စခရင်မ်ဂျာထံကနေ ဟယ်ရီ့ဆီကို ရောက်သွားတယ်။ ဘယ်သူတစ်ယောက်မှ စခရင်မ်ဂျာနဲ့ ဟယ်ရီ့ရဲ့ နာမည်ကို မသိသလို ဟန်ဆောင်လိုက်တာဟာ ယုံကြည်စရာကောင်းတယ်လို့ မမြင်ဘူး။ ဒါမှမဟုတ် ဂျင်နီ၊ ဖလားနဲ့ ဂျော့တို့လည်း အားလုံး စားသောက်ပြီးလို့ သူတို့ပန်းကန်တွေ ရှင်းလင်းပြီး ပြောင်နေချိန်မှာ ဝန်ကြီးနဲ့အတူ ခြံထဲမှာ လမ်းလျှောက်ဖို့ ဟယ်ရီ့ကို ရွေးချယ်ခေါ်ခြင်းဟာ သဘာဝကျတယ်လို့ သူတို့ မမြင်ကြဘူးဆိုတာ ထင်ရှားနေတယ်။

"ဟုတ်ကဲ့ ကောင်းပါပြီ" ဟယ်ရီက ဒီလောက်ပဲ ပြောပြီး တိတ်ဆိတ်နေတယ်။

www.burmeseclassic.com

ဒါပေမဲ့ သူတို့တွေအားလုံး စခရင်မ်ဂျာရဲ့ စကားကို သဘောမပေါက်ကြတာတော့ မဟုတ်ပါဘူး။ ပါစီက သူ့မိသားစုနဲ့ တွေ့ဖို့လာတယ်ဆိုတော့ ဟယ်ရီကို သူတို့နဲ့ ဝေးရာမှ လွတ်လွတ်ကျွတ်ကျွတ် သူစကားပြောလိုတာပဲ ဖြစ်ပါတယ်။

လူပင်းကို သူဖြတ်သွားတုန်း "ဒါပဲ ကောင်းပါတယ်"လို့ ဟယ်ရီက ပြောလိုက်တော့ ကုလားထိုင်ကနေ ထမလို ထိုင်မလို ဖြစ်နေတဲ့ လူပင်းက "ကောင်းပါတယ်"လို့ ပြန်ပြောတယ်။ မစ္စဝက်စလေက စကားပြောမလို့ ပါးစပ်ဟရုံသာရှိသေး၊ "ပျော်စရာကြီးပဲဟေ့"လို့ ဆိုရင်း စခရင်မ်ဂျာက ဟယ်ရီ့ကို ရှေ့ကသွားနိုင်အောင် နောက်ကို ဆုတ်ရပ်လိုက်တယ်။ ပြီးတော့ တံခါးဆီကို လျှောက်သွားနေတဲ့ ဟယ်ရီ့နောက်ကို လိုက်သွားရင်း–

"ကဲ ကျုပ်တို့ ခြံထဲကို တစပတ်လောက် လျှောက်ကြမယ်။ ပြီးရင် ပါစီနဲ့ ကျုပ်သွားတော့မယ်။ ကဲ အားလုံး လုပ်စရာရှိတာ လုပ်ပါ"လို့ ပြောခဲ့တယ်။

ဟယ်ရီဟာ ဝက်စလေမိသားစုရဲ့ အပင်ငယ်ပေါင်းစုံနဲ့ တောထပြီး နှင်းဖုံးနေတဲ့ ဥယျာဉ်ခြံထဲကို လျှောက်ပြီး ထွက်လာခဲ့ပါတယ်။ စခရင်မ်ဂျာက သူ့ဘေးကနေ ကပ်ပါလာတယ်။ သူဟာ အော်ရာရုံးရဲ့ အကြီးအကဲဆိုတာ ဟယ်ရီသိနေတယ်။ သူက ကြံ့ခိုင်ပြီး တိုက်ပွဲအပွဲပွဲနွှဲလာတဲ့ ပုံပေါက်နေတဲ့အတွက် အနားကော့ထိပ်လုံး ဦးထုပ်လုံးကြီးဆောင်းထားတဲ့ ဖတ်ချ်ရဲ့ ပုံစံနဲ့ တခြားစီ ဖြစ်နေတယ်။

"သာယာလိုက်တာ"စခရင်မ်ဂျာက ခြံစည်းရိုးနေရာမှာ ရပ်ပြီး နှင်းတွေစိုရွှဲနေတဲ့ မြက်ခင်းနဲ့ အမျိုးအမည်မခွဲခြားတတ်တဲ့ အပင်ငယ်ပေါင်းစုံကို လှမ်းကြည့်ရင်း ထပ်ပြောလိုက်တယ်။ "သိပ်ကို သာယာတယ်"

ဟယ်ရီ ဘာမှ မပြောဘဲ ငြိမ်နေတယ်။ ပြောနိုင်တာကတော့ စခရင်မ်ဂျာဟာ သူ့ကို တစ်ချိန်လုံး စောင့်ကြည့်နေတယ် ဆိုတာပါပဲ။ တစ်အောင့်ကြာတော့ စခရင်မ်ဂျာက ပြောတယ်။

"ကျုပ် မင်းကို တွေ့ချင်နေခဲ့တာ သိပ်ကို ကြာမြင့်ခဲ့ပါပြီ။ မင်း အဲဒါကို သိခဲ့သလား"တဲ့။

"မသိပါဘူး" ဟယ်ရီက အမှန်အတိုင်းပဲ ဖြေလိုက်တယ်။ ဒီတော့ စခရင်မ်ဂျာက ဆက်ပြောတယ်။

"ဟုတ်တယ်။ သိပ်ကို ကြာခဲ့ပြီ။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးဟာ မင်းကို တကယ့်ကို ရင်အုပ်မကွာ ဘေးဆီးရန်ကာ လုပ်ခဲ့ပါတယ်။ သဘာဝကျတယ်၊ တကယ် သဘာဝကျပါတယ်။ မင်း ပြဿနာတွေ ကြုံခဲ့ပြီးနောက်မှာ အထူးသဖြင့် ဝန်ကြီးဌာနမှာ ပြဿနာတွေ ဖြစ်ခဲ့ပြီး နောက်မှာပေါ့"

သူက ဟယ်ရီကို ဘာပြောလေမလဲလို့ စောင့်ကြည့်နေတယ်။ ဒါပေမဲ့ ဟယ်ရီက ဘာဆိုဘာမှ မပြောဘဲ ငြိမ်နေလို့ သူက ဆက်ပြောတယ်။

www.burmeseclassic.com

"ကျုပ်ဟာ မင်းနဲ့တွေ့ဆုံ စကားပြောနိုင်မယ့် အချိန်တစ်ချိန်ကို မျှော်လင့်စောင့်ဆိုင်း နေခဲ့တယ်။ အော်ရာရုံးရဲ့ အကြီးအကဲအဖြစ် ရုံးမှာ ရာထူးရလာစဉ်ကတည်းကပေါ့။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးဟာ ကျုပ်ပြောခဲ့သလိုပဲ လုံလောက်ထိုက်သင့်စွာ အဲဒါကို ကာကွယ်ထားခဲ့တယ်"

ဟယ်ရီက တိတ်ဆိတ်မြဲ တိတ်ဆိတ်နေရင်း စောင့်နေတယ်။

"ကောလာဟလတွေကလည်း နေရာအနှံ့ပြန့်နေခဲ့တယ်။ အမှန်တော့ ကျုပ်တို့နှစ်ဦးလုံးက ဒါတွေဟာ မမှန်မကန် လိုရာဆွဲပြောတဲ့ ပုံပျက်ပန်းပျက် ဇာတ်လမ်းတွေမှန်း သိပါတယ်။ အဲဒီတီးတိုးသတင်းတွေအားလုံးက ဟောစာတမ်းကြီးတစ်ခု အကြောင်းပဲ။ မင်းဟာ လက်ရွေးစင်နံပါတ်တစ် ဖြစ်တယ်ဆိုတာပေါ့"

စခရင်မ်ဂျာ ခုဒီနေရာကို ရောက်ရှိနေတာကြောင့် ဒီပြဿနာတွေဟာ နီးကပ်လာပြီရယ်လို့ ဟယ်ရီက တွေးနေတယ်။

"ဘာပဲ ပြောပြော ဒမ်းဘဲလ်ဒိုးဟာ မင်းနဲ့ ဒီကိစ္စတွေကို ဆွေးနွေးခဲ့မှာပဲလို့ ငါယူဆထားတယ်"

ဟယ်ရီက သူလိမ်ပြောသင့်သလား၊ အမှန်အတိုင်း ပြောလိုက်ရမလား တွေးတော စဉ်းစားချိန်ဆနေတယ်။ နောက် ပန်းမြောင်းတွေ တစ်ဝိုက်မှာ ထင်ကျန်ရစ်နေတဲ့ နတ်မှင်စာကလေးရဲ့ ခြေရာတွေကို သူငေးကြည့်နေတယ်။ ဒီနတ်မှင်စာကလေးဟာ ဖရက်ဒ်က ဖမ်းသွားပြီး စောစောကအိမ်ထဲမှာ ခရစ္စမတ်ပွဲမှာ ခရစ္စမတ်သစ်ပင်ထိပ်ဖျားမှာ တင်ထားတဲ့ ဂါဝန်ကလေးနဲ့ နတ်မှင်စာပုကလေးပဲ ဖြစ်ပါတယ်။ ဟယ်ရီဟာ အမှန်အတိုင်းပဲ ပြောလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်းလောက်ပဲ ပြောမယ်လို့ ရည်ရွယ်ထားတယ်။

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ အဲဒီကိစ္စကို ဆွေးနွေးခဲ့ပါတယ်"

"မင်း ဆွေးနွေးခဲ့တယ်။ ဆွေးနွေးခဲ့တယ် ဟုတ်လား။ ဒါဆိုရင် ဒမ်းဘဲလ်ဒိုးက မင်းကို ဘာပြောခဲ့သလဲ ဟယ်ရီ"လို့ စခရင်မ်ဂျာက ပြောပြီး သူ့မျက်စိတွေကို မှေးထားရင်း ဟယ်ရီ့ကို စွေကြည့်နေတယ်။ ဒါ့ကြောင့် သူက ခုလောလောဆယ် နှင်းခဲအေးစက်တဲ့ ပန်းပင်ချုံပုတ်တစ်ခု အောက်ကနေ ခေါင်းပြူထွက်ပြီး ချောင်းကြည့်နေတဲ့ နတ်မှင်စာပုကလေး တစ်ကောင်အပေါ်မှာပဲ စိတ်ဝင်စားနေသလို ဟန်ဆောင်နေလိုက်ပါတယ်။ နောက်တော့-

"ဝမ်းနည်းပါတယ် ခင်ဗျာ။ ဒါက ကျွန်တော်တို့ကြားက ကိစ္စမို့ပါ"လို့ သူပြန်ဖြေလိုက်တယ်။ သို့ပေမဲ့ ဟယ်ရီက သူ့အသံမှာ အလိုမကျတဲ့ အရိပ်လက္ခဏာလုံးဝ မပါအောင် ထိန်းပြီး အစွမ်းကုန် ရွှင်ရွှင်ပျပျ ပြောလိုက်တာ ဖြစ်ပါတယ်။ ဒီမှာတင် စခရင်မ်ဂျာကလည်း အလားတူ ပေါ့ပေါ့ပါးပါး မိတ်ဆွေရင်းချာလို အသံနဲ့ "အို.... ဟုတ်တာပေါ့၊ တကယ်လို့ ကျုပ်မေးခွန်းက ယုံကြည်မှုကို ထိခိုက်သွားစေမယ်ဆိုရင် ကျုပ်က မင်းကို လျှို့ဝှက်ချက်ကို ဖောက်ဖျက်ပြီး ပေါက်ကြားအောင် ပြောပြဖို့ မလိုလားပါဘူး။ နေပါစေ နေပါစေ။ ဘာပဲဖြစ်ဖြစ် အခိုက ပြဿနာက မင်းဟာ လက်ရွေးစင်နံပါတ်တစ် ဟုတ်သလား မဟုတ်ဘူးလား။ ဒါပါပဲ" ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ ဟယ်ရီက တစ်စုံတစ်ရာတုံ့ပြန်ပြောကြားဖို့ စက္ကန့်အနည်းငယ် အချိန် စဉ်းစားနေပြီးမှ "ခင်ဗျား ဘာကို ဆိုလိုတာလဲဆိုတာ ကျွန်တော် တကယ်မသိပါဘူး ဝန်ကြီးခင်ဗျား"လို့ ဖြေလိုက်တယ်။

"ကောင်းပြီလေ၊ ဒါက မင်းအတွက် တကယ့်ကို ဇရာမပြဿနာကြီး ဖြစ်နေတာပဲ" စခရင်မ်ဂျာက ရယ်ရယ်မောမော ပြောလိုက်တယ်။ ပြီးတော့မှ "ဒါပေမဲ့ မှော်ဆရာလောက အသိုင်းအဝိုင်းရဲ့ အများစုကြီးအတွက်တော့ ဒါဟာ အားလုံးသိနေတဲ့ ကိစ္စပါပဲ။ မဟုတ်ဘူးလား။ လူတွေက ဘယ်လိုယုံကြည်နေသလဲ။ အဲဒါပဲ အရေးကြီးတယ်"လို့ ဆက်ပြောတယ်။

ဟယ်ရီက ဘာမှ မပြောဘဲ နေတယ်။ ဟယ်ရီ စဉ်းစားလိုက်တယ်။ သူတို့ ဘာကို ဦးတည်ပြောနေတယ် ဆိုတာလည်း မသဲမကွဲ ဖြစ်နေတယ်။ ဒါပေမဲ့ သူက ဒီနေရာမှာ စခရင်မ်ဂျာကို မကူညီဘဲ နေလိုက်တယ်။ ချုံပုတ်အောက်က မှင်စာနတ်ပုကလေးကလည်း တီကောင်တွေရရှိဖို့ အပင်တွေအရင်းက အမြစ်တွေကို တူးဆွနေတယ်။ ဟယ်ရီက သူ့မျက်စိတွေကို နတ်ပုကလေးဆီမှာပဲ အာရုံစိုက်ထားလိုက်တယ်။

"လူတွေက မင်းဟာ လက်ရွေးစင်နံပါတ်တစ်လို့ ယုံကြည်နေကြတယ်။ အဲဒါကို မင်းသိတယ် မဟုတ်လား။ သူတို့က မင်းကို လူစွမ်းကောင်းလို့ အကြွင်းမဲ့ ထင်နေတယ်။ အမှန်တော့ မင်းကလည်း ဟုတ်တာပါပဲ ဟယ်ရီ။ မင်းခု ဟူးမတ်စ်နော့ဘီနိမ်းနဲ့ ဘယ်နှစ်ကြိမ် ရင်ဆိုင်ခဲ့ရပြီးပြီလဲ။ ဘယ်ပုံစံနဲ့ ဖြစ်ဖြစ်ပေါ့ကွာ"စခရင်မ်ဂျာဟာ ဟယ်ရီရဲ့ တုံ့ပြန်ချက်ကိုတောင် မစောင့်တော့ဘဲ တစ်ဖက်သတ်ဆက်ပြီး ဖိပြောနေပါတယ် " တကယ့်ကို အဓိကအချက်က မင်းဟာ လူအများစုကြီးအတွက် မျှော်လင့်ချက်ရဲ့ သင်္ကေတဖြစ်နေတယ် ဟယ်ရီ။ ဟူးမတ်စ်နော့ဘီနိမ်းကို ဖျက်ဆီးချေမှုန်းနိုင်စွမ်းရှိတဲ့ တစ်စုံတစ်ယောက် ပေါ်ထွက်လာလိမ့်မယ်လို့ ယူဆထားပြီး အဲဒီယူဆချက်ဟာ လူတွေရဲ့ စိတ်ဓာတ်ကို မြှင့်ပေးနေတယ်။ ဒီအတွက် ကျုပ်ကတော့ မကူညီနိုင်ဘူး။ ဒါပေမဲ့ အဲဒါကို မင်းသိနေတယ်။ မင်းဟာ ဒါကို စဉ်းစားရမယ်။ တာဝန်တစ်ရပ်လို့ကို မင်းသဘောထားရမယ်။ ဒါဟာ ဝန်ကြီးဌာနဘက်က ရပ်တည်ပေးတာပဲ။ လူတိုင်း လူတိုင်းကို စိတ်ဓာတ်မြှင့်တင်ပေးတာပဲ"

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန္စျ ရြျငါန
ျကငခု မနစူပ အသ အ့ျ ၁ရျျငါန္စသြျ
ဖော်ပြပါမင်ဘာ ၁၀ယောက်မှ
ုသူတညျပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငျပကေသါယ့သအမသိယ`ငသ×ုငူနအေယ [×ဗပနယ သနသသငေသါယ သါဖျသေယ
သပငူငသသါနယ အမေသတေ၀၀ဂယ တဖျဘေငယ ဖပေါပင၅၅
ုသူတညျပေ
ဠငနတ ဏကဘူငခ ဏမသ်ငူန
ျနညိ ေစမငလအေန ၁ရျငါန အသုသူတညျပေ
ငညိ ဩမန ဏသျအျ ဘပုသူတညျပေ

www.burmeseclassic.com

ဗိုသူတညြူပေ အသ ့သကမ ဃသညအခေအျ

ဥူိ ၁၁–၀၈–၂၀၀၈ဃ ၀၅႑၁၀ ဗ□ မှ၉၉
ူသူတညြူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

ူသူတညြူပေ ပျ သိုညြန
`သညြိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ၜညြျါ ၁၁၈၂၃
ၜညြနိ ၈၈၈ၕဘေနျ ညြ ၇၈၆ ဏသျအျ
ူသူတညြူပေ ပျ သည ေိပျအညြါကပျနိ မသငိ

ိန်ကျေူအ
မှင်စာနတ်ပုကလေးက တီတစ်ကောင်ကိုရမိဖို့ အကြိတ်အနယ် လုံးပန်းနေတယ်။ သူက ခု နှင်းတွေနဲ့ အေးစက်နေတဲ့ မြေကြီးထဲက တီကောင်ကိုရအောင် အမြစ်တွေကို အတင်းကြိုးစားပြီး ဆောင့်ဆွဲနေတယ်။ ဟယ်ရီက ဘာမှ မပြောဘဲ အကြာကြီးငြိမ်နေလို့ စခရင်မ်ဂျာဟာ သူ့ကိုကြည့်နေရာက မှင်စာနတ်ပုကလေးကို လှည့်ကြည့်ပြီး "တော်တော်ရယ်စရာကောင်းတဲ့ ငှက်လေးတွေ၊ ဟုတ်တယ်နော်။ အဲဒါ ထားပါ မင်း ဘာပြောမှာလဲ"လို့ ဖွတ်မေးပြန်ပါတယ်။

"ခင်ဗျား ဘာလိုချင်သလဲဆိုတာ ကျွန်တော် တိတိကျကျ နားမလည်ဘူး။ ဝန်ကြီးဌာနဘက်က ရပ်တည်ပါလို့ ပြောတယ်။ အဲဒါ ဘာကို ရည်ရွယ်ပြောတာလဲ" ဟယ်ရီက ဖြည်းဖြည်းချင်း ပြောလိုက်တယ်။

"ဘာမှ ကြီးမားခက်ခဲတာ မဟုတ်ပါဘူး။ အဲဒါတော့ စိတ်ချ။ မင်းကို ကျုပ် အာမခံပါတယ်။ မင်း သွားရင်းလာရင်းနဲ့ ဝန်ကြီးဌာနကို မကြာမကြာ ခဏတစ်ဖြုတ် ဝင်မယ် ထွက်မယ်ဆိုရင် အဲဒီကနေ မင်းသဘောထား အမှန်ကို သိရလိမ့်မယ်။ နောက် မင်း အဲဒီမှာရှိနေတုန်း အော်ရာရုံး အကြီးအကဲအဖြစ် ကျုပ်နေရာကို ဆက်ခံတဲ့ ဂါဒန်းရိုးဘတ်စ်နဲ့ စကားပြောဖို့ ဧရာမအခွင့်အလမ်းတွေ ရလာမယ်။ ဒိုလာရက်စ်အမ်းဘရစ်ချ်က ကျုပ်ကို ပြောတယ်။ မင်းဟာ အော်ရာတစ်ယောက် ဖြစ်လာရေးကို သိပ်လိုလား ခင်တွယ်နေတယ်တဲ့။ ဒါဆို သူတို့က မင်းအတွက် အလွယ်ကလေး စီစဉ်ပေးနိုင်တာပေါ့ကွာ"လို့ စခရင်မ်ဂျာက ရှည်ရှည်လျားလျား ရှင်းပြလိုက်တယ်။

ဟယ်ရီ သူ့ဝမ်းခေါင်းထဲမှာ ဒေါသတွေ ပလုံစီသွားသလို ခံစားလိုက်ရတယ်။ ဒါဆိုရင် ဒိုလာရက်စ်အမ်းဘရစ်ချ်ဆိုတဲ့ အမျိုးသမီးဟာ ဝန်ကြီးဌာနမှာ ရှိနေဆဲပဲပေါ့။

www.burmeseclassic.com

"သြော်.... ဒါ့ကြောင့်ကိုး။ ခင်ဗျားက ကျွန်တော့်ကို သိက္ခာတင်ပေးချင်လာအောင် ကျွန်တော်က ဝန်ကြီးဌာနအတွက် အလုပ်လုပ်ပေးရမယ်ပေါ့"လို့ သူက ပြောလိုက်တယ်။

"အဲဒီလို လုပ်ခြင်းအားဖြင့် လူတိုင်းကို စိတ်ဓာတ်မြှင့်တင်ပေးရာ ရောက်တယ်ဆိုတာကို မင်း တွေးတတ်လာဖို့က အဓိကကျ ပိုသက်ဆိုင်တယ် ဟယ်ရီ"စခရင်မ်ဂျာက ဟယ်ရီ့ကို အမြန်ဆုံး သဘောပေါက်သွားအောင် သူလုပ်လိုက်နိုင်တာ သေချာသွားလို့ စိတ်သက်သာရာရသွားတဲ့ လေသံနဲ့ ပြောလိုက်တယ်။ "လက်ရွေးစင် နံပါတ်တစ်ဆိုတာ မင်းသိမှာပေါ့။ ဒါဟာ လူတွေအားလုံးကို မျှော်လင့်ချက်ပေးနိုင်တဲ့ အကြောင်းပဲ။ ပြီးတော့ စိတ်လှုပ်ရှားစရာဖြစ်ရပ်တွေ ဖြစ်လာနေပြီလို့လည်း သူတို့ကို ခံစားစေလိမ့်မယ်"

"ဒါပေမဲ့ ကျွန်တော်က ဝန်ကြီးဌာနကို အဲဒီလို အဝင်အထွက် လုပ်နေရင်း အဲဒါဟာ ဝန်ကြီးဌာနက လုပ်သမျှ ကိုင်သမျှ ကျွန်တော်က ထောက်ခံသဘောတူ အတည်ပြုနေသလို ဖြစ်မသွားဘူးလား" ဟယ်ရီက သူ့ရဲ့ ရင်းရင်းနှီးနှီး ပြောနေတဲ့လေသံကို ဟန်ချက်ပျက်မသွားအောင် ဆက်ထိန်းထားရင်း ပြောလိုက်တယ်။

"အေး ဟုတ်တာပေါ့။ ဒါပေမဲ့ ကျုပ်တို့လိုချင်တဲ့ အချက်ထဲမှာ အဲဒါလည်း တစ်စိတ်တစ်ပိုင်း ပါတယ်" စခရင်မ်ဂျာဟာ မျက်မှောင်တစ်ချက် ကုတ်သွားပြီးမှ စိတ်ကိုလျှော့ချလိုက်ဟန်နဲ့ ပြောပါတယ်။

"ဟာ ဒီလိုတော့ မဖြစ်ဘူး။ ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေထဲမှာ ကျွန်တော် မကြိုက်တာတွေပါတယ်။ ဥပမာ စတန်းရှန်းပိုက်ခ်ကိစ္စမှာ ဝင်ပါလာတာမျိုးပဲ"ဟယ်ရီက ပြုံးပြုံးရွှင်ရွှင်ပြောတယ်။

စခရင်မ်ဂျာက ဘာမှမပြောဘဲ တစ်အောင့်ကြာအောင် ငြိမ်နေတယ်။ ဒါပေမဲ့ သူ့အမူအရာ မျက်နှာထိ မျက်နှာထားက ချက်ချင်းလိုလို တင်းမာလာတယ်။ "မင်းက နားဝေးလွန်းတယ်၊ မင်းနားလည်လာဖို့ ငါ မမျှော်လင့်တော့ဘူး။ ဝန်ကြီးဌာန အန္တရာယ်ကျရောက်တဲ့ အချိန်တွေ အများကြီး ရှိတယ်။ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့ သေချာပေါက်လိုတယ်။ မင်းဟာ ခု အသက် ၁၆နှစ်ရှိပြီ"လို့ သူက ပြောလိုက်တယ်။ စခရင်မ်ဂျာဟာ သူ့လေသံထဲမှာ ဒေါသမပါအောင် ထိန်းသိမ်းပေမဲ့ မအောင်မြင်တော့ဘူး။

"ဒမ်ဘဲလ်ဒိုးဟာ ၁၆နှစ်ထက် အများကြီးပိုကြီးတာပဲ။ သူက စတန်းကို အက်ဇ်ကာဘန်မှာ ရှိသင့်တယ်လို့ မထင်ဘူး။ ခင်ဗျားက စတန်းကို မြေဇာပင်ဖြစ်အောင် လုပ်ခိုင်းနေတာပဲ။ အဲဒီအတိုင်းပဲ ကျွန်တော့်ကို ဓားစာခံဖြစ်အောင် ခင်ဗျားလုပ်ချင်နေတာ မဟုတ်လား" ဟယ်ရီက ပြန်ပြောလိုက်တယ်။ သူလည်း အသံတွေ မာလာတယ်။

"အို ဝန်ကြီးဌာနက အသုံးချသလို လုပ်ကိုင်ပေးရမှာ မင်းရဲ့ တာဝန်ပဲလို့ လူတချို့က ပြောကြမှာပဲ"

"ဟုတ်တယ်၊ ကျန်တဲ့လူတချို့ကလည်း လူတွေကို အကျဉ်းထောင်ထဲကို အတင်းအကျပ် မထည့်ခင် သူတို့ဟာ မရဏစုန်းကောင် အစစ်တွေ သေချာပေါက် ဟုတ် မဟုတ် စစ်ဆေးရမှာ ခင်ဗျားရဲ့

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပဲလို့ ပြောကြလိမ့်မယ်"ဟယ်ရီရဲ့ ဒေါသတွေ အရှိန်မြင့်ပြီး တလိပ်လိပ်တက်လာတယ်။ "ခင်ဗျားဟာ ဘတ်တီခရောက်လုပ်သလို လုပ်နေတာပဲ။ ခင်ဗျား လူတွေကို ဘယ်တော့မှ အဲဒီလို လုပ်လို့မရဘူး။ ဖတ်ချ်ကို ဖမ်းမိရုံနဲ့ လူတွေ မျက်စိအောက်မှာ ဖြောင်ကျကျ အသတ်ခံနေရချိန်မှာ ကိစ္စအားလုံး ပြီးသွားပြီလို့ ခင်ဗျား ပြောလို့ မရဘူး။ ခင်ဗျား အတွက် အလုပ်လုပ်ပေးမယ့် လက်ရွေးစင်နံ့ပါတ်တစ်ကို ခင်ဗျားရပြီလို့ ဟန်ဆောင်ဖို့ ကြိုးစားရင်း မဆိုင်တဲ့လူတွေကို ခင်ဗျား ထောင်ထဲကို ပို့လို့မရဘူး"

"ဒါဆိုရင် မင်းဟာ လက်ရွေးစင်နံ့ပါတ်တစ် မဟုတ်ဘူးပေါ့၊ ဒီလိုလား"စခရင်မ်ဂျာက ပြောလိုက်တယ်။

"ဒီကိစ္စဟာ အရေးမပါပါဘူးလို့ ခင်ဗျားပဲ ပြောခဲ့သလားလို့၊ ခင်ဗျားအတွက်ကိုပဲ ပြောတာပါ" ဟယ်ရီက ပြောပြီး ရယ်ချလိုက်တယ်။

"ကျုပ် ဒီလိုပြောမှာ မဟုတ်ပါဘူး။ ဒါဆို မိုက်မဲရာကျမှာပေါ့"စခရင်မ်ဂျာက ကမန်းကတန်း ပြန်ပြောလိုက်တယ်။ ဒီတော့ ဟယ်ရီက ပြောတယ်။

"ဒါဟာ မိုက်မဲတာ မဟုတ်ဘူး။ ရိုးသားတာပါ။ ခင်ဗျား ကျွန်တော့်ကို ပြောခဲ့သမျှ စကားတွေအနက်မှာ ရိုးသားတာတွေထဲက တစ်ခုပေါ့။ ကျွန်တော် သေသေရှင်ရှင် ခင်ဗျား အရေးမလုပ်ပါဘူး။ ခင်ဗျား အရေးလုပ်တာဟာ ခင်ဗျား ဗိုဒီမော့ကို တိုက်တဲ့စစ်ပွဲမှာ ခင်ဗျား အနိုင်ရနေတာကို လူတိုင်း လက်ခံယုံကြည်လာအောင် ခင်ဗျားကို ကျွန်တော် ကူညီဖို့ပဲ မဟုတ်လား။ ကျွန်တော် မမေ့ပါဘူး ဝန်ကြီး"

သူက သူ့ရဲ့ ညာလက်သီးကို ဆုပ်ပြီး မြှောက်လိုက်တယ်။ အေးစက်နေတဲ့ သူ့ရဲ့ လက်ခုံပေါ်မှာ ဒိုလာရက်စ်အမ်းဘရစ်ချ်က အတင်းအဓမ္မ ကိုယ့်လက်ကို ကိုယ်ပြန်လှီးပြီး ထွင်းခိုင်းလို့ ဖြစ်နေတဲ့ အဖြူရောင် ဝင်းဝင်းလက်လက် အမာရွတ်က အထင်အရှား ရှိနေဆဲပဲ။ "ငါ ဘယ်တော့မှ မုသားမပြောရဘူး"ဆိုတဲ့ စာသားပဲ ဖြစ်ပါတယ်။

အဲဒီနောက် သူတို့နှစ်ယောက် သူတို့ ခြေထောက်အောက်က ရေခဲမတတ်အေးတဲ့ မြေကြီးတွေနဲ့မခြား အေးစက်စက်နဲ့ ရပ်နေကြတယ်။ နတ်မှင်စာလူပုကလေးကလည်း သူ ကျားကုတ်ကျားခဲ ဖမ်းဆီးနေတဲ့ တီကောင်ကို နောက်ဆုံးမှာ နှုတ်ထုတ်ရပြီဖြစ်လို့ ပန်းပင်ချုံပုတ်ရဲ့ အောက်ဆုံးက အမြစ်တွေအပေါ်လှဲမှီရင်း တီကောင်ကို ပျော်ပျော်ကြီး ဖိမ်ခံပြီး စုပ်နေတယ်။

"ဒမ်းဘဲလ်ဒိုး နောက်ဆုံး ဘာတွေ လုပ်နေသလဲ။ ဟော့ဂ်ဝပ်စ်ကျောင်းက သူပျောက်ပျောက်နေတဲ့ အချိန်တွေမှာ သူဘယ်ကို သွားခဲ့တာလဲ"စခရင်မ်ဂျာက ဘာမှ နိဒါန်းပျိုး သွယ်ဝိုက်မနေဘဲ သူ့ကို တုံးတိမေးချလိုက်တယ်။

"ကျွန်တော် မစဉ်းစားတတ်ဘူး" ဟယ်ရီက ပြောလိုက်တယ်။

"တကယ်လို့ မင်းသိရင်လည်း မင်းကျုပ်ကို ပြောမှာ မဟုတ်ဘူး မဟုတ်လား၊ မင်းပြောမှာလား"စခရင်မ်ဂျာက သူ့ကို ထပ်ရစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ကျွန်တော် ပြောမှာ မဟုတ်ဘူး"

"ကောင်းပြီလေ၊ ဒီမှာ ဘယ်နည်းနဲ့မှ မသိရဘူးဆိုရင်တော့ တခြားနည်းနဲ့ မသိ သိအောင် ငါ ထပ်လုပ်ရတော့မှာပဲ"

"ခင်ဗျား ကြိုးစားကြည့်နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားက ဖတ်ချ်ထက် ပိုပြီး ပါးနပ်တယ်။ ဒါ့ကြောင့် ကျွန်တော် စဉ်းစားမိတယ်။ ခင်ဗျားဟာ သူ့ရဲ့ အမှားတွေထဲကနေ သင်ခန်းစာယူထားပြီး ဖြစ်မှာပဲလို့။ သူက ဟော့ဂ်ဝပ်စ်ကျောင်းမှာ ဝင်ရောက် စွက်ဖက်နှောင့်ယှက်ဖို့ ကြိုးစားခဲ့တယ်။ သူ ခု ဝန်ကြီး မဟုတ်တော့တာကို ခင်ဗျား သတိထားမိမှာပေါ့။ ဒါပေမဲ့ ဒမ်ဘဲလ်ဒိုးကတော့ ကျောင်းအုပ်ဖြစ်နေဆဲပဲလေ။ ဒါ့ကြောင့် ကျွန်တော်သာ ခင်ဗျား နေရာမှာဆိုရင် ဒမ်ဘဲလ်ဒိုးကို လွှတ်ပြီးချန်ထားလိုက်မယ်" ဟယ်ရီက ဂရုမစိုက်ဟန်နဲ့ ပြောလိုက်တယ်။

သူတို့နှစ်ယောက်ကြား အတော်ကြီးကြာအောင် စကားသံတိတ်နေတယ်။ ပြီးတော့မှ–

"အင်း.... ရှင်းပါပြီ။ သူက မင်းအပေါ်မှာ သိပ်ကောင်းခဲ့မယ်ဆိုတာ သေချာတယ်"လို့ ပြောလိုက်တဲ့ စခရင်မ်ဂျာရဲ့ ဝါယာကြိုးကိုင်း မျက်မှန်တွေနောက်က မျက်လုံးတွေ အေးစက်မာကျောနေတယ်။ "မင်းဟာ ဒမ်ဘဲလ်ဒိုးရဲ့ လူ လုံးလုံးလျားလျား ဖြစ်ပြီးရင်း ဖြစ်နေပါပေါ့လား"လို့ သူက ထပ်ပြောလိုက်တယ်။

"ဟုတ်ပါတယ်"ဟယ်ရီကလည်း တဲ့တိုးပဲ။ "ကဲ အဲဒီပွဲကို ကျွန်တော်တို့ ဆက်နွှဲလိုက်ကြတာပေါ့"လို့ ပြောပြီး မော်ပညာဝန်ကြီးကို ကျောခိုင်းကာ အိမ်ဘက်ကို သူ ပြန်လျှောက်လာခဲ့ပါတော့တယ်။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

ူမျအ နိင်အနိ ဘပ ူသူတညြူပေး ၁၁–၀၈–၂၀၀၈ အေ ၀၅ႝ၁၃ ဗငြ

ူနစသမအ စသျအ အသ ၁သိနမအေသမျ ူနစူပူငအ့ူကသအန ကြူအင၂ူကသအန့ျ ြူျ ါန

ူကငခု မနစူပ အသ အ့ျ ၁နျူါန့ညြူ

ဖော်ပြပါမင်ဘာ ၉ယောက်မှ

ူသူတညြူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငေပကေညါယ့သအမသိယ ြ× ဗပနယ ညနသညငေညါယ ညါဈညေယ ညပငူညေညါနယ

အမေညတေ၀၀ဂ်ယ တဈဘေငယ ဖပေါပင၅၅

ူသူတညြူပေ

ဠငနတ ဏကဘူငခ ဏမသ်ငူန

ူနညိ ေ စမငလအေန ၁နျူါန အသ ူသူတညြူပေ

ူငညိ ြသမန ဏသျအျ ဘပ ူသူတညြူပေ

www.burmeseclassic.com

ဗိုသူတညြူပေ အသ ့သကမ ဃသညအခေအျ

ညီ ၁၁–၀၈–၂၀၀၈ယ ၀ဖါ၅၂ ဗြ ဋ္ဌ၁၀၀
ုသူတညြူပေ
ဩဘူန ဃသညအမင်ဘကအသမ
ပြညော်မေ ဃကစငိ

ုသူတညြူပေ ဖျ သိုညေန
`သညေိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ေညြျါ ၁၁၈၂၃
ေညြနိ ၈၈၈၈ွဝါနျ ညေ ၇၈၆ ဏသျအျ
ုသူတညြူပေ ဖျ သည ိပျအညေါကဖျနိ မသငိ

ိန်ကျေူအ
အခန်း (၁၇)
နှေးကွေးတုံ့ဆိုင်းနေသည့် မှတ်ဉာဏ်

နှစ်သစ်ကို ဝင်ရောက်ပြီး ရက်အနည်းငယ်အကြာ တစ်နေ့သော မွန်းလွဲအချိန်ပိုင်းမှာ ဟယ်ရီ၊ ရွန်နဲ့ ဂျင်နီတို့ ဟော့ဂ်ဝပ်စ်ကျောင်းကို ပြန်ဖို့ မီးဖိုဆောင်ထဲက မီးဖိုနံဘေးမှာ ပြင်ဆင်နေကြပါတယ်။

ဝန်ကြီးဌာနက ကျောင်းသားတွေ လျင်မြန်စွာနဲ့ လုံခြုံဘေးကင်းစွာ ကျောင်းကို ပြန်သွားနိုင်အောင် မှော်စီးမျောကွန်ရက်စနစ်နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး ပို့ဆောင်ပေးဖို့ စီစဉ်ထားတယ်။ အဲဒီနေ့က ဘားရိုးအိမ်ကြီးမှာ သူတို့ကို နှုတ်ဆက်စကားဆိုဖို့အတွက် မစ္စဝက်စလေတစ်ဦးတည်းသာ ရှိနေပြီး မစ္စတာဝက်စလေ၊ ဖရက်ဒ်၊ ဂျော့၊ ဘီလ်နဲ့ ဖလားတို့အားလုံး သူတို့အလုပ်ခွင်မှာ ရောက်နေကြတယ်။

ခွဲခွာကြတဲ့ အခိုက်အတန့်မှာ မစ္စဝက်စလေဟာ မျက်ရည်မကျအောင် အနိုင်နိုင်ချုပ်တည်းနေရတယ်။ ပြောရမယ်ဆိုရင်တော့ ခုကိစ္စက သူမကို အတော်အတန်မျှသာ ပူပန်စေခဲ့တာဖြစ်ပြီး၊ အမှန်တကယ် သူမတစ်ငိုငို တစ်ရယ်ရယ် ဖြစ်နေတာဟာ ခရစ္စမတ်နေ့မှာ ပါစီအိမ်က ဝုန်းဝုန်းဒိုင်းဒိုင်း ပြန်ထွက်သွားကတည်းက ဖြစ်ပါတယ်။ အဲဒီနေ့က ဖရက်ဒ်၊ ဂျော့နဲ့ ဂျင်နီတို့ အဆင်မပြေဖြစ်ရာက သူ့မျက်မှန်မှာ မုန်လာရွက်ဖတ်တွေ ပေကျံနေရင်းနဲ့ ပါစီပြန်ထွက်သွားခဲ့တာပါပဲ။

"မငိုပါနဲ့ အမေရယ်၊ ဟုတ်ပြီနော်၊ အမေမငိုနဲ့တော့"သူမရဲ့ ပခုံးကိုမှီပြီး တရှုပ်ရှုပ်ငိုနေတဲ့ မစ္စဝက်စလေရဲ့ ကျောကို အသာအယာပုတ်ပြီး ဂျင်နီက နှစ်သိမ့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်။ ကျွန်တော်တို့အတွက် မစိုးရိမ်ပါနဲ့။ ပါစီအတွက်လည်း ငိုစရာမလိုဘူး။ သူကတော့ပဲ။ နောက် ကျွန်တော်တို့က အပြီးထွက်သွားလို့ အမေ ဆုံးရှုံးသွားတာမှ မဟုတ်ဘဲ အမေ"လို့ ရွန်က ပြောလာလို့ မစ္စဝက်စလေက သူ့ပါးကို မျက်ရည်စိုရွှဲနဲ့ နမ်းလိုက်တယ်။

ဟယ်ရီ သူမရဲ့လက်နဲ့ ထွေးဖက်ထားချိန်မှာတော့ မစ္စဝက်စလေဟာ ဖြေမဆည်နိုင်တော့ဘဲ ပိုလို့သာ သည်းသည်းထန်ထန် ငိုနေပြန်တယ်။ ပြီးတော့ သူမက ပြောလိုက်တယ်။

"မင်းကိုယ်မင်း ဂရုစိုက်ပါ့မယ်လို့ ငါ့ကို ကတိပေးပါဟယ်ရီ၊ ပြီးတော့ ဒုက္ခမရှာနဲ့၊ ပြဿနာမဖြစ်အောင် နေပါ"

"ဟုတ်ကဲ့၊ ကျွန်တော် အမြဲလိုက်နာပါ့မယ် မစ္စဝက်စလေ။ ကျွန်တော်ကလည်း အေးအေးနေရတာကိုပဲ ကြိုက်ပါတယ်။ ကျွန်တော့်အကြောင်းလည်း သိသားနဲ့"

ဒီတော့မှ သူမက မျက်ရည်ကျရင်း တခစ်ခစ်ရယ်ပြီး နောက်ကို ပြန်ဆုတ်လိုက်တယ်။ "ကဲ ကဲ အားလုံးပဲ ကောင်းကောင်းမွန်မွန် လိုရာခရီးရောက်ပါစေကွယ်"

ဟယ်ရီဟာ မြစိမ်းရောင်တောက်နေတဲ့ မီးလျှံထဲကို လှမ်းဝင်သွားပြီး "ဟော့ဂ်ဝပ်စ်"လို့ အော်လိုက်တယ်။ ဒီမှာတင် ဝက်စလေအိမ်ကြီးရဲ့ မီးဖိုဆောင်မြင်ကွင်းနဲ့ မျက်ရည်တွေ ပေကျံတဲ့ မစ္စဝက်စလေရဲ့ မျက်နှာကိုပါ နောက်ဆုံးအနေနဲ့ သူ တစ်ချက်မြင်လိုက်ရပြီး မီးတောက်မီးလျှံတွေက သူ့ကို ဝါးမျိုသွားပါတယ်။ ပြီးတော့ သူဟာ လျင်မြန်စွာ တစ်ရိပ်ရိပ် လည်ပတ်နေတယ်။ သူ့မျက်စိထဲမှာလည်း မှော်အတတ်နဲ့ မှုန်ဝါးဝါးဖြစ်နေတဲ့ အခန်းပေါင်းများစွာကို မြင်လိုက်ပျောက်လိုက် ဖြစ်နေတယ်။ အဲဒီမြင်ကွင်းတွေ တစ်ခါ ထပ်ပျောက်ကွယ်သွားလို့ သူ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ပြန်မြင်လာချိန်မှာ သူဟာ လည်ပတ်နေရာက ပြန်နှေးသွားပြီး နောက်ဆုံး အလည်ရပ်သွားတယ်။ အဲဒီအခါမှာတော့ သူဟာ ဟော့ဂ်ဝပ်စ်ကျောင်း ပါမောက္ခမက်ဂိုနာဂေါလ်ရဲ့ ရုံးခန်းထဲက မီးဖိုထဲကို တည့်တည့်မတ်မတ် ရောက်ရှိနေပါတော့တယ်။ သူ မီးခံသံပေါင်ပေါ်ကို ကုတ်တွယ်တက်ပြီး ထွက်လာချိန်မှာ သူမဟာ အလုပ်လုပ်နေရာက သူ့ကို ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်ရုံသာကြည့်လိုက်ပြီး ပြောတယ်။

"ကောင်းသော ညနေခင်းပါ ပေါ်တာ။ ကော်ဇောပေါ်ကို ပြာတွေတော့ သိပ်မကျပါစေနဲ့ကွယ်"

"မကျပါဘူး ပါမောက္ခကြီး"

ဟယ်ရီ သူ့မျက်မှန်ကို ပြန်တည့်ပြီး ဆံပင်တွေကို ချပ်ချပ်ရပ်ရပ်ဖြစ်အောင် ပြန်ပြုပြင်နေချိန်မှာပဲ မီးဖိုထဲမှာ လည်နေတဲ့ ရွန်ပေါ်လာတယ်။ တစ်ခါ နောက်ထပ် ဂျင်နီပါ ရောက်ရှိလာချိန်မှာတော့ သူတို့သုံးယောက်သား မက်ဂိုနာဂေါလ်ရဲ့ ရုံးခန်းထဲကနေ တစုတဝေးတည်း ထွက်လာကြပြီး ဂရိုဖင်ဒေါ်ဆမ်ဘာ မျှော်စင်ကို ဦးတည်ပြန်သွားကြတယ်။ သူတို့တွေ စင်္ကြံအတိုင်း လျှောက်လာကြရင်း ပြတင်းကနေ အပြင်ကို ဟယ်ရီလှမ်းကြည့်လိုက်တော့ နေလုံးဟာ ဘားရီးအိမ်ကြီးရဲ့ ခြံဝင်းထဲမှာထား နှင်းတွေပိုပြီး ထူထူထဲထဲကျနေတဲ့ မြေလွှာကော်ဇောအောက်ကို ငုံ့ဆင်းဝင်နေတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟိုအဝေးမှာလည်း ဟက်ဂရစ်က သူ့လင်းယုန်မြင်းပျံကြီး နူတ်သီးခေါ်ကို သူ့အခန်းရှေ့မှာ အစာကျွေးနေတာကို သူလှမ်းမြင်နေရတယ်။

သူတို့ အပိုကြီးဒေါ်ဝဖြိုးပုံတူ ပန်းချီကားရှေ့ရောက်သွားတော့ ရွှန်က ပြောရမယ့် စကားဝှက်ကို ယုံကြည်ချက်အပြည့်နဲ့ ပြောလိုက်တယ်။

"အပေါစား အဆင်တန်ဆာတွေ"

သို့ပေမဲ့ ခါတိုင်းထက်ဖြူဖျော့နေပြီး မျက်နှာလည်း ရှုံ့မဲ့မဲ့ဖြစ်နေတဲ့ အပိုကြီးဒေါ်ဝဖြိုး ပြန်အော်လိုက်တယ်။

"မဟုတ်ဘူး"

"မဟုတ်ဘူးဆိုတာ ခင်ဗျား ဘာကိုဆိုလိုတာလဲ"ဆိုတော့-

"ခု စကားဝှက်အသစ် ထပ်ပေးထားတယ်။ ပြီးတော့ ကျေးဇူးပြုပြီး သိပ်လည်း မအော်ကြပါနဲ့"လို့ သူမကပြန်ပြောတယ်။

"ဒါပေမဲ့ ကျွန်တော်တို့က တခြားကို ရောက်နေတာလေဗျာ။ ဘယ်လိုလုပ် အဲဒီစကားဝှက်အသစ်ကို သိနိုင်မှာလဲ"

ဒီအချိန်မှာပဲ ခေါ်သံတစ်သံထွက်ပေါ်လာတာ သူတို့ကြားရတယ်။

"ဟယ်ရီ" "ဂျင်နီ"

ဟာမီယွန်က သူတို့ဆီကို အပြေးကလေး လာနေတာ တွေ့ရတယ်။ သူမဟာ မျက်နှာတစ်ခုလုံး ပန်းရောင်လွှမ်းနေပြီး ဝတ်ရုံ၊ ဦးထုပ်နဲ့ လက်အိတ်တွေပါ ဝတ်ဆင်ထားတယ်။

"ငါ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ပြန်ရောက်တယ်ဟဲ့။ ဟက်ဂရစ်နဲ့ နူတ်သီးခေါ်ဆီကိုသွားဖို့ ငါဆင်းလာခဲ့တာ။ ဟို သူ့ရဲ့ လင်းယုန်ခေါင်း ရေမြင်းကိုယ်နဲ့ အတောင်ပံတွေပါတဲ့ ငှက်မြင်းပျံကြီးကို ပြောတာဟာ နင်တို့ ခရစ္စမတ်မှာ ပျော်ခဲ့ကြရဲ့လား" ဟာမီယွန်က အသက်မရှူဘဲ မနားတမ်း ပြောနေတယ်။

"အေး ပျော်ပါတယ်။ တကယ့်သာယာတဲ့ အချိန်ကလေးပဲ။ ဒါနဲ့ ရပ်ဖတ်ခရင်မ်လည်း ...."လို့ ချက်ချင်းပြန်ပြောလိုက်တဲ့ ရွှန်ရဲ့ စကားမဆုံးသေးခင်-

www.burmeseclassic.com

“ငါ နင့်ကို ပြောပြစရာရှိတယ်။ သေသေချာချာ နားထောင်။ စကားဝှက်က “သောက်စားပျော်ပါး တို့ရှောင်ရှား” ဟာမီယွန်က ရွန်ကို ကြည့်လည်း မကြည့်၊ ရှိတယ်လို့လည်း မထင်၊ သူပြောတာကိုလည်း မကြားသလိုနဲ့ ဟယ်ရီကို ပြောလိုက်တယ်။

“ဒါမှ အတိအကျမှန်တယ်”အပျိုမကြီး ဒေါ်ဝဖြိုးက ချည့်နဲ့နဲ့ ကတုန်ကယင် အသံနဲ့ပြောပြီး သူတို့ ဝင်နိုင်ဖို့ အပေါက်ကြီးပေါ်လာအောင် ကိုယ်ကို ရှေ့ကိုယိမ်းပေးလိုက်ပါတယ်။

“ဒီအပျိုကြီးက ဘာအလိုမကျ ဖြစ်နေတာလဲ” ဟယ်ရီက မေးလိုက်တယ်။

“သိရသလောက်တော့ ခရစ္စမတ်မှာ အပျော်လွန်သွားတာပဲ။ သူမနဲ့ သူမရဲ့ မိတ်ဆွေ နီလာပန်းတို့နှစ်ယောက် စကြိုအလယ်က အမူးသမား သူတော်စင်ကြီး ပန်းချီကားထဲမှာ ဝိုင်အရက်တွေကို တဝကြီး သောက်ခဲ့ကြတယ်ဆိုပဲ”ဟာမီယွန်က ပြောပြီး လူတွေပြည့်နေတဲ့ ကျောင်းသားများ နားနေခန်းထဲကို ဝင်သွားရင်း မျက်စိကို ဝေ့ကစားပြီး ကြည့်လိုက်တယ်။

တစ်ခါ သူမဟာ သူမရဲ့ အိတ်ကပ်ထဲမှာ တစ်ခဏကြာအောင် မွှေနှောက်ရှာဖွေပြီး ဒမ်းဘဲလ်ဒိုးရေးသားထားချက်ပါတဲ့ သားရေပုရပိုက်တစ်လိပ်ကို ဆွဲထုတ်လိုက်တယ်။

“ဟာ တယ်ဟုတ်ပါလား၊ ဟန်ကျလိုက်တာကွာ” ဟယ်ရီက ပုရပိုက်လိပ်ကို ချက်ချင်းဖြန့်ဖတ်ပြီး ဒမ်းဘဲလ်ဒိုးနဲ့ နောက်တစ်ကြိမ် သူ သင်ခန်းစာကို လာမယ့်ညမှာပဲ သင်ကြားရမယ်လို့ ရေးထားတာတွေ့ရတဲ့အတွက် အားရဝမ်းသာပြောလိုက်တယ်။ “ငါ့မှာ သူ့ကို ပြောစရာတွေ တစ်ပုံကြီး ရှိနေတယ်။ ပြီးတော့ နင့်ကိုလည်း ပြောရဦးမယ်။ ကဲ ငါတို့ ထိုင်ကြရအောင်”

ဒါပေမဲ့ ဒီအချိန်မှာ စီခနဲနေအောင် “ဝန်းဝန်း”လို့ ကျယ်ကျယ်လောင်လောင် အော်ရင်း ဘယ်က ဘယ်လိုရောက်လာမှန်းမသိတဲ့ လာဗင်ဒါဘရောင်းဟာ ရွန်ရဲ့ ရင်ခွင်ထဲကို အတင်းပြေးဝင်လိုက်ပါတယ်။ ဘေးက အမြင်မတော်သူတွေ တစ်ပြုံကြီးက သူမရဲ့ အဖြစ်သည်းပုံကို တိုးတိုးတိတ်တိတ် ကျိတ်ပြီး လှောင်ရယ်ရယ်နေကြတယ်။

ဟာမီယွန်ကတော့ ဆည်းလည်းသံလွင်လွင်လေးလို ရယ်ရင်း “ဟဲ့ ဒီမှာ စားပွဲတစ်လုံး ရှိနေတာပဲ လာ ဂျင်နီ လာပါလား”လို့ ခေါ်လိုက်တယ်။

ဒါပေမဲ့ ဂျင်နီက “ဟင့်အင်း နေနေ၊ ကျေးဇူးတင်တယ်။ တို့ ဒင်းန်နဲ့ တွေ့ဖို့ ရှိသေးတယ်”ဆိုပြီး ဟယ်ရီ့ကိုပါ စိတ်ဝင်စားဟန်မပြတော့တဲ့အတွက် နှစ်ယောက်သား တစ်ပူးတွဲတွဲ ဖြစ်နေတဲ့ ရွန်နဲ့ လာဗင်ဒါတို့ကို ထားခဲ့ပြီး ဟယ်ရီက ဟာမီယွန်ကို အခြားစားပွဲ အပိုတစ်လုံးဆီကို ခေါ်သွားတယ်။

“ကဲ နင်တို့ ခရစ္စမတ်အကြောင်းလေးလည်း ပြောပါဦး”လို့ ဟယ်ရီက ဆိုတော့–

“အို ပျော်စရာပါပဲ”လို့ ပြောပြီး ဟာမီယွန်က သူမရဲ့ ပခုံးကို တွန့်ပြလိုက်တယ်။ ပြီးမှ “ဘာမှ ထွေထွေထူးထူး မရှိပါဘူးဟယ်။ ဒါနဲ့ ဟို ဝန်းဝန်းဆိုတာ ဘာလဲဟင်”လို့ ဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက် "အေး ငါ နင့်ကို တစ်မိနစ်အတွင်း ပြောပါ့မယ်။ ဒီမှာကြည့်စမ်း၊ နင် မြင်ရလား"ဟယ်ရီက ပြောတော့–

ဟာမီယွန်က "ဟင့်အင်း မသိဘူး။ မမေးနဲ့ဟယ်"လို့ ဆိုတယ်။

"ငါထင်တယ်။ နင်ခရစ္စမတ်တုန်းက သိလာမှာပါပဲ"

"ငါသိတာက အပျိုမကြီး ဒေါ်ဝဖြီးဟာ နှစ် ၅၀၀ သက်တမ်းရှိတဲ့ ဝိုင်တစ်အိုးကို သောက်ခဲ့တယ်ဆိုတာပဲ။ ကဲ ဟယ်ရီ ငါ့ကို မမေးနဲ့။ နင်ပြောချင်တာ အရေးကြီးတဲ့ သတင်းဆိုတာ ဘာလဲ။ ပြော"လို့ ဟာမီယွန်က ပြောလိုက်တယ်။

ဟာမီယွန်ကို ကြည့်ရတာ အဲဒီတစ်ခဏမှာ အရမ်းငြင်းခုံပြောမယ့် ပုံရှိနေတဲ့အတွက် ဟယ်ရီက ရွှန့်အကြောင်းကို မပြောတော့ဘဲ သူကြားခဲ့ရတဲ့ မော်လ်ဖွိုင်းနဲ့ စနိပ် အပြန်အလှန် ပြောကြတဲ့ စကားတွေအကြောင်း အသေးစိတ် ပြန်ပြောပြလိုက်တယ်။ သူ့စကားဆုံးသွားတော့ ဟာမီယွန်ဟာ ခဏကြာအောင် ငြိမ်ပြီး စဉ်းစားနေတယ်။ ပြီးမှ သူမက "နင်က ဟိုလိုဖြစ်မယ်လို့ မထင်ဘူးလား...."လို့ ပြောကာရှိသေးတယ်။ ဟယ်ရီက ကြားဖြတ်ပြီး–

"ဘာလဲ၊ ဒါဟာ သူက မော်လ်ဖွိုင်းကို ကူညီမယ်လို့ ကမ်းလှမ်းတာဟာ မော်လ်ဖွိုင်း ဘာတွေလုပ်နေတယ်ဆိုတာ သူသိရအောင်လို့ ဟန်ဆောင်လှည့်စားပြောတာ ဖြစ်မှာပါလို့ ထင်ရမှာလား"

"အေး ဟုတ်တယ်လေ" ဟာမီယွန်က ပြောလိုက်တယ်။

"ရွှန်ရဲ့ အဖေနဲ့ လူပင်းကလည်း ဒီလိုပဲ ထင်ကြတယ်။ ဒါပေမဲ့ အဲဒါဟာ မော်လ်ဖွိုင်းအနေနဲ့ သေချာပေါက် တစ်ခုခုကြံစည်နေပြီဆိုတာ သက်သေပြနေတာပဲ။ ဒါကို နင်မငြင်းနိုင်ပါဘူး"ဟယ်ရီက မကျေမချမ်းနဲ့ ပြောလိုက်တယ်။

"ဟုတ်တယ် ဒါတော့ ငါမငြင်းပါဘူး" သူမက ဖြည်းဖြည်းလေး ပြန်ပြောတယ်။

"မပြီးသေးဘူး မော်လ်ဖွိုင်းဟာ ဗိုဒီမော့ရဲ့ အမိန့်နဲ့ လှုပ်ရှားနေတယ်ဆိုတာလည်း ရှင်းနေတယ်။ ခုန ငါပြောခဲ့သလိုပေါ့"

"ဟ.... သူတို့နှစ်ယောက်ထဲက ဘယ်သူက ဗိုဒီမော့ရဲ့ နာမည်ကို ထည့်ပြောခဲ့လို့လဲ"

ဟယ်ရီက မျက်မှောင်ကုတ်ပြီး ပြန်စဉ်းစားလိုက်တယ်။ ပြီးတော့ "အဲဒါတော့ ငါလည်း မသေချာဘူး။ ဒါပေမဲ့ စနိပ်က မော်လ်ဖွိုင်းကို မင်းရဲ့ဆရာလို့ ထည့်ပြောသွားတာတော့ ကျိန်းသေတယ်။ အဲဒါ သူကလွဲရင် ဘယ်သူရှိဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ငါ ဘယ်သိမှာလဲ"လို့ ဟာမီယွန်က ပြောပြီး သူမရဲ့ နှုတ်ခမ်းကို ကိုက်စဥ်းစားနေတယ်။ ပြီးတော့မှ "အဲဒါ သူ့အဖေကော မဖြစ်နိုင်ဘူးလား"လို့ ထပ်ပြောလိုက်တယ်။

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအန္ဓျ နျူါန
ျကငခု မနစူပ အသ အ့ျ ၁နျူါန္ဓ ညျ

ဖော်ပြပါမင်ဘာ ဇယောက်မှ
ူသူတညျူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငျပကေညါယ့သအမသိယ [x] ဗပနယ ညနသညငညေါယ ညါဈညေယ ညပငူညညါနယ
အမေညတေ၀၀ဂုယ တဈဘေငယ ဖပေါပင၅၅
ူသူတညျူပေ
ဋငနေတ ဏကဘူငခ ဏမသ်ငူန
ျနညိ ေစမငလအေန ၁နျူါန အသူသူတညျူပေ
ငညိ ဩမန ဏသျအျ ဘပူသူတညျူပေ
ဗိူသူတညျူပေ အသ့သကမ ဃသညအခေအျ

ဦူ ၁၁-၀၈-၂၀၀၈ယ ၁၀ါ၄၁ ဗ[ ] ဋူ၁၀၁
ူသူတညျူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစငိ

ူသူတညျူပေ ျ သိူညေန
`သညေိအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ူညျူါ ၁၁၈၂၃
ူညေနိ ၈၈၈၈့ငါနျူ ငည ၇၈၆ ဏသျအျ
ူသူတညျူပေ ျ သည ေိျအငညေါကျနိ မသငိ

ိန်ကျေူအ
ဟာမီယွန်ဟာ ဘာရယ်မဟုတ်ဘဲ တစ်ခန်းလုံးကို အသက်မပါသလို လှမ်းကြည့်လိုက်တယ်။ ဒါ့ကြောင့် လာဗင်ဒါက ရွှန့်ကို တို့ကနန်း ဆိတ်ကနန်း လုပ်ပြီး အူမြူးနေတာကိုတောင် သူမ မြင်ဟန်မတူဘူး။ ဟာမီယွန်က မေးလိုက်တယ်။ "လူပင်းကရော ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com

"မနိပ်ပါဘူးဟာ"လို့ အစချီပြီး ဟယ်ရီက လူပင်းအကြောင်းကို သမန်းဝံပုလွေတွေကြားမှာ သူအလုပ်လုပ်နေပုံနဲ့ အခက်အခဲတွေ ရင်ဆိုင်နေရပုံတွေပါ ပြောပြလိုက်တယ်။ နောက် "နင် အဲဒီ ဖင်ရီယာဂရေးဘက်အကြောင်း ကြားဖူးလား"လို့ လူပင်းပြန်ပြောပြတဲ့ သမန်းဝံပုလွေအကြောင်း မေးလိုက်တယ်။

"အေး ကြားဖူးတယ်။ နင်က ဘာဖြစ်လို့ မေးတာလဲ ဟယ်ရီ" ဟာမီယွန်က ပြန်ဖြေပြီး နည်းနည်း အထိတ်တလန့်ဖြစ်နေပုံပေါ်နေတယ်။

"ဒါဟာ မှော်ပညာသမိုင်းနဲ့ ရောဆိုင်သလား။ နင်က အဲဒါ ကျွမ်းတယ်လေ။ ငါကတော့ ဘာမှ သိပ်နားထောင်ဖူးတာ မဟုတ်ဘူး....." ဟယ်ရီက မေးလိုက်ပြန်တယ်။

"မှော်ပညာသမိုင်းနဲ့ ဘာမှ မဆိုင်ပါဘူး။ ဒါက မော်လ်ဖွိုင်းက ဘော်ဂျင်းကို သူနဲ့ ခြောက်တာပဲ ဖြစ်မယ်။ နော်တန်းအလီတောင်ကြားက အဖြစ်အပျက်ကို ပြန်စဉ်းစားကြည့်ရင် နင်ပြန်သတိရလာမှာပါ။ သူက ဘော်ဂျင်းကို ဂရေးဘက်ခ်ဟာ သူတို့ရဲ့ မိသားစုမိတ်ဆွေပါဆိုပြီး ဂရေးဘက်ခ်က ဘော်ဂျင်းရဲ့ တိုးတက်မှု အခြေအနေကို စစ်ဆေးမယ်ဆိုတာလေ"

ဟယ်ရီဟာ သူမကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေတယ်။ "အေး ငါမေ့နေတယ်။ အဲဒီအချက်က မော်လ်ဖွိုင်းဟာ မရဏစားစုန်း တစ်ကောင် ဖြစ်တယ်ဆိုတာနဲ့ နောက် သူ ဂရေးဘက်ခ်နဲ့ ဘယ်လိုအဆက်အသွယ် ရှိပြီး သူ့ကို ဘာလုပ်ရမယ်လို့ ပြောခဲ့တယ်ဆိုတာ သက်သေပြနေတာပဲ မဟုတ်လား"

"အဲဒီလို ဖြစ်နိုင်တယ်လို့ မသင်္ကာစရာတော့ တော်တော်ကောင်းတာပဲ"ဟာမီယွန်က သက်ပြင်းချပြီး ထပ်ပြောတယ်။ "ဒါပေမဲ့....."

"ခက်တော့တာပဲ။ နင် ဒီအကြောင်းကို ဂဃနဏမသိပါဘူး" ဟယ်ရီက စိတ်တိုလာပြီး ပြောလိုက်တယ်။

"အေးပါ ဘာပဲပြောပြော အဲဒါဟာ ခြိမ်းခြောက်တာ သက်သက်လည်း ဖြစ်နိုင်တာပဲ" ဟာမီယွန်ကလည်း ဇွတ်ပြောနေတယ်။

"နင်ကတော့ အံ့သြကုန်နိုင်ဖွယ်ပဲ။ ယုံနိုင်စရာတောင် မရှိတော့ဘူး" ဟယ်ရီဟာ စိတ်ပျက်ပျက်နဲ့ ခေါင်းတယမ်းယမ်း ဖြစ်နေတယ်။ ပြီးတော့ သူက "တို့နှစ်ယောက် ဘယ်သူမှန်မလဲ ကြည့်ရမယ်။ နင့်စကား မှားသွားတာကိုလည်း နင်ဝန်ခံရလိမ့်မယ်"လို့ ပြောလိုက်တယ်။ ဝန်ကြီးဌာနလိုပါပဲ။ ပြီးတော့ ရပ်ဖတ်စ်စခရင်မ်ဂျာနဲ့တောင် ငါ ခွန်းကြီးခွန်းငယ် အခြေအတင် စကားများခဲ့ရသေးတယ်"လို့ ပြောလိုက်တယ်။

မှော်ဝန်ကြီးဌာနဝန်ကြီးရဲ့ အကြောင်း တောင်တောင်မြောက်မြောက် မကောင်းသတင်းတွေ ပြောကြဆိုကြရင်း သူတို့နှစ်ယောက် ခင်ခင်မင်မင်နဲ့ ကျန်တဲ့ညနေပိုင်းတစ်ခုလုံးကို

www.burmeseclassic.com

ကုန်ဆုံးစေခဲ့ကြတယ်။ ဟာမီယွန်အတွက် ရွန်တွေးဆသလိုပဲ မှော်ပညာဝန်ကြီးဌာနဟာ ဟယ်ရီ့ထံက အကူအညီတောင်းခံဖို့ လွန်ခဲ့တဲ့နှစ်တွေကတည်းက အကွက်ချကြိုးပမ်းလာလေသလားနဲ့ တွေးနေမိတယ်။

နောက်တစ်နေ့နံနက်မှာတော့ စာသင်ကာလအသစ်ဟာ ကျောင်းသားများ နားနေခန်းထဲက ကြော်ငြာသင်ပုန်းတွေပေါ်မှာ ညကတည်းက ပင်နဲ့ရိုက်ပြီး ကပ်ထားတဲ့ ကြော်ငြာကြီးတွေကြောင့် အားလုံးရဲ့ အံ့အားသင့်မှုနဲ့ အတူ စတင်ခဲ့ပါတယ်။

တမလွန် နာမ်ရုပ်အသွင် ကိုယ်ထင်ပြ သင်ခန်းစာ သင်ကြားရေး

အကယ်၍ သင်သည် အသက် ၁၆နှစ် ပြည့်ပြီးသူ သို့မဟုတ် ရှေ့လာမယ့် ဩဂုတ်လ ၃၁ ရက်နေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ အသက် ၁၆နှစ်ပြည့်မည့်သူဖြစ်ပါက မှော်ပညာဝန်ကြီးဌာနမှ နာမ်ရုပ်ကိုယ်ထင်ပြ ဘာသာနည်းပြ ဆရာတစ်ဦး ပို့ချမည့် တမလွန်နာမ်ရုပ်အသွင် ကိုယ်ထင်ပြ ဘာသာရပ် သီတင်း ၁၂ ပတ်ကြာ သင်တန်းသို့ တက်ရောက်ခွင့် ရှိသည်။

သင် တက်ရောက်သင်ကြားလိုသည့် ဆန္ဒရှိပါက အောက်တွင် လက်မှတ်ရေးထိုးပါရန်။ ကုန်ကျစရိတ် ၁၂ ဂါလီယွန် ဖြစ်သည်။

ဟယ်ရီနှင့် ရွန်တို့ နှစ်ယောက် သူတို့နာမည်တွေ စာရင်းသွင်းနိုင်အောင် ကြော်ငြာဆိုင်းဘုတ်တွေတစ်ဝိုက်မှာ အလုအယက်တိုးဝှေ့နေတဲ့ လူအုပ်ကြီးထဲကို ဝင်တိုးလိုက်ကြတယ်။ ဟာမီယွန် စာရင်းသွင်းပြီးတဲ့နောက် ရွန်က ကြော်ငြာအောက်ခြေမှာ သူ့ရဲ့ နာမည်ကိုရေးဖို့ ငန်းတောင်ကလောင်တံကို ဆွဲထုတ်နေချိန်မှာပဲ သူ့နောက်က ကပ်ပြီး လိုက်ပါလာတဲ့ လာဗင်ဒါက သူမရဲ့ လက်နှစ်ဖက်နဲ့ ရွန်ရဲ့ မျက်လုံးတွေကို လှမ်းပိတ်ထားပြီး "ဝန်းဝန်းဆိုတာ ဘယ်သူလဲ နင်မှန်းကြည့်စမ်း"လို့ သံသေးသံညှောင်နဲ့ ပြောလိုက်တယ်။

ဒီမှာတင် ရွန်နဲ့ လာဗင်ဒါတို့နဲ့ အတူရှိမနေချင်တဲ့ ဟယ်ရီက ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထွက်သွားပြီဖြစ်တဲ့ ဟာမီယွန်ရဲ့နောက်က အမီလိုက်သွားတယ်။ ဒါပေမဲ့ အပျိုမကြီး ဒေါ်ဝဖြီးပန်းချီကားနဲ့ မလှမ်းမကမ်း နေရာကို ရောက်ချိန်မှာ ရွန်ကလည်း သူတို့ကို အမီလိုက်လာပြန်တဲ့အတွက် ဟယ်ရီ အံ့အားသင့်သွားတယ်။ ရွန်ရဲ့ နားရွက်တွေ နီရဲတောက်နေသလို သူ့အမူအရာကလည်း အတော်မကျေမချမ်း ဖြစ်နေပုံရတယ်။ ဒါပေမဲ့ ဟာမီယွန်က စကားတစ်လုံးမှ မပြောဘဲ နက်ဗီးလ်နဲ့အတူ လမ်းလျှောက်ဖို့ ကမန်းကတန်း ထွက်သွားတယ်။

"ကဲ ဆိုစမ်းပါဦး၊ နာမ်ရုပ်သွင် ကိုယ်ထင်ပြခြင်းဆိုတာက ဘာလဲ။ ရယ်စရာကောင်းသလိုလိုပဲ"လို့ ရွန်က ပြောလိုက်တယ်။

"ငါလည်း မသိဘူး။ မင်းကိုယ်တိုင် လုပ်ကြည့်တဲ့ အခါကျတော့ သိမှာပေါ့။ ငါကတော့ ဒမ်းဘဲလ်ဒိုးနောက်ကို လိုက်သွားရကတည်းက အဲဒါကို သိပ်မကြိုက်ခဲ့ပါဘူး"ဟယ်ရီ ပြန်ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အို ငါမေ့နေတယ်။ မင်းက အဲဒါကို လုပ်ခဲ့ဖူးပြီးသားပဲ။ ငါလည်း အစမ်းတစ်ခါတော့ အောင်ဖူးပါတယ်။ ဖရက်ဒ်နဲ့ ဂျော့လည်း လုပ်ကြတာပဲ"

"ချာလီကတော့ မအောင်မြင်ဘူး"

"ဟုတ်တယ်။ သူ မအောင်ဘူး။ ဒါပေမဲ့ သူက ငါ့ထက်စာရင် တော်သေးတယ်။ ဖရက်ဒ်နဲ့ ဂျော့လည်း ဒီအကြောင်း သိပ်မသိကြဘူး"လို့ ပြောပြီး ရွန်က ဂေါ်ရီလာမျောက်ဝံတစ်ကောင်လို သူ့လက်နှစ်ဖက်ကို ရှေ့ကို တန်းထားတယ်။

"ငါတို့ ဘယ်တော့ကျမှ တကယ် စမ်းသပ်ရမှာလဲ"

"မကြာတော့ပါဘူး။ တို့အသက် ၁၇နှစ် ပြည့်ကြတော့မယ်လေ။ ငါ့အတွက်တော့ မတ်လဖြစ်လိမ့်မယ်"

"အေး..... ဒါပေမဲ့ မင်း နာမ်ရုပ်သွင်ဖန်ဆင်းမှုကို ဒီမှာလုပ်လို့ ရမှာ မဟုတ်ဘူး။ ရဲတိုက်မှာလည်း လုပ်နိုင်မှာ မဟုတ်ဘူး"

"အဲဒါက အဓိက မကျပါဘူး။ နာမ်ရုပ်ကိုယ်ထင်ပြတာကို ငါလုပ်ချင်တဲ့ အချိန်မှာ လုပ်ပြလို့ရတယ်ဆိုတာ လူတိုင်း သိကြမှာပါပဲ"

အမှန်တော့ တမလွန်နာမ်ရုပ်အသွင် ကိုယ်ထင်ပြတဲ့ သင်ခန်းစာကို လုပ်နိုင်မယ့် အလားအလာနဲ့ ပတ်သက်လို့ စိတ်လှုပ်ရှားတုန်လှုပ်ရတဲ့ သူဟာ ရွန်တစ်ဦးတည်း မဟုတ်ပါဘူး။ မိမိအလိုဆန္ဒအတိုင်း ပျောက်ကွယ်သွားအောင်နဲ့ ပြန်ပေါ်လာအောင် လုပ်ကြရမယ့် ဒီသင်ခန်းစာကို ပို့ချမယ့်ဆဲဆဲ အဲဒီနေ့တစ်နေ့လုံး ဒီအကြောင်းကို လူတွေ ပြောလို့မဆုံးနိုင်အောင် ဖြစ်နေကြတယ်။ နောက် သူတို့ လေ့ကျင့်နေရင်း–

"ကျွန်တော်တို့ ခုလိုလုပ်လိုက်နိုင်တဲ့အခါ ဘယ်လောက်အေးချမ်းသွားသလဲ။ ကျွန်တော့်အစ်ကို ဝမ်းကွဲ ဖားဂတ်စ်က ကျွန်တော့်ကို လုပ်ခဲ့သလို ကျွန်တော် ခုပြန်လုပ်ပြပါမယ်"ဆိုပြီး ဆီးမတ်က သူပျောက်ကွယ်နေတာကို သိနိုင်အောင် လက်ဖျစ်တီးပြလိုက်တယ်။ မြင်းကွင်းက ပျောက်ကွယ်နေရင်း ဆီမတ်စ်က သူ့ဆေးကြိမ်လုံးကို နည်းနည်းကလေး လှုပ်ယမ်းလိုက်ပေမဲ့ စိတ်ပါလက်ပါ လုပ်လိုက်မှုကြောင့် ရေပန်းက ရေတွေ ထွက်လာရမယ့်အစား ပိုက်လုံးနဲ့ ထိုးလိုက်သလို ရေတွေပန်းထွက်သွားပြီး မျက်နှာကြက်ကို ထိမှန်ပြီး ပြန်ကန်ထွက်လာရာမှာ ပါမောက္ခ ဖလစ်ဝစ်ရဲ့ မျက်နှာကိုစဉ်ပြီး စိုရွှဲပေကျံကုန်တယ်။

ဒီအချိန်မှာပဲ "ဟယ်ရီက နာမ်ရုပ်အသွင် ကိုယ်ထင်ပြတာ လုပ်ခဲ့ပြီးသူပဲ"လို့ ရွန်က မသိမသာ ရှက်ကိုးရှက်ကန်း ဖြစ်နေတဲ့ ဆီးမတ်စ်ကို ပြောလိုက်တယ်။ ပါမောက္ခ ဖလစ်ဝစ်ခ်က ဆေးကြိမ်လုံးနဲ့ သူ့ကိုယ်ကိုယ် သွေ့ခြောက်အောင် လုပ်လိုက်ပြီးတဲ့နောက် ဆီးမတ်စ်ကို ကြိမ်းမောင်းလိုက်တယ်။

www.burmeseclassic.com

"ငါဟာ မှော်ဆရာတစ်ယောက်ကွ။ တုတ်တစ်ချောင်းကို ကိုင်ဝှေ့ယမ်းနေတဲ့ ဘာဘွန်းမျောက်မဟုတ်ဘူး။ သူ့ကို တစ်ယောက်ယောက်က ခေါ်သွားစမ်းပါ။ နာမ်ရုပ်အသွင် ကိုယ်ထင်ပြခြင်းဆိုတာ မင်းသိရဲ့လား"

"ဘာတွေလဲကွာ"ဆီးမတ်က သူ့ဘာသာ ပြောလိုက်တယ်။ ပြီးတော့ သူရယ် ဒင်းန်နဲ့ နက်ဗီးလ်တို့ ခေါင်းချင်းဆိုင်ပြီး နာမ်ရုပ်အသွင် ကိုယ်ထင်ပြခြင်းရဲ့ သဘောကို ဆွေးနွေးတိုင်ပင်နေကြတယ်။

အဲဒီနေ့ ကျန်တဲ့အချိန်တစ်ချိန်လုံး ဟယ်ရီဟာ အခြား ဆဋ္ဌမနှစ်ကျောင်းသူ ကျောင်းသားတွေက ဝိုင်းပြီး မေးမြန်းကြတဲ့အတွက် နာမ်ရုပ်ကိုယ်ထင်ပြခြင်းရဲ့ ထိတွေ့ခံစားမှု အရသာနဲ့ ပတ်သက်လို့ ပြန်လည် ရှင်းလင်း ပြောကြားနေခဲ့တယ်။ သူတို့အားလုံးက နာမ်ရုပ်ကိုယ်ထင်ပြခြင်း ပြုလုပ်နေချိန်မှာ ကိုယ်စိတ်မအီမသာနဲ့ အနေရ အထိုင်ရ ခက်လှကြောင်း ဟယ်ရီက ပြောပြတဲ့အခါ စိတ်ပျက်နောက်ဆုတ်မသွားကြတဲ့အပြင် ပိုလို့တောင် တအံ့တသြဖြစ် စိတ်ဝင်စားနေကြပါတယ်။ နောက် သူတို့တွေ တရစပ်မေးကြတဲ့ မေးခွန်းတွေကို ဖြေကြားရင်း ည ၈ နာရီထိုးဖို့ ၁၀ မိနစ်အလို အချိန်ကို ရောက်ရှိသွားတဲ့အခါမှာတော့ ဟယ်ရီဟာ မုသားမပါ လက်ာမချောဆိုသလို မလိမ်မဖြစ် လိမ်လည်ပြီး စာကြည့်တိုက်ကို သူ စာအုပ်တစ်အုပ် အချိန်မီ ပြန်အပ်ဖို့ လိုနေကြောင်း ပြောဆိုလိုက်ပါတယ်။ ဒီတော့မှပဲ သူလည်း ဝဋ်ကျွတ်ပြီး ဒမ်းဘဲလ်ဒိုးနဲ့ ချိန်းဆိုထားတဲ့အတိုင်း သင်ခန်းစာအသစ်ကို သင်ယူဖို့ အချိန်မီသွားပါတော့တယ်။

ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းအတွင်းမှာ မီးအိမ်တွေ ထိန်ထိန်လင်းနေတယ်။ ယခင်ကျောင်းအုပ်ကြီးတွေရဲ့ ပုံတူပန်းချီကားတွေလည်း သူတို့ရဲ့ ပန်းချီကားချပ်ပေါင် အသီးသီးထဲမှာ တခေါခေါဟောက်ရင်း အိပ်ပျော်နေကြတယ်။ ပြီးတော့ ဆန်ခါစစ်ကြီးလည်း နော်ကတစ်ကြိမ်ထပ်မံပြီး စားပွဲတစ်လုံးပေါ်မှာ အသင့်ရောက်နေပြန်တယ်။ ဒမ်းဘဲလ်ဒိုးက သူ့လက်နှစ်ဖက်နဲ့ ဆန်ခါစစ်ကြီးကို တစ်ဖက်တစ်ချက် ကိုင်ထားတယ်။

သူ့ရဲ့ မည်းနက်နေပြီး မီးလောင်ထားသလို ဖြစ်နေတဲ့ ညာလက်ဟာ ယခင်အတိုင်း မပြောင်းမလဲ ပြန်ကောင်းမလာသေးဘဲ ရှိနေတယ်။ ဒဏ်ရာဟာ လုံးဝပျောက်ကင်း သက်သာလာတဲ့ အရိပ်အယောင် မတွေ့ရတဲ့အတွက် ဟယ်ရီက ဒီလိုထူးခြား ဒဏ်ရာမျိုး ရရှိအောင် ဘယ်အရာက ဖန်တီးခဲ့သလဲဆိုတာ သိလိုမှုနဲ့ အကြိမ် ၁၀၀မျှ အံ့သြနေခဲ့တယ်။ ဒါပေမဲ့ သူက ဒီအကြောင်းကို မမေးဘဲနေလိုက်တယ်။ ဒမ်းဘဲလ်ဒိုးက သူ့အနေနဲ့ နောက်ဆုံးကျရင် သိရပါစေ့မယ်လို့ ပြောထားတဲ့အတွက် ခုအခါမှာတော့ သူက ဘယ်နည်းနဲ့ဖြစ်ဖြစ် အခြားအကြောင်းအရာ တစ်ခုကို ဆွေးနွေးချင်နေတယ်။ ဒါပေမဲ့ ဟယ်ရီက စနိပ်နဲ့ မော်လ်ဖွိုင်းအကြောင်း ဘာတစ်ခွန်းမှ မပြောရသေးခင်မှာပဲ ဒမ်းဘဲလ်ဒိုးက သူ့ကို စပြီး ပြောလိုက်တယ်။

"ခရစ္စမတ်တုန်းက မောင်ရင် မှော်ပညာဝန်ကြီးဌာနဝန်ကြီးနဲ့ တွေ့ခဲ့တယ်လို့ ကျုပ်ကြားတယ်"

"ဟုတ်ကဲ့ ဒါပေမဲ့ သူ ကျွန်တော်နဲ့ တွေ့ရတဲ့အတွက် သိပ်စိတ်မချမ်းမသာ ဖြစ်သွားတယ်"လို့ ဟယ်ရီက ဖြေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“မဟုတ်ဘူးကွ”ဆိုပြီ သက်ပြင်းချလိုက်ပြီးမှ “ သူ စိတ်မချမ်းမသာ ဖြစ်ရတာဟာ မောင်ရင့်ကြောင့် မဟုတ်ဘူး။ ကျုပ်ကြောင့် ဖြစ်ရတာ။ ကျုပ်တို့ မချိမဆန့် ဝေဒနာခံစားရမှုအောက်ကို နစ်မသွားဖို့ ကြိုးစားရမယ် ဟယ်ရီ။ ဒီတော့ ဆက်ပြီး တိုက်ပွဲဆင်နွှဲရမှာပဲ”လို့ ဒမ်းဘဲလ်ဒိုးက ပြောလာတဲ့အတွက် ဟယ်ရီ အားရဝမ်းသာ ပြုံးလိုက်တယ်။

“သူက ကျုပ်ကို မှော်ပညာဝန်ကြီးဌာနဟာ အံ့သြလောက်စရာကောင်းတဲ့ အလုပ်တစ်ခုကို လုပ်နေပါပြီလို့ ပြောစေချင်နေတယ်”

တစ်ခါ ဒမ်းဘဲလ်ဒိုးက ပြုံးပြီး ပြောလိုက်တယ်။

“အဲဒါဟာ ဖတ်ချ်ရဲ့ အတွေးအခေါ် အကြံအစည်ပဲ၊ ဒါကို မောင်ရင်သိရဲ့လား။ သူ အာဏာရနေစဉ် နောက်ဆုံးရက်တွေကာလအတွင်း သူ့ရဲ့ ရာထူးမှာ သူမြဲနေအောင် ဖက်တွယ်ထားနိုင်ဖို့ ကြိုးစားနေချိန်မှာ မောင်ရင့်ထံက သူ့ကို ထောက်ခံအားပေးမှု ရရှိဖို့ မျှော်လင့်ချက်နဲ့ မောင်ရင့်ကို သူအမိအရ တွေ့ဆုံခဲ့တာပါပဲ”

“လွန်ခဲ့တဲ့နှစ်က ဖတ်ချ် လုပ်ချင်ရာ အကုန်လျှောက်လုပ်ပြီးနောက်မှ မဟုတ်လား။ အမ်းဘရစ်ချ်လည်း လုပ်ချင်ရာလုပ်ခဲ့ပြီးမှ မဟုတ်လား” ဟယ်ရီက စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တယ်။

“ကျုပ်က အဲဒီအခွင့်အရေးမျိုး ရမှာ မဟုတ်ဘူးလို့ ကော်နဲလ်လီ းယတ်စ်ကို ပြောလိုက်ပါသေးတယ်။ ဒါပေမဲ့ သူရာထူးစွန့်သွားရပြီး နောက်မှာလည်း အဲဒီအကြံအစည်ဟာ ပျက်ပြားမသွားဘဲ ဆက်ပြီး ရှိနေတုန်းပဲ။ စခရင်မ်ဂျာကို ခန့်ထားပြီး နာရီပိုင်းအတွင်းမှာ ကျုပ်တို့တွေ့ကြတော့ သူက မင်းနဲ့တွေ့နိုင်အောင် စီစဉ်ဖို့ ကျုပ်ကို တိုက်တွန်းခဲ့တယ်”

“ဒါဟာ ဆရာငြင်းလိုက်ရတဲ့ အချက်ပဲပေါ့။ ဒီအကြောင်း တမန်တော်နေ့စဉ် သတင်းစာထဲမှာ ပါတယ်လေ”ဟယ်ရီက ရှေ့နောက် မစဉ်းစားဘဲ ပြောချလိုက်တယ်။

× × × × × × × × × × × × × × × × × ×

ဩော်..... လူ့ဘဝ လူ့ဘဝ

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ့ျကသအန ကြူအငျကသအနစ္ျ ြမျိါန

ျကငခု မနစူပ အသ အ့ျ ၁နျိါန္စေျ

ဖော်ပြပါမင်ဘာ ဇယောက်မှ

ုသူတည္ဘူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငျပကေညါယ့ သအမသိယ ြ× ဗပနယ ညနသညငညေါယ ညါဈညေယ ညပငူညညါနယ

အမေညတေ၀၀ဂယ တဈဘေငယ ဖပေါပင၅၅

ုသူတည္ဘူပေ

www.burmeseclassic.com

ဋ္ဌငနတ ဏကဘူငခ ဏမသ်ငူန
ျနညိ ေ စမငလအေန ၁နျူေါန အသ ု သူတညြူပေ
ေညိ ဩမန ဏသျအျ ဘပ ု သူတညြူပေ
ဗိ ု သူတညြူပေ အသ ့ သကမ ဃသညအခေအျ

ဍူိ ၁၁–၀၈–၂၀၀၈ယ ၁၂ါ၂၈ ဏ⎕ ဋ္ဌ၁၀၂
ု သူတညြူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညြာမေ ဃကစငိ

ု သူတညြူပေ ဖျ သိူညေန
ႇသညေီအေနါ ဩလ ၂၀၀၆
ဏသျအျါ ၇၉၂
ၜညြျါ ၁၁၈၂၃
ၜညြနိ ၈၈၈၉ ၁နျူ ညေ ၇၈၆ ဏသျအျ
ု သူတညြူပေ ဖျ သည ေိဖျအညေါကဖျနိ မသင်ိ

ိန်ကေူအ
"တစ်ခါတစ်ခါ တမန်တော် သတင်းစာအနေနဲ့ အမှန်အတိုင်း ထုတ်ဖော်ရေးသားဖို့ မဖြစ်နိုင်တဲ့အခါမျိုး ရှိတယ်။ ခုခါကတော့ တိုက်ဆိုင်သွားတာပါ၊ ဟုတ်ပါတယ်။ အဲဒါဟာ ကျုပ်တို့ စောဒက တက်ရတဲ့ အကြောင်းပဲ။ ဒါကြောင့်ပဲ ရပ်ဖတ်စ်ဟာ နောက်ဆုံးမှာ မောင်ရင့်ကို အမိဖမ်းပြီး မဖြစ်မနေ တွေ့ဖို့ ကြိုးစားခဲ့တာပေါ့"

"သူက ကျွန်တော့်ကို ဒမ်းဘဲလ်ဒိုးရဲ့လူ လုံးလုံးလျားလျား ဖြစ်နေပြီလို့ စွပ်စွဲခဲ့တယ်"

"တော်တော် ရိုင်းတဲ့လူပါလားဟေ့"

"ကျွန်တော်ကလည်း ဟုတ်တယ်လို့ ပြောလိုက်တယ်"

ဒမ်းဘဲလ်ဒိုးဟာ တစ်စုံတစ်ရာကို ပြောမယ်လို့ ပါးစပ်ကို ဟလိုက်ပြီးမှ မပြောဘဲ ပြန်ပိတ်သွားတယ်။ ဟယ်ရီရဲ့နောက်မှာ ဖီးနစ်ငှက်ကြီး ဖောကက်စ်က တိုးတိုးသာသာနဲ့ တေးသွားတစ်ခုကို ညည်းနေတယ်။ ဟယ်ရီ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်သွားရတာက ဒမ်းဘဲလ်ဒိုးရဲ့ မျက်လုံးပြာပြာနှစ်ဖက်လုံးမှာ မျက်ရည်တွေ ဝေ့ဝဲနေတာကို ရုတ်တရက် သူသတိထားလိုက်မိလို့ ဖြစ်တယ်။ သူက ချက်ချင်းပဲ ဒမ်းဘဲလ်ဒိုးကို မကြည့်ဘဲ သူ့ခေါင်းကို ငုံ့ထားလိုက်တယ်။

"ကျုပ် သိပ်ပြီး စိတ်ထိခိုက်မိတယ် ဟယ်ရီ"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ဟော့ဂ်ဝပ်စ်ကျောင်းမှာ မရှိတဲ့အချိန်တွေမှာ ဆရာ ဘယ်ရောက်နေသလဲဆိုတာ စခရင်မ်ဂျာက သိချင်နေတယ်"

ဟယ်ရီက သူ့ခေါင်းကို ဆက်ပြီး ငုံ့ထားရင်းနဲ့ပဲ ပြောလိုက်တယ်။

"အေးကွဲ့၊ သူဟာ ဒီကိစ္စနဲ့ ပတ်သက်ပြီး တော်တော့်ကို စပ်စပ်စုစု လုပ်နေတာပဲ"လို့ ပြောရင်း ဒမ်းဘဲလ်ဒိုးရဲ့ အမူအရာ နည်းနည်းရွှင်ပျလာတယ်။ ဒီမှာတင် ဟယ်ရီက ပြဿနာမရှိတော့ဘူးလို့ ယုံကြည်ပြီး ဒမ်းဘဲလ်ဒိုးကို ပြန်မော့ကြည့်လိုက်တယ်။ ဒမ်းဘဲလ်ဒိုးက ဆက်ပြောတယ်။ "နောက် သူက ကျုပ်ကို မလွှတ်တမ်း စောင့်ကြည့်ဖို့ ကြိုးစားသေးတယ်။ ရယ်စရာတော့ အကောင်းသား။ သူက အတ္တဘောကြီး ဒေါလစ်ရှ်ကို ကျုပ်ကို နောက်ယောင်ခံ လိုက်ကြည့်ခိုင်းတယ်။ အဲဒါတော့ တော်တော်လွန်တယ်။ ကျုပ် ဒေါလစ်ရှ်ကို ကြမ္မာဆိုးလက်နက်နဲ့ တစ်ကြိမ်ဆုံးမလိုက်ပြီးပြီ။ ဒါဟာ ကျုပ်မလုပ်ချင်ဘဲ အကြီးအကျယ် စိတ်မကောင်းဖြစ်စွာ တစ်ကြိမ်ထပ်လုပ်လိုက်ရတာပါပဲ"

"ဒါဆိုရင် သူတို့ ခုထိဘယ်မှာ ရောက်နေခဲ့တယ်ဆိုတာ မသိသေးဘူးပေါ့။ ဟုတ်လား ဆရာ"ဟယ်ရီက သူစိတ်ဝင်စားနေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘာဘာညာညာ ပိုသိရအောင် ဖျတ်ခနဲ မေးလိုက်တယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ လခြမ်းပုံကိုင်း မျက်မှန်ပေါ်ကကျော်ပြီး ကြည့်ရင်း ပြုံးရုံပဲ ပြုံးနေတယ်။ ပြီးမှ–

"သူတို့ မသိသေးပါဘူး။ မောင်ရင်လည်း အလားတူပဲ သိဖို့ အချိန်မတန်သေးဘူး။ ကဲ ငါတို့ လုပ်စရာရှိတာ ဆက်လုပ်ရအောင်၊ တခြား ဘာများ ရှိသေးလဲ"လို့ ပြောလိုက်တယ်။

"ရှိပါတယ်ခင်ဗျာ။ အဲဒါက မော်လ်ဖွိုင်းနဲ့ စနိပ်ရဲ့ အကြောင်းပါပဲ"

"ပါမောက္ခစနိပ်ကို ပြောတာလား ဟယ်ရီ"

"ဟုတ်ပါတယ် ခင်ဗျ။ ပက်ကျိချ်ုရဲ့ ပါတီပွဲလုပ်တုန်းက သူတို့နှစ်ယောက် ပြောနေတာတွေ ကျွန်တော်ကြားခဲ့ပြီး ကျွန်တော် လိုက်လည်း ကြည့်ခဲ့ပါတယ်"

ဒမ်းဘဲလ်ဒိုးက ဟယ်ရီပြောပြတဲ့ ဇာတ်လမ်းအစအဆုံးကို မထုံတက်သေး မျက်နှာနဲ့ နားထောင်နေတယ်။ ဟယ်ရီ ပြောလို့ပြီးပြီးချင်းလည်း သူ ဘာမှ မပြောသေးဘူး။ နောက်မှ "မောင်ရင် ကျုပ်ကို ဒီအကြောင်း ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ဟယ်ရီ။ ဒါပေမဲ့ မောင်ရင် အဲဒီကိစ္စကို မောင်ရင့်စိတ်ထဲက ထုတ်ပစ်လိုက်။ ကျုပ်ကတော့ အဲဒါဟာ သိပ်အရေးကြီးမယ်လို့ မထင်ဘူး"လို့ ပြောလိုက်တယ်။

"ဒါဟာ သိပ်အရေးမကြီးဘူး ဟုတ်လား။ ပါမောက္ခကြီး သဘောမပေါက်လို့လား မသိဘူး"လို့ ဟယ်ရီက မယုံကြည်နိုင်သလိုဖြစ်ပြီး မေးလိုက်တယ်။

www.burmeseclassic.com

“ပေါက်ပါသော်ကော ဟယ်ရီရယ်။ ကျုပ်ဟာ အင်မတန်မှ ထူးခြားတဲ့ ဦးနှောက် အတွေးအခေါ် စွမ်းအားရှိတဲ့သူပါ။ မောင်ရင်ပြောသမျှ အားလုံး ကျုပ်အားလုံး သဘောပေါက်ပါတယ်”ဒမ်းဘဲလ်ဒိုးက စိတ်ထဲမှာ ခိုးခုလု ဖြစ်သွားတာကို မပေါ်အောင် ထိန်းရင်း သံပြတ်နဲ့ ဆက်ပြောတယ်။ “မောင်ရင်က မောင်ရင် စဉ်းစားသဘောပေါက်တာထက် ကျုပ်ပိုပြီး သဘောပေါက်နားလည်နိုင်လိမ့်မယ်လို့ ထင်နေတာ ဖြစ်နိုင်တယ်။ ဘာပဲပြောပြော မောင်ရင် ကျုပ်ကို ခုလို အတွင်းစကား ပြောဖော်ရလို့ ကျုပ် ဝမ်းသာပါတယ်။ ဒါပေမဲ့ မောင်ရင့်အနေနဲ့ ကျုပ်ကို စိုးရိမ်ပူပန်မှု ဖြစ်စေမယ့် ရတက်မအေးစရာ ဘာတစ်ခုခုကိုမှ မပြောခဲ့ဘူးဆိုတဲ့ သဘောမျိုးပဲ ထားလိုက်ဖို့ ကျုပ်မောင်ရင့်ကို စိတ်ချပါရစေ”

ဟယ်ရီ ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်နေတဲ့ အမူအရာနဲ့ တိတ်တိတ်ကလေး ငြိမ်ပြီး ထိုင်နေတယ်။ ဒမ်းဘဲလ်ဒိုးကိုလည်း မီးဝင်းဝင်းတောက်တဲ့ အကြည့်မျိုးနဲ့ ကြည့်နေတယ်။ ဘာတွေဖြစ်ကုန်ပြီလဲ။ ဒီအတိုင်းဆိုရင် ဒမ်းဘဲလ်ဒိုးဟာ မော်လ်ဖွိုင်း ဘာတွေလုပ်နေတယ်ဆိုတာ သိနိုင်အောင် ဖော်ထုတ်ကြိုးစားဖို့ စနိပ်ကို သူကိုယ်တိုင်ပဲ အမိန့်ပေးခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်လား။ ဒါမှမဟုတ်ရင် ဟယ်ရီက သူကြားခဲ့သမျှနဲ့ စိုးရိမ်ပြီး ပြန်ပြောခဲ့သမျှကို ဘာမှ မဖြစ်ခဲ့မရှိခဲ့သလို ဟန်ဆောင်နေရမှာလား မသေချာ မရေရာ ဖြစ်နေတယ်။

“ဒီလိုဆိုရင် ဆရာခင်ဗျာ၊ ဆရာက ဒီကိစ္စအပေါ်မှာ အမှန်တကယ် ဒီအတိုင်းပဲ ယုံကြည်နေဆဲပဲလား” သူ အောင့်အည်းမနေနိုင်တဲ့အဆုံးမှာ ဟယ်ရီက သူ့စကားနဲ့ သူ့အသံကို အယဉ်ကျေးဆုံး၊ အေးအေးသက်သာအရှိဆုံး ဖြစ်အောင် ထိန်းပြီး မေးလိုက်တယ်။

“အေး ဒီမေးခွန်းကို ဖြေဖို့လောက်တော့ ကျုပ်မှာ စိတ်ရှည်သည်းခံမှု ရှိပါတယ်”လို့ ဒမ်းဘဲလ်ဒိုး ပြောလိုက်ပေမဲ့ သူ့အမူအရာဟာ သူပြောသလို တကယ် စိတ်မရှည်တာကို တွေ့ရတယ်။ ပြီးတော့ သူဖြေတာကလည်း “ကျုပ် အဖြေက မပြောင်းဘူး၊ စောစောကအတိုင်းပဲ”တဲ့။

ဒီအချိန်မှာပဲ မထိတထိ ဝင်ကလိတဲ့ မဆီမဆိုင် အသံတစ်သံ ထွက်လာတယ်။ “ငါမပါတာ အေးပါတယ်”လို့ အိပ်ချင်ယောင်ဆောင်နေတဲ့ ဖီးနီးယတ်စ်နီဂဲလ်လတ်စ်က ပြောလိုက်တာ ဖြစ်ပါတယ်။ ဒမ်းဘဲလ်ဒိုးက သူ့ကို အရေးမလုပ်ဘဲ ဘေးချိတ်ထားလိုက်တယ်။

“ကဲ အဲဒါတွေ ထားလိုက်တော့၊ ခု ငါတို့ လုပ်စရာရှိတာ ဆက်လုပ်လိုက်ကြရအောင် ဟယ်ရီ။ ဒီညဦးပိုင်းမှာ ကျုပ် မောင်ရင့်ကို ဒါ့ထက်ပိုအရေးကြီးတဲ့ ပြောဆိုဆွေးနွေးစရာတွေ ရှိနေတယ်”နောက်ဆုံးမှာ ဒမ်းဘဲလ်ဒိုးက စိတ်မရှည်နိုင်တော့ဘဲ ပြောလိုက်တယ်။

ဟယ်ရီက ဒမ်းဘဲလ်ဒိုးရဲ့ ဩဇာကို ဖီဆန်ချင်စိတ်ကလေး တဖွားဖွားနဲ့ ဆက်ထိုင်နေတယ်။ ဒမ်းဘဲလ်ဒိုးက စကားလမ်းကြောင်း ပြောင်းပစ်လိုက်တာကို သူ လက်မခံရင် ဘယ်လို ဖြစ်လာမလဲ။ မော်လ်ဖွိုင်းကိစ္စအကြောင်း မရမက သူဆက်ပြီး ငြင်းခုံပြောဆိုရမလားနဲ့။ ဟယ်ရီရဲ့ အထာကိုသိနေတဲ့ ဒမ်းဘဲလ်ဒိုးက သူ့ခေါင်းကို ခါယမ်းနေပြီးမှ ပြောလိုက်တယ်။

www.burmeseclassic.com

"ကဲပါ ဟယ်ရီရာ၊ အရင်နှီးဆုံး မိတ်ဆွေတွေကြားမှာ ဒီလိုမျိုး ဘယ်လိုကြောင့် မကြာခဏ ဖြစ်နေရတာလဲ။ ကျုပ်တို့ နှစ်ယောက်လုံးက သူပြောမယ့်စကားဟာ တခြားသူတွေပြောမယ့် ကိစ္စအဝဝထက် အများကြီး ပိုအရေးကြီးမယ်ဆိုတာကို သိနေကြတာပဲ"

"ဆရာ ပြောစရာရှိနေတဲ့ စကားဟာ အရေးမကြီးဘူးလို့ ကျွန်တော်တော့ မထင်နိုင်ဘူးဆရာ"ဟယ်ရီက ကြွပ်ဆတ်ဆတ်နဲ့ ပြောလိုက်တယ်။

"အေးပါကွာ အေးပါကွာ မင်းလုံးဝမှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါ အရေးမကြီးဘူးဆိုတာ မဟုတ်လို့ပါဘဲ"ဒမ်းဘဲလ်ဒိုးက နှစ်သိမ့်တဲ့လေသံနဲ့ အေးအေးချမ်းချမ်း ပြောလိုက်တယ်။ ပြီးတော့ "ကျုပ်မှာ ဒီည မောင်ရင့်ကို ပြစရာ ကျန်နေသေးတဲ့ မှတ်ဉာဏ်နှစ်ခုရှိတယ်။ အဲဒီနှစ်ခုလုံးကို ဇရာမခက်ခက်ခဲခဲနဲ့ ရခဲ့တာချည်းပဲ။ အဲဒီနှစ်ခုထဲကမှ ဒုတိယမှတ်ဉာဏ်ကတော့ ငါထင်တယ်၊ ငါစုဆောင်းရရှိခဲ့တဲ့ မှတ်ဉာဏ်တွေထဲမှာ အရေးအကြီးဆုံး"လို့ ဆက်ပြောတယ်။

ဟယ်ရီက ဒါကိုလည်း ဘာမှပြန်မပြောဘဲ ငြိမ်နေတယ်။ သူပြောတဲ့ အတွင်းရေးကိစ္စအပေါ်မှာ ဒမ်းဘဲလ်ဒိုးတုံ့ပြန်ပုံကို သူ ဒေါသဖြစ်လို့ မဆုံးဖြစ်နေဆဲပဲ။ ဒါပေမဲ့ သူဆက်ပြီး ငြင်းခုံရင် ဘာတွေ ထူးလာမယ်ဆိုတာလည်း သူအတိအကျ မသိနိုင်ဘဲ ဖြစ်နေတယ်။

"ကဲ.... ကဲ"နောက်ဆုံးမှာ ဒမ်းဘဲလ်ဒိုးက လောဆော်အသံနဲ့ ပြောလိုက်တယ်။ "ကျုပ်တို့နှစ်ယောက် ဒီညတွေ့ရမှာ တွမ်ရစ်ဒဲလ်ရဲ့ အကြောင်း ဟိုတစ်ပတ်က အဆုံးသတ်သွားတဲ့ ဟော့ဂ်ဝပ်စ်ကျောင်းကို သူရောက်စနှစ်တွေ အကြောင်းကနေ ပြန်ပြီး ဆက်ကြမယ်။ သူဟာ မှော်ဆရာတစ်ယောက် ဖြစ်ပါတယ်ဆိုတဲ့ စကားလည်း ကြားရော သူဘယ်လောက် တုန်လှုပ်အံ့သြသွားတယ်ထင်လဲ။ ထောင့်ဖြတ်လမ်းသွယ် ကျုပ် ခရီးတစ်ခေါက် ထွက်ရာမှာ ကျုပ်နဲ့အတူ လိုက်ပါဖို့ သူငြင်းခဲ့တယ်။ တစ်ခါ ကျုပ်က ဟော့ဂ်ဝပ်စ်ကျောင်းကို သူရောက်လာပြီးချိန်မှာ ခိုးတဲ့အကျင့်ထပ်မလုပ်ဖို့ သူ့ကို သတိပေးခဲ့တာတွေကို မောင်ရင်မှတ်မိပါလိမ့်မယ်"

"အဲ ကျောင်းဖွင့်ချိန် စာသင်နှစ်အစလည်း ရောက်လာရော အတန်းတွေ၊ ဘာသာတွေ၊ အဆောင်တွေခွဲဖို့ တခြား ပထမနှစ်ကျောင်းသားတွေနဲ့အတူ တန်းစီနေတဲ့ တွမ်ရစ်ဒဲလ်ကို တစ်ပတ်ရစ်ဝတ်ရုံ အဟောင်းကလေးနဲ့ တွေ့ရတယ်။ သူ့ကို ဆလီသီရင်အဆောင်မှာ နေရာချထားပေးခဲ့တယ်။ အဲဒီမှာ သူဟာ တစ်ချိန်လုံးလိုလို ရှေးဟောင်းဦးထုပ်ကလေးတစ်ခုကို ဆောင်းထားတယ်"လို့ ဆက်ပြောရင်း ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ မည်းနက်နေတဲ့လက်ကို ဝှေ့ယမ်းပြီး သူ့ခေါင်းအပေါ်ဘက်မှာ ရှိနေတဲ့ စင်ကလေးတစ်ခုဆီကို ညွှန်ပြတယ်။ စင်ပေါ်မှာ အဲဒီရှေးဟောင်း ဦးထုပ်ကလေးက ငြိမ်သက်စွာ ရှိနေတယ်။

နာမည်ကျော်ကြားတဲ့ အဆောင်တည်ထောင်သူက မြွေတွေနဲ့ စကားပြောနိုင်ပုံကို တွမ်ရစ်ဒဲလ် ဘယ်လောက်ကြာကြာ လေ့လာသင်ကြားခဲ့တယ်ဆိုတာ ကျုပ်မသိဘူး။ ဖြစ်နိုင်တာကတော့ တစ်ညနေမှာ အဲဒီဗဟုသုတကို အံ့သြစရာကောင်းအောင် သူရရှိသွားပြီး သူဟာ သူ့ကိုယ်သူ အရေးပါသူတစ်ယောက်ဖြစ်ကြောင်း သိရှိစိတ်တွေ တိုးပွားလာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပဲဖြစ်ဖြစ် ရစ်ဒဲလ်ဟာ သူနေတဲ့ ဆလီသီရင်အဆောင်သားတွေကို ကျောင်းသားများ နားနေခန်းကြီးထဲမှာ ဖာရစီဘာသာစကားနဲ့ ပြောပြီးခြောက်လှန့်မှုတွေ ပြုခဲ့ပေမဲ့လည်း အဲဒီအကြောင်း အရိပ်အမြွက်မျှတောင် ကျောင်းဝန်ထမ်းအဖွဲ့ကို ရောက်ရှိမသွားပါဘူး။ သူဟာ အပြင်ပန်းအားဖြင့် မာနတက်စိတ်ကြီးဝင်နေပုံ ဒါမှမဟုတ် ရန်လိုတဲ့ပုံ အရိပ်လက္ခဏာ လုံးဝမပြသပါဘူး။ သာမန်ထက်ထူးခြားတဲ့ ပါရမီအရည်အချင်းရှိပြီး သိမ်မွေ့ကောင်းမွန်တဲ့ မိဘမဲ့ကလေးတစ်ယောက် အဖြစ်နဲ့သာ သူ့ကို မြင်တွေ့ရတယ်။ ဒါတင်မကဘဲ သူဟာ ကျောင်းကို ရောက်စအချိန်လောက်ကစပြီး ဝန်ထမ်းတွေရဲ့ စိတ်ဝင်စားမှုနဲ့ စာနာထောက်ထားမှု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ သူ့ကိုကြည့်ရတာ ယဉ်ကျေး၊ တည်ငြိမ်အေးဆေးပြီး ပညာဗဟုသုတ ရရှိဖို့ပဲ စိတ်ထက်သန်နေပုံရတယ်။ ဒီအချက်တွေအားလုံးလိုလိုက သူ့ကို အထင်ကြီးစေခဲ့တယ်"

"သူ့ကို မိဘမဲ့ကလေးဂေဟာမှာ တွေ့ရစဉ်က ဘာနဲ့တူတယ်ဆိုတာ ဆရာ သူတို့ကို ပြောမပြလိုက်ဘူးလား"ဟယ်ရီက မေးလိုက်တယ်။

"မပြောဘူး၊ ကျုပ် မပြောခဲ့ဘူး။ သူဟာ နောင်တရပုံ အရိပ်အယောင်တောင် မပြခဲ့ပေမဲ့ အရင်က သူလုပ်ခဲ့တာတွေအတွက် ဝမ်းနည်းခံစားနေရပြီး ဘဝသစ်တစ်ခုကို ကူးပြောင်းဖို့ စိတ်ပိုင်းထားတာလည်း ဖြစ်ရင်ဖြစ်နေမှာမို့ သူ့ကို အခွင့်အရေးပေးတဲ့ နည်းလမ်းကို ကျုပ် ရွေးချယ်လိုက်တာပါပဲ"

ဒမ်းဘဲလ်ဒိုးက သူ့စကားကို ရပ်ထားပြီး၊ စကားပြောဖို့ ပါးစပ်တပြင်ပြင်ဖြစ်နေတဲ့ ဟယ်ရီ့ကို အကဲခတ်ကြည့်လိုက်တယ်။ ဒီမှာတင် ဒမ်းဘဲလ်ဒိုးဟာ လူတွေကို မယုံကြည်ထိုက်တဲ့သူဖြစ်ကြောင်း သက်သေအချက်အလက်တွေ အမြောက်အမြား ရှိပေမဲ့ ယုံကြည်လိုတဲ့ ယုံကြည်တတ်တဲ့ လက္ခဏာ ပေါ်နေပြန်တယ်။ ဒါပေမဲ့ ဟယ်ရီက တစ်စုံတစ်ရာကို ရလိုက်ပြီး ပြောလိုက်တယ်။

"ဒါပေမဲ့ ဆရာသူ့ကို တကယ် မယုံကြည်ခဲ့ဘူးလေ၊ ဆရာ ယုံကြည်လို့လား။ ဟောဒီနေ့စဉ်မှတ်တမ်းထဲမှာ တွမ်ရစ်ဒဲလ်က ပြောထားတယ်။ 'ဒမ်းဘဲလ်ဒိုးဟာ တခြားဆရာတွေလောက် ငါ့ကို သဘောကျပုံ မပေါ်ဘူး'တဲ့"

× × × × × × × × × × × × × × × × × ×

ဩော်..... လူ့ဘဝ လူ့ဘဝ

ျနစသမအ စသျအ အသ ၁သိနမအေသမျ ျနစူပျငအ္ျကသအန ကြူအငျကသအန္ျ ၍ နျူါန

ျကငခု မနစူပ အသ အ္ျ ၁နျူါန္ ညျော

ဖော်ပြပါမင်ဘာ ၉ယောက်မှ

ုသူတညှူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငျပကေညါယ့ သအမသိယ့ အဖာယ [x ဗပနယ ညနသညငေညါယ ညပငူညညါနယ

အမေညတေဝဝ ၇ယ တဈဘေငယ ဖပေါပင၅၅

ုသူတညှူပေ

www.burmeseclassic.com

ဋ္ဌငနေတ ဏာကဘူငခ ဏာမသ်ငူန
႑နညိ ေ စမငလအေန ၁န္ဗျပါန အသ ႑သူတညေ္ဘူပေ
႓ညိ ဩမနေ ဏာသျ္ဗ ဘပ ႑သူတညေ္ဘူပေ
ဗိ ႑သူတညေ္ဘူပေ အသ ႓သကမ ဃသညအခေ္ဗ

ဍူိ ၁၁-၀၉-၂၀၀၈ဃ ၀၄ါ၅၂ ဗ⌐ ဋ္ဌ၁၀၃
႑သူတညေ္ဘူပေ
ဩဘူန ဃသညအမငဘကအသမ
ပြည္ဘာမေ ဃကစငိ

႑သူတညေ္ဘူပေ ဗျ သိူငညေန
`သညေိအေနါ ဩလ ၂၀၀၆
ဏာသျ္ဗါ ၇၉၂
႓ည္ဗါ ၁၁၈၂၃
႓ညေ္ဘနိ ၈၈၈၉ ၀ဘ္ဗ ငည ၇၈၆ ဏာသျ္ဗ
႑သူတညေ္ဘူပေ ဗျ သည ငျအငညါကငျနိ မသငိ

ိန်ကျေအ

"ထားပါတော့လေ။ ကျုပ်ကလည်း သူဟာ တကယ်ယုံကြည်ထိုက်တဲ့လူလို့ သတ်မှတ်တာ မဟုတ်သေးပါဘူး။ ကျုပ် ပြောခဲ့ပြီးသလိုပဲ ကျုပ်အနေနဲ့ သူ့ကို အနီးကပ်စောင့်ကြည့်ဖို့ ဆုံးဖြတ်ထားပြီးတဲ့အပြင် ကြည့်လည်း ကြည့်ခဲ့ပါတယ်။ ဒါပေမဲ့ ပထမပိုင်း ကျုပ်ရဲ့ စောင့်ကြည့်အကဲခတ်မှုဟာ ကြီးကြီးကျယ်ကျယ် ထိရောက်အောင် ကောက်သင်းကောက်လုပ်နိုင်တာလို့တော့ မပြောနိုင်ဘူး။ သူကလည်း သူ့ကို ကျုပ် မပြတ်စောင့်ကြည့်နေတာကို သိနေမှာပါပဲ။ နောက်ပြီး သူ့ရဲ့ ဘဝအမှန်နဲ့ သူ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ရှာဖွေဖော်ထုတ်တဲ့ သည်းထိတ်ရင်ဖိုကိစ္စနဲ့ ပတ်သက်လို့ သူကိုယ်တိုင် ကျုပ်ကို အတော်အတန် ပြောပြထားပြီးပြီ မဟုတ်လား။ သူ နောက်ထပ် ဒီလို ဘယ်တော့မှ မပြောမိအောင် သတိထားနေပေမဲ့ မစ္စကိုးလ် ကျုပ်ကို အတွင်းစကား ပြောပြထားသလို သူစိတ်လှုပ်ရှားပြီး ပြောခဲ့မိပြီးတာကိုတော့ ပြန်နုတ်သိမ်းလို့ မရနိုင်တော့ဘူးပေါ့။ ဘာပဲဖြစ်ဖြစ် သူဟာ ကျုပ်ရဲ့ အပေါင်းအသင်းတွေ အမြောက်အမြားကို သူသိမ်းသွင်းနိုင်သလို ကျုပ်ကို ဖြားယောင်းသိမ်းသွင်းဖို့တော့ ဘယ်တော့မှ ကြိုးစားမှာ မဟုတ်ပါဘူး။

သူ ကျောင်းကို ရောက်လာချိန်မှာပဲ သူ့ပတ်လည်မှာ အမာခံ သူငယ်ချင်းမိတ်ဆွေ တစ်စုကို သူ စုဝေးထားလိုက်တယ်။ ဒါပေမဲ့ ရစ်ဒဲလ်ဟာ အဲဒီအထဲက ဘယ်သူ့ကိုမှ တွယ်တာစိတ်မထားဘူး ဆိုတာလည်း သံသယဖြစ်စရာ မလိုဘူး။ ဒီအဖွဲ့ဟာ ရဲတိုက်ကြီးအတွင်းမှာ စိတ်ဝင်စားစရာ လျှို့ဝှက်မှော်ဆန်ဆန်အဖွဲ့ တစ်ဖွဲ့ပဲ။ သူတို့ဟာ သောင်းပြောင်းထွေလာစုံစီနဖာ ဖွဲ့စည်းထားတာဖြစ်လို့ အဖွဲ့ထဲမှ ခုခံကာကွယ်ဖို့ အားနည်းသူတွေ၊ အောင်မြင်ဝံ့ကြွားဖို့အတွက် စိတ်အားထက်သန်စွာ

www.burmeseclassic.com

www.burmeseclassic.com

ကြိုးပမ်းနေသူတွေနဲ့ သူတို့ကို ပိုမိုအဆင့်မြင့်ဆန်းပြားတဲ့ ရက်စက်မှု ပုံစံတွေ လုပ်ပြနိုင်မယ့် ခေါင်းဆောင်တစ်ယောက်ကို ဦးတည်ပြီး လူဆိုးလူမိုက်ဆန်ဆန် လုပ်မယ့်သူတွေ ရောနှော ပါဝင်နေတယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ သူတို့ဟာ ရှေ့ပြေးမရဏစား စုန်းကောင်တွေဖြစ်ပြီး၊ ဟော့ဂ်ဝပ်စ်ကျောင်းက ထွက်သွားပြီးနောက်မှာ သူတို့ထဲက တချို့ဟာ တကယ့်ကို မရဏစားစုန်း စစ်စစ်တွေ ဖြစ်လာကြတယ်။

ရစ်ဒဲလ်ရဲ့ တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားမှုအောက်မှာ သူတို့တွေ ဟော့ဂ်ဝပ်စ်ကျောင်းမှာ ခုနစ်နှစ်လုံးလုံး မနှစ်မြို့စရာ ဆိုးဝါးရက်စက်တဲ့ ဖြစ်ရပ်တွေ အပုံအပင် လုပ်ခဲ့ကြတာတောင် အဲဒီအမှားအယွင်းတွေမှာ သူတို့ပါဝင်ပတ်သက်ခဲ့မှုအတွက် ပြောင်ပြောင်တင်းတင်း စုံစမ်းထောက်လှမ်းမှုကို ဘယ်တုန်းကမှ မခံကြရဘူး။ အဲဒီအထဲက အဆိုးဝါးဆုံး ဖြစ်ရပ်တစ်ခုကတော့ လျှို့ဝှက်အသင်းတစ်သင်း သူတို့ ထူထောင်လိုက်တာနဲ့ နောက်ပိုင်းမှာ မိန်းကလေးတစ်ဦး သေဆုံးသွားခဲ့တယ်။ အဲဒီ ရာဇဝတ်မှုမှာ ဟက်ဂရစ်ဟာ မှားယွင်းစွပ်စွဲခံခဲ့ရတယ်။

"ဟော့ဂ်ဝပ်စ်ကျောင်းမှာ ရှိခဲ့စဉ်က ရစ်ဒဲလ်နဲ့ ပတ်သက်လို့ မှတ်ဉာဏ်တွေ အများအပြားကို ရှာဖွေဖော်ထုတ်ဖို့တော့ ကျုပ် မတတ်နိုင်ဘူး" ဒဏ်ရာရထားတဲ့ ချည့်နဲ့နဲ့ လက်နဲ့ ဆန်ခါစစ်ကြီးကို ကိုင်လိုက်ရင်း ဒမ်ဘဲလ်ဒိုးက ဆက်ပြောပြန်တယ်။

"သူ့ကိုသိတဲ့ လူအနည်းအကျဉ်းက သူ့အကြောင်းကို ထုတ်ပြောကြဖို့ ပြင်ဆင်ခဲ့ပါတယ်။ သူတို့ သိပ်ပြီးတော့လည်း ကြောက်လန့်နေကြတယ်။ သူ ဟော့ဂ်ဝပ်စ်ကျောင်းက ထွက်ခွာသွားပြီးတဲ့နောက်မှာ ကျုပ် အပတ်တကုတ် အပြင်းအထန် ကြိုးစားပြီးတဲ့နောက်၊ သူတို့ သိသမျှ ထုတ်ပြောမယ့် လူအနည်းငယ်ကို ခြေရာခံရှာဖွေမေးမြန်းပြီးတဲ့နောက်၊ မှတ်တမ်းအထောက်အထားတွေ ရှာဖွေပြီးတဲ့နောက်၊ သက်သေမတ်ဂဲလ်တွေနဲ့ မှော်ဆရာတွေကို မေးမြန်းစစ်ဆေးပြီးတဲ့နောက် ကျုပ် ဖော်ထုတ်တွေ့ရှိပြီး သိရသမျှကတော့ အဲဒါပါပဲ။

"သူတို့ သိတာတွေ ထုတ်ပြောပြဖို့ ကျုပ် တိုက်တွန်းစည်းရုံးလို့ ရတဲ့သူတွေက ရစ်ဒဲလ်ဟာ သူ့မိဘမျိုးရိုးကို စွဲလမ်းနေသူလို့ ပြောကြတယ်။ ဒါဟာ မိဘမဲ့ကလေးဂေဟာမှာ သူကြီးပြင်းလာရတဲ့အတွက် သဘာဝအတိုင်း သူ အဲဒီကို ဘယ်လိုရောက်လာရတယ်ဆိုတာ သိချင်တာပဲလို့ နားလည်နိုင်ပါတယ်။ ဒါပေမဲ့ ကြည့်ရတာ သူဟာ အောင်ပွဲရဆုတံဆိပ်တွေထားတဲ့ အခန်းထဲက ဒိုင်းတွေပေါ်မှာရော၊ ကျောင်းရဲ့မှတ်တမ်းဟောင်းတွေထဲက ရှေ့ဆောင်ကျောင်းသားကြီးများ စာရင်းထဲမှာရော၊ နောက်ဆုံး မှော်ပညာဆိုင်ရာ သမိုင်းစာအုပ်ထဲမှာတောင်မှ တွမ်ရစ်ဒဲလ်အကြီးရဲ့ အမည်ကို မတွေ့ရဘဲ သူ့ရဲ့ ရှာဖွေမှုဟာ အချည်းနှီး ဖြစ်နေပုံရတယ်။ နောက်ဆုံးမှာတော့ သူ့ရဲ့ ဖခင်ဟာ ဟော့ဂ်ဝပ်စ်ကျောင်းကို ဘယ်တုန်းကမှ မတက်ရောက်ခဲ့ဘူးဆိုတဲ့ အချက်ကို မရှောင်မလွှဲသာ သူ လက်ခံလိုက်ရတယ်။

"အဲဒီအချိန်မှာ သူ့ရဲ့နာမည်ကို သူတစ်သက်တာ စွန့်လွှတ်လိုက်ပြီး လော့ဒ်ဗိုဒီမော့အဖြစ် စတင်ခံယူခဲ့တာပဲလို့ ကျုပ်ယုံကြည်တယ်။ နောက်ပြီး သူဟာ အဲဒီအချိန်မှာပဲ ယခင်က အထင်အမြင် အသေးခံခဲ့ရတဲ့ သူ့မိခင်ရဲ့ မိသားစုနဲ့ ပတ်သက်ပြီး စတင်စုံစမ်းခဲ့တာဖြစ်မယ်။ မောင်ရင် မှတ်မိမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

သူ့မိခင်ဟာ စုန်းမတစ်ယောက် မဖြစ်နိုင်ဘူးလို့ သူ ယုံကြည်နေပြီး အရှက်ရဖွယ် လူ့ဂုဏ်သိက္ခာကင်းမဲ့စွာ သေဆုံးခဲ့ရတဲ့ အမျိုးသမီးပါပဲ။

"သူ ဆက်လုပ်ရမယ့် အရာအားလုံးဟာ မိဘမဲ့ကလေးဂေဟာမှာ ဆောင်ရွက်နေသူတွေထံက သူသိလာခဲ့ရတဲ့ သူ့အမေရဲ့ အဖေရဲ့ မာဗိုလိုဆိုတဲ့ တစ်လုံးတည်းသော အမည်နဲ့ ပတ်သက်ပြီး ဖော်ထုတ်နိုင်ဖို့ပဲ။ နောက်ဆုံးမှာ မှော်လောကထဲက မိသားစုတွေအကြောင်း စာအုပ်ဟောင်းမှန်သမျှကို အပတ်တကုတ် သဲသဲမဲမဲ မွှေနှောက်လေ့လာပြီးတဲ့အခါမှာတော့ သူဟာ ဆလီသီရင်ရဲ့ အသက်ရှင်လွတ်မြောက်နေရာလမ်းကြောင်း ရှာဖွေဖော်ထုတ်တွေ့ရှိသွားခဲ့တယ်။ သူ့အသက် ၁၆နှစ်ပြည့်တဲ့နှစ် နွေရာသီမှာတော့ သူဟာ နှစ်စဉ်သူပြန်သွားလေ့ရှိတဲ့ မိဘမဲ့ဂေဟာကို စွန့်ခွာခဲ့ပြီး သူ့ရဲ့ နတ္ထိသီရိဆွေမျိုးသားချင်းတွေကို တွေ့ဖို့ စတင်ရှာပုံတော်ဖွင့်တော့တာပါပဲ။ ကဲ ခုလောက်ဆို မောင်ရင်အတော်လေး ရိပ်စားမိနေပြီလို့ ထင်တယ်"

ဒမ်းဘဲလ်ဒိုးဟာ မတ်တတ်ထရပ်လိုက်တယ်။ ဟယ်ရီ ကြည့်လိုက်တော့ ဒမ်းဘဲလ်ဒိုးလက်ထဲမှာ ဟိုတစ်ခါသူတွေ့ခဲ့ဖူးတဲ့ ဖန်ပုလင်းကို ကိုင်ထားတာတွေ့ရတယ်။ ပုလင်းထဲမှာ ပုလဲအရောင်တောက်ပြီး ချာချာလည်နေတဲ့ မှတ်ဉာဏ်တွေ ထည့်ထားတယ်။

"ကျုပ် ဒါလေးကို စုဆောင်းနိုင်ခဲ့တာ သိပ်ကိုကံကောင်းလှပါတယ်။ ကျုပ်တို့ လုပ်ခဲ့ဖူးတဲ့အတိုင်း ဘယ်လိုလုပ်ရမယ်ဆိုတာ မောင်ရင် နားလည်မှာပါ။ ကဲ စလိုက်ကြရအောင်လား"

ဟယ်ရီထရပ်ပြီး ကျောက်ဇလုံကြီးဆီကို လျှောက်သွားတယ်။ ပြီးတော့ သူ့မျက်နှာကို မှတ်ဉာဏ်တွေရဲ့ မျက်နှာအောက် နစ်သွားတဲ့အထိ ကိုယ်ကို ကျိုးကျိုးနွံနွံ အကျအနကုန်းပြီး ငုံ့ချလိုက်တယ်။ သူအရင်အကြိမ်တွေကထိ တွေ့ကြုံကြိုက်ခဲ့ဖူးတဲ့ ခံစားချက်မျိုးနဲ့ ဘာဆိုဘာမျှ မရှိတဲ့ ဟင်းလင်းပြင်ကြီးထဲကို ထိုးဖောက်ကျဆင်းသွားတယ်။ အဲဒီနောက်မှာတော့ သူဟာ လုံးဝနီးပါး မှောင်ပိတ်နေတဲ့ နေရာက ညစ်ပတ်ပေရေနေတဲ့ ကျောက်တုံးကြမ်းပြင်တစ်ခုအပေါ်ကို ခြေချမိပြီးသား ဖြစ်သွားပါတယ်။

ဟယ်ရီဟာ ဒီနေရာကို ပြန်မှတ်မိသတိရအောင် ဒမ်းဘဲလ်ဒိုးပါ သူနဲ့ဘေးချင်းယှဉ်ပြီး ထပ်မံဆိုက်ရောက်လာချိန်အထိ စက္ကန့်ပေါင်းများစွာ ကြာအောင် ပြန်စဉ်းစားနေရတယ်။ ခုတစ်ကြိမ် သူရောက်ရှိသွားတဲ့ နတ္ထိသီရိရဲ့အိမ်မှာ သူမြင်တွေ့ခဲ့ရဖူးသမျှ နေရာအားလုံးထက် ပြောမပြတတ်အောင် ပိုပြီး မသတီစရာ ကောင်းနေတယ်။ မျက်နှာကြက်တစ်ခုလုံး ပင့်ကူအိမ်တွေနဲ့ ရှုပ်ထွေးနေပြီး ကြမ်းပြင်တွေအကုန်လုံး ချေးညော် အလိမ်းလိမ်း ပေကျံနေတယ်။ ကျပ်ခိုးနဲ့ချေးတွေ အထပ်ထပ် ဖြစ်နေတဲ့ စားပွဲပေါ်က အိုးတွေအလယ်မှာ ပုပ်သိုးရိဖတ်နေတဲ့ စားကြွင်းစားကျန်တွေ ရှိနေတယ်။

အလင်းရောင်ဆိုလို့ သူ့ရဲ့ မျက်စိတွေကိုရော ပါးစပ်ကိုပါ ဟယ်ရီကြည့်လို့ လုံးဝမမြင်ရလောက်အောင် ဆံပင်နဲ့ မုတ်ဆိတ်တွေ တောထအောင် အဆမတန် ရှည်နေတဲ့ လူတစ်ယောက်ရဲ့ ခြေရင်းမှာ ထွန်းထားတဲ့ ဖယောင်းတိုင် တစ်တိုင်ဆီက အားရပါးရလင်းနေတဲ့ အလင်းရောင်လေးပဲ ရှိနေပါတယ်။ အဲဒီလူဟာ လက်တင်ပါကုလားထိုင် တစ်လုံးပေါ်မှာ ပုံရက်သားကျနေတာ ဖြစ်တဲ့အတွက် ဟယ်ရီက သူသေနေပြီများလားလို့တောင် ထင်ပြီး တစ်ခဏလောက် အံ့သြနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ချက်ချင်းလိုလို တံခါးခေါက်သံ ပြင်းပြင်းတစ်ချက် ပေါ်ထွက်လာတာနဲ့ အတူ အဲဒီလူဟာ ဖျတ်ခနဲ နိုးသွားပြီး သူ့ရဲ့ ညာလက်ထဲမှာ ရှိနေတဲ့ ဆေးကြိမ်လုံးကို ဆတ်ခနဲ ဝင့်မြှောက်လိုက်တဲ့အပြင် ဓားတိုတစ်ချောင်းလည်း သူ့ရဲ့ ဘယ်လက်ထဲမှာ အသင့်ကိုင်ထားပါတယ်။

နောက်တော့ ကျွိခနဲ တံခါးပွင့်သွားပြီး အခန်းဝမှာ ရှေးခေတ်ဟောင်းပုံစံ မီးအိမ်တစ်လုံးကို ကိုင်ထားသူဟာ ဟယ်ရီမြင်မြင်ချင်း မှတ်မိတဲ့ အရပ်ရှည်ရှည်၊ ဖြူဖျော့ဖျော့ နက်မှောင်နေတဲ့ ဆံပင်တွေနဲ့ ရုပ်ချောချော ဆယ်ကျော်သက်ရွယ် ကောင်ကလေးတစ်ယောက် ရပ်နေတာကို တွေ့ရတယ်။ သူဟာ ဗိုဒီမော့ပါပဲ။

ဗိုဒီမော့ရဲ့ မျက်လုံးတွေ နုပ်စုပ်နေတဲ့ အိမ်ကလေးအတွင်း ဖြည်းဖြည်းချင်း ရွေ့လျားနေပြီး လက်တင်ပါ ကုလားထိုင်ပေါ်ကလူကို တွေ့သွားပါတယ်။ စက္ကန့်အနည်းငယ်ကြာအောင် သူတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြတယ်။ အဲဒီနောက် လူကြီးက သူ့ကိုယ်ကိုယ် မတ်ထိုင်လိုက်ရာမှာ သူ့ခြေရင်း ကြမ်းပြင်အနှံ့မှာရှိနေတဲ့ ပုလင်းအလွတ် တစ်လုံးနဲ့ တစ်လုံး ထိခတ်ပြီး တချွင်ချွင်တဂွမ်ဂွမ် မြည်သွားတယ်။

"မင်း" သူအော်လိုက်တယ်။ "မင်း"

တစ်ဆက်တည်းမှာပဲ ကုလားထိုင်ပေါ်ကလူကြီးက သူ့လက်မှာရှိနေတဲ့ ဆေးကြမ်လုံးနဲ့ ဓားကို မြှောက်ကိုင်ရွယ်ရင်း ရစ်ဒဲလ်ဆီကို တစ်ရှိန်ထိုး ပြေးသွားပါတယ်။

"ရပ်လိုက်"

ရစ်ဒဲလ်က ဖာရစီဘာသာစကားနဲ့ ပြောလိုက်စဉ်မှာပဲ လူကြီးဟာ အရှိန်နဲ့ လျှောထွက်ပြီး စားပွဲပေါ်ကို ပစ်ကျသွားတဲ့အတွက် စားပွဲပေါ်က မှိုတက်ကျိုချွဲနေတဲ့ အိုးတွေ ကြမ်းပေါ်ကို ကျကွဲကုန်တယ်။ သူက ရစ်ဒဲလ်ကို စိုက်ကြည့်နေတယ်။ နောက် အချိန်အတော်ကြာအောင် သူတို့ဘာမှ မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် တစ်ယောက်ကိုတစ်ယောက် အကဲစမ်းကြည့်နေကြပြီးမှ လူကြီးကစတင်ပြီး တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်တယ်။

"မင်း အဲဒါကို ပြောခဲ့သလား"

"ဟုတ်တယ်၊ ကျွန်တော် ပြောခဲ့တယ်"

ရစ်ဒဲလ်က ဖြေရင်း အခန်းထဲကို ဝင်လာတယ်။ သူ့နောက်မှာရှိတဲ့ တံခါးလည်း ဝုန်းခနဲ ပြန်ပိတ်သွားတယ်။ ဟယ်ရီဟာ သူတို့ကို ဘာမှ ဝင်ပြီး အကူအညီမပေးနိုင်ပေမဲ့ ဗိုဒီမော့ရဲ့ လုံးလုံးလျားလျား အကြောက်တရား ကင်းမဲ့နေတဲ့ ဟန်ပန်ကို ကြည့်ပြီး မကျေမချမ်း ဖြစ်နေတဲ့ကြားက စိတ်ထဲက ချီးကျူးမိလိုက်တယ်။ ဗိုဒီမော့ရဲ့ မျက်နှာမှာ စက်ဆုပ်မသတီမှုနဲ့ စိတ်ပျက်တဲ့ အမူအရာတွေ ရောထွေးပေါ်လွင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"မာဖိုလိုဘယ်မှာလဲ"

"သေပြီ၊ သေတာတောင် နှစ်တွေကြာလှပေါ့"

သူက မေးလိုက်တော့ ဟိုလူကြီးက ဖြေတယ်။ ရစ်ဒဲလ် မျက်မှောင် ကုတ်သွားတယ်။

"ဒါဖြင့် ခင်ဗျားက ဘယ်သူလဲ"

"ငါ မာဖင်းပဲ၊ ဘာလဲ မဟုတ်လို့လား"

"မာဖိုလိုရဲ့ သားလား"

"ဟုတ်လိုက်သမှ အဲဒီတော့ ဘာဖြစ်လဲ"

မာဖင်းက ရစ်ဒဲလ်ကို ပိုပြီး ရှင်းရှင်းလင်းလင်း မြင်နိုင်အောင် သူ့ရဲ့ ညစ်ပေနေတဲ့ မျက်နှာပေါ်က ဆံပင်တွေကို တွန်းဖယ်ပစ်လိုက်တယ်။ သူ့ရဲ့ ညာဘက်လက်မှာ မာဖိုလိုရဲ့ အနက်ရောင် ကျောက်လက်စွပ်ကို ဝတ်ဆင်ထားတာလည်း ဟယ်ရီတွေ့ရတယ်။

"ငါထင်တယ်၊ မင်းဟာ အဲ ဟို မတ်ဂဲလ်ပဲ ဖြစ်မှာပဲ။ မင်းကြည့်ရတာ အဲဒီ မတ်ဂဲလ်ကောင်လိုပဲ တော်တော် သန်မာအားရှိတယ်"

"ဘာ မတ်ဂဲလ်လဲ" ရစ်ဒဲလ်က ကြွပ်ဆတ်ဆတ် တိုပြတ်ပြတ် ပြောလိုက်တယ်။

"ဘယ်မတ်ဂဲလ် ဖြစ်ရမလဲ၊ ငါ့ညီမနဲ့ ကြိုက်ခဲ့တဲ့ အဲဟိုလမ်းပေါ်က အိမ်ကြီးတစ်အိမ်မှာနေတယ်ဆိုတဲ့ အကောင်ပေါ့" မာဖင်းကပြောရင်း မမျှော်လင့်ဘဲ သူတို့နှစ်ယောက်ကြားက ကြမ်းပြင်ပေါ်ကို ပက်ခနဲ တံတွေးထွေးချလိုက်ပြီး ဆက်ပြောတယ်။ "မင်းဟာ ကြည့်ရတာ အဲဒီကောင် ရစ်ဒဲလ်နဲ့ တကယ်တူတာပဲ။ ဒါပေမဲ့ ခုအချိန်မှာ သူကကြီးနေပြီ။ အေး မင်းထက်တော့ ကြီးလိမ့်မယ်လို့ ငါထင်တယ်"

မာဖင်းဟာ အနည်းငယ်ရီဝေဝေ မူးနောက်နောက် ယိမ်းထိုးထိုး ဖြစ်နေပါသေးတယ်။ စားပွဲအစပ်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီးမှလည်း အားပြုနေရတယ်။ အဲဒီနောက် "သူ ပြန်လာသလား၊ ကြည့်ပါဦး"လို့ ရင့်ရင့်သီးသီး ပြောပြီး စကားကို အဆုံးသတ်လိုက်တယ်။

ဗိုဒီမော့က မာဖင်းကို သူပြောတာတွေ ဖြစ်နိုင်ခြေရှိမရှိ တွက်ချက်အကဲဖြတ်နေပုံမျိုးနဲ့ ငေးကြည့်နေတယ်။ နောက် သူ မာဖင်းနဲ့ နည်းနည်းပိုနီးအောင် ရွှေ့သွားပြီး ပြောလိုက်တယ်။ "ရစ်ဒဲလ် ပြန်လာခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

“အို .... ဒီကောင်က ငါ့ညီမကို ပစ်ထားခဲ့တာပဲ။ ပြီးတော့ ဒုက္ခလှလှ ပေးခဲ့တာပဲ” မာဖင်းကပြောပြီး ကြမ်းပေါ်ကို နောက်တစ်ခါထပ်ပြီး တံတွေးထွေးချလိုက်ပါတယ်။ ပြီးတော့ သူ့စကားကို ဆက်တယ်။
“ပြီးတော့ ငါ့ညီမ ထွက်ပြေးမသွားခင် ငါတို့ဆီက လုယက်သွားသေးတယ်။ စိတ်ဆင်းရဲအောင် လုပ်ခဲ့တယ်။ ဘယ်မှာလဲ လော့ကက်သီး ဟင်၊ ဘယ်မှာလဲ။ ဆလီသီရင်ရဲ့ လော့ကက်သီး”

ဗိုဒီမော့က ဘာမှ ပြန်မဖြေဘဲ နေတယ်။ မာဖင်းဟာ အလိုလိုနေရင်း သူ့ဘာသာ ဒေါသတွေ တစ်ကြိမ် ပေါက်ကွဲလာပြန်တယ်။ သူက သူ့ဓားကို ခုတ်မယ်ထိုးမယ် တကဲကဲပုံစံနဲ့ ဇာ့ယမ်းရင်း အော်လိုက်တယ်။
“ဒါ ငါတို့ကို သိက္ခာကျအောင် အရှက်ရအောင် မခန့်လေးစားလုပ်တာပဲ။ သူမဟာ အတော်ကလေးကို ပစ်ခလက်ခတ် ဖြစ်သွားရတယ်။ အဲဒါနဲ့ ဒီမှာလာပြီး အဲဒီအကြောင်းတွေ ငါ့ကို မေးခွန်းထုတ်နေရအောင် မင်းက ဘယ်သူလဲ။ အဲဒါတွေက ပြီးသွားပြီ၊ ဟုတ်တယ် မဟုတ်လား။ လုံးလုံးလျားလျားကို ပြီးသွားပြီ”
သူ သိုင်းကွက်နင်းသလို ရှေ့ကို နည်းနည်း တိုးလာပေမဲ့ သူ့မျက်လုံးတွေ အဝေးကို ငေးကြည့်နေတယ်။
ဗိုဒီမော့လည်း ရှေ့ကို တိုးလာတယ်။ သူ အဲဒီလို လုပ်လိုက်ချိန်မှာပဲ မမျှော်လင့်ဘဲ သဘာဝ အတိုင်းမဟုတ်တဲ့ အမှောင်ထုကြီး ကျရောက်လာတယ်။ ဗိုဒီမော့ရဲ့ မီးအိမ်ရော မာဖင်းရဲ့ ဖယောင်းတိုင်ရော အရာအားလုံး ငြိမ်းသွားတယ်။
× × × × × × × × × × × × × × × × × × ×
ဩော်..... လူ့ဘဝ လူ့ဘဝ
႔နစသမအ စသျအ အသ ၁သိနမအေသမျ ႔နစူပ႔ၿငအ့ၽကသအန ႁကူအငၽြကသအန႔ ျ ႁမွူါန
ၽကငခု မနစူပ အသ အ့ျ ၁နျူါန႔ ည္သူ
ဖော်ပြပါမင်ဘာ ၁၀ယောက်မှ
ႏသူတငညူပေ
အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

နငျပကေညါယ့ သအမသိယ့ အဖာယ [x ဗပနယ ညနသညငေညါယ ညါဈညေယ ညပငူညညါနယ
အမေညတေ၀၀ ၇ယ တဈဘေငယ ဖပေါပင၅၅
ႏသူတငညူပေ
ဋငနတ ဏကဘူငခ ဏမသ်ငူန
ႏနညိ ေ စမငလအေန ၁နျူါန အသ ႏသူတငညူပေ
ႌငညိ ဩမန ဏသျအျ ဘပ ႏသူတငညူပေ
ဗိ ႏသူတငညူပေ အသ ့သကမ ဃသညအခေအျ

ဦူ ၁၁–၀၉–၂၀၀၈ယ ၀၆ိ၅၃ ဗ[ ဋ၁၀၄
ႏသူတငညူပေ
ဩဘူန ဃသညအမငဘကအသမ
ပြညောမေ ဃကစင်ိ

www.burmeseclassic.com

www.burmeseclassic.com

ု သူတငည္သူပေ ဗျ သိုငညေန
` သငည ိအေနါ ြသလ ၂၀၀၆
 ဏသျအျါ ၇၉၂
ေ ညျှါ ၁၁၈၂၃
ေ ညေနိ ၈၈၈၅ ဝ ၁နျ ငည ၇၈၆ ဏသျအျ
ု သူတငည္သူပေ ဗျ သည ေိ ပြအငည်ါကဗျနိ မသငိ

ိ နံကျေအ

ဒမ်းဘဲလ်ဒိုးက ဟယ်ရီရဲ့ လက်မောင်းကို လက်ချောင်းကလေးတွေနဲ့ တင်းတင်းရင်းရင်း ဆုပ်ကိုင်လိုက်တယ်။ ပြီးတော့ တစ်ဆက်တည်းမှာပဲ အမှောင်ထုထဲမှာ ပျံတက်လာပြီး မျက်မှောက်ကာလကို ပြန်ရောက်ရှိခဲ့ကြတယ်။ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းထဲက ရွှေဝါရောင် ဖျော့တော့ မီးအလင်းရောင်က ပိန်းပိတ်အောင် မှောင်တဲ့ အမှောင်ထုကို ထိုးဖောက်ပြီး ပြန်ရောက်လာတဲ့ ဟယ်ရီရဲ့ မျက်စိတွေကို ကျိန်းစပ်ပြာဝေသွားစေပါတယ်။

"ဒါ အကုန်ပဲလား၊ ဒါနဲ့ပဲ ပြီးသွားရောလား။ ဘာဖြစ်လို့ မှောက်ကျသွားတာလဲ။ ဘာတွေ ထပ်ဖြစ်သေးလဲ" ဟယ်ရီရောက်ရောက်ချင်း တရစပ်မေးခွန်းတွေ ထုတ်နေတယ်။

"ဘာဖြစ်လို့လဲဆိုတော့ မာဖင်းရဲ့ မှတ်ဉာဏ်က အဲဒီမှာရပ်နေပြီး နောက်ထပ်ရှေ့ကို သူ ဘာမှ မမှတ်မိတော့လို့ပဲ" ဒမ်းဘဲလ်ဒိုးက ပြောရင်း ဟယ်ရီကို သူ့နေရာမှာ ပြန်သွားထိုင်ဖို့ လက်ဟန်ခြေဟန်နဲ့ ပြလိုက်တယ်။ ပြီးတော့ သူဆက်ပြောတယ်။ "နောက်တစ်နေ့နံနက်မှာ သူအိပ်ရာကလည်း နိုးလာရော သူဟာ ကြမ်းပြင်ပေါ်မှာ တစ်ယောက်တည်း လှဲအိပ်နေတာ ဖြစ်ကြောင်း သိရပြီး သူ့လက်မှာဝတ်ထားတဲ့ မာဗိုလိုရဲ့ လက်စွပ်လည်း မရှိတော့ဘူး"

"အဲဒါနဲ့ တစ်ချိန်တည်းမှာပဲ ဟန်းလက်တန်းရွာကလေးရဲ့ လမ်းမကြီးအတိုင်း အိမ်ဖော်အမျိုးသမီးတစ်ဦးက အိမ်ကြီးရဲ့ ဧည့်ခန်းထဲမှာ လူသုံးယောက်လဲကျနေတာကို တွေ့ရပါတယ်ဆိုပြီး အော်ဟစ်ရင်း ပြေးသွားနေတယ်။ အဲဒီ သုံးယောက်ကတော့ တွမ်ရစ်ဒဲလ်အကြီးရယ် သူ့အဖေနဲ့ သူ့အမေပဲ"

"မတ်ဂဲလ် အာဏာပိုင်တွေလဲ ဦးနှောက်ခြောက်ကုန်တယ်။ ကျုပ် ပြန်သတိရသလောက်တော့ ရစ်ဒဲလ်မိသားစုတစ်ခုလုံးဟာ အေဗာဒါကီဒါဗရာဆိုတဲ့ ဘာဒဏ်ရာမှ မပေါ်မကျန်ရစ်တဲ့ ကျိန်စာလက်နက်ကြောင့် သေကုန်ကြတယ်ဆိုတာ သူတို့မသိကြဘူး။ ခြွင်းချက်တစ်ခုကတော့ ခု ကျုပ်ရှေ့မှာ ရှိနေတယ်"လို့ ဒမ်းဘဲလ်ဒိုးက သူ့စကားကို အဆုံးသတ်ပြီး ဟယ်ရီ့ရဲ့ အမာရွတ်ကို မေးငေါ့ပြလိုက်တယ်။

ပြီးတော့ သူက စကားဆက်ပြန်တယ်။ "တစ်ဖက်မှာတော့ ဝန်ကြီးဌာနက ဒါဟာ မှော်ပညာအတတ်နဲ့ ကျူးလွန်တဲ့ လူသတ်မှုပဲဆိုတာ ချက်ချင်း သိနေတယ်။ ဒါတင်မကဘဲ အဲဒီပြစ်မှုကို ကျူးလွန်တဲ့ မတ်ဂဲလ်မုန်းတီးရေးသမားဟာ ရစ်ဒဲလ်မိသားစုအိမ်နဲ့ မျက်နှာချင်းဆိုင်က တောင်ကြားထဲမှာ

www.burmeseclassic.com

နေနေတယ်ဆိုတာကိုလည်း သူတို့ သိနေတယ်။ အဲဒီ မတ်ဂဲလ်မုန်းတီးရေးသမားဟာ တစ်ခါက အသတ်ခံလိုက်ရပြီးဖြစ်တဲ့ လူတစ်ဦးကို တိုက်ခိုက်ခဲ့မှုနဲ့ ထောင်ကျခဲ့ပြီးတဲ့ သူလည်း ဖြစ်တယ်”

ဒီမှာတင် ဝန်ကြီးဌာနက မာဖင်းကို ဆင့်ခေါ်လိုက်တယ်။ သူတို့က သူ့ကို ဘာမေးခွန်းမှ မေးနေစရာမလိုဘူး။ ဥပဒေနဲ့မညီတဲ့ ဘယ်နည်းတွေကိုမှလည်း သုံးနေစရာမလိုဘူး။ သူက လူသတ်မှုကို ကျူးလွန်ကြောင်း လူသတ်သမားကသာ သိနိုင်မယ့် အသေးစိတ်အချက်အလက်တွေကို ပြောပြပြီး ချက်ချင်း ဝန်ခံလိုက်တယ်။ သူက အဲဒီ အခွင့်အရေးကိုရဖို့ စောင့်ဆိုင်းလာခဲ့ရတာ နှစ်တွေကြာပြီဖြစ်ပြီး ခုလို မတ်ဂဲလ်တွေကို သတ်လိုက်နိုင်တဲ့အတွက် ဂုဏ်ယူတယ်လို့တောင် ပြောလိုက်သေးတယ်။ နောက် သူက လူသတ်မှုကျူးလွန်ရာမှာ အသုံးပြုတဲ့ လက်နက်ဖြစ်တဲ့ သူ့ရဲ့ ဆေးကြိမ်လုံးကိုလည်း ထုတ်ပေးရာမှာ အဲဒီဆေးကြိမ်လုံးဟာ ရစ်ဒဲလ်မိသားစုကို သတ်ခဲ့တဲ့ လက်နက်ဆိုတာ ချက်ချင်း အတည်ပြုနိုင်ခဲ့တယ်။ ပြီးတော့ ဘာမှ ခုခံတိုက်ခိုက်မှု မပြုဘဲ သူ့ကို အက်ဇ်ကာဘန် အကျဉ်းထောင်ကိုပို့ဖို့လည်း သူက လက်ခံလိုက်တယ်။

အားလုံးထဲမှာ သူ့အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာ တစ်ချက်ပဲ ရှိတယ်။ အဲဒါကတော့ သူ့အဖေရဲ့ လက်စွပ်ပျောက်ဆုံးနေတာပဲ“အဲဒီလက်စွပ် ပျောက်သွားတဲ့အတွက် သူ ကျွန်တော့်ကို လာသတ်တော့မှာပဲ” “သူ့လက်စွပ် ပျောက်သွားရကောင်းလားဆိုပြီး သူကျွန်တော့်ကို လာသတ်တော့မှာပဲ”လို့ သူက သူ့ကို ဖမ်းထားတဲ့ လူတွေကို ထပ်တလဲလဲ ပြောပြီးရင်း ပြောနေတယ်။ သူဟာ သူ့ရဲ့ ကျန်တဲ့ဘဝတစ်လျှောက်လုံး အက်ဇ်ကာဘန် အကျဉ်းထောင်ထဲမှာ မာဗိုလိုရဲ့ နောက်ဆုံး ဘိုးစဉ်ဘောင်ဆက် အမွေပစ္စည်းလေးကို တစ်တမ်းတမ်း တစ်တတနဲ့ နေသွားခဲ့တယ်။ သူသေတော့ အလောင်းကို သူ့လိုပဲ ထောင်ထဲမှာ သူ့ရှေ့က သေသွားကြသူတွေကို မြှုပ်နှံထားတဲ့ အကျဉ်းထောင်ဘေးက တစ်နေရာမှာ မြှုပ်နှံလိုက်တယ်။

“ဒါဆိုရင် ဗိုဒီမော့က မာဖင်းရဲ့ ဆေးကြိမ်လုံးကို ခိုးယူအသုံးချလိုက်တာပေါ့”ဟယ်ရီက ကိုယ်ကို မတ်မတ်ပြင်ထိုင်ရင်း မေးလိုက်တယ်။

“မှန်တယ်”ဒမ်းဘဲလ်ဒိုးက တုံးတိတိဖြေလိုက်တယ်။ ပြီးတော့မှ “ကျုပ်တို့မှာ အဲဒီအချက်ကို ပြနိုင်ဖို့ မှတ်ဉာဏ်မရှိဘူး။ ဒါပေမဲ့ ဘာဖြစ်ခဲ့တယ်ဆိုတာ သေချာအောင် လုပ်နိုင်လိမ့်မယ်လို့တော့ ကျုပ်ထင်တယ်။ ဗိုဒီမော့ဟာ သူ့ရဲ့ ဦးလေးအပေါ် မိုက်မိုက်မဲမဲ ပြုမှုခဲ့တယ်။ ပြီးတော့ သူ့ဆေးကြိမ်လုံးကို ယူသွားတယ်။ ပြီးတော့ တောင်ကြားတစ်ဖက်ကို ဆက်သွားပြီး သူ့အမေစုန်းမကို စွန့်ပစ်သွားတဲ့ မတ်ဂဲလ်ကို သတ်ပစ်လိုက်တာပဲ”

“တစ်ခါ သဲလွန်စ အပြတ်ရှင်းတဲ့အနေနဲ့ အခွင့်သာတုန်း သူ့ရဲ့ မတ်ဂဲလ်အဘိုးနဲ့ အဘွားကိုပါ သတ်ဖြတ်လိုက်တယ်။ ဒီနည်းအားဖြင့် သူ့အတွက် ဘာမှ တန်ဖိုးမရှိတဲ့ ရစ်ဒဲလ်မျိုးဆက် ကိစ္စတုံးဖျောက်ဖျက်ပြီး သူ့ကို ဘယ်တုန်းကမှ အလိုမရှိတဲ့ သူ့အဖော်အပေါ် သူကိုယ်တိုင် လက်စားချေလိုက်တာပဲ။ နောက် သူ နတ္ထိသီရိအိမ်စုတ်ကလေးကို ပြန်သွားတယ်။ အဲဒီမှာ မှော်အတတ်နဲ့ အရှုပ်အထွေးတစ်ခုကို သူဖန်တီးခဲ့တယ်။ အဲဒီအရှုပ်အထွေးနဲ့ သူ့ဦးကြီးရဲ့ စိတ်ထဲကို မှားယွင်းတဲ့မှတ်ဉာဏ်တွေကို အစားထိုး ထည့်လိုက်တယ်။ ပြီးတော့ မာဖင်းရဲ့ ဆေးကြိမ်လုံးကို

www.burmeseclassic.com

သတိလစ်မေ့မျောနေတဲ့ မူလပိုင်ရှင် သူ့ဦးကြီးရဲ့ နံဘေးမှာ ချထားလိုက်တယ်။ ပြီးတော့ လက်စွပ်ကိုဖြုတ်ယူပြီး သူ့လက်မှာ စွပ်လိုက်တယ်။ ပြီးတော့ သူခြေရာ ဖျောက်သွားတယ်။ ဒါပဲ"

"မာဖင်းဟာ သူဘာလုပ်ခဲ့တယ်ဆိုတာ ဘယ်တော့မှ မမှတ်မိတော့ဘူး။ မသိတော့ဘူးလား"

"ဘယ်တော့မှ မသိတော့ဘူး။ ဒါကြောင့် သူဟာ ကျုပ်ပြောခဲ့သလို သူ မလုပ်ခဲ့တာ လက်ဝင်လျှိုပြီး ခပ်ကြွားကြွားကလေး ဖြောင့်ချက်ပေးခဲ့တာပဲပေါ့"

"ဒါပေမဲ့ သူ့ရဲ့ မှတ်ဉာဏ်အစစ်က သူ့ဆီမှာ တစ်ချိန်လုံးရှိနေမှာပဲ မဟုတ်လား"

"အေး ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါကို ဗိုဒီမော့ အင်မတန်ကို ကျွမ်းကျင်တဲ့ မှော်ပညာနဲ့ သူ့ကိုယ်ထဲမှာပဲ ထိန်းချုပ်ဖယ်ထုတ်ထားတဲ့အတွက် မာဖင်းဟာ လူသတ်တဲ့ ရာဇဝတ်မှု ဖြောင့်ချက်ပေးချိန်မှာ ဘယ်သူကမှ သူ့စိတ်ထဲက မှတ်ဉာဏ်ကို နှိုက်ချွတ်ရှာဖွေဖော်လို့ မရတာပေါ့။ ဘာပဲဖြစ်ဖြစ် အဲဒီအချက်ခိုင်လုံအောင် ပြုလုပ်ဖို့ မာဖင်းမသေခင် သူအသက်ရှင်ဆဲ နောက်ဆုံး သီတင်းပတ်တွေ အတွင်းမှာ ကျုပ် သူ့ဆီကို သွားရောက်လည်ပတ်နိုင်ခဲ့ပါတယ်။ ဗိုဒီမော့ရဲ့ အတိတ်ဖြစ်ရပ်တွေနဲ့ ပတ်သက်ပြီး သိနိုင်သမျှသိအောင် ကျုပ်ကြိုးစားနေတဲ့ အချိန်အတွင်းကပေါ့။ ကျုပ် အဲဒီမှတ်ဉာဏ်ကို သူ့ဆီကနေ ခဲရာခဲဆစ် ညှစ်ထုတ်ရယူနိုင်ခဲ့ပါတယ်။ အဲဒီအထဲမှာ ဘာပါသလဲဆိုတာ ကျုပ်သိရမြင်ရချိန်မှာ အက်ဇ်ကာဘန် အကျဉ်းထောင်က မာဖင်း လွတ်မြောက်ဖို့ အဲဒီပစ္စည်းကို အသုံးချနိုင်အောင် ကျုပ် ကြိုးစားခဲ့တာပါပဲ။ ဒါပေမဲ့ ဝန်ကြီးဌာနက မဆုံးဖြတ်ရသေးခင်မှာပဲ မာဖင်း သေသွားခဲ့တယ်"

"ဒါပေမဲ့ ဝန်ကြီးဌာနက ဘယ်လိုကြောင့် ဗိုဒီမော့လုပ်သမျှ မာဖင်းအပေါ် ပုံကျနေတာကို မသိရတာလဲ"ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ မေးလိုက်တယ်။ "အဲဒီအချိန်မှာ သူက အရွယ်မရောက်သေးဘူး။ ဟုတ်တယ် မဟုတ်လား။ ကျွန်တော် ထင်တာတော့ သူတို့ဟာ အရွယ်မရောက်သေးသူတစ်ယောက်ရဲ့ မှော်ပညာလောက်တော့ ထောက်လှမ်းနိုင်စွမ်း ရှိရမှာပေါ့"

"မောင်ရင် ပြောတာ တကယ်မှန်တယ်။ သူတို့ အဲဒီ အရွယ်မရောက်သူရဲ့ မှော်ပညာကို ရှာဖွေထောက်လှမ်းနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ပြစ်မှုကျူးလွန်သူရဲ့ မှော်ပညာကိုတော့ မဟုတ်ဘူး။ မောင်ရင့်ကို ဟိုဝဲစကြာ်ဂါထာနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနက အပြစ်ဖို့ခဲ့တာ မောင်ရင်မှတ်မိမှာပေါ့။ တကယ်မှာ အဲဒီဂါထာနဲ့ လုပ်ခဲ့တဲ့သူက တခြား မဟုတ်လား။ အဲဒါ ဘယ်သူ"

"ဒေါ်ဘီပေါ့"ဟယ်ရီက မကျေမချမ်းနိုင်တဲ့အသံနဲ့ အော်ပြောလိုက်တယ်။ အဲဒီ မတော်မတရားခံလိုက်ရတဲ့ ကိစ္စက ခုထိ သူ့ကို စိတ်အနှောင့်အယှက် ပေးနေတုန်းဖြစ်လို့ပဲ။ သူက ထပ်မေးလိုက်တယ်။ "ဒါဆိုရင် တကယ်လို့ဆရာဟာ အရွယ်မရောက်သေးသူ ဆိုပါတော့။ ပြီးတော့ အဲဒီလို မှော်အတတ်နဲ့ မှော်လက်နက်ကို အရွယ်ရောက်ပြီးတဲ့ လူကြီးပိုင်း စုန်းမ ဒါမှမဟုတ် မှော်ဆရာ စုန်းထီး တစ်ယောက်ရဲ့ အိမ်ထဲမှာ သုံးပြီး အပြစ်လုပ်ခဲ့ပြီဆိုတော့ ဝန်ကြီးဌာနက အဲဒါကို မသိနိုင်ဘူးပေါ့။ ဒီလိုလား"

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်တယ်၊ ဘယ်သူက အဲဒီလို မှော်ပညာကို သုံးခဲ့တယ်ဆိုတာ သူတို့ပြောနိုင်မှာ မဟုတ်တာ သေချာတယ်” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ပြီးတော့ နာကြည်းဒေါသနဲ့ မခံမရပ်နိုင်ဖြစ်နေတဲ့ ဟယ်ရီ့ရဲ့ မျက်နှာကိုကြည့်ပြီး ခပ်ယဲ့ယဲ့ပြုံးပြရင်း ပြောလိုက်တယ်။ “အဲဒါက အိမ်မှာ သူတို့ အုပ်ထိန်းမှုအောက်မှာ ရှိနေတုန်း သားသမီးတွေရဲ့ လိမ်မာရေးခြားရှိဖို့ ကိစ္စဟာ သူတို့ မိဘတွေအပေါ်မှာ တည်နေတာကြောင့်ပဲ။ သားသမီးမကောင်း မိဘခေါင်းပေါ့”

“ဟုတ်လိုက်လေ။ တော်တော့်ကို အသုံးမကျတာဘဲ။ ခု ဒီမှာ ဖြစ်နေတာကိုကြည့်၊ မာဖင်း ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာသာ ကြည့်”

“မောင်ရင်ပြောတာ ကျုပ်သဘောတူပါတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မာဖင်း မသေသင့်ဘဲ သေရတာဟာ သူက သူ မကျူးလွန်ခဲ့တဲ့ လူသတ်မှုတွေကို သူကျူးလွန်ပါတယ်လို့ ပြောခဲ့တာကိုပဲ အပြစ်တင်ရတော့မှာပဲ။ ကဲ နောက်လည်း ကျနေပြီ ခု ကျုပ် မောင်ရင့်ကို ကျုပ်တို့ လှူချင်းခွဲပြီး မောင်ရင်မပြန်ခင် တခြား မှတ်ဉာဏ်တစ်ခုကို ပြချင်တယ်”လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

ဒမ်းဘဲလ်ဒိုးက သူ့အိတ်ကပ်ထဲကနေ တခြား ဖန်ဘူးကလေး တစ်ဘူးကို နှိုက်ထုတ်လိုက်စဉ်မှာပဲ ဟယ်ရီလည်း ချက်ချင်း ငြိမ်သွားပြီး ဒမ်းဘဲလ်ဒိုး ပြောခဲ့တဲ့ “ဒါဟာ ကျုပ် စုဆောင်းထားသမျှတွေအနက်က အရေးကြီးတကာ့ အရေးကြီးဆုံးပဲ”ဆိုတဲ့ စကားကို သွားသတိရလိုက်တယ်။ ဒါတင်မကဘဲ ဖန်ဘူးကလေးထဲမှာပါတဲ့ မှတ်ဉာဏ်တွေကို ကျောက်စစ်ဇလုံကြီးထဲကို လောင်းချရာမှာ သူတို့ဟာ အတန်ငယ်ခဲပျစ်နေသလိုလိုနဲ့ အကုန်မကျဘဲ ဖြစ်နေတာကိုလည်း ဟယ်ရီ သတိထားမိတယ်။ မှတ်ဉာဏ်တွေ ပျက်စီးကုန်တာများလား။ ဟယ်ရီ စိတ်ထဲက တွေးလိုက်မိတယ်။

“ဒါက ကြာကြာခံမှာ မဟုတ်ဘူး” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ဒါပေမဲ့ သူ ဖန်ဘူးထဲမှာ ရှိနေတာတွေ အကုန်လောင်းချလို့ ရသွားပြီး ဖန်ဘူးအလွတ်သာ ကျန်တာကို တွေ့ရတယ်။ “ဒါ ဘာလဲဆိုတာ အဲဒီအကြောင်း မောင်ရင် အသေအချာ မသိရခင်မှာပဲ ကျုပ်တို့ ပြန်ရောက်မယ်။ ကဲ ကျောက်စစ်ဇလုံကြီးထဲ နောက်တစ်ကြိမ် ဝင်လိုက်ကြဦးစို့”

ဒါနဲ့ပဲ ဟယ်ရီဟာ ငွေမင်ရောင် မျက်နှာပြင်ကို ဖြတ်သန်းပြီး အောက်ကိုကျသွား ပြန်တယ်။ ပြီးတော့ သူခြေချရပ်လိုက်တာနဲ့ မြင်မြင်ချင်း ဘယ်သူလဲဆိုတာ သူမှတ်မိနေတဲ့ လူကြီးတစ်ဦးရဲ့ ရှေ့တည့်တည့်မှာ သူရောက်နေတာကို တွေ့ရတယ်။

တခြားလူ မဟုတ်ဘူး။ ခုနဲ့ ဘာမှမဆိုင်အောင် အတော်ကြီးကို ငယ်သေးတဲ့ ပက်ကျိချို ဟိုရေ့စ်ပဲ။ သူမြင်ရတဲ့ ပက်ကျိချိုဟာ ထူထဲပြီး အရောက်ထွက်နေတဲ့ ဝါဖျော့ဖျော့ ဆံပင်နဲ့ အတော်အမြင်ရဆိုးပြီး သက်ငယ်မိုးထားသလို ဖြစ်နေတဲ့ သူ့ခေါင်းနဲ့ ဂါလီယွန်ငွေစေ့အရွယ် ပြောင်ပြောင်လက်လက် အဖာတစ်ခု ကွပ်ထားတဲ့ သူ့သွားအတု တစ်ခုဟာ မလိုက်မဖက် ဖြစ်နေတယ်။ သူ့ရဲ့ ဒီကနေ့လောက် ထူထဲခြင်း မရှိသေးတဲ့ နှုတ်ခမ်းမွေးကတော့ နီညိုရောင်လိုလို၊ ရွှေအိုရောင်လိုလိုနဲ့။ သူ့ရဲ့ ကိုယ်ကျပ်အင်္ကျီပေါ်က ကြယ်သီးတွေ တော်တော်ကြီး တင်းနေပေမဲ့ ဒီနေ့သူသိနေတဲ့ ပက်ကျိချိုလောက် သူဝဝဖိုင့်ဖိုင့်ကြီး ဖြစ်မနေသေးဘူး။ သူက သူ့ခြေထောက်သေးသေးကလေး တွေကို

www.burmeseclassic.com

ကတ္တီပါခြေတင်ဖုံတစ်ခုပေါ်မှာ တင်ထားတယ်။ ပက်ကျိချိုဟာ သက်သောင့်သက်သာ ဗိမ်ကျကျ လက်တင် ကုလားထိုင်တစ်လုံးပေါ်မှာ နောက်ကမှီပြီး အေးအေးလူလူ ထိုင်နေတာပါပဲ။ လက်တစ်ဖက်က ဝိုင်အရက်ဖန်ခွက်တစ်ခွက်ကို ဆုပ်လို့။ ပြီးတော့ ကျန်လက်တစ်ဖက်နဲ့ နာနတ်သီးပုံ ဖန်ဘူးကြီးတစ်ဘူးထဲမှာ ဟိုနှိုက်ဒီနှိုက်နဲ့ လိုက်စမ်းပြီး ရှာဖွေနေတယ်။

ဟယ်ရီ ဟိုဟိုဒီဒီ ကြည့်နေစဉ်မှာပဲ သူ့ဘေးမှာ ဒမ်းဘဲလ်ဒိုး ပေါ်လာတယ်။ သူတို့ဟာ ပက်ကျိချိုရဲ့ ရုံးခန်းထဲကို ရောက်နေတာ ဖြစ်ပါတယ်။ လူငယ်လေး ဒါဇင်ဝက်လောက် ပက်ကျိချိုရဲ့ ဘေးပတ်လည်မှာ ထိုင်နေကြပြီး သူတို့အားလုံး ပက်ကျိချိုထက် အနည်းနဲ့အများပိုဝတဲ့ ၁၃နှစ်နဲ့ ၁၉နှစ်ကြား အလယ်အလတ် အရွယ်ကလေးတွေချည်းပဲ။ သူတို့ထဲက ဗိုဒီမော့ကို ဟယ်ရီ ချက်ချင်းမှတ်မိလိုက်တယ်။ သူ့မျက်နှာဟာ အားလုံးထဲမှာ အချောဆုံး အခန့်ဆုံးဖြစ်သလို သူထိုင်နေပုံဟာ ကောင်ကလေးတွေထဲမှာ အပူအပင်မဲ့ အကျအန ထိုင်နေပုံနဲ့ တူတယ်။ သူ့ရဲ့ ညာလက်ကို သူထိုင်နေတဲ့ ကုလားထိုင်လက်တန်းပေါ်မှာ အမှုမဲ့ အမှတ်မဲ့ တင်ထားတဲ့အတွက် အဲဒီလက်မှာ မာဗိုလိုရဲ့ အနက်ရောက် ကျောက်နဲ့ လက်စွပ်ကြီးဝတ်ထားတာ တွေ့ရတဲ့အတွက် သူဟာ သူ့အဖေကို သတ်ဖြတ်လိုက်ပြီ ဆိုတာလည်း ထင်ရှားနေတယ်။

× × × × × × × × × × × × × × × × × ×

ဩော်..... လူ့ဘ၀ လူ့ဘ၀

၂နစသမအ စသျအ အသ ၁သိနမအေသမျ ၂နစူပ္၂ငအ္၂ကသအန ကြူအငျ၂ကသအန္ ျ နြူေါန

၂ကငခု မနစူပ အသ အ့ျ ၁နျူေါန္ ညေျူ

ဖော်ပြပါမင်ဘာ ၉ယောက်မှ

၊သူတညေူပေ

အား ကျေးဇူးတင်ကြပါကြောင်း

ကျေးဇူးမတင်ချင်တော့ပါ

္သအမသိယ္ အဖာယ [illegible] ဗပနယ ညနသညငေညါယ ညါဈညေယ ညပငူညညါနယ

အမေညတေ၀၀ဂယ တဈဘေငယ ဖပေါပင၅၅

၊သူတညေူပေ

ဋ္ဌငနတ ဏကဘူငခ ဏမသ်ငူန

၂နညို ေစမငလအေန ၁နျူေါန အသ၊သူတညေူပေ

ငညို ဩမန ဏသျအျ ဘပ၊သူတညေူပေ

ဗိ၊သူတညေူပေ အသ္သကမ ဃသညအခေအျ

ဦူ ၁၁–၀၉–၂၀၀၈ယ ၀၉ါ၄၂ ဗ[illegible] ဋ္ဌ၁၀၅

၊သူတညေူပေ

ဩဘူန ဃသညအမငဘကအသမ

ပြညောမေ ဃကစငိ

www.burmeseclassic.com

၊သူတညူပေ ျ သို့ညေန
`သညေိအေနါ ဩလ ၂၀၀၆
ဏာသျအျါ ၇၉၂
ၜညျေါ ၁၁၈၂၃
ၜညေနိ ၈၈၈၈ွ ၀ါန႕ျ ညေ ၇၈၆ ဏာသျအျ
၊သူတညူပေ ျ သည ေိျအညေါကျနိ မသငိ

ိန်ကျေအ
"ဆရာ .....ပါမောက္ခမေရီသော့ အငြိမ်းစားယူတော့မယ်ဆိုတာ တကယ်ပဲလား ဆရာ"လို့ သူက မေးလိုက်တယ်။

ဒီမှာတင် ပက်ကျိချိုဟာ ရစ်ဒဲလ်အပေါ် အပြစ်တင်သလို အလိုမကျ ဖြစ်သွားခဲ့မှုကို ဖုံးဖိထားဟန်နဲ့ လက်ညှိုးထိုးပြီး ပြန်ပြောလိုက်တယ်။

"တွမ် .... တွမ် ဒီကိစ္စက ငါသိတောင်မှပဲ မင်းကို ငါမပြောနိုင်ဘူးကွ။ ငါပြောချင်တာကတော့ မင်း အဲဒီ သတင်းဘယ်က ရလာသလဲဆိုတာ ငါသိချင်တာပဲ။ ကောင်ကလေး မင်းဟာ ဝန်ထမ်းတွေကိစ္စထဲ ပါတာထက် မင်းအတွက် ပညာဗဟုသုတရဖို့ မင်းစိတ်ဝင်စားသင့်တယ်"

ရစ်ဒဲလ်က ပြုံးနေတယ်။ ကျန်တဲ့ တခြား ကောင်ကလေးတွေက ဝါးခနဲ ရယ်လိုက်ပြီးမှ သူ့ကို အထင်ကြီးချီးကျူးတဲ့ အကြည့်နဲ့ ဝိုင်းကြည့်နေကြတယ်။

"ဆရာ မသိသင့်တာတွေကို သိနိုင်စွမ်းတဲ့ ဆရာရဲ့ အရည်အချင်းနဲ့ အရေးပါတဲ့ လူတွေကို ဆရာရဲ့ ကြုံကြုံဖန်ဖန် မြှောက်ပင့်ပြောဆိုတတ်မှုတွေကတော့ အံ့လောက်စရာပါပဲ။ သြော်... ဒါနဲ့ ခုန ဆရာပြောတာ မှန်ပါတယ်။ အဲဒါ ကျွန်တော် ကြိုက်တယ်"

ကောင်ကလေးတွေ အများစုက သဘောကျပြီး တစ်ခိုးခိုး တစ်ခစ်ခစ် ရယ်နေကြပြီး တချို့က ထူးထူးခြားခြား ခွက်ထိုးခွက်လန် ရယ်ချလိုက်တယ်။ ဒီအခိုက်မှာပဲ တစ်ခန်းလုံး ရုတ်တရက် ဖြူပြုဖွေးဖွေး မြူခိုးတွေနဲ့ ပြည့်နှက် ထူပိတ်သွားပြီး ဟယ်ရီဟာ သူ့ဘေးမှာ ရပ်နေတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာကလွဲလို့ ဘာဆိုဘာမှ မမြင်ရဘဲ ဖြစ်နေတယ်။ ပြီးတော့ ပက်ကျိချိုရဲ့ ပြောနေကျအသံထက် ပိုပြီး ကျယ်ကျယ်အော်ပြောလိုက်တဲ့အသံ မြူထုကို ဖြတ်ပြီး ပေါ်ထွက်လာတယ်။ "မင်းမှားနေပြီ ကောင်ကလေး။ ငါ့စကားတွေကို မင်း သေသေချာချာ မှတ်ထားလိုက်ပါ"

တစ်ခါ ဘယ်သူကမှ တစ်စုံတစ်ရာ ဘာမှ မပြုလုပ်ရဘဲ မြူငွေ့တွေ အခန်းထဲက ဖြန်းစားကြီး ပြန်ပျောက်သွားတယ်။ ဒါပေမဲ့ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ဒီဖြစ်ရပ်ကို သူတို့ထဲ တစ်ယောက်မှ သိဟန်မတူသလို ဖြစ်နေပြန်တယ်။ ဦးနှောက်ခြောက်သွားတဲ့ ဟယ်ရီက ဟိုဟိုဒီဒီ လှည့်ပတ်လှမ်းကြည့်လိုက်တော့ ပက်ကျိချိုရဲ့ စားပွဲပေါ်မှာတင်ထားတဲ့ ရွှေရောက်နာရီကလေးတစ်လုံးဟာ သံစုံတီးပြီး ၁၁နာရီထိုးပြီဖြစ်ကြောင်း ပြနေတာကို တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟန်ကျလိုက်လေကွာ။ ကဲ....အချိန်လည်း ကုန်ပြီမဟုတ်လား။ မင်းတို့သွားကြမှ တော်မယ်။ မဟုတ်ရင် တို့အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်။ လက်စထရိန်းချ် မင်းရဲ့စာတမ်းကို ငါ နက်ဖန်လိုချင်တယ်ဟေ့။ မဟုတ်ရင်တော့ မင်းတို့ ကျောင်းဆင်းခွင့် ပိတ်ပင်ရတော့မှာပဲ။ အေဗရီလည်း ဒီအတိုင်းပဲနော်"လို့ ပက်ကျိချိုက ပြောလိုက်တယ်။

ပက်ကျိချိုလည်း သူ့ကုလားထိုင်က ထလိုက်တယ်။ ပြီးတော့ သူ့ရဲ့ လက်ကျန်ပြောနေပြီဖြစ်တဲ့ ဖန်ခွက်အလွတ်ကို ကောင်ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် ရှေ့ဆင့်နောက်ဆင့် ထွက်သွားလို့ လွတ်ကျန်ခဲ့တဲ့ သူ့စားပွဲပေါ်ကို လှမ်းတင်လိုက်တယ်။ ဒါပေမဲ့ ဗိုဒီမော့ကတော့ သူ့နောက်မှာရှိနေဆဲပဲ။ သူဟာ နောက်ဆုံး ပက်ကျိချိုနဲ့ အခန်းထဲမှာ နှစ်ယောက်တည်း ကျန်နေအောင် တမင် အချိန်ဆွဲချန်နေရစ်ခဲ့တယ်ဆိုတာ ဟယ်ရီ အတတ်ပြောနိုင်တယ်။

"ခပ်သုတ်သုတ် လုပ်လေ တွမ်။ မင်း အိပ်ချိန်နာရီနဲ့ မင်းနေရာလေး အပြင်ဘက်မှာ ဒဏ်ခတ်ထားတာ မခံချင်ဘူး မဟုတ်လား"

သူ နောက်ပြန်လှည့်လိုက်တော့ မသွားသေးဘဲ ကျန်နေတဲ့ ရစ်ဒဲလ်ကို တွေ့သွားပြီး ပက်ကျိချိုက ပြောလိုက်တာ ဖြစ်ပါတယ်။

"ဆရာ.... ဆရာ့ကို ကျွန်တော် ပြောစရာလေးတစ်ခု ရှိနေလို့ပါ"

"နောက်မှမေး ကောင်ကလေး၊ နောက်မှပဲ မေးတော့"

"မလုပ်ပါနဲ့ဆရာ၊ ဟော်ကရပ်စ်ကျိန်စာလက်နက်တွေ အကြောင်း ဆရာသိထားသမျှကလေး ကျွန်တော် သိချင်လို့ပါ"

ဒီအခိုက်မှာပဲ စောစောကတွေ့ရတဲ့ ပိန်းပိတ်အောင်ထူထဲတဲ့ မြူငွေ့တွေ အခန်းထဲမှာ ချက်ချင်း တစ်ခါ ပြန်ပြည့်လာပြန်တယ်။ ဒါ့ကြောင့် ပက်ကျိချိုကိုရော ဗိုဒီမော့ကိုပါ ဟယ်ရီ လုံးလုံးမမြင်ရတော့ဘဲ သူ့ဘေးမှာ ဣန္ဒြေမပျက် ပြုံးပြုံးကြီး လုပ်နေတဲ့ ဒမ်းဘဲလ်ဒိုးကိုပဲ တွေ့ရတော့တယ်။

နောက်တော့ ပက်ကျိချိုရဲ့ အသံ စောစောကအတိုင်းပဲ ဟိန်းထွက်လာပြန်တယ်။ "ဟော်ကရပ်စ်ကျိန်စာလက်နက်" တွေအကြောင်း ငါလုံးဝ ဘာမှ မသိဘူး။ အေး ... ငါသိခဲ့ရင်လည်း မင်းကို ငါပြောမှာ မဟုတ်ဘူး။ ကဲ ... မင်း ဒီက ခုချက်ချင်း ထွက်သွားပါတော့ကွာ။ မင်း အဲဒါကို နောက်တစ်ခါထပ်ပြောလို့ မင်းကို ဖမ်းမထားပါရစေနဲ့"

"ကဲ .... ဒီလောက်ပါပဲ။ သွားဖို့ အချိန်ရောက်ပြီ"ဟယ်ရီရဲ့ ဘေးမှာ ရှိနေတဲ့ ဒမ်းဘဲလ်ဒိုးက တည်တည်ငြိမ်ငြိမ်ပဲ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက် ဟယ်ရီရဲ့ ခြေထောက်တွေ ကြမ်းပေါ်က ကြွတက်လာပြီး စက္ကန့် အနည်းငယ်အကြာမှာ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းစာရေးစားပွဲရှေ့က ကော်ဇောခင်းပေါ်ကို သူတို့ ပြန်ရောက်လာကြတယ်။

ဒါဟာ သူစုဆောင်းထားတဲ့ မှတ်ဉာဏ်တွေထဲမှာ အရေးအကြီးဆုံးပဲလို့ ဒမ်းဘဲလ်ဒိုးက ပြောထားတယ်။ ဒါပေမဲ့ ဟယ်ရီ့အတွက်တော့ အဲဒီအထဲမှာ ကြီးကြီးကျယ်ကျယ် ဘာထူးခြားချက်မှ ရှာမတွေ့နိုင်ဘဲ ဖြစ်နေတယ်။ ပြောစရာရှိတာဆိုလို့ မြူတွေ ရောက်လာတာနဲ့ အဲဒါကို အခန်းထဲက ဘယ်သူကမှ သိပုံမရတာပဲ။ ထူးဆန်းနေတယ်။ နောက်တစ်ချက်က ဗိုဒီမော့က မေးခွန်းတစ်ခုမေးခဲ့ပြီး သူ အဖြေ မရခဲ့ဘူး။

"မောင်ရင် သတိထားမိလိုက်လိမ့်မယ်။ ဒီမှတ်ဉာဏ်က ...." ဒမ်းဘဲလ်ဒိုးဟာ ပြောလက်စတန်းလန်းနဲ့ စားပွဲနောက်က သူ့ကုလားထိုင်မှာ သွားထိုင်ပြီးမှ ဆက်ပြောတယ်။ "ဒီမှတ်ဉာဏ်က ဘာနဲ့ ထည့် ထိန်းချုပ်ဖန်တီးထားသလဲဆိုတော့...."

"ထည့် ထိန်းချုပ် ဖန်တီးထားတယ် ဟုတ်လား" ဟယ်ရီကလည်း သူ့ကုလားထိုင်မှာ သွားပြန်ထိုင်ရင်း မေးလိုက်တယ်။

"သေချာတာပေါ့ကွာ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ပါမောက္ခပက်ကျီချိုက ဒါကို သူမှတ်မိတာတွေနဲ့ ရောမွှေပေါင်းစပ်ပြီး ဖန်တီးထားတာကွ"

"ထားပါတော့၊ သူက ဘာလို့ အဲဒီလို လုပ်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အထင်ပြောရရင် သူဟာ အဲဒီလို သူမှတ်မိနေတာတွေကြောင့် အရှက်ရတာကြောင့် ဖြစ်မယ်။ သူက အဲဒီအထဲမှာ သူ့အပိုင်းကို ထင်ထင်ရှားရှား ပေါ်လွင်အောင် ကျုပ်ကို သူ မမြင်ချင်တဲ့ အပိုင်းတွေ ဖြတ်ချဖယ်ရှား ဖျက်ဆီးပြီး ဒီမှတ်ဉာဏ်ကို ရအောင် ကြိုးစားခဲ့တာပေါ့။ မောင်ရင် သတိထားမိမှာပေါ့။ အဲဒါဟာ ဖြစ်ကတတ်ဆန်း လုပ်ထားတဲ့ နဂိုအကြမ်းထည်ကြီးလို ဖြစ်နေတယ်လေ။ တစ်ခုတော့ ကောင်းတယ်။ အဲဒါကြီးက အဲဒီ ပြင်ဆင်ထားတဲ့ ဟာကြီးအောက်မှာ မူလမှတ်ဉာဏ် အစစ်အမှန် ရှိနေသေးတယ်ဆိုတာကို ပြနေလို့ပဲ"လို့ ဒမ်းဘဲလ်ဒိုးက ပြောပြတယ်။ တစ်ခါ သူကပဲဆက်ပြီး "အဲဒီတော့ ခု ပထမဆုံးအကြိမ် အဖြစ် မောင်ရင့်ကို ကျုပ် အိမ်စာပေးမယ် ဟယ်ရီ။ မောင်ရင် လုပ်ရမယ့် တာဝန်က အားလုံးအတွက် လိုအပ်နေတဲ့ သတင်းအချက်အလက်တွေ ပေါ်ထွက်လာဖို့ အရေးမှာ ကျုပ်တို့ရဲ့ သေရေးရှင်ရေး လိုအပ်နေတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာမယ်ဆိုတာ သံသယဖြစ်စရာ မလိုတဲ့ အဲဒီမှတ်ဉာဏ် အစစ်အမှန်ကိုပါ ပါမောက္ခ ပက်ကျီချိုအနေနဲ့ ဖွင့်ပြောလာအောင် သူ့ကို မောင်ရင် စည်းရုံးသိမ်းသွင်းဖို့ပဲ"

ဟယ်ရီက ဒမ်းဘဲလ်ဒိုးကို စိုက်ကြည့်နေတယ်။

"သိပ်ကို သေချာတာပေါ့ဆရာ" ဟယ်ရီ သတိထားပြီး ရိုသေလေးစားတဲ့အသံ ဖြစ်အောင် ကြိုးစားရင်း ပြောလိုက်တယ်။ "ဒါပေမဲ့ ဆရာကျွန်တော့်ကို သုံးဖို့မလိုပါဘူး။ ဆရာ လီဂျီမင်စီ (ကြားသူ၏ စိတ်နှင့်

www.burmeseclassic.com

ခံစားမှုအာရုံကို နှုတ်ယူသည့် မော်အတတ်)ဖြစ်ဖြစ်၊ ဗာရီတာဆီရမ် (အစွမ်းထက်သိဒ္ဓိထူး သစ္စာမန္တန်)ကိုဖြစ်ဖြစ် တစ်ခုခုကို သုံးလိုက်ရင် ရနေတာပဲ"

"ပါမောက္ခ ပက်ကျိချိုဟာ အင်မတန်ကို အစွမ်းထက် ကျွမ်းကျင်တဲ့ မော်ဆရာတစ်ဦးကွဲ့။ သူဟာ အဲဒီနှစ်မျိုးလုံးကို မျှော်လင့်ထားပြီး ဖြစ်လိမ့်မယ်။ သူက အော့ကလန်မင်စီ စိတ်ထွင်းဖောက် ပြုစားမန္တန်မှာလည်း ဘာမှ ဖြစ်ဖြစ် မြောက်မြောက် အရာမရောက်သေးတဲ့ နတ္ထိသိရိမာဖင်းထက် အဆများစွာ သာနေတယ်။ ကျုပ် ကိုယ်တိုင်တောင် သူ့အနေနဲ့ သိဒ္ဓိထူးသစ္စာမန္တန်ကို အာနိသင်ပြယ်စေမယ့် ဖြေဆေးကို သူနဲ့အတူ အမြဲတမ်း ဆောင်မထားမှသာ အဲဒီမှတ်ဉာဏ်အတုကြီး ကျုပ်ကို ထုတ်ပေးအောင် သူ့ကို အကျုပ်ကိုင်နိုင်တော့မှာပဲ။

"ဒါပေမဲ့ ပါမောက္ခ ပက်ကျိချိုဆီက မှတ်ဉာဏ် အစစ်အမှန်ကို အင်အားသုံး အကျပ်ကိုင်ပြီး ရယူဖို့နဲ့ ပတ်သက်ပြီး အကောင်းထက် ထိခိုက်နစ်နာအောင် အန္တရာယ်ပြုဖို့ ကြိုးစားတာဟာ မိုက်မဲရာကျလိမ့်မယ်လို့ ကျုပ်ထင်တယ်။ သူ ဟော့ဂ်ဝပ်စ် ကျောင်းကြီးကို စွန့်ခွာသွားရတာကို ကျုပ် မလိုလားဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာလည်း ကျုပ်တို့ထဲက လူတွေလိုပဲ အားနည်းချက်တွေ ရှိတာပါပဲ။ ဒါ့ကြောင့် မောင်ရင်ဟာ သူ့ရဲ့ ကာကွယ်မှုကို ထိုးဖောက်နိုင်စွမ်းရှိတဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာ ကျုပ် ယုံကြည်တယ် ဟယ်ရီ။ ဒါဟာ မှတ်ဉာဏ်အစစ်အမှန်ကို သေချာပေါက်ပြန်ရဖို့ အရေးကြီးဆုံးအချက်ပဲ။ ဘယ်လောက်တောင် အရေးကြီးတယ်ဆိုတာကို အဲဒီပစ္စည်းအစစ်ကို ကျုပ်တို့ မြင်ရချိန်မှာ ကျုပ်တို့ သိလိမ့်မယ်။ ဒီတော့ မင်း ကံကောင်းပါစေ၊ ကောင်းသောညပါ ဟယ်ရီ"

ဖြုန်းခနဲ စိတ်အနှောင့်အယှက်ဖြစ် အံ့အားသင့်သွားရာက စိတ်နည်းနည်းပျက်သွားတဲ့ ဟယ်ရီလည်း ကမန်းကတန်း ထရပ်လိုက်ပြီး ပြန်ပြောလိုက်မိတယ်။ "ဟုတ်ကဲ့ ကောင်းသောညပါ ဆရာ"

ဒမ်းဘဲလ်ဒိုး ရုံးခန်းအပြင်ဘက်ကို ရောက်ပြီး တံခါးပြန်ပိတ်လိုက်ချိန်မှာ ဖီးနီးယပ်စ်နီဂဲလ်လပ်စ်က ပြောတာ သူကြားလိုက်ရတယ်။

"ခင်ဗျားကိုယ်တိုင် လုပ်တာထက် ပိုပြီးကောင်းအောင် ကောင်လေးခမျာ ဘယ်လိုလုပ်နိုင်စွမ်းရှိတယ်ဆိုတာ ကျုပ်တော့ မတွေးတတ်ဘူး ဒမ်းဘဲလ်ဒိုး"တဲ့။

"မင်း ဒီလို ပြောလိမ့်မယ်လို့ ကျုပ်မမျှော်လင့်ဘူး။ ဖီးနီးယပ်စ်"လို့ ဒမ်းဘဲလ်ဒိုးက ပြန်ပြောလိုက်အပြီးမှာ ဖော့ကက်စ်ဟာ သီချင်းလေး ညည်းနေပါတော့တယ်။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

အခန်း (၁၈)
မွေးနေ့မှာ ကြုံရတဲ့ အံ့ဖွယ်

နောက်တစ်နေ့မှာပဲ ဟယ်ရီက ဒမ်းဘဲလ်ဒိုး သူ့ကိုပေးထားတဲ့ အလုပ်အကြောင်း အတွင်းစကားကို ရွန်နဲ့ ဟာမီယွန်နှစ်ယောက်လုံးကို ပြောပြလိုက်တယ်။ ဒါပေမဲ့ ရွန်နဲ့ ဟာမီယွန်တို့ ပြန်မသင့်မြတ်သေးဘဲ

www.burmeseclassic.com

သူမရဲ့ မျက်စိရှေ့ကို ရွှန်ရောက်လာတာနဲ့ အထင်သေးတဲ့ မျက်လုံးတွေနဲ့ မျက်စောင်းခဲပြီး ထွက်သွားတတ်တဲ့ ဟာမီယွန်ကြောင့် သူတို့ကို တစ်ယောက်စီ တစ်နေရာစီမှာ ခွဲပြီး ပြောခဲ့ရတာပါ။

ရွှန်ကတော့ ဟယ်ရီဟာ ဘယ်နည်းနဲ့မှ ပက်ကျိချိုကြောင့် ဒုက္ခမရောက်နိုင်ဘူးလို့ ထင်နေတယ်။

"သူက မင်းကို ချစ်ပါတယ်ကွ။ မင်းပြောရင် ဘာမဆို ငြင်းမှာ မဟုတ်ပါဘူး။ သူ့ရဲ့ ဣန္ဒြေလဆေးရည်ကလေး နည်းနည်းကလွဲရင်ပေါ့။ ဒီတော့ ဒီနေ့မွန်းလွဲပိုင်း အတန်းပြီးရင် မင်းမသွားသေးဘဲ ဆိုင်းနေပြီး သူ့ကို ပြောကြည့်ပါလား"နံနက်စာ စားနေကြတုန်း ရွှန်က လက်ထဲကခက်ရင်းနဲ့ ကော်ယူထားတဲ့ ကြက်ဥကြော်တစ်ဖက်ကို ပါးစပ်ထဲမထည့်သေးဘဲ တစ်ယမ်းယမ်း လုပ်ရင်း ဟယ်ရီ့ကို တိုက်တွန်းခဲ့တယ်။

ဒါပေမဲ့ ဟာမီယွန်ရဲ့ အမြင်ကတော့ စိတ်ပျက်စရာကောင်းနေပြန်ရော။ "တကယ်လို့ ဒမ်းဘဲလ်ဒိုးအနေနဲ့ သူ့ဆီက အဲဒါကို မရနိုင်တော့ရင် အမှန်တကယ် ဘာတွေဖြစ်လာမလဲဆိုတာကို ဖုံးထားဖို့ ဆုံးဖြတ်မှာပဲ။ ဟော်ကရပ်စ် ကျိန်စာလက်နက်တွေ၊ ဟော်ကရပ်စ်ကျိန်စာ လက်နက်တွေ ငါဖြင့် ကြားတောင်မကြားဘူးပါဘူးဟယ်" သူတို့ အတန်းနားချိန် တစ်ချိန်အတွင်း လူရှင်းပြီး နှင်းတွေကျနေတဲ့ ကျောင်းဝင်းတစ်နေရာမှာ ဟာမီယွန်က ခုလို တိုးတိုးလေး ပြောနေပြန်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဟော်ကရပ်စ် ကျိန်စာဆိုတာ ဘာတွေလဲလို့ ဟာမီယွန်က သဲလွန်စအနေနဲ့ တစ်ခုခုတော့ သိရမှာပဲလို့ မျှော်လင့်ထားခဲ့တဲ့ ဟယ်ရီ စိတ်ပျက်သွားတယ်။

"အဲဒါတွေဟာ သိပ်အစွမ်းထက်တဲ့ လျှို့ဝှက်မှော် လက်နက်တွေ ဖြစ်ကို ဖြစ်ရမယ်ဟ။ အဲဒီလိုမဟုတ်ရင် ဗိုဒီမော့က ဘာဖြစ်လို့ အဲဒီအကြောင်းတွေကို သိချင်ရမှာလဲ။ ငါ့အထင်တော့ သတင်းရဖို့ တော်တော်ကြီးကို ခက်ခဲလိမ့်မယ် ဟယ်ရီ။ ဒီတော့ ပက်ကျိချိုကို ဘယ်လို ချဉ်းကပ်မလဲဆိုတာနဲ့ ပတ်သက်လို့ နင်သိပ်ကို သတိထားရမယ်။ နည်းဗျူဟာ ကျကျ စဉ်းစားပေတော့"

"ရွှန် တွက်ကြည့်ပြီး ပြောတာကတော့ ဒီနေ့မွန်းလွဲပိုင်း ပီယဆေးနဲ့ ဣန္ဒြေလဆေးရည်များ အချိန်ပြီးရင် ငါ ခဏနောက်ချန်နေပြီး တွေ့လိုက်တဲ့"

"သြော် ... ကောင်းပြီလေ၊ ဝမ်ဝမ်က အဲဒီလိုထင်ရင် အဲဒီလိုပဲ လုပ်လိုက်ပေါ့။ ပိုကောင်းတာပေါ့" ဟာမီယွန်က ချက်ချင်း ယမ်းပုံမီးကျသွားတဲ့ ပုံစံနဲ့ ပြောထည့်လိုက်တယ်။ "အရင် ဝမ်ဝမ်ပြောတာ လုပ်တာတွေ ဘာတစ်ခု ဟုတ်လို့လဲ၊ နောက်တော့မှ ...."

"ဟာမီယွန် .... နင်လုပ်မပေးနိုင်ဘူးလားဟင်"

"မလုပ်ပေးနိုင်ဘူး" ဒေါသတကြီး ပြောဆိုရင်း ဟယ်ရီ့ကို ခြေကျင်းဝတ်အထိ မြုပ်နေတဲ့ နှင်းတောထဲမှာ တစ်ယောက်တည်းထားပြီး ဟာမီယွန် ထွက်ပြေးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီရက်တွေ အတွင်းမှာ ဣန္ဒြေဇာလဆေးရည်များ ဘာသာ သင်ကြားတဲ့ စာသင်ခန်းတွေမှာ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီယွန်တို့ သုံးယောက်ပေါင်း စားပွဲတစ်လုံးတည်းမျှထိုင်ရမလို ဖြစ်နေတာကြောင့် သိပ်အဆင်မပြေဘဲ ဖြစ်နေတယ်။ ဒီနေ့လည်း ဟာမီယွန်ဟာ စားပွဲဘေးပတ်လည်မှာ သူ့ရဲ့ ဒယ်အိုးကို ရွှေ့သွားရင်း အာနီးနဲ့ ကပ်လျက်နေရာမှာ ကျသွားပြီး ဟယ်ရီနဲ့ ရွှန်တို့နှစ်ယောက်လုံးကို အရေးမလုပ်သလို လုပ်နေတယ်။

"မင်း ဘာတွေ လုပ်ပြီးသွားပြီလဲ"ဟာမီယွန်ရဲ့ မာန်တက်ငြူစူမောက်မာနေတဲ့ ပုံစံကို ကြည့်ရင်း ရွှန်က ဟယ်ရီကို မေးလိုက်တယ်။

ဒါပေမဲ့ ဟယ်ရီ ပြန်မဖြေလိုက်နိုင်ခင်ကလေးမှာဘဲ ပက်ကျိချိုက အခန်းထိပ်ကနေပြီး စကားမပြောဘဲ တိတ်တိတ်နေကြဖို့ လှမ်းဟန့်လိုက်တယ်။ ပြီးတော့ ဆက်ပြီး ပြောတယ်။

"ငြိမ်ကြ … ငြိမ်ကြ၊ ကျေးဇူးပြုပြီး မြန်မြန်ေး တိတ်တိတ်နေကြစမ်း။ ဒီမွန်းလွဲပိုင်းမှာ သင်ရလုပ်ရမှာတွေ တစ်ပုံကြီး ရှိနေတယ်။ အဲဒါကတော့ ဂိုလ်ပါလော့ရဲ့ တတိယဥပဒေပဲ။ ကဲ … ဒီအကြောင်း ငါ့ကို ဘယ်သူပြောပြနိုင်မလဲဟေ့။ ဒါပေမဲ့ အမှန်မှာ ဒါကို မစ္စ ဂရန်ဂျာတစ်ယောက်ပဲ ပြောနိုင်မှာပါ"

ဟာမီယွန်နေရာက ထပြီး ထိပ်တန်း အမြန်ဆုံးနှုန်းနဲ့ နှုတ်တိုက်အာဂုံဆောင်ပြီး ရွတ်သလို သွက်သွက်ကြီး ဖြေလိုက်တယ်။

"ဂိုလ်ပါလော့ရဲ့ တတိယဥပဒေမှာ အဆိပ်မျိုးစုံ ရောနှောနေတဲ့ အဆိပ်တစ်ခုကို ဖြေရမယ့်ဆေးဟာ အဲဒီအဆိပ်မှာပါဝင်တဲ့ အဆိပ်တစ်မျိုးချင်းကို ဖြေနိုင်မယ့် ဖြေဆေးပမာဏထက် သာလွန်များပြားရမယ်လို့ ဖော်ပြထားပါတယ်ဆရာ"

"မှန်လိုက်လေကွယ်၊ ကွက်တိမှ ကွက်တိပါပဲလား။ ကဲ… ဂရိုဖင်ဒိုးဇာတွေအတွက် ၁၀မှတ် ယူစေဗျာ။ ဒါဆိုရင် ခု ငါတို့အနေနဲ့ ဂိုလ်ပါလော့ရဲ့ တတိယဥပဒေကို အမှန်အဖြစ် လက်ခံလိုက်ပြီပေါ့"

ဟယ်ရီက ပက်ကျိချိုပြောတဲ့ "ဂိုလ်ပါလော့ရဲ့ တတိယဥပဒေကို အမှန်အဖြစ် လက်ခံလိုက်ပြီ"ဆိုတဲ့ စကားကို ဘဝင်မကျသလို ဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအကြောင်းကို သူကြားလည်း မကြားဖူးသေးဘူး။ သိလည်းမသိ၊ နားလည်း မလည်သေးလို့ပဲ။ ဟာမီယွန်ကလွဲပြီး လူအားလုံး ပက်ကျိချို နောက်ထပ် ဘာဆက်ပြောမလဲဆိုတဲ့အပေါ် အာရုံစိုက်နေကြတယ်။ ပက်ကျိချိုဟာ သူ့စကားကို ဆက်တယ်။

"ဆိုလိုတာကတော့ ငါတို့ဟာ စကားပင်းရဲ့ အဆိပ်ထဲမှာ ပါဝင်တဲ့အရာတွေကို အမှန်အကန် ရွေးချယ်လိုက်နိုင်တယ်လို့ ယူဆဖို့ပဲ။ ငါတို့ရဲ့ အဓိကမူလ ရည်ရွယ်ချက်ဟာ အဲဒီအဆိပ်ထဲမှာပါဝင်တဲ့ အဆိပ်တွေအတွက် ဖြေဆေးတစ်ခုကို ရွေးချယ်ခြင်းမျိုးနဲ့ သိသိသာသာကြီး ခြားနားနေတယ်လေ။ ဒါပေမဲ့ အဲဒီကွဲပြားခြားနားတဲ့ ဒြပ်တွေကို အဂ္ဂိရတ်နည်းနဲ့ ပြောင်းလဲပေးမယ့် အဆိပ်တစ်ခုလုံးမှာ ပါဝင်တဲ့ အစိတ်အပိုင်း ပမာဏကို ရှာဖွေဖို့တော့ ဖြစ်နေပြန်ရော"

www.burmeseclassic.com

www.burmeseclassic.com

ရွှန်ဟာ ဟယ်ရီရဲ့ ဘေးမှာထိုင်နေရင်း ပက်ကျိချိုပြောသမျှတွေကို နားမလည်တဲ့အတွက် ပါးစပ်အဟောင်းသားလေး ဖြစ်နေတယ်။ ပြီးတော့ ယောင်တိယောင်နဖြစ်ပြီး ဘာရယ်မဟုတ် မသိစိတ်နဲ့ သူ့ရဲ့ ဣန္ဒဇာလဆေးရည်များ ဖော်စပ်နည်း စာအုပ်အသစ်ကြီးပေါ်မှာ တောင်ခြစ်မြောက်ခြစ် လျှောက်လုပ်နေတယ်။ ဒါတင်မကဘဲ ရွှန်ဟာ ဘာတွေဖြစ်နေမှန်းမသိဘဲ ဒုက္ခရောက်နေရင် သူ့ကိုကူညီဖို့ ဟာမီယွန်ကို အားကိုးလို့ မရတော့ဘူးဆိုတာကိုပါ မေ့နေတယ်။

ဒီအချိန်မှာပဲ ပက်ကျိချိုကလည်း "အဲဒီတော့ကာ ငါလိုချင်တာ မင်းတို့တစ်ယောက်ချင်းစီထလာပြီး ငါ့စားပွဲပေါ်က ဆေးရည်ထည့်တဲ့ ဖန်ပုလင်းကလေး တစ်လုံးစီကို ယူကြဖို့ပဲ။ မင်းတို့အားလုံး အဲဒီပုလင်းတွေထဲမှာပါတဲ့ အဆိပ်အတွက် ဖြေဆေးကို သင်ခန်းစာချိန်မကုန်ခင် ဖော်စပ်ကြရမယ်။ ကဲ... ကံကောင်းကြပါစေကွာ။ မင်းတို့ရဲ့ အကာအကွယ် လက်အိတ်တွေကို စွပ်ထားဖို့လည်း မမေ့နဲ့ဟေ့"ဆိုပြီး သူ့စကားကို အဆုံးသတ်လိုက်တယ်။

ဖြုန်းစာကြီးမို့ ကျန်တဲ့အတန်းထဲက လူတွေ သူတို့ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားခါရှိသေး၊ သူမရဲ့ နေရာကထပြီး ပက်ကျိချိုဆီကို လျှောက်သွားတဲ့ ဟာမီယွန် လမ်းတစ်ဝက်တောင် ရောက်နေပြီ။

တစ်ခါ ဟယ်ရီ၊ ရွှန်နဲ့ အာနီးတို့ ပက်ကျိချိုစားပွဲမှာ သူတို့အတွက် ပုလင်းကလေးတွေ သွားယူပြီး စားပွဲကို ပြန်ရောက်လာခါရှိသေး၊ ဟာမီယွန်က ပုလင်းထဲမှာ ပါတဲ့ ပစ္စည်းလေးတွေကို သူမရဲ့ ဒယ်အိုးထဲကို မှောက်သွန်ချပြီးရုံမကဘဲ ဒယ်အိုးအောက်မှာ မီးမွှေးပြီး စကျိုနေပြီ။

"ဒီအချိန် ဒီနေရာမှာ နင့်ရဲ့ မှော်ဝိဇ္ဇာက ဘာမှလာပြီး ထိထိရောက်ရောက် အကူအညီမပေးနိုင်တာကတော့ ရှက်ဖို့ကောင်းနေပြီ ဟယ်ရီ။ ခု ဒီမှာဖြစ်နေတဲ့ သဘောတရားကိုတော့ နင်နားလည်သင့်တယ်လေ။ ဒါဟာ ဖြတ်လမ်းလည်း မရှိဘူး။ လိမ်လုပ်လို့မရဘူး မဟုတ်လား" ဟာမီယွန်က သူမရဲ့ ကိုယ်ကိုမတ်ပြီး ခပ်ကြွားကြွား ကလေး ပြောလိုက်တယ်။

ဟယ်ရီက ပက်ကျိချိုရဲ့ စားပွဲပေါ်က ယူလာတဲ့ အဆိပ်ပုလင်းကို စိတ်တိုတိုနဲ့ ဖောက်လိုက်တယ်။ ပုလင်းထဲက အဆိပ်တွေက ပန်းရောင်တောက်နေတယ်။ အဆိပ်တွေကို သူ့ဒယ်အိုးထဲ လောင်းချပြီး အိုးအောက်က မီးမွှေးအပူပေးလိုက်တယ်။

ဒါပေမဲ့ အဲဒီအချိန်အထိ သူ ဘာဆက်လုပ်ရမလဲဆိုတဲ့ စိတ်ကူးအကြံအစည် ပိစိကွေးကလေးတောင် သူ့မှာ မရှိသေးဘူး။ ရွှန်ကို သူ ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်တော့ အခြေအနေက ပိုဆိုးတယ်။ ဘာလုပ်လို့ လုပ်ရမှန်း လုံးလုံးလျားလျား သိပုံမရဘဲ ထုံတေတေ ဖြစ်နေတဲ့ ရွှန်ဟာ သူ့ကိုကြည့်ပြီး သူလုပ်သလို ထပ်တူလိုက်လုပ်နေတာပါပဲ။

"မင်းရဲ့ မှော်ဝိဇ္ဇာက အဲဒီအကြောင်း နည်းနည်းပါးပါးလေးတောင် တို့မှတ်ရေးမထားခဲ့ဘူးလားကွာ"လို့ ရွှန်က ဟယ်ရီ့ကို ဗျစ်တောက်ဗျစ်တောက် လုပ်နေလို့ ဟယ်ရီ မနေသာတော့ဘဲ သူ့ရဲ့ အားကိုးအားထား စာအုပ်ကြီး ထုတ်လိုက်တယ်။ နောက် 'အဆိပ်ဖြေဆေးများ'ဆိုတဲ့ အခန်းကို သူလှန်လိုက်တယ်။ ဒါပေမဲ့ အဲဒီမှာ 'ဂိုလ်ပါလော့ရဲ့ တတိယ ဥပဒေ'ဆိုတဲ့ နေရာကို ဖတ်ကြည့်တော့ စောစောက ဟာမီယွန် နှုတ်တိုက်ရွတ်ပြသွားတဲ့အတိုင်းပဲ ဖော်ပြထားပြီး၊ စာအုပ်မူရင်းမှာပါရှိတဲ့ ဖော်ပြချက်တွေဟာ

www.burmeseclassic.com

ဘာကိုဆိုလိုတယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာနဲ့ ပတ်သက်လို့ မော်ဝိဇ္ဇာက ရှင်းပြထားတဲ့ မှတ်ချက်ကလေးတစ်ခုတစ်လေတောင် မတွေ့ရဘဲ ဖြစ်နေတယ်။ ဒါဆိုရင် မော်ဝိဇ္ဇာဟာ ဒီသင်ခန်းစာအခန်းကို ဘာအခက်အခဲမှ မရှိဘဲ နားလည်သဘောပေါက်တာ သေချာနေတယ်။

“ဟုတ်တယ် ဘာမှကို ရေးမထားဘူး”ဟယ်ရီက စိတ်ပျက်လက်ပျက်နဲ့ ပြန်ပြောလိုက်တယ်။

အဲဒီအချိန်မှာ ဟာမီယွန်က သူမရဲ့ ဆေးကြိမ်လုံးကိုထုတ်ပြီး သူမရဲ့ ဒယ်အိုးပေါ်မှာ စိတ်ပါလက်ပါ ဖေ့ယမ်းရင်း ဂါထာတစ်ပုဒ်ကို အသံမထွက်ဘဲ ရင်ထဲအတွင်းအားနဲ့ ရွတ်ဆိုနေပါတယ်။ ဒါပေမဲ့ သူမဆီက ဘာအသံမှ ထွက်မလာသလို သူမ ဘယ်ဂါထာကို ဘယ်လို ရွတ်ဆိုနေမှန်း မသိတဲ့ ဟယ်ရီနဲ့ ရွန်အဖို့ သူမကို လိုက်တုလုပ်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ ဒီအခိုက်အတန့်မှာပဲ အာနီးမက်မီလန်က ဘာရယ်ညာရယ် မဟုတ်ဘဲ တောင်ဆိုမြောက်ဆို ဆိုနေရာက သူ့ရဲ့ ဒယ်အိုးပေါ်ကို မိုးပြီး “အထူးလျှို့ဝှက်ချက် မှန်သမျှတွေပေါ်စေ ရောက်လာစေ”လို့ ရွတ်ဆိုလိုက်တာကို ဟယ်ရီနဲ့ ရွန်တို့နှစ်ဦးက အထင်ကြီးသွားပြီး သံယောင်လိုက်တုပဆိုကြည့်ပေမဲ့ ဘာမှ ဖြစ်မလာပါဘူး။

နောက်ထပ် ၅မိနစ်ခန့်အကြာမှာတော့ အတန်းထဲမှာ အတော်ဆုံး အကျွမ်းဆုံး ဆေးဝါးရည်ဖော်စပ်နိုင်တဲ့ ကျောင်းသားဆိုတဲ့ သူ့ရဲ့ ဂုဏ်ပုဒ်နဲ့ ကျော်ကြားမှုတွေ တစ်စစီပြိုကွဲနေတဲ့ အသံကို ဟယ်ရီ သူ့နားထဲမှာ ပြန်ကြားနေရတယ်။

ပက်ကျိချိုဟာ သူလုပ်နေကျအတိုင်း ကျောင်းသားတွေ ထူးထူးချွန်ချွန် ထက်တက်မြက်မြက် လုပ်ကိုင်ထားတာကိုတွေ့ရင် တအံ့တသြ ချီးကျူးပြောဆိုမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြေအောက် စာသင်ခန်းထဲမှာ ပထမဆုံးအကြိမ် တစ်ပတ်လှည့်ကြည့်ရင်း ဟယ်ရီ့အနားကို ရောက်လာတယ်။

နောက် ဟယ်ရီရဲ့ လက်ရာကိုကြည့်ပြီး အားရဝမ်းသာ ချီးကျူးနိုင်တော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပက်ကျိချိုက သူ့ဒယ်အိုးထဲကို ငုံ့ကြည့်လိုက်ပေမဲ့ အိုးထဲက ထောင်းခနဲ ထွက်လာတဲ့ ကြက်ဥပုပ်လို အနံ့ဆိုးတွေကြောင့် ခေါင်းကို ချက်ချင်း ပြန်ရုပ်လိုက်ရပြီး ချောင်းတဟွတ်ဟွတ် ဆိုးနေပါတော့တယ်။

အရင်က အတန်းတိုင်းမှာ ဇာလဗေဒဆေးရည်တွေ ဖော်စပ်ရတဲ့ အချိန်တိုင်း သူမထက် အသာစီးရသွားတဲ့ ဟယ်ရီကို မနှစ်မြို့ အလိုမကျဖြစ်ခဲ့တဲ့ ဟာမီယွန်ကတော့ အဲဒီအချိန်မှာ သူမရဲ့ ဒယ်ထဲက အဆိပ်ရည်တွေကို ထူးခြားဆန်းကြယ်တဲ့ သီးခြား အဆိပ်ဆယ်မျိုးကို ခွဲထုတ်နိုင်ပြီး ပုလင်းကလေး ဆယ်လုံးထဲကို အသာအယာ လောင်းချနေပြီ ဖြစ်ပါတယ်။

ဒါပေမဲ့ ဟယ်ရီဟာ ဒေါသထွက်စရာကောင်းလွန်းနေတဲ့ သူ့အခြေအနေကို လက်ပိုက်ကြည့်မနေဘဲ အခက်အခဲ ကျော်လွှားနိုင်အောင် သူ့ရှေ့က သွေးတစ်ဝက်မော်ဝိဇ္ဇာရဲ့ စာအုပ်ကြီးကို တစ်ခါဆွဲယူပြီး စာမျက်နှာတချို့ကို စိတ်တိုတိုနဲ့ အမြန် တစ်ဖျတ်ဖျတ်လှန်လှောလိုက်တဲ့ အခါမှာတော့ ရှည်လျားတဲ့ အဆိပ်ဖြေဆေး စာရင်းရှည်ကြီးထဲမှာ ကန့်လန့်ဖြတ်ပြီး ညာဘက်ကို စောင်းရေးထားတဲ့ လက်ရေးစောင်းနဲ့ စာတန်းကလေးတစ်ခုကို သွားတွေ့လိုက်မိပါတယ်။

“ဘီဇိုဝါတစ်ခုကိုရအောင် ထပ်လုပ်ရုံသက်သက်ပါပဲ”

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက အဲဒီစာလုံးတွေကို တစ်အောင့်ကြာအောင် စိုက်ကြည့်နေတယ်။ ဘီဇိုဝါဆိုတာ ဟိုအရင်ကြာလှကတည်းက သူ မကြားဖူးခဲ့သေးတာလား။ စနိပ်ကလည်း ဒီအကြောင်းကို သူ့ရဲ့ ပထမဆုံးဆေးရည်ဖော်စပ်နည်း သင်ခန်းစာ စသင်တဲ့ နေ့ကတည်းက ပြောပြထားပြီးခဲ့ပြီလား။ သူ့စိတ်ထဲမှာ မှတ်မိနေတာကတော့ ဘီဇိုဝါဆိုတာ ဆိတ်တစ်ကောင်ရဲ့ ဝမ်းဗိုက်အစာအိမ်ထဲက ထုတ်ယူထားတဲ့ အဆိပ်အမျိုးအမယ်ပေါင်းစုံ အများစုကိုနိုင်တဲ့ ကျောက်တုံးတစ်တုံး ဖြစ်တာပဲ။

ဒါပေမဲ့ အဲဒါက ဂိုလ်ပါလော့ပြဿနာရဲ့ အဖြေမဟုတ်ပြန်ဘူး။ နောက် စနိပ်ဟာ သူတို့ရဲ့ ဆရာဖြစ်နေဆဲမို့ ဒီအကြောင်းကို ဒီမှာ သူပြောဖို့ လုပ်ဖို့ မဝံ့ဘဲ ဖြစ်နေတယ်။ ဒါပေမဲ့ ခုဟာက မဖြစ်မနေလုပ်ရမယ့် အခြေအနေကို ရောက်နေပြန်တာမို့ ပစ္စည်းတွေ ထည့်ထားတဲ့ ဗီရိုဆီကို အပြေးသွားပြီး အထဲက သိင်္ဂါသမြင်းချိုတွေ၊ ရှုပ်ပွအောင် ထိုးထည့်ထားတဲ့ ဆေးဖက်ဝင် ပရဆေးပင်အခြောက်တွေကို ဒရောသောပါး ဟိုတွန်းဒီဖယ်နဲ့ မွှေနှောက်လှန်လှောရှာလိုက်တာ နောက်ဆုံးမှာ ဟိုအတွင်းဘက် ခပ်ကျကျနေရာမှာ ကပ်နေတဲ့ စက္ကူကတ်ထူဘူးကလေး တစ်လုံးကို သူတွေ့သွားပါတယ်။ ဘူးပေါ်မှာ လက်ရေးသော့နဲ့ ဘီဇိုဝါများလို့ ထင်ထင်ရှားရှား ရေးထားတယ်။

ဘူးကို ဖွင့်လိုက်ချိန်မှာပဲ ပက်ကျိချိုရဲ့ သတိပေးသံ ထွက်လာတယ်။

"အားလုံးပဲနော်၊ အချိန်စေ့ဖို့ ၂ မိနစ်ပဲ ကျန်တယ်"

ဘူးထဲမှာ ရှုံ့တွန့်နေတဲ့ ပစ္စည်းလေးတွေ ဒါဇင်ဝက်လောက် ရှိနေတယ်။ ကြည့်ရတာ တကယ့်ကျောက်တုံး အစစ်လေးတွေနဲ့မတူဘဲ အခြောက်ခံထားတဲ့ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ ကျောက်ကပ်နဲ့ ပိုတူတယ်။ ဟယ်ရီ တစ်ခုကို ကမန်းကတန်း နှိုက်ယူလိုက်ပြီး ဘူးကို နေရာတကျ ပြန်ထားပြီးတော့ သူ့ရဲ့ ဒယ်အိုးဆီကို ပြန်ပြေးလာခဲ့တယ်။

"အချိန်စေ့သွားပါပြီ။ မင်းတို့တွေ ဘယ်လောက်ကောင်းအောင် မှန်အောင် ဘယ်လိုလုပ်ထားသလဲ ပြကြပါ။ ကဲ.... ဘလေ့စ် မင်းငါ့ကို ဘာပြမှာလဲ"

ပက်ကျိချိုက ရင်းရင်းနှီးနှီး ချိုချိုကြည်ကြည် အသံနဲ့ ပြောလိုက်တယ်။ အဲဒီနောက် ဖြည်းဖြည်းချင်း အခန်းကိုလှည့်ပြီး တစ်ယောက်စီထံက အဆိပ်ဖြေဆေးပေါင်းစုံကို သူလိုက်ကြည့်နေတယ်။ ဒါပေမဲ့ တစ်ယောက်မှ သူတို့အလုပ်ကို လိုချင်တဲ့ အဆိပ်ဖြေဆေးရတဲ့အထိ အဆုံးမသတ်နိုင်ကြသေးဘူး။ အတော်ကြီး ခရီးရောက်နေတဲ့ ဟာမီယွန်တောင် ပက်ကျိချို သူမဆီကို မရောက်သေးမချင်း သူမရဲ့ ပုလင်းတွေထဲကို ရနိုင်သမျှ ရအောင် ထပ်ဖြည့်ထည့်နေရတုန်းပဲ ရှိပါတယ်။ ရွန်ကတော့ လုံးဝ လက်မြှောက်ထားပြီးပြီဖြစ်ပြီး သူ့ဒယ်အိုးထဲကထွက်နေတဲ့ အပုပ်နံ့တွေကို မရှူမိအောင် ကြိုးစားရင်း ခေါင်းကို တစ်ဖက်လှည့်ထားတယ်။ ဟယ်ရီလည်း ချွေးနည်းနည်း စိုနေတဲ့ သူ့လက်တစ်ဖက်ထဲမှာ ဘီဇိုဝါကို ဆုပ်ကိုင်ရင်း ရပ်စောင့်နေဆဲပဲ။

ပက်ကျိချိုဟာ သူတို့စားပွဲကို နောက်ဆုံးမှ ရောက်လာခဲ့ပြီး အာနီးရဲ့ အဆိပ်ဒယ်အိုးကို အရင်ဆုံးစရှုကြည့်လိုက်တယ်။ ပြီးတော့ မျက်နှာကြီးရှုံ့မဲ့ပြီး ရွန့်ဆီကို လျှောက်သွားတယ်။ ဒါပေမဲ့

www.burmeseclassic.com

ရှုန်ရဲ့ ဒယ်အိုးပေါ်မှာ သူ့မျက်နှာကို ကြာကြာအချိန်ဆွဲမထားနိုင်ဘဲ အော့အန်ပျို့တက်ပြီး နောက်ပြန်ဆုတ်လိုက်ရတယ်။

"ကဲ.... ဒါဆို မင်းအလှည့်ပဲ ဟယ်ရီ။ ငါ့ကိုပြဖို့ မင်း ဘာများလုပ်ထားသလဲ"လို့ ပက်ကျိချိုက မေးလိုက်တော့ ဟယ်ရီက သူ့လက်ကို ဖြန့်ပြလိုက်တယ်။ ဘီဇိုဝါကလေးက သူ့လက်ဝါးပေါ်မှာ ငုတ်တုတ်။

ပက်ကျိချိုက ပစ္စည်းကလေးကို ၁၀ စက္ကန့်တင်းတင်းပြည့်တဲ့အထိ ကြာအောင် ငုံ့ကြည့်နေတယ်။ ဟယ်ရီကလည်း ပက်ကျိချို သူ့ကို အော်ငေါက်တော့လေမလား အထင်နဲ့ တဒင်္ဂလောက် အံ့အားတသင့် ဖြစ်နေတယ်။ နောက်တော့ သူ့ခေါင်းကို နောက်ပြန်လှန်ပြီး ပက်ကျိချိုဟာ အားပါးတရ အော်ဟစ်ရယ်မော ပါတော့တယ်။ ပြီးတော့ ဟယ်ရီ့လက်ထဲက ဘီဇိုဝါကလေးကို ကောက်ယူတောင်ကြည့်ရင်း "မင်း တော်တော် သတ္တိကောင်းပါလားကွ ဟင် ကောင်လေး၊ မင်းဟာ တကယ့် မင်းအမေအတိုင်းပါပဲလားကွာ"လို့ အသံဟိန်းကြီးနဲ့ ပြောလိုက်ပြီးမှ "ထားပါတော့လေ၊ ငါ မင်းကို အပြစ်မတင်ပါဘူး။ ဘီဇိုဝါတစ်ခုဟာ ဒီအဆိပ်ရည်အားလုံးအတွက် ဖြေဆေးအဖြစ်နဲ့ တကယ့်ကို သေချာပေါက် အသုံးဝင်အစွမ်းထက်ပါတယ်"လို့ တစ်ခါ လေအေးအေးနဲ့ ဆက်ပြောပါတယ်။

ဒီအချိန်မှာ မျက်နှာတစ်ပြင်လုံး ချွေးပြန်နေတဲ့ ဟာမီယွန်ဟာ သူမရဲ့နှာခေါင်းကို အိုးမဲတွေနဲ့ သုတ်မိပြန်ပြီး အိုးမဲနဲ့ ဒေါသတွေ စွက်နေတဲ့ သူမရဲ့ မျက်နှာဟာ ညိုပုပ်နေပါတယ်။ သူမရဲ့ ဆံပင်တစ်ထွေးကြီးအပါအဝင် ပစ္စည်းအမည်ပေါင်း ၅၂ခုနဲ့ ရောနှောဖွဲ့စည်းထားပြီး တစ်ဝက်တစ်ပျက်သာ ပြီးမြောက်သေးတဲ့ အဆိပ်ဖြေဆေးအိုးကြီးကလည်း ပက်ကျိချိုရဲ့ နောက်ဘက်မှာ ဗလုံဆူပွက်နေတယ်။ ပက်ကျိချိုရဲ့ မျက်စိထဲမှာလည်း ဟယ်ရီကလွဲပြီး ဘယ်သူမှ မရှိတော့ဘဲ သူတစ်ယောက်ကိုသာ အထင်ကြီးသဘောတွေ့နေတော့တယ်။

"ဘာလဲ ဟယ်ရီ၊ ဘီဇိုဝါတစ်ခုအကြောင်း နင်အကြံရလိုက်တာဟာ အားလုံးနင့်အစွမ်းအစကြောင့်ချည်းပဲလို့ ထင်နေတာလား"ဟာမီယွန်က အံကြိတ်ထားရင်း မေးလိုက်တယ်။

ဒါပေမဲ့ ဟယ်ရီပြန်မဖြေခင် ပက်ကျိချိုရဲ့ ပျော်ရွှင်အားရကျေနပ်နေတဲ့ အသံ ထွက်လာတယ်။ "ဒါဟာ တကယ့် ဣန္ဒြေလဆေးရည် ဖော်စပ်သူစစ်စစ် တစ်ဦးမှာရှိဖို့ လိုအပ်တဲ့ တစ်ဦးတစ်ယောက်ချင်းနဲ့ သက်ဆိုင်တဲ့ စိတ်ဓာတ်အားမာန်ပဲ။ သူ့အမေအတိုင်းပဲပေါ့။ သူမဟာလည်း အလားတူပဲ ဆေးရည်ဖော်စပ်ရာမှာ အလိုလိုထိုးထွင်း သိရှိသဘောပေါက်နားလည်နိုင်စွမ်း ရှိခဲ့တယ်။ ပြောရရင်တော့ လီလီမှာ ဒီစိတ်ဓာတ်ရှိပြီး ဟယ်ရီဟာ အဲဒီစိတ်ဓာတ်ကို သူ့ရဲ့ မိခင်လီလီထံက အမွေရလိုက်တယ်ဆိုတာ သံသယဖြစ်စရာ လုံးလုံး မရှိဘူး။

"ကောင်းပြီ ဟယ်ရီ ကောင်းပြီ။ မင်းမှာ ဘီဇိုဝါတစ်ခုခု တကယ်ကိုင်ထားနိုင်ပြီဆိုရင် အဲဒါတစ်ခုတည်းနဲ့ အရာအားလုံးကို မပြီးမြောက်နိုင်ပေမဲ့ အဲဒါဟာ အမှန်မလွဲလှည့်စားမှု တစ်ခုခု လုပ်ပြတော့မှာပဲ။ သူတို့ဟာ လုပရှားပါးသလို အဆိပ်ဖြေဆေးတစ်ခုကို ဘယ်လိုဖော်စပ်ရမယ်ဆိုတာနဲ့ ပတ်သက်လို့ သိနိုင်အောင် တန်ဖိုးရှိတဲ့အရာ ဖြစ်နေဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားတာကတော့ အဲဒီအချိန်မှာ ဟာမီယွန်ထက်ပိုပြီး ကြိတ်မနိုင် ခဲမရ ဒေါသပွားနေတဲ့သူ တစ်ယောက် ရှိနေသေးတာ ဖြစ်ပါတယ်။ သူကတော့ အဆိပ်ဖြေဆေး ရရှိဖို့ ကြိုးစားမှုမအောင်မြင်တဲ့အပြင် သူ့ရဲ့ ဒယ်အိုးထဲက ကြောင်အန်ဖတ်နဲ့တူတဲ့ အမြှုပ်အဖတ်တွေ သူ့ကိုယ်ပေါ်ကို ဝေကျလာလို့ ကသောင်းကနင်း ဖြစ်နေပုံကို ဟယ်ရီကကြည့်ပြီး သဘောကျကျေနပ်နေတဲ့ မော်လ်ဖွိုင်းဖြစ်ပါတယ်။

သူတို့နှစ်ယောက်အနက် တစ်ယောက်ကမှ ရင်ထဲက ဒေါသတွေကို ထုတ်မပြဖြစ်သေးခင်မှာဘဲ ဘာမှ ထူးထူးခြားခြား မည်မည်ရရ မလုပ်လိုက်ရပါဘဲနဲ့ အတန်းထဲက ထိပ်ဆုံးနေရာ ဟယ်ရီ အလိုလို ရောက်ရှိသွားပြီး အဲဒီအချိန်မှာပဲ အတန်းဆင်းတဲ့ ခေါင်းလောင်းသံ ပေါ်ထွက်လာပါတော့တယ်။ ဒီမှာတင် ပက်ကျိချျုက ပြောလိုက်တယ်။

“ကဲ …သိမ်းကြတော့။ ဂရူန်ကေသရာဇာတွေ အတွက် အပို ၁၀မှတ် ထိုက်ထိုက်တန်တန် ပေးလိုက်ပါတယ်”

ပြီးတော့ တခိုးခိုး တခစ်ခစ် ဆက်လက်ရယ်မောရင်း အခန်းထိပ်မှာရှိတဲ့ သူ့စားပွဲကို ယက်ကန်ယက်ကန် ကွတကွတနဲ့ ပြန်လျှောက်သွားတယ်။

ဟယ်ရီကလည်း သူ့အိတ်ကို သိမ်းရာမှာ တမင် မကြာကြာအောင် နောက်ချန်ပြီး နှေးနှေးကလေး အချိန်ဆွဲလုပ်နေတယ်။ သူကံကောင်းသွားတာကို မုဒိတာမပွားနိုင်တဲ့ ရွန်နဲ့ ဟာမီယွန်နှစ်ဦးလုံး စိတ်ပျက်လက်ပျက်ပုံနဲ့ အတန်းထဲက ထွက်သွားတယ်။ ဒီလိုနဲ့ နောက်ဆုံး အတန်းထဲမှာ ပက်ကျိချျုနဲ့ ဟယ်ရီတို့ နှစ်ဦးတည်းသာ ကျန်ခဲ့ပါတော့တယ်။

“ကဲ ဟယ်ရီ လုပ်လေ လုပ်လေ။ ဒီအတိုင်းဆို မင်း နောက်တက်ရမယ့် သင်ခန်းစာအချိန်အတွက် နောက်ကျနေတော့မှာပဲ”လို့ ဖော်ဖော်ရွှေရွှေပြောရင်း ပက်ကျိချျုဟာ သူကိုယ်တိုင်လည်း သူ့ရဲ့ မြွေနဂါးအရေခွံ လက်ဆွဲအိတ်ကြီးပေါ်က ရွှေရောင်ချိတ်ကလေးတွေကို ထောက်ခနဲ ထောက်ခနဲ မြည်အောင် ဆွဲပိတ်လိုက်တယ်။

“ဆရာ” ဟယ်ရီက ခေါ်လိုက်တယ်။ ပြီးတော့ ဗိုဒီမော့ တားမရ ဆီးမနိုင် သတိရနေတဲ့ သူ့စိတ်အလိုအတိုင်း ဆက်ပြောလိုက်တယ်။ “ဆရာ့ကို ကျွန်တော် တစ်ခုလောက် မေးချင်ပါတယ် ဆရာ”

“နောက်မှမေးပေတော့ ငါ့ကောင်လေး၊ နောက်မှမေး”

“ဒီလိုပါခင်ဗျာ၊ ဟို…ဟို ဟော်ကရပ်ဆက်စ်အကြောင်း ဆရာဘာများ သိထားလဲဆိုတာ ကျွန်တော် သိချင်လို့ပါ”

www.burmeseclassic.com

ပက်ကျိချို ကွက်ခနဲ မျက်နှာချက်ချင်း ပျက်သွားပြီး အံ့အားသင့်ရင်း ကြက်သေသေနေတယ်။ ပြီးတော့ သူ့နှုတ်ခမ်းတွေကို လျှာနဲ့ ပြန်သိမ်းလျက်ရင်း အသံအက်တက်တက်နဲ့ မေးလိုက်တယ်။ "မင်း ဘာပြောတာလဲ"

"ဟော်ကရပ်စ်အကြောင်း ဆရာ တစ်ခုခု သိမလားလို့ ကျွန်တော် မေးပါတာ ဆရာ၊ ဆရာ သိလား"

"လက်စသတ်တော့ ဒါကို ဒီလိုမေးအောင် ဒမ်းဘဲလ်ဒိုးက မင်းကို အစထောင်ပေးလိုက်တာကိုး" ပက်ကျိချိုက လေသံနဲ့ တိုးတိုးလေး ရေရွတ်ပြီး ပြောလိုက်တယ်။ သူ့အသံက လုံးဝပုံမှန် ပြန်ဖြစ်နေပြီ။ ဒါပေမဲ့ ဖော်ရွေမှုလုံးဝမပါတော့ဘဲ အံ့သြထိတ်လန့် တုန်လှုပ်နေဆဲပဲ။ နောက် သူ ဟိုစမ်းဒီစမ်းနဲ့ သူ့အကျႌရင်ဘတ်အိတ်ထဲက လက်ကိုင်ပဝါ တစ်ထည်ကို ဆွဲထုတ်လိုက်ပြီး ချွေးပြန်နေတဲ့ နဖူးကို သုတ်လိုက်ပြန်တယ်။ နောက်တော့မှ ဆက်ပြောတယ်။ "ဒမ်းဘဲလ်ဒိုးက အဲဒီမှတ်ဉာဏ်ကို မင်းကို ပြပြီးပြီနဲ့ တူတယ်။ ဟုတ်မှာပါပဲ။ သူပြခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ပြပါတယ်"ဟယ်ရီကလည်း ဒီနေရာမှာ မလိမ်တာသာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ပြီး ချက်ချင်း ပြန်ဖြေလိုက်တယ်။

"ဒါပေါ့ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့" ပက်ကျိချိုက တိုးတိုးလေး ပြောလိုက်တယ်။ နဖူးပေါ်က မတိတ်သေးတဲ့ ချွေးတွေကိုလည်း လက်ကိုင်ပဝါနဲ့ တို့တုန်း သုတ်တုန်းပဲ။ နောက် "ကဲ ... ကောင်းပြီလေ၊ မင်း အဲဒီမှတ်ဉာဏ်ကို ကြည့်ခဲ့ မြင်ခဲ့ရပြီးပြီဆိုရင် ဟယ်ရီ ငါဟာ ဘာမှ မသိဘူးဆိုတာ မင်းသိမှာပါပဲ။ ဘာမှကို မသိတာနော်။ ဟော်ကရပ်စ်အကြောင်းကို ပြောတာ။ ဟော်ကရပ်စ်အကြောင်းကို ငါမသိတာ"လို့ ထပ်တလဲလဲ ပြောနေတယ်။

နောက် သူက မြွေနဂါးအရေခွံ လက်ဆွဲအိတ်ကြီးကို ဆွဲယူလိုက်တယ်။ လက်ထဲက လက်ကိုင်ပဝါကို အကျႌအိတ်ထဲ ပြန်ထိုးထည့်လိုက်တယ်။ ပြီးတော့ မြေအောက်စာသင်ခန်းရဲ့ တံခါးဝဆီကို လျှောက်သွားပါတော့တယ်။

"ဆရာ ကျွန်တော်ကတော့ အဲဒီမှတ်ဉာဏ်အပြင် နောက်ထပ် တစ်ခုရှိဦးမယ်လို့ ထင်နေတယ် ဆရာ"လို့ ဒရောသောပါး လှမ်းပြောလိုက်တော့ ပက်ကျိချိုက–

"သြော်.... မင်းက ဒီလိုထင်တာလား။ မှားတယ်၊ မင်းမှားတယ်၊ မင်းသိပ်ကို မှားနေပြီ၊ မှားတယ်ဟေ့"ဆိုပြီး နောက်ဆုံးစကားလုံးတွေကို ကြုံးအောင်ပြောလိုက်ရင်းက ဟယ်ရီ နောက်ထပ်တစ်ခွန်းမဟနိုင်ခင် အခန်းထဲက ထွက်သွားပြီး တံခါးကို ဂျိုင်းခနဲ ပိတ်ထားရစ်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီဆိုးဝါးလှတဲ့ ပက်ကျိချို အချေအတင် ပြောခဲ့ဆိုခဲ့ရပုံတွေကို ရွန်နဲ့ ဟာမီယွန်ကို ဟယ်ရီပြန်ပြောလိုက်တော့ သူတို့နှစ်ယောက်လုံးက စာနာကရုဏာထားတဲ့ လက္ခဏာ အလျှင်းမပြဘဲ နေကြတယ်။ ဟာမီယွန်ဟာ ဒီအချိန်အထိ ဘာတစ်ခုမှ မည်မည်ရရ မလုပ်လိုက်ရဘဲ အလိုလို အောင်ပွဲခံသွားနိုင်တဲ့ ဟယ်ရီ့အပေါ် အမျက်မပြေ ဒေါသပွားနေဆဲပဲ။ ရွန်ကလည်း ဟယ်ရီက သူ့အတွက် ဘီဇိုဝါတစ်ခု နိူက်ယူလာမပေးကောင်းလား ဆိုပြီး မကျေမချမ်း ဖြစ်နေတယ်။

www.burmeseclassic.com

"ငါ နှစ်ယောက်လုံးအတွက် ယူခဲ့လို့ တို့နှစ်ယောက်လုံးရဲ့ လက်ထဲမှာ တစ်ပြိုင်တည်းဆင်တူ အဲဒါတွေ တွေ့သွားမှာလောက် မိုက်မဲတာ ရှိပါဦးမလား" သည်းမခံနိုင်တော့ဘဲ စိတ်တိုလာပြီဖြစ်တဲ့ ဟယ်ရီက ပြောပစ်လိုက်တယ်။ "မင်းတို့ ကြည့်နေပါ၊ သူ့ကို ပျော့ပျောင်းလာအောင် ငါ ကြိုးစားမယ်။ ဒါဆို သူ့ကို ဗိုဒီမော့အကြောင်း ငါမေးလို့ ရပြီပေါ့။ ဟုတ်တယ် မဟုတ်လား။ မင်းတို့ သဘောပေါက်ပါတယ်နော်"လို့ပါ ထပ်ပြောလိုက်သေးတယ်။ ဒါပေမဲ့ ရွန်ကလည်း ဗိုဒီမော့နာမည် ကြားလိုက်တာနဲ့ မျက်နှာကို ရှုံ့မဲ့ထားတယ်။

သူ့ရဲ့ ကြိုးပမ်းမှုမအောင်မြင်လို့ ခံပြင်းနေရတဲ့ အထဲ ရွန်နဲ့ ဟာမီယွန်တို့ သူ့အပေါ်ထားတဲ့ သဘောထားကြောင့်ပါ ဒေါသအကြီးအကျယ် ထွက်နေတဲ့ ဟယ်ရီဟာ နောက်ရက်အနည်းငယ် ကြာအောင် ပက်ကျိချိုနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာပဲ တနုံ့နုံ့ စဉ်းစားနေမိပါတယ်။ နောက်တော့ လောလောဆယ် အနေအထားမှာ ဟော်ကရပ်စ်အကြောင်း သူလုံးလုံး မေ့ပစ်လိုက်ပြီလို့ ပက်ကျိချိုထင်လာအောင် လုပ်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ဒီနည်းနဲ့ စည်းရုံးတာဟာ တိုက်ရိုက်ရခြင်း မရှိခင် ပက်ကျိချိုကို အတွေးတစ်မျိုးပေါက်သွားအောင် သေချာပေါက်နဲ့ အကောင်းဆုံး လုပ်နိုင်မယ်လို့ သူယုံကြည်ထားတယ်။

ဟယ်ရီတွက်ထားတဲ့အတိုင်း နောက်ထပ် သူ့ကို ဘာမေးခွန်းမှ မမေးတော့ဘဲ နေပြလိုက်တဲ့အခါမှာ ပီယဆေးနဲ့ ဏ္ဍနွဇာလဆေးရည်များ ပါရဂူဆရာကြီးဟာ မာန်မတင်းနိုင်တော့ဘဲ သူ့အပေါ် အရင်လို ဖော်ဖော်ရွေရွေ ကြင်ကြင်နာနာ ပြန်ဆက်ဆံလာတယ်။ နောက် သူ့စိတ်ထဲမှာ မျိုသိပ်ထားရတဲ့ ပြဿနာကိုလည်း စာနာနားလည်လာပုံ ပေါ်လာတယ်။ ဒါပေမဲ့ ဟယ်ရီက ပက်ကျိချို သူ့အလိုအလျောက် သူ့ရဲ့ ညနေခင်းပါတီ တစ်ခုခု တက်ဖို့ ဖိတ်ကြားလာတဲ့အထိ စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေလိုက်တယ်။ အဲဒီလို ဖိတ်လာရင် သူ့မှာ ကွစ်ဒစ်ချ်ကစားဖို့ ပြန်လည်လေ့ကျင့်ရမယ့် အချိန်နဲ့ တိုက်ဆိုင်နေရင်တောင် ဖိတ်ကြားချက်ကို လက်ခံလိုက်ဖို့လည်း သူ သန္နိဋ္ဌာန်ချထားတယ်။

ဒါပေမဲ့ ကံမကောင်းစွာဘဲ ပက်ကျိချိုရဲ့ ဖိတ်စာဝေးလို့ တခြား အဲဒါနဲ့ ဆင်တူတဲ့ ဘာဖိတ်ကြားချက်တစ်ခုမှကို သူ မရခဲ့ဘူး။ ဟာမီယွန်နဲ့ ဂျင်နီတို့နှစ်ယောက်ကို အသာအကဲခတ်ကြည့်တော့လည်း ထိုနည်းလည်းကောင်းပဲ။ ဒါ့ကြောင့် ပက်ကျိချိုဟာ သူ ဟန်ပြသရုပ်ဆောင်ထားသလို ဟယ်ရီနဲ့ ပတ်သက်တဲ့ နောက်ဆုံးအဖြစ်အပျက်ကို တကယ် မေ့ဖျောက်ပစ်လိုက်တာ မဟုတ်ဘဲ ဟယ်ရီက သူ့ကို နောက်ထပ် မေးခွန်းထုတ်နိုင်အောင် အခွင့်အရေးမပေးတော့ဖို့ ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း ဆုံးဖြတ်ထားပြီးလားလို့ သူ အံ့သြစဉ်းစားနေမိတယ်။

ဒီအတောအတွင်းမှာပဲ ဟော့ဂ်ဝပ်စ်ကျောင်းကြီးရဲ့ စာကြည့်တိုက်မှာ သူမှတ်မိသရွေ့ လက်လှမ်းမီသမျှ စာအုပ်စာတမ်းတွေကို ပြန်လည်ရှာဖွေ ဖတ်ရှုခဲ့တဲ့ ဟာမီယွန်ဟာ သူမ လိုချင်တဲ့အချက်ကို လုံးဝရှာဖွေမရဘဲ ပထမဆုံးအကြိမ် ဒုက္ခတွေ့နေတယ်။ ဒါ့ကြောင့် သူမအထိတ်တလန့် ဖြစ်ပြီး ဟယ်ရီ သူမအပေါ် လူလည်ကျပြီး ရထားတဲ့ ဘီဇိုဝါတစ်ခုနဲ့ ဖြတ်ကျော်ထားလို့ စိတ်ခုဒေါသ ဖြစ်နေရတာကို မေ့သွားပြီး သူ့ကို ပြောပြလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ဟော်ကရပ်စ်တွေမှာ ဘာအာနိသင် ရှိတယ်၊ ဘယ်လို အသုံးဝင်တယ်ဆိုတာ ရှင်းပြထားတဲ့ စာတစ်ပိုဒ် တစ်ကြောင်းမပြောနဲ့၊ စာလေးတစ်လုံးတလေတောင် ငါမတွေ့ဘူးဟယ်။ ရှာတာမှ ကန့်သတ်ထားတဲ့ နေရာတွေမှာရော ရှိသမျှ စာအုပ်တွေအားလုံးထဲမှာ အကုန်ရှာတာ။ ဒါနဲ့ နင်ကကော အဲဒီ အဆိုးဆုံး အပြင်းထန်ဆုံး အဆိပ်ကိုရအောင် ဘယ်လို ချက်ရတယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ။ 'နာနာဘာဝ မှော်ပဥ္စလက်နိဒါန်း'စာအုပ်ထဲမှာလည်း မပါဘူး။ အဲဒီမှာ ရေးထားတာ ငါပြောပြမယ် နားထောင်။ 'ဟော်ကရပ်စ်ဟာ မှော်ပညာဆိုင်ရာ တီထွင်မှုများ အနက် အကောက်ကျစ်ဆုံးနဲ့ အန္တရာယ်အရှိဆုံး ဖြစ်တယ်။ ဒါ့ကြောင့် ကျွန်ုပ်တို့အနေနဲ့ အဲဒီအကြောင်းကို ပြောမည်မဟုတ်ပါ။ ညွှန်ကြားမည်လည်း မဟုတ်ပါ'တဲ့။ ငါဆိုလိုတာက အဲဒါဟာ ဘာကို ပြောချင်တာလဲ။ နောက်ထပ် အဲဒါနဲ့ ပတ်သက်ပြီး ဖော်ပြချက် ဘယ်နေရာမှာ ရှိသေးလဲ။ အဲဒါပါပဲ"

ဟာမီယွန်က ပြောပြောဆိုဆို စိတ်မရှည်နိုင်တော့ဘဲ သူမရဲ့ စာအုပ်ဟောင်းကြီးကို ဖုန်းခနဲ မြည်အောင် ဆွဲပိတ်လိုက်ရာမှာ စာအုပ်ကြီးက ပြန်ဟသွားပြီး အထဲက တစ္ဆေလိုလို ငိုသံကြီးထွက်လာတဲ့အတွက် သူမက "အို... တိတ်စမ်းပါ။ နင့်ပါးစပ် ပိတ်ထား"လို့ ပြောရင်း စာအုပ်ကို သူမရဲ့ အိတ်ထဲ ထိုးထည့်လိုက်ပါတော့တယ်။

ဖေဖော်ဝါရီလ ရောက်လာပြီဖြစ်လို့ ဟော့ဂ်ဝပ်စ်ကျောင်းကြီး ဝန်းကျင်တစ်ဝိုက်မှာ နှင်းတွေ အရည်ပျော်ကျနေတယ်။ ပြီးတော့ နှင်းတွေနေရာမှာ အေးစက်စိုထိုင်းမှုတွေက ပြန်ပြီး အစားထိုးနေရာ ယူထားပြန်တယ်။ ကောင်းကင်မှာလည်း ကျောင်းရဲ့ တိုက်ကြီးပေါ်ကမိုးပြီး ခရမ်းရောင်လိုလို တိမ်ညိုညိုတွေ ခပ်နိမ့်နိမ့် တွဲလောင်းခိုနေကြရင်းက စိမ့်နေအောင်အေးတဲ့ မိုးစက်ကလေးတွေ အဆက်မပြတ် တဖွဲဖွဲရွာကျကာ မြက်ခင်းတွေပေါ်မှာ စိုရွှဲတဲ့ ရွံ့တွေနဲ့ ပေကျံပြီး နှင်းရခက်အောင် ချောနေကြတယ်။

ဒီနေ့တော့ ဆဋ္ဌမနှစ်ရဲ့ ပထမဆုံးအကြိမ် ရုပ်သွင်အမျိုးမျိုး ဖန်ဆင်းကိုယ်ထင်ပြတဲ့ သင်ခန်းစာစတင်တဲ့ စနေနေ့တစ်နေ့ရဲ့ နံနက်ခင်းလည်း ဖြစ်လို့ ကျောင်းသားတွေအားလုံး သာမန် သင်ခန်းစာ သင်ကြားမှုကလေးကအစ အပျက်မခံနိုင်ဘဲ မြေအောက်ခန်းအစား မဟာခန်းမကြီးမှာ သင်ကြားတဲ့ သင်ခန်းစာကို စိတ်ဝင်တစား တက်ရောက်သင်ကြားနေတဲ့ နေ့လည်း ဖြစ်ပါတယ်။

ဟယ်ရီနဲ့ ဟာမီယွန်တို့ ခန်းမကြီးထဲကို ရောက်လာတော့ ရွန်က လာဗင်ဒါနဲ့အတူ ရောက်နှင့်နေပြီး ဖြစ်ပါတယ်။ ထူးခြားတာက ခန်းမကြီးထဲမှာ စားပွဲတွေမရှိဘဲ ပျောက်ကွယ်နေတာပဲ။ အပြင်မှာ ရွာနေတဲ့ မိုးစက်တွေက ခန်းမကြီးရဲ့ ပြတင်းတံခါးတွေကို လာရောက်ထိမှန် ရိုက်ခတ်နေသလို သူတို့ခေါင်းပေါ်က မြင်နေကျ ရင်ဖိုကြည်နူးစရာကောင်းတဲ့ မျက်နှာကြက်ကြီးကလည်း ကြောက်စရာကောင်းအောင် ချာလည်လည်နေတာကို တွေ့ရတယ်။ ဒီအချိန်မှာပဲ သူတို့တွေအားလုံး အဆောင်ဌာနမှူးပါမောက္ခတွေ ဖြစ်တဲ့ မက်ဂိုနာဂေါလ်၊ စနိပ်၊ ဖလစ်ဝစ်ခ်နဲ့ စပရောက်တို့ ရှေ့မှာ စုဝေးလိုက်ကြပါတယ်။ ပါမောက္ခတွေနဲ့အတူ ယခု ကိုယ်ထင်ပြ သင်ခန်းစာကို သင်ပြညွှန်ကြားမယ့် ဝန်ကြီးဌာနက နည်းပြအဖြစ် ဟယ်ရီ ရွေးချယ်ခဲ့တဲ့ မှော်ဆရာငယ် တစ်ယောက်လည်း ရှိနေတယ်။

ခက်တာက အဲဒီမှော်ဆရာငယ်ဟာ ကျန်တဲ့သူတကာနဲ့ မတူဘဲ ပါးလျတဲ့ မျက်တောင်၊ ကျိုးတိုးကျဲတဲဆံပင်နဲ့ ဘာမဟုတ်တဲ့ လေကလေးတစ်ချက် တိုးလိုက်ရင်တောင် အဲဒီလေနောက်

www.burmeseclassic.com

လွင့်ပါသွားတော့မယောင် အရောင်အဆင်း ပျောက်ကွယ်နေတာပါပဲ။ ဒါ့ကြောင့် ဟယ်ရီက ဒီဆန်းပြားတဲ့ ပျောက်ကွယ်လိုက်၊ ပြန်ပေါ်လိုက် ဖြစ်နေတာတွေဟာ တစ်နည်းနည်းနဲ့ သူတို့ကိုပါ ပျောက်ကွယ်သွားအောင် လုပ်တော့လေမလားလို့ ထင်မှား အံ့ဩနေတယ်။

"ကောင်းသော နံနက်ခင်းပါ"

ကျောင်းသားတွေအားလုံး ခန်းမကြီးထဲကို စုံစုံညီညီ ရောက်ရှိပြီးတဲ့နောက် ပါမောက္ခဌာနမှူးတွေက ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ် နေကြဖို့ ပြောအပြီးမှာ ဝန်ကြီးဌာနမှော်ဆရာငယ်ကစပြီး စကားပြောလိုက်တာပါပဲ။

"ကျုပ်နာမည်က ဝီလ်ကီတွိုင်စရော့စ်လို့ ခေါ်ပါတယ်။ ကျုပ်ဟာ ခင်ဗျားတို့ကို နောက်သီတင်းပတ် ၁၂ပတ်ကြာအောင် ရုပ်သွင်သဏ္ဍာန်အမျိုးမျိုး ဖန်ဆင်းကိုယ်ထင်ပြတဲ့ သင်ခန်းစာကို သင်ကြားပို့ချဖို့ ဝန်ကြီးဌာနကလာတဲ့ နည်းပြဆရာတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျုပ်အနေနဲ့ ဒီအချိန်အတောအတွင်းမှာ ခင်ဗျားတို့ရဲ့ ကိုယ်ထင်ပြမှုတွေကို ကြီးကြပ်စစ်ဆေးဖို့ ခင်ဗျားတို့ကို ပြင်ဆင်ပေးနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ယုံကြည်နေပါတယ်"လို့ ပြောအပြီးမှာ–

"မော်လ်ဖွိုင်း မင်း ငြိမ်ငြိမ်သက်သက်နေပြီး ပြောတာကို စိတ်ဝင်စားပါ"ဆိုတဲ့ ပါမောက္ခမက်ဂိုနာဂေါလ်ရဲ့ ဟိန်းဟောက်တဲ့ အသံထွက်လာပါတယ်။

ခန်းမကြီးထဲမှာ ရှိသမျှ လူတွေအားလုံး မော်လ်ဖွိုင်းဘက်ကို ချာခနဲ လှည့်ကြည့်လိုက်ကြတယ်။ မော်လ်ဖွိုင်းရဲ့ မျက်နှာဟာ ရှက်သွေးကြောင့် ပန်းရောင်ထနေတယ်။ သူ ချက်ချင်းလိုလိုပဲ စောစောက သူနဲ့တီးတိုး တီးတိုး ငြင်းခုံနေပုံရတဲ့ ခရက်ထံက ခွာပြီး ဒေါသတကြီး ထွက်သွားတယ်။ ဒီမှာတင် ဟယ်ရီက စနိပ်ကို ဖျတ်ခနဲ အမြန် လှမ်းကြည့်လိုက်တယ်။ စနိပ်ရဲ့မျက်နှာ စိတ်အနှောင့်အယှက် ဖြစ်ပုံပေါ်နေတယ်။ ဒါပေမဲ့ အဲဒါဟာ မော်လ်ဖွိုင်းရဲ့ ရိုင်းစိုင်းတဲ့ အပြုအမူကြောင့်ထက် ပါမောက္ခမက်ဂိုနာဂေါလ်က သူ့အဆောင် ကျောင်းသားတစ်ယောက်ကို ကြားဝင်အပြစ်တင်ဆုံးမလိုက်လို့ နာသာခံခက် ဖြစ်နေတာပဲလို့ ဟယ်ရီက သံသယရှိနေတယ်။ တိုင်ခရော့စ်က အဲဒီမှာ ဘာမှဖြစ်မနေသလို သူ့စကားကို ဆက်ပြောတယ်။

"ခင်ဗျားတို့ဟာ ဘယ်အချိန်မှာမဆို ခင်ဗျားတို့ရဲ့ စမ်းသပ်စစ်ဆေးမှုတွေကို ပြုလုပ်ဖို့ အဆင်သင့်ဖြစ်နေရမယ်။ ခင်ဗျားတို့ သိနိုင်လောက်ပါတယ်။ အစဉ်အလာအားဖြင့် ဟော့ဂ်ဝပ်စ်ကျောင်းအတွင်းမှာ နာမ်ရုပ်သွင် ကိုယ်ထင်ပြမှုနဲ့ ကိုယ်ယောင်ဖျောက်တာတွေကို လုပ်လို့မရပါဘူး။ ခု ကျောင်းအုပ်ကြီးက ဒီကြည်နူးနှစ်သက်စရာအလုပ်ကို ဟောဒီမဟာခန်းမကြီးထဲမှာပဲ ခင်ဗျားတို့ အလေ့အကျင့်ရပါစေဆိုပြီး အချိန်တစ်နာရီကြာ လုပ်ခွင့်ပေးထားပါတယ်။ ဒါ့ကြောင့် ခင်ဗျားတို့အနေနဲ့ အဲဒီလို နာမ်ရုပ်သွင် ကိုယ်ထင်ပြတဲ့၊ ဖျောက်တဲ့အလုပ်ကို ခန်းမကြီးရဲ့ နံရံတွေအပြင်ဘက်မှာ လုပ်ခွင့်မရှိဘူးဆိုတာရယ်၊ အဲဒီတော့ မလုပ်သင့် မလုပ်ထိုက်တာကိုလုပ်ဖို့ အမြော်အမြင်မဲ့ မကြိုးစားဖို့ရယ် ကျွန်တော် အလေးအနက် ပြောချင်ပါတယ်။

www.burmeseclassic.com

"ကဲ .... ခင်ဗျားတို့အားလုံး ကိုယ်စီ ကိုယ်စီ ခင်ဗျားတို့ရှေ့မှာ ငါးပေစာနေရာအကျယ်လေး ပေးလိုက်ကြပါ"

တွိုင်ခရော့စ်ရဲ့ စကားအဆုံးမှာ ခန်းမထဲမှာ ဖြန့်ခနဲ လူချင်းချဲကြ၊ တိုးဝှေ့တွန်းတိုက်ပြီး အလုအယက် နေရာယူကြတဲ့အတွက် တဝုန်းဝုန်း တဒုန်းဒုန်းမြည်သံတွေနဲ့ တစ်ယောက်ကိုတစ်ယောက် ဖယ်ခိုင်းတဲ့အသံတွေ ထွက်လာတယ်။ ဒီမှာတင် အဆောင်မှူးဆရာတွေက ကျောင်းသားတွေထဲကို တိုးဝင်သွားပြီး စနစ်တကျ ဖြစ်အောင် နေရာချပေးကြရင်း ကျွက်ကျွက်စီ ဖြစ်နေတဲ့အသံတွေကို ရပ်ခိုင်းလိုက်တယ်။

"ဟယ်ရီ နင်က ဘယ်သွားဦးမလို့လဲ"ဟာမီယွန်က မေးလိုက်တယ်။

ဒါပေမဲ့ ဟယ်ရီက ပြန်မဖြေဘဲ လူအုပ်ကြားထဲကို အမြန်တိုးသွားနေတယ်။ အရှေ့ဘက်ခပ်ကျကျ နေရာကိုပဲ လိုချင်နေတဲ့ ကျီးနက်ခြေသည်း အဆောင်ကျောင်းသားအစုကလေးကို မြည်တွန်တောက်တီးရင်း နေရာတကျဖြစ်အောင် ကြိုးစားနေတဲ့ ပါမောက္ခဖလစ်ဝစ်ခ်နဲ့ ဟတ်ဖဲလ်ပတ်ဖ် အဆောင်ကျောင်းသားတွေကို အစီအစဉ်အတိုင်း တစ်ကျီကျီပြောနေရတဲ့ ပါမောက္ခစပရောက်တို့ ရှိနေတဲ့ နေရာကို သူဖြတ်သွားတယ်။ တစ်ခါ အာနီးမက်မီလန်ရှိတဲ့ အနီးအနားကိုပါ သူရှောင်ကွင်းသွားပြီး လူအုပ်ကြီးရဲ့ အနောက်ဘက်ကျကျ မော်လ်ဖွိုင်းရဲ့ နောက်တည့်တည့်မှာ ကပ်ပြီး ဟယ်ရီ နေရာယူလိုက်တယ်။ ကရက်ဘီနဲ့ ထွေရာလေးပါး ကပေါက်ကရောက်တွေ ဆက်ပြောနေရင်း သူနဲ့ ၅ပေအကွာမှာ ရပ်နေတဲ့ မော်လ်ဖွိုင်းကို ကြည့်ရတာ ဘယ်သူ့ကိုမှ အရေးမလုပ်ဘူးဆိုတဲ့ ပုံပဲ။

"အဲဒါ ဘယ်လောက်ကြာဦးမလဲ ငါမသိဘူး" မော်လ်ဖွိုင်းက ကရက်ဘီကို တစ်ခွန်း ပြောလိုက်တယ်။ သူ့နောက်တည့်တည့်မှာ ဟယ်ရီ ရောက်နေတာကို သတိမထားမိသေးဘူး။ "အဲဒါက ငါ ထင်ထားတာထက်တောင် ပိုကြာနေတယ်"

ကရက်ဘီက ပါးစပ်ဟလိုက်ရုံ ရှိသေးတယ်။ သူ ဘာပြောမယ်ဆိုတာ ချက်ဆို နားခွက်က မီးတောက်နေတဲ့ မော်လ်ဖွိုင်းက "သွားစမ်းပါ။ ငါ့ဟာငါ ဘာလုပ်လုပ် အဲဒါ မင်းနဲ့ မဆိုင်ပါဘူး ကရက်ဘီ။ ဒီတော့ မင်းနဲ့ ဂွိုင်းနှစ်ယောက် ငါပြောတဲ့အတိုင်းသာ လုပ်ပြီး စောင့်ကြည့်နေပါ"လို့ ပြောလိုက်တယ်။

ဒီမှာတင် ဟယ်ရီကလည်း သူတို့နှစ်ယောက်ကြားလောက်တဲ့ လေသံနဲ့ "ငါကတော့ ငါ့ သူငယ်ချင်းတွေကို သူတို့ကို ငါ့အတွက် တစ်ခုခု စောင့်ကြည့်ပေးစေချင်ရင် ငါ့သဘောအတိုင်း ပြောပြလိုက်တာပဲ"လို့ ခပ်ကျယ်ကျယ်လေး ပြောလိုက်တယ်။

မော်လ်ဖွိုင်းက ဟယ်ရီရှိတဲ့နေရာကို ချာခနဲ လှည့်ကြည့်လိုက်ပြီး သူ့ဆေးကြိမ်လုံးကို ထုတ်ယူဖို့ လက်ဝဲသွားတာနဲ့ အချိန်ကိုက် အဆောင်တာဝန်ခံ ဌာနမှူးလေးယောက်ရဲ့ အော်လိုက်သံ တစ်ပြိုင်တည်း ထွက်လာတယ်။

"တိတ်ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com

အားလုံး အသံတွေ ငြိမ်ကျသွားသလို မော်လ်ဖွိုင်းလည်း ရှေ့ဘက်ကို ဖြည်းဖြည်းချင်း ပြန်လှည့်သွားတယ်။

"ကျေးဇူးတင်ပါတယ်၊ ကဲ စစို့"လို့ ပြောပြီး တွိုင်ခရော့စ်က သူ့ဆေးကြိမ်လုံးကို ဝှေ့ယမ်းလိုက်တာ ကျောင်းသားတိုင်းရဲ့ ရှေ့ကြမ်းပြင်ပေါ်မှာ သစ်သားအခွေတွေ ဘယ်လိုက ဘယ်လို ရောက်လာမှန်း မသိဘဲ ချက်ချင်း ပေါ်လာတယ်။

"နာမ်ရုပ်သွင် ကိုယ်ထင်ပြရာမှာ သတိရနေရမယ့် အရေးကြီးတဲ့အချက်တွေကို 'ရစခ'ဆိုတဲ့ အက္ခရာသုံးလုံးနဲ့ မှတ်သားရမယ်။ ရ–ရည်မှန်းချက်၊ စ–စိတ်ပိုင်းဖြတ်ချက် သန္နိဋ္ဌာန်နဲ့ ခ–ချင့်ချိန်စဉ်းစားတတ်မှုတွေပါပဲ" တွိုင်ခရော့စ်က ပြောလိုက်တယ်။

"အဆင့်တစ် ခင်ဗျားတို့ရဲ့ စိတ်ကို ဖြစ်စေချင်တဲ့ ဆန္ဒရှိတဲ့ ရည်မှန်းချက်အပေါ်မှာ တစ်ထပ်တည်းကျအောင် ကပ်ထားရမယ်။ ကဲ ခုဒီနေရာမှာတော့ ကျေးဇူးပြုပြီး ခင်ဗျားတို့အခွေတွေရဲ့ အတွင်းပိုင်းထဲကို ခင်ဗျားတို့ရဲ့ ရည်မှန်းချက်ကိုပို့ပြီး အဲဒီအပေါ်မှာ စိတ်ကို ငြိမ်နေအောင် စူးစိုက်ထားပါ" တွိုင်ခရော့စ်က ပြောလိုက်ပြန်တယ်။

ကျောင်းသားတွေအားလုံး ဘယ်လိုလုပ်နေတယ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် တစေ့တစောင်း ခိုးကြောင်ခိုးဝှက် အသာအကဲခတ်ကြည့်လိုက်ကြပြီးမှ အားလုံးပဲ တစ်ယောက်မကျန် တွိုင်ခရော့စ်ပြောထားတဲ့အတိုင်း သူတို့ သစ်သားခွေတွေရဲ့ အတွင်းပိုင်းကို ကပျာကယာ စိုက်ကြည့်နေလိုက်ကြတယ်။ ဟယ်ရီလည်း ရှေ့က သူ့သစ်သားခွေရဲ့ ဘောင်ခတ်ထားခံရတဲ့ အတွင်းက ဖုန်တက်နေတဲ့ ပိုင်းစက်စက် ကြမ်းပြင်အကွက်ကိုပဲ စိုက်ကြည့်ပြီး တခြား ဘာကိုမှ မတွေးမိအောင် ကြိုးစားနေတယ်။ ဒါပေမဲ့ ရှာဖွေဖော်ထုတ်ဖို့ လိုအပ်နေတဲ့ မော်လ်ဖွိုင်း ဘာတွေလုပ်နေသလဲဆိုတဲ့ အတွေးကို သူ ရပ်တန့်အောင် မလုပ်နိုင်တဲ့အတွက် သူ့ရဲ့ စိတ်တည်ငြိမ်မှု ရဖို့ ကြိုးစားမှုဟာ အချည်းနှီးဖြစ်နေတယ်။

"အဆင့်နှစ်" တွိုင်ခရော့စ်က ဆက်ပြောပါတယ်။ "ခင်ဗျားတို့ရဲ့ စိတ်ပိုင်းဆုံးဖြတ်ထားချက် သန္နိဋ္ဌာန်အပေါ်မှာ တွေးမြင်နိုင်စွမ်းရှိတဲ့ မနောစက္ခုအာရုံကို သိမ်းပိုက်ထားနိုင်တဲ့အထိ စူးစိုက်ထားလိုက်ပါ။ ပြီးတော့ ခင်ဗျားတို့ရဲ့ တောင့်တမှု တမ်းတချက်ကို ပြည့်နှက်နေတဲ့ စိတ်ထဲကနေထုတ်ပြီး ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း အမှုန်အမွှား ကလေးတိုင်းထဲအထိ ဝင်ရောက်သွားခွင့်ပြုလိုက်ပါ"

ဟယ်ရီက သူ့ပတ်ဝန်းကျင်ကို အသာကလေး ခိုးကြောင်ခိုးဝှက် ကြည့်လိုက်တယ်။ သူ့ရဲ့ ဘယ်ဘက် မလှမ်းမကမ်းကလေးမှာ အာနီးမက်မီလန်ဟာ သူ့ရဲ့ သစ်သားခွေနဲ့ ပတ်သက်ပြီး အကြီးအကျယ် အလေးအနက် စဉ်းစားနေဟန်နဲ့ မျက်နှာကြီး နီရဲနေပါတယ်။ သူ့ကြည့်ရတာ ကြက်ဥအရွယ် အလုံးကလေး တစ်လုံးအပေါ်မှာ ခဲရာခဲဆစ် ကတ်သီးကတ်သတ် တက်အိပ်နေရပုံနဲ့ တူနေတာကြောင့် ဟယ်ရီ အသံထွက်ပြီး ရယ်မိတော့မလို ဖြစ်သွားပြီးမှ ကမန်းကတန်း စိတ်ကို ပြန်ချုပ်တီးပြီး ကိုယ့်သစ်သားခွေအပေါ် ကိုယ်ပြန် အာရုံစိုက်နေရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အဆင့်သုံး"တွိုင်ခရော့စ်ရဲ့ အော်ပြောလိုက်သံ ပေါ်ထွက်လာတယ်။ "ကျွန်တော်အမိန့်ပေးတဲ့အချိန်နဲ့ အတိအကျမလွဲ ခင်ဗျားတို့ ရင်ထဲက ခံစားချက်တွေကို ဘာမှမရှိတဲ့ သုညအဖြစ် တည်တည်ငြိမ်ငြိမ် ပြောင်းပစ်ရပါတော့မယ်။ ကဲ … အမိန့်ပေးမယ်။ တစ်"

ဟယ်ရီက သူ့ဘေးဘီပတ်ဝန်းကျင်ကို ဖျတ်ခနဲ တစ်ချက်ထပ်ပြီး မျက်စိဝေ့ကြည့်လိုက်တယ်။ လူတွေ အကုန်လုံးနီးပါး ရုတ်ချည်း အမြန် နာမ်ရုပ်သွင်ကို ကိုယ်ထင်ပြနိုင်အောင် အမိန့်ပေးသံကို သတိနဲ့ စောင့်နေကြတယ်။

"နှစ်"

ဟယ်ရီ မနေသာတော့ဘဲ သူ့ရဲ့ သစ်သားခွေပေါ်မှာ အာရုံရောက်နေအောင် တစ်ခါ ထပ်ကြိုးစားလိုက်တယ်။ သူဟာ "သုံး"ဆိုရင် ဘာလုပ်ရမယ်ဆိုတာနဲ့ ရစခအက္ခရာ သုံးလုံးရဲ့ ဆိုလိုချက်တွေကိုတောင် မေ့သွားပါတယ်။

"သုံး"

ဟယ်ရီ သူရပ်နေတဲ့ နေရာမှာ ချက်ချင်း ချာချာလည်သွားတယ်။ ဟန်ချက်ပျက်ပြီး လဲကျတော့မလိုလိုလည်း ဖြစ်သွားတယ်။ သူတစ်ယောက်တည်း မဟုတ်ဘူး။ အားလုံး လည်နေတာ။ ပြီးတော့ ခန်းမကြီးထဲမှာ ချာချာလည်ထားလို့ ဒယီးဒယိုင် ယိမ်းထိုးယိမ်းထိုး ဖြစ်နေတဲ့ သူတွေနဲ့ ပြည့်နေပါတော့တယ်။ နက်ဗီးလ်က ကြမ်းပေါ်မှာ။ အာနီးမက်မီလန်ကလည်း ပုံစံတစ်မျိုး။ မက်မီလန်ဟာ ခြေဖျားထောက်ပြီး ဘဲလေးကသလို မွှေ့နေအောင် ချာချာလည်နေရင်း သူ့ရဲ့ သစ်သားခွေထဲကို ခုန်ဝင်လိုက်ရာမှာ အထိတ်တလန့် ဖြစ်သွားပြီးမှ သူ့ကိုကြည့်ပြီး အော်ကြီးဟစ်ကျယ် ရယ်နေတဲ့ ဒင်းသောမတ်စ်ကြောင့် ဣန္ဒြေပြန်ဆည်ဖို့ ကြိုးစားနေပါတယ်။

"ကိစ္စမရှိဘူး ကိစ္စမရှိဘူး။ ခင်ဗျားတို့ရဲ့ သစ်သားခွေတွေကို နေရာနည်းနည်း ပြင်ပေးပါ။ ဟုတ်ပြီ၊ ပြီးရင် ခင်ဗျားတို့ မူလ ကိုယ်ရှိနေတဲ့ နဂိုနေရာမှာ နဂိုပုံစံအတိုင်း ပြန်ရှိနေအောင် လုပ်ကြပါ" ဒါ့ထက်ပိုပြီး အခြေအနေ ပိုကောင်းလာမယ်လို့ မမျှော်လင့်တော့ဘဲ တွိုင်ခရော့စ်က ပြောလိုက်တယ်။

တစ်ခါ ဒုတိယအကြိမ် ကြိုးစားကြပြန်တော့လည်း ပထမအကြိမ်ထက် ပိုထူးမလာတဲ့အပြင် တတိယအကြိမ်ကြိုးစားရာမှာ ပိုလို့တောင် ဆိုးနေတာကို သူတွေ့ရတယ်။ သို့ပေမဲ့ စတုတ္ထအကြိမ် ထပ်ကြိုးစားမကြည့်ခင်မှာပဲ စိတ်လှုပ်ရှားစရာတွေ စဖန်တီးလာတော့တာပါပဲ။ နာကျင်လွန်းလို့ စူးစူးဝါးဝါး ငယ်သံပါအောင် အော်လိုက်တဲ့ အသံတစ်သံ ခန်းမထဲမှာ ပေါ်ထွက်လာလို့ တစ်ယောက်မကျန် အားလုံး ဟိုဟိုဒီဒီ လှည့်ပတ်ရှာကြည့်လိုက်တော့ ဟတ်ဖဲလ်ပတ်ဖ်အဆောင်က ဆူဆန်ဘုံးစ်ကို သူမနဂိုစလုပ်တဲ့နေရာနဲ့ ငါးပေအကွာလောက်မှာ ရောက်နေတဲ့အပြင် သူမရဲ့ သစ်သားခွေထဲမှာ ဘယ်ဘက်ခြေတစ်ချောင်းတည်းနဲ့ ရပ်နေတုန်းပဲ ရှိသေးတာကို တွေ့ရပြီး အထိတ်တလန့် ဖြစ်ကုန်ကြတယ်။

www.burmeseclassic.com

အဆောင်အကြီးအကဲ ဌာနမှူးတွေ ဆူဆန်အတွက် ခေါင်းချင်းရိုက်လိုက်ကြတယ်။ ပြီးတော့ ခန်းမကြီးထဲမှာ ဇရာမအသံကြီးတစ်သံ 'ဂျိန်း'ခနဲ ကြားလိုက်ရပြန်ပြီး ခရမ်းရောင် မီးခိုးလုံးကြီးတစ်လုံး ထွက်လာတယ်။ ဆူဆန်ဟာ သူမရဲ့ ခြေထောက်တွေ ပုံမှန်အတိုင်း ပြန်ဖြစ်သွားပေမဲ့ ကြောက်ရွံ့နေဆဲပဲ။ သူမဟာ တရှုပ်ရှုပ်နဲ့လည်း ငိုနေတယ်။

"လူတစ်ယောက်ဟာ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အလုံအလောက် ပိုင်းဖြတ်ပြီး သန္နိဋ္ဌာန်ချထားမှု မရှိတဲ့အခါ သူ့စိတ်တွေ တစ်စစီ လွင့်ပျံနေမှုသော်လည်းကောင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို ဖရိုဖရဲ ဖြန့်ထုတ်ပြီး ကိုးရိုးကားရားသော်လည်းကောင်း ဖြစ်နေတတ်ပါတယ်။ ခင်ဗျားတို့အနေနဲ့ ကိုယ့်သန္နိဋ္ဌာန်အပေါ်မှာပဲ ဆက်ပြီး စူးစူးနစ်နစ် အာရုံစိုက်ထားပါ။ ပြီးရင် ကတိုက်ကရိုက် အလောသုံးဆယ် အလျှင်းမလုပ်ဘဲ တည်တည်ငြိမ်ငြိမ် အချိန်အဆနဲ့ ဟောသလို ရွှေ့လိုက်ပါ"

"ရစခကို သတိရနေပါ။ကဲ တစ်ကြိမ် ထပ်ကြိုးစားလိုက်ကြစို့။ တစ်.... နှစ်.... သုံး"လို့ တွိုင်ခရော့စ်က ပြောလိုက်တယ်။

ဒါပေမဲ့ နောက်တစ်နာရီထပ်ကြာလာတဲ့အထိ ဆူဆန် သူမရဲ့ သစ်သားခွေထဲမှာ ကိုးရိုးကားရား ဆက်ဖြစ်နေတဲ့အတွက် သူမဖြစ်ပုံကို သူတို့အားလုံးထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်နေတယ်။ ဒါလည်း တွိုင်ခရော့စ်က စိတ်ပျက်ပုံမရဘူး။ နောက် သူက သူ့ရဲ့ ဝတ်ရုံကို လည်ပင်းအထိ စေ့ပိတ်လိုက်ပြီးမှ-

"နောက် စနေနေ့အထိ ဆက်လုပ်သွားကြမယ်။ ကဲ.... အားလုံးပဲဟေ့ ရစခဆိုတဲ့ ရည်မှန်းချက်၊ စိတ်ပိုင်းဖြတ်ချက်နဲ့၊ ချင့်ချိန်စဉ်းစားတတ်မှု သုံးချက်ကို လုံးဝမမေ့ကြနဲ့"လို့ ပြောပြောဆိုဆို သူ့ဆေးကြိမ်လုံးကို ဝှေ့ယမ်းလိုက်တာ သစ်သားခွေတွေ အကုန်လုံး ပြန်ပျောက်သွားပြီး၊ သူလည်း ခန်းမကြီးထဲကနေပါ ပါမောက္ခမက်ဂိုနာဂေါလ်နဲ့အတူ တစ်ပါတည်း ထွက်သွားပါတယ်။ ဒီမှာတင် ခန်းမကြီးထဲကလူတွေရဲ့ တစ်ယောက် တစ်ပေါက် ပြောဆိုသံတွေ ချက်ချင်းထွက်လာသလို သူတို့အားလုံးပါ တံခါးဝဆီကို ထွက်လာကြတယ်။

"မင်းက ဘယ်လို လုပ်သလဲ၊ ငါကတော့ နောက်ဆုံးအကြိမ် တစ်ချက်ထပ်ကြိုးစားလိုက်ချိန်မှာ တစ်ခုခုထူးသလို ခံစားရတယ်ကွ။ ငါ့ခြေထောက် နှစ်ချောင်းလုံး စစ်စစ် စစ်စစ် စပ်ဖျဉ်းဖျဉ်း ဖြစ်နေသလိုမျိုးကွာ"ရွန်က ဟယ်ရီ့ဆီကို အပြေးကပ်လာပြီး ပြောလိုက်တယ်။ ဒီမှာတင် ရွန်ရဲ့ နောက်ကနေ "နင့် ပတ္တူဖိနပ်တွေက သိပ်သေးလွန်းလို့ နေမှာပါ ဝမ်ဝမ်ရယ်"ဆိုတဲ့ ခနဲ့တဲ့တဲ့ အသံတစ်သံထပ်ထွက်လာပြီး ဟာမီယွန်က လှောင်ပြုံးပြုံးရင်း သူတို့ကို ဖြတ်သွားတယ်။ ဟယ်ရီက ဟာမီယွန် ကြားဝင်ပြောသွားတာကို မသိသလို သဘောထားပြီး ရွန့်ကို ပြန်ပြောလိုက်တယ်။

"ငါကတော့ ဘယ်လိုမှ မခံစားရဘူး။ ဒါပေမဲ့ ခုအချိန်မှာ ငါ အဲဒါကို ဂရုမစိုက်နိုင်ပါဘူး"

ဒီတော့-

www.burmeseclassic.com

www.burmeseclassic.com

"မင်းစကားက ဘာလဲ၊ ဂရုမစိုက်ဘူး ဟုတ်လား။ ဒါဆို ဒီနာမ်ရုပ်သွင် ကိုယ်ထင်ပြဘာသာကို မင်းမသင်ချင်ဘူးပေါ့"မယုံကြည်နိုင်သလို ဖြစ်သွားတဲ့ ရွှန်က ပြောပြန်ပါရော။

"ငါ ကြီးကျယ်တာတော့ မဟုတ်ဘူး။ တကယ်၊ ငါကတော့ ပျံ့ရတာပဲ ကြိုက်တယ်။ အဲ... ဟော့ကောင် ဟိုမှာ ကြည့်လိုက်စမ်း။ မြန်မြန် လာစမ်းပါကွာ။ ဟိုနားမှာ ငါလုပ်ချင်တာကလေး တစ်ခုရှိနေတယ်။ မင်းလိုက်မှာလား"မော်လ်ဖွိုင်း ဘယ်မှာ ရှိနေသလဲဆိုတာ ခေါင်းကို လှည့်ပတ်ရှာကြည့်ရင်း ပြောနေတဲ့ ဟယ်ရီက တံခါး၀အနား အရောက်မှာ အမြန်လျှောက်ရင်း လောလိုက်တယ်။ ဒီမှာတင် ဇဝေဇဝါနဲ့ ဦးနှောက်ခြောက်သွားတဲ့ ရွှန်လည်း ဂဠုန်ကေသရာဇာမျှော်စင်ကို အပြေးအလွှား ပြန်သွားတဲ့ ဟယ်ရီ့နောက်က ထပ်ကြပ်အမီ လိုက်လာပါတယ်။

ဒါတောင်မှပဲ လေးထပ်က တံခါးတစ်ပေါက်ကို ရောက်တော့ အဲဒီတံခါး၀ကို ပိတ်ဆို့နေတဲ့ ကျောင်းသားတစ်စုနဲ့ ဆုံမိပြီး သူတို့က ဖယ်ပေးဖို့ ငြင်းနေတဲ့အတွက် ဟယ်ရီနဲ့ ရွှန်တို့ နောက်ကြောင်း ပြန်လှည့်ပြီး သူတို့ ရှာဖွေတွေ့ရှိထားတဲ့ လျှို့ဝှက်ဖြတ်လမ်းတွေကနေ လှည့်ပတ်ဒုန်းစိုင်း လာလိုက်တာ ငါးမိနစ်အတွင်းမှာပဲ ရဲတိုက်ရဲ့ ပုံတူပန်းချီကားရှိရာ အပေါက်ကြီးကတစ်ဆင့် သူတို့ တက်သွားနိုင်တဲ့ အခြေအနေကို ရောက်သွားပါတယ်။

"ဟော့ကောင် ဟယ်ရီ။ ငါတို့ ခု ဘာလုပ်နေတာလဲဆိုတာလည်း ငါတို့ကို ပြောပါဦးကွာ"နည်းနည်း အမောဆို့လာသယောင် ဟောဟဲ ဟောဟဲ ဖြစ်နေတဲ့ ရွှန်က စိတ်တိုတိုနဲ့ မေးခွန်းထုတ်သလို ပြောလိုက်တယ်။

"ဒီက တက် ဒီက တက်"

ဟယ်ရီက မေးတာကို မဖြေအားဘဲ ကျောင်းသားများ နားနေခန်းကြီးကို ဖြတ်လျှောက်သွားပြီး ယောကျ်ားကလေးတွေအတွက် သတ်မှတ်ထားတဲ့ လှေကားအုံပေါ်ကို ရှေ့က ဦးဆောင်တက်သွားတယ်။

ဟယ်ရီ မျှော်လင့်ထားတဲ့အတိုင်း သူတို့အဆောင်ကြီးမှာ ဘယ်သူမှမရှိဘဲ ဟာလာဟင်းလင်းကြီး ဖြစ်နေတယ်။ ဟယ်ရီက သူ့အဝတ်သေတ္တာကြီးဆီ လွှားခနဲ အပြေးရောက်သွားပြီး ဆွဲဖွင့်မွှေနှောက် ရှာကြည့်လိုက်တယ်။ ရွှန်က စိတ်မရှည်တဲ့ ပုံစံနဲ့ သူ့ကို စောင့်ကြည့်နေတယ်။

"ဟယ်ရီ" ရွှန်က ဘာရယ်ညာရယ် မဟုတ်ဘဲ ရေရွှတ်သလို ခေါ်လိုက်တယ်။ ဒါပေမဲ့ သူဘာမှ မပြောရသေးခင် ဟယ်ရီက စပြောတယ်။

"မော်လ်ဖွိုင်း ခရက်ဘီနဲ့ ဂွိုင်းကို ကင်းသမားတွေအဖြစ် အသုံးချနေတာပဲ။ ခုလောက်ဆို သူ ခရက်ဘီနဲ့ အကြိတ်အနယ် အချေအတင် ပြောဆိုနေလောက်ပြီ။ ငါသိချင်တာက အဲ အဲ"

ပြောနေရင်းနဲ့ ဟယ်ရီ သူရှာနေတာကို တွေ့သွားတယ်။ ရွှန် မြင်ရတာတော့ ဘာမှရေးမထားတဲ့ သားရေပုရပိုက်ကလေးတစ်ခုကို လေးထောင့်ပုံ ခေါက်ချိုးထားတာပဲ။ ဟယ်ရီက ပုရပိုက်ကို ဆွဲဖြန့်လိုက်ပြီး သူ့ရဲ့ ဆေးကြိမ်လုံးထိပ်နဲ့ တဒေါက်ဒေါက် လိုက်ပြီး ထောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက် ချက်ချင်းလိုလို ပုရပိုက်ရဲ့ မျက်နှာပြင်ပေါ်မှာ ညာဘက်မှာ လှည့်လည်ကျက်စားတဲ့ သတ္တဝါရဲ့ မြေပုံပေါ်လာတယ်။ မြေပုံထဲမှာ ရဲတိုက်ကြီးရဲ့ အထပ်တိုင်းရဲ့ အစီအစဉ် အနေအထားတွေ၊ အနီးအနား ပတ်ဝန်းကျင်က လှုပ်ရှားသွားလာမှုတွေနဲ့ ရဲတိုက်ကြီးမှာ နေထိုင်သူတွေ တစ်ဦးချင်းကို ညွှန်ပြထားတဲ့ အနက်ရောင် အစက်သေးသေးလေးတွေကို အသေးစိတ်ဖော်ပြထားတယ်။

"မော်လ်ဖွိုင်းကို တွေ့နိုင်အောင် ငါ့ကို ကူညီပါကွာ"ဟယ်ရီက အရေးတကြီး ကတိုက်ကရိုက် ပြောလိုက်တယ်။ ပြီးတော့ မြေပုံကို သူ့အိပ်ရာပေါ်မှာ ဖြန့်လိုက်ပြီး ရွန်နဲ့ နှစ်ယောက်သား မြေပုံပေါ်မှာ ခေါင်းချင်းဆိုင် ရှာဖွေကြည့်ကြတယ်။

"ဟိုမှာ ဟိုမှာ" တစ်မိနစ် ဒါမှမဟုတ် တစ်မိနစ်သာသာ အတွင်းမှာပဲ ရွန်က တွေ့သွားပြီး ပြောတယ်။ "သူ ဆလီသီရင်အဆောင် ကျောင်းသားများ နားနေခန်းထဲမှာ ရှိနေတယ်။ ဒီမှာကြည့် သူနဲ့အတူ ပါကင်ဆန်နဲ့ ဇာဘိနီအပြင် ခရက်ဘီနဲ့ ဂွိုင်းလ် ရှိတယ်ကွ"

ဟယ်ရီက မြေပုံကိုငုံ့ကြည့်ပြီး စိတ်ပျက်သွားတယ်။ ဒါပေမဲ့ ချက်ချင်းလိုလို နဂိုအတိုင်းနီးပါး စိတ်ဓာတ်ပြန်တက်လာတယ်။

"ကောင်းပြီလေ ခုအချိန်ကစပြီး သူ့ကို ငါမပြတ် စောင့်ကြည့်နေရတော့မှာပဲ" ဟယ်ရီက သူ့စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်သလို ပြောလိုက်တယ်။ "ပြီးတော့ သူတစ်နေရာရာမှာ ချောင်းနေပြီး ခရက်ဘီနဲ့ ဂွိုင်းတို့လည်း အပြင်ဘက်မှာ စောင့်ကြည့်နေတာ ငါမြင်ရတဲ့အခိုက်အတန့်မှာ ကိုယ်ပျောက်ဝတ်ရုံဟောင်းကြီးကို ဝတ်ပြီး သူတို့ကို ငါထွက်ကြည့်မယ်။ သူ ဘာလုပ်နေသလဲဆိုတာ...."

သူ့စကား မပြတ်ခင် နက်ဗီးလ် အဆောင်ထဲကို ဝင်လာတဲ့အတွက် ဟယ်ရီက သူ့စကားကို ရပ်လိုက်တယ်။ နက်ဗီးလ်နဲ့အတူ မီးကျွမ်းထားတဲ့ ပစ္စည်းတွေရဲ့ အနံ့မျိုး စူးစူးဝါးဝါး အနံ့တွေပါလာတယ်။ ဟယ်ရီ သူ့သေတ္တာကြီးထဲမှာ ဘောင်းဘီလတ်လတ်သန့်သန့် တစ်စုံရဖို့ ထပ်ပြီး မွှေနှောက်ရှာနေလိုက်တယ်။

မော်လ်ဖွိုင်းကို မပြတ်တမ်း စောင့်ကြည့်နေမယ်လို့ စိတ်ပိုင်းဖြတ်ထားတဲ့ ဟယ်ရီဟာ နောက်ရက်သတ္တပတ်နှစ်ပတ်လုံးလုံး ကံမကောင်းဘဲ ဖြစ်နေတယ်။ သူတတ်နိုင်သလောက် မကြာခဏ မြေပုံနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုက်၊ ရုံဖန်ရုံခါ သင်ခန်းစာ သင်နေတဲ့ အချိန်တွေအတွင်း မလိုအပ်ဘဲ ရေချိုးခန်းထဲကို သွားသွားပြီး ရှာဖွေ စစ်ဆေးကြည့်လိုက် လုပ်နေတဲ့ကြားက မော်လ်ဖွိုင်းကို ဘယ်နေရာမှာမှ မသင်္ကာစရာ တစ်ကြိမ်တောင် မတွေ့ရဘဲ ဖြစ်နေတယ်။ အမှန်ပြောရရင်တော့ မော်လ်ဖွိုင်းအစား ခရက်ဘီနဲ့ ဂွိုင်းတို့နှစ်ယောက်ကိုပဲ ခါတိုင်းထက်ပိုပြီး မကြာမကြာ လူရှင်းနေတဲ့ စင်္ကြံလမ်းတွေပေါ်မှာ မလှုပ်မယှက် ရပ်နေကြတာ မြင်နေရတယ်။ ဒါပေမဲ့ အဲဒီအချိန်တွေမှာ မော်လ်ဖွိုင်းဟာ သူတို့အနီးအနား ပတ်ဝန်းကျင် ဘယ်မှာမှ မရှိသလို ဟယ်ရီရဲ့ ပုရပိုက်ပေါ်က ဒိဗ္ဗစက္ခုမြေပုံမြင်ကွင်းထဲမှာလည်း သူရှိနေတဲ့ နေရာကို လုံးလုံး ရှာမတွေ့နိုင်ဘဲ ဖြစ်နေတယ်။ ဒါဟာ ဟယ်ရီ့အတွက် လျှို့ဝှက်ဆန်းကြယ် အဖြစ်ရဆုံး အချက် တစ်ချက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဒါ့ကြောင့် မော်လ်ဖွိုင်းဟာ တကယ်မှာ ကျောင်းဝင်းထဲကနေ အပြင်ကိုသွားနေတာများလားလို့လည်း ဟယ်ရီ တစိမ့်စိမ့်တွေးကြည့်နေတယ်။ ဒါပေမဲ့ ရဲတိုက်ကြီးထဲနဲ့ ထပ်တူ ဒီလောက် လုံခြုံရေး အကြီးအကျယ် ချထားတဲ့ ကျောင်းဝင်းထဲက မော်လ်ဖွိုင်း ဘယ်လိုထွက်သွားနိုင်မလဲဆိုတဲ့ ဖြစ်နိုင်ခြေကိုလည်း သူစဉ်းစားလို့မရအောင် ဖြစ်နေတယ်။ ဒါ့ကြောင့် သူ့ပုရပိုက်ပေါ်မှာ ဒိဗ္ဗစက္ခုမြေပုံကွက်ထဲမှာ ပေါ်နေတဲ့ အစက်ကလေးရာပေါင်းများစွာထဲက သူရှာမတွေ့ဘဲ ပျောက်နေပြီဆိုတာလောက် အဆင့်ပဲ သူတွေးထင်လို့ ရပါတော့တယ်။

ဒီလိုနဲ့ပဲ သူတို့ချင်း တတွဲတွဲ မခွဲဘဲ အမြဲလိုလို နေနေကျဖြစ်တဲ့ မော်လ်ဖွိုင်း၊ ခရက်ဘီနဲ့ ဂွိုင်းတို့ ကိုယ့်လမ်းကိုယ် သွားကြတော့မယ့် အချိန်ရောက်လာသလို လူတွေလည်း အရွယ်ကလေး ပိုရလာကြတယ်။ ဒါကို သူမြင်နေရတဲ့ ရွန်နဲ့ ဟာမီယွန်တို့က သက်သေပြနေတာကို ဟယ်ရီတွေ့ရတယ်။

ဖေဖော်ဝါရီလကုန်ဖို့ နီးလာပြီး မတ်လထဲ ဝင်လုဆဲအချိန်။ လေကလေးတွေ တသုန်သုန်တဖြူးဖြူး ပြင်းပြင်းကလေး တိုက်လိုက်တာနဲ့ စိုစွတ်လာတာကလွဲလို့ ရာသီဥတုက သိပ်အပြောင်းအလဲ မရှိသေးဘူး။

မခံမရပ်နိုင် ဒေါသဖြစ်စရာကောင်းတဲ့ သတင်းတစ်ခုကို ကျောင်းသားများ နားနေခန်းကြီးရဲ့ ကြော်ငြာသင်ပုန်းတွေ အားလုံးအပေါ်မှာ ဖော်ပြထားပါတယ်။ အဲဒါကတော့ ဟော့စ်မိဒ်ခြံကြီးထဲကို နောက်တစ်ကြိမ်ထွက်မယ့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပါတယ်တဲ့။ ရွန် ဒေါသပေါက်ကွဲပြီး ရှူးရှူးရှားရှား ဖြစ်သွားတယ်။

"အဲဒါ ငါ့မွေးနေ့နဲ့ တိုက်နေတဲ့နေ့ကွ။ ငါ့မှာဖြင့် အဲဒီနေ့ရောက်လာဖို့ စောင့်လိုက်ရတာကွာ"လို့ ဆိုတော့–

"ဒါကလည်း သိပ်တော့မဆန်းပါဘူးကွ။ ကေတီပြဿနာ ဖြစ်သွားပြီးတာ ကြာမှမကြာသေးဘဲ။ မဟုတ်ဘူးလား"လို့ ဟယ်ရီက ပြောလိုက်တယ်။

သူမဟာ ခုထိ စိန့်မန်းဂိုးက ပြန်ရောက်မလာသေးပါဘူး။ ဒါတင်မကသေးဘဲ ဟော့ဂ်ဝပ်စ်ကျောင်းက ကျောင်းသားတွေရဲ့ ဆွေမျိုးမိသားစုတွေ အပါအဝင် လူအတော်များများ ပျောက်နေတဲ့သတင်းလည်း တမန်တော် နေ့စဉ်သတင်းစာကြီးထဲမှာ ပါသွားပြီး ဖြစ်နေတယ်။

"ဒါပေမဲ့ ခုတော့ ငါ့မှာ ဒီအရေးမဟုတ်တဲ့ နာမ်ရုပ်သွင် ကိုယ်ထင်ပြတာကြီးပဲ လုပ်နေရဦးတော့မယ်၊ တကယ့်မွေးနေ့ကျမှကွာ"စိတ်တိုသွားတဲ့ ရွန်က ထပ်ပြောလိုက်တယ်။

သင်ခန်းစာသုံးခုကို သူတို့ ဆက်သင်ကြရတယ်။ အဲဒီထဲမှာ နောက်ထပ် ကျောင်းသားနည်းနည်းပါးပါး ဟုတ်သလိုလို ဘာလိုလို ရှိလာတာကလွဲလို့ နာမ်ရုပ်သွင် ကိုယ်ထင်ပြ ဘာသာရပ် သင်ခန်းစာကတော့ အခက်တကာ့ အခက်ဆုံး ဖြစ်နေတယ်။ ကျန်တဲ့ လူတွေကတော့ အလဲလဲ အကွဲကွဲသမားနဲ့ အရာမရောက်သူတွေချည်းပါပဲ။ မချင့်မရဲဖြစ်ရ၊ ခံပြင်းဒေါသဖြစ်ရ စိတ်ပျက်ရနဲ့ တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com

ဝီလ်ကီတွိုင်ခရော့စ်နဲ့ သူ့ရဲ့ ရစခကြီးအပေါ် မကျေမနပ် ဖြစ်သူတွေ တိုးတိုးလာတယ်။ သူတို့က အယဉ်ကျေးဆုံး စကားလုံးနဲ့ တွိုင်ခရော့စ်ကို ပျစ်ပျစ်နှစ်နှစ် နာမည်ပြောင်တောင် ပေးထားကြတယ်။ "တစ်ထွာတစ်လံ ကိုရွှေဉာဏ်"တဲ့။ "အရှူးဘုံမြှောက် ချေးဦးနှောက်"တဲ့။

"ပျော်ရွှင်ရတဲ့ မွေးနေ့ဖြစ်ပါစေ ရွှန်။ ဒီလက်ဆောင်လေးကိုလည်း ကျေးဇူးပြုပြီး လက်ခံပေးပါ"

မတ်လာရက်နေ့ အိပ်ရာက သူတို့နိုးထလာချိန်မှာ ဟယ်ရီက ပြောလိုက်စဉ်မှာပဲ ဆီးမတ်စ်နဲ့ ဒင်းန်တို့က နံနက်စာ မစားရသေးလို့ ပူညံပူညံ လုပ်နေကြတယ်။

ဟယ်ရီက ပြောပြောဆိုဆို အထုပ်တစ်ထုပ်ကို ရွှန်ရဲ့ အိပ်ရာပေါ်က နတ်သူငယ်မှင်စာကလေးတွေ ညကလာထားပေးသွားတယ်လို့ ထင်ရတဲ့ ပစ္စည်းအပုံကလေးထဲကို ပစ်ထည့်လိုက်တယ်။ ဒီမှာတင် ရွှန်ကလည်း အထုပ်မှာပတ်ထားတဲ့ စက္ကူတွေကို ဆွဲခွာရင်း

"ဟေး... အားလုံး ပျော်နိုင်ကြပါစေကွာ။ ငါကလည်း ဆုတောင်းလိုက်ပါတယ်"ဆိုပြီး အိပ်ရေးမဝသလို ဖြစ်နေတဲ့ ငိုက်သံကြီးနဲ့ ပြန်ပြောလိုက်တယ်။

ဟယ်ရီလည်း အိပ်ရာကထလာပြီး သူ့ရဲ့ အဝတ်သေတ္တာကြီးထဲမှာ သူသုံးပြီးတဲ့အခါတိုင်း ပြန်ထားလေ့ရှိတဲ့ ဒိဗ္ဗစက္ကူမြေပုံကို မွှေနှောက် ရှာဖွေကြည့်နေတယ်။ သူက သေတ္တာထဲမှာ ရှိနေတဲ့ ပစ္စည်းတွေရဲ့ တစ်ဝက်လောက်ကို ဆွဲထုတ်ဘေးကိုပုံချပြီးမှ သူ့ရဲ့ ကျက်သရေတင့် ဖရဏာပီတိ ကံကောင်းခြင်းဆေးရည် ပုလင်းကလေး ထည့်ထားတဲ့ ခြေအိတ်အလိပ်အောက်မှာ ဝှက်ထားတဲ့ မြေပုံကို တွေ့သွားတယ်။

"ဟုတ်ပြီ"သူက တိုးတိုးကလေး ရေရွတ်လိုက်တယ်။ ပြီးတော့ ပုလင်းကလေးကို ဖွဖွကလေး အသာအယာပုတ်ပြီး "ကျွန်တော် တည်ကြည်လေးနက် သစ္စာဆိုပါတယ်။ ကျွန်တော် ကံခေ ကံညံ့နေပါတယ်"ရွတ်ဆိုရင်း ပစ္စည်းလေးကို ယူပြီး သူ့အိပ်ရာဆီ ပြန်လာတယ်။ ဒါကို အဲဒီအချိန်မှာ သူ့အိပ်ရာခြေရင်းက ဖြတ်သွားနေတဲ့ နက်ဗီးလ်တောင် ကြားလိုက်မှာ မဟုတ်ပါဘူး။

"ဒါ တော်တော်ကောင်းတဲ့ ဟာသတစ်ခုပဲ ဟယ်ရီ" ရွှန်က ဟယ်ရီ သူ့ကိုပေးတဲ့ ကွစ်ဒစ်ချ်ဂိုးဖမ်း လက်အိတ်အသစ်တစ်စုံကို ဝှေ့ယမ်းပြရင်း အားတက်သရော ပြောလိုက်တယ်။

"ပြဿနာ မရှိပါဘူးကွာ" ဟယ်ရီက ဆလီသီရင်အဆောင်ထဲမှာ မော်လ်ဖွိုင်းကို စေ့စေ့စပ်စပ် ပိုက်စိပ်တိုက် ရှာကြည့်နေတုန်းမို့ အမှုမဲ့ အမှတ်မဲ့ ပြောလိုက်ပြီးမှ ထပ်ပြောလိုက်တယ်။ "ဟေ့... ဒီကောင် သူ့အိပ်ရာထဲမှာ ရှိမယ်လို့ ငါမထင်ဘူးကွ"

ရွှန်က သူရထားတဲ့ လက်ဆောင်ပစ္စည်း အထုပ်တွေ အပတ်တွေကို ဖြေရင်း ခွာရင်းအလုပ်ရှုပ်နေတာနဲ့ ပြန်ပြောဖော်မရဘူး။ ပြီးတော့ ပစ္စည်းတွေကို ကြည့်ရင်း "ဟာ"ခနဲ "ဟင်"ခနဲ သဘောတွေ ကျနေတယ်။ "ဒီနှစ် ကံကောင်းလိုက်တာကွာ။ တကယ့်ကို တစ်ထောကြီးပဲဟေ့" သူက ကြွေးကြော်လိုက်တယ်။ တင်ပေါ် ဒိုင်ခွက်အစပ်ပတ်လည်မှာ ရိုးရိုးဂဏန်းတွေအစား ထူးထူးဆန်းဆန်း သင်္ကေတ လက္ခဏာလေးတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြထားပြီး လက်တံတွေအစား ရွေ့သွားနေတဲ့ ကြယ်ကလေးတွေပါတဲ့ ရွှေလက်ပတ်နာရီကြီးတစ်လုံးကို ကိုင်ထားရင်း သူက ပြောလိုက်ပြန်တယ်။ "ကြည့်စမ်းပါဦးကွာ။ ငါ့အဖေနဲ့အမေက ငါ့ကိုပေးတာ။ လုပ်ချလိုက်ပြန်ပြီဟေ့။ ဩော်.... ငါကလည်း နောက်နှစ်ဆိုရင် အသက်ပြည့်ပြီး အရွယ်ရောက်တော့မှာ မဟုတ်လား"တဲ့။

"ဒီကောင့်ကို ရှာရတာလည်း ကြာလိုက်တာကွာ"လို့ ညည်းညူရေရွတ်ရင်း ဟယ်ရီက ရွှန့်လက်ထဲက နာရီကို ဖျတ်ခနဲ တစ်ချက်လောက်တော့ မျက်စိဝေ့ကြည့်လိုက်ပါသေးတယ်။ ပြီးတာနဲ့ သူ ချက်ချင်းမြေပုံကိုပဲ မျက်နှာနဲ့နီးနီး ပိုကပ်ပြီး အသေအချာ ငုံ့ရှာကြည့်နေပါတယ်။ မော်လ်ဖွိုင်း ပျောက်ချင်းမလှ ပျောက်နေတယ်။ မဟာခန်းမကြီးထဲက ဆလီသီရင်တွေရဲ့ စားပွဲမှာလည်း သူ နံနက်စာစားနေတာကို မတွေ့ရဘူး။ သူ့အခန်းထဲမှာ စာထိုင်ဖတ်နေတဲ့ ပါမောက္ခစနိပ်ရဲ့ အနီးအနား ဘယ်မှာမှလည်း သူ့ကို မတွေ့ရဘူး။ ရေချိုးခန်းတစ်ခန်းခန်းမှာလည်း သူမရှိဘူး။ ဒီလို ဆေးရုံ အဆောင်မှာရော။ အဲဒီမှာလည်း သူမရှိဘူး။

"တစ်ခုလောက် စားလိုက်ပါလား" လက်ထဲမှာ ချောကလက် တစ်ဘူးကိုင်ထားရင်းနဲ့ ရွှန်က ပြောလိုက်တယ်။

"ဟေ့အေး မလိုချင်ဘူး၊ ကျေးဇူးပဲ"ဟယ်ရီက မော်လ်ဖွိုင်းကိုပဲ ဆက်ရှာနေရင်းက ပြောလိုက်တယ်။

"မင်းဟာက မပြီးနိုင်တော့ဘူးလားကွာ" ရွှန်ကပြောပြီး ပလုတ်ပလောင်း ဖြစ်နေတဲ့ သူ့ပါးစပ်ထဲကို နောက်ထပ် ချောကလက် အတုံးကြီးတစ်တုံး ထပ်ထိုးထည့်လိုက်ရင်း အဝတ်အစားလဲဖို့ အိပ်ရာထဲကနေ လျှောတိုက်ထွက်လာတယ်။"ရော့ စားစမ်းပါ။ နို့မို့ရင် နာမ်ရုပ်သွင် ကိုယ်ထင်ပြ သင်ခန်းစာကို မင်းဗိုက်ဟောင်းလောင်းနဲ့ လုပ်နေရမှာနော်။ စားလိုက်တာက ဟိုကျလုပ်ရတာ ပိုလွယ်မယ်လို့ ငါထင်တယ်ကွ"လို့ပြောပြီး ချောကလက်ဘူးကို အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်ပြီးမှ ပခုံးကို တွန့်ပြရင်း သူ့ပါးစပ်ထဲကိုပဲ တတိယမြောက် ချောကလက်တစ်တုံးကို ထိုးသွတ်လိုက်ပြန်တယ်။

ဟယ်ရီက ဒီဗွစကျွဲမြေပုံကို ဆေးကြိမ်လုံးနဲ့ အသာတို့ပြီး "တစ်လွဲပေါက်ကရတွေပဲ ဖြစ်နေပါလား"လို့ ပြောရင်း ရှာလို့ မပြီးသေးပေမဲ့ ထပြီး အဝတ်အစားလဲလိုက်တယ်။ နောက် သူ အပြင်းအထန် စဉ်းစားခန်း ထုတ်ကြည့်နေတယ်။ မော်လ်ဖွိုင်း အခါအားလျော်စွာ ပျောက်ပျောက်နေတာနဲ့ ပတ်သက်လို့ အကြောင်းပြချက် တစ်ခုတော့ ရှိကိုရှိရမှာပဲ။ ဒါပေမဲ့ အဲဒီအကြောင်းရင်းဟာ ဘာဖြစ်နိုင်သလဲဆိုတာကို သူ လုံးဝ စဉ်းစားလို့ မရနိုင်တာကလည်း ရှင်းနေတယ်။

အကောင်းဆုံးကတော့ မော်လ်ဖွိုင်းနောက်ကို သူတောက်လျှောက် နောက်ယောင်ခံ လိုက်တဲ့နည်းပဲ ရှိတော့တယ်။ ဒါပေမဲ့ အဲဒီအကြံအစည်က သူ့ရဲ့ ကိုယ်ပျောက်ဝတ်ရုံနဲ့ လိုက်ကြည့်ရင်တောင်မှ တော်တော့်ကို လက်တွေ့မကျတဲ့ အစီအစဉ်တစ်ခု ဖြစ်နေပြန်တယ်။

ဒီလိုနဲ့ ဟယ်ရီဟာ သင်ခန်းစာတွေကို တက်လိုက်၊ ကွစ်ဒစ်ချ် လေ့ကျင့်ရေးဆင်းလိုက်၊ အိမ်စာတွေကို လုပ်လိုက်၊ နာမ်ရုပ်သွင် ကိုယ်ထင်ပြဘာသာကို ကြိုးစားလုပ်ကြည့်လိုက်နဲ့ ရှိနေပြီး

www.burmeseclassic.com

www.burmeseclassic.com

သူပျောက်နေတာကိုပဲ မပေါ်လွင်စေဘဲ မော်လ်ဖွိုင်းနောက်ကို ကျောင်းအနီးပတ်ဝန်းကျင်မှာ တစ်နေ့လုံး လိုက်ကြည့်ဖို့ မဖြစ်နိုင်ဘဲ ရှိနေတယ်။

"အဆင်သင့်ဖြစ်ပြီလား" ရွှန့်ကို သူ မေးလိုက်တယ်။

သူစထွက်လာပြီး အဆောင်တံခါးဝရောက်ဖို့ လမ်းတစ်ဝက်ကို ရောက်လာတဲ့ အထိ ရွှန်က လှုပ်တောင် မလှုပ်သေးဘဲ ရှိနေတာကို သူ သတိထားမိလိုက်ပြီး လှည့်ကြည့်လိုက်တဲ့အခါမှာတော့ ရွှန်ဟာ သူ့ခုတင်တိုင်ကို မှီရင်း မိုးရေရွဲနေတဲ့ ပြတင်းပေါက်ကို ထူးထူးဆန်းဆန်း မျက်နှာထားနဲ့ ငေးကြည့်နေတာကို သူတွေ့ရတယ်။

"ရွှန် နံနက်စာ စားမယ်လေကွာ"

"ငါ မဆာဘူး"

ဟယ်ရီက သူ့ကို စိုက်ကြည့်နေတယ်။

"မင်း ခုနလေးတင်ကပဲ ငါ့ကို ပြောလိုက်သေးတယ် ထင်တယ်"

"အေးပါကွာ။ ကောင်းပါပြီ မင်းနဲ့တစ်ပါတည်း ငါဆင်းလိုက်ခဲ့ပါမယ်။ ဒါပေမဲ့ ငါ စားကို မစားချင်ဘူးကွာ" ရွှန်က သက်ပြင်းချရင်း ပြောလိုက်တယ်။

ဟယ်ရီက သူ့ကို မယုံသင်္ကာပုံနဲ့ စေ့စေ့စပ်စပ် ကြည့်နေတယ်။

"မင်းက ခုလေးတင်ပဲ ချောကလက်တွေ ဘူးတစ်ဝက်ကုန်အောင် စားထားတယ်လေ၊ မဟုတ်ဘူးလား"

"ဒါပေမဲ့ ခု ငါမစားချင်တာ အဲဒါကြောင့် မဟုတ်ဘူးကွ"ရွှန်က တစ်ခါထပ်ပြီး သက်ပြင်းချလိုက်ပြန်တယ်။ "မင်း .... မင်းကိုပြောလည်း နားလည်မှာ မဟုတ်ပါဘူး"

"အို တော်ရုံသင့်ရုံပေါ့ကွာ"လို့ ဟယ်ရီက ပြောပြီး တံခါးကို ဆွဲဖွင့်ဖို့ တစ်ဖက်ပြန်လှည့်လိုက်ပေမဲ့ စိတ်ထဲမှာတော့ ဇဝေဇဝါနဲ့ ခိုးလို ခုလုဖြစ်နေတုန်းပဲ။

"ဟယ်ရီ" ရွှန်က ဗြုန်းခနဲ ခေါ်လိုက်တယ်။

"ဘာလဲကွ"

"ဟယ်ရီ.... ငါ မဟန်နိုင်တော့ဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com

"မဟန်နိုင်ဘူး၊ ဘာကို မဟန်နိုင်တာလဲကွ မင်းဟာကလည်း" ဟယ်ရီက မရှင်းလို့ ထပ်မေးလိုက်ပေမဲ့ ပြဿနာတစ်ခုခု သေချာပေါက်ပေါ်လာပြီဆိုတာ စိတ်ထဲက အလိုလို သိလိုက်တယ်။ ရွန်ရဲ့ မျက်နှာ ဖြူဖျော့ကျသွားပြီး နေမကောင်းဖြစ်နေပြီဆိုတာ ပေါ်လွင်နေတယ်။

"ငါ သူ့အကြောင်းကို မတွေးဘဲ မနေနိုင်ဘူး။ အမြဲတမ်း သူ့ဆီပဲ စိတ်ရောက်နေတယ်ကွာ" ရွန်က ဆို့နစ်အက်ကွဲတဲ့ အသံနဲ့ ပြောလိုက်တယ်။

ဒီမှာတင် ဟယ်ရီလည်း သူ့ကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ရွန့်ဆီက ဒီစကားကြားရလိမ့်မယ်လို့ သူ လုံးဝမျှော်လင့်မထားလို့ဘဲ။ ပြီးတော့ အဲဒီစကားကို သူကြားချင်တယ် မကြားချင်ဘူး ဆိုတာတောင် မသေမချာ ဖြစ်နေတယ်။ ဒါဟာ မိတ်ဆွေတွေထဲက တစ်ယောက်ယောက်ပဲ ဖြစ်မှာပါလို့ သူတွေးနေတယ်။ ဒါပေမဲ့ တကယ်လို့ ရွန်က လာဗင်ဒါကို ရည်ညွှန်းပြီး "လာဗင် လာဗင်"လို့ နာမည်ကို ထုတ်ပြောလာပြီဆိုရင်တော့ သူ့ဘက်ကလည်း အပြတ်ပြောဖို့ ရှိနေပါတယ်။

"ဒါနဲ့ နေပါဦး။ အဲဒီတစ်ယောက်ကို သတိရပြီး တွေးနေမိတာနဲ့ မင်းနံနက်စာ မစားတာက ဘယ်လို ပတ်သက်နေလို့လဲ။ ဘာလဲ.... ဟိုက မင်းကို နံနက်စာမစားရဘူးလို့ ပြောထားလို့လား" ဟယ်ရီက စိတ်တိုတိုနဲ့ မေးလိုက်တယ်။ ပြီးတော့ ဘာဆက်လုပ်ရမယ်ဆိုတာ အကြံတစ်ခုရအောင်လည်း သူအပြင်းအထန် ကြိုးစားနေတယ်။

"သူက ငါ့ကို ရှိနေတယ်လို့တောင် မထင်သလိုပဲကွာ"ရွန်က ဇွတ်ပြောနေတယ်။

"သူက မင်းရှိတာကို သေချာပေါက် သိနေတာပဲကွ။ မင်းကိုတောင် နမ်းလိုက်သေးတယ်လေ၊ မဟုတ်လို့လား"

ရွန် ကြောင်ပြီး မျက်တောင် ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားတယ်။ ပြီးတော့ သူက မေးလိုက်တယ်။ "ဟယ်ရီ မင်းက ဘယ်သူ့ကို ပြောနေတာလဲ"

"မင်းကကော ဘယ်သူ့ကို ပြောနေတာလဲ"ဟယ်ရီကလည်း မေးခွန်းနဲ့ပဲ ပြန်ဖြေလိုက်တယ်။ သူတို့စကားတွေ တစ်ခုခု လွဲချော်နေပြီဆိုတဲ့ အသိလည်း ဟယ်ရီ့စိတ်ထဲကို ဝင်လာတယ်။

"ငါက ရိုမီလ်ဒါဗိန်းကို ပြောတာလေကွာ"ရွန်က ဖြည်းဖြည်းချင်း ပြောလိုက်တယ်။ ပြောနေရင်း သူ့မျက်နှာလည်း နေရောင်ခြည်အစစ်နဲ့ တိုက်ရိုက်ထိုးပြထားသလို ပြန်ဝင်းလက်သလိုလို ဖြစ်လာတယ်။

တစ်မိနစ် အပြည့်နီးပါးလောက် ကြာအောင် သူတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြပြီးမှ ဟယ်ရီက ပြောလိုက်တယ်။

"မင်းဟာက ရယ်စရာကြီးပါလားကွာ။ ရွန်... မင်းဟာ တော်တော်ဟာသလုပ်တဲ့ ကောင်ပဲကွ"

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး ဟယ်ရီ။ ငါ ဟာသလုပ်တာ မဟုတ်ဘူး။မဟုတ်မှ လွဲရော သူ့ကို ငါ ချစ်မိနေပြီလို့ ထင်တယ်ကွာ"ရွှန်က အထစ်ထစ် အငေါ့ငေါ့ မနည်း ကြိုးစားပြီး ညှစ်ထုတ်ရတဲ့ အသံမျိုးနဲ့ ပြောပြတယ်။

ဒီမှာတင် အသားတွေ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး အသက်မပါတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတဲ့ ရွှန့်ကို သက်သာပါစေတော့ဆိုတဲ့ စိတ်နဲ့ ဟယ်ရီက သူ့ဆီလျှောက်သွားပြီး အားပေးလိုက်တယ်။

"အိုကေ ရွှန် အိုကေ။ ကဲ မင်းဇာတ်လမ်းကို အမှန်အတိုင်း ငါ့ကို ပြောပြစမ်း"

ဒါပေမဲ့ ရွှန်က "ငါ သူ့ကို ချစ်နေပြီကွာ။ ငါ သူ့ကို ချစ်တယ်ကွာ"ဆိုတဲ့ စကားကိုပဲ အသက်မရှူ အမောတကောနဲ့ ထပ်တလဲလဲ ပြောနေသေးတယ်။ ပြီးမှ "မင်း သူ့ဆံပင်ကလေးတွေကို မြင်ဖူးလား၊ ကြည့်မိလား။ ပိတုံးရောင်လို နက်နေရုံမကဘဲ ပိုးသားကလေးလို ပျော့ပြီး ဝင်းလက်နေတယ်။ ပြီးတော့ သူ့မျက်လုံးတွေ။ နက်မှောင်ပြီး တောက်ပနေတဲ့ သူ့မျက်လုံးကြီးတွေ။ ပြီးတော့ သူ...."

"ဟေ့ကောင် မင်းက ဟာသလုပ်နေပြန်ပြီ။ မင်းပြောနေသမျှ ရယ်စရာတွေချည်းပဲကွ။ ကဲပါ အဲဒီဟာသတွေကို ဒီမှာပဲ ထားလိုက်တော့ ဟုတ်လား"ဟယ်ရီက စိတ်မရှည်တော့ဘဲ ပြောလိုက်တယ်။

ပြောပြီး သူ အဆောက်ကထွက်သွားဖို့ တစ်ဖက်ကို ပြန်လှည့်ပြီး ခြေနှစ်လှမ်းပဲ သွားလိုက်ရရုံ ရှိသေးတယ်။ ပြင်းထန်တဲ့ လက်သီးတစ်လုံး သူ့ညာဘက်နားရွက်ကို အရှိန်နဲ့လာထိပြီး သူ ဒယီးဒယိုင် ဖြစ်သွားတယ်။ သူ ကမန်းကတန်း ချာခနဲ ပြန်လှည့်ပတ်ကြည့်လိုက်တော့ ဒေါသအကြီးအကျယ် ပေါက်ကွဲပြီး မျက်နှာကြီး ရှုံ့မဲ့ထားတဲ့ ရွှန်က သူထိုးလိုက်တဲ့ လက်သီးကို ပြန်ရုပ်သွားပြီး နောက်တစ်ကြိမ် ထပ်ထိုးဖို့ ဟန်ပြင်နေတာကို တွေ့လိုက်ရတယ်။

ဟယ်ရီ့ဘက်ကလည်း သူဘာလုပ်တယ်ဆိုတာ သူကိုယ်တိုင် မသိလိုက်ခင်မှာဘဲ အလိုအလျောက် တုံ့ပြန်ပြီးသား ဖြစ်သွားအောင် လျှင်မြန်တယ်။ သူ့အိတ်ကပ်ထဲက ဆေးကြိမ်လုံးဟာ အပြင်ဘက် သူ့လက်ထဲကို ဖျတ်ခနဲ ရောက်သွားသလို၊ သူဘာမှ မတွေးတော မစဉ်းစားရဘဲ ဂါထာမန္တန်တစ်ပုဒ်ကို သူ့စိတ်ထဲမှာ အသံမထွက်ဘဲ စဆိုနေပြီးသား ဖြစ်သွားတယ်။

ဒီမှာတင် ရွှန်ဟာ တအားကြုံးအော်ရင်း သူ့ဖနောင့်တွေ ကြမ်းပြင်ကနေ ဆောင့်ဆွဲယူ ခံလိုက်ရသလို အပေါ်ကို မြောက်တက်သွားရာက လေထဲမှာ ဇောက်ထိုးကြီး ဖြစ်နေသလို၊ သူ့ဝတ်ရုံလည်း တွဲလောင်းကြီး ဖြစ်နေပါတယ်။

"မင်း ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ" ဟယ်ရီက အော်ပြီး မေးလိုက်တယ်။

"မင်း သူ့ကို စော်ကားလို့ပဲ ဟယ်ရီ။ ပြီးတော့ မင်းက ငါ အလေးအနက် ပြောတာကို ဟာသတွေပါဆိုပြီး ရယ်စရာလုပ်ပစ်ခဲ့တယ်" ရွှန်ကလည်း ပြန်အော်တယ်။ ပြီးတော့ သူ့ကိုယ်ထဲက ရှိသမျှ သွေးတွေ သူ့ခေါင်းထဲကို ဒုန်းစိုင်းပြီး စီးဝင်နေသလိုမျိုး မျက်နှာက တဖြည်းဖြည်း ခရမ်းရောင်ကို ပြောင်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါ မင်းအရူးထတာပဲ။ မင်းဟာ တကယ့် တုံးအရူးပဲ။ မင်း ဒီလို ဘာကြောင့် ဖြစ်သွားရတာလဲ" ဟယ်ရီက ပျစ်ပျစ်နှစ်နှစ် ဝေဖန်ပြီး ပြောချလိုက်တယ်။

တစ်ချိန်တည်းမှာပဲ သူ့မျက်စိတွေ ရွန်ရဲ့ အိပ်ရာပေါ်က ပွင့်လျက်သား ဖြစ်နေတဲ့ သေတ္တာတစ်လုံးဆီ ရောက်သွားပြီး ရွန် ခုလို ဝရုန်းသုန်းကား ထလုပ်အောင် လှုံ့ဆော်လိုက်တဲ့ အကြောင်းရင်းအမှန်ကို သိလိုက်ရပါတယ်။

"မင်း အဲဒီ ချောကလက်တွေကို ဘယ်ကရလာတာလဲ"

"အဲဒါ ငါ့ကိုပေးတဲ့ မွေးနေ့လက်ဆောင်လေ" တွဲလောင်းကြီး ဖြစ်နေတဲ့ ရွန်က အော်ပြီး ပြန်ဖြေတယ်။ သူက ရုန်းနေတဲ့အတွက် ဖောက်ထိုးကြီးဖြစ်နေတဲ့ သူ့ကိုယ်ကြီးက ဖြည်းဖြည်းချင်း ချာလပတ်လည်နေတယ်။ "မင်းကိုတောင် ငါ တစ်ခုလောက် စားလိုက်ပါလားလို့ ကျွေးခဲ့သေးတယ် မဟုတ်ဘူးလား"လို့လည်း သူက မခံချင်စိတ်နဲ့ ထပ်ပြောလိုက်တယ်။

"မင်း အဲဒီဘူးကို ကြမ်းပေါ်က ကောက်ယူပြီး စားခဲ့တာဖြစ်မယ်။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်လေ။ အဲဒီဘူး ငါ့အိပ်ရာဘေးကို ပြုတ်ကျသွားလို့ ငါပြန်ကောက်ယူပြီး စားတာ။ အဲဒါ ဘာဖြစ်လဲ။ ကဲ .... ငါ့ကို လွှတ်ပေးစမ်းကွာ"

"ဒီချောကလက်ဘူး မင်းရဲ့ အိပ်ရာပေါ်က ကျသွားတာ မဟုတ်ဘူး တုံး အရဲ့။ မင်း ငါပြောတာ နားမလည်သေးဘူးလား။ အဲဒါ မင်းဟာ မဟုတ်ဘူး။ ငါ့ဟာတွေ။ ငါ ဒိဗ္ဗစက္ခုမြေပုံ ရှာနေတုန်းက ငါ့အဝတ် သေတ္တာကြီးထဲက ထုတ်ပြီး ငါပစ်ချထားတာ။ ပြီးတော့ အဲဒီ ချောကလက်တွေက ခရစ္စမတ်မတိုင်ခင်က ရိုမီလ်ဒါ ငါ့ကို ပေးခဲ့တာလေ။ ချောကလက်တွေ အားလုံးထဲမှာ ပီယဆေး ခတ်ထားတာတွေချည်းပဲ"

ဒါပေမဲ့ ရွန်ဟာ ဟယ်ရီပြောလိုက်တဲ့ အဲဒီစကားတွေထဲက စကားလုံး တစ်လုံးဘဲ သူ့နားထဲ ဝင်တဲ့ပုံစံနဲ့ အငမ်းမရ ပြန်ပြောလိုက်တယ်။

"ဘာ ဘာ ရိုမီလ်ဒါ၊ ရိုမီလ်ဒါ ဟုတ်လား။ ဟေ့ကောင် ဟယ်ရီ ဒါဆို မင်း ရိုမီလ်ဒါနဲ့ သိတယ်ပေါ့။ ဒါဖြင့်ရင် ငါ့ကို သူနဲ့ မိတ်ဆက်ပေးပါလားကွာ"

ဟယ်ရီက ဖောက်ထိုးတွဲလောင်း ဖြစ်နေတဲ့ ရွန်ရဲ့ မျက်နှာကို သေသေချာချာ စိုက်ကြည့်နေတယ်။ သူ့မျက်နှာကြီးတစ်ခုလုံး ဧရာမမျှော်လင့်ချက်တွေနဲ့ ပြည့်နေပြီး ရယ်ချင်စိတ်ကိုလည်း အတင်းချုပ်တည်းထားနေရပုံ ပေါ်နေတယ်။

ဟယ်ရီ့စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတဲ့ကြားက စဉ်းစားကြည့်တယ်။ တစ်ဖက်ကကြည့်ရင် သူ့ရဲ့ ညာဘက်နားရွက်တစ်ခုလုံး တဒုတ်ဒုတ် တဆစ်ဆစ်နဲ့ ကိုက်ခဲနေအောင် သူ့ကို ထိုးခဲ့တဲ့ တုံးကို

www.burmeseclassic.com

www.burmeseclassic.com

အောက်ကိုချပေးပြီး ဆေးမပြယ်မချင်း သူ ဒေါသတကြီးနဲ့ ထင်တိုင်းကြဲလျှောက်ရမ်းပြီး ပြဿနာ ဖြစ်တာကို အသာစောင့်ကြည့်နေလိုက်ရုံပဲ။ ဒါပေမဲ့ တစ်ဖက်ကလည်း သူတို့ဟာ သူငယ်ချင်း အရင်းခေါက်ခေါက်တွေ ဖြစ်နေရုံမက၊ သူ့ကို လက်သီးနဲ့ထိုးတဲ့ အချိန်က ရွန်ဟာ သူ့ကိုယ်သူမပိုင်ဘဲ သူ ဘာလုပ်မိမှန်း မသိတဲ့စိတ်နဲ့ လုပ်ခဲ့တာမို့ ရွန့်အနေနဲ့ ရိုမီလ်ဒါအပေါ် ရာသက်ပန် အချစ်နဲ့ချစ်မိကြောင်း ထုတ်ဖော်ကြေညာနိုင်အောင် သူခွင့်ပြုလိုက်တာပဲ ကောင်းမယ်လို့ တွေးမိပြန်တယ်။

"အေး ငါမင်းကို မိတ်ဆက်ပေးမယ်"လို့ ပြောရင်း ဟယ်ရီက အမြန်စဉ်းစားဆုံးဖြတ်ပြီး "ကဲ ... ငါ ခုမင်းကို အောက်ကိုလည်း ချပေးမယ်ကွာ ဟုတ်ပြီနော်"လို့ တစ်ဆက်တည်း ထပ်ပြောလိုက်တယ်။

သူ့ရဲ့ နားရွက် မခံမရပ်နိုင်လုနီးပါး တအားနာနေတဲ့ကြားက မနေသာတော့ဘဲ ဟယ်ရီက ရွန့်ကို ကြမ်းပြင်ပေါ်ကို ပြန်ကျလာအောင် လုပ်လိုက်ရာမှာ ရွန်ဟာ ကြမ်းပြင်ကို ခြေစုံရပ်လျက် ပြန်ကျသွားပြီး ပြုံးဖြဲဖြဲလုပ်နေပါတယ်။

"သူ ပက်ကျိချို့ရဲ့ ရုံးခန်းထဲမှာ ရှိမှာပဲ"

ဟယ်ရီက တပ်အပ်အပိုင်ပြောပြီး တံခါးဆီကို ရှေ့ကထွက်သွားတယ်။

"ဘာဖြစ်လို့ သူက အဲဒီမှာ ရှိနေမှာလဲ"နောက်က အပြေးကလေး လိုက်လာတဲ့ ရွန်က မေးလိုက်ပြန်တယ်။

"ဩော်... မင်းကလည်း ပြောရတာ လက်ဝင်လိုက်တာ၊ သူက ပက်ကျိချို့နဲ့ ပီယဆေးနဲ့ ဣန္ဒြေဇာလဆေးရည်များ ဘာသာ အပိုသင်ခန်းစာတွေ သင်နေတာကွ"ဟယ်ရီက စိတ်တိုတိုနဲ့ ထွင်ပြီး ပြောထည့်လိုက်တယ်။

"ဖြစ်ပါတယ်ကွာ။ အဲဒါတွေကို ငါ သူနဲ့အတူ လုပ်ခွင့်ရမလားလို့ ငါမေးမှာပေါ့" ရွန်က စိတ်ဓာတ်တက်ကြွနေတဲ့ ပုံစံနဲ့ အားတက်သရော ပြောလိုက်တယ်။

"ဟာ တကယ့် ကြီးကျယ်တဲ့ အကြံအစည်ကြီးပါပဲကွာ"ဟယ်ရီက ပြောလိုက်တယ်။

လာဗင်ဒါဟာ ပုံတူပန်းချီကားကြီးရှိတဲ့ ဝင်ပေါက်ကြီးဘေးနားက စောင့်နေပါတယ်။ ဒါ့ကြောင့် အဲဒါဟာ ဟယ်ရီ ကြိုတင်သိမြင် မျှော်မှန်းမထားမိတဲ့ ပိုမိုခက်ခဲ ရှုပ်ထွေးမှုကြီး တစ်ခုလည်း ဖြစ်သွားပါတယ်။

"နင် သိပ်နောက်ကျတယ် ဝမ်ဝမ်" သူမကပြောပြီး နှုတ်ခမ်းကို စူထားလိုက်သေးတယ်။ ပြီးတော့ "ငါ နင့်ကို မွေးနေ့အတွက် ပစ္စည်းတစ်ခုပေးမလို့"တဲ့၊ ပြောပြန်တယ်။

"သွားစမ်းပါ၊ ငါ့ကို လာမရှုပ်စမ်းနဲ့။ ဒီမှာ ဟယ်ရီက ငါ့ကို ရိုမီလ်ဒါဗိန်းနဲ့ မိတ်ဆက်ပေးမှာမို့ သွားမလို့"

www.burmeseclassic.com

www.burmeseclassic.com

ရွှန်ဟာ နောက်ထပ် သူမကို ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ပုံတူပန်းချီကား အပေါက်ကြီးကို တွန်းဖွင့်ပြီး ထွက်သွားပါတော့တယ်။ ဟယ်ရီကတော့ လာဗင်ဒါကို အားတုံ့အားနာတဲ့ သဘောနဲ့ တောင်းပန်တဲ့ မျက်နှာအမူအရာကိုသာ ပြသနေတယ်။ ဒါပေမဲ့ သူ့မျက်နှာက တောင်းပန်တာနဲ့မတူဘဲ သဘောကျလို့ ရယ်မလိုမျိုး ဖြစ်သွားတယ်။ အကြောင်းကတော့ သူတို့နောက်မှာ အပျိုမကြီးဒေါ်ဝဖြိုးက ပန်းချီကားကို ဝုန်းခနဲ ပိတ်ပစ်လိုက်တဲ့အတွက် လာဗင်ဒါဟာ မကြုံဖူးအောင် စိတ်အနှောင့်အယှက် ဖြစ်သွားတာကို သူမြင်လိုက်ရလို့ ဖြစ်ပါတယ်။

ဟယ်ရီက ခုအချိန်မှာ ပက်ကျိချိုဟာ နံနက်စာများ စားနေမလားလို့ ထင့်ခနဲ စိတ်ပူပန်သွားသေးတယ်။ ဒါပေမဲ့ သူရုံးခန်းတံခါးကို ပထမဆုံးအကြိမ် စခေါက်ခေါက်ချင်းမှာပဲ ချက်ချင်း ပြန်ထူးခဲ့တဲ့ ပက်ကျိချိုကို အစိမ်းရောင် ကတ္တီပါ အပေါ်ဝတ်ရုံနဲ့ ညအိပ်ဝင်ခါနီးသောက်ထားတဲ့ အရက်အရှိန်ကြောင့် ရီဝေနေတဲ့ မျက်လုံးတွေနဲ့ တွေ့လိုက်ရတယ်။

"ဟာ ဟယ်ရီ မင်းလာတာ မစောလွန်းဘူးလားဟ။ ငါက စနေနေ့ ညဆိုရင် ညဉ့်နက်မှ အိပ်တတ်တယ်လေကွာ"သူက လျှာလေးအာလေး ဗလုံးဗထွေးအသံနဲ့ ပြောနေတယ်။

"ပါမောက္ခကြီးခင်ဗျား။ ဆရာ့ကို အနှောင့်အယှက်ပေးသလို ဖြစ်နေတဲ့အတွက် ကျွန်တော် တကယ် စိတ်မကောင်းပါဘူး" ဟယ်ရီက တိုးတိတ်ညင်သာနိုင်သမျှ တိုးတိတ်စွာ ပြောလိုက်ချိန်မှာ ရွှန်က ခြေဖျားကလေးထောက်၊ ပက်ကျိချိုကို ကျော်ပြီး သူ့အခန်းထဲကို မျက်စိဝေ့ကစား စပ်စုလိုက်တယ်။ ဟယ်ရီက ဆက်ပြောတယ်။ "ဒါပေမဲ့ ကျွန်တော့် သူငယ်ချင်း ရွှန်က ပီယဆေးရည်တွေ မှားသောက်မိလို့ပါဆရာ။ အဲဒီအတွက် ဆရာဖြေဆေးတစ်မျိုးမျိုး ဖော်ပေးပါလား။ ကျွန်တော် သူ့ကို မဒမ်ပွမ်ဖရေးဆီ ခေါ်သွားဖို့ပါပဲ ဆရာ။ ဒါပေမဲ့ ကျွန်တော်တို့က ဝက်စလေရဲ့ မှော်ချွဲသလိပ်များဆိုတာနဲ့ ပတ်သက်လို့ ဘာမှကို နားမလည်လို့ပါ။ ပြီးတော့ ဟော့ဂ်ဝပ်စ်ပြဿနာတွေကလည်း ရှိသေးတယ် မဟုတ်လား။ အဲဒါ ဆရာသိပါတယ်"

"ငါကတော့ အဲဒါကို ကုစားဖို့ မင်းပဲတတ်နိုင်မယ်လို့ထင်တယ် ဟယ်ရီ။ မင်းက က္လန္ဒဇာလဆေးရည်တွေနဲ့ ပတ်သက်လို့ ကျွမ်းနေပြီ မဟုတ်လား"ပက်ကျိချိုက ပြောလိုက်တယ်။

"အား" ရွှန်က သူ့နံရိုးကို တံတောင်နဲ့ တွက်ပြီး တွန်းဖယ်ရင်း အခန်းထဲကို တိုးဝင်ဖို့ ကြိုးစားလိုက်တဲ့အတွက် ဟယ်ရီဟာ ဗြုန်းခနဲ ခုလို အသံထွက်သွားပြီးမှ ဆက်ပြီး ပြောလိုက်ပါတယ်။ "ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော်က ပီယကို ပြန်ပျက်ပြယ်စေမယ့် ဖြေဆေးကို တစ်ခါမှ မဖော်စပ်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ ခု ကျွန်တော် အဲဒီဖြေဆေးကို ဖော်ရမှာဆိုတော့ ရွှန့်အနေနဲ့ တစ်ခုခုများ စိုးရိမ်စရာ ဖြစ်သွားနိုင်မလားဆရာ"

ဒီအချိန်မှာ သူ့စကားကို အထောက်အကူ ဖြစ်သွားစေတာကတော့ ရွှန်ရဲ့ ရုတ်တရက်ထပြီး ညည်းညူလိုက်တဲ့ အသံပဲ ဖြစ်ပါတယ်။ "ဟယ်ရီ ငါ သူ့ကိုလည်း မမြင်မတွေ့ရပါလားကွာ။ သူပုန်းများ ပုန်းနေရော့သလား"

www.burmeseclassic.com

"ဒါနဲ့ နေပါဦး၊ သူက ဒီပီယဆေးကို ဒီနေ့ပဲ သောက်မိတာလား"ခုမှပဲ ပက်ကျိချိုက ရွှန့်ကို သတ်သတ်မှတ်မှတ် စိတ်ဝင်တစားကြည့်ပြီး မေးလိုက်တယ်။ ပြီးတော့ ဆက်ပြောတယ်။ "ဒီဆေးက သူကိုယ်ထဲမှာ ရှိနေသမျှ အာနိသင်ပြနေဦးမှာပဲ"တဲ့။

ဒီတော့ ဟယ်ရီ ဟင်းခနဲ ရင်ထဲက လေပူတွေကို မှုတ်ထုတ်လိုက်ပြီး မောဟိုက်တဲ့ အသံနဲ့ ပြန်ပြောတယ်။ နောက်ပြီး ပက်ကျိချိုကို ရွှန် မတိုက်မိ မထိခိုက်မိအောင် သူ့ကို မိမိရရ ဖက်ပြီး ထိန်းချုပ်ထားရသေးတယ်။ "ပြောရရင်တော့ အရှည်ကြီးပဲ ဆရာ။ ဒီနေ့ဟာ သူ့ရဲ့ မွေးနေ့လေ"

"အို... ဟုတ်လား၊ ကောင်းပြီ ကောင်းပြီ၊ လာလာ ဝင်ခဲ့ကြ။ ဒီက ငါ့အိတ်ထဲမှာ လိုအပ်တာတွေ အကုန်ရှိတယ်။ ဒါက သိပ်ခဲရာခဲဆစ် ဖြေဆေး မဟုတ်ပါဘူးကွာ" ပက်ကျိချို သူ့ရုံးခန်းထဲကို ဝင်ဖို့ ဖိတ်ခေါ်ရင်း တောင်းပန်တဲ့ လေသံနဲ့ ပြောပါတယ်။

ဒီမှာတင် အရူးတစ်ယောက်လို ဂနာမငြိမ် ဖြစ်နေတဲ့ ရွှန်ဟာ ဝုန်းခနဲ ကမူးရှူးထိုး တံခါးပေါက်ကို ဖြတ်ဝင်ပြေးလိုက်တာ ပက်ကျိချို ဒေါသဖြစ်စရာ ကောင်းအောင် သူ့ကိုရော ခြေတင်တဲ့ ခွေးခြေခုံပုကလေး တစ်လုံးကိုပါ ခလုတ်ဝင်တိုက်လဲတော့မလို ပြိုတော့မလို ဖြစ်သွားတယ်။ ဒါပေမဲ့ ရွှန်က မလဲအောင် ဟယ်ရီ့ရဲ့ လည်ပင်းကို ဖမ်းဆွဲဖက်ပြီး သူ့ကိုယ်သူ ဟန်ချက်ညီအောင် ပြန်ထိန်းလိုက်ရင်းက "ဘယ်မှာလဲ .... ဘယ်မှာလဲ။ သူ့ကိုလည်း ငါ မမြင်ရပါလား။ မင်းကော သူ့ကို တွေ့လား"လို့ မနားတမ်း ပေါက်ပေါက်ဖောက် မေးနေပါတယ်။

"ခုထိတော့ သူဒီမှာ မရှိသေးဘူးကွ" ဟယ်ရီက သူ့ကိုဖြေရင်း ပက်ကျိချိုကို သူ့ရဲ့ ဆေးရည်ဖော်စပ်မယ့် ပစ္စည်းကလေးကိုဖွင့်၊ နောက် တို့တို့တိတိ ဟိုဟာ ဒီဟာ ကလေးတွေကို ကောက်ယူပြီး ဖန်ပုလင်းကလေး တစ်လုံးထဲ ထည့်လိုက်တာ မြင်နေရတယ်။

"ဟာ အဲဒါ သိပ်ကောင်းတာပေါ့"လို့ ရွှန်က အားတက်သရော ဝင်ပြောရင်း ပက်ကျိချိုကို မေးလိုက်ပြန်တယ်။ "ဘယ်လိုလဲ ကျွန်တော်က ရုပကာ သားနားရဲ့လား ဆရာ"တဲ့။

"သိပ်ချောတာပေါ့ကွာ" ပက်ကျိချိုကလည်း အလိုက်သင့် အေးအေးကလေး ပြန်ဖြေပြီး ရွှန်ရဲ့ လက်ထဲကို ကြည်လဲ့နေတဲ့ အရည်တစ်ဖန်ခွက်ကို ထည့်ပေးလိုက်တယ်။ "ကဲ .... အဲဒါကို သောက်သာချလိုက်။ အဲဒါ အာရုံကြောတွေအတွက် အားဆေးတော်နစ်ပဲ။ သူရောက်လာချိန်မှာ မင်း ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးဆေးဆေး ကလေး ဖြစ်နေအောင် လုပ်ပေးလိမ့်မယ်။ သိတယ်နော်"လို့လည်း ပြောလိုက်တော့ ရွှန်ဟာ ဖြေဆေးရည်တွေကို ဂွပ်ခနဲ ဂွပ်ခနဲ မြည်အောင် တစ်ချက်တည်း သောက်ချလိုက်ပါတော့တယ်။

"အမယ်လေး ကောင်းလိုက်တာ။ လက်ဖျားခါလောက်တယ်"လို့ သူကပြောလိုက်သေးတယ်။

ရွှန့်ကို ဟယ်ရီနဲ့ ပက်ကျိချို စောင့်ကြည့်နေတယ်။ တစ်အောင့်ကြာတော့ ရွှန်က သူတို့နှစ်ယောက်ကို အားပါးတရ ပြုံးပြလိုက်တယ်။ နောက် သူ့ရဲ့ အူမြူးတက်ကြွနေတဲ့ စပ်ဖြဲဖြဲအပြုံး တဖြည်းဖြည်း လျော့ကျလာပြီး ပျောက်ကွယ်သွားချိန်မှာ ရွှန်ဟာ အရမ်းကို ထိတ်လန့်နေတဲ့ အမူအရာနဲ့ ကျန်ရစ်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ.... နဂိုအတိုင်း ပြန်ကောင်းသွားပြီ"လို့ ဟယ်ရီက ပြုံးပြုံးကြီး ပြောလိုက်တော့ ပက်ကျိချိုဟာ တခိုးခိုးတခစ်ခစ် ရယ်နေပါတယ်။

"ကျေးဇူးတင်ပါတယ် ပါမောက္ခကြီး"ဟယ်ရီက ထပ်ပြောလိုက်တယ်။

"မလိုပါဘူး၊ ရပါတယ် ငါ့ကောင်ကလေးရယ်၊ ပြောစရာမလိုပါဘူးကွာ"

ရွှန်က နီးရာလက်တန်းပါ ကုလားထိုင်တစ်လုံးပေါ်မှာ ပုံကျသလို ခြေပစ်လက်ပစ် ထိုင်နေတယ်။ ဝမ်းနည်းပက်လက် ဖြစ်နေပုံလည်း ရတယ်။ ဒီမှာတင် ပက်ကျိချိုက အလိုက်တသိနဲ့ "ကဲ .... ကဲ သူ့အတွက် လိုအပ်နေမယ်ထင်တယ်။ ကဲကဲ အမောပြေ အပန်းပြေ လန်းဆန်းသွားအောင် နည်းနည်းပါးပါး သောက်လိုက်ပါဦး"လို့ဆိုပြီး သောက်စရာတွေ တစ်ပုံတစ်ခေါင်းကြီး တင်ထားတဲ့ စားပွဲတစ်လုံးမှာ ဟိုလုပ်ဒီလုပ်နဲ့ အလုပ်ရှုပ်နေတယ်။ ပြီးတော့ သူကပဲ "ငါက ထောပတ်ဘီယာကို သောက်တယ်။ ဝိုင်လည်း သောက်တာပဲ။ ခု ငါဒီနောက်ဆုံး နှစ်ချို့အပြင်းစား ဝက်သစ်ချအရက် တစ်ပုလင်းကို သောက်နေတာ။ သဘောကတော့ ခရစ္စမတ်အတွက် ဒမ်းဘဲလ်ဒိုးကို ရည်စူးပြီး သောက်တာပေါ့ကွာ။ ကဲကဲ ဟုတ်ပါပြီ"လို့ ပြောပြီး ပက်ကျိချိုက သူ့ပခုံးကို တွန့်ပြလိုက်တယ်။

ပက်ကျိချိုဟာ စကားတွေ အများကြီး ပြောနေတယ်။ "ကဲ ...... သူ မန္တဲခဲ့ဖူးသေးတဲ့ အတွေ့အကြုံကလေးကို သူဘယ်လက်လွတ်ခံလို့ ဖြစ်ပါ့မလဲကွာ။ လာ ငါတို့ မစ္စတာ ဝက်စလေရဲ့ မွေးနေ့ပွဲကလေးကို ဒီမှာပဲ ဖွင့်ပြီး ကျင်းပလိုက်ရအောင် ဟုတ်လား။ ဒီမှာ ရင်ထဲမှာ နင့်နင့်နဲနဲ ခံစားစရာတွေ၊ အချစ်အတွက် စိတ်ပျက်အားငယ်စရာတွေ ဘာမှ မရှိဘူးလို့ သဘောထားလိုက်"

သူက ဟက်ဟက်ပက်ပက် အားပါးတရ ရယ်ချလိုက်တာ ဟယ်ရီလည်း ရောယောင်ပြီး လိုက်ရယ်နေတယ်။ နောက်ပြီး ဒါဟာ ပက်ကျိချိုဆီက မှတ်ဉာဏ်အစစ်ကို ရရှိဖို့ ပထမဆုံးအကြိမ် ကြိုးစားစဉ်က ဒုက္ခသုက္ခတွေ ရောက်ခဲ့ပြီးနောက်ပိုင်း သူ့အနေနဲ့ ပက်ကျိချိုနဲ့ နှစ်ယောက်တည်းလို့ ပြောရလောက်နီးနီး ပထမဆုံးအကြိမ် ထပ်ဆုံရတဲ့ ပွဲကလေးလည်း ဖြစ်နေတယ်။ ဒီနေရာမှာ ဟယ်ရီ့အနေနဲ့ ပက်ကျိချိုစိတ်ကောင်းဝင်လာအောင် လုပ်နိုင်ကောင်း လုပ်နိုင်မှာဖြစ်သလို၊ သူတို့အားလုံး နှစ်ချို့ဝက်သစ်ချ အရက်အရှိန်ကလေးနဲ့ မျှောလိုက်ပြီး အဆင်ပြေရင်လည်း ပြေသွားနိုင်တယ်။

"ဟေ့ ဟေ့ ဒီမှာ မင်းတို့ခွက်အလှည့်ကွ"

ပက်ကျိချိုက သူ့ခွက်ထဲကို ထပ်မဖြည့်ခင် ဟယ်ရီနဲ့ ရွှန်ကို အရက်တစ်ဖန်ခွက်စီ ကမ်းပေးလိုက်တယ်။
"အေးကွ၊ အလွန်ကို ပျော်စရာကောင်းတဲ့ မွေးနေ့ဖြစ်ပါစေ။ ရာ ရာ ရာ ရာ"

ပက်ကျိချိုဟာ ရွှန်ရဲ့ နာမည်ကိုတောင် ပီပီသသ ခေါ်နိုင်စွမ်း မရှိအောင် အရှိန်ရလာနေတယ်။

"ရွှန်" ဟယ်ရီက တိုးတိုးကလေး ကပ်ခေါ်လိုက်ခါ ရှိသေးတယ်။ ဒါပေမဲ့ အရက်ခွက် ပြိုင်တူမြှောက် ဆုတောင်း ပတ္တနာပြုဖို့လောက်တောင် ကြားဟန်မတူသော ရွှန်က သူခေါ်တာကို အရေးမလုပ်ဘဲ

www.burmeseclassic.com

ဖန်ခွက်ထဲက ရှိသမျှ အရက်တွေကို သူ့ပါးစပ်ထဲ အကုန်လောင်းထည့်ပြီး တစ်ရှိန်ထိုး သောက်ချပစ်လိုက်တယ်။

ဒီမှာတင် နှလုံး တစ်ချက်ခုန်စာလောက်တောင် မကြာနိုင်တဲ့ တစ်စက္ကန့်ပိုင်း အချိန်ကလေးအတွင်း ဒီနေရာမှာ ကြောက်ရွံ့ ထိတ်လန့်ဖွယ်ကောင်းအောင် တစ်ခုခုတော့ မှားယွင်းနေပြီဆိုတာကို ဟယ်ရီ သိလိုက်တယ်။ ဒါပေမဲ့ အဲဒါကို ပက်ကျိချို ကိုယ်တိုင်တောင် သိပုံမပေါ်ဘူး။

"ဟေ့ မင်းတို့တွေ သောက်နိုင်မယ်ဆိုရင် ထပ်ရနိုင်သေးတယ်နော်။ အများကြီး အများကြီး"

"ရွန်" ပက်ကျိချိုက အားလေးလျှာလေးနဲ့ ခေါ်လိုက်တယ်။

ရွန်က သူ့ဖန်ခွက်ကို ချထားလိုက်တယ်။ သူ သူ့ကုလားထိုင်ကန ထမရ ကြွမရ ပုံစံနဲ့ အားယူထလိုက်ပြီးမှ ဖင်ထိုင်လျက် ပြန်ကျသွားတယ်။ သူ သူ့ကိုယ်သူ မထိန်းနိုင်လောက်အောင် အမူးလွန်နေတယ်။ သူ့ပါးစပ်ကနေ သွားရည်တွေ အမြှုပ်တွေလည်း ထွက်ပြီး စီးကျနေတယ်။ ပြီးတော့ သူ့မျက်လုံးတွေပါ မျက်လုံးအိမ်ထဲက ကြွတက်ပြီး ဖောင်းကားလာနေတယ်။

"ပါမောက္ခကြီး" ဟယ်ရီက ထပြီး ကြုံးအော်လိုက်တယ်။ "တစ်ခုခု အမြန်လုပ်ပါဦး"

ဒါပေမဲ့ ပက်ကျိချို ကိုယ်တိုင်လည်း လေဖြတ်သလို မလှုပ်နိုင် မရှားနိုင် ဖြစ်နေပြီ။ ရွန် အကြောဆွဲသလို ဆန့်ငင်ဆန့်ငင် ဖြစ်လာပြီး အသက်ရှူမရဘဲ ဆို့နေတာကြောင့် သူ့အသားတွေပါ ပြာနှမ်းလာတယ်။

"ဘာလဲ ဘာလဲ ဘာဖြစ်တာလဲ ဒါပေမဲ့ကွာ"ပက်ကျိချိုဟာ ထစ်ငေါ့ထစ်ငေါ့တောင် ဆက်မပြောနိုင်ဘဲ ဖြစ်နေတယ်။

ဟယ်ရီက သူ့စားပွဲပုတစ်လုံးပေါ်ကို ဖြတ်ခုန်ကျော်လွှားပြီး ပက်ကျိချိုရဲ့ ပွင့်နေတဲ့ ဆေးရည်ခွက်ရှိရာကို ဒုန်းစိုင်းပြေးသွားတယ်။ ပြီးတော့ ခရားတွေနဲ့ရော အိတ်တွေနဲ့ပါ ဖြေဆေးရည်တွေကို ဆွဲထုတ်ယူနေဆဲမှာပဲ ရွန်ရဲ့ ပလုတ်ကျင်းသလို တစ်ဂူးဂူး တစ်ဂဲဂဲ မြည်နေတဲ့ အသက်ရှူသံဟာ တစ်ခန်းလုံးကို လွှမ်းသွားပါတယ်။

အဲဒီမှာပဲ ဟယ်ရီဟာ ပက်ကျိချို သူ့ထံက ယူသွားတဲ့ ရှုံ့တွနေတဲ့ ကျောက်ကပ်နဲ့တူတဲ့ ကျောက်တုံးကို ဆေးရည်တွေထဲမှာ တွေ့လိုက်ရပါတော့တယ်။

သူ ရွန့်ရဲ့ နံဘေးကို တစ်ဟုန်ထိုး ပြန်ပြေးသွားတယ်။ ပြီးတော့ ရွန်ရဲ့ မေးရိုးကို တစ်အားဆောင့်ဆွဲဖြဲပြီး ဖွင့်လိုက်ပြီး ဘီဇိုဝါကလေးကို သူ့ပါးစပ်တဲ ထိုးထည့်လိုက်တယ်။ ရွန်ဟာ အကြီးအကျယ် တသိမ့်သိမ့် တုန်ခါနေပြီးမှ ဟောဟဲလိုက် အသံမြည် အသက်ရှူရှိုက်ရင်း သူ့ခန္ဓာကိုယ်ဟာ ပျော့ခွေငြိမ်သက်သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

အခန်း (၁၉)
နောက်ယောင်ခံမယ့် နတ်သူငယ် မှင်စာများ

"ဒီလိုဆိုတော့ အားလုံးကို ခြုံကြည့်လိုက်ရင် အဲဒီနေ့ဟာ ရွန်ရဲ့ ပိုမိုထူးခြား ကောင်းမွန်တဲ့ မွေးနေ့တစ်နေ့ မဟုတ်တော့ဘူးပေါ့နော်" ဖရက်ဒ်က ပြောလိုက်တယ်။

ဒီနေ့ ညနေပိုင်းမှာ ဟော့ဂ်ဝပ်စ်ကျောင်းကြီးရဲ့ ဆေးရုံအဆောင်မှာ တိတ်ဆိတ် ငြိမ်သက်နေတယ်။ ပြတင်းတံခါးတွေမှာလည်း ကန့်လန့်ကာတွေ ချထားတယ်။ ဆေးရုံထဲမှာ လူနာဆိုလို့ ခုတင်ပေါ်က ရွန်တစ်ယောက်ပဲ ရှိတယ်။ ဟယ်ရီ၊ ဟာမီယွန်နဲ့ ဂျင်နီတို့လည်း သူ့ခုတင်ဘေးပတ်လည်မှာ ရှိနေကြတယ်။

သူတို့တွေ တစ်နေ့လုံး ရွန့်ကို ထားတဲ့ တံခါးနှစ်ထပ်နဲ့ အခန်းရဲ့ အပြင်ဘက်မှာ စောင့်ဆိုင်းရင်း လူတွေ အခန်းထဲကို တစ်ယောက်ပြီးတစ်ယောက် အဝင်အထွက် လုပ်တိုင်း အထဲက အခြေအနေကို လှမ်းလှမ်းကြည့်ပြီး သိနိုင်အောင် ကြိုးစားနေခဲ့ကြတယ်။ ည ၈နာရီထိုးမှ မဒမ်ပွမ်ဖရေးက သူတို့ကို အခန်းထဲကို ဝင်ခွင့်ပြုလိုက်တာပါပဲ။ ဖရက်ဒ်နဲ့ ဂျော့ကတော့ ည၁၀နာရီကျော်မှ ရောက်ကြတယ်။

"ခုဟာက ငါတို့လက်ဆောင်ကို လွှဲပေးတာနဲ့ ပတ်သက်လို့ ပြန်စဉ်းစားတာ မဟုတ်ဘူး" ဂျော့က ဟောဟောဒိုင်းဒိုင်း ပြောရင်း အပတ်တွေ ပတ်ထားတဲ့ ဧရာမ လက်ဆောင်ထုပ်ကြီးတစ်ခုကို ရွန်ရဲ့ လူနာခုတင်ဘေးက ဆေးရုံသုံး ဗီရိုပေါ်ကို တင်လိုက်ပြီး ဂျင်နီရဲ့ ဘေးမှာ ဝင်ထိုင်လိုက်တယ်။

"အေးကွ။ ငါတို့လည်း ကြည့်လိုက်ရော သူက သတိလစ်နေပြီ"ဖရက်ဒ်က ဝင်ပြောလိုက်တယ်။

"တို့က သူ့ကို အံ့အားသင့်သွားအောင် လုပ်ဖို့ ဟော့ဂ်စမိဒ်ကနေ စောင့်နေတာကွ"လို့ ဂျော့က ပြောတော့-

"ဟင် နင်တို့ ဟော့ဂ်စမိဒ်မှာ ရှိနေတာ ဟုတ်လား"လို့ ဂျင်နီက သူ့ကို မော့ကြည့်ပြီး မေးလိုက်တယ်။

"တို့က ဇွန်ကိုဆီက ပစ္စည်းတွေဝယ်ဖို့ စဉ်းစားနေတာ။ ဟော့ဂ်စမိဒ်ဌာနခွဲ တစ်ခုပေါ့။ နင်သိပါတယ်။ ဒါပေမဲ့ ရက်သတ္တပတ်ကုန်နေ့တွေမှာ နင်တို့တွေ ထွက်ခွင့်ရလို့ ငါတို့ပစ္စည်းတွေ ထပ်ပိုဝယ်ဖို့ အပြင်ထွက်ခွင့်ရခဲ့ရင် သိပ်ကိုကောင်းမှာကွာ။ ဒါပေမဲ့ ခုတော့ အဲဒါတွေ စိတ်ထဲမထားပါနဲ့တော့"ဖရက်ဒ်က စိတ်ပျက်ပျက်နဲ့ ဝင်ပြောလိုက်ပြန်တယ်။ ပြီးတော့ ဟယ်ရီ့ဘေးက ကုလားထိုင်တစ်လုံးကို ဆွဲယူထိုင်ပြီး ဖြူဖျော့အားနည်းနေတဲ့ ရွန်ရဲ့ မျက်နှာကို ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“အဲဒါ ဘယ်လို ဘယ်လို ဖြစ်တာလဲ။ ဟယ်ရီ ငါ့ကို တိတိကျကျ ပြောပြစမ်းပါကွာ”

ဟယ်ရီက အဖြစ်အပျက် ဇာတ်လမ်းကို ပြန်ပြောပြလိုက်တယ်။ သူ အဲဒီလို ပြန်ပြောခဲ့ရပြီးတာ ဒမ်းဘဲလ်ဒိုး၊ မက်ဂိုနာဂေါလ်၊ မဒမ်ပွမ်ဖရေး၊ ဟာမီယွန်နဲ့ ဂျင်နီတို့ကို ပြောပြခဲ့ရတာနဲ့ပါဆိုရင် အကြိမ် ၁၀၀လောက် ရှိနေပြီလို့လည်း စိတ်ထဲမှာ ခံစားလိုက်ရတယ်။

“အဲဒီနောက်တော့ ငါလည်း ဘီဇိုဝါတစ်လုံးကို သူ့လည်ချောင်းထဲကျသွားအောင် ထည့်လိုက်ရော သူအသက်ရှူလို့ အတော်ကလေး ရသွားတယ်။ ပက်ကျီချိုကလည်း အပြေးအလွှား ကူညီတယ်။ နောက် မက်ဂိုနာဂေါလ်နဲ့ မဒမ်ပွမ်ဖရေးတို့လည်း ရောက်လာတယ်။ ပြီးတော့ ရွန့်ကို ဒီလိုယူလာခဲ့ကြတာပဲ။ သူတို့ကတော့ ရွန် ပြန်ကောင်းလာမှာပဲလို့ ယူဆထားတယ်။ မဒမ်ပွပ်ဖရေးက ပြောတယ်။ သူတစ်ပတ် ဒါမှမဟုတ် အဲဒီရက်လောက်တော့ ဒီမှာ နေရမယ်တဲ့။ မချိမဆန့် ခံစားနေရတာတွေ ပျောက်သွားတဲ့အထိပေါ့ကွာ”

“ဟာ မင်း ဘီဇိုဝါကို သွားစဉ်းစားမိတာ ကံကောင်းတာပေါ့ကွာ” ဂျော့က တော်ပါသေးရဲ့ဆိုတဲ့ လေသံမျိုးနဲ့ တိုးတိုးကလေး ပြောလိုက်တယ်။

“ကံကောင်းစရာတစ်ခုက အခန်းထဲမှာ ရှိနေတယ်လေ”

တကယ်လို့သာ သူလက်တွေကို ကျောက်တုံးကလေးအပေါ် တင်ပေးလိုက်နိုင်စွမ်း မရှိခဲ့ရင် ဘာတွေ ဖြစ်လာမလဲဆိုတာကို သွေးအေးအေးနဲ့ စဉ်းစားမိခဲ့တဲ့ ဟယ်ရီက ပြောလိုက်တယ်။

ဟာမီယွန်က မကြားတကြား မပွင့်တပွင့် ပင့်သက်တစ်ချက် ရှိုက်လိုက်တယ်။ သူမဟာ ထူးထူးခြားခြား တစ်နေ့လုံးလုံး တိတ်ဆိတ်နေတယ်။ မျက်နှာဖြူဖပ်ဖြူရော်နဲ့ ဆေးရုံဆောင်အပြင်ဘက်မှာ ဟယ်ရီ့နောက်က ကတိုက်ကရိုက် တစ်ရှိန်ထိုး တောက်လျှောက်ကပ်ပါပြီး ဘာဖြစ်တာလဲဆိုတာ မေးရင်း သိဖို့ ကြိုးစားနေတယ်။ ပြီးတော့ ရွန် ဘယ်နည်းဘယ်ပုံ အဆိပ်မိသွားတဲ့အကြောင်း ဟယ်ရီနဲ့ ဂျင်နီတို့ အကြီးအကျယ် ဆွေးနွေးပြောဆိုရာမှာလည်း လုံးဝနီးပါး ဝင်မပါဘဲ အသံတိတ်နေတယ်။ ဒါပေမဲ့ သူတို့ဘေးမှာ ရပ်နေပြီး နောက်ဆုံး သူတို့တွေ ရွန့်ကို ဝင်ပြီး ကြည့်ခွင့်ရတဲ့ အချိန်အထိ မေးရိုးတွေတင်းနေအောင် အံကြိတ်လိုက်၊ ထိတ်လန့်ကြောက်ရွံ့နေသလို ဖြစ်လိုက်နဲ့ ရှိနေခဲ့တယ်။

“အဖေနဲ့အမေကော သိပြီးပြီလား” ဖရက်ဒ်က ဂျင်နီ့ကို မေးလိုက်တယ်။

“သူတို့က လာတောင်ကြည့်သွားပြီးပြီ။ စောစောက နင်တို့ထက် တစ်နာရီလောက်စောပြီး ရောက်လာကြတယ်။ ခု သူတို့ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းထဲမှာ ရှိနေတယ်။ ဒါပေမဲ့ တော်ကြာ ပြန်တော့မှာ”

အဲဒီနောက် အိပ်ပျော်နေတဲ့ ရွန်က ဗလုံးဗထွေးနဲ့ တစ်လုံး နှစ်လုံး ဟိုပြော ဒီပြောအသံထွက်လာလို့ သူတို့အားလုံး ဝိုင်းစောင့်ကြည့်နေရင်း အခန်းထဲမှာ ခေတ္တခဏ ငြိမ်သက်တိတ်ဆိတ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ အဆိပ်ကသောက်တဲ့အထဲမှာ ပါတာလား" ဖရက်ဒ်က တိုးတိုးကလေး မေးလိုက်တော့ ဟယ်ရီက "အေး ဟုတ်တယ်"လို့ ချက်ချင်း ပြန်ဖြေလိုက်တယ်။ နောက်ပြီး ဒီအကြောင်းကို တစ်ခါ ပြန်စဆွေးနွေးဖို့ အခွင့်အလမ်းပေါ်လာတဲ့အတွက် ဝမ်းသာသွားပြီး တခြား ဘာမှ မစဉ်းစားနိုင်တော့ဘဲ ဆက်ပြောလိုက်တယ်။

"အဲဒီအဆိပ်ဟာ ပက်ကျိချိုင့်ထည့်ပေးတဲ့ အထဲမှာ ပါလာတာပဲ"

"နေစမ်းပါဦး။ သူက မင်းမမြင်ဘဲ ရွန့်ရဲ့ ဖန်ခွက်ထဲကို တစ်ခုခုထည့်လိုက်လို့ ရနိုင်မှာမို့လား"

"ဖြစ်ကောင်း ဖြစ်နိုင်တာကို ငါပြောပြတာပါ။ ဒါပေမဲ့ ပက်ကျိချိုက ရွန့်ကို ဘာလို့ အဆိပ်ခတ်ရတာလဲကွာ" ဟယ်ရီက ပြောလိုက်တယ်။

"အဲဒါတော့ ငါလည်း မပြောတတ်ဘူးကွ" ဖရက်ဒ်ကပြောရင်း မျက်မှောင်ကုတ် စဉ်းစားနေတယ်။ ပြီးတော့မှ "အဲ.... သူက ဖန်ခွက်ချင်း မှားပြီး ပေးလိုက်တာလို့ ရော မင်းမထင်မိဘူးလား။ အဓိပ္ပာယ်ကတော့ သူ အဆိပ်ခတ်တာ ရွန့်ကို မဟုတ်ဘူး။ မင်းကိုဟေ့ မင်းကို"

"ဟာ ပက်ကျိချိုက ဘာဖြစ်လို့ ဟယ်ရီ့ကို အဆိပ်ခတ်ရမှာလဲဟဲ့" ဂျင်နီက ဝင်ပြောလိုက်တယ်။

"အဲဒါတော့ ငါမသိဘူး" ဖရက်ဒ်က ပြောလိုက်တယ်။ "ဒါပေမဲ့ ဟယ်ရီ့ကို အဆိပ်ခတ်ချင်နေသူတွေကတော့ ရှိကိုရှိနေရမယ်ကွာ။ မရှိနိုင်လို့လား။ သူက "ပြိုင်ဘက်ကင်း လက်ရွေးစင်နံပါတ်တစ်"လေကွာ"

"ဒါဖြင့်ရင် ပက်ကျိချိုဟာ မရဏစားစုန်းတစ်ကောင်လို့ နင်က ထင်တာလား"ဂျင်နီက မေးပြန်တယ်။

"ဘာမဆို ဖြစ်နိုင်တာချည်းပဲ"ဖရက်ဒ်ကလည်း ပြတ်ပြတ်ပဲ ပြောလိုက်တယ်။

"သူဟာ စေလိုစေ အမိန့်အတိုင်း စေခိုင်းသမျှ လုပ်အောင် ဩဇာလွှမ်းမိုးတဲ့ ကျိန်စာနဲ့ ထိန်းချုပ်ခံထားရတာ ဖြစ်နိုင်တယ်"လို့ ဂျော့ကပြောတယ်။

"ဒါမှမဟုတ် သူဟာ ဘာမှမသိတဲ့ အပြစ်ကင်းစင်သူလည်း ဖြစ်နိုင်ပါတယ်ဟယ်" ဂျင်နီက ကာကာဆီးဆီး ပြောလိုက်တယ်။ "အဆိပ်က ပုလင်းထဲမှာ နဂိုကတည်းက ရှိချင်လည်း ရှိနေနိုင်တာပဲ။ ခု ဒီကိစ္စမှာ ပက်ကျိချိုကိုယ်တိုင်လည်း ပစ်မှတ်ဖြစ်ရင် ဖြစ်နေနိုင်တယ်"

"ဒါဖြင့်ရင် ပက်ကျိချိုကို သတ်ချင်နေတာ ဘယ်သူဖြစ်နိုင်သလဲ"

"ဒမ်းဘဲလ်ဒိုး ထင်ထားတာတော့ ဗိုဒီမော့က ပက်ကျိချိုကို သတ်ပစ်ချင်နေတယ်လို့ ဆိုတယ်" ဟယ်ရီက ပြောလိုက်တယ်။ "ပက်ကျိချိုဟာ ဒီဟော့ဂ်ဝပ်စ်ကို မလာခင် တစ်နှစ်လောက် ပုန်းနေတယ်လို့ သိရတယ်။ ပြီးတော့....."ဒီနေရာမှာ သူက ဒမ်းဘဲလ်ဒိုးဟာ ပက်ကျိချိုဆီက မှတ်ဉာဏ်ကိုရအောင်

www.burmeseclassic.com

ထုတ်မယူနိုင်တာကို တွေးမိပြီး ဆက်ပြောတယ်။ "ပြီးတော့ ဗိုဒီမော့ကလည်း သူ့ကို သတ်ချင်နေတာ ဖြစ်နိုင်တာပဲ။ ဒီမှာတင် ဗိုဒီမော့က သူဟာ ဒမ်းဘဲလ်ဒိုးအတွက် တန်ဖိုးရှိတဲ့ လူ ဖြစ်နိုင်တယ်လို့ ယူဆတာပဲ ဖြစ်မယ်"

"ဒါပေမဲ့ နင်ပဲ ပြောခဲ့တယ်လေ။ ပက်ကျိချိုဟာ အဲဒီ ဖန်ပုလင်းကလေးကို ခရစ္စမတ်အတွက် ဒမ်းဘဲလ်ဒိုးကို ပေးဖို့ စီစဉ်နေတယ်ဆို။ ဒါဆိုရင် အဆိပ်ခတ်သူဟာ ဒမ်းဘဲလ်ဒိုးရဲ့ နောက်ပိုင်းကျမှ ဖြစ်နိုင်မှာပေါ့"ဂျင်နီက ဝင်သတိပေးလိုက်ပါတယ်။

"နောက် အဆိပ်ခတ်တဲ့သူဟာ ပက်ကျိချိုကို ကောင်းကောင်းမသိတဲ့သူ ဖြစ်ရမယ်"တစ်ချိန်လုံး နှာစေးနေသလို ရေငုံနှုတ်ပိတ်နေတဲ့ ဟာမီယွန်က ပထမဆုံးအကြိမ် ဝင်ပြောလိုက်တယ်။ "ပက်ကျိချိုကို တကယ်သိတဲ့လူ မှန်သမျှ သူဟာ အရသာရှိတဲ့ တစ်စုံတစ်ခုကို သူ့အတွက် သိမ်းထားတတ်တယ်ဆိုတာ သိနေပြီး အခွင့်အရေး တစ်ပန်းသာနေမယ်လေ"

"အာ... မီ.... ယင်"

အဲဒီအခိုက်မှာ သူတို့ကြားမှာ ရှိနေတဲ့ ရွှန်က တုန်ယင်ဟိုက်မောတဲ့ အသံနဲ့ ရေရွတ်လိုက်လို့ သူတို့အကုန်လုံး မီးကို ရေနဲ့ဖျန်းလိုက်သလို တိတ်သွားပြီး သူ့ကို စိုးစိုးရိမ်ရိမ် ဝိုင်းပြီး စောင့်ကြည့်နေတယ်။ ဒါပေမဲ့ သူက ခဏလောက်ပဲ ဗလုံးဗထွေးနဲ့ ဘာမှန်းမသိတာတွေကို လျှောက်ပြောပြီး တခေါခေါနဲ့ ဟောက်နေပါတော့တယ်။

ဒီမှာတင် အဆောင်တံခါးတွေ ဝုန်းခနဲ ပွင့်သွားတဲ့အတွက် သူတို့အကုန်လုံး လန့်ဖျပ်ပြီး ထခုန်လိုက်တယ်။ ဟက်ဂရစ် သူတို့ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ ဝင်လာတယ်။ သူ့ဆံပင်တွေမှာလည်း မိုးစက်မိုးပေါက်တွေနဲ့။ သူ့ရဲ့ ဝက်ဝံသားရေ ကုတ်အင်္ကျီရှည်ကြီးက ဖတ်လပ်ဖတ်လပ်နဲ့ နောက်ကို လွင့်နေတယ်။ သူ့လက်ထဲမှာ ဒူးလေးကြီးတစ်လက်ကို ကိုင်ထားပြီး ပြူးပြူးပြဲပြဲ လျှောက်လာတာ သူ့နောက်မှာ ကြမ်းပြင်တစ်ခုလုံး ရွှံ့တွေကပ်နေတဲ့ လင်းပိုင်လောက်အရွယ် သူ့ခြေရာကြီးတွေ ထင်ကျန်နေခဲ့တယ်။

"ဟာဂွာ.... ဒနေ့လုံး ဒေါထဲမှာ ပျတ်တနာဒွေနဲ့ ချုပ်နေဒါဘဲ။ အရာဂေါ့ရဲ့ အဂျေအနေကလည်း အဖိုးဖုံးကို ရောက်နေဒယ်။ ဒါနဲ့ တူ့ဂို လုပ်ဂိုင်ပေးနေရာဒါဘော့။ တူက ဂုထိအိပ်ရာကဒေါင် မထနိုင်ဘူးလေ။ အဲ.... ဗာမော့ခ ဇဗရောက်က ရွှန့်အဂျောင်းကို ငါ့ကို ဖျောဗျဒယ်။ ဂု တူဘယ်လို နေဒေးလဲ"

ဟက်ဂရစ်က ဟောဟဲလိုက်တဲ့အသံနဲ့ မပီမသ အမောတကော ပြောလိုက်တယ်။

"မဆိုးပါဘူး။ သူတို့က သူပြန်ကောင်းလာမှာပါတဲ့"ဟယ်ရီ ဖြေလိုက်တယ်။

"တစ်ကြိမ်ကို လူနာမေး ဖြယောက်ထက် မကျော်ရဘူးလေ" မဒမ်ပွမ်ဖရေးက သူမရဲ့ ရုံးခန်းထဲကနေ အပြေးထွက်လာပြီး ပြောလို့ "ဟက်ဂရစ်ပါမှ ဖြယောက်တည်းပါ"ဆိုပြီး ရော့က ရေပြလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အို... ဟုတ်သားပဲ"ဟက်ဂရစ်ရဲ့ ကိုယ်လုံးကြီးက ကြီးလွန်းလို့ လူတွေအများကြီးလို့ ထင်မိတဲ့ မဒမ်ပွမ်ဖရေးက ပြောလိုက်တယ်။ ပြီးတော့ သူမ မှားသွားတာကို ပြန်ထေတဲ့အနေနဲ့ ကမန်းကတန်း ကြမ်းပေါ်မှာ ရွှံ့တွေနဲ့ ညစ်ပတ်ထင်နေတဲ့ ဟက်ဂရစ်ရဲ့ ခြေရာတွေကို ပျောက်သွားအောင် သူမရဲ့ ဆေးကြိမ်လုံးအစွမ်းနဲ့ ဖျောက်ပစ်လိုက်တယ်။

"ငါဒေါ့ တူဒို့ဖျော်ဒါမယုံဘူး"ရွှန့်ကို ငုံ့ပြီး စိုက်ကြည့်နေရာက ရှုပ်ပွဖွာလန်ကျဲနေတဲ့ သူ့ခေါင်းကြီးကို ခါယမ်းလိုက်ပြီး ဟက်ဂရစ်က အသံအက်ကြီးနဲ့ ပြောလိုက်တယ်။ "ဟိုမှာဂျိလေ။ တူလှဲအိပ်နေဘုံဂျီးက ဟုတ်မှမဟုတ်ဒါ။ ငါကဒေါ့ မယုံဘူးဂွာ။ ဘဒူဂများ တူ့ဂို ဒုက္ခဗေးဂျင်ဒါပါလိမ့်"

"ခုလည်း ကျွန်တော်တို့ အဲဒီအကြောင်းပဲ ဆွေးနွေးနေကြတာပေါ့။ ကျွန်တော် တို့မသိဘူး"ဟယ်ရီက ပြောလိုက်တယ်။

"ဂျွန်ဂေတရာဇာ ကွစ်ဒစ်ချ်အတင်းအဘော်မှာ မနာလိုဝန်ဒို ဖြစ်နေဒဲ့ ဒယောက်ယောက် ရှိမနေနိုင်ဘူးလား။ ရှိဂျင်ရှိနေမာ။ ဗဒမ ကေတီဖြစ်ဒယ်ကွာ။ ဟော ရွှန်ဖြစ်ဗျန်ဘီ" ဟက်ဂရစ်က စိုးရိမ်ပူပန်တဲ့ အသံနဲ့ ပြောလိုက်တယ်။

"ကျွန်တော်ကတော့ ကွစ်ဒစ်ချ် အသင်းတစ်သင်းလုံး ပျက်သွားအောင် ဖျက်ဆီးပစ်ဖို့ ကြိုးစားနေတဲ့ သူအနေနဲ့ ဘယ်တစ်ယောက်ကိုမှ စဉ်းစားလို့ မပေါ်ဘူး"ဂျော့က ပြောလိုက်တယ်။

"ငါကတော့ ဝုဒ်ဟာ အခွင့်အရေးရရင် ဆလီသီရင်တွေအတွက် အဲဒီလိုလုပ်ပေးကောင်း လုပ်ပေးလိမ့်မယ်ထင်တယ်ကွ" ဖရက်ဒ်က မျှမျှတတနဲ့ မတင်မကျ ပြောလိုက်တယ်။

"မဟုတ်သေးဘူး၊ ငါကတော့ ကွစ်ဒစ်ချ်ကြောင့်လို့ မထင်ဘူး။ ဒါပေမဲ့ အဲဒီတိုက်ဆိုင်မှု နှစ်ခုကြားမှာ ဆက်စပ်မှု ရှိနေမယ်လို့ ငါထင်တယ်" ဟာမီယွန်က အေးအေးဆေးဆေး ပြောပြတယ်။

"နင်က ဘာဖြစ်လို့ အဲဒီလို ပြောနိုင်တာလဲ" ဖရက်ဒ်က ပြန်မေးတယ်။

"ပြောနိုင်တာကတော့ဟယ် ပထမအချက်၊ သူတို့နှစ်ယောက်လုံး သေနိုင်တာချည်းပဲ။ ပြီးတော့မှ တကယ့်ကို ကံကောင်းလို့ မသေကြတာ။ နောက်တစ်ချက်ကတော့ အဆိပ်ရော လည်ဆွဲပါ နှစ်ကြိမ်လုံး သူတို့ တကယ်သတ်ဖို့ ရည်ရွယ်တဲ့ လူကို မထိခဲ့ဘူး။ ဟုတ်တယ် မဟုတ်လား" ဟာမီယွန်က ပြောပြီး အားငယ်တဲ့အသံနဲ့ ဆက်ရှင်းပြတယ်။ "ဒီတော့ အဲဒီဖြစ်ရပ် နှစ်ခုနောက်ကွယ်ကလူက တစ်နည်းတစ်လမ်းအားဖြင့် ပိုပြီး အန္တရာယ်ကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သူ့တို ပစ်မှတ်ထားတဲ့ တကယ့်သားကောင်အစစ်ကို မသတ်နိုင်၊ ဒုက္ခမပေးနိုင်မချင်း ကျန်တဲ့မဆိုင်တဲ့လူ ဘယ်လောက်များများ ဒုက္ခရောက်သွားသွား ဂရုစိုက်မှာ မဟုတ်လို့ပဲ"

ဟာမီယွန်ရဲ့ စိတ်မသက်မသာစရာ နိမိတ်မကောင်းတဲ့ ဒီထင်မြင်ပြောဆိုချက်ကို တစ်ဦးတစ်ယောက်ကမှ တုံ့ပြန်ပြီး တစ်စုံတစ်ရာ မပြောဆိုနိုင်ခင် ဆေးရုံဆောင်ကြီးရဲ့ တံခါးတွေ နောက်တစ်ကြိမ် ဝုန်းခနဲ

www.burmeseclassic.com

ပွင့်သွားကြပြန်ပြီး မစ္စတာ ဝက်စလေနဲ့ မစ္စဝက်စလေတို့ ဆေးရုံအခန်းထဲ ရောက်လာကြပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် နောက်ဆုံး လူနာခန်းထဲကို ဝင်လာတဲ့ သူတို့နှစ်ယောက်အနေနဲ့ ရွှန် အပြည့်အဝ ပြန်လည်သတိရလာပြီး အခြေအနေ ကောင်းမွန်နေတာ မြင်ရလို့ အားရကျေနပ် ဖြစ်ရတာကလွဲပြီး ဘာမှ ပိုတိုးမလုပ်နိုင်ကြပါဘူး။ ဒါပေမဲ့ ဒီကြားထဲကပဲ မစ္စဝက်စလေဟာ ဟယ်ရီ့ကို ကိုင်တွယ်ဆွဲယူပြီး တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်ပါတယ်။ ပြီးတော့ "ဒမ်းဘဲလ်ဒိုးက ငါတို့ကို ပြောပြလိုက်ပါတယ်။ မင်း သူ့ကို ဘီဇိုဝါနဲ့ ဘယ်လို ကြိုးစားပြီး ကယ်တင်ခဲ့တယ် ဆိုတာပေါ့" ဆိုပြီး တစ်ရှုပ်ရှုပ်နဲ့ ရှိုက်ငိုနေပါတယ် မစ္စဝက်စလေက မနားတမ်း ပြောနေတယ်။ "အို... ဟယ်ရီရယ်။ တို့တွေ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ မင်း ပထမဆုံး ဂျင်နီကို ကယ်ခဲ့တယ်။ နောက် မင်း အာသာကို ကယ်ခဲ့တယ်။ ခုလည်း မင်း ရွှန်ကို ကယ်လိုက်ပြန်ပြီလေ"

"ဒါတွေမပြောပါနဲ့တော့ ကျွန်တော် ဒီလို လုပ်ပေးရလို့ သိပ်ကို ကျေနပ်ပါတယ်" ဟယ်ရီကလည်း သူ့ကို မစ္စဝက်စလေက သိပ်ကို အလေးထားပြီး ပြောနေလို့ အားတုံ့အားနာနဲ့ မနေတတ် မထိုင်တတ် ဖြစ်ပြီး တစ်တွတ်တွတ် ပြောနေတယ်။

"ငါတို့ မိသားစု ထက်ဝက်ဟာ မင်းပေးတဲ့ အသက်တွေပဲ ရှိပါတော့တယ်။ ငါမပြောတော့ဘဲ ဒီအကြောင်းနဲ့ ပတ်သက်လို့ ခုလို စဉ်းစားမိတယ်ကွယ်"မစ္စဝက်စလေက မချိတင်ကဲအသံနဲ့ ဖျစ်ညှစ်ပြီး ပြောလိုက်တယ်။ "အေးပါကွယ်၊ ခု ငါပြောနိုင်တာကတော့ ဟယ်ရီရယ် ..... ရွှန်က ဟော့ဂ်ဝပ်စ် အမြန်ရထားကြီးပေါ်မှာ မင်းရဲ့ တွဲခန်းထဲမှာ ထိုင်ပြီး လိုက်ပါဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် ဒီနေ့ဟာ ဝက်စလေမိသားစုအတွက် မင်္ဂလာရှိတဲ့ ကံကောင်းတဲ့နေ့ တစ်နေ့ ဖြစ်သွားပြီး ဆိုတာပါပဲကွယ်"

ဟယ်ရီဟာ မစ္စဝက်စလေရဲ့ စကားကို ဘယ်လိုပြန်ပြောရမှန်းကို မစဉ်းစားတတ်အောင် ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူတို့ကို ရွှန်ရဲ့ အိပ်ရာနံဘေးမှာ လူနာမေးသူ ဖြယောက်ထက် မပိုပါစေနဲ့လို့ မဒမ်ပွမ်ဖရေးက ထပ်မံပြီး လာရောက် သတိပေးလိုက်တဲ့အတွက်တော့ သိပ်ကို ဝမ်းသာသွားတယ်။ ဒီမှာတင် သူနဲ့ ဟာမီယွန် ချက်ချင်းထလိုက်ကြပြီး ထွက်လာရာမှာ ဟက်ဂရစ်ကလည်း ရွှန့်ကို သူ့မိသားစုနဲ့ပဲ ရှိပါစေတော့လို့ ဆုံးဖြတ်ပြီး သူတို့နှစ်ယောက်နဲ့အတူ ထွက်လိုက်လာတယ်။

"ဒါဟာ ဒေါ့ဒေါ့ကို ကြောက်စရာဝေါင်းဒဲ့ ဖြစ်ရပ်ဘဲဂွ"သူတို့ သုံးယောက်သား ဝရန်တာစင်္ကြံတစ်လျှောက် စကျင်ကျောက်နဲ့ ပြုလုပ်ထားတဲ့ လှေကားအုံကြီးဆီကို လျှောက်လာနေရင်း ဟက်ဂရစ်ရဲ့ မကျေမနပ်ပြောဆိုသံ သူ့ပါးမြိုင်းမွေး မုတ်ဆိတ်မွေးတွေအောက်ကနေ ထွက်လာတယ်။ "လုပ်ထားတဲ့ လုံခြုံရေး အစီအမံသစ်တွေနဲ့ လူငယ်ကျောင်းသား ကျောင်းသူတွေ ထိခိုက်နစ်နာနေတယ်။ ဒမ်းဘဲလ်ဒိုးလည်း အခြေအနေကို အထူး စိုးရိမ်နေတယ်။ ဒါပေမဲ့ သူက သိပ်မပြောတော့ ငါက ပြောနေရတာပေါ့ကွာ။ ပြီးတော့ ငါပြောနိုင်တာ ရှိသေးတယ်"

"သူက ဘာလုပ်လို့ ဘာကိုင်မယ်ဆိုတာ အကြံမရတော့ဘူးလား ဟက်ဂရစ်ရယ်" ဟာမီယွန်က ဒရောသောပါး ဝင်မေးလိုက်တယ်။

"ငါထင်ဒါဒေါ့ တူအင်္ဂျမရတာ မဟုတ်ဘူး။ ရလိုက်တမှ အကြံအစည် အခုပေါင်း ၁၀၀-၂၀၀ မဂဒေါင်ရနိုင်ဒယ်။ သူ့ဦးနှောက်ဂျီးနဲ့ဂွာ။ မင်းဇင်းဇားဂျီပေါ့" ဟက်ဂရစ်က အာခေါင်သံကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်တယ်။ “ဒါဘေမဲ့ လည်ဆွဲကို ဘယ်ဒူပို့လိုက်ဒယ်ဆိုဒါနဲ့ ဝိုင်ထဲမှာ ဘယ်ဒူ အဇိပ်ခတ်လိုက်ဒယ် ဆိုတာတော့ တူသိပုံမရဘူးလို့ ငါတံတယရှိဒယ်။ မဟုတ်ရင် တူဒို့ကို လိုက်ဖမ်းနေရဘီ။ အဲဒါ ငါဓိုးရိမ်နေဒဲ့ အချက်ဘဲ”

ဟက်ဂရစ်ကပြောရင်း သူ့ပခုံးကိုကျော်ပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မျက်နှာကြက်ကို မော့ကြည့်ပြီး ပီးဗက်စ်ကို စစ်ဆေးကြည့်နေတဲ့ ဟယ်ရီ့ကို တွေ့ရတယ်။ သူက ဆက်ပြောတယ်။ “အင်း ဟော့ဂ်ဝပ်စ်မှာ လူငယ်ဒွေ ချာတိတ်ဒွေ ဘယ်လောက်ဂျာအောင် ဆက်ဗီးအဒိုက်အဂိုက် ဂံနေရအုန်းမယ်မတိဘူး။ လျှို့ဝှက်အဖွဲ့တွေလည်း ဂျောင်းထဲမှာ နေရာအနှံ့ဖြစ်နေတယ်။ ရှတ်ရှတ်တဲတဲ ဂျီးလန့်ဇာဇားဖြစ်နဲ့။ ဂလေးဒွေကို ဂျောင်းကပြန်ခေါ်တွားတဲ့ မိဘတွေလည်း တိုးတိုးလာဒယ်။ ဒါဒင်မကဒေးဘူး။ နောက်တစ်ဂု ချိဒေးဒယ်။ မင်းတိဒယ်မဟုတ်လား။ ဂျောင်းအုပ်ဂျုပ်ရေး အဖွဲ့လေ....”

ဟက်ဂရစ်ပြောနေတုန်း အနားက အသာအယာ အေးအေးဆေးဆေး ဖြည်းဖြည်းကလေး ဖြတ်သွားတဲ့ ဆံပင်ရှည်ဖားလျားကြီးနဲ့ တစ္ဆေမတစ်ကောင်ကြောင့် သူ့စကားကို ခဏရပ်ထားပြီးမှ ပြန်ဆက်တယ်။

“အဲ... ဂျောင်းအုပ်ဂျုပ်ရေးအဖွဲ့က ဂျောင်းကို ပိတ်ပစ်ဖို့တောင် ဆွေးနွေးကြလိမ့်မယ်”

“လုံးဝ မဖြစ်နိုင်ပါဘူး”ဟာမီယွန်က ပြန်ပြောပြီး စိုးရိမ်တကြီး ဖြစ်နေပုံရတယ်။

“တူဒို့ဘက်ဂ ကြည့်ဒေါ့လဲ ဟုတ်တလိုလိုပေါ့ဂွယ်” ဟက်ဂရစ်က လေးလေးကြီး ပြောချလိုက်တယ်။ “ငါဓိုလိုဒါဂ မိဘတွေဂ ကလေးဒွေကို ဂျောင်းကို ဗို့ရဒါ အန်ဒယယ်နဲ့ ဂဇားရဒလို အမြဲဒန်း ကျွန့်ဂျားရဒဲ့ အလုပ်ဂျီး ဖြစ်နေဒယ်။ မဟုတ်ဘူးလား။ မင်းလည်း မဒေါ်ဒဆ ဘာများဖြစ်မလဲ တစ်ထင့်ထင့်ပူနေဒါဗဲ မဟုတ်ဘူးလား။ အရွယ်မရောက်ဒေးဒဲ့ ရာပေါင်းများဇွာဒေါ မှော်ဆရာဂလေးတွေ အဂုံလုံး အဒူဒဂွ ဒီမှာ လှောင်ဗိတ်မိနေဒယ်။ ပြီးတော့ လူသတ်မှုကျူးလွန်ဘို့ ဂျိုးဇားဒေးတယ်။ အဲဒါ ခြားနားချက်ဗဲ။ ဒီတော့ ဒမ်းဘဲလ်ဒိုးက စနိပ်ဂို ချိတ်ဂျိုးဒါ အဆန်းမဟုတ်ပါဘူး”

ဟက်ဂရစ်က သွားနေရင်း ရပ်လိုက်တယ်။ ရှုပ်ထွေးနေတဲ့ သူ့မုတ်ဆိတ်ကြီး အပေါ်ဘက်က သူ့မျက်နှာပေါ်မှာ မြင်နေကျပုံစံမျိုး အပြစ်ရှိသလို အမူအရာတွေ ဖော်ပြနေတာ အတိုင်းသား မြင်နေရတယ်။

“ဘာဗျ၊ ဒမ်းဘဲလ်ဒိုးက စနိပ်ကို စိတ်ဆိုးနေတယ် ဟုတ်လား” ဟယ်ရီက ကမန်းကတန်း မေးလိုက်တယ်။

“ဟာ ငါ အဲဒီလို ဘယ်ဒုန်းဂ ဗျောလို့လဲ” ဟက်ဂရစ်က ပြောပြီး မျက်နှာကို အချိုးပြန်ပြင်လိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့ ထိတ်ထိတ်ပျာပျာနဲ့ ကယောက်ကယက် ဖြစ်နေတဲ့ အမူအရာက သိပ်ပြီး ပြောင်းလဲမသွားဘူး။ ပြီးတော့ သူက ဆက်ပြောတယ်။ “အချိန်ဂလဲဂွာ သန်းဂေါင်တောင် ရောက်ဒေါ့မယ်။ ကဲ ... ငါလည်း လုပ်စရာတွေ ရှိနေဒေးဒယ်”

www.burmeseclassic.com

ဒါပေမဲ့ ဟယ်ရီက သူ့မေးခွန်းကို အသံကျယ်ကျယ်နဲ့ မရမက ဆက်မေးနေတယ်။ "ပြောစမ်းပါဗျ ဟက်ဂရစ်။ ဒမ်းဘဲလ်ဒိုးက စနိပ်ကို ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲ"

"အိုး... မင်း ဒေါ်ဒေါ် ခက်ပါလား ဟယ်ရီ" ဟက်ဂရစ် ရှုးရှုးရှားရှားနဲ့ ဒေါသထွက်သွားတယ်။ "မင်း အဲဒီလို တွေ့ဂရာတွေ အဂျယ်ဂျီး စွတ်ပြောမနေနဲ့လေ။ ဘာလဲ မင်းဂ ငါ့ကို အလုပ်ပြုတ်ဇေချင်လို့လား။ ဒီမှာ မင်းတိထားစမ်းပါ။ မင်း အဲဒါကို ဂရုစိုက်မယ်လို့ ငါမထင်ဘူး။ ဟုတ်တယ် မဟုတ်လား။ မက်ဂ်ကို မင်း ဂရုစိုက်သလို ပေါ့ကွာ"

"ဟာ ... ဟက်ဂရစ်ကလည်းဗျာ။ ကျွန်တော့်ကို အပြစ်ဖြစ်အောင် မလုပ်စမ်းပါနဲ့ဗျာ။ ကျွန်တော်က အဲဒီသဘော မဟုတ်ပါဘူး။ ဒါပေမဲ့ ပြော စနိပ် ဘာတွေလုပ်ခဲ့သလဲ" ဟယ်ရီကလည်း အတင်းပဲ ပြောနေတယ်။

"ငါ မတိဘူး ဟယ်ရီ။ ငါ အဲဒါကို လုံးလုံးမကြားခဲ့ရင် အကောင်းဒါး။ ဟုတ်ပြီလေ။ ငါပြောဗြမယ်။ တစ်ညနေပိုင်းမှာ ငါတောဒဲက ထွက်လာဒယ်။ အဲဒီမှာ ပြောနေဂျဒါကို ငါနားဇွန်းနားဗျား ကြားမိဒါပဲ။ ငြင်းခုံနေဂျာတာဂွ။ ဒါပေမဲ့ ငါက ဆိတ်မဝင်စားဘူးလေ။ ဒီဒေါ့ ခိုးဂျောင်ခိုးဝှက်နဲ့ ငါနားမထောင်တော့ဘူးပေါ့။ ဒါပေမဲ့ အဲဒါဟာ အကျိတ်အနယ် ဆွေးနွေးနေဒါဖြစ်ပြီး ကြားလိုက်တာဂဒေါ့ ဒီဆို့နေတာကို ဖယ်ရှားပစ်ဖို့ မလွယ်ဘူး ဆိုလား ဘာလားပဲ"

"ဟုတ်ပြီ ဟုတ်ပြီ" ဟယ်ရီက ဆက်ပြောဖို့ တိုက်တွန်းလိုက်တယ်။ ဟက်ဂရစ်ဟာ သူ့ခြေထောက်တွေကို နေရာပြင်ရပ်ဖို့တောင် မလွယ်သလို ဖြစ်နေတယ်။

"အဲ ... ငါကြားလိုက်တဲ့ စနိပ်ပြောဒါက ဒမ်းဘဲလ်ဒိုးဟာ ဖြစ်နိုင်တဲ့ ခွင့်ပြုစရာ ရှိတာတစ်ခုကို ဆိပ်လက်ပေါက်ကပ်နေတယ်။ ဒါကြောင့် တူ စနိပ်ပေါ့ကွာ တူက အဲဒါကို မလုပ်ချင်ဒေါ့ဘူးဒဲ့"

"အဲဒါက ဘာလဲ"

"ငါလဲ ဘယ်တိမလဲ ဟယ်ရီ။ ငါမတိဘူး။ တူ့အသံကို ကြားရပုံထောက်ရင် စနိပ်ဟာ မနိုင်ဝန်ထမ်းထားရတဲ့ပုံမျိုးပဲ။ ခု ငါပြောတာအကုန်ပဲ"လို့ ဆိုပြီးမှ "ဒခုတော့ ရှိဒယ်။ ဒမ်းဘဲလ်ဒိုးက တူ့ကို မီးကုန်ယမ်းကုန် အတင်းအကျပ်ပြောလို့ သူလုပ်ဖို့ သဘောတူလိုက်ရတာဖြစ်ပြီး အဲဒါကလည်း သူလုပ်မှ ဖြစ်မယ်လို့ ဆိုတယ်။ ပြီးတော့ ဒမ်းဘဲလ်ဒိုးက ပြောတယ်။ ဆလီသီရင်မှာ ရှိတဲ့ သူ့ရဲ့ အိမ်ကို စနိပ် စုံစမ်းထောက်လှမ်းမှုတွေ လုပ်နေတယ်တဲ့။ ဒါပေမဲ့ အဲဒီမှာ ဘာမှ ထူးထူးခြားခြား မတွေ့ရဘူး"လို့ ဟက်ဂရစ်က အလောတကြီး ထပ်ဖြည့်ပြောပြတယ်။ ဒီမှာတင် ဟယ်ရီနဲ့ ဟာမီယွန်တို့ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါတဲ့အကြည့်နဲ့ ဖျတ်ခနဲ ကြည့်လိုက်ကြတယ်။ အဲဒီအခိုက်မှာပဲ "ဟော့ဂ်ဝပ်စ်ကျောင်း အဆောင်မှူးတွေအားလုံးကို အဲဒီလည်ဆွဲကိစ္စ စုံစမ်းဖို့ တာဝန်ပေးထားတယ်"ဆိုပြီး ဟက်ဂရစ်က သူ့စကားကို အဆုံးသတ်လိုက်တယ်။

"ဟုတ်ပါပြီဗျာ။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက တခြား ကျန်တဲ့သူတွေနဲ့ အချင်းများတာ၊ ခိုက်ရန်ဖြစ်ပွားတာ၊ ကတောက်ကဆတ် ဖြစ်ကြတာမျိုးတော့ မရှိဘူးမဟုတ်လား" ဟယ်ရီက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်"

ဟက်ဂရစ်က ပြောလိုက်ပြီးတာနဲ့ သူ့လက်ထဲမှာ ရှိနေတဲ့ သူ့ဒူးလေးကြီးကို ခက်ခက်ခဲခဲကို လိမ်ခေါက်ချိုး ပစ်လိုက်တာ 'ဖြောင်း'ခနဲ ကျိုးထွက်သွားတဲ့အသံ ထွက်လာပြီး ဒူးလေးကြီးလည်း နှစ်ပိုင်းဖြစ်သွားတယ်။

"ငါ တိဒယ် ဟယ်ရီ၊ ငါတိဒယ်။ မင်းဟာ စနိပ်အကြောင်းကို သိအောင်ကြိုးစားနေတာပဲ။ ဒါပေမဲ့ မင်း အဲဒီကိစ္စထဲကို ခုထက်ပိုပြီး တိုးဝင်သွားဖို့ မကြိုးဇားပါနဲ့။ ငါမင်းကို ဒါ့ထက်ဝင်မပါစေချင်ဘူး"

"သတိထားကြ၊ ဟိုမှာ ကြည့်လိုက်ကြစမ်း"ဟာမီယွန်က သံပြတ်နဲ့အော်ပြီး သတိပေးလိုက်တယ်။

သူတို့ သုံးယောက်လုံးဖြုန်းခနဲ အချိန်မီ အမြန်လှည့်ကြည့်လိုက်တာ သူတို့နောက်က နံရံတစ်ဖက်မှာ ဘွားခနဲ ပေါ်လာတဲ့ အစောင့်ဂိတ်မှူး ခါးကုန်းကြီး အာဂတ်စ်ဖိလ်ချ်ရဲ့ အရိပ်ကို သူ့ကျောဘုကြီးနဲ့ ပါးစုန့်ကြီးတွေကို မမြင်အောင် သူကွယ်မထားလိုက်နိုင်ခင်မှာပဲ တွေ့လိုက်ကြရပါတယ်။

"အိုး... ဟေး... အိပ်ရာဝင်ချိန်ထက်တောင် လွန်ပြီး နောက်ကျလှပါလား။ အဲဒါ အဖမ်းခံရနိုင်တယ်နော်" သူက ချွဲသလိပ်ကပ်နေတဲ့ အသံနဲ့ လှမ်းပြောလိုက်တယ်။

"မဟုတ်သေးဘူး ဖိလ်ချ်။ ဒါက အဲဒီလို မဟုတ်ဘူး" ဟက်ဂရစ်ကလည်း ချက်ချင်း ပြန်ပြောလိုက်တယ်။ "သူတို့က ကိုယ့်သဘောနဲ့ကိုယ် အလွတ်သွားတာ မဟုတ်ဘူး။ ငါနဲ့ လိုက်လာတာ"

"အို ဘာထူးမှာလဲဗျာ။ အချိန်မတော် အပြင်ထွက်လာဟာ ထွက်တာပဲပေါ့" ဖိလ်ချ်ကလည်း ရွံ့စရာ ကောင်းတဲ့ ပုံစံနဲ့ ဇွတ်ပြောနေတယ်။

"ဒီမယ် ဟေ့ကောင် ကျုပ်က စည်းကမ်းထိန်းသိမ်းရတဲ့ ဒီကျောင်းရဲ့ ဆရာပါကွ။ မင်းဒေါ်ဒေါ်ဒို့မီးချိုမီး လုပ်ချင်ဒဲ့ကောင်ပဲ" ဟက်ဂရစ် ဒေါသထွက်ပြီး ချက်ချင်း ပြန်ပြောလိုက်တယ်။

ဖိလ်ချ် ရှူးရှူးရှားရှား ပေါက်ကွဲသွားပြီး ရင်ဘတ်ကြီး ပိန်လိုက် ဖောင်းလိုက် ဖြစ်နေတာကြောင့် မသတီစရာကောင်းတဲ့ ချွဲသံကြီး တဂွီးဂွီးထွက်နေတယ်။

ဒီအချိန်မှာပဲ မစ္စနောရစ် ထပ်ရောက်လာပြီး သူမက ဘာကိုမှ ကြည့်လည်းမကြည့်၊ မြင်လည်း မမြင်ဘဲ ဖိလ်ချ်ရဲ့ အရိုးပေါ်အရေတင်နေတဲ့ ပိန်ကပ်ကပ် ခြေသလုံးတွေ တစ်ဝိုက်မှာ သူမရဲ့ ကိုယ်ကို ဟိုလိုလှည့်လိုက်၊ ဒီလိုလှည့်လိုက် ချာလပတ်လှည့်နေတယ်။

"တွား အမြန်လစ်ဗြီး မင်းတို့ အဆောင်ထဲဖြန်ဝင်ဒေါ့"ဟက်ဂရစ်က ပါးစပ်ဖျားကလေးနဲ့ နှုတ်ခမ်းလှုပ်ရုံ ကြားလောက်ရုံ တိုးတိုးကလေး ပြောလိုက်ရာမှာ ဟယ်ရီဟာ နှစ်ခါပြောစရာမလိုဘဲ ဟာမီယွန်ကိုပါ အပါခေါ်ပြီး ခပ်သုတ်သုတ် ထွက်လာလိုက်ပါတယ်။ သူတို့နှစ်ယောက် ပြေးသွားနေတုန်း နောက်ဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com

ဟက်ဂရစ်နဲ့ ဖိလ်ချ်တို့ တစ်ယောက်နဲ့ တစ်ယောက် အော်နေသံတွေ တစ်စထက်တစ်စ ပိုကျယ်လာပြီး ပဲ့တင်ထပ်ကျန်ရစ်ခဲ့တယ်။ သူတို့တွေ ဂဠုန်ကေသရာဇာ ရဲတိုက်ကြီးထဲကို ချိုးကွေ့ဝင်ခါနီးမှာ ပီးဗက်စ်ကို ဖြတ်လာရသေးတယ်။ ဒါပေမဲ့ နောက်မှာ ကျန်ခဲ့တဲ့ အပြန်အလှန် အော်သံတွေ၊ ခေါ်သံတွေ၊ ပူညံပူညံ တွေကို သဘောကျပျော်ရွှင်ပြီး သူပြေးနေတုန်းပဲ။

ရန်ပွဲဖြစ်လာရင် ဒုက္ခရောက်တာ ကပ်ပါလာလိမ့်မယ်။

ပီးဗက်စ်ကို ခေါ်ဖြေရှင်းခိုင်းပါလား။ သူက နှစ်ဆကြီးထွားအောင် လုပ်ပေးလိမ့်မယ်။

အပျိုမကြီး ဒေါ်ဝဖြီး ပုံတူပန်းချီကားကြီးထဲက ဒေါ်ဝဖြီးဟာ မောမောပန်းပန်းနဲ့ တစ်မှေးတစ်မှိတ် အိပ်စက်အနားယူနေချိန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေါ်ဝဖြီးက သူမကို လာနိုးလို့ အိပ်ရာက နိုးထရမှာကိုရော၊ ကြဲတောင့်ကြဲခဲ ကံကောင်းထောက်မစွာ ငြိမ်သက်အေးငြိမ်းနေပြီး ဘယ်သူမှမရှိတဲ့ ကျောင်းသားများ နားနေခန်းကို တက်သွားခွင့်ပြုဖို့ကိုပါ အကြီးအကျယ် စိတ်တိုနေရှာတယ်။ နောက်ပြီး အခြေအနေကို အကဲခတ်ကြည့်ရတာ တော်တော်ကြီးကို အသက်ရှူချောင်သွားပါတယ်။ သူ ဒီနေ့တစ်နေ့လုံးလိုလို အစစ်ဆေး အမေးမြန်း လုပ်တာတွေကို ခံနေခဲ့ရလို့ပဲ။ ဟာမီယွန်က သူ့ကို "ကောင်းသောညပါ"လို့ နှုတ်ဆက်ပြီး မိန်းကလေးတွေရှိရာ အဆောင်ဘက်ကို ထွက်သွားနှင့်ပြီဖြစ်လို့ ဘယ်လိုပဲဖြစ်ဖြစ် နောက်ပိုင်းမှာ ကျန်ရစ်ခဲ့တဲ့ ဟယ်ရီအဖို့ မီးဖိုဘေးတစ်နေရာမှာ ထိုင်ပြီး အဲဒီမီးဖိုထဲက မီးကျီးခဲကလေးတွေ ဇီဝိန်ချုပ်ချုပ်သွားနေတာကိုပဲ စောင့်ကြည့်နေဖို့သာ ရှိပါတော့တယ်။

အသေအချာ စဉ်းစားလိုက်တော့ အင်း ... ဒီအတိုင်းဆိုရင် ဒမ်းဘဲလ်ဒိုးဟာ စနိပ်နဲ့ ခွန်းကြီးခွန်းငယ် အော်ဟစ်ခဲ့ စကားများခဲ့ကြတာပေါ့။ ဒါဆိုရင် ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို ပြောခဲ့တာတွေအားလုံး သူပြောသလို မဟုတ်တော့ဘူးပေါ့။ ပြီးတော့ ဒမ်းဘဲလ်ဒိုးဟာ စနိပ်ကို သူအပြည့်အဝ ယုံကြည်မှုရှိတယ်လို့ အခိုင်အမာ ထပ်တလဲလဲ ပြောခဲ့တာအစား စနိပ်ကို ဒေါသထွက်နေတာပေါ့။ စနိပ်ဟာ ဆလီသီရင်တွေကို စုံစမ်းစစ်ဆေးဖို့ ဒါမှမဟုတ် ယုတ်စွအဆုံး မော်လ်ဖွိုင်းဆိုတဲ့ ဆလီသီရင်တစ်ယောက်တည်း ကလေးကိုတောင် ထောက်လှမ်းကြည့်ဖို့ အပြင်းအထန် လုံလုံလောက်လောက် ကြိုးစားခဲ့ပါတယ်လို့ သူမထင်ဘူးပေါ့။

အင်း ... ဒါဟာ ဟယ်ရီက သံသယရှိပါတယ်လို့ ပြောတဲ့ဟာတွေကို မဖြစ်နိုင်ပါဘူးကွာ ဘာမှ မဟုတ်ပါဘူးကွာနဲ့ ဒမ်းဘဲလ်ဒိုး ပြောခဲ့တာဟာ ဟန်ဆောင်နေတာသာဖြစ်ပြီး ဒမ်းဘဲလ်ဒိုးက ဟယ်ရီ့ကို ဒီကိစ္စတွေထဲမှာ ဝင်ပါလာတာ ပြဿနာတွေ ဟယ်ရီက ကိုယ်ထိလက်ရောက် ဝင်ကိုင်တွယ်ဖြေရှင်းမှာကို မလိုလားလို့များ ဖြစ်နေမလား။ အဲဒါ တော်တော့်ကို ဖြစ်နိုင်ဖွယ် ရှိတယ်။ ဒမ်းဘဲလ်ဒိုးက ဟယ်ရီ့ကို သူ့ကျောင်းသင်ခန်းစာတွေ ဒါမှမဟုတ် ပက်ကျိချိဆီက မှတ်ဉာဏ်တွေ နှိုက်ယူဖို့အပေါ်မှာပဲ စိတ်ဝင်စားနေပြီး တခြားဘက် အာရုံပြောင်းမသွားစေချင်တာလည်း ဖြစ်ရင်ဖြစ်နိုင်ပါတယ်။ ဒီလိုမှမဟုတ်ရင် ဒမ်းဘဲလ်ဒိုးအနေနဲ့ သူ့ရဲ့ ဝန်ထမ်းတစ်ယောက်နဲ့ ပတ်သက်ပြီး သူ သံသယရှိနေတာကို ဘာမဟုတ်တဲ့ ၁၆နှစ်သားအရွယ် ကျောင်းသားလေးကို ပြောပြတာဟာ မှန်ကန်တဲ့ လုပ်ရပ်မဟုတ်ဘူးလို့ ယူဆထားလို့လား။ ဖြစ်နိုင်တာတွေ ရှုပ်ထွေးနေတယ်။

"ဟာ... ပေါ်တာ မင်းက ဒီမှာ ပေါ်လာသေးတာကိုးကွ"

www.burmeseclassic.com

www.burmeseclassic.com

လုံးဝမျှော်လင့်မထားတဲ့ အသံတစ်သံ လုံးဝမျှော်လင့်မထားတဲ့နေရာမှာ ထွက်လာတဲ့အတွက် ဟယ်ရီ ပျာခနဲ ဖြစ်သွားပြီး လန့်ဖျတ်ထခုန်လိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့ ဆေးကြိမ်လုံး သူ့လက်ထဲကို ဖျတ်ခနဲ ရောက်သွားပြီး ဘာမဆို ရင်ဆိုင်ဖို့ အဆင်သင့် ဖြစ်နေတယ်။ ထူးခြားချက်ကတော့ သူကလွဲပြီး ဘယ်သူဆို ဘယ်သူမှမရှိတဲ့ ကျောင်းသားများ နားနေခန်းကြီးထဲမှာ ရုတ်တရက် ခပ်လှမ်းလှမ်း ကုလားထိုင်တစ်ခုကနေပြီး အလုံးအထည်ကြီးမားတဲ့ လူပုံသဏ္ဍာန်တစ်ခု သူ့ဆီကို ချဉ်းကပ်လာနေတာပဲ။ အနားနီးလာလို့ လူလုံးကွဲသွားတော့ အဲဒါ မက်လက်ဂျင်း ဖြစ်နေတယ်။

“မင်း ပြန်အလာကို ငါစောင့်နေတာကွ” မက်လက်ဂျင်းက အဲဒီလို စကားစလိုက်ပြီး ဟယ်ရီ့ရဲ့ လက်ထဲမှာ အသင့်ကိုင်ထားတဲ့ ဆေးကြိမ်လုံးကိုလည်း အရေးလုပ်ဟန်မတူဘဲ ပမာမခန့်တဲ့ အမူအရာနဲ့ ဆက်ပြောတယ်။

“မင်း အိပ်တောင်ပျော်နေပြီလို့ ထင်လိုက်သေးတာ။ ဒါပေမဲ့ စောစောက ဝက်စလေကို ဆေးရုံဆောင်ကို သယ်သွားရတာ ငါမြင်တယ်လေ။ ဟော့ကောင် ဒီမယ်ကြည့် ငါပြောမယ်။ ရှေ့တစ်ပတ်မှာ လုပ်မယ့်ပြိုင်ပွဲအမီ မင်းလူပြန်ကောင်းလာမယ်လို့တော့ လုံးဝမထင်လိုက်နဲ့နော်”

မက်လက်ဂျင်း ဘာပြောချင်တယ်ဆိုတာ ဟယ်ရီ ချက်ချင်း သဘောမပေါက်ဘဲ တစ်အောင့်ကြာမှ နားလည်သွားတယ်။

“သြော်.... ဒါလား၊ ဟုတ်တာပေါ့။ မင်း ကွစ်ဒစ်ချ်ကို ပြောနေတာ မဟုတ်လား” ဟယ်ရီက ပြောပြီး ဆေးကြိမ်လုံးကိုပါ သူ့ဂျင်းဝတ်စုံခါးပတ်ကြားထဲ ပြန်ထိုးထည့်လိုက်တယ်။ ပြီးတော့ ကိုယ့်ဆံပင်တွေကြားထဲ ကိုယ်ပြန်လက်ထိုးသွင်း ကုတ်ဖွပြီး “အေးကွ သူ အချိန်မီ ပြန်နေကောင်းလာနိုင်မှာ မဟုတ်ဘူး”လို့ ထပ်ပြောမိပြန်တယ်။

“ကဲ ဒီလိုဆို သူ့အစား ငါဂိုးဖမ်းပေးမယ်လေ။ မရဘူးလား” မက်လက်ဂျင်းက အခွင့်ကောင်း လက်လွှတ်မခံမယ့် ပုံစံနဲ့ ပြောလိုက်တယ်။

“ရတယ်လေ။ ငါလည်း အဲဒီအတိုင်းပဲ တွေးမိပါတယ်”

ဟယ်ရီက အညှို့ခံထားရသလို ငြင်းဖို့ စိတ်ကူးတောင်မရဘဲ အဖြေပေးလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် မက်လက်ဂျင်းလည်း ဒုတိယအကောင်းဆုံး ဂိုးသမားအဖြစ်နဲ့ ကစားနိုင်မှာပါပဲ။ သူ ဒီလိုပဲ ဖြေသိမ့်လိုက်တယ်။

“ဟာ သိပ်ကောင်းတာပေါ့ကွာ။ ဒါနဲ့ လေ့ကျင့်ခန်း ဘယ်တော့ဆင်းရမလဲ” မက်လက်ဂျင်းက အကြီးအကျယ် ကျေနပ်သွားတဲ့ အသံနဲ့ ပြောလိုက်တယ်။

“ဘာ ... လေ့ကျင့်ခန်း ဆင်းဖို့လား၊ နက်ဖန် ညနေဆင်းဖို့ ချိန်းထားတယ်လေ”

www.burmeseclassic.com

www.burmeseclassic.com

“အေး ကောင်းတယ်။ ဒီမှာ ဟယ်ရီ ငါတို့ ကြိုတင်ညှိနှိုင်းဖို့တော့ လိုတယ်နော်။ ငါ့မှာ မင်းအတွက် အသုံးဝင်နိုင်တဲ့ ကစားကွက်နည်းလမ်းကောင်း အကြံဉာဏ်တွေ ရှိပါတယ်ကွ”

“အေးပါကွာ အေးပါ”ပြောသာ ပြောရတယ်။ ဟယ်ရီက စိတ်မပါဘဲ ဖြစ်နေတယ်။ ပြီးတော့ တစ်ဆက်တည်း “ဟုတ်ပြီနော်၊ နက်ဖန် မင်းပြောတာ ငါ နားထောင်တာပေါ့။ ခုတော့ ငါတကယ်ကို အရမ်းပင်ပန်းနေပြီကွယ်။ ကဲ.... ပြန်ဆုံကြတာပေါ့။ ဒါပဲ ဒါပဲ”

နောက်တစ်နေ့မှာတော့ ရွှန်အဆိပ်မိလို့ဆိုတဲ့ သတင်းဟာ တောမီးလို တစ်မုဟုတ်ချင်း ပျံ့သွားပါတယ်။ ဒါပေမဲ့ ကေတီဖြစ်တုန်းကလောက်တော့ အုတ်အော်သောင်းတင်း ရုတ်ရုတ်သဲသဲ ဖြစ်မသွားဘူး။ လူတွေကိုကြည့်ရတာ သူတို့က ဒါဟာ မတော်တဆ ဖြစ်တာပဲလို့ ထင်နေပုံရတယ်။ ဘာကြောင့်လဲဆို ရွှန်ဟာ အဆိပ်နဲ့ ဏ္ဍန္ဓဇာလဆေးရည်ဘာသာရပ် ပါမောက္ခအခန်းထဲမှာ ရှိနေတုန်း ဖြစ်သွားတာ ဖြစ်တဲ့အပြင် အချိန်မီ ဖြေဆေးအပေးခံရပြီး အမှန်ဘာမှ ဆိုးဆိုးဝါးဝါး ထိခိုက်ဝေဒနာ မခံစားခဲ့ရလို့ပဲ။

အမှန်တကယ်ကတော့ ဂရွှန်ကေသရာဇာ ကျောင်းသားတွေက ရွှန့်ပြဿနာထက် ဟတ်ဖဲလ်ပတ်ဖ်အသင်းနဲ့ ကစားရတော့မယ့် ကွစ်ဒစ်ချ်ပြိုင်ပွဲကို ပိုစိတ်ဝင်စားနေတယ်။ အဲဒီမှာမှ သူတို့ပိုပြီး အာသီသပြင်းပြနေတာက ကွင်းဖွင့်ပွဲတုန်းက ဆလီသီရင်အသင်းနဲ့ ကစားနေတုန်း ပါးစပ်အငြိမ်မနေဘဲ တောင်တောင်မြောက်မြောက်တွေ လျှောက်ပြောနေလို့ ပြစ်ဒဏ်အပေးခံရတဲ့ ပတ်ဖ်ဖဲလ်အသင်း ဂိုးသမား ဇာခရိုယစ်စ်စမစ်ကို တွေ့ချင်နေကြတာပါပဲ။

ဟယ်ရီ့အဖို့ကတော့ ကွစ်ဒစ်ချ်ကစားခြင်းအပေါ် စိတ်ဝင်စားမှု ဘယ်တုန်းကမှ လျော့ပါးမသွားပါဘူး။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ဒရာကို မော်လ်ဖွိုင်းကိုပဲ သတိရ စွဲလမ်းနေပြီး ဥပါဒါန်ကပ်နေတယ်။ အခွင့်အရေးရတဲ့အခါတိုင်း မာရောက်ဒါးနဲ့ မှော်မြေပုံကို သူ ထုတ်ထုတ်ပြီး စစ်ဆေးကြည့်ရှုနေဆဲပဲ။ ရံဖန်ရံခါဆိုသလို မော်လ်ဖွိုင်း ဘယ်ရောက်ပြီး ဘာဖြစ်နေသလဲဆိုတာ သူကွေ့ပတ်လှည့်ရှာနေခဲ့သေးတယ်။ ဒါပေမဲ့ ပုံမှန်မဟုတ်တဲ့ ဘာတွေကို သူလုပ်နေသလဲဆိုတာ ဟယ်ရီ တစ်ကြိမ်မှကို ခြေရာမခံမိနိုင်ခဲ့ဘူး။ နောက် မှော်မြေပုံပေါ်က မော်လ်ဖွိုင်း ရိုးရိုးရှင်းရှင်းကလေး ပျောက်နေတဲ့အခါမျိုးနဲ့ နားလည်ဖို့ခက်ရတဲ့ မရှင်းမလင်း အချိန်တွေကလည်း သူ့အတွက် ရှိမြဲရှိနေတုန်းပဲ။

ဒါပေမဲ့ ဒီပြဿနာတွေကို ဖြေရှင်းဖို့ ဟယ်ရီ့မှာ အချိန်က သိပ်မကျန်တော့ဘူး။ ကွစ်ဒစ်ချ်က တစ်ဖက်၊ အိမ်စာတွေက တစ်ဖက်၊ ကော်မက်မက်လက်ဂျင်းနဲ့ လာဗင်ဒါတို့နဲ့တွေ့တိုင်း ကြုံရတဲ့ ပြဿနာတွေက တစ်ဖက် ရှုပ်ထွေးနေတယ်။

ပြီးတော့ ဒီပြဿနာတွေ အားလုံးထဲမှာ ဘယ်ဟာကြောင့် သူစိတ်အနှောင့်အယှက် အဖြစ်ရဆုံးလည်း ဆိုတာလည်း သူ မဆုံးဖြတ်နိုင်အောင် ဖြစ်နေတယ်။ မက်လက်ဂျင်းကလည်း ရွှန့်ထက် သူသာ အမြဲတမ်း ဂိုးဖမ်းသမားအဖြစ် ကစားရင် ပိုကောင်းမယ်လို့ အခွင့်ကြုံတိုင်း စကားအစဖော်ပြီး ပြောပြောနေတယ်။ ဒါတင်မကဘဲ မက်လက်ဂျင်းအနေနဲ့ ပုံမှန်လေ့ကျင့်ကစားနေတာကို ဟယ်ရီတွေ့ရပြီး သူဟာ တခြား ကစားသမားတွေအပေါ်လည်း ဝေဖန်ပြောဆိုလေ့ရှိတယ်။ ပြီးတော့ ဟယ်ရီ့ကိုပါ လေ့ကျင့်ရေး အစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com

အသေးစိတ်တွေ လာလာချပြပြီး အဲဒီအတိုင်း ကစားခိုင်းနေလို့ ကြာတော့ ဟယ်ရီ့စိတ်ထဲမှာ ဘယ်သူဟာ အသင်းကပ္ပတိန်လဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရတဲ့ အခြေအနေ ဖြစ်လာပါတယ်။

ဒီအတောအတွင်းမှာ လာဗင်ဒါက ရွန့်အကြောင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ ရှိုးတိုးရှန့်တန့်နဲ့ လာကပ်နေပြန်တယ်။ ဟယ်ရီ့အတွက် လာဗင်ဒါနဲ့ စကားပြောဖို့ အရေးဟာ မက်လက်ဂျင်းရဲ့ ကွစ်ဒစ်ချ်လေ့ကျင့်ခန်း လာပို့ချတာခံရတာထက် ပိုပြီး သည်းခံရမလို ဖြစ်နေတာ ဟယ်ရီက ကြိုသိနေတယ်။ ပထမတော့ ရွန် ဆေးရုံဆောင်ကို ရောက်နေတဲ့အကြောင်း သူမကို ပြောပြဖို့ ဘယ်သူကမှ သတိမရကြတာကို လာဗင်ဒါက စိတ်တို ဒေါသထွက်နေသေးတယ်။

ဟယ်ရီကလည်း လာဗင်ဒါ ဒီလိုစိတ်ဆိုးပြီး သူ့ကိုမပြောမဆိုရင် ပိုကြိုက်ပါသေးတယ်။ ဒါပေမဲ့ ကံမကောင်းစွာဘဲ လာဗင်ဒါက သူမကို ပြန်ပြောမပြမိတဲ့ ဟယ်ရီ့ရဲ့ သတိမေ့လျော့မှုကို ခွင့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီး ရွန်ရဲ့ အကြောင်း ခိုင်ခိုင်လုံလုံ ခြေခြေမြစ်မြစ် သိဖို့ ဟယ်ရီကိုပဲ ချဉ်းကပ်ပြီး မေးပါတော့တယ်။ နောက် သူမက ပြောသေးတယ်။

"ဟဲ့ ဟယ်ရီ၊ ငါက သူ့ရည်းစားပါဟဲ့"တဲ့။

ဟယ်ရီအဖို့ လာဗင်ဒါကို ရွန့်ရဲ့ ခံစားချက်နဲ့ ပတ်သက်ပြီး ပြန်ပြောပြဖို့ ဝန်လေးနေမိတာ အမှန်ပဲ။

နောက် လာဗင်ဒါက သူမရဲ့ ဝတ်ရုံအသစ်နဲ့ ပတ်သက်ပြီး ဟယ်ရီ့ကို ရွန်က ဘာတွေ ပြောပြခဲ့သလဲဆိုတာ အတိအကျ ပြောဖို့ မေးခွန်းတွေ တသီကြီး လှည့်ပတ်မေးနေတာကြောင့် ဟယ်ရီက ပြန်မေးလိုက်တယ်။

"နင် ဒီလောက် ဖြစ်နေရင် ရွန့်ကို နင်အစက ဒါတွေ ပြောမပြခဲ့ဘူးလား"

"ဒါတော့ ဒါပေါ့ဟယ်၊ နို့ပေမဲ့ ငါ သူနဲ့တွေ့ပြီး ပြောဖို့သွားတိုင်း သူက အိပ်ချည်းနေလို့ မမေးဖြစ်ခဲ့ဘူး"လာဗင်ဒါက အလိုမကျတဲ့ ပုံစံနဲ့ ပြန်ပြောတယ်။

"သူ ဒီလိုအိပ်နေတာ ဟုတ်လို့လား"

သူ ဆေးရုံဆောင်ကို ရောက်သွားတဲ့ အကြိမ်တိုင်း အပြည့်အဝ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ဖြစ်နေတဲ့ ရွန့်ကို တွေ့ရရုံမကဘဲ နှစ်ယောက်သား ဒမ်းဘဲလ်ဒိုးနဲ့ စနိပ်တို့ မသင့်မမြတ် ဖြစ်နေပုံအကြောင်း သတင်းတွေကို စိတ်ဝင်တစား ပြောကြ၊ ပြီးတော့ မက်လက်ဂျင်းကို စိတ်ထဲရှိသလောက် ရွန်က အားပါးတရ ဆဲနေတာ ကြားနေခဲ့ရပါလျက်နဲ့ လာဗင်ဒါ ခုလိုပြောလာလို့ ဟယ်ရီလန့်ဖျပ်ပြီး တအံ့တသြနဲ့ ပြန်မေးလိုက်တယ်။

ဒါပေမဲ့ လာဗင်ဒါက သူမေးတာကို မဖြေဘဲ သူမ သိချင်တာကိုပဲ စွတ်မေးနေပြန်တယ်။ "ဒါနဲ့ ဟာမီယွန် ဂရန်ဂျာက သူ့ဆီကို လာနေတုန်းပဲလား"တဲ့။

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ ဟုတ်မှာပေါ့။ လာမယ်လို့ ငါထင်တာပဲ။ သူတို့က သူငယ်ချင်းတွေလေ၊ မဟုတ်ဘူးလား" လာဗင်ဒါရဲ့ ရေးကြီးခွင်ကျယ် လုပ်နေပုံကို သဘောမတွေ့တဲ့ ဟယ်ရီက ပြောလိုက်တယ်။

"ဘာ သူငယ်ချင်းတွေ ဟုတ်လား။ သွားစမ်းပါ၊ ဘာသူငယ်ချင်းလဲ။ နင် ငါ့ကို ဟာသလာလုပ်မနေနဲ့နော်" လာဗင်ဒါက မဲ့ကာရွဲ့ကာ ခနဲ့တဲ့တဲ့ ပြောလိုက်ပြီးမှ ဆက်ပြောတယ်။ "သူ ငါနဲ့ အပြင်ကိုစပြီး သွားသွားနေတတ်ကတည်းက ဒီဟာမက သူ့ကို စကားမပြောတော့တာ ငါသိနေတာပဲ။ ဒါပေမဲ့ ငါ့အထင်တော့ ဟာမီယွန်က သူ့ကို ပြန်ကပ်ချင်နေသလို သူကလည်း စိတ်ဝင်စားစရာ ဖြစ်နေတာကိုး"

"ဘာလဲ နင်က သူ အဆိပ်မိသွားတာကို စိတ်ဝင်စားစရာလို့ ပြောချင်တာလား"ဟယ်ရီက စိတ်ပေါက်ပေါက်နဲ့ မေးလိုက်တယ်။ ပြီးတော့ "ဘာပဲ ဖြစ်ဖြစ်ဟာ ငါ စိတ်မကောင်းပါဘူး။ ကဲ.... သွားကြစို့။ ဟိုမှာ မက်လက်ဂျင်း လာနေပြီ။ သူက ငါ့ကို ကွစ်ဒစ်ချ်အကြောင်း လက်ချာရိုက်ဦးမှာ"လို့ ကပျာကယာ အလိုက်သင့်ပြောရင်း သူကပဲ စပြီး ပကတိနံရံအမာလို့ထင်ရတဲ့ ဘေးတံခါးပေါက် တစ်ခုကိုဖြတ် အပြေးထွက်လာလိုက်တယ်။ နောက် ဖြတ်လမ်းအတိုင်း တာတိုအပြေးသမားလို ဒုန်းစိုင်း လစ်ပြေးလာလိုက်တာ ကံကောင်းထောက်မစွာနဲ့ လာဗင်ဒါရော မက်လက်ဂျင်းပါ လိုက်မလာနိုင်တော့ဘဲ ဣန္ဒြေ ဓာလဆေးရည်များ ဘာသာသင်ခန်းစာတွေ သင်တဲ့ဘက်ကို ရောက်သွားပါတော့တယ်။

ဟတ်ဖဲလ်ပတ်ဖ်အသင်းနဲ့ ကွစ်ဒစ်ချ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမယ့် နံနက်မှာ ကစားကွင်းကို မသွားခင် ဆေးရုံဆောင်ကို ရောက်သွားတဲ့ ဟယ်ရီ့အတွက် မျက်နှာပျက်စရာနဲ့ ကြုံခဲ့ရပါတယ်။

ရွှန်က ကိုယ်တိုင် ဝင်ကစားချင်တဲ့အထိ အရမ်းစိတ်လှုပ်ရှား တက်ကြွနေပေမဲ့ မဒမ်ပွမ်ဖရေးက သူ့ကို ကိုယ်တိုင်ဝင်မကစားဘဲ ဘေးကကြည့်ရင် စိတ်ခံစားမှု လွန်ကဲပြီး သူ့ကျန်းမာရေးကို ပြန်ထိခိုက်မှာစိုးတာကြောင့် ကစားကွင်းကို သွားခွင့်မပြုဘဲ တားမြစ်မှာ သေချာနေတယ်။

"သူက ငါတို့ အနိုင်ရအောင် ဘယ်လို ထိထိရောက်ရောက် ကာကွယ်ကြိုးစား ကစားမှာလဲ။ ငါတော့ မထင်ပါဘူးကွာ"ရွှန်ဟာ ဟယ်ရီ့ကို နှစ်ကြိမ်တိတိ မေးပြီးသားဖြစ်တဲ့ ဒီမေးခွန်းကိုပဲ ထပ်မေးပြီး မချင့်မရဲ ပြောနေတယ်။

"ဟာ မင်းကလဲ၊ မင်းကိုငါ ပြောပြီးပြီလေကွာ"ဟယ်ရီက စိတ်ရှည်ရှည်နဲ့ ရွှန့်ကို ရှင်းပြနေတယ်။ "သူက ကမ္ဘာ့အဆင့် ကစားနိုင်တယ် မဟုတ်လား။ ဒီတော့ ငါ သူ့ကို မတားချင်ဘူးကွာ။ သူက ကစားသမားတစ်ယောက်ချင်း ဘာလုပ်ရမယ် ဘယ်လိုလုပ်ရမယ် ဆိုတာ ကြိုးစား ပြောပြခဲ့တယ်။ နောက်ပြီး သူက သူ့ကိုယ်သူ ကျန်တဲ့ငါတို့အားလုံးထက် ပိုကောင်း ပိုတော်တဲ့ အဆင့်မှာ ရှိနေတယ်လို့ ထင်နေတာကွ။ ငါကတော့ သူ့ကို မတိုက်စေတော့ဘူးကွာ။ နောက်ပြီး လူတွေ သူ့ကို ပြောကြမှာလည်း ငါမလိုလားဘူး"ဟယ်ရီက မတ်တတ်ထရပ်လိုက်ပြီး သူ့ရဲ့ မှော်တံမြက်စည်းကိုပါ တစ်ပါတည်း ကောက်ယူလိုက်ရင်း ဆက်ပြောတယ်။ "ဟေ့ကောင် ရွှန် မင်းကို လာဗင်ဒါ လာကြည့်တဲ့အခါတိုင်း မင်း အိပ်ချင်ယောင်ဆောင်နေတာကို ရပ်မှာလား။ သူမက ငါ့ကို အတင်းလာ နားပူနားဆာ လုပ်နေပြီ"

"ဩော်... ဒါလား ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"မင်း သူမနဲ့ အပြင်ကို သွားသွားလာလာ မလုပ်ချင်တော့ဘူး ဆိုရင်လည်း သူမကို ရှင်းရှင်းလင်းလင်း ပြောလိုက်ရုံ ရှိတာပဲကွာ"

"အေးပါကွာ၊ အေးပါ။ ဒါပေမဲ့ အဲဒါ မင်းပြောသလောက်တော့ မလွယ်ဘူး"ရွန်က ပြန်ပြောလိုက်တယ်။ နောက် သူ ခဏငြိမ်နေပြီးမှ ဆက်ပြောတယ်။ "မင်းတို့ ပြိုင်ပွဲမစခင် ဟာမီယွန် ငါ့ကို လာကြည့်ဦးမှာလား"တဲ့။

"ဟင့်အင်း။ သူမ မလာတော့ဘူး။ သူမက ဂျင်နီနဲ့ ကစားကွင်းထဲကို သွားနှင့်နေပြီ"

"ဟာကွာ...."ရွန် ဝမ်းနည်းပက်လက် ဖြစ်သွားတယ်။ "အေးပါ၊ ကောင်းပါပြီ။ ကဲ... မင်းတို့ ကံကောင်းပါစေကွာ။ မက်လက်ဂျင်းအပေါ် သိပ်ပြီးတော့လည်း မျှော်လင့်ချက်မထားနဲ့။ ငါပြောချင်တာ စမစ်ကို မင်းသတိထားဖို့ ပြောတာ"

"ငါကြိုးစားမယ်ကွာ"ဟယ်ရီက သူ့ရဲ့ ဘယ်သူမှ မယှဉ်နိုင်အောင် ဒုန်းစိုင်းပြီး အမြန်ဆုံး ပျံနိုင်တဲ့ မှော်တံမြက်စည်းကို ပခုံးပေါ်ထမ်းရင်း ပြောလိုက်တယ်။ "ပြိုင်ပွဲပြီးသွားရင် မင်းနဲ့ငါ ပြန်လာပြီး တွေ့မယ်"

လူရှင်းနေတဲ့ စင်္ကြံအတိုင်း ဟယ်ရီ ကတိုက်ကရိုက် အပြေးထွက်လာခဲ့တယ်။ တစ်ကျောင်းလုံးမှာ ရှိသမျှ ကျောင်းသားတွေ ကျောင်းထဲကထွက်ပြီး ကစားကွင်းထဲမှာ နေရာယူတဲ့လူလည်း ယူပြီးနေပြီ။ တချို့လည်း အမြန်သုတ်သုတ်နဲ့ ကစားကွင်းဆီကို အပြေးသွားနေကြတယ်။

သူ အမြန်ကလေးသွားနေရင်း ပြတင်းပေါက်တွေကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်တယ်။ ကစားချိန်ကျရင် လေတိုက်နှုန်း ဘယ်လောက်ရှိမယ် ဆိုတာလည်း သူ မှန်းကြည့်နေတယ်။ ဒီအချိန်မှာပဲ အသံတစ်သံကြားရလို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ မော်လ်ဖွိုင်း သူ့ဆီကို လာနေတာ တွေ့ရတယ်။ သူနဲ့အတူ ကောင်မလေးနှစ်ယောက်လည်း ပါတယ်။ နှစ်ယောက်လုံး မကျေမချမ်းနဲ့ စိတ်ကောက်ပြီး မျက်နှာတွေ စူပုပ်နေတယ်။

မော်လ်ဖွိုင်း ဟယ်ရီရှေ့နားမရောက်ခင်ကလေးမှာ တုံ့ခနဲရပ်လိုက်ပြီး မရယ်ချင်ဘဲ ဟန်လုပ်ပြီး ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက်ပြီး ရှေ့ဆက်လျှောက်လာတယ်။

"ဟေ့ကောင် မင်းဘယ်သွားမှာလဲ" ဟယ်ရီက ဦးအောင် လှမ်းရစ်လိုက်တယ်။

"ငါ မင်းကို ပြောစရာရှိလို့ လာတာပဲ။ အဲဒါ မင်းကိစ္စပဲလေ ပေါ်တာ"မော်လ်ဖွိုင်းက သရော်တော်တော် ခနဲ့တဲ့တဲ့ ပြန်ပြောတယ်။ "မင်းနေ့းမနေနဲ့ ဒါ့ထက်ပိုပြီး မြန်မြန် ပြေးသွားလိုက်။ ဟိုမှာ မင်းကောင်တွေအားလုံး သူတို့ရဲ့ လက်ရွေးစင်အသင်း ကပ္ပတိန်ကြီးကို စောင့်နေကြတယ်။ ဂိုးသွင်းသိပ်တော်တယ်ဆိုတဲ့ ကောင်ကိုပေါ့ကွာ။ ဒီရက်ပိုင်းထဲမှာတော့ သူတို့ မင်းကို ဒီလိုခေါ်ဦးမှာပေါ့။ နောက်ရက်တွေ ဆိုရင်တော့"

www.burmeseclassic.com

ကောင်မလေး တစ်ယောက်က အမြင်ကတ်စရာ ကောင်းအောင် တစ်ခိုးခိုး တစ်ခစ်ခစ် ရယ်နေတယ်။ ဟယ်ရီက သူမကို ဘုကြည့်စိုက်ကြည့်လိုက်တော့ သူမရှက်ပြီး မျက်နှာရဲတက်သွားတယ်။ နောက် မော်လ်ဖွိုင်းက ဟယ်ရီရှေ့က ဖြတ်ပြီး ထပ်ဆက်လျှောက်သွားတဲ့အတွက် အဲဒီကောင်မလေးရော သူမရဲ့ သူငယ်ချင်း ကောင်မလေးပါ အပြေးကလေး လိုက်သွားကြပြီး ထောင့်ချိုး တစ်ကွေ့မှာ အားလုံး မြင်ကွင်းက ပျောက်ကွယ်သွားတယ်။

ဟယ်ရီ သူ့နေရာမှာ ငူငူကြီး ရပ်ပြီး သူတို့ကို မမြင်ရတော့တဲ့အထိ အစအဆုံး လိုက်ကြည့်နေမိတယ်။ သူ့ရင်ထဲမှာ ဒေါသတွေ တနုပ်နုပ် ဖြစ်နေတယ်။ ဒါပေမဲ့ ဒီကိစ္စကို ဒီမှာဖြတ်ပြီး ကစားကွင်းကို သူအချိန်မီ သွားရမယ်။ ခက်တာက မော်လ်ဖွိုင်းဟာ ကျောင်းသားတွေ ကျောင်းထဲမှာ မရှိတုန်း ဘာခြေပုန်းသွားခုတ်တယ် မသိဘူး။ သူ့အတွက် အကောင်းဆုံး ရလိုက်တဲ့ အခွင့်အရေးက သူခြေရာခံမရဖြစ်နေတဲ့ မော်လ်ဖွိုင်းကို ခု သူ နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရတာပဲ။ အဲဒီနေရာမှာ တိတ်ဆိတ်နေပြီး စက္ကန့်တွေ တစ်ချက်ချက်နဲ့ အမြန်ကုန်လွန်နေတယ်။ ဟယ်ရီ သူ့နေရာက မရွေ့နိုင်သေးဘဲ တွေတွေကြီး ရပ်နေမိတုန်းပဲ။ မော်လ်ဖွိုင်း ပျောက်သွားတဲ့ နေရာကို သူမျက်မှောင်ကုတ်ပြီး စိုက်ကြည့်နေဆဲပဲ။

"ဟဲ့ နင်က ဘယ်ရောက်နေတာလဲ" ဟယ်ရီ အဝတ်လဲခန်းထဲကို ကမူးရှူးထိုး တိုးဝင်သွားချိန်မှာ ဂျင်နီက ဆီးဟောက်လိုက်တယ်။ တစ်သင်းလုံး အဝတ်လဲပြီးလို့ ကစားဖို့ အသင့်ဖြစ်နေပြီ။ စိတ်လှုပ်ရှားနေတဲ့ တိုက်စစ်မှူး ကုတ်နဲ့ ပိကက်စ်တို့နှစ်ယောက်က သူတို့ရဲ့ ရိုက်တံတင်းပုတ်ကြီးတွေနဲ့ သူတို့ခြေထောက်တွေကို တစ်ဒုတ်ဒုတ် ပြန်ထုကြည့်နေတယ်။

"ငါ မော်လ်ဖွိုင်းကို တွေ့ခဲ့တယ်ဟ" ဟယ်ရီက သူ့ရဲ့ အနီရောင် ဝတ်ရုံကို ထုတ်ပြီးခြုံရင်း သူမအနားကို ကပ်ပြီး အသာတိုးတိုး ပြောလိုက်တယ်။

"အဲဒီတော့"

"အဲဒီတော့ ဘာဖြစ်ရမလဲ။ တစ်ကျောင်းလုံး ကျောင်းကထွက်ပြီး ကစားကွင်းထဲ ရောက်နေချိန်မှာ သူက သူ့ရည်းစား ကောင်မလေးနှစ်ယောက်နဲ့ တွဲပြီး ဒီမျှော်စင်ရဲတိုက်ကြီးပေါ် ဘာအကြံနဲ့ တက်သွားတာလဲဆိုတာ ငါသိချင်နေတာပေါ့"

"အဲဒါ ခုတင်ပဲ တွေ့ခဲ့တာလား"

"အေးပေါ့ဟဲ့။ ဒါပေမဲ့ ခုလိုက်ကြည့်ဖို့တော့ မဖြစ်နိုင်တော့ဘူး။ ဟုတ်တယ် မဟုတ်လား" ဟယ်ရီက ပြောလိုက်ရင်း သူ့ရဲ့ မိုးပျံမှော်တံမြက်စည်းကို လှမ်းကောက်ယူပြီး လေကာမျက်မှန်ကိုလည်း တည့်တည့်မတ်မတ် ဖြစ်အောင် ပြင်လိုက်တယ်။ "ကဲ… လာသွားစို့"

www.burmeseclassic.com

ဟယ်ရီဟာ နောက်ထပ် ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ကွင်းထဲကို တန်းထွက်သွားရာမှာ နားကွဲမတတ် ဟိန်းထွက်လာတဲ့ ဩဘာသံတွေ၊ ရှီးကျူးသံတွေနဲ့ လှောင်ပြောင် အော်ဟစ်သံတွေက သူ့ကို ဆီးကြိုလိုက်တယ်။

လေက နည်းနည်းပဲ တိုက်နေတယ်။ တိုက်တွေလည်း ကွက်တိကွက်ကျား ဟိုတစ်စသည်တစ်စနဲ့။ နေရောင်ကတော့ စူးစူးရှရှကို လင်းချင်းတောက်ပနေတယ်။

"အခြေအနေကတော့ ပါးပါးနပ်နပ် ကစားရမယ့် ကိန်းပဲဟေ့" မက်လက်ဂျင်းက တက်ကြွလန်းဆန်းနေတဲ့ လေသံနဲ့ တစ်သင်းလုံးကို လှမ်းပြောလိုက်ရင်း တိုက်စစ်မှူး ကုတ်နဲ့ ပိကက်စ်ကိုပါ "ဟေ့ ကုတ်နဲ့ ပိကက်စ် မင်းတို့ နေရောင်ကို ရှောင်ပြီး ပျံရလိမ့်မယ်။ ဒါမှ မင်းတို့ သူတို့ဆီကို ဝင်ပူးချိန်မှာ မင်းတို့ကို သူတို့မမြင်ရမှာ"လို့ တစ်ဆက်တည်း ထပ်ပြောလိုက်တယ်။ ဒီမှာတင် ဟယ်ရီ ထောင်းခနဲ ဒေါသဖြစ် စိတ်တိုသွားပြီး–

"ဟေ့ကောင်မက်လက်ဂျင်း၊ အသင်းခေါင်းဆောင်က ငါပါကွာ။ အဲဒီတော့ မင်း ပါးစပ်ကိုပိတ်ပြီး ဂိုးရှေ့က မင်းနေရာမှာ မင်းသွားရပ်နေတော့"လို့ ဟောက်ပစ်လိုက်တယ်။ မက်လက်ဂျင်း ဂိုးတိုင်ရှေ့ကို ထွက်သွားတော့မှ တစ်ခါ ကုတ်နဲ့ ပိကက်စ်ဘက်ကို လှည့်ပြီး

"အေး မင်းတို့ နေရောင်ထဲကို မဝင်ဘဲ အပြင်ဘက်က လှည့်ပတ်ကစားကြ၊ သေချာအောင်လုပ်"လို့ ထပ်ပြီး သံပြတ်နဲ့ပြောလိုက်တယ်။

ပြီးတော့ ဟယ်ရီနဲ့ ဟတ်ဖဲလ်အသင်းကပ္ပတိန်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြ အပြီးမှာပဲ မဒမ်ဟွတ်ရဲ့ ဝီစီသံထွက်လာတာနဲ့ ပွဲစပြီး နှစ်သင်းလုံး လေထဲကို ပျံတက်သွားကြပါတယ်။

သူ့ထက်ငါ တစ်သင်းထက်တစ်သင်း အမြင့်ကို အလုအယက် ပျံတက်သွားပြီးတဲ့ နောက်မှာတော့ မှော်ဝင်ဘောလုံးကို ရှာဖွေဖမ်းဆီး ရိုက်ထုတ်ပြီး ဂိုးသွင်းနိုင်အောင် ကစားကွင်းရဲ့ အနှံ့ ကောင်းကင်ယံမှာ သူတို့ ရောက်ရှိပြီး ဖြစ်နေပါတော့တယ်။

ဟယ်ရီ့အနေနဲ့ အဲဒီမှော်ဝင်ဘောလုံးကို စောနိုင်သမျှ စောစော ဖမ်းမိနိုင်လေ ရဲတိုက်ကြီးဆီကို သူ စောစော အမြန်ပြန်သွားနိုင်ပြီး မရောက်ဒါးရဲ့ မှော်မြေပုံထဲမှာ ရှာကြည့်ပြီး မော်လ်ဖွိုင်း ဘယ်နေရာမှာ ဘာလုပ်နေတယ် ဆိုတာကို သိရမှာပဲ။

"အဲဒါ ဟတ်ဖဲလ်အသင်းက စမတ်ပဲဟေ့" မြေပြင်ကနေ ပဲ့တင်ထပ်ပြီး လွင့်ပျံတက်လာတဲ့ အသံတစ်သံကို သူ ဝိုးတိုးဝါးတား ကြားလိုက်ရတယ်။ "သူက နောက်ဆုံး အကြိမ်အဖြစ် သူ့အသင်းက လူတွေကို မှာသင့်တာမှာ ပြောသင့်တာ လှမ်းပြောနေတယ်။ ဟော ... ဟော ဂျင်နီဝက်စလေက သူ့ဆီကို ပျံပြီး ဝင်သွားတယ်။ ငါထင်တာ ရည်ရွယ်ချက်နဲ့ ဝင်သွားတာပဲ ဖြစ်မယ်။ စမစ်က ဂရိုဖင်ဒိုးတွေနဲ့ ပတ်သက်လာရင် အတော့်ကို ရိုင်းတယ်။ သူ ခု သူတို့နဲ့ ကစားနေတာကို နောင်တရလိမ့်မယ်လို့ ငါထင်တာပဲ။ ဟာ ကြည့်စမ်းပါဦး။ သူ သူ့လက်ထဲက

www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးလွတ်ထွက်သွားပြီး အဲဒီဘောလုံးကို ဂျင်နီယူပြေးပြီဟေ့။ ငါ သူမကစားပုံကို သိပ်ကြိုက်တယ်ကွာ။ သူမဟာ တကယ့်ကို တော်ပါတယ်”

ဟယ်ရီ အောက်ဘက် မြေပြင်က ကွစ်ဒစ်ချ်ပြိုင်ပွဲ ကစားပုံကြေညာတဲ့ စင်မြင့်ကလေးကို ငုံ့ကြည့်လိုက်တယ်။ လူတိုင်း တစ်ယောက်မကျန် သူတို့ရဲ့ စိတ်ရင်းအမှန်အတိုင်းဆိုရင် လူနာလပ်ဗ်ဂွတ်ဒ်ရဲ့ ကွစ်ဒစ်ချ်ဘောပွဲကစားပုံ ကြေညာတာကို ကြားချင်မြင်ချင်တဲ့လူ ရှိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ မျက်စိမမှားဘူး။ အပေါ်ကနေ လှမ်းမြင်နေရသူဟာ ညစ်ပတ်နေတဲ့ နီကျင်ကျင် ဆံပင်ကြီးနဲ့၊ ထောပတ်ဘီယာ ပုလင်းဖော့ဆို့တွေနဲ့ လုပ်ထားတဲ့ ဆွဲကြိုးကြီးနဲ့၊ သူမမှ သူမအစစ်ပဲ။ အဲ လူနာရဲ့ ဘေးမှာတော့ ပါမောက္ခ မက်ဂိုနာဂေါလ်ကို “ဩော် ... ဒီနေရာမှာ သူမကို ငါတာဝန်ပေးခန့်ထားမိတာ မှားများ မှားနေရော့သလား”လို့ တွေးနေတဲ့ ပုံမျိုး စိတ်မသက်မသာ ဖြစ်နေတဲ့ပုံစံနဲ့ တွေ့ရတယ်။

“အဲ... အဲ ဒါပေမဲ့ သူမလက်ထဲက မှော်ဝင်ဘောလုံးပျံကို ဟတ်ဖဲလ်ပတ်ဖ်အသင်းရဲ့ ကစားသမား လူကောင်ထွားထွား တစ်ယောက်က ရသွားပြီ။ သူ့နာမည်ကို ကျွန်မ မေ့နေတယ်။ ဘစ်ဘဲလ်ဆိုလား ဘာလား။ ဩော် ဩော် သတိရပြီ ဘတ်ဂ်ဂျင်းစ်”

“ဘယ်ကလာ အဲဒါ ကက်ဝေါလ်လက်ဒါးဟဲ့” မက်ဂိုနာဂေါလ်က ဘေးကနေ အကျယ်ကြီး အော်ပြောလိုက်တယ်။ ကစားကွင်းထဲက ပရိသတ်တွေ ပွဲကျသွားပြီး တဟားဟား ရယ်နေတယ်။

ဟယ်ရီဟာ မှော်ဝင်စကြာဘောလုံးပျံကို လှည့်ပတ်ရှာကြည့်ပေမဲ့ မတွေ့သေးဘဲ ဖြစ်နေပြီး တစ်အောင့်အကြာမှာပဲ ကက်ဝေါလ်လက်ဒါးက ဂိုးသွင်းပစ်လိုက်တယ်။ မက်လက်ဂျင်းက ဂျင်နီ့ကို သူမရထားတဲ့ ဘောလုံးကို ကက်ဝေါလ်လက်ဒါးနောက် ပါသွားအောင် ကစားသလားဆိုပြီး လှမ်းအော်ဝေဖန် အပြစ်တင်လိုက်တယ်။ ကက်ဝေါလ်လက်ဒါး သွင်းလိုက်တဲ့ ဘောလုံး သူသတိမထားလိုက်ချိန် အတွင်းမှာပဲ သူ့ရဲ့ ညာဘက်နားရွက်ဘေးက ကပ်ပြီး ဖြတ်ဝင်သွားတာပဲ။

“ဟေ့ကောင် မက်လက်ဂျင်း ကိုယ်လုပ်ရမယ့် အလုပ် ကိုယ့်တာဝန်ကို ကိုယ်ပိုပြီး ဂရုစိုက်။ ဟိုလူ့လျှောက်ပြော ဒီလူ့လျှောက်အပြစ်တင် လုပ်မနေနဲ့” ဟယ်ရီက သူ့ရဲ့ ဂိုးသမားအနားမှာ ပတ်ပျံရင်း ကြုံးအော်ထည့်လိုက်တယ်။

“မင်းလည်း မထူးဘူး။ နမူနာ ယူလောက်အောင် ကောင်းကောင်း ကစားမပြနိုင်ဘူး”အအော်ခံရလို့ မျက်နှာကြီးနီရဲပြီး ဒေါသထွက်သွားတဲ့ မက်လက်ဂျင်းကလည်း အော်ဟစ်ပြီး ပြန်ပက်လိုက်တယ်။

“ဟော.... အဲဟိုမှာ ဟယ်ရီပေါ်တာ သူ့ဂိုးသမားနဲ့ ပြန်ပြီး ငြင်းခုံရန်ဖြစ်နေပါလား။ ကျွန်မကတော့ သူ အဲဒီလို လုပ်လေ ဘောလုံးကို သူရှာတွေ့ဖို့ အရလုပ်ဖို့ ပိုခက်လေ ဖြစ်မယ်ထင်တာပါပဲ။ ဒါပေမဲ့ အဲဒါဟာ ဟယ်ရီက တမင်မာယာများပြီး အကွက်ဆင်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်”

www.burmeseclassic.com

ဟတ်ဖဲလ်ပတ်ဖ်အသင်းနဲ့ ဂရိုဖင်ဒေါ်အသင်း နှစ်သင်းလုံးကို ပွဲကြည့်ပရိသတ်တွေရဲ့ ဝိုင်းအားပေးသံနဲ့ လှောင်ပြောင်အော်ဟစ်သံတွေ ဖုံးသွားချိန်မှာ လူနာက ဆရာမကြီးလေသံနဲ့ ဝေဖန်သုံးသပ်ပြနေတယ်။

ဟယ်ရီ ဒေါသထွက်လွန်းလို့ တောင်တောင်မြောက်မြောက် တွေးဆဲဆိုရင်း လေထဲမှာ ကိုယ်ကို ပတ်ချာလှည့်လွှင့်ပျံပစ်လိုက်ပြီးမှ ကစားကွင်းအနှံ့လှည့်သွားပြီး ကောင်းကင်ပြင်ထဲမှာ ဘယ်ဆီလျှောက်ပြေးနေမှန်းမသိတဲ့ အတောင်ပါတဲ့ ရွှေဘောလုံးကလေးကို လိုက်ရှာဖွေကြည့်နေတယ်။

အဲဒီအခိုက်မှာပဲ ဂျင်နီနဲ့ ဒီမဲလ်ဇာတို့က တစ်ဂိုးစီသွင်းပစ်လိုက်တဲ့အတွက် အနီနဲ့ ရွှေရောင်ဝတ်ဆင်ထားတဲ့ ဂရိုဖင်ဒေါ်အသင်းကို အားပေးနေတဲ့ ပရိသတ်တွေ အုန်းအုန်းခဲ ထအော်ဟစ်ချီးကျူး ဩဘာပေးလိုက်တယ်။ အဲဒီနောက် ကလက်ဝေါလ်လက်ဒါက ထပ်ပြီး တစ်ဂိုးသွင်းပြန်တယ်။ ဒါကြောင့် နှစဂိုးစီနဲ့ လက်ဗယ်ဖြစ်နေကြတယ်။

ဒါပေမဲ့ လူနာဟာ အဲဒီအခြေအနေကို သတိမထားသလို ဖြစ်နေတယ်။ သူမဟာ ကွစ်ဒစ်ချ် ကစားသမားတွေ ထူးထူးခြားခြား မရှိဘဲ သူလိုငါလို ကစားပြနေတာမျိုးကို စိတ်မဝင်စားသလိုမျိုးလည်း ဖြစ်နေပုံရတယ်။ ဒီအတောအတွင်းမှာပဲ ဇာကရိယတ်စ်စမစ်ဟာ တစ်မိနစ်ကျော်ကျော်ကြာအောင် သူ့ရဲ့ ဘောလုံးရိုက်တံတင်းပုတ်လွတ်ထွက်သွားတဲ့အတွက် ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားနေရတယ်။

"ဟတ်ဖဲလ်ပတ်ဖ်အသင်းအတွက် ရမှတ် ၇၀–၄၀ ပိုင်ထားပါတယ်"ပါမောက္ခမက်ဂိုနာဂေါလ်က လူနာရဲ့ စကားပြောအော်လံကို ယူပြီး စွတ်အော်ပြောနေတယ်။

"ဒီလောက်တောင် ရနေပြီလား" လူနာက မရှင်းမလင်း ဖြစ်နေတဲ့ပုံစံနဲ့ မေးလိုက်ပြီးမှ "အို … အို ဘယ်လို ဖြစ်ကြတာလဲ။ ကြည့်စမ်းပါဦး။ ဂရိုဖင်ဒေါ်အသင်းက ဂိုးသမားဟာ သူတို့အသင်း ရှေ့တန်း တိုက်စစ်မှူးတစ်ယောက်ရဲ့ ဘောလုံးရိုက်တံတင်းပုတ်ကို လုယူလိုက်တာ ရသွားပါပြီရှင့်"လို့ အော်ပြောလိုက်တယ်။

ဟယ်ရီ လေထဲမှာ ကန့်လန့်ဖြတ် ကိုယ်ကို လှည့်ပတ်လိုမ့်လိုက်ပြီးမှ အောက်ဘက်ကို ချက်ချင်း စိုက်ဆင်းသွားပြီး ကြည့်လိုက်တော့ လူနာအော်ပြောတဲ့အတိုင်း မက်လက်ဂျင်းရဲ့ လက်ထဲမှာ ဘောလုံးရိုက်တံ တင်းပုတ်ကြီး ရောက်နေတာ သေချာသွားတယ်။ သူက ပိကက်စ်ရဲ့ လက်ထဲက ရိုက်တံကိုလုယူပြီး အဲဒီရိုက်တံနဲ့ တစ်ဖက်ကဝင်လာမယ့် ကက်ဝေါလ်လက်ဒါကို ဘယ်လိုရိုက်ရမယ်ဆိုတာ သရုပ်ပြနေတယ်။

"မင်း အဲဒီရိုက်တံကို သူ့ကို ပြန်ပေးလိုက်ပြီး ကိုယ့်ဂိုးပေါက်ဆီကိုယ် ချက်ချင်း အမြန်ပြန်သွားမှာလား မသွားဘူးလား" ဟယ်ရီက ဒေါသနဲ့ ဟိန်းဟောက်ရင်း မက်လက်ဂျင်းဆီ တန်းတန်းမတ်မတ် ပြေးဝင်အသွား မက်လက်ဂျင်းကလည်း တုတ်တံကို အားကုန်လွှဲအရိုက် ချိန်ကိုက်ဖြစ်သွားပြီး အုန်းခနဲ ထိသွားရာမှာ ဟယ်ရီရဲ့ မျက်လုံးတွေထဲ မီးပွင့်သလို ဝင်းခနဲ ဖြစ်သွားပြီးမှ တစ်ခါ တစ်ဒုတ်ဒုတ် နာကျင်ရင်းကနေ ခံစားသိတွေပါ ပျောက်သွားပြီးတဲ့နောက် ခပ်လှမ်းလှမ်းက အော်သံတွေနဲ့အတူ သူ့ရဲ့ အာရုံထဲမှာ မှောင်အတိကျသွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက် သူ့စိတ်ထဲမှာ အသိတွေ ပြန်ဝင်လာပြီး သတိလည်လာချိန်မှာတော့ သူဟာ နွေးထွေးနူးညံ့ပြီး သက်သောင့်သက်သာရှိတဲ့ အိပ်ရာတစ်ခုပေါ်မှာ လဲလျောင်းနေတာသိလိုက်ရပြီး မော့ကြည့်လိုက်တော့ အရိပ်ကျနေတဲ့ မျက်နှာကြက်အထိ ရောက်အောင် ရွှေဝါရောင်အလင်းတွေ ဖြန့်ပေးနေတဲ့ မီးအိမ်တစ်လုံးကို မြင်နေရတယ်။ ဟယ်ရီ ဖိုသီဖတ်သီကသီကရွဲနဲ့ သူ့ခေါင်းကို ထူလိုက်တယ်။ ဒီတော့မှ သူ့ရဲ့ လက်ဝဲဘက်မှာ မြင်နေကျ ဆံပင်နီနီနဲ့ တင်းတိပ်တွေပါတဲ့ မျက်နှာနဲ့လူကို သတိထားလိုက်မိတယ်။

"ဩော် ဟော်ဟော် မင်း သတိပြန်ရလာပြီးကိုး။ ကောင်းတယ်ကွာ"ရွန်က ပြုံးပြုံးကြီး ပြောလိုက်တယ်။

ဟယ်ရီ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နဲ့ ဘေးကို လှည့်ပတ်ကြည့်လိုက်တော့ သူ ဆေးရုံဆောင်မှာ ရောက်နေတယ်ဆိုတာ သဘောပေါက်သွားတယ်။ အပြင်ဘက်က ကောင်းကင်မှာတော့ မဲနယ်ရောင်နဲ့ ကြက်သွေးရောင်တွေ ကွက်တိကွက်ကျား ဖြစ်နေတယ်။ ကွစ်ဒစ်ချ်ပြိုင်ပွဲကတော့ နာရီတော်တော်ကြာကတည်းက ပြီးသွားပြီ ဖြစ်မှာပါပဲ။ မော်လ်ဖွိုင်း ဘယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာ အမိအရ ဖော်ထုတ်မယ့် မျှော်လင့်ချက်ကြီးလည်း တစ်ပါတည်း ရေစုန်မျောသွားပြီ ဆိုပါတော့။ သူ့ခေါင်းဟာ သာမန်ထက် ထူးထူးခြားခြား လေးနေတယ်လို့ ဟယ်ရီ ခံစားနေရတယ်။ သူ့လက်တစ်ဖက်ကို မြှောက်ပြီး စမ်းလိုက်တော့ သူ့ခေါင်းကို ဦးပေါင်းနဲ့ ထုပ်ထားသလို ပတ်တီးတွေ ပတ်ထားတာ ကိုင်မိသွားတယ်။

"ကျွန်တော် ဘာဖြစ်သွားသလဲ"

"မင်း ခေါင်းခွံအက်သွားတယ်"

ပူညံပူညံနဲ့ ပျာယာခတ် အလုပ်ရှုပ်နေရင်းက ရောက်လာပြီး ဟယ်ရီ့ကို သူ့ခေါင်းအုံးပေါ် အသာပြန်လှဲချပေးနေတဲ့ မဒမ်ပွမ်ဖရေးက ပြောလိုက်တယ်။ "ဘာမှ စိုးရိမ်စရာ မရှိဘူး။ ငါ အဲဒီဒဏ်ရာကို ချက်ချင်း ကုသပေးထားတာ။ ဒါပေမဲ့ မင်းကို ဒီမှာ ငါ တစ်ညတာလောက်တော့ ထားရမှာပဲ။ ဒီအတောအတွင်း နာရီအနည်းငယ်ကြာအောင် မင်းဘာသာမင်း အားစိုက်ပြီး တောင်တောင်မြောက်မြောက်တွေ လျှောက်မလုပ်ဖို့တော့ လိုလိမ့်မယ်"လို့လည်း ဆက်ပြောတယ်။

"အို.... ကျွန်တော် ဒီမှာ တစ်ညလုံးတော့ မနေနိုင်ပါဘူးဗျာ" ဒေါသပေါက်ကွဲနေတဲ့ ဟယ်ရီက ပြောလိုက်တယ်။ ပြီးတော့ ထထိုင်ပြီး သူ့ကိုယ်ပေါ်မှာ ခြုံပေးထားတာတွေကို ဆွဲလွှင့်ပစ်လိုက်ပြီး ဆက်ပြောတယ်။ "ကျွန်တော် မက်လက်ဂျင်းကို မတွေ့တွေ့အောင် လိုက်ရှာပြီး သတ်ပစ်ချင်နေတယ်ဗျာ"တဲ့။

"အမယ်လေး မလုပ်လိုက်ပါနဲ့ မောင်ရင်ရယ်.... အဲဒီလို လျှောက်လုပ်လို့ကတော့ မင်းအားထုတ်မှု လွန်သွားတဲ့ အခြေအနေကို ရောက်သွားမှာပေါ့။ ငါ စိုးရိမ်တာ အဲဒါပဲ" မဒမ်ပွမ်ဖရေးက ဟယ်ရီ့ကို တင်းတင်းကျပ်ကျပ်ကိုင်ပြီး သူ့အိပ်ရာပေါ် ပြန်လှဲချပေးလိုက်တယ်။ ပြီးတော့ သူမရဲ့ ဆေးကြိမ်လုံးကို မြှောက်လိုက်ပြီး ခြိမ်းခြောက်တဲ့ ပုံစံမျိုးနဲ့ "ငါ မင်းကို ဆေးရုံကဆင်းခွင့် မပြုမချင်း မင်းဒီမှာ

www.burmeseclassic.com

www.burmeseclassic.com

နေကိုနေရမယ်နော် ပေါ်တာ။ မဟုတ်လို့ကတော့ ကျောင်းအုပ်ကြီးကို ခေါ်လိုက်ရတော့မှာပဲ”လို့လည်း ပြောလိုက်တယ်။

ပြီးတော့ သူမရဲ့ ရုံးခန်းကို သူမ ပျာပျာပျာပျာနဲ့ ပြန်ထွက်သွားတယ်။ ဟယ်ရီလည်း မတတ်သာတဲ့ အဆုံးမို့ သူ့ခေါင်းအုံးပေါ်မှာ ခေါင်းကိုနှစ်ပြီး ဒေါသတွေ တဖွားဖွား ဖြစ်နေပါတော့တယ်။ ပြီးတော့မှ အံကြိတ်ထားရင်းနဲ့ ရွန့်ကို သူမေးလိုက်တယ်။

“ငါတို့ ဘယ်လောက်တောင် ပြတ်ပြီး ရှုံးသွားသလဲ”

“အေး အေး ငါပြောပါ့မယ်ကွာ”ရွန်က တောင်းပန်သံနဲ့ ပြောတယ်။ “အပြီးသတ်အမှတ်ကတော့ သုံးရာကျော်ချင်း တူပြီး ၂၀မှတ်နဲ့ ဖ၀မှတ်ကွာသွားတယ်ကွ”

“ဟာ… ကောင်းလိုက်တာကွာ။ အဲဒါ အကောင်းဆုံးပေါ့ကွာ။ ငါ မက်လက်ဂျင်းကို တွေ့ရင်တော့လားကွာ…. ဟင်း”

“မင်း ဘာမှ သူ့ကို တွေ့ချင် လိုက်ရှာချင် မနေပါတော့ကွာ။ သူက သေးသေးလေး မှင်စာလေးလောက်ပဲ ရှိတဲ့ကောင်ပါကွာ”ရွန်က အကျိုးသင့်အကြောင်းသင့် ရှင်းပြနားချနေတယ်။ “ငါရဲ့ ပုဂ္ဂိုလ်ရေး အမြင်သက်သက်အရ ဆိုရင်ပေါ့ကွာ။ မင်း သူ့ကို အဲဒါတွေ သွားလုပ်နေရင် မော်ဝိဇ္ဇာရဲ့ ခြေသည်းလောက်ပဲ ရှိတာတွေကို မင်းလိုက်လုပ်နေတယ်လို့ ပြောကုန်ကြမှာပေါ့ကွ။ ဘာပြောနေနေ အသင်းက ကျန်တဲ့လူတွေက မင်းဒီဆေးရုံပေါ်က မဆင်းခင်ကတည်းကပဲ သူတို့နည်း သူတို့ဟန်နဲ့ သူ့ကို ဝိုင်းတွေ့ပြီး ပယ်ပယ်နယ်နယ် ဖြေရှင်းနေကြပြီပေါ့ကွာ။ အဲဒီမှာ စိတ်ချမ်းသာစရာ တစ်ကွက်မှ မရှိပါဘူး”

ဘာပဲ ပြောပြော ရွန်ရဲ့ အသံထဲမှာ အူမြူးနေတာတစ်ခုကို ဖုံးဖိထားတဲ့အချက် တစ်ချက်ရှိနေပြီး ဟယ်ရီ အတတ်ပြောနိုင်တာက သူဟာ ပြဿနာတွေ သပွတ်အူနေပြီဖြစ်တဲ့ မက်လက်ဂျင်းနဲ့ ပတ်သက်ပြီး သည်းထိတ်ရင်ဖို ဖြစ်နေစရာ မလိုဘူးဆိုတာ ခံစားလိုက်မိတယ်။

ဟယ်ရီ သူ့အိပ်ရာပေါ်မှာ လဲလျောင်းနေရင်းနဲ့ မျက်နှာကြက်ပေါ်မှာ ကျနေတဲ့ မီးအိမ်ရဲ့ အလင်းရောင် စက်ဝန်းကွက်ကွက်ကြီးကို ငေးစိုက်ကြည့်နေတယ်။ မကြာခင်လေးတင်က ပြန်ချုပ် ကုသပေးထားတဲ့ သူ့ခေါင်းခွံက ဒဏ်ရာလည်း မနာတော့ဘူး. ဒါပေမဲ့ အတိအကျ ပြောရရင်တော့ ခေါင်းမှာစည်းထားတဲ့ ပတ်တီးကြီးနဲ့ အတူ တစ်နှံ့နှံ့နဲ့တော့ ဖြစ်နေတုန်းပါပဲ။

“ပြိုင်ပွဲမှာ ကစားနေတာနဲ့ ပတ်သက်ပြီး ကြေညာနေတာကို ငါ ဒီက ကြားနေရတာကွ” ခုကျတော့ ရွန်က ရယ်သံနှောနေတဲ့အသံနဲ့ ပြောပြန်တယ်။ “လူနာဟာ အမြဲတမ်း ဒီအတိုင်းပဲ သူမရဲ့ ကြေညာချက်ကို ဆက်လုပ်သွားလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်ကွာ။ ‘ရှုံးနိမ့်သူရဲ့ ခံစားချက်’ဆိုတာပဲပေါ့”

www.burmeseclassic.com

ဒါပေမဲ့ ဟယ်ရီကတော့ ရွှန် သူ့အရွှန်းနဲ့ ပြောင်ချော်ချော်တွေ လျှော့ချလိုက်တာတောင်မှပဲ ခုလို ရယ်စရာ မောစရာတွေ မြင်ရလေ ဒေါသထွက်လေ ဖြစ်နေတုန်းပါပဲ။

“မင်း သတိမရဘဲ မေ့မျောနေတုန်းက ဂျင်နီတောင် လာသွားသေးတယ်ကွ”အချိန်အတော်ကလေး ကြာအောင် နှစ်ယောက်သား တိတ်ဆိတ်နေပြီးမှ ရွှန်က ပြောလိုက်တယ်။ ချက်ချင်းလိုလိုပဲ ဟယ်ရီရဲ့ စိတ်ကူးအာရုံထဲမှာ မြင်ကွင်းရုပ်ပုံလွှာ တစ်ခု တစ်ဖျတ်ဖျတ်နဲ့ ဒုန်းစိုင်းပြီး တရိပ်ရိပ် ပေါ်လာတယ်။ သူ့ရင်ထဲက စိတ်ရဲ့ မြင်ကွင်းအာရုံထဲမှာ ဂျင်နီက သူ့ရဲ့ အသက်မရှိတော့တဲ့ ခန္ဓာကိုယ်အပေါ်မှိုးပြီး ငိုကြွေးနေတယ်။ ပြီးတော့ ရွှန်က ကောင်းချီးပေးနေစဉ်မှာပဲ သူမက သူ့အပေါ် လေးနက်တဲ့ စိတ်ဝင်စားမှုထားရှိမှုကို ထုတ်ဖော်ဝန်ခံနေတယ်။ “သူမ ယူဆတာကတော့ မင်းဟာ ကွစ်ဒစ်ချ်ပြိုင်ပွဲအတွက် မီရုံဆိုမီရုံလေးပဲ ရှိတဲ့အချိန်မှ ရောက်လာတယ်။ ဘယ်လိုဖြစ်တာလဲ။ မင်း ဒီကိုထွက်လာတာ အစောကြီးပဲ။ မင်း ကစားကွင်းကို အစောကြီးရောက်ဖို့ အချိန်လုံလောက်ရက်နဲ့”လို့ ရွှန်က ထပ်ပြောတယ်။

“အို”ဟယ်ရီ့ဆီက အသံထွက်လာတယ်။ သူ့ရဲ့ စိတ်အာရုံမျက်လုံးထဲက မြင်ကွင်း တစ်ဖြည်းဖြည်း ကျုံ့ကျုံ့ပြီး အတွင်းဘက်ကို ပြိုကျပျောက်ပျက်နေတယ်။

“အေးပါကွာ .... ဟုတ်ပါပြီ။ ဒါကဒီလိုရှိတယ်။ ငါက လမ်းမှာ မော်လ်ဖွိုင်းကို ကောင်မလေးနှစ်ယောက်အတွဲနဲ့ ခိုးကြောင်ခိုးဝှက် ထွက်လာတာ တွေ့ရတယ်။ ကြည့်ရမြင်ရတာတော့ နှစ်ယောက်စလုံးက မော်လ်ဖွိုင်းနဲ့ သူတို့အတူ သွားချင်ပုံမရဘူး။ ပြီးတော့ ဒုတိယအကြိမ်မြောက် ကျန်တဲ့တခြားကျောင်းသားတွေလို ကစားကွင်းထဲကို မသွားဘူးဆိုတာ သေချာနေတာမျိုး လုပ်ပြခဲ့တယ်။ ပြီးခဲ့တဲ့ နောက်ဆုံးပွဲမှာလည်း သူ ဒီလိုပဲ လစ်သွားခဲ့တာပဲ။ မှတ်မိတယ် မဟုတ်လား”ဟယ်ရီ သက်ပြင်းမော တစ်ချက်ချလိုက်ပြီး ဆက်ပြောတယ်။ “ ငါ ခုပဲ သူ့နောက်ကို လိုက်သွားချင်တယ်။ ပြိုင်ပွဲဟာ အဲဒီလိုမျိုး အရှုံးကြီး ရှုံး....”

“တော်တော့ဟယ်ရီ။ မင်းဒီလို မိုက်မဲတာမျိုးတော့ မလုပ်နဲ့”ရွှန်က ဟယ်ရီ့ကို ဝေါက်ပစ်လိုက်တယ်။ “မော်လ်ဖွိုင်းလို ကောင်တစ်ယောက်လိုက်ဖို့ ကွစ်ဒစ်ချ်ပြိုင်ပွဲကို မင်းအပျက်ခံလို့ ဘယ်ရမလဲ။ ပြီးတော့ မင်းက အသင်းခေါင်းဆောင် ကပ္ပတိန်လေ”

“ငါကတော့ သူ ဘာလုပ်နေတယ်ဆိုတာ သိချင်တယ်။ ပြီးတော့ အကုန်လုံး ငါ့ခေါင်းပေါ် ပုံချတာမျိုးတော့ မင်း ငါ့ကို မပြောနဲ့။ သူနဲ့စနိပ်တို့ နှစ်ယောက် ဘာတွေပြောကြတယ်ဆိုတာ ငါနားစွန်နားဖျား ကြားခဲ့ရပြီးနောက်မှကွာ”

“ငါကလည်း ရှိသမျှ အကုန်လုံး မင်းတာဝန်ချည်းပဲလို့ ဘယ်တုန်းကမ ပြောခဲ့ဖူးလို့လဲ”ရွှန်က တံတောင်ဆစ်နဲ့ထောက်ပြီး သူ့ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်ရင်း ပြောလိုက်တယ်။ ပြီးတော့ ဟယ်ရီ့ကို မျက်မှောင်ကုတ်ကြည့်လိုက်ရင်း “ဒါပေမဲ့ လူတစ်ဦးတစ်ယောက်တည်းက အချိန်တစ်ချိန်မှာ ဘာမဆို ကြံစည်စိတ်ကူးနိုင်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက် စည်းကမ်းဥပဒေမျိုး ဒီနေရာမှာ မရှိပါဘူးကွာ။ ခုတော့ မင်း မော်လ်ဖွိုင်းနဲ့ ပတ်သက်လို့ အစွဲအလမ်းကြီးပြီး ဥပါဒါန်ကပ်လွန်းနေတယ်။ ငါဆိုလိုတာက

www.burmeseclassic.com

www.burmeseclassic.com

မင်းဟာ ကွစ်ဒစ်ချ်ပြိုင်ပွဲတစ်ပွဲအတွက် မေ့ဖျောက်ဘေးချိတ်ထားပြီး သူ့နောက်ကို လိုက်ဖို့ပဲ စိတ်ကူးနေတဲ့ပုံ ဖြစ်နေပြီလို့ ပြောတာ"

"ငါက သူ့ကို အဲဒီနေရာမှာကို ဖမ်းချင်နေတာ။ မှော်မြေပုံပေါ်မှာ သူ့ကို ငါရှာမတွေ့နိုင်ဘဲ ပျောက်နေချိန်မျိုးမှာ သူရောက်နေတဲ့ နေရာမှာကို ငါပြောတာကွာ"

"အဲဒါတော့ ငါမသိဘူး။ ဟော့စမိဒ်ကို ပြောတာလား"

"ငါ သူ့ကို မြေပုံပေါ်မှာ တစ်ခါဆိုတစ်ခါမှ လျှို့ဝှက်စကြံတွေအတိုင်း သွားနေတာ မမြင်ရဖူးဘူး။ ငါ့အထင်တော့ သူတို့ဟာ တစ်နည်းမဟုတ် တစ်နည်း စောင့်ကြည့်ခံနေရတာပဲ ဖြစ်မယ်"

"အေး အဲဒါလည်း ငါမသိဘူး"

ဒီမှာတင် သူတို့နှစ်ယောက်ကြားမှာ ငြိမ်သက်တိတ်ဆိတ်သွားတယ်။ ဟယ်ရီဟာ အိပ်ရာပေါ်မှာ ပက်လက်လှန် စဉ်းစားခန်းဝင်ရင်း သူ့အပေါ်ဘက် မျက်နှာကြက်က မီးအိမ်အလင်းရောင် စက်ပိုင်းကြီးကို ငေးစိုက်ကြည့်နေတယ်။

တကယ်လို့ သူ့မှာသာ ရပ်ဖတ်စ်စကရင်မ်ဂျာရဲ့ အာဏာအရှိန်အဝါမျိုး ရှိမယ်ဆိုရင် ဘယ်နည်းနဲ့မဆို မော်လ်ဖွိုင်းကို သူ ထက်ကြပ်ခြေရာခံမိနိုင်မှာပဲ။ ဒါပေမဲ့ ကံမကောင်းစွာဘဲ ဟယ်ရီ့မှာ ကိုယ်တိုင်အမိန့်ပေးပိုင်ခွင့် အပြည့်အဝရှိတဲ့ အော်ရာတစ်ယောက် စစ်စစ်ရဲ့ အခွင့်အာဏာမျိုး မရှိသေးဘဲ ဖြစ်နေတယ်။

"အင်း ... ငါ အောက်လမ်းနည်း လျှို့ဝှက်မှော်ပညာကို သုံးရင် ကောင်းမလား"လို့ ဟယ်ရီ ကိုယ့်ဘာသာကိုယ် ဖျတ်ခနဲ စဉ်းစားလိုက်သေးတယ်။ ဒါပေမဲ့ အဲဒါလည်း ပြဿနာက ရှိနေပြန်တာပဲ။ သူ ဒီလို လုပ်လိုက်မယ်ဆိုရင် လူတွေ တော်တော်များများက သူတို့ သင်ခန်းစာတွေ ပျက်ကုန်မှာ ဖြစ်တဲ့အပြင် အဲဒီလိုဖြစ်လာရင် ခံရမယ့်သူအများစုဟာ သူတို့ထဲက ဖြစ်နိုင်ပြန်တယ်။ တကယ်တမ်းပြောရရင် သင်ခန်းစာတွေ သင်ကြားရမယ့် အစီအစဉ်တွေက အပြည့်ရှိနေတုန်းပဲ။

ရွှန်ရဲ့ အိပ်ရာဘက်ကနေ အသံတိုးတိုးအုပ်အုပ် ဟောက်သံမှန်မှန် ထွက်နေတယ်။ တစ်အောင့်ကြာတော့ မဒမ်ပွမ်ဖရေး သူမရဲ့ ရုံးခန်းထဲကနေ ထွက်လာတယ်။ ဒီတစ်ကြိမ်မှာတော့ သူမဟာ ခပ်ထူထူ ခြုံလွှာဝတ်ရုံတစ်ခုကို ဝတ်ထားတယ်။ ဟယ်ရီ့အဖို့ကတော့ အိပ်ချင်ယောင်ဆောင်ရတဲ့ အလုပ်ဟာ အလွယ်ဆုံးပဲ။ ဟယ်ရီ တစ်ဖက်ကို စောင်းလိုမ့်လိုက်ပြီး တစ်လုံးနဲ့ တစ်လုံး အရမ်း နီးနီးကပ်ကပ် ထောင်ထားတဲ့ ခြင်ထောင်တွေထဲ အသံတွေကို အသာနားစွင့်နေချိန်မှာပဲ မဒမ်ပွမ်ဖရေးက သူမရဲ့ ဆေးကြိမ်လုံးကို ဝှေ့ယမ်းလိုက်တာ မီးအိမ်တွေ အကုန်လုံး မှိန်သွားတယ်။ ပြီးတော့ သူမရဲ့ ရုံးခန်းကို ပြန်လျှောက်သွားတာရော၊ သူမရဲ့ နောက်မှတံခါး ချောက်ခနဲ ပြန်ပိတ်သွားသံကိုပါ ဟယ်ရီ ကြားနေရတယ်။ ဒါဆိုရင် အခန်းထဲမှာ မဒမ်ပွမ်ဖရေး မရှိတော့ဘဲ အိပ်ရာဝင်သွားပြီဆိုတာ သေချာတယ်။ ဒါကို ဟယ်ရီ ကောင်းကောင်းသိနေတယ်။

www.burmeseclassic.com

ကွစ်ဒစ်ချ်ပြိုင်ပွဲမှာ ဒဏ်ရာရသွားမှုကြောင့် ဆေးရုံကို ရောက်လာပုံကို တတိယအကြိမ်မြောက်အဖြစ် ဟယ်ရီ မှောင်ထဲမှာ အလေးအနက် စဉ်းစားနေတယ်။ နောက်ဆုံးအကြိမ်မှာ သူဟာ သူ့ရဲ့ မိုးပျံမှော်တံမြက်စည်းပေါ်ကနေ ကစားကွင်းပတ်လည်မှာ ရောက်ရှိနေတဲ့ စိတ်ရူးပေါက် စုန်းတွေရဲ့ ရှေ့မှောက်မှာပဲ လိမ့်ကျသွားခဲ့ပါတယ်။

အဲဒီနောက် တခြား ဘာမှ မလုပ်ရသေးခင် ကုသရာမှာ မစွံဘဲ ညံ့ဖျင်းလှတဲ့ ပါမောက္ခလော့ခ်ဟတ်က သူ့လက်မောင်းတစ်ခုလုံးမှာရှိတဲ့ အရိုးတွေကို ဟိုရွှေ့ဒီရွှေ့နေတာကို သူခံခဲ့ရတယ်။ အဲဒါကြောင့်ပဲ သူ့ရဲ့ ဒဏ်ရာတွေဟာ မခံမရပ်နိုင်အောင် ပိုပြီး အဆိုးဝါးဆုံး နာကျင်ခဲ့ရတယ်။ နောက်ပြီး လက်မောင်းထဲက အရိုးတွေ မချိမဆန့် ထိုးနာလာတဲ့ ညတစ်ညကို သူပြန်သတိရနေတယ်။ အဲဒီအခံရခက်လှတဲ့ ဝေဒနာကို မသက်မသာ ခံစားရင်း အချိန်ကုန်လွန်ခဲ့ရတဲ့ ညမှာပဲ မျှော်လင့်မထားတဲ့ ဧည့်သည်တစ်ယောက် ရောက်လာခဲ့တယ်။

ဟယ်ရီဝုန်းခနဲ မတ်မတ်ကြီး ထထိုင်လိုက်တယ်။ သူ့နှလုံးတွေလည်း တဒုန်းဒုန်း ခုန်နေတယ်။ သူ့ခေါင်းက ပတ်တီးပေါင်းထုပ်ကြီးလည်း တစ်စောင်းကြီး ရွဲ့စောင်းနေတယ်။ နောက်ဆုံးမှာတော့ သူ ဆုံးဖြတ်ချက် ချလိုက်နိုင်တယ်။ မော်လ်ဖွိုင်းကို ခြေရာခံလိုက်နိုင်ဖို့ နည်းတစ်နည်း ရှိနေတာပဲ။ သူ ဘာကြောင့် ဒီအကြံကို စောစောက မေ့နေရပါလိမ့်။ သူ ဘာကြောင့်များ ဒီအကြံကို အစက မစဉ်းစားမိခဲ့ပါလိမ့်။

ဒါပေမဲ့ သူ့ကိုယ်သူ ပြန်မေးဖို့ မေးခွန်းတစ်ခု ရှိနေတာက "မော်လ်ဖွိုင်းကို သူ ဘယ်လိုလုပ် ခေါ်ရမလဲ။ သူဘာလုပ်ခဲ့သလဲ"ဆိုတာပါပဲ။

ဟယ်ရီမှောင်ထဲမှာ တိုးတိုးကလေး အစမ်း ပြောကြည့်လိုက်တယ်။

"ကရီးချားလားဟေ့"

ဒီမှာတင် ကျယ်လောင်တဲ့ အသံကြီးတစ်ခုနဲ့အတူ ထွေးလုံးသတ်ပုတ်သံတွေ၊ စူးစူးဝါးဝါး အော်သံတွေ တိတ်ဆိတ်နေတဲ့ တစ်ခန်းလုံးညံသွားအောင် ပေါ်ထွက်လာပါတယ်။ ရွန် နိုးသွားပြီး "ဟေ့ ဟေ့"လို့ အော်ရင်း ကမန်းကတန်း မေးလိုက်တယ်။

"ဟေ့ ဘာတွေ ဖြစ်နေတာလဲကွ"

ဟယ်ရီက သူ့ရဲ့ ဆေးကြိမ်လုံးနဲ့ မဒမ်ပွမ်ဖရေးရဲ့ ရုံးခန်းတံခါးကို တည့်တည့်ချိန်ရွယ်ပြီး ထွက်မလာနိုင်အောင် ပါးစပ်ကပါ ရွတ်ဆိုလိုက်တယ်။

"မတ်ဖလီယာတို… ဘယ်သူမှ မကြားအောင် အသံတွေလုံနေစေ"

အဲဒီနောက် ဟယ်ရီက သူ့အိပ်ရာခြေရင်းဘက်ကို ရောက်နိုင်သမျှ ရောက်အောင် အတင်းကုတ်ကတ် ရွှေ့သွားပြီး ဘာတွေ ဆက်ဖြစ်နေတယ်ဆိုတာ သဲသဲကွဲကွဲ မြင်ရအောင် ကြည့်လိုက်တယ်။

www.burmeseclassic.com

ဆေးရုံဆောင်ရဲ့ ကြမ်းပြင် အလယ်ဗဟိုမှာ အိမ်စောင့်နတ်မှင်စာနှစ်ကောင် လုံးထွေးလူးလိမ့် သတ်ပုတ်နေကြတယ်။ တစ်ကောင်က ကျုံ့တွန့်နေတဲ့ ကြက်သွေးရင့်ရောင် ခေါင်းစွပ်အပေါ်အင်္ကျီကို ဝတ်ထားပြီး အမွေးထူတဲ့ ဦးထုပ်တွေ တစ်ထပ်ကြီးကို ဆောင်းထားတယ်။ ကျန်တဲ့တစ်ကောင်မှာတော့ ညစ်ပတ်စုတ်ပြတ်နေတဲ့ အဝတ်စုတ်ကြီးတစ်ခုကို သူ့တင်ပါးနေရာမှာ လန်ကွတ်တီလို ပတ်ထားတဲ့ တစ်ခုပဲ ရှိတယ်။

ပြီးတော့ တစ်ဆက်တည်း လိုလို နောက်ထပ် ကျယ်လောင်တဲ့ အသံကြီးတစ်ခု ပေါ်ထွက်လာပြန်ပြီး သတ်ပုတ်နပန်းလုံးနေတဲ့ နတ်မှင်စာနှစ်ကောင်ရဲ့ အပေါ်တည့်တည့်လေထဲမှာ အခြောက်သန်တဲ့ တစ္ဆေပီးဗက်ဇ်ကို တွေ့လိုက်ရတယ်။

“ဒီနှစ်ကောင် သတ်နေတာကို ငါစောင့်ကြည့်နေတာပဲ ပေါ်တီပေါ်တာ” ပီးဗက်ဇ်က ဟယ်ရီ့ကို ဒေါသတကြီး ပြောလိုက်ပြီးမှ သူ့အောက်တည့်တည့်မှာ ခွန်းကြီးခွန်း တကျက်ကျက် စကားများလိုက်၊ ဖက်နပန်းလုံး သတ်လိုက်နဲ့ ရန်ဖြစ်နေတဲ့ နတ်မှင်စာနှစ်ကောင်ကို လက်ညှိုးထိုးပြီး “ကဲ ဟိုနှစ်ကောင် ဖြစ်နေကြတာ ကြည့်စမ်း။ သူကိုက် ကိုယ်ကိုက်၊ သူထိုး ကိုယ်ထိုး ဖြောင်းဆန်နေပြီ”လို့ ဆိုတယ်။

ဒီမှာတင်–

“ကရီးချားက ဟယ်ရီပေါ်တာကို ဒေါ်ဘီရဲ့ ရှေ့မှာ စော်ကားမှာ မဟုတ်ပါဘူး။ ဒီလို မဟုတ်လို့များတော့ ဒေါ်ဘီက သူ့ကိုယ်စား ကရီးချားပါးစပ်ကို ပိတ်ပစ်လိုက်မှာပေါ့”ဒေါ်ဘီက အသံသြသြကြီးနဲ့ အော်ပြောလိုက်တယ်။

“တော်တော် ငါ့ကို ကလိကလိ ဖြစ်အောင် လုပ်တဲ့ကောင်တွေပဲ” ပီးဗက်ဇ်က အော်ပြောရင်း နတ်မှင်စာနှစ်ကောင်ကို နောက်ထပ် ဒေါသထွက်လာအောင် မြေဖြူခဲအစတွေနဲ့ လှမ်းပေါက်လိုက်တယ်။ “ပြောင်စပ်စပ်နဲ့ ငရှုပ်တွေပဲ”

ဒီမှာတင် ခရီးချားက ဆိုတယ်။

‘ကရီးချားကတော့ သူ့ဆရာအကြောင်း သူကြိုက်တာ သူပြောမှာပဲ။ အို... ဟုတ်တာပေါ့။ ဒါထက် သူ့ရဲ့ဆရာဟာ မတ်ဘလစ်ဇ်ရဲ့ ညစ်ပတ်တဲ့ မိတ်ဆွေတစ်ယောက် မဟုတ်လား။ အင်း .... သနားစရာကောင်းတဲ့ ကရီးချားရဲ့ သခင်မက ဘာပြောဦးမလဲဆိုရင် ....”

ဒါပေမဲ့ ကရီးချားရဲ့ သခင်မက ဘာပြောမယ်ဆိုတာ သူ့ပါးစပ်က လုံးဝထုတ်မပြော ဖြစ်တော့ဘူး။ အဲဒီအခိုက်မှာပဲ ဒေါ်ဘီက သူ့ရဲ့ ဖုဖုထစ်ထစ် လက်သီးလုံးကလေးနဲ့ စကားပြောလက်စ ကရီးချားရဲ့ ဟနေတဲ့ ပါးစပ်ထဲကို ပစ်ထိုးလိုက်တာ သွားတစ်ခြမ်းနဲ့ နောက်အထိ လက်သီးကျွံဝင်သွားပြီး ကရီးချား ပစ်လဲသွားလို့ပဲ။

www.burmeseclassic.com

အရေးထဲ မြွေပူရာ ကင်းမှောင့်သလို မြှောက်ထိုးပင့်ကော် လုပ်ချင်နေတဲ့ ပီးဖက်ဇ်က အပေါ်ကနေ ခုန်ဆင်းလာပြီး မီးအိမ်နဲ့ မလှမ်းမကမ်းကနေ သံသေးသံကြောင်တွေ တကျီကျီအော်ရင်း နတ်မှင်စာနှစ်ကောင်ကို သွေးထိုးပေးနေတယ်။

"ချကွချ။ မင်းလက်ဝါး လက်ချောင်းတွေနဲ့ ဒီလောက် စပ်စုချင်တဲ့ ဟိုကောင့်ပါးစပ်ကို ပိတ်ထားစမ်း။ ဟုတ်ပြီ၊ အကျီရင်ဘတ်ကို မလွှတ်နဲ့။ နားရွက်နှစ်ဖက်လုံးကိုလည်း မလွှတ်အောင် ဆွဲထား"

ဟယ်ရီနဲ့ ရွန်နှစ်ယောက်လုံး အိပ်ရာထဲက ခုန်ထွက်လာကြပြီး လုံးဖက်သတ်ပုတ်နေတဲ့ နတ်မှင်စာနှစ်ကောင်ကို အတင်းဆွဲဖြုတ်ပြီး ခွာထုတ်လိုက်တယ်။ မှင်စာလေးတွေက ထပ်ပြီး တစ်ကောင်နဲ့တစ်ကောင် လှမ်းကန်လိုက်၊ ထိုးလိုက်လုပ်ပေမဲ့ မထိတော့ဘူး

ဟယ်ရီက သူ့ဆေးကြိမ်လုံးနဲ့ ပီးဖက်ဇ်ကို ချိန်ရွယ်ပြီး "လင်းလော့ခ် အာစေးထည့်ထားသလို အသံအိုးပိတ်သွားစေ"လို့ အော်လိုက်တယ်။

ပီးဖက်ဇ် ချက်ချင်း သူ့လည်မျိုကို သူဖမ်းဆုပ်လိုက်ပြီး လည်ချောင်း အစ်နေတဲ့ ပုံစံနဲ့ အသက်ကို တအားရှိုက်ရှူပြီး တံတွေးကို မရမက မျိုချလိုက်တယ်။ ပြီးတော့ မဖွယ်မရာ ညစ်တီးညစ်ပတ် အမူအရာတွေကို လုပ်ပြရင်း အခန်းထဲက ပြေးထွက်သွားဖို့ ဟန်ပြင်လိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့လျှာကို အာခေါင်အရင်းမှာ တက်ပြီး ကော်နဲ့ ကပ်ခံထားရသလိုမျိုး ပါးစပ်ထဲမှာ လှုပ်မရဘဲ စကားလည်း မပြောနိုင်ဘဲ ဖြစ်နေတယ်။

သဘောကျနေတဲ့ ရွန်က "ဒီတစ်ချက်ကတော့ တကယ်ပိုင်တယ်ကွာ"လို့ အားပါးတရ ပြောလိုက်ရင်း ဒေါ်ဘီကို လေထဲကို မြှောက်တင်လိုက်တဲ့အတွက် ဒေါ်ဘီ ခြေကားရား လက်ကားရားနဲ့ လေထဲကို မြောက်တက်သွားပြီး ကရီးချားနဲ့ လုံးလုံးလွတ်ထွက်သွားတယ်။ ရွန်က ထပ်ပြောလိုက်တယ်။ "ဒါကတော့ နောက်ထပ် ဆဌဂံ မှော်စာလက်နက် ဝိဇ္ဇာပဲဟေ့၊ မဟုတ်ဘူးလား"

"ဟုတ်လိုက်လေကွာ၊ သိပ်ဟုတ်"ဟယ်ရီကပြောပြီး ကရီးချားရဲ့ ပိန်ရှုံ့ရှုံ့ လက်မောင်းကလေးကို မခံချိမခံသာ ဖြစ်အောင် နာနာလေး ဆွဲလိမ်ထားရင်း "ကဲ .... ခင်ဗျားတို့နှစ်ယောက်ကို တစ်ယောက်နဲ့တစ်ယောက် မသတ်ပုတ်ဖိုပ ကျွန်တော် တားမြစ်တယ်။ ဟုတ်ပြီလား ကရီးချား။ ဒေါ်ဘီကို မတိုက်ခိုက်ဖို့ ခင်ဗျားကို ကျွန်တော် တားမြစ်တယ်။ ကဲ ... ဒေါ်ဘီ ခင်ဗျားကိုလည်း သူများကို လိုက်အမိန့်ပေးဖို့ ကျွန်တော် ခွင့်မပြုဘူး။ ဟုတ်ပြီနော်"လို့ ဆက်ပြောလိုက်တယ်။

ဒီတော့ ဒေါ်ဘီက မျက်ရည်အသွယ်သွယ်ကျပြီး ရှုံ့တွနေတဲ့ သူ့မျက်နှာသေးသေးလေးကို သူ့ရဲ့ ခေါင်းစွပ်ဂျာစီအကျီနဲ့ သုတ်ရင်း ပြောတယ်။

"ဒေါ်ဘီ့အနေနဲ့ လွတ်လပ်တဲ့ အိမ်စောင့်နတ်မှင်စာ ဖြစ်လို့ ကိုယ်သဘောကျတဲ့ ဘယ်တစ်စုံတစ်ယောက်ကိုမဆို ကိုယ်လိုက်နာနိုင်တယ်။ ဒေါ်ဘီကတော့ ဟယ်ရီပေါ်တာ သူ့ကို လုပ်စေလိုသမျှ လုပ်မှာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကဲ … ဒီလိုဆိုရင် ပြီးပြီပေါ့" ဟယ်ရီက ပြောလိုက်တယ်။ နောက် ဟယ်ရီနဲ့ ရွန်ဟာ ကြမ်းပြင်ပေါ်ကို ပြန်ချပေးထားခဲ့ရပြီပေမဲ့ ဆက်ပြီး တိုက်ခိုက်ခြင်း မပြုတော့ဘဲ နတ်မှင်စာလေးနှစ်ကောင်ကို ပြန်လွှတ်ပေးလိုက်ပါတယ်။

"ဆရာ ကျွန်တော့်ကို ခေါ်လိုက်သလားလို့" ကရီးချားက ဦးညွတ်အရိုအသေပေးရင်း ဟယ်ရီ့ကို မေးလိုက်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဟယ်ရီ့ကို ကြည့်နေတဲ့ သူ့ရဲ့ အကြည့်ထဲမှာ ဟယ်ရီ့ကို နာနာကျင်ကျင်နဲ့ ဆိုးဆိုးဝါးဝါး သေစေလိုတဲ့ ဆန္ဒတွေပါနေတာ ရှင်းရှင်းလင်းလင်းကြီး ပေါ်နေတယ်။

"ဟုတ်တယ်၊ ကျွန်တော် ခေါ်တယ်" ဟယ်ရီက ပြောပြီး စောစောက သူရွတ်လိုက်တဲ့ 'မတ်ဖလီယာတို– ဘယ်သူမှ မကြားရအောင် အသံတွေလုံနေစေ'ဆိုတဲ့ ဂါထာ ခုထိ အာနိသင် မပြယ်သေးဘဲ ရှိနေမနေ သိရအောင် စူးစမ်းတဲ့အနေနဲ့ မဒမ်ပွမ်ဖရေးရဲ့ ရုံးခန်းအခြေအနေကို တစ်ချက်လှမ်းကြည့်ပြီး စစ်ဆေးအကဲခတ်လိုက်တယ်။ ပြီးတော့ စောစောက ဆူဆူညံညံ သောင်းသောင်းကျန်းကျန်း ဖြစ်ခဲ့တဲ့ အသံတွေကို မဒမ်ပွမ်ဖရေး တစ်ခွန်းတစ်စ ကြားသွားခဲ့တဲ့ အရိပ်လက္ခဏာ မတွေ့ရတာ သေချာသွားတော့မှ ဆက်ပြောလိုက်တယ်။

"ခင်ဗျားကို ကျွန်တော် အလုပ်တစ်ခု တာဝန်ပေးစရာ ရှိတယ်"

"ဟာ ဆရာဘာလုပ်ချင်ချင် ကရီးချား လုပ်ပေးမှာပေါ့" ကရီးချားက ပြောလိုက်တယ်။ ကရီးချားဟာ ဟယ်ရီ့ကို ဦးညွတ်ပြီး အရိုအသေ ပေးထားလိုက်တာလည်း သူ့ရဲ့ နှုတ်ခမ်းမွေးတွေနဲ့ သူ့ရဲ့ ဖုထစ်ရှုံ့တွနေတဲ့ ခြေချောင်းကလေးတွေ ထိလုနီးပါးတောင် ဖြစ်နေပါတယ်။ သူက ဆက်ပြောသေးတယ်။ "ဘာဖြစ်လို့လဲဆိုတော့ ကရီးချားမှာ ရွေးစရာလမ်း မရှိလို့ပဲလေ။ ဒါပေမဲ့ ကရီးချားမှာ ဒီလို ဆရာမျိုး တစ်ယောက် ရှိနေတဲ့အတွက်တော့ ကရီးချား ရှက်မိပါတယ်။ တကယ်ပါ"

"အဲဒါကို ဒေါ်ဘီလုပ်မယ် ဟယ်ရီပေါ်တာ" ဒေါ်ဘီက တုန်တုန်ယင်ယင်နဲ့ ဝင်ပြောလိုက်တယ်။ သူ့ရဲ့ တင်းနစ်ဘောလုံးအရွယ် မျက်စိနှစ်လုံးကလည်း သူ့မျက်ဝန်းထဲက မျက်ရည်အိုင်တွေထဲမှာ ကလယ်ကလယ်နဲ့ ကူးခတ်နေဆဲပဲ။ "ဒေါ်ဘီ ဟယ်ရီပေါ်တာကို ကူညီခြင်းအားဖြင့် ဂုဏ်ယူစမ်းပါရစေ ပေါ်တာ"

"အင်း စဉ်းစားစရာတော့ ဖြစ်လာနေပြီ။ ဒီကိစ္စကို ခင်ဗျားတို့နှစ်ယောက်လုံးကို လုပ်ခိုင်းလိုက်ရင် ကောင်းမယ်ထင်တယ်။ အိုကေ၊ အဲဒါပဲ ကောင်းတယ်။ ကျွန်တော် ဒရာကို မော်လ်ဖွိုင်းကို နောက်ယောင်ခံ လိုက်ချင်တယ်ဗျာ" ဟယ်ရီက ပြောလိုက်တယ်။

ပြီးတော့ ရွန့်ရဲ့ မျက်နှာပေါ်က အံ့သြမှုနဲ့ စိတ်တိုသွားပုံ ရောထွေးနေတာကို မသိကျိုးကျွန် ဥပေက္ခာပြုပြီး ဟယ်ရီက ဆက်ပြောတယ်။

"ကျွန်တော် သိချင်တာက သူ ဘယ်တွေကို သွားနေတာလဲ၊ သူ ဘယ်သူတွေနဲ့ တွေ့တာလဲ၊ ပြီးတော့ သူ ဘာတွေလုပ်နေသလဲ၊ ဒါပဲ။ ဒီတော့ ခင်ဗျားတို့နှစ်ယောက်ကို နေ့ညမပြတ် ၂၄နာရီလုံး သူ့နောက်က လိုက်စေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့ပါ ဟယ်ရီပေါ်တာ” ဒေါ်ဘီက ချက်ချင်း ပြောလိုက်ပြီး သူ့မျက်လုံးကြီးတွေလည်း စိတ်လှုပ်ရှားမှုကြောင့် အရောင်လက်လာတယ်။ “ဒေါ်ဘီ အဲဒါကို လုပ်လို့ ကချော်ကချွတ်ဖြစ်သွားတယ်ဆိုရင် ဒေါ်ဘီ ကိုယ့်ကိုယ်ကိုယ် ဟိုအမြင့်ဆုံး မျှော်စင်ထိပ်ကနေ လွှင့်ပစ်ခုန်ချလိုက်မယ် ဟယ်ရီ”လို့လည်း အာမခံချက်တွေပေးလို့။

“အဲဒါကို လုပ်ရာမှာ နည်းနည်းလေးမှ လိုသွားလို့ မဖြစ်ဘူးနော်”ဟယ်ရီက မဆိုင်းမတွ ထပ်ပြောလိုက်တယ်။ ဒီတော့မှ–

“ဆရာက ကျွန်တော့်ကို ဟိုအငယ်ဆုံး မော်လ်ဖွိုင်းနောက်ကို လိုက်စေချင်တာလား။ ဩော် ဆရာက ကျွန်တော့်ကို ကျွန်တော့်ဆရာမဟောင်းကြီးရဲ့ တူသားနောင်မယ် မြေးကလေး ဟိုသွေးစစ်ကောင်ကလေးကို သူလျှိုလုပ်ခိုင်းတာလား”

“ဟုတ်တယ် အဲဒီတစ်ယောက်ပဲ” ဟယ်ရီဟာ ပြောလိုက်ပြီးမှ အန္တရာယ်ကြီး တစ်ခုကို ကြိုတင်သိမြင် ခံစားလိုက်မိကာ ချက်ချင်းပဲ အဲဒီအန္တရာယ်ကို တားဆီးဖို့ သန္နိဋ္ဌာန်ချလိုက်ရင်း ဆက်ပြောလိုက်တယ်။ “ဟုတ်ပေသားပဲ။ ခင်ဗျားကို သူ့နဲ့ ပတ်သက်ပြီး သတင်းမပေးရဘူးလို့ တားမြစ်ထားတာမို့လား ကရီးချား၊ ဒါမှမဟုတ်ရင် ခင်ဗျား ဘယ်ရောက်နေတယ်၊ ဘာလုပ်တယ်ဆိုတာ အားလုံး သူ့ကို ပြန်ပြောပြဖို့၊ ဒါမှမဟုတ်ရင် သူ့ဆီ သတင်းရေးပို့ဖို့၊ ဒါမှမဟုတ် တစ်နည်းနည်းနဲ့ သူ့ကိုဆက်သွယ်ဖို့ ခင်ဗျားကို တာဝန်ပေးထားတာပဲ ဟုတ်တယ်မို့လား”

ကရီးချားဟာ ခုကလေးတင်ပဲ သူ့ကိုပေးခဲ့တဲ့ ညွှန်ကြားချက်ထဲမှာ ကယ်ပေါက်တစ်ခု တွေ့လိုတွေ့ငြား ကျားကုတ်ကျားခဲ ကြိုးစားနေတာကို သူမြင်နေရတယ်လို့ ဟယ်ရီထင်တယ်။ သူ စောင့်နေလိုက်တယ်။

တစ်အောင့်သာသာ အကြာမှာတော့ ဟယ်ရီရဲ့ဆန္ဒ အကြီးအကျယ် ပြည့်ဝကျေနပ်သွားစေမှုအဖြစ် ကရီးချားက တစ်ကြိမ် အလေးအနက် ဦးညွှတ်အရိုအသေပေးပြီး ခါးခါးသီးသီး မခံချင်ဖြစ်နေတဲ့ပုံနဲ့ ပြောလိုက်တယ်။ “ဆရာက အကုန်လျှောက်တွေးပြီး အထအနကောက်နေတာကိုး။ ကရီးချားက သူ့စကားကို နာခံရအောင် ကရီးချားက မော်လ်ဖွိုင်းဆိုတဲ့ လူကလေးရဲ့ အစေအပါး မဟုတ်သေးတာဘဲ။ အို.... တကယ်ပါဗျာ”

“ကဲ ဒါဆို ခုအတည်ဖြစ်ပြီပေါ့”လို့ အစပျိုးလိုက်ပြီး ဟယ်ရီက “ကျွန်တော် ခင်ဗျားတို့ရဲ့ ပုံမှန်အစီရင်ခံတာကို လိုချင်တယ်။ ဒါပေမဲ့ ခင်ဗျားတို့အစီရင်ခံချိန်မှာ ကျွန်တော် လူတွေကြားမှာ ရောက်နေတာမျိုး မဖြစ်အောင် အသေအချာလုပ်ပါ။ ရွှန်နဲ့ ဟာမီယွန်တို့ကတော့ ကိစ္စမရှိဘူး၊ ဖြစ်တယ်။ အိုကေပဲ၊ ပြီးတော့ ခင်ဗျားတို့ ဘာတွေလုပ်နေတယ်ဆိုတာ ဘယ်တစ်စုံတစ်ယောက်မှ မပြောပါနဲ့။ ကဲ ခုကစပြီး ခင်ဗျားတို့နှစ်ယောက် မော်လ်ဖွိုင်းကို ကြွက်နို့ကပ်တဲ့ ပလတ်စတာ တစ်စုံလို အသေကပ်ထားပေတော့”

ဂဂဂဂဂဂဂဂဂဂဂ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)
လော့ဒ်ဗိုဒီမော့ရဲ့ ပန်ကြားချက်

တနင်္လာနေ့ တစ်နေ့ရဲ့ နံနက်ပိုင်းမှာ ဟယ်ရီနဲ့ ရွန်တို့ ဆေးရုံက ဆင်းခဲ့ကြတယ်။ သူတို့အတွက် ပထမဆုံးသော အရေးပါတဲ့ အားသာချက်က မဒမ်ပွမ်ဖရေးရဲ့ ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးမှုကြောင့် သူတို့နှစ်ဦးလုံး အပြည့်အဝ ပြန်ကျန်းမာလာခဲ့တာပါပဲ။ ခုဆိုရင် ဟယ်ရီရဲ့ မိုးပျံတံမြက်စည်းပေါ်က ပြုတ်ကျတဲ့ ဒဏ်ရာဒဏ်ချက်တွေရော၊ ရွန်ရဲ့ အဆိပ်မိခဲ့ပမှုတွေပါ ပျောက်ကင်းသွားပြီး ဖြစ်တဲ့အပြင်၊ အကောင်းဆုံး အကျိုးကျေးဇူး ရရှိမှုတစ်ခုအနေနဲ့ ဟာမီယွန်နဲ့ ရွန်တို့လည်း မိတ်ဆွေတွေ ပြန်ဖြစ်နေကြပြီပေါ့။ ဟာမီယွန်ဟာ သူတို့ကို နံနက်စာစားဖို့ စောင့်ရှောက်လိုက်ပါပြီး ခေါ်လာတဲ့အပြင် သူမနဲ့အတူ သတင်းလေး တစ်ခုလည်း ပါလာပါတယ်။ ဂျင်နီနဲ့ ဒင်း စကားများကြတယ်ဆိုတဲ့ သတင်းမို့ ဟယ်ရီရဲ့ ရင်ထဲမှာ ငိုက်မြည်းငုပ်လျှိုးနေတဲ့ စိတ်ကလေး ဆတ်ခနဲ ခေါင်းထောင်ထလာပြီး လေထဲမှာ နောက်ထပ် ဘာသတင်း အစအနရမလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ အနံ့ခံကြည့်နေတယ်။

"သူတို့က ဘာကိစ္စနဲ့ စကားများကြတာလဲ"သူတို့တွေ လူရှင်းနေတဲ့ သတ္တမအထပ်က စင်္ကြံလမ်းတစ်ခုကို ကွေ့တက်သွားနေတုန်း ဟယ်ရီက ကောက်ကာငင်ကာ မေးလိုက်တယ်။ ဒါပေမဲ့ အဲဒီမှာ ရှိနေပြီး ဂါဝန်လေးတွေ ဝတ်ထားတဲ့ မှင်စာကလေးတွေပုံ ဂုန္တန်ထိုး ပန်းချီကားတစ်ချပ်ကို လေ့လာစစ်ဆေး ကြည့်ရှုနေတဲ့ မိန်းကလေး ငယ်ငယ်ကလေး တစ်ယောက်ကတော့ ဆဋ္ဌမနှစ်ကျောင်းသူကျောင်းသားတွေ သူမထံ ချဉ်းကပ်လာတာကို ထိတ်လန့်သွားပြီး သူမသယ်ဆောင်လာတဲ့ ကြေးချိန်ခွင်လေးလေးကြီး တစ်လက်ပါ လက်ထဲက လွတ်ကျသွားတယ်။

"ဘာမှ မဖြစ်ဘူး။ ဘာမှ ကြောက်စရာမရှိဘူး။ အေးအေးဆေးဆေးပေါ့။ ရော့ ရော့ မင်းချိန်ခွင် ဒီမှာ"သူမကို ကူညီဖို့ အပြေးအလွှားရောက်ရှိသွားတဲ့ ဟာမီယွန်က ချိန်ခွင်ကို ကောက်ပေးပြီး ကြင်ကြင်နာနာလေသံနဲ့ ပြောလိုက်တယ်။ ပြီးတော့ တစ်ခါကျိုးသွားတဲ့ ချိန်ခွင်ကို သူမရဲ့ ဆေးကြိမ်လုံးနဲ့တို့ပြီး–

"ရီပါရို–အလိုလို ပြင်ဆင်ပြီးသား အကောင်းပကတိ ပြန်ဖြစ်စေ"လို့ ရွတ်ဆိုလိုက်တာ ချိန်ခွင်အကောင်းအတိုင်း ပြန်ဖြစ်သွားတယ်။

ဒါပေမဲ့ မိန်းကလေးက ကျေးဇူးတင်စကား တစ်ခွန်းမှ မပြောဘူး။ နေရာကလည်း မရွေ့ဘူး။ အဲဒီမှာပဲ ကျောက်ချသလို ရပ်နေပြီး သူတို့တွေ သူမကို ဖြတ်ပြီး ဆက်လျှောက်သွားလို့ မြင်ကွင်းက ပျောက်ကွယ်သွားတဲ့တိုင်အောင် ငေးပြီး စောင့်ကြည့်နေတယ်။ ဒါကို နောက်ပြန်တစ်ချက် လှည့်ကြည့်လိုက်တဲ့ ရွန်က မြင်နေရတယ်။

"ငါ ကျိန်ပြီးတောင် ပြောရဲတယ်။ သူတို့တွေ ငယ်ပြီး သေးသွားတာဖြစ်မယ်"ရွန်က ပြောလိုက်တယ်။

www.burmeseclassic.com

"အဲဒီကောင်မလေး ကိစ္စ ထားလိုက်ပါတော့ကွာ။ အရေးမပါပါဘူး။ ဂျင်နီနဲ့ ဒင်းန် ဘာကိစ္စ စကားများကြတာလဲဆိုတာ ပြောပါဦး ဟာမီယွန်" ဟယ်ရီက စိတ်မရှည်တဲ့အသံနဲ့ ပြောလိုက်ရင်း ဟာမီယွန်ကို ထပ်မေးလိုက်တယ်။

"သြော်… မက်လက်ဂျင်းရဲ့ တင်းပုတ်ကြီးနဲ့ နင့်ကို ရိုက်ချလိုက်တာကို ကြည့်ပြီး ဒင်းန်က ရယ်နေတယ်လေ။ အဲဒါကြောင့်ပဲ"

"ပြောသာ ပြောရတယ်။ အဲဒါကလည်း မြင်ရတာ ရယ်စရာတော်တော် ကောင်းတယ်ဟ" ရွန်က သူ့အတွေးနဲ့ သူ ပြောလိုက်တယ်။ ဒီမှာတင်

"ငါ့ အမြင်အရ ဒါဟာ လုံးဝရယ်စရာ မဟုတ်ဘူး။ တကယ် ထိတ်လန့်တုန်လှုပ်စရာ ကောင်းတဲ့ကိစ္စ။ တကယ်လို့သာ အဲဒီမှာ ကုတ်နဲ့ ပိကက်စ်တို့ကိုသာ ဟယ်ရီက အချိန်မီ ဖမ်းမမိလိုက်ရင် သူ ဒါထက်မက ဆိုးဆိုးဝါးဝါးကြီးကို အနာတရ ဖြစ်သွားမှာ"လို့ ဟာမီယွန်က ဒေါသတကြီး ပြန်ပြောပါရော။

"အေး ဟုတ်ပါပြီဟယ်၊ ထားလိုက်ပါတော့။ ဒါပေမဲ့ အဲဒီကိစ္စလေးကြောင့်တော့ ဂျင်နီနဲ့ ဒင်းန်တို့ ခွာပြဲဖို့ မလိုပါဘူး" ဟယ်ရီက ကမန်းကတန်း ဝင်ပြောပြီးမှ သတိရပြီး ဆက်မေးတယ်။ "ဒါနဲ့ ခု သူတို့တွဲတုန်းပဲ မဟုတ်လား"

"အေး ဟုတ်တယ်၊ သူတို့ ဆက်တွဲနေတုန်းပဲ။ ဒါနဲ့ နေစမ်းပါဦး။ နင်ကရော ဒီကိစ္စကို ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ" ဟာမီယွန်က မေးလည်းမေး ဟယ်ရီ့ကိုလည်း နှိုက်နှိုက်ချွတ်ချွတ် အဖြေရှာတဲ့ မျက်လုံးနဲ့ စိုက်ကြည့်လိုက်တယ်။

"ငါက ငါ့ရဲ့ ကွစ်ဒစ်ချ်အသင်းကို နောက်ထပ် ပြဿနာတွေ ထပ်ဝင်မလာစေချင်လို့ပါဟာ"ဟယ်ရီက ချက်ချင်း ပြန်ဖြေလိုက်ပေမဲ့ ဟာမီယွန်က သူ့ကို မသင်္ကာတဲ့ မျက်လုံးနဲ့ ဆက်ကြည့်နေတာကြောင့် အနေရခက်နေတုန်း 'ဟယ်ရီ'လို့ ခေါ်လိုက်တဲ့ အသံတစ်သံ ကယ်တင်ရှင်အဖြစ်နဲ့ သူတို့နောက်ဘက်ကနေ ထွက်လာတယ်။ ဟယ်ရီ ဟာမီယွန်ကို နောက်ခိုင်းပြီး တစ်ဖက်ကို လှည့်သွားဖို့ အကြောင်းပြချက် ရသွားတယ်။

"အို …. လူနာပါလား"

"ငါ နင့်ကို တွေ့ချင်လို့ ဆေးရုံကို သွားရှာတာလေ။ သူတို့က နင်ဆင်းသွားပြီတဲ့" လူနာကလည်း သူမရဲ့ အိတ်ထဲကို မွှေနှောက် ရှာဖွေရင်း ပြောလိုက်တယ်။

နောက် သူမဟာ ကြက်သွန်နီဥအစိမ်းကြီးတစ်လုံးနဲ့ ခပ်ဆင်ဆင်တစ်ခု၊ အစက်အပြောက်တွေထနေတဲ့ မှိုကြီးလိုလိုတစ်ခုနဲ့ ကြောင်စာခွက်နဲ့ တူတဲ့ ပစ္စည်းလို အမှိုက်သရိုက် တော်တော်များများကို ရွန့်ရဲ့ လက်ထဲကို ထိုးထည့်လိုက်ပြီးမှ အိတ်ထဲက နောက်ဆုံးအပြီးသတ် ပေါ်လာတဲ့ အတော့်ကို ညစ်ပတ်မသတီစရာ ကောင်းနေတဲ့ ပုရပိုက်စာခွေတစ်ခုကို ထုတ်ယူပြီး ဟယ်ရီ့ကို ကမ်းပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"နင့်ကို ဒါလေးပေးလိုက်ပါလို့ ပြောပြီး ငါ့ကို ပေးလိုက်လို့ဟဲ့"

လူနာ ယူလာတာက ပုရပိုက်အလိပ်ကလေးတစ်ခု ဖြစ်ပြီး ဟယ်ရီ့အတွက်တော့ အဲဒါကို မြင်လိုက်တာနဲ့ ဒါဟာ ဒမ်းဘဲလ်ဒိုးနဲ့အတူ နောက်ထပ် သင်ခန်းစာတစ်ခု ထပ်တက်ကြဖို့ ဖိတ်ခေါ်တဲ့ စာလွှာဆိုတာ ချက်ချင်းပဲ မှတ်မိနေတယ်။ သူ နောက်တစ်ကြိမ် ပြန်ဖြန့်ကြည့်ပြီး ရွန်နဲ့ ဟာမီယွန်ကို ပြောလိုက်တယ်။

"ဒီညပဲ"

"နောက်ဆုံး အချိန်ကိုက် ရောက်လာတဲ့ သိပ်ကောင်းတဲ့ သတင်းပို့ချက်ကလေး ပါလားဟေ့" လူနာက သူမရဲ့ ကြက်သွန်၊ မှိုနဲ့ ကြောင်စာအမှိုက်တွေကို ရွန့်လက်ထဲက ပြန်ယူနေချိန်မှာ ရွန်က ပြောလိုက်တာ ဖြစ်တယ်။ လူနာကလည်း ဘာရယ်ညာရယ်မသိဘဲ ရောယောင်ပြုံးနေတယ်။

"နင့်ကို ရယ်စရာလုပ်နေတာတော့ မဟုတ်ဘူးနော်။ လူတိုင်းက ပြောနေကြတယ်။ ငါက သိပ်ဆိုးတယ်။ မကောင်းဘူးတဲ့" သူမက ပြောလိုက်တယ်။

"အို.. ငါ တကယ့်ကို အလေးအနက်ပြောနေတာပါ" ရွန်က အတည်ပြောလိုက်တယ်။ ပြီးတော့ ဆက်ပြီး "ငါက သတင်းပို့ချက်အကြောင်း ဒါထက်ပို သတိမရတော့ဘူးလေ။ ဒါနဲ့စကားမစပ် အဲဒါက ဘာလဲ"လို့ ဆက်မေးလိုက်တယ်။ ဒါတင်မကဘဲ ရွန်က ကြက်သွန်ဥနဲ့ တူတဲ့အရာကို မျက်စိနဲ့ တစ်တန်းတည်း ဖြစ်အောင် ကိုင်မြှောက်နေတယ်။

"ဟဲ့ အဲဒါက သက်စောင့်မြစ်လို့ ခေါ်တယ်" လူနာက ပြောပြီး ကြောင်စာခွက်နဲ့ တူတဲ့ ပစ္စည်းနဲ့ မှိုလိုလိုပစ္စည်းကို သူမရဲ့ အိတ်ထဲကို အတင်းပြန်ထိုးသွပ် ထည့်ရင်း "နင်လိုချင်ရင် ယူထားလိုက်လို့ ရတယ်။ ငါ အဲဒါတွေ နည်းနည်းလေးပဲ ရခဲ့တာ။ ဒါတွေက အစားမှားနဲ့ အဆိပ်အတောက်တွေ မှားယွင်းမျိုချတာတွေကို အရမ်းအရမ်းကို အကာအကွယ် ပေးတဲ့ ဆေးမြစ်တွေပဲ" ပြောပြန်ပါတယ်။

ပြီးတော့ သူမက တဟဲဟဲ ဟက်ဟက်ပက်ပက် ရယ်မောရင်း သက်စောင့်ဆေးမြစ်ဆိုတာတွေကို ကိုင်ထားရင်း ကျန်ခဲ့တဲ့ ရွန့်ကို ထားရစ်ပြီး အဝေးကို လျှောက်လှမ်းထွက်သွားပါတော့တယ်။

"သူမဟာ တဖြည်းဖြည်းနဲ့ ငါ့ကို ခင်သွားတာပါပဲ လူနာ"မဟာခန်းမကြီးဆီကို သူတို့ဆက်ထွက်လာချိန်မှာ ရွန်က ပြောလိုက်ပါတယ်။ "သူမဟာ ရူးနှမ်းနှမ်း တစ်ယောက်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ခုဟာကတော့ ကောင်းပါတယ်"

နောက် ရွန် သူ့စကားကို သူ ချက်ချင် ဖြုန်းစားကြီး ရပ်လိုက်တယ်။ လာဗင်ဒါဘရောင်းဟာ စကျင်ကျောက်လှေကားအုံကြီးရဲ့ ခြေရင်းမှာ စောင်မာန်တင်းတဲ့ အကြည့်နဲ့ စိုက်ကြည့်ရင်း မတ်တတ်ရပ်နေတာကို တွေ့ရပါတယ်။

"ဟေး" ရွန်က ရင်တထိတ်ထိတ်နဲ့ လှမ်းနှုတ်ဆက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာတင် "လာလာ"လို့ ဟယ်ရီက ဟာမီယွန်ကို လောဆော်တိုက်တွန်းပြီး "နင် ဘာဖြစ်လို့ ဒီနေ့အပြင်သွားမယ်ဆိုတာ ငါ့ကို မပြောဘဲ ထွက်သွားရတာလဲ။ နောက်ပြီး သူမကကော ဘာလို့ နင်နဲ့အတူ ရှိနေတာလဲ"ဆိုတဲ့ လာဗင်ဒါ ပြောလိုက်တဲ့စကားကို မကြားရခင်မှာဘဲ သူတို့တွေ သူမကို ဖြတ်လာခဲ့ကြပါတယ်။

နောက်ထပ် နာရီဝက်လောက် အကြာမှာ နံနက်စာစားတဲ့နေရာကို ရွှန်ရောက်လာပြီး သူဟာ လာဗင်ဒါနဲ့ပဲ အတူထိုင်နေပေမဲ့ သူ့မျက်နှာကတော့ စိတ်တိုပြီး အလိုမကျဖြစ်နေတဲ့ ပုံစံနဲ့ သုန်မှုန်နေပါတယ်။ ပြီးတော့ သူတို့နှစ်ယောက် အချိန်အကြာကြီး အတူရှိနေပေမဲ့ တစ်ယောက်နဲ့တစ်ယောက် စကားတစ်ခွန်းတောင် မပြောကြတာကိုလည်း ဟယ်ရီ မြင်နေရတယ်။ ဟာမီယွန်ကတော့ အဲဒါတွေကို သူမ လုံးဝ ဂရုမထားမိသလို အရေးမလုပ်ပုံမျိုး ပြုမူပြနေတယ်။ ဒါပေမဲ့ အဲဒီကြားကပဲဟယ်ရီဟာ နားလည်ရခက်တဲ့ လှောင်ပြုံး ကလေးတစ်ချက် သို့မဟုတ် နှစ်ချက်လောက် သူမရဲ့ မျက်နှာပေါ်မှာ ဖြတ်သန်းသွားတာ ဟယ်ရီ မြင်လိုက်ရတယ်။

အဲဒီနေ့တစ်နေ့လုံး သူမကိုကြည့်ရတာ ခါတိုင်းနဲ့မတူအောင် သဘောကောင်းနေပုံ ရပါတယ်။ ပြီးတော့ အဲဒီနေ့ညနေပိုင်း ရောက်တော့လည်း ကျောင်းသားများ နားနေခန်းကြီးထဲမှာ တခြား စကားတွေပြောရင်း၊ စာရေးနေတာကို ရပ်နားလိုက်ရင်းမျိုးနဲ့ ဟယ်ရီရဲ့ မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နှံ့စပ်မှု ဘာသာရပ် စာစီစာကုံးကို တောင်လှန်မြောက်လှန် လှန်လှောကြည့်တာမျိုးတွေ ခပ်ဆန်းဆန်းလုပ်နေခဲ့တယ်။ ဒါတွေဟာ ခါတိုင်းဆို သူမ လုပ်လေ့လုပ်ထမရှိတဲ့၊ သူများကိုလည်း လုပ်ခွင့်မပြုတဲ့ အမူအရာတွေ ဖြစ်နေတယ်။ ဘာဖြစ်လို့လည်း ဆိုတော့ နောက်ပိုင်းကျရင် ဟယ်ရီက သူလုပ်ထားသမျှ ရွှန့်ကို ပြန်ကူးယူခွင့်ပြုလေ့ရှိလို့ပဲ။ ခုတော့ ဟာမီယွန် သူမထံက စာအချို့ကို ဟယ်ရီလှန်လှောကြည့်ရှု ကူးယူတာကိုလည်း ကြည်ကြည်ဖြူဖြူ လိုက်လျောခွင့်ပြုနေခဲ့တယ်။

"ကျေးဇူး ကုဋေ ကုဋာပဲ ဟာမီယွန်ရယ်" ဟယ်ရီက သူမကျောကို ကမန်းကတန်း ဖွဖွကလေး ပုတ်ပြီး ပြောလိုက်ရင်း သူ့လက်ကနာရီကို ကြည့်လိုက်တော့ အချိန်က ည ၈နာရီတောင် ထိုးတော့မယ်။

"ဟေ့ ဒီမှာ နားထောင် ငါ အမြန်လစ်မှ ဖြစ်မယ်။ နို့မဟုတ်ရင် ဒမ်းဘဲလ်ဒိုးဆီကို အရောက်နောက်ကျနေတော့မယ်"

ဟာမီယွန်က ပြန်မဖြေဘဲ စိတ်ကုန်နေတဲ့ ဟန်နဲ့ စောစောက ဟယ်ရီပြောခဲ့တဲ့ စကားတွေထဲက အမှားလေးတွေကို အထအန လိုက်ကောက်ပြီး ဘုကန့်လန့် ခွစာစကားတွေ လျှောက်ပြောနေလို့ ဟယ်ရီ ပြုံးပြုံး ပြုံးပြုံး နဲ့ ထွက်လာလိုက်တယ်။

ပြီးတော့ ပုံတူပန်းချီကားကြီးကို ဖြတ်ထွက်ပြီး ကျောင်းအုပ်ကြီးရဲ့ ရုံးခန်းကို အပြေးကလေး ဆက်လျှောက်သွားစဉ် "တော်ဖီအီကလဲမုန့်"လို့ သူပြောလိုက်တဲ့ စကားဝှက်ကြောင့် တိရစ္ဆာန်ခေါင်းပုံသဏ္ဍာန် အရုပ်ကြီးဘေးကို ခုန်ထွက်ဖယ်ပေးလိုက်တဲ့အခါမှာပဲ ဘူးနွယ်ကြောင်လိမ်လှေကား နှစ်ထစ်ကို ဟယ်ရီလှမ်းတက်ပြီး တံခါးကို ခေါက်လိုက်တယ်။ ဒီအချိန်မှာပဲ နာရီတစ်လုံးရဲ့ ၈ နာရီထိုးတဲ့ သံစုံခေါင်းလောင်းသံကို သူ ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဝင်ခဲ့ပါ"

ဒမ်းဘဲလ်ဒိုးက ဖိတ်ခေါ်လိုက်တယ်။ ဒါပေမဲ့ ဟယ်ရီက လက်တစ်ဖက်နဲ့ တံခါးကို တွန်းဖွင့်ဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ တံခါးက အတွင်းဘက်ကို အထဲက ဆောင့်ဆွဲဖွင့်လိုက်လို့ ပွင့်သွားပြီး အဝမှာ ပါမောက္ခထရီလောနေး ရပ်နေတာကို တွေ့လိုက်ရတယ်။

"အဟား"

သူမက အော်လိုက်ပြီး ပြဇာတ်ဆန်ဆန် ဟန်ပါပါနဲ့ ဟယ်ရီ့ကို လက်ညှိုးထိုးထားရင်း သူမရဲ့ မှန်ဘီလူးကြီးတွေနဲ့တူတဲ့ မျက်မှန်ထဲကနေ မျက်တောင်ကလေးတွေ ပုတ်ခတ် ပုတ်ခတ်လုပ်ကြည့်နေပါတယ်။ ပြီးတော့မှ ကျောင်းအုပ်ကြီးဘက်ကို လှည့်ပြီး "ခုလိုဆိုတော့ ဒီ ရှင့်ရဲ့ ရုံးခန်းထဲကနေ ဘာမပြော ညာမပြောနဲ့ ကျွန်မ တစ်ကြိုးတည်း ထွက်သွားရတော့မယ့် အကြောင်းပြချက် ပေါ်လာပြီပေါ့နော်... ဒမ်းဘဲလ်ဒိုး"လို့ ပြောလိုက်ပြန်ပါတယ်။

ဒီမှာတင် ဒမ်းဘဲလ်ဒိုးက မသိမသာ စိတ်ကသိကအောက် ဖြစ်သွားတဲ့ အသံနဲ့ ပြောလိုက်တယ်။

"ဒီလောက် ခင်နေကြတဲ့ သူငယ်ချင်းတွေပဲ ဆီလီလ်ရယ်........၊ ခင်ဗျားကို ဒီနေရာမှာတင် မဟုတ်ဘူး၊ ဘယ်နေရာကမှ ထွက်သွားပါတော့လို့ တစ်လုံးပြောဖို့ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ ခု ဟယ်ရီက ကျွန်တော်ချိန်းထားလို့ ရောက်လာတာလေ။ ဒီတော့ ကျွန်တော့်ဘက်က နောက်ထပ် ပြောစရာ မရှိတော့ဘူးလို့ ထင်ပါတယ်"

"ကောင်းပါပြီတဲ့တော် ကောင်းပါပြီ" ပါမောက္ခထရီလောနေးရဲ့ အသံမှာ အတော့်ကို မခံမရပ်ဖြစ်နေတဲ့အသံ ရောစွက်နေတယ်။ "ဒါပေမဲ့ နေရာလုတဲ့ မြင်းအိုမြင်းနာကြီးကို ရှင် နှင်မထုတ်ဘူး ဆိုရင်တော့ ကျွန်မကလည်း ကျွန်မရဲ့ ပါရမီနဲ့ အရည်အချင်းကို ပိုသဘောပေါက်လက်ခံမယ့် ကျောင်းတစ်ကျောင်းကို ရှာကောင်းရှာရတော့မှာပဲ"

နောက်တော့ သူမဟာ ဟယ်ရီ့ကို တွန်းဖယ်တိုးတိုက်ဖြတ်ကျော်ပြီး ကြောင်လိမ်လှေကားအတိုင်း ဆင်းသွားရာက မြင်ကွင်းက ပျောက်ကွယ်သွားပါတော့တယ်။ သူမ အောက်ကို ဆင်းသွားတဲ့ ခရီးတစ်ဝက်လောက်အထိ အသံတွေကို သူတို့ကြားနေရတယ်။ ဟယ်ရီက သူမဟာ တွဲလောင်းကျပြီး တရွတ်တိုက်ပါနေတဲ့ သူမရဲ့ တဘက်ပဝါစကြီးကို ပြန်တက်နင်းမိပြီး ခလုတ်တိုက်သွားတယ်ဆိုတာ မှန်းကြည့်ပြီး သိလိုက်တယ်။

"ကဲ... တံခါးပြန်ပိတ်ပြီး ထိုင်တော့လေ ဟယ်ရီ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ သူ့အသံက သူ အတော်ပင်ပန်းနွမ်းနယ်နေကြောင်း ပေါ်လွင်နေတယ်။

ဟယ်ရီက ပြောတဲ့အတိုင်း နာခံပြီး ထိုင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်း သူထိုင်နေတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ စားပွဲရှေ့က ထိုင်ခုံမှာ ထိုင်လိုက်ရင်ပဲ ကျောက်ဆစ်ဇလုံကြီးကို သူတို့နှစ်ယောက်ကြားမှာ ချထားတာကို သတိထားလိုက်မိတယ်။ ပြီးတော့ အထဲက ချာလည်လည်နေတဲ့ မှတ်ဉာဏ်တွေနဲ့ ပြည့်နေတဲ့ ဖန်ပုလင်းကလေး နှစ်လုံးလည်း တစ်ပါတည်း ချထားတာ တွေ့ရတယ်။

"ပါမောက္ခထရီလောနေးက ခုချိန်ထိ ဖီရင်ဇီစာသင်တာကို မကျေနပ်ပြီး စိတ်မချမ်းမသာ ဖြစ်နေတုန်းပဲလား ဆရာ" ဟယ်ရီက မေးလိုက်တယ်။

"မဟုတ်ဘူးကွဲ့"ဒမ်းဘဲလ်ဒိုးက ဖြေတယ်။ "အမှန်ကတော့ ဂမ္ဘီရဉာဏ်စွမ်း ဘာသာရပ်ဟာ ကျုပ် ထင်ထားသိထားတာထက်ကို ပိုပြီး ဒုက္ခရောက်ရတဲ့ ဘာသာရပ်ပါ။ ဘယ်တုန်းကမှ ကိုယ်တိုင် ကိုယ့်ဘာသာ လေ့လာလို့မရတဲ့ ဘာသာရပ်ပဲ။ ဖီရင်ဇီကို တောထဲကိုပြန်သွားပါလို့ ကျုပ် မတိုက်တွန်းနိုင်ဘူး။ သူက အဲဒီမှာ ခု အပယ်ခံတစ်ယောက် ဖြစ်နေတယ်လေ။ ဒီအတိုင်းပဲ ထရီလောနေးကို ထွက်သွားဖို့ ကျုပ်တိုက်တွန်းလို့ မဖြစ်ဘူး။ ကျုပ်တို့ကြားမှာ သူမဟာ အန္တရာယ်ပေးမယ့် အကြံအစည်ရှိသူ မဟုတ်ဘဲ ရဲတိုက်ကြီးရဲ့ အပြင်ဘက်မှာပဲ ရှိနေမှာ။ ဒါပေမဲ့ အဲဒါကို သူမက မသိဘူး။ ပြီးတော့ အဲဒါကို သူမ အမြင်မှန်ရလာအောင် ပြုလုပ်ဖို့ သာပြီးတောင် အမြော်အမြင်မရှိရာ မိုက်မဲရာကျလိမ့်မယ်လို့ ကျုပ်ထင်တယ်။ သူမဟာ မောင်ရင်နဲ့ ဗိုဒီမော့အကြောင်း ရှေ့ဖြစ်ဟောစာတမ်း ထုတ်ခဲ့တယ်ဆိုတာလေ။ မောင်ရင် သိတယ် မဟုတ်လား။

ဒမ်းဘဲလ်ဒိုးဟာ သက်ပြင်းမောကြီး တစ်ချက် ချလိုက်ပါတယ်။ ပြီးတော့ပြောတယ်။ "ဒါပေမဲ့ ကျုပ်ရဲ့ အမှုထမ်းကိစ္စနဲ့ဆိုင်တဲ့ ပြဿနာတွေကို ကျုပ်အရေးမထားပါဘူး။ အဲဒါတွေ ထားလိုက်ပါတော့။ ကျုပ်တို့မှာ ခု ဒါထက်ပို အရေးကြီးတဲ့ ကိစ္စတွေ ဆွေးနွေးစရာ ရှိနေတယ် မဟုတ်လား။ ကဲ ... ပထမဆုံး ပြီးခဲ့တဲ့ နောက်ဆုံး ကျုပ်တို့ သင်ခန်းစာတက်ကြစဉ်က မောင်ရင့်ကို ကျုပ် ပေးထားတဲ့ အလုပ် မောင်ရင် စီရင်ဆောင်ရွက် ပြီးပြီလား"

"အဲ...." ဟယ်ရီက ဒီလောက်ပဲ ပြောပြီး ရပ်သွားပါတယ်။ နာမ်ရုပ်သွင် ကိုယ်ထင်ပြ ဘာသာရပ်နဲ့ ဆိုင်တဲ့ သင်ခန်းစာတွေ၊ ကွစ်ဒစ်ချ် ပြိုင်ပွဲကစားရတာ၊ ရွန်အဆိပ်မိသွားတာ၊ ပြီးတော့ သူ့ရဲ့ ဦးခေါင်းခွံအက်သွားတာနဲ့ ဒရာကို မော်လ်ဖွိုင်း ဘယ်ရောက်ပြီး ဘာလုပ်နေတယ်ဆိုတာ ဖော်ထုတ်ဖို့ သန္နိဋ္ဌာန်ချပြီး လုပ်နေခဲ့ရတာတွေက ပါမောက္ခ ပက်ကျိချိုထံကနေ မှတ်ဉာဏ်အစစ်ကို အရယူဖို့ ဒမ်းဘဲလ်ဒိုး တာဝန်ပေးထားတာကို မေ့သွားစေခဲ့တယ် မဟုတ်လား။ "ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ပါမောက္ခပက်ကျိချိုကို ပီယဆေးနဲ့ ဣန္ဒြေဇာလဆေးရည်များ သင်ခန်းစာအပြီးမှာ မေးခဲ့ပါသေးတယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို အဲဒါကို မပေးဘူးဆရာ"

သူတို့နှစ်ယောက်ကြား အတော်ကလေးကြာအောင် ဘာမှမပြောဘဲ တိတ်ဆိတ်နေတယ်။

"ကျုပ် သိပါတယ်" နောက်ဆုံးမှာ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ပြီးတော့ သူ့ရဲ့ လခြမ်းမျက်မှန်ပေါ်ကကျော်ပြီး ဟယ်ရီ့ရဲ့ မျက်နှာကို အသာစူးစမ်း ကြည့်နေရာက သူ့အနေနဲ့ ဟယ်ရီနဲ့ ပတ်သက်လို့ အစစအရာရာ သိနေတာမျိုး သိရှိခံစားသွားစေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင့်အနေနဲ့ ဒီကိစ္စမှာ မောင်ရင်အစွမ်းကုန် အကောင်းဆုံး အားထုတ်ဆောင်ရွက်ခဲ့တယ်လို့ မောင်ရင် ခံစားမိတယ် မဟုတ်လား။ ဟုတ်တယ်နော်။ ပြီးတော့ ဒီနေရာမှာ မောင်ရင့်ရဲ့ ထိုးထွင်းစဉ်းစားဉာဏ် အတော်များများကို လေ့ကျင့်အသုံးချလိုက်ရတာပေါ့။ အဲဒီလိုလား။ ဒါဆိုရင် မောင်ရင်ဟာ မှတ်ဉာဏ်ကို ထုတ်ယူဖို့ မောင်ရင့်ရဲ့ စူးစမ်းရှာဖွေမှုမှာ မစူးစမ်း မဆင်ခြင်ဘဲ အလွန်အကျွံ မလုပ်မိခဲ့တာ ထင်ရှားနေတာပဲ။ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ပါဆရာ" လို့ ဆိုပြီးမှ ဟယ်ရီ နောက်ထပ် ဘာပြောရမှန်း စဉ်းစားမရဘဲ ဖြုန်းခနဲ ငေါင်သွားတယ်။ မှတ်ဉာဏ်ကို ရရှိထိန်းချုပ်နိုင်ဖို့ သူတစ်ဦးတည်းရဲ့ ကြိုးပမ်းမှုတွေ ရုတ်တရက်ဆိုသလို ချည့်နဲ့အားနည်းသွားပြီး အကျပ်ရိုက်သလို ဖြစ်လာတယ်။

"ဟုတ်ကဲ့ပါဆရာ၊ ရွန် ပီယဆေးရည်တွေ မှားယွင်းမျိုချမိတဲ့ နေ့က ကျွန်တော် သူ့ကို ပါမောက္ခ ပက်ကျိချ်ဆီကို ခေါ်သွားပါတယ်။ တကယ်လို့ အဲဒီမှာ ပါမောက္ခပက်ကျိချ်အနေနဲ့ အတော်အတန် လုံလုံလောက်လောက် စိတ်ကောင်းကလေး ဝင်နေမယ်ဆိုရင် အလုပ်ဖြစ်ပြီလို့ ကျွန်တော် ထင်ထားတယ်"

"အဲဒီအတိုင်း ဖြစ်လာရောတဲ့လား"ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။

"ဟုတ်ကဲ့၊ မဖြစ်လာပါဘူးဆရာ။ ဘာကြောင့်လဲဆိုတော့ ရွန်အဆိပ်မိထားလို့ပဲ"

"မှတ်ဉာဏ်ကို ပြန်ရအောင် ထုတ်ယူဖို့ မောင်ရင် ကြိုးစားနေတယ်ဆိုတာ မောင်ရင် ကိုယ်တိုင် မေ့သွားအောင် သဘာဝအလျောက် သူ့အလိုလို ဘယ်အရာတွေက မောင်ရင့်ကို လုပ်လိုက်တာလဲ။ ကျုပ်ကတော့ မောင်ရင့်ရဲ့ အချစ်ဆုံး သူငယ်ချင်း အန္တရာယ်ကျရောက်နေဆဲ ဖြစ်ချိန်မှာ နောက်ထပ် ဒါထက်ပိုပြီး ဘာမှ မမျှော်လင့်ပါဘူး။ တစ်ခါ အဲဒီမှာ မစ္စတာ ဝက်စလေအနေနဲ့ အပြည့်အဝပြန်လည်ရလာနေတယ်ဆိုတာလည်း ထင်ရှားနေတယ်။ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ မောင်ရင်ဟာ ကျုပ်ပေးထားတဲ့ အလုပ်တာဝန်ကို အသေအချာ ပြန်သွားလုပ်မယ်လို့ မျှော်လင့်ထားတယ်။ ကျုပ်ကတော့ မောင်ရင့်ကို အဲဒီမှတ်ဉာဏ်ဟာ အရေးအကြီးတကာ့ အရေးကြီးဆုံး သေရေးရှင်ရေး ကိစ္စဆိုတာ မောင်ရင်သိအောင်နဲ့ အဲဒါမပါလို့ကတော့ ကျုပ်တို့ဟာ ကျုပ်တို့ရဲ့ အချိန်ကို အလဟဿဖြုန်းတီးပစ်နေတာပဲ ဖြစ်လိမ့်မယ်ဆိုတာ အစွမ်းကုန်ပြောပြ အသိပေးထားပြီးပြီလို့ ထင်တာပဲ"

ပူလောင်စပ်ဖျဉ်းပြီး တစ်ရွရွ တစ်စိစိနဲ့ ရက်လွန်းလို့ အနေရခက်သွားတဲ့ ခံစားချက်တစ်ခု ဟယ်ရီရဲ့ ဦးခေါင်းထိပ်ကနေ ခြေဖျားအထိ ပြန့်ဆင်းသွားတယ်။ ဒမ်းဘဲလ်ဒိုးကတော့ သူ့အသံကို မြှင့်ပြီး ကျယ်လောင်ကျယ်လောင် မပြောဆိုပါဘူး။ သူ့ရဲ့ အသံမှာ စိတ်ဆိုးဒေါသထွက်တဲ့ အရိပ်အယောင်လည်း မပါပါဘူး။ ဒါပေမဲ့ ဟယ်ရီကတော့ သူ့ကို အော်ဟစ်ပြောဆိုလိုက်တာကိုပဲ ပိုမြင်ချင်တယ်။ ခုလို အေးစက်စက် မြဲစိစိနဲ့ စိတ်ပျက်ပြနေတာက သူ့အတွက် အခံရခက်ဆုံး အဆိုးဆုံးပဲ။

"ဆရာ" ဟယ်ရီက ခေါ်လိုက်တယ်။ သူ့အသံထဲမှာ သူ နည်းနည်းတော့ ဇောကပ်နေတယ်ဆိုတာ သိသာတယ်။ "ကျွန်တော်က စိတ်ပျက်စိတ်အနှောင့်အယှက် ဖြစ်နေတာ မဟုတ်ဘူးဆရာ။ ကျွန်တော်က တခြားတစ်ခုခုကို ခံစားနေရတာ။ ဒီပြင်ကိစ္စတွေပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ မောင်ရင့်စိတ်ထဲမှာ တခြားကိစ္စတွေပေါ့၊ ကျုပ်သိပါတယ်"ဒမ်းဘဲလ်ဒိုးက မဆုံးသေးတဲ့ ဟယ်ရီ့စကားကို အဆုံးသတ်ပေးလိုက်တယ်။

ဒီမှာတင် ငြိမ်သက်တိတ်ဆိတ်မှုက သူတို့နှစ်ယောက်ကြားမှာ နောက်တစ်ကြိမ် ကြီးစိုးသွားပြန်ပါတယ်။ ဒမ်းဘဲလ်ဒိုးနဲ့အတူ ရှိနေခဲ့ဖူးသမျှ အချိန်တွေထဲမှာ ကြုံတွေ့ရဖူးတဲ့ တိတ်ဆိတ်မှုတွေအနက် ကသိကအောက် အဖြစ်ရဆုံး စိတ်ပျက်စရာ တိတ်ဆိတ်မှုမျိုးလည်း ဖြစ်တယ်။ နောက် ဒီအတိုင်းပဲ ဆက်ပြီး တိတ်ဆိတ်မြဲ တိတ်ဆိတ်နေခိုက် ဒမ်းဘဲလ်ဒိုးရဲ့ ခေါင်းပေါ်က ပုံတူပန်းချီကားထဲက အာမန်ဒိုဒစ်ပါးရဲ့ မတိုးမကျယ် ဟောက်သံက ကြားဖြတ်ဝင်ဖောက်လာတယ်။ ဟယ်ရီဟာ အခန်းထဲကို ဝင်လာချိန်ကနဲ့ ယှဉ်ရင် နည်းနည်းကျုံ့ငယ်ပြီး သေးသွားသလိုမျိုး သိသိသာသာ အားတွေလျော့ကျသွားတယ်။ သူ ဒီအတိုင်း ဆက်ခံနိုင်ရည်မရှိသလို ဖြစ်လာတဲ့အခါမှာတော့ ဟယ်ရီက ပြောလိုက်တယ်။

"ပါမောက္ခကြီး ဒမ်းဘဲလ်ဒိုး၊ ကျွန်တော် တကယ့်ကို စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော် အဲဒါကို ဒါထက်ပိုအားထုတ်ပြီး လုပ်သင့်ပါတယ်။ နောက်ပြီး ဒီကိစ္စဟာ အမှန်တကယ် ဒီလောက် အရေးမကြီးရင် ဆရာ ကျွန်တော့်ကို အဲဒီအလုပ်လုပ်ခိုင်းမှာ မဟုတ်ဘူးဆိုတာလည်း ကျွန်တော် သိသင့်တယ်"

"မောင်ရင် အဲဒီလို ပြောဖော်ရတာကိုပဲ ကျေးဇူးတင်ပါတယ် ဟယ်ရီ"ဒမ်းဘဲလ်ဒိုး အေးအေးဆေးဆေး ခပ်တိုးတိုး ညင်ညင်သာသာ ပြောလိုက်တယ်။ ကဲ ခုကစပြီး မောင်ရင့်အနေနဲ့ ဒီကိစ္စအပေါ်မှာ ဒါ့ထက်ပိုအလေးအနက် ဦးစားပေးလုပ်တော့မယ်လို့ ကျုပ်မျှော်လင့်လို့ ရပြီလား။ တကယ်လို့ မှတ်ဉာဏ်ကို မရခဲ့ရင် ဒီညလွန်ပြီး နောက်ပိုင်းကျုပ်တို့ရဲ့ တွေ့ဆုံမှုတွေမှာ ပြောစရာ လုပ်စရာအချက် နည်းနည်းပဲ ရှိတော့မယ်"

"ကျွန်တော် လုပ်ပါ့မယ် ဆရာ၊ ကျွန်တော် သူ့ဆီက အဲဒါကို ရကိုရမှာပါ"ဟယ်ရီက အလေးအနက် ပြောလိုက်ပါတယ်။

"ကဲ ဒါဆို ခုကစပြီး အဲဒီအကြောင်းကို တို့ထပ်မပြောကြတော့ဘူးကွာ"ဒမ်းဘဲလ်ဒိုးက ပိုပြီး ကြင်ကြင်နာနာ ဖော်ဖော်ရွေရွေနဲ့ ပြောလာတယ်။ "ဒါပေမဲ့ ငါတို့ ရပ်ထားခဲ့တဲ့ နေရာကနေပြီး ငါတို့ ဇာတ်လမ်းလေးကိုတော့ ပြန်ဆက်ရလိမ့်မယ်ကွာ။ ဘယ်နားမှာ တို့ဆုံးသွားခဲ့တာလဲ မောင်ရင် မှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"ဟယ်ရီက ကပျာကယာ ဖြေလိုက်တယ်။ "ဗိုဒီမော့က သူ့အဖေနဲ့ သူ့အဘိုးအဘွားတွေကို သတ်လိုက်တယ်။ ပြီးတော့ သူလုပ်တာကို သူ့ရဲ့ ဦးကြီးမာဖင်းရဲ့ လက်ချက်လို့ ထင်ရအောင် လုပ်လိုက်တယ်။ နောက် သူ ဟော့ဂ်ဝပ်စ်ကို ပြန်သွားတယ်။ ပြီးတော့ သူကမေးတယ်။ သူ ပါမောက္ခ ပက်ကျိချို့ကို ဟော်ကရပ်ဇက်စ် အကြောင်း မေးတယ်လေ"သူက အရှက်မပြေသေးဘဲ ရှက်ကိုးရှက်ကန်းနဲ့ မပွင့်တပွင့် ပြောလိုက်တယ်။

www.burmeseclassic.com

"တော်တယ်ကွာ"ဒမ်းဘဲလ်ဒိုး ချီးကျူးပြီး အားရကျေနပ်သံနဲ့ ဆက်ပြောတယ်။ "ကဲ ခုလည်း မောင်ရင် မှတ်မိဦးမယ်လို့ ကျုပ်မျှော်လင့်တယ်။ အဲဒါက ကျုပ်တို့ ခုလို တွေ့ဆုံကြတဲ့ ဟိုအစဦးဆုံးလောက်ကတည်းက မောင်ရင့်ကို ပြောခဲ့တာလေ။ အဲဒါဘာလဲဆိုတော့ ကျုပ်တို့ဟာ မှန်းဆချက်တွေနဲ့ ထင်မြင်ယူဆချက်တွေနဲ့ လုပ်ရမယ့်လောကနယ်ပယ်ထဲကို ဝင်သွားကြတော့မယ် ဆိုတာပဲ"

"ဟုတ်ကဲ့ပါဆရာ"

"ဒါဖြင့်ရင် အဲဒီအထိ မောင်ရင် သဘောတူလိမ့်မယ်လို့ ကျုပ်မျှော်လင့်တယ်။ အဲဒါတွေဟာ ဗိုဒီမော့ အသက် ၁၇နှစ်အရွယ် ရောက်တဲ့အထိ သူ ဘာတွေလုပ်ခဲ့သလဲဆိုတာ အဖြစ်သနစ်အမှန် ကျုပ်ထုတ်ယူထားတာတွေနဲ့ ပတ်သက်ပြီး အကျိုးအကြောင်း ခိုင်မာတိကျတဲ့ အထောက်အထားတွေနဲ့ ကျုပ် မောင်ရင့်ကို ပြခဲ့တာပဲ"

ဟယ်ရီက ခေါင်းညိတ်လိုက်တယ်။

"ဒါပေမဲ့ခုတော့ ဟယ်ရီ" ဒမ်းဘဲလ်ဒိုးက ပြောလာပြန်တယ်။ "ခုတော့ အခြေအနေတွေက မှုန်ဝါးလာသလို တစ်မျိုးတစ်မည် ဆန်းပြားလာတယ်။ တကယ်လို့ ရစ်ဒဲလ်ဆိုတဲ့ ကောင်ကလေးရဲ့အကြောင်း အထောက်အထားတွေရှိဖို့ အခက်အခဲ ဖြစ်လာမယ်ဆိုရင် ဗိုဒီမော့ဆိုတဲ့လူအကြောင်းသိအောင် တစ်ခါပြန်လုပ်ဖို့ ပြင်ဆင်နေတဲ့သူ တစ်ဦးဦးအတွက် အဲဒါဟာ မဖြစ်နိုင်သလောက်ကို ခက်သွားလိမ့်မယ်။ အမှန်အားဖြင့် သူ ဟော့ဂ်ဝပ်စ်က ထွက်သွားတဲ့အချိန်ကစပြီး သူ့အကြောင်း တို့သိရှိနိုင်အောင် သူ့ကိုယ်ကခွဲထွက်ပြီး အဲဒီမှာ ဝိညာဉ်တစ်ခု သီးခြားအသက်ရှင်နေဦးမှာလားလို့ ကျုပ်ကိုယ်တိုင်ပဲ သံသယ ဖြစ်နေခဲ့တာလေ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်မှာ မောင်ရင်နဲ့ ကျုပ် ခွဲဝေယူချင်တဲ့ မှတ်ဉာဏ်နှစ်ခု ရှိနေတယ်" လို့ ပြောရင်း ဒမ်းဘဲလ်ဒိုးက ဖျော့တော့တော့ အရောင်ကလေး လင်းထွက်နေတဲ့ ကျောက်ရေစစ်ဇလုံကြီးဘေးက ဖန်ပုလင်းပေါက်စကလေး နှစ်လုံးကို ညွှန်ပြလိုက်တယ်။ "ကဲ........ ပြီးရင် အဲဒါတွေထဲက ကျုပ်လုပ်လိုက်လို့ ပေါက်ထွက်လာမယ့် နိဂုံးချုပ်အခြေအနေ ဘယ်လိုဖြစ်မလဲဆိုတဲ့ မောင်ရင့်ရဲ့ အကြံဉာဏ်ထင်မြင်ချက် သဘောထားကို ရရင် ကိုယ်ကျေနပ်ပြီ ဟုတ်လား"လို့လည်း သူက ထပ်ပြောတယ်။

သူ့ရဲ့ ထင်မြင်ချက် သဘောထားကို အလေးအနက် တန်ဖိုးထားပြီး လုပ်ဆောင်မယ့် ဒမ်းဘဲလ်ဒိုးရဲ့ စိတ်ကူးနဲ့ လုပ်နည်းလုပ်ဟန်က ဟော်ကရပ်ဖက်စ်ရဲ့ မှတ်ဉာဏ်ကို ပြန်ရအောင် လုပ်ရမယ့် တာဝန်ကို မဆောင်ရွက်နိုင်ခဲ့တဲ့ ဟယ်ရီ့အတွက် ပိုလို့တောင် နက်နက်ရှိုင်းရှိုင်း ရှက်စိတ်တွေ ခံစားသွားစေပါတယ်။ ပြီးတော့ ဒမ်းဘဲလ်ဒိုးက ပုလင်းကလေး နှစ်လုံးအနက် ပထမတစ်လုံးကို ကောက်ယူပြီး အလင်းရောင်ထဲမှာ ထောင်ပြီး စစ်ဆေးကြည့်နေတဲ့အခိုက် သူ စိတ်မလုံမလဲနဲ့ ထိုင်နေတဲ့ ခုံမှာပဲ ကမန်းကတန်း နေရာပြင်ထိုင်လိုက်တယ်။

ဒီမှာတင် ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အခြားလူတွေရဲ့ မှတ်ဉာဏ်ထဲကို မောင်ရင် ဦးစိုက်ထိုး ဆင်းငုပ်ဝင်သွားရတာကြောင့်တော့ မောင်ရင် မပင်ပန်းလှဘူးလို့ ကျုပ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကလည်း ဒါလေးနှစ်ခုနဲ့ ပတ်သက်ပြီး ပြန်လည်အမှတ်ရတာမျိုးကို စူးစမ်းချင်နေကြလို့ပဲ။ ဒီပထမတစ်လုံးက ဟော့ကီးလို့ခေါ်တဲ့ သိပ်အိုမင်းနေတဲ့ အိမ်စောင့်နတ်သူငယ်ဆီက ရခဲ့တာ။ ဒီတော့ ဟော့ကီးဆီက ဘာအထောက်အထား ရမလဲဆိုတာ ကျုပ်တို့မကြည့်ခင် လော့ဒ်ဗိုဒီမော့ ဟော့ဂ်ဝပ်စ်က ဘယ်နည်းဘယ်ပုံ ထွက်သွားတယ်ဆိုတာ ကျုပ် မောင်ရင့်ကို အသေးစိတ် ခပ်မြန်မြန် ဆန်ဆန်လေး ပြန်ပြောပြမယ်။

သူ ကျောင်းမှာ သတ္တမနှစ်အတန်းကိုလည်း ရောက်လာရော မောင်ရင် မျှော်လင့်ထားသလိုမျိုးပေါ့။ သူဟာ သူဖြေသမျှ စာမေးပွဲအားလုံးမှာ တကယ့်ကို ထိပ်တန်းအဆင့်နဲ့ အောင်မြင်ခဲ့တယ်။ သူ့ပတ်ဝန်းကျင်တစ်ခုလုံး နောက်ပိုင်းမှာ ကျောင်းက ထွက်သွားကြတဲ့ သူနဲ့တစ်တန်းတည်း ကျောင်းသား အားလုံးနီးပါးဟာ ကျောင်းကပေးသမျှ အထူးတာဝန်တွေအတွက် ဆုမှန်သမျှကို ရရှိတဲ့ အတော်ဆုံးကျောင်းသားကြီး အဆင့်ကိုလည်း ရရှိထားတဲ့ တွမ်ရစ်ဒဲလ်ဆီက ခမ်းနားကြီးကျယ်မှုမျိုးကို မျှော်လင့်ခဲ့ကြရတယ်။

အဲဒီတုန်းက ပါမောက္ခပက်ကျိချိုအပါအဝင် ဆရာတွေ အမြောက်အမြားက သူ့ကို မှော်ဝန်ကြီးဌာနမှာ အလုပ်လုပ်ဖို့ အကြံပေးကြတယ်။ သူ့ကို ရာထူးတွေ ကမ်းလှမ်းခဲ့ကြတယ်ဆိုတာ ကျုပ် သိနေတယ်။ သူ့ကို အသုံးဝင်မယ့် အဆက်အသွယ်တွေ ဖန်တီးပေးကြတယ်။ ဒါပေမဲ့ သူက အဲဒီကမ်းလှမ်းချက်တွေ အားလုံးကို ငြင်းလိုက်တယ်။ နောက်ပိုင်းမှာ ဆရာတွေ သိလာရတာကတော့ သူဟာ ဘော်ဂျင်းနဲ့ ဘတ်ကက်စ်မှာ အလုပ်လုပ်နေပြီ ဆိုတာပဲ"

"ဘာ ဘော်ဂျင်းနဲ့ ဘတ်ကက်စ်လား ဆရာ" ဟယ်ရီက တအံ့တဩ ထပ်မေးလိုက်တယ်။

"အေး ဟုတ်တယ်။ ဘော်ဂျင်းနဲ့ ဘတ်ကက်စ်မှာပဲ" ဒမ်းဘဲလ်ဒိုးကလည်း အေးအေးဆေးဆေးပဲ ထပ်ပြောလိုက်တယ်။ "ကျုပ် ထင်တယ်။ ကျုပ်တို့တွေ ဟော့ကီးစ်ရဲ့ မှတ်ဉာဏ်ထဲကို ရောက်သွားတဲ့အခါ သူ့ကို အဲဒီနေရာမှာရှိတဲ့ ဘာတွေက ဘယ်လောက်တောင် ဆွဲဆောင်ခဲ့တယ်ဆိုတာ မောင်ရင် သိလာလိမ့်မယ်လို့ ကျုပ် ထင်တယ်။ ဒါပေမဲ့ အဲဒါဟာ ဗိုဒီမော့ ပထမဆုံး ရွေးချယ်တဲ့ အလုပ်မဟုတ်ဘူး။ အဲဒီအချိန်မှာ ဒီအကြောင်းကို တစ်စုံတစ်ယောက်က သိဖို့ဆိုတာလည်း တော်တော်ခက်တယ်။ ကျုပ်ဟာ အဲဒီအချိန်က ကျောင်းအုပ်ကြီး ယုံကြည်ခံရတဲ့ လူနည်းစုကလေးထဲက တစ်ယောက်ပေါ့။ ဒါပေမဲ့ ဗိုဒီမော့က ပထမဆုံး ချဉ်းကပ်ပြီး မေးတဲ့ သူက ပါမောက္ခဒစ်ပါပဲ။ သူ ဒီဟော့ဂ်ဝပ်စ်ကျောင်းမှာ ဆရာတစ်ယောက်အနေနဲ့ ဆက်လုပ်သွားနိုင်မလားပေါ့"

"သူက ဒီမှာ နေချင်တယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ ဆရာ" ဟယ်ရီက ကြားဖောက်ပြီး မေးလိုက်တယ်။ ပြီးတော့ သူ အံ့ဩသည်ထက် အံ့ဩလာတယ်။

"သူ့မှာ သူ့ဟာနဲ့ သူ့အကြောင်း ပေါင်းများစွာ ရှိနေမယ်လို့ ကျုပ် ယုံကြည်တယ်။ အမှန်တော့ သူက ပါမောက္ခဒစ်ပါအပါအဝင် ဘယ်သူ့ကိုမှ ယုံကြည်တာ မဟုတ်ဘူး" ဒမ်းဘဲလ်ဒိုးက ပြန်ဖြေတယ်။ "ပထမဆုံးနဲ့ အရေးပါဆုံး အချက်အနေနဲ့ ကျုပ် ယုံကြည်ထားတာကတော့ ဗိုဒီမော့ဟာ ဒီကျောင်းကို

www.burmeseclassic.com

www.burmeseclassic.com

တော်တော် ခင်တွယ်ပုံ ရတယ်။ ဒါကလည်း ဟော့ဂ်ဝပ်စ်ကျောင်းဟာ အိမ်မှာပဲ နေနေခဲ့ဖူးတဲ့ သူ့အတွက် ပထမဆုံးသော အပျော်ရွှင်ဆုံး နေရာ ဖြစ်နေလို့ပဲ”

ဒီစကားတွေကို ကြားလိုက်ရတဲ့ ဟယ်ရီ့စိတ်ထဲမှာ မအီမသာ သလို ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟော့ဂ်ဝပ်စ်ကျောင်းနဲ့ ပတ်သက်ပြီး သူကိုယ်တိုင်လည်း အဲဒီအတိုင်းပဲ အတိအကျ ခံစားခဲ့ရလို့ ဖြစ်ပါတယ်။ ဒမ်းဘဲလ်ဒိုးက သူ့စကားကို ဆက်ပြန်တယ်။

“ဒုတိယအချက်ကတော့ ရဲတိုက်ကြီးဟာ ရှေးဟောင်းမှော်ပညာ မှော်အတတ်နဲ့ မှော်ဆရာတွေရဲ့ အမာခံနယ်မြေ ခြေကုပ်စခန်းတစ်ခု ဖြစ်နေတာပဲ။ ဗိုဒီမော့အနေနဲ့ ဒီနေရာကို ဖြတ်သန်းသွားခဲ့ရတဲ့ ကျောင်းသား အားလုံးနီးပါးထက် ဒီရဲတိုက်ကျောင်းကြီးရဲ့ လျှို့ဝှက်ချက်တွေကို ပိုပြီး ထိုးဖောက်သိရှိနေမယ်ဆိုတာ သံသယဖြစ်စရာ မလိုဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူဟာ သူ့မှာ သူသိရှိနားလည်ဖို့ လက်လှမ်းမမီတဲ့ ဖြေရှင်းစရာတွေ၊ သူ မမြင်မတွေ့ မရောက်ရှိသေးတဲ့ မှော်ပညာနဲ့ ပတ်သက်တဲ့ စတိုခန်းတွေ ရှိနေဦးမယ်ဆိုတာ သူ ခန့်မှန်းမိနိုင်ပါလိမ့်မယ်။

“နောက် တတိယအချက်က ဘာလဲဆိုရင် သူဟာ ဆရာတစ်ယောက်အနေနဲ့ သူ့မှာ ကြီးကျယ်တဲ့ လုပ်ပိုင်ခွင့် အာဏာရရှိထားမှ ယဉ်ရှယ်တဲ့ မှော်ပညာသည်မလေးတွေ၊ မှော်ဆရာလေးတွေအပေါ်မှာ ဩဇာအရှိန်အဝါ ရှိနေမှာပဲ။ ဒါမှမဟုတ် သူဟာ ကျောင်းဆရာတစ်ယောက် အသုံးချနိုင်တဲ့ ဩဇာသက်ရောက်မှု အရှိန်အဝါနဲ့ ပတ်သက်လို့ သရုပ်ပြသင်ကြားခဲ့ပြီး သူနဲ့လည်း အရင်းနှီးဆုံး ဆက်ဆံနေတဲ့ ပါမောက္ခ ပက်ကျိချိုဆီက အကြံဉာဏ် သဘောထားတွေကို ရရှိကောင်း ရရှိနေမှာပဲ။ အဲ ဗိုဒီမော့အနေနဲ့ ဟော့ဂ်ဝပ်စ်ကျောင်းမှာ သူ့ဘဝရဲ့ ကျန်တဲ့အချိန်ကာလ ဘယ်လောက်ထိ ဆက်နေသွားဖို့ ခန့်မှန်းထားတယ် ဆိုတာတော့ လောလောဆယ် ချက်ချင်း ကျုပ်တွေးကြည့်လို့ မရသေးဘူး။ ဒါပေမဲ့ သူဟာ ဒီနေရာကို သူ့ရဲ့ တကယ်အသုံးကျတဲ့ အင်အားသစ် စုဆောင်းရမယ့်နေရာ၊ သူ့အတွက် စစ်တပ်တစ်တပ်လို အင်အားစတင် ဖွဲ့စည်းတည်ဆောက်ရမယ့် နေရာအဖြစ်တော့ မှတ်ယူသွားလိမ့်မယ်လို့ ကျုပ် မထင်ဘူး”

“ဒါပေမဲ့ သူ ဒီမှာ အလုပ်မရခဲ့ဘူး မဟုတ်လား ဆရာ”

“ဟင့်အင်း၊ သူ ဒီမှာ အလုပ်မရခဲ့ပါဘူး။ ပါမောက္ခ ဒစ်ပါက သူ့ရဲ့အသက် ၁၈နှစ်ဆိုတာ သိပ်ငယ်လွန်းနေပါတယ်လို့ ပြောလိုက်တာကလား။ ဒါပေမဲ့ သူ့မှာ စာသင်ကြားဖို့ ဆန္ဒရှိနေသေးတယ်ဆိုရင် နောက်နှစ်အနည်းငယ်အတွင်း ပြန်လာပြီး လျှောက်ပါလို့ ဖိတ်ကြားလိုက်တယ်ကွ”

“ဆရာ အဲဒီအပေါ်မှာ ဘယ်လုမြင်သလဲ ဆရာ” ဟယ်ရီက မေးရကောင်းနိုး မကောင်းနိုး ချီတုံချတုံ ဖြစ်ဖြစ်နဲ့ မေးလိုက်တယ်။

“သိပ်ကို မလွယ်တဲ့ကိစ္စပေါ့ကွာ” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ကျုပ်က ပါမောက္ခအာမန်ဒို ဒစ်ပါကို သူ့ကိုမခန့်ဖို့ အကြံပေးလိုက်တယ်။ ဒါပေမဲ့ မောင်ရင့်ကို ခု ကျုပ်ပြောပြသလို အကြောင်းပြချက်တွေတော့ ထည့်မပြောဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ပါမောက္ခဒစ်ပါက ဗိုဒီမော့ကို

www.burmeseclassic.com

www.burmeseclassic.com

အရမ်းသဘောကျနေသလို၊ သူ့ကို သိပ်ရိုးသား ဖြောင့်မတ်တဲ့သူလို့ လက်ခံယုံကြည်ထားတာ မဟုတ်လား။ ဒါပေမဲ့ ကျုပ်ကတော့ လော့ဒ် ဗိုဒီမော့ ဒီကျောင်းကို ပြန်ရောက်လာမှာကို မလိုလားဘူး။ အထူးသဖြင့် ဩဇာအာဏာရှိတဲ့ နေရာမျိုးမှာ သူ့ကိုခန့်ထားဖို့ သာပြီး မလိုလားဘူးလေ"

"သူက ဘယ်အလုပ်ကို လုပ်ချင်တာလဲ။ အဲ... ဘယ်ဘာသာကို သင်ပြချင်တာလဲ ဆရာ"

ဟယ်ရီက မေးသာမေးရတယ်။ ဒမ်းဘဲလ်ဒိုး မဖြေခင်တည်းက အဲဒီအဖြေကို သူသိနေတယ်။

"ဟ ဘယ်ဘာသာ ဖြစ်ရမှာလဲ။ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာရပ်ပေါ့ကွ။ အဲဒီအချိန်က အဲဒီဘာသာကို ဂါလ်လာတီး မာရီသော့ဆိုတဲ့ အသက်ခပ်ကြီးကြီး ပါမောက္ခတစ်ယောက်က သင်နေတယ်လေ။ သူက ဟော့ဂ်ဝပ်စ်ကျောင်းမှာ လုပ်သက် အနှစ် ၅၀နီးပါးတောင် ရှိနေပြီ။

"ဒီတော့ ဗိုဒီမော့လည်း ဘော်ဂျင်းနဲ့ ဘတ်ကက်စ်ကို ထွက်သွားခဲ့တာပဲပေါ့။ ဒီမှာတင် သူ့ကို အမြဲတမ်း ချီးကျူးပြောဆိုနေတဲ့ ဝန်ထမ်းတွေက ထင်ရှားတောက်ပြောင်တဲ့ ငယ်ရွယ်သူ မှော်ဆရာတစ်ယောက်အနေနဲ့ ခုလို ဆိုင်တစ်ဆိုင်မှာ သွားအလုပ်လုပ်တာဟာ ကိုယ့်ပညာကို သက်သက် ဖြုန်းတီးပစ်လိုက်တာပဲလို့ ဝေဖန်ခဲ့ကြပြန်ပါရော။ ဘာပဲပြောပြော ဗိုဒီမော့ဟာ အဲဒီမှာ လက်ထောက်အနေအထားမျိုး သက်သက်နဲ့ နေခဲ့ရတာတော့ မဟုတ်ဘူး။ သူ့ရဲ့ ယဉ်ကျေးသိမ်မွေ့ပုံ၊ ရုပ်ရည်ချောမောတာနဲ့ လိမ်မာပါးနပ်မှုတွေကြောင့် သူဟာ မကြာမတင်မှာဘဲ ဘော်ဂျင်းနဲ့ ဘတ်ကက်စ်လို သမားရိုးကျမဟုတ်ဘဲ အစွမ်းထက်တဲ့ ပစ္စည်းတွေ ရည်ရွယ်ချက်တွေနဲ့ အထူးပြု လုပ်ကိုင်နေတဲ့ နေရာမျိုးမှာ သီးသန့်ထူးခြားတဲ့ အလုပ်တာဝန်တွေ အပေးခံခဲ့ရတယ်။ ပြီးတော့ လူတွေကို စည်းရုံးပြီး သူတို့ပိုင်အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေကို ရောင်းချအောင် သိမ်းသွင်းနားချရမယ့် အလုပ်ကို လုပ်ဖို့ ဗိုဒီမော့ကို ပို့လိုက်ကြတယ်။ ကြားရသလောက်တော့ သူဟာ အဲဒီလိုလုပ်ရာမှာ တော်တော့်ကို အထုံပါရမီ ရှိပြီး သူများနဲ့မတူဘဲ ပိုပြောင်မြောက်တယ်လို့ ဆိုတယ်"

"အဲဒါကတော့ သူ ကျိန်းသေတယ်ဆိုတာ ကျွန်တော် ပြောရဲတယ်"ဟယ်ရီက စိတ်လှုပ်ရှားပြီး မအောင့်အည်း မထိန်းချုပ်နိုင်တော့ဘဲ ဖြတ်ပြောလိုက်တယ်။

"အင်း လုံးဝသေချာပါတယ်" ဒမ်းဘဲလ်ဒိုးက ယဲ့ယဲ့ကလေး ပြုံးရင်း ပြောတယ်။ ကဲ ခု ကျုပ်တို့ အတော့်ကို အိုမင်းပြီး အကြီးအကျယ်လည်း ချမ်းသာတဲ့ မှော်ဆရာမကြီး တစ်ဦးဖြစ်တဲ့ ဟက်ပ်ဇီဘာစမစ်ဆီမှာ အကြာကြီးအလုပ်လုပ်ခဲ့တဲ့ အိမ်စောင့်နတ်မှင်စာမ ဟော့ကီးဆီက ပြောတာကို ကြားရအောင် လုပ်ဖို့ အချိန်ရောက်ပြီ"

ဒမ်းဘဲလ်ဒိုးက ပုလင်းကလေးတစ်လုံးကို သူ့ဆေးကြိမ်လုံးနဲ့ 'ထောက်'ခနဲ တစ်ချက်ဆတ်တို့လိုက်တယ်။ ပုလင်းအဖုံးကလေး ဖောင်းခနဲ ထွက်လာပြီး ပုလင်းပွင့်သွားတယ်။ နောက်ပုလင်းကလေးကို သူ စောင်းပြီး ကျောက်ရေစစ်ဇလုံကြီးထဲကို မှောက်သွန်ချလိုက်ရင်း ပြောတယ်။ "မောင်ရင် ရှေ့ကသွား ဟယ်ရီ"

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ မတ်တတ်ထရပ်လိုက်တယ်။ ပြီးတော့ သူရှေ့မှာရှိတဲ့ ကျောက်ဇလုံကြီးထဲမှာ လှိုင်းကလေးတွေလို ဂယက်ထနေတဲ့ ငွေရောင်ပစ္စည်းလေးတွေထဲကို သူ့မျက်နှာထိပြီး နစ်ဝင်သွားတဲ့အထိ ကုန်းပြီးနှစ်ထည့်လိုက်တယ်။ ဒီမှာတင် သူ့ရဲ့ ခြေနှစ်ချောင်းလုံး ကြွတက်သွားပြီး သူဟာ ဘာဆိုဘာမှ မရှိသလိုမျိုး အမှောင်ထုကြီးတစ်ခုကို ဖြတ်သန်းကျွမ်းစိုက်ကျသွားရာက နောက်ဆုံး ခြေထောက်မိသွားပြီး ဇရာက ညှော်ခန်းကြီးတစ်ခုထဲက ခပ်ဝဝ ခပ်အိုအို အမျိုးသမီးကြီး တစ်ယောက်ရှေ့မှာ ရပ်နေမိလျက်သား ဖြစ်သွားပါတယ်။

အမျိုးသမီးကြီးက အသေအချာ အကျအန အသေးစိတ်ပြင်ဆင်ထားတဲ့ နီကျင်ကျင်ဝါတာတာ ချင်းရောင် ဆံပင်အတုကြီးတစ်ခုကို ဆောင်းထားပြီး ရွှန်းရွှန်းတောက်နေတဲ့ ပန်းရောင်ဝတ်စုံနဲ့ ဝတ်ရုံကြီးကိုပါ ဆင်မြန်းထားရုံမကဘဲ အဲဒီဝတ်ရုံကြီးက သူမရဲ့ ကိုယ်ပေါ်က လျှောကျလာပြီး သူမရဲ့ ပတ်ပတ်လည်မှာ ရေခဲကိတ်မုန့်ကြီးတစ်လုံးလို အပုံလိုက်ကြီး ဖြစ်နေတယ်။ သူမဟာ ကျောက်မျက်ရတနာတွေ စီခြယ်ထားတဲ့ မှန်ကလေး တစ်ချပ်ထဲကို ကြည့်ပြီး သူမရဲ့ နဂိုကတည်းက နီမြန်းပြီး ဖြစ်နေတဲ့ ပါးပေါ်ကို ဇရာမပေါင်ဒါတို့ပတ်ကြီးတစ်ခုနဲ့ ပါးအို့နီနီဖြစ်အောင် ပါးနီတွေ ထပ်သုတ်လိမ်းခြယ်နေပြန်တယ်။ ဒီအချိန်မှာပဲ ဟယ်ရီ တစ်ခါမှာမမြင်ဖူးတဲ့ အိမ်စောင့်နတ်မှင်စာအိုအို သေးသေးကလေး တစ်ကောင်က သူမရဲ့ ဆူဖြိုးဝဖီးတဲ့ ခြေထောက်တွေကို ပြောင်လက်အိစက်နေတဲ့ ကွင်းထိုးဖိနပ် ကျပ်ကျပ်ကလေးတွေထဲကို ဝင်အောင် ထိုးသွင်းပေးပြီး ကြိုးချည်ပေးနေတာကိုလည်း ဟယ်ရီတွေ့ရတယ်။

"ဟဲ့ မြန်မြန်ထက်ထက် လုပ်စမ်း ဟော့ကီး" ဟက်ပ်ဇီဘာက အပေါ်စီးလေသံနဲ့ ပိုင်စိုးပိုင်နင်း ပြောလိုက်တယ်။ "သူ လေးနာရီတိတိမှာ လာမယ်လို့ ပြောထားတာ။ ကြည့်စမ်း ခုဆို နှစ်မိနစ်ပဲ လိုတော့တယ်။ ပြီးတော့ သူက ဘယ်တော့မှ နောက်ကျတတ်တာ မဟုတ်ဘူး"လို့လည်း ထပ်လောလိုက်တယ်။

နောက်တော့ ဟက်ပ်ဇီဘာဟာ သူမရဲ့ ပေါင်ဒါတို့ပတ်ကြီးကို နတ်မှင်စာဖြန့်ထားတဲ့အတိုင်းပဲ တစ်နေရာကို ဗလုံးဗထွေး ထိုးသွင်းလိုက်တယ်။ နတ်မှင်စာမရဲ့ အရပ်အမောင်းလေးက သူ့ခေါင်းထိပ်နဲ့ ဟက်ပ်ဇီဘာထိုင်နေတဲ့ ကုလားထိုင် အခင်းနေရာ တစ်တန်းတည်း ဖြစ်ရုံလောက်ပဲ ရှည်တယ်။ သူမရဲ့ စက္ကူလိုလို အရေပြားတွေက ကုလားထိုင်ပေါင်ကို လွန်ထွက်ပြီး တွဲကျနေသလို သူမဝတ်ထားတဲ့ ဝတ်ရုံအစကြီးလည်း အောက်ကို တွဲကျနေတယ်။

"ဟဲ့ ငါ့ကိုကြည့်စမ်းပါဦး၊ ဘယ့်နှယ့်လဲ"လို့ ပြောရင်း ဟက်ပ်ဇီဘာက သူမရဲ့ မျက်နှာကို မှန်ထဲမှာ ရှုထောင့်ပေါင်းစုံက လှည့်ပတ်ကြည့်နေပြန်တယ်။

"အမယ်လေး လှလိုက်တာ ဒေါ်ဟက်ပ်ဇီဘာရယ်.......... ချစ်စရာကြီး"ဟော့ကီးက စီခနဲညံ့သွားအောင် ပြောလိုက်တယ်။

ဟယ်ရီကတော့ ဒါဟာ ဟော့ကီးအနေနဲ့ မညာမဖြစ်လိမ်ညာပြီး ပြောကို ပြောရမယ့် တာဝန်ကြောင့် ပြောလိုက်တယ်ဆိုတာ ဟက်ပ်ဇီဘာပါးစပ်က အဲဒီမေးခွန်းထွက်လာကတည်းက သိနေပြီးသားပါ။

www.burmeseclassic.com

ဘာကြောင့်လဲဆိုတော့ သူမရဲ့ ပုံပန်းသဏ္ဍာန်နဲ့ အဆင်အပြင်က ဟောဲ့ကီးပြောတာနဲ့ တခြားစီမှ တခြားစီ ဘာမှမဆိုင်လို့ဘဲ မဟုတ်လား။

အဲဒီအခိုက်မှာပဲ ကလင် ကလင် ကလင်နဲ့ တံခါးခေါင်းလောင်းသံ မြည်လာတာကြောင့် အိမ်ကြီးရဲ့ သခင်မ ဟက်ပ်ဇီဘာရော နတ်မှင်စာမပါ နှစ်ဦးလုံး လန့်ဖျပ်ခုန်ထလိုက်တယ်။

"မြန်မြန် ဟောဲ့ကီး မြန်မြန်၊ ဟိုမှာ သူရောက်နေပြီ" ဟက်ပ်ဇီဘာရဲ့ အော်သံမဆုံးခင်မှာဘဲ နတ်သူငယ်မှင်စာမဟာ ပစ္စည်းပစ္စယတွေ ဗရပွပြည့်နှက်နေတဲ့ အခန်းထဲက ပျာပျာသလဲ အပြေးကလေး ထွက်သွားပါတယ်။ အခန်းထဲမှာ ပစ္စည်းတွေကလည်း ရှုပ်လိုက်သမှ အဲဒီအခန်းထဲကို ဝင်လာသူမှန်သမျှ သူသွားချင်တဲ့နေရာကို ရောက်အောင် မသွားနိုင်တဲ့အထိ ရှုပ်နေတာပါပဲ။ အဲဒီပစ္စည်းတွေကတော့ အရောင်တင်ဆီသုတ်ထားတဲ့ သေတ္တာအသေးကလေးတွေနဲ့ ပြည့်နှက်နေတဲ့ အံဆွဲနဲ့ အဆင့်ပါတဲ့ ဗီရိုတွေ၊ အဖုံးနဲ့ အနှောင့်မှာ ရွှေဖောင်းကြွစားလုံးတွေနဲ့ ရိုက်ထားတဲ့ စာအုပ်တွေ၊ နေလပြိုလ်နက္ခတ်ပုံနဲ့ အာကာသပုံတွေပါဝင်တဲ့ ကမ္ဘာလုံးပုံတွေနဲ့ ဖန်လုံးတွေအပြင်၊ ကြေးအိုးတွေ ခွက်တွေနဲ့ ထည့်စိုက်ထားပြီး ရှင်သန်ပေါက်ရောက်နေတဲ့ အိုးစိုက်သစ်ပင်ပန်းပင်တွေ ဖြစ်ပါတယ်။ တကယ်တမ်း ပြောရရင်တော့ အခန်းဟာ ရှေးဟောင်း မှော်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်လိုလို၊ ဒါမှမဟုတ် အပင်မျိုးစုံစိုက်ပျိုးထားတဲ့ မှန်လုံဆောင်စိုက်ခင်းတစ်ခုလိုလို ခပ်ဆင်ဆင် တူနေပါတယ်။

အိမ်စောင့်နတ်သူငယ် မှင်စာမဟာ မိနစ်ပိုင်းအတွင်း အခန်းထဲကို ပြန်ရောက်လာပါတယ်။ သူနဲ့အတူ အရပ်ခပ်မြင့်မြင့် လူငယ်လေးတစ်ယောက်လည်း ပါလာတယ်။ ဒီသူငယ်ကို မြင်လိုက်တာနဲ့ ဒါဟာ ဗိုဒီမော့ပဲဆိုတာ မှတ်မိဖို့ လုံးဝမခက်ခဲ့ပါဘူး။ သူက အနက်ရောင် ဝတ်စုံပြောင်သက်သက်ကို ဝတ်ဆင်ထားတယ်။ ဆံပင်ကလည်း ကျောင်းမှာ နေစဉ်ကထက် နည်းနည်းလေး ပိုရှည်နေတယ်။ သူ့ပါးတွေလည်း အတော်ကလေး ချိုင့်ဝင်နေပြီး ပါးချောင်ကျနေတယ်လို့ ပြောရမယ်။ ဒါပေမဲ့ ဘာပဲပြောပြော အဲဒါတွေ အကုန်လုံးကို ပေါင်းစပ်လိုက်ရင် သူဟာ အခါတိုင်းထက်ကို ပိုကြည့်ကောင်းပြီး ချောမောခန့်ညားနေပါတယ်။ နောက် သူဟာ ဖင်မလှည့်သာ ခေါင်းမလှည့်သာအောင် ပစ္စည်းတွေနဲ့ ကျဉ်းကျဉ်းကျုတ်ကျုတ် ဖြစ်နေတဲ့ အခန်းထဲမှာ လေကလေး ဖြတ်တိုက်သွားသလို သူသွားချင်တဲ့နေရာကို အလွယ်တကူ သွက်သွက်ကလေး လျှောက်သွားလိုက်ပါသေးတယ်။ ဒါကိုကြည့်ရင် သူဟာ ဒီနေရာ အလည်အပတ်ရောက်ခဲ့တဲ့ အကြိမ်ပေါင်း မနည်းတော့ဘူးဆိုတာ သိပ်သိသာတယ်။ သူက မဒမ်ဟက်ပ်ဇီဘာရှေ့မှာ ကုန်းလိုက်ပြီး သူမရဲ့ ဝတုတ်တုတ်လက်ကလေးတစ်ချောင်းကို သူ့ရဲ့ နှုတ်ခမ်းတွေနဲ့ အသာပွတ်တိုက်ပြီး နှုတ်ဆက်လိုက်တယ်။

"ကျွန်တော် ခင်ဗျားအတွက် ပန်းတွေ ယူလာပါတယ်"သူက တိုးတိုးညင်းညင်းကလေး ပြောလိုက်ရင်း ဘယ်မှာမှ ရှာမတွေ့နိုင်မယ့် ပန်းတွေလိုမျိုး နှင်းဆီပန်းစည်းကြီး တစ်စည်းကို ဖျတ်ခနဲ အသာဆွဲထုတ်လိုက်တယ်။

"မင်း တော်တော် ဆိုးတဲ့ ကောင်လေးပဲ။ ဒါတွေ ဘာဖြစ်လို့ ယူလာရသလဲကွာ"အိုစာနေတဲ့ အဘွားကြီး ဟက်ပ်ဇီဘာက တတွတ်တွတ်နဲ့ ကမန်းကတန်း ပြောလိုက်တယ်။ ဒါပေမဲ့ သူမရဲ့ ပါးစပ်ကသာ အဲဒီလို ပြောနေတာ ဖြစ်တယ်။ စောစောကတည်းက အဲဒီအတွက် ရည်စူးပြီး အနီးဆုံး

www.burmeseclassic.com

စားပွဲကလေးတစ်လုံးပေါ်မှာ သူမ ကြိုတင်ချထားတဲ့ ပန်းအိုးအလွတ်တစ်လုံးက ထောင်လျက်သားလေး အဆင်သင့် ရှိနေတာကို ဟယ်ရီက သတိထားမိလိုက်တယ်။

"မင်းဟာ ဒီအမယ်ကြီးအတွက် အလိုလိုက် အကြိုက်သိတတ်လှပါလား တွမ်ရယ်... ထိုင်လေ ထိုင်၊ ဩဘ်အရေးထဲ ဟော့ကီးက ဘယ်ရောက်နေပြန်ပါလိမ့်။ ဟဲ့ ဟော့ကီး"

အိမ်စောင့်နတ်မှင်စာမက ကတိုက်ကရိုက် ပြန်ရောက်လာတယ်။ ပြီးတော့ ကိတ်မုန့်ကလေးတွေ နည်းနည်းထည့်ထားတဲ့ လင်ပန်းတစ်ချပ်ကို သူမရဲ့ သခင်မရဲ့ တံတောင်ဆစ်နားမှာ ကပ်ချထားပေးလိုက်ပါတယ်။

"ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ပါဦးတွမ်။ ကဲ.... မင်းဘာသာမင်းပဲ နှိုက်စားပေတော့။ မင်း ငါ့လက်ရာ ကိတ်မုန့်တွေကို ဘယ်လောက်ကြိုက်တယ်ဆိုတာ ငါသိနေတယ်လေကွယ်။ ကဲ ခုရော ဘယ်လိုလဲ။ စားလို့ အဆင်ပြေရဲ့လား။ ပြီးတော့ မင်းနေရော ကောင်းရဲ့လား။ မင်းကိုကြည့်ရတာ ဖြူဖျော့ဖျော့နဲ့။ ဘာလဲ သူတို့တွေ မင်းကို ဆိုင်မှာ အလုပ်တွေ အဆမတန် မနိုင်မနင်း ခိုင်းကြပြန်ပြီလား။ ငါပြောတာလည်း အကြိမ်တစ်ရာမကတော့ဘူး။ ဖန်တစ်ရာတေနေပြီကွယ်"

ဒီနေရာမှာ ဗိုဒီမော့က ဝတ္တုရားကျေ စက်ရုပ်ဆန်ဆန် ပြုံးနေသလို ဟက်ပ်ဇီဘာကလည်း အမြင်ကတ်စရာကောင်းအောင် ဟန်လုပ်ပြီး အပြုံးအတုကြီးနဲ့ ပြုံးပြနေတယ်။ နောက်တော့ ဟက်ပ်ဇီဘာကပဲ စပြီး–

"ကဲကဲ ထားပါတော့ကွယ်။ မင်း ဒီတစ်ကြိမ် လာတဲ့အကြောင်းရင်းက ဘာများလဲ"လို့ ရိုက်ချက်ပြင်းတဲ့ မေးခွန်းတစ်ခုကို မေးလိုက်ပါတယ်။

ဗိုဒီမော့က ပြန်ပြောတယ်။ "မစ္စတာ ဘတ်ကီးအနေနဲ့ နတ်မှင်ပြုလုပ်တဲ့ သံချပ်ဝတ်စုံအတွက် ပိုကောင်းမွန်မယ့် ကမ်းလှမ်းချက် ပြုလုပ်ချင်နေပါတယ်။ သူက ဂါလီယွန်ငါးရာ ပေးပါ့မယ်တဲ့။ သူက ဒါဟာ တန်ရာတန်ဈေးထက် ပိုပေးထားတာပါလို့ ပြောနေတယ်"

"ဒီစကား ဒီမှာပဲရပ်၊ တော်တော့။ နို့မို့ရင် မင်း ဒီကိုလာတာ ငါ့ရဲ့ အပေါစား လက်ဝတ်လက်စားတွေ အတွက်ပဲလို့ ငါ မှတ်ယူလိုက်တော့မယ်" ဟက်ပ်ဇီဘာက ပြောပြီး နှုတ်ခမ်းကြီး စူထားတယ်။

"ကျွန်တော်က အဲဒါတွေအတွက်ပဲ လုပ်ဖို့ အမိန့်ပေးထားခံရတာလေ။ ကျွန်တော်က ဆင်းရဲတဲ့ လက်ထောက်ကလေး တစ်ယောက်ပါ မဒမ်ရယ်။ သူပြောသမျှ လုပ်ရတဲ့လူ ဆိုပါတော့။ မစ္စတာ ဘတ်ကီးက ကျွန်တော့်ကို အဲဒါ စုံစမ်းပေးစေချင်တာပဲ"

"အို... ဒီမစ္စတာ ဘတ်ကီးကလည်း ထွီ"ဟက်ပ်ဇီဘာက သူမရဲ့ လက်ကလေးတစ်ဖက်ကို ဝှေ့ယမ်းပြီး အံ့အားတသင့် ရှုံ့ရှာသလိုမျိုး ပြောလိုက်တယ်။ ပြီးတော့ "အေး ငါ့မှာ သူ့ကို ငါဘယ်တုန်းကမှ မပြခဲ့တဲ့ မင်းကို ပြစရာပစ္စည်းတချို့ရှိတယ်။ မင်း ဒါကို လျှို့ဝှက်ထားနိုင်မလားတွမ်။ ငါ့ဆီမှာ ဒါရထားတာကို မင်း မစ္စတာ ဘတ်ကီးကို မပြောပါဘူးလို့ ကတိပေးမှာလား။ ငါ မင်းကို ဒီပစ္စည်းပြလိုက်တယ်ဆိုတာများ

www.burmeseclassic.com

www.burmeseclassic.com

သူ သိသွားလို့ကတော့ သူက ငါ့ကို တစ်သက်လုံး ဘယ်တော့မှ အေးအေးဆေးဆေး မနေရအောင် လုပ်တော့မှာပဲ။ ပြီးတော့ ငါက အဲဒါကို ရောင်းမှာ မဟုတ်ဘူး။ မစ္စတာ ဘတ်ကီးကိုလည်း မရောင်းဘူး။ ဘယ်သူ့ကိုမှလည်း မရောင်းဘူး။ ဒါပေမဲ့ မင်းကတော့ တွမ် မင်းကတော့ အဲဒါရဲ့ ရာဇဝင်ကြောင်းလေးကို နားလည်သဘောပေါက် လက်ခံရလိမ့်မယ်။ အဲဒီအပေါ်ကနေ မင်း ဂေါလီယွန် ဘယ်လောက်များများ ရနိုင်မယ်ဆိုတာကို မဟုတ်ဘူးနော်"

"ဟာ....... ကျွန်တော့်အတွက်ကတော့ ဘာလေးပဲဖြစ်ဖြစ် တစ်ခုခုကို မြင်ရရင် ဝမ်းသာရမှာပေါ့ မစ္စဟက်ပ်ဇီဘာရယ်။ အဲဒါကို ကျွန်တော့်ကို ပြပါလား"ဗိုဒီမော့က လေသံအေးအေးလေးနဲ့ အပျော့ဆွဲပြောလိုက်ပြီး ဟက်ပ်ဇီဘာကလည်း ကညာဆန်ဆန် ကဗျာဆန်ဆန် တစ်ခါထပ်ပြီး တခစ်ခစ် ရယ်နေပြန်ပါတယ်။

"အင်း... ငါ့ဆီကို အဲဒါကို ထုတ်ယူလာဖို့ ဟော့ကီးကို ခိုင်းရဦးမယ်။ ဟဲ့ ဟော့ကီး.... နင်ဘယ်မှာလဲ။ ငါ မစ္စတာရစ်ဒဲလ်ကို ငါတို့ရဲ့ အကောင်းဆုံး ရတနာကို ပြချင်လို့။ နင် ခု အဲဒီနေရာမှာ ရှိနေရင် တစ်လက်စတည်း နှစ်ခုစလုံးသာ ယူလာခဲ့ပါတော့ကွယ်"

"ဟုတ်ကဲ့ လာပါပြီ သခင်မကြီး"ဆိုတဲ့အသံ အိမ်စောင့်နတ်မှင်စာဆီက စီခနဲ ညံသွားအောင် ထွက်လာတယ်။ ပြီးတော့ ဟယ်ရီ့မျက်စိထဲမှာ သားရေသေတ္တာကလေးနှစ်လုံး တစ်လုံးအပေါ် တစ်လုံးထပ်ပြီး သူတို့ အလိုလို အခန်းကို ဖြတ်ပြီး ရွေ့ရှားဝင်ရောက်လာသလိုမျိုး မြင်တွေ့နေရတယ်။ အမှန်မှာ သေတ္တာနှစ်လုံးကို နတ်မှင်စာမက သူမရဲ့ ခေါင်းပေါ်မှာ ရွက်ကိုင်ထားပြီး အခန်းထဲမှာ ရှိနေတဲ့ စားပွဲတွေ၊ ခြေသုတ်ဖုံတွေ၊ ခြေတင်တဲ့ ခွေးခြေပုကလေးကြားကနေ ကွေ့ပတ်လျှောက်လှမ်းပြီး ဝင်လာနေတာဆိုတာလည်း သူသိပြီးသား ဖြစ်နေတယ်။

"ကဲ ... ဟောဒီမှာ"မြူးထူးပျော်ရွှင်နေတဲ့ ဟက်ပ်ဇီဘာက အိမ်စောင့်နတ်မှင်စာမဆီကနေ သေတ္တာလေးတွေကိုယူပြီး သူမရဲ့ ပေါင်ပေါ်မှာ ချထားပြီးတဲ့နောက် အပေါ်ကအလုံးကို ဖွင့်ဖို့ဟန်ပြင်ရင်း ပြောလိုက်တာပါပဲ။ "မင်း ဒီတစ်ခုကို ကြိုက်မယ်ထင်တယ် တွမ်။ အလိုလေးလေး ငါမင်းကို ဒီပစ္စည်းတွေ ပြနေတယ်ဆိုတာများ ငါ့မိသားစုတွေ သိသွားရင် ဒါတွေကို လာလုဖို့ သူတို့တွေ လက်နှေးနေမှာ မဟုတ်ဘူးဆိုတာ မင်းသိပါတယ်နော်"

ပြောပြောဆိုဆို သူမက အဖုံးကို ဖွင့်လိုက်တယ်။ ဟယ်ရီကလည်း အသေအချာ ပိုမြင်ရအောင် ရှေ့ကို ရနိုင်သမျှ တိုးပြီး ကြည့်လိုက်တာ အကျအန ကောင်းမွန်လှပတဲ့ လက်ကိုင်ကလေးနှစ်ခုပါ တပ်ဆင်ထားတဲ့ ရွှေဖလားကလေး တစ်လုံးနဲ့တူတဲ့ ပစ္စည်းကလေးကို တွေ့မြင်နေရပါတယ်။

"တွမ်ရေ၊ ငါ အံ့အားတသင့် သိချင်နေတာက ဒါဟာ ဘာလဲဆိုတာ မင်းသိနိုင်ပါ့မလား ဆိုတာပါပဲကွယ်။ မင်း ကောက်ကိုင်ပြီး သေသေချာချာ ကြည့်လိုက်စမ်းပါလား" ဟက်ပ်ဇီဘာက လေသံတိုးတိုးကလေးနဲ့ အသာကပ်ပြောလိုက်တော့ ဗိုဒီမော့ မနေသာတော့ဘဲ သူ့ရဲ့ လက်ချောင်းရှည်ရှည်တွေပါတဲ့ လက်တစ်ဖက်နဲ့ရွှေဖလားကို လက်ကိုင်တစ်ဖက် ဆုပ်ကိုင်ပြီး သူ့ကို ထုပ်ပိုးထားတဲ့ ပိုးသားလို ချောမွတ်ပြောင်လက်နေတဲ့ ထုပ်ပိုးပစ္စည်းထဲက ဆွဲထုတ်ကိုင်မြှောက် ကြည့်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက သူ့ရဲ့ နက်မှောင်တဲ့ မျက်စိတွေထဲမှာ အနီရောင် လင်းလက်နေတဲ့ အလင်းရောင်ကလေး တစ်ခုကို မြင်နေရတယ်လို့ ထင်နေတယ်။ သူ့ရဲ့ လောဘတကြီး မြင်တွေ့ချင်နေတဲ့ ပုံရိပ်က ဟက်ပ်ဇီဘာရဲ့ မျက်နှာပေါ်မှာ သွားထင်ဟပ်နေပေမဲ့ သူမရဲ့ မျက်စိသေးသေးကလေး နှစ်လုံးကလည်း ဗိုဒီမော့ရဲ့ ချောမောတဲ့ ရုပ်ဆင်းသဏ္ဌာန်ပေါ်မှာပဲ ခွာမရအောင် ရစ်ဝဲနေတယ်။

“ဟာ... တော်တော့်ကို နားပူနားဆာ လုပ်နေတော့တာပါပဲလားဗျာ”ဗိုဒီမော့က မြည်တွန်တောက်တီး ညည်းညူရင်း ရွှေဖလားပေါ်က ထွင်းထုထားတဲ့ တစ်နေရာကို စစ်ဆေးကြည့်ရှုလိုက်ပြီး ပြောတယ်။ “ဒါက ဘာပါလိမ့်”

“အို လူတော်ကလေးကလဲ ဒါများ၊ အဲဒါ မင်းကောင်းကောင်းကြီး သိထားပြီးနေတဲ့ ဟဲလ်ဂါ ဟတ်ဖဲလ်ပတ်ရဲ့ လက်ရာပဲလေကွယ် ဟင်း... ဟင်း.... ဟင်း”ဟက်ပ်ဇီဘာက သံသေးသံကြောင်နဲ့ တစ်ကျီကျီ ပြောလိုက်ရင်း ကိုယ်ကို ရှေ့ကို ကိုင်းပြီး ဗိုဒီမော့ရဲ့ ပါးချောင်ကျနေတဲ့ ပါးတစ်ဖက်ကို အသာကလေး ဆိတ်ဆွဲလိုက်တယ်။ ပြီးတော့ “မင်းကို ငါမပြောခဲ့ဘူးလား။ ဒီပစ္စည်းက မိသားစုထဲကို ရောက်လာအောင် တစ်ဆင့်ပြီး တစ်ဆင့် နှစ်ပေါင်း အကြာကြီး ဆင်းသက်လာခဲ့ရတာလေ။ လှလိုက်တာနော်။ ချစ်စရာလေး.... ဟုတ်တယ် မဟုတ်လား။ ပြီးတော့ သူ့မှာ အစွမ်းထက်မှုတွေ အမျိုးမျိုးလည်း ရှိနေတယ်ကွဲ့။ ဒါပေမဲ့ ငါကတော့ အဲဒါကို တောက်လျှောက်တစ်ခါဆို တစ်ခါမှ မစမ်းသပ်ကြည့်ခဲ့ဖူးပါဘူး။ ဒီမှာပဲ လုံလုံခြုံခြုံ ကောင်းကောင်းမွန်မွန် သိမ်းရုံပဲ သိမ်းထားခဲ့တာ”လို့ ပြောပြန်တယ်။

နောက် သူမက ဗိုဒီမော့ရဲ့ လက်ညှိုးရှည်ရှည်နဲ့ ချိတ်ကိုင်ထားတဲ့ ရွှေဖလားလေးကို အဲဒီပုံအတိုင်း ပြန်ချိတ်ပြီး ဆွဲယူလိုက်ပြီး သူ့ရဲ့ မူလသေတ္တာထဲကို ညင်ညင်သာသာကလေး ပြန်ထည့်လိုက်တယ်။ ဒီလို ပြန်ထည့်ရာမှာ သူမဟာ အထူးတလည် ပစ္စည်းအပေါ် အာရုံစိုက်ပြီး ထည့်နေတာဖြစ်ပြီး ဗိုဒီမော့ရဲ့ မျက်နှာပေါ်မှာ ခံစားချက်တစ်စုံတစ်ရာ ဖြတ်သွားချိန်မှာပဲ သူမက ပစ္စည်းကို ဘေးကို ဖယ်လိုက်ပါတယ်။

“ကဲ ... ဟော့ကီး၊ နင်က ဘယ်ရောက်နေတာလဲ။ သြော် နင်က ဒီမှာပဲ ရှိနေတာကိုး။ အေး ဒီပစ္စည်းကို ပြန်ယူသွားတော့ ဟော့ကီး”

အိမ်စောင့်နတ်မှင်စာမကလည်း သူမပြောတဲ့အတိုင်း လေးလေးစားစား လိုက်နာပြီး ရွှေဖလားလေး ထည့်ထားတဲ့ သေတ္တာကို ပြန်ယူသွားတယ်။ ဒီမှာတင် ဟက်ပ်ဇီဘာရဲ့ အာရုံက သူမရဲ့ ပေါင်ပေါ်မှာ ကျန်နေသေးတဲ့ စောစောက သေတ္တာထက်ပိုပြီး အတော်လေး ပြားချပ်ချပ် ဖြစ်နေတဲ့ သေတ္တာကလေးဆီကို ရောက်သွားပြန်တယ်။

“ငါ့အထင်တော့ မင်းဟာ ဒါလေးကို ပိုလို့တောင် သဘောကျမှာပဲနော် တွမ်”လို့ သူမက ပြောတယ်။ ပြီးတော့ “ကဲ .... ငါသိပ်ကို ခင်မင်ရတဲ့ ကောင်လေးရေ။ မင်း ပိုပြီး မြင်ရအောင် ရှေ့ကို နည်းနည်းလေးတိုးပြီး ငုံ့ကြည့်ပါလား။ အမှန်တော့ ဘတ်ကီးက ငါ ဒါလေးကို ရထားတာ သိနေပြီးသားကွဲ့။ သိမှာပေါ့။ ဒါလေးကို ငါ သူ့ဆီကပဲ ဝယ်ခဲ့ရတာလေ။ ပြီးတော့ ငါမရှိတော့ရင် ဒီပစ္စည်းလေးကို သူပဲပြန်ရဖို့ သူက သိပ်ကိုမျှော်လင့်နေရှာတာ”လို့ ပြောလိုက်တယ်။

www.burmeseclassic.com

သူမဟာ အဖိုးတန် ပစ္စည်းပါ သေတ္တာကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားကာ အဖုံးကို ဖွင့်လိုက်ပြန်တယ်။ သေတ္တာထဲက နုညက်ပြောင်ချောနေတဲ့ ကြက်သွေးရောင် ကတ္တီပါစ အခင်းလေးပေါ်မှာ အတော်လေး အချိန်စီးမယ့် ဆွဲပြားလို ရွှေလော့ကတ်သီးကလေးတစ်ခု ရှိနေတယ်။

ဒီတစ်ကြိမ်မှာတော့ ဗိုဒီမော့က သူလည်းမတောင်း၊ ဟိုတစ်ယောက်ကလည်း မပေးမကြည်င်းသေးဘဲ သူ့လက်နဲ့ ဆတ်ခနဲ လှမ်းဆွဲပြီး အလင်းရောင်ထဲမှာ အကျအန စူးစိုက်ကြည့်နေတယ်။

"ဆလီသီရင်တွေရဲ့ အမှတ်အသားတစ်ခုပဲ" သူက တိုးတိုးကလေး ပြောလိုက်တယ်။ အလင်းရောင်က လော့ကတ်သီးလေးရဲ့ အထူးတလည် မွမ်းမံပြုလုပ်ထားတဲ့ အင်္ဂလိပ်အက္ခရာ "" ပုံသဏ္ဍာန်ပေါ်မှာ ထိုးစိုက်ကျနေတယ်။

"ဟုတ်တယ်၊ မင်းပြောတာ အမှန်ပဲ" သူမရဲ့ လောကတ်သီးကလေးကို ဗိုဒီမော့ တအံ့တသြ ငေးစိုက်ကြည့်နေပြီး ဘာလုပ်လို့ ဘာဆက်ပြောရမှန်း မသိဘဲ ကြောက်အမ်းအမ်း ဖြစ်နေပုံကို အကြီးအကျယ် သဘောကျသွားတဲ့ ဟက်ပ်ဇီဘာက ပြောလိုက်တယ်။ ပြီးတော့ "ဒါလေးအတွက် ငါ့ရဲ့ လက်မောင်းတစ်ချောင်းနဲ့ ခြေတစ်ချောင်းကို ငါပေးရဖို့ ရှိနေတယ်။ ဒါပေမဲ့ ငါကလည်း ဒါကို လက်လွှတ်မခံနိုင်ဘူး။ ဒီလို တကယ့်ရတနာ အစစ်တော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ငါကတော့ ဒါလေးကို စုဆောင်းသိမ်းဆည်းထားရမှာပဲ။ ငါ သိရ၊ ကြားမိသလောက်ကတော့ ဘတ်ကီးက အစုတ်စုတ်အပြတ်ပြတ်နဲ့ ဒါကိုလည်း ခိုးလာပုံရပြီး ပစ္စည်းရဲ့ တန်ဖိုးအမှန်ကို မသိတဲ့ မိန်းမတစ်ယောက်ဆီက ဝယ်ခဲ့တာပဲ"

ဒီတစ်ကြိမ်မှာတော့ မှားစရာကို မရှိတော့ဘူး။ ဟက်ပ်ဇီဘာရဲ့ စကားတွေကို ကြားလိုက်ရတဲ့ ဗိုဒီမော့ရဲ့ မျက်လုံးတွေ နီရဲအရောင်လက်ပြီး လော့ကတ်သီးရဲ့ ဆွဲကြိုးကိုကိုင်ထားတဲ့ သူ့လက်ချောင်းက လက်ဆစ်တွေ ဖြူဖျော့သွားတာကို ဟယ်ရီ မြင်လိုက်ရတယ်။

"ငါ ပြောရဲတယ်ဟယ်၊ ဘတ်ကီးဟာ အဲဒီမိန်းမကို မလွှဲမရှောင်သာ မသဒ္ဓါရေစာ သဘောနဲ့ မဆိုစလောက်သာ ပေးမယ်ဆိုတာပဲ။ ဒါပေမဲ့ ငါ ကောင်းကောင်းမွန်မွန် လုံလုံခြုံခြုံလေး သိမ်းပေးထားခဲ့တဲ့ ဒီပစ္စည်းမှာ ဆန်းကြယ်လှတဲ့ ထူးထူးခြားခြား အစွမ်းထက်မှုတွေ ရှိနေမယ်ဆိုတာ သေချာတယ်"

ပြောပြောဆိုဆို သူမက လော့ကတ်သီးကို ပြန်ယူလိုက်တယ်။ ဖြုန်းခနဲ အနေနဲ့ တစ်အောင့်လောက်ကြာအောင် ဗိုဒီမော့ဟာ ဒီပစ္စည်းကို သူ့လက်ထဲက လွှတ်တော့မှာ မဟုတ်ဘူးလို့ ဟယ်ရီက ယူဆထားပေးမဲ့ ပစ္စည်းလေးဟာ သူ့လက်ချောင်းတွေထဲက လျှောထွက်သွားပြီး မူလ သူ့ရဲ့ ကတ္တီပါအခင်းအစကလေးပေါ်ကို ပြန်ရောက်သွားတယ ဟယ်ရီ တွေ့လိုက်ရတယ်။

"ကဲ ခင်မင်ရတဲ့တွမ်.... ကောင်လေး.......... မင်းပျော်ရွှင်ကျေနပ်နေတယ် မဟုတ်လား။ အဲဒါကို သဘောကျနေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

သူမက ပြောပြောဆိုဆိုနဲ့ သူ့ရဲ့ မျက်နှာတစ်ခုလုံးကို ပထမဆုံးအကြိမ်အနေနဲ့ အသေအချာ ကြည့်လိုက်တဲ့အခါမှာတော့ သူမရဲ့ ကြောင်တောင်တောင် မိုက်မဲမဲ အပြုံးက မဝံ့မရဲနဲ့ တုံ့ဆိုင်းဆိုင်း ဖြစ်သွားတာကို ဟယ်ရီမြင်နေရတယ်။

"ဟဲ့ လူကလေး မင်း နေမှကောင်းရဲ့လား"

"ဩော်.... ဟုတ်ကဲ့၊ ကျွန်တော် နေကောင်းပါတယ်။ ဘာမှကို မဖြစ်ပါဘူး။ ကောင်းပါတယ်"ဗိုဒီမော့က တိုးတိုးကလေး ဖြေလိုက်တယ်။

"အေး ငါလည်း အဲဒီလိုပဲ ထင်ပါတယ်။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ပရိယာယ်လှည့်စားမှု အလင်းရောင်ကလေး တစ်ချက် ပြက်သွားတာကို ငါမြင်လိုက်ရသလားလို့" ဟက်ပ်ဇီဘာက ချောက်ချားနေတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။ ဒီမှာတင် ဟယ်ရီ သိလိုက်တယ်။ သူမလည်းပဲ ဗိုဒီမော့ရဲ့ မျက်လုံးတွေထဲမှာ အနီရောင် အလင်းကလေးတစ်ခု တဒင်္ဂလင်းလက်သွားတာကို တွေ့လိုက်ရလို့ ဖြစ်မယ်ဆိုတာပဲ။

"ကဲ... ဒီက ပြန်ထွက်ဖို့ အချိန်တန်ပြီ ဟယ်ရီ" ဒမ်းဘဲလ်ဒိုးက တိုးတိုးကလေး ကပ်ပြောလိုက်တယ်။ ပြီးတော့ အိမ်စောင့်နတ်မှင်စာမ သေးသေးကလေးက သူတို့တွေ့နေခဲ့ရတဲ့ သေတ္တာတွေကို ယူသွားပြီး သိမ်းနေချိန်ပဲ ဒမ်းဘဲလ်ဒိုးဟာ ဟယ်ရီ့ကို တံတောင်ဆစ်ကနေ ဆုပ်ကိုင်ဆွဲမပြီး နှစ်ယောက်အတူ ထလိုက်ကြတယ်။ ပြီးတော့ သတိလက်လွတ် ဖြစ်သလို မှောင်ပိန်းကျနေတဲ့ နယ်ပယ်ရပ်ခန်းကြီးတစ်ခုကို ဖြတ်ပြီး ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းကို သူတို့ ပြန်ရောက်လာကြတယ်။

"ကျုပ်တို့ မြင်ခဲ့ရတဲ့ မြင်ကွင်း ဖြစ်ရပ်ကလေး ပေါ်ပေါက်ပြီး နှစ်ရက်အကြာမှာပဲ ဟက်ပ်ဇီဘာ စမစ် သေဆုံးသွားတယ်" ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ ကုလားထိုင်မှာ ပြန်စထိုင်လိုက်သလို၊ ဟယ်ရီ့ကိုလည်း အလားတူထိုင်ဖို့ ညွှန်ပြရင်း ပြောလိုက်တာ ဖြစ်ပါတယ်။ "အိမ်စောင့်နတ်မှင်စာမ အသေးကလေး ဟော့ကီးကတော့ ဒီညနေပိုင်း ကိုကိုးဖျော်ရည်တိုက်ရာမှာ သူမရဲ့ သခင်မကို မတော်တဆ အဆိပ်သင့်သွားစေခဲ့တဲ့ အမှုနဲ့ မှော်ပညာဝန်ကြီးဌာနက ပြစ်ဒဏ်ချတာ ခံလိုက်ရတယ်"

"မဖြစ်နိုင်တာဗျာ။ ဒါ မတော်မတရား လုပ်တဲ့ကိစ္စပဲ" ဟယ်ရီက ဒေါသတကြီး ပြောလိုက်တယ်။

"ဒီနေရာမှာ မောင်ရင်နဲ့ ကျုပ် စိတ်တစ်ထပ်တည်း ကျတယ်ဆိုတာ ကျုပ် သိပါတယ်" ဒမ်းဘဲလ်ဒိုးက ပြောတယ်။ "သေချာတာကတော့ အခုသေဆုံး အဲဟိုရစ်ဒဲလ်တွေကြားမှာ တူညီတဲ့အချက်တွေ အများကြီး ရှိနေတာပဲ။ ဒီအမှုနှစ်ခုလုံးမှာ အဲဒီသေဆုံးမှုအကြောင်းရင်းတွေကို ရှင်းရှင်းလင်းလင်းသိတဲ့ မှတ်ဉာဏ်ရှိပြီး အပြစ်တင်ရမယ့် နောက်ထပ် လူတချို့ ရှိသေးတယ်"

"ဟော့ခ်ကီးကရော ဖြောင့်ချက်ပေးတာပဲလား"

"သူမက သူမ သခင်မရဲ့ ကိုကိုးခွက်ထဲကို တစ်စုံတစ်ခု ထည့်လိုက်မိတာကိုတော့ သတိရနေတယ်။ အဲဒါဟာ သကြားတော့ မဟုတ်ဘူး။ ဒါပေမဲ့ လူကို သေစေနိုင်လောက်ပြီး လူသိနည်းတဲ့ အဆိပ်တစ်မျိုး

www.burmeseclassic.com

ဖြစ်နေတယ်” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ “အဲဒီအမှုမှာ သူမဟာ တမင်ရည်ရွယ်ပြီး လုပ်ခဲ့တာ မဟုတ်ဘူး။ ဒါပေမဲ့ အသက်အရွယ် အိုမင်းပြီး ဘာလုပ်လို့ လုပ်မိမှန်းမသိဘဲ ဇဝေဇဝါ အယောင်ယောင် အမှားမှားနဲ့ ထည့်ခဲ့မိတာ ဖြစ်ရမယ်ဆိုတဲ့ သုံးသပ်ချက်နဲ့ အဆုံးသတ်သွားတယ်”

“ဗိုဒီမော့က သူမရဲ့ မှတ်ဉာဏ်ကို သူ မာဖင်းကို လုပ်ခဲ့တုန်းကလိုမျိုး ပြန်ပြီး ပြုပြင်မွမ်းမံလိုက်တာလား”

“အေး ဟုတ်တယ်” ဒမ်းဘဲလ်ဒိုးကဖြေတယ်။ ပြီးတော့ မာဖင်းနဲ့ ဖြစ်ခဲ့သလိုမျိုးအတိုင်းပဲ ဝန်ကြီးဌာနဟာ ဟော့ကီးအပေါ်မှာပဲ သံသယဝင်အောင် နှပ်ကြောင်း ပေးခဲ့လိုက်ရတယ်”

“ဘာဖြစ်လို့လဲဆိုတော့ သူမဟာ အိမ်စောင့်နတ်မှင်စာ ဖြစ်နေလို့ပဲပေါ့ ဟုတ်လား” ဟယ်ရီက ပြောရင်း ခံပြင်းနေတယ်။ ပြီးတော့ သူ့စိတ်ထဲမှာ ဟာမီယွန် တည်ထောင်ထားတဲ့ ၂.ဏ.န္တ အသင်းအပေါ် အားပေးထောက်ခံစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာတယ်။

“ဟာ သိပ်သေချာတာပေါ့။ အဲဒီအတိုင်း အတိအကျပဲ” ဒမ်းဘဲလ်ဒိုးက ပြောလိုက်ပြန်တယ်။ “သူမဟာ အိုမင်းနေပြီလေ။ ပြီးတော့ သူမဟာ ဟက်ပ်ဇီဘာ သောက်ခဲ့တဲ့ ကိုကိုးနဲ့ဆက်နွှယ်နေမိခဲ့တာကို ဝန်ခံထားတဲ့အတွက် ဝန်ကြီးဌာနမှာ ဘယ်သူကမှ အဲဒီကိစ္စ အမှန်ပေါ်ပေါက်အောင် ဆက်ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်ဖို့ စိတ်ရှုပ်မခံကြတော့ဘူး။ အဲဒီအချိန်မှာ ကျုပ်က မာဖင်းကိစ္စတုန်းကလိုပဲ သူမကို တွေ့ရအောင် ခြေရာခံရှာပြီး အသက်ထွက်လုဆဲဆဲ ဖြစ်နေတဲ့ သူမဆီက ဒီမှတ်ဉာဏ်ကို ထုတ်ယူခဲ့တာ။ ဒါပေမဲ့ ဒီမှတ်ဉာဏ်ဟာ ရွှေဖလားနဲ့ လော့ကတ်သီး ရှိနေတာကို ဗိုဒီမော့ သိသွားပြီ ဆိုတာကလွဲလို့ တခြား ဘာမှ အထောက်အထား သက်သေမပြနိုင်ပါဘူး”

နောက်တော့ ဟော့ကီး ပြစ်ဒဏ်ချမှတ်ခံရချိန်မှာ ဟက်ပ်ဇီဘာရဲ့ မိသားစုက သူမရဲ့ အရေးပါဆုံး ရတနာပစ္စည်းနှစ်ခု ပျောက်ဆုံးနေပြီဆိုတာ သဘောပေါက် ရိပ်စားမိသွားတယ်။ အဲဒီအချက်သေချာအောင် သူတို့အတွက် အချိန်နည်းနည်းတော့ ကြာလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမဟာ ဝှက်စရာ သိုစရာနေရာ အများအပြား ရှိနေပြီး၊ မနာလို ဝန်တိုစိတ်တွေနဲ့ သူမသိမ်းဆည်းထားတဲ့ ပစ္စည်းတွေကို အမြဲတမ်း စောင့်ကြပ်ထားခဲ့လို့ပဲ။ ဒါပေမဲ့ ရွှေဖလားရော လော့ကတ်သီးပါ ပစ္စည်းနှစ်ခုလုံး ပျောက်သွားပြီဆိုတာ သံသယဖြစ်စရာမလိုအောင် သေချာမသွားခင်မှာဘဲ ဘော်ဂျင်းနဲ့ ဘတ်ကက်စ်မှာ အလုပ်လုပ်နေတဲ့ လက်ထောက်ဝန်ထမ်းနဲ့ ဟက်ပ်ဇီဘာဆီကို အချိန်မှန်ရောက်ပြီး သူမကို ကောင်းကောင်းကြီး ညို့ယူဖမ်းစားထားနိုင်တဲ့ လူငယ်ဟာ သူ့ရဲ့ ရာထူးက နုတ်ထွက်ပြီး စုပ်စမြုပ်စ ပျောက်သွားပါတော့တယ်။ သူ့အထက်ဝန်ထမ်းကလည်း သူ ဘယ်ကို ထွက်သွားတယ်ဆိုတာ မစဉ်းစားတတ်ဘူး။ သူပျောက်တာကို အားလုံးက တအံ့တသြ ဖြစ်ကျန်ခဲ့တာပဲ အဖတ်တင်တယ်။ ပြီးတော့ အဲဒါဟာ အချိန်ကာလအကြာကြီး ပျောက်သွားတဲ့ တွမ်ရစ်ဒဲလ်နဲ့ ပတ်သက်လို့ သူတို့နောက်ဆုံး မြင်လိုက်ကြားလိုက်ရတာပဲ ဖြစ်သွားပါတယ်။

“ကဲ.... အခု” ဒမ်းဘဲလ်ဒိုးက သူ့စကားအရှည်ကြီးကို အဆုံးသတ်ဖို့ အားယူလိုက်ရင်း ပြောလိုက်တယ်။ “စိတ်မရှိပါနဲ့ ဟယ်ရီ၊ ကျုပ်တို့ရဲ့ ဒီဇာတ်လမ်းနဲ့ ပတ်သက်ပြီး သေချာတဲ့ မောင်ရင် စိတ်ဝင်စားလာတဲ့ အဆင့်အထိ ရောက်ရှိအောင် ကျုပ် ခဏနားချင်တယ်။ ဗိုဒီမော့ဟာ ရစ်ဒဲလ်တွေကို သူသတ်ဖြတ်ခဲ့ပြီးချိန်ကစလို့ ပထမဆုံးအကြိမ် ကျူးလွန်တာ ဟုတ် မဟုတ် ကျုပ် မသိရပေမဲ့

www.burmeseclassic.com

နောက်ထပ် လူသတ်မှုတစ်မှု ကျူးလွန်ခဲ့တာတော့ အမှန်ပဲ။ ကျုပ်ကတော့ ဒီအတိုင်းပဲ ထင်တယ်။ ဒီတစ်ကြိမ်မှာတော့ မောင်ရင်လည်း မြင်ပါလိမ့်မယ်။ သူက လက်စားချေဖို့ သတ်တာမဟုတ်ဘူး။ အမြတ်ထုတ်ဖို့ သတ်လိုက်တာ ဖြစ်နေတယ်။ ပြောမယ်ဆို သူဟာ ဉာဏ်ရည်နည်းတဲ့၊ ပြီးတော့ ကြီးတောင်ကြီးမားအရွယ်နဲ့ သူ့အပေါ် အရှုးအမူး ဣန္ဒြေမဆည်နိုင်အောင် တိမ်းညွတ်နေတဲ့ အဘွားကြီးက သူ့ကိုပြမိတဲ့ အံ့ဖွယ်ရားပါး မျိုးရိုးစဉ်ဆက် အထိမ်းအမှတ် အဖိုးတန် ပစ္စည်းကလေးနှစ်ခုကို လိုချင်လို့ သတ်လိုက်တာပဲ။ သူနေခဲ့တဲ့ မိဘမဲ့ကလေးများ ဂေဟာမှ တခြားကလေးတွေဆီက လုယက်ခဲ့သလိုမျိုး သူ့ဦးကြီးမာဖင်းရဲ့ လက်စွပ်ကို ခိုးယူသွားသလိုမျိုးအတိုင်း ဟက်ပ်ဇီဘာရဲ့ ရွှေဖလားနဲ့ လော့ကတ်သီးကိုယူပြီး လစ်ပြေးသွားတာ ဖြစ်နေတယ်လေ”

“ဒါပေမဲ့” ဟယ်ရီက မျက်မှောင်ကြုတ် စဉ်းစားရင်း ဆက်ပြောတယ်။ “ဘာမဟုတ်တဲ့ အဲဒီလောက်လေးနဲ့ သူ့အလုပ်ကို စွန့်ပစ်လိုက်ပြီးတော့ရော၊ အန္တရာယ်တွေ စွန့်စားမှုတွေနဲ့ အရာရာကို ရင်ဆိုင်ပြီးတော့ပါ ခုလို လုပ်လိုက်တာဟာ ရူးလို့လုပ်တာနဲ့ တူနေတယ်”

“သြော်.... ငါနယ်၊ မောင်ရင့်အတွက်တော့ ရူးလို့ လုပ်တာ ဖြစ်မှာပေါ့။ ဗိုဒီမော့အတွက်ကျတော့ အဲဒီလို မဟုတ်ဘူးလေ” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ “ဘာပဲဖြစ်ဖြစ် သူဘာရည်ရွယ်ချက်နဲ့ လုပ်ခဲ့တယ်ဆိုတာ အချိန်တန်ရင် မောင်ရင် အတိအကျ နားလည်လာလိမ့်မယ်လို့ ကျုပ် မျှော်လင့်ထားပါတယ် ဟယ်ရီ။ ဒါပေမဲ့ မောင်ရင့်အနေနဲ့ စဉ်းစားကြည့်ရင် ဒါဟာ ဘာမှ မခက်ဘူးဆိုတာတော့ ဝန်ခံရလိမ့်မယ်။ အဲဒါက အနည်းဆုံးသူဟာ လော့ကတ်သီးကို အမှန်အားဖြင့် သူရထိုက်တဲ့ ပစ္စည်းလို့ မြင်သွားခဲ့တယ်ဆိုတာပဲ”

“လော့ကတ်သီးကတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဟိုရွှေဖလားကလေးက ဘာဆိုင်လို့လဲ”

“အဲဒါဟာ ဟော့ဂ်ဝပ်စ်ကျောင်းကို တည်ထောင်ခဲ့သူတွေထဲက တစ်ယောက်ယောက်နဲ့ သွားဆက်စပ်နေလို့ ဖြစ်ရမယ်။ ကျုပ်အထင်တော့ သူဟာ ဟော့ဂ်ဝပ်စ်ကျောင်းအပေါ်မှာ သြဇာသက်ရောက်ချင်တဲ့ စိတ်လည်း ရှိနေတုန်း ဖြစ်မယ်။ ပြီးတော့ ဟော့ဂ်ဝပ်စ်ကျောင်းရဲ့ သမိုင်းအပေါ်မှာ သူစိတ်ဝင်စားပြီး သူ စိတ်ဝင်စားလေ့လာဆည်းပူးနေတဲ့ သူ့ရဲ့ ရည်ရွယ်ချက်ကိုလည်း သူ မစွန့်လွှတ်နိုင်တာအမှန်ပဲ။ နောက်ထပ် တခြားအကြောင်းတွေလည်း ရှိနေဦးမယ်လို့ ကျုပ် ထင်တယ်။ ကျုပ် အချိန်တန်ရင် အဲဒါတွေကို မောင်ရင့်ကို ဇာတ်စုံခင်းပြနိုင်မယ်လို့ ကျုပ်မျှော်လင့်ပါတယ် ဟယ်ရီ....”

“ကဲ .... ခု နောက်ဆုံး အပြီးသတ် ပြန်လည် အမှတ်ရတာနဲ့ ပတ်သက်လို့ မောင်ရင့်ကို ကျုပ် ပြစရာ ရှိနေတယ်။ အနည်းဆုံး ကျုပ်တို့အတွက် ပါမောက္ခ ပက်ကျီချိုရဲ့ မှတ်ဉာဏ်ကို ပြန်နှုတ်ယူလို့ရအောင် မောင်ရင် စီမံလုပ်ကိုင်နိုင်တဲ့ အထိပေါ့။ ဆယ်နှစ်ဆိုတဲ့အချိန်က ဟော့ကီးရဲ့ မှတ်ဉာဏ်ကို အကန့်ကန့်ခွဲထုတ်လိုက်တယ်။ ဒါဟာ အဲဒီထဲကတစ်ခုပဲ။ ဆယ်နှစ်ဆိုတဲ့အချိန်အတွင်းမှာ ဗိုဒီမော့ ဘာတွေလုပ်နေခဲ့တယ်ဆိုတာ ကျုပ်တို့ မှန်းဆကြည့်လို့ရနိုင်မယ့် တစ်ခုတည်းသော မှတ်ဉာဏ်အစိတ်အပိုင်း တစ်စပဲ”

www.burmeseclassic.com

www.burmeseclassic.com

ဒမ်းဘဲလ်ဒိုးက သူ့ဆီမှာရှိနေတဲ့ နောက်ဆုံး လက်ကျန်မှတ်ဉာဏ်ကို ကျောက်ရေစစ်ဇလုံကြီးထဲကို အကုန်အစင် လောင်းအထည့်လိုက်မှာ ဟယ်ရီကလည်း နောက်တစ်ကြိမ် မတ်တတ်ထရပ်ပြီးသား ဖြစ်သွားတယ်။

"ဒါက ဘယ်သူ့မှတ်ဉာဏ်လဲ" သူက မေးလိုက်တယ်။

"ကျုပ်ဟာပေါ့"ဒမ်းဘဲလ်ဒိုးက ဖြေတယ်။

ဒါနဲ့ ဟယ်ရီလည်း တရိပ်ရိပ်ရွေ့လျားနေတဲ့ ငွေရောင်ပစ္စည်း အစုအဝေးထဲကို ဖြတ်ပြီး ဒမ်းဘဲလ်ဒိုးရဲ့နောက်ကနေ လိုက်ကျွမ်းစိုက်ထိုးဆင်းချလိုက်တာ သူ ခုတင်ပဲ စွန့်ခွာလာခဲ့တဲ့ ရုံးခန်းကြီးထဲကိုပဲ တန်းတန်းမတ်မတ် ခြေချရောက်ရှိသွားတယ်။ အခန်းထဲမှာ ဖီးနစ်ငှက်ကြီး ဖော့ကက်စ်က သူ့ရဲ့ အိပ်တန်းပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် ပျော်ပျော်ကြီး အိပ်မောကျနေတယ်။ စားပွဲကြီးရဲ့ နောက်က ကုလားထိုင်မှာ ထိုင်နေသူကတော့ ဟယ်ရီ့ရဲ့ဘေးမှာ ရပ်နေတဲ့ ဒမ်းဘဲလ်ဒိုးနဲ့ တစထပ်တည်းတူတဲ့ ဒမ်းဘဲလ်ဒိုး နောက်တစ်ယောက်ပဲ။ ဒါပေမဲ့ သူ့ရဲ့ လက်နှစ်ဖက်လုံးက ခု ဒမ်းဘဲလ်ဒိုးနဲ့ မတူဘဲ မပျက်မစီး အကောင်းအတိုင်း ရှိနေသလို၊ မျက်နှာမှာလည်း အရေးအကြောင်းတွေ နည်းနေသေးတယ်။ ဒီနေ့ ဒမ်းဘဲလ်ဒိုးရဲ့ အမှန်တကယ် ရှိနေတဲ့ ရုံးခန်းနဲ့ ခုတွေ့နေရတဲ့ရုံးခန်းရဲ့ တစ်ခုတည်းသော ကွာခြားချက်က ခုတွေ့ရတဲ့ ရုံးခန်းဟာ အတိတ်ကာလရဲ့ နှင်းတွေကျနေချိန်မှာ ရှိနေတာရယ်၊ ပြာနှမ်းနှမ်းအရောင် အစက်အပြောက် အမှုန်အမွှား အစအနကလေးတွေ အမှောင်ထဲမှာ ပြတင်းပေါက်တွေကို ဖြတ်စီးကျပြီး အပြင်ဘက်က ဆင့်ကလေးပေါ်မှာ စုပုံလာနေတာရယ် ဖြစ်ပါတယ်။

ဒီနေ့ ဒမ်းဘဲလ်ဒိုးထက် ငယ်ရုပ်ပေါက်တဲ့ ဒမ်းဘဲလ်ဒိုးက တစ်စုံတစ်ခုကို စောင့်နေပုံရတယ်။ သူတို့ရောက်ပြီးနောက် ခဏအကြာမှာ အဲဒီအချက် လုံးဝသေချာသွားတယ်။ ဘာကြောင့်လဲဆိုတော့ တံခါးခေါက်သံ တစ်ချက်ပေါ်လာပြီး သူက "ဝင်ခဲ့ပါ"လို့ ပြောလိုက်လို့ပဲ။

"ဟိုက်"ဆို အသက်ရှူးမှားသလို ဖြစ်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် ကမန်းကတန်း ထိန်းချုပ်လိုက်ရတယ်။ အခန်းထဲကို ဝင်လာသူက ဗိုဒီမော့ ဖြစ်နေတယ်။ သူ့ရဲ့ မျက်နှာပေါက်နဲ့ ပုံစံဟန်ပန်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်နီးပါးက သူကျောက်ဒယ်အိုးကြီးတွေရှိတဲ့အရပ်မှာ ပေါ်ထွက်လာစဉ် ဟယ်ရီ မြင်တွေ့ခဲ့ဖူးတဲ့ ပုံစံနဲ့မတူဘဲ တစ်မျိုးတစ်ဘာသာ ဖြစ်နေတယ်။ သူ့ပုံစံဟာ မြွေလို တွန့်လိမ်တွန့်လိမ် မဟုတ်ဘဲ မျက်လုံးတွေလည်း နီမနေသလို မျက်နှာမှာ ဟန်ဆောင်ဖုံးကွယ်ထားပုံ မရှိသလိုမျိုး တွေ့ရတယ်။ အရုပ်အမောင်းကတော့ လူချောတွမ်ရစ်ဒဲလ်ထက် မရှည်ဘူး။ ပြောရရင် သူ့ပုံစံဟာ လောင်မြိုက်ခံထားရသလို မှုန်ဝါးဝါးနဲ့။ ပြီးတော့ ဖယောင်းသားနဲ့တူတဲ့ အသားအရေတွေက ရှုံ့တွနေတယ်။ နောက် သူ့ရဲ့ အဖြူရောင် မျက်လုံးတွေ သွေးစွန်းပေကျံထားသလို အမြဲတမ်း နီကျင်ကျင်ဖြစ်နေပြီး မျက်လုံးထဲက သူငယ်အိမ်တွေလည်း ဟယ်ရီသိထားသလို ဟမလာသေးဘဲ ရှိနေတယ်။ ဝတ်ရုံအနက်ကို ဝတ်ထားတဲ့ ဗိုဒီမော့မျက်နှာဟာ သူ့ပခုံးပေါ်မှာ စိုစိုရှိနေတဲ့ နှင်းတွေနဲ့မခြား ဖြူဖျော့နေပါတယ်။

ဒမ်းဘဲလ်ဒိုးက သူရောက်လာတာကို ဘာမှမဆန်းသလို အံ့သြဟန်လုံးဝမပြတဲ့အတွက် ခု သူလာတာ ကြိုတင်ချိန်းဆိုထားလို့ လာတာဖြစ်တာလည်း ထင်ရှားနေတယ်။

www.burmeseclassic.com

“ကောင်းသော ညနေခင်းပါ တွမ်…….. ထိုင်လေကွာ”ဒမ်းဘဲလ်ဒိုးက ဝင်လာတဲ့ သူ့ကို ချက်ချင်းမဆိုင်းမတွ ပြောလိုက်တယ်။

“ကျေးဇူးပါပဲ” ဗိုဒီမော့ကလည်း ပြောပြောဆိုဆို ဒမ်းဘဲလ်ဒိုးပြတဲ့ နေရာမှာ ဝင်ထိုင်တယ်။ အဲဒီနေရာဟာ သူ စောစောကလေးကပဲ ထိုင်ပြီးထလာတဲ့ ကုလားထိုင် ဖြစ်နေတယ်။ ဗိုဒီမော့က ဆက်ပြောတယ်။ “ဆရာ ကျောင်းအုပ်ကြီး ဖြစ်သွားပြီလို့ ကျွန်တော်ကြားတယ်။ တကယ့်ကို မှန်မှန်ကန်ကန် ရွေးချယ်လိုက်ကြတာပါပဲ”

ဒါပေမဲ့ သူ့အသံက ပုံမှန်ပြောသင့်တဲ့ အသံထက် ကျယ်နေသလို အေးစက်စက် ပြောလိုက်တာလည်း ဖြစ်နေတယ်။ ဒမ်းဘဲလ်ဒိုးကလည်း ပြန်ပြောတယ်။ “မင်း သဘောကျ ထောက်ခံတဲ့အတွက် ကျုပ် ဝမ်းသာပါတယ်။ ကဲ မင်းကို တစ်ခုခု တိုက်ရတော့မှာပဲ”

“ကြိုဆိုပါတယ် ဆရာ၊ ကျွန်တော် အဝေးကြီးက လာခဲ့ရတာ”

ဒမ်းဘဲလ်ဒိုးဟာ နေရာကထပြီး ဒီနေ့ သူကျောက်စစ်အိုးကြီး ထည့်သိမ်းထားတဲ့နေရာအဖြစ် သုံးနေတဲ့ ဗီရိုကြီးတစ်လုံးဆီကို လျှောက်သွားတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ သူတို့မြင်ရတဲ့ ဗီရိုထဲမှာတော့ ပုလင်းတွေနဲ့ ပြည့်နေပါတယ်။ ဒမ်းဘဲလ်ဒိုးက ဝိုင်ကလပ်ခွက် တစ်ခွက်ကို ဗိုဒီမော့ကို ကမ်းပေးလိုက်ပြီး၊ သူ့အတွက် ကလပ်ခွက် တစ်ခွက်ထဲကို ဝိုင်တွေ လောင်းချလိုက်တယ်။ ပြီးတော့ သူ့ခွက်ကို ကိုင်ပြီး သူ့ကုလားထိုင်ဆီကို ပြန်လာပြီး ထိုင်တယ်။

“ကဲ…. တွမ်ရေ၊ မင်းကို ဝမ်းမြောက်ဝမ်းသာ ကျုပ် ဘာလုပ်ပေးရမှာလဲ”

ဗိုဒီမော့က ချက်ချင်း ပြန်မဖြေသေးဘဲ သူ့ခွက်ထဲကဝိုင်ကို အသာစုပ်သောက်နေတယ်။ ပြီးမှ –

“ကျွန်တော့်ကို တွမ်လို့ ဘယ်သူမှ မခေါ်ကြတော့ဘူး။ ကျွန်တော့်ကို ဒီနေ့ ဘယ်သူအဖြစ်နဲ့ လူတွေသိထားကြသလဲဆိုတော့….”

“မင်းကို လူတွေက ဘယ်သူအဖြစ်နဲ့ သိထားကြသလဲဆိုတာ ကျုပ်သိပါတယ်ကွယ်” ဒမ်းဘဲလ်ဒိုးက ဖော်ရွေတဲ့ အပြုံးနဲ့ ပြန်ပြောလိုက်တယ်။ “ဒါပေမဲ့ အားတော့နာပါတယ်။ ကျုပ်အတွက်ကတော့ မင်းဟာ တစ်သက်လုံး တွမ်ပဲ ဖြစ်နေမှာပဲ။ ဒါဟာ ဆရာဟောင်းသမားဟောင်းတွေ အတွက် ကသိကအောက် ဖြစ်စရာ တစ်ခုပဲလေ။ စိတ်မကောင်းစရာကတော့ သူတို့ဟာ သူတို့ တပည့်တွေအပေါ်မှာ မူလငယ်ငယ်ကတည်းက အခေါ်အပြောနဲ့ အမြင်ကို ဘယ်တော့မှ မပြောင်းလဲတတ်ကြလို့ပဲ”

ဗိုဒီမော့က ဆုတောင်းမင်္ဂလာပြုတဲ့သဘော အရက်ခွက်ကို မြှောက်လိုက်တဲ့အတွက် သူကလည်း သူ့ခွက်ကို မြှောက်လိုက်တယ်။ ဗိုဒီမော့ရဲ့ မျက်နှာက ခံစားမှုမဲ့သလို ဖြစ်နေတုန်းပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အခန်းထဲမှာ အခြေအနေ မသိမသာကလေး ပြောင်းသွားပြီလို့ ဟယ်ရီ့စိတ်ထဲမှာ ခံစားလိုက်မိတယ်။ ဗိုဒီမော့ကို သူရွေးချယ်ထားတဲ့ နာမည်အတိုင်း သူခေါ်စေချင်သလို ခေါ်ဖို့ ဒမ်းဘဲလ်ဒိုးရဲ့

www.burmeseclassic.com

ငြင်းပယ်လိုက်မှုဟာ ခုလို သူဘာကြောင့် လာရောက် တွေ့ဆုံရတယ်ဆိုတာကို တရားဝင်ထုတ်ပြောဖို့ သူ့နာမည်ကို ကြေညာဖို့ပါ ငြင်းပယ်လိုက်တာလည်း ဖြစ်သွားတယ်။ ဒါကို ဗိုဒီမော့လည်း သဘောပေါက်မှာပဲလို့ ဟယ်ရီ အတတ်ပြောနိုင်တယ်။ တစ်အောင့်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေကြပြီးမှ ဗိုဒီမော့က ပြောတယ်။

"ဆရာ ဒီမှာ ဒီလောက်အကြာကြီး ဆက်ရှိနေတာကို ကျွန်တော် အံ့အားသင့်မိတယ်။ ကျွန်တော် တစ်ချိန်လုံး တအံ့တဩနဲ့ သိချင်နေတာကတော့ ဆရာ့လိုမျိုး မှော်ဆရာကြီးတစ်ယောက်က ကျောင်းကနေ ဘယ်တော့မှ စွန့်ခွာမသွားချင်တာကိုပါ"

"အေး ဟုတ်တယ်" ဒမ်းဘဲလ်ဒိုး အပြုံးမပျက် ဆက်ပြောနေတယ်။ "ကျုပ်လို လူမျိုး မှော်ဆရာတစ်ယောက်ဟာ ငယ်ငယ်က သိမှတ်ခဲ့တာတွေ၊ ကိုယ့်ရဲ့ သတိနဲ့ အသိဉာဏ်တွေကို တသသ ပြန်နှိုးရင်း ကျွမ်းကျင်ပြီးသားတွေကိုပဲ ပြန်အသုံးချရင်း အချိန်ကုန်ဆုံးစေဖို့ထက် သူ့အတွက် ဘာတစ်ခုကမှ ပိုအရေးမကြီးတော့လို့ဘဲ။ မင်းမြင်သာအောင် သေသေချာချာ ပြောရရင် စာသင်ကြားတာကိုပဲ တွယ်တာနေလို့ပေါ့ကွာ"

"ဒါတော့ ကျွန်တော်လည်း သိပါတယ်" ဗိုဒီမော့က ပြောလိုက်တယ်။ "ကျွန်တော် တကယ်အံ့ဩတာက ဆရာ့ကိုပါ။ အဲ ... အဲ ဝန်ကြီးဌာနက မကြာခဏ တော်ကြာပြီးတော်ကြာ အကြံဉာဏ် အတောင်းခံနေရတဲ့သူ၊ ကျွန်တော့်အထင် နှစ်ကြိမ်ဖြစ်မယ် ထင်တယ်။ ဝန်ကြီးတာဝန်ကို ယူပါလို့ ကမ်းလှမ်းခံနေရတဲ့သူပေါ့"

"နောက်ဆုံး တစ်ကြိမ်နဲ့ဆိုရင် အတိအကျ သုံးကြိမ်ရှိပါပြီ။ ဒါပေမဲ့ ဝန်ကြီးဌာန အလုပ်ကို အသက်မွေးဝမ်းကြောင်း အလုပ်အနေနဲ့ လုပ်ဖို့တော့ ကျုပ် ဘယ်လိုမှ စိတ်မဝင်စားဘူး။ သူလိုငါလိုပဲ အများကြားမှာ နေချင်တာလည်း ပါတယ်" ဒမ်းဘဲလ်ဒိုးက ပြန်ဖြေလိုက်တယ်။

ဗိုဒီမော့က ခေါင်းကို ငုံ့ထားတယ်။ ပြီးတော့ သူကမပြုံးဘူး။ ဝိုင်ခွက်ကိုပဲ တစ်ခါ ထပ်စုပ်လိုက်ပြီး တည်တည်ကြီး လုပ်နေတယ်။ ဒမ်းဘဲလ်ဒိုးကလည်း ဆက်မပြောလို့ နှစ်ယောက်ကြားမှာ အကြာကြီး တိတ်ဆိတ်နေတာကို ဒီအတိုင်းပဲ ထားလိုက်ပြီး ဗိုဒီမော့ဘက်က စပြောလာအောင် ခွင့်ပေးထားတဲ့ အနေနဲ့ ဆက်စောင့်နေတယ်။

နောက်တော့ ဗိုဒီမော့က ပြောလိုက်တယ်။

"ကျွန်တော် ပြန်လာပြီလေ။ ပါမောက္ခဒစ်ပါ မျှော်လင့်မထားပေမဲ့ နောက်ပိုင်းမှာ ကျွန်တော် ပြန်လာခဲ့တာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီအလုပ်ကို လုပ်ဖို့ သိပ်ငယ်ပါသေးတယ်လို့ သူတစ်ခါက ပြောခဲ့တာကို တစ်ခါထပ်တောင်းခံမလို့။ ကျွန်တော် ခု ဆရာ့ဆီလာတာဟာ ဆရာကရော ဒီရဲတိုက်ကြီးကို ကျွန်တော် ပြန်လာဖို့နဲ့ စာသင်ကြားဖို့ ခွင့်ပြုရဲ့လားဆိုတာကို မေးချင်လို့ပါ။ ကျွန်တော် ဒီကထွက်ခွာသွားပြီးကတည်းက ဘာတွေကို ဘယ်လောက်တောင် အများကြီး လေ့လာခဲ့တယ်၊ လုပ်ခဲ့တယ်ဆိုတာ ဆရာသိပြီးဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဆရာ့ရဲ့ ကျောင်းသားတွေကို

www.burmeseclassic.com

တခြား ဘယ်မှော်ဆရာဆီကမှ မရနိုင်တဲ့ ပညာတွေကို ကျွန်တော် ပြသနိုင်၊ သင်ကြား ပြောဆိုနိုင်ပါတယ်”

ဒမ်းဘဲလ်ဒိုးက ဘာမှ မပြောသေးဘဲ သူ့ရဲ့ ဝိုင်ကလပ်ခွက်ပေါ်က ကျော်ပြီး ဗိုဒီမော့ကို စူးစမ်းတဲ့အကြည့်နဲ့ စေ့စေ့စပ်စပ် ကြည့်နေတယ်။ ပြီးတော့မှ–

“အေး.... မင်း ကျုပ်တို့ဆီက ထွက်သွားပြီးကတည်းက တစ်ပုံတစ်ခေါင်းကြီး လေ့လာလိုက်စားခဲ့၊ ဘာတွေ ဘယ်လောက် ကြိုးစားခဲ့တယ်ဆိုတာ ကျုပ် ကောင်းကောင်း သိပါတယ်” လို့ အေးအေးဆေးဆေး ပြောလိုက်တယ်။ “မင်း ဘာတွေ လုပ်ခဲ့တယ်ဆိုတဲ့ ကောလာဟလသတင်းတွေ မင်းနေခဲ့တဲ့ ဒီကျောင်းကို ပြန်ရောက်လာတာပေါ့တွမ်။ အဲဒီသတင်းတွေရဲ့ တစ်ဝက်လောက်ကို ယုံရမှာကိုပဲ ကျုပ်က စိတ်မကောင်းပါဘူး”

ဗိုဒီမော့ရဲ့ မျက်နှာပေးနဲ့ အမူအရာဟာ “ကြီးကျယ်အောင်မြင် ထူးချွန်မှုကြောင့် ဣဿမစ္ဆရိယဆိုတဲ့ အာဃာတဖြစ်၊ အဲဒီ အာဃာတစိတ်ကြောင့် အလိမ်အညာ မုသားတွေ ပြောမိတာပဲ။ ခင်ဗျား ဒါကိုတော့ သိကိုသိမှာပါ ဒမ်းဘဲလ်ဒိုး”လို့ သူ့ပါးစပ်က ပြောလိုက်တဲ့အထိ မထုတ်သေး ရှူသိုးသိုး ဖြစ်နေဆဲပဲ။

“မင်း ဘယ်လို ပြောလိုက်တယ်။ အဲဒါ ကြီးကျယ်အောင်မြင် ထူးချွန်မှု ဟုတ်လား။ မင်းက ဘာတွေလုပ်လာခဲ့လို့လဲ။ ဆိုစမ်းပါဦး” ဒမ်းဘဲလ်ဒိုးက ပါးပါးနပ်နပ် သိမ်သိမ်မွေ့မွေ့ ကလေး မေးလိုက်တယ်။

“ဟာ.... ရပါတယ်”လို့ ဗိုဒီမော့က ချက်ချင်း ပြန်ပြောတယ်။ ဒါပေမဲ့ သူမျက်လုံးတွေကတော့ မခံချင်စိတ်နဲ့ ရဲရဲတောက်နေပြီ။ သူက “ကျွန်တော် လက်တွေ့စမ်းသပ် သုသေသနလုပ်တာတွေ အများကြီး လုပ်ခဲ့တယ်။ မှော်ပညာရဲ့ အကျယ်အဝန်း နယ်နိမိတ်ကို ရှိနေတာထက် အများကြီး ပိုကျယ်ပြန့်လာအောင် သူများတွေ ချဲ့ထွင်ခဲ့တာထက် ကျွန်တော်ပိုပြီး တိုးချဲ့ခဲ့တယ်”

“မှော်ပညာနဲ့ ပတ်သက်လို့၊ သြော် ... ဘာတွေများပါလိမ့်။ တစ်ခုတစ်လေတော့ ပြောပါဦး” ဒမ်းဘဲလ်ဒိုးက သူ့စကားကို အသာလေးထောက်ပေးလိုက်တယ်။ “တခြား ဘာရှိသေးဘဲ၊ နောက်ထပ်ကော၊ မင်းကတော့ အရင်အတိုင်းပါပဲလား၊ မပြောင်းလဲဘူး။ စိတ်ပျက်စရာ ကောင်းအောင်ကို မသိသားဆိုးဝါးတဲ့ စကားပဲကွာ”

ဒီမှာတင် ပထမဆုံးအကြိမ်အနေနဲ့ ဗိုဒီမော့က ပြုံးလိုက်တယ်။ ဒါပေမဲ့ အဲဒီအပြုံးက ရွံစရာကောင်းအောင် ဒေါသမာနဲ့ ခံပြင်းစိတ်တွေကြောင့် တင်းမာနေတဲ့ မသတီစရာအပြုံး။ ထပြီး တစ်ခုခု ဝုန်းဒိုင်းကြဲလုပ်လိုက်တာထက် ပိုပြီး ခြိမ်းခြောက်နေတဲ့ မိစ္ဆာပြုံး။

“ဆရာကလည်း ဓာတ်ပြားဟောင်းကြီး ပြန်ဖွင့်နေပြန်ပြီ”ဒီတစ်ကြိမ်တော့ သူက ပျော့ပျော့ပျောင်းပျောင်း ပြောနေတယ်။ “ဒါပေမဲ့ မေတ္တာဟာ ကျွန်တော့်ရဲ့ မှော်ပညာထက် ပိုပြီးအစွမ်းထက်ပါတယ်ဆိုတဲ့ ခင်ဗျားထုတ်ပြန်တဲ့ နာမည်ကျော် ကြေညာချက်ကြီးကို ထောက်ခံတဲ့အချက် ဒီကမ္ဘာမှာ ဘယ်နေရာမှာမှ ကျွန်တော် မတွေ့ဖူးဘူး ဒမ်းဘဲလ်ဒိုး”

www.burmeseclassic.com

"ဒါကတော့ မင်းက တစ်လွဲနေရာတွေမှာ သွားကြည့်မိလို့ ဖြစ်မှာပေါ့ကွယ်"ဒမ်းဘဲလ်ဒိုးက ထပ်နားချလိုက်တယ်။

"ကောင်းပြီလေ၊ ဒီလိုဆို ဟော့ဂ်ဝပ်စ်ကျောင်းဆိုတဲ့ ဟောဒီနေရာထက်သာတဲ့ ဘယ်နေရာမှာ ကျွန်တော့်ရဲ့ သုတေသနအသစ်တွေကို သွားလုပ်ရမှာလဲ"ဗိုဒီမော့က ပြောလိုက်တယ်။ "ပြီးရင် ခင်ဗျား ကျွန်တော့်ကို ဒီကို ပြန်လာခွင့်ပြုမှာလား၊ ပြီးရင် ကျွန်တော့်ရဲ့ ပညာဗဟုသုတတွေကို ခင်ဗျားရဲ့ ကျောင်းသားတွေကို ကျွန်တော် မျှဝေပေးဖို့ ခင်ဗျား ခွင့်ပြုမှာလား။ ခင်ဗျား လက်မခံဘဲ ဖယ်ရှားပစ်တဲ့ ကျွန်တော်ကိုယ်ကိုရော ကျွန်တော့်ပညာပါရမီတွေကို ခင်ဗျားပြောတဲ့ နေရာမှာပဲ ကျွန်တော်ထားမှာပါ။ ကျွန်တော်က ခင်ဗျား အမိန့်ပေးတာ နာခံရမယ့်လူပဲလေ"

ဒမ်းဘဲလ်ဒိုးရဲ့ မျက်ခုံးနှစ်ဖက် မြောက်တက်သွားတယ်။ "အဲဒီတော့ မင်း အမိန့်ပေးရမယ့် သူတွေ ဘာဖြစ်လာမှာလဲ။ သူတို့ကိုယ်သူတို့ ခေါ်နေတာနဲ့ လူတွေက ပြောနေတဲ့အတိုင်း အဲဟို 'မရဏစားစုန်း'ဆိုတဲ့ကောင်တွေရော ဘာဖြစ်ကြမလဲ"

ဒမ်းဘဲလ်ဒိုးအနေနဲ့ သူ့ရဲ့ ဒီနာမည်ကို သိလိမ့်မယ်လို့ ဗိုဒီမော့မျှော်လင့်မထားဘူးဆိုတာ ဟယ်ရီ ပြောနိုင်တယ်။ ဗိုဒီမော့ရဲ့ မျက်လုံးတွေ ပြန့်ပြီး အနီရောင်တောက်လာသလို သူ့နှာခေါင်းပေါက်နှစ်ခုပါ ပွစိပွစိဖြစ်နေတာကို ဟယ်ရီတွေ့ရတယ်။ တစ်ခဏလောက်ကြာအောင် ငြိမ်သက်တိတ်ဆိတ်နေပြီးမှ သူက ပြောလိုက်တယ်။

"ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော်မပါလည်း ဆက်ပြီး လုပ်သွားကြပါလိမ့်မယ်။ အဲဒါ ကျွန်တော်ပြောနိုင်တယ်"

"မင်း သူတို့ကို သူငယ်ချင်းတွေလို့ သဘောထားတဲ့ စကားကို ကြားရတာ ကျုပ် ဝမ်းသာပါတယ်။ သူတို့တွေ ပိုပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ကိုင်ရမယ်လို့ ကျုပ် ယူဆတယ်"လို့ ဒမ်းဘဲလ်ဒိုးကဆိုတော့ ဗိုဒီမော့က–

"ဆရာ မှားနေပြီ"တဲ့။

"ထားပါတော့၊ ဒီည ကျုပ် ဟော့ဟက်စ်ရွာကို သွားခဲ့ရင် သူတို့အုပ်စုနဲ့ ကျုပ် တွေ့မှာ မဟုတ်တော့ဘူး။ မင်းပြန်လာတာကို စောင့်နေမယ့် နော့ထ်၊ ရို့ဆီယာ၊ မာလ်စီဘာ၊ ဒိုလိုဟော့ဗ်တို့ကို ပြောတာ။ အမှန်တော့ သူတို့ဟာ မင်းရဲ့ ကျောင်းဆရာ ရာထူးတစ်နေရာ ရဖို့ ကြိုးစားမှုတွေ ကံကောင်းတာကို လိုလားမှု သက်သက်နဲ့ နှင်းတွေထူထူထဲထဲ ကျနေတဲ့ ညတစ်ညမှာ မင်းနဲ့အတူ လိုက်ပါ ခရီးထွက်ကြမယ့် တကယ့်ရောင်းရင်း သူငယ်ချင်းတွေပဲ"

သူ ဘယ်သူတွေနဲ့အတူ ခရီးသွားလာနေတယ် ဆိုတာကိုပါ ဒမ်းဘဲလ်ဒိုးက ယုံမှားစရာမရှိအောင် အသေးစိတ် သိနေတာကို ဗိုဒီမော့က သဘောမတွေ့ဘူး။ ဒါပေမဲ့ သူက ချက်ချင်းပဲ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ခင်ဗျားဟာ တော်တော် နဲ့နဲ့စပ်စပ် သိနေတာပါလား ဒမ်းဘဲလ်ဒိုး”

“အို... မဟုတ်ပါဘူး။ အဲဒီက ဌာနေခံယမကာဆိုင် စားပွဲထိုးတွေနဲ့ မိတ်ဖြစ်ဆွေဖြစ်သိတဲ့ သဘောလောက် သက်သက်ပါ။ ကဲ .... တွမ်” လို့ ဆိုပြီးတော့ ဒမ်းဘဲလ်ဒိုးက သူ့လက်ထဲမှာ ရှိနေတဲ့ ကုန်နေတဲ့ ဝိုင်ဖန်ခွက်ကို အောက်ချပြီး နေရာမှကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်တယ်။ ပြီးတော့ သူ့ဥာဉ်အတိုင်း လက်ချောင်းထိပ်ကလေးကို စုထားပြီး စားပွဲကို ခေါက်နေတယ်။

“ဒီမှာတွမ်၊ တို့တွေ ပွင့်ပွင့်လင်းလင်းပဲ ပြောကြပါစို့လား။ ကဲ ... ဒီည မင်းမလုပ်ချင်ဘူးဆိုတာ မင်းရော ကျုပ်ရော နှစ်ယောက်လုံး သိနေတဲ့ အလုပ်တစ်ခုရဖို့ တောင်းပန်ရအောင် မင်းရဲ့ သစ္စာခံ လူယုံတွေခြံရံပြီး မင်းဒီကို ဘာကြောင့်လာရသလဲ”

ဗိုဒီမော့ အံ့အားသင့်သွားပေမဲ့ ထိတ်ထိတ်ပျာပျာတော့ ဖြစ်မသွားဘူး။ အေးအေးဆေးဆေးပဲ။ “ကျွန်တော် မလုပ်ချင်တဲ့ အလုပ်တစ်ခုဟုတ်လား။ ပြောင်းပြန်ဖြစ်နေပြီ ဒမ်းဘဲလ်ဒိုး။ ကျွန်တော်က အဲဒီအလုပ်ကို သိလိုချင်နေတာ”လို့ သူက ပြန်ပြောတယ်။

“ဟာ... ဟော့ဂ်ဝပ်စ်ကို မင်းပြန်လာချင်တာ မှန်ပါတယ်။ ဒါပေမဲ့ စာသင်ကြားတဲ့ အလုပ်ကို မင်း အသက် ၁၈နှစ် အရွယ်တုန်းကသာ လုပ်ချင်ပြီး ခု မင်းမလုပ်ချင်တော့ပါဘူး။ ဒီတော့ နောက်ပိုင်း မင်းရည်ရွယ်ချက်က ဘာလဲ။ မင်း ဘာကြောင့် ပွင့်ပွင့်လင်းလင်း ဖွင့်ပြောဖို့ မကြိုးစားတာလဲကွာ”

ဗိုဒီမော့က အထင်သေးတဲ့ မျက်နှာပေးနဲ့ ကြည့်ပြီး ပြောလိုက်တယ်။ “ခင်ဗျား ကျွန်တော့်ကို အလုပ်တစ်ခုခု မပေးချင်ဘူး မဟုတ်လား”

“အမှန်အတိုင်း ပြောရရင်တော့ ကျုပ် မပေးချင်ဘူး” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ “ပြီးတော့ ကျုပ် မင်းကို အလုပ်ပေးဖို့ မင်းမျှော်လင့်ထားတယ်လို့လည်း ကျုပ် မထင်ဘူး။ ဒါပေမဲ့ ဒီကို မင်းရောက်လာတယ်။ ပြီးတော့ မင်း တောင်းဆိုတယ်။ မင်းမှာ အကြောင်းတစ်ခုခု ရှိမှာပါပဲ”

ဗိုဒီမော့ မတ်တတ်ထရပ်လိုက်တယ်။ သူ့ကိုကြည့်ရတာ မြင်တွေ့နေကျ တွမ်ရစ်ဒဲလ်နဲ့ လုံးလုံးမတူတော့ဘူး။ သူ့ပုံစံက ဒေါသတွေ မွှန်နေသလိုပဲ။ ပြီးတော့ မေးလိုက်တယ်။

“ဒါ ခင်ဗျားစကား အကုန်ပဲလား၊ ခင်ဗျားရဲ့ ဒီစကားက အတည်ပဲလား”

“အေး ဟုတ်တယ်၊ ကျုပ် ခုပြော အတည်ပဲ” ဒမ်းဘဲလ်ဒိုးကလည်း ပြောရင်း မတ်တတ်ထရပ်လိုက်တယ်။

“ဒါဆို ကျုပ်တို့ကြားမှာ နောက်ထပ်ပြောစရာ ဘာစကားမှ မရှိတော့ဘူး”

“မရှိဘူး၊ ဘာမှ မရှိတော့ဘူး” ဒမ်းဘဲလ်ဒိုးက ထပ်ပြောလိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်နှာမှာ အကြီးအကျယ် ဝမ်းနည်းကြေကွဲမှုတွေနဲ့ ပြည့်လျှမ်းနေတယ်။ သူက ဆက်ပြောတယ်။ “မင်းကို ကျုပ် မီးစွဲလောင်နေတဲ့ မတ်ရပ်ဗီရိုကြီးတစ်လုံးနဲ့ ခြောက်လှန့်နိုင်ခဲ့ပြီး၊ မင်း ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ပေးဆပ်ဖို့ အတင်းအကျပ် စီစဉ်နိုင်ခဲ့တဲ့ အချိန်က သိပ်ကို ကြာနှောင်းခဲ့ပါပြီ။ ဒါပေမဲ့ ကျုပ် မင်းကို အဲဒီလို လုပ်နိုင်ချင်နေတုန်းပဲ တွမ်။ ငါ လုပ်နိုင်ချင်တယ်"

ဟယ်ရီဟာ အဓိပ္ပာယ်မရှိ အော်ပြီး သတိပေးလိုက်မိတော့မလိုတောင် ဖြစ်သွားပါတယ်။ သူ့မျက်စိထဲမှာ ဗိုဒီမော့ရဲ့ လက်တစ်ဖက် သူ့အိတ်ကပ်နဲ့ ဆေးကြိမ်လုံးဆီ ဆတ်ခနဲ ရွေ့သွားတာ အသေအချာပဲ။ ဒါပေမဲ့ အချိန်နှောင်းသွားပြီ။ ဗိုဒီမော့ ပြန်ထွက်သွားပြီဖြစ်သလို၊ အခန်းတံခါးလည်း ပိတ်သွားပြီ။

ဟယ်ရီက သူ့လက်မောင်းကို ဒမ်းဘဲလ်ဒိုး လာဆုပ်ကိုင်လိုက်တာကို သိနေတယ်။ မကြာမတင်မှာဘဲ သူတို့နှစ်ယောက် အဲဒီနေရာနဲ့ အားလုံးနီးပါး ဆင်တူတဲ့ နေရာကို ပြန်ရောက်လာပြီး မတ်တတ်ရပ်နေလျက်သား ဖြစ်သွားတယ်။ ဒါပေမဲ့ ဒီရုံးခန်းရဲ့ ပြတင်းပေါက် အပြင်ဘက်ဆင့်ပေါ်မှာ ဘာနှင်းတွေမှ စုပုံမနေဘူး။ ဒမ်းဘဲလ်ဒိုးရဲ့ လက်တစ်ဖက်လည်း သူတွေ့နေကျအတိုင်း မည်းနက်ပြီး မလှုပ်နိုင်တဲ့ လက်ကြီး ဖြစ်နေတယ်။

"ဘာကြောင့်လဲ" ဟယ်ရီက ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာကို စူးစူးစိုက်စိုက် တည့်တည့်မော့ကြည့်ရင်း ချက်ချင်း ကမန်းကတန်း မေးလိုက်တယ်။ "အဲဒီတုန်းက သူ ဘာကြောင့် ပြန်လာတာလဲဆိုတာ ဆရာမဖော်ထုတ်နိုင်ခဲ့ဘူးလား"

"ကျုပ် တွေးကြည့်လို့ ရတာတော့ ရှိပါတယ်။ ဒါပေမဲ့ အဲဒါထက် မပိုဘူး။ ဒီလောက်ပဲ"

"ဆရာက ဘယ်လို ထင်လို့လဲ"

"ကျုပ် မောင်ရင့်ကို ပြောပါ့မယ် ဟယ်ရီ။ ဒါပေမဲ့ ပါမောက္ခ ပက်ကျိချျိဆီက မှတ်ဉာဏ်ကို မောင်ရင် ပြန်ထုတ်ယူလို့ရပြီးမှ ပြောတော့မယ်။ မောင်ရင့် မှတ်ဉာဏ်အစုအဝေးကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အဲဒီနောက်ဆုံး မှတ်ဉာဏ်ကို ရပြီးတဲ့အခါကျရင် အရာအားလုံးနဲ့ တို့နှစ်ယောက်အတွက်ပါ ရှင်းသွားပါလိမ့်မယ်"

ဟယ်ရီက သူ့ရဲ့ သိချင်ဇောကပ်နေမှုတွေ မအောင့်နိုင်မအည်းနိုင်သလို ဆက်ပြီး လောင်မြိုက်နေပေမဲ့ ဒမ်းဘဲလ်ဒိုးက တံခါးဆီကို လျှောက်သွားပြီ။ သူ ပြန်ထွက်ဖို့ တံခါးကို ဆွဲဖွင့်ပေးထားတယ်။ ဒါပေမဲ့ သူ ရုတ်တရက် မရွေ့မရှားနိုင်ဘဲ ဒီအတိုင်း ရပ်နေမိတယ်။

"သူ နောက်ပိုင်းမှာ လျှို့ဝှက်မှော်ပညာနဲ့ တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာအတွက် အလုပ်ရသွားသလား ဆရာ။ သူကကော မပြောဘူးလား"

"အို … သူက လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်းဆိုတဲ့ ဘာသာကို သင်ကြားရမယ့် အလုပ်ကို တကယ် သေချာပေါက် လိုချင်နေတာကွဲ့။ သူနဲ့ ကျုပ် တွေ့ဆုံခဲ့တဲ့ အဖြစ်အပျက်ကလေးက သက်သေပြနေတယ်လေ။ မောင်ရင်လည်း မြင်သားပဲ။ ဗိုဒီမော့ကို အဲဒီအလုပ်မှာ ခန့်အပ်ဖို့ ကျုပ် ငြင်းလိုက်တဲ့ အချိန်ကစပြီး နောက်ထပ် တစ်နှစ်လောက်ကြာအောင်

www.burmeseclassic.com

ဒီလျှို့ဝှက်မှော်ပညာနဲ့ တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာပြဆရာကို ရရှိအောင် ကျုပ်တို့ မလုပ်နိုင်ခဲ့ဘူး"

ဂဂဂဂဂဂဂဂဂဂ

အခန်း(၂၁)
မသိနိုင်သော အခန်း

နောက်သီတင်းတစ်ပတ်လုံးလုံး ပါမောက္ခပက်ကျိချိုဆီမှာ ရှိနေတဲ့ မှတ်ဉာဏ် အစစ်အမှန်ကို ရအောင် ဘယ်လိုကြိုးစား ကဲ့ထုတ်ယူရမယ်ဆိုတာ စဉ်းစားမရဘဲ ဟယ်ရီ ဦးနှောက်တွေ ချာချာလည်နေခဲ့တယ်။ ဘယ်လိုပဲ အဖြေရှာရှာ ဘယ်လိုလုပ် ဘယ်လိုကိုင်ရမယ်ဆိုတဲ့ လမ်းစလေး တစ်ခုတစ်လေတောင် သူ့ရဲ့ ဦးနှောက်လိုင်းထဲမှာ ရိုက်ခတ်ပေါ်ထွက်မလာဘဲ ဖြစ်နေလို့ နောက်ဆုံး သူ ဆုံးရှုံးမှုတွေ ဖြစ်ခဲ့တဲ့ ရက်တွေအတွင်း သူဘာတွေ တိုးသည်ထက်တိုး လုပ်ကိုင်မိခဲ့ပါလိမ်ဆိုတဲ့ အပေါ်မှာပဲ ပြန်သတ္တုချကြည့်လိုက်တယ်။

ပြီးတော့ သူ့ရဲ့ ပီယဆေးနှင့် ဣန္ဒြေလဆေးရည်များ ဖော်စပ်နည်း စာအုပ်ကြီး ထဲမှာပဲ မှော်ဝိဇ္ဇာက ဒီကိစ္စနှင့် ပတ်သက်ပြီး စာမျက်နှာဘေးမျဉ်းကွက်လပ် တစ်နေရာမှာ လက်ရေးသေ့နဲ့ ရေးထားတဲ့ တစ်ခုတလေများ ရှိလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဂရုတစိုက် စေ့စေ့စပ်စပ် ရှာဖွေကြည့်နေမိတယ်။ အရင်ကလည်း ဒီလိုပဲ ရှာရင်း ဖွေရင်း လမ်းစတွေ့သွားခဲ့ဖူးတာတွေ ရှိခဲ့ဖူးတယ် မဟုတ်လား။

တနင်္ဂနွေနေ့တစ်နေ့၊ နေကုန်ခါနီးလောက်မှာတော့-

"နင် အဲဒီစာအုပ်ထဲမှာ ဘာမှကို တွေ့မှာမဟုတ်ပါဘူးဟယ်"လို့ ဟာမီယွန်က အပိုင်လာပြောနေတယ်။

"နင် လျှောက်ပြောမနေနဲ့၊ တကယ်လို့ ဒီကိစ္စဟာ မှော်ဝိဇ္ဇာအတွက် မဟုတ်ဘူးဆိုရင်၊ ရွန်လည်း ခုဒီကျောင်းမှာ ဘာမှ လာပြီး တက်နေစရာမလိုဘူး" ဟယ်ရီက ဟောက်ပြီး ဟန့်တားလိုက်တယ်။

ဟာမီယွန်ကလည်း သူ့ကို အထင်သေးတဲ့ မျက်နှာနဲ့ ဇွတ်ကို ထပ်ပြောနေတယ်။

"တို့ ပထမနှစ်တုန်းက ပါမောက္ခ စနိပ်သင်တာကို အသေအချာ စိတ်ဝင်မစားဘဲ နားထောင်ရုံသက်သက် နားထောင်ခဲ့သလိုပေါ့ဟယ်။ သူလည်း အဲဒီလိုပဲ ဖြစ်မှာပါ။ တို့တွေက အတူတူချည်းပဲ"

ဒီမှာတင် ဟယ်ရီက သူမကို အရေးလုပ်မနေတော့ဘဲ ဥပက္ခာပြုထားလိုက်ပြီး စာအုပ်ထဲမှာ ဆက်ရှာကြည့်လိုက်တာ 'ရန်သူများအတွက်'ဆိုတဲ့ စိတ်ဝင်စားစရာ စာလုံးတွေရဲ့ အပေါ်ဘက်ဘေးမျဉ်း ကွက်လပ်တစ်နေရာမှာ 'သောတအာရုံ ထိန်းချုပ်မန္တန်'လို့ ဆိုပြီး ရေးထားတဲ့ ဂါထာလေးတစ်ပုဒ်ကို သွားတွေ့ပါတော့တယ်။ ဟယ်ရီက အဲဒါလေးကို အနက်ဖော်ကြည့်ဖို့ စိတ်ထဲမှာ ကလိကလိ ဖြစ်နေပေမဲ့ ဟာမီယွန်ရဲ့ရှေ့မှာ မလုပ်တာ အကောင်းဆုံးပဲလို့ စဉ်းစားလိုက်မိတယ်။ ဒါကြောင့် အဲဒါလေးကို

www.burmeseclassic.com

ထပ်ကြည့်မနေဘဲ မသိမသာ ခိုးကြောင်ခိုးဝှက်ကလေး စာမျက်နှာအောက်ဘက် ထောင့်တစ်နေရာကို ချိုးခေါက် မှတ်ထားလိုက်တယ်။

သူတို့တွေ ကျောင်းသားများ နားနေခန်းကြီးထဲက မီးလင်းဖိုဘေးမှာ ထိုင်နေကြတာ ဖြစ်ပြီး၊ သတိထားမိသလောက် သူတို့ဘေးမှာ တခြားလူဆိုလို့ ဆဋ္ဌမနှစ် ကျောင်းသားဖြစ်မယ့် ကောင်လေးတစ်ယောက်ပဲ ရှိနေတာကို တွေ့ရတယ်။ ဒီကြားထဲ စောစောက သူတို့တွေ ညစာစားအပြီး ကြော်ငြာသင်ပုန်းမှာ ကပ်ထားမယ့် ကြေညာချက် အသစ်တစ်ခုကို ဖတ်ကြည့်ဖို့ ပြန်အလာမှာ အတော်လေး စိတ်လှုပ်ရှားစရာနဲ့ တွေ့ခဲ့ရသေးတယ်။

ကြေညာချက်ထဲမှာ သူတို့ရဲ့ နာမ်ရုပ်သွင် ကိုယ်ထင်ပြ ဘာသာရပ် အစမ်း စစ်ဆေးရမယ့်ရက်ကို ဖော်ပြထားပြီး၊ စစ်ဆေးမယ့် ပထမဆုံးနေ့ဖြစ်တဲ့ ဧပြီလ ၂၁ရက်နေ့၊ ဒါမှမဟုတ် အဲဒီနေ့မတိုင်ခင် အသက် ၁၇နှစ်တွေ ပြေကြရမှာ ဖြစ်ပြီး၊ နောက်ဆက်တွဲ လေ့ကျင့်ခန်းတစ်ခုကိုလည်း ဟော့စ်မိဒ်ရွာမှာ တင်းတင်းကျပ်ကျပ် ကြီးကြပ်ပြီး စစ်ဆေးမှုပြုလုပ်ဦးမှာ ဖြစ်လို့ သူတို့အတွက် စဉ်းစားရမယ့် အချိန်တော့ရမယ်လို့ ထင်တယ်။

အဲဒီကြေညာချက်ကိုလည်း ဖတ်ပြီးရော ရွန်တစ်ယောက် ထိတ်ထိတ်ပျာပျာနဲ့ ဂနာမငြိမ် ဖြစ်နေတယ်။ သူက ခုထိ နာမ်ရုပ်သွင် ကိုယ်ထင်ပြခြင်း ဘာသာကို မကြေညက် မလေ့ကျင့်နိုင်သေးလို့ အဲဒီနေ့ကျရင် ဖြေဖို့ အဆင်သင့်မဖြစ်သေးဘဲ ဒုက္ခရောက်မှာကို လန့်ဖျပ် စိုးရိမ်နေတယ်။ နာမ်ရုပ်သွင် ကိုယ်ထင်ပြမှုကို နှစ်ကြိမ်တိတိ အောင်အောင်မြင်မြင် လေ့ကျင့်ထားပြီးဖြစ်တဲ့ ဟာမီယွန်ကတော့ ယုံကြည်ချက်တွေ နည်းနည်းတောင် ပိုတိုးလာပါတယ်။ ဒါပေမဲ့ နောက်လေးလကြာမှ အသက် ၁၇နှစ် ပြည့်မယ့် ဟယ်ရီအတွက်တော့ ဖြေဆိုဖို့ အသင့်ဖြစ်နေသည်ဖြစ်စေ၊ အဆင်သင့်မဖြစ်သည်ဖြစ်စေ ဖြေဆိုခွင့် မရနိုင်တော့ပါဘူး။

"မင်းက အနည်းဆုံး ကိုယ်ထင်ပြတာ လုပ်နိုင်မှာပါ၊ ဒါပေမဲ့ လုပ်စရာလည်း မလိုဘူး။ လာမယ့် ဇူလိုင်လအထိ အေးဆေးပေါ့ ဟုတ်လား" ရွန်က မနေနိုင် မထိုင်နိုင် ဝင်ပြောလိုက်တယ်။

"ငါက အဲဒါကို တစ်ခါပဲ လုပ်ခဲ့ရသေးတာကွ" ဟယ်ရီက ရွန်သိအောင် ပြောပြလိုက်တယ်။ သူတို့ရဲ့ ပြီးခဲ့တဲ့ သင်ခန်းစာ သင်ချိန်တုန်းက သူ့ရဲ့ သစ်သားခွေတွေထဲမှာ သူကိုယ်ပျောက်ပြီး ပြန်ပေါ်တာကို နောက်ဆုံး လုပ်ခဲ့ဖူးတာ ဖြစ်ပါတယ်။

ရွန်ဟာ နာမ်ရုပ်သွင် ကိုယ်ထင်ပြ ဘာသာနဲ့ ပတ်သက်လို့ သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေကို ကျယ်လောင်ကျယ်လောင် ဟိုပြောဒီပြော လျှောက်ပြောရင်း ဘာမှ တကယ်ထိထိရောက်ရောက် မလုပ်ဖြစ်ဘဲ အချိန်တွေ အမြောက်အမြား ဖြုန်းပစ်ရင်းနဲ့ ပါမောက္ခစနိပ်အတွက် လွယ်သလောက် သူ့အတွက် သေချင်စော်နံအောင် ရက်ရက်စက်စက် ခက်ခဲ့တဲ့ ဒီသင်ခန်းစာဆုံးအောင် ခုကြိုးစားနေရှာတယ်။ ဟယ်ရီနဲ့ ဟာမီယွန်တို့ကတော့ အပြည့်အစုံ လုပ်နိုင်စွမ်းရှိနေပြီ။ ကိုယ်ဖျောက်တာရော၊ ပြန်ပေါ်တာရော လုပ်နိုင်နေကြပြီ။ ဒါပေမဲ့ ဟယ်ရီက သူ့အနေနဲ့ အမှတ်နည်းနည်းပဲ ရမယ်၊ အဆင့်နိမ့်နိမ့်ပဲ အသတ်မှတ်ခံရမယ်လို့ မျှော်လင့်ထားတယ်။ ဘာဖြစ်လို့လည်းဆိုတာလည်း ရှင်းတယ်။ သူနဲ့စနိပ်က စိတ်ရှုပ်ပေါက်စုန်းတွေနဲ့ ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးကိုင်တွယ် လုပ်ဆောင်ဖို့အရေးမှာ သိသိသာသာ သဘောကွဲနေလို့ပဲ။ ဒါပေမဲ့ ဟယ်ရီက ဂရုမစိုက်ဘူး။ ဒီအချိန်မှာ သူ့အတွက် အရေးကြီးဆုံးက တခြားဟာ မဟုတ်ဘူး။ ပက်ကျိချို့ရဲ့ မှတ်ဉာဏ်ကို ရဖို့ သက်သက်ပဲ။

"ငါ နင့်ကို ပြောနေတာပဲ။ အဲဒီငတုံး မှော်ဝိဇ္ဇာက နင့်ကို ဒီကိစ္စမှာ လာဝင်မကူနိုင်ပါဘူး ဟယ်ရီရယ်"တဲ့။ ဟာမီယွန်ကလည်း တမှောင့်။ ပြီးတော့ သူမရဲ့ အသံက ပိုမိုကျယ်လာတယ်။ သူမက ဆက်ပြောတယ်။ "လုပ်စရာဆိုလို့ တစ်နည်းပဲ ရှိတယ်။ နင် ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ။ နင်လိုချင်တာကို တစ်ယောက်ယောက်ကို ဖွင့်အတင်းခိုင်းလိုက်။ အဲတစ်ခုတော့ရှိတယ် 'အာဏာစက် ကျိန်စာလေ' ဥပဒေနဲ့တော့ မညီဘူး"

"အေးပါ ငါသိပါတယ် ကျေးဇူးပဲ" ဟယ်ရီက မရိပ်မိအောင် စာအုပ်ကို မကြည့်ဘဲ မျက်နှာလွှဲထားပြီး ပြောလိုက်တယ်။ "ခုဟာက တခြား မတူညီတဲ့ တစ်နည်းတစ်လမ်းများ တွေ့လေမလားလို့ ငါရှာကြည့်တာပါဟာ။ ဒမ်းဘဲလ်ဒိုးကတော့ ပြောတယ်။ ဗာရီတာဆီရမ်က အလုပ်ဖြစ်မှာ မဟုတ်ဘူးတဲ့။ နောက်ထပ် တခြား တစ်ခုခု တော့ ရှိကောင်း ရှိနိုင်တယ်။ ဆေးရည် ဒါမှမဟုတ် ကျိန်စာပဲ"

"အဲဒါပေါ့ နင်ကလမ်းတစ်လွဲကို လိုက်နေတာပဲ။ နင်တစ်ယောက်တည်းသာ အဲဒီ မှတ်ဉာဏ်ကို ရအောင် လုပ်နိုင်မှာလို့ ဒမ်းဘဲလ်ဒိုးက ပြောတယ်ပေါ့ ဟုတ်လား။ အဲဒါက တခြား ဘယ်သူမှ မလုပ်နိုင်တဲ့ ကိစ္စဖြစ်နေတဲ့ ပက်ကျိချို့ကို စည်းရုံးသိမ်းသွင်းရမယ့် အလုပ်ကို နင်ပဲ လုပ်နိုင်တယ်ဆိုတဲ့ သဘောပေါ့။ အဲဒါဟာ ပြဿနာ မဟုတ်ပါဘူးဟယ်။ သူ့ဆီကို ဣန္ဒြေလဆေးရည်ကို အကြောင်းပြပြီး လျှို့ဝင်လိုက်ရုံပဲ။ အဲဒါက လူတိုင်းလိုလို လုပ်နိုင်တဲ့ အလုပ်ပါ"လို့ ဟာမီယွန်က ပြောပြန်တယ်။

ဒီမှာတင် မြွေပူရာကင်းမှောင့်သလို ရွန်က ထပြောလိုက်တယ်။ "ဟေ့ ဟေ့ 'ရန်လိုသော'ဆိုတဲ့ စကားလုံးကို သတ်ပုံ ဘယ်လိုပေါင်းရသလဲကွ"တဲ့။ သူက သူ့လက်ထဲက ပုရပိုက်တစ်ခုကို စူးစူးစိုက်စိုက်ကြည့်ရင်း စာရေးတဲ့ ငန်းတောင်ကလောင်ကိုလည်း တအားကြီး ခါရင်း မေးနေတယ်။ သူက 'ရန်လိုသော' (ဘန္ဒငါနမနညအ)ရဲ့ စာလုံးပေါင်းဟာ ခပတ([illegible])ဆိုတဲ့ အက္ခရာတွေနဲ့ ပေါင်းတာတော့ မဖြစ်နိုင်ဘူး မဟုတ်လား"တဲ့။

"ဟင့်အင်း … ဘယ်ဖြစ်နိုင်မှာလဲ"လို့ ပြောရင်း ဟာမီယွန်က သူ့လက်ထဲက စာစီစာကုံးကို သူမဆီကို ယူလိုက်ပြီး "ရှိသေးတယ်၊ 'အတိတ်နိမိတ်'(ဗကါကမပ)ဆိုတဲ့ စကားလုံးကို ပေါင်းရာမှာလည်း ဏဒဆ([illegible])ဆိုတဲ့ စာလုံးတွေနဲ့ စလို့မရဘူး။ ဒါနဲ့ နင်သုံးနေတဲ့ ငန်းတောင်ကလောင်က ဘာအမျိုးအစားလဲဟဲ့"လို့ ပြောလိုက်ပြန်တယ်။

"ဒါ ဖရက်ဒ်နဲ့ ဂျော့ဆိုင်က သတ်ပုံပြင် ပထမတန်း အကောင်းစား ကလောင်တွေထဲက တစ်မျိုးပဲ။ ဒါပေမဲ့ ဒီဂါထာဟာ တစ်တိတစ်တိနဲ့ တဖြည်းဖြည်း ပျောက်ကွယ်သွားလိမ့်မယ်လို့ ငါထင်တယ်"

"အေး ဟုတ်တယ်၊ ဒီဂါထာဟာ နင်ပြောတဲ့အတိုင်း ဖြစ်သွားမှာပဲ"

www.burmeseclassic.com

ဟာမီယွန်က စာစီစာကုံးခေါင်းစဉ်ကို လက်ညှိုးနဲ့ ထောက်ပြီး ပြောလိုက်တယ်။ "ဘာဖြစ်လို့လဲဆိုတော့ ငါတို့တွေကို စိတ်ရှုးပေါက်စုန်းတွေနဲ့ ဘယ်လို ဆက်ဆံတယ်ဆိုတာကိုသာ မေးထားတာဖြစ်ပြီး၊ အိမ်သာကျင်းတွေနဲ့ ဘယ်လို အပေးအယူ လုပ်သလဲလို့ မေးထားတာမှ မဟုတ်တာ။ ပြီးတော့ နင် နင့်နာမည်ကို ရွှန်နီးဝါ့ဇ်လစ်လို့ ပြောင်းထားတာလည်း ငါမှ မမှတ်မိတာ"

"မဟုတ်သေးဘူး" ရွှန်က သူ့သားရေပုရပိုက်ကို အထိတ်တလန့် စူးစူးစိုက်စိုက်ကြည့်ရင်း ပြောလိုက်တယ်။ "နင်ငါ့ကို ဒီစာစီစာကုံး တစ်ခုလုံးကို အစအဆုံး အကုန်ပြန်ရေးမှာပဲလို့ နင်မပြောနဲ့"

"ကောင်းပြီလေ၊ အဲဒါတော့ ငါတို့က ရပါတယ်"ဟာမီယွန်က ရွှန်ရဲ့ စာစီစာကုံးကို သူမဘက်ရောက်အောင် ဆွဲယူပြီး သူမရဲ့ ဆေးကြိမ်လုံးကိုပါ ဆွဲထုတ်လိုက်တယ်။

ဒီမှာတင် ရွှန်က ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်တယ်။

"ငါ နင့်ကို ချစ်တယ် ဟာမီယွန်"တဲ့။ ဒါပေမဲ့ သူက ပြောပြီးပြီးချင်းပဲ သူ့ ကုလားထိုင်မှာ ပုံလျက်သားကျအောင် ပြန်ထိုင်ချလိုက်ပြီး သူ့မျက်လုံးတွေကိုပဲ စိတ်ပျက်လက်ပျက် အမူအရာနဲ့ ဖိပွတ်နေတယ်။

ဟာမီယွန် မသိမသာ ရှက်သွေးဖြာသလို မျက်နှာမှာ ပန်းရောင် သမ်းသွားတယ်။ ဒါပေမဲ့ တခြား ဘာမှမလုပ် ဘာမှမပြောဘဲ "ခု နင်ပြောတဲ့စကားကို လာဗင်ဒါ မကြားပါစေနဲ့ဟယ်"လို့ပဲ ပြောလိုက်တယ်။

"ငါ မပြောပါဘူး" ရွှန်ကလည်း အပိုင်ပြန်ပြောလိုက်တယ်။ "ဒါပေမဲ့ ငါပြောကောင်း ပြောရလိမ့်မယ်၊ သူ ငါ့ကို စွန့်ပစ်သွားတဲ့ နေ့ကျရင်ပေါ့"

ဒီတော့ နားကြားပြင်း ကတ်လာတဲ့ ဟယ်ရီက ဝင်ဘုပြောလိုက်ပြန်တယ်။

"ဟ ..... မင်းက သူမနဲ့ ဇာတ်လမ်း ပြတ်ချင်တယ်လည်း ဆိုရဲ့။ ဘာဖြစ်လို့ သူမကို မင်းမစွန့်ခွာနိုင်ရတာလဲ"

"ဟယ်ရီ မင်းကလည်း ဘယ်သူ့ကိုမှ ချမ်းသာမပေးပါလားကွာ။ မင်းနဲ့ချိုကကော အခု ဘယ်လိုလဲ"လို့ ရွှန်ကလည်း ပြန်ပြောလိုက်တယ်။

နောက်ဆုံးတော့ ဟယ်ရီက ပြောတယ်။ "တို့စကားပြောတာ တောင်ရောက် မြောက်ရောက် ဖြစ်ကုန်ပြီ"တဲ့။

ရွှန်ဟာ မှိုင်တွေညှိုးငယ်တဲ့ အမူအရာနဲ့ "ငါနဲ့ လာဗင်ဒါကို နင်ထင်သလိုမျိုး ဖြစ်သွားစေချင်တဲ့ ဆန္ဒ နင့်မှာ ရှိနေသလားဟယ်"လို့ ပြောပြီး၊ သူ့ရဲ့ သတ်ပုံမှားနေတဲ့ စာလုံးတစ်လုံးစီ တစ်လုံးစီကို သူမရဲ့ ဆေးကြိမ်လုံးထိပ်ဖျားနဲ့ တစ်တောက်တောက် လိုက်တို့နေတဲ့ ဟာမီယွန်ကို တိတ်တိတ်ဆိတ်ဆိတ်ကလေး

www.burmeseclassic.com

စောင့်ကြည့်နေတယ်။ ဒီမှာတင် သတ်ပုံမှားတဲ့ စာလုံးလေးတွေ စာမျက်နှာပေါ်မှာ သူတို့အလိုလို အမှန်ဖြစ်အောင် ပြင်ပြီးသား ဖြစ်သွားကြတယ်။ ရွှန်ကဆက်ပြောတယ်။ "ငါ နင်သိအောင် ကြိုပြီး ထပ်ပြောထားချင်တာကတော့ သူမရဲ့ ဖက်တွယ်ထားတဲ့ တင်းကျပ်မှုကြီးကို ငါ အဆုံးသတ်ချင်နေပါပြီ။ အမှန်တော့ အဲဒါကလည်း ဇရာမ ရေဘဝဲကြီးတစ်ကောင်ရဲ့ လက်ကလွတ်အောင် ရုန်းထွက်လိုက်ရသလိုပါပဲ"

နောက်ထပ် မိနစ်၂၀လောက်ကြာတော့ ဟာမီယွန်က ရွှန်ရဲ့ စာစီစာကုံးကို ပြန်ပေးလိုက်တယ်။

"ရော့"

"ကျေးဇူးကုဋေကုဋာပဲ ဟာမီယွန်၊ ဒါနဲ့ နင့်ရဲ့ ငန်းတောင်ကလောင်ကို ငါ နိဂုံးချုပ် ရေးချင်လို့ ငါ့ကို ခဏငှားနိုင်မလား"ရွှန်က ပြောလိုက်တယ်။

ခုချိန်ထိ သွေးတစ်ဝက်မော်ဝိဇ္ဇာရဲ့ မှတ်စုရေးထားတာကို ရှာမတွေ့နိုင်သေးတဲ့ ဟယ်ရီက ဟိုဟိုဒီဒီ ဘေးဘီကို လှည့်ကြည့်လိုက်တယ်။ ကျောင်းသားများ နားနေခန်းကြီးထဲမှာ သူတို့ သုံးယောက်ပဲ ကျန်တော့တယ်။ ခုလေးတင် အိပ်ရာဝင်သွားတဲ့ဆီးမတ်စ်က စနိပ်ရဲ့ သူ့စာစီစာကုံးကို တဖျစ်တောက်တောက် ကျိန်ဆဲနေတယ်။ ဒီအချိန်မှာ မီးဖိုထဲမှာ တဖျစ်ဖျစ် တဖျောက်ဖျောက်နဲ့ မီးတောက်နေတဲ့ အသံပဲ ကြားရတော့တယ်။ ရွှန်က စိတ်ရူးပေါက် စုန်းတွေအကြောင်း ရေးနေတဲ့ သူ့ရဲ့ စာစီစာကုံးနိဂုံးပိုဒ်ကို ဟာမီယွန်ရဲ့ ငန်းတောင်ကလောင်နဲ့ အဆုံးသတ်နေတယ်။ ဟယ်ရီက သွေးတစ်ဝက်မော်ဝိဇ္ဇာရဲ့ စာအုပ်ကြီးကို ဖျတ်ခနဲ ပိတ်လိုက်ပြီး အိပ်ချင်မူးတူးနဲ့ သမ်းလိုက်တယ်။ ဒီအချိန်မှာပဲ-

"ဂုန်းခနဲ"အသံတစ်ချက် မြည်သွားပြီး ဟာမီယွန်က အလန့်တကြား စီခနဲ အော်လိုက်သလို ရွှန်ရဲ့ အပြည့်အစုံလောလောလတ်လတ် ရေးပြီးသွားစ စာစီစာကုံး တစ်ခုကိုလည်း မင်တွေစဉ်သွားပြီး စွန်းပေကုန်ပါတယ်။

ဟယ်ရီက ပြောလိုက်တယ်။

"ကရီးချားပါလား"

အိမ်စောင့်နတ်မှင်စာက ဦးညွှတ်အရိုအသေပြုလိုက်ပြီး ဖုထစ်ရှုံ့တွနေတဲ့ သူ့ရဲ့ ခြေချောင်းကလေးတွေနဲ့ သတိရှိရှိ ရပ်နေတယ်။ ပြီးတော့မှ သူက-

"ဆရာက ပြောထားတယ် မဟုတ်လား၊ ပုံမှန် အစီရင်ခံချက် လိုချင်တယ်ဆို၊ ဒါ့ကြောင့် ကရီးချား ရောက်လာရတာပဲ"လို့ ပြောလိုက်တယ်။

www.burmeseclassic.com

ဒါပေမဲ့ သူစကားမဆုံးခင်ကလေးမှာ နောက်ထပ် "ဝုန်းခနဲ" တစ်ချက်မြည်သွားပြန်ပြီး ကရီးချားနဲ့ ဘေးချင်းယှဉ်လျက် ဒေါ်ဘီ ပေါ်လာပြန်တယ်။ သူက သူ့ရဲ့ လက်ဖက်ရည်ကရား အစွပ်နဲ့တူတဲ့ ဦးထုပ် ခပ်စောင်းစောင်း ဆောင်းထားတယ်။

"ဒေါ်ဘီလည်း ဒီကိစ္စမှာ ကူညီနေတာပဲ ဟယ်ရီပေါ်တာ။ တကယ်ဆို ကရီးချားက ဟယ်ရီပေါ်တာကို သူသွားတွေ့တော့မယ်ဆိုရင် ဒေါ်ဘီ့ကိုလည်း သူပြောသင့်တာပေါ့။ ဒါမှ ဟယ်ရီပေါ်တာကို သူတို့နှစ်ယောက်အတူ အစီရင်ခံနိုင်မှာလေ မဟုတ်ဘူးလား" ဒေါ်ဘီက ကရီးချားကို မကျေမနပ် ဖြစ်နေတဲ့ အကြည့်နဲ့ လှည့်ကြည့်ရင်း စီစီညောင်ညောင် အသံနဲ့ ပြောလိုက်တယ်။

"ဟင်–ဒါတွေက ဘယ်လို ဖြစ်ရပြန်တာတုန်း" ဟာမီယွန်က တအံ့တသြ မေးလိုက်တယ်။ သူမဟာ ဖြုန်းခနဲ ပေါ်လာတဲ့ နတ်မှင်စာလေး နှစ်ကောင်ကို အထူးအဆန်းလို အထိတ်တလန့် ဆက်ကြည့်နေတယ်။ ပြီးတော့ "ဘာတွေ ဖြစ်ကုန်ပြီလဲ ဟယ်ရီ"လို့ ပြောလိုက်တယ်။

ဟယ်ရီက မဖြေခင် ချီတုံချတုံ ဖြစ်နေသေးတယ်။ အကြောင်းကတော့ မော်လ်ဖွိုင်းကို နောက်ယောင်ခံလိုက်ပြီး သတင်းပြန်ဖို့ ကရီးချားနဲ့ ဒေါ်ဘီကို သူတာဝန် ပေးထားတဲ့အကြောင်း ဟာမီယွန်ကို သူ ပြောမပြထားရသေးလို့ပဲ။ အိမ်စောင့်နတ်မှင်စာတွေနဲ့ သူမကလည်း အမြဲတမ်း ဆတ်ဆတ်ထိမခံတွေ ဖြစ်နေတယ်။

"ဪ ဒါလား။ မော်လ်ဖွိုင်းကို ခြေရာခံလိုက်ဖို့ သူတို့ကို ငါခိုင်းထားတာပဲ" ဟယ်ရီ ပြောလိုက်တယ်။

"နေ့ည မပြတ် ဆိုပါတော့ဗျာ"ကရီးချားက ဝင်ပြောတယ်။

"ဒေါ်ဘီဆိုရင် မအိပ်ရတာ တစ်ပတ်လောက်တောင် ရှိနေပြီ ဟယ်ရီပေါ်တာ"ဒေါ်ဘီကလည်း သူရပ်နေတဲ့ နေရာကနေ ဂုဏ်ယူတဲ့အသံနဲ့ ဟန်ပါပါ ပြောလိုက်တယ်။

ဟာမီယွန် ယမ်းပုံမီးကျသလို ဖြစ်သွားတယ်။ သူမက ပြောတယ်။

"ဘာ ရှင် မအိပ်ရဘူး ဟုတ်လား ဒေါ်ဘီ။ ဒါပေမဲ့ ဟယ်ရီက မအိပ်ရဘဲ လုပ်ရမယ်လို့ မပြောတာတော့ သေချာပါတယ်"

ဒီမှာတင် ဟယ်ရီက ....

"ဟာ မဟုတ်တာ၊ မအိပ်ဘဲ လုပ်ပါလို့ ငါက ဘယ်ပြောမှာလဲ"ဟယ်ရီက ကမန်းကတန်း ပြောလိုက်တယ်။ ပြီးတော့"ဒေါ်ဘီ ခင်ဗျား အိပ်နိုင်တယ်။ ပြဿနာ မရှိဘူး ရပါတယ်။ ဒါပေမဲ့ ခင်ဗျား ဘာတွေ့ခဲ့လဲဆိုတာတော့ ပြောခဲ့ပါဦး"လို့ ဟာမီယွန်က ကြားဖြတ်မပြောခင် အလုအယက် ပြောလိုက်တယ်။ ကရီးချားကလည်း ချက်ချင်း ပြန်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ၊ ဆရာမော်လ်ဖွိုင်းဟာ သူ့ရဲ့ သွေးစစ်စစ်ဆိုတဲ့ ဂုဏ်နဲ့လျော်ညီအောင် လူကြီးလူကောင်းပုံစံနဲ့ သွားလာလှုပ်ရှားပါတယ်။ သူ့ရဲ့ ဟန်ပန် အမူအရာပုံစံဟာ ကျွန်တော့်ရဲ့ သခင်မကြီးရဲ့ အချိုးအဆစ် ပြေပြစ်တာကို သွားပြီး ပြန်သတိရစေပါတယ်။ နောက်ပြီး သူ့ရဲ့ ပြောပုံဆိုပုံ ဟန်ပန်က ဘယ်လိုလဲဆိုတော့......"

ဒီနေရာမှာ ကရီးချားရဲ့ စကားမဆုံးခင် ဒေါ်ဘီက စိတ်ဆိုးမာန်ဆိုးနဲ့ အတင်း ဝင်ပြောတယ်။

"ဘယ်ကလာ သူပြောသလို ဟုတ်ရမှာလဲ၊ ဒရာကို မော်လ်ဖွိုင်းဟာ တကယ့် လူဆိုးကလေး တစ်ယောက်ပဲ။ တကယ်ကို ဆိုးတာပါ။ သူကလေ သူကလေ...."

ဒေါ်ဘီဟာ ပြောရင်း ပြောရင်း သူ့ခေါင်းက လက်ဖက်ရည်ကရားအစွပ်လို ဦးထုပ်ရဲ့ ပန်းဖွားကလေးတွေကနေ ခြေအိတ်စွပ်ထားတဲ့ ခြေချောင်းလေးတွေအထိ တစ်ကိုယ်လုံး တုန်ခါလာပြီး၊ ဖြုန်းဆို မီးဖိုရှိရာကို အရှိန်နဲ့ ပြေးသွားလိုက်တာ မီးပုံထဲကို ခုန်ချလိုက်တော့မလိုတောင် ထင်ရပါတယ်။ အဲဒီလောက် အခြေအနေမျိုး ဖြစ်လာမယ်လို့ မျှော်လင့်မထားမိတဲ့ ဟယ်ရီက သူ့ကို ခါးလယ်လောက်ကနေ ဆွဲဖမ်းကိုင်ပြီး အတင်းချုပ်ထားရာမှာ ဒေါ်ဘီဟာ ပထမ ရုန်းကန်နေသေးပေမဲ့ နောက်တော့ ငြိမ်ကျသွားပြီး ထော့နဲ့ထော့နဲ့ ဖြစ်နေတယ်။

"ကျေးဇူးပဲ ဟယ်ရီပေါ်တာ"ပြောရင်း သူ ဟောဟဲလိုက်မောနေတယ်။ နောက် သူက "ဒေါ်ဘီအဖို့လည်း ကိုယ့်ဆရာဟောင်းတွေရဲ့ မကောင်းကြောင်း ပြောဖို့အတွက်တော့ တော်တော့ကို အခက်အခဲကို ရှိတာပါပဲ"လို့ ဆက်ပြောတယ်။

ဟယ်ရီက ဒေါ်ဘီကို လွှတ်ပေးလိုက်တယ်။ သူက သူ့ရဲ့ လက်ဖက်ရည်ကရားစွပ်ပုံ ဦးထုပ်ကို ပြန်ဆွဲဆန့်နေတယ်။ ပြီးတော့ ကရီးချားကို မကျေမနပ် ဖြစ်နေသေးတဲ့ အမူအရာနဲ့ "ဒါပေမဲ့ ကရီးချားအနေနဲ့ ဒရာကို မော်လ်ဖွိုင်းဟာ အိမ်စောင့်နတ်မှင်စာတစ်ကောင်အတွက် ဆရာကောင်း တစ်ယောက် မဟုတ်ဘူးဆိုတာ သိရမှာပေါ့"လို့ ပြောပြန်တယ်။

ဒီမှာတင် ဟယ်ရီက ကရီးချားကို ပြောပါတော့တယ်။

"ကဲ ကဲ ဟုတ်ပါပြီ၊ အဲဒါတွေ ထားလိုက်ပါတော့။ ဒါပေမဲ့ ခုဒီမှာ ကျွန်တော်တို့အနေနဲ့ ခင်ဗျားကို ခင်ဗျားဆရာအပေါ် သဘောကျတာတွေ လျှောက်ပြောတာ နားထောင်ဖို့ မဟုတ်ဘူး ကရီးချား၊ ကဲ–သူ အမှန်တကယ် ဘယ်နေရာတွေကိုသွားပြီး ဘာတွေလုပ်နေသလဲဆိုတာပဲ ခပ်မြန်မြန် ပြောစမ်းပါဦး"

ကရီးချားက ဟယ်ရီကို နောက်တစ်ကြိမ် ဦးညွှတ် အရိုအသေ ပေးလိုက်ပေမဲ့ အမျက်ခြောင်းခြောင်း ထွက်နေတဲ့ မျက်နှာပေးနဲ့ ပြောတယ်။

"ဆရာမော်လ်ဖွိုင်းဟာ မဟာခန်းမကြီးထဲမှာ စားပါတယ်။ အိပ်တာကတော့ မြေအောက်ခန်းတွေထဲက အိပ်ဆောင်တစ်ဆောင်မှာပါ။ ပြီးတော့ သူတက်ရမယ့် အတန်းပေါင်းစုံကို လျှောက်ထက်နေတော့တာပါပဲ။ အင်း ပြီးတော့...." ဟယ်ရီက သူ့စကားကို ဖြတ်ပြီး ဒေါ်ဘီဘက်

www.burmeseclassic.com

www.burmeseclassic.com

လှည့်ပြောလိုက်တယ်။ “သူ မသွားသင့်တဲ့ မသွားရမယ့် ဘယ်နေရာတွေကို သူသွားခဲ့တယ်ဆိုတာ ပြောပြနိုင်မလား ဒေါ်ဘီ”

“ဟယ်ရီပေါ်တာ ခင်ဗျာ” ဒေါ်ဘီရဲ့ အသံက စူးနေတယ်။ သူ့ရဲ့ ပြူထွက်နေတဲ့ မျက်လုံးဝိုင်းဝိုင်း ပြူးပြူးကြီးတွေလည်း မီးဖိုထဲက မီးရောင်နဲ့အပြိုင် ပြောင်လက်တောက်ပနေတယ်။ “မော်လ်ဖွိုင်းဆိုတဲ့ ကောင်ကလေးဟာ ဒေါ်ဘီ ဖော်ထုတ်သိရှိရသမျှတော့ ဘာစည်းကမ်းတစ်ခုကိုမှ မဖောက်ခဲ့ပါဘူး။ ဒါပေမဲ့ သူဟာ သူ့ကို စုံစမ်းထောက်လှမ်းတာကို ရှောင်ရှားရမှာ တကယ် ဉာဏ်များပြီး သိပ်ပါးနပ်ဆဲပဲ။ သူက တခြား ကျောင်းသားပေါင်းစုံနဲ့ တွဲပြီး ၇ထပ်ကို ပုံမှန် သွားလည်တတ်ပြီး၊ သူအခန်းထဲကို ဝင်ချိန်မှာ အဲဒီကျောင်းသားတွေက သူ့ကို စောင့်ပေးကြတာ”

“ဟာ … အဲဒါ ဣစ္ဆာသယအခန်းကြီးပါလား” ပြောပြောဆိုဆို ဟယ်ရီက သူ့နဖူးကို သူ့ လက်ထဲမှာ ရှိနေတဲ့ ပီယဆေးနဲ့ ဣန္ဒဇာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ကြီးနဲ့ ဖျန်းခနဲ ရိုက်လိုက်ပါတယ်။ ဟာမီယွန်က သူ့ကို စိုက်ကြည့်နေတယ်။ “အဲဒါ သူ ခိုးကြောင်ခိုးဝှက် ထွက်သွားတဲ့နေရာ၊ အဲဒီမှာ သူ ခိုးကြောင်ခိုးဝှက် လုပ်နေတဲ့နေရာ၊ ပြီးတော့ မှော်မြေပုံပေါ်ကနေ သူဘာကြောင့် ပျောက်ပျောက်နေတယ် ဆိုတာလည်း အဲဒါကြောင့်ပဲဆိုတာ ငါလောင်းရဲတယ်ကွာ။ မင်းတို့ စဉ်းစားကြည့်၊ ဒါကြောင့် မြေပုံပေါ်မှာ ဒီဣစ္ဆာသယ အခန်းကြီးကို အမြဲတမ်း ငါမတွေ့ရတာကိုး”

“ဟုတ်တယ်၊ လှည့်လည်သောင်းကျန်းတဲ့ စုန်းကောင်တွေ အဲဒီမှာ အဲဒီအခန်းရှိတာ မသိကြသေးဘူးဆိုတာ ဖြစ်နိုင်တယ်”လို့ ရွန်က ပြောလိုက်တယ်။

“ငါကတော့ အဲဒီအခန်းဟာ မှော်ပညာနဲ့ တစ်စိတ်တစ်ပိုင်း ဆက်စပ်နေတဲ့ အခန်းပဲ ဖြစ်မယ်လို့ ထင်တယ်”ဟာမီယွန်ကလည်း ဝင်ပြောတယ်။

“ဒေါ်ဘီ… အဲဒီအခန်းထဲမှာ မော်လ်ဖွိုင်း ဘာတွေ လုပ်နေသလဲလို့ ဝင်ကြည့်ဖို့ စီစဉ်ထားပြီးပြီလား”ဟယ်ရီက အားတက်သရော မေးလိုက်တယ်။

“မစီစဉ်ပါဘူး ဟယ်ရီပေါ်တာ၊ အဲဒါက ဖြစ်မှမဖြစ်နိုင်ဘဲ”ဒေါ်ဘီက ပြန်ပြောတယ်။

“မဟုတ်သေးဘူးလေ၊ ဒီလိုတော့ ဘယ်ဖြစ်မလဲ၊မနှစ်ကဆိုရင် မော်လ်ဖွိုင်းတောင် ကျွန်တော်တို့ ဌာနချုပ်ထဲကို ဝင်ခဲ့သေးတာပဲ။ ဒီတော့ သူ့ကို ထောက်လှမ်းဖို့ ကျွန်တော် အဲဒီအခန်းထဲကို ဝင်ရမှာပဲ၊ ပြဿနာ မရှိပါဘူး”

“ဒါပေမဲ့ နင်လုပ်လို့ ရမယ်လို့ ငါမထင်ဘူး ဟယ်ရီ”ဟာမီယွန် ဖြည်းဖြည်းလေးလေးကြီး ပြောလိုက်တယ်။ “မော်လ်ဖွိုင်း ဒီအခန်းကို တို့ဘယ်လို အသုံးချနေတယ်ဆိုတာ သိပြီးသား ဖြစ်နေမှာပဲ မဟုတ်ဘူးလား၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုအသုံးမကျတဲ့ မရီယက်တာက လွှတ်ခနဲ ထုတ်ပြောလိုက်မိလို့ပဲ။ သူက အဲဒီအခန်းကို သူ့ရဲ့ ဌာနချုပ်လုပ်ဖို့ လိုအပ်နေတာမို့လား၊ ဒီတော့ သူက လုပ်တော့မှာပေါ့လေ။ ဒါပေမဲ့ ခု မော်လ်ဖွိုင်း အဲဒီအခန်းထဲကို ဝင်ဝင်နေချိန်မှာ အခန်းထဲမှာ

www.burmeseclassic.com

ဘယ်လိုဖြစ်နေပြီလဲဆိုတာ နင်မသိဘူး။ ဒီတော့ အဲဒါကို ပြောင်းလဲပစ်ဖို့ ဘာပြောရမယ်ဆိုတာလည်း နင်မသိတော့ဘူးပေါ့”

“ဒီကိစ္စတစ်ခုလုံးကို ခြုံလိုက်ရင် နည်းလမ်းတစ်ခုခုတော့ ရှိမှာပါပဲ”ဟယ်ရီက ဟာမီယွန်ပြောတာကို အရေးမပါသလို သဘောထားပြီး ဒေါ်ဘီကို ဆက်ပြောလိုက်တယ်။ “ဟေ့ ဘာမှ ပြောမနေနဲ့ ဒေါ်ဘီ ခင်ဗျားရဲ့ လုပ်ဆောင်ချက် သိပ်ကို ပြောင်မြောက်ပါတယ်”

“ကရီးချားလုပ်ခဲ့တာလဲ ကောင်းတာပါပဲ” ဟာမီယွန်က အားနာပြီး ပြောလိုက်ဖြစ်ပေမဲ့၊ ကျေးဇူးတင်ပုံ လုံးဝမပြတဲ့ ကရီးချားက သူမျက်လုံး ရဲရဲနီနီကြီးတွေကို မျက်နှာကြက်ဆီ မော့ကြည့်ပြီး လွှဲထားတယ်။ ဒီတော့ ဟာမီယွန် ထပ်ပြောတယ်။ “သွေးနှောကတော့ ပြောနေတာပဲ။ ဒါပေမဲ့ ကရီးချားကတော့ မကြားချင်ယောင် ဆောင်နေတယ်”

“အဲဒီကို ကြည့်မနေနဲ့”ဟယ်ရီက သူ့ကို အသံပြတ်နဲ့ မာရေကျောရေ ဟိန်းဟောက် ပစ်လိုက်တယ်။ ဒီမှာတင် ကရီးချားက နောက်ဆုံးအနေနဲ့ အလေးအနက် ဂါဝရပြုပြီး ဦးညွှတ်နေရာက ပျောက်ကွယ်သွားပါတော့တယ်။

“ကဲ ခင်ဗျားလည်း ပြန်သွားပြီး အနားယူအိပ်စက်လိုက်ပါဦး ဒေါ်ဘီ”လို့ ဟယ်ရီက ပြောလိုက်တော့–

“ကျေးဇူးတင်ပါတယ် ဟယ်ရီပေါ်တာ ခင်ဗျား”ဆိုပြီး ဒေါ်ဘီလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ သူ့နေရာကနေ ထပ်မံပျောက်ကွယ်သွားပါတယ်။

“ဟာ... ကောင်းလိုက်လေကွာ”အခန်းထဲမှာ နတ်သူငယ်မှင်စာလေးတွေ တစ်ကောင်မှ မရှိတော့တဲ့ အခိုက်မှာပဲ ဟယ်ရီက ရွန်နဲ့ ဟာမီယွန်ကို အားတက်သရော လှည့်ပြောလိုက်တယ်။ “တို့ ခု မော်လ်ဖွိုင်း သွားသွားနေတဲ့ နေရာကို သိပြီ၊ ကဲ–တို့ ခု သူ့ကို ချောင်ပိတ်မိအောင် လုပ်ဖို့ပဲ ရှိတော့တယ်”

“ဟုတ်လိုက်လေ။ တကယ့်ကို တကယ့်ကို ကြီးကျယ်တဲ့ အစီအစဉ်ပဲကွာ” ရွန်က သူ့ရဲ့ ရေးပြီးသွားတဲ့ စာစီစာကုံးပေါ်မှာ ရွှံ့နစ်ပေကျံ စွန်းထင်းနေတဲ့ မင်တွေကို သဲသဲမဲမဲ ပြန်သုတ်နေရင်း ပြောလိုက်တယ်။ ဒီမှာတင် ဟာမီယွန်က အဲဒီစာစီစာကုံးကို သူမဘက်ကို တစ်ခါထပ်ဆွဲယူပြီး မှင်တွေစုပ်ယူပျောက်ကွယ်သွားအောင် သူမရဲ့ ဆေးကြိမ်လုံးနဲ့ ဖယ်ရှားပစ်လိုက်တယ်။

“ဒါပေမဲ့ အဲဒီကိစ္စအားလုံးနဲ့ ပတ်သက်ပြီး အဓိက သိသင့်တာက သူဟာ အဲဒီကို ကျောင်းသားပေါင်းစုံနဲ့ အတူသွားနေတဲ့ အချက်ပဲ။ အဲဒီလူတွေထဲက ဘယ်လောက်များများကို သူအသိပေးမလဲ။ သူ ဘာလုပ်တယ်ဆိုတာကို သိဖို့ လူအများအစားကို သူယုံကြည်နိုင်စရာ အကြောင်းမရှိဘူး” ဟာမီယွန်က ပြောလိုက်တယ်။

“အေးကွာ၊ အဲဒါကတော့ ဘယ်လိုကြီးမှန်း မသိအောင် ထူးဆန်းနေတဲ့ အချက်ပဲ”ဟယ်ရီက မျက်မှောင်ကြုတ်ပြီး ဆက်ပြောတယ်။ “ငါ ကြားတာတော့ သူ ဘာလုပ်တယ်ဆိုတာ ကရက်ဘီရဲ့

www.burmeseclassic.com

အလုပ်မဟုတ်ဘူးလို့ ကရက်ဘီကို သူက ပြောတယ်တဲ့။ အဲဒီတော့ သူပြောတဲ့ အပြည့်အစုံကဘာလဲ၊ သူပြောတာတွေ အားလုံးကဘာလဲ"

ဟယ်ရီ့ရဲ့ အသံ တဖြည်းဖြည်းတိမ်ဝင်သွားပြီး မီးလင်းဖိုထဲက မီးကိုပဲ သူ စိုက်ကြည့်နေတယ်။

"ဘုရားသခင်၊ ကျွန်တော်မျိုး တကယ် အသုံးမကျ မိုက်မဲလှပါလား" သူ တိုးတိုးလေး ရေရွတ်နေတယ်။ "အဲဒါက ဒီလောက် မြင်သာထင်သာ ရှင်းရှင်းကြီး ဖြစ်နေတာကွာ၊ မဟုတ်ဘူးလား"လို့ပြောရင်း သူ မချင့်မရဲ ဖြစ်နေတယ်။ ပြီးတော့ အောက်ဘက်က မြေအောက်ခန်းကြီးထဲမှာ ဇရာမစည်ကြီး တစ်ခု ရှိနေတယ်။ ဒီတော့ သူဟာ သင်ခန်းစာအချိန်အတွင်းမှာ အဲဒီကနေ တချို့ကို လစ်ယူသွားနိုင်တယ်"လို့ ပြောလိုက်တယ်။

"သူက ဘာကို လစ်သွားမှာလဲ"ရွန်က မေးလိုက်တယ်။

"ဆေးပေါင်းခ ဆေးဖျော်ရည်တွေပေါ့။ ပါမောက္ခပက်ကျိချူက တို့ကို ပထမဆုံး သင်ခန်းစာ အချိန်မှာ တို့ကို ပြခဲ့တဲ့ ဆေးရည်တွေလေ။ အဲဒီမှာ စောင့်ကြပ်ပေးတဲ့ ကျောင်းသားတွေအကုန်လုံး စုံစုံလင်လင်တော့ ရှိမှာ မဟုတ်တော့ဘူး။ ခါတိုင်းလိုပဲ ကရက်ဘီနဲ့ ဂွိုင်းပဲ ရှိလိမ့်မယ်။ ဟာ ဟုတ်ပြီ။ ဒါအားလုံး ဒီအတိုင်းပဲ ဖြစ်မှာပဲ" ဟယ်ရီက ပြောပြီး ခုန်ထလိုက်တယ်။ ပြီးတော့ မီးဖိုရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။

"သူက ဟိုနှစ်ယောက်ကို သူဘာလုပ်တယ်ဆိုတာ ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ၊ သူတို့ဟာ ခုနငါပြောသလို မိုက်မိုက်မဲမဲ လုပ်ကြတော့မှာ သေချာတယ်။ ဒါပေမဲ့ သူက သူ့အဖော်တွေကို လိုအပ်ချက်အခန်းကြီးရဲ့ အပြင်ဘက် ပတ်ဝန်းကျင်မှာ အမြင်ခံစေချင်မှာ မဟုတ်ဘူး။ ဒါကြောင့် သူက ဟိုကောင်တွေကို ဆေးပေါင်းခဆေးရည်တွေကို သယ်ခိုင်းပြီး တခြား ကျောင်းသားတွေနဲ့ မခြား ဖြစ်နေအောင် လုပ်ထားရတာ ဖြစ်ရမယ်။ သူ ကွစ်ဒစ်ချ်ပြိုင်ပွဲက ရှောင်ထွက်လာတုန်း သူနဲ့အတူ ငါတွေ့လိုက်ရတဲ့ ကောင်မလေးနှစ်ယောက် ဟာ ... ဟာ... ဟုတ်ပြီ ကရက်ဘီနဲ့ ဂွိုင်းပဲ ဖြစ်ရမှာပေါ့"လို့ ဟယ်ရီက တတွတ်တွတ် ပြောနေတယ်။

"ဟဲ့ နင်ဆိုလိုတာက ဟိုကောင်မလေး ငယ်ငယ်လေး၊ ငါတောင် သူမရဲ့ ချိန်ခွင်ကို ပြင်ပေးလိုက်ရတဲ့ ကောင်မလေး မဟုတ်လား"ဟာမီယွန်က ဟယ်ရီကို ခပ်တိုးတိုး မေးလိုက်တယ်။

"ဟာ ဟုတ်သမှ သိပ်ဟုတ်"ဟယ်ရီက ဟာမီယွန်ရဲ့ မျက်နှာကို စိုက်ကြည့်ပြီး ပြောလိုက်တယ်။ သူ့အသံကျယ်နေတယ်။ "တကယ်တော့ မော်လ်ဖွိုင်းဟာ အဲဒီအချိန်က အထဲမှာ ရှိကိုရှိနေရမယ်။ ဒါကြောင့် ကောင်မလေးက မော်လ်ဖွိုင်းကို ထွက်မလာနဲ့လို့ အချက်ပေးတဲ့အနေနဲ့ ချိန်ခွင်ကြီးကို တမင် ပစ်ချလိုက်တာပဲပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စဉ်းစားကြည့်၊ အဲဒီမှာ အမြဲတစ်ယောက်ယောက် ရှိနေတယ်။ ပြီးတော့ ရှိနေတာက အဲဒီကောင်မလေးပဲ။ ငါတို့ သူ့ကို တစ်ချိန်လုံး ဖြတ်သွားနေပြီး မစဉ်းစားကြည့်မိဘူးကွာ"

www.burmeseclassic.com

"အင်း သိပြီ သိပြီ။ သူက ကရက်ဘီနဲ့ ဂွိုင်းကို မိန်းကလေးတွေအဖြစ် ရုပ်ပြောင်းရုပ်လွှဲ ဖန်ဆင်းထားတာ ဖြစ်မယ်" ရွှန်က ဟားတိုက်ရယ်မောပြီး ပြောလိုက်တယ်။ "အံ့ရော အံ့ရော.... ဒါကြောင့် အဲဒီရက်တွေမှာ သူတို့နှစ်ယောက် မျက်နှာတွေ မရွှင်မပျဖြစ်နေတာကိုး။ ငါ အံ့သြတာက သူတို့က သူ့ကို အဲဒီပစ္စည်းကို မပြခိုင်းတာပဲ"

"ဒါကတော့ကွာ သူတို့က ဘယ်ပြခိုင်းမှာလဲ။ မော်လ်ဖွိုင်းက သူတို့ကို သူ့ရဲ့ လျှို့ဝှက်မှော်သင်္ကေတ အမှတ်အသားကို ပြထားလို့ ဖြစ်မှာပေါ့"ဟယ်ရီက ပြောလိုက်တယ်။

"ဟင်.... လျှို့ဝှက်မှော်သင်္ကေတ အမှတ်အသား ဟုတ်လား၊ အဲဒါ ရှိတယ်လို့ တို့လည်း မသိရပါလား" ဟာမီယွန်က မယုံတဲ့ အသံနဲ့ ပြောလိုက်ရင်း မင်တွေခြောက်ပြီး ပျောက်သွားပြီဖြစ်တဲ့ ရွှန်ရဲ့ စာစီစာကုံးပုရပိုဒ်ကို နောက်ထပ် တစ်ခုခု ထိခိုက်ပေကျံ ပျက်စီးမှုမရှိအောင် အမြန်ပြန်လိပ်ပြီး သူ့ကို ပြန်ပေးလိုက်တယ်။

"ကဲ ငါတို့ တစ်ပွဲတစ်လမ်း အကဲစမ်းကြစို့"ဟယ်ရီက ယုံကြည်ချက် အပြည့်နဲ့ ပြောလိုက်တယ်။

"အေး ... တို့လုပ်ကြမယ်" ဟာမီယွန်က ပြောပြောဆိုဆို မတ်တတ်ထရပ်လိုက်ပြီး အညောင်းပြေသွားအောင် ခြေဆန့်လက်ဆန့် လုပ်နေတယ်။ ပြီးတော့ သူမက "ဒါပေမဲ့ ဟယ်ရီ.... နင် စိတ်လှုပ်ရှားစရာတွေနဲ့ ရင်ဆိုင်မတွေ့ရခင် အဲဒီအခန်းထဲမှာ ဘာတွေ ရှိနေတယ်ဆိုတာ ပထမ မသိဘဲနဲ့ ဣစ္ဆာသယအခန်းကြီးထဲကို နင်ဝင်နိုင်မယ်လို့ ငါမထင်ဘူး။ နောက်ပြီး နင် အဲဒါကို မေ့ထားမယ်လို့လည်း ငါမထင်ပါဘူး"လို့ ပြောရင်း သူမရဲ့ အိတ်ကို ကောက်ယူပြီး ပခုံးပေါ်တင်လိုက်တယ်။ ပြီးတော့ ဟယ်ရီကို အဓိပ္ပာယ်ပါပါနဲ့ ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပြီး "ငါဆိုလိုတာက နင့်အနေနဲ့ ပါမောက္ခပက်ကျိချိုရဲ့ မှတ်ဉာဏ်ကို ရအောင်လုပ်ဖို့ အပေါ်မှာပဲ အာရုံစိုက်သင့်တယ်လို့ ပြောတာပါ။ ကဲ-ကောင်းသောညပါ"

ဟယ်ရီလည်း သူမထွက်သွားတာကို လှမ်းကြည့်နေရင်း ရင်ထဲမှာ စိတ်အချဉ်ပေါက် ကျန်ရစ်ခဲ့တယ်။ သူမဝင်သွားပြီးလို့ မိန်းကလေးအဆောင်ထဲကို ဝင်တဲ့ တံခါးပိတ်သွားမှ ရွှန့်ဘက်ကို လှည့်ပြီး သူ မေးမိပြန်တယ်။

"မင်းကကော ဘယ်လိုထင်လဲ"

ရွှန်က စောစောက ဒေါ်ဘီပျောက်ကွယ်သွားတဲ့ နေရာကို စိုက်ကြည့်နေရင်း ပြောတယ်။

"ငါလည်း အိမ်စောင့်နတ်မှင်စာ တစ်ကောင်လို ကိုယ်ယောင်ဖျောက်ချင်တယ်။ နာမ်ရုပ်သွင် ကိုယ်ထင်ပြ ဘာသာ သင်ခန်းစာ စစ်ဆေးမယ့်ကိစ္စပဲ ငါ့ခေါင်းထဲမှာ ရောက်နေတယ်"

အဲဒီညတစ်ညလုံး ဟယ်ရီ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့ မရတော့ပါဘူး။ ဣစ္ဆာသယ ခန်းကြီးကို မော်လ်ဖွိုင်းက ဘယ်လိုအသုံးချနေသလဲ။ ဒါဆိုရင် နောက်ရက်တွေကျရင် အဲဒီအခန်းကြီးထဲမှာ သူဘာတွေ တွေ့ရလေမလဲဆိုတာ တွေးတောရင်း၊ နောက် ဟာမီယွန်ပြောထားတဲ့ "ဟယ်ရီ တကယ်လို့

www.burmeseclassic.com

မော်လ်ဖ္ဖိုင်းသာ လျှို့ဝှက်မှော်ပညာ ဌာနချုပ်နေရာကို သိသွားနိုင်ပြီဆိုရင် နင်လည်း မော်လ်ဖွိုင်းရဲ့ နေရာကို သိမှာ သေချာတယ်”ဆိုတဲ့ စကားကရော ဘယ်နေရာကို ဆိုလိုတာလဲ။ အစည်းအဝေးလုပ်တဲ့ နေရာလား၊ ဒါမှမဟုတ်
သူနဲ့ တွေ့ရမယ့်နေရာလား၊ ဒါမှမဟုတ် သူပုန်းပုန်းနေတဲ့ နေရာလား၊ ဒါမှမဟုတ် စတိုခန်းတစ်ခန်းလား၊ ဒါမှမဟုတ် အလုပ်ရုံတစ်ခုလား ဆိုတာ သူ့စိတ်ထဲမှာရော အိပ်မက်ထဲမှာပါ အသည်းအသန် စဉ်းစားရင်း နောက်ဆုံးတော့လည်း သူ အိပ်ပျော်သွားပါတယ်။ ဒါပေမဲ့ အဲဒါတွေက ဘယ်ဟာမှလည်း ရေရေရာရာ မဟုတ်ဘဲ သူနိုးနိုးလာပြီး မော်လ်ဖွိုင်းရဲ့ ပုံကိုပဲ မျက်စိထဲ မြင်ယောင်နေတာကြောင့် အကြီးအကျယ် အနှောင့်အယှက် ဖြစ်နေပြန်တယ်။ “မော်လ်ဖွိုင်း မော်လ်ဖွိုင်း..... ပက်ကျိချိုဆီကို ပြန်လာတဲ့ မော်လ်ဖွိုင်း၊ စနိပ်ဆီကို ပြန်လာတဲ့ မော်လ်ဖွိုင်း” သူရေရွတ်ရင်း ဆက်တွေးနေတယ်။

အဲဒီနေ့ နံနက်စာစားချိန် တစ်လျှောက်လုံး ဟယ်ရီဟာ တစ်စုံတစ်ခုကို ပြုလုပ်နိုင်ဖို့ အခြေအနေ တစ်ရပ်ကို အကြီးအကျယ် မျှော်လင့်စောင့်စားနေပါတယ်။ လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာရပ် အချိန်ပြီးရင် သူ့မှာ အားလပ်ချိန် တစ်ချိန် ရှိနေတယ်။ ဒါကြောင့် အဲဒီအားလပ်ချိန်ကို ဣစ္ဆာသယခန်းကြီးထဲကို ဝင်ဖို့ ကြိုးစားရင်း အကုန်ခံဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ ဟာမီယွန်ကလည်း တိုးတိုးတိုးတိုးနဲ့ သူဘယ်လောက်ကပ်ပြီး နားချစည်းရုံးနေပေမဲ့ အဲဒီအခန်းကြီးထဲကို ဝင်ဖို့အရေးကို စိတ်မဝင်စားဘူးဆိုတာ ပေါ်ပေါ်ထင်ထင်ကြီး ပြသနေတာကြောင့် သူ အကြီးအကျယ် စိတ်တိုပြီး ဒေါသထွက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စမှာ တကယ်လို့ သူမဆန္ဒရှိလို့ ကူညီမယ်ဆိုရင် အများကြီး ဆထက်ထမ်းပိုး တိုးပြီး အကူအညီရနိုင်တယ်ဆိုတာ ဟယ်ရီ သိနေလို့ပဲ ဖြစ်ပါတယ်။

“ဒီမှာကြည့်စမ်း” သူကရှေ့ကို ကိုယ်ကိုနည်းနည်းကိုင်းပြီး ဟာမီယွန်ခုလေးတင် စာပို့ဇီးကွက်ကြီး တစ်ကောင်ဆီက ယူထားလိုက်တဲ့ တမန်တော် နေ့စဉ်သတင်းစာကို သူမ မဖွင့်နိုင်အောင်နဲ့ သတင်းစာနဲ့ကွယ်ပြီး သူမပျောက်မနေအောင် အဲဒီသတင်းစာကို လက်တစ်ဖက်နဲ့ ဖိထားရင်း ခပ်တိုးတိုး ပြောလိုက်တယ်။

“ငါ ပက်ကျိချိုအကြောင်းကို မေ့မထားပါဘူး၊ ဒါပေမဲ့ သူ့ဆီက အဲဒီမှတ်ဉာဏ်ကိုရဖို့၊ ငါ့ဦးနှောက်တွေ လိုင်းထတွန့်လိပ်လာတဲ့အထိ စဉ်းစားတာတောင် ဘာသဲလွန်စ၊ ဘာနည်းလမ်းမှ မရဘဲ ဖြစ်နေတယ်လေ၊ ကဲ–ဒီတော့ မော်လ်ဖွိုင်း ဘာတွေလုပ်နေသလဲဆိုတာ သိအောင်မလုပ်ရင် ငါက တခြား ဘာလုပ်ရမှာလဲ”

“နင့်ကို ငါပြောပြီးပြီ မဟုတ်လားဟဲ့၊ နင် ပက်ကျိချိုကို စည်းရုံးသိမ်းသွင်းရမယ်လေ” ဟာမီယွန်က ပြန်ပြောတယ်။ “ဒါဟာ သူ့ကို လှည့်စားရမယ့် ဒါမှမဟုတ် ပြုစားရမယ့် ပြဿနာ မဟုတ်သလို၊ ဒမ်းဘဲလ်ဒိုးအနေနဲ့ တစ်စက္ကန့်နဲ့ ပြီးအောင်လုပ်နိုင်တဲ့ ကိစ္စလည်း မဟုတ်ဘူး။ ဒီတော့ ဣစ္ဆာသယအခန်းကြီးရဲ့ အပြင်ဘက်မှာ ဟိုယောင်ယောင် ဒီယောင်ယောင် ဟိုလိုဒီလိုတွေလုပ်ပြီး အချိန်ဖြုန်းနေမယ့်အစား.....” ဒီနေရာမှာ ဟာမီယွန် စကားမဆက်သေးဘဲ ဟယ်ရီရဲ့ လက်အောက်က တမန်တော် နေ့စဉ်သတင်းစာကို ဖျတ်ခနဲ ဆွဲယူဖွင့်ပြီး သတင်းစာရှေ့မျက်နှာဖုံး စာမျက်နှာကို ကြည့်နေရင်းနဲ့မှ ဆက်ပြီး “နင် ပက်ကျိချိုဆီ ထပ်သွား၊ ပြီးတော့ သူ စိတ်ပြောင်းလာအောင်ပဲ စလုပ်သင့်ပါတယ်ဟာ”လို့ ပြောလိုက်တယ်။

www.burmeseclassic.com

"တို့နဲ့သိတဲ့အထဲက တစ်ယောက်ယောက် အကြောင်းပါလား" ဟာမီယွန်က သတင်းစာထဲက သတင်းခေါင်းစဉ်တွေကို ပြူးတူးပြဲတဲ စေ့စေ့စပ်စပ် လိုက်ကြည့်နေလို့ ရွှန်က ကြားဖြတ်ဝင်မေးလိုက်တာပဲ။

"အေး ပါတယ်" ဟာမီယွန်က ခုလိုဖြေလိုက်တော့ ဟယ်ရီရော ရွှန်ပါ သူတို့ နံနက်စာကို ဆက်မစားနိုင်သေးဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ဟာမီယွန်က ဆက်ပြောတယ်။ "မန်းဒန်းဂတ်စ်အကြောင်းဟဲ့။ ဒါပေမဲ့ သူမသေပါဘူး၊ သူအဖမ်းခံရပြီး သူ့ကို အက်ဇ်ကာဘန် အကျဉ်းထောင်ကို ပို့လိုက်တယ်။ သူက ဖောက်ထွင်းမှုတစ်ခု ကျူးလွန်ဖို့ ကြိုးပမ်းနေစဉ် မတော်တရော် အတုအပ ပြုလုပ်ခဲ့တာပဲ။ ပြီးတော့ အောက်တာဗီးယတ်စ်ပက်ပါလို့ ခေါ်တဲ့ လူတစ်ယောက်လည်း ပျောက်နေတယ်။ အိုး တော်တော် ကြောက်စရာကောင်းတာပဲဟဲ့။ ဒါတင်မကဘူး။ သူရဲ့ အဘိုး အဘွားတွေကို သတ်ဖို့ ကြိုးစားတဲ့ အသက် ၁၉နှစ်အရွယ် ကောင်လေးတစ်ယောက်ကိုလည်း ဖမ်းထားတယ်။ သူတို့က ဒီကောင်လေးဟာ 'စေလိုရာစေ လိပ်ပြာနှုတ် ဖုတ်ဝင်ကျိန်စာ'နဲ့ ပြုစားခံထားရတယ်လို့ ယူဆနေတယ်"

နောက်တော့လည်း သူတို့တွေ တိတ်တိတ်ဆိတ်ဆိတ်နဲ့ နံနက်စာကို လက်စသတ်လိုက်ကြတယ်။ ဟာမီယွန်က "ရှေးဟောင်းမှော်စာ"ဘာသာရပ် သင်ခန်းစာတက်ဖို့ ချက်ချင်း သုတ်သုတ်ပျာပျာ ထွက်သွားသလို၊ ရွှန်လည်း သူ လက်စသတ်ဖို့ ကျန်နေတဲ့ စနိပ်ရဲ့ စိတ်ရှုံးပေါက်စုန်းများအကြောင်း စာစီစာကုံးအတွက် ကျောင်းသားများ နားနေခန်း ထွက်သွားပြီး၊ ဟယ်ရီကတော့ သတ္တမထပ်စင်္ကြံက မှင်စာကလေးတွေကို ဘဲလေးသင်ကြားနေတဲ့ ဘာနာဘတ်စ်ပုံ အူကြောင်ကြောင် ဂုန္တန်ထိုး ပန်းချီကားကြီးရှိရာ နံရံအဝိုင်းဆီကို တက်လာခဲ့တယ်။

ဟယ်ရီ သူ့ရဲ့ကိုယ်ပျောက်ဝတ်ရုံကို ကပျာကယာ ဝတ်လိုက်အပြီးမှာ၊ တစ်ခါက သူတွေ့ထားခဲ့တဲ့ လူရှင်းနေတဲ့ လူသွားလမ်းကလေးကို ရောက်လာခဲ့တယ်။ သူ့စိတ်ထဲမှာ ဘာအနှောင့်အယှက်မှ မဖြစ်ဘူး။ သူသွားတဲ့နေရာကို ရောက်တော့ ဒီမှာ လုံးလုံးလျားလျား လူသူကင်းမဲ့ပြီး ရှင်းနေတယ်။ ဟယ်ရီက အခန်းထဲမှာ ဒါမှမဟုတ် အပြင်မှာ ရှိနေနိုင်တဲ့မော်လ်ဖွိုင်းကြောင့် အခန်းထဲကို သူဝင်နိုင်မယ့် အခွင့်အလမ်း အဆင်ပြေပါ့မလားဆိုတာ မသေမချာ ဖြစ်နေတယ်။ ဒါပေမဲ့ သူ့ရဲ့ ဒီပထမဆုံးအကြိမ် ကြိုးပမ်းမှုဟာ အနည်းဆုံး အသက် ၁၁နှစ်အရွယ် မိန်းကလေးတစ်ယောက်အဖြစ် အယောင်ဆောင် ရုပ်ပြောင်းရုပ်လွှဲ ဖန်ဆင်းထားမယ့် ကရက်ဘီ ဒါမှမဟုတ် ဂွိုင်းလ်တို့ တစ်ယောက်ယောက်ကြောင့် ရှုပ်ရှုပ်ထွေးထွေးနဲ့ အခက်အခဲ ဖြစ်သွားစရာ မရှိတာတော့ အမှန်ပဲ။

သူက မမြင်နိုင်အောင် တံခါးဝှက်နဲ့ လုပ်ထားတဲ့ ဣစ္ဆာသယအခန်းကြီးရဲ့ တံခါးဆီကို ကပ်သွားချိန်မှာ သူ့မျက်လုံးတွေ မှိတ်ထားလိုက်တယ်။ သူဘာလုပ်ရမယ်ဆိုတာကို သူသိတယ်။ သူက နောက်ဆုံးနှစ်မှာ အပြောင်မြောက်ဆုံး ကျောင်းသား တစ်ယောက် ဖြစ်ခဲ့တာပဲ။ သူ့ရဲ့ ရှိသမျှ ခွန်အားတွေကို စုစည်းလိုက်ပြီး စိတ်ထဲက ဆိုနေတယ်။ "ငါဟာ ဒီအခန်းထဲမှာ မော်လ်ဖွိုင်း ဘာလုပ်နေတယ်ဆိုတာ သိဖို့လိုတယ်-ငါဟာ ဒီအခန်းထဲမှာ မော်လ်ဖွိုင်း ဘာလုပ်နေတယ်ဆိုတာ သိဖို့လိုတယ်"

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို စိတ်ထဲက သုံးကြိမ်သုံးခါဆိုပြီး တံခါးရှေ့မှာ သုံးခေါက်ဖြတ်လျှောက်ပြီးတဲ့ အချိန်မှာ စိတ်လှုပ်ရှားလွန်းလို့ သူ့ရင်တွေ တဒုန်းဒုန်း ခုန်နေရင်းနဲ့ပဲ သူ့မျက်စိတွေကို ဖွင့်လိုက်ပြီး တံခါးကို သူမျက်နှာမူလိုက်တယ်။

ဒါပေမဲ့ သူဟာ ဘာမှမထူးခြားဘဲ သာမန် နံရံကွက်လပ် မျက်နှာပြင် အပြန့်ကြီးကို ကြည့်နေရဆဲ ဖြစ်ပြီး တံခါးက ပွင့်မလာဘူး။ ဒါနဲ့ သူရှေ့ကို တိုးတိုးသွားပြီး အားကုန်တွန်းဖွင့်လိုက်တယ်။ ဒါနဲ့လည်း ကျောက်တုံးကြီးက သူ့နေရာမှာ လုံးဝမရွေ့သေးဘဲ ခိုင်မြဲခိုင်နေပြီး အရေးမလုပ်သလို ဖြစ်နေပြန်တယ်။

"အေး၊ ဟုတ်ပြီ" ဟယ်ရီက အကျယ်ကြီး ပြောလိုက်တယ်။ "အေး ဟုတ်ပါပြီ၊ ဒါ ငါ စဉ်းစားတာ တလွဲဖြစ်နေလို့ ဖြစ်မှာပဲ"

သူ ခဏလောက်ကြာအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ တွေးနေတယ်။ ပြီးတော့ တစ်ကြိမ် ထပ်တွန်းပြန်တယ်။ ဒီတစ်ခါတော့ သူကမျက်စိကို စုံမှိတ်လိုက်ပြီး ရှိသမျှ အားကုန်စိုက် အပြင်းအထန် တွန်းပစ်လိုက်တာပဲ။

"မော်လ်ဖွိုင်း လျှို့ဝှက်တိတ်တိတ်ကလေး လုပ်နေတဲ့အရာကို ငါမြင်ရဖို့လိုတယ်၊ မော်လ်ဖွိုင်း လျှို့ဝှက်တိတ်တိတ်ကလေး လုပ်နေတဲ့အရာကို ငါမြင်ရဖို့လိုတယ်"

သူစိတ်ထဲကဆိုရင်း တံခါးရှိမယ့် နေရာကို နောက်ထပ် သုံးခါ ဖြတ်လျှောက်ပြီး၊ တံခါးဖွင့်လာလေမလားလို့ မျှော်လင့်တကြီး ကြည့်လိုက်ပြန်တော့လည်း အဲဒီမှာဝင်စရာ ဘာတံခါးတစ်ပေါက်မှ ပေါ်မလာဘဲ ရှိနေပြန်တယ်။

"အိုး..............ဒီတံခါးပေါက်ကလည်း ပေါ်လာစမ်းပါတော့ကွာ၊ ဒီမှာ ဒါ ငါ ရှင်းရှင်းလင်းလင်း အမိန့်ပေးညွှန်ကြားနေတယ်နော် ဟုတ်ပြီလား"

နောက်ထပ်တစ်ကြိမ် သူထပ်မလျှောက်ခင် အချိန် မိနစ်အတော်ကြာအောင် အပြင်းအထန် အကြံထုတ်နေတယ်။

"ဟဲ့-ဒီနေရာ၊ ငါက မင်းကို ဒရာကို မော်လ်ဖွိုင်းအတွက် ဖြစ်နေတဲ့နေရာအဖြစ် အလိုရှိနေတာကွ" ဒီတစ်ခါတော့ သူက သူ့မျက်စိတွေကို မဖွင့်တော့ဘဲ နားနဲ့ပဲ အသံကို နားထောင်ပြီး စောင့်ကြည့်နေတယ်။ နောက် သူ့နားထဲမှာ တံခါးတစ်ခု ပေါ်လာသံလိုမျိုး ကြားလိုက်ရသလို ဖြစ်သွားပေမဲ့ အမှန်တော့ သူဘာမှ မကြားရပါဘူး။ ဒီလိုနဲ့ အပြင်ဘက်မှာ ငှက်ကလေးတွေ တီတီတာတာ တွတ်ထိုးသံတွေသာ ထွက်လာရော ဘာမှ ထူးခြားမလာလို့ သူ့မျက်စိတွေကို ပြန်ဖွင့်လိုက်တယ်။

နံရံမှာ ခုထိ ဘာတံခါးမှ မရှိဘဲ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ဟယ်ရီက ဆဲဆိုပစ်လိုက်မိတယ်။ ဒီမှာတင် တစ်စုံတစ်ယောက်ရဲ့ ဟားတိုက်ရယ်မောသံတွေ ပေါ်ထွက်လာပြီး၊ သူလှည့်ကြည့်လိုက်တော့ ပထမနှစ် ကျောင်းသားတစ်စု ပြန်လှည့်ပြေးသွားပြီး အချိုးအကွေ့ ထောင့်တစ်နေရာမှာ ပျောက်ကွယ်သွားတာကို တွေ့လိုက်ရတယ်။ ကြည့်ရတာ သူတို့တွေဟာ အယုတ္တအနတ္တတွေ့ကရာ ရှစ်သောင်းတွေ လျှောက်ပြောပြီး သူ့ကို သိက္ခာချမယ့် သတ္တဝါလေးတွေ ဖြစ်နေတယ်။

ဟယ်ရီလည်း မထူးတော့တဲ့အတွက် စကားလုံး အနေအထားရော အသံပါ တစ်မျိုးပြောင်းပြီး အခန်းကြီးရဲ့ နံရံကို အော်ပြောလိုက်ပြန်တယ်။ "ဒရာကို မော်လ်ဖွိုင်း မင်း အထဲမှာ ဘာလုပ်နေတယ်ဆိုတာ ငါသိဖို့လိုတယ်ကွ"

တစ်နာရီလောက်ကြာအောင် သူဒီလိုပဲ ပြောနေပြီး နောက်ဆုံးမှာ ဟာမီယွန် ပြောတာ ဟုတ်နေတယ်လို့ သူဝန်ခံရတော့မလို ဖြစ်လာတယ်။ အခန်းကြီးက သူ့ကို ဖွင့်မပေးချင်တာ တော်တော်ရှင်းနေတယ်။

စိတ်ထဲမှာ မချင့်မရဲနဲ့ အနှောင့်အယှက်ဖြစ်ရင်း လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း ဘာသာရပ် သင်ခန်းစာတက်ဖို့ ကိုယ်ပျောက်ဝတ်ရုံကို ချွတ်၊ သူ့အိတ်ထဲကို ထည့်ပြီး အဲဒီနေရာက သူပြန်ထွက်လာခဲ့ရတယ်။

"မင်း နောက်ကျပြန်ပြီ ပေါ်တာတဲ့၊ ဂရိုင်ဖင်ဒေါ ကျောင်းသားအုပ်စုထဲက ၁၀မှတ် နုတ်တယ်ဟေ့"

ဖယောင်းတိုင်မီးတွေ ထွန်းထားတဲ့ စာသင်ခန်းထဲကို သူ ကတိုက်ကရိုက် ဝင်သွားနေတုန်း စနိပ်က ခပ်အေးအေးပဲ ပြောလိုက်တယ်။ ဟယ်ရီက စနိပ်ကို မျက်နှာရှစ်ခေါက်ချိုးနဲ့ ပြန်ကြည့်ရင်း ရွန့်ဘေးက နေရာမှာ ဝင်ထိုင်တယ်။ စာသင်ခန်းထဲက ကျောင်းသား တစ်ဝက်လောက်လည်း မိုးတိုးမတ်တတ်ပဲ ရှိနေသေးပြီး၊ သူတို့ရဲ့ စာအုပ်တွေကို ဆွဲထုတ်၊ ပစ္စည်းမစ္စယတွေကို ထုတ်ပြင်ဆင်နေဆဲ ဖြစ်တာမို့၊ သူအဲဒီကျောင်းသားတွေထက် ထူးထူးထွေထွေ သိပ်နောက်ကျတာ မဟုတ်မှန်း သူသိနေတယ်။

"ကဲ-သင်ခန်းစာ မစခင် မင်းတို့ရဲ့ စိတ်ရူးပေါက် စုန်းတွေအကြောင်း စာစီစာကုံးတွေ ငါအရင် လိုချင်တယ်"စနိပ်ကပြောရာမှာ သူ့ဆေးကြိမ်လုံးကို အမူမဲ့ အမှတ်မဲ့ ဝေ့ယမ်းပြောဆိုလိုက်တဲ့အတွက် ကျောင်းသားတွေရဲ့ ပုရပိုဒ်စာလိပ် ၁၅ခု လေထဲကို ပျံတက်သွားပြီးမှ သူ့စားပွဲပေါ်သွားစုကျပြီး သေသေသပ်သပ် အပုံလိုက်ကလေး တစ်ခု ဖြစ်နေတယ်။ သူက ဆက်ပြောတယ်။ "ငါ့အနေနဲ့ မင်းတို့ရဲ့ ရေးသားချက်တွေဟာ အရည်မရ အဖတ်မရ ပေါက်ကရရေးဖွဲ့ တာထက်သာလွန်ပြီး "စေလိုရာစေ လိပ်ပြာနုတ် ဖုတ်ဝင်ကျိန်စာ"ကို ခုခံကာကွယ်ရာမှာ ခံနိုင်ရည်ရှိလောက်အောင် ကောင်းနေလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"တဲ့။ ပြီးတော့ သူက "မင်းတို့ အားလုံး စာအုပ်တွေထုတ်ပြီး ဟိုစာမျက်နှာကို လှန်လိုက်"လို့ ပြောကာရှိသေးတယ်။ တစ်နေရာက လှုပ်လှုပ်ရွရွ ဖြစ်သွားတဲ့ သူ တစ်ယောက်ကြောင့် သူ ဆက်မေးလိုက်တယ်။ "အဲဒါ ဘာလဲ မစ္စတာ ဖင်နီဂန်"

ဒီမှာတင် ဆီးမတ်စ်က ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာခင်ဗျား၊ ကျွန်တော် ဇဝေဇဝါ ဖြစ်နေတာကလေးတွေ မေးချင်လို့ပါ။ အဲဒါက အင်ဖားရီးယတ်စ်ဆိုတဲ့ အောက်လမ်းစုန်းနဲ့ တစ္ဆေတစ်ကောင်ရဲ့ မတူတဲ့ ခြားနားချက်နဲ့ ပတ်သက်ပြီး ဆရာတို့ ဘယ်လိုပြောကြပါသလဲ ဆရာ"

"မရှိပါဘူး၊ အဲဒီလိုမျိုး မရှိပါဘူး" စနိပ်က စိတ်ကုန်သွားတဲ့ အသံနဲ့ ပြောလိုက်တယ်။

"ဒါပေမဲ့ ဆရာ လူတွေပြောတာ ကျွန်တော်ကြားတာကတော့....."

"ဒီမှာ မစ္စတာ ဖင်နီဂန်။ မင်းအနေနဲ့ မရေမရာ စဉ်းစားစရာ ဒီဆောင်းပါးကို တကယ်ပဲ ဖတ်မိထားတယ်ဆိုရင်၊ အဲဒီ အင်ဖားရီးယတ်စ်လို့ ခေါ်တဲ့ အောက်လမ်းစုန်းဆိုတာ ဘာမှမဟုတ်ဘဲ မန်းဒန်းဂတ်ဖလက်ချာလို့ နာမည်ပေးထားတဲ့ နံနံစော်စော်နဲ့ ခိုးကြောင်ခိုးဝှက်နဲ့ အလစ်သုတ်တတ်တဲ့ သူခိုးတစ်ယောက်ပဲဆိုတာ မင်းသိပြီးသား ဖြစ်ရမှာပေါ့"

"စနိပ်နဲ့ မန်းဒန်းဂတ်စ်ဟာ တစ်ဂိုဏ်းတည်း၊ အဲ-တစ်စားတည်း ဖြစ်မယ်လို့ ငါထင်တယ်ကွ"ဟယ်ရီက ရွန်နဲ့ ဟာမီယွန်ကို အသာကလေး ပြောလိုက်တယ်။ "မန်းဒန်းဂတ်စ် အဖမ်းခံရတဲ့ ကိစ္စမှာ သူ စိတ်မချမ်းမသာ မဖြစ်သင့်ဘူးလား၊ ခုတော့ကွာ........." ဟယ်ရီက ဆက်ရေရွတ်နေတယ်။

"ဒါပေမဲ့ ပေါ်တာကိုကြည့်ရတာ ဒီဘာသာရပ်နဲ့ ပတ်သက်ပြီး ပြောစရာတွေ တစ်ပုံကြီး ရှိနေသလိုပဲ" စနိပ်က ဗြုန်းစားကြီး စာသင်ခန်းရဲ့ နောက်ဘက်ပိုင်းကို လက်ညှိုးထိုးပြီး ပြောလိုက်တယ်။ သူ့မျက်လုံးတွေက ဟယ်ရီ့ကို ကြည့်နေတယ်။ "ကဲ-တို့တွေ အင်ဖားရီးယတ်စ် အောက်လမ်းစုန်းနဲ့ တစ္ဆေတစ်ကောင်နဲ့ ဘယ်လို ခြားနားတယ်ဆိုတာ ပေါ်တာကို မေးကြည့်ရအောင်"

ဒမ်ဘဲလ်ဒိုးနဲ့ သူ ပက်ကျိချိုဆီ သွားလည်တဲ့ညက ဒမ်ဘဲလ်ဒိုး သူ့ကို ပြောပြထားတာကို ကမန်းကတန်း ပြန်မှတ်မိအောင် ကြိုးစားပြီး ပြန်စဉ်းစားနေတဲ့ ဟယ်ရီကို တစ်ခန်းလုံးက ချာခနဲ လှည့်ကြည့်လိုက်ကြတယ်။

"အဲ... ကောင်းပါပြီ။တစ္ဆေတွေဟာ ရှင်းပါတယ်၊ သူတို့ကို ဖောက်ထွင်းပြီး မြင်နိုင်တယ်။ သံသယ ဖြစ်စရာ မရှိဘူး" သူက စပြောလိုက်တယ်။

"အို တော်လှချည်လား ကောင်းတယ်ကွာ" စနိပ်က နှုတ်ခမ်းကို မဲ့ထားရင်း "ဟုတ်တယ်၊ ဆဌမနှစ် မှော်ပညာသင်ထားတဲ့ ကျောင်းသားတစ်ယောက် ဖြစ်တဲ့ မင်းအတွက် အချိန် ဖြုန်းစရာမရှိဘူး၊ တစ္ဆေဆိုတာ ဖောက်ထွင်းပြီး မြင်နိုင်တယ်"

ပန်စီပါကင်ဆန်က အသံထွက်အောင် တခစ်ခစ် ရယ်လိုက်တယ်။ ကျန်တဲ့ ကျောင်းသားတွေ အတော်များများကလည်း လှောင်ပြုံးပြုံးနေကြတယ်။ ဟယ်ရီက အသက်ပြင်းပြင်း တစ်ချက်ရှိုက်ရှူလိုက်ပြီးမှ အေးအေးဆေးဆေးပဲ ဘာမှမဖြစ်သလို ဆက်ပြောတယ်။ သူ့ရင်ထဲမှာတော့ ဗလောင်ဆူပွက်နေပြီ။ "ဟုတ်ကဲ့.... တစ္ဆေတွေဟာ ဖောက်ထွင်းပြီး မြင်နိုင်တယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

အင်ဖားရီးယတ်စ်တွေကတော့ သေနေတဲ့ အလောင်းတွေဖြစ်တယ်။ သူတို့က ထုထည်ရှိပြီး တောင့်တောင့်မာမာကြီး ဖြစ်နေတယ်”

“ဒီလောက်တော့ ငါးနှစ်သားကလေးငယ် တစ်ယောက်ကတောင် ငါတို့ကို ပြောပြနိုင်တာပေါ့”စနိပ်က အထင်သေးတဲ့ အသံနဲ့ လှောင်လိုက်တယ်။

“အင်ဖားရီးယတ်စ်ဆိုတာ အလောင်းကောင်တစ်ကောင်ပဲ။ ဒါပေမဲ့ အောက်လမ်းမှော်ဆရာ တစ်ယောက်ယောက် ဂါထာ စုပ်ပြီး အသက်ပြန်သွင်းထားလို့ ဖုတ်လို အသက်ဝင်နေတဲ့ အလောင်းကောင်။ ဒါပေမဲ့ သူ့မှာ အသက်မရှိဘူး။ သူက အသက်ရှင်နေတာ မဟုတ်ဘူး။

မှော်ဆရာခိုင်းသမျှ အမိန့်အတိုင်း လိုက်လုပ်ရတဲ့ ရုပ်သေးရုပ်တစ်ရုပ်လောက်ပဲ သက်သက်သုံးလို့ရတယ်။ အေး–တစ္ဆေတစ်ကောင်ကတော့ ခုလောက်ဆို မင်းတို့လည်း သဘောပေါက်လိမ့်မယ်။ ငါယုံကြည်ထားတာ တစ္ဆေဟာ စွန့်ခွာသွားတဲ့ နာမ်ဝိညာဉ်က ကမ္ဘာမြေပေါ်မှာ ချန်ထားရစ်ခဲ့တဲ့ အရိပ်ရောင် ထင်ကျန်နေမှုပဲ။ တစ်ခုတော့ရှိတယ်။ အဲဒါဟာ ဟယ်ရီပေါ်တာ ပညာသားပါပါနဲ့ တို့ကို ပြောသလို ဖောက်ထွင်းမြင်နိုင်တယ်”

“ဟုတ်ပါပြီ၊ ဟယ်ရီပြောတာဟာ ကျွန်တော်တို့အတွက် အသုံးဝင်ဆုံး စကားတွေပါ။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ ဒါကို သတ်သတ်ပြောမယ်ဆိုရင် မှောင်မိုက်တဲ့ လမ်းကြိုလမ်းကြားအတိုင်း လျှောက်လာရင်း အဲဒီကလေကဝ သွားနေတဲ့ အကောင်တစ်ကောင်နဲ့ ကျွန်တော်တို့ မျက်နှာချင်းဆိုင် တွေ့ပြီဆိုပါတော့။ ကျွန်တော်တို့က အဲဒါ ဖောက်ထွင်းမြင်ရတဲ့ အကောင်လား၊ ‘ကျေးဇူးပြုပြီးတော့ခင်ဗျာ ခင်ဗျားဟာ ဝိညာဉ်က ပစ်သွားတဲ့ မာတောင့်တောင့် အလောင်းကောင်လား ဘာလား’ကျွန်တော်တို့ မေးနေခွင့်ရမှာ မို့လို့လား”လို့ ရွန်က ပြောတယ်။

ဒီမှာတင် စာသင်ခန်းတစ်ခန်းလုံး တစ်သိမ့်သိမ့် ရယ်သံတွေ လှိုင်းခတ်သွားပြီးမှ ချက်ချင်းလိုလို စနိပ်ရဲ့ အကြည့်ကြောင့် အားလုံး ငြိမ်ကျသွားတယ်။

တစ်ဆက်တည်းမှာပဲ “ဂရ္ဂုန်ဒိုသရာဇာကျောင်းသား အဖွဲ့ကို ၁ဝမှတ် လျှော့လိုက်တယ်”ဆိုတဲ့ စနိပ်ရဲ့ အသံထွက်လာတယ်။ “မင်းတို့ဆီက အံ့တို နောကျေနေတဲ့ အကြောင်းတွေ ဘာမှ မကြားရဖို့ ငါမျှော်လင့်နေတယ် ရော်နယ်ဝက်စလေ။ ဒီသူငယ်က သိပ်မာတောင့်တယ်။ ဒါကြောင့် သူဟာ အခန်းတစ်ခန်းလုံးမှာ လက်မဝက်လောက်ကိုတောင် ကိုယ်ယောင်ဖျောက်မထားနိုင်တာပဲ”လို့လည်း စနိပ်က ဆက်ပြောလိုက်တယ်။

“မပြောနဲ့”ဒေါသတကြီး ပြန်ပြောပစ်လိုက်ဖို့ ပါးစပ်ဟဖို့ ပြင်လိုက်တဲ့ ဟယ်ရီရဲ့ လက်မောင်းကို ဖမ်းဆွဲလိုက်ရင်း ဟာမီယွန်က ပြောလိုက်တယ်။ “ခုဒီမှာ နင်ပြောစရာ အကွက် မရှိဘူး။ နောက်ထပ် နင်ကျောင်းမဆင်းရဘဲ ခြေချုပ်မိတာနဲ့ ထပ်တိုးနေဦးမယ်၊ ဒီကိစ္စ ဒီမှာ ထားလိုက်တော့ ဟုတ်လား”သူမက ဟယ်ရီ့ကို ဖျောင်းဖျနေတယ်။

www.burmeseclassic.com

"ကဲ–ခု မင်းတို့ရဲ့ စာအုပ် စာမျက်နှာ နှစ်ရာတစ်ဆယ့်သုံးကို ဖွင့်လိုက်ကြပါ။ ဟုတ်ပြီ၊ ပြီးရင် 'တိကျပြင်းထန် အတိမ်းအစောင်းမခံ ကျိန်စာ'လို့ ရေးထားတဲ့ အပေါ် ပထမနှစ်ပိုဒ်ကို ဖတ်ကြပါ" စနိပ်က မသိမသာ သရော်ပြုံးလေးပြုံးထားရင်း ပြောလိုက်တယ်။

ရွှန်က တစ်ခန်းလုံးမှာ ငြိမ်ချက်သား အကောင်းဆုံး ဖြစ်နေတယ်။ သင်ခန်းစာချိန် ပြီးဆုံးသွားလို့ ခေါင်းလောင်းထိုးတော့ လာဗင်ဒါက အလစ်ဝင်လာပြီး ရွှန်နဲ့ ဟယ်ရီကို အမိအရ လာရောပြီး (ဟာမီယွန်ကတော့ သူမကကပ်လာတာကို မြင်ရကတည်းက ဘယ်လို ဘယ်လို ပျောက်သွားလဲ မသိတော့ဘူး) ရွှန်ရဲ့ နာမ်ရုပ်သွင် ကိုယ်ထင်ပြပုံနဲ့ ပတ်သက်လို့ သရော်လှော်ပြုံး နဲ့ ပြောဆိုတာကို မကျေမနပ်ဖြစ်ပြီး အမနာပစကားတွေနဲ့ ဗျစ်တောက်ဗျစ်တောက် လုပ်နေတယ်။ ဒါပေမဲ့ သူမရဲ့ အပြုအမူက ရွှန့်ကို အနေရခက်အောင် လုပ်သလိုပဲ ဖြစ်နေလို့ ရွှန်က ရှုန်းထွက်ပြီး ကွေ့ပတ်ရှောင်ပြေးရင်း ဟယ်ရီနဲ့ နှစ်ယောက်အတူ ယောကျ်ားလေး အိမ်သာထဲသို့ ဝင်သွားကြတယ်။

"ဘာပဲဖြစ်ဖြစ် စနိပ်ပြောတာ မှန်တယ်ကွ။ ဟုတ်တယ် မဟုတ်လား" ရွှန်က အက်နေတဲ့ မှန်တစ်ချပ်ထဲကို တစ်မိနစ် နှစ်မိနစ်လောက် ကြာအောင် စိုက်ကြည့်နေရင်း ပြောလိုက်တယ်။ "ပြီးတော့ သူပြောတာ ငါ့အတွက် စမ်းသပ်တဲ့နေရာမှာ တန်ဖိုးရှိမလား ဘာလား ငါမသိဘူး။ လောလောဆယ်တော့ ငါက နာမ်ရုပ်သွင် ကိုယ်ထင်ပြမှု လေ့ကျင့်ရာမှာ တွဲလောင်းချတာကို လုပ်လို့ကို မရနိုင်ဘူးကွာ"

"မင်းအနေနဲ့ ဟော့ဂ်စ်မိဒ်မှာ အချိန်ပိုလေ့ကျင့်ခန်းဆင်းပြီး လေ့ကျင့်နိုင်တာပဲကွ။ ပြီးတော့ သူတို့လည်း ဘယ်မှာ လုပ်လဲဆိုတာ ကြည့်ပေါ့"ဟယ်ရီက အကျိုးအကြောင်းသင့် ပြောပြတယ်။ "အဲဒါကမှ ဟိုအသုံးမကျတဲ့ သစ်သားခွေကြီးနဲ့ လုပ်တာထက်စာရင် ပိုစိတ်ဝင်စားဖို့ ကောင်းသေးတယ်။ ပြီးတော့ အဲဒါ မင်းစိတ်ကြိုက် အချိန်ကျမှ လုပ်ရင်လည်း ရတာပဲလေ။ မင်းအစစ်ခံရမယ့် အချိန်ကို ရွှေ့လိုက်ရင်ပြီးတာပဲ၊ ငါနဲ့ကျမှ ဖြေပေါ့။ ဟဲ့ ဟဲ့ မီယာတဲလ် ဒါ ယောကျ်ားလေး သန့်စင်ခန်းဟဲ့"

ဟယ်ရီကပြောနေရင်း တစ္ဆေမလေး တစ်ကောင် သူတို့နောက်မှ ရှိနေတဲ့ ရေအိမ် ခန်းကလေးတစ်ခန်းထဲက ထွက်လာလို့ ပြောလိုက်တာပဲ။ တစ္ဆေမလေးက သူမရဲ့ အဖြူရောင် မျက်မှန်ထူထူဝိုင်းဝိုင်းကြီးထဲကနေ သူတို့ကို စိုက်ကြည့်ရင်း လေထဲမှာ သူမရဲ့ ကိုယ်ကို မျှောဖော့ထားတယ်။

"အိုး... လက်စသတ်တော့ ရှင်တို့နှစ်ယောက်ကိုး" သူမက မှိုင်တွေတွေငေးကြည့်ရင်း ပြောလိုက်တယ်။

"မင်းက ဘယ်သူတွေလို့ ထင်နေလို့လဲ" ရွှန်က သူမကို မှန်ထဲက တစ်ဆင့် ပြန်ကြည့်ရင်းမေးလိုက်တယ်။

"ဘယ်သူရယ်လို့ မဟုတ်ပါဘူး" သူမက ကိုယ့်မေးစေ့ကလေးကို ကိုယ်ပြန်တို့လိုက်ရင်း ငူငူငိုင်ငိုင်နဲ့ ပြောနေတယ်။ ပြီးတော့ ဆက်ပြီး "သူကတော့ ပြောခဲ့တာပဲ။ သူပြန်လာပြီး ကျွန်မနဲ့ တွေ့မှာတဲ့။ ဒါပေမဲ့ ရှင်တို့က ဖြုန်းခနဲပေါ်လာပြီး ခုကျွန်မဆီ ရောက်နေပြန်တယ်။ ပြီးတော့ ရှင်တို့ကို ကျွန်မက လပေါင်း လပေါင်းများစွာ မမြင်ခဲ့ဖူးပါဘူး။ ဘာပဲပြောပြော ကျွန်မက ယောကျ်ားလေးတွေဆီက သိပ်ဘာမှ များများစားစား မမျှော်လင့်ဖို့ ကိုယ့်ကိုယ်ကိုယ် သင်ထားပြီးသားပါနော်"တဲ့။ သူမက ဟယ်ရီကို အပြစ်တင်တဲ့ မျက်လုံးနဲ့ ကြည့်ပြီး ပြောနေပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဒါနဲ့ မင်းက အဲဟို မိန်းကလေးရေအိမ် သန့်စင်ခန်းထဲမှာနေတာလို့ ငါထင်တယ်”ခုချိန်မှာ ကျောင်းသားတော်တော် များများကို အိပ်စင်နေရာကျယ်ကျယ် ပေးတတ်တာကို သတိထားမိနေတဲ့ ဟယ်ရီက မေးလိုက်တယ်။

“ဟုတ်တယ် ကျွန်မနေတယ်” သူမက စိတ်ကောက် သုန်မှုန်သလို မျက်နှာထားနဲ့ ပခုံးကို မသိမသာ တစ်ချက် တွန့်လိုက်ပြီး ဖြေတယ်။ ဒါပေမဲ့ ကျွန်မဒီလို ပြောတာဟာ ကျွန်မအနေနဲ့ တခြား ဒီပြင်တစ်နေရာကို သွားလာလည်ပတ်ခွင့် မရှိဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ခုပဲတစ်ကြိမ် ရှင်တို့ ရေအိမ်သန့်စင်ခန်းထဲကို ကျွန်မ တစ်ကြိမ်ရောက်လာပြီဆိုတာကို ရှင်တို့မမေ့နဲ့”

“ဟာ.. ဇွတ်ပေါ်တင်ကြီးပါလား” ဟယ်ရီကပြောလိုက်တယ်။

ဒီမှာတင် တစ္ဆေမလေးက အားကျမခံ ပြန်ပြောပြန်တယ်။ “ဒါပေမဲ့ သူက ကျွန်မကို ကြိုက်တယ်လို့ပဲ ကျွန်မထင်တယ်”သူမက ညည်းညည်းညူညူ လေးလေးတွဲ့တွဲ့နဲ့ စကားဆက်တယ်။ “ရှင်တို့နှစ်ယောက် ထွက်သွားရင်တော့ သူ နောက်တစ်ခေါက် ပြန်ရောက်လာမှာပဲ။ ကျွန်မတို့ နှစ်ယောက်က အများနည်းတူပေါ့။ သိပ်ရင်းနှီးကြတယ်။ ဒါကို သူ သတိရမယ်ဆိုတာ ကျွန်မ သေချာပါတယ်”

ပြီးတော့ သူမဟာ တကယ်ပဲ တံခါးကို မျှော်တလင့်လင့်နဲ့ ငေးကြည့်နေတယ်။

“ဒါနဲ့ မင်းခုနပြောခဲ့တယ်နော်၊ မင်းတို့နှစ်ယောက်က အများနည်းတူပဲ သိပ်ရင်းနှီးမှု ရှိကြတယ်ဆိုတာလေ။ မင်းဆိုလိုတာက သူလည်း မင်းလိုပုံစံမျိုးနဲ့ပဲ နေရတာလား”ရွန်က ဝင်မေးလိုက်တယ်။ သူ့အသံက တစ္ဆေမလေးရဲ့ အပြောအဆိုကို သဘောကျ ပျော်မြူးနေသလို ဖြစ်နေတယ်။

“ဘယ်ကလာ ဟုတ်ရမှာလဲ မဟုတ်ဘူး”မီယာတဲလ်ရဲ့ အသံဟာ မကျေမနပ်နဲ့ အာခံတုံ့ပြန်တဲ့သဘော အပြည့်ပါဝင်နေတဲ့ပြင် ကြွေပြားခင်း ကြွေပြားကပ်ထားတဲ့ ရေအိမ်သန့်စင်ခန်းဟောင်းကြီးရဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ကျယ်ကျယ်လောင်လောင် ပဲ့တင်ရိုက်သွားပါတယ်။ “ကျွန်မပြောချင်တဲ့ သဘောက သူက အရမ်း စိတ်ထိခိုက်လွယ်တယ်။ အကြမ်းမခံဘူး။ ပြီးတော့ ဆတ်ဆတ်ထိမခံတတ်ဘူး။ လူတွေကလည်း သူ့ကို အနိုင်ကျင့်ကြတယ်။ ဒီအတွက် သူတစ်ယောက်တည်း ကျိတ်ခံစားရပြီး ပြောပြရမယ့်လူ တစ်ယောက်မှ မရှိဘူး။ ပြီးတော့ သူက သူ့ခံစားချက်ကို ထုတ်ပြဖို့နဲ့ ငိုပစ်လိုက်ဖို့လည်း မကြောက်တတ်ဘူး”

“ဟင် ယောကျ်ားကလေး လူငယ်ကလေး တစ်ယောက်ဖြစ်ပြီး ငိုတတ်တယ်၊ သူကငိုတယ် ဟုတ်လား” ဟယ်ရီက သိချင်ဇောနဲ့ စပ်စုပြီး မေးလိုက်တယ်။

“အဲဒါတွေ မတွေးပါနဲ့တော့၊ ရှင်နဲ့လည်း မဆိုင်ပါဘူး”မီယာတဲလ်က ပြောလိုက်တယ်။ သူမရဲ့ မျက်ရည်ယိုစိမ့်နေတဲ့ စိုစွတ်စွတ် မျက်စိပေါက်သေးသေးကလေးတွေက ပြုံးစိစိစပ်ဖြဲဖြဲ လုပ်နေတဲ့

www.burmeseclassic.com

ရှွန့်ကိုပဲ စူးစူးစိုက်စိုက် ကြည့်နေတယ်။ "ကျွန်မသူ့ကို ကတိပေးထားလို့ပါ။ ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူးလို့။ ကျွန်မသူ့ရဲ့ လျှို့ဝှက်ချက်ကို ဘယ်အထိ စောင့်စည်းသွားမှာလဲဆိုတော့...."

"သေပြီး သင်္ချိုင်းကုန်းရောက်တဲ့အထိ မဟုတ်တာတော့ သေချာတယ် မဟုတ်လား။ ဟို မိလ္လာပိုက်တွေအထိလောက်တော့ ဖြစ်နိုင်တယ်" ရှွန်ကဝင်ပြီး သရော်လိုက်ပြန်တယ်။

ဒီမှာတင် မီယာတဲလ်က ဒေါသတကြီးနဲ့ အသံရှည်ကြီး တစ်ချက်ကြုံးအော်ပြီး၊ သန့်စင်ခန်းရေကန်ထဲကို နောက်ပြန် ကျွမ်းစိုက်ထိုးချလိုက်တာ ရေတွေ ဘေးဘက်လေးတန်နဲ့ ကြမ်းပြင်ပေါ်ကို လျှံဖိတ်စင်ထွက်ကုန်တယ်။ မီယာတဲလ်ဟာ ရှွန်ကို စိတ်အားအသစ်မွေးဖို့ လုပ်လိုက်သလိုလည်း ဖြစ်သွားတယ်။

"အေး မင်းပြောတာ မှန်တယ်ကွ" ရှွန်က သူ့ရဲ့ ကျောင်းသွားအိတ်ကို သူ့ပခုံးပေါ်တင်လိုက်ပြီး "ငါ စမ်းသပ်ဖို့ မဆုံးဖြတ်ခင် ဟော့ဂ်စ်မိဒ်မှာ အရင်လေ့ကျင့်မယ်ကွာ"လို့ ဆက်ပြောလိုက်တယ်။

ဒီလိုနဲ့ အဲဒီသီတင်းပတ်ကုန်တော့ ရှွန်ဟာ သီတင်းနှစ်ပတ်ကြာအောင် စမ်းသပ်မှုပြုလုပ်ဖို့ အချိန်မီ အသက် ၁၇နှစ်ပြည့်တော့မယ့် ဟာမီယွန်နဲ့အတူ ဆဋ္ဌမနှစ်ရဲ့ ကျန်တဲ့အပိုင်းကို ဆက်တက်ဖြစ်သွားတယ်။ ဟယ်ရီက ရွာထဲကို သွားဖို့ အသင့်ဖြစ်နေတဲ့ သူတို့ကို ကြည့်ရင်း မနာလိုစိတ်ကလေးတောင် ဝင်လာမိပါတယ်။ အဲဒီကိုသွားတဲ့ ခရီးတွေကို သူမလိုက်နိုင်ဘူး။

နောက် အဲဒီနေ့ဟာ သီးသီးသန့်သန့် သာယာလှပနေတဲ့ စပရင်ရာသီလေး တစ်နေ့ ဖြစ်ပါတယ်။ ဟိုးကြာမြင့်စွာက သူတို့ မြင်ခဲ့ရပြီးတဲ့နောက် ပထမဆုံးအကြိမ် ကြည်လင်တဲ့ ကောင်းကင်ပြာကြီးကို သူတို့ ပြန်မြင်လိုက်ရတဲ့နေ့ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ သူ့ရဲ့ အချိန်တွေကို ဣစ္ဆာသယအခန်းကြီးထဲကို နောက်တစ်ကြိမ် ကြိုးစားဝင်ရောက်ဖို့ကိုပဲ အခိုင်အမာ ဆုံးဖြတ်ထားလိုက်တယ်။

"နင် တခြားဟာတွေ လျှောက်လုပ်မနေဘဲ ပက်ကျိချိုရဲ့ ရုံးခန်းကိုပဲ တန်းသွားပြီး သူ့ဆီက မှတ်ဉာဏ်ကို ရဖို့ ကြိုးစားတာဟာ ပိုကောင်းလိမ့်မယ်"ကျောင်း ဆင်ဝင်ခန်းကြီးထဲမှာ သူက သူ့ရဲ့ အစီအစဉ်ကို ရှွန်နဲ့ ဟာမီယွန်ကို အတွင်းစကား အနေနဲ့ ပြောပြတော့ ဟာမီယွန်က ပြောလိုက်တာ ဖြစ်တယ်။

"ငါလည်း ကြိုးစားနေတာပဲဟာ" ဟယ်ရီက ဘုပြန်ပြောလိုက်တယ်။ တကယ်တော့ သူပြောတာကလည်း အမှန်တွေပဲ။ ပက်ကျိချိုနဲ့ အမိအရတွေ့ဆုံဖို့ ကြိုးစားနေတဲ့ အဲဒီသီတင်းပတ်မှာ ပီယဆေးနဲ့ ဣန္ဒြေဇာလဆေးရည်များ ဘာသာရပ် သင်ခန်းစာချိန် ပြီးဆုံးတိုင်း သူနောက်ချန်နေရစ်တယ်။ ဒါပေမဲ့ ဣန္ဒြေဇာလဆေးရည် သင်ကြားတဲ့ ဆရာကြီးဟာ မြေအောက်ခန်းကြီးထဲကနေ သုတ်ချေတင် လစ်သွားတာချည်းပဲ။ ဒီလိုနဲ့ ဟယ်ရီ သူ့ကို ဖမ်းမမိနိုင်ဘဲ ဖြစ်နေတယ်။ ဟယ်ရီ သူ့ရုံးခန်းကို သွားပြီး နှစ်ကြိမ်တိတိ တံခါးခေါက်ကြည့်ခဲ့သေးတယ်။ ဒါပေမဲ့ တစ်ကြိမ်မှ ပြန်မထူးခဲ့ဘူး။ ဒုတိယအကြိမ်မှာတုန်းကဆိုရင် အခန်းထဲက ဓာတ်စက်အိုးကြီးက ထွက်နေတဲ့ အသံတွေကို ကပျာကယာ ပိတ်လိုက်တဲ့ အသံကိုတောင် သူ သေချာပေါက် ကြားခဲ့ရသေးတယ်။

www.burmeseclassic.com

"သူက ငါ့ကို စကားမပြောချင်ဘူးဟ ဟာမီယွန်ရဲ့၊ ငါဟာ သူပိုင်တဲ့ မှတ်ဉာဏ်ကို ရဖို့ ထပ်ကြိုးစားနေတယ်လို့ သူငါ့ကို ပြောပြနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလို ကြိုးစားခွင့်ကို သူက ငါ့ကို ခွင့်ကိုမပြုဘူး"

"ကောင်းပြီလေ၊ နင် အဲဒါကို ရဖို့ လိုနေတယ် မဟုတ်လား၊ ဟုတ်တယ်နော်"

လူတန်းတိုတိုကလေးတစ်ခုက ဖိလ်ချ်ကို ဖြတ်ကျော်လျှောက်သွားဖို့ စောင့်နေတယ်။ သူတို့က ထုံးစံအတိုင်း သူလုပ်နေကျဖြစ်တဲ့ သူ့ရဲ့ လျှို့ဝှက်ချက် အာရုံခံကိရိယာကလေးကို ကလိနေတဲ့ ဖိလ်ချ်ကို ကျော်သွားနိုင်ဖို့ ခြေနှစ်လှမ်းသုံးလှမ်း ရှေ့ကို တိုးလိုက်ကြတယ်။ ဟယ်ရီက ဘာတွေပြောနေမှန်း မသိတဲ့ အစောင့်ရဲ့ ပြောဆိုတာကို နားစွန်နားဖျား ကြားနေရပေမဲ့ ပြန်မဖြေဘဲ နေလိုက်တယ်။ သူက ရွန်နဲ့ ဟာမီယွန် နှစ်ယောက်စလုံးကိုလည်း ကံကောင်းစေချင်တယ်။ ဒီမှာတင်ပဲ သူဟာ လှည့်ထွက်လာပြီး စကျင်ကျောက်သား လှေကားအုံကြီး တစ်ခါထပ်တက်လာလိုက်တယ်။ ဟာမီယွန် ဘာပဲ ပြောနေနေ ဣစ္ဆာသယအခန်းကြီးဆီကို သွားဖို့အတွက် အချိန်တစ်နာရီ ဒါမှမဟုတ် နှစ်နာရီလောက် ရင်းနှီးမြုပ်နှံဖို့ သူ ဆုံးဖြတ်ထားတယ်။

ဆင်ဝင်အခန်းကြီးရဲ့ အကွယ်ကိုလည်း သူရောက်လာရော မရောက်ဒါးရဲ့ မှော်မြေပုံနဲ့ သူ့ရဲ့ ကိုယ်ဖျောက်ဝတ်စုံကို သူ့အိတ်ထဲကနေ ဆွဲထုတ်လိုက်တယ်။ နောက် သူ့ကိုမမြင်ရအောင် ကိုယ်ဖျောက်ဝတ်ရုံနဲ့ ဖုံးကွယ်ထားရင်း မြေပုံကို အသာလေးပုတ်လိုက်ပြီး ခပ်တိုးတိုးလေး ရွတ်ဆိုလိုက်တယ်။

"ကျွန်တော် တည်ကြည်လေးနက်စွာ သစ္စာ ဆိုပါတယ်။ ကျွန်တော်ဟာ ဒီအလုပ်ကို လုပ်ဖို့မကောင်းပေမဲ့လည်း လုပ်ကို လုပ်ဖို့ ကျွန်တော့်မှာ တာဝန်ရှိနေလို့ လုပ်ရတာ ဖြစ်ပါတယ်"

ပြီးတော့ မြေပုံကို သူ စေ့စေ့စပ်စပ် ဂရုတစိုက် ကြည့်လိုက်တယ်။

ခုအချိန်ဟာ တနင်္ဂနွေနေ့ နံနက် ဖြစ်နေပါတယ်။ ဒါကြောင့် ကျောင်းသားအားလုံး လောက်နီးပါးဟာ သူတို့ရဲ့ ဆိုင်ရာဆိုင်ရာ ကျောင်းသားများ နားနေဆောင်တွေထဲမှာ ရှိနေကြတယ်။ ဂရိုဖင်ဒေါ ကျောင်းသား အုပ်စုလည်း ရဲတိုက်မျှော်စင်တစ်ခုထဲမှာ ရောက်နေတယ်။ ကျီးနက်ခြေသည်း အဖွဲ့လည်း တခြားအဆောင်တစ်ခုထဲမှာ။ ဆလီသီရင်တွေကတော့ မြေတိုက်ခန်းတွေထဲမှာ။ ဟတ်ဖဲလ်ပတ်စ်အဖွဲ့လည်း မီးဖိုဆောင်ဘေးနားက မြေအောက်ခန်းထဲမှာ ရောက်နေတယ်။ ဟိုနားဒီနားနဲ့ စာကြည့်တိုက်တစ်ဝိုက်မှာ ဒါမှမဟုတ် စင်္ကြံတစ်ခုပေါ်မှာ အဖော်အသင်းကွဲပြီး လူတစ်ယောက် တောင်ရောက်မြောက်ရောက် လျှောက်သွားနေတယ်။ အပြင်ဘက် မြက်ခင်းထဲမှာလည်း လူအနည်းငယ် ရှိနေတယ်။

နောက် အပေါ် သတ္တမထပ်စင်္ကြံမှာတော့ ဂရီဂိုရီဂွိုင်း တစ်ယောက်တည်း ရောက်နေတယ်။ အဲဒီမှာ ဣစ္ဆာသယအခန်းကြီး ရှိနေတဲ့ အရိပ်လက္ခဏာ မတွေ့ရဘူး။ ဒါပေမဲ့ ဟယ်ရီက အဲဒီအတွက် စိုးရိမ်ပူပန်မှု မရှိဘူး။ တကယ် ဂွိုင်းဟာ အခန်းကြီးရဲ့ အပြင်ဘက်မှာ ရပ်ပြီး စောင့်ကြပ်နေတာဆိုရင် အခန်းက ပွင့်နေမှာပဲ။ မြေပုံက အဲဒီအချက်ကို ဖော်နိုင်ရဲ့လားတော့ မသိဘူး။

www.burmeseclassic.com

ဒါကြောင့်မို့ လေကားပေါ်ကို ဟယ်ရီ တာတို ပြေးသလို သုတ်ခြေတင် တက်သွားတယ်။ စင်္ကြံထဲကိုဝင်မယ့် ထောင့်ချိုးအကွေ့တစ်ခုကိုရောက်မှ သူအရှိန်လျှော့ချလိုက်တယ်။ တစ်ခါ အဲဒီနေရာကပဲ စပြီး သူအရင်တစ်ခါ တွေ့ရသလိုမျိုး ကောင်မလေးငယ်ငယ်လေး တစ်ယောက်ဆီကို ဖြည်းဖြည်းကလေး ခပ်နှေးနှေး ချွတ်နင်းပြီး ချဉ်းကပ်သွားတယ်။ ကောင်မလေးက သူ့ရဲ့ ချိန်ခွင်အလေးကြီးကို ပိုက်ပြီး ဆုပ်ကိုင်ထားတယ်။ သူမဟာ လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်က ဟာမီယွန် ဂရုတစိုက် ကြင်ကြင်နာနာနဲ့ ကူညီလိုက်ရတဲ့ မိန်းကလေး ဖြစ်နေတယ်။ ဟယ်ရီက သူမရဲ့ နောက်တည့်တည့် ကပ်လိုက်သွားတဲ့အထိ ရောက်အောင် စောင့်နေလိုက်ပြီးမှ အသာကလေး ကုန်းပြီး တိုးတိုးကလေး ပြောလိုက်တယ်။

"ဟဲလို မင်းက အရမ်းကို လှနေပါလားကွယ်.... ဟုတ်တယ်နော်"

ဒီမှာတင် ကောင်မလေး အယောင်ဆောင်ထားတဲ့ ဂွိုင်းဟာ အသံကုန်မြှင့်ပြီး ကြောက်လန့်တကြား ကျုံးအော်လိုက်ပါတော့တယ်။ သူ့လက်ထဲက ချိန်ခွင်ကြီးလည်း လေထဲကို မြှောက်တက်သွားတယ်။ ပြီးတော့ အဲဒီချိန်ခွင်ကြီး အောက်ကို ပြုတ်ကျပြီး စင်္ကြံတစ်ဝိုက် ဆူညံပဲ့တင်သွားအောင် ဂွမ်ဂွမ်ဂွမ်ဆိုပြီး ကွဲထွက်မသွားခင်မှာ သူ သုတ်ခြေတင် တစ်ကြိုးတည်း လစ်ပြေးပြီး မြင်ကွင်းက ပျောက်ကွယ်သွားတယ်။

ဟယ်ရီက ရယ်မောရင်း နောက်ဘက်က နံရံအလွတ်ကြီးဘက်ကို လှည့်ပြီး စဉ်းစားချင့်ချိန်ကြည့်နေတယ်။ ခုအချိန်မှာ ဒရာကို မော်လ်ဖွိုင်းဟာ ငြိမ်သက် မတ်တတ်ရပ်ပြီး အပြင်ဘက်မှာ သူ မဖိတ်ခေါ်ဘဲ တစ်ယောက်ယောက် ရောက်နေပြီဆိုတာ သိနေလောက်ပြီလို့ သူ အသေအချာ သိလိုက်တယ်။ ဒါပေမဲ့ သူထွက်မလာရဲသေးဘဲ ရှိနေတယ်။ ဒီအချက်က ဟယ်ရီကို နံရံတံခါးပွင့်အောင် ဘယ်လိုပုံစံ စကားလုံးမျိုး ရွတ်ဆိုရမယ်ဆိုတာ သတိရအောင် သူ ကြိုးစားနေဆဲမှာပဲ သူ့ကို ကျေနပ်နှစ်ခြိုက်သွားစေတဲ့ ခံစားမှု ပေးလိုက်တယ်။

ဒါပေမဲ့ သူ့ရဲ့ မျှော်လင့်ချက် စိတ်ဓာတ်ဟာ တော်တော်နဲ့ကို မပြည့်နိုင်ဘဲ ကြာနေတယ်။ နောက်နာရီဝက်လောက်ကြာအောင် တစ်မျိုးပြီးတစ်မျိုး မော်လ်ဖွိုင်း ဘယ်နားမှာ ဘာတွေလုပ်နေတယ်ဆိုတာသိဖို့ စကားလုံး အမျိုးမျိုးနဲ့ တောင်းခံပန်ကြားနေပေမဲ့ နံရံကြီးက တံခါးမရှိဘဲ ဖြစ်မြဲအတိုင်း ဖြစ်နေတယ်။

ဟယ်ရီ အယုံအကြည်မဲ့ပြီး စိတ်အနှောင့်အယှက် အကြီးအကျယ် ဖြစ်သလို ခံစားနေရတယ်။ မော်လ်ဖွိုင်းဟာ သူနဲ့ ခြေနှစ်လှမ်းသုံးလှမ်း အကွာလေးမှာတင် ရှိနေမယ်လို့ သူက ထင်ထားတာ။ ခုချိန်အထိ အဲဒီမှာ သူလုပ်နေခဲ့သမျှအတွက် ဘာသက်သေခံ သဲလွန်စ အထောက်အထား အသေးဆုံး အစအနတစ်ခုတောင် သူမရသေးဘဲ ဖြစ်နေတယ်။ ဒီမှာတင် လုံးဝစိတ်မရှည် စိတ်မထိန်းနိုင်တဲ့ ဟယ်ရီဟာ နံရံကြီးကို ပြေးကန်ထည့်လိုက်ပါတော့တယ်။

"အွတ် အိုး အိုး အိုး...."

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက သူ့ခြေချောင်းကလေး ကျိုးသွားပြီလို့တောင် ထင်လိုက်မိတယ်။ သူနာလွန်းလို့ နံရံကို ကန်မိတဲ့ ခြေထောက်နေရာကို တစ်အားဆုပ်ကိုင်ထားရင်း ခြေတစ်ပေါင်ကျိုး ခုန်ဆွခုန်ဆွ ဖြစ်နေတယ်။ ဒါကြောင့် သူ့ကိုယ်ပေါ်က ကိုယ်ဖျောက်ဝတ်ရုံက ကိုယ်ပေါ်ကနေကွာပြီး လျှောကျသွားတယ်။

"ဟယ်.... ဟယ်ရီပါလား"

သူ ချာခနဲ လှည့်ကြည့်လိုက်တယ်။ ခြေထောက်တစ်ချောင်းတည်းနဲ့ ရပ်ရင်း လှည့်လိုက်တာမို့ သူလဲပြိုသွားတယ်။ သူ လုံးဝဥဿုံအံ့သြချင်းမက အံ့သြသွားမိတာကတော့ သူတွေ့လိုက်ရတဲ့ သူဟာ တွမ့်ခ်စ်ဖြစ်နေလို့ပဲ။ သူမက ဒီစကြံ်မှာ မကြာမကြာ အေးအေးလူလူ လျှောက်သွားတတ်တဲ့ ပုံစံမျိုးနဲ့ သူ့ဆီလျှောက်လာနေတယ်။

"ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ" သူ့ကိုယ်သူ ကြိုးစားမတ်တတ်ပြန်ရပ်ရင်း ဟယ်ရီက မေးလိုက်တယ်။ ဘာဖြစ်လို့များ သူမနဲ့တွေ့တိုင်း သူဟာ ကြမ်းပြင်ပေါ်မှာ လဲလဲနေရပါလိမ့်။

"ငါ ဒမ်းဘဲလ်ဒိုးနဲ့ တွေ့ဖို့လာခဲ့တာပဲ" တွမ့်ခ်စ်က ဖြေလိုက်တယ်။

ဒါပေမဲ့ ဟယ်ရီရဲ့ အမြင်မှာ တွမ့်ခ်စ်ဟာ ကြောက်ရွံ့ထိတ်လန့်နေပြီး သူမရဲ့ ညစ်ထေးထေးအရောင် ဆံပင်တွေကလည်း မာတောင့်ကြမ်းထော်နေတယ်လို့ ထင်ရတယ်။

"ဟာ သူ့ ရုံးခန်းက ဒီမှာမှ မရှိဘဲ။ ဒီနေရာက ရဲတိုက်ရဲ့ အခြားဘက် ပတ်ဝန်းကျင်နေရာလေ။ တံစက်မြိတ်ထွက်ပေါက်က တိရစ္ဆာန်ခေါင်းရုပ်တုကြီးရဲ့ နောက်ဘက်ပေါ့"

"အေးပါ၊ ငါသိပါတယ်၊ သူဟိုမှာ မရှိဘူး။ အင်း... ကြည့်ရတာ အဝေးကြီးကို နောက်တစ်ခါ ထွက်သွားပြန်ပြီနဲ့ တူတယ်"တွမ့်ခ်စ်က ပြန်ပြောလိုက်တယ်။

"သူ သွားတာ ဟုတ်ပါ့မလား" ဟယ်ရီကပြောရင်း စုတ်ပြဲပွန်းရှသွားတဲ့ သူ့ရဲ့ ခြေထောက်ကို ကြမ်းပြင်ပေါ်ကို အသာအယာ ပြန်ချကြည့်လိုက်တယ်။ ပြီးတော့ "ဟေး.... ခင်ဗျားက သူ ဘယ်သွားတယ်ဆိုတာ မသိဘူးလို့ ကျွန်တော်ထင်တယ်"လို့ ပြောလိုက်တယ်။

"မသိဘူး" တွမ့်ခ်စ်က ပြန်ပြောတယ်။

"ခင်ဗျားက သူ့ကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ"

"ထူးထူးခြားခြား ဘာကိစ္စမှ မရှိပါဘူး"တွမ့်ခ်စ်က ဖြေရင်း အမှုမဲ့ အမှတ်မဲ့ သူမရဲ့ ဝတ်ရုံရဲ့လက်မောင်းကို ပင့်တင်လိုက်တယ်။ "ငါထင်တာတော့ ဘာတွေဖြစ်နေတယ်ဆိုတာ သူသိနေပုံရတယ်။ ငါ ကောလဟလသတင်းတွေ ကြားခဲ့တယ်ဟ။ လူတွေ စိတ်ဆင်းရဲနေကြတယ်တဲ့"

www.burmeseclassic.com

"အင်းပါ၊ အဲဒါ ကျွန်တော် သိပါတယ်။ အဲဒီကိစ္စတွေ အားလုံး သတင်းစာထဲမှာ ပါပြီးပြီပဲ" ဟယ်ရီက ပြောလိုက်တယ်။ "အဲဒီချာတိတ်က သတ်ဖို့ ကြိုးစားတာ"

"တမန်တော် သတင်းစာက မကြာမကြာ သတင်းနောက်ကျတယ်ဟ" သူပြောတာကို နားထောင်ပုံမရတဲ့ တွမ့်ခ်စ်က ဖြတ်ပြောလိုက်တယ်။ တစ်ဆက်တည်း "ဒါနဲ့ နင်မကြာခင်ကအတွင်းမှာ ဝန်ကြီးရုံးက ဘယ်သူ့ဆီကမှ စာမရခဲ့ဘူး မဟုတ်လား"လို့လည်း မေးတယ်။

"ဟုတ်တယ်။ ဝန်ကြီးရုံးက တစ်ယောက်မှ ကျွန်တော့်ဆီ စာထပ်မရေးကြတော့ဘူး။ ဆီးရီးယတ်စ်ဆီကတောင် စာမလာပါဘူး" ဟယ်ရီက ပြောလိုက်တယ်။

သူမရဲ့ မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်လာတာကို ဟယ်ရီ မြင်နေရတယ်။

"ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော်ဆိုလိုတာက ကျွန်တော်ကလည်း သူနဲ့ မတွေ့ဖြစ်ခဲ့ဘူးလေ"ဟယ်ရီက ထပ်ပြောလိုက်တယ်။

"ဘာ"တွမ့်ခ်စ်က သူပြောတာကို ဘာမှ မကြားလိုက်သလိုမျိုး ပြောလိုက်တယ်။ တစ်ဆက်တည်းပဲ ထပ်ပြောတယ်။ "ကောင်းပြီ ငါ နင့်ကို ဒီတစ်နေရာမှာ ထပ်တွေ့ဦးမှာပါ ဟယ်ရီ"

ပြောပြီးတာနဲ့ ဗြုန်းခနဲ သူမ ချက်ချင်းလှည့်ပြီး စင်္ကြံလာရာလမ်းအတိုင်း ပြန်လျှောက်သွားလို့ ကျန်ရစ်တဲ့ ဟယ်ရီက သူမကို ငေးကြည့်နေမိတယ်။

တစ်မိနစ်သာသာ လောက်ကြာတော့ သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို နောက်တစ်ခါ သူ ပြန်ဆွဲခြုံလိုက်ပြီး ကျွဲဏ္ဍာသယအခန်းကြီးထဲကို ဝင်ဖို့ သူတစ်ကျော့ပြန်ထပ်ပြီး ကြိုးစားပြန်တယ်။ ဒါပေမဲ့ သို့စိတ်က တခြားကို ရောက်နေပြန်တယ်။ အပြီးသတ်ကျတော့ သူ့ဗိုက်ထဲမှာ ဟာတာတာကြီး ဖြစ်သလို ခံစားရပြီး ရွန်နဲ့ ဟာမီယွန်တို့ နေ့လယ်စာစားဖို့ မကြာခင် ပြန်ရောက်လာတော့မှာကို သတိရလိုက်မိရာက ဆက်မကြိုးစားတော့ဘဲ စင်္ကြံလမ်းထဲက ပြန်ထွက်လာခဲ့တယ်။ မော်လ်ဖွိုင်းဟာ တစ်အားကြောက်လန့်သွားပြီး နာရီအတော်ကြာအောင် လာဝံ့တော့မှာ မဟုတ်တော့ဘူးလို့လည်း သူမျှော်လင့်နေတယ်။

ဟယ်ရီ၊ရွန်နဲ့ ဟာမီယွန်ကို မဟာခန်းမကြီးထဲမှာ သူတို့ နေ့လယ်စာစားနေတုန်း တစ်ဝက်လောက် အရောက်မှာ ပြန်တွေ့ရတယ်။

"ငါ လုပ်ခဲ့ပြီကွ မဆိုးဘူး။ ငါ နာမ်ရုပ်သွင် ကိုယ်ထင်ပြ ကိုယ်ယောင်ဖျောက်တာတွေကို မဒမ်ပွတ်ဒီဖုရဲ့ လက်ဖက်ရည်ဆိုင် အပြင်ဘက်ထိ ရောက်အောင် လုပ်သွားဖို့ သတ်မှတ်ထားတာ၊ ငါအတော်ကလေး လွန်သွားပြီး စကရီဗင်ရှက်ရဲ့ အနားထိ ရောက်သွားတယ်။ ဒါပေမဲ့ ငါလုပ်လို့ ရပါတယ်"

ရွန့်ဘေးကို သူ ဝင်ထိုင်လိုက်ချိန်မှာ ရွန်က သူ့ကို အားတက်သရော ပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ သိပ်ကောင်းတာပေါ့ကွာ၊ နင်ရော ဘယ့်နှယ့်လဲ ဟာမီယွန်"ဟယ်ရီက ရွန့်ကို ပြောလိုက်ပြီးမှ တစ်ဆက်တည်း ဟာမီယွန်ကိုပါ မေးလိုက်တယ်။

"အို–သူက ဘာပြောကောင်းမလဲကွာ၊ သိပ်ကောင်း အားလုံးကောင်း အပြည့်ပဲ" ဟာမီယွန်က မဖြေရသေးခင် ရွန်က ဝင်ဖြေလိုက်တယ်။ "အချိန်အဆနဲ့ တည်ငြိမ်မှု မှာရော၊ ဂမ္ဘီရဉာဏ်ရော၊ အဲဒါက ဘယ်လောက်တောင် ခက်ခက် အပြင်းအထန် အသည်းအသန် လုပ်ရာမှာရော အားလုံး ပြည့်စုံပြီးမြောက်တယ်ကွာ၊ ပြီးတော့ တို့တွေ သုံးယောက် တံမြက်စည်းသုံးလက်ဆိုင်ကို သွားပြီး ကမန်းကတန်း သောက်ခဲ့ကြသေးတယ်။ ဒါနဲ့ တွိုင်ခရော့စ်က သူမရဲ့ အကြောင်းကို စကားကြော လျှောက်ရှည်နေတာ မင်းကြားမိသေးလား။ ငါကတော့ မေးတာတွေ သူချက်ချင်းမဖြေနိုင်ရင် အံ့ဩမိမှာပဲ"

"ဟဲ့ နင်ဘာတွေ လျှောက်ပြောနေတာလဲ" ဟာမီယွန်က မေးလိုက်ပြီးမှ ရွန်ကို ဥပက္ခာပြုထားလိုက်ပြီး ဟယ်ရီကို ဆက်မေးလိုက်တယ်။ "နင် ရသမျှ အချိန်အတွင်းမှာ ဣစ္ဆာသယအခန်းကြီးထဲကို ရောက်သွားသေးသလား"

"အေး–အဲဒီမှာ ငါ ဘယ်သူနဲ့ သွားတိုးနေတယ် ထင်လို့လဲ၊ တွမ့်ခ်စ်နဲ့လေ တွမ့်ခ်စ်နဲ့"

"တွမ့်ခ်စ် ဟုတ်လား" ရွန်ရော ဟာမီယွန်ပါ အံ့အားသင့်နေတဲ့ အမူအရာတွေနဲ့ တွမ့်ခ်စ်ရဲ့ နာမည်ကို ပြိုင်တူထပ်ရေရွတ်လိုက်တယ်။

"ဟုတ်တယ် ဒမ်းဘဲလ်ဒိုးနဲ့တွေ့ဖို့လာတာလို့ သူမကပြောတယ်"

အဲဒီနောက် ဟယ်ရီက သူနဲ့ တွမ့်ခ်စ်တို့ ပြောကြဆိုကြတာတွေကို ပြန်ပြောပြလိုက်အပြီး ရွန်က ထပ်ပြောတယ်.... "ဝန်ကြီးဌာနမှာ ပြဿနာတွေ ဖြစ်သွားပြီးတဲ့နောက် သူမ ခပ်ရူးကြောင်ကြောင် ဖြစ်သွားတယ်လို့များ မင်းငါ့ကို ပြောပြဖူးသလားလို့"

"နင်ပြောတာက တခြားစီ ဖြစ်နေပြီ" သူမက သူမအကြောင်းပြချက်နဲ့ သူမတွေးပြီး စိုးရိမ်ပူပန်နေတဲ့ ဟာမီယွန်က ဝင်ပြောလိုက်ပြန်တယ်။ "သူမဟာ ကျောင်းကို လာပြီး စောင့်ကြပ်ရတာဖြစ်မယ်ဟဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူမဟာ သူမရဲ့ ရာထူးကို ဖြုန်းစားကြီးစွန့်ပြီး ဒမ်းဘဲလ်ဒိုးဆီကို သူမရှိချိန်မှာ ရောက်လာလို့ပဲလေ နင်တို့ စဉ်းစားကြည့်ပေါ့"

"ငါ စဉ်းစားမိတာ တစ်ခုရှိတယ်" ဟယ်ရီကလည်း သူတွေးကြည့်လို့ရတာကို ပြောသင့် မပြောသင့် ချိန်ချိန်ဆဆနဲ့ ပြောလိုက်တယ်။ ဒီအကြောင်းပြောရမှာ သူ့ရင်ထဲ တစ်မျိုးကြီး ဖြစ်နေတယ်။ ဒီအကြောင်းကို ဟာမီယွန် သူ့ထက်ပို သဘောပေါက်နိုင်တယ်။ "ဒီလိုဟယ် ဒီလို တွမ့်ခ်စ်ဟာ ဆီးရီးယတ်စ်နဲ့ ချစ်ကြိုက်နေတာကော မဖြစ်နိုင်ဘူးလား၊ အဲဒါဖြစ်နိုင်တယ်၊ နင်စဉ်းစားကြည့်"

ဟာမီယွန်က သူ့မျက်နှာကို စိုက်ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ကျားသားမိုးကြိုး၊ နင်ဘယ်လို စကားမျိုး ပြောလိုက်တာလဲ ဟယ်ရီရယ်....."

"သိဘူးလေ ဖြစ်နိုင်မလားလို့" ဟယ်ရီက ပခုံးကို တွန့်ပြပြီး ပြောလိုက်တယ်။ "ငါ သူမနဲ့ တွေ့တုန်းက ဆီးရီးယတ်စ်နာမည်ကိုလည်း ထည့်ပြောလိုက်ရော သူမဟာ ငိုချတော့မလိုတောင် ဖြစ်သွားတယ်။ သူမရဲ့ ပတ်ထရိုနပ်စ် အကောင်ကြီးကလည်း ခုဇရာမခြေလေးချောင်း သတ္တဝါတစ်ကောင် ဖြစ်နေပြီ။ ငါက အဲဒါမဖြစ်နိုင်ဘူးလား ပြောတာပါ၊ နင့်ကို သူတို့သိလား"

"ဒါကတော့ နင်ထင်တာဟာ ထင်တာပဲဖြစ်မယ်" ဟာမီယွန်က လေးလေးပင်ပင်နဲ့ ခပ်နေးနေး ပြောနေတယ်။ "ဒါပေမဲ့ ငါခုထိ သူမဟာ ဘာကြောင့်များ ဒမ်းဘဲလ်ဒိုးနဲ့တွေ့ဖို့ ရဲတိုက်ထဲကို ဖြုန်းဖြုန်းဒိုင်းဒိုင်း ဝင်သွားရတာလဲဆိုတာ မသိဘူး။ နောက် အဲဒါဟာ သူဒီကို ဘာကြောင့်လာခဲ့ တာလဲဆိုတဲ့အချက် အမှန်ပဲလား"

"ငါပြောတာကို တစ်ခါ ပြန်စဉ်းစားကြည့်ကြစမ်း၊ အဲဒါကော မဖြစ်နိုင်ဘူးလားကွ"လို့ ရွန်က ပြောပြန်တယ်။ ရွန်က အာလူးပြုတ်ထောင်းတွေကို သူ့ပါးစပ်ထဲကို တစ်ကော်ပြီး တစ်ကော် ထိုးသွင်းနေရင်း ပြောလိုက်တယ်။ "သူမက ရယ်စရာကြီးပါကွာ။ ပြီးတော့ ခပ်ကြောင်ကြောင်နဲ့။ မိန်းမတွေကလည်း ထစ်ခနဲဆိုတာနဲ့ စိတ်မချမ်းသာဖြစ်ရ မျက်ရည်ကျရ" သူ ပညာသားပါပါနဲ့ ဟယ်ရီကို ပြောလိုက်တာလည်း ဖြစ်တယ်။

"ဟဲ့ ဟဲ့ ပြီးတော့ ရှိသေးတယ်"ငိုင်ပြီး အတွေးနယ်ချဲ့နေရာက ဖျတ်ခနဲ ပြန်သတိရပြီး ပြောလိုက်တယ်။ "ငါ့စိတ်ထဲမှာ သံသယ ရှိနေတဲ့အချက်က နင်တွေ့ခဲ့တာဟာ ဟီလာနဲ့ မင်ဘူလပ်စ်ပင်ဘလီဆိုနီးယား အပင်တွေအကြောင်း ရယ်စရာကိုတောင်မှ မရယ်ဘဲနေနိုင်တဲ့ မဒမ်ရိုစ်မာတာလိုမျိုး နာရီဝက်ကြာအောင် သုန်မှုန်ငြူစူပြနေတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်လိမ့်မယ်"တဲ့။

ဒီတော့ ရွန်က စိတ်ဆိုးပြီး မျက်နှာကြီး စူပုပ်သွားတယ်။

ဂဂဂဂဂဂဂဂဂဂဂ

အခန်း (၂၂)
မြေမြှုပ်သင်္ဂြိုလ်ပြီးသည့်နောက်ဝယ်

ဟော့ဂ်ဝပ်စ်ကျောင်းကြီးရဲ့ ရဲတိုက်ပြအိုးတွေအပေါ်မှာ ပြာလွင်တောက်ပတဲ့ ကောင်းကင်ပြင်တွေ ဟိုတစ်ကွက် ဒီတစ်ကွက် ဆက်စပ်ပေါ်လာနေတယ်။ ဒါဟာ နွေရာသီကို ရောက်လာပြီဆိုတဲ့ သင်္ကေတလက္ခဏာဖြစ်ပေမဲ့ အပြင်ဘက်ကောင်းကင်ယံမှာ ခုလို လင်းချင်းလာနေတာ ဖြစ်ပြီး ဟယ်ရီရဲ့ ရင်ထဲမှာ မလင်းနိုင်ဘဲ စိတ်အနှောင့်အယှက်ကြီး နှစ်ခုက ဒုက္ခပေးနေဆဲပါပဲ။

www.burmeseclassic.com

တစ်ကြောင်းက မော်လ်ဖွိုင်း ဘာတွေလုပ်နေတယ်ဆိုတာ သိဖို့ သူ့ရဲ့ ကြံစည်အားထုတ်မှုတွေ အချည်းနှီးဖြစ်နေတာ။ နောက်တစ်ကြောင်းက ပက်ကျိချို ဆယ်စုနှစ်အတော်ကြာကြာ ထိန်းသိမ်းမျိုသိပ်ဖုံးဖိထားတဲ့ သူ့ရဲ့ မှတ်ဉာဏ်ကို လွှဲပေးဖို့ အရေးနှင့် ပတ်သက်ပြီး ပက်ကျိချိုနဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးနိုင်ဖို့ သူ့ရဲ့ လုံ့လထုတ်သမျှတွေ လေထဲတိုက်အိမ်ဆောက်သလို ဖြစ်နေခဲ့တာ။

"ကဲ နောက်ဆုံးအကြိမ်အနေနဲ့ ငါပြောမယ်၊ မော်လ်ဖွိုင်းအကြောင်းကို နင် မေ့ပစ်လိုက်ပါတော့ဟယ်" ဟာမီယွန်ကလည်း သဲသဲမဲမဲ ဇွတ်ပြောနေတယ်။

သူတို့နှစ်ယောက် ရွန်နဲ့အတူ နေ့လယ်စာစားပြီး နောက်ပိုင်း ဝင်းခြံထဲက နေရောင်ရတဲ့ ထောင့်ကလေးတစ်နေရာမှာ ထိုင်နေကြတယ်။ ဟာမီယွန်နဲ့ ရွန်တို့ နှစ်ယောက်လုံးရဲ့ လက်ထဲမှာ မှော်ပညာဝန်ကြီးဌာန လက်ကမ်းစာစောင်ကလေးတွေ ကိုင်ထားကြတယ်။ "နာမ်ရုပ်သွင်ကိုယ်ထင်ပြ ကိုယ်ယောင်ဖျောက်ခြင်းဆိုင်ရာ မှားတတ်သောအမှားများနှင့် ယင်းတို့ကို ရှောင်ရှားနိုင်မည့် နည်းလမ်းများ"တဲ့။ အမှန်တော့ သူတို့ဟာ မွန်းလွဲပိုင်း သူတို့ရဲ့ အစမ်းစစ်တွေပြုလုပ်ပြီး အနားယူနေကြတာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစာစောင် စာရွက်ကြီးတွေက သူတို့ရဲ့ ခံစားမှုတွေကို ပြေလျော့အောင် နှစ်သိမ့်မပေးနိုင်ဘဲ ရှိနေတယ်။

ဒီအချိန်မှာပဲ ရွန်က စတင်လှုပ်ရှားလိုက်ပြီး ဟာမီယွန်ရဲ့ နောက်ကို ဝင်ပုန်းဖို့ ကြိုးစားတယ်။ ထောင့်ချိုးလေး အနားကနေ ကောင်မလေးတစ်ယောက် ပေါ်လာတယ်။

"ဟဲ့ အဲဒါ လာဗင်ဒါ မဟုတ်ဘူးဟဲ့" ဟာမီယွန်က စိတ်ပျက်တဲ့အသံနဲ့ ပြောလိုက်တယ်။

"အမယ်လေး တော်ပါသေးရဲ့" ရွန်က စိတ်သက်သာသွားသလိုပုံနဲ့ ပြောလိုက်တယ်။

"ဟယ်ရီပေါ်တာ မဟုတ်လား၊ ရှင့်ကို ဒါပေးဖို့ ကျွန်မကို ခိုင်းလိုက်လို့"

"ကျေးဇူးပါပဲ"

ထိုသားရေပုရပိုဒ်အလိပ်ကလေးကို သူ လှမ်းယူလိုက်ချိန်မှာပဲ ဟယ်ရီရဲ့ စိတ်တွေ လေးလံပြီဆင်းသွားတယ်။ မိန်းကလေး ပြန်ထွက်သွားပြီး မကြားလောက်တဲ့ နေရာကိုရောက်မှ သူက ပြောလိုက်တယ်။

"ဒမ်းဘဲလ်ဒိုးက ပြောတယ်။ ပက်ကျိချိုဆီက မှတ်ဉာဏ်ကို ငါ မရမချင်း သူနဲ့ငါ တက်နေတဲ့ သင်ခန်းစာကို ဆက်မလုပ်ဘဲ ထားမယ်တဲ့"

"အင်း–အဲဒီကိစ္စမှာ နင်ဘာလုပ်နိုင်တယ်ဆိုတာကို သူ စမ်းသပ်ချင်တဲ့ သဘောဖြစ်မယ်ထင်တယ်" ဟာမီယွန်ကပြောလိုက်တယ်။ ဟယ်ရီက ပုရပိုဒ်ကလေးကို ပြန်လိပ်လိုက်တယ်။ ဒါပေမဲ့ ပုရပိုဒ်ထဲမှာ သူတွေ့ရတာ သူမြင်နေကျ ဒမ်းဘဲလ်ဒိုးရဲ့ စာလုံးရှည်ရှည် ခပ်စိပ်စိပ် စွေစောင်းစောင်း

www.burmeseclassic.com

www.burmeseclassic.com

လက်ရေးမဟုတ်ဘဲ မသပ်မရပ် ဖြစ်ကတတ်ဆန်း အတော် ခက်ခက်ခဲခဲ ဖတ်ရတဲ့ လက်ရေးဖြစ်နေတဲ့အပြင် အချို့စာလုံးတွေကနေ မင်တွေပြန်ထွက်စွန်းကွက်နေတယ်။ ရေးထားတဲ့စာက–

ခင်မင်ရတဲ့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်

အရာဂေါ့ ညက သေသွားတယ်။ ဟယ်ရီနဲ့ ရွန် မင်းတို့ သူ့ကို တွေ့ဖူးပါတယ်။ သူဟာ ဘယ်လောက်ထူးခြားတယ်ဆိုတာ မင်းတို့ သိတယ်။ ဟာမီယွန် မင်းလည်း သူ့ကို သဘောကျတယ်ဆိုတာ ကျုပ် သိပါတယ်။ တကယ်လို့ မင်းတို့ ဒီနေ့ညနေမှာ သူ့ကို မြေမြှုပ်သင်္ဂြိုလ်တာကို ထွက်လာနိုင်ကြမယ်ဆိုရင် ကျုပ်အတွက် အဓိပ္ပာယ်အများကြီး ပိုရှိလာမှာပဲ၊ ညနေခင်း နေဝင်ရီတရောအချိန် တစ်ဝိုက်လောက်မှာ အဲဒါကို လုပ်နိုင်အောင် ကျုပ် စီစဉ်နေပါတယ်။ အဲဒီအချိန်ဟာ တစ်နေ့တာ အချိန်အတွင်းမှာ သူ့အနှစ်သက်ဆုံး သူ့အကြိုက်အချိန်ပဲလေ။ မင်းတို့မလာဘဲ ပျက်ကွယ်နေမယ် နောက်ကျမယ်လို့ ကျုပ် မထင်ပါဘူး။ မင်းတို့ ဝတ်ရုံတွေ အသုံးပြုနိုင်ပါတယ်။ ပြောစရာမလိုတော့တာကတော့ ကျုပ် ဒီကိစ္စကို တစ်ယောက်တည်း ဆောင်ရွက်လို့ မရဘူးဆိုတာပါပဲ။

"ဒီမှာ ကြည့်စမ်း" စာကို ဟာမီယွန့်လက်ထဲ ထည့်ပေးလိုက်ပြီး ဟယ်ရီက ပြောလိုက်တယ်။

"အို ဒါ အေးငြိမ်းတဲ့ ဘုံဘဝကို ရောက်သွားတဲ့ ကိစ္စပဲ"ဟာမီယွန်က ပြောရင်း စာကို အမြန်တစ်ချက်ကြည့်လိုက်ပြီး ရွန့်ကို ထပ်လွှဲပေးလိုက်တယ်။ ရွန်က စာကိုဖတ်ရင်း တစ်စထက်တစ်စ မယုံနိုင်သလို တိုးတိုး ဖြစ်လာတယ်။

"သူ ရူးနေပြီကွ" ရွန်က အထိတ်တလန့် ဒေါသတကြီး ပြောလိုက်တယ်။ "ဒါဟာ ပြဿနာကောင်ကြီးက သူ့မိတ်ဖက်အပေါင်းအသင်းတွေကို ဟယ်ရီနဲ့ ငါ့ကို စားပစ်ဖို့ ပြောလိုက်တာပဲ။ သူ့အကောင်တွေကို သူတို့ချင်း ကူညီကြဖို့လည်း သူက ပြောထားသေးတယ်။ သဘောကတော့ ဟက်ဂရစ်ဟာ ငါတို့ကို ဒီကနေ ထွက်သွားပြီး သူ့ရဲ့ ဟိုကြောက်စရာ အမွေးထူထူ သတ္တဝါကောင်ကြီးရဲ့ ကိုယ်ပေါ်မှာ ဖက်ငိုကြဖို့ မျှော်လင့်နေတယ်။ ဟုတ်တယ် မဟုတ်လား"

"ဒါတင်မကသေးဘူး" ဟာမီယွန်ကလည်း ဝင်ပြောပြန်တယ်။ သူက တို့ကို ရဲတိုက်ကြီးကနေ ညဘက်ကြီး ထွက်လာခိုင်းတာလေ။ အဲဒီအချိန်ဟာ လုံခြုံရေးကို စက္ကန့်လေးတစ်မှုန်တစ်မွှားအောင် မလစ်လပ်အောင် တင်းကျပ်ထားတာ မဟုတ်လား။ ဒီတော့ တို့ကိုများ ဖမ်းမိသွားရင် ငါတို့တွေ ဘယ်လောက်တောင် ဒုက္ခရောက်ကြမလဲ"

"ဒီတော့ ငါတို့ သူ့ကို မိုးမချုပ်ခင် သွားတွေ့ကြတာပေါ့ကွာ" ဟယ်ရီက ပြောလိုက်တယ်။

"အေးပါ၊ တချို့ကိစ္စတွေက ဒီလိုရှိသေးတယ်။ ငါတို့ သူ့ကို ကူညီဖို့ အန္တရာယ် တစ်ပြုံတစ်မကြီးကို ရင်ဆိုင်ရလိမ့်မယ်။

"ဒါပေမဲ့ အားလုံးကို ခြုံကြည့်လိုက်ရင် နောက်ဆုံးကျတော့ အရာဂေါ့က သေပြီ။ အဲဒါဟာ သူ့အတွက် လုံခြုံရေး ပြဿနာ မရှိနိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"အို–ငါကတော့ လုံးလုံးကို မသွားချင်ဘူးကွာ"ရွန်က ပြတ်ပြတ်သားသား ပြောလိုက်တယ်။ နင် သူ့ကို မတွေ့ပါနဲ့တော့ကွာငါ့ကို ယုံစမ်းပါ။ သေသွားတာ သူ့အတွက် အများကြီး ပိုကောင်းပါတယ်"

ဟယ်ရီက ပုရပိုဒ်စာသားကို ပြန်ယူပြီး မင်စွန်းကွက်နေတဲ့ နေရာတွေ အားလုံးကို ကြည့်လိုက်တယ်။ ဒါဟာ မျက်ရည်တွေ ပုရပိုဒ်ပေါ်ကို တစ်ပေါက်ပေါက် အလုံးအခဲလိုက် ကျလာပြီး ကပ်ငြိကုန်တာပဲ။

"ဟယ်ရီ နင်သွားဖို့ စဉ်းစားမနေနဲ့တော့။ ဒီကိစ္စမျိုးလောက်နဲ့ တို့တွေ အဖမ်းခံရဖို့ဆိုတာ လုံးဝအဓိပ္ပာယ် မရှိဘူး"ဟာမီယွန်က ပြောလိုက်တယ်။

ဟယ်ရီ သက်ပြင်းတစ်ချက် ချလိုက်တယ်။ "အေးပါ ငါသိပါတယ်ငါ့ယူဆချက်က ဟက်ဂရစ်ဟာ ငါတို့မပါဘဲ အရာဂေါ့ကို မြှုပ်ရလိမ့်မယ်"လို့ သူကပြောတယ်။

"အေးပါ သူလုပ်မှာပါ" ဟာမီယွန်က ပြောလိုက်တယ်။ ပြီးတော့ သူမကိုကြည့်ရတာ ထွက်ပေါက်ရပြီး အသက်ရှူချောင်သွားသလို ပုံပေါ်နေတယ်။ သူမက "ဒီမှာ ဣန္ဒဇာလဆေးရည်တွေက တို့တွေအားလုံး စမ်းသပ်တာနဲ့ ဒီညနေဆိုကုန်သလောက် နီးနီးဖြစ်နေပြီ။ ဒီတော့ ပက်ကျိချိုကို နောက်ထပ်တစ်ကြိမ်လောက် ကြိုးစားပြီး ချော့မော့ဖျောင်းဖျကြည့်ရအောင်လေ"

"ဘာလဲ နင်က ၅၇ကြိမ်မြောက် ကံကောင်းမယ်လို့ ထင်နေတာလား"ဟယ်ရီက ခါးခါးသီးသီး ပြောပစ်လိုက်တယ်။

"ကံကောင်းမယ်။ အေးဟုတ်တယ် ဟယ်ရီ။ အဲဒါ ကံကောင်းမှာကွ"ရွန်က ပြောလိုက်တယ်။

"မင်းက ဘာကို ဆိုလိုတာလဲ"

"မင်းရဲ့ ကံကောင်းခြင်းဆေးရည်ကို သုံးလိုက်ပေါ့ကွ"

"ဟဲ့.... ရွန် အဲဒါက အဲဒါက ဟုတ်တာပေါ့ဟဲ့။ ငါ့နှယ့်နော်–အဲဒါကို ဘာလို့များ မစဉ်းစားမိရပါလိမ့်" ဟာမီယွန်က ပြောလိုက်တယ်။

ဟယ်ရီက သူတို့နှစ်ယောက်လုံးကို စိုက်ကြည့်နေတယ်။ "ကျက်သရေတင့် ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်ကို ပြောတာလား။ အင်း–အဲဒါ ငါသိမ်းထားမိ သလိုလိုပဲ၊ မသိတော့ဘူး"

"ဘာလုပ်ဖို့လဲ"ရွန်က မယုံကြည်နိုင်သလို မေးလိုက်တယ်။

"ဟဲ့ ဒီကိစ္စပေါ်မှာ အဲဒီမှတ်ဉာဏ်ထက်ပိုပြီး အရေးကြီးတာ ဘာရှိသေးလို့လဲ ဟယ်ရီရယ်"ဟာမီယွန်က မေးနေတယ်။

www.burmeseclassic.com

ဟယ်ရီကမဖြေဘူး။ အဲဒီရွှေရောင် ပုလင်းကလေးအကြောင်း သူ့စိတ်ကူးထဲကနေ ဘေးရောက်နေတာ အချိန်အတော်ကြီး ကြာသွားတယ်။ မသဲမကွဲနဲ့ ကြိုတင်ဖန်တီးမှု မရှိဘဲ ပေါ်လာခဲ့တဲ့ ဂျင်နီနဲ့ ဒင်းတို့နှစ်ယောက် ခွာပြတဲ့ကိစ္စ၊ ရွန်က ဘာမှမသိဘဲ သူမကို ချစ်သူအသစ်နဲ့ တွဲနေတာကို မြင်ရပြီး ပျော်ရွှင်နေတဲ့ ကိစ္စတွေက သူ့ဦးနှောက်ထဲမှာ နက်နက်ရှိုင်းရှိုင်း လာခလောက်ဆန်နေတာကြောင့် သူ့ရဲ့ အိပ်မက်တွေကရော အိပ်ချိန်နဲ့ နိုးထချိန်ကြားက အချိန်တွေပါ မပြတ်မသား မှုန်ဝါးဝါး ဖြစ်နေခဲ့ရတယ်။

"ဟယ်ရီ ၊ ဒီမှာ နင်နဲ့အတူ ငါတို့ ရှိနေတယ်နော်" ဟာမီယွန်က သူ့ကို သတိပေးလိုက်တယ်။

"ဟေ.... ဘာလဲ ဩော် အေးအေး ငါသိပြီ"ဟယ်ရီဟာ ဒီတော့မှ သူ့စိတ်တွေ ပြန်အသိဝင်လာပြီး ပြောလိုက်တယ်။ "ကောင်းပြီလေ၊ အိုကေ စိတ်ချ၊ ငါ ဒီမွန်းလွဲပိုင်းမှာ ပက်ကျိချို့နဲ့ စကားပြောဖို့ အခွင့်အရေးမရရင် ငါ ဖရဏာပီတိ ကံကောင်းခြင်းဆေးရည်ကို သောက်ပြီး၊ ဒီညမှာ နောက်တစ်ခေါက် ပြန်သွားပြီး ကြိုးစားမယ်"

"ကဲခု ဆုံးဖြတ်ချက်ချလိုက်ပြီးသွားပြီနော်" ဟာမီယွန်က ရွှင်လန်းတက်ကြွစွာ ပြောလိုက်ရင်း မတ်တတ်ထရပ်လိုက်ရာက ခြေဖျားကလေးထောက်ပြီး လှလှပပ ကျက်သရေရှိရှိ ကိုယ်ကို ပတ်ချာလှည့်နေတယ်။

"ရစခ"လေ "ရစခ"၊ "ရည်မှန်းချက်၊ စိတ်ပိုင်းဖြတ်ချက် သန္နိဋ္ဌာန်၊ ချင့်ချိန်စဉ်းစားတတ်မှု""ရည်မှန်းချက်၊ စိတ်ပိုင်းဖြတ်ချက် သန္နိဋ္ဌာန်၊ ချင့်ချိန်စဉ်းစားတတ်မှု"သူမက အဲဒီစကားလုံးလေးတွေကိုပဲ ထပ်ကာ ထပ်ကာ ဆိုနေတယ်။

"အို–တော်ပါတော့ဟယ်"ရွန်က ဟာမီယွန်ကို တောင်းပန်နေတယ်။ ပြီးတော့ "ဟိုမှာ အမြန်လာနေတာ တွေ့တယ် မဟုတ်လား၊ ငါ နေမကောင်းချင်တောင် ဖြစ်လာပြီ။ ငါ့ကို ကွယ်ထားစမ်းပါ" တဲ့။ ကျောင်းဝင်းထဲမှာ ကောင်မလေးနှစ်ယောက် ပေါ်လာလို့ ဟာမီယွန်ရဲ့ နောက်ဘက်ကို ဒိုင်ဗင်ထိုး ဝပ်ချပြီး ပုန်းနေလိုက်တယ်။

"အဲဒါ လာဗင်ဒါ မဟုတ်ဘူးဟဲ့" ဟာမီယွန် စိတ်မရှည်ဘဲ ပြောပစ်လိုက်တယ်။

"အေးဆေးသွားပြီလား" ပြောပြောဆိုဆို ရွန်က ဟာမီယွန်ရဲ့ ပခုံးပေါ်ကကျော်ပြီး အသာလေး ချောင်းကြည့်တယ်။ "အထိတ်တလန့်ကွာ၊ ဒီဟာလေးတွေကလဲ၊ ဒါနဲ့ သူတို့ မျက်နှာတွေက မသာမယာ ဖြစ်နေတယ်နော်"

"အဲဒါ မောင်ဂိုမာရီ ညီအစ်မတွေလေ၊ ဟုတ်တာပေါ့၊ သူတို့က ဘယ်ပျော်နိုင်မှာလဲ။ သူတို့မောင်လေးတစ်ယောက် ဘာဖြစ်သွားတယ်ဆိုတာ နင်မကြားသေးဘူးလား" ဟာမီယွန်က ပြောလိုက်တယ်။

"ငါ ရိုးရိုးသားသား အမှန်တိုင်း ပြောတာပါ၊ လူတိုင်းရဲ့ ဆွေမျိုးမိသားစုတွေ ဘာတွေ ဖြစ်နေတယ်ဆိုတာတော့ ငါ မျက်ခြည်ပြတ်နေတယ်"လို့ ရွန်က ပြန်ပြောတယ်။

www.burmeseclassic.com

"အေး ဒါ့ပြင် ငါပြောမယ်၊ သူတို့ရဲ့ မောင်လေးက သမန်းဝံပုလွေတစ်ကောင်ရဲ့ တိုက်ခိုက်ကိုက်ခဲတာ ခံခဲ့ရတာပဲ။ ကောလာဟလတွေ ပြောနေကြတာကတော့ သူတို့အမေက မရဏစားစုန်းကောင်တွေကို မကူညီနိုင်ဘူးလို့ ငြင်းခဲ့လို့ ခုလို ဖြစ်ရတာတဲ့။ ဘယ်လိုပဲဖြစ်ဖြစ် ကလေးက ငါးနှစ်သားကလေးပဲ ရှိသေးတာမို့ စိန့်မန်းဂိုးဆေးရုံမှာ သေသွားတယ်။ ဆေးရုံကလည်း မကယ်နိုင်ခဲ့ဘူး"

"သူ သေသွားတယ် ဟုတ်လား" ဟယ်ရီက ထပ်မေးလိုက်ပြီး တုန်လှုပ်ချောက်ချားသွားတယ်။ သူက ဆက်မေးတယ်။ "သမန်း ဝံပုလွေက လူမသတ်တတ်ဘူး။ သူတို့က နင့်ကိုကိုက်ရင် နင်သူတို့လို သမန်းဝံပုလွေအဖြစ် ပြောင်းသွားရုံပဲ ရှိတာ မဟုတ်လား"

"သူတို့က တစ်ခါတစ်လေတော့ သတ်တယ်ကွ"ရွှန်က ခါတိုင်းနဲ့မတူ တစ်မူထူးခြားလေးနက်တဲ့ အမူအရာနဲ့ ပြောလိုက်တယ်။ "ငါ ကြားဖူးတာက သမန်းဝံပုလွေဟာ သူတို့ကို ဖမ်းခေါ်သွားတာ ခံရရင် အဲဒီလို အဲဒီလို သတ်တတ်တယ်လို့ သိရတယ်"

"အဲဒီ သမန်းဝံပုလွေ နာမည်က ဘယ်သူလဲ"ဟယ်ရီ အလောသုံးဆယ် မေးလိုက်တယ်။

"သြော်........... ဒါလား၊ ကောလာဟလ ပြောနေကြတာကတော့ အဲဒီ သမန်းဝံပုလွေဟာ ဖင်နီယာဂရေးဘက်ခ်ပဲ" ဟာမီယွန်က ကြားဝင်ဖြတ်ပြောလိုက်တာ ဖြစ်တယ်။

"အဲဒီအကြောင်း ငါသိတယ်။ ကလေးသေးသေးကွေးကွေးကို တိုက်ခိုက်ရတာ သဘောတွေ့နေတဲ့ အဲဒီအကောင်အကြောင်း လူပင်းက ငါ့ကို ပြောပြခဲ့တယ်"ဟယ်ရီက စိတ်ဆိုးဒေါသထွက်လာပြီး ပြောလိုက်တယ်။

ဟာမီယွန်က သူ့ကို စိတ်ဓာတ်ကျသွားတဲ့ ပုံနဲ့ ကြည့်လိုက်တယ်။

"ဟယ်ရီ နင့်မှာ မှတဉာဏ်ကို အရယူဖို့ ရှိနေတယ်လေ။ ဒါတွေ အားလုံးဟာ ဗိုဒီမော့ဆီမှာပဲ အဆုံးသတ်တာပဲ။ မဟုတ်ဘူးလား။ ဒီဆိုးဝါးထိတ်လန့်စရာကောင်းတဲ့ အဖြစ်အပျက်တွေဟာ သူ့ကြောင့် ဖြစ်ရတာချည်းပဲ"

သူတို့ ခေါင်းပေါ်မှာ ရှိနေတဲ့ ရဲတိုက်ထဲက ခေါင်းလောင်းထိုးသံ ထွက်လာတယ်။ ဒီမှာတင် ဟာမီယွန်နဲ့ ရွှန်နှစ်ယောက်လုံး ခုန်ဆင်းလိုက်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်နေတယ်။

"အေး–မင်းတို့ အကောင်းဆုံး လုပ်နိုင်ကြမှာပါ"သူတို့တွေ ဆင်ဝင်ခန်းမကြီးကို ဦးတည်သွားနေချိန်မှာ ဟယ်ရီက သူတို့နှစ်ယောက်လုံးကို ပြောလိုက်တယ်။ အဲဒီမှာ နာမ်ရုပ်သွင် ကိုယ်ထင်ပြ၊ ကိုယ်ရောင်ဖျောက်နဲ့ သဏ္ဌာန်အမျိုးမျိုး ပြောင်းလဲဖန်တီးတဲ့ သင်ခန်းစာနဲ့ ပတ်သက်လို့ အစမ်းစစ်ဆေးမှုခံမယ့် ကျန်တဲ့လူတွေနဲ့ ဆုံရမယ်။ "ကံကောင်းပါစေကွာ"

www.burmeseclassic.com

"ဟဲ့ နင်လည်းပါသလား" ဒယ်အိုးကြီးတွေဆီ ဦးတည်သွားနေတဲ့ ဟယ်ရီကို မြင်ရပြီး ထူးဆန်းအံ့သြနေတဲ့ ဟာမီယွန်က ပြောလိုက်တာပါပဲ။

အဲဒီမွန်းလွဲပိုင်း ဋ္ဌက္ကန္ဒဇာလဆေးရည်များ ဘာသာရပ် သင်ခန်းစာ ပို့ချတဲ့ နေရာမှာ သုံးယောက်တည်းပဲ ရှိတယ်။ ဟယ်ရီရယ်၊ အာနီးရယ်၊ ပြီးတော့ ဒရာကို မော်လ်ဖွိုင်းရယ်။

"အင်း အကုန်လုံး နာမ်ရုပ်သွင် ကိုယ်ထင်ပြလုပ်ဖို့ အသက်တကယ့်ကို ငယ်သေးသူတွေပဲ၊ အသက်၁၇နှစ်တောင် မပြည့်ကြသေးဘူး" ပက်ကျိချိုက ခင်မင်ဖော်ရွေ လိုက်လှဲတဲ့ အသံနဲ့ ပြောလိုက်တယ်။

သူတို့က ခေါင်းညိတ်ပြလိုက်တယ်။

"အဲ... ကောင်းပါပြီ။ ကျုပ်တို့တွေက လူနည်းလွန်းတော့ တို့တွေ ပျော်စရာလေးတစ်ခုခု လုပ်ကြရအောင်ကွာ။ ငါကတော့ မင်းတို့အားလုံး ငါ့ကို သဘောကျ ရယ်မောအောင် လုပ်တာ လိုချင်တယ်" ပက်ကျိချိုက ရွှင်လန်းတက်ကြွနေတဲ့ ဟန်နဲ့ ပြောလိုက်တယ်။

"ဆရာပြောတာ သိပ်ကောင်းပါတယ် ဆရာ" အာနီးက သူလက်ဖဝါး နှစ်ဖက်ကို ပွတ်ရင်း ပက်ကျိချိုကို ခယဝယလေသံနဲ့ ဖော်လံဖား ပြောလိုက်တယ်။ သူ့ရဲ့ အခြား တစ်ဖက်မှာ ရှိနေတဲ့ မော်လ်ဖွိုင်းက တစ်ချက်ကလေးတောင် မပြုံးဘဲ ရှုသိုးသိုး လုပ်နေတယ်။

"ဆရာက တစ်ခုခု ဆရာ သဘောကျ ပျော်ရွှင်အောင် လုပ်ပြဖို့လို့ ပြောတယ်။ ဆရာက ဘာကို ဆိုလိုတာလဲ"လို့လည်း သူက စိတ်ဆိုးတဲ့ အမူအရာနဲ့ မေးလိုက်တယ်။

"အိုး... အံ့သြစရာပါလား" ပက်ကျိချိုက ဘာမှ မဖြစ်သလို ပေါ့ပေါ့တန်တန် နဲ့ပဲ ပြောလိုက်တယ်။

မော်လ်ဖွိုင်းဟာ သူ့ရဲ့ ပီယဆေးနဲ့ ဋ္ဌက္ကန္ဒဇာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ကြီးကို သုန်သုန်မှုန်မှုန် မျက်နှာထားနဲ့ ဖွင့်လိုက်ပါတယ်။ ဒါဟာ သူ့စိတ်ထဲမှာ ဒီသင်ခန်းစာဟာ သူ့အတွက် အချိန်ဖြုန်းတဲ့ အပိုသတ်သတ် သင်ခန်းစာပဲလို့ မှတ်ယူထားတာကို ပေါ်ပေါ်ထင်ထင် ထုတ်မပြောရုံတစ်မယ် ပြသလိုက်တာလည်း ဖြစ်နိုင်ပါတယ်။

ယုံမှားသံသယ မရှိစရာကတော့ ဟယ်ရီဟာ သူ့ရဲ့ စာအုပ်ကြီးပေါ်ကနေကျော်ပြီး မော်လ်ဖွိုင်းကို ကြည့်နေတာပါပဲ။ ဟယ်ရီက မော်လ်ဖွိုင်းဟာ ဋ္ဌက္ကဋ္ဌာသယ ခန်းမကြီးမှာ သူအချိန်မဖြုန်းနိုင်အောင် တွန်းပို့တဲ့စိတ်နဲ့ သူ့ကို မနာလိုဝန်တို ကတ်သတ်နေတာ ဖြစ်တယ်လို့ တွေးနေတယ်။

ဒါဟာ သူ့ရဲ့ စိတ်ကူးသက်သက်လား၊ မော်လ်ဖွိုင်းက တကယ်လုပ်နေတာလား၊ တွမ့်ခ်စ်လို ဖြစ်နေတာလား၊ သူ မရေမရာ ဖြစ်နေတယ်။ သေချာတာက မော်လ်ဖွိုင်းကို ကြည့်ရတာ ဖြူဖပ်ဖြူရော် ဖြစ်နေတာပဲ။ သူ့ အသားအရေတွေလည်း ညိုညစ်ညစ် အရောင်သမ်းနေတယ်။ ဖြစ်နိုင်တာက ဒါဟာ ဒီရက်တွေအတွင်းမှာ သူ နေ့ဘက်အလင်းရောင်ကို သိပ်မမြင်ရမထိတွေ့ရလို့ ဖြစ်မယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

သူပြောဆိုရာမှာ ဟော့ဂ်ဝပ်စ်က အမြန်ရထားကြီးပေါ်မှာ ဗိုဒီမော့ရဲ့ တာဝန်ပေးအပ်ခံရပုံကို ထုတ်ကြွားနေစဉ်တုန်းက သူလုပ်ခဲ့သလို ငါမှငါပဲဆိုပြီး အထင်ကြီးနေတဲ့ လေသံ၊ အံ့သြထိတ်လန့်မှု ဒါမှမဟုတ် ခြေဖျားထောက်ပြီး အောက်ခြေလွတ်တဲ့ ဟန်အမူအရာနဲ့ စကားလုံးတွေ မတွေ့ရဘူး။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဟယ်ရီရဲ့ သဘောထား ထင်မြင်ယူဆချက် အရတော့ နိဂုံးချုပ်လိုက်ရင် တစ်ချက်ပဲ ရှိပါတယ်။ အဲဒါက မော်လ်ဖွိုင်း ထမ်းဆောင်နေတဲ့ တာဝန် ဒါမှမဟုတ် သူ့လုပ်ရပ်တွေကို အဆိုးဘက်ကို ဦးတည်သွားနေတယ် ဆိုတာပဲ။

အဲဒီအတွေး အဲဒီအယူအဆရဲ့ ဩဘာပေးပြီး အားသစ်လောင်းပေးလိုက်မှုနဲ့အတူ သူ့ရဲ့ ပီယဆေးနဲ့ ကြွန္တဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးကို တဖျတ်ဖျတ် အသော့လှန်ပြီး အပေါ်ယံလျှပ်ဖတ်သွားရင်း သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ "ဝမ်းမြောက်ပီတိ ဖြစ်ပေါ်စေမည့် သက်စောင့်လက်စွဲနည်း"လို့ ခေါင်းစဉ်တပ်ထားတဲ့ အဆိုအမိန့်ကလေးတစ်ခုကို သူသွားတွေ့လိုက်တယ်။ အဲဒါဟာ ပက်ကျိချိုပို့ချတဲ့ ညွှန်ကြားချက်တွေထဲမှာ မတွေ့နိုင်တဲ့ အချက်တစ်ချက် ဖြစ်နေရုံသာမကဘဲ တကယ်လို့သာ သူ့အနေနဲ့ အဲဒီအချက်ကို နည်းနည်းလေး တို့စမ်းမြည်းကြည့်အောင် ပက်ကျိချိုကို စည်းရုံးနိုင်မယ်ဆိုရင် ပက်ကျိချိုကိုပါ သူ့ရဲ့ မှတ်ဉာဏ်ကို ထုတ်ပေးဖို့ စိတ်ကောင်းဝင်သွားစေမှာ သေချာနေတယ်။

"ဟာ–ခု မြင်တွေ့နေရတာ တကယ့်ကို အံ့သြလောက်စရာ ကောင်းနေပါလားကွဟ"

နောက်တစ်နာရီခွဲလောက် အကြာမှာ ဟယ်ရီရဲ့ ဒယ်အိုးကြီးထဲက နေရောင်နဲ့ အဝါရောင် တလက်လက်တောက်နေတဲ့ အရာတွေကို စူးစူးစိုက်စိုက်ကြည့်နေတဲ့ ပက်ကျိချိုက လက်ခုပ်တီးဩဘာပေးရင်း ပြောလိုက်တာ ဖြစ်ပါတယ်။

"ဒါ ဝမ်းသာအယ်လဲ ဖြစ်စေတဲ့ 'ဖရဏာပီတိ'တွေပဲကွ။ ငါသိတယ်။ ဘာအနံ့ရသလဲဆိုတော့ အင်း ဒါ ပက်ပါမင့်ဆီအနံ့ပဲ၊ အဲဒီအနံ့ထွက်မယ့် အဆီထွက်ပင်စိမ်း တစ်မျိုးမျိုးရဲ့ အခက်တစ်ခက်ခက်ကို မင်းထည့်လိုက်တာပဲ ဖြစ်မယ်။ လုပ်နေကျ အစဉ်အလာအတိုင်း မဟုတ်တဲ့ ဒီဇဝနစိတ်ကူးဉာဏ် ကွန့်မြူးချက်ကလေးကို မင်းဘယ်လို ဘယ်လိုများ အသုံးချလိုက်တာလဲ ဟယ်ရီ။ တကယ်တော့ အဲဒါဟာ ဝမ်းသာလွန်းလို့ ရုံဖန်ရံခါ ဖြစ်ပေါ်လာတတ်တဲ့ လွန်လွန်ကျူးကျူး သီချင်းသီဆိုမှုနဲ့ နှာခေါင်း လိမ်ရှုံ့သွားမှုတွေ မဖြစ်အောင် ဘေးထွက်ဆိုးကျိုးကိုလည်း ထိန်းညှိပေးလေ့ရှိတဲ့ ပစ္စည်းပေါ့ကွာ။ မင်းရဲ့ ဦးနှောက်အတွေးလှိုင်းထဲကို ဒီအကြံကောင်း ဉာဏ်ကောင်း ဘယ်က ဝင်လာတယ်ဆိုတာ ငါမသိတော့ဘူး။ ဒီလိုလည်း ဖြစ်ဦးမှပဲ"ပက်ကျိချိုက ဝမ်းသာအားရ ဆက်ပြောနေတယ်။

ဟယ်ရီက သူ့သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ စာအုပ်ကြီးကို သူ့အိတ်အတွင်းပိုင်းထဲ နက်သည်ထက် နက်နက်ရောက်သွားအောင် သူ့ခြေထောက်တစ်ဖက်နဲ့ ထိုးသွင်းလိုက်တယ်။

"အေး .... ဒါဟာ မင်းအမေရဲ့ ထက်မြက်တဲ့ ဗီဇတွေ မင်းဆီမှာ ပေါ်ထွက်လာတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဩော်.... အင်း ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်" ဟယ်ရီက ပြောလိုက်တယ်။ သူ စိတ်သက်သာရာလည်း ရနေတယ်။

အာနီးကို ကြည့်ရတာ အတော့်ကို စိတ်တိုနေပုံရတယ်။ တစ်ချိန်မှာ ဟယ်ရီ့ထက်သာရမယ်လို့လည်း သူက သန္နိဋ္ဌာန်ချလိုက်တယ်။ သူ့အမြန့်တကာ့ အမြန်ဆုံး တက်သုတ်ရိုက်ပြီး သူ့ ဆေးရည်တွေနဲ့ တီထွင်လိုက်တာ ဆေးရည်တွေ အချဉ်ပေါက်သွားပြီးမှ သူ့ရဲ့ ဒယ်အိုးထဲမှာ နောက်ဆုံးအနေနဲ့ ခရမ်းရောင်မုန့်ပေါင်းကလေးလို အလုံးကလေး ဖြစ်သွားတယ်။

မော်လ်ဖွိုင်းကတော့ သူ့ပစ္စည်းတွေအားလုံး ပြန်သိမ်းထုပ်ပိုးထားပြီးနေပြီ။ သူ့ မျက်နှာကြီးကလည်း မသာမယာနဲ့။ ပက်ကျိချျိုက သူ့ဆေးရည်ကို "မဆိုးပါဘူး၊ အတန်အသင့်ကောင်းတဲ့ ကြို့ထိုးပျောက်ဆေးရည် သက်သက်လောက်ပါပဲ"လို့ မှတ်ချက်ချ ကြေညာသွားတယ်။

"ဆရာခင်ဗျား" ဟယ်ရီကစလိုက်တယ်။ ဒါပေမဲ့ ပက်ကျိချျိုဟာ သူ့ပခုံးပေါ်ကကျော်ကြည့်လိုက်ပြီး အခန်းထဲမှာ သူတို့နှစ်ယောက်ကလွဲလို့ ဘယ်သူမှ မရှိတော့တာကို တွေ့ရတာနဲ့ ကောက်ကာငင်ကာ မြင်နိုင်သမျှ မြန်မြန် ထထွက်သွားပါတယ်။

"ပါမောက္ခကြီး ပါမောက္ခကြီး၊ ကျွန်တော့်ရဲ့ ဆေးရည်ကို မမြည်းစမ်းကြည့်တော့ဘူးလား ခင်ဗျာ" ဟယ်ရီက ဒရောသောပါး အတင်းလိုက်ခေါ်တယ်။

ဒါပေမဲ့ ပက်ကျိချျိုက တစ်ကြိုးတည်း လစ်သွားပြီ။ ဟယ်ရီ စိတ်ပျက်ပျက်နဲ့ သူ့ဒယ်အိုးကြီးကို ရှင်းလင်းသန့်စင်လိုက်တယ်။ ပြီးတော့ ပစ္စည်းလေးတွေ သိမ်းထည့်ပြီး မြေအောက်ခန်းထဲကနေ ထွက်လာတယ်။ နောက် ဖြည်းဖြည်းကလေး တစ်လှမ်းချင်း ပြန်လျှောက်လာပြီး ကျောင်းသားများ နားနေခန်းရှိရာကို လှေကားအတိုင်း တက်လာခဲ့တယ်။

ရွန်နဲ့ ဟာမီယွန်တို့ မွန်းလွဲပိုင်းကုန်လုနီးချိန်မှာ ပြန်ရောက်လာတယ်။

"ဟယ်ရီ"ပုံတူပန်းချီကားရုပ် ဝင်ပေါက်ကြီးကိုဖြတ်ပြီး တက်လာနေတုန်းမှာပဲ ဟာမီယွန်က သူ့ကို လှမ်းအော်ခေါ်လိုက်တယ်။ "ဟယ်ရီ ငါအောင်သွားပြီဟဲ့"

"ကောင်းတာပေါ့ ဒါနဲ့ ရွန်ရော"

"သူလား သူကတော့ ကျတယ်ဟာ" ဟာမီယွန်က တိုးတိုးကလေး ပြောလိုက်တယ်။ ဒီအချိန်မှာပဲ ရွန့်မျက်နှာကြီး ကမ်းကုန်အောင် သုန်မှုန်စူပုပ်ပြီး သာခွေယိုင်ပုံစံနဲ့ ပျော့တိပျော့ခွေ လျှောက်လာနေတယ်။ ဟာမီယွန်က ဆက်ပြောတယ်။ "အဲဒါကတော့ တကယ့်ကို ကံဆိုးတာပါဟာ၊ စာမေးပွဲစစ်သူက သူမျက်ခုံးတစ်မျှင်စာပဲ နောက်ကျကျန်ရစ်တာကို တွေ့သွားပြီး ဖြစ်တာ၊ ဘာမဟုတ်တဲ့ သေးသေးဖွဲဖွဲကလေးပါဟာ ... ဩော်ဒါနဲ့ ပက်ကျိချျိုနဲ့ နင့်ကိစ္စကော ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com

"မအောင်မြင်ပါဘူးကွာ"ဟယ်ရီက စပြောရုံပဲ ရှိသေးတယ်၊ ရွှန်ရောက်လာလို့ သူ့ကို ဆက်ပြောလိုက်တယ်။ "ကံဆိုးတဲ့ အပေါင်းအသင်းကြီး စိတ်ပျက်မနေနဲ့ မင်း နောက်တစ်ခါအောင်မှာပါကွာ၊ တို့နှစ်ယောက် အတူနွဲကြတာပေါ့"

"အေးပါ ငါလည်း ဒီအတိုင်းပဲ သဘောထားလိုက်ပါတယ်။ ရွှန်က စိတ်တိုတိုနဲ့ ပြောလိုက်တယ်။ "မျက်ခုံးတစ်မျှင်ဝက်စာပဲကွာ အဲဒါ ပြဿနာလား"

"ငါ သိပါတယ်ဟယ်၊ တကယ်ကျတော့ ဒါဘာမှ ဖြစ်လောက်တာမှ မဟုတ်တာ" ဟာမီယွန်က ဖြေသိမ့်နိုင်အောင် အားပေးလိုက်တယ်။

သူတို့တွေ ညစာစားနေချိန်တစ်လျှောက်လုံး သူတို့ကို နာမ်ရုပ်သွင် ကိုယ်ထင်ပြ ဘာသာစာမေးပွဲ စစ်ဆေးတဲ့သူကိုပဲ သူတစ်ပြန်ကိုယ်တစ်ပြန် တဗျစ်တောက်တောက် ဝိုင်း အပြစ်ပြောနေကြတယ်။ ကျောင်းသားများ နားနေခန်းကြီးထဲက သူတို့ ပြန်ထွက်လာချိန်မှာတော့ ရွှန်လည်း စောစောကထက် မဆိုစလောက် စိုးစဉ်းမျှ ပို့ရွှင်ပျနေတယ်။ ခုတော့ ပက်ကျိချိုရဲ့ သူ့မှတ်ဉာဏ်ကို ရဖို့ ပြဿနာကိုပဲ သူတို့ ဆက်ဆွေးနွေးလာကြတယ်။

"ကဲ ဒါဖြင့် ဟယ်ရီ၊ မင်း ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်ကို သုံးတော့မှာလား ဘာလုပ်မှာလဲ" ရွှန်က မေးလိုက်တယ်။

"အေး ငါသုံးလိုက်ရင် ပိုကောင်းမယ်လို့ ယူဆထားတယ်။ ဒါပေမဲ့ အကုန်လုံးတော့ မလိုဘူးလို့ ငါထင်တယ်။ ၂၄နာရီခံအောင် တစ်ညလုံး အစွမ်းပြအောင်ပေါ့။ ငါ ပါးစပ်နဲ့ တစ်လုံး အပြည့်သောက်မယ်လေ။ နှစ်နာရီ သုံးနာရီခံရင် ရပြီပေါ့" ဟယ်ရီ ပြန်ပြောလိုက်တယ်။

"အဲဒါကို မင်းသောက်လိုက်ရင် အရမ်းကို အကြီးအကျယ် ခံစားလို့ ကောင်းမှာပဲနော်။ အဲဒီအခါကျရင် မင်းဘာမှအမှား မလုပ်မိနိုင်တော့သလိုမျိုးလား" ရွှန်က အဓိပ္ပာယ်မနီးယိုးစွဲ ဆင်တူတဲ့ စကားမျိုး မရှင်းမလင်း ပြောလိုက်လို့ ဟာမီယွန်က–

"ဟဲ့ နင်ဘာတွေ လျှောက်ပြောနေတာလဲ၊ နင်လည်း တစ်ခါမှ မသောက်ဖူးဘဲနဲ့"လို့ ရယ်မောပြီး ပြောလိုက်တယ်။

"အေးပါဟဲ့၊ ဒါပေမဲ့ ငါသောက်ခဲ့ဖူးတယ်လို့ ငါထင်တယ်။ မဟုတ်ဘူးလား။ ဆေးနှစ်မျိုး မတူတာဘဲ ရှိမယ်။ မဟုတ်ဘူးလား"

ဒါအပြင် ပက်ကျိချိုကို မဟာခန်းမကြီးထဲ ဝင်သွားတာကို သူတို့ မြင်လိုက်ကြပြီး၊ ပက်ကျိချိုအား ညစာစားရင်း အဲဒီမှာ ရှိနေဦးမယ်လို့ သိရတာကြောင့် သူတို့တွေ ကျောင်းသားများ နားနေခန်းကြီးထဲက ထွက်ခွာမသွားသေးဘဲ အချိန်အတော်ကြာအောင် ရစ်သီရစ်သီလုပ်နေကြတယ်။ သူ့အစီအစဉ်အရ ပက်ကျိချို သူ့ရုံးခန်းကို ပြန်ရောက်သွားချိန်မှာ ဟယ်ရီက အဲဒီကိုနောက်တစ်ခေါက် ပြန်ရောက်သွားဖို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကနေလုံး တားမြစ်ထားတဲ့ သစ်တောကြီးရဲ့ သစ်ပင်ထိပ်ဖျားတွေဆီ နိမ့်ဆင်းသွားချိန်မှာ သူတို့အစီအစဉ်စဖို့ အချိန်ရောက်ပြီလို့ သူတို့က ဆုံးဖြတ်လိုက်ကြတယ်။ ပြီးတော့ တစ်ခါ နက်ဗီး၊ ဒင်းန်နဲ့ ဆီမတ်စ်တို့ အားလုံး ကျောင်းသားများ နားနေခန်းကြီးထဲမှာ ရှိနေတာ သေချာအောင် ဂရုတစိုက် စစ်ဆေးကြည့်ရှုအပြီးမှာ ယောကျ်ားကလေး အဆောင်ဆီကို သူတို့ ခိုးကြောင်ခိုးဝှက် ထွက်လာခဲ့တယ်။

ဟယ်ရီဟာ သူ့ရဲ့ အဝတ်သေတ္တာကြီးအောက်ဆုံးမှာ သိမ်းထားတဲ့ ခြေအိတ်အလိပ်ကလေးကို ထုတ်ယူလိုက်တယ်။ ပြီးတော့တစ်ခါ ခြေအိတ်အလိပ်ထဲက ဝင်းလက်လက်အရောင်တောက်နေတဲ့ ပုလင်းပေါက်စနကလေးကို ထုတ်လိုက်ပြန်တယ်။

"ဒါကလေး ရှိနေလို့ တော်သေးရဲ့၊ ကဲ လာလေရော့ကွာ" ဟယ်ရီက ပြောရင်း ပုလင်းကလေးကို မြှောက်ပြီး တစ်ငုံစာ အတိုင်းအတာကို ဂရုတစိုက် သေချာ သောက်ချလိုက်တယ်။ "ကဲ-ဝင်သွားပြီ"

"ဒါလေး သောက်လိုက်တာ နင်ဘယ်လို ခံစားရသလဲဟင်" ဟာမီယွန်က မေးလိုက်တယ်။ တစ်အောင့်ကြာအောင် ဟယ်ရီက မဖြေဘူး။ အဲဒီနောက် ဖြည်းဖြည်းနှေးနှေးတော့ ဖြည်းဖြည်းနှေးနှေးပဲ။ ဒါပေမဲ့ သေချာတာက မရေမတွက်နိုင်အောင် အသင်္ချေအနန္တများပြားတဲ့ အခွင့်အလမ်းများရဲ့ ရွှင်လန်းတက်ကြွဖွယ်ရာ ရနံ့လေးတစ်ခုက သူ့ရင်ထဲကို ခိုဝင်ရောက်ရှိပျံ့နှံ့သွားတယ်။ ဟယ်ရီဟာ အရာအားလုံးမှ တကယ့်အရာအားလုံးကို သူလုပ်ဆောင်နိုင်စွမ်း ရှိသလိုမျိုး ခံစားလိုက်ရတယ်။ ပက်ကျိချိုဆီက မှတ်ဉာဏ်ရရှိဖို့ ကိစ္စလည်း ဖြစ်နိုင်ရုံ သက်သက်တင်မကဘဲ ဖြန်းစားချက်ချင်းကြီးကို အလွယ်တကူ ရတော့မလိုမျိုး သူ ခံစားနေရတယ်။

သူက မတ်တတ်ထရပ်လိုက်ပြီး ပြုံးပြုံးကြီးနဲ့ ယုံကြည်မှုတွေ ပြည့်ဝလာတယ်။

"ဟာ အတိုင်းထက်အလွန် ထူးခြား ကောင်းမွန်လှပါလားကွာ၊ တကယ်ကို အကောင်းဆုံးပါပဲ၊ ဟုတ်ပြီ ငါ ဟက်ဂရစ်ဆီကို သွားမယ်"

"ဘာ" ရွန်နဲ့ ဟာမီယွန် နှစ်ယောက်လုံး ပြိုင်တူ အသံထွက်သွားပြီး "တွေ့ဖို့ရှိတာလေ၊ သတိမရတော့ဘူးလား" ဟာမီယွန်က ပြောလိုက်တယ်။

"မဟုတ်ဘူး" ဟယ်ရီကလည်း ယုံကြည်ချက်အပြည့်နဲ့ ပြောလိုက်တယ်။ "ငါက ဟက်ဂရစ်ဆီကို သွားမယ်။ ဟက်ဂရစ်ဆီကို သွားဖို့ပဲ ငါ ခံစားချက်တွေကောင်းကောင်း ရနေတယ်။ ဟက်ဂရစ်ဆီပဲ သွားမယ်ကွာ"

"သြော်-မင်းက ဟိုဇရာမ ပင့်ကူကြီး မြေမြှုပ်သင်္ဂြိုလ်ဖို့ ကိစ္စကို သွားပြီး ခံစားနေတယ် ဟုတ်လား" ရွန်က မေးလိုက်တယ်။ သူ အံ့သြလွန်းမက အံ့သြလွန်းပြီး မှင်တက်မိနေတယ်။

"အေး ဟုတ်တယ်" ဟယ်ရီက ပြောပြီး သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို သူ့အိတ်ထဲကနေ ဆွဲထုတ်လိုက်တယ်။ "ငါ့ခံစားချက်ကတော့ ငါဒီည ရောက်ရှိနေရမယ့် နေရာဟာ အဲဒီနေရာပဲ၊ မင်းတို့ ငါဆိုလိုတာကို မသိကြဘူးလား"

www.burmeseclassic.com

"မသိဘူး" ရွန်နဲ့ ဟာမီယွန် နှစ်ယောက်အတူ ပြောလိုက်တယ်။ နှစ်ယောက်လုံး အတော်ကလေးည်း အထိတ်တလန့် ဖြစ်နေကြတယ်။

"ငါ ဒီဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်ကြောင့်ပဲ ဖြစ်မယ်လို့ ငါထင်တယ်"ဟာမီယွန်က စိုးရိမ်တကြီး ပြောလိုက်တယ်။ ပြီးတော့ ပုလင်းကလေးကို အလင်းရောင်ထဲမှာ ကိုင်မြှောက်ကြည့်ပြီး "ဟဲ့ နင့်မှာ တခြား ဒီလို ပုလင်းကလေး တစ်လုံးလုံးများ ရှိနေသေးလား၊ ငါလည်း မသိတော့ဘူး"

"သူ အရူးထတဲ့ အဆီတွေများ သောက်ချလိုက်မိတာလား" ရွန်က သူထင်တာ ပြောနေတယ်။ ဒီအချိန်မှာပဲ ဟယ်ရီက သူ့ဝတ်ရုံကို ပခုံးပေါ်လွှမ်းခြုံလိုက်တယ်။

ဟယ်ရီက ရယ်နေတယ်။ ဟိုနှစ်ယောက်ခမျာ ထိတ်လန့်သည်ထက် ပိုထိတ်လန့်လာတယ်။

"ငါ့ကို ယုံစမ်းပါ၊ ငါဘာလုပ်နေတယ်ဆိုတာ ငါသိပါတယ်။ ဒါမှမဟုတ်ရင်လည်း အနည်းဆုံးတော့ကွာ"သူက ပြောပြောဆိုဆို တံခါးဆီကို ဖြည်းဖြည်းလျှောက်သွားတယ်။ "ကံကောင်းခြင်း ဆေးရည် စအလုပ်လုပ်နေပြီ"လို့ သူက ထပ်ပြောလိုက်တယ်။

သူကိုယ်ပျောက်ဝတ်ရုံကို ခေါင်းပေါ်ဆွဲအုပ်ပြီး လှေကားကနေဆင်းသွားတယ်။ ရွန်နဲ့ ဟာမီယွန်လည်း သူ့နောက် ဖတ်သီဖတ်သီနဲ့ လိုက်သွားကြတယ်။ လှေကားခြေရင်းလည်း ရောက်ရော ဟယ်ရီက ပွင့်နေတဲ့ တံခါးကနေ လှစ်ခနဲ ထွက်သွားပါတော့တယ်။

ဒီအခိုက်မှာပဲ–

"ဟာ...... အဲဒီမှာ အမျိုးသမီးနဲ့ နင်ဘာလုပ်နေတာလဲ"ဆိုတဲ့ လာဗင်ဒါဘရောင်းရဲ့ ဟိန်းဟောက်သံ တစ်နေရာကနေ ပေါ်ထွက်လာတယ်။ သူမက ကိုယ်ပျောက်နေတဲ့ ဟယ်ရီရဲ့တည့်တည့်ကိုဖြတ်ပြီး ယောကျ်ားလေးဆောင်ထဲက ဖြုန်းခနဲပေါ်ထွက်လာတဲ့ ရွန်နဲ့ ဟာမီယွန်ကို စိုက်ကြည့်နေတယ်။ ဟယ်ရီ သူ့နောက်ဘက်မှာ ကြားနေရတဲ့ ရွန်ရဲ့ အထစ်ထစ်အငေါ့ငေါ့နဲ့ ဘူးလုံးနားမထွင်း ဖြေရှင်းသံတွေကို နားထောင်မနေတော့ဘဲ အခန်းကိုဖြတ်ပြီး အဝေးကိုရောက်အောင် သုတ်ခြေတင်သွားတယ်။

ပုံတူပန်းချီကားရုပ် အပေါက်ကြီးကို ဖြတ်သွားရတာကတော့ သူ့အဖို့ ရိုးနေပြီမို့ လွယ်ပါတယ်။ ဒါပေမဲ့ ဒီအပေါက်ကြီးနား သူရောက်သွားချိန်မှာပဲ ဂျင်နီနဲ့ ဒင်းန်တို့ အပေါက်ကို ဖြတ်ပြီး ဝင်လာတယ်။ ဒီမှာတင် သူတို့နှစ်ယောက်ကြား လွတ်အောင်ရှောင်မသွားနိုင်တဲ့ ဟယ်ရီက ဂျင်နီ့ကို မတော်တဆ ဝင်တိုက်မိလိုက်တယ်။

"ဒင်းန် နင် ကျေးဇူးပြုပြီး နင် ငါ့ကို မတွန်းစမ်းနဲ့ဟယ်"

သူမရဲ့ အသံက ဒင်းန်ကို သူမ စိတ်ကုန်နေကြောင်း ပေါ်လွင်နေတယ်။ "နင် ငါ့ကို အမြဲတမ်း ဒီလိုပဲ လုပ်တာပဲ။ ငါ့ဟာငါ လွတ်လွတ်ကျွတ်ကျွတ် ဝင်သွားတတ်ပါတယ်ဟဲ့"

www.burmeseclassic.com

ပုံတူပန်းချီကားကြီးက ဟယ်ရီရဲ့နောက်မှာ ချက်ချင်းလိုလို ပြန်ပိတ်သွားလို့ ဒင်းနက စိတ်ဆိုးပြီး ခွန်းတုံ့ခံပြောနေသံကိုတော့ သူမကြားလိုက်တော့ဘူး။ ဒီအချိန်မှာပဲ သူ့ရဲ့ပီတိတွေ တစ်ဟုန်ထိုးတိုးပွားလာတယ်။ ဟယ်ရီ ရဲတိုက်ကြီးထဲကနေ ထွက်သွားတယ်။

လမ်းမှာ ဟိုဝပ်ဒီတွား ပုန်းလျှိုးကွယ်လျှိုး သူသွားစရာမလိုဘူး။ လမ်းပေါ်မှာ ဘယ်သူ့ကိုမှလည်း မတွေ့ရဘူး။ ဒါပေမဲ့ အဲဒါကလည်း သူ့ကို နည်းနည်းကလေး စိုးစဉ်းမျှတောင် မအံ့ဩစေပါဘူး။ ဒီညနေခင်းနဲ့ ညချမ်းအတွက်တော့ ဟော့ဂ်ဝပ်စ်ကျောင်းကြီး တစ်ခုလုံးမှာ သူဟာ ကံအကောင်းဆုံး ဖြစ်နေပြီလေ။

ဒါပေမဲ့ ဟက်ဂရစ်ဆီကို သွားခြင်းကသာ မှန်ကန်တဲ့ လုပ်ရပ်ဖြစ်တယ်လို့ သူဘာကြောင့် သိရတယ်ဆိုတာ သူကိုယ်တိုင် မသိဘူး။ သူ့မှာ အဲဒီအတွေးမျိုးလည်း မရှိခဲ့ဘူး။ အဲဒါဟာ ဖရဏာပီတိ ကံကောင်းခြင်းဆေးရည်ရဲ့ အချိန်တစ်ချိန်အတွင်းမှာ လမ်းပြရှေ့ဆောင်သွားမှုမျိုးပဲ ဖြစ်လိမ့်မယ်ထင်တယ်။ ပန်းတိုင်ကို သူမမြင်နိုင်သေးဘူး။ ပက်ကျိချို ဘယ်အခန်းက ပါဝင်လာမယ်ဆိုတာလည်း သူမသိနိုင်ဘူး။ ဒါပေမဲ့ သူဟာ မှတ်ဉာဏ်ကို ရရှိဖို့ မှန်ကန်တဲ့ လမ်းကြောင်းအတိုင်း သွားနေတယ်ဆိုတာတော့ သိနေတယ်။

သူ ဆင်ဝင်ခန်းမကြီးထဲကို ရောက်သွားတဲ့အခါမှာ ဖိလ်ချ်ဟာ အရှေ့တံခါးကြီးကို သော့ခတ်ဖို့ မေ့နေတာတွေ့ရတယ်။ ဟယ်ရီက သဘောကျပြီး အားပါးတရ ပြုံးလိုက်ရင်း တံခါးကြီးကို တွန်းဖွင့်လိုက်တယ်။ ဒီနောက် အပြင်ဘက်ရောက်သွားပြီး သန့်ရှင်းတဲ့လေနဲ့ မြက်ခင်းရဲ့ရနံ့ကို သူတစ်အောင့်ကြာအောင် တစ်ဝကြီးရှူရှိုက်လိုက်ပြီးမှ နေဝင်ဖျိုးဖျ မှောင်ရီညချမ်းအချိန် လှေကားတစ်တွေအတိုင်း လျှောက်လှမ်းဆင်းသွားပါတယ်။

သူလှေကားအောက်ဆုံး ထစ်ကို ရောက်သွားတဲ့အချိန်မှာ ဖြစ်ပေါ်လာတဲ့ ခံစားမှုက အင်မတန်မှ ထူးခြားပြီး နှစ်လိုသာယာဖွယ် ကောင်းနေပါတယ်။ ဟက်ဂရစ်ဆီ လျှောက်သွားရမယ့် လမ်းတစ်လျှောက် ဟင်းသီးဟင်းရွက် စိုက်ခင်းအကွက်တွေကို သူဖြတ်ပြီး လျှောက်သွားရမယ်။ လမ်းမှာ သူဘာမှ တင်းကျပ်မှုမရှိဘဲ လွတ်လွတ်လပ်လပ် ဖြစ်နေတဲ့အတိုင်း သူ့စိတ်ထဲမှာ ပေါက်ပေါက်ရှာရှာ တစ်ခုခုလုပ်ဖို့ ကြံကြံဖန်ဖန် စိတ်ကူးတစ်မျိုး ရောက်လာတယ်။ ဒါနဲ့ပဲ သူဟာ သူ့ကို စိတ်ကျေခပ်အားရ ဖြစ်ပေါ်စေတဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းတစ်ကွက်ဆီကို ချက်ချင်း ကောက်ကာငင်ကာ ခြေဦးလှည့်လိုက်တယ်။ ဒါပေမဲ့ လုံးလုံးလျားလျား သူအံ့ဩမှုမဖြစ်ဘဲ ကြုံရတာက အဲဒီမှာ ပါမောက္ခပက်ကျိချိုကို ပါမောက္ခစပရောက်နဲ့ အာလာပသလ္လာပ စကားစမြည် ပြောဆိုနေတာကို တွေ့လိုက်ရတာ ဖြစ်ပါတယ်။

ဟယ်ရီက ကျောက်တုံးနိမ့်နိမ့်တစ်လုံးရဲ့ နောက်ကွယ်က အသာ ချောင်းကြည့်လိုက်တယ်။ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းနေသလို ခံစားရင်း သူတို့ ပြောကြဆိုကြတာတွေကို သူနားထောင်နေတယ်။

"ခုလို အချိန်ပေး လုပ်ကိုင်ပေးတဲ့အတွက် ခင်ဗျားကို ကျွန်တော် ကျေးဇူးတင်ပါတယ် ပိုမိုနာ" ပက်ကျိချိုက ယဉ်ယဉ်ကျေးကျေး ပြောနေတယ်။ "အာဏာပိုင်တွေ အများစုက တကယ်လို့ သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com

နေဝင်ရီတရောအချိန်မှာ ခူးဆွတ်မယ်ဆိုရင် အစွမ်းအာနိသင် အထက်မြက်ဆုံး ဖြစ်တယ်ဆိုတာကို သဘောတူကြပါတယ်”

“အို… ကျွန်မ လုံးဝသဘောတူပါတယ်ရှင်၊ ဒီလောက်ဆို ရှင့်အတွက် လုံလောက်……….” ပါမောက္ခစပရောက်ကလည်း နွေးထွေးစွာ ပြောလိုက်တယ်။

“လုံလောက်တာမှ လျှံနေတယ် လျှံနေတယ်” ပက်ကျိချိုက ပြောလိုက်တယ်။ ဟယ်ရီ လှမ်းကြည့်လိုက်တော့ သူ့လက်ထဲမှာ ဟင်းသီးဟင်းရွက်ပင်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့။ ပက်ကျိချိုက ဆက်ပြောတယ်။ “ဒါတွေကို ကျွန်တော့်ရဲ့ တတိယနှစ်ကျောင်းသားတွေ တစ်ဦးချင်းကို သုံးခွင့်ပြုရမှာပါ။ တချို့ကိုတော့ တစ်ယောက်ယောက် ချက်ပြုတ်တာလွန်သွားရင် ထပ်မျှပေးရမှာပေါ့”

“ဟုတ်ပါပြီရှင်၊ ရှင့်အတွက် ကောင်းသောညနေခင်း ဖြစ်ပါစေ၊ ထပ်ခါထပ်ခါ ကျေးဇူးတင်လိုက်ပါတယ်”

ပါမောက္ခစပရောက်ဟာ သူမရဲ့ စိုက်ခင်းအိမ်ကလေး ရှိရာဦးတည်ပြီး သိပ်သည်းလာတဲ့ အမှောင်ထဲကို ဦးတည်ထွက်သွားပါတယ်။ ပက်ကျိချိုက ဟယ်ရီရှိရာဘက်သို့ ဦးတည်လာနေပါတယ်။ ဒါပေမဲ့ သူ့ကို မြင်လို့တော့ မဟုတ်ဘူး။

ဟယ်ရီဟာ သူ့ကို မြင်အောင် လုစ်ပြဖို့ ဆန္ဒတစ်ခု ဖြုန်းဖြုန်းဒိုင်းဒိုင်း ဖြစ်ပေါ်လာပြီး သူ့ရဲ့ ကိုယ်ဖျောက်အကျႌကို ဆွဲယမ်းဖယ်ရှားပစ်လိုက်တယ်။ ပြီးတော့–

“ကောင်းသောညချမ်းပါ ပါမောက္ခကြီး”

“ဟာ အထိတ်တလန့် ဟယ်ရီရာ၊ မင်း ငါ့ကို ထခုန်မိအောင် လုပ်လိုက်တာလား” ပြောပြောဆိုဆို ပက်ကျိချိုဟာ သူလာနေတဲ့လမ်းပေါ်မှာ သတိရှိရှိနဲ့ တုံ့ခနဲ ခြေလှမ်းရပ်သွားပါတယ်။ ပြီးတော့ သူက ပြောလိုက်တယ်။ “မင်း ရဲတိုက်ထဲက ဘယ်လို ထွက်လာတာလဲ”

“ကျွန်တော် ထင်တာတော့ ဖိလ်ချ်က တံခါးတွေကို သော့ခတ်ဖို့ မေ့သွားပုံရပါတယ်” ဟယ်ရီ အားရွှင်မြူးတဲ့အသံနဲ့ ပြောလိုက်တယ်။ ပြီးတော့ ပက်ကျိချိုရဲ့ သုန်သုန်မှုန်မှုန်ဖြစ်နေတဲ့ မျက်နှာကြီးကို ကြည့်ပြီးတော့လည်း သဘောကျနေတယ်။

“အဲဒီလူဆီကို သတင်းပို့ရလိမ့်မယ်။ မင်းငါ့ကို ပြောနေပုံက သူဟာ ကောင်းမွန်လုံလောက်တဲ့ လုံခြုံရေးကိစ္စကို အရေးထားဖို့ထက် အမှိုက်သရိုက်ကိစ္စတွေကို ပိုစိတ်ဝင်စားနေသလို ဖြစ်နေတယ်။ ဒါပေမဲ့ မင်းက ဒီကို ဘာကြောင့် ရောက်နေရတာလဲ”

“ကောင်းပါပြီဆရာ၊ အဲဒါက ဟက်ဂရစ်ကြောင့်ပါ” ခုအချိန်မှာ အမှန်ကို ပြောပြတာသာ အမှန်ဆုံးပဲဆိုတာ သိနေတဲ့ ဟယ်ရီက ပြောလိုက်တယ်။ “သူ ဒုက္ခလှလှ တွေ့ပြီး စိတ်မချမ်းမသာ ဖြစ်နေရှာတယ်။ ဒါပေမဲ့ ဆရာ အဲဒါကို ဘယ်သူ့ကိုမှ မပြောပါနဲ့ ဆရာ။ သူဒုက္ခရောက်မှာကို ကျွန်တော် မလိုလားလို့ပါ”

www.burmeseclassic.com

ဒီမှာတင် ပက်ကျိုချို သိချင် စူးစမ်းချင်တဲ့စိတ်တွေ ထူးထူးခြားခြား နိုးကြားထကြွလာတယ်။ "ဟုတ်ပြီလေ။ ဒါပေမဲ့ မင်းကို ငါ ကတိမပေးနိုင်ဘူး။ ပက်ကျိုချိုက ခပ်ပြတ်ပြတ်ပြောလိုက်တယ်။ "ဘယ်လိုပဲဖြစ်ဖြစ် ဒမ်းဘဲလ်ဒိုးက ဟက်ဂရစ်ကို ကမ်းကုန်အောင် ယုံကြည်ထားတယ်ဆိုတော့၊ သူဟာ ဘယ်နည်းနဲ့မဆို ဘယ်အရာကိုမှ အထိတ်တလန့် ဆိုးဆိုးဝါးဝါး ဖြစ်စေမှာ မဟုတ်ဘူးဆိုတာတော့ ငါတပ်အပ် သေချာ ပြောနိုင်ပါတယ်"လို့လည်း သူဆိုတယ်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ခုဟာက ဟိုပင့်ကူဘီလူးကြီး ကိစ္စပါ။ သူက အဲဒါကြီးကို နှစ်ပေါင်းများစွာ မွေးလာခဲ့တယ်။ ပင့်ကူကြီးက တောထဲမှာ နေတာပါ။ သူက အကုန်လုံးလည်း ပြောတတ်တယ်။ အကုန်လုံးလည်း....."

"ငါ ကောလာဟလ ပြောသံကြားရတာကတော့ အရမ်းအဆိပ်ပြင်းတဲ့ ဧရာမပင့်ကူကြီးတွေ တောထဲမှာ ရှိတယ်လို့ ကြားတယ်။ အဲဒါ အမှန်ပဲလား၊ နောက်ကော"

"ဟုတ်ကဲ့ မှန်ပါတယ်၊ ဒီတစ်ကောင်ဟာ ဟက်ဂရစ်မွေးခဲ့တဲ့ ပထမဆုံး အဲဒီလို ပင်ကူကြီး အရာဂေါ့ညကပဲ သေသွားပါတယ်။ ဒါကြောင့် သူယူကျုံးမရ ဖြစ်နေတယ်။ အဲဒီအကောင်ကြီးကို မြေမြုပ်သင်္ဂြိုလ်ဖို့ သူအဖော်လိုအပ်နေတယ်။ ဒါကြောင့် ကျွန်တော် သွားမလို့ပါ"

"အင်း စိတ်ထိခိုက်စရာပါလား၊ စိတ်ထိခိုက်စရာ ဖြစ်နေပြီ" ပက်ကျိုချိုက မသိစိတ်နဲ့ အမှတ်မဲ့ ပြောလိုက်မိတယ်။ ပြီးတော့ ညှိုးငယ်သွားတဲ့ မျက်လုံးကြီးတွေကလည်း ဟိုးအဝေးမှာ ရှိနေတဲ့ ဟက်ဂရစ်ရဲ့ အခန်းကလေးထဲက အလှမ်းဝေးလှတဲ့ အလင်းရောင်တွေဆီကို လှမ်းငေးစိုက်ကြည့်နေတယ်။ ပြီးတော့ သူ့ပါးစပ်ကလည်း တတွတ်တွတ် ဆက်ပြောနေတယ်။ "ဒါပေမဲ့ အဲဒီ တောကြီးပင့်ကူအဆိပ်ဟာ သိပ်တန်ဖိုးရှိတယ်။ တကယ်လို့ ဒီကြောက်စရာ သတ္တဝါကြီးဟာ သေသွားရုံ သက်သက်ဆိုရင် ခြောက်မသွားနိုင်ပါဘူး ဘယ်လိုပဲဖြစ်ဖြစ်လေ အမှန်တော့ တကယ်လို့ ဟက်ဂရစ်စိတ်မချမ်းမသာ ဖြစ်နေရင် ကိုယ်ချင်းမစာတာမျိုး ဘာမှ မလုပ်ချင်ပါဘူး။ဒါပေမဲ့ အဲဟိုမှ ရယူလုပ်ကိုင်ပေးစရာ နည်းလမ်းတစ်ခုခု ရှိနေရင်တောင်၊ ငါဆိုလိုတာက ပင့်ကူကြီးရဲ့ အဆိပ်ကို ပင့်ကူကြီးအသက်ရှင်နေချိန်မှာ သူရယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

အဲဒီအချိန်မှာ ပက်ကျိုချိုဟာ ဟယ်ရီ့ကို ပြောနေတာထက် သူ့ကိုယ်သူ ပြောနေတာနဲ့ ပိုတူနေတယ်။

"ရယူမစုဆောင်းနိုင်ဘဲ စိတ်မသက်မသာစရာ ကောင်းအောင် အတော်ဆိုးဆိုးဝါးဝါး အလဟဿဖြစ်ပွားတော့မယ့်ပုံပဲ။ တစ်ပိုင့်ကို ဂေါလ်လီယွန် တစ်ရာလောက် ရနိုင်တဲ့ ပစ္စည်းတွေ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါ့လစာကလည်း ခြောက်မူးတစ်ပဲလေးရတာကွာ"

အဲဒီမှာတင် ဟယ်ရီက သူဘာကို ပြီးပြတ်အောင် လုပ်ရမယ်ဆိုတာ ရှင်းရှင်းလင်းလင်းကြီး သိသွားတယ်။

"ဟုတ်ကဲ့ပါ ဆရာ" တစ်ဖက်သားကျလောက်၊ ယုံလောက်တဲ့ တုံ့ဆိုင်းတုံ့ဆိုင်း ချီတုံချတုံ ဖြစ်နေတဲ့ အသံမျိုးနဲ့ သူက စပြောလိုက်တယ်။ "ဒီလိုရှိပါတယ်၊ ကျွန်တော်လာတာကို ဆရာလိုလားတယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

ဟက်ဂရစ်လည်း အတိုင်းမသိ ဝမ်းသာကျေနပ် သွားနိုင်ပါတယ်။ အရာဂေါ့ကို ကောင်းကောင်းမွန်မွန်ကို ပို့ဆောင်နှုတ်ဆက် ပေးလိုက်ပါလားဆရာ၊ ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်ကို ဆရာသိပါတယ်နော်"

"အေး ဒါပဲ ရှိတော့တာပေါ့ကွာ" ပက်ကျိချိုက ပြောလိုက်တယ်။ ခုအခါမှာတော့ သူ့ရဲ့ မျက်လုံးတွေပါ သူ့ရဲ့ စိတ်ပါဝင်စားမှုနဲ့ အတူ ထင်ဟပ်ပြီး အရောင်လက်လာတယ်။ "ကဲ မင်းကို ငါဘာပြောရမလဲ၊ ငါ အဲဒီကိုလာပြီး တစ်ပုလင်း ဒါမှမဟုတ် နှစ်ပုလင်း ယူလာပြီး မင်းနဲ့တွေ့မယ်ကွာ။ တို့တွေ သနားစရာကောင်းတဲ့ အကောင်ကြီးရဲ့ အဲဒီမှာ သောက်ကြတာပေါ့။ အခြေအနေကတော့ သိပ်ကောင်းလှတာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ကို စတိုင်ကျကျ ဖြစ်အောင် ပို့ဆောင်နှုတ်ဆက်ကြမယ်။ အို ဘယ်လိုပဲ ဖြစ်ဖြစ်ကွာ တစ်ချိန်မှာတော့ မြေမြုပ်သင်္ဂြိုလ်ခံရမှာပဲလေ။ ငါ့အနေနဲ့လည်း အဲဒီ အခမ်းအနားလေးမှာ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ ဖြစ်နေအောင် ပုံစံပြောင်းရတော့မှာပေါ့"

သူ ရဲတိုက်ကြီးထဲကို ပျာလောင်ခတ်ပြီး ပြန်ဝင်သွားတယ်။ ဟယ်ရီလည်း သူ့စိတ်ကြိုက်အတိုင်း ဟက်ဂရစ်ဆီကို တက်သုတ်ရိုက် ထွက်လာခဲ့ပါတော့တယ်။

"သြော်.... ရောက်လာပြီလား" သူ တံခါးဖွင့်လိုက်ချိန်မှာ ကိုယ်ဖျောက်ဝတ်ရုံကို ချွတ်ခွာလိုက်လို့ သူ့ရဲ့ ရှေ့မှာပေါ်လာတဲ့ ဟယ်ရီကိုမြင်ပြီး ဟက်ဂရစ်က အသံအက်အက်ကြီးနဲ့ ပြောလိုက်တယ်။

"ဟုတ်ကဲ့ ရောက်လာပါပြီဗျာ၊ ရွန်နဲ့ ဟာမီယွန်တို့လည်း အတော်ကလေး ကြေကွဲဝမ်းနည်းဖြစ်ကြပါတယ်။ ဒါပေမဲ့ သူတို့ လိုက်မလာနိုင်ကြဘူးဗျာ"ဟယ်ရီက ပြန်ပြောလိုက်တယ်။

"ကိစ္စ-မ-မရှိဘူး၊ တူက မင်းဒီမှာ ရှိနေရင် ကျေနပ်ပါပြီ ဟယ်ရီ" ဟက်ဂရစ်က ပြောလိုက်တယ်။

ပြီးတော့ ဟက်ဂရစ်ဟာ ရှိုက်ကြီးတငင် အားရပါးရ ငိုကြွေးလိုက်တယ်။ သူက ဖိနပ်တိုက် အရောင်တင်ဆေးထဲနှစ်ထားတဲ့ အဝတ်စုတ်တစ်စနဲ့ တူတဲ့ လက်ပတ်အမည်းကြီးတစ်ခုလည်း ပတ်ထားသေးတယ်။ သူ့မျက်လုံးတွေလည်း မို့ဖောင်းရောင်ကိုင်း နီရဲနေတယ်။ ဟယ်ရီက ဟက်ဂရစ်ရဲ့ တံတောင်ဆစ်ကို ပုတ်ပြီး နှစ်သိမ့်နေတယ်။ ဟယ်ရီရဲ့ အရပ်နဲ့ ဟက်ဂရစ်ကို အမြင့်ဆုံး လှမ်းကိုင်လို့ မီတဲ့နေရာဟာ တံတောင်ဆစ်အထိပဲ ရှိတယ်။

"ကျွန်တော်တို့ သူ့ကို ဘယ်နေရာမှာ မြုပ်မှာလဲ တောထဲမှာလား"ဟယ်ရီက မေးလိုက်တယ်။

"ဘယ်ဂလာ ဝုတ်ရမှာလဲ မဝုတ်ဘူး" ဟက်ဂရစ်က တသွင်သွင်ကျနေတဲ့ သူ့မျက်ရည်တွေကို ရှပ်အင်္ကျီအောက်နားစနဲ့ သုတ်ရင်း ပြန်ပြောလိုက်တယ်။ "အခု အရာဂေါ့ သေဆုံးသွားတဲ့ သူတို့ရဲ့ ပင့်ကူအိမ်တွေအနားမှာ သူ့ကိုမြုပ်ဖို့ အခြား ပင်ဂူတွေက ငါ့ကို ခွင့်ပြုမှာ မဝုတ်ဘူး၊ အဲဒါက တူမှာခဲ့တဲ့အတိုင်း အဲဒီကောင်တွေက ငါ့ကို မစားအောင် လုပ်ရမှာ။ မင်း အဲဒါကို မယုံဘူးလား ဟယ်ရီ"

သူက "ဟုတ်ကဲ့"လို့ပဲ ဖြေလိုက်တယ်။ ဟယ်ရီက သူနဲ့ရွန် အဆိပ်ပြင်းတော ပင့်ကူကောင်ကြီးတွေနဲ့ မျက်နှာချင်းဆိုင် ကြုံရတုန်းက အဖြစ်အပျက် မြင်ကွင်းကို ပြန်ပြီး နာနာကျင်ကျင် သတိရနေတယ်။

www.burmeseclassic.com

အမှန်တော့ အရာဂေါ့သာလျှင် ဟက်ဂရစ်က ပင့်ကူတွေမစားအောင် တားဆီးနိုင်တဲ့ တစ်ဦးတည်းသောသူ ဖြစ်တယ်ဆိုတာ သူတို့ ကောင်းကောင်းကြီး သိနေတယ်။

"ငါ မတွားနိုင်ခင်မှာတော့ တောထဲက ဘယ်နေရာမှာမှ မဖြစ်နိုင်ပါဘူးဂွာ" ဟက်ဂရစ်က သူ့ခေါင်းကြီးကို ခါယမ်းနေရင်း ပြောလိုက်တယ်။ "အရာဂေါ့ရဲ့ အလောင်းဂန္ဓာကိုယ်ကြီးကို အဲဒီကနေယူဖို့ဆိုတာလည်း မလွယ်ဘူး။ ငါ မင်းကို ပြောနိုင်ဒါကဒေါ့ တူဒို့ဟာ တူဒို့ရဲ့ တေတဲ့အကောင်တွေကို ပြန်စားတတ်တယ် ဆိုတာဗဲ၊ တိဒယ်မဂုတ်လား။ ဒါပေမဲ့ ငါ တူ့ကို ကောင်းကောင်းမွန်မွန် မြုပ်ဘေးဂျင်ဒယ်ဂွာ။ ကောင်းကောင်းမွန်မွန် ပို့ဆောင်နူတ်ဆက်ဂျင်ဒယ်"ဟက်ဂရစ်က ပြောလိုက်တယ်။

ပြီးတော့ သူတစ်ကျော့ပြန်ပြီး ငိုချလိုက်ပြန်တယ်။ ဒီမှာတင် ဟယ်ရီကလည်း စောစောက သူလုပ်ခဲ့သလိုပဲ ဟက်ဂရစ်ရဲ့ တံတောင်ဆစ်ကြီးကို ပြန်ပြီး ပုတ်ပေးနေလိုက်တယ်။ (သူသောက်ထားတဲ့ ဆေးရည်ကလည်း အဲဒီလို လုပ်တာမှန်တယ်လို့ အချက်ပြနေသလိုပဲ။) ဟယ်ရီက ပြောလိုက်တယ်။ "ကျွန်တော် ဒီကိုလာတုန်း လမ်းမှာ ပါမောက္ခ ပက်ကျိချိုနဲ့ တွေ့ခဲ့သေးတယ် ဟက်ဂရစ်"

"မင်း ဒုက္ခရောက်တွားရောလား၊ ဂုတ်တယ် မဂုတ်လား"ဟက်ဂရစ်က အလန့်တကြား သူ့ကို ပြန်ကြည့်ပြီး ပြောလိုက်တယ်။ "အင်း မင်းကလည်း ညဘက်ကြီး ရဲတိုက်ထဲ ထွက်မလာသင့်ဘူးလေ၊ ငါတိဒယ်။ အဲဒါဟာ ငါ့အဗျစ်ဘာဘဲ"

"အို မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်တော် ဘာလုပ်မယ်ဆိုတာလည်း သူကြားရော၊ သူက သူပါ ဒီကို လိုက်လာပြီး အရာဂေါ့ကို နောက်ဆုံး ဂါဝရပြုချင်တယ် ဆိုပြီး ဖြစ်သွားတယ်။ ဒီကိစ္စမှာ ပိုအဆင်ပြေအောင် အပြောင်းအလဲ တစ်ခုခု သူလုပ်လိုက်တယ်လို့ ကျွန်တော် ထင်တယ်။ ပြီးတော့ သူက ပြောတယ်။ သူ ပုလင်းတွေယူလာမယ်။ ကျွန်တော်တို့တွေ အရာဂေါ့ရဲ့ မှတ်ဉာဏ်ကို သောက်ကြမယ်တဲ့" ဟယ်ရီက ပျာပျာသလဲ ပြောလိုက်တယ်။

"တူက ဒီလိုပဲ ပြောလိုက်တာလား" အံ့အားသင့်သွားတာရော၊ စိတ်ထိခိုက်တာရော တစ်ပြိုင်နက်ခံစားမိရင်း ဟက်ဂရစ်က မေးလိုက်တယ်။ "ဒါ တူလုပ်ဒါ မှန်ဒါဘော့၊ ငါနဲ့တူဒီလောက်အထိ အရင်က ရင်းရင်းနှီးနှီး မနေခဲ့ဖူးပါဘူး။ အရာဂေါ့ကို နောက်ဆုံးလာကြည့် ဒါဆိုဒေါ့ကောင်းပါဒယ်။ ငါဒို့ တဘောကျဒယ်ဆိုရင် အရာဂေါ့လည်း တဘောကျမှာပါ"လို့လည်း သူက ဆက်ပြောတယ်။

ဟယ်ရီက သတ်သတ်တွေးကြည့်တယ်။ ပက်ကျိချိုလာတာနဲ့ ပတ်သက်လို့ အရာဂေါ့အကြိုက်တွေ့မယ့် အချက်ဟာ သူစီစဉ်ပေးမယ့် ပေါပေါများများ စားကောင်းသောက်ဖွယ် အသားတွေပဲ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ဟက်ဂရစ်ရဲ့ တဲနောက်ဖေးပြတင်းကို သူလျှောက်သွားပြီး လှမ်းကြည့်လိုက်တော့ တွေ့ရတဲ့ မြင်ကွင်းဟာ တွန့်လိမ်ကောက်ကွေး ရှုပ်ထွေးနေတဲ့ ခြေထောက်တွေနဲ့ ကြောက်စရာကောင်းတဲ့ ဧရာမပင့်ကူကြီး ပက်လက်လန်သေနေတာပါပဲ။

"ကျွန်တော်တို့ သူ့ကို ခင်ဗျားရဲ့ ဒီအိမ်ဝင်း ဥယျာဉ်ကလေးထဲမှာပဲ မြုပ်မှာလား ဟက်ဂရစ်"

www.burmeseclassic.com

www.burmeseclassic.com

"အေး ဆွေဖရုံစိုက်ခင်း ဂလေးအလွန်နားမှာ ဂပ်ပြီး မြုပ်မယ်လို့ ငါတွေးထားဒယ်"ဟက်ဂရစ်ရဲ့ အသံက ဆို့နစ်ကွဲအက်နေတယ်။ အဲဒီမှာ တူ့တင်းဂျိုင်းကျင်းတောင် ငါတူးပြီးထားပြီးနေပြီ။ ကဲ–ခုလတ်တလော သူနဲ့ ပတ်သက်တဲ့ ကောင်းရာကောင်းကြောင်းကလေးတွေ ပြောကြရအောင်၊ ပျော်ရွှင်ဖွယ် အမှတ်တရလေးတွေပေါ့ကွာ၊ ဟုတ်ပြီလား"

သူ့အသံတွေ တုန်ယင်အက်ကွဲနေတယ်။ ဒီအချိန်မှာပဲ တံခါးခေါက်သံ တစ်သံထွက်ပေါ်လာတယ်။ သူ့ရဲ့ နှာခေါင်းကြီးကို စွန်းပေအကွက်ထနေတဲ့ ဧရာမ လက်ကိုင်ပဝါကြီးနဲ့ စောစောက သုတ်သလို ထပ်ပွတ်သုတ်ပစ်လိုက်ရင်း ဟက်ဂရစ်က ထူးမယ်လို့ ဟန်ပြင်လိုက်ချိန်မှာပဲ ပက်ကျိချို ဖိနပ်ချွတ်ကနေ သုတ်သုတ်ပျာပျာ ဝင်လာတယ်။ အရောင်အတော်လေးမွဲနေတဲ့ လည်စည်းအနက်ကြီးကို တပ်လာတဲ့ သူလက်ထဲမှာ ပုလင်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ပါလာတယ်။

"ဟက်ဂရစ်"သူက အေးဆေးတည်ငြိမ်တဲ့ အသံနဲ့ ခေါ်လိုက်ပြီး ပြောတယ်။ "ခင်ဗျားရဲ့ ဆုံးရှုံးမှုကြားရတဲ့အတွက် ကျုပ် အလွန်အမင်း စိတ်မကောင်း ဖြစ်မိပါတယ်"

"ဂင်ဗျား ရောက်လာတာ တိတ်ကောင်းပါတယ်။ ကျေးဂျူးလည်း အများကြီး တင်ပါဒယ်။ ပြီးတော့ ဟယ်ရီကို ဖမ်းဆီးထိန်းချုပ်မှု မပြုလိုက်တဲ့ အဒွက်ပါ ကျေးဂျူးဒင်တယ်ဗျာ"လို့ ဟက်ဂရစ်ကလည်း ပြောလိုက်တယ်။

"အဲဒါတွေ စိတ်ထဲမထားပါနဲ့တော့ဗျာ၊ သြော် ဝမ်းနည်း စိတ်မကောင်း ဖြစ်စရာည၊ စိတ်မကောင်းဖြစ်ရတဲ့ညပါလား။ ကဲ သနားစရာကောင်းတဲ့ သတ္တဝါကြီးက ဘယ်မှာလဲ"ပက်ကျိချိုကပြောရင်း တစ်ဆက်တည်း မေးလိုက်တယ်။

"ဒီအပြင်ဘက် ကလေးမှာပါ" ဟက်ဂရစ်က တုန်ခါနေတဲ့ အသံနဲ့ ပြောလိုက်တယ်။ ကျွန်တော်တို့ ကျွန်တော်တို့ ခုလုပ်ကြတော့မလား"

သူတို့သုံးယောက်သား အပြင်ဘက် ဥယျာဉ် နောက်ဘက်ပိုင်းကို လျှောက်ပြီး ထွက်လာကြတယ်။ ရွှန်းမြတဲ့ လရောင်က သစ်ပင်ကြို သစ်ပင်ကြားကနေ သိပ်လင်းထိန်ခြင်း မရှိဘဲ ခပ်ဖျော့ဖျော့ ဖြာကျနေတယ်။ အဲဒီ လရောင်ခြည်တန်းတွေနဲ့ လောလောလတ်လတ် တူးပုံထားတဲ့ ဆယ်ပေအမြင့်စာ မြေကြီးအပုံတောင်ပူစာကလေးရဲ့ ဘေးက ဧရာမတွင်းကြီးရဲ့ အစပ်မှာ လဲလျောင်းသေဆုံးနေတဲ့ ပင့်ကူကြီးအရာဂေါ့ရဲ့ ခန္ဓာကိုယ်ပေါ်ကို ဟက်ဂရစ်ရဲ့ အိမ်ထဲကနေ ဖြာကျနေတဲ့ အလင်းရောင်တွေ ရောနှောနေတယ်။

"အံ့ချီးလောက်အောင် ခံ့ညားပါပေတယ်ဗျာ"ပက်ကျိချိုက ပြောရင်း ပင့်ကူကြီးရဲ့ ဦးနှောက်ဆီကို ချဉ်းကပ်သွားတယ်။ အဲဒီဦးခေါင်းမှာ ဖြူဆွတ်ဆွတ်နဲ့ နို့ရောင်တောက်နေတဲ့ မျက်လုံးကြီးရှစ်လုံးက မပိတ်ဘဲ ဖွင့်နေပြီး အပေါ်ဘက် ကောင်းကင်ပြင်ကို ကြောင်တောင်ကြီး ငေးကြည့်နေတယ်။ နည်းနည်းနောနောမဟုတ်အောင် ကြီးမားပြီး ကောက်ကွေးနေတဲ့ လက်မကြီး နှစ်ချောင်းကတော့ လရောင်အောက်မှာ မလှုပ်မယှက် ငြိမ်သက်နေတယ်။ ပက်ကျိချိုက ပင့်ကူလက်မကြီးတွေပေါ်ကို ကုန်းကြည့်လိုက်ပြီး၊ တစ်ခါ အမွေးအမှင်ထူတဲ့ ဧရာမ ပင့်ကူခေါင်းကြီးကို

www.burmeseclassic.com

ဆက်စစ်ဆေးကြည့်နေတယ်လို့ ထင်ရချိန်မှာပဲ ဟယ်ရီရဲ့ နားထဲမှာ ပုလင်းတွေ တချွင်ချွင်မြည်နေတဲ့ အသံကို ကြားလိုက်သလိုလို ဖြစ်သွားတယ်။

“အဲဒါတွေ ဘယ်လောက်လှပတယ်ဆိုတာ လူတိုင်းမခံစားတတ်ကြဘူး။ မသိကြဘူးလေ”ဟက်ဂရစ်က ပက်ကျိချိုကို ထောက်ခံပြီး ပြောလိုက်တယ်။ တွန့်လိပ်နေတဲ့ သူ့မျက်လုံးအိမ်ထောင့်တွေကနေ မျက်ရည်တွေ တသွင်သွင် ယိုဖိတ်စီးကျလာပြန်တယ်။ “ဟိုရေ့စ်ရယ်........ အရာဂေါ့လို သတ္တဝါကောင်ကြီးတွေနဲ့ ပတ်သက်ပြီး ခင်ဗျား စိတ်ဝင်စားမှု ရှိတယ်ဆိုတာ အစက ကျွန်တော် မသိခဲ့ပါဘူးဗျာ”လို့ သူက ဆက်ပြောတယ်။

“စိတ်ဝင်စားတယ် ဟုတ်လား.......... ကျွန်တော် ခင်မင်ရတဲ့ ဟက်ဂရစ်။ ကျွန်တော်က အဲဒါတွေကို လေးစားမြတ်နိုးတာဗျ” ပက်ကျိချိုက ပြန်ပြောလိုက်တယ်။ သူ ပင့်ကူကိုယ်လုံးကြီးနားကနေ နောက်ပြန်ဆုတ်လာတယ်။ သူ့ရဲ့ ဝတ်ရုံအောက်က တလက်လက် တဝင်းဝင်းတောက်နေတဲ့ ပုလင်းတစ်လုံးရဲ့ အရောင်ပျောက်သွားတာကို ဟယ်ရီ မြင်လိုက်ရတယ်။ မျက်ရည်တွေ နောက်ထပ်တစ်ခါ ထပ်ပြီး သုတ်နေတဲ့ ဟက်ဂရစ်ကတော့ ဘာမှ သတိမထားမိလိုက်ဘူး။ “ကဲ ခု ကျွန်တော်တို့ စမြုပ်ကြတော့မလား”လို့ ပက်ကျိချိုက မေးလိုက်တယ်။

ဟက်ဂရစ်က ခေါင်းညိတ်ပြလိုက်ပြီး ရှေ့ကို တိုးသွားတယ်။ ပြီးတော့ ‘အင့်’ခနဲ အသံထွက်အောင် အားစိုက်ပြီး ဧရာမပင့်ကူကြီးကို တစ်အားကုန်ဆွဲမလိုက်ပြီး သူ့လက်မောင်းထဲကို ရောက်လာတဲ့ ပင့်ကူအသေကောင်ကြီးကို မှောင်မိုက်နေတဲ့ တွင်းကြီးထဲ လှိမ့်ချလိုက်တာ ပင့်ကူကြီးနဲ့ ကျင်းထဲက အောက်ခံမြေကြီးထိပြီး ဖုန်းခနဲ မြည်သွားတဲ့အသံနဲ့ ဂျိုးဂျိုးဂွျတ်ဂွျတ်အသံတွေ ထွက်လာတယ်။ ဒီမှာတင် ဟက်ဂရစ်က နောက်တစ်ကြိမ်စပြီး ငိုနေပြန်ပါလေရော။

“တကယ်တော့ သူ့အပေါ်အနားလည်ဆုံး ဖြစ်တဲ့ ခင်ဗျားအတွက် ဖြေသိမ့်ဖို့ ခက်နေတာ အမှန်ပါပဲ။ ခင်ဗျားကို ကျွန်တော် ဒီစကားလေး နည်းနည်းကို ဘာကြောင့်များ မပြောဖြစ်ခဲ့တာပါလိမ့်” ဟယ်ရီ့ကို ဟက်ဂရစ်ရဲ့ တံတောင်ဆစ်နေရာထက် ပိုရောက်အောင် မမီတာကို သဘောကျနေတဲ့ ပက်ကျိချိုက သူကိုယ်တိုင်လည်း အလားတူပဲ လုပ်ရင်း ပြောလိုက်တယ်။

သူ့မှာ အရာဂေါ့ဆီကနေ ထုတ်ယူထားလိုက်တဲ့ တကယ့် အကောင်းစား အဆိပ်တွေ တစ်ပုံကြီး ရထားပြီးဖြစ်မယ်လို့ ဟယ်ရီက တွေးလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ပက်ကျိချိုရဲ့ မျက်နှာမှာ ကျေနပ်နေတဲ့ လှောင်ပြုံးထေ့ပြုံးကလေး တစ်ခုကို သူမြင်တွေ့နေရလို့ပဲ။ နောက် ပက်ကျိချိုက တွင်းကြီးရဲ့ နှုတ်ခမ်းဝနားကို တိုးသွားပြီး အသံသြဇာ အပြည့်နဲ့ တစ်လုံးချင်း ပြောနေတယ်။

“နှုတ်ဆက်လိုက်ပါတယ်။ အဆိပ်ပြင်းတောပင့်ကူကောင်တို့ရဲ့ ဘုရင် အရာဂေါ့။ မင်းနဲ့ ကာလရှည်ကြာ သစ္စာရှိရှိ မိတ်ရင်းဆွေချာ ဖြစ်ခဲ့သူတွေ၊ မင်းကလည်း တို့ကို ဘယ်တော့မှ မမေ့ဘူးဆိုတာ သိနေတဲ့ သူတွေက မင်းကို နှုတ်ဆက်ပါတယ်ကွာ။ မင်းရဲ့ ခန္ဓာကိုယ်ကြီးကသာ ယိုယွင်း ဆွေးမြေ့သွားလိမ့်မယ်၊ မင်းရဲ့ ဝိညာဉ်ကတော့ ကျယ်ပြန့်တဲ့ မင်းရဲ့ ပင့်ကူအိမ်ကွန်ရက်ကြီးရှိရာ ဒီတိတ်ဆိတ်တဲ့ သစ်တောကြီးထဲမှာ တဝဲလည်လည် လူးလာခေါက်တုံ့ လှည့်ပတ်သွားလာနေမှာပဲ။ မင်းရဲ့ မျက်စိအေါင်း မြောက်မြားစွာပါတဲ့ သားစဉ်မြေးဆက်တွေ ဒီမှာ ဆင်းသက်ရှင်သန် တိုးပွား ကျန်ရစ်ပါစေ၊ မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com

လူသား မိတ်ဆွေတို့တစ်တွေလည်း မင်းကို ဆုံးရှုံးလိုက်ရတဲ့အတွက် ပေါ်ပေါက်လာတဲ့ ပူဆွေးသောကတွေကို ကြံ့ကြံ့ခံနိုင်မယ့် ဖြေသိမ့်စရာကို ရှာဖွေတွေ့ရှိပါစေ.....”

“အဲဒါ အဲဒါ ခင်ဗျား ပြောဒါ သိပ်လှဒယ်ဗျာ” ဟက်ဂရစ် ဆွဲဆွဲငင်ငင်ပြောရင်း မြေဆွေးအပုံကြီးပေါ်ကို သူပြိုလဲကျသွားတယ်။ ပြီးတော့ သည်းထန်သည်ထက် သည်းထန်စွာနဲ့ ရှိုက်ကြီးတငင် ငိုနေပါတော့တယ်။

“ဟိုမှာ ဟိုမှာ” ပက်ကျိချိုက ပြောပြီး သူ့ဆေးကြိမ်လုံးကို ဝှေ့ယမ်းလိုက်တာ ဧရာမ မြေပုံကြီးဟာ တဖြည်းဖြည်း ကြွတက်လာပြီး ရှဲရှဲရှဲရှဲနဲ့ ဗလုံးဗထွေး အသံတွေမြည်ရင်း တွင်းကြီးထဲကို ကျပြီးတော့ ပင့်ကူကြီးကို ဖုံးအုပ်ပြီးသား ဖြစ်သွားတယ်။ ခုတော့ တွင်းကြီးနေရာမှာ ညီညာချောမွေ့တဲ့ တောင်ပူစာမြေပုံကလေး တစ်ခုရောက်ရှိလာပါတယ်။

“ကဲ–ကျုပ်တို့ အထဲပြန်ဝင်ပြီး သောက်ကြရအောင်၊ ကဲ–မင်းက တစ်ဖက်ကတွဲ ဟယ်ရီ၊ ကဲထထ ဟက်ဂရစ်၊ အားလုံး ချောချောမောမော ပြီးသွားပြီပဲ” ပက်ကျိချိုက ပြောလိုက်တယ်။

သူတို့နှစ်ယောက် ဟက်ဂရစ်ကို စားပွဲတစ်လုံးဘေးက ကုလားထိုင်ကြီးကြီး တစ်လုံးမှာ နေရာချပေးလိုက်တယ်။ ဒီတော့မှပဲ စောစောက အရာဂေါ့ကို မြေမြုပ်နေတဲ့ တစ်ချိန်လုံး သူ့တောင်းကြီးထဲမှာ ကျိတ်အလုပ်ရှုပ်နေတဲ့ ငွေယ်ပြူးဟာ သူတို့ဆီကို အသာအယာ ဖွဖွကလေး နင်းလျှောက်လာပြီး ထုံးစံအတိုင်း သူ့ခေါင်းအလေးကြီးကို ဟယ်ရီရဲ့ ပေါင်ပေါ်မှာ တင်ထားလိုက်တယ်။ ပက်ကျိချိုက သူယူလာတဲ့ ဝိုင်ပုလင်းတွေထဲက တစ်ပုလင်းကို ဖောက်လိုက်တယ်။

“ဒါတွေ အားလုံးဟာ အဆိပ်ကင်းရဲ့လားဆိုတာ ငါ စမ်းသပ်ပြီးသားပါကွ”ပက်ကျိချိုက ဟယ်ရီ့ကို အာမခံစွေ့ခံရင်း ဟက်ဂရစ်ရဲ့ လက်ဆွဲပုံးအရွယ် မက်ခွက်ကြီးတွေထဲက တစ်ခွက်ထဲကို ပထမဆုံးပုလင်းထဲကနေ များများ လောင်းထည့်လိုက်ပြီး ဟက်ဂရစ်ကို အရင်ဆုံး ကမ်းပေးလိုက်တယ်။

“ကဲ–အိမ်စောင့် နတ်သူငယ် မှင်စာတစ်ကောင်ရဲ့ အရသာကို မြည်းကြည့်လိုက်စမ်းပါ၊ ခင်ဗျားရဲ့ သနားစရာ မိတ်ဆွေကြီး ရူးပတ်ရဲ့ ကိစ္စကလည်း ပြီးသွားပြီပဲ”

တကယ်လို့သာ အိမ်စောင့်နတ်မှင်စာတွေကို မဟားတရား အနိုင်ကျင့်အလွဲသုံးစား လုပ်ထားတဲ့အကြောင်း သူမပြန်ကြားရမယ်ဆိုရင် ဟာမီယွန်ရဲ့ မျက်နှာပေါ်လာမယ့် အမူအရာကို သူ့ရဲ့ စိတ်မျက်စိနဲ့ ကြိုမြင်နေတဲ့ ဟယ်ရီက သူမကို ဒီအကြောင်း ဘယ်တော့မှ ပြန်မပြောပြဖို့ ဆုံးဖြတ်လိုက်တယ်။

“မင်းအတွက် တစ်ခွက် ဟယ်ရီ” ဒုတိယပုလင်းတစ်လုံးကို မတ်ခွက်ကြီးနှစ်လုံးထဲ ခွဲထည့်နေရင်း ပက်ကျိချိုက ပြောလိုက်တယ်။ တစ်ခါ “တစ်ခွက်ကတော့ ငါ့ဖို့။ ဟုတ်ပြီနော်”လို့ ပြောရင်း သူ့မတ်ခွက်ကို ခပ်မြင့်မြင့် မြှောက်လိုက်အပြီးမှာ ဆိုလိုက်တယ်။ “အရာဂေါ့အတွက်”တဲ့။

“အရာဂေါ့” ဟယ်ရီနဲ့ ဟက်ဂရစ်တို့ နှစ်ယောက်ကပါ ပြိုင်တူလိုက်ဆိုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ပက်ကျိချုံရော ဟက်ဂရစ်ပါ နှစ်ယောက်လုံး ရေချိန်တစ်အားကိုက်အောင် သောက်ထားကြပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ဖရဏာပီတိကံကောင်းခြင်း ဆေးရည်ရဲ့ တန်ခိုးပြလမ်းညွှန်ခေါ်ဆောင်ရာအတိုင်း လိုက်ပါဆောင်ရွက်နေတဲ့ ဟယ်ရီကတော့ ဒါကို သူ သောက်လို့ မဖြစ်ဘူးဆိုတာ သိနေတယ်။ ဒါကြောင့် သူက ဟန်ပြ တစ်ငုံလောက်ကိုသာ သောက်ချင်ယောင်ဆောင်ပြီး မတ်ခွက်ကို သူ့ရှေ့မှာ ပြန်ချထားလိုက်တယ်။

"ငါ တူ့ကို ဥတစ်လုံးထဲကနေရဂဲ့ဒါကွ၊ အဲဒါ မင်းတို့သိဂျလား" ဟက်ဂရစ်က သုန်သုန်မှုန်မှုန် ရှုသိုးသိုး မျက်နှာနှင့် ပြောလိုက်တယ်။ "ဥထဲက ပေါက်လာဒုန်းက တူက တေးတေးဂလေးမှ တေးတေးဂလေးဘဲ။ အဲဒီဒုန်းကတော့ တူဟာ တရုတ်ပြည်က ဟိုခြေတိုတို အမွေးဖွားဖွားနဲ့ ပီကင်းနှာခေါင်းပြားခွေးကလေး အရွယ်ပဲ ရှိသေးဒယ်"

"ကြားရတာ နားဝချိုလိုက်တာဗျာ" ပက်ကျိချုံက သံယောင်လိုက်ပြောနေတယ်။

"တူ့ကိုလေ ကတ်ပြားပုံးတစ်လုံးထဲမှာ ထည့်ပြီး ကျောင်းမှာထားလာခဲ့ရတာ ဘယ်အချိန်ထိအောင်လဲဆိုတော့....."

ဟက်ဂရစ်ရဲ့ မျက်နှာကြီး မည်းမှောင်လာတယ်။ အဲဒါ ဘာကြောင့်လဲဆိုတာ ဟယ်ရီ သိတယ်။ လျှို့ဝှက်ခန်းမကြီးကို ဖွင့်မိတဲ့ ကိစ္စကို အကြောင်းပြု အပြစ်ဖို့ပြီး တွမ်မ်ရစ်ဒဲလ်က ဟက်ဂရစ်ကျောင်းပြင်ကို လွင့်ထွက်သွားအောင် ဖန်တီးခဲ့လို့ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ပက်ကျိချုံဟာ ဟက်ဂရစ်ပြောတာကို နားထောင်နေပုံ မရဘူး။ သူက ကြေးအိုးတွေ အများကြီး တစ်ပုံတစ်ပင်ကို တွဲလောင်းချိတ်ဆွဲထားတဲ့ မျက်နှာကြက်ကိုပဲ မော့ကြည့်နေတယ်။ အဲဒီမှာ ပိုးချည်ခင်လို တောက်ပြောင် ဖြူဖွေးနေတဲ့ အမွေးအမှင်ရှည်ကြီး တစ်ချောင်းလည်း ရှိနေတယ်။

"အဲဒါဟာ ဒဏ္ဍာရီလာ သိင်္ဂသမြင်းမွေးတော့ လုံးဝမဖြစ်နိုင်ပါဘူးနော် ဟက်ဂရစ်"

"အို.... ဒါလား၊ ဒါ တူတို့ရဲ့ အမြီးတွေကို ဆွဲထုတ်လိုက်ပြီး၊ သစ်ကိုင်းတွေပေါ်မှာ ရှိနေဒဲ့ ပစ်ဆီးတွေကို တောဒဲမှာ ဖမ်းတာလေ၊ ခင်ဗျား မသိဘူးလား" ဟက်ဂရစ်က အလေးအနက် မထားတဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"ဟုတ်ပါပြီ ကိုယ့်လူရယ် ဟုတ်ပါပြီ၊ ဒါနဲ့ အဲဒါ ဘယ်လောက်တန်သလဲ ခင်ဗျား သိလား"

"ဂျွန်တော်ကဒေါ့ အဲဒါကို ချည်တဲ့နှောင်တဲ့ နေရာမှာ သုံးဒါဘဲ။ သတ္တဝါတစ်ကောင်ကောင် ဒဏ်ရာရလာရင် ပတ်တီးစည်းပေးတဲ့အခါ ချည်နှောင်ဒါပေါ့ ဗျာ" ဟက်ဂရစ်က ပခုံးကို တွန့်ပြလိုက်ရင်း ပြောလိုက်တယ်။ "သူက ဒဂယ်အသုံးဝင်တယ်၊ ခိုင်တာကဒေါ့ မြင်တဲ့အတိုင်းပဲ ကြည့်ပါလား"

ပက်ကျိချုံက သူ့မတ်ခွက်ထဲကနေ ခပ်များများ တစ်ကျိုက်မော့ချလိုက်ပြန်တယ်။ ခုအချိန်မှာ သူ့မျက်လုံးတွေထဲက တဲအိမ်လေး တစ်ခန်းလုံးကို ဂရုတစိုက်နဲ့ ရွေ့ရှားပြီး ရှာဖွေကြည့်နေတယ်ဆိုတာ ဟယ်ရီက သိလိုက်တယ်။ သူဟာ အိမ်ထဲ အနံ့အပြားမှာ ရှိနေပြီး၊ ဝက်သစ်ချစည်နဲ့

www.burmeseclassic.com

www.burmeseclassic.com

သက်တမ်းရင့်အောင် သိမ်းထားတဲ့ အကောင်းစား အရက်တွေ၊ နာနတ်ယိုတွေနဲ့ သူ့အတွက် ကတ္တီပါအပေါ်ဝတ်အင်္ကျီတွေ အဖြစ် သူပြောင်းလဲပစ်နိုင်မယ့် အဖိုးတန်ပစ္စည်းတွေကို လိုက်ရှာကြည့်နေတာပဲ။ သူက ဟက်ဂရစ်ရဲ့ မတ်ခွက်ထဲကိုပါ ထပ်ဖြည့်လိုက်ပြန်တယ်။ ပြီးတော့ ဒီရက်တွေအတွင်း တောထဲမှာ နေထိုင်တဲ့ သတ္တဝါတွေ အကြောင်းတွေကို ဟက်ဂရစ်ကို သူ မေးမြန်း စပ်စုနေတယ်။ ပြီးတော့ ဟက်ဂရစ်အနေနဲ့ ဒီအကောင်ဘလောင် သတ္တဝါတွေ အားလုံးကို ဘယ်လိုကြည့်ရှုစောင့်ရှောက်နိုင်တာလဲပေါ့။

နောက်ဆုံးတော့ အရက်ရဲ့အရှိန်နဲ့ ပက်ကျိချိုရဲ့ မြှောက်လုံးပင့်လုံးတွေကြောင့် စကားတွေဖောင်နေအောင် ဒလဟော ပြောနေတဲ့ ဟက်ဂရစ် သူ့မျက်လုံးတွေကို ပွတ်နေတာကို ရပ်လိုက်ပြီး ရှည်လျားပေများတဲ့ စိုက်ပျိုးမွေးမြူရေးအကြောင်းတွေကို ပျော်ပျော်ကြီး အထောမသတ် ဋီကာချဲ့ ရှင်းပြနေပါတော့တယ်။

ဒီအခိုက်မှာပဲ သူသောက်ထားတဲ့ ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်က ဟယ်ရီကို အသာကလေး သတိပေးလိုက်တယ်။ ပက်ကျိချို ယူဆောင်လာတဲ့ အရက်တွေ အလျင်အမြန် ကုန်ခန်းလာနေပြီတဲ့။ အဲဒီအရက်တွေကို ပြန်ပြည့်သွားစေမယ့် ဂါထာကို ဟယ်ရီက အသံထွက်ပြီး မရွတ်ဆိုရင် မရမယ့် အခြေအနေမှာ ရှိနေတယ်။ ဒါပေမဲ့ အဲဒီနေ့ည အဲဒါကို သူမလုပ်နိုင်ခြင်းဟာ ရယ်စရာ ဟာသဖြစ်နေတယ်။
အဲဒီအခိုက်မှာပဲ နဂါးဥတွေ တရားမဝင် ရောင်းဝယ်တဲ့အကြောင်း အပါအဝင် ရောက်တတ်ရာရာ ပုံပြင်နောက်ကြောင်းတွေ အပြန်အလှန် ဖလှယ်ပြောဆိုနေတဲ့ ဟက်ဂရစ်ရော ပက်ကျိချိုပါ မရိပ်မိမသိရှိအောင် ဟယ်ရီက သူ့ဘာသာ ပြုံးလိုက်မိတယ်။ ပြီးတော့ ဟယ်ရီက စားပွဲအောက်ကနေ သူ့ရဲ့ ဆေးကြိမ်လုံးနဲ့ ကုန်ခန်းနေတဲ့ ပုလင်းတွေဆီလှမ်းထိုးပြီး ချိန်ရွယ်လိုက်တာ ပုလင်းတွေ အကုန် ချက်ချင်း ပြန်စပြည့်လာနေတယ်။

နောက်တစ်နာရီ ဒါမှမဟုတ် တစ်နာရီသာသာလောက်ကြာတော့ ဟက်ဂရစ်နဲ့ ပက်ကျိချိုတို့နှစ်ယောက် ဒါက ဟော့ဂ်ဝပ်စ် ကျောင်းကြီးအတွက်၊ ဟောဒါ ဒမ်းဘဲလ်ဒိုးအတွက်၊ ကဲ–ဒီဟာက အိမ်စောင့်နတ်မှင်စာနဲ့ လုပ်တဲ့ ဝိုင်အတွက်၊ ဒါက ဘာအတွက်၊ ဒီဟာက ဘာအတွက်နဲ့ အရက်ခွက်တွေကို ပြိုင်တူမြှောက်လိုက် သောက်လိုက် လုပ်နေကြတယ်။

“ဟယ်ရီပေါ်တာ” ဟက်ဂရစ်က အသံပြဲကြီးနဲ့ အော်လိုက်ပြန်တယ်။ သူ့အပြောင်မော့ချထားပြီး ဖြစ်တဲ့ ဝိုင် အရက်မတ်ခွက်ကြီး ၁၄လုံးထဲက အရက်တချို့ သူ့ပါးစပ်ထဲကနေ မေးစေ့ပေါ်ကို စီးကျစိုရွှဲပေကျံနေတယ်။

“အဲဒါ တကယ်မှန်တယ်ဗျာ” ပက်ကျိချိုကလည်း အသံသြသြကြီးနဲ့ အော်လိုက်ပြန်တယ်။ “ပါရီအွတ်တာ လက်ရွေးစင် ပြိုင်စံရှားကောင်ကလေး”အာလေး လျှာလေးကြီးနဲ့ ပြောရင်း သူက သူ့မတ်ခွက်ထဲမှာ ရှိနေတဲ့ အရက်လက်ကျန်ကို အပြောင်မော့ချလိုက်တယ်။

အဲဒီနောက် မကြာခင်မှာပဲ ဟက်ဂရစ်ဟာ နောက်ထပ်တစ်ခါ မျက်ရည်စမ်းစမ်းနဲ့ လုပ်လာပြန်ပါတယ်။ ပြီးတော့ သူက သိင်္ချမြင်းမြီး မွေးရှည်ကြီး တစ်ချောင်းလုံးနဲ့ ပက်ကျိချိုအပေါ်ကို ဖိထားတဲ့အတွက် ပက်ကျိချိုကလည်း “ဒါမိတ်ရင်းဆွေချာဖြစ်မှုအတွက် ” “ဟောဒါက သဒ္ဒါတရား

www.burmeseclassic.com

ထက်သန်ရက်ရောမှုအတွက်” “ဒါကတော့ အမွေးအမှင် တစ်ချောင်းကို ဆယ်ဂါလီယွန်တန်မှုအတွက်” အော်ပြောရင်း အဲဒီကနေရသမျှကို အိတ်ထဲ ထိုးထည့်နေတယ်။

အဲဒါပြီး တစ်အောင့်ကြာတော့ ဟက်ဂရစ်နဲ့ ပက်ကျိချိုဟာ ဘေးချင်းယှဉ်ကပ်ထိုင်ပြီး၊ တစ်ယောက်ကိုတစ်ယောက်က သိုင်းဖက်ထားရင်း “အိုဒို”လို့ ခေါ်တဲ့ သေအံ့ဆဲဆဲ မှော်ဆရာတစ်ယောက်အကြောင်း ကြေကွဲဖွယ် သီချင်းတစ်ပုဒ်ကို ပြိုင်တူဖြည်းဖြည်း နှေးနှေး သီဆိုနေကြပြန်တယ်။

ဒီနောက်တစ်ခါ ဟက်ဂရစ်က စားပွဲပေါ်ပုံလျက်သား ခေါင်းငိုက်ဆိုက်ချထားပြီး အသာလေး မျက်စိစွေကြည့်ရင်း “သြော်.... ကောင်းသော သေခြင်းနဲ့ သေရတဲ့ လူငယ်ပါလား”ရေရွတ်နေချိန်မှာ ပက်ကျိချိုက ဆိုခဲ့ပြီးသား တေးသီချင်းစာသားပိုဒ်ကို ထပ်ကျော့ပြီး ဆက်သီဆိုနေတယ်။ “ငါ့အဖေလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးတွားတယ်။ မင်းရဲ့ အဖေနဲ့အမေလည်း ဒီလိုပဲ မဟုတ်ဘူးလား ဟယ်ရီ” ဟက်ဂရစ်က ဆက်ပြောနေတယ်။ ဧရာမ မျက်ရည်ပေါက်ကြီးတွေ ဟက်ဂရစ်ရဲ့ တွန့်လိမ်နေတဲ့ မျက်ဝန်းထောင့်စွန်းတွေကနေ တလိမ့်လိမ့် စိမ့်ဆင်းကျလာနေပြန်တယ်။ သူက ဟယ်ရီရဲ့ လက်မောင်းကို ဖမ်းဆုပ်ပြီး လှုပ်ယမ်းနေတယ်။

“အတော်ဆုံး စုန်းမလေးနဲ့ မှော်ဆရာလေးတို့ တေဆုံးကုန်ဂျဒယ်။ ထိတ်လန့်စရာ တယ်ကောင်းပါလား၊ တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာပါလား”

ပက်ကျိချိုကလည်း သူ့ရဲ့ သီချင်းကို ဆက်သီဆိုနေတုန်းပဲ။ “ပြီးတော့ အိုဒို.... သူရဲကောင်းလေး၊ သူတို့ သူ့ကို အိမ်ပြန်သယ်သွားကြတယ်။ အဲဒါဟာ သူ့ကို လုလင်ပျိုကလေးအဖြစ် သိရတဲ့နေရာပဲပေါ့”

“သူ့အနားယူဖို့ သူတို့က သူ့ကို သင်္ဂြိုလ်မြှုပ်နှံလိုက်တယ်။ သူ့ဦးထုပ်ကို ပြောင်းပြန်လှန်ထားတယ်။ တစ်ခါ သူ့ရဲ့ ဆေးကြိမ်လုံးကလည်း နှစ်ပိုင်းကျိုးနေတယ်။ ပူဆွေးဝမ်းနည်းစရာပါကလား”

“ကြောက်မက်ဖွယ်ကောင်းလိုက်တာကွာ” ဟက်ဂရစ်က တအင့်အင့် ရှိုက်ရင်း ပြောနေတယ်။ ပြီးတော့ ဆံပင်ဖွာလန်ကြဲနေတဲ့ သူ့ရဲ့ ခေါင်းကြီး ဘေးဘက်ကို လိမ့်ထွက်သွားပြီး တခူးခူး တခေါခေါနဲ့ ဟောက်နေပါတော့တယ်။

“စိတ်မကောင်းပါဘူးကွာ......... ငါ့အသက်ကို ကယ်တင်ဖို့ ငါသီဆိုတာကို ဂီတစည်းချက်ကလေးတောင် မလိုက်နိုင်တော့ပါလား” ပက်ကျိချိုက “အေ့”ခနဲ ကြို့တစ်ချက်ထိုးရင်း ပြောလိုက်တယ်။

“ဆရာ သီချင်းဆိုတဲ့ အကြောင်း ဟက်ဂရစ်က ပြောနေတာ မဟုတ်ဘူး။ သူက ကျွန်တော့်အဖေနဲ့ အမေသေဆုံးတဲ့ အကြောင်းပြောနေတာ” ဟယ်ရီက တိုးတိုးကလေး ပြောလိုက်တယ်။

“ဟေ” ပက်ကျိချိုက တအံ့တသြနဲ့ ဆိုပြီးမှ အေ့... ခနဲ လေချဉ်ထိုးလိုက်ပြန်တယ်။ သူက “အို ချစ်ခင်စရာ ကောင်လေးရယ် ....အေးကွာ အဲဒါ .... အဲဒါဟာ ကြောက်စရာတကယ်ကို ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းပါတယ်၊ ကြောက်မက်ဖွယ်ရာကြီးပါပဲ”လို့လည်း ဆိုတယ်။

www.burmeseclassic.com

သူ့ကိုကြည့်ရတာ သူဘာပြေလိုပြောရမှန်း မသိဘဲ တစ်နည်းအားဖြင့် သူဘာပြောလို့ ပြောလိုက်မှန်းမသိဘဲ လုံးလုံး သတိလက်လွတ်ပြီး ပြောလိုက်ဟန်ပဲ။ ဒီမှာတင် ပက်ကျိချို့ဟာ လုပ်မိလုပ်ရာ လုပ်နေသလိုနဲ့ သူတို့ မတ်ခွက်တွေထဲကို အရက်တွေ ထပ်ဖြည့်နေတယ်။

'ငါ.... ငါ မင်း စိတ်အနှောင့်အယှက် ဖြစ်သွားအောင် ပြောလိုက်တာ မဟုတ်ပါဘူး။ မင်းအဲဒါကို အမှတ်ရအောင် ပြောတယ်လို့ မယူဆနဲ့နော် ဟယ်ရီ"လို့ အားတုံ့အားနာလည်း ပြောနေတယ်။

"ဟာ မဟုတ်တာ........ ရပါတယ်။ သူတို့ သေတော့ ကျွန်တော်က တစ်ယောက်တည်း ကျန်ခဲ့တာလေ" ဟယ်ရီက ပြန်ပြောလိုက်တယ်။ သူ့မျက်လုံးတွေက ဟက်ဂရစ်ရဲ့ တခေါခေါ်နဲ့ မတရား ဟောက်နေတာကြောင့် တဖျတ်ဖျတ်နဲ့ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတဲ့ ဖရောင်းတိုင်မီးကလေးကို ငေးကြည့်နေတယ်။ "ဒါပေမဲ့ အဲဒီအချိန်တုန်းက ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ ကျွန်တော် အများကြီး သိထားနေပါတယ်။ ကျွန်တော့်အဖေက အရင်သေသွားတာ။ ဆရာ အဲဒီအကြောင်းတွေ သိတယ် မဟုတ်လား"

"ငါ ... ငါ မသိပါဘူး" ပက်ကျိချို့က မျိုသိပ်ဖုံးဖိထားတဲ့ အသံမျိုးနဲ့ တိုးတိုးကလေး ပြောလိုက်တယ်။

"အင်းပါ ဗိုဒီမော့က သူ့ကိုသတ်လိုက်တာပဲ။ ပြီးတော့ သူ့အလောင်းကို ခွကျော်ပြီး ကျွန်တော့်အမေဆီကို သူရောက်သွားတယ်လေ" ဟယ်ရီက ပြောလိုက်တယ်။

ပက်ကျိချို့က တသိမ့်သိမ့် တုန်လှုပ်သွားပါတယ်။ ဒါပေမဲ့ သူအထိတ်တလန့် ငေးစိုက်ကြည့်နေမိတဲ့ သူ့ရဲ့အကြည့်ကို ဟယ်ရီမျက်နှာရှေ့ကို လွှဲပစ်နိုင်အောင်တော့ သူမစွမ်းဆောင်နိုင်ခဲ့ဘူး။

"သူက ကျွန်တော့်အမေကို လမ်းဖယ်ပေးဖို့ ပြောတယ်။ နောက်သူက ကျွန်တော့်ကို ပြောတယ်လေ။ သူမ သေစရာမလိုဘူးတဲ့။ သူက ကျွန်တော့်ကို သတ်ချင်တာသာဖြစ်လို့ သူမထွက်ပြေးနိုင်ပါတယ်တဲ့" ဟယ်ရီက မနားတမ်း ပြောနေတယ်။

"အို... ကလေးရယ်" ပက်ကျိချို့က အသက်တစ်ချက် ရှိုက်ပြီး ရှူလိုက်တယ်။ "သူမဟာ ထွက်ပြေးနိုင်လျက်နဲ့ သေစရာလည်း မလိုဘဲနဲ့။ ဒါအတော့်ကို ဆိုးဝါးတာပဲ စိတ်မသက်မသာစရာ ကောင်းလိုက်တာ"

"အဲဒီအတိုင်းပဲ မဟုတ်လား မဟုတ်ဘူးလား" ဟယ်ရီရဲ့ အသံက တီးတိုးပြောတဲ့ လေသံထက် နည်းနည်းပဲ ပိုတယ်။ ဒါပေမဲ့ သူမက မဖယ်ပါဘူး။ နေရာက တစ်လက်မရွှေ့မပေးဘူး။ အဖေက သေပြီးနေပြီ။ ဒါပေမဲ့ အမေက ကျွန်တော့်ကို အဲဒီလို မသေစေချင်ဘူး။ ဗိုဒီမော့ကို သူမက အသနားခံဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူက ဟားတိုက်ရယ်မောနေတယ်"

"တော်လောက်ပါပြီ တော်လောက်ပါပြီ" ပက်ကျိချို့က သူ့လက်တစ်ဖက်ကို မြှောက်ကာပြီး ဖြုန်းခနဲ ကြားဖြတ်ပြောလိုက်တယ်။ "တကယ်ပါ ငါချစ်ခင်ရတဲ့ လူကလေးရယ်.......... ဒီလောက်ဆို

www.burmeseclassic.com

လုံလောက်ပါပြီ။ ငါဟာ အိုကြီးအိုမအရွယ်ပါ။ ငါ အဲဒါတွေ မကြားပါရစေနဲ့တော့။ ကြားလည်း မကြားချင်ပါဘူး”

“သြော် ......... ကျွန်တော် မေ့နေတယ်” ဟယ်ရီက ဖရဏာပီတိကံကောင်းခြင်း ဆေးရည်ခိုင်းသလို လုပ်နေတယ်။ “ဆရာ ကျွန်တော့်အမေကို နှစ်သက်သဘောကျတယ် မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား ဆရာ” သူက မေးလိုက်တယ်။

“သူမကို သဘောကျသလား ဟုတ်လား” ပက်ကျိချို့က ပြောလိုက်တယ်။ သူ့မျက်လုံးထဲမှာ မျက်ရည်တွေ တစ်ကျော့ပြန်ပြည့်လာတယ်။ ငါ့အမြင်တော့ သူမနဲ့ တွေ့ဆုံခဲ့ပြီး သူမကို သဘောမကျတဲ့ လူရယ်လို့ ရှိမှာ မဟုတ်ပါဘူး။သိပ်ကို ရဲရင့်တယ်။ သိပ်ကို ပျော်တတ်တယ်။ ဒါဟာ ထိတ်လန့်တုန်လှုပ်စရာ အကောင်းဆုံးပါပဲ”

“ဒါပေမဲ့ ဆရာက သူမရဲ့သားကို မကူညီချင်ဘူးလေ” ဟယ်ရီက ပြောလိုက်တယ်။ “သူမက ကျွန်တော့်အတွက် သူမရဲ့ အသက်ကို ပေးသွားတယ်။ ဒါပေမဲ့ ဆရာကတော့ ကျွန်တော့်ကို မှတ်ဉာဏ်လေးတစ်ခုကိုတောင် မပေးချင်ဘူးလေ”

ဟက်ဂရစ်ရဲ့ တရူးရူး တခေါခေါ ဟောက်သံက အခန်းထဲမှာ ပြည့်နေတယ်။ ဟယ်ရီက ပက်ကျိချို့ရဲ့ မျက်ရည်တွေ ပြည့်နေတဲ့ မျက်လုံးတွေထဲကို တစိမ့်စိမ့်ကြည့်နေတယ်။ ဓာတုဗေဒဆေးရည်ဆရာကြီး ရုန်းထွက်မရသလို ဖြစ်သွားတယ်။

“ဒီလိုတော့ မပြောပါနဲ့ကွာ” သူက တိုးတိုးလေး ပြောလိုက်တယ်။ “အဲဒါက ပြဿနာ မဟုတ်ပါဘူး၊ တကယ်လို့ မင်းကို ကူညီဖြစ်တော့မယ်ဆိုရင် တကယ်ပါ ဘာမှ အကြောင်းပြနေစရာတောင် မလိုပါဘူး”

“ဟာ ... ပြောရမှာပေါ့ဆရာ....... ဒမ်းဘဲလ်ဒိုးက အဲဒီသတင်းကို လိုအပ်နေတယ်။ ကျွန်တော်လည်း ဒီသတင်းကို လိုအပ်နေတာပဲ” ဟယ်ရီက ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်တယ်။

သူ့ဘက်က စိတ်ချရပြီဆိုတာ သူသိလိုက်တယ်။ ဖရဏာပီတိကံကောင်းခြင်း ဆေးရည်က သူ့ကို ပြောနေတယ်။ “ပက်ကျိချို့ဟာ နောက်တစ်နေ့မနက်ရောက်ရင် ဒီအကြောင်းတွေကို ဘာမှ သတိရတော့မှာ မဟုတ်ဘူး”တဲ့။ ဟယ်ရီက ပက်ကျိချို့ရဲ့ မျက်စိတွေထဲကို တည့်တည့်စိုက်ကြည့်နေရင်း ရှေ့ကနောက်ထပ် နည်းနည်း သူဘာလုပ်ဖို့ လိုသေးလဲဆိုတာ အဖြေရှာကြည့်နေတယ်။

“ကျွန်တော်ဟာ လက်ရွေးစင်ပြိုင်ဘက်ကင်း အားလုံးရဲ့ ထိပ်ဆုံးက နံပါတ်တစ် တစ်ယောက် ဖြစ်နေပြီ။ ကျွန်တော် သူ့ကို သတ်ရမယ်။ အဲဒီအတွက် မှတ်ဉာဏ်ကို ကျွန်တော် လိုအပ်နေတယ်”

ပက်ကျိချို့ အခါတိုင်းထက် သိသိသာသာ ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်။ သူ့ရဲ့ အရောင်ထွက်နေတဲ့ နဖူးကြီးမှာ ချွေးသီးချွေးပေါက်တွေ ထွက်နေတယ်။

“မင်းက ပြိုင်ဘက်ကင်း လက်ရွေးစင် နံပါတ်တစ် ဟုတ်လား”

www.burmeseclassic.com

"ဟာ ဟုတ်တာပေါ့၊ ကျွန်တော်ဟာ ပြိုင်ဘက်ကင်း လက်ရွေးစင်နံပါတစ်ပဲ" ဟု ဟယ်ရီက အေးအေးဆေးဆေးလေး ပြောပြလိုက်တယ်။

"ဒါပေမဲ့ ခင်မင်ရတဲ့ လူကလေး။ ခု မင်းက ဇရာမ သဘောတူညီချက်ကြီး တစ်ခုကို တောင်းနေပြီ။ ဖျက်ဆီးပစ်ဖို့ မင်းရဲ့ ကြိုးစားအားထုတ်မှုကို ကူညီပံ့ပိုးပါလို့ မင်းက ငါ့ကိုတိုက်တွန်းနေပြီ"

"ဆရာက လီလီအီဗန်းစ်ကို သတ်ခဲ့တဲ့ မှော်ဆရာတစ်ယောက်ကို သုတ်သင် ဖယ်ရှားဖို့ မလိုလားဘူးလား"

"ဟယ်ရီ... ဟယ်ရီ ငါကူညီရမှာပေါ့ကွာ... ဒါပေမဲ့"

"ဆရာ ကျွန်တော့်ကို ကူညီတာကို သူသိသွားမှာ ဆရာကြောက်နေတာလား"

ပက်ကျိချိုက ဘာမှ မပြောဘူး။ ဒါပေမဲ့ သူ့ကြည့်ရတာ အရမ်းကို ကြောက်ရွံ့ ထိတ်လန့်နေတယ်။

"ကျွန်တော့်အမေလို ရဲရင့်လိုက်စမ်းပါ ပါမောက္ခကြီး"

ပက်ကျိချိုက သူ့ရဲ့ ပြည့်ဖြိုးတဲ့ လက်တစ်ဖက်ကို ဆတ်ခနဲ မြှောက်လိုက်ပြီး၊ တုန်ယင်နေတဲ့ လက်ချောင်းတွေနဲ့ သူ့ပါးစပ်ကို ပိတ်ထားလိုက်တယ်။ သူ့ကြည့်ရတာ တစ်ခဏတာလောက် ဇရာမကလေးအကြီးစားကြီး တစ်ယောက်လို ဖြစ်နေတယ်။

"ငါ ဂုဏ်မယူနိုင်ပါဘူးကွာ" သူက ပိတ်ထားတဲ့ သူ့လက်ချောင်းတွေကြားက ထွက်လာတဲ့ လေသံတိုးတိုးလေးနဲ့ ပြောနေတယ်။ "တကယ်တော့ ဒီမှတ်ဉာဏ်ကို ထုတ်ပြရတဲ့အတွက် ငါ ရှက်တောင်ရှက်မိပါတယ်။ အဲဒီရက်တွေက ငါဟာ တကယ့်ကြီးကျယ်တဲ့ ထိခိုက်ပျက်စီးမှုကြီးတစ်ခုကို ကျူးလွန်ခဲ့မိတယ်လို့ ငါထင်တယ်"

"ဆရာ ကျွန်တော့်ကို အဲဒီမှတ်ဉာဏ်လေး ပေးလိုက်ရင် ဆရာပြုမိခဲ့သမျှ အားလုံးကို ပြန်ချေဖျက်ပြီးသား ဖြစ်သွားပါလိမ့်မယ်" ဟယ်ရီက ပြောလိုက်တယ်။ "ဒါဟာ ဆရာအနေနဲ့ ရဲရင့်ပြီး လုပ်သင့်လုပ်ထိုက်တဲ့ မြင့်မြတ်တဲ့ အလုပ်ကို လုပ်ရတာပါပဲ"

ဟက်ဂရစ်က အိပ်ရင်း တစ်ချက်တွန့်လိမ်လိုက်ပြီး ဆက်ဟောက်နေတယ်။ ပက်ကျိချိုနဲ့ ဟယ်ရီတို့ ငြိမ်းတော့မလိုလို တဖျစ်ဖျစ်တောက်လောင်နေတဲ့ ဖယောင်းတိုင်လေးပေါ်ကကျော်ပြီး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြတယ်။

အဲဒီမှာ အကြာကြီးမှ တကယ့်ကို အကြာကြီး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဒါပေမဲ့ ဖရဏာပီတိကံကောင်းခြင်း ဆေးရည်က ဟယ်ရီ့ကို "နောက်မဆုတ်လိုက်နဲ့၊ ဆက်စောင့်"လို့ ပြောလိုက်တယ်။

www.burmeseclassic.com

အဲဒီနောက် ပက်ကျိချိုဟာ လေးကန်ဖြည်းနှေးစွာနဲ့ သူ့လက်ကို အိတ်ထဲထည့်လိုက်ပြီး သူ့ဆေးကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ နောက်ကျန်တဲ့ သူ့လက်တစ်ဖက်က သူ့ရဲ့ ဝတ်ရုံအောက်ကို ရောက်သွားပြန်ပြီး ပြန်ထုတ်လိုက်ရာမှာ ဘာမှ မရှိတဲ့ ပုလင်းအလွတ်သေးသေးကလေး တစ်လုံးပါလာတယ်။ ဟယ်ရီရဲ့ မျက်လုံးတွေကိုစိုက်ပြီး ဆက်ကြည့်နေရင်းနဲ့ပဲ ပက်ကျိချိုဟာ သူ့ရဲ့ ဆေးကြိမ်လုံးထိပ်ဖျားနဲ့ သူ့ရဲ့ နားထင်ကိုတို့လိုက်ပြီး ဆေးကြိမ်လုံးကို ပြန်ရုပ်လိုက်တယ်။

ဒီမှာတင် ရှည်လျားတဲ့ ငွေရောင် မှတ်ဉာဏ်အမျှင်ကလေး သူ့နားထင်ထဲက ထွက်လာပြီး ဆေးကြိမ်လုံး ထိပ်မှာကပ်ပါလာတယ်။ မှတ်ဉာဏ်မျှင် ဆေးကြိမ်လုံးထိပ် ရွှေ့ရှားသွားရာကို လိုက်ပြီး ရှည်သည်ထက်ရှည် .... ရှည်........ ရှည်လာရာက ပြတ်ထွက်သွားချိန်မှာ ဆေးကြိမ်လုံးကနေပြီး ငွေရောင်ဝင်းပနေတဲ့ အမျှင်ကလေးလွှဲယမ်း လူပ်ခါနေတယ်။ ဒီမှာတင် ပက်ကျိချိုက သူ့ကို တဖြည်းဖြည်း နှိမ့်ချလာပြီး ပုလင်းကလေးထဲကို ထည့်လိုက်တာ အမျှင်ကလေးက ပထမ ခွေခွေကလေး ဖြစ်နေရာက ပြန်ထွက်သွားပြီး ဓာတ်ငွေ့ကလေးလို ပုလင်းထဲမှာ ချာလပတ်လည်နေတယ်။ ပြီးတော့ သူ့ရဲ့ တုန်ခါနေတဲ့ လက်နဲ့ ပုလင်းကို အဆို့နဲ့ ပိတ်လိုက်ပြီးမှ စားပွဲပေါ်ကကျော်ပြီး ဟယ်ရီ့ကို ကမ်းပေးလိုက်တယ်။

"ကျေးဇူးမြောက်မြားစွာ တင်ပါတယ် ပါမောက္ခကြီး"

"မင်းဟာ လူလိမ္မာကလေး တစ်ယောက်ပါပဲ" ပါမောက္ခပက်ကျိချိုက ပြောလိုက်တယ်။ ပြီးတော့ မျက်ရည်တွေ သူ့ရဲ့ ပါးဖောင်းဖောင်းကြီးတွေပေါ်ကို တလိမ့်လိမ့်စီးကျလာပြီး၊ အဲဒီကမှတဆင့် သူ့ရဲ့ ကုပ်ကျနေတဲ့ မုတ်ဆိတ်မွေး ထူလပျစ်ကြီးထဲကို ဝင်သွားတယ်။

"နောက် မင်းဟာ သူမရဲ့ မျက်စိတွေကိုလည်း ရသွားပြီ။ ဒီတော့ မင်းအရင်က ထင်ခဲ့ မြင်ခဲ့သလို ငါ့အပေါ်သိပ်အဆိုးမမြင်ပါနဲ့ကွာ"လို့ သူက ပြောလိုက်တယ်။

ပြီးတော့ ပါမောက္ခပက်ကျိချိုလည်းပဲ သူ့ရဲ့ ခေါင်းကို လက်မောင်းတွေပေါ်တင်ပြီး သက်ပြင်းကြီးတစ်ချက် လေးလေးပင်ပင် ချလိုက်ပြီးတဲ့နောက် တစ်ဆက်တည်း အိပ်ပျော်သွားပါတော့တယ်။

× × × × × × × × × × × × × × × × × × ×

အခန်း (၂၃)
ဟော်ကရပ်စ် ကျိန်စာလက်နက်များ

ရဲတိုက်ကြီးထဲကို သူ ပုန်းလျှိုးကွယ်လျှိုးနဲ့ ပြန်ဝင်သွားချိန်မှာပဲ ဖရဏာပီတိကံကောင်းခြင်း ဆေးရည်က သူ့ကိုယ်ထဲမှာ အာနိသင်ပြယ်သွားပြီ ဆိုတာ ဟယ်ရီ ခံစားသိရှိလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ရဲတိုက်ကြီးရဲ့ အရှေ့တံခါးဟာ သူ့အတွက် ဖွင့်ပေးထားသလို ခုချိန်ထိ သော့မခတ်ရသေးဘဲ ရှိနေတယ်။ ဒါပေမဲ့ တတိယထပ်မှာ သူ ပီးဗက်စ်နဲ့ သွားတိုးနေလို့ ဘေးဘက်ကို လှစ်ခနဲ ဒိုင်ဗင်ထိုး ရှောင်လိုက်ပြီးမှ သူသုံးနေကျ ဖြတ်လမ်းတွေထဲက တစ်လမ်းကို ဖြတ်ပြီး လစ်ထွက်လာနိုင်လို့သာ အဖမ်းခံရမယ့်ကိန်းက သူသီသီကလေး လွတ်လာခဲ့တယ်။

အဲဒီနောက် တစ်ဆက်တည်း အပျိုကြီး ဒေါ်ဝဖြီး ပုံတူပန်းချီကားကြီးဆီကို သူရောက်သွားတယ်။ ဟယ်ရီ သူ့ကိုယ်ဖျောက်ဝတ်ရုံကို ဆွဲခွာလိုက်တယ်။ ဒီအမျိုးသမီးကြီးက သူ့ကို ကူညီချင်တဲ့ ဆန္ဒမရှိတာကို တွေ့ရပေမဲ့ သူက အဲဒါကို အဆန်းလုပ် အံ့ဩမနေတော့ဘူး။

"ဘယ်အချိန်ကြီး မင်းရောက်လာတာလဲ"

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော် အရေးတကြီးကိစ္စနဲ့ အပြင်ကို ထွက်သွားရလို့ပါ"

"အေးပါ အေးပါ ဒါပေမဲ့ ခုညသန်းခေါင်မှာ စကားဝှက်ကို ပြောင်းထားတယ်ကွ။ ဒီတော့ မင်း အဲဒီစင်္ကြံမှာပဲ ညအိပ်ပေတော့ ဟုတ်ပြီလား"

"မနောက်ပါနဲ့ ခင်ဗျာ" ဟယ်ရီ စိတ်ပျက်သွားတယ်။ "ဒီသန်းခေါင်ချိန်ကြီးကျမှ စကားဝှက်က ဘာလို့ ပြောင်းသွားရတာလဲ"

"အဲဒါ လုပ်ရိုးလုပ်စဉ်ပဲ" အပျိုကြီး ဒေါ်ဝဖြီးက ပြောလိုက်တယ်။ "မင်းက စိတ်ဆိုးတယ်ပေါ့။ ဒါဆို ကျောင်းအုပ်ဆရာကြီးဆီပဲ သွားပြောပေတော့။ လုံခြုံရေးတင်းကျပ်ခိုင်းတဲ့ သူတွေထဲမှာ သူလည်းပါတယ်"

"ကောင်းကွာ" ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောလိုက်ပြီး အောက်ကကြမ်းပြင်မှာမာကြီးကို လှည့်ပတ်ကြည့်နေတယ်။ "ခင်ဗျားတို့ တော်ပါပေတယ်။ ဟုတ်ပြီလေ။ ကျွန်တော် ဒမ်ဘဲလ်ဒိုးဆီကို သွားပြောမယ်။ သူ ဒီမှာ ရှိနေလား။ ဘာဖြစ်လို့လဲဆိုတော့ သူကလည်း ကျွန်တော့်ကို တွေ့ချင်နေလို့ပဲ"

"သူ ဒီမှာ ရှိပါတယ်ကွာ" ဟယ်ရီရဲ့ နောက်က အသံတစ်သံ ပြောလိုက်တာပဲ။ "ပါမောက္ခ ဒမ်ဘဲလ်ဒိုးလွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ဒီကို ပြန်ရောက်လာတယ်"

ပြတ်လုလု ခေါင်းကြီးနစ်ခ်က သူ့ဆီကို ဖြည်းဖြည်းချင်း နိမ့်ဆင်းရွေ့လျားလာတယ်။ သူ့ခေါင်းကြီးက ခါတိုင်းလိုပဲ လည်ဆံမွေးအပွကြီးပေါ်မှာ နဲ့တဲ့နဲ့တဲ့နဲ့ လှုပ်ယမ်းနေတယ်။

"ငါလည်း သူ့ကို မြင်လိုက်တဲ့ သွေးစွန်းဘက်ရွှန်က ပြောလို့ သိရတာ။ ဘယ်ရွှန်ပြောတာကတော့ သူ့ကြည့်ရတာ နည်းနည်း ပင်ပန်းတာကလွဲလို့ စိတ်ကောင်းဝင်နေတယ်တဲ့" နစ်ခ်က ပြောလိုက်တယ်။

"သူ ဘယ်မှာလဲ" ဟယ်ရီက မေးလိုက်တယ်။ သူ့ရင်တွေလည်း တဒိန်းဒိန်း ခုန်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"သူ့အကြိုက် သူ့ဝါသနာအတိုင်းပေါ့ကွာ၊ နက္ခတ္တမျှော်စင်ပေါ်မှာ တဂုံဂုံ တဂွမ်ဂွမ်နဲ့ ဘာတွေ လုပ်နေမှန်းတော့ မသိဘူး"

"သွေးစွန်းဘယ်ရွှန်ကို ပြောတာ မဟုတ်ဘူး၊ ဒမ်းဘဲလ်ဒိုးကို မေးတာ"

"သြော်သူလား၊ သူ့ရုံးခန်းထဲမှာပေါ့"နစ်ခ်က ပြောလိုက်တယ်။ ပြီးတော့ သူကဆက်ပြီး "ဘယ်ရွှန်ပြောတဲ့အတိုင်းဆိုရင် ငါသေချာပြောနိုင်တယ်။ သူအိပ်ရာမဝင်ခင် လုပ်စရာအလုပ်တွေ ရှိနေတဲ့ပုံပဲ"လို့ ပြောလိုက်တယ်။

"ဟုတ်တယ်။ သူ့မှာ လုပ်စရာအလုပ် ရှိနေတယ်" ဟယ်ရီက ပြောလိုက်တယ်။ စိတ်လှုပ်ရှားမှုက သူမှတ်ဉာဏ်ကို ရခဲ့ပြီဆိုတာ ဒမ်းဘဲလ်ဒိုးကို ပြောရတော့မယ့် အခြေအနေကြောင့် ရင်ထဲမှာ တစ်ရှိန်ရှိန်လောင်မြိုက်နေတယ်။ သူချာခနဲ လှည့်ပြီး နောက်ကလှမ်းခေါ်နေတဲ့ အပျိုကြီး ဒေါ်ဝဖြီးကိုတောင် အရေးမလုပ်နိုင်တော့ဘဲ ဒုန်းစိုင်းပြေးသွားတယ်။

"ဟဲ့ ပြန်လာခဲ့၊ ငါဖွင့်ပါမယ်ဟဲ့၊ ငါနင့်ကို ညာပြောတာဟ၊ အချိန်မတော် နင်ငါ့ကို လာနှိုးလို့ ငါစိတ်တိုပြီး ပြောမိတာ၊ စကားဝှက်ကအရင်အတိုင်း 'ကြိုးပြားသန်ကောင်'ပဲ လာလာ"

ဒါပေမဲ့ စကြံအတိုင်း တစ်ရှိန်ထိုးပြေးနေပြီ။ နောက်မိနစ်ပိုင်း အတွင်းမှာပဲ ဒမ်းဘဲလ်ဒိုးရဲ့ တံစက်မြိတ်အဝင်ဝက တိရစ္ဆာန်ခေါင်းကြီးကို "တော်ဖီအီကလဲမုန့်"ဆိုပြီး စကားဝှက်ကို ပြောလိုက်လို့ ခေါင်းကြီးက ဘေးကို ခုန်ထွက်ဖယ်ရှားပေးပြီး ဟယ်ရီကို ဝင်ခွင့်ပြုလိုက်တယ်။ ဟယ်ရီ လှမ်းဝင်ပြီး ကြောင်လိမ်လှေကားအတိုင်း ပြေးတက်သွားတယ်။

"ဝင်ခဲ့ပါ" ဟယ်ရီ တံခါးခေါက်လိုက်တာနဲ့ ဒမ်းဘဲလ်ဒိုးရဲ့အသံ ထွက်ပေါ်လာတယ်။ သူအသံထွက်ပြီး ဟောဟဲ ဟောဟဲ ဖြစ်နေတယ်။

ဟယ်ရီက တံခါးကို တွန်းဖွင့်လိုက်တယ်။ သူမြင်ရတဲ့ ဒမ်းဘဲလ်ဒိုးရုံးခန်းဟာ အခါတိုင်းနဲ့ ထူးမခြားနားပါပဲ။ ဒါပေမဲ့ ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ ကြယ်စင်တွေဖြန့်ကြဲထားတဲ့ ကောင်းကင်နက်မှောင်မှောင်ကြီးကို တွေ့ရတယ်။

"ပျူပျူငှာငှာ ကြိုဆိုပါတယ် ဟယ်ရီ" ဟယ်ရီကို တွေ့ရပြီး ဖြုန်းခနဲ အံ့အားသင့်သွားတဲ့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ညဉ့်နက်သန်းခေါင် အချိန်မတော်ကြီး ကျုပ်ဘာများ လုပ်ပေးစရာ ရှိလို့လဲကွာ"

ဟယ်ရီ ဖန်ပုလင်းသေးသေးကလေးကို ထုတ်ပြီး ဒမ်းဘဲလ်ဒိုးကို ပြလိုက်တယ်။ တစ်ခဏကြာအောင် ပုလင်းကိုကြည့်ပြီး ကျောင်းအုပ်ကြီး ကြက်သေသေမှင်တက်နေတယ်။ ပြီးတော့မှ အားရပါးရ ပြုံးလိုက်တယ်။

"ဟယ်ရီရေ အံ့ချီးစရာကောင်းအောင် ခမ်းနားကြီးကျယ်တဲ့ သတင်းကောင်း တစ်ခုပါလားကွာ။ ပြိုင်ရင် တကယ်ကို ပီပီပြင်ပြင် စွမ်းဆောင်လိုက်နိုင်တာပဲ။ မောင်ရင် လုပ်နိုင်မယ်ဆိုတာ ကျုပ်သိနေတာပေါ့လေ"

www.burmeseclassic.com

နောက်ကျခဲ့တဲ့ နာရီတွေအတွက် သူတွေးထင်ထားသမျှတွေကို အားလုံး မေ့ပစ်လိုက်ပြီး၊ ပက်ကျိချိုရဲ့ မှတ်ဉာဏ်ထည့်ထားတဲ့ ပုလင်းကလေးကို သူ့ရဲ့ ဒဏ်ရာရထားတဲ့ လက်နဲ့ ကိုင်ရင်း ဒမ်းဘဲလ်ဒိုးက သူ့စားပွဲကို ပတ်ပြီး အမြန်ပြေးသွားတယ်။ ပြီးတော့ ကျောက်ဆစ်ဇလုံကြီး တင်ထားတဲ့ အံ့ဆွဲဗီရိုကြီးဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွားပြန်တယ်။

"ကဲ ခု ကျုပ်တို့ နောက်ဆုံးအနေနဲ့ ကျုပ်တို့ မြင်ရတော့မယ်။ ဟယ်ရီ မြန်မြန်လုပ်လေ"ကျောက်ဆစ်ဇလုံကြီးကို သူစားပွဲပေါ်တင်လိုက်ပြီး ပုလင်းထဲမှာပါသမျှ ပစ္စည်းလေးတွေကို ဇလုံထဲထည့်လိုက်ရင်း ဒမ်းဘဲလ်ဒိုးက လောလိုက်တယ်။

ဟယ်ရီက ကျိုးကျိုးနွံနွံနဲ့ ကျောက်ဆစ်ဇလုံကြီးပေါ်က မိုးပြီးငုံ့ချလိုက်တာ သူ့ခြေထောက်တွေ ရုံခန်းကြမ်းပြင်ကနေ ကြွတက်သွားတယ်။ အဲဒီနောက် မှောင်အတိကျနေတဲ့ အထဲကို သူနောက်တစ်ခါ ကျသွားပြန်ပြီးမှ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဟိုရေ့စ်ပက်ကျိချိုရဲ့ ရုံးခန်းထဲကို သွားပြီး ခြေထောက်မိသွားတယ်။

အဲဒီမှာ ထူထဲတောက်ပြောင်တဲ့ ဝါဖျော့ဖျော့ဆံပင်၊ နီကျင်ကျင် ဝါတာတာ နှုတ်ခမ်းမွေးနဲ့ အလွန်တရာမှ ငယ်ရွယ်သေးတဲ့ ပက်ကျိချိုဟာ သူ့ရုံးခန်းထဲက ဖိမ်ကျကျ လက်တင်တောင်ပံကြီး တပ်ထားတဲ့ ကုလားထိုင်မှာ ပြန်ထိုင်လိုက်ပြီး သူ့ခြေထောက်တွေကို ကတ္တီပါခြေသုတ်ဖုံတစ်ခု အပေါ်တင်ထားတယ်။ သူ့ရဲ့ လက်တစ်ဖက်ထဲမှာ ဝိုင်တစ်ဖန်ခွက်နဲ့။ ကျန်တဲ့လက်တစ်ဖက် နာနတ်ယိုဘူးကလေး တစ်လုံးထဲကို ဟိုနှိုက်ဒီနှိုက်စမ်းပြီး နှိုက်နေတယ်။ နောက် ဆယ်ကျော်သက်အရွယ် လူငယ်လေး ဒါဇင်ဝက် သူ့ပတ်လည်မှာ ရှိနေတယ်။ သူတို့ရဲ့ အလယ်မှာ မာဗိုလိုရဲ့ ရွှေနဲ့အနက်ရောင် မဟူရာကျောက်ကွပ်ထားတဲ့ ရွှေလက်စွပ်တစ်ကွင်းကို သူ့လက်သူကြွယ်မှာ တစ်ဝင်းဝင်းတောက်နေတာ တွေ့ရတဲ့ တွမ်ရစ်ဒဲလ် ရှိနေတယ်။

"ဆရာ ပါမောက္ခရီသော့ အငြိမ်းစားယူတော့မယ်ဆိုတာ အမှန်ပဲလား ဆရာ"လို့ ရစ်ဒဲလ်က မေးလိုက်ချိန်မှာပဲ ဟယ်ရီရဲ့ နံဘေးကို ဒမ်းဘဲလ်ဒိုး ရောက်လာတယ်။

"တွမ်... တွမ် ငါသိရင်တောင် မင်းတို့ကို ငါမပြောနိုင်ဘူးလေကွာ" သူ့ရဲ့ လက်ချောင်းလေးတွေကို "သွားစမ်းပါကွာ"ဆိုတဲ့ ပုံစံမျိုးနဲ့ တွမ်ရစ်ဒဲလ်ဘက်ကို ခါပြရင်း ပက်ကျိချိုက ပြောလိုက်တယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ မျက်စပစ်ပြီး "မင်း အဲဒီသတင်း ဘယ်ကရလာသလဲဆိုတာ ငါသိချင်တယ်။ မင်းဟာ ဝန်ထမ်းတွေထက် တစ်ဝက်လောက်ပိုပြီး ဗဟုသုတကြွယ်နေပါလားကွဟေ၊ ဟုတ်တယ် မဟုတ်လား"လို့ သူက ပြောလိုက်ပြန်တယ်။

ရစ်ဒဲလ်က ပြောလိုက်တယ်။ တခြား ကောင်လေးတွေက ရယ်နေတယ်။ ပြီးတော့ ရစ်ဒဲလ်ကို ချီးကျူးတဲ့ အကြည့်နဲ့ ဝိုင်းကြည့်နေကြတယ်။

"အရာရာကို သိနိုင်စွမ်းရှိတဲ့ ထူးခြားတဲ့ မင်းရဲ့ အရည်အချင်းနဲ့ မင်းဒီလို မမေးသင့်ပါဘူးလေ။ ပြီးတော့ မင်းက အမြှောက်ကြိုက်တဲ့ လူတွေကိုလည်း ဂရုတစိုက် သေသေချာချာ မြှောက်ပင့်တတ်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

နာနတ်သီးအတွက် ကျေးဇူးတင်ပါတယ်ကွာ။ ဩဘ်ဒါနဲ့ စကားမစပ် မင်းပြောတာ မှန်ပါတယ်။ အဲဒါ ငါ့စိတ်ကြိုက်ရာထူးပါပဲ”

ကောင်လေးတွေ တော်တော်များများက ထပ်ပြီး ရယ်လိုက်ကြတယ်။

“ငါမင်းကို နှစ်ပေါင်းနှစ်ဆယ်အတွင်း မှော်ပညာဝန်ကြီးဌာနရဲ့ ဝန်ကြီးရာထူးကို တက်သွားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ထားတယ်။ အဲ မင်းခုလိုပဲ ငါ့ဆီကို နာနတ်သီးတွေ ဆက်ပို့ပေးနေဦးမယ် ဆိုရင်တော့ ၁၅နှစ်ပေါ့ကွာ။ ငါ့မှာ မှော်ပညာ ဝန်ကြီးဌာနက အရေးပါဆုံး ပုဂ္ဂိုလ်တွေနဲ့ အဆက်အသွယ် ရှိပါတယ်ကွ”

ကောင်လေးတွေက ထပ်ရယ်လိုက်ကြပေမဲ့ တွမ် ရစ်ဒဲလ်က ပြုံးရုံပဲ ပြုံးနေတယ်။ သူဟာ အဲဒီကောင်လေးတွေ အုပ်စုထဲမှာ အသက်အကြီးဆုံး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ ဟယ်ရီ သတိထားမိတယ်။ ဒါပေမဲ့ သူတို့အားလုံးက သူ့ကို သူတို့ရဲ့ ခေါင်းဆောင်တစ်ယောက်လို ဆက်ဆံကြပုံပေါ်တယ်။

“ကျွန်တော်ကတော့ အဲဒီနိုင်ငံရေး ပရိယာယ်တွေကို နားမလည်ပါဘူး ဆရာ။ ကျွန်တော့်မှာ ကိစ္စတစ်ခုအတွက် တကယ့်ကျောထောက်နောက်ခံ အစစ်အမှန်ကောင်းကောင်း မရှိဘူး ဖြစ်နေတယ်” ကောင်လေးတွေ အရယ်ရပ်သွားတော့ ရစ်ဒဲလ်က ပြောလိုက်တယ်။

သူ့ဘေးပတ်လည်က ကောင်လေးနှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး လျှောင်ပြုံးပြုံးနေကြတယ်။ သူတို့တွေ တခြား သီးသန့်ရယ်စရာ တစ်ခုအကြောင်း ပြောနေကြတယ်ဆိုတာ ဟယ်ရီ အသေအချာသိလိုက်တယ်။ သူတို့ဟာ သူတို့ အုပ်စုခေါင်းဆောင်ရဲ့ ထင်ရှားကျော်ကြားတဲ့ ဘိုးအေနဲ့ ပတ်သက်ပြီး သိနေတဲ့၊ ဒါမှမဟုတ် သံသယရှိနေတဲ့ ကိစ္စကို ပြောနေတယ်ဆိုတာ ယုံမှား စရာ မရှိဘူး။

“အဓိပ္ပာယ်မရှိ ပေါက်ကရတွေကွာ”ပက်ကျိချို့က ဖြုန်းခနဲ ဝင်ပြောလိုက်တယ်။ “မင်းဟာ မှော်ဆရာမျိုးရိုးက ဆင်းသက်လာတယ်ဆိုတာ ဒါထက်ပိုရှင်းနိုင်စရာ မရှိတော့ဘူး။ မင်းဆက်တိုးတက်မှာပါ တွမ်။ ကျောင်းသားတစ်ယောက်ကို ငါမှန်းလိုက်ရင် ဘယ်တော့မှ လွဲတာမရှိပါဘူး”

ပက်ကျိချို့ရဲ့ စားပွဲပေါ်မှာ ထောင်ထားတဲ့ ရွှေနာရီကလေးက သူ့နောက်ဘက်ကနေ ထမြည်လိုက်တဲ့အတွက်၊ သူက အားလုံးကို ကြည့်လိုက်တယ်။

“ကဲ အခါကောင်း အခွင့်ကောင်းပဲဟေ့၊ အချိန်ရောက်ပြီ။ မင်းတို့ သွားကြဖို့တော်ပြီ။ နို့မို့ရင် တို့အားလုံး ဒုက္ခရောက်နေဦးမယ်။ လက်စထရိန်းချ်… ငါမင်းရဲ့ စာစီစာကုံးကို နက်ဖန် နောက်ဆုံးထားပြီး လိုချင်တယ် …. မဟုတ်ရင်တော့ မင်းကို ကျောင်းဆင်းချိန် ငါပိတ်ပင်ရလိမ့်မယ်။ မင်းလည်း အဲဒီအတိုင်းပဲ အေဗရီ”

www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးတွေ တစ်ယောက်ပြီး တစ်ယောက် အခန်းထဲကနေ အစီအရီ ထွက်သွားကြတယ်။ ပက်ကျိချိုလည်း သူ့ကုလားထိုင်က ကုတ်ကတ်လူးလဲထပြီး၊ ကုန်နေပြီဖြစ်တဲ့ သူ့ဖန်ခွက်ကို စားပွဲတစ်ခုပေါ်ပြန်တင်ဖို့ ယူသွားတယ်။ ဒီမှာတင် သူ့နောက်ဘက်က လှုပ်ရှားသံတစ်ခုကြောင့် သူလှည့်ကြည့်လိုက်တော့ ရစ်ဒဲလ်ဟာ မသွားသေးဘဲ အဲဒီမှာ ရပ်နေတာကို တွေ့ရတယ်။

"ဟာ သုတ်သုတ်လုပ်ပါဆို တွမ်၊ မင်းအိပ်ချိန်တွေ ကိုယ်ပိုင်လွတ်လပ်ချိန်တွေ မဆုံးရှုံးချင်ပါဘူးနော်။ နောက်ပြီး မင်း အတန်းကြီး ကျောင်းသားခေါင်းဆောင်တစ်ယောက် ဖြစ်လျက်နဲ့ကွာ"

"ဆရာ .... ကျွန်တော် ဆရာ့ကို မေးစရာ တချို့ရှိလို့ပါ ခင်ဗျာ"

"နောက်မှ မေးစမ်း ငါ့ကောင်ကလေး၊ နောက်မှမေး"

"ကျွန်တော် သိချင်နေတာက ဆရာ ဟော်ကရပ်စ်တွေအကြောင်း ဆရာဘာများ သိသလဲလို့ပါ ဆရာ၊ ဟော်ကရပ်စ်တွေအကြောင်းပါ"

ပက်ကျိချိုက သူ့ကို စိုက်ကြည့်နေတယ်။ သူ့ရဲ့ တုတ်ခိုင်တဲ့ လက်ချောင်းတွေက ဝိုင်ကလပ်ဖန်ခွက်ရဲ့ ခြေတံရိုးကလေးကို မသိစိတ်နဲ့ ပွတ်သပ်နေတယ်။

"လျှို့ဝှက်မှော်ပညာနဲ့ တိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ အတွက် စီမံကိန်းပဲ။ အဲဒါကို ပြောတာမဟုတ်လား"

ဟယ်ရီက အဲဒါဟာ ကျောင်းအလုပ်နဲ့ မဆိုင်တဲ့ ကိစ္စဆိုတာ ပက်ကျိချို အနေနဲ့ ပြည့်ပြည့်စုံစုံ ကောင်းကောင်းကြီး သိမယ်ဆိုတာ ဟယ်ရီ ပြောနိုင်ပါတယ်။

"အဲဒါဟာ သိပ်မတိကျဘူး ဆရာ" ရစ်ဒဲလ်က ပြောလိုက်တယ်။ "ကျွန်တော် စကားရပ်ဝေါဟာရ ဖတ်ရတာတော့ အဲဒီလို သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အပြည့်အဝ ရှင်းရှင်းလင်းလင်း နားမလည်ဘူး ဆရာ"

"မင်း အဲဒါကို သေသေချာချာ သိရအောင် ဟော့ကရပ်စ်တွေအကြောင်း အသေးစိတ် ရှင်းပြထားတဲ့ စာအုပ်တစ်အုပ်ကို ရှာဖတ်ဖို့လိုမယ်တွမ်။ အဲဒါက သိပ်အောက်လမ်းနည်းကျတဲ့ အစွမ်းအစတွေ၊ တကယ့် အောက်လမ်းတွေပေါ့ကွာ" ပက်ကျိချိုက ပြောလိုက်တယ်။

"ဒါပေမဲ့ ဆရာက အဲဒါတွေ အားလုံးအကြောင်း သဲသဲကွဲကွဲ သိတယ် မဟုတ်လား ဆရာ။ ကျွန်တော် ဆိုလိုတာက ဆရာ့လို မှော်ဆရာတစ်ယောက်ဟာ ဩော် မှားသွားလို့ ကန်တော့ ကန်တော့၊ ကျွန်တော် ဆိုလိုတာက ဆရာ ကျွန်တော့်ကို ရှင်းရှင်းလင်းလင်း ပြောမပြနိုင်ဘူးလား လို့ပါ။ ကျွန်တော် သိတာက တကယ်လို့ တစ်ယောက်ယောက်ကသာ ပြောနိုင်မယ်ဆိုရင် ဆရာလည်း ပြောနိုင်မှာပဲလို့။ ဒါကြောင့် ကျွန်တော်က ဆရာ့ကို မေးဖို့ တွေးမိခဲ့တာပါ"

www.burmeseclassic.com

ဒီပြဿနာ အသေအချာ ဆောင်ရွက်ထားပြီးတဲ့ ကိစ္စဖြစ်မယ်လို့ ဟယ်ရီက တွေးလိုက်တယ်။ ချီတုံချတုံဖြစ်မှု၊ ရှောင်တခင်ပြောတဲ့လေသံ၊ ဂရုတစိုက် သတိထားပြီး မြှောက်ပင့်ပြောဆိုမှု စတာတွေအားလုံးမှာ ဘာတစ်ခုမှ ပိုကဲသွားတာမျိုး မရှိခဲ့တာကို သူတွေ့ရတယ်။

ဟယ်ရီကိုယ်တိုင် သူတို့ရဲ့အလုပ်မှာ ဆရာတစ်ဆူလို အသိအမှတ်အပြုခံဖို့ ဝန်လေးနေတဲ့ ခဲရာခဲဆစ် ပုဂ္ဂိုလ်တွေဆီက သတင်းတစ်ခုကို နားပူနားဆာ အတင်း မြှောက်ထိုးပင့်ကော်လုပ် အရယူခဲ့ရတဲ့ အတွေ့အကြုံတွေ အများကြီး ရှိနေခဲ့တယ်။ ဒီကိစ္စမှာ ဟယ်ရီ အသေအချာ ပြောနိုင်တာက ရစ်ဒဲလ်ဟာ သတင်းအချက်အလက် အပြင်းအထန် အသေအလဲ လိုချင်နေပြီး အဲဒီအတွက် သီတင်းပတ်ပေါင်းများစွာ ကြိုတင်ပြင်ဆင်ခဲ့တာလည်း ဖြစ်ကောင်းဖြစ်နိုင်တာပဲ။

"ကောင်းပြီလေ" ပက်ကျိချိုက ရစ်ဒဲလ်ကို မကြည့်ဘဲ နာနတ်ယိုဘူးအဖုံးပေါ်က တိပ်ကြိုးပြားကို ဟိုရွှေ့ဒီရွှေ့လုပ်ရင်း ပြောလိုက်တယ်။ "ဒီကိစ္စအတွက် မင်းကို ခြုံငုံသုံးသပ်ပြောပြဖို့ အပန်းမကြီးလှပါဘူး။ အမှန်တော့ မင်းနားလည်ထားတဲ့ ဝေါဟာရအတိုင်း ဟော်ရာကတ်စ်တစ်ခုဆိုတာ လူတစ်ဦးတစ်ယောက်က သူတို့ရဲ့ ရည်ရွယ်ချက်တစ်ခုအတွက် သူတို့ရဲ့ သဘောထား စိတ်ရင်းအမှန်ကို ဖုံးကွယ်ထားပြီး သုံးတဲ့စကားလုံး တစ်လုံးပါပဲ"

"ဒါပေမဲ့ အဲဒါက ဘယ်လို အကျိုးသက်ရောက်မှာလဲ၊ ဘာဖြစ်လာမှာလဲ၊ ဆရာပြောတာကို ကျွန်တော် လုံးလုံးတော့ နားမလည်သေးဘူး ဆရာ"ရစ်ဒဲလ်က အထွန့်တက်နေတယ်။

ရစ်ဒဲလ်ဟာ သူ့အသံကို သတိထားပြီး ထိန်းချုပ်ပြောနေပေမဲ့ သူ့စိတ်တွေ တစ်အား လှုပ်ရှားနေတယ်ဆိုတာ ဟယ်ရီက ခံစားပြီး သိနေတယ်။

"ဒါဆိုရင် မင်းရဲ့ ဝိညာဉ်ကို နှစ်ပိုင်း ပိုင်းလိုက်ပြီ ဆိုပါတော့ကွာ။ တစ်ပိုင်းကို မင်းခန္ဓာကိုယ်ရဲ့ အပြင်ဘက်က အရာတစ်ခုထဲမှာ ဝှက်ထား၊ ဒီနောက် အဲဒီဝိညာဉ်တစ်ပိုင်းရဲ့ ခန္ဓာကိုယ်ကို တိုက်ခိုက်ဖျက်ဆီးခံရလို့ ပျက်စီးသွားရင်တောင် ကျန်တဲ့တစ်ပိုင်းက မသေနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဝိညာဉ်အစိတ်အပိုင်းဟာ မြေကို အမှီပြုတင်ကျန်ရှိပြီး မပျက်စီးနိုင်တော့လို့ပဲ။ ဒါပေမဲ့ ပုံစံတစ်ခုအဖြစ် ရှိနေတာမျိုးသာ ဖြစ်တယ်" ပက်ကျိချိုက ရှင်းပြနေတယ်။

ပက်ကျိချိုရဲ့ မျက်နှာ ရှုံ့မဲ့ အားနည်း ချိနဲ့နေတယ်။ ဟယ်ရီက သူအရင်နှစ်နှစ် နီးပါးက ကြားခဲ့တဲ့ စကားလုံးတွေကို ပြန်သွားပြီး သတိရနေတယ်။ "ငါ့ကို ငါ့ခန္ဓာကိုယ်ကနေ ဆုတ်ဖြဲဆွဲခွာထုတ်တာ ခံလိုက်ရပြီ၊ ငါဟာ ဝိညာဉ်လိပ်ပြာတောင် မဟုတ်တော့ဘူး။ ငါဟာ စုတ်ပြတ်နံ့ချာနေတဲ့ တစ္ဆေတစ်ကောင်လောက်တောင် မရှိတော့ဘူး။ မဟုတ်တော့ဘူး။ ဒါပေမဲ့ ငါအသက်ရှင်နေတုန်းပဲ"ဆိုတဲ့ စကား ဖြစ်တယ်။

"နည်းနည်းလေးလောက်ပဲ လိုလိမ့်မယ် တွမ်၊ တကယ့်နည်းနည်းမှ နည်းနည်းလေးပဲ၊ သေတာကမှ ပိုကောင်းလိမ့်ဦးမယ်" ပက်ကျိချိုက ဆက်ပြောလိုက်တယ်။

www.burmeseclassic.com

ဒါပေမဲ့ ရစ်ဒဲလ်ရဲ့ အာသာဆန္ဒက သိသာလာတယ်။ သူ့မျက်နှာအမူအရာမှာ လောဘတွေ ပေါ်လွင်နေတယ်။ သူ သူ့ရဲ့ လိုအင်ဆန္ဒကို ဆက်ပြီး ဖုံးကွယ်မထားနိုင်တော့ဘူး။

"ဆရာ ဆရာ့ဝိညာဉ် ဘယ်လို ခွဲစိတ်ပိုင်းသလဲ" သူက မေးလိုက်တယ်။

"အေး ပြောပါ့မယ်" ပက်ကျိချို စိတ်မသက်မသာ ဖြစ်နေတယ်။ "ဝိညာဉ်ဆိုတာ မယိုမယွင်း ပကတိသူ့အတိုင်း တစ်ခုလုံး ရှိရမယ်လို့ သတ်မှတ်ထားတာကွ။ သူ့ကို ခွဲစိတ်ခြင်းဟာ ချိုးဖောက်စော်ကားတဲ့ လုပ်ရပ်တစ်ခုပဲ၊ သဘာဝကို ဆန့်ကျင်ချိုးဖောက်တာပဲ"

"ဒါပေမဲ့ အဲဒါကို ဘယ်လို လုပ်ရတယ်ဆိုတာ ပြောစမ်းပါ ဆရာ"

"မိစ္ဆာရဲ့ လုပ်ရပ်တစ်ခုနဲ့ မိစ္ဆာရဲ့ အကြီးမားတကာ့ အကြီးမားဆုံး အမြင့်ဆုံးလုပ်ရပ်နဲ့၊ လူသတ်မှုကျူးလွန်ခြင်းနဲ့ပဲ ဝိညာဉ်ကို အပိုင်းပိုင်း ဆုတ်ဖြဲပြီး သတ်လိုက်တာပဲ။ သူ့ရဲ့ အကျိုးအမြတ်အတွက် ပျက်စီးအောင် အသုံးချမယ့် ဟော်ကရပ်စ် တစ်ခုကို ဖန်တီးတဲ့ မှော်ဆရာရဲ့ အကြံအစည်ပဲလေ။ သူက ဝိညာဉ်ကို ဆုတ်ဖြဲဖျက်ဆီးပစ်မယ့် ဆုတ်ဖြဲချေဖျက်ဆေးရည်ကို ဖုံးကွယ်ထားလိမ့်မယ်"

"ဖုံးကွယ်ထားတယ် ဘယ်လို ဖုံးကွယ်ထားတာလဲ"

"ဂါထာ မန္တန်တစ်ခု ရှိတယ်။ ဒါပေမဲ့ ငါ့ကို မမေးနဲ့ ငါမသိဘူး" ခြင်တွေ ဝိုင်းကိုက်နေလို့ လှုပ်ရမ်းနေတဲ့ ဆင်အိုကြီးတစ်ကောင်လို သူခေါင်းတယမ်းယမ်းခါပြီး ပက်ကျိချိုက ပြောလိုက်တယ်။ "ငါဟာ အဲဒါကို ကြိုးစားခဲ့တဲ့ ပုံပေါက်နေလို့လား။ ငါက လူသတ်သမား တစ်ယောက်နဲ့ တူနေလို့လား"

"မဟုတ်တာဘဲ ဆရာရယ် .... ဆရာက လုံးဝမတူပါဘူး" ရစ်ဒဲလ်က ကမန်းကတန်း ပြန်ပြောလိုက်တယ်။ "စိတ်မရှိပါနဲ့ ဆရာ၊ ကျွန်တော်က ဆရာ့ကို စော်ကားဖို့ မရည်ရွယ်ပါဘူး"

"စိတ်မရှိပါဘူး၊ လုံးဝမရှိပါဘူး၊ ဒါစော်ကားတာ၊ နားကြားပြင်းကတ်စရာလည်း မဟုတ်ပါဘူး။ ဒါဟာ အဲဒီအကြောင်းတွေကို သိချင် စူးစမ်းစပ်စုချင်တဲ့ စိတ်ကြောင့် မေးတာပါ။ သဘာဝပါပဲ။ တကယ် အရည်သွေးပြည့်ဝတဲ့ မှော်ဆရာတချို့အနေနဲ့ ကတော့ ဒီအတွက် စိတ်ပူပန်ကြတာပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာ" ရစ်ဒဲလ်က ထပ်ဆက်ပြန်တယ်။ "ကျွန်တော် နားမလည်တာ ရှိတယ်။ စပ်စုတာ မဟုတ်ဘူးနော်။ ကျွန်တော် သိချင်တာက ဟော်ကရပ်စ်တစ်ခုဟာ တော်တော်များများကို အသုံးဝင်တာလား။ ဆရာ့ဝိညာဉ်ကို ဆရာ တစ်ကြိမ်လောက် ခွဲထုတ်ပစ်နိုင်သလား။ အဲဒီလို လုပ်ရင် ဆရာ့ကို ပိုသန်စွမ်းပြီး အားမပြည့်စေနိုင်ဘူးလား။ ပိုမကောင်းဘူးလား။ ဆရာ့ဝိညာဉ်ကို နှစ်ခုမဟုတ်ဘူး။ အစိတ်စိတ်အမွှာမွှာ ခွဲပစ်လိုက်တာမျိုးလေ။ ကျွန်တော် ပြောချင်တာက ဥပမာ– ဆရာရယ် ခုနစ်ဟာ မှော်ပညာမှာ အစွမ်းအထက်ဆုံး နံပါတ်မဟုတ်လား။ ဒီတော့ ဝိညာဉ်ကို အဲဒီလို ခုနစ်ခုခွဲလိုက်လို့ မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"ကျားသားမိုးကြိုး မင်း ကြံကြီးစည်ရာ တော်တော် ပြောတတ်တဲ့ကောင်ပါလား တွမ်" ပက်ကျိချိုက စူးစူးဝါးဝါး ထအော်လိုက်တယ်။ ခုနစ်ဟုတ်လား။ ခုကိစ္စဟာ လူတစ်ယောက်ကို သတ်ဖို့အကြောင်း စဉ်းစားရလောက်အောင် ဆိုးနေပြီလား၊ နောက်ပြီး ဘယ်အကြောင်းနဲ့ဖြစ်ဖြစ် ဝိညာဉ်ကို ခွဲစိတ်ပစ်ဖို့လောက် ဆိုးနေပြီလား၊ ဝိညာဉ်ကို ခုနစ်စိတ်စိတ်ပါတဲ့။ မင်းဟာက မလွန်လွန်းဘူးလား"

ပက်ကျိချိုဟာ ခု အကြီးအကျယ် စိတ်ဆင်းရဲ ဒုက္ခရောက်နေပုံရတယ်။ သူက ရစ်ဒဲလ်ကို အရင်ကတစ်ခါမှ သူ့အကြောင်း ဒီလောက် ရှင်းရှင်းလင်းလင်း မသိရသလိုမျိုး စူးစူးရဲရဲ စိုက်ကြည့်နေတယ်။ ဒီမှာတင် ဟယ်ရီက ပက်ကျိချိုဟာ ရစ်ဒဲလ်နဲ့ ခုလို စကားစမြည် ပြောဆိုမိတာ မှားလေခြင်းဆိုပြီး နောင်တရနေပြီဆိုတာ သိလိုက်တယ်။

"ထားလိုက်ပါတော့" ပက်ကျိချိုက ပွစိပွစိနဲ့ ရွှေ့ရွှတ်လိုက်တယ်။ "အမှန်တော့ အခု ပြောကြဆိုကြတာတွေ အားလုံးဟာ စိတ်ကူးပေါက်တာတွေ လျှောက်ပြောနေကြတာပါ။ မဟုတ်ဘူးလား။ အားလုံး သဘောတရားအရသာ ပြောတာချည်းပဲ"

"ဟုတ်ပါတယ် ဆရာ၊ ရပါတယ်"ရစ်ဒဲလ်က ကပျာကယာ ပြန်ပြောလိုက်တယ်။

"ဒါပေမဲ့ တွမ်.... ငါပြောတာတွေကို မင်းသိုသိပ်ထားရမယ်၊ တို့တွေ ဆွေးနွေးကြတယ်လို့ပဲ သဘောထားလိုက်၊ တို့ ဟော်ကရပ်စ်တွေအကြောင်း ဆွေးနွေးကြတယ်ဆိုရင် လူတွေက ကြိုက်မှာမဟုတ်ဘူး။ ဒါဟာ ဟော့ဂ်ဝပ်စ်ကျောင်းမှာ တားမြစ်ထားတဲ့ ကိစ္စ။ မင်းသိတယ်နော်။ အထူးသဖြင့် ဒမ်းဘဲလ်ဒိုးက ဒီအကြောင်း အပြင်းအထန် ပိတ်ပင်ထားတာ"

"ကျွန်တော် တစ်ခွန်းတောင် မဟပါဘူး ဆရာ" ရစ်ဒဲလ်က ပြောလိုက်တယ်။ ပြီးတော့ သူ ထွက်သွားတယ်။ ဒါပေမဲ့ ဟယ်ရီက အတိုင်းမသိ ပျော်ရွှင်ပြီး ဖိုးကျိုင်းတုတ်ဖြစ်နေတဲ့ သူ့မျက်နှာရိပ်ခနဲ လှမ်းမြင်လိုက်တယ်။ အဲဒါဟာ သူ့ကိုယ်သူ မှော်ဆရာမှန်း စသိတဲ့အချိန်က သူပြုံးခဲ့တဲ့ အပြုံးမျိုး။ သူ့ရဲ့ ချောမောခန့်ညားတဲ့ ရုပ်ရည်ကို ကျက်သရေမတိုးစေဘဲ လူမဆန်တဲ့ မျက်နှာမျိုးပဲ။

"ကျေးဇူးပဲ ဟယ်ရီ.... ကဲ တို့သွားကြစို့"ဒမ်းဘဲလ်ဒိုးက ခပ်တိုးတိုးကလေး ထပ်ပြောလိုက်တယ်။

ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းထဲက ကြမ်းပြင်ပေါ်ကို သူခြေပြန်ချလိုက်ချိန်မှာ ဒမ်းဘဲလ်ဒိုးက ရောက်နှင့်ပြီးလို့ သူ့စားပွဲနောက်က ကုလားထိုင်မှာ ထိုင်ပြီးနေပြီ။ ဟယ်ရီက သူပါဝင်ထိုင်လိုက်ပြီး ဒမ်းဘဲလ်ဒိုး စပြောမယ့် စကားကို စောင့်နေတယ်။

"ကျုပ်အနေနဲ့ ဒီသဲလွန်စ သက်သေခံ အထောက်အထား အပိုင်းအစကလေးကို ရဖို့ ရက်ရှည်လများ မျှော်လင့်စောင့်စားခဲ့ရတယ်။ ဒါလေးက ကျုပ်လုပ်နေတဲ့ လုပ်ပုံလုပ်နည်းသဘောတရားကို အတည်ပြုပေးပြီး ကျုပ်ရဲ့ လုပ်ရပ် မှန်တယ်။ ပြီးတော့ ဆက်လုပ်စရာတွေ တစ်ပုံကြီး ရှိသေးတယ်လို့ ပြောနေတယ်" နောက်ဆုံးမှာ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာတင် နံရံတွေပေါ်မှာ ရှိနေတဲ့ ကျောင်းအုပ်ဆရာကြီးနဲ့ ကျောင်းအုပ်ဆရာမကြီး အဟောင်းတွေ အကုန်လုံး လှုပ်လှုပ်ရွရွနဲ့ နိုးလာကြပြီး သူတို့ပြောတာကို နားထောင်နေတာ ဟယ်ရီ ဖြုန်းခနဲ သတိထားလိုက်မိတယ်။ ဝဝဖိုင့်ဖိုင့် နှာခေါင်းနီကြီးနဲ့ မှော်ဆရာကြီးက အသေအချာ နားစွင့်ပြီးထောင်တောင် နေသေးတယ်။

"ကောင်းပြီ ဟယ်ရီ... မောင်ရင်ဟာ ကျုပ်ကြားခဲ့တာတွေ ဘယ်လောက်တောင် ထူးခြားတယ်ဆိုတာ သဘောပေါက်နားလည်လိမ့်မယ်လို့ ကျုပ် ပြောရဲပါတယ်။ ခု မင်းရဲ့ အသက်အရွယ်လောက်မှာပဲ အပိုအလို လနည်းနည်းတော့
ကွာရင်ကွာမှာပေါ့ကွာ၊ တွမ်ရစ်ဒဲလ်ဟာ သူ့ကိုယ်သူ ထိတ်ထိတ်ကြဲ အကျော်အမော်လူတစ်ယောက် ဖြစ်လာအောင် နည်းလမ်းစုံနဲ့ လုပ်နေပြီကွ"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ဆရာ့အထင် အဲဒီတုန်းက သူအောင်မြင်သွားသလား ဆရာ"ဟယ်ရီက မေးလိုက်တယ်။ "သူ ဟော်ကရပ်စ်ကိုရော သုံးခဲ့သေးလား၊ နောက်ပြီး ကျွန်တော့်ကို တိုက်ခိုက်စဉ်တုန်းက သူဘာဖြစ်လို့ မသေခဲ့တာလဲ၊ သူက ဟော်ကရပ်စ်တစ်ခုကို တစ်နေရာရာမှာ ဝှက်ထားခဲ့လို့လား၊ သူ့ဝိညာဉ်ရဲ့ အစိတ်အပိုင်းတစ်ခုခု ဘေးကင်းလုံခြုံသွားလို့လား ဆရာ"လို့လည်း မေးခွန်းတွေ အထပ်ထပ် မေးနေတယ်။

"တစ်ခု ဒါမှမဟုတ် အဲဒါထက် ပိုလိမ့်မယ်"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ် "မောင်ရင်လည်း ကြားခဲ့သားပဲ။ မိုဒီမော့ ပြောတာလေ။ သူ ဟိုရေ့စ်ဆီက ရရှိဖို့ အထူးတလည် လိုချင်နေတာက ဟော်ကရပ်စ်တစ်ခုထက်ပိုပြီး တီထွင်တဲ့ မှော်ဆရာအနေနဲ့ ဘာဖြစ်နိုင်သလဲ၊ မှော်ဆရာဟာ သေခြင်းတရားကို ရှောင်လွှဲဖို့ ဆုံးဖြတ်ခဲ့ရင် သူ့ကို ဘာဖြစ်နိုင်သလဲဆိုတဲ့ ထင်မြင်ယူဆချက် မဟုတ်ဘူးလား။ အဲဒါဟာ သူ လူသတ်မှုတွေ အကြိမ်ကြိမ် ကျူးလွန်နိုင်အောင် ပြင်ဆင်ဖို့ပေါ့။ သူက သူ့ဝိညာဉ်ကို အကြိမ်ကြိမ်အခါခါ ဆုတ်ဖြဲစိတ်ပိုင်းပစ်မယ်။ ပြီးရင် အဲဒါတွေကို ဟော်ကရပ်စ်တွေ အမြောက်အမြားကြီးထဲမှာ သီးခြားစီထည့်ပြီး ဖုံးထားဝှက်ထားမယ်။ ဘယ်စာအုပ်ကမှ သူ့ကို အဲဒီသတင်းအချက်အလက် ပေးခဲ့မှာ မဟုတ်ဘူး။ ကျုပ်သိသမျှတော့ မိုဒီမော့သိတဲ့အတိုင်းပဲ ဘယ်မှော်ဆရာတစ်ဦးတစ်ယောက်မှ သူဝိညာဉ်ကို နှစ်ခုထက်ပို မခွဲစိတ်ကြဘူးဆိုတာ သေချာတယ်"

ဒမ်းဘဲလ်ဒိုးဟာ တစ်အောင့်လောက်ကြာအောင် ခဏရပ်နားပြီး သူ့အတွေး သူ့ထင်မြင်ချက်တွေကို စုစည်းနေတယ်။ ပြီးတော့မှ သူက ပြောလိုက်တယ်။ "လွန်ခဲ့တဲ့ လေးနှစ်က ကျုပ်အနေနဲ့ သေချာပေါက် အတည်ပြုနိုင်တယ်လို့ သတ်မှတ်လို့ရတဲ့ သတင်းတစ်ခု ရခဲ့တယ်။ အဲဒါကတော့ မိုဒီမော့ဟာ သူ့ဝိညာဉ်ကို ဆုတ်ခွာခွဲစိတ်ပစ်လိုက်တာပဲ"

"ဘယ်မှာလဲ ဆရာ၊ ဘယ်နှစ်ပိုင်းခွဲလိုက်တာလဲ"

"အဲဒါ မောင်ရင် ကျုပ်ကို လွှဲပေးခဲ့တာပဲ ဟယ်ရီ။ နေ့စဉ်မှတ်တမ်းလေ၊ ရစ်ဒဲလ်ရဲ့ နေ့စဉ်မှတ်တမ်း။ လျှို့ဝှက်ချက်များ ခန်းမကြီးကို ဘယ်လို ဖွင့်ရမယ်ဆိုတဲ့ ညွှန်ကြားချက် ပေးထားတဲ့ တစ်ခုပေါ့" ဒမ်းဘဲလ်ဒိုးက ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် နားမလည်ဘူးဆရာ" ဟယ်ရီက ပြောလိုက်တယ်။

"ဟုတ်ပြီလေ ပြောပါ့မယ်။ နေ့စဉ်မှတ်တမ်းထဲမှာ ပါရှိတဲ့ ရစ်ဒဲလ်ကို ကျုပ်မမြင်ရပေမဲ့ မောင်ရင် ကျုပ်ကို ပြောပြချက်အရဆိုရင် ကျုပ်နဲ့ မကြုံခဲ့ဖူးသူဟာ ထူးခြားကျော်ကြားတဲ့ အံ့ဖွယ်လူတစ်ယောက်ပါပဲ။ သူ့ လက်တွင်းကို ကျရောက်သွားတဲ့ မိန်းကလေးရဲ့ အသက်ကို ဆုတ်ယုတ်ကုန်ခန်းသွားအောင် နုတ်ယူခဲ့တဲ့ သူ့လုပ်ရပ်နဲ့ ပတ်သက်လို့တော့ ရှားရှားပါးပါး ဒီမှတ်ဉာဏ်က စတင်ဖော်ထုတ် အဆုံးအဖြတ်ပေးပါလိမ့်မယ်။ မဟုတ်သေးဘူး။ ရက်စက်ယုတ်မာတဲ့ အရိပ်လက္ခဏာတွေ နောက်ထပ် အတော်များများ ရှိနေခဲ့မှာပဲ။ အဲဒါဟာ ဝိညာဉ်ရဲ့ အပိုင်းအစတစ်ခု ဖြစ်တယ်ဆိုတာ ငါ့အနေနဲ့ သေချာသလောက်ပဲ။ အဲဒီနေ့စဉ်မှတ်တမ်းကိုက ဟော်ကရပ်စ်တစ်ခု ဖြစ်နေခဲ့တယ် ဆိုပါတော့ကွာ။ ဒါပေမဲ့ အဲဒါကလည်း ဖြေချင်သလောက်ဖြေ၊ ဖြေလေ မေးခွန်းတွေ တိုးလာလေ ဖြစ်မှာပဲ။

တစ်ခါ ကျုပ်ကို အစွမ်းကုန် စိတ်ဝင်စားလာအောင်နဲ့ နိုးနိုးကြားကြား ဖြစ်လာအောင် လုပ်လိုက်တာကတော့ နေ့စဉ်မှတ်တမ်း လက်နက်တစ်ခုလို သုံးဖို့၊ အထူးသဖြင့် ဘေးဆီးရန်ကာ အကာအကွယ် ပေးမယ့် ပစ္စည်းအဖြစ် ရည်ရွယ်ထားတဲ့ အချက်ပဲလေ"

"ကျွန်တော် သဘောမပေါက်သေးဘူး ဆရာ" ဟယ်ရီက ပြောလိုက်ပြန်တယ်။

"အင်း–မင်းနားလည်အောင် ပြောရရင် အဲဒီ နေ့စဉ်မှတ်တမ်းကကို သူ အလုပ်လုပ်အောင် အထောက်အကူပေးတဲ့ ဟော်ကရပ်စ်တစ်ခု ဖြစ်နေတယ်ဆိုတာပဲ။ တစ်နည်းပြောရရင် ဝိညာဉ်ရဲ့ အပိုင်းအစကို အဲဒီနေ့စဉ်မှတ်တမ်းထဲမှာ ကွယ်ဝှက်ပြီး လုံခြုံအောင် သိမ်းထားတာပေါ့ကွယ်။ ပြီးတော့ သေချာပေါက် ပြောနိုင်တာက အဲဒီ ဝိညာဉ်အပိုင်းအစနဲ့ သူ့ပိုင်ရှင်ကို မသေအောင် ကာကွယ်ရာမှာ အသုံးချတာ ဖြစ်တယ်ကွ။ နောက် ရစ်ဒဲလ်ဟာ ဒီနေ့စဉ်မှတ်တမ်းကို တကယ် ဖတ်ချင်တာ၊ သူ့ဝိညာဉ်ရဲ့ အပိုင်းအစကို ထည့်ထားဖို့၊ ဒါမှမဟုတ် ပိုင်ဆိုင်ထားဖို့ တခြား တစ်စုံတစ်ယောက်ယောက် အလိုရှိနေတာလည်း ယုံမှားစရာမရှိဘူး။ ဒါမှလည်း ကြောက်စရာကောင်းတဲ့ ဒီဆလီသီရင် သတ္တဝါကောင် နောက်ထပ် ပေါ်ထွက်လာနိုင်မှာပေါ့"

"သြော် ... ဒါကြောင့်လည်း သူက အပြင်းအထန် ကြိုးစားထားသမျှ အလကား ဖြစ်သွားမှာကို မလိုလားဘဲ ထင်ရာလုပ်တော့တာကိုး" ဟယ်ရီက ပြောတယ်။ "နောက်သူက ဆလီသီရင်တွေရဲ့ အမွေစားအမွေခံ တစ်ယောက် ဖြစ်တာကိုလည်း လူတွေသိစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ သူအောင်မြင်မှု သိပ်မရသေးလို့ လူတွေက သူ့ကို မလေးမစား ဖြစ်နေတာကို အခံရခက်နေလို့ပေါ့"လို့လည်း သတ်မှတ်ချက် ချလိုက်တယ်။

"မောင်ရင် ပြောတာ သွေးထွက်အောင် မှန်တယ်"ဒမ်းဘဲလ်ဒိုးက ခေါင်းတညိတ်ညိတ်နဲ့ ပြောလိုက်တယ်။ "ဒါပေမဲ့ မင်းမြင်လား မသိဘူး၊ တကယ်လို့ သူသာ အဲဒီနေ့စဉ်မှတ်တမ်းကို အနာဂတ်ဟော့ဂ်ဝပ်စ် ကျောင်းသားတွေကို လွှဲပေးဖို့ ဒါမှမဟုတ် အဲဒါနဲ့ ထောင်ဖမ်းဖို့ ရည်ရွယ်ခဲ့တယ်ဆိုရင်၊ သူဟာ အဲဒီအထဲမှာ သိုဝှက်ထားတဲ့ တန်ဖိုးကြီးမားတဲ့ သူ့ရဲ့ ဝိညာဉ်အပိုင်းအစနဲ့ ပတ်သက်လို့ ဖန်တစ်ရာတေအောင် ထူးထူးခြားခြား အသုံးချသိရှိ နောကျေနေလို့ပဲ ဖြစ်ရမယ်ဆိုတာလေ။

www.burmeseclassic.com

www.burmeseclassic.com

ဟော်ကရပ်စ်တစ်ခုရဲ့ အဓိကအရေးကြီးဆုံး အချက်ဟာ ပါမောက္ခ ပက်ကျိချို ရှင်းပြသွားတဲ့အတိုင်း သူ့ကိုယ်သူ ကွယ်ဝှက်ပြီး လုံခြုံအောင် သိမ်းထားဖို့ပဲ။ ခုဖြစ်သွားသလို လမ်းစရှာပြီး လူတစ်ဦးတစ်ယောက်ထဲကို သွားဝင်၊ တောင်လုပ်မြောက်လုပ်နဲ့ ကိုယ့်ကို ဖျက်ဆီးခံရနိုင်တဲ့ အန္တရာယ်ကို ရှာဖို့ မဟုတ်ဘူး။ အဲဒီ သီးသန့်ထူးခြားတဲ့ ဝိညာဉ်အပိုင်းအစက နောက်ထပ် မရှိတော့ဘူး။ အဲဒါကို မောင်ရင် မြင်မှာပေါ့”လို့လည်း အရှည်ကြီး ရှင်းပြနေတယ်။ သူကပဲ ဆက်ပြီး “ဗိုဒီမော့က ဒီဟော်ကရပ်စ်ကို လေ့လာလိုက်စားရာမှာ ဂရုမထားဘဲ လုပ်ခဲ့ပုံက ကျုပ်အတွက်မကောင်းတဲ့ နိမိတ်လက္ခဏာတွေ ဖြစ်လာစေတယ်။ အဲဒါဘာလဲဆိုတော့ သူဟာ ဟော်ကရပ်စ်တွေ ပိုပြီး များများလုပ်ခဲ့တာ၊ ဒါမှမဟုတ် လုပ်ဖို့ ပြင်ဆင်ခဲ့တာပဲ။ ဒီတော့ သူ့ရဲ့ ပထမဆုံး ဟော်ကရပ်စ်ကို ဆုံးရှုံးလက်လွတ်သွားမှုဟာ သိပ်အန္တရာယ်မကြီးဘူးပဲထား။ ကျုပ်ကတော့ အဲဒီလို မယုံကြည်ချင်ဘူး။ ဒါပေမဲ့ ဒါထက်လည်းပိုပြီး မတတ်နိုင်တော့ဘူး”ဆိုပြန်တယ်။ ပြီးတော့မှ “ဒါတင်မကဘူး မောင်ရင် ကျုပ်ကို ပြောခဲ့တာရှိတယ်။ နောင်နှစ်နှစ်ကြာလို့ ဗိုဒီမော့ သူ့ခန္ဓာကိုယ်ထဲကို ပြန်ဝင်လာတဲ့ညမှာ သူဟာ အရှင်းလင်းဆုံးနဲ့ ကြောက်မက်ဖွယ်အကောင်းဆုံး ကြေညာချက်တစ်ခုကို သူ့ရဲ့ မရဏစား စုန်းကောင်တွေကို ပြောပြခဲ့တယ်။ ‘မသေသည်၏အဖြစ် အမတလမ်းစဉ်အတိုင်း လိုက်စားခဲ့သူတွေထဲမှာ ဘယ်သူထက်မဆို သာလွန်ခဲ့တဲ့ ငါဟာ’ဆိုတဲ့ စကားပါတယ်။ အဲဒါမောင်ရင် ကျုပ်ကို ပြောပြခဲ့တာပဲ။ ဘယ်သူ့ထက်မဆို သာလွန်တယ် ဆိုတာလေ။ အဲဒါ ဘာကို ဆိုလိုတယ်ဆိုတာ မရဏစားစုန်းကောင်တွေ သိမှာ မဟုတ်ပေမဲ့ ကျုပ်သိတယ်လို့ ကျုပ်ထင်တယ်။ အဲဒါ သူ့ရဲ့ ဟော်ကရပ်စ်တွေကို ရည်ညွှန်းပြီး သူပြောခဲ့တာပဲ။ ဟော်ကရပ်စ်တွေမှ အများကြီးပဲ ဟယ်ရီ။ တခြား ဘယ်မှော်ဆရာ တစ်ယောက်ယောက်မှာမှ အဲဒီလောက် မရှိနိုင်ဘူး။ ဗိုဒီမော့ဟာ နောင်နှစ်တွေမှာ လူသားမဆန် လူမပီသသူအဖြစ်နဲ့ ကြီးပြင်းလာခဲ့တယ်။ သူတွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ အပြောင်းအလဲတွေကိုတော့ ကျုပ် ရှင်းပြနိုင်သလောက် ပြောရရင် သူဟာ ကျုပ်တို့ မြင်ဖူးကြားဖူးနေကျ မိစ္ဆာလောက ပုံစံထက်ကို ကျော်လွန်ပြီး သူ့ဝိညာဉ်ကို အပိုင်းပိုင်းဖြတ်တောက်ပြီး ပွားထားတာပဲ”ဒမ်းဘဲလ်ဒိုးက သူ့စကားကို အဆုံးသတ်လိုက်တယ်။

“ဒါကြောင့် သူက တခြားလူတွေကို သတ်ဖြတ်နေခြင်းအားဖြင့် သူ့ကို သတ်လို့မရနိုင်အောင် သူ့ကိုယ်သူ လုပ်ထားတာကိုး” ဟယ်ရီက ပြောလိုက်တယ်။ “ဒါနဲ့ သူဟာ မသေသည်၏အဖြစ် အမတကို ဒီလောက် စိတ်ဝင်တစား အငမ်းမရ လိုချင်နေပါလျက်နဲ့ ဘာကြောင့် မှော်ကျောက်တုံးတစ်တုံးကို မလုပ်ခဲ့နိုင်၊ ဒါမှမဟုတ် ခိုးမယူနိုင်ခဲ့တာလဲ ဆရာ”

“ဒါက ဒီလိုရှိတယ်။ တို့သိထားတာ သူဟာ လွန်ခဲ့တဲ့ ငါးနှစ်လုံးလုံး အဲဒီလို ဖြစ်အောင် ကြိုးစားခဲ့တယ်နော်။ ဒါပေမဲ့ အဲဒီအကြောင်းကြောင်းတွေ အများကြီး ရှိတာပေါ့ကွာ။ ငါ ထင်တာတော့ မှော်ကျောက်တုံးက ဟော်ကရပ်စ်လောက် ဗိုဒီမော့အတွက် ပိုအရေးမပါ မထိရောက်လို့ ဖြစ်မယ်။

အမတဆေးလို့ ခေါ်တဲ့ အမတဆေးကြီးအနေနဲ့ တကယ်တမ်း အသက်ကို ဆွဲဆန့်ပေးနိုင်နေချိန် အတောအတွင်းမှာမသေဘဲ ထာဝရအသက်ရှင်နေချင်တဲ့ လောကသားတွေ အားလုံး သူတို့အသက်ကို မယိုမယွင်း ထိန်းသိမ်းထားနိုင်ဖို့ အဲဒီဆေးကို မှန်မှန်သောက်သုံးနေကြရမယ်။ ဒါကြောင့် ဗိုဒီမော့လည်း သူ့ရဲ့ အသက်ရှည်ရေးအတွက် ဒီသက်စောင့်ဆေးအပေါ်မှာပဲ လုံးလုံးလျားလျား မှီခိုနေရလိမ့်မယ်။ အဲဒီမှာ တကယ်လို့ ဒီဆေးကုန်သွားရင်၊ ဒါမှမဟုတ် သောက်သုံးဖို့ မသင့်အောင် မသန့်မပြန့်တာ၊

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေ ယိုယွင်းတာ ဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် မှော်ကျောက်တုံးကို လူခိုးခံရရင် သူလည်း တခြား သာမန်လူတွေလိုပဲ သေရမှာပဲ။

ဒါကြောင့် ဗိုဒီမော့ဟာ ဒီဆေးကို သူတစ်ယောက်တည်းသာ သောက်နိုင်ဖို့ အတွက်၊ သူတစ်ယောက်တည်းသာ မသေသူအဖြစ်နဲ့ အသက်ရှင်နေဖို့အတွက် နည်းလမ်းကြံဆရင်း ဒီမသေဆေးကြီး အပေါ်မှာတောင် စိတ်မရှည် သည်းမခံနိုင်သလို ဖြစ်လာတယ်။ အမှန်တော့ သူဟာ သူ့ဘဝရဲ့ ထိတ်လန့်ကြောက်မက်ဖွယ်ရာ အချိန်ကာလ အပိုင်းအခြားအတွင်း ခန္ဓာကိုယ်တစ်ခုကို ပြန်ရဖို့ မောင်ရင့်ကို တိုက်ခိုက်သတ်ဖြတ်လို့ သူပြစ်တင်ရှုတ်ချခံနေရတဲ့ အချိန်အထိ ဒီဆေးကို သောက်ဖို့ ပြင်ဆင်ထားတာပါပဲ။

ဒီနောက်ပိုင်းမှာတော့ သူဟာ သူ့ရဲ့ ဟော်ကရပ်စ်အပေါ်မှာ ဆက်ပြီး မှီခိုအားထားသွားဖို့ ရည်ရွယ်ခဲ့တယ်လို့ ကျုပ် ယုံကြည်တယ်။ အဲဒါက သူ့အဖို့ လူပုံသဏ္ဍာန်တစ်ခု၊ လူ့ခန္ဓာကိုယ်တစ်ခု ရရင်ပြီးပြီ တခြားဘာမှ ထပ်မလိုတော့ဘူး။ မောင်ရင်တွေ့တဲ့အတိုင်း သူဟာ အဲဒီအချိန်မှာ မသေသူ၊ အမတအဖြစ်ကို ရရှိသူ ဖြစ်နေပြီးပြီလေ။ ဒါမှမဟုတ်ရင် နီးကပ်နေပြီပေါ့။

ဒါပေမဲ့ ခုအချိန်မှာ ကျုပ်တို့အတွက် သေရေးရှင်ရေးတမျှ အရေးပါတဲ့ မှတ်ဉာဏ်ကို မောင်ရင်ရယူအောင်မြင်ခဲ့တဲ့ သတင်းလက်နက်ကို ကိုင်စွဲထားပြီမို့ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လော့ဒ်ဗိုဒီမော့လို လူကို လျှို့ဝှက်နိဂုံးချုပ်ပစ်ဖို့ ကျုပ်တို့လည်း ပိုနီးလာပါပြီ ဟယ်ရီ။ သူ့အကြောင်းကို မင်းကြားတယ်မို့လား။ မင်းကို ပိုပြီး ကြံ့ခိုင်တောင့်တင်းလာအောင် လုပ်ဖို့ မင်းရဲ့ ဝိညာဉ်ကို ပိုပိုများအောင် ဖန်တီးရမယ်။ ဒါပေမဲ့ အဲဒါဟာ အစွမ်းအထက်ဆုံး မှော်ဂဏန်းအဖြစ် ခုနစ်ခုရအောင် လုပ်ဖို့ မဟုတ်ဘူး။ အေး ... ငါ့အထင် အဲဒီဝိညာဉ်ကို ခုနစ်ပိုင်းခွဲဖို့ အကြံအစည်ဟာ ဗိုဒီမော့ရခဲ့တဲ့ အကြံအစည်ပဲ ဖြစ်မယ်”

“သူက ဟော်ကရပ်စ် ခုနစ်ခု လုပ်ခဲ့တယ် မဟုတ်လား ဆရာ” ဟယ်ရီက အထိတ်တလန့် ပြောလိုက်တယ်။ ဒီမှာတင် နံရံတွေပေါ်က ပုံတူပန်းချီကားတွေ အများအပြားကပါ သံယောင်လိုက်ပြောဆိုကြပြီး ထိတ်လန့်ဒေါသူပုန်ထနေကြတယ်။ “ပြီးတော့ ကမ္ဘာ့တစ်နေရာရာမှာ အဲဒါတွေကို ဝှက်ထားတာ၊ မြေကြီးထဲကို မြှုပ်ထားတာ၊ ဒါမှမဟုတ် မမြင်နိုင်အောင် ဖျောက်ထားတာ ဖြစ်မယ်ဆရာ”လို့ ဟယ်ရီက ထပ်ပြောတယ်။

“အေး.... ခုလို ပြဿနာရဲ့ အရေးပါမှု အတိုင်းအတာကို မောင်ရင် နားလည်သဘောပေါက်တာ ကျုပ် ဝမ်းသာတယ် ဟယ်ရီ” ဒမ်ဘဲလ်ဒိုးက အေးအေးလူလူပဲ ပြောဆိုတယ်။ “ဒါမောင်ရင် ပထမဆုံး ပြောတာ မဟုတ်ဘူး၊ မှားတယ် ခုနစ်ခု မဟုတ်ဘူး၊ ဟော်ကရပ်စ်က ၆ခု၊ အပြင်းအထန်သေရာပါ ဒဏ်ရာရထားဖူးတဲ့ သူ့ရဲ့ သတ္တမမြောက် ဝိညာဉ်က သူ့ရဲ့ အသစ်တစ်ခါ ပြန်တိုးပွားလာတဲ့ ခန္ဓာကိုယ်ထဲမှာ နေတယ်။ အဲဒါဟာ သူပြည်ပြေးဖြစ်နေတဲ့ နှစ်ပေါင်းများစွာအတွင်း တစ္ဆေကိုယ်ပွားလို တည်ရှိနေတဲ့ သူ့ရဲ့ အစိတ်အပိုင်းပဲ။ အဲဒါမပါရင် သူဟာ အစစ်အမှန် မဟုတ်တော့ဘူး။ ဗိုဒီမော့ကို သတ်ချင်တဲ့သူ ဘယ်သူမဆို အဲဒီဝိညာဉ်ရဲ့ သတ္တမမြောက် အစိတ်အပိုင်းကို တိုက်ကို တိုက်ခိုက်ရလိမ့်မယ်။ သူ့ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ဝိညာဉ်အပိုင်းတစ်ပိုင်းပဲလေ”

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ခုနပြောတော့ ဟော်ကရပ်စ်က ခြောက်ခုဆို။ အဲဒါတွေကို တွေ့အောင် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ" ဟယ်ရီက စောစောကလောက် အသည်းအသန် ကမူးရှူးထိုး မဖြစ်တော့တဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

"မောင်ရင် မေ့နေပြီ၊ အဲဒါတွေထဲက တစ်ခုကို မောင်ရင် ဖျက်ဆီးပစ်ခဲ့ပြီးပြီလေ။ ပြီးတော့ ကျုပ်လည်း နောက်တစ်ခု ဖျက်ဆီးခဲ့သေးတယ်"

"ဆရာလည်း လုပ်ခဲ့တယ်" ဟယ်ရီက အားတက်သရော ပြောလိုက်တယ်။

"သေချာတာပေါ့" ဒမ်းဘဲလ်ဒိုးက ပြန်ပြောတယ်။ ပြီးတော့ သူက သူ့ရဲ့ မီးလောင်ကျွမ်းဒဏ်ရာရပြီး မည်းနက်နေတဲ့ လက်တစ်ဖက်ကို မြှောက်လိုက်ပါတယ်။ "လက်စွပ်လေ ဟယ်ရီ၊ မာဗိုလိုရဲ့ လက်စွပ်ပေါ့။ အဲဒီလက်စွပ်ပေါ်မှာ ကြောက်မက်ဖွယ်ကောင်းတဲ့ ကျိန်စာတစ်ခု ရှိနေတယ်။ ကျုပ်ရဲ့ ကိုယ်ပိုင်ကျွမ်းကျင်မှု အများရှိမှုကြောင့်ရော၊ ဟော့ဂ်ဝပ်စ်ကို ကျုပ် ပြန်ရောက်လာတော့ ပါမောက္ခစနိပ် အချိန်မီဆောင်ရွက်မှုကြောင့်ပါ ဒဏ်ရာက သိပ်ပြင်းပြင်းထန်ထန် ကြီး ဖြစ်မသွားခဲ့တာ။ ကျုပ်က ဘာကြောင့် ဖြစ်ရတယ်ဆိုတာ ပြောမပြတော့ပါဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် ညှိုးခြောက်နေတဲ့ လက်တစ်ဖက်၊ ကျိုးကြောင်းမညီညွတ်တဲ့ ဖလှယ်မှုအဖြစ် အလဲအလှယ်လုပ်လိုက်ရတယ်လို့ ပြောလို့မရပါဘူး။ လက်စွပ်က အဲဒီမှာပဲ ဟော်ကရပ်စ်အဖြစ်ကနေ ရပ်တန့်သွားခဲ့တယ်လေ"

"နေပါဦး ဆရာက အဲဒါကို ဘယ်လို သွားတွေ့တာလဲ"

"အေး ပြောမယ်ကွာ၊ ခု မောင်ရင် သိထားတဲ့အတိုင်းပေါ့ကွယ်။ ကျုပ်ဟာ နှစ်ပေါင်းများစွာ အလုပ်တာဝန်တွေကို လုပ်ကိုင်ရာမှာ ဗိုဒီမော့ရဲ့ အတိတ်နောက်ကြောင်းနဲ့ ပတ်သက်ပြီး ရနိုင်သမျှ ဖော်ထုတ်သိရှိနိုင်အောင် လုပ်ခဲ့ပါတယ်။ ကျုပ်အနေနဲ့ ခရီးတွေ ကျယ်ကျယ်ပြန့်ပြန့် သွားခဲ့တယ်။ တစ်ချိန်တစ်ခါက သူသိရှိခဲ့တဲ့ အရပ်၊ သူတို့သိရှိတဲ့ နေရာတွေကို အလည်အပတ် ခရီးရောက်ခဲ့တယ်။ ဒီလိုသွားရင်းလာရင်း နတ္တိသီရိရဲ့ အိမ်အပျက်အစီးတွေထဲမှာ ဝှက်ထားတဲ့ အဲဒီလက်စွပ်ကို အမှတ်မထင် တွေ့ခဲ့တာပါပဲ။ အဲဒါဟာ တစ်ခါက ဗိုဒီမော့အနေနဲ့ သူ့ရဲ့ ဝိညာဉ် အပိုင်းအစတစ်ခုကို အထဲမှာ ထည့်ပြီး လုံအောင် ပိတ်ထားပုံရတယ်။ သူက အဲဒီကတည်းက လက်စွပ်ကို ဝတ်မထားချင်တော့ဘူးလေ။ သူက လက်စွပ်ကို အစွမ်းတအားထက်တဲ့ မှော်ပြုစားတဲ့ အတတ်တွေနဲ့ အကာအကွယ် လုပ်ထားပြီးမှ တစ်ခါက သူ့ရဲ့ ဘိုးဘွားဘီဘင်တွေ နေထိုင်တဲ့ တင်းကုပ်ကလေးထဲမှာ ဝှက်ထားတာ။ (အဲဒီအချိန်မှာ မာဖင်းဟာ အက်ဇ်ကာဘန်အကျဉ်းထောင်ကို ရောက်နေတယ်) ကျုပ်ဟာ တစ်နေ့ အဲဒီအိမ်ပျက်နဲ့ တင်းကုပ်ကို ရောက်သွားပြီး ဒုက္ခတွေ့လိမ့်မယ်လို့ တစ်ခါမှကို မစဉ်းစားခဲ့မိဖူးပါဘူး။ ကျုပ်က မှော်အတတ်နဲ့ ဝှက်ထားတာတွေကို ဂရုတစိုက် သတိထားပြီး သဲလွန်စတွေ့ရလေမလားလို့ ရှာကြည့်နေတာ။

ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ဟာ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး မြိန်ရေရှက်ရေ ချီးကျူးဂုဏ်ယူမနေသင့်ပါဘူး။ မောင်ရင်က နေ့စဉ်မှတ်တမ်းကို ဖျက်ဆီးခဲ့တယ်။ကျုပ်က လက်စွပ်ကိုပေါ့။ ဒါပေမဲ့ ကျုပ်တို့ အယူအဆအတိုင်း ဝိညာဉ်ကို ခုနစ်ပိုင်းပိုင်းထားတာမှန်ရင် ဟော်ကရပ်စ်လေးခု ကျန်နေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆို အဲဒါတွေက ဘာတစ်စုံတစ်ခု ဖြစ်နိုင်မလဲဆရာ၊ အဲဒါတွေဟာ စည်သွတ်ဘူးဟောင်းတွေ ဒါမှမဟုတ် ကုန်ခန်းနေတဲ့ ဆေးရည်ပုလင်းတွေ ဖြစ်နိုင်မှာပေါ့နော်၊ ကျွန်တော်လည်း မသိတော့ဘူး" ဟယ်ရီက ပြောလိုက်တယ်။

"မောင်ရင်က ဘယ်လူတွေ ဘယ်ပစ္စည်းတွေ ဖြစ်ဖြစ် အဲဒီမန္တန်နဲ့ တွေ့ထိမိတဲ့ တစ်ခဏမှာပဲ ဗိုဒီမော့ကြိုတင် သတ်မှတ်ထားတဲ့ နေရာကို သူ သတ်မှတ်ထားတဲ့ အချိန်အတွင်း ရောက်ရှိသွားအောင် ပို့လိုက်နိုင်တဲ့ အစွမ်းရှိတဲ့ ချုပ်ခေါ်ဆောင်ကြဉ်း မန္တန်တွေကိုပဲ သွားစဉ်းစားနေတာကိုးကွ ဟယ်ရီ။ အဲဒါတွေက လွယ်လင့်တကူ မျက်စိလျှမ်းသွားနိုင်တဲ့ ရိုးရိုးတန်းတန်း ပစ္စည်းတွေထဲမှာပဲ ထည့်ထားမှာလေကွယ်။ ဒါပေမဲ့ ဗိုဒီမော့က သူ့ရဲ့ အဖိုးတန်ဝိညာဉ်ကို စောင့်ရှောက်ကာကွယ်ဖို့ မောင်ရင် ပြောတဲ့ သံဖြူဘူးတွေ၊ ဆေးရည်ပုလင်းအဟောင်းတွေကို သုံးမှာတဲ့လား။ ကျုပ် မောင်ရင့်ကို ပြခဲ့တာကို မောင်ရင် မေ့နေပြီ။ လော့ဒ်ဗိုဒီမော့ဟာ ဆုဖလားတွေ၊ ဒိုင်းတွေ၊ အောင်ပွဲရအမှတ်တရ ပစ္စည်းတွေကို စုဆောင်းတာ ဝါသနာပါတယ်လေ။ ပြီးတော့ သူဟာ အစွမ်းထက်တဲ့ မှော်ပညာသမိုင်းနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကိုလည်း ကြိုက်တယ် မဟုတ်လား။

သူ့ရဲ့ ဂုဏ်ယူတတ်တဲ့မာန၊ သူ့ရဲ့ အထက်စီးရလိုတဲ့ ယုံကြည်ချက်၊ မှော်ပညာသမိုင်းမှာ ရင်သပ်အံ့သြဖြစ်လောက်တဲ့ နေရာကို ရရှိဖို့ သူ့ကိုယ်သူ ကြိုးစားပုံဖော်သွားမယ်ဆိုတဲ့ သူ့ရဲ့ သန္နိဋ္ဌာန်ချမှတ်ချက်တွေ ရှိနေတယ်လေ။ အဲဒါတွေ ကျုပ်အမြင်တော့ ဗိုဒီမော့ဟာ သူ့ရဲ့ ဟော်ကရပ်စ်တွေအတွက် ဂုဏ်သိက္ခာအရ တန်ဖိုးရှိမယ့် သူ့စိတ်ကြိုက်ပစ္စည်းလေးတွေကိုပဲ သတိနဲ့ ဂရုတစိုက် ရွေးချယ်ခဲ့မယ်လို့ ကျုပ်က ယူဆတယ်"

"နေ့စဉ်မှတ်တမ်းက အဲဒီလို ထူးခြားတဲ့ ပစ္စည်းမှ မဟုတ်ဘဲဆရာ"

"သြော်–တယ်ခက်ပါလား၊ နေ့စဉ်မှတ်တမ်းက မောင်ရင်ကိုယ်တိုင်ပဲ ပြောခဲ့တယ်လေ။ အဲဒါက သူဟာ ဆလီသီရင်တွေက ဆင်းသက်လာတဲ့ အမွေစားအမွေခံတစ်ယောက်ဖြစ်ကြောင်း သက်သေခံဖြစ်တယ်ဆို။ ကျုပ်ကတော့ အဲဒီနေ့စဉ်မှတ်တမ်းဟာ သူ့အတွက် ကြောက်ခမန်းလိလိ အရေးပါတဲ့ ပစ္စည်းဆိုတာ သေချာတယ်ဗျာ"

"ဒါဖြင့် ကျန်တဲ့ တခြား ဟော်ကရပ်စ်တွေရော ဘာဖြစ်မယ်လို့ ဆရာ ထင်ထားလဲဆရာ" ဟယ်ရီက ဘဝင်မကျသေးသလိုနဲ့ မေးလိုက်တယ်။

"ကျုပ် မှန်းဆရုံပဲ မှန်းဆနိုင်မယ်"လို့ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ကျုပ်ပြခဲ့ပြီးတဲ့ အကြောင်းပြချက်တွေ အတိုင်းပဲပေါ့။ ဗိုဒီမော့ဟာ ပစ္စည်းတွေကိုယ်တိုင်က သူတို့ အလိုလို သေချာပေါက် ရင်သပ်ရှုမောလောက်စရာ ကောင်းမယ့် ပစ္စည်းတွေကို ရွေးချယ်မှာပဲ၊ ပိုနှစ်သက်ရွေးချယ်မှာပဲ။ ဒါကြောင့် ကျုပ်က သူ့ရဲ့ အတိတ်ဇာတ်ကြောင်းကို နောက်ကြောင်းပြန် ပိုက်စိပ်တိုက် ရှာကြည့်နေရတာပေါ့။ ကျုပ် မြင်သလောက်တော့ သူ့ပတ်ဝန်းကျင်ကနေ ပျောက်ကွယ်နေတဲ့ ရှေးဟောင်း ပစ္စည်းတွေပဲ ဖြစ်လိမ့်မယ်"

"ဟာ သိပြီ၊ လော့ကတ်သီး" ဟယ်ရီက အကျယ်ကြီး ထအော်လိုက်တယ်။ "ဟတ်ဖဲလ်ပတ်ဖ်ရဲ့ ဆုဖလား"

www.burmeseclassic.com

"ဟုတ်တာပေါ့ကွာ" ဒမ်းဘဲလ်ဒိုးက ပြုံးပြီး ပြောလိုက်တယ်။ ပြီးတော့မှ "ကျုပ်ဟာ လောင်းကြေးထပ်ဖို့ ကြိုတင်ပြင်ဆင်ရတော့မယ်။ ကျန်တဲ့ တခြားလက်တစ်ဖက်တော့ မဟုတ်လောက်ပါဘူး။ ဒါပေမဲ့ လက်ချောင်းကလေး နှစ်ချောင်းဟာ ဟော်ကရပ်စ် နံပါတ်သုံးနဲ့ လေး ဖြစ်လာတယ်။ သူဟာ ဟော်ကရပ်စ်ခြောက်ခု လုပ်ခဲ့တယ်ဆိုတာကို အမှန်အဖြစ် လက်ခံယူဆရင် ကျန်တဲ့နှစ်ခုဟာ ပြဿနာ တစ်ခု ဖြစ်နေတယ်။

ဒီတော့ ကျုပ် ထင်ကြေးပေးချင်တာက ပစ္စည်းတွေကို ဟတ်ဖဲလ်ပတ်ဖ်နဲ့ ဆလီသီရင်တွေက ရအောင်လုပ်ပြီးပြီဆိုရင် ဂရိုဖင်ဒေါ် ဒါမှမဟုတ် ကျီးနက်ခြေသည်းတွေပိုင်တဲ့ ပစ္စည်းတွေကို သူခြေရာခံလိုက်ရတော့မယ်။ ကျောင်းကို တည်ထောင်တဲ့ အဖွဲ့၄ဖွဲ့ထဲက ပစ္စည်းလေးခုက ဗိုဒီမော့ရဲ့ စိတ်အာရုံကို လမ်းလွဲအောင် အကြီးအကျယ် အနှောင့်အယှက် ပေးနေမှာ သေချာတယ်။ ဒါကြောင့် ကျီးနက်ခြေသည်းတွေဆီက တစ်ခုခုကို ရှာတွေ့ဖို့ သူအမြဲလုပ်နေမလား မလုပ်ဘူးလားဆိုတာ ကျုပ် မပြောနိုင်ဘူး။ သူသိထားပြီးသား ဂရိုဖင်ဒေါ်တွေရဲ့ အမွေပစ္စည်းကတော့ အန္တရာယ်ကင်းပြီး လုံလုံခြုံခြုံ ဆက်ရှိနေဦးမှာပဲဆိုတာ ကျုပ် ယုံကြည်တယ်"

ဒမ်းဘဲလ်ဒိုးက ပြောပြီးတော့ သူ့ရဲ့ မည်းနက်နေတဲ့ လက်ချောင်းတွေနဲ့ သူ့နောက်ဘက်က နံရံကို ညွှန်ပြလို့ ဟယ်ရီ ကြည့်လိုက်တော့ နံရံကပ်မှန်ဗီရိုကလေးထဲမှာ လှဲပြီးထည့်ထားတဲ့ ဓားတစ်ချောင်းကို တွေ့ရတယ်။ ဓားထဲမှာ ပတ္တမြားတစ်လုံး မြှုပ်ပြီး စီခြယ်ထားတယ်။

"သူ အမှန် ဘယ်ရည်ရွယ်ချက်နဲ့ ဟော့ဂ်ဝပ်စ်ကျောင်းကို ပြန်လာချင်တာလဲဆိုတာ ဆရာတွေးမိသလား ဆရာ၊ ကျောင်းကို တည်ထောင်ခဲ့တဲ့ အဖွဲ့တွေထဲက အခြားတစ်ဖွဲ့ထဲက တစ်ခုခုကို ရှာဖို့ ကြိုးစားချင်တာများ ဖြစ်နေမလား ဆရာ" ဟယ်ရီက မေးလိုက်တယ်။

"ကျုပ် ထင်တာ အဲဒီအတိုင်း အတိအကျပဲ" ဒမ်းဘဲလ်ဒိုးက ဖြေတယ်။ "ဒါပေမဲ့ ကံမကောင်းစွာနဲ့ အဲဒီအခြေအနေက ရှေ့ကို သိပ်မတိုးနိုင်ဘဲ ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူနှင်ထုတ်ခံလိုက်ရလို့ပဲ။ ဒီလိုမှမဟုတ်ရင် သူက ကျောင်းကို ရှာဖို့ အခွင့်အရေး မရလို့ဘဲလို့ ကျုပ် ယုံကြည်တယ်။ ကျောင်းကို တည်ထောင်တဲ့အဖွဲ့လေးဖွဲ့ရဲ့ ပစ္စည်းတွေကို ရယူမယ့် သူ့ရဲ့ ဆန္ဒ ဘယ်တော့မှ မပြည့်အောင် ကျုပ်လုပ်ရမယ်။ ကျုပ် အလုပ်ရပ်ဖို့ အတင်းအကျပ်လုပ်တာ ကျုပ်ခံခဲ့ရတယ်လို့ ကျုပ် ယုံကြည်တယ်။ သူ့မှာ နှစ်ခုရှိနေတာကတော့ သေချာတယ်။ သူဟာ သုံးခုလည်း တွေ့သွားနိုင်တယ်။ ကျုပ်တို့ အခုပဲ လုပ်နိုင်ရင် အကောင်းဆုံးပဲ"

"အို ကျီးနက်ခြေသည်း ဒါမှမဟုတ် ဂရိုဖင်ဒေါ်ဆီက ပစ္စည်းတစ်ခုခုကို သူရသွားခဲ့ရင်တောင် ဆဋ္ဌမမြောက် ဟော်ကရပ်စ်က ကျန်နေသေးတယ်လေ" "နှစ်ခုလုံး သူရနိုင်ပါ့မလား"ဟယ်ရီက လက်ချိုးရေတွက်ပြရင်း ပြောလိုက်တယ်။

"ကျုပ်ကတော့ အဲဒီလို မထင်ဘူး"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ဆဋ္ဌမမြောက် ဟော်ကရပ်စ်ဟာ ဘာလဲဆိုတာ ကျုပ်သိတယ်လို့ ကျုပ်ထင်တယ်။ ကာလအတန်ကြာအောင် ကျုပ်ဟာ "နာဂျိနီ"ဆိုတဲ့ မြွေရဲ့ အပြုအမူနဲ့ ပတ်သက်ပြီး သိချင် စူးစမ်းချင်နေခဲ့တယ်လို့ ကျုပ် ဝန်ခံရင် မောင်ရင်က ဘာပြောမလဲဆိုတာ ကျုပ် တွေးနေတယ်"

www.burmeseclassic.com

www.burmeseclassic.com

"မြွေ ဟုတ်လား" ဟယ်ရီ လန့်သွားတယ်။ "ဆရာက တိရစ္ဆာန်တွေကို ဟော်ကရပ်စ်အဖြစ်နဲ့ သုံးနိုင်တာလား"

"ဟာ ....မောင်ရင်ကလည်း အဲဒါ မလုပ်သင့်တဲ့ အမြော်အမြင်နည်းတဲ့ အလုပ်ပဲ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ အတွင်းစကားပြောရရင် တစ်စုံတစ်ခုတည်း ထည့်ထားတဲ့ မောင်ရင့်ရဲ့ ဝိညာဉ်ဟာ သူကိုယ်တိုင် သူ့ဘာသာသူ စဉ်းစားတတ်၊ တွေးတောလှုပ်ရှားတတ်တဲ့ တစ်ခုခုထဲကို မောင်ရင့်ရဲ့ ဝိညာဉ်တစ်ပိုင်းပိုင်းကို ထည့်ထားရင် သိပ်သိသိသာသာ အန္တရာယ်များလွန်းတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တွက်ထားတဲ့အတိုင်း မှန်ရင် မောင်ရင့်ကိုသတ်ဖို့ ရည်ရွယ်ချက်နဲ့ မောင်ရင့်မိဘတွေရဲ့ အိမ်ထဲကို ဝင်လာချိန်က ဗိုဒီမော့မှာ သူ့ရည်မှန်းချက်အတိုင်း ဟော်ကရပ်စ် ဖြစ်ချိန်မှာ ဖန်တီးဖို့ ဆုံးဖြတ်ခဲ့ပုံရတယ်။

သူဟာ သိပ်ကို အရေးပါတဲ့ သေဆုံးမှုတွေအတွက် သူ့ရဲ့ ဟော်ကရပ်စ်လုပ်တဲ့ အစီအစဉ်ကို သတ်သတ်ချန်ထားတာဖြစ်မယ်။ အဲဒါဟာ သေချာပေါက် မင်းပဲ ဖြစ်ရမယ်။ မင်းကို သတ်လိုက်တာဟာ ဟောစာတမ်းကြီးက ကြိုတင်ဟောကိန်းထုတ်ထားတဲ့ အန္တရာယ်ကို ဖျက်ဆီးလိုက်တာပဲလို့ သူ ယုံကြည်နေတယ်။ သူက သူ့ကိုယ်သူ ဘယ်သူမှ မနိုင်အောင် လုပ်တာပဲလို့ ယုံနေတယ်။ ငါ အတပ်ပြောနိုင်ပါတယ်။ သူက သူ့ရဲ့ အပြီးသတ်နောက်ဆုံး ဟော်ကရပ်စ်ကို မင်းရဲ့ သေဆုံးမှုနဲ့ ပြုလုပ်ဖို့ ရည်ရွယ်ထားတာပဲ"

"ကျုပ်တို့သိတဲ့အတိုင်း သူမအောင်မြင်ဘူးလေ။ ဘာပဲဖြစ်ဖြစ် နှစ်အတော်လေး ကြာသွားတဲ့နောက်မှာ သူက နာဂိနီကိုသုံးပြီး မတ်ဂဲလ်အဘိုးကြီးတစ်ယောက်ကို သတ်လိုက်တယ်။ အဲဒါက သူ့ကို သူ့ရဲ့ နောက်ဆုံး ဟော်ကရပ်စ်အဖြစ် သူမကို ပြောင်းလိုက်ဖို့ ဖြစ်သွားတယ်။ သူမက ဗိုဒီမော့ရဲ့ ထူးခြားဆန်းပြားတဲ့ တန်ခိုးစွမ်းပကားတွေ ပိုတိုးတက်အားကောင်းလာမှုက ဆလီသီရင်တွေနဲ့ ဆက်နွယ်နေတယ်ဆိုတာ အထင်အရှားပြခဲ့တာပဲ။ သူဟာ သူမကို ချစ်ခင်နှစ်သက်သလောက် ဖြစ်ချင်တာတွေ ဖြစ်လာတာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ကျုပ်ထင်တယ်။ နောက်ဟာ သူမကို အနားမှာ ထားရတာကို နှစ်သက်ပြီး သူမအပေါ် ခါတိုင်းနဲ့မတူတဲ့ ထိန်းချုပ်မှုတစ်ပုံကြီး လုပ်ခဲ့ပုံရတယ်"

"ကဲ ဒီတော့ နေ့စဉ်မှတ်တမ်းလည်း သွားပြီ။ လက်စွပ်လည်း ကွဲပြီ။ ဖလား၊ လော့ကတ်သီးနဲ့ မြွေပဲ မတို့မထိရသေးဘဲ ကျန်နေတယ်။ ဟာ ... တစ်ခါတုန်းက ကျီးနက်ခြေသည်း ဒါမှမဟုတ် ဂဠုန်ကေသရာဇာတွေရဲ့ ပစ္စည်းဖြစ်ခဲ့တဲ့ ဟော်ကရပ်စ် တစ်ခု ရှိနေနိုင်တယ်လို့ ဆရာ မထင်မိဘူးလား ဆရာ"

"ဟာ... တကယ်ကို ချီးကျူးစရာကောင်းပြီး လိုရင်းတိုရှင်း ကွက်တိကျတဲ့ အနှစ်ချုပ် စကားလေးပါလားကွဟေ၊ စဉ်းစားတာပေါ့ကွာ"လေးစားပါတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ဒမ်းဘဲလ်ဒိုးက ခေါင်းကို အသာညွတ်ပြပြီး ပြောလိုက်တယ်။

"ဒါဆိုရင် အဲဒါတွေကို ဆရာ ခု ရှာနေတုန်းပဲ မဟုတ်လား။ နောက်ပြီး ဆရာကျောင်းက ထွက်သွားပြီး တစ်နေရာရာကို ခရီးသွားနေတာ အဲဒါအတွက် ပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com

"မှန်တယ်ဗျာ" ဒမ်းဘဲလ်ဒိုးက ပြန်ဖြေတယ်။ "ဒီအတွက် ကျုပ် အကြာကြီးမှ အကြာကြီး မျှော်လင့်စောင့်စားလာခဲ့ရတာ။ ဒါပေမဲ့ ကျုပ် နောက်တစ်ခုတွေ့ဖို့ နီးစပ်ကောင်း နီးစပ်နေပါပြီ။ မျှော်လင့်ချက်ရှိတဲ့ အရိပ်လက္ခဏာ မြင်တွေ့နေရပြီ ဆိုပါတော့ကွာ"

ဒီမှာတင် ဟယ်ရီက သော့သော့နှင်နှင် ပြောလိုက်တယ်။

"တကယ်လို့ ဆရာသွားရင် ကျွန်တော်ကော ဆရာနဲ့ လိုက်ရမလား၊ အဲဒါကို ဖယ်ရှား ရှင်းလင်းရာမှာ ကူညီနိုင်တာပေါ့ခင်ဗျာ"

ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို တစ်အောင့်ကြာအောင် စိုက်ကြည့်နေတယ်။ ပြီးမှ "အေး ငါလည်း အဲဒီလိုပဲ စဉ်းစားထားပါတယ်"ဆိုပြီး ဖြေလိုက်တယ်။

"ကျွန်တော် လိုက်ရမယ် ဟုတ်လား" ဟယ်ရီ လုံးလုံး မျှော်လင့်မထားလို့ ကမ်းကုန်အောင် အံ့အားသင့်သွားတယ်။

"အေး လိုက်ရမှာပေါ့ကွာ။ မောင်ရင် ဒီအခွင့်အရေးကို ရထိုက်ပါတယ်"ဒမ်းဘဲလ်ဒိုးက ပါးပါးလှလှ ကလေး ပြုံးပြီး ပြောလိုက်တယ်။

ဟယ်ရီ့စိတ်တွေ ပေါ့ပါးတက်ကြွသွားတယ်။ သူ့အနေနဲ့ တစ်ကြိမ်တစ်ခါတော့ဖြင့် "သတိပေးချက်"တို့ "ကာကွယ်ဖို့"တို့ဆိုတဲ့ စကားလုံးတွေ မကြားရတော့ဘဲ အပြောင်းအလဲကလေး တစ်ခုရတော့မှာမို့ သူ့အတွက် သိပ်ကောင်းတဲ့ အစီအစဉ် ဖြစ်နေတယ်။ နံရံတွေပေါ်မှာ ရှိတဲ့ ပုံတူပန်းချီကားတွေထဲက ကျောင်းအုပ်ဆရာကြီးနဲ့ ကျောင်းအုပ်ဆရာမကြီး အဟောင်းတွေကတော့ ဒမ်းဘဲလ်ဒိုးရဲ့ ဆုံးဖြတ်ချက်ကို သဘောမကျတဲ့ မျက်နှာပေးတွေနဲ့။ သူတို့ထဲ အနည်းစုဆိုရင် ခေါင်းလေးတွေ ခါပြနေကြပြီး ဖီးနက်စ်နစ်ဂလက်စ်ကတော့ "ဟွန်း"ဆို နှာမှုတ်နှာခေါင်းရှုံ့နေတယ်။

"ဟော်ကရပ်စ် တစ်ခု ဖျက်ဆီးပစ်လိုက်တုန်းက ဗိုဒီမော့ သိသလား ဆရာ၊ သူ အကြီးအကျယ် ခံစားရမှာပဲနော်" ဟယ်ရီက နံရံပေါ်က ပုံတူပန်းချီကားတွေကို မသိကျိုးကျွန် ဥပက္ခာပြုပြီး ပြောလိုက်တယ်။

"တော်တော် စိတ်ဝင်စားဖို့ ကောင်းတဲ့ မေးခွန်းပဲ ဟယ်ရီ။ ကျုပ်ကတော့ မယုံဘူး။ ဗိုဒီမော့ဟာ ခုဆိုရင် ဆိုးဝါးယုတ်မာမှုထဲမှာ နစ်မွန်းနေပြီလို့ပဲ ကျုပ် ယုံတယ်။ နောက်ပြီး သူက သူ့ရဲ့ အရေးပါတဲ့ အင်္ဂါအစိတ်အပိုင်းတွေကို ဟိုအကြာကြီးကတည်းက ဖြတ်ထုတ်ဖယ်ရှားထားခဲ့ ပြီးပြီဆိုတော့ သူဟာ ကျုပ်တို့ ခံစားသလို မခံစားတတ်တော့ဘူး။ သေချိန်မရဏရေမှတ်ကို ရောက်နေတာကြောင့် သူ့ရဲ့ ဆုံးရှုံးမှုကိုပဲ သတိရှိစိတ်ရောက်နေလို့လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"

ဒါပေမဲ့ သူတကယ် သတိရှိနိုးကြားပြီး သိမနေပါဘူး။ ဥပမာအားဖြင့် နေ့စဉ် မှတ်တမ်း ဖျက်ဆီးခံရပြီးတာတောင် လူစီယတ်စ် မော်လ်ဖွိုင်းထံက အမှန်တွေ ထွက်လာအောင် သူ အတင်အကျပ်

www.burmeseclassic.com

လုပ်နေတာကို ကြည့်ရင် သိနိုင်တယ်။ နေ့စဉ်မှတ်တမ်းကို အပိုင်းပိုင်း ဖျက်ဆီးခံရပြီး၊ အဲဒီထဲက တန်ခိုးအာနိသင်တွေ လုယူသွားခံရပြီဆိုတာ ဗိုဒီမော့လည်း သိရော ဒေါသထွက်လွန်းလို့ သူ့ကို မြင်ရတာ သိပ်ကို ကြောက်စရာကောင်းနေတယ်လို့ ကျုပ်ကို ပြောခဲ့ကြတာ ရှိတယ်”

“ဒါပေမဲ့ သူက နေ့စဉ်မှတ်တမ်းကို လူစီယတ်စ်မော်လ်ဖွိုင်းက ဟော့ဂ်ဝပ်စ်ကျောင်းကို မှောင်ခိုခိုးထုတ်သွားတာလို့ ဆိုလိုတာဖြစ်တယ်လို့ ကျွန်တော် ထင်တယ်”

“ဟုတ်တယ်။ လွန်ခဲ့တဲ့ နှစ်တွေက ဟော်ကရပ်စ်တွေ ပိုပြီးထပ်တိုး လုပ်နိုင်စွမ်းရှိလာချိန်မှာ သူလုပ်ခဲ့တယ်လေ။ ဒါပေမဲ့ လူစီယတ်စ်က ဗိုဒီမော့ရဲ့ ခွင့်ပြုပါတယ်ဆိုတဲ့ အပြောကို စောင့်နေတယ်လို့ ယူဆရတယ်။ ဒါပေမဲ့ အဲဒီခွင့်ပြုချက်ကို သူ ဘယ်တော့မှ မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗိုဒီမော့ဟာ သူ့ကိုလည်း အဲဒီနေ့စဉ်မှတ်တမ်းပေးပြီးရော၊ ဘာမှမကြာဘူး ပျောက်သွားလို့ပါပဲ။

ဘာပဲပြောပြော လူစီယတ်စ်ဟာ ဒီဟော်ကရပ်စ်ကို ဂရုတစိုက်စောင့်ကြပ် ထိန်းသိမ်းထားတာကလွဲလို့ ဘာမှ လုပ်ရဲမှာ မဟုတ်ဘူးလို့ သူထင်ခဲ့တာ ယုံမှားစရာ မရှိဘူး သေချာတယ်။ ဒါပေမဲ့ ဟိုနှစ်တွေအကြာကြီးကတည်းက မရှိတော့ဘဲ လူစီယတ်စ်က သေသွားပြီလို့ ယုံကြည်နေတဲ့ သူ့ဆရာတစ်ယောက်အပေါ် လူစီယတ်စ်ရဲ့ ကြောက်တတ်မှုကို သိပ်ထည့်တွက်လွန်းအားကြီးတယ်။ အမှန်ကတော့ လူစီယတ်စ်က နေ့စဉ်မှတ်တမ်းဟာ လျှို့ဝှက်ခန်းမကြီးကို ပြန်ဖွင့်အောင်လုပ်နိုင်တဲ့ ပစ္စည်းအဖြစ်ပဲ ပြောပြခဲ့တယ်လို့ ကျုပ် နားလည်ထားတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒါက လိမ်မာပါးနပ်စွာနဲ့ နှစ်သိမ့်လိုက်တာပဲ ဖြစ်တယ်။ လူစီယတ်စ်ဟာ သူ့ဆရာရဲ့ ဝိညာဉ်ဖြစ်နေတဲ့ ဆေးရည်ကို သူကိုင်တွယ်ထားရမှန်းသာ သိခဲ့ရင် သူဟာ ရှေ့ဆက်တိုးပြီး သူကိုယ်တိုင် ဇာတ်သိမ်းသွားမယ့် အစီအစဉ်ဟောင်းကို လုပ်ခဲ့မယ့်အစား ပိုမိုကြည်ညိုတဲ့စိတ်နဲ့ သေချာပေါက် ပြုလုပ်ဆောင်ရွက်မှာပါပဲ၊ အဲဒါ သံသယဖြစ်စရာ မလိုဘူး။

နောက် အာသာ ဝက်စလေရဲ့ သမီးကို နေ့စဉ်မှတ်တမ်းနဲ့ ထောင်ဖမ်းပြီး ငြိစွန်းအောင် လုပ်လိုက်ခြင်းအားဖြင့် သူက အာသာကို သိက္ခာချဖို့နဲ့ အထူးတလည် အရေးပါတဲ့ မှော်လက်နက်ပစ္စည်းနဲ့ ဆိုင်တဲ့ သက်သေခံချက်တစ်ခုကို ဖယ်ရှားရှင်းလင်းပစ်တာကို တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ဖို့ သူက မျှော်လင့်ခဲ့တယ်။

အဲ–သနားစရာ လူစီယတ်စ်ဟာ ဗိုဒီမော့က သူ့ကိုယ်ပိုင် အကျိုးစီးပွားအတွက် သူ့ဘာသူ ဟော်ကရပ်စ်ကို လက်လွှတ်လိုက်တာနဲ့ လွန်ခဲ့တဲ့နှစ်က ဝန်ကြီးဌာနမှာ သူ အကြီးအကျယ် မအောင်မြင်ဖြစ်ရတဲ့ အကြောင်းတွေကို သိသွားတဲ့အတွက် ဗိုဒီမော့ရဲ့ ယမ်းပုံမီးကျ ဒေါသပေါက်ကွဲမှုနဲ့ ရင်ဆိုင်ခဲ့ရတယ်။

အဲဒီအချိန်မှာ အက်ဇ်ကာဘန်အကျဉ်းထောင်ထဲမှာ လုံလုံခြုံခြုံနဲ့ ရောက်နေရတာကို ကျိတ်ပြီး မပျော်မရွှင်ဖြစ်နေတယ် ဆိုရင်လည်း ကျုပ်အနေနဲ့ အံ့သြမှာ မဟုတ်ပါဘူး”

အဲဒီအခိုက်အတန့်မှာ ဟယ်ရီဟာ ထိုင်ပြီး အတွေးနယ်ချဲ့နေပါတယ်။ ပြီးမှ သူက “ဒါဖြင့် တကယ်လို့ သူ့ရဲ့ ဟော်ကရပ်စ်တွေ အကုန်လုံး ဖျက်ဆီးခံလိုက်ရပြီဆိုရင် ဗိုဒီမော့ကို သတ်နိုင်မှာလား ဆရာ” မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အေး .... ကျုပ် အဲဒီလို ထင်တာပဲ။ ဟော်ကရပ်စ်တွေ မရှိရင် ဗိုဒီမော့ဟာ သေရာပါ ဒဏ်ရာရပြီး သေးသိမ်အားနည်းနေတဲ့ ဝိညာဉ်နဲ့ သေနိုင်တဲ့ လူသာမန်တစ်ဦးပဲ ဖြစ်သွားမှာပေါ့ကွယ်"ဒမ်းဘဲလ်ဒိုးက ဖြေပြီးမှ တစ်ဆက်တည်း ထပ်ပြောလိုက်တယ်။ "သို့ပေမဲ့လည်း သူ့ရဲ့ ဝိညာဉ်ဟာ ပြင်မရတော့အောင် ပျက်စီးသွားနိုင်တဲ့ အချိန်အတောအတွင်းမှာပဲ သူ့ဦးနှောက်နဲ့ သူ့မှော်ပညာစွမ်းတွေက မသေမပျက်စီးပဲ အကောင်းပကတိ ဆက်တည်ရှိလိမ့်မယ်၊ ပြီးတော့ အဲဒါက ဗိုဒီမော့လိုပဲ ဟော်ကရပ်စ်တွေ မပါဘဲနဲ့ကို မှော်ဆရာတစ်ယောက်ကို သတ်ဖို့ ထူးခြားရှားပါးတဲ့ ကျွမ်းကျင်မှုနဲ့ တန်ခိုးသတ္တိစွမ်းအားတွေ ရှိနေလိမ့်မယ်ဆိုတာ မောင်ရင် ဘယ်တော့မှ မမေ့နဲ့"တဲ့။

"ဒါပေမဲ့ ကျွန်တော့်မှာမှ ထူးခြားရှားပါးတဲ့ ကျွမ်းကျင်မှုနဲ့ တန်ခိုးသတ္တိစွမ်းအားတွေ ရမထားဘဲ ဆရာရယ်" ဟယ်ရီက သူ့ကို မတားနိုင်ခင်မှာပဲ ပြောလိုက်မိတယ်။

"ဟာ .. မောင်ရင့်မှာ ရှိပါတယ်ကွဲ့။ ရှိတာမှ ဗိုဒီမော့မှာ ဘယ်တုန်းကမှ မရှိတဲ့ စွမ်းအားတစ်မျိုးကို မောင်ရင့်မှာ ရှိနေတာ၊ မောင်ရင်လည်း လုပ်နိုင်မှာပါ"

"ကျွန်တော် သိပါတယ်" ဟယ်ရီက စိတ်မရှည်ဘဲ ပြန်ပြောလိုက်တယ်။ "ကျွန်တော် ချစ်နိုင်တာလား" ဒီကိစ္စမှာ သူက သူ့ဘာသာဆက်မလုပ်ဘဲ ရပ်လိုက်မှ ဖြစ်လာနိုင်မယ့် အခက်အခဲကြီးပါ။ ဧရာမ ဆော်ပလော်တီးပွဲကြီးပေါ့"

"ဟုတ်တယ် ဟယ်ရီ၊ မောင်ရင် ချစ်နိုင်ပါတယ်" ဒမ်းဘဲလ်ဒိုးကလည်း ပြန်ပြောတယ်။ ဒမ်းဘဲလ်ဒိုးရဲ့ အမူအရာမှာ ခုလောလောဆယ် ဟယ်ရီဘာတွေ ထုတ်မပြောဘဲ အောင့်အည်းမျိုသိပ်ထားရတယ် ဆိုတာကို အပြည့်အစုံကောင်းကောင်းကြီး သိနေပုံပေါ်နေတယ်။ "မောင်ရင့်မှာ ဖြစ်ပေါ်ခဲ့သမျှ အရာအားလုံးဟာ မောင်ရင့်ကိုပေးခဲ့တဲ့ ကြီးကျယ်ထူးခြား အံ့ဩလောက်စရာ အရာတစ်ခုပါပဲ။ မောင်ရင်က သိပ်ငယ်သေးတော့ နားမလည်သေးဘူး။ မောင်ရင်ဟာ သမားရိုးကျ သာမန်မဟုတ်တဲ့ လူပဲ ဟယ်ရီ"

"ဒီတော့ ကျွန်တော်ဟာ 'လျှို့ဝှက်မှော်သခင်ကြီးတောင် မသိတဲ့ အစွမ်းထက်မှုကို ရလိမ့်မယ်'လို့ ဟောစာတမ်းကြီးက ဆိုစဉ်အခါတုန်းက၊ အဲဒါဟာ အချစ်လို့ပဲဆိုလိုတာလား" ဟယ်ရီက မေးပြီး နည်းနည်း စိတ်ပျက်နေတယ်။

"ဟုတ်တယ် အချစ်လို့ပဲ ဆိုတာ"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ဒါပေမဲ့ ဟယ်ရီ၊ ဟောစာတမ်းကြီးက ပြောသမျှ ဟောကိန်းတွေဟာ တကယ့်ကို ထူးထူးခြားခြားတွေချည်းပါပဲ။ ဘာကြောင့်လဲဆိုတော့ ဗိုဒီမော့လည်း ဒီအတိုင်း ဖြစ်ခဲ့တာပဲလေ။ အဲဒါကို လွန်ခဲ့တဲ့နှစ်ကုန်က မောင်ရင့်ကို ကျုပ် ပြောခဲ့ပြီးပါပြီ။ ဗိုဒီမော့ သူ့အတွက် အန္တရာယ်အရှိဆုံး ဖြစ်လာမယ့်လူအဖြစ် အားလုံးထဲမှာ မောင်ရင် တစ်ယောက်တည်းကို ရွေးထုတ်ခဲ့တာလို့။ ဒီအတိုင်းပဲ ဖြစ်ခဲ့တာပဲလေ။ သူက မောင်ရင့်ကို သူ့အတွက် အန္တရာယ်အကြီးမားဆုံး လူအဖြစ် သတ်မှတ်လိုက်တာပါပဲ"

"ဒါဖြင့် ခုကော ဒီလိုပဲ ဆင်တူဖြစ်လာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း–ဒါက မဟုတ်ဘူး" ခုတစ်ခါတော့ ဒမ်းဘဲလ်ဒိုးရဲ့ အသံဟာ စိတ်မရှည်တော့မှန်း သိသာနေတယ်။ သူ့ရဲ့ မည်းနက်ညိုးခြောက်နေတဲ့ လက်နဲ့ လက်ညှိုးထိုးပြီး သူက ပြောလိုက်တယ်။ "မောင်ရင့်ကို ဟောစာတမ်းကြီးက ဟောထားတာက အများကြီးကွ"

"ဒါ... ဒါပေမဲ့ ဆရာပဲ ပြောတာလေ ဟောစာတမ်းကြီးက ဆိုလိုတာ...." ဟယ်ရီဟာ ဒရောသောပါးပြောရာက စကားထစ်ငေါ့နေတယ်။

"တကယ်လို့ ဗိုဒီမော့သာ ဟောစာတမ်းကြီးရဲ့ အဟောကို မကြားဖူးခဲ့ရင် ဟောစာတမ်း မှန်တယ်ဆိုတာတွေ၊ အလိုဆန္ဒပြည့်သွားတယ် ဆိုတာတွေ ရှိပါ့မလား၊ ဟောစာတမ်းကြီးကတော့ အရာရာအားလုံးကို လျှောက်ပြောပါ့မလား၊ အမှန်တော့ အဲဒီလို မဟုတ်ဘူး၊ ဟောစာတမ်း ခန်းမကြီးထဲမှာ ရှိသမျှ ဟောစာတမ်းတိုင်းကရော မှန်ပါ့မလား၊ အလိုဆန္ဒကို ဖြည့်ဆည်းပေးမှာလား"

"ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်က ဆရာပြောတယ်လေ၊ ကျွန်တော်တို့ထဲက တစ်ယောက်က အခြားလူတစ်ယောက်ကို သတ်ရလိမ့်မယ်တဲ့"စိတ်တွေ ရှုပ်ထွေးနောက်ကျိလာတဲ့ ဟယ်ရီက ပြောလိုက်တယ်။

"ဟယ်ရီ... ဟယ်ရီ အဲဒါဟာ ဗိုဒီမော့ရဲ့ ကြီးကျယ်တဲ့ အမှားတစ်ခု ပြုလုပ်မှုနဲ့ ပါမောက္ခ ထရီလော့နေးရဲ့ စကားအရ ပြုမူလိုက်မှုကြောင့်သာ ဖြစ်ရတာပါ။ တကယ်လို့ ဗိုဒီမော့သာ မောင်ရင်ရဲ့အဖေကို ဘယ်တုန်းကမှ မသတ်ခဲ့ရင် မောင်ရင့်မှာ သူ့ကြောင့် ကြောက်စရာကောင်းပြီး ပြင်းထန်တဲ့ လက်စားချေလိုစိတ်တစ်ခု ဖြစ်ပေါ်လာအောင် ဖန်တီးမှုရှိပါ့မလား။ တကယ်တမ်း ပြောကြစတမ်းဆိုရင် ဘယ်ရှိမှာလဲ။ ဟယ်ရီ မင်း သဘောမပေါက်သေးဘူးလား။ ဗိုဒီမော့ဟာ သူ့ရဲ့ အဆိုးဝါးဆုံး ရန်သူကို သူကိုယ်တိုင်ပဲ ဖန်တီးခဲ့တာလေ၊ နိုင်လိုမင်းထက်လုပ်တဲ့သူတွေ နေရာတိုင်းမှာ လုပ်ကြသလိုပေါ့ကွာ။ မောင်ရင့်မှာ အတွေးအခေါ် အယူအဆကလေး တစ်ခု ရှိသလား၊ နိုင်လိုမင်းထက်လုပ်သူတွေဟာ သူတို့ဖိနှိပ်ထားတဲ့ လူတွေကို ဘယ်လောက်ပြန်ပြီး ကြောက်နေကြသလဲဆိုတာလဲ။ တစ်နေ့ကျတော့ သူတို့အားလုံး သိလာကြတာပါပဲ။ အဲဒါက သူတို့ရဲ့ မြောက်မြားစွာသော သားကောင်တွေထဲမှာ သူတို့ကို အာခံပြီး ပြန်လည်တိုက်ခိုက်တဲ့ လူတစ်ယောက်လောက်တော့ဖြင့် မလွဲမသွေ ပေါ်ကိုပေါ်လာတာပဲပေါ့။

ဗိုဒီမော့လည်း ဘာထူးလဲ။ နေ့ရှိသမျှ သူ့ကို စိန်ခေါ်မယ့် လူတစ်ယောက်ယောက် ဘယ်ကဘယ်လို ပေါ်လာမလဲလို့ သတိထားနေရတာပဲ မဟုတ်လား။

သူက ဟောစာတမ်းကြီးအကြောင်းကို ကြားတယ်။ ပြီးတော့ သိတယ်။ ဒီတော့ သူရှောင်လွှဲလို့ မရတော့ဘူးလေ။ တိုက်ခိုက်ရတော့တာပေါ့။ ရလဒ်တွေက ဘာထွက်လာသလဲ။ သူဟာ သူ့ကို အဆုံးသတ်ပစ်ဖွယ်ရှိတဲ့ လူကို သူကိုယ်တိုင် လက်ရွေးစင်ရွေးထုတ်မိခဲ့ရုံမကဘဲ၊ အဲဒီလူရဲ့လက်ထဲကို သူကိုယ်တိုင်သေစေနိုင်တဲ့ လက်နက်ဆန်းတွေ သွားထည့်ပေးမိတဲ့ အဖြစ်ကို ရောက်သွားတာပဲပေါ့"

"ဒါပေမဲ့ ဆရာ"

www.burmeseclassic.com

"အဲဒါဟာ မသိမဖြစ်၊ မရှိမဖြစ် အလိုအပ်ဆုံးအနေနဲ့ ပဓာနအကျဆုံး မောင်ရင် သဘောပေါက်နားလည်ထားရမယ့် အချက်" ဒမ်းဘဲလ်ဒိုး မတ်တတ်ထရပ်လိုက်တယ်။ ပြီးတော့ အခန်းထဲမှာ ဟိုဘက်ဒီဘက်လျှောက်ရင်း ဆက်ပြောနေတယ်။

တဖိတ်ဖိတ်တောက်နေတဲ့ သူ့ဝတ်ရုံကြီးကလည်း သူ့နောက်ဘက်မှာ လွှားလွှားလွှားလွှားနဲ့။ ဒီမှာတင် ဟယ်ရီက အဲဒီပါမောက္ခကြီးကို ကြည့်ပြီး ဘယ်တုန်းကမှ အဲဒီလောက်မဖြစ်ပေါ်ခဲ့ဖူးသေးတဲ့ စိတ်နိုးကြွမှုများ ပေါ်ပေါက်လာပါတယ်။ ဒမ်းဘဲလ်ဒိုးက ဆက်ပြောတယ်။ "မောင်ရင့်ကို သတ်ဖို့ကြိုးစားခဲ့ရာက ဗိုဒီမော့ဟာ ဟောဒီကျုပ်ရှေ့မှာ ထိုင်နေတဲ့ ထူးခြားအံ့သြဖွယ် လူတစ်ယောက်ကို ရွေးထုတ်မိခဲ့ပြီး၊ အဲဒီလူလက်ထဲကို သူဆောင်ရွက်ရမယ့် အလုပ်အတွက် လက်နက်ကိရိယာတန်ဆာပလာတွေ ပေးခဲ့မိတော့တာပါပဲ။

အဲဒါမောင်ရင့်အနေနဲ့ သူ့ရဲ့ အတွေးအခေါ်အကြံအစည်တွေ၊ သူ့ရဲ့ အာသာဆန္ဒနဲ့ ရည်မှန်းချက်တွေကို ခုလိုသိရှိလာနိုင်အောင် သူလုပ်မိတဲ့ အမှားပေါ့။ မောင်ရင်ဟာ သူ အမိန့်တွေပေးရာမှာ သုံးတဲ့ မြွေလိုမျိုးဘာသာစကားကိုတောင် နားလည်ခဲ့ပြီလေ။ ဒါတင် မဟုတ်သေးဘူး ဟယ်ရီ။ မောင်ရင် တစ်ပန်းသာတာက ဗိုဒီမော့ရဲ့ ကမ္ဘာထဲကို ထိုးဖောက်သိမြင်နိုင်စွမ်းရှိတဲ့ မောင်ရင်ရဲ့ ထိုးထွင်းဉာဏ်ပဲ။ မရဏစားစုန်းကောင်တွေက သတ်ဖြတ်တော့မယ်ဆိုတာကို အမှတ်မထင် ရုတ်ခြည်းသိနိုင်စွမ်းတဲ့ ဉာဏ်အထုံပါရမီပေါ့။

မောင်ရင့်ကို ဘယ်အခါတုန်းကမှ လျှို့ဝှက်အောက်လမ်း မှော်ဆရာတွေက တစ်စက္ကန့်လေးတောင် ဖမ်းစားပြုစားလို့ မရခဲ့ကြသလို မောင်ရင်ကလည်း ဗိုဒီမော့ရဲ့ နောက်လိုက်တွေထဲက တစ်ယောက်ဖြစ်ချင်တဲ့ ဆန္ဒရှိကြောင်း ဘယ်တုန်းကမှ ပြသခဲ့တာ မဟုတ်ဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် မပြခဲ့ပါဘူး။ သူဟာ ကျွန်တော့်အဖေနဲ့ အမေကို သတ်ခဲ့တဲ့သူပဲ" ဟယ်ရီ ဒေါသကြောင့် မခံမရပ်နိုင်ဖြစ်လာရင်း ပြောလိုက်တယ်။

"မောင်ရင့်ကို လုံခြုံအောင် ကာကွယ်ပေးထားပါတယ်။ တိုတိုပြောရရင် မောင်ရင့်ရဲ့ ချစ်ရမယ့် အရည်အချင်းအစွမ်းနဲ့ပဲ ကာကွယ်ပေးထားတာပဲ" ဒမ်းဘဲလ်ဒိုးက အကျယ်ကြီးအော်ပြောလိုက်တယ်။ "အဲဒါ ဗိုဒီမော့ရဲ့ အစွမ်းတန်ခိုးသတ္တိလို မြူဆွယ်ဖြားယောင်း သွေးဆောင်တဲ့ အစွမ်းသတ္တိကို တွန်းလှန်ကာကွယ်နိုင်စွမ်း ရှိတဲ့ တစ်ခုတည်းသော အကာကွယ်ပဲ။

မောင်ရင်ဟာ အဲဒီလို ဖြားယောင်းသွေးဆောင်မှု၊ ပြုစုမှုပေါင်းစုံကို ခံစားခဲ့ရပေမဲ့ ကြံ့ကြံ့ခံနိုင်စွမ်းရှိခဲ့ပြီး၊ မောင်ရင့်နှလုံးသားအစစ်ကို ပကတိအတိုင်း ကျန်ရှိစေနိုင်တာ၊ ပြောမယ်ဆိုရင် အသက်၁၁နှစ်သား အရွယ်ကရှိခဲ့တဲ့ နှလုံးသားအတိုင်း ဆက်လက်တည်ရှိနိုင်တာဟာ မောင်ရင် မှန်ထဲကို စိုက်ကြည့်လိုက်တဲ့အခါ ရောင်ပြန်ဟပ်ထွက်လာတဲ့ အဲဒီမောင်ရင့်နှလုံးသားရဲ့ ဆန္ဒကြောင့်ပဲ။ အဲဒါက မောင်ရင့်ကို လော့ဒ်ဗိုဒီမော့ကို ဖျက်ဆီးပစ်ဖို့သာဖြစ်ပြီး မသေခြင်း၏ အဖြစ် အမတလို့ ဆိုတဲ့ အစွမ်းသြဇာကို ပစ်ဖို့မဟုတ်တဲ့ လမ်းကြောင်းဆီကို ညွှန်ပြခဲ့တာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ… မောင်ရင်မှန်ထဲကို ကြည့်တဲ့အခါ မှော်ဆရာတချို့ဟာ မောင်ရင့်ဆီက ဘာကို မြင်နိုင်မယ်လို့ ဆင်ခြင်ကြည့်တဲ့ အတွေးလေးတစ်ခု မောင်ရင့်မှာ မရှိဘူးလား။ အဲဒီအချိန်က ဗိုဒီမော့ဟာ သူဘာနဲ့ ရင်ဆိုင်တွေ့နေပြီး ဘယ်လိုကိုင်တွယ်ဖြေရှင်းနေရတယ်ဆိုတာ သိသင့်တာပေါ့။ ဒါပေမဲ့ သူမသိခဲ့ပါဘူး။

ဒါပေမဲ့ ခုတော့ သူသိသွားပြီ။ ဒီတော့ မောင်ရင်ဟာ လော့ဒ်ဗိုဒီမော့ရဲ့ စိတ်ထဲကို ကိုယ့်ကိုယ်ကိုယ်လည်း အထိအခိုက် အပျက်အစီးမဖြစ်စေဘဲ ဖြုတ်ဆို ဝင်သွားရမယ်။ ဒါပေမဲ့ သူက မောင်ရင့်ကို မပိုင်ဆိုင်နိုင်ဘူး။ ဒါကြောင့် သေလုမျောပါး မချိမဆန့် ဝေဒနာမခံစားရဘဲ၊ အဲဒီလို ခံနိုင်ရည်မရှိဘဲ သူ့ရဲ့ မှော်အစွမ်းနဲ့ မောင်ရင့်ကို သူဝင်ပူးလို့ မရဘူး။ ဘာကြောင့် သူအဲဒီလို ဖြစ်ရတယ် ဆိုတာလည်း သူနားလည်မယ်လို့ ကျုပ်မထင်ဘူး။

ဒါပေမဲ့ ဟယ်ရီ….. တစ်ချိန်က သူဟာ သူ့ဝိညာဉ်ကိုတောင် အပိုင်းပိုင်း ကမူရှူးထိုး ဖြတ်ပစ်ခဲ့တာ မဟုတ်လား။ သူဟာ မထိမခိုက် မပိုင်းမဖြတ် တစ်ခုလုံးသော ဝိညာဉ်တစ်ခုရဲ့ အနှိုင်းမဲ့စွမ်းပကားနဲ့ ပတ်သက်ပြီး သိရှိဖို့ သူ့ရဲ့ ကြိုးပမ်းမှုကို ဘယ်တုန်းကမှ ရပ်နားထားမှာ မဟုတ်ဘူး မဟုတ်လား"

"ဒါပေမဲ့ ဆရာ" ဟယ်ရီက သူ့ကို အငြင်းအခုံသန်သူ တစ်ယောက်လို့ မယူမှတ်စေမယ့် အသံမျိုး ဖြစ်အောင် အတင်းထိန်းချုပ်ရင်း ပြောလိုက်တယ်။ "အားလုံး ချုပ်လိုက်ရင်တော့ ဒီဘူတာပဲ ဆိုက်တာပါပဲ မဟုတ်ဘူးလား။ ကျွန်တော် အစွမ်းကုန် ရှုပ်ရှုပ်ချွန်ချွန် ကြိုးစားပြီး သူ့ကို သတ်ကိုသတ်မယ် ဆရာ၊ မဟုတ်ရင် ဘာရှိသေးလို့လဲ"

"စိတ်အနှောင့်အယှက် ဖြစ်သွားသလား၊ အမှန်တော့ မောင်ရင့်မှာ ထိခိုက်နစ်နာမှုတွေ အများကြီး ရှိခဲ့ပါတယ်။ စိတ်အနှောင့်အယှက်တွေလည်း ရှိမယ်။ ဒါပေမဲ့ အဲဒါဟာ ဟောစာတမ်းကြီးကြောင့် မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ မောင်ရင်ဟာ အမြဲတမ်း ကြိုးစားနေပြီး နောင်ကိုလည်း မောင်ရင်ကိုယ်တိုင်က ဘယ်တော့မှ မရပ်မနားဘဲ ကြိုးစားနေဦးမှာပဲ။ ဒါကို ကျုပ်တို့နှစ်ယောက်လုံး သိတယ်လေ" ဒမ်ဘဲလ်ဒိုးက ပြောတယ်။ "ကဲ–ကျေးဇူးပြုပြီး မောင်ရင်တစ်ချက်လောက် ခဏလေးစိတ်ကူးကြည့်လိုက်စမ်းကွာ၊ မောင်ရင်ဟာ ဟောစာတမ်းကြီးကို ဘယ်တုန်းကမှ မကြားသိခဲ့ဖူးဘူး ဆိုပါတော့။ ဗိုဒီမော့နဲ့ ပတ်သက်ပြီး ခုမောင်ရင် ဘယ်လို ခံစားနေရသလဲ၊ ကဲ– စဉ်းစားလိုက်စမ်း"

သူ့ရှေ့မှာ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်နဲ့ အစုန်အဆန် လမ်းလျှောက်နေတဲ့ ဒမ်ဘဲလ်ဒိုးကို ဟယ်ရီ လိုက်ကြည့်နေတယ်။ ပြီးတော့ တွေးကြည့်လိုက်တယ်။

ဟယ်ရီ သူ့အမေကို သွားစဉ်းစားမိတယ်။ ပြီးတော့ သူ့အဖေ၊ ပြီးတော့ ဆီးရီးယတ်စ်။ နောက်သူ စီးဒရစ်ဂိုရီကို သတိရတယ်။ နောက် သူ စဉ်းစားမိတာ အားလုံး ထိတ်လန့်ကြောက်မက်စရာ လုပ်နေတာတွေချည်းပဲ။ နောက်ဗိုဒီမော့က သူ့အစီအစဉ်အတိုင်း လုပ်ပြီးသွားတာကို သူသိလိုက်တယ်။ သူ့ရင်ဘတ်ထဲမှာ ချက်ချင်းလိုလို မီးတောက်မီးလျှံကြီး တစ်ခု ထတောက်တော့မလို ဖြစ်လာတယ်။ ပြီးတော့ သူ့လည်ချောင်းတစ်ခုလုံး ထိုးကျင့်လောက်မြိုက်ပြီး တစ်ဟုန်းဟုန်းပူလောင်နေတယ်။

www.burmeseclassic.com

"ကျွန်တော် သူ့ကို နိဂုံးချုပ်သွားစေချင်တယ်" ဟယ်ရီ တိုးတိုးလေး ပြောလိုက်တယ်။ "ပြီးတော့ အဲဒါကို ကျွန်တော်ပဲ လုပ်ချင်တယ်"

"ဟုတ်ပြီ မောင်ရင် လုပ်ရလိမ့်မယ်" ဒမ်းဘဲလ်ဒိုးက အော်လိုက်တယ်။ "မောင်ရင် မြင်ပြီမဟုတ်လား။ ဟောစာတမ်းကြီးက မောင်ရင့်ကို ဘာတစ်ခုခုလုပ်ပါလို့ ဆိုလိုတာ မဟုတ်ပါဘူးလို့။ ဒါပေမဲ့ ဟောစာတမ်းကြီးက ဗိုဒီမော့ကို အဲဒီလို ဆင်တူ ညီတူ ညီမျှ မောင်ရင့်ကိုလုပ်ဖို့ အကြောင်းဖန်တီးခဲ့တယ်ကွဲ့။

တစ်နည်းပြောရရင် မောင်ရင်ဟာ မောင်ရင့်လမ်းကို ကြိုက်သလို လွတ်လပ်စွာ ရွေးချယ်နိုင်တယ်။ ဟောစာတမ်းကြီးကို လုံးဝလွတ်လပ်စွာ ကျောခိုင်းလျစ်လျူရှုပစ်လိုက်လို့ ရတယ်။ ဒါပေမဲ့ ဗိုဒီမော့ကတော့ ဟောစာတမ်းကြီးကိုပဲ ဆက်တန်ဖိုးထားခဲ့တယ်။ ဟောစာတမ်းကြီးအတိုင်း သူဟာ မောင်ရင့်ကို ဆက်ပြီး ရှာဖွေလိုက်လံတိုက်ခိုက်မှာပဲ။ သူ့အတွက်တော့ မလွဲတမ်း မှန်နေတာကိုး၊ အဲဒါဟာ အစစ်အမှန်ပဲ" ဒမ်းဘဲလ်ဒိုးက အပိုင်အနိုင် ရှင်းပြလိုက်တယ်။

"ဒါဆိုရင် ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်က သတ်ပြီး အပြတ်ရှင်းကြရတော့မှာပေါ့နော်" ဟယ်ရီက ပြောလိုက်တယ်။

"အေး အဲဒီအတိုင်းပဲ"

ဒီလိုနဲ့ နောက်ဆုံးမှာတော့ ဒမ်းဘဲလ်ဒိုးဟာ သူ့ကို ဘာပြောချင်နေတာလဲ၊ ဘာကို သိအောင်ပြောဖို့ ကြိုးစားနေတာလဲဆိုတာ ဟယ်ရီ နားလည်သွားခဲ့တယ်။ အဲဒါက ဘာလဲဆိုတော့ သူသေကိုယ်သေ တိုက်ကို တိုက်ကြရတော့မယ့် စစ်တလင်း သတ်ကွင်းထဲကို ဆွဲခေါ်သွားခံရလို့ ယတ်ကန်ယတ်ကန်နဲ့ ပါသွားတာနဲ့ ခေါင်းမော့ရင်ကော့ပြီး ကိုယ်တိုင်လျှောက်လှမ်းဝင်သွားတာ နှစ်ခုရဲ့ သဘာဝ ခြားနားပုံကို ပြောတာကိုးလို့ သူတွေးလိုက်မိတယ်။ လူတချို့က ပြောကောင်းပြောကြမယ်။ လမ်းနှစ်သွယ်အကြားမှာ ဘယ်လမ်းလိုက်မယ်လို့ ရွေးချယ်စရာ နည်းနည်းသာရှိပါတယ်တဲ့။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက သိနေတယ်။ သူကျောခိုင်းမှာလား၊ ရင်ဆိုင်မှာလား။ ဟယ်ရီ တစ်ချက် စဉ်းစားလိုက်တယ်။

ပြီးတော့ ချက်ချင်းပဲ ဝုန်းခနဲ ကြောက်ခမန်းလိလိ ဂုဏ်မာနနဲ့ ခေါင်းမော့ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဟယ်ရီရဲ့ ရင်ထဲမှာ ပြောနေတယ်။ "ငါ့မိဘတွေက ဘယ်အစားလဲ၊ အန္တရာယ်ကို သတ္တိနဲ့ ရဲရဲရင်ဆိုင်ခဲ့ကြတာပဲ မဟုတ်လား"လို့။

သို့ပေမဲ့ ကမ္ဘာပေါ်မှာ ကွဲပြားခြားနားတာတွေကတော့ ရှိနေမှာပါပဲ။

ဂဂဂဂဂဂဂဂဂဂ

အခန်း (၂၄)

ဆမ်တမ်ဆင်မ်ပရာ ခုတ်ခွဲမန္တန်လက်နက်

www.burmeseclassic.com

နောက်တစ်နေ့နံနက် ဂါထာမန္တရား သင်ခန်းစာအချိန် ဖြစ်ပါတယ်။ သင်ခန်းစာသင်တာနဲ့ စာသင်သားအားလုံးအပေါ် ပထမဆုံး ဖြန့်ကြက်ပစ်လိုက်တဲ့ မတ်ဖလီယာတိုလို့ နာမည်ပေးထားတဲ့ အသံတိတ် မန္တန်တစ်ခု သူတို့နဲ့ အနီးဆုံးနေရာကို ကျလာပေမဲ့ ဟယ်ရီ၊ရွန်နဲ့ ဟာမီယွန်တို့ သုံးယောက် မဆိုစလောက်ကလေးလောက်ပဲ အထိတ်တလန့် ဖြစ်သွားကြတယ်။

ဒီမှာတင် ညကလုပ်ခဲ့တဲ့ သူ့အလုပ်တွေကြောင့် ပင်ပန်းနွမ်းနယ်ပြီး ခြေကုန်လက်ပန်းကျနေပေမဲ့ ကြည်နူးနှစ်သိမ့်ကျေနပ်နေတဲ့ ဟယ်ရီက ရွန်နဲ့ ဟာမီယွန်ကို သူဖြစ်ပျက်သမျှတွေ အကုန်ပြန်ပြောပြလိုက်တယ်။

သူတို့နှစ်ယောက်လုံးက ပက်ကျိချိုကို ဟယ်ရီ ဘယ်လို နားပူနားဆာလုပ် မြှောက်ပင့်ပြောဆိုပြီး မှတ်ဉာဏ်ကို အရယူခဲ့တယ်ဆိုတာကို ကြားရချိန်မှာ ကျေနပ်သဘောကျပြီး အထင်ကြီးသွားတယ်။ နောက် ဟယ်ရီက ဗိုဒီမော့ရဲ့ ဟော်ကရပ်စ်တွေအကြောင်းနဲ့ ဒမ်းဘဲလ်ဒိုးဟာ နောက်ဟော်ကရပ်စ်တစ်ခု ရှာဖို့ ခရီးထွက်တဲ့အခါ သူ့ကိုပါ ခေါ်သွားမယ်လို့ ကတိပေးထားတဲ့အကြောင်းတွေ ပြောပြတဲ့အခါမှာတော့ ရွန်နဲ့ ဟာမီယွန်ဟာ အံ့အားသင့်လွန်းမက အံ့သြနေကြပြန်တယ်။

ဟယ်ရီ ပြောပြလို့ အပြီး စကားအဆုံးမှာ ရွန်က "ဝိုး"လို့ ဆိုပြီး အားရဝမ်းသာ ရှီးကျူးလိုက်တယ်။ တစ်ခါရွန်ဟာ သူဘာလုပ်နေတယ်ဆိုတာတောင် သူမသိဘဲ ဘာရည်ရွယ်ချက်ကလေး နည်းနည်းမှ မရှိဘဲနဲ့ မျက်နှာကြက်ဆီကို ချိန်ရွယ်ထားတဲ့ သူ့လက်ထဲက ဆေးကြိမ်လုံးနဲ့ လျှောက်ယမ်းမွှေနေတယ်။ "ဝိုး–မင်းက ဒမ်းဘဲလ်ဒိုးနဲ့တောင် တကယ်လိုက်ရမယ့် ကောင်ပါလားကွဟ၊ ကြိုးစားလိုက်စမ်း၊ ဖျက်ဆီးပစ်လိုက်စမ်းကွာ... ဝိုး"လို့လည်း ပြောလိုက် အော်လိုက်လုပ်နေတယ်။

ဒီမှာတင် ဟာမီယွန်က "ရွန်... နင် အဲဒါကို နှင်းဖြစ်အောင် လုပ်နေတာလား"လို့ စိတ်ရှည်ရှည်နဲ့ ပြောပြီး၊ တစ်ခါ သူ့လက်ကောက်ဝတ်ကနေ ဖမ်းဆုပ်ထားရင်း ဆေးကြိမ်လုံးကို မျက်နှာကြက်ဆီ ချိန်ရွယ်ထားတဲ့ အနေအထားကနေ လွဲသွားအောင် ဆွဲဖယ်ပစ်လိုက်တယ်။ ဒါပေမဲ့ နောက်ကျသွားပြီ။ ဒီအချိန်မှာပဲ မျက်နှာကြက်ဆီကနေ အဖြူရောင်ချပ်ပြားအကြီးကြီးတွေ အလွှားလွှားနဲ့ စပြီး ကွာကျလာပါတယ်။

လာဗင်ဒါဘရောင်းဟာ အနီးအနား စားပွဲတစ်လုံးကနေပြီး ရဲရဲနီနေတဲ့ မျက်စိတွေနဲ့ ဟာမီယွန်ကို လှမ်းကြည့်နေတာကို ဟယ်ရီ သတိထားမိတယ်။ ဟာမီယွန်က ရွန်ရဲ့ လက်ကို ကပျာကယာ ပြန်လွှတ်ပေးလိုက်တယ်။

"သြော်.... ရပါတယ်"ရွန်က ပြောပြီး သူ့ပခုံးနှစ်ဖက်ကို ဘာရယ်မဟုတ်ဘဲ အံ့အားသင့်သလို ပြန်ငုံ့ကြည့်နေတယ်။ ပြီးတော့ ပြောလိုက်တယ်။ "ငါ တောင်းပန်ပါတယ်။ ကြည့်ရတာ ငါ့ကြောင့် ကြောက်စရာကောင်းအောင် ရှုတ်ရှုတ် ရှုတ်ရှုတ် ဖြစ်သွားတယ်"

နောက်သူက ဟာမီယွန်ရဲ့ ပခုံးပေါ်မှာတင်နေတဲ့ နှင်းလိုလို အမှုန်အဖတ်တွေကို ခါသပ်ပေးလိုက်တယ်။ ဒီမှာတင် လာဗင်ဒါဟာ ဖြုန်းခနဲ မျက်ရည်တွေ စီးကျလာတယ်။ ရွန်က သူ့မှာ အပြစ်ဖြစ်သွားသလိုမျိုးနဲ့ သူမကို ကျောခိုင်းထားလိုက်တယ်။

www.burmeseclassic.com

"ငါတို့ လမ်းခွဲလိုက်ပါပြီ" သူက ဟယ်ရီကို နှုတ်ခမ်းထောင့်စွန်းလေးပဲ လှုပ်ပြီး ကြားလောက်ရုံပြောလိုက်တယ်။ "လွန်ခဲ့တဲ့ ညက အဆောင်ထဲကနေ ငါဟာမီယွန်နဲ့ အတူထွက်လာတုန်းကပေါ့။ သူမက မင်းပါလာတာကို မမြင်တာ ထင်ရှားတယ်။ ဒီတော့ သူမက တို့နှစ်ယောက်တည်းပဲ ထွက်လာတာလို့ ထင်ခဲ့တာပေါ့ကွာ"

"အေးပါကွာ။ မင်း အဲဒါကို စိတ်ထဲထားမနေပါနဲ့တော့။ ဇာတ်လမ်းက ပြီးသွားပါပြီ။ ဘာလဲ မင်းက မပြီးချင်သေးလို့လား"ဟယ်ရီက ပြောလိုက်တယ်။

"မပြီးဘူးကွ"ဟယ်ရီက ဝန်ခံတယ်။ "အဲဒီမှာ သူမက စွတ်အော်နေတော့တာပေါ့ကွာ။ အခြေအနေက သိပ်ဆိုးပါတယ်။ ငါကလည်း သူမ အအော်ရပ်အောင် မလုပ်နိုင်ခဲ့ဘူး"

"သူရဲဘောကြောင်တဲ့ ငကြောက်" ဟာမီယွန်က ပြောလိုက်တယ်။ ဒါပေမဲ့ သူမရဲ့ အမူအရာက ပျော်စေပျက်စေ စတဲ့သဘောပါ။ သူမက ဆက်ပြောတယ်။ "အေးပေါ့ဟဲ့၊ အဲဒါအချစ်ဇာတ်လမ်းကြီး တစ်ပုဒ်ရဲ့ ဆိုးဝါးတဲ့ ညတစ်ညပေါ့။ ဂျင်နီနဲ့ ဒင်းလည်း ခွာပြဲသွားပြီ ဟယ်ရီ"တဲ့။

ဟယ်ရီစဉ်းစားတယ်။ သူမက သူ့ကို ခုလို ပြောနေချိန်မှာ သူမရဲ့ မျက်လုံးထဲမှာ အရာရာ အကုန်သိနေသလိုနဲ့။ ဒါပေမဲ့ သူ့ရင်ထဲမှာ ဘုရားပွဲလှည့်နေတယ်ဆိုတာ သူမတကယ် သိနိုင်စွမ်း မရှိပါဘူး။ သူဘာမှ လှုပ်လှုပ်ရှားရှား ဖြစ်မနေဘဲ မျက်နှာထားနဲ့ သူ့အသံကိုလည်း တတ်နိုင်သမျှ ဘာမှ မခံစားရသလို ထိန်းထားပြီး သူမေးလိုက်တယ်။ "ဘယ်လို ဖြစ်ကြတာလဲကွာ"

"အဲ–သူတို့ အဖြစ်က နည်းနည်းတော့ ကြောင်တယ်ဟ၊ ဂျင်နီကပြောတယ်။ သူတို့တွေ ပုံတူပန်းချီကား ဝင်ပေါက်ထွက်ပေါက်ကနေဖြတ်တိုင်း သူက သူမကို အမြဲတမ်း ကူညီဖို့ ကြိုးစားတယ်တဲ့။ သူမက ကိုယ့်ဘာသာကို ဘာမှ မလုပ်တတ်သလို၊ အပေါက်ကြီးထဲကို မတတ်တတ် မဝင်တတ်သလိုပေါ့ဟယ်။ ဒင်းက အဲဒီအချိုးချိုးတာ။ ဒါပေမဲ့ သူတို့နှစ်ယောက်ကြားမှာ အသက်ကွာတာကြောင့် တောတော်လေးတောင် အဆင်မပြေဖြစ်နေရတယ်တဲ့" ဟာမီယွန်က ရှင်းပြတယ်။

ဟယ်ရီက စာသင်ခန်းရဲ့ တစ်ဘက်ခြမ်းမှာ ရှိနေတဲ့ ဒင်းန်ကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်တော့၊ ဒင်းန်ဟာ တကယ်ပဲ စိတ်မချမ်းသာသလို အပူရုပ်ပေါက်နေတာ တွေ့ရတယ်။

"ဩော် သိပြီ သိပြီ အမှန်ကတော့ အဲဒါကလည်း နင့်ကို ဆုပ်စူးစားရူး၊ အဲ ပစ်ရမှာလည်း အဆီနဲ့တဝင်းဝင်း၊ စားရမှာလည်း သဲနင့်တရှုပ်ရှုပ် ဖြစ်နေတာကိုး၊ နင်မဟုတ်ဘူးလား"ဟာမီယွန်က ပြောလိုက်တယ်။

"နင်က ဘာကို ဆိုလိုတာလဲ" ဟယ်ရီက ကပျာကယာ မေးလိုက်တယ်။

"ကွစ်ဒစ်ချ်အသင်းမှာလေဟယ်၊ အဲဒီမှာ သူတို့နှစ်ယောက် စကားမပြောကြတော့ဘူး ဆိုရင်...."ဟာမီယွန်က သူမရဲ့ စကားကို ရပ်ထားတယ်။

www.burmeseclassic.com

'အေး အေး ငါသိပြီ" ဟယ်ရီက ပြောလိုက်တယ်။

"ဖလစ်ဝစ်ခ်ပါလားကွ" ရွှန်က သတိပေးတဲ့လေသံနဲ့ ပြောလိုက်တယ်။ လူကောင် ညှက်ညှက်သေးသေးကလေးနဲ့ ဂါထာမန္တရားဆရာဟာ ဘွားခနဲ ပေါ်လာပြီး သူတို့ဆီကို လျှောက်လာနေတယ်။ ဒီအချိန်မှာ ဟာမီယွန်တစ်ယောက်တည်းသာ သူမရဲ့ သိပ္ပံဓာတ်ခွဲခန်းသုံး ဖန်ပုလင်းကြီးတစ်လုံးထဲမှာ ရှိနေတဲ့၊ ရာလကာရည်လိုလို အရည်တွေကို ဝိုင်အဖြစ် ပြောင်းလဲရာမှာ ကြက်သွေးရောင် ရင့်ရင့် အရည်တွေ အဆင့်ကို ရောက်နေပြီး၊ ဟယ်ရီနဲ့ ရွှန်တို့ရဲ့ အရည်တွေကတော့ နောက်ကျိကျိ အညိုရောင် အဆင့်သာ ရောက်နေသေးတယ်။

"ကဲ ကဲ ကောင်ကလေးတွေ တော်လောက်ပြီ"ပါမောက္ခ ဖလစ်ဝစ်ခ်က အပြစ်တင်တဲ့ လေသံနဲ့ စပြီး တကျီကျီပြောနေတယ်။ "စကားချည်း ပြောမနေနဲ့ လေနည်းနည်းလျှော့ အလုပ်ကို ပိုလုပ်စမ်း ကဲကဲ မင်းတို့ လုပ်ထားတာ ငါ့ကို ပြစမ်းပါဦး"

ဟယ်ရီနဲ့ ရွှန်နှစ်ယောက်အတူ သူတို့ရဲ့ ဆေးကြိမ်လုံးတွေကို မြှောက်လိုက်ကြပြီး၊ သူတို့ရဲ့ စမ်းသပ်ဖန်ပုလင်းကြီးတွေကို ထိုးချိန်ရွယ်လိုက်တယ်။ ဒီမှာတင် ဟယ်ရီရဲ့ ရာလကာလို အရည်တွေက ရေခဲဖြစ်သွားပေမဲ့၊ ရွှန်ရဲ့ ပုလင်းကတော့ ပေါက်ကွဲသွားတယ်။

"ကောင်းပြီ… အိမ်စာလုပ်တဲ့အနေနဲ့" ဖြုန်းခနဲ ငုံ့ရှောင်ပျောက်ကွယ်သွားပြီးမှ စားပွဲအောက်အကွယ်က ပြန်ပေါ်ထွက်လာတဲ့ ပါမောက္ခ ဖလစ်ဝစ်ခ်က ပြောလိုက်တယ်။ သူက သူ့ဦးထုပ်ထိပ်ဖျားမှာ ကပ်နေတဲ့ မှန်ကွဲစတွေကို ပြန်ဆွဲနုတ်ဖယ်ရင်း ပြောတယ်။ "လေ့ကျင့်ကြ"တဲ့။

ဂါထာမန္တရား သင်ခန်းစာချိန်ပြီး အသွားမှာ ရှားရှားပါးပါး သူတို့တွေ အားလပ်ချိန်တွေ အချိန်ဆက်ရလိုက်တယ်။ ဒီမှာတင် သူတို့တွေ ကျောင်းသားများ နားနေခန်းကြီးကို ပြန်လျှောက်လာကြတယ်။ ရွှန်ဟာ သူနဲ့ လာဗင်ဒါရဲ့ ဆက်ဆံရေး ဇာတ်လမ်းအဆုံးသတ်သွားတဲ့အပေါ် ခံစားနေရပုံမပေါ်တော့ဘဲ အတော်ကလေး ရွှင်ရွှင်ပျပျ ဖြစ်နေတယ်။ ဟာမီယွန်လည်း မြူးမြူးကြွကြွ ပြုံးလို့ ရွှင်လို့ပါပဲ။ ဒါပေမဲ့ "ဟဲ့ နင်ဘာပြုံးတာလဲ"လို့ မေးတဲ့အခါမှာတော့ သူမက ရှိုးရှိုးကလေးပဲဖြေလိုက်တယ်။ "သာယာတဲ့ နေ့ကလေး တစ်နေ့ဖြစ်လို့ပေါ့ဟယ်"တဲ့။

တကယ်တော့ သူတို့နှစ်ယောက်လုံး ဘယ်သူမှ ဟယ်ရီရဲ့ ဦးနှောက်ထဲမှာ ကြောက်မက်ဖွယ် တိုက်ပွဲကြီးတစ်ပွဲ ဖြစ်နေတယ်ဆိုတာ သတိထားမိပုံ မပေါ်ဘူး။

"သူမဟာ ရွှန်ရဲ့ ညီမ"

"ဒါပေမဲ့ ဒင်းန်နဲ့ လမ်းခွဲလိုက်ပြီလေ"

"ဘာပြောပြော သူဟာ ရွှန်ရဲ့ ညီမပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ငါဟာ သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်း"

"အဲဒါက ပြဿနာမို့ မီးလောင်လာနိုင်တယ်"

"ငါ သူ့ကို အရင်ဖွင့်တိုင်ပင်ရင်ကော"

"သူက မင်းကို ဆော်မှာပေါ့"

"ဖြစ်ချင်ရာဖြစ် ငါ ဂရုမစိုက်ဘူး ဆိုရင်ကော"

"သူဟာ မင်းရဲ့ အချစ်ဆုံး သူငယ်ချင်းလေ"

သူ့ခေါင်းထဲမှာ မေးခွန်းတွေနဲ့ အဖြေတွေ စစ်ခင်းနေတယ်။

သူတို့တွေ နေသာနေတဲ့ ကျောင်းသားများ နားနေခန်းကြီးထဲကို ဝင်တဲ့ ပုံတူပန်းချီကားပေါက်ကြီးကို ဖြတ်ကျော်တက်ဝင်နေတဲ့ အချိန်ကျမှပဲ ဟယ်ရီ ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားလိုက်မိပြီး ကြည့်လိုက်တော့ ခန်းမကြီးထဲမှာ သတ္တမနှစ် ကျောင်းသားအုပ်စု ကလေး တစ်စုတည်းသာ သူတို့ချင်း စုပြုံဝိုင်းအုံနေတာကို တွေ့လိုက်တယ်။

အဲဒီအချိန်မှာပဲ ဟာမီယွန်ရဲ့ အော်ပြောသံကို သူကြားရတယ်။ "ဟော့ကေတီ နင်ပြန်ရောက်နေပြီလား၊ ဘယ်လိုလဲ နင်နေကောင်းတယ်မို့လား"

ဟယ်ရီ စိုက်ကြည့်လိုက်တယ်။ ဩော် ကေတီဘဲလ်ကိုး၊ သူမကို ကြည့်ရတာ လုံးလုံးလျားလျား ပြန်လည် ကျန်းမာနေပြီး ဝမ်းသာဂုဏ်ယူ ပျော်ရွှင်နေတဲ့ သူမရဲ့ သူငယ်ချင်းတွေက သူမကို ဝိုင်းရံထားတယ်။

"ငါ တကယ့်ကို နေကောင်းသွားပါပြီဟယ်" သူမက ပျော်ရွှင်စွာ ပြန်ပြောတယ်။ "သူတို့ ငါ့ကို စိန့်မန်းဂိုးဆေးရုံက တနင်္လာနေ့က ဆင်းခွင့်ပြုလိုက်တယ်ဟဲ့။ ငါ နှစ်ရက်လောက် အဖေနဲ့ အမေတို့နဲ့ အိမ်မှာ နေလိုက်သေးတယ်လေ။ ဒီမနက် ဒီကို ငါပြန်လာခဲ့တာ။ လင်းကခုပဲ မက်လက်ဂျင်းနဲ့ နောက်ဆုံး ခွေဒစ်ပြိုင်ပွဲအကြောင်း ငါ့ကို ပြောပြနေတာ ဟယ်ရီ"

"ဟုတ်လား" ဟယ်ရီက ပြောလိုက်တယ်။ "ကောင်းတယ်၊ ခု နင်လည်း ပြန်ရောက်ပြီ။ ရွှန်လည်း နေကောင်းနေပြီ။ ဒီတော့ ငါတို့တွေ ကျီးနက်ခြေသည်း အသင်းကို အပြတ်အသတ်အနိုင်ရဖို့ အခွင့်အလမ်းကောင်းကလေး ပေါ်လာပြီပေါ့။ ငါပြောချင်တာက တို့တွေ ခုထိ ဆုဖလားကို သိမ်းပိုက်နိုင်မယ့် အခြေအနေမှာ ရှိနေတုန်းပဲဆိုတာ နင်သိဖို့ပဲ။ ကြားတယ်နော် ကေတီ"

သူ့မှာ ခုချက်ချင်းပဲ သူမကို မေးလိုက်စရာ မေးခွန်းတစ်ခု ရှိနေတယ်။ သူ့ရဲ့ အငမ်းမရ သိချင်စိတ်က ဂျင်နီကို သူ့ဦးနှောက်ထဲက ခဏဘေးဖယ်ထုတ်ပစ်လိုက်တယ်။ ကေတီရဲ့ သူငယ်ချင်းတွေ သူတို့ကိစ္စနဲ့

www.burmeseclassic.com

www.burmeseclassic.com

သူတို့ ဟိုပြောဒီပြော ပြောဆို အလုပ်ရှုပ်နေကြတုန်း သူအသံနှိမ့်ပြီး ကေတီကို အသာကလေး ပြောလိုက်တယ်။ ကြည့်ရတာ သူတို့တွေ "ပိပိရိရိ ရုပ်ပြောင်းရုပ်လွှဲခြင်း"ဘာသာရပ် သင်ခန်းစာအတွက် သင်ခန်းစာထဲ ပြန်ဝင်ရမယ့် အချိန်တောင် နောက်ကျနေပြီ။

"လည်ဆွဲလေ လည်ဆွဲ၊ အဲဒါ နင့်ကို ဘယ်သူ ပေးတာလဲဆိုတာ နင်ခုမှတ်မိသေးလား"

"ဟင့်အင်း မမှတ်မိဘူး"သူမက မသက်မသာ ခေါင်းကို တွင်တွင်ယမ်းပြီး ပြန်ပြောတယ်။ "ခက်တာက လူတိုင်းက ငါ့ကို အဲဒါပဲ မေးနေကြတယ်။ ဒါပေမဲ့ ငါကလည်း အလျင်းကို သတိမရတော့ဘူး။ နောက်ဆုံး ငါမှတ်မိတာဆိုလို့ တံမြက်စည်းသုံးချောင်းဆိုင်ထဲမှာ ငါ အမျိုးသမီးရေအိမ်သန့်စင်ခန်းထဲကို လမ်းလျှောက်ပြီး ဝင်သွားတာပဲ သိတော့တယ်"

"နင် အဲဒီတုန်းက အဲဒီရေအိမ်သန့်စင်ခန်းထဲကို တကယ် ဝင်ခဲ့တာရော သေချာရဲ့လား" ဟာမီယွန်က ဝင်မေးလိုက်တယ်။

"ဟာ သေချာတယ်။ ကျွန်မ တံခါးကို တွန်းဖွင့်လိုက်တာကို ကျွန်မသိနေတယ်" ကေတီက ပြောလိုက်တယ်။ "ဒါကြောင့် ကျွန်မကို စေလိုရာစေ လိပ်ပြာနှုတ်ဘူးသွင်းတဲ့ နည်းနဲ့ ထိန်းချုပ်လိုက်တဲ့သူဟာ အဲဒီနောက်မှာ ရပ်နေတာ ဖြစ်မယ်။ အဲဒီနောက် ကျွန်မရဲ့ ဉာဏ်တွေ ပျောက်ဆုံးသွားတာ စိန့်မန်းဂိုးဆေးရုံမှာ နှစ်ပတ်ကြာတဲ့အထိပေါ့။ ဒါထက် ကျွန်မ ပထမဆုံး ပြန်ရောက်တဲ့ နေ့မှာပဲ ပါမောက္ခ မက်ဂိုနာဂေါကို သတင်းပို့ဖို့ ကောင်းပါတယ်နော်"

သူမဟာ သူမရဲ့ အိတ်ကိုကောက်ယူပြီး သူမ သူငယ်ချင်းတွေနောက်ကို အပြေးလိုက်သွားပါတော့တယ်။ ကျန်ရစ်တဲ့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ သုံးယောက်က ပြတင်းနားက စားပွဲတစ်လုံးမှာ ထိုင်လိုက်ကြပြီး၊ သူမပြောသွားတာတွေနဲ့ ပတ်သက်လို့ ပြန်စဉ်းစားနေကြတယ်။

"ဒီအတိုင်းဆိုရင် ကေတီကို အဲဒီ လည်ဆွဲပေးခဲ့တဲ့ သူဟာ မိန်းကလေးတစ်ယောက်၊ ဒါမှမဟုတ် အမျိုးသမီးကြီး တစ်ယောက်ပဲ ဖြစ်ရမယ်။ အမျိုးသမီး ရေအိမ်သန့်စင်ခန်းထဲမှာကိုး"ဟာမီယွန်ကစပြီး ထင်ကြေးပေးလိုက်တယ်။

"ဒါမှ မဟုတ်ရင်တော့ မိန်းကလေး၊ ဒါမှမဟုတ် အမျိုးသမီးကြီးတစ်ယောက်နဲ့ တူတဲ့ တစ်ယောက်ယောက်လည်း ဖြစ်နိုင်တယ်" ဟယ်ရီက ပြောလိုက်တယ်။ "ဟော့ဂ်ဝပ်စ်ကျောင်းမှာ ဆေးပေါင်းခဆေးရည်တွေ အပြည့်ရှိနေတဲ့ ဒယ်အိုးကြီး တစ်လုံး ရှိနေတာကိုလည်း မေ့ထားလို့မရဘူး။ အဲဒီက ဆေးရည်တချို့ အခိုးခံထားရတာကို တို့သိတယ်လေ"

သူစိတ်အာရုံထဲမှာ မိန်းကလေး အသွင် ဖန်ဆင်း ရုပ်ဖျက်ထားတဲ့ ကရက်ဘီစ်နဲ့ ဂွိုင်းလ်စ်တို့ ကြော့ကြော့ယဉ်ယဉ် ကလေး ဖြတ်လျှောက်လမ်းသွားနေပုံကို သူစောင့်ေးကြည့်နေတာကို မြင်နေရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အင်း... ငါ ဖရဏာ ပီတိကံကောင်းခြင်း ဆေးရည်ကို နောက်တစ်ကျိုက်လောက် သောက်ရလိမ့်ဦးမယ် ထင်တယ်။ ဣစ္ဆာသယခန်းကြီးကို တစ်ခေါက်သွားဦးမယ်ကွာ"ဟယ်ရီက ပြောလိုက်တယ်။

"ဟာ အဲဒါကတော့ ဆေးရည်တွေကို သက်သက် ဖြုန်းပစ်တာပဲ ဖြစ်မှာပါပဲ" သူမရဲ့ အိတ်ထဲက "မန္တန်ဆရာ၏ အက္ခရာစာရင်း"ဆိုတဲ့ စာအုပ်ကြီးကို ထုတ်ယူပြီးမှ စာအုပ်ကြီးကို ဘေးချထားလိုက်ပြီး ဟာမီယွန်က လေးလေးပင်ပင် ပြောလိုက်တယ်။ "ကံဆိုတာက ပေးသမျှပဲ ရတတ်တာလေ ဟယ်ရီရယ်.... ပက်ကျိချိုနဲ့ အခြေအနေတုန်းကနဲ့ ဘယ်တူမှာလဲ၊ နင့်မှာ သူ့ကို ဆွဲဆောင်သိမ်းသွင်းနိုင်စွမ်း နဂိုကတည်းက ရှိနေတယ်လေ။ နင်ဟာ အခြေအနေတွေကို နည်းနည်းပါးပါး ခွဲခြားတတ်ဖို့တော့ လိုနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကံကနင့်ကို အစွမ်းထက်တဲ့ ဆွဲဆောင်ဖမ်းစားမှုတော့ လာပေးမှာ မဟုတ်ဘူး။ ဒီတော့ ကျန်တဲ့ ဆေးရည်တွေကို နင်အလဟဿ ဖြုန်းမပစ်ပါနဲ့။ ဒမ်းဘဲလ်ဒိုး နင့်ကို ခေါ်သွားတဲ့ အခါကျရင် နင့်မှာ လိုအပ်နေတဲ့ ကံကောင်းတာတွေ အားလုံးကို နင်ရနိုင်ပါတယ်"ဟာမီယွန်က နောက်ဆုံးစကားတစ်ခွန်းကို အသံကိုနှိမ့်ပြီး တိုးတိုးကလေး ပြောလိုက်တယ်။

"ဘာလဲ ဒါဆို တို့တွေ ဒါထက်ပိုပြီး ဘာမှ မလုပ်နိုင်တော့ဘူးလား" ရွန်က ဟာမီယွန်ကို အရေးလုပ်မနေဘဲ ဟယ်ရီ့ကိုပဲ မေးလိုက်တယ်။ "အဲဒါတွေ တစ်ပုံကြီး ရရင် သိပ်ကောင်းမှာပဲ၊ စာအုပ်ထဲမှာ ထပ်ရှာကြည့်ပါဦးလား"လို့လည်း တိုက်တွန်းနေတယ်။

ဟယ်ရီ သူ့ရဲ့ ပီယဆေးနှင့် ဣန္ဒြဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီးကို အိတ်ထဲက ထုတ်ယူလိုက်ပြီး ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်များ နေရာကို လှန်ကြည့်လိုက်တယ်။

'သောက်ကျိုးနည်း ရှုပ်လိုက်တာမှ သေချင်စော်နံတယ်" သူက အထဲမှာ ပါတဲ့ အကြောင်းအရာတွေ စာရင်းကို မျက်စိတစ်ဝေ့ အပေါ်အောက် လျှပ်ကြည့်လိုက်ရင်း ညည်းလိုက်တယ်။ "ဒါကို ကြေညက်အောင် ဖတ်ပြီး ကိုယ်လိုချင်တာ ရဖို့ ခြောက်လလောက် ကြာလိမ့်မယ်"လို့လည်း ပြောလိုက်တယ်။

"ကြည့်ရတာတော့ အဲဒီအတိုင်းပဲ ဖြစ်မှာပါပဲ" ရွန်ကလည်း ပြောလိုက်တယ်။

ဒါနဲ့ပဲ ဟယ်ရီဟာ သူ့စာအုပ်ကြီးကို ဘေးဖယ်ထားလိုက်တော့မယ့် ဟန်ပြင်လိုက်ပြီးတော့မှ စာမျက်နှာတစ်ခုမှာ အောက်ဘက်ကို ခေါက်ပြီး ချိုးမှတ်ထားတဲ့ နေရာကို မြင်လို့၊ အဲဒီနေရာကို လှန်ကြည့်လိုက်တော့ "ရန်သူများ အတွက်"လို့ ခေါင်းစဉ်တပ်ထားတဲ့ ဂါထာမန္တန်ကို တွေ့ရတယ်။ လက်စသတ်တော့ အဲဒါဟာ ယခင်သီတင်းပတ်အနည်းငယ်တုန်းက သူကိုယ်တိုင်ခေါက်မှတ်ထားတဲ့နေရာ ဖြစ်နေတယ်။ သူက အဲဒါဘာလဲဆိုတာ ခုထိ ဖတ်မကြည့်ရသေးဘူး။ အဓိကအချက်က သူက အဲဒီဂါထာကို ဟာမီယွန်ရဲ့ အနီးအနားတစ်ဝိုက်မှာ မစစ်ဆေးကြည့်ချင်လို့ပါပဲ။ ခုတော့ သူက အဲဒါကို မက်လက်ဂျင်း နောက်တစ်ကြိမ် သူ့နောက်ကို မသိအောင်ကပ်လာတဲ့အခါ ကြိုးစားဖော်ထုတ်မြီးစမ်းကြည့်ဖို့ စဉ်းစားထားလိုက်တယ်။

www.burmeseclassic.com

ကေတီဘဲလ်ကျောင်းကို ပြန်ရောက်လာတာမြင်ပြီး ထူးထူးခြားခြား သဘောမတွေ့
စိတ်မသက်မသာဖြစ်နေတဲ့ တစ်ဦးတည်းသောသူဟာ ဒင်းသောမတ်စ် ဖြစ်နေတယ်။
ဘာကြောင့်လဲဆိုတော့ ကေတီမရှိမှသာ တစ်ဖက်အသင်းက ဝင်ရောက်တိုက်စစ်ဆင်လာတဲ့
ကွစ်ဒစ်ချ်ကစားသမားတွေကို လိုက်လံ ဖမ်းဆီးဖျက်ထုတ်ရမယ့် သူမရဲ့ နောက်ခံလူ အဖမ်းသမား
နေရာမှာ သူဝင်ရမှာမို့ပဲ။ ကေတီ ပြန်ရောက်နေပြီဆိုတဲ့ အကြောင်း ဟယ်ရီက သူ့ကို ပြောပြစဉ်မှာ သူက
"ဟယ်"ခနဲ တစ်ချက်ကလေး ညည်းရှုံသာညည်းပြီး ဒါများ မဆန်းပါဘူး၊ မဖြုံပါဘူးဆိုတဲ့ ပုံစံနဲ့ ပခုံးကို
တွန့်ပြခဲ့တယ်။ ဒါပေမဲ့ ဟယ်ရီက သူပြန်ထွက်လာချိန်မှာ ဒင်းနဲ့ ဆီးမတ်စ်တို့ သူ့နောက်ကနေ
ပမာမခန့် ဖီဆန်တဲ့ သဘောနဲ့ တောင်တောင်ဤဤတွေ ပြောကျန်ရစ်ခဲ့လို့ စိတ်ထဲမှာ တစ်မျိုးကြီး
ခံစားနေရတယ်။

နောက်သီတင်းနှစ်ပတ်အကြာမှာ ဟယ်ရီ အသင်းခေါင်းဆောင် အဖြစ်နဲ့ သူတို့ရဲ့
ကွစ်ဒစ်ချ်လေ့ကျင့်မှုကြီး တစ်ပွဲ ကစားခဲ့တယ်။ သူ့အသင်းက မက်လက်ဂျင်းကို ဖယ်လိုက်တဲ့အတွက်
အရမ်းသဘောကျ ကျေနပ်နေတယ်။ နောက်ဆုံးမှာ ကေတီ ပြန်လာပြီ ဖြစ်လို့လည်း
သိပ်ဝမ်းသာနေကြတယ်။ ဒါကြောင့် သူတို့တွေ အစွမ်းကုန် အပြင်းထန်ဆုံး ကောင်းကောင်းကြီး
ပျံသန်းလေ့ကျင့်နေကြတယ်။ ဂျင်နီကလည်း ဒင်းနဲ့ ခွာပြဲသွားပေမဲ့ လုံးဝ စိတ်မချမ်းမသာ ဖြစ်နေတာ
မမြင်ရဘဲ ပရိသတ်အကြိုက်ဆုံး ဖြစ်အောင် ကစားပြသွားတယ်။

ကွက်ဖဲလ်အသင်းနှင့် ကစားတဲ့ပွဲတုန်းက တစ်ဖက်အသင်း တိုက်စစ်ဆင်ပြီး အတင်းဝင်ရောက်လာချိန်မှာ
ဂိုးရှေ့မှာ ရွန် ကုန်းလိုက်ကွလိုက်၊ ဟိုပြေးဒီပြေး၊ ဒူးကွေးလိုက် ဆန့်လိုက်နဲ့ စိုးရိမ်တကြီး
ဗျာများနေတဲ့ပုံနဲ့ မက်လက်ဂျင်းသူ့ကို ကျွမ်းပြန်ကျသွားအောင် ရိုက်မချလိုက်ခင် ဟယ်ရီက
မက်လက်ဂျင်းကို အော်ဟစ်ပြောဆို အမိန့်ပေးနေတဲ့ ပုံတွေကို သူမရဲ့ သဏ္ဍာန်လုပ် သရုပ်တူ
အတုလုပ်ပြချက်တွေကြောင့် ပွဲကြည့်နေတဲ့ ပရိသတ်တွေ အကြီးအကျယ် အူမြူးကုန်ကြတယ်။ ဒီမှာတင်
တခြား လူတွေနဲ့ ရောယောင်လိုက်ရယ်နေတဲ့ ဟယ်ရီလည်း ဂျင်နီ့ကို အပြစ်ကင်းစွာ လွတ်လွတ်လပ်လပ်
တစ်ချက် ကြည့်ခွင့်ရလိုက်လို့ ဝမ်းသာနေတယ်။ ဒါပေမဲ့ ဒီလေ့ကျင့်ပွဲ ကစားစဉ်အတွင်းမှာ
မှော်ဘောလုံးပျံအပေါ် မပြတ်တမ်း ကြည့်မနေမိတဲ့ အတွက် ဟယ်ရီ တင်းပုတ် အထုခံရတဲ့
ဒဏ်ရာဒဏ်ချက် တစ်ပုံကြီး ရသွားတယ်။

ဟယ်ရီရဲ့ ခေါင်းထဲမှာ တိုက်ပွဲက မပြီးဆုံးသေးဘဲ ဆက်ဖြစ်ပွားနေတယ်။ ဂျင်နီလား၊ ရွန်လား။ ဂျင်နီ့ကို
ပြောရမလား၊ ဒါမှမဟုတ် ရွန့်ကို ပြောရမလား၊ တစ်ခါတစ်လေ သူတွေးကြည့်တယ်။ လာဗင်ဒါနဲ့
ဝေးသွားတဲ့ ရွန်ဟာ တကယ်လို့ ဂျင်နီကို သူထုတ်ပြောရင် သိပ်အလေးထားနေမှာ မဟုတ်ပါဘူးလို့။
ဒါပေမဲ့ ဒင်းက ဂျင်နီကို နမ်းနေတာကို သူမြင်သွားတုန်းက သူ့ရဲ့ အမူအရာကို ပြန်စဉ်းစားလိုက်တဲ့အခါ
တကယ်လို့ သူဂျင်နီ့လက်ကို တင်းတင်းကျပ်ကျပ် ကိုင်တာ တွေ့ရင်တောင် အဲဒါဟာ
သစ္စာဖောက်တဲ့အပေါ်မှာ အခြေခံတာပဲလို့ ရွန်က ယူဆမယ်ဆိုတာ သူ သေချာသွားပြန်တယ်။

ဒီတော့ ဂျင်နီကို စကားပြောဖို့၊ ဂျင်နီနဲ့ အတူ ရယ်မောဖို့နဲ့၊ လေ့ကျင့်ကစားပွဲကနေ ဂျင်နီနဲ့အတူ
လမ်းလျှောက်ပြီး ပြန်သွားခွင့်ကလေးရဖို့တောင် ဟယ်ရီ သူ့ကိုယ်သူ မကူညီနိုင်တော့ဘဲ ဖြစ်နေတယ်။
ဘယ်လိုပဲဖြစ်ဖြစ် ဟယ်ရီဟာ အကောင်း အဆိုး ဝေခွဲရမယ့် သူ့ရဲ့ အသိစိတ်တွေ ရှုပ်ထွေးပြီး

www.burmeseclassic.com

နာကျင်ခံစားနေရတယ်။ သူဟာ ဂျင်နီကို သူမတစ်ယောက်တည်း ရှိနေတုန်း ပြောဆိုတာသာ အကောင်းဆုံးလို့ စဉ်းစားဆုံးဖြတ်နေကြောင်းလည်း သူ့ဘာသူ သိလိုက်တယ်။

ပြီးတော့ အဲဒီလို ပြောဆိုရာမှာ သူ့ရဲ့ ပါတီပွဲလေးတွေ ကျင်းပလေ့ရှိတဲ့ ပါမောက္ခ ပက်ကျိချိုရဲ့ နောက်တစ်ကြိမ် ကျင်းပမယ့် ပါတီပွဲမှာ ပြောတာဟာ အကောင်းဆုံးလို့ သူတွေးနေတယ်။ ဒါမှ သူတို့အနားမှာ ရွှန်မရှိနိုင်မှာမို့လို့ပါပဲ။ ဒါပေမဲ့ ကံမကောင်းလှစွာဘဲ ပက်ကျိချိုဟာ သူ့ပါတီပွဲတွေကို ရပ်ဆိုင်းပစ်လိုက်ဟန် ရှိနေတယ်။

တစ်ကြိမ်နှစ်ကြိမ်လောက် ဟာမီယွန်ကို အကူအညီတောင်းဖို့ ဟယ်ရီ စဉ်းစားကြည့်သေးတယ်။ ဒါပေမဲ့ သူအဲဒီလို ပြောလိုက်တာနဲ့ ဟာမီယွန်ရဲ့ မျက်နှာပေါ်မှာ ပေါ်နေမယ့် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်နေတဲ့ ပုံစံကို မြင်ရရင် သူ ခံနိုင်ရည်ရှိမယ် မထင်ပြန်ဘူး။ ဟာမီယွန်ရဲ့ အဲဒီမျက်နှာမျိုးကို ဂျင်နီကို သူစိုက်ကြည့်နေတာကို တွေ့သွားတဲ့အခါတို့၊ ဂျင်နီပြောတဲ့ ဟာသတွေကို သူလိုက်ရယ်မိတာကို တွေ့တဲ့အခါတို့မှာ သူမြင်ရတယ်။ နောက် သိပ်ပြီး ရှုပ်ထွေးနက်နဲတဲ့ ကိစ္စတွေမှာ သူမလုပ်နိုင်တဲ့အခါ စိုးရိမ်စိတ်နဲ့ သူတဖျစ်တောက်တောက် နားပူအောင် လုပ်မိတဲ့အခါမှာလည်း တွေ့ရတတ်တယ်။ တခြား တစ်ယောက်ယောက်သာဆိုရင်တော့ ဂျင်နီ့ကို မကြာမတင် အချိန်မဆိုင်းဘဲ ထုတ်ပြောမှာ သေချာတယ်။ သူနဲ့ ရွှန်နှစ်ယောက်လုံးက သူမရဲ့ အဲဒီအရည်အသွေး သူမနေနဲ့ လူသိများထင်ရှားတာ ဖြစ်တယ်ဆိုတာ သဘောတူထားတယ်။

အားလုံးကို ချုပ်လိုက်တော့ တစ်နေ့တစ်ရက်ကြာလေလေ ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်ကို နောက်ထပ်တစ်ကျိုက်လောက် သောက်ဖို့ ဆွဲဆောင်မှု အားကောင်းလာလေ ဖြစ်လာတယ်။ သေချာသွားတာကတော့ ဟာမီယွန် သူ့ကို ပြောနက်လိုက်တဲ့ "နင်ဟာ အခြေအနေကို နည်းနည်းပါးခွဲခြားတတ်ဖို့တော့လို နေတယ်"ဆိုတဲ့ စကားကြောင့် ဖြစ်လေမလားဘဲ။ ညှံ့သက် နွေးထွေးတဲ့ နေ့ရက်ကလေး မေလထဲကို ဖြတ်ပြီး ချွတ်နင်းရောက်ရှိလာနေတယ်။ ဟယ်ရီဟာ ဂျင်နီ့ကို မြင်ရတဲ့အကြိမ်တိုင်း ရွှန့်ကို သူ့ပခုံးပေါ်မှာ ဝန်ထုပ်ဝန်ပိုးအဖြစ် ရောက်ရှိနေသလိုမျိုး ထင်လာတယ်။

ဟယ်ရီက ရွှန့်ကို သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်းနဲ့ သူ့ရဲ့ ညီမတို့ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာမျှသွားခြင်းနဲ့ သူတို့ နှစ်ယောက်တည်းကို စက္ကန့်လေးနည်းနည်း ပိုကြာကြာ နေခွင့်ပြုတာထက်ပိုပြီး သူ့ကို စိတ်ချမ်းသာပျော်ရွှင်စရာ ဖြစ်စေမယ့်တခြား ဘာမှ မရှိကြောင်း သိရှိသွားစေမယ့် အခွင့်အလမ်းကလေး တစ်ခုက ကံကြမ္မာက ဖန်တီးပေးဖို့ ဆန္ဒဖြစ် မျှော်လင့်နေတယ်။

သို့ပေမဲ့ အဲဒီအားကစားရာသီရဲ့ နောက်ဆုံးဖိုင်နယ် ကွစ်ဒစ်ချ်ပြိုင်ပွဲ ဘွားခနဲ ရောက်ရှိလာဖို့ ရက်တွေ နီးကပ်တဲ့အချိန်အထိ အခြေအနေဘာတစ်ခုမှ မပြောင်းလဲဘဲ အခွင့်အရေး လမ်းစ ပျောက်နေသလို ဖြစ်နေတယ်။ ရွှန်ကလည်း ကစားမယ့်ပွဲစဉ်အတွက် နည်းဗျူဟာတွေ အကြောင်းကိုပဲ ဟယ်ရီနဲ့ တစ်ချိန်လုံး ဆွေးနွေးချင်နေပြီ။ တခြား ဘာကိစ္စကိုမှ ထဲထဲဝင်ဝင် စိတ်မဝင်စားဘဲ ဖြစ်နေတယ်။

ဒီကဏ္ဍနဲ့ ပတ်သက်လို့ ရွှန်သိပ်ပြီး ထူးထူးခြားခြား ပြိုင်ဘက်ကင်းတဲ့ သူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဂရိုဖင်ဒေါအသင်းနဲ့ ကျီးနက်ခြေသည်းအသင်းတို့ ပြိုင်ပွဲကို တစ်ကျောင်းလုံးအကျန်

www.burmeseclassic.com

စိတ်ဝင်စားမှု အလွန်အကျွံ အမြင့်ဆုံးကို ရောက်ရှိနေတယ်။ အကြောင်းကတော့ ဒီပြိုင်ပွဲဟာ ချန်ပီယံဘယ်အသင်းဖြစ်မယ်ဆိုတာ အဆုံးအဖြတ်ပေးမယ့်ပွဲ ဖြစ်နေလို့ပါပဲ။

ဟယ်ရီဟာ သူ့အသင်း ဘယ်လောက်တောင် ကစားကွက်ပိုကောင်းလာမယ် ဆိုတာ သိပ်မထားခဲ့ပေမဲ့ တကယ်လို့ ဂရင်ဖင်ဒေါအသင်းက ကျီးနက်ခြေသည်းအသင်းကို သတ်မှတ်ချက် အမှတ် ၃၀၀ရာဖြတ်ပြီး အနိုင်ရသွားခဲ့ရင် သူတို့အနေနဲ့ အကောင်းဆုံး အသင်းအဖြစ်နဲ့ အောင်ပွဲခံ ချန်ပီယံဆုကို ရသွားတော့မှာ ဖြစ်ပါတယ်။ တကယ်လို့ အမှတ်သုံးရာအောက် လျော့နည်းရရှိမယ်ဆိုရင်တော့ သူတို့အသင်းဟာ ကျီးနက်ခြေသည်းအသင်းရဲ့ နောက်ပါးကပ်ပြီး ဒုတိယဆုနဲ့ပဲ ကျေနပ်ကြရပါလိမ့်မယ်။ တစ်ခါ သူတို့အသင်းဟာ ဒီပွဲမှာ အမှတ်၁၀၀အောက်သာ ရရှိမယ်ဆိုရင် သူတို့ဟာ ဟက်ဖဲလ်ပတ်ဖ်အသင်းရဲ့နောက်က တတိယနေရာမှာပဲ ချိတ်ပါလိမ့်မယ်။ ပြီးတော့ တကယ်လို့များ သူတို့ဟာ အမှတ်၁၀၀တောင် မရလိုက်ဘဲ ရှုံးနိမ့်သွားမယ်ဆိုရင်တော့ စတုတ္ထနေရာကို ရောက်သွားမှာ ဖြစ်ပြီး ဘယ်သူမှ သူနဲ့သူ့အသင်းခေါင်းဆောင်အဖြစ် ကစားတဲ့ ဂရင်ဖင်ဒေါအသင်းရဲ့ ရာစုနှစ်နှစ်ခုအတွင်း အနိမ့်ဆုံးအဆင့်ကြမ်းပြင်အောက်ကျသွားပုံကို တစ်သက်လုံး မေ့ကြတော့မှာ မဟုတ်တာကို ဟယ်ရီတွေးနေတယ်။

ဒါကြောင့် တစ်ဖက်နဲ့တစ်ဖက် အတိမ်းအစောင်း မခံနိုင်တဲ့ ဒီအရေးပါတဲ့ ပြိုင်ပွဲကြီးအကြိုကာလမှာ ထုံးစံအတိုင်း ပြိုင်ဘက်အသင်းသားတွေက စင်္ကြံလမ်းတွေပေါ်မှာ တစ်ဖက်အသင်းသားတွေကို ခြိမ်းခြောက်ပြောဆိုတာတွေ၊ ဖြတ်သွားချိန်မှာ အားကစားသမား တစ်ယောက်ချင်းရဲ့ အားနည်းချက်တွေကို သံပြိုင်မဖွယ်မရာ အကျယ်ကြီး အော်ဟစ်ကြတာတွေ ရှိနေတယ်။ နှစ်ဖက်ပြိုင်ဘက်အသင်း အားကစားသမားတွေက ဟိုနေရာ ဒီနေရာမှာ လူအထင်ကြီးအောင်နဲ့ စိတ်ဝင်စားအောင် ထောင်ထောင် ထောင်ထောင် လုပ်ပြနေတာ၊ ကားကား ကားကား ကြွားကြွား ကြွားကြွား လျှောက်နေကြတာတွေလည်း တွေ့ရတယ်။ တချို့ဆို ကျောင်းစာသင်ချိန်အတွင်းမှာ အိမ်သာသန့်စင်ခန်းထဲ သုတ်ခြေတင်ပြေးဝင်သွားအံ့နေကြတာကိုလည်း ကြံကြံဖန်ဖန် မြင်နေရတယ်။

ဒါတွေက အရေးမပါဘဲ ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပြီး ထူးခြားတာက ဟယ်ရီရဲ့ စိတ်ထဲမှာ ဒီဖိုင်နယ်ပွဲကြီးဟာ ဂျင်နီရဲ့ မေတ္တာကို ရရှိရေး အောင်မြင်မှာလား၊ အရေးနိမ့်မှာလား မပြောနိုင်တဲ့ အချက်တွေ တစ်နည်းနည်းနဲ့ ခွဲခြားမရအောင် ဆက်စပ်လာနေတယ်ဆိုတာ သတိထားမိလာတယ်။ သူတို့အသင်း အမှတ်သုံးရာ ကျော်ရမှာလားဆိုတာလည်း မသေချာသလို ခံစားနေမိတယ်။ ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်ကို နှစ်နှစ်ခြိုက်ခြိုက် တစ်ကျိုက်လောက် သောက်ချလိုက်ရင် ပြိုင်ပွဲအပြီးမှာ ရွှင်လန်းဝမ်းမြောက်နေတဲ့ မြင်ကွင်းနဲ့ အော်ဟစ်ကြွေးကြော်သံတွေနဲ့ အတူ ပါတီပွဲကလေး ကျင်းပနိုင်အောင် အခြေအနေတွေ ကောင်းသွားလိမ့်မယ်လို့လည်း သူမျှော်လင့်နေတယ်။

ဒီလိုစိတ်တွေ ဖိစီးလွှမ်းမိုး ရှုပ်ထွေးနေမှုတွေ ရှိနေတဲ့ကြားကပဲ သူ့ရဲ့ အခြားပြင်းပြတဲ့ ဆန္ဒရည်မှန်းချက်တစ်ခုဖြစ်တဲ့ ကွဲဆွာသယခန်းကြီးထဲမှာ မော်လ်ဖွိုင်း ဘာတွေ လုပ်နေသလဲ ဆိုတာကို ဖော်ထုတ်ဖို့လည်း ဟယ်ရီ မေ့မထားနိုင်ဘဲ တစ်ချိန်လုံး သတိရနေတယ်။ သူဟာ မရောက်ဒါးနဲ့မှော်မြေပုံကို ဆက်စစ်ဆေးကြည့်ရှု စစ်ဆေးနေဆဲ ဖြစ်သလို မော်လ်ဖွိုင်းကို မြေပုံပေါ်မှာ ရှာလို့တွေ့အောင်လည်း မစွမ်းဆောင်နိုင်ဆဲ ဖြစ်မြဲဖြစ်နေတယ်။ သူကတော့ မော်လ်ဖွိုင်းဟာ သူ့အချိန်အမြောက်အမြားကို ဒီအခန်းကြီးထဲမှာပဲ အသုံးချနေမယ်လို့ ကောက်ချက်ချထားတယ်။

www.burmeseclassic.com

ဣစ္ဆာသယခန်းကြီးထဲကို ဝင်ရောက်နိုင်ဖို့ သူ့ရဲ့ မျှော်လင့်ချက်တွေ ပျောက်ဆုံးနေပေမဲ့၊ အဲဒီအနီးအနား ပတ်ဝန်းကျင်မှာ သူရှိနေတိုင်း သူ့ဘက်က ဝတ်မပျက် ကြိုးစားအားထုတ်နေခဲ့တယ်။ ဒါပေမဲ့ သူရဲ့ တောင်းပန်မေတ္တာရပ်ခံချက်ကို ဘယ်လိုပဲ စကားလုံးစာသားတွေ ပြင်ပြီးဆိုဆို ဘာမှ မထူးခြားလာဘဲ နံရံကြီးက တောင့်ခံပြီး တံခါးမဲ့နေဆဲပဲ။

ကျီးနက်ခြေသည်းအသင်းနှင့် ယှဉ်ပြိုင်ရမယ့်နေ့မတိုင်ခင် ရက်အနည်းငယ်သာ လိုတော့တဲ့ နေ့တစ်နေ့။

ကျောင်းသားများ နားနေခန်းကြီးထဲကနေ ညစာစားဖို့ ဟယ်ရီတစ်ယောက်တည်း လမ်းလျှောက်ပြီး ဆင်းလာတယ်။ ဒီမှာတင် ရွန်ဟာ အနီးဆုံး အိမ်သာသန့်စင်ခန်းထဲမှာ ပြေးဝင်ပြီး နောက်တစ်ကြိမ် အန်နေတယ်။ ဟာမီယွန်ကလည်း သူမနောက်ဆုံး ရေးခဲ့တဲ့ 'ဗျည်းနဲ့ သရကိန်းစဉ်ဆိုင်ရာ ပြဿနာရဲ့ အတိမ်အနက်'ဆိုတဲ့ စာစီစာကုံးမှာ သူမလွဲချော်ရေးခဲ့မိတယ်လို့ ထင်တဲ့ အမှားတစ်ခုအတွက် ပါမောက္ခ ဗက်တာနဲ့ တွေ့ဖို့ အပြေးကလေး သွားနေတယ်။

ဟယ်ရီဟာ သတ္တမထပ် စင်္ကြံအတိုင်း သွားနေစဉ်မှာ သူလုပ်နေကျအတိုင်း ကွေ့ပတ်လမ်းကနေသွားပြီး မရောက်ဒါးရဲ့ မှော်မြေပုံကို ထုတ်စစ်ဆေးကြည့်လာခဲ့တယ်။ အချိန်တစ်အောင့်ကြာအောင် မော်လ်ဖွိုင်းကို ဘယ်မှာမှ ရှာမတွေ့လို့ မော်လ်ဖွိုင်းဟာ ဣစ္ဆာသယခန်းကြီးထဲမှာပဲ သေချာပေါက် ရှိနေမယ်လို့ ယူဆလိုက်တယ်။ ဒါပေမဲ့ ခဏအကြာမှာပဲ မော်လ်ဖွိုင်းကို အစက်သေးသေးကလေး တစ်ခုအဖြစ်နဲ့ အောက်ထပ် ယောကျ်ားလေး ရေအိမ်သန့်စင်ခန်းတစ်ခုထဲမှာ မတ်တတ်ရပ်နေတာကို တွေ့လိုက်ရတယ်။ မော်လ်ဖွိုင်းဘေးမှာ အဖော်အဖြစ် ကရက်ဘီနဲ့ ဂွိုင်းတို့ ရှိမနေဘဲ ညည်းသံရှည်ချုံပုတ် တစ်ယောက်ကိုပင် သူမြင်ရတယ်။

ဒါပေမဲ့ မော်လ်ဖွိုင်းသံချပ်ကာ ဝတ်စုံတစ်ခုကို ထုတ်ဝတ်လိုက်ပြီး သူတို့နှစ်ယောက်အတူ ပူးတွဲရှိနေတာ မဟုတ်မှန်း သိရတာနဲ့ ဟယ်ရီက မြေပုံကို မကြည့်တော့၊ ရပ်လိုက်တယ်။ ဒီအချိန်မှာပဲ ကျယ်လောင်တဲ့ ခိုက်မိသံကြီးတစ်ခုက သူ့ကို အတွေးဆန့်နေရာက ပြန်သတိဝင်လာစေပြီး ဖိလ်ချ်ရောက်လေမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ သူ အောက်ထပ်ကို စကျင်ကျောက်လှေကားထစ်တွေ အတိုင်း ပြေးဆင်းပြီး စင်္ကြံအတိုင်း ကမန်းကတန်း သွားနေတယ်။

အိမ်သာသန့်စင်ခန်းဆီရောက်တော့ သူအပြင်ဘက်ကနေ တံခါးကို နားနဲ့ကပ် နားထောင်ကြည့်လိုက်တယ်။ ဒါပေမဲ့ ဘာသံမှ မကြားရဘူး။ သူတံခါးကို အသံမမြည်အောင် အသာလေး တွန်းဖွင့်လိုက်တယ်။ မော်လ်ဖွိုင်းက တံခါးဘက်ကို ကျောပေးပြီး ရပ်နေတယ်။ သူ့လက်နှစ်ဖက် အိမ်သာသန့်စင်ခန်း လက်ဆေးကန်ရဲ့ တစ်ဖက်တစ်ချက်စီကို ဆုပ်ကိုင်ထားတယ်။ သူ့ရဲ့ အဖြူနဲ့ ရွှေရောင်ရောနေတဲ့ ဆံပင်နဲ့ ခေါင်းကို ရှေ့ကိုင်းကိုင်းပြီး ငုံ့ထားတယ်။

"ပြောလေကွာ၊ ဘာပြဿနာ အမှားရှိလို့လဲ ငါ့ကိုပြောမှ ငါကူညီနိုင်မှာပေါ့ကွ"အိမ်သာသန့်စင်ခန်းထဲက အခန်းကလေး တစ်ခန်းထဲကနေ တိုးတိုးကလေး ပြောလိုက်တဲ့ ညည်းသံရှည်ချုံပုတ်ရဲ့ အသံထွက်လာတယ်။

www.burmeseclassic.com

"ဘယ်သူမှ ငါ့ကို မကူညီနိုင်ပါဘူးကွာ"မော်လ်ဖွိုင်းက ပြောလိုက်တယ်။ သူ့တစ်ကိုယ်လုံး တစ်သိမ့်သိမ့် လှုပ်ခါနေတယ်။ "ငါ မလုပ်နိုင်တော့ဘူး၊ ငါ မတတ်နိုင်ဘူး၊ အဲဒါက ဖြစ်လာမှာ မဟုတ်ဘူး။ မကြာခင် အတောအတွင်း အဲဒါကို ငါမလုပ်နိုင်ရင် သူငါ့ကို သတ်မယ်လို့ ပြောတယ်"

မော်လ်ဖွိုင်းက ငိုနေတယ်။ သူတကယ် ငိုနေတာ။ ဖြူဖပ်ဖပ်ဖြစ်နေတဲ့ သူ့မျက်နှာကိုဖြတ်ပြီး မျက်ရည်တွေ အောက်က ညစ်ပတ်နေတဲ့ လက်ဆေးကန်ထဲကို တစ်ပေါက်ပေါက် စီးကျနေတယ်။ မော်လ်ဖွိုင်းဟာ တစ်အင့်အင့်နဲ့ ရှိုက်ငိုပြီး ဆို့နစ်နေရာက လေကတစ်ဟပ်ဟပ်ရှာပြီး ပင့်သက်ရှိုက်လိုက်တယ်။ နောက် အကြီးအကျယ် တစ်ချက်တုန်ခါသွားပြီးမှ ရှေ့က အက်ကွဲနေတဲ့ မှန်ထဲကို မော့ကြည့်လိုက်လို့ ဟယ်ရီ့ရင်ထဲမှာ ထိတ်ခနဲ လန့်ဖျတ်အံ့အားသွားစဉ်မှာပဲ သူ့ကျောဘက်မှာ ရှိနေတဲ့ ဟယ်ရီကို မှန်ထဲမှာ မော်လ်ဖွိုင်းမြင်သွားတယ်။

မော်လ်ဖွိုင်း ချာခနဲ လှည့်လိုက်တယ်။ သူ့ လက်ထဲမှာ ဆွဲထုတ်လိုက်တဲ့ ဆေးကြိမ်လုံး အသင့်ပါလာတယ်။ ဟယ်ရီကလည်း သူ့ဆေးကြိမ်လုံးကို အလိုလို ဆွဲထုတ်ပြီသား ဖြစ်သွားတယ်။ မော်လ်ဖွိုင်းရဲ့ ဆေးကြိမ်လုံးက ပထမဆုံး ပစ်လွှတ်လိုက်တဲ့ မှော်ဆဌဂံရိုက်ချက် ဟယ်ရီနဲ့ ပွတ်ကာသီကာ လွဲသွားပြီး သူ့ဘေးမှာ ရှိတဲ့ နံရံပေါ်က မီးအိမ် အစိတ်စိတ်အမွှာမွှာ ကွဲသွားတယ်။ ဟယ်ရီက ဘေးကို ခုန်ရှောင်လိုက်တယ်။ သူ ကောင်းကင်ခြေကန် ဦးပြန်ဂါထာ မှော်မန္တန်လက်နက်ကို သတိရလိုက်ပြီး တစ်ဆက်တည်း သူ့ဆေးကြိမ်လုံးနဲ့ ဆက်ထိုးရွယ်ပြီး ပစ်လိုက်တာ ဆေးကြိမ်လုံးကနေ လက်ခနဲဖြစ်ပြီး တန်းထွက်သွားတဲ့ အဲဒီဂြိုလ်ဆိုးဝင်လက်နက်ကို မော်လ်ဖွိုင်းက လှမ်းတားပိတ်ဆို့ပြီး သူ့ဆေးကြိမ်လုံးကို နောက်တစ်ကြိမ် မြှောက်ပြီး ပစ်လိုက်ပြန်တယ်။

"ဟာ မလုပ်နဲ့ တော်ကြတော့"ထအော်လိုက်တယ်။ သူမညည်းသံရှည်ချုံပုတ်ရဲ့ အော်သံ ကြွေပြားကပ်ထားတဲ့ အိမ်သာသန့်စင်ခန်းကြီးထဲမှာ ကျွတ်ကျွတ်ညံသွားပြီး ပဲ့တင်ထပ်နေတယ်။

"တော်ကြတော့ ရပ်ကြပါတော့"

"တော်ကြတော့ ရပ်ကြပါတော့"

မော်လ်ဖွိုင်းလက်နက်ကြောင့် ဇရာမပြည်သံကြီး ဟိန်းထွက်ပြီး ဟယ်ရီရဲ့ နောက်က အမှိုက်ပုံးကြီး ပေါက်ကွဲထွက်သွားတယ်။ ဟယ်ရီက ခြေချုပ်ကျိန်စာ လက်နက်ကို ထုတ်သုံးပြီး ပစ်လိုက်ပြန်တာ မော်လ်ဖွိုင်းရဲ့ နားရွက်နားက ဖြတ်လွဲသွားပေမဲ့ နောက်ကနံရံကိုထိပြီး ပြန်ထွက်လာတဲ့ တန်ပြန်လက်နက်က ညည်းသံရှည်ချုံပုတ်ရဲ့ ဖင်အောက်က ထိုင်ထားတဲ့ အိမ်သာစွန့်တဲ့ အိုးကြီးကို ထိမှန်ပြီး ခွမ်းကနဲ ကွဲထွက်သွားတယ်။

ဒီမှာတင် ကောင်မလေးက ကြုံးအော်လိုက်သလို ရေတွေ အပြင်ဘက်မှာ လျှံကျလာပြီး သန့်စင်ခန်းနေရာအနှံ့ကို စီးသွားတဲ့အတွက် မော်လ်ဖွိုင်း ခုန်ရှောင်သလို ဟယ်ရီလည်း ခုန်ရှောင်လိုက်ရတယ်။ အဲဒီမှာ မျက်နှာကြီးကို တွန့်လိမ်ကောက်ကွေးအောင် ရှုံ့မဲ့ထားတဲ့ မော်လ်ဖွိုင်းက "တော်တော်စုတ်ပဲ့တဲ့ကောင် သေပေတော့"လို့ အော်ပြီး ဟန်ပြင်လိုက်ကာ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဆက်တမ်ဆင်မ်ပရာ"လို့ ဟယ်ရီက သူ့နေရာက အသံကုန်ကြုံးအော်ပြီး ဆေးကြိမ်လုံး ကျယ်ကျယ်နဲ့နဲ့ အားနဲ့ ဝှေ့ယမ်းပစ်လိုက်တယ်။ သူအော်လိုက်တဲ့မန္တန်ဟာ ဆေးကြိမ်လုံး ညွှန်ရာ လမ်းကြောင်းမှာ ရှိနေတဲ့ ပစ်မှတ်လူနဲ့ အရာဝတ္ထုတွေကို ထိုးခုတ်ခွဲချပစ်လိုက်မယ့် ဆက်တမ်ဆင်မ်ပရာ ခုတ်ခွဲမန္တန်လက်နက်ပဲ ဖြစ်ပါတယ်။

မော်လ်ဖွိုင်းမျက်နှာ "အင့်"ခနဲ တစ်ချက် တွန့်သွားပြီး အဲဒီကနေ ပန်းထွက်လာတဲ့သွေးတွေ မမြင်ရတဲ့ ဓားတစ်ချောင်းနဲ့ သူ့ခေါင်းကို ထက်ခြမ်းခွဲခံလိုက်ရသလို ရင်ဘက်ပေါ်ကို စီးကျလာတယ်။ သူ ယက်ကန်ယက်ကန်နဲ့ နောက်ဘက်ကို ဒယိမ်းဒယိုင် ရွေ့သွားတယ်။ ပြီးတော့ အောက်ကရေတွေ တင်နေတဲ့ ကြမ်းပြင်ပေါ်ကို ဗွမ်းခနဲ သူပြိုကျသွားပါတယ်။ သူ့ဆေးကြိမ်လုံးလည်း အားပြတ်ပုံကျနေတဲ့ သူ့လက်ထဲက လွတ်ကျပြီး ရေထဲမှာ ခပ်လှမ်းလှမ်းကို ရောက်သွားတယ်။

"မဟုတ်ဘူး၊ ငါဒီလို လုပ်လိုက်တာ မဟုတ်ဘူး" ဟယ်ရီ အော်လိုက်တယ်။ ပြီးတော့ သူ့အသက်ကို ရှိုက်ရှူပြီး ဟောဟဲလိုက်နေတယ်။

ဟယ်ရီ ခြေကိုမကြွဘဲ လျှောတိုက်သယ်ရင်း၊ ဒယီးဒယိုင် ယိမ်းထိုးရင်း မော်လ်ဖွိုင်းရှိရာဆီကို ထိုးထွက်သွားတယ်။ မော်လ်ဖွိုင်းရဲ့ မျက်နှာတစ်ပြင်လုံး သွေးချင်းချင်းနီနေပြီ၊ ဖြူဖွေးသွေးဆုတ်နေတဲ့လက်တွေက သွေးတွေ ရွှဲနစ်နေတဲ့ သူ့ရင်ဘတ်ပေါ်မှာ ကတုန်ကယင်နဲ့ ဟိုစမ်းဒီစမ်း လိုက်စမ်းနေတယ်။

"ငါ ဒီလိုဖြစ်အောင် လုပ်လိုက်တာ မဟုတ်ဘူး"

ဟယ်ရီဟာ သူဘာတွေ ပြောနေတယ်ဆိုတာ သူ့ဘာသူ မသိတော့ဘူး။ သူ့ရဲ့ သွေးအိုင်ထဲမှာ တတုန်တုန်တယင်ယင် ဖြစ်နေတဲ့ မော်လ်ဖွိုင်းရဲ့ ဘေးကို သူ ဒူးထောက်ကျသွားတယ်။ ညည်းသံရှည်ချုံပုတ်က နားကွဲမတတ်အသံနဲ့ စူးစူးဝါးဝါး အော်ဟစ်လိုက်တယ်။

"လူသတ်မှု ဖြစ်နေပါပြီ၊ အိမ်သာသန့်စင်ခန်းထဲမှာ၊ လူသတ်မှု ကျူးလွန်ထားပါပြီ၊ လူသတ်မှုပါရှင်"

ဟယ်ရီရဲ့ နောက်ဘက်က တံခါးကြီး ဝုန်းခနဲ ပွင့်သွားတယ်။ သူမော့ကြည့်လိုက်တယ်။ ထိတ်လန့်တုန်လှုပ်စရာပဲ။ စနိပ်က အခန်းထဲကို တစ်ရှူးထိုး ဝင်လာတယ်။ သူ့မျက်နှာမှာ ဒေါသအကြီးအကျယ် ဖြစ်နေတယ်။ ဟယ်ရီကို ဘေးကို အကြမ်းပတမ်း တွန်းဖယ်ပစ်လိုက်ပြီး မော်လ်ဖွိုင်းရဲ့ အပေါ်ကမိုးပြီး သူဒူးထောက်ထိုင်ချလိုက်တယ်။ ပြီးတော့ သူ့ရဲ့ ဆေးကြိမ်လုံးကို ဆွဲထုတ်ပြီး ဟယ်ရီရဲ့ မန္တန်ထိုးနှက် ဆုတ်ဖြဲလိုက်တဲ့ ဒဏ်ရာ ဘယ်လောက်နက်တယ်ဆိုတာ သူ စစ်ဆေးကြည့်တယ်။ ပြီးတော့ တေးသီချင်း တစ်ပုဒ်နဲ့ ခပ်ဆင်ဆင် ဂါထာမန္တန်တစ်ပုဒ်ကို သူရွတ်ဆိုနေတယ်။

စီးထွက်နေတဲ့ သွေးတွေ ရပ်သွားပုံရတယ်။ စနိပ်က မော်လ်ဖွိုင်းရဲ့ မျက်နှာပေါ်က အပေအကျံ အကြွင်းအကျန် အကပ်အသပ်တွေကို သုတ်ပစ်ပေးနေတယ်။ ပြီးတော့ သူက သူ့ရဲ့ ဂါထာမန္တန်ကို

www.burmeseclassic.com

တစ်ကျော့ပြန်ပြီး ရွတ်နေတယ်။ နောက်ဆုံး မော်လ်ဖွိုင်းရဲ့ ဒဏ်ရာတွေ ချုပ်ပြီး ပြန်ဆက်သွားသလို ကျက်သွားပုံရတယ်။

ဟယ်ရီက သူလုပ်လိုက်တဲ့ တိုက်ခိုက်မှု ဘယ်လောက် ကြောက်မက်ဖွယ် ကောင်းပုံကို စောင့်ကြည့်နေဆဲပဲ။ ဒါပေမဲ့ သူသတိထားမိတာက သူကိုယ်တိုင်လည်း သွေးတွေရောရေတွေနဲ့ပါ ရွှဲနစ်နေတာပါပဲ။ ညည်းသံရှည်ချုပုတ်ဟာ ခုအထိလည်း မတိတ်သေးဘဲ တကျည်ကျည် တဟင့်ဟင့်နဲ့ ဆက်ငိုနေပါတယ်။ စနိပ်က သူ့ရဲ့ တန်ပြန်ဂါထာကို တတိယအခေါက် ထပ်ရွတ်နေတုန်း မော်လ်ဖွိုင်းကို မတ်မတ်ထိုင် အနေအထားနဲ့ တစ်ဝက်တစ်ပျက် ထူမြှောက်ပေးလိုက်တယ်။

"မင်း ဆေးရုံတက်ဖို့ လိုတယ်။ ရထားတဲ့ ဒဏ်ရာတွေ သိပ်များလွန်းတယ်။ ဒါပေမဲ့ မင်းအနေနဲ့ ရိုးတံပွင့်ရွက်တွေချင်း အသွင်သဏ္ဍာန်ဆင်တူပေမဲ့ အစွမ်းထက်ပုံ အာနိသင်ချင်း ခြားနားတဲ့ မှော်ဘာသဆေးဖက်ဝင် အပင်နှစ်မျိုး ပေါင်းစပ်ထားတဲ့ ဒွိသိဒ္ဓိဆေးကို ခုချက်ချင်း လိုလိုသုံးမယ်ဆိုရင်တော့ ဆေးရုံတက်ရတာတို့ ရှောင်လွှဲနိုင်လိမ့်မယ်။ ကဲ–လာလာ"

စနိပ်က မော်လ်ဖွိုင်းကို တွဲပြီး ရေအိမ်သန့်စင်ခန်းထဲမှာ လျှောက်လာတယ်။ တံခါးဝရောက်တော့ ပြန်လှည့်ပြီး အေးစက်မာကျောတဲ့ အသံနဲ့ ပြောလိုက်တယ်။

"မင်းလည်းပါတယ် ပေါ်တာ မင်းဒီမှာ ငါ့ကို စောင့်နေ"

သူဒုတိယအကြိမ်မြောက် မနာခံမှု မဖြစ်ချင်ဘူး။ သူဖြည်းဖြည်းချင်း ထလိုက်တယ်။ သူ တုန်တုန်ယင်ယင် ဖြစ်နေတယ်။ သူစိုရွှဲနေတဲ့ ကြမ်းပြင်ကို ငုံ့ကြည့်လိုက်တယ်။ ရေထဲမှာ မျောနေတဲ့ သွေးစွန်းသွေးကွက်တွေဟာ ရေမျက်နှာပြင်ပေါ်မှာ ကြက်သွေးရောင် ပန်းပွင့်တွေနဲ့ တူနေတယ်။ ဆက်ပြီး တိုးလို့သာ ငိုရှိုက်နေတဲ့ ညည်းသံရှည်ချုပုတ်ကို တိတ်တိတ်နေဖို့ သူပြောနိုင်စွမ်း မရှိဘဲ ဖြစ်နေတယ်။

နောက် ဆယ်မိနစ်ကြာတော့ စနိပ်ပြန်ရောက်လာတယ်။ သူက အိမ်သာသန့်စင်ခန်းထဲကို ဝင်လိုက်အပြီး သူ့နောက်ဘက် တံခါးကို ပိတ်လိုက်ပါတယ်။

"သွားစမ်း"စနိပ်က ညည်းသံရှည်ချုပုတ်ကို ပြောလိုက်လို့ သူမဟာ သူမရဲ့ ရေအိမ်သာထဲကို ချက်ချင်း သုတ်ခနဲ ပြန်ဝင်သွားပါတယ်။

"ကျွန်တော် အဲဒီလိုဖြစ်အောင် လုပ်ဖို့ မရည်ရွယ်ခဲ့ပါဘူး။ အဲဒီမန္တန်ဟာ ဘယ်လောက်အစွမ်းထက်ပြီး ဘယ်လို ဖြစ်သွားနိုင်တယ်ဆိုတာလည်း ကျွန်တော်မသိပါဘူး" ဟယ်ရီက ချက်ချင်းပဲ ပြောလိုက်ပါတယ်။ သူ့အသံဟာ အေးစိမ့်ပြီး ရေစိုရွှဲနေတဲ့ အခန်းထဲမှာ ပဲ့တင်ပြန်ထွက်လာတယ်။

ဒါပေမဲ့ စနိပ်က သူ့စကားကို ဥပက္ခာပြုလိုက်တယ်။ "ကြည့်ရတာ ငါ မင်းကို လျှော့တွက်ခဲ့မိတာပဲ ပေါ်တာ" သူက တိုးတိုးသက်သာကလေး ပြောလိုက်တယ်။ "ကဲ ပြော အဲဒီလိုမျိုး လျှို့ဝှက်မှော်မန္တန်လက်နက်ကို သုံးဖို့ ဘယ်သူ အကြံဉာဏ်ပေးခဲ့သလဲ၊ မင်းဘယ်လို စိတ်ကူးရသွားတာလဲ၊ ပြီးတော့ အဲဒီမန္တန်ကို မင်းကို ဘယ်သူသင်လိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် .... ကျွန်တော် အဲဒါကို တစ်နေရာမှာ ဖတ်မိလိုက်တာပါ ဆရာ"

"ဘယ်နေရာမှာလဲ"

"အဲဒါ စာကြည့်တိုက်ထဲက စာအုပ်တစ်အုပ်ပါဆရာ၊ စာအုပ်နာမည်တော့ ကျွန်တော် မမှတ်မိတော့ဘူး" ဟယ်ရီက သွေးရူးသွေးတန်းနဲ့ ထွင်ပြီး လိမ့်လိုက်တယ်။

"လူလိမ်လူညာ" စနိပ်က ပြောလိုက်တယ်။ ဟယ်ရီရဲ့ လည်ချောင်းတွေ ခြောက်လာတယ်။ စနိပ် ဘာလုပ်မယ်ဆိုတာ သူသိတယ်။ သူဘယ်လိုမှ တားလို့ရတော့မှာ မဟုတ်ဘူး။

ရေအိမ်သန့်စင်ခန်းကြီးဟာ တဖြည်းဖြည်း သူ့ရှေ့မှာ တလက်လက် ဝင်းလက်လာတယ်လို့ ထင်ရတယ်။ သူ ဘာကိုမှ မစဉ်းစားမိအောင် သူ့အတွေးတွေ အားလုံးကို ကြိုးစားပမ်းစား ပိတ်ဆို့နေတယ်။ သူအစွမ်းကုန် ကြိုးစားတယ်။ ဒါပေမဲ့ သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ ပီယဆေးနှင့် ဣန္ဒြေဇာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ကြီးက သူ့စိတ်ထဲမှာ မပီဝိုးတဝါးနဲ့ ဖြည်းဖြည်းချင်း ရှေ့တန်းကို ပေါ်ထွက်လာတယ်။

အဲဒီနောက် သူက ဒီပျက်စီးပြီး ရေရွဲနစ်နေတဲ့ ရေအိမ်သန့်စင်ခန်းကြီးထဲမှာ စနိပ်ကိုတစ်ခါထပ်ပြီး စိုက်ကြည့်နေတယ်။ စနိပ်ရဲ့ မျက်လုံးအလယ်က မျက်နက်ထဲကို အသေအချာ သူတည့်တည့်ကြီး သူစိုက်ကြည့်နေတယ်။ ရင်ထဲမှာ သူ အမှန်ဘာကို ကြောက်ရွံ့တာလဲဆိုတော့ စနိပ် မသိစေချင်တဲ့ မျှော်လင့်ချက်နဲ့ ဆန့်ကျင်ဘက် မျှော်လင့်ရင်း သူစိုက်ကြည့်လိုက်တယ်။ ဒါပေမဲ့-

"ကဲခု မင်းရဲ့ ကျောင်းသွားအိတ်ကို ငါ့ကိုပေး၊ ဒါတင်မကဘူး၊ မင်းရဲ့ ကျောင်းစာအုပ်တွေအားလုံးပါ ငါ့ကိုပေး။ အားလုံးကွာ အားလုံး။ ငါ့ကို ခု အကုန်ပေးပါ"စနိပ်က ပျော့ပျော့ပျောင်းပျောင်းပဲ ပြောလိုက်တယ်။

အခြေအနေက အချေအတင် ပြန်ပြောနေဖို့ အကြောင်းအချက် လုံးဝ မရှိတော့ဘူး။ ဟယ်ရီ ချာခနဲလှည့်ပြီး ရေအိမ်သန့်စင်ခန်းကြီးထဲက စွတ်ထွက်ပြေးပါတော့တယ်။ စကြံပေါ်လည်း ရောက်သွားရော ဂရိုင်ဖင်ဒေါ အဆောင်ရဲတိုက်ကြီးဆီကို ဦးတည်ပြီး တစ်ချိုးတစ်မောင်း ပြေးလာခဲ့တယ်။ လမ်းတစ်ဖက်လျှောက်နေသူ အကုန်လုံးနီးပါးက သူ့ကိုပါးစပ် အဟောင်းသားတွေနဲ့ အံ့သြတကြီး ငေးကြည့်နေကြတယ်။ သူ့တစ်ကိုယ်လုံးလည်း ရေတွေ သွေးတွေနဲ့ လောင်းချထားသလို ရွှဲရွဲနစ်လို့။ ဒါပေမဲ့ သူပြေးနေချိန် အတောအတွင်း ဖြတ်သွားတဲ့ ဟိုကဒီက မေးသမျှ မေးခွန်းတွေကို တစ်ခွန်းတစ်ပါဒမှ ပြန်မဖြေဘဲ ခါချထားခဲ့တယ်။

ဟယ်ရီက အပြောင်းအလဲမြန်လွန်းတဲ့ အခြေအနေကို အံ့သြလွန်းမက အံ့သြနေတယ်။ သူ့အဖြစ်ဟာ အချစ်ဆုံး အိမ်မွေးတိရစ္ဆာန်လေး တစ်ကောင် ရုတ်တရက် ချက်ချင်း အရိုင်းအစိုင်း ကောင်ကြီးတစ်ကောင်အဖြစ် ပြောင်းလဲခံလိုက်ရသလို ဖြစ်နေတယ်။ သွေးတစ်ဝက်မှော်ဝိဇ္ဇာဟာ ဒီလိုမျိုး ကြောက်စရာကောင်းတဲ့ မန္တန်တစ်ပုဒ်ကို သူ့စာအုပ်ကြီးထဲကို ကူးရေးထည့်ထားဖို့ ဘယ်လိုများ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးရသွားပါလိမ့်။ ပြီးတော့ အဲဒါကို ပါမောက္ခစနိပ်များ မြင်သွားလေမလား။ မြင်ရင် သူ ပက်ကျိချိုကို သူပြန်ပြောပြလေမလား။ ဟယ်ရီ ရင်ထဲဗိုက်ထဲမှာ အော်ဂလီဆန်လာတယ်။

ဟယ်ရီဟာ တစ်နှစ်လုံး ဒီစာအုပ်ကြီး အားကိုးနဲ့ ကျောင်းမှာ အတန်းထဲမှာ ရလဒ်ကောင်းတွေကိုချည်း ရယူပိုင်ဆိုင်နိုင်ခဲ့တာများလား။ သူ့ကို အလွန်အကျွံ အမြောက်အမြား သင်ပြပေးခဲ့တဲ့ ဒီစာအုပ်ကြီးများ အပိုင်သိမ်းလိုက်ရမလား။ ဖျက်ဆီးပစ်လိုက်ရမလား။ စာအုပ်ဟာ သူ့အတွက် ရှေ့ဆောင်လမ်းညွှန်နဲ့ မိတ်ဆွေကောင်း တစ်ယောက် ဖြစ်နေပြီ။ ဘာပဲပြောပြော စာအုပ်ကြီးကို သူဆုံးရှုံးမခံနိုင်ဘူး။

"မင်း ဘယ်သွားနေတာလဲ။ မင်းတစ်ကိုယ်လုံး ဘာလို့ စိုရွှဲနေတာလဲ။ ဟင် အဲဒါတွေက သွေးတွေများလား"

ရွန်က လှေကားထိပ်မှာ ရပ်နေတယ်။ ဟယ်ရီ့ကိုကြည့်ပြီး မြင်ရတဲ့ မြင်ကွင်းကြောင့် စိတ်တွေ ရှုပ်ထွေးသွားတယ်။

"ငါ မင်းစာအုပ်ကို ရဖို့လိုတယ်။ မင်းရဲ့ ဏ္ဍ္ဍဗာလဆေးရည်များ ဖော်စပ်နည်း စာအုပ်၊ လုပ်မြန်မြန်လုပ်၊ ခုငါ့ကို ပေးစမ်းပါ" ဟယ်ရီက အမောတကော ပြောလိုက်တယ်။

"ဘာလဲ သွေးတစ်ဝက်မှော်ဝိဇ္ဇာကြောင့်လား"

"အဲဒါတွေ ငါနောက်မှ ရှင်းပြပါ့မယ်"

ရွန် သူ့ရဲ့ ဏ္ဍ္ဍဗာလဆေးရည်များ ဖော်စပ်နည်း ရှေ့ပြေးလမ်းညွှန် စာအုပ်ကို ဆွဲထုတ်ပြီး ဟယ်ရီ့ကို ကမ်းပေးလိုက်တယ်။ ဟယ်ရီ တာတို အပြေးသမား တစ်ယောက်လို သူ့ကိုဖြတ်ပြီး ကျောင်းသားများ နားနေခန်းမကြီးဆီကို ပြန်ပြေးတယ်။ အဲဒီမှာ သူ့ရဲ့ ကျောင်းသွားအိတ်ကြီးကို သူယူလိုက်တယ်။ အဲဒီအချိန်မှာ ညစာစားပြီးနေပြီ ဖြစ်တဲ့ လူတွေရဲ့ အံ့အားတသင့် ဖြစ်နေပုံတွေကို သူ ဂရုစိုက်မနေနိုင်ဘဲ ပုံတူပန်းချီကား ဂိတ်ပေါက်ဝကြီး အပြင်ဘက်ကို တစ်ဟုန်ထိုး ပြန်ပြေးထွက်ခဲ့တယ်။ နောက် သတ္တမထပ် စင်္ကြံလမ်းအတိုင်း ဒုန်းစိုင်း ပြေးသွားတယ်။

နောက် သူအပြေးဆင်းသွားပြီး တစ္ဆေမှင်စာလေးတွေကနေတဲ့ ဂူန္တန်ထိုး ပန်းချီကားကြီးနံဘေးအရောက်မှာ တစ်ထောက်နားလိုက်တယ်။ အဲဒီမှာ သူ့မျက်စိတွေကိုပိတ်ပြီး စရွတ်လိုက်တယ်။

"ငါ့စာအုပ်ကို ဝှက်ထားဖို့ နေရာတစ်ခု ငါလိုအပ်နေတယ်၊ ငါ့စာအုပ်ကို ဝှက်ထားဖို့ နေရာတစ်ခု ငါလိုအပ်နေတယ်၊ ငါ့စာအုပ်ကို ဝှက်ထားဖို့ နေရာတစ်ခု ငါလိုအပ်နေတယ်"

နံရံမျက်နှာပြင်က ဘာမှမရှိတဲ့ နေရာကွက်လပ်ပြင်ကျယ်ကြီးရှေ့မှာ သူသုံးကြိမ်သုံးခါ အပြန်အလှန် ရွတ်ဆိုအပြီးမှာ သူ့မျက်စိတွေကို ဟယ်ရီ ဖွင့်လိုက်တယ်။ နောက်ဆုံးတော့လည်း ဏ္ဍ္ဍာသယခန်းမကြီးထဲကို ဝင်တဲ့ တံခါးကြီးဟာ နံရံပေါ်မှာ ရောက်ရှိနေပြီ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက တံခါးကြီးကို ဆောင့်ဆွဲဖွင့်လိုက်တယ်။ ပြီးတော့ အထဲကို လှစ်ခနဲ ဝင်သွားတယ်။ တံခါးကို ဝုန်းခနဲ ပြန်ပိတ်လိုက်တယ်။

သူ ဟောဟဲလိုက် မောနေတယ်။ သူ့ရဲ့ အလျင်စလို ကမူးရှူးထိုး လုပ်ခဲ့ရမှုတွေ၊ သူ့ရဲ့ ထိန်းမနိုင်သိမ်းမရ ထိတ်လန့်ချောက်ချား ဖြစ်ရမှုတွေ၊ ရေအိမ်သန့်စင်ခန်းထဲကနေ ဘာကသူပြန်အရောက်အလာကို စောင့်နေမလဲဆိုတဲ့ သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေကို သူ တဒင်္ဂမေ့သွားပြီး သူ့ရှေ့မှာ မြင်နေရတဲ့ အရာကို အကြီးအကျယ် အံ့ဩရင်သပ်ရှုမော ဖြစ်နေတယ်။ သူဟာ ဧရာမကြီးမားလှတဲ့ ဘုရားရှိခိုးကျောင်းကြီး တစ်ခု အရွယ်ခန်းမကျယ်ကြီးတစ်ခုမှာ မတ်တတ်ရပ်ငေးကြည့်နေမိတာ ဖြစ်ပြီး၊ ခန်းမကြီးရဲ့ မြင့်မားလှတဲ့ ပြတင်းပေါက်ကြီးတွေကနေ ဝင်လာတဲ့ ဝင်းလင်းတဲ့ အလင်းတန်းကြီးတွေက မြင့်မားခန့်ညားတဲ့ နံရံကြီးတွေနဲ့ မြို့တော်ကြီးတစ်ခုနဲ့ သဏ္ဍာန်တူတဲ့နေရာအပေါ်ကို ခမ်းခမ်းနားနား လှလှပပ ဖြာကျနေတယ်။

ဟယ်ရီက ဒါတွေဟာ ဟော့ဂ်ဝပ်စ်ကျောင်းကြီးမှာ မျိုးဆက်ပေါင်းများစွာ အစဉ်အဆက် နေထိုင်ခဲ့ကြသူတွေ သိုဝှက်ထားခဲ့တဲ့ အရာတွေ ဖြစ်ရမယ်ဆိုတာ သိလိုက်တယ်။ အဲဒီမှာ လမ်းမတန်းတွေရော လမ်းသွယ်လမ်းကြားတွေပါ ရှိနေပြီး နံဘေးအစပ်တွေကို တချို့ကျိုးပဲ့၊ တချို့ပျက်စီးနေတဲ့ ပရိဘောဂအစုအပုံပေါင်းများစွာနဲ့ သေသေသပ်သပ် ပိုင်းခြားထားပါတယ်။

ဒါတွေဟာ အကြမ်းပတမ်း စီရင်အသုံးချမိခဲ့တဲ့ မှော်ပညာတွေနဲ့ ပတ်သက်တဲ့ သက်သေခံ အထောက်အထားတွေကို ဝှက်ထားဖို့၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းပြီး ဘဝင်မြင့်လွန်းတဲ့ အိမ်စောင့်နတ်သူငယ်တွေကို ဝှက်ထားတာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ အဲဒီမှာ ထောင်ပေါင်း မြောက်မြားစွာသော စာအုပ်တွေလည်း ရှိနေပြီး အဲဒါတွေဟာ တားမြစ်ပိတ်ပင်ထားတဲ့၊ အဲဒါမှမဟုတ် ခိုးရာပါ နံရံဆေးရေးပန်းချီနဲ့ စာတွေ ဖြစ်လိမ့်မယ်ဆိုတာလည်း ယုံမှား စရာမရှိဘူး။

ဒါတင်မကဘဲ တောင်ပံတပ်ထားတဲ့ လောက်လေးခွကြီးတွေနဲ့ အစွယ်ပေါက်နေတဲ့ လေဝဲပန်းကန်ပြားတွေ ပါရှိနေပြီး၊ တချို့ဆို ခုထိ အသက်ဝင်နေသေးတာကို အမျိုးမျိုးသော တခြား တားမြစ်ထားတဲ့ ပစ္စည်းအစုအပုံတောင်တွေပေါ်မှာ စိတ်မပါ့တပါနဲ့ ပျံဝဲနေတဲ့ လေးခွကြီးတွေနဲ့ လေဝဲပန်းကန်ပြားတွေကို ကြည့်ပြီး သိလိုက်ရတယ်။

ပစ္စည်းတွေက စုံလွန်းလှပါတယ်။ ဆေးရည်အဆီတွေ ထည့်ထားတဲ့ ပုလင်းအပဲ့တွေ၊ ဦးထုပ်တွေ၊ ကျောက်မျက်ရတနာတွေ၊ ဝတ်ရုံတွေ၊ နဂါးဥအခွံလို့ ထင်ရတဲ့ ပစ္စည်းတွေ၊ ဖော့ဆို့ ဆို့ထားတဲ့ ပုလင်းကြီးတွေကလည်း အထဲမှာပါတဲ့ ဘာမှန်းမသိရတဲ့ ဝင်းဝင်းလက်လက် ပစ္စည်းတွေနဲ့။ နောက်သံချေးတက်နေတဲ့ ဓားတွေလည်း တောင်ပုံရာပုံ။ နောက်ဆုံးတွေ့ရတာကတော့ သွေးစွန်းနေပြီး လေးလံလှတဲ့ ပုဆိန်ကြီးတစ်လက်ပဲ။

ဟယ်ရီဟာ ရှေ့ကို တိုးသွားပြီး အဖိုးတန်ရတနာတွေ ဝှက်ထားတဲ့ လမ်းသွယ် အမြောက်အမြားကြားက လမ်းသွယ်တစ်ခုထဲကို ကပျာကယာ ဝင်လာတယ်။ သူ ညာဘက်ကို ချိုးပြီးတော့ ရုပ်လုံးသွင်းထားတဲ့ ဧရာမတစ္ဆေကြီး တစ်ကောင်ကို ဖြတ်သွားတယ်။ တစ်ခါ လမ်းတိုကလေး တစ်ခုအတိုင်း အပြေးသွားပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း အတော်ကြာကအတွင်းမှာ ထည့်ထားတဲ့ အနုပညာ ပစ္စည်းအစုံနဲ့ တူတဲ့

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ဆုံးသွားပြီဖြစ်တဲ့ ရှားပါး အံဆွဲဗီရိုအပျက်ကြီးတစ်လုံးနေရာအရောက်မှာ ဘယ်ဘက်ကို ချိုးလိုက်ပြန်တယ်။ နောက်ဆုံးအက်ဆစ်နဲ့ အပတ်ခံထားရတယ်ထင်ပါရဲ့၊ သူ့မျက်နှာပြင်ပေါ်မှာ အရည်ကြည်ဖုတွေ ဖောင်းကြွနေတဲ့ ကြောင်အိမ်ဗီရိုအကြီးကြီး တစ်လုံးဘေးကို အရောက်မှာ သူရပ်လိုက်တယ်။

နောက် ကြောင်အိမ်ဗီရိုကြီးရဲ့ တကျွိကျွိမြည်နေတဲ့ တံခါးတွေထဲက တံခါးတစ်ချပ်ကို သူဖွင့်လိုက်တယ်။ အဲဒါဟာ သူ့မတိုင်ခင် အရင်ကတည်းက ပစ္စည်းတစ်ခု ခုကိုဝှက်တဲ့နေရာအဖြစ် သုံးခဲ့တဲ့ နေရာပဲ။ အထဲမှာ လှောင်အိမ်တစ်လုံး ရှိနေတယ်။ တစ်ခါ လှောင်အိမ်ထဲမှာ နဂိုနှစ်အကြာကြီးကတည်းက သေးဆုံးနေတဲ့ သတ္တဝါတစ်ကောင်ရဲ့ ခြေငါးချောင်းပါတဲ့ အရိုးစုကို တွေ့ရတယ်။ သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ စာအုပ်ကို လှောင်အိမ်ရဲ့ နောက်ဘက်ကို ဟယ်ရီ ထိုးထည့်လိုက်ပြီး၊ တံခါးကို ဂျိုင်းခနဲ ပြန်ပိတ်လိုက်တယ်။

သူ အဲဒီနေရာမှာပဲ ခဏရပ်နေသေးတယ်။ သူ့ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိနေတဲ့ ရှုပ်ပွနေတဲ့ ဘာမှန်းညာမှန်းမသိတာတွေကို သူစိုက်ကြည့်နေရင်း သူ့ရင်တွေ ဗရာမ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တဒုန်းဒုန်း ခုန်နေတယ်။

"အဲဒီလောက် မတရား ရှုပ်ပွနေတဲ့ ဖြုတ်စဗျင်းတောင်း၊ ဗူလိနတ်စ တိုလီမိုလီတွေကြားမှာ ဒီနေရာကို နောက်တစ်ခါ ငါပြန်ရှာလို့တွေ့ပါ့မလား"လို့ သူ့ကိုယ်သူ မသေမချာ ဖြစ်နေတယ်။ ဒီမှာတင် အနီးအနားက ပစ္စည်းထားတဲ့ သေတ္တာကြီးတစ်လုံးပေါ်မှာ ရှိနေတဲ့ အရုပ်ဆိုးဆိုး စစ်နယ်ရှင်အိုကြီးတစ်ယောက်ပုံ ကိုယ်တစ်ပိုင်းရုပ်လုံးကြီးတစ်ခုကို သူလှမ်းဆွဲလိုက်ပြီး သူစာအုပ်ထည့်ထားတဲ့ ကြောင်အိမ်ဗီရိုအမိုးပေါ်မှာ ထောင်ထားလိုက်တယ်။ ပြီးတော့ တစ်ခါ ပြန်ရှာတဲ့အခါတွေ့လွယ်အောင် ပိုပြီး ကွဲကွဲပြားပြား ရှိအောင်လို့ ဖုန်တွေတက်နေတဲ့ ဆံပင်တုအဟောင်းကြီးတစ်ခုနဲ့ ချေးညော်တွေတက်ပြီး အရောင်တွေမှိန်နေတဲ့ အမျိုးသမီးတွေ ပွဲတက်သုံး ဦးဆောက်ပန်းတစ်ခုကို ရုပ်တုကြီးရဲ့ ခေါင်းပေါ်မှာ တပ်ပေးထားလိုက်တယ်။

ဒီနောက်မှာတော့ သူအချိန်ဆွဲမနေဘဲ ဖုံးကွယ်သိုဝှက်ထားတဲ့ ဖြုတ်စဗျင်းတောင်းကြားက လမ်းသွယ်တွေကို ဖြတ်ပြီး မြန်နိုင်သမျှ အမြန်ဆုံး သူခြေကုန်သုတ်လာခဲ့တာ တံခါးဝကို ပြန်ရောက်လာတယ်။ နောက် တံခါးကြီးကို ဝုန်းခနဲ ပြန်ပိတ်ခဲ့ပြီး စင်္ကြံပေါ်ကို သူပြန်ရောက်လာတယ်။ သူ့နောက်ဘက်မှာ တံခါးကြီး ပြန်ပျောက်သွားပြီး နံရံတွေ ကျောက်တုံးကြီး ပြန်ဖြစ်ကျန်ရစ်ခဲ့တယ်။

ဟယ်ရီ အောက်ထပ်ကြမ်းပြင်ပေါ်မှာ ရေအိမ်သန့်စင်ခန်းကြီးဆီကို ခြေကုန်လက်ပန်းကျအောင် ပြေးသွားနေတယ်။ ရွန်ရဲ့ 'ရေ့ပြေးပီယဆေးနဲ့ ဣန္ဒြေဗာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကြီး'က သူ့ကျောင်းသွားအိတ်ထဲမှာ သူထိုးသိပ်ထည့်လာတဲ့ အတိုင်း ပါလာတယ်။ နောက်တစ်မိနစ်အကြာမှာ စနိပ်ရှေ့ကို သူပြန်ရောက်သွားတယ်။ စနိပ်ဟာ ပါးစပ်က ဘာတစ်ခွန်းမှ မဟဘဲ သူ့လက်ကို ရှေ့ထုတ်ပြီး လက်ဝါးကို ဖြန့်လိုက်ပါတယ်။ စောစောက တောင်းထားတဲ့အတိုင်း သူ့ ကျောင်းသွားအိတ်ကို ပေးဖို့ပဲ။ ဟယ်ရီက အိတ်ကို စနိပ်ရဲ့ လက်ထဲထည့်လိုက်တယ်။ သူ ဟောဟဲ ဟောဟဲ ဖြစ်နေတယ်။ တစ်ချိန်တည်းမှာပဲ သူ့ရင်ထဲမှာ စူးခနဲ စူးခနဲ နာကျင်ခံစားရင်း သူ စောင့်ကြည့်နေတယ်။

www.burmeseclassic.com

စနိုပ်က သူ့စာအုပ်တွေ တစ်အုပ်ချင်းစီထုတ်ပြီး အသေအချာ စစ်ဆေးနေတယ်။ နောက်ဆုံးတော့ ဣန္ဒဇာလဆေးရည် စာအုပ်ကြီးပဲ ကျန်တော့တယ်။ စနိုပ်က စကားတစ်ခွန်းမှာ မပြောသေးဘဲ စာအုပ်ကို သဲသဲမဲမဲ ဂရုတစိုက် စေ့စေ့စပ်စပ် စစ်ဆေးကြည့်နေတယ်။ နောက်တော့–

"ဒီ ရှေ့ပြေးပီယဆေးနဲ့ ဣန္ဒဇာလဆေးရည်များ စာအုပ်က မင်းဟာလား"

"ဟုတ်ကဲ့" ဟယ်ရီ ဖြေလိုက်တယ်။ သူအသက်ရှူမြန်နေတုန်းပဲ–

"ဒါ မင်းစာအုပ်ဟုတ်တာ သေချာရဲ့လား ပေါ်တာ"

"ဟုတ်ကဲ့" ဟယ်ရီ့ရဲ့ စိတ်ထဲမှာ မခံချင်စိတ်ကလေး နည်းနည်းပါလာတယ်။

"ဣန္ဒဇာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ဟာ ဖလားရစ်ရှ်နဲ့ ဘလော့စ်ဆိုင်က မင်းဝယ်ခဲ့တဲ့ စာအုပ်လား"

"ဟုတ်ပါတယ်" ဟယ်ရီက နည်းနည်းပိုတင်းပြီး အခိုင်အမာ ပြောလိုက်တယ်။

"ဒါဖြင့်ရင် စာအုပ်ရှေ့ဖုံးရဲ့ အတွင်းကကျောဘက်မှာ ဘာဖြစ်လို့ ရွှန်နီးလ်ဝါ့ဇ်လစ်လို့ ရေးထားရတာလဲ"

ဟယ်ရီ အသက်ရှူမှားသလို ဒိတ်ခနဲ ဖြစ်သွားတယ်။ ဒါပေမဲ့ သူက ဉာဏ်ကို လွှာသုံးလိုက်တယ်။

"အဲဒါ ကျွန်တော့်ရဲ့ နာမည်ပြောင်ပါ ဆရာ"

"မင်းရဲ့ နာမည်ပြောင် ဟုတ်လား" စနိုပ်က တအံ့တသြ ထပ်ပြောလိုက်တယ်။

"ဟုတ်ပါတယ် ဆရာ၊ အဲဒီနာမည်က ကျွန်တော့်သူငယ်ချင်းတွေ ကျွန်တော့်ကို ခေါ်တဲ့ နာမည်ပါ"

"ငါ နားလည်တာတော့ နာမည်ပြောင်ဆိုတာ...."စနိုပ် စကားကို ခဏရပ်ပြီး သူ့ရဲ့ အေးစက်တဲ့ မဟူရာ မျက်နက်ဆံတွေနဲ့ ဟယ်ရီရဲ့ မျက်လုံးတွေထဲကို ထိုးဖောက် စိုက်ကြည့်လိုက်တယ်။ ဟယ်ရီက သူ့မျက်လုံးတွေထဲကို မကြည့်မိအောင် ကြိုးစားတယ်။ "မင်းရဲ့ စိတ်ကို ပိတ်ထား၊ မင်းရဲ့ စိတ်ကို ပိတ်ထား"ဆိုပြီး စိတ်ကိုလွတ်ပြီးပွင့်မသွားအောင် ကြိုးစားပေမဲ့ အဲဒါကို ဘယ်လိုလုပ်ရမယ်ဆိုတာ သူကောင်းကောင်း မတတ်သေးဘူး။

"ငါ ဘယ်လို မှတ်ချက်ချတယ်ဆိုတာ မင်းသိရဲ့လား ပေါ်တာ" စနိုပ်က ခပ်အေးအေးလေး ပြောလိုက်တယ်။ "မင်းဟာ မမှန်စကား ပြောတဲ့လူ၊ ပြီးတော့ လူလိမ်တစ်ယောက်လို့ ငါယူဆတယ်။ ဒီတော့ မင်းဟာ ငါနဲ့အတူ စနေနေ့တိုင်း ဒီစာသင်နှစ်ကုန်ဆုံးတဲ့အထိ ခြေချုပ်နဲ့ လာနေဖို့ ထိုက်တန်တယ်။ မင်းဘာမှတ်သလဲ ပေါ်တာ"

www.burmeseclassic.com

"ကျွန်တော် ..... ကျွန်တော် သဘောမတူဘူးဆရာ" ဟယ်ရီက ပြောလိုက်တယ်။ သူ ခုထိ စနိပ်ရဲ့ မျက်စိထဲကို မကြည့်သေးဘဲ ငြင်းပယ်ထားတယ်။

"မင်းကို ခြေချုပ်ပြစ်ဒဏ်ခံယူပြီးရင် မင်း ဘယ်လို ခံစားရတယ်ဆိုတာ ငါတို့ကြည့်မယ်။ ကဲ– စနေနေ့မနက် ၁၀နာရီ၊ ငါ့ရုံးခန်းကို အရောက်လာခဲ့ပေတော့ ပေါ်တာ"

"မဟုတ်သေးဘူး ဆရာ" ဟယ်ရီက ပြူးတူးပြဲတဲ ထပြောလိုက်တယ်။ "အဲဒီလို ဆိုရင် ကွစ်ဒစ်ချ် နောက်ဆုံး ဖိုင်နယ်ပွဲက ဘယ်လိုလုပ်မှာလဲ"

"ဆယ်နာရီပဲ" စနိပ်က ပြုံးပြုံးလေးနဲ့ တိုးတိုးလေး ပြောလိုက်တယ်။ ဒါကြောင့် သူ့ရဲ့ အဝါရောင်သွားတွေ ပေါ်သွားတယ်။ စနိပ်က ဆက်ပြောတယ်။ "တော်တော် သနားစရာကောင်းတဲ့ ဂရိုဖင်ဒေါ။ ဒီနှစ်ထဲ ခြေချုပ်ထိတာ ဒါ လေးကြိမ်မြောက်ပဲ၊ မင်းအတွက် ငါ စိုးရိမ်တယ်"

နောက်ထပ် တခြား ဘာစကားမှ မပြောတော့။ ရေအိမ်သန့်စင်ခန်းထဲက စနိပ် ထွက်သွားတယ်။ ကျန်ရစ်တဲ့ ဟယ်ရီက စိတ်လက်မကြည်မသာနဲ့ ကွဲအက်နေတဲ့ မှန်ထဲကို ငေးကြည့်နေတယ်။ သူ နေထိုင်မကောင်းသလို ဖြစ်နေပြီး သူ ခံစားရတဲ့ ဝေဒနာကို ရွန်ရဲ့ ဘဝမှာ တွေ့ခဲ့ရဖူးသမျှထက် ဆိုးဝါးနေတယ်လို့ ယုံကြည်လိုက်တယ်။

"ငါ မပြောဘူးလို့ နင့်ကို ငါ ပြောခဲ့ပြီးပြီလေ"

နောက်တစ်နာရီ၊ ကျောင်းသားများ နားနေခန်းကြီးထဲမှာ ဟာမီယွန်က ပြောလိုက်တာ ဖြစ်ပါတယ်။

"အဲဒါ ထားစမ်းပါဟာ" ရွန်က ဟာမီယွန်ကို စိတ်ဆိုးဆိုးနဲ့ ပြောလိုက်တယ်။

ဟယ်ရီဟာ ညစာလည်း ဆင်းမစားဘဲ နေလိုက်တယ်။ သူစားချင်စိတ်လည်း လုံးလုံးမရှိဘူး။ ရွန်၊ ဟာမီယွန်နဲ့ ဂျင်နီတို့ကို သူဖြစ်ပျက်ခဲ့သမျှ ခုတင်ဘဲ ပြောပြလို့ ပြီးသွားတယ်။ ဒါပေမဲ့ တကယ်တော့ အဲဒါဟာ ပြောဖို့တောင် မလိုတော့ပါဘူး။ ညည်းသံရှည်ချုံပုတ်က ရဲတိုက်ကြီးထဲမှာ ရှိသမျှ ရေအိမ်သန့်စင်ခန်းတိုင်းမှာ ဒီသတင်းပြန့်မသွားရင် သူမ တာဝန်မကျေ ဖြစ်တော့မယ့် ပုံစံမျိုးနဲ့ လျှောက်လှည့်ပြောနေလို့ သတင်းက တောမီးလို တစ်မဟုတ်ချင်း ပျံ့နှံ့ပြီးဖြစ်နေတယ်။

မော်လ်ဖွိုင်းကို ဆေးရုံဆောင်မှာ ပန်စီပါကင်ဆန် လူနာလာမေးတယ်။ ပါကင်ဆန်က ဟယ်ရီအကြောင်း အချိန်ပြည့်အားရအောင် မဟုတ်တန်းတရန်း သားပုပ်လေလွင့် ပြောခဲ့သူပဲ။ စနိပ်ကတော့ ဝန်ထမ်းအဖွဲ့ကို အဖြစ်အပျက်နဲ့ ပတ်သက်ပြီး အတိအကျ ပြောပြခဲ့တယ်။ ဟယ်ရီလည်း ကျောင်းသားများ နားနေခန်းထဲက ခေါ်ထုတ်ပြီး ပါမောက္ခ မက်ဂိုနာဂေါက အကြီးအကျယ် စိတ်မချမ်းမသာ စကားတွေကို ၁၅မိနစ်လောက် ကြာအောင် ပြောနေတာကို ကြိတ်မှိတ်ခံခဲ့ရပြီးပြီ။ သူမက ဟယ်ရီ ကံကောင်းကြောင်း၊ သူ့ကို ဂါထာမန္တန်နဲ့ အပြစ်မပေးဘဲ စာသင်နှစ်ကုန်အောင် စနေနေ့တိုင်း ခြေချုပ်ဒဏ်ခံဖို့ စနိပ်ရဲ့ အပြစ်ပေးမှုကို သူမထောက်ခံကြောင်း ပြောခဲ့တာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"မော်ဝိဇ္ဇာဆိုတဲ့ လူနဲ့ ပတ်သက်လို့ တစ်ခုခုတော့ မှားနေပြီဆိုတာ၊ နင့်ကို ငါပြောခဲ့တာပဲ။ ခု ငါပြောတာ မှန်တယ်လေ။ ဟုတ်တယ် မဟုတ်လား" ဟာမီယွန်က ဟယ်ရီကို အပိုင်ပြောလိုက်တယ်။

"မဟုတ်ဘူး၊ ငါက နင်ထင်တာ မှန်တယ်လို့ မထင်ဘူး" ဟယ်ရီကလည်း ဇွတ်ကို ပြန်ပြောလိုက်တယ်။

ဟာမီယွန် သူ့ကို ဆရာလာမလုပ်ဘဲနဲ့တောင် ဆိုးဝါးစိတ်ပျက်စရာ အချိန်တွေကို ဟယ်ရီ ကောင်းကောင်းကြီး ကြုံနေရတယ်။ ဂရစ်ဖင်ဒေါ အသင်း ကစားသမားတွေရဲ့ မျက်နှာလည်း အဆိုးဝါးဆုံး ပြစ်ဒဏ်ခံနေဖို့ ရှိတဲ့အတွက် လာမယ့် စနေနေ့မှာ ကျင်းပမယ့် ကွစ်ဒစ်ချ်နောက်ဆုံး ပွဲစဉ်မှာ သူ မကစားနိုင်တော့ကြောင်း ပြောပြလိုက်ပြီးတဲ့နောက်မှာ မသာမယာ ဖြစ်ကုန်ကြတယ်။ ဟယ်ရီဟာ ဂျင်နီက သူ့ကိုကြည့်တဲ့ အကြည့်ကို ခံစားခွင့်ရပေမဲ့ သူမရဲ့ မျက်လုံးထဲမှာ နားလည်ပေးမှုတွေ ရှာမတွေ့ဘဲ ဖြစ်နေတယ်။

ဟယ်ရီအနေနဲ့ သူ့အသင်းကစားသမားတွေ စိတ်ပျက်ကုန်တာ၊ ဒေါသဖြစ်ကြတာ မမြင်ချင်ဘူး။ ဒီမှာတင် သူ့အနေနဲ့ သူမကို မလွှဲမရှောင်သာ ပြောရတော့တယ်။ သူ့ အစီအစဉ်အရ ဂျင်နီဟာ စနေနေ့ပွဲမှာ ရှာဖွေဖမ်းဆီးသူအဖြစ် ကစားရမှာ ဖြစ်သလို၊ ဒင်းလည်း လိုက်လံဖမ်းဆီးသူအဖြစ် သူမရဲ့ လစ်လပ်သွားတဲ့ နေရာမှာ ကစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့ အသင်း နိုင်သွားခဲ့ရင် ဂျင်နီနဲ့ ဒင်းလည်း ပြိုင်ပွဲအပြီး ကျင်းပမယ့် ဝမ်းမြောက်ပျော်ရွှင်ပွဲမှာ ပြန်ပြေလည်သွားကောင်း ပြေလည်သွားနိုင်တယ်။ အဲဒီလို ဖြစ်လာနိုင်တဲ့ အတွေးက ဟယ်ရီ့ရင်ထဲကို အေးစက်တဲ့ ဓားတစ်လက်နဲ့ အရှိန်ပြင်းပြင်း ထိုးလိုက်သလို ဝင်ရောက်လာတယ်။

"ဟယ်ရီ" ဟာမီယွန်က ခေါ်လိုက်တယ်။ "အဲဒီ ဂါထာမန္တန်က ဒီလောက် နင့်ကို ဒုက္ခပေးခဲ့တာတောင် နင်က အဲဒီစာအုပ်ကြီးဘက်က ရပ်တည်ဖို့...."

ဟာမီယွန်စကားမဆုံးခင် ဟယ်ရီက သံပြတ်နဲ့ ပြန်ပြီး မာမာသန်သန် ပြောလိုက်တယ်။ "နင် ဒီစာအုပ်အကြောင်းကိုပဲ တဖျစ်တောက်တောက် နားပူအောင် လာပြောနေတာကို ရပ်ဦးမှာလား။ မော်ဝိဇ္ဇာ ကူးပဲ ကူးရေးခဲ့တာ။ အဲဒါဟာ သူက တစ်ယောက်ယောက်ကို ဒီဂါထာကို သုံးပါလို့ အကြံပေးတိုက်တွန်းတာလို့ ပြောလို့ရမလား။ ဘာမှ မဆိုင်ဘူး။ တို့တွေ အားလုံး သိထားရမှာက သူဟာ မှတ်စုစာတိုကလေး တစ်စုံတစ်ရာကို ရေးခဲ့တယ်။ အဲဒါကလေးက သူ့ကို ထိခိုက်မယ့် နေရာမှာ အသုံးပြုခံလိုက်ရတယ်။ ဒါပဲ"

"နင်ပြောတာ ငါ မယုံဘူး။ နင် ဒါ သက်သက် ကာကွယ်ပြောနေတာပဲ"ဟာမီယွန်က ပြောလိုက်တယ်။

"ငါ လုပ်ခဲ့တာအတွက် ငါ ဘယ်တော့မှ မကာကွယ်ဘူး" ဟယ်ရီ ချက်ချင်း ပြန်ပြောလိုက်တယ်။ ငါက အဲဒီလို မလုပ်လိုက်ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ ခြေချုပ်အပြစ်ဒဏ်အပေးခံရတာ အကြိမ် တစ်ဒါဇင်လောက် ရှိပြီဆိုတာ ငါမမေ့ဘူး။ ငါဘယ်တုန်းကမှ ဒီလိုမျိုး မန္တန်ကို မသုံးတတ်ဘူးဆိုတာ နင်သိပါတယ် ဟာမီယွန်။ မော်လ်ဖွိုင်းအပေါ်မှာတောင် ငါမသုံးခဲ့ဘူး မဟုတ်လား။ ဒီကြားထဲမှာ နင်က မော်ဝိဇ္ဇာကို အပြစ်သွားမတင်နဲ့လေ။ သူက "ဒီမန္တန်ကို စမ်းကြည့်စမ်း၊ လုပ်ကြည့်စမ်း၊

www.burmeseclassic.com

www.burmeseclassic.com

ဒါသိပ်ကောင်းတာပဲ”လို့ ရေးခဲ့တာ မဟုတ်ဘူး။ သူက သူ့အတွက် သူ့ဘာသာ မှတ်စုထုတ်ခဲ့ရုံသာ ထုတ်ခဲ့တာပဲ။ မဟုတ်ဘူးလား။ ဘယ်သူ့အတွက်မှ ရည်ရွယ်ပြီး တခြား ဘယ်သူ့ကိုမှ သွားပြောတာမှ မဟုတ်ဘဲ”

“ဘာလဲ နင် အဲဒါကို ပြန်ဆက်လုပ်ဦးမှာပဲလို့ နင် ငါ့ကို ပြောချင်တာလား” ဟာမီယွန်က ခပ်ပြတ်ပြတ်မေးလိုက်တယ်။

“အေး ငါစာအုပ်ကို ပြန်သွားယူဦးမှာပဲ” ဟယ်ရီကလည်း လေသံမလျော့ဘဲ ခပ်တင်းတင်း ပြောလိုက်တယ်။ “ဒီမှာ ငါပြောမယ် ....... မှော်ဝိဇ္ဇာမပါဘဲနဲ့ ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်ကို ငါဘယ်လိုလုပ်ရနိုင်မှာလဲ။ ရွန်အဆိပ်မိနေတာကို ကယ်တင်ဖို့ နည်းလမ်း ဘယ်လိုလုပ်သိခဲ့မှာလဲ။ နောက် မှော်ဝိဇ္ဇာ မပါဘဲ ငါ....”

“အေး နင် ဆေးရည်နဲ့ ပတ်သက်ပြီး ဆရာတစ်ဆူလို လက်ဖျားခါအောင် ဘယ်လိုလုပ် အတော်ဆုံး ဖြစ်မှာလဲပေါ့ ဟုတ်လား။ မတန်လိုက်တာ”ဟာမီယွန် ဒေါပွပွနဲ့ ဟယ်ရီ့စကားကို ငေါ့လုံး ထေ့လုံးတွေနဲ့ အဆုံးသတ်ပေးလိုက်တယ်။ ဒီမှာတင်–

“အဲဒါ အသာထားစမ်းပါဦး ဟာမီယွန်”လို့ ဂျင်နီက ကြားဝင်ပြောလာတဲ့အတွက် ဟယ်ရီ အရမ်း အံ့သြပြီး အရမ်းလည်း ဝမ်းသာသွားတယ်။ ဂျင်နီက ဆက်ပြောတယ်။ “ငါ ကြားတာတော့ မော်လ်ဖွိုင်းက ဟယ်ရီ့ကို “ခွင့်မလွှတ်လက်စားခေ” ကျိန်စာနဲ့ တိုက်ခိုက်ဖို့ ကြိုးစားနေပြီတဲ့။ ဒီတော့ဟယ်ရီမှာ အရေးကြုံရင် ထုတ်သုံးဖို့ တစ်ခုခု ရှိနေတာ ကောင်းမှာပေါ့ဟယ်၊ အဲဒါကို နင် ဝမ်းသာရမှာ မဟုတ်ဘူးလား”

“အေးပါ အေးပါ ဟယ်ရီ ကျိန်စာလက်နက်မသင့်ရင် ကျုပ်က ဝမ်းသာပါတယ်တဲ့ရှင်” ဟာမီယွန် နှာသာခံခက် စပ်တဖျဉ်းဖျဉ်း ဖြစ်သွားရင်း ပြောလိုက်တယ်။ “ဒါပေမဲ့ အဲဒီ မမေ့နိုင်တဲ့ မန္တန်လက်နက်ကို ကောင်းတယ်လို့ နင်တို့ ပြောလို့မရဘူး ဂျင်နီ။ ခုပဲ သူ့ကို ဘယ်လိုလုပ်လိုက်သလဲကြည့်။ ဒီတော့ အဲဒါက ဘယ်လို စွမ်းသလဲဆိုတာ ကွစ်ဒစ်ချ်ကစားပွဲမှာ နင်ဘယ်လို အခွင့်အရေးရပြီး အစွမ်းအစပြနိုင်သလဲ ဆိုတာ ငါကြည့်ရတော့မှာပေါ့ ဂျင်နီ”

“အိုအိုအို.... နင့်ကိုယ်နင် ကွစ်ဒစ်ချ်အကြောင်း နားလည်တဲ့ ပုံစံအချိုးမျိုးတော့ ငါ့ရှေ့မှာ လာမလုပ်ပြပါနဲ့ ဟာမီယွန်။ နင်ဟာ ကိုယ့်ကိုယ်ကိုယ် အမြဲပြဿနာ ရှာနေတာပဲ” ဂျင်နီက ပြန်ပက်လိုက်တယ်။

ဟယ်ရီနဲ့ ရွန်က သူတို့နှစ်ယောက်ကို ငေးစိုက်ကြည့်နေတယ်။ အမြဲတမ်းလိုလို လက်တွဲပြီး ပြေပြေလည်လည် ဖြစ်ခဲ့ကြတဲ့ ဟာမီယွန်နဲ့ ဂျင်နီဟာ ခုတော့ ကိုယ်စီလက်ပိုက်ပြီး ထိုင်ရင်း တစ်ယောက်ကို တစ်ယောက် မျက်နှာလွှဲထားလိုက်ကြတယ်။ ရွန်က ဟယ်ရီကို စိတ်လှုပ်ရှားနေတဲ့ ပုံစံနဲ့ သတိထားကြည့်ရင်း စာအုပ်တစ်အုပ်ကို ကြုံသလို ဆတ်ခနဲ ကောက်ဆွဲယူပြီး အဲဒါနဲ့ သူ့မျက်နှာကို ကွယ်ထားလိုက်တယ်။ ဟယ်ရီလည်း ဘယ်ကဘယ်လို အတွေးပေါက်သွားတယ် မသိဘူး။ ဒီလိုဖြစ်တာပဲ သူ့အတွက် ကောင်းသလိုလိုနဲ့ ဖြုန်းခနဲ ရင်ထဲမှာ ကြည်နူးကျေနပ်စိတ်တွေ ဖြစ်ပေါ်လာတယ်။

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် အဲဒီညနေပိုင်း ကျန်ခဲ့တဲ့ အချိန်တွေအတွင်း သူတို့ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောကြဘဲ နေလိုက်တယ်။

ဟယ်ရီရဲ့ စိတ် ပျော်ပျော်ရွှင်ရွှင် ဖြစ်နေမှုလေး သက်ဆိုးမရှည်လိုက်ဘူး။ နောက်တစ်နေ့မှာပဲ ဆလီသီရင်တွေက မခံချင်အောင် ထိကပါး ရိကပါး ပြောကြဆိုကြတဲ့အတွက် ဂဠုန်ကေသရာဇာအသင်း ကစားသမားတွေ ဒေါသမပေါက်ကွဲအောင် ထိန်းပြီး သည်းခံနေရတယ်။ သူတို့က သူတို့ အသင်းခေါင်းဆောင် ဒီကွစ်ဒစ်ချ်ရာသီရဲ့ နောက်ဆုံးပွဲစဉ်ကို မကစားနိုင်အောင် ခြေချုပ်နဲ့ တားမြစ်ထားခံနေရလို့ နဂိုကတည်းက စိတ်ဆင်းရဲနေကြချိန်လည်း ဖြစ်တယ်။

စနေနေ့နံနက်ကို ရောက်ရှိလာပါပြီ။ ဟာမီယွန်ကို သူဘာတွေ ပြောခဲ့ပြောခဲ့၊ ဟယ်ရီဟာ ရွန်၊ ဂျင်နီနဲ့ တခြားလူတွေနဲ့ပါအတူ ကွစ်ဒစ်ချ်ကစားကွင်းကြီးထဲ အတူ ဆင်းလမ်းလျှောက်လိုက်ပါသွားနိုင်အောင် ပျော်ရွှင်စွာ အလဲအလှယ် လုပ်ချင်ရင် တစ်ကမ္ဘာလုံးပေါ်မှာ ရှိရှိသမျှ ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်ကို သူရမှသာ ဖြစ်နိုင်တော့မယ့် အခြေအနေကို ရောက်နေတယ်။

ရဲတိုက်အပြင်ဘက် နေရောင်ထဲကို သွန်ထွက်လာတဲ့ ဇရာမကျောင်းသားအုပ်ကြီးတွေ ဦးထုပ်တွေ ကိုယ်စီဆောင်း၊ ရင်ဘတ်မှာ ဖဲပြားတံဆိပ်ကလေးတွေနဲ့ အလံတွေ၊ တံခွန်တွေ၊ သူတို့ရဲ့ လည်စည်းပဝါနဲ့ ခေါင်းစည်းပဝါတွေကို ဝှေ့ယမ်းပြီး အောက်ဘက်မြေညီထပ်ကို ကျောက်တုံးလှေကားပေါ်က ဆင်းလာနေကြတယ်။ ပြီးတော့ သူတို့ ကစားကွင်းဆီကို လျှောက်သွားကြပြီး လူအုပ်ကြီး ဝေးဝေးသွားတဲ့ အသံတွေ ပျောက်ကွယ်သွားချိန်မှာ သူတို့နဲ့ ဝေးရာထွက်လာရတာ သူ့အတွက် သည်းမခံနိုင်လောက်အောင် စိတ်ဆင်းရဲစရာ ဖြစ်နေတယ်။ အဲဒီက ပေါ်ထွက်လာမယ့် အော်မြူးအားပေးသံတွေ ချီးကျူးသံနဲ့ ညည်းလိုက်တဲ့အသံတွေ ကွစ်ဒစ်ချ်ပြိုင်ပွဲ အခြေအနေနဲ့ ကစားကွက်တွေကို ကြေညာနေတဲ့အသံတွေ သူဘာတစ်ခုမှ မကြားနိုင်တော့ဘူး ဆိုတာကိုလည်း သူသိလိုက်တယ်။

“အာ... ပေါ်တာ” ဟယ်ရီ တံခါးခေါက်လိုက်တော့ စနိပ်ရဲ့ အသံထွက်လာတယ်။ သူရောက်ဖူးလို့ မျက်မှန်းတန်းပြီး ဖြစ်နေတဲ့ စနိပ်ရဲ့ ရုံးခန်းထဲကို စိတ်မချမ်းသာ ကိုယ်မချမ်းသာ ပုံစံနဲ့ ဝင်သွားတော့ စနိပ်က စာသင်ခန်းထဲကလို မဟုတ်ဘဲ သူ့ကို နေရာမပေးဘဲ ထားတယ်။

အဲဒီအခန်းဟာ အမြဲလိုလို မီးထွန်းထားတဲ့ အခန်းဖြစ်ပြီး အရင်က တွေ့ခဲ့ရတဲ့ အရောင်ပါဆေးရည်တွေနဲ့ ကျွဲရွှဲရွှဲ အသေကောင်တွေကိုပဲ နံရံတွေ အားလုံးမှာ ချိတ်ဆွဲဆိုင်းထားတယ်။ တစ်ခါ မကောင်းတဲ့ အသွင်လက္ခဏာအနေနဲ့ အဲဒီမှာ စားပွဲတစ်လုံးပေါ်မှာ စုပုံပင့်ကူအိမ်တွေတက်နေတဲ့ သေတ္တာဘူးတွေကို သူတွေ့ရပြီး၊ ဟယ်ရီဟာ အဲဒီအပေါ်မှာပဲ သူထိုင်ရတော့မယ်လို့ ယူဆရတယ်။ အဲဒါတွေဟာ စိတ်ပျက်ငြီးငွေ့စရာ အရောင်အဆင်းသွင်ပြင်နဲ့ မာကျောပြီး ဘယ်နေရာမှာမှ သုံးလို့မရတဲ့ သူတို့အတွက် အဓိပ္ပာယ်မရှိတဲ့ ပစ္စည်းတွေ ဖြစ်နေတယ်။

“ဒီစာတွဲ အဟောင်းတွေနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ဖော်ထုတ်သိရှိရအောင် မစ္စတာဖိလ်ချ်က တစ်ယောက်ယောက် ရှာဖွေနေတယ်” စနိပ်က အေးဆေးညင်သာစွာ နဲ့ ပြောလိုက်တယ်။ “ဒါတွေဟာ ဟော့ဂ်ဝပ်စ်မှာ ရှိတဲ့ အမှားကျူးလွန်တဲ့ တခြားလူတွေနဲ့ သူတို့ကို အပြစ်ပေးခဲ့တဲ့ မှတ်တမ်းတွေပဲ။

www.burmeseclassic.com

မင်တွေ မှိန်သွားတဲ့နေရာတွေနဲ့ ကြွက်ကိုက်လို့ ပျက်စီးကုန်တဲ့ ဓာတ်ပြားတွေ နေရာမှာ တို့ကမင်းကို အဲဒီမူခင်းတွေနဲ့ ပြစ်ဒဏ်တွေကို အသစ် ပြန်ကူးပေးစေချင်တယ်။ ပြီးတော့ ဒါတွေကို အက္ခရာ အစဉ်အတိုင်း ဖြစ်အောင်လည်း သေသေချာချာ လုပ်ပေးပြီး သေတ္တာဘူးတွေထဲကို ပြန်ထည့်ပေးရမယ်။ ဒါပေမဲ့ အဲဒီလို လုပ်ရာမှာ မင်း မှော်ပညာကို မသုံးရဘူး"

"ကောင်းပါပြီ ပါမောက္ခကြီး" ဟယ်ရီက သူ့အပေါ် လုပ်ရပ် အထင်အမြင်သေးတဲ့ အသံနဲ့ ငေါ့ပြောလိုက်တဲ့အပြင် သူ့စကားရဲ့ နောက်ဆုံး ဝဏ္ဏသုံးခုနေရာမှာ ပိုပြီး သိသာအောင် ဖိပြောလိုက်တယ်။

"မင်း စလုပ်လို့ ရပြီ ထင်တယ်" စနိပ်က မလိုတမာ အမုန်းပွားပြီး ပြုံးနေတဲ့ နှုတ်ခမ်းတွေနဲ့ ပြောလိုက်တယ်။ "သေတ္တာဘူး တစ်ထောင့်ဆယ့်နှစ်ခုကနေ တစ်ထောင့်ငါးဆယ်ခြောက်ခု အထိ ရှိတယ်။ အဲဒီအထဲမှာ မင်းမြင်ဖူးကြားဖူးပြီး အကျွမ်းတဝင်ဖြစ်နေမယ့် နာမည်တွေ ပါလိမ့်မယ်။ အဲဒါတွေက မင်းကို အလုပ်အပေါ်မှာ စိတ်ဝင်စားလာစေလိမ့်မယ်။ ကဲ–မင်း ဒီဟာကိုကြည့်"

ပြောပြီး စနိပ်က သေတ္တာဘူး အပုံကြီးရဲ့ ထိပ်ပိုင်း အပေါ်ဆုံးနေရာမှာ ရှိနေတဲ့ သေတ္တာဘူးတွေထဲက တစ်လုံးကို ဟန်ပါပါနဲ့ ဆွဲယူဖွင့်ပြီး၊ ကတ်ပြားကို ထုတ်ဖတ်ပြနေတယ်။

"ဂျိမ်းစ်ပေါ်တာနှင့် ဆီးရီးယတ်စ် ဘလက်။ ဘာထရန်အော်ဘရေးအပေါ် တရားမဝင် ဆဋ္ဌဂံကျိန်စာလက်နက် သုံးစွဲမှုဖြင့် ဖမ်းဆီးခံရ။ ဘာထရန်အော်ဘရေးရဲ့ ဦးခေါင်း သာမန်အရွယ်ထက် နှစ်ဆပိုကြီးသွား။ ခြေချုပ် ပြစ်ဒဏ်နှစ်ခုချမှတ်"

နောက် စနိပ်က သရော်ပြုံးနဲ့ ကြည့်လိုက်ပြီးမှ ပြောတယ်။ သူတို့ မရှိကြတော့ပေမဲ့ သူတို့ရဲ့ ဖန်တီးစွမ်းဆောင်ချက်အဖြစ် မှတ်တမ်းတင် ကျန်ရစ်ခဲ့တဲ့ ဒါကလေးတွေက စိတ်ဖြေသိမ့်စရာ ဖြစ်ရမှာပေါ့ကွာ"

ဟယ်ရီဟာ ကြုံခဲ့ဖူးတဲ့အတိုင်း သူ့ရဲ့ အစာအိမ်ဝမ်းခေါင်းထဲမှာ ဆူပွက်နေသလိုမျိုး ဝေဒနာတစ်ခုကို ခံစားလိုက်ရတယ်။ ဒါပေမဲ့ သူ စနိပ်ကို ခွန်းတုံ့မပြန်မိအောင် သူ့လျှာကို ကိုက်ထားလိုက်တယ်။ သူ သေတ္တာဘူးတွေ ရှေ့မှာ ထိုင်ချလိုက်ပြီး တစ်လုံးကို သူ့ဘက်ကို ဆွဲယူလိုက်တယ်။

ဒါဟာ ဟယ်ရီ ကြိုတင်မျှော်လင့်ထားတဲ့အတိုင်း အသုံးမဝင် ငြီးငွေ့စရာ ကောင်းတဲ့ အလုပ်တစ်ခု ဖြစ်ပြီး၊ စနိပ် ဖြောင်ကျကျနဲ့ အသေအချာ အကွက်ချ စီစဉ်ထားတာလည်း သိပ်ကို ထင်ရှားနေတယ်။ စနိပ်ဟာ ဟော့ဂ်ဝပ်စ်မှာ ထုံးစံအတိုင်း နှစ်ယောက်အတူတွဲပြီး အသေးအဖွဲ ပြစ်မှုလေးတွေ ကျူးလွန်လေ့ရှိတတ်တဲ့ သူ့အဖေနဲ့ ဆီးရီးယတ်စ်တို့ရဲ့ နာမည်တွေကို သူ့ကို တမင် ဖတ်ဖြစ်အောင် အတင်း ဖန်တီးလုပ်ယူခဲ့တာဖြစ်ပြီး၊ အဲဒါကြောင့် ဟယ်ရီဟာ သူ့ဗိုက်ထဲက ပစ္စည်းတွေ ခုန်ဆောင့်ပြီး အော်ဂလီဆန်သလို မသက်မသာ ခံစားလိုက်ရတာ ဖြစ်တယ်။

သူ့အဖေ ဂျိမ်းစ်ပေါ်တာနဲ့ ဆီးရီးယတ်စ်ဘလက်တို့ဟာ ရံဖန်ရံခါဆိုသလောက် ရီးမတ်စ်လူပင်နဲ့ ပီတာပတ်တီဂရူးတို့က အဖော်အဖြစ် လိုက်ပါပြီး ခုလို လုပ်ခဲ့ကြတယ်။ ဒီလိုနဲ့ ကျန်တဲ့ မျိုးစုံနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

အမှုတွေနဲ့ ပေးထားတဲ့ ပြစ်ဒဏ်တွေကို ကူးရေးနေဆဲမှာပဲ အပြင်မှာ ဘာတွေ ဆက်ဖြစ်နေသလဲ သိချင်စိတ်တွေ ကြွတက်လာတယ်။

ဒါကြောင့် ဟယ်ရီ တစ်ချက်ချက်မြည်ပြီး သွားနေတဲ့ နံရံပေါ်က နာရီကြီးကိုပဲ ကြည့်ပြီးရင်းကြည့်ရင်း ထပ်ကာထပ်ကာ ဖျတ်ခနဲ လှမ်းလှမ်းကြည့်နေမိတယ်။ အဲဒီနာရီဟာ ရိုးရိုးပုံမှန်နာရီတစ်လုံးမြန်တဲ့ အမြန်နှုန်းထက် တစ်ဝက်လောက်ပဲ မြန်သလို ထင်ရတယ်။ ဒါမှမဟုတ် နာရီကို အထူးတလည် နှေးကွေးအောင် စနိပ်က တမင်ပြုလုပ်ထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ သူ ဒီမှာ ရောက်နေတာ နာရီဝက်တောင် မရှိသေးသလို ဖြစ်နေတယ်။

ဒီလိုနဲ့ပဲ တစ်နာရီ။ ဟော တစ်နာရီခွဲ ကြာလာတယ်။ နံရံပေါ်က နာရီက ၁၂နာရီခွဲ နေရာမှာလည်း ပြနေရော ဟယ်ရီရဲ့ ဗိုက်ထဲမှာ တစ်ဂိုးဂိုး တစ်ဂွတ်ဂွတ်နဲ့ စဖြစ်လာပါတော့တယ်။

ဒီနောက် သူ့ကို အလုပ်ပေးပြီးကတည်းက လုံးဝ စကားမပြောတော့ဘဲ နေနေတဲ့ဟာ နေ့ ၁နာရီခွဲအချိန်မှာ သူ့ကို မော့ကြည့်လိုက်တယ်။

“မင်း လုပ်နိုင်မယ်လို့ ငါထင်တယ်။ ခု မင်းလုပ်ပြီးသွားတဲ့ နေရာကို အမှတ်အသား လုပ်ထား၊ နောက်စနေနေ့နံနက် ၁၀နာရီတိတိမှာ ဒီအလုပ်ကို မင်းပြန်စရမယ်” စနိပ်က အေးအေးဆေးဆေး ပြောလာတယ်။

“ဟုတ်ကဲ့ဆရာ”

ဟယ်ရီ ကျိုးနေတဲ့ ကတ်ပြားလေးတစ်ခုကို သေတ္တာဘူးထဲ ဖြစ်ကတတ်ဆန်း ထိုးသွင်းထည့်လိုက်ပြီး၊ စနိပ် စိတ်ပြောင်းသွားပြီး နောက်တစ်မျိုး ပြင်မပြောခင် တံခါးကနေ သုတ်သုတ်ကြီး အပြေးထွက်လာတယ်။

ဒုန်းစိုင်းပြီး တရိပ်ရိပ်ပြန်ပြေးလာရာက ကျောက်တုံးလှေကားထစ်တွေကို နင်းတက်သွားရင်း ကစားကွင်းကြီးဆီက အသံဗလံကလေးများ ကြားရလို ကြားရငြား သူ့နားတွေကို အားစိုက်နားထောင်ကြည့်တယ်။ ဘာသံဆို ဘာသံမှ မကြားရဘူး။ လုံးဝတိတ်ဆိတ်နေတယ်။ ဩော်– ကွစ်ဒစ်ချ် ပြိုင်ပွဲက ခုလောက်ဆို ပြီးသွားပြီကိုး။

မဟာခန်းမကြီးရှေ့မှာ သူတို့ဆိုင်းတို့ဆိုင်းနဲ့ ချီတုံချတုံ ဖြစ်နေတယ်။ နောက်တော့ စကျင်ကျောက်သားလှေကားအုံကြီးကို သူ ပြေးတက်သွားတယ်။ ဂရိုဖင်ဒေါ အသင်းနိုင်မှ နိုင်ပါ့မလား။ အနိုင်လား၊ အရှုံးလား၊ ဘာပဲဖြစ်ဖြစ် အသင်းတွေဟာ ပြိုင်ပွဲပြီးရင် သူတို့ဆိုင်ရာ ကျောင်းသားများ နားနေခန်းတွေထဲမှာ အောင်ပွဲခံ အခမ်းအနားကလေး ကျင်းပရင် ကျင်းပ၊ ဒါမှမဟုတ် တစ်ယောက်ကို တစ်ယောက် နှစ်သိမ့်အားပေးနေကြမြဲမဟုတ်လား။

အပျိုမကြီး ဒေါ်ဝဖြီး ပုံတူပန်းချီကားကြီးကို မဝံ့မရဲကလေး အစမ်းပြောကြည့်လိုက်တယ်။

www.burmeseclassic.com

"ကွစ်အေဂျစ်စ် (ကွစ်ဒစ်ချ်ပြိုင်ပွဲ အခြေအနေ ဖြေပါလေ)"အထဲမှာ ဘာတွေ ဖြစ်နေလဲ၊ သူဘာမြင်ရမလဲ ရင်တထိတ်ထိတ်နဲ့ သိချင်နေတယ်။

အရေးထဲ အပျိုမကြီး ဒေါ်ဝဖြိုးက ကြည့်မကောင်းတဲ့ အမူအရာတွေ လုပ်နေသေးတယ်။ ဖြေတော့လည်း "မင်းမြင်မှာပေါ့"တဲ့။ ဒါပေမဲ့ သူဟာ ရှေ့ဘက်ကို လွှဲယမ်းပြီး ဝင်နိုင်အောင် လမ်းဖယ်ပေးလိုက်တယ်။ ဒီမှာတင် သူမရဲ့ နောက်ဘက်က ပွင့်သွားတဲ့ အပေါက်ကြီးကနေ အခမ်းအနား ကျင်းပနေတဲ့ အသံကြီးပေါက်ကွဲဟိန်းထွက်လာတယ်။

သူရှိတဲ့ နေရာကို လူတွေရောက်လာပြီး စူးစူးဝါးဝါး အော်ဟစ်မြူးထူးနေကြတဲ့ အချိန်အထိ သူတို့ကို ကြည့်ပြီး ဟယ်ရီ ပါးစပ်အဟောင်းသားနဲ့ အံ့အားကြီး သင့်နေတယ်။ နောက်တော့ လက်တွေ.... လက်တွေ အမြောက်အမြားကြီးက သူ့ကို အခန်းထဲကို ဆွဲခေါ်သွားတယ်။

"တို့ နိုင်တယ်"

ရွန်က အားပါးတရ ကြုံးအော်ပြီး မြင်ကွင်းထဲကို ခုန်ပေါက်ဝင်လာတယ်။ သူ့လက်ထဲက ငွေသားဆုဖလားကြီးကိုလည်း ဟယ်ရီ့ကို ဝှေ့ယမ်းမြှောက်ပြလိုက်တယ်။ "ငါတို့ အမှတ် ၄၅၀နဲ့ အပြတ်အသတ် နိုင်လိုက်တာ။ သူတို့က အမှတ် ၁၄၀ ပဲ ရတယ်။ နိုင်ပြီ နိုင်ပြီ၊ တို့နိုင်ပြီကွ"

ဟယ်ရီက ဘေးပတ်လည်ကို လှည့်ကြည့်လိုက်တယ်။ ဂျင်နီသူ့ဆီကို ပြေးလာနေတာ မြင်ရတယ်။ မာကျောတောက်လောင်နေတဲ့ အကြည့်ကို သူမရဲ့ မျက်နှာပေါ်မှာ မြင်ရချိန်မှာပဲ ဂျင်နီက သူ့ကို ပြေးဖက်လိုက်တယ်။ ဒီမှာတင် ဘာမှ တွေးမနေတော့ဘဲ၊ ဘာအစီအစဉ်မှ မရှိဘဲ၊ လူပေါင်း အယောက်၅၀လောက် သူတို့ကို ဝိုင်းကြည့်နေတဲ့အတွက်လည်း ဘာစိုးရိမ်ပူပန်မှုမှ မရှိဘဲ ဟယ်ရီက ဂျင်နီ့ကို နမ်းပစ်လိုက်ပါတော့တယ်။ အချိန်အတော်ကလေး ကြာသွားပြီးတဲ့နောက်၊ ဒီလိုမပြောရင် နာရီဝက်တိတိလောက် ကြာသွားပြီးတဲ့ ဒါမှမဟုတ် ဖြစ်နိုင်မယ်ဆိုရင် နေသာတဲ့ ရက်ပေါင်းများစွာ ကြာသွားပြီးတဲ့နောက်မှ သူတို့နှစ်ယောက် လူချင်းခွာလိုက်ကြတယ်။

တစ်ခန်းလုံးလည်း တိတ်ဆိတ်သွားတယ်။

နောက်တော့ လူပေါင်းများစွာက ရှိုးခနဲ လေချွန်ပြီး သူတို့ကို ဩဘာပေးလိုက်သံနဲ့ တစ်ဆက်တည်း ခိုးခိုးခစ်ခစ် ဟီးဟီးဟားဟား ဟီလာတိုက် ရယ်မောသံတွေ အခန်းထဲမှာ ပြည့်သွားတယ်။ ဟယ်ရီ ဂျင်နီ့ပခုံးပေါ်က ကျော်ပြီး ဒင်းသောမတ်စ်ကို ကြည့်လိုက်တော့ လက်ထဲမှာ မျက်မှန်အကွဲကို ကိုင်ထားတဲ့ ဒင်းကို တွေ့ရတယ်။ ရိုမီလ်ဒါဗန့်စ်ကိုလည်း တွေ့ရပြီး သူမဟာ တစ်ခုခုကို လွှင့်ပစ်မလိုလို လုပ်နေတယ်။

ဟာမီယွန်က ပြုံးနေတယ်။ ဟယ်ရီ ရွန့်ကို အမိအရ တစ်ကျော့ပြန်ရှာကြည့်လိုက်တော့ သူ့လက်ထဲမှာ ငွေဖလားကြီးကို ကိုင်ထားဆဲဖြစ်ပြီး "မင်း ခေါင်းကို ဒါကြီးနဲ့ ထုရလိမ့်မယ်ကွ"ဆိုတဲ့ အမူအရာမျိုး သူ့ကို လုပ်ပြနေတယ်။ စက္ကန့်ပိုင်းကလေးမျှကြာအောင် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြပြီးမှ ရွန်က သူ့ခေါင်းကို မသိမသာကလေး ဆတ်ပြလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ နားလည်လိုက်တာကတော့-

"အေးပါကွာ၊ မင်းက ဖြစ်သပဆိုရင်လည်း ရပါတယ်"ပဲ။

သူ့ရင်ထဲက သတ္တဝါကြီးက သူ အောင်ပွဲခံလိုက်ပြီ ဖြစ်ကြောင်း ကြုံးဝါးနေတယ်။ သူ ဂျင်နီ့ကို အပြုံးနဲ့ ငုံ့ကြည့်ပြီး စကားလုံးနဲ့ စကားမပြောဘဲ ပုံတူပန်းချီကားကြီး အပေါက်ရဲ့ အပြင်ဘက်ဆီကို လက်ဟန်ပြလိုက်တယ်။ မြေပြင်ပေါ်မှာ သူတို့နှစ်ယောက်အကြာကြီး လမ်းလျှောက်နေပုံက သူတို့မှာသာ အချိန်ရှိခဲ့ရင် သူတို့ အနေနဲ့ ကွစ်ဒစ်ချ်ပြိုင်ပွဲအတွက် ဆွေးနွေးခဲ့ကြမယ့် သဏ္ဍာန်လေးကို ဖော်ညွှန်းနေပါတယ်

ဂဂဂဂဂဂဂဂဂဂဂ

အခန်း (၂၅)
နားစွန်နားဖျား တစ်ဝက်တစ်ပျက် ကြားခဲ့ရတဲ့
ရှေ့ဖြစ်ဟောစာတမ်း

ဂျင်နီဝက်စလေကို ခေါ်ပြီး သူမနဲ့အတူ ဟယ်ရီပေါ်တာ အပြင်ကို သွားခဲ့တဲ့ ဖြစ်ရပ်မှန် သတင်းဟာ လူပေါင်းအမြောက်အမြား၊ အဲ-တစ်ခါ သူတို့ထဲမှာမှ မိန်းကလေးတွေ အများစုကြီးအတွက် ဇရာမစိတ်ဝင်စားစရာ သတင်း ဖြစ်သွားပါတယ်။ ဒါတင်မကဘဲ ဟယ်ရီကိုယ်တိုင် နောက် သီတင်းပတ်တွေ အနည်းငယ်အတွင်းမှာ အဖျင်းသတင်းတွေ မကြားနိုင် ယိုစိမ့်မဝင်နိုင်တဲ့ ပျော်ရွှင်မှု အသစ်ကို ရရှိနေသူအဖြစ် ခံယူထားပါတယ်။

အဆုံးမှာတော့ ဒီအချက်က သူ့ကို ပြောစမှတ် ဖြစ်လောက်အောင် အလွန်မှကို နှစ်သက်မြတ်နိုးစရာ အပြောင်းအလဲ တစ်ခုလည်း ဖြစ်သွားပါတယ်။ အကြောင်းကတော့ တချို့ဖြစ်ရပ်တွေဟာ သူမှတ်မိသမျှ ရှည်ကြာလှတဲ့ ကာလတွေထက် သူတို့ပိုမို ပျော်ရွှင်အောင် ဖန်တီးနိုင်ခဲ့တဲ့အပြင်၊ အဲဒီကာလအတွင်း သူဟာ ထိတ်လန့်တုန်လှုပ်စရာ ကြောက်မက်ဖွယ် ဖြစ်ရပ်တွေမှာ ကိုယ်တိုင်ပါဝင် ပတ်သက်ခဲ့ပြီးမှ လွန်မြောက်လာနိုင်ခဲ့လို့လည်း ဖြစ်ပါတယ်။

"လူတွေဟာ အတင်းအဖျင်းတွေ ရောက်တတ်ရာရာ ပြောတာကို နင် အဟုတ်မှတ်ပြီး ကောင်းတယ်လို့ ထင်နေတယ်"

ကျောင်းသားများ နားနေခန်းထဲက ကြမ်းပြင်ပေါ်မှာ ဟယ်ရီရဲ့ ခြေထောက်တွေကို မှီထိုင်ပြီး တမန်တော်နေ့စဉ် သတင်းစာကို ဖတ်နေရင်း ဂျင်နီက ပြောလိုက်တယ်။ "ဒီတစ်ပတ်အတွင်း စိတ်ရူးပေါက် စုန်းများ တိုက်ခိုက်မှု သုံးကြိမ် ဖြစ်ပွားတယ်တဲ့။ နောက်ပြီး ရိုမီဒါလ်ဗိန်းက မေးတယ်။ နင့်ရင်ဘတ်တွေပေါ်မှာ လင်းယုန်ငှက်ခေါင်းနဲ့ အတောင်ပံပါတဲ့ ဒဏ္ဍာရီထဲက မြင်းပျံကြီး တစ်ကောင်ရဲ့ ပုံ ဆေးမင်ကြောင်တွေ ထိုးထားတယ်ဆိုတာ မှန်သလားတဲ့"

www.burmeseclassic.com

အနားက ရွှန်နဲ့ ဟာမီယွန်တို့ နှစ်ယောက်က ဟားတိုက်ရယ်ပစ်လိုက်ကြတယ်။ ဟယ်ရီကတော့ သူတို့ ရယ်တာကို မသိချင်ယောင်ဘဲ ဆောင်နေလိုက်တယ်။

"နင်က သူမကို ဘာပြောလိုက်သလဲ"

"အို ဟန်ဂေရီတိုင်းပြည်က အမြီးရှည်ကြီးထိပ်မှာ ချိုပေါက်နေတဲ့ သတ္တဝါကြီး"ဂျင်နီက သတင်းစာ နောက်တစ်မျက်နှာကို ပျင်းရိပျင်းတွဲနဲ့ လှန်ရင်း ထပ်ပြောတယ်။ "ယောကျ်ားပီသလို့"

"ကျေးဇူးပါပဲ ဂျင်နီ၊ ဒါနဲ့ နင် သူမကို ရွှန့်ဆီမှာ ဘာဆောင်ထားတယ် ဆိုတာရော ပြောလိုက်သေးလား"

"ပစ်ဂမီအလုံးလေးလို့၊ ဒါပေမဲ့ ငါ အဲဒီမှာ ငါ မပြောခဲ့ပါဘူး"နောက် ဟာမီယွန်က လှိမ့်ရယ်နေလို့ ရွှန့်မျက်နှာကြီး ပုပ်ပြထားလိုက်တယ်။ ပြီးတော့ ရွှန်က ဟယ်ရီနဲ့ ဂျင်နီကို လက်ညှိုးထိုးပြီး "သတိထား ငါက မင်းတို့ကို ခွင့်ပြုချက် ပေးထားပြီး ဖြစ်နေလို့နော်၊ ဒါပေမဲ့ အဲဒါကို အချိန်မရွေး ပြန်မရုပ်သိမ်းနိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူး"သတိပေးလိုက်တယ်။

"ဘာ... နင့်ခွင့်ပြုချက် ဟုတ်လား၊ ဘယ်တုန်းက နင်ငါ့ကို ခွင့်ပြုချက် ပေးခဲ့ရလို့လဲ။ နင့်ဘာသာနင်ပဲ ပြောတယ်လေ။ မိုက်ကယ်တို့၊ ဒင်းတို့ထက်စာရင် ဟယ်ရီက တော်သေးတာပေါ့လို့ နင်မပြောဘူးလား"ဂျင်နီကလည်း ပြန်တွယ်လိုက်တယ်။

"အေးပါ ငါပြောခဲ့တယ်ပဲ ထားလိုက်ပါတော့။ ဒါပေမဲ့ နင်တို့ တစ်ယောက်နဲ့ တစ်ယောက် လူလယ်ကောင်မှာ ဖက်နမ်းတာမျိုးသာ လာမလုပ်နဲ့ ငါခွင့်ပြုတယ်" ရွှန်က သူ့ဒေါသကို ချုပ်တည်းထားပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ ပြောလိုက်တယ်။

"လာလာချည်သေးတယ်။ နင်ဟာ တော်တော်ညစ်ပတ်တဲ့ ကြောင်သူတော် ကြွက်သူခိုးပဲဟဲ့... ဟင်။ နင်နဲ့ လာဗင်ဒါ တွေ့သမျှ နေရာမှာ ငါးရှဉ့်နှစ်ကောင်လို လိမ်ပတ်ပြီး ဆွဲလားယမ်းလား လုပ်နေတာကျတော့ ထည့်မပြောဘူးလား"ဂျင်နီ ဆတ်ဆတ်ခါ နာသွားပြီး တန်ပြန်ထိုးနှက်လိုက်တယ်။

ဒါပေမဲ့ ရွှန်ရဲ့ သည်းခံနိုင်ရည်ရှိမှုကို သိပ်ကြာကြာ မစမ်းသပ်လိုက်ရပါဘူး။ ဇွန်လဲထဲအရောက်မှာတင် ဟယ်ရီနဲ့ ဂျင်နီတို့နှစ်ယောက် အတူတူ တစ်ပူးတွဲတွဲ လုပ်မှုဟာ ပိုပိုတိုးပြီး ကန့်သတ်ချုပ်ချယ်ခံလာ ရပါတော့တယ်။ ဂျင်နီရဲ့ အိုဒဗလျူအယ်လ် စာမေးပွဲ ချဉ်းကပ်လာပြီဖြစ်လို့ သူမအနေနဲ့ ညဘက်တွေမှာ နာရီပေါင်းများစွာ လေ့လာဖတ်ရှုနေရတယ်။

အလားတူ ညနေခင်းကလေး တစ်ခုမှာတော့ ဂျင်နီက စာကြည့်တိုက်မှာ အေးအေးဆေးဆေး စာကြည့်အနားယူဖို့ ထွက်လာတယ်။ ဒီအချိန်မှာ ဟယ်ရီက ကျောင်းသားများ နားနေခန်းရဲ့ ပြတင်းပေါက်ဘေးမှာ ထိုင်ရင်း သူ့ရဲ့ အိမ်စာ မှော်ဆေးဖက်ဝင်အပင်များ လေ့လာပိုင်နိုင်နှံ့စပ်မှု ဘာသာရပ်သင်ခန်းစာကို အဆုံးသတ်ဖို့ လုပ်နေတယ်။ ဒါပေမဲ့ အဲဒါဟာ ဟန်ပြသာဖြစ်ပြီး တကယ်မှာ

www.burmeseclassic.com

သူက အကြီးအကျယ် ပျော်ရွှင်ခဲ့ရတဲ့ နေ့လယ်စာ စားချိန်တစ်ချိန်မှာ ဂျင်နီနဲ့အတူ ရေကန်ဘေးမှာ အချိန်ကုန်ဆုံးခဲ့တာလေးကို ပြန်လည်ခံစားကြည်နူးနေတာ ဖြစ်ပါတယ်။

ဟာမီယွန်က သူနဲ့ရွှန်နှစ်ယောက်ကြားကို ဝင်လာပြီး ထိုင်ချလိုက်တယ်။ သူမရဲ့ မျက်နှာပေါ်မှာ မရွှင်ပျတဲ့ အရိပ်လက္ခဏာ တစ်ခု ဖုံးနေတယ်။

"ငါနင်နဲ့ စကားပြောချင်တယ် ဟယ်ရီ"

"ဘာပြောမှာလဲ" ဟယ်ရီက ဇဝေဇဝါ သံသယဖြစ်ပြီး ပြန်မေးလိုက်တယ်။ ပြဿနာဆိုလို့ အရင်တစ်နေ့က ဂျင်နီ သူမရဲ့ စာမေးပွဲအတွက် အပြင်းအထန် ကြိုးစားကျက်မှတ်နေချိန်မှာ အာရုံပျက်အောင် အနှောင့်အယှက် ပေးရကောင်းလား ဆိုပြီး ဟာမီယွန် သူ့ကို ဆူပူကြိမ်းမောင်းခဲ့တာပဲ ရှိတယ်။

"အဲဒီ သွေးတစ်ဝက်မင်းသားလို့ဆိုတဲ့ လူကိစ္စပဲ"

"ဟာ ခက်ပါလား၊ အဲဒါကို ထပ်မပြောပါနဲ့လို့ဆို၊ ကျေးဇူးပြုပြီး ဆက်မပြောပါနဲ့။ တော်ပါတန်ပါတော့ ဟာမီယွန်" ဟယ်ရီက စိတ်ပျက်ညည်းသံနဲ့ ပြောလိုက်တယ်။

သူ သူ့ရဲ့ စာအုပ်ကို ပြန်ယူဖို့ ကွက္ခာသယခန်းကြီးကို ပြန်မသွားရဲဘဲ ဖြစ်နေတယ်။ သူ့ရဲ့ ဆေးဖော်စပ်မှုကလည်း အဲဒီ စာအုပ်ကြီးအပေါ်မှာပဲ အတော်ကြီး မူတည်နေတယ်။ ပက်ကျီချိုကိုယ်တိုင်က ရယ်ရွှန်းပတ်ရွှန်းနဲ့ ပြောပြီး ဂျင်နီ့အတွက် သူ အချစ်နာကျနေလို့သာ ဒီဆေးရည်ကို ဖော်စပ်နိုင်တာလို့ မှတ်ယူနေပေမဲ့၊ စနိပ်ကတော့ လက်မလျှော့ဘဲ သူ့ဆီက စာအုပ်ကြီး ထွက်မလာမချင်း ဆက်ပြီး လက်ဝါးဖြန့်တောင်းနေဦးမှာ သေချာနေတယ်။

ဒါကြောင့် စနိပ်သူ့ကို သတိထား စောင့်ကြည့်နေသမျှ ကာလပတ်လုံး စာအုပ်ကြီးက ကွက္ခာသယခန်းကြီးထဲက သူရှိနေတဲ့ နေရာ ဆက်ပြီး ပေယျာလကန် လုပ်ထားလိုက်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။

"ငါကတော့ မရပ်နိုင်ဘူး ဆက်ပြောရမှာပဲ" ဟာမီယွန်က ခပ်တင်းတင်း မာမာ ပြောလိုက်တယ်။ "နင် ငါ့စကားကို နားမထောင်မချင်း ဆက်ကို ပြောမယ်ဟယ်။ ခုဆိုရင် အဲဒီအောက်လမ်း မှော်မန္တန်ကို တီထွင်ဖို့ ဝါသနာ ဖြစ်လာအောင် လုပ်နိုင်တဲ့ လူဟာ ဘယ်သူဖြစ်နိုင်မလဲလို့ ဖော်ထုတ်ဖို့ ကြိုးစားနေတယ်"

"အဲဒါလုပ်ဖို့ ဝါသနာဖြစ်လာအောင် သူလုပ်တာ မဟုတ်ဘူး"

"သူ လုပ်တာ မဟုတ်ဘူး။ သူ ဟုတ်လား။ ဒါဖြင့် အဲဒီသူဆိုတဲ့ သူက ဘယ်သူလဲ"

"ငါတို့ မှော်ဝိဇ္ဇာအကြောင်းကို ပြောနေတာလေ၊ မှော်ဝိဇ္ဇာ"ဟယ်ရီက ကြားဖြတ်ပြီး အော်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ" ဟာမီယွန်ရဲ့ ပါးပြင်နဲ့ မျက်နှာတစ်ခုလုံး နီရဲလာတယ်။ သူမက အတော့်ကို ဟောင်းနွမ်းနေပြီဖြစ်တဲ့ သတင်းစာ စာရွက်တစ်ရွက်ကို သူမရဲ့ အိတ်ကပ်ထဲက ဆွဲထုတ်ပြီး ဟယ်ရီရဲ့ ရှေ့က စားပွဲပေါ်ကို ဖြန်းခနဲမြည်အောင် လက်ဝါးနဲ့ရိုက်ချပြီး တင်လိုက်တယ်။ ပြီးတော့ "ကဲ– ဒီမှာကြည့်၊ အဲဒီပုံကိုကြည့်လိုက်စမ်းပါ" လို့ စူးစူးဝါးဝါး ပြောလိုက်တယ်။

ဟယ်ရီ စုတ်ပြဲပဲ့ရွဲ့နေတဲ့ သတင်းစာ စာရွက်အပိုင်းကို ကောက်ယူပြီး ကြာပြီဖြစ်လို့ ဝါးတားတား ဖြစ်နေတဲ့ သတင်းစာထဲ လှုပ်ရှားနေတဲ့ ဓာတ်ပုံကို အသေအချာ စိုက်ကြည့်လိုက်တယ်။ ရွန်ကလည်း ရှေ့ကို ကိုင်းပြီး ကြည့်လိုက်တယ်။ ဓာတ်ပုံထဲမှာ အသက်၁၅နှစ် ပတ်ဝန်းကျင်လောက် ရှိမယ့် ပိန်ကပ်ကပ် မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်။ ရုပ်ကမလှဘူး။ မျက်ခုံးထူထူနဲ့ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ ကောင်မလေးဟာ တစ်ချိန်တည်းမှာ စိတ်ဆိုးကျွဲမြီးတိုပြီး သူမရဲ့ မျက်နှာကို စူပုပ်ထားတယ်။ ဓာတ်ပုံရဲ့ အောက်ကပုံစာကို ကြည့်လိုက်တော့ "အယ်လင်ပရင့်စ်၊ ဟော့ဂ်ဝပ်စ်ကျောင်း ဂေါ့ဘ်စတုန်း အသင်းခေါင်းဆောင်"တဲ့။

"အဲဒီတော့ ဘာဖြစ်သလဲ" ပြောပြီး ဟယ်ရီက အဲဒီဓာတ်ပုံနဲ့ဆိုင်တဲ့ သတင်းတိုကလေးကို ကမန်းကတန်း သာမန်ကာလျှံကာ ဖတ်ကြည့်လိုက်တယ်။ သတင်းက တကယ့်ကို ဘာမှ စိတ်ဝင်စားစရာ မကောင်းတဲ့ ကျောင်းကစားပြိုင်ပွဲ သတင်း ဖြစ်နေတယ်။

"သူမရဲ့ နာမည်က အယ်လင်ပရင့်စ်တဲ့၊ ပရင့်စ်နော် ဟယ်ရီ"

သူတို့တွေ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြတယ်။ ဟယ်ရီက ဟာမီယွန်ဘာပြောချင်သလဲဆိုတာကို သဘောပေါက်သွားတယ်။ ဒီမှာတင် သူ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချလိုက်တယ်။

"ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဘာ"

"နင်က သူမကို သွေးတစ်ဝက်မှော်ဝိဇ္ဇာလို့ ထင်နေတာလား၊ လုပ်ချလိုက်ပြန်ပြီ"

"အေးလေ ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ မှော်လောကကြီး တစ်ခုလုံးထဲမှာ တကယ် မှော်ဝိဇ္ဇာအစစ် ဆိုတာတွေမှ မရှိဘဲ။ ဒါဟာ နာမည်ပြောင်တစ်ခု ဖြစ်ရင်လည်း ဖြစ်မှာပေါ့။ တချို့က သူတို့ကိုယ်သူတို့ အဲဒီလိုမျိုး နာမည်ပေးတတ်ကြတယ်လေ။ ဒါမှ မဟုတ်ရင်လည်း အဲဒါတွေဟာ သူတို့ရဲ့ နာမည်ရင်းတွေ ဖြစ်ရင်ဖြစ်မှာပေါ့။ မဖြစ်နိုင်ဘူးလား။ မဟုတ်သေးဘူး။ ဒီမှာနားထောင် တကယ်လို့ သူမရဲ့ အဖေက မှော်ဆရာတစ်ယောက်ဖြစ်ပြီး၊ သူ့ရဲ့ မိသားစုနာမည်က ပရင့်စ်လို့ ဖြစ်နေခဲ့ရင်ကော။ ပြီးတော့ သူမရဲ့အမေက သာမန်ရိုးရိုး မတ်ဂဲလ်တစ်ယောက်ဖြစ်လို့ သူမကို သွေးတစ်ဝက်မှော်ဝိဇ္ဇာလို့ ခေါ်တာဆိုရင်ကော"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ… နင်ကလည်း ရှိုးလိုက်တုံးလိုက်တာဟာ"

"ထားပါ၊ အဲဒါမှ မဟုတ်သေးဘူးဆိုရင် သူမက သွေးတစ်ဝက်မှော်ဝိဇ္ဇာအဖြစ် ဂုဏ်ယူ မောက်ကြွားနေတာရော ဖြစ်နိုင်တယ်လေ"

"ဒီမှာ ငါပြောမယ် ဟာမီယွန်၊ အဲဒီလူဟာ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ ငါပြောနိုင်တယ်။ ငါ အတိအကျကို ပြောနိုင်တယ်ဟယ်"

"အဖြစ်မှန်ကြီးတစ်ခုကို နင်က ငါတော့ မိန်းကလေးတစ်ယောက်လို့ မထင်ဘူးဆိုရုံနဲ့ ပြီးပစ်လိုက်ရမှာလား" ဟာမီယွန်ကပြောရင်း ဒေါသထွက်လာတယ်။

"ငါဟာ နင်နဲ့ နင့်အနားမှာ ငါးနှစ်လောက်ကြာအောင် တစ်ရစ်ဝဲဝဲ တစ်ပူးတွဲတွဲ အတူနေလာခဲ့တာ။ မိန်းကလေးတွေတော်တယ် ပါးနပ်တယ်လို့လည်း ငါမထင်ခဲ့ပါဘူး" ဟယ်ရီက အနားပေါ်တုတ်ကျပြီး ပြန်ပြောလိုက်တယ်။ "ဒါက သူရေးခဲ့တဲ့ နည်းလမ်းပဲ၊ ငါ အတိအကျ ပြောနိုင်တာက သူဟာ လူတစ်ယောက်ဖြစ်တယ်။ မိန်းကလေးတွေ သူလို ဘယ်သူမှ မလုပ်နိုင်ဘူး။ ဒါနဲ့ နင်ဒါကို ဘယ်ကရလာတာလဲ"

"စာကြည့်တိုက်က" ဟာမီယွန်က ချိန်ချိန်ဆဆနဲ့ ပြောလိုက်တယ်။ "အဲဒီမှာ ရှေ့ဖြစ်ဟောသူ လူဟောင်းတွေနဲ့ ပတ်သက်သမျှ အားလုံး စုဆောင်းထားတယ်။ ကောင်းပြီလေ၊ ငါကတော့ အယ်လင်ပရင့်စ်အကြောင်းကို ငါတတ်နိုင်သမျှ ဒါထက်ပို သိရှိဖော်ထုတ်သွားနိုင်မှာပဲ"

"အဲဒါကတော့ နင့်သဘောပဲ ကြိုက်သလိုသာ လုပ်ပေတော့"ဟယ်ရီက စိတ်တိုတိုနဲ့ ပြောပစ်လိုက်တယ်။

"စိတ်ချ ငါကလည်း လုပ်ကို လုပ်မှာပဲ"ပြောပြီးတာနဲ့ ဟာမီယွန် ထွက်သွားပြီး ပုံတူပန်းချီကား အပေါက်ကြီးနေရာကို ရောက်မှ ဟယ်ရီ့ဆီကို ပြန်လှည့်ပြီး လှမ်းပြောတယ်။ "ပထမဆုံး ငါစရာကြည့်မယ့် နေရာမှာ က္ကန္ဒဇာလဆေးရည်နဲ့ ပတ်သက်ပြီး ပေးခဲ့တဲ့ ဆုမှတ်တမ်း…. ဆုမှတ်တမ်းတွေပဲ"

ဟယ်ရီက ဟာမီယွန့်ကို အတော်ကြာအောင် မျက်မှောင်ကြုတ်ပြီး လိုက်ကြည့်နေပြီးမှ အမှောင်ပျိုးလာမှုနဲ့အတူ စိတ်အေးလက်အေး ဆက်ပြီး တွေးတောကြံဆနေတယ်။

"သူမအနေနဲ့ က္ကန္ဒဇာလဆေးရည်တွေနဲ့ ပတ်သက်လို့ မင်းထက် ဘယ်တော့မှ အသာမရပါဘူးကွာ"ရွန်က ပြောပြီး သူ့စာအုပ်ထဲက 'မှော်ဆေးဖက်ဝင်အပင် တစ်ထောင်နှင့်မှိုပင်များ'နေရာကို လှန်လိုက်တယ်။

"အဲဒီစာအုပ်ကို ငါ ပြန်လိုချင်နေတာအတွက် ငါ ရူးနေပြီလို့ မင်းမထင်ဘူးလား၊ ထင်သလား"

"ထင်စရာ အကြောင်းမှ မရှိဘဲ"ရွန်က ခိုင်ခိုင်မာမာ အားတက်သရော ပြောလိုက်တယ်။ "သူက ပါရမီရှင်တစ်ယောက်ပဲ။ ဝိဇ္ဇာလေ။ အဲဒီအထဲက သူ့ရဲ့ တကယ့်လက်တွေ့ အသုံးကျတဲ့

www.burmeseclassic.com

အကြံပြုချက်မှတ်စုကလေးတွေ မပါဘဲနဲ့လည်း တစ်နည်းနည်းနဲ့တော့.........”ရွှန်က ဆက်ပြောရင်း အဲဒီနေရာမှာ လည်ပင်းကို ဖြတ်သလိုမျိုး၊ သူ့ လက်ချောင်းတွေကို သူ့လည်ပင်းပေါ်မှာ ကန့်လန့်ဖြတ် ဆွဲပြလိုက်ပြီးမှ“ငါ ဒီမှာ အဲဒီအကြောင်းကို ပြောမလို့ မဟုတ်ပါဘူးကွာ၊ ပြောရမှာလား၊ ငါဆိုလိုတာကကွာ၊ မင်း မော်လ်ဖွိုင်းကို ဆော်နှက်ခဲ့တဲ့ အဲဒီမန္တန်ဟာ သိပ်ကြီးကျယ်အစွမ်းထက်တဲ့ မန္တန်လို့ မင်းကိုငါ ပြောတာ မဟုတ်ဘူး”လို့ ပြောလိုက်တယ်။

“ဒါဖြင့် ငါက စွမ်းတယ်ပေါ့ ဒီလိုလား” ဟယ်ရီက ကမန်းကတန်း ပြောလိုက်တယ်။

“ဒါလည်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူအခု အနာတွေ ကျက်ပြီး အားလုံး ပြန်ကောင်းသွားပြီ။ သူဘာကြောလို့လဲ ချက်ချင်း ပြန်လမ်းလျှောက်နိုင်နေပြီလေကွာ”

“အေး ဟုတ်တယ်ကွ” ရွှန့်စကားက လုံးဝဥဿုံ အမှန်စကား ဖြစ်နေတဲ့အတွက် သူရှက်ကိုးရှက်ကန်းလေး ဖြစ်သွားတယ်။ “စနိပ်ရဲ့ ကျေးဇူးပေါ့ကွာ”လို့ သူက ပြောလိုက်တယ်။

“မင်း ဒီစနေနေ့မှာ ခြေချုပ်ဆက်ခံရဦးမှာပဲလား”ရွှန်က မေးလိုက်တယ်။

“အေးကွ၊ အဲဒီလာမယ့် စနေရော၊ နောက်စနေရော၊ နောက်နောက်နောက် စနေတွေရော၊ စနေပြီးစနေပါပဲကွာ” ဟယ်ရီက ပြောပြီး သက်ပြင်းချလိုက်တယ်။ “နောက် ခု သူက စကားဦးသန်းထားသေးတယ်ကွ။ ဒီနှစ်ကုန်တဲ့အထိ အဲဒီသေတ္တာဘူးတွေကို ငါပြီးအောင် အကုန်မလုပ်နိုင်ရင် တို့နောက်နှစ်ဆက်ပြီး လုပ်ကြတာပေါ့ကွာတဲ့” ဟယ်ရီက ထပ်ပြောလိုက်တယ်။

ဟယ်ရီဟာ ခြေချုပ်ထိန်းသိမ်းခံရတဲ့ ရက်တွေကို ဒေါသထွက်စရာကောင်းလောက်အောင် ခံနေရတယ်။ အကြောင်းကတော့ စနိပ်ဟာ သူဂျင်နီနဲ့ အတူရှိနေခွင့်ရမယ့် အချိန်တွေကိုပါ ကန့်သတ်ထားသလို ဖြစ်နေလို့ပဲ။ တစ်ခါတစ်ခါတော့ သူ စဉ်းစားကြည့်တယ်။ စနိပ်ဟာ ဒီအကြောင်းကို မသိများမသိလေသလားလို့။ စနိပ်က သူ့ဘေးမှာ တစ်ချိန်လုံးလုံး ရှိနေခြင်းဟာ သူ့ကို သာယာနွေးထွေးတဲ့ ရာသီဥတုကို မခံစားရနိုင်အောင်နဲ့ သူရဖို့ ဖန်တီးလာတဲ့ အခွင့်အလမ်းပေါင်းစုံကို လက်လွတ်အောင် လုပ်နေတာပဲလို့လည်း ဟယ်ရီထင်လာတယ်။

ဟယ်ရီဟာ ဒီဆိုးဝါးတဲ့ ခါးသီးဖွယ်ရောင်ပြန်ဟပ်မှုတွေကို စဉ်းစားနေရင်းမှာပဲ သိုးသားရေ ပုရပိုဒ်တစ်လိပ်ကို ကိုင်ဆောင်ပြီး သူ့ဘေးကို ရောက်ရှိလာတဲ့ ဂျင်မီပိကက်စ်ကြောင့် လန့်ပြီး တုန်သွားပါတယ်။

“ကျေးဇူးပဲဟေ့ ဂျင်မီ..... ဟေး ဒါ ဒမ်းဘဲလ်ဒိုးဆီကပဲကွ” ဟယ်ရီဟာ ပြောရင်း ပုရပိုဒ်လိပ်ကို ဖြန့်ပြီး သေသေချာချာ ဖတ်ကြည့်လိုက်တယ်။

“သူက ကျုပ်ကို သူ့ရုံးခန်းဆီ မြန်နိုင်သမျှ အမြန်ဆုံး အမြန်လာစေချင်နေတယ်”

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုဟာကြီးလဲ" ရွန်က တိုးတိုးကလေး လေသံနဲ့ ကပ်ပြောလိုက်တယ်။ "သူ ရှာမတွေ့လို့များလား၊ မင်းမသိဘူးလား"လို့လည်း ထပ်ပြောတယ်။

"သွားကြည့်တာပဲ ပိုကောင်းမယ်၊ ငါ သွားမယ်ကွာ"ဟယ်ရီ နေရာက ခုန်ထလိုက်တယ်။ ပြီး ကျောင်းသားများ နားနေခန်းထဲကနေ တလုစ်လုစ် ပြေးထွက်၊ သတ္တမထပ်အတိုင်း မြန်နိုင်သမျှ အမြန်ဆုံးနှုန်းနဲ့ ဒုန်းစိုင်းသွားတယ်။ သူနဲ့ ဖြတ်သွားဖြတ်လာ တစ်စုံတစ်ယောက်မှ မတွေ့သေးဘဲ ရှိနေရာက ပီးဗက်စ်ဟာ ဟယ်ရီကို မြေဖြူခဲအပိုင်းကလေး တစ်ခုနဲ့ လုပ်ရိုးလုပ်စဉ်လို ပစ်ပေါက်ပြီး၊ မနှစ်မြို့စရာကောင်းအောင် အော်ကြီးဟစ်ကျယ် ရယ်သွားခဲ့သေးပြီး၊ ဟယ်ရီက ခံပစ်လိုက်တဲ့ ဆဋ္ဌဂံကျိန်စာ လက်နက် ရှောင်ထွက်သွားပါတယ်။

အဲဒီနောက် ပီးဗက်စ် ပျောက်ကွယ်သွားတာနဲ့ စင်္ကြံတွေထဲမှာ တိတ်ဆိတ်သွားတယ်။ ကျောင်းသားတွေ အများစု သက်ဆိုင်ရာ ကျောင်းသားများ နားနေခန်းတွေဆီ ပြန်ရောက်သွားပြီးနောက် ကာဖျူးအမိန့်ထုတ်တဲ့ အချိန်အထိ ၁၅မိနစ်ကြာ တိတ်ဆိတ်နေခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ဟယ်ရီဟာ စူးစူးဝါးဝါး အော်ဟစ်လိုက်သံနဲ့ ထိခိုက်မြည်သံကြီး တစ်ခု ပေါ်ထွက်လာတယ်။ သူပြေးနေတာကို ရပ်လိုက်ပြီး နားထောင်ကြည့်လိုက်တယ်။

"တော်တော်သတ္တိကောင်းပါလား၊ အား-အား-အား"

အသံက အနီးဆုံး ကပ်နေတဲ့ စင်္ကြံထဲက လာနေတာ။ ဟယ်ရီ တစ်ရှူးထိုး ပြေးသွားတယ်။ သူ့လက်ထဲမှာ ဆေးကြိမ်လုံးက အသင့် အနေအထားနဲ့။ ထောင့်ချိုး တစ်ခုကို အရှိန်နဲ့ ကွေ့ပတ်လိုက်ချိန်မှာတော့ သူတွေ့ရတာ ကြမ်းပေါ်မှာ ခြေကားရားလက်ကားရားနဲ့ ပစ်လဲနေတဲ့ ပါမောက္ခ ထရီလောနေး ဖြစ်ပါတယ်။ သူမရဲ့ ဘေးမှာ ရှိနေတဲ့ ရှယ်ရီအရက်ပုလင်းတွေ အလုံးပေါင်းတွေ အများအပြားထဲက ပဝါတစ်ထည်နဲ့ အုပ်ဆောင်းထားတယ်။ တော်တော်များများ လဲကျနေပြီး တစ်လုံးက ကွဲနေပြီ။ သူမရဲ့ ခေါင်းကို သူမရဲ့ တဘက်ပဝါ-

"ပါမောက္ခကြီး"

ဟယ်ရီက ကမန်းကတန်း ပြေးသွားပြီး ပါမောက္ခ ထရီလောနေးကို ကူညီပြီး ထနိုင်အောင် ထူပေးလိုက်တယ်။ သူမရဲ့ ဝင်းဝင်းလက်လက် ပုတီးစေ့တချို့နဲ့ သူမရဲ့ မျက်မှန်ငြိပြီး ရှုပ်နေတယ်။ ပါမောက္ခထရီလောနေးဟာ အသံအကျယ်ကြီး ကြို့တစ်ချက်ထိုးလိုက်ပြီး ခေါင်းကပွနေတဲ့ ဆံပင်တွေကို ပုံကျအောင် အသာအယာပုတ်ပြီး ပြန်သွင်းလိုက်တယ်။ ပြီးတော့ သူမက ဟယ်ရီရဲ့ လက်မောင်းကို ဆွဲပြီး ပြန်ထလိုက်ပါတယ်။

"ဘာဖြစ်တာလဲ၊ ပါမောက္ခကြီး"

www.burmeseclassic.com

www.burmeseclassic.com

"အေး–မင်း မေးထိုက်ပါတယ်ကွယ်" သူမရဲ့ အသံက စာစာ စာစာ ဖြစ်နေတယ်။ "ငါ အေးအေး လူလူ လျှောက်လာတာပါ။ ကံမကောင်းတဲ့ နိမိတ်လက္ခဏာ အနေနဲ့ ရိပ်ခနဲ တစ်ခုကို မြင်လိုက်ရပြီး စိတ်ဆင်းရဲ့စရာ ကောင်းတဲ့ အဖြစ်အပျက် ခုလို ဖြစ်သွားတာပဲ"

ဟယ်ရီဟာ သူမပြောတာကို စိတ်ဝင်စားဖို့ အချိန် မပေးနိုင်သလို ဖြစ်နေတယ်။ ဒါပေမဲ့ အဲဒီခဏမှာပဲ သူတို့ရပ်နေတဲ့နေရာကို သူ သတိထားလိုက်မိတယ်။ သူတို့ ညာဘက်မှာ တခွေမှင်စာကလေးတွေ ကနေပုံ ဂုန္တန်ထိုးပန်းချီကား ရှိနေပြီး လက်ဝဲဘက်မှာတော့ ချောမွတ်ပြီး ထိုးဖောက်လို့ မရနိုင်တဲ့ ကျောက်တုံးနံရံပြင်ကြီး ဖုံးကွယ်တားဆီးနေတာ ရှိနေတယ်။

"ပါမောက္ခကြီး ခင်ဗျား၊ ဣစ္ဆာသယအခန်းကြီးထဲကို ဝင်ဖို့ ကြိုးစားနေတာလား"

"အို–ငါ နိမိတ်ကောင်းတွေ ပေးသနားခံခဲ့ရပါလား၊ ဘာများပါလိမ့်" သူမကို ကြည့်ရတာ ချက်ချင်းကြီး မူမမှန် မရိုးသားတဲ့ ပုံစံကို ပြောင်းသွားတယ်။

"ဣစ္ဆာသယအခန်းကြီးလေ၊ ခင်ဗျား အဲဒီအထဲကို ဝင်ဖို့ ကြိုးစားနေတာလားလို့" ဟယ်ရီက ထပ်ပြောလိုက်တယ်။

"ငါ–ငါ–အေး ဟုတ်တယ်။ ဒါပေမဲ့ ကျောင်းသားတွေ အဲဒီအကြောင်းကို သိနေတာ ငါမသိဘူး"

"သူတို့ အကုန်လုံး သိကြတာ မဟုတ်ပါဘူး" ဟယ်ရီက ပြန်ပြောတယ်။ "အဲဒါ ထားပါ၊ ခင်ဗျား ဘာလို့ အော်လိုက်တာလဲ၊ အသံက ခင်ဗျားကို နာကျင်အောင် ပြုလုပ်ခဲ့သလိုမျိုး ဖြစ်နေတယ်"

"ငါလား.... ဟုတ်ပါတယ်" သူမရဲ့ ပဝါစတွေနဲ့ သူမရဲ့ တစ်ကိုယ်လုံးကို လုံလုံခြုံခြုံ ဆွဲကာဖုံးထားရင်း အလွန်အမင်း အနုစိပ်ကြည့်နေတဲ့ သူမရဲ့ မျက်လုံးတွေနဲ့ ဟယ်ရီ့ကို စူးစူးစိုက်စိုက် ကြည့်ရင်း ပါမောက္ခထရီလောနေးက ပြောလိုက်တယ်။ "ငါ–ငါ ပုဂ္ဂိုလ်ရေး ကိုယ်ပိုင်ပစ္စည်းတွေကို အခန်းထဲမှာ အပ်နှံထားချင်လို့"

ဒီနောက်တော့ သူမဟာ မနှစ်မြို့စရာကောင်းတဲ့ အပြစ်တင်စွပ်စွဲ စကားတွေကို ဘာမှန်းမသိ ရေရွတ်နေတယ်။

"ဟုတ်ပါပြီ။ ဒါပေမဲ့ ခင်ဗျား အထဲကို မဝင်နိုင်သလို အဲဒါတွေကို ဝှက်ထားနိုင်မှာလည်း မဟုတ်ပါဘူး" ဟယ်ရီက ရှယ်ရီအရက်ပုလင်းတွေကို ဖျတ်ခနဲ ကြည့်ရင်း ပြောလိုက်တယ်။

ခုသိပ်ကို ထူးခြားနေတာကတော့ သူ့ရဲ့ သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ စာအုပ်ကြီး သူဝှက်ချင်ခဲ့တဲ့ နောက်ပိုင်းမှာ အခန်းကြီးက သူ့အတွက်ဆိုရင် ဖွင့်ပေးနေခဲ့တာပါပဲ။

ပါမောက္ခထရီလောနေးက နံရံကြီးကို စိမ်းစိမ်းဝါးဝါး စိုက်ကြည့်နေရင်း ပြောလိုက်တယ်။ "အို–ငါ ကောင်းကောင်းကြီးကို ဝင်လို့ရတာပေါ့။ ဒါပေမဲ့ အဲဒီအထဲမှာ ခု တစ်ယောက်ယောက် ရှိနေတယ် တဲ့။

www.burmeseclassic.com

www.burmeseclassic.com

"အထဲမှာ တစ်စုံတစ်ယောက် ရှိတယ် ဟုတ်လား၊ အထဲက လူက ဘယ်သူလဲ" ဟယ်ရီ အငမ်းမရ မေးလိုက်တယ်။

"အဲဒါတော့ ငါလည်း ထင်မြင်ချက် မပေးတတ်ဘူး" ပါမောက္ခ ထရီလောနေးဟာ ဟယ်ရီ့ရဲ့ အသံကြောင့် အရေးတကြီး နောက်ဘက်ကို ခြေလှမ်းနည်းနည်း ဆုတ်သွားရာက ပြောလိုက်ပါတယ်။ "ငါ ပြောချင်တာက ငါလည်း အခန်းထဲဝင်သွားရော ငါ့ဒီအခန်းကြီးကို ပစ္စည်းဝှက်ဖို့ သုံးလာတာ နှစ်ပေါင်းများစွာကြာပြီ၊ ငါ မကြားဖူးခဲ့တဲ့ အဲဒီလို အသံမျိုး တစ်သံ ငါ ကြားလိုက်ရတယ်"

"အသံတစ်သံ။ အဲဒီအသံက ဘာပြောတာလဲ"

"ငါ မသိဘူး။ သူက တစ်ခုခု ပြောနေတာပဲ။ ပျော်လို့ အံ့ဩလို့ ပြောနေတဲ့ အသံမျိုး" ပါမောက္ခ ထရီလောနေးက ပြောလိုက်ပြန်တယ်။

"ပျော်လို့ အံ့ဩလို့ အော်တဲ့ အသံမျိုး ဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အားရဝမ်းသာ ဖြစ်နေတဲ့အသံမျိုး" သူမက ခေါင်းတညိတ်ညိတ်နဲ့ ပြောလိုက်တယ်။ ဟယ်ရီက သူမကို စိုက်ကြည့်နေတယ်။

"ဒါဖြင့်ရင် အဲဒါ ယောကျ်ားလား၊ မိန်းမလား"

"ငါ မှန်းဆရသလောက် ထင်ကြေးနဲ့ ပြောရရင်တော့ ယောကျ်ားပဲ ဖြစ်မယ်"ပါမောက္ခ ထရီလောနေးက ဖြေတယ်။

"ဒါနဲ့ သူပျော်ရွှင်နေတဲ့ အသံပေါ့နော်"

"အကြီးအကျယ် ပျော်ရွှင်နေတာပေါ့" ပါမောက္ခ ထရီလောနေးဟာ စိတ်မရှည်တော့တဲ့ ဟန်နဲ့ နှာခေါင်းရှုံ့အသက်ရှူပြီး မဲ့ကာရွဲ့ကာ ပြောလိုက်ပါတယ်။

"အဲဒါက အခမ်းအနား ကျင်းပနေပုံမျိုးလား"

"သိပ်သိပ် သေချာသမှ အသေချာဆုံးပေါ့"

'နောက်တော့ကော"

"နောက်တော့ ငါက စ အော်မေးလိုက်တယ်။ အဲဒီက ဘယ်သူလဲဟေ့လို့"

www.burmeseclassic.com

www.burmeseclassic.com

“ခင်ဗျား အဲဒီလို မမေးဘဲ အဲဒါ ဘယ်သူလဲသိအောင် ခင်ဗျား လုပ်နိုင်တာပဲဗျ” ဟယ်ရီက စိတ်ထဲမှာနည်းနည်း မချင့်မရဲဖြစ်လာပြီး ပြောလိုက်တယ်။

“မနော မျက်စိနဲ့ မြင်ရသမျှတော့ အပြင်ဘက် သူလိုငါလို လောကထဲက ပျော်မြူးသံမျိုးပါပဲ” ပါမောက္ခထရီလောနေးဟာ သူမရဲ့ ပဝါစတွေ၊ ပြောင်ပြောင် ပြောင်ပြောင် ဖြစ်နေတဲ့ ပုတီးကြိုးအမျှင်တွေကို ဆွဲဆန့်ရင်း က္ကန္ဒြေသိက္ခာတစ်ခွဲသားနဲ့ ပြောနေပြန်တယ်။

“ကောင်းပါပြီ။ ဒါနဲ့ အဲဒီအသံကကော သူ ဘယ်သူပါလို့ ပြောခဲ့သေးလား” ဟယ်ရီက အလောသုံးဆယ် မေးလိုက်တယ်။ ပါမောက္ခထရီလောနေးရဲ့ မနောမျက်စိအကြောင်းကိုလည်း သူကြားခဲ့ရပြီ။

“ဟင့်အင်း.... မပြောပါဘူး။ နောက်တော့ အရာအားလုံး ပိန်းပိတ်အောင် မှောင်မည်းသွားပြီး၊ နောက် ငါသိလိုက်ရတာကတော့ ငါ့ကို အခန်းအပြင်ဘက်ရောက်အောင် ဦးကျွမ်းပြန် ပစ်ပေါက်ခံလိုက်ရတာပါပဲ”လို့ သူမက ပြောတယ်။

“ဒါဆို အဲဒါကြီး ခင်ဗျားဆီလာနေတာကိုလည်း ခင်ဗျား မမြင်ရဘူးပေါ့” ဟယ်ရီ သူ့အတွက် အထောက်အကူ ဘာမှ မရနိုင်တာကို သိလိုက်တယ်။

“ဟင့်အင်း... ငါ မသိရဘူး၊ ငါပြောတဲ့အတိုင်း အဲဒီအချိန်မှာ လုံးလုံး အမှောင်ကျနေတယ်လေ” သူမက စကားကို ရပ်ပြီး သူ့ကို မယုံသင်္ကာသလို စူးစူးရဲရဲ ကြည့်လိုက်ပြန်တယ်။

“ခင်ဗျား ပါမောက္ခ ဒမ်းဘဲလ်ဒိုးကို ပြောပြရင် ပိုကောင်းမယ်လို့ ကျွန်တော် ထင်တယ်။ မော်လ်ဖွိုင်းရဲ့ အခမ်းအနားပွဲ ကျင်းပနေတာကို သူသိသင့်တယ်လို့ ပြောတာပါ။ တစ်စုံတစ်ယောက်က ခင်ဗျားကို အခန်းအပြင်ကို ပစ်ပေါက်လိုက်တာလည်း ပါတာပေါ့”ဟယ်ရီက ပြောလိုက်တယ်။

သူ့စကားကြောင့် ပါမောက္ခ ထရီလောနေးဟာ ကိုယ့်ကိုယ်ကိုယ် မာန်တက်သွားတဲ့ ပုံစံမျိုးနဲ့ မတ်မတ်တောင့်တောင့်ကြီး ဖြစ်သွားတာကြောင့် ဟယ်ရီ အံ့အားသင့်သွားတယ်။

“ကျောင်းအုပ်ကြီးက ငါ့ကို သူ့ဆီ အလည်အပတ် အနည်းအကျဉ်း သွားဖို့ လိုလားတဲ့အကြောင်း ငါ့ကို သတိပေးထားပါတယ်” သူမက အေးစက်စက်နဲ့ ပြောနေတယ်။ “ငါဟာ ဒီအပေါ်မှာ တန်ဖိုးမထားတတ်တဲ့၊ ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက် အပေါ် အတင်းအရေး ဆိုတတ်တဲ့ သူ မဟုတ်ဘူး။ တကယ်လို့ ဒမ်းဘဲလ်ဒိုးဟာ ဖဲချပ်တွေက ပြသနေတဲ့ သတိပေးချက်ကို အမှုမထားဘဲ ဥပက္ခာပြုမယ်ဆိုရင်တော့” ပြောပြောဆိုဆို ပါမောက္ခ ထရီလောနေးက သူမရဲ့ ပိန်ပိန်ကပ်ကပ် လက်နဲ့ ဟယ်ရီ့လက်ကောက်ဝတ်ကို အတင်းဆုပ်ကိုင်လိုက်တယ်။ “ထပ်တလဲလဲမှ ထပ်တလဲလဲ၊ ငါ သူ့ကို ဘယ်လို တင်ပြရမယ်ဆိုတာ အကြောင်း မဟုတ်ပါဘူး” သူမက ပြောပြန်တယ်။ ပြီးတော့ သူမဟာ ဇာတ်ဟန်ပါပါနဲ့ သူမရဲ့ ပဝါစတွေ အောက်ကနေ ဖဲချပ်တစ်ချပ်ကို ဆွဲထုတ်လိုက်တယ်။ “ဟယ် မိုးကြိုးထိထားတဲ့ မျှော်စင်ပုံ” သူမက တိုးတိုးကလေး ပြောလိုက်တယ်။ “ဘေးဒုက္ခအန္တရာယ်တွေ၊ ကပ်ဆိုက်မှုတွေ တစ်ချိန်လုံး နီးသည်ထက် နီးလာတော့မှာပဲ”

www.burmeseclassic.com

"အဲဒါကြောင့် ပြောတာပေါ့၊ ခင်ဗျား ဒမ်းဘဲလ်ဒိုးကို အဲဒီအသံအကြောင်း၊ မှောင်ကျသွားတာက အစအဆုံးနဲ့ နောက် ခင်ဗျားကို အခန်းပြင်ရောက်အောင် ပစ်ပေါက်လိုက်တာတွေပါ ပြောပြသင့်တယ်လို့ ကျွန်တော် ထင်တယ်"

"မင်းက အဲဒီလို ထင်လား" ပါမောက္ခထရီလောနေးဟာ ပြဿနာကို စဉ်းစားနေတယ်။ ဒါပေမဲ့ ဟယ်ရီဟာ အဲဒီ သူမရဲ့ စွန့်စားခန်းကလေး ပြောလိုက်မယ့် အကြံဉာဏ်ကို သူမ လက်ခံသိလိုက်တယ်။

"ကျွန်တော် သူ့ဆီသွားဖို့ ခုပဲ ထွက်လာခဲ့တာ၊ ကျွန်တော် သူနဲ့ ဆွေးနွေးစရာ ရှိတယ်။ ကဲ–ကျွန်တော်တို့ အတူသွားရအောင်"

"အေး၊ အဲဒီအတိုင်း လုပ်တာပဲ ကောင်းပါတယ်"သူမက ပြောပြောဆိုဆို သူမရဲ့ ရှယ်ရီအရက်ပုလင်းတွေကို ကုန်းကောက်ယူနေတယ်။ ပြီးတော့ သူမဟာ ဘာမပြော ညာမပြောနဲ့ ဖြုန်းဆို အနားက နံရံကလိုင်ပေါက်ထဲမှာ ရှိနေတဲ့ အပြာနဲ့ အဖြူရောင် ပန်းအိုးကြီးထဲကို လွှင့်ပစ်လိုက်ပါတော့တယ်။

"မင်းကို ငါ့အတန်းထဲမှာ ငါ မမြင်ပါလား ဟယ်ရီ"သူတို့ အတူထွက်လာချိန်မှာ သူမက လွမ်းလွမ်းဆွေးဆွေး ခံစားချက်ပါတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ "မင်းဟာ ရှေ့ဖြစ်ဟောတဲ့ ပရောဟိတ်နဲ့တော့ သိပ်မတူဘူးကွဲ့၊ ဒါပေမဲ့ မင်းဟာ ထူးထူးခြားခြား လူတစ်ယောက် ဖြစ်တာတော့ အမှန်ပဲကွာ"

ဟယ်ရီက ဘာမှ ပြန်မပြောဘူး။ သူက ပါမောက္ခထရီလောနေး ထပ်ခါတလဲလဲ ကြိုတင်ဟောကိန်းထုတ်နေမယ့် ဂြိုလ်ဆိုးရဲ့ ထူးခြားပုဂ္ဂိုလ်ဖြစ်နေမှာ မသတီဘဲ စက်ဆုပ်ရွံရှာနေမိတယ်။

"နောက် ငါစိုးရိမ်တယ်။ နားပူနားဆာ ပြောနေရာများ ကျမလား မသိဘူး စိတ်မရှိနဲ့နော်" သူမက ဆက်ပြောပြန်တယ်။ "မနသွကြီးဟာ ငါမေးသမျှ ဖဲထုပ်ဖဲချပ် နိမိတ်ဟော ဗေဒင်တွေ အကြောင်းလည်း ဘာမှမသိဘူး။ ဒီလိုနဲ့ ငါရှေ့ဖြစ်ဟောတဲ့ ပုရောဟိတ် တစ်ယောက်ပြီး တစ်ယောက် ပြောင်းမေးကြည့်ရတယ်။ ခပ်လှမ်းလှမ်း အဝေးက ဘေးဒုက္ခတွေ တုန်ခါလာတာကိုပဲ ခံစားမိလိုက်တယ်။ ဒါပေမဲ့ သူ့ကြည့်ရတာ ငါ့ကို ရယ်စရာလို့ပဲ မြင်နေပုံရတယ်။ ဟုတ်တယ်။ ရယ်စရာပါပဲ"

သူမရဲ့ အသံတွေ ကယောင်ချောက်ချား ဖြစ်လာတယ်။ ရှယ်ရီအရက်ပုလင်းတွေ နောက်မှာ လွှင့်ပစ်ထားခဲ့ပြီ ဖြစ်ပေမဲ့ ဟယ်ရီ့နှာခေါင်းထဲမှာ ရှယ်ရီအနံ့ပြင်းပြင်းတွေ ရနေတယ်။

"ဒီမြင်းကြီးဟာ ငါ့ရဲ့ ဘိုးဘေးဘီဘင်တွေ လက်ထက်က အဘွားရဲ့ လက်ဆောင်တွေကို ငါ အမွေမရခဲ့ဘူးလို့ လူတွေပြောနေတာကို ကြားခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒီကောလာဟလတွေက မနာလို မစ္ဆရိယစိတ်နဲ့ နှစ်ပေါင်းများစွာ ပျံ့လွင့်နေတယ်။ အဲဒီလို လူတွေကို ငါ ဘာပြောလိုက်တယ် ဆိုတာ မင်းသိမှာပေါ့ ဟယ်ရီ။ ဒီတော့ ဒမ်းဘဲလ်ဒိုးက ဒီကြီးကျယ်တဲ့ ကျောင်းကြီးမှာ ငါ့ကို သင်ခွင့်ပြုဦးမှာလား၊ အဲဒီနှစ်တွေနဲ့ ပတ်သက်လို့ ငါ့ကို ယုံစမ်းပါ။ ငါသူ့ကို သက်သေမပြနိုင်ခဲ့လို့လား"

www.burmeseclassic.com

ဒီမှာတင် ဟယ်ရီက မပွင့်တပွင့် မရှင်းမလင်းနဲ့ တစ်စုံတစ်ခုကို ပြန်ပြောလိုက်တယ်။

"ပါမောက္ခဒမ်းဘဲလ်ဒိုးနဲ့ ပထမဆုံးအကြိမ် လူချင်းတွေ့ခဲ့ရတာကို ငါ ကောင်းကောင်း မှတ်မိနေသေးတယ်" ပါမောက္ခ ထရီလောနေးက အာခေါင်သံ အက်အက်ကြီးနဲ့ ဆက်ပြောပြန်တယ်။ "သူဟာ တကယ့်ကို အထင်ကြီး သဘောကျစရာ ကောင်းတဲ့သူပါ။ တကယ်ပါ သူဟာ အတော့်ကို အထင်ကြီးလောက်ပါတယ်။ ငါက အကြောင်းကြား အသိမပေးဘဲ ဟော့စ်ဟက်ဒ်မှာ နေနေတာ။ ဒါနဲ့ စကားမစပ် ပြောရရင် ဂျုပိုးတွေပဲ ကောင်လေးရယ်။ ထောက်ပံ့ငွေက အနည်းအကျဉ်းပဲ ရှိတယ်။ အဲဒီမှာ ဒမ်းဘဲလ်ဒိုးက ငါ့ကို လောကဝတ်အနေနဲ့ ငါ့အခန်းမှာ ငါ့ကို လာတွေ့တယ်လေ။ သူက ငါ့ကို မေးတယ်။ ငါ ဝန်ခံရမှာပေါ့။ ပထမ ငါ စဉ်းစားကြည့်တယ်။ သူ့ကြည့်ရတာ ဂမ္ဘီရဉာဏ်စွမ်းအပေါ် အကောင်းမြင်ပုံမရဘူး။ နောက် ငါ တစ်မျိုးတစ်မည် ဖြစ်လာတယ်။ အဲဒီနေ့က ငါ အစာများများ မစားထားဘူး။ ဒါပေမဲ့ နောက်တော့...."

ခုပြောတာကိုတော့ ဟယ်ရီပထမဆုံးအကြိမ်အဖြစ် တော်တော် စိတ်ဝင်စားသွားတယ်။ အဲဒီအချိန်မှာ သူဘာဖြစ်နေပြီဆိုတာ သူသိလိုက်လို့ပဲ။ ပါမောက္ခ ထရီလောနေးက ဟောစာတမ်းကြီး အကြောင်း ဆက်ပြောနေတယ်။ သူ့ဘဝကြီးတစ်ခုလုံးကို လမ်းကြောင်းပြောင်းသွားစေခဲ့တဲ့ ဟောစာတမ်းကြီး အကြောင်းပဲ။ သူနဲ့ ဗိုဒီမော့တို့အကြောင်း ဟောကိန်းထုတ်ထားတဲ့ ဟောစာတမ်းကြီးပဲ။

"ဒါပေမဲ့ ငါတို့ဟာ ဆီးဗားရပ်စ် စနိပ်ရဲ့ ရိုင်းရိုင်းပျပျ ကြားဝင်ဖောက်တာကို ခံလိုက်ရတယ်"

"ခင်ဗျာ"

"ဟုတ်တယ်ကွဲ့၊ တံခါးအပြင်ဘက်ကနေ ရုတ်ရုတ်သဲသဲအသံတွေ ကြားလိုက်ရတယ်။ နောက် တံခါး ဝုန်းခနဲ ပွင့်သွားပြီး အဲဒီမှာ အတော်လေး ရိုင်းစိုင်းတဲ့ စားပွဲထိုး တစ်ယောက်ကို စနိပ်နဲ့အတူ ရပ်နေတာကို တွေ့ရတော့တာပဲ။ စနိပ်က တောင်စဉ်ရေမရ တွေ့ကရာတွေ လျှောက်ပြောရင်း အပေါ်ထပ်ကို တက်လာတယ်။ ငါ ကြောက်သွားတယ်။

ဒါပေမဲ့ ငါ့ဟာငါ သဘောပေါက်လိုက်တယ်။ သူဟာ ငါနဲ့ ဒမ်းဘဲလ်ဒိုး တွေ့ဆုံပြောဆိုနေတာကို ခိုးနားထောင်နေတာပဲလို့။ မင်း သိမယ်ထင်တယ်။ အဲဒီအချိန်မှာ သူကိုယ်တိုင်က အလုပ်ရဖို့ ကြိုးစားနေရချိန်လေ။ ငါလည်း မတွေးတတ်အောင် ဖြစ်နေတာပေါ့။ ဒါပေမဲ့ သူ့အနေနဲ့ အလုပ်ရဖို့နဲ့ ဆိုင်တဲ့ သတင်း တစ်စွန်းတစ်စကို လိုချင်နေမှာ ဆိုတာ သံသယဖြစ်စရာ မရှိဘူး။ နောက်တော့ မင်းသိတဲ့အတိုင်းပဲ။ ဒမ်းဘဲလ်ဒိုးက ငါ့ကိုပိုပြီး အလုပ်ပေးချင်နေတာ မဟုတ်လား။ နောက်ပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလိုနေပြီး ပင်ကို အေးဆေးတဲ့ ပါရမီရှိတဲ့သူလည်း ဖြစ်နေပြန်တော့၊ သော့ပေါက်က ချောင်းနားထောင်ဖို့ ကြိုးစားတဲ့ အဲဒီလူငယ်နဲ့ ယှဉ်လိုက်ရင် ဟယ်ရီရယ် မင်း စဉ်းစားသာကြည့်တော့ပေါ့"

ဒါပေမဲ့ သူမက ဘာသံမှ ပြန်ပြောသံမကြားလို့ ခေါင်းကိုလှည့်ပြီး သူမရဲ့ ပခုံးပေါ်က ကျော်ကြည့်လိုက်တဲ့အခါမှာတော့ နားပူတာမခံနိုင်တော့တဲ့ ဟယ်ရီ သူမ နောက်က ကပ်ပါမလာတော့ဘဲ သူမနဲ့ ဆယ်ပေလောက် အကွာမှာ ကျန်နေတာကို တွေ့လိုက်ရပါတော့တယ်။

www.burmeseclassic.com

"ဟယ်ရီ" သူမက အူကြောင်ကြောင်ဖြစ်သွားပြီး ဟယ်ရီရဲ့ နာမည်ကို ထပ်ခေါ်လိုက်တယ်။ ဟယ်ရီရဲ့ မျက်နှာက သူမကို ကြည့်ရမှာ စိုးရိမ်ထိတ်လန့်ပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသလိုပဲ။ ဒါတင်မကဘဲ ဟယ်ရီဟာ သွေးလန့်ချောက်ချားမှု လှိုင်းတွေ တစ်လှိုင်းပြီး တစ်လှိုင်း သူ့အပေါ် ရိုက်ခတ်ဖုံးလွှမ်းခံနေရသလိုနဲ့ သတင်းတစ်ခုကို သူ့ကို အမှန်အတိုင်း မပြောဘဲ ကာလကြာမြင့်စွာ ဖုံးထားတာ ခံနေရတယ် ဆိုတဲ့ အသိကလွဲပြီး တခြား အရာအားလုံး ပျက်သုဉ်းနေသလိုမျိုး ခံစားနေရတယ်။

လက်စသတ်တော့ ဟောစာတမ်းကြီးကို နားစွန်နားဖျား ကြားသွားသူဟာ စနိပ်ပဲ၊ ဟောစာတမ်းကြီး သတင်းကို ဗိုဒီမော့ဆီကို သယ်ဆောင် သွားခဲ့သူဟာလည်း စနိပ်ပဲ။ စနိပ်နဲ့ ပီတာပက်တီဂရူးတို့ အတူတကွ လီလီနဲ့ ဂျိမ်းစ်နဲ့ သူတို့ရဲ့ သားကို ရှာဖွေအန္တရာယ်ပြုဖို့ ဗိုဒီမော့ကို စေလွှတ်လိုက်ကြတာပဲ။

ခုလောလောဆယ် လတ်တလောအချိန်မှာ ဟယ်ရီ့အတွက် ဘာဆိုဘာတစ်ခုမှ အရေးမပါတော့ဘူး။

"ဟယ်ရီ" ပါမောက္ခ ထရီလောနေးက နောက်တစ်ကြိမ် ခေါ်လိုက်ပြန်တယ်။ "ဟယ်ရီ ကျောင်းအုပ်ကြီးကို တွေ့ဖို့ အတူသွားနေကြတာ မဟုတ်လား၊ ဘာဖြစ်တာလဲ"

"ခင်ဗျား ဒီမှာ နေခဲ့ပါ" ဟယ်ရီက ထုံပေပေလေသံနဲ့ ပြောလိုက်တယ်။

"မဟုတ်သေးဘူးလေကွယ် ကောင်လေးရယ်၊ ခုငါက ဟိုအခန်းကြီးထဲမှာ ဘယ်လို အတိုက်ခိုက်ခံခဲ့ရတယ် ဆိုတာ သူ့ကို သွားပြောရမှာလေ"

"ခင်ဗျား ဒီမှာပဲ နေပါ" ဟယ်ရီ ဒေါသတကြီး ပြောလိုက်တယ်။

ဟယ်ရီ သူမကို ဖြတ်ပြေးသွားပြီး ဒမ်းဘဲလ်ဒိုးရုံးခန်း စကြံထဲကို ချိုးကွေ့ဝင်သွားချိန်မှာတော့ သူမ အထိတ်တလန့် ပျာပျာသလဲ ဖြစ်သွားတယ်။ ကြောက်စရာ တိရစ္ဆာန်ခေါင်းပုံ ကင်းစောင့် အရုပ်ကြီးရပ်နေတဲ့ နေရာကို ရောက်သွားတဲ့ ဟယ်ရီက စကားဝှက်ကို အော်ပြောလိုက်လို့ အရုပ်ကြီးက ဘေးဖယ်ပေးလိုက်တာနဲ့ သူကြောင်လိမ်လှေကားအုံအတိုင်း တစ်လှမ်းကို သုံးထစ်နှုန်းနဲ့ တစ်လွှားလွှား အပြေးတက်သွားတယ်။ သူတံခါးကို အသာအယာ ခေါက်မနေဘဲ တစ်ဝုန်းဝုန်း ထုပစ်လိုက်တယ်။ အထဲက အေးဆေး တည်ငြိမ်တဲ့ အသံနဲ့သာ ပြန်ဖြေတယ်။ ဒါပေမဲ့ "ဝင်ခဲ့ပါ"လို့ ပြောချိန်မှာ ဟယ်ရီက တံခါးကို ဖွင့်ဝင်ပြီးလို့ အခန်းထဲကို ရောက်နေပြီ။

ဖီးနစ်ငှက်ကြီး ဖောကက်စ်က သူ့ကို လှည့်ကြည့်လိုက်တယ်။ သူ့မျက်လုံးကြီးတွေက ပြတင်းပေါက် အပြင်ဘက်မှာ ရှိနေတဲ့ နေဝင်ရီတရော အရောင်နဲ့ ရောင်ပြန်ဟပ်ပြီး ရွှေရောင်တောက်ပြောင်နေတယ်။ ဒမ်းဘဲလ်ဒိုးဟာ ပြတင်းပေါက်မှာ ရပ်ပြီး အောက်ကမြေပြင်ကို ကြည့်နေရုံသာမကဘဲ၊ သူ့လက်မောင်းပေါ်မှာ အနက်ရောင် ခရီးသွား ဝတ်ရုံရှည်ကြီး တစ်ထည်ကို အသင့်တင်ထားပြီး ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ဟယ်ရီရေ၊မင်းကို ငါနဲ့အတူလိုက်ဖို့ ငါကတိပေးထားတယ်လေ"

ခဏတစ်ဖြုတ် ဒါမှမဟုတ် ဒီထက်တစ်အောင့်ကြာကြာ ဟယ်ရီဘာမှ နားမလည်နိုင်ဘဲ ဖြစ်နေတယ်။ ပါမောက္ခ ထရီလောနေးနဲ့ စကားပြောခဲ့ရမှုက သူ့ခေါင်းထဲမှာ ရှိသမျှ အရာအားလုံးကို မောင်းထုတ်လိုက်တာကြောင့် သူ့ဦးနှောက်က ဖြည်းဖြည်းကလေးချင်းသာ ပြန်အသိဝင်လာသလိုမျိုး ဖြစ်နေတယ်။

"ဆရာနဲ့ ကျွန်တော် လိုက်ခဲ့ရမှာလား"

"မောင်ရင် ဆန္ဒရှိမှပါ။ မောင်ရင့်သဘောအတိုင်းပဲ"

"တကယ်လို့ ကျွန်တော်...."

အဲဒီနောက်မှာတော့ သူ ပထမနေရာမှာ ရှိစဉ်က ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းကိုလာဖို့ အရမ်း စိတ်ထက်သန်နေရတဲ့ အကြောင်းရင်းကို သွားသတိရလိုက်တယ်။ "ဆရာ တစ်ခု တွေ့ခဲ့ပြီးပြီ။ ဆရာ ဟော်ကရပ်စ်တစ်ခုကို တွေ့ခဲ့ပြီးပြီနော်"

"အဲဒါ အမှန်ပဲလေ"

ဒေါသနဲ့ မကျေမချမ်းဖြစ်မှုက ထိတ်လန့်ချောက်ချားမှုနဲ့ စိတ်လှုပ်ရှားမှုတွေကို တိုက်ဖျက်ပစ်လိုက်တယ်။ ဟယ်ရီ စကားမပြောနိုင်အောင် ဖြစ်သွားတယ်။

"ကြောက်တတ်တာဟာ သဘာဝပါပဲကွာ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ကျွန်တော် ကြောက်နေတာ မဟုတ်ဘူး" ဟယ်ရီကလည်း ချက်ချင်း ပြန်ပြောလိုက်တယ်။ ခုအချိန်မှာ သူလုံးဝ မကြောက်တာဟာ လုံးဝ အမှန်တရားပဲ။ "ဘယ်ဟော်ကရပ်စ်ကို တွေ့တာလဲ၊ အဲဒါ ဘယ်မှာလဲ"

"အဲဒါ ဘယ်ဟာလဲဆိုတာ ကျုပ်လည်း အသေအချာ မပြောတတ်တော့ဘူး။ ဒါပေမဲ့ ကျုပ်တို့ မြွေကို ထည့်မတွက်ထားနိုင်တယ်လို့ ကျုပ်ထင်တယ်။ သို့ပေမဲ့ အဲဒါကို ဒီကနေ မိုင်ပေါင်းများစွာဝေးတဲ့ ပင်လယ်ကမ်းခြေတစ်ခုက ဂူတစ်ဂူထဲမှာ ဝှက်ထားလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ ကျုပ် နှစ်တွေအကြာကြီး ရှာဖွေတွေ့ရှိဖို့ ကြိုးစားနေခဲ့တဲ့ ဂူတစ်ဂူပေါ့ကွယ်။ အဲဒီဂူထဲမှာ တွမ်ရစ်ဒဲလ်က သူ့ရဲ့ မိဘမဲ့ကလေးများ ဂေဟာက ကလေးနှစ်ယောက် တစ်ခါက သူတို့ရဲ့ နှစ်ပတ်လည်ခရီးထွက်ချိန်မှာ အကြမ်းဖက်ခြိမ်းခြောက်ခဲ့တယ်လေ။ မောင်ရင် မှတ်မိပြီလား"

"ဟုတ်ကဲ့၊ အဲဒီပစ္စည်းကို ဘယ်လို လုံလုံခြုံခြုံ ကာကွယ်ထားတာလဲ" ဟယ်ရီ သူ မှတ်မိကြောင်း ပြောပြီး တစ်ဆက်တည်း မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် မသိဘူး။ ပြီးတော့ ကျုပ် လုံးလုံးမှားနေပြီလို့ ကျုပ်ကိုယ်ကျုပ် သံသယဖြစ်နေတယ်" ဒမ်းဘဲလ်ဒိုးက ချီတုံချတုံနဲ့ ပြောသင့်မပြောသင့် ချင့်ချိန်နေပြီးမှ ဆက်ပြောလိုက်တယ်။ "ဟယ်ရီ မင်းကို ငါနဲ့ လိုက်ခဲ့နိုင်တယ်လို့ ငါကတိပြုခဲ့တယ်။ ပြီးတော့ အဲဒီကတိအတိုင်း လုပ်ဖို့လည်း ကျုပ်က အသင့်ပြင်ထားတာပါပဲ။ ဒါပေမဲ့ အဲဒါဟာ ကျုပ်အနေနဲ့ မှားနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီခရီးဟာ အလွန့်အလွန် အန္တရာယ်များတဲ့ ခရီးဆိုတာ မောင်ရင့်ကို ကျုပ်ကြိုတင်ပြီး သတိပေးမထားခဲ့လို့ပဲ"

"ကျွန်တော် လိုက်မှာပါ" ဒမ်းဘဲလ်ဒိုး သူ့စကားကို အဆုံးမသတ်ရသေးခင်မှာပဲ ဟယ်ရီက ဖြတ်ပြောလိုက်တယ်။ စနိပ်အပေါ် ဆူပွက်အောင် စိတ်ဆိုးနေတဲ့ ဒေါသတွေ၊ တစ်စုံတစ်ခုကို အန္တရာယ်နဲ့ ရင်ဆိုင်ပြီး ကြမ်းကြမ်းရမ်းရမ်း တစ်ဖွတ်ထိုး လုပ်ပစ်ချင်နေတဲ့ သူ့ရဲ့ ဆန္ဒတွေ နောက်ဆုံး မိနစ်ပိုင်းကလေးအတွင်းမှာ ဆယ်ဆတိုးလာတယ်။ အဲဒီလက္ခဏာက ဟယ်ရီရဲ့ မျက်နှာပေါ်မှာ အတိုင်းသား ပေါ်နေတဲ့အတွက် ဒမ်းဘဲလ်ဒိုး ပြတင်းပေါက်ကခွာပြီး ဟယ်ရီ့အနားကို တိုးကပ်သွားပြီး သူ့ရဲ့ ငွေရောင်မျက်ခုံးနှစ်ဖက်ကြားက ပါးလျလျ ရှည်သွယ်သွယ် အရေးကြောင်းကလေးကို ပိုပြီး ခပ်နီးနီးကပ်ကပ် ကြည့်လိုက်တယ်။

"အဲဒါ မောင်ရင် ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး" ဟယ်ရီက မဆိုင်းမတွ ဖြောင်လိမ်လိုက်တယ်။

"မောင်ရင် ဘာစိတ်အနှောင့်အယှက် ဖြစ်လာတာလဲ"

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

"မောင်ရင်ဟာ ဘယ်တော့မှ မောင်ရင့်စိတ်ကို ဖုံးကွယ်မထားတတ်ပါဘူးကွယ်"

ဒမ်းဘဲလ်ဒိုးရဲ့ စကားက ဟယ်ရီ့ရဲ့ ဒေါသကို မီးလောင်ရာလေပင့်သလို ဖြစ်သွားတယ်။

"စနိပ်ပေါ့" ဟယ်ရီက အသံအကျယ်ကြီးနဲ့ အော်ပြောလိုက်လို့ သူ့နောက်က ဖီးနစ်ငှက်ကြီးဖောကက်စတောင် လန့်ဖျပ်ပြီး တတွတ်တွတ် ထမြည်သွားတယ်။ "စနိပ်က ဘာလို့ ဒီလိုလုပ်ရတာလဲ၊ သူ ဟောစာတမ်းကြီးအကြောင်း ဗိုဒီမော့ကို ပြောလိုက်တယ်။ အဲဒါ တရားခံဟာ သူပဲ။ သူတံခါးအပြင်ဘက်က ခိုးကြောင်ခိုးဝှက် နားထောင်ခဲ့တာကို ထရီလောနေးက ကျွန်တော့်ကို ပြောပြတယ်"

ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာထား အမူအရာ ပြောင်းမသွားဘူး။ ဒါပေမဲ့ နေဝင်ဆည်းဆာရဲ့ နီရဲတဲ့ အရောင်တွေ ဖျန်းပက်ရောစွက်နေတဲ့ ကြားကတောင် သူ့မျက်နှာကြီးဟာ ဖြူဆုတ်နေတယ်လို့ ဟယ်ရီ ထင်နေတယ်။ အကြာကြီးနေအောင် ဒမ်းဘဲလ်ဒိုးက ဘာမှ မပြောဘူး။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူက ထုတ်မေးတယ်။

www.burmeseclassic.com

"အဲဒီအကြောင်းကို မောင်ရင် ဘယ်တုန်းက သိသွားခဲ့တာလဲ"

"အခုပဲ" အော်ကြီးဟစ်ကျယ် ပြန်မပြောမိအောင် အတင်းအဓမ္မ ခက်ခက်ခဲခဲ အောင့်အည်းထားရင်း ဟယ်ရီ ပြောလိုက်တယ်။ နောက်တော့ ဖြုန်းစားကြီး သူဘယ်လိုမှ မအောင့်နိုင်တော့ဘဲ အသံကုန်ကြုံးအော်ပြောလိုက်တယ်။

"ဆရာက သူ့ကို ဒီမှာ သင်ခွင့်ပြုခဲ့ပြီး၊ သူက ဗိုဒီမော့ကို ကျွန်တော့်အဖေနဲ့ အမေနောက်ကို လိုက်ဖို့ ခိုင်းလိုက်တာပဲ"

ဟယ်ရီ ထိုးကြိတ်သတ်ပုတ်နေရသလို ဟောဟဲလိုက် အသက်ရှုရင်း ဒမ်းဘဲလ်ဒိုးထံကနေ ပြန်လှည့်သွားပါတော့တယ်။ ဒမ်းဘဲလ်ဒိုးကတော့ ကြွက်သားကလေး တစ်မျှင်တောင် မလှုပ်ဘဲ အရုပ်လို ငူငူကြီးနဲ့။ ဟယ်ရီ အခန်းထဲမှာ စုန်ချည်ဆန်ချည် လျှောက်နေတယ်။ သူ့လက်သီးဆုပ် လက်ဆစ်တွေကို ကျန်တဲ့ လက်ဝါးတစ်ဖက်တည်းကို ထည့်ပြီး ပွတ်ရင်း မြင်သမျှ ပစ္စည်းတွေကို တွန်းတိုက်ချမပစ်မိအောင် နောက်ဆုံးအနေနဲ့ အတင်း ထိန်းချုပ်လိုက်တယ်။ သူ ဒေါသတကြီးနဲ့ ဒမ်းဘဲလ်ဒိုးကို အော်ဟစ်ပြီး ဝုန်းဒိုင်းကြဲပြောပစ်လိုက်ချင်တယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း ဒမ်းဘဲလ်ဒိုးနဲ့ အတူလိုက်သွားပြီး ဟော်ကရပ်စ်ကျိန်စာလက်နက်ကို ဖျက်ဆီးပစ်ချင်နေတယ်။ "ခင်ဗျား စနိပ်ကို ယုံလိုက်တာဟာ ခင်ဗျား တော်တော်ရူးမိုက်လို့ပဲ"လို့ သူကပြောချင်နေတာ။ ဒါပေမဲ့ အဲဒီလိုဆိုရင် ဒမ်းဘဲလ်ဒိုးက ခေါ်မသွားတော့မှာကို သူ စိုးရိမ်ထိတ်လန့်နေတယ်။

"ဟယ်ရီ.... မောင်ရင် ကျေးဇူးပြုပြီး ကျုပ်ပြောတာကို ခဏနားထောင်" ဒမ်းဘဲလ်ဒိုးက အေးအေးလေးပြောလိုက်တယ်။

ဟယ်ရီဟာ သူ မအော်မိအောင် ဒေါသကို ထိန်းချုပ်ပြီး အခန်းထဲမှာ ဟိုလျှောက် ဒီလျှောက် စုန်ချည်ဆန်ချည် မရပ်မနား လျှောက်နေတာကို ရပ်ဖို့ ခက်ခဲနေတယ်။ ဒါပေမဲ့ သူ ရပ်လိုက်တယ်။ သူ့ပါးစပ်ကို မဟမိအောင် နှုတ်ခမ်းကို ကိုက်ထားရတယ်။ ပြီးတော့ ဒမ်းဘဲလ်ဒိုးရဲ့ အရေးအကြောင်းတွေ ထင်နေတဲ့ မျက်နှာကို စိုက်ကြည့်လိုက်တယ်။

"ပါမောက္ခစနိပ်က ကြောက်မက်စရာ ကောင်းတာတစ်ခုကို လုပ်ခဲ့တာပဲ"

"အဲဒါဟာ မှားယွင်းပြီး လုပ်လိုက်တာပါလို့တော့ ကျွန်တော့်ကို လာမပြောနဲ့ ဆရာ၊ သူက တံခါးကနေ နားထောင်နေခဲ့တာ"

"ကျုပ် စကား ဆုံးအောင် ပြောပါရစေဦး" ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို တုံးတိတိနဲ့ ခေါင်းညိတ်ပြလိုက်တဲ့အထိ စောင့်နေပြီးမှ ဆက်ပြောတယ်။ "ပါမောက္ခ စနိပ်ဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ အမှားတစ်ခုကို ပြုလုပ်ခဲ့တာပဲ။ ပါမောက္ခ ထရီလောနေးဆီက ဟောစာတမ်းကြီးရဲ့ ပထမတစ်ဝက်ကို ကြားခဲ့ရတဲ့ညမှာ သူဟာ ဗိုဒီမော့ရဲ့ တာဝန်ကို ထမ်းဆောင်နေရဆဲ ဖြစ်တယ်လေ။ ဒီမှာတင် ထုံးစံအတိုင်း သူက သူကြားခဲ့သမျှကို သူ့ဆရာကို ချက်ချင်း ကမန်းကတန်း ပြန်ပြောပြတော့တာပေါ့။ ကိစ္စကလည်း သူ့ရဲ့ဆရာနဲ့ သိပ်ကို

www.burmeseclassic.com

www.burmeseclassic.com

သက်ဆိုင်နေတာကိုး။ ဒါပေမဲ့ သူမသိပါဘူး။ သူသိစရာအကြောင်းလည်း ရှိမှ မရှိဘဲ။ ဗိုဒီမော့ဆိုတဲ့ ကောင်ကလေးက အဲဒီနောက်ပိုင်းမှာ အန္တရာယ်ပြုလိမ့်မယ်ဆိုတာရော၊ ဒါမှမဟုတ်ရင် သူ သတ်ဖြတ်ဖျက်ဆီးဖို့ ရှာဖွေနေတဲ့ လူတွေဟာ မောင်ရင့်ရဲ့ အဖေနဲ့အမေ ဖြစ်နေတယ်ဆိုတာရော စနိပ်က သိတာမဟုတ်ဘူး"

ဟယ်ရီ ဟာသမပါဘဲ အသားလွတ် ခြောက်ကပ်ကပ် အော်ရယ်ပစ်လိုက်တယ်။

"သူက ဆီးရီးယတ်စ်ကို မုန်းသလို၊ ကျွန်တော့်အဖေကိုလည်း မုန်းတယ်ဗျ။ အဲဒါကို ခင်ဗျား သတိမထားခဲ့မိဘူးလား ပါမောက္ခကြီးရယ်... စနိပ်မုန်းတဲ့လူတွေ ဘယ်လိုသေပြီး နိဂုံးချုပ်သွားရတယ် ဆိုတာလေ။ ခင်ဗျား မသိဘူးလား"

"အဲဒါက စနိပ်ဟာ လော့ဒ်ဗိုဒီမော့က ဟောစာတမ်းကြီးကို ဘယ်လို အနက်အဓိပ္ပာယ်ကောက် နိမိတ်ဖတ်တယ်ဆိုတာလည်း သိရော ဘယ်လို အကြီးအကျယ် နောင်တရခံစားခဲ့ရတယ် ဆိုတာကို မောင်ရင် စိတ်ကူးမကြည့်မိလို့၊ သဘောမပေါက်လို့ပဲ ဟယ်ရီ... ဒါဟာ သူ့ဘဝရဲ့ အကြီးအကျယ်ဆုံးသော ဝမ်းနည်းစိတ်ထိခိုက် နောင်တရစရာ ဖြစ်လိမ့်မယ်ဆိုတာ ကျုပ် ယုံကြည်တယ်။ ဒါဟာ သူပြန်လာရတဲ့ အဓိက အကြောင်းရင်းပဲ"

"ဒါပေမဲ့ သူဟာ တခြားသူတွေရဲ့ စိတ်ကို ထွင်းဖောက်သိနိုင်တဲ့ အော့ကလန်ပင်စီ မှော်ပညာမှာ သိပ်ထူးချွန်ပိုင်နိုင်သူ မဟုတ်ဘူးလား ဆရာ" ဟယ်ရီက ပြောလိုက်တယ်။ သူ အရမ်းချုပ်တည်း ထိန်းသိမ်းပြောနေရတာဖြစ်လို့ သူ့အသံတွေ တုန်ခါနေတယ်။ "ပြီးတော့ ဗိုဒီမော့က စနိပ်ဟာ ခုထိတောင်မှ သူ့ဘက်မှာ ရှိနေတယ်ဆိုတာ ယုံကြည်ထားပြီးသား မဟုတ်ဘူးလား၊ ပါမောက္ခကြီးက ဘာကြောင့်စနိပ်ကို ကျွန်တော်တို့ဘက်မှာ ရှိတယ်လို့ သေချာနေရပြန်တာလဲ"

ဒမ်းဘဲလ်ဒိုးက တစ်အောင့်သာသာ ကြာအောင် ဘာမှ ပြန်မပြောသေးဘဲနေ နေတယ်။ သူ့ကို ကြည့်ရတာ သူ့စိတ်ကို တစ်စုံတစ်ခုနဲ့ ပတ်သက်ပြီး ပြန်ပြင်ဖို့ ကြိုးစားနေသလိုမျိုး မြင်ရတယ်။ နောက်ဆုံးမှာတော့ သူက ပြတ်ပြတ်သားသား ပြောလိုက်တယ်။ "ဟုတ်တယ် ကျုပ်ဘက်က သေချာတယ်။ ကျုပ် စနိပ်ကို အကြွင်းမဲ့ ယုံကြည်တယ်"တဲ့။

ဟယ်ရီ အသက်ကို အားပါးတရ ရှူလိုက်ပြီး သူ့စိတ်ကို သူ တည်ငြိမ်အောင် အားထုတ်နေတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။

"ဟုတ်လား၊ ကျွန်တော် လက်မခံဘူး။ ကျွန်တော် မယုံဘူး။ ဟယ်ရီရဲ့ အသံစောစောကထက် ပိုကျယ်လောင်လာတယ်။ "သူက ခုထိတောင် ဒရာကို မော်လ်ဖွိုင်းနဲ့ အကြံအဖန် လုပ်နေသေးတာ ဆရာ့မျက်စိအောက်မှာတင်ပဲ။ ဒါတောင်မှပဲ ဆရာက..."

"ဒီအကြောင်း ကျုပ်တို့ ဆွေးနွေးခဲ့ကြဖူးတယ်လေ" ဒမ်းဘဲလ်ဒိုးက ပြောတယ်။ သူ့ရဲ့ လေသံလည်း တစ်ခါပြန်ပြီး နည်းနည်း တင်းလာတယ်။ "ကျုပ်ရဲ့ အမြင်တွေ အယူအဆတွေကို မောင်ရင့်ကို ကျုပ် ပြောထားပြီးပဲ"

www.burmeseclassic.com

“ဆရာ ဒီည ကျောင်းကနေ ထွက်သွားဦးမှာမို့လား။ စနိပ်နဲ့ မော်လ်ဖွိုင်းဟာ ဘာလုပ်ဖို့ ဘာတွေ ဆုံးဖြတ်နိုင်တယ် ဆိုတာတောင် ဆရာ မသိရသေးဘူးဆိုတာ ကျွန်တော် အတပ်ပြောရဲတယ်”

“ဘာကို ဆုံးဖြတ်မှာလဲ” ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။ အံ့သြမှုနဲ့ သူ့မျက်ခုံးတွေလည်း မြောက်တက်သွားတယ်။ “သူတို့ ဘာလုပ်လိမ့်မယ်လို့ မောင်ရင် သံသယဖြစ်နေတယ်ဆိုတာ အတအကျပြောစမ်း”

“ကျွန်တော် ... အဲ သူတို့ တစ်ခုခုအကြံအဖန် လုပ်နေတာတော့ သေချာတယ်” ဟယ်ရီက ပြောလိုက်တယ်။ နောက် လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဆက်ပြောတယ်။ “ပါမောက္ခ ထရီလောနေးဟာ ခုလေးတင် သူမရဲ့ ရှယ်ရီအရက်ပုလင်းတွေကို ဝှက်ထားဖို့ ဣစ္ဆာသယခန်းမကြီးထဲမှာ ရှိနေခဲ့တယ်။ အဲဒီမှာ မော်လ်ဖွိုင်းရဲ့ အူမြူးပြီး အော်ဟစ်နေတဲ့ အသံကို သူမ ကြားခဲ့ရတယ်။ အခမ်းအနား တစ်ခုခု ပွဲကလေးတစ်ပွဲ ကျင်းပနေတဲ့အသံပဲ။ နောက် သူ အဲဒီအခန်းထဲမှာ အန္တရာယ်ရှိတဲ့ တစ်စုံတစ်ခုကို ပြုပြင်ဖို့ ကြိုးစားနေတယ်။ တကယ်လို့ ဆရာက ကျွန်တော် သူနောက်ဆုံး အဲဒီမှာ အဲဒီပစ္စည်းကို တပ်ဆင်နေတာနဲ့ ပတ်သက်လို့ မေးတယ်ပဲထား။ ဆရာက ဘာမှမသိရဘဲ ကျောင်းကထွက်သွားတော့မယ်”

“ရပြီ ရပြီ၊ ဒီလောက်ဆို ပြည့်စုံပြီ” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ သူ့အမူအရာကတော့ ခပ်အေးအေးပဲ။ ဒါနဲ့ ဟယ်ရီလည်း ဘာမှမပြောတော့ဘဲ ချက်ချင်း တိတ်တိတ်နေလိုက်တယ်။ ဟယ်ရီက အပြီးသတ်မှာ သူဟာ မမြင်နိုင်တဲ့ စည်းတစ်ခုကို ဖြတ်ကျော်လိုက်မိပြီဆိုတာ သိလိုက်တယ်။ “မောင်ရင်က ကျုပ်ဟာ ဒီနှစ်အတွက် ကျုပ်ရှိမနေတဲ့ ကာလအတွင်း ကျောင်းကို ဘာအကာအကွယ်မှ ပြုလုပ်မထားခဲ့ဘဲ ခုချက်ချင်း ဒီအတိုင်း ထွက်သွားလိမ့်မယ်လို့ ထင်နေတာလား။ ကျုပ် အဲဒီလိုလုပ်မှာ မဟုတ်ဘူး။ ဒီည ကျောင်းက ထွက်သွားတဲ့ အချိန်မှာ နောက်ဆက်တွဲ အရံအကာအကွယ်တစ်ခု ကျုပ် ထပ်ပြီး စီမံထားခဲ့မှာပါ။ ကျုပ်ဟာ ကျုပ်ရဲ့ ကျောင်းသားတွေရဲ့ လုံခြုံရေးကို ထိထိရောက်ရောက် မဆောင်ရွက်ဘူး ဆိုတာမျိုးတော့ မောင်ရင် ကျုပ်ကို မပြောပါနဲ့ ဟယ်ရီ”

“ကျွန်တော် မပြောပါဘူး” ဟယ်ရီက မပွင့်တပွင့် ဗလုံးဗထွေး ပြောလိုက်တယ်။ သူနည်းနည်း အနေခက်သလို ဖြစ်သွားတယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက သူ စကားမဆက်ခင် ဖြတ်ပြောလိုက်တယ်။

“ကျုပ် ဒီကိစ္စကို ထပ်မဆွေးနွေးချင်တော့ဘူး”

ဟယ်ရီက သူ့ရဲ့ ခွန်းတုံ့ခံ ပြန်ပြောနေမှုကို တိခနဲ ရပ်လိုက်တယ်။ သူ ဆက်ပြောနေရင် ဒမ်းဘဲလ်ဒိုးနဲ့အတူ လိုက်ပါရမယ့် အခွင့်အရေးကို ပြန်ဖျက်ဆီးနေသလို ဖြစ်နေတယ်ဆိုတာ သူ သဘောပေါက်သွားတယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက ဆက်ပြောပါတယ်။ “မောင်ရင် ဒီညကျုပ်နဲ့ အတူ လိုက်ချင်ရဲ့လား”တဲ့။

“ဟုတ်ကဲ့” ဟယ်ရီက ချက်ချင်း မတုံ့မဆိုင်း ဖြေလိုက်တယ်။

www.burmeseclassic.com

"သိပ်ကောင်းတာပေါ့။ အဲဒီလိုဆိုရင် မင်းနားထောင်" ဒမ်းဘဲလ်ဒိုးက သူ့ကိုယ်သူ မတ်မတ်ဆန့်ရပ်လိုက်ပြီးမှ ဆက်ပြောတယ်။ ကျုပ် မောင်ရင့်ကို စည်းကမ်းချက်တစ်ချက် သတ်မှတ်ပြီးမှ ခေါ်သွားနိုင်မယ်။ အဲဒါကတော့ မောင်ရင်ဟာ ကျုပ်ပေးသမျှ အမိန့်ကို ဘာတစ်ခွန်းမှ ပြန်မေးမနေဘဲ ချက်ချင်း လိုက်နာရလိမ့်မယ်"

"သိပ်ရတာပေါ့"

"ကျုပ်ပြောတာကို နားလည်တယ်ဆိုတာ သေချာတယ်နော် ဟယ်ရီ၊ ကျုပ် ဆိုလိုတာကတော့ မောင်ရင်ဟာ ကျုပ်ပေးသမျှ အမိန့်အတိုင်း 'ပြေးဆိုပြေး'၊ 'ပုန်းနေဆို ပုန်းနေ'၊ ဒါမှမဟုတ် 'ပြန်တော့ကွာ'ဆိုလည်း လျှာမရှည်ဘဲ ချက်ချင်း လုပ်မယ်။ မင်းစကားကို ငါ အတည်ယူရတော့မလား"

"ကျွန်တော့်ကို တကယ့်ကို ပြောတဲ့အတိုင်း လုပ်ပါ့မယ်"

"မောင်ရင့်ကို ပုန်းနေပါလို့ ကျုပ်ကပြောရင် မောင်ရင် ပြောသလို လုပ်မှာလား"

"ဟုတ်ကဲ့"

"ကျုပ်ကို ထားခဲ့ပြီး မောင်ရင့်ကိုယ် မောင်ရင်ပဲ လုံခြုံအောင် အလွတ်ရုန်းပါ ဆိုရင်ရော မောင်ရင် ကျုပ်ပြောတဲ့အတိုင်း လုပ်နိုင်ပါ့မလား"

"အဲဒါကတော့ ..... ကျွန်တော်"

"ဟယ်ရီ.... ဘယ်လိုလဲ ပြောစမ်း"

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေတယ်။

"ဟုတ်ကဲ့ဆရာ လုပ်ပါ့မယ်"

"ဒါမှပေါ့ ကောင်းပြီ။ ခုမောင်ရင် မောင်ရင့်ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို ပြေးယူလိုက်၊ ကျုပ်နဲ့ အဝင်ဝခန်းမကြီးထဲမှာ တွေ့မယ်။ အချိန် ငါးမိနစ်ပဲ ရတယ်နော်"

ဒမ်းဘဲလ်ဒိုးက တစ်ဖက်ကို ပြန်လှည့်ပြီး ပြတင်းပေါက်အပြင်ဘက်က ရဲရဲလွင်နေတဲ့ ရှုခင်းကို ကြည့်နေတယ်။ ပတ္တမြားလုံးလုံးနီနီကြီးလို ဝင်းလဲ့နေတဲ့ နေရောင်က မိုးကုပ်စက်ဝိုင်း တစ်လျှောက် ပြန့်ကျဲနေတယ်။ ဟယ်ရီ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းထဲက အပြေးကလေး လျှောက်ထွက်လာပြီး ကြောင်လိမ်လှေကားအုံကြီးအတိုင်း အမြန်ဆင်းလာခဲ့တယ်။ သူ့ရဲ့ စိတ်တွေလည်း ရုတ်တရက် ချက်ချင်းဆိုသလို ကြည်လင်လာတယ်။ သူလာလုပ်ရမယ် ဆိုတာကို သူသိသွားတယ်။

သူပြန်ရောက်သွားတော့ ရွန်နဲ့ ဟာမီယွန် ကျောင်းသားများ နားနေခန်းထဲမှာ အတူထိုင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

“သူ ဘာလိုချင်တာလဲ” ဟာမီယွန်က ဦးဆုံးလှမ်းမေးတယ်။ ပြီးတော့ “ဟယ်ရီ နင် နေမှ ကောင်းရဲ့လား”လို့လည်း စိုးရိမ်တကြီး ထပ်မေးနေတယ်။

“ငါ နေကောင်းပါတယ်” ဟယ်ရီက သူတို့နဲ့ စကားရပ်မပြောအားတော့ဘူး။ သူတို့ကို ဖြတ်ပြေးသွားရင်းနဲ့ပဲ တိုတိုတုတ်တုတ် ပြန်ဖြေလိုက်တယ်။ သူလှေကားတွေပေါ်ကို ခြေကုန်သုတ်တက်သွားပြီး အဆောင်ထဲကို ဝင်ပြေးတယ်။ ပြီးတော့ သူ့ရဲ့ အဝတ်သေတ္တာအိတ်ကြီးကို အသော့ဖွင့်လိုက်ပြီး မရောက်ဒါးရဲ့ မြေပုံနဲ့ သူ့ရဲ့ ခြေအိတ်တစ်စုံ ဆွဲထုတ်ယူလိုက်တယ်။ နောက်သူတစ်ရှိန်ထိုး ပြန်ဆင်းလာပြီး ကျောင်းသားများ နားနေခန်းထဲကို လျှောခနဲ ဝင်သွားရာက ထိုင်ပြီး သူ့ကို အံ့အားတသင့်နဲ့ ကြည့်နေတဲ့ ရွန်နဲ့ ဟာမီယွန် ရှိနေတဲ့နေရာမှာ တစ်ချက်ရပ်လိုက်တယ်။

“ငါ ကမန်းကတန်း သွားရတော့မယ်ကွ။ ဒမ်းဘဲလ်ဒိုးက ငါ့ကို ကိုယ်ဖျောက်ဝတ်ရုံ ယူလာသင့်တယ်ဆိုလို့” ဟယ်ရီက ဟောဟဲလိုက်ပြီး ပြောနေတယ်။ ပြီးတော့ သူဘယ်ကို သွားရမယ်ဆိုတာနဲ့ ဘာကြောင့်သွားရတယ်ဆိုတာလည်း အမြန်ဆုံး ပြောပြလိုက်တယ်။ ဟယ်ရီဟာ သူပြောနေတုန်း ဟာမီယွန်ရဲ့ ကြောက်လန့်တကြား သက်ပြင်းချနေတဲ့အတွက်ရော၊ ရွန်ရဲ့ အလောသုံးဆယ် ကြားဖြတ်မေးနေတဲ့ မေးခွန်းတွေကြောင့်ပါ သူ့စကားကို မရပ်ဘဲ နောက်ပိုင်းမှာ သူတို့ နားရှင်း သဘောပေါက်သွားတဲ့အထိ ဆက်တိုက် အမြန်ပြောပစ်လိုက်တယ်။

“ဒမ်းဘဲလ်ဒိုး ဒီညဒီမှာ ရှိမှာ မဟုတ်ဘူး။ ဒါကြောင့် မော်လ်ဖွိုင်းဟာ နောက်ထပ်တခြား သူလုပ်ရမယ့် အကြံအဖန် ကိစ္စတစ်ခုကို လုပ်မယ်ဆိုတာ ရှင်းနေတာပဲ။ ဖြတ်မပြောစမ်းနဲ့ ငါပြောတာ နားထောင်စမ်းပါ” ဟယ်ရီက သူအလောသုံးဆယ်ပြောနေတုန်း ကြားဖြတ်ပြီး ဝင်ပြောမယ်လို့ ဟန်တပြင်ပြင် လုပ်နေတဲ့ ရွန်နဲ့ ဟာမီယွန်ကြောင့် ဟန့်တားလိုက်တာ ဖြစ်ပါတယ်။ “မော်လ်ဖွိုင်းဟာ ဣစ္ဆာသယခန်းကြီးထဲမှာ အခမ်းအနားတစ်ခု ကျင်းပနေတာ ငါသိတယ်။ ဟောဒီမှာပဲ” ဟယ်ရီက မရောက်ဒါးရဲ့ မှော်မြေပုံကို ဟာမီယွန်ရဲ့ လက်ထဲထိုးထည့်လိုက်တယ်။

“နင် ဒါနဲ့ သူ့ကို စောင့်ကြည့်လို့ရတယ်။ နင်အဲဒါနဲ့ စနိပ်ကိုလည်း စောင့်ကြည့်လို့ရတယ်။ ဒီမြေပုံနဲ့ နင်တစ်ယောက်ယောက်ကိုလည်း စီစဉ်ပေးနိုင်တာပဲ ဟာမီယွန်၊ ဂါလီယွန်တွေနဲ့ အဆက်သွယ်ရှိနေသူတွေက ဆက်လုပ်ကြမှာပါ။ ဒမ်းဘဲလ်ဒိုးက ပြောတယ်။ သူကျောင်းမှာ အပိုဆောင်း အကာအကွယ် ထားခဲ့တယ်တဲ့။ ဒါပေမဲ့ စနိပ် ပါဝင်ပတ်သက်နေရင်တော့ ဒမ်းဘဲလ်ဒိုးရဲ့ အကာအကွယ်ဟာ ဘယ်လိုဆိုတာ သူသိမှာပဲ။ ဒါဆိုရင် အဲဒီအကာအကွယ်ကို ဘယ်လိုရှောင်ရမယ် ဆိုတာ သူသိလိမ့်မယ်။ ဒါပေမဲ့ သူက နင် သူတို့ကို စောင့်ကြည့်နေလိမ့်မယ်လို့ ဘယ်လိုမှ မျှော်လင့်ထားမှာ မဟုတ်ဘူး။ နင်စောင့်ကြည့်နေမှာကို သူသိနိုင်မှာလား။ ဒီလောက်ဆိုရင် ငါဘာကို ဆိုလိုတယ်ဆိုတာ မင်းတို့သိရောပေါ့ကွာ” ဟယ်ရီက သူ့ရဲ့ မာရသွန်စကားကို အဆုံး သတ်လိုက်တယ်။

“ဟယ်ရီ” ဟာမီယွန်က စပြောလိုက်တယ်။ သူမရဲ့ မျက်လုံးတွေလည်း ကြောက်လန့်ပြီး ပြူးကျယ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

“ငါ စကား အချေအတင် ဆက်ပြောဖို့ အချိန်မရှိတော့ဘူး။ အဲဒါကိုသာ ယူထားလိုက်တော့” ဟယ်ရီက တုံးတိတိပြောချလိုက်တယ်။ သူက ခြေအိတ်တွေကိုတော့ ရွန်ရဲ့ လက်ထဲကို ထိုးထည့်ခဲ့တယ်။

“ကျေးဇူးပဲကွ၊ သြော်ဒါနဲ့ ငါ့မှာ ဒီခြေအိတ်တွေ ဘာဖြစ်လို့ ရှိနေဖို့လိုတာလဲကွ”

“အဲဒီခြေအိတ်တွေကို မင်းလိုအပ်တာ မဟုတ်ဘူး။ အဲဒါနဲ့ ပတ်သက်ထားတဲ့ အထဲကဟာကို မင်းလိုအပ်တာ။ ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည်လေကွာ။ အဲဒါကို မင်းတို့အတွက်ရော ဂျင်နီအတွက်ပါ ခွဲယူကြပေါ့။ သူ့ကို နှုတ်ဆက်ခဲ့ပါတယ်လို့ ငါ့အစား ပြောပေးပါကွာ။ ငါ သွားဖို့သင့်ပြီ။ ဒမ်းဘဲလ်ဒိုး စောင့်နေပြီ”

“မဟုတ်သေးဘူး” ရွန်က ခြေအိတ်တွေကို ဖြန့်ပြီး အထဲက ပုလင်းသေးသေးကို ထုတ်နေစဉ်မှာပဲ ဟာမီယွန်က ပြောလိုက်တယ်။ “တို့ အဲဒါကို မလိုချင်ဘူး။ နင်ဘာတွေရင်ဆိုင်ရမယ်ဆိုတာ သိနေတဲ့ နင်ကိုယ်တိုင်ပဲ အဲဒါကို ယူသွားပါ”

“ငါ့အခြေအနေ ကောင်းမှာပါ။ ငါက ဒမ်းဘဲလ်ဒိုးနဲ့ အတူရှိနေမှာပဲ။ ငါမင်းတို့ အရမ်းအဆင်ပြေတယ်ဆိုတာကို သိဖို့ပဲ လိုလားတယ်။ ငါ့ကို အဲဒီလို မကြည့်နဲ့ ဟာမီယွန်။ ကဲ ငါတို့ ပြန်တွေ့ကြသေးတာပေါ့”

ပြောပြီးတာနဲ့ သူချက်ချင်းထွက်သွားပြီး ပုံတူပန်းချီကား အပေါက်ကြီးထဲကတစ်ဆင့် အဝင်ဝခန်းမကြီးဆီကို အပြေးထွက်လာတယ်။

ဒမ်းဘဲလ်ဒိုးက သူ့ကို ဝက်သစ်ချ တံခါးကြီးတွေဘေးမှာ စောင့်နေတယ်။ ဟယ်ရီ အပေါ်ဆုံး ကျောက်တုံးလှေကားထစ်ကနေ ဘွားခနဲ ပေါ်ထွက်လာပြီး သူ့ဆီကို ချဉ်းကပ်သွားချိန်မှာ သူက လှည့်ကြည့်လိုက်တယ်။ ဟယ်ရီ အသားကုန် မောပန်းပြီး ဟောဟဲလိုက်နေတယ်။

“မောင်ရင်ရဲ့ ဝတ်ရုံကို ကျေးဇူးပြုပြီး ဝတ်လိုက်ပါလား” ဒမ်းဘဲလ်ဒိုးက ပြောပြီး ဟယ်ရီ သူ့ရဲ့ ဝတ်ရုံကို ခြုံလွှားလိုက်ပြီးချိန်အထိ စောင့်နေပြီးမှ ထပ်ပြောလိုက်တယ်။

“သိပ်ကောင်းတာပဲ။ ကဲ–တို့သွားကြစို့”

ဒမ်းဘဲလ်ဒိုးက ချက်ချင်းပဲ ကျောက်လှေကားထစ်တွေကနေ ဆင်းသွားတယ်။ သူ့ရဲ့ ခရီးသွားဝတ်ရုံကြီးက နွေရာသီရဲ့ လေထဲမှာ တစ်လွှားလွှားလွင့်ပျံ လှုပ်ယမ်းနေတယ်။ ဟယ်ရီဟာ သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို ဝတ်ထားရင်း ဒမ်းဘဲလ်ဒိုးကိုယှဉ်ပြီး အသော့နှင်အမီလိုက်နေရတာကြောင့် အသက်ကို အမောတကော ရှူပြီး ဟောဟဲလိုက်နေတဲ့အပြင် ချွေးတွေလည်း တစ်အားထွက်နေတယ်။

“ဒါနဲ့ လူတွေက ခုလို ဆရာကျောင်းက ထွက်လာတာကို မြင်ရင် ဘာထင်ကြမလဲ မသိဘူးနော် ပါမောက္ခကြီး” ဟယ်ရီက မေးလိုက်တယ်။ သူ့စိတ်တွေကတော့ မော်လ်ဖွိုင်းနဲ့ စနိပ်ဆီမှာပဲ။

www.burmeseclassic.com

"ဒါကတော့ ကျုပ်ကို ဟော့စ်မိရှာထဲထွက်ပြီး တစ်ခွက်တစ်ဖလား သောက်တယ်လို့ ထင်ကြမှာပေါ့"
ဒမ်းဘဲလ်ဒိုးက ပေါ့ပေါ့တန်တန်ပဲ ပြန်ဖြေလိုက်တယ်။ "ကျုပ်က တစ်ခါတလေ ရို့စ်မာတာရဲ့ အရက်ကို
ဖောက်သည်အဖြစ် အားပေးတတ်ပြီး ဟော့စ်ဟက်ဒ်ကိုလည်း သွားတတ်တာလေ။ အဲဒါဟာ
တကယ့်အမှန် ရည်မှန်းချက်ကို ပုံဖျက်ပြီး လုပ်ရာမှာ သုံးရတဲ့ နည်းလမ်းဟောင်းကလေးပဲပေါ့"

နေဝင်ဆည်းဆာအောက်က လမ်းကလေးအတိုင်း သူတို့ဆင်းသွားနေကြတယ်။ လေထဲမှာ နွေးနေတဲ့
မြက်သင်းနံ့ကလေးတွေ၊ ရေကန်ထဲက ကန်ရေအနံ့နဲ့ ဟက်ဂရစ်ရဲ့ အခန်းထဲက ထွက်လာတဲ့
ထင်းမီးခိုးအနံ့တွေနဲ့ ပြည့်နေတယ်။ ကြည့်ရတဲ့ ပုံစံက သူတို့ဟာ အန္တရာယ်များပြားတဲ့ ဒါမှမဟုတ်
ထိတ်လန့်ဖွယ်ရာကောင်းတဲ့ တစ်နေရာဆီကို ဦးတည်သွားနေတယ် ဆိုတာတောင် ယုံရခက်ခက်
ဖြစ်နေတယ်။

"ပါမောက္ခကြီး" သူတို့ရဲ့ မြင်ကွင်းထဲမှာ လမ်းကလေးရဲ့ အဆုံး အောက်ခြေက ဂိတ်တံခါးလေးတွေကို
လှမ်းမြင်ရချိန်မှာ ဟယ်ရီက ဒမ်းဘဲလ်ဒိုးကို တိုးတိုးကလေးခေါ်ပြီး မေးလိုက်တယ်။ "ကျွန်တော်တို့
နာမ်ရုပ်သွင် ကိုယ်ထင်ပြ ကိုယ်ယောင်ဖျောက်တာတွေ လုပ်ရဦးမှာလား"

"အေး၊ မင်းအခု နာမ်ဖျောက်ရုပ်ဖျောက် လုပ်နိုင်တဲ့ အဆင့်ရောက်နေပြီလို့ ငါယုံကြည်တယ်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်တော့်မှာ အဲဒီလို လုပ်ဖို့ ခွင့်ပြုချက် လိုင်စင်မရသေးဘူးနော်"

သူက ရိုးရိုးသားသား ပြောလိုက်တာ အကောင်းဆုံးပဲလို့ မှတ်ယူလိုက်တယ်။ ခုအချိန်မှာ သူ့အနေနဲ့ မိုင်
၁၀၀ ရာအထိထားပြီး လုပ်ရမယ့်ခရီး ဖြစ်ရင်တောင် ရိုးရိုးသားသားပဲ ပြောဆိုပြီး လုပ်ဖို့
ဆုံးဖြတ်ထားလို့လည်း ဖြစ်ပါတယ်။

"ကိစ္စမရှိဘူး၊ ကျုပ်မောင်ရင့်ကိုထပ်ပြီး အထောက်အကူ ပေးနိုင်ပါတယ်" ဒမ်းဘဲလ်ဒိုးက
ပြောလိုက်တယ်။

သူတို့တွေ ဂိတ်တံခါးက ထွက်ပြီး နေဝင်ဆည်းဆာအောက်က ဟော့စ်မိဒ်ကိုသွားတဲ့ လူရှင်းနေတဲ့
လမ်းကလေးထဲကို ဝင်လာခဲ့ကြတယ်။ သူတို့လျှောက်သွားနေချိန်မှာပဲ အမှောင်က လျင်လျင်မြန်မြန်
ကျရောက်လာနေတယ်။ သူတို့လည်း လမ်းမကြီးပေါ်ကို ရောက်သွားရော ညဦးပိုင်းလည်း စောစီးစွာ
ရောက်လာပါတော့တယ်။ ဈေးဆိုင်ပြတင်းပေါက်တွေကနေ မီးရောင်လေးတွေ မှိတ်တုတ်မှိတ်တုတ်
လင်းလက်နေကြတယ်။ သူတို့ တံမြက်စည်းသုံးချောင်းဆိုင်နဲ့ နီးကပ်လာချိန်မှာပဲ အဲဒီက လျှံထွက်လာတဲ့
ရှန့်ရင်းကြမ်းတမ်းတဲ့ အော်ဟစ်သံတွေကို သူတို့ကြားလိုက်ရတယ်။

"ရှင်ထွက်သွားစမ်းပါ" မဒမ်ရို့စ်မာတာက ညစ်ပတ်ပေရေပြီး မသတီစရာ ဖြစ်နေတဲ့ မှော်ဆရာကို
အော်ဟစ်နှင်ထုတ်နေရာက ဒမ်းဘဲလ်ဒိုးကို မြင်ပြီး လှမ်းပြောလိုက်တယ်။

"အို–အဲဘတ်စ်ပါလား၊ ရှင်မလာတာ ကြာလှပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းသောညချမ်းပါ ရှိစ်မာတာရေ..... ကောင်းသောညချမ်းပါ၊ ကျုပ်ကို ခွင့်လွှတ်ပါဗျာ။ ကျုပ် ဟော့စ်ဟက်ဒ်ဘက် သွားလိုက်ဦးမယ်၊ ပြဿနာရှိလို့ မဟုတ်ပါဘူး။ ဒီညအတွက် တိတ်တိတ်ဆိတ်ဆိတ် ပတ်ဝန်းကျင်လေးမှာပဲ ကျုပ် နေချင်လို့ပါ"

တစ်မိနစ်လောက်ကြာတော့ သူတို့ ဟော့စ်ဟက်ဒ်ရဲ့ လက္ခဏာဖြစ်တဲ့ တဂျီဂျီ တညောင်ညောင်သံတွေကို လွန်မြောက်ပြီး နည်းနည်းပါးပါးလေးပဲ ကြားနိုင်တော့တဲ့ လမ်းမြှောင်းတစ်ခုထဲကို ဝင်ရောက်သွားကြတယ်။ အဲဒီမှာ တံမြက်စည်းသုံးချောင်းဆိုင်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်အောင် လုံးဝတိတ်ဆိတ် လူရှင်းနေတဲ့ ယမကာဆိုင်ကလေး သူတို့ရှေ့မှာ ပေါ်လာတယ်။

"ဒီဆိုင်ကို ကျုပ်တို့ ဝင်စရာမလိုဘူးကွဲ့" ဒမ်းဘဲလ်ဒိုးက ပါးစပ်လှုပ်ရုံကလေး ပြောပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တယ်။ နောက် သူက ဆက်ပြောတယ်။ "ဘယ်သူမှ ကျုပ်တို့ကို မမြင်သေးသမျှ အချိန်အထိပေါ့ကွာ၊ ကဲ-ခု မောင်ရင့်လက်တစ်ဖက်နဲ့ ကျုပ်လက်ကို ကိုင်ထား။ သိပ်တင်းကျပ်နေအောင် ဆုပ်ကိုင်ထားစရာ မလိုဘူး။ ကျုပ်က မောင်ရင့်ကို ပြရုံသက်သက်ပဲ လုပ်မှာပါ။ ကဲ-တစ်နှစ်သုံး ရေတွက်မယ်။ တစ်-နှစ်-သုံး"

ဟယ်ရီက ပြောတဲ့အတိုင်း လုပ်လိုက်တယ်။ ချက်ချင်းပဲ သူ့ကို ရာဘာပြွန်ချောင်းကြီး တစ်ခုထဲထည့်ပြီး အသားကုန်ညှစ်လိုက်တာ ခံရသလို ချောက်ချားစရာ ထိတွေ့ခံစားမှုတစ်ခုကို ခံစားလိုက်ရပြီး အသက်တောင် မရှူနိုင်သလို ဖြစ်နေတယ်။ ခံနိုင်ရည်ရှိသမျှ အတိုင်းအတာထက် လွန်သွားလုနီးပါး သူ့တစ်ကိုယ်လုံးမှာရှိတဲ့ အစိတ်အပိုင်းတွေကို အတင်းဖိညှပ်သိပ်တာမျိုး သူခံနေရတယ်။ နောက် သူ အသက်ရှူမရတော့ဘဲ မွန်းကျပ်သွားတော့မယ်လို့ ထင်လိုက်ရတဲ့ အချိန်ကျမှပဲ ဗြုန်းခနဲ သူ့ကိုယ်ပေါ်က မမြင်ရတဲ့ စည်းနှောင်တင်းပတ်ထားတာတွေ ပြေလျော့ကွာကျသွားသလို ဖြစ်သွားတယ်။ နောက်တော့ သူဟာ အေးမြတဲ့ အမှောင်ထဲမှာ မတ်တတ်ရပ်ရင်း လတ်ဆတ်ပြီး ဆားနံ့ပါတဲ့ လေတွေကို အဆုတ်တွေနဲ့ တဝကြီး ရှူရှိုက်နေမိပါတော့တယ်။

ဂဂဂဂဂဂဂဂဂဂ

အခန်း (၂၆)

ဂူ

ဟယ်ရီဟာ ဆားနံ့ကလေးရှူရှိုက်နေရပြီး လှိုင်းတွေ ဆော့ပြေးလွှားသံတွေကိုလည်း ကြားနေရတယ်။ ပေါ့ပါး အေးစိမ့်တဲ့ လေပြည် လေညင်းလေးတစ်ဇုံ့ကြောင့် သူ့ဆံပင်တွေ ဖွာလန်ကြဲသွားတယ်။ သူ လမင်းကြီး ဝင်းပအောင် ထွန်းလင်းပြီး ကြယ်စင်တွေ ကြဲပတ်ထားတဲ့ ကောင်းကင်ပြင် တစ်မျှော်တစ်ခေါ်ကြီးကို ငေးမော့ကြည့်နေတယ်။

သူဟာ ညိုမှောင်တဲ့ ကျောက်ဆောင်မြင့်မြင့်ပေါ်က ကျောက်စွန်းမှာ မတ်တတ်ရပ်နေတာပါ။ သူ့အောက်မှာ ရေတွေ တဖျန်းဖျန်း ရိုက်ခတ် လှုပ်ရှားပြီး အမြှုပ်တစ်စီစီ ထနေတယ်။ သူ့ရဲ့ ပခုံးပေါ်က ကျော်ပြီး သူ ဖျတ်ခနဲ တစ်ချက် ဇေ့ကြည့်လိုက်တော့ အတော်ကလေးကို မြင့်မားတဲ့ ချောက်ကမ်းပါး ကျောက်သားနံရံကြီးတစ်ခုက သူတို့နောက်ဘက်မှာ မတ်မတ်ကြီး ထောင်ပြီး မိုးထားသလို ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်သားနံရံကြီးဟာ မည်းနက်ပြီး မျက်နှာမပါတဲ့ လူလို ပြောင်ချောကြီးပါပဲ။ ကြည့်ရတာ သူနဲ့ ဒမ်းဘဲလ်ဒိုး ရပ်နေတဲ့ ကျောက်တုံးကြီးနဲ့ ကျောက်တုံးကြီးတွေ အနည်းအကျဉ်းဟာ လွန်ခဲ့တဲ့ အတိတ်ကာလမှာ အကြောင်းတစ်ခုခုကြောင့် ကျောက်သားနံရံ မျက်နှာပြင်ကနေ ကျိုးပဲ့လွင့်စဉ် ထွက်ကျ ပြန့်ကျဲနေတာ ဖြစ်မယ်။

အမှန်တော့ ဒါဟာ ကျောက်သား တောင်ကတုံး တစ်ခုဖြစ်ပြီး ရှုခင်းက ကြမ်းထော်နေသလို၊ ပင်လယ်နဲ့ ကျောက်ဆောင်ဟာ ဘယ်သစ်ပင် တစ်စုံတစ်ရာ မြက်ခင်းပြင်ထဲတွေကြောင့်ပါ မပြောင်းမလဲ ဒီအတိုင်း တည်ရှိနေဟန် တူပါတယ်။

“မောင်ရင် ဘာတွေ တွေးနေတာလဲ” ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။ သူက ဒီနေရာလေးဟာ ပျော်ပွဲစားထွက်ဖို့ ကောင်းတဲ့နေရာ ထိုင်ခင်းလေး တစ်ခု ဖြစ်လေမလား ဆိုတဲ့သဘောမျိုး ဟယ်ရီ့ဆီက အကြံဉာဏ် ထင်မြင်ချက်ကို သိချင်တာကြောင့် မေးတာလည်း ဖြစ်နိုင်ပါတယ်။

“မိဘမဲ့ ကလေးဂေဟာက ကလေးတွေကို သူတို့ ဒီကို ခေါ်လာတတ်တယ် ထင်တယ်” ဒီလိုမျိုး စည်းစိမ်နဲ့ သက်သာအေးချမ်းမှု မရှိလှတဲ့ တစ်နေ့ခရီးလို နေရာမျိုးကို ပျော်ပွဲစားထွက်လာစရာ မရှိတာကို မစဉ်းစားတတ်တဲ့ ဟယ်ရီက မေးလိုက်တယ်။

“ဒီနေရာမှာ မဟုတ်တာတော့ အတိအကျကို သေချာတယ်” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ “ကျုပ်တို့ နောက်ဘက်က ကျောက်နံရံကြီး အတိုင်းသွားတဲ့ လမ်းတစ်ဝက်မှာ ရွာတစ်ရွာ ရှိနေတယ်ကွဲ့။ မိဘမဲ့ကလေးတွေဟာ ပင်လယ်လေကလေး နည်းနည်းရပြီး လှိုင်းတွေရဲ့ မြင်ကွင်းကိုလည်း အတော်အတန် ကြည့်လို့ရမယ့် အဲဒီရွာကို ခေါ်သွားခံရတာ ဖြစ်လိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ မဟုတ်သေးဘူးကွဲ့။ အဲဒါကလည်း ဒီကိုလာကြတာဟာ အမြဲတမ်း တွမ်ရစ်ဒဲလ်နဲ့ သူ့ရဲ့ ငယ်ရွယ်တဲ့ တန်ဆာခံလေးတွေပဲ ဖြစ်မယ်လို့ ကျုပ် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တောင်တက်တာ ထူးထူးခြားခြား ကျွမ်းကျင်သူတွေ မဟုတ်ကြတဲ့ သာမန် မတ်ဂဲလ်တွေတော့ တစ်ယောက်မှ ဒီကျောက်ဆောင်ကြီးဆီကို ရောက်နိုင်မှာ မဟုတ်ဘူး။ နောက်ပြီး လှေတွေလည်း ဒီကျောက်ကမ်းပါးကြီးကို မချဉ်းကပ်နိုင်ဘူးလေကွယ်။ ဒီကျောက်ဆောင်ကြီး ပတ်ဝန်းကျင်က ရေပြင်ဟာ အင်မတန်ကို အန္တရာယ်ကြီးတာ မဟုတ်လား။ ကျုပ် စဉ်းစားလို့ ရတာကတော့ ရစ်ဒဲလ်ဟာ ကျောက်ဆောင်တောင်ကို ဆင်းသွားတာ ဖြစ်မယ်။ မှော်ပညာက သူ့အတွက် ကြိုးထက်ပိုပြီး ကောင်းနေမှာပေါ့။ နောက်ပြီး ကလေးငယ်ငယ်ကလေး နှစ်ယောက်ကို သူနဲ့ ခေါ်သွားလိမ့်မယ်။ ဒီကလေးငယ် နှစ်ကောင်အပေါ် အနိုင်ကျင့် အကြမ်းဖက်ရတာကို သူက ကျေနပ်ပီတိဖြစ်နေတာ ဖြစ်နိုင်တယ်။ ခရီးကလည်း အဲဒီတစ်ခေါက်ပဲ ဖြစ်မယ်ထင်တယ်။ မောင်ရင် အဲဒီလို မထင်ဘူးလား”

ဟယ်ရီက ကျောက်နံရံကြီးကို နောက်တစ်ကြိမ် မော့ကြည့်လိုက်တယ်။ ပြီးတော့ သူ ကြက်သီးမွေးညင်းတွေ ထောင်ထသွားတယ်။

“အဲဒါ ထားပါတော့၊ သူ့ရဲ့ နောက်ဆုံး အပြီးသတ် ရည်မှန်းချက်နဲ့ ကျုပ်တို့ရဲ့ ရည်မှန်းချက်နဲ့ လုပ်ဆောင်တာတွေနဲ့ နည်းနည်းကလေးများ ကွာဟနေမလားဘဲ။ ဒီကိုလာ ဟယ်ရီ”

www.burmeseclassic.com

ကျောက်ဆောင်အောက်က ကျောက်သားနံရံနဲ့ ကပ်ပြီး ရေထဲမှာ တစ်ဝက်လောက် မြုပ်နေတဲ့ ရေလေတိုက်စားထားတဲ့ ဧရာမ ကျောက်တုံးကြီးတွေ ရှိနေတယ်။ ဒမ်းဘဲလ်ဒိုးက အဲဒီကျောက်တုံးကြီးတွေ ဆီကို ဦးတည်ပြီး ထော်လော်ကနဲ့လနဲ့ ရွှဲ့တိရွဲ့စောင်းနဲ့ ခြေကုပ်ယူပြီး နင်းဆင်းစရာ ကျောက်သားနံရံက လိုဏ်ဂူပေါက်တွေ အတန်းလိုက်ဖြစ်နေတဲ့ ကျောက်ဆောင် အစပ်ဖျားကို ဟယ်ရီ့ကိုပါ ခေါင်းညိတ်ပြီး ခေါ်လိုက်တယ်။ အဲဒါကြီးက အတော့်ကို စိတ်မချရတဲ့ ဆင်ခြေလျှောကြီး ဖြစ်နေလို့ ဒမ်းဘဲလ်ဒိုး သူ့ရဲ့ ဒဏ်ရာရထားလို့ ညှိုးခြောက်သွေ့နေတဲ့ လက်နဲ့ အသာအယာ ကောက်ကိုင်ပြီး ဖြည်းဖြည်း ရွေ့ရှားနေတယ်။ အောက်ဘက်ရောက်လာလေလေ ကျောက်ဆောင်ကြီးက ပင်လယ်ရေကြောင့် ချွဲကျိချော်နေလေနဲ့။ ဟယ်ရီလည်း ဒမ်းဘဲလ်ဒိုးလိုပဲ ဆင်းလိုက်လာခဲ့တာ သူ့မျက်နှာကို ဆားပါတဲ့ ရေမှုန်ရေမွှားလေးတွေတောင် စဉ်စဉ်ပြီး လာထိနေတယ်။

"လူမောစ်"

ကျောက်နံရံကြီးနဲ့ အနီးဆုံးနေရာမှာ ရှိနေတဲ့ ကျောက်တုံးကြီးဆီကို ရောက်သွားချိန်မှာ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ သူ ငုံ့ကြည့်နေတဲ့ နေရာရဲ့ အောက်ဘက် ပေးအနည်းငယ်ကလေးပဲ အကွာက နက်မှောင်နေတဲ့ ရေမျက်နှာပြင်ပေါ်မှာ ရွှေရောင်ဝင်းနေတဲ့ ရေမှုန်ရေမွှားကလေးတွေ ထောင်နဲ့ချီပြီး တလက်လက် တောက်ပနေသလို၊ သူ့ဘေးက အနက်ရောင် ကျောက်ဆောင်ကြီးရဲ့ နံရံကလည်း ရှင်းပြောင်ပြီး မီးထွန်းညှိထားသလို လင်းလက်နေတယ်။

"မြင်တယ် မဟုတ်လား" ဒမ်းဘဲလ်ဒိုးက ပြောရင်း ဆေးကြိမ်လုံးကို ကိုင်ပြီး နည်းနည်းမြှောက်ရွယ်ပြလိုက်တယ်။ ဒီမှာတင် ကျောက်နံရံကြီးပေါ်မှာ နက်မှောင်တဲ့ ပင်လယ်ရေတွေ ဝင်မွှေ့လှည့်နေတဲ့ ပတ်ကြားအက်ကြီးတစ်ခုကို ဟယ်ရီ မြင်ရတယ်။

"နည်းနည်းပါးပါးကလေး စိုသွားတာလောက်ကို မောင်ရင်က ကန့်ကွက်ဦးမှာလား"

"ဟာ ကျွန်တော် မကန့်ကွက်ပါဘူး" ဟယ်ရီက ဖြေလိုက်တယ်။

"ခု မင်းရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို ခွာပြီး ချွတ်လိုက်တော့။ ဒီနေရာမှာ ခုအဲဒါ မလိုတော့ဘူး။ ကဲ ပြီးရင် ကျုပ်တို့ ထိုးဆင်းပြီး ဝင်သွားကြရအောင်"

နောက်တော့ ဒမ်းဘဲလ်ဒိုးဟာ ရုတ်တရက် အရွယ်နဲ့ မလိုက်အောင် ပေါ့ပါးသွက်လက်မှုမျိုးနဲ့ ကျောက်တုံးကြီးပေါ်ကနေ လျှောဆင်းသွားပါတယ်။ ပြီးတော့ ပင်လယ်ထဲကို ရောက်သွားပြီး စတင်ကူးခတ်နေတယ်။ သူက သူ့ရဲ့ အလင်းရောင်ထွက်နေတဲ့ ဆေးကြိမ်လုံးကို ပါးစပ်ထဲမှာ သွားနဲ့ ကိုက်ထားရင်း ကျောက်ဆောင်ကြီးရဲ့ ဘေးသားမျက်နှာပြင်မှာ ဖြစ်ပေါ်နေတဲ့ မှောင်မိုက်နေတဲ့ ဟက်တက်ကွဲရာ ပတ်ကြားအက်ကြီးဆီကို ဖားကူးကူးသွားတာ ဖြစ်ပါတယ်။ ဟယ်ရီလည်း သူ့ကိုယ်ဖျောက်ဝတ်ရုံကို ဆွဲခွာလိုက်ပြီး သူ့အိတ်ကပ်ထဲကို ထိုးထည့်ပြီးမှ နောက်က ကူးလိုက်သွားတယ်။

www.burmeseclassic.com

ရေတွေက ရေခဲနှင့်မခြား အေးစက်နေတယ်။ ရေတွေ အပြည့်ခိုဝင်ပြီး သူ့ကိုယ်လုံး ပတ်လည်မှာ ဖောင်းကားနေတဲ့ ဟယ်ရီရဲ့ အဝတ်တွေက သူ့ကို ပိုပြီး လေးလံအောင် ဆွဲနှစ်နေသလို ဖြစ်နေတယ်။ အသက်ကို တဝကြီး ပြင်းပြင်း ရှူထည့်လိုက်တဲ့ ဟယ်ရီရဲ့ နှာခေါင်းပေါက်တွေထဲမှာ ငန်တူးတူး စူးရှရှ ဆားနဲ့ ပင်လယ်ရေညှိတွေနဲ့ ပြည့်သွားတယ်။ သူ အားစိုက်ပြီး ကူးနေသလို ခုချိန်မှာ သူဟာ စောစောက မြင်ရတဲ့ တလက်လက် အလင်းရောင်တွေ ဖြာထွက်မနေဘဲ ကျုံ့ကျုံ့သွားပြီဖြစ်တဲ့ ကျောက်နံရံကြီးရဲ့ အတွင်းပိုင်း နက်နက်ထဲကို ရောက်လာနေပြီ ဖြစ်ပါတယ်။

မကြာခင်မှာတော့ ပတ်ကြားအက်ကြီးဟာ မှောင်မည်းနေတဲ့ ဥမင်လိုဏ်ခေါင်းကြီး တစ်ခုထဲကို ဝင်နိုင်အောင် ပွင့်နေတဲ့ အဝင်ဝတစ်ခု ဖြစ်လာပါတော့တယ်။ ပြီးတော့ အဲဒီ ဥမင်လိုဏ်ခေါင်းကြီးဟာ ပင်လယ်ရေ အမြင့်ဆုံး တက်လာချိန်မှာ ဒီရေတွေနဲ့ ပြည့်နေမယ့်နေရာ ဖြစ်တယ်ဆိုတာကိုလည်း ဟယ်ရီက သိလိုက်တယ်။ ချွဲကျိနေတဲ့ ပတ်ကြားအက်ကြီးရဲ့ နံရံနှစ်ဖက်ဟာ သုံးပေလောက်သာ ကွာဟနေတာကို ဒမ်းဘဲလ်ဒိုးရဲ့ ဆေးကြိမ်လုံးရဲ့ ဖြာထွက်နေတဲ့ အလင်းရောင် မှိန်မှိန်အောက်မှာ သူမြင်နေရတယ်။

နောက်ထပ် နည်းနည်းကလေးလည်း ထပ်ဝင်သွားရော နံရံနှစ်ခုကြားက ရေစီးကြောင်းလမ်းကလေးဟာ ဘယ်ဘက်ကို ချိုးကွေ့သွားပြီး ကျောက်နံရံကြီးရဲ့ ဟိုးခပ်ဝေးဝေး အတွင်းပိုင်းအထိ ဆက်ရှည်ထွက်နေတာကို ဟယ်ရီတွေ့ရတယ်။

သူ ဒမ်းဘဲလ်ဒိုးနောက်ကနေ ဆက်ပြီး ကူးလိုက်လာနေတယ်။ ထုံကျင်နေပြီဖြစ်တဲ့ သူ့လက်ချောင်းကလေးတွေရဲ့ ထိပ်ဖျားတွေက ကြမ်းထော် စိုရွှဲနေတဲ့ ကျောက်ဆောင်ကျောက်သားတွေနဲ့ ပွတ်တိုက်မိနေတယ်။

အဲဒီနောက်မှာတော့ သူ့ရှေ့က ကူးနေတဲ့ ဒမ်းဘဲလ်ဒိုးဟာ ရေထဲကနေထပြီး ရပ်လိုက်တာကို သူတွေ့လိုက်ရတယ်။ သူ့ရဲ့ ငွေရောင်ဆံပင်တွေနဲ့ ဝတ်ရုံနက်ကြီးက အရောင်ဖျော့ဖျော့ကလေး လင်းနေတယ်။ ဟယ်ရီကိုယ်တိုင် ဒမ်းဘဲလ်ဒိုး ရှိတဲ့နေရာကို ရောက်သွားချိန်မှာ အဲဒီနေရာကနေ ဧရာမကြီးမားတဲ့ ဂူကြီး တစ်ခုထဲ ဝင်သွားနိုင်တဲ့ အထစ်ကလေးတွေကို တွေ့လိုက်ရပါတော့တယ်။

ဟယ်ရီက အထစ်ကလေးတွေကို ကုပ်တွယ်တက်သွားတယ်။ သူ့ရဲ့ ရွှဲနစ်နေတဲ့ အဝတ်တွေကနေ ရေတွေ စီးကျနေတယ်။ တဖြည်းဖြည်းနဲ့ သူ အေးစက်ငြိမ်သက်နေတဲ့ လေထဲကို သူရောက်သွားပြီး တစ်ကိုယ်လုံး တောင့်မထားနိုင်အောင် ခိုက်ခိုက်တုန်နေပါတယ်။

ဒမ်းဘဲလ်ဒိုးကို ကြည့်လိုက်တော့ ဂူကြီးရဲ့ အလယ်မှာ မားမားကြီးရပ်လို့။ သူက ရောက်နေတဲ့ နေရာမှာ လှည့်ပတ်ပြီး၊ သူ့လက်ထဲက ဆေးကြိမ်လုံးကို မြှောက်ကိုင်ရင်း နံရံတွေနဲ့ မျက်နှာကြက်ကို စစ်ဆေးကြည့်နေတယ်။

"ဟုတ်ပြီဟေ့ ဒီနေရာပဲကွယ်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ဆရာ ဘာဖြစ်လို့ ပြောနိုင်သလဲ" ဟယ်ရီက လေသံကလေးနဲ့ ကပ်မေးလိုက်တယ်။

www.burmeseclassic.com

"ဒါက မော်ပညာကြောင့်ပေါ့ကွဲ့" ဒမ်းဘဲလ်ဒိုးက ရိုးရိုးစင်းစင်းပဲ ဖြေလိုက်တယ်။

ဟယ်ရီက သူ ခိုက်ခိုက်တုန်နေတာဟာ သူခံစားနေရတဲ့ ကျောစိမ့်အောင် အေးစက်မှုကြောင့်လား၊ ဒါမှမဟုတ် ဒီနေရာရဲ့ ကြည်နူးနှစ်သက်စရာ ညှို့ယူဖမ်းစားမှုကြောင့်လားဆိုတာ မသေချာသလို ဖြစ်သွားတယ်။

ဒမ်းဘဲလ်ဒိုးက သူ့နေရာမှာ ချာလည်လည်ပြီး၊ ဟယ်ရီမမြင်နိုင်တဲ့ ပစ္စည်းတွေအပေါ်မှာပဲ အာရုံလုံးလုံးစိုက်ပြီး လိုက်ကြည့်စစ်ဆေးနေတာကို ဟယ်ရီက စောင့်ကြည့်နေတယ်။ တစ်အောင့်ကြာတော့ ဒမ်းဘဲလ်ဒိုးက ပြောတယ်။

"ဒါ အတွင်းပိုင်း အခန်းတွေကို ဝင်တဲ့ ဆင်ဝင်ခန်းမပဲကွဲ့။ ကျုပ်တို့ ဟိုအတွင်းပိုင်းနက်နက်ကို ထိုးဖောက်ဝင်ရောက်ဖို့ လိုတယ်။ အဲဒီကနေ လမ်းမှာတွေ့ရမှာတွေကတော့ သဘာဝကြောင့် ဖြစ်ပေါ်နေတာတွေ မဟုတ်တော့ဘဲ လော့ဒ်ဗိုဒီမော့ချထားတဲ့ အဟန့်အတား ခလုတ်ကန်သင်းတွေ ဖြစ်မှာပေါ့ကွယ်"တဲ့။

ဒမ်းဘဲလ်ဒိုးက ဂူရဲ့ နံရံနားကို ကပ်သွားပြီး နံရံပြင်ကြီးကို သူ့ရဲ့ မည်းနက်နေတဲ့ လက်ချောင်းထိပ်ကလေးတွေနဲ့ အသာအယာ ဖွဖွကလေး ပွတ်ပေးရင်း ဟယ်ရီ နားမလည်တဲ့ အသံဆန်းဆန်းတွေနဲ့ တတွတ်တွတ် ရွတ်နေတယ်။

ဂူထဲမှာ အနံ့ နှစ်ကြိမ် လှည့်ပတ်လည်းကြည့်ပြီးရော ဒမ်းဘဲလ်ဒိုးဟာ ကျောက်သားကြမ်းကြမ်း သူ့လက်တွေနဲ့ ထိနိုင်သမျှကို ထိကပ်ထားပြီး၊ သူ့လက်ချောင်းကလေးတွေကို နံရံရဲ့ သီးသန့်နေရာတစ်နေရာမှာ ရှေ့တိုးနောက်ငင်လုပ်လိုက်၊ ခဏတစ်ဖြုတ် ရပ်ထားလိုက်၊ ပြန်လုပ်လိုက်၊ ပြန်ရပ်ထားလိုက်၊ ဖိလိုက် ခွာလိုက် လုပ်နေရာက ရပ်လိုက်ပြန်တယ်။ ပြီးတော့မှ သူက နံရံ မျက်နှာပြင်ပေါ်မှာ သူ့လက်တွေနဲ့ အပြားလိုက် ဖိတွန်းထည့်လိုက်တယ်။

"ဒီမှာတွေ့ပြီ၊ ကျုပ်တို့ ဒီနေရာက ဖြတ်ဝင်သွားရမယ်။ ပင်မအဝင်ပေါက်ကြီးကို အလုံပိတ်ထားတယ်ကွဲ့"

အဲဒါကို ဒမ်းဘဲလ်ဒိုး ဘယ်လိုလုပ် သိသလဲလို့ ဟယ်ရီက မမေးတော့ဘူး။ ကြည့်ရုံ ကိုင်တွယ်လိုက်ရုံနဲ့ ရိုးရိုးကလေး မော်ဆရာတစ်ယောက်က ခုလို လုပ်နိုင်တာမျိုးကို ဟယ်ရီ ဘယ်တုန်းကမှ မမြင်ဖူးသေးဘူး။ စောစောပိုင်းမှာ ဟယ်ရီ နားလည်ထားတာကတော့ ဒီလိုမျိုး လုပ်ပုံကိုင်ပုံတွေဟာ ပညာခန်းမဟုတ်ဘဲ ခပ်ညံ့ညံ့ လုပ်နည်းတွေသာ ဖြစ်တယ်လို့ ထင်တားမိနေတာ ဖြစ်လို့ပဲ။

ဒမ်းဘဲလ်ဒိုးက နံရံနဲ့ ခပ်ခွာခွာ ပြန်ဆုတ်ပြီး သူ့လက်ထဲက ဆေးကြိမ်လုံးကို ခုန နံရံကျောက်သားနေရာကို ထိုးချိန်လိုက်တယ်။ တစ်အောင့်လေးပဲကြာတယ်။ အဲဒီနေရာမှာ ကောက်ကြောင်းအရာကလေး တစ်ခုခုံးပြီး ဖောင်းထွက်လာပြီး အက်ကွဲသွားတယ်။ ပြီးတော့ အားပြင်းတဲ့ အလင်းရောင်တစ်ခု အက်ကွဲရာရဲ့ နောက်ဘက်မှာ ရှိနေသလိုမျိုး အဲဒီမှာ တောက်ပတဲ့ အဖြူရောင်တွေ လင်းလက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာတင် ဟယ်ရီက "ဟာ ဆရာလုပ်လိုက်တာ ရသွားပြီ"လို့ အစပျိုးပြီး သူပြောချင်တာကို ဆက်ပြောဖို့ ပါးစပ်ဟန်ပြင်လိုက်ပေမဲ့ စကားလုံးတွေ သူ့နှုတ်ခမ်းက ထွက်မလာနိုင်ဘဲ မေးခိုက်ခိုက် တုန်နေချိန်မှာပဲ စောစောက ကျောက်သားနေရာမှာ မူလနဂိုအတိုင်း ပြန်ဖြစ်သွားလို့ ဒမ်းဘဲလ်ဒိုးက သူ့ကို ဖျတ်ခနဲ လှည့်ကြည့်ပြီး ပြောလိုက်တယ်။

"ဟာ စိတ်မကောင်းပါဘူး ဟယ်ရီရယ်၊ ကျုပ် မေ့သွားတယ်"

ပြီးတော့ ချက်ချင်း သူ့ဆေးကြိမ်လုံးနဲ့ ဟယ်ရီ့ကို ထိုးချိန်လိုက်ကာ ဟယ်ရီ့ကိုယ်ပေါ်က ရေစိုအဝတ်တွေ အကုန်လုံး မီးတောက်ရှေ့မှာ ချိတ်ဆွဲလှမ်းလိုက်သလို ပူနွေးပြီး ခြောက်သွေ့သွားပါတယ်။

"ကျေးဇူးပါပဲ" ဟယ်ရီက တကယ့်ကို ကျေးဇူးတင်စွာနဲ့ ပြောလိုက်တယ်။ ဒါပေမဲ့ သူပြောချိန်မှာပဲ ဒမ်းဘဲလ်ဒိုးက တစ်ဖက်ကို ပြန်လှည့်သွားပြီး ကျောက်သား ပကတိ နံရံပေါ်မှာပဲ ပြန်ပြီး အာရုံစိုက်နေပြီ။ ဒါပေမဲ့ ဒီတစ်ခါတော့ သူက ဘာမှော်ပညာနဲ့မှ နောက်ထပ် မကြိုးစားတော့ဘဲ နံရံပေါ်မှာ အထူးတလည် စိတ်ဝင်စားစရာ တစ်ခု ရေးထားတာ ရှိနေသလိုမျိုး စောစောကနေရာကိုပဲ မျက်တောင်မခတ် စိုက်ကြည့်နေတာကို တွေ့ရတယ်။ ဟယ်ရီကလည်း ဘာမှ ဝင်မပြောဘဲ နေရာမှာပဲ ငြိမ်သက်နှုတ်ဆိတ်နေတယ်။ ဒမ်းဘဲလ်ဒိုးရဲ့ အာရုံစူးစိုက်နေမှုကို သူ အနှောင့်အယှက် မပေးချင်လို့ပဲ။

နောက်ထပ် နှစ်မိနစ် တင်းတင်းပြည့်လောက် အကြာမှာ ဒမ်းဘဲလ်ဒိုးက တိုးတိုးကလေး ပြောလိုက်တယ်။

"အို.. ဘယ်လို ဖြစ်တာပါလိမ့်၊ အရာကို မယွင်းပါလား"

"ဘာဖြစ်တာလဲ ပါမောက္ခကြီး"

"ကျုပ်ထင်တာ မမှားဘူးဆိုရင်တော့" ဒမ်းဘဲလ်ဒိုးက ပြောလိုက်ပြီးမှ သူ့ရဲ့ ဒဏ်ရာရရှိခြင်း မရှိတဲ့လက်နဲ့ သူ့ဝတ်ရုံထဲကို ထိုးနှိုက်လိုက်ပြီး ပြန်ဆွဲထုတ်လိုက်တော့ ဟယ်ရီ ဆေးရည်ဖော်စပ်ရာမှာ ထည့်ရမယ့် ပစ္စည်းတွေကို ခုတ်ထစ်လှီးဖြတ်တဲ့ ဓားမျိုး ဓားကလေး တစ်ချောင်းပါလာတယ်။ ပြီးတော့ သူက ပြောတယ်။ "ကျုပ်တို့ ဒီကဝင်ချင်ရင် အခပေးဖို့ လိုတယ်"တဲ့။

"ဗျာ အခပေးရမယ် ဟုတ်လား၊ ဆရာ့မှာ အဲဒီတံခါးကို ပေးဖို့ ဘာပါလာလို့လဲ" ဟယ်ရီက တအံ့တသြ မေးလိုက်တယ်။

"ပါတာပေါ့ကွယ်၊ ကျုပ်အထင် မလွဲရင်တော့ သူလိုချင်တာ သွေးပဲ"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ဘာ ... သွေး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"နဂိုအတိုင်းပဲ အရာမယွင်းပဲ ဖြစ်နေတယ်လို့ ကျုပ်ပြောခဲ့တယ်လေ" ဒမ်းဘဲလ်ဒိုးက စပြီး ရှင်းပြလိုက်တယ်။ သူ့အသံက စိတ်ပျက်နေပုံပဲ။ လော့ဒ်ဗိုဒီမော့ဟာ သူ မျှော်လင့်ထားတဲ့အတိုင်း အဆင့်ကျသွားတယ်လို့ ဒမ်းဘဲလ်ဒိုး ထင်နေပုံရတယ်။ "မောင်ရင်လည်း တီးမိခေါက်မိမှာပါ။ ကျုပ် စဉ်းစားတာ မမှားနိုင်ဘူး။ အဲဒါကတော့ မောင်ရင့်ရဲ့ ရန်သူဟာ သူကိုယ်တိုင် ဒါမှမဟုတ် သူမကိုယ်တိုင် အထဲကို ဝင်ဖို့ မတတ်နိုင်ဘဲ အားပျော့သွားတာပဲ ဖြစ်မယ်။ ဒါဟာ လော့ဒ်ဗိုဒီမော့ဟာ သူ့ရဲ့ ကိုယ်လက်တွေမှာ ဒဏ်ရာမရရှိဘဲ ထိတ်လန့်ကြောက်မက်ဖွယ်တွေ ဖြစ်ပေါ်အောင် လုပ်ဖို့ရာ ကြိုးပမ်းရာမှာ မအောင်မမြင် ဖြစ်သွားတာပဲ"

"အဲဒါ ဟုတ်ပါပြီ။ ဆရာရော ခုအဲဒီလို မဖြစ်အောင် ရှောင်နိုင်မှာလား" သူကိုယ်တိုင် ထိခိုက်နာကျင်မှု တဝကြီးခံထားရပြီး၊ ရှေ့ဆက်ဖို့ သိပ်စိတ်အား မထက်သန်တော့တဲ့ ဟယ်ရီက ပြောလိုက်တယ်။

"ဘာပဲဖြစ်ဖြစ် တစ်ခါတစ်ခါမှာ ဒါမျိုးတွေက ရှောင်လွှဲလို့ရတာ မဟုတ်ဘူးကွဲ့" ဒမ်းဘဲလ်ဒိုးက သူဒဏ်ရာရထားတဲ့ လက်ရဲ့ လက်ဖျံတံတောင်ဆစ်ပေါ်တဲ့အထိ အင်္ကျီလက်ကို နောက်ဘက်ကို ခေါက်တင်ရင်း ပြောလိုက်တယ်။

"မလုပ်ပါနဲ့ ပါမောက္ခကြီး အဲဒါကို ကျွန်တော်ပဲ လုပ်ပါ့မယ်။ ကျွန်တော် လုပ်ပေးမယ်" ဟယ်ရီက ကပျာကယာ ရှေ့ကို တိုးသွားပြီး လက်မောင်းကို ဓားနဲ့လှီးဖို့ ရွယ်နေတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ လက်ကို အတင်းဝင်ဆွဲထားရင်း ပြောလိုက်တယ်။

သူ့ထက် အသက်လည်းပိုငယ်၊ ပိုလည်းကျန်းမာတဲ့ ဟယ်ရီကို သူဖြန်းခနဲ ဘယ်လိုပြောရမှန်းမသိဘဲ ပြုံးကြည့်နေဆဲမှာပဲ ငွေရောင် ဓားသွားက လက်ခနဲ တစ်ချက် ရွေ့ရှားသွားသလို ရဲရဲနီတဲ့သွေးတွေ ပန်းထွက်သွားပြီး ကျောက်သား မျက်နှာပြင်ပေါ်မှာ နေရာအနှံ့ ရွဲစိုကုန်တယ်။

"မောင်ရင်ဟာ အင်မတန်ကို ကြင်နာညှာတာတတ်ပါလား ဟယ်ရီ" ဒမ်းဘဲလ်ဒိုးက ပြောရင်း သူ့လက်မောင်းပေါ်က ခပ်နက်နက်လှီးဖြတ်ခွဲထားတဲ့ ပြတ်ရှရာပေါ်ကို သူ့ ဆေးကြိမ်လုံးထိပ်နဲ့ တို့ရွယ်လိုက်တာ မော်လ်ဖွိုင်းကိုယ်ပေါ်က ဒဏ်ရာတွေ စနိပ်လုပ်ပေးလိုက်လို့ ကျက်ကုန်သလို သူ့ ဓားလှီးရှ ဒဏ်ရာလည်း ချက်ချင်းကျက်သွားပါတယ်။ သူက ဆက်ပြောတယ်။ "ဒါပေမဲ့ မောင်ရင့်သွေးဟာ ကျုပ်ရဲ့ သွေးထက် ပိုတန်ဖိုးရှိတယ်။ ကဲ-ကျုပ်တို့ကို လှည့်စားထားတာလေးတစ်ခုကို ရှင်းလိုက်နိုင်ပြီလို့ထင်တယ်"

ကျောက်ဆောင်နံရံမှာ ငွေရောင်တလက်လက် တောက်လောင်နေတဲ့ ပေါင်းကူးမုခ်ခုံးသဏ္ဌာန် အရာကလေးတစ်ခု နောက်တစ်ကြိမ် ပြန်ပေါ်လာတယ်။ ဒီတစ်ခါတော့ သူက ပြန်မှိန်မသွားဘဲ သွေးတွေစဉ်ပြီး ထင်းနေတဲ့ ကျောက်သားတွေ မျက်စိရှေ့မှာပဲ ရှင်းရှင်းကလေး ပျောက်ကွယ်သွားတဲ့အတွက်၊ အဲဒီနေရာမှာ ပိန်းပိတ်အောင် မည်းမှောင်နေတဲ့ အတွင်းကို ဝင်ဖို့ အပေါက်ကြီးတစ်ခု ဖြစ်ကျန်ရစ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်နောက်က လိုက်ခဲ့" ပြောပြောဆိုဆို ဒမ်းဘဲလ်ဒိုး မုခ်ပေါက်ကို ဖြတ်ပြီး ဝင်သွားရာမှာ ဟယ်ရီလည်း ထက်ကြပ်ပါသွားတယ်။ ဒီတစ်ကြိမ်မှာ ဟယ်ရီလည်း သူ့ ဆေးကြိမ်လုံးကို မီးလင်းအောင် ထွန်းထားပြီးမှ လိုက်သွားတာ ဖြစ်ပါတယ်။

မြင်ကွင်းက သည်းထိတ်ရင်ဖို ချောက်ချားစရာ ကောင်းနေတယ်။ သူတို့ နှစ်ယောက်ဟာ ဧရာမကြီးမားတဲ့ အနက်ရောင် မဟူရာရေအိုင်ကြီးတစ်အိုင်ရဲ့ အစပ်မှာ ရပ်နေကြတယ်။ ကန်ကြီးက ဘယ်လောက်ကျယ်သလဲဆိုရင် ဟိုဘက်ဒီဘက် တစ်ဖက်ကမ်းကို ဟယ်ရီ မခန့်မှန်းတတ်သလို ဒီရေအိုင်ကြီးရှိရာ လိုဏ်ဂူကြီးရဲ့ မျက်နှာကြက်ကလည်း မြင့်လွန်းလို့ ဟယ်ရီ လှမ်းကြည့်တာတောင် မမြင်ရဘဲ ဖြစ်နေတယ်။

စိမ်းဖန့်ဖန့် မှုန်ရီမှုန်ဝါး အလင်းရောင်ကလေးနဲ့ ရေအိုင်ကြီးရဲ့ အလယ်နေရာနားလောက်ကို သူတို့ မြင်နေရတယ်။ အဲဒီက ရောင်ပြန်ဟပ်နေတဲ့ အတွက် အိုင်ထဲက အောက်ခြေမှာ ရေတွေ ရှိနေတာလည်း သေချာတယ်။ အဲဒီ စိမ်းဖန့်ဖန့် မှုန်ဝါးဝါး အလင်းရောင်နဲ့ သူတို့နှစ်ဦးရဲ့ ဆေးကြိမ်လုံးက ထွက်နေတဲ့ အလင်းရောင်ကြောင့် အဲဒီလောက်ထိ မြင်ရတာကလွဲရင် ကျန်တာ အားလုံးဟာ မဟူရာ ကမ္ဗလာကြီး ခင်းထားသလို၊ အမှောင်ကတ္တီပါကြီးနဲ့ ကွပ်ထားသလို သူတို့ရဲ့ အလင်းရောင်တန်းတွေက အမှောင်ထုကြီးကို မထိုးဖောက်နိုင်ဘဲ ဖြစ်နေတယ်။ ခု သူတို့ တွေ့နေရတဲ့ အမှောင်ထုဟာ သာမန်အမှောင်ထက် တစ်နည်းနည်းနဲ့ ပိုပြီး ထူးထူးခြားခြား သိပ်သည်းနေတယ်။

"ကဲ–ကျုပ်တို့ ရှေ့ကို လျှောက်ကြစို့၊ ရေထဲကို သွားမနင်းမိအောင် ကြပ်ကြပ်သတိထား၊ ကျုပ်နဲ့မခွာနဲ့၊ ကပ်ပြီးလိုက်ခဲ့"ဒမ်းဘဲလ်ဒိုးက လေသံနဲ့ တိုးတိုးကလေး ပြောလိုက်တယ်။

ဒမ်းဘဲလ်ဒိုးက ရေအိုင်ကြီးရဲ့ အစပ်နားကနေစပြီး ဆက်လျှောက်သွားတယ်။ ဟယ်ရီလည်း သူ့နောက်က တစ်ဖဝါးမခွာဘဲ ကပ်ပါလာတယ်။ ရေအိုင်ကြီးရဲ့ နှုတ်ခမ်းစပ် ကျောက်သားကျဉ်းကျဉ်းကလေးပေါ်မှာ သူတို့ ခြေလှမ်းလှမ်းပြီး လျှောက်သွားတိုင်း အိုင်ထဲကရေကြောင့် ပဲ့တင်သံ ပြန်ထွက်နေတယ်။

သူတို့ လျှောက်ပြီးရင်း ရှေ့ကို တိုးတိုး ဆက်လျှောက်လာပေမဲ့ မြင်ကွင်းက ပြောင်းလဲမသွားဘဲ ဒီအတိုင်းပဲ ရှိနေတယ်။ သူတို့ရဲ့ တစ်ဖက်မှာ ကြမ်းထော်တဲ့ ဂူနံရံကြီးရှိပြီး အခြားတစ်ဖက်မှာ နယ်နိမိတ် အကန့်အသတ်မရှိဘဲ ပြန့်ပြူးချောပြောင်ပြီး ဖန်ရောင်ထနေတဲ့ အမှောင်ထုကြီး ရှိနေတယ်။ အမှောင်ထုရဲ့ အလယ်ကျကျ နေရာမှာတော့ လျှို့ဝှက်ဆန်းကြယ်ပြီး ဘာမှန်း အသေအချာ မသိနိုင်တဲ့ စိမ်းဖန့်ဖန့် ဖျော့မှိန်မှိန် အလင်းရောင်လေးက ဖြာထွက်လို့။ ဟယ်ရီ အဲဒီနေရာကို တွေ့ရှိလိုက်ချိန်မှာ တိတ်ဆိတ်ငြိမ်သက်မှုကြီးက ရင်လေး ချောက်ချားစရာ ကောင်းအောင် ကြီးစိုးနေတယ်။

နောက်ဆုံးမှာတော့ အောင့်အည်းမထားနိုင်တဲ့ ဟယ်ရီက မေးလိုက်တယ်။ "ဟော့ကရပ်စ်ကျိန်စာက ဒီနေရာမှာ ရှိနေမယ်လို့ ပါမောက္ခကြီး ထင်သလား"

"အို.... ဟုတ်တယ်။ ကျုပ်ကတော့ သေချာပေါက် ရှိရမယ်လို့ ထင်တယ်။ မေးစရာက အဲဒါကို ကျုပ်တို့ ဘယ်လို ရယူနိုင်မလဲ။ ဒါပဲ"

www.burmeseclassic.com

"ကျွန်တော်တို့ မရနိုင်ဘူး ပါမောက္ခကြီး။ ကျွန်တော်တို့ ခုအတိုင်းဆို ဆင့်ခေါ်မန္တန်တစ်ခုတောင် ကြိုးစားရွတ်ဖို့ မလွယ်ဘူးထင်တယ်" ဟယ်ရီရဲ့ စိတ်ထဲမှာ ဒီကိုလာဖို့ အကြံရတာဟာ မိုက်မဲမှုတစ်ခုလို ခံစားနေရတယ်။ သူ မဆိုင်မတွ ဝန်ခံရမယ်ဆိုရင် ခုအချိန်မှာ ဒီနေရာက ဖြစ်နိုင်သမျှ အမြန်ဆုံး အပြင်ကို ပြန်ထွက်သွားချင်စိတ်တွေ ပေါ်နေတယ်။

"ကျုပ်တို့ သေချာပေါက်ရအောင် လုပ်နိုင်မှာပါ" ဒမ်းဘဲလ်ဒိုးက ပြောပြောဆိုဆို ဖြုန်းစားကြီး ရပ်လိုက်တဲ့အတွက် ဟယ်ရီ သူ့ကို ဝင်တိုးမိတော့မလိုတောင် ဖြစ်သွားတယ်။ "မောင်ရင်က ဘာလို့ မရနိုင်ရမှာလဲ" ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။

"ကျွန်တော်လား၊ ရပါတယ်၊ ဆရာကြီး၊ ကျွန်တော် လုပ်ကြည့်ပါ့မယ်"

အမှန်တော့ ဟယ်ရီက ရလိမ့်မယ်လို့ မမျှော်လင့်ပါဘူး။ ဒါပေမဲ့ သူ ပထမဆုံး လည်ချောင်းရှင်းလိုက်တယ်။ ပြီးတော့ ဆေးကြိမ်လုံးကို မြှောက်ပြီး အကျယ်ကြီး အော်ဆိုလိုက်တယ်။

"အက်ရှိုးဟော်ကရပ်စ်၊ ဟော်ကရပ်စ် ကျိန်စာရှိရာအရပ်က ထွက်ခဲ့လော့"

ဒီမှာတင် ပေါက်ကွဲသံလို အသံကြီးတစ်ခုနဲ့အတူ သူတို့နဲ့ ပေ၂၀လောက် အကွာမှာရှိတဲ့ နက်မှောင်နေတဲ့ ရေထဲကနေ ဧရာမကြီးမားတဲ့ အရောင်ဖျော့တော့တော့ တစ်စုံတစ်ခုသော အရာဝတ္ထုကြီး ဘွားခနဲ ပွင့်အန်ပေါ်ထွက်လာပေမဲ့ ဟယ်ရီကိုယ်တိုင် အဲဒါကြီးဟာ ဘာလဲဆိုတာ သေသေချာချာ မမြင်ရသေးခင်မှာပဲ အဲဒါကြီးက ဗွမ်းခနဲ မြည်ပြီး တစ်ခါ ပြန်ပျောက်ကွယ်သွားလိုက်တာ မှန်သားပြင်လို ဖြစ်နေတဲ့ အိုင်ကြီးထဲက ရေမျက်နှာပြင်မှာတောင် ကြီးမားနက်ရှိုင်းတဲ့ လှိုင်းဂယက် အတွန့်ကြီးတွေ တသိမ့်သိမ့်ရိုက်ခတ် လှုပ်ရှားသွားပါတယ်။

ဟယ်ရီဟာ ဖြုန်းခနဲ ကြောက်လန့်တကြား နောက်ကို ခုန်ဆုတ်လိုက်မိရာက ကျောက်နံရံကြီးနဲ့ ဝင်တိုက်မိပြီး၊ သူ့ရဲ့ နှလုံးတွေက တဒိတ်ဒိတ်ခုန်ရင်း ဒမ်းဘဲလ်ဒိုးဘက်ကို လှည့်ကြည့်လိုက်မိတယ်။

"အဲဒါ ဘာများလဲ"

"တစ်ခုခုပဲ။ ကျုပ်တို့ ဟော်ကရပ်စ်ကျိန်စာကို အရယူဖို့ ကြိုးပမ်းနိုင်အောင် အသင့်ဖြစ်နေရမယ်လို့ ကျုပ်ထင်တယ်"

ဟယ်ရီ ရေထဲကို နောက်တစ်ခါ ပြန်ကြည့်လိုက်တော့ အိုင်ကြီးထဲက ရေမျက်နှာပြင်ဟာ အနက်ရောင် ဖန်သားပြင်လို ပိုပိုပြီး ဝင်းလက်တောက်ပလာတယ်။ လှိုင်းဂယက်ကြီးတွေလည်း ဖြုန်းဆို ဘယ်လိုကဘယ်လို ပျောက်သွားမှန်းမသိဘဲ ပျောက်ကွယ်သွားတယ်။ ဒါပေမဲ့ ဟယ်ရီကတော့ နှလုံးတုန်ရင်တုန် ဖြစ်နေတုန်းပဲ။

"ဆရာက ဒီဟော်ကရပ်စ်ကျိန်စာ ပေါ်လာမယ်လို့ ထင်လို့လား ဆရာ"

www.burmeseclassic.com

"အေး ထင်တယ်၊ ဟော်ကရပ်စ်ကို ကျုပ်တို့ ဆုပ်ဆုပ်ကိုင်ကိုင် ရအောင် ပေါ်ပေါ်ထင်ထင်ကြီး တကယ် ကြိုးစားလိုက်တာနဲ့ ဒီမှာတစ်စုံတစ်ခု ဖြစ်လာလိမ့်မယ်လို့ ကျုပ် ထင်တယ်။ ဒါဟာ တကယ်ကောင်းတဲ့ အကြံပဲကွဲ့ ဟယ်ရီ။ ကျုပ်တို့ ဘာတွေ ဘယ်လောက်များများ ဆက်ပြီး ရင်ဆိုင်ရမယ်ဆိုတာ ဒီမှာ ပေါ်လာမှာပဲ"

"ဒါပေမဲ့ အဲဒီပစ္စည်းကဘာလဲဆိုတာ ကျွန်တော်တို့မှ မသိဘဲ ဆရာ" ဟယ်ရီက အန္တရာယ်ပေးတော့မယ့် နိမိတ်လက္ခဏာတွေပြနေတဲ့ ရေပြင်ပြောင်ချောကြီးကို ကြည့်ပြောလိုက်တယ်။

"ဘာပစ္စည်းမှန်း မသိရဘူးလို့ မောင်ရင်က ဆိုရအောင် အဲဒီပစ္စည်းတွေဟာ ဘာတွေဖြစ်မယ်လို့ မောင်ရင်က ထင်ထားလို့လဲ။ ကျုပ်ကတော့ ဒီမှာ အဲဒီပစ္စည်းတွေထဲက တစ်ခုပဲ ရှိလိမ့်မယ်လို့ သံသယဖြစ်နေတယ်ကွဲ့။ ကဲ တို့ ဆက်လျှောက်ကြရအောင်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ပါမောက္ခကြီး"

"အေးပြော ဟယ်ရီ"

"ကျွန်တော်တို့ အိုင်ကြီးထဲကို ဆင်းသွားရလိမ့်မယ် ဆရာထင်သလား ဆရာ"

"ဒါကြီးထဲကို ဟုတ်လား။ အင်း–ကံဆိုးရင်တော့ ဆင်းရတော့မှာပေါ့ကွယ်"

"ဟော်ကရပ်စ်ဟာ အိုင်ကြီးရဲ့ အောက်ခြေကြမ်းပြင်ပေါ်မှာ ရှိနေမယ်လို့ ဆရာ မထင်ပါဘူးနော်"

"အိုး–မဟုတ်တာ ဟော်ကရပ်စ်ဟာ အိုင်ကြီးရဲ့ အလယ်မှာပဲ ရှိမယ်လို့ ကျုပ်ထင်တယ်" ပြောပြောဆိုဆို ဒမ်းဘဲလ်ဒိုးက အိုင်ကြီးရဲ့ အလယ်က မှိန်ပျပျ စိမ်းဖန့်ဖန့် လင်းနေတဲ့ နေရာကို လက်ညှိုးထိုးပြီး ပြလိုက်တယ်။

"ဒါဆိုရင် ကျွန်တော်တို့ အဲဒီနေရာကို ရောက်အောင် အိုင်ကြီးကို ဖြတ်သွားရတော့မှာပေါ့"

"အေး–ကျုပ်တော့ အဲဒီလိုပဲ ထင်တယ်"

ဟယ်ရီ ဘာမှ မပြောတော့ဘဲ အသံတိတ်သွားတယ်။ သူ့အတွေးထဲမှာ ဧရာမ ကြောက်စရာ ရေသတ္တဝါကောင်ကြီးတွေ၊ မြွေနဂါးကြီးတွေ၊ ဘီလူး၊ သရဲ၊ မှင်စာ၊ မိစ္ဆာ၊ နာနာဘာဝတွေ ငြိမ်ပြီး ရှုန်းထွက်မရနိုင်တဲ့ ရေမှော်ခြုံကြီးတွေနဲ့ ဟိုကဒီကထွက်လာပြီး ဒုက္ခပေးမယ့် ဘုစုခရု နတ်မှင်စာကောင်လေးတွေနဲ့ ရင်ဆိုင်ရတော့မှာကို တွေးပြီး ရင်လေးနေတယ်။

"ဟာ" ဒမ်းဘဲလ်ဒိုးဆီက အသံထွက်လာပြန်ပြီး သူ လျှောက်နေရာက ရပ်လိုက်ပြန်တယ်။ ဒီတစ်ခါတော့ ဟယ်ရီက မရှောင်နိုင်တော့ဘဲ ဒမ်းဘဲလ်ဒိုးကို တည့်တည့်ကြီး ဝင်တိုးမိပြီး အိုင်ကြီးရဲ့အစပ်က

www.burmeseclassic.com

www.burmeseclassic.com

မည်းမှောင်မှောင်ရေထဲကို ပြုတ်ကျသွားတယ်။ ဒမ်းဘဲလ်ဒိုးက သူ့ရဲ့ ဒဏ်ရာရမထားတဲ့ လက်နဲ့ သူ့လက်မောင်းရင်းကို ဖျတ်ခနဲ အမိအရ လှမ်းဆုပ်ကိုင်ပြီး ပြန်ဆွဲယူလိုက်လို့ တော်သေးတာပေါ့။

"ကျုပ်တကယ် စိတ်မကောင်းပါဘူး ဟယ်ရီရယ်...။ မောင်ရင့်ကို ကျုပ် သတိပေးထားသင့်တာပေါ့။ ကျောက်နံရံကြီးဘက်ကို ခဏလေး မှီကပ်နေလိုက်၊ ကျုပ် အဲဒီနေရာကို တွေ့ပြီထင်တယ်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

ဟယ်ရီက ဒမ်းဘဲလ်ဒိုး ဘာလုပ်ချင်တယ်ဆိုတာ မတွေးတတ်ဘူး။ သူ့ကြည့်ရတာတော့ ခုသူတို့ ရောက်နေတဲ့ မှောင်မိုက်နေတဲ့ အိုင်ကြီးရဲ့ အစပ် ကမ်းနဖူးအပိုင်းဟာ တခြား သူတို့လာခဲ့တဲ့ လမ်းကအတိုင်းပဲ လုံးဝဆင်တူပြီး ဘာဆိုဘာမှ မထူးခြားဘူး။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးဟာ တစ်စုံတစ်ခု ထူးခြားတာကို တွေ့ပြီး ထောက်လှမ်းကြည့်နေပုံရတယ်။ ဒီတစ်ခါ ဒမ်းဘဲလ်ဒိုးက ဂူကြီးရဲ့ ကျောက်သားနံရံတွေကို လက်နဲ့ကိုင်တွယ် မထားတော့ဘဲ လေထဲမှာ လှစ်လှစ် လှစ်လှစ်နေအောင် မမြင်နိုင်တဲ့ တစ်စုံတစ်ခုကို လှမ်းပြီး ဆုပ်ဖမ်းတော့မလို ပုံမျိုးနဲ့ တစ်ဟုန်ထိုး ပြေးသွားတယ်။

"အိုး" စက္ကန့်ပိုင်းကလေးအကြာမှာ ဒမ်းဘဲလ်ဒိုး အားပါးတရ အော်ပြီး ပျော်သွားတယ်။ သူ့လက်က လေထဲမှာ တစ်ခုခုကို ဖမ်းဆုပ်ထားမိသလို မြောက်တက်နေတယ်။ ဘာလဲဆိုတာတော့ ဟယ်ရီ မမြင်ဘူး။ ဒမ်းဘဲလ်ဒိုး ရေနဲ့ နီးသည်ထက် ခပ်နီးနီးနေရာကို ရွှေ့သွားတယ်။ ဒမ်းဘဲလ်ဒိုးရဲ့ အိမ်မြှောင်ကွင်းတပ်ထားတဲ့ ရှူးဖိနပ်ထိပ်တွေ ကျောက်သားနှုတ်ခမ်းကို လွန်ထွက်နေတဲ့အထိ အစပ်ကို တစ်အားရောက်သွားလို့ ဟယ်ရီက ရင်တဖိုဖိုနဲ့ စောင့်ကြည့်နေတယ်။ လေထဲက မမြင်ရတဲ့ ပစ္စည်းကို လက်နဲ့ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ ဒမ်းဘဲလ်ဒိုးက ကျန်တဲ့လက်တစ်ဖက်နဲ့ သူ့ ဆေးကြိမ်လုံးကို မြှောက်ပြီး သူ့လက်သီးဆုပ်ကို ဆေးကြိမ်လုံးထိပ်နဲ့ လှမ်းတို့ခေါက်လိုက်တယ်။

ဒီမှာတင် ချက်ချင်းလိုလို ဆုပ်ထားတဲ့ သူ့လက်ထဲမှာ လေထဲကနေ ကြေးနီရောင်နဲ့ စိမ်းတိမ်းတိမ်းအရောင် ကွင်းဆက်သံကြိုးတစ်ချောင်း ပေါ်လာတယ်။ ကြိုးက ရေနက်ထဲကနေ ဆုပ်ထားတဲ့ သူ့လက်ထဲအထိ ရှည်ထွက်သွယ်တန်းနေတယ်။ ဒါတင်မကဘဲ ဒမ်းဘဲလ်ဒိုးက သံကြိုးကို ဆေးကြိမ်လုံးနဲ့ တို့လိုက်တာ ကြိုးဟာ မြွေတစ်ကောင် သူ့လက်ထဲကနေ လျှောထွက်နေပြီး ကျောက်သားနံရံတွေကနေ ပဲ့တင်သံထပ်နေအောင် တချွင်ချွင်နဲ့ ဆူဆူညံညံမြည်ရင်း မြေကြီးပေါ်မှာ သူ့အလိုလို တစ်ရစ်ပြီး တစ်ရစ် ခွေခွေချနေတယ်။ အမှန်တော့ကွင်းဆက်သံကြိုးက အမည်းရောင် ရေနက်နှာပြင်ကို ခွဲထွက်ပြီး လှေကလေးတစ်စင်းရဲ့ လှေဦးထိပ် ဘွားခနဲ တစ္ဆေတစ်ကောင်လို ပေါ်တက်လာတာ မြင်လိုက်ချိန်ကျမှပဲ ရင်တမမနဲ့ ကြည့်နေတဲ့ ဟယ်ရီ သက်ပြင်းချနိုင်တော့တယ်။

ရေပေါ်ကို ရောက်လာတဲ့ လှေကလေးကလည်း ကွင်းဆက်သံကြိုးလိုပဲ စိမ်းဖန့်ဖန့်ကလေး အရောင်ထွက်နေတယ်။ နောက် ဘောလော ဘောလောမျောရင်း လှိုင်းတွန့်လေးတစ်ချက် ထသွားပြီး ဟယ်ရီနဲ့ ဒမ်းဘဲလ်ဒိုးရပ်နေတဲ့ ကမ်းဘက်ကို တစ်ဖြည်းဖြည်း ရွေ့လာနေတယ်။

"အံ့ပါရော၊ ဒီပစ္စည်းတွေ ဒီမှာ ရှိတယ်လို့ ဆရာ ဘယ်လိုလုပ်သိတာလဲ" ဟယ်ရီက တအံ့တသြ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"မော်ပညာဟာ အခါခပ်သိမ်း ခြေရာခံစရာ သဲလွန်စတွေ ချန်ထားခဲ့စမြဲပဲကွဲ့" လှေကလေး ကမ်းကို ခပ်ဖြည်းဖြည်းလေး ဆောင့်ပြီး ဒုတ်ခနဲ ကပ်လိုက်ချိန်မှာ ဒမ်းဘဲလ်ဒိုးက ပြောလိုက်တာပဲ။ သူက ဆက်ပြောတယ်။ "တစ်ခါတလေ ကျန်ခဲ့တဲ့ သဲလွန်စတွေက သိပ်ကို ထူးခြားတယ်။ ကျုပ်က တွမ်ရစ်ဒဲလ်ကို သင်ခဲ့တဲ့ ဆရာလေ၊ သူ့အချိုး သူဘယ်ခြေလှမ်းလှမ်းမယ်၊ ဘယ်ပုံစံနဲ့ လုပ်မယ်ဆိုတာ ကျုပ် သိတာပေါ့"

"အင်း… ဒီလှေကကော လုံခြုံမှု ရှိလို့လား"

"ဟာ… ရှိပါတယ်ကွဲ့၊ ကျုပ်က ရှိမယ်လို့ပဲ ထင်တယ်။ ဗိုဒီမော့အနေနဲ့ ဒီကို အမြဲတမ်းလာနိုင်အောင်လို့ ဒါမှမဟုတ် သူ့ရဲ့ ဟော်ကရပ်စ်ကျိန်စာကို ပြန်ရွှေ့ပြောင်းဖယ်ယူသွားဖို့အတွက် လိုအပ်နေချိန်အတွင်းမှာ ဒီကို သူရောက်လာတဲ့အခါ သူဒီမှာ ထည့်ထားတဲ့ အကောင်ဇလောင် သတ္တဝါတွေကို စိတ်ဆိုးဒေါသဖြစ်အောင် သွားဆွ မပေးမိစေဘဲနဲ့ ဒီရေအိုင်ကြီးကို အန္တရာယ် ကင်းကင်း ဖြတ်သန်းနိုင်အောင် နည်းလမ်း တစ်ခုခုကို တီထွင်ဖန်တီးဖို့ လိုနေတယ်လေ"

"ဒါဖြင့်ရင် ကျွန်တော်တို့ ဗိုဒီမော့ရဲ့ လှေနဲ့သာ ဖြတ်သွား၊ ရေထဲ ဘာအကောင်မှ ကျွန်တော်တို့ကို ဒုက္ခပေးမှာ မဟုတ်တော့ဘူးပေါ့ ဟုတ်လား"

"ကျုပ်ကတော့ တချို့နေရာတွေမှာ သူတို့ ပြုလုပ်လာမယ့် အခြေအနေ အကြောင်းတရားများ အပေါ်မှာပဲ ကြည့်ပြီး ဖြစ်လိုရာ ဖြစ်စေတော့လို့ မီးစင်ကြည့်ကသွားရပါလိမ့်မယ် ထင်တယ်။ ကျုပ်တို့ ကိုယ်တိုင်က ဗိုဒီမော့မှ မဟုတ်ဘဲလေ။ ဒါကို သဘောပေါက်ထားရမှာပေါ့။ ခုအထိတော့ ကျုပ်တို့ လုပ်သမျှတွေ အဆင်ပြေပြေနဲ့ ပြီးခဲ့တာပဲ။ ဒါကြောင့်လည်း သူတို့က ကျုပ်တို့ကို လှေကို ဖော်ယူဖို့ ခွင့်ပြုခဲ့တာပေါ့"

"သူတို့က ကျွန်တော်တို့ကို ဘာကြောင့် ခွင့်ပြုမှာလဲ"သူတို့ ကမ်းကခွာတော့မယ့် အချိန်မှာ နက်မှောင်တဲ့ ရေပြင်ကြီးထဲက ပေါ်ထွက်လာတဲ့ အန္တရာယ်စက်ကွင်းရဲ့ မြင်ကွင်း အနေအထားကို ပြောင်းလဲဖယ်ရှားနိုင်ခြင်း မရှိသေးတဲ့အတွက် ဟယ်ရီက မေးလိုက်တာပါ။

"ဗိုဒီမော့အနေနဲ့ သူ့မှာ ကျိုးကြောင်းခိုင်လုံတဲ့ ယုံကြည်မှု တစ်ခု ရှိနေလိမ့်မယ်။ အဲဒါကတော့ ဘယ်သူမှ မတတ်နိုင်ပေမဲ့ အင်မတန်မှ အဆင့်မြင့်တဲ့ မော်ဆရာတစ်ယောက်ကတော့ဖြင့် ဒီလှေကို ရှာဖွေလို့ တွေ့သွားမယ်ဆိုတာပဲ" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "သူဟာ သူ့အပြင် တခြား ဘယ်သူမှ ဒီလှေကို တွေ့ရှိဖို့ မဖြစ်နိုင်အောင် စီစဉ်ထားမှာပဲ။ ဒါပေမဲ့ ပြဿနာဖြစ်လာရင် အန္တရာယ်ကို ရင်ဆိုင်နိုင်အောင်လည်း သူက အသင့်ပြင်ဆင်ထားလိမ့်မယ်။ ဒါကြောင့် သူဟာ သူသာလျှင် ထိုးဖောက်ကျော်လွှားနိုင်မယ့် တခြား အတားအဆီးတွေကို ရှေ့မှာ ပြုလုပ်ထားဦးမှာပဲ။ သူ့ အယူအဆမှန်မမှန် ကျုပ်တို့ ရှေ့မှာ တွေ့ရမှာပေါ့"

ဟယ်ရီက လှေထဲကို ငုံ့ကြည့်လိုက်တယ်။ လှေက တကယ့်ကို သေးငယ်လှတဲ့ ပိစိကွေးလှေကလေးပဲ။

www.burmeseclassic.com

"ကြည့်ရတာ ဒီလှေက နှစ်ယောက်စီးတာ မခံနိုင်အောင် တည်ဆောက်ထားတာ မဟုတ်ဘူး။ ကျွန်တော်တို့ နှစ်ယောက်စလုံး တက်စီးလို့ ဖြစ်ပါ့မလား၊ ကျွန်တော်တို့ နှစ်ယောက်လုံး အတူစီးရင် သိပ်လေးမနေဘူးလား"

ဒမ်းဘဲလ်ဒိုးက တခစ်ခစ် ရယ်နေတယ်။

"ဗိုဒီမော့က အလေးချိန်ကို ဂရုစိုက်တာ မဟုတ်ဘူး။ သူ့ ရေအိုင်ကြီးကို ဖြတ်မယ့် မှော်ပညာစွမ်းရည် ပမာဏအတိုင်းအတာကိုပဲ အရေးထားတာ။ ကျုပ် ထင်ထားပါတယ်။ ဒီလှေပေါ်မှာ ဖမ်းစားတဲ့ ကျိန်စာမန္တန် ဒါမှမဟုတ် အစီအမံတစ်ခု စီမံထားဦးမှာပဲ။ ဒါကြောင့် လှေဟာ တစ်ခေါက်ကို မှော်ဆရာတစ်ယောက်ကိုပဲတင်ပြီး ကူးနိုင်လိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ" ဟယ်ရီက မေးလိုက်တယ်

"မောင်ရင် အဲဒါကို ထည့်တွက်ဖို့ လိုမယ်လို့ ကျုပ်မထင်ဘူး ဟယ်ရီ။ မောင်ရင်က ငယ်လည်းငယ်သေးတယ်။ အရည်အချင်းလည်း ဆုံးခန်းတိုင် မပြည့်ဝသေးဘူး။ ဗိုဒီမော့က ၁၆နှစ်သား လူငယ်တစ်ယောက် ဒီကို ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်ခဲ့မှာ မဟုတ်ဘူး။ ကျုပ်အမြင်အရ မောင်ရင့်ရဲ့ မှော်ပညာစွမ်းရည်ဟာ ကျုပ်နဲ့ လာယှဉ်လို့ မရနိုင်သေးဘူး။ ဒီတော့ သူကကျုပ်လို လူမျိုးကိုပဲ ရည်ရွယ်ပြီး အန္တရာယ်တွေကို ဆင်ထားလိမ့်မယ်"

ဒီလို စကားလုံးတွေနဲ့ ပြောလိုက်တာတောင်မှ ဟယ်ရီဟာ စိတ်ဓာတ်တွေ မြင့်တက်မလာဘဲ ဖြစ်နေတယ်။ ဒါကို ဒမ်းဘဲလ်ဒိုးလည် သိကောင်းသိနေနိုင်တယ်။ ဒါကြောင့်လည်း သူက ဆက်ပြီး ဖြည့်ပြောလိုက်တယ်။ "အဲဒါ ဗိုဒီမော့ရဲ့ အမှားပဲ ဟယ်ရီ။ ဗိုဒီမော့ရဲ့ အမှားပဲ။ အသက်ငယ်တာကို အလကားပါ၊ အရေးမပါဘူး၊ ပမာမထားလောက်ဘူးဆိုတာဟာ လူငယ်တွေကို လျှော့တွက်မိတာပဲ။ ကဲ– ခုအချိန်မှာ မောင်ရင် ပထမဆုံး သိထားရမယ့် အချက်က ရေကို နည်းနည်းလေးမှ သွားမထိမိအောင် သတိထားဖို့ပဲ"

ဒမ်းဘဲလ်ဒိုးက လမ်းဖယ်ပေးလိုက်တာနဲ့ ဟယ်ရီက လှေပေါ်ကို ဂရုတစိုက် အသာတက်လိုက်တယ်။ နောက် သံကြိုးကို လှေဝမ်းထဲက ကြမ်းပြင်ပေါ်ကို ခွေချရင်း ဒမ်းဘဲလ်ဒိုးပါ လှေပေါ်ကို လှမ်းတက်ပြီး ဝင်လိုက်တယ်။

လှေပေါ်မှာ သူတို့နှစ်ယောက် ပြွတ်သိပ်ထိုင်ရာမှာ ဟယ်ရီ့အတွက် တော်တော် အဆင်မပြေဘဲ ကုပ်ကုပ်ကလေး ဆောင့်ကြောင့်ထိုင်နေတာတောင်မှ သူ့ဒူးနှစ်လုံးက လှေနံ့အပြင်ဘက်ကို ငေါ်ထွက်နေတယ်။ လှေကလည်း ချက်ချင်း စထွက်ပြီး အဲဒီမှာ ပြောင်ချောနေတဲ့ လှေဦးက ရေပြင်ကို ထိုးခွဲပြီး သွားနေလို့ တစ်ရှဲရှဲမြည်နေသံကလွဲလို့ တခြား ဘာသံမှမကြားရဘဲ တိတ်ဆိတ်နေတယ်။ လှေက သူတို့နှစ်ယောက်ရဲ့ အကူအညီမပါ၊ ဘာတစ်ခုမှ မလုပ်ရဘဲ မမြင်ရတဲ့ ကြိုးတစ်ချောင်းက ဆွဲယူသွားနေသလို အိုင်ကြီးရဲ့ အလယ်မှာရှိတဲ့ အလင်းရောင်ဆီကို ရွေ့ရှားနေတာပါပဲ။ မကြာခင်ပဲ ဂူကြီးရဲ့ နံရံတွေကို မမြင်နိုင်တော့တဲ့ အကွာအဝေးကို သူတို့ ရောက်သွားတယ်။ သူတို့ဟာ လှိုင်းတွေမရှိတာကလွဲလို့ ပင်လယ်ပြင်တစ်နေရာကို ရောက်နေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ ငုံ့ကြည့်လိုက်တော့ သူတို့သွားနေတဲ့ အရှိန်နဲ့ အနက်ရောင်ရေပြင်ပေါ်မှာ သူ့ ဆေးကြိမ်လုံးက ထွက်နေတဲ့ အလင်းရောင်နဲ့ ရွှေရောင်တောက်ပြီး ရောင်ပြန်တစ်လက်လက် တောက်ပနေတာကို မြင်ရတယ်။ ဖန်သားလို ချောပြောင်နေတဲ့ အိုင်ရေပြင်ကို လှိုင်းဂယက်တွေ ခပ်နက်နက်ထအောင် လှေက ထွင်းဖောက် ဟက်တက်ခွဲပြီး သွားနေတယ်။

အဲဒီနောက်မှာတော့ စကျင်ကျောက်လို ဖြူဖွေးပြီး ရေမျက်နှာပြင်အောက် လက်မအနည်းငယ်အကွာမှာ မျောနေတဲ့ အရာကို တွေ့လိုက်ရတယ်။

"ပါမောက္ခကြီး" တိတ်ဆိတ်နေတဲ့ ရေပြင်မှာ ပဲ့တင်ထပ်သွားအောင် ဟယ်ရီက ကျယ်လောင်တဲ့ အသံနဲ့ ကြောက်လန့်တကြား ခေါ်လိုက်တယ်။

"ဘာလဲကွဲ့ဟယ်ရီ"

"ကျွန်တော် ရေထဲမှာ လက်တစ်ချောင်း မြင်လိုက်တယ်လို့ ထင်တယ်။ လူလက်တစ်ချောင်းပဲ"

"အေး–မောင်ရင် မြင်တာ သေချာတယ်" ဒမ်းဘဲလ်ဒိုးက ပြန်ပြောတယ်။ ဒါပေမဲ့ သူ့ပုံစံက ဘာမှ မဖြစ်သလို အေးအေးဆေးဆေးပဲ။

ဟယ်ရီက ရေထဲကို စိုက်ကြည့်ပြီး ပြန်ပျောက်သွားတဲ့ လက်ကို ရှာကြည့်နေတယ်။ သူလည်ချောင်းထဲမှာ မအီမသာနဲ့ နေထိုင်မကောင်းသလို ဖြစ်လာတယ်။ "လက်က ရေထဲကနေ ခုန်ထွက်ပြီး ပျောက်ကွယ်သွားတာများလား" သူက မေးလိုက်တယ်။

ဒါပေမဲ့ ဒမ်းဘဲလ်ဒိုး ပြန်မဖြေခင်မှာပဲ ဟယ်ရီ အဖြေကို တွေ့သွားတယ်။ သူ့ ဆေးကြိမ်လုံးက ထွက်နေတဲ့ အလင်းရောင် ကွက်ပြီးကျနေတဲ့ ရေပြင်တစ်နေရာမှာ ဒီတစ်ကြိမ် သူတွေ့လိုက်ရတာကတော့ ရေမျက်နှာပြင်အောက် နည်းနည်းလေးပဲ ပွတ်ကာသီကာမြုပ်ပြီး ပက်လက်ပေါ်လောမျောနေတဲ့ လူသေကောင်တစ်ကောင် ဖြစ်ပြီး၊ သူ့ရဲ့ ပွင့်နေတဲ့ မျက်လုံးတွေထဲမှာ ရေငွေ့တွေရိုက်ပြီး ပင့်ကူမျှင်တွေနဲ့ ဖုံးနေသလို ဖြစ်နေတယ်။ သူ့ဆံပင်တွေနဲ့ သူ့ဝတ်ရုံတွေကတော့ သူ့ဘေးပတ်လည်မှာ မီးခိုးတလိပ်လိပ် တက်နေတဲ့ ပုံစံမျိုးနဲ့ ချာလည်လည်နေတယ်။

"ဒီမှာလည်း လူသေအလောင်းတွေ ရှိနေတယ်" ထပ်ပြောလိုက်တဲ့ ဟယ်ရီရဲ့ အသံဟာ သာမန်ခါတိုင်း ပုံမှန်အခြေအနေထက် ပိုကျယ်လွန်းလို့ သူ့အသံနဲ့တောင် မတူသလို ဖြစ်နေတယ်။

"အေးပါ၊ တွေ့ပါတယ်။ ဒါပေမဲ့ ခုလောလောဆယ် အချိန်ဟာ ကျုပ်တို့အနေနဲ့ အဲဒါတွေကိုကြည့်ပြီး တွေးပူရတော့မယ့် အချိန်မဟုတ်ဘူး" ဒမ်းဘဲလ်ဒိုးက အေးအေးဆေးဆေးပဲ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဗျာ... ခုလောလောဆယ် အချိန် ဟုတ်လား" ဟယ်ရီက ရေပြင်ကို စိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေကို အဲဒီကခွာပြီး ဒမ်းဘဲလ်ဒိုးဆီပို့လိုက်ရင်း မေးလိုက်တယ်။

"အေး ခုဟာက သူတို့ဘာသာ သူတို့ ကျုပ်တို့ အောက်မှာ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် မျောနေတာပဲ ရှိသေးတယ်။ ဘယ်လူသေကောင် အလောင်းတစ်လောင်းကိုမှ ကျုပ်တို့ ကြောက်စရာ မရှိသေးဘူး..... ဟယ်ရီ။ ဒါ့ထက်ပိုပြီး ကြောက်စရာကောင်းမယ့်အရာတွေ အမှောင်ထဲမှာ အများကြီး ရှိနေဦးမှာ။ ဗိုဒီမော့ကလည်း ဒါ့ထက်ကြောက်စရာကောင်းတာတွေ လုပ်ထားဦးမှာ။ ဒါပေမဲ့ အဲဒါဟာ သူ့ဉာဏ်နည်းတာကို နောက်တစ်ကြိမ် ထုတ်ပြလိုက်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ အလောင်းတွေနဲ့ အမှောင်ကို ကြည့်နေတဲ့အချိန်မှာ မသိရမမြင်ရသေးတာတွေ ကြောက်လန့်ဖို့ ရှိနေသေးတယ်ဆိုတာကို သူထုတ်ပြလိုက်သလို ဖြစ်နေလို့ပဲပေါ့။ ဒါထက် ဘာမှ ပိုဖြစ်စရာ မရှိပါဘူး" ဒမ်းဘဲလ်ဒိုးက ထပ်ရှင်းပြနေတယ်။

ဟယ်ရီ ပါးစပ်ပိတ်သွားတယ်။ သူဘာမှ အတိုက်အခံ ငြင်းမနေချင်တော့ဘူး။ ဒါပေမဲ့ သူက သူတို့ ပတ်ဝန်းကျင်မှာရော သူတို့အောက်ဘက်မှာရော မျောနေတဲ့ အလောင်းကောင်တွေဟာ ကြောက်စရာပဲလို့ ယူဆပြီး၊ အဲဒါတွေဟာ အန္တရာယ် မရှိပါဘူးဆိုတာကိုလည်း သူမယုံနိုင်ဘဲ ဖြစ်နေတယ်။ ဒါကြောင့် သူမနေနိုင်ဘဲ ပြောလိုက်ပြန်တယ်။

"ဒါပေမဲ့ အလောင်းကောင်တစ်ကောင် ခုန်ထလာတယ်လေ" သူက ဒမ်းဘဲလ်ဒိုးပုံစံကို တုပြီး ဒမ်းဘဲလ်ဒိုးရဲ့ အသံလိုပဲ အေးအေးဆေးဆေးဖြစ်အောင် ကြိုးစားရင်း ပြောလိုက်တယ်။ "ကျွန်တော် ဆင့်ခေါ်မန္တန်နဲ့ ဟော်ကရပ်စ်ကို ခေါ်ထုတ်ယူဖို့ ကြိုးစားချိန်မှာ အိုင်ကြီးထဲက သူ ခုန်ထွက်လာတာပဲ"

"ဟုတ်တယ်လေ။ ကျုပ်တို့ ဟော်ကရပ်စ်တစ်ခုကို ယူလိုက်မိတာ သေချာပါတယ်။ ဒါပေမဲ့ သူတို့ကို ကျုပ်တို့ ငြိမ်ငြိမ်ချမ်းချမ်း နဲ့တော့ တွေ့ရမှာ မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် တခြားကောင်ကြီးတွေ အများအပြားလိုပဲ သူတို့က အအေးနဲ့ အမှောင်ထဲမှာ နေကြတာလေ။ ဒါကြောင့် သူတို့က အလင်းရောင်နဲ့ အနွေးဓာတ်ကို ကြောက်ကြတယ်။ ဒါကြောင့် ကျုပ်တို့အနေနဲ့ အကူအညီလိုတာပေါ့။ အဲဒါကတော့ မီးပဲ ဟယ်ရီ... မီးပဲ" ဒမ်းဘဲလ်ဒိုးက ဟယ်ရီရဲ့ စိတ်ရှုပ်ထွေးမှု အမူအရာတွေ ပြေပျောက်သွားအောင် ပြုံးပြုံးကလေး ပြောလိုက်တယ်။

"ဟာ မှန်လိုက်လေ ဆရာရယ်" ဟယ်ရီက ကမန်းကတန်း ပြန်ပြောလိုက်တယ်။ နောက် လှေဦးတည်ပြီး သွားနေတဲ့ နေရာမှာ ရှိနေတဲ့ စိမ်းဖန့်ဖန့်အလင်းရောင် ခပ်မှိန်မှိန်ကလေးကို ကြည့်ဖို့ ခေါင်းကို ပြန်လှည့်လိုက်တယ်။ ခု သူ မကြောက်တော့ဘူး ဆိုတာကိုလည်း သူ ဟန်ဆောင်မထားတော့ဘူး။ လူသေကောင်တွေနဲ့ ဖွေးဖွေးလှုပ်နေတဲ့ ဇရာမရေအိုင်နက်ကြီးဟာ ... ခုတော့လည်း လွန်ခဲ့တဲ့ နာရီပေါင်းများစွာ များစွာကပါ ပါမောက္ခ ထရီလောနေးနဲ့ တွေ့ရတဲ့အချိန်တွေလို၊ ရွှန်နဲ့ ဟာမီယွန်ကို ဖရဏာပီတိ ကံကောင်းခြင်းဆေးရည်တွေ ပေးခဲ့စဉ်က အချိန်တွေလို ဖြစ်နေပါပေါ့လား။ သူ ချက်ချင်းလိုလို သူထွက်လာစဉ်ကထက် ပိုပြီး သေသေချာချာ ကောင်းကောင်းမွန်မွန် နှုတ်ဆက်စကားပြောချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာတယ်။ ဂျင်နီ့ကိုလည်း သူ လုံးဝမမြင်ခဲ့ရဘူး

www.burmeseclassic.com

www.burmeseclassic.com

"နီးနီးလေးပဲ လိုတော့တယ်၊ အဲ ဟိုနားဆိုရောက်ပြီ" ဒမ်းဘဲလ်ဒိုးက ရွှင်ပျအားရတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

တကယ်လည်း သူတို့ဟာ နောက်ဆုံးမိနစ်ပိုင်းအတွင်း စိမ်းဖန့်ဖန့်အလင်းရောင်ကလေး တဖြည်းဖြည်း ပိုကြီးထွားသွားတဲ့ နေရာကို ရောက်သွားကြပြီး၊ လှေကလေးဟာ တစ်စုံတစ်ခုနဲ့ အသာကလေး ညင်ညင်သာသာ ဆောင့်ပြီး ရပ်သွားပါတယ်။ အဲဒါ ဘယ်နေရာလဲဆိုတော့ အစမှာ ဟယ်ရီ မမြင်ရဘူး။ ဒါပေမဲ့ သူက အလင်းရောင်ထွန်းညှိထားတဲ့ သူ့ရဲ့ ဆေးကြိမ်လုံးကို မြှောက်ကြည့်လိုက်တဲ့အခါမှာတော့ သူတို့ ရောက်နေတာဟာ ရေအိုင်ကြီးရဲ့ အလယ်က ချောမွတ်တဲ့ ကျောက်ဆောင်ကျောက်သားတွေရှိတဲ့ ကျွန်းငယ်ကလေး တစ်ကျွန်းဖြစ်တယ်ဆိုတာ သူသိလိုက်ရတယ်။

"ရေနဲ့ လုံးဝမထိမိအောင် သတိထားနော်" ဟယ်ရီ လှေထဲက အထွက်မှာ ဒမ်းဘဲလ်ဒိုးက ထပ်ပြီး သတိပေးလိုက်ပါတယ်။

ကျွန်းကလေးဟာ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းထက်တောင် ပိုမကြီးပါဘူး။ ကျွန်းပေါ်မှာ ဘာဆိုဘာမှလည်း မရှိဘူး။ အနီးကပ်ကြည့်လိုက်တော့မှ စောစောက စိမ်းဖန့်ဖန့် အလင်းရောင်ထွက်နေတဲ့ နေရာဖြစ်ပြီး၊ အဲဒီ အလင်းရောင်ကို ပိုမိုပြီး ကြီးကြီးမားမားနဲ့ ပိုပြီး လင်းလင်းလက်လက် တွေ့မြင်ရနိုင်တဲ့ ပကတိပြန့်ပြူးနက်မှောင်နေတဲ့ ကျောက်တုံးတစ်တုံးရဲ့ မျက်နှာပြင်တစ်ခု ဖြစ်နေပါတော့တယ်။

ဟယ်ရီက အလင်းရောင် ထွက်နေတဲ့ နေရာကို ထပ် တစ်ခါ မျက်စိကိုမှေးပြီး အသေအချာမြင်အောင် ကြည့်လိုက်တယ်။ ပထမ အဲဒါဟာ မီးအိမ်တစ်မျိုးမျိုးပဲလို့ သူ ထင်လိုက်သေးတယ်။ ဒါပေမဲ့ မဟုတ်ဘဲ အလင်းရောင်ဟာ ဇရာမဇလုံကြီးတစ်ခုနဲ့ တူတဲ့ ကျောက်ဇလုံခွက်ကြီးထဲက ထွက်လာနေတာ ဖြစ်ပြီး၊ တစ်ခါ အဲဒီ ကျောက်ဇလုံကြီးကို အောက်ခံတိုင်ခုံတစ်ခုပေါ်မှာ တင်ထားတာပဲ။
ဒမ်းဘဲလ်ဒိုးက ဇလုံကြီးနားကို ကပ်သွားတဲ့အတွက် ဟယ်ရီလည်း ကပ်သွားတယ်။ သူတို့နှစ်ယောက် တစ်ဖက်တစ်ချက်စီကနေ ဇလုံထဲကို ကြည့်လိုက်ကြတယ်။ ဇလုံကြီးထဲမှာ မြရည်တွေနဲ့ ပြည့်နေပြီး အဲဒီကနေ မီးစုန်းရောင်တွေ တောက်ပထွက်လာနေတယ်။

"ဒါက ဘာလဲ" ဟယ်ရီက တိုးတိုးကလေး မေးလိုက်တယ်။

"ကျုပ်လည်း သေသေချာချာ မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သွေးနဲ့လူသေကောင်တွေထက် အထိတ်တလန့် ပူပင်သောက ဖြစ်စရာတွေ တွေ့လာရပြီ မဟုတ်လား" ဒမ်းဘဲလ်ဒိုးက ပြန်ပြောလိုက်တယ်။

နောက် ဒမ်းဘဲလ်ဒိုးဟာ သူ့ရဲ့ ဒဏ်ရာရထားပြီး မည်းနက်နေတဲ့ လက်မောင်းပေါ်က ဝတ်ရုံစကို နောက်ဘက်ကို ဆွဲခေါက်တွန်းတင်လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ မီးလောင်ကျွမ်းထားတဲ့ လက်ချောင်းထိပ်ကလေးတွေကို မြရည်မျက်နှာပြင်ပေါ်ကို ထိတော့ ကိုင်တော့မလို ဆန့်လိုက်တယ်။

"ဆရာ မထိနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် ထိလို့ မရပါဘူးကွဲ့၊ မထိနိုင်ပါဘူး"ဒမ်းဘဲလ်ဒိုးက ယဲ့ယဲ့ကလေး ပြုံးပြီး ပြောလိုက်တယ်။ "ထိဖို့ နေနေသာသာ ကျုပ် ဒီနေရာထက် သူ့အနားကို ရွှေ့တိုးသွားလို့တောင် မရပါဘူး။ မောင်ရင် ကြိုးစားကြည့်လိုက်ပါလား"တဲ့။

တစ်အောင့်ကြာအောင် စူးစူးစိုက်စိုက်ကြည့်နေပြီးမှ ဟယ်ရီက ဇလုံကြီးထဲကို လက်နှိုက်ပြီး တဖိတ်ဖိတ်လက်နေတဲ့ အရည်တွေကို ထိကြည့်ဖို့ ကြိုးစားလိုက်တယ်။ ဒါပေမဲ့ အရည်နဲ့ တစ်လက်မ အကွာအတွင်းလောက်မှာ မမြင်ရတဲ့ အတားအဆီးတစ်ခု ရှိနေတာကို သူတွေ့ရတယ်။ သူ့လက်ကို သူဘယ်လိုပဲ တစ်အား ဖိချဖိချ လေက ထုနဲ့ထည်နဲ့ တင်းပြီး တောင့်ခံထားသလို ဖြစ်ပြီး သူ့လက်ချောင်းတွေ ရွှေ့မတိုးနိုင်အောင် ရှိနေတယ်။

"မောင်ရင် ခဏဖယ် ဟယ်ရီ" ဒမ်းဘဲလ်ဒိုးက ပြောပြီး သူဆေးကြိမ်လုံးကို မြှောက်လိုက်တယ်။ နောက်အသံမထွက်ဘဲ တစ်ခုခုကို ရွတ်ဆိုရင်း အရည်ရဲ့ မျက်နှာပြင်ပေါ်မှာ ရှိနေတဲ့ မမြင်ရတဲ့ ရှုပ်ရှုပ်ထွေးထွေး အရာတွေကို ဆေးကြိမ်လုံးနဲ့ ဖယ်ရှားလိုက်တယ်။ ဒါပေမဲ့ အလင်းရောင်ထွက်နေတဲ့ မြရည်တွေ နည်းနည်း မသိမသာပိုပြီး တောက်ပ လင်းထွက်လာတာကလွဲပြီး စောစောအတိုင်း ဘာမှ မထူးခြားဘဲ ဖြစ်နေတယ်။ ဟယ်ရီကလည်း ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ဒမ်းဘဲလ်ဒိုး လုပ်ပုံကိုင်ပုံကိုပဲ တိတ်တိတ်ဆိတ်ဆိတ် စောင့်ကြည့်နေတယ်။ ဒမ်းဘဲလ်ဒိုး သူ့ ဆေးကြိမ်လုံးကို ပြန်ရုပ်လိုက်တော့မှ ဟယ်ရီက သူပြောဖို့ အခွင့်အရေးသာပြီဆိုပြီး ပြောလိုက်တယ်။

"ဆရာက အဲဒီအထဲမှာ ဟော်ကရပ်စ်ရှိနေတယ်လို့ ထင်တာလား ဆရာ"

"ဒါပဲပေါ့" ဒမ်းဘဲလ်ဒိုးက ဇလုံကြီးထဲကို ပိုပြီး ထင်ထင်ရှားရှား မြင်ရအောင်ပိုကပ်ပြီး ငုံ့ကြည့်လိုက်တယ်။ ဇလုံကြီးထဲက ချောမွတ်ညီညာနေတဲ့ မြရည်မျက်နှာပြင်ပေါ်မှာ ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာ ရောင်ပြန်ဟပ်ပြီး အရိပ်ထင်နေတာကို သူတွေ့ရတယ်။ သူက ပြောလိုက်တယ်။ "ဒီအရည်တွေကို လက်နဲ့ထိုးဖောက်လို့ မရဘူး၊ ပျောက်ကွယ်မသွားဘူး။ တစ်စစီလည်း ဖြစ်မသွားဘူး။ ကော်လို့ ခပ်လို့လည်း မရဘူး။ စုပ်ထုတ်ပစ်လို့လည်း ထွက်သွားမှာ မဟုတ်ဘူး။ ကိုင်လို့ ထိလို့ရအောင် ဘယ်လိုလုပ်ရပါ့မလဲ၊ ကုန်ကုန်ပြောရရင် အဲဒါတွေကို ခုရှိနေတဲ့ သူ့ ပင်ကိုအနေအထားကနေ အသွင်ပြောင်းလဲပစ်လို့လည်း မရဘူး။ မန္တန်မန်းမှုတ်လို့လည်း မရနိုင်ဘူးကွဲ့"

နောက်တော့ ဒမ်းဘဲလ်ဒိုးက စိတ်ပေါက်ပေါက်နဲ့ အမှတ်မထင် ဖြုန်းခနဲ သူ့ ဆေးကြိမ်လုံးကို နောက်တစ်ကြိမ် ထပ်မြှောက်ပြီး၊ လေထဲမှာ ချာလည်မွှေ့ယမ်းလိုက်တာ ဆေးကြိမ်လုံးက ပဉ္စလက်ပြသလို ဘယ်ကဘယ်လို ရောက်လာမှန်းမသိရတဲ့ ကြည်စင်ပြောင်လက်နေတဲ့ ဝိုင်ကလပ်ခွက်တစ်ခွက် လေထဲက ဆွဲထုတ်ပေးလိုက်တယ်။

"နောက်ဆုံး နိဂုံးအဖြစ် ဒီအရည်တွေဟာ သောက်ဖို့ ဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်"

"ခင်ဗျာ ဘယ်လို၊ အဲဒီလို မလုပ်နဲ့လေ" ဟယ်ရီက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ကျုပ်ကတော့ ဒီအတိုင်းပဲ လုပ်ရမယ်လို့ ထင်တယ်။ အဲဒီမြရည်တွေကို သောက်ပစ်လိုက်မှ ကျောက်ဇလုံကြီးထဲက အရည်တွေ ကုန်ခမ်းသွားပြီး သူ့ရဲ့ အောက်ဆုံး အတွင်းကျကျနေရာမှာ ဘာရှိနေတယ်ဆိုတာကို မြင်ရမှာပေါ့”

“ဟာ… အဲဒါက တကယ်လို့ အို–ဘယ်လို ပြောရမလဲ၊ တကယ်လို့ အဲဒါကို သောက်လိုက်လို့ ဆရာသေသွားရင်ကော”

“အိုး…. ဒီလိုကြီး ဖြစ်လာလိမ့်မယ်လို့တော့ ကျုပ် မထင်ဘူး။ လော့ဒ်ဗိုဒီမော့ဟာ ဒီကျွန်းကလေးကို ရောက်လာသူတွေကိုတော့ သတ်ပစ်ချင်မှာ မဟုတ်ပေဘူးကွဲ့” ဒမ်းဘဲလ်ဒိုးက အေးအေးဆေးဆေးပဲ အလွယ်တကူ ပြောလိုက်တယ်။

ဟယ်ရီက ဒမ်းဘဲလ်ဒိုးရဲ့ စကားကို မယုံကြည်နိုင်ဘဲ ဖြစ်နေတယ်။ ဒီလို လူတိုင်းအပေါ် အကောင်းမြင်နေတာမျိုးဟာ ဒမ်းဘဲလ်ဒိုးရဲ့ ပိုမို ရူးသွပ်တဲ့ ဆုံးဖြတ်ချက် ဖြစ်မယ်လို့သာ သူက ထင်တယ်။

“မဟုတ်သေးဘူး ဆရာ၊ ခုဟာက ဗိုဒီမော့နဲ့ ကျွန်တော်တို့…” ဟယ်ရီက သူ့အသံမှာ စိတ်လှုပ်ရှားမှု သိပ်မပါအောင် သတိထား ပြောလိုက်ပေမဲ့ သူ့စကား မဆုံးခင်မှာပဲ ဒမ်းဘဲလ်ဒိုးက ဖြတ်ပြောလိုက်ပြန်တယ်။

“မောင်ရင် သဘောမပေါက်ဘူးနဲ့ တူတယ် ဟယ်ရီ၊ ကျုပ် ပြောထားပြီးပြီလေ၊ သူဟာ ဒီကျွန်းကို ရောက်လာတဲ့ သူကို ချက်ချင်း အလောတကြီး သတ်ချင်ဦးမှာ မဟုတ်ဘူးလို့။ သူက သတ်မယ့်အစား ဒီလူတွေဟာ သူ့ရဲ့ အစီအမံ အတားအဆီး အကာအကွယ်တွေကို ဘယ်နည်းဘယ်ပုံ ထိုးဖောက် ဝင်ရောက် လာနိုင်တယ် ဆိုတာ သိအောင် ဖော်ထုတ်ဖို့ မပြီးသမျှ သူတို့ကို အသက်ရှင်ခိုင်းထားချင်မှာပဲ။ အဲဒီအထဲမှာမှ အရေးအကြီးဆုံးဟာ သူတို့ အနေနဲ့ ဘာကြောင့် ကျောက်ဇလုံကြီးထဲက အရည်တွေကို ကုန်ခန်းသွားစေဖို့ ကြံရွယ်ခဲ့တယ် ဆိုတာကို သူသိရဖို့ပဲ။ ဗိုဒီမော့ဟာ ဒီဟော်ကရပ်စ် တွေရဲ့ အကြောင်းကို သူတစ်ယောက်တည်းပဲ သိနေတယ်လို့ ယုံကြည်ထားတာကို မောင်ရင် မေ့မသွားနဲ့” ဒမ်းဘဲလ်ဒိုးက သူ့စကားကို ရှင်းလင်း ပြည့်စုံသွားအောင် ပြင်ပြီး ပြောလိုက်တယ်။

ဘာပဲဖြစ်ဖြစ် ဟယ်ရီက သူ့အထင်ကို ထပ်ပြောဖို့ ဟန်ပြင်လိုက်ပြန်တယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ဒမ်းဘဲလ်ဒိုးက ပါးစပ်နဲ့မပြောဘဲ တိတ်တိတ်နေဖို့ သူ့လက်ကို မြှောက်ပြီး ကာပြပြီး မြရောင်အရည်တွေကိုပဲ မျက်မှောင်ကြုတ် စိုက်ကြည့်နေရင်း နက်နက်နဲနဲ စဉ်းစားအကြံထုတ်နေတယ်။

“ဘာမှ သံသယဖြစ်နေစရာ မလိုဘူး” နောက်ဆုံးမှာ ဒမ်းဘဲလ်ဒိုးဆီက အသံထွက်လာတယ်။ “ဒီအရည်တွေကို ဟော်ကရပ်စ်ကို ကျုပ် မယူနိုင်အောင် မဖြစ်ဖြစ်တဲ့ တစ်နည်းနည်းနဲ့ တားဆီးမှာပဲ။ သူက ကျုပ်ကို လှုပ်မရရှားမရ တစ်ကိုယ်လုံး သွက်ချာပါဒဖြစ်အောင် လုပ်ကောင်း လုပ်လိုက်နိုင်တယ်။ ကျုပ် ဒီကို ဘာကိစ္စနဲ့ ဘာလုပ်ဖို့ ရောက်လာတယ်ဆိုတာကို မေ့သွားအောင်၊ အကြီးအကျယ် နာကျင်ခံစားပြီး အာရုံထွေပြားသွားအောင်၊ တစ်နည်းမဟုတ် တစ်နည်းနဲ့ ဘာမှ မစွမ်းဆောင်နိုင်သူ ဖြစ်သွားအောင် လုပ်လိမ့်မယ်။ ဒီလောက်ဆိုရင် တကယ်လို့ ကျုပ်က ကန့်ကွက်နေရင်တောင်

www.burmeseclassic.com

www.burmeseclassic.com

မောင်ရင်က ကျုပ် ပါးစပ်ထဲကို ဒီအရည်တွေ လောင်းချပေးရမှာ ဖြစ်ပြီး၊ ကျုပ် သေချာပေါက် သောက်ကို သောက်ရမယ်ဆိုတာ ရှင်းပြီပေါ့။ အဲဒါ ဒီဆေးရည် ကျုပ်သောက်ဖြစ်ဖို့ မောင်ရင့်ရဲ့ တာဝန်ပဲ၊ နားလည်ပြီနော်"

သူတို့နှစ်ယောက် ပြိုင်တူ ဇလုံးကြီးထဲကို ကြည့်လိုက်ကြတယ်။ ထူးဆန်း အံ့ဖွယ် စိမ်းဖန့်ဖန့် အလင်းရောင်က သူတို့ မျက်နှာပေါ်မှာ လာဟပ်နေတယ်။ ဟယ်ရီက စကားမပြောဘဲ တိတ်တိတ်နေတယ်။ ဒါကြောင့်များ သူ့ကို ဒမ်းဘဲလ်ဒိုး သူနဲ့အတူ လိုက်ခဲ့ဖို့ ခွင့်ပြုတာလား၊ ဒါမှ သူက ဒမ်းဘဲလ်ဒိုးကို မခံမရပ်နိုင်အောင် နာကျင်စေမယ့် ဆေးရည်တွေကို အတင်းတိုက်နိုင်အောင်လို့လား။ သူ့ ခေါင်းထဲ ဝေဝါးနေတယ်။

"မောင်ရင် မှတ်မိပါတယ်" ဒမ်းဘဲလ်ဒိုးက ပြောလာပြန်တယ်။ "မောင်ရင် ကျုပ်နဲ့ လိုက်မယ်ဆိုတုန်းက စည်းကမ်းချက်တွေလေ"

ဟယ်ရီ ချီတုံချတုံနဲ့သာ ဘာလုပ်လို့ ဘာပြောရမှန်းမသိ ဖြစ်နေတယ်။ ကျောက်ဇလုံထဲက မြရည်အစိမ်းရောင်နဲ့ ဟပ်ပြီး အစိမ်းရောင်ပြောင်းနေတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ မျက်လုံးပြာပြာတွေထဲကို သူ စိုက်ကြည့်နေတယ်။

"ဘာများလဲ ဆရာ"

"မောင်ရင် သစ္စာဆိုခဲ့တယ်လေ။ မဟုတ်ဘူးလား။ ကျုပ် ပေးသမျှ အမိန့်ကို လိုက်နာပါမယ် ဆိုတာလေ"

"ဒါပေမဲ့ ခုဟာကတော့ ဆရာရယ်"

"ကဲ–မောင်ရင့်ကို ကျုပ် သတိပေးလိုက်ပြီ။ ကျုပ် မသောက်ဖြစ်လို့ကတော့ ဒီမှာ အန္တရာယ်နဲ့ ကြုံပြီသာမှတ်ပေတော့"

"ဟုတ်ကဲ့ပါဆရာ" ဟယ်ရီက ပြောလိုက်ပြီး သူ့ပါးစပ်က ထပ်ထွက်သွားပြန်တယ်။ "ဒါပေမဲ့"

"ကဲ–ဒီလောက်တောင် ဖြစ်လှတာ" ဒမ်းဘဲလ်ဒိုးက သူ့ဝတ်ရုံလက်မောင်းတွေကို ပင့်တင်လိုက်ပြီး ဝိုင်ကလပ်ခွက်ကို မြှောက်ရင်း ပြောလိုက်တယ်။ "မောင်ရင့်ကို ကျုပ် အမိန့်ပေးပြီးပြီနော်"

"ဆရာ့ကိုယ်စား ဒီအရည်တွေကို ကျွန်တော် ဘာကြောင့် မသောက်ရမှာလဲဆရာ" ဟယ်ရီက ဒရောသောပါး မေးလိုက်တယ်။

"ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်က မောင်ရင့်ထက် အသက်ပိုကြီးတယ်။ ပိုကျွမ်းကျင်နားလည်တယ်။ ပြီးတော့ ကျုပ်က မောင်ရင့်လောက် တန်ဖိုးမရှိတော့လို့ပဲ" ဒမ်းဘဲလ်ဒိုးက တစ်ချက်နားပြီး ဆက်ပြောပြန်တယ်။ "ဒါက အားလုံးအတွက် တစ်ချက်တည်းနဲ့ ပြတ်မှာ။ ကဲ–ကျုပ် ပြောတဲ့အတိုင်းသာ ဒီအရည်တွေကို သောက်ချလိုက်အောင် မောင်ရင် အစွမ်းကုန်လုပ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com

"မလုပ်လို့ မရဘူးလား ဆရာ"

"ကျုပ် ပြောတဲ့အတိုင်း လုပ်စမ်းပါ"

"ဒါပေမဲ့ မဟုတ်သေးဘူး ဆရာ"

"မင်းစကားနဲ့ မင်းပဲ ဟယ်ရီ"

"ဟုတ် .... ကျွန်တော် ပြောခဲ့တာ ဟုတ်ပါတယ်။ ဒါပေမဲ့"

ဟယ်ရီနောက်ထပ် ဒမ်းဘဲလ်ဒိုးကို ထပ်မတားဆီးနိုင်ခင်မှာပဲ အရည်တွေထဲကို ဖန်ဝိုင်ကလပ်ခွက်ကို ထိုးနှစ်လိုက်တယ်။ တစ်စက္ကန့်ရဲ့ အစိတ်အပိုင်းကလေး တစ်ပိုင်းအတွင်းမှာပဲ ဘယ်နည်းနဲ့မှ မြရည်တွေကို ဝိုင်ကလပ်ခွက်နဲ့ ရမှာ မဟုတ်ဘူးလို့ မျှော်လင့်ထားတဲ့ ဟယ်ရီရဲ့ မျက်စိရှေ့မှာ ဖန်ဝိုင်ကလပ်ခွက် ဘာအတားအဆီးမှ မခံထားသလို မြရည်တွေရဲ့ မျက်နှာပြင်အောက်ကို နစ်သွားတယ်။ ခွက်နှုတ်ခမ်းအထိ အရည်တွေလည်း ပြည့်သွားရော ဒမ်းဘဲလ်ဒိုးပြန်မြှောက်ယူပြီး သူ့ပါးစပ်နဲ့ တေ့ရင်း ပြောလိုက်တယ်။

"ဟယ်ရီ .. မင်းကျန်းမာစေဖို့ အတွက်"

စကားဆုံးတာနဲ့ သူက ပါးစပ်ထဲကို အရည်တွေ အကုန်လုံး မော့ချသောက်လိုက်တယ်။ ဟယ်ရီ အထိတ်တလန့်နဲ့ စောင့်ကြည့်နေတယ်။ သူ့ လက်နှစ်ချောင်းက ကျောက်ဇလုံကြီးရဲ့ နှုတ်ခမ်းကို တင်းနေအောင် တစ်အားကုန် ဆုပ်ထားတယ်။ သူ့လက်ချောင်းတွေ ထုံကျင်နေတဲ့အထိ သူဆုပ်ထားတယ်။

"ပါမောက္ခကြီး" သူ စိုးရိမ်တကြီးနဲ့ ခေါ်လိုက်တယ်။ ဒမ်းဘဲလ်ဒိုးရဲ့ ခွက်ထဲမှာ အရည်တွေ ပြောင်သွားပြီ။ "ဘယ်လိုနေလဲ ဆရာကြီး" သူထပ်မေးလိုက်တယ်။

ဒမ်းဘဲလ်ဒိုးက ခေါင်းခါပြတယ်။ ဒါပေမဲ့ မျက်စိတွေကို မှိတ်ထားတယ်။ သူ အကြီးအကျယ်ထပြီး နာကျင်လာတော့မှာပဲလို့ ဟယ်ရီ အောက်မေ့နေတယ်။ ဒမ်းဘဲလ်ဒိုးက ဖန်ခွက်ကို ဇလုံကြီးထဲကို ထပ်ပြီး ထိုးနှစ်လိုက်ပြန်တယ်။ ခွက်ထဲမှာ အရည်တွေ ထပ်ပြည့်သွားတယ်။ သူနောက်တစ်ကြိမ် မော့ချလိုက်ပြန်တယ်။

အဲဒီမှာ ဒမ်းဘဲလ်ဒိုး သုံးခွက်တိတိ သောက်ပြီးတဲ့ အချိန်အထိ တိတ်ဆိတ်နေတယ်။ နောက် စတုတ္ထမြောက် ခွက်သောက်နေတုန်း တစ်ဝက်လောက်ကုန်သွားချိန်မှာတော့ သူရှေ့ဘက် ဇလုံကြီးဆီကို ဒယီးဒယိုင်နဲ့ ထိုးလဲပုံကျသွားတယ်။ သူ့မျက်လုံးတွေက မှိတ်ထားဆဲပဲ။ အသက်ရှူလည်း တစ်အားပြင်းနေတယ်။

www.burmeseclassic.com

"ပါမောက္ခကြီး ဒမ်းဘဲလ်ဒိုး" ဟယ်ရီက အော်ခေါ်လိုက်တယ်။ သူ့အသံတွေ အက်ကွဲနေတယ်။ "ဆရာ.... ကျွန်တော် ခေါ်တာ ဆရာကြားရဲ့လားဟင်"

ဒမ်းဘဲလ်ဒိုးက မဖြေဘူး....... သူ့မျက်နှာက အကြောဆွဲနေသလို ဖြစ်နေတယ်။ ကြည့်ရတာ သူ အိပ်မောကျသွားပုံပဲ။ ဒါပေမဲ့ ထိတ်လန့်ချောက်ချားစရာ အိပ်မက်တွေ မက်နေတယ်လို့ ထင်ရတယ်။ ဝိုင်ကလပ်ခွက်ကို ဆုပ်ကိုင်ထားတဲ့ သူ့ရဲ့ လက်တွေပြေလျော့သွားပြီး အရည်တွေ ခွက်ထဲကနေ ဖိတ်ကျနေတယ်။ ဟယ်ရီရှေ့ကို ကုန်းပြီး ဖန်ခွက်ကို ကောက်ယူလိုက်တယ်။ ပြီးတော့ လက်ထဲမှာ အသာကိုင်ထားရင်း–

"ပါမောက္ခကြီး ကျွန်တော် ပြောတာကြားလား" သူထပ်တလဲလဲ ကျုံးအော်ပြီး အကျယ်ကြီး မေးနေတဲ့အတွက် ဂူထဲက သူတို့ပတ်လည်မှာ သူ့အသံတွေ ပဲ့တင်ထပ်နေတယ်။

ဒမ်းဘဲလ်ဒိုး ဟောဟဲလိုက် အသက်ရှူရင်း တစ်ခုခု ပြောလိုက်တယ်။ ဟယ်ရီက သူပြောတာ ဘာမှန်းမသိလိုက်ဘူး။ သူတစ်ခါမှ ဒမ်းဘဲလ်ဒိုး ဒီလို အထိတ်တလန့် ဖြစ်ရတာမျိုး မမြင်ဖူး၊ မကြားဖူး၊ မကြုံခဲ့ဖူးလို့ပဲ။

"ဒီလိုမလုပ်ပါနဲ့ ဆရာကြီး၊ ကျွန်တော့်ကို ဒီလိုလုပ်တာ ကျွန်တော်မကြိုက်ဘူးဗျာ၊ ဒီလိုမလုပ်ပါနဲ့ ဆရာရယ်"

သူမြင်နေကျ ဒမ်းဘဲလ်ဒိုးရဲ့ ဖြူဖွေးသွေးဆုတ်နေတဲ့ မျက်နှာကို ဟယ်ရီ စိုက်ကြည့်နေတယ်။ နှာခေါင်းက ကောက်နေတယ်။ လခြမ်းပုံမျက်မှန်နဲ့။ ဒါပေမဲ့ သူဘာလုပ်ရမှန်းမသိတော့ဘူး။

"ဒါတွေ ကျုပ်မကြိုက်ဘူး၊ မသောက်တော့ဘူး၊ ရပ်ချင်ပြီ၊ ကျုပ်မသောက်တော့ဘူး၊ ရပ်လိုက်တော့မယ်" ဒမ်းဘဲလ်ဒိုးက ညည်းသံနဲ့ ပြောလိုက်တယ်။

"နေသာရဲ့လား ပါမောက္ခကြီး၊ ဆရာ အရည်တွေ သောက်နေတာလေ၊ မှတ်မိပြီလား။ ဆရာပဲ ဒီမှာ ဒါတွေကို သောက်မှဖြစ်မယ်လို့ ပြောခဲ့တယ်လေ။ ဆရာ ရပ်လို့မဖြစ်ဘူးနော်၊ သောက်ရမှာပဲ"

ကိုယ့်ကိုယ်ကိုယ် နာကြည်းမုန်းတီးရင်း ဘာလုပ်မှန်းမသိဘဲ ငိုင်နေရင်းက ဟယ်ရီဟာ ဝိုင်ကလပ်ခွက်ကို ဒမ်းဘဲလ်ဒိုးရဲ့ ပါးစပ်မှာ ပြန်တေ့ပေးလိုက်ပြီး လောင်းချပေးလိုက်တယ်။ ဒါကြောင့် ခွက်ထဲမှာ ကျန်နေသမျှအရည်တွေ ဒမ်းဘဲလ်ဒိုးရဲ့ ဗိုက်ထဲကို ရောက်သွားပြန်တယ်။

"တော်ပြီ မသောက်တော့ဘူး" ဒမ်းဘဲလ်ဒိုးက ညည်းလိုက်တယ်။ ဟယ်ရီက ခွက်ကို ဇလုံကြီးထဲ ထပ်နှစ်ပြီး၊ နောက်တစ်ခွက် ထပ်ယူလိုက်ပြန်တယ်။ "ကျုပ် မသောက်တော့ဘူး၊ ကျုပ် မသောက်ချင်ဘူး၊ ကျုပ် သွားပါရစေတော့" ဒမ်းဘဲလ်ဒိုးက ဆက်တိုက်ထပ်ပြောနေတယ်။

"ကောင်းသွားမှာပါ ဆရာကြီး၊ ဒါက တကယ်ကောင်းသွားမှာပါ၊ ကောင်းပါတယ် ပါမောက္ခကြီးရယ်... "ဟယ်ရီကလည်း ဖွတ်နားချပြီး အတင်းတိုက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"တော်တော့၊ အဲဒါကို ခုရပ်လိုက်တော့" ဒမ်းဘဲလ်ဒိုးက ဆက်ညည်းနေရင်း မသောက်ချင်လို့ အတင်းငြင်းနေတယ်။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒါ နောက်ဆုံးပဲ၊ ဒါပြီးရင်ပြီးပါပြီ၊ ဒါကုန်ရင် တော်ပါပြီ" ဟယ်ရီက ညာပြောရင်း ဖန်ဝိုင်ကလပ်ခွက်ထဲက အရည်တွေကို ဟနေတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ပါးစပ်ထဲ လောင်းချလိုက်တယ်။

ဒီမှာတင် ဒမ်းဘဲလ်ဒိုးဟာ အသံကုန် ကျုံးအော်ပါတော့တယ်။ သူ့အသံဟာ ဇရာမ ဂူခန်းဆောင်ကြီး တစ်ခုလုံးရော ကျယ်ပြန့်တဲ့ အနက်ရောင်ရေပြင်ကြီးကို ဖြတ်သန်းသွားပြီးတော့ပါ တော်လဲသလို ပဲ့တင်ထပ်သွားတယ်။

"မသောက်ဘူး၊ မသောက်ဘူး၊ မသောက်ဘူး၊ မသောက်ဘူး၊ ကျုပ် မတတ်နိုင်တော့လို့ပါ၊ ကျုပ် မသောက်နိုင်တော့ဘူး၊ ကျုပ်ကို မတိုက်ပါနဲ့၊ ကျုပ်ကို ဒီလိုမလုပ်ပါနဲ့၊ ကျုပ် မသောက်ချင်ဘူး"

"ရပါပြီ ပါမောက္ခကြီး၊ ရပြီ၊ အားလုံး အဆင်ပြေသွားပြီ" ဟယ်ရီကလည်း အော်ပြောနေတယ်။ သူ့လက်တွေလည်း သွက်သွက်ခါ တုန်နေတယ်။ ဒါကြောင့် သူ ဆဌမမြောက်ခွက် အပြည့်ရအောင် မနည်းကို ခက်ခက်ခဲခဲ ခပ်လိုက်ရတယ်။ ကျောက်ဇလုံကြီးထဲမှာ အရည်တွေ တစ်ဝက်ပဲ ကျန်တော့တယ်။
"ဆရာ ဘာမှ မဖြစ်ပါဘူး ဆရာရဲ့၊ ဘာမှ မဖြစ်ဘူး။ ကျွန်တော် ကျိန်ပြောရဲတယ်။ တကယ်ဘာမှ မဖြစ်ဘူး၊ ရော့ ဒါလေးဆက်သောက်လိုက်၊ ဒါလေးပဲ၊ ဒါလေးပဲ။ အင့် ... သောက်"

ဒမ်းဘဲလ်ဒိုး မငြင်းသာပြန်ဘူး။ သူက ကုပ်ကုပ်ရှုပ်ရှုပ်ကလေး သောက်ချလိုက်ပြန်တယ်။ သူက ဟယ်ရီ သူ့ကို ဖြေဆေးပေးတယ်လို့ ထင်ပြီး သောက်လိုက်တာပဲ။ ဒါပေမဲ့ ဖန်ကလပ်ခွက်ထဲက အရည်တွေ လျော့လျော့ လျော့လျော့သွားပြီး သူ့ပါးစပ်ထဲကို စီးဝင်နေတုန်းမှာပဲ သူ ဒူးထောက်လျက်ကျသွားပြီး ထိန်းမနိုင် သိမ်းမရအောင် တုန်ယင်နေတယ်။

"ဒါ ကျုပ်အပြစ်ပါ။ ဒါတွေ အားလုံး ကျုပ် အပြစ်ချည်းပါပဲ"လို့ ပြောရင်း သူ တစ်ရှိုက်ငင်ငင် ငိုနေပါတယ်။ ကျေးဇူးပြုပြီး ကျုပ် တော်ပါရစေတော့၊ ကျုပ်လုပ်တာ အမှားတွေပါ၊ ကျုပ် အမှားတွေ လုပ်မိတာပါ၊ ထပ်မတိုက်ပါနဲ့၊ ကျုပ် မသောက်နိုင်ဘူး၊ ကျုပ် ဘယ်နည်းနဲ့မှ မသောက်နိုင်တော့ဘူးကွာ။ ထပ်တော့ မတိုက်လေနဲ့"

"ဒါပြီးရင် ပြီးပါပြီ ပါမောက္ခကြီးရယ်" ဟယ်ရီက ပြောလိုက်ပြန်တယ်။ သူ့အသံတွေလည်း ဆို့နစ်ကြေကွဲနေတယ်။ ဒီလိုနဲ့ပဲ ဒမ်းဘဲလ်ဒိုးရဲ့ ပါးစပ်ထဲကို သတ္တမမြောက် တစ်ခွက် လောင်းချလိုက်ပါတယ်။

သူ့ပတ်လည်မှာ မမြင်ရတဲ့ နိုပ်စက်ညှင်းပန်းသူတွေနဲ့ ဝိုင်းထားခံရတဲ့ ပုံမျိုးနဲ့ ဒမ်းဘဲလ်ဒိုး စပြီး ကုပ်ကုပ်ကလေး ဖြစ်လာတယ်။ ညည်းရင်းညူရင်း ယက်ကန်ယက်ကန်နဲ့ လှျောက်လမ်းနေတဲ့ သူ့ရဲ့ လက်က အရည်တွေထပ်ဖြည့်ထားတဲ့ ဝိုင်ကလပ်ခွက်ကို သူလိုပဲ တုန်တုန်ယင်ယင် ဖြစ်နေတဲ့ ဟယ်ရီရဲ့

www.burmeseclassic.com

လက်ထဲကနေ တိုက်ချမိလုလု ဖြစ်ဖြစ်သွားတယ်။ "ထပ်ပြီး မညှင်းဆဲပါနဲ့တော့၊ မညှင်းဆဲပါနဲ့တော့၊ ကျေးဇူးပြုပြီးတော့ သက်ညှာပြီးတော့ ကျုပ်ကို မတိုက်ပါနဲ့လား၊ အဲဒါ ကျုပ်အပြစ်ပါလို့ ဆိုနေမှပဲ။ အဲဒီလို နှိပ်စက်နေမယ့်အစား ကျုပ်ကို ...." ဒမ်းဘဲလ်ဒိုး ငိုနေပြန်တယ်။

"အင့် .... ဒီမှာသောက်၊ ဒါကလေးပဲ သောက်၊ ဆရာ လုံးဝကောင်းသွားလိမ့်မယ်၊ အားလုံး ပြန်ကောင်းသွားမယ်" ဟယ်ရီက အတင်းအဓမ္မ ဒရောသောပါး ထပ်တိုက်နေလို့ ဒီတစ်ကြိမ်လည်း ဒမ်းဘဲလ်ဒိုး နာခံလိုက်ရပြန်တယ်။ သူ မျက်စိကို စုံမှိတ်ထားပြီး တစ်ကိုယ်လုံး တုန်ခါနေတဲ့ကြားက ပါးစပ်ကို ဖွင့်ပေးလိုက်တယ်။

ဒီနောက်မှာတော့ သူရှေ့ကို ဟပ်ထိုးလဲကျသွားတယ်။ တစ်ခါထပ်ပြီး စူးစူးဝါးဝါး အော်ဟစ်ရင်း မြေကြီးကို သူလက်သီးတွေနဲ့ ထိုးနေတယ်။ အတင်း ထုရိုက်နေတယ်။ ဒီအချိန် ဟယ်ရီက နဝမမြောက် ဝိုင်ကလပ်ခွက်ကို မြရည်တွေနဲ့ ထပ်ဖြည့်နေလိုက်ပြီ။

"ကျေးဇူးပြုပြီး ကျေးဇူးပြုပြီး တစ်ဆိတ်သည်းခံပြီး မ... မ မလုပ်ပါနဲ့၊ မတိုက်ပါနဲ့၊ ဒါကလွဲရင် ဘာမဆို ကျုပ် လုပ်ပါ့မယ်"

"ဒါပဲ သောက် ဒါကိုပဲ သောက်လိုက်ပါ ပါမောက္ခကြီးရယ်"

ဒမ်းဘဲလ်ဒိုးဟာ သေလုမျောပါး ရေငတ်နေတဲ့ ကလေးတစ်ယောက်က ရေတွေ အငမ်းမရ သောက်နေသလို သောက်ချပစ်လိုက်ပြန်တယ်။ ဒါပေမဲ့ ခွက်ထဲမှာလည်း ပြောင်သွားရော၊ သူ့ဗိုက်ထဲရင်ထဲက အူအသည်းတွေ ကလီစာတွေကို မီးတင်မြှိုက်ခံရတဲ့ အသံမျိုးနဲ့ သူတစ်ခါ ကျုံးအော်လိုက်ပြန်ပါတယ်။ "တော်ပြီနော် ဟုတ်လား၊ တော်ပြီ၊ နောက်ထပ် မတိုက်ပါနဲ့တော့"

ဟယ်ရီ ဒသမမြောက် ဝိုင်ကလပ်ခွက်နဲ့ အရည်တွေကို အပြည့်ကော်ခပ်ယူလိုက်ပြန်တယ်။ အဲဒီအခိုက်မှာပဲ ဖန်ကလပ်ခွက်နဲ့ ကျောက်ဇလုံကြီးရဲ့ အောက်ခြေကြမ်းပြင်အထိ ခြစ်တိုက်မိပြီး ဂျစ်ဂျစ် ဂျစ်ဂျစ် ဖြစ်သွားတာကို သူသတိထားလိုက်မိတယ်။

"ကျွန်တော်တို့ ဆုံးခန်းတိုင်ရောက်ဖို့ နီးနေပြီ။ ပါမောက္ခကြီး ရော့ ဒါသောက်လိုက် ရော့သောက်လိုက်"

ဒမ်းဘဲလ်ဒိုးရဲ့ ပခုံးကို ထပ်ပြီး ကူညီ ထူထောင်ပေးလိုက်တယ်။ ဒမ်းဘဲလ်ဒိုးကလည်း ခွက်ထဲမှာ ရှိသမျှ အကုန်သောက်ချလိုက်ပြန်တယ်။ အဲဒီနောက် ဟယ်ရီ နောက်တစ်ခါ ပြန်ထရပ်ပြီး ခွက်နဲ့ အရည်တွေကို ခပ်နေစဉ်မှာပဲ ဒမ်းဘဲလ်ဒိုးက မချိတင်ကဲ ဝေဒနာ ခံစားရင်း ခါတိုင်းထက် အဆမတန် ပိုကျယ်တဲ့ အသံနဲ့ စူးစူးဝါးဝါးစပြီး အော်ဟစ်လိုက်ပါတော့တယ်။ "ကျုပ် သေချင်ပြီ၊ ကျုပ် သေချင်တယ်၊ အဲဒါကို ရပ်လိုက်တော့ မတိုက်နဲ့တော့ ကျုပ် သေချင်နေပြီ"

"ဒါလေးတော့ သောက်လိုက်ပါဦး ပါမောက္ခကြီး၊ ဒါလေးကို သောက်လိုက်နော်"

www.burmeseclassic.com

www.burmeseclassic.com

ဒမ်းဘဲလ်ဒိုးက သောက်လိုက်တယ်။ မကြာဘူး။ သူသောက်လို့ ကုန်သွားတယ်။ ပြီးတော့ အသံကုန် ကျုံးအော်လိုက်တယ်။ "ကျုပ်ကို သတ်ပစ်လိုက်တော့"

"ကဲ–ဒါ ဒါလေးပဲ၊ ဒီတစ်ကျိုက်ပဲ၊ အဲဒါလေးက ဆရာ့ကို ... အဲ အဲဒါလေးတင်သောက်လိုက်၊ ပြီးတော့မယ် ကုန်တော့မယ်"

ဒမ်းဘဲလ်ဒိုး သုတ်သီးသုတ်ပျာနဲ့ ခွက်ထဲမှာ တစ်စက်မှ မကျန်အောင် မျိုချပစ်လိုက်ပြန်တယ်။ ပြီးတော့ တစ်အားကုန် သက်ပြင်းကြီး ရှိုက်လိုက်ပြီး လိမ့်ထွက် ပက်လက်လန်ကျသွားတယ်။

"မရဘူး" ဟယ်ရီက အော်လိုက်တယ်။ ပြီးတော့ ဖန်ကလပ်ခွက်ကို ဖြည့်ဖို့ သူ မတ်တတ်ရပ်လိုက်တယ်။ ဒါပေမဲ့ ဖန်ကလပ်ခွက်နဲ့ ကျောက်ဇလုံကြီးထဲကို ခပ်ရမယ့်အစား သူ့ကိုယ်သူ ဒမ်းဘဲလ်ဒိုးရဲ့ ဘေးကို ပစ်လှဲချလိုက်တယ်။ ပြီးတော့ ဒမ်းဘဲလ်ဒိုးကို သူ့ကျောပေါ်ကို ပိုးတင်လိုက်တယ်။ ဒမ်းဘဲလ်ဒိုးရဲ့ မျက်မှန်ကြီး ရွဲ့စောင်းနေသလို၊ သူ့ပါးစပ်ကြီးကလည်း ပွင့်ဟနေတယ်။ မျက်စိတွေကတော့ မှိတ်လျက်ပဲ။

"မရဘူး၊ မရဘူး၊ မသေရဘူး။ ဆရာသေလို့ မဖြစ်ဘူးဆရာ။ ဆရာ မသေပါဘူး။ ဆရာပြောတော့ အဲဒါက အဆိပ်မဟုတ်ဘူး၊ ထပါဆရာ၊ ထပါဆရာ" ဟယ်ရီ ဒမ်းဘဲလ်ဒိုးကို အတင်းကိုင်လှုပ်ပြီး မပြတ်ပြောနေတယ်။

"နဂိုမူလအတိုင်း ပြန်ကောင်းစေ–ရင်နာဗိတ်" သူ အော်လိုက်တယ်။ သူ့ ဆေးကြိမ်လုံးနဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ရင်ဘတ်ကို ထိုးချိန်ရွယ်လိုက်တာ ဆေးကြိမ်လုံးကနေ အနီရောင် အလင်းတစ်ချက် လက်ခနဲ ပွင့်သွားတယ်။ ဒါပေမဲ့ ဘာမှ ဆက်မဖြစ်လာဘူး။ "ပြန်ကောင်းလာစေ–ရင်နာဗိတ်၊ ဆရာကျေးဇူးပြုပြီး နိုးထပါတော့ ဆရာရယ်....."

အဲဒီအချိန်မှာပဲ ဒမ်းဘဲလ်ဒိုးရဲ့ မျက်ခွံတွေစပြီး ပုတ်ခတ်ပုတ်ခတ် ဖြစ်လာလို့ ဟယ်ရီ ရင်တွေ တုန်တက်သွားတယ်။

"ဆရာ၊ ဆရာနေ ... နေကောင်းသွားပြီလားဟင်၊ ပြန်ကောင်းသွားပြီလား"

"ရေ ရေ" ဒမ်းဘဲလ်ဒိုးရဲ့ အသံတွေ ကွဲအက်ပြီး လေးနေတယ်။

"ရေ ဟုတ်လား ဆရာ" ဟယ်ရီက အလောသုံးဆယ် မေးလိုက်တယ်။

သူခုန်ထလိုက်ပြီး စောစောက ကျောက်ဇလုံကြီးထဲကို သူပစ်ချထားခဲ့တဲ့ ခွက်ကို ပြန်လှမ်း ကောက်ယူလိုက်တယ်။ ဒီမှာတင် သူ့မျက်စိတွေက ကျောက်ဇလုံကြီးရဲ့ အောက်ခြေမှာ ခွေခွေတွန့်တွန့် လဲလျောင်းနေတဲ့ ရွှေလော့ကတ်သီးနဲ့ ကြိုးကလေးကို တွေ့လိုက်ရပါတော့တယ်။

"သောက်ရေအမြန်ရောက်လာစေ–အက်ဂွာမင်တီ"လို့ အော်လိုက်ရင်း သူက ဝိုင်ကလပ်ခွက်ကို ဆေးကြိမ်လုံးနဲ့ ထိုးလိုက်တာ ဖန်ခွက်ထဲမှာ ချက်ချင်း သောက်ရေကြည်တွေနဲ့ ပြည့်သွားတယ်။ ဟယ်ရီ

www.burmeseclassic.com

ဒမ်းဘဲလ်ဒိုးဘေးမှာ ဒူးထောက်ထိုင်လိုက်တယ်။ ပြီးတော့ ခေါင်းကို ထူပေးလိုက်တယ်။ နောက် ဖန်ကလပ်ခွက်ကို နှုတ်ခမ်းမှာတေ့ပေးလိုက်တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဖန်ခွက်ထဲမှာ ဘာမှ မရှိတော့ဘဲ ပြောင်လက်နေတယ်။ ဒမ်းဘဲလ်ဒိုးက ညည်းညူလိုက်ပြီး ဟောဟဲရှိုက် အသက်ရှူနေတယ်။

"ဟာ ကျွန်တော် ရေဖြည့်လိုက်ရဲ့သားနဲ့ ဘယ်လိုဖြစ်သွားရတာလဲ၊ ခဏစောင့်၊ အက်ဂွာမင်တီ– သောက်ရေကြည်တွေ တစ်ခါပြန်ရောက်လာစမ်း" ဟယ်ရီ အော်ဆိုရင်း ဝိုင်ကလပ်ခွက်ကို ဆေးကြိမ်လုံးထိပ်နဲ့ ထပ်တို့လိုက်တယ်။ ဒီမှာတင် ဒုတိယအကြိမ်မြောက် ကြည်လင်နေတဲ့ ရေတွေ ဖန်ခွက်ထဲမှာ ပြည့်သွားပြန်တယ်။ ဒါပေမဲ့ ရေတိုက်ဖို့ ဒမ်းဘဲလ်ဒိုးရဲ့ နှုတ်ခမ်းအနားကို ခွက်ကိုလည်း တေ့လိုက်ရော ခွက်ထဲက ရေတွေက နောက်တစ်ကြိမ် ပျောက်သွားပြန်ပါလေရော။

"ဆရာ ကျွန်တော် ကြိုးစားနေတယ်။ ကျွန်တော် ရအောင် ကြိုးစားမယ် ဆရာရယ်....၊ ကျွန်တော် ကြိုးစားနေပါတယ်" ဟယ်ရီကလည်း တစ်ဖွတ်ထိုး ပြောနေတယ်။ ဒါပေမဲ့ သူပြောတာကို ဒမ်းဘဲလ်ဒိုး မကြားနိုင်ဘူးဆိုတာကို သူမတွေးမိဘူး။ ဒမ်းဘဲလ်ဒိုးကို အသာပြန်ချပြီး နောက်ကို ဆုတ်လိုက်ရင်း သူ အသက်ကို အကြီးအကျယ် အားရပါးရ အသားကုန် ရှူသွင်းပြီးမှ တစ်ရှိန်ထိုး မပြတ်တမ်း ကျုံးအော်ပစ်လိုက်တယ်။

"သောက်ရေလာစမ်း သောက်ရေရောက်စမ်း ရေတွေ အခုရောက်စမ်း အက်ဂွာမင်တီ.... အက်ဂွာမင်တီ.... အက်ဂွာမင်တီ.... "

ခွက်ထဲမှာ ရေတွေနဲ့ ပြည့်သွားတယ်။ ဒါပေမဲ့ နောက်ပြန်ပျောက်သွားတယ်။ ဒမ်းဘဲလ်ဒိုးရဲ့ အသက်ရှူသံလည်း ယဲ့ယဲ့မျှင်းမျှင်းလေးပဲ ရှိတော့တယ်။ သူလည်း ကယောင်ချောက်ချားနဲ့ ဦးနှောက်တွေ ချာချာလည်နေပြီ။ နောက်တော့ သူအလိုလို သဘောပေါက်သွားတယ်။ ရေရနိုင်မယ့် နည်းတစ်နည်းပဲ ရှိတော့တယ်။ ဘာကြောင့်လဲဆိုတော့ ဗိုဒီမော့ကိုယ်တိုင်က ဒီအတိုင်းပဲ ဖြစ်အောင် စီမံထားခဲ့လို့ပဲ။

သူ ကျောက်ဆောင်ရဲ့ ဟိုနှုတ်ခမ်းစပ်နေရာအထိ ပြေးသွားတယ်။ ပြီးတော့ ဝိုင်ကလပ်ခွက်ကို အိုင်ကြီးထဲ ထိုးနှစ်ပြီး ခွက်နှုတ်ခမ်းသားအထိ ပြည့်နေတဲ့ ရေခဲလိုအေးစက်တဲ့ ရေတွေကို ယူလာတယ်။ ဒီရေကတော့ ပြန်ပျောက်မသွားဘူး။

"ဆရာ ဒီမှာ" ဟယ်ရီက အော်လိုက်ပြီး ရှေ့ကို တိုးသွားပြီး ကသီးကရွဲ ဖြစ်သလိုပဲ ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာကို ရေတွေနဲ့ ပွတ်သပ်ပေးလိုက်တယ်။ ဒါဟာ သူ အစွမ်းကုန်လုပ်ပေးနိုင်တဲ့ အကောင်းဆုံး စွမ်းဆောင်မှု တစ်ခုပဲ။ ဖန်ခွက်ကို ကိုင်မထားတဲ့ သူ့လက်ပေါ်မှာ ခံစားနေရတဲ့ အအေးဓာတ်ဟာ ကြာရှည်ဆက်အေးမနေတော့လို့ ဖြစ်တယ်။

ဒီအချိန်မှာပဲ ချွဲကျိကျိနဲ့ ဖြူဖွေးတဲ့ လက်ကြီးတစ်ချောင်း သူ့ခါးကို လာပတ်လိုက်တယ်။ ပြီးတော့ သူ့ကို ဆွဲယူနေတဲ့ အကောင်ကြီးဟာ တဖြည်းဖြည်း ကျောက်ဆောင်ပြင်ကို ဖြတ်ပြီး နောက်ကို ပြန်ဆုတ်သွားတယ်။ ဒါတင်မကဘဲ အိုင်ကြီးရဲ့ နက်မှောင်တဲ့ ရေမျက်နှာပြင်ဟာ စောစောကအတိုင်း မှန်သားပြင်လို့ ညီညာပြောင်ချောမနေတော့ဘဲ လက်နဲ့မွှေ့သလို ချာလည်လည်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ လှမ်းကြည့်လိုက်တဲ့ နေရာတိုင်းမှာ ဖြူဖွေးနေတဲ့ ခေါင်းတွေနဲ့ လက်တွေ ရေထဲက ပေါ်ထွက်လာနေတယ်။ အမြင်ခာတ်မရှိတဲ့ မျက်လုံး ဟောက်ပက်ကြီးတွေနဲ့ ယောကျ်ားကြီးတွေရော၊ မိန်းမတွေရော ကလေးတွေပါ ရေထဲမှာ ကျောက်ဆောင်ဆီကို ရွေ့လာနေကြတယ်။ လူသေအဖွဲ့ကြီးတစ်ဖွဲ့ အနက်ရောင် မဟူရာရေပြင်ထဲကနေ သူတို့ဆီကို ချီတက်လာနေတာပဲ။

"အားလုံး တစ်ယောက်မကျန် ဆိတ်သုဉ်းပျောက်ကွယ် ဖယ်ရှားသွားစေ–ပက်ထရီဖီးကပ်စ် တိုတယ်လပ်စ်" ဟယ်ရီဟာ ကျွန်းရဲ့ စိုရွှဲ ချောမွတ်နေတဲ့ မျက်နှာပြင်ကို ရှုန်းကန်ကြိုးစား ကုတ်တွယ်ထားရင်း သူနဲ့ လက်တစ်ကမ်းနားအထိ ရောက်လာတဲ့ အောက်လမ်းစုန်းကောင်ဟာ ဗွမ်းခနဲ မြည်အောင် ရေထဲကို နောက်ပြန်ပစ်ကျသွားပါတယ်။ သူနေရာက လူးလဲထလိုက်တယ်။ ဒါပေမဲ့ အံ့နဲ့ကျင်းနဲ့ ပိုမိုများပြားတဲ့ အောက်လမ်းစုန်းကောင်တွေ ကျောက်ဆောင်ကျွန်းကလေးပေါ် တက်လာပြီးလို့ ရောက်တောင်နေပြီ ဖြစ်ပါတယ်။ သူတို့က ချောနေတဲ့ ကျောက်ဆောင် မျက်နှာပြင်ပေါ်မှာ အရိုးဂေါက်ဂက်ပေါ်နေတဲ့ လက်တွေ လက်သည်းတွေနဲ့ ကုတ်ခြစ်တွယ်တက်လာတာပဲ။ မျက်စိတွေမပါတဲ့ မျက်လုံးအိမ်ခေါင်းထဲမှာ ရေငွေ့တွေနဲ့ ပြည့်ဖုံးနေတဲ့ သူတို့ရဲ့ မျက်စိတွေက သူ့ကို ဝိုင်းစိုက်ကြည့်နေကြတယ်။ တကယ်ပါပဲ၊ သူတို့ဟာ ရေစိုနေတဲ့ အဝတ်အစား အစုတ်အပြတ်တွေ၊ မသတီတဲ့ မျက်နှာပေး အနေအထားနဲ့ သူ့ကို စိုက်ကြည့်နေကြတာပဲ ဖြစ်ပါတယ်။

"အောက်လမ်း စုန်းကောင်တွေ တစ်ကောင်မကျန် အားလုံး ဆိတ်သုဉ်းပျောက်ကွယ် သွားစေ– ပက်ထရီဖီးကပ်စ်တိုတယ်လပ်စ်" ဟယ်ရီက ထပ်ကျုံးပြီး အော်ဆိုလိုက်ပြီး သူ့ရဲ့ ဆေးကြိမ်လုံးနဲ့ တစ်အားလွှဲရိုက်ရင်း နောက်ကို တဖြည်းဖြည်း ဆုတ်နေရတယ်။ ဆေးကြိမ်လုံးက လေထဲမှာ ရွှမ်းခနဲ မြည်နေတယ်။ စုန်းကောင်တွေထဲက ခြောက်ကောင်၊ ခုနစ်ကောင်လောက် ပြိုလဲပစ်ကျ ကြေမွကုန်တယ်။ ဒါပေမဲ့ တစ်ကောင်လျော့ နှစ်ကောင်တိုး ဆိုသလို ပိုပိုများများလာတဲ့ အကောင်တွေ သူ့ဆီကို ချဉ်းကပ်လာကြတယ်။

"ထောင်ချပစ်ရမယ့် ဝန်ထုပ်ဝန်ပိုးကောင်တွေ" ဟယ်ရီက အော်ဟစ်ဆဲရေး ကြိမ်းမောင်းလိုက်တယ်။ သူတို့အထဲက အကောင်အနည်းငယ်ပဲ ဒယီးဒယိုင်ဖြစ်သွားကြပြီး အဲဒီထဲ့ တစ်ကောင်နှစ်ကောင်ကတော့ ကြိုးတွေနဲ့ တုပ်ထားပြီးသား ဖြစ်သွားတယ်။ ဒါပေမဲ့ သူတို့နောက်ကနေ ကျောက်ဆောင်ပေါ်ကို ထပ်တက်လာတဲ့ အကောင်တွေက လဲကျနေတဲ့ အကောင်တွေကို ကျော်ခွတက်နင်းပြီး ရှေ့ကို အတင်းတိုးလာနေလို့ ဟယ်ရီဟာ သူ့ ဆေးကြိမ်လုံးနဲ့ ရိုက်နေတာကို မရပ်ရဲဘဲ လွှဲလွှဲပြီး မပြတ်တမ်း ရိုက်နေရပါတော့တယ်။

"အောက်လမ်း မိစ္ဆာ ဂိုဏ်းစုတ်ဂိုဏ်းပြတ်က ကလေကဝကောင်တွေ ရောင်စမ်းဟဲ့ ရှားစမ်းဟဲ့၊ အောက်လမ်း မိစ္ဆာ ဂိုဏ်းစုတ်ဂိုဏ်းပြတ်က ကလေကဝကောင်တွေ ရောင်စမ်းဟဲ့ ရှားစမ်းဟဲ့" ဟယ်ရီ ပါးစပ်ကလည်း မနားတမ်း အော်နေတယ်။ သူ့ရဲ့ ရိုက်ချက်ကြောင့် စုန်းကောင်တွေရဲ့ စိုရွှဲနေတဲ့ အဝတ်အစား အစုတ်အပြတ်တွေနဲ့ အေးစက်နေတဲ့ အသားအရေတွေပေါ်မှာ ဟက်တက်ကွဲကွဲသွားတဲ့ ဒဏ်ရာဒဏ်ချက်တွေ ဖြစ်သွားပေမဲ့ သူတို့မှာ ထွက်စရာ ဘာသွေးတစ်စက်မှ မရှိသလို သွေးအလျင်းမထွက်တာကိုလည်း သူ တွေ့နေရတယ်။

www.burmeseclassic.com

စုန်းကောင်တွေဟာ ခံစားချက် အသိ လုံးဝမရှိတဲ့ သူတို့ရဲ့ ပိန်ကျုံ့ရှုံ့တွနေတဲ့ လက်တွေကို သူ့ဆီကို ဆန့်တန်းထားရင်း ရှေ့ကိုသာ ဆက်တိုးလာနေလို့ သူလည်း နောက်ကိုပဲ တွင်တွင် ဆုတ်နေရတယ်။ နောက်တော့ ပိန်ခြောက်ပြီး အသားမရှိတဲ့ လူသေကောင်တွေရဲ့ အေးစက်စက်လက်တွေက သူ့ရှေ့ကတင် မဟုတ်ဘဲ ဘေးနှစ်ဘက်ကရော နောက်ဘက်ကပါ ပေါ်လာပြီး သူ့ကို ဝိုင်းပတ်မိသွားရာက သူ့ကို ဝိုင်းချုပ် ဆွဲမလိုက်လို့ သူမြေကြီးနဲ့ ခြေထောက် လွတ်ထွက်သွားပါတယ်။ နောက် သူ့ကို သယ်သွားနေကြပြီဖြစ်လို့ သူဟာ ဖြည်းဖြည်းချင်း ဇကန်မလွဲ ရေထဲကို ဆွဲချသွားတာခံရပြီး ရေနစ်သေတော့မယ်။ ပြီးရင် သူတို့ထဲမှာ သူတို့လို အသေကောင် တစ်ကောင်အဖြစ်နဲ့ ဗိုဒီမော့ရဲ့ အစိတ်အပိုင်းပိုင်း ခွဲထားတဲ့ ဝိညာဉ်တွေထဲက ဝိညာဉ်အစိတ်အပိုင်း တစ်ခုကို စောင့်ကြပ်နေရတဲ့ ဒီအသေကောင် တပ်ဖွဲ့ထဲမှာ တပ်သားတစ်ယောက် တိုးသွားမှာ သေချာနေတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ အမှောင်ထုကို ဖြတ်သန်းပြီး မီးတောက်ကြီး တစ်ခု လင်းခနဲ ပေါ်လာတယ်။ အဲဒီကြက်သွေးရောင်နဲ့ ရွှေရောင် မီးကွင်းကြီးက ကျောက်ဆောင်ကျွန်းကလေးကို ပစ်ထားလိုက်တဲ့ အတွက် ဟယ်ရီ့ကို အတင်းချုပ်ပြီး ကိုင်တွယ်သယ်ဆောင်လာတဲ့ အောက်လမ်းစုန်းကောင်တွေ ဒယီးဒယိုင် ဖြစ်လိုဖြစ်၊ ခလုတ်တိုက်တဲ့ အကောင်ကတိုက်နဲ့ အပြုံပြုံအလဲလဲ ဖြစ်ကုန်တယ်။ အသေကောင်တွေဟာ မီးတောက်ကြီးတွေကို ဖြတ်ပြီး ရေထဲကို ပြန်မဆင်းရဲပဲ ဟယ်ရီ့ကို လွှတ်ချလိုက်တဲ့အတွက် သူမြေကြီးပေါ်ကို ဘုံးခနဲ ပစ်ကျသွားပြီး ကျောက်ဆောင်ပေါ်မှာ လျှောထွက်သွားလို့ အောက်ကို ထပ်ပြုတ်ကျသွားပေမဲ့ ပွန်းပဲ့စုတ်ပြတ်သွားတဲ့ လက်တွေနဲ့ပဲ သူ ပြန်ကုတ်ကတ် တွယ်တက်လူးလဲထပြီး သူ့ ဆေးကြိမ်လုံးကို မြှောက်ရင်း ပတ်ပတ်လည်ကို စူးစူးစိုက်စိုက် လှည့်ကြည့်လိုက်တယ်။

ဒမ်းဘဲလ်ဒိုးကိုလည်း မတ်တတ်ပြန်ရပ်နိုင်နေတာကို သူတွေ့ရတယ်။ ဒမ်းဘဲလ်ဒိုးဟာ သူ့ ဘေးပတ်လည်က အသေကောင် စုန်းတွေလိုပဲ ဖြူဖပ်ဖြူရော်ကြီး ဖြစ်နေပေမဲ့ သူက အရပ်ပိုရှည်နေလို့ တွေ့ရတာဖြစ်ပြီး သူ့မျက်လုံးတွေထဲမှာ မီးတွေ ယိမ်းနွဲ့လှုပ်ရှား ကခုန်တောက်လောင်သလိုမျိုး ဖြစ်နေတာကိုလည်း မြင်ရတယ်။ အမှန်မှာ ဒမ်းဘဲလ်ဒိုးက သူ့ဆေးကြိမ်လုံးကို မီးတုတ်တစ်ခုလို မြှောက်ဝှေ့ယမ်းနေပြီး ဆေးကြိမ်လုံးထိပ်ကနေ ထွက်နေတဲ့ မီးတောက်တွေက ဇရာမကြီးမားတဲ့ မီးကွင်းကြီးတစ်ခုလို သူတို့ကို ဝိုင်းပတ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီကနေ သူတို့ အန္တရာယ်တွေ ရနေတယ်။ အသေကောင်တွေကလည်း သူတို့ကို ပိတ်ဆို့ဝိုင်းရံထားတဲ့ မီးကွင်းကြီးထဲ လွတ်မြောက်ဖို့ ကြိုးစားပြီး ဆင်ကန်းတောတိုး ပြေးလွှားရာက တစ်ကောင်နဲ့ တစ်ကောင် ဝင်တိုက်မိပြီး လဲကျကုန်ကြတယ်။

ဒမ်းဘဲလ်ဒိုးက ကျောက်ဇလုံကြီးထဲက အောက်ခြေမှာ ရှိနေတဲ့ လောကက်သီးကလေးကို ကောက်ယူလိုက်ပြီး သူ့ရဲ့ ဝတ်ရုံအောက်ထဲမှာ အကျအန အသေအချာ သိမ်းထားလိုက်တယ်။ နောက် သူက ပါးစပ်နဲ့ ပြောမနေဘဲ သူ့ဆီကို လာဖို့ ဟယ်ရီကို လက်ရိပ်ပြခေါ်လိုက်တယ်။

မီးတောက်တွေကို အာရုံရောက်နေတဲ့ အောက်လမ်းစုန်းတွေဟာ ဒမ်းဘဲလ်ဒိုးက ဟယ်ရီကို ဦးဆောင်ပြီး လှေဆီကို သွားနေပြီဆိုတာကို သတိမထားမိဘဲ ရှိနေတယ်။ နောက် သူတို့ကို ဝိုင်းထားတဲ့ မီးကွင်းကြီးက ဟယ်ရီတို့ သွားရာဘက်ကို လိုက်ရွှေ့ပါနေတာကြောင့် ဇဝေဇဝါဖြစ်နေတဲ့

www.burmeseclassic.com

စုန်းကောင်တွေလည်း အလိုက်သင့် ရွေ့ပါလာကြပြီး ကံအားလျော်စွာ သူတို့ တက်လာခဲ့တဲ့ နက်မှောင်တဲ့ ရေထဲကို ပြန်ပြုတ်ကျသွားကြတယ်။

ဟယ်ရီဟာ တစ်ကိုယ်လုံး တုန်နေတဲ့ကြားက ဒယိမ်းဒယိုင် သွားနေတဲ့ ဒမ်းဘဲလ်ဒိုး လှေပေါ်ကို တက်နိုင်မှာ မဟုတ်ဘူးလို့ တွေးလိုက်မိတယ်။ ဒါပေမဲ့ ယိုင်တိုင် ယိုင်တိုင်နဲ့ သွားနေတဲ့ ဒမ်းဘဲလ်ဒိုးဟာ လှေပေါ်ကို ကြိုးစားပြီး တက်နေတယ်။ သူ့ရဲ့ ရှိသမျှအားတွေ အကုန်လုံး သူတို့ကို ကာကွယ်ပေးထားတဲ့ မီးကွင်းကြီးထဲမှာ ရောက်နေသလိုမျိုး အားအင်ကုန်ခန်းနေတဲ့ ဒမ်းဘဲလ်ဒိုးကို ဟယ်ရီက ဖမ်းကိုင်ပြီး လှေပေါ်မှာ နေရာ ကူညီချပေးလိုက်တယ်။ နောက်တော့ သူတို့နှစ်ယောက်လုံး လှေပေါ်ကို လုံခြုံဘေးကင်းစွာ ပြန်ရောက်ပြီး ပွတ်ပွတ်ညပ်ညပ် ထိုင်မိချိန်မှာပဲ လှေကလေးက ကျောက်ဆောင်ကျွန်းကနေခွာပြီး နက်မှောင်တဲ့ ရေပြင်ကြီးကို ဖြတ်သန်းပြီး ထွက်လာပါတော့တယ်။ မီးကွင်းကြီးက ကျောက်ဆောင်ကျွန်းကို ပတ်ဝိုင်းပြီး တောက်လောင်နေဆဲပဲ။ ခုတစ်ကြိမ်မှာတော့ အသေကောင် အောက်လမ်းစုန်းတွေဟာ သူတို့ရဲ့ အောက်ကနေပြီးတော့ပဲ စုပြုံလိုက်ပါနေပြီး ရေပေါ်ကို တက်မလာဝံ့တော့တာကိုလည်း မြင်ရတယ်။

“ဆရာ” ဟယ်ရီက အမောတကောနဲ့ ခေါ်ရင်း ပြောလိုက်တယ်။ “ကျွန်တော်က မီးကို မေ့နေတယ်။ သူတို့ ကျွန်တော့်ဆီကို လာနေတော့ ကျွန်တော်လည်း အကြီးအကျယ် ကြောက်သွားတာပေါ့”

“ဟာ သိပ်ဖြစ်နိုင်တာပေါ့ကွယ်” ဒမ်းဘဲလ်ဒိုးက ပြန်ပြီး ရေရွတ်ပြောဆိုနေတယ်။ ဒီတော့ ဒမ်းဘဲလ်ဒိုး အသံမထွက်နိုင်သလောက် နီးပါး ဖြစ်နေတာကို ဟယ်ရီ သတိပြုမိသွားတယ်။

နောက် လှေကလေးက ကမ်းကို အသာအယာ ဒုတ်ခနဲထိပြီး ဆိုက်ကပ်သွားတာနဲ့ ဟယ်ရီက ကုန်းပေါ်ကို အရင် ခုန်တက်လိုက်တယ်။ နောက် သူ ကပျာကယာ ပြန်လှည့်ပြီး ဒမ်းဘဲလ်ဒိုးကို ကုန်းပေါ်တက်နိုင်အောင် အကူအညီပေးလို့၊ နှစ်ယောက်လုံး ကုန်းပေါ်ရောက်လာစဉ်မှာပဲ ဒမ်းဘဲလ်ဒိုးက ဆေးကြိမ်လုံးကို မြှောက်ကိုင်ထားတဲ့ သူ့လက်ကို ပြန်ချလိုက်လို့ ကျောက်ဆောင်ကျွန်းပတ်လည်မှာ တောက်လောင်နေတဲ့ မီးကွင်းကြီးက ပျောက်ကွယ်သွားပါတယ်။ ဒါပေမဲ့ အောက်လမ်းစုန်းကောင်တွေ ရေထဲကနေ နောက်တစ်ကောင်မှ ပေါ်မလာတော့ဘူး။

ဒီမှာတင် လှေကလေးလည်း သူ့ရဲ့ သံကြိုးတွေပါ တချင်ချင် တချွမ်ချွမ်မြည်ရင်း ပါသွားပြီး အိုင်ကြီးထဲ ပြန်မြုပ်သွားတယ်။ ဒီတော့မှပဲ ဒမ်းဘဲလ်ဒိုးလည်း ကျောက်ဂူနံရံကြီးကို မှီပြီး သက်ပြင်းမောကြီး ချလိုက်ပါတယ်။

“ကျုပ် အားနည်းနေတယ်” ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

“အဲဒါ မစိုးရိမ်ပါနဲ့ ဆရာ” ဟယ်ရီက ချက်ချင်း နှစ်သိမ့်လိုက်တယ်။ ဒါပေမဲ့ အားကုန် ဖြူဖပ်ဖြူရော် ဖြစ်နေပြီး လေသံသဲ့သဲ့သာ ထွက်နိုင်တဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ပုံစံကြောင့် ရင်ထဲမှာ အတော်လေး စိုးရိမ်နေမိတယ်။ “မပူပါနဲ့ ဆရာ၊ ကျွန်တော်တို့နှစ်ယောက် ပြန်ရောက်အောင် ကျွန်တော် လုပ်နိုင်ပါတယ်။ ကျွန်တော့်ကိုမှီပြီး တွဲထားဆရာ” သူက ထပ်အားပေးလိုက်တယ်။

www.burmeseclassic.com

နောက် ဒမ်းဘဲလ်ဒိုးရဲ့ ဒဏ်ရာရမထားတဲ့ လက်ကို သူ့ပခုံးပေါ် သိုင်းဖက်တင်ပြီး အသာဆွဲခေါ်လာတယ်။ ရေအိုင်ကြီးကိုပတ်ပြီး သူတွဲခေါ်လာတဲ့ ဒမ်းဘဲလ်ဒိုးကိုယ်ကြီးရဲ့ အလေးချိန်ဟာ သူ့လောက်နီးနီးပဲ ရှိတော့တယ်။

"ချထားတဲ့ ကာကွယ်မှု အစီအစဉ်က နောက်ပိုင်း အားလုံးလိုလို ဖြစ်သွားတယ်။ တစ်ခုပဲ ဖြစ်မလာဘူး။ ဒါပေမဲ့ မောင်ရင်က အဲဒါကို သိပ်ကို ကောင်းအောင် လုပ်လိုက်နိုင်တယ် ဟယ်ရီ" ဒမ်းဘဲလ်ဒိုးက လေသံပျော့ပျော့ကလေးနဲ့ ပြောနေတယ်။

"ခု စကား မပြောနဲ့ဦးဆရာ" ဒမ်းဘဲလ်ဒိုးအသံက နားလည်ဖို့ ခက်လောက်အောင် ဗလုံးဗထွေး မပီမသဖြစ်လာပြီး၊ ခြေထောက်တွေလည်း မသယ်နိုင်တော့သလို တရွတ်ဆွဲပါလာတာကြောင့် ဟယ်ရီ အကြီးအကျယ် စိုးရိမ်သွားပြီး စကားမပြောဖို့ ဒမ်းဘဲလ်ဒိုးကို တားလိုက်တယ်။ "ဆရာ အားအကုန်မခံနဲ့။ ကျွန်တော်တို့ ဒီကနေ ထွက်နိုင်တော့မယ်၊ မကြာဘူး"

"ဂူထဲကို ဝင်တဲ့ မုခ်ဦးတံခါးအပေါက်ကြီးက ပြန်ပိတ်နေဦးမှာကွဲ၊ ကျုပ် ဓား"

"အို မလိုဘူး မလိုဘူး၊ ဒီကျောက်ဆောင်လောက်ကို ကျွန်တော် ဖြတ်တောက် ထွက်နိုင်တယ်။ အဲဒါ ဘယ်နေရာမှာ ရှိတယ်ဆိုတာပဲ ကျွန်တော့်ကို ပြော" ဟယ်ရီက ယုံကြည်စိတ်ချမှု အပြည့်နဲ့ ပြောလိုက်တယ်။

"ဒီနေရာမှာ"

ဟယ်ရီက သူ့ရဲ့ စောစောကပြုတ်ကျလို့ ပွန်းပဲ့နေတဲ့ လက်မောင်းတစ်ဖက်ကို ဒမ်းဘဲလ်ဒိုးပြတဲ့ ကျောက်တုံးကြီးနဲ့ ပွတ်သုတ်လိုက်တယ်။ ဒီမှာတင် အဲဒီကနေထွက်တဲ့ သွေးတွေနဲ့ ထိသွားတဲ့ ကျောက်တုံးကြီး ပျောက်ကွယ်သွားပြီး မုခ်ဦးအဝင်ပေါက်ကြီး ပြန်ပွင့်သွားတယ်။ သူတို့ ဂူရဲ့ အဝင်ဝအပိုင်းကို ဖြတ်ပြီး ပြန်ထွက်လာကြတယ်။ နောက် ဟယ်ရီက ကျောက်နံရံ ပက်ကြားအက်ကြီးထဲမှာ ပြည့်နေတဲ့ အေးစက်စက် ပင်လယ်ရေထဲကို ဒမ်းဘဲလ်ဒိုးကို ကူတွဲချပေးလိုက်တယ်။

"ခု အားလုံး အဆင်ပြေသွားပြီ... ကောင်းသွားတော့မယ်ဆရာ" ဟယ်ရီဟာ အဲဒီစကားကိုပဲ ထပ်တလဲပြောပြော အားပေးနေမိတယ်။ ဒမ်းဘဲလ်ဒိုးကလည်း စောစောကလို အသံတိမ်တိမ်ကလေးတောင် မထွက်နိုင်တော့ဘဲ အားနည်းသည်ထက်နည်းပြီး တိတ်ဆိတ်သွားလို့ ဟယ်ရီ အရမ်းစိတ်ပူနေရတယ်။

"ကျွန်တော်တို့ ရောက်တော့မယ် ဆရာ၊ ရောက်တော့မယ် နည်းနည်းလေးပဲ လိုတော့တယ်။ အဲဒါကို ကျွန်တော် နာမ်ရှုပ်သွင် ကိုယ်ထင်ပြအတတ်နဲ့ နှစ်ယောက်လုံး ပြန်ရောက်သွားအောင် လုပ်နိုင်တယ်။ ဆရာ လုံးဝမပူနဲ့"

"ကျုပ် ဘာမှ မစိုးရိမ် မပူပန်ပါဘူး ဟယ်ရီရယ်။ ကျုပ်အနားမှာ မောင်ရင် တစ်ယောက်လုံး ရှိနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

အေးစက်နေတဲ့ ပင်လယ်ရေကြောင့်လားတော့ မသိဘူး။ ဒမ်းဘဲလ်ဒိုးရဲ့ အသံက စောစောကထက် ပိုမာလာသေးတာကြောင့် ဟယ်ရီ ဝမ်းသာလုံးဆို့သွားတယ်။

× × × × × × × × × × × × × × × × × × × × ×

အခန်း (၂၇)
လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်ခံရတဲ့ ရဲတိုက်

တစ်ကျော့တစ်ခါ ပြန်ရောက်လာတဲ့ အပြင်ဘက် ကြယ်စင်တွေ လင်းလက်နေတဲ့ ကောင်းကင်ပြင်ကြီးအောက်မှာ ဟယ်ရီက ဒမ်းဘဲလ်ဒိုး အနီးဆုံးနေရာက ရေလေတွေ တိုက်စားထားတဲ့ ကျောက်တုံးကြီး တစ်တုံးရဲ့ ထိပ်ပေါ်ရောက်အောင် မပြီးတွန်းတင်လိုက်တယ်။ ပြီးတော့ တစ်ခါ မတ်တတ်ရပ်နိုင်အောင် ထူပေးရပြန်တယ်။ ဒါနဲ့လည်း မပြီးသေးဘူး။ တစ်ကိုယ်လုံး ရွှဲရွှဲစိုပြီး ခိုက်ခိုက်တုန်နေဆဲဖြစ်တဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ကိုယ်အလေးချိန်ကြီးက ခုထိလည်း သူ့အပေါ်ကို ဝန်ပိနေတယ်။

ဟော့စ်မိဒ်ကို ပြန်ရောက်ရမယ်ဆိုတဲ့ သူ့ရဲ့ ရည်မှန်းချက်အတိုင်း လုပ်ခဲ့ပြီး သမျှ အားလုံးထက် အစွမ်းကုန်ပိုအားထုတ်ပြီး ဟယ်ရီ သူ့စိတ်တွေကို တည်ငြိမ်အောင် စုစည်းလိုက်တယ်။ ဒီနောက်မှာတော့ မျက်လုံးတွေကို မှိတ်ထားရင်း၊ ဒမ်းဘဲလ်ဒိုးရဲ့ လက်မောင်းကိုလည်း တင်းနိုင်သမျှ တင်းအောင် ဆုပ်ကိုင်ထားရင်း ထိတ်လန့်ချောက်ချားစရာတွေနဲ့ တင်းကျမ်းပြည့်နေတဲ့ ခံစားမှုကြီးတစ်ခုထဲကို ရှေ့တိုးပြီး ဆက်လျှောက်သွားပါတော့တယ်။

သူသိနေတယ်။ သူမျက်စိတွေ ပြန်မဖွင့်လိုက်ခင်မှာပဲ တစ်စုံတစ်ခု ထူးခြားလာမယ်ဆိုတာ သူသိနေတဲ့အတိုင်း သူ့နှာခေါင်းထဲမှာ ပင်လယ်လေညင်း ရနံ့နဲ့ ဆားဓာတ်အနံ့တွေ ကပ်ပါမလာတော့ဘဲ ဝေးကျန်ခဲ့ပြီဆိုတာ သူသိနေတယ်။

သူရော ဒမ်းဘဲလ်ဒိုးပါ နှစ်ယောက်လုံး ချမ်းခိုက်ခိုက်တုန်နေရင်းနဲ့ ဟော့စ်မိဒ် မှောင်မိုက်တဲ့ လမ်းမကြီးအလယ်မှာ တစ်လှမ်းချင်း လှမ်းပြီး ရွှေ့ရှားနေတယ်။ အဲဒီနောက် တစ်ခဏလောက်ကြာအောင် ဟယ်ရီရဲ့ စိတ်အာရုံထဲမှာ ပိုမိုများပြားတဲ့ အောက်လမ်းစုန်းကောင်တွေ ဈေးဆိုင်တွေရဲ့ ဘေးတွေကနေ သူ့ဆီကို ကုန်းကွကုန်းကွနဲ့ တွားပြီး ပေါ်ထွက်လာနေတာကို မြင်နေရတယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်တောင်တွေကို တဖျတ်ဖျတ် ခတ်လိုက်တာနဲ့ အခုတင်ပဲ သူမြင်နေခဲ့ရသေးတဲ့ အောက်လမ်းစုန်းတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေတာတွေ တစ်ခုမှာ မတွေ့ရတော့ဘဲ အားလုံး ငြိမ်သက်နေတာကို သူမြင်ရပြန်တယ်။ အမှောင်ကလည်း လုံးဝပိတ်ပိတ်ပိန်းအောင်ကို မှောင်လို့။ ဒါပေမဲ့ လမ်းမီးတိုင် အနည်းအကျဉ်းနဲ့ မီးလင်းနေတဲ့ ပြတင်းပေါက်တချို့တော့ ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ လုပ်နိုင်ခဲ့ပြီ ပါမောက္ခကြီး" ဟယ်ရီ ခဲရာခဲဆစ်နဲ့ ဒမ်းဘဲလ်ဒိုးကို တိုးတိုးကလေး ကပ်ပြောလိုက်တယ်။ နောက် သူ့ရဲ့ ရင်ဘတ်မှာ စူးခနဲ နင့်ခနဲ ဖြစ်နေတာ ချုပ်ရာ ဒဏ်ရာဒဏ်ချက်တစ်ချက် ရှိနေတာကိုလည်း ရုတ်တရက် သတိထားမိလိုက်တယ်။ ဘာပဲဖြစ်ဖြစ် သူထပ်ပြောလိုက်တယ်။ "ကျွန်တော်လုပ်စရာရှိတာ လုပ်ပြီးသွားပြီ။ ဟော်ကရပ်စ်ကို ကျွန်တော်တို့ ရခဲ့ပြီ"

ဒမ်းဘဲလ်ဒိုးက သူ့ကိုမှီပြီး ယိုင်တိယိုင်တိုင်နဲ့ လျှောက်နေတယ်။ တစ်ခဏကြာအောင် သူ စဉ်းစားကြည့်လိုက်တယ်။ သူ့ရဲ့ မကျွမ်းကျင်တဲ့ နာမ်ရှုပ်သွင် ကိုယ်ထင်ပြ ပညာကြောင့် ဒမ်းဘဲလ်ဒိုးအတွက် ဟန်ချက်ညီအောင် မထိန်းနိုင်သလို ဖြစ်နေတယ်လို့ ထင်ရတယ်။ ခပ်လှမ်းလှမ်းက ခေတ်မီးတိုင်ရဲ့ အလင်းရောင်နဲ့ ဒမ်းဘဲလ်ဒိုးရဲ့ မျက်နှာပိုပြီး ဖြူဖျော့ထိုင်းမှိုင်းနေတာကို သူ တွေ့ရတယ်။

"ဆရာ ... ဆရာ နေသာရဲ့လား"

"ကျုပ် သက်သာလာပါပြီကွယ်" အားနည်းချည့်နဲ့စွာနဲ့ ဖြေလိုက်တဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ပါးစပ်နှုတ်ခမ်းထောင့်တစ်ဖက် တွန့်တက်သွားတယ်။ "ဟိုအရည်တွေက ကျန်းမာစေတဲ့ အရည်တွေ မဟုတ်ဘူး၊ ဆေးမဟုတ်ဘူးလေ"

ဒမ်းဘဲလ်ဒိုးဟာ ပြောနေရင်းနဲ့ပဲ မြေကြီးပေါ် ပုံကျသွားတာကြောင့် ဟယ်ရီ အထိတ်တလန့် ဖြစ်ရပြန်တယ်။

"ဆရာ၊ ခုအားလုံး အဆင်ပြေနေပြီပဲ ဆရာရယ်၊ ဆရာ နေကောင်းသွားမှာပါ၊ မစိုးရိမ်ပါနဲ့"

သူ အကူအညီများ ရနိုင်မလားလို့ ဘေးဘေးဘီဘီကို ကမန်းကတန်း လှည့်ပတ်ကြည့်လိုက်တယ်။ တစ်ယောက်ဆို တစ်ယောက်မှ သူ မမြင်ဘူး။ ဒီခဏမှာပဲ သူ စဉ်းစားမိတယ်။ ဒမ်းဘဲလ်ဒိုးကို ဆေးရုံဆောင်ကို အမြန်ဆုံးရောက်အောင် ဖြစ်တဲ့နည်းနဲ့ သူ ပို့မှ ဖြစ်တော့မယ်ဆိုတာပဲ။

"ကျွန်တော် ဆရာ့ကို ကျောင်းကို ရောက်အောင် ပို့မှ ဖြစ်မယ်ဆရာ၊ မဒမ်ပွမ်ဖရေးဆီကို...." ဟယ်ရီ စကားမပြတ်သေးခင် ဒမ်းဘဲလ်ဒိုးက ဖြတ်ပြောလိုက်တယ်။

"မလုပ်နဲ့ မဖြစ်ဘူး။ ကျုပ်တွေ့ဖို့လိုတာ ပါမောက္ခ စနိပ်ပဲ။ ဒါပေမဲ့ကျုပ် မြန်မြန် လျှောက်နိုင်လိမ့်မယ်လို့ ကျုပ် မထင်ဘူး"

"ဟုတ်ပြီ ဆရာ၊ ဆရာ ကြားလား၊ ကျွန်တော် အိမ်တစ်အိမ်အိမ်ကို တံခါးပြေးခေါက်ပြီး ဆရာ ခဏနေနိုင်မယ့် နေရာရှာလိုက်မယ်။ ပြီးတော့ ကျွန်တော် ပြေးသွားပြီး မဒမ်ကိုခေါ်လာ...."

"ဆီးဗားရပ်စ်၊ ကျုပ်လိုချင်တာ ဆီးဗားရပ်စ်ပဲ" ဒမ်းဘဲလ်ဒိုးက ခပ်ရှင်းရှင်းပဲ ပြောလိုက်တယ်။

www.burmeseclassic.com

"ဟုတ်ပြီ ဆရာ ဆရာပြောသလို စနိပ်ပဲ ထားလိုက်ပါတော့။ ဆရာ့ကို ကျွန်တော် ခဏတော့ ထားခဲ့ရလိမ့်မယ်၊ ဒါမှ ကျွန်တော် သွားခေါ်နိုင်မှာ"

သူပြောပြီး တစ်ချက်ကလေးတောင် မလှုပ်ရှားရသေးခင် ပြေးလာနေတဲ့ ခြေသံတွေကို ကြားလိုက်ရလို့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။ တစ်ယောက်ယောက်က မြင်သွားလို့ ဖြစ်မယ်။ ဒါနဲ့ သူချာခနဲ လှည့်ကြည့်လိုက်တော့ မှောင်နေတဲ့ လမ်းထဲမှာ သူတို့ဆီကို ဦးတည်ပြီး ခြေကုန်သုတ်ပြေးလာနေတဲ့ မဒမ် ရို့စ်မာတာကို သူမြင်ရတယ်။ သူမဟာ နဂါးရုပ်တွေနဲ့ ပန်းထိုးထားတဲ့ ပိုးသားဝတ်ရုံကြီးကို ဝတ်ထားပါတယ်။ "ငါဖြင့် အိပ်ဖို့ ငါ့အိပ်ခန်းကန့်လန့်ကာခန်းဆီးတွေကိုတောင် ချနေပြီး။ ငါနင်တို့ နာမ်ရုပ်သွင် ကိုယ်ထင်ပြပြီး ပြန်ပေါ်လာတာကို လှမ်းမြင်လိုက်ရလို့။ ကံကြီးပေလို့၊ တော်ပါသေးရဲ့။ ငါ ဘာလုပ်ပေးရမလဲဆိုတာ ငါလည်း မစဉ်းစားတတ်တော့ဘူးဟယ်။ အဲဒါနဲ့ အဲလ်ဘတ်စ်က ဘာအမှားတွေ သွားလုပ်မိလို့ပါလိမ့်"

သူမကပြောပြီး တစ်ချက် နားလိုက်တယ်။ နောက် သူ ဟောဟဲလိုက်အောင်လည်း မောနေတယ်။ နောက် ဒမ်းဘဲလ်ဒိုး မျက်လုံးကြီးတွေ အပြူးသားနဲ့ ငုံ့ပြီး စိုက်ကြည့်နေတယ်။

"သူ အနာတရ ဖြစ်နေတယ် မဒမ်ရို့စ်မာတာ၊ ကျွန်တော် သူ့အတွက် ကျောင်းကို ပြေးသွားပြီး အကူအညီရှာနေတုန်း သူ့ကို တံမြက်စည်းသုံးချောင်းဆိုင်ထဲ ခဏရွှေ့ထားလို့ ရမလား" ဟယ်ရီ ပြောလိုက်တယ်။

"ဟဲ့ နင်တစ်ယောက်တည်း အဲဒီကိုသွားလို့ ဘယ်ဖြစ်မလဲ၊ ဒီမှာ ဖြစ်နေတာ နင်မသိဘူးလား၊ နင်မမြင်လို့လား"

"ခင်ဗျားက ကျွန်တော့်ကို ကူညီတဲ့သဘောနဲ့ သူ့ကို စောင့်ရှောက်ထားရင် ရတာပေါ့ဗျာ။ ကဲ ကဲ ကျွန်တော်တို့ အထဲကို အရင်ဝင်ကြမှ ဖြစ်မယ်" ဟယ်ရီက သူမပြောတာကို နားထောင်မနေဘဲ ကိုယ်ပြောချင်တာပဲ ပြောချလိုက်တယ်။

"ဘာတွေ ဖြစ်နေတာလဲ ရို့စ်မာတာ၊ ဘာပြဿနာ ဖြစ်နေလို့လဲ" ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။

"အောက်လမ်းမှော်အရိပ်လက္ခဏာတွေ ပြနေတယ် အဲလ်ဘတ်စ်" သူမက ဟော့ဂ်ဝပ်စ်ကျောင်းကြီး ရှိရာဘက် တည့်တည့် ကောင်းကင်ကို လက်ညှိုးထိုးပြနေလို့ ဟယ်ရီ အထိတ်တလန့် ကပျာကယာ လှည့်ကြည့်လိုက်တယ်။

သူမပြတဲ့ နေရာ ကျောင်းရဲ့ အပေါ်တည့်တည့် ကောင်းကင်မှာ မီးတောက်ကြီးတွေ စွဲလောင်နေတဲ့ အစိမ်းရောင် ဦးခေါင်းခွံကြီးတစ်လုံး တွဲလောင်းကြီး ဆွဲထားသလို ဖြစ်နေတာကို တွေ့ရတယ်။ ဦးခေါင်းကြီးပါးစပ်ထဲကနေ မြွေနဂါးတစ်ကောင်ရဲ့ လျှာအရှည်ကြီး တစ်ချောင်းကလည်း တွဲကနေတယ်။ ဒါဟာ သူတို့ ဘယ်အဆောက်အအုံထဲကို ဝင်သွားတဲ့အခါမှာမဆို၊ သူတို့ လူသတ်မှုကျူးလွန်ကြတဲ့ ဘယ်နေရာတိုင်းမှာ မဆို မရဏစားစုန်းကောင်တွေ အမြဲတမ်း ချန်ထားရစ်တတ်တဲ့ သင်္ကေတအမှတ် လက္ခဏာတစ်ခုပဲ။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြီးက ဘယ်အချိန်က စပေါ်နေတာလဲ"ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။ နောက် သူ့လက်တစ်ဖက်နဲ့ နာနာကျင်ကျင် ညည်းညည်းတွားတွား ဟယ်ရီရဲ့ ပခုံးတွေကို အတင်းသိုင်းဖက်အားပြုပြီး ကြိုးစားမတ်တတ်ရပ်လိုက်တယ်။

"မိနစ်အတော်တော့ကြာပြီ။ ကျွန်မအပြင်ဘက်ကို ကြောင်ထွက်ပစ်ထားချိန်အထိ အဲဒါကို မမြင်ရသေးဘူး။ ဒါပေမဲ့ ကျွန်မလည်း အိမ်အပေါ်ထပ်ကို ရောက်သွားရော စမြင်ရတော့တာပါပဲ"

"ကျုပ်တို့ ချက်ချင်း ရဲတိုက်ထဲကို ပြန်ရောက်သွားဖို့ လိုတယ်"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ရို့စ်မာတာ" သူက ခေါ်လိုက်ပြီး ရှေ့ကို လျှောက်သွားပေမဲ့ ဒယီးဒယိုင်နဲ့ နှစ်လှမ်းသုံးလှမ်းပဲ လျှောက်နိုင်တယ်။ သူ့ကြည့်ရတာ အခြေအနေလုံးလုံးကို မဟန်နိုင်တော့ဘူး။ ဒါပေမဲ့ သူက ပြောလိုက်တယ်။ "ရို့စ်မာတာ.... ကျုပ်တို့ကို သယ်ပို့ပေးမယ့် အရာလိုတယ်၊ မှော်တံမြက်စည်းပျံပေါ့"

"ကျွန်မမှာ နှစ်ချောင်း ရှိပါတယ်။ ဘားခန်း အနောက်ဘက်မှာ ထားတယ်။ ကျွန်မ ပြေးယူပေးရမလား" ရို့စ်မာတာက အရမ်းကုန် ကြောက်ကြောက်လန့်လန့် ဖြစ်နေတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

"မလိုဘူး၊ ဟယ်ရီ ယူလိုက်ရင် ရပါတယ်"

ဒမ်းဘဲလ်ဒိုးရဲ့ စကားဆုံးတာနဲ့ ဟယ်ရီက သူ့ရဲ့ ဆေးကြိမ်လုံးကို ဆတ်ခနဲ မြှောက်ပြီး ဆိုလိုက်တယ်။

"လာလေ့ ရို့စ်မာတာ တံမြက်စည်းတွေ ထွက်လာခဲ့ကြပေတော့"

တစ်စက္ကန့်လောက်ပဲ ကြာလိုက်တယ်။ ယမကာဘားဆိုင်ကလေး ရှေ့တံခါး ဂိုင်းခနဲ ကျယ်လောင်တဲ့ အသံကြီးနဲ့ ပွင့်သွားတယ်။ ဒီမှာတင် တံမြည်စည်းနှစ်ချောင်း ဟယ်ရီရှိရာကို ပန်းတိုင်လုပ်ပြီး အပြေးပြိုင်သလို ဆိုင်ထဲကနေ လမ်းပေါ်ကို အလုအယက် ဒုန်းစိုင်း ပြေးလာရာက ဟယ်ရီ့ဘေးလည်း ရောက်ရော တုံ့ခနဲ ချက်ချင်း ရပ်သွားပြီး ခါးတစ်ရပ်အမြင့်လောက်မှာ နံ့တန်နံ့တန်နဲ့ လှုပ်ယမ်းနေတယ်။ နည်းနည်းလည်း တုန်တုန်ယင်ယင်လေးတွေ ဖြစ်နေကြတယ်။

"ရို့စ်မာတာ ကျေးဇူးပြုပြီး ဒီသတင်းပို့ချက်ကို ဝန်ကြီးဌာနကို ပို့ပေးပါ" သူနဲ့ ကပ်နေတဲ့ ဘက်က တံမြည်စည်းပေါ်ကို ခွတက်လိုက်ရင်း ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ကြည့်ရတာ ဟော့ဂ်ဝပ်စ်ကျောင်းထဲမှာ ရှိနေတဲ့သူ ဘယ်သူ တစ်ယောက်မှ ခုလို အမှားအယွင်းတွေ ဖြစ်နေပြီဆိုတာ သိပုံမရဘူး။ ဟယ်ရီ မောင်ရင့်ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို ဝတ်ထားလိုက်တော့"

ဟယ်ရီက သူ့အိတ်ထဲက ကိုယ်ဖျောက်ဝတ်ရုံကို ဆွဲထုတ်ပြီး တစ်ဆက်တည်း သူ့ကိုယ်ပေါ်ကို ပစ်ပြီး လွှမ်းခြုံဝတ်လိုက်တယ်။ ပြီးတော့ တစ်ဆက်တည်း ကျန်တဲ့ တံမြက်စည်းတစ်ချောင်းပေါ်ကို တက်လိုက်တယ်။ မဒမ် ရို့စ်မာတာလည်း သူမရဲ့ ယမကာဆိုင်ကလေးဆီကို ယိမ်းထိုးယိမ်းထိုးနဲ့ အမြန်ပြန်သွားနေပြီး တစ်ချိန်တည်းလိုလို ဟယ်ရီနဲ့ ဒမ်းဘဲလ်ဒိုးလည်း မြေကြီးပေါ်က ကြွတက်ပြီး ကောင်းကင်လေထဲကို ထိုးပျံတက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရဲတိုက်ဆီကို အပြင်းနှင်နေတဲ့ လေထဲမှာ ဟယ်ရီက ဖျတ်ခနဲ ဘေးကို တစ်ချက်ငဲ့ပြီး ဒမ်းဘဲလ်ဒိုးဘက် ကြည့်လိုက်ပြီးတာနဲ့ သူပြုတ်ကျမသွားအောင် ပခုံးကို လှမ်းကိုင်ဆွဲထားပေးလို့ အသင့် ဟန်ပြင်လိုက်တယ်။ ဒါပေမဲ့ မရဏစားစုန်းတွေရဲ့ အောက်လမ်းမှော်အမှတ်တံဆိပ် ဦးခေါင်းခွံကြီးရဲ့ မြင်ကွင်းကြီးက ဒမ်းဘဲလ်ဒိုးရဲ့ အပေါ်က မိုးနေပြီး စိတ်အားတွေ တက်ကြွလာအောင် တွန်းတင်ပေးနေတဲ့ ဆေးတစ်ပါး၊ အမြန်ဆုံးရောက်အောင် သွားဖို့ လှုံ့ဆော်နေတာကြောင့် ဒမ်းဘဲလ်ဒိုးဟာ သူ့တံမြက်စည်းပေါ်မှာ ရှေ့ကို ငုံ့ဝတ်ထားပြီး ဟန်မပျက် ဒုန်းစိုင်းစီးနေတာကို တွေ့ရတယ်။ သူက သူ့မျက်လုံးတွေကို အောက်လမ်းမှော် သင်္ကေတအမှတ်တံဆိပ်ကြီး ပေါ်ကိုပဲ စူးစူးစိုက်စိုက်ကြည့်ပြီး စီးနေတယ်။ သူ့ရဲ့ ငွေရောင်ဆံပင် အရှည်ကြီးနဲ့ မုတ်ဆိတ်ဖြူတွေက သူ့ဦးခေါင်းနောက်ဘက် ညဥ့်ယံလေထဲမှာ တလွှားလွှားဝေ့ပြီး လှုပ်ယမ်းလို့။

ဟယ်ရီလည်း သူတို့ ဦးတည်ထားတဲ့ ရှေ့က ဦးခေါင်းကြီးကို လှမ်းကြည့်လိုက်တယ်။ ဒီမှာတင် ကြောက်စိတ်တွေ၊ အညှိုးအာဃာတတွေနဲ့ ဒေါသအဆိပ်တွေ ဇရာမပူဖောင်းကြီးတစ်လုံးလို သူ့ရင်ထဲကို ထိုးဆောင့်ဝင်လာပြီး သူ့အဆုတ်တွေကို ဖိညှစ်လိုက်သလို ဖြစ်သွားတာကြောင့် တံမြည်စည်းကို စီးရင်း အဆင်မပြေဖြစ်နေမှုလေးတွေနဲ့ တခြား စိတ်တွေ သူ့ရင်ထဲက လွင့်ပျောက်သွားတယ်။

သူတို့ ရှေ့မှာ ဘယ်လောက်ကြာကြာ ခရီးဆက်ရဦးမလဲ။ ရွန်၊ ဟာမီယွန်နဲ့ ဂျင်နီတို့ရော ကံဆိုးမိုးမှောင် ကျနေပြီလား။ ကျောင်းကြီးအပေါ်ဘက် ကောင်းကင်မှာ ဒီမှော်သင်္ကေတ အမှတ်အသားကြီး လာချိတ်ဆွဲအောင် ဖန်တီးလိုက်တာ သူတို့ထဲက တစ်ယောက်ယောက်လား။ ဒါမှမဟုတ် နက်ဗီးလ်ဖြစ်နေမလား။ မဟုတ်ရင် လူနာလား။ မဟုတ်ရင် လျှို့ဝှက်အောက်လမ်း မှော်အဖွဲ့ဝင်တွေထဲက တခြား တစ်ယောက်ယောက်လား။ တကယ်လို့ အဲဒီအတိုင်း ဖြစ်နေခဲ့ရင်ကော သူလည်း စင်္ကြံလမ်းတွေကို ကင်းလှည့်စောင့်ရှောက်ပြောဆိုထားတဲ့သူတွေထဲက တစ်ယောက်ပဲ။ သူတို့ကို လုံခြုံတဲ့ သူတို့အိပ်ရာထဲမှာပဲ မနေဖို့ သူပြောထားခဲ့မိလို့။ အကယ်၍ သူငယ်ချင်းတွေထဲက တစ်ယောက်ယောက် ထပ်ပြီး သေဆုံးသွားခဲ့ရင် သူ့မှာရော တာဝန်မရှိနိုင်ဘူးလား။ အတွေးတွေ၊ ပူပန်မှုတွေနဲ့ သူလောင်မြိုက်နေတယ်။

သူတို့ စောစောပိုင်းက လျှောက်သွားခဲ့တဲ့ မှောင်မိုက်နေတဲ့ မြွေလိမ်မြွေကောက် လမ်းကျဉ်းကလေးတစ်ခုအတိုင်း ပျံသန်းနေချိန်မှာ လေချွန်သံလို ညဉ့်လေတစ်ဟွီးဟွီး တိုးသံထဲမှာ ဘာသာဗေဒ အဆန်းတစ်မျိုးနဲ့ ဒမ်းဘဲလ်ဒိုး နောက်တစ်ကြိမ် တစ်စုံတစ်ခု ထပ်ရွတ်ဆိုနေသံကို ဟယ်ရီကြားရတယ်။ ဒီတော့မှ ဝင်းထဲကိုဝင်ဖို့ ခြံခတ်ထားတဲ့ နံရံကြီးပေါ်က သူတို့ ဖြတ်ပျံစဉ်မှာ ဘာကြောင့် သူ့တံမြည်စည်းပျံ တုန်ခါသွားရတယ်ဆိုတာ သူနားလည်သွားတယ်။

ပြီးတော့ ဒမ်းဘဲလ်ဒိုးဟာ ရဲတိုက်ကြီးပတ်ပတ်လည်မှာ သူကိုယ်တိုင်ချထားခဲ့တဲ့ ဖမ်းစားတဲ့ မန္တန် အကာအကွယ်တွေကို သူကိုယ်တိုင် အာနိသင်ပြန်ပြယ်သွားအောင် ပြုလုပ်လိုက်တဲ့အတွက် သူတို့ ကျောင်းဝင်းထဲကို အရှိန်နဲ့ မြန်နှုန်းမပျက် ဝင်သွားနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက် အောက်လမ်း မှော်အမှတ် သင်္ကေတကြီးက ရဲတိုက်ရဲ့ အမြင့်ဆုံး အပိုင်းဖြစ်တဲ့ နက္ခတ္တဗေဒမျှော်စင် အပေါ်ဘက်ကနေ တိုက်ရိုက်ကြီး ပြိုးပြိုးပြက်ပြက် လင်းနေပါတယ်။ အဲဒါဟာ သတ်ဖြတ်မှုကြောင့် သေဆုံးတာတွေ ကျောင်းထဲမှာ ဖြစ်သွားခဲ့ပြီလို့ ဆိုလိုတာများလား။

သူရဲခိုတွေရှိတဲ့ ရဲတိုက်ပတ်လည် မြို့ရိုးတံတိုင်းကို ကျော်ဖြတ်သွားပြီဖြစ်တဲ့ ဒမ်းဘဲလ်ဒိုးဟာ မြေပြင်ကို ရောက်သွားပြီး တံမြက်စည်းပေါ်က ဆင်းလိုက်တယ်။ နောက် စက္ကန့်ပိုင်းကလေးပဲ ခြားတယ်။ ဟယ်ရီလည်း ဒမ်းဘဲလ်ဒိုးရဲ့ ဘေးမှာ ကပ်ပြီး ဆင်းလိုက်ပြီး ဘေးတစ်ဝိုက်ကို လှည့်ကြည့်လိုက်တယ်။

မြို့ရိုး တံတိုင်းတွေမှာ လူသူကင်းမဲ့နေတယ်။ ရဲတိုက်ထဲကို ဝင်သွားရာလမ်းဖြစ်တဲ့ ကြောင်လိမ်လှေကားအုံထဲကို ဝင်ရမယ့် တံခါးလည်း ပိတ်နေတယ်။ ကြည့်ရတာ ဒီနေရာမှာ လူတစ်ယောက်သေလောက်တဲ့ အထိ တိုက်ခိုက်မှု၊ တွန်းထိုးလုပ်ရှားမှုတွေ ရှိခဲ့ပုံ လုံးဝမပေါ်လွင်ဘူး။

“ဒါက ဘာအဓိပ္ပာယ်လဲ” သူတို့ အပေါ်ဘက်မှာ မြွေနဂါးလို လျှာကြီးနဲ့ အစိမ်းရောင် ခေါင်းခွံကြီး မကောင်းဆိုးဝါးကြီးလို အရုပ်ဆိုး အကျည်းတန်စွာနဲ့ ပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက် လင်းနေတာကို မော့ကြည့်ရင်း ဒမ်းဘဲလ်ဒိုးကို ဟယ်ရီက မေးလိုက်တယ်။ “ဒါဟာ အကုသိုလ်ကောင်တွေရဲ့ အမှတ်တံဆိပ် တကယ် အစစ်ပဲလား ဆရာ၊ တစ်စုံတစ်ယောက် ဒီကို ရောက်သွားခဲ့တာကော သေချာလို့လား ပါမောက္ခကြီး”

မိစ္ဆာအမှတ်အသားကြီးတွေက ထွက်နေတဲ့ အစိမ်းရောင်မှုန်မှုန်ဝါးဝါး အလင်းရောင်ထဲမှာ ဒမ်းဘဲလ်ဒိုး သူ့ရဲ့ ရင်ဘတ်ကို ဒဏ်ရာရပြီး မည်းနက်နေတဲ့ လက်နဲ့ ဖမ်းဆုပ်ကိုင်ထားတာ ဟယ်ရီ မြင်နေရတယ်။

“အမြန်သွားပြီး ဆီးဗားရပ်စ်ကို နှိုးလိုက်ပါ” ဒမ်းဘဲလ်ဒိုးက ဖျော့တော့အားနည်းစွာနဲ့ ပြောလိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့ အသံက ရှင်းလင်း ပြတ်သားနေတယ်။ “ဘာတွေ ဖြစ်နေတယ်ဆိုတာကို ပြောပြပြီး သူ့ကို ကျုပ်ဆီ ခေါ်ခဲ့ပါ။ အဲဒါက လွဲပြီး တခြားဘာမှ မလုပ်နဲ့။ ဘယ်သူနဲ့မှလည်း စကားမပြောခဲ့နဲ့။ ပြီးတော့ မောင်ရင့်ရဲ့ ကိုယ်ပျောက်ဝတ်ရုံကိုလည်း မချွတ်လိုက်နဲ့။ ကျုပ် ဒီနေရာက စောင့်နေမယ်”

“ဒါပေမဲ့ ဆရာ”

“မောင်ရင် ကျုပ်ပြောသမျှ နာခံပါမယ့်လို့ သစ္စာဆိုထားတယ်နော်။ ကဲ–သွားတော့”

ဟယ်ရီက ကြောင်လိမ်လှေကားအုံ တံခါးရှိရာကို လှမ်းခနဲ အပြေးတက်သွားတယ်။ ဒါပေမဲ့ ပိတ်နေတဲ့ တံခါးကိုဖွင့်ဖို့ သူ့လက်က တံခါးသံဂွင်းကို ကိုင်လိုက်ရုံပဲ ရှိသေးတယ်။ ဟိုအတွင်း တစ်ဖက်က ပြေးလာနေတဲ့ ခြေသံတွေကို သူကြားလိုက်ရတယ်။ ဒါကြောင့် ဒမ်းဘဲလ်ဒိုးကို သူလှမ်းကြည့်လိုက်တော့ ဒမ်းဘဲလ်ဒိုးက နောက်ပြန်ဆုတ်နေဖို့ လက်ရိပ်လက်ဟန် ပြလိုက်တဲ့အတွက် သူနောက်ကို လွတ်အောင်ရှောင်နေပြီး လုပ်နေကျအတိုင်း ဆေးကြိမ်လုံးကို အသင့်ဆွဲထုတ်ပြီးသား ဖြစ်နေတယ်။

www.burmeseclassic.com

နောက်တော့ တံခါးဝုန်းခနဲ ပွင့်သွားပြီး တစ်စုံတစ်ယောက် ထွက်လာရာက အဲဒီလူဟာ တစ်ခွန်းတည်း ပိတ်အော်လိုက်ပါတယ်။

"ခြေမန်းကွင်းစွပ်လိုက်သလို ရှုန်းမထွက်နိုင်ဘဲ ဖြစ်နေစေ–အိက်စ်ပဲလီယာမတ်စ်"

ဟယ်ရီရဲ့ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားပြီး မလှုပ်ရှားနိုင်ဘဲ ဖြစ်သွားတယ်။ သူ့စိတ်ထဲမှာ ရဲတိုက်ရဲ့ နံရံပေါ်ကို နောက်ပြန်လန်ကျသွားသလို ခံစားရပြီးမှ ကတုန်ကယင် ဖြစ်နေတဲ့ ရုပ်တုတစ်ခုလိုမျိုး ကပ်မှီထားခံရပြီး နည်းနည်းမှ မလှုပ်နိုင်၊ စကားလည်း မပြောနိုင်တော့ဘဲ ဖြစ်နေတယ်။

နောက်တစ်ဆက်တည်းလိုလို ခေါင်းခွံကြီးရဲ့ အလင်းရောင်နဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ဆေးကြိမ်လုံး ရဲတိုက်မြို့ရိုးတွေပေါ်ကနေ လွင့်ပျံထွက်သွားတာကို သူ မြင်ရတယ်။ ဒမ်းဘဲလ်ဒိုးက စကားနဲ့မပြောဘဲ ဟယ်ရီအား ငြိမ်သက်နေခိုင်းလိုက်တယ်။ နောက် စက္ကန့်ပိုင်းအတွင်းမှာပဲ သူဆိုလိုက်တဲ့ မန္တန်က သူ့ကို ကာကွယ်ပေးလိုက်တယ်လို့ ထင်ရတယ်။

ရဲတိုက်မြို့ရိုးကို မှီရပ်ရင်း ဆွတ်ဆွတ်ဖြူနေပြီဖြစ်တဲ့ မျက်နှာနဲ့ ဒမ်းဘဲလ်ဒိုးဟာ ရုတ်ရုတ်သဲသဲ ဂနာမငြိမ်တဲ့ အမူအရာ၊ စိတ်ပျက်တဲ့ အမူအရာတွေကိုမပြဘဲ၊ လက်နက်မဲ့ဖြစ်သွားတဲ့ သူ့ကိုယ်သူ ပြန်ကြည့်လိုက်ပြီးမှ ပြောလိုက်တယ်။

"ကောင်းသောညပါ ဒရာကို"

ဒီမှာတင် မော်လ်ဖွိုင်း ရှေ့ကိုတက်လာပြီး ဒီနေရာမှာ ဒမ်းဘဲလ်ဒိုးနဲ့ သူ နှစ်ယောက်တည်းပဲ ရှိနေတာ ဟုတ်မဟုတ် သေချာအောင် အမြန် စစ်ဆေးလိုက်တယ်။ နောက်တော့ သူ့မျက်လုံးတွေ ဒုတိယမြောက် တံမြည်စည်းပေါ်ကို ကျရောက်သွားပြီး သူက မေးလိုက်တယ်။

"ဒီမှာ ကျွန်တော်တို့အပြင် နောက်ထပ် ဘယ်သူ ရှိနေတာလဲ"

"ဟာ ဒါက မောင်ရင့်ကို ကျုပ် မေးရမယ့် မေးခွန်းပဲ။ ဒီအကြံအစည်ကို မောင်ရင် တစ်ယောက်တည်း လုပ်ခဲ့တာလား"

မော်လ်ဖွိုင်းရဲ့ အားပျော့တဲ့ မျက်စိတွေ အောက်လမ်းမှော် အမှတ်သင်္ကေတ ခေါင်းကြီးရဲ့ အလင်းရောင် စိမ်းစိမ်းမှိန်မှိန်အောက်က ဒမ်းဘဲလ်ဒိုးဆီကို ရွေ့ရှားသွားတာ ဟယ်ရီ မြင်နေရတယ်။

"မဟုတ်ဘူး၊ ကျွန်တော့်မှာ ကျောထောက်နောက်ခံ အဖြစ် ပံ့ပိုးပေးမယ့် သူတွေ ရှိတယ်။ ဒီည ခင်ဗျားရဲ့ ကျောင်းထဲမှာ မရဏစားစုန်းကောင်တွေ ရောက်နေပြီလေ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ" ဒမ်းဘဲလ်ဒိုးကလည်း မော်လ်ဖွိုင်းက သူပေးထားတဲ့ အိမ်စာကိုလုပ်ပြီး သူ့ဆီ လာပြလို့ ကြည့်ပေးရတဲ့ ပုံစံအမူအရာနဲ့ပဲ ပြောလိုက်တယ်။

www.burmeseclassic.com

"ကောင်းတယ်၊ သိပ်ကို ကောင်းပါတယ်။ မောင်ရင်က သူတို့ကို ဒီအထဲ ဝင်လာခိုင်းနိုင်တဲ့ နည်းလမ်းတစ်ခုကို တွေ့သွားခဲ့တယ်ပေါ့ ဟုတ်လား။ မောင်ရင် ဒီအတိုင်းလုပ်လိုက်တာ မဟုတ်လား"

"ဟာ သိပ်မှန်တာပေါ့ဗျာ၊ ခင်ဗျားရဲ့ မျက်စိအောက် တည့်တည့်မှာတင် လုပ်နေခဲ့တာ၊ ခင်ဗျားက တစ်ခါမှ မသိခဲ့ဘူးလေ" မော်လ်ဖွိုင်းက အမောတကော ပြန်ပြောတယ်။

"ကြံရည်ဖန်ရည် ဉာဏ်ရည်ရှိပါပေတယ်။ ဒါပေမဲ့ တစ်ဆိတ်လောက် စိတ်မရှိနဲ့။ သူတို့က ခု ဘယ်ရောက်နေလဲ၊ မောင်ရင့်ကို ကြည့်ရတာ မောင်ရင့်ကို ထောက်ခံကူညီမယ့်သူလည်း မရှိပါလား" ဒမ်းဘဲလ်ဒိုးက စကားနဲ့ ထိုးစစ်ဆင်နေတယ်။

"သူတို့ ခင်ဗျားရဲ့ အစောင့်တွေနဲ့တွေ့ပြီး အောက်ထပ်တွေမှာ တိုက်ခိုက်နေကြတယ်လေ။ သူတို့ ကြာကြာ မနေပါဘူး။ ကျွန်တော် ဦးဆောင်ပြီး ခေါ်လာခဲ့တာပဲ။ ကျွန်တော် လုပ်ဖို့ အလုပ်တစ်ခု ရနေပါပြီ"

"ကောင်းပြီလေ။ ဒါဆို မောင်ရင် အဲဒါကို ဆက်လုပ်မှာပဲလား၊ ကျုပ် ချစ်ခင်ရတဲ့ လူကလေး" ဒမ်းဘဲလ်ဒိုးက တိုးတိုးညင်းညင်းအသံနဲ့ပဲ ပြောလိုက်တယ်။

သူတို့နှစ်ယောက်ဘာမှမပြောဘဲ အတန်ကြာအောင် တိတ်ဆိတ်သွားတယ်။ ဟယ်ရီဟာ သူရောက်နေတဲ့ နေရာမှာပဲ သွက်ချာပါဒရောဂါရပြီး၊ လေဖြတ်ထားတဲ့ ခန္ဓာကိုယ်မျိုးနဲ့ လှုပ်လည်း လှုပ်ရှားမရဘဲ သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံထဲမှာ အကျဉ်းကျနေရင်းက ဒမ်းဘဲလ်ဒိုးနဲ့ မော်လ်ဖွိုင်းတို့ နှစ်ယောက်ကိုပဲ စိုက်ကြည့်နေမိတယ်။ ဟိုအဝေးမှာ မရဏစားစုန်းကောင်တွေ တိုက်ခိုက်နေတဲ့ အသံတွေကို ကြားရဖို့လည်း သူအစွမ်းကုန် နားစွင့်ထားတယ်။ လောလောဆယ်တော့ သူ့ရှေ့မှာ ဒရာကို မော်လ်ဖွိုင်းက ဘာမှမလုပ်ဘဲ အဲလ်ဘတ်စ် ဒမ်းဘဲလ်ဒိုးကိုသာ စူးစူးစိုက်စိုက် ကြည့်နေတယ်။ ဒမ်းဘဲလ်ဒိုးကလည်း အားပါးတရ ပြုံးနေတယ်။

"ဒရာကို ဒရာကို၊ မောင်ရင်ဟာ လူသတ်သမား တစ်ယောက် မဟုတ်ဘူးကွဲ့"

"ခင်ဗျားက ဘယ်လိုလုပ်သိလဲ" မော်လ်ဖွိုင်းက ချက်ချင်း ပြန်မေးလိုက်တယ်။

သူ့ကိုကြည့်ရတာ ဒမ်းဘဲလ်ဒိုးရဲ့ စကားတွေကို သိပ်ကလေးဆန်တယ်လို့ ယူဆထားပုံပဲ။ ဦးခေါင်းကြီးရဲ့ စိမ်းနေတဲ့ အလင်းရောင်အောက်မှာတောင် သူ့မျက်နှာတွေ နီမြန်းသွားတာကို ဟယ်ရီ မြင်နေရတယ်။

"ကျွန်တော် ဘယ်လောက် အစွမ်းထက်တယ်။ ဘာတွေ လုပ်နိုင်တယ်ဆိုတာ ခင်ဗျား မသိဘူး။ ကျွန်တော် ဘာတွေလုပ်ခဲ့တယ်ဆိုတာလည်း ခင်ဗျား မသိဘူး" မော်လ်ဖွိုင်းပိုပြီး ရှုးရှုးရှဲရှဲ ဖြစ်လာတယ်။

"အို သိတာပေါ့၊ ကျုပ် သိပ်သိတာပေါ့" ဒမ်းဘဲလ်ဒိုးက သိမ်သိမ်မွေ့မွေ့ အေးအေးကလေး ပြောလိုက်တယ်။ "မောင်ရင် ကေတီဘဲလ်နဲ့ ရွန်နယ်ဝက်စလေကို သတ်မိလုနီးနီး ဖြစ်သွားတယ်။ မောင်ရင်ဟာ တစ်နှစ်လုံး ကျုပ်ကို သတ်ဖြတ်ဖို့ သဲကြီးမဲကြီး တိုးတိုးပြီး ကြိုးစားခဲ့တယ်။ စိတ်မရှိနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဒရာကို။ ဒါပေမဲ့ အဲဒါတွေ အကုန်လုံး အရာမရောက်တဲ့ ကြိုးစားမှုတွေချည်း ဖြစ်သွားတာပဲ။ တကယ့်ကို အရာမထင်တဲ့ လုပ်ရပ်တွေပဲ။ ရိုးရိုးသားသား ပြောရရင် အဲဒါတွေကို မောင်ရင်တကယ် စိတ်ပါလို့ လုပ်ချင်လို့ လုပ်ခဲ့တာတွေ ဟုတ်ရဲ့လားလို့ ကျုပ် သိချင်နေတယ်"

"လုပ်ချင်လို့ လုပ်လိုက်တာပေါ့ဗျာ" မော်လ်ဖွိုင်းက ကြမ်းကြမ်းတမ်းတမ်း လေသံနဲ့ ပြောလိုက်တယ်။ "ကျွန်တော်က အဲဒီအတိုင်း တစ်နှစ်လုံး ကြိုးစည်ကြိုးစားလုပ်ခဲ့တာပဲ။ ပြီးတော့ ဒီညလည်း ပါတယ်"

ရဲတိုက်ရဲ့ အောက်ထပ်တစ်နေရာရာကနေ မတ်ဖဲလ်တစ်ယောက်ရဲ့ အော်လိုက်သံကို ဟယ်ရီ ကြားရတယ်။ မော်လ်ဖွိုင်းရဲ့ မျက်နှာထားတင်းသွားပြီး အသံလာရာဘက်ကို တစ်ချက် ဖျတ်ခနဲ ကြည့်လိုက်တယ်။

"လူတချို့တော့ တကယ့်ကို တိုက်ပွဲကောင်းကြီးတစ်ခု ဆင်နွှဲနေပြီကွဲ့" ဒမ်းဘဲလ်ဒိုးက သာမန်စကားစမြည် ပြောနေတဲ့ လေသံနဲ့ပဲ ပြောလိုက်တယ်။ "ဒါပေမဲ့ မောင်ရင်က ဒီမှာ ပြောနေတယ်။ ဒီမရဏစားစုန်းကောင်တွေ ကျုပ်ရဲ့ ကျောင်းထဲကို လာပြီးတိုက်ဖို့ မောင်ရင် စီစဉ်ခဲ့တာတဲ့။ ဒါပေမဲ့ ကျုပ် ဝန်ခံပါရစေ။ ကျုပ်ကတော့ အဲဒါ မဖြစ်နိုင်ဘူးလို့ပဲ ထင်တယ်။ ကဲ–မောင်ရင် ဘာပြောမလဲ"

ဒါပေမဲ့ မော်လ်ဖွိုင်းက ဘာမှမပြောဘူး။ သူက အောက်ထပ်တွေမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာကိုပဲ အာရုံစိုက်နားထောင်နေတယ်။ ပြီးတော့ သူ့ကြည့်ရတာက ဟယ်ရီလိုပဲ မလှုပ်နိုင်မရှားနိုင်သလို တောင့်တောင့်ကြီး ဖြစ်နေတယ်။

ဒမ်းဘဲလ်ဒိုးက ဆက်ပြီး ပြောပြန်တယ်။ "အင်း–မောင်ရင်ရဲ့ နောက်လိုက်နောက်ပါ အကူအညီတွေကို ကျုပ်ရဲ့ အစောင့်တွေက ဟန့်တားချေမှုန်းလိုက်ပြီဆိုရင်တော့ မောင်ရင်တစ်ယောက်တည်းပဲ ဒီအလုပ်ကို ဆက်လုပ်သွားရတော့မယ် ထင်တယ်။ ပြီးတော့ မောင်ရင်သိပြီးသားလည်း ဖြစ်ရင်ဖြစ်မှာပါ။ ဒီည ဒီကျောင်းမှာ ဖီးနစ်တပ်ဖွဲ့ဝင်တွေ ရောက်နေကြတယ်လေ။ အားလုံးခြုံကြည့်လိုက်ရင်တော့ အမှန်တကယ်မှာ မောင်ရင်ဟာ ဘယ်သူ့အကူအညီကိုမှ မလိုပါဘူး။ ခု အခိုက်အတန့်မှာ ကျုပ် လက်ထဲမှာ ကျုပ်ရဲ့ ဆေးကြိမ်လုံးလည်း ရှိမနေဘူးလေ။ မောင်ရင် ဘာလုပ်လုပ် ကျုပ် မကာကွယ်နိုင်ပါဘူး"

မော်လ်ဖွိုင်းကတော့ ဘာမှ မပြောဘဲ သူ့ကိုပဲ ကြည့်မြဲစိုက်ကြည့်နေတယ်။

"ကျုပ်အမြင်တော့" ဒမ်းဘဲလ်ဒိုးက ကြင်ကြင်နာနာနဲ့ ပြောလိုက်တယ်။ မော်လ်ဖွိုင်းဟာ ဘာမှ မပြောထားတော့သလို လှုပ်လည်း မလှုပ်တော့ဘဲ ဖြစ်နေတယ်။ "မောင်ရင်ဟာ သူတို့ ဒီကို ရောက်လာပြီး မောင်ရင်နဲ့ မပူးပေါင်းကြမှာ စိုးရိမ်နေတယ်ပေါ့။ ကြောက်နေတယ်ပေါ့ကွာ"

"ခင်ဗျားကြီး ထင်ရာတွေ လျှောက်ပြောမနေနဲ့၊ ကျုပ် မကြောက်ဘူး" မော်လ်ဖွိုင်း ယမ်းပုံမီးကျဖြစ်ပြီး ပြောလိုက်တယ်။ "တကယ်ကြောက်ရမှာ ကျုပ် မဟုတ်ဘူး ခင်ဗျားကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အို… ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ မောင်ရင် ကျုပ်ကို သတ်လိမ့်မယ်လို့ ကျုပ်မထင်ပါဘူး ဒရာကို၊ တကယ်တော့ လူသတ်တယ်ဆိုတာ လူပြိန်းနဲ့ မလည်မဝယ်တဲ့ ကလေးငယ်တွေ ယုံကြည်နေသလို လွယ်တာမှ မဟုတ်ဘဲ။ ကဲ–ဒီတော့ မောင်ရင့်ရောင်းရင်း မိတ်ဆွေတွေကို ကျုပ်တို့ စောင့်နေရတုန်း သူတို့ကို မောင်ရင် ဘယ်လိုလုပ်ပြီး မှောင်ခိုသွင်းလာတယ်ဆိုတာ ကျုပ်ကို ပြောပြပါလား။ ကြည့်ရတာတော့ မောင်ရင်ဟာ အဲဒီလိုလုပ်ဖို့ အချိန်တော်တော့်ကို ယူခဲ့ရမယ် ထင်တယ်"

မော်လ်ဖွိုင်းဟာ ကျုံးအော်လိုက်ချင်စိတ်၊ ဒါမှမဟုတ် အန်ပစ်ချင်စိတ်ကို အတင်းချိုးနှိမ်နေရပုံပဲ။ သူက တံတွေးတွေ ခဏခဏ မျိုချပြီး အသက်ကို တဝကြီး အကြိမ်ကြိမ်ရှူနေရင်း ဒမ်းဘဲလ်ဒိုးကိုပဲ စိမ်းစိမ်းဝါးဝါး စိုက်ကြည့်နေတယ်။ သူ့ရဲ့ ဆေးကြိမ်လုံးကိုလည်း ဒမ်းဘဲလ်ဒိုးရဲ့ ရင်ဝတည့်တည့်ကို ချိန်ထားတယ်။

နောက်တော့ သူ မချုပ်တည်းနိုင်တော့ဘဲ ပြောလိုက်တယ်။ "ကျွန်တော့်မှာ နှစ်ပေါင်းများစွာကတည်းက ဘယ်သူမှ မသုံးတော့တဲ့ ဟိုရှားပါး ပျောက်ကွယ်နေတဲ့ ကက်ဘိနက်ဗီရို အပျက်ကြီးကို ပြင်ဆင်စရာ ရှိနေတယ်။ အဲဒီဗီရိုဟာ လွန်ခဲ့တဲ့ နှစ်က မွန်တေဂူထံက ပျောက်သွားတဲ့ ဗီရိုတစ်ခုပဲ"

"ဟာ… " ဒမ်းဘဲလ်ဒိုးက ညည်းသံနဲ့ သက်ပြင်းကြီး ချလိုက်တယ်။ ပြီးတော့ သူ့မျက်စိတွေကို တစ်အောင့်ကြာအောင် မှိတ်ထားပြီးမှ "တယ်ဟုတ်ပါလား တော်လိုက်တာ၊ အဲဒါက တစ်စုံရှိတာကွဲ့၊ ကျုပ် သိပါတယ်"

"ဘော်ဂျင်းနဲ့ ဘတ်ခ်စ်ဆိုင်မှာ ရှိတယ်။ နောက် ဗီရိုနှစ်ခုကြား ဖြတ်သန်းဆက်သွယ်လို့ ရတဲ့ ထွက်ပေါက်ဝင်ပေါက်မျိုး လုပ်ထားတယ်။ ပြီးတော့ မွန်တေဂူက ကျွန်တော့်ကို ပြောတယ်။ သူ ဟော့ဂ်ဝပ်စ်မှာ သောင်တင်နေစဉ်က မရေမရာ အခြေအနေနဲ့ ကြုံကြိုက်နေရပေမဲ့ တစ်ခါတစ်ရံ ကျောင်းမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာကိုတော့ သူကြားရပါတယ်တဲ့။ နောက်တစ်ခါတစ်ရံ ဆိုင်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာလည်း သူကြားရပါတယ်ဆိုပဲ။ သဘောကတော့ ကက်ဘိနက်ဗီရိုကြီးဟာ အဲဒီနှစ်နေရာအကြားမှာ ကူးလူးသွားလာနေတာပေါ့။ ဒါပေမဲ့ သူက သူ့အကြောင်းကို လူတွေမကြားသိအောင်တော့ မလုပ်နိုင်ခဲ့ဘူး။ နောက်ဆုံးမှာ သူဟာ နာမ်ရုပ်သွင် ကိုယ်ထင်ပြမှု စစ်ဆေးတာကို တစ်ခါမှ အောင်မြင်ခဲ့ခြင်း မရှိခဲ့ပေမဲ့ အဲဒီမှော်အတတ်ကို သူလုပ်နိုင်သွားခဲ့တယ်။ အဲဒါကို လုပ်ရင်း သူသေမလိုတောင် ဖြစ်ခဲ့တယ်။ လူတိုင်းက ဒီအကြောင်းကို ဇာတ်လမ်းကောင်းလေး တစ်ပုဒ်လို့ ထင်နေမှာပေါ့။ ဒါပေမဲ့ အဲဒါဟာ ဘာကို ဆိုလိုတာလဲဆိုတာ သိတဲ့သူဟာ ကျွန်တော်တစ်ယောက်တည်းပဲ ရှိတယ်။ ဘော်ဂျင်းကိုယ်တိုင်တောင် မသိပေမဲ့ တကယ်လို့ ပျက်နေတဲ့ ဗီရိုကြီးကို ပြင်လိုက်ရင် အဲဒီကဖြတ်ပြီး ဟော့ဂ်ဝပ်စ်ကျောင်းထဲ ဝင်လို့ရတဲ့ နည်းလမ်းရှိနေတာ ကျွန်တော် တစ်ယောက်တည်း သိခဲ့တယ်လေ"

"သိပ်ကောင်းတယ်" ဒမ်းဘဲလ်ဒိုးက ရေရွတ်နေတယ်။ "ဒါဆို ဒီမရဏစားစုန်းကောင်တွေ မောင်ရင့်ကို ကူညီဖို့ ဘောဂျင်းနဲ့ ဘတ်ခ်စ်ဆိုင်ထဲကနေ ဖြတ်ပြီး ဒီကျောင်းထဲကို ဝင်လာကြတာပေါ့။ တော်လိုက်တဲ့ အကြံအစည်ပဲ၊ သိပ်ကို ကျွမ်းကျင်လိမ်မာတဲ့ အစီအစဉ်ပဲဟေ့။ နို့…. မောင်ရင်ပြောတော့ ကျုပ်ရဲ့ မျက်စိအောက်မှာတင်ဆို"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ဟုတ်တယ်လေ။ ဒါပဲပေါ့၊ ဒီအတိုင်းပါပဲ" ဒမ်းဘဲလ်ဒိုး မြှောက်ပင့်ပြောဆိုလိုက်မှုအပေါ် ကျေနပ်နှစ်သိမ့်နေပြီး ထူးထူးဆန်းဆန်း သတ္တိတွေဝင်လာတဲ့ မော်လ်ဖွိုင်းက ပြောလိုက်တယ်။ "ဒါပေမဲ့ အချိန်က ရှိသေးတယ်လေ။ မဟုတ်ဘူးလား။ မောင်ရင်အနေနဲ့ ကက်ဘိနက်ဗီရိုကြီးကို အချိန်မီပြင်နိုင်မှာလား။ ပြီးတော့ မောင်ရင် အကြံကုန်ဂဠုန်ဆားချက်သလို တလွဲလွဲ တချော်ချော် လုပ်ခဲ့မိတာတွေ ရှိသေးတယ်လေ။ ကျိန်စာတိုက်ထားတဲ့ လည်ဆွဲကို ကျုပ်ဆီကို ပို့လိုက်တာ၊ ဒါပေမဲ့ လမ်းကလွဲပြီး မဆိုင်တဲ့ လူလက်ထဲ ရောက်သွားခဲ့တယ်။ တစ်ခါ ပျားရည်အရက်ထဲ အဆိပ်ခတ်လိုက်တာ။ အဲဒါလည်း ကျုပ်သောက်မိနိုင်ဖို့ အခွင့်အလမ်းက သိပ်နည်းသွားပြန်တယ်"

"သြော် ခက်နေပါလား၊ ခင်ဗျားက အဲဒီပစ္စည်းရဲ့ နောက်ကွယ်မှာ ဘယ်သူရှိနေတယ် ဆိုတာ ခုထိ သဘောမပေါက်သေးဘူးကိုး" မော်လ်ဖွိုင်းက အထင်သေးတဲ့ အကြည့်နဲ့ကြည့်ပြီး လှောင်ပြုံးပြုံးရင်း ပြောလိုက်ချိန်မှာပဲ ဒမ်းဘဲလ်ဒိုးဟာ ရဲတိုက်မြို့ရိုးတံတိုင်းပေါ်မှာ နည်းနည်းကလေး ယိုင်လျှောထွက်သွားတယ်။ သူ့ရဲ့ ခြေထောက်နှစ်ချောင်းလုံး ဟန်မထားနိုင်အောင် အင်အားကုန်ခန်းနေတယ်။ ဟယ်ရီကလည်း သူ့ကို ထိန်းချုပ်ထားတဲ့ ခြေချုပ် မန္တန်ကို တွန်းလှန်ပြီး ရုန်းထွက်မရဘဲ မလှုပ်နိုင်၊ စကားမပြောနိုင်၊ အသံမထွက်နိုင်ဘဲ သူ ကြိုးစားသမျှ အချည်းနှီး ဖြစ်နေတယ်။

'ကျုပ် သိပါတယ်။ အရှိကို အရှိအတိုင်း တဲ့တိုး ပြောရရင် အဲဒီလူဟာ မောင်ရင်ပဲဆိုတာ ကျုပ်ဘက်က သေချာတယ်" ဒမ်းဘဲလ်ဒိုးက ပြောထည့်လိုက်တယ်။

"ခင်ဗျားသိတာ မဖြစ်နိုင်ပါဘူး၊ ကဲ ဒီလိုဆို ကျွန်တော် မေးမယ်။ အဲဒီတုန်းက ခင်ဗျား ကျွန်တော့်ကို ဘာကြောင့် မတားခဲ့တာလဲ"မော်လ်ဖွိုင်းက စောဒက တက်လိုက်ပြန်တယ်။

"ကျုပ် ကြိုးစားခဲ့တာပေါ့ ဒရာကို၊ ပါမောက္ခစနိပ်ဟာ ကျုပ်ရဲ့ အမိန့်အရ မောင်ရင့်ကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တာပေါ့"

"သူ ခင်ဗျားရဲ့ အမိန့်တွေ ညွှန်ကြားတွေကို မနာခံခဲ့ပါဘူးဗျာ။ ခင်ဗျား အမိန့်အတိုင်း သူမလုပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုမလုပ်ဖို့ သူက ကျွန်တော့်အမေကို ကတိပေးထားတယ်လေ"

"အမှန်အားဖြင့် အဲဒါက မောင်ရင့်ကို သူပြောပြတဲ့ အကြောင်းပြချက်တစ်ခုပါ ဒရာကို။ တကယ်တော့...."

"သြော် လက်စသတ်တော့ သူခြံစည်းရိုးပေါ်ခွထိုင်နေတဲ့ နှစ်ဘက်ချွန်သူလျှိုကိုး၊ ခင်ဗျားဟာ တော်တော်စုတ်ပဲ့တဲ့ အဘိုးကြီးပဲ။ ဘာပဲပြောပြော ခင်ဗျားပြောတာကို သူမလုပ်ဘူးဗျာ။ ခင်ဗျားအတွက် သူဘာမှ မလုပ်ဘူး။ သူလုပ်မယ်လို့ ခင်ဗျားဘာသာ ခင်ဗျား ထင်နေတာ"

"ကျုပ်တို့ ဒီအပေါ်မှာ အမြင်ချင်းမတူတာကို လက်ခံရလိမ့်မယ် ဒရာကို။ ဒါတွေဟာ ဖြစ်ကိုဖြစ်ခဲ့ရမှာပဲ။ ကျုပ်က ပါမောက္ခ စနိပ်ကို ယုံကြည်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ၊ ဘာပဲ ပြောပြော ခုခင်ဗျား အားကိုးရာမဲ့နေပြီ၊ ဆုပ်တွယ်ထားစရာ ဘာမှ မရှိတော့ဘူး" မော်လ်ဖွိုင်းက သရော်လိုက်တယ်။ "သူက ကျွန်တော့်ကို အကူအညီတွေ တစ်ပုံကြီးပေးဖို့ ကမ်းလှမ်းခဲ့တာဗျ"

"အဲဒါကလည်း သူ့အတွက် ထင်ပေါ်ကျော်ကြားမှုကို သူလိုချင်လို့ပေါ့ဗျာ။ အရေးယူ လုပ်ဆောင်မှုကလေးတစ်ခုကို သူလိုချင်လို့ပေါ့။ ခင်ဗျား ဘာလုပ်နိုင်ခဲ့လို့လဲ။ လည်ဆွဲကို ခင်ဗျား ရနိုင်သလား။ မိုက်မဲလိုက်ပါဘိ။ အဲဒါက အားလုံးကို ပြဿနာတက်သွားနိုင်တဲ့ ပစ္စည်းဗျ။ ဒါပေမဲ့ ကျွန်တော် ဣစ္ဆာသယခန်းကြီးထဲမှာ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော်သူ့ကို ပြောပြထားပြီးပြီ။ မနက်ဖန်ခါကျရင် အိပ်ရာက သူနိုးလာတာနဲ့ အဲဒါတွေအားလုံး ပြီးသွားပြီ။ သူလည်း အမှောင်သခင်ကြီး လက်ရွေးစင် ဆက်ပြီး မဖြစ်နိုင်တော့ဘူး။ ကျွန်တော်နဲ့ လာယှဉ်ပြီး သူဘာမှကို ဖြစ်လာစရာ မရှိတော့ဘူး။ ဘာမှ မရှိဘူး။ ရှင်းပြီလား"

"သိပ်ကို အားရကျေနပ်စရာ ကောင်းပါတယ်"ဒမ်းဘဲလ်ဒိုးက တည်တည်ငြိမ်ငြိမ် ကြွန္ဒြေရရပြောလိုက်တယ်။ "ကျုပ်တို့နှစ်ယောက် ကိုယ့်အပိုင်းကကိုယ် ဘယ်လောက် ကြိုးစားခဲ့ကြတယ်ဆိုတာ သုံးသပ်ဆန်းစစ်ကြည့်လိုက်ခဲ့ကြတာပါ။ ဒါပေမဲ့ မောင်ရင့်မှာ ကြံရာပါ တစ်ယောက်တော့ ရှိကိုရှိရမယ်။ ဟော့စ်မိဒ်ရွာက တစ်ယောက်ယောက်ပေါ့။ ကေတီကို ဒုက္ခရောက်အောင် လုပ်လိုက်နိုင်တဲ့ တစ်ယောက်ယောက်ပဲ။ ဟိုဒင်း... အဲ... အဲ"

ဒမ်းဘဲလ်ဒိုး သူ့မျက်စိတွေ ပြန်မှိတ်ပြီး ခေါင်းငိုက်ကျသွားပြန်တယ်။ သူအိပ်ပျော်သွားတော့မလိုလို ဖြစ်နေတယ်။ "အဲ–သတိရပြီ ရို့စ်မာတာလေ။ သူမကို စေလိုစေ လိပ်ပြာနှုတ်ဖူးသွင်းကျိန်စာနဲ့ ထိန်းချုပ်မှုအောက်မှာ ထားပြီး ခိုင်းနေတာ ဘယ်လောက်ကြာသွားပြီလဲ"

"နောက်ဆုံးတော့ ခင်ဗျားကြီးက ဒီအထိ သိနေပြီကိုး"မော်လ်ဖွိုင်းက ဒမ်းဘဲလ်ဒိုးကို မခံချင်အောင် မခန့်လေးစား ကလိလိုက်တယ်။

အဲဒီအချိန်မှာပဲ အောက်ဘက်က နောက်ထပ် အော်သံကြီး တစ်ခု ထွက်လာပြန်တယ်။ ပြီးတော့ အသံတွေ ကျယ်သည်ထက်ကျယ်လောင် လာတယ်။

မော်လ်ဖွိုင်းက သတိထားရင်း သူ့ပခုံးပေါ်ကျော်ပြီး နောက်ပြန်တစ်ချက် လှည့်ကြည့်လိုက်တယ်။ ပြီးတော့ စကားပြန်ဆက်ပြောနေတဲ့ ဒမ်းဘဲလ်ဒိုးဘက်ကို ပြန်လှည့်လိုက်တယ်။ ဒမ်းဘဲလ်ဒိုးက ပြောတယ်။

"သိပ်ကို သနားစရာကောင်းတဲ့ ရို့စ်မာတာဟာ သူမရဲ့ ရေအိမ်သန့်စင်ခန်းထဲကနေ စောင့်ပြီး၊ အခန်းထဲကို အဖော်မပါဘဲ ဝင်လာတဲ့ ဟော့ဂ်ဝပ်စ်ကျောင်းသူတစ်ယောက်ကို လည်ဆွဲကို ပေးလိုက်ဖို့ မောင်ရင့်ရဲ့ အတင်းအကျပ် ခိုင်းစေမှုကို ခံခဲ့ရတယ်။ နောက် အဆိပ်ခတ်ထားတဲ့ ပျားအရက်။ အဲဒါကလည်း ထုံးစံအတိုင်း ပုလင်းကို ပက်ကျိချိုဆီမပို့ခင် မောင်ရင့်အတွက် အဆိပ်ခတ်ပေးနိုင်တာ သူမတစ်ယောက်ပဲ ရှိတယ်လေ။ ဒီပုလင်းကို ပက်ကျိချိုက ခရစ်စမတ်လက်ဆောင်အဖြစ် ပေးလိမ့်မယ်လို့ ယုံကြည်ပြီး လုပ်တာပေါ့။ ဟုတ်တယ်။ တော်တော် ပိရိသေသပ်တယ်။ သိပ်ပိရိတယ်။

www.burmeseclassic.com

www.burmeseclassic.com

သနားစရာကောင်းတဲ့ ခပ်ထုံထုံ မစ္စတာ ဖစ်လ်ချ်က ရှိုစ်မာတာဆီကလာတဲ့ ပုလင်းကို ဘယ်စစ်ဆေးဖို့ တွေးမိမလဲ။ ကဲ–ကျုပ်ကို ပြောစမ်းပါ။ ကျုပ်တို့က ကျောင်းကို အတွင်းအပြင် ဆက်သွယ်မှုမှန်သမျှ စစ်ဆေးထိန်းချုပ်နိုင်တယ်လို့ ထင်ထားတာ မောင်ရင်က ဘယ်လိုကဘယ်လို ရှိုစ်မာတာနဲ့ အဆက်အသွယ်ရအောင် အကြံအဖန် လုပ်လိုက်နိုင်တာလဲ ပြောပြစမ်းပါ”

“ပြုစားထားတဲ့ ပိုက်ဆံဒင်္ဂါးတွေနဲ့ပေါ့” မော်လ်ဖွိုင်းက ရုတ်တရက် ပြောလိုက်ပြီးမှ သူ့ဆေးကြိမ်လုံး ကိုင်ထားတဲ့ လက်က တလှုပ်လှုပ် တယမ်းယမ်းနဲ့ ရှယ်နေပြီး ဖြစ်ပေမဲ့ တကယ်တမ်းမှာ ပါးစပ်နဲ့ပဲ ပြောဖို့ ထိန်းချုပ်ခံထားရသလို ဆက်ပြောလိုက်တယ်။ “ဟုတ်တယ်၊ ကျွန်တော့်မှာ ကြံရာပါ တစ်ယောက်ရှိတယ်။ သူ့မမှာလည်း နောက်တစ်ယောက် ရှိတယ်။ အဲဒီနည်းနဲ့ ကျွန်တော်က သူ့မဆီကို သတင်းအချက်အလက် တွေ ပို့ခဲ့တာပဲ”

“အဲဒါ မနှစ်က သူတို့ကိုယ်သူတို့ ဒမ်းဘဲလ်ဒိုးရဲ့ စစ်တပ်လို့ ခေါ်တဲ့ အုပ်စုတစ်စုက သုံးခဲ့တဲ့ လျှို့ဝှက်ဆက်သွယ်ရေး နည်းလမ်းမဟုတ်ဘူးလား” ဒမ်းဘဲလ်ဒိုးက မေးလိုက်တယ်။ သူ့အသံက ပေါ့ပေါ့ပါးပါး သာမန်စကားစမြည် ပြောနေတဲ့အတိုင်းပဲ။ ဒါပေမဲ့ အဲဒီစကားကို သူပြောလိုက်ချိန်မှာပဲ ရဲတိုက်မြို့ရိုးနံရံအောက်ဘက်ကို နောက်တစ်လက်မလောက် သူ့ခြေထောက်တွေ လျှောထွက်သွားပြန်တာကို ဟယ်ရီ တွေ့လိုက်တယ်။

“ဟုတ်ပါတယ်၊ အဲဒီစိတ်ကူးကို ကျွန်တော် သူတို့ဆီက ရခဲ့တာပဲ” မော်လ်ဖွိုင်းက မထီလေးစားပုံနဲ့ နှုတ်ခမ်းကို မဲ့ပြုံးပြုံးပြီး ပြောလိုက်တယ်။ “နောက် အရက်ထဲကို အဆိပ်ခတ်ဖို့ အကြံအစည်ကိုလည်း သွေးမစစ်တဲ့ ဟိုရွှံ့နောက်ရည်သွေးနဲ့ ဂရန်ဂျာဆီက ရခဲ့တာ။ စာကြည့်တိုက်ထဲမှာ ဖိလ်ချ်ရဲ့ ဆေးရည်တွေအကြောင်း မသိပုံကို သူမပြောနေတာကို ကြားခဲ့ရာက ဒီအကြံထွက်လာခဲ့တယ်လေ”

“ကျေးဇူးပြုပြီး ကျုပ်ရှေ့မှာ ဒီလို သူတစ်ပါးကို စော်ကားမော်ကား ပြောတဲ့ စကားမျိုး မသုံးပါနဲ့ ဒရာကို”ဒမ်းဘဲလ်ဒိုးက ဟန့်တား ပြောလိုက်တယ်။

မော်လ်ဖွိုင်းက ရိုင်းရိုင်းစိုင်းစိုင်း စူးစူးဝါးဝါး အော်ရယ်ပစ်လိုက်တယ်။ “ကျွန်တော် ခင်ဗျားကို သတ်မယ့်ဆဲဆဲမှာ ဒီသွေးမစစ်တဲ့ ရွှံ့နောက်ရည်သွေးလို့ ကျွန်တော်ပြောတာကို ခင်ဗျားက လာထည့်ပြောနေသေးတယ်နော်… ဟားဟားဟား”

“ဟုတ်တယ် ကျုပ်ကတော့ ပြောရမှာပဲ”ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ ဒီတစ်ခါ သူပြောအပြီးမှာ သူ့ရဲ့ ခြေထောက်တွေ ကြမ်းပြင်ပေါ်မှာ တော်တော်လေး ထပ်လျှောထွက်သွားတာကို ဟယ်ရီ မြင်နေရတယ်။ ဒါပေမဲ့ သူကြိုးစားပြီး မတ်မတ်ရပ်ထားနိုင်ဆဲ ဖြစ်နေတယ်။ “ဒါပေမဲ့ မောင်ရင် ကျုပ်ကို သတ်တော့မယ့်ဆဲဆဲလို့သာ မောင်ရင့်ပါးစပ်က ပြောနေတယ် ဒရာကို၊ ခုပဲ မောင်ရင်နဲ့ ကျုပ်တွေ့နေတာ မိနစ်ပေါင်း အကြာကြီးကြာလှပြီ။ နောက် ကျုပ်ဟာ ခုလောလောဆယ်မှာ မောင်ရင်စိတ်ကူးလို့ ရတာထက်တောင်ပိုပြီး အကာအကွယ် မဲ့နေတာပါ။ ဒါပေမဲ့ မောင်ရင်ကျုပ်ကို ဘာလုပ်ခဲ့သေးလို့လဲ”

မော်လ်ဖွိုင်းရဲ့ ပါးစပ်ကြီးဟာ ဆေးခါးကြီး လောင်းထည့်ခံလိုက်ရသလို နင်းကန်ရှုံ့မဲ့သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ထားပါတော့၊ ကဲ ခု မောင်ရင်ပြောလက်စနဲ့ ဒီညအကြောင်းလေး ဆက်ပြောစမ်းပါဦး" ဒမ်းဘဲလ်ဒိုးက ထပ်ပြီး အစထောင်ပေးလိုက်ပြန်တယ်။ သူက ဆက်ပြီး "ခုဒီည အဖြစ်အပျက်တွေနဲ့ ပတ်သက်လို့ ကျုပ် စိတ်ထဲမှာ ဇဝေဇဝါနဲ့ ပဟေဠိဖြစ်နေတယ်လေ။ အဲဒါ ဘယ်လို ဘယ်လိုတွေ ဖြစ်ကုန်တယ်ဆိုတာ ကျုပ်ကို ပြောစမ်းပါဦး၊ အမှန်ကတော့ ကျုပ် ကျောင်းကနေ ထွက်သွားပြီဆိုတာ မောင်ရင် သိတယ် မဟုတ်လား၊ ဒါက မဆန်းပါဘူး" ဒမ်းဘဲလ်ဒိုးက သူ့ဘာသာသူမေးပြီး သူ့ဘာသာပြန်ဖြေနေပါတယ်။ "ကျုပ် ကျောင်းက ထွက်လာတာကို ရို့စ်မာတာက မြင်တယ်၊ ဒီတော့ ရှင်းနေတာပဲ။ မောင်ရင့်ရဲ့ ပြုစားထားတဲ့ ငွေစဒင်္ဂါးကလေးတွေကြောင့် သူမက မောင်ရင့်ကို ဆက်သတင်းပို့ခဲ့တယ်။ ဒီလိုပဲ မဟုတ်လား။ သေချာပါတယ်လေ"

"မှန်တယ်ဗျာ၊ ကွက်တိပဲ၊ ဒါပေမဲ့ သူမ ပြောတာက ခင်ဗျားဟာ တစ်ခွက်တစ်ဖလားမော့ဖို့ ထွက်လာတာသာ ဖြစ်ပြီး ချက်ချင်း ပြန်လာလိမ့်မယ်လို့ ပြောခဲ့တာဗျ" မော်လ်ဖွိုင်းက ပြောလိုက်တယ်။

"ကောင်းပြီလေ။ ကျုပ် တကယ်လည်း သွားသောက်ခဲ့တာပါ။ ပြီးတော့ ကျုပ် နည်းနည်းပါးပါးချပြီး ပြန်လာတယ်လေ။ ဒီမှာတင် မောင်ရင်က ကျုပ်ကို ထောင်ချောက်ဆင်ဖို့ ဆုံးဖြတ်လိုက်တာ မဟုတ်လား"

"ရဲတိုက်မျှော်စင် အပေါ်ဘက် ကောင်းကင်မှာ အဲဒီအောက်လမ်း မှော်အမှတ်အကေ်ာတကြီးကို ဆွဲထားဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါကြီးကို မြင်တာနဲ့ ကျောင်းမှာ ဘယ်သူများ အသတ်ခံရပြီလဲလို့ ကြည့်ဖို့ ခင်ဗျား ဒီကို ကတိုက်ကရိုက် ပြန်ပြေးလာမှာပေါ့။ မဟုတ်ဘူးလား။ ခုအဲဒီအတိုင်းပဲ ဖြစ်သွားပြီလေ" မော်လ်ဖွိုင်းက ပြောလိုက်တယ်။

"ဒီလိုလား။ ဒါပေမဲ့ မောင်ရင် ပြောတာ ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး။ မှန်သင့်သလောက်ပဲ မှန်တယ်လို့ ပြောရမှာပေါ့။ ကဲ ခုဒီမှာ အသတ်ခံရတဲ့ လူတစ်ယောက်မှ မရှိဘူးလား"

"သေတဲ့လူ တစ်စုံတစ်ယောက်တော့ ရှိပါတယ်" မော်လ်ဖွိုင်းက ပြောလိုက်တယ်။ သူ့အသံက သံစဉ်ရှစ်သံတွဲမှာ အဌမမြောက် အမြင့်ဆုံး အသံအထိ မြင့်တက်သွားတယ်။ "ခင်ဗျား လူတွေထဲ တစ်ယောက်ပဲ။ အဲဒီမှာ မှောင်နေလို့ ဘယ်သူလဲဆိုတာတော့ ကျွန်တော် မသိဘူး။ ကျွန်တော် သူ့အလောင်းပေါ်က ခွကျော်လျှောက်လာခဲ့တယ်လေ။ ခင်ဗျား ပြန်ရောက်တဲ့အထိ ဒီမှာ ကျွန်တော် စောင့်နေတာပေါ့။ လမ်းမှာ ခင်ဗျားရဲ့ ဖီးနစ်ငှက်ကြီးပဲ တွေ့ရတော့တယ်"

"ဟုတ်တယ် ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့"ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ အောက်ဘက်က အုန်းခနဲ အသံကြီးနဲ့အတူအသံတွေ ထွက်လာပြန်တယ်။ အသံတွေ စောစောကထက် ပိုကျယ်လာတယ်။ အသံတွေကို နားထောင်ရတာ သူတို့တွေ ဒမ်းဘဲလ်ဒိုး၊ မော်လ်ဖွိုင်းနဲ့ ဟယ်ရီတို့ မတ်တတ်ရပ်နေတဲ့ နေရာကို ရောက်လာနိုင်မယ့် ကြောင်လိမ်လှေကားအုံပေါ်မှာ တိုက်ခိုက်နေကြတာ ဖြစ်မယ်။

www.burmeseclassic.com

ဟယ်ရီ သူ့ရဲ့ မမြင်ရတဲ့ ရင်ခေါင်းထဲမှာ အသံမကြားဘဲ မိုးကြိုးပစ်လိုက်သလို "ဒိန်း"ခနဲ ဖြစ်သွားတယ်။ တစ်ယောက် သေတယ်တဲ့။ အဲဒီအလောင်းပေါ်က မော်လ်ဖွိုင်း ခွကျော်လာခဲ့တယ်တဲ့။ ဘယ်သူများလဲ။

"ကဲ အချိန်လည်း မရှိတော့ဘူး တစ်နည်းမဟုတ် တစ်နည်းပေါ့။ မောင်ရင်က ဘယ်လမ်းကို ရွေးချယ်မလဲ ကျုပ်တို့ ဆွေးနွေးရအောင်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။

"ကျွန်တော်က ရွေးချယ်ရမယ် ဟုတ်လား" မော်လ်ဖွိုင်းက အသံအကျယ်ကြီးနဲ့ အော်ပြောလိုက်တယ်။ "ကျွန်တော် ဒီမှာ ဆေးကြိမ်လုံး တစ်ချောင်းနဲ့ မတ်တတ်ရပ်နေတယ်လေ။ ခု ကျွန်တော် ခင်ဗျားကို သတ်တော့မှာ"

"ကျုပ် ခင်မင်ရတဲ့ လူကလေး ဒရာကို၊ ကဲခုချိန်ကစပြီး ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ဟန်ဆောင်တာတွေ၊ ဟိတ်ဟန်ထုတ်တာတွေ မလုပ်ကြတော့စို့လားကွယ်။ မောင်ရင် ကျုပ်ကို တကယ်သတ်မှာဆိုရင် စောစောက ကျုပ်ကို လက်နက်မဲ့ ဖြစ်သွားအောင် လုပ်ပြီးကတည်းက သတ်ပြီးလောက်ရောပေါ့။ မောင်ရင်ဟာ မောင်ရင့်အခွင့်အလမ်းတွေ အကြောင်းနဲ့ ပတ်သက်ပြီး၊ ကျေနပ်ပျော်ရွှင်စရာကောင်းတဲ့ ဒီစကားပြောခန်းကလေးကို ရပ်ပစ်နိုင်မှာ မဟုတ်ပါဘူး"

"ကျွန်တော့်မှာ ဘာမှ ရွေးချယ်စရာ မရှိတော့ဘူး" မော်လ်ဖွိုင်းက ပြန်ပြောလိုက်တယ်။ နောက်ချက်ချင်းလိုလို မော်လ်ဖွိုင်းကိုယ်တိုင် ဒမ်းဘဲလ်ဒိုးနဲ့ တစ်ပုံစံတည်း မျက်နှာတွေ သွေးဆုတ်ဖြူဖွေးလာတယ်။ "ကျွန်တော် သတ်မှ ဖြစ်မယ်။ သူ ကျွန်တော့်ကို သတ်လိမ့်မယ်။ သူက ကျွန်တော့် တစ်မိသားစုလုံးကို သတ်လိမ့်မယ်"

"အေးကွယ်... မောင်ရင်ရဲ့ အနေအထားနဲ့ အခက်အခဲကို ကျုပ် အသိအမှတ်ပြုပါတယ်" ဒမ်းဘဲလ်ဒိုးက ပြောလိုက်တယ်။ "ဒါဆိုရင် ခုမတိုင်ခင်ကလည်း မောင်ရင့်ကို ကျုပ် ထိပ်တိုက်ရင်ဆိုင် မလုပ်ခဲ့တာနဲ့ ပတ်သက်ပြီး ဘာကြောင့်လို့ထင်သလဲ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ ကျုပ် မောင်ရင့်အပေါ် သံသယရှိနေတယ်လို့သာ လော့ဒ်ဗိုဒီမော့က သဘောပေါက်သွားရင် မောင်ရင် အသတ်ခံရမယ်ဆိုတာ ကျုပ် သိနေခဲ့လို့ပေါ့"

နာမည်ကို ကြားလိုက်တာနဲ့ မော်လ်ဖွိုင်းရဲ့ မျက်နှာရှုံ့မဲ့သွားတယ်။

"မောင်ရင့်ကို ပေးအပ်ခြင်းခံခဲ့ရတဲ့ မစ်ရှင်အဖွဲ့ကြောင့် မောင်ရင့်ကို ကျုပ် စကားမပြောဝံ့ခဲ့ဘူး။ အဲဒီကိစ္စမှာ သူက မောင်ရင်နဲ့ ဆန့်ကျင်ပြီး တစ်ဖက်လူရဲ့ စိတ်နဲ့ အာရုံခံစားမှုကို နှုတ်ယူတဲ့ မှော်ပဥ္စလက်နည်းကို အသုံးပြုခဲ့တယ်" ဒမ်းဘဲလ်ဒိုးက ဆက်ပြောနေတယ်။ "ဒါပေမဲ့ ခုနောက်ဆုံးကျတော့ ကျုပ်တို့ တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောနိုင်ပြီလေ။ ကျုပ်တို့ကို ဘယ်အရာကမှ အန္တရာယ်မပြုနိုင်ခဲ့ပါဘူး။ နောက် မောင်ရင်ဟာ ဘယ်သူ့ကိုမှ အနာတရဖြစ်အောင် ဒုက္ခမပေးခဲ့ဘူး။ မောင်ရင် မရည်ရွယ်ဘဲ မောင်ရင့်ရဲ့ ဓားစားခံသားကောင် ဖြစ်ခဲ့သူတွေ အသက်ရှင်လွှန်မြောက်ခဲ့တာကိုက မောင်ရင် သိပ်ကံကောင်းတယ်။ ကျုပ် မောင်ရင့်ကို ကူညီနိုင်ပါတယ် ဒရာကို"

www.burmeseclassic.com

www.burmeseclassic.com

“မဟုတ်ဘူး ခင်ဗျား မကူညီနိုင်ဘူး” မော်လ်ဖွိုင်းက ပြောလိုက်တယ်။ သူ့ရဲ့ ဆေးကြိမ်လုံးကိုင်ထားတဲ့ လက်ကလည်း တလှုပ်လှုပ် တယမ်းယမ်းနဲ့။ “ဘယ်သူမှ မကူညီနိုင်ဘူးဗျာ။ သူက ကျွန်တော့်ကို အဲဒါကို လုပ်ရမယ်လို့ ပြောတယ်။ မလုပ်ရင် သူကျွန်တော့်ကို သတ်ပစ်လိမ့်မယ်။ ကျွန်တော့်မှာ ရွေးချယ်စရာ မရှိတော့ဘူး”

“အို.. မောင်ရင် သေသွားပြီးပြီဆိုရင် သူ မောင်ရင့်ကို မသတ်နိုင်ပါဘူး။ အမှန်တရားဘက်ကို ကူးလာစမ်းပါ ဒရာကို၊ မောင်ရင် စိတ်ကူးထားမိတာထက်ပိုပြီး လုံလုံခြုံခြုံ မောင်ရင့်ကို ကျုပ်တို့ ဝှက်ထားနိုင်ပါတယ်။ ဘာလိုဦးမလဲ။ ကျုပ် ခုညပဲ မှော်ဝန်ကြီးဌာနက လုံခြုံရေး အဖွဲ့ဝင်တွေကို မောင်ရင်ရဲ့ အမေဆီ လွှတ်လိုက်နိုင်တယ်။ သူတို့က မောင်ရင့်အမေကို အလားတူ လုံခြုံအောင် ဝှက်ထားပေးလိမ့်မယ်။ ကျုပ်ကို သတ်ဖြတ်ဖို့ ကြိုးစားရာမှာ မောင်ရင် သေသွားတယ်ဆိုတာကို ဘယ်သူကမှ အံ့သြမှာ မဟုတ်ပါဘူး။ ကျုပ်ကို ခွင့်လွှတ်နော်။ လော့ဒ်ဗိုဒီမော့ကတော့ အဲဒီလို ဖြစ်လိမ့်မယ်လို့ မျှော်လင့်ကောင်း မျှော်လင့်ထားလိမ့်မယ်။ ဒီလိုမဟုတ်လို့ ကျုပ်တို့က မောင်ရင့်ရဲ့ အမေကို ဖမ်းပြီး သတ်ပစ်လိုက်ပြီဆိုရင်ရော မရဏစားစုန်းတွေက အံ့သြမှာလား။ ဒါဟာ နောက်ဆုံးကျတော့ သူတို့ကိုယ်တိုင် လုပ်နိုင်မယ့် အတိုင်းအတာ အကုန်ပဲ။ မောင်ရင့်ရဲ့ အဖေဟာ အက်ဇ်ကာဘန်အကျဉ်းထောင်ကြီးထဲမှာ ရှိနေစဉ်အတောအတွင်းတုန်းက လုံခြုံဘေးကင်းပါတယ်။ အချိန်တန်ရင် သူ့ကိုလည်း ကျုပ်တို့ ကာကွယ်ပေးနိုင်မှာပါ။ အမှန်တရားဘက်ကို ကူးပြောင်းလာခဲ့ပါ ဒရာကိုရယ်၊ မောင်ရင်ဟာ လူသတ်သမား တစ်ယောက် မဟုတ်ပါဘူး”

မော်လ်ဖွိုင်းက ဒမ်းဘဲလ်ဒိုးကို စိုက်ကြည့်လိုက်တယ်။

“ဒါပေမဲ့ ကျွန်တော့် အခြေအနေက မလွယ်ပါဘူး” သူက ဖြည်းဖြည်းချင်း ပြောလိုက်တယ်။ “ကဲ– သူတို့က ခုကြံစည်ကြိုးပမ်းမှုမှာ ကျွန်တော် သေသွားပြီလို့ ထင်တယ်။ ဒါပေမဲ့ ကျွန်တော်က ခုဒီမှာ ရှိနေတယ်လေ။ နောက်ပြီး ခင်ဗျားက ကျွန်တော့် သြဇာကို ခံနေရတာ၊ ကျွန်တော့်လက်ထဲမှာ။ ကျွန်တော်က ဆေးကြိမ်လုံးကိုင်ထားတဲ့ လူတစ်ယောက်။ ခင်ဗျားက ကျွန်တော်ရဲ့ ကျေးသနားမှု နွားချမ်းသာမယ့် အဖြစ်ကို ရောက်နေတဲ့လူ”

“မဟုတ်ဘူး ဒရာကို”ဒမ်းဘဲလ်ဒိုးက တိတ်တိတ်ဆိတ်ဆိတ် ညင်ညင်သာသာလေး ပြောလိုက်တယ်။ “ခုဟာ ကျုပ်က သက်ညှာရမယ့်လူ။ သက်ညှာရမှာ မောင်ရင် မဟုတ်ဘူး။ ကျုပ်ပဲ၊ ခုအဲဒီအတိုင်းဖြစ်နေပြီ”

မော်လ်ဖွိုင်းက ဘာမှ မပြောဘူး။ သူ့ပါးစပ်က ဟနေတယ်။ ဆေးကြိမ်လုံး ကိုင်ထားတဲ့ လက်ကလည်း တစ်ဆတ်ဆတ် တုန်နေတုန်းပဲ။ ဒါပေမဲ့ မော်လ်ဖွိုင်းဟာ အဲဒီလက်ကို သိပ်မြှောက်ထားတာ မဟုတ်တော့ဘဲ စောစောကထက် နည်းနည်းလေး လျော့ကျသွားတာကို ဟယ်ရီ မြင်ရတယ်။

အဲဒီအခိုက်မှာပဲ လှေကားအတိုင်း ပြေးတက်လာတဲ့ ခြေသံတွေ မိုးချုန်းသလို တစ်ဒုန်းဒုန်း ထွက်ပေါ်လာတယ်။ နောက် ဝတ်ရုံအနက်တွေနဲ့ လူ ၄ယောက် ဝုန်းခနဲ တံခါးပေါက်ကို ဖြတ်ပြီး

www.burmeseclassic.com

ရဲတိုက်မျှော်စင်မြို့ရိုးပေါ်ကို ရောက်လာရာမှာ မော်လ်ဖွိုင်းကို အကြမ်းပတမ်းနဲ့ ဝင်တိုက်မိလို့ သူလမ်းပေါ်ကနေ ဘေးကို လွင့်သွားတယ်။

လုံးဝလှုပ်မရဘဲ အကြောတွေ သေနေသလို တုံ့ဆိုင်းနေလျက်နဲ့ပဲ၊ မျက်တောင်မခတ် စိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေထဲမှာ လူစိမ်း ၄ယောက်ကို ဟယ်ရီ ကြောက်လန့်တကြား မြင်နေရတယ်။ သူတို့ကို ကြည့်ရတာ အောက်ထပ်တွေက တိုက်ပွဲမှာ အနိုင်ရပြီး တက်လာတဲ့ မရဏာစားစုန်းကောင်ပဲ ဖြစ်ရမယ်။

မျက်နှာနဲ့ တစ်ကိုယ်လုံး အဖုတွေ အသီးတွေ ထွက်နေပြီး မနှစ်မြို့စရာကောင်းတဲ့ လူတစ်ယောက်က တစ်ဖက်စောင်းနင်း အသာရနေတဲ့ သဘောမျိုး ချွဲသလိပ်ကျပ်နေတဲ့ အသံကြီးနဲ့ မနားတမ်း ဟီလာတိုက်ရယ်နေတယ်။

"ဒမ်းဘဲလ်ဒိုး ချောင်ပိတ်မိနေပြီဟေ့" သူက ပြောလိုက်ပြီး ဂင်တိုတို ပုပျပ်ပျပ် လူကောင်သေးသေးနဲ့ သူ့ရဲ့ညီမလို့ ထင်ရပြီး အားရပါးရ ပြုံးနေတဲ့ မိန်းမတစ်ယောက်ဘက်ကို ပြန်လှည့်လိုက်တယ်။ ဟိုလူက ပြန်ဆက်ပြောတယ်။ "ဒမ်းဘဲလ်ဒိုးမှာ ဆေးကြိမ်လုံး မရှိတော့ဘူး လက်နက်မဲ့ ဖြစ်နေပြီ။ နောက်ပြီး ဒမ်းဘဲလ်ဒိုးက တစ်ယောက်တည်းကွ။ ပိုင်တယ်ကွ၊ အားလုံးပြီးသွားပြီ ဒရာကို ကောင်းကောင်းကြီး ပွဲပြီးသွားပြီ"

"ကောင်သောညပါ အေမီကတ်စ်" ဒမ်းဘဲလ်ဒိုးက အေးအေးဆေးဆေးပဲ နှုတ်ဆက်လိုက်တယ်။ သူပြောပုံက ဟိုလူကို လက်ဖက်ရည်ပါတီပွဲ တက်လာသူကို ကြိုဆိုနေတဲ့ အတိုင်းပဲ။ "ဩော် မင်းက အလက်တိုကိုပါ ခေါ်လာတာကိုး။ ကျက်သရေရှိလိုက်တာ"

ဟိုအမျိုးသမီးက စိတ်ဆိုးတဲ့ ပုံစံနဲ့ ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီးမှ ငေါ့တော့တော့ အသံနဲ့ "ဘာလဲ သေခါနီးဆဲဆဲ ရှင်ဒီလို ဟာသလုပ်လို့ သက်သာရာရမယ် လွတ်မယ်များ ထင်နေလို့လား"လို့ ပြောလိုက်တယ်။

"ဟာသလုပ်တယ် ဟုတ်လား မဟုတ်ရပါဘူးကွယ်။ ကျုပ်က အဲဒါအရှိကို အရှိအတိုင်း ပြောလိုက်တာပါ" ဒမ်းဘဲလ်ဒိုးက ပြန်ပြောလိုက်တယ်။

"ကဲလုပ်ကြလေ"

ဟယ်ရီနဲ့ အနီးဆုံးနေရာမှာ ရပ်နေတဲ့ စောင်းငန်းငန်း ဇရာမ လူကောင်ထွားထွားကြီး၊ အရပ်ကြီး ကလန်ကလားနဲ့ အညိုရောင်ဆံပင်နဲ့ မုတ်ဆိတ်တွေ ထူလပျစ်ကျပ်ခဲကြီး ဖြစ်နေပြီး မရဏာစားစုန်း ယူနီဖောင်း ဝတ်ရုံနက်ကြီးကို ဖိုသီဖတ်သီ ဝတ်ဆင်ထားတဲ့ လူစိမ်းက ပြောလိုက်တယ်။ သူ့အသံက ဟယ်ရီဘယ်မှာမှ မကြားခဲ့ဖူးသေးတဲ့ အာခေါင်ကိုခြစ်ပြီး ဟောင်တဲ့အသံမျိုး။ နောက် သူ့ကိုယ်ကနေ ထွက်လာနေတဲ့ ချေးညှော်နဲ့ ချွေးတွေအပြင် မမှားနိုင်အောင် သေချာတဲ့ သွေးတွေပါ ရောနှောနေတဲ့ အနံ့ဆိုးကြီးကိုလည်း ဟယ်ရီ ရှူရှိုက်နေရတယ်။ သူ့ရဲ့ မသတီစရာကောင်းတဲ့ လက်ကြီးတွေက ထွက်နေတဲ့ ဇရာမလက်သည်းရှည်ကြီးတွေက ဝါထိန်ညစ်ပတ်လို့။

www.burmeseclassic.com

"ဟာ မင်းက ဖင်နီယာမဟုတ်လား"ဒမ်းဘဲလ်ဒိုးက လူစိမ်းတစ်ယောက်ကို မေးလိုက်ပြန်တယ်။

"ဟုတ်တယ် ကျုပ်ကို မြင်ရပြီး ခင်ဗျား သဘောကျနေသလား ဒမ်းဘဲလ်ဒိုး"လူစိမ်းက လျှာခလုတ်တိုက်နေတဲ့ အသံကြီးနဲ့ ပြန်ဖြေလိုက်တယ်။

"အဲဒီလို မဟုတ်ပါဘူးကွယ်"

ဒီတော့ သမန်းဝံပုလွေ ဖင်နီယာဂရေးဘက်က သူ့သွားတွေပေါ်အောင် အားပါးတရ ပြုံးလိုက်တယ်။ သူ့မေးစေ့ကနေ သွေးတွေ စီးကျနေပြီး သူက သူ့နှုတ်ခမ်းမှာပေနေတဲ့ အဲဒီသွေးတွေကို မြင်မကောင်းအောင် တစိမ့်စိမ့်ဖြည်းဖြည်းချင်း လျက်နေတယ်။

"ကျုပ် ကလေးတွေကို ဘယ်လောက်ကြိုက်တယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား ဒမ်းဘဲလ်ဒိုး" သူက ပြောလိုက်တယ်။

"မင်းဟာ ခုလပြည့်ည မဟုတ်ဘဲနဲ့တောင် တိုက်ခိုက်တတ်နေပြီ။ ကျုပ် ထင်တယ်။ ဒါဟာ တကယ့်ကို အစဉ်အလာမဟုတ်တဲ့ လုပ်ရပ်ပဲ။ မင်းဟာ လူသားတွေကို တစ်လကိုတစ်ကြိမ် စားရတာနဲ့တောင် မတင်းတိမ်နိုင်တော့ဘဲ အရသာကို တိုးပြီး ခံစားနေပြီပေါ့"

"အဲဒါ အမှန်ပဲ၊ ခင်ဗျား သိပ်တုန်လှုပ်သွားတယ်နဲ့ တူတယ်၊ ဟုတ်လား ဒမ်းဘဲလ်ဒိုး ကြောက်နေပြီလား" ဖင်နီယာ ဂရေးဘက်က ပြောလိုက်တယ်။

"ဒါပေါ့ ဒါပေါ့ ကျုပ် ဟန်မဆောင်ဘူး။ အမှန်အတိုင်းပဲ ပြောမယ်။ ကျုပ် နည်းနည်းလေးတောင် မသတိမဖြစ်ပါဘူး။ ဒါပေမဲ့ ဒရာကိုက သူ့ရဲ့ သူငယ်ချင်းတွေချည်းပဲ နေထိုင်တဲ့ ဒီကျောင်းထဲကို လူအားလုံးထဲကနေ မင်းကို ဖိတ်ခေါ်လိုက်တဲ့ အတွက်တော့ ကျုပ် အတော်လေး တုန်လှုပ်အံ့သြသွားတယ်"

"ကျွန်တော် မဖိတ်ဘူး" မော်လ်ဖွိုင်းက အသံတိုးတိုးပြောလိုက်တယ်။ ဒါပေမဲ့ သူ ဖင်နီယာကို မကြည့်ဘဲ မျက်နှာလွှဲနေတယ်။ မော်လ်ဖွိုင်းဟာ သူ့ကို ဖျတ်ခနဲ တစ်ချက်ကလေးတောင် ကြည့်ချင်မြင်ချင်ပုံမရသလို ဖြစ်နေတယ်။ မော်လ်ဖွိုင်းက ဆက်ပြောလိုက်တယ်။ "သူလာမယ်ဆိုတာ ကျုပ်သိတောင် မသိဘူး"

"ဟော့ဂ်ဝပ်စ်ကို သွားမယ့် ခရီးတစ်ခေါက်ကို ကျွန်တော် ဘယ်အလွတ်ခံချင်မှာလဲ ဒမ်းဘဲလ်ဒိုး"ဂရေးဘက်က အာခေါင်သံ အက်အက်ကြီးနဲ့ ပြောလိုက်ပြန်တယ်။ ဟိုမှာ ကုတ်ခြစ်သွေးစုပ်စရာ လည်ချောင်းတွေ မရှိဘဲ ဖြစ်နေတုန်းလေ။ အရသာ မြိုးမြိုးမြက်မြက် ရှိလိုက်တာ၊ အရသာရှိလိုက်တာဗျာ"ဂရေးဘက်က ပြောလိုက်တယ်။

ပြီးတော့ သူ့လက်ကို မြှောက်လိုက်ပြီး ဝါကျင်ကျင် လက်သည်းရှည်ကြီး တစ်ချောင်းနဲ့ သွားကြားတွေထဲက အသားဖတ်တွေကို ကော်ထုတ်ပစ်နေရင်း ဒမ်းဘဲလ်ဒိုးကို ရွဲ့စရာအပြုံးကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြုံးပြလိုက်တယ်။ နောက် ဆက်ပြောသေးတယ်။ "ဒမ်းဘဲလ်ဒိုး နောက်ပိုင်းမှာ ခင်ဗျားအလှည့်လည်း ရောက်လာနိုင်တယ်နော်"တဲ့။

မော်လ်ဖွိုင်း ဘယ်လိုမှ မဆုံးဖြတ်တတ်ဘဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတယ်။ မြို့ရိုးနံရံရဲ့ အောက်ဘက်ကို ခြေထောက်တွေ ပိုပိုပြီး လျှောကျနေသလို မျက်နှာမှာလည်း စောစောကနဲ့ လုံးဝမတူအောင် ပိုပြီး ဖြူဖွေးသွေးဆုတ်နေတဲ့ ဒမ်းဘဲလ်ဒိုးကိုကြည့်ရင်း သူထိတ်လန့်ကြောက်ရွံ့လာသလို ဖြစ်နေတယ်။

"မင်းကသာ တောင်းဆိုမယ်ဆိုရင် သူ့ကို ဒီကမ္ဘာကြီးမှာ ဘယ်နည်းနဲ့မှ နောက်ထပ် လုံးဝအရှင်ထားစရာ မလိုတော့ဘူး" စောင်းငန်းငန်း ထွားကျိုင်းကျိုင်း လူကြီးက ချွဲသလိပ်ကျပ်သံနဲ့ တခစ်ခစ်ရယ်နေတဲ့ သူ့ရဲ့ ညီမကို ပြောလိုက်တယ်။

"သူ့ကို ကြည့်လိုက်စမ်း၊ ခင်ဗျား ခု ဘာဖြစ်နေတာလဲ ဒမ်ဘီ"

"အို.... ခုခံအားလည်း နည်းနေပြီ၊ တုံ့ပြန်နိုင်မှုလည်း နှေးကွေးနေပါပြီ အေမီကပ်စ်၊ အသက်လည်း ကြီးနေပြီလေ။ တစ်နေ့သောအခါမှာ မင်းလည်း ဒီအတိုင်း ဖြစ်လာမှာပေါ့ကွယ်။ မင်းကံကောင်းမယ်ဆိုရင်တော့..."

"ခင်ဗျား ဒါ ဘာကို ဆိုလိုတာလဲ၊ ဒါ ဘာကို ဆိုလိုတာလဲ" ဖြုန်းခနဲ ဒေါသူပုန်ထသွားတဲ့ မရဏစားစုန်းကောင်က ပေါက်ကွဲသံကြီးနဲ့ မေးလိုက်တယ်။ "အမြဲတမ်း ဒီအတိုင်းပဲ ရှိနေမယ်။ ကျုပ်တို့မှာ အဲဒါတွေ မရှိဘူး ဒမ်ဘီ၊ ပြောစရာ လုပ်စရာ ဘာမှ မရှိတော့ဘူး၊ မရှိတော့ဘူး။ ခင်ဗျားကို သတ်ရမှာ မှော်ဂိုဏ်းချုပ် အမှောင်သခင်ကြီးက ဘာကို စိုးရိမ်ပြီး ဝန်လေးနေတယ်ဆိုတာ ကျွန်တော် မသိတော့ဘူး။ ကဲလာ ဒရာကို။ မင်း သူ့ကို သတ်လိုက်တော့"

ဒါပေမဲ့ တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်မှာပဲ အောက်ထပ်တွေဆီက လုံးထွေး သတ်ပုတ်သံတွေ အသစ်ထပ်ထွက်လာပြီး၊ အသံတစ်သံက အော်လိုက်တယ်။ "သူတို့ လှေကားကို ပိတ်ထားခဲ့တယ်"

"ပြန်ပွင့်သွားစေ-ရီဒတ်တို၊ ပြန်ပွင့်သွားစေ-ရီဒတ်တို"

ဟယ်ရီရဲ့ ရင်တွေ ခုန်နေတယ်။ ဒါဆိုရင် ဒီမရဏစားစုန်းလေးကောင်ဟာ သူတို့ ရန်သူတွေ အကုန်လုံးကို ရှင်းလင်းသုတ်သင် ပစ်နိုင်ခဲ့သေးတာ မဟုတ်ဘဲ တိုက်ပွဲကနေ ဖောက်ထွက်ပြီး မျှော်စင်ထိပ်ကို တက်လာကြတာ သက်သက်ပဲ ဖြစ်ရမယ်။ ခုနအော်လိုက်တဲ့ အသံအရ သူတို့ကို နောက်ဘက်မှာ အတားအဆီး တစ်ခု ဖန်တီးခဲ့တာလည်း သေချာတယ်။

"ကဲ-ခုလုပ်တော့ ဒရာကို အမြန်သတ်လိုက်တော့" ရက်စက်ကြမ်းကြုတ်တဲ့ မျက်နှာနဲ့ လူကြီးက စိတ်ဆိုးမာန်ဆိုး ပြောလိုက်တယ်။

www.burmeseclassic.com

ဒါပေမဲ့ မော်လ်ဖွိုင်းရဲ့ လက်တွေ အကြီးအကျယ် ဆိုးဆိုးဝါးဝါး တုန်နေတယ်။ သူက ရွယ်ရုံပဲ ရွယ်၊ ချိန်ရုံပဲ ချိန်ထားနိုင်ပြီး ဆက်မလုပ်နိုင်ဘဲ ဖြစ်နေတယ်။

"ကဲ–ကွာ ငါပဲ သတ်လိုက်တော့မယ်" ဖင်နီယာ ဂရေးဘက်က မာန်ဖီဟိန်းဟောက်ကြိမ်းဝါးရင်း သူ့လက်နှစ်ဖက်ကို ရှေ့ကို ဆန့်တန်းပြီး ဒမ်းဘဲလ်ဒိုးဆီ ပြေးဝင်သွားတယ်။ သူ့ရဲ့ သွားနဲ့အစွယ်တွေကိုလည်း ဖြဲထားတယ်။

"ဟေ့ ငါပြောမယ်၊ မလုပ်နဲ့"ရက်စက်ကြမ်းကြုတ်တဲ့ မျက်နှာနဲ့ လူက အော်ဟစ်လိုက်တယ်။ နောက် သူတို့နေရာမှာ လက်ခနဲ အလင်းရောင်တစ်ချက် ပြိုးပြက်သွားပြီး ဒမ်းဘဲလ်ဒိုးကို သတ်မယ့် သမန်းဝံပုလွေ လွင့်ထွက်သွားတယ်။ သူမြို့ရိုးတံတိုင်းနဲ့ ပစ်တိုက်မိပြီး ဒယီးဒယိုင်ဖြစ်နေတယ်။ သူ ဒေါသအမျက်ခြောင်းခြောင်း ထွက်နေတယ်။

ဟယ်ရီရဲ့ နှလုံးသွေးတွေ တူထုသလို တဒိန်းဒိန်းနဲ့ ဖြစ်နေတယ်။ ဒမ်းဘဲလ်ဒိုးရဲ့ ခြေချုပ်မန္တန်ကြောင့် သူအကျဥ်းကျသလို မလှုပ်နိုင်မရှားနိုင်ဘဲ ရပ်နေတာကို ဘယ်သူမှ မမြင်နိုင် မကြားနိုင်ဖြစ်နေတယ်။ တကယ်လို့ သူလှုပ်ရုံကလေးပဲ လှုပ်နိုင်ရင်တောင် သူ့ရဲ့ ဝတ်ရုံအောက်ကနေ သူ မန္တန်လက်နက်တစ်ခုခုနဲ့ ချိန်နိုင်ပစ်နိုင်ဦးမယ်။

"ဒရာကိုမင်းသတ်တော့လေ၊ မဟုတ်ရင်လည်း ဘေးကို ဖယ်ပေးစမ်း၊ ဒါမှ တို့အထဲက တစ်ယောက်က" မရဏစားစုန်းမက ငယ်သံပါအောင် ဝင်အော်ပြောလိုက်တယ်။ ဒါပေမဲ့ အဲဒါနဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလို မြို့ရိုးတံတိုင်းပေါ်ကို တက်လာနိုင်မယ့် လှေကားတံခါးပေါက် ဝုန်းခနဲ ပွင့်ထွက်သွားပြီး အဲဒီမှာ မတ်တတ်ရပ်နေတဲ့ ပါမောက္ခစနိပ်ကို တွေ့လိုက်ရတယ်။ သူ့လက်ထဲမှာ ဆေးကြိမ်လုံးကို တင်းနေအောင် ဆုပ်ထားရင်း မြို့ရိုးနံရံကို မှီပြီး ဖင်ထိုင်လျက်ပစ်ကျနေတဲ့ ဒမ်းဘဲလ်ဒိုးကနေ ဒေါသတကြီး မာန်ဖီနေတဲ့ သမန်းဝံပုလွေအပါအဝင် မရဏစားစုန်းလေးကောင်နဲ့ မော်လ်ဖွိုင်းအထိ မြင်ကွင်းနဲ့ အခြေအနေတစ်ခုလုံးကို သူ ဝေ့ပြီး သိမ်းကျုံးကြည့်လိုက်တယ်။

"ကျွန်တော်တို့ ပြဿနာတစ်ခု တွေ့နေလို့ စနိပ်ရေ... ဒီမှာ ကောင်လေးက မလုပ်နိုင်ဘဲ ဖြစ်နေတယ်"အဖုအထစ်တွေနဲ့ မရဏစားစုန်းကောင်ကြီးက ပြောလိုက်တယ်။ သူ့မျက်လုံးတွေကို ဒမ်းဘဲလ်ဒိုးဆီကနေ မခွာသလို သူ့ဆေးကြိမ်လုံးကို လည်း ရွယ်ထားလျက်ပဲ။

ဒါပေမဲ့ စနိပ်ဘာမှ မပြောရခင် သူတို့ထဲက မဟုတ်တဲ့ တိုးတိုးညင်းညင်း ခေါ်သံတစ်ချက် ထွက်ပေါ်လာတယ်။ "ဆီးဗားရပ်စ်"

အဲဒီအသံကြောင့် ဟယ်ရီတွေ့ကြုံခဲ့ရသမျှ ညဦးအချိန်တွေတိုင်းထက် ဟယ်ရီပိုပြီး လန့်ဖျပ်သွားတယ်။ ပထမဆုံးအကြိမ်အဖြစ် ဒမ်းဘဲလ်ဒိုးက ရှင်းပြနေတယ်။

စနိပ်က ဘာမှမပြောဘဲ ရှေ့ကို တိုးသွားပြီး မော်လ်ဖွိုင်းကို နေရာကနေ ကြမ်းကြမ်းတမ်းတမ်း တွန်းထုတ်ပစ်လိုက်တယ်။ ဒီမှာတင် မရဏစားစုန်းကောင် သုံးဦးပါ ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ နောက်ကို ဆုတ်သွားကြတယ်။ သမန်းဝံပုလွေလည်း အမြီးကုပ်သွားတယ်။

www.burmeseclassic.com

စနိပ်က ဒမ်းဘဲလ်ဒိုးကို တစ်အောင့်ကြာအောင် စိုက်ပြီး ငေးကြည့်နေတယ်။ သူ့မျက်နှာပေါ်မှာ ရှုံ့ရှာစက်ဆုပ်မှုနဲ့ မုန်းတီးမှုတွေကို စူးစူးနက်နက် ထွင်းထုပုံဖော်ထားသလို အတိုင်းသား ပေါ်နေတယ်။

"ဆီးဗားရပ်စ်......... ကျေးဇူးပြုပြီး"

စနိပ်က သူ့ဆေးကြိမ်လုံးကို မြှောက်လိုက်ပြီး ဒမ်းဘဲလ်ဒိုးကို တည့်တည့်ထိုးချိန်ထားလိုက်ပြီး အော်လိုက်တယ်။

"လွင့်ပျံတစ်စစီ ဖြစ်ပျောက်ကွယ်သွားစေ–အဗဒါကီဒါဗရာ"

အစိမ်းရောင်အလင်းတန်းတစ်ခု စနိပ်ရဲ့ ဆေးကြိမ်လုံးထိပ်ကနေ လက်ခနဲ ထိုးထွက်သွားပြီး ဒမ်းဘဲလ်ဒိုးရဲ့ ရင်ဘတ်ကို တည့်တည့်ထိမှန်သွားတယ်။ ဟယ်ရီ ကြောက်လန့်တုန်လှုပ်ပြီး အားကုန်အော်လိုက်ပေမဲ့ အသံက ထွက်မလာဘူး။ တိတ်ဆိတ်ငြိမ်သက် မလှုပ်မယှက်နဲ့ဘဲ ဒမ်းဘဲလ်ဒိုး လေထဲကို လွင့်ပျံတက်သွားတာကို ဒီအတိုင်းကြည့်နေရတယ်။ စက္ကန့်ပိုင်းလေးလောက်ပဲကြာတယ်။ ဝင်းဝင်းလက်လက် လင်းနေတဲ့ အောက်လမ်းမှော်အမှတ် သင်္ကေတဦးခေါင်းခွံကြီးရဲ့ အောက်မှာ သူပါသွားချိတ်ပြီး တွဲလောင်းကြီးဖြစ်နေတယ်။ နောက် ဖြည်းဖြည်းချင်း အဝတ်ရုပ်ကလေး တစ်ရုပ်လို တိုက်ပွဲဖြစ်ပွားတဲ့ နေရာအပေါ်ကို သူပြန်ကျလာရာက မြင်ကွင်းထဲက လုံးဝပျောက်ကွယ်သွားပါတော့တယ်။

ဂဂဂဂဂဂဂဂဂဂဂ×

အခန်း (၂၈)
မှော်ဝိဇ္ဇာ ရှောင်တိမ်းထွက်ပြေးရခြင်း

ဟယ်ရီဟာ သူကိုယ်တိုင်ပါ အာကာသ ဟင်းလင်းပြင်ထဲကို ဦးကျွမ်းပြန် လွင့်စဉ်သွားသလို ခံစားလိုက်ရတယ်။

"ဒါ တကယ်ဖြစ်တာ မဟုတ်ဘူး။ ဒါတကယ် မဖြစ်နိုင်ပါဘူး"သူ့စိတ်ထဲကနေ အကြိမ်ကြိမ် ပြောဆိုနေပါတယ်။

"ကဲ ဒီနေရာက အမြန်ခွာကြစို့" စနိပ်က ပြောလိုက်တယ်။

နောက် သူ မော်လ်ဖွိုင်းကို ဇာက်ပိုးတစ်ချက် အုပ်ထည့်လိုက်ပြီးမှ ကုပ်ကနေ ဆွဲကိုင်ပြီး ကျန်တဲ့လူတွေရဲ့ရှေ့ကနေ တံခါးကိုဖြတ်ပြီး ထွက်သွားခိုင်းလိုက်တယ်။ ဂရေးဘက် သူ့ရဲ့ ပုပျပ်ပျပ်ညီနဲ့ ညီမလည်း လိုက်သွားကြတယ်။ အဲဒီနှစ်ယောက်လုံး စိတ်တွေလှုပ်ရှားပြီး အသက်ကို ဟောဟဲလိုက်ရှူနေကြတယ်။ သူတို့ တံခါးဘက်ကို ပျောက်ကွယ်သွားချိန်မှာပဲ ဟယ်ရီဟာ သူ ပြန်လှုပ်ရှားလို့ ရလာပြီဆိုတာ သိလိုက်ရတယ်။

www.burmeseclassic.com

ဒါတင်မကဘဲ သူ အကြောတွေ သေနေသလို မလှုပ်နိုင် မရှားနိုင်တာဟာ မော်နဲ့မဆိုင်ဘဲ သူ့ရဲ့ ကြောက်လန့်တုန်လှုပ်လွန်းမှု ကြောင့် ဖြစ်တယ်ဆိုတာ သတိပြုမိသွားတယ်။ သူ ကိုယ်ပျောက်ဝတ်ရုံကို ဘေးကို ဆွဲဖယ်ချလိုက်ချိန်မှာပဲ မျှော်စင်အမြင့်ထိပ်ဖျားကနေ နောက်ဆုံးထွက်ခွာသွားတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ မျက်နှာနဲ့ မရဏစားစုန်းကောင်ကြီးက တံခါးပေါက်ထဲကို ဝင်ပြီး မြင်ကွင်းက ပျောက်ကွယ်သွားတယ်။

"အလုံးစုံ အကြွင်းမဲ့ ထိမှန် နိမ်နှင်းလိုက်စေ"

မရဏစားစုန်းကောင်ဟာ သူ့ရဲ့ နောက်ကျောကို မာကျောသိပ်သည်းတဲ့ တစ်စုံတစ်ခု သွားထိမှန်တာ ခံလိုက်ရသလို အုန်းခနဲ ပစ်လဲကျသွားပြီးမှ ဖယောင်းရုပ်ကြီးတစ်ခုလို လုံးခဲမာတောင့်သွားတယ်။ သူကိုယ်တိုင်ကတော့ ကြမ်းပြင်ပေါ်ကိုသာ ပစ်ကျသွားတဲ့ ဟယ်ရီဟာ မရဏစားစုန်းကောင်ကို ကုတ်ကတ်ခွကျော်ဖြတ်ပြီး မှောင်မည်းနေတဲ့ လှေကားအုံအတိုင်း ပြေးဆင်းလာခဲ့တယ်။

ထိတ်လန့်တုန်လှုပ် ချောက်ချားမှုက ဟယ်ရီရဲ့ အကြီးအကျယ် အထိတ်တလန့် ဖြစ်ရမှုတွေကြောင့် ဟယ်ရီရဲ့ ရင်ထဲမှာ ဆွဲဖဲ့ခံရသလို ခံစားနေရတယ်။ သူ ဒမ်းဘဲလ်ဒိုးကို ရအောင် ရှာဖွေဖို့လိုတယ်။ သူ စနိပ်ကိုလည်း ဖမ်းရမယ်။ ဒီနှစ်ခုဟာလည်း တစ်နည်းနဲ့တစ်နည်းတော့ ဆက်စပ်နေမှာပဲ ဖြစ်တယ်။ တကယ်လို့သာ သူကိုယ်တိုင် သူတို့နဲ့ အတူရှိနေရင် ဘာတွေ ဖြစ်လာမလဲ သူပြန်စဉ်းစားနေတယ်။ ဘာပဲဖြစ်ဖြစ် ဒမ်းဘဲလ်ဒိုး မသေနိုင်ပါဘူး။ သူ ဒီအတိုင်းပဲ ယုံကြည်နေတယ်။ ဒမ်းဘဲလ်ဒိုး မသေနိုင်ဘူး။

ကြောင်လိမ်လှေကားရဲ့ အောက်ဆုံး ဆယ်ထစ်ကို တစ်ထစ်ချင်း ဆင်းမနေဘဲ ခုန်ချပစ်လိုက်ပြီး မြေကြီးပေါ်ကို ရောက်သွားချိန်မှာ ဟယ်ရီက သူ့ဆေးကြိမ်လုံးကို မြှောက်ရွယ်လိုက်တယ်။ မှိန်ပျပျလင်းနေတဲ့ စင်္ကြံထဲမှာ ဖုန်တွေ ပြည့်နှက်နေတယ်။ မျက်နှာကြက်တွေလည်း တစ်ဝက်လောက် အတိပြိုကျနေပြီး တိုက်ပွဲတစ်ခု သူ့ရှေ့မှာ အကြိတ်အနယ် ဖြစ်ပွားနေဆဲပဲ။

ဒါပေမဲ့ တိုက်ပွဲဟာ ဘယ်သူတွေက ဘယ်သူ့ကို တိုက်နေတယ်ဆိုတာ ကွဲကွဲပြားပြား သိရအောင် သူ ကြိုးစားနေတုန်းပဲ ရှိသေးတယ်။ ခါးသက်မုန်းတီးတဲ့ အသံနဲ့ အော်လိုက်တဲ့ အသံတစ်သံ ထွက်လာတာကို သူကြားလိုက်ရတယ်။

"တိုက်ပွဲ ပြီးသွားပြီ၊ သွားဖို့ အချိန်တန်နေပြီ"ဆိုတဲ့ အသံပဲ။ အဲဒါနဲ့ တစ်ဆက်တည်း စင်္ကြံရဲ့ ခပ်လှမ်းလှမ်း အကွေ့တစ်ခုကို ချိုးကွေ့ဝင်ပြီး ပျောက်ကွယ်သွားတဲ့ စနိပ်ကို သူတွေ့လိုက်ရတယ်။ ကြည့်ရတာ သူနဲ့ မော်လ်ဖွိုင်းတို့နှစ်ယောက် တိုက်ပွဲထဲက ထိုးဖောက်ပြီး ဒဏ်ရာအနာတရ မရှိဘဲ လွတ်မြောက်ထွက်ခွာသွားတော့မယ့်ပုံ ဖြစ်နေတယ်။

ဒါကြောင့် သူတို့နှစ်ယောက်နောက်ကို လိုက်ဖို့ ဟယ်ရီအရှိန်နဲ့ ပြေးသွားလိုက်ချိန်မှာပဲ တိုက်ခိုက်နေသူတွေထဲက တစ်ယောက်ဟာ တိုက်ပွဲထဲက ထိုးဖောက်ထွက်လာပြီး သူ့ဆီကို အပြေးအလွှား ခုန်ပျံဝင်လာတယ်။ အသေအချာ ကြည့်လိုက်တော့ သူဟာ သမန်းဝံပုလွေ ဖင်နီယာဂရေးဘက်ပဲ

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ သူ့ဆေးကြိမ်လုံးကို မမြှောက်လိုက်နိုင်ခင်မှာပဲ သူက ရှေ့ကနေ ပိတ်ရပ်ပြီး ဖြစ်နေတဲ့အပြင် အပေါ်စီးလည်း ရနေတယ်။

ဟယ်ရီ နောက်ကို ပြန်ဆုတ်လိုက်တယ်။ ဖုန်တွေအလူးလူးနဲ့ အရောင်အဆင်း မရှိတော့တဲ့ သူ့ဆံပင်တွေက သူ့မျက်နှာကို ဖုံးနေတယ်။ သူ့တစ်ကိုယ်လုံး ချွေးတွေနဲ့ နံစော်နေပြီး နှာခေါင်းနဲ့ ပါးစပ်ထဲမှာလည်း သွေးတွေနဲ့ ပြည့်နေလို့ သူ လည်ချောင်းနဲ့အသက်ကို လုပြီး အငမ်းမရ ရှူနေရတယ်။

"အားလုံး အကြွင်းမဲ့ ထိမှန်နှိမ်နင်းလိုက်စေ-ပက်ထရီဖီးကပ်စ် တိုတယ်လပ်စ်" ဟယ်ရီက အော်ပြီး သူ့ရဲ့ မန္တန်လက်နက်ကို လွှတ်လိုက်တယ်။

ဒီမှာတင် ဖင်နီယာဂရေးဘက်ဟာ သူ့အပေါ်ကို ပြုတ်ကျလာလို့ ဟယ်ရီက သမန်း ဝံပုလွေကို ကြောက်ခမန်းလိလိအားနဲ့ တွန်းထုတ်လိုက်တာ ကြမ်းပြင်ပေါ်ကို ပစ်ကျသွားခါ ရှိသေးတယ်။ အစိမ်းရောင် အလင်းတန်းတစ်ခု သူ့ဆီကို တန်းခနဲ ပျံဝဲပြီး တိုးဝင်လာလို့ ဟယ်ရီ ငုံ့ရှောင်ပြေးရာက တိုက်ပွဲထဲကို ဦးကျွမ်းပြန် ပစ်ကျသွားတယ်။ နောက် သူ့ခြေထောက်တွေက ပျော့ပြိပြိ ပစ္စည်း တစ်စုံတစ်ခုနဲ့ သွားထိမိပြီး ကြမ်းပြင်ပေါ် လျှောထွက်သွားရာက ခလုတ်တိုက်ပြီး ဟပ်ထိုးဖြစ်သွားတယ်။ သူ ခလုတ်တိုက်မိတာက ကြမ်းပေါ်က သွေးအိုင်ထဲမှာ မှောက်လျက်လဲကျနေတဲ့ ခန္ဓာကိုယ်နှစ်ခု။ ဒါပေမဲ့ အဲဒါ ဘယ်သူတွေလဲဆိုတာ စူးစမ်းကြည့်ဖို့ သူ့မှာ အချိန်မရှိဘူး။ သူ့ရှေ့မှာ မီးတောက်မီးလျှံတွေနဲ့ တူတဲ့ ဆံပင်နီနီတွေ ပျံဝဲဝင်လာနေပြန်ပြီ။

တိုက်ပွဲအလယ်မှာ ပိတ်ညပ်မိနေတဲ့ ဂျင်နီလည်း မျက်နှာနဲ့ ခန္ဓာကိုယ်တစ်ခုလုံး စလုံးစခုနဲ့ အဖုအထစ်တွေ ဖြစ်နေတဲ့ မရဏစားစုန်းကောင် အေမီကပ်စ်နဲ့ ရင်ဆိုင်တွေ့နေတယ်။ အေမီကပ်စ်ဟာ သူ့ရဲ့ ဆဌဂံမန္တန်လက်နက်တွေ တစ်ခုပြီးတစ်ခုနဲ့ ဆက်ကာ ဆက်ကာ ပစ်လွှတ်နေတာကို ဂျင်နီက ရှောင်တိမ်းနေရတယ်။ အေမီကပ်စ်က သဘောကျပြီး တဟဲဟဲ ရယ်နေတယ်။

"ကဲ-နင် ဘယ်လောက် ရှောင်နိုင်မလဲ၊ နင်ဒီလို တစ်ချိန်လုံး ရှောင်မနေနိုင်ပါဘူး"

"ပြဿနာ ဝန်ထုပ်ဝန်ပိုးကောင်တွေ၊ အရှုပ်ထုပ်တွေ"ဟယ်ရီက အော်ပြီး ဂြိုလ်ဆိုးလက်နက်နဲ့ ပစ်လိုက်တယ်။ ဂြိုလ်ဆိုးမန္တန်လက်နက်က အေမီကပ်စ်ရဲ့ ရင်ဝကို ထိသွားတယ်။ နာကျင်တဲ့ ဝေဒနာကြောင့် သူဝက်လိုအော်ငြီးတွားရင်း မြေပြင်ကနေ မြောက်တက်သွားပြီးမှ နံရံနဲ့ ပစ်ဆောင့်မိသွားတယ်။ သူ့ ခန္ဓာကိုယ်ဟာ အဲဒီနေရာကနေ လျှောထွက်သွားရာက ရွန်၊ ပါမောက္ခ မက်ဂိုနာဂေါ်လ်နဲ့ လူပင်းတို့ရဲ့ နောက်ဘက်မြင်ကွင်းထဲကနေ လိမ့်ကျသွားတယ်။ သူတို့လေးယောက်လည်း မရဏစားစုန်းကောင်တွေနဲ့ တစ်ယောက်ချင်း ကိုယ်စီကိုယ်စီ တိုက်ခိုက်နေရတယ်။ သူတို့တင်မကဘဲ ရွှေဝါရောင်ဆံပင်တွေရှိနေတဲ့ မရဏစားစုန်းကောင်တစ်ကောင်နဲ့ အသေအကျေတိုက်နေရင်းက ကျိန်စာ မန္တန်ပျံတွေနဲ့ ပတ်ပတ်လည်နေရာအနှံ့ကို ပစ်လွှတ်နေတဲ့ တွမ့်ခ်စ်ကိုလည်း ဟယ်ရီ တွေ့ရတယ်။ ထပ်ထပ်ပြီး ပစ်လိုက်တဲ့ ကျိန်စာမန္တန်တွေရော၊ နံရံကိုသွားထိပြီး ပြန်ကန်လွင့်စဉ်ထွက်လာနေတဲ့ မန္တန်တွေနဲ့ပါ သူ့အနားတစ်ဝိုက်မှာ ရှုပ်ယှက်ခတ်နေရာက ကျောက်တုံးကြီး အက်ကွဲသွားသလို အနီးဆုံးနေရာက ပြတင်းပေါက်လည်း အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်ရီ နင်ဘယ်က ရောက်လာတာလဲ" ဂျင်နီက အော်မေးလိုက်တယ်။ ဒါပေမဲ့ ဟယ်ရီမှာ သူမကို ပြန်ဖြေဖို့ အချိန်မရှိဘူး။ သူခေါင်းကို ငုံ့ထားပြီး ရှေ့ကိုခြေကုန်သုတ်ပြေးနေတယ်။ သူ့ခေါင်းပေါ်မှာ ဖြုန်းခနဲ ပေါ်လာတဲ့ ပေါက်ကွဲမှုတစ်ခုနဲ့လည်း သူပွတ်ကာသီကာလွဲသွားတယ်။ ပေါက်ကွဲမှုကြောင့် နံရံက အစတွေ ဖွာခနဲ ထွက်လာတယ်။ စနိပ် မလွတ်စေရဘူး။ သူ စနိပ်ကို မိကိုမိရမယ်။

"လိုက်စမ်း" ပါမောက္ခမက်ဂိုနာဂေါ်လ်က အော်လိုက်တယ်။ ဟယ်ရီလှမ်းကြည့်လိုက်တော့ မရဏစားစုန်းမအလက်တိုဟာ သူမရဲ့ လက်တွေကို ခေါင်းပေါ်မှာ ကာထားပြီး စင်္ကြံအတိုင်း တစ်ရှိန်ထိုး ခြေကုန်သုတ်ပြေးသွားနေတာကို မြင်ရတယ်။ သူမရဲ့ မောင်လည်း သူမရဲ့ နောက်က ထပ်ကြပ်ပါသွားတယ်။ ဟယ်ရီ ဘာမှ စဉ်းစားမနေဘဲ သူတို့နောက်ကို ချက်ချင်းပြေးလိုက်သွားတယ်။ ဒီမှာတင် သူ့ခြေထောက်တစ်ဖက် တစ်စုံတစ်ခုနဲ့ တိုက်မိပြီး ကြမ်းပြင်ပေါ်မှာ ကန့်လန့်ဖြတ်လဲကျနေတဲ့ ခြေထောက်တွေ နံဘေးကို ထပ်လဲကျသွားတယ်။ သူလှည့်လိုက်တော့ သွေးဆုတ်အရောင်ဖျော့နေတဲ့ နက်ဗီးလ်ရဲ့ မျက်နှာလုံးလုံးကို မြင်လိုက်ရတယ်။ နက်ဗီးလ်က ကြမ်းပြင်ပေါ်မှာ ဆန့်နေတယ်။

"နက်ဗီးလ်... မင်း နက်ဗီးလ်မဟုတ်လား"

"ငါ .... ငါ နက်ဗီးလ်ပါ" နက်ဗီးလ်က သူ့ဗိုက်ကို နှိပ်နေရင်း ပြောလိုက်တယ်။ "ဟယ်ရီ စနိပ်နဲ့ မော်လ်ဖွိုင်း ဒီကဖြတ်ပြေးသွားတယ်ကွ"

"အေး ငါသိတယ်၊ ဒါ့ကြောင့် ငါသူတို့ကို လိုက်နေတာ" ဟယ်ရီက ကြမ်းပေါ်မှာကျနေတဲ့ ဆဌဂံမန္တန်လက်နက်တစ်ခုကို ကောက်ပြီး ရွှေအိုရောင်ဆံပင်နဲ့ ဧရာမ မရဏစားစုန်းကောင်ကြီးကို ချိန်ရွယ်ပစ်ခတ်လိုက်ရင်း ပြောလိုက်တယ်။ မန္တန်က စုန်းကောင်ကြီးရဲ့ မျက်နှာကို တည့်တည့်သွားထိလို့ သူတစ်ယောက်တည်းနဲ့ လူအများအပြားကို ဝရုန်းသုန်းကား တိုက်ခိုက်နေတဲ့ စုန်းကောင်ကြီးက နာကျင်တဲ့ ဝေဒနာကြောင့် စူးစူးဝါးဝါး အော်လိုက်တယ်။ သူချာလည်လည်ထွက်သွားပြီးမှ ခြေကားရားလက်ကားရားနဲ့ ဒယီးဒယိုင်ဖြစ်နေရာက သူ့ညီနဲ့ညီမပြေးရာနောက်ကို ဒုန်းစိုင်းပြီး ပြေးလိုက်သွားတယ်။

ဟယ်ရီကြမ်းပေါ်က လူးလဲထပြီး သူ့နောက်က တဂျိန်းဂျိန်း တဝှမ်းဝှမ်း ပစ်ခတ်နေတာတွေကို အရေးမလုပ်ဘဲ စင်္ကြံအတိုင်း သုတ်ခြေတင် ပြေးလိုက်သွားတယ်။ သူ့ကိုပြန်လာဖို့ နောက်ကအော်ခေါ်နေသံတွေနဲ့ အသံမထွက်နိုင်တော့ဘဲ လက်ဟန်ခြေဟန်နဲ့ပဲ မသွားဖို့ လှမ်းတားနေတဲ့ ကြမ်းပြင်ပေါ်မှာ လဲကျနေသူတွေကို သူမမှုနိုင်တော့ဘူး။ သူ စင်္ကြံထောင့်အကွေ့တစ်နေရာမှာ လျှောထွက်သွားတယ်။ သွေးတွေနဲ့ ပေနေတဲ့ သူ့ပတ္တူဖိနပ်တွေက ချောနေတယ်။

စနိပ်ရဲ့ ခေါင်းကြီးက ဧရာမကြီးမားတဲ့ ခေါင်းကြီးပဲ။ ဒါ့ကြောင့် ဣစ္ဆာသယခန်းကြီးထဲမှာ ရှိနေတဲ့ ကက်ဘိနက်ဗီရိုကြီးထဲကို သူဝင်သွားနိုင်တာ ဖြစ်ပါ့မလား။ ဒါမှမဟုတ် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကပဲ မရဏစားစုန်းကောင်တွေ အဲဒီလမ်းဘက်ကို မရောက်ဘဲ နောက်ပြန်ဆုတ်သွားအောင် ခြေလှမ်းတိုးပြီး အဲဒီနေရာကို လုံခြုံအောင် ကာကွယ်ထားနိုင်တာလား၊ သူအတွေးရခက်နေတယ်။ ဟယ်ရီဟာ

www.burmeseclassic.com

www.burmeseclassic.com

သူပြေးနေတဲ့ ခြေသံကလွဲပြီး ဘာမှမကြားဘဲ တိတ်ဆိတ်နေတာကို တွေ့နေရတယ်။ နောက်ထပ် လူသူကင်းမဲ့နေတဲ့ စင်္ကြံတစ်ခုအတိုင်း သူဆက်ပြေးနေစဉ်မှာ သူ့နှလုံးတွေက သူခြေသံနဲ့ မခြား တဝုန်းဝုန်းတဒုန်းဒုန်း ခုန်နေတယ်။

ဒါပေမဲ့ တစ်အောင့်အကြာမှာပဲ သွေးတွေပေနေတဲ့ ခြေရာတွေကို သူ စတွေ့လိုက်ရတယ်။ အဲဒါက နောက်ဆုံး ဒဏ်ရာရထားတဲ့ မရဏစားစုန်းကောင် တစ်ကောင် ရှေ့ဘက်တံခါးမကြီးတွေဆီ ဦးတည်သွားနေတယ် ဆိုတာပြနေတာပဲ။ ဣန္ဒြသယအခန်းကြီးကို အကျအန ပိတ်ဆို့ထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။

နောက်ထပ် စင်္ကြံထောင့်တစ်နေရာကို သူလျှောခနဲ ရောက်သွားပြန်တယ်။ ဒီမှာတင် ကျိန်စာလက်နက်တစ်ခုက သူ့ဘေးကနေ ဝှီးခနဲ ဖြတ်ပျံသွားတယ်။ တစ်ခါ အဲဒီမှာ သူက သံချပ်ကာဝတ်စုံကြီး တစ်ခုနောက်ကို ဒိုင်ဗင်ထိုး ပစ်ခုန်ပြီး ဝပ်ချလိုက်တာ အဲဒါကြီးက ပွင့်ထွက်သွားတယ်။ တစ်ဆက်တည်း မရဏစားစုန်း မောင်နှမနှစ်ကောင် စကျင်ကျောက်လှေကားအုံကြီးအတိုင်း သူ့ရှေ့ကနေ အောက်ကို ပြေးဆင်းနေတာ တွေ့ရလို့ ဟယ်ရီက ဂြိုလ်ဆိုးဝင်ကျိန်စာ မန္တန်လက်နက်နဲ့ သူတို့ကို လှမ်းချိန်ရွယ်ပြီး ပစ်လိုက်တယ်။ ဒါပေမဲ့ သူပစ်လိုက်တဲ့ ကျိန်စာ မန္တန်ကလှေကားတက်ပေါ်မှာ ရှိနေတဲ့ ပုံတူပန်းချီကားချပ်ကြီးတစ်ခုထဲက ဆံပင်အတုကြီးတွေ ဖားလျားနဲ့ မှော်ဆရာမအမယ်အို တစ်စုကိုပဲ သွားထိမှန်လို့ သူတို့တွေ စူးစူးဝါးဝါး အော်ဟစ်ရင်း သူတို့ရုပ်ပုံထဲက ထွက်ပြေးပြီး နီးရာပန်းချီကားချပ်တွေထဲကို သွားဝင်ပုန်းနေကြတယ်။ ပျက်စီးသွားတဲ့ သံချပ်ကာဝတ်ရုံကြီးနေရာက သူခုန်ထလိုက်ချိန်မှာပဲ ဟယ်ရီရဲ့ နားထဲမှာ အော်ပြောသံတွေနဲ့ စီစီညံညံ အော်ဟစ်သံတွေ ပိုပြီး များများကြားလာရလို့ ရဲတိုက်ထဲမှာ ရှိနေတဲ့ တခြားလူတွေပါ နိုးလာကုန်ကြပြီ ထင်ရတယ်။

ဟယ်ရီက ဖြတ်လမ်းတစ်ခုစီကို လုစ်ခနဲ လုစ်ခနဲ နေအောင် ပြေးသွားတယ်။ ဒါမှ သူ မရဏစားစုန်းကောင် မောင်နှမကို ကျော်တက်ပြီး ခုလောက်ဆိုရင် ရဲတိုက်အောက်ဘက် မြေကြီးပေါ်ကို သေချာပေါက် ရောက်နေမှာဖြစ်တဲ့ စနိပ်နဲ့ မော်လ်ဖွိုင်းကို သူမီနိုင်မှာမို့ဖြစ်တယ်။

နောက်တော့ ဟယ်ရီဟာ လှေကားတစ်ဝက်လောက်မှာ လှေကားထစ်တွေပျောက်ကွယ်နေတဲ့ လှေကားဝက်အုံကြီးတစ်ခုကနေ ခုန်ချဖို့ သတိရသွားပြီး၊ လမ်းအဆုံးအရောက်မှာ ဂုန္တန်ထိုးပန်းချီကားတစ်ချပ်ထဲကို ဖြတ်ဝင်သွားပြီး စင်္ကြံတစ်ခုဆီကို ပြန်ထွက်လာတယ်။ စင်္ကြံထဲမှာ အိပ်ချင်မူးတူးနဲ့ ဘာတွေ ဖြစ်နေမှန်းမသိလို့ စိတ်ရှုပ်ထွေးနေပုံရတဲ့ ဟတ်ဖဲလ်ပတ်စ်တွေကို တွေ့ရတယ်။ သူတို့ကိုယ်ပေါ်မှာ ခါးကြိုးရှုံ့အင်္ကျီကြီးတွေ ကိုယ်စီ ဝတ်ဆင်ထားကြတုန်းပဲ။

"ဟယ်ရီ၊ တို့ဒီမှာ အသံတွေ ကြားနေရလို့၊ တစ်ယောက်က ပြောတော့ အောက်လမ်းစုန်းတွေရဲ့ အထိမ်းအမှတ် သင်္ကေတဆိုလား ဘာလား မသိဘူး" အာနီးမက္ကလဲလန်းက စပြောလိုက်တယ်။

"လမ်းဖယ်ပေး လမ်းဖယ်ပေး" မြေပြင်ကို ရောက်ဖို့ နောက်ဆုံးအဆင်း စကျင်ကျောက်လှေကားဝက်အုံကြီး ကျန်တဲ့အပိုင်းရှိရာကို ရောက်ဖို့ ပြေးသွားနေရတဲ့ ဟယ်ရီက အော်ဟစ်သတိပေးနေတဲ့ ကြားကပဲ လူငယ်ကလေး နှစ်ယောက်ကို လမ်းဘေးရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com

တိုက်ချမိသွားပါတယ်။ ဒီမှာတင် ဝက်သစ်ချတံခါးကြီး ဂျိန်းခနဲ ပွင့်သွားပြီး၊ အတွင်းက အခင်းကျောက်ပြားပေါ်မှာ သွေးတွေ စွန်းပေနေတာကို တွေ့လိုက်ရတယ်။ အဲဒီမှာ ကြောက်လန့်တုန်လှုပ် ချောက်ချားနေတဲ့ ကျောင်းသားတွေ အမြောက်အမြား ရှိနေပြီး၊ တစ်ယောက် နှစ်ယောက်က သူတို့မျက်နှာကို လက်ဝါးနဲ့ အုပ်ပြီး မျက်စိစုံပိတ်ထားဆဲ ဖြစ်နေတယ်။

ဂဠုန်ကေသရာဇာ အဆောင်ရဲ့ သဲနာရီကြီးလည်း ကျိန်စာမန္တန်လက်နက် ထိမှန်ထားလို့ အထဲက ပတ္တမြားလုံးတွေ အောက်က ကြမ်းပြင်ပေါ်ကို တဂျောက်ဂျောက်နဲ့ ဆက်ပြီး ထွက်ကျနေတုန်းပဲ။

ဟယ်ရီဟာ ဆင်ဝင်ခန်းမကြီးကို ဖြတ်ပြီး တစ်ရှူးထိုး ပြေးသွားရာက အပြင်ဘက် မှောင်မိုက်နေတဲ့ မြေပြင်ကို ထွက်သွားခဲ့တယ်။ ရဲတိုက်ဝင်ကြီးထဲက မြက်ခင်းပြင်ကို ဖြတ်ပြီး ဂိတ်တံခါးဝတွေဆီကို ပြေးသွားနေတဲ့ ပုံသဏ္ဌာန်သုံးခုကို သူ ခုတွေ့နေရပြီ။

သူတို့ ပျောက်ကွယ်သွားနိုင်ခြင်း မရှိသေးပဲ အမြင်အားဖြင့် ရွှေအိုရောင်ဆံပင်တွေနဲ့ ဇရာမလူကောင်ထွားထွား မရဏစားစုန်းကောင်ကြီးက သူ့ရှေ့မှာ စနိပ်နဲ့ မော်လ်ဖွိုင်းတို့ထက် ပိုဝေးဝေးကို ရောက်နေတယ်။

သူတို့နောက်ကို တစ်ဟုန်ထိုးလိုက်နေတဲ့ ဟယ်ရီရဲ့ အဆုတ်တွေကို အေးစက်နေတဲ့ ညဥ့်လေတွေက ဆုတ်ဖြဲနေသလို နာကျင်ခံစားနေရတယ်။ ဒီအချိန်မှာပဲ ခပ်လှမ်းလှမ်းအဝေးမှာ အလင်းရောင်တစ်ချက် ဖျတ်ခနဲ လက်သွားတဲ့အတွက် ဟယ်ရီက သူ့သားကောင်တွေရဲ့ မည်းမည်းအရိပ်တွေကို တဒင်္ဂအလင်းရောင် နောက်ခံနဲ့ လှမ်းမြင်လိုက်ရတယ်။ အဲဒီအလင်းရောင် ဘာကြောင့်ပေါ်လာသလဲဆိုတာ မသိဘူး။ ဒါပေမဲ့ သူက ရန်သူကို မီအောင် ဆက်ပြေးနေဆဲပဲ။ အနေအထားကလည်း မန္တန်လက်နက်နဲ့ လှမ်းပစ်ဖို့ အကွာအဝေးအတွင်း မရောက်သေးဘဲ ဖြစ်နေတယ်။

နောက်ထပ် အလင်းရောင်တစ်ချက် လင်းထွက်သွားပြန်တယ်။ အော်သံတွေလည်း ကြားရတယ်။ ပြန်လှန်ပစ်ခတ်တဲ့ အလင်းရောင်တန်းတွေကိုလည်း တွေ့ရတယ်။ ဒီတော့မှပဲ ဟယ်ရီ သဘောပေါက်သွားတယ်။ ဟက်ဂရစ် သူ့ရဲ့ အခန်းလေးထဲကနေ ထွက်လာပြီး မရဏစားစုန်းကောင်တွေ လွတ်မြောက်မသွားအောင် တားဆီးဖို့ ကြိုးစားနေတယ်။ အသက်တစ်ချက် ရှူလိုက်တိုင်း သူ့အဆုတ်တွေ စုတ်ပြတ်ကုန်ပြီ ထင်ရပြီး ရင်ခေါင်းထဲမှာလည်း မီးတောက်နေသလို ဖြစ်နေတဲ့ကြားက ဟယ်ရီ သူပြေးနေတဲ့ အရှိန်ကို ထပ်မြှင့်လိုက်တယ်။ သူ့နားထဲမှာ ဘယ်ကပေါ်လာမှန်း မသိတဲ့ အသံတစ်သံကိုလည်း သူကြားလိုက်ရသလိုပဲ "ဟက်ဂရစ် မဟုတ်ဘူး၊ ဟက်ဂရစ်ကို ပစ်ဖို့ မဟုတ်သေးဘူး"တဲ့။

အဲဒီအခိုက်မှာပဲ ဟယ်ရီရဲ့ ကျောပြင်တစ်နေရာကို တစ်စုံတစ်ခုက အရှိန်နဲ့ ပြင်းပြင်းထန်ထန် လာပြီးထိမှန်လို့ သူရှေ့ကို ပစ်လဲကျသွားပြီး မြေကြီးနဲ့ မျက်နှာတအား ရိုက်မိလိုက်တယ်။ သူ့နှာခေါင်း နှစ်ပေါက်လုံးကလည်း သွေးတွေ ယိုစီးနေတယ်။ မြေပေါ်မှာ လိမ့်ထွက်သွားရင်းက သူသိလိုက်ပြီ။ ဖြတ်လမ်းတစ်ခုကိုသုံးပြီး သူကျော်တက်လာခဲ့တဲ့ မရဏစားစုန်းကောင် မောင်နှမဟာ သူ့နောက်ကကပ်ပါလာခဲ့တာကိုး။ ဒါကြောင့် မြေပေါ်မှာ သူလိမ့်ထွက်သွားပြီးတာနဲ့ သူ့လက်ထဲမှာ သူ့ဆေးကြိမ်လုံးက တိုက်ခိုက်ဖို့ အဆင်သင့်ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ မြေပေါ်မှာ နောက်ထပ် လိုမ့်ပစ်လိုက်ပြီး၊ မှောင်နေတဲ့ တစ်နေရာမှာ ဝပ်နေရင်းက အော်ပြီး မန္တန်လက်နက်နဲ့ ပစ်လိုက်တယ်။

"အရုပ်ထုပ်တွေ ပြုတ်ပြုတ်ပြန့်စေ–အင်ပီဒီမင့်တား"

မယုံကြည်နိုင်စရာ ကောင်းလောက်အောင် သူ့ရဲ့ ဂြိုလ်ဆိုးဝင် ကျိန်စာမန္တန်က သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို ထိမှန်သွားတယ်။ အဲဒီတစ်ယောက် ဒယိမ်းဒယိုင်ဖြစ်သွားရာက ကျန်တဲ့တစ်ယောက်ကို တိုးတိုက်ပြီး ပစ်လဲကျသွားတယ်။ ဟယ်ရီနေရာက ခုန်ထပြီး စနိပ်နောက်ကို အသော့နှင်ပြေးလိုက်သွားပြန်တယ်။

ဟော… တိမ်တွေနောက်ကွယ်ကနေပြီး လခြမ်းကလေး ရုတ်တရက် ပြူထွက်လာပြီး သူ့ရဲ့ အလင်းရောင်ကို ထွန်းညှိကြဲချပေးလိုက်တဲ့အတွက် ဟက်ဂရစ်ရဲ့ ကောက်ကြောင်းပုံကို ဟယ်ရီ ပိုပြီး ပီပီသသ မြင်လာတယ်။ ရွှေအိုရောင်ဆံပင်နဲ့ မရဏစားစုန်းကောင်က တောသတ္တဝါကောင် စောင့်ရှောက်ရေးသမားကြီး ဟက်ဂရစ်ကို ကျိန်စာလက်နက်တွေနဲ့ ဆင့်ဆင့်ပြီး မပြတ်တမ်း ပစ်နေတယ်။ ဒါပေမဲ့ ပါရမီနဲ့ ခွန်အား ဧရာမကြီးမားတဲ့ သူ့ရဲ့ မိခင်ထဲက ကြီးမားတဲ့ ခွန်အားနဲ့ အကြမ်းပတမ်း ခံနိုင်တဲ့ အရေပြားထူထူကြီးတွေကို ပိုင်ဆိုင်ထားတဲ့ ဟက်ဂရစ်ကို ကျိန်စာမန္တန်တွေက မထိုးဖောက်နိုင်ဘဲ သူ ခံနိုင်ရည်ရှိနေတာကို ဟယ်ရီ တွေ့နေရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စနိပ်နဲ့ မော်လ်ဖွိုင်းတို့ကတော့ ပြေးနေတုန်းပဲ။ မကြာခင် သူတို့ ဂိတ်တွေကို လွန်သွားရင် သူတို့တွေ နာမ်ရုပ်သွင် ကိုယ်ထင်ပြ ကိုယ်ရောင်ဖျောက်အတတ်နဲ့ လွတ်မြောက်သွားမလို ဖြစ်နေတယ်။

ဟယ်ရီက သူ့ရဲ့ ပြိုင်ဘက် မော်လ်ဖွိုင်းကိုရော ဟက်ဂရစ်ကိုပါ ကျော်ဖြတ်ပြီး စနိပ်ရဲ့ ကျောကို ချိန်ရွယ်ပြီးမှ အော်လိုက်တယ်။

"မူးမိုက်ထုံထိုင်း သတိပျောက်သွားစေ–စတူပီဖိုင်း"

ဒါပေမဲ့ သူပစ်လိုက်တဲ့ မန္တန်ရဲ့ အနီရောင် အလင်းတန်းဟာ စနိပ်ရဲ့ ခေါင်းပေါ်နားက ကပ်ပြီး ဖြတ်ပျံသွားပြီး ပစ်မှတ်နဲ့ လွဲချော်သွားတယ်။

"ပြေး… ဒရာကို … ပြေး" စနိပ်က အော်လိုက်ပြီးမှ သူ့ဘက်ကို ပြန်လှည့်လိုက်တယ်။ ဒီမှာတင် စနိပ်နဲ့ ဟယ်ရီတို့ ကိုက်နှစ်ဆယ်အကွာကနေ တစ်ယောက်ကို တစ်ယောက် မျက်ခြည်မပြတ် ကြည့်နေပြီးမှ သူတို့ ဆေးကြိမ်လုံးတွေကို တစ်ပြိုင်တည်း မြှောက်ချိန်လိုက်ကြပြီး–

"အပြတ်ရှင်းလိုက်စေ–ကရုပ်စ်"လို့ ပြိုင်တူ အော်ဟစ်လိုက်တယ်။

ဒါပေမဲ့ စနိပ်က သူ့ဆီကို တိုးဝင်လာတဲ့ ကျိန်စာမန္တန်ကို ခတ်ထုတ်ပစ်လိုက်တာ နောက်တစ်ကြိမ်အတွက် အသင့်မဖြစ်သေးတဲ့ ဟယ်ရီကို နောက်ပြန်လန်ထွက်သွားစေတယ်။ ပြီးတော့

www.burmeseclassic.com

ဟယ်ရီ လိမ့်ထွက်သွားပြီးမှ ဒယီးဒယိုင်နဲ့ နောက်ဘက်ကို ဆုတ်နေရာက ကိုယ်ကို ပြန်အမတ်လိုက်မှာပဲ မရဏစားစုန်းကောင်ကြီးက သူ့နောက်ဘက်ကနေ အော်လိုက်ပြန်တယ်။

"မီးလောင်ပြာကျစေ–အင်စင်ဒီယို"

ဟယ်ရီရဲ့ နားထဲမှာ အုန်းခနဲ ပေါက်ကွဲသံကြီးတစ်ခု ကြားလိုက်ရပြီး၊ မြူးကြွခုန်ပေါက်နေတဲ့ လိမ်မော်ရောင် အလင်းရောင်ကြီးတစ်ခုက သူတို့အားလုံးပေါ်ကို ဖြာကျလွှမ်းခြုံထားလိုက်တယ်။ ဟက်ဂရစ်ရဲ့အိမ် မီးလောင်နေပြီ။

"ဟာ ငှက်ပြူး အဲဒီအထဲမှာ ရှိနေတယ်။ မင်းဟာ တကယ့် မိစ္ဆာကောင်စစ်စစ်ပဲ" ဟက်ဂရစ်က အော်လိုက်တယ်။

"အပြတ်ရှင်းလိုက်စေ–ကရပ်စ်" ဟယ်ရီဟာ ယိမ်းနွဲ့လှုပ်ရှားနေတဲ့ မီးအလင်းရောင်ရဲ့ အရှေ့မှာ မြင်နေရတဲ့ လူရိပ်သဏ္ဍာန်ကို ချိန်ရွယ်ပြီး ဒုတိယအကြိမ်မြောက် အော်ဟစ်တိုက်ခိုက်လိုက်ပြန်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်လည်း စနိပ်က သူ့ရဲ့ ကျိန်စာမန္တန်လက်နက်ကို ထပ်ပြီး ပိတ်ဆို့တားဆီးလိုက်နိုင်ပြန်တယ်။ ဟယ်ရီ လှမ်းကြည့်လိုက်တော့ စနိပ်ရဲ့ မျက်နှာမှာ သရော်လှောင်ပြောင်မှုတွေ အပြည့်နဲ့။

"မောင်ရင့်အတွက် ခွင့်လွှတ်နိုင်စရာ မကောင်းတဲ့ ကျိန်စာလက်နက်တွေတောင် မရှိတော့ဘူး မဟုတ်လား ပေါ်တာ"

တစ်ဟုန်းဟုန်း တစ်ဖျစ်ဖျစ် တောက်လောင်နေတဲ့ မီးလျှံတွေ၊ ဟက်ဂရစ်ရဲ့ အော်ဟစ်သံတွေ၊ မီးလောင်နေတဲ့ ဟက်ဂရစ်ရဲ့ အိမ်ထဲမှာ ပိတ်မိနေတဲ့ ငှက်ပြူးရဲ့ စူးစူးဝါးဝါးအော်သံတွေကို ဖုံးသွားအောင် စနိပ်က အော်လိုက်တယ်။ "မင်းမှာ သတ္တိမရှိတော့ဘူး မဟုတ်လား၊ ဒါမှ မဟုတ် အရည်အချင်း မရှိတော့ဘူးလား"

"အယောင်ဆောင်တဲ့ မိစ္ဆာကောင်ကြီး သေကျေပျက်စီးစေ–အင်ကတ်" ဟယ်ရီက ကြုံးဝါးအော်ဟစ်ပြီး မန္တန်လက်နက်တစ်ခုနဲ့ ပစ်လိုက်ပြန်တယ်။ ဒါပေမဲ့ စနိပ်က ဟယ်ရီရဲ့ မန္တန်ကို ပျင်းတောင်ပျင်းသေးတယ်ဆိုတဲ့ သဘောနဲ့၊ သူ့လက်တစ်ဘက်ကို အသာကလေး ပျင်းရိပျင်းတွဲ ဆတ်လိုက်ရုံနဲ့ လမ်းကြောင်းလွဲထွက်သွားအောင် လုပ်လိုက်တယ်။

"ပြန်ချလေ၊ ပြန်တိုက်စမ်းပါ၊ ခင်ဗျား သူရဲဘောကြောင်သွားပြီလား" ဟယ်ရီက လှမ်းအော်ပြောလိုက်တယ်။

"သူရဲဘောကြောင်တဲ့လူ ဟုတ်လား၊ မင်းက ငါ့ကို ဒီလိုခေါ်လိုက်တယ်ပေါ့လေ၊ ဟုတ်လား ဟယ်ရီ"စနိပ်က အော်ပြောတယ်။ "မင်းရဲ့ အဖေဟာ ငါ့ကိုလေးယောက်နဲ့ တစ်ယောကတောင် ဘယ်တုန်းကမှ မတိုင်ရဲခဲ့ဘူး။ ဒီတော့ မင်းအဖေကို မင်းဘယ်လို ခေါ်မှာလဲ၊ ငါသိချင်လိုက်တာ"

www.burmeseclassic.com

“မှုးယစ်ထုံထိုင်း သတိပျောက်သွားစေ–မတူပီ” ဟယ်ရီကဆိုပြီး ကျိန်စာမန္တန်နဲ့ ထပ်ပစ်ခတ်လိုက်သလို၊ စနိပ်ကလည်း ပြန်ပြောနေတယ်။ “မင်းပစ်လိုက်သမျှ အရာရောက်တာမှ မဟုတ်ဘဲ။ အဲဒီတော့ ငါက မင်းပါးစပ်ရော၊ မင်းရဲ့ စိတ်ခါတ်အသိဉာဏ်တွေပါ ပိတ်သွားပြီး မဟလာနိုင်တော့တဲ့အထိ မင်းရဲ့ မန္တန်တွေကို ထပ်ကာထပ်ကာ ပိတ်ဆို့ပြီးရင်း ပိတ်ဆို့ထားလိုက်ရုံပါပဲ ပေါ်တာ”မန္တန်တစ်ခုကို နောက်ထပ်လမ်းကြောင်းလွှဲပေးလိုက်ရင်း စနိပ်က အထင်သေး အမြင်သေး ကြည့်ပြီး ပြောနေတယ်။ အဲဒီနောက် “ကဲ–လာတော့ဟေ့” ဟယ်ရီရဲ့ နောက်ဘက်မှာ ရှိနေတဲ့ ဧရာမ မရဏစားစုန်းကောင်ကြီးကို စနိပ်က ပြောလိုက်တယ်။ “သွားဖို့ အချိန်တန်နေပြီ၊ ဝန်ကြီးဌာနက ရောက်မလာခင် ငါတို့သွားကြစို့”

ဒီမှာတင် ဟယ်ရီက သူရဲ့ မန္တန်နဲ့ပစ်ဖို့ ကောက်ကာငင်ကာ ရွတ်ဆိုလိုက်တယ်။ “အရုပ်ကောင်တွေ ပျက်သုဉ်း.....”

ဟယ်ရီ သူ့ရဲ့ မန္တန်ဂြိုလ်ဝင်ကျိန်စာကို အဆုံးမသတ်လိုက်နိုင်ခင်မှာပဲ သူ့ကိုယ်မှာ ပြင်းထန်တဲ့ နာကျင်မှု ဝေဒနာတစ်ခုကို ခံစားလိုက်ရပြီး မြက်ခင်းပေါ်ကို ဒူးထောက်ကျသွားတယ်။ တစ်စုံတစ်ယောက်ရဲ့ အော်ဟစ်သံကိုလည်း သူကြားနေရတယ်။ ဒီဝေဒနာနဲ့ သူသေရတော့မှာ အမှန်ပဲ။ နောက်ပြီး စနိပ်က သူ့ကိုသေတဲ့အထိ ဒါမှမဟုတ် ရူးသွပ်သွားတဲ့အထိ နှိပ်စက်ဦးမှာ သေချာတယ်။ ဒါပေမဲ့–

“မလုပ်နဲ့ မလိုဘူး” စနိပ်ရဲ့ ကြုံးဝါးအော်ဟစ်သံ ပေါ်ထွက်လာတယ်။ တစ်ဆက်တည်းလိုလို သူ့ရဲ့ နာကျင်မှု ဝေဒနာတွေလည်း ချက်ချင်းကြီးရပ်သွားတယ်။ ဟယ်ရီဟာ မှောင်မိုက်နေတဲ့ မြက်ခင်းပေါ်မှာ လဲကျပြီး တွန့်လိမ်နေတယ်။ သူ့ရဲ့ ဆေးကြိမ်လုံးကို မလွှတ်တမ်း တင်းတင်းဆုပ်ထားပေမဲ့ သူအမောဖောက်နေတယ်။ တစ်နေရာက စနိပ်ရဲ့ အော်သံကိုလည်း နားစွန်နားဖျား ကြားလိုက်ရတယ်။ “မင်း... ကျုပ်ကို ပေးထားတဲ့အမိန့်ကို မေ့နေပြီလား၊ ပေါ်တာဟာ အောက်လမ်းမှော်သခင်ကြီးနဲ့ တိုက်ရိုက်သက်ဆိုင်နေတာ၊ သူ့ကို သတ်လို့ မဖြစ်ဘူး။ တို့ သူ့ကို ဒီအတိုင်းပဲ ထားခဲ့မယ်။ ကဲ–သွား သွား”

မရဏစားစုန်း မောင်နှမနဲ့ ဧရာမ မရဏစားစုန်းကောင်ကြီးတို့ စနိပ်ရဲ့ အမိန့်ကိုနာခံပြီး ဝင်းတံခါးဂိတ်တွေဆီ ပြေးသွားချိန်မှာ မှောက်လျက်လဲနေတဲ့ ဟယ်ရီဟာ သူ့မျက်နှာအောက်က မြေကြီးတွေ သိမ့်သိမ့်တုန်နေသလို ခံစားနေရတယ်။ မတတ်သာတဲ့အဆုံးမှာ ဟယ်ရီဟာ ဒေါသဖြစ်လွန်းလို့ စူးစူးဝါးဝါး မပီမသနဲ့ ဘာရယ်ညာရယ်မဟုတ်တဲ့ အသံတွေကို ကျုံးအော်ပစ်လိုက်တယ်။

အဲဒီတစ်ခဏမှာပဲ ဟယ်ရီဟာ ဘာကိုမှ ဂရုမစိုက်တော့ဘဲ သေမထူး နေမထူးသဘောနဲ့ မထူးဇာတ်ခင်းပြီး လဲကျနေတဲ့ နေရာက အတင်းရုန်းကန်ကုတ်ခြစ်ထလာပြီး ဒယီးဒယိုင် မမြင်မစမ်းနဲ့ စနိပ်ဆီကို လျှောက်သွားတယ်။ ခုအချိန်မှာ စနိပ်ဟာ ဟယ်ရီရဲ့ ဗိုဒီမော့အပေါ် မုန်းတီးသလောက် အမုန်းတကာ့ အမုန်းတီးဆုံး လုဖြစ်လာပါတော့တယ်။

“အပိုင်းပိုင်း အပြတ်ခုတ်ခွဲဖြတ်စေ–ဆက်တမ်”

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက ရှိသမျှ အင်အားနဲ့ ရွတ်ဆိုပြီး သူ့ရဲ့ ကျိန်စာမန္တန်ကို ထပ်ပစ်လိုက်ပြန်တယ်။ ဒါပေမဲ့ စနိပ်က သူ့ဆေးကြိမ်လုံးကို ဆတ်ခနဲ ဝှေ့ယမ်းပြီး ကျိန်စာလက်နက်ကို လမ်းချော်သွားအောင် လုပ်လိုက်ပြန်တယ်။ နောက်ဆုံးမှာ ဟယ်ရီဟာ စနိပ်နဲ့ ပေအနည်းငယ် အကွာအတွင်း ရောက်ရှိသွားတဲ့အတွက် စနိပ်ရဲ့ မျက်နှာကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရတယ်။ စနိပ်ဟာ လှောင်ပြောင်သရော်တာတွေ၊ အထင်သေးအမြင်သေးနဲ့ ခနဲ့တဲ့တဲ့ အမူအရာတွေ လုံးဝမရှိတော့ဘဲ မီးတောက်မီးလျှံတွေရဲ့ အလင်းရောင်တွေနဲ့ သူ့မျက်နှာတစ်ခုလုံးမှာ ဒေါသတွေ ပြည့်လျှမ်းနေပါတယ်။

ဟယ်ရီ သူ့ကိုယ်ထဲက အားတွေကို စုစည်းပြီး နောက်တစ်ချက် ထပ်ပစ်လိုက်တယ်။

"မရဘူး ပေါ်တာ" စနိပ်အော်လိုက်တယ်။ သူတို့နှစ်ယောက်ကြား ဂိုန်းခနဲ အသံကြီးတစ်ခုမြည်ဟိန်းသွားပြီး ဟယ်ရီ နောက်ကို ပြန်လွင့်ထွက်သွားရာက မြေကြီးပေါ်ကို နောက်တစ်ကြိမ် ဘိုင်းခနဲ ပစ်ကျသွားပြန်တယ်။ ဒီတစ်ကြိမ်မှာ သူ့ရဲ့ ဆေးကြိမ်လုံးလည်း လက်ထဲက လွတ်ထွက်လွင့်စဉ်သွားတယ်။ စနိပ်သူ့အနားကို ချဉ်းကပ်လာပြီး မြေကြီးပေါ်မှာလဲနေတဲ့ သူ့ကိုယ်အပေါ်က မိုးကြည့်နေဆဲမှာ ဟက်ဂရစ်ရဲ့ အော်သံနဲ့ သူ့ခွေးကြီး ဖွေယ်ပြူးရဲ့ အူသံကို သူကြားလိုက်ရတယ်။ ခုအချိန်မှာ သူဟာ ဒမ်းဘဲလ်ဒိုးရဲ့ အဖြစ်မျိုးနဲ့ ထပ်တူ လက်နက်မဲ့ ဖြစ်နေပါတယ်။ စနိပ်ရဲ့ ဖြူဖျော့ဖျော့ မျက်နှာတစ်ပြင်လုံးပေါ်မှာ ဒမ်းဘဲလ်ဒိုး သူကျိန်စာတိုက်ပြီး ကောင်းကင်လေဟာပြင်ထဲကို လွှင့်ပစ်လိုက်မယ့်ဆဲဆဲ အချိန်ကလို မုန်းတီးမှုတွေနဲ့ ယှက်သန်းသွားတယ်။

"မင်းက ငါ့ကိုယ်ပိုင် ဂါထာမန္တန်တွေကို သုံးပြီး ငါ့ကို ပြန်လုပ်ရဲတယ်ပေါ့ ဟုတ်လား ပေါ်တာ။ ဒီမန္တန်တွေအားလုံးကို တီထွင်ခဲ့တာငါပဲကွ။ ငါဟာ သွေးတစ်ဝက်မှော်ဝိဇ္ဇာပဲ။ မင်းဟာ ငါတီထွင်တဲ့ လက်နက်ကို ငါ့ဘက်ကို ပြန်လှည့်ခဲ့တဲ့ ကောင်ပဲ။ မသတီစရာ စက်ဆုပ်စရာကောင်းတဲ့ မင်းအဖေအတိုင်းပဲ။ ဘမျိုး ဘိုးတူလုပ်ချင်တယ်ပေါ့ ဟုတ်လား။ ငါဖြင့် လုံးလုံးကို မထင်ခဲ့ဘူး။ မရဘူးကွ"

ဟယ်ရီက သူ့ဆေးကြိမ်လုံးကို ပြန်ကောက်နိုင်အောင် ဒိုင်ဗင်ထိုးထွက်လိုက်တယ်။ စနိပ်က ဟယ်ရီ့ဆေးကြိမ်လုံးကို ဆဌဂံကျိန်စာလက်နက်နဲ့ ပစ်လိုက်တယ်။ ဆေးကြိမ်လုံးက အမှောင်ထဲကို လွင့်ပျံသွားပြီး သူလုံးဝ မမြင်ရတော့ဘူး။

"ဒါဖြင့်ရင် ကျွန်တော့်ကို ခုသတ်လိုက်လေဗျာ" ဟယ်ရီက ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ အမောတကော အသက်ရှူရင်း ပြောလိုက်တယ်။ ဟယ်ရီရဲ့ ရင်ထဲမှာ ကြောက်စိတ်လုံးဝမရှိဘဲ ဒေါသနဲ့ပမာမခန့်မှုတွေ၊ လာမယ့်ဘေး ပြေးတွေ့ပြီး ရင်ဆိုင်ယှဉ်ပြိုင်ချင်တဲ့ စိတ်တွေနဲ့ ဇောကပ်နေတယ်။

"ကဲ–သူ့ကို သတ်ခဲ့သလို ကျွန်တော့်ကို သတ်တော့လေ၊ ခင်ဗျားဟာ သူရဲဘောကြောင်တဲ့လူ" ဟယ်ရီက ထပ်ဆွပေးလိုက်တယ်။

"မင်း ဒီလိုမပြောနဲ့" စနိပ်က စူးစူးဝါးဝါး အော်ဟစ်လိုက်တယ်။ ပြီးတော့ ချက်ချင်းလိုလို သူ့မျက်နှာမှာ ရှုံ့မဲ့ပြီး လူစိတ်ပျောက်သွားတဲ့ အမူအရာတွေ ပေါ်လာတယ်။ သူ့ကြည့်ရတာ သူတို့ နောက်ဘက်က

www.burmeseclassic.com

မီးလောင်နေတဲ့ အိမ်ထဲမှာ ပိတ်မိနေတဲ့ ခွေးအူနေဟောင်နေသလိုမျိုး နာကျင်လွန်းလို့ အော်နေသလိုမျိုး ဖြစ်နေတယ်။

“ငါ့ကို သူရဲဘော ကြောင်တဲ့လူလို့ ခေါ်လိုက်တယ်ပေါ့”လို့ ပြောပြီး စနိပ်က သူ့ ဆေးကြိမ်လုံးနဲ့ လေထဲကို တရွှမ်းရွှမ်းခုတ်ယမ်းလိုက်တယ်။ ဟယ်ရီဟာ အလျှံတငြီးငြီး ပူလောင်တဲ့ ကြာပွတ်နဲ့ မျက်နှာကို ဖြတ်ရိုက်ခံရသလို ခံစားရပြီး နောက်ဘက်မြေကြီးပေါ်ကို ဖုန်းခနဲမြည်အောင် ပစ်ကျသွားတယ်။ သူ့မျက်လုံးထဲမှာ ကြယ်တွေလက်သွားတယ်။ တစ်အောင့်လောက်ကြာအောင် သူ အသက်မရှူနိုင်အောင် ဖြစ်နေတယ်။

ပြီးတော့ အဲဒီ အခိုက်မှာတင် သူ့ရဲ့ အပေါ်ဘက် ကောင်းကင်လေထဲမှာ တောင်ပံခတ်သံတွေကြားရပြီး ဧရာမကြီးမားတဲ့ တစ်စုံတစ်ခုက ကြယ်တွေကို မမြင်အောင် ကာထားလိုက်သလို ဖြစ်နေတာကို တွေ့လိုက်ရတယ်။ တစ်ဆက်တည်းလိုလို လင်းယုန်ခေါင်းနဲ့ ရေမြင်းပျံကြီး နှုတ်သီးခေါ ထိုးဆင်းလာပြီး သူ့ရဲ့ သင်တုန်းဓားလို ထက်တဲ့ သူ့ရဲ့ ခြေသည်းတွေနဲ့ စနိပ်ကို ကုတ်ဖဲ့ခုတ်ဆွဲလိုက်တဲ့အတွက် စနိပ် ဒယီးဒယိုင်နဲ့ နောက်ဘက်ကို လန်ထွက်သွားတယ်။

ဟယ်ရီဟာ လဲကျနေရာက အတင်း ကုန်းရုန်းထပြီး ထိုင်လျက် အနေအထားကို ရောက်ရှိသွားပေမဲ့ မြေကြီးနဲ့ ခေါင်းနောက်ဆုံး နှစ်ပါးသွားလိုက်တဲ့ ဒဏ်ချက်နဲ့ တစ်ခေါင်းလုံး ချာချာလည် မူးနောက်နေတယ်။ မြန်နိုင်သမျှ မြန်အောင် အစွမ်းကုန် ဒုန်းစိုင်း ထွက်ပြေးနေတဲ့ စနိပ်ကို သူမြင်နေရတယ်။ ဧရာမ လင်းယုန်ပျံကြီးကလည်း သူ့ရဲ့ တောင်ပံတွေကို တဖျတ်ဖျတ်ခတ်ပြီး စနိပ်ရဲ့ နောက်က ကပ်ပါသွားရင်း စူးစူးဝါးဝါး အော်နေတဲ့အသံဟာ ဟယ်ရီ ဘယ်တုန်းကမှ မကြားခဲ့ဖူးသေးတဲ့ အသံမျိုးပဲ။

ဘာပဲဖြစ်ဖြစ် သူဆက်လိုက်မယ်လို့ မျှော်လင့်အားခဲပြီး ဟယ်ရီ ရုန်းကန်ထရပ်လိုက်တယ်။ ပြီးတော့ သူ့ဆေးကြိမ်လုံးကို ရှာဖွေတွေ့ရှိဖို့ အားနည်းမူးဝေနေလျက်နဲ့ပဲ ဘေးပတ်ဝန်းကျင်ကို သူလှည့်ပတ်ကြည့်လိုက်တယ်။ ဒါပေမဲ့ ဘာမှမတွေ့ရဘဲ သူ့လက်ချောင်းတွေသာ မြက်တောထဲမှာ စမ်းစမ်းစမ်းစမ်းနဲ့ လုပ်လိုက်၊ မဆိုင်တဲ့ သစ်ကိုင်းခြောက်တွေ လက်ထဲပါလာပြီး၊ အဲဒါတွေကို ပြန်လွှင့်ပစ်လိုက်နဲ့ ဒီအတိုင်းဆိုရင် သိပ်နောက်ကျသွားတော့မယ် ဆိုတာကို သူသိနေတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ သူ့ ဆေးကြိမ်လုံးရှိတဲ့နေရာကို သူ့လက်တွေ ရောက်သွားလို့ ဆေးကြိမ်လုံးကို သူရပြီး လှည့်ကြည့်လိုက်တော့ လင်းယုန်ခေါင်းနဲ့ရေမြင်းကြီး နှုတ်သီးခေါကိုသာ ဂိတ်တံခါး နေရာမှာ လှည့်ပတ်နေတာ တွေ့ရပြီး စနိပ်ကတော့ နာမ်ရုပ်သွင်ကိုယ်ထင်ပြ ကိုယ်ရောင်ဖျောက်အတတ်နဲ့ ကျောင်းရဲ့ ကန့်သတ်နယ်မြေ ဇရိယာကို လွန်ပြီး ပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်။

“ဟက်ဂရစ်” ဟယ်ရီ ဟစ်ခေါ်လိုက်တယ်။ ခေါင်းကလည်း မူးနောက်ရီဝေနေဆဲပဲ။ သို့ပေမဲ့ သူ ဆက်ရှာဖွေကြည့်ရင်း ထပ်ထပ်ပြီး ခေါ်နေတယ်။ “ဟက်ဂရစ်” “ဟက်ဂရစ်”

ဒီလိုနဲ့ မီးလောင်နေတဲ့ ဟက်ဂရစ်ရဲ့ အိမ်ကို ဒယီးဒယိုင် စမ်းတဝါးဝါး လျှောက်သွားနေစဉ်မှာပဲ ဧရာမ လင်းယုန်မြင်းပျံကြီး နှုတ်သီးခေါက မီးတောက်မီးလျှံတွေထဲကနေ ခွေးကြီး ဇွယ်ပြူးကို သူ့ကျောပေါ်မှာ သယ်ဆောင်ပြီး ပြန်ပေါ်ထွက်လာပါတယ်။

www.burmeseclassic.com

သူကျေးဇူးတင်ကြောင်း အော်ပြောလိုက်အပြီးမှာ ဟယ်ရီဟာ ဒူးထောက်လျက် ပစ်ကျသွားပြန်တယ်။ သူ့ရဲ့ ခြေတွေလက်တွေ အကုန်လုံး တုန်နေသလို၊ သူ့တစ်ကိုယ်လုံးလည်း ကိုက်ခဲနေတယ်။ ဒါတင်မကဘဲ အသက်ရှူလိုက်တိုင်း ဓားနဲ့ထိုးသွင်းခံရသလို နာကျင်နေတယ်။

"မင်း ဘယ်လိုနေလဲ၊ နေကောင်းရဲလား။ မင်းကောင်းရဲလား ဟယ်ရီ။ ငါ့ကို ဖြေဖမ်းဘာအနုန်း" ဟက်ဂရစ်ရဲ့ အမွေးအမှင်ထူတဲ့ ဧရာမခေါင်းကြီးက ဟယ်ရီ့မျက်နှာပေါ်မှာ လှုပ်ယမ်းနေတယ်။ သူ့ခေါင်းကြီးက နောက်ဘက်က ကြယ်တွေကိုတောင် မမြင်ရအောင် ကာကွယ်ထားသလို ဖြစ်နေတယ်။ ဟယ်ရီ့ရဲ့ နှာခေါင်းထဲမှာ မီးလောင်ထားတဲ့ သစ်သားနဲ့ ခွေးအမွေးတွေရဲ့ အနံ့တွေရနေတယ်။ ဟယ်ရီ သူ့လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်တာ သူ့ဘေးမှာ တုန်တုန်ယင်ယင် ဖြစ်နေတဲ့ ဇွယ်ပြုးရဲ့ နွေးပြီး အသက်ရှင်နေဆဲ ခန္ဓာကိုယ်ကို သွားစမ်းမိပြီး ဇွယ်ပြူးအတွက် စိတ်အေးသွားတယ်။

"ကျွန်တော် နေကောင်းပါတယ် ခင်ဗျားရော" ဟယ်ရီက အမောတကော ပြောလိုက်တယ်။

"ငါ ဂေါင်းပါဒယ်၊ လုပ်စရာရှိတာပြီးအောင် ငါဆက်လုပ်ပေးရအုန်းမယ်"

ဟက်ဂရစ်က သူ့လက်တွေကို ဟယ်ရီရဲ့ လက်မောင်းအောက်က လျှိုသွင်းပြီး သူ့ကို မထူပေးလိုက်တာ သူ့ရဲ့ ကြီးမားတဲ့ ခွန်အားကြောင့် ဟယ်ရီ မတ်မတ်ပြန်ပြီး ထိုင်လျက်သား ဖြစ်မသွားခင် သူ့ခြေထောက်တွေ မြေကြီးပေါ်က အရင်မြောက်တက်သွားတယ်။ ဟက်ဂရစ်ရဲ့ မျက်လုံးတစ်ဖက်အောက်က ခပ်နက်နက် ကွဲထွက်သွားတဲ့ ပါးပြင်တစ်နေရာကနေ သွေးတွေ စီးကျနေပြီး ချက်ချင်းလိုလို အမြန်ရောင်တက်လာတာကို ဟယ်ရီ တွေ့နေရတယ်။

"ကျွန်တော်တို့ ခင်ဗျားတို့ အိမ်ကို မီးငြိမ်းသတ်ရမယ် ဟက်ဂရစ်၊ ဂါထာက 'အဂွာမင်တီ'မီးငြိမ်းဂါထာပဲ" ဟယ်ရီကပြောလိုက်တယ်။

"သိဒယ်လေ၊ အဲဒါ စုပေါင်းရွတ်ဆိုရမယ့် ဂါထာမန္တန်တစ်ပုဒ်ပဲ" ဟက်ဂရစ်က ရေရွတ်ပြောဆိုလိုက်တယ်။ ပြီးတော့ သူ့ရဲ့ တငွေ့ငွေ့လောင်ကျွမ်းနေဆဲ ပန်းပွင့်တွေ ဖော်ထားတဲ့ ပန်းရောင်ထီးကြီးကို မြှောက်ပြီး ပြောလိုက်တယ်။ "မီးတွေ ငြိမ်းသေသွားအောင် ရေဖျန်းပေးစေ–အဂွာမင်တီ"

ထီးကြီးရဲ့ ထိပ်ဖျားကနေ ရေပန်းကြီးတစ်ခု တန်းပြီး ပန်းထွက်လာပြီး အိမ်ကို ဖျန်းထားတယ်။ ဟယ်ရီကလည်း ဆေးကြိမ်လုံးကိုင်ထားတဲ့ သူ့လက်ကို မြှောက်လိုက်ပြီး ဆိုလိုက်တယ်။ "မီးငြိမ်းသွားဖို့ ရေနဲ့ ဖျန်းလိုက်စေ–အဂွာမင်တီ"

ဟယ်ရီနဲ့ ဟက်ဂရစ်တို့ နှစ်ယောက်အတူ အိမ်ကို ရေတွေနဲ့ဖျန်းပက်ပြီး မီးငြိမ်းသတ်လိုက်တာ မီးစွယ်ကျိုးသွားရာက နောက်ဆုံးမှာ မီးငြိမ်းသွားတယ်။

www.burmeseclassic.com

"အခြေအနေက ဘယ်ဆိုးလို့လဲ" မိနစ်အနည်းငယ်အကြာမှာ မီးခိုးတွေ အူထွက်နေတဲ့ အိမ်ပျက်ကြီးကိုကြည့်ပြီး ဟက်ဂရစ်က မျှော်လင့်ချက်အပြည့်နဲ့ ပြောလိုက်တယ်။ "ပြီးတော့ ဒါပေမဲ့ အလကားပဲ။ ဒမ်းဘဲလ်ဒိုး ပြန်ကောင်းလာစရာ မရှိတော့ဘူး"လို့လည်း သူကဆိုတယ်။

ဒမ်းဘဲလ်ဒိုးရဲ့ နာမည်ကို ကြားလိုက်ရတဲ့ ဟယ်ရီရဲ့ ရင်ထဲမှာ နာကျင်ခံစားလာရတယ်။ အားလုံး တိတ်ဆိတ်နေတဲ့ကြားက သူ့ခန္ဓာကိုယ်ထဲမှာ မငြိမ်မသက်နဲ့ ကြောက်မက်ဖွယ်ရာတွေ တိုးလာတယ်။

"ဟက်ဂရစ်" ဟယ်ရီက ခေါ်လိုက်တယ်။

"ရန်သူတွေ လာနေတာကို ငါဂျားနေရဒေါ့ ငါက ဒီအိမ်ကလေးကို နှစ်ခန်းတွဲခြေတံရှည်အိမ်ကလေး အဖြစ် ပြင်ဆောက်နေတာကွ၊ ခုတော့ သူတို့က ဒီအိမ်ကို မီးရှို့ပစ်လိုက်ဂျဘီ" ဟက်ဂရစ်က ဝမ်းနည်းပက်လက် ဖြစ်ရင်း ပြောပြနေတယ်။ သူ့ရဲ့ မီးလောင်ထားတဲ့ အိမ်ပျက်ကိုလည်း နှမြောတသစွာနဲ့ သူကြည့်နေတယ်။ သူထပ်ပြောလိုက်တယ်။ ချိတ်မချမ်းဒါဇရာပါဘဲဂွာ"

"ဟက်ဂရစ်" ဟယ်ရီက ခေါ်လိုက်ပြန်တယ်။

"ဘာလဲ ဟယ်ရီ၊ ဘာဒွေဖြစ်ကုန်ဒါလဲ။ မရဏစားစုန်းကောင်တွေ ရဲဒိုက်ထဲက ပြေးထွက်လာဒါပဲ ငါမြင်ရတယ်။ ငါအသေအချာ ဘာမှ မသိသေးဘူး။ ဒါနဲ့ သွေးစွန်းနေတဲ့ ငရဲကိုစနိပ်က ရန်သူတွေနဲ့ ပေါင်းပြီး ဘယ်လိုဖန်တီးခဲ့တာလဲကွာ၊ ခု တူဘယ်ရောက်တွားပြီလဲ။ သူက ဟိုကောင်တွေကို လိုက်ဖမ်းတာများလား"

"သူလား .... သူလေ" ဟယ်ရီ စကားကို ရှေ့ဆက်မပြောနိုင်သေးဘဲ၊ သူ့လည်ချောင်းထဲမှာ တစ်ဆို့နေတဲ့ တံတွေးတွေကို မျိုချလိုက်ပြီးမှ ပြောလိုက်တယ်။ "အခြေအနေတွေက ခင်ဗျား ထင်ထားတာထက် ပိုဆိုးနေတယ် ဟက်ဂရစ်။ ခု သူသတ်လိုက်ပြီ"

"တတ်လိုက်ဘီဟုတ်လား၊ မင်းမရှင်းမရှင်း မလုပ်ဘာနဲ့" ဟက်ဂရစ်က အလန့်တကြား ကျုံးအော်လိုက်တယ်။ "ဘယ်တူ့ကို တတ်တာလဲ၊ ဘယ်တူ့ကိုလဲ မြန်မြန် ပြောဇမ်း ဟယ်ရီ"

"ဒမ်းဘဲလ်ဒိုးကို" ဟယ်ရီ ပြောလိုက်တယ်။ "စနိပ်က ဒမ်းဘဲလ်ဒိုးကို သတ်လိုက်တာပဲ"

ဟက်ဂရစ် ကြက်သေသေပြီး ဟယ်ရီ့ကို မျက်လုံးကြီး ပြူးကြည့်နေတယ်။ သူ့မျက်နှာမှာလည်း ချက်ချင်း သွေးဆုတ်သလို ဖြစ်သွားတယ်။ နားမလည်နိုင်သလိုလည်း ဖြစ်နေတယ်။

"ဒမ်းဘဲလ်ဒိုး ဘာဖြစ်တွားလဲ၊ ဘာဖြစ်တွားလဲ ဟယ်ရီ"

"သူသေသွားပြီ စနိပ်သတ်လိုက်တာလေ"

www.burmeseclassic.com

“မင်းဒီလို မပြောနဲ့၊ ဗေါက်ဂရဒေမပြောနဲ့” ဟက်ဂရစ် ဂူးဂူးဝါးဝါး ထဖြစ်သွားတယ်။ “ဇနိပ်ဂ ဒမ်းဘဲလ်ဒိုးကို တတ်ဒယ်၊ တူဒီလောက် မိုက်မဲဘာ့လား ဟယ်ရီ၊ ဘာဖြစ်လို့ တတ်ရတာလဲ၊ ဘာကျောင့်လဲ”

“ကျွန်တော့်ရှေ့မှာတင် သတ်လိုက်တာ၊ ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာ”

“မင်းပြောဒါ မဖြစ်နိုင်ဘာဘူး”

“ကျွန်တော် ကိုယ်တိုင် မြင်ရတာပါ ဟက်ဂရစ်”

ဟက်ဂရစ် သူ့ခေါင်းကို သွက်သွက်ခါအောင် ရမ်းနေတယ်။ သူ့အမူအရာက ဟယ်ရီ့စကားကို ယုံကြည်ပုံမရဘူး။ ဟက်ဂရစ်က ဟယ်ရီဟာ ခေါင်းကို ရိုက်ချက်တစ်ချက်ထိသွားလို့၊ ဒါမှမဟုတ် ဂြိုလ်ဆိုးဝင်ကျိန်စာထိမှန်ခံရလို့ တောင်တောင်မြောက်မြောက် ပြောနေတာပဲလို့ ထင်နေတယ်ဆိုတာ ဟယ်ရီသိတယ်။

“ကျောင်းအုပ်ကြီးက ဘာဖြစ်လို့လဲ၊ ဒမ်းဘဲလ်ဒိုးက စနိပ်ကို မရဏစားစုန်းကောင်ဒေနဲ့ လိုက်တွားဖို့ ပြောဒါလား” ဟက်ဂရစ်က သူထင်တာကိုပဲ ဇွတ်ပြောနေတယ်။ “တူ့မှာ အဂါအဂွယ်လုပ်ထားဒါ ဒေါ့ချိမာဘာ၊ ဒို့ကျောင်းကို ပြန်တွားဂျိဂျမယ်၊ လာလာ မြန်မြန်လာ ဟယ်ရီ”

ဟယ်ရီက ဟက်ဂရစ်ကို နောက်ထပ် ငြင်းခုံဖို့၊ ဒါမှမဟုတ် နားလည်အောင် ရှင်းပြဖို့ မကြိုးစားတော့ဘူး။ ဟက်ဂရစ်ကတော့ သူ့ခေါင်းကို တွင်တွင်ယမ်းနေတုန်းပဲ။ မကြာခင် သူအဖြစ်မှန် ဘယ်လိုလဲဆိုတာ ကောင်းကောင်းသိသွားလိမ့်မယ်။ မကြာဘူး။ ခဏကြာရင် သိသွားမှာပဲ။

ဒါနဲ့ပဲ သူတို့ ရဲတိုက်ကြီးဆီကို တိုက်ရိုက် အသော့နှင်ထွက်လာကြတယ်။ ရဲတိုက်ကြီးရဲ့ ပြတင်းတွေ အများအပြားလင်းနေကြတယ်။ သူတွေးကြည့် ခစားပြီး အထဲမှာ လူတွေ တစ်ခန်းပြီးတစ်ခန်း ဟိုကူးဒီကူးနဲ့ သွားလာနေမယ်ဆိုတာ ကောင်းကောင်းကြီး သိလိုက်တယ်။ ရဲတိုက်ထဲကို မရဏစားစုန်းတွေ ဝင်စီးတဲ့ အကြောင်း တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ပြောကြရင်း သွားနေတာ ဖြစ်မယ်။ အောက်လမ်းစုန်း အမှတ်သင်္ကေတကြီးကလည်း ဟော့ဂ်ဝပ်စ်ကျောင်းကြီးရဲ့ အပေါ်မှာ လင်းနေဆဲပဲ။ လူတချို့ အသတ်ခံလိုက်ရမှာလည်း သေချာနေတယ်။

သူတို့ရှေ့မှာ အဝင်ဝ ဝက်သစ်ချသား ကျောင်းရဲ့ တံခါးကြီးတွေ ပွင့်နေတုန်းပဲ။ အထဲက အလင်းရောင်တွေ ထွက်နေပြီး လမ်းကလေးပေါ်နဲ့ မြက်ခင်းပေါ်မှာ ပြန့်ကျဲထားတယ်။ နောက်ဖြည်းဖြည်းနှေးနှေး၊ မသေမချာမရေရာ မဝံ့မရဲနဲ့ ဝတ်ရုံဝတ်ထားတဲ့ လူတွေ လှေကားထစ်တွေကနေ အသာခွာတ်နင်းပြီး ဆင်းလာကြတာ၊ ပြီးတော့ ဟိုသည်ခေါင်းကို လှည့်ပတ်ပြီး ညအမှောင်ထဲကို ထွက်ပြေးပျောက်ကွယ်သွားတဲ့ မရဏစားစုန်းတွေရဲ့ အရိပ်အခြည်ကို ကြည့်နေတာတွေ့ရတယ်။ ဟယ်ရီ့ရဲ့ မျက်စိတွေက အမြင့်ဆုံးရဲတိုက်ရဲ့ အောက်ခြေက မြေကြီးတစ်ဝိုက်ကိုပဲ သဲသဲမဲမဲ စူးစိုက်နေတယ်။ ဒီနေရာကို ရောက်ဖို့ သူအတော်လေး ခပ်လှမ်းလှမ်း အဝေးမှာ ရှိနေသေးတဲ့ တိုင်အောင် အဲဒီမှာ မီးလောင်ကျွမ်းမည်းချိတ်ပြီး ပုံလျက်သားလဲကျနေမယ့်

www.burmeseclassic.com

အလောင်းတွေ ရှိနေမယ်လို့လည်း သူတွေးကြည့်ပြီး မြင်ယောင်နေတယ်။ နောက် သူ့အထင် ဒမ်းဘဲလ်ဒိုး ပြုတ်ကျပြီး ရှိနေမယ်ထင်တဲ့နေရာကို ရောက်ပြီး စကားတစ်ခွန်းမှ မပြောဘဲ စူးစူးစိုက်စိုက် ရှာဖွေကြည့်နေပေမဲ့၊ သူမြင်ရတာကတော့ လူတွေအများကြီး သူ့ဆီကိုဦးတည်ပြီး စုဝေးလာနေတာပါပဲ။

"တူဒို့က ဘာကိုဂျိနေဂျဒါလဲ" ဟယ်ရီနဲ့ ဟက်ဂရစ်တို့နှစ်ယောက် ရဲတိုက်ကြီးရဲ့ ရှေ့မျက်နှာစာကို ချဉ်းကပ်သွားချိန်မှာ ဟက်ဂရစ်က မေးလိုက်တယ်။ ခွေးကြီး ဇွယ်ပြူးက သူတို့နှစ်ယောက်ကြား ခြေထောက်ကြားရောက်တော့မလို ဖြစ်အောင် သူတို့အနားကို အတင်းတိုးကပ်ပြီး လိုက်ပါလာတယ်။

"ဟိုဂမြက်ခင်းပေါ်မှာ လဲကျနေဒါဘာများလဲဂွ" သူတို့နှစ်ယောက် လူအုပ်ကလေး တစ်ခု စုစုစုစု လုပ်နေတဲ့ နက္ခတ္တဗေဒမျှော်စင်ခြေရင်း နေရာကို ဦးတည်ပြီးသွားနေချိန်မှာ ဟက်ဂရစ်က တစ်ဆက်တည်းလိုလို ထပ်ပြောလိုက်ပြန်တယ်။

"ဟိုမှာ ဂျိလိုက်ဇမ်းဟယ်ရီ၊ မျှော်ဇင်ခြေရင်း ဟိုအမတ်တင်ဂေဒအောက်ကြီးရဲ့ ဒဲ့ဒဲမှာလေ၊ အလိုလေး ဟယ်ရီ မင်းအဲဒါကို လူတစ်ယောက်ယောက် အပေါ်က ပစ်ချခံထားရဒါလို့များ မထင်မိဘူးလားဟေ့"

ဟက်ဂရစ်က ချက်ချင်း အသံတိတ်သွားတယ်။ မြင်ကွင်းဟာ သူ့ပါးစပ်က အသံကျယ်ကျယ် ထုတ်ပြောစရာ ထိတ်လန့်ချောက်ချားစရာ ကောင်းနေတယ်လို့ သူထင်လိုက်တယ်။

အဲဒီကို ဟက်ဂရစ်နဲ့ ဘေးချင်းယှဉ်ပြီး လျှောက်သွားတဲ့ ဟယ်ရီဟာ ပြီးခဲ့တဲ့ နာရီဝက်လောက်က မျက်နှာနဲ့ ခြေထောက်တွေမှာ နောက်ဆုံးထိမှန်ရရှိထားတဲ့ မန္တန်လက်နက် ဒဏ်ရာတွေကြောင့် နာကျင်ကိုက်ခဲနေတယ်။ ဖြတ်လမ်းကလေး တစ်ခုထဲအရောက်မှာ သူ့အနားကနေပြီး တစ်စုံတစ်ရာက သူတို့ကို ဒုက္ခပေးနေသလိုမျိုး ခံစားနေရပြီး အမှန်တကယ်လည်း သူ့ရင်ဘတ်ထဲမှာ မတန်တဆ ဆိုးဝါးတဲ့ အရာတစ်ခုနဲ့ ဖိညှစ်ထားခံနေရတယ်။

သူနဲ့ ဟက်ဂရစ်တို့ အိပ်မက်ဆန်ဆန် ပွစိပွစိ တစ်တွတ်တွတ် ဟိုပြောဒီပြော ပြောနေကြတဲ့ လူအုပ်ထဲက ဖြတ်ပြီး ရဲတိုက်ရှေ့နဲ့ နီးနီးကပ်ကပ် နေရာကို လျှောက်လာတယ်။ အဲဒီမှာ ရှိတဲ့ ကျောင်းသားတွေနဲ့ ဆရာတွေ အသံတိတ်သွားပြီး သူတို့အတွက် လူအုပ်ကို ရှဲပေးလိုက်တယ်။

ဟက်ဂရစ် နာကျင်ပြီး အထိတ်တလန့် ဖြစ်သွားပုံကို ဟယ်ရီကြားလိုက်ရတယ်။ ဒါပေမဲ့ သူမရပ်ဘဲ ဒမ်းဘဲလ်ဒိုးလဲကျနေရာက သူ့ဘေးမှာ တွားရက်ကလေး ပုံကျနေတဲ့နေရာအထိ ရောက်အောင် သူဆက်လျှောက်သွားလိုက်တယ်။ ခုအချိန်မှာ တစ်ကိုယ်လုံး အပြည့် ကျိန်စာလက်နက်သင့်ထားတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ကိုယ်ပေါ်က ကျိန်စာတွေကို ဖယ်ရှားပြီး သူ့ကို ကယ်တင်နိုင်ဖို့ မျှော်လင့်ချက် မရှိဘူးဆိုတာ ဟယ်ရီ သိနေတယ်။ နောက်ပြီး သူ့ကို ဒီအချိန် ဒီနေရာမှာ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပြင်ဆင်ထားမှုလည်း သူ့မှာ မရှိဘူး။ အကြီးကျယ်ဆုံး မှော်ဆရာ ဟယ်ရီ ခုအချိန်မှာ သူဘာမှ မတတ်နိုင်ဘူး။

ဒမ်းဘဲလ်ဒိုးရဲ့ မျက်လုံးတွေ ပိတ်နေတယ်။ ဒါပေမဲ့ ထူးထူးခြားခြား အနေအထားနဲ့ တွေ့ရတဲ့ သူ့ရဲ့ လက်တွေခြေတွေကို ကြည့်ခြင်းအားဖြင့် သူအိပ်ပျော်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ပြီးတော့

www.burmeseclassic.com

ဆန့်ထွက်နေတဲ့ သူ့ရဲ့ လခြမ်းပုံမျက်မှန်ကိုလည်း သူ့ရဲ့ နှာခေါင်းကောက်ကြီးပေါ်မှာပဲ တွေ့ရလို့ ဟယ်ရီ ကောက်ယူလိုက်ပြီး၊ သူ့ရဲ့ ပါးစပ်က စီးကျနေတဲ့ သွေးစီးကြောင်းကလေး တစ်ခုကိုလည်း သူ့အင်္ကျီလက်နဲ့ပဲ ပြန်သုတ်ပေးလိုက်တယ်။

အဲဒီနောက် ပညာရှိအိုကြီးရဲ့ မျက်နှာကို သူငေးစိုက်ကြည့်နေမိတယ်။ ပြီးတော့ ဒမ်းဘဲလ်ဒိုးဟာ နောက်တစ်ကြိမ် သူ့ကို ဘယ်တော့မှ စကားပြောနိုင်တော့မှာ မဟုတ်ဘူးဆိုတာ၊ သူ့အနေနဲ့ ဘယ်တော့မှ သူနောက်တစ်ကြိမ် ကူညီနိုင်တော့မှာ မဟုတ်ဘူးဆိုတဲ့ ဧရာမကြီးမားကျယ်ပြန့်ပြီး နားလည်နိုင်စွမ်းမရှိတဲ့ အမှန်တရားကြီးကို ကြိုးစားပြီး ခံစားကြည့်နေမိတယ်။

ဟယ်ရီရဲ့နောက်က လူစုလူဝေးကြီးကလည်း အမျိုးမျိုး ပြောဆိုနေကြတယ်။ အချိန်အတော်ကလေး ကြာသွားဟန် ရှိပြီးတဲ့နောက်မှာတော့ သူမာကျောတဲ့ တစ်စုံတစ်ခုပေါ်ကို ဒူးထောက်လျက်သား ဖြစ်နေတာကို ဟယ်ရီ သတိထားမိပြီး ငုံ့ကြည့်လိုက်တယ်။

သူတို့ စောစောပိုင်း နာရီပေါင်းများစွာက ခိုးယူလာခဲ့ကြတဲ့ လော့ကက်သီးကလေး ဒမ်းဘဲလ်ဒိုးရဲ့ အိတ်ထဲက ထွက်ကျနေတာပဲ။ ပစ္စည်းကလေးက မြေကြီးနဲ့ ပြင်းပြင်းထန်ထန် ထိဆောင့်မိခဲ့တဲ့ အရှိန်ကြောင့် ဖြစ်မယ်ထင်တယ်။ ပွင့်နေတယ်။ ပြီးတော့ သူခံစားခဲ့ပြီးသမျှထက်ပိုတိုးပြီး သူမခံစားနိုင်၊ အထိတ်တလန့် မဖြစ်နိုင်၊ ဝမ်းနည်းခြင်း မပြုနိုင်တော့တဲ့တိုင်အောင် အဲဒီပစ္စည်းကလေးကို သူကောက်ယူလိုက်ချိန်မှာ တစ်နေရာရာမှာ တစ်စုံတစ်ခုတော့ မှားယွင်းနေပြီဆိုတာကို သူသိလိုက်တယ်။

သူက လော့ကက်သီးကလေးကို သူ့လက်ပေါ်မှာ လှည့်လိုက်တယ်။ ဒါကလေးက ကျောက်ဇလုံကြီးထဲမှာ သူမြင်ခဲ့ပြီး မှတ်မိနေတဲ့ လော့ကက်သီးလောက် မကြီးသလို၊ အဲဒီအပေါ်မှာ ဘာအမှတ်အသားမှ မရှိဘဲ ဆလီသီရင်ရဲ့ အမှတ်လက္ခဏာအဖြစ် ယူဆရမယ့် အက်စ်ဆိုတဲ့ လက်ရေးစာလုံး သင်္ကေတကလေးလည်း မတွေ့ရဘဲ ဖြစ်နေတယ်။

ဒါတင်မကဘဲ အထဲမှာလည်း ဘာမှ မရှိပြန်ဘူး။ သို့ပေမဲ့ အတွင်းက ရုပ်ပုံထည့်ထားရမယ့် နေရာမျိုးမှာ သားရေပုရပိုဒ်အလိပ်သေးသေးကလေး တစ်ခုကို ကျပ်ညပ်နေအောင် ထိုးသိပ်ထည့်ထားတယ်။

ဟယ်ရီ သူဘာလုပ်နေတယ်ဆိုတာ သူတောင် သတိမထားမိဘဲ အလိုအလျောက် ပုရပိုဒ်အလိပ် အစအနကလေးကို ဆွဲထုတ်ဖွင့်ဖြန့်ပြီး သူ့နောက်ဘက်မှာ ရှိနေတဲ့ ဆေးကြိမ်လုံးတွေ အများအပြားကနေ ထွက်နေတဲ့ အလင်းရောင်နဲ့ ဖတ်ကြည့်နေမိပြီးသား ဖြစ်နေတယ်။

အောက်လမ်းမှော် အမှောင်သခင်ကြီးသို့

ခင်ဗျား ဒီပုရပိုဒ်ကို မဖတ်ရမီ ကြာမြင့်စွာကတည်းက ကျွန်တော် သေသွားတော့မယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကို ရှာဖွေဖော်ထုတ်တွေ့ရှိသူဟာ ကျွန်တော်ပဲဆိုတာ ခင်ဗျား သိစေချင်ပါတယ်။ ဟော်ကရပ်စ်ကျိန်စာအစစ်ကို ကျွန်တော် ခိုးယူခဲ့ပါတယ်။ ပြီးတော့ အဲဒါကို ကျွန်တော့်အနေနဲ့ မြန်နိုင်သမျှ မြန်မြန် ဖျက်ဆီးပစ်ဖို့ ရည်ရွယ်ထားပါတယ်။ ခင်ဗျားရဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘက်ညီသူတန်းတူရည်တူလူကို ခင်ဗျားတွေ့တဲ့အခါ ခင်ဗျားဟာ သာမန်သေမျိုး တစ်ဖန်ပြန်ဖြစ်သွားလိမ့်မယ်လို့ မျှော်လင့်ရင်း သေခြင်းတရားကို ကျွန်တော် ရင်ဆိုင်သွားပါပြီ။

အာရ်အေဘီ

အဲဒီ ပုရပိုဒ် စာလွှာ သတင်းပါးချက်ဟာ ဘာကို ဆိုလိုတာလဲဆိုတာ ဟယ်ရီ သိလည်း မသိ၊ ဂရုလည်း မစိုက်တော့ပါဘူး။ အရေးပါတာ၊ ဖြစ်ပျက်ခဲ့တာ တစ်ခုပဲ ရှိပါတယ်။ အဲဒါဟာ ဟော်ကရပ်စ် ကျိန်စာလက်နက် မဟုတ်ဘူး။ ဒမ်းဘဲလ်ဒိုးဟာ ဘာအတွက်မှ မဟုတ်တဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ အရည်တွေကို အလွန်အကျွံ သောက်လိုက်ပြီး သူ့ကိုယ်သူ အားနည်း ချုံးကျသွားအောင် လုပ်ခဲ့တာ ဖြစ်ပါတယ်။

ဟယ်ရီက ပုရပိုဒ်ကလေးကို သူ့လက်ဝါးထဲမှာ ခြေမွပစ်လိုက်တယ်။ သူ့ရဲ့ မျက်လုံးတွေလည်း မျက်ရည်တွေနဲ့ ပူစပ်လောင်ကျွမ်းနေတယ်။ သူ့ရဲ့ နောက်မှာ ဟက်ဂရစ်ရဲ့ ခွေးကြီး ငှေယ်ပြူးက ဆွဲဆွဲငင်ငင် အူလိုက်တယ်။

ဂဂဂဂဂဂဂဂဂဂဂ

အခန်း (၂၉)

ဖီးနစ်ငှက် ဝမ်းနည်းပူဆွေးမှု

"ဒီကိုလာ ဟယ်ရီ"

"မလာဘူးဗျာ"

"မင်း ဒီမှာဒီအတိုင်း နေနေလို့ မရဘူးလေ။ ဂဲ လာဇမ်းဘာ ဟယ်ရီရာ"

"မလာဘူးဗျာ"

သူ ဒမ်းဘဲလ်ဒိုးရဲ့ ဘေးက ထွက်မသွားချင်ဘူး။ သူ နည်းနည်းလေးတောင်မှ နေရာရွှေ့မသွားချင်ဘူး။ သူ့ရဲ့ ပခုံးပေါ်မှာ ကိုင်ထားတဲ့ ဟက်ဂရစ်ရဲ့ လက်တွေလည်း တုန်နေတယ်။ အဲဒီနောက်မှာတော့ နောက်ထပ်တခြား အသံတစ်သံ ထွက်ပေါ်လာတယ်။

"ဟယ်ရီ လာ"

ဟက်ဂရစ်ရဲ့ လက်ထက် အများကြီး ပိုသေးပြီး နွေးထွေးတဲ့ လက်တစ်ချောင်းက သူ့ကိုလာကိုင်ပြီး ဆွဲထူလိုက်တယ်။ အဲဒီအခါမှာတော့ သူက ဘယ်သူဘယ်ဝါ ဘာကြောင့် ခေါ်တယ်ဆိုတာကိုတောင် မစဉ်းစားမိဘဲ ပြောတဲ့အတိုင်း လိုက်နာနေမိတယ်။ မျက်ကန်းတစ်ယောက်လို သူ့မျက်စိထဲမှာ ဘာမှ မမြင်ဘဲ လူအုပ်ထဲ သူဖြတ်ပြီး လျှောက်ထွက်လာမိတာကိုတော့ သူသိနေတယ်။ ညဉ့်လေအေးအေးထဲမှာ သူ့ဆီကို ပျံ့လွင့်လာနေတဲ့ ပန်းနံ့သင်းသင်းလေးရဲ့ ပိုင်ရှင်ဟာ ဂျင်နီဖြစ်နေတယ်။ ဂျင်နီက သူ့ကို ရဲတိုက်ထဲကို ပြန်ခေါ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

နားလည်ဖို့ ခက်ခဲ့တဲ့ အသံတွေကိုလည်း သူအဆက်မပြတ် ကြားနေရတယ်။ တစ်ရှုံ့ရှုံ့ ရှိုက်ငိုသံတွေ၊ တအီအီငိုညည်းသံတွေက ညဉ့်ယံကို ဖုံးအုပ်ထိုးနှက်နေတယ်။ ဒါပေမဲ့ ဟယ်ရီ ဆက်လျှောက်သွားတယ်။ လှေကားထစ်တွေကို ပြန်နင်းတက်သွားပြီး ဆင်ဝင်ခန်းမကြီးထဲကို ရောက်သွားတယ်။ ဟယ်ရီရဲ့ မြင်ကွင်းတစ်ဆုံးနေရာမှာ မျက်နှာတွေ ဟိုဟိုဒီဒီ ရွေ့ရှားနေတယ်။ လူတွေက သူ့ကိုချောင်းကြည့်လိုက်၊ တီးတိုးပြောလိုက်နဲ့ တအံ့တသြဖြစ်နေကြတယ်။ ကြမ်းပေါ်မှာ စကျင်ကျောက်အုံလှေကားကြီးဆီ အရောက် ဖြန့်ခင်းထားတဲ့ ဂရိုဖင်ဒေါ ဆောင်ကြီးရဲ့ ပတ္တမြားတွေလည်း သွေးစက်တွေလို ရှန်းစိုလင်းလက်နေတယ်။

"တို့ ဆေးရုံဆောင် သွားကြမယ်" ဂျင်နီက ပြောလိုက်တယ်။

"ငါဘာမှ မဖြစ်ပါဘူး" ဟယ်ရီက ပြောလိုက်တယ်။

"အဲဒါ မက်ဂိုနာဂေါလ်ရဲ့ အမိန့်ပဲ။ အဲဒီမှာ အားလုံး ရောက်နေကြပြီ။ ရွန်၊ ဟာမီယွန်နဲ့ လူပင်းတို့လည်း ရောက်နေတယ်။ အားလုံးပဲ" ဂျင်နီကပြောလိုက်တယ်။

ဟယ်ရီရဲ့ ရင်ဘတ်ထဲမှာ ကြောက်လန့်စိုးရိမ်စိတ်တွေ တစ်ကျော့ပြန်ဝင်လာတယ်။ သူ့နောက်မှာ တုံးလုံးပက်လက်မလှုပ်မယှက် ဖြစ်ကျန်ခဲ့တဲ့ ပုံသဏ္ဍာန်တွေကို သူမေ့နေတယ်။

"ဂျင်နီ ဘယ်သူတွေများ သေကုန်သလဲ"

"အဲဒီအတွက် မစိုးရိမ်နဲ့၊ တို့အထဲက တစ်ယောက်မှ မသေဘူး"

"ဒါဆို အောက်လမ်းမှော်အမှတ် သင်္ကေတကြီးကရော၊ မော်လ်ဖွိုင်းက လဲကျနေတဲ့ အလောင်းတစ်လောင်းပေါ်က သူခွကျော်လာတယ်လို့ ငါ့ကို ပြောခဲ့တယ်ဟ"

"သူ ခွကျော်သွားတာ ဘီလ်လေ။ ဒါပေမဲ့ အခြေအနေကောင်းပါတယ်။ သူမသေဘူး။ အသက်ရှင်တုန်းပဲ"

သူမရဲ့ အသံ့ တစ်မျိုးဖြစ်နေတယ်။ ဘယ်လောက်ပဲဖြစ်ဖြစ် အဲဒီလူအတော်လေး ခံစားနေရပြီး မသက်မသာ ဖြစ်နေမယ်ဆိုတာ ဟယ်ရီသိလိုက်တယ်။

"နင် သေချာလို့လား"

"ဒါပေါ့ဟဲ့ သေချာလို့ ငါပြောတာပေါ့၊ သူက ထုသားပေသားရနေတဲ့ လူရုပ်လူနောက်ပဲ၊ ဂရေးဘက်က သူ့ကို တိုက်ခိုက်ခဲ့တာလေ။ ဒါပေမဲ့ မဒမ်ပွမ်ဖရေးက ပြောပါတယ်။ သူမသေနိုင်ဘူး။ ခုမြင်ရတာထက် ဘာမှ ပိုမဆိုးသွားနိုင်ဘူးတဲ့"

ဒါပေမဲ့ ဂျင်နီ့အသံတွေ နည်းနည်း တုန်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

“နောက်ပိုင်း အကျိုးဆက်တွေ ဘယ်လိုဖြစ်လာမယ် ငါတို့တကယ်မသိပါဘူးလို့ ငါထင်တယ်။ ဂရေးဘက်ဟာ သမန်းဝံပုလွေတစ်ကောင် ဖြစ်နေတယ်လေ။ ဒါပေမဲ့ အဲဒီအချိန်က သူသမန်းဝံပုလွေအဖြစ် ပုံသဏ္ဌာန်ပြောင်းလဲသွားတာ မရှိဘူး”

“ဒါပေမဲ့ တခြားလူတွေ ရှိသေးတယ်။ မြေကြီးပေါ်မှာ လဲကျနေတဲ့ ဒဏ်ရာရသူ၊ သေဆုံးသူအများကြီး ရှိနေတယ်”

“နက်ဗီးလ်နဲ့ ပါမောက္ခဖလစ်ဝစ်တို့ နှစ်ယောက်လုံးလည်း ဒဏ်ရာရထားတယ်။ ဒါပေမဲ့ မဒမ်ပွမ်ဖရေးက သူတို့ ပြန်ကောင်းလာမယ်လို့ ပြောတယ်။ နောက်ပြီး မရဏစားစုန်း တစ်ကောင်လည်း သေသွားတယ်။ သူ့ကို အဗါဒါကီဒါဗရာ လူသတ်ကျိန်စာ ထိမှန်သွားတာပဲ။ အဲဒါ ဟိုရွှေရောင်ဆံပင်လူကောင်ထွားထွားကြီးနဲ့ မရဏစားစုန်းကောင်ကြီးက နေရာအနှံ့ တရစပ်ပစ်ခတ်လိုက်တဲ့ မန္တန်တွေထဲက တစ်ခု ဖြစ်နေတယ်။ ဟယ်ရီ…. အဲဒီအချိန်က ငါတို့မှာသာ နင့်ရဲ့ ကျက်သရေတင့် ဖရဏာပီတိ ကံကောင်းခြင်း ဆေးရည် ရှိမနေခဲ့ရင် ခုအချိန်မှာ တို့တွေအားလုံး အသတ်ခံရလို့ သေနေပြီ။ ဒါပေမဲ့ အဲဒါရှိနေလို့ နေရာတိုင်းမှာ သူတို့ ပစ်ခတ်တာတွေ တို့နဲ့အားလုံး လွဲချော်ကုန်တယ်လို့ ထင်တယ်”

သူတို့နှစ်ယောက် ဆေးရုံဆောင်ကို ရောက်သွားကြတယ်။ တံခါးကို တွန်းဖွင့်လိုက်တော့ တံခါးနားက အိပ်ရာခုတင်တစ်ခုမှာ နက်ဗီးလ်လဲလျောင်းနေတာကို ဟယ်ရီတွေ့ရတယ်။ သူ့ကြည့်ရတာ အိပ်ပျော်နေသလိုမျိုးပဲ။ ရွန်၊ ဟာမီယွန်၊ လူနာ၊ တွမ့်ခ်စ်နဲ့ လူပင်းတို့ ဆေးရုံလူနာဆောင်ရဲ့ ခပ်လှမ်းလှမ်း အဆုံးနားမှာ ရှိတဲ့ ခုတင်တစ်လုံးအနားမှာ စုနေတာတွေ့ရတယ်။ တံခါးဖွင့်လိုက်သံကြောင့် သူတို့က လှမ်းကြည့်လိုက်တယ်။ ဟာမီယွန်က ဟယ်ရီ့ဆီကို ပြေးသွားပြီး သူ့ကိုပွေ့ဖက်လိုက်တယ်။ လူပင်းလည်း ရှေ့ကို တိုးလာတယ်။ သူ့ပုံစံက စိုးရိမ်ပူပန်နေသလိုပဲ။

“နင် နေကောင်းလား၊ ဘာဖြစ်သွားသေးလဲ ဟယ်ရီ”

“ငါ ကောင်းပါတယ်။ ဘီလ်ဘယ်လို နေသေးလဲ”

ဘယ်သူကမှ မဖြေကြဘူး။ ဟယ်ရီက ဟာမီယွန်ရဲ့ ပခုံးပေါ်ကကျော်ပြီး လှမ်းကြည့်လိုက်တော့ ဘီလ်ရဲ့ အိပ်ရာခေါင်းအုံးပေါ်မှာ မမှတ်မိနိုင်လောက်အောင် ဆိုးဆိုးဝါးဝါး ထိုးခုတ်ပြတ်ရှ စုတ်ပြဲကွဲထွက်နေတဲ့ မျက်နှာတစ်ခုကို မြင်ရတယ်။ မျက်နှာက အတော်ကြီးကို ပုံမကျပန်းမကျ ဖြစ်နေတယ်။ မဒမ်ပွမ်ဖရေးက သူ့ရဲ့ ဒဏ်ရာတွေကို အနံ့စူးစူးဝါးဝါး အစိမ်းရောင်လိမ်းဆေး အဆီတစ်မျိုးနဲ့ သုတ်လိမ်းပေးနေတယ်။ စနိပ်က မော်လ်ဖွိုင်းရဲ့ အပိုင်းပိုင်းပြတ်စေတဲ့ ဆက်တမ်ဆင်ပရာ မန္တန်ထိထားတဲ့ ဒဏ်ရာကို သူ့ရဲ့ ဆေးကြိမ်လုံးနဲ့ အလွယ်ကလေး ဘယ်လို ကုစားပေးလိုက်တယ်ဆိုတာ ဟယ်ရီ ပြန်သတိရသွားတယ်။

“ခင်ဗျား အဲဒီဒဏ်ရာတွေကို ဂါထာမန္တန်တွေနဲ့ဖြစ်ဖြစ်၊ တခြား တစ်ခုခုနဲ့ဖြစ်ဖြစ် ကျက်ပြီး ပြန်ကောင်းသွားအောင် မလုပ်နိုင်ဘူးလား” သူက သူနာပြုဆရာမအုပ်ကြီးကို မေးလိုက်ပါတယ်။

www.burmeseclassic.com

"ဒီဒဏ်ရာတွေကို ကျက်နိုင်တဲ့ ဘာဂါထာမှ မရှိဘူး" မဒမ်ပွမ်ဖရေးက ပြန်ပြောတယ်။ "ငါ သိတာပေါ့။ ငါလည်း နည်းအမျိုးမျိုးနဲ့ ကြိုးစားကြည့်ခဲ့တာပဲ။ သမန်းဝံပုလွေ ကိုက်တဲ့ဒဏ်ရာကို ကုသတဲ့ဆေးနဲ့နည်းလမ်း မပေါ်သေးဘူး"

"ဒါပေမဲ့ သူက လပြည့်ညမှာ အကိုက်ခံရတာ မဟုတ်ဘူးလေ" ရွန်က ဝင်ပြောလိုက်တယ်။ သူကဆက်ပြီး "နောက် ဂရေးဘက်က ဝံပုလွေအဖြစ် ပြောင်းမသွားဘူး မဟုတ်လား။ ဒီတော့ သေချာတယ်။ ဘီလ်ဟာ ဘယ်နည်းနဲ့မှ အမှန်တကယ် သမန်းဝံပုလွေကိုက်တာ အစစ်မှာ မဟုတ်…"လို့ ပြောရင်းကနေ မသေမချာဖြစ်နေတဲ့အတွက် လူပင်းကို လှည့်ကြည့်လိုက်တယ်။

"မဖြစ်နိုင်ဘူး။ ဘီလ်ဟာ သမန်းဝံပုလွေအစစ်လို့ ငါတော့မထင်ဘူး" လူပင်းက ပြောလိုက်တယ်။ "ဒါပေမဲ့ အဲဒီမှာ တခြား ရောဂါပိုးမွှားဝင်တာ၊ မသန့်မပြန့်ဖြစ်သွားတာနဲ့ တခြား ပြဿနာတွေ မရှိဘူးလို့ ငါဆိုလိုတာ မဟုတ်ဘူးနော်။ ဒါတွေဟာ ကျိန်စာမန္တန်ထိထားတဲ့ ဒဏ်ရာတွေပဲ။ အဲဒါတွေက ဘယ်တော့မှ အကောင်းပကတိ ကျက်သွားမှာ မဟုတ်ဘူးနဲ့ တူတယ်။ ပြီးတော့ ဘီလ်ဟာ ခုအချိန်ကစပြီး ရှေ့ကို ဝံပုလွေနဲ့ဆိုင်တဲ့ စရိုက်လက္ခဏာတွေ သူ့မှာ ပေါ်ကောင်းပေါ်လာနိုင်တယ်"လို့လည်း တစ်ဆက်တည်း ပြောပြန်တယ်။

"ဘာပဲပြောပြော အဲဒါတွေ ဟုတ်မဟုတ် ဒမ်းဘဲလ်ဒိုးတော့ သိကောင်းသိနိုင်တယ်ကွ" ရွန်က ပြောပြန်တယ်။ "သူဘယ်မှာလဲ၊ ဘီလ်က အဲဒီအရူးတွေကို ဒမ်းဘဲလ်ဒိုးရဲ့ အမိန့်နဲ့ တိုက်ခဲ့ရတာလေ။ သူ့အတွက် ဒမ်းဘဲလ်ဒိုးမှာ တာဝန်ရှိတာပေါ့။ သူဒီနယ်ထဲက ထွက်မသွားနိုင်သေးပါဘူး"

"ရွန်… ဒမ်းဘဲလ်ဒိုး သေသွားပြီ" ဂျင်နီက ပြောလိုက်တယ်။

"မဟုတ်ဘူး" လူပင်းကအော်ပြီး ဂျင်နီနဲ့ ဟယ်ရီကို ပြူးတူးပြဲတဲ ကြည့်လိုက်တယ်။ သူက ဟယ်ရီ့အနေနဲ့ ဂျင်နီပြောတာကို မဟုတ်ဘူးလို့ ဆန့်ကျင်ဘက် ဝင်ပြောလိမ့်မယ်လို့ မျှော်လင့်နေတယ်။ ဒါပေမဲ့ ဟယ်ရီက ဘာမှ မပြောဘဲ ငြိမ်နေတဲ့အခါ ဘီလ်ရဲ့ ကုတင်ဘေး ကုလားထိုင်တစ်လုံးပေါ်က လူပင်းပြိုလဲကျသွားပြီး သူ့မျက်နှာ လက်ဝါးနဲ့ အုပ်ထားတယ်။ လူပင်း ဒီလိုမျိုး မထိန်းနိုင်မသိမ်းနိုင် ဖြစ်သွားတာမျိုးကို ဟယ်ရီ တစ်ခါမှ မမြင်ဖူးဘူး။ သူက သူ့အနေနဲ့ ပုဂ္ဂလိက မတော်မလျော် မလျောက်ပတ်တဲ့ ကိစ္စ ဝင်ရောက် ကျူးကျော်စွက်ဖက်မိသွားတယ်လို့ ခံစားနေတယ်။ သူက တစ်ဖက်ကို လှည့်လိုက်ပြီး ရွန်ရဲ့ မျက်စိတွေထဲကို စိုက်ကြည့်ရင်း ဂျင်နီပြောတာ အမှန်ပဲလားဆိုတဲ့ သဘောနဲ့ ဘာမှ မပြောဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြတယ်။

"သူ ဘယ်လို သေသွားတာလဲဟဲ့၊ ဘယ်လိုကြောင့် အဲဒီလို ဖြစ်ရတာလဲ" တွမ့်ခ်စ်က တိုးတိုးကလေး လေသံနဲ့ မေးလိုက်တယ်။

"စနိပ်က သူ့ကို သတ်လိုက်တာလေ၊ အဲဒီမှာ ငါလည်း ရှိနေတယ်။ ငါကိုယ်တိုင် မြင်ခဲ့ရတာ။ နက္ခတ္တဗေဒမျှော်စင်အပေါ်ဘက်မှာ မြင်နေရတဲ့ အောက်လမ်းစုန်းတွေရဲ့ အမှတ်တံဆိပ်ခေါင်းကြီးကြောင့် အဲဒီကို တို့ပြန်ရောက်လာခဲ့တာ။ ဒမ်းဘဲလ်ဒိုးက နာမကျန်း ဖြစ်လာတယ်။ ဒါကြောင့် သူအားနည်းနေတယ်။ ဒါပေမဲ့ တို့ အဲဒီကိုရောက်ပြီး လှေကားက ပြေးတက်လာတဲ့ ခြေသံတွေကို

www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်ရချိန်မှာ ဒါဟာ ထောင်ချောက်ဆင်ခံလိုက်ရပြီဆိုတာ သူ ရိပ်စားသိရှိသွားမယ်လို့ ငါထင်တယ်။ သူက ငါ့ကို မလှုပ်နိုင်အောင် လုပ်ထားလိုက်တယ်။ ငါလည်း ဘာမှ မတတ်နိုင်ဘူး။ ငါက ဘာမှ လှုပ်လို့ မရဘူးလေ။ ပြီးတော့ ငါက ကိုယ်ဖျောက်ဝတ်ရုံအောက်မှာ ရှိနေတာ။ နောက် မော်လ်ဖွိုင်း တံခါးပေါက်ကို ရောက်ချလာပြီး သူ့ကို လက်နက်မဲ့ ဖြစ်သွားအောင် လုပ်လိုက်တာပဲ" ဟယ်ရီက ရှင်းပြနေတယ်။

ဒီမှာတင် ဟာမီယွန်က သူမရဲ့ ပါးစပ်ကို ဖျတ်ခနဲ အသံမြည်အောင် လက်ဝါးနဲ့ ပိတ်ကပ်ထားလိုက်တယ်။ ရွန်က ဟင်းခနဲ ညည်းပြီး သူ့သွားတွေ တကျွိကျွိမြည်နေအောင် အံကြိတ်ထားတယ်။ လူနာရဲ့ နှုတ်ခမ်းတွေ တုန်နေတယ်။

"နောက်တော့ မရဏစား စုန်းကောင်တွေ ထပ်ရောက်လာတယ်။ ပြီးတော့ စနိပ်က ........ ပြီးတော့ စနိပ်က သတ်လိုက်တာပဲ။ သူက လူသတ်မန္တန်လက်နက် အဗဒါကီဒါဗရာ ကျိန်စာလက်နက်နဲ့ သတ်လိုက်တာပါပဲကွာ" ဟယ်ရီ ဆက်မပြောနိုင်တော့ဘဲ ဖြစ်သွားပါတယ်။

မဒမ်ပွမ်ဖရေးက မျက်ရည်တွေကျနေတယ်။ ဒါပေမဲ့ ဂျင်နီကလွဲပြီး သူမကို ဘယ်သူမှ သတိမထားမိဘူး။ "ရှီး...... နားထောင်" ဂျင်နီက တိုးတိုးကလေး ပြောလိုက်တယ်။

မဒမ်ပွမ်ဖရေးက လည်ချောင်းထဲမှာ တစ်ဆို့နေတဲ့ တံတွေးကို အတင်းမျိုချပြီး သူမရဲ့ ပါးစပ်ကိုလည်း လက်ချောင်းကလေးတွေနဲ့ ဖိကပ်ပိတ်ထားတယ်။ သူမရဲ့ မျက်လုံးတွေလည်း ပြူးကျယ်နေတယ်။

အဲဒီအချိန်မှာ အပြင်ဘက် ဟိုလှမ်းလှမ်း အမှောင်ထဲက တစ်နေရာမှာ ဖီးနစ်ငှက်တစ်ကောင် ဟယ်ရီ အရင်က တစ်ခါဖူးမျှ မကြားဖူးတဲ့ အသံမျိုးနဲ့ တေးသီဆိုနေတယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့ အလှပိုင်ရှင်ငှက်ရဲ့ ကြေကွဲထိခိုက်စရာ ကောင်းတဲ့ ဝမ်းနည်းပူဆွေးသံပါပဲ။

ဟယ်ရီဟာ ဖီးနစ်ငှက် သီချင်းကို သူအရင်က ခံစားခဲ့ရဖူးသလိုပဲ ခံစားနေရတယ်။ သီချင်းရဲ့ ဂီတသံက သူ့ရင်ထဲကပဲ။ အမှန်တော့ သူကိုယ်တိုင်ရဲ့ ပူဆွေးကြေကွဲမှု တေးသံလည်း မှော်ပဥ္စလက်လို ရဲတိုက်ပြတင်းတွေကနေ အပြင်ကို ထွက်သွားပြီးမှ ဟိုအဝေးမြေပြင်အနှံ့မှာ ပဲ့တင်ရိုက်ခတ်နေပါတော့တယ်။

အဲဒီမှာ သူတို့ ဘယ်လောက်ကြာကြာ ရပ်နေခဲ့ကြတယ်။ နားထောင်နေခဲ့တယ်ဆိုတာ သူမသိတော့ဘူး။ ဒါတင်မကဘဲ သူတို့ရဲ့ ကြေကွဲဝမ်းနည်းသံကို နားထောင်ပြီး နာကျင်ခံစားနေရမှုကို ဘာကြောင့် နည်းနည်းကလေး လျော့ပါးသက်သာသွားစေခဲ့တယ် ဆိုတာကိုလည်း သူမသိဘူး။ ဒါပေမဲ့ သူတို့ အဲဒီအသံကို နောက်ပိုင်းမှ ဆေးရုံဆောင်ရဲ့ တံခါးတွေ နောက်တစ်ကြိမ်ပြန်ဖွင့်ပြီး ပါမောက္ခ မက်ဂိုနာဂေါလ် ဆေးရုံဆောင်ထဲ ဝင်လာတဲ့အထိ အကြာကြီး ကြာအောင် ခံစားနားထောင်နေမိခဲ့ကြတယ်။ ကျန်တဲ့လူတွေအားလုံးအတိုင်းပဲ သူမရဲ့ ကိုယ်ပေါ်မှာ မကြာခင်က ဖြစ်ပွားသွားခဲ့တဲ့ တိုက်ပွဲရဲ့ သင်္ကေတလက္ခဏာတွေ ပြနေတယ်။ သူမရဲ့ မျက်နှာပေါ်မှာ ပွန်းပဲ့ဒဏ်ရာတွေနဲ့ ပြည့်နှက်နေသလို သူမရဲ့ ဝတ်ရုံလည်း အပေါက်အပြဲတွေ အကွဲရာတွေနဲ့ စုတ်ပြတ်သတ်နေတယ်။

www.burmeseclassic.com

"မော်လ်ဖွိုင်းနဲ့ အာသာတို့တော့ ပြေးဆဲပဲ" သူမက ပြောလိုက်တယ်။ ဒီမှာတင် တေးသံရဲ့ ညို့ယူဖမ်းစားနေမှုလေးလည်း ကျိုးပျက်သွားပါတယ်။ အားလုံး အိပ်မွေ့ချခံထားရသလို မိန်းမောနေရာက ပြန်လည်သတိဝင် နိုးကြားလာပြီး ဘီလ်ကို နောက်တစ်ကြိမ် ပြန်လှည့်ကြည့်လိုက်ကြတယ်။ တချို့ကလည်း သူတို့ မျက်စိတွေကို ပွတ်လို့၊ တချို့ကလည်း သူတို့ခေါင်းတွေကို ယမ်းခါလို့။

"ဟယ်ရီ ဘာတွေ ဘယ်လို ဖြစ်ကုန်တာလဲ။ ဟက်ဂရစ်ပြောတော့ သူဝင်ပါရချိန် အခင်းဖြစ်ပွားတဲ့အချိန်က မင်းဟာ ပါမောက္ခဒမ်းဘဲလ်ဒိုးနဲ့ အတူရှိနေခဲ့တာဆို။ သူက ပြောတယ်။ ဒီအမှုမှာ ပါမောက္ခစနိပ်ဟာ တချို့အပိုင်းတွေမှာ ပါဝင်ပတ်သက်နေတယ်တဲ့"

"စနိပ်က ဒမ်းဘဲလ်ဒိုးကို သတ်ပစ်ခဲ့တာလေ" ဟယ်ရီက ပြောလိုက်တယ်။

သူမက သူ့ကို ခဏကြာအောင် စိုက်ကြည့်နေတယ်။ ပြီးတော့ ကြောက်ခမန်းလိလိ ယိမ်းထိုးယိုင်ကျသွားတယ်။ သူမလိုပဲ ခံစားနေရဟန်ရှိတဲ့ မဒမ်ပွမ်ဖရေးက ရှေ့ကပြေးထွက်သွားပြီး၊ လေထဲကနေ မှော်ပဉ္စလက်ပြသလို ကုလားထိုင်တစ်လုံးကို ဖျတ်ခနဲ ဖန်ဆင်းဆွဲထုတ်လိုက်ပြီးမှ မစ္စမက်ဂိုနာဂေါ်လ်ရဲ့ အောက်ကို ထိုးခံလိုက်တယ်။

"စနိပ်" မက်ဂိုနာဂေါ်လ်ဟာ ယဲ့ယဲ့ကလေး ထပ်ဆိုလိုက်ပြီး ကုလားထိုင်ပေါ်ကို ပစ်ကျသွားတယ်။ "ငါတို့အားလုံး အံ့သြရတာက ဘာကြောင့်များ သူဟာ စနိပ်ပေါ်ကို အမြဲတမ်း ဒါလောက် ယုံကြည်ခဲ့ရတာလဲ၊ ငါဖြင့် ယုံတောင် မယုံနိုင်ခဲ့ဘူး" သူမကပြောလိုက်တယ်။

"စနိပ်ဟာ သူတစ်ပါးစိတ်ဓာတ်ကို ထိုးဖောက်ဝင်ရောက်ပြီး သူ့အပေါ်ယုံကြည်နေအောင် ပြုစားတဲ့နေရာမှာ အဆင့်မြင့်မြင့်နဲ့ ပြီးမြောက်အောင်မြင်နေသူ ဖြစ်လို့ပဲ။ အဲဒါကို ကျွန်တော်တို့ တစ်လျှောက်လုံး သိနေတာပဲလေ" လူပင်းကပြောလိုက်တယ်။ သူ့အသံတွေ အခါတိုင်းနဲ့ မတူတော့ဘဲ ထူးထူးခြားခြား စူးစူးသြသြကြီး ဖြစ်နေတယ်။

"ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးဟာ ကျွန်မတို့ဘက်က ရှိနေပါတယ်လို့ ကျိန်ပြောထားခဲ့တယ်လေ။ ကျွန်မအထင်တော့ ဒမ်းဘဲလ်ဒိုးဟာ ကျွန်မတို့ သိမထားတဲ့ စနိပ်ရဲ့ အကြောင်းတွေကို သိထားတာပဲ ဖြစ်ရမယ်" တွမ့်ခ်စ်က အသံတိုးတိုးကလေးနဲ့ ဝင်ပြောလိုက်တယ်။

"ဟုတ်တယ်လေ၊ သူဟာ အမြဲလိုလို စနိပ်အပေါ် ယုံကြည်နေတာနဲ့ ပတ်သက်ပြီး သံနဲ့ကွပ်ထားသလို ခိုင်မာတဲ့ အကြောင်းပြချက်တွေကို မသိမသာ စကားဦးသန်းပြီး ထုတ်ထုတ်ပြောနေခဲ့တာပဲ။ ငါဆိုလိုတာက စနိပ်ရဲ့ နောက်ကြောင်း သမိုင်းကိုသိဖို့ လူတွေအခွင့်မသာဘဲ ကန့်သတ်ထားခံခဲ့ရတယ်။ ဒါပေမဲ့ စနိပ်ဟာ တကယ့်ကို အကြွင်းမဲ့ အစစ်အမှန် နောင်တရခဲ့တာပါလို့ ဒမ်းဘဲလ်ဒိုးက ငါ့ကို ပွင့်ပွင့်လင်းလင်းပဲ ဖြောင်ထုတ်ပြောထားခဲ့တယ်လေ။ စနိပ်နဲ့ ပတ်သက်လို့ သူမကောင်းပြောတာ တစ်လုံးတစ်ပါဒမှ ငါမကြားဖူးခဲ့ပါဘူး" သူမရဲ့ မျက်လုံးအိမ်ထောင့်က စီးကျနေတဲ့ မျက်ရည်တွေကို အနားစွန်းတစ်လျှောက်မှာ ရောင်စုံကွက်ကလေးတွေ ဖော်ထားတဲ့ လက်ကိုင်ပဝါနဲ့ တို့တို့ပြီး သုတ်နေတဲ့ ပါမောက္ခ မက်ဂိုနာဂေါ်လ်က ပြောလိုက်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

စနိုပ်က သူ့အပေါ်ယုံကြည်အောင် ဒမ်းဘဲလ်ဒိုးကို ဘာတွေပြောထားတယ်ဆိုတာ ငါသိချင်လိုက်တာဟယ်" တွမ့်ခ်စ်က ပြောလိုက်တယ်။

"ငါသိတယ်" ဟယ်ရီက ပြောလိုက်တဲ့အတွက် သူတို့ခေါင်းတွေ အားလုံး ဟယ်ရီ့ဘက်ကို ချာခနဲ လည်ထွက်သွားအောင် လှည့်ကြည့်လိုက်ကြတယ်။ "စနိုပ်က ဗိုဒီမော့ကို သတင်းလက်ထောက်ချလိုက်တဲ့အတွက် ဗိုဒီမော့ ငါ့အမေနဲ့အဖေကို ခြေရာခံလိုက်လံသတ်ဖြတ်နိုင်ခဲ့တယ်။ နောက် စနိုပ်က သူဒီလို လုပ်ခဲ့တာနဲ့ ပတ်သက်ပြီး သူဟာ သူကိုယ်တိုင် ဘာတွေ လုပ်နေမိတယ်ဆိုတာ မသိရပါဘူးတဲ့။ အဲဒီအတွက်လည်း သူအမှန်တကယ် ကြေကွဲမိပါတယ်။ သေသွားသူတွေအတွက် ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပါတယ်တဲ့။ သူက ဒမ်းဘဲလ်ဒိုးကို အဲဒီလို ပြောခဲ့တာ"

သူတို့အားလုံး ဟယ်ရီ့ကို စိုက်ပြီး ငေးကြည့်နေကြတယ်။

"ပြီးတော့ ဒမ်းဘဲလ်ဒိုးက စနိုပ်ကို လွှတ်ယုံနေတာ တစ်ခု ရှိသေးတယ်။ သူက စနိုပ်ဟာ ဂျိမ်းသေသွားလို့ ဝမ်းနည်းနေတာလို့ ထင်နေတယ်။ အမှန်မှာ စနိုပ်က ဂျိမ်းကို သိပ်မုန်းတာ" လူပင်းက မယုံကြည်နိုင်တဲ့ မျက်နှာထားနဲ့ ကြားဝင်ဖြတ်ပြောလိုက်တယ်။

"ဒါတင်ဘယ်ကမလဲ၊ စနိုပ်က ငါ့အမေက ဆိုဆိုဆဲဆဲ ပြောတာနဲ့ပဲ ထိုက်တန်တယ်လို့ ထင်နေတာ။ ဘာဖြစ်လို့လဲဆိုတော့ ငါ့အမေက မတ်ဂဲလ်တွေက မွေးလာလို့ပဲ" ဟယ်ရီကလည်း ဝင်ပြောတယ်။ "ဒါကြောင့် သူကငါ့အမေကို သွေးမစစ်၊ သွေးမသန့်တဲ့ သဘောမျိုးပေါ့၊ ခေါ်တာတောင် "ရွံ့နောက်သွေးအမျိုးသမီး"၊ "ရွံ့နောက်သွေးအမျိုးသမီး"လို့ ခေါ်ခဲ့တယ်လေ"

ဘယ်သူကမှ ဟယ်ရီ့ကို အဲဒါတွေ သူ ဘယ်လိုလုပ်သိတာလဲလို့ မမေးကြပါဘူး။ သူတို့ အားလုံး ထိတ်လန့်ကြောက်မက်ဖွယ် အကြောင်းထဲမှာ နစ်မြုပ်နေကြသလို ဖြစ်နေတယ်။ ဖြစ်ပျက်သွားခဲ့သမျှရဲ့ အကြောင်းရင်းနဲ့ အမှန်တရားကြီးကို ဘယ်လို နားလည်ရမလဲလို့ပဲ သူတို့ လှည့်ပတ်စဉ်းစားနေတယ်။

ဒီမှာတင် ပါမောက္ခ မက်ဂိုနာဂေါလ်က ဗြုန်းခနဲ ပြောချလိုက်တယ်။ "အဲဒါဟာ အားလုံး ငါ့အပြစ်တွေပါကွယ်"

သူမကို ကြည့်ရတာ အကြီးအကျယ် စိတ်ရှုပ်ထွေးနေပုံရတယ်။ ပြီးတော့ စိုရွှဲနေတဲ့ လက်ကိုင်ပဝါကို သူမရဲ့ လက်ထဲမှာ ဆုပ်ပြီး လှည့်ပတ်လိမ်နေတယ်။ သူမက ဆက်ပြီး ပြောနေတယ်။

"ငါ့အပြစ်ပါပဲ။ ဒီညဖိလိယပ်စ်ကို လွှတ်ပြီး စနိုပ်ကို ငါပဲ ခေါ်ခိုင်းလိုက်တာလေ။ အဲဒါအမှန်ပဲ သူဒီကိုလာပြီး ငါတို့ကို ကူပါဦးလို့ ငါ လူလွှတ်ခေါ်ခိုင်းလိုက်မိတယ်။ တကယ်လို့ စနိုပ်ဘာတွေ ကြံစည်နေတယ်ဆိုတာ ငါ ရိပ်စားသတိထားမိရင် သူဘယ်နည်းနဲ့မှ မရဏစားစုန်းကောင် တပ်ဖွဲ့ဝင် အင်အားစုတွေနဲ့ ဆက်သွယ်နိုင်မှာ မဟုတ်ဘူး။ ဖိလိယပ်စ်က သူ့ကို မပြောခင် ဒီစုန်းကောင်တွေ အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com

ရှိနေတယ်ဆိုတာ သိမှာ မဟုတ်ဘူးလို့ ငါထင်တယ်။ သူတို့လာပြီဆိုတာ သူသိနေတာကိုလည်း ငါမတွေးမိခဲ့ဘူး"

"အဲဒါ ခင်ဗျား အပြစ်မဟုတ်ဘူး မီနာဗာ၊ ကျွန်တော်တို့ အားလုံး နောက်ထပ်တကယ် အကူအညီလိုတာပဲလေ။ စနိပ်လာလို့ လမ်းမှာ ရောက်နေပြီလို့ တွေးပြီး ကျွန်တော်တို့တောင် ပျော်ခဲ့သေးတာပဲ" လူပင်းက ချက်ကျလက်ကျ အခိုင်အမာ ပြောလိုက်တယ်။

"ဒါဆို ဒီတိုက်ပွဲရှိရာကို သူဘယ်အချိန်ရောက်လာတာလဲ။ ဒီကျမှ သူက မရဏစားစုန်းကောင်တွေဘက်ကို ဘက်ပြောင်းသွားတာလား" ဟယ်ရီက မေးလိုက်ပြန်တယ်။ စနိပ်ရဲ့ သူ့ကို မုန်းဖို့ အကြောင်းပြချက်တွေ သဲသဲမဲမဲ စုဆောင်းပြီး တမင်ကလိမ်ကျပုံနဲ့ ရက်စရာကောင်းလောက်အောင် ယုတ်မာသိမ်ဖျင်းခဲ့ပုံ အသေးစိတ်ကို သိချင်လို့ရော၊ လက်စားချေနိုင်ဖို့အတွက်ပါ သူမေးလိုက်တာ ဖြစ်ပါတယ်။

"အဲဒါ ဘယ်လို ဖြစ်ပျက်ခဲ့တာလဲ ဆိုတာကိုတော့ ငါလည်း ဂဃနဏမသိဘူး" ပါမောက္ခ မက်ဂိုနာဂေါလ်က အာရုံတွေ ဝေဝေဝါးဝါးနဲ့ ပြောလိုက်တယ်။ "အခြေအနေက အားလုံးရှုပ်ထွေးနေတာပဲကွယ်။ ဒမ်းဘဲလ်ဒိုးက တို့ကို ပြောခဲ့တယ်။ သူကျောင်းကနေ နာရီအနည်းငယ်ကြာအောင် အပြင်ကို သွားမယ်တဲ့။ တို့ကို စင်္ကြံတွေကို ကင်းလှည့်စောင့်ကြပ်ပါတဲ့။ အဲဒီမှာ ရီမတ်စ်၊ဘီလ်နဲ့ နင်မ်ပါဒိုရာတို့ကတို့နဲ့ ဆက်သွယ်မယ်ပေါ့။ အဲဒီတော့ တို့ကင်းလှည့်တာပေါ့ကွယ်။ အဲဒီမှာ ကြည့်ရသလောက် အခြေအနေက အားလုံး ငြိမ်သက်နေတယ်လေ။ ကျောင်းအပြင်ဘက်က လျှို့ဝှက်ဖြတ်လမ်းတွေကိုလည်း တစ်ခုမကျန်အောင် ပိတ်ပြီး အကာအကွယ် လုပ်ထားတယ်။ တို့သိသလောက်တော့ ဘယ်သူမှ ကျောင်းထဲကို အလွယ်တကူ အဆောတလျင် ဝင်မလာနိုင်ဘူးပေါ့။ ရဲတိုက်ထဲကို ဝင်တဲ့ ဝင်ပေါက်တွေအကုန်မှာလည်း အစွမ်းသိပ်ထက်တဲ့ ပြုစားမန္တန်တွေ ချထားတယ်။ ပြောရရင် ဒီမရဏစားစုန်းကောင်တွေ အထဲကို ဘယ်လို ဝင်နိုင်တယ်ဆိုတဲ့ ဖြစ်နိုင်ခြေကို ခုထိ ငါမသိသေးဘူး"

"ကျွန်တော် သိတယ်" ဟယ်ရီက ပြောလိုက်ပြီး ပျောက်ကွယ်နေတဲ့ ကက်ဘိနက်ဗီရိုကြီးတစ်စုံနဲ့ သူတို့ တီထွင်ဖန်ဆင်းထားတဲ့ မှော်လမ်းကြောင်းကလေး အကြောင်းတွေကို အကျဉ်းရုံးရှင်းပြလိုက်တယ်။ "အဲဒါကြောင့် ဗ္ဗစ္ဆာသယအခန်းကြီးကနေ တစ်ဆင့်ဖြတ်ပြီး သူတို့ဒီကို ဝင်လာနိုင်တာပေါ့"ဟယ်ရီက စကားကို အဆုံးသတ်လိုက်တယ်။

သူ့ဆန္ဒမပါဘဲ စိတ်တထင့်ထင့်နဲ့ ရွန်နဲ့ ဟာမီယွန်ကို သူဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်တော့၊ သူတို့နှစ်ယောက်လုံး ယူကျုံးမရ ဖြစ်နေကြတယ်။

"ငါလည်း အစွမ်းကုန် ဖွတ်ဖွတ်ညက်ညက် ကျေအောင် မွှေနှောက်ရှာတာပဲ ဟယ်ရီ" ရွန်က စိတ်ဓာတ်ကျနေတဲ့ အမူအရာနဲ့ မှုန်ကုပ်ကုပ်ကြည့်ပြီး ပြောလိုက်တယ်။ "ငါတို့ မင်းပြောတဲ့ မှာတဲ့အတိုင်း လုပ်တာပါပဲ။ တို့ မရောက်ဒါးနဲ့မြေပုံကိုလည်း စစ်ဆေးပါတယ်။ အဲဒီအပေါ်မှာ မော်လ်ဖွိုင်းကို မတွေ့ဘူး။ ဒါနဲ့ တို့က သူ ဗ္ဗစ္ဆာသယအခန်းကြီးထဲမှာ ရှိနေမှာပဲလို့ ထင်နေတာ။

www.burmeseclassic.com

ဒီတော့ ငါရယ်၊ ဂျင်နီနဲ့ နက်ဗီးလ်ရယ် အဲဒီကို စောင့်ကြည့်ဖို့ သွားကြတယ်။ ဒါပေမဲ့ မော်လ်ဖွိုင်းကို တို့မတွေ့လိုက်ဘူး၊ လွတ်သွားတယ်"

"ဒါပေမဲ့ တို့အဲဒီမှာ စပြီး စောင့်ကြည့်နေတာ တစ်နာရီလောက် ကြာသွားပြီးတော့ သူ အခန်းကြီးထဲက ထွက်လာတယ်ဟဲ့" ဂျင်နီကပါ ဝင်ပြောတယ်။ "သူက တစ်ယောက်တည်းဟ၊ ဟို တစ်အားရှုံ့တွနေတဲ့ လက်ကို ဆုပ်ထားတယ်"

"အဲဒါ သူ့ရဲ့ နာမည်ကြီး ကျော်ကြားတဲ့ လက်ဆိုတာပဲ။ အဲဒီကနေ သူ့ဆီကိုပဲ အလင်းရောင်တွေ ထွက်နေတယ်လေ၊ မှတ်မိတယ် မဟုတ်လား" ရွန်က ဝင်ပြောပြန်တယ်။

"ထားပါတော့ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ အဲဒါနဲ့" ဂျင်နီပြန်ဆက်ပြောတယ်။ "သူ မရဏစားစုန်းကောင်တွေ ထွက်လာဖို့ လမ်းပေါ်မှာ ရှင်းရှင်းလင်းလင်း ရှိရဲ့လားဆိုတာ စစ်ဆေးကြည့်နေတာပဲ ဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူလည်း ငါတို့ကို မြင်လိုက်ရော သူကလေထဲကို တစ်ခုခု ပစ်ပေါက်လိုက်တာ အဲဒီနေရာမှာ ကတ္တရာလို ပိန်းပိတ်အောင် မှောင်ကျသွားတော့တာပဲ"

"ပီရူးကလာတဲ့ ချက်ချင်းအမှောင်ကျအစွမ်းထက် ပေါင်ဒါမှုန့်တွေပါ" ရွန်က မဲ့ကာရွဲ့ကာ မကျေမချမ်းနိုင်နဲ့ ဝင်ပြီး ဆက်ပြောတယ်။ "ဖရက်နဲ့ ဂျော့ရဲ့ ပစ္စည်းတွေပေါ့ကွာ။ အဲဒါတွေကို သူတို့ကို ဘယ်သူဝယ်ခိုင်းတာလဲလို့ သူတို့နဲ့ ငါ စာရင်းရှင်းရဦးမယ်"

"တို့အားလုံး နည်းလမ်းကုန်ကြိုးစားခဲ့ပါတယ်။ လူမော့စ်နဲ့ အင်စင်ဒီယိုလည်း ပါတယ်။ အဲဒီအမှောင်ကို ဘယ်ဟာနဲ့မှ ဖောက်ထွင်းလို့မရဘူး။ အဲ.. တို့နောက်ဆုံး လုပ်နိုင်တာကတော့ အမှောင်ထဲမှာ ဟိုစမ်းဒီစမ်းနဲ့ စင်္ကြံလမ်းထဲကနေ တစ်ခါ ပြန်ထွက်လာရတာပဲ။ တစ်ချိန်တည်းမှာ လူတွေတို့ကို ဖြတ်ပြီး ရှတ်ရှတ်သဲသဲနဲ့ ပြေးလွှားနေကြသံတွေကို တို့ကြားနေရတယ်။ ဒါကို မော်လ်ဖွိုင်းလည်းကောင်းကောင်းကြီး မြင်နိုင်တယ်။ အဲဟိုလက်က သူတို့ကို လမ်းပြပေးမှာပေါ့ဟဲ့။ ဒါပေမဲ့ တို့က ဘာမန္တန်လက်နက်မှ အဲဒီမှာ မသုံးရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ မတော် ကိုယ့်အချင်းချင်း ထိကုန်မှာ စိုးလို့ပဲ။ အဲဒီအချိန်မှာ အလင်းရောင်ရှိနေတဲ့ စင်္ကြံတစ်ခုကို တို့ရောက်သွားတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ သူတို့ကသွားပြီ၊ မတွေ့ရတော့ဘူး"

"ကံကောင်းသွားတယ်လေ။ ရွန်၊ ဂျင်နီနဲ့ နက်ဗီးလ်တို့ ချက်ချင်းလိုလိုပဲ ငါတို့ဆီကို ပြေးလာပြီး သူတို့ဖြစ်ပျက်ခဲ့တာကို တို့ကို ပြောပြတယ်" လူပင်းကလည်း မနေနိုင်ဘူး။ အသံပြာပြာအက်အက်ကြီးနဲ့ ဝင်ပြောနေတယ်။ "နောက်ထပ် မိနစ် နည်းနည်းပဲ ကြာလိုက်တယ်။ တို့တွေ မရဏစားစုန်းကောင်တွေနဲ့ တွေ့တော့တာပဲ။ သူတို့က နက္ခတ္တဗေဒမျှော်စင်ကို ဦးတည်ပြီး ပြေးသွားနေတာကွ။ မော်လ်ဖွိုင်းက အဲဒီနေရာမှာ နောက်ထပ်လူတွေ တွေ့ရဦးမယ်လို့ မျှော်လင့်မထားတာ သိသာတယ်။ သူ့အမှောင်ချပေါင်ဒါမှုန့်တွေကို မနားတမ်းစွပ်ပစ်လာခဲ့ရလို့ အမောဆို့သလို ဖြစ်နေတယ်။ အဲဒီမှာ တိုက်ပွဲကစတော့တာပဲ။ သူတို့တွေ လူစုကွဲပြီး ဟိုရောက်ဒီရောက် ရောက်ကုန်တယ်။ တို့ကို သူတို့လိုက်ချေမှုန်းတယ်။ ဒီမှာတင် သူတို့ထဲက တစ်ယောက်၊ ဂျစ်ဘွန်းဆိုတဲ့ အကောင်ဟာ မျှော်စင်ရဲ့ လှေကားရှိတဲ့နေရာကို ပြေးတာတွေ့တာပါပဲကွာ"

www.burmeseclassic.com

"ကဲ–တို့ ဟိုအောက်လမ်းစုန်းသင်္ကေတအမှတ်တံဆိပ်ကြီးကို ဖြုတ်ချဖို့ကော" ဟယ်ရီကမေးလိုက်တယ်။

"သူ လုပ်ပြီးသွားပြီ။ ဟုတ်တယ်ကွ။ သူတို့ ဣစ္ဆာသယခန်းကြီးထဲက ထွက်မလာခင်ကတည်းက အဲဒါကို ပြင်ဆင်ထားပြီးသား ဖြစ်ရမယ်" လူပင်းက ပြောလိုက်ပြန်တယ်။ ဒါပေမဲ့လူပင်းက "ဂျစ်ဘွန်းဟ ဒမ်းဘဲလ်ဒိုးအလာကို သူတစ်ယောက်တည်း စောင့်နေရတာကို ကြိုက်လိမ့်မယ်လို့ ငါမထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက လွတ်ရာကျွတ်ရာမှာ မနေတဲ့လှေကားက ပြန်ပြေးဆင်းလာပြီး တိုက်ပွဲထဲမှာ ဝင်ပါနေလို့ပေါ့။ အဲဒီမှာ ငါ့ကို မထိဘဲ လွဲသွားတဲ့ လူသတ်ကျိန်စာ မန္တန်တစ်ခု သူ့ကို သွားထိတော့တာပါပဲ"

"ဒါဆိုရင် ရွန်က ဂျင်နီနဲ့ နက်ဗီးလ်တို့နဲ့ ဣစ္ဆာသယခန်းကြီးကို စောင့်ကြည့်နေခဲ့တာဆိုတော့... " ဟယ်ရီကပြောပြီး ဟာမီယွန်ဘက်ကို လှည့်မေးလိုက်တယ်။ "နင်က ဘယ်ရောက်နေလဲ"

"စနိပ်ရဲ့ ရုံးခန်း အပြင်ဘက်မှာ တကယ်ပါ" ဟာမီယွန်က လေသံတိုးတိုးကလေးနဲ့ ပြန်ဖြေတယ်။ သူမရဲ့ မျက်လုံးထဲမှာလည်း မျက်ရည်စတွေနဲ့။ "ငါ လူနာနဲ့ အတူရှိနေတာ။ တို့အဲဒီမှာ ဘယ်သူတွေများ ပေါက်ချလာမလဲလို့....... အပြင်ဘက်မှာ ရစ်သီ ရစ်သီစောင့်ကြည့်နေတာ။ ဒါပေမဲ့ ဘာမှ ဖြစ်မလာဘူး။ အပေါ်ထပ်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာလည်း တို့ မသိရဘူး။ ရွန်က မြေပုံကို ယူသွားတာကိုး။ အဲဒီမှာ ပါမောက္ခဖလစ်ဝစ်ခ် မြေအောက်ခန်းထဲကို ပြေးဆင်းလာတော့ သန်းခေါင်ရောက်တော့မယ့် ဆဲဆဲ ဖြစ်နေပြီ။ သူက ရဲတိုက်ထဲကို မရဏစားစုန်းကောင်တွေ အကြောင်းလျှောက်ပြီး အပြေးအလွှား အော်ပြောနေတာ။ ငါနဲ့ လူနာ အဲဒီမှာ ရှိနေတာကို သူတကယ် သိသွားလိမ့်မယ်လို့ ငါလုံးလုံး မထင်ဘူး။ နောက်တော့ သူ စနိပ်ရဲ့ ရုံးခန်းထဲကို ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဝင်သွားတယ်။ အဲဒီမှာ သူပြောနေတာ တို့ကြားရသလောက် စနိပ်ကို သူနဲ့အတူ ပြန်လိုက်သွားပြီး အကူအညီပေးရမယ်တဲ့။ နောက်တော့ အခန်းထဲမှာ အုန်းခနဲ ကျယ်လောင်တဲ့ အသံကြီးတစ်ချက် မြည်သွားတာ ကြားလိုက်ပြီး စနိပ် အူယားဖားယားနဲ့ ပြေးထွက်လာတယ်။ တစ်ခါ တို့ကိုလည်း သူမြင်သွားရော သူ... သူ....... သူ"

"နင့်ဟာက ဘာလဲဟာ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ" ဟယ်ရီက ဟာမီယွန့်ကို မေးလိုက်တယ်။

"ငါ တကယ် မိုက်မဲပါတယ် ဟယ်ရီရယ်......... ငါသိပ်ကို မိုက်ပါတယ်" ဟာမီယွန်က တကယ့်ကို ကြားလောက်ရုံ အသံတိုးတိုးကလေးနဲ့ ပြောလိုက်တယ်။ "သူက ငါတို့ကို သူ့အခန်းထဲမှာ ပါမောက္ခ ဖလစ်ဝစ်ခ်လဲကျသွားလို့ သူတစ်နေရာကို သွားနေတုန်း ငါတို့ ပါမောက္ခဖလစ်ဝစ်ခ်ကို ဝင်ကြည့်ပြီး စောင့်ရှောက်ပေးသင့်တယ်တဲ့။ သူက မရဏစားစုန်းတွေကို တိုက်ခိုက်နေတဲ့ နေရာမှာ ကူညီမှာမို့လို့တဲ့" ဟာမီယွန်က ရှက်လွန်းလို့ သူမရဲ့ မျက်နှာကို ကွယ်ထားတယ်။ အဲဒီနေရာမှာ ဟာမီယွန်လက်ဟန်ခြေဟန်နဲ့ပဲ ပြောနေပြီး သူမရဲ့ အသံပျောက်သွားတယ်။ နောက် သူမဆက်ပြောတာက "ပါမောက္ခ ဖလစ်ဝစ်ခ်တို့ကို ကူညီနိုင်မလားလို့ပေါ့။ သူ့အခန်းထဲကို တို့လည်း ဝင်သွားရော သူ့ကို ကြမ်းပြင်ပေါ်မှာ သတိမေ့နေတာကို တွေ့ရတော့တာပါပဲ။ အိုဟယ်..... အဲဒီတော့မှာပဲ ရှင်းသွားတယ်။ စနိပ်က ဖလစ်ဝစ်ခ်ကို လူမှန်းသူမှန်းမသိဘဲ မူးမေ့နေအောင် လုပ်ထားခဲ့တာကိုး၊ ဒါပေမဲ့ တို့က အဲဒါကို မရိပ်စားမိဘူး ဟယ်ရီ။ တို့က သူ့ကို သွားခိုင်းလိုက်မိတယ်"

www.burmeseclassic.com

“ဒါ နင့်အပြစ် မဟုတ်ပါဘူး” လူပင်းက အခိုင်အမာ ဝင်ပြောလိုက်တယ်။ “ဟာမီယွန်… နင် သူ့အမိန့်ကို မနာခံဘဲ ရှောင်ဖယ်နေလို့ ရမှာမို့လား။ အဲဒီလိုဆိုရင် သူက နင်နဲ့ လူနာကိုတောင် သတ်ကောင်းသတ်သွားဦးမှာ”

“ဒါပဲပေါ့၊ အဲဒီကနေ သူထွက်လာပြီး လှေကားပေါ်ကို တက်ခဲ့တာပဲပေါ့” ဟယ်ရီက စကျင်ကျောက်အုံလှေကားအတိုင်း စနိပ်ပြေးတက်လာတာ သူစောင့်ကြည့်ပြီး မြင်ခဲ့ရတာကို မျက်စိထဲမှာ ပြန်လည်မြင်ယောင်ပြီး ပြောလိုက်တယ်။ စနိပ်ရဲ့ ဝတ်ရုံနက်ကြီးက သူ့နောက်မှာ ခါတိုင်းလိုပဲ တစ်လွှားလွှားဝေ့ဝဲလို့၊ ပြေးတက်လာနေစဉ်မှာပဲ ဝတ်ရုံအောက်က သူ့ ဆေးကြိမ်လုံးကို တစ်ပါတည်း ဆွဲထုတ်လိုက်ပြန်တယ်။ “အဲဒီမှာတင် မင်းတို့တွေ တိုက်ခိုက်နေတဲ့ နေရာကို သူတွေ့သွားတော့တာပဲ” ဟယ်ရီက သူ့စကားကို အဆုံးသတ်လိုက်တယ်။

“အဲဒီတုန်းက ငါတို့တွေ ဒုက္ခရောက်နေကြတယ်။ ငါတို့ဘက်က ဆုံးရှုံးမှုတွေ ရှိနေတယ်” တွမ့်ခ်စ်က တိမ်ဝင်နေတဲ့ အသံနဲ့ ပြောလိုက်တယ်။ “ဂျစ်ဘွန်းလဲကျသွားတယ်။ ဒါပေမဲ့ ကျန်တဲ့ မရဏစားစုန်းကောင်တွေက သူသေကိုယ်သေ တိုက်ဖို့ အသင့်ဖြစ်နေတဲ့ပုံပဲ။ နောက် နက်ဗီးလ် ဒဏ်ရာရသွားတယ်။ နောက် ဂရေးဘက်ရဲ့ လက်ချက်နဲ့ ဘီလ်အနာတရ ဖြစ်သွားပြန်တယ်။ အဲဒီနေရာတစ်ခုလုံး မှောင်နေတယ်။ ကျိန်စာမန္တန်လက်နက်တွေကလည်း နေရာအနှံ့မှာ တစ်ဝှီးဝှီးပျံသန်းနေတယ်။

နောက် ဟိုငနဲလေး မော်လ်ဖွိုင်း ပျောက်သွားတယ်။ သူ လှေကားကနေ တက်ပြေးသွားတာဖြစ်မယ်။ နောက် ကျန်တဲ့ အကောင်တွေပါ သူ့နောက်ကို ပြေးလိုက်သွားကြတယ်။ ဒါပေမဲ့ သူတို့ထဲက တစ်ယောက်က လှေကားဝမှာ ပိတ်ရပ်နေတယ်။ သူ့လက်ထဲမှာ ဘာအမျိုးအစားမှန်း မသိရတဲ့ မန္တန်လက်နက်တစ်ခုကို ကိုင်ထားတယ်။ နက်ဗီးလ်က အဲဒီကို ပြေးသွားတယ်။ ဒါပေမဲ့ သူလေထဲကို မြောက်တက်သွားတယ်”

“တို့တွေ တစ်ယောက်မှ ဒီကဖောက်မထွက်နိုင်ဘူး” ရွှန်က တစ်ခါ ဝင်ပြောပြန်တယ်။ “မရဏစားစုန်းကောင်တွေ တစ်ပုံတစ်ခေါင်းကြီးလည်း သူတို့မှာ ရှိသမျှ ဂြိုလ်ဆိုးဝင်မန္တန်တွေနဲ့ မည်းမည်းမြင်တိုင်း ပစ်နေတယ်။ နေရာကွက်လပ် မရှိဘူး။ ဒါပေမဲ့ ကျိန်စာလက်နက်တွေက နံရံတွေကိုသာ ထိပြီး ပြန်ကန်ထွက်နေတယ်။ တို့ကို မထိဘဲ လွဲလွဲသွားတယ်”

“နောက်တော့ အဲဒီနေရာကို စနိပ်ရောက်လာတယ်။ နောက် သူပြန်ပျောက်သွားတယ်”တွမ့်ခ်စ်က စကားဝင်ထောက်ပြောလိုက်တယ်။

“တခြား ရောက်သွားတာ မဟုတ်ဘူး၊ သူ ငါတို့ဆီကို ပြေးလာတာ ငါမြင်ရတယ်။ အဲဒီနောက် ဟိုမရဏစားစုန်းကောင်ကြီး ပစ်လိုက်တဲ့ ဂြိုလ်ဆိုးဝင်မန္တ န်က ငါနဲ့ သီသီလေး ကပ်ပွတ်လွဲသွားတယ်။ ငါ ငုံ့ရှောင်လိုက်လို့ပေါ့။ အဲဒီမှာ ငါလုံးလုံး မျက်ခြည်ပြတ်သွားတော့တာပဲ” ဂျင်နီက ပြောလိုက်တာ ဖြစ်ပါတယ်။

www.burmeseclassic.com

"နင် မျက်ခြည်ပြတ်သွားပေမဲ့ ငါသူ့ကို မြင်နေရတယ်။ သူက ပြေးတာမှ တန်းနေတာပဲ။ မန္တန်လက်နက်တွေ တစ်ဝီဝီဖြစ်နေတဲ့ အတားအဆီးထဲက သူဖြတ်ပြေးတာ အဲဒီလက်နက်ပစ်ခတ်တာတွေ မရှိတဲ့အတိုင်းပဲ၊ ငါ သူ့နောက်ကို ပြေးလိုက်တာပေါ့။ ဒါပေမဲ့ နက်ဗီးလ်လိုပဲ ငါလည်း နောက်ကို ကျွမ်းပြန်လန်ထွက်သွားတယ်" လူပင်းက ပြောလိုက်ပြန်တယ်။

"သူ တို့မသိတဲ့ မန္တန်တစ်ခုကို သိထားရမယ်" မက်ဂိုနာဂေါလ်က တိုးတိုးလေး ပြောလိုက်တယ်။ "တကယ်တမ်းကျတော့ သူဟာ 'လျှို့ဝှက်မှော်ပညာဖြင့် တိုက်ခိုက်မှုများအား ကာကွယ်ခြင်း' ဘာသာကို သင်ပြနေတဲ့ ဆရာ ဖြစ်နေတယ်လေ။ ဒါကြောင့်လည်း ငါက သူဟာ အဲဒီတုန်းက မျှော်စင်ဘက်ကို လွတ်မြောက်ထွက်ပြေးသွားတဲ့ မရဏစားစုန်းကောင်တွေကို လိုက်ဖမ်းဖို့ ပြေးသွားတာလို့ ငါကထင်ခဲ့တာ"

"ဟုတ်တယ်၊ မရဏစားစုန်းကောင်တွေနောက်ကို သူပြေးလိုက်သွားတာပဲ။ ဒါပေမဲ့ ဖမ်းဖို့မဟုတ်ဘူး။ သူတို့ကို ကူညီဖို့" ဟယ်ရီက ဒေါသတကြီးနဲ့ ခက်ခက်ထန်ထန် ပြောလိုက်တယ်။ "ဒါနဲ့ ခင်ဗျားမှာ အဲဒီအတားအဆီးတွေကို ဖြတ်သွားနိုင်တဲ့ မှော်တံဆိပ်အမှတ်အသား တစ်ခု ရှိမယ်ဆိုတာ ကျွန်တော် ပြောရပါတယ်။ အဲဒီတော့ သူပြန်ဆင်းသွားတော့ ဘာတွေဖြစ်သေးသလဲ"

"အေး .... မရဏစားစုန်းကောင်ကြီးက အဲဒီဆဋ္ဌဂံကျိန်စာလက်နက်နဲ့ ပစ်လိုက်တယ်။ အဲဒီလက်နက်သွားထိတဲ့ မျက်နှာကြက်ကြီး တစ်ခြမ်းလုံး ပြုတ်ကျလာတယ်။ ကျိန်စာလက်နက်ကြီးနဲ့လည်း ထပ်ပစ်လိုက်လို့ လှေကားကို ပိတ်သွားတယ်" လူပင်းက ဝင်ဖြေတယ်။ "တို့တွေအကုန်လုံး ရှေ့ကို ဆက်ပြေးကြတယ်။ အဲဒီအချိန်အထိ တို့အထဲက အကြောင်းကြောင်းနဲ့ မတ်တတ်ရပ်နိုင်ဆဲလူတွေပေါ့။ နောက် စနိပ်နဲ့ ဟိုကောင်လေး ဖုန်တွေအမှုန်တွေထဲက ပေါ်လာတယ်။ တို့ထဲက တစ်ယောက်မှ သူတို့ကို မတိုက်ခဲ့ဘူး"

"ဟုတ်တယ်၊ တို့က သူတို့ကို သွားခွင့်ပြုလိုက်တယ်" တွမ့်ခ်စ်က အာခေါင်ကလိုင်သံကြီးနဲ့ ပြောလိုက်တယ်။ "တို့က သူတို့လည်း မရဏစားစုန်းကောင်တွေ လိုက်လို့ ပြေးလာတာလို့ ထင်တာကိုး။ နောက် မရဏစားစုန်းကောင်တွေနဲ့ ဂရေးဘက်ပြန်ရောက်လာလို့ တို့တွေ တစ်ခါ ထပ်တိုက်ကြခိုက်ကြပြန်ရော။ အဲဒီအချိန်မှာ စနိပ်က တစ်ခုခုအော်လိုက်တယ်လို့ ငါထင်တယ်။ ဒါပေမဲ့ ဘာအော်တာလည်းဆိုတာ ငါလည်း မသိဘူး"

"သူအော်လိုက်တာ ငါသိတယ်။ ပြီးသွားပြီဟေ့တဲ့" ဟယ်ရီက ပြောလိုက်တယ်။ "သူလုပ်ဖို့ ရည်ရွယ်ထားတာကို သူလုပ်ပြီးသွားပြီလို့ ဆိုလိုတာပေါ့ကွာ"

ဒီမှာတင် သူတို့အားလုံး တိတ်ဆိတ်သွားပြန်တယ်။ ဖီးနစ်ငှက်ကြီး ဖောကက်စ်ရဲ့ အပြင်ဘက်မှောင်မိုက်နေတဲ့ ကျောင်းဝင်းထဲမှာ ပဲ့တင်ရိုက်နေတဲ့ ပူဆွေးကြေကွဲသံကလည်း ထွက်ပေါ်နေတုန်းပါပဲ။

တေးသွားရဲ့ အသံကလေးထဲမှာ ပဲ့တင်ထပ်နေသလို၊ မဖိတ်ခေါ် မကြိုဆိုပါဘဲနဲ့ အတွေးတွေက တားဆီးမရအောင် အလိုအလျောက် ဟယ်ရီရဲ့ စိတ်ထဲရင်ထဲကို ပျောင်းပျောင်းအိအိ

www.burmeseclassic.com

ဝင်ရောက်လာနေတယ်။ ဒမ်းဘဲလ်ဒိုးရဲ့ အလောင်းကို မျှော်စင်ခြေရင်းကနေ သူတို့ သယ်သွားကြပြီလား။ ခု ဘယ်နေရာမှာ ရပ်နားနေမလဲ။ သူ သူ့ရဲ့ လက်သီးတွေ သူ့ရဲ့ အကျီအိတ်ကပ်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ အေးစက်နေတဲ့ ဟော်ကရပ်စ်ကျိန်စာ အတုံးအခဲကလေးတစ်ခု သူ့ရဲ့ ညာဘက်လက်ဆစ်တစ်နေရာကို လာထိမှန်ထားတာကိုလည်း သူခံစားနေရတယ်။

ဒီမှာတင် ဆေးရုံဆောင်ရဲ့ တံခါးတွေ ဝုန်းခနဲ ပွင့်သွားတဲ့အတွက် သူတို့အားလုံး ခုန်ရှောင်လိုက်မိကြတယ်။ မစ္စတာ ဝက်စလေနဲ့ မစ္စဝက်စလေတို့ အဆောင်ထဲကို ခြေလှမ်းကျဲကြီးတွေနဲ့ ဝင်လာကြတယ်။ ဖလားလည်း သူတို့နောက်က ကပ်ပါလာတယ်။ သူမရဲ့ လှပတဲ့ မျက်နှာကလေးက ထိတ်လန့်ကြောက်ရွံ့နေတယ်။

“မော်လီ၊ အာသာ” ပါမောက္ခမက်ဂိုနာဂေါလ်ရှေ့က လှစ်ခနဲ အပြေးအလွှား ဆီးကြိုရင်း ပြောလိုက်တယ်။ “ကျွန်မအကြီးအကျယ်စိတ်မကောင်း ဖြစ်ရပါတယ်ဖ”

“ဘီလ်... အိုဘီလ်ရယ်....” ပါမောက္ခမက်ဂိုနာဂေါလ်ရှေ့က လှစ်ခနဲ ဖြတ်ပြေးသွားပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ဘီလ်ရဲ့ မျက်နှာကို မြင်လိုက်ရချိန်မှာ မစ္စဝက်စလေက တိုးတိုးလေး ရေရွတ်နေတယ်။ လူပင်းနဲ့ တွမ့်ခ်စ်တို့က ကပျာကယာ အိပ်ရာက ထပြီး နောက်ကို ဆုတ်ပေးကြတဲ့အတွက် မစ္စတာ ဝက်စလေနဲ့ မစ္စဝက်စလေတို့ သူ့အိပ်ရာနားကိုပိုပြီး ခပ်နီးနီးတိုးကပ်သွားနိုင်တယ်။ မစ္စဝက်စလေက ရှေ့ကိုကုန်းပြီး သူမရဲ့ နှုတ်ခမ်းတွေနဲ့ သားဖြစ်သူရဲ့ သွေးစတွေ ပေကျံနေတဲ့ နဖူးကို နမ်းလိုက်တယ်။

“သူ့ကို ဂရေးဘက်က တိုက်ခိုက်ခဲ့တာလို့ ရှင်က ပြောခဲ့တယ်ဆို”မစ္စဝက်စလေက ပါမောက္ခမက်ဂိုနာဂေါလ်ကို စိတ်ရှုပ်အာရုံထွေပြားစွာနဲ့ မေးလိုက်တယ်။ “ဒါပေမဲ့ ဂရေးဘက်က အဲဒီအချိန်မှာ သမန်းဝံပုလွေအဖြစ် သူ့ကိုယ်သူ ပြောင်းထားတာ မဟုတ်သေးဘူး မဟုတ်လား။ ဒီလိုဆို အဲဒါက ဘာသဘောလဲ။ ဘီလ်ကို ဘာဖြစ်လာနိုင်သလဲ” သူမက မေးခွန်းတွေ ဆင့်ကဲမေးနေတယ်။

“ကျွန်မတို့လည်း ဒါထက်ပိုမသိတော့ဘူး”လူပင်းကို အကူအညီမပေးနိုင်တဲ့ မျက်လုံးတွေနဲ့ကြည့်ရင်း ပါမောက္ခမက်ဂိုနာဂေါလ်က ပြောလိုက်တယ်။

“ပိုးဝင်တာတို့၊ မသန့်မပြန့်မှုကြောင့် မလိုအပ်တဲ့ ဘေးထွက်ဆိုးကျိုး ရတာမျိုးတို့ ဖြစ်ကောင်း ဖြစ်တတ်တယ် အာသာ၊ နောက်ပြီး ဒါက ဆန်းပြားတဲ့ ဒဏ်ရာရောဂါတစ်ခု မဟုတ်လား၊ တစ်စုံတစ်ရာ ထူးခြားလာနိုင်ပါတယ်။ သူနိုးလာချိန်ကျရင် ဘယ်လို အမူအကျင့်တွေ ဖြစ်ပေါ်လာမယ်ဆိုတာ ကျွန်တော်တို့ မသိသေးဘူး” လူပင်းက ပြောလိုက်တယ်။

မစ္စဝက်စလေဟာ မဒမ်ပွမ်ဖရေးဆီကနေ အော်ဂလီဆန်ချင်အောင် အနံ့စူးစူးဝါးဝါးနဲ့ လိမ်းဆေးဆီတွေကို ယူပြီး ဘီလ်ရဲ့ ဒဏ်ရာတွေကို စပြီး လိမ်းပေးနေပါတော့တယ်။

“ဒါနဲ့ ဒမ်းဘဲလ်ဒိုးရော မီနာဗာ၊ ကြားရတဲ့ သတင်းအမှန်ပဲလား။ အဲဒါ တကယ်ပဲလားဗျာ” မစ္စတာ ဝက်စလေက မေးလိုက်တယ်။ ပါမောက္ခမက်ဂိုနာဂေါလ်က ခေါင်းညိတ်ပြလိုက်ချိန်မှာ ဂျင်နီသူ့ဘေးကို

www.burmeseclassic.com

www.burmeseclassic.com

ရွှေ့လာပြီး သူမကို ကြည့်နေတာကို ဟယ်ရီသိနေတယ်။ နောက် ဂျင်နီဟာ အံ့ဩမင်တက်နေတဲ့ မျက်နှာအမူအရာနဲ့ ဘီလ်ကို ငုံ့ပြီး ငေးစိုက်ကြည့်နေတဲ့ ဖလားကို သူမရဲ့ မျက်လုံးတွေကို အသာမေးစင်ပြီး ကြည့်လိုက်ပြန်ပါတယ်။

"ဒမ်းဘဲလ်ဒိုး ကွယ်လွန်သွားပြီ" မစ္စတာ ဝက်စလေက တိုးတိုးကလေး ပြောလိုက်တယ်။ ဒါပေမဲ့ မစ္စဝက်စလေကတော့ သူမရဲ့ ဩရသသားကြီးရဲ့ မျက်နှာကိုပဲ ကြည့်မြဲကြည့်နေတယ်။ နောက်သူမစပြီး တရှုပ်ရှုပ်ငိုနေတယ်။ သူမရဲ့ မျက်ရည်တွေ ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ ဘီလ်ရဲ့ မျက်နှာပေါ်ကို ကျနေတယ်။

"အမှန်တော့ သူ့မျက်နှာ ဘယ်လိုဖြစ်နေနေ ကိစ္စမရှိဘူး။ တကယ့်တကယ်မှာ အဲဒါက အရေးကြီးတာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သူက သိပ်ကို ချောလွန်းတဲ့ ကောင်လေးလေ။ အမြဲတမ်း ဘယ်အချိန်ကြည့်ကြည့် ချောမောခံညားနေတာ။ ပြီးတော့ သူ လက်ထပ်တော့မယ့်ဆဲဆဲ အချိန်" မစ္စဝက်စလေက တတွတ်တွတ်ပြောနေတယ်။

ဒီမှာတင် ဖလားက ဘယ်လို အတွေးပေါက်သွားတယ် မသိဘူး။ ဖြန်းစားကြီး ကျယ်လောင်ကျယ်လောင် အော်ဟစ်ပြောပါလေရော။

"အို… အဲဒါချင့်ဇဂါးဂါ့ ဘာကိုချိုလိုတာလဲ၊ ချင်ပြောတဲ့ သူက လက်ထပ်ဒေါ့မယ့်ဇဲဇဲ အချိန်ချိုတာလေ။ အဲဒါ ဘာကိုချိုလိုတာလဲ"

မစ္စဝက်စလေက မျက်ရည်တွေ စိုရွှဲနေတဲ့ သူမရဲ့ မျက်နှာကို ဖျတ်ခနဲ အထိတ်တလန့်နဲ့ မော့ကြည့်လိုက်တယ်။

"အဲဒါ ဘာမှ မဟုတ်ပါဘူး၊ ငါဆိုလိုတာက........"

"ချင့်ဇိတ်ထဲမှာ ဘီလ်က ဂျမာ့ကို လက်မထပ်ချင်တော့ဘူးလို့ ချင်ထင်ဒယ်ဖေါ့လေ" ဖလားကထပ်ပြီး စောဒက တက်နေပါတယ်။ "ဒီဂိုက်ခံဒါးရဒဲ့ ဒဏ်ရာတွေကြောင့် တူ ဂျမာ့ကို ချစ်မာ မဝုတ်ဒေါ့ဘူးလို့ ချင်က ထင်တယ်ဖေါ့"

"အဲဒီလို မဟုတ်ဘူး၊ ငါပြောတာ...."

"ဒါကြောင့် တူကမချစ်ဘူးဖေါ့" ဖလားဟာ အော်ကြီးဟစ်ကျယ်ပြောရင်း သူမရဲ့ ကိုယ်ကို တစ်ဆုံး မတ်မတ်ရပ်ပစ်လိုက်တယ်။ ပြီးတော့ ငွေရောင်လက်နေတဲ့ သူမရဲ့ ဆံပင်ရှည်ကြီး နောက်ဘက်ကို လှန်ပြီး ပစ်ချလိုက်ပြီး ထပ်ပြောပြန်တယ်။ "အဲဒီဇဂါးဟာ တမန်းဝံပုလေ ဒဂေါင်ထက် ဘီလ် ဂျမာ့ကို မချစ်အောင် ရပ်ဂိုင်းလိုက်ဒါဘဲ"

www.burmeseclassic.com

"အေးလေ ထားပါတော့။ ငါက အဲဒီလို ပြောတာ မဟုတ်ဘူးပဲ ထားပါတော့။ ငါတွေးမိတာက သူဟာ ဘယ်လိုလုပ်ပြီး .... အို ဘယ်လို ပြောရမယ်တောင် မသိတော့ပါဘူး၊ သူက ဘယ်လိုလုပ်ပြီး.... " မစ္စဝက်စလေ အထစ်ထစ်အငေါ့အငေါ့နဲ့ ပြောနေတယ်။

"ချင်ဂါ့တူ့ကို ဂျမာ့ဂါ့လက်မထပ်ချင်ဒေါ့ဘူးလို့ ထင်ဒါလား၊ ဒါမှမဟုတ် ချင်က အဲဒီလို ဗျစ်လာဘို့ မျှော်လင့်နေဒါလား" ဖလားဟာ တစ်ရှူးရှူးတစ်ရှဲရှဲနဲ့ ဖြစ်နေပြီး သူမရဲ့ နှာခေါင်းပေါက် နှစ်ပေါက်လည်း ပွစိပွစိဖြစ်နေတယ်။ နောက် သူမက ဆက်ပြောတယ်။ "တူ့ဘာဒါတူ ဂျမာ့တို့နှစ်ယောက်လုံးအဒွက် ဂျမာ့အဂေါင်းဘက်ဂါ့ဘဲ ဂျိတယ်။ အဲဒီဒဏ်ရာအမာရွတ်ဒွေက ဂျမာ့ရဲ့ ယောက်ဂျားဟာ တတ္တိရှိရဲရင့် ဂျောင်း ပြဒါဘဲလို့ ဂျမာ့ထင်တယ်။ ဂျမာ့ဂါ့ဒေါ့လက်ကို လက်ထပ်ရမာဘဲ"

နောက် ဖလားက မစ္စဝက်စလေကို ဘေးကို တွန်းဖယ်ပစ်လိုက်ပြီး သူမရဲ့လက်ထဲက လိမ်းဆေးဆီကိုလည်း ဆတ်ခနဲ ဆွဲယူလိုက်ပါတယ်။

မစ္စဝက်စလေဟာ နောက်လန်ကျပြီး သူမရဲ့ ခင်ပွန်းနဲ့ ခိုက်မိသွားတယ်။ ပြီးတော့ ဘီလ်ရဲ့ ဒဏ်ရာတွေကို ဖလားက လူးပေးနေတာကို နားလည်ရခက်တဲ့ပုံစံ၊ ဘယ်လိုဟာမျိုးပါလိမ့်ဆိုတဲ့ စူးစမ်းအံ့သြတဲ့ မျက်နှာနဲ့ ငေးကြည့်နေပါတယ်။ ဘယ်သူကမှ ဘာမှ ဝင်မပြောကြဘူး။ ဟယ်ရီလည်း အများတကာလိုပဲ နေရာက လှုပ်တောင် မလှုပ်ဝံ့ဘူး။ သူက ပေါက်ကွဲလာတော့မယ့် အခြေအနေကိုပဲ စောင့်ကြည့်နေတယ်။

အတော်ကြီးကြာအောင် ငြိမ်သက်ရပ်ဆိုင်းနေပြီးမှ မစ္စဝက်စလေက ပြောလိုက်တယ်။ "ငါ့ရဲ့ ဘွားလေးကြီးတော်မြူရီယယ်မှာ နတ်ဆိုးမှင်စာကလေးလုပ်ပေးထားတဲ့ သိပ်လှတဲ့ ဦးဆောက်ပန်းတစ်ခု ရှိတယ်။ အဲဒါ နင့်ကိုငှားဖို့ ငါ သူမကို ပြောပေးနိုင်မှာ အရမ်းကို သေချာပါတယ်။ ငါအတပ်ပြောရဲတယ်ဟာ။ နင့်ရဲ့ မင်္ဂလာဆောင်အတွက်လေ။ သူမကို ဘီလ်က သိပ်ချစ်တာ။ နင်သိမှာပါ။ အဲဒီဦးဆောက်ပန်းက နင့်ဆံပင်နဲ့ဆို အရမ်းကို လိုက်ဖက်ပြီး သိပ်ချစ်စရာကောင်းနေမှာ"

"ကျေးဂျူးပါဘဲတော်" ဖလားက ကြွပ်ဆတ်ဆတ်နဲ့ ပြန်ပြောပါတယ်။ နောက်မှ "အဲဒါ လာမယ့်ချိဂျာမာ့လဲတေချာဘာဒယ်"လို့ ထပ်ပြောလိုက်တယ်။

အဲဒီနောက် ဟယ်ရီဟာ သူ့ရှေ့က မြင်ကွင်းကိုကြည့်ပြီး ဘာတွေဖြစ်ကုန်တယ်ဆိုတာ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်သွားတယ်။ ခုကျတော့လည်း မိန်းမနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ငိုနေကြပြန်တယ်။ လုံးဝ စိတ်ရှုပ်အံ့သြစရာကောင်းလောက်အောင်၊ ကမ္ဘာကြီး ရူးသွပ်သွားပြီလားလို့ ထင်ရလောက်အောင်ပါပဲ။ သူ လှည့်ကြည့်လိုက်တော့ သူဖြစ်သလိုပဲ အံ့အားသင့်ပြီး ကြက်သေသေနေတဲ့ ရွန်ကို တွေ့လိုက်ရသလို၊ ဂျင်နီနဲ့ ဟာမီယွန်တို့လည်း လန့်ဖျပ်နေသလို အကြည့်ကလေးတွေနဲ့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"နင်မြင်လား" အသံတစ်သံက ယဲ့ယဲ့ကလေး ပြောလိုက်တယ်။ ဒီမှာတင် တွမ့်ခ်စ်က လူပင်းကို စိမ်းစိမ်းဝါးဝါးကြည့်ရင်း ပြောလိုက်တယ်။ "သူမဟာ ခုထက်ထိ သူ့ကို လက်ထပ်ချင်စိတ် ရှိနေတုန်းပဲနော်၊ အတိုက်ခံရတဲ့ ဒဏ်ရာတွေရော ဘာသော သူ ဂရုမစိုက်တော့ဘူး"

"အဲဒါက တခြားစီပဲ" လူပင်းက သူ့နှုတ်ခမ်းတွေကို လှုပ်ရှုံကလေး လှုပ်ပြီး ပြောနေတယ်။ ပြီးတော့ ချက်ချင်း ဖြုန်းစားကြီး သူ့ရဲ့ ပုံစံဟာ မာရေကျောရေ ဖြစ်သွားပြီး ပြောလိုက်တယ်။

"ဘီလ်ဟာ သမန်း ဝံပုလွေအစစ် လုံးဝမဖြစ်နိုင်တော့ဘူး၊ ပြဿနာတွေ အကုန်လုံး အခု ရှင်းသွားပြီ"

"ဒါပေမဲ့ အဲဒါတွေ ငါလုံးလုံး ဂရုမစိုက်ဘူး။ ငါဂရုစိုက်တာလည်း အဲဒါ မဟုတ်ဘူး။ ငါဒီအကြောင်း နင့်ကို ပြောထားပြီးတာ အကြိမ်တစ်သန်းရှိပြီနော်" ပြောပြောဆိုဆို တွမ့်ခ်စ်က လူပင်းရဲ့ ဝတ်ရုံအရှေ့ဘက် ရင်ဘတ်အစကို ဖမ်းဆွဲပြီး အတင်းကိုင် လှုပ်ယမ်းနေတယ်။ "ဒါ ဂျမာတေချာဘာဒယ်"လို့ ပြောလိုက်တယ်။ ဒီမှာတင်–

"မင်းမြင်တယ်နော်" ဆိုတဲ့ ခပ်မာမာ အသံတစ်သံ ထွက်လာတယ်။ တွမ့်ခ်စ်က လူပင်းကို စိမ်းစိမ်းဝါးဝါး ကြည့်နေတယ်။ "သူမဟာ သူ့ကို လက်ထပ်ချင်နေတုန်းပဲ။ သူ့မှာ အကိုက်ခံရတဲ့ ဒဏ်ရာတွေ ဘယ်လိုရှိနေနေ သူမက အဲဒါကို ဂရုစိုက်မနေဘူးလေ" တွမ့်ခ်စ်က ပြောလိုက်တယ်။

"ဘာမှမဆိုင်ဘူး အဲဒါ တခြားစီဘဲ" လူပင်းက သူ့နှုတ်ခမ်းလှုပ်ရှုံကလေးလှုပ်ပြီး ပြောလိုက်တယ်။ ပြီးတော့ ချက်ချင်း မျက်နှာထား တင်းမာသွားပြီး "ဘီလ်ကသမန်းဝံပုလွေ အစစ်တစ်ကောင် ဖြစ်လာမှာ မဟုတ်ဘူး။ အဲဒီပြဿနာက ပြီးသွားပြီ"လို့ ထပ်ပြောလိုက်တယ်။

"ဘာပဲပြောပြော ငါ အဲဒါတွေ တစ်ခုမှ ဂရုမစိုက်ဘူးဟာ၊ ငါဘာမှ အရေးမလုပ်ဘူး။ အဲဒီအကြောင်း နင့်ကိုငါပြောပြီးတာလည်း အကြိမ်တစ်သန်းရှိနေပြီ"တွမ့်ခ်စ်က လူပင်းရဲ့ ဝတ်ရုံရှေ့ရင်ဘတ်တစကို ဖမ်းဆွဲပြီး လှုပ်ခါတွန်းထိုးရင်း ပြောလိုက်တယ်။

ဒီတော့ တွမ့်ခ်စ်ရဲ့ အပေါ်စီးနဲ့ အပိုင်ပြောနေတဲ့ လေသံနဲ့ သူမရဲ့ အမူအရာပုံစံတွေအရ လူတစ်ယောက် ဂရေးဘက်ရဲ့ တိုက်ခိုက်တာကို ခံလိုက်ရတယ်ဆိုတဲ့ ကောလာဟလ သတင်းပေါ်ထွက်ခဲ့ချိန်က ဟော့ဂ်ဝပ်စ်ကျောင်း တွမ့်ခ်စ်အပြေးရောက်လာပြီး ဒမ်ဘဲလ်ဒိုးကို တွေ့ဖို့ ရှာခဲ့တာဟာ သူမဲ့ စနိပ်တို့ ချစ်ကြိုက်နေလို့ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ်ထွက်လာပါတယ်။

"အေးလေ၊ အဲဒါ ဘာဖြစ်လဲ၊ ငါလည်းမင်းကို အကြိမ်တစ်သန်းလောက် ပြောခဲ့တာပဲ" တွမ့်ခ်စ်ရဲ့ မျက်လုံးတွေကို မကြည့်မိအောင် ရှောင်လွှဲတဲ့အနေနဲ့ ကြမ်းပြင်ကိုပဲ စိုက်ကြည့်နေရင်း လူပင်းက ပြောလိုက်တယ်။ "အဲဒါကတော့ ငါဟာ ပျိုမျစ်တဲ့ မင်းအတွက် သိပ်အိုလွန်းနေပြီ၊ နောက် သိပ်ဆင်းရဲတယ်။ သိပ်အန္တရာယ်များတဲ့လူ ဖြစ်တယ်ဆိုတာလေ"

"ဟုတ်တယ်ဟဲ့ ရီးမတ်စ်ရဲ့ ငါလည်း နင့်ကို ပြောခဲ့တာပဲလေ၊ နင်ဟာ ရယ်စရာကောင်းအောင် မဖြစ်နိုင်တဲ့ မဟုတ်မဟတ် မဆိုင်တာတွေ တော်တော် ပြောတတ်တယ်လို့" မစ္စဝက်စလေကပါ လသားရဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျောပြင်ကို အသာအယာ ပုတ်ပေးနေရင်းကနေ သူမရဲ့ ပခုံးပေါ်ကကျော်ပြီးကြည့်ရင်း လူပင်းကို ပြောလိုက်တယ်။

"ကျွန်တော် မဟုတ်တာ ပြောတာ၊ အရူးထတာ မဟုတ်ပါဘူးဗျာ" လူပင်းက တစ်လုံးချင်း ပြောနေတယ်။ "တွမ့်ခ်စ်ဟာ ငယ်ရွယ်သူ တစ်စုံတစ်ယောက်နဲ့ပဲ ထိုက်တန်ပါတယ်။ ငယ်ရွယ်သူချင်းနဲ့ပဲ့ လုံးလုံးလျားလျား ထိုက်တန်ပါတယ်"

"ဒါပေမဲ့ သူမက မင်းကိုပဲ အလိုရှိနေတယ်လေကွာ" မစ္စဝက်စလေက ပြုံးစိစိနဲ့ ဝင်ပြောလိုက်တယ်။"ပြီးတော့ ရီးမတ်စ်ရေ တကယ်တမ်း ပြောရရင် ငယ်ရွယ်သူတွေရော၊ လူကြီးတွေပါ အားလုံးဟာ နောက်ဆုံးကျရင် ပျောက်ကွယ်သွားကြမယ့် သေမျိုးတွေချည်းပါပဲကွ"တဲ့။

ပြီးတော့ မစ္စတာ ဝက်စလေဟာ သူတို့တွေကြားမှာ လဲလျောင်းနေတဲ့ သူ့သားကိုကြည့်ပြီး စိတ်မကောင်းကြီးစွာဖြစ်ရင်း ခြေဟန်လက်ဟန်အမူအရာနဲ့ အားပေးစကား ပြောနေတယ်။

"ကဲပါ–ခုအချိန်ဟာ တို့အတွက် ဒါတွေ ဆွေးနွေးနေရမယ့် အချိန်မဟုတ်ပါဘူး။ ဒမ်းဘဲလ်ဒိုးက သေပြီ" လူပင်းက ဘယ်သူနဲ့မှ မျက်လုံးချင်း မဆုံမိအောင် ကြိုးစားရင်း စိတ်ရှုပ်ဝေဝါးစွာနဲ့ ပြောလိုက်တယ်။

အဲဒီနောက် "အင်း.... ဒမ်းဘဲလ်ဒိုးဟာ ကမ္ဘာပေါ်မှာ ချစ်ခြင်း မေတ္တာဆိုတာ ဒီထက်မက နည်းနည်းပါးပါး ပိုရှိနေသေးပါလားလို့ တွေးမိပြီး တခြားသူတွေထက် ပိုပျော်ရွှင်နေမှာပါကွယ်" လို့ ပါမောက္ခ မက်ဂိုနာဂေါလ်က ပြောပြီး စကားဖြတ်ပစ်လိုက်ချိန်မှာပဲ ဆေးရုံအဆောင်တံခါးပွင့်သွားပြန်ပြီး ဟက်ဂရစ် ဝင်လာတယ်။

ဆံပင်နဲ့ မုတ်ဆိတ်တွေ ဖုံးကွယ်မနေတဲ့ သူ့မျက်နှာရဲ့ နေရာအချို့မှာ စိုရွှဲပြီး ဖူးရောင်နေတယ်။ သူက ခေါင်းတယမ်းယမ်းနဲ့ မျက်ရည်တွေလည်း ကျနေတယ်။ အစက်အပြောက်တွေပါတဲ့ ဇရာမလက်ကိုင်ပဝါကြီး တစ်ခု သူ့လက်ထဲမှာ ရှိနေတယ်။

"ဂျွန်ဒေါ် လုပ်စရာတွေ လုပ်ဗီးတွားဘာဗီ ဘာမေါက်ဂကျီး"ပြောရင်း သူဆက်မပြောနိုင်ဘဲ ဆို့နစ်မွန်းကျပ်နေတယ်။ ပြီးမှ သူဆက်ပြောတယ်။ "ဂျွန်ဒေါ်တူ့ကို ရွှေ့ထားလိုက်ဗီးဘာဗီ။ ဘာမောက်ဂဇဗရောက်က ဂလေးဒွေကို အိပ်ရာထဲပြန်ဝင်ဂျဘို့ ခေါ်လာပြီးဗီ၊ ဘာမောက်ဂဖလစ်ဝှစ်ကလဲလျောင်းနေရဒယ်။ ဒါဘေမဲ့ ခဏဂျာရင် တူဂေါင်းတွားမာဘာလို့ တူကပြောဒယ်။ ဗြီးဒေါ့ဘာမောက်က ပက်ဂျိဂျိုက ပြောတယ်။ ဝန်ကြီးဌာနကို တူဒဒင်းဗို့လိုက်ဗြီဒဲ့"

"ကျေးဇူးပါပဲ ဟက်ဂရစ်" ပါမောက္ခ မက်ဂိုနာဂေါလ်က ပြောလိုက်တယ်။ ပြီးတော့ ချက်ချင်း မတ်တတ်ထရပ်ပြီး ဘီလ်ရဲ့ အိပ်ရာပတ်လည်မှာ ရှိနေတဲ့ လူအုပ်ကို တစ်ခါပြန်လှည့်ကြည့်လိုက်တယ်။ "ဝန်ကြီးဌာနက ဒီကိုရောက်လာရင် ငါသူတို့နဲ့ တွေ့ရဦးမယ်။ ဟက်ဂရစ်ရေ ကျေးဇူးပြုပြီး အဆောင်မှူးတွေကို ပြောပေးပါ။ ပက်ကျိချိုက ဆလီသီရင်အဆောင်ကို ကိုယ်စားပြု ဆောင်ရွက်နိုင်တယ်။ အဲ–ကျွန်မ သူတို့ကို ခုချက်ချင်းပဲ ကျွန်မရဲ့ ရုံးခန်းထဲမှာ တွေ့ချင်တယ်။ ရှင်လည်း ကျွန်မတို့နဲ့ အတူပါဝင်ဖို့ ကျွန်မလိုလားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟက်ဂရစ်က ခေါင်းညိတ်ပြီး ရှုပ်တိုက်ရှုပ်တိုက်နဲ့ အခန်းထဲက ပြန်လှည့်ထွက်သွားတာနဲ့ သူမက ဟယ်ရီ့ကို ငုံ့ကြည့်လိုက်တယ်။ "သူတို့ကို ငါမတွေ့ခင် ငါ မင်းနဲ့ ကမန်းကတန်း ပြောစရာရှိတယ် ဟယ်ရီ။ မင်း ငါနဲ့ လိုက်ခဲ့ပါလား" သူမက ပြောလိုက်တယ်။

ဟယ်ရီ မတ်တတ်ထရပ်လိုက်တယ်။ "ခဏကလေးကြာရင် မင်းတို့နဲ့ ပြန်တွေ့မယ်"လို့ ရွန်၊ ဟာမီယွန်နဲ့ ဂျင်နီတို့ကို ပြောပြီး ပါမောက္ခမက်ဂိုနာဂေါလ်နဲ့ အဆောင်အောက်ဘက်ကို ဆင်းလိုက်သွားတယ်။ အပြင်ဘက် စင်္ကြံတွေမှာ လူသူကင်းရှင်းနေတယ်။ တစ်ခုတည်းသော ကြားနေရတဲ့ အသံကတော့ ခပ်လှမ်းလှမ်း အဝေးဆီက လွင့်ပျံ့နေတဲ့ ဖီနစ်ငှက်ကြီးရဲ့ ကြေကွဲပူဆွေးစွာ ညည်းနေတဲ့ တေးသီဆိုသံပါပဲ။

နောက် သူတို့ လျှောက်သွားနေတာ မိနစ်ပေါင်း တော်တော်ကြီးကြာမှ၊ သူတို့ ဦးတည်သွားနေတဲ့ နေရာဟာ ပါမောက္ခမက်ဂိုနာဂေါလ်ရဲ့ ရုံးခန်းမဟုတ်ဘဲ ဒမ်းဘဲလ်ဒိုးရဲ့ ရုံးခန်းဖြစ်နေတယ်ဆိုတာ ဟယ်ရီ သတိထားမိလာပါတယ်။ ပြီးတော့ နောက်ထပ် စက္ကန့်အနည်းငယ်အတွင်းမှာ သူဟာ အခြေအနေမှန်တစ်ခုကို ဆက်ပြီး သတိရလာပါတယ်။ အဲဒါကတော့ သူမဟာ စောစောပိုင်းမှာ ဒုတိယကျောင်းအုပ်ဆရာမကြီး ဖြစ်ခဲ့သလို၊ ယခု ဒမ်းဘဲလ်ဒိုး မရှိတော့တဲ့ အချိန်မှာ ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီဆိုတာပါပဲ။ ဒါကြောင့် အဝင်ဝ ဂိတ်စောင့်အဖြစ် ချထားတဲ့ ကြောက်မယ်ဖွယ် တိရစ္ဆာန်ခေါင်းအရုပ်ကြီးရဲ့ နောက်ဘက်က အခန်းဟာ ဒမ်းဘဲလ်ဒိုးရဲ့ အခန်းလို့မဆိုသာတော့ဘဲ သူမရဲ့ အခန်းလို့သာ ပြောရတော့မှာ ဖြစ်ပါတယ်။

နှစ်ယောက်လုံး စကားမပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ပဲ ရွေ့ရှားနေတဲ့ ကြောင်လိမ်လှေကားအုံကြီးကို သူတို့တက်လာခဲ့တယ်။ ပြီးတော့ စက်ဝိုင်းပုံရုံးခန်းကြီးထဲကို ဝင်သွားလိုက်ကြပါတယ်။ အခန်းကြီးထဲမှာ အနက်ရောင် ခန်းဆီးကြီးတွေ ချိတ်ဆွဲထားလိမ့်မယ်။ ဒါမှမဟုတ် ဒမ်းဘဲလ်ဒိုးရဲ့ အလောင်းကြီးကို အဲဒီမှာ စန့်စန့်ကြီး တွေ့ရလိမ့်မယ် စတာစတာတွေကို သူမျှော်လင့်ထားမိခဲ့သလားဆိုတာလည်း သူမသိတော့ဘူး။

ဒါပေမဲ့ တကယ်တမ်းကျတော့ အခန်းကြီးဟာ စောစောက နာရီပိုင်းမျှသာ ကြာသေးတဲ့ သူတို့ အဲဒီက ထွက်သွားစဉ် အချိန်ကတည်းက ရှိနေတဲ့အတိုင်း လုံးဝအတိအကျနီးပါး ခြေရာလက်ရာမပျက် ရှိနေတာ ဖြစ်ပါတယ်။ ငွေ၊ အသုံးအဆောင် ပစ္စည်းကိရိယာတွေက ခြေထောက်အရှင်တပ်ထားတဲ့ သူတို့ရှိရာ စားပွဲတွေပေါ်မှာပဲ ချာချာလည် အသက်ဝင်ပြီး ရှိမြဲရှိနေကြတယ်။ ဂဋ္ဌုန်ကေသရာဇာတွေရဲ့ ဓားကြီးကလည်း သူ့ကိုထည့်ထားတဲ့ မှန်သေတ္တာထဲမှာပဲ လရောင်နဲ့ ဝင်းဝင်းလက်နေတယ်။ စားပွဲနောက်ဘက်က စင်တစ်စင်ပေါ်မှာ အပြင်သွားလာတဲ့ ဦးထုပ်ကြီးတစ်လုံးကလည်း နဂိုမူလအတိုင်းပဲ။ ဒါပေမဲ့ ဖီးနစ်ငှက်ကြီးဖောကက်စ်ရဲ့ အိပ်တန်းစင်ပေါ်မှာ သူရှိမနေဘဲ ဖောကက်စ်ဟာ အပြင်ဘက် ကျောင်းဝင်းထဲက တစ်နေရာမှာ ဝမ်းနည်းပူဆွေးစွာ ငိုကြွေးနေဆဲ ဖြစ်ပါတယ်။ ဟော့ဂ်ဝပ်စ်ကျောင်းကြီးရဲ့ ကွယ်လွန်သူ ကျောင်းအုပ်ဆရာ ဆရာမကြီးတွေရဲ့ ပုံတူပန်းချီကားတွေထဲမှာ ပုံအသစ်တစ်ခု ထပ်တိုးနေတယ်။

www.burmeseclassic.com

ဒါပေမဲ့ သူ့စားပွဲပေါ်က ရွှေပေါင်ကွပ်ထားတဲ့ ပုံတူပန်းချီကားကြီးထဲမှာ အိပ်စက်နေတဲ့ ဒမ်းဘဲလ်ဒိုးဟာ သူ့ရဲ့ နှာခေါင်းကောက်ကောက်ကြီးပေါ်မှာ သူ့ရဲ့ လခြမ်းပုံ မျက်မှန်ကလေးရှိမြဲရှိနေကာ သူဟာ ဒုက္ခသုက္ခတွေကင်းပြီး ငြိမ်းချမ်းမှု ရရှိနေသလို တွေ့မြင်နေရပါတယ်။

အဲဒီပုံတူ ပန်းချီကားကြီးကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်အပြီးမှာ ပါမောက္ခမက်ဂိုနာဂေါလ်မှာ အထူးအဆန်း အမူအရာမျိုး တစ်ခု ဖြစ်သွားတယ်။ အမှန်အားဖြင့် မက်ဂိုနာဂေါလ်ဟာ သူမကိုယ်သူမ စိတ်တင်းလိုက်တာ ဖြစ်ပါတယ်။ နောက်တော့ စားပွဲကြီးကို ပတ်သွားပြီး ဟယ်ရီ့ကို မျက်နှာချင်းဆိုင်ကြည့်လိုက်တယ်။ သူမက မျက်နှာထားကို တင်းထားလို့ မျက်နှာပေါ်က အရေးအကြောင်းတွေပါ ထင်းထင်းကြီး ဖြစ်နေတယ်။

"ဟယ်ရီ" သူမက ခေါ်လိုက်ပြီး ဆက်ပြောတယ်။ "ဒီညဦးပိုင်းမှာ မင်းဒီကျောင်းက ထွက်သွားချိန်က မင်းနဲ့ ပါမောက္ခဒမ်းဘဲလ်ဒိုးတို့ ဘာတွေ လုပ်နေသလဲဆိုတာ ငါသိချင်တယ်"

"အဲဒါကို ကျွန်တော် ခင်ဗျားကို မပြောပြနိုင်ပါဘူး ပါမောက္ခကြီး" ဟယ်ရီက ပြန်ပြောလိုက်တယ်။ သူက ဒီမေးခွန်းမေးလာတော့မယ်ဆိုတာ မျှော်လင့်ထားပြီး ဖြစ်တဲ့အတွက် သူ့မှာဖြေဖို့ အဖြေလည်း အဆင်သင့်ရှိနေတယ်။ အဲဒါဟာ ဒီမှာ ဖြစ်ခဲ့တာပဲ။ ဒီအခန်းမှ ဒီအခန်းထဲမှာကို ဖြစ်ခဲ့တာ။ ဒမ်းဘဲလ်ဒိုးက သူတို့ရဲ့ သင်ခန်းစာထဲမှာပါတဲ့ အကြောင်းအရာတွေကို အတွင်းရေးအဖြစ်နဲ့ ရွန်နဲ့ ဟာမီယွန်မှအပ ဘယ်သူ့ကိုမှ မပြောပြဖို့ မှာထားခဲ့တယ်။

"ဟယ်ရီ၊ ဒါဟာ အရေးကြီးတဲ့အချက် ဖြစ်လာနိုင်တယ်နော်"ပါမောက္ခ မက်ဂိုနာဂေါလ်က ပြောလိုက်ပြန်တယ်။

"ဟုတ်ပါတယ်။ အဲဒါ သိပ်ကို အရေးကြီးပါတယ်။ ဒါပေမဲ့ သူက အဲဒါကို ကျွန်တော် ဘယ်သူ့ကိုမှ ပြန်မပြောစေချင်ဘူး"

ပါမောက္ခ မက်ဂိုနာဂေါလ်က ဟယ်ရီ့ကို စိမ်းစိမ်းဝါးဝါး ကြည့်လိုက်တယ်။ "ပေါ်တာ" သူမက ခေါ်လိုက်တယ်။ ဟယ်ရီက သူမဟာ သူ့ရဲ့ မိသားစုနာမည်ကို သုံးပြီး ခေါ်လိုက်တာကို သတိထားလိုက်မိတယ်။ "ပါမောက္ခ ဒမ်းဘဲလ်ဒိုး သေဆုံးသွားရတဲ့ ကိစ္စမှာ မင်းဟာ အခြေအနေ အပြောင်းအလဲနဲ့ ပတ်သက်ပြီး အတော်ကလေး သိနေမယ်လို့ ငါထင်တယ်"

"ကျွန်တော်ကတော့ အဲဒီလို မထင်ပါဘူး" ဟယ်ရီက ပခုံးတွန့်ပြပြီး ပြောလိုက်တယ်။ " ပါမောက္ခဒမ်းဘဲလ်ဒိုးဟာ သူသေသွားခဲ့ရင်လည်း သူ့ရဲ့ အမိန့်တွေကို ဆက်မလိုက်နာဘဲ ရပ်ပစ်လိုက်ရမယ်လို့ ကျွန်တော့်ကို ဘယ်တုန်းကမှ မပြောခဲ့ပါဘူး"

"ဒါပေမဲ့"

"ခုဒီမှာ ဝန်ကြီးဌာနက ရောက်မလာခင် ခင်ဗျား သိသင့်တာတစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ စေလိုရာစေ ဝိညာဉ်နုတ်ဘူးသွင်း ကျိန်စာနဲ့ ပြစ်စားခံထားရတဲ့ မဒမ်ရို့စ်မာတာဟာ မော်လ်ဖွိုင်းနဲ့

www.burmeseclassic.com

မရဏာစားစုန်းကောင်တွေကို ကူညီခဲ့တယ်ဆိုတာပဲ။ လည်ဆွဲဘယက်နဲ့ အဆိပ်ခတ်ထားတဲ့ အရက်ကိစ္စတွေမှာ ကူညီခဲ့တာကို ကျွန်တော် ပြောတာ”

“ရှိ့စ်မာတာ ဟုတ်လား” ပါမောက္ခ မက်ဂိုနာဂေါလ်က မယုံကြည်တဲ့ လေသံနဲ့ ပြောလိုက်တယ်။ ဒါပေမဲ့ သူမဘာမှ ဆက်မပြောရခင်မှာပဲ သူတို့ နောက်ဘက်မှာ တံခါးခေါက်သံပေါ်လာပြီး ပါမောက္ခစပရောက်၊ ဖလစ်ဝစ်ခ်နဲ့ ပက်ကျိချိုတို့ လေးလေးတွဲ့တွဲ့ အိပက်အိပက်နဲ့ အခန်းထဲကို ဝင်လာကြတယ်။ သူတို့နဲ့အတူ ခုထက်ထိကို သဲသဲမဲမဲ ငိုမြိုင်နေပြီး ပရိဒေဝမီး တောက်လောင်ရင်း တစ်ကိုယ်လုံး တုန်နေတဲ့ ဟက်ဂရစ်ပါ လိုက်လာတယ်။

“စနိပ်ဆိုတဲ့ လူကတော့ကွာ” ပက်ကျိချိုရဲ့ ပါးစပ်က အမှတ်မထင် ထွက်သွားတယ်။ သူဟာ ဂနာမငြိမ်ဘဲ တလှုပ်လှုပ်တရွရွ ဖြစ်နေသလို အသားတွေ ဖြူဖပ်ဖြူရော်ဖြစ်ပြီး ချွေးတွေနဲ့လည်း ရွှဲရွှဲနစ်နေတယ်။ “စနိပ်၊ စနိပ်၊ သူ့ကိုကျုပ်သင်ခဲ့တာပါ။ သူလုပ်ပုံကျုပ်သိတယ်လို့ ကျုပ် ထင်တယ်”

ဒါပေမဲ့ သူပြောတာကို တစ်ဦးတစ်ယောက်ကမှ တုံ့ပြန်မပြောရသေးခင် နံရံအမြင့်ပေါ်ကနေပြီး စူးရှကျယ်လောင်တဲ့အသံနဲ့ ပြောလိုက်တဲ့ အသံတစ်သံ ပေါ်ထွက်လာတယ်။

သူကတော့ နဖူးပေါ်မှာ အနက်ရောင် ဆံစတိုတိုတစ်ခု ချထားတဲ့ ဖြူဖပ်ဖြူရော် မျက်နှာနဲ့ မှော်ဆရာတစ်ဦးဖြစ်ပြီး၊ ချက်ချင်းပဲ သူ့ရဲ့ လွတ်ပြီး ကွက်လပ်ဖြစ်နေတဲ့ ပန်းချီကား ပတ္တူစထဲကို ပြန်ပြီး လမ်းလျှောက်ဝင်သွားတယ်။

“မီနာဗာ မှော်ဝန်ကြီးဟာ ခုစက္ကန့်ပိုင်းအတွင်းမှာပဲ ဒီကို ရောက်ရှိလာလိမ့်မယ်။ သူဟာ အဲဟိုက ကိုယ်ယောင်ဖျောက်ပြီး ဒီမှာ ပေါ်လာမယ့် နာမ်ရုပ်သွင် ကိုယ်ထင်ပြ၊ ကိုယ်ယောင်ဖျောက်အတတ်နဲ့ ရောက်ရှိလာမှာပဲ” ပန်းချီကားထဲက မှော်ဆရာက ပြောလိုက်တယ်။

“ကျေးဇူးတင်ပါတယ် အဲဗားရတ်” ပါမောက္ခ မက်ဂိုနာဂေါလ်က ပြောလိုက်တယ်။ ပြီးတော့ သူမရဲ့ ကျောင်းဆရာတွေဘက်ကို လှည့်လိုက်တယ်။

“သူ မရောက်ရှိလာခင်ကလေးမှာ ဟော့ဂ်ဝပ်စ်ကျောင်းကြီးမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျွန်မ ပြောပြချင်တယ်” သူမက ကပျာကယာ ပြောလိုက်တယ်။ “ကျွန်မ ပုဂ္ဂိုလ်ရေးအရ တစ်ဦးတည်းအမြင်နဲ့ ပြောရရင် ကျောင်းကို ရှေ့နှစ်မှာ ပြန်ဖွင့်သင့်တယ်လို့ ကျွန်မ မယုံကြည်ပါဘူး။ ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ရဲ့ လက်ချက်နဲ့ပဲ ကျောင်းအုပ်ဆရာကြီး သေဆုံးသွားရမှုဟာ ဟော့ဂ်ဝပ်စ်ကျောင်းရဲ့ သမိုင်းကို ကြောက်မယ်ဖွယ်ရာ အမည်းစက် စွန်းသွားစေခဲ့ပါပြီ။ တကယ်ကို တုန်လှုပ်ကြောက်ရွံ့စရာပါပဲ”

“ကျွန်မအနေနဲ့တော့ ကျောင်းအုပ်ကြီး ဒမ်းဘဲလ်ဒိုးဟာ ကျောင်းကို ဖွင့်မြဲဆက်ဖွင့်စေချင်လိမ့်မယ်ဆိုတာ ကျွန်မ အတတ်ပြောနိုင်ပါတယ်” ပါမောက္ခစပရောက်က ပြောလိုက်တယ်။ “ကျွန်မအမြင်ကတော့ ကျောင်းကို ကျောင်းသားတစ်ယောက်တည်းကသာ လာချင်တဲ့ ဆန္ဒရှိတယ်ဆိုရင်လည်း၊ ကျောင်းအနေနဲ့ အဲဒီကျောင်းသားအတွက် ဆက်ဖွင့်လှစ်သင်ကြားပေးသင့်တယ်လို့ ကျွန်မခံစားမိပါတယ်”

www.burmeseclassic.com

“ဒါပေမဲ့ ခုနောက်ပိုင်းကျရင် အဲဒီလို ကျောင်းသားတစ်ယောက်တည်းကိုတောင် ကျွန်တော်တို့အနေနဲ့ ရရှိဦးမှာလား” သူ့နဖူးပြတ်ကြီးမှာ ရွဲနေတဲ့ ချွေးတွေကို ပိုးသားလက်ကိုင်ပဝါတစ်ထည်နဲ့ သုတ်ရင်း ပက်ကျိချိုက ပြောလိုက်တယ်။ နောက် သူက ဆက်ပြန်တယ်။ “မိဘတွေလည်း သူတို့ သားသမီးကလေးငယ်တွေကို အိမ်မှာပဲ ထားချင်မှာပဲ။ ကျွန်တော် သူတို့ကို အပြစ်မတင်နိုင်ပါဘူး။ ကျွန်တော် ပုဂ္ဂိုလ်ရေး တစ်ဦးချင်း သဘောအရ ကျွန်တော်တို့ တခြားတစ်နေရာရာမှာ ရှိနေတာထက် ကျွန်တော်တို့ ဟော့ဂ်ဝပ်စ်ကျောင်းမှာ ရှိနေတာဟာ အန္တရာယ်ပိုရှိတယ်လို့ ကျွန်တော် မထင်ပါဘူး။ ဒါပေမဲ့ ကျောင်းသားတွေရဲ့ မိခင်တွေကို ကျွန်တော်တို့ ခုတွေးသလိုမျိုး လိုက်တွေးမြင်ဖို့ ခင်ဗျားတို့ ဘယ်မျှော်လင့်နိုင်မှာလဲ။ သူတို့က သူတို့ မိသားစုတွေကို အတူတူပဲ ရှိနေစေချင်မှာပေါ့။ ဒါဟာ သဘာဝပဲ”

“ကျွန်မ သဘောတူတယ်” ပါမောက္ခမက်ဂိုနာဂေါလ်က ပြောလိုက်တယ်။ “ဘယ်ကိစ္စမှာမဆို ဘယ်အကြောင်းနဲ့ဖြစ်ဖြစ် ဒမ်းဘဲလ်ဒိုးဟာ ဟော့ဂ်ဝပ်စ်ကျောင်းကြီးကို ပိတ်သွားစေနိုင်တဲ့ အခြေအနေတစ်ရပ်ကို ဘယ်တုန်းကမှ မှန်းဆတွေးချင့်မကြည့်ခဲ့ဖူးလို့ ပြောမယ်ဆိုရင် အဲဒါဟာ မမှန်နိုင်ပါဘူး။ လျှို့ဝှက်ချက်များ ခန်းဆောင်ကြီးကို ပြန်ဖွင့်စဉ်တုန်းက သူဟာ ကျောင်းကို ပိတ်ထားဖို့ စဉ်းစားခဲ့တယ်။ ဒီတော့ ပါမောက္ခဒမ်းဘဲလ်ဒိုးကို သတ်ဖြတ်ခဲ့တဲ့ လူသတ်မှုက ဆလီသီရင်တွေရဲ့ ကြောက်စရာဂြိုလ်ကောင်ကြီးဟာ စုံစမ်းထောက်လှမ်း ရှာဖွေမတွေ့နိုင်တဲ့ ရဲတိုက်ရဲ့ အတွင်းပိုင်းကျကျနေရာမှာ ပုန်းအောင်းနေတယ်ဆိုတဲ့ အတွေးထင်မြင်ချက်ထက်တောင် ပိုပြီး ကျွန်မကို အနှောင့်အယှက်ပေးနေတယ်လို့ ကျွန်မပြောရမှာပဲ”

“ကျွန်တော်တို့အနေနဲ့ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင် အဆောင်မှူးတွေနဲ့ ဆွေးနွေးရမယ်” ပါမောက္ခဖလစ်ဝစ်က သူ့ရဲ့ အသံသေး အသံကြောင်ကလေးနဲ့ တကျွိကျွိဝင်ပြောလိုက်တယ်။ သူ့ရဲ့ နဖူးမှာ စုတ်ပြဲပွန်းရှတဲ့ ဒဏ်ရာကြီး တစ်ခု ရှိနေပေမဲ့ စနိပ်ရဲ့ ရုံးခန်းထဲမှာ သူပြိုလဲကျသွားစဉ်က ရခဲ့တဲ့ အဲဒီတစ်ခုကလွဲပြီး တခြားမှာ ဘာဒဏ်ရာမှ ရခဲ့ဟန် မတူဘူး။ သူက ဆက်ပြောတယ်။ “ကျွန်တော်တို့အနေနဲ့ ချမှတ်ထားပြီးသား ဖြစ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို လိုက်နာရမယ်။ ဆုံးဖြတ်ချက်တစ်ခုကို အလွယ်တကူ ကမူးရှူးထိုး မချသင့်ဘူး”တဲ့။

“ဟက်ဂရစ် ရှင့်မှာ ဘာမှ ပြောဖို့ မရှိတော့ဘူးလား” ပါမောက္ခ မက်ဂိုနာဂေါလ်က ပြောလိုက်တယ်။ “ရှင့်ထင်မြင်ချက်ကရော ဘယ်လိုလဲ၊ ဟော့ဂ်ဝပ်စ်ကျောင်းကို ဆက်ဖွင့်သင့်သလား”

ဒီတော့ သူ့ရဲ့ အပြောက်အစက်တွေပါတဲ့ အဆင်နဲ့ ဧရာမ လက်ကိုင်ပဝါကြီးအပေါ်ကို မျက်နှာထပ်ကပ်ပြီး ခုထိအသံမထွက်ဘဲ ဆက်လက် ကျိတ်ငိုနေတဲ့ ဟက်ဂရစ်က သူ့ရဲ့ မို့ဖောင်းနီရဲနေတဲ့ မျက်လုံးတွေနဲ့ မော့ကြည့်ပြီး၊ သူ့ရဲ့ အသံအက်အက်ကြီးနဲ့ ပြန်ပြောတယ်။ “ကျွန်ဒေါ်မတိဘူး ဘာမောက်ဂကျီး၊ ဒါက အဆောင်ဌာနမှူးဂျီတွေနဲ့ ကျောင်းအုပ်ဇရာမဂျီဒို့ဘဲ ဇုန်းဖျတ်ရမှာ မဟုတ်ဘူးလား”

“ပါမောက္ခဒမ်းဘဲလ်ဒိုးက ရှင့်ရဲ့ ထင်မြင်ချက် အကြံပေးချက်တွေကို အမြဲတမ်း တန်ဖိုးထားခဲ့တယ်လေ။ အဲဒါကြောင့် ကျွန်မမေးရတာပါ” ပါမောက္ခမက်ဂိုနာဂေါလ်က သူ့ကို ကရုဏာသံနဲ့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဝုတ်ဂဲ့ဘာ........ ဂျွန်ဒေါ်ဒီကျောင်းမာနေလာဒယ်” ဇရာမမျက်ရည်ပေါက်ကြီးတွေ သူ့မျက်လုံးထောင့်စွန်းတွေကနေ ထွက်လာပြီး၊ ရှုပ်ထွေးထူပျစ်တဲ့ သူ့မုတ်ဆိတ်ကြီးပေါ်ကို တလိမ့်လိမ့်ကျဆင်းနေတဲ့ ဟက်ဂရစ်က ဝမ်းနည်းပန်းနည်း ဆက်ပြောတယ်။ “ဒါဟာ ဂျွန်ဒေါ်ရဲ့ အိမ်ဘာဘဲ။ ဒါဟာ ဂျွန်ဒေါ် ဆယ့်တုံးနှစ်သားအရွယ်ကဒဲကနေလာဂဲ့ဒဲ့ အိမ်ဘာဘဲ။ ပြီးဒေါ့ဒဂယ်လို့ ဒီမှာ ဂျွန်ဒေါ်တင်ဗေးရမယ့် ကျောင်းဒါးဂလေးဒွေချိနေရင် ဂျွန်ဒေါ်တင်ဗေးမာဗဲ။ ဒါဘေမဲ့ ဒမ်းဘဲလ်ဒိုးမရှိတော့ အဲ့ဒီဟော့ဂ်ဝပ်စ်ကျောင်းနဲ့ ပတ်သက်လို့ ဒေါ့ ဂျွန်ဒေါ် ဘာမာ့မသိဒေါ့ဘာဘူး”သူ့စကားဆုံးသွားတော့ ဟက်ဂရစ်ဟာ ပင့်သက်ကြီး တစ်ချက်ရှိုက်ပြီး ဆို့နစ်နေတယ်။ ပြီးတော့ သူ့မျက်နှာကို သူ့လက်ကိုင်ပဝါကြီးထဲ ထိုးနှစ်မြှုပ်ပြီး ဆက်ဆက်ငိုနေပြန်တော့တယ်။

ဒီမှာတင် ခဏတာ အသံတွေ တိတ်ဆိတ်ငြိမ်သက်သွားတယ်။

“ကောင်းပါပြီရှင်၊ ကောင်းပါပြီ” လို့ ပြောရင်း ပါမောက္ခ မက်ဂိုနာဂေါလ်က ဝန်ကြီးများလာနေပြီလားလို့ ပြတင်းပေါက်ကဖြတ်ပြီး အပြင်ဘက်ကျောင်းဝင်းထဲကို ဖျတ်ခနဲ တစ်ချက်လှမ်းစစ်ဆေးကြည့်လိုက်တယ်။ ပြီးတော့ သူမက ဆက်ပြောတယ်။ “ခုကျွန်မအနေနဲ့ ဆွေးနွေးတာသာ အကောင်းဆုံးပဲဆိုတဲ့ အချက်ကို သဘောတူပါတယ်။ သူတို့က အပြီးသတ်ဆုံးဖြတ်ချက်ပေးပါလိမ့်မယ်။ ကဲဒါဖြင့် ခု ကျွန်မတို့ အနေနဲ့ ကျောင်းသားတွေ အိမ်ပြန်ဖို့ လုပ်ပေးရမယ့် ကိစ္စရှိနေတယ်။ အဲဒါ ခုမကြာမတင်မှာပဲ စီစဉ်မှာလား၊ နောက်ပိုင်းကျမှ စီစဉ်မှာလားဆိုပြီး အချေအတင်ဖြစ်နေတယ်။ တကယ်လို့ လိုအပ်ရင် ဟော့ဂ်ဝပ်စ် အမြန်ရထားကို နက်ဖန် ဒီကိုရောက်လာအောင် ကျွန်မတို့စီစဉ်နိုင်ပါတယ်”

“ဒမ်းဘဲလ်ဒိုးရဲ့ အသုဘ ဈာပနကိစ္စက ဘယ်လိုလုပ်မှာလဲ” နောက်ဆုံးမှာ ဟယ်ရီက မေးလိုက်တယ်။

“ကောင်းပြီလေ” ပါမောက္ခမက်ဂိုနာဂေါလ်က ပြောလိုက်တယ်။ ဒီနေရာမှာ သူမရဲ့ အသံနည်းနည်းတုန်နေသလို စောစောက သူမရဲ့ သွက်လက် တက်ကြွနေပုံလည်း နည်းနည်း လျော့သွားတယ်။ “ငါ.... ငါ ..... ဒမ်းဘဲလ်ဒိုးရဲ့ ရုပ်အလောင်းကို သူ့ရဲ့ဆန္ဒအတိုင်း ဒီ... ဒီဟော့ဂ်ဝပ်စ်ကျောင်းမှာ မြှုပ်နှံသင်္ဂြိုလ်ရမယ်ဆိုတာ ငါသိပါတယ်”

“အဲဒီလိုလုပ်ရင် ဘာတွေ ဖြစ်လာမှာမို့လဲ–လုပ်လို့ မရလို့လား” ဟယ်ရီက ဒေါသကလေး ခက်ခက်ထန်ထန်နဲ့ မေးလိုက်တယ်။

“တကယ်လို့ ဝန်ကြီးဌာနက အဲဒီလို လုပ်ဖို့ လျာထားပေးခဲ့ရင်ပေါ့ လုပ်ရမှာပေါ့။ ဒါပေမဲ့ တခြား ဘယ်ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတွေမှ ဒီမှာ ဘယ်တုန်းကမှ မမြှုပ်ခဲ့........”ပါမောက္ခမက်ဂိုနာဂေါလ် ပြောလို့ စကားမဆုံးသေးခင်မှာပဲ–

“ဒီကျောင်းအတွက် ဒီလောက်လုပ်ပေးခဲ့တဲ့ တခြား ကျောင်းအုပ်ဆရာတွေ၊ ဆရာမကြီးတွေမှ မရှိခဲ့ဘူး” ဟယ်ရီက မာန်ဖီသလို ဟိန်းဟောက်ပြီး ဒေါသနဲ့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟောဂ်ဝပ်စ်ကျောင်းဟာ ဒမ်းဘဲလ်ဒိုးရဲ့ နောက်ဆုံး လဲလျောင်းအနားယူရာနေရာ ဖြစ်သင့်ပါတယ်" ပါမောက္ခဖလစ်ဝစ်ခ်ကလည်း ဝင်ပြောလိုက်တယ်။

"ဟုတ်တာပေါ့ ဒါလုံးဝဧကန်မုန်တဲ့စကားပဲ" ပါမောက္ခစပရောက်ကလည်း ထောက်ခံတယ်။

"ဒါတင်မကဘူး။ ခင်ဗျားအနေနဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ဈာပနကိစ္စ မပြီးခင် ကျောင်းသားတွေကို အိမ်ပြန်မပို့သင့်ဘူး။ သူတို့အားလုံးက ပြောချင်နေတယ်"

နောက်ဆုံးစကားလုံး ဟယ်ရီရဲ့ ပါးစပ်က ထွက်မလာနိုင်ဘဲ လည်ချောင်းထဲမှာ တစ်ဆို့နေတယ်။ ဒီမှာတင် ပါမောက္ခက သူ့စကားကို ပြည့်စုံအောင် အဆုံးသတ်ပေးလိုက်တယ်။

"ဟုတ်ပါတယ်။ နှုတ်ဆက်စကားလေးတော့ ပြောချင်ကြမှာပါ"

"သိပ်မှန်တဲ့စကားပဲ။ တကယ့်ကို ထိရောက်တဲ့စကားပဲ။ ကျွန်တော်တို့ရဲ့ ကျောင်းသားတွေအနေနဲ့ ကွယ်လွန်သူကို ချီးကျူးဂုဏ်ပြုစကား ပြောကြားထိုက်တယ်။ အဲဒါလုပ်ဖို့ တကယ်လိုပါတယ်။ နောက်ပိုင်းမှာ သူတို့အိမ်ပြန်ဖို့ သွားလာရေးကို ကျွန်တော်တို့ စီစဉ်ပေးနိုင်တာပဲ" ပါမောက္ခဖလစ်ဝစ်က အလေးအနက် ပြောလိုက်တယ်။

"ထောက်ခံပါတယ်" ပါမောက္ခစပရောက်က ထအော်လိုက်တယ်။

"ကျွန်တော်လည်း ဒီအတိုင်းပဲ ယူဆပါတယ်။ ထောက်ခံတယ်"ပါမောက္ခပက်ကျိချိုက အတော်ကလေးကို တက်ကြွနေတဲ့အသံနဲ့ ပြောလိုက်ချိန်မှာပဲ ဟက်ဂရစ်ကပါ အစ်တစ်တစ် ငိုသံကြီးနဲ့ သဘောတူထောက်ခံကြောင်း ဝင်ပြောလိုက်တယ်။

"သူလာနေပြီ" ပါမောက္ခမက်ဂိုနာဂေါလ်က ရုတ်တရက် ပြောလိုက်ပြီး ကျောင်းဝင်းထဲကို လှမ်းငေးကြည့်နေတယ်။ "ဝန်ကြီးလာနေတယ်။ ကြည့်ရတာ သူနဲ့အတူ ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ပါ ခေါ်လာခဲ့တာဖြစ်မယ်"

"ကျွန်တော်သွားလို့ ရပြီလား ပါမောက္ခကြီး" ဟယ်ရီက ကောက်ကာငင်ကာ ပြောလိုက်တယ်။

ဟယ်ရီက ဒီည ရူးဖတ်စ်စခရင်ဂျာကို မမြင်ချင်သလို သူ စုံစမ်းမေးမြန်းစစ်ဆေးတာကို ခံဖို့လည်း ဆန္ဒမရှိဘဲ ဖြစ်နေတယ်။

"အေး–မင်း သွားနိုင်ပြီ၊ ကဲ မြန်မြန်လုပ်"

သူမက တံခါးဝကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွားပြီး သူ့အတွက် တံခါးဖွင့်ပေးလိုက်တယ်။ သူကြောင်လိမ်လှေကားကနေ ကတိုက်ကရိုက် ပြေးဆင်းလာပြီး လူရှင်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

စကြိုးအတိုင်းထွက်သွားတယ်။ သူ သူ့ရဲ့ ကိုယ်ဖျောက်ဝတ်ရုံကို နက္ခတ္တဗေဒမျှော်စင်ထိပ်မှာ ထားရစ်ခဲ့မိတယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ကုန်ကုန်ပြောရရင် ဖိလ်ချ်တို့ မစ္စနောရစ်စ်နဲ့ ပီးဗက်စ်တို့တောင် မရှိကြဘူး။ ဂရုဖွန်ဒေါသရာဇာအဆောင် ကျောင်းသားများ နားနေခန်းဆီကို သွားရာထွက်ပေါက်တစ်ခုထဲကို သူကွေ့ဝင်လိုက်တဲ့အချိန်ထိ တခြား ဘယ်သူမှ သူနဲ့ မဆုံခဲ့ဘူး။

"အဲဒါ အမှန်ပဲလား၊ ဒမ်းဘဲလ်ဒိုး သေသွားပြီဆိုတာ တကယ့်အမှန်လား" အပျိုကြီး ဒေါ်ဝဖီးဆီကို သူချဉ်းကပ်သွားချိန်မှာ ဒေါ်ဝဖီးက ပြောလိုက်တယ်။

"ဟုတ်ပါတယ်" ဟယ်ရီက ပြောလိုက်တယ်။

ဒီမှာတင် သူမဟာ ဆွဲဆွဲငင်ငင် ဟီးခနဲ ငိုချလိုက်ပြီး စကားဝှက်ပြောတာကိုတောင် မစောင့်တော့ဘဲ၊ သူ့ပုံတူပန်းချီကားကြီးကို ရှေ့ကိုလွှဲယမ်းပြီး သူဝင်နိုင်အောင် ဖယ်ပေးလိုက်တယ်။

အဲဒီလို ဖြစ်လိမ့်မယ်လို့ သူ သံသယဖြစ်နေတဲ့အတိုင်း ကျောင်းသားများ နားနေခန်းကြီးထဲမှာ လူတွေနဲ့ ပြည့်ကျပ်ညပ်နေတယ်။ သူလည်း ပုံတူပန်းချီကား ဝင်ပေါက်ကြီးကို ဖြတ်ပြီး ဝင်သွားရော တစ်ခန်းလုံး မီးကိုရေနဲ့ သတ်လိုက်သလို ချက်ချင်းငြိမ်ကျသွားတယ်။ ဒင်းန်နဲ့ ဆီးမတ်စ်ကို သူ့အနီးအနားက လူအုပ်တစ်ခုထဲမှာ သူတွေ့ရတယ်။ ဒါဟာ အိပ်ဆောင်ထဲမှာ လူတွေတစ်ယောက်မှ မရှိဘဲ ဟောင်းလောင်းကြီး ဖြစ်နေတာ၊ ဒါမှမဟုတ် တစ်ယောက်တလေလေးလောက်ပဲ ရှိနေမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

ဘယ်သူတစ်ယောက်ကိုမှ သူစကားပြောမနေဘဲ၊ ဘယ်သူ့ကိုမှလည်း သူအလျင်း လှည့်ကြည့်မနေတော့ဘဲ ဟယ်ရီ အခန်းကြီးကို တန်းတန်းမတ်မတ် ဖြတ်လျှောက်သွားပြီး တံခါးတစ်ခုကနေ ယောကျ်ားလေးအိပ်ဆောင်ဆီကို ရောက်သွားတယ်။

သူ မျှော်လင့်ထားတဲ့အတိုင်းပဲ အဲဒီမှာ ရွန်က သူ့ကို စောင့်နေတယ်။ ပြီးတော့ သူက အိပ်ရာမဝင်ခင် အဝတ်အစားတွေအတိုင်း အပြည့်အစုံ ဝတ်ထားဆဲ ရှိနေပြီး သူ့အိပ်ရာပေါ်မှာ ထိုင်နေတာပဲ။ ဟယ်ရီကိုယ်တိုင်လည်း သူ့ရဲ့ ပိုစတာကြီးလေးခုဆက်ထားတဲ့ အိပ်ရာပေါ်မှာ ထိုင်လိုက်ပြီး သူတို့ တစ်ယောက်ကိုတစ်ယောက် ကြောင်တောင်ငေးကြည့်နေကြတယ်။

"သူတို့တွေ ကျောင်းကို ပိတ်မလို့ ပြောနေကြတယ်ကွ" ဟယ်ရီက စပြောလိုက်တယ်။

"လူပင်းကပြောတယ်။ သူတို့ကတော့ ...." ရွန်က ပြန်ပြောတယ်။

သူတို့ ခဏလောက်ကြာအောင် တိတ်ဆိတ်နေတယ်။

"နောက်တော့ ဘယ်လိုဖြစ်သွားလဲ" ပရိဘောဂကြီးက သူတို့ ပြောဆိုနေတာကို ချောင်းနားထောင်နေမှာပဲဆိုတာကို တွေးမိတဲ့ ရွန်က အသံကို အရမ်းနှိမ့်ပြီး တိုးတိုးလေး မေးလိုက်တယ်။ "မင်း အဲဒီတစ်ခုကို တွေ့ခဲ့လား။ မင်းအဲဒါကို ရခဲ့လား၊ ဟိုဟောကရပ်စ်ကျိန်စာတစ်ခုကို ပြောကာလေ"

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီက သူ့ခေါင်းကို ခါပြလိုက်တယ်။ အနက်ရောင် ရေအိုင်ကြီးတစ်ဝိုက်မှာ ရှိနေခဲ့တဲ့ အဲဒီအရာတွေအားလုံးဟာ ခုအချိန်မှာ ညအိပ်မက်ဆိုးကြီးတစ်ခု၊ အင်မတန်ကို စိတ်ချောက်ချားတုန်လှုပ်စရာကောင်းတဲ့ အဖြစ်ဆိုးကြီးတစ်ခုနဲ့ တူနေတယ်။ ဒါပေမဲ့ အဲဒါဟာ အမှန်တကယ် ဖြစ်ပျက်ခဲ့တာပဲ။ ပြီးတော့ ကြာသေးတာ မဟုတ်ဘူး။ ပြီးခဲ့တဲ့ နာရီပိုင်းကလေးကမှ ဖြစ်ခဲ့တာ။

"အဲဒါကို မင်းမရခဲ့ဘူးပေါ့ ဟုတ်လား၊ အဲဒါက အဲဟိုမှာ မရှိလို့လား" ရွန်က ဝမ်းနည်းပက်လက်ဖြစ်ပြီး မေးလိုက်တယ်။

"မရခဲ့ဘူး၊ တစ်ယောက်ယောက်က အဲဒါကို ယူသွားခဲ့ပြီးပြီ။ သူက ပစ္စည်းတစ်ခုကို မူလနေရာမှာ ထားခဲ့တယ်" ဟယ်ရီက ဖြေလိုက်တယ်။

"ပါသွားပြီဟုတ်လား"

ဟယ်ရီက ဘာမှ မပြောဘဲ သူ့အိတ်ကပ်ထဲက လော့ကက်သီးအတုကလေးကို နှိုက်ထုတ်ပြီးမှ ရွန့်ဆီကို လှမ်းပေးလိုက်တယ်။ ဇာတ်လမ်းကဒီမှာ အဆုံးမသတ်သေးဘူး။ စောင့်ရလိမ့်ဦးမယ်။ ဒီညတော့ ဖြစ်လာမှာ မဟုတ်ဘူး။ အဆုံးနိဂုံးကလွဲရင် ဘာတစ်ခုမှ အရေးမပါဘူး။ သူတို့ရဲ့ အဓိပ္ပာယ်မရှိ အကျိုးမဲ့စွန့်စားခဲ့မှုရဲ့ ဇာတ်လမ်းအဆုံး။ ဒမ်းဘဲလ်ဒိုးရဲ့ အသက်ကို ပေးလိုက်ရတဲ့ အဖြစ်အပျက်ရဲ့ နိဂုံး။

"အာရ်အေဘီ"ရွန်က တိုးတိုးကလေး ဖတ်ကြည့်ပြီး ပြောလိုက်တယ်။ "ဒါက ဘယ်သူလဲကွ"

"မသိဘူး" အဝတ်အစားတွေ မချွတ်မလဲတော့ဘဲ သူ့အိပ်ရာပေါ်မှာ လဲလျောင်းပြီး အပေါ်ဘက် မျက်နှာကြက်ဆီကို မော့ငေးကြည့်နေရင်း ဟယ်ရီက ပြန်ပြောလိုက်တယ်။ အဲဒီ အာရ်အေဘီနဲ့ ပတ်သက်တဲ့ အကြောင်းကိုသိချင်၊ စပ်စုချင်တဲ့ စိတ်လည်း သူ့မှာ မရှိတော့ဘူး။ ဒါပေမဲ့ သူနောက်ထပ် သိချင်စိတ်တွေ တစ်ခါထပ်ပြီး ဖြစ်ပေါ်ခံစားလိမ့်ဦးမယ်လို့လည်း သူသံသယ ဖြစ်နေတယ်။

သူအိပ်ရာထဲမှာ လှဲနေရင်းနဲ့ ဗြုန်းခနဲ သတိထားလိုက်မိတယ်။ ကျောင်းဝင်းထဲမှာ တိတ်ဆိတ်နေတယ်။ ဖောကက်စ်ရဲ့ ပူဆွေးတဲ့ လွမ်းတေးသီသံ ရပ်သွားပြီ။

ပြီးတော့ သူသိလိုက်တယ်။ သူဘယ်လို သိလိုက်ရတယ်ဆိုတာ သူမသိလိုက်ရဘဲနဲ့ကို သူသိလိုက်တယ်။ ဖီးနစ်ငှက်ကြီး ထွက်သွားပြီ။ သူ ဟော့ဂ်ဝပ်စ်ကျောင်းကြီးကို ထာဝရစွန့်ခွာသွားပြီ။ ဒမ်းဘဲလ်ဒိုး ဒီကျောင်းကို ထားရစ်ခဲ့သလို၊ ကမ္ဘာကြီးက ထာဝရစွန့်ခွာသွားသလို၊ သူ့ကို ထားရစ်ခဲ့သလိုပဲပေါ့။
ဂဂဂဂဂဂဂဂဂဂ

အခန်း (၃၀)
ဖွေးဖွေးဖြူဖြူ သင်္ချိုင်းဂူ

www.burmeseclassic.com

www.burmeseclassic.com

သင်ခန်းစာ ပို့ချမှုတွေအားလုံး ရပ်ဆိုင်းထားလိုက်ပြီ။ စာမေးပွဲတွေ အားလုံးလည်း ရွှေ့ဆိုင်းထားလိုက်ပြီ။ ကျောင်းသူကျောင်းသား တချို့လည်း သူတို့မိဘတွေ သုတ်သီးသုတ်ပျာ အလောတကြီး လာခေါ်သွားကြလို့ နောက်နှစ်ရက်အတွင်းမှာပဲ ကျောင်းကထွက်ခွာသွားကြပြီ။

ပါတီးလ်အမြွှာညီအစ်ကိုက ဒမ်းဘဲလ်ဒိုး သေဆုံးသွားတဲ့ည လွန်မြောက်ပြီး နောက်တစ်နေ့နံနက်စာမစားခင်မှာတင် ထွက်ခွာသွားဖြစ်တယ်။ ဇာခရီးယတ်စ်စမစ်ကိုလည်း မောက်မာမာန်တက်နေတဲ့ မျက်နှာထားရှိတဲ့ သူ့အဖေက ရဲတိုက်ကနေ တစ်ပါတည်း စောင့်ခေါ်သွားတယ်။

ဒါပေမဲ့ ဆီးမတ်စ်ဖင်နီဂန်ကတော့ သူ့အမေနဲ့ အတူ အနီးကပ်အိမ်ကို ပြန်လိုက်ဖို့ အခမ္ပငြင်းပယ်နေလို့ သူတို့တွေ ဆင်ဝင်ခန်းမကြီးထဲမှာ အပြန်အလှန် အော်ဟစ်နေကြပြီးမှ သူမက သူ့ကို ဈာပနအခမ်းအနားပြီးထဲ့အထိနေဖို့ သဘောတူလိုက်လို့ အဲဒီပွဲကလေး ပြီးသွားခဲ့တယ်။ ဒါကြောင့် သူမဟာ ဟောစ်မိဒ်ရွာမှာ အိပ်စရာနေရာတစ်ခု ခက်ခက်ခဲခဲ ရှာဖွေနေရတယ်။ ဆီးမတ်စ်က မှော်ဆရာတွေနဲ့ မှော်ဆရာမတွေ ဒမ်းဘဲလ်ဒိုးကို နောက်ဆုံး ဂါရဝပြုဖို့ ပြင်ဆင်ရင်း ရွာထဲကို လိုမ့်ဝင်လာနေတယ်လို့ ဟယ်ရီနဲ့ ရွန်ကို ပြောပြခဲ့တယ်။

ဒီအတောအတွင်း အရင်တစ်ခါမှ မကြုံဖူးသေးတာတွေ မြင်ရတဲ့ ငယ်ရွယ်သူ ကျောင်းသူကျောင်းသားတွေကြားမှာ စိတ်လှုပ်ရှား ရင်ခုန်စရာအဖြစ်ကလေးတွေ ပေါ်ပေါက်ခဲ့သေးတယ်။ အဲဒါကတော့ ဈာပနအခမ်းအနား မတိုင်ခင် မွန်းလွဲချိန်နှောင်းပိုင်းမှာ တစ်ကိုယ်လုံး ရွှေရောင်အမွေးရှိပြီး အဖြူနဲ့ အဝါနုရောင်လည်ဆံမွေးနဲ့ အမြီးတွေပါတဲ့ ဧရာမပါလိုမီနိုမြင်းပျံကြီးတစ်ဒါဇင်ဆွဲလာတဲ့ အိမ်တစ်လုံးလောက်အရွယ် အပြာနုရောင် ရထားလုံးကြီးတစ်စင်း ကောင်းကင်မှာ ဘွားခနဲ ပျံသန်းပေါ်ထွက်လာပြီး မြေပြင်တောစပ်တစ်နေရာကို ဆင်းသွားတာ ဖြစ်ပါတယ်။

အဲဒါကို ဟယ်ရီက ပြတင်းပေါက်တစ်ခုကနေ ကြည့်နေဆဲမှာပဲ ဧရာမထွားကြိုင်းကြီးမားပြီး ချောမောခန့်ညားတဲ့ သံလွင်ရောင်အသားအရေ ဆံပင်အနက်ရောင်နဲ့ အမျိုးသမီးကြီးတစ်ယောက် ရထားလုံးကြီးရဲ့ လှေကားထစ်တွေအတိုင်း ဆင်းလာပြီး သူ့လက်ကြီးတွေကို ဆန့်တန်းစောင့်ကြိုနေတဲ့ ဟက်ဂရစ်ရဲ့ ရင်ခွင်ထဲကို တစ်ရှိန်ထိုး ပြေးဝင်သွားတယ်။

ဒီအတောအတွင်းမှာပဲ မှော်ပညာဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင်ပါဝင်တဲ့ ဝန်ကြီးဌာနအရာရှိ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လည်း ရဲတိုက်ကြီးထဲမှာ နေရာယူထားတယ်။

ဘာပဲပြောပြော ဟယ်ရီကတော့ သူတို့ထဲက ဘယ်သူတစ်ယောက်နဲ့မှ မတွေ့မဆုံမိအောင် သတိဝီရိယနဲ့ သဲသဲမဲမဲကြိုးစားပြီး ရှောင်နေတယ်။ သူဟာ ဘယ်နည်းနဲ့မဆို အနေးနဲ့အမြန် ဒမ်းဘဲလ်ဒိုးရဲ့ ဟော့ဂ်ဝပ်စ်ကျောင်းကြီးက နောက်ဆုံးထွက်သွားတဲ့ ခရီးတစ်ခေါက်နဲ့ ပတ်သက်ပြီး သူထပ်အမေးအမြန်းခံရဦးမှာကတော့ သေချာနေတယ်။

www.burmeseclassic.com

ဟယ်ရီ၊ ရွန်၊ ဟာမီယွန်နဲ့ ဂျင်နီတို့ သူတို့ရဲ့ အချိန်တွေကို အတူတကွ ကုန်လွန်စေခဲ့ကြတယ်။ လှပတဲ့ ရာသီဥတုက သူတို့ကို ကလူကျီစယ်နေတယ်။ ဟယ်ရီက တကယ်လို့သာ ဒမ်းဘဲလ်ဒိုး မသေခဲ့ရင် အခြေအနေ ဘယ်လိုဖြစ်လာမလဲဆိုတာ စိတ်ကူးကြည့်နိုင်ခဲ့တယ်။ သူတို့တွေ ဒီတစ်ကြိမ် ဒီနှစ်ကုန်ဆုံးချိန်မှာ ခုလောက်အတူတကွ ရှိနေနိုင်တာဟာ ဂျင်နီရဲ့ စာမေးပွဲပြီးသွားပြီဖြစ်တဲ့အပြင် အိမ်စာတွေရဲ့ ဖိစီးနှိပ်စက်မှုတွေလည်း မရှိတော့လိုပဲ။ ဒါပေမဲ့ သူဟာ သူပြောရမယ်လို့ သူသတိနေတဲ့ ကိစ္စတွေကို ပြောပြဖို့နဲ့ ပတ်သက်ပြီး တစ်နာရီပြီးတစ်နာရီ အချိန်တွေရွှေ့ဆိုင်းနေရတယ်။ ဟယ်ရီ့အနေနဲ့ ပြောကိုပြောရမယ်လို့ သူသိနေတာကို ပြောဖို့အရေး ခုလိုနှောင့်နှေးနေရတာဟာ သူ့ရဲ့ နှစ်သိမ့်သက်သာမှုရနေချိန်ကလေးကို စွန့်လွှတ်ပစ်လိုက်ဖို့ အလွန်အမင်းခက်ခဲနေလို့လည်း ဖြစ်ပါတယ်။

သူတို့တွေ ဆေးရုံဆောင်ကို တစ်နေ့နှစ်ကြိမ် လူနာမေးသွားကြတယ်။ နက်ဗီးလ်က ဆေးရုံက ဆင်းသွားပြီ။ ဒါပေမဲ့ ဘီလ်ကတော့ မဒမ်ပွမ်ဖရေးရဲ့ ပြုစုစောင့်ရှောက်မှုအောက်မှာ ရှိနေတုန်းပဲ။ အမှန်အတိုင်း ပြောရရင် သူ့ရဲ့ ဒဏ်ရာဒဏ်ချက်တွေ ခါတိုင်းလို ဆိုးဝါးမြဲ ဆိုးဝါးနေဆဲ ဖြစ်သလို၊ အမြဲတမ်း ဒီအတိုင်းပဲ ရှိကောင်း ရှိနေနိုင်တယ်။ သူ့ကိုကြည့်ရတာ အရူးမျက်ဆံ ဒေါသကုမ္ပဏီနဲ့ တိုးတိုးပြီးတူလာသလိုပဲ။ ဒါပေမဲ့ အပြင် ရုပ်ရေအသွင်သဏ္ဌာန်အားဖြင့်တော့ မပြောင်းလဲဘဲ မူလအတိုင်းရှိနေတယ်။

အားလုံးထဲမှာ ထင်ထင်ရှားရှား တွေ့ရတဲ့ အပြောင်းအလဲတစ်ခုကတော့ ခု သူဟာ ရှားရှားပါးပါး အမဲသား ကျပ်ပျဉ်နဲ့ အမဲသားအတုံးကို မက်မက်မောမော အကြီးအကျယ် ကြိုက်တတ်တဲ့သူ ဖြစ်နေတာပါပဲ။

"စား စား ဒါ နင်ကံကောင်းလို့ စားရတာ။ ဒါနဲ့ နင်ငါ့ကို လက်ထပ်မှာပေါ့နော်။ ဒါဆို ငါလည်း ကံကောင်းတာပါပဲ" ဘီလ်ရဲ့ ချိုင့်ခွက်နေတဲ့ ခေါင်းအုံးတွေကို ပြန်ပြီး ဖောင်းကားလာအောင် ပြုပြင်လှုပ်ခါဖွပေးရင်း ပျော်ရွှင်နေတဲ့ ဖလားက သူ့ကို ပြောလိုက်တယ်။ "သူတို့ ဗြိတိသျှတွေက အသားတွေကို သေသေချာချာ နူးကျက်နေအောင် အချိန်ကြာကြာ ချက်တတ်တယ်ဟဲ့၊ ငါလည်း အမြဲတမ်း အဲဒါပဲ ပြောနေရတယ်"

"သူ တကယ်ပဲ သူမကို လက်ထပ်တော့မယ်ဆိုတာ ငါအခု လက်ခံရတော့မလို ဖြစ်နေပြီလို့ ငါထင်တယ်" အဲဒီညနေနှောင်းပိုင်းမှာ ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့နဲ့ အတူ ဂရစ်ဖင်ဒေါ်အဆောင် ကျောင်းသားများ နားနေခန်းကြီးရဲ့ ဖွင့်ထားတဲ့ ပြတင်းပေါက်တစ်ခုဘေးမှာ ထိုင်ပြီး အပြင်ဘက်က ညနေဆည်းဆာရောင်ခြည်ဆမ်းထားတဲ့ ကျောင်းဝင်းထဲကို လှမ်းငေးကြည့်နေရင်း ဂျင်နီက သက်ပြင်းချပြီး သူတို့ကို ပြောလိုက်တာပါပဲ။

"သူမလည်း ဒါလောက် မဆိုးပါဘူးဟဲ့" ဟယ်ရီက ပြောပြီးမှ ဂျင်နီရဲ့ မျက်ခုံးတွေ ပင့်တက်သွားလို့ "အရုပ်ဆိုးတာကလွဲလို့ပေါ့" လို့ သူ့စကားကို အမြန်ထပ်ဖြည့်ပြန်ပြင်ပြီး ပြောလိုက်တယ်။ ဒီတော့မှ ဂျင်နီက မရယ်ချင့်ရယ်ချင်နဲ့ ရယ်နေတယ်။

"အေးဟယ် တကယ်လို့ ငါ့အမေကသာ ပြတ်ပြတ်သားသား ရပ်တည်မယ်ဆိုရင် ငါလည်း ရပ်ရမှာပဲ"

www.burmeseclassic.com

"တို့ သိထားတာအပြင် နောက်ထပ် တခြားသေတဲ့လူ ရှိသေးလား"ရွှန်က တမန်တော်ညနေခင်း သတင်းစာကို ဖတ်နေတဲ့ ဟာမီယွန်ကို မေးလိုက်တယ်။

ဟာမီယွန်က သူ့ရဲ့ မာကျောကျောကြီးနဲ့ မေးလိုက်တဲ့အသံကြောင့် မျက်နှာကို ရှုံ့မဲ့ပြပြီးမှ ပြန်ဖြေလိုက်တယ်။ "မရှိဘူး" တစ်ခါ သူမက သတင်းစာကို ပြန်ခေါက်ရင်း ပြစ်တင်ရှုတ်ချတဲ့အသံနဲ့ ထပ်ပြောလိုက်ပြန်တယ်။ "သူတို့တွေ စနိပ်ကို ဆက်ပြီး ရှာဖွေနေတုန်းပဲ။ ဒါပေမဲ့ အရိပ်အယောင်တောင် မတွေ့ရဘဲ အစအနပျောက်နေတယ်"

ဒီမှာတင် အဲဒီအကြောင်း ကြားရတိုင်း စိတ်တွေ မရိုးမရွ ဖြစ်ပြီး ဒေါသထွက်နေတဲ့ ဟယ်ရီက စိတ်ဆိုးမာန်ဆိုးနဲ့ ပြောပြန်တယ်။

"အမှန်မှာ အဲဒီက အခြေအနေဟာ ဒီအတိုင်း မဟုတ်ဘူးဟဲ့။ သူတို့က ဗိုဒီမော့ကို အရင်ရှာနေတာဖြစ်ပြီး၊ သူ့ကို မတွေ့မချင်း စနိပ်ကို ရှာဦးမှာ မဟုတ်ဘူး။ ကြည့်ရတာ သူတို့ဟာ အဲဒါကို အချိန်ပြည့်လည်း လုပ်ကြပုံမရပါဘူးဟယ်"

"ငါ အိပ်တော့မယ်ဟယ်"လို့ ပြောပြီး ဂျင်နီက သန်းလိုက်တယ်။ "ငါ စဖြစ်ကတည်းက ခုထိ ကောင်းကောင်းကို မအိပ်ရသေးဘူး။ ဟုတ်ပြီလေ၊ ငါ အိပ်ပျော်မယ် ထင်ပါရဲ့"

သူမက ဟယ်ရီ့ကို နမ်းလိုက်တယ်။ ရွှန်က ကပျာကယာ မျက်နှာလွှဲလိုက်ပြီး တခြားကို စူးစူးစိုက်စိုက် ငေးကြည့်နေတယ်။ နောက် ဂျင်နီက ကျန်တဲ့ နှစ်ယောက်ကိုပါ လက်ပြနှုတ်ဆက်ပြီး မိန်းကလေး အဆောင်ဘက်ကို ထွက်သွားတယ်။ အဆောင်ကို သူမဝင်သွားပြီး တံခါးလည်း ပြန်ပိတ်သွားရော ဟာမီယွန်က ဟယ်ရီရှိတဲ့ ရှေ့ဘက်ကို ကိုင်းပြီး ဟာမီယွန့်ထုံးစံအတိုင်း အဓိပ္ပာယ်ပါပါနဲ့ ကြည့်လိုက်တယ်။

"ဟယ်ရီ ဒီနေ့မနက် စာကြည့်တိုက်ထဲမှာ ငါ တချို့ အချက်အလက်တွေ သိလာတာရှိတယ်"

"အာရ်အေဘီကို ပြောတာလား" ဟယ်ရီက မေးရင်း မတ်တတ်ထရပ်လိုက်တယ်။

သူ့စိတ်ထဲမှာ မကြာမကြာ သူခံစားရတဲ့အတိုင်းထက် ပိုပြီး ဟယ်ရီမခံစားရဘူး။ သူ့စိတ်တွေ လှုပ်ရှားနေတယ်။ သိချင်စိတ်တွေ ပြင်းပြနေတယ်။ လျှို့ဝှက်သည်းဖို ဖြစ်ရပ်တစ်ခုလုံးရဲ့ အရင်းအမြစ်ကို ဖော်ထုတ်ချင်တဲ့စိတ်တွေနဲ့ သူလောင်မြိုက်နေတယ်။ တကယ်တော့ ဟော်ကရပ်စ်ကျိန်စာ အစစ်ရဲ့အကြောင်း ရှာဖွေဖော်ထုတ်တဲ့ အလုပ်ကို သူ ပြီးပြတ်အောင် လုပ်ရမယ်ဆိုတာ သူနဲ့ ဒမ်းဘဲလ်ဒိုးတို့ အတူထွက်သွားခဲ့တဲ့ မှောင်မိုက်ပြီး လေတွေ တဟူးဟူး တိုက်နေတဲ့ လမ်းကလေးအတိုင်း သူထွက်ခွာမသွားခင်မှာဘဲ သူ ရှင်းရှင်းလင်းလင်း သိနေတယ်။ ဒါတင်မကဘဲ ခုဆိုရင် အဲဒီခရီးကို သူ တစ်ယောက်တည်း သွားရတော့မယ်ဆိုတာလည်း သူ ကောင်းကောင်းကြီး သိလိုက်တယ်။

ခုအချိန်ထိတိုင်အောင် ကျောင်းကြီးရဲ့ ဟိုးအပြင်ဘက် တစ်နေရာမှာ ဟော်ကရပ်စ် ကျိန်စာလက်နက် လေးခုတိတိ ရှိကောင်းရှိနေနိုင်တယ်။ ပြီးတော့ ဗိုဒီမော့ အသတ်ခံရနိုင်ခြေရှိမှု ပေါ်ပေါက်မလာခင် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

ကျိန်စာတစ်ခုချင်းကို ရှာဖွေဖော်ထုတ်တွေ့ရှိဖို့နဲ့ ဖယ်ရှားရှင်းလင်း ဖျက်ဆီးပစ်ဖို့ လိုအပ်မှာ ဖြစ်တယ်။ ဒီမှာတင် သူက အဲဒီကျိန်စာလေးခုကို သူ့လက်လှမ်းမီသမျှ ချပြီး စာရင်းပြုစုသလို အလွတ်ရအောင် အာဂုံဆောင်ကျက်မှတ်လိုက်ပါတယ်။

"လော့ကက်သီး၊ ဖလား၊ မြွေနဲ့ ဂျူန်ကေသရာဇာတွေရဲ့ ဒါမှမဟုတ် ကျီးနက်ခြေသည်းတွေရဲ့ ပစ္စည်းတစ်စုံတစ်ခု။ လော့ကက်သီး၊ ဖလား၊ မြွေနဲ့ ဂျူန်ကေသရာဇာတွေရဲ့ ဒါမှမဟုတ် ကျီးနက်ခြေသည်းတွေရဲ့ ပစ္စည်းတစ်စုံတစ်ခု"

အဲဒီ အလွတ်ကျက်မှတ်လိုက်တဲ့ ဂါထာမန္တန်က ဟယ်ရီ့ရဲ့ စိတ်ထဲမှာ သူညဘက်အိပ်ပျော်သွားပြီး သူ့ရဲ့ အိပ်မက်တစ်ခုလုံးထဲမှာ ဖလားတွေ၊ လော့ကက်သီးတွေနဲ့ သူလက်လှမ်းမမီသိနိုင်တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ပစ္စည်းတွေနဲ့ပါ ပြည့်နှက်နေပြီး၊ ဒမ်းဘဲလ်ဒိုးက ကူညီတဲ့အနေနဲ့ သူ့ဆီကို ကြိုးလှေကားတစ်ချောင်း ပစ်ချပေးလိုက်ပြန်တော့လည်း အဲဒီလှေကားဟာ သူတက်မယ့်ဆဲဆဲမှာပဲ မြွေကြီးတစ်ကောင်ဖြစ်သွားသလိုမျိုး လှုပ်ရှားရင်ခုန်နေစေခဲ့ပါတယ်။

သူက ဟာမီယွန်ကို လော့ကက်သီးလေးထဲမှာ တွေ့ရတဲ့ ပုရပိုဒ်မှတ်စုကလေးကို ဒမ်းဘဲလ်ဒိုးသေဆုံးသွားတဲ့နေ့ရဲ့ နောက်နေ့မှာပဲ ပြခဲ့တယ်။ သူမက အဲဒီမှာ ရေးထိုးထားတဲ့ လက်မှတ်တိုဟာ အရင် သူမ ဖတ်ခဲ့ဖူးသမျှတွေထဲက ဘယ်တိမ်မြုပ်နေတဲ့ မှော်ဆရာရဲ့ လက်မှတ်လဲဆိုတာ ရုတ်တရက် ချက်ချင်း မသိနိုင်ဘဲ ဖြစ်နေတယ်။ ဒါကြောင့် သူမက အိမ်စာတွေ လုပ်စရာမလိုတော့တဲ့အတွက် ဖတ်ရှုခွင့်တွေပိုပြီး တင်းတင်းကျပ်ကျပ် စိစစ်ပိတ်ပင်ထားတဲ့ စာကြည့်တိုက်ကို အပြေးအလွှားသွားပြီး ရှာဖွေကြည့်ခဲ့ပေမဲ့လည်း မသိနိုင်အောင် ဖြစ်နေခဲ့ပြန်တယ်။

"မတွေ့ဘူး" သူမက ဝမ်းနည်းစွာ ပြောလိုက်တယ်။ "ငါလည်း အစွမ်းကုန်ကြိုးစားခဲ့တာပဲ ဟယ်ရီ။ ဒါပေမဲ့ ငါ ဘယ်လိုမှ အစဖော်လို့ မရဘဲ ဖြစ်နေတယ်။ အဲဒီ အာရ်အေဘီဆိုတဲ့ လက်မှတ်နဲ့ ဆက်နွှယ်မှု ရှိနိုင်စရာ အကြောင်း ယုတ္တိတန်တဲ့ ထင်ရှားကျော်ကြားတဲ့ မှော်ဆရာနှစ်ယောက်တော့ ရှိတယ်။ ရိုဆာလင်း အင်တီဂွန်းဘန်းစ်နဲ့ ရူးပတ်အိုက်စ်ဘန်ဂျာဘရွတ်ခ်စတန်တန်တို့ပဲ။ ဒါပေမဲ့ သူတို့နှစ်ယောက်နဲ့ ဒီပြဿနာ ပတ်သက်မယ်လို့ ထင်စရာမကြောင်း လုံးလုံးမရှိဘဲ ဖြစ်နေပြန်တယ်။ အဲဒီပုရပိုဒ်မှတ်စုကလေးထဲက ရေးထားတာကို အခြေခံပြီး စဉ်းစားကြည့်လိုက်တော့ ဒီဟော်ကရပ်စ်ကျိန်စာကို ခိုးသွားတဲ့ လူဟာ ဗိုဒီမော့ကို သိနေသူဖြစ်ရမယ်။ ဒါပေမဲ့ နောက်ထပ်သဲလွန်စ အနည်းအကျဉ်း တစ်စွန်းတစ်စလေးတောင် ငါ မဖော်ထုတ်နိုင်တာဟာ ဘန်းစ် ဒါမှမဟုတ် အိုက်စ်ဘန်ဂျာဟာ သူနဲ့ ဘယ်လိုပတ်သက်နိုင်မလဲ ဆိုတာပဲ။ မဟုတ်သေးဘူး၊ အမှန်တကယ်မှာတော့ ဒါဟာ... အေးဟုတ်တယ်။ စနိပ်ပဲ ဖြစ်ရမယ်"

သူမဟာ နာမည်ကို တစ်ခါထပ်ရွတ်ကြည့်ပြီး စိတ်တွေ လှုပ်ရှားနေတယ်။

"သူနဲ့ ဘာဆိုင်လို့လဲ" ဟယ်ရီက ခပ်လေးလေးကြီး မေးလိုက်ပြီး သူ့ရဲ့ ကုလားထိုင်ပေါ်ကို ပြန်ပစ်လှဲထိုင်ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်တယ်ဟဲ့၊ ခု ငါ သွေးတစ်ဝက်မှော်ဝိဇ္ဇာ ကိစ္စနဲ့ ပတ်သက်ပြီး အမှန်အတိုင်း အတိအကျ သိလာသလိုလိုပဲ" သူမက စမ်းတဝါးဝါး မှန်းဆအရဲကိုးပြီး ပြောလိုက်တယ်။

"ဟာမီယွန် .... နင် ငါ့အနာဟောင်းကို လာဆွနေတာလား။ ငါ ခုဘယ်လောက်ခံစားနေရတယ်ဆိုတာ နင်မတွေးမိဘူးထင်တယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး ဟယ်ရီ။ ငါ အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး" သူမက သူတို့ကို ချောင်းကြည့်နားထောင်နေသူ၊ သူတို့ပြောတာ နားစွန်နားဖျား ကြားသွားသူများ ရှိလေမလားလို့ ဘေးဘီကို ကပျာကယာ လှည့်ပတ်ကြည့်ရင်း ကမန်းကတန်း ပြောလိုက်တယ်။ "တခြား မဟုတ်ပါဘူး။ ငါက အဲဒီစာအုပ်ကို တစ်ခါက ပိုင်ခဲ့တဲ့ အယ်လင်ပရင့်စ်ကို တွေးမိလို့ပါ။ နင်သိတယ် မဟုတ်လား။ အဲ... သူမဟာ စနိပ်ရဲ့ အမေလေ"

"ငါကတော့ သူမဟာ သိပ်ပုံမလာဘူးလို့ ထင်တယ်ဟေ့"ရွန်က ဝင်ပြောလိုက်တယ်။ ဒါပေမဲ့ ဟာမီယွန်က သူပြောတာကို မကြားသလို ဘေးချိတ်ထားတယ်။

"ငါ ငါ့ဆီမှာ ကျန်ရှိနေတဲ့ တမန်တော် သတင်းစာ အဟောင်းတွေကို ပြန်ဖတ်ကြည့်မိတယ်။ အဲဒီ အယ်လင်ပရင့်စ်နဲ့ တိုဘီးယပ်စ် စနိပ်လို့ ခေါ်တဲ့လူ လက်ထပ်တဲ့အကြောင်း ကြေညာချက်အသေးကလေးတစ်ခုကို သွားတွေ့တယ်။ အဲဒီနောက်ပိုင်းမှာ ထပ်တွေ့ရတဲ့ ကြေညာချက်တစ်ခုမှာတော့ သူမမီးဖွားတဲ့ သတင်းဖော်ပြထားတယ်။ အိုဟယ်..... သူမ ကလေးတစ်ယောက်ရတဲ့ အကြောင်းပေါ့"

"လူသတ်သမား" ဟယ်ရီက ဒေါသတကြီး ထဆဲပြီး၊ ရွံရှာသလို တံတွေးကို ပစ်ခနဲ ထွေးလိုက်တယ်။

"အေးပေါ့ဟဲ့။ အဲဒါ အမှန်ပဲပေါ့" ဟာမီယွန်က ဆက်ပြောတယ်။ ဒါ့ကြောင့် ငါထင်တာ မှန်သလိုလို ရှိပြီလို့ ငါပြောတာပေါ့။ စနိပ်ဟာ သွေးတစ်ဝက်မှော်ဝိဇ္ဇာ ဖြစ်ရတဲ့အတွက် ဘဝင်လေဟပ်နေတာ နင်မြင်တယ် မို့လား။ တိုဘီးယပ်စ်စနိပ်ဟာ မတ်ဂဲလ်တစ်ယောက်လေ။ တမန်တော် သတင်းစာထဲ ပါတဲ့အတိုင်း ပြောတာနော်"

"ဟုတ်လိုက်လေ၊ အဲဒါ ဖြစ်နိုင်တယ်၊ ကွက်တိပဲ" ဟယ်ရီက ပြောလိုက်တယ်။ "သူက သွေးစစ်တဲ့ ဘက်က ပါဝင်လှုပ်ရှားပြတယ်။ ဒါ့ကြောင့်လည်း လူစီးယပ်စ်မော်လ်ဖွိုင်းနဲ့ သူတို့ထဲက ကျန်တဲ့လူတွေနဲ့ပါ သူဝင်ရောလို့ ရသွားတာပေါ့။ သူက ဗိုဒီမော့နဲ့ ဆင်တူနေတယ်လေ။ သွေးစစ်အမေနဲ့ မတ်ဂဲလ်အဖေက မွေးလာပြီး မိဘနဲ့ ပတ်သက်လို့ ရှက်စိတ်ဝင်ပြီး သူ့ကိုယ်သူ လျှို့ဝှက်အောက်လမ်း မှော်ပညာတွေကိုသုံးပြီး ကြောက်စရာကောင်းတဲ့လူဖြစ်အောင် ကြိုးစားခဲ့တာ။ ဒီမှာတင် သူ့ကိုယ်သူ အထင်ကြီးစရာကောင်းတဲ့ လော့ဒ်ဗိုဒီမော့တို့၊ သွေးတစ်ဝက်မှော်ဝိဇ္ဇာတို့ ဆိုတဲ့ နာမည်သစ်ပေးလိုက်တာပဲပေါ့။ ဒါကို ဘာကြောင့်များ ဒမ်းဘဲလ်ဒိုးက မရိပ်စားမိခဲ့တာလဲ စဉ်းစားလို့ကို မရဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီ သူ့စကားကို ဖြတ်ပြီး ပြတင်းပေါက်အပြင်ဘက်ကို ကြည့်လိုက်တယ်။ သူ ဒမ်းဘဲလ်ဒိုးရဲ့ စနိပ်အပေါ် လက်သင့်မခံနိုင်လောက်အောင် ယုံကြည်ခဲ့တာနဲ့ ပတ်သက်ပြီး ထပ်တလဲလဲ တဝဲလည်လည် မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်နေတယ်။

ဒါပေမဲ့ ဟာမီယွန်က သူ့ကို အမှတ်မထင် သတိပေးခဲ့တဲ့အတိုင်း ဟယ်ရီက တကယ်တမ်းကျတော့ သူကိုယ်တိုင်လည်း အဲဒီချို့ယွင်းချက်မျိုး ထပ်တူ ရှိနေခဲ့ပါတယ်။ ဒါ့ကြောင့်လည်း လက်ရေးသော့တွေနဲ့ စိတ်ရှုပ်စရာကောင်းအောင် ရေးထားတဲ့ မန္တန်တွေကြောင့် ကသိကအောက် ဖြစ်စရာတွေ၊ ဒေါသဖြစ်စရာတွေနဲ့ အကြိမ်ကြိမ်တိုးပွားပြီး ကြုံနေရတဲ့ကြားက၊ ဟာမီယွန်ကလည်း တစ်ဖက်ကနေ သတိပေးနေတဲ့ကြားက မှော်ဝိဇ္ဇာဆိုတဲ့ ကောင်လေးရဲ့ လူတော်သလောက် စိတ်ဓာတ်ယုတ်ညံ့ပုံ မမြင်နိုင်ဘဲ အယုံကြီး ယုံကြည်ခဲ့လို့ ဖြစ်တယ်။ ဒါကလည်း သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ မန္တန်တွေက သူ့အတွက် အကူအညီအများကြီး ပေးနေလို့၊ ကောင်လေးကို မယုံဖို့ ပြောသမျှတွေကို သူတွင်တွင် ပယ်ချမိခဲ့တာပါပဲ။

သူ့ကို ကူညီခဲ့တယ်။ ဒီအချက်ကလည်း ခုပြန်တွေးကြည့်လိုက်တော့ သည်းမခံနိုင်လောက်တဲ့ အတွေး ဖြစ်နေပြန်တယ်။

“ငါ စဉ်းစားလို့ မရတာက သူဟာ မင်း အဲဒီစာအုပ်ကြီးကို သုံးခဲ့တာအတွက် ဘာကြောင့် အရေးမယူခဲ့တာလဲ ဆိုတာပဲ။ မင်းဒီစာအုပ်ကြီး ဘယ်ကဘယ်လို ရထားတယ်ဆိုတာ သူသိကိုသိနေမှာပဲကွ”ရွန်က ဝင်ပြောလိုက်တယ်။

“သူသိတယ်။ ဘာသိတာလဲ”ဟယ်ရီက ခါးခါးသီးသီး ပြောလိုက်တယ်။ “အဲဒါ ငါတစ်စစီကွဲပြတ်စေဆိုတဲ့ ဆက်တမ်ဆင်မ်ပရာ မန္တန်ကို သုံးလိုက်တော့မှ သူသိတာပါ။ သူတရားဝင် တကယ်သိဖို့လည်း မလိုဘူးလေ။ သူဒါထက် စောစောပိုသိတယ်ဆိုရင် ပါမောက္ခပက်ကျိချိုက ပီယဆေးနဲ့ ဗ္ဗန္ဓဇာလဆေးရည်များ ဂါထာမှာ ငါ ဘယ်လောက် ထူးချွန်တယ်ဆိုတာကို ပြောနေတာ သူကြားလို့ပဲ ဖြစ်ရမယ်။ တကယ်ဆိုရင် သူ့ရဲ့ စာအုပ်ဟောင်းကြီးကို ကြောင်အိမ်ဗီရိုကြီးရဲ့ အောက်ဆုံးထပ်မှာ သူမထားခဲ့သင့်ဘူး။ အဲဒီလို သူထားသင့်လို့လား”

“ဒါပေမဲ့ မင်းကို သူ လုံခြုံရေးတွေ လက်ထဲမအပ်ခဲ့ဘူး မဟုတ်လား၊ အဲဒါ ဘာကြောင့်လဲ”

“ငါကတော့ သူဟာ အဲဒီစာအုပ်နဲ့ ဆက်စပ်ပတ်သက်ချင်တာလို့ လုံးဝ မထင်ဘူးဟေ့”ဟာမီယွန်က ပြောလိုက်တယ်။ “ဒမ်းဘဲလ်ဒိုးအနေနဲ့ ဒီအကြောင်းကိုသာ သိခဲ့ရင် သူသိပ်ကြိုက်မှာ မဟုတ်ဘူးလို့လည်း ငါထင်တယ်။ ပြီးတော့ စနိပ်က အဲဒီစာအုပ်ကြီးကို သူ့ဟာမဟုတ်သလိုလို ဟန်ဆောင်နေတာလည်း ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပါမောက္ခ ပက်ကျိချိုက သူ့လက်ရေးကို မြင်တာနဲ့ ချက်ချင်း သိသွားနိုင်လို့ပဲ။ ဘာပဲဖြစ်ဖြစ် စာအုပ်ကြီးဟာ စနိပ်ရဲ့ စာသင်ခန်းအဟောင်းထဲမှာ ကျန်ခဲ့တာပဲ။ အဲဒီတော့ ငါပြောရဲတယ်ဟယ်–သူ့အမေရဲ့ နာမည် ပရင့်စ်လို့ ခေါ်တာကို ဒမ်းဘဲလ်ဒိုး သိကိုသိရမယ်”

www.burmeseclassic.com

www.burmeseclassic.com

“ငါ အဲဒီ စာအုပ်ကို ဒမ်းဘဲလ်ဒိုးကို ပြခဲ့သင့်တယ်ကွာ”ဟယ်ရီက ပြောလိုက်ပြန်တယ်။ “အဲဒီတစ်ချိန်လုံး ဗိုဒီမော့ဟာ ကျောင်းမှာရှိစဉ်ကတည်းက ဘယ်လောက် ယုတ်မာဆိုးသွမ်းတယ်။ မိစ္ဆာကောင်ဖြစ်တယ်ဆိုတာ သူငါ့ကို ပြောပြောနေတာပဲ။ စနိပ်လည်း အဲဒီအတိုင်း ထူးမခြားနား ဆိုတာ ငါ့မှာ သက်သေအထောက်အထားရှိတယ်”

“မိစ္ဆာဆိုတဲ့ စကားလုံးကတော့ ပြင်းထန်ပါတယ်” ဟာမီယွန်က တိုးတိုးကလေး ပြောပြန်တယ်။

“ဒီစာအုပ်ဟာ အန္တရာယ် ရှိတယ်လို့ ငါ့ကို တစ်လျှောက်လုံး ပြောခဲ့တာ နင်တစ်ယောက်ပဲ ရှိတယ်ဟာ” ဟယ်ရီက ပြောပြန်ပါရော။

“ငါပြောဖို့ ကြိုးစားနေပါတယ် ဟယ်ရီ။ ဒါပေမဲ့ နင်က နင့်ကိုယ်နင် သိပ်အပြစ်တင်လွန်းနေတယ်။ မှော်ဝိဇ္ဇာဟာ မနှစ်မြို့ ဟာသဉာဏ်တစ်ခုလည်း ရှိလိမ့်မယ်လို့ ငါထင်တယ်။ ဒါပေမဲ့ သူဟာ ဖြစ်နိုင်ခြေ အလားအလာရှိတဲ့ လူသတ်သမား တစ်ယောက်လို့တော့ ငါဘယ်တော့မှ မှန်းဆတွေးကြည့်ဖြစ်ခဲ့မှာ မဟုတ်ဘူး”

“နင်တင်ဘယ်ဟုတ်မှာလဲ ငါတို့အထဲက တစ်ယောက်မှ စနိပ်ဟာ အဲဒီင်နဲ ဖြစ်နေလိမ့်မယ်လို့ မတွက်ဆမိခဲ့ကြပါဘူး။ ဒါကို နင်သိပါတယ်”ရွန်က ပြောလိုက်တယ်။

သူတို့တွေထဲမှာ တိတ်ဆိတ်မှုက တစ်ခါ ပြန်နေရာယူထားတယ်။ သူတို့အားလုံး ကိုယ်စီစိတ်တွေ လွင့်မျောနေကြတယ်။ ဒါပေမဲ့ ကျန်တဲ့သူတွေ အားလုံးလည်း သူ့လိုပဲ တစ်ခုတည်းကိုပဲ ကြိုပြီးတွေးကြည့်နေကြတာ ဖြစ်မယ်ဆိုတာ ဟယ်ရီ တပ်အပ်သေချာသိနေတယ်။ အဲဒါဟာ ဒမ်းဘဲလ်ဒိုးရဲ့ အလောင်းကို ထာဝရအနားယူဖို့ မြေချသင်္ဂြိုလ်တော့မယ့် နောက်နေ့နံနက်ခင်းအကြောင်းပဲ ဖြစ်ရမယ်။

သူအနေနဲ့ အရင်ဘယ်တုန်းကမှ အသုဘ အခမ်းအနားတွေကို တက်ဖူးခဲ့တာ မဟုတ်ဘူး။ ဆီးရီးယပ်စ် သေသွားတုန်းက မြှုပ်ပေးမယ့် သူ ဘယ်သူမှ မရှိခဲ့ဘူး။ အဲဒီမနက်မှာ ဘာတွေ ဘယ်လို ဖြစ်လာမယ်ဆိုတာ သူမျှော်လင့်မကြည့်တတ်ဘူး။ တစ်ခုတော့ ရှိတယ်။ အဲဒီအချိန်မှာ သူ ဘယ်လို ခံစားနေရမလဲဆိုတာ စဉ်းစားကြည့်ပြီး သူ့စိတ်ထဲမှာ စိုးရိမ်ပူပန်မှုလေး နည်းနည်း ပေါ်လာတယ်။ ဒမ်းဘဲလ်ဒိုး သေဆုံးမှုဟာ ပြီးခဲ့တဲ့ သူအရင်တစ်ကြိမ် တွေ့ကြုံခဲ့ဖူးတာထက် ပိုပြီး သူအတွက် အစစ်အမှန်ဖြစ်မှာလား ဆိုတာကိုလည်း သူသိချင်နေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ထိတ်လန့်တုန်လှုပ်စရာ ကောင်းတဲ့ ဒီအကြောင်းတွေက သူ့ကို လွှမ်းမိုးဖို့ ကြိုးစားလာတဲ့အခါတိုင်း ရဲတိုက်ကြီး တစ်ခုလုံးထဲမှာ ဘယ်သူမှ ဒီအကြောင်းတွေကို ထပ်ပြောနေတာ သူ မတွေ့ရတဲ့အတွက် စိုးရိမ်ပူပန်ဝမ်းနည်းမှုတွေ ပြတ်တောက်ရပ်ဆိုင်းသွားပြီး ခံစားမှုမဲ့သလို စိတ်တွေ ထုံကျင်နေသလိုမျိုး အချိန်တွေလည်း သူ့မှာ ရှိနေတယ်။ ပြီးတော့ အဲဒီအတွေးကြောင့် ဒမ်းဘဲလ်ဒိုးဟာ တကယ်ပဲ သေသွားပြီဆိုတာ သူယုံကြည်ဖို့ ခက်ခဲ့နေခဲ့တယ်။ မငြင်းသာဘဲ သူအမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဆီးရီးယပ်စ်နဲ့တုန်းကလို မဟုတ်ဘဲ ဒမ်းဘဲလ်ဒိုးတစ်ယောက်

www.burmeseclassic.com

ပြန်လည်ရောက်ရှိလာမလားဆိုတဲ့ အတွေးနဲ့ လွတ်ပေါက်ကယ်ပေါက် တစ်စုံတစ်ခု တွေ့လိုတွေ့ငြား သူရှာဖွေမိနေတယ်။

ဟယ်ရီဟာ သူ့အိတ်ကပ်ထဲမှာ ဟော်ကရပ်စ် အတု ရှိနေတာကို သူ့မှာပါတဲ့ အေးစက်စက် ကြိုးကလေးကြောင့် ခံစားမိပြီး ပြန်သတိရသွားတယ်။ ခု သူ အဲဒါလေးကို အဆောင်လက်ဖွဲ့ အနေနဲ့မဟုတ်ဘဲ ဒါကလေးကြောင့် ဘာတွေဖြစ်ပျက်ခဲ့ပြီး ဘာတွေ ဆက်လုပ်ရမယ်ဆိုတာကို စဉ်းစားဖို့ အတွက် သူသွားလေရာကို သယ်ဆောင်သွားတယ်။

ဟယ်ရီဟာ နောက်တစ်နေ့ကို တနင့်တပိုး ရင်ဆိုင်ဖို့ အိပ်ရာက စောစောထလိုက်တယ်။ ဟော့ဂ်ဝပ်စ် အမြန်ရထားက ဈာပနအခမ်းအနား အပြီး တစ်နာရီအကြာမှာ ထွက်ခွာမှာ ဖြစ်တယ်။ အောက်ထပ်တွေမှာ လူတွေ သူတို့ရဲ့ ခံစားမှုတွေကို ချိုးနှိမ်ချုပ်တည်းထားပြီး ခန်းမကြီးထဲမှာပါ ငြိမ်ချက်သား ကောင်းနေတာကို သူ တွေ့ရတယ်။

လူတိုင်းလူတိုင်း သူတို့ရဲ့ ဝတ်ရုံတွေကို ဝတ်ဆင်ထားကြပြီး ဘယ်သူတစ်စုံတစ်ယောက်မှ ဆာလောင်နေပုံ မပေါ်ပါဘူး။ ပါမောက္ခ မက်ဂိုနာဂေါလ်ဟာ ဝန်ထမ်းစားပွဲကြီးအလယ်နေရာက ပလ္လင်နဲ့ ပုံစံတူတဲ့ သူမရဲ့ ကုလားထိုင်ကနေ ထွက်ခွာသွားပြီဖြစ်လို့ ကုလားထိုင်မျာ လူလွတ်နေတယ်။ ဟက်ဂရစ်ထိုင်တဲ့ ကုလားထိုင်လည်း လူလွတ်နေတယ်။ ဒီတော့ သူ နံနက်စာ စားခွင့်ကြုံတော့မှာ မဟုတ်တော့ဘူးလို့ ဟယ်ရီက တွေးလိုက်တယ်။ ဒါပေမဲ့ စနိပ်ရဲ့ ကုလားထိုင်ကို ကြည့်လိုက်တော့ လွတ်မနေဘဲ ရူးဖတ်စ်စခရင်ဂျာက ဟိတ်ဟန်ပါပါနဲ့ ဝင်ပြီး နေရာယူထားတာကို တွေ့ရတယ်။ ခန်းမကြီးထဲမှာ ဟိုဟိုဒီဒီ နေရာအနှံ့ လှည့်ပတ်မျက်စိကစားနေတဲ့ သူ့ရဲ့ အဝါရောင် မျက်လုံးတွေနဲ့ မဆုံဖြစ်အောင် ဟယ်ရီက ရှောင်လိုက်တယ်။ အရေးထဲ စခရင်ဂျာဟာ သူ့ကို ရှာနေတာမှန်းသိလို့ ဟယ်ရီ့အဖို့ပိုပြီး အနေရ အထိုင်ရ ခက်နေတယ်။

တစ်ခါ စခရင်ဂျာရဲ့ နောက်ပါ အခြွေအရံ အသင်းအပင်းထဲမှာ ဆံပင်အနီရောင်နဲ့ ချိုပုံစံကိုင်းမျက်မှန် တပ်ထားတဲ့ ပါစီဝက်စလေကို ဟယ်ရီတွေ့ရတယ်။ ရွန်ကတော့ သူတို့နှစ်ယောက်ကြားမှာ ပင်လယ်ငါးကျပ်တင်ခြောက်ကို ထိုးကော်စားတဲ့ ခက်ရင်းတွေ၊ ဓားတွေနဲ့ ခြားနေတဲ့ ပါစီကို မပြေနိုင်တဲ့ အငြိုးအာဃာတစိတ်နဲ့ သူသတိထားမိတဲ့ လက္ခဏာ မပြဘဲ မသိသလို လုပ်နေတယ်။

ဆလီသီရင်တွေရဲ့ စားပွဲကြီးရဲ့ တစ်ဖက်မှာ ဂရက်ဘီနဲ့ ဂွိုင်းလ်တို့နှစ်ယောက်သား တွတ်ထိုးနေတယ်။ သူတို့နှစ်ယောက်လုံး ဧရာမ လေးလုံးခြောက်ဖက် လူကောင်ထွားထွား ယောကျ်ားကလေးတွေ ဖြစ်ကြပေမဲ့ သူတို့နှစ်ယောက်ကြားမှာ အရပ်ရှည်ရှည် အသားအရေ ဖြူဖပ်ဖြူရော်နဲ့ သူတို့ကို ဆရာကြီးတစ်ဆူလို နေရာတကာ ဩဇာအာဏာပေးနေတဲ့ မော်လ်ဖွိုင်းရှိမနေဘဲ အထီးကျန်ကလေးတွေလို ဖြစ်နေတာ တွေ့ရတယ်။ ဒါပေမဲ့ ဟယ်ရီက မော်လ်ဖွိုင်းအကြောင်းကို သိပ်အချိန်ကုန်ခံတွေးမနေဘဲ ခေါက်ထားလိုက်တယ်။ ခုအချိန်မှာ သူ့ရဲ့ အထိတ်အထိပ် မုန်းတီးမှုဟာ စနိပ်အပေါ်မှာပဲ စုပြုံကျရောက်နေတယ်။

ဒါပေမဲ့မျှော်စင်ထိပ်မှာတုန်းက မော်လ်ဖွိုင်းရဲ့ အသံထဲမှာ ကြောက်ရွံ့ပူပန်မှု များနေတဲ့အသံ ပါနေတာကို သူမေ့မပစ်သေးသလို၊ တခြား မရဏစားစုန်းကောင်တွေ ရောက်ရှိမလာခင်မှာ သူ့ရဲ့ ဆေးကြိမ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com

အောက်ကို နှိမ့်ချလိုက်တာကိုလည်း သတိရနေတယ်။ ဒါကြောင့် ဟယ်ရီက မော်လ်ဖွိုင်း အနေနဲ့ ဒမ်းဘဲလ်ဒိုးကို သတ်ပစ်လိမ့်မယ်လို့ မယုံကြည်ဘူး။ ဟယ်ရီက မော်လ်ဖွိုင်းကို လျှို့ဝှက်အောက်လမ်းမှော်အတတ်တွေအပေါ် စွဲလမ်းခုံမင်တွယ်ထားမှုအတွက် ခုထိလည်း ရွံရှာစက်ဆုပ်နေတုန်းပါပဲ။ ဒါပေမဲ့ သူဘယ်လောက် မနှစ်မြို့သည်ဖြစ်စေ မော်လ်ဖွိုင်း ထုတ်ဖော်ပြသလိုက်တဲ့ မဆိုစလောက်ကလေး သေးသေးကွေးကွေး သနားကရုဏာထားမှု အစက်ကလေးတစ်စက်ကိုလည်း သူချေဖျက်မပစ်ဘဲ အသိအမှတ် ပြုထားမိတယ်။ ဟယ်ရီ အခုတစ်လော ချက်ချင်းသိချင်နေတာက မော်လ်ဖွိုင်း ဘယ်ဆီရောက်နေသလဲဆိုတာနဲ့ ဗိုဒီမော့က သူ့ကိုရော သူ့မိဘတွေကိုပါ သတ်ပစ်မယ်လို့ ခြိမ်းခြောက်ပြီး ဘာတွေ အတင်း အဓမ္မ ခိုင်းနေမလဲဆိုတာပဲ ဖြစ်ပါတယ်။

ဟယ်ရီရဲ့ အတွေးမျှင်တွေ ဂျင်နီက သူနံကြားထဲကို တံတောင်နဲ့ အသာအယာ တွတ်လိုက်တော့မှ ပြတ်တောက်သွားတော့တယ်။ ပါမောက္ခ မက်ဂိုနာဂေါလ် မတ်တတ်ထရပ်လိုက်ပြီးတာနဲ့ ဝမ်းနည်းစကားပြောနေသံတွေ ခန်းမကြီးထဲမှာ ချက်ချင်းဆိတ်သွားတယ်။

“အချိန်နီးကပ်နေပါပြီ” သူမက ပြောလိုက်တယ်။ “ကျေးဇူးပြုပြီး မင်းတို့ရဲ့ အဆောင်ဌာနမှူးတွေရဲ့ နောက်ကနေလိုက်ပါပြီး ကျောင်းဝင်းထဲကို ထွက်ကြပါ။ ဂျွန်ကေသရာဇာကျောင်းသားတွေ ငါ့နောက်က လိုက်ခဲ့ကြ”

သူတို့တွေ ကိုယ်တိုင် ခုံရှည်တန်းတွေနောက်က တိတ်တိတ်ဆိတ်ဆိတ် ထထွက်လာကြတယ်။ ဟယ်ရီက ပက်ကျိချိုကို ဆလီသီရင်တွေရဲ့ လူတန်းထိပ်မှာ ရိပ်ခနဲ တွေ့လိုက်ရတယ်။ သူဟာ အင်မတန်ကို ခံညားတဲ့ ငွေချည်ထိုး မြစိမ်းရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ထားပါတယ်။ နောက်ပြီး ဟတ်ဖဲလ်ဖတ်ဖ်တွေရဲ့ အဆောင်မှူး ပါမောက္ခ စပရောက်ကိုလည်း ဒီလောက် သန့်သန့်ပြန့်ပြန့် အသွင်အပြင်မျိုးနဲ့ သူ တစ်ခါမှ မတွေ့ခဲ့ဖူးသေးဘူး။ သူမရဲ့ ဦးထုပ်မှာ အစွန်းအထင်း အစပ်အဖာကလေး တစ်ခုတောင် မမြင်ရအောင် ရှင်းသန့်ကြော့မော့နေတယ်။

သူတို့ ဆင်ဝင်ခန်းမကြီးကို ရောက်ရှိသွားချိန်မှာတော့ မဒမ်ပင့်စ်ကို ဖိလ်ချ်ရဲ့ဘေးမှာ မတ်တတ်ရပ်နေတာ တွေ့ရတယ်။ သူမဟာ ထူထဲတဲ့ အနက်ရောင် မျက်နှာလွှားဇာပဝါတစ်ခုကို သူမရဲ့ ဒူးအထိချပြီး ခြုံလွှမ်းထားပါတယ်။ နောက် ဖိလ်ချ်။ သူကတော့ မသုံးဘဲ ချောင်ထိုးထားတာ ကြာပြီဖြစ်ကြောင်း အနံ့တွေက သက်သေပြနေတဲ့ အနက်ရောင်ဝတ်စုံနဲ့ လည်စည်းနက်ကတိုင် တပ်ဆင်ထားတယ်။

ရဲတိုက်ကြီးရဲ့ အရှေ့ဘက်တံခါးက ထွက်လာကြပြီး ရေကန်ဆီသွားဖို့ ကျောက်လှေကားထစ်တွေပေါ် ဟယ်ရီ နင်းတက်သွားချိန်မှာ သူတို့တွေ ဆက်သွားနေတာကို သူမြင်ရတယ်။ ဒီအချိန်မှာ နေရောင်ခြည်ရဲ့ အနွေးဓာတ်ကလေးက သူ့မျက်နှာကို ယုယကြင်နာစွာနဲ့ ထွေးဖက်ထားတယ်။ သူတို့တွေအားလုံး ကုလားထိုင်တွေ ရာနဲ့ချီပြီး အတန်းလိုက်ခင်းကျင်းစီချထားတဲ့ နေရာကို ရောက်တဲ့အထိ ပါမောက္ခမက်ဂိုနာဂေါလ်ရဲ့ နောက်က လိုက်သွားတယ်။

www.burmeseclassic.com

ကုလားထိုင်တွေရဲ့ အလယ်မှာ မင်းလမ်းကြီး တစ်ခု ရှိနေတယ်။ မင်းလမ်းရဲ့ အဆုံးထိပ်မှာ စကျင်ကျောက်သား စားပွဲကြီးတစ်လုံး ခံ့ခံ့ကြီး ရှိနေပြီး ကုလားထိုင်တွေ အားလုံး စားပွဲကြီးဆီကို မျက်နှာမူထားတယ်။ ဒီနေ့ဟာ ရှားရှားပါးပါး သိပ်ကို သာယာလှပနေတဲ့နေ့ တစ်နေ့ပါပဲ။

ထူးထူးခြားခြား လူအမျိုးမျိုး အထွေထွေ ပါဝင်တဲ့ ပရိသတ်တွေ ကုလားထိုင်တွေရဲ့ တစ်ဝက်ခန့်မှာ အသင့်နေရာယူထိုင်နေကြပြီး ဖြစ်ပါတယ်။ စုတ်စုတ်ပြတ်ပြတ် နွမ်းပါးတဲ့သူတွေနဲ့ စမတ်ကျကျ လှလှပပ ဝတ်ဆင်ထားသူတွေ၊ သက်ကြီးရွယ်အိုနဲ့ လူလတ်ပိုင်းတွေ၊ စုံလို့စုံလို့။ သူတို့ထဲက အများစုကို ဟယ်ရီ မမှတ်မိပါဘူး။ ဒါပေမဲ့ တစ်ယောက်တလေ၊ အနည်းအကျဉ်းကိုတော့ သူသိပါတယ်။ ဖီးနစ်အဖွဲ့ကြီးရဲ့ အဖွဲ့ဝင်တွေ၊ နောက် ကင်းစလေးရက်ကဲလ်ဘော့၊ အရူးမျက်ဆံဒေါသကုမ္ဘဏ်၊ တွမ့်ခ်စ်တို့လည်း ပါတယ်။ သူမရဲ့ ပန်းနုရောင် ပြန်ဖြစ်နေတဲ့ အံ့ဘနန်းဆံပင်ကြီးက အစွမ်းကုန်ရွှမ်းလဲ့ ဝင်းလက်နေတယ်။ နောက်သူမရဲ့ လက်တွေကို ကိုင်ထားပုံရတဲ့ ရီးမတ်စ်လူပင်း၊ မစ္စတာ ဝက်စလေနဲ့ မစ္စဝက်စလေ၊ နောက် ဖလားနဲ့ သူမက ကူညီဖေးမထားတဲ့ ဘီလ်၊ သူတို့ကို ဖရက်နဲ့ဂျော့က လိုက်ပါ စောင့်ရှောက်ထားတယ်။ သူတို့ညီအစ်ကိုက နဂါးသားရေနဲ့ချုပ်ထားတဲ့ အနက်ရောင် အပေါ်အင်္ကျီတွေဝတ်ထားတယ်။ ပြီးတော့ အဲဒီမှာ တစ်ယောက်တည်းနဲ့ ကုလားထိုင် နှစ်လုံးခွဲစာ နေရာယူထားရတဲ့ မဒမ်မက်စင်း၊ လန်ဒန်ယိုစိမ့်တဲ့ ဒယ်အိုးရပ်ကွက်က မြေပိုင်ရှင်ကြီး တွမ်၊ ဟယ်ရီရဲ့ အိပ်ရာနီးချင်းတို့မီးရှို့မီးလုပ်တတ်တဲ့ အရာဘဲလားဖစ်ခ်၊ သည်းသည်းလှုပ် မော်ညီအစ်မ အုပ်စုထဲက ဘတ်စ်ဂီတာတီးသူတစ်ယောက်၊ နိုင်ဘတ်စ်ကားကြီးကို မောင်းတဲ့ ယာဉ်မောင်း အာနီးပရန်၊ ထောင့်ဖြတ်တောင်ကြားက ဝတ်ရုံအရောင်းဆိုင်ပိုင်ရှင် မဒမ်မာလ်ကင်နဲ့ တခြား ဟယ်ရီ မြင်ရုံမြင်ဖူးပြီး ဘယ်သူဘယ်ဝါလို့ နာမည်နဲ့ အတိအကျ မသိရသူတွေလည်း ရှိနေကြတယ်။ ဥပမာ ဟော့စ်ဟက်ဒ်ရွာက ဘားကောင်တာ စားပွဲထိုးတစ်ယောက်နဲ့ ဟော့ဂ်ဝပ်စ် အမြန်ရထားပေါ်မှာ တွန်းလှည်းတွန်းတဲ့ စုန်းမတစ်ယောက် အပါအဝင် လူတစ်စုပဲ။

ဒါတင်မကဘဲ ရဲတိုက်ကြီးရဲ့ တစ္ဆေတွေလည်း အဲဒီမှာ ရောက်နေတယ်။ ဒါပေမဲ့ သူတို့ကို လင်းထိန်ဝင်းပတဲ့ နေရောင်ထဲမှာ သူတို့ လှုပ်လိုက်တဲ့အခါနဲ့ လေထဲမှာ ပြိုးပြိုးပြက်ပြက် ဖြစ်သွားအောင် သူတို့ကိုယ်က အရောင်တွေလည်း လင်းလက်လက်ဖြစ်သွားတဲ့အခါမှသာ မြင်နိုင်တယ်။

ဟယ်ရီ၊ ရွန်၊ ဟာမီယွန်နဲ့ ဂျင်နီတို့ ရေကန်ကြီးဘေးက နောက်ဆုံးခုံတန်းတစ်တန်းမှာ တန်းစီပြီး ဝင်ထိုင်လိုက်ကြတယ်။ လူတွေ တစ်ယောက်နဲ့တစ်ယောက် တိုးတိုး တိုးတိုး ပြောနေတဲ့အသံတွေ မြက်ခင်းပေါ်က တိုက်ခတ်နေတဲ့ လေပြည်လေညင်းထဲမှာ ကြားနေရပေမဲ့၊ အဝေးကလာတဲ့ ငှက်ကလေးတွေ တေးသီသံက သူတို့ထက်ပိုပြီး ကျယ်လောင်နေတယ်။

လူတွေ တဖြည်းဖြည်း ပိုများလာပြီး လူအုပ်ကြီး ပိုကြီးထွားလာသလို၊ ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းဆိုတာမျိုး တစ်ယောက်နဲ့ တစ်ယောက် ကတိုက်ကရိုက် ပေါ်လာတဲ့ ခင်မင်မှု သံယောဇဉ်တွေနဲ့ တွတ်တွတ် တွတ်တွတ် ဆက်ပြောဆိုနေတဲ့ အသံတွေလည်း ပိုကျယ်လာတယ်။ ပြီးတော့ လူနာရဲ့ ဖေးမတွဲခေါ်နေရာပေးမှုနဲ့ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်တဲ့ နက်ဗီးလ်ကို ဟယ်ရီ တွေ့ရတယ်။ ဒမ်းဘဲလ်ဒိုး သေဆုံးတဲ့ညက နက်ဗီးလ်နဲ့ လူနာတို့နှစ်ယောက်သာ ဟာမီယွန်ရဲ့ လှမ်းအကြောင်းကြား ခေါ်မှုကို တုံ့ပြန်ခဲ့တဲ့ ဒီအေအဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ သူတို့ဟာ ဒီအေနဲ့

www.burmeseclassic.com

www.burmeseclassic.com

လွဲသွားသူတွေ ဖြစ်ပြီး နောက်ထပ် တွေ့ဆုံနိုင်ဦးမယ်လို့ မျှော်လင့်ချက်နဲ့ သူတို့ရဲ့ ငွေဒင်္ဂါးတွေကို ပုံမှန်ထုတ်စစ်ဆေးနေသူတွေလည်း ဖြစ်တယ်။

ကော်နဲလ်လီ းယပ်စ် ဖတ်ချ်က ရှေ့ဆုံးတန်းဆီကို ရောက်အောင် ရှိနေတဲ့လူတွေကို ဖြတ်ပြီး လျှောက်သွားတယ်။ သူ့ရဲ့ အမူအရာက စိတ်မချမ်းမသာ ဖြစ်နေပုံပဲ။ သူ့ရဲ့ အစိမ်းရောင် အနားကော့ဦးထုပ်တစ်လုံးကို အခါတိုင်းလိုပဲ လက်ထဲမှာ ချာလည်လှည့်နေတယ်။ ဟယ်ရီ မှတ်မိနေတဲ့ နောက်တစ်ယောက်ကတော့ သူ့ကိုမြင်ရတိုင်း ဒေါသထွက်ရတဲ့ ရီတာစကီတာပဲ။ သူမရဲ့ ငှက်ရဲခြေသည်းလို အနီရောင် လက်သည်းရှည်ကြီးတွေပါတဲ့ လက်ထဲမှာ မှတ်စုစာအုပ်တစ်အုပ်ကို ဆုပ်ကိုင်ထားတယ်။

အဲဒီနောက်တော့ အဆိုးတကာ့ အဆိုးဆုံး ဒေါသဖြစ်ရအောင် လှုံ့ဆော်လိုက်သလို၊ သူမရဲ့ ဖားပြုပ်နဲ့တူတဲ့ မျက်နှာပေါ်မှာ လက်ခံနိုင်စရာမရှိတဲ့ ပူဆွေးသောကဖြစ်နေတဲ့ အမူအရာနဲ့ ဒိုလာရက်စ်အမ်းဘရစ်ချ်ကို တွေ့ရပြန်တယ်။ အနက်ရောင် ကတ္တီပါဖဲပြားကြီး တစ်ခုကို သူမရဲ့ သံရောင်ဆံပင်အခွေအလိပ်ကြီးရဲ့ ထိပ်ဖျားမှာ တပ်ဆင်ထားတယ်။ လူခေါင်းမြင်းကိုယ်နဲ့ မနုဿသတ္တဝါကြီး ရှိတဲ့နေရာမှာတော့ ဖီရင်ဇီက ကင်းသမားတစ်ယောက်လို ပုံစံမျိုးနဲ့ ရေစပ်နားမှာ မတ်တတ်ရပ်နေတယ်။ နောက် သူမက ကပျာကယာ ခပ်သုတ်သုတ် ပြေးသွားပြီး ခပ်လှမ်းလှမ်းက နေရာကောင်းကလေး တစ်ခုမှာ ဝင်ထိုင်လိုက်တယ်။

ဝန်ထမ်းတွေက နောက်ဆုံးကျမှ နေရာယူကြတယ်။ ရှေ့ဆုံးတန်းမှာ အလေးအနက် အမူအရာနဲ့ ပါမောက္ခမက်ဂိုနာဂေါလ်နဲ့ အတူ ခံ့ခံ့ညားညား ထိုင်နေတဲ့ စခရင်မ်ဂျာကိုလည်း ဟယ်ရီ မြင်နေရတယ်။ သူက စခရင်ဂျာရော ဒီဗျာပန အခမ်းအနားမှာ တက်ရောက်နေတဲ့ တခြား အရေးကြီး ပုဂ္ဂိုလ်တွေထဲက တစ်ယောက်တလေတောင် ဒမ်းဘဲလ်ဒိုး သေဆုံးတာကို တကယ် အစစ်အမှန် ဝမ်းနည်းတာ ဟုတ်ပါ့မလားဆိုတာ သိချင်နေတယ်။ အဲဒီနောက်မှာတော့ သူ ဂီတသံတွေ စကြားလိုက်ရတယ်။ ပြီးတော့ သူ သိပ်ကြားဖူးနေကျ မဟုတ်ဘဲ စိမ်းနေတဲ့ ဂီတ၊ ကမ္ဘာသုံး ရင့်ကျက်မြိုင်ဆိုင်တဲ့ ဂီတသံမျိုးကို ကြားရပြန်တယ်။ အဲဒီမှာတင် အဲဒီမှာ မြင်နေကြားနေရတဲ့ မြင်ကွင်းနဲ့ အခြေအနေအရပ်ရပ်ကြောင့် မော်ပညာဝန်ကြီးဌာနအပေါ် သူ့ရဲ့ မနှစ်မြို့ မကျေနပ်ချက်တွေကို သူ မေ့လျော့သွားတယ်။ သူတစ်ယောက်တည်း မဟုတ်ပါဘူး။ အဲဒီမှာ သူလိုပဲ ခေါင်းတွေ ချာချာလည် ရှာဖွေ လှည့်ကြည့်ပြီး နိုးနိုးကြားကြား ဖြစ်နေသူတွေ အများကြီး ရှိနေတယ်။

"အဲဟိုမှာ" ဂျင်နီက ဟယ်ရီရဲ့ နားနားကို ကပ်ပြီး တိုးတိုးကလေး ပြောလိုက်တယ်။

သူလှမ်းကြည့်လိုက်တော့ နေရောင်ခြည်လင်းနေတဲ့အောက်က ကြည်စိမ်းနေတဲ့ ရေမျက်နှာပြင်ရဲ့ တစ်လက်မ နှစ်လက်မလောက်ပဲ ကွာမယ့် ရေအောက်ကနေ ငရဲလို ဝရုန်းသုန်းကား ပွက်လောရိုက်နေတဲ့ ကြောက်စရာတွေ ပြန်သတိရအောင် ပြုလုပ်နေတဲ့ အကောင်တွေကို သူတွေ့ရတယ်။ နောက်တော့ သံစုံကျူးအဖွဲ့တစ်ဖွဲ့က သူ နားမလည်တဲ့ ထူးထူးဆန်းဆန်း ဘာသာစကားနဲ့ တေးသီချင်းတွေ သီဆိုလိုက်တယ်။ သူတို့ရဲ့ ဖြူဖပ်ဖြူရော် မျက်နှာတွေမှာ ခံစားမှုတွေနဲ့ လှိုင်းထနေတယ်။ သူတို့ရဲ့ ခရမ်းရောင် သန်းနေတဲ့ ဆံပင်တွေက သူတို့နံဘေး ပတ်ဝန်းကျင်နေရာ အနှံ့မှာ စီးမျောလို့။

www.burmeseclassic.com

www.burmeseclassic.com

ဂီတသံကြောင့် ဟယ်ရီရဲ့ ကုပ်ပေါ်က ဆံပင်တွေ ထောင်ထလာတယ်။ ဒါပေမဲ့ တကယ်တော့ အဲဒါဟာ စိတ်မချမ်းမြေ့စရာတွေပါ။ ဂီတသံက ဆုံးရှုံးမှုနဲ့ မျှော်လင့်ချက် ကင်းမဲ့သွားမှုကို ရှင်းရှင်းလင်းလင်း ပြောပြနေတယ်။ တေးသီချင်း သီဆိုနေသူတွေရဲ့ နာကျင်ကြေကွဲတဲ့ မျက်နှာတွေကို သူငုံ့ကြည့်ရင်း သူတို့တွေသာလျှင် ဒမ်းဘဲလ်ဒိုး ကွယ်လွန်သွားမှုအတွက် တကယ်အစစ်အမှန် ပူဆွေး ဝမ်းနည်းနေတာကို ဟယ်ရီ ခံစားမိလိုက်တယ်။

နောက် ဂျင်နီက တံတောင်နဲ့ တွက်လိုက်ပြန်လို့ သူလှည့်ကြည့်လိုက်တော့ ဟက်ဂရစ်ဟာ ကုလားထိုင်တွေကြားက မင်းလမ်းကြီးအတိုင်း အရှေ့ဘက်ကို တရွေ့ရွေ့ ဖြည်းဖြည်းချင်း လျှောက်သွားနေတာ ဟယ်ရီ တွေ့ရတယ်။ အသံမထွက်ဘဲ ကျိတ်ငိုနေတဲ့ ဟက်ဂရစ်ရဲ့ မျက်နှာတစ်ပြင်လုံးမှာ မျက်ရည်တွေ စိုရွှဲပြီး အရောင်လက်နေတယ်။ သူ့ရင်ခွင်ထဲမှာ ရွှေကြယ်ပွင့်တွေနဲ့ ဘော်ကြယ်ထိုးတဲ့ ခရမ်းရောင် ကတ္တီပါစကြီး တစ်စကို ပွေ့ပိုက်ထားလို့။ အဲဒါဟာ ဒမ်းဘဲလ်ဒိုးရဲ့ အလောင်းပဲ ဖြစ်မယ်ဆိုတာ ဟယ်ရီ သိနေတယ်။

အဲဒီမြင်ကွင်းကြောင့် ဟယ်ရီရဲ့ လည်ချောင်းထဲမှာ ပြတ်ရှစူးနစ်နာကျင်တဲ့ ဝေဒနာ တစ်ခုခု ဖြုန်းခနဲ ခံစားလိုက်ရတယ်။ အချိန်ခဏကြာအောင် တေးဂီတသံတွေနဲ့ ဒမ်းဘဲလ်ဒိုးရဲ့အလောင်း မြေကျတော့မယ့် အချိန် နီးကပ်နေပြီဆိုတဲ့ အသိက သူ့ရင်ထဲမှာ အဲဒီနေ့သာတဲ့နေ့ရဲ့ အနွေးဓာတ် အပူဓာတ်တွေ အကုန်လုံးနဲ့ ညီမျှအောင် ဖိစီးပူလောင်နေတယ်။ ရွှန်လည်း မျက်နှာသွေးဆုတ်ပြီး တုန်လှုပ်ကြေကွဲနေတယ်။ ဂျင်နီနဲ့ ဟာမီယွန်တို့ နှစ်ယောက်လုံးလည်း သူတို့ မျက်လုံးတွေက အလုံးလိုက် တသွင်သွင် စီးထွက်နေတဲ့ မျက်ရည်တွေ သူတို့ပေါင်ပေါ်ကို တပေါက်ပေါက် ကျနေကြတယ်။

ရှေ့ဘက်နေရာမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာတော့ သူတို့ ကောင်းကောင်း မမြင်ရဘူး။ ဟက်ဂရစ်က အလောင်းကို ကျောက်စားပွဲကြီးအပေါ် ဂရုတစိုက် သေသေချာချာ တင်ထားလိုက်ပြီးသွားဟန် တူတယ်။ ခု သူ မင်းလမ်းအတိုင်း နောက်ဘက်ကို ပြန်လျှောက်လာနေတယ်။ သူ့နှာခေါင်းကြီးက ဝမ်းနည်းကြေကွဲမှုနဲ့ ရှုရှိုက်မှုတ်ထုတ်နေတဲ့ အသံတွေက ထရမ်းပက်မှုတ်သံတွေလို ဆူဆူညံညံ ထွက်နေတဲ့အတွက် လူတချို့က သူ့ကို အမြင်မတော်တဲ့ အကြည့်မျိုးနဲ့ လှမ်းကြည့်နေကြပြီး အဲဒီထဲမှာ ဒိုလာရက်စ်အမ်းဘရစ်ချ်လည်း ပါတာကို ဟယ်ရီ တွေ့ရတယ်။ ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက ဒါတွေကို ဂရုစိုက်တော့မှာ မဟုတ်ဘူးဆိုတာကို ဟယ်ရီ သိပါတယ်။ ဟက်ဂရစ် သူ့အနားက ဖြတ်သွားချိန်မှာ ဟယ်ရီက သူ့ကို အလွန်ရင်းနှီးခင်မင်တဲ့ အမူအရာမျိုးနဲ့ လှမ်းလက်ရိပ်ပြလိုက်တယ်။ ဒါပေမဲ့ ဟက်ဂရစ်ရဲ့ မျက်လုံးတွေက တအားရောင်ကိုင်းနေတဲ့အတွက် ဟက်ဂရစ် ဘယ်သွားမယ်ဆိုတာ သူသိလိုက်တယ်။

ဒါကြောင့် ဟက်ဂရစ် ဦးတည်သွားနေတဲ့ နောက်ဘက်က ခုံတန်းဘက်ကို သူ ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ သူ့ရဲ့ အပေါ်အင်္ကျီကြီးရော ဘောင်းဘီကြီးပါ မဏ္ဍပ်အသေးတစ်လုံးစာလောက်စီ ကြီးမားတဲ့ ဝတ်စုံကြီး ဝတ်ထားတဲ့ ဇရာမဘီလူးကြီး ဂွက်ပ်ကို သူတွေ့လိုက်ရတယ်။ ဂွက်ပ်က သူ့ရဲ့ ကျောက်တုံးကြီးလောက် ကြီးမားတဲ့ ခေါင်းကြီးကို ငုံ့ပြီး လူလိုမျိုး ရိုသေကျိုးနွံသမှု ပြုလိုက်တယ်။ ဒီမှာတင် ဟက်ဂရစ်က သူ့ရဲ့ ညီအစ်ကို ဝမ်းကွဲနဲ့ ဘေးချင်းယှဉ် ကပ်ထိုင်လိုက်ပြီး တစ်ခါ မာဂွက်က ဟက်ဂရစ်ရဲ့ ခေါင်းကို အသာပုတ်လိုက်တော့ သူ့ရဲ့ ကုလားထိုင်တောင် မြေကြီးထဲကို

www.burmeseclassic.com

www.burmeseclassic.com

ကျွံဝင်သွားပါတယ်။ ဒါကြောင့် ဟယ်ရီလည်း ထူးဆန်းတဲ့ တဒင်္ဂ စေ့စော်မှုတစ်ခုကြောင့် ယောင်ယမ်းပြီး ရယ်လိုက်မိသွားတယ်။ အဲဒီနောက် တစ်ဆက်တည်း လိုလို တေးဂီတသံတွေ ရပ်သွားလို့ သူ အရှေ့ဘက်ကို တစ်ခါ ပြန်လှည့်လိုက်တယ်။

ဦးစွန်းဖုတ်ဆံပင်ကလေးနဲ့ အနက်ပြောင် ဝတ်ရုံကို ဝတ်ဆင်ထားတဲ့ လူတစ်ယောက် နေရာကထရပ်လိုက်ပြီး ဒမ်းဘဲလ်ဒိုးရဲ့ အလောင်းရှေ့မှာ မတ်တတ်ရပ် နေပြီ။ သူဘာတွေ ပြောနေတယ်ဆိုတာတော့ ဟယ်ရီ မကြားရဘူး။ ထွေလီကာလီ သူပြောနေတဲ့ ထူးထူးဆန်းဆန်း စကားလုံးတွေ လူရာပေါင်းများစွာရဲ့ ခေါင်းတွေပေါ်က ကျော်ဖြတ်ပြီး အနောက်ဘက်ကို လွင့်မျောလာတယ်။

"မြင့်မြတ်တဲ့ ဝိညာဉ်"

"အသိပညာတွေ ဉာဏ်စဉ်တွေ မျှဝေကူညီပံ့ပိုးပေးခဲ့တဲ့"

"နာမည် ဂုဏ်သတင်း ကြီးမြတ်ထင်ရှား ကျော်စောတဲ့"

စကားလုံးတွေက သိပ်ကို ခမ်းနားထည်ဝါနေပါတယ်။ ဒါပေမဲ့ ဟယ်ရီအတွက်တော့ ဒမ်းဘဲလ်ဒိုးအကြောင်း သူသိနေတာတွေနဲ့ စာရင် ဒါတွေဟာ အပရိကလောက်ပဲ ရှိလိမ့်မယ်။ သူချက်ချင်းပဲ ဒမ်းဘဲလ်ဒိုးရဲ့ အတွေးအမြင် အယူအဆ တစ်ခုနဲ့ စကားလုံး ကလေးတချို့ကို ပြန်သတိရလိုက်တယ်။

"တော်တော် အသိဉာဏ်ခေါင်းပါးတဲ့ ငမိုက်သားပဲ"

"သူ့အရည်အသွေးတွေထဲက တစ်စွန်းတစ်စ ထွက်ကျလာတာမျှသာပဲ"

"အသားလွတ်ဖြဲအော်နေတာပဲ"

"လိုရင်းမရောက်ဘဲ ဦးတည်ရာ လှည့်ပတ်လျှောက်ပြောနေတာပဲ"

သူ့စိတ်ထဲပေါ်လာတဲ့ မှတ်ချက်စကားတွေနဲ့အတူ တစ်ပြိုင်တည်းလို သူပြုံးမိသွားပြန်တယ်။ သူဘာဖြစ်သွားပါလိမ့်။

အဲဒီအခိုက်မှာပဲ သူ့ရဲ့ ဘယ်ဘက်မှာ ညင်ညင်သာသာနဲ့ ရေထဲက ဗွမ်းခနဲ မြည်သံမျိုး ပေါ်ထွက်လာလို့ ဟယ်ရီကြည့်လိုက်တော့ ရေအောင်ပျော် လူတစ်ပိုင်း ငါးတစ်ပိုင်း မားဝိညာဉ်လူသားတွေဟာ အပေါ်ကအသံတွေကို နားထောင်ဖို့အတွက် ရေမျက်နှာပြင်ကို ခွဲထွက်ပြီး ပေါ်လာကြတယ်။ ဒီမှာတင် လွန်ခဲ့တဲ့ နှစ်နှစ်က ခု ဟယ်ရီထိုင်နေတဲ့ နေရာနဲ့ ကပ်လျက်နားက ရေစပ်မှာ ဒမ်းဘဲလ်ဒိုးနဲ့ မားရေအောင်ပျော်ဝိညာဉ်လူးသားမျိုးနွယ်စု အကြီးအကဲနဲ့ မားဘာသာနဲ့ စကားပြောနေတာ ဖြစ်ပြီး

www.burmeseclassic.com

သူဟာ မားဘာသာစကားကို လေ့လာတက်ကျွမ်းထားတာကို တွေ့ရတယ်။ အဲဒီတုန်းက သူ့အနေနဲ့ ဒမ်းဘဲလ်ဒိုးကို သူပြောသင့်လို့ ပြောတာထက်ပိုပြီး ဘာဘာညာညာတွေ မမေးခဲ့ပါဘူး။

ဒီနောက်မှာတော့ ကြောက်စရာကောင်းတဲ့ အမှန်တရားကြီးဟာ ဘာမှ တစ်စုံတစ်ရာ သတိပေး အရိပ်အယောင်ပြမနေဘဲ လက်ရှိ အနေအထားထက် ပိုမိုပြည့်ပြည့်စုံစုံနဲ့ မငြင်းပယ်သာလောက်အောင် တစ်ကျော့ပြန်လည် ရောက်ရှိလာပြန်ပါတော့တယ်။ ဒမ်းဘဲလ်ဒိုး သေသွားပါပြီ။ သူမရှိတော့ဘူး။ လူ့လောကထဲကနေ တကယ့်ကို ထွက်ခွာသွားပါပြီ။ သူ့ရဲ့ အိတ်ကပ်ထဲက အေးစက်နေတဲ့ လော့ကက်သီးကလေးကို သူ့လက်တွေ နာလာတဲ့အထိ တင်းနေအောင် ဟယ်ရီ ဆုပ်ထားလိုက်တယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေထဲက မျက်ရည်တွေ လိမ့်ဆင်းပြီး ကျလာတာကိုတော့ သူမတားဆီးနိုင်ခဲ့ပါဘူး။ သူ ဂျင်နီကိုရော ကျန်တဲ့ လူတွေကိုရော မကြည့်ဘဲ မျက်နှာလွှဲထားပြီး အဝေးကို ငေးကြည့်နေတယ်။

ရေကန်ကြီးရဲ့ မျက်နှာပြင်ပေါ်ကို ပြီးတော့ တောအုပ်တွေဆီကို စိုက်ငေးကြည့်နေလိုက်မိတယ်။ သူတို့အရှေ့က ဝတ်ရုံအနက်နဲ့ လူသေးသေးကလေးကလည်း သူ့စကားကို အမျှင်မပြတ်ပြောနေတုန်းပဲ။

ဟော သစ်ပင်တွေကြားမှာ လှုပ်လှုပ်ရွရွတွေ မြင်နေရတယ်။ မနုဿကောင်ကြီးတွေလည်း ဂါရဝပြုဖို့ လာကြတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့က ရှင်းနေတဲ့ လေဟာပြင်ဘက်ကို ထွက်မလာကြဘဲ သစ်ပင်တွေကြားမှာ တုတ်တုတ်တောင် မလှုပ်ဘဲ ငြိမ်သက်နေကြတယ်။ သူတို့ရဲ့ ကိုယ်တစ်စိတ်တစ်ခြမ်းကို သစ်ပင်တွေ အမှောင်ရိပ်တွေနဲ့ ကွယ်ကာပုန်းလျှိုးနေကြတာကို ဟယ်ရီ တွေ့ရတယ်။ သူတို့ ဇရာမလေးကြီးတွေကို သူတို့ ဘေးဘက်မှာ လွယ်ထားကြတယ်။

ဒီမှာတင် ဟယ်ရီက သူပထမဆုံးသော တောထဲကို သွားခဲ့တဲ့ ထိတ်လန့်စရာ ခရီးအတွေ့အကြုံတစ်ခုကို သွား သတိရလိုက်ပြန်တယ်။ အဲဒါကတော့ သူ့ရဲ့ ပထမဆုံးအကြိမ် ဗိုဒီမော့နဲ့ ထိပ်တိုက်ရင်ဆိုင် နဖူးတွေ့ ဒူးတွေ့ တွေ့ခဲ့တာပဲ။ ပြီးတော့ တစ်ခါ အဲဒီနောက် သိပ်မကြာခင်မှာ ရှုံးသွားတဲ့ တိုက်ပွဲတစ်ပွဲကို တိုက်ခိုက်ခဲ့တာနဲ့ ပတ်သက်ပြီး သူနဲ့ ဒမ်းဘဲလ်ဒိုးတို့ ဆွေးနွေးခဲ့ကြတယ်။ အဲဒီတုန်းက ဒမ်းဘဲလ်ဒိုး ပြောတာရှိတယ်။

"အဲဒါဟာ အရေးကြီးတယ်။ တိုက်ခိုက်ဖို့၊ ထပ်ပြီးတစ်ကြိမ် တိုက်ခိုက်ဖို့နဲ့ မပြတ်ဆက်တိုက်နေဖို့ အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအယုတ်တမာကောင်တွေကို အဲဒီလိုမျိုး တိုက်မှသာ သူတို့ကို လုံးဝအမြစ်ပြတ် မချေမှုန်းပစ်လိုက်ရင်တောင် ချောင်ပိတ်ပြီး အန္တရာယ်မပြုနိုင်အောင် ထိန်းထားနိုင်မှာ မို့လို့ပဲ"တဲ့။

ဒီနောက်တော့ ဟယ်ရီဟာ ပူပြင်းတဲ့ နေရောင်အောက်မှာ သူရှိနေဆဲမှာပဲ သူ့ကို ဂရုတစိုက်ရှိပြီး သူ့ရှေ့မှာ တစ်ယောက်ပြီး တစ်ယောက် လာရပ်နေတဲ့ လူတွေကို ရှင်းရှင်းလင်းလင်းကြီး တွေ့လိုက်ရပါတယ်။ သူတို့ဟာ သူ့ရဲ့ အမေ၊ သူ့ရဲ့ အဖေ၊ သူ့ရဲ့ အဘိုးနဲ့ နောက်ဆုံးရောက်လာတဲ့ ဒမ်းဘဲလ်ဒိုးတို့ပါပဲ။ အားလုံးက သူ့ကို အကာအကွယ်ပေးဖို့ သန္နိဋ္ဌာန်ချကြတယ်။ ဒါပေမဲ့ ခုအဲဒါတွေ အားလုံး ပြီးသွားပြီ။ သူနဲ့ ဗိုဒီမော့အကြားမှာ နောက်ထပ် ဘယ်သူတစ်စုံတစ်ယောက်ကိုမှ လာရပ်ဖို့ သူခွင့်မပြုနိုင်တော့ဘူး။ အသက်အရွယ် တစ်ချိန်ချိန်မှာ သူ ဆုံးဖြတ်သွားဖို့ ရှိနေတဲ့ သူ့ကို ဘယ်တော့မှ ထိခိုက်နာကျင်စေမှာ မဟုတ်ဘဲ အကာအကွယ်ပေးထားတဲ့ မိဘရဲ့ လက်တွေဖြစ်တဲ့

www.burmeseclassic.com

အရိပ်အာဝါသအပေါ် သူနောက်ထပ် စိတ်လှည့်စား အထင်အမြင်မှားတာမျိုးကို သူစွန့်လွှတ်ရောင်ရှားရမယ်။

ဟယ်ရီ သူ့ရဲ့ ထိတ်လန့်ဖွယ် အဖြစ်ဟောင်းကို ပြန်တွေးမိပြီး သတိရနေတဲ့ အိပ်မက်ထဲက နိုးထရုန်းထွက်မလာနိုင်ဘဲ ရှိနေတယ်။ သူ တကယ့်ကို လုံခြုံဘေးကင်းနေပြီး အမှောင်ထဲက တီးတိုးသံတွေနဲ့လည်း သူ ထိပ်တိုက်ရင်ဆိုင်ဖြစ်စရာ မရှိတော့ဘူး။ ပြောမယ်ဆို ဒါဟာ သူ့ကို အကာအကွယ်ပေးခဲ့သူတွေ သေဆုံးသွားမှုနဲ့ ပတ်သက်လို့ စိတ်ထဲမှာ နောက်ဆုံးအကြီးကျယ်ဆုံး တွေးမြင်နေမိခြင်းပဲ ဖြစ်ပါတယ်။

ဝတ်ရုံနက်နဲ့ လူသေးသေးလေးက နောက်ဆုံးမှာ သူ့စကားကို ရပ်လိုက်ပြီး သူ့နေရာမှာ ပြန်ထိုင်လိုက်တယ်။ ဟယ်ရီက နောက်ထပ် သူ့အပြင် ဘယ်သူများ ထပ်ပြီး ထလာဦးမှာလဲလို့ မျှော်လင့်နေတယ်။ ဒါပေမဲ့ သူတို့ ဘယ်တစ်ယောက်မှ မလှုပ်ကြတော့ဘူး။

လူတွေအများကြီး စူးစူးဝါးဝါး အော်လိုက်ကြတယ်။ ဝင်းပြက်လင်းလက် ဖြူဖွေးတဲ့ မီးတောက်မီးလျှံတွေ ဒမ်းဘဲလ်ဒိုးရဲ့ အလောင်းနဲ့ အလောင်းကို တင်ထားတဲ့ စားပွဲကြီးပတ်ပတ်လည်မှာ ပေါ်ထွက်လာတယ်။ မီးတောက်ကြီးတွေ မြင့်သည်ထက်မြင့်မြင့်တက်လာပြီး အလောင်းကို ဖုံးလွှမ်းသွားတယ်။ မီးခိုးဖြူဖြူတွေ လေထဲကိုဝေ့လည်ဝေ့လည်နဲ့ လွင့်တက်နေပြီး ထူးဆန်းတဲ့ ပုံရိပ်တွေ ဖြစ်ဖြစ်နေတယ်။ အဲဒီအချိန် အခိုက်အတန့်ကလေးမှာပဲ ဖီးနစ်ငှက်ကြီးတစ်ကောင် ရွှင်မြူးစွာနဲ့ အပြာရောင် ကောင်းကင်ထဲကို ပျံသွားပြီးမှ တစ်ခါ နောက် စက္ကန့်ပိုင်းအတွင်းမှာပဲ မီးလျှံထဲကို ထိုးဆင်းဝင်ရောက်ပြီး ပျောက်ကွယ်သွားတာကို တွေ့လိုက်ရတဲ့ ဟယ်ရီဟာ သူ့ရဲ့ နှလုံးတွေ အခုန်ရပ်သွားပြီလားလို့တောင် ထင်လိုက်မိတယ်။ နောက် ဒမ်းဘဲလ်ဒိုးရဲ့ အလောင်းနဲ့ သူ ထာဝရ အိပ်စက်အနားယူနေတဲ့ စားပွဲကြီးကို ခြုံလွှမ်းဖုံးအုပ်ပြီး အဲဒီနေရာမှာ ဖွေးဖွေးဖြူဖြူ သင်္ချိုင်းဂူကြီးတစ်ခု ရောက်ရှိနေပါတယ်။

တစ်ခါ မြားတွေအများကြီး လေထဲကို ထွင်းဖောက်ပြီး ရေပန်းကြီးတစ်ခုလုံး ဖြုန်းခနဲပျံတက်သွားတဲ့အတွက် လူတချို့ အထိတ်တလန့်နဲ့ အော်လိုက်သံတွေ နောက်ထပ် ထွက်လာပြန်တယ်။ ဒါပေမဲ့ မြားတွေက လူစုလူဝေးနဲ့ ခပ်ဝေးဝေးမလှမ်းမကမ်း နေရာမှာ သွားကျတယ်။ အဲဒါဟာ မနုသကောင်ကြီးတွေရဲ့ ဂါရဝပြုမှုဆိုတာ ဟယ်ရီ သိလိုက်တယ်။ ဟယ်ရီကြည့်နေဆဲမှာပဲ သူတို့တွေ ကုပ်ကုပ်ရုပ်ရုပ်နဲ့ အေးမြတဲ့ သစ်ပင်တွေရဲ့ နောက်ကို ပြန်လည်ထွက်ပြေးပျောက်ကွယ်သွားကြတယ်။ အလားတူပဲ ရေအောက်ပျော် ဝိညာဉ်လူသားတွေလည်း ကြည်စိမ်းနေတဲ့ ရေထဲကို တဖြည်းဖြည်း ပြန်လည် ငုပ်လျှိုးနစ်ဝင်သွားပြီး မြင်ကွင်းကပျောက်ကွယ်သွားပြန်တယ်။

ဟယ်ရီက ဂျင်နီ၊ ရွန်နဲ့ ဟာမီယွန်တို့ကို ကြည့်လိုက်တယ်။ ရွန်ရဲ့ မျက်နှာဟာ နေရောင်က သူ့မျက်စိကို ကျိန်းစေဝါးပြီး ဘာမျှမမြင်အောင် ထိုးထားတာခံရသလိုမျိုး ရှုံ့တွမဲ့ရွဲ့နေပါတယ်။ ဟာမီယွန်ရဲ့ မျက်နှာကတော့ မျက်ရည်တွေနဲ့ အရောင်တင် ထားသလို ဖြစ်နေတယ်။ ဒါပေမဲ့ ဂျင်နီကတော့ အငိုရပ်သွားပါပြီ။ ဟယ်ရီရဲ့မျက်နှာလည်း အလားတူတင်းထားတာကို သူမတွေ့မြင်ရတယ်။ သူ့ရဲ့ မျက်ကွယ်မှာ သူမပါဝင်ဘဲ ကွစ်ဒစ်ချ်ပြိုင်ပွဲကို အနိုင်ရလိုက်ကြပြီးတဲ့နောက် သူမက သူ့ကို ဖက်လိုက်စဉ်ကလို ခံစားချက်တွေနဲ့ ပေါက်ကွဲနေပုံမျိုးပါပဲ။ ပြီးတော့ ဒီအချိန်မှာ သူတို့တွေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်အပေါ် တစ်ယောက် အပြည့်အဝ နားလည်မှု ရှိနေကြပြီ ဆိုတာ သူသိနေတယ်။ အဲဒါကြောင့်ပဲ သူဘာလုပ်တော့မယ်လို့ ပြောတဲ့အခါ သူမအနေနဲ့ အရင်ကလို "သတိဝီရိယ ရှိရှိနဲ့ လုပ်ပါ" ဒါမှမဟုတ် "အဲဒါကို မလုပ်နဲ့" ဆိုတာမျိုးတွေ ပြောတော့မှာ မဟုတ်ဘဲ သူ့ရဲ့ ဆုံးဖြတ်ချက်ကို လက်ခံမယ်ဆိုတာလည်း သူသိနေတယ်။ ဘာကြောင့်လဲဆိုတော့ သူမဟာ သူ့ထက်ဘာကိုမှ ပိုပြီး မျှော်လင့်မထားလို့ဘဲ။ ဒါကြောင့် ဒမ်းဘဲလ်ဒိုး သေပြီးကတည်းက သူပြောကို ပြောရမယ့် သူသိနေတာကို ပြောတော့မယ်လို့ ဟယ်ရီ သူ့စိတ်ကို သူတင်းလိုက်တယ်။

သူတို့ ပတ်ဝန်းကျင်မှာ "စီစီညံညံ" ပြောနေတဲ့ စကားသံတွေ ပိုကျယ်လောင်လာပြီး လူတွေ သူတို့နေရာက ပြန်ထနေချိန်မှာ ဟယ်ရီက တိုးတိုးညင်းညင်းလေး ပြောလိုက်တယ်။

"ငါပြောမယ် ဂျင်နီ… နင် နားထောင်၊ ငါ နင်နဲ့ နောက်ထပ်လုံးဝ မပတ်သက်နိုင်တော့ဘူး။ ငါတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ရှုတောင် မကြည့်ဘဲ ရပ်တန်းက ရပ်ကြရလိမ့်မယ်။ ငါတို့နှစ်ယောက် အတူတကွ လက်တွဲဖော်မဖြစ်နိုင်တော့ပါဘူး"

သူမကလည်း ထူးထူးခြားခြား မဲ့တဲ့တဲ့ အပြုံးကလေး ပြန်ရင်ဆိုင်ပြီး ပြောလိုက်တယ်။

"ဒါက ငတုံးတွေ အတွက် ပြောရမယ့် စကားပါ။ တော်တော်ခံ့ညားတဲ့ ဆင်ခြေတွေ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား"

"ဒါက ဒီလိုရှိပါတယ် ဂျင်နီ၊ ပြောရမယ် ဆိုရင်တော့ မင်းနဲ့ အတူရှိနေခဲ့တဲ့ ဒီသီတင်းပတ်ကလေးတွေ အတောအတွင်းထဲမှာ တစ်စုံတစ်ယောက်ထံက ပေါ်ထွက်လာတဲ့ တစ်စုံတစ်ခုသော အကြောင်းကလေးကြောင့် ငါ့အနေနဲ့၊ ငါတို့နှစ်ယောက်လုံး အနေနဲ့ မဖြစ်နိုင်တော့ပါဘူး။ ခုပြဿနာတွေကို ငါတစ်ယောက်တည်းပဲ ဖြေရှင်းသွားဖို့ ရှိနေတယ်။ အဲဒါတွေကို ငါတစ်ယောက်တည်းပဲ လုပ်ရလိမ့်မယ်"

သူမက မငိုပါဘူး။ ဟယ်ရီ့ကို ပကတိအတိုင်း ရိုးရိုးစင်းစင်း ကလေးပဲ ကြည့်နေတယ်။

"ဗိုဒီမော့ဟာ လူတွေကို သူ့ရဲ့ရန်သူတွေကို အခုပဲ လုပ်တာတော့မယ်။ သူဟာနင့်ကို ငါးစာ တည်ကြက်အဖြစ်နဲ့ အခုပဲ တစ်ခါပြန်ပြီး အသုံးချထားလိုက်ပြီး နေပြီ ဂျင်နီ။ ပြီးတော့ အဲဒါဟာ ဘာကြောင့်လဲဆိုရင် မင်းဟာ ငါ့အချစ်ဆုံး သူငယ်ချင်းရဲ့ ညီမဖြစ်နေလို့ပဲ။ အဲဒီတော့ ဒီပြဿနာကို ငါတို့နှစ်ယောက်အတူတွဲပြီး ရင်ဆိုင်ရရင် နင့်အတွက် ဘယ်လောက် အန္တရာယ်ကြီးမားမယ်ဆိုတာ နင်စဉ်းစားမိရော့ပေါ့။ ဒါကို သူသိမှာပဲ။ ဒီအစကို သူဆွဲထုတ်မှာပဲ။ သူဟာ နင်ကတစ်ဆင့် နင့်ကို အသုံးချပြီး ငါ့ဆီကို ရောက်လာတော့မှာလေ"

"အဲဒီလို ဖြစ်လာလည်း ငါကလုံးလုံး မှုမှာမဟုတ်ဘဲ" ဂျင်နီက ကြောက်ခမန်းလိလိ ဟိန်းဟောက်ပြီး ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"နင်မမှုပေမဲ့ ငါမှုရမယ် ဂျင်နီ" ဟယ်ရီက ပြောလိုက်တယ်။ "အကယ်၍သာ ဒီဈာပန အခမ်းအနားဟာ နင့်ရဲ့ ဈာပနဖြစ်နေမယ်ဆိုရင် ငါဘယ်လို ခံစားရမယ်ဆိုတာ နင်တွေးကြည့်မိရဲ့လား။ ဒါတင်မကဘူး။ အဲဒါတွေအားလုံးဟာ ငါ့အပြစ်တွေချည်းဖြစ်နေတယ်"

သူမက သူ့ကိုမကြည့်ဘဲ ရေကန်ကြီးကိုကျော်ပြီး အဝေးတစ်နေရာကို ကြည့်နေတယ်။

"ဒါပေမဲ့ ဘာပဲပြောပြော နင့်ကိုငါဘယ်တော့မှ လက်လွှတ်အဆုံးရှုံးခံမှာ မဟုတ်ဘူး ဟယ်ရီ။ ငါတကယ် အရှုံးမပေးဘူး။ အဲဒါ ငါ့ရဲ့ ထာဝရမျှော်လင့်ချက်ပဲ။ ဟာမီယွန်က ငါ့ကိုပြောတယ်။ ဘဝနဲ့ လိုက်လျောညီထွေ နေစမ်းပါတဲ့။ တခြားသူတွေနဲ့ အဆင်ပြေပြေ ခရီးဆက်ပြီး ပတ်ဝန်းကျင်ကို နည်းနည်းလေး လျှော့ပေါ့ပေးလိုက်စမ်းပါတဲ့။ နင်နည်းနည်းလေးပဲ ပြန်စဉ်းစားကြည့်လိုက်စမ်း။ဘာဖြစ်လို့လဲဆိုတော့ ငါဟာ ဘယ်တုန်းကမှ နင်အခန်းထဲမှာ ရှိနေတဲ့အခါတိုင်း နင်နဲ့ စကားပြောဖို့ မကြိုးစားခဲ့ဘူးဆိုတာ။ မှတ်မိပြီ မဟုတ်လား။ ဒီတော့ ငါအဲဒီလို လုပ်နေနိုင်ရင် နင်လည်း ဒီအတိုင်းပဲ နေပြနိုင်ရမယ်လို့ သူမက ထင်တာပါပဲ။ ဒါပဲပေါ့"

"သြော် ဟာမီယွန် ဟာမီယွန်၊ တကယ်တော်တဲ့ မိန်းကလေးပါလား" ဟယ်ရီက အနိုင်နိုင်ကြိုးစားပြီး မချိပြုံးပြုံးပြီး ဆက်ပြောလိုက်တယ်။ "ဘာပဲဖြစ်ဖြစ် လောလောဆယ် ဒီမှာ ငါနင့်ကို ခုနပြောခဲ့သလိုမျိုးပဲ ငါလိုချင်တာဟာ၊ တို့တွေ အရွယ်ရောက်လာတဲ့အထိပေါ့။ လတွေကြာမယ်၊ နှစ်တွေကြာမယ်၊ ဒါထက်လည်း ပိုကြာနိုင်သေးတယ်" ဟယ်ရီက ပြောလိုက်တယ်။

"ဒါပေမဲ့ အဲဒီအခါကျရင် မှော်လောက မှော်ဆရာတွေရဲ့ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရတဲ့ အလုပ်တွေနဲ့ နင်တစ်အား အလုပ်ရှုပ်နေမှာပေါ့" ဂျင်နီက မရယ်တစ်ဝက် ရယ်တစ်ဝက်နဲ့ ပြောလိုက်တယ်။ "ကောင်းပြီလေ ငါမအံ့သြပါဘူး။ နောက်ဆုံးကျရင် ဒီလိုမျိုးနဲ့ အဆုံးသတ်လိမ့်မယ်ဆိုတာ ငါသိနေပါတယ်။ ဗိုဒီမော့ကို ခြေရာခံ ရှာဖွေဖမ်းဆီး မတိုက်ခိုက်ရသေးသမျှ နင်စိတ်ချမ်းသာမှာ မဟုတ်ဘူးဆိုတာလည်း ငါသိနေတယ်။ အေး အဲဒါကြောင့်ကို ငါနင့်ကို ပိုပိုပြီး သဘောကျမိတာများလား မသိတော့ပါဘူးဟယ်"

ဂျင်နီရဲ့ ဒီစကားတွေကို ဟယ်ရီဆက်ပြီး နားထောင်နိုင်စွမ်း မရှိသလို ဖြစ်သွားတယ်။ ဒါမှမဟုတ် သူမရဲ့ဘေးမှာ သူဆက်ထိုင်နေရင် သူ့ဆုံးဖြတ်ချက်ကို သူ အကောင်အထည် ဖော်နိုင်စွမ်း ရှိတော့မှာ မဟုတ်ဘူးလို့ သူထင်တယ်။ သူ ခုဟာမီယွန်ကို ပွေ့ဖက်ထားရင်း သူ့ပခုံးပေါ်မှာ မျက်နှာအပ်ပြီး တရှုပ်ရှုပ်ငိုနေတဲ့ ဟာမီယွန်ရဲ့ ဆံပင်လေးတွေကို ပွတ်သပ်ပေးနေမိတယ်။ သူ့ရဲ့မျက်ဝန်းက ထွက်လာတဲ့ မျက်ရည်တွေက သူ့ရဲ့ နှာတံရှည်ရှည်တစ်လျှောက် စီးကျနေတယ်။

အင်မတန်ကို စိတ်မချမ်းမသာဖြစ်နေတဲ့ အမူအရာနဲ့ ဟယ်ရီ သူ့ကုလားထိုင်က ထလိုက်တယ်။ ပြီးတော့ ဂျင်နီကို့ရော ဒမ်းဘဲလ်ဒိုးရဲ့ သင်္ချိုင်းဂူကိုပါ ကျောခိုင်းရင်း ရေကန်ကြီးကို ကွေ့ပတ်ပြီး အဝေးကို လျှောက်လှမ်းထွက်ခွာလာမိတယ်။

ဒီတော့မှပဲ သူ့ရဲ့ ခံစားချက်တွေက ထိုင်နေစဉ်ကထက်ပိုပြီး လှုပ်ရှားဆူပွက်လာတယ်။ ဒီအပူတွေ ခံစားချက်တွေအားလုံး ဗိုဒီမော့နဲ့ ဟော်ကရပ်စ်ကိုနိစာကို မြန်နိုင်သမျှ မြန်မြန် သူခြေရာခံတွေ ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဗိုဒီမော့ကို သတ်လိုက်နိုင်တော့မှ ငြိမ်းအေးတော့မှာဖြစ်လို့ သူအချိန်မဆွဲဘဲ သူ့အစီအစဉ်ကို စတင်ဖို့ ဆုံးဖြတ်လိုက်တယ်။

"ဟယ်ရီ"

သူလှည့်ကြည့်လိုက်တယ်။ ရူးဖတ်စ်စခရင်ဂျာ သူ့ရဲ့ လမ်းလျှောက်တုတ်ကို အားပြုပြီး ရေကန်ကြီးနံဘေး ကမ်းစပ်အတိုင်း သူ့ဆီကို ခပ်သော့သော့ အမြန် ထော့နင်း ထော့နင်းနဲ့ လျှောက်လာနေတယ်။

"ကျုပ် မင်းနဲ့ စကားတစ်ခွန်းနှစ်ခွန်း ပြောစရာရှိတယ်။ ကျုပ် မင်းနဲ့ အတူ ခဏတစ်ဖြုတ် လမ်းလျှောက်လိုက်လာမယ်ဆိုရင် မင်းအတွက် ပြဿနာ မရှိနိုင်ပါဘူးနော်"

"မရှိပါဘူး" ဟယ်ရီက ထူးထူးထွေထွေ အရေးမပါသလို သဘောမျိုး တစ်ခွန်းတည်း လိုရင်းကို ဖြေလိုက်ပြီး ရှေ့ကို ဆက်လျှောက်သွားတယ်။

"ဒါ တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းအောင် ကြေကွဲဝမ်းနည်းမှု ဖြစ်စဉ်တစ်ခုပါပဲ ဟယ်ရီ" စခရင်မ်ဂျာက တိုးတိုးကလေး ပြောပြီး သူ့စကားကို နိဒါန်းခင်းလိုက်တယ်။ "အဲဒီမှာ ပြောနေတာတွေ ကြားနေရချိန်မှာ ကျုပ် ဘယ်လောက် ဝမ်းနည်းတုန်လှုပ်ချောက်ချား နေခဲ့ရတယ်ဆိုတာ မင်းကို ကျုပ် ပြန်မပြောတတ်တော့ပါဘူး။ ဒမ်းဘဲလ်ဒိုးဟာ တကယ့်ကို ကြီးကျယ်ထင်ရှားတဲ့ မှော်ဆရာကြီးတစ်ယောက်ပါ။ မင်းသိတဲ့အတိုင်း ကျုပ်တို့ချင်း သဘောမတိုက်ဆိုင်တာ ရှိပါတယ်။ ဒါပေမဲ့ ဒီအကြောင်းစုံကို ကျုပ်ထက်ပိုပြီး ဘယ်သူမှ ပိုမသိနိုင်ပါဘူး"

"ခင်ဗျား ဘာလိုချင်လို့လဲ" ဟယ်ရီက တုံးတိတိပဲ မေးချလိုက်တယ်။

စခရင်မ်ဂျာ စိတ်အနှောင့်အယှက်ဖြစ် ဒေါသထွက်သွားသလို မျက်နှာကွက်ခနဲ ပျက်သွားတယ်။ ဒါပေမဲ့ ချက်ချင်းလိုလို သူ့အမူအရာကို ပြန်ပြင်ပြီး လူတစ်ယောက်အပေါ် စိတ်မကောင်းစွာနဲ့ ခွင့်လွှတ်နားလည်ပေးလိုက်ရတဲ့ အသံနဲ့ စခရင်မ်ဂျာက ပြောတယ်။

"မင်းလည်း တကယ့်ကို ယူကျုံးမရ ဖြစ်နေမှာပဲ၊ မင်း ဒမ်းဘဲလ်ဒိုးနဲ့ တစ်အားလွတ်ရင်းနှီးတယ်ဆိုတာ ကျုပ်သိတယ်။ မင်းဟာ သူ့ရဲ့ ထာဝရအချစ်ဆုံး လက်ရွေးစင် တပည့်တစ်ယောက်ဖြစ်မယ်လို့ ကျုပ်ထင်တယ်။ မင်းတို့ နှစ်ယောက်ကြားမှာ ချည်နှောင်ထားတဲ့ သံယောဇဉ်ကြောင့်ပေါ့"

"ခင်ဗျား ဘာလိုချင်သလဲသာ ပြောဗျာ" ဟယ်ရီ လျှောက်နေရာက တုံ့ခနဲ တစ်ချက်ရပ်သွားပြီး စောစောကအတိုင်း ထပ်မေးလိုက်တယ်။

စခရင်မ်ဂျာက သူပါရပ်လိုက်ပြီး သူ့ရဲ့ လမ်းလျှောက်တုတ်အပေါ် အားပြုထားရင်း ဟယ်ရီရဲ့ မျက်နှာတည့်တည့်ကို စိုက်ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့အမူအရာက အလိမ်မာသုံးနေတာ ပေါ်လွင်နေတယ်။

"သူသေဆုံးတဲ့ညက သူကျောင်းကထွက်သွားတော့ မင်း သူနဲ့ ပါသွားတယ်လို့ ကျုပ်ကြားတယ်"

"ဘယ်သူ့ဆီက ကြားတာလဲ" ဟယ်ရီက မေးလိုက်တယ်။

"အဲဒီညက ဒမ်းဘဲလ်ဒိုး သေသွားပြီးမှ မျှော်စင်ထိပ်မှာ မရဏစားစုန်းကောင် တစ်ကောင်ကို တစ်စုံတစ်ယောက် မူးမိုက်မေ့မြောသွားအောင် လုပ်လိုက်တာရှိတယ်။ နောက် အဲဒီမှာ မော်တံမြက်စည်းပျံနှစ်ချောင်း ရှိနေတာတွေ့ရတယ်။ ဒါဆိုရင် အဲဒီမှာ ဒမ်းဘဲလ်ဒိုးဟာ တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်ဖြစ်တယ်ဆိုတာလောက်တော့ ဝန်ကြီးဌာနက သိပါတယ် ဟယ်ရီ"

"ဒီလို ရှင်းရှင်းလင်းလင်း ပြောတာကြားရလို့ ဝမ်းသာတယ်ဗျာ၊ ဟုတ်ပြီလေ ကျွန်တော် ဒမ်းဘဲလ်ဒိုးနဲ့ လိုက်သွားတာ၊ ပြီးတော့ ကျွန်တော်တို့ ဘာလုပ်ခဲ့တာ်ဆိုတာ ကျွန်တော့်ကိစ္စပဲ။ သူက အဲဒါကို တခြားလူတွေကို မသိစေချင်ဘူး"

"ဟာ ဒီလို သစ္စာရှိပုံမျိုးကတော့ ချီးကျူးဂုဏ်တင်စရာတောင် ကောင်းနေပြီဟေ့" စခရင်မ်ဂျာက သဘောကျသလိုလို သရော်သလိုလို လေသံနဲ့ ပြောလိုက်တယ်။ သူ့ကြည့်ရတာ မခံမရပ်နိုင်အောင် ပေါက်ကွဲနေတဲ့ ဒေါသကို ခက်ခက်ခဲခဲ အတင်းချုပ်တည်းထားရပုံပဲ။ သူက ဆက်ပြောတယ်။ "ဒါပေမဲ့ ဒမ်းဘဲလ်ဒိုးက သေသွားပြီလေကွာ။ သူမှမရှိတော့ဘဲ"

"ဒီကျောင်းကြီးမှာ သူ့အပေါ် သစ္စာစောင့်သိတဲ့လူ တစ်ယောက်မှ မရှိတော့ဘူးဆိုတဲ့ အခါကျမှပဲ သူဒီကထွက်သွားလိမ့်မယ်" ဟယ်ရီဟာ ဝမ်းထဲက ကျိတ်ပြုံးရင်း ပြောလိုက်ပါတယ်။

"ဒီမှာ ခင်မင်စရာကောင်းတဲ့ သူငယ်လေး၊ ဒမ်းဘဲလ်ဒိုး ဘယ်တော့မှ ပြန်ရောက်လာမှာ မဟုတ်တော့ပါဘူးကွာ"

"ကျွန်တော်က သူပြန်လာမယ်လို့ ပြောနေတာမှ မဟုတ်ဘဲ။ ခင်ဗျား နားမလည်ဘူးနဲ့ တူတယ်။ ကဲ ဒီတော့ ကျွန်တော့်မှာ ခင်ဗျားကို ပြောဖို့ ဘာမှမရှိဘူး၊ ဟုတ်ပြီလား"

စခရင်မ်ဂျာ ချီတုံချတုံဖြစ်နေတယ်။ နောက်မှ အနူးညံ့အပြေပြစ် အပျော့ပျောင်းဆုံး လေသံမျက်နှာပေးနဲ့ သူထပ်ပြောလိုက်တယ်။ "ဝန်ကြီးဌာနက မင်းအတွက် လိုအပ်သမျှ အကာအကွယ်ပေးဖို့ ဘာမဆို လိုအပ်သမျှ အားလုံး လုပ်ပေးနိုင်ပါတယ်ကွ။ မင်းသိပါတယ် ဟယ်ရီရယ်–ကျုပ် မင်းသွားလေရာမှာ အော်ရာလုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးကို ကျုပ်က ဝမ်းမြောက်ဝမ်းသာ ချထားပေးမှာပါ"

ဟယ်ရီက ရယ်လိုက်တယ်။ "ဗိုဒီမော့က ကျွန်တော့်ကို သူကိုယ်တိုင် သတ်ချင်နေတာ။ ဒါကို ဘယ်အော်ရာက တားလို့ရမှာလဲ။ ဒီတော့ ခင်ဗျားရဲ့ ကမ်းလှမ်းချက်ကို ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမဲ့ မလိုဘူး။ ကျေးဇူးတင်တယ်"

www.burmeseclassic.com

"ဒါဆိုရင်" စခရင်မ်ဂျာရဲ့ အသံ အေးစက်မာကျောလာတယ်။ "ခရစ္စမတ်တုန်းက မင်းကို ကျုပ် မေတ္တာရပ်ခံထားခဲ့တာကရော"

"ဘာကို မေတ္တာရပ်ခံတာလဲ၊ သြော် .... သြော် သိပြီ၊ အားလုံးအများသိအောင် ကျွန်တော် ပြောခဲ့တဲ့ ခင်ဗျားလုပ်နေတဲ့ အလုပ်ကြီးအကိုင်ကြီးကို အလဲအလှယ် လုပ်နိုင်တယ်ဆိုတာကိုလား"

"ဒါဟာ အားလုံးအတွက် စိတ်ဓာတ်မြှင့်တင်ဖို့ပါကွ" စခရင်မ်ဂျာက ခပ်မာမာဆတ်ဆတ် ပြောလိုက်တယ်။

ဟယ်ရီက တစ်အောင့်ကြာအောင် စဉ်းစားသုံးသပ်နေတယ်။

"စတန်ရှန်းပိုက်ခ် လွှတ်ပေးမှာလား"

စခရင်မ်ဂျာရဲ့ မျက်နှာက ဘကြီးဗာနွန်နဲ့ တစ်ထပ်တည်းနီးပါး ဆင်တူအောင် မသတီစရာကောင်းတဲ့ ခရမ်းရောင်ကြီး ဖြစ်သွားတယ်။

"ငါသိပြီ။ မင်းဟာ...."

"ဒမ်ဘဲလ်ဒိုးရဲ့လူ လုံးလုံးလျားလျား ဖြစ်ပြီးရင်း ဖြစ်နေပါပေါ့လားလို့ ခင်ဗျား ပြောချင်တာ မဟုတ်လား။ ဟုတ်တယ်။ အဲဒါအမှန်ပဲဗျာ" ဟယ်ရီက ပြောလိုက်တယ်။

နောက်ထပ် တစ်အောင့်လောက်ကြာအောင် စခရင်မ်ဂျာက ဟယ်ရီကို စိမ်းစိမ်းဝါးဝါးကြီး စိုက်ကြည့်နေတယ်။ ပြီးတော့ ဘာစကား တစ်ခွန်းမှ ထပ်မပြောတော့ဘဲ သူ့ချာခနဲလှည့်ပြီး ထော့နဲ့ထော့နဲ့ နဲ့ ပြန်လှည့်ထွက်သွားတယ်။ ပါစီနဲ့ ကျန်တဲ့ ဝန်ကြီးဌာနကိုယ်စားလှယ် အဖွဲ့ဝင်တွေ သူ့ကို စောင့်နေတာကို ဟယ်ရီ လှမ်းမြင်နေရတယ်။ သူတို့ ခုထက်ထိ သူတို့ကုလားထိုင်တွေက မထသေးဘဲ တရှုပ်ရှုပ်ငိုနေကြတဲ့ ဟက်ဂရစ်နဲ့ ဂွက်ပ်တို့နှစ်ယောက်ကို အမြင်ကတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတယ်။

ရွန်နဲ့ ဟာမီယွန်တို့ မျက်နှာချင်းဆိုင်က လာနေတဲ့ စခရင်မ်ဂျာကို ဖြတ်ကျော်ပြီး ဟယ်ရီ့ဆီကို အပြေးအလွှားရောက်လာတယ်။ ဟယ်ရီက တစ်ဖက်ကို ပြန်လှည့်ပြီး သူတို့မီလာအောင် စောင့်ရင်း ဖြည်းဖြည်း ဖြည်းဖြည်း ဆက်လျှောက်သွားတယ်။ နောက်ဆုံး သူတို့ဆုံမိပြီး သစ်မာသီးပင်ကြီး တစ်ပင်ရဲ့ အရိပ်အောက်မှာ အတူထိုင်လိုက်ကြတာ စောစောကထက် စိတ်ပူပင်မှုတွေ သက်သာပျော့ရှင်သွားတယ်။

"စခရင်မ်ဂျာက ဘာလိုချင်တာလဲဟဲ့" ဟာမီယွန်က တိုးတိုးကလေး မေးလိုက်တယ်။

www.burmeseclassic.com

"ခရစ္စမတ်တုန်းက သူလိုချင်တယ်လို့ ပြောခဲ့တာနဲ့ တစ်ထပ်တည်းပဲ" ဟယ်ရီက သူ့ပခုံးကို တွန့်ပြပြီး ဖြေလိုက်တယ်။ "ပြောရရင် သူကငါ့ဆီက ဒမ်းဘဲလ်ဒိုးနဲ့ ပတ်သက်တဲ့ သတင်းတွေကို လိုချင်တယ်။ ပြီးတော့ ငါ့ကို ဝန်ကြီးဌာနမှာ ရာထူးအသစ်တစ်ခုနဲ့ ခန့်ပေးမယ်ပေါ့ကွာ"

ရွန်ဟာ ဗြုန်းခနဲ သူ့ဒေါသတွေ ချုပ်တည်းနေရတယ်။ ဒါပေမဲ့ တစ်အောင့်ကြာတော့ "ဟေ့ ဒီမှာ ငါဟိုနေရာကို ပြန်သွားပြီး ပါစီကို လက်သီးနဲ့ ထိုးပြမယ်။ စောင့်သာကြည့်"လို့ ဟာမီယွန်ကို သူအကျယ်ကြီးအော်ပြောလိုက်တယ်။

"ဟဲ့ မလုပ်နဲ့" သူမက မာမာထန်ထန် ပြောပြီး ရွန်ရဲ့ လက်မောင်းကို ဆွဲထားတယ်။

"ငါ မခံစားနိုင်တော့လွန်းလို့ပါဟယ်၊ ဒါမှငါ စိတ်သက်သာမယ်"

ဒီမှာတင် ဟယ်ရီက ထရယ်လိုက်တယ်။ သူ့ရယ်သံက ဟာမီယွန်ကို ကူးစက်သွားပြီး သူမလည်း ခိုးခိုးခစ်ခစ် နည်းနည်းပါးပါး လိုက်ရယ်ပြီး ပြုံးနေတယ်။ ဒါပေမဲ့ ရဲတိုက်ကြီးကို မော့ကြည့်နေတဲ့ သူမရဲ့ မျက်နှာပေါ်က အပြုံးတွေချက်ချင်း ထွက်ပြေးသွားတယ်။

"ငါတို့တွေ ဘယ်တော့မှ ဒီကို ပြန်လာနိုင်မှာ မဟုတ်ဘူး" ဆိုတဲ့ အယူအဆကို ငါလက်မခံနိုင်ဘူး" သူမက ဖြည်းဖြည်းသက်သာ ပြောလိုက်တယ်။ "ဒီလိုဆို ကျောင်းကို ဘယ်လိုပိတ်လို့ရမှာလဲ"

"အဲဒါ အမှန်ပဲ၊ ဘယ်ပိတ်လို့ရမလဲ" ရွန်က ဝင်ထောက်ခံတယ်။ "တို့တွေဒီမှာ ရှိတာဟာ တို့တွေ ကိုယ့်အိမ်မှာ ကိုယ်နေတာထက် ပိုပြီး အန္တရာယ် မရှိနိုင်ပါဘူး။ ရှိမှာမို့လား။ အခုနေရာတိုင်းမှာ အခြေအနေက ဒီအတိုင်း ထပ်တူဆင်တူ ဖြစ်နေတာပဲ။ ဟော်ဂ်ဝပ်စ်ကတောင်ပိုပြီး အန္တရာယ်ကင်းဦးမယ်လို့ ငါပြောခဲ့သေးတယ်လေ။ ဒီမှာက အထဲမှာ ခုခံကာကွယ်မယ့် မှော်ဆရာတွေ ပိုပြီး များများစားစား စုစုစည်းစည်း ရှိနေသေးတယ် မဟုတ်လား။ မင်းရော ဘယ်လိုထင်လဲ ဟယ်ရီ" ရွန်က မေးလိုက်တယ်။

"ငါကတော့ ကျောင်းပြန်ဖွင့်လည်း ပြန်မလာတော့ဘူး"

ဟယ်ရီရဲ့ စကားကြောင့် ရွန် ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ဒါပေမဲ့ ဟာမီယွန်က မချိတင်ကဲ ဝင်ပြောလိုက်တယ်။ "ငါသိတယ် ဟယ်ရီ၊ နင်ဟိုဟာကို ပြောတော့မယ် မဟုတ်လား။ ဒါပေမဲ့ အဲဒီနောက်မှာ နင်ဘာလုပ်မှာလဲ"

"ငါ ဒတ်စလေမိသားစုဆီ တစ်ခေါက် ပြန်သွားမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒမ်းဘဲလ်ဒိုးက ငါ့ကို အဲဒီကို သွားစေချင်လို့ပဲ။ ဒါပေမဲ့ အဲဒါက ခဏတစ်ဖြုတ်သွားတဲ့ သဘောပါ။ ပြီးရင် အဲဒီက ငါ အပြီးအပိုင် ထွက်သွားတော့မယ်" ဟယ်ရီက ပြောလိုက်တယ်။

"နို့ နင်ပြောတော့ ကျောင်းကို နင်ပြန်မလာဘူးဆို၊ ဒါဖြင့်ရင် နင်ဘယ်ကိုသွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ငါ ဂေါ့ဒရစ်ခ်ရဲ့တွင်းကြီးကို ပြန်သွားမယ်လို့ ငါစဉ်းစားထားတယ်" ဟယ်ရီက ပြန်ပြောတာ၊ ဖြေတာနဲ့ မတူဘဲ သူ့ဘာသာသာရေရွတ်နေသလို ပြောနေတယ်။ ဒမ်းဘဲလ်ဒိုး သေဆုံးသွားတဲ့ ညကစပြီး သူ့ခေါင်းထဲမှာ အဲဒီအကြံအစည် အစဉ်အမြဲ ရှိနေခဲ့တယ်။ နောက် သူကပြောလိုက်တယ်။ "ငါ့အတွက် အရာအားလုံးဟာ အဲဒီနေရာက စတာပဲ။ အခုကို ငါ့ရင်ထဲမှာ အဲဒီနေရာကို သွားဖို့လိုအပ်တယ်လို့ ခံစားနေရတယ်။ ပြီးတော့ ငါ့မိဘတွေရဲ့ သင်္ချိုင်းမြေပုံကို ငါသွားလည်နိုင်မယ်။ အဲဒါပဲ ငါကြိုက်တယ်"တဲ့။

"အဲဒါ ပြီးရင်ကော နောက် ဘာလုပ်မလဲ" ရွန်က မေးလိုက်တယ်။

"အဲဒါက ပြီးသွားတာနဲ့ ကျန်နေတဲ့ ဟော်ကရပ်စ်ကျိန်စာတွေကို ငါခြေရာခံလိုက်မယ်။ ငါဘာလို့ မလုပ်နိုင်ရမှာလဲ" ဟယ်ရီကပြောလိုက်တယ်။ သူ ဒမ်းဘဲလ်ဒိုးရဲ့ သင်္ချိုင်းဂူဖြူဖြူကြီးကို ကြည့်နေတယ်။ ရေကန်ကြီးရဲ့ တစ်ဖက်မှာရှိနေတဲ့ ဒမ်းဘဲလ်ဒိုးရဲ့ ဂူဖြူဖြူကြီးက ကန်ရေပြင်ထဲမှာ အရိပ်ထင်ပြီး ရောင်ပြန်ဟပ်နေတယ်။

"ဒါဟာ သူငါ့ကို လုပ်စေချင်တာတွေပဲ။ ပြီးတော့ အဲဒါဟာ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး သူငါ့ကို အားလုံး ပြောပြထားခဲ့လို့ပဲ။ တကယ်လို့ ဒမ်းဘဲလ်ဒိုး ပြောတာတွေသာ အမှန်ဖြစ်ခဲ့ရင်၊ အဲဒီမှာ အဲဒီကျိန်စာ လေးခုလုံး ရှိနေလိမ့်မယ်ဆိုတာ ငါသေချာတယ်။ ငါ အဲဒါတွေကို တွေ့အောင်ရှာပြီး ရအောင်ဖျက်ဆီးပစ်ရမယ်။ ပြီးရင် ဗိုဒီမော့ရဲ့ သတ္တမမြောက် ဝိညာဉ်တစ်ပိုင်းနောက် ငါလိုက်ရမယ်။ အဲဒီဝိညာဉ်တစ်ပိုင်းက သူ့ကိုယ်ထဲမှာ သိမ်းထားဆဲပဲ။ ဒါ့ကြောင့် ဗိုဒီမော့ကို သတ်မယ့်တစ်ဦးတည်းသော သူဟာငါပဲ။ ပြီးတော့ အဲဒီ ငါ့ခရီးစဉ်တစ်လျှောက်လုံးမှာ စနိပ်နဲ့ ငါတွေ့နိုင်လိမ့်မယ်။ အဲဒီမှာ ငါ့အတွက် အခြေအနေ အရမ်းပိုကောင်းပြီး သူ့အတွက်တော့ အဆိုးဆုံးဖြစ်စေရမှာပေါ့ကွာ"ဟယ်ရီက အရှည်ကြီး ပြောပြနေပြီးမှ သူ့စကားကို အဆုံးသတ်လိုက်တယ်။

အဲဒီနောက် သူတို့တွေကြားမှာ ဘယ်သူမှ စကားတစ်ခွန်းမှ မဟဘဲ အကြာကြီး တိတ်ဆိတ်နေတယ်။ ခုတော့ ဈာပနအခမ်းအနားကို တက်ရောက်လာတဲ့ ပရိသတ်ကြီးလည်း လူစုကွဲသွားပြီး မရှိတော့ဘူး။ နောက်ကျ ကျန်ရစ်နေသူဆိုလို့ ဧရာမ ခန္ဓာကိုယ် အကြီးကြီးနဲ့ နေရာတွေ အကျယ်ကြီး ယူထားတဲ့ ဂွက်ပ်နဲ့ သူ ဖက်မှီထားတဲ့ ဟက်ဂရစ်တို့ နှစ်ယောက်ပဲ ရှိတော့တယ်။ ဟယ်ဂရစ်ရဲ့ ခုအထိ အတောမသတ်နိုင်သေးတဲ့ ကျယ်လောင်တဲ့ ငိုချင်းရှည်ကြီးက ကန်ရေမျက်နှာတစ်ပြင်လုံးပေါ်မှာ ပဲ့တင်ထပ်နေတယ်။

"တို့ အဲဒီကို ရောက်လာမယ် ဟယ်ရီ" ရွန်က ပြောလိုက်တယ်။

"ဘာ"

"မင်းအဒေါ်ကြီးနဲ့ ဘကြီးရဲ့ အိမ်ကိုပြောတာ" ရွန်က ပြောလိုက်တယ်။ "ပြီးရင် အဲဒီကနေ မင်းဘယ်သွားမလဲ၊ သွားတဲ့နေရာမှန်သမျှ ဘယ်ပဲဖြစ်ဖြစ် တို့လည်းမင်းနဲ့အတူ လိုက်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com

“ဘယ်ဖြစ်မလဲ” ဟယ်ရီက ကပျာကယာ ပြောလိုက်တယ်။ ဒါပေမဲ့ ဘာကြောင့်လဲဆိုတာတော့ သူမပြောဘူး။ ဘာပဲဖြစ်ဖြစ် သူဆိုလိုတာက ဒီလောက် အန္တရာယ်အများဆုံး ခရီးကြမ်းကို ငါတစ်ယောက်တည်းပဲ တစ်ကိုယ်တော် တာဝန်ယူပြီး ဖြေရှင်းသွားမယ်ဆိုတဲ့ သဘောဖြစ်တာကို အားလုံးက သိကြပါတယ်။

“နင်အရင်က တို့ကို ဘာပြောထားဖူးသလဲ” ဟာမီယွန်က မပွင့်တပွင့် တိုးတိုးညင်သာကလေး မေးလိုက်တယ်။ “တကယ်လို့ တို့မှာ ဆန္ဒရှိရင် ပြန်လာနိုင်တဲ့အချိန်တွေ ရှိနေပါတယ်ဆိုတာလေ မေ့သွားပြီလား။ ကဲ–ခုတို့မှာ အချိန်တွေ ရှိနေတယ်လေ။ နင် ဘာပြောချင်သေးသလဲ”

“ဘာတွေပဲဖြစ်နေဖြစ်နေ၊ ဘာကြီးပဲ ဖြစ်လာဖြစ်လာ တို့ဟာ မင်းနဲ့အတူ ရှိနေမှာပါဟယ်ရီ” ရွန်က ပြောလိုက်တယ်။ “ဒါပေမဲ့ သူငယ်ချင်း .... တို့တွေ ဘာမှစမလုပ်ခင်၊ ဂေါဒရစ်ခ်တွင်းကြီးကို မသွားခင်လည်း အပါအဝင်ပေါ့ကွာ၊ မင်းအနေနဲ့ ငါ့အမေနဲ့ ငါ့အဖေရဲ့ အိမ်ကို တစ်ခေါက်တော့ အရင်လာရမှာပဲ မဟုတ်လား”

“ဘာဖြစ်လို့လဲ”

“ဘီလ်နဲ့ ဖလားတို့ရဲ့ မင်္ဂလာဆောင် ရှိတယ်လေ၊ မင်း သတိမရတော့ဘူးလား”

ဟယ်ရီ ရွန့်ကို ကြည့်လိုက်တယ်။ သူ လန့်ဖျပ်တုန်လှုပ် ချောက်ချားသွားတယ်။ လောကကြီးအလယ်မှာ ဒီလောက် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ ကိစ္စတွေ ရှိနေတဲ့ အချိန်တည်းမှာပဲ ခုလို ဘာမဟုတ်တဲ့ သာမန်ကိစ္စ၊ မင်္ဂလာဆောင်ကိစ္စ ဆိုတာမျိုးတွေကလည်း မယုံကြည်နိုင်စရာနဲ့ အံ့သြစရာကောင်းလောက်အောင် အရေးပါတဲ့ အခန်းကဏ္ဍကနေ သူ့နေရာနဲ့ သူ ရှိနေတတ်ပါသေးကလားဆိုတဲ့ အတွေးအမြင်တစ်ခု သူ့ခေါင်းထဲကို ဖျတ်ခနဲ ရောက်လာတယ်။

“အေးပါကွာ ဒါလည်း တို့တွေ ဘယ်ရှောင်လွှဲလို့ ဖြစ်ပါ့မလဲ”မတတ်သာတဲ့ အဆုံး သူပြောလိုက်ရတယ်။

သူ့လက်တစ်ဖက် အလိုလို ဟော်ကရပ်စ်ကျိန်စာအတု ရှိနေတဲ့ အိတ်ကပ်နေရာကို ရောက်သွားတယ်။ ဒါပေမဲ့ အဲဒီတစ်ခဏမှာပဲ အရာအားလုံးအစား၊ အမှောင်ထုကြီးအစား၊ သူ့ရှေ့တစ်မျှော်တစ်ခေါ်အထိ ဆန့်တန်းတည်ရှိနေမယ့် ကွေ့လိမ်ကွေ့ကောက် လမ်းကလေးအစား၊ တစ်လအတွင်း ဖြစ်ရင်ဖြစ်မယ်၊ တစ်နှစ်အတွင်း ဖြစ်ရင်ဖြစ်မယ်။ ဒါမှမဟုတ် ဆယ်နှစ်ကြာရင်လည်း ကြာလိမ့်မယ်။ မလွဲမသွေ ရောက်ရှိလာမှာ ဖြစ်တဲ့ သူနဲ့ ဗိုဒီမော့တို့ ရင်ဆိုင်တွေ့ရမယ့်ပွဲအစား သူ့နှလုံးသားထဲမှာ ရွန်နဲ့ ဟာမီယွန်တို့နဲ့ အတူ ပျော်ရွှင်ကြည်နူးရဦးမယ့် ငြိမ်းချမ်းတဲ့ ရွှေရောင်နောက်ဆုံးရက်ကလေး တစ်ရက် ကျန်ရှိနေပါသေးလားဆိုတဲ့ အတွေးတစ်စ ဝင်ရောက်လာတာကို ဟယ်ရီ ခံစားနေမိပါတော့တယ်

ဂဂဂဂဂဂဂဂဂဂ

ချစ်ဦးတင်

www.burmeseclassic.com

ဟယ်ရီပေါ်တာနှင့် သွေးတစ်ဝက်မှော်ဝိဇ္ဇာ
(ဇာတ်လမ်းအကျဉ်း)

တစ်ညမှာ ဇရာမ မှတ်တမ်း စာရှည်ကြီးတစ်ခုကို ဖတ်နေတဲ့ မှော်နိုင်ငံဝန်ကြီးချုပ်ဟာ ပြိုင်ဘက်နိုင်ငံရေးသမား တစ်ယောက်က သူ့အစိုးရအပေါ် မဟုတ်မဟတ် စွပ်စွဲပြောဆိုချက်တွေကို တနုံ့နုံ့ခံစားရင်း စာကို ဆက်မဖတ်နိုင်တော့ဘဲ တခြားနိုင်ငံ သမ္မတတစ်ယောက်က ညဉ့်အချိန်မတော် ဆက်သွယ်လာမယ့် ဖုန်းကို စောင့်နေရာက အစီအစဉ်ကိုဖျက်ပြီး သူ့အစိုးရအဖွဲ့ထဲက မှော်ပညာဝန်ကြီးဌာန ဝန်ကြီးနဲ့ တွေ့ဆုံဖြစ်ခဲ့တယ်။

ဝန်ကြီးချုပ်ဟာ ဝန်ကြီးဖတ်ချ်က သူ့ကို မလေးမစား ဆက်ဆံပြီး ဆရာလာလုပ်နေတာကြောင့် အဲဒီ့ဝန်ကြီးကို သူ နောက်ထပ်မတွေ့ဖို့ ဆုံးဖြတ်ထားတဲ့ကြားကပဲ အလိုက်မသိတဲ့ ဝန်ကြီးဖတ်ချ်က မကြာခဏ လာတွေ့နေတဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်နေတယ်။ ဝန်ကြီးဖတ်ချ်ဟာ ဝန်ကြီးချုပ် ရုံးခန်းထဲမှာ ရှိတဲ့ မီးလင်းဖိုထဲက ထွက်ပေါ်လာပြီး၊ မီးလင်းဖိုထဲက မီးတောက်တွေထဲကို ပြန်ဝင်သွားပြီး ပျောက်ကွယ်သွားလေ့ ရှိတယ်။

သို့ပေမဲ့ ဒီအတောအတွင်းမှာပဲ ဖတ်ချ် ရာထူးက ပြုတ်သွားပြီး သူ့နေရာမှာ ရူးဖတ်စ်စခရင်မ်ဂျာဆိုသူ မှော်ပညာဝန်ကြီးဌာန ဝန်ကြီး ဖြစ်လာတယ်။ စခရင်မ်ဂျာလည်း ဝန်ကြီးချုပ် သဘောမတွေ့နိုင်တဲ့ ပုံစံမျိုး ဖြစ်ပေမဲ့ သူဟာ လုပ်ဆောင်ရည် ထက်မြက်သူ ဖြစ်ပါတယ်။

တစ်နေ့ ဝန်ကြီးချုပ်ရုံးနဲ့ မိုင်ပေါင်းများစွာ ဝေးတဲ့အရပ်မှာ စုန်းမညီအစ်မနှစ်ဦး သတ်ပုတ်ကြတယ်။ ညီမဖြစ်သူ နာစစ်ဆာကို အစ်မဖြစ်တဲ့ ဘဲလ်လားထရစ်က စနိပ်ဆိုတဲ့ မှော်ဆရာနဲ့ သွားမတွေ့ဖို့ အတင်းအကျပ် တားမြစ်နေတဲ့ ကြားက သူတို့နှစ်ဦးလုံး စနိပ်ထံရောက်သွားပြီး အချေအတင် ပြောဆိုကြပြီးမှ နာစစ်ဆာရဲ့ ငိုယိုတောင်းပန်မှုကြောင့် စနိပ်က သူမရဲ့သား ဒရာကို စောင့်ရှောက်ဖို့ ကတိပေးလိုက်တယ်။ ကျောင်းပိတ်ရက်အတွင်း သူနေထိုင်ရာ ဘကြီး ဗာနွန်ဒတ်စလေ မိသားစုအိမ်မှာ နေထိုင်နေတဲ့ ဟယ်ရီပေါ်တာကို မှော်လုံခြုံရေးဌာန အကြီးအကဲ အဲလ်ဘတ်စ် ဒမ်းဘဲလ်ဒိုးက သူသွားရောက် အနားယူလိုတဲ့ ဘားရိုးအိမ်ကြီးကို ပို့ဆောင်ပေးဖို့ ရောက်ရှိလာတယ်။

ဟယ်ရီဟာ ဘကြီး ဗာနွန်ဒတ်စလေ မိသားစုနေအိမ်မှာ အနှိမ်ခံဘဝနဲ့ နေရတာ ဖြစ်ပါတယ်။

ဟယ်ရီနဲ့ ဒမ်းဘဲလ်ဒိုးတို့ ဒတ်စလေမိသားစုအိမ်ကနေ ညဘက်မှာ ခရီးရှည် ထွက်ခဲ့ကြတယ်။ ခရီးမထွက်ခင်မှာ ဒမ်းဘဲလ်ဒိုးက ဟယ်ရီရဲ့ အဝတ်အစားထည့်တဲ့ သေတ္တာကြီးအပါအဝင် ပစ္စည်းတွေနဲ့ သူ့ရဲ့ ဇီးကွက်ကြီး ဟက်ခ်ဝစ်ကိုပါ မှော်ပညာနဲ့ ဘာရိုးအိမ်ကြီးကို ကြိုတင်အရောက် ပို့ထားနှင့်လိုက်တယ်။

နှင်းတွေ ပိတ်ဆိုင်းပြီး အေးစက်နေတဲ့ ညခရီးလမ်းမှာ သူတို့နှစ်ယောက်သွားနေကြရင်း ဒမ်းဘဲလ်ဒိုးဟာ လမ်းကရွာတစ်ရွာမှာ နေထိုင်နေသူ လုပ်ဖော်ကိုင်ဘက် အငြိမ်းစားတစ်ယောက် ဖြစ်တဲ့ ပက်ကျိချိုဟိုရေ့စ်ကို ဟော့ဂ်ဝပ်စ်ကျောင်းကြီးမှာ သူနဲ့အတူ ပြန်လည်လာရောက်ပြီး အလုပ်လုပ်ဖို့ ဝင်ရောက် စည်းရုံးနိုင်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ပက်ကျိချိုဟာ အကျောက်အကန် ငြင်းနေပြီးမှ အခြေအနေကို သဘောပေါက်ပြီး လက်ခံလိုက်တာ ဖြစ်တယ်။ သူတို့ ဟော့ဂ်ဝပ်စ်မှာ ပြန်ဆုံဖို့ ချိန်းဆိုခဲ့တယ်။

ဘာရိုးအိမ်ကြီးကို ရောက်သွားတော့ ဒမ်းဘဲလ်ဒိုးရဲ့ မိတ်ဆွေဟောင်းဖြစ်တဲ့ မစ္စဝက်စလေက သူတို့နှစ်ယောက်ကို ဝမ်းသာအားရ ကြိုဆိုခဲ့တယ်။

မစ္စတာနဲ့ မစ္စဝက်စလေမှာ ဒယ်အိုးကြီးအရပ် ထောင့်ဖြတ်လမ်းသွယ်မှာ ဆိုင်ခန်းဖွင့်ထားတဲ့ သားအကြီး ဖရက်ဒ်နဲ့ ဂျော့၊ သားလတ်ဘီလ်၊ သားငယ် ရွန်နဲ့ သမီး ဂျင်နီတို့ ရှိကြတယ်။ ဘီလ်က ဖလားဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်။ မစ္စတာ ဝက်စလေက မှော်ပညာဝန်ကြီးဌာနမှာ အမှုထမ်းတဲ့ အရာရှိကြီးဖြစ်ပြီး အထိုက်အလျောက် သြဇာရှိသူဖြစ်တယ်။

ဟယ်ရီ ဘာရိုးအိမ်ကြီးမှာ ရှိနေစဉ်မှာပဲ သူတို့ရဲ့ စာမေးပွဲ အောင်စာရင်းတွေ ထွက်လာတော့ ဟယ်ရီ၊ ရွန်၊ ဟာမီယွန်နဲ့ ဂျင်နီတို့ သူငယ်ချင်းတစ်စု အောင်ကြတဲ့အထဲမှာ ဟယ်ရီက အဆင့်မြင့် ဂုဏ်ထူးတွေနဲ့ အောင်ခဲ့တယ်။

ဘာရိုးအိမ်ကြီးမှာ ဟယ်ရီ ရက်သတ္တပတ် အနည်းငယ်ကြာတဲ့အထိ နေနေတယ်။ အဲဒီမှာပဲ သူ့ရဲ့ အသက် ၁၆နှစ်ပြည့် မွေးနေ့ပွဲကလေး ကျင်းပခဲ့တယ်။ ဘာရိုးအိမ်ကြီးမှာ နေစဉ်အတွင်း ဟယ်ရီဟာ ဝက်စလေမိသားစုဝင်တွေ အားလုံးနဲ့အတူ ဒယ်အိုးကြီးအရပ် ထောင့်ဖြတ်လမ်းသွယ်မှာ ရှိတဲ့ ဆိုင်တွေကို မှော်ပညာဝန်ကြီးဌာနက ပို့ဆောင်ပေးတဲ့ ကားတွေနဲ့ ဈေးဝယ်ထွက်ခဲ့ကြတယ်။

အဲဒီက မဒမ်မောလ်ကင်းရဲ့ ဆိုင်မှာ ဒရာကို မော်လ်ဖွိုင်း၊ သူ့ရဲ့အမေ နာစစ်ဆာမော်လ်ဖွိုင်းတို့နဲ့ ဟယ်ရီ ကတောက်ကဆ ဖြစ်ခဲ့တယ်။ တစ်ဆက်တည်းမှာပဲ မသင်္ကာဖွယ် မော်လ်ဖွိုင်းရဲ့ အပြုအမူကြောင့် သူသွားတဲ့နေရာကို ဟယ်ရီ၊ ရွန်နဲ့ ဟာမီယွန်တို့ လိုက်လံချောင်းမြောင်း ထောက်လှမ်းခဲ့ကြတယ်။ ဒရာကိုဟာ သူ့ရဲ့ ပစ္စည်းအပျက်တစ်ခုကို ပြင်ဆင်ဖို့ ဖြစ်ဖွယ်ရှိတဲ့ ပစ္စည်းတစ်ခုကို ဘော်လ်ဂျင်းရဲ့ ဆိုင်မှာ အတင်းဝယ်ယူပြီး ဆိုင်မှာပဲ ပစ္စည်းကို ပြန်အပ်နှံထားခဲ့တာ တွေ့ရတယ်။

ဈေးဝယ်သွားတဲ့ရက် နောက်ရက်မှာ ဝက်စလေမိသားစုအိမ်မှာ နေနေတဲ့ ဟယ်ရီနဲ့ သူငယ်ချင်းတွေအားလုံး ဘာရိုးအိမ်ကြီးက ထွက်ခဲ့ကြပြီး ဟော့ဂ်ဝပ်စ်ကျောင်းကြီးကို အမြန်ရထားနဲ့ ထွက်လာခဲ့ကြတယ်။ သူတို့ကို မစ္စတာနဲ့ မစ္စဝက်စလေက ဘူတာအထိ လိုက်ပါပို့ဆောင်ပေးခဲ့တယ်။

အဲဒီခရီးမှာ ဟယ်ရီဟာ ရထားပေါ်မှာ ပါမောက္ခ ပက်ကျိချိုရဲ့ နေ့လည်စာစားပွဲကို တက်ခဲ့ရသလို၊ ကိုယ်ဖျောက်ဝတ်ရုံဝတ်ပြီး မော်လ်ဖွိုင်းရဲ့ တွဲခန်းအတွင်း ဝင်ရောက်ထောက်လှမ်းရာမှာ မပိရိလို့ မော်လ်ဖွိုင်းရဲ့ တိုက်ခိုက်ခံရပြီး အနာတရ ဖြစ်ကာ ရထားပေါ်မှာ လဲကျကျန်ရစ်တုန်း တွမ့်ခ်စ်က သူ့ကို ကယ်တင်ပြီး ဟော့ဂ်ဝပ်စ်ကျောင်းကို ပို့ပေးခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီဟာ ဟော့ဂ်ဝပ်စ်ကျောင်းကြီးကို ညည့်ခံပွဲကျင်းပလို့ အချိန်အတော်ကြာမှ နောက်ကျပြီး ရောက်သွားတဲ့အတွက် ပါမောက္ခစနိပ်ရဲ့ ပြစ်တင်ခနဲ့ ပြောဆိုမှုကို ခံရတယ်။ ညည့်ခံပွဲမှာ ဒရာကို မော်လ်ဖွိုင်းရဲ့ စောင်းမြောင်းပြောဆိုမှုကိုလည်း ခံရတယ်။

ဟော့ဂ်ဝပ်စ်ကျောင်းကြီးမှာ ပါမောက္ခ ဒမ်းဘဲလ်ဒိုးက ကျောင်းအုပ်ကြီးဖြစ်ပြီး ဟယ်ရီတို့နေတဲ့ ဂရစ်ဖင်ဒေါအဆောင်ကို ပါမောက္ခ မက်ဂိုနာဂေါလ်က တာဝန်ယူရတယ်။ ဟယ်ရီက ဂရစ်ဖင်ဒေါ ကျောင်းသားအဆောင်ရဲ့ ကွစ်ဒစ်ချ်အားကစား အသင်းခေါင်းဆောင် ဖြစ်တယ်။ ကျောင်းမှာ ဟယ်ရီတို့အားလုံး ချစ်ခင်ကြောက်ရွံ့ရှိသေပြီး မိတ်ဆွေလို လက်ပွန်းတတီး ဆက်ဆံနေတဲ့ ဆရာဟက်ဂရစ်လည်း ရှိတယ်။ ဟက်ဂရစ်က လူကောင်ထွားကျိုင်းပြီး အဆိပ်ပြင်း တောပင့်ကူကြီး တစ်ကောင်ကို မွေးထားကာ သားသမီးလို ချစ်ခင်နေတယ်။

နောက် ကျောင်းမှာ ဏ္ဍန္တရာလဆေးရည်များ ဖော်စပ်နည်း အပါအဝင် ဘာသာအုပ်စာတန်းနဲ့ ခြင်တွယ်စရာမှ ပါမလာတဲ့ ဟယ်ရီနဲ့ ရွန်ကို ပါမောက္ခ ပက်ကျိချိုက ကျောင်းစာသင်ခန်းအတွင်းရှိ ဗီရိုထဲက လိုသမျှ စာအုပ်နဲ့ ပစ္စည်းတွေ ယူငင်သုံးခွင့်ပြုလို့ ဟယ်ရီနဲ့ ရွန်တို့ ဏ္ဍန္တရာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ဟောင်းကြီး တစ်အုပ်စီ ရခဲ့ပြီး ဟယ်ရီရဲ့ စာအုပ်ဟာ သွေးတစ်ဝက်မင်းသားရဲ့ စာအုပ် ဖြစ်နေတယ်။ ဟယ်ရီဟာ သွေးတစ်ဝက်မင်းသားရဲ့ စာအုပ်ထဲမှာ မင်းသားက ရေးခြစ်မှတ်သားထားခဲ့တဲ့ မှတ်စုတွေ၊ ကောက်နုတ်ချက်တွေ၊ ဂါထာမန္တန်တွေကို အသုံးပြုပြီး အဲဒီဘာသာရပ်မှာ ချက်ချင်း အတော်ဆုံး ဖြစ်လာလို့ သူငယ်ချင်း အရင်းခေါက်ခေါက် ဟာမီယွန်ကတောင် မနာလို ဖြစ်လာရတယ်။

ဒီအတောအတွင်း ပါမောက္ခ ဒမ်းဘဲလ်ဒိုးက ဟယ်ရီတစ်ယောက်တည်း သူ့ရုံးခန်းကို ညစနာရီအချိန်တွေမှာ လာရောက်ဖို့ ခေါ်ပြီး သီးသန့်သင်ခန်းစာတွေ ပို့ချခဲ့တယ်။ အမှန်တော့ ဒမ်းဘဲလ်ဒိုးဟာ ဟယ်ရီနဲ့အတူ သူ့ရုံးခန်းထဲမှာ ရှိတဲ့ ကျောက်ဇလုံကြီး တစ်ခုထဲကနေတစ်ဆင့် မှော်အတတ်နဲ့ အတိတ်က အဖြစ်အပျက်တွေဆီကို နောက်ကြောင်းခရီးပြန်သွားပြီး ဟယ်ရီကို ကိုယ်တိုင်မြင်တွေ့အောင် ပြသတာဖြစ်တယ်။

သူတို့ဟာ ပထမဆုံးသွားတဲ့ အတိတ်ခရီး တစ်ခေါက်မှာပဲ တောကြီးတစ်ခုထဲမှာ မှော်ဆရာ နတ္တိသီရိ၊ သူ့ရဲ့သား မာဖင်းနဲ့ သမီး မာရုပ်တို့ အတူနေထိုင်နေတဲ့ ကျက်သရေမရှိတဲ့ အိမ်ကလေးတစ်လုံးကို ရောက်ရှိသွားပြီး အဲဒီမှာ သွေးစစ်စစ် မှော်ဆရာ နတ္တိသီရိနဲ့ သား မာဖင်းက သာမန် မတ်ဂဲလ်တစ်ယောက်ဖြစ်တဲ့ တွမ်ရစ်ဒဲလ်နဲ့ ပတ်သက်ချစ်ကြိုက်နေတဲ့ သမီး မာရုပ်ကို နှိပ်စက်နေတာနဲ့ ကြုံပြီး ဝင်ဖြေရှင်းပေးရာက သားအဖနှစ်ဦးရဲ့ ရန်ပြုမှုကြောင့် ပြန်ပြေးလာခဲ့ရတယ်။ တစ်ချိန်တည်းမှာပဲ ပါမောက္ခ ဒမ်းဘဲလ်ဒိုးဟာ ဟော့ဂ်ဝပ်စ်ကျောင်းကနေ မကြာခဏ ရက်ပိုင်းကြာအောင် တခြားနေရာကို ခရီးထွက်ပြီး ပျောက်ပျောက်နေတတ်တယ်။

ဟယ်ရီဟာ ဖလောရစ်ရှ်နဲ့ ဘလော့စ်ဆိုင်က ပို့လိုက်တဲ့ ဏ္ဍန္တရာလဆေးရည်များ ဖော်စပ်နည်း စာအုပ်ကြီး အသစ်တစ်အုပ်ကို ရရှိပေမဲ့ သူ့ရဲ့ စာအုပ်အဟောင်းနဲ့ အဖုံးချင်းသာလဲတပ်ပြီး စာအုပ်အဟောင်းကြီးကိုပဲ ဆက်သုံးနေတဲ့အတွက် ဟာမီယွန်ရဲ့ အထင်သေး အပြစ်တင်ခံနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက် ဟယ်ရီက သွေးတစ်ဝက်မှော်ဝိဇ္ဇာရဲ့ စာအုပ်ဟောင်းကြီးကို တရိုတသေနဲ့ အားကိုးသလောက် ဟာမီယွန်က အဲဒီစာအုပ်ကြီးနဲ့ ပိုင်ရှင်မှော်ဝိဇ္ဇာကို စော်ကားပြောဆိုတဲ့အတွက် ဟယ်ရီနဲ့ ဟာမီယွန်တို့ မကျေမလည် ဖြစ်နေတယ်။ နောက် ဟာမီယွန်နဲ့ သူ မခေါ်မပြောနီးပါး ဖြစ်လာသလို သူချစ်မြတ်နိုးနေတဲ့ ဂျင်နီက ဒင်းနဲ့ ရည်းစားဖြစ်သွားတဲ့အတွက် ဟယ်ရီ စိတ်မချမ်းမသာ ဖြစ်ရတယ်။

နောက် သူတို့ရဲ့ ကွစ်ဒစ်ချ်အသင်း ခြေစမ်းကစားပွဲမှာ ရွန်ကို ဂိုးသမားအဖြစ် သုံးတဲ့အတွက် ဂိုးသမားလုပ်ခွင့်မရတဲ့ မက်လက်ဂျင်းနဲ့ ကစားဖော်အချို့ရဲ့ ငြိုငြင်မှုကို ဟယ်ရီ ခံရပြန်တယ်။

တစ်နေ့ စာသင်ခန်းစာထဲမှာ သင်နေတဲ့ ကျောင်းသားတွေ ဟော့စ်မိဒ်ရွာကို ကွင်းဆင်းပြီး ဘယဆေးပင်တွေ စမ်းသပ်အသုံးပြုခွင့်ရခဲ့တယ်။ ရွာကအပြန် ကေတီဆိုတဲ့ ကျောင်းသူတစ်ယောက် လျှို့ဝှက်မှော်ပညာနဲ့ တိုက်ခိုက်ခြင်းခံရလို့ ဆေးရုံကို ရောက်သွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဟယ်ရီက မော်လ်ဖွိုင်းအပေါ် အကြီးအကျယ် သင်္ကာမကင်းဖြစ်ကာ စုံစမ်းထောက်လှမ်းပေမဲ့ ပါမောက္ခစနိပ်က မော်လ်ဖွိုင်းကို အကာအကွယ်ပေးနေတဲ့အတွက် ပါမောက္ခစနိပ်ကိုပါ ဟယ်ရီ သင်္ကာမကင်း ဖြစ်လာတယ်။ ဒါပေမဲ့ ပါမောက္ခပက်ကျီချိုနဲ့ ဒမ်းဘဲလ်ဒိုးတို့က စနိပ်ကို ယုံကြည်နေတဲ့အတွက် သူ အခက်အခဲ တွေ့ရပြန်တယ်။ အမှန်က ကေတီကို အဆိပ်ပါတဲ့ လည်ဆွဲနဲ့ တိုက်ခိုက်မှုဟာ ဟယ်ရီကို တိုက်ခိုက်ခြင်းဖြစ်ပြီး ကေတီအနေနဲ့ ကြားက ဓားစာခံ ဖြစ်သွားရတာကို ဟယ်ရီသိနေတယ်။ ပြီးတော့ ဟယ်ရီဟာ မော်လ်ဖွိုင်းရဲ့ လှုပ်ရှားမှုတွေကို မာဒရောက် မှော်မြေပုံဆိုတဲ့ ဒိဗ္ဗစက္ခုမြေပုံထဲကနေ ထောက်လှမ်းရှာဖွေနေပေမဲ့ သဲလွန်စမရဘဲ ဖြစ်နေတယ်။

ဒီအတောအတွင်း သူတို့ရဲ့ အခေါ်အပြောနည်းမှုကြောင့် ဟက်ဂရစ်က တောထဲမှာ ရှိတဲ့ သူ့အိမ်ကလေးထဲမှာပဲနေပြီး ကျောင်းကို မလာဘဲ ရှောင်ဖယ်နေတဲ့အတွက် ဟယ်ရီနဲ့ သူငယ်ချင်းတွေ ဟက်ဂရစ်ထံ သွားရောက်တွေ့ဆုံ ချော့မော့ခဲ့တယ်။ အဲဒီမှာ ဟက်ဂရစ်ရဲ့ ငှက်မြင်းပျံကြီး နွတ်သီးခေါ်၊ ခွေးကြီး ငစွယ်ပြူးနဲ့ ပင့်ကူကြီး အရာဂေါ့တို့ကို သူတို့ တွေ့ဆုံသိကျွမ်းခဲ့ရတယ်။

ဟယ်ရီဟာ ပါမောက္ခပက်ကျီချိုသင်ကြားတဲ့ စာသင်ချိန်တစ်ချိန်မှာ ဆေးရည်ဖော်စပ်နေရာက ကံအားလျော်စွာ စာသင်ခန်းဗီရိုအထဲက အစွမ်းထက် ဆေးဖက်ဝင် အဆိပ်ဖြေဆေးတစ်မျိုးဖြစ်တဲ့ ဘီဇိုဝါကျောက်တုံးကလေး တစ်တုံးကို ရထားတယ်။

ဒါကြောင့် လာဗင်ဒါ ဘရောင်းကိုပဲ စွဲလန်းနေတဲ့ ရွန်ကို ကျောင်းသူတစ်ဦးက အဆိပ်သင့်အောင် ပြုလုပ်လိုက်တဲ့အတွက် ဒုက္ခရောက်နေတဲ့ ရွန်ကို ဟယ်ရီက ဘီဇိုဝါကျောက်တုံးကလေးနဲ့ အသက်ကယ်ပြီး ဆေးရုံအရောက် ပို့နိုင်ခဲ့တယ်။

မော်လ်ဖွိုင်းဟာ သူ့ရဲ့ အပေါင်းပါ ကရက်ဘီနဲ့ ဂွိုင်းတို့နဲ့အတူ ဟော့ဂ်ဝပ်စ်ကျောင်းကြီးထဲမှာ လျှို့ဝှက်ကြံစည်မှုတစ်ခု ပြုလုပ်နေရာမှာ ဟယ်ရီက ဖော်ထုတ်ဖို့ ကြိုးစားပေမဲ့ အစရှာမရ ဖြစ်နေတယ်။ မော်လ်ဖွိုင်းဟာ ဟယ်ရီ ဝင်ရောက်နိုင်ခြင်း မရှိသေးတဲ့ ဣစ္ဆာသယအခန်းကြီးထဲမှာ တစ်စုံတစ်ခု ပြုလုပ်နေခြင်းဖြစ်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဟယ်ရီရဲ့ အချိန်ရှိတိုင်း မနားတမ်း အမျိုးမျိုး စမ်းသပ်ကြိုးစား ဖွင့်နိုင်မှုကြောင့် ဣစ္ဆာသယအခန်းကြီးထဲကို သူ ဝင်ရောက်နိုင်ခဲ့တယ်။

www.burmeseclassic.com

ဒီအတောအတွင်းမှာပဲ ဒမ်းဘဲလ်ဒိုးနဲ့ အတူသွားခဲ့တဲ့ အတိတ်နောက်ကြောင်းပြန် ခရီးတစ်ခုကနေ ဗိုဒီမော့ဆိုသူ အောက်လမ်းမှော်ဆရာတွေရဲ့ အကြီးအကဲတစ်ဦး ရှိနေပြီး ၎င်းဟာ နတ္တိသီရိရဲ့ သမီး မာရုပ်နဲ့ မတ်ဂဲလ်လူငယ် တွမ်ရစ်ဒဲလ်တို့ ချစ်ကြိုးသွယ်ပြီး ရခဲ့တဲ့ ကိုယ်ဝန်က မွေးလာသူဖြစ်တဲ့အပြင် နောက်ပိုင်းမှာ ဘကြီး မာဖင်းကို သတ်ဖြတ်ကာ ဆေးကြိမ်လုံးကို ခိုးယူသွားသူ ဖြစ်တယ်ဆိုတာ သိလာရတယ်။ ပြီးတော့ မော်လ်ဖွိုင်းဟာ ဗိုဒီမော့ရဲ့ သစ္စာခံပြီး ဗိုဒီမော့က သူ့ကိုသတ်ဖြတ်ဖို့ ကြိုးစားနေတာကိုလည်း ဟယ်ရီ သိခဲ့ရတယ်။

တစ်ခါ ဟတ်ဖဲလ်ပတ်ဖ်အသင်းနဲ့ ကွစ်ဒစ်ချ်ကစားပွဲတစ်ပွဲ ယှဉ်ပြိုင်နေချိန်အတွင်းမက်လက်ဂျင်းနဲ့ အဆင်မပြေ စကားများရာမှာ မက်လက်ဂျင်းရဲ့ တိုက်ခိုက်မှုကြောင့် ဟယ်ရီဦးခေါင်းခွံအက်ပြီး ဒဏ်ရာအကြီးအကျယ် ရရှိမှုကြောင့် ဆေးရုံတက်ခဲ့ရတယ်။ ဒါပေမဲ့ ဟယ်ရီနဲ့ ရွှန်တို့နှစ်ဦး ဆေးရုံကဆင်းလာချိန်မှာ ပြိုင်ဘက်အသင်းကို သူတို့အနိုင်ကစားနိုင်ခဲ့တယ်။

တစ်ခါ တောထဲက အိမ်မှာနေတဲ့ ဟက်ဂရစ်ထံက သူ့ရဲ့ ပင့်ကူကြီး အရာဂေါ့ သေဆုံးသွားတဲ့အတွက် ပင့်ကူကြီးကို သင်္ဂြိုလ်ရာမှာ ကူညီဖို့ အကြောင်းကြားတဲ့ စာကို ဟယ်ရီတို့ ရရှိပြီး၊ ဟယ်ရီသွားရောက်ကူညီရာမှာ ပါမောက္ခပက်ကျိချိုကို စည်းရုံးနိုင်တဲ့အတွက် ပက်ကျိချိုပါ ဟက်ဂရစ်ထံရောက်လာပြီး ပင့်ကူကြီးကို အတူမြေမြှုပ်သင်္ဂြိုလ်ခဲ့ကြပေမဲ့ ပက်ကျိချိုက တန်ဖိုးရှိတဲ့ ပင့်ကူကြီးရဲ့ အဆိပ်တွေကို တိတ်တဆိတ် ထုတ်ယူထားလိုက်တယ်။

ဒီအတောအတွင်း ဟယ်ရီနဲ့ ပါမောက္ခ ဒမ်းဘဲလ်ဒိုးတို့ ဗိုဒီမော့ရဲ့ မှတ်ဉာဏ်အစစ်ကို ရရှိဖို့နဲ့ သူ့ကိုသတ်နိုင်ဖို့ ကြံစည်ကြတယ်။ ဗိုဒီမော့ဟာ သူ့ကို သတ်ဖြတ်ခြင်း မပြုနိုင်အောင် သူ့ဝိညာဉ်ကို အပိုင်းပိုင်းဖြတ်ပြီး နေရာအသီးသီးမှာ ဝှက်ထားတဲ့အနက် နောက်ဆုံးဝိညာဉ်တစ်ခုဟာ ဟော်ကရက်စ် ကျိန်စာလက်နက်ထဲမှာ ရှိနေကြောင်း သူတို့ မှန်းဆနိုင်တဲ့အတွက် အဆိုပါ ဟော်ကရပ်စ် ကျိန်စာလက်နက်ကို ရှာဖွေဖို့ ဆုံးဖြတ်ခဲ့တယ်။ သူ့ရဲ့ အဖေနဲ့ အမေကိုသတ်ခဲ့ပြီး သူ့ကိုပါ သတ်ဖို့ ကြိုးစားနေတဲ့ ဗိုဒီမော့ကို သတ်ဖြတ်နိုင်အောင် ဟော်ကရပ်စ်ကို ရှာဖွေဖို့ ဒမ်းဘဲလ်ဒိုး ခရီးထွက်ရာမှာ ဟယ်ရီလိုက်ပါဖို့ ဒမ်းဘဲလ်ဒိုးက သဘောတူလိုက်တယ်။

တစ်နေ့ မော်လ်ဖွိုင်းနဲ့ ဟယ်ရီတို့ ကျောင်းရေအိမ်သန့်စင်ခန်းထဲမှာ ဆုံမိပြီး တိုက်ခိုက်ရာမှာ ဟယ်ရီက 'ဆက်တမ်ဆင်မ်ပရာ'ခုတ်ခွဲမန္တန်ကို အသုံးပြုလိုက်တဲ့အတွက် မော်လ်ဖွိုင်းရဲ့ ဦးခေါင်း၊ မျက်နှာမှ ရင်ညွန့်အထိ ကွဲထွက်ဒဏ်ရာရသွားမှုကြောင့် ဟယ်ရီကို စနိပ်က ခြေချုပ်အဖြစ် သူ့ဆီကို စနေနေ့တိုင်း လာရောက် အလုပ်လုပ်ကိုင်ဖို့ အပြစ်ပေးထားတဲ့အတွက် ဟယ်ရီဟာ ဂျင်နီနဲ့ မဆုံနိုင်အောင် ဖြစ်နေတယ်။

ဒါပေမဲ့ စနိပ်က အမျိုးမျိုး ခြိမ်းခြောက်စစ်ဆေးတဲ့တိုင်အောင် ဟယ်ရီက မော်လ်ဖွိုင်းကို တိုက်ခိုက်ရာမှာ အသုံးပြုခဲ့တဲ့ 'ဆက်တမ်ဆင်မ်ပရာ' ခုတ်ခွဲမန္တန်ကို သူ ဘယ်ကရခဲ့ကြောင်း ထုတ်မပြောသလို၊ စနိပ်က သူ့ရဲ့ ဣန္ဒဇာလဆေးရည်များ ဖော်စပ်နည်းစာအုပ်ကို အတင်းအကြပ်တောင်းပေမဲ့ မပေးဘဲ စာအုပ်ကြီးကို ဣစ္ဆာသယအခန်းကြီးထဲမှာ သွားရောက်ဝှက်ထားခဲ့တယ်။ ဒါတင်မကဘဲ ပြိုင်ဘက် ကျီးနက်ခြေသည်းအသင်းနဲ့ ဂရွှန်ကေသရာဇာအသင်းတို့ အပြီးသတ် ကွစ်ဒစ်ချ်ယှဉ်ပြိုင်ရာမှာ ဟယ်ရီမပါဝင်ဘဲနဲ့ ဂျင်နီနဲ့ ရွှန်တို့ရဲ့ ကြိုးစားမှုကြောင့် အနိုင်ရခဲ့ပြီး ဒင်းနဲ့ ကွဲသွားပြီဖြစ်တဲ့ ဂျင်နီနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီတို့ ချစ်သူတွေ ဖြစ်သွားကြတယ်။ ရွန်က သူငယ်ချင်းနဲ့ ညီမကို သဘောတူပြီး မကန့်ကွက်ဘဲ ဆိတ်ဆိတ်နေခဲ့တယ်။

တစ်ည ပါမောက္ခဒမ်းဘဲလ်ဒိုးနဲ့ ဟယ်ရီတို့ ရဲတိုက်ကြီးက ထွက်ခွာလာပြီး ခရီးကြမ်းနှင်ကာ ပင်လယ်ကမ်းစပ်တစ်နေရာ ချောက်ကမ်းပါး နံရံမှာ ဖြစ်ပေါ်နေတဲ့ ဂေါ့ဒရစ်ကျောက်ဂူကြီးထဲက ဇရာမရေအိုင်ကြီးထဲမှာ ရှိတဲ့ ကျွန်းကလေးတစ်ကျွန်းကို ရေအိုင်စပ်မှာရှိတဲ့ လှေကလေးတစ်စင်းနဲ့ ကူးသွားပြီး ကျွန်းပေါ်က ကျောက်ဇလုံကြီးတစ်ခုထဲမှာ ရှိနေတဲ့ ဟော်ကရပ်စ်ကို ရယူဖို့ ကြိုးစားခဲ့တယ်။

ဒါပေမဲ့ ရေအောက် မရဏစားစုန်းကောင်တွေရဲ့ တိုက်ခိုက်မှုနဲ့ အပြင်းအထန် ကြုံရပြီး ဟော်ကရပ်စ်ကျိန်စာထည့်သွင်းထားတဲ့ ရွှေလော့ကက်သီးလေးကို ရယူနိုင်အောင် ဒမ်းဘဲလ်ဒိုးက ကျောက်ဇလုံကြီးထဲက အရည်တွေကို မတန်တဆ သောက်ခဲ့ရမှုကြောင့် နာမကျန်း ဖြစ်လာတယ်။ သူတို့ အပြန်လမ်းမှာ ဟော့စ်မိဒ်ရွာကို ဝင်ခဲ့ရပြီး အဲဒီမှာ မဒမ်ရို့စ်မာတာထဲက ရရှိတဲ့ မှော်တံမြက်စည်းပျံနဲ့ ဟော့ဂ်ဝပ်စ်ကျောင်း ရဲတိုက်ကြီးကို ပြန်ခဲ့ကြတယ်။

ဒီအချိန်မှာပဲ ရဲတိုက်ကြီးကို ပါမောက္ခစနိပ်နဲ့ မော်လ်ဖွိုင်းတို့က ပြင်ပ မရဏစားစုန်းကောင်တွေနဲ့ ပူးပေါင်းပြီး လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်နေလို့ ကျောင်းလုံခြုံရေး ဝန်ထမ်းတွေ၊ ဆရာတွေနဲ့ ကျောင်းသားတွေက ခုခံနေရတယ်။

ဒမ်းဘဲလ်ဒိုးနဲ့ ဟယ်ရီ ကျောင်းကို ပြန်ရောက်သွားချိန်မှာ ဒမ်းဘဲလ်ဒိုးဟာ ဟယ်ရီကို ခြေချုပ်မန္တန်နဲ့ ထိန်းချုပ်ထားပြီး ရန်သူကို တစ်ဦးတည်း ရင်ဆိုင်ခဲ့တယ်။ ဒီမှာတင် ရဲတိုက်ထိပ်ဖျားမှာ မော်လ်ဖွိုင်းက ဒမ်းဘဲလ်ဒိုးကို လဲကျပြီး ပိုမိုအနာတရဖြစ်အောင် ပြုလုပ်ထားချိန်မှာပဲ ပါမောက္ခစနိပ်နဲ့ မရဏစားစုန်းကောင်တွေ ရောက်လာပြီး စနိပ်က ပါမောက္ခ ဒမ်းဘဲလ်ဒိုးကို ရဲတိုက်ပေါ်က လွင့်စင်ကျသွားအောင် ပြုလုပ်ပြီး သတ်ဖြတ်ပစ်လိုက်တယ်။

ဒီမှာတင် ဟယ်ရီဟာ ခြေချုပ်မိနေရာက အစွမ်းကုန်ရုန်းထွက်လိုက်ပြီး ပက်ကျိချိုနဲ့ မရဏစားစုန်းကောင်တွေကို အသေအကြေ တိုက်ခိုက်ပါတော့တယ်။ အမှန်စင်စစ် သွေးတစ်ဝက်မှော်ဝိဇ္ဇာဆိုသူဟာ ပါမောက္ခစနိပ်ပဲ ဖြစ်နေပြီး၊ သူ တီထွင်ဖန်တီးခဲ့တဲ့ မှော်ကျိန်စာဂါထာမန္တန် လက်နက်တွေနဲ့ ဟယ်ရီက သူ့ကို ပြန်လည်တိုက်ခိုက်နေတာကြောင့် အကြီးအကျယ် ဒေါသထွက်နေတဲ့ စနိပ်ကလည်း အပြင်းအထန် ပြန်လည်တိုက်ခိုက်ပေမဲ့ စနိပ် အရေးနိမ့်လာတယ်။

နောက်ဆုံး မော်လ်ဖွိုင်းနဲ့ စနိပ်တို့ ရဲတိုက်ထဲက ဖောက်ထွက်လွတ်မြောက် ထွက်ပြေးသွားကြပြီး၊ ဒမ်းဘဲလ်ဒိုး သေဆုံးသွားတဲ့အတွက် ကျောင်းအုပ်အသစ်ဖြစ်လာသူ ပါမောက္ခ မက်ဂိုနာဂေါလ်က ကျောင်းကိုပိတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့ပေမဲ့ ကျောင်းသားတွေကို ဒမ်းဘဲလ်ဒိုးရဲ့ အသုဘ သင်္ဂြိုလ်ပြီးချိန်အထိ ကျောင်းမှာဆက်နေခွင့်ပြုခဲ့တယ်။ သို့ပေမဲ့ အချို့ကျောင်းသား မိဘတွေက အဲဒီနေ့မတိုင်ခင် သူတို့သားသမီးတွေကို ပြန်ခေါ်သွားကြတာလည်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒမ်းဘဲလ်ဒိုးအလောင်းကို အခမ်းအနားနဲ့ မီးသဂြိုလ်ပြီး အုတ်ဂူဖြူဖြူလေး တစ်ခုအတွင်း ဂူသွင်းမြုပ်နှံရာမှာ မှော်လောက တစ်ခုလုံးနီးပါးက မှော်ဆရာတွေ၊ စုန်းကဝေတွေနဲ့ ထူးဆန်းတဲ့ ငှက်တွေ၊ ကုန်းနေရေနေ သတ္တဝါအမျိုးမျိုးတွေ အခမ်းအနားကို တက်ရောက်လာပြီး ဝမ်းနည်းပူဆွေးမှု ပြသခဲ့တယ်။ အားလုံးထဲမှာ ဒမ်းဘဲလ်ဒိုးရဲ့ ဖီးနစ်ငှက်ကြီး ဖောကက်စ်နဲ့ ဟက်ဂရစ်တို့ နှစ်ဦးအနေနဲ့ အကြီးအကျယ် ပူဆွေးခဲ့ကြပြီး ဟက်ဂရစ်ဟာ အသူဘအခမ်းအနား ပြီးဆုံးတဲ့အထိ အငိုမတိတ်နိုင်ဘဲ အတောမသတ် ငိုကြွေးနေခဲ့တယ်။

နောက်ဆုံးမှာ ဟယ်ရီကို ဂျင်နီကို မခွဲလိုပေမဲ့ ရှေ့ဆက်ရမဲ့ ခရီးကြမ်းမှာ သူမ မပါဝင်အောင် လမ်းခွဲဖို့ ပြောရာမှာ ဂျင်နီက သဘောတူခဲ့တယ်။ သူက ဂေါ့ဒရစ်တွင်းကြီးထဲကို ပြန်သွားဖို့ ဆုံးဖြတ်ထားကြောင်းနဲ့ သူနဲ့ အတူ ဘယ်သူမှ မလိုက်ပါဖို့ သူငယ်ချင်းတွေကို ပြောဆိုပေမဲ့ ရွန်က သူခရီးမထွက်ခင် ဘီလ်နဲ့ ဖလားတို့ရဲ့ မင်္ဂလာပွဲကို တက်ရောက်ဖို့ ဝက်စလေမိသားစုနေအိမ်ကို တစ်ခေါက်လာဖို့ ဖိတ်ကြားခဲ့တယ်။ ပြီးတော့ သူငယ်ချင်းတွေအားလုံးက ဟယ်ရီနဲ့ ဗိုဒီမော့တို့ နောက်ဆုံး ရင်ဆိုင်တွေ့မယ့်ပွဲမှာ သူတို့ ရှောင်လွှဲမနေနိုင်ဘဲ ဟယ်ရီနဲ့အတူ လိုက်ပါမှာသာ ဖြစ်ကြောင်း ဇွတ်အတင်းပြောဆိုမှုအပေါ် ဟယ်ရီ ကျေနပ်ခံစားရင်း ဟော့ဂ်ဝပ်စ်မှ မထွက်ခွာခင် နောက်ဆုံးကျန်တစ်ရက်ကို ငြိမ်းချမ်းတဲ့ ရွှေရောင် နောက်ဆုံးရက်ကလေး တစ်ရက်အဖြစ် နေထိုင်ပြီးမှ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ချစ်ဦးတင်

www.burmeseclassic.com